http://www.dhammadownload.com

ပုဂ္ဂိုလ်ဓိဋ္ဌာန်ဒီပနီ ဗြဟ္မာယုသုတ်ဝတ္ထု (အဓိပ္ပာယ်ဖွင့်)

ပုဂ္ဂိုလ်ဓိဋ္ဌာန်ဒီပနီ

ဗြဟ္မာယုသုတ်ဝတ္ထု

ဦးဇဋိလာဘိဝံသ
(ပြည်ထောင်စု)

http://www.dhammadownload.com

ဤကျမ်းစာသည် မေတ္တာယျဉ်ရှင်တော်နှင့် ယင်းဆိုင်ရာ လိုရာသုတများကို ခွူးယူလိုက်တိုင်းပါလာသည့် ၊ တောင့်တလိုက်တိုင်း ရရှိသည့် ကုစ္ဆာသယ ကပ္ပရုက္ခ ပဒေသာပင်မျိုး ဖြစ်ပေသည်။ ထို့ပြင် တွေ့မြင်ရခဲသည့် သကနှင့် ပရဝါဒများ၊ အတွင်း(ပိဋကတ်) နှင့် အနွယ်အနလောမဗဟိဒ္ဓသုတဆိုင်ရာများ၊ ပြည်တွင်းနှင့် ပြည်ပကျမ်းအဆိုများ-စသည် ပြည့်ပြည့်ဝဝ စုံလင်စွာ ပါရှိသဖြင့် နတ်ရေစင်ပက်ဖျန်း၍ ရေးထားသော မေတ္တာယျစွယ်စုံကျမ်း ဖြစ်လေသသော....

ဆရာတော်ဦးသဒ္ဓိယ

ဤစာအုပ်သည် အရိမေတ္တေယျဘုရားဆိုင်ရာ အရသာမျိုးစုံပါဝင်သော ဟင်းလေးအိုးကြီးသဖွယ်ဖြစ်ရကာ "ရသစုံလင် အရိမေတ္တေယျ မဟာဗုဒ္ဓဝင်ကျမ်းကြီး" ဟူ၍လည်း ခေါ်ထိုက်ပါပေသည်။

အရှင်နာရဒါဘိဝံသ (လှရတနာ)

ဗုဒ္ဓဘာသာသမိုင်းနှင့် ပတ်သက်၍ စနစ်တကျ လေးလေးနက်နက် သုတေတနပြုရေးသားသော စာပေများ ရှားပါးနေချိန်တွင် ဦးအောင်မွန်၏ "မြတ်စွာဗုဒ္ဓမေတ္တေယျ" စာအုပ်ကိုဖတ်ရှုရသည့်အတွက် ကျေနပ်မိပါသည်။

ဒေါက်တာမျိုးမြင့် (သာထွန်းပြန့်)

ဤမေတ္တေယျဗုဒ္ဓဝင်ကျမ်းသည် အနန္တရတနာတစ်ပါးအဖြစ် ကာလရှည်ကြာစွာ တည်တံ့နေမည့် ကျမ်းတစ်စောင်ဖြစ်ကြောင်း။

ဦးအောင်ထွက် (ရန်ကုန်တက္ကသိုလ်)

http://www.dhammadownload.com

ပွင့်တော်မူမည့်
မြတ်စွာဗုဒ္ဓမေတ္တေယျ

ခြံအမှတ်(၈/၉)၊ သန့်လျင်တံတားချဉ်းကပ်လမ်း၊
၁၀၈–တောင်ဘုရားမြောက်ဘက်မုခ်အနီး၊
၁၀–တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉၈၀–၃၁၇၂၄

http://www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် [၃၂၀၀၅၁၀၅၀၁]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [၃၂၀၂၈၅၀၆၀၅]

၂၀၀၆-ခုနှစ်၊ ဖွန်လ

အုပ်ရေ-၁၀၀၀

New Day graphics design scanning & colour separation

ATOMIC digital art

ကိုမြင့်စိုး၊ ကိုသိန်းဝင်း

ကိုဇော်လင်းသက်၊ ကိုဟန်စိုး၊ ကိုစိုးစိုးလွင်

ကိုမျိုးညွှန့်

ကိုဆလင်း

ဦးကျော်ဟင်း (ယုံကြည်ချက်စာပေ)
အမှတ်-၁၁၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဦးကျော်စန်းလင်း
အမှတ်-၁၉၉၊ ၅၀-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဦးကျော်လင်း (မြ/၄၄၄၄)
Nilar Shwe Sin
အမှတ်-၂၁၀၊ ဗိုလ်ချုပ်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဒေါ်သက်သက်ခိုင်
မြတ်ဆုမွန်စာပေထုတ်ဝေရေးလုပ်ငန်း
တန်ဖိုး-

http://www.dhammadownload.com

မေတ္တေယျဗဒ္ဓဝင်ကျမ်းစာများဖြစ်သော
အနာဂတဝံသပါဠိနှင့် အနာဂတဝံသအဋ္ဌကထာတို့ကို
ထင်ရှားအောင်ဖော်ထုတ်ပေးခဲ့သူ
ကျေးဇူးရှင်ဆရာကြီးပြဟ္မစာရီမွန်ဗိုကော
(အေဒီ ၁၉၃၂-၁၉၈၉)
သို့ ရည်ညွှန်းပါသည်။

http://www.dhammadownload.com

http://www.dhammadownload.com

– စာရေးသူ၏ အမှာ ၉–၁၂

– ဆရာတော်ဦးသိဒ္ဓိယ၏ မိတ်ဆက်လွှာ ၁၃–၁၈

– အရှင်နာရဒါဘိဝံသ(လှရတနာ)၏ မိတ်ဆက်နိဒါန်း ၁၉–၂၄

– ဒေါက်တာမျိုးမြင့်၏ အမှာ ၂၅–၂၆

– ဦးအောင်ထွတ်(ရန်ကုန်တက္ကသိုလ်)၏ ဤစာအုပ်ကို ဤသို့မြင်ပါသည် ၂၇–၄၄

၁ ကာလသုံးပါးဘုရားရှိခိုးများ ၄၇–၆၅

စံကင်းမေတ္တာကျောက်တိုင်–၄၇၊ ကာလသုံးပါးဘုရားရှိခိုး–၄၈၊
အတိတ်၌ပွင့်တော်မူခဲ့ကြသည့်ဘုရားရှင်–၅၂၊ ပစ္စုပ္ပန်၌ပွင့်တော်မူသောဘုရားရှင်–၅၆၊
အနာဂတ်၌ပွင့်တော်မူကြမည့်ဘုရားရှင်–၅၈၊ ဝေဖန်ကြပုံ–၆၀၊ နှစ်ကျိပ်ကိုးဆူဇယား–၆၅

၂ အရိမေတ္တေယျဗုဒ္ဓဝင် ၆၇–၈၇

ဗုဒ္ဓဝင်တရားတော်–၆၇၊ ပဒုမစကြာမင်း–၆၈၊ ပြဟ္မဘာဝိစကြာမင်း–၆၉၊
ရတနာကတမထေရ်–၇၀၊ သီရိဂုတ္တအမတ်ကြီး–၇၁၊ ပြဟ္မဂ္ဂုသိရသေ့၏တပည့်–၇၃၊
သခံစကြာမင်း–၇၄၊ အဇိတမထေရ်–၇၆

၃ မေတ္တေယျအလောင်းတော်နတ်သား ၈၉–၁၀၇

မေတ္တေယျစံရာဘုံဌာန–၉၀၊ တုသိတာနတ်ပြည်–၉၄၊ တုသိတာ၌နတ်ဖြစ်ရန်–၉၆၊
နတ်သားအဖြစ်ကိုးကွယ်ပုံ–၉၇၊ မေတ္တေယျနတ်ရုပ်တုများ–၁၀၀

၄ မေတ္တေယျအလောင်းတော်အားဖူးတွေ့.ခွင့်ရခဲ့ကြသူများ ၁၀၉–၁၂၃

ရှင်မာလဲ–၁၁၂၊ အရှင်အသဂ်–၁၁၈၊ ပန်းပုဆရာကြီး–၁၂၀

၅ မေတ္တေယျရှင်အားစောင့်မျှော်နေကြသောအရှင်မြတ်နှစ်ပါး ၁၂၅–၁၃၁

သေလေးပါးရှင်လေးပါး–၁၂၆၊ အရှင်ကဿပ–၁၂၈၊ အရှင်ဥပဂုတ်–၁၃၃

၆ မေတ္တေယျရှင်လက်ထက်ဗျာဒိတ်ရပုဂ္ဂိုလ်များ ၁၃၃–၁၈၄

ဒဋ္ဌဂါမဏိမင်းမိသားစု–၁၃၈၊ ရှင်မဟာဗုဒ္ဓယောသ–၁၈၃

၇ မေတ္တေယျရှင်၏ကျောင်းကြီးဒကာ ၁၈၅–၁၉၀

ဖိုဝင်တောင်မယ်တော်ကြီး–၁၈၅၊ ယောမင်းကြီးဦးဖိုးလှိုင်–၁၈၈

၈ မေတ္တေယျရှင်ကိုဆုတောင်းကြပုံများ ၁၉၁–၂၅၂

သီဟိုဠ်ဆုတောင်းခန်း–၁၉၆၊ မြန်မာဆုတောင်းခန်း–၂၀၆

http://www.dhammadownload.com

၉ မောဓိသတ္တဘုရားအလောင်းအဖြစ်ကိုးကွယ်ပုံ ၂၅၃–၃၁၀

ဗုဒ္ဓဘာသာပင်မဂိုဏ်းသုံးဂိုဏ်း–၂၅၄၊ ထေရဝါဒတို့၏ဘုရားအလောင်းအယူအဆ–၂၅၉၊
ဟိနယာနတို့၏ဘုရားအလောင်းအယူအဆ–၂၆၄၊ မဟာယာနတို့၏ဘုရားအလောင်းအယူအဆ–၂၈၃

၁၀ မေတ္တေယျရှင်အားကိုးကွယ်ဆည်းကပ်ပုံအမျိုးမျိုး ၃၁၁–၃၈၃

မေတ္တေယျဘုရားရှိခိုး–၃၁၁၊ မေတ္တေယျကမ္မဋ္ဌာန်း–၃၁၅၊ ငါးမျက်နှာဂူဘုရား–၃၁၆၊
ငါးဆူစေတီ–၃၃၁၊ ဆင်းတုတော်ငါးဆူ–၃၃၄၊ နှစ်ကျိပ်ကိုးဆူ–၃၄၁၊ သုံးဆူဘုရား–၃၄၃၊
ဂေါတမဗုဒ္ဓနှင့်မေတ္တေယျ(နှစ်ဆူ)–၃၅၆၊ မေတ္တေယျရုပ်တုတော်–၃၆၁၊ မင်းဝတ်ဘုရား–၃၆၆၊
ဗိုက်ပူရုပ်တု–၃၇၂၊ ကံ့ကော်ဗောဓိ–၃၇၇

၁၁ မေတ္တေယျဘွဲ့တော် ၃၈၅–၄၀၂

အရိ–၃၈၅၊ မေတ္တေယျ–၃၈၉၊ အရိမေတ္တေယျ–၃၉၀၊ မေတ္တေယျခေါ်ဝေါ်ပုံအမျိုးမျိုး–၄၀၀၊
မေတ္တေယျဘွဲ့မည်ခံပုဂ္ဂိုလ်များ–၄၀၁

၁၂ မေတ္တေယျဗုဒ္ဓဝင်ကျမ်းစာများ (၁) ၄၀၃–၄၂၈

အနာဂတ–၄၀၄၊ ဝံသ–၄၀၅၊ အနာဂတဝံသ–၄၀၅၊ အနာဂတဝံသအဋ္ဌကထာ–၄၂၃၊
အနာဂတဝံသဋီကာ–၄၂၈

၁၃ မေတ္တေယျဗုဒ္ဓဝင်ကျမ်းစာများ (၂) ၄၂၉–၄၅၈

ဒသဗုဒ္ဓအနာဂတဝင်–၄၂၉

၁၄ မေတ္တေယျဗုဒ္ဓဝင်ကျမ်းစာများ (၃) ၄၅၉–၄၆၉

သီရိလင်္ကာမေတ္တေယျဗုဒ္ဓဝင်(သောတတ္ထကီ)–၄၅၉၊ ထိုင်းမေတ္တေယျဗုဒ္ဓဝင်–၄၆၂၊
ကမ္ဘောဒီးယားမေတ္တေယျဗုဒ္ဓဝင်(အမတရသဓာရာ)–၄၆၄၊ ခမာနှင့်လာအိုမေတ္တေယျဗုဒ္ဓဝင်–၄၆၅၊
အာရ္ယတိုက်အလယ်ပိုင်းမေတ္တေယျဗုဒ္ဓဝင်–၄၆၅၊ မဲတြေယသမိတိ–၄၆၆၊ မဲတြေယဗျာကရဏ–၄၆၆၊
တရုတ်မေတ္တေယျဗုဒ္ဓဝင်–၄၆၈၊ တိဘက်ပေတ္တေယျဗုဒ္ဓဝင်–၄၆၉

၁၅ မေတ္တေယျရှင်ဘုရားတိုင်ရတု ၄၇၁–၄၇၈

လော်ကား ၃၀၀၀ မှူး၏ အာဒိကမ္မာချီရတု–၄၇၃၊ ဥက္ကာပျံ၏တသောင်းနေပြောင်ချီရတု–၄၇၅၊
ဟံသာဝတီရောက်မင်း၏ပုဂ္ဂိုလ်ခြောက်မည်ချီရတု–၄၇၆

၁၆ မေတ္တေယျရှင်နှင့်ဘဒ္ဒကမ္မာပန်းရွေကြာ ၄၇၉–၄၉၇

ကမ္မာ–၄၇၉၊ ဘဒ္ဒကမ္မာ–၄၈၄၊ ဘဒ္ဒကမ္မာနှင့်ကြာငါးဖြာ–၄၈၆၊
ကမ္မာဦးကြာမှသက်နိုးပရိကွရာ–၄၉၀၊ ကြာသက်နိုး–၄၉၂၊ ပြဟ္မာလူဒါနိုးကြာသက်နိုး–၄၉၄

၁၇ မေတ္တေယျရှင်နှင့်ဗုဒ္ဓသပိတ်တော် ၄၉၉–၅၁၉

ဂေါတမဗုဒ္ဓ၏သပိတ်တော်နှစ်လုံး–၅၀၂၊ အဖိတရဟန်းနှင့်သပိတ်–၅၀၆၊
ဗုဒ္ဓသပိတ်တော်နှင့်ဇင်ဗုဒ္ဓဘာသာ–၅၀၈၊ ဝဖိရာပြည်မှဗုဒ္ဓသပိတ်တော်–၅၀၈၊
ပြန်မာနိုင်ငံ မလွန်မြို့, စစ်ကိုင်း, ရွှေဘို, ထားဝယ်နှင့် သထုံရှိသပိတ်တော်များ–၅၁၀

http://www.dhammadownload.com

၁၈ မေတ္တေယျရှင်နှင့်နီယနာထည်သောရွှေခွက် ၅၁၁–၅၂၉

သုဇာတာရွှေခွက်–၅၂၁၊ ရွှေခွက်၏ပမာဏ–၅၂၇၊ ရွှေခွက်မျှောခန်းဇာတ်လမ်းမူကွဲများ–၅၂၇

၁၉ မေတ္တေယျရှင်၏ဥဏ္ဏာလုံကိန်းဝပ်မည့် ငါးဆူဇာတ်ပုံရွှေတိဂုံ ၅၃၁–၅၃၄

သိဂုံတွာရ–၅၃၁၊ ဥဏ္ဏာလုံတော်–၅၃၄

၂၀ မေတ္တေယျနှင့်ခြေတော်ရာ ၅၃၅–၅၅၇

ဂေါတမဘုရားရှင်၏ခြေတော်ရာ–၅၃၅၊ စက်လက္ခဏာတော်–၅၃၇၊ အဋ္ဌမင်္ဂလလက္ခဏာ–၅၃၉၊
အဋ္ဌကထာစာပေနှင့်စက်လက္ခဏာ–၅၄၄၊ ၁၀၈ ကွက်စက်လက္ခဏာ–၅၄၅၊
အနာဂတဝံသအဋ္ဌကထာနှင့် ၁၀၈ ကွက်စက်လက္ခဏာ–၅၄၈၊ ကုက္ကုဠပါဒလက္ခဏာ–၅၅၂

၂၁ မေတ္တေယျရှင်နှင့်လောကီလုပ်ငန်း ၅၅၉–၅၆၄

အင်း,အိုင်စသည်–၅၅၉၊ ဂဝံအင်း–၅၆၂၊ လက်နက်ပြီးအင်း–၅၆၃၊ ကျွဲပုံအင်း–၅၆၄၊
အင်းလင်ပန်း–၅၆၅၊ ဒကွိဏာသာခါအင်း–၅၆၅၊ မဟာပြာ–၅၆၆၊ ဌာပနာအင်း–၅၆၇၊
ဂန္ဓာရီပညာ–၅၆၈၊ နာဂိဿရသံဝိဇ္ဇာကြိုး–၅၆၁

၂၂ မေတ္တေယျရှင်နှင့်မျက်မှောက်ကာလ ၅၇၅–၅၈၂

မေတ္တေယျပွင့်မည်မှာ ဒဏ္ဍာရီလော–၅၇၅၊
ရှင်မဟာပုဒ္ဓယောသသည် မေတ္တေယျအလောင်းလော–၅၇၇၊
အလောင်းတော်အယူအဆ–၅၇၉၊ မေတ္တေယျအတု–၅၈၀

၂၃ မေတ္တေယျပွင့်ချိန်ကိုရည်၍ဆုတောင်းဝုံသလား ၅၈၃–၅၉၂

တောင်လေးလုံးဩဝါဒ–၅၈၄၊ လယ်တီဩဝါဒ–၅၈၄၊ ပွန်းလွန်းဂူဩဝါဒ–၅၈၆၊
မိုးကုတ်ဩဝါဒ–၅၈၈၊ စလင်းကန်လယ်ဩဝါဒ–၅၈၉၊ မဟာစည်ဩဝါဒ–၅၈၉၊
သဲအင်းဂူဩဝါဒ–၅၉၀၊ ဆုတောင်းပြောင်းခြင်း–၅၉၁

၂၄ မေတ္တေယျရှင်နှင့်အနုပညာလက်ရာများ ၅၉၃–၆၀၈

ဘုရားရှင်မျက်မှောက်၌ပြုလုပ်ခဲ့သောဆင်းတုတော်များ–၅၉၄၊
သိကြားမင်းဆက်သောဆင်းတုတော်–၅၉၆၊ နတ်တို့ကူညီ၍ထုလုပ်သောဆင်းတုတော်–၅၉၆၊
ဂန္ဓာရပြည်မှမေတ္တေယျရုပ်တု–၅၉၇၊ မေတ္တေယျဆင်စွယ်ရုပ်တုတော်–၅၉၉၊
ကမ်းယံပြည်မှမေတ္တေယျရုပ်တု–၆၀၀၊ မေတ္တေယျရုပ်တုတော်အစ–၆၀၁

– နောက်ဆက်တွဲ(၁) ၆၀၉–၆၁၀

မေတ္တေယျဘွဲ့မည်ပါသောအသင်းအဖွဲ့များ

– ကျမ်းကိုးစာရင်း ၆၁၁–၆၄၃

– အကွာဂလိ ၆၄၅–၆၆၃

http://www.dhammadownload.com

http://www.dhammadownload.com

စာရေးသူ၏ အမှာ

လွန်ခဲ့သောအနှစ်သုံးဆယ်ခန့်က မော်လမြိုင်မြို့တွင် မွန်ပြည်နယ်စာဆိုတော်နေ့အထိမ်းအမှတ် ပထမအကြိမ် စာတမ်းဖတ်ပွဲကျင်းပရာ စာရေးသူက 'ရာဇကုမာရ်ကျောက်စာလေ့လာချက်' ခေါင်းစဉ်ဖြင့် စာတမ်းငယ်တစ်စောင်ကို တင်သွင်းဖတ်ကြားခဲ့ပါသည်။ ထိုစာတမ်းငယ်တွင် အရိမေတ္တေယျဘုရားအလောင်းအကြောင်း အနည်းအကျဉ်း ပါရှိပြီး၊ ကျောက်စာဝန်ဟောင်းသီရိပျံချီဦးမြ(အေဒီ ၁၈၆၉–၁၉၇၃)၏ အပယ်ရတနာလိုဏ်ဂူဘုရားစာအုပ်မှ အချက်အလက်များရယူခဲ့ပါသည်။ ထိုအခါမှစ၍ စာရေးသူသည် မေတ္တေယျရှင်အကြောင်းကိုစိတ်ဝင်တစားရှိခဲ့ပြီး မေတ္တေယျလေ့လာမှုအစပျိုးခဲ့သည်ဟုဆိုနိုင်ပါသည်။ ထိုစဉ်အခါက စာရေးသူနှင့်အတူ မေတ္တေယျဘုရားအလောင်းအကြောင်းကို စိတ်ဝင်တစားလေ့လာခဲ့ကြသူတို့မှာ ဦးလေးဦးတင်ဟိန်း(စာရေးဆရာမောင်မဲ၊လူထု)နှင့် ဖားအံမြို့၊ ကမော့ကစင်ရွာသစ်ကျောင်းဆရာတော်ဦးစန္ဒန(မန်းနဲ့ဝဲစဲ)တို့ဖြစ်ကြသည်။

ပုဂံမြို့၊ ရွှေဟောင်းသုတေသနဌာန ဆရာဦးဗိုကေ(အေဒီ ၁၉၃၂–၁၉၈၉)ထံတွင် ပါဠိစာပေသင်ယူသော အခါ ဆရာက မေတ္တေယျဗုဒ္ဓဝင်ကျမ်းစာတစ်စောင်ဖြစ်သော အနာဂတဝံသကျမ်းကို ရွေးဦးစွာ သင်ကြားပေးခဲ့သည်။ မေတ္တေယျရှင်အကြောင်းရေးသားထားသော သောတတ္ထကီနိဒါနကျမ်း၊ မေတ္တေယျဗျာကရဏ–စသောကျမ်းဂန်စာပေတို့ကိုလည်း တွဲဖက်၍ရှင်းပြခဲ့ပါသည်။ အနာဂတဝံသအဋ္ဌကထာကို အသေးစိတ်ပို့ချမပေးခဲ့သော်လည်း ထိုကျမ်းပေမူကိုပြသကာ ထိုကျမ်းမှကောက်နုတ်၍ရှင်းလင်းပြသခဲ့ပါသည်။ ထိုမျှမက ပုဂံရှိမေတ္တေယျဘုရားအလောင်းဆိုင်ရာ နံရံပန်းချီ ရုပ်တု၊ ဘုရားစေတီတို့ကိုလည်း ပြသသင်ကြားပေးခဲ့ပါသဖြင့် မေတ္တေယျဘုရားအလောင်းအကြောင်းကို ဥဿုံကုန်စင်အောင်မသိသည့်တိုင် ပညာအထုံဖြစ်ရုံမျှ သိမြင်ခွင့်ရခဲ့လေသည်။

ဆရာဦးဗိုကေအခြေပျိုးလိုက်သော မေတ္တေယျဆိုင်ရာလေ့လာမှုအထုံဝါသနာကို ရပ်တန့်မနေစေဘဲ စွမ်းအားရှိသမျှ နည်းနည်းချင်းရှာမှီးစုဆောင်းခဲ့ရာ ယခုအခါ၌ စာတစ်အုပ်ရေးဖြစ်လောက်သောအခြေသို့ ရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။ သို့ပါသော် မေတ္တေယျရှင်တော်အကြောင်းနှင့်စပ်၍ မိမိမရှာရသေးသော မသိနိုင်သေးသောအချက်များစွာကျန်ဦးမည်မှာကား ကေန်ဖြစ်ပါသည်။

ဤမေတ္တေယျစာအုပ်ကို ရေးဦးစက အညွှန်း,အကိုး,အောက်ခြေမှတ်ချက်,ရှင်းလင်းချက်စသည်တို့မပါစေဘဲ စာဖတ်သူတို့ လွယ်လင့်တကူဖတ်ရှုနိုင်ရန်ရည်သန်၍ ရိုးရိုးရှင်းရှင်းလွယ်လွယ်သန့်သန့် ရေးသားခဲ့ပါသည်။ သို့ပါသော် မေတ္တေယျရှင်ဆိုင်ရာအကြောင်းအရာများတွင် လွယ်လွယ်ရေးသားတင်ပြ၍ရသောအခန်းအဖွဲ့တို့ ရှိသကဲ့သို့၊ အကိုးအကားအထောက်အထားနှင့်ရေးသားမှ ခိုင်ခိုင်မာမာဖြစ်မည့်အခန်းအဖွဲ့များလည်းပါရှိလေရာ၊ ထိုအခိုင်အမာရေးရမည့်အခန်းတို့အတွက် အထောက်အထားအကိုးအကားစုံစုံလင်လင်ဖြင့် ရေးမိပြန်ပါသည်။ သို့လျှင် အလွယ်ရေးထားသောအခန်းနှင့် အခိုင်အခန့်ရေးထားသောအခန်းဟူ၍ အခန်းနှစ်မျိုးကို ဖတ်ရှုပေးကြရသောမိတ်ဆွေတို့က 'ဤအကြောင်းအရာမျိုးကို အလွယ်ရေးခြင်းထက် အခိုင်အခန့်ရေးမှသင့်မည်၊ ကောင်းမည်၊ ရေးသင့်သည်'ဟုတိုက်တွန်းကြသောကြောင့် စာတစ်အုပ်လုံးကို အထောက်အထားအကိုးအကားတို့ဖြည့်စွက်ပြီး အခိုင်အခန့်အသွင်သို့ ပြောင်းလဲရေးသားခဲ့ပါသည်။ ထို့ကြောင့် စာရှုသူတို့အဖို့ ဤစာအုပ်ဖတ်ရှုကြရာတွင်

http://www.dhammadownload.com

အလွန်ပျင်းရိငြီးငွေ့ဖွယ်ရာဖြစ်သော ရိုးချောက်ဂနိုင်ကြီးကိုကြည့်ရသလို သုတေသနစာတမ်းတစ်စောင် ဖတ်ရှုနေရသလို ချောမွေ့မှုမရှိဘဲ ဖြစ်ကောင်းဖြစ်ကြပေလိမ့်မည်။

စာရေးသူ၌ စာကိုချောချောမွေ့မွေ့ဖတ်ရှုနိုင်ရန် ကျမ်းဂန်မဆန်ဘဲရေးသားသင့်သည်ဟူသော အယူအဆရှိပြီးဖြစ်ပါသည်။ ဤစာအုပ်နှင့်စပ်၍ကား နှစ်ပေါင်းများစွာ ကိုယ်တိုင်ကဝါသနာထုံလှ၍၊ အဖက်ဖက်ကလည်း အခြေအနေများစွာပေးခဲ့၍ အချက်အလက်များကိုရှာဖွေစုဆောင်းခဲ့ရသည်ဖြစ်ရာ၊ ထိုအချက်အလက်တို့ကို နောက်နောင်ရှာဖွေဖို့ရန်အရေးမှာ ခဲယဉ်းပေလိမ့်မည်ဟု နှလုံးသွင်းကြောင့်ကြမိသည့်အတွက် မိမိရှာဖွေရသမျှတို့ကို ညှိနှိုင်းနိုင်စေရန် မချွင်းမချန်တင်ပြရခြင်းဖြစ်သည်။ သမားဂုဏ်ပြလိုသည့်သဘော, အတ္တုက္ကံသနသဘော မရှိရိုးအမှန်ဖြစ်ပါသည်။

သို့တင်ပြရာတွင်လည်း မေတ္တေယျရှင်အကြောင်းရေးသားထားကြသည့်စာအုပ်စာတမ်းများမှာ မြန်မာဘာသာဖြင့်ရေးထားသောစာအုပ်စာတမ်းကနည်းပါးပြီး၊ ပါဠိဘာသာ၊ သက္ကတဘာသာ၊ ထိုင်းဘာသာ၊ သီဟိုဠ်ဘာသာ၊ အင်္ဂလိပ်ဘာသာ စသည်ဖြင့် တိုင်းတစ်ပါးရပ်ခြားဘာသာစကားတို့ဖြင့် ရေးသားထားသည့် စာအုပ်စာတမ်းတို့ များပြားစွာပါရှိနေလေသည်။ ထို့ပြင် မေတ္တေယျရှင်ကို ကျွန်ုပ်တို့ထေရဝါဒဗုဒ္ဓဘာသာဝင်များသာမက အခြားဗုဒ္ဓဘာသာဝင်များဖြစ်ကြသော မဟာယာန၊ ဝဇြယာန၊ တန္တြယာနတို့ကလည်း လက်ခံယုံကြည်ကြသည်ဖြစ်ရာ ထိုအရှင်မြတ်၏အကြောင်းကိုလေ့လာရာ၌ ပါဠိတော်အဋ္ဌကထာ ဋီကာစသော ထေရဝါဒဗုဒ္ဓဘာသာဆိုင်ရာကျမ်းဂန်စာပေတို့ကိုသာမက အခြားဗုဒ္ဓဘာသာဝင်တို့၏လက်သုံးပြုကြသော ကျမ်းဂန်စာပေတို့ကိုလည်း ကြည့်ရှုရပါသည်။

စာရေးသူမှာ မြန်မာလူမျိုးဖြစ်ပြီး ငယ်စဉ်မှစ၍ ပါဠိစာပေနှင့်သာရင်းနှီးကျွမ်းဝင်ကာ ထေရဝါဒဗုဒ္ဓဘာသာအသိုင်းအဝန်းကြား၌ ကြီးပြင်းခဲ့ရသည်ဖြစ်ရာ ဤစာအုပ်ရေးသားရာတွင် မေတ္တေယျရှင်ကို မြန်မာလူမျိုးတို့လက်ခံယုံကြည်ထားပုံ၊ ကိုးကွယ်ဆည်းကပ်ပုံ၊ မြန်မာစာပေ၌ရေးသားဖွဲ့ဆိုပုံ၊ ပုံတော်ထုလုပ်ရေးခြယ်ပုံတို့ကို ရနိုင်သမျှ ရှာဖွေ၍တင်ပြထားပါသည်။ ထို့ပြင် မိမိအကျွမ်းတဝင်ရှိသောပါဠိစာပေရှုထောင့်(တစ်နည်း) ထေရဝါဒဗုဒ္ဓဘာသာရှုထောင့်ကိုပဓာနထား၍ ရှုမြင်ရေးသားပါသည်။ နိဂုံးယှဉ်ဖော်ပြရန်လိုသောနေရာများတွင် သက္ကတမူမေတ္တေယျဗုဒ္ဓဝင်၊ တိဗက်မူမေတ္တေယျဗုဒ္ဓဝင်၊ တရုတ်မူမေတ္တေယျဗုဒ္ဓဝင်တို့မှ အချက်အလက်အချို့ကိုယူငင်၍ တင်ပြထားပါသည်။ ထိုနည်းတူစွာ ပြည်ပနိုင်ငံများ၌ မေတ္တေယျရှင်အားကိုးကွယ်မှုနှင့် ရည်ရော်၍ပြုလုပ်ထားသော ရုပ်တုရုပ်ပွားစေတီပုထိုးတို့ကိုလည်း စာအုပ်စာတမ်းတို့မှထုတ်နုတ်ယူငင်၍ ရေးသားဖော်ညွှန်းခဲ့ပါသည်။

'ဤမြတ်ဗုဒ္ဓမေတ္တေယျအကြောင်းကို စာတစ်အုပ်ဖြစ်သည်အထိ လွန်ခဲ့သောအနှစ်သုံးဆယ်အချိန်ကစ၍ ကြိုးကြိုးမင်းမင်းရှာဖွေစုဆောင်းခဲ့သည်'ဟု စာရေးသူ၏အမှာစာအစဉ်စကားပလ္လင်ခံခဲ့ရာ အမှန်ရေးရသော် စာရေးသူ၏ပင်ကိုယ်စိတ်ဓာတ်ဖြင့်ဆိုပါက ဤရွေ့ဤမျှကြာအောင် လုပ်ငန်းတစ်ခုကို စိတ်ရှည်ဖွဲ့သန် လုပ်ကိုင်နေလိမ့်မည်မဟုတ်ပါ။ စာရေးသူတက္ကသိုလ်ကျောင်းသားဘဝ မန္တလေးမြို့တွင် ကျေးဇူးကြီးလှသောဦးလေးလူထုဦးလှ(အေဒီ ၁၉၁၀–၁၉၈၂)၊ ဒေါ်ဒေါ်လူထုဒေါ်အမာတို့နှင့်အတူနေရစဉ်အခါက ဦးလေးက မည်သည့်အလုပ်မဆို ကြိုးကြိုးသေးသေး ရိုရိုသေသေ လေးလေးစားစား ဇွဲရှိရှိ ပြီးပြတ်အောင်လုပ်မှ ကြိုက်နှစ်သက်ပြီး ဟိုစပ်စပ် သည်စပ်စပ်လုပ်သည်ကို မကြိုက်တတ်။ စာရေးသူမှာလည်း ထိုအယူအဆအတိုင်း ဤစာအုပ်ကို အနှစ်သုံးဆယ်ကြာသည့်တိုင်အောင် ရှာဖွေစုဆောင်းမိခဲ့ခြင်းဖြစ်ပါသည်။

http://www.dhammadownload.com

ဤစာအုပ်အတွက် လိုအပ်သောအချက်အလက်များစွာကိုကူညီရှာဖွေပေးသူပုဂ္ဂိုလ်တစ်ဦးမှာ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှ ဗုဒ္ဓဗြဲတော်ရာဆိုင်ရာပညာရှင်ဒေါက်တာဆိုင်လာ (Dr. W.C. Sailar) ဖြစ်ပါသည်။ ဒေါက်တာဆိုင်လာသည် စာရေးသူကဲ့သို့ပင် ဆရာဦးဗိုကေ၏တပည့်ရင်းတစ်ဦးဖြစ်သည်။ ဆရာဦးဗိုကေက သူ့ကို အနာဂတဝံသပါဠိ၊ သောတတ္တကီနိဒါနစသောပါဠိကျမ်းဂန်စာပေတို့ကိုပို့ချပေးခဲ့ပြီး ဗုဒ္ဓဗြဲတော်ရာပါ(၁၀၈)ကွက် လက္ခဏာအမှတ်အသားတို့ကို အသေးစိတ်လေ့လာစေရာ သူသည်လည်း အနှစ်သုံးဆယ်ကျော်လေ့လာထားပြီး ဖြစ်ပါသည်။ ဒေါက်တာဆိုင်လာနှင့်စာရေးသူမှာ ဆရာတူတပည့်ချင်းဖြစ်၍ အယူအဆတူရုံမျှမက သူရှာထားသမျှ အချက်အလက်တို့သည် စာရေးသူအတွက်အခန့်သင့်သည်ချည်းဖြစ်နေပါသည်။ အထူးသဖြင့် ဤစာအုပ်ပါ ဒဿဗုဒ္ဓါနာဂတအကြောင်း၊ မေတ္တေယျဗြဲတော်ရာအကြောင်းများတွင် သူရှာဖွေပေးသောအချက်အလက်များဖြင့်ပြည့်လျှမ်းနေကြောင်းကိုလည်း ဝန်ခံတင်ပြအပ်ပါသည်။

ဤစာအုပ်ပါ မေတ္တေယျဗုဒ္ဓဝင်ကျမ်းစာများအခန်းကို စာရေးသူသည် စာမြည်းရုံမျှ မူလကရေးသားထားခဲ့ပါသည်။ ရေးသားပြီးအချောမူသို့ရောက်မှ ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာဌာနမှ အငြိမ်းစားပါမောက္ခ ဆရာမကြီးဒေါ်တင်တင်မြင့်နှင့်အဆက်အသွယ်ရကာ ဆရာမကြီး၏ကူညီမှုဖြင့် ထိုအခန်းကို အတန်ငယ်ချဲ့ထွင်၍ရေးသားခဲ့ပါသည်။ ထို့နောက် ဆရာမကြီး၏တပည့် ဆရာမဒေါ်ခင်လင်းမြင့်က ပါရဂူဘွဲ့အတွက် မေတ္တေယျဗုဒ္ဓဝင်အဋ္ဌကထာ(အနာဂတဝံသအဋ္ဌကထာ)လေ့လာချက်ကိုစာတမ်းတင်ရန် စာရေးသူထံ အကူအညီတောင်းခံလာရာ စာရေးသူမှာ ဆရာမဒေါ်ခင်လင်းမြင့်အားကူညီရင်း မိမိရေးသားဆဲဖြစ်သော အနာဂတဝံသအဋ္ဌကထာအခန်းကို အနည်းငယ်ချဲ့ထွင်ရေးသားဖြစ်ခဲ့ပါသည်။

ဤစာအုပ်တွင် ပါဠိတော်,အဋ္ဌကထာ,ဋီကာနှင့် ဂန္ထန္တရကျမ်းစာများစွာမှ အယူအဆနှင့်အချက်အလက်တို့ကိုတင်ပြထားပါသည်။ စာပေရေးရာအဖြာဖြာကိုလည်း တင်ပြဆွေးနွေးထားပါသည်။ သမိုင်းကြောင်းအထောက်အထားများစွာကိုလည်း ပါဝင်စေပါသည်။ ခရီးသွားမှတ်တမ်းနှင့်အတ္ထုပ္ပတ္တိများလည်း ထည့်သွင်းထားပါသည်။ စကားရင်းမြစ်(ဗျုပ္ပတ်)ရှင်းလင်းချက်လည်းပါသည်။ ပထဝီဝင်ဆိုင်ရာလည်းပါသည်။ ရှေးဟောင်းသုတေသနအထောက်အထားများကို ကိုးကားဖော်ပြထားပါသည်။ စာရေးသူသည် ထိုစာပေ၊ ထိုသမိုင်း၊ ထိုထေရုပ္ပတ္တိ၊ ထိုရှေးဟောင်းသုတေသန–စသည့်ပညာရပ်တို့၌ ကျွမ်းကျင်နိုင်နင်း၍ ဤသို့တင်ပြနိုင်ခြင်းမဟုတ်ဘဲ ထိုဘာသာရပ်ဆိုင်ရာ ထိုထိုသောပညာရှင်များ၏အဆိုအမိန့်တို့ကိုလေးမြတ်ယုံကြည်သည့်အတိုင်း ဆိုင်ရာကျမ်းဂန်တို့မှ ထုတ်ဆောင်ကိုးကားခြင်းမျှသာဖြစ်ပါသည်။ သို့ပါ၍ ထိုဘာသာရပ်ဆိုင်ရာများနှင့်စပ်လျဉ်း၍ ကိုးကားတင်ပြပုံ၊ ယူဆပုံ၊ ကောက်ချက်ချပုံ–စသည်တို့၌ ချို့ယွင်းမှုများရှိပါက ပြင်ဆင်ရန်ဝန်မလေးကြောင်းကိုလည်း ဤနေရာ၌ ဝန်ခံစကားရေးသားအပ်ပါသည်။

ဤစာအုပ်ပြုစုနိုင်ရေးအတွက် အကူအညီအထောက်အပံ့ပေးကြကုန်သောအောက်ပါပုဂ္ဂိုလ်များနှင့် ကူညီကြသူများအားလုံးအား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

၁။ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဥူးမာနိတသိရိဘိဝံသ၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေးမြို့။

၂။ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဆရာတော်အရှင်သဒ္ဓိယ၊ ရွှေသုဝဏ္ဏကျောင်းတိုက်၊ ရန်ကုန်မြို့။

၃။ ဆရာဦးဗိုကေ (ပြဟ္မစာရီမွန်ဗိုကေ)။

၄။ ဆရာဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)။

http://www.dhammadownload.com

၅။ ဆရာဦးမောင်မောင်လေး(ဓမ္မာစရိယဦးမောင်မောင်လေး)။
၆။ ဆရာဒေါက်တာမျိုးမြင့်၊ ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန။
၇။ *Mr. Chin Yi Sein* (ဦးချင်ဈိန်)။
၈။ ဆရာမကြီး ပါမောက္ခဒေါ်တင်တင်မြင့် (ငြိမ်း)၊ အရှေ့တိုင်းပညာ။
၉။ ဆရာဦးအောင်ထွတ်၊ ကထိက(ငြိမ်း)၊ အရှေ့တိုင်းပညာ။
၁၀။ ဆရာဦးဟန်ဌေး၊ အငြိမ်းစားသုတေသနအရာရှိ၊ သာသနာရေးဝန်ကြီးဌာန။
၁၁။ မြန်မာ့ရိုးရာဓိသုကာပညာရှင် ဦးဝင်းမောင်(တမ္ဗဝတီ)။
၁၂။ ဦးခင်မောင်စိန်၊ ဇော်စာပေ၊ ရန်ကုန်မြို့။
၁၃။ *Dr. Waldemar C. Sailer. B.S., M.F.A., Ad.M., Ph.D.* နှင့်

စာရေးသူငယ်ရွယ်စဉ်ကျောင်းသားဘဝမှစ၍ ယခုနေ့ထက်ထိတိုင်အောင် ဤစာအုပ်ပြုစုနိုင်ရန် လိုအပ်သော စာအုပ်စာတမ်းများ ဝယ်ယူစုဆောင်းတိုင်း မတွန့်မတို အငြိုအငြင်မရှိ ခွင့်ပြုလိုက်လျောခဲ့ကြသော မိခင်ကြီး ဒေါ်မြဝင်းနှင့် ဇနီးဖြစ်သူမသက်သက်ခိုင်တို့အားလည်း မိမိ၏ပညာပါရမီကိုဖြည့်စွက်ခဲ့ကြသည့်အတွက် ကျေးဇူး အထူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။ ။

မောင်အောင်မွန် (မြတ်ဆုမွန်)

http://www.dhammadownload.com

ရန်ကုန်တိုင်း၊ သဃ်နိုးကျွန်းမြို့နယ်၊ ပုညနိဗ္ဗိတာရုံရွှေသုဝဏ်ကျောင်းတိုက်
ဆရာတော် ဘဒ္ဒန္တ သဒ္ဓိယမဟာထေရ်မြတ်၏

မိတ်ဆက်လွှာ

လုပ်ငန်းပြီးမြောက်သိဒ္ဓိပေါက်စေသည့်နည်း

မည်သည့်အကျိုးမဆို အကြောင်းတရားနှင့်ကင်းရှင်းမဖြစ်နိုင်။ အကျိုးကကြီးမားလေလေ အကြောင်းတရားက ခိုင်မာရလေလေဖြစ်သည်။ ယင်းအကျိုးများတွင် သဗ္ဗညုဗုဒ္ဓဖြစ်ရန်အကျိုးထက် ပိုမိုကြီးမားသော (သို့) တန်းတူဖြစ်သောအကျိုးမျိုး မရှိပေ။ သဗ္ဗညုဗုဒ္ဓအကျိုးမျိုးဖြစ်ထွန်းရန် ဒါနစသော ပါရမီ ၁၀–ပါးများ ဖြည့်ကျင့်ရ၏။ တစ်မျိုးတစ်ကြိမ်စီဖြည့်ရုံမျှဖြင့် မပြည့်စုံ။ ဤနှင့်ပတ်သက်၍ စရိယာပိဋကအဋ္ဌကထာကျမ်းတွင် 'စတဿော ဟိ ဗောဓိသမ္ဘာရေသု ဘာဝနာ သဗ္ဗသမ္ဘာရဘာဝနာ နိရန္တရဘာဝနာ စိရကာလဘာဝနာ သက္ကစ္စဘာဝနာ စာတိ' –ဟုလာရှိသည်။

သဗ္ဗသမ္ဘာရ ဘာဝနာ – အပြည့်အစုံ ဖြည့်ကျင့်ခြင်း။
နိရန္တရ ဘာဝနာ – အခြားမလပ်တစိုက်မတ်မတ် တစ်စပ်တည်း ဖြည့်ကျင့်ခြင်း၊
စိရကာလ ဘာဝနာ – ရှည်လျားစွာသောကာလကတည်းက ဖြည့်ကျင့်ခြင်း။
သက္ကစ္စ ဘာဝနာ – လေးလေးစားစား ဖြည့်ကျင့်ခြင်းများ ဖြစ်ကြသည်။

ပါရမီများကို ဤဘာဝနာ ၄–ရပ်ဖြင့် ကြပ်မတ်ဖြည့်တင်း ကျင့်ယူတော်မူခဲ့ကြရသည်။ မှန်၏။ ယင်းမှာ ရှေ့နောက်လျော်ကန်၍ အလွန်သင့်လျော်ကောင်းမြတ်သော နည်း ၄–နည်းဖြစ်ပေသည်။ ဤကျမ်း အခန်း–၉ တွင်ရှု။ ဤသို့ နည်း ၄–ရပ်ဖြင့် ဖြည့်ကျင့်ခဲ့ကြခြင်းကြောင့် ပါရမီပြည့်၍ အကျိုးတရားအဖြစ် သဗ္ဗညုဗုဒ္ဓ အရှင်မြတ်များ ပွင့်တော်မူခဲ့ကြလေပြီ။ ဤနည်း ၄–ရပ်ကြောင့် အောင်မြင်မှုအတန်းအစားအလိုက် မှန်ကန်ပုံကို မျက်မှောက်လက်ငင်း သက်သေပြပါအံ့။

ဤကျမ်းဆရာသည် စိရကာလ လွန်ခဲ့သည့် နှစ်ပေါင်း ၃၀–ကတည်းက ဤကျမ်းကိုစတင်ခဲ့သည်။ စတင်ပြီးနောက် နိရန္တရ အခြားမလပ် တစိုက်မတ်မတ် တစ်စပ်တည်း ဆိုင်ရာဆိုင်ရာအခန်းများပိုင်းခြား၍ လိုရာလိုရာများကို စိစစ်ထည့်သွင်းသည်။ ဤကျမ်းကိစ္စကို အာရုံစွဲယူပြီး သက္ကစ္စ ရိုရိုသေသေ လေးလေးစားစား ပြုစုသည်။ ရွှေသင့်ရွှေထိုက်ရာ ကျမ်းဂန်များလေ့လာခြင်း၊ ဆရာကောင်းအသီးသီးများထံ ချဉ်းကပ်၍ ရင့်ကျက်စေခြင်း၊ အထောက်အထားယုတ္တိသက်သေ ခိုင်မာအောင် အဖြစ်ဌာနများသို့ ကိုယ်တိုင်သွားရောက်လေ့လာခြင်း၊ သမိုင်းဘောင်စည်းဝင်ရန် ကျောက်ချပ်, ကျောက်လွှာ၊ ကျောက်စာအမှတ်အသား၊ ဓာတ်ပုံ, ပန်းချီစသည်အလိုလိုကို ထည့်သွင်းအားဖြင့် ကျမ်းဂန်ဆိုင်ရာ ပြည့်စုံမှုကိစ္စအဝဝ သဗ္ဗသမ္ဘာရကို ဖြည့်ကျင့်သည်။ ဤနည်း ၄–တန်ဖြင့် လျော်ညီစွာအားထုတ်ခြင်းကြောင့် ခိုင်ခန့်သော ကျမ်းစာတစ်ရပ် ပြီးမြောက်အောင် ဖြစ်ခဲ့သည်။

http://www.dhammadownload.com

ဘုရားညွှန်းသည့်သိုက်

အခါတစ်ပါး မြတ်ဘုရားသည် ကောသမ္ဗီပြည် ယင်းတိုက်တော၌ သီတင်းသုံးတော်မူခိုက် ဖြစ်၏။ ဘုရားရှင်က အနီးတစ်ပါးရှိ ကြွေကျထားသည့် ယင်းတိုက်ရွက်အချို့ကို လက်ဖြင့်ယူငင်တော်မူ၏။ 'ရဟန်းတို့၊ ငါဘုရားလက်တော်ရှိ ယင်းတိုက်ရွက်နှင့် အပေါ်တစ်တောလုံးရှိ ယင်းတိုက်ရွက်များနှိုင်းယှဉ်လျှင် ဘယ်ဟာက များသနည်း' ဟု မေးတော်မူ၏။ 'မြတ်စွာဘုရားလက်တော်ရှိ ယင်းတိုက်ရွက်က အနည်းငယ်ပါ၊ အပင်ပေါ် ယင်းတိုက်ရွက်များက အဆမတန်များလှပါသည်' ဟု ဖြေဆိုလျှောက်ကြ၏။ မြတ်စွာဘုရားက 'ဝဝမေဝ ခေါ ဘိက္ခဝေ တေဒေဝ ဗဟုတရံ ယံ ဝေါ မယာ အဘိညာယ အနက္ခာတံ၊ ရဟန်းတို့ ထိုနည်းတူစွာ ငါဘုရား သိလျက်နှင့် မဟောဘဲထားသည့်အရာများက များလှစွာ၏' ဟု မိန့်တော်မူ၏။ မြတ်စွာဘုရားသည် နိဗ္ဗာန် ရောက်ကြောင်းမဟုတ်သဖြင့် သိလျက်နှင့်မဟောဘဲချန်ထားတော်မူခဲ့သည်။ မဟာဝဂ္ဂသံယုတ္တပါဠိ၊ ၁၂၊ သစ္စ သံယုတ်၊ ၄-သီသပါဝနဝဂ်၊ ၁-သီသပါဝနသုတ်၊ နှာ-၃၈။

လေသမတ္တ အညွှန်းအမြွက်မျှပြသည့်, ပြည့်စုံအောင်လိုက်ရှာရန် အညွှန်းဖြစ်သည့် ဝေါဟာရကို မြန်မာမှုတွင် 'သိုက်' ဟုခေါ်တွင်သည်။ (ဘုရားသိုက်၊ သိကြားသိုက်၊ နတ်စက်ရောင်သိုက်၊ ဇာဂရုသိုက် စသည်)။ မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ဖြင့် သိစရာရှိသမျှ တစ်စမကျန် သိရှိတော်မူ၏။ သို့သော်လည်း မြတ်ဘုရားသည် နိဗ္ဗာန်ပန်းတိုင်ကိုသာ ဦးတန်း၍ ဟောတော်မူမြဲဖြစ်သောကြောင့် သိမြင်တိုင်း ဟောပြတော် မမူချေ။ အခြားသိစရာ သုတတိုင်းကိုမူကား မလေ့လာရဟု ကန့်ကွက်တော်မမူ။ ဗဟုသုတရှိလျှင် မင်္ဂလာ တစ်ပါးဟု အနဝဇ္ဇ သိပွကမ္မ စသည်ကိုသိရှိရန် မင်္ဂလသုတ္တန်တွင် ခွင့်ပြုတော်မူသည်။

ဤကျမ်းဆရာသည် မေတ္တေယျဗုဒ္ဓနှင့်ပတ်သက်သည့်အကြောင်းအရာကို ဘုရားဟောဗုဒ္ဓဘာသိတနှင့် ဘုရားဟောအားအလျော် သုတ္တာနုလောမတည်းဟူသော တောနက်ဂနိုင် မဟာပြိုင်တွင် မဟောနိုင်မပန်းနိုင် လိုက်လံရှာဖူသည်။ အာစရိယများထံ ဝါဒအမျိုးမျိုးရရှိအောင် ချဉ်းကပ်နာယူသည်။ မြတ်စွာဘုရား သိထား တော်မူလျက် မဟောဘဲထားသည့် သိုက်ကွက်သိုက်ဌာနများကိုလည်း ဆန္ဒပြင်းပြသောသိုက်ဆရာပီပီ ဝိဓေါ်အောင် တူးထုတ်ယူငင်လေသည်။ တူးဖော်အောင်မြင်သည့် သိုက်ရပစ္စည်းရတနာများကိုခန့်မှန်းသော် ဤကျမ်းမှာ စာမျက်နှာ ၆၀၀-ခန့်ရှိ၏။ အထောက်အထားစာမျက်နှာများကို စုပေါင်းယူလိုက်လျှင် ၂၅၀-ခန့် ရှိ၏။ အဘယ်မျှ များပြားလိုက်သည့် သိုက်ကွက်သိုက်ဌာနများပေနည်း? 'ယောကျ်ားတို့တမ်း၊ ဓနလမ်းကို၊ စွဲလမ်းနေည၊ ကာလရှည်ကြာ၊ အားထုတ်ပါလည်း၊ ရေမှာရုပ်ရေ။ ပန်းချီဆေးသို့၊ နှစ်လေးဆယ်မျှ၊ ပင်ပန်းရခဲ့' ဟူသော ရှေးဟောင်းစာအတိုင်း ရွှေလုပ်သည့် အဂ္ဂိယတ်ဆရာကဲ့သို့ ရရှိနိုင်မည့်သိုက်ကွက်များကို မျှော်မှန်းရော်ရမ်းကာ တူးဖော်ရာ မေတ္တေယျဗုဒ္ဓရတနာမတွေ့လိုက်ရ၊ လက်လျှော့လိုက်ရသည့်သိုက်ကွက်များမှာကား အပေါ်ဝိုင်း တောတစ်ဝက်ရှိ ယင်းတိုက်ရွက်များနီးပါး ပမာဏရှိများရှိနေမည်လား? မသိရ။

တ,တိုင်းရပဒေသာပင်၊ နတ်ရေစင်ဖျန်းသည့်ကျမ်းစွယ်စုံ

တံတားဦးမင်္ဂလာစေတီတည်မော်ကွန်းကို ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရတို့ ဖွဲ့ဆိုကြသည်။ ရှင်မဟာသီလဝံသသည် ဝိဝဋ္ဋဉာဃီ စကြဝဠာတည်ပုံ, တောင်ကျွန်းတည်ပုံ, ဤနေပြည်တော်တည်ပုံစသည် များကို စနစ်တကျ ဘောင်ချအခန်းဖွဲ့ပြီး သီကုံးသည်။ သို့ဖြစ်၍ ပညာရှင်အများက လက်ခံကြိုဆိုကြသည်။

http://www.dhammadownload.com

ထို့အတူ 'မေတ္တေယျဗုဒ္ဓအကြောင်း'ဆိုင်ရာ ဤကျမ်းကို ပြုစီရင်ရာတွင်- ၁။ ကာလသုံးပါး ပိုင်းခြားခြင်း။ ၂။ ၂၈-ဆူဗုဒ္ဓအမည်နာမတော်များစီစဉ်ခြင်း။ ၃။ ပွင့်ရာကပ်ကမ္ဘာများပြဆိုခြင်း။ ၄။ ကြားကာလ ဘုရားမပွင့်သည်ကမ္ဘာများနှင့် ၅။ ဘုရားအုပ်စုဖွဲ့စည်းပုံ၊ ၈-မျိုးသချှံနှင့်ကောက်ယူပုံ စုံလင်ခိုင်မာစွာအဦးတည်ထားရှိသည်။ ၂၈-ဆူဘုရားများကို ခရားစောက်ဇယားကွက်ချ၍ '၁-ချက်ခုတ်၊ ၅-ချက်ပြတ်'နည်းဖြင့် ရှင်းလင်းအောင်ပြထားသည်။ နက္ခတ္တဗေဒတွက်ချက်ရာ၌ ဇယားအမျိုးမျိုး တွေ့ကြုံပြဖြစ်သော ဤမိတ်ဆက်လွှာရေးသူပင် 'ဤဇယားဖြင့် ရှင်းရှင်းလင်းလင်း ထိထိမိမိ ပြီးပြည့်စုံအောင် တစ်ချက်တည်းနှင့်ပြဆိုနိုင်'သဖြင့် အံ့သြဘနန်းဖြစ်ရပါသည်။ အခန်းများစီစဉ်ပုံမှာလည်း လျော်ညီပြီး ရှင်းလင်းချက်များလည်းကောင်းမွန်လှပေသည်။

ထို့ပြင် အကြောင်းအရာအတွဲပွတ် သမိုင်းတင်ရာတွင် ယင်းတို့ဖြစ်ပေါ်ခဲ့သည့် ၁။ အချိန်ကာလ၊ ၂။ နေရာဒေသ၊ ၃။ အဖြစ်အပျက် ဤသုံးချက်ပါစေရန် လိုအပ်လှသည်။ ယင်းလိုအပ်ချက်များကိုရရှိရန် ကျောက်စာ, ကြေးပြားစာ, မှတ်တမ်းစသည်များကို ရှာဖွေကိုးကားရသည်။ ခိုင်မာသည့်အထောက်အထားများကို စုပေါင်းကာ ရေးသားသည်။ ရေးသားလေတိုင်း သာဓကအထောက်အထားများကို စာကိုယ်တွင်ဖြစ်စေ၊ အောက်ခြေမှတ်ချက်တွင်ဖြစ်စေ မူရင်းအတိုင်းသိစေရန် ထည့်သွင်းပြသသည်။ မဆီမဆိုင်ရာများ မပါ။ လိုရာတိုင်းကိုသာ ကိုးကားထုတ်နုတ်ပြထားသည်။ အချိန်များစွာယူ၍ စေ့စပ်သေချာစွာ ကျမ်းပြုထားပေသည်။ ဆိုခဲ့ပြီးစကားစဉ်အရလည်းကောင်း ကျမ်းစာကိုယ်တွင်ရှလိုက်တိုင်း တွေ့ရှိရမည့်အခြေအနေအရလည်းကောင်း ခြုံငုံသုံးသပ်လိုက်လျှင် ဤကျမ်းစာသည် မေတ္တေယျရှင်တော်နှင့် ယင်းဆိုင်ရာလိုရာသုတများကို ခွူးယူလိုက်တိုင်း ပါလာသည့်, တောင့်တလိုက်တိုင်းရရှိသည့် ကုန်စွာသယ ကပ္ပရုက္ခပဒေသာပင်မျိုးဖြစ်ပေသည်။ ထို့ပြင် တွေ့မြင်ရခဲသည့် သကနှင့်ပရဝါဒများ၊ အတွင်း(ပိဋကတ်)နှင့် အနွယ်အနုလောမ ဗဟိဒ္ဓသုတဆိုင်ရာများ၊ ပြည်တွင်းနှင့်ပြည်ပ ကျမ်းအဆိုများစသည် ပြည့်ပြည့်ဝဝစုံလင်စွာပါရှိသဖြင့် နတ်ရောင်ပက်ဖျန်း၍ရေးသားထားသော မေတ္တေယျစွယ်စုံကျမ်းဖြစ်လေသလော? တွေးတောမှတ်ထင်ရပေသည်။

၆-ရက်လုပ်နှင့် ၁၇၄-ရက်လုပ် လှည်းဘီးများထူးခြားပုံ

သဗ္ဗသမ္ဘာရဘာဝနာစကားဆက်ကို ဆိုပါဦးအုံ၊

သစေတနဘုရင်သည် မြင်းရထားလုပ်သည့် ဒေါက်ဆရာကြီးကိုခေါ်၍ 'နောက် ၆-လရှိလျှင် စစ်ပွဲတွက်ရမည်၊ သို့ဖြစ်၍ ရထားဘီး ၂-ဘီး အလိုရှိသည်၊ လုပ်ပါလေ'ဟု အမိန့်ထုတ်၏။ ထို့နောက် ၆-ရက်လျှော့ ၆-လ (၁၇၄-ရက်)အရောက်တွင် ဘုရင်သည် ဒေါက်ဆရာကိုခေါ်၍ 'ဒေါက်ဆရာကြီး၊ ငါမှာထားသည့် ရထားဘီး ၂-ဘီး ပြီးပြီလော'ဟု မေး၏။ ထိုအခါ ဒေါက်ဆရာကြီးက 'တစ်ဘီး ပြီးပါပြီဘုရား'ဟု လျှောက်၏။ မှန်းချက်နှင့် နှမ်းထွက်ကွာလှသည်။ 'ကျန်တစ်ဘီး ဘယ့်နယ်လုပ်မလဲ'ဟု ဘုရင်ကမေးရာ 'ပြီးနိုင်ပါသည်'ဟု ဒေါက်ဆရာက ပြန်လျှောက်တင်၏။ ၆-လပြည့်မြောက်, ရက် ၁၈၀ အရောက်တွင် လှည်းဘီး ၂-ဘီးကို နန်းတော်သို့သယ်ယူ၍ ဆက်သ၏။ ဘုရင်သည် လှည်းဘီး ၂-လုံးကို သေချာစွာစစ်ဆေး၏။ သေသပ်ပုံ, စေ့စပ်ပုံ အတူတူပင်ဖြစ်နေ၏။ 'အို ဒေါက်ဆရာ၊ ဘာများထူးသနည်း'ဟု ၂-ဘီးလုပ်ချိန် ရက်ပမာဏကွာခြားလှသဖြင့် မကျေနပ်သည့်သဘောဖြင့်မေးတော်မူ၏။ ထိုအခါ ဒေါက်ဆရာက 'ရှစားတော်မူပါဘုရား'

http://www.dhammadownload.com

ဟု လျှောက်တင်ကာ ၆-ရက်လုပ်လှည်းဘီးကို နန်းကြမ်းပြင်ပေါ်တွင် အရှိန်ပြင်းပြင်းဖြင့်လွှတ်လျက် လိုမ့်လိုက်၏။ ဘီးသည် အရှိန်အဟုန်ကုန်အောင်လိမ့်သွားပြီးလျှင် အရှိန်ကုန်သည့်အခါ ပတ်ပတ်လည်၍ လဲကျ၏။ တစ်ဖန် ၁၇၄-ရက်လုပ် ဘီးကို ယခင်နည်းတူ လိုမ့်လွှတ်လိုက်၏။ ဤဘီးမှာမူ အရှိန်ကုန်သည့်အခါ မတ်မတ်ရပ်၍ တည်နေ၏။ ဘုရင်နှင့်ပရိသတ်သည် အချိန်ယူ၍ စေ့စပ်စွာလုပ်ဆောင်ချက်၏ ကွာခြားပုံကို လက်တွေ့မျက်တွေ့ သိရှိသွားကြလေသည်။ ဤအဓိပ္ပာယ်ကို တိကအဂုံတို့ရှိ၊ ရထကာရဝဂ်၊ သစေတနသုတ် ပါဠိနှင့် မြန်မာပြန်ကျမ်းများတွင် ဖတ်ရှုနိုင်ပါသည်။

ကော တံ နိန္ဒိတုမရဟတိ

မန်လည်ဆရာတော်ဘုရားကြီးသည် 'ဆီသုတ်သနတ်ထော်၊ ဝါရော်ရောင်နု၊ ရွှေနှယ်တုလည်း၊ ရွှေစုမသွင်း၊ မှတ်မဝင်းသည်၊ ရွှေဖျင်းရွှေလော် ရွှေရိုးတည်း'-ဟု ယင်း၏လက်သစ်မှာ မှတ်မဝင်းသည့် သနတ်ထော်ကဲ့သို့ ရွှေတု မဟုတ်ကြောင်း။ ၁/ ဆီးဖြူသွစ်သွား။ ၂/ ဖန်ခါး, ၃/ သရက်၊ စဉ်လျက်မယွင်း၊ ၄/ အင်ကြင်း, ၅/ ထန်းတော၊ ၆/ သူယောင်တောနှင့်၊ ၇/ ငှက်ပျောတစ်ရုပ်၊ ၈/ သီးတောစပ်လျက်၊ ရှစ်ထပ်ယူဇနာ၊ တောကြီးကာ၍၊ မဟာတရု၊ ဇမ္ဗူသရေ၊ ကျွန်ုထိပ်ဗွေဝယ်၊ သပြေမည်သီး၊ ရွှေပင်ကြီး၏၊ ထန်းသီးရွှေလျော်၊ တုမမျှော်မည်၊ ဇမ္ဗော်နဒရွှေမျိုးတည်း'-ဟု ဇမ္ဗူရာဖိရွှေနှင့်တူကြောင်းကို စာရှုသူများ လေးလေးစားစားမှတ်သား စေလိုသဖြင့် မဃဒေဝလင်္ကာသစ်တွင်ဖွဲ့ဆိုခဲ့သည်၊ ရွှေဆိုသည်မှာ- ၁။ သိပ်သည်းဆကောင်းခြင်း(၁၉. ၃ ရှိခြင်း)၊ ၂။ မျက်ပါးခတ်လျှင် အခြားသတ္တုများလိုက်မမီနိုင်အောင်စွန့်ထွက်ခြင်း။ ၃။ ငရဲမီးစားခံခြင်း။ ၄။ မှတ်တင်လျှင် စံရွှေကိုမှီအောင်ဝင်းလက်ခြင်း။ ၅။ ဖယောင်းနှင့်ပွတ်စုတ်ယူလျှင် ကပ်ပါလာခြင်းစသည်ဖြင့် ရွှေစစ်နှင့်ရွှေတုကို ခွဲခြားလေ့ရှိကြသည်။ ဤလက္ခဏာမျိုးနှင့် စစ်ဆေးပြီးသားဖြစ်သော အကောင်းစားရွှေမှာလည်း ဇမ္ဗူရာဖိရွှေကို မမှီနိုင်ချေ။ (ကျွန်းဦးထိပ် တောကြီးရှစ်ထပ်အလယ် ဇမ္ဗူသပြေသီးမှချက်ထုတ်သည့်ရွှေကို မမှီနိုင်ချေ)။ သို့ဖြစ်၍ အကောင်းစားရွှေ ၁၁-ကျပ်သားကို တစ်ကြိမ်လျှင် အကာရွှေတစ်ကျပ်သားကုန်အောင် အချင်ဆေးများဖြင့် ချက်ထုတ်လော်၍ ဦး၍ယူရသည်။ ၁၀-ကြိမ်စေ့လျှင် ၁၀-ကျပ်သားစင်သွားပြီး ၁-ကျပ်သား အနှစ်သာ ကျန်စေရသည်၊ ယင်းကို 'မင်းစံရွှေ' (မင်းသုံးရွှေ) ခေါ်သည်။ ဤရွှေမှ ဇမ္ဗူရာဖိကဲ့သို့ဖြစ်လာပေသည်။

ဒေါက်ဆရာကြီးသည် လိုရာသစ်နှင့် သံကိုစုစည်းပြီး စေ့စပ်သေချာစွာ ပုံတောင်းပွတ်၊ ဒေါက်အကန့်လုပ်၊ တကူထည့်၍ ဟန်ချက်ညီအောင်ညှိ၊ ကိုက်ထိုး,ကျားလျှာထိုး အချောသပ်၍ လိုရာပြီးအောင်လုပ်သကဲ့သို့ စာသိုက်တူးသမား ဤကျမ်းစာရှင်သည် စုဆောင်းပြီးသားများကို အကြမ်းကိုင်၊ အကာဖယ်၊ အနှစ်စုယူသည်။ 'ဝင်းလျှံလည်၍၊ ရွှေရည်မင်းစံ၊ ဆယ်မီးပြန်သား'-ဟူ၍ မင်းစံရွှေ စီမံသကဲ့သို့ ထေရဝါဒကို မြဲမြံကိုင်တွယ်၍ ဤကား သက(မိမိဝါဒ)၊ ဤကား ပရ-ဟု အကြိမ်ကြိမ်စစ်ထုတ်ယူထားသည်။

ဇမ္ဗူရာဖိရွှေသည် မည်မျှပင်ကောင်းကောင်း အလေးချိန် ၁-ရွေးသားမျှကိုသာယူ၍ ပရိသတ်အလယ်တွင် ပြလျှင် ကောင်းကား ကောင်း၏။ နည်းလွန်းလှသဖြင့် မချီးမွမ်းထိုက်ချေ။ နမူနာသဘောမျိုးသာ ဖြစ်နေ၏။ ဤ ဇမ္ဗူရာဖိရွှေစင်ကျမ်းကြီးမှာမူ ရွှေကောင်းမှန်သည့်ပြင် အလေးချိန်ကိုသိလိုပြန်လျှင် ကျမ်းအရွယ်နှင့် ထုထည်ပမာဏကိုသာကြည့်၍ နှိုင်းဆတော်မူကြပါလေဟု တိုက်တွန်းလိုပါသည်။

http://www.dhammadownload.com

'နိက္ခံ ဇမ္ဗောနဒသေ၀ ကော တံ နိန္ဒိတုမရဟတိ'။ ၁-နိက္ခ ၁၀-သား ပမာဏရှိသော ဇမ္ဗူရာဖိ ရွှေကို မည်သူသည် ကဲ့ရဲ့ထိုက်ပါမည်နည်း၊ ချီးမွမ်းထိုက်သည်သာတည်း။

စာလုံးတစ်သောင်း,ဓာတ်ကောင်းတစ်ပုံ

'မှတ်တမ်းဓာတ်ပုံ ၁-ပုံ၏အင်အားသည် စကားလုံး ၁၀,၀၀၀-ရေးထားသည့်စာနှင့်ညီမျှသည်'ဟု ပြောဆိုရိုးရှိကြသည်။ ဤကျမ်းတွင် ကျောက်စာအကိုးအကားများအပြင် ကျောက်ချပ်စာပုံ၊ မုဒြာဟန်အမျိုး၊ ရံခါရှေးဟောင်းကျမ်းပြုပုဂ္ဂိုလ်ကြီးများ၏ ပုံတော်များ၊ စေတီအဆူဆူ၏ပုံတော်များစသည် စုံလင်လှပုံကိုပြခဲ့ပြီ။ အထူးသွယ်တန်းရန်မလိုပါ။ စာအုပ်ကိုလှန်ကြည့်လိုက်လျှင် ထင်ရှားလှပါသည်။ စကားလုံး ၁၀,၀၀၀-ရေး စာအသီးသီးကိုဖတ်မည့်အစား ကျမ်းစာအုပ်ကြီးလာ ဓာတ်ပုံအသီးသီးကိုသာ ရှုလိုက်ရုံဖြစ်ပါသည်။ ကျောက်စာဘက်အသိုင်းအဝန်းတွင် ကျင်လည်ခဲ့သည့် ဤကျမ်းပြုရှင်သည် ကျောက်စာနှင့်မှတ်တမ်းများတွင် သံယောဇဉ်ကြီးလှသဖြင့် ထုတ်ဝေသူ၏အခက်အခဲကိုပင်မငဲ့ဘဲ ယင်းကျမ်းတွင် ပြည့်စုံလွန်းစွာ ထည့်သွင်းထားခဲ့သည်။ သို့သော် ဖတ်ရသူအဖို့ကား အလွန်အရတော်လှပေသည်။

ဤသို့ ပြည့်စုံအောင် မှတ်တမ်း၀ါသနာပါသူပုဂ္ဂိုလ်များသည် စုဆောင်းခဲ့ကြပါ၏။ သို့သော် ပြည့်စုံခဲလှသည်။ အသိုင်းအဝိုင်းကောင်းရရှိမှ ဖြစ်နိုင်သည်။ ရရှိပြန်သော်လည်း သိုသိမ်းနိုင်သည့်အခြေအနေရှိမှ အခြေခိုင်ခန့်သည်။ ဤ၌ အရာရာအဆင်ပြေကာ ကာရဏသမဝါယ အကြောင်းစုံညီညွတ်မှုတို့က ဤကျမ်းစာရှင်ကို ကျမ်းကောင်းပြုစုသူဖြစ်အောင် ပို့ဆောင်လေသည်။

ဤစာကျမ်းနှင့်နိဒါန်းသွယ်

မိတ်ဆက်လွှာရေးသူတာဝန်မှာ စာရှုသူနှင့်ကျမ်းစာကို ဆက်စပ်ပေးရန် ဖြစ်ပါ၏။ သို့ဖြစ်ရာ အခန်းလိုက်၊ အကြောင်းအရာအလိုက်၊ အတိုချုပ်ရှင်းပြရန်လိုသည်။ စိတ်ဝင်စားဖွယ်ဖြစ်အောင် ပံ့ပိုးပေးဖို့ လိုအပ်မြဲဖြစ်ပေသည်။ သို့သော် ဤမျှကြီးမား၍ အချက်အလက်စုံလင်လှသောကျမ်းကြီးနှင့် ဆက်သွယ်ပြနေလျှင် မိတ်ဆက်လွှာအလွန်ရှည်လျားသွားပေမည်။ ဤကျမ်းရှိ မည်သည့်စာမျက်နှာကိုမဆို ကြည့်လိုက်ရုံမျှဖြင့် ကျမ်းက စာရှုသူအား တစ်မျက်နှာပြီး တစ်မျက်နှာသို့ ဆွဲဆောင်ယူနိုင်စွမ်း အပြည့်ရှိသည်။ 'ကြက်တူရွေးက တော်တော်၊ မယ်ဘော်က ကဲ'လုပ်နေရန်မလို၊ နဂိုရှိအဆင်ပြေပြီးဖြစ်သည်။ ကျမ်းစာရှင်မှာလည်း မြတ်ဆုမွန်ဘာသာရေးမဂ္ဂဇင်းကြောင့် ကျော်ကြားပြီးသားဖြစ်နေလေပြီ။

အိန္ဒိယနိုင်ငံတွင် ပင်မတက္ကသိုလ်ကြီးပေါင်း ၁၈၀-ကျော်ရှိ၏။ (၁၉၈၆-ခုအထိ)။ တက္ကသိုလ်စာကြည့်တိုက်ကြီးများမှာ စာအုပ်စုံလင်လှ၏။ သို့ဖြစ်ရာ နာလန္ဒာ၊ မဂဓ၊ ဗာရာဏသီ၊ ဒေလီများရှိ တက္ကသိုလ်စာကြည့်တိုက်များတွင် အခွင့်ရလျှင်ရသလို မဟာယာနကျမ်းစာများကိုကြည့်ခဲ့ဘူးပါ၏။ လာမားဘုန်းကြီး၊ လားဒက်စသော မဟာယာန၀ါဒီများနှင့်လည်း မဟာယာနအကြောင်းများကို အကြိမ်ကြိမ်ဆွေးနွေးခဲ့ဘူးပါ၏။ မဟာယာနဆိုင်ရာတွင် ပညာကျော်ဖြစ်သော အာစရိယနရေန္ဒ၏စာဆောင်းပါးများကိုလည်း အချိန်ယူလေ့လာခဲ့ဘူးပါ၏။ သို့သော် မည်သည့်ကျမ်းတွင်မှ မေတ္တေယျဘုရားအလောင်းအကြောင်းကို ဤမျှကျယ်ပြန့်စွာ ရေးသားထားသည်ကို မတွေ့ခဲ့ရ။ သို့ဖြစ်၍ ယင်းအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် အလွယ်တကူ ခိုင်မာစွာလေ့လာလိုလျှင် ဤကျမ်းကိုသာရှုစားတော်မူကြပါ-ဟု အတိုချုပ်နိဒါန်းသွယ်လိုပါသည်။

http://www.dhammadownload.com

ဆတက်ထမ်းပိုးတိုးစေချင်

'ကျမ်းစာရေးရခြင်းသည် အဆီခန်း၏'၊ (အားကုန်၏)ဟု မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး အမိန့်ရှိခဲ့ဘူးသည်။ ကျမ်းသေချာလျှင်, ယင်းသေချာသည့်ကျမ်း ကြီးမားလျှင် ပို၍ပို၍ အဆီခန်း, အားကုန်ပေမည်။ ယခု ဤကျမ်းစာရှင် ဦးအောင်မွန်သည်လည်း အဆီခန်း,အားကုန်မှုများ ဖြစ်ရပေမည်။ သို့သော်လည်း အသက်အရွယ် ငယ်ရွယ်ပျိုတုန်း၊ ကျန်းမာရေးကောင်းတုန်းဖြစ်နေ၍ ရှေ့သို့တိုးစေချင်သည်။ ပညာရှင်တစ်ဦးအဖို့ ကြီးကျယ်သော ဤသည့်ကျမ်းမျိုး ၁–ကျမ်း, ၁–ဖွဲ့မှု ပြုစုလျှင်ပင် တစ်ဘဝအတွက် တာဝန်ကျေလွန်းလှပါသည်။ သို့သော်လည်း ဤကဲ့သို့သောကျမ်းများ ထုတ်ဖော်ဖို့ အခြေအနေပေးအရ ဤတာဝန်ယူရန် ကျမ်းစာရှင်သည် လူ့ဘဝသို့ရောက်လာသကဲ့သို့ဖြစ်ရာ အားမနာ၍ ကိုယ်ချင်းမစာ၍ မဟုတ်ပါ။ ဤကဲ့သို့သောကျမ်းဂန်များ ဆက်လက်ပြုစုနိုင်ပါစေဟု–

- ပြဟ္မစာရီမွန်ဗိုကေ စသူများ၏ထံမှ အာစရိယမုဋ္ဌိလက်ကိုင်ရရှိထားသော
- မြန်တစ်ခွင် ပညာရှင်တို့၏မေတ္တာအောက်တွင် ပညာပန်းများ တဖွားဖွားပွင့်၍နေသော
- ဖွဲ့အားမာန်နှင့် သဒ္ဓါသန်ပြီး၊ ဉာဏ်ပညာစုထားသော အောင်ဆုတံခွန် လူရည်ချွန်ဖြစ်သည့် ဦးအောင်မွန်(မြတ်ဆုမွန်)အား ဆင့်ဖန်တိုက်တွန်း နှိုးဆော်အပ်ပါသတည်း။

ဘဒ္ဒန္တ သဒ္ဓိယ

(၁၄–၅–၀၅)

http://www.dhammadownload.com

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်

ပဌမကျော်၊ အဂ္ဂမဟာအကျော်၊ အဋ္ဌကထာပြန်အကျော်၊ ဝဠုံသကာ၊ ပါဠိပါရဂူ၊ သ-စ-အ ဓမ္မာစရိယ

ဘဒ္ဒန္တ နာရဒါဘိဝံသ(လှရတနာ)၏

မိတ်ဆက်နိဒါန်း

သုံးလောကထွတ်ထား မြတ်စွာဘုရားတို့ပွင့်တော်မူရာ ကပ်ကမ္ဘာအမျိုးအစားသည် ငါးမျိုးရှိပေသည်။ ထိုငါးမျိုးကား ဘုရားတစ်ဆူသာပွင့်သော သာရကမ္ဘာ၊ နှစ်ဆူပွင့်သော မဏ္ဍကမ္ဘာ၊ သုံးဆူပွင့်သော ဝရကမ္ဘာ၊ လေးဆူပွင့်သော သာရမဏ္ဍကမ္ဘာ၊ ငါးဆူပွင့်သော ဘဒ္ဒကမ္ဘာ–တို့ဖြစ်ပေသည်။ အကျွန်ုပ်တို့နေထိုင်ရာ ဤကမ္ဘာသည်ကား ဘုရားငါးဆူပွင့်သဖြင့် အကောင်းဆုံး အမြတ်ဆုံးဖြစ်သော ဘဒ္ဒကမ္ဘာပင်တည်း။ ဘဒ္ဒကမ္ဘာတွင်ပွင့်တော်မူသည့် ဘုရားငါးဆူဟူသည် **'သန်, ဂုံ, ပ, မ, ယျ'** ဟူ၍ မှတ်သားရသည့် ဘုရားငါးဆူတို့ ဖြစ်ပေသည်။ ထိုငါးဆူတွင် ကကုသန်မြတ်စွာဘုရားသည် အနှစ်လေးသောင်းတမ်း၌ ပွင့်တော်မူပြီးဖြစ်၏။ ကောဏာဂုံမြတ်စွာဘုရားသည် အနှစ်သုံးသောင်းတမ်း။ ကဿပမြတ်စွာဘုရားသည် အနှစ်နှစ်သောင်းတမ်း၊ ဂေါတမမြတ်စွာဘုရားသည် အသက်တစ်ရာတမ်း၌ ပွင့်တော်မူပြီးဖြစ်၏။ အရိမေတ္တေယျမြတ်စွာဘုရားသည်ကား ပွင့်တော်မမူသေး။ ဤဘဒ္ဒကမ္ဘာ၌ပင် အနှစ်ရှစ်သောင်းတမ်း၌ မချွတ်ကေန် ပွင့်တော်မူလတ္တံ့ဖြစ်သည်။ ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူသည့် ဘုရားငါးဆူတို့တွင် သက်တမ်းအရှည်ဆုံးဘုရား ဖြစ်တော်မူပါသည်။

တစ်ဆူသာရ၊ နှစ်မဏ္ဍ၊ ဝရသုံးဆူသာ။
သာရမဏ္ဍ၊ လေးဆူပြု၊ ပဉ္စဘဒ္ဒကာ။
သန်,ဂုံ,ပ,မ၊ လေးဗုဒ္ဓ၊ ဘဒ္ဒဤကမ္ဘာ။
လေးသောင်း,သုံးသောင်း၊ နှစ်သောင်းတလုစ်၊
တစ်ရာခေတ်၊ ပွင့်လစ်စဉ်တိုင်းသာ။
ရှစ်သောင်းတမ်းမှာ၊ မေတ္တေယျာ၊ ပွင့်လာသက်တမ်းသာ။ ။**(မင်းကွန်းတိပိဋကဆရာတော်)**

ဤစာအုပ်၌ ဘဒ္ဒကမ္ဘာတွင် နောက်ဆုံးအနေဖြင့် သက်တော်အရှည်ဆုံးတည်ကာ ပွင့်တော်မူလာမည့် အရိမေတ္တေယျမြတ်စွာဘုရားသခင် အကြောင်းအရာတို့ကို စုံလင်နိုင်သမျှ စုံလင်စွာဖော်ပြထားသည်ကို တွေ့ရပေသည်။ အရိမေတ္တေယျဘုရားအကြောင်းအရာဗုဒ္ဓဝင်ကို မဟာယာနကျမ်းတို့၌ အထူးအရေးပေးလျက် ကျယ်ဝန်းစွာဖော်ပြကြသည်။ တရုတ်, ဂျပန်, ကိုရီးယားစသော နိုင်ငံတို့တွင်လည်း အရိမေတ္တေယျဘုရားအား အထူးအလေးထား၍ ကိုးကွယ်ကြသည်။

ဤကျမ်းပြုဆရာ ဦးအောင်မွန်(မြတ်ဆုမွန်)သည်ကား မဟာယာနကျမ်းများနှင့် ထိုနိုင်ငံတို့မှပြုစုသော ကျမ်းတို့ကို ပဓာနမထားဘဲ ထေရဝါဒကျမ်းလာအကြောင်းအရာတို့ကိုသာ အဓိကပဓာနထား၍ ရေးသားထားသည်ကိုတွေ့ရပါသည်။ ဤကျမ်းကိုပြုစုရာ၌ အောက်ပါသင်္ဂါယနာတင် ထေရဝါဒပိဋကတ် ပါဠိတော်အဋ္ဌကထာ ဋီကာတို့သည်ကား အဓိကပဓာနမှီရာ ကျမ်းစာတို့ဖြစ်ကြသည်။

http://www.dhammadownload.com

၁။ စက္ကဝတ္တိသုတ်ပါဠိတော် (ဒီ၊ ၃။ ၆၃၊ ၆၄။)
၂။ စက္ကဝတ္တိသုတ်အဋ္ဌကထာ (ဒီ၊ ဋ္ဌ၊ ၃။ ၃၉၊ ၄၁။)
၃။ ဗုဒ္ဓဝံသပါဠိတော် (ဗုဒ္ဓဝံသ။ ၃၈၃။)
၄။ ဗုဒ္ဓဝံသအဋ္ဌကထာ (ဗုဒ္ဓဝံသ၊ ဋ္ဌ။ ၂၉၆။)
၅။ အပဒါနအဋ္ဌကထာ (အပ၊ ဋ္ဌ၊ ၂။ ၂၆၈။)
၆။ မိလိန္ဒပဉ္ဉာပါဠိတော် (မိလိန္ဒ။ ၁၆၀။)
၇။ အဋ္ဌသာလိနီအဋ္ဌကထာ (အဘိ၊ ဋ္ဌ၊ ၁။ ၃၉၃၊ ၃၄၁။)
၈။ ပဋ္ဌပကရဏအဋ္ဌကထာ (အဘိ၊ ဋ္ဌ၊ ၃။ ၉၇။)
၉။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (ဝိသုဒ္ဓိမဂ်၊ ၁။ ၄၅၊ နှင့် ၂။ ၆၅။)
၁၀။ အဂုံတ္တိုရ်အဋ္ဌကထာ (အံ၊ ဋ္ဌ၊ ၂။ ၁၈၄။)
၁၁။ အဂုံတ္တိုရ်ဋီကာ (အံ၊ ဋီ၊ ၃။ ၄၈။)

ထို့ပြင် ပညာရှင်တို့လေးစားသော–

၁။ အနာဂတဝံသပါဠို
၂။ အနာဂတဝံသအဋ္ဌကထာ
၃။ မဟာဝံသကျမ်း
၄။ စူဠဝံသကျမ်း
၅။ ထူပဝံသကျမ်း
၆။ နလာဋဓာတုဝံသကျမ်း
၇။ သောတတ္တကီကျမ်း
၈။ မဓုရတ္ထဝိလာသိနီကျမ်း

စသောဂန္ထ ရကျမ်းတို့နှင့်အညီ ရေးသားထားသည်ကိုဖတ်ရှုရပါသည်။

ပါဠိစာပေတွင်မကဘဲ မြန်မာနိသယကျမ်းများ။ အမေးအဖြေကျမ်းများ။ ခရီးသွားမှတ်တမ်းများ။ ပျို့လင်္ကာကဗျာရတုများ။ တေးထပ်သံပေါက်များ။ ရာဇဝင်သမိုင်းကျောက်စာ ပေစာများကိုပါ မကျန်စေရဘဲ အရိမေတ္တေယျဘုရားရှင်နှင့်ဆက်စပ်သမျှကို ထဲထဲဝင်ဝင်လေ့လာဖော်ပြထားသည်ကို တွေ့မြင်ရပါသည်။ ထို့အပြင် 'တန္ဓယ်ငင်, တစဉ်ပါ' ဆိုသောစကားအတိုင်း အရိမေတ္တေယျဘုရားအကြောင်းအရာပြဆိုသောကျမ်းစာပေများနှင့် ပြုစုသူ စာပေပညာရှင်၏သမိုင်းကြောင်းကိုပါ ဖော်ထုတ်ရေးသားထားသည်ကိုလည်းတွေ့ရသည်။

ဤကျမ်း၌ ထေရဝါဒပဋိက ပါဠိတော်အဋ္ဌကထာဋီကာကျမ်းတို့ကို အဓိကပဓာနမှီငြမ်းပြု၍ ရေးသည်ဆိုသော်လည်း နိုင်းယှဉ်ဖော်ပြရန်လိုသောအချို့နေရာများတွင်မူ မြောက်ပိုင်းဗုဒ္ဓဘာသာဝင်တို့၏မဟာယာနကျမ်း သက္ကတဘာသာ, အင်္ဂလိပ်ဘာသာ, ထိုင်းဘာသာ, သီဟိုဠ်ဘာသာ, တရုတ်ဘာသာ, ဂျပန်ဘာသာ, ကိုရီးယားဘာသာ, ပြင်သစ်ဘာသာ, ဂျာမန်ဘာသာစသော ဘာသာစကားတို့ဖြင့်ရေးသားထားသော စာအုပ်စာတမ်းတို့မှ တချို့အချက်အလက်တို့ကို ထုတ်နုတ်၍တင်ပြထားသည်ကိုလည်း တွေ့ရပါသည်။

http://www.dhammadownload.com

'ပွင့်တော်မူမည့် မြတ်စွာဘုဒ္ဓမေတ္တေယျ'စာအုပ်ကို ဖတ်ရှုနေစဉ်မှာပင် ရန်ကုန်၊ နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ် မော်ကွန်းထိန်းဆရာတော် ဘဒ္ဒန္တ ကုမာရထံမှ ဦးကျော်လှိုင်(မဟာဝိဇ္ဇာ–သက္ကတ)၏ 'အရိမေတ္တေယျဗုဒ္ဓဝင်စာစုများ'စာအုပ်ကို ရရှိလိုက်ပါသည်။ ထိုစာစုများထဲမှ အနာဂတဝံသပါဠိနှင့် သမန္တဘဒ္ဒိကာ အမည်ရသည့် အနာဂတဝံသအဋ္ဌကထာကို ဖတ်ရှုလိုက်ရသောအခါ အရိမေတ္တေယျမြတ်စွာဘုရားရှင်၏ အံ့ဩဖွယ်ရာဂုဏ်တော်များစွာကို ကြည်ညိုသဒ္ဓါပွားရပါသည်။ ဦးအောင်မွန်(မြတ်ဆုမွန်) ရေးသားပြုစုသော 'ပွင့်တော်မူမည့် မြတ်စွာဘုဒ္ဓမေတ္တေယျ'အမည်ရှိ ဤစာအုပ်သည်ကား အရိမေတ္တေယျဘုရားရှင်နှင့်ဆက်စပ်လျက် ပေါ်ထွက်လာခဲ့သမျှစာအုပ်တို့တွင် အကြောင်းအရာအချက်အလက်အစုံအလင်ဆုံးဖြစ်ရကား 'အရိမေတ္တေယျမဟာဗုဒ္ဓဝင်စွယ်စုံကျမ်းကြီး'ဟူ၍ပင် ဆိုနိုင်ပါသည်။ ထို့အပြင် ရှုထောင့်မျိုးစုံမှ ချဉ်းကပ်ရှုမြင်လျက် ရေးသားထားခြင်း၊ သုတေသနဆန်ဆန်သုံးသပ်ထားခြင်း၊ ကြည်ညိုသဒ္ဓါပွားဖွယ်ဖြစ်အောင်တင်ပြထားခြင်းတို့ကြောင့် ဤစာအုပ်သည်ကား အရိမေတ္တေယျဘုရားဆိုင်ရာ အရသာမျိုးစုံပါဝင်သောဟင်းလေးအိုးကြီးသဖွယ်ဖြစ်ရကား 'ရသစုံလင် အရိမေတ္တေယျမဟာဗုဒ္ဓဝင်ကျမ်းကြီး'ဟူ၍လည်း ခေါ်ထိုက်ပါပေသည်။

ဦးအောင်မွန်(မြတ်ဆုမွန်)၏ 'ပွင့်တော်မူမည့် မြတ်စွာဗုဒ္ဓမေတ္တေယျ'စာအုပ်ကို ဖတ်ရှုပြီးသောအခါ အောက်ပါပုဂ္ဂိုလ်တို့သည် အရိမေတ္တေယျဘုရားရှင်ကိုဖူးမျှော်လိုသော ပုဂ္ဂိုလ်တို့ဟူ၍ သိလာရပါသည်။ ယင်းပုဂ္ဂိုလ်တို့ကား–

၁။ အရိမေတ္တေယျဘုရားရှင်၏ရူပကာယကို ဖူးမျှော်လိုသူများ။
၂။ အရိမေတ္တေယျဘုရားရှင်ထံတွင် မဂ်ဖိုလ်နိဗ္ဗာန်ရလျက် ကျွတ်တန်းဝင်လိုသူများ။
၃။ အပါဒါန်စာရင်းဝင်လိုသူ သာဝက,မဟာသာဝကများ။
၄။ နိယတဗျာဒိတ်ခံလိုသူ အဂ္ဂသာဝကလောင်းများနှင့် ဘုရားလောင်းများဖြစ်ကြသည်။

၁။ ရူပကာယကိုဖူးမျှော်လိုသူများ

မြတ်စွာဘုရားရှင်တို့၏ ရူပကာယခန္ဓာကိုယ်တော်သည် လက္ခဏာတော်ကြီး(၃၂)ပါး၊ လက္ခဏာတော်ငယ်(၈၀)၊ ရောင်ခြည်တော်(၆)သွယ်၊ ကေတုမာလာရောင်လွှဲတော်, အသီတိနိစ္စလောဘာသရောင်ခြည်တော်စသည်တို့ဖြင့် တင့်တယ်လှစွာ တန်ဆာဆင်ထားသဖြင့် ဖူးမြင်ရသူတို့ အလွန်လျင် ကြည်ညိုဖွယ်ကောင်းလှပါပေသည်။ လူသားတွေမဆိုထားဘိ၊ အထက်ကောင်းကင်မှ ငှက်တိရစ္ဆာန်များပင် အတောင်ယှက်လျက် ရှိရိုးပူဇော်ကြသည်အထိ တင့်တယ်သပ္ပာယ်တော်မူပါပေသည်။ ထို့ကြောင့်လည်း သီရိဓမ္မာသောကမင်းကြီးသည် ကာဠနဂါးမင်းကိုလည်းကောင်း၊ ဖုဿဒေဝမထေရ်သည် မာရ်နတ်မင်းကိုလည်းကောင်း၊ ဂေါတမဘုရားရှင်၏ ရုပ်ပုံတော်အသွင်အပြင်သဏ္ဌာန်ကို ဖန်ဆင်းခိုင်းလျက် ကြည်ညိုပူဇော်ကြခြင်းဖြစ်ပေသည်။ ဂေါတမမြတ်စွာဘုရားရှင်ကို မဖူးမျှော်လိုက်ကြရသော တချို့ပုဂ္ဂိုလ်တို့သည် မဂ်ဖိုလ်နိဗ္ဗာန်ကိုရနိုင်သော သီလသမာဓိရှိသော်လည်း အရိမေတ္တေယျဘုရားရှင်၏ရူပကာယကို ဖူးမျှော်လိုသဖြင့် ဝိပဿနာကို အားမထုတ်ကြပေ။ ဝိသုဒ္ဓိမဂ်လာ ဝါတော်(၆၀) သက်တော်(၈၀)ကျော်အရွယ်ရှိသည့် မဟာသံဃရက္ခိတမထေရ်ကြီး ပုဂ္ဂလပညတ်အဋ္ဌကထာလာ အာပတ်မသင့် ဝိပွဿီသာရမဖြစ်အောင် အကျင့်သီလကောင်းသော အရှင်မြတ်တို့ကား အရိမေတ္တေယျဘုရားရှင်၏ရူပကာယကို ဖူးမျှော်လိုသဖြင့် ဝိပဿနာကို မပွားများသောပုဂ္ဂိုလ်တို့ဖြစ်ကြသည်။

http://www.dhammadownload.com

၂။ မင်္ဂလိန်ဗွာန်ရလျက် ကျွတ်တန်းဝင်လိုသူများ

တချို့ပုဂ္ဂိုလ်တို့သည်ကား အရိမေတ္တေယျဘုရားရှင်ကိုဖူးမျှော်ပြီး တရားနာယူလျက် မင်္ဂလိန်ဗွာန်ကို မျက်မှောက်ပြုရရှိပြီးသောအခါ သာသနာတော်ကိုတင့်တယ်စေလိုသောဆန္ဒရှိကြ၏။ ဝိနည်းသာသနာတွင် ထင်ရှားသော ဝိနယသင်္ဂဟအဋ္ဌကထာနှင့်သာရတ္ထဒီပနီဋီကာကျမ်းပြု အရှင်သာရိပုတ္တရာမထေရ်၊ ထိုမထေရ်၏ တပည့် ဋီကာကျော်ကျမ်းပြုအရှင်သုမင်္ဂလသာမိမထေရ် စသည်တို့ဖြစ်ကြသည်။

၃။ အပါဒါန်စာရင်းဝင်လိုသူ သာဝက,မဟာသာဝကများ

တချို့ပုဂ္ဂိုလ်တို့သည် အရိမေတ္တေယျဘုရားရှင်ထံတော်မှာ သစ္စာ(၄)ပါးသိမြင်၍ သာဝက မဟာသာဝက ရဟန္တာဖြစ်လိုကြ၏။ ထို့နောက် မိမိတို့ ဘယ်ဘုရားရှင်လက်ထက်မှာ ဘယ်လိုကုသိုလ်ကောင်းမှုတွေပြုခဲ့ကြ၍ ယခု အရိမေတ္တေယျဘုရားရှင်လက်ထက်မှာ သာဝက မဟာသာဝကဖြစ်လာကြောင်းကို မိန့်ကြားသော အပါဒါန်ပါဠိတော်စာရင်းသို့ ဝင်လိုကြ၏။ ထိုပုဂ္ဂိုလ်တို့လည်း အရိမေတ္တေယျဘုရားရှင်ကို ဖူးမြင်လိုသူတို့ပင်ဖြစ်ကြသည်။ ဋီကာကျော်နိဿယကျမ်းပြု နေရင်းဆရာတော်အရှင်အရိယာလင်္ကာရ၊ ဓမ္မပဒပါဠိတော်နိဿယကျမ်းပြု သင်္ဂာဆရာတော်အရှင်အဂ္ဂဝံမ္မာလင်္ကာရနှင့် သမ္မတစာချဆရာတော် စသည်တို့ဖြစ်ကြသည်။

၄။ နိယတမျာဒိတ်ဓံလိုသူ အဂ္ဂသာဝကလောင်းနှင့်ဘုရားလောင်းများ

အဂ္ဂသာဝကဖြစ်ရန် တစ်အသင်္ချေနှင့်ကမ္ပာတစ်သိန်း ပါရမီဖြည့်ရ၏။ သမ္မာသမ္ဗုဒ္ဓဘုရားဖြစ်ရန် အနည်းဆုံး လေးအသင်္ချေနှင့်ကမ္ပာတစ်သိန်း ပါရမီတော်တို့ကိုဖြည့်ကျင့်ရ၏။ အဂ္ဂသာဝကရဟန္တာဖြစ်လိုသူနှင့် သမ္မာသမ္ဗုဒ္ဓဘုရားဖြစ်လိုသူ ဘုရားလောင်းတို့သည် ဘုရားများစွာထံ ပါရမီကုသိုလ်များပြုကြလျက် နိယတမျာဒိတ်ခံကြရပေမည်။ ထိုပုဂ္ဂိုလ်တို့သည်ကား အရိမေတ္တေယျဘုရားရှင်ကို ဖူးမြင်ကြလျက် နိယတမျာဒိတ်ပန်းကို ဆင်ပြန်းကြရပေမည်၊ အင်းဝခေတ်စာဆိုကျော် အရှင်မဟာသီလဝံသ၊ သမန္တစက္ခုဒီပနီကျမ်းပြု မုံရွေးဇေတဝန်ဆရာတော် အရှင်အရိယဝံသအာဒိစ္စရံသီမထေရ် စသည်တို့ကား အဂ္ဂသာဝကအဖြစ် မျာဒိတ်ခံလိုသော ဆရာတော်တို့ဖြစ်ကြသည်။ ဖိနာလင်္ကာရကျမ်းပြု အရှင်ဗုဒ္ဓရက္ခိတမထေရ်၊ ယမိုက်ပဋ္ဌာန်းအရကောက်ကျမ်းပြု ထန်းတပင် ဆရာတော် အရှင်နန္ဒမေဓာ၊ ဝိနယာလင်္ကာရဋီကာကျမ်းပြု တောင်ဖီလာဆရာတော်အရှင်မုနိန္ဒဃောသစသော မထေရ်တို့ကား အရိမေတ္တေယျဘုရားထံမှနိယတမျာဒိတ်ပန်းကိုဆင်ပြန်းလိုကြသော ဘုရားလောင်းမထေရ်များဖြစ်တော်မူကြသည်။

ဆိုခဲ့ပြီးပုဂ္ဂိုလ်(၄)မျိုးတွင် ပါဝင်သောပုဂ္ဂိုလ်တို့သည် အရိမေတ္တေယျဘုရားရှင်ကို ဖူးမြင်လိုသူတို့ဖြစ်ရကား အရိမေတ္တေယျဘုရားအကြောင်းအရာကို စုံလင်စွာဖော်ပြသော ဤကျမ်းကို မဖြစ်မနေဖတ်ရှုသင့်ပေသည်။

သို့သော် ဤကျမ်းကိုဖတ်ရှုရသောအခါ တချို့ပညာရှင်တို့က သင်္ဂါယနာတင်မဟုတ်သော အနာဂတဝင်ပါဠိနှင့် အနာဂတဝင်အဋ္ဌကထာမှလာသောတချို့အချက်အလက်တို့ကို လက်ခံချင်မှလက်ခံကြပါလိမ့်မည်။ ထိုအချက်အလက်တို့မှာ သင်္ဂါယနာတင်သောပါဠိတော်အဋ္ဌကထာတို့၌ မလာရှိ,မပါရှိသောကြောင့်–ဟူ၍လည်း အကြောင်းပြကြပေလိမ့်မည်။ လက်ခံမှု,လက်မခံမှုဟူသည်မှာ ကာယကံရှင်၏လွတ်လပ်သောဆန္ဒအတိုင်းသာဖြစ်သည်၊ အတင်းအကြပ်လက်ခံရမည်ဟူ၍ ဤကျမ်းဆရာကတော့ တိုက်တွန်းထားသည်ကိုမတွေ့ရပါ။

http://www.dhammadownload.com

သင်္ဂါယနာတင်ပါဠိတော်အဋ္ဌကထာတို့၌ မလာရှိရုံ၊ မပါရှိရုံသက်သက်နဲ့ လက်မခံသင့်ဟူ၍တော့ တထစ်ချ မဆုံးဖြတ်ထိုက်ပေ။ ဂေါတမမြတ်စွာဘုရားရှင်သည်ကား (၄၅)ဝါကာလပတ်လုံး တရားဒေသနာအဖြာဖြာတို့ကို မနေမနားဟောကြားတော်မူခဲ့၏။ သင်္ဂါယနာတင်သောအခါတွင်မူ ရဟန္တာအရှင်မြတ်တို့သည် ဘုရားရှင်ဟောသမျှကို ပါဠိတော်၌ သင်္ဂါယနာမတင်ခဲ့ချေ။ စပ်ဆိုင်ရာ စပ်ဆိုင်ရာကိုသာ သင်္ဂါယနာတင်ခဲ့ကြ၏။ ဘုရားဟောထားသော တချို့တရားတော်ကို သင်္ဂါယနာမတင်ခဲ့ကြချေ။ ထိုအကြောင်းကို ဗုဒ္ဓမတညူအဋ္ဌကထာဆရာတော်အရှင်မဟာဗုဒ္ဓဃောသမထေရ်က အဘိဓမ္မာပိဋကတ်၊ စိတ္တုပ္ပဒ်အဖွင့် အဋ္ဌသာလိနီအဋ္ဌကထာ (နာ၊ ၁၀ဂျ၊ ၁၀၈) ၌- **'သွာယမတ္ထော ဣမသ္မာ သင်္ဂီတိ အနာရုဠ္ဍသ သုတ္တသ္သ ဝသေန ဒေဒီတမ္ဘော၊ ဝုတ္တဥ္ဥေတံ ကမ္မနာမဏ္ဍ'** စသည်ဖြင့် ထုတ်ဖော်ညွှန်ပြခဲ့ပါသည်။

ဒီဃနိကာယ် သီလက္ခန္ဓဝဂ္ဂ သာမညဖလသုတ်ပါဠိတော်အဖွင့် သီလက္ခန်အဋ္ဌကထာ (နာ၊ ၂၁၂)၊ အမ္ဗဋ္ဌသုတ်ပါဠိတော်အဖွင့် သီလက္ခန်အဋ္ဌကထာ(နာ၊ ၂၂၇၊ ၂၅၄)တို့၌လည်း ပါဠိတော်တွင် သင်္ဂါယနာမတင်ခဲ့သော ဘုရားဟောစကားတော်တို့ကို ဖော်ပြထားပေသည်။ ယင်းသို့ သင်္ဂါယနာမတင်ခဲ့သော ပါဠိတော်စကားတို့ကို အဋ္ဌကထာတို့၌ ဖော်ထုတ်ပြသည်ကို **'ပကိဏ္ဏကဒေသနာ'** ဟူ၍ ဋီကာဆရာတို့က နာမည်တပ်ကြသည်။ (သီဋီသစ်၊ ၂။ဒဠ၊ ၂၅၄)။

ကဿပမြတ်စွာဘုရားရှင်သည် ဂေါတမဘုရားလောင်းရဟန်းကို ဘုရားဖြစ်မည့်သူဟူ၍ ဗုဒ္ဓဝင်ပါဠိတော် ကဿပဗုဒ္ဓဝင်(နာ၊ ၃၇၆)၌ဟောပြခဲ့သလို၊ ဂေါတမမြတ်စွာဘုရားရှင်သည်လည်း အရိမေတ္တေယျဘုရားပွင့်မည့် အကြောင်းကို စက္ကဝတ္တိသုတ်ပါဠိတော်၌ ဟောပြတော်မူခဲ့သည်သာဖြစ်၏။ ရဟန္တာအရှင်မြတ်တို့က ဘုရားရှင် ဟောပြတော်မူခဲ့သမျှကို ပါဠိတော်၌သင်္ဂါယနာတင်မှ မတင်မှကြောင့်သာ အကျဉ်းမျှသိရမှု အကျယ်သိရမှု ကွာခြားလေသည်။ ထိုအပြင် ဂေါတမဘုရားသာသနာထင်ရှားရှိနေသေးပါလျက် အရိမေတ္တေယျဘုရားထံမှာ ကျွတ်တန်း ဝင်ချင်သူတွေကိုလည်း 'ဖအေကျော် ပထွေးတော်လွမ်းသူ' ဟူ၍ အပြစ်မတင်သင့်ပေ။ သတ္တဝါတို့ အလိုဆန္ဒ စရိုက်သည်ကား အမျိုးမျိုးထွေပြားလျက်ရှိ၏။ မိမိတို့ဆန္ဒစရိုက်အတိုင်း ကျွတ်တန်းဝင်ခွင့်ရှိပေသည်။ ဤ အကြောင်းကိုလည်း ကဿပမြတ်စွာဘုရားရှင်က ဂေါတမဘုရားအလောင်းဖောတိပါလရဟန်းကို ဘုရားဖြစ်မည့်သူဟူ၍ နိယတဗျာဒိတ်မြွက်ကြားလိုက်သောအခါ ထိုအချိန်ထိုနေရာ၌ ကြားသိရသော နတ်လူတို့သည် အောက်ပါအတိုင်း ဆုတောင်းကြကုန်၏။

> ဤကဿပမြတ်စွာဘုရားရှင်၏အဆုံးအမတရားတော်ကို ငါတို့မဖြည့်စွမ်းနိုင်ဘဲ ချွတ်ယွင်းကြစေကာမူ နောင်အခါ ဂေါတမဘုရားအဖြစ် ပွင့်လတ္တံ့သော ဤဖောတိပါလရဟန်းကို မျက်ဝါး ထင်ထင်ဖူးမြင်ကြကာ တရားထူးရသောသူများဖြစ်ကြရပါလိုကုန်၏။ ဥပမာအားဖြင့် မြစ်ကိုကူးသော သူတို့သည် မိမိရည်မှန်းအပ်သောဆိပ်ကမ်းသို့ ရေစီးအဟုန်ကြောင့်မရောက်နိုင်ဘဲ ချို့ယွင်းကာ ရေစီးထဲသို့ မြောပါသွားကြစေကာမူ အောက်ဖြစ်သောဆိပ်ကမ်းမှာ အရတွယ်ယူကာ မြစ်ကို ကူးကြကုန်သကဲ့သို့ ငါတို့အားလုံးသည်လည်း ဤကဿပမြတ်စွာဘုရားရှင်ကို တရားထူးမရဘဲ လက်လွှတ်ကြရစေကာမူ နောင်အခါ ပွင့်တော်မူလာမည့် ဂေါတမဘုရားအလောင်း ဤဖောတိပါလ ရဟန်းမြတ်ကိုဖူးမြင်ကြကာ တရားထူးရသောသူများဖြစ်ကြရပါလိုကုန်၏။

http://www.dhammadownload.com

ဆိုခဲ့ပြီးစကားစဉ်အရ 'ပွင့်တော်မူမည့် မြတ်စွာဗုဒ္ဓမေတ္တေယျ' ဟူသော ဤစာအုပ်ကိုကြည့်ရှုဖတ်ရှုကြ၍ ကုသိုလ်သဒ္ဓါတရားများဖြစ်ပွားနိုင်ကြပါစေ၊ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ပါရမီကုသိုလ်အပေါင်းကိုလည်း ဖြည့်ကျင့်နိုင်ကြပါစေ၊ မိမိတို့ရည်မှန်းထားသည့်အတိုင်း ဗောဓိဉာဏ်အသီးသီးဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ကြပါစေ-ဟူ၍ မေတ္တောပွားပြီး 'ဥပ္ပါတသန္တိ' ကျမ်းလာဂါထာဖြင့် ပွင့်တော်မူမည့် အရိမေတ္တေယျဘုရားထံမှာ မြတ်ဆုမွန်ချွေရင်း ဤမိတ်ဆက်နိဒါန်းကို နိဂုံးချုပ်ရပါသည်။

အနာဂတေစ သမ္ဗုဒ္ဓါ၊ မေတ္တေယျော ဒေဝပူဇိတော၊
မတိဒ္ဓိကော မဟာဒေဝါ၊ မဟာသဒ္ဓိ ကရောတု နော။

အရိမေတ္တေယျမြတ်စွာဘုရားသည် နောင်အခါ၌ သစ္စာလေးပါးကို ကိုယ်တော်တိုင်သိမြင်သဖြင့် ပွင့်တော်မူလတ္တံ့၊ နတ်ပြဟ္မာတို့ပူဇော်သက္ကာရကိုပြုအပ်၏။ ကြီးမြတ်သောတန်ခိုးအာနုဘော်ရှိတော်မူ၏။ သမ္မုတိနတ်,ဥပပတ္တိနတ်တို့ထက်မြတ်သော ဝိသုဒ္ဓိနတ်ဖြစ်တော်မူ၏။ ထိုပွင့်တော်မူလတ္တံ့သော အရိမေတ္တေယျမြတ်စွာဘုရားသည် အရိမေတ္တေယျဗုဒ္ဓဝင်ကို ကြည်လင်စွာယုံကြည်လက်ခံကြကုန်သော အကျွန်ုပ်တို့အား မွန်မြတ်သောဥိမ်သက်ချမ်းသာခြင်းကိုပြုတော်မူပါဘုရား။

အရှင်နာရဒါဘိဝံသ (လှရတနာ)
ပထမကျော်, အဂ္ဂမဟာအကျော်
သ.စ.အ ဓမ္မာစရိယ-ဝဠံသကာ ဝိနယပါဠိပါရဂူ
၃၁၊ ၅၊ ၂၀၀၅။

http://www.dhammadownload.com

သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၏

အမှာ

ဦးအောင်မွန်နှင့်မိတ်ဆွေဖြစ်သည်မှာ သိပ်မကြာသေးပါ။ သို့သော် စာပေဝါသနာပါသူချင်းမို့ မိတ်ဆွေရင်းချာကဲ့သို့ ခင်မင်ရင်းနှီးကြပါသည်။ မကြာခဏတွေ့တိုင်း စာပေနှင့်ပတ်သက်ပြီး ဆွေးနွေးဖြစ်ကြပါသည်။ တစ်ဦးနှင့်တစ်ဦး စာအုပ်အပြန်အလှန်ဖလှယ်ရမ်းပြီး မိတ္တူကူးယူခြင်း၊ လက်ဆောင်ပေးခြင်းတို့ကိုပြုလုပ်ပါသည်။ သူသည် စာပေအသိုင်းအဝိုင်း၊ သာသနာအသိုင်းအဝိုင်းတွင် ကြီးပြင်းလာသူဖြစ်၍ ရှေ့ဖိနောက်မီ စာပေပညာရှင်တစ်ဦးဖြစ်ပါသည်။ သူ၏ 'ပွင့်တော်မူမည့် မြတ်စွာဘုဒ္ဓမေတ္တေယျ'ကို နိဒါန်းရေးပေးရန်ပြောသောအခါ သူ၏စာအုပ်ကိုဖတ်ရှုရပါသည်။ ဗုဒ္ဓဘာသာသမိုင်းနှင့်ပတ်သက်၍ စနစ်တကျ လေးလေးနက်နက် သုတေသနပြုရေးသားသော စာပေများရှားပါးနေချိန်တွင် ဦးအောင်မွန်၏ 'မြတ်စွာဘုဒ္ဓ မေတ္တေယျ'စာအုပ်ကိုဖတ်ရှုရသည့်အတွက် ကျေနပ်မိပါသည်။

ကျွန်တော်သည် သမိုင်းဘာသာရပ်သင်ကြားသောဆရာတစ်ဦးအနေဖြင့် မြန်မာနိုင်ငံ ဗုဒ္ဓသာသနာသမိုင်းနှင့်ပတ်သက်သောစာအုပ်များ၊ မဟာဝိဇ္ဇာဘွဲ့ယူကျမ်းများ၊ အရှေ့တောင်အာရှနိုင်ငံများနှင့်ပတ်သက်သော ဘာသာရေးသမိုင်းများကို ဖတ်ရှုလေ့လာဖူးပါသည်။ သာသနာရေးဝန်ကြီးဌာနတွင်ပြောင်းရွှေ့အမှုထမ်းသောအခါ နေ့စဉ်ဘုရား၊ တရား၊ သံဃာကိစ္စများနှင့်ပတ်သက်၍ လက်တွေ့ဆောင်ရွက်ရသဖြင့် ဗုဒ္ဓဘာသာသမိုင်းနှင့်ပတ်သက်၍ ပိုမိုစိတ်ဝင်စားလာခဲ့ပါသည်။ ဗုဒ္ဓဘာသာနှင့်ပတ်သက်သော စာအုပ်များစုဆောင်းခြင်း၊ ဖတ်ရှုခြင်းတို့ကိုပြုလုပ်ခဲ့ပါသည်။ ဂုဏ်ပေါင်းစုံမှဆရာတော်ကြီးများနှင့် သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာကိစ္စများကိုလည်း ဆောင်ရွက်နေရသဖြင့် တစ်နေ့တွင် ဤအတွေ့အကြုံများကိုအခြေခံ၍ မြန်မာနိုင်ငံဗုဒ္ဓဘာသာသမိုင်းနှင့်ပတ်သက်သော စာတစ်အုပ်ရေးရန်စိတ်ကူးခဲ့ပါသည်။ သို့သော် ထိုစိတ်ကူးသည် ယခုအထိ အကောင်အထည်မဖော်နိုင်သေးပါ။ ထိုသို့စိတ်ကူးနေစဉ်တွင် ဗုဒ္ဓဘာသာသမိုင်းကို ပညာရှင်ရွထောင့်မှသုံးသပ်တင်ပြကာ ရေးသားထားသော ဦးအောင်မွန်၏စာအုပ်မျိုးပေါ်လာသဖြင့် ဗုဒ္ဓဘာသာနှင့်ပတ်သက်သော စာအုပ်ကောင်းတစ်အုပ်အဖြစ် ကြိုဆိုရပေသည်။

မြန်မာနိုင်ငံထုတ်ဝေသော ဗုဒ္ဓစာပေများကိုသုံးသပ်ရသော် ဘာသာ,သာသနာအပေါ် ကြည်ညိုသဒ္ဓါပွားရန်၊ ကိုယ်ကျင့်ကောင်းရန်၊ ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရန် ရည်ရွယ်ချက်တို့ဖြင့်ရေးသားသောစာအုပ်တို့သာ များပြားလေသည်။ ဗုဒ္ဓဘာသာနှင့်စပ်လျဉ်း၍ ကြည်ညိုသဒ္ဓါပွားရာ *(Devotional)* အမြင်ဖြင့် ရေးသားသောစာအုပ်များသာမက ပညာရှင် *(Scholarly)* ရွထောင့်မှလေ့လာရေးသားသောစာအုပ်များ ပိုမိုများပြားပေါ်ထွက်လာရန် အားပေးရမည်ဖြစ်ပါသည်။ ခိုင်လုံသောအထောက်အထားများဖြင့် သုတေသနပညာရှင်ရွထောင့်မှလေ့လာသောစာအုပ်မျိုးကိုရေးသားနိုင်ရန် ဆိုင်ရာပညာရပ်နယ်ပယ်ကျွမ်းကျင်မှု၊ အချိန်၊ ငွေ၊ လုပ်အားအရင်းအနှီးများစွာစိုက်ထုတ်မြှုပ်နှံရသဖြင့် သာမန်ပုဂ္ဂိုလ်များအဖို့ ထိုကဲ့သို့သောစာအုပ်မျိုးကိုရေးရန် ဝန်လေး

http://www.dhammadownload.com

ကြသည်။ ဦးအောင်မွန်၏စာအုပ်သည် နှစ်ပေါင်းများစွာ အထောက်အထားတို့ကိုစုဆောင်းပြီး ငွေ၊ အချိန်များစွာစိုက်ထုတ်ပြီး ရေးသားသောစာအုပ်ဖြစ်သဖြင့် စာရေးသူကို ချီးမွမ်းရမည်သာဖြစ်သည်။

သမိုင်းကိုရေးသားသောအခါ အကြောင်းအရာများကို တစ်ခုပြီးတစ်ခု ဖြစ်စဉ်ကိုသုံးသပ်ရေးသားသော *(Historical, narrative approach)* ရေးသားပုံနှင့် အယူအဆတစ်ခုကို ဆန်းစစ်ဝေဖန်သော ရေးသားပုံ *(Conceptual approach)* ဟူ၍ရှိရာ ဒုတိယအမျိုးအစားကိုရေးသားရာတွင် ပိုမိုခက်ခဲပါသည်။

ဥပမာ။ ထိုင်းမြန်မာဆက်ဆံရေးကိုရေးပါဆိုလျှင် ဖြစ်ရပ်မှန်များကို အထောက်အထားများဖြင့် တန်းစီရေးသားသွားရန်သာဖြစ်ပါသည်။ စကြာဝဠာမင်းအယူအဆကြောင့် ထိုင်းနှင့်မြန်မာတို့ မသင့်မတင့်ဖြစ်ရသည်ဟုဆိုလျှင် အတွေးအခေါ်ပိုင်းကိုမှန်း၍ ရေးသားရမည်ဖြစ်သဖြင့် ပို၍ခက်ခဲပေသည်။ ယခု ဦးအောင်မွန်၏ စာအုပ်သည် အယူအဆတစ်ခုကို လေ့လာဆန်းစစ်ရေးရသဖြင့် ပို၍ခက်ခဲပါသည်။ အတွေးအခေါ်အယူအဆ ပိုင်းနှင့်ပတ်သက်သော သမိုင်းစာအုပ်များ ပေါ်ပေါက်စေရန် အစဉ်အားပေးသင့်သည်။ တစ်နည်းဆိုရသော် *(History is teaching of philosophy by examples)* ဟူသော အယူအဆရှိပါသည်။ သမိုင်းပညာသည် အတွေးအခေါ်ပိုင်းဆိုင်ရာတို့ကို ဥပမာများနှင့်လေ့လာသော ဘာသာရပ်ဖြစ်ပါသည်။

ဤစာအုပ်တွင် မေတ္တေယျဗုဒ္ဓနှင့်ပတ်သက်၍ ထေရဝါဒနှင့် မဟာယာနဗုဒ္ဓဘာသာအယူအဆတို့တွင် မည်ကဲ့သို့ယူဆကြောင်းကို အသေးစိတ်ချယ်မှုန်းထားသည်။ ဗုဒ္ဓဘာသာကိုဏ်းခွဲများနှင့်ပတ်သက်သောဗဟုသုတ တိုးပွားစေသည်။ အထူးသဖြင့် မဟာယာနဗုဒ္ဓဘာသာကို လေ့လာသူများနည်းပါးနေချိန်တွင် ယခုကဲ့သို့ အခြားဗုဒ္ဓဘာသာကိုဏ်း၏အယူအဆများကိုရေးသားသဖြင့် ထေရဝါဒဗုဒ္ဓသာသနာကို ပို၍လေးစားရပါသည်။ ကမ္ဘာ့ဗုဒ္ဓဘာသာညီညွတ်ရေးကိုကြိုးပမ်းနေချိန်တွင် မဟာယာနဗုဒ္ဓဘာသာကိုကျွမ်းကျင်သော ပညာရှင်များကို လေ့ကျင့်မွေးထုတ်သင့်ပါသည်။ မေတ္တေယျဗုဒ္ဓအားရည်စူး၍ ဆုတောင်းကြပုံကိုရေးရာတွင် ပါဠိစာပေ၊ မြန်မာစာပေတို့မှအထောက်အထားများဖြင့် ရေးသားသည်မှာ အတုယူဖွယ်ဖြစ်သည်။ ဗုဒ္ဓစာပေနှင့် မြန်မာစာပေသမိုင်းဆိုင်ရာအထောက်အထားများ ထိထိရောက်ရောက်အသုံးပြုရန် နောင်မျိုးဆက်သစ်ပညာရှင်များကိုလည်း လေ့ကျင့်သင်ကြားပေးသင့်ပါသည်။

နိဂုံးချုပ်တင်ပြရသော် ဦးအောင်မွန်၏ 'ပွင့်တော်မူမည့် မြတ်စွာဗုဒ္ဓမေတ္တေယျ' စာအုပ်သည် ဗုဒ္ဓဘာသာလေ့လာသူများအတွက်လည်းကောင်း၊ ဘာသာရေးသမိုင်းလေ့လာသူများအတွက်လည်းကောင်း ဗဟုသုတဖြစ်ဖွယ်အရေးပါသော ဗုဒ္ဓဘာသာသုတစာအုပ်ဖြစ်သည်။ အင်္ဂလိပ်ဘာသာသို့ပြန်ဆိုထုတ်ဝေရန်တိုက်တွန်းပါသည်။ အလားတူ မဟာယာနနှင့်ထေရဝါဒအယူအဆများ ပေါင်းစပ်၍လေ့လာသော ဗုဒ္ဓဘာသာသုတေသနစာအုပ်များ ပို့မိုထွက်ပေါ်လာစေရန် ဆုတောင်းပါသည်။ ။

ဒေါက်တာမျိုးမြင့်

http://www.dhammadownload.com

ဦးအောင်ထွတ် (ရန်ကုန်တက္ကသိုလ်)၏

ဤစာအုပ်ကိုဤသို့မြင်ပါသည်

ဗုဒ္ဓဝင်ရေစီးကြောင်းကြီးပြောင်းလဲသွားပြီ

'မြတ်စွာဗုဒ္ဓ မေတ္တေယျ' –ဟု အမည်ပေးထားသော မေတ္တေယျဗုဒ္ဓဝင်ဆိုင်ရာစာတန်းများစွာပါဝင်သော ဤစာမူကို ကွန်ပျူတာစက်ပေါ်သို့ စတင်ရောက်ရှိပြီးချိန်ကပင် ဖတ်ရှုခွင့်ရခဲ့သည်။ လွန်ခဲ့သောနှစ်ကဖြစ်၏။ ထိုအချိန်က ဤကျမ်းစာကိုပင် အမည်နာမ အတည်တကျ မပေးရသေး။ စာမူများသာ တစ်ပိုင်းပြီးတစ်ပိုင်း ရောက်ရှိလာ၏။ ရောက်လာတိုင်း ရောက်လာတိုင်းကိုလည်း သေချာစွာဖတ်၏။ ကိုးကားထားသောကျမ်းများ, စာတန်းများနှင့် ပါဝင်သောဘာသာစကားများ များပြားလှသဖြင့် လွဲမှားမှုရှိက ပြင်ဆင်ပေးနိုင်ရန်ဖြစ်၏။

သို့သော် ဖတ်ရင်းဖတ်ရင်း စာရေးသူအပေါ် အထင်ကြီးမှု, လေးစားမှု, ချီးကျူးမှုတို့ မပြုဘဲမနေနိုင်အောင် ဖြစ်လာရ၏။ ထို့ကြောင့် သူ့စာများကိုပို၍ဂရုတစိုက်ဖတ်ခဲ့၏။ လေးလေးနက်နက်ဖတ်ခဲ့၏။ စာတန်းတစ်စောင် ဖတ်ပြီးတိုင်း တွေးတော၏။ ဆင်ခြင်၏။ နိဒ်ဒံပေါင်းစုံ, ဘာသာစကားပေါင်းစုံ, သုတေသီပေါင်းစုံ, ကျမ်းဂန်ပေါင်းစုံ တို့မှတင်ပြချက်တို့ကို အလျဉ်းသင့်သလိုဖော်ပြထားရာ သံသယမျက်လုံးကိုရှေ့တန်းတင်၍ဖတ်ရသည့်အဆင့်သို့ ရောက်လာသည်။

သူ၏ကျမ်းစာတွင် ကိုးကားချက်*(reference)*နှင့် အောက်ခြေမှတ်စု*(foot-notes)*တို့မှာ စာမျက်နှာတိုင်း လိုလိုပါနေ၏။ တစ်ခုမက, နှစ်ခုမက ရံခါ ကိုးခုဆယ်ခုအထိပါတတ်၏။ ၎င်းတို့ကိုတိုက်ဆိုင်ရသည်မှာလည်း လက်ဝင်လှ၏။ မသေချာသောစာလုံးပေါင်းများ (အထူးသဖြင့် ပါဠိ,သက္ကတ,အင်္ဂလိပ်)တွေ့သောအခါ သေချာအောင် အဘိဓာန်ပေါင်းစုံလှန်ရ၏။ ကျမ်းကိုးကျမ်းကားများအပေါ် သံသယဝင်လာသောအခါ မူရင်းကျမ်းကို ရှာရပြန်၏။ ကိုယ့်မှာမရှိလျှင် သူ့ထံပြန်မေးရန် တေးမှတ်ထားရသည်မှာလည်း အကြိမ်ကြိမ်ပင်။

နောက်ဆုံး သူ၏စာများကိုဖတ်တိုင်း တွေးတိုင်း ဆင်ခြင်တိုင်း အသိတစ်ခုရရှိလာသည်။ နှစ်ပရိစ္ဆေဒ မြောက်များစွာစောင့်မျှော်နေခဲ့သော မျှော်လင့်ချက်အသိဖြစ်၏။ ယင်းကား အခြားမဟုတ်။ ဤစာမူ 'မြတ်စွာဗုဒ္ဓ မေတ္တေယျ'သည် မြန်မာနိုင်ငံဗုဒ္ဓဝင်သမိုင်းရေစီးကြောင်းကို ပြောင်းလဲပေးလိုက်ပြီ–ဟူသောအသိဖြစ်၏။

ကျွန်တော်သည် တက္ကသိုလ်များတွင် ၃၆–နှစ်တိတိတာဝန်ထမ်းခဲ့၏။ ထိုအတွင်း ပို့ချချက်စာအုပ်များ၊ သုတေသနစာတန်းများ၊ မဟာဝိဇ္ဇာဘွဲ့အတွက်ကျမ်းတို့ကိုရေးခဲ့ရ၏။ ဝါသနာအရလည်း ရေး၏၊ တာဝန်အရလည်း ရေးခဲ့ရ၏။ နောက်ပိုင်းကာလများတွင် မဟာဝိဇ္ဇာဘွဲ့အတွက် တင်သွင်းကြသောစာတန်း*(Thesis)*ကျမ်းပေါင်း များစွာကို ကြီးကြပ်ခဲ့ရ၏။ ထိုအခါ လုံလောက်သောကျမ်းကိုးကျမ်းကားအထောက်အထားများကို ရှာပေးရ၏၊ ရှာခိုင်းရ၏၊ အထောက်အထားမရှိလျှင် မည်သည့်ကြီးကြပ်ရေးအဖွဲ့ဝင်ကမျှ လက်ခံမည်မဟုတ်။ ထိုကြောင့် ခိုင်ခန့်သောကျမ်းစာများကိုဖတ်ရသောအခါ အထောက်အထားများကိုသိလိုသည်။ သိချင်သည်။ မသိရလျှင် စိတ်ထဲတွင် မတင်မကျကြီးဖြစ်နေ၏။ မေတ္တေယျဗုဒ္ဓဝင်ကိုဖတ်ရသောအခါ ဤသို့သော်ခံစားမှုကြီးမှလွတ်မြောက်

http://www.dhammadownload.com

သွားပြီဖြစ်သဖြင့် 'ရှာထားလိုက်တာ၊ တင်ပြထားလိုက်တာ'ဟူသော အာမေဋိတ်များဖြင့် နှစ်ထောင်းအားရ ရှိလှသည်။

ဆက်၍ပြောပါဦးမည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓဝင်ကျမ်းပေါင်းများစွာ ပေါ်ထွက်ခဲ့သည်။ ပုဂံခေတ်မှစတင်၍ ဖြစ်၏။ အရှင်ဉာဏဇ္ဇီရ၏ တထာဂတုပ္ပတ္တိ၊ ပထမငါးခုန်ဆရာတော်၏ မဟာဗုဒ္ဓဝင်ဝတ္ထု၊ ရှေးအကျဆုံး ဘာသာပြန်ဗုဒ္ဓဝင်ဟုဆိုသော မူလဗုဒ္ဓဝင်ဝတ္ထု၊ ဒုတိယမဲထီးဆရာတော်၏ မာလာလင်္ကာရဝတ္ထု၊ ဒီပဲယင်း ဆရာတော်၏တထာဂတဥဒါနဒီပနီ၊ ကျီးသဲလေးထပ်ဆရာတော်၏ဖိနတ္ထပကာသနီဝတ္ထုတို့သည် ခေတ်အဆက်ဆက် ဗုဒ္ဓဝင်ကျမ်းများဖြစ်၏။ မျက်မှောက်ခေတ်တွင်ကား မင်းကွန်းတိပိဋကဆရာတော်ကြီး၏မဟာဗုဒ္ဓဝင် ကျမ်းကြီးဖြစ်၏။ တိပိဋကဗုဒ္ဓဝင်ဟုပင်ဆိုကြပါစို့။

ထိုဗုဒ္ဓဝင်ကျမ်းများကိုပြုစုကြသည့်ဆရာတော်ကြီးများမှာ ပိဋကတ်အိုးကွဲ ပိဋကတ္တယပါရဂူကြီးများဖြစ်ကြ၏။ ပါဠိ, အဋ္ဌကထာ, ဋီကာ, ဂန္ထန္တရတို့ကိုမွှေနှောက်၍ရေးသားထားသောကျမ်းများဖြစ်၏။ ထိုကျမ်းများသည် ခေတ်ကာလအလျောက် စကားဝေါဟာရပြောင်းလဲလာ၏။ ဝါကျဖွဲ့စည်းမှုလည်း ပြောင်းသင့်သလောက် ပြောင်းလဲလာ၏။ တင်ပြပုံတင်ပြနည်းကား မပြောင်း။ မူလဗုဒ္ဓဝင်မှစခဲ့သော ဗုဒ္ဓဝင်လမ်းကြောင်းသည် တိပိဋကဗုဒ္ဓဝင်အထိ အတူတူပင်ဖြစ်၏။

ဤ'မြတ်စွာဗုဒ္ဓမေတ္တေယျ'တွင်ကား ဗုဒ္ဓဝင်အစဉ်အလာလမ်းကြောင်းကြီး ပြောင်းလဲသွားပြီ။ ပြည်တွင်းပြည်ပ အထောက်အထားများကိုတွေ့ရပြီ။ သုတေသီတို့၏ထင်မြင်ချက်များကို ဖတ်ခွင့်ရပြီ။ ကောင်းတာတွေကိုလည်း ယူခွင့်ရပြီ။ မသင့်တာတွေကိုလည်း ဆင်ခြင်ခွင့်ဖယ်ရှားခွင့်ရပြီ။ 'ငါတို့တစ်တွေ ဗုဒ္ဓဝင်ကိုစိတ်ဝင်စားသကဲ့သို့ သူတို့တစ်တွေလည်းစိတ်ဝင်စားကြပါကလား။ လေ့လာရှာဖွေနေကြပါကလား'ဟု သိခွင့်ရပြီ။

ဗုဒ္ဓဝင်ဟာကွက်ကြီးကိုဖြည့်စွက်ခြင်း

မြန်မာနိုင်ငံတွင်ပေါ်ထွက်ခဲ့သောဗုဒ္ဓဝင်ကျမ်းအစောင်စောင်မှာ ဂေါတမဘုရားရှင်၏ဗုဒ္ဓဝင်များဖြစ်၏။ ဒီပင်္ကရာဘုရားရှင်၏ခြေတော်ရင်းတွင် ဗျာဒိတ်ခံသည်မှစတင်၍ ပရိနိဗ္ဗာန်ပြုသည်တွင်ဆုံး၏။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းမျှသောကာလများအတွင်း ဖြည့်ကျင့်ရသည့် စွန့်ခြင်းကြီးငါးပါး, စရိယသုံးပါး, ပါရမီဆယ်ပါး–အပြားသုံးဆယ်တို့ကိုအခြေခံ၍ အလောင်းတော်ဘဝကိုခြယ်သကြ၏။ သိဒ္ဓတ္ထမင်းသားဘဝ ကြီးကျယ်သောထီးနန်းစည်းစိမ်ကိုစွန့်၍ ခြောက်နှစ်တာကာလအတွင်း အခက်ခဲဆုံး အပြင်းထန်ဆုံး အဆင်းရဲဆုံးအကျင့်များကိုကျင့်၍ လူသားစင်စစ်ဘုရားဖြစ်ပုံ၊ ၄၅-နှစ်တာကာလအတွင်း အချိန်ကာလမရွေး နေရာဒေသမရွေး လူမျိုးလူတန်းစားမရွေး သတ္တဝါတို့အကျိုးစီးပွားတို့ကိုဆောင်ရွက်ပုံကို ဖတ်သူနာသူတို့ သဒ္ဓါတရားဖြစ်ပွားအောင် ရေးသားကြ၏။ ထိုအထဲတွင် ဖိနတ္ထပကာသနီ၏တင်ပြပုံမှာ အအောင်မြင်ဆုံးဖြစ်၏။ ဆရာတော်ကြီး၏ အရေးအသား အတင်အပြတို့သည် မျက်စိအာရုံ နားအာရုံမှတစ်ဆင့် နှလုံးသားအတွင်းသို့စိမ့်ဝင်သွားအောင် ဖန်တီးနိုင်စွမ်းရှိ၏။ ဤသို့သောစွမ်းရည်ကို ပေါ်ပြီး, ပေါ်ဆဲ, ပေါ်လတ္တံ့ဗုဒ္ဓဝင်ကျမ်းတို့သည် ရရှိနိုင်တော့မည် မဟုတ်ချေ။ မင်းဘူးဦးသြဘာသလို ကျီးသဲလေးထပ်ဆရာတော်လို ကာရန်ညှပ်စကားပြေကိုရေးသားနိုင်သော ပုဂ္ဂိုလ်မျိုးကား တစ်ခေတ်တွင်တစ်ယောက်လောက်သာ ပေါ်ပေါက်ပေသည်။

အနာဂတ်ကာလ အနှစ်ရှစ်သောင်းတန်းတွင်ပွင့်တော်မူမည့် အရိမေတ္တေယျဗုဒ္ဓဝင်နှင့်စပ်လျဉ်း၍ကား မည်သည့်ပုဂ္ဂိုလ်ကမျှ ဂဃနဏပြည့်စုံလုံလောက်အောင် မဖော်ပြနိုင်ပါပေ။ ဖော်ပြနိုင်လောက်သည့်အခြေခံ

http://www.dhammadownload.com

ကျောရိုးကလည်း နည်းပါးလှ၏။ ဘုရားဟောပါဠိတော်ဆို၍ ဒီဃနိကာယ်၊ ပါထိကဝဂ္ဂ၊ စက္ကဝတ္တိသုတ်(ဒီ၊ ၃၊၆၃) နှင့် ဗုဒ္ဓဝံသပါဠိ(ခု၊ ၄၊၃၈၃)တို့တွင်သာ အနည်းငယ်မျှပါရှိသည်။ အဋ္ဌကထာတို့တွင်ကား အတော်အတန် ချဲ့ထွင်ဖွင့်ပြထားသည်။

အနာဂတဝံသပါဠိ၊ အနာဂတဝံသအဋ္ဌကထာစသည့်ကျမ်းများပေါ်ပေါက်လာသောအခါတွင်ကား မေတ္တေယျဗုဒ္ဓဝင်သည် ပေါ်ပေါက်ခဲ့ပြီးသောဗုဒ္ဓဝင်ကျမ်းများကဲ့သို့ပင် ပီပြင်သောဗုဒ္ဓဝင်ဖြစ်လာသည်။ သို့သော် ဤအကြောင်းအရာများမှာ လူသိနည်းလှ၏။ အယူအဆတွေလည်းကွဲလွဲနေကြ၏။ မေတ္တေယျဗုဒ္ဓဝင်ကိုအကျယ်ပြန့်ဆုံးဖော်ပြသည့် အနာဂတဝံသပါဠိတွင်ပင် လန်ဒန်မူ၊ မြန်မာမူ၊ မောင်ဖိုးမျှင်ပိဋကတ်တိုက်လက်ရေးမူ၊ မြန်မာနိုင်ငံမှ အနောက်နိုင်ငံများသို့ယူဆောင်၍ နိုင်ငံအသီးသီးသို့ဖြန့်ချိခဲ့သော ပါမောက္ခမိနာယဲဖ်၏မူတို့သည် ကွဲပြားခြားနားမှုတွေရှိနေသည်။ ဤသို့သောအကြောင်းများကြောင့် မေတ္တေယျဗုဒ္ဓဝင်သည် ကြီးမားခိုင်ခန့်သော ကျမ်းတစ်စောင်အဖြစ် မြန်မာမှုနယ်တွင် မပေါ်ပေါက်ခဲ့ခြင်းဖြစ်ဟန်ရှိသည်။ စင်စစ် မေတ္တေယျဗုဒ္ဓဝင်သည် မြန်မာဗုဒ္ဓဘာသာလောကတွင် ဟာကွက်ကြီးဖြစ်နေသည်။

အခြားအကြောင်းတစ်ခုရှိသေးသည်။ ထေရဝါဒဗုဒ္ဓဘာသာတွင် ဗုဒ္ဓ(ဘုရားရှင်)နှင့် ဗောဓိသတ္တ(ဘုရားအလောင်း)တို့သည် တခြားစီဖြစ်၏။ ဗုဒ္ဓမြတ်စွာခေါ် သမ္မာသမ္ဗုဒ္ဓသဗ္ဗညုဘုရားရှင်တို့သည် ကိလေသာအညစ်အကြေးကင်း၍ တရားမှန်သမျှကို အကုန်အစင်သိရှိပြီးသော အနှိုင်းမဲ့ပုဂ္ဂိုလ်များဖြစ်၏။ ဗောဓိသတ္တခေါ် ဘုရားအလောင်းတို့မှာ ထိုသို့သောအရည်အသွေးတို့ကိုပိုင်ဆိုင်ရန် ကျင့်ဆဲပုဂ္ဂိုလ်တို့သာဖြစ်၏။ ထိုကြောင့် ဗုဒ္ဓနှင့်ဗောဓိသတ္တတို့ကို တန်းတူမထား။ တန်းတူကိုးကွယ်ရန်အကြောင်းလုံးဝမရှိပါချေ။ ယုတ်စွအဆုံး ဗျာဒိတ်ရပြီးသော အရိမေတ္တေယျအလောင်းတော်ကိုပင် သီးသီးသန့်သန့်ကိုးကွယ်ပူဇော်သောအလေ့အထ မရှိပါပေ။

သို့ရာတွင် အရှေ့နိုင်ငံများတွင်ပုံနှံ့နေသော ဗောဓိသတ္တကိုးကွယ်မှုကြီးကား အရှိန်အဟုန်ကြီးမားနေဆဲဖြစ်သည်။ သူတို့၏ယူဆချက်အရ ဗုဒ္ဓတို့သည် လောကုတ္တရာပုဂ္ဂိုလ်များဖြစ်၍ လောကသို့မလာ။ ဗောဓိသတ္တတို့သည်သာ လောကအတွင်းသို့ဆင်း၍ သတ္တဝါတို့၏ဆင်းရဲဒုက္ခအဝဝကို ကယ်တင်ကြ၏။ ထိုသို့ကယ်တင်နိုင်ရန်လည်း ဘဝအမျိုးမျိုး အသွင်အမျိုးမျိုးကိုယူကြရ၏။ သူတို့၏ဗောဓိသတ္တကား မေတ္တေယျဗုဒ္ဓလောင်းလျာတစ်ပါးသာမဟုတ်။ ဂေါတမဘုရားရှင်နှင့်မေတ္တေယျဗုဒ္ဓတို့အကြားတွင် ဗောဓိသတ္တအမျိုးမျိုးရှိသည်။ ၎င်းတို့ကို ဗုဒ္ဓများနည်းတူဆည်းကပ်ကြ၏၊ ကိုးကွယ်ကြ၏။ ဥပမာ–အဝလောကိတေသွရဗောဓိသတ္တဖြစ်၏။ ပုဂံခေတ် အနော်ရထာ,ကျန်စစ်သားမင်းတို့လက်ထက်၌ လောကနာထဘုရားအလောင်းအဖြစ်ထင်ရှားခဲ့၏။ နတ်သားလည်းဖြစ်၏။ နတ်သမီးလည်းဖြစ်၏။ တရုတ်ပြည်မှာ ကွမ်ယင်မယ်တော်ဖြစ်၏။ ဂျပန်နိုင်ငံတွင် ကွမ်နွန်မယ်တော်ဖြစ်၏။ ဗောဓိသတ္တတို့သည် သတ္တဝါတို့ကိုကယ်တင်ရာတွင် ကျား,မ မရွေး မည်သည့်ဘဝကိုမဆိုရယူ၏။

ထိုကြောင့် မေတ္တေယျဗုဒ္ဓဝင်ကို အစေ့အစုံအနှံ့အစပ်သိရှိလိုသူသည် ပါဠို,သက္ကတ,မြန်မာ ဘာသာသုံးမျိုးကိုတတ်ရုံဖြင့် မလုံလောက်။ တရုတ်,ဂျပန်စသည့် ပင်ရင်းဘာသာစကားကြီးများကို မတတ်ကျွမ်းစေကာမူ ထိုဘာသာတို့ကိုပြန်ဆိုထားသည့် အင်္ဂလိပ်ဘာသာပြန်ကျမ်း မှတ်တမ်းစာတန်းတို့ကို ကျွမ်းကျင်တတ်မြောက်ရန်လိုအပ်ပေသည်။ ဤကွက်လပ်ကိုမဖြည့်စွမ်းနိုင်ကြသဖြင့် မြန်မာနိုင်ငံတွင် အများလေးစားလောက်သည့် မေတ္တေယျဗုဒ္ဓဝင်ကျမ်းကြီး မပေါ်ပေါက်နိုင်ခြင်းဖြစ်၏။ ဟာကွက်ကြီးဖြစ်နေ၏။

http://www.dhammadownload.com

ယခုအခါ မြတ်စွာဘုဒ္ဓမေတ္တေယျကျမ်းပြုသူဦးအောင်မွန်(မြတ်ဆုမွန်)သည် ဤဗုဒ္ဓဝင်ကွက်လပ်ကြီးကို ဖြည့်စွက်လိုက်ပြီး သူ၏စွမ်းဆောင်မှု, ကြိုးစားမှု, ဇွဲလုံ့လကြီးမားမှု,ဌေကုန်ကြေးကျခံနိုင်မှုတို့ကို အစဉ်းသိ အတွင်းသိသူတစ်ယောက်အနေဖြင့် မည်သို့မျှ မလေးစားဘဲမနေနိုင်ပါပေ။

ဤမေတ္တေယျဗုဒ္ဓဝင်သည် သာမန်ကျမ်းစာမဟုတ်၊ ရေးရိုးရေးစဉ် ဗုဒ္ဓဝင်မဟုတ်၊ သုတေသနမျက်လုံးဖြင့် သုံးသပ်ရေးသားထားသော ဗုဒ္ဓဝင်သုတေသနစာအုပ်ကြီးဖြစ်သည်။

မေတ္တေယျဗုဒ္ဓဝင်တင်ပြပုံ

မေတ္တေယျဗုဒ္ဓဝင်ကျမ်းစာတွင် ဖွဲ့စည်းပုံအနေဖြင့် ဤသို့တွေ့ရသည်။

၁။ နိဒါန်း၊
၂။ သမိုင်းနောက်ခံ၊
၃။ ကိုးကွယ်မှု၊
၄။ ယဉ်ကျေးမှုဆိုင်ရာ၊
၅။ အထောက်အထားကျမ်းစာများ–ဟူ၍ဖြစ်သည်။

၁။ နိဒါန်းအပိုင်းကိုလေ့လာခြင်း

မေတ္တေယျဗုဒ္ဓဝင်၏ပထမပိုင်းမှာ နိဒါန်းဖြစ်၏။ နိဒါန်းပိုင်းကို ကာလသုံးပါးဘုရားရှိခိုးဖြင့် စထား၏။ မေတ္တေယျဘုရားရှင်သည် အနာဂတ်ကာလတွင်ပွင့်တော်မူမည့် တစ်ဆူတည်းသောဗျာဒိတ်ရဘုရားရှင်ဖြစ်သည်။ မေတ္တေယျဗုဒ္ဓဝင်ကိုဖော်ပြသောအခါ အနာဂတ်ကာလကိုလည်း မဖြစ်မနေဖော်ပြရတော့မည်။ ပစ္စုပ္ပန်၏မြစ်ဖျားခံရာသည် အတိတ်ဖြစ်၏။ အနာဂတ်၏အခြေအမြစ်သည်လည်း ပစ္စုပ္ပန်ပင်ဖြစ်၏။ ထိုကြောင့် အတိတ်, ပစ္စုပ္ပန်,အနာဂတ် ကာလသုံးပါးသည် မကွဲမပြားတစ်သားတည်းသောကာလယန္တရားကြီးဖြစ်၏။ ထိုကြောင့် ထိုကာလယန္တရားကြီးအတွင်းရှိ ဘုရားရှင်တို့ကို ပါဠိ,အဋ္ဌကထာတို့၌ ပူဇော်တိုင်တည်ခဲ့ကြ၏။ ကာလသုံးပါး ဘုရားရှိခိုးများဟူ၍ ဖြစ်လာသည်။

ကာလသုံးပါးဘုရားရှိခိုးများကို ပါဠိ,အဋ္ဌကထာ,ကျောက်စာမင်စာတို့မှအထောက်အထားများကိုသာမက မြောက်ပိုင်းဗုဒ္ဓဘာသာရှိကျမ်းစာတို့ကိုဆွဲထုတ်၍ မေတ္တေယျဗုဒ္ဓဝင်နိဒါန်းအဖြစ် တင်ပြထားသည်မှာ အလွန်လေးနက်သောလုပ်ဆောင်ချက်တစ်ရပ်ဖြစ်သည်။

ထူးခြားချက်တစ်ရပ်မှာ မေတ္တေယျဗုဒ္ဓဝင်၏အခြေခံကျမ်းစာဖြစ်သော ပါဠိ,အဋ္ဌကထာ,ဋီကာတို့၏ အဆိုအမိန့်များသာမက အနာဂတဝံသ၊ ယင်းအဋ္ဌကထာ၊ သောတတ္ထကိနိဒါန်၊ မဟာဝံသ၊ ဗုဇ္ဈဝံသ၊ မဓုရတ္ထဝိလာသိနီ စသော ဂန္ထန္တရဗဟုသုတများကိုလည်းချန်မထား။ ရင့်မာတစ်ကျိပ်အဖြစ် ပွင့်လတ္တံ့သော ဒသဗုဒ္ဓအနာဂတဝံသ၊ ဒသမောဓိသတ္တုပ္ပတ္တိစသည့်ကျမ်းတို့ကိုလည်း ကိုးကားထား၏။ သမိုင်းအထောက်အထားအဖြစ် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့ မကြားဖူးသေးသော မြောက်ပိုင်းဗုဒ္ဓဘာသာ ကျမ်းတစ်ကျမ်းဖြစ်သော ဘဒြကလွိကာသူတြ (ဘဒ္ဒကပ္ပိကာသုတ္တ)လာ ညွှန်ပြချက်အတိုင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကန်တုံနယ်၊ နန်ကင်း၊ ဘေဂျင်း(ပီကင်း) ဒေသများတွင် ပွင့်တော်မူမည့်ဘုရား ၁၀၀၀–ကိုရည်စူးကာ စေတီပုထိုးများတည်ထားပုံတို့ကို စိတ်ဝင်စားဖွယ် ခိုင်ခိုင်မာမာ တင်ပြထားခြင်းဖြစ်သည်။

http://www.dhammadownload.com

၂။ သမိုင်းနောက်ခံအဖိုင်းကိုလေ့လာခြင်း

မေတ္တေယျဗုဒ္ဓဝင်၏ဒုတိယပိုင်းမှာ ဗုဒ္ဓဝင်ဆိုင်ရာသမိုင်းနောက်ခံကားချပ်ဖြစ်၏။ ဤအပိုင်းတွင် မေတ္တေယျဗုဒ္ဓဝင်၏အသည်းဦးနှောက်ဖြစ်သော (က) မေတ္တေယျဗုဒ္ဓဝင်၊ (ခ) မေတ္တေယျဘွဲ့တော်၊ (ဂ) မေတ္တေယျအလောင်းတော်နှတ်သား။ (ဃ) မေတ္တေယျအလောင်းအားဖူးခွင့်ရခဲ့သူများ–ဟူသော ကဏ္ဍလေးရပ်ကိုတွေ့ရသည်။

(က) မေတ္တေယျဗုဒ္ဓဝင်ကဏ္ဍတွင် ပိဋကတ်ပါဠိတော်၌ မေတ္တေယျဘုရားရှင်ပွင့်မည့်အကြောင်း နှစ်ကြိမ်မျှသာအကျဉ်းမျှဟောကြားခဲ့သော်လည်း နောက်ဆက်တွဲကျမ်းများတွင် နိယတဗျာဒိတ်မခံမီကာလ၊ ခံပြီးကာလ၊ ပါရမီဖြည့်ကျင့်ရာကာလတို့အထိ စုံစေ့စွာဖော်ပြထားကြသည်။

ဤကာလများအတွင်း ပဒုမစကြာမင်းဘဝ၊ ပြဟ္မဘာဝီစကြာမင်းဘဝ၊ ရတနကတမထေရ်ဘဝ၊ သီရိဂုတ္တအမတ်ကြီးဘဝ၊ ပြဟ္မက္ကသိရသေ့ကြီး၏တပည့်ဘဝ၊ သခ်ိစကြာမင်းဘဝ၊ အဇိတမထေရ်ဘဝတို့တစ်လျှောက်ဖြစ်ပျက်ခဲ့သည့်ဗုဒ္ဓဝင်ဇာတ်လမ်းကို ဖော်ပြထားပေသည်။

အထူးသဖြင့် အဇိတရဟန်းဘဝဖြင့် ဗျာဒိတ်ခံပုံကိုတင်ပြထားသည်မှာ ဂေါတမဘုရားရှင်၏ဗုဒ္ဓဝင်ကို ဖတ်ရှုနေရသည့်အလား လက်ကမချနိုင်လောက်အောင်ရှိ၏။ အဆုံးတွင်–

> ဤသို့လျှင် ဂေါတမမြတ်စွာဘုရားရှင်သည် ဓမ္မသေနာပတိဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်မြတ်အား မေတ္တေယျဘုရားဖြစ်စဉ်ဗုဒ္ဓဝင်ကို ကောင်းကင်မြစ်ကြီးယိုစီးသည့်အလား တသွင်သွင်တစိမ့်စိမ့် ဟောကြားတော်မူခဲ့ပါသည်–ဟု နိဂုံးချုပ်ထားပေသည်။

(ခ) မေတ္တေယျဘွဲ့တော်ကဏ္ဍကား သာမန်စာဖတ်သူတို့ မလေ့လာမကျက်စားနိုင်သောကဏ္ဍဖြစ်၏။ ဝေါဟာရတစ်ရပ်၊ အမည်နာမတစ်ခုသည် သာမန်လူတို့အတွက် သာမန်မျှဖြစ်သော်လည်း သုတေသီတို့အတွက်ကား မီးခိုးကြွက်လျှောက်လေ့လာမဆုံးနိုင်သောအရာဖြစ်၏။ ဤမေတ္တေယျဗုဒ္ဓဝင်ကျမ်းပြုသည် သုတေသနသမားပီပီ ဤအပိုင်းကဏ္ဍကို အတော်အလေးအနက်ပြုပုံရသည်။ ထိုကြောင့် သူသည် 'မေတ္တေယျ'ဟူသော ဘွဲ့တော်အတွက် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာလာအယူအဆများကိုပြ၏။ အဘိဓာန်အစောင်စောင်ကို ကိုးကား၏။ ပညာရှင်တို့အဆိုအမျိုးမျိုးကိုဖော်ပြ၏။ ပျူစာရေးထုံး, မြန်မာစာရေးထုံး, မွန်စာရေးထုံး, ကျောက်စာရေးထုံးတို့ကို တင်ပြ၏။ ဘာသာဗေဒနည်းများကိုပင်သုံး၏။ နောက်ဆုံး ပါဠိ, သင်္ကတ, သီဟိုဠ်, ထိုင်း, တိဗက်, တရုတ်, မွန်ဂိုလီးယား, ဗီယက်နမ်, မြန်မာ, ပျူ, မွန်ဘာသာအသီးသီးတွင် မေတ္တေယျရှင်၏အမည်နာမအမျိုးမျိုးခေါ်ကြပုံတို့ကို အသေးစိတ်တင်ပြထားပေသည်။

(ဂ) မေတ္တေယျအလောင်းတော်နှတ်သား–ဟူသောကဏ္ဍတွင် မေတ္တေယျအလောင်းအလျာသေတကေတုနှတ်သားသည် ယခုအခါ တုသိတာနတ်ဘုံ၌စံနေပုံ၊ တုသိတာနတ်ပြည်၏မွေ့လျော်ဖွယ်ရာရှိပုံ စသည်တို့ကို သာမက ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံတော်ဖြစ်သည့် သီရိလင်္ကာတွင် မေတ္တေယျအလောင်းနတ်သားအားကိုးကွယ်ကြပုံတို့ကို သမိုင်းအထောက်အထားများနှင့်တကွ ဖော်ပြထားပြန်သည်။

ထို့ပြင် အိန္ဒိယနိုင်ငံ ဆန်ချီနှင့် ဗိဟာရ်နယ်တို့မှမေတ္တေယျဘုရားများ ပုဂံအာနန္ဒာဘုရား, လေ့သင်ဂူ, သမ္ဘုလဂူဘုရား, သုံးဆူစေတီစသည်တို့ရှိရုပ်တုများ။ ပန်းချီဆေးရေးပုံတော်များကိုဖော်ပြ၍ နိုင်ငံဒေသအသီးသီးတွင် မေတ္တေယျအလောင်းတော်အားကိုးကွယ်မှုရှိပုံတို့ကို ထောက်ပြထားလေသည်။

http://www.dhammadownload.com

(ဃ) မေတ္တေယျအလောင်းတော်အားဖူးခွင့်ရကြသူများကဏ္ဍတွင် လူသားစစ်စစ်ဘဝဖြင့် နတ်ပြည်ရောက်ခွင့်ရကြသော ဂုတ္တိလစောင်းသမား။ မန္ဓာတုစကြဝတေးမင်း။ သာဓိနမင်းကြီး။ နေမိမင်းတို့အကြောင်းခြေဆင်းအဖြစ်ဖော်ပြထားသည်။ ဒုဋ္ဌဂါမဏိမင်းကြီးနှင့် တရုတ်ရဟန်းတော်ယွမ်ကျန့်တို့မှာမူ ကွယ်လွန်လျှင်ပင် တုသိတာနတ်ပြည်သို့ရောက်ရှိမည့်အကြောင်းကို တရုတ်မှတ်တမ်း, မဟာဝံသ, ထူပဝံသတို့ကို ကိုးကား၍ ဖော်ပြထားသည်။

ထို့ပြင် သက်ရှိထင်ရှား နတ်ပြည်သို့သွား၍ မေတ္တေယျအလောင်းတော်နတ်သားအား ဖူးခွင့်ရခဲ့ကြသည့် ပုဂ္ဂိုလ်လေးဦးအကြောင်းကိုလည်း စိတ်ဝင်စားဖွယ်ဖော်ပြထားသည်။ ဤတွင် 'စိတ်ဝင်စားဖွယ်'ဟုသုံးနှုန်းရခြင်းမှာ ဖော်ပြထားသည့်ပုဂ္ဂိုလ်လေးဦးမှာ သာမညပုဂ္ဂိုလ်များမဟုတ်။ ပထမပုဂ္ဂိုလ်မှာ သီရိလင်္ကာကျွန်းမှ အရှင်မာလိယဒေဝမထေရ်ဖြစ်၏။ မြန်မာနိုင်ငံတွင် ရှင်မာလဲအဖြစ်ထင်ရှားပြီး ပုဂံခေတ်ကပင် 'မာလဲတရားနာ၏' ဟု ကျောက်စာတို့မှာမော်ကွန်းတင်ခဲ့ရသောမထေရ်ဖြစ်၏။

မေတ္တေယျအလောင်းတော်အား ဖူးတွေ့ရခဲ့သောအခြားပုဂ္ဂိုလ်သုံးဦးတို့မှာ (၁) မဟာယာနဂိုဏ်းကြီးကို တည်ထောင်သော အရှင်အသင်္ဂ၊ (၂) ကသ္မီရဂန္ဓာရတိုင်းမှ ပန်းပုဆရာကြီး။ (၃) တရုတ်ခရီးသွားမှတ်တမ်းလာ အရှင်ဒေဝသေနနှင့်အရှင်ဂုဏပြဘာတို့ဖြစ်သည်။

ဤမေတ္တေယျဗုဒ္ဓဝင်ကျမ်းပြုသည် ထိုပုဂ္ဂိုလ်များအကြောင်းကိုစိစစ်ဖော်ပြထားရာ ပညာလိုလားသူသုတေသီများအတွက် တန်ဖိုးမဖြတ်နိုင်သည့်အထောက်အထားများပင်ဖြစ်သည်။

၃။ ကိုးကွယ်မှုအဝိုင်းကိုလေ့လာခြင်း

မေတ္တေယျဗုဒ္ဓဝင်၏တတိယပိုင်းမှာ ကိုးကွယ်မှုအဝိုင်းကဏ္ဍကြီးဖြစ်၍ ဤအဝိုင်းကဏ္ဍအတွက် ခေါင်းစဉ်ငယ်ခြောက်ခုကိုတွေ့ရသည်။

(က) ဗောဓိသတ္တဘုရားအလောင်းအဖြစ်ကိုးကွယ်ကြပုံဖြစ်၏။ မေတ္တေယျရှင်သည် ဗုဒ္ဓ(ဗောဓိဉာဏ်ကို ရရှိပြီးသူ)မဟုတ်၊ ဗောဓိသတ္တ (ဗောဓိဉာဏ်ကိုရရှိရန်အားထုတ်နေသူ)သာဖြစ်၏။ သို့သော် ဗောဓိသတ္တအယူအဆနှင့်စပ်လျဉ်း၍ ဗုဒ္ဓဘာသာတွင် မတူကွဲပြားခြားနားနေသည်။

ထို့ကြောင့် ဤဗုဒ္ဓဝင်ကျမ်းပြုသူသည် ထိုအယူအဆကိုအခြေအမြစ်မှနေ၍သိရှိရန် ဗုဒ္ဓဘာသာ၏ပင်မဂိုဏ်းကြီးသုံးဂိုဏ်းကို အလွယ်ကူဆုံး ရှင်းလင်းတင်ပြထားသည်။ ယင်းတို့မှာ–ထေရဝါဒ၊ ဟီနယာန၊ မဟာယာနဗုဒ္ဓဘာသာဂိုဏ်းတို့အကြောင်းဖြစ်သည်။

ထေရဝါဒဗုဒ္ဓဘာသာမှာ မြန်မာတို့၏သမိုင်းဦးကာလကကိုးကွယ်လာသောဘာသာဝါဒဖြစ်သဖြင့်လည်းကောင်း၊ စာပေကျမ်းဂန်အထောက်အထားအပြည့်အစုံရှိသဖြင့်ဟုလည်းကောင်း၊ မြန်မာယဉ်ကျေးမှုတွင်စိမ့်ဝင်ပြန့်နှံ့နေသဖြင့်လည်းကောင်း အထူးတလည်ဖော်ပြရန် မလိုလှပါချေ။

သို့ရာတွင် ကျန်ဗုဒ္ဓဘာသာဂိုဏ်းကွဲများဖြစ်သော ဟီနယာနနှင့် မဟာယာနဗုဒ္ဓဘာသာတို့ကိုမူ လူပြောသူပြော သိရှိရုံလောက်ဖြင့် မလုံလောက်ချေ။ ထို့ကြောင့် ဤဂိုဏ်းကွဲများအကြောင်း မည်ကဲ့သို့ပေါ်ပေါက်လာကြောင်းသိရန် လိုအပ်ပေသည်။ ၁၉၆၁–၆၈ ကမ္ဘာလူဦးရေစာရင်းအရ ဗုဒ္ဓဘာသာဝင်သန်းပေါင်း ၅၀၀ ကျော်ရှိသည်။ ထိုအချိန်မတိုင်မီကပင် ဟီနယာနဗုဒ္ဓဘာသာသည် ပျောက်ကွယ်ခဲ့ပြန်၏။ ယနေ့ ကမ္ဘာတွင်

http://www.dhammadownload.com

ထေရဝါဒနှင့်မဟာယာန နှစ်ဂိုဏ်းသာရှိတော့သည်။ ထိုတွင် ထေရဝါဒမှာ မြန်မာ,သီရိလင်္ကာ,ထိုင်း,လော, ကမ္ဘောဒီးယားဟူ၍ ငါးနိုင်ငံသာရှိတော့သည်။ လူဦးရေအားဖြင့်လည်း အနည်းငယ်မျှသာဖြစ်၏။ ထိုအတွင်း ထေရဝါဒစစ်စစ်ဟူ၍ မြန်မာနိုင်ငံသည် ထိပ်တန်းကပါဝင်နေ၏။ မဟာယာနဂိုဏ်းဝင်တို့သာအများစုဖြစ်သည်။

ကမ္ဘာကိုသာသနာပြုချင်လျှင် ဤအချက်အလက်တို့ကို မသိမနေ သိအောင်ကြိုးစားရကြတော့မည်။ သူတစ်ပါးတို့ ဘာလုပ်နေသည်၊ ဘာဖြစ်နေသည်ကိုမသိဘဲနေခြင်းသည် ပညာရှင်တို့အလုပ်မဟုတ်။ ဦးနှောက် ကျဉ်းသောသူတို့၏အမြင်သာ ဖြစ်ပေသည်။ ထို့ကြောင့် ဦးအောင်မွန်သည် ဤအပိုင်းကို အတော်အားပြု၍ ရေးသားထားသည်ဟု ယူဆရပေသည်။ ဂိုဏ်းကွဲများပေါ်ပေါက်လာပုံ၊ ဘုရားအလောင်းအယူအဆ၊ ဘုရား အလောင်းတို့ပါရမီဖြည့်ကျင့်ရပုံ၊ ဘုရားအလောင်းတို့စိတ်ဓာတ်ထားပုံတို့မှစ၍ အသေးစိတ်ဖော်ပြထားသည်။ မြောက်ပိုင်းဗုဒ္ဓဘာသာဂိုဏ်းများ၏အဓိကအားပြုရာ မဟာဝဿ၊ လလိတဝိတ္ထာရ၊ သဒ္ဓရ်မ္မပုဏ္ဍရိက၊ ဗုဒ္ဓစရိတ စသည့်ကျမ်းကြီးတို့ကို အခါခါအခေါက်ခေါက်လေ့လာတင်ပြထားပေသည်။ ထိုသို့ရေးသားတင်ပြထားသဖြင့် မဟာယာနကိုအမှမ်းတင်သည်ဟုမဆိုနိုင်တော့ဘဲ အရှိကိုအရှိအတိုင်း ဖော်ပြခြင်းသာဖြစ်၏။

(ခ) မေတ္တေယျဘုရားရှင်အား ဆည်းကပ်ကိုးကွယ်ခြင်းအမျိုးမျိုး–ဖြစ်သည်။ မေတ္တေယျဘုရားရှင်အား လွန်လေပြီးသောဗုဒ္ဓမြတ်စွာများနည်းတူ ကိုးကွယ်မှုမရှိဟုဆိုခဲ့ခြင်းမှာ ယေဘုယျအဖြေသာဖြစ်သည်။ ဓမ္မစေတီ ဘုရင်၏ဓမ္မစေတီဘုရားရှိခိုးကျမ်း။ ဆရာတော်ဦးဗုဒ္ဓနိဿယပြန်ဆိုသော ဥပ္ပါတသန္တိကျမ်းတို့တွင် မေတ္တေယျ ဘုရားရှိခိုးများပါဝင်နေသည်။ ဥပ္ပါတသန္တိသည် ထိုင်းနိုင်ငံ ဇင်းမယ်အရပ်မှ အရှင်သီလဝံသမထေရ် ပြုစုသော ကျမ်းဖြစ်သော်လည်း သီရိမင်္ဂလာပရိတ်တော် ၃၁–သုတ်တွင်ပါဝင်နေသည်။ ယနေ့လည်း နိုင်ငံတစ်ဝန်းရွတ်ဖတ် နေဆဲဖြစ်သည်။

ဤအပိုင်းကဏ္ဍတွင်တွေ့ရှိရသည့်စေတီ၊ဆင်းတုတို့မှာ ငါးမျက်နှာဘုရားစေတီများဖြစ်ပြီး၊ ဆင်းတုတော် များမှာ ဇမ္ဗုပတိဆွတ်ခန်းခေါ် မကိုဠ်ဆောင်းဆင်းတုများ, ဗိုက်ပူဘုရားများဖြစ်၏။ ငါးမျက်နှာဘုရားများမှာ သံ–ဂုံ–ပ–မ–ယျ ဟူသော ဘုရားငါးဆူကိုရည်ညွှန်းကြောင်း အများသိပြီးဖြစ်၏။ ကျမ်းပြုသူသည် ဤဘုရား များကို ပုဂံဝန်းကျင်မှစတင်၍စာရင်းကောက်ရာ နိုင်ငံတစ်ဝန်း ၂၉–ဆူမျှရှိ၏။ တရုတ်နိုင်ငံ,ထိုင်းနိုင်ငံတို့အထိပင် ပါဝင်၏။

ထို့ပြင် ငါးဆူဘုရားကျောက်ချပ်,အုတ်ခွက်များ။ ပုဂံတွင်တွေ့ရသောမေတ္တေယျ, ဂေါတမဗုဒ္ဓ, လောကနာထ, တွဲနေသောပုံတော်များ။ တရုတ်နိုင်ငံ ကန်ဆုနယ်မှ မေတ္တေယျပုံတော်၊ ကိုရီးယားနိုင်ငံ ဆိုဆန်နယ်ရှိ ၁၆၀– စင်တီမီတာရှိ မေတ္တေယျဟုယူဆရသောပုံတော်၊ ပါကစ္စတန်နိုင်ငံ လာဟိုပြတိုက်မှ ဂန္ဓာရလက်ရာပုံတို့ကို လည်းဖော်ပြထားသည်။ ပုံတော်တစ်ခု၊ စေတီတစ်ဆူအကြောင်းသိရန်မှာ ထို့ထက်အကြောင်းအရာခိုင်မာ စေရန် ရှာဖွေစုစမ်းရသောအလုပ်မှာ အချိန်လည်းကုန် ငွေလည်းကုန်လှသည်။

ထို့ကြောင့်ပင် ဤနိုင်ငံ၌ သုတေသနသမားစစ်စစ်ဟူ၍ လက်ချိုး၍ပင်ရေတွက်နိုင်သည်။ ဤအထဲတွင် ဦးအောင်မွန်(မြတ်ဆုမွန်)သည် တစ်ယောက်အပါအဝင်ဖြစ်ကြောင်း မည်သူမျှမငြင်းနိုင်ပါပေ။

သူသည် ဤအပိုင်းကဏ္ဍကို သမိုင်းအမြင်,ဓိသုကာအမြင်,အနုပညာရှုထောင့်တို့မှတင်ပြထား၍ နိဂုံးကို ကျမ်းပြုအကျော်အရှင်ဇနကာဘိဝံသဆရာတော်ကြီး၏ တောင်သမန်အင်းစောင်းရိုသေဘ်ာကြီးငါးစင်း(ဘဒ္ဒကပ္ပါရှိ ဘုရားငါးဆူကိုရည်စူး)အကြောင်းဖြင့်ချုပ်ထားသည်မှာ လေးနက်စူရှသော စိတ်ကူးစိတ်သန်းပင်ဖြစ်သည်။

http://www.dhammadownload.com

(ဂ) မေတ္တေယျရှင်အားစောင့်မျှော်နေသော အရှင်ဥပဂုတ္တ၊ အရှင်ကဿပ–အကြောင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ယနေ့ခေတ်စားနေသော ကိုးကွယ်မှုတစ်ရပ်မှာ အရှင်ဥပဂုတ္တဖြစ်၏။ နောက်ဆက်တွဲမှာ အလောင်းတော်အရှင်ကဿပဖြစ်၏။ အရှင်ဥပဂုတ္တမှာ ရှင်လေးပါးတွင်ပါ၏။ အရှင်ကဿပမှာ သေလေးပါးတွင် ပါဝင်၏။ နှစ်ပါးလုံးမှာ မေတ္တေယျဘုရားရှင်အားစောင့်မျှော်နေသောမထေရ်များဖြစ်ကြ၏။

အရှင်ဥပဂုတ္တဟူသောအမည်ကို ပါဠိစာသင်များအနေဖြင့် သဒ္ဒါသင်စကပင်ကြားနေရ၏။ ရှေးခေတ်က ပိဋကတ်စာရင်းဝင် မိလိန္ဒပဉ္ဟာပါဠိတော်တွင် ပါဝင်ခဲ့၏။ ထိုအကြောင်းအရာသည် အေဒီ ၁၂–ရာစုဝန်းကျင်ကစွဲညိုးသဒ္ဒါကြီး, သဒ္ဒနီတိတို့ခေတ်တွင် မြန်မာနိုင်ငံတွင်ခေတ်စားလာခဲ့သည်ဟုယူဆရသည်။ ကုန်းဘောင်ခေတ်တွင် မုံရွေးဆရာတော်,လုံးတော်ဆရာတော်၊ နောက်ပိုင်းတွင် ကျီးသဲလေးထပ်ဆရာတော်တို့အထိ အမေးအဖြေကဏ္ဍဖြစ်ပေါ်လာရသည်အထိ ပဟေဠိဆန်သောအကြောင်းအရာများဖြစ်သည်။

ဦးအောင်မွန်(မြတ်ဆုမွန်)သည် ဤပြဿနာကို တောင်ပိုင်း,မြောက်ပိုင်းဗုဒ္ဓဘာသာကျမ်းပေါင်းစုံ၊ နိုင်ငံတကာကပြုစုသောစာတန်းများ၊ မြန်မာကျမ်းတတ်အကျော်ဆရာတော်ကြီးများ၏ယူဆချက်များဖြင့် အစေ့အစုံတင်ပြထားသည်။ အရှင်ဥပဂုတ္တအယူအဆသည် အသောကခေတ် အဝဒါနကျမ်းများဖြစ်သည့် မဟာဝဿုအဝဒါန၊ ဒီဗျာဝဒါနစသည်သက္ကတဘာသာကျမ်းများတွင် အဖုံဖုံထပ်ထပ်ပါဝင်နေသည်။ ပါဠိကျမ်းဂန်များအနေဖြင့်လည်း ဒီပဝံသ, မဟာဝံသစသည်တို့တွင် အရှင်ကဿပဝုတ္တအနေဖြင့် ပါဝင်နေသည်။ တစ်ပါးတည်း ဖြစ်,မဖြစ်ကိုကား စိစစ်နေကြဆဲဖြစ်သည်။ ဦးအောင်မွန်(မြတ်ဆုမွန်)သည် ဤမျှကျယ်ပြန့်သောအကြောင်းအရာကို သေချာစေ့ငုအောင်လေ့လာ၍ နောက်ဆုံး ဤသို့ကောက်ချက်ချခဲ့သည်။

'ရှင်ဥပဂုတ်နှင့် ထေရဝါဒသာသနာတို့သည် မည်သို့မျှသက်ဆိုင်ခြင်းမရှိကြောင်း လေ့လာတွေ့ရှိရပါသည်' –ဟူ၍ဖြစ်၏။

ဤအပိုင်းကဏ္ဍနှင့် သေလေးပါးအပါအဝင်ဖြစ်သည့် အရှင်ကဿပ(အလောင်းတော်ကဿပ)သည် မည်သို့သောပုဂ္ဂိုလ်ဖြစ်ကြောင်းကိုလည်း စာတန်းအစောင်စောင်, ကျမ်းအစောင်စောင်, အဆိုအမျိုးမျိုးတို့ဖြင့် တင်ပြနေခဲ့ပြီး နေဆဲဖြစ်သည်။ သူသည် ဤအကြောင်းအရာကို စာမျက်နှာပေါင်း ၂၉–မျက်နှာအထိ ကျယ်ပြန့်စွာ ဖော်ပြသုံးသပ်ထားသည်။

သူ၏ဖော်ပြချက်များအနက် သဘာဝအကျဆုံးအချက်မှာ ဤသို့ဖြစ်၏။ ကုန်းဘောင်ခေတ်တွင် သေလေးပါး ရှင်လေးပါးပြဿနာသည် အတော်ပင်ခေတ်စားဟန်ရှိသည်။ ကျမ်းတတ်ဆရာတော်ကြီးများကလည်း တတ်စွမ်းသမျှ ဖြေကြားကြသည်။ မည်သို့ပင်ဖြစ်စေ ဦးအောင်မွန်(မြတ်ဆုမွန်)သည် သုတေသီပီပီ အရှင်ကဿပအကြောင်းအရာကိုလည်း အများလေးစားလောက်သည့် ပြည်တွင်းပြည်ပအထောက်အထားတို့ဖြင့် တင်ပြထားပေရာ သုတေသနသမားတို့၏တာဝန်ကျေသည်ဟုဆိုရပါမည်။

ဤအပိုင်းကဏ္ဍကြီးတွင်ပါဝင်သော (ဃ) မေတ္တေယျရှင်လက်ထက်ဗျာဒိတ်ရပုဂ္ဂိုလ်များနှင့် (င) မေတ္တေယျရှင်၏ကျောင်းကြီးဒါယကာတို့နှင့်စပ်လျဉ်း၍ကား အထူးတလည်ဝေဖန်သုံးသပ်ဖွယ်မရှိပါချေ။

(စ) မေတ္တေယျရှင်ကိုဆုတောင်းကြပုံများကဏ္ဍမှာကား စိတ်ဝင်စားဖွယ်အဖုံဖုံရှိနေပါသည်။ ဤတွင် ဆုတောင်းခြင်း၏အဓိပ္ပာယ်၊ ဆုတောင်း၍ရ,မရတို့ကို ပါဠိအဋ္ဌကထာအဆိုများသာမက ရှေးဆရာတော်ကြီးများ၏အယူအဆတို့ကို ဦးစွာတင်ပြထားသည်။ မေတ္တေယျဆုတောင်းအနေဖြင့် မိလိန္ဒပဉ္ဟာ(အေဒီ ၁–ရာစု)

http://www.dhammadownload.com

နိဂုံးတွင် 'မေတ္တေယျ နာဂတေပသေ'စသည်ဖြင့် မေတ္တေယျဘုရားရှင်အားဖူးရပါလိုဟု။ တရားမြတ်ကိုနာကြားရပါလို၏'ဆုတောင်းပုံကို စတင်ဖော်ပြသည်။

သို့ရာတွင် အေဒီ ၅–ရာစုတွင်ပေါ်ပေါက်ခဲ့သည့် အဋ္ဌကထာကျမ်းပြုဆရာတော်ကြီးများ၏ဆုတောင်းများတွင်ကား သူတို့အတွက်မပါ။ အများသတ္တဝါကောင်းစားရေး လောကကြီးသာယာဝပြောရေးအတွက်သာပါသည်။ အထူးသဖြင့် အရှင်မဟာဗုဒ္ဓဃောသ၏ဆုတောင်းများဖြစ်သည်။ သို့သော် လန်ဒန်မူ ဇာတကဋ္ဌကထာနိဂုံးတွင် ဆုတောင်းဂါထာ ၃၅–ဂါထာကိုတွေ့ရသည်။ ပညာရှင်တို့က နောက်ဆရာများလက်ရာဟုဆိုကြသည်။

သီဟိုဠ်ကျွန်း၏အလံတံခွန်သဖွယ်ဖြစ်သော ဦးကာကျမ်းပြုဆရာကြီးအရှင်သာရိပုတ္တရာကမူ 'အန္တိမေ အတ္တဘာဝမှိ၊ မေတ္တေယျ မုနိပုင်္ဂဝ'–ဟု မေတ္တေယျဘုရားရှင်အား ဖူးတွေ့ရပါလိုကြောင်း ဆုတောင်းခဲ့လေသည်။ ဤအချိန်မှစတင်ခဲ့သော မေတ္တေယျဆုတောင်းများသည် မြန်မာနိုင်ငံသို့ ပျူခေတ်ကပင်ရောက်ရှိခဲ့သည်ဟု ဦးအောင်မွန်(မြတ်ဆုမွန်)က ပျူကျောက်စာအထောက်အထားဖြင့် တင်ပြထားသည်။ ပုဂံခေတ်တွင်ကား အနော်ရထာ,အလောင်းစည်သူမင်းကြီးတို့မှစ၍ မေတ္တေယျရှင်အားဖူးတွေ့လိုကြောင်း၊ ဗျာဒိတ်ခံလိုကြောင်းတို့ကို အလျဉ်းသင့်သလိုဆုတောင်းကြသည်။ ဦးအောင်မွန်(မြတ်ဆုမွန်)သည် ပုဂံကျောက်စာပေါင်း ၂၃–ချပ်ကို ကိုးကား၍ မေတ္တေယျဆုတောင်းများကိုဖော်ပြခဲ့သည်။ ယင်းနှင့်တစ်ဆက်တည်း မြန်မာနိုင်ငံဒေသအသီးသီးရှိ ကျောက်စာ ၁၀–ချပ်ကိုလည်းဖော်ပြထားသေးသည်။

အင်းဝခေတ်စာဆိုကျော်များဖြစ်သည့် ရှင်မဟာသီလဝံသ,ရှင်အုန်းညို,ရှင်ဥတ္တမကျော်,ရှင်မဟာရဋ္ဌသာရတို့၏မေတ္တေယျဆုတောင်းများကိုလည်း ဆိုင်ရာပုဂ္ဂိုလ်တို့၏အတ္ထုပ္ပတ္တိသမိုင်းကြောင်းနှင့်တကွ ဖော်ပြထားပေသည်။ နှောင်းခေတ်ကာလများ၌ နေရင်းဆရာတော်,မုံရွေးဆရာတော်,ယမိုက်အကောက် ပဌာန်းအရကောက် ကျမ်းတို့ကိုရေးသားခဲ့သည့် ထန်းတပင်ဆရာတော်, တောင်ဖီလာဆရာတော်တို့သည်လည်း မေတ္တေယျဘုရားရှင်အားဖူးရလိုကြောင်း ဗျာဒိတ်ခံရလိုကြောင်းစသည့် ဆုတောင်းများကိုတောင်းခဲ့ကြလေသည်။

အထူးခြားဆုံးမှာ လယ်တီဆရာတော်ကြီးဖြစ်၏။ ဆရာတော်ကြီးသည် ဒီပနီကျမ်းပေါင်းများစွာပြုစု၍ ကမ္ဘာအနှံ့သာသနာဖြန့်ခဲ့သော်လည်း မေတ္တေယျရှင်နှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာဆုမပန်ခဲ့ပေ။ သို့ရာတွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းအနီး ဆပင်တောရတွင်ရေးသားခဲ့သည့် 'မိတေးသခင် အောင်ပွဲတော်မှာ နောင်ရဲအမော်လုပ်စမ်းမယ်ပလေး'–ဟူသောတေးထပ်ကြောင့် ဆရာတော်ကြီးသည်လည်း မေတ္တေယျဘုရားရှင်လက်ထက်တော်တွင် သာဝကကြီးတစ်ပါးဖြစ်လိုသည်ဟု ယူဆရန်ဖြစ်နေသည်။ ယင်းအချက်နှင့်စပ်၍ ဤကျမ်းစာတွင် အယူအဆအထွေထွေကိုလည်းဖော်ပြထားပေသည်။

ဤအခန်းကဏ္ဍတွင် ဂေါတမဘုရားရှင်အားမဖူးမြော်လိုက်ရသူတို့အတွက် မေတ္တေယျအရှင်အား တမ်းတကြပုံ၊ လူတကာတို့ မတောင်းရဲ့ မတရဲသော သမ္မာသမ္ဗုဒ္ဓဘုရားဆုကြီးကို ရဲရဲကြီးတောင်းကြပုံတို့ကို စိတ်ဝင်စားဖွယ်ရာ ဖော်ပြထားသည်ကိုတွေ့ရသည်။

ဤအပိုင်းကဏ္ဍတွင်တစ်ဆက်တည်းဖော်ပြထားသော အကြောင်းအရာများမှာ– (ဆ) မေတ္တေယျရှင်နှင့် မျက်မှောက်ခေတ်ကာလနှင့် (ဇ) မေတ္တေယျရှင်ပွင့်ချိန်ကိုရည်မှန်း၍ ဆုတောင်းဝံ့သလား–ဟူသော ကဏ္ဍများဖြစ်၏။ မျက်မှောက်ခေတ်ကာလတွင် ထေရဝါဒဗုဒ္ဓဘာသာနှင့် မဟာယာနဗုဒ္ဓဘာသာတွင်ပါ မေတ္တေယျအ[illegible] တော်အမည်ခံပုဂ္ဂိုလ်များ ပေါ်ပေါက်နေပေသည်။ လက်ခံသည်လည်းရှိ၏။ လက်မခံသည်လည်းရှိ[illegible]

http://www.dhammadownload.com

ထေရဝါဒဗုဒ္ဓသာသနာ၌ ခေတ်ကြီးတစ်ခေတ်ကိုတည်ဆောက်ခဲ့သော အရှင်မဟာဗုဒ္ဓဃောသမထေရ်ကြီးကိုပင် မေတ္တေယျအလောင်းတော်ဟုသတ်မှတ်ကြကြောင်း မဟာဝံသကျမ်း၊ အခန်း-၃၇၊ ဂါထာ-၂၄၂ တွင် ဖော်ပြထားသည်ဟု ကျမ်းပြုသူကဆိုသည်။ အလားတူပင် မဟာယာနဗုဒ္ဓဘာသာတွင်လည်း ယောဂါစာရိုဏ်းကို တည်ထောင်သူ မေတ္တေယျနာထအား မေတ္တေယျအလောင်းတော်ဟုယူဆသည်။ ဤအယူအဆသည် အိန္ဒိယ, တိဗက်, တရုတ်, နီပေါ, ဂျပန်နိုင်ငံများရှိ တန္တြရယာန, မန္တြရယာန, ဝဇိရယာန, ရှေလွန်ဂိုဏ်း, ဖရှင်ဂိုဏ်းများအထိ ပျံ့နှံ့ယုံကြည်နေဆဲဖြစ်သည်ဟုဆိုသည်။

မြန်မာနိုင်ငံတွင်ဖြစ်တည်လာသည့် ဘုရားအလောင်းအယူအဆများကိုကား ဖော်ပြခဲ့ပြီးဖြစ်သည်။ ထိုကြောင့် မြန်မာနိုင်ငံတွင် ဘုရားအလောင်းအယူဝါဒသည် ကျန်စစ်သားမင်းကြီး(၁၀၈၄-၁၁၁၂)လက်ထက်ကပင် စွဲကပ်လာခဲ့သည်။ မေတ္တေယျအလောင်းတော်သည် တုသိတာနတ်ပြည်တွင်စံနေဆဲဟု အခိုင်အမာဆိုထားပြီးဖြစ်သဖြင့် အထက်ပါအယူအဆမှန်သမျှသည် အယူအဆမျှသာဖြစ်ကြောင်း ဤကျမ်းပြုသူက မှတ်ချက်ချထားသည်ကို တွေ့ရသည်။

(ဇ) မေတ္တေယျရှင်ပွင့်ချိန်ကိုရည်မှန်း၍ဆုတောင်းဝံ့သလား-အခန်းကိုမူ ဤနိုင်ငံတွင်းရှိ ပရိယတ်အကျော်, ပဋိပတ်အမော်ဆရာတော်ကြီးများ၏အဆိုအမိန့်များကို အဓိကထား၍ဖော်ပြထားပေသည်။ အရိယာနယ်ပယ်သို့ မရောက်သေးသမျှ သံသရာတွင်ကျင်လည်ရသူတို့အတွက် အာမခံချက်မရှိ။ သတ္တဝါတို့၏ဘုံဌာနအမှန်မှာ အပါယ်လေးပါးဖြစ်၏။ သာမန်ကုသိုလ်ကလေးများဖြင့် မေတ္တေယျရှင်အားဖူးတွေ့ရပါလို၏ဟု ဆုတောင်းကြသည်မှာ လောဘကြီးလှချည်လားဟု ယူဆစရာဖြစ်၏။ ထိုကြောင့် တတိယနံမော်ဆရာတော်ကြီး(အေဒီ ၁၀၇၆-၁၈၄၀)က သီလဝိသောဓနိကျမ်းတွင်- 'လူချမ်းသာ၊ နတ်ချမ်းသာအကျိုးငှာရည်၍ မပြုရာ၊ ပြုသောသူသည် ငါ့အား ကာလမြင့်ရှည် ဇာတိဆင်းရဲ၊ ဇရာဆင်းရဲ၊ ဗျာဓိဆင်းရဲ၊ မရဏဆင်းရဲ၊ သောကဆင်းရဲ၊ ဒိယနဆင်းရဲသည် ဤကုသိုလ်ကြောင့် ငါ့အားဖြစ်ပါစေဟု ပန်ကား မပန်၊ ပန်ရာရောက်သည်...'စသည်ဖြင့်ရေးသားခဲ့သည်။

တောင်လေးလုံးဆရာတော်, လယ်တီဆရာတော်, စွန်းလွန်းဆရာတော်, ကန်လယ်ဆရာတော်, မိုးကုတ်ဆရာတော်,မဟာစည်ဆရာတော်စသည့်ပဋိပတ်အမော်ဆရာတော်ကြီးများကလည်း လက်ရှိဘဝသည် သာသနာတော်အတွက်အကောင်းဆုံးအခွင့်အလမ်းများဖြစ်ကြောင်း တိကျထိမိသောစကားများဖြင့် မိန့်ကြားခဲ့သည်ကို ၎ဖော်ပြထားပေသည်။

ကုသိုလ်ရှာသူတို့အတွက် ယနေ့သည် အကောင်းဆုံးအချိန်ပင်ဖြစ်သတည်း။

၄။ ယဉ်ကျေးမှုဆိုင်ရာအပိုင်းကိုလေ့လာခြင်း

ဤအပိုင်းတွင် မေတ္တေယျဗုဒ္ဓဝင်နှင့်ဆက်စပ်နေသောဗုဒ္ဓယဉ်ကျေးမှု၏အတိမ်အနက်ကို တိုင်းတာပြသောအပိုင်းဖြစ်၏။ ယဉ်ကျေးသောလူမျိုး, ယဉ်ကျေးသောဘာသာ, ယဉ်ကျေးသောစာပေတို့သည် လူ့သမိုင်း၏အလံတံခွန်များဖြစ်၏။ မကိုဋ္ဌသရဖူများဖြစ်၏။ တစ်နည်းအားဖြင့် လူ့သမိုင်း၏အမှတ်တံဆိပ်မှာ ဘာသာ, စာပေ,သမိုင်းရေးရာတို့ဖြစ်၏။ ဘာသာစာပေမြင့်မားသော လူမျိုးတို့သည်သာ လူမျိုးကြီး, နိုင်ငံကြီးများဖြစ်ကြ၏။ အနောက်ကမ္ဘာတွင် ရောမတို့သည် အကြီးကျယ်ဆုံးဖြစ်ကြ၏။ အရှေ့ကမ္ဘာတွင် အိန္ဒိယသည် အကြီးကျယ်ဆုံးဖြစ်၏။ အကြောင်းရင်းမှာ သူတို့၏ဘာသာရေး,စာပေနှင့်ယဉ်ကျေးမှုကြောင့်ဖြစ်၏။

http://www.dhammadownload.com

မြန်မာနိုင်ငံသည်လည်း ဗုဒ္ဓဘာသာကြီးကို ကိုးကွယ်ဆည်းကပ်မိသဖြင့် ယဉ်ကျေးသောနိုင်ငံကြီးဖြစ်ခဲ့ရ၏။ ပုဂံခေတ်က မပီမသ လေးဘက်တွားစကလေးပမာရှိခဲ့သောမြန်မာစာပေသည် ဗုဒ္ဓဘာသာသုံး ပါဠိစာပေကြီးကြောင့် နှတ်ရေကန်အတွင်းအချခံရသည့်ပမာ တင့်တယ်ဝင့်ကြွားသော စာကြီးပေကြီးဘဝရောက်ခဲ့ရ၏။ ဤကား သမိုင်းအမြင်ဘာသာဗေဒအမြင်ဖြစ်၏။ မြန်မာစာပေသမိုင်းကြောင်းတွင် ဗုဒ္ဓဝင်စာပေတို့၏အခန်းကဏ္ဍမှာလည်း မသေးငယ်လှပေ။ ဥပမာအားဖြင့် ယနေ့ ပုဂံဒေသတွင်ရှိနေသော စေတီ,ပုထိုး,ကျောက်စာ,မင်စာ, ပန်းချီဆေးရေးတို့သာမရှိလျှင် 'ဘယ်မှာလဲ မြန်မာ့ယဉ်ကျေးမှု'ဟု လက်ညှိုးထိုးရှာပြောစရာပင်ဖြစ်ပေလိမ့်မည်။ ယခုသော်ကား စေတီပုထိုး စုလစ်မွန်းခွန်းအသွယ်သွယ်သည် ကမ္ဘာတွင်ဂုဏ်ယူမဆုံးနိုင်သည့်အဆင့်တွင် တည်ရှိနေပေသည်။ မြန်မာ့ယဉ်ကျေးမှု၏အထွတ်သရဖူများပင်ဖြစ်၏။

မေတ္တေယျဘုရားရှင်သည် မပွင့်ပေါ်သေး။ နှစ်အသချေါ်လွန်လေကြာမှပွင့်ပေါ်တော်မူမည့် ဘုရားတစ်ဆူသာဖြစ်၏။ သို့ရာတွင် မေတ္တေယျဗုဒ္ဓဝင်နှင့်ဆက်စပ်နေသောယဉ်ကျေးမှုများကား မြန်မာတွင်သာမက ကမ္ဘာအနှံ့ ဗုဒ္ဓဘာသာခြေဆန့်ရာဒေသအသီးသီး နိုင်ငံအသီးသီးတွင် ဝင့်ဝင့်ထည်ထည်တည်ရှိနေပေသည်။

ဤမေတ္တေယျဗုဒ္ဓဝင်ကျမ်းပြုသူ ဦးအောင်မွန်(မြတ်ဆုမွန်)သည် ဤအချက်ကို လေးလေးနက်နက် တွေးတောမိဟန်တူသည်။ သူသည် ဤအပိုင်းကဏ္ဍအတွက် မြန်မာစာပေနှင့် ကမ္ဘာ့စာပေတို့မှအချက်အလက်များစွာကို အတော်ပင်စုဆောင်းရ၏။ မှတ်တမ်းမှတ်ရာ,ရုပ်ပုံစာ,ရုပ်တု,အမှတ်သင်္ကေတတို့ကိုလည်း ရှာဖွေမှတ်တမ်းတင်ရသည်။ ထို့ကြောင့် သူသည် ဤအပိုင်းကဏ္ဍကို ခေါင်းစဉ်ကြီးကိုးခုဖြင့် အဆင့်အတန်းမြင့်မားစွာ ရေးသားထားသည်ကိုတွေ့ရ၏။ 'အဆင့်အတန်းမြင့်မားသည်'ဟုဆိုရခြင်းမှာ သူစုဆောင်းထားသမျှတင်ပြမှုသည် ယနေ့ ဗုဒ္ဓဘာသာဆိုင်ရာကမ္ဘာတွင် သုတေသီတို့စူးစမ်းထားသော နောက်ဆုံးပေါ်အချက်အလက်များ ပါဝင်နေသောကြောင့်ဖြစ်သည်။

(က) မေတ္တေယျရှင်နှင့်ဘဒ္ဒကမ္ဘာပန်းရွေကြာတွင် ဘဒ္ဒကမ္ဘာပေါ်ဦးစမှ ကြာငါးခိုင်နိမိတ်ဖြစ်ပေါ်လာပုံတို့ကို စာပေအမျိုးမျိုး ဘာသာစကားအမျိုးမျိုးဖြင့် တင်ပြထား၏။ ဘဒ္ဒကမ္ဘာ၏သက်တန်းကို တောင်ပိုင်း, မြောက်ပိုင်း ဗုဒ္ဓဘာသာအယူအဆတို့ဖြင့်တင်ပြထားသည်မှာ တစ်မျိုးစိတ်ဝင်စားဖွယ်ဖြစ်၏။ ထို့ပြင် ကြာသည် လွန်ခဲ့သောနှစ်ငါးထောင်(ဘီစီသုံးထောင်)ခန့်ကပင် လူ့ကိုးကွယ်မှု လူ့ယဉ်ကျေးမှု၏သင်္ကေတဖြစ်ကြောင်း တင်ပြထားသည်မှာလည်း မှတ်သားဖွယ်ကောင်းလှ၏။ ကမ္ဘာဦးကြာနှင့်ဆက်စပ်၍ ဗုဒ္ဓဝင်စာပေလာ ပြဟ္မာလှုဒါန်းသည့် ကြာသက်နန်းအကြောင်းကို ပါဠိစာပေ၊ မြန်မာစာပေရွှထောင့်တို့မှ တင်ပြထားပြန်သည်။

(ခ) မေတ္တေယျရှင်နှင့်ဗုဒ္ဓသပိတ်တော်အခန်းကား အရှုပ်ထွေးဆုံးဖြစ်၏။ ဗုဒ္ဓ၏သပိတ်တော်သည် သူ့နိုင်ငံတွင်ရှိသည်၊ ငါ့နိုင်ငံတွင်ရှိသည်ဖြင့် သုတေသီတို့သည် အထောက်အထားများပြကာ ဆိုနေကြဆဲဖြစ်သည်။ ဗုဒ္ဓပရိနိဗ္ဗာန်စံသည်မှာ နှစ်–၂၅၀၀ ကျော်ခဲ့ပြီဖြစ်ရာ သမိုင်းတစ်လျှောက်တင်ပြကြကာ ကွင်းဆက်တို့ကိုဖြေထုတ်ရန်မှာ ခက်ခဲရှုပ်ထွေးလှသောအလုပ်ပင်ဖြစ်သည်။ တိုင်းတစ်ပါးတို့တွင်သာမက မြန်မာနိုင်ငံမှာပင် ပျူခေတ်, ပုဂံခေတ်, အင်းဝခေတ် ယနေ့တိုင် မြသပိတ်ဘုရား။ မြသပိတ်စေတီတို့ မြောက်များစွာတည်ရှိနေရာ ဦးအောင်မွန်(မြတ်ဆုမွန်)သည် စေ့စေ့စပ်စပ် အထောက်အထားများဖြင့် ထိုဘုရားသမိုင်းတို့ကို စီစစ်ထားကြောင်း တွေ့ရသည်။

http://www.dhammadownload.com

(ဂ) မေတ္တေယျရှင်နှင့်နီယနာဂ္ဂေရှက်အခန်းကား သာမန်မျှဖြစ်သည်။ တောင်ပိုင်းနှင့်မြောက်ပိုင်းဗုဒ္ဓဘာသာ အယူအဆများမှာလည်း အခြားအကြောင်းအရာများကဲ့သို့ မထွေပြား။ ဤယဉ်ကျေးမှုသည် ပုဂံခေတ်သို့ ရောက်ရှိလာပုံ၊ ကုန်းဘောင်ခေတ်တွင် မုံရွေးအမေး ကြည့်ကန်အဖြေတို့ပေါ်လာပုံကို အတန်အသင့်ဖော်ပြထားပေသည်။

(ဃ) ဤအပိုင်းတွင် စိတ်ဝင်စားဖွယ်အကောင်းဆုံးမှာ မေတ္တေယျရှင်နှင့် ခြေတော်ရာအပိုင်းဖြစ်သည်။ ဂေါတမဘုရားရှင်၏ခြေတော်ရာသည် ဗုဒ္ဓဘာသာထွန်းကားခဲ့ရာ နိုင်ငံအသီးသီးတွင်တည်ရှိနေသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယ, သီရိလင်္ကာ, ထိုင်း, နီပေါ, ပါကစ္စတန်,ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်တို့တွင် လည်းရှိ၏။ အရှေ့ဘက်နိုင်ငံများဖြစ်သော ကိုရီးယား, ဂျပန်တို့တွင်လည်းရှိ၏။

ယင်းနှင့်စပ်၍ ဦးအောင်မွန်(မြတ်ဆုမွန်)က ဗုဒ္ဓခြေတော်ရာများသည် ဗုဒ္ဓဆင်းတုတော်များပေါ်ပေါက်ရာ ခေတ်ကာလထက်ပင်စောရှေ့ပေါ်ပေါက်နေပြီးဖြစ်ကြောင်း ထောက်ပြ၏။ ခေတ်ကာလမှာ ဘီစီ-၃ ရာစုဝန်းကျင်ဖြစ်၏။ အဦးဆုံးသောခြေတော်ရာများ၏သွင်ပြင်သည် ဒီဃနိကာယ်၊ မဟာဝဂ္ဂပါဠိ၊ မဟာပဒါနသုတ်နှင့် ပါထိကဝဂ္ဂပါဠိ၊ လက္ခဏသုတ်တော်တို့လာအတိုင်းဖြစ်၏။ ဥပမာ-လက္ခဏသုတ်တော်၌ ဘုရားရှင်သည် ရှေးဘဝက သူတစ်ပါးအကျိုး ဆောင်ရွက်ခြင်း၊ ဘေးအန္တရာယ် ကာကွယ်ပေးခြင်း၊ အခြေအရံနှင့်တကွလူဒါန်းခြင်းစသည်တို့ကြောင့် ဖဝါးတော်အစုံတွင် အကန့်တစ်ထောင်ရှိသော အကွပ်၊ပုံတောင်းတို့နှင့်ပြည့်စုံကြောင်း ဖော်ပြထား၏။ အဋ္ဌကထာနှင့်ဋီကာတို့ကလည်း ယင်းကိုပင်အဓိပ္ပာယ်ဖွင့်၏။ ဗုဒ္ဓဝံသပါဠိနှင့် အပဒါန်ပါဠိတော်တို့တွင်ကား စက်လက္ခဏာ၏အခြေအရံဖြစ်သော ရွှန်းတောင်း၊ တံခွန်စသည်ဖြင့် နှစ်မျိုးသို့မဟုတ် ငါးမျိုးကိုဖော်ပြထားသည်။ လက္ခဏသုတ်၊ မဟာပဒါနသုတ်တို့နှင့်အညီ ထုလုပ်ကိုးကွယ်သောခြေတော်ရာများကို ဘီစီ ၂-ရာစုနှင့် အေဒီ ၂-ရာစုတို့အကြားကာလများတွင် အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံတို့တွင်တွေ့ရှိရကြောင်း ဤကျမ်းစာရေးသူက ထောက်ပြထားသည်။

ယနေ့ နိုင်ငံတစ်ဝန်းတွင်ခေတ်စားနေသော ၁၀၈-ကွက်စက်လက္ခဏာတော်များပေါ်ပေါက်လာပုံဖော်ပြထားသည်မှာကား စိတ်ဝင်စားဖွယ်အကောင်းဆုံးဖြစ်၏။ လက္ခဏသုတ်တွင် သာမန်မျှဟောကြားထားသော ပါဒစက်လက္ခဏာနှစ်ရပ်ကို အဋ္ဌကထာဆရာက စက်လက္ခဏာ၏အခြေအရံအမှတ်အသား ၄၀-ဟု သမ္မတလဝါရကို ဖော်ပြထားသည်။ (ဒီ၊ဋ္ဌ၊၂။၃၃)။ အဋ္ဌကထာတို့ပေါ်ပေါက်ရာခေတ်ကာလမှာ အေဒီ ၅-ရာစုဝန်းကျင်ဖြစ်၏။ ယင်းနှင့်တစ်ဆက်တည်းပေါ်ပေါက်သောကျမ်းမှာ ဓိနာလင်္ကာရဂါထာများဖြစ်၏။ ယင်းတွင် ၁၀၈-ကွက်စက်လက္ခဏာအရေအတွက်ကို ဖော်ပြမထားကြပါချေ။ သို့ရာတွင် အေဒီ ၁၂-ရာစုတွင်ပေါ်ပေါက်လာသော ဓိနာလင်္ကာရဋီကာတွင်မူ ၁၀၈-ကွက်စက်လက္ခဏာတော်များကိုပြည့်စုံစွာဖော်ပြထားကြောင်း တင်ပြထားသည်။ ဤအကြောင်းအရာများကိုပင် သီရိလင်္ကာရှိကျမ်းအစောင်စောင်၊ မြန်မာနိုင်ငံမှာ စတုရင်္ဂလအမတ်ကြီး၏ ပါဒဝန္ဒနာ၊ ထိုင်းနိုင်ငံမှာ ပထမသမ္ဗောဓိစသည့်ကျမ်းဂန်အထောက်အထားများစွာတို့ကို ကိုးကား၍ စက်လက္ခဏာပေါ်ခဲ့ပုံကို စိစစ်ပြထားပေသည်။

ထူးခြားသောအချက်မှာ ဂေါတမဘုရားရှင်၏ ၁၀၈-ကွက်စက်လက္ခဏာတော်များသည် မေတ္တေယျဗုဒ္ဓဝင်ကိုဖော်ပြသော အနာဂတဝံသအဋ္ဌကထာတွင်ဖော်ပြထားခြင်းဖြစ်သည်။ ဦးအောင်မွန်(မြတ်ဆုမွန်)သည် ထိုဘုရားနှစ်ဆူတို့၏စက်လက္ခဏာနှစ်ရပ်ကို အနာဂတဝံသအဋ္ဌကထာ၊ ယင်းဋီကာ၊ ဓိနာလင်္ကာရဋီကာတို့ကို

http://www.dhammadownload.com

လက်ရင်းထား၍ မြန်မာမူ၊ သီရိလင်္ကာမူ၊ ထိုင်းမူတို့ဖြင့် နှိုင်းယှဉ်ပြထားသည်။ စတုရင်္ဂလအမတ်ကြီး၏ပါဒဝန္ဒနာ၊ ရှင်မဟာရဋ္ဌသာရ၏လင်္ကာတို့နှင့်လည်း တိုက်ဆိုင်ပြထားသည်။

အခြားထူးခြားချက်တစ်ရပ်မှာလည်း အပဒါန်ပါဠိတော်၌ဖော်ပြထားသော စက်လက္ခဏာအခြံအရံငါးပါး နှင့်ဆက်စပ်နေသည့် အဋ္ဌမင်္ဂလလက္ခဏာများဖြစ်၏။ ယင်းလက္ခဏာရှစ်ရပ်သည် မြန်မာနိုင်ငံတွင်အသိနည်းပါးသော်လည်း ထေရဝါဒ,မဟာယာန,ဂိန်းဘာသာ,ဗြာဟ္မဏဝါဒတို့၌အထင်အရှားထွန်းကားခဲ့သော အမှတ်အသားများဖြစ်ပုံကို ဦးအောင်မွန်(မြတ်ဆုမွန်)သည် ယင်းတို့ကိုသမိုင်းကြောင်းနှင့်တကွဖော်ထုတ်၍ နှိုင်းယှဉ်ပြထားသည်မှာလည်း ခက်ခဲသောလုပ်ရပ်ပင်ဖြစ်ပေသည်။

(c) မေတ္တေရှင်၏ဥဏ္ဏလုံကိန်းဝပ်မည့် ငါးဆူဓာတ်ပုံရွေတိဂုံကဏ္ဍနှင့် (စ) မေတ္တေယျဘုရားတိုင်ရတုများကဏ္ဍများအတွက် သီးသန့်တင်ပြဖွယ်မရှိပေ။ အများနားလည်လောက်သည့်ဗဟုသုတဖြစ်ဖွယ်ရာ အကြောင်းအရာများသာဖြစ်သည်ဟုဆိုပါရစေ။

(ဆ) မေတ္တေယျရှင်နှင့်လောကီလုပ်ငန်းများအပိုင်းကဏ္ဍသည်ကား ဤကျမ်းစာ၌ဖော်ပြထားသည်ထက်ဖြည့်စွက်ခဲ့ထွင်၍ စာတစ်စောင်ကျမ်းတစ်ဖွဲ့အနေဖြင့်ပင် ရေးသားထိုက်သည့်ကဏ္ဍဖြစ်သည်ဟုဆိုရပါမည်။

ဗုဒ္ဓမြတ်စွာသည် လောက၏အနှောင်အဖွဲ့အညစ်အကြေးအတွယ်အတာတို့ကို ဖြတ်တောက်နိုင်အောင် ဘဝအသချေ် ပါရမီတွေဖြည့်ခဲ့၏။ ဖြည့်ခဲ့သည့်အတိုင်း ဘဝအနှောင်အဖွဲ့မှလွတ်မြောက်ခဲ့၏။ နန္ဒမင်းသား, သားတော်ရာဟုလာတို့ကိုလည်း တဏှာညွှန်ထဲမှအတင်းဆွဲထုတ်ခဲ့၏။ ဗုဒ္ဓ၏အဓိကရည်ရွယ်ချက်မှာ သံသရာနွံနစ်ကို စွန့်ပစ်ရန်ဖြစ်၏။ သို့သော် တဏှာအစေးဖြင့် ရစ်ထွေးနေသော ပုထုဇဉ်တို့သဘာဝကား တဏှာလောဘ၏အပြစ်အနာကိုမမြင်နိုင်ကြ။ ညစ်ကြေးကင်းစင်မြူမတင်သော ဗုဒ္ဓ၏အနှိုင်းမဲ့ဂုဏ်ကို ညစ်နွမ်းအောင်ကိုယ်ကျိုးအတွက်အသုံးပြုကြပြန်သည်။ ထို့ကြောင့် အပယ်ရတနာလိုဏ်ဂူဘုရားစာအုပ်တွင်– 'လူတို့သည် လောကီအကျိုးကိုမျှော်ကိုးလျက် ဂါထာမန္တန်စီရင်ရာ၌ သံ,ဂုံ,ပ,မ,ယျ အက္ခရာငါးလုံးဖြင့် (ယျ)အက္ခရာကို အလောင်းတော်မေတ္တေယျအစား ထည့်သွင်းအသုံးပြုကြသည်'–ဟု သီရိပျံချီဦးမြက ရေးသားခဲ့ပေသည်။

ဤလုပ်ငန်းများသည် သာသနာတော်ညစ်နွမ်းကြောင်းဖြစ်သဖြင့် ဦးအောင်မွန်(မြတ်ဆုမွန်)သည် မစင်ကြယ်သော ထိုလောကီအတတ်ပညာများကို အခြေအမြစ်မှ စတင်ဖော်ပြထားသည်။ ဦးစွာ အင်း,အိုင်, ခါးလှည့်,ဂါထာ,မန္တန်ယန္တရားတို့ကို ဂဃနဏရှင်းပြထား၏။ အင်းကွက်များ, စမများကို ပုံနှင့်တကွဖော်ပြ၏။ ပထမဦးအောင်၏အင်း။ ဗားမဲ့အင်း။ ဒက္ခိဏာသာခါအင်းစသည့် မြန်မာ့နန်းတွင်းရေးအထိ ထိုးဖောက်ဝင်ရောက်ခဲ့သော လောကီအတတ်ပညာများဆိုင်ရာ အင်းကွက်,အင်းဆံ,အင်းချနည်းတို့ကို ခြေရာကောက်သဘောတင်ပြ၏။ မေတ္တေယျရှင်နှင့်စပ်ဆိုင်သော အင်းပုံစံများစွာပါဝင်၏။ သင်ခန်းစာယူဖွယ်တစ်ရပ်မှာ မပွင့်သေးသော ဘုရားတစ်ဆူကိုပင် မိမိတို့၏အတွေးဆိုင်ရာကိုယ်ကျိုးအတွက် အသုံးချကြပုံများဖြစ်၏။ သို့သော် သင်းတို့သည်လည်း သခါရတရား၏ဝါးမျိုမှုအောက်တွင် စုန်းစုန်းမြုပ်သွားရခြင်းဖြစ်သည်။

မြန်မာနိုင်ငံရှိလောကီအတတ်ပညာများ၏မြစ်ဖျားခံရာမှာ အိန္ဒိယနိုင်ငံအနောက်အစွန်ရှိ(ကသို့ရဂန္ဓာရ) ဂန္ဓာရီအတတ်ပညာဖြစ်၏။ ဂန္ဓာရီအတတ်ပညာသည် သာသနာတော်၏ဆူးငြောက်ခလုတ်ဖြစ်၏။ ဘုရားရှင်က 'ယရာယာမိ–ရုက်၏၊ ဖိဂ္ဂဟာမိ–စက်ဆုပ်၏'စသည်ဖြင့်မိန့်ကြောင်း၊ တန်ခိုးပြခြင်း လှည့်ဖျားခြင်းတို့ကို တားမြစ်တော်မူကြောင်းတို့ကို သီလက္ခန္ဓဝဂ္ဂ၊ ကေဝဋ္ဋသုတ်အဖွင့်၌ အဋ္ဌကထာဆရာကဖော်ပြထားသည်။

http://www.dhammadownload.com

သမိုင်းကြောင်းအနေဖြင့်ကား ထိုအတတ်ပညာများသည် တတိယသင်္ဂါယနာ(ဘီစီ ၃-ရာစု)နောက်ပိုင်းတွင် ကသိုရဂန္ဓာရတို့သို့ရောက်ရှိသွားပုံ၊ အသွယောသ၊ ဝသုမိတ္တအရှင်တို့လက်ထက်တွင် မဟာယာနဗုဒ္ဓဘာသာထွန်းကားခဲ့ပုံ၊ ယင်းနှင့်အတူ တန္တ ရ, မန္တ ရပညာတို့ထွန်းကားလာပုံတို့ကို ဆက်နွယ်ပြထားသည်။ ထိုပညာရပ်များသည် တရုတ် တိဗက်နိုင်ငံများသို့ရောက်ရှိသွားပုံ၊ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများသို့ ပျံ့နှံ့သွားပုံတို့ကို တစ်ဆင့်ပြီးတစ်ဆင့်ဖော်ပြသွားသည်မှာ သာသနာဝင်ပုဂ္ဂိုလ်များအတွက်သာမက လောကီအတတ်ပညာများကိုလိုက်စားသူတို့အတွက်ပါ ဗဟုသုတပွားဖွယ်ဖြစ်သည်။ သို့သော် ခေတ်သစ်ဂန္ဓာရီအတတ်ပညာများသည် ဗုဒ္ဓလက်ထက်တော်ကအတတ်ပညာများမှသွေဖီကာ အထက်လမ်း, အောက်လမ်းအမည်မျိုးစုံပြောင်းလဲကာ မူလဗုဒ္ဓဘာသာမှ ဝေးကွာသည်ထက်ဝေးကွာသွားကြောင်းကိုလည်း ဖော်ပြထားသည်။

လောကီဝိဇ္ဇာဓိရိတို့ အသက်ရှည်လိုခြင်းမှာ မေတ္တေယျဘုရားရှင်ဖူးတွေ့လိုပါ၍-ဟူ၍ ဆင်ခြေပြကြသည်။ ၎င်းတို့အတွက် သင်္ဂဇာဆရာတော်၊ လယ်တီဆရာတော်စသည့် သာသနာ့ထိပ်ခေါက်တင်ဆရာတော်ကြီးများက အရိယာဝိဇ္ဇာတို့သာလျှင် မေတ္တေယျဘုရားရှင်အားဖူးတွေ့နိုင်ကြကြောင်း ကျမ်းအသီးသီးတွင် မိန့်ကြားခဲ့ကြသည်။ ထို့ကြောင့် ဤကျမ်းပြုသူက

သုံးလောကထွတ်ထား အမြတ်ဆုံးသောရှင်တော်ဘုရားများကို လောကီချမ်းသာစေရေးကိစ္စတို့မှာ သဒ္ဓါတရားရှိသူ သူတော်ကောင်းမှန်က မည်သည့်နည်းနှင့်မျှအသုံးပြုလိမ့်မည်မဟုတ်ကြောင်း သတိပြုကြပါလေ-

ဟု မှာကြားထားသည်။

(ဇ) မေတ္တေယျရှင်နှင့်အနုပညာလက်ရာများအကြောင်းသည် စတုတ္ထပိုင်း၏နိဂုံးဖြစ်သည်။ အနုပညာလက်ရာဟူသည် ယဉ်ကျေးမှုသင်္ကေတဖြစ်၏။ ဘာသာရေး၏အလံတံခွန်များဖြစ်၏။ လူမျိုးတစ်မျိုး၏အဆင့်အတန်းကို တိုင်းတာပြသောပေတံဖြစ်၏။ ဥပမာအားဖြင့် ဘီစီ ၃-ရာစုက အသောကမင်းကြီးစိုက်ထူခဲ့သော လုမ္ဗိနီကျောက်တိုင်စာကြီးကြောင့် အိန္ဒိယနိုင်ငံ၌ဗုဒ္ဓပွင့်တော်မူခဲ့သည်ဟူသောအဆိုမှာ ယုံတမ်းစကားမဟုတ်၊ တကယ့်သမိုင်းအစစ်အမှန်ဖြစ်ကြောင်း တစ်ကမ္ဘာလုံးကအသိအမှတ်ပြုရပေတော့သည်။

ဦးအောင်မွန်(မြတ်ဆုမွန်)သည် ဗုဒ္ဓဝင်ဆိုင်ရာအနုပညာလက်ရာများ၏အမွန်အစဖြစ်သော လေးခန်းဗုဒ္ဓဝင်မှစတင်၍ ခြေရာကောက်ထားသည်။ ခေတ်အဆက်ဆက်တည်ထားခဲ့သော ဗုဒ္ဓဆင်းတုတော်များကို နိုင်ငံအလိုက်ဖော်ပြသည်။

မေတ္တေယျဗုဒ္ဓရုပ်တုတော်နှင့်စပ်၍ အေဒီ ၃၉၉-ခုနှစ်မှစတင်သော တရုတ်ဘုရားဖူး ဖာယှီယယ် (အများအခေါ် ဖာယီယန်)၏မှတ်တမ်းမှစ၍ ဖော်ပြထား၏။ နောင်နှစ်ပေါင်း ၂၀၀-ကျော်ကြာမြင့်သောအခါ ဂန္ဓာရမှထိုအတတ်ပညာသည် တရုတ်နိုင်ငံရောက်ရှိ၍ ဥဇ္ဈာတော်ပေ ၁၀၀-ခန့်ရှိ သစ်သားရုပ်ပွားတော်ကြီးထုလုပ်ကြောင်းဖော်ပြထား၏။ သီရိလင်္ကာနိုင်ငံဖြစ် စူဠဝံသကျမ်းကို ကိုးကား၍ ဖေဒ္ဒသေနမင်း(၂)တွင် ဆင်စွယ်ရုပ်တုမေတ္တေယျရှင်ပုံတော်အကြောင်းဖော်ပြထား၏။ ဦးကုလားရာဇဝင်အရ ကမ်းယံပြည်မှ မေတ္တေယျအလောင်းတော် ရွှေရုပ်တုတော်အကြောင်း ဖော်ပြထား၏။

ထိုအချိန်ကာလများမှစတင်ခဲ့သော မေတ္တေယျရှင်ဆိုင်ရာအနုပညာလက်ရာများသည် ယခုအခါ နိုင်ငံတကာပြတိုက်များတွင် ဗုဒ္ဓဘာသာအနုပညာလက်ရာအမှတ်အသားများအဖြစ်တည်ရှိနေကြောင်း နိဂုံးချုပ်ထားပေသည်။

http://www.dhammadownload.com

၅။ မေတ္တေယျဗုဒ္ဓဝင်ဆိုင်ရာကျမ်းစာများအကြောင်းကိုလေ့လာခြင်း

မေတ္တေယျဗုဒ္ဓဝင်ကျမ်းများအပိုင်းသည် ဤမေတ္တေယျဗုဒ္ဓဝင်ကျမ်း၏ အခြေခံအုတ်မြစ်ပင်ဖြစ်သည်။ အခြေခံအုတ်မြစ်ခိုင်မာသောအဆောက်အအုံသည်သာ အရှည်တည်တံ့နိုင်သည်။ အခြေခံအုတ်မြစ်မကောင်းပါက အပေါ်ထပ်အဆောက်အအုံလည်း မကြာမတင်ပြိုလဲသွားရမည်မှာဓမ္မတာဖြစ်သည်။ အပေါ်ယံအမွမ်းအမံတို့သည် အပေါ်ယံအဆင်တန်ဆာမျှသာဖြစ်၏။ တကယ့်အခြေခံမှာ အုတ်မြစ်ပင်ဖြစ်သည်။

မေတ္တေယျဗုဒ္ဓဝင်သည် သမိုင်းတစ်စောင်ဖြစ်၏။ အတိတ်,ပစ္စုပ္ပန်ကိုအခြေခံ၍ အနာဂတ်ကိုပုံဖော်ထားသောစာအုပ်ဖြစ်၏။ အတိတ်,ပစ္စုပ္ပန်ဖြစ်ရပ်များသည် သမိုင်းကြောင်းအနေဖြင့် အထင်အရှားရှိပြီးဖြစ်၏။ ယင်းတို့ကိုတင်ပြခြင်းမှာ ထင်သလောက်ခက်ခဲမှုမရှိပါချေ။ အနာဂတ်အတွက် အကြောင်းအချက်ကိုရှာဖွေရန်မှာကား ခက်ခဲလှချေသည်။

ဦးအောင်မွန်(မြတ်ဆုမွန်)သည် ထိုအခက်အခဲကိုမှရွေးချယ်၍ ရှာဖွေတင်ပြခဲ့၏။ ယင်းအတွက် နှစ်ပရိစ္ဆေဒကြာမြင့်စွာ စောင့်စားအားထုတ်ခဲ့ရသည်။ အချိန်နှင့်ငွေကြေးပါသုံးစွဲခဲ့ရ၏။ ရရှိသောအထောက်အထားများကို အမျိုးအစားခွဲခြားရ၏။ ခေတ်ကာလပိုင်းခြားသတ်မှတ်ရ၏။

အထူးသဖြင့် နှစ်ပေါင်း ၂၅၀၀-ကျော်ကာလကိုဖြတ်သန်းခဲ့ရသော ပါဠိစာပေကိုလေ့လာသောအခါ *Chronology* ခေါ် စာပေသမိုင်းစီးဆင်းပုံကိုနားမလည်လျှင် ပါဠိစာပေသုတေသီ မဖြစ်နိုင်ပေ။ ထို့ကြောင့် ဘုရားဟောပါဠိတော်များပေါ်ပေါက်ရာခေတ်ကာလ၊ ယင်းပါဠိတော်များကို ထပ်ဆင့်အနက်အဓိပ္ပာယ်ဖွင့်ဆိုသည့် အဋ္ဌကထာကျမ်းများပေါ်ပေါက်ရာခေတ်ကာလ၊ အဋ္ဌကထာများကိုထပ်ဆင့်ဖွင့်ပြသည့် ဋီကာကျမ်းများ၏ ခေတ်ကာလတို့ကို သိသာထင်ရှားစွာနားလည်ထားရသည်။ ထို့ပြင် ဂန္ထန္တရခေါ် အထွေထွေကျမ်းများပေါ်ပေါက်လာပုံမှစ၍ မြန်မာနိုင်ငံတွင်းသို့စီးဆင်းလာသည့်ပါဠိရေစီးကြောင်းကြီး၊ ယင်း၏လက်တက်ပွားဖြစ်သောနိဿယ, ယောဇနာ, အရကောက်စသည်များကိုလည်း ချန်လှပ်မထားနိုင်။ လက်လှမ်းမီသလောက်လေ့လာရ၏။

မေတ္တေယျဗုဒ္ဓဝင်တွင် ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းတို့လာ အဆိုအမိန့်များထက် အနာဂတဝံသပါဠိ, ယင်းအဋ္ဌကထာ, ဋီကာ၊ ဒသဗုဒ္ဓအနာဂတဝင်ကျမ်းစသည့် ဂန္ထန္တရတွေများပြားလှသည်။ သီရိလင်္ကာနိုင်ငံဖြစ်ကျမ်းများသာမက လော, ကမ္ဘောဒီးယား, ထိုင်းတို့ကလည်း မေတ္တေယျဗုဒ္ဓဝင်အတွက် ကျမ်းများရေးသားကြသည်။ ယင်းတို့မှာ ပါဠိစာပေအခြေခံကျမ်းများဖြစ်ကြ၏။ ထိုကျမ်းတို့ကို မဖတ်ရှုရ၍မဖြစ်။ မတိုက်ဆိုင်၍မဖြစ်။

မေတ္တေယျဗုဒ္ဓဝင်သည် ဗောဓိသတ္တခေါ် ဘုရားအလောင်းတော်၏ဘဝဖြစ်စဉ်များဖြစ်၏။ ထို့ကြောင့် ဗောဓိသတ္တအယူအဆပြင်းထန်သည့် တရုတ်,တိဗက်,ဂျပန်စသည့်အထောက်အထားများကိုလည်း လေ့လာကိုးကားရ၏။ ယင်းကျမ်းတို့၏အခြေခံများမှာ မြောက်ပိုင်းဗုဒ္ဓဘာသာ (မဟာယာန) ကျမ်းစာများဖြစ်သည်။ မဟာဝဿု, လလိတဝိတ္ထာရ, သဒ္ဓမ္မပုဏ္ဍရိက, ဗုဒ္ဓစရိတစသည်တို့ဖြစ်၏။ ထိုကျမ်းတို့ကိုချန်လှပ်ထားပါက မေတ္တေယျဗုဒ္ဓဝင်သည် တစ်ခြမ်းပဲ့ဗုဒ္ဓဝင်သာဖြစ်ပေလိမ့်မည်။ ထို့ပြင် ဖာယီယန်၊ ဟူယန်ဆင်စသည့် တရုတ်ခရီးသည်ကြီးများ၏မှတ်တမ်းများကိုလည်း ကိုးကားရန်လိုအပ်ပေသည်။ ထိုကြောင့် ဤမေတ္တေယျဗုဒ္ဓဝင်ကျမ်းတွင် ဘာသာစကားအားဖြင့် ပါဠိ,သင်္ကတ,အင်္ဂလိပ်၊ အရပ်ဒေသအားဖြင့် မြန်မာ,ထိုင်း စသည့် အရှေ့တောင်အာရှနိုင်ငံများနှင့် အရှေ့ဘက်ဒေသနိုင်ငံများပါ ပါဝင်နေသည်။

http://www.dhammadownload.com

ဤကျမ်းပြုသူသည် ထိုကျမ်းဂန်များ၏အခြေအမြစ်ကိုဖော်ပြ၏။ ဆင့်ပွားများကိုရှာပြ၏။ ကွဲလွဲချက်, တူညီချက်တို့ကို နှိုင်းယှဉ်ပြ၏။ ပညာရှင်တို့၏အယူအဆများကို တစ်ချက်ပြီးတစ်ချက်ဖော်ပြ၏။ မဲတြေယျာကရဏာသက္ကတဗုဒ္ဓဝင်ကျမ်းကို မဖွံ့မနိုကာယ်လာ ဘဒ္ဒေကရတ္တသုတ်၊ မဟာကမ္မဝိဘင်္သုတ် စသည်တို့နှိုင်းယှဉ်ပြသည်အထိ ထုတ်ဖော်ထားသည်။ ပါဠိဗုဒ္ဓဝင်နှင့် သက္ကတဗုဒ္ဓဝင်တို့ကို ဇယားဖော်ဖြင့် နှိုင်းယှဉ်ဖော်ပြထားသည်။ ဤနည်းအားဖြင့် မြောက်ပိုင်းဗုဒ္ဓဘာသာတွင်တွေ့ရသော သက္ကတဗုဒ္ဓဝင်တို့ကို တစ်ကျမ်းပြီးတစ်ကျမ်း ခြေရာကောက်တင်ပြထားသည်။ ပါဠိဘာသာဘက်ဆိုင်ရာ မေတ္တေယျဗုဒ္ဓဝင်ကျမ်းများကိုလည်း ဤအတိုင်းပင် လေ့လာဖော်ပြထားသည်။ ဥပမာ–ပါဠိဘက်ဆိုင်ရာ မေတ္တေယျဗုဒ္ဓဝင်ကျမ်းများ၏အသည်းဦးနှောက်ဟု ခေါ်ထိုက်သော အနာဂတဝံသ၊ ၎င်းအဋ္ဌကထာနှင့်ဋီကာတို့အကြောင်း အသေးစိတ်ဖော်ပြထားသည်။ စာမျက်နှာ ၂၀–ကျော်မျှရှိ၏။

ဥပမာ–ပိဋကတ်တော်အုပ်ဦးယဲ့၏အဆို၊ အနာဂတဝင်မူကွဲများ။ ပါမောက္ခမိနာယဲ့ဖိုက အနာဂတဝင်မူကို အနောက်နိုင်ငံသို့ယူသွားပုံ၊ ထို့ကြောင့် အနောက်နိုင်ငံဗုဒ္ဓဝင်လောကတွင် အနာဂတဝင်ကျမ်းပျံ့နှံ့သွားပုံ၊ အနာဂတဝင်ကျမ်းပြုဆရာနှင့်ပတ်သက်၍ အယူအဆအမျိုးမျိုးရှိနေပုံ၊ ဘုရားဟောဟုတ်,မဟုတ် ထင်မြင်ချက်များပေးနေကြပုံ၊ မြန်မာနိုင်ငံအနေဖြင့် စာစုစာမှတ်အရာတွင် နာမည်အကြီးဆုံးဖြစ်သော စတုတ္ထမြစ်ကွေးဆရာတော်(ဦးပညာဝံသ)၏မှတ်ချက်၊ အနောက်တိုင်းသား ပါဠိပညာရှင်များဖြစ်ကြသည့် မော်ရစ်ဝင်တာနစ်, မိနာယဲ့ဖ်, ဂိုက်ဂါ, နော်မန်, ဘီစီလော, ဟီနျူဘာ–စသူတို့၏ယူဆချက်များကို သီရိလင်္ကာမှ ပါဠိစာပေပညာရှင် ဂေါဓကုမ္ဘရ၊ မာလလဆေကရတို့၏အယူအဆများနှင့်ရောမွှေ၍ တင်ပြထားသည်။

အနောက်တိုင်းသားတို့၏ပင်ကိုယ်ဗီဇတစ်ရပ်မှာ မည်သည့်အရာကိုမဆို သူပြောလူပြောဖြင့်လက်မခံခြင်းဖြစ်၏။ ပညာကိုတတ်ကျွမ်းအောင်လေ့လာသည်။ သုံးသပ်သည်။ ဆင်ခြင်သည်။ ထိုအကြောင်းကိုသိသော ဦးအောင်မွန်(မြတ်ဆုမွန်)သည် အနောက်တိုင်းသားပညာရှင်များ၏အယူအဆတို့ကိုလည်း မျက်ကွယ်ပြုမထားခဲ့ပေ။

မြန်မာနိုင်ငံအနေဖြင့်မူ ပုဂံခေတ်နှင့်ပင်းယခေတ်တို့တွင် အနာဂတဝံသကျမ်း၏ အရှိန်အဝါကြီးမားပုံ၊ အင်းဝခေတ်, ကုန်းဘောင်ခေတ်, ဗြိတိသျှကိုလိုနီခေတ်ဦး, လယ်တီဆရာတော်အထိ၊ အနာဂတဝံသအဋ္ဌကထာ ၎င်းဋီကာတို့ကို ကိုးကားရေးသားကြကြောင်း စာမျက်နှာပေါင်း ၂၀–ကျော်မျှ သုံးသပ်တင်ပြထားသည်။

အချုပ်အားဖြင့်ဆိုသော် ဤပဋ္ဌမပိုင်းသည် ထေရဝါဒနှင့် မဟာယာနဗုဒ္ဓဝင်ကျမ်းပေါင်းစုံကိုတင်ပြသော အပိုင်းဖြစ်၏။ ယဉ်ကျေးမှုနှင့်စာပေသမိုင်းကြောင်းကိုပါ ထည့်သွင်းဖော်ပြထားသဖြင့် ခက်ခဲနက်နဲ၍ သုတေသနပညာအစွမ်းကုန်ပါသောအပိုင်းဖြစ်၏။ ပညာရပ်တစ်ခုသည် မသိနားမလည်သူ တန်ဖိုးမထားတတ်သူတို့အတွက် တန်ဖိုးမရှိသော်လည်း တတ်သိနားလည်သူ တန်ဖိုးထားတတ်သူတို့အတွက် အနုပ္ပရတနာဖြစ်၏။ ဤအခန်းကို ထည့်သွင်းရေးသားခဲ့ခြင်းကြောင့် ဤမေတ္တေယျဗုဒ္ဓဝင်ကျမ်းသည် အနုပ္ပရတနာတစ်ပါးအဖြစ် ကာလရှည်ကြာစွာ တည်တံ့နေမည့်ကျမ်းတစ်စောင်ဖြစ်ကြောင်း တင်ပြလိုပေသည်။

ဤကျမ်းစာပြုစုသူ

မေတ္တေယျဗုဒ္ဓဝင်ကျမ်းပြုသူ ဦးအောင်မွန်(မြတ်ဆုမွန်)၏စွမ်းရည်ကို ဤအမှာစာကိုဖတ်ရုံမျှဖြင့် သိလောက်ပါပြီ။ သို့သော် ဤအမှာစာသည်လည်း မေတ္တေယျဗုဒ္ဓဝင်ကျမ်းအပေါ် ထင်မြင်ချက်မျှသာဖြစ်သည်။ သူ၏စွမ်းဆောင်မှုကို အရိပ်မျှဖော်ပြခြင်းဖြစ်သည်။

http://www.dhammadownload.com

ဦးအောင်မွန်(မြတ်ဆုမွန်)ကို လူထူးလူဆန်းဟုခေါ်လိုက ခေါ်နိုင်သည်။ သူသည် ဆယ်ကျော်သက်ရွယ်အထိ ကျောင်းကန်ဘုရားနှင့်နီးစပ်သူမဟုတ်ဘဲ လောကီအတန်းကျောင်းတွင်ကြီးပြင်းခဲ့ရသူဖြစ်၏။ သို့သော် သူကား စာကြွမ်းပိုးဖြစ်၏။ တက္ကသိုလ်ဝင်တန်းမအောင်မီကပင် စာစုံအောင်ဖတ်နေပြီ၊ ဘာသာရေး, နိုင်ငံရေး, ယဉ်ကျေးမှု စာစုံဖြစ်၏။ ဘာသာစာပေအပေါ် သူမည်မျှစွဲလန်းပါသနည်း။ သူတက္ကသိုလ်ဝင်တန်းအောင်သောအခါ ပါဠိဘာသာကို သင်လိုသည်။ ထိုအချိန်က ပါဠိအဓိကဘာသာ*(Pali Major)*မှာ မန္တလေးတက္ကသိုလ်တွင်သာ ရှိသည်။ သူက ရန်ကုန်ဇာတိ။ သူက ပါဠိကို တက္ကသိုလ်တွင်သင်လိုခြင်းမှာ တက္ကသိုလ်များတွင်သင်သည့် ပါဠိဘာသာမှာ ပါဠိတစ်ခုတည်းမဟုတ်။ ပါဠိနှင့်ဆက်စပ်နေသမျှ *Indology* ခေါ် အိန္ဒိယနှင့်ဆက်စပ်သည့် ဘာသာရပ်တို့ကိုပါ သင်ကြားရသောကြောင့်ဖြစ်၏။

တက္ကသိုလ်ကျောင်းသားမောင်အောင်မွန်သည် ပါဠိစာပေကိုချစ်မြတ်နိုးသဖြင့် ရန်ကုန်မှမန္တလေးသို့ပင် ပြောင်းလာခဲ့သူဖြစ်၏။ သူသည် ပါဠိကိုသာမက မြန်မာစာ,သမိုင်းဘာသာတို့ကိုပါ စိတ်ပါဝင်စားစွာလေ့လာ၏။ သိလိုသည့်အကြောင်းအရာများကို အခွင့်သာသောအချိန်တွင် ပညာရှင်အသီးသီးထံ ချဉ်းကပ်၍မေးမြန်း၏။ ထိုအချိန်က မန္တလေးတက္ကသိုလ်တွင် ပညာရှင်ကြီးများစုဝေးနေချိန်ဖြစ်သည်။ မြန်မာစာဌာနတွင် ပါမောက္ခ ဆရာမကြီးဒေါ်သန်းဆွေ၊ ဆရာကြီးဦးဆန်းထွန်း(ဆန်းထွန်း–မန်းတက္ကသိုလ်)တို့ရှိသည်။ သမိုင်းဌာနတွင် ပါမောက္ခ ဆရာကြီးဒေါက်တာသန်းထွန်း(ယခု–သက်ရှိထင်ရှား)၊ ပါဠိဌာနတွင် ပါမောက္ခဆရာကြီးဦးတင်လွင်၊ ဦးကို၊ ဦးတင်ရှိန်နှင့် ပြင်ပတွင် ဆရာကြီးဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)တို့ရှိသည်။ မောင်အောင်မွန်၏အစွမ်းအစကို သိရှိကြသောဆရာကြီးများက မောင်အောင်မွန်အား သူ့ဘာသာ,ကိုယ့်ဘာသာတို့တွင် ဂုဏ်ထူးတန်းတက်ရန် ခေါ်ကြသည်။ မောင်အောင်မွန်ကား ပါဠိဌာနမှမခွာနိုင်။

ထိုစဉ်က မန္တလေးတက္ကသိုလ်၏ပါဠိဌာနမှူးမှာ ဆရာကြီးဦးကိုဖြစ်သည်။ ဦးကိုသည် ပါဠိဘာသာရပ်ကို အင်္ဂလိပ်လိုရော၊ မြန်မာလိုပါ ကျွန်ုပ်မြင်ကျင်စွာသင်နိုင်သည်။ ထိုဆရာကြီးဦးကိုသည် မောင်အောင်မွန်အား ပါဠိဘာသာကိုအနီးကပ်သင်ကြားပေးခဲ့သော ဆရာရင်းဖြစ်ခဲ့သည်။ ထို့ပြင် ဆရာကြီးဦးကျော်ရှိန်(သကျသီဟ ဝင်္သကာ၊မဟာဝိဇ္ဇာ၊ ယခု–ဓာတု နှစ်)လည်းရှိသည်။ ဦးကျော်ရှိန်သည် မောင်အောင်မွန်အား ပါဠိအခြေခံကောင်းအောင် တက္ကသိုလ်နည်း ဘုန်းကြီးကျောင်းနည်းတို့ဖြင့် သင်ကြားပေးသည်။ သူမေးသမျှ ကြို့ကြို့ကြွားကြွား သိလိုသမျှများကိုလည်း ဒိုင်ခံဖြေရှင်းပေးသည်။

မောင်အောင်မွန်ကား ထိုမျှဖြင့်မကျေနပ်သေး။ ပုဂံမြို့ဟောင်းသို့သွားကာ ဆရာဦးဗိုကေ(ဗြဟ္မစာရိမွန်ဗိုကေ)ထံတွင် ပညာဆည်းပူးပြန်သည်။ ဦးဗိုကေသည် ပုဂံနယ်မြေကို ဒိုးလိုမွေရေလိုနှောက်နိုင်သူဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် နှစ်ပေါင်းများစွာနေထိုင်ပြီး ရှေးဟောင်းသုတေသနနှင့် ဘာသာစကားတော်တော်များများကို တတ်ကျွမ်းသူဖြစ်၏။ ဦးဗိုကေသည် ထိုအချိန်က နိုင်ငံတကာမှ ပုဂံသို့ရောက်ရှိလာသော ဧည့်သည်တော်ကြီးများအား ကျေနပ်အားရလောက်အောင် ရှင်းလင်းပြောပြနိုင်သူဖြစ်သည်။ ဦးဗိုကေ လိုလားသမျှစာအုပ်စာတန်းတို့ကို နိုင်ငံရပ်ခြားပေးပို့လေ့ရှိသည်။ ထို့ကြောင့် စာကြွမ်းပိုးမောင်အောင်မွန်သည် စာအုပ်စုံလှသောဦးဗိုကေထံတပည့်ခံခြင်းဖြစ်သည်။

ကိုအောင်မွန်တက္ကသိုလ်မှထွက်သောအခါ ဆောင်းပါးများ, စာတန်းများ ရေးသားသည်။ သူ၏စာပေစခန်းချရာမှာ ရတနာမွန်မဂ္ဂဇင်းဖြစ်သည်။ ရတနာမွန်မဂ္ဂဇင်းသည် ဝိုင်အမ်ဘီအေအသင်းကြီးကထုတ်ဝေသော စာစောင်ဖြစ်သည်။ ဝိုင်အမ်ဘီအေအသင်းကြီးက ရတနာမွန်မဂ္ဂဇင်းကို ပုဂ္ဂလိကပိုင်ရှင်သို့လွှဲပြောင်းပေး

http://www.dhammadownload.com

လိုက်သောအခါ ကိုအောင်မွန်သည် စာပေလောကထဲသို့အချိန်ပြည့်ရောက်ရှိသွားသည်။ ဆရာကြီးဒဂုန်ဦးစန်းငွေ၊ ဆရာကြီးဦးရန်အောင်၊ ဆရာသမိန်သောင်းတို့နှင့်အတူ ရတနာမွန်တွင် အယ်ဒီတာတာဝန်ယူ၍ ဘာသာရေးစာပေလောက၏ထိပ်ဆုံးသို့ ပို့ဆောင်ပေးခဲ့သည်။

၁၉၈၈-ခုနှစ်တွင် ကိုအောင်မွန်သည် 'မြတ်ဆုမွန်ဘာသာရေးမဂ္ဂဇင်း'ကို ကိုယ်ပိုင်၍ စတင်ထုတ်ဝေသည်။ ထိုအချိန်မှစတင်၍ ကျွန်တော်နှင့်ကိုအောင်မွန်တို့၏ဆက်ဆံရေးမှာ ခွဲမရအောင်ဖြစ်သွားသည်။ သင်ကြားရေးလောကတွင်နှစ်မြှုပ်နေသောကျွန်တော့်အား စာမရေး ရေးဖြစ်အောင် အယ်ဒီတာပီပီ နည်းမျိုးစုံဖြင့်လှုံ့ဆော်သည်၊ အပူတပ်သည်။ ထို့ကြောင့် ရံခါကလောင်အမည်သုံးမျိုးဖြင့်ပင် ရေးဖြစ်သွားသည်။

ကိုအောင်မွန် မြတ်ဆုမွန်ကိုခေတ္တရပ်ဆိုင်း၍ စီးပွားရေးလောကထဲဝင်သွားပြန်သောအခါ ကျွန်တော်သည်လည်း စာရေးရပ်သွားပြန်သည်။ မဂ္ဂဇင်းတွင်မရေးဖြစ်သော်လည်း ရွှေရတုစာစောင်, ရာပြည့်စာစောင်, ထေရုပ္ပတ္တိကြီးငယ်တို့ကိုကား အဆက်မပြတ်လုပ်ဆောင်ပေးဖြစ်ခဲ့သည်။ အားလုံးမှာ ကိုအောင်မွန်၏ကျေးဇူးများပင်ဖြစ်သည်။

ကိုအောင်မွန်သည် ယခုအခါ အသက်-၅၀ လွန်၍လာပြီဖြစ်၏။ ဘဝအတွေ့အကြုံများအရ လောကဓံ၏အနှစ်သာရကို သူရှာဖွေတွေ့ရှိသွားပြီဟု ကျွန်တော်ယူဆမိပါသည်။ သူသည် စာပေလောကသို့ပြန်လှည့်လာခဲ့ပြီ၊ အမျိုးဘာသာသာသနာအတွက် တကယ်တမ်းအကျိုးရှိသောစာအုပ်များကို တစ်အုပ်ပြီးတစ်အုပ် ထုတ်ဝေပေးနေသည်။ ငွေကြေးအမြတ်အစွန်းမပြောပလောက်သော်လည်း လူ့အကျိုးပြုလုပ်ငန်းအစစ်ကြီးပေါ်တွင် ခြေစုံနင်းမိပြီ။

သူသည် ကမ္ဘာ့ဗုဒ္ဓသာသနာပြုဆရာတော်ကြီးအရှင်သေဋ္ဌိလ၊ သပြေကန်ဆရာတော်ကြီးအရှင်ဝါသေဋ္ဌ ဘိဝံသတို့၏တပည့်ရင်းဖြစ်ခဲ့ပြီး၊ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးထံတော်ပါးတွင်လည်း ငါးနှစ်ဝန်းကျင်မက စာပေလုပ်ငန်းတာဝန်ကြီးကိုယူ၍ သာသနာပြုခဲ့၏။ မင်းကွန်းဆရာတော်ကြီး၏ မဟာဗုဒ္ဓဝင်ကျမ်းအင်္ဂလိပ်ဘာသာပြန်ဆိုရေးအဖွဲ့တွင် အကျိုးဆောင်တာဝန်ယူ၍ စီစဉ်ပုံနှိပ်ပေးခဲ့သူလည်းဖြစ်သည်။ သူပါဝင်၍စီစဉ်ပုံနှိပ်ခဲ့သောတိ=နိ သုံးနှစ်ခရီးစာစောင်ကြီးများသည် ဤခေတ်သာသနာတော်ဆိုင်ရာ စာပေတို့တွင် မော်ကွန်းထူလောက်သော စာအုပ်ကြီးများဖြစ်လေသည်။ သူလုပ်သမျှစာအုပ်များသည် အရည်အတွက်ရော အရည်အချင်းပါ အဆင့်မီလှသည်။ ဝါသနာနှင့်ဗီဇကြောင့် သူ့လုပ်ငန်းများတွင်ကျယ်လှ၏။

ယခုအခါ ဦးအောင်မွန်(မြတ်ဆုမွန်)ဘဝဖြင့် သူ့လမ်းသူဖောက်နေပေပြီ။ သူခင်းသောလမ်း သူလျှောက်နေပေပြီ၊ သည်တစ်ခါ သူလျှောက်ခဲ့သောလမ်းသည် သူ့ဇနီးသည်ဒေါ်သက်သက်ခိုင်၏တိုက်တွန်းအားပေးချက်များစွာပါဝင်သည်။ တူညီသောစိတ်ဓာတ်ဖြင့် မြင့်မြတ်သောစင်ကြယ်သောလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ကြပါစေဟု လိုက်လဲစွာဆန္ဒပြုပါသည်။ ။

ဦးအောင်ထွတ်

ဓမ္မာစရိယ၊ မဟာဝိဇ္ဇာ၊ ကထိက(ငြိမ်း)

http://www.dhammadownload.com

အတိုမှတ်သင်္ကေတများ

ကြောင်း	စာကြောင်းရေ
ခန့်	ခန့်မှန်းခြေ (ခုနှစ်၊ ရာစု–စသည်တို့၏နောက်ကထည့်သည်)
စာ/နှာ	စာမျက်နှာ
စု	စုဆောင်း (သူ)
တဟပ	တက္ကသိုလ်ပညာပဒေသာစာစောင်
တည်း	တည်းဖြတ် (သူ)
ပါ	ပါဠိဝေါဟာရ
ပြန်	ဘာသာပြန် (သူ)
မြန်	မြန်မာပြန် (သို့မဟုတ်) မြန်မာဝေါဟာရ
မြန်မာ့စွယ်စုံ	မြန်မာ့စွယ်စုံကျမ်း (အတွဲ ၁ မှ ၁၅ အထိ)
သ	သက္ကတဝေါဟာရ
ဦး	ဦးဆောင် (သူ)

သင်္ကေတများ

/	သို့မဟုတ် (or)
>	မှ ပြောင်းလဲသည်။ (changes into)
<	မှ ဆင်းသက်သည်။ (is derived from)
+	အပေါင်း (plus)
=	တူညီသည် (as same as)

http://www.dhammadownload.com

http://www.dhammadownload.com

အခန်း (၁)

ကာလသုံးပါးဘုရားရှိခိုးများ

မေတ္တေယျ(ဝါ)အရိမေတ္တေယျဘုရားရှင်သည် အနာဂတ်ကာလတွင်ပွင့်တော်မူမည့်ဘုရားရှင်ဖြစ်ပါသည်။ ဗုဒ္ဓဘာသာသည် ပစ္စုပ္ပန်,အတိတ်,အနာဂတ်ဟု ကာလသုံးပါးကို ပြည့်ပြည့်ဝဝလက်ခံထားသောဘာသာဝါဒဖြစ်သည်။ မေတ္တေယျဗုဒ္ဓဝင်ကို ဖော်ပြရာတွင် အနာဂတ်ကာလကိုဖော်ပြရမည်ဖြစ်ရာ၊ အနာဂတ်ကာလသည် ဤနေရာ၌ မည်မျှအရေးပါမည်ဖြစ်ကြောင်းကို မှန်းဆ၍သိနိုင်၏။ စင်စစ် အနာဂတ်ကာလ၏ရင်းမြစ်သည် ပစ္စုပ္ပန်ဖြစ်၏။ ပစ္စုပ္ပန်၏မြစ်ဖျားခံရာမှာ အတိတ်ဖြစ်၏။ ဤသို့ အတိတ်,ပစ္စုပ္ပန်,အနာဂတ် ကာလသုံးပါးသည် တစ်စပ်တည်းဖြစ်သကဲ့သို့ ထိုကာလသုံးပါးတို့တွင်ပါဝင်နေတော်မူကြသည့်ဘုရားရှင်တို့သည်လည်း တစ်ဆူနှင့် တစ်ဆူ ဆက်နွယ်စပ်သွယ်ကြလျက် ဂုဏ်အင်္ဂါအားဖြင့်လည်း မဝိုမယွင်း ထပ်တူထပ်မျှ ဖြစ်တော်မူကြပါ၏။ ပါဠိတော်၊အဋ္ဌကထာတို့တွင်လည်း ကာလသုံးပါးတို့၌ ပွင့်တော်မူခဲ့ကြသော,ပွင့်တော်မူဆဲဖြစ်သော,ပွင့်တော်မူလတ္တံ့ဖြစ်သော ထိုဘုရားရှင်တို့ကိုပူဇော်တိုင်တည်ခဲ့ကြောင်း အထင်အရှားတွေ့ရ၏။ သို့ဖြစ်၍ မေတ္တေယျဗုဒ္ဓဝင်၏ မြစ်ဖျားခံရာ 'ကာလသုံးပါးဘုရားရှင်တို့အား ဦးညွှတ်ပူဇော်ဝန္ဒနာပဏာမဘုရားရှိခိုး' တို့ကို ဦးစွာဖော်ပြရပေမည်။

စံကင်းမေတ္တာကျောက်တိုင်

မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းမြို့မှမြောက်ဘက်(၂၂)မိုင်အကွာတွင် လင်းယဉ်ရွာကလေးတည်ရှိပါသည်။ ထိုရွာကလေး၌ နဝမရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု စံကင်းဆရာတော်ဘုရားကြီး (အေဒီ ၁၈၃၀–၁၉၀၂)ကို ဖွားမြင်တော်မူခဲ့ပါသည်။

စံကင်းဆရာတော်ကြီးဖွားမြင်တော်မူရာ ထိုလင်းယဉ်ရွာ၏အရှေ့တောင်ဘက် ဝိဇာယနကုန်းမြေတွင် စံကင်းဆရာတော်ဘုရားကြီး သက်တော်တစ်ရာပြည့်သော ၁၉၃၀–ပြည့်နှစ်က ရာပြည့်အထိမ်းအမှတ်အဖြစ် လေးမျက်နှာကျောက်တိုင်ကြီးတစ်တိုင်ကို စိုက်ထူထားခဲ့ကြသည်။ ထိုလေးမျက်နှာကျောက်တိုင်ကြီးကို စံကင်းဆရာတော်ဘုရားကြီးက 'မေတ္တာကျောက်တိုင်'ဟု သမုတ်တော်မူခဲ့သည်။ ထိုကျောက်တိုင်၏မျက်နှာလေးဖက်တို့တွင် (၁) ဂရုဓမ္မနိစ္စသီလသြဝါဒကျောက်စာ၊ (၂) ဘာဝနာရတသြဝါဒကျောက်စာ၊ (၃) သာရဏီယသြဝါဒကျောက်စာနှင့်

http://www.dhammadownload.com

(၄) စံကင်းဆရာတော်ကြီး၏ သာသနာပြုမှတ်တမ်းကျောက်စာ– ဟု ကျောက်စာလေးချပ် မြှုပ်နှံထားရှိခဲ့ပါသည်။ *၁

ကာလသုံးပါးဘုရားရှိခိုး

စံကင်းမဟော်တာကျောက်တိုင်ကြီး၏ တောင်ဘက်မျက်နှာရှိ ဘာဝနာရတနာသြဝါဒကထာကျောက်ချပ်တွင် အောက်ပါဘုရားရှိခိုးဂါထာတစ်ပုဒ်ကို ထည့်သွင်းရေးထိုးထားသည်။

ယော စ ဗုဒ္ဓါ အတီတာ စ၊
ယော စ ဗုဒ္ဓါ အနာဂတာ။
ပစ္စုပ္ပန္နာ စ ယော ဗုဒ္ဓါ၊
အဟံ ဝန္ဒာမိ သဗ္ဗဒါ။ ။

အတီတာ = ကပ်အသခ္ချေလွန်လေပြီးကုန်သော၊ ယော စ ဗုဒ္ဓါ = ဂဂိါဝါဋ္ဌ သဲစုမကပွင့်ကြလေငြား အကြင်မြတ်စွာဘုရားတို့သည်လည်းကောင်း။ အနာဂတေ= အရိမေတ္တေယျ ဤဘဒ္ဒကပ်စ၍ရေတွက် အဆက်ဆက်ပွင့်တော်မူလတ္တံ့ကုန်သော၊ ယော စ ဗုဒ္ဓါ = အကြင်ဘုရားရှင်တို့သည်လည်းကောင်း။ ပစ္စုပ္ပန္နာ = ပွင့်တော်မူပြီးဖြစ်ကုန်သော၊ ယော စ ဗုဒ္ဓါ = ဂေါတမလျှင် စတင်ရေတွက်မူ အကြင်လေးဆူသော ဘုရားရှင်တို့သည်လည်းကောင်း။ အတ္ထိသန္တိ = ရှိတော်မူကြလေကုန်၏။ တေ ဗုဒ္ဓေ = အတီတ်,အနာဂတ်,ပစ္စုပ္ပန် သုံးတန်ပိုင်းခြားကာလအားဖြင့် များပြားထင်ရှား ထိုရှင်ပင် ဘုရားတို့ကို၊ အဟံ = အကျွန်ုပ်သည်၊ သဗ္ဗဒါ = အခါခပ်သိမ်း၊ ဝန္ဒာမိ = ရှိခိုးပါ၏ဘုရား။

'ယော စ ဗုဒ္ဓါ အတီတာ စ'–အစချီသောအထက်ပါဂါထာကို စံကင်းဆရာတော်ဘုရားကြီးသည် သာမဏေဘဝမှစ၍ တစ်သက်ပန်လုံး ရှိသေလေးမြတ်စွာရွတ်ဆိုသရဇ္ဈာယ်တော်မူခဲ့ပြီး၊ မိမိနှင့်နီးစပ်သော ဉာတိမိတ္တ တပည့်ရှင်လူတို့အားလည်း အန္တရာယ်ကင်းကြစေခြင်းငှာ 'ရွတ်ဖတ်ကြ'ဟု ဖြန့်ဝေပေးတော်မူခဲ့ပါသည်။

ထိုဂါထာကို အရှင်နန္ဒပညာရေးသော စူဠဝန္တ ဝံသကျမ်း၌ 'သီရိလင်္ကာရှိ ရှေးပညာရှိတို့ရေး၍ အတီတာနာဂတပစ္စုပ္ပန္နဝန္ဒနာဂါထာအမည်ရကြောင်းဖော်ပြထားပြီး၊ *၂ မြို့သာဘုန်းကြီးဦးအာလောက *၃နှင့် ဆရာတော်ဦးတိလောကသာရ(ရဝေထွန်း) *၄ တို့က 'ကာလသုံးပါးဘုရားရှိခိုး'ဟူ၍လည်းကောင်း၊ စင်္ကာပူနိုင်ငံ၊ ပီနန်မြို့၊ ဓမ္မိကာရာမကျောင်းဆရာတော်ဦးပညာဝံသ *၅က 'တိကာလိကဝန္ဒနာ–ကာလသုံးပါးဘုရားရှိခိုး'ဟူ၍လည်းကောင်း ခေါ်ဆိုခဲ့ကြပါသည်။

ကျစ္စာမင်းကြီးဘုရားရှိခိုး၊ ခါမင်းပရိတ်၊ ရန်ကင်းချောင်ဘုရားရှိခိုးနှင့် မဟာဝဏ္ဏပဋာကာမ စသည်

အထက်ဖော်ပြပါ 'ယော စ ဗုဒ္ဓါ အတီတာ စ' အစချီသော ကာလသုံးပါးဘုရားရှိခိုးဂါထာနှင့်ဆင်ဆင်တူသော ဘုရားရှိခိုးဂါထာတို့ကို ရှေးစာပေတို့၌အောက်ပါအတိုင်းတွေ့ရ၏။

---

*၁ ဥူးမာနိတသီရိနှင့် ဥူးနန္ဒမာလာဘိဝံသတို့၏ စံကင်းဆရာတော်။ ၁၉၇၂–ခုနှစ်။ (စာမျက်နှာ–၄၃၃)။

*၂ အတီတာနာဂတ ပစ္စုပ္ပန္နဝန္ဒနဂါထာ ၈ (ပ) ဣမေ ဗုဒ္ဓပဏာမ ဂါထာဒိကာ ဂါထာ ယော ပဏ္ဍိတောဟိ လင်္ကာဒီပါဒီသုဠာနေသု ကထာ အဟေသုံ– ဒုတိယပရိဒ္ဓေဒ၊ စူဠဝန္တ ဝံသပါဠိ။ CD-Rom Version 3 from Dhammagiri.

*၃ ဦးအာလောကာ၏သိဟိုဠ်တဆဲခြောက်ဌာနဘုရားရှိခိုး။ ၁၉၅၉–ခုနှစ်။ (စာမျက်နှာ–၈၇)

*၄ ရဝေထွန်း၏ကာလသုံးပါးဘုရားရှိခိုး(ဆောင်းပါး)။ မြတ်ဆုမွန်မဂ္ဂဇင်း။ အတွဲ–၁၊ အမှတ်–၇။ ၁၉၈၉–ခုနှစ်။ (စာမျက်နှာ–၇)။

*၅ ဦးပညာဝံသ၏လက်ခဲ့သုံးဆူရတနာဘုရားရှိခိုး။ ၁၉၈၆–ခုနှစ်။ (စာမျက်နှာ–၆)။

http://www.dhammadownload.com

ပုဂံခေတ်(အေဒီ ၁၀၄၄–၁၂၈၇)တွင် ကျမ်းဂန်စာပေကျန်လှသည်ဟုထင်ရှားခဲ့သော ကျစွာမင်းကြီး (အေဒီ ၁၂၃၅–၁၂၄၉)သည် ပုဂံမြို့၏အရှေ့တောင်ဘက် (၈) မိုင်အကွာ တူရွင်းတောင်ခြေရင်းရှိ မြကန်အနီးဌ မင်းတဲဆောက်၍ တစ်နေ့လျှင် စာခုနစ်ပါးချတော်မူကာ စာသင်သားတို့၏အကျိုးငှာ ပရမတ္ထဗိန္ဓုနှင့် သဒ္ဒဗိန္ဓု (သဒ္ဒါငယ်ကျမ်း)နှစ်စောင်ကို ရေးသားတော်မူခဲ့၏။ 'ထိုကျစွာမင်းကြီး အမြဲရွတ်ဆိုလေ့ရှိသောဂါထာ'–ဟု ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ တိုမြန်မာဝတ်ရွတ်စဉ်စာအုပ်တွင်ဖော်ပြထားသည့်ဂါထာတစ်ပုဒ်မှာ–

ဂင်္ဂါယ ဝါဠုကာ တုလျာ၊
ဗုဒ္ဓါ တိတာ အနာဂတာ။
ပစ္စုပ္ပန္နေန*၁ ယေ ဗုဒ္ဓါ၊
အဟံ ဝန္ဒာမိ သမ္ဗဒါ–ဟုဖြစ်ပါသည်။*၂

ထိုကျစွာမင်းကြီးလက်ထက် အေဒီ ၁၂၄၁–ခုနှစ်တွင်ရေးထိုးသော ပုဂံမြို့ မင်းနန်သူရွာ၊ လက်ပွတ်ကန် ဘုရား(ဘုရားအမှတ်–ရ၁၁)အုတ်ဂူအတွင်းရှိ သွင်ဖွားကြီးမြေး စိုးမင်းကျောက်စာ(ကြောင်းရေ–၁)တွင်လည်း ကာလသုံးပါး ဘုရား, တရား, သံဃာရှိခိုးဂါထာတစ်မျိုးကို ဤသို့တွေ့ရပြန်ပါသည်။

နမော ဗုဒ္ဓညွ ဓမ္မညွ သဃ်ညွ
အတီတံ ပစ္စုပ္ပန္နံ အနာဂတံ
တယောသမယေ ဥဒိသန္တိ–ဟုဖြစ်သည်။*၃

ထို့ပြင် ကုန်းဘောင်ခေတ်နောင်း ၁၂၄၄–ခုနှစ်၊ တပို့တွဲလ (အေဒီ ၁၈၈၃–ခု၊ ဇန်နဝါရီလ)တွင် ရေးကူးပြီးသော ပရိတ်ငယ်ပေမူပါ ခါမင်းပရိတ်တော်တွင်လည်း ကာလသုံးပါးဘုရားရှိခိုးဂါထာတစ်မျိုးကို အောက်ပါအတိုင်း တွေ့ရှိရပြန်ပါသည်။

အတီတာ နာဂတာ ဗုဒ္ဓါ၊
ပစ္စုပ္ပန္နာ ပါလေန္တု မေ–ဟုဖြစ်ပါသည်။*၄

ခါမင်းပရိတ်ဂါထာပါ ခါမင်းသည် ဂေါတမမြတ်စွာဘုရားလောင်း ခါမင်းနှစ်ကြိမ်ဖြစ်ရာတွင် ခါ, မျောက်, ဆင် သုံးဦးတို့အချင်းချင်း မည်သူ့ကိုအရှိအသေပြုရမည်ကိုစုံစမ်းသော ကေကနီပါတ်၊ တိတ္တိရဇာတ်တော်လာ ခါမင်းဖြစ်ပေလိမ့်မည်။ (ဇာ၊ ၁။၉။ ဇာ၊ ဋ္ဌ၊ ၁။၂၁၃။)။

ရွှေကျင်နိကာယဝင်၊ မင်းကွန်းတောင်ရိုး၊ မဟာဝိသုဒ္ဓါရုံရန်ကင်းချောင်ဆရာတော်ကြီး (အေဒီ ၁၈၈၀–၁၉၆၃)သည် ဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်းကို အလွန်အလေးအမြတ်ထားအားထုတ်တော်မူသော မဟာထေရ်ကြီး ဖြစ်ပါသည်။ ထိုဆရာတော်ကြီးရှိခိုးပူဇော်ခဲ့သော ဘုရားရှိခိုးများနှင့်ပုတီးစိပ်နည်းတို့ကို စုစည်း၍ တပည့်ဖြစ်သူ ဦးဇဋိလ က ၁၉၅၃–ခုနှစ်တွင်ပထမအကြိမ်၊ ၁၉၆၃–ခုနှစ်တွင်ဒုတိယအကြိမ် နှစ်ကြိမ်တိုင် စာတစ်အုပ်ပြုလုပ်၍ ပုံနှိပ်ထုတ်ဝေခဲ့ဖူးပါသည်။ ထိုရန်ကင်းချောင်ဆရာတော်ကြီး၏ဘုရားရှိခိုးအမျိုးမျိုးစာအုပ်၌ 'အတီတ်, ပစ္စုပ္ပန်,

---

*၁ ပစ္စုပ္ပန္နာ ဓ–ဟု ရှိသင့်သည်။

*၂ သခင်ကိုယ်တော်မှိုင်း၏ တိုမြန်မာဝတ်ရွတ်စဉ်။ ၁၉၉၀–ပြည့်နှစ်။ (စာမျက်နှာ–၁၅၃)။ သက်ထက်ဇနီး၏ ထီးသုံးနန်းလာဂါထာတော်များ။ ၂၀၀၄–ခုနှစ်။ (စာမျက်နှာ–၇၂)။

*၃ ဦးဇြဒိမိုးမောင်၏ ရှေးဟောင်းမြန်မာကျောက်စာများ၊ ဒုတိယတွဲ။ ၁၉၈၂–ခုနှစ်။ (စာမျက်နှာ–၂၇)။

*၄ မောင်လွင်ရည်၏ သမ္ဗသိဒ္ဓိပရိတ်ငယ်များ။ ၁၉၉၃–ခုနှစ်။ (စာမျက်နှာ–၁၁၆)။

http://www.dhammadownload.com

အနာဂတ်ပွင့်တော်မူကြသော ဘုရားရှင်တို့ကိုရှိခိုးရန်' ဟူ၍ ကမ္ဘည်းတပ်ပါရှိသော ကာလသုံးပါးဘုရားရှိခိုးတစ်ပုဒ်မှာလည်း အောက်ပါအတိုင်းဖြစ်လေသည်။

အဇ္ဇတိတာ စ သမ္မဒ္ဓါ၊
ပစ္စုပ္ပန္နော စ နာဂတာ။
ဝန္ဒေတေ ဗောဓိမဏ္ဍော၀၊
ဗုဒ္ဓသင်္ခေ္ပ သသာ၀ကေ–ဟုဖြစ်ပါသည်။*၁

ထို့ပြင် မြတ်စွာဘုရားရှင်မဟာပရိနိဗ္ဗာန်စံတော်မူပြီးနောက် အနှစ်(နှစ်ရာ)ကာလအကြာ ဒုတိယသံဂါယနာတင်ပွဲအပြီးတွင် အိန္ဒိယနိုင်ငံအနောက်မြောက်ဘက်ပိုင်းဒေသ၌ထင်ရှားခဲ့သော မဟာသံဃိကဂိုဏ်း၊ ထိုဂိုဏ်းနှင့် အနွယ်တူ လောကုတ္တရာ၀ါဒီဗုဒ္ဓဘာသာဂိုဏ်းစသည့်ဂိုဏ်းတို့မှဂိုဏ်းသားများ အေဒီ ၄–ရာစုနှင့် ၅–ရာစုအတွင်း ပြုစုရေးသားခဲ့ကြသော မဟာ၀ဿ္တုအ၀ဒါန (Mahāvastu Avadāna) အမည်ရှိသော ကျမ်း၏အဖွင့် ရတနာတ္တယပဏာမဘုရားရှိခိုးဂါထာသည် ကာလသုံးပါးဘုရားရှိခိုးဖြစ်ကြောင်းကိုတွေ့ရပါသည်။ *J

သဟမ္မတိဗြဟ္မာကြီး၏ လျှောက်ထားချက်

အထက်၌ဖော်ပြခဲ့သော 'ယေ စ ဗုဒ္ဓါ အတီတာ' အစချီသော ကာလသုံးပါးဘုရားရှိခိုးဂါထာတို့နှင့် အဖွဲ့ချင်းတူသောဂါထာပါဠိတို့ကို သံယုတ္တနိကာယ၊ သဂါထာ၀ဂ္ဂ၊ ဂါရ၀သုတ် (သံ၊ ၁။ ၁၄၀)နှင့် အဂုတ္တရနိကာယ၊ စတုက္ကနိပါတ၊ ဥရုဝေလ၀ဂ္ဂ၊ ပဌမဥရုဝေလသုတ်(အံ၊ ၁။ ၃၂၂)တို့၌ အောက်ပါအတိုင်းတွေ့ရပါသည်။

မြတ်စွာဘုရားရှင်သည် သမ္ဗဉ္ဇုတညာဏ်တော်ကိုရ၍ ဘုရားဖြစ်ပြီးစအခါ နေရွှေ့ရာမြစ်အနီး ဥရုဝေလတောအုပ်ရှိ အဇပါလညောင်ပင်(အဇပါလနိဂ္ရောဓ)ရင်း၌စံနေတော်မူစဉ် 'သူတစ်ပါး၌ ရှိသေသမှုမပြုဘဲနေခြင်းသည် ဆင်းရဲ၏။ ငါသည် အဘယ်မည်သော ကိလေသာခပ်သိမ်းငြိမ်းအေးပြီးသူ မကောင်းမှုကိုအပယ်ပြုပြီးသူကို အရိုအသေအလေးအမြတ်ပြု၍ ဆည်းကပ်ပြီးလျှင်နေရပါမည်နည်း' ဟု စဉ်းစားတော်မူခဲ့၏။ ထို့နောက် ဆက်လက်၍ 'ငါသည် မပြည့်စုံသေးသော သီလ,သမာဓိ,ပညာ,ဝိမုတ္တိ စသည့်ဂုဏ်တို့နှင့်ပြည့်စုံစေရန် ငါ့ထက် ထိုသီလစသည်သာလွန်သူကို ဆည်းကပ်၍သာနေပေအံ့' ဟု ကြံစည်တော်မူပြီး၊ မိမိထက် သီလစသည်သာလွန်သူကို သမ္ဗဉ္ဇုတ္တရညာဏ်တော်ဖြင့် ဆင်ခြင်ကြည့်ရှုတော်မူသောအခါ ဘုံသုံးပါး၌ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရှိရကား 'ငါသည် မိမိထိုးထွင်း၍သိပြီးသောတရားတော် (၀မ္မ) ကိုသာလျှင် အရိုအသေအလေးအမြတ်ပြု၍နေရမူကောင်းလေစွ'*၃ ဟူသော အကြံအစည်ဖြစ်တော်မူခဲ့၏။

ထိုအခါ သဟမ္မတိဗြဟ္မာကြီးသည် မြတ်စွာဘုရား၏စိတ်အကြံတော်ကိုသိပြီးလျှင် ဘုရားရှင်၏ထံတော်မှောက်သို့ တမုဟုတ်ချင်းရောက်ရှိလာကာ မြေဦးထောက် လက်အုပ်ကိုချီမြှောက်လျက် 'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ရှင်တော်ဘုရား၏ကျင့်အကြံသည် မှန်ပါပေသည်ဘုရား၊ အတိတ်ကာလ၌ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့သည်လည်း တရားတော်(၀မ္မ)ကိုသာလျှင် အရိုအသေအလေးအမြတ်ပြု၍ နေရိုးရှိကြပါသည်။

---

*၁ ရုန်ကင်းချောင်ဆရာတော်ကြီး၏ ဘုရားရှိခိုးအမျိုးမျိုးနှင့်ဂုဏ်တော်ပုတီးစိပ်နည်း။ ၁၉၆၃–ခုနှစ်။ (စာမျက်နှာ–၃)။

*J 'Om! Homage to the glorious mighty Buddha, and to all Buddhas, past, future and present.' J.J.Jones(Tr.)' The Mahāvastu. Vol.I. 1949. Page-1. ထိုမဟာ၀ဿ္တုကျမ်းကို မဟာသဃိကလောကုတ္တရ၀ါဒီဂိုဏ်းသားများက ဝိနယဝိဒူကအဖြစ် ရွေးဦးပထမအသုံးပြုခဲ့ကြသည်။ Dr. Malalasekera (ed.)' Encyclopaedia of Buddhism. Vol.VI, Fascicle 3. 2002. Page-470 and Fascicle 4. 2002. Page-503.

*၃ ယံ နူနာဟံ ယွာဃံ ဓမ္မော မယာ အဘိသမ္ဗုဒ္ဓေါ တမေ၀ ဓမ္မံ သက္ကတ္တော ဂရုံ ကတ္တာ ဥပနိဿာယ ဝိဟရေယ္ယံ– အံ၊ ၁။ ၃၂၂။ သံ၊ ၁။ ၁၄၁။

http://www.dhammadownload.com

နောင်အနာဂတ်၌ပွင့်တော်မူကြမည့် ဘုရားရှင်တို့သည်လည်း တရားတော်(၀မ္မ)ကိုသာလျှင် အရိုအသေပြုနေကြပါကုန်လတ္တံ့။ ပစ္စုပ္ပန်ကာလ၌ပွင့်တော်မူသော ရှင်ပင်ဘုရားသည်လည်း တရားတော်(၀မ္မ)ကိုသာလျှင် အရိုအသေ အလေးအမြတ်ပြု၍ နေတော်မူစေချင်ပါသည်ဘုရား'ဟု လျှောက်ထားပြီးလျှင်၊ ပါဠိသုံးဂါထာတို့ကိုဆက်၍ လျှောက်ထားလေရာ ပထမဂါထာတွင်-

ယေ စ အတီတာ သမ္မဒ္ဓါ၊
ယေ စ ဗုဒ္ဓါ အနာဂတာ၊
ယော စေ တရဟိ သမ္မဒ္ဓေါ-ဟုပါရှိလေသည်။

သဟမွတိပြဟ္မာကြီး၏လျှောက်ထားချက်၌ပါသော 'ယေ စ အတီတာ သမ္မဒ္ဓါ၊ ယေ စ ဗုဒ္ဓါ အနာဂတာ' ဟူသော ဂါထာအသွားကိုယူ၍ ရှေးရှေးမထေရ်ကျော်ကြီးတို့ အထက်၌ဖော်ပြခဲ့သော ကာလသုံးပါးဘုရားရှိခိုးဂါထာတို့ကို ရေးဖွဲ့တော်မူခဲ့ကြသည်ဟုဆိုလျှင် ဆိုသင့်သည်ပင်။

ဥပါလိမထေရ်ကြီး၏ ထေရာပဒါန်းကျူးရင့်သံ

ထို့ပြင် ခုဒ္ဒကနိကာယ်၊ အပဒါနပါဠိတော်၊ ဗုဒ္ဓဝဂ္ဂ၊ဥပါလိထွေရအပဒါန်းလာ ဝိနယဒေဝဒဂ်ရ အရှင်ဥပါလိမထေရ်ကြီး၏ ထေရာပဒါန်းကျူးရင့်သံဖြစ်သော အောက်ဖော်ပြပါဂါထာတွင်လည်း အတိတ်,ပစ္စုပ္ပန်,အနာဂတ် တို့၌ ပွင့်ပြီး,ပွင့်ဆဲ,ပွင့်လတ္တံ့သော ဘုရားပစ္စေကဗုဒ္ဓါရဟန္တာအရှင်တို့ရှိတော်မူကြပုံနှင့် ထိုအရှင်တို့၏ဝတ်ရုံဆင်မြန်းသောမြတ်သက်နန်းကို ရည်မှန်း၍ပူဇော်ထားလေရာ ကာလသုံးပါးဘုရားရှိခိုးဂါထာလေ့လာသူတို့အဖို့ မှတ်သားဖွယ်ရာဂါထာတစ်ပုဒ်ဖြစ်ပြန်သည်။ ထိုဂါထာမှာ-

အတ္ထဒဿီတာ စ ယေ ဗုဒ္ဓါ၊
ဝတ္တမာနာ အနာဂတာ။
ဧဇေနာနေန သုဂ္ဂန္ဓီ၊
တသ္မာ တေ နမသၸိတာ -ဟုဖြစ်ပါသည်။

အပ၊ဘ။၅၂။ အပ၊ဘ။၂၉၈။ ထေရ၊ဋ္ဌ၊ဘ။၄၄၄။

အထက်ပါဂါထာကို မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး (အေဒီ ၁၈၃၈-၁၉၁၅)ပြင်ဆင်၍ အနက်ပေးတော်မူသည်မှာ အောက်ပါအတိုင်းဖြစ်သည်။

> အတ္ထဒဿီတာ= ရှေးလွန်လေကုန်ပြီးသော၊ ယေ စ ဗုဒ္ဓါ= အကြင်ဘုရားပစ္စေကဗုဒ္ဓါရဟန္တာတို့သည်လည်းကောင်း၊ ပစ္စုပ္ပန္နာ= ယခုဖြစ်ဆဲကုန်သော၊ ယေ စ ဗုဒ္ဓါ= အကြင်ဘုရားရဟန္တာတို့သည်လည်းကောင်း၊ အနာဂတာ= နောင်လာလတ္တံ့ကုန်သော၊ ယေ စ ဗုဒ္ဓါ= အကြင်ဘုရားပစ္စေကဗုဒ္ဓါရဟန္တာတို့သည်လည်းကောင်း၊ သန္တိ = ရှိကြကုန်၏။ တေ ဗုဒ္ဓါ= ထိုဘုရားပစ္စေကဗုဒ္ဓါရဟန္တာအရှင်ကောင်းတို့သည်၊ အနေန ဧဇေန= ဤဖန်ရည်စွန်းသောသင်္ကန်းအလံအောင်တံခွန်ဖြင့်၊ သုဂ္ဂန္ဓီ = ကိလေသာညစ်ထေး သံသာဘေးမှ ကင်းဝေးစင်ကြယ်တော်မူကြကုန်၏။ တသ္မာ= ထို့ကြောင့်၊ တေဝံဖေံ= ဤဖန်ရည်စွန်းသောသင်္ကန်းအလံအောင်တံခွန်ကို၊ နမသၸိယံ= ရှိခိုးထိုက်လှပေ၏-ဟူ၍ဖြစ်ပါသည်။[*၁]

[*၁] မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး၏ ဆိုဒ္ဓပိဓာနနိကျမ်း။ ၁၉၆၂-ခုနှစ်။ (စာမျက်နှာ-၅၂)။ ပါဠိတော်၌ 'ဧတေ နမသၸိတာ'ဟုရှိသည်ကို ဆရာတော်ကြီးက 'တေ နမသၸိယံ'ဟု ပြင်၍အနက်ပေးတော်မူပါသည်။

http://www.dhammadownload.com

ကာလသုံးပါးဘုရားရှိခိုးဂါထာကိုလေ့လာခြင်း

'ယေ စ ဗုဒ္ဓါ အတီတာ' အစချီသော ကာလသုံးပါးဘုရားရှိခိုးဂါထာကို 'သီရိလင်္ကာနိုင်ငံ၌ ရှေးနှစ်ပေါင်းများစွာကပင်ရွတ်ဆိုပူဇော်ခဲ့ကြပြီး အခြားဗုဒ္ဓဘာသာနိုင်ငံများတွင်လည်းရွတ်ဆိုပူဇော်ကြလိမ့်မည်' ဟု သီရိလင်္ကာဆရာတော်အရှင်သဒ္ဓါတိဿမထေရ် ရေးသားဖူးပါသည်။[*၁] ရှေးရေးလောကီသုတလင်္ကာရကျမ်းတွင် 'ဤဂါထာကို အဇာတသတ်မင်းကြီးသည် နေ့ညမပြတ်နှုတ်ရသရွှာယ်သောကြောင့် ဘေးဒဏ်ခပ်သိမ်းငြိမ်းသည်' ဟူ၍လည်းကောင်း၊ မြန်မာနိုင်ငံ ရာမညဒေသ ဟံသာဝတီပြည့်ရှင် ရာမာဓိပတိသီရိပရမမဟာဓမ္မရာဇာဓိရာဇ်ဘွဲ့ခံ ဓမ္မစေတီမင်း(အေဒီ ၁၄၈၆–၁၅၃၁) သရဏွာယ်စေခြင်းငှာ ဝက်ပါဆရာတော်ဆက်သွင်းသောဂါထာဖြစ်သည်' ဟူ၍လည်းကောင်း မြန်မာ့သမိုင်းပညာရှင်ဆရာကြီးဦးမောင်မောင်တင်(မဟာဝိဇ္ဇာ) ရေးသားဖူးလေသည်။[*၂]

ထိုကာလသုံးပါးဘုရားရှိခိုးဂါထာ၌ ဂေါတမမြတ်စွာဘုရားရှင်ပွင့်တော်မမူမီ ရှေးရှေးသောအတိတ်ကာလကပွင့်တော်မူခဲ့ကြသည့် မြတ်စွာဘုရားရှင်အဆူဆူတို့အားလည်းကောင်း၊ ဤဘဒ္ဒကမ္ပာ၌ပွင့်တော်မူခဲ့ကြသော သံ,ဂုံ,ပ,မ–လေးဆူကုန်သောဘုရားရှင်တို့အားလည်းကောင်း၊ အနာဂတဟု နောင်အခါကာလ၌ ပွင့်တော်မူလတ္တံ့ဖြစ်သော မေတ္တေယျရှင်မှစ၍ အဆူဆူသောဘုရားရှင်တို့အားလည်းကောင်း မြတ်နိုးတန်ခိုးပူဇော်သည်ဖြစ်ပါ၍ ထိုကာလသုံးပါးဘုရားရှိခိုးဂါထာ၌ရည်ညွှန်းဖော်ပြထားသော ပွင့်ပြီး–ပွင့်ဆဲ–ပွင့်လတ္တံ့သော ဘုရားရှင်အဆူဆူတို့၏အကြောင်းတို့ကိုလည်း အနည်းငယ်ချဲ့၍တင်ပြလိုပေသည်။

အတိတ်၌ပွင့်တော်မူခဲ့ကြသောဘုရားရှင်များ

ကာလသုံးပါးဘုရားရှိခိုးဂါထာပါ ပထမပါဒဖြစ်သော 'ယေ စ ဗုဒ္ဓါ အတီတာ စ' ၏အဓိပ္ပာယ်မှာ 'ဂေါတမမြတ်စွာဘုရားမတိုင်မီ အတိတ်ကာလ၌ပွင့်တော်မူခဲ့ကြသောမြတ်စွာဘုရားတို့သည်လည်းကောင်း' ဟုဖြစ်သည်။

ဒီဃနိကာယ်၊ မဟာဝဂ္ဂ၊ မဟာပဒါနသုတ်တွင် ဂေါတမမြတ်စွာဘုရားရှင်သည် သုဒ္ဓါဝါသပြဟ္မာဘုံသို့ကြွတော်မူရာ ဝိပဿီအစရှိသောရှေးဘုရားခုနစ်ဆူတို့၏တပည့်သာဝကဖြစ်ကြကုန်သော ပြဟ္မာကြီးတို့က မိမိတို့သိမှီလိုက်သည့် ထိုရှေးဘုရားခုနစ်ဆူတို့၏အကြောင်းအရာများကို ဂေါတမမြတ်စွာဘုရားရှင်အားလျှောက်ထားခဲ့ကြသည်။ ဒီ၊ ၂။၄၂။

ထိုဒီဃနိကာယ်၊ ပါထိကဝဂ္ဂ၊ အာဋာနာဋိယသုတ်တွင်လည်း ထိုဝိပဿီအစရှိသော ရှေးဘုရားခုနစ်ဆူတို့၏အကြောင်းကို ဝေဿဝဏ်နတ်မင်းကြီးက ရာဇဂြိုဟ်ပြည် ဂိဇ္ဈကူဋ်တောင်၌သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားရှင်အားလျှောက်ထားရာ၌ တွေ့ရပြန်ပါသည်။ ဒီ၊ ၃။၁၅၉။

ခုဒ္ဒကနိကာယ်၊ ဗုဒ္ဓဝင်ပါဠိတော်၌ ဂေါတမမြတ်စွာဘုရားရှင်က 'ဤကမ္ပာမှစ၍ရေတွက်သော် လေးသင်္ချေနှင့်ကမ္ပာတစ်သိန်းအထက်ကပွင့်တော်မူခဲ့သော ဒီပင်္ကရာမြတ်စွာဘုရားထံတော်ရင်းမှစ၍ နိယတဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူခဲ့သည်မှာ ကဿပမြတ်စွာဘုရားရှင်လက်ထက်တော်တိုင်အောင် ဘုရားရှင်ပေါင်းမှာ (၂၄) ဆူဖြစ်သည်' ဟု ရှေးဘုရားရှင် (၂၄) ဆူတို့၏ဗုဒ္ဓဝင်ဖြစ်စဉ်တို့ကို ဟောကြားထားတော်မူပေသည်။

---

*၁ H. Saddhātissa(Tr.)' The Birth-Stories of the Ten Bodhisattas. 1975. Page-18.

*၂ ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)၏ အဋ္ဌာနမေတ္တဂါထာတော်(ဆောင်းပါး)။ မြတ်ဆုဓွန်မဂ္ဂဇင်း။ အတွဲ–၁၊ အမှတ်–၃။ ၁၉၈၈–၃၄၈။ (စာမျက်နှာ–၃၈)။

http://www.dhammadownload.com

သို့လျှင် ပိဋကတ်ပါဠိတော်၌ ဝိပဿီဘုရားမှစ၍ ရှေးဘုရား(၇)ဆူ၊ ဒီပင်္ကရာဘုရားအစရှိသော ရှေးဘုရား(၂၄)ဆူစသည်ဖြင့် ရှေးရှေးသောဘုရားရှင်တို့အကြောင်းတို့ကိုဖော်ပြထားပြီး သိရိလင်္ကာကျွန်း၌ အဋ္ဌကထာကျမ်းပြုအရှင်မဟာဘုဒ္ဓဃောသမထေရ်နှင့် ခေတ်ပြိုင်ပေါ်ထွန်းခဲ့သော စူဠဘုဒ္ဓဃောသမထေရ်၏ သောတတ္ထကီကျမ်း၌မူ ဤကမ္ဘာမှပြန်၍ရေတွက်သော် အသင်္ချေ(၂၀)*၁နှင့် ကမ္ဘာတစ်သိန်းကာလအတွင်း ပွင့်တော်မူကြကုန်သောရှေးဘုရားဆူရေပေါင်းမှာ ငါးသိန်းကျော်ရှိကြောင်းဖော်ပြထားသည်။ ထိုသောတတ္ထကီကျမ်း၌ ရှေးဘုရားငါးသိန်းကျော် ပွင့်တော်မူသောကာလအသင်္ချေအကြောင်းကို အကျဉ်းချုံး၍ စိန္တိ တံ သတ္တသင်္ချေယျံ–အစရှိသော အောက်ပါဂါထာဖြင့်ဖွဲ့ဆိုထား၏။

စိန္တိ တံ သတ္တသင်္ချေယျံ၊
နဝါသင်္ချေယျ ဝါစကံ။
ကာယဝါစံ စတုချာတံ၊
ဗုဒ္ဓတ္တံ သမုပါဂမိ။ ။

ဗောဓိသတ္တော= ဂေါတမဘုရားလောင်းသည်၊ သတ္တ အသင်္ချေယျံ= ခုနစ်အသင်္ချေကာလ ပတ်လုံး၊ စိန္တိ တံ= ဘုရားအဖြစ်ကို စိတ်ဖြင့်သာကြံခဲ့ရသည်ဖြစ်၍၊ နဝ အသင်္ချေယျ ဝါစကံ= ကိုးအသင်္ချေကာလပတ်လုံး နှုတ်ဖြင့်သာဆုတောင်းခဲ့ရသည်ဖြစ်၍၊ စတုအချာတံ= လေးအသင်္ချေကာလပတ်လုံး၊ ကာယဝါစံ= ကိုယ်, နှုတ်နှစ်ပါးဖြင့်သာ ဆုတောင်းခဲ့ရသည်ဖြစ်၍၊ တေန= ထိုသို့ခုနစ်အသင်္ချေ ကြဲ၍, ကိုးအသင်္ချေ နှုတ်မြွက်ဆုတောင်း၍, လေးအသင်္ချေ ကိုယ်, နှုတ် နှစ်ပါးဖြင့် ဆုတောင်းခဲ့သောကြောင့်၊ ဗုဒ္ဓတ္တံ=ဘုရားအဖြစ်သို့၊ သမုပါဂမိ= ရောက်ရလေပြီ။ ။*၂

သောတတ္ထကီကျမ်း၌လာသော စိန္တိ တံ–အစရှိသောဂါထာအရ ဂေါတမဘုရားရှင်သည် ကမ္ဘာတစ်သိန်းနှင့် အသင်္ချေပေါင်း(၂၀) ကာလအတွင်း စိတ်ဖြင့်, နှုတ်ဖြင့်, ကိုယ်, နှုတ်တို့ဖြင့် ဘုရားဆုပန်ခဲ့ရာတွင် ထိုကာလ အသင်္ချေအတွင်း တွေ့ကြုံဆုံစည်းခဲ့ရသောဘုရားရှင်ပေါင်းမှာ အောက်ပါအတိုင်းဖြစ်သည်။*၃

၁။ ခုနစ်အသင်္ချေအတွင်း စိတ်ဖြင့်ဆုပန်သောဘုရားပေါင်း		၁၂၅,၀၀၀–ဆူ
၂။ ကိုးအသင်္ချေအတွင်း နှုတ်ဖြင့်ဆုပန်သောဘုရားပေါင်း		၃၈၇,၀၀၀–ဆူ
၃။ လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်းအတွင်း ကိုယ်, နှုတ်တို့ဖြင့်ဆုပန်သောဘုရားပေါင်း	+	၂၈–ဆူ
အသင်္ချေ(၂၀)နှင့်ကမ္ဘာတစ်သိန်းကာလအတွင်းဘုရားရှင်စုစုပေါင်း	=	၅၁၂,၀၂၈–ဆူ

---

*၁ အသင်္ချေ ဆိုသည်မှာ အရေအတွက်သင်္ချာမရှိလောက်အောင်များသော (တစ်နည်း) မရေမတွက်နိုင်သောအဓိပ္ပာယ်ရသော်လည်း၊ ဤနေရာ၌ အသင်္ချေ(၂၀)ဆိုသည်မှာ ကမ္ဘာအသင်္ချေဖြင့် ရေတွက်ဖော်ပြထားခြင်းဖြစ်သည်။ ကမ္ဘာအသင်္ချေဟူသည်မှာလည်း ပမာအားဖြင့် ဒီပင်္ကရာဘုရားနှင့် ကောဏ္ဍညဘုရားအကြား၌ ကုန်လွန်သွားသောကမ္ဘာအသင်္ချေသည် တစ်သင်္ချေဖြစ်၏။ ဤသို့ ဘုရားတစ်ဆူနှင့်တစ်ဆူတို့၏အကြား၌ ကုန်လွန်သွားသော 'ကမ္ဘာအသင်္ချေအများ–၂၀'ကိုဆိုလိုသည်။ တိပိဋကပါဠိ–မြန်မာအဘိဓာန်၊ အတွဲ–၃။ ၁၉၇၁–ခုနှစ်။ (စာမျက်နှာ–၉၂၇)။

*၂ အရှင်အာလောကာ၏ သောတတ္ထကီပါဠိနိဿကျမ်း။ ၁၉၂၈–ခုနှစ်။ (စာမျက်နှာ–၉၄)။

*၃ အရှင်အာလောကာ၏ သောတတ္ထကီပါဠိနိဿကျမ်း။ ၁၉၂၈–ခုနှစ်။ (စာမျက်နှာ–ဃ)။

http://www.dhammadownload.com

ထိုသောတတ္ထကိကျမ်းဌလာသော ရှေးဘုရားရှင် (၅၁၂,၀၂၇) ဆူတို့ကို ပုဂံခေတ်အရှင်ဉာဏဂန္ဓိမထေရ်၏ တထာဂတုပ္ပတ္တိ*၁ ကျမ်းဦးနိဒါန်းတွင် သမ္မဒ္ဒေ-အစချီသောဘုရားရှိခိုးဂါထာဖြင့် အကျဉ်းသရုပ်ထုတ်ပြထားပြန်သည်မှာ အောက်ပါအတိုင်းဖြစ်သည်။

သမ္မဒ္ဒေ အဋ္ဌဝီသဉ္စ၊
ဒွါဒသဉ္စ သဟဿကေ။
ပဉ္စ သတ သဟဿာနိ၊
နမာမိ သိရသာ မဟံ။ ။

အဋ္ဌဝီသဉ္စ = (၂၈)ဆူကုန်သော၊ သမ္မဒ္ဒေစ = ဘုရားရှင်တို့ကိုလည်းကောင်း။ ဒွါဒသဉ္စ သဟဿကေ = (၁၂,၀၀၀)ကုန်သော၊ သမ္မဒ္ဒေစ = ဘုရားရှင်တို့ကိုလည်းကောင်း။ ပဉ္စသတ သဟဿာနိ = (၅၀,၀၀၀၀)ကုန်သော၊ သမ္မဒ္ဒေစ = ဘုရားရှင်တို့ကိုလည်းကောင်း။ အဟံ = အကျွန်ုပ်သည်၊ သိရသာ = ဦးခေါင်းရတနာမြတ်အင်္ဂါဖြင့်၊ နမာမိ = ရှိသေမြတ်နိုး လက်စုံပိုး၍ ရှိခိုးပါ၏။*၂

ဤနေရာ၌ သောတတ္ထကိကျမ်းလာ စိန္တိတံ-ဂါထာ၌ ဘုရားပေါင်း (၅၁၂၀၂၇) ဆူဟုဖော်ပြထားပြီး။ တထာဂတုပ္ပတ္တိကျမ်းလာ သမ္မဒ္ဒေ-ဂါထာ၌ (၅၁၂၀၂၈) ဆူဟုပြထားရာ၊ ထိုနှစ်ဂါထာ၌ ဘုရားတစ်ဆူခြားနား နေကြောင်းတွေ့ရ၏။ ခြားနားရခြင်းမှာ တထာဂတုပ္ပတ္တိကျမ်းဆရာက ဂေါတမဘုရားရှင်ကိုပါ ထည့်သွင်းရေတွက်ထားသောကြောင့် ဘုရားတစ်ဆူပိုနေခြင်းဖြစ်လေသည်။

မုံရွေးဖေတဝန်ဆရာတော်ကြီး(အေဒီ ၁၇၆၆-၁၈၃၄)ကမူ ဖော်ပြပါသောတတ္ထကိ, တထာဂတုပ္ပတ္တိကျမ်းတို့၌ လာသော ရှေးရှေးဘုရား(၅၁၂၀၀၀)ဆူတို့ကို 'နည်းရာရောက်ချေသည်'-ဟု ခုဒ္ဒကနိကာယ်၊ အပဒါနပါဠိတော်၊ ယသောဓရာထေရီအပဒါန်လာ (ဂါထာ-၃၈၄ မှ ၃၉၆ အထိ)ဂါထာများကိုအထောက်အထားပြု၍ သမန္တ စက္ခု ဒီပနီကျမ်း၌ ဝေဖန်တော်မူခဲ့ပါသည်။*၃

ထေရီအပဒါန်ပါဠိတော်(အပ၊ ၂။ ၂၇၀။ ၂၇၁။)၌ပါရှိသော ယသောဓရာထေရီမကြီး၏ထေရီအပဒါန်ကျူးရင့်သံတို့ကိုလေ့လာကြည့်ပါက ယသောဓရာထေရီမကြီးသည် သမ္မဉ္ဇတုတဉ္ဉာဏ်တော်ရှင်ဂေါတမမြတ်စွာဘုရား၏ ပါရမီကို အတူလိုက်ပါ၍ဖြည့်နိုင်ရန် တောင်းဆုယူခဲ့ရသော ရှေးဘုရားတို့၏အရေအတွက်မှာ-

၁။ ယသောဓရာထေရီအပဒါန်ပါဠိတော်၊ ဂါထာအမှတ်-၃၈၄ အရ- ကဋ္ဌေငါးရာကုန်သော ဘုရားတို့သည်လည်းကောင်း။ ကဋ္ဌေကိုးရာကုန်သောဘုရားတို့သည်လည်းကောင်း*၄ (ခု၊ မြန်၊ ၄။ ၂၆၁။)၊

---

*၁ ဦးယဲ့၏ဝိဂုကတ်သမိုင်းစာတန်း။ ၁၉၀၅-၉၄၆။ (စာမျက်နှာ-၅၁)။ ဉာဏဂန္ဓိရ-ဟုဖြစ်သင့်သည်- Bode' Pāli Literature of Burma. 1910. Page-16. ဓွယ်နုံကျော်ထင်ကျမ်း(ပဏ္ဍာ-၅၂၇)ပါ 'တထာဂတုပ်၊ ကျမ်းအဓျပ်၊ ဗီလုပ်ဘယ်ကျွန်းဖြစ်ပေသနုည်း-' ဟူသော ကြည့်ကန်ရွင်ကြီး၏အမေးကို၊ ကျီးသဲလေးထပ်ဆရာတော်ကြီးက 'ငါတို့ဓမ္မာဒီပ်ကျွန်း၊ မြန်မာနိုင်ငံ၊ ရတနာပုရဖြို့ဓေ ရွှင်သာရာသိ ရေးစီသောကျမ်းတည်း'ဟု ဖြေဆိုထားပါသည်။ ဓွယ်နုံကျော်ထင်၊ ပထမအုပ်။ ၁၉၄၄-၉၄၆။ (စာမျက်နှာ-၄၁၅)။

*၂ ဂန္ဓ ဝံသကျမ်း၌ သမ္မဒ္ဒေဂါထာ စသော ဗုဒ္ဓဗမာဏ(ဘုရားရှိခိုး)ဂါထာများကို လင်္ကာဒီပ(သီဟိုဠ်)ကျွန်း၌သီတင်းသုံးသော ပဏ္ဍိတ(ပညာရှိ) ပုဂ္ဂိုလ်တို့ပြုစုခဲ့ကြကြောင်း ဖော်ပြထား၏။ Gandhavamsa. JPTS. 1886. Page-75.

*၃ မုံရွေးဖေတဝန်ဆရာတော်ကြီး၏ သမန္တ စက္ခုဒီပနီကျမ်း။ ၁၉၀၅-၉၄၆။ (စာမျက်နှာ-၇၀၀)။

*၄ ပဥ္စကောဋိသတာ ဗုဒ္ဓါ၊ နဝကောဋိ သတာနိ စ- အပ၊၂။၂၇၀။

http://www.dhammadownload.com

၂။ ဂါထာအမှတ်–၃၈၅ အရ– ကုဋေတစ်ထောင့်တစ်ရာသောဘုရားတို့သည်လည်းကောင်း။ တစ်ဆယ့်နှစ်ကုဋေကုန်သောဘုရားတို့သည်လည်းကောင်း[*၁] (ခု၊ မြန်၊ ၄။ ၂၆၁။)၊

၃။ ဂါထာအမှတ်–၃၈၃ အရ– ကုဋေနှစ်ထောင်သောဘုရားတို့သည်လည်းကောင်း။ ကုဋေသုံးထောင်သောဘုရားတို့သည်လည်းကောင်း[*၂] (ခု၊ မြန်၊ ၄။ ၂၆၂။)၊

၄။ ဂါထာအမှတ်–၃၈၈ အရ– ကုဋေလေးထောင်သောဘုရားတို့သည်လည်းကောင်း။ ကုဋေငါးထောင်သောဘုရားတို့သည်လည်းကောင်း[*၃] (ခု၊ မြန်၊ ၄။ ၂၆၂။)၊

၅။ ဂါထာအမှတ်–၃၉၀ အရ– ကုဋေခြောက်ထောင်သောဘုရားတို့သည်လည်းကောင်း။ ကုဋေခုနစ်ထောင်သောဘုရားတို့သည်လည်းကောင်း[*၄] (ခု၊ မြန်၊ ၄။ ၂၆၂။)၊

၆။ ဂါထာအမှတ်–၃၉၁ အရ– ကုဋေရှစ်ထောင်သောဘုရားတို့သည်လည်းကောင်း။ ကုဋေကိုးထောင်သောဘုရားတို့သည်လည်းကောင်း[*၅] (ခု၊ မြန်၊ ၄။ ၂၆၂။)၊

၇။ ဂါထာအမှတ်–၃၉၃ အရ– ကုဋေတစ်သိန်းကုန်သောမြတ်စွာဘုရား[*၆] (ခု၊ မြန်၊ ၄။ ၂၆၂။)၊

၈။ ဂါထာအမှတ်–၃၉၄ အရ– ကုဋေကိုးထောင်ကုန်သောမြတ်စွာဘုရား[*၇] (ခု၊ မြန်၊ ၄။ ၂၆၂။)၊

၉။ ဂါထာအမှတ်–၃၉၆ အရ– မြတ်စွာဘုရားတို့၏ကုဋေတစ်သိန်းရှစ်ဆယ်ငါးဆူတို့သည်လည်းကောင်း။ ရှစ်ထောင်ငါးရာသုံးဆယ့်ခုနစ်ကုဋေတို့သည်လည်းကောင်း[*၈] (ခု၊ မြန်၊ ၄။ ၂၆၂။)
အသီးအသီးဖြစ်တော်မူကြပါသည်။

ဒီဃနိကာယ်၊ ပါထိကဝဂ္ဂ၊ အာဋာနာဋိယသုတ်ကိုအခြေခံ၍ ရှေးမထေရ်ကျော်တို့စီရင်သော ပရိတ္တပါဠိတော်လာ အာဋာနာဋိယပရိတ်တော်(ဂါထာ–၁၁၀)တွင်– 'ဇတော စညေ စ သမ္ဗုဒ္ဓါ၊ အနေကသတကောဋိယော' ဟူသောဂါထာအရ 'အနေက သတကောဋိယော = ကုဋေရာပေါင်းများစွာကုန်သောဘုရားမြတ်တို့' ဟူ၍ဖော်ပြထားသည်မှာလည်း သတိပြုဖွယ်တစ်ချက်ဖြစ်သည်။[*၉]

ဤနည်းအတူ တထာဂတုပ္ပတ္တိကျမ်းတွင် 'သမ္ဗုဒ္ဓေ' အစချီသောဂါထာကိုဖော်ပြပြီးလျှင် နောက်မှဆက်၍ 'အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိမ္မုတာ ဇိနာ' ဟူသော ဒုတိယဂါထာဖြင့် 'ဂင်္ဂါမြစ်ထဲ၌ရှိသော သဲလုံးတို့သည်ကား နည်းသေး၏။ ပရိနိဗ္ဗာန်စံလွန်တော်ပြီးသော (ဝါ) အတိတ်ကာလ၌ပွင့်တော်မူခဲ့ကြကုန်သော ဘုရားရှင်တို့သည်ကား အတိုင်းမသိများလှကုန်၏' ဟုဖော်ပြထားပြန်၏။ သို့လျှင် တထာဂတုပ္ပတ္တိ–အစရှိသောကျမ်းလာစကားတို့ကိုအမှီပြု၍ ဂေါတမမြတ်စွာဘုရားရှင်မတိုင်မီ အတိတ်ကာလကပွင့်တော်မူခဲ့ကြသော ရှေးဘုရားတို့၏အရေအတွက်ကိုပြဆိုရာတွင် 'ဂင်္ဂါဝါဠုသဲစုမကပွင့်တော်မူကြကုန်သော ရှေးဘုရားအဆူဆူ' ဟူ၍ရေးဖွဲ့သော

---

*၁ ကောဒသကောဋိသတာ၊ ဗုဒ္ဓါ ဒွါဒသကောဋိယော– အပ၊၂။၂၇၀။

*၂ ဒီသတိ ကောဋိသတာ ဗုဒ္ဓါ၊ တီသကောဋိသတာနိ စ– အပ၊၂။၂၇၀။

*၃ စတ္တာလီသကောဋိသတာ၊ ပညာသကောဋိသတာနိ စ– အပ၊၂။၂၇၀။

*၄ သဋ္ဌိကောဋိသတာ ဗုဒ္ဓါ၊ သတ္တတိကောဋိသတာနိ စ– အပ၊၂။၂၇၀။

*၅ အသီတိကောဋိသတာ ဗုဒ္ဓါ၊ နဝုတိကောဋိသတာနိ စ– အပ၊၂။၂၇၀။

*၆ ကောဋိသတသဟဿာနိ– အပ၊၂။၂၇၀။

*၇ နဝကောဋိ သဟဿာနိ– အပ၊၂။၂၇၁။

*၈ ကောဋိသတသဟဿာနိ၊ ပဉ္စသီတိ မဟေသိနံ။ ပဉ္စသီတိ ကောဋိသတာ၊ သတ္တတိ'သာ စ ကောဋိယော– အပ၊၂။၂၇၁။

*၉ ပရိတ္တပါဠိ၊ ပရိတ္တဋီကာပါဠိနှင့်ပရိတ္တဋီကာနိဿယ ၃–ကျမ်းတွဲ။ ၁၉၉၀–ပြည့်နှစ်။ (စာမျက်နှာ–၁၅၊ ၈၇၊ ၂၇၅)။

http://www.dhammadownload.com

အစဉ်အလာတစ်ရပ်ပေါ်ထွန်းလာခဲ့သည်။*၁ စင်စစ် အတိတ်ကာလဟူသည် လက်ချိုးရေတွက်၍ရစကောင်း သောအရာမဟုတ်သည့်နည်းတူ ထိုအတိတ်ကာလအတွင်း၌ပွင့်တော်မူခဲ့ကြသော ရှေးဘုရားရှင်တို့၏ဆူရေပေါင်း ကိုလည်း ကိန်းဂဏန်းချရေတွက်၍ ရနိုင်ဖွယ်ရာအကြောင်းမရှိပါပေ။

ပစ္စုပ္ပန်၌ပွင့်တော်မူသောဘုရားရှင်

ကာလသုံးပါးဘုရားရှိခိုးဇ၏ တတိယပါဒလာ 'ပစ္စုပ္ပန္နာ စ ယေ ဗုဒ္ဓါ'၏အဓိပ္ပာယ်မှာ 'ပစ္စုပ္ပန်မျက်မှောက် ကာလ၌ပွင့်တော်မူကြသောဘုရားရှင်များသည်လည်းကောင်း' –ဟုဖြစ်ပါသည်။

ပစ္စုပ္ပန်ကာလ၌ပွင့်တော်မူသောမြတ်စွာဘုရားသည်ကား ဂေါတမမြတ်စွာဘုရားဖြစ်လေသည်။ ထိုဂေါတမ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ဝင်စံတော်မူသွားပြီဖြစ်၍ အချို့သောပုဂ္ဂိုလ်တို့က ပစ္စုပ္ပန်ကာလ၌ ဘုရားမရှိတော့ပြီ ဟု ယူဆခဲ့ကြသည်။*၂ မြတ်စွာဘုရား၏ပရိယတ္တိဓမ္မဟူသော အဆုံးအမသာသနာတော် တည်ရှိနေဆဲဖြစ်၍ ဂေါတမဘုရားရှင်ကို ပစ္စုပ္ပန်မြတ်စွာဘုရား(တစ်နည်း) မိမိတို့မျက်မှောက်၌တည်ရှိနေတော်မူသောမြတ်စွာဘုရား၊ ပွင့်တော်မူဆဲမြတ်စွာဘုရား–ဟု ဆိုရမည်သာဖြစ်သည်။*၃ ဒီဃနိကာယ်၊ ပါထိကဝဂ္ဂဋ္ဌကထာ၊ သမ္မသာဒနီယ သုတ်အဖွင့်၌ အဋ္ဌကထာဆရာက 'ဘုရားရှင်ပရိနိဗ္ဗာန်စံလွန်ပြီး၍ မုန်ညင်းစေ့အတိုင်းအရှည်ရှိသောဓာတ်တော်တို့ ရှိနေသမျှကာလပတ်လုံး သက်တော်ထင်ရှားဘုရားရှင်တို့တည်ရှိနေသည်'ဟုဆိုထိုက်ကြောင်း ဖွင့်ဆိုထားချက် တစ်ရပ်လည်းရှိပါသည်။*၄

အရှင်မဟာသီလဝံသမထေရ်က ဆုတောင်းခန်းပျို့၊ အပိုဒ်(၁၈၆)၌ ဤဘုရားသာသနာကား 'ဘုရား ကိုယ်ထင်၊ မံမြင်ရသည်၊ တမည်သာမြို့၊ အင်မချို့သည်၊ ဤသို့သာသနာတော်တည်း'–ဟူ၍ ဘုရားကိုယ်ထင် မမြင်ရငြားသော်လည်း မည်သည့်ဘက်ကမှ အင်္ဂါမချို့ စုံပြည့်ဖြိုးသောသာသနာတော်ဖြစ်ကြောင်း ရေးဖွဲ့ ထားခဲ့၏။ ထို့ပျို့ အပိုဒ်(၁၈၅)၌လည်း မြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ငြားသော်လည်း ဤနှစ်ရစ် လေသောလူ့သုံးဘော်တို့အား မိမိကိုယ်စား ရှစ်သောင်းလေးထောင်သောဓမ္မက္ခန္ဓာတို့ထားခဲ့ကြောင်းကို 'ရှစ်သောင်းလေးထောင်၊ စေ့အောင်ဝေဘန်၊ ဓမ္မခန်ကို၊ နှောင်းကျန်လူများ။ ငါလွန်ငြားသော်၊ ဘတ်ကြားပေက၊ ငါဆုံးမသို့၊ နာကြကုန်ရစ်၊ စင်စင်စစ်ဟု၊ ရှင်ချစ်ဘုရား။ စောင့်ကြပ်ထားသည်၊ ကိုယ်စားအနှီးအဆော်တည်း'– ဟူ၍ ရေးဖွဲ့ထားတော်မူခဲ့၏။*၅

ဤနေရာ၌တွေးဆဖွယ်ရာတစ်ရပ်မှာ ပစ္စုပ္ပန်ကာလ၌ ဂေါတမဘုရားရှင်တစ်ဆူတည်းပွင့်ထွန်းတော်မူသော်လည်း ကာလသုံးပါးဘုရားရှိခိုးဂါထာ၌ 'ပစ္စုပ္ပန္နာ စ ယေ ဗုဒ္ဓါ'ဟု ဗဟုဝုစ်သဒ္ဒါဖြင့် ဗုဒ္ဓါ (=ဘုရားများ)ဟူ၍ဖွဲ့ဆို ထားရာ၊ ပါဠိဘာသာ၌ ဂါရဝပြုရမည့်(တစ်နည်း)အလေးအနက်ထားရမည့်ပုဒ်တို့ကို ဗဟုဝုစ်ထားစမြဲဖြစ်သော ကြောင့် ဘုရားတစ်ဆူသာပွင့်သည်မှန်သော်လည်း 'ယေ ဗုဒ္ဓါ = ဘုရားရှင်ကိုယ်တော်မြတ်တို့သည်'ဟု ဂါရဝ ဗဟုဝုစ်ဖြင့်ဆိုခြင်းဖြစ်လေသည်။ ထို 'ပစ္စုပ္ပန္နာ စ ယေ ဗုဒ္ဓါ'ကို ပိန်နန်ဆရာတော်ဦးပညာဝံသ၏လက်စွဲဘုရားရှိခိုး

---

*၁ ကျူးကျော်ကမ္ဘာ၊ သံသရာတွင်း၊ ဂင်္ဂါရေးတီး၊ လွန်လေပြီးသား၊ မြေကြီးမြူဇာ၊ လုံးဓမမျှ၊ သုံးလူ့ဘတို့– အရှင်မဟာသီလဝံသ၏ ပါရမီတော်ခန်းပျို့။ (အပိုဒ်–၄၇)။ ၁၉၅၃–ခုနှစ်။ (စာမျက်နှာ–၁၁၄)။ *W. Randolph Kloetzli' Buddhist Cosmology. 1989. Page-73,91 and 113.*

*J လယ်တီဆရာတော်၏လယ်တီပုဏ္ဏာအဖြေပေါင်းချုပ်ကြီး၊ ပထမတွဲ။ (စာမျက်နှာ–၄၆၇)။


*၃ ဦးပဏ္ဍိတ်၏ဒုလ္လဘသုတ္တဝိဘင်္ဂဋီကာ။ ၁၈၉၉–ခုနှစ်။ (စာမျက်နှာ–၁၆၅)။


*၄ ပရိနိဗ္ဗာနတော ပဋ္ဌာယ စ ယာဝ သာသနပမတ္တာပိ စာတုယော တိဋ္ဌန္တိ၊ တာဝ ပဏ္ဍာတိ နု ဝေဒိတဗ္ဗံ။ စာတူသု ဟိ ဒ္ဝိတာသု ဗုဒ္ဓါဝိ ဒ္ဝိတာဝ ဟောန္တိ– ဒီ၊ ဋ္ဌ။ ၃။ ၈၁။

*၅ အရှင်မဟာသီလဝံသ၏ ဆုတောင်းခန်းပျို့။ ၁၉၅၉–ခုနှစ်။ (စာမျက်နှာ–၁၅၈)။

http://www.dhammadownload.com

မြန်မာနိုင်ငံအတွင်း၌ ဆင်းတုရုပ်ပွားများစွာတည်ထားသောဘုရားပုထိုးများ







စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်ရှိ ဆင်းတုတော်ပေါင်း (၅၁၂၀၂၈)ဆူတို့ ကိန်းဝပ်ရာ သမ္မုဒ္ဓဘေတီတော်



ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ရှိ
ဆင်းတုတော်ပေါင်း (၈၀၀၀၀)ကိန်းဝပ်ရာ ရှစ်သောင်းဘုရား



ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ရှိ
ဆင်းတုတော်ပေါင်း (၉၀၀၀၀)ကိန်းဝပ်ရာကိုးသောင်းဘုရား





ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်းတယမြို့နယ်ရှိ ဆင်းတုတော်များစွာကိန်းဝပ်ရာ ရွှေဥမင်ဘုရား

http://www.dhammadownload.com

စာအုပ်၌ 'ပစ္စုပ္ပန္နာ= ဘဒ္ဒမည်သာ ဤကမ္ဘာ၌ပွင့်ရှာတော်မူကြကုန်သော' ဟု ဤဘဒ္ဒကမ္ပာတွင်ပွင့်ခဲ့ကြသည့် ဘုရားလေးဆူကိုထည့်သွင်း၍ ဗဟုဝုစ်အနက်ဖြင့်ပေးထားသည်မှာကား နှစ်သက်ဖွယ်တစ်မျိုးဖြစ်ပါသည်။

အနာဂတ်၌ပွင့်တော်မူကြမည့်ဘုရားရှင်များ

'ယေ စ ဗုဒ္ဓါ အနာဂတာ'၏အဓိပ္ပာယ်မှာ 'နောင်လာလတ္တံ့သောကမ္ဘာတို၌ပွင့်တော်မူကြမည့် မြတ်စွာဘုရားရှင်များသည်လည်းကောင်း' ဟုဖြစ်ပါသည်။

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့က 'ဤဘဒ္ဒကမ္ပာ၌ ဘုရားငါးဆူပွင့်တော်မူမည်၊ ထိုငါးဆူတို့တွင် ကကုသန်, ကောဏာဂုံ, ကဿပနှင့် ဂေါတမဘုရားရှင် ဘုရားလေးဆူတို့ပွင့်တော်မူပြီးဖြစ်၍၊ နောင်အနာဂတ်ကာလ၌ ပွင့်လတ္တံ့ဘုရားမှာ မေတ္တေယျတစ်ဆူတည်းသာဖြစ်သည်' ဟူ၍ မှတ်ယူထားကြသည်။ ဗုဒ္ဓဝံသ။ ၃၈၃။

အနာဂတ်ကာလ၌ မေတ္တေယျရှင်ပွင့်ထွန်းတော်မူဦးမည့်အကြောင်းကို ဒီဃနိကာယ်၊ ပါထိကဝဂ်၊ စက္ကဝတ္တိသုတ်၌ 'နောင်အခါ အနှစ်ရှစ်သောင်းသက်တမ်းရှိသောလူတို့၏လက်ထက်၌ မေတ္တေယျမည်သော ဘုရားရှင် ပွင့်ထွန်းပေါ်လိမ့်မည်' (အသီတိ ဝဿသဟဿာယုကေသု ဘိက္ခဝေ မနုဿေသု မေတ္တေယ္ယော နာမ ဘဂဝါ လောကေ ဥပ္ပဇ္ဇိဿတိ) –ဟူသောဗျာဒိတ်စကားဖြင့် မြတ်စွာဘုရားရှင်မိန့်ကြားတော်မူခဲ့ပြီးဖြစ်သည်။ ဒီ၊ ၃။၆၃။ ထို့ပြင် မိလိန္ဒပဉ္ဉာပါဠိတော် (မိလိန္ဒ။ ၁၆၀။)၊ ဗုဒ္ဓဝင်အဋ္ဌကထာ (ဗုဒ္ဓဝင်၊ ၌။ ၂၉၆။)၊ အပဒါနအဋ္ဌကထာ (အပဒါန်။ ၌ ၂။ ၂၆၈။)၊ အဋ္ဌသာလိနီအဋ္ဌကထာ (အဘိ၊ ၌ ၁။ ၃၉၃။)၊ ပဋ္ဌပကရဏအဋ္ဌကထာ (ပုဂ္ဂလပညတ်အဖွင့်) (အဘိ၊ ၌။ ၃။ ၉၇။)၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ(ဝိသုဒ္ဓိ။ ၁၊ ၄၅။)၊ အဂုံတ္တိုရ်ဋီကာ(အံ၊ ၎။ ၃။ ၄၈။)စသော ပါဠိတော်အဋ္ဌကထာနှင့် ဋီကာတို့တွင်လည်းကောင်း။ ပညာရှင်တို့အလေးထားအပ်သော အနာဂတဝံသပါဠိ၊ အနာဂတဝံသအဋ္ဌကထာ (သမန္တ ဘဒ္ဒိကာ)၊ သောတတ္ထကိနိဒါန်၊ မဟာဝံသ၊ စူဠဝံသ၊ မဓုရသဝါဟိနီဝဏ္ဏနာစသော ဂန္ထ ဤ ရတို့တွင်လည်းကောင်း နောင်အနာဂတ်ကာလ၌ မေတ္တေယျရှင်ပွင့်ထွန်းလာမည့်အကြောင်းကိုဖော်ပြထားလေသည်။

အနာဂတ်ကာလ၌ မေတ္တေယျရှင်တစ်ပါးတည်းသာပွင့်တော်မူမည်ဟု ထေရဝါဒဗုဒ္ဓဘာသာဝင်တို့ကယူဆကြသော်လည်း၊ ဒဿဗုဒ္ဓအနာဂတဝံသ၊ ဒဿဗောဓိသတ္တုပ္ပတ္တိကထာ စသောကျမ်းတို့၌ မေတ္တေယျရှင်အပါအဝင် ဘုရားအလောင်းဆယ်ဆူ ပွင့်တော်မူလိမ့်ဦးမည်ဟူ၍လည်းကောင်း၊ သောတတ္ထကိနိဒါနကျမ်း၌ မေတ္တေယျအပါအဝင် ဘုရားအလောင်း (၅၁၀)ပါး (ရင့်မာတစ်ကျိပ် နုငါးရာ) ပွင့်တော်မူလိမ့်ဦးမည်ဟူ၍လည်းကောင်း ဖော်ပြထားပါသည်။

မြောက်ပိုင်းဗုဒ္ဓဘာသာဝင်တို့၏ ဝိမလကီရိတိနိရ်ဒေၑသူတြ (Vimalakiṛti Nirdeśa Sūtra) ကျမ်း၌ ဂေါတမမြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူပြီးနောက် မေတ္တေယျရှင်အပါအဝင် ဘုရားအလောင်း (၅၆)ဆူ ပွင့်လိမ့်ဦးမည်ဟူ၍လည်းကောင်း၊ ဂဏ္ဍဗျူဟသူတြ (Gaṇḍavyūha Sūtra) ကျမ်း၌ မေတ္တေယျရှင်အပါအဝင် ဘုရားအလောင်း (၁၈၉)ဆူတို့ ပွင့်လိမ့်ဦးမည်ဟုလည်းကောင်း၊ ဘဒြကလ္ပိကသူတြ (Bhadrakalpika Sūtra) ကျမ်း၌ မေတ္တေယျရှင်အပါအဝင် ဘုရားအလောင်းအဆူ (၁,၀၀၀)တို့ပွင့်ကြလိမ့်ဦးမည်–ဟုလည်းကောင်း ဖော်ပြထားကြပါသည်။ [*၁] မြောက်ပိုင်းဗုဒ္ဓဘာသာဝင်တို့သည် နောင်အနာဂတ်၌ဘုရား(၁၀၀၀)ပွင့်လိမ့်ဦးမည်ဟူသော ဘဒြကလ္ပိကသူတြလာအယူအဆကိုဦးထိပ်ထား၍ ဘုရားတစ်ထောင်ဂုဘုရားစသည်ကို တောင်ထိပ်တောင်ထွတ်တို့တွင် ခဲယဉ်းစွာထုထွင်း၍ တည်ထားခဲ့ကြသည်။ အထူးသဖြင့် တရုတ်နိုင်ငံအလယ်ပိုင်း၊ ကန်ဆူ(Kansu)

[*၁] Dr. W.C. Sailer' Textuai Evidence of Sotatthakī Mahānidāna. 1983. Page.11. Bu-ston' The History of Buddhism in India and Tibet. 1998. Page-91.

http://www.dhammadownload.com

နောင်ပွင့်လတ္တံ့ဘုရားရှင်(၁၀၀၀)တို့အားရည်စူး၍ မြောက်ပိုင်းဗုဒ္ဓဘာသာဝင်တို့ တရုတ်နိုင်ငံနှင့် တိဗက်နိုင်ငံတို့၌ တည်ထားသော ဘုရားတစ်ထောင်စေတီပုထိုးများ




တရုတ်နိုင်ငံ၊ ဘေဂျင်မြို့ လင်ကွမ်းကျောင်းအတွင်းရှိ ဘုရား(၁၀၀၀)ပုံတော်ကိန်းဝပ်ရာကျောင်းတော်ကြီး
New China, 1956, Pg.12.



တရုတ်နိုင်ငံအလယ်ပိုင်း ကန်ဆူဒေသရှိ
ဆင်းတုတော်(၁၀၀၀)ကိန်းဝပ်ရာ မေဒျိရှန်တောင်ထွတ်
New China,1956, Pg.52.



တရုတ်နိုင်ငံ၊နန်ကင်းရှိဗုဒ္ဓဆင်းတုတော်
(၁၀၀၀)ကိန်းဝပ်ရာ ချိုရှာတောင်တော်
New China,1956, Pg.72.



တိဗက်နိုင်ငံရှိ ဗုဒ္ဓဆင်းတုတော်(၁၀၀၀)ကိန်းဝပ်ရာ
ကုမ်ဘုမ်(sku-hbum)ဘုရားကျောင်း
Govinda, 1960, Pl.5.

http://www.dhammadownload.com

ဒေသရှိ မေချီရှန် (Maichishan) တောင်ထွတ်၌ ဥမင်ကြီးတူး၍လည်းကောင်း၊ နန်ကင်း (Nanking) ဒေသရှိ ချီရှာ (Chihsia) တောင်၌ ဥမင်ကြီးတူး၍လည်းကောင်း တည်ထားခဲ့ကြသည်။ ထို့ပြင် မြတ်ဗုဒ္ဓ၏စွယ်တော်ကိန်းဝပ်ရာ ဘေဂျင်း(Peking)မြို့ လင်ကွမ်ဘုရားကျောင်း(Lingkwang)အတွင်း၌ ဆင်းတုနှင့်တကွ စေတီပုံ ကလေး(၁၀၀၀)တို့ကိုအုတ်၌ထွင်းကာ သိုမှီးဌာပနာ၍ကျောင်းတော်ကြီးတစ်ဆောင်ပြုလုပ်ခဲ့ကြသည်။*၁ တိဘက် နိုင်ငံ၌လည်း နာမည်ကျော် ကုမ်ဘုမ်(sku-ḥbum)စေတီကြီးသည် ဗုဒ္ဓဆင်းတုတော်(၁၀၀၀)ကိန်းဝပ်ရာစေတီကြီး (Chorten)ဖြစ်သည်။*၂ သို့ပါသော် အနာဂတ်ကာလ၏အခွန့်သည်လည်း အတိတ်ကာလနည်းတူရှည်လျားလှသည်ဖြစ်၍ ထိုအနာဂတ်ကာလ၌ပွင့်တော်မူကြမည့်ဘုရားရှင်တို့၏အရေအတွက်မှာလည်း 'အပ္ပကာ ဝါဠုကာ ဂင်္ဂါ= ဂင်္ဂါဝါဠုသဲစုမျှမက' ရှိကြပေလိမ့်မည်။

ပုဂံခေတ်ထိုးကျောက်စာများ၌ အနာဂတ်ကာလ၌ပွင့်အံ့သောဘုရားရှင်အရေအတွက်ကို 'အလွန်များပြားလှသည်' ဟူသောသဘောဖြင့် အောက်ဖော်ပြပါအတိုင်းရေးထိုးခဲ့ကြ၏။

၁။ သက္ကရာဇ် ၅၉၄–ခုနှစ်(အေဒီ ၁၂၃၂–ခုနှစ်)ထိုး ရာဇာမဟာမင်္ဂလပတိယ်ကျောက်စာ၌ 'လာလတ်အံ့သော ဘုရားအဖြစ်ဖြစ်လျှင်' ဟုလည်းကောင်း၊*၃

၂။ သက္ကရာဇ် ၆၁၁–ခုနှစ်(အေဒီ ၁၂၄၀–ပြည့်နှစ်)ထိုး ဥန်သင် စသူတို့၏ကျောက်စာ၌ 'မြေပုံလုံးမျှကြဲမက လာလတ္တံ့သောဘုရားတို့ကိုလေ' ဟုလည်းကောင်း၊*၄

၃။ သက္ကရာဇ် ၆၃၆–ခုနှစ် (အေဒီ ၁၂၇၅–ခုနှစ်)ထိုး သိရိဝမုနာအမတ်ကြီးနှင့် မင်းသမီးမင်းစောလတ် ကျောက်စာ၌ 'ညောင်ဦးကမ်းပါး စသော သိရိပစ္စယာတိုင်အောင် မြေအလုံးလျှင် ကြဲမကလျှင်ဘုရား' ဟုလည်းကောင်း၊*၅

၄။ သက္ကရာဇ် ၄၆၉–ခုနှစ် (အေဒီ ၁၁၀၈–ခုနှစ်)ထိုး ပရိမ္မထီးလိုင်ရှင်ဘုရားကျောက်စာတွင် 'ဘီလူးချောင်းအစ ချင်းတွင်းဝတိုင်အောင် မြေပုံလုံးမျှမကသောဘုရားတို့တိုင်' ဟုလည်းကောင်း–စသည်ဖြင့်ဖြစ်ကြပါသည်။*၆

ဝေဖန်ကြုံများ

ဤသို့လျှင် အတိတ်, ပစ္စုပ္ပန်, အနာဂတ်ဟူသောကာလသုံးပါးတို့၌ ပွင့်ပြီး, ပွင့်ဆဲ, ပွင့်လတ္တံ့ဖြစ်တော်မူကြမည်သော ဘုရားရှင်တို့၏အကြောင်းကိုတင်ပြပြီးသည့်နောက်၊ ထိုကာလသုံးပါးတို့၌ပွင့်တော်မူကြသော ဘုရားရှင်တို့အား ဝေဖန်သမှုပြုကြပုံအကြောင်းကိုလည်း ဆက်လက်တင်ပြလိုပေသည်။

လယ်တီဆရာတော်ဘုရားကြီး(အေဒီ ၁၈၄၆–၁၉၂၃)တို့လက်ထက်အခါက အတိတ်၌ပွင့်တော်မူခဲ့သော ဘုရားရှင်တို့အားပစ်ပယ်သောသဘောဖြင့်ဝေဖန်သည့်ပုဂ္ဂိုလ်များပေါ်ပေါက်ခဲ့ဖူးပုံအကြောင်းကို ဆရာတော်ကြီးက

အချို့သောသူတို့က သဗ္ဗညုတဉာဏ်တော်မည်သည် ကမ္ဘာလောကကြီး၌အမြဲတည်ရှိ၏။
အကြင်ပုဂ္ဂိုလ်သည် သဗ္ဗညုတဉာဏ်တော်ကြီးကို မိမိစိတ်သန္တာန်သို့ရောက်အောင်ကျင့်ဆောင်

---

*၁ Buddhists in New China. 1956. Page-12, 52, 72.

*၂ Lama Govinda' Foundations of Tibetan Mysticism. 1975. Page-185, Plate 5.

*၃ ရွှေဟောင်းမြန်မာကျောက်စာများ၊ ပထမတွဲ။ ၁၉၇၂–ခုနှစ်။ (စာမျက်နှာ–၂၄၂)။

*၄ ဦးပြည်မောင်၏ ရွှေဟောင်းမြန်မာကျောက်စာများ၊ ဒုတိယတွဲ။ ၁၉၈၂–ခုနှစ်။ (စာမျက်နှာ–၁၅၀)။

*၅ ဦးပြည်မောင်၏ ရွှေဟောင်းမြန်မာကျောက်စာများ၊ တတိယတွဲ။ ၁၉၈၃–ခုနှစ်။ (စာမျက်နှာ–၉၃)။

*၆ ရွှေဟောင်းမြန်မာကျောက်စာများ၊ ပထမတွဲ။ ၁၉၇၂–ခုနှစ်။ (စာမျက်နှာ–၃၃၀)။

http://www.dhammadownload.com

နိုင်၏။ ထိုပုဂ္ဂိုလ်ကို လောကဥ်ဗုဒ္ဓဘုရားဟူ၍ခေါ်ဝေါ်အပ်၏။ ထိုဘုရားသည် အသက်ဝိညာဉ်တော်တည်ရှိသမျှကာလပတ်လုံး ဝေနေယျသတ္တဝါတို့ကိုကယ်တင်နိုင်၏။ အသက်ဝိညာဉ်တော်ချုပ်ဆုံး၍ ပရိနိဗ္ဗာန်စံသောအခါ၌မူကား ကယ်တင်ခြင်းငှာမတတ်နိုင်ပြီ၊ ထို့ကြောင့် ပရိနိဗ္ဗာန်စံလွန်ပြီးသော ဘုရားကို ဆည်းကပ်ကိုးကွယ်၍ အကျိုးမရှိ။ သဗ္ဗညုတဉာဏ်တော်သည်လည်း ထိုဘုရားပရိနိဗ္ဗာန်စံသောအခါနောက်၌ ပွင့်တော်မူလတ္တံ့သောဘုရားလောင်း၏ဆိုင်ရာဖြစ်၏။ ထို့ကြောင့် နောက်၌ ပွင့်တော်မူလတ္တံ့သောဘုရားလောင်းကို ဆည်းကပ်ကိုးကွယ်ရခြင်းသည် နောင်ဘုရားဖြစ်သောအခါ၌ ကယ်တင်ပေလိမ့်မည်ဖြစ်၍ အကျိုးရှိ၏–ဟု ရေးသားတော်မူခဲ့ဖူးပါသည်။*၁

အချို့က 'ဒီပင်္ကရာအစရှိသော ရေးဘုရားရှင်တို့၏ဗုဒ္ဓဝင်ကျမ်းတို့သည် ဘုရားဟောမဟုတ်၊ အဋ္ဌကထာဆရာ၏အကျယ်ချဲ့ရေးသားချက်များသာဖြစ်သည်' ဟု ဝေဖန်ကြလေရာ၊ ထိုဝေဖန်ချက်နှင့်စပ်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ သီးခြားဝိနည်းဝိရိုဓိအမှတ်(၂)၏အဖွဲ့ဝင်ဆရာတော်ကြီးများက

အနောက်တိုင်းသမိုင်းသုတေသီတို့သည် ဗုဒ္ဓဝါဒီများမဟုတ်။ ထာဝရဘုရား၏ဖန်ဆင်းမှုကို ယုံကြည်သော၊ အတိတ်ဘဝ အနာဂတ်ဘဝမရှိသော၊ ဖန်ဆင်းရှင်၏လောင်းရိပ်၌ကြီးပြင်းလာသူများဖြစ်ကြ၍ သဗ္ဗညုတဉာဏ်တော်၏အစွမ်းအားကို သဘောမပေါက်နိုင်၊ လက်မခံနိုင်ကြ။ လမ်းကို ညွှန်ပြဖို့ ဘယ်မျှလောက်ကြိုးစားရသည်ကို နားမလည်နိုင်ကြချေ။ အတိတ်ဘဝပိုင်းကိုလက်မခံနိုင်သောကြောင့် အတိတ်ကာလတို့၌ သဗ္ဗညုတဉာဏ်တော်ရကြောင်းဖြစ်သော ပါရမီတို့ကိုဖြည့်ကျင့်ဆည်းပူးတော်မူခဲ့ရခြင်းကို သူတို့ဉာဏ်မမီကြပေ။ထို့ကြောင့် ကံကိုပယ်ကြသည်။ သဗ္ဗညုတဉာဏ်ကို ပယ်ကြသည်။ ပါရမီကိုပယ်ကြသည်။ အတိတ်ဘဝကိုပယ်ကြသည်–ဟူ၍ လူသေလူဖြစ်ဝါဒါနုဝါဒဝိနိစ္ဆယတွင် ဝေဖန်စိစစ်တော်မူခဲ့ကြပါသည်။*၂

ပွင့်တော်မူဆဲဖြစ်သောဂေါတမမြတ်စွာဘုရားရှင်၏သာသနာတော်ကို ပုတ်ခတ်ဝေဖန်ပြောဆိုကြပုံအချို့ကိုလည်း ထုတ်နှုတ်ဖော်ပြလိုပါသည်။

ကုန်းဘောင်ခေတ်ဦး ဆင်ဖြူရှင်မင်းလက်ထက်(အေဒီ ၁၆၃၁–၁၆၆၈)က ဖောတိဆိုသူဦးစီးသော ဖောတိဝါဒဂိုဏ်းဟူ၍ သက္ကရာဇ် ၁၁၂၅–ခုနှစ် (အေဒီ–၁၆၆၃) တွင်ပေါ်ခဲ့ဖူးသည်။ ထိုဖောတိဝါဒဂိုဏ်း၏အယူအဆမှာ 'လူသေလျှင် ပဋိသန္ဓေတစ်ဖန်မနေ ဆုံးကွယ်ခြင်းသာရှိသည်၊ ဘုရားရုပ်ပွားဆင်းတုတော်များနှင့်သံဃာတော်များကို ကိုးကွယ်နေခြင်းဖြင့် အကျိုးမရှိ' ဟုဖြစ်၏။ ထိုဖောတိဝါဒအယူကို ဆင်ဖြူရှင်မင်းလက်ထက်၌ နှိပ်ကွပ်လိုက်သဖြင့် မြို့ပြင်ကွယ်နေခဲ့ပြီး၊ မင်းတုန်းမင်းကြီးလက်ထက်(အေဒီ ၁၈၅၃–၁၈၇၈)၌ မန္တလေးမြို့တွင် တစ်ဖန်ပြန်၍ပေါ်ထွက်ပြန့်နှံ့ခဲ့ရာ၊ အေဒီ ၁၈၆၉–ခုနှစ်၌ ဖောတိဂိုဏ်းဝင် ငသိုင်း၊ ငမိတ်ဆိုသူများကို သုခမွာဆရာတော်တို့ကခေါ်ယူစစ်ဆေးပြီး ဘုရားသာသနာညီးနွှမ်းယုတ်လျော့ရာအကြောင်းဖြစ်သော ထိုဖောတိဝါဒအဓမ္မအယူကို စွန့်ပါမည့်အကြောင်း' ဝန်ခံစေခဲ့သည်။*၃

---

*၁ လယ်တီဆရာတော်၏ လယ်တီပဋ္ဌာနအဖြေပေါင်းချုပ်ကြီး၊ ပထမတွဲ။ (စာမျက်နှာ–၄၆၇)။

*၂ လူသေလူဖြစ်ဝါဒါနုဝါဒဝိနိစ္ဆယ။ ၁၉၈၁–ခုနှစ်။ (စာမျက်နှာ–၁၀၅၀)။

*၃ လယ်တီဦးလှဝိုင်း၏ စတုဘုန္ဓိကမဂ္ဂင်သာသနာဝင်သမိုင်း။ ၁၉၇၃–ခုနှစ်။ (စာမျက်နှာ–၅၄)နှင့် ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)၏ ဖောတိဝါဒ (ဆောင်းပါး)။ မြန်မာမင်းလက်ထက်တော်စာတမ်းများ။ ၁၉၆၇–ခုနှစ်။ (စာမျက်နှာ–၁၃၁)။ ဘိုးတော်မင်းလက်ထက်ကလည်း ဖောတိဂိုဏ်းသားဆယ့်လေးဦးကို နှိပ်ကွပ်ခဲ့သည်– John Palmar Ferguson' The Symbolic Dimensions of The Burmese Sangha. 1975. Page-302.

http://www.dhammadownload.com

ဘိုးတော်ဘုရား(အေဒီ ၁၈၈၂–၁၈၁၉)လက်ထက်တော်အခါကလည်း 'ဂေါတမဘုရားရှင်၏သာသနာကွယ်ပြီကုန်ပြီ'ဟူသော အယူအဆတစ်ရပ် အမရပူရမြို့တော်၌ ကြီးကျယ်စွာဖြစ်ခဲ့ဘူး၏။ ဘိုးတော်မင်းကိုယ်တိုင်ကပင် 'ဂေါတမဘုရားရှင်၏သာသနာတော်သည် အနှစ်တစ်ထောင်သာတည်ရှိ၏၊ အနှစ်တစ်ထောင်ကျော်လွန်လျှင် သာသနာမရှိပြီ၊ မြတ်စွာဘုရား၏ဓမ္မစက်အာဏာစက်များလည်းကုန်ဆုံးပြီ၊ အနှစ်တစ်ထောင်အတွင်း သမုတ်၍လာကြသော သိမ်များသည်လည်း ထိုနေ့တွင်ပင် သိမ်အဖြစ်ကိုစွန့်ကြကုန်ပြီ၊ သိမ်မရှိတော့ပြီ၊ ထိုသိမ်တို့၌ ရဟန်းခံကြသောသူများသည်လည်း ရဟန်းအစစ်မဖြစ်နိုင်ကြပြီ'စသည်ဖြင့် အလွဲအမှားယူဆကာ 'ငါ၏နိုင်ငံတော်အတွင်း၌ ရဟန်းသံဃာဟူ၍ တစ်ဦးတစ်ယောက်မျှမရှိကြစေနှင့်'ဟူ၍ တစ်နိုင်ငံလုံးကိုဆင့်ဆိုလေ၏။ အမရပူရမြို့တော်ရှိ ဆရာတော်သံဃာတော်တို့ကိုလည်း အတင်းအကြပ်အဝတ်ဖြူလဲ၍ လူထွက်စေရာ၊ တစ်နိုင်ငံလုံး၌ရှိသောရဟန်းသံဃာတော်တို့မှာ၊ တော၊တောင်ခိုအောင်း၍ ပုန်းလျှိုးကာနေကြရကုန်၏။[*၁]

ပဉ္စမသံဂါယနာတင်မင်းတုန်းမင်းကြီး(အေဒီ ၁၈၅၃–၁၈၇၈)လက်ထက် နန်းတွင်းသမားတော်ချုပ် ဓာတ်ဆရာကြီးဦးပိုသည် 'ပရမတ္ထအရိယာအစစ်အမှန်သံဃာ ယခုခေတ်တွင်မရှိတော့၊ ယခုရှိနေကြသူများမှာ ဖုန်းကြီး(သင်္ကန်းဝတ်)များသာဖြစ်သည်၊ ထို့ပြင် ဘုရားရှင်သည် သာသနာအနှစ်ငါးရာသာထားခဲ့၍ ဘုရားသာသနာမရှိတော့၊ သာသနာ–၅,၀၀၀ ကျန်သည်မှာ အဋ္ဌကထာကျမ်းပြု ရှင်ဗုဒ္ဓယောသ၏အယူသာဖြစ်၍ လက်မခံနိုင်'စသည်ဖြင့် ဖောတိဂိုဏ်း၏အယူအဆများကို အသက်သွင်းပြီးဟောပြောကြပြန်သောကြောင့် ကင်းဝန်မင်းကြီးက ဆရာကြီးဦးပို၏အယူ မှားနေကြောင်းဖျောင်းဖျသော်လည်း မရ။ သို့ဖြင့် ဆရာဦးပိုသည် မိမိအယူကိုမစွန့်ဘဲ ကြိမ်ဖြင့်အရိုက်ခံကာသေပွဲဝင်ခဲ့၏။[*၂]

တဖန်ဆက်၍ အနာဂတ်၌ပွင့်တော်မူလတ္တံ့ဖြစ်သောဘုရားရှင်တို့အား ဝေဖန်ပြောကြားပုံတို့ကိုလည်း တင်ပြလိုပေသည်။ အချို့သောပုဂ္ဂိုလ်တို့က 'အနာဂတ်ကာလ(တစ်နည်း)နောင်ဘဝဟူသည်ကို လက်တွေ့ပြနိုင်မှယုံမည်'ဟု ဆိုခဲ့ကြ၏။ စင်စစ် နောင်ဘဝရှိသည်ဟူသောအမြင်မှန်ရှိခြင်းကြောင့် လက်ရှိပစ္စုပ္ပန်ဘဝမှာပင် ကုသိုလ်ကောင်းမှုတို့ကိုပြုစုဆောင်ရွက်ကြရပြီးလျှင် ထိုကုသိုလ်ကောင်းမှု၏အကျိုးကို နောင်အခါခံစားကြရလေသည်။ ဤနေရာ၌ အနာဂတ်တရားက ပကတူပနိဿယသတ္တိဖြင့် ပစ္စုပ္ပန်ဓမ္မတို့ကိုကျေးဇူးပြုပုံနှင့်စပ်၍ လယ်တီဆရာတော်ကြီးက 'ပွင့်တော်မူလတ္တံ့ဆဲဆဲလည်းဖြစ်သော မေတ္တေယျအမည်ရှိတော်မူသော မြတ်စွာဘုရားသည်လည်းကောင်း၊ ထိုမေတ္တေယျဘုရားရှင်၏တရားတော်သည်လည်းကောင်း၊ ထိုမေတ္တေယျဘုရားရှင်၏တပည့်သားသံဃာတော်အပေါင်းသည်လည်းကောင်း၊ ယခုခေတ်သမယပစ္စုပ္ပန်ကာလ၌ ထင်ရှားရှိကုန်သောများစွာသောလူတို့အား ပါရမီကုသိုလ်ဖြစ်ပွားခြင်းငှာ ပကတူပနိဿယသတ္တိကျေးဇူးပြုသည်ဖြစ်၏'[*၃]–ဟု ပဌာနဒ္ဒေသဒီပနီ၌ ရေးသားတော်မူခဲ့သည်ကိုလည်း ထောက်ထားရန်ဖြစ်သည်။

---

*၁ လယ်တီဆရာတော်ဘုရားကြီး၏သာသနဒိဝေါဓနီကျမ်း၊ ပထမတွဲ။ ၁၉၅၄–ခုနှစ်။ (စာမျက်နှာ–၅၆)။ ဘိုးတော်မင်း၏ ပရမတ္ထသဘောကို အယူလွဲသဖြင့် သာသနာကိုပြုရာမရောက်ဘဲ ဖျက်ရာရောက်ခဲ့ပုံတို့ကို ပုဂံဝန်ထောက်ဦးတင်၏ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ တတိယပိုင်း။ ၁၉၇၀–ပြည့်နှစ်။ (စာမျက်နှာ–၁၁၈၊ ၁၂၅)တွင်လည်း ဖော်ပြထားသည်။ J.P. Ferguson' The Symbolic Dimensions of The Burmese Sangha. 1975. Page-205.

*၂ တိုက်ဝိုး၏မင်းတုန်းမင်း။ ၁၉၉၈–ခုနှစ်။ (စာမျက်နှာ–၈၈)။

*၃ အနာဂတောပိ မေတ္တေယျော နာမ ဗုဒ္ဓေါ ဧ တာသဓမ္မော ဧ တာသသံဃော ဧ တေရဟိဗဟုဒ္ဓနာနံ ပါရမိ ပုညဗ္ဗတ္တိယာ ပကတူပနိဿယ ပစ္စယော– ပဌာနဒ္ဒေသဒီပနိပါဠိ။ လယ်တီဆရာတော်ကြီး၏လယ်တီဒီပနီပေါင်းချုပ်၊ ပထမတွဲ။ ၁၉၆၆–ခုနှစ်။ (စာမျက်နှာ–၄၇၈)။

http://www.dhammadownload.com

အချို့သောပုဂ္ဂိုလ်တို့ကမူ 'ဇာတ်တော်များ၌ ဂေါတမဘုရားလောင်း၏ ကြီးကျယ်သောအံ့ဖွယ်များပါရှိနေပါလျက် ပွင့်ရန်ကျန်သေးသည်ဆိုသော အရိမေတ္တေယျဘုရားလောင်း၏ထိုအံ့သြဖွယ်များမှာမူ ကမ္ဘာပေါင်း၌ယနေ့အထိမတွေ့ရှိရခြင်းမှာ အရိမေတ္တေယျဟူ၍မကျန်၍လော' စသည်ဖြင့် နောင်အနာဂတ်ကာလ၌ပွင့်လတ္တံ့ဖြစ်သော မေတ္တေယျရှင်နှင့်စပ်လျဉ်း၍ပြောဆိုဝေဖန်ကြရာ၊ နိဂင်တော်သံဃမဟာနာယကအဖွဲ့၊ သီးခြားဝိနည်းဓိရိအမှတ်(၂)၏အဖွဲ့ဝင်ဆရာတော်ကြီးများက 'ပါဠိတော်များအပေါ်အယုံအကြည်ကင်းမဲ့သော ရုပ်ဝါဒီများကားမည်သည့်ပါဠိတော်သာဓကဖြင့်ပြောပြော လက်ခံမည်မဟုတ်ကြ၊ သို့သော် ရတနာသုံးပါး၌သက်ဝင်ယုံကြည်နေကြသော ဗုဒ္ဓဘာသာဝင်သူတော်စင်များအား အရိမေတ္တေယျဘုရားအလောင်းတော်နှင့်ပတ်သက်၍ သို့လော သို့လော ယုံမှားတွေးတောမှုမရှိရအောင် အလွန်ခိုင်မာသောပါဠိတော်ကြီးဖြင့်သက်သေထူပြပါအံ့' ဟု ဒီဃနိကာယ်၊ ပါထိကဝဂ်ပါဠိတော်၊ စက္ကဝတ္တိသုတ်မှထုတ်နုတ်ဖော်ပြကာ နောင်အနာဂတ်ကာလ၌မေတ္တေယျရှင်ပွင့်မည်မဟုတ်ဟု ဝေဖန်ရေးသားပြောဆိုသူများသည် အဝမ္မဝါဒီများသာဖြစ်ကြောင်းကို ဆုံးဖြတ်ချက်ချတော်မူခဲ့ကြပါသည်။*၁

နိဂုံး

သဒ္ဓါတရားကင်းမဲ့သူတို့က ကာလသုံးပါးအလိုက်ပွင့်တော်မူခဲ့-ပွင့်တော်မူဆဲ-ပွင့်တော်မူလတ္တံ့ဖြစ်သော ဘုရားရှင်အဆူဆူတို့ကို မည်သို့ပင်ဝေဖန်ကြစေကာမူ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့မှာ ထိုကာလသုံးပါးတို့၌ပွင့်ထွန်းကြသည့်ဘုရားအဆူဆူတို့အား မြတ်နိုးတနာပူဇော်ကြပြီးလျှင်၊ လောကဥ်ဘုရားမပွင့်ထွန်းလျှင်(တစ်နည်း) ဘုရားမရှိလျှင် မဖြစ်နိုင်ပုံအကြောင်းကို ကမ္ဘာကျော်ပါဠိစာပေပညာရှင် လန်ဒန်ပါဠိဒေဝီ (Mrs C. A. F. Rhys Davids. 1858-1942) နှင့် လန်ဒန်မြို့ အောက်စဖို့ဒ်တက္ကသိုလ်မှဥပဒေကျောင်းသားကလေးတစ်ဦးတို့ အမေးအဖြေမှ ထုတ်နုတ်တင်ပြလိုပေသည်။

ပါဠိစာပေပညာရှင်ကြီးမစွစ်ရီဒေးဗစ်သည် အောက်စဖို့ဒ် (Oxford) မှလာသော ရထားတစ်စင်းပေါ်တွင် သီရိလင်္ကာနိုင်ငံသား ဥပဒေပညာသင်ကျောင်းသားတစ်ဦးနှင့်တွေ့ဆုံပြီးစကားပြောလာကြရာ ထိုကျောင်းသားက-

> ကျွန်တော်ဟာ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ပါတယ်၊ မိဘများကလည်း ဗုဒ္ဓဘာသာဝင်များပါပဲ။ ကျွန်တော်တို့မိသားစုဟာ ရတနာသုံးပါးကိုဆည်းကပ်ကြပြီး ငါးပါးသီလကိုလဲလုံခြုံအောင်စောင့်ထိန်းကြပါတယ်။ ကျွန်တော်တို့ဟာ ရတနာသုံးပါးဆည်းကပ်ခြင်းနှင့် သီလကိုစောင့်ထိန်းကြခြင်းဖြင့် ဗုဒ္ဓဘာသာဝင်ကောင်းဖြစ်အောင် ကြိုးစားကြပါတယ်၊ မြတ်စွာဘုရားရှင်ဟာ အလွန်ထူးကဲမြင့်မြတ်တဲ့ပုဂ္ဂိုလ်ကြီးတစ်ယောက်ဖြစ်ပြီး သူ့ရဲ့အယူအဆဓမ္မများကို အခြားလူတွေထောက်မိုဝင်ဆန့်နိုင်ကြမှာ မဟုတ်ပါဘူး။ ဒီပုဂ္ဂိုလ်ကြီးဟာ အခုကမ္ဘာမြေမှာရော အခြားနေရာမှာပါ ဖြစ်ခြင်းတည်ခြင်း မရှိတော့ပါဘူး။ ဒါပေမယ့် အဲဒီပုဂ္ဂိုလ်ကြီးကိုအာရုံပြုပြီး အဲဒီပုဂ္ဂိုလ်ကြီးရဲ့ဂုဏ်တော်တွေကိုစူးစိုက်ပြီး ကမ္မဋ္ဌာန်းရှုနိုင်ကြပါတယ်။ ဒါဟာ ဘာလာဘ်လာဘကိုမှမျှော်ကိုးပြီးလုပ်တာမဟုတ်ပါဘူး။ ကောင်းတဲ့အလုပ်ပဲဆိုတာသိလို့ လုပ်တာသာဖြစ်ပါတယ်။ ပြီးတော့ ဒီကမ္ဘာကြီးမှာ မေတ္တေယျဆိုတဲ့ဘုရားတစ်ဆူပွင့်တော်မူလိမ့်မယ်လို့ ယုံကြည်ကြပါတယ်။ ကျွန်တော်ဖြင့် ခုတောင်ပဲပွင့်စေချင်လှပါပြီ' ဟုပြောကြားခဲ့ရာ၊ ထိုပြောစကားများအရ နောင်ပွင့်လတ္တံ့သောမေတ္တေယျအရှင်ကို ယခုလက်ငင်းပင် ပွင့်စေလိုသောပုဂ္ဂိုလ်များရှိကြောင်းကိုလည်း သိနိုင်လေသည်။*၂

---

*၁ လူသေလူဖြစ် ဝါဒါနုဝါဒဝိဓိဖြစ်ယယ။ ၁၉၈၁–ခုနှစ်။ (စာမျက်နှာ–၁၀၃၉)။

*၂ အရှင်ကောသလ္လ (ဝိဇ္ဇာဂုဏ်ထူး၊ လန်ဒန်)၏ မျက်မှောက်စေတ်လူငယ်များ(ဆောင်းပါး)။ ရတနာမွန်မဂ္ဂဇင်း။ အတွဲ–၁၊ အမှတ်–၁။ ၁၉၆၉–ခုနှစ်။ မတ်လ။ (စာမျက်နှာ–၂၇)။

http://www.dhammadownload.com

အတိတ်,ပစ္စုပ္ပန်,အနာဂတ်ဟူသော ကာလသုံးပါးတို့တွင် မည်သည့်ကာလ၌မဆို သုံးလောကဘုံသား သတ္တဝါအများတို့အလိုရှိအပ်သော အကျိုးစီးပွားကို ရတနာသုံးပါးကသာပေးစွမ်းနိုင်သည်ဖြစ်၍၊ ထိုရတနာသုံးပါးကို အမြဲတစေကိုးကွယ်ဆည်းကပ်အပ်ကြောင်း ဖော်ပြထားသော မဓုရရသဝါဟိနီကျမ်း(ဇမ္ဗူဒီပုပ္ပတ္တိကထာ)လာ အောက်ဖော်ပြပါနိဂုံးဂါထာဖြင့် ဤကာလသုံးပါးဘုရားများကထွက်ကို အဆုံးသတ်အပ်ပါသတည်း။

တိယဒ္ဓေသု တိလောကသ္မိံ၊ နတ္ထိ ဝတ္ထုတ္တယံ ဝိနာ။
သတ္တာနမည္ပမိစ္ဆတ္ထ၊ ဒါယကံ သုရပါဒပံ။ ။*၁


တိယဒ္ဓေသု= ကာလသုံးပါးတို့၌။ တိလောကသ္မိံ= ကာမ,ရူပ,အရူပဟူသော လောကသုံးပါး၌။ ဝတ္ထုတ္တယံ= ရတနာသုံးပါးအပေါင်းကို။ ဝိနာ= ကြဉ်၍။ သတ္တာနံ= သတ္တဝါတို့အား(ဝါ) သတ္တဝါတို့၏။ ကွစ္ဆတ္ထဒါယကံ= အလိုရှိအပ်သော အကျိုးစီးပွားကို ပေးတတ်သော။ အညံ= ရတနာသုံးပါးမှ တခြားသော။ သုရပါဒပံ= နတ်သစ်ပင်ပဒေသာမျိုးသည်။ နတ္ထိ= မရှိပါပေ။*၂

❁ ❁ ❁ ❁ ❁


*၁ ဦးဓနိန္ဒ(တည်း)၏ ရသဝါဟိနီပါဠိ။ (စာမျက်နှာ–၁၈၈)။

*၂ တောင်ပေါက်ဆရာတော်၏ မဓုရရသဝါဟိနီချုစက်နိသယ၊ တတ္ထဝိုင်း။ ၁၉၈၀–ပြည့်နှစ်။ (စာမျက်နှာ–၁၄၄)။

http://www.dhammadownload.com


ဆင်းရဲကင်းခြင်း-၁
ဆင်းရဲကင်းခြင်း-၂
ဆင်းရဲကင်းခြင်း-၃
ဆင်းရဲကင်းခြင်း-၄
ဆင်းရဲကင်းခြင်း-၅
ဆင်းရဲကင်းခြင်း-၆
ဆင်းရဲကင်းခြင်း-၇
ကိုယ်တိုင်ကင်းခြင်း(ခ)ဆင်းရဲ ၆
ကိုယ်တိုင်ကင်းခြင်း(ဂ)ဆင်းရဲ ၇
ကိုယ်တိုင်ကင်းခြင်း(ဃ)ဆင်းရဲ ၈
ကိုယ်တိုင်ကင်းခြင်း(င)ဆင်းရဲ ၉
ကိုယ်တိုင်ကင်းခြင်း(စ)ဆင်းရဲ ၁၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၄၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၄၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၄၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၄၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၄၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၄၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၄၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၄၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၄၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၄၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၅၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၅၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၅၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၅၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၅၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၅၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၅၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၅၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၅၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၅၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၆၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၆၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၆၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၆၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၆၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၆၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၆၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၆၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၆၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၆၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၇၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၇၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၇၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၇၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၇၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၇၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၇၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၇၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၇၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၇၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၈၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၈၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၈၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၈၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၈၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၈၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၈၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၈၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၈၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၈၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၉၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၉၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၉၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၉၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၉၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၉၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၉၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၉၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၉၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၉၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၀၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၀၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၀၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၀၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၀၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၀၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၀၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၀၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၀၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၀၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၁၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၁၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၁၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၁၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၁၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၁၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၁၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၁၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၁၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၁၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၂၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၂၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၂၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၂၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၂၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၂၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၂၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၂၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၂၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၂၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၃၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၃၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၃၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၃၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၃၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၃၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၃၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၃၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၃၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၃၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၄၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၄၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၄၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၄၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၄၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၄၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၄၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၄၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၄၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၄၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၅၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၅၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၅၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၅၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၅၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၅၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၅၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၅၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၅၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၅၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၆၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၆၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၆၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၆၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၆၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၆၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၆၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၆၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၆၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၆၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၇၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၇၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၇၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၇၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၇၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၇၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၇၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၇၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၇၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၇၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၈၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၈၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၈၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၈၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၈၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၈၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၈၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၈၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၈၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၈၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၉၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၉၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၉၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၉၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၉၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၉၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၉၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၉၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၉၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၁၉၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၀၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၀၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၀၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၀၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၀၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၀၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၀၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၀၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၀၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၀၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၁၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၁၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၁၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၁၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၁၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၁၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၁၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၁၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၁၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၁၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၂၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၂၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၂၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၂၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၂၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၂၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၂၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၂၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၂၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၂၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၃၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၃၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၃၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၃၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၃၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၃၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၃၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၃၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၃၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၃၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၄၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၄၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၄၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၄၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၄၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၄၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၄၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၄၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၄၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၄၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၅၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၅၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၅၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၅၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၅၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၅၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၅၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၅၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၅၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၅၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၆၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၆၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၆၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၆၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၆၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၆၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၆၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၆၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၆၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၆၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၇၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၇၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၇၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၇၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၇၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၇၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၇၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၇၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၇၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၇၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၈၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၈၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၈၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၈၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၈၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၈၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၈၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၈၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၈၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၈၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၉၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၉၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၉၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၉၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၉၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၉၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၉၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၉၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၉၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၂၉၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၀၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၀၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၀၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၀၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၀၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၀၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၀၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၀၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၀၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၀၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၁၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၁၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၁၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၁၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၁၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၁၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၁၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၁၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၁၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၁၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၂၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၂၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၂၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၂၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၂၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၂၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၂၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၂၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၂၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၂၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၃၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၃၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၃၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၃၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၃၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၃၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၃၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၃၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၃၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၃၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၄၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၄၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၄၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၄၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၄၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၄၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၄၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၄၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၄၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၄၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၅၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၅၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၅၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၅၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၅၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၅၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၅၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၅၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၅၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၅၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၆၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၆၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၆၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၆၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၆၄
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၆၅
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၆၆
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၆၇
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၆၈
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၆၉
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၇၀
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၇၁
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၇၂
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၇၃
ဘုရားရှင်ကိုယ်တော်တိုင်ကင်းခြင်း ၃၇၄
ဘုရားရှင်ကိုယ်တ

http://www.dhammadownload.com



http://www.dhammadownload.com

အခန်း (၂)

အရိမေတ္တေယျဗုဒ္ဓဝင်

အတိတ်,ပစ္စုပ္ပန်,အနာဂတ်–ဟူသော ကာလသုံးပါးတို့ဦးပွင့်ထွန်းတော်မူကြသော ဘုရားရှင်အဆူဆူတို့၏အကြောင်းကို ဆိုင်ရာစာပေကျမ်းဂန်တို့မှ ထုတ်နုတ်တင်ပြပြီးသည့်နောက်၊ ဤစာအုပ်၌ပဓာနကျသောအကြောင်းအရာလည်းဖြစ်၊ အနာဂတ်ကာလ၌ ပွင့်လတ္တံ့ဖြစ်တော်မူသော မေတ္တေယျရှင်တော်မြတ်၏ဘုရားဖြစ်စဉ်ဗုဒ္ဓဝင်ကို တင်ပြလိုပေသည်။ သို့ပြဆိုရာ၌ မေတ္တေယျရှင်၏ပါရမီဖြည့်ကျင့်တော်မူရာ ရှေးရှေးသောဘဝအစဉ်ကိုလည်း လက်လှမ်းမီရာစာပေတို့မှထုတ်နုတ်ဖော်ပြထားပါသည်။

ဗုဒ္ဓဝင်တရားတော်မည်သည်

ဗုဒ္ဓဝင်တရားတော်မည်သည် ဘုရားရှင်တို့မှတစ်ပါး အခြားမည်သည့်လူနတ်တို့ကမျှ ဟောကြားခြင်းငှာမစွမ်းနိုင်သော တရားဒေသနာဖြစ်သည့်အတွက် ထိုဗုဒ္ဓဝင်ဒေသနာတရားတော်ကို 'ဘုရားရှင်တို့၏အရာ(ဗုဒ္ဓဝိသယ)'ဟု အဋ္ဌကထာဆရာက ဖွင့်ဆိုခဲ့လေသည်။[*၁]

ဘုရားဖြစ်စဉ်ဗုဒ္ဓဝင်တရားတော်သည်သာမက 'ဤသူသည် နောင်အခါ ကာလ၌ ဘုရားစင်စစ်ဖြစ်လတ္တံ့'ဟူ၍ မချွတ်မလွဲကေန်ဆိုအပ်သောနိယတဗျာဒိတ်စကားမျိုးကိုလည်း လောကဋ္ဌဘုရားရှင်တို့မှတစ်ပါး အခြားမည်သည့်လူနတ်ကမျှ ပြောဆိုခွင့်မရှိပါပေ။ ပြောဆိုခဲ့လျှင်လည်း ဇကန်မှန်လိမ့်မည်ဟု အာမခံချက်မရှိနိုင်။

'ဤဘဒ္ဒကမ္ပာ၌ မေတ္တေယျရှင်ပွင့်ထွန်းလတ္တံ့'ဟူသော ဗျာဒိတ်စကားနှင့်တကွ မေတ္တေယျရှင်၏ဘုရားဖြစ်စဉ်ဗုဒ္ဓဝင်ကို ဂေါတမမြတ်စွာဘုရားရှင် မိန့်မြွက်တော်မူခဲ့သောကြောင့်သာ ကျွန်ုပ်တို့သိရှိခွင့်ရကြခြင်းဖြစ်သည်။ ဂေါတမမြတ်စွာဘုရားရှင်သည် မေတ္တေယျရှင်ပွင့်တော်မူမည့်အကြောင်းကို မည်သည့်အရပ်ဒေသ၌၊ မည်သည့်အခါကာလက မည်သည့်ပုဂ္ဂိုလ်ကိုအကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသနည်းဟု ဆိုပါလျှင်–

ဂေါတမမြတ်စွာဘုရားရှင်သည် ဒုတိယမြောက်ဝါ၌ ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းတော်ကြီးအနီး ရတနာစင်္ကြံထက်တွင် လူးလာတုံ့ခေါက် စင်္ကြံကြွသွားနေတော်မူစဉ် ဓမ္မသေနာပတိဖြစ်သော အရှင်သာရိပုတ္တရာမထေရ်မြတ်၏လျှောက်ထား

---

*၁ ဗုဒ္ဓါနံယေဝ ဝိသယော ဗုဒ္ဓဝိသယော– ဗုဒ္ဓဝံသ၊ ဋ္ဌ။ ၆၅။

http://www.dhammadownload.com

တောင်းပန်ခြင်းကိုအကြောင်းပြု၍ ဟောကြားအပ်သော ဗုဒ္ဓဝံသဒေသနာတော်အဆုံး၌ မေတ္တေယျရှင်ပွင့်ထွန်းတော်မူမည့်အကြောင်းကို အကျဉ်းအားဖြင့်(တစ်ဂါထာ) ဟောကြားတော်မူခဲ့ပါသည်။ ဗုဒ္ဓဝံသ။၃၈၃။*၁

ထို့ပြင် သုတ္တန္တ ပိဋကာ၊ ဒီဃနိကာယ်၊ ပါထိကဝဂ္ဂ၊ စက္ကဝတ္တိသုတ္တန်ဒေသနာတော် (ဒီ၊ ၃။၄၈။) ၌လည်း ဂေါတမမြတ်စွာဘုရားရှင်သည် မဂဓတိုင်း။ မာတုလမြို့၌သီတင်းသုံးနေတော်မူစဉ် မာတုလမြို့နေ ရဟန်းတော်တို့အား ဒဋ္ဌနေမိစကြာမင်း၊ သခံစကြာမင်းတို့အကြောင်းတို့ကိုဟောကြားတော်မူရာ လူတို့သက်တမ်း အနှစ်ရှစ်သောင်းရှည်သောကာလ ဤဖမ္မူဒီပ်ကျွန်း ကေတုမတီမင်းနေပြည်တွင် သခံစကြာမင်း မင်းလုပ်အုပ်စိုးသော အခါ အရဟံ-စသောဂုဏ်တော်တို့သခင် မေတ္တေယျဘုရားရှင်ပွင့်တော်မူမည့်အကြောင်း ထည့်သွင်းမိန့်ဆို တော်မူခဲ့ပါသည်။

ဤသို့လျှင် ဂေါတမမြတ်စွာဘုရားရှင်သည် ပိဋကတ်ပါဠိတော်၌ နှစ်ကြိမ်တိုင်တိုင် မေတ္တေယျရှင် ပွင့်ထွန်းတော်မူလာမည့်အကြောင်းကို မိန့်ကြားတော်မူခဲ့သော်လည်း မေတ္တေယျဘုရားရှင်၏ဘုရားအဖြစ် ဆုပန်ခဲ့ပုံ၊ နိယတဗျာဒိတ်ပန်ဆင်ရယူတော်မူခဲ့ပုံနှင့် ပါရမီအရပ်ရပ်ဖြည့်ကျင့်တော်မူခဲ့ပုံတို့ကိုမူကား အကျယ်အားဖြင့် ဟောကြားမိန့်ဖော်ထားတော်မမူခဲ့ပေ။ ထိုအကြောင်းအရာတို့ကို ပိဋကတ်ပါဠိစာပေ၏အပဖြစ်သော မေတ္တေယျဗုဒ္ဓဝင်အမည်ရှိ အနာဂတဝံသ၊ ထိုကျမ်းအဖွင့် အမတရသဓရဝဏ္ဏနာခေါ် သမန္တဘဒ္ဒိကာအဋ္ဌကထာနှင့် သောတတ္တကီမဟာနိဒါနအစရှိသည့်ကျမ်းတို့မှာတွေ့ရသည်ဖြစ်၍ ထိုကျမ်းဂန်တို့မှထုတ်နုတ်၍ မေတ္တေယျဘုရားရှင်၏ဗုဒ္ဓဝင်ကို မကျဉ်းမကျယ်တင်ပြလိုပေသည်။

သို့တင်ပြရာတွင် မေတ္တေယျရှင် နိယတဗျာဒိတ်မဆင်မြန်းမီကာလ၊ ဆင်မြန်းပြီးကာလနှင့် ရှေးရှေးသော ဘဝအစဉ် ပါရမီဖြည့်ကျင့်ခဲ့ပုံ အလုံးစုံသောဖြစ်ရပ်တို့ကိုလေ့လာရာတွင် သုမတ္တမြတ်စွာဘုရားလက်ထက် ပဒုမစကြာမင်းကြီးဘဝသည် အစောဆုံးတွေ့ရသောဘဝဖြစ်စဉ်ဖြစ်ပါသည်။*၂

ပဒုမစကြာမင်းဘဝ

လောက၌ သုံးလောကထွတ်တင်သမ္မာသမ္ဗုဒ္ဓဘုရားစင်စစ်အဖြစ်ကိုမဆိုထားဘိ ဗောဓိသတ္တ ဘုရားအလောင်းဟူသောအဖြစ်သည်ပင် တစ်ခဏချင်းဘွားခနဲ ဖြစ်လာနိုင်သည်မဟုတ်၊ စွမ်းနိုင်သမျှ တစ်စတစ်စ ပါရမီတော်တို့ကိုဖြည့်ကျင့်ကာ နေရာမှရင့်၍ ရင့်ရာမှအလောင်းတော်ကြီးများအဖြစ်သို့ တစ်ဆင့်ပြီးတစ်ဆင့် ရောက်ကြရမြဲဖြစ်သည်။

မေတ္တေယျအလောင်းတော်သည် ရှေးကမ္ဘာများစွာက သုဒ္ဓါဝါသဘုံသားရဟန္တာပြဟ္မာကြီးများကို အကြောင်းပြု၍ ဘုရားဖြစ်ကြောင်းကုသိုလ်ပါရမီအထူးတို့ ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့ပုံကို အောက်ပါ ပဒုမစကြာမင်းဝတ္ထု၌ ဖတ်ရှုကြည်ညိုကြရပါမည်။

---

*၁ 'တေရဟိ ပန သမ္မေသုယေဝ မရမ္မသိဟဠေါ်တ္တကေသု ဝိသတိ ဂါထာယော ဒီသယ္ဒိ'-ဟု ဗုဒ္ဓဝံသပါဠိတော်၌လာသော မေတ္တေယျရှင် ပွင့်ထွန်းမည့်အကြောင်းဖော်ပြထားသော 'အဟ မေတရဟိ သမ္ဗုဒ္ဓေါ်'- အစရှိသောဂါထာကို မြန်မာမှုနှင့် သိဟိုဠ်မှု ဗုဒ္ဓဝင်ပါဠိတော်တို့၌သာ တွေ့ရသည်ဟု ဆရာမူ ဗုဒ္ဓဝံသအဋ္ဌကထာ(၈၁-၃၄၈)အောက်ခြေ၌ ဝိသောဇကမဏ္ဍလီမြတ်တို့က ဖော်ပြထား၏။ ထိုဂါထာကို ဗုဒ္ဓဝင်အဋ္ဌကထာပါဠိ၌ ထည့်သွင်းဖွင့်ဆိုထားခြင်းမရှိပေ။ ဗုဒ္ဓဝင်အဋ္ဌကထာပြုစုသောခေတ်ကရှိနေသော ဗုဒ္ဓဝံသပါဠိတော်တွင် ထိုဂါထာပါပုံမရပေ- ပဌမငါးနှစ် ဆရာတော်၏ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၊ တတိယတွဲ။ ၁၉၃၅-၃၄၆။ (စာမျက်နှာ-၅၀)။ I.B. Horner' The Clarifier of The Sweet Meaning. 1978. Page-424[8].

*၂ ထိုသုမတ္တဘုရားရှင်, ပဒုမစကြာမင်း-တို့၏အကြောင်းကို ထေရဂါဒဝိဇကတ်စာပေ၌ မတွေ့ရပါ။ အနာဂတဝံသအဋ္ဌကထာ၌ 'သုမိတ္တံ နာမ သမ္ဗုဒ္ဓံ' စသည်ဖြင့် ပြထားသည်။

http://www.dhammadownload.com

မေတ္တေယျဘုရားအလောင်းသည် လွန်လေပြီးသောကပ်ကမ္ဘာနုစဉ်အခါက (= ကမ္ဘာတည်စအခါက) ပဒုမအမည်ရှိသောစကြာမင်းဖြစ်ခဲ့၏။ ထိုပဒုမစကြာမင်းသည် စိတ်နှလုံးနူးညံ့သိမ်မွေ့၍ မြဲသောလုံ့လရှိခြင်း၊ တည်တံ့ခိုင်မြဲသောစိတ်နှလုံးရှိခြင်း၊ မတွန့်တိုမဆုတ်နစ်သောလုံ့လရှိခြင်း၊ သူတစ်ပါးအကျိုးစီးပွားကိုစွမ်းဆောင်နိုင်သူဖြစ်ခြင်းဟူသော သူတော်ကောင်းဂုဏ်အင်္ဂါတို့နှင့်ပြည့်စုံသောကြောင့် သုဒ္ဓါဝါသဘုံသား ရဟန္တာဗြဟ္မာကြီးများက ထိုပဒုမစကြာမင်း၏စိတ်နှလုံးအတွင်းသို့ပူးဝင်ကြကာ*၁ သာသနာသို့သက်ဝင်စေရန် ကြိုစည်ကြကုန်၏။

ထိုအခါ၌ သုမတ္တဘုရားရှင် ပွင့်တော်မူခဲ့ပါသည်။ ပဒုမစကြာမင်းကြီးသည် ပွင့်တော်မူလာသော သုမတ္တမြတ်စွာဘုရားကိုဖူးတွေ့ရသောအခါ မြတ်စွာဘုရား၏တင့်တယ်သောအသရေတော်ကြောင့် ဖူးမြော်၍မဝအောင်ရှိသည်။ သုမတ္တမြတ်စွာဘုရား၏ရေမီးအစုံအစုံတန်ခိုးပြာဋိဟာပြတော်မူပုံကို ဖူးမြင်ရသောအခါ ပဒုမစကြာမင်းသာမက ဖူးမြင်ကြရသူမှန်သရွေ့သည် ဘုရားအဖြစ်ကိုအလိုရှိကြ တောင့်တကြကုန်၏။ ဘုရားရှင်တို့၏ ဒေဝေါရောဟနပြာဋိဟာ ခေါ် အဘိဓမ္မာတရားဟောကြား၍အပြီး လူပြည်သို့ကြွဆင်းတော်မူစဉ်ပြတော်မူသော တန်ခိုးကိုမြင်ကြရသည့်အခါ၌ကား အလျားအနုံတစ်ဆယ့်နှစ်ယူဇနာအဝိုင်းအတွင်းရှိပရိသတ်တို့မှာ ဘုရားအဖြစ်ကို တောင့်တကြသူချည်းပင်ဖြစ်တော့၏။

မြတ်စွာဘုရား၏ဘုန်းတန်ခိုးအာနုဘော်တို့ကိုအကြောင်းပြု၍ ဘုရားအဖြစ်အလိုရှိတောင့်တကြသော်လည်း ဖြည့်ကျင့်ရမည့်ပါရမီတော်တို့၏များသောအဖြစ်၊ ကြီးကျယ်စွာဆည်းပူးအားထုတ်ရသောအဖြစ်၊ ဘဝတိုင်းမပြတ်မလပ် ဖြည့်ကျင့်ရသောအဖြစ်၊ ရှိသေစွာဖြည့်ကျင့်ရသောအဖြစ်၊ ကြာမြင့်စွာဖြည့်ကျင့်ရသောအဖြစ်၊ ကိုယ့်အသက်ကိုပင်မငဲ့ကွက်ဘဲ ဖြည့်ကျင့်ရသောအဖြစ်တို့ကိုသိရှိကြသောအခါ သဒ္ဓါ, ပညာ, ဆန္ဒ, ဝီရိယ နည်းပါးသောသူတို့မှာ ပါရမီဖြည့်ကျင့်ရမှုကိုကြောက်ရွံ့ကြကာ နောက်တွန့်သွားကြသည်။ ပဒုမစကြာမင်းကဲ့သို့ အလောင်းအလျာကြီးတို့အဖို့မူကား ဤသို့ခက်ခဲနက်နဲ အပင်ပန်းအဆင်းရဲခံ၍ ဖြည့်ကျင့်ရမည့်ပါရမီလုပ်ငန်းကြီးအတွက် ရွံ့သောစိတ်ကြောက်သောစိတ် ရွေးသားမှုမဖြစ်ပေါ်ဘဲ ဘုရားအဖြစ်ကိုသာ ခုံခုံမင်မင်တောင့်တပြီး ပါရမီဖြည့်ရန် ပိုင်းဖြတ်ရည်သန်ပြီးဖြစ်လေသည်။

ပဒုမစကြာမင်းသည် သာသနာတော်၌စိတ်ညွှတ်နူးသည်ဖြစ်၍ အကျယ်ဆယ်ယူဇနာရှိသော မိုးထိန်းနိုးကျောင်းတော်ကြီးကိုဆောက်လုပ်ကာ သုမိတ္တမြတ်စွာဘုရားအားလှူဒါန်းခဲ့၏။ ထိုကျောင်းပတ်ဝန်းကျင် အရပ်ဆယ်မျက်နှာ၌ ဆယ်ယူဇနာအတွင်း ဆီမီးတိုင်ချင်းထိစပ်အောင်ထွန်းညှိကာ ခုနစ်ရက်ပတ်လုံး ဆီမီးပူဇော်ပွဲကြီးကို ပြုလုပ်ပူဇော်ခဲ့၏။ ဘုရားအမှူးရှိသောသံဃာတော်တို့အား ရှစ်ပါးသောပရိက္ခရာတို့ကို လှူဒါန်းခဲ့၏။ ထို့ပြင် ဘုရားတစ်ဆူတစ်ဆူတို့၏လက်ထက်မှာ တစ်ကြိမ်တစ်ကြိမ်သာလျှင်ပေါ်ပေါက်မြဲဖြစ်သော အသဒိသဒါန (= တန်းတူညီမျှရနိုင်စကောင်းမဟုတ်သောဒါနအလှူပွဲကြီး)ကို ပြုလုပ်လှူဒါန်းတော်မူခဲ့ပါသည်။ ထိုအခါ မဟာပထဝီမြေကြီးသည် ပဲ့တင်မြည်ဟီးကောင်းချီးပေးခဲ့၏။*၂

ဗြဟ္မဘာဝိစကြာမင်းကြီးဘဝ

မေတ္တေယျရှင်အလောင်းတော်၏ သမ္မာသမ္ဗောဓိဆုကိုမယူမီ လူပြည်လူ့ရွာ၌တည်၍ သုံးပါးသောသမ္ပတ္တိတို့ကို ဖြည့်ကျင့်ဆည်းပူးတော်မူသောအခါက ဗြဟ္မဘာဝိအမည်ရှိသော ပြည့်ရှင်မင်းကြီးဘဝသည်လည်း တစ်ဘဝအပါအဝင်ဖြစ်၏။

---

*၁ ထိုသို့ပူးဝင်ခြင်းကို ပါဠိဘာသာဖြင့် ပဒေသိတစိတ္တ–ဟုခေါ်သည်။

*၂ ဦးတေဇဝန္တ၏ အနာဂတဗုဒ္ဓဝံသကထာကျမ်း။ ၁၉၀၂–ခုနှစ်။ (စာမျက်နှာ–၂)။

http://www.dhammadownload.com

မေတ္တေယျလောင်းလျာ ဗြဟ္မဘာဝိပြည့်ရှင်မင်းဖြစ်တော်မူချိန်၌ လောကတွင် ပေါရာဏမေတ္တေယျ (=မေတ္တေယျအမည်တော်ရှိသော ရှေးဘုရားတစ်ဆူ)ပွင့်ထွန်းတော်မူခဲ့ပါသည်။ မေတ္တေယျလောင်းလျာ ဗြဟ္မဘာဝိမင်းကြီးသည် ထိုပွင့်တော်မူသောမေတ္တေယျရှင်တော်ဘုရား၏ထံပါးသို့ချဉ်းကပ်ပြီးလျှင် ဟောကြားအပ်သော တရားတော်မြတ်တို့ကို လေးမြတ်စွာနာယူခဲ့၏။တရားနာပြီးသော် သဒ္ဓါဗလဝပဿန္နစေတနာ ထက်သန်လှသည်ဖြစ်၍ ရတနာခုနစ်ပါးတို့ဖြင့်မွမ်းမံထားသော အလွန်ဆန်းကြယ်သော မဏ္ဍပ်ကြီးတစ်ဆောင်ကို ဆောက်လုပ်ကာ ထိုမဏ္ဍပ်၏ဝန်းကျင်၌ ငွေအိုးကြီးရှစ်လုံး,ရွှေအိုးကြီးရှစ်လုံး,ပတ္တမြားအိုးကြီးရှစ်လုံးတို့ တည်ထားခဲ့၏။ ထို့ပြင် မြတ်စွာဘုရားရှင်နှင့် သံဃာတော်အရှင်မြတ်တို့အား ပရိက္ခရာအစုံတို့ကို လှူတော်မူလေ၏။ ထိုသို့လှူဒါန်းပြီးလျှင် ဗြဟ္မဘာဝိမင်းကြီးသည် မိမိမျှော်လင့်ရည်စူးထားသော သမ္မာသမ္ဗောဓိဆုကိုရည်ရွယ်မျှော်မှန်း၍ 'ဣဒံ မေ ပုညံ ဗောဓိဉာဏာယ'ဟု နှုတ်မှမြွက်ဆိုခဲ့လေသည်။[*၁]

ရတနကတမဏ္ဍေရ်ဘဝ

မေတ္တေယျလောင်းလျာသည် ကမ္ဘာတစ်သိန်းရှည်ကြာမြင့်အောင် သုံးပါးသောသမ္ပတ္တိတို့ကို ဖြည့်ကျင့်ဆည်းပူးတော်မူပြီး (၁၆)သချေ်နှင့်ကမ္ဘာတစ်သိန်းကာလပတ်လုံး ပွင့်တော်မူကြကုန်သော သမ္ဗညူဘုရားရှင်တို့ထံ လွန်လွန်ကဲကဲပြုအပ်သောကုသိုလ်ကောင်းမှုတို့ကိုပြုစုလျက် စိတ်,နှုတ်ဖြင့် သမ္မာသမ္ဗောဓိဆုကိုတောင့်တခဲ့ပြီးလျှင် ဤဇမ္ဗူဒီပကျွန်းအလယ်တွင် ပဘာဝန္တအမည်ရှိသောစကြာမင်းကြီး ဖြစ်ခဲ့ပြန်လေသည်။

ထိုအချိန်၌ မုဟုတ္တာဘွဲ့မည်တော်ရှိသောမြတ်စွာဘုရားရှင်သည် လောကဥ်ပွင့်ထွန်းတော်မူခဲ့ပါသည်။ မေတ္တေယျလောင်းလျာ ပဘာဝန္တစကြာမင်းကြီးသည် ဤအချိန်၌ နိယတဗျာဒိတ်ခံယူရန် အင်္ဂါ(၈)ပါးနှင့်ပြည့်စုံရာဘဝသို့ရောက်ပြီဖြစ်၍ မိမိ၏မင်းစည်းစိမ်ကို တံတွေးပေါက်ကဲ့သို့ရွံရှာခြင်းဖြစ်ကာ ရက်ရက်စွန့်လွှတ်ခဲ့လေသည်။ ရတနကတမဏ္ဍေရ်ဟူသောဘွဲ့အမည်ဖြင့် ရဟန်းပြုတော်မူခဲ့၏။

မေတ္တေယျလောင်းလျာရတနကတမဏ္ဍေရ်သည် ရဟန်းပြုသောခဏမှာပင် ၁။ စိတ်၏တည်ကြည်ခြင်း (သမာဟိတ)၊ ၂။ စိတ်စင်ကြယ်ခြင်း (ပရိသုဒ္ဓ)၊ ၃။ စိတ်၏ဖြူစင်ခြင်း (ပရိယောဒါတ)၊ ၄။ ကိလေသာမရှိခြင်း (အနင်္ဃ)၊ ၅။ ကိလေသာကင်းခြင်း (ဝိဂတူပက္ကိလေသ)၊ ၆။ စိတ်၏နူးညံ့ခြင်း (မုဒုဘူတ)၊ ၇။ စိတ်၏ခိုင်ခံ့ခြင်း (ကမ္မနိယ) နှင့် ၈။ မတုန်မလှုပ်သောအဖြစ်သို့ရောက်ခြင်း (အာနေဉ္ဇပတ္တ)ဟူသော အဋ္ဌသမာပတ္တိသုခ(အဘိညာဉ်အားကိုဆောင်သောသုခရှစ်ပါး)ကို ရရှိတော်မူပါသည်။

မေတ္တေယျလောင်းလျာရတနကတမဏ္ဍေရ်သည် ဒါနမှ၌ အလွန်မွေ့လျော် ပျော်ပိုက်တော်မူ၏။ အသက်ကို စွန့်လှူလိုသောစိတ်ဆန္ဒ ပြင်းပြနေ၏။ ထိုအခါ သီတင်းသုံးဖော်ဖြစ်ကြသော သံဃာတော်တို့က 'ဤမျှ ဒါန ပါရမီကို အထွတ်အထိပ်ရောက်ဖြည့်ဆည်းလိုသော အရှင်ရတနကတမဏ္ဍေရ်သည် နောင်အခါ၌ ထိုပြုအပ်သော ဒါန၏အကျိုးဖွဲ့ဖြိုးမှု ဘယ်သို့ရှိမည်'ကိုသိလိုကြသဖြင့် မုဟုတ္တာဘုရားရှင်ထံ မေးလျှောက်ကြကုန်၏။ ထိုအခါ မုဟုတ္တာဘုရားရှင်က အနာဂတံသဉာဏ်တော်ရှမျှော်ကာ 'ဤရတနကတရဟန်းသည် နောင်အခါ၌ မေတ္တေယျဟူသောဘွဲ့မည်ဖြင့် ဘုရားစင်စစ်ကေန်ဖြစ်အံ့'ဟူသော နိယတဗျာဒိတ်စကားကိုမိန့်ကြားတော်မူခဲ့ပါသည်။[*၂]

---

*၁ ဦးတေဇဝန္တ၏အနာဂတဗုဒ္ဓဝံသကထာကျမ်း။ ၁၉၀၂–ခုနှစ်။ (စာမျက်နှာ–၂)။

*၂ ဦးတေဇဝန္တ၏အနာဂတဗုဒ္ဓဝံသကထာကျမ်း။ ၁၉၀၂–ခုနှစ်။ (စာမျက်နှာ–၃)။

http://www.dhammadownload.com

သီရိဂုတ္တအမတ်ကြီးဘဝ

မေတ္တေယျလောင်းလျာသည် ဘဝများစွာစုန်ဆန်ကျင်လည်လျက် ဘုရားဖြစ်ကြောင်းပါရမီကောင်းတို့ကို မပြတ်မလပ်ဖြည့်ကျင့်နေစဉ်ကာလအတွင်း၌ သီရိဂုတ္တအမတ်ကြီးအဖြစ်လည်း တစ်ကြိမ်ကျင်လည်ခဲ့ရဘူးသည်။

နန္ဒအသက်ရှည်အတွင်း ဘုရားတစ်ဆူသာပွင့်သော သာရကမ္ဘာ၌ ကရကဏ္ဍမြို့တွင် ကျွန်ုပ်တို့၏ဂေါတမ ဘုရားလောင်းလျာသည် အတိဒေဝအမည်ရသောမင်းအဖြစ် တိုင်းပြည်အုပ်ချုပ်မင်းလုပ်နေစဉ် မေတ္တေယျ လောင်းလျာသည် သီရိဂုတ္တအမည်ဖြင့် ထိုမင်း၏အမှုထမ်းအမတ်ဖြစ်ခဲ့သည်။

ထိုအခါ၌ ရှစ်အသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်တော်မူပြီးသော ဗြဟ္မဒေဝမည်တော်ရသည့်ဘုရားရှင် ပွင့်ထွန်းတော်မူခဲ့သည်။ ထိုဗြဟ္မဒေဝဘုရားရှင်သည် တရားဦးဓမ္မစကြာကိုဟောကြားတော်မူရန် ကရကဏ္ဍမြို့၏ အနီး ဓမ္မစကြာဟောရာအရပ်သို့ ရောင်ခြည်တစ်ထောင်အလင်းဆောင်၍ ကြွတော်မူခဲ့လေသည်။

အတိဒေဝမင်းကြီးသည် ရာဇပလ္လင်ထက်မှနေ၍ မြို့လုံးလျှံမျှဖြစ်ပေါ်လာသော ဗြဟ္မဒေဝဘုရားရှင်၏ ရောင်ခြည်တော်တို့ကိုမြင်တွေ့ရသောအခါ လူ၏အရောင်လော, နတ်၏အရောင်လော စသည်ဖြင့် အဘယ် ပုဂ္ဂိုလ်၏အရောင်တို့ပါနည်းဟု ထိတ်လန့်တကြားဖြစ်ကာတုန်လှုပ်နေခဲ့၏။ စံတော်မူရာ သီဟာသနပလ္လင်တော် ထက်မှ ဆင်းသက်လိုသောစိတ်တို့ပင်ဖြစ်လာခဲ့၏။ ထိုအခါ မင်း၏အနီး၌ခစားနေသော မေတ္တေယျလောင်းလျာ သီရိဂုတ္တအမတ်က မည်သည့်အရောင်တို့ပါနည်း–ဟုသိလို၍ ခြေသံခံသောပြတင်းမှ ပြင်ပသို့ကြည့်သော် ရောင်တော်အသွယ်သွယ်တို့ဖြင့်တင့်တယ်သောဘုရားအသရေဖြင့်ကြွတော်မူလာသည့် ဗြဟ္မဒေဝဘုရားရှင်ကို ဖူးမြင်ရလေ၏။ ရှေးဘဝများစွာကပင် ဘုရားဆုကိုပန်ကြားဖူး၍ အတန်တန်အဝဝဖြည့်ကျင့်ခဲ့သောပါရမီစာကတို့ကြောင့် ပွင့်ထွန်းစကြွလာသောဘုရားရှင်ကို သမ္မာသမ္ဗုဒ္ဓဘုရားစင်စစ်ဖြစ်ကြောင်း ထိုသီရိဂုတ္တအမတ်သိရှိခဲ့လေသည်။

သို့ဖြစ်၍ သီရိဂုတ္တအမတ်က ရာဇကျွန်မဲ့လုနီးနီးအကြောက်လွန်နေသော အတိဒေဝမင်းကြီးအပါးသို့ ချဉ်းကပ်ပြီး လက်ယာလက်ကိုဆန့်လျက် နားတော်လျှောက်သည်မှာ–

> အရှင်မင်းကြီး၊ ဤသို့ရောင်ခြည်တော်တစ်ထောင်တို့၏အလင်းကိုဆောင်ကာ ကြွသော သူသည်ကား လောက၌ ပုဂ္ဂိုလ်မြတ်ဖြစ်သော ဗုဒ္ဓပင်ဖြစ်သည်။ ထိုဗုဒ္ဓဘုရားရှင်တို့မည်သည် အလုံးစုံသောသတ္တဝါတို့၏အစီးအပွားအလို့ငှာ လောက၌ပွင့်ထွန်းတော်မူလာကြကုန်၏။
>
> အရှင်မင်းကြီး၊ မြတ်စွာဘုရားမည်သည် လောက၌ ပူဇော်အထူးကိုခံယူတော်မူထိုက်၏။ လောက၏တစ်ဖက်ကမ်းသို့ ရောက်တော်မူ၏ (=လောကပါရဂူ)။ ဝိဇ္ဇာ, စရဏဂုဏ်တော်တို့နှင့် ပြည့်စုံ၏။ အရဟတ္တဖိုလ်, နိဗ္ဗာန်သို့ပို့ဆောင်တတ်၏။
>
> အရှင်မင်းကြီး၊ မြတ်စွာဘုရားမည်သည် လောကထက် အထူးသဖြင့်ကြီးမြတ်၏။ အထူးလည်း ချီးမွမ်းထိုက်၏။ နတ်, လူတို့၏ဆရာ ဖြစ်တော်မူ၏။ တဖက်ပြိုင်ဖက်ပုဂ္ဂိုလ်ဟု မရှိပေ (=အပွင့်ရှိ ပုဂ္ဂလော)။
>
> အရှင်မင်းကြီး၊ မြတ်စွာဘုရားမည်သည် အလုံးစုံသောလောကအကျိုးကိုရွက်ဆောင်သော အဆွေခင်ပွန်းကောင်းဖြစ်၏။ သူတော်ကောင်းတရားတည်းဟူသောရတနာ၏ တည်ရာလည်းဖြစ်၏။ တရားတည်းဟူသောဆီမီးကိုလည်း ထွန်းထိန်စေတတ်၏။ မြတ်စွာဘုရားသည်ကား သတ္တဝါတို့အပေါ်၌ အစဉ်သနားခြင်းငှာဖြစ်ပေါ်တော်မူ၏။

http://www.dhammadownload.com

အရှင်မင်းကြီး၊ မြတ်စွာဘုရားမည်သည် ပညာမျက်စိဖြင့်မြင်ထိုက်သော ဥပ္ပဟမ်တရားတို့၌ သိမြင်တော်မူ၏။ တရားကိုလည်း အစိုးရတော်မူ၏။ ဉာဏ်မျက်စိမြင်သည်ရှိသောပုဂ္ဂိုလ်တို့အား သေမင်း၏နယ်မြေမှလွတ်မြောက်ခြင်းငှာ (တစ်နည်း) သေမင်းပိုင်စံသော သုံးဆယ့်တစ်နိုင်ငံမှ လွတ်မြောက်ခြင်းငှာဖြစ်သော တရားတော်တို့ကိုလည်း ဟောကြားတော်မူ၏။

အရှင်မင်းကြီး၊ မြတ်စွာဘုရားသခင်မည်သည် သနားခြင်းကရုဏာနှင့်ပြည့်စုံတော်မူသည်ဖြစ်၍ အလုံးစုံသောသတ္တဝါတို့အား သံသရာမှလွတ်ကြောင်းလမ်းကောင်းတရားကို ဟောတော်မူ၏။ တရားရောင်ဖြင့် ထင်စွာလည်းပြတော်မူ၏။ ဉာဏ်မျက်စိအမြင်ရှိသူတို့တွင် အမြတ်ဆုံးဖြစ်၏–ဟူ၍ ဖြစ်ပါသည်။

ဤသို့လျှင် သီရိဂုတ္တအမတ်သည် ဘုရားရှင်တို့၏ဂုဏ်တော်ကိုချီးမွမ်းပြီးနောက်၌ အားမရမတင်းတိမ်နိုင်သေးသည်ဖြစ်၍၊ ဗြဟ္မဒေဝဘုရားရှင်၏ဘွဲ့မည်နာမံတို့ကိုပြောဆိုလိုပြန်သောကြောင့် ဤသို့ သံတော်ဦးတင်ပြန်လေသည်။

အရှင်မင်းကြီး၊ မြို့ဝင်ခရီးလမ်း၏အလယ်မှ ရောင်ခြည်တစ်ထောင် အလင်းဆောင်၍ တောက်ပစွာကြွချီ၍လာသော ထိုဘုရားရှင်၌ ဗြဟ္မဒေဝဟူသောဘွဲ့မည်တော်ရှိပါ၏။ ဤဗြဟ္မဒေဝဘွဲ့မည်တော်သ,သည့် ဘုရားရှင်အား ဖူးမြော်ကြပါကုန်–ဟုဖြစ်၏။

ဤသို့လျှင် သီရိဂုတ္တအမတ် လျှောက်ထားနေစဉ်မှာပင် ဗြဟ္မဒေဝဘုရားရှင်သည် မင်း၏စံနန်းအနီးသို့ ရောက်ရှိလာရာ၊ သီရိဂုတ္တအမတ်က မင်းကြီးအား 'မြတ်သောမင်းကြီး၊ ဤနေရာမှအမြန်ထ၍ ဘုရားရှင်ထံပါးသို့ ချဉ်းကပ်ကာ ခရီးကြိုခြင်းပြုတော်မူပါ' ဟု တိုက်တွန်းခဲ့လေသည်။

တစ်ဖန် သီရိဂုတ္တအမတ်က

အရှင်မင်းကြီးအား မြတ်စွာဘုရားရှင်၏ထံတော်ပါးသို့ချဉ်းကပ်ရန် အဘယ့်ကြောင့်တိုက်တွန်းရပါသနည်းဆိုလျှင်– ဘုရားရှင်အားဖူးတွေ့ရန်အတွက် ချဉ်းကပ်သွားသော ခြေလှမ်းတစ်လှမ်း၏ တန်ဖိုးသည် ဆင်တစ်သိန်း, မြင်းတစ်သိန်း, အဿတိုရ်မြင်းတပ်သောရထားတစ်သိန်း, ရတနာဆင်မြန်းထားသော သမီးကညာတစ်သိန်းတို့ထက်မြတ်၏။ ဘုရားရှင်ထံချဉ်းကပ်ရန် လှမ်းကြသော ထိုခြေတစ်လှမ်း၏ (၁၆)စိတ် တစ်စိတ်မျှတန်ဖိုးကိုပင် ဆိုခဲ့ပြီးသော ဆင်,မြင်း,သတို့သမီးကညာ ရတနာတို့ အဖိုးမထိုက်ပါပေ–ဟု ပြောဆိုပြန်လေသည်။[*၁]

အထက်ပါ မေတ္တေယျလောင်းလျာသီရိဂုတ္တအမတ်၏စကားတို့ကို အတိဒေဝမင်းကြီး ကြားနာပြီးသည့်နောက် ငါးဖြာသောပီတိတို့ဖြစ်လျက် ဗြဟ္မဒေဝဘုရားရှင်ထံတော်ကိုဖူးအုံ့ဟု ဆောလျင်စွာ တံခါးဟူ၍ စောင်းတန်းလျောကားဟူ၍ မမှတ်သားနိုင်ဘဲ ခြေသံရုပ်ခံလေသာပြတင်းမှပင် မြေပေါ်သို့ခုန်ချသက်ဆင်းလိုက်၏။ ထိုအတိဒေဝမင်း၏ထက်သန်သောသဒ္ဓါတရားအရှိန်အဝေါ်ကြောင့် လှည်းဘီးဝန်းပမာဏရှိ ဆွတ်ဆွတ်ဖြူသော ကြာပွင့်ကြီးများ မြေမှခွဲထွက်ကာ မင်းကြီးအားခံထားကြကုန်၏။ မင်းကြီးလည်း ထိုကြာပွင့်ထက်မှဆင်း၍ ဗြဟ္မဒေဝဘုရားရှင်၏ထံတော်ပါးသို့ချဉ်းကပ်ကာ မြတ်လေးပန်းစသည်ဖြင့်ပူဇော်၏။ ထို့နောက် ရတနာခုနစ်ပါးဖြင့်ပြီးသော ပန်းသုံးပွင့်ဖြင့်ပူဇော်ကာ စိတ်အတွင်းက ဘုရားဆုကိုတောင်းယူခဲ့လေသည်။

[*၁] သီရိဂုတ္တအမတ်၏ ဘုရားဖူးရန်ခြေတစ်လှမ်း၏တန်ဖိုးရှိပုံဂါထာကို ဝိနယပိဋကတ်၊ စူဠဝါဂပါဠိတော်တွင် အနာထပိဏ်သူဌေး၊ ဘုရားထံချဉ်းသွားစဉ်က သန္ဓိုင်းစောင့်သိဝကနတ်ဘီလူး ရွတ်ဆိုအားပေးခဲ့ဖူးသည်။ ဝိ၊၄။၃၀၃။

http://www.dhammadownload.com

ထို့နောက် အတိဒေဝမင်းကြီးက ဗြဟ္မဒေဝဘုရားရှင်အား 'ရှင်တော်ဘုရား၊ အရှင်ဘုရားသည် ကိုယ်တော်တိုင် သစ္စာလေးပါးကိုသိမြင်တော်မူ၍၊ သတ္တဝါတို့အားလည်းသိမြင်တော်မူစေသကဲ့သို့ ထို့အတူ အကျွန်ုပ်သည်လည်း သစ္စာလေးပါးမြတ်တရားကို ကိုယ်တိုင်လည်းသိမြင်၊ သတ္တဝါတို့အားလည်း သိစေရပါလို၏၊အရှင်ဘုရား။ အရှင်ဘုရားသည် ကိုယ်တော်တိုင်သံသရာမှလွတ်မြောက်၍ သတ္တဝါတို့အားလည်း လွတ်မြောက်စေသကဲ့သို့ အကျွန်ုပ်သည်လည်း သံသရာမှကိုယ်တိုင်လည်းလွတ်မြောက် သတ္တဝါတို့အားလည်းလွတ်မြောက်စေရပါလို၏၊ အရှင်ဘုရား'–ဟူသော ဆုကိုတောင်းခဲ့ပြန်၏။

ဂေါတမဗုဒ္ဓလောင်းလျာအတိဒေဝမင်းကြီးသည် ဤသို့ ဘုရားဆုကိုပန်ဆင်ပြီးသည့်နောက် ထိုနေရာမှ ထကာ ဗြဟ္မဒေဝဘုရားရှင်အားလက်ယာရစ်လှည့်ပတ်ပူဇော်ပြီး နန်းတွင်းသို့ဝင်ခဲ့၏။ ဗြဟ္မဒေဝဘုရားပွင့်ရာ နန္ဒအသင်္ချေ၌ ဘုရားရှင်ပေါင်း(၅၀၀၀)ပွင့်ထွန်းခဲ့ရာတွင် ထိုအတိဒေဝမင်းကြီးသည် ပွင့်တော်မူသောဘုရားပေါင်း(၅၀၀၀)တို့ထံ၌ အလှူကြီးပေး၍ ဘုရားဆုကို စိတ်ဖြင့်ပန်ဆင်ခဲ့လေသည်။*၂

ဗြဟ္မဂ္ဂသိရသေ့ကြီး၏ တပည့်

ဂေါတမဗုဒ္ဓနှင့် မေတ္တေယျရှင်တို့သည် ဘုရားအဖြစ်သို့မရောက်မီ ပါရမီဖြည့်ကျင့်ဆည်းပူးတော်မူကြစဉ် အခါက သံသရာအလျဉ်တွင် တစ်ကြိမ်မကဆုံတွေ့ကြရာ၌ မဂဓတိုင်း ရေကတောင်အရပ်တွင် ဂေါတမဗုဒ္ဓလောင်းလျာက ဆရာရသေ့အဖြစ်၊ မေတ္တေယျလောင်းလျာက ထိုဆရာရသေ့၏တပည့်ကြီးအဖြစ် ဆုံကြကြပုံအကြောင်းကိုလည်း ဆက်လက်တင်ပြလိုပေသည်။

မဂဓတိုင်း ဟလိဒ္ဒိယပုဏ္ဏားရွာကြီးရှိ အကြီးဆုံးပုဏ္ဏား၏အိမ်တွင် ဂေါတမဘုရားလောင်းလျာသည် ဗြဟ္မာအဆင်းနှင့်တူသော ပုဏ္ဏားကလေးအဖြစ် ဖွားမြင်ခဲ့၏။ ထိုဂေါတမဘုရားလောင်းလျာသတို့သားကို ဗြဟ္မာအဆင်းနှင့်တူ၍ ဗြဟ္မကုမာရ=ဗြဟ္မသတို့သားဟု အမည်ပေးခဲ့ကြ၏။ ဗြဟ္မသတို့သားသည် ပုဏ္ဏားတို့အတတ်ကိုသင်ယူရာ တစ်ဆယ့်ခြောက်နှစ်အတွင်း ဗေဒင်သုံးပုံနှင့်တကွ တစ်ဆယ့်ရှစ်ရပ်သော ပုဏ္ဏားတို့အတတ်ကို လေ့ကျင့်မိလေ၏။

ထိုသို့ အတတ်ပညာစုံပြီဖြစ်သောဗြဟ္မပုဏ္ဏားသည် ဆရာတစ်ဆူပြု၍ အခြားသောပုဏ္ဏားတို့အား ပညာသင်ကြားပေးလေရာ ပညာသင်ယူသူတပည့်ငါးရာရှိခဲ့၏။ ထို့နောက် ဗြဟ္မပုဏ္ဏား၏မိဘတို့ကွယ်လွန်သောအခါ ဗြဟ္မပုဏ္ဏားသည် မိဘနှစ်ပါး၏အလောင်းကိုကောင်းစွာသင်္ကြံဟ်ပြီးလျှင် မိမိ၏တပည့်ငါးရာတို့ကိုလည်း သင်ပေးသင့်သမျှ မကြွင်းမကျန်သင်ကြားပေးပြီး မိမိတစ်ကိုယ်တည်းကေစာရီကျင့်သုံးရန် တောအရပ်သို့ထွက်ခွာခဲ့သည်။

ရွာကိုစွန့်၍ ရေကတောင်ခေါ် မဏ္ဍာတောင်ကိုအမှီပြုကာရသေ့ပြုနေစဉ် ဘုရားလောင်းဗြဟ္မရသေ့ထံပါးသို့ တရားအားထုတ်ရန် ရသေ့များစွာတို့ခိုဝင်လာကြပြန်၏။ ထိုတွင် တပည့်ဟောင်းငါးရာတို့လည်းပါဝင်၏။ ထိုတပည့်ဟောင်းငါးရာတို့တွင် မေတ္တေယျလောင်းလျာတပည့်သည် အကြီးဆုံးဖြစ်သည်။ အမည်မှာလည်း မေတ္တေယျကသိ (=မေတ္တေယျရသေ့) ဟုဖြစ်သည်။

တစ်နေ့သော် ဗြဟ္မဂ္ဂသိရသေ့ကြီးသည် တပည့်ကြီးဖြစ်သူမေတ္တေယျရသေ့နှင့်အတူ မဏ္ဍာတောင်တစ်ဝန်း၌ လှည့်လည်ကာ သစ်သီးသစ်ဖု စုဆောင်းခဲ့၏။ တောင်ခြေတစ်နေရာတွင် ဖွားကာစကျားကလေးတို့နှင့် အင်အားဆုတ်ယုတ်နေသော ကျားမကြီးတစ်ကောင်ကိုတွေ့လိုက်လေသည်။ ကျားမကြီးသည် သားဖွားပြီးစ သုံးရက်မြောက်နေ့ဖြစ်ပြီး အစာရေစာပြတ်လပ်ကာ အလွန်ဆာလောင်နေရာ၏။ မိမိ၏ရှေ့တွင် ကစားမြူးတူးနေသော

*၂ ဦးအာလောကာ၏ သောတတ္တကီပါဠိနိဿယ။ ၁၉၂၈–၉၃၆။ (စာမျက်နှာ–၂၉၁၁၇၂)။

http://www.dhammadownload.com

ဖွားစကျားကလေးများကိုပင်စားရန် ကြံစည်နေ၏။ ထိုကျားမကြီး၏မသင့်သောအကြံကို ဂေါတမလောင်းလျာ ပြဟ္မာကသိရသေ့သိရှိလျှင် တပည့်ဖြစ်သူမေတ္တေယျလောင်းလျာအား 'ချစ်တပည့်၊ ဤမဏ္ဍာတောင်တွင် ခြသေ့စား၍ကျန်ရစ်သော အစားအစာ သို့မဟုတ် ၎င်းဆင်စား၍ ကြွင်းရစ်သောအစားအစာ တစ်ခုခုကို ရအောင်ရှာချေပါလော့' ဟု စေခိုင်းလိုက်၏။ မေတ္တေယျလောင်းလျာတပည့်ကြီးကလည်း ဆရာခိုင်းသည့်အတိုင်း ပြုလုပ်ပါအံ့ဟုဝန်ခံပြီး အစာရှာရန်ထွက်ခွာသွား၏။ မေတ္တေယျလောင်းလျာတပည့်ကြီးသည် အနီးတစ်ဝိုက်၌ အစာရှာမရ၍ ခပ်လှမ်းလှမ်းကွာဝေးသောအရပ်သို့တိုင် လှည့်လည်သွားလာကာရှာဖွေနေခဲ့လေသည်။

ဤသို့ တပည့်ကြီးအစာရှာရန်ထွက်သွားလျှင် တစ်ဦးတည်းကျန်ရစ်သော ပြဟ္မာကသိရသေ့ကြီးက မိမိရုပ်ခန္ဓာကို အထပ်ထပ်အပြန်ပြန်ဆင်ခြင်၍နေခဲ့သည်။*၁ ထိုသို့ ခန္ဓာ၏အသုံးမကျပုံတို့ကို ဆင်ခြင်ပြီးနောက် ဘုရားဖြစ်ကြောင်းအကျင့်လမ်းစဉ်ကို ဆင်ခြင်ပြန်၏။ ဘုရားဖြစ်ကြောင်းအကျင့်တရားမည်သည် ပြုနိုင်ခဲသော အကျင့်တရားဖြစ်၏။ စွန့်နိုင်ခဲသောအရာ,ပေးနိုင်ခဲသောအရာ,သည်းခံနိုင်ခဲသောအရာတို့ကိုစွန့်နိုင်မှ ပေးနိုင်မှ သည်းခံနိုင်မှ ဘုရားအဖြစ်ရောက်နိုင်မည်။ သို့မဟုတ်က ဘုရားအဖြစ်သို့ရောက်လိမ့်မည်မဟုတ်။ သို့ဖြစ်၍ ဘုရားဖြစ်ခြင်းအကျိုးငှာ များစွာအပြစ်ရှိသော, ကြာမြင့်စွာမတည်မြဲသော ဤခန္ဓာကိုယ်ကိုမှီ၍ အလုံးစုံသော သတ္တဝါတို့၏အကျိုးအတွက်လည်း အသုံးချလူရသော် သင့်လောက်၏။ သို့ဖြစ်၍ ဘုရားအဖြစ်ကိုရည်သန်ကာ ငါ၏ဤခန္ဓာအားစွန့်တော့မည်ဟု သန္နိဋ္ဌာန်ချပြီးလျှင်–

'ဤ ငါ၏အသက်ခန္ဓာပေးလှူခြင်းကို လူတို့,တောင်စောင့်နတ်တို့ ဝမ်းမြောက်နမော် ခေါ်ဆိုနိုင်ကြပါစေ။ သိကြားမင်း, ပြဟ္မာမင်း, သောမနတ်မင်း, ယမနတ်မင်း, ဝေဿဝဏ်နတ်မင်း, ကုဝေရနတ်မင်း, လောကပါလ နတ်မင်းတို့သည် ယခု ငါပြုသောဤကောင်းမှုကို ဝမ်းမြောက်နမော်သာဓုခေါ်ကြပါကုန်'–ဟူ၍ နတ်အပေါင်းတို့အား တိုင်တည်အမျှပေးဝေပြီး တပည့်ကြီးမေတ္တေယျကသိမလာမီမှာပင် မဏ္ဍာတောင်ထိပ်မှ တောင်အောက်ရှိ ကျားမကြီး၏ရှေ့သို့ အသက်အဆုံးခံကာ ခုန်ဆင်းခဲ့လေသည်။ ဆာလောင်မွတ်သိပ်နေသည့်ကျားမကြီးလည်း မိမိရှေ့သို့ကျလာသော ပြဟ္မာကသိရသေ့၏ လတ်လတ်လောလောရုပ်အလောင်းကိုမြင်လျှင် မိမိ၏သားငယ်တို့ကို စားအံ့ဟူသောအကြံကိုစွန့်ပြီး ဘုရားအလောင်း၏ အသားကို အားပါးတရစားလေ၏။ ထိုဂေါတမလောင်းလျာ ပြဟ္မာကသိရသေ့သည် ထိုဘဝမှစုတေသော် နတ်ပြည်၌ဖြစ်ခဲ့သည်။*၂

သခ်ၤစကြာမင်းဘဝ

သီရိမန္တ ဘုရားရှင်ပွင့်ထွန်းတော်မူသောအခါက ကုန္ဒပတ္တနဂိုရ်မြို့၌ မေတ္တေယျအလောင်းတော်သည် သခ်ၤစကြဝတေးမင်းဖြစ်ခဲ့၏။ ထိုအခါ သခ်ၤစကြဝတေးမင်းအုပ်စိုးသော မြို့၏အလျားကား သုံးဆယ့်ခြောက်ယူဇနာ၊*၃ တံခါးလေးပေါက်တွင် ပဒေသာပင် လေးပင်စီပေါက်၏။ နန်းဘုံကား ဘုံခုနစ်ဆင့်၊ အစောက်ကား နှစ်ဆယ့်ငါးယူဇနာ၊ အနံခုနစ်ယူဇနာရှိ၏။

---

*၁ အယံ သက္ကာယနဂရော– အစရီသော(၉)ဂါထာကိုရွတ်ဆို၍ ဆင်ခြင်သည်။ ထို(၉)ဂါထာတို့ကို အနာဂတဝံသအဋ္ဌကထာ၌တွေ့ရသည်။

*၂ ဦးအာလောကာ၏ သောတတ္ထကီပါ၌နိဿယ။ ၁၉၂၈–ခုနှစ်။ (စာမျက်နှာ–၁၈)။ ဤဝတ္ထုသည် အာရ်ယသူရ၏ စာတာကမာလာ၊ ဝတ္ထု အမှတ်စဉ်–၁၊ ဗျည်းဝတ္ထုဖြစ်သည်။ J.S. Speyer' The Gātakamāla. 1990. Page-2. ဂျပန်နိုင်ငံ Nara မြို့အနီးရှိ Hogyu-ji ဘုရားကျောင်းတွင် ထိုကျားမကြီးဝတ္ထုလာဘုရားအလောင်းအစားခံသည့်ဝတ္ထုကို ယွန်းပန်းရိုဖြင့်သရုပ်ဖော်ထားသည်။

*၃ မြန်မာအဘိဓာန်အကျဉ်းချုပ်၊ အတွဲ–၃။ (စာမျက်နှာ–၂၁၈)၌ 'တစ်ယူဇနာလျှင် ၁၂ . ၇၂ မိုင်နှင့်ညီမျှသည်'ဟုဖော်ပြထားပြီး၊ PTSD. 1959. Page-559 တွင် 'တစ်ယူဇနာလျှင် ၇–မိုင်ခွဲ'ဟုဖော်ပြထားသည်။ ဆရာတော်အရှင်သီလာနန္ဒာဘိဝံသကမူ 'တစ်ယူဇနာလျှင် ၉ . ၀၉ မိုင် (တစ်နည်း) ၉–မိုင်သာသာ'ဟု ရူပသိဒ္ဓိဋီကာနိဿယသစ်၊ ပထမတွဲ။ ၁၉၉၉–ခုနှစ်။ (စာမျက်နှာ–၃၄၅)။

http://www.dhammadownload.com

ကြုန္ဒပတ္တနဂိုရ်ပြည်မှ တစ်ဆယ့်ခြောက်ယူဇနာဝေးကွာသောအရပ်၌ သီရိမန္တကူမြတ်စွာဘုရားရှင်သည် စံနေတော်မူ၏။ ဤသို့ ကြုန္ဒပတ္တနဂိုရ်အနီး၌ သီရိမန္တကူမြတ်စွာဘုရားပွင့်တော်မူသည်ကို သခံစကြဝတေးမင်း မသိဘဲရှိနေလေသည်။ သို့သော် သခံစကြာမင်းသည် ရတနာပလ္လင်၌အဓိဋ္ဌာန်၍ အောက်ပါဆုတောင်းတစ်ရပ်ကို ထားခဲ့၏။ 'ငါ့ကို ဘုရား,တရား,သံဃာသည် မည်သည့်အရပ်၌ရှိ၏–ဟူ၍ သတင်းပေးလာသောသူအား ငါ၏ စကြဝတေးမင်းစည်းစိမ်အရာကိုပေးအံ့' ဟုဖြစ်သည်။

ထိုကာလတွင် သီရိမန္တကူမြတ်စွာဘုရား၏တပည့်သာမဏေတစ်ပါးသည် သခံစကြာမင်းစံရာမြို့အတွင်းသို့ ဝင်ရောက်ခဲ့၏။ ဗိုလ်လူအပေါင်းတို့က သင်္ကန်းရုံ၍ဝင်လာသော သာမဏေကို သာမဏေမှန်းမသိသည့်အတွက် ဘီလူးဟူ၍ထင်မှတ်ကာ ခဲဖြင့်ပစ်ခတ်ကြကုန်၏။ သာမဏေမှာ ကြောက်လန့်သဖြင့် အလျင်အမြန်သွားရင်း၊ နန်းတော်ရှေ့သို့ရောက်လေသော် သခံစကြာဝတေးမင်းက 'အို–လုလင်၊ သင်ကား နတ်လော, လူလော အဘယ်သူနည်း' ဟု ခေါ်ပြီးမေး၏။ ထိုအခါ သာမဏေငယ်က 'ဒကာမင်းကြီး၊ ငါကား သာမဏော' ဟု ဖြေလေ၏။ 'အဘယ့်ကြောင့် သာမဏောတွင်သနည်း' ဟုမေးပြန်လျှင်၊ 'မင်းမြတ်၊ ဆယ်ပါးသီလကိုစောင့်သောကြောင့် မကောင်းမှုကင်း၍ သာမဏောဟုခေါ်သည်' ဟု ဖြေပြန်၏။

သာမဏော၏အဖြေစကားကိုကြားသော် သခံစကြာမင်းကြီးက 'ဩ...ဤသာမဏောအား ငါဦးခိုက်အံ့' ဟူသောပီတိဖြင့် နန်းတံခါးမှကျော်၍ထွက်၏။ပီတိသောမနဿလွန်သောကြောင့် နန်းတံခါးမှထွက်ရာ အောက်သို့ရောက်သော် လှည်းဘီးလောက်ရှိသော ကြာပဒုမ္မာနှစ်ပွင့်သည် သခံစကြာဝတေးမင်း၏ ခြေတော်အောက်၌ ခံနေကြကုန်၏။ မင်းကြီးလည်း သာမဏောငယ်ကိုဦးတင်ပြီးသော် 'အရှင်သာမဏော၊ သင်သာမြတ်သလော၊ အရှင်သာမဏောထက်မြတ်သောပုဂ္ဂိုလ်ရှိသေးသလော' ဟုမေးလျှောက်ရာ၊ သာမဏောက 'မင်းကြီး၊ ငါ့ထက်မြတ်သောပုဂ္ဂိုလ်ရှိသေး၏။ ထိုပုဂ္ဂိုလ်ကား သုံးလောကတွင် အတုမရှိသော မြတ်စွာဘုရားဖြစ်၏' ဟု ဖြေလေသည်။ 'ထိုမြတ်စွာဘုရားသည် ယခုအခါ အဘယ်အရပ်မှာရှိတော်မူပါသနည်း' ဟု မင်းကြီးမေးလျှင် 'ဤပြည်မှ တစ်ဆယ့်ခြောက်ယူဇနာကွာသော ပုဗ္ဗာရုံကျောင်းတော်၌နေတော်မူ၏' ဟု သာမဏော ဆိုပေသည်။

ထိုအခါ သခံစကြာမင်းကြီးသည် ဝမ်းမြောက်လှသဖြင့် 'အို...သာမဏော၊ မြတ်စွာဘုရားရှိရာသို့ ငါသွားလိုလှပေသည်' ဟု သာမဏော၏လက်ကိုကိုင်၍ 'သင်သာမဏောသည် ဘုရားရှိရာအရပ်ကို ညွှန်ပြနိုင်သူဖြစ်၍ ကျွန်ုပ်၏စကြာမင်းစည်းစိမ်ကိုခံတော်မူပါ' ဟုဆိုကာ ရေစက်ချလွှဲအပ်ပြီး ဘုရားရှင်ထံတော်သို့ရှေးရှု ထွက်ခဲ့လေသည်။

သခံစကြာမင်းသည် ဘုရားရှင်၌ အလွန်ရိုသေလှသောကြောင့် ခြေနင်းစသည်ကိုမစီးဘဲသွားလေရာ တစ်နေ့သွားလျှင်ပင် ခြေဖဝါးတို့ရောင်ယမ်းလာခဲ့၏။ နှစ်နေ့သွားလျှင် ခြေဖဝါးတို့ပေါက်ပြကုန်၏။ ဖဝါးနှင့်သွား၍ မရသော် ဒူးဖြင့်ထောက်၍သွားပြန်၏။ လေးရက်မြောက်နေ့တွင် ဒူးနှင့်တကွ ထောက်သောလက်တို့ သွေးချင်းချင်း နီကုန်၏။ ခြေလက်တို့ဖူးဖူးရောင်သောအခါ သခံစကြာမင်းသည် 'ဘုရားရှင်ထံ အဘယ်သို့ ငါသွားရမည်နည်း' ဟု ကြံပြန်၏။ ထိုအခါ 'ရင်နှင့်သွားတော့မည်' ဟု အကြံဖြစ်၏။

ဤသို့ သခံစကြာမင်း၏အကြံကို သီရိမန္တကူဘုရားရှင်သိမြင်တော်မူလျှင် 'ဤစကြာမင်းသည် ငါ့ကို ဖူးမြင်လိုသည်နှင့် ပင်ပန်းဆင်းရဲခံလေစွတကား။ သူ့ထံသို့ ငါမသွားသော် ငါ့ထံသို့မရောက်ခင် ထိုမင်းကြီးလွန်တော့မည်' ဟူ၍ အသက်ကြီးလူအိုအယောင်ဖြင့် လှည်းမောင်းကာ မင်းကြီးထံသွားတော်မူသည်။ မြေပြင်၌ အလျားမှောက်၍ တရွေ့ရွေ့တွားသွားနေသော သခံစကြာမင်းက 'အို–လှည်းသခင်လူအိုကြီး၊ ငါ့လွှဲ၍မောင်းပါလော၊ သင့်လှည်း ငါ့ကိုနင်းမိတော့မည်' ဟုဆိုလေသည်။ သခံစကြာမင်းကြီးက 'သင်အဘယ်အရပ်သို့သွားမည်နည်း' ဟု

http://www.dhammadownload.com

မေးရာ လှည်းမောင်းသူလူအိုကြီးက 'ငါ၏နေရပ်သို့သွားမည်'ဟုဖြေ၏။ထိုအခါ မင်းကြီးက 'သင်သည် သင်၏ ရပ်ရွာသို့သွားမည်ဖြစ်သော်လည်း ငါမူကား ဘုရားမြတ်စွာထံတော်သို့သွားမည်'ဟု ဆိုလေသည်။ လှည်းမောင်းသူ လူအိုကြီးက 'အို–မင်းကြီး၊ သင့်အား မြတ်စွာဘုရားထံ ငါလိုက်၍ပို့ပေးတော့်မည်'ဟုဝန်ခံပြီး မင်းကြီးကို လှည်းထက်တင်ခဲ့လေသည်။

ထိုကာလတွင် သုဇာတနတ်သမီးသည် သခံစကြာမင်း ပင်ပန်းနေသည်ကိုသိမြင်သဖြင့် ထမင်းထုပ် ယူပြီးလျှင် လှည်းဆရာကြီး၏ဇနီးအယောင်ဖြင့် ထမင်းပို့လာ၏။ ထိုအခါ လှည်းဆရာလူအိုကြီးက 'ငါ့ကား ထမင်းစားရန်မလိုသေး၊ ငါ့တွင် မကျန်းမာသူတစ်ဦးပါ၏။ ထိုသူစားဖို့အတွက်ထားခဲ့'ဟုဆိုကာ ထမင်းထုပ်ကို သခံစကြာမင်းကြီးအားစားစေ၏။ သိကြားမင်းကလည်း ရောဂူပို့လာရာ လှည်းဆရာလူအိုကြီးကယူ၍ သခံစကြာ မင်းအား သောက်စေ၏။ ဤသို့ နတ်ထမင်း, နတ်ရေစင်ကို စားသောက်ရလျှင် သခံစကြာမင်း၌ဖြစ်သောဝေဒနာတို့ ခဏချင်းမှာပျောက်ကာ ကျန်းမာခြင်းသို့ရောက်လေသည်။

လှည်းဆရာကြီးအဟန်ဆောင်ထားသော သီရိမန္တမြတ်စွာဘုရားလည်း ဘုရားကျောင်းတော်အနီးသို့ ရောက်လျှင် သခံစကြာမင်းအား 'လုလင်၊ ဤနေရာ၌နေရစ်တော့'ဟုဆိုကာ ကျောင်းတော်၌ ဘုရားအသွင်ဖြင့် နေတော်မူသည်။ သခံစကြာမင်းသည် ဘုရားကျောင်းတော်သို့ရောက်၍ ဘုရားရှင်ကိုဖူးမြော်ပြီးသည့်နောက် မြတ်စွာဘုရားရှင်အား 'ရှင်တော်မြတ်ဘုရား၊ တပည့်တော်အားတရားဟောသော် အများမဟောဘဲ တစ်ခွန်းသာ ဟောတော်မူပါ'ဟု လျှောက်ထား၏။ ထိုအခါ သီရိမန္တမြတ်စွာဘုရားရှင်က မင်းကြီးပန်ကြားသည့်အတိုင်း 'ကုသိုလ်ပါရမီအကြောင်းတစ်ရပ်ကိုသာ ဟောတော်မူ၏။ ထိုတရားအဆုံးတွင် စကြာမင်းကြီးက 'အရှင်ဘုရား၊ ဤနေရာ၌တန့်တော်မူပါ'ဟုဆို၏။ 'အဘယ့်ကြောင့်တန့်ပါသနည်းဆိုလျှင် အကျွန်ုပ်၌ အရှင်ဘုရား များစွာ ဟောသော တရားတော်တို့အတွက် ပူဇော်ဖွယ်ရာမရှိသောကြောင့်ပင်။ အကယ်၍ တစ်ခွန်းသာဟောပါမူကား ပူဇော်ဖွယ်ရာရှိပါ၏'ဟု လျှောက်ထားသည်။

'တရားတော်လည်းမြတ်သည်၊ ငါ၏ကိုယ်မှာလည်း ဦးခေါင်းသာလျှင်မြတ်သည်ဟုကြွေ၍ လက်သည်းနှင့် လည်ကိုလျှင်စွာဖြတ်ပြီး ရတနာပေါင်းထုပ်နှင့်တကွသော ဦးခေါင်းကို လက်ဝါးတွင်တင်၍လှူအံ့'ဟု ကြုံးပြီး ဤသို့ဆုတောင်းလေသည်။

'နောင်ဘဝ ဘုရားဖြစ်သောအခါ ဤဘုရားမြတ်စွာကဲ့သို့ ဓမ္မစကြာတရားတော်ကို ငါဟောရလို၏။ ငါ့ကိုယ်ရောင်သည် နေညဉ့်မပြတ်တောက်ပစေသတည်း'ဟူ၍ ဆုတောင်းလျက် လက်သည်းဖြင့် လည်ကို ရစ်၍လိုးကာ ဦးခေါင်းကို သီရိမန္တ ဘုရားရှင်အားပူဇော်လေသည်။ ပူဇော်ပြီးလျှင် သခံစကြာမင်းလည်း စုတေခဲ့ လေသည်။*[၁]

အဖိတမထေရ်ဘဝ

မေတ္တေယျရှင်တော်လောင်းလျာသည် ဤကမ္ဘာမှပြန်၍ရေသော် တစ်ဆယ့်ခြောက်သခေါ်နှင့် ကမ္ဘာ တစ်သိန်းကာလ ပွင့်တော်မူသော မုဟုတ္တဘုရားရှင်ထံတော်၌ အနိယတဗျာဒိတ်ခံယူပြီးနောက်၌ လေးသခေါ်နှင့် ကမ္ဘာတစ်သိန်းအတွင်း ပွင့်တော်မူကြသည့် နှစ်ကျိပ်ခုနစ်ဆူသောဘုရားရှင်တို့ထံမှလည်း ဗျာဒိတ်တော်များကို ခံယူတော်မူခဲ့ပါသည်။ ဂေါတမဘုရားရှင်ပွင့်ထွန်းတော်မူသောအခါ၌ မဂဓတိုင်း ရာဇဂြိုဟ်ပြည် အဇာတသတ်

*[၁] ကြာဓံဆရာတော်၏ဒသဗုဒ္ဓအနာဂတဝင်။ အနာဂတဝင်ဝတ္ထုနှင့်နလာဋမောတုဝင်ဝတ္ထု။ ၁၉၅၈–ခုနှစ်။ (စာမျက်နှာ–၂၇)။

http://www.dhammadownload.com

မင်း၏ မိဖုရားကြီးကဉ္စနဒေဝီ၏ဝမ်းဌ သန္ဓေစွဲယူတည်တော်မူခဲ့လေသည်။*၁ ဖွားမြင်တော်မူသော် အဖိတကုမာရ (=အဖိတလုလင်)ဟုအမည်တွင်ခဲ့သည်။ အသက်တစ်ဆယ့်ခြောက်နှစ်အရွယ်တွင် မင်းသားငါးရာခြံရံပြီး ဝေဠုဝန်ကျောင်းတော်၌ ရှင်သာမဏေပြုခဲ့၏။ ရှင်ဘွဲ့မှာအဖိတသာမဏေဖြစ်၏။ အသက်ပြည့်၍ ရဟန်းဘောင်သို့ တက်သောအခါ၌ အဖိတထေရ်ဟု ထင်ရှားခဲ့လေသည်။

မြတ်စွာဘုရားရှင် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းနေတော်မူစဉ် မိထွေးတော်ဂေါတမီသည် ဘုရားသခင်အား သင်္ကန်းလှူလိုသောကြောင့် ရွှေနီဖလံတို့ဖြင့်ဖျဉ်းအိုးခုနစ်လုံးလုပ်ပြီး မြေနှင့်ရောသောရွှေမှုန့်တို့ဖြင့် ဝါပင်တို့ကိုစိုက်ခဲ့၏။ ထိုဝါပင်တို့မှ ရွှေအဆင်းနှင့်တူသော ဝါပေါက်ကိုယူကာ အလျား(၁၄)တောင်၊ အနံ(၇)တောင်ရှိသော သင်္ကန်းလျာပုဆိုးစုံကို မိမိ၏လက်ဖြင့် ကောင်းမွန်စွာရက်လုပ်ပြီး ဦးခေါင်းထက်တင်၍ များစွာသောအခြံအရံတို့နှင့် ဘုရားသီတင်းသုံးရာ နိဂြောဓာရုံကျောင်းသို့သွားရောက်လျက် မြတ်စွာဘုရားရှင်အား–

'ဘုန်းတော်ကြီးတော်မူသော အရှင်ဘုရား၊ ကိုယ်တော့်ကိုရည်မှတ်၍ ရွှေအဆင်းနှင့် တူသော သင်္ကန်းလျာပုဆိုးစုံကို တပည့်တော်မကိုယ်တိုင် ဝင့်၍ရက်ပါသည်၊ ရှည်စွာသောကာလပတ်လုံး အစီးအပွားဖြစ်စိမ့်သောငှာ သနားတော်မူသည်ကိုအကြောင်းပြု၍ ဤသင်္ကန်းအစုံကို အလှူခံယူတော်မူပါ' ဟုဆိုပြီး ကပ်လှူလေသည်။

ထိုအခါ မြတ်စွာဘုရားရှင်က–

'မိထွေးတော်၊ သံဃာတော်အားလှူလော့၊ သံဃာတော်အားလှူသည်ရှိသော် ကြီးမြတ်သောအကျိုးရှိ၏။ ငါ့အားပူဇော်သည်လည်းမည်၏။ သံဃာတော်အားပူဇော်သည်လည်းမည်၏' ဟုမိန့်တော်မူပြီးလျှင် ဘုရားရှင်က တစ်ထည်ကိုသာအလှူခံယူတော်မူပြီးလျှင်၊ ကျန်သင်္ကန်းတစ်ထည်ကို အကျိုးကြီးသောအလှူဖြစ်စေခြင်းငှာ သံဃာတော်တို့အားရည်မှန်း၍ လှူစေသည်။*၂

ဤသို့ မြတ်စွာဘုရားရှင်၏အစီအမံကိုကြားကြသော သံဃာတော်အရှင်မြတ်တို့က 'မိထွေးတော်ဂေါတမီသည် အပင်ပန်းခံ၍ ဘုရားရှင်အားရည်မှန်းပြီး ယက်လုပ်ခဲ့သော ဤရွှေအဆင်းရှိပုဆိုးစုံ(တစ်နည်း)သင်္ကန်းကို ရွှေအဆင်းနှင့်ပြည့်စုံသောဘုရားရှင်သည်သာ တစ်ထည်ကိုဝတ်၍ တစ်ထည်ကိုရုံတော်မူသည်ရှိသော် ရွှေအဆင်းနှစ်ထပ်တိုးကာ အတိုင်းထက်အလွန်တင့်တယ်ပေလိမ့်မည်၊ မိထွေးတော်ဂေါတမီ၏အလိုဆန္ဒနှင့် ပြည့်စုံပေလိမ့်မည်၊ အကယ်၍ ငါတို့သံဃာတစ်ပါးပါးက ထိုသင်္ကန်းကိုအလှူမခံယူခဲ့လျှင် ဘုရားရှင်ကိုသာလှူရပေလိမ့်မည်။ သို့မှသာ မိထွေးတော်၏အလိုဆန္ဒနှင့်ပြည့်စုံပေအံ့' စသည်ဖြင့် ကြံစည်စဉ်းစားနေတော်မူကြသည်။

မိထွေးတော်ဂေါတမီသည် သားတော်ဘုရားရှင်၏စကားကိုနာယူပြီး တစ်ထည်သောသင်္ကန်းလျာကို ဘုရားရှင်၏လက်တော်၌ထားပြီး ကျန်တစ်ထည်ကို သံဃာတော်အားရည်မှန်း၍ လှူဒါန်းခဲ့လေသည်။ သို့ပါသော် အသီတိမဟာသာဝကကြီးတို့မှစ၍ မည်သည့်သံဃာကမျှ ထိုသင်္ကန်းကိုအလှူမခံဝံ့ကြပေ။ မေတ္တေယျလောင်းလျာဖြစ်သော အရှင်အဖိတမထေရ်သည် သံဃာတော်တို့၏အလယ်မှနေ၍ 'ဘုရားရှင်သည် မိထွေးတော်၏အလှူကို အကျိုးကြီးခြင်းဖြစ်စေလို၍ တစ်ထည်သောပုဆိုးအား သံဃာတော်တို့အလှူခံယူခြင်းကို အလိုရှိတော်မူ၏၊ သံဃာတော်တို့ကလည်း မခံဝံ့ကြပေ၊ ငါခံအံ့' ဟု ကြံစည်ပြီး မကြောက်မရွံ့ ခြင်္သေ့မင်းကဲ့သို့ လက်ကိုဆန့်ကာ ရွှေအဆင်းရှိ၍ အဖိုးများစွာထိုက်သောသင်္ကန်းလျာပုဆိုးကို ခံယူတော်မူခဲ့လေသည်။

---

*၁ ဤအချက်မှာ ပါဠိတော်၊ အဋ္ဌကထာတို့၌လာသော အဖောတသတ်မင်း၏ဘဝဖြစ်စဉ်နှင့် မကိုက်ညီသောကြောင့် ရှေးမထေရ်ကျော်တို့ လက်ခံတော်မမူကြပေ။ ဤစာအုပ်ပါ မေတ္တေယျဗုဒ္ဓဝင်ကျစ်းစာများ(၁)လာ ဝေဖန်ချက်တို့ကိုလည်းကြည့်ပါ။

*၂ ဤသို့ မိထွေးတော်ဂေါတမီ၏ သင်္ကန်းလှူသည့်အကြောင်းကို မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ အင်္ဂိကဘဒ္ဒါသုတ်နှင့်ဆိုင်ရာအဋ္ဌကထာတို့၌ အကျယ်ဖော်ပြထားပါသည်။ မာဒ။၂၉၆။ မာဒ။၄။၂-၉။

http://www.dhammadownload.com

ထိုအခါ ပရိသတ်အပေါင်းတို့အုတ်အုတ်ကျက်ကျက်ဖြစ်သွားကြပြီးလျှင် 'အသီတိမဟာသာဝကတို့မှစ၍ မည်သည့်သံဃာတော်မှအလှူမခံဝံ့သည့်ကိစ္စတွင် မထင်မရှားဖြစ်သော ရဟန်းငယ်လေးတစ်ပါးက ခံယူဝံ့လေသည်'ဟု ပြောဆိုကြကုန်၏။ ဤသို့ဖြစ်ပြီးလတ်သော် မြတ်စွာဘုရားရှင်သည် ရဟန်းတို့အားခေါ်ယူတော်မူပြီး-

ချစ်သားရဟန်းတို့၊ ဤအဖိတထေရ်ကို မထင်မရှားအညတြရဟန်းဟု မဆိုကြကုန်လင့်။ ဤအဖိတရဟန်းသည် တိမ်တိုက်ကြားသို့ရောက်နေသောနေမင်းကဲ့သို့ ပါရမီဖြည့်ကျင့်ပြီးဖြစ်သော ဗုဒ္ဓကိုရဘုရားအလောင်းတစ်ပါးဖြစ်သည်။ မထင်မရှားဟူ၍ကား မဟုတ်။ ဤအဖိတရဟန်းသည် လွန်လေပြီးသောအခါက ပဒုမစကြာမင်းဖြစ်၍ သုမတ္တမည်သောဘုရားရှင်အား ဆယ်ယူဇနာ အပြောကျယ်သော ကျောင်း, ဆီမီး, သင်္ကန်းအစရှိသည်တို့ဖြင့် ပူဇော်ခဲ့သည်။ ပြဟ္မဘာဝိ အမည်ရှိသော စကြာမင်းဖြစ်စဉ်ကလည်း မေတ္တေယျမည်သောရှေးဘုရားရှင်ကို တစ်ဆယ့်နှစ်ယူဇနာကျယ်သော ရတနာမဏ္ဍပ်တို့ဖြင့် ပူဇော်ခဲ့သည်။ ထိုကမ္ဘာမှ တစ်ဆယ့်ခြောက်သချေနှင့်ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူသော မုဟတ္တဘုရားရှင်ထံတော်၌ ပဘာဝန္တအမည်ရှိသောမင်းဖြစ်ပြီး ရတနကတထေရ်အဖြစ် အနိယတဗျာဒိတ်ကိုခံယူခဲ့သည်။ ထို့နောက် တဏှာက်ရာအစရှိသော နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့ထံမှလည်း ဗျာဒိတ်အသီးသီးရခဲ့သည်။ ယခုအခါ အဇာတသတ်မင်းကြီး၏သားအဖြစ် သို့ရောက်ကာ ငါတို့ဘုရားသာသနာတော်၌ရဟန်းပြု၍ သိလအစရှိသောပဋိပတ်အကျင့်ကိုဖြည့်လျက် ပါရမီအပေါင်းကိုဆည်းပူးနေပေသည်။ ထိုအဖိတရဟန်းကို မထေမဲ့မြင်မပြုကြကုန်လင့်-ဟု မိန့်မြွက်တော်မူပါသည်။

မြတ်စွာဘုရားရှင်သည် သံဃာပရိသတ်, လူပရိသတ်တို့အား အဖိတထေရ်၏သမ္ဘည္ဘုရားအလောင်းဖြစ်ပုံကိုသိကြစေခြင်းငှာ စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့လှူခဲ့သော ပဲနောက်အဆင်းရှိသည့်ကျောက်သပိတ်တော်ကို ကောင်းကင်သို့လွှတ်တော်မူ၏။ ထိုကျောက်သပိတ်တော်သည် အရပ်မျက်နှာမှ လောကဓာတ်များစွာကို လွန်အောင်ပြေးသွားသည်။ ဘုရားရှင်က ထိုသပိတ်အား တန်ခိုးကြီးကုန်သောမဟာသာဝကတို့အား ယူဆောင်စေရာ မယူဆောင်နိုင်ကြပေ။ ထိုအခါ အဖိတထေရ်ကိုယူစေ၏။ အဖိတထေရ်လည်း ဘုရားရှင်စေခိုင်းသည့်အတိုင်း ကျောက်သပိတ်တော်ကိုပယူ၍ ဘုရားရှင်ထံဆက်ခဲ့လေသည်။[*၁]

အဖိတထေရ်သည် မိထွေးတော်ဂေါတမီ၏သင်္ကန်းလျာပုဆိုးကိုအလှူခံပြီးသော် ဂန္ဓကုဋိတိုက်၏အတွင်း၌ ဘုရားရှင်စံရာညောင်စောင်းအထက်တွင် ပိတာန်(မျက်နှာ)ကြက်၏။ ဘုရားရှင်လျောင်းတော်မူသောအခါ ဘုရားရှင်၏အရောင်တော်ဖြင့် ထိုရွှေသင်္ကန်းမျက်နှာကြက်သည် အလွန်တင့်တယ်သည်ကို အဖိတထေရ်မြင်၍ 'နောင်အခါ မိမိဘုရားဖြစ်သော် မိမိ၏ဦးခေါင်းထက် ရတနာမဏ္ဍပ်၌ ရတနာခုနစ်ပါးဖြင့်ပြီးသော ရွှေခြုံကွန်ရက်တို့ဖြင့်တန်ဆာဆင်အပ်သော ရွှေပန်းဆိုင်းတို့ဖြင့်တွဲရွဲ့ဆွဲကာ ပတ္တမြားတို့နှင့်ဆန်းကြယ်စွာဖြစ်စေသတည်း'-ဟု ဆုတောင်းခဲ့သည်။

အရှင်အဖိတ၏ဆုတောင်းကို ဘုရားရှင်သိတော်မူ၍ ပြုံးတော်မူခဲ့၏။ ထိုသို့ ဘုရားရှင်ပြုံးတော်မူသည့်အကြောင်းကို ရှင်အာနန္ဒာကမေးလျှောက်သည်ရှိသော် 'ချစ်သားအာနန္ဒာ အခါမဟုတ်သေး၊ မမေးလင့်ဦး၊ ညအခါမှ မေးလျှောက်တော့'ဟုမိန့်တော်မူ၏။ ညသို့ရောက်သောအခါ အသီတိမဟာသာဝကအပေါင်းခြံရံလျက်

[*၁] ဤအချက်ကို စတုဋ္ဌမြစ်ကွေ့ဆရာတော်ဦးပညာဝံသ၏ မေတ္တေယျဗုဒ္ဓဝံသမှထုတ်နုတ်တင်ပြပါသည်။ ပဌမငါးခုန်ဆရာတော်ကြီး၏ မဟာဗုဒ္ဓဝင် ဝတ္ထုတော်ကြီး၊ တတိယတွဲ။ ၁၉၃၅-ခုနှစ်။ (စာမျက်နှာ-၅၈)။

http://www.dhammadownload.com

ဘုရားရှင်စံနေတော်မူသော် အရှင်အာနန္ဒာက နေရာမှထ၍ ဘုရားရှင်၏ပြီးတော်မူခြင်း၏အကြောင်းကို မေးလျှောက်ခဲ့၏။ ဘုရားရှင်က 'ချစ်သားအာနန္ဒာ၊ အဖိတရဟန်းသည် ဤဘဒ္ဒကမ္မာဒ်ပင် မေတ္တေယျအမည်ရှိသော ဘုရားဖြစ်လတ္တံ့'ဟု ဗျာဒိတ်ကြားတော်မူပါသည်။

ထိုအခါ ဓမ္မသေနာပတိဖြစ်သောအရှင်သာရိပုတ္တရာသည် ဦးထိပ်ထက်လက်အုပ်ချီ၍ 'ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား၊ ဤအဖိတရဟန်းသည် နောင်အခါ အရိမေတ္တေယျအမည်ရှိသောဘုရားဖြစ်လတ္တံ့ဟု မိန့်တော်မူသည်ကို ကြားရပါပြီ။ ထိုအဖိတရဟန်း၏ဘုရားဖြစ်သောအခါ အဘယ်သို့ဖြစ်လတ္တံ့သည်တို့ကို အကျယ်အားဖြင့်နာယူလိုပါသည်။ တပည့်တော်တို့အား အစဉ်သနားသည်ကိုအကြောင်းပြု၍ ဟောတော်မူပါဘုရား'ဟု ပန်ကြားလျှောက်ထားလေသည်။

ဘုရားရှင်က 'ချစ်သားသာရိပုတ္တရာ၊ အဖိတရဟန်း၏ ကြီးစွာသောဘုန်းပါရမီအစုကို အားလုံးကုန်စင်အောင် ငါဘုရားမဟောနိုင်ပေ၊ တစ်စိတ်မျှကိုသာ ငါဘုရားဟောတော်မူမည်'–ဟူသော စကားတော်ကို အစချီ၍ အဖိတရဟန်း၏ဘုရားဖြစ်ပုံအကြောင်းစုံကို အောက်ဖော်ပြပါအတိုင်းဟောကြားတော်မူခဲ့ပါသည်။

သာရိပုတ္တရာ၊ ဤဘဒ္ဒကပ်ကမ္ဘာ၌ ငါဘုရားနောက် နှစ်များစွာလွန်ပြီးသော် ဘုန်းတန်ခိုးအာနုဘော်ရှိသော မေတ္တေယျအမည်ရှိသောဘုရားဖြစ်လတ္တံ့။ ထိုအခါ ကေတုမတီအမည်ရှိသော ရာဇဌာနီမင်းနေပြည်တော်ကြီးပေါ်လာလတ္တံ့။

ဘယ်အခါဖြစ်လတ္တံ့နည်းဟူမူ ငါတို့သာသနာ အနှစ်ငါးထောင်တည်၍ ကွယ်လတ်သည်ရှိသော် ကုသိုလ်,အကုသိုလ်ဟူသောအမည်ကိုမျှ မသိမကြား နားမလည်ဖြစ်ကြကာ ရှက်ကြောက်မရှိ, မိဘဟူသောအမည်သည်ကင်း၍ ကြက်,ခွေး,ဝက်အစရှိသောသတ္တဝါကဲ့သို့ဖြစ်၍ လူ၌အစဉ်အတိုင်းအကုသိုလ်တရားသာများစွာပွားများသဖြင့် အသက်ဆုတ်၍ ဆယ်နှစ်သက်တန်းသို့ရောက်ရသောအခါ ငါးနှစ်တိုင်လျှင် အိမ်ထောင်ထိန်းသိမ်းမင်္ဂလာပြုကြလတ္တံ့။

ထိုအခါ ဒုဇ္ဈိကဏ္ဏရကပ်, ရောဂဏ္ဏရကပ်, သတ္တဏ္ဏရကပ်အားဖြင့် ကပ်သုံးပါးတွင် ဒေါသမီးကြောင့် သတ္တဏ္ဏရကပ်ဖြစ်ကာ အချင်းချင်းရရာလက်နက်စွဲကိုင်ကာ ထိုးခုတ်သတ်ဖြတ်ကြသဖြင့် မြေအပြင်၌ အသားစုများဖြင့်သာဖုံးလွှမ်းလတ္တံ့။

ထိုအခါ ပညာရှိသောသူတို့သည် လူ့လောကပျက်စီးအပ်သည်ကိုကြား၍ ခုနစ်ရက်မျှ စားသောက်နိုင်လောက်သော စားနပ်ရိက္ခာအာဟာရတို့ကိုယူ၍ တောတောင်ချုံကြားတို့၌ပုန်းအောင်း၍ နေကြလတ္တံ့။ ခုနစ်ရက်လွန်သည်ရှိသော် မသေ၍ကျန်သူများမှာ အချင်းချင်းလည်ပင်းဖက် တည်ငြိတွယ်တတ်ဖြစ်ကြကာ 'အို–လူအပေါင်းတို့၊ အကုသိုလ်တရားပွားများခြင်းကြောင့် ငါတို့ဆွေမျိုးအပေါင်းတို့ ပျက်စီးကြကုန်ပြီ၊ အသက်ရှည်ကျန်ရစ်သောငါတို့သည် ပါဏာတိပါတအစရှိသော မကောင်းမှုတို့ကို မပြုကြဘဲ ဒါနအစရှိသော ကုသိုလ်ကောင်းမှုတို့ကို ပြုကြပါကုန်အံ့'ဟုပြောဆိုကြကာ ကုသိုလ်မှ ဘက်၌လုံ့လထုတ်ကြသည်။

ထိုအခါ အသက်ဆယ်နှစ်ရှည်သောသူတို့၏သားသမီးတို့သည် အသက်အနှစ်နှစ်ဆယ်ရှည်ကုန်၏။ အသက်အနှစ်နှစ်ဆယ်ရှည်သောသူတို့၏သားသမီးတို့သည် အနှစ်သုံးဆယ်, လေးဆယ် အစရှိသည်ဖြင့် အဆင့်ဆင့်အစဉ်အတိုင်းအသက်ရှည်ခဲ့ကြရာ အနှစ်ကိုးသောင်းတိုင်အောင်ရောက်ကြပေလိမ့်မည်။

http://www.dhammadownload.com

ထိုအခါ ဗာရာဏသီပြည်သည် တစ်ယူဇနာကျယ်သော ဥပ္ပလအမည်ဖြင့်မင်းနေပြည်ကြီး ဖြစ်လိမ့်မည်။ ထို့နောက် လူတို့အတိုင်းထက်အလွန်တရားကျင့်၍ အနှစ်တစ်သိန်းတန်းသို့ရောက်သော် ထိုဥပ္ပလပြည်သည် ခုနစ်ယူဇနာကျယ်သောပဒုမပြည်ကြီးဖြစ်လာလိမ့်မည်။ ထို့နောက် အတိုင်းထက် အလွန်တရားကျင့်ကြပြန်၍ အသက်တမ်းသည် အသင်္ချေတန်းရောက်ပြီးလျှင် ပဒုမပြည်သည်လည်း တစ်ဆယ့်နှစ်ယူဇနာကျယ်သောမန္တ ရပြည်ဖြစ်လိမ့်မည်။

ထိုအခါ သတ္တဝါတို့အား အိုခြင်း, သေခြင်းစသည့်တရားတို့မထင်၍ ကုသိုလ်တရားဘက်၌ မေ့လျော့ကြကာ အကုသိုလ်တရားတို့ထင်ရှားကြပြန်ရာ၊ အသက်အသင်္ချေတန်း အစဉ်အတိုင်းယုတ်၍ အနှစ်ရှစ်သောင်းတန်းသို့ရောက်လာပေလိမ့်မည်။ ထိုအခါ မန္တ ရပြည်သည် အလျားတစ်ဆယ့်နှစ်ယူဇနာကျယ်သော သာယာဝပြောအဲ့သြဖွယ်အပေါင်းနှင့်ပြည့်စုံသော ကေတုမတီအမည်ရှိသော ရာဇဋ္ဌာနီမင်းနေပြည်တော်ကြီးဖြစ်လိမ့်မည်။ ထိုကေတုမတီပြည်ကြီး၌ များစွာသောဆင်, မြင်း, ဗိုလ်ပါ, စကြာရတနာစသော ရတနာခုနစ်ပါးတို့ဖြင့်ပြည့်စုံသော လေးကျွန်းလုံးတို့၏အရှင် သခ်ာစကြဝတေးမင်းကြီး ဖြစ်လိမ့်မည်။ ထိုမင်းကြီးသည် ရှေးကောင်းမှုကြောင့်ဖြစ်သောနတ်ဗိမာန်ကဲ့သို့ ဆန်းကြယ်စွာ ရတနာပွတ်တိုင်တို့ခြံရံကာ မရှုစက်အောင်ညီးညီးကောင်းသော မဟာပနာဒမင်းကြီးနေဖူးသော နှစ်ဆယ့်ငါးယူဇနာအစောက်မြင့်သောနန်းပြာသာဒ်၌ စံနေတော်မူလိမ့်မည်။

ထိုကေတုမတီပြည်ကြီး၌ သုဒဿနစကြာမင်းကြီးနေဖူးသောကုသဝတီပြည်ကြီးကဲ့သို့ ရွှေထန်းပင်, ပတ္တမြားနီထန်းပင်, ပတ္တမြားပြောက်ထန်းပင်, အလုံးစုံသောရတနာအတိပြီးသော ထန်းပင်တို့ အစဉ်အတိုင်းခုနစ်ထပ်ရံလတ္တံ့။

ထိုကေတုမတီပြည်ကြီး၌ ရွှေတံတိုင်း, ငွေတံတိုင်း, ကျောက်မျက်ရွှဲတံတိုင်း, ပတ္တမြားနီတံတိုင်း, ပတ္တမြားပြောက်တံတိုင်းဟု အလုံးစုံသောရတနာတို့ဖြင့်ပြီးသောတံတိုင်းအား၎ဖြင့် ရတနာတံတိုင်း ခုနစ်ထပ်ရံလတ္တံ့။တံခါးလေးမျက်နှာရှိ ခရီးဆုံးမြို့လည်တွင် ပဒေသာပင်တို့ပေါက်နေလတ္တံ့။ အဝတ်ပုဆိုးအသုံးအဆောင်အစရှိသောလိုလိုသမျှ ထိုပဒေသာပင်၌တွဲရရွဲဆွဲလတ္တံ့။

ထိုကေတုမတီပြည်ကြီး၌ မစိုက်မပျိုး ဖွဲ, ဆန်ကျိုးမရှိ အလိုလိုပေါက်သော မွှေးကြိုင်သော အနံ့အရသာရှိသော သလေးဆန်ကို လူတို့သုံးစားရကုန်လတ္တံ့။ တစ်ခုသောသလေးမျိုးစေ့မှဖြစ်သော သလေးစပါးတို့သည် လှည်းအစီးနှစ်ထောင်, အစီးနှစ်ရာအစရှိသည် ဖြစ်ကြကုန်လတ္တံ့။

ထိုကေတုမတီပြည်ကြီး၌ နေထိုင်ကြကုန်သောသူတို့သည် အဖိုးများစွာထိုက်တန်သော နားတောင်း, အဝတ်တန်ဆာ, စည်းစိမ်ဥစ္စာ, တူရိယာတို့နှင့်ပြည့်စုံသည်ဖြစ်၍ မွှေးကြိုင်သော စန္ဒကူးနံ့သာလိမ်းကုန်လျက် အခါခပ်သိမ်းချမ်းသာစွာနေရကုန်လတ္တံ့။ ထိုအခါ ယူဇနာတစ်သောင်း အပြောကျယ်သော ဇမ္ဗုဒီပ်ကျွန်းအလုံးသည် ခိုးသူ, ဆူးငြောင့် မိစ္ဆာဒိဋ္ဌိမရှိစိမ့်သောငှာ နေဇာမြက်တို့ဖြင့်ဖုံးလွှမ်းအပ်သောစည်မျက်နှာကဲ့သို့ ညီညွတ်သောမြေအပြင်ရှိလတ္တံ့။

ထိုကေတုမတီပြည်ကြီး၌နေထိုင်ကြကုန်သောသတ္တဝါတို့အား ကိုးဆယ့်ခြောက်ပါးသောအနာတို့တွင် မျက်စိနာအစရှိသော တစ်စုံတစ်ခုသောအနာမျှ မဖြစ်လတ္တံ့။ ထမင်းစားချိန်ရောက်လျှင် အစာစားလိုသောအနာ(ဆာလောင်ခြင်း)၊ ထမင်းစားပြီးသောသူတို့အား ထမင်းဆီရစ်သောအနာ(ပြည့်အင့်ခြင်း)၊ ရင့်ရော်အိုမင်းသောအနာ(ဇရာဒုက္ခ) ဤသုံးပါးသောအနာရောဂါတို့သာဖြစ်လတ္တံ့။

http://www.dhammadownload.com

ထိုကေတုမတီပြည်ကြီး၌ လူတို့၏သက်တန်းတွင် အနှစ်ငါးရာရှိမှ ထိမ်းမြားမင်္ဂလာပြုလတ္တံ့။ မိန်းမ, ယောကျ်ားတို့သည် ငြင်းခုံခြင်းမရှိ ညီညွတ်ပြေပြစ်သော ချစ်ဖွယ်နာဖွယ်သောစကားကိုသာ ဆိုကုန်လတ္တံ့။ တောချုံသစ်ပင်နွယ်တို့သည် အသီးအပွင့်တို့နှင့်အမြဲပြည့်စုံလတ္တံ့။ မြေအပြင်အလုံး လဲဝါဂွမ်းကဲ့သို့နူးညံ့သော လက်လေးသစ်မျှလောက်သောမြေဖာမြက်တို့ပေါက်လတ္တံ့။ မအေးလွန်း မပူလွန်းသောဥတုလည်းရှိလတ္တံ့။ ကန်, ချောင်းပြည့်ရုံမျှသာ မိုးရွာလတ္တံ့။ အိုးအိမ်ပျက်လောက်အောင် သစ်ပင်သစ်ရွက်သစ်ခက်အစရှိသည်တို့ပျက်လောက်အောင် လေ(မုန်တိုင်း)မတိုက်ခတ်မူ၍ ယပ်လေကဲ့သို့ ညင်းညင်းသာသာ ပြေပြစ်သောလေညင်းတို့သာ တိုက်ခတ်ကြကုန်လတ္တံ့။ ကန်, ချောင်း, မြစ်အစရှိသည်တို့သည် မလျော့မခမ်းဘဲ အစဉ်ရေပြည့်လျှမ်းနေကြကုန်လတ္တံ့။ သိမ်မွေ့စင်ကြယ်သော ပဲလွန်းပဲနောက်ပမာဏာရှိသော ပုလဲအဆင်းကဲ့သို့ ဖွေးဖွေးဖြူသောသဲတို့လည်းရှိလျက်၊ တန်ဆာဆင်အပ်သောဥယျာဉ်ကဲ့သို့ မွေ့လျော်ဖွယ်ရှိလတ္တံ့။ စင်စစ် ချမ်းသာအဝဝတို့နှင့်ပြည့်စုံလတ္တံ့။

ထိုကေတုမတီပြည်ကြီး၌ စတုမဟာရာဇ်တို့၏ အာဉာကမန္တ္ရာမည်သော နတ်မြို့၊ ကုဝေရ ဝေဿဝဏနတ်မင်းကြီး၏ ဝိသာနမည်သော နတ်မြို့*၁၊ ဥတ္တရကုရုကျွန်းကဲ့သို့ ဖမ္မူဒိပ်ကျွန်းအလုံး မွေ့လျော်ဖွယ်ရှိလတ္တံ့။

ထိုအခါ မေတ္တေယျဘုရားအလောင်းသည် တုသိတာနတ်ပြည်မှစုတေ၍ သခ်ာစကြာမင်းထံပါး၌ ခစားလျက် ကြောင်းကျိုးမြင်သိပညာရှိလည်းဖြစ်သော စည်းစိမ်ဥစ္စာတို့နှင့်လည်း ကုံလုံပြည့်စုံသော သုဇြဟ္မာပုရောဟိတ်ပုဏ္ဏားကိုစွဲ၍ ဇြဟ္မဝတီမည်သောပုဏ္ဏေးမ၏ဝမ်း၌ ဝါဆိုလပြည့်နေ့တွင် ပဋိသန္ဓေယူလတ္တံ့။ ဣသိပတန မိဂဒါဝုန်တောင်ဖွားမြင်၍၊ အစဉ်အတိုင်းများစွာသောအခြံအရံနှင့် တကွကြီးပွား၍ သိကြားလိမ္မာသောအဖြစ်သို့ရောက်လတ္တံ့။

ဘုရားအလောင်း၏ဘုန်းအာနုဘော်ကြောင့် ရတနာခုနစ်ပါးတို့ဖြင့်ပြီးသော ဘုံခုနစ်ဆင့်ရှိသော နန်းပြာသာဒ်လေးဆောင် မြေမှပေါက်လတ္တံ့။ တစ်ဆောင်တစ်ဆောင်သောပြာသာဒ်ကို ရတနာတံတိုင်းခုနစ်ထပ်ရံလတ္တံ့။ အလုံးစုံသောတန်ဆာတို့ဖြင့်ဆင်ယင်အပ်သော မောင်းမတစ်သိန်းရှိကုန်လတ္တံ့။ စန္ဒမုခီအမည်ရှိသောမိဖုရားကြီး၊ ဇြဟ္မဝဒ္ဓနအမည်ရှိသောသားတော်တို့ဖြစ်လတ္တံ့။

ပြာသာဒ်တစ်ဆောင်တစ်ဆောင်တို့၌ အထူးထူးသောအဝတ်တန်ဆာ လိုရာဟူသမျှတို့ဖြင့် တွဲရဲ့ဆွဲသောပဒေသာပင်လေးပင် ပေါက်ကုန်လတ္တံ့။ တာဝတိံသာနတ်ပြည်ရှိ နန္ဒဝန်ဥယျာဉ်၌ အတိုင်းမသိသောနတ်တို့၏စည်းစိမ်ကိုခံစားသောသိကြားမင်းကဲ့သို့ ထိုပြာသာဒ်လေးဆောင်တို့၌ အလောင်းတော်သည် ဝမ်းမြောက်ဝမ်းသာ များစွာသောစည်းစိမ်ကို ခံစားလျက်နေလတ္တံ့။

ထိုအခါ ဘုရားအလောင်း၏ဘုန်းတော်ကြောင့် ဖမ္မူဒိပ်ကျွန်းအလုံး၌ ကေတုမတီပြည်ကြီး အမှူးရှိသောရွှေသောင်းလေးထောင်သောမြို့တို့မှ သခ်ာမင်းကြီးနှင့်တကွရွှေသောင်းလေးထောင်သော မင်းအပေါင်းတို့သည် ဘုရားအလောင်းထံပါးသို့ကပ်၍ 'ကျွန်ုပ်တို့သည် အလောင်းမင်းကြီး၏ဝေယျာဝစ္စအမှုကြီးငယ်ကိုပြုကုန်သည်'ဟု တောင်းပန်လျှောက်ထားကြလတ္တံ့။ ထိုအခါ ဘုရားအလောင်းက

---

*၁ မဂဓအဘိဓာန်၌ ကုဝေရ (သို့မဟုတ်) ဝေဿဝဏနတ်မင်းကြီး၏ဖြို့တော်မှာ အလကာ၊ အလကာမန္ဒာဖြစ်ကြောင်း အဘယာရာမအဘိဓာန်နိသျသစ်။ ၁၉၅၆–ခုနှစ်။ (စာ–၁၈)၌ဖော်ပြထားသည်။ တောင်ပေါက်အဘိဓာန်နိဿယသစ်။ ၁၉၅၅–ခုနှစ်။ (စာ–၂၈)၌ 'အလကာမန္ဒာ'ဟု ပြု၏။

http://www.dhammadownload.com

'ငါ့အား ဝေယျာဝစ္စအမှုကြီးငယ်ကိုပြုအပ်သောသူရှိပြီဖြစ်သည်၊ သင်တို့သည် မိမိတို့၏နေရာတို့သာ သွားကြကုန်'ဟု စေလွှတ်လိုက်လတ္တံ့။

ဤသို့ ကြီးစွာသောစည်းစိမ်ကို အဇိတသတ္တုသားသည် အနှစ်ရှစ်သောင်းကာလပတ်လုံးခံစား၍ စန္ဒမုခီအမည်ရှိသောမိဖုရားကြီး၌ ဖြဟ္မဝဒ္ဓနအမည်ရှိသောသားကိုရလတ်ပြီး၊ ရထားစီး၍ ဥယျာဉ် ကစားအံ့သောငှာသွားသောအခါ နတ်တို့ဖန်ဆင်းအပ်သော သူအို,သူနာ,သူသေ,ရဟန်းဟုဆိုအပ်သော နိမိတ်ကြီးလေးပါးကိုမြင်သည်ရှိသော် ကာမဂုဏ်၌ငြီးငွေ့စက်ဆုတ်၍ ကြီးစွာသောစည်းစိမ်ချမ်းသာကို တံတွေးပေါက်ကဲ့သို့ငဲ့ကွက်ခြင်းမရှိ စွန့်၍တောထွက်လတ္တံ့။

တောထွက်သော်ကား ဆင်ယာဉ်,မြင်းယာဉ်ကိုစီး၍မထွက်။ ဥယျာဉ်သို့သွားစဉ် ရဟန်းအသွင်ကိုမြင်လျက် ရတနာပြာသာဒ်ထက်၌ငြီးငွေ့သဖြင့် တောထွက်လိုသည်ရှိသော် တစ်သောင်းသော စကြဝဠာ၌နေကုန်သောနတ်တို့သည် ဤစကြဝဠာ၌စုဝေးကြကာ 'အဇိတသတ္တုသား ယနေ့တောထွက်လိမ့်မည်'ဟု ရာဇဋ္ဌာနီဇမ္ဗူဒီပါတစ်ကျွန်းလုံး အုတ်အုတ်ကျက်ကျက်ဖြစ်လတ္တံ့။ ထိုခဏ၌ များစွာသော လူနတ်ပြဟ္မာအပေါင်း အကာနိဋ္ဌပြဟ္မာပြည်တိုင်အောင် တစ်ပြိုင်နက်ပဲတင်ထပ်စေလျက် ဖြစ်ကုန်လတ္တံ့။ ထိုခဏ၌ ရတနာနန်းပြာသာဒ်သည် ပရိသတ်ဗိုလ်ပါအပေါင်းတို့နှင့်တကွ ကောင်းကင်သို့ပျံတက်၍ ဗောဓိမဏ္ဍိုင်၏အနီးမွေ့လျော်ဖွယ်ရှိသောအရပ်သို့ရောက်လျှင် ကောင်းကင်မှသက်၍ မြေ၌တည်လတ္တံ့။

အလောင်းတော်မြတ်သည် ထိုရတနာပြာသာဒ်ထက်ဝယ် ကျက်သရေရှိသောတိုက်ခန်းအတွင်း ခုနစ်ရက်ပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်သုံးဆောက်တည်ပြီး ခုနစ်ရက်မြောက်သောနေ့၌ ပြဟ္မာမင်းကပ်လှူသောပရိက္ခရာရှစ်ပါးကိုဝတ်စားဆင်ယင်ကာ ရဟန်းပြုလတ္တံ့။ များစွာသော မင်း, ပုဏ္ဏား,သူကြွယ်အစရှိသော ပရိသတ်အပေါင်းတို့သည်လည်း ဘုရားအလောင်းကဲ့သို့ပင်လိုက်၍ ရဟန်းပြုကြကုန်လတ္တံ့။

ဘုရားအလောင်းရဟန်းပြုပြီး၍ စန္ဒမုခီမိဖုရားကြီးကပ်လှူအပ်သောနို့ဃနာဆွမ်းကိုဘုဉ်းပေးပြီး ညချမ်းသောအခါ တောင်အရပ်မျက်နှာမှ လက်ယာရစ်လှည့်လည်၍ ဗောဓိမဏ္ဍိုင်သို့တက်ပြီး ကံ့ကော်မဟာဗောဓိပင်ကိုအမှီပြုကာ အပရာဇိတရွှေပလ္လင်ထက်နေတော်မူလျက်ပွင့်တော်မူလတ္တံ့။

ဘုရားဖြစ်၍ ဗောဓိပင်၏အနီး ခုနစ်ပါးသောသတ္တဟတို့၌အချိန်ကုန်လွန်စေပြီးလျှင် ပြဟ္မာမင်းတောင်းပန်ခြင်းကိုအကြောင်းပြု၍ ဣသိပတန မိဂဒါဝုန်တောသို့ကြွကာ လူပရိသတ်ယူဇနာတစ်ရာနှင့် နတ်ပရိသတ်စကြဝဠာအပြည့်ရှိသော ပရိသတ်အလယ်၌ ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူလတ္တံ့။ ထိုအခါ လူကုဋေတစ်သိန်း အကျွတ်တရားရကြကုန်လတ္တံ့။ နတ်တို့ကား အတိုင်းမသိ မရေမတွက်နိုင် အကျွတ်တရားရကြကုန်လတ္တံ့။

သခ်ိမင်းကြီးလည်း တရားနာနန်းပြာသာဒ်ကို ဘုရားအမှူးရှိသောသံဃာတော်တို့အားလှူ၍၊ ထိုမှတစ်ပါးသော ဥစ္စာရွှေငွေတို့ကိုလည်း အလိုရှိသောသူတို့အားပေး၍၊ မိဖုရားကြီးမှစ၍ ကိုးသောင်းသော ပရိသတ်ဗိုလ်ပါနှင့်တကွ တရားတော်ကိုကြားနာပြီး ဗေဟိဘိက္ခုရဟန္တာဖြစ်ကြကုန်လတ္တံ့။ ထိုမေတ္တေယျဘုရားရှင်အား ပဋိသမ္ဘိဒါလေးပါး, အဘိညာဏ်ခြောက်ပါးအစရှိသော ဂုဏ်အထူးနှင့် ပြည့်စုံသော တန်ခိုးအာနုဘော်ကြီးသော ရဟန်းကုဋေတစ်သိန်း အမြဲခံရံကုန်လတ္တံ့။ သာသနာတော်လည်း များစွာစည်ပင်ပြန့်ပွားလတ္တံ့။

http://www.dhammadownload.com

ဒေါ်ဒီ ၁၂၃၈-ခုနှစ်တွင် တရုတ်ပန်းချီဆရာကြီး Chu Hao-Ku ရေးဆွဲသော
ကောလုပတိပြည် ဗေဒတ္တာယျင် စံနေတော်မူပုံ
ယခု The Royal Ontario Museum of Archaelogy
Bachhofer. 1947. Pg.4. P.1

http://www.dhammadownload.com

အရိမေတ္တေယျဘုရားရှင်၏မယ်တော်မှာ ဗြဟ္မဝတီ၊ ခမည်းတော်မှာ သုဗြဟ္မာအမည်ရှိသော မင်းအတိုင်ပင်ခံပုရောဟိတ်ဖြစ်လတ္တံ့။ အသောကနှင့် ဗြဟ္မဒေဝအမည်ရှိသော လက်ယာရံ၊ လက်ဝဲရံ အဂ္ဂသာဝကနှစ်ပါး။ သီဟအမည်ရှိသော အလုပ်အကျွေး။ ပဒုမနှင့်သုမနအမည်ရှိသော ရဟန္တာ မိန်းမအဂ္ဂသာဝိကာနှစ်ယောက်၊ သုမနနှင့် သံဃအမည်ရှိသော လူအလုပ်အကျွေးနှစ်ယောက်၊ အယိသာဝတီ, သံဃအမည်ရှိသော မိန်းမအလုပ်အကျွေးနှစ်ယောက်တို့ဖြစ်ကြကုန်လတ္တံ့။

ဗောဓိပင်ကား ကံ့ကော်ဗောဓိပင်ဖြစ်လတ္တံ့။ ထိုဗောဓိပင်၏ပင်စည်သည် အတောင်နှစ်ရာ့လေးဆယ်ရှိပြီး။ (အရှေ့,အနောက်,တောင်,မြောက် ထုတ်ချင်းလျှိုအတောင်) အထက်သို့ဖြောင့်ဖြောင့်တက်သောခက်မနှင့်တကွ အရှေ့,အနောက်,တောင်,မြောက် ခက်မငါးဖြာတို့သည်လည်း အတောင်တစ်ရာ့နှစ်ဆယ်ရှိကုန်လတ္တံ့။ အမြစ်ကစ၍ ခက်ဖျားတိုင်အောင် အတောင်နှစ်ရာ့လေးဆယ်၊ အရှေ့,အနောက်,တောင်,မြောက် ထုတ်ချင်းလျှိုအတောင်နှစ်ရာ့လေးဆယ်ရှိကုန်လတ္တံ့။ ဥဒေါင်းပြီးဖြန့်သကဲ့သို့ စိမ်းစိမ်းညိုညို့ တင့်တယ်စွာအရွက်တို့သည် မကြွေမကျဘဲ အမြဲမပြတ် လေအောက်လေညာ ဆယ်ယူဇနာတိုင်တိုင် မွှေးကြိုင်ပြန့်ပြန့်ရနံ့လိုင်လျက် ဝတ်ဆံတစ်ကွမ်းစားမျှလောက်ရှိသော ရထားလှည်းဘီးပမာဏရှိသောအပွင့်တို့ဖြင့် အမြဲတည်လတ္တံ့။

ဘုရားဖြစ်သောနေ့၌ပွင့်သောအပွင့်တို့သည် သက်တော်အနှစ်ရှစ်သောင်းတည်၍ ပရိနိဗ္ဗာန်ပြုတော်မူသောနေ့၌ အညာမှကြွေကျ၍ စန္ဒကူးနုံ့သာထင်းပုံစေတီထက်၌ ရနံ့လိုင်လတ္တံ့။ ဗောဓိပင်၏ထက်ဝန်းကျင် သုံးယူဇနာရှိသောအရပ်၌ အထူးထူးသောအဆင်းရှိသောပန်းသစ်ပင်တို့သည် ဗောဓိပင်သို့ချည်း ရှေးရှုလျက်တည်ကုန်လတ္တံ့။ အထူးထူးသောအဆင်းရှိသောနွယ်ပန်းတို့သည်လည်း မွှေးကြိုင်ကောင်းမြတ်သောရနံ့အဆင်းတို့ဖြင့် တောက်ပသောအပွင့်တို့ဖြင့်ပုံးလွှမ်းအပ်လျက် လက်ယာရစ်လှည့်၍ ပုလဲမြတ်တိုင်းကဲ့သို့ဖြစ်၍ တည်ကုန်လတ္တံ့။ ထက်ဝန်းကျင်မှ ဗောဓိပင်ကိုရံလျက် ယူဇနာခွဲပမာဏရှိသောအရပ်၌ ရတနာသဲ ကြဲဖြန့်ဖုံးလွှမ်းလတ္တံ့။ ထိုသဲပြင်ထက် အထူးထူးသောအဆင်းအနံ့နှင့်ပြည့်စုံသော ရေပန်း, ကြည်းပန်း ခင်းလတ္တံ့။ ထိုအရပ်၌ အနော်ဇာ, ရေအုန်ခွံ, ကြက်ရုံး, မြတ်လေး, ခတ္တာ, စကား, ထိန်, ထင်းရှူး, ပုန်းညက်အစရှိသော ပန်းမိုးမပြတ်ရွာလတ္တံ့။ ထက်ဝန်းကျင်မှ ကြာညို, ကြာနီ, ကြာဖြူ အစရှိသော ကြာလက်တို့ဖြင့်ပြည့်သော ရေအိုးစင်ရံလတ္တံ့။ ဗောဓိပင်၏အထက်၌ ပန်းဆိုင်းတို့ဖြင့်တွဲရရွဲဆွဲသော ပိတာန်ကြက်လတ္တံ့။ ကောင်းကင်ဖြင့်ပျံသောငှက်တို့သည် ဗောဓိပင်၌ မနှားဝံ့ဘဲ သာယာသောအသံဖြင့်ကျူးရင့်လျက်ပူဇော်၍ လက်ယာရစ်လှည့်၍သွားကြကုန်လတ္တံ့။

မေတ္တေယျဘုရားရှင်သည် အရပ်တော် ရှစ်ဆယ့်ရှစ်တောင်ရှိလတ္တံ့။ ခြေဖဝါးအပြင်မှစ၍ ပုဆစ်ဒူးတိုင်အောင် နှစ်ဆယ့်လေးတောင်၊ ပုဆစ်ဒူးမှစ၍ချက်တော်တိုင်အောင် နှစ်ဆယ့်နှစ်တောင်၊ ချက်မှစ၍မျက်ရိုးတိုင်အောင် နှစ်ဆယ့်နှစ်တောင်၊ မျက်ရိုးမှစ၍သင်းကျစ်တိုင်အောင် နှစ်ဆယ့်နှစ်တောင်၊ လက်နှစ်ဖက် အတောင်လေးဆယ်၊ လက်နှစ်ဖက်တို့၏အကြား နှစ်ဆယ့်ငါးတောင်၊ မျက်ရိုးတော်တစ်ချောင်းတစ်ချောင်းကို ငါးတောင်၊ လက်ချောင်းတစ်ခုတစ်ခု လေးတောင်၊ လက်ဝါးအပြင်တစ်ခုတစ်ခု ငါးတောင်၊ လည်တော် ငါးတောင်၊ နှုတ်ခမ်း ငါးတောင်၊ လျှာတော် အလျားဆယ်တောင်၊ နှာခေါင်းတော် ခုနစ်တောင်၊ မျက်မှောင်တော်တစ်ဖက် ငါးတောင်၊ မျက်မှောင်တော်နှစ်ဖက်အကြား ငါးတောင်၊ နားရွက်တော်တစ်ဖက် ခုနစ်တောင်၊ ဆံလျှင်မှစ၍နဖူးသင်းကျစ်တော် နှစ်ဆယ့်ငါးတောင်၊ မျက်နှာတော်အဝန်း နှစ်ဆယ့်ငါးတောင်ဖြစ်လတ္တံ့၊ ရှိလတ္တံ့။

http://www.dhammadownload.com



ကုံကော်(သာနိုး)
မျိုးရင်း Guttiferae.
ရုက္ခဗေဒအမည် Mesua ferrea *Linn.*
အင်္ဂလိပ်အမည် Cobora's saffron.
ပါဠိအမည် နာဂကေသရ
ပုံပြဆေးဝါး၊ ၁၉၇၂၊ ပုံ-၂၁၀။



ကုံကော်ပင်
မြန်မာ့စွယ်စုံ၊ ၁၁၉၇၁၊ စာ-၃၈၆။

http://www.dhammadownload.com

အင်္ဂါလေးပါးနှင့်ပြည့်စုံသော အမိုက်အမှောင်တိုက်၌သော်လည်း ထက်ဝန်းကျင် တစ်ဆယ့်ယူဇနာတိုင်အောင် ပကတိအားဖြင့်မြင်နိုင်သောမျက်စိတော်ရှိလတ္တံ့။ ပကတိကိုယ်တော်အရောင် နှစ်ဆယ့်ငါးယူဇနာတိုင်အောင် နှံ့လတ္တံ့။ ရှစ်ဆယ့်ရှစ်တောင်အပြင့်ဆောင်သောကိုယ်တော်လည်း ညီးညီးတောက်သော ဆီမီးတိုင်ကြီးကဲ့သို့ ရတနာပန်းတောင်းရောင်ခြည်တစ်ထောင်ဆောင်သော နေမင်းကြီးကဲ့သို့ အလွန်တင့်တယ်လတ္တံ့။

ထိုမေတ္တေယျဘုရားရှင် ကြွတော်မူသောအခါ ခြေကြွတိုင်းခြေကြွတိုင်း ရွှက်ခြမ်းကြီး အတောင်သုံးဆယ်၊ ရွှက်ခြမ်းငယ် နှစ်ဆယ့်ငါးတောင်၊ ဝတ်ဆံ အတောင်နှစ်ဆယ်၊ အချက် တစ်ဆယ့်ခြောက်တောင်၊ အတင့်အတယ်မျှလောက်သော နီလှစွာသောဝတ်မှုန်ဖြင့်ပြည့်သော ကြာပဒုမ္မာပွင့်တို့ မြေမှပေါက်၍ ခြေတော်ကိုခံကြကုန်လတ္တံ့။

ဂန္ဓကုဋိကိုရံ၍ ထက်ဝန်းကျင်မှ ကာမာဝစရနတ်တို့သည် ရှစ်ဆယ်ရှစ်တောင်မြင့်သော ရွှေပန်းတောင်းရှစ်ခု၊ ငွေပန်းတောင်းရှစ်ခု၊ ပတ္တမြားပန်းတောင်းရှစ်ခု၊ သန္တာပန်းတောင်းရှစ်ခုတို့ကို အရပ်လေးမျက်နှာမှဖန်ဆင်းကုန်လတ္တံ့။ တန်ခိုးကြီးသောနဂါး, ဂဠုန်တို့သည် အထူးထူးသောတန်ဆာများစွာတို့ဖြင့် ဆန်းကြယ်သောတံခွန်ပုလဲဆိုင်း, ပတ္တမြားဆိုင်း, ရွှေဆိုင်း, ပန်းဆိုင်း, ရွှေခြူကွန်ယက်တို့ဖြင့်ပြည့်သော ဆန်းကြယ်စွာသောရတနာပိတာန်တို့ဖြင့် ထိုပန်းတောင်းတို့ ဂန္ဓကုဋိကို တန်ဆာဆင်ကြကုန်လတ္တံ့။

အခါခပ်သိမ်း အထူးထူးသောနတ်ပန်းမိုးတို့ရွာကုန်လတ္တံ့။ ကောင်းသောအနံ့ရှိသော အထူးထူးသောလူတို့၏ကသည်မှုန့်တို့သည် ဖရိဖရဲဖြန့်ကြကြကုန်လတ္တံ့။ အညို, အရွှေ, အနီ, အဖြူ, အမောင်းအားဖြင့် ငါးပါးသောအဆင်းရှိသော ဆန်းကြယ်သောနတ်ဝတ်ပုဆိုးတို့ ပြိုးပြိုးပြက်ပြက်နေအောင် လွှားကြကုန်လတ္တံ့။

မေတ္တေယျဘုရားရှင်အား ကြည်ညိုကြကုန်သောနတ်လူအပေါင်းတို့သည် တစ်ပြိုင်နက် အုတ်အုတ်ကျက်ကျက်ပဲ့တင်ထပ်လျက် ကောင်းချီးပေး၍ ထက်ဝန်းကျင်၌မြူးတူးကြကုန်လတ္တံ့။ အလယ်၌ အတောင်တစ်ထောင်အမြင့်ဆောင်သော ဆန်းကြယ်လှစွာသောရတနာပန်းတောင်းသည် အထက်ဝန်းကျင်အရပ်၌ ညီးညီးတောက်လျက် တင့်တယ်စွာတည်လတ္တံ့။

မေတ္တေယျဘုရားရှင်သည် ရဟန်းသံဃာအပေါင်းတို့ကိုခြံရံလျက် ထိုအလုံးစုံတို့၏အလယ်၌ ပြဟ္မာအပေါင်းခြံရံသော ပြဟ္မာမင်းကြီးကဲ့သို့, ပဏ္ဍုကမွလာကျောက်ဖျာအလယ်၌ နတ်အပေါင်းခြံရံသောသိကြားမင်းကဲ့သို့ မြေမှပေါက်သော တစ်ဆယ့်ခုနစ်ယူဇနာကျယ်သောရတနာမဏ္ဍပ်၌ ပတ္တမြားပလ္လင်ထက် အလုံးစုံသောနတ်တို့ပြုလုပ်သော နတ်ထီးဖြူကိုဆောင်းလျက် တင့်တယ်စွာနေလတ္တံ့။ဘုရားရှင်၏ဘုန်းတော်ကြောင့်ဖြစ်သော ရွှေပန်းတောင်းအစရှိသော အလုံးစုံသောအံ့ဖွယ်ပူဇော်သက္ကာအထူးတို့သည် ဘုရားသခင်ကြွလာတော်မူတိုင်း လိုက်၍လိုက်၍ခြံရံကြကုန်လတ္တံ့။

မေတ္တေယျဘုရားရှင်ကိုပူဇော်အံ့သောငှာ လာကြကုန်သောလူအပေါင်းတို့သည် ထိုထိုသော အံ့ဖွယ်အထူးတို့ကိုမြင်ကြသဖြင့် သားမယားတို့နှင့်တကွ သရဏဂုံသီလဆောက်တည်ခြင်း။ တရားတော်ကိုနာခြင်း အစရှိသည်ဖြင့် အရဟတ္တဖိုလ်နတ်ရွာသို့လားကြရကုန်လတ္တံ့။ ထိုအခါ ရတနာမဏ္ဍပ်အတွင်း၌ ရတနာပန်းတောင်းတို့၏အရောင်၊ ဘုရားရှင်၏အရောင်တို့ဖြင့် နေအရောင်လအရောင်

http://www.dhammadownload.com

မရှိသည်ဖြစ်၍ နေ့ဟုလည်းကောင်း၊ ည၌ဟုလည်းကောင်း ခွဲ၍ရနိုင်ကြလိမ့်မည်မဟုတ်ပေ။ ညအခါ နံနက်အခါတို့၌တွန်သောငှက်၏အသံနှင့် ပင့်သောပန်းတို့ကိုအမှတ်သညာပြုသဖြင့်သာ ည, နေ့ အပိုင်းအခြားကိုသိကြရလတ္တံ့။

မေတ္တေယျဘုရားရှင်သည် အနှစ်ရှစ်သောင်းကာလပတ်လုံးတည်၍ ပါရမီရင့်ပြီးသောသူတို့အား သစ္စာလေးပါးတရားတို့ကိုသိစေ၍၊ ပါရမီမရင့်သေးသောသူတို့အား နတ်ရွာမင်္ဂလာ၏ခရီး ဟုတ်သည်, မဟုတ်သည်ကို ဟောကြားဆုံးမတော်မူပြီးလျှင် လုပ်ဆောင်ဖွယ်ရာဘုရားကိစ္စမရှိတော့သဖြင့် သံဃာအပေါင်းနှင့်တကွ မီးပုံကြီးကဲ့သို့ထွန်းတောက်ပလျက်ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့။

ပရိနိဗ္ဗာန်ပြု၍ သာသနာတော်အနှစ်တစ်သိန်းရှစ်သောင်းတည်ပြီးသည့်နောက် သာသနာကွယ်လတ္တံ့။ သာသနာတော်ကွယ်သည်ရှိသော် တစ်သောင်းသောစကြဝဠာ၌ အမိုက်တိုက်အတိဖြစ်၍ ကုသိုလ်ကမ္မပထတရားဆယ်ပါးတို့ဆုတ်ယုတ်ကာ အကုသိုလ်ကမ္မပထတရားတို့ ထင်ရှားစွာဖြစ်ပွားများပြားသဖြင့် ရန်ရင်းကြမ်းတမ်းမှုတို့ပေါ်ထွန်းလာလတ္တံ့။

လောကသုံးပါး၌ အတုမရှိသောဘုရားရှင်ဖြစ်ပါလျက် အတည်မရှိ ပရိနိဗ္ဗာန်ပြုရချေသည်။ ခပ်သိမ်းသောသခ်ါရတရားအပေါင်းတို့သည် အမြဲမရှိ၊ အချည်းနှီးသောလက်ဆုပ်ကဲ့သို့ နိစ္စ, သုခ, အတ္တသဘောမှ ကင်းဆိတ်ကုန်၏။ ပညာမရှိသောပုထုဇဉ်သူမိုက်တို့သာ ငါဟူ၍လည်းကောင်း၊ ငါ့ဥစ္စာဟူ၍လည်းကောင်း၊ တဏှာဒိဋ္ဌိအားဖြင့်စွဲလမ်း၍ ငါ့သား, ငါ့သမီး, ငါ့ဆွေမျိုး, ငါ့ဥစ္စာ, ငါ့စေပါး အစရှိသည်တို့ဖြင့် ဆိုမြည်တမ်းကုန်၏။ ထိုထိုသောသခ်ါရတရားသည် အရှင်သာရိပုတ္တရာ, ရှင်မဟာမောဂ္ဂလာန်ကဲ့သို့ တန်ခိုးအာနုဘော်ကြီးသောပုဂ္ဂိုလ်တို့သော်လည်း တစ်ခုံတစ်ယောက်သော သူတို့၏အလိုသို့မလိုက်ချေဟု ဟုတ်မှန်စွာသိ၍ ခပ်သိမ်းသောသခ်ါရတရားတို့ကို ငြီးငွေ့စက်ဆုတ်ကုန်ရာ၏။

ကမ္ဘာသခ္ဒေါ့ကြာငြားသော်လည်း ဘုရားအဖြစ်ကိုလွန်ရခဲ၏။ ဘုရားဖြစ်သည်ရှိသော်ကား သတ္တဝါတို့အား ချမ်းသာစီးပွားများပေ၏။ ထို့ကြောင့် အလွန်ရခဲဖြစ်ခဲလှစွာသော မေတ္တေယျဘုရားရှင်ကိုဖူးမြင်ခြင်းငှာ ယခုဘုရားသာသနာတော်၌ ကုသိုလ်ကောင်းမှုတို့ကို မမေ့မလျော့အားထုတ်ကြကုန်လော့။ မြတ်သောအကျင့်ကို ကျင့်ကြကုန်လော့။ အလှူပေးကြကုန်လော့။ ဥပုသ်သီလဆောက်တည်ကြကုန်လော့။ မေတ္တာကိုပွားကြကုန်လော့။ အခါခပ်သိမ်းကုသိုလ်ကောင်းမှုပြုခြင်းငှာ မွေ့လျော်ကြကုန်လော့။ မမေ့မလျော့ကုသိုလ်ကောင်းမှုကို ပြုကြကုန်သောသူတို့သည် နောင် မေတ္တေယျဘုရားကိုဖူးတွေ့ရကုန်လတ္တံ့၊ ဝဋ်ဆင်းရဲမှဆုံးကုန်လတ္တံ့။

ဤသို့လျှင် ဂေါတမမြတ်စွာဘုရားရှင်သည် ဓမ္မသေနာပတိဖြစ်သောအရှင်သာရိပုတ္တရာမထေရ်မြတ်၏ တောင်းပန်လျှောက်ထားခြင်းကိုအကြောင်းပြု၍ မေတ္တေယျဘုရားရှင်ဖြစ်တော်စဉ်ဗုဒ္ဓဝင်တရားဒေသနာတော်ကို ကောင်းကင်မြစ်ကြီးယိုစီးသည့်အလား တသွင်သွင်စိမ့်စိမ့် ဟောကြားတော်မူခဲ့ပါသည်။ ။[၁*]

✿ ✿ ✿ ✿ ✿

*၁ ကျိုက္ခမီဒိဒတြိတ်(ခရိုင်)၊ ချောင်းဆုံမြို့အဝိုင်(မြို့နယ်)၊ ကလဒိရွာကျောင်းဟောင်းဘုန်းကြီး ဦးဝိရလင်္ကာ၏ အနောဂတဝင်(ပထမတွဲ)ပေမူ (က–မှ ကံ ၁၁–ချပ်)။ အမျိုးသားစာကြည့်တိုက်၊ ၃၀–လက်၊ (၂၁–၁၁–၁၉၅၆)။ ဤပေမူအတိုင်း ရန်ကုန်မြို့ ဟံသာဝတီသတင်းစာပုံနှိပ်တိုက်က ၁၉၂၀–ပြည့်နှစ်တွင် 'အနောဂတဝင်ဝတ္ထု' အမည်ဖြင့် ပုံနှိပ်ဖြီးဖြန်သည်။

http://www.dhammadownload.com

http://www.dhammadownload.com

အခန်း (၃)
မေတ္တေယျအလောင်းတော်နတ်သား

မေတ္တေယျရှင်တော်သည် ယခုအခါ ဘုရားအလောင်းတော်နတ်သားအဖြစ် တုသိတာနတ်ဘုံတွင်စံမြန်းနေဆဲအခါဖြစ်ရာ၊ ထိုတုသိတာဘုံစံ မေတ္တေယျ အလောင်းတော်နတ်သား၏သိမှတ်ဖွယ်အကြောင်းအရာတို့ကို ဆက်လက်တင်ပြလိုပေသည်။

မေတ္တေယျရှင်အားမည်သို့ခေါ်ဝေါ်မည်နည်း?

'မေတ္တေယျရှင်တော်ကို ယခုအချိန်၌ဖူးတွေ့ခွင့်ရမည်ဆိုပါက ထိုအရှင်မြတ်အား မည်သို့ခေါ်ဝေါ်သင့်ပါသနည်း' ဟုမေးသည်ရှိသော်၊ မေတ္တေယျရှင်တော်သည် ယခုအချိန်၌ တုသိတာနတ်ပြည်တွင်စံနေတော်မူသော နတ်သားတစ်ပါးဖြစ်ပြီးလျှင်၊ ဘုရားအလောင်းတော်လည်းဖြစ်သောကြောင့် 'အလောင်းတော်နတ်သား' ဟုခေါ်ပါက သင့်လျော်ပေလိမ့်မည်။

မြန်မာဘာသာဖြင့်ရေးသားထားသော ဗုဒ္ဓဝင်ကျမ်းများတွင်လည်း ဂေါတမမြတ်စွာဘုရားရှင်အလောင်းတော်သည် သေတကေတုအမည်ဖြင့်*ခ တုသိတာနတ်ပြည်၌စံနေစဉ်၊ ဘုရားပွင့်တော်မူမည်ဟု ဗုဒ္ဓကောလာဟလဖြစ်ပေါ်လာသော အခါ စကြဝဠာတိုက်တစ်သောင်းမှ နတ်ပြဟ္မာအပေါင်းတို့ ဂေါတမမြတ်စွာဘုရားအလောင်းတော်သေတကေတုနတ်သားထံတော်ပါးသို့စုဝေးရောက်လာကြပြီး 'အို... အလောင်းတော်နတ်သား၊ ဘုရားဖြစ်ရန်အချိန်တန်ပါပြီ' (ကာလော ခေါ် တေ မဟာဝီရ) စသည်ဖြင့် တောင်းပန်ကြကြောင်း ရေးသားထားကြပါသည်။*ဂ

သို့ပါ၍ ယခုအခါ တုသိတာနတ်ပြည်၌စံတော်မူဆဲဖြစ်သော ဘုရားလောင်းမေတ္တေယျရှင်ကိုလည်း 'အလောင်းတော်နတ်သား' ဟုခေါ်မည်ဆိုပါက ခေါ်ထိုက်သည်ပင်။

---

*ခ DPPN-II. 1277. ဗုဒ္ဓဝင်ပါဠိတော်၌ 'ယဒါဟံ တုသိတေ ကာယေ၊ သန္တုသိတော နာမဟံ တဒါ'ဟု အလောင်းတော်နတ်သား၏အမည်ကို သန္တုသိတ–မည်ကြောင်း ပြဆိုထား၏။ ဗုဒ္ဓဝံသ။၃၀၅။ DPPN-II. 1025.

*ဂ ဒုတိယမဲထီးဆရာတော်၏ မာလာလင်္ကာရတတ္တုတော်ကြီး၊ ပထမတွဲ။ ၁၉၆၂–ခုနှစ်။ (စာမျက်နှာ–၇)။ ဒီပဲယင်းဆရာတော်၏ တထာဂတဥဒါနဒီပနီ၊ ပထမတွဲ။ ၁၉၁၄–ခုနှစ်။ (စာမျက်နှာ–၉၉)။ ကိုးသဲလေးထပ်ဆရာတော်ကြီး၏ ဓိနတ္ထပကာသနီကျမ်း။ ၁၉၉၇–ခုနှစ်။ (စာမျက်နှာ–၅)။ မင်းကွန်းတိပိဋကဓရဆရာတော်၏ မဟာဗုဒ္ဓဝင်၊ ဒုတိယတွဲ။ ၁၉၇၆–ခုနှစ်။ (စာမျက်နှာ–၄)။

http://www.dhammadownload.com

မဟာယျရှုင်စံရာဘုံဌာန

မဟာယျအရှင်သည် တုသိတာဘုံ၌စံနေကြောင်းကို ပါဠိတော်၊ အဋ္ဌကထာတို့၌ တိုက်ရိုက်ဖော်ပြထားခြင်း မတွေ့ရသည့်အတွက် ဤအချက်နှင့်စပ်၍ ရှေးအခါကပင် ပညာရှင်တို့သံသယရှိခဲ့ကြသည်။

လွန်ခဲ့သောနှစ်ပေါင်း(၂၀၀)ခန့်က မုံရွေးဖေတဝန်ဆရာတော်(အေဒီ ၁၇၆၆–၁၈၃၄) ထံသို့ မုံရွာမြို့၌ သီတင်းသုံးနေသောအရှင်သီရိမာလာ*၁ (အေဒီ ၁၇၉၆–၁၈၅၅)က 'မဟာယျဘုရားကိုဖူးမြင်ရပါလိုတ်'ဟု အများပင် ဆုပန်ကြပါသည်။ မဟာယျဘုရားလောင်းဘယ်ဘုံမှာရှိမည်ကိုသိလိုပါသည်'ဟုမေးလျှောက်ရာ၊ မုံရွေးဖေတဝန်ဆရာတော်ကြီးက–

> မဟာယျဘုရားလောင်း ဤကမ္ဘာ၌ပွင့်လတ္တံ့ဟူ၍ ဗုဒ္ဓဝင်ပါဠိတော်၊ ပါထေယျဝဂ် အဂ္ဂညသုတ် ပါဠိတော်*၂ ၎င်းအဋ္ဌကထာတို့၌လာသည်။ ယခု အဘယ်ဘုံမှာရှိသည်ဖြစ်မည်ကို ပါဠိုအဋ္ဌကထာ ကျမ်းဂန်တို့၌ နှလုံးမသွင်းမိ'ဟုလည်းကောင်း၊ 'သီဟိဠ်ကျွန်း၌ ဒုဋ္ဌဂါမဏိမင်းကြီး သေအံ့သောအခါ အဘယမထေရ်သည် မဟာယျဘုရားလောင်း၏စံနေတော်မူရာ တုသိတာနတ်ပြည်သည် သာယာမွေ့လျော်ဖွယ်ရှိကြောင်း မဟာဝင်ကျမ်းတို့တွင်ဆိုသည်'*၃ဟုလည်းကောင်း၊ မဒုရရသဝါဟိနီမည်သော သီဟဠဝတ္ထု*၄၊ မာလယအတ္ထုပ္ပတ္တိ၌– 'အရှင်မာလယမထေရ်နှင့် ဥပါသကာတစ်ယောက်သည် တာဝတိံသာသို့ရောက်သောကာလ မဟာယျဘုရားလောင်း တုသိတာဘုံမှသည် စူဠာမဏိစေတီတော်သို့လာကြောင်းကို...'ဆိုသည်။*၅ သုံးဆယ့်နှစ်ပါး–ချီသော တံတားဦးတည်(မော်ကွန်း)၌လည်း 'သမ္ဘာရင့်ညောင်း၊ မိတ္တလောင်းလျှင်၊ နတ်ပေါင်းရံထပ်၊ နှောင်းဆုံးကွပ်၍၊ နတ်ရပ်သာစွာ၊ တုသိတာက...'ဟူ၍ စပ်ဆိုတော်မူသည်။*၆ ထို့ကြောင့် မဟာယျဘုရားလောင်း ယခု တုသိတာနတ်ပြည်မှာရှိ၏ဟူ၍မှတ်သင့်သည်...' စသည်ဖြင့် ဖြေဆိုတော်မူခဲ့ပါသည်။*၇

မြောက်ပိုင်းဗုဒ္ဓဘာသာဝင်တို့၏ လလိတဝိတ္ထရ(Lalitavistara)အမည်ရှိသော ဂေါတမဗုဒ္ဓဝင်၌ ဂေါတမမြတ်စွာဘုရားအလောင်း သေတကေတုနတ်သားသည် တုသိတာနတ်ပြည်တွင် မဟာယျအလောင်းတော်နတ်သားနှင့် အတူတကွစံမြန်းတော်မူခဲ့ပုံကို အောက်ပါအတိုင်းဖော်ပြထားပါသည်။

> အလောင်းတော်နတ်သား(ဂေါတမမြတ်စွာဘုရားအလောင်းတော်)သည် ကြီးကျယ်များပြားလှစွာသော နတ်ပရိသတ်တို့ကို တရားဝမ္မဖြင့်အားရနှစ်သိမ့်စေပြီးလျှင် 'ဆင်းရဲခြင်းကင်းသော အိုနတ်များအပေါင်းတို့၊ ငါအလောင်းတော်နတ်သားသည် ဇမ္ဗူဒီပါလက်ျာကျွန်းမြေ လူတို့

---

*၁ ဝေါဟာရလိုရင်းဒီပနီကျမ်းပြု လေ့သင်းအတွင်းဝန်ဦးချို(ဖြစ်သည်။

*၂ အဂ္ဂညသုတ်(ဒီ၊ ၃။ ၆၆။) နှင့် ပါထိကဝဂ္ဂဋ္ဌကထာ(ဒီ၊ဋ္ဌ၊၃။၄၃)တို့၌ မဟာယျရှုင်အကြောင်းဖော်ပြထားခြင်းကို မတွေ့ရပါ။

*၃ မဟာဝံသ၊ ဒွတ္တိံသတိမဟာရဇဋ္ဌ၊ (ဂါထာ–၇၂၊၇၃)။ အရှင်ကေလာသ(တည်း)၏ မဟာဝံသပါဠိ၌၊ ပထမတွဲ။ ၁၉၈၉–ခုနှစ်။ (စာမျက်နှာ–၁၉၀)။ Geiger(Tr.)' Mahāvaṃsa. 1950. Page-226.

*၄ မဒုရရသဝါဟိနီနှင့် သီဟဠဝတ္ထုသည် တစ်ကျမ်းဖြစ်သည်။ မဒုရရသဝါဟိနီကျမ်း၌ ဝတ္ထု(၁၀၃)ပုဒ်ပါရှိပြီး၊ သီဟဠဝတ္ထု၌ ဝတ္ထု(၇၇)ပုဒ်ပါရှိသည်။ မဒုရရသဝါဟိနီ'ကျမ်းကို အများအားဖြင့် 'ရသဝါဟိနီ'ဟုအလွယ်ခေါ်ကြသည်။ ထိုမဒုရရသဝါဟိနီမြန်မာပြန်မူပုံနှိပ်ပြီးရှိသော်လည်း၊ သီဟဠဝတ္ထုမှာ မြန်မာအက္ခရာနှင့်ပုံနှိပ်မူ၊ မြန်မာပြန်မူ စသည်မရှိသေးပါ။

*၅ မာလယအတ္ထုပ္ပတ္တိ–အမည်ရှိသောကျမ်းကို မတွေ့ဘူးပါ။ မာလယထေရ်နှင့် ဥပါသကာတစ်ဦး စူဠာမဏိစေတီသို့သွားရောက်သည့်အကြောင်းကို မဒုရရသဝါဟိနီကျမ်း၌တွေ့ရသည်။ အရှင်ဝစီရပဘာသာ၏ မဒုရရသဝါဟိနီဝတ္ထု။ ၁၉၂၇–ခုနှစ်။ (စာမျက်နှာ–၅၀၃)။

*၆ ရှင်မဟာရဋ္ဌသာရ၏ တန်တားဦးတည်မင်္ဂလာဓေတီတော်မော်ကွန်း။ ၁၉၆၅–ခုနှစ်။ (စာမျက်နှာ–၁၁၆)။

*၇ မုံရွေးဖေတဝန်ဆရာတော်ကြီး၏ သမန္တစက္ခုဒီပနီကျမ်း။ ၁၉၀၅–ခုနှစ်။ (စာမျက်နှာ–၉၅)။

http://www.dhammadownload.com

ပြည်သို့သွားပေတော့အံ့။ အလုံးစုံသောဘုရားအလောင်းတော်တို့၏ကျင့်စဉ်လမ်းကား ငါသည်လည်း အကြွင်းမရှိကျင့်၍ပြည့်စုံပြီ။ သတ္တဝါများတို့အား လေးပါးသောသင်္ဂဟဝတ္ထုတို့ဖြင့်လည်း ချီးမြှင့်အပ်ပြီ။ ဘုရားဖြစ်ကြောင်း ကောင်းမှုမျိုးစေ့တို့၏အကျိုးကိုသိသောငါသည် အတုမရှိ အသာမရှိ အမြတ်ဆုံးအသာဆုံးဖြစ်သော မင်္ဂဉာဏ်သဗ္ဗညုတဉာဏ်ကို ကိုယ်တိုင်သိမြင်သော ဘုရားအဖြစ်သို့ရောက်ပေအံ့'ဟု နတ်ပရိသတ်တို့အား နှုတ်ဆက်စကားပြောကြားတော်မူ၏။ ထိုအခါ တုသိတာနတ်တို့သည် ငိုကြွေးမြည်တမ်းကြကုန်လျက် ဘုရားအလောင်း၏ခြေကို ဖက်ကြကုန်ပြီးလျှင် 'အို သူတော်ကောင်းဖြစ်သော အလောင်းတော်နတ်သား။ တုသိတာပြည်သည် သင်နတ်သားနှင့်ကင်း၍ တင့်တယ်ခြင်းမရှိနိုင်ပေရာ'ဟု လျှောက်ထားကြလေရာ အလောင်းတော်မြတ်ဗောဓိသတ်က 'သင်နတ်ပရိသတ်တို့အား မေတ္တေယျဘုရားလောင်းတော်သည် တရားတော်ကိုဟောတော်မူလိမ့်မည်'ဟု မိန့်ကြားတော်မူပြီးလျှင် အလွန်တရာအံ့သြဖွယ်ရာကောင်းသော ပဒုမ္မာကြာရေးလက္ခဏာဖြင့် တင့်တယ်သောလက်တော်ကို*၁ မေတ္တေယျဘုရားလောင်း၏ဦးခေါင်းပေါ်၌တင်ထားပြီး 'သင်နတ်သားသည်လည်း ငါ၏အခြားမဲ့၌ ဘုရားဖြစ်လတ္တံ့သော သူတော်ကောင်းယောကျ်ားပေ'ဟု ပြောကြားတော်မူ၏–ဟုဖြစ်သည်။*၂

မေတ္တေယျအလောင်းတော်သည် တုသိတာနတ်ပြည်၌ မည်သည့်ဘုရားလက်ထက်တွင်ရောက်ရှိနေပါသနည်းဟူမူကား ဂေါတမဘုရားအလောင်းတော် တုသိတာနတ်ဘုံမှလူ့ပြည်သို့မသက်ဆင်းမီ (တစ်နည်း) ဂေါတမဘုရားရှင်ပွင့်တော်မမူမီကပင် တုသိတာနတ်ပြည်သို့ရောက်ဟန်ရှိပါသည်။ သို့ပါသော် အနာဂတဝံသအဋ္ဌကထာနှင့် ဒသဗောဓိသတ္တုဒ္ဒေသကျမ်းတို့တွင် 'မေတ္တေယျအလောင်းတော်သည် အဖိတထေရ်အဖြစ်ဖြင့် ဂေါတမမြတ်စွာဘုရားထံတော်၌ ဗျာဒိတ်ခံယူတော်မူခဲ့ကြောင်း'*၃ ဖော်ပြထားပြန်ပါသဖြင့် ဂေါတမဘုရားလက်ထက်၌ မေတ္တေယျရှင်သည် တုသိတာ၌မရှိဘဲ လူ့ပြည်တွင်အဖိတထေရ်အဖြစ်နှင့်ရောက်ရှိနေကြောင်း သိရပြန်ပါသည်။

မွေ့လျော်ဖွယ်ရာတုသိတာ

အလောင်းတော်မေတ္တေယျနတ်သားစံမြန်းတော်မူရာ တုသိတာနတ်ဘုံ၌နေကြသောနတ်တို့သည် မိမိ၏စည်းစိမ်ရိပ်ငြိမ်အထွေထွေ အသရေနှင့်ပြည့်စုံ၍ နှစ်သက်ခြင်းသဘောရှိသောကြောင့် ထိုနတ်ဘုံကို 'တုသိတာ'ဟု ခေါ်ခြင်းဖြစ်သည်။*၄

တုသိတာနတ်ဘုံ၏မွေ့လျော်ဖွယ်ကောင်းပုံကို လော်ကားသုံးထောင်မှူး(အေဒီ ၁၄၉၈–၁၅၇၈) ဆို 'အာဒိကမ္မာ'– အစချီသောပိဒ်စုံရတု၌ 'သာဘိစံရာ၊ လောင်းတကာတို့၊ အောင်ချာချက်မှတ်၊ ဇာတိမြတ်ဟု၊ လူနတ်ပျော်ရာ၊ တုသိတာ–'*၅ဟုဖွဲ့ဆိုထားသည်။

---

*၁ Bijoya Goswami (Tr.)' Lalitavistara. 2001. Page-46. တွင် 'ဂေါတမဘုရားအလောင်းတော်သည် မိမိဦးထက်တွင် ဆင်မြန်းထားသော ပိုးသားဦးခေါင်းတန်းဆာကိုယူပြီး မေတ္တေယျအလောင်းတော်၏ဦးထိပ်ထက်၌ဆင်မြန်းပေးခဲ့သည်'ဟု ပြဆိုထားသည်။

*၂ မင်းကွန်းအရှင်သုန္ဒရာဘိဝံသဆရာတော်(မြန်မာပြန်) လလိတဝိတ္ထာရ။ ၁၉၃၈–ခုနှစ်။ (စာမျက်နှာ ၆၉–၇၀)။

*၃ Minayeff (ed.)' The Anāgata-Vaṃsa. JPTS, 1886. Page-39.

*၄ အတ္တနော သိရိသမ္ပတ္တိယာ တုသံ ဝိတိ ဏ္ဏတာ ဂတာသီ တုသိတာ– အဘိမွေတ္တဗိဘာဝိနိဒီကာ။ ၁၉၃၄–ခုနှစ်။ (စာမျက်နှာ–၁၆၃)။ ဝိပုလာယ သိရိသမ္ပတ္တိယာ သမ္မန္နာဂတတ္တာ နိစ္စံ တုသန္တိ အဘိဝိယ ဟဋ္ဌတုဋ္ဌမုဒါ ဟောန္တိ ဇေတ္ထာတိ တုသိတာ– လယ်တီဆရာတော်ကြီး၏ သင်္ကြိုဟ်မဟာဒိကာ။ ၁၉၅၆–ခုနှစ်။ (စာမျက်နှာ–၁၉၈)။

*၅ လက်ဝဲနော်ရထာ၏ စာဆိုတော်များရတုပေါင်းချုပ်။ ၁၉၆၆–ခုနှစ်။ (စာမျက်နှာ–၇၂)။

http://www.dhammadownload.com

တုသိတာ၏နှစ်သက်ဖွယ်ကောင်းပုံကို ထူပဝံသကျမ်းလာ သီရိလင်္ကာကျွန်းရှင်ဒုဋ္ဌဂါမဏိမင်းကြီး (၁၆၁–၁၃၇ ဘီစီ)၏နတ်ရွာစံခန်းဝတ္ထုဇာတ်လမ်းဖြင့်လည်း အောက်ပါအတိုင်းသိနိုင်ပြန်ပါသည်။

နတ်ရွာစံအံ့မူးမူးဖြစ်နေသော ဒုဋ္ဌဂါမဏိမင်းကြီး၏အနီး၌ ရဟန်းတော်တို့သည် တစုတဝေးတည်း တရားမွေတို့ကိုရွတ်ဆိုတော်မူကြ၏။ ထိုအခါ နတ်ပြည်ခြောက်ထပ်မှ နတ်ဒေဝတာတို့လည်း နတ်ရထားခြောက်စင်းကိုယူဆောင်လာ၍ ရပ်နေကြ၏။ နတ်တမန်တို့က 'မြတ်သောမင်းကြီး၊ ငါတို့၏နတ်လောကသည် မွေ့လျော်ဖွယ်ကောင်း၏'ဟု မိမိတို့နတ်ပြည်သို့လိုက်ပါခြင်းငှာ တောင်းပန်ကြကုန်၏။ မင်းကြီးလည်း နတ်တို့၏ပင့်ဖိတ်သံကိုကြားသော် တရားနာနေသည့်အခိုက်ဖြစ်၍ 'ခေတ္တသည်းခံကြပါကုန်'ဟု လက်ကိုလှုပ်ကာ အမှတ်သညာပြလေသည်။

တရားဓမ္မကို တပေါင်းတည်းရွတ်ဆိုနေကြသောသံဃာတော်တို့က မင်းကြီး၏လက်လှုပ်ယမ်း၍ ပြသောအမှတ်သညာကိုမြင်တော်မူကြလျှင် မိမိတို့ရွတ်ဆိုနေခြင်းကိုတားမြစ်သည်ထင်၍ ရပ်တန့်လိုက်ကြ၏။ မင်းကြီးက 'အရှင်တို့၊ အဘယ့်ကြောင့် မဆိုဘဲရပ်ကြသနည်း'ဟုမေးလျှောက်လျှင်၊ ရဟန်းတို့က 'မင်းကြီး၏လက်အမှတ်ပြ၍တားမြစ်သောကြောင့် ငါတို့ရပ်ပေသည်'ဖြေကြားတော်မူကြ၏။ ထိုအခါ မင်းကြီးက 'အရှင်တို့ဘုရား၊ အရှင်တို့အား အမှတ်သညာပေးခြင်းမဟုတ်ပါ၊ နတ်ရထားခြောက်စင်းဖြင့်ခေါ်ရန်လာကြသော နတ်တို့အား တရားနာယူဆဲဖြစ်၍ မလိုက်နိုင်သေးကြောင်းကို လက်ဖြင့်အမှတ်ပြခြင်းသာဖြစ်ပါသည်'ဟု ရှင်းလင်းလျှောက်ထားလေသည်။

ဒုဋ္ဌဂါမဏိမင်းကြီး၏စကားကိုကြားကြကုန်သောလူအပေါင်းတို့က မင်းကြီးသည်သေအံ့မူးမူးကာလ၌ သတ္တဝါတို့မည်သည် သေဘေးကိုကြောက်ကြသည်ဖြစ်၍ ယောင်ယမ်းကာ နတ်တို့ကလာ၍ခေါ်နေကြောင်းစသည်ဖြင့် ထင်မိထင်ရာပြောသည်ဟု မှတ်ယူကြသည်။ ထိုအခါ အဘယမထေရ်ကြီးက 'သင်မင်းကြီးအား ပင့်ခေါ်ရန်လာသော နတ်ရထားခြောက်စင်းရှိနေကြောင်းကို သိသာထင်ရှားစေရန် သက်သေပြပါလော့'ဟုပြောသောအခါ၊ မင်းကြီးက ပန်းကုံးခြောက်ကုံးကို ကောင်းကင်သို့ပစ်တင်စေ၏။ ပန်းကုံးတို့သည် နတ်ရထားဦး၌ချိတ်မိကြကာ ကောင်းကင်၌တွဲရရဲ့ဆွဲလျက်တည်ရှိကြကုန်၏။ ထိုသို့ ပန်းကုံးတို့ကောင်းကင်၌တည်နေသည်ကိုမြင်ကြသောအခါမှ 'မင်းကြီး၏စကားမှန်ပေသည်'ဟု လူအများယုံကြည်ကြတော့၏။


ထို့နောက် မင်းကြီးက 'နတ်ပြည်ခြောက်ထပ်တို့တွင် မည်သည့်နတ်ပြည်သည် သာယာမွေ့လျော်ဖွယ်ရှိသနည်း'ဟု အဘယမထေရ်အား မေးလျှောက်၏။ အဘယမထေရ်က 'တုသိတာနတ်ပြည်သည် မွေ့လျော်ဖွယ်ရှိ၏။ ဘုရားဖြစ်တော်မူရန်အခါကိုကြည့်ရှုလျက် နေတော်မူသောမေတ္တေယျဘုရားလောင်းသည်လည်း ထိုတုသိတာနတ်ပြည်၌သာလျှင်စံနေတော်မူ၏'ဟု မိန့်တော်မူလျှင်၊ မင်းကြီးသည် ထိုမွေ့လျော်ဖွယ်ကောင်းသော တုသိတာနတ်ပြည်၌ဖြစ်လိုသောစိတ်ကိုထားပြီးလျှင် မဟာစေတီတော်ကိုဖူးမြင်၍ အိပ်လျက်စုတေခဲ့ရာ အိပ်သောယောကျ်ားနိုးသောလားသို့ တုသိတာနတ်ပြည်မှခေါ်ရန်လာသော ရထားထက်၌ရောက်ရှိကာ တုသိတာသို့ဆောင်ယူခြင်းခံရလေသည်'–ဟုဖြစ်သည်။*၁

---

*၁ Jayawickrama (Tr.)' The Thupavaṃsa. 1971. Page-253. ဟသ်ာတဖြို့၊ ကြာဓံဆရာတော်၏ မဟာထူပဝင်ဝတ္ထု။ ၁၉၅၈–၉၄၆။ (စာမျက်နှာ ၁၅၂–၁၅၄)။

http://www.dhammadownload.com


တုသိတာနတ်ပြည် ဂေါတမဘုရားအလောင်းစံနေတော်မူပုံများ



အေဒီဥ-ရာစု၊အိန္ဒိယ၊နာဂါရ်ဇုနကောဏ္ဍကျောက်ဆစ်လက်ရာ
Lad, 1957, Pg.31, Pl.8.



အေဒီဈ-ရာစု၊အာရှအလယ်ပိုင်း၊ကုန်တုရဒေသ နံရံဆေးရေး
Vigier, 1955, Pl.3.



အေဒီဈ-ရာစု၊ အင်ဒိုနီးရှားနိုင်ငံ၊ ဗောရောဗုဒ္ဒုရ်စေတီတော်ရှိ ကျောက်ဆစ်လက်ရာ
Lad, 1957, Pg.30-31, Pl.9.



အေဒီ၁၁-ရာစု၊
ပုဂံမြို့၊ အာနန္ဒာဘုရားရှိ
ကျောက်ဆစ်လက်ရာ
OB-EP, III, 1970, Pl.278.a.



အေဒီ၁၉-ရာစု၊
ထိုင်းနိုင်ငံ၊ဖရထိုနန်ဗုဒ္ဓဆဝန်
ကျောင်းတော်ရှိ နံရံဆေးရေးပန်းချီ
Thai Temple Painting, 1957, Pg.18.

http://www.dhammadownload.com

ထူပဝံသကျမ်း*၁လာ တုသိတပုရဟနကထာ ခေါ် ဒဋ္ဌဂါမဏိမင်းအား တုသိတာနတ်ပြည်သို့ဆောင်ယူ တော်မူခန်းကိုဖတ်ရှုခြင်းဖြင့် တုသိတာနတ်ပြည်သည်မွေ့လျော်ဖွယ်ကောင်းပုံကိုသိကြလျက် နောင်အဆက်ဆက် သော သီလဝန္တ ပညဝန္တ ပုဂ္ဂိုလ်တို့သည်လည်း သံသရာ၌ကျင်လည်ရဦးမည်ဆိုပါက မိမိတို့ပြုအပ်သောကောင်းမှု သီလစသည်တို့၏အကျိုးအားကြောင့် နတ်ပြည်ခြောက်ထပ်တွင် မေတ္တေယျရှင်စံမျော်ရာ မွေ့လျော်ဖွယ်ကောင်း သော တုသိတာဘုံဌာနသို့ရောက်ရပါလိုကြောင်း ဆုမွန်ကောင်းတောင်းခဲ့ကြသည်။

တုသိတာနတ်ပြည်

တုသိတာနတ်ပြည်သည် ကာမသုဂတိ ခုနစ်ဘုံအဝင် စတုမဟာရာဇိကာ (စတုမဟာရာဇ်)၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိနှင့် ပရနိမ္မိတဝသဝတ္တီ–ဟူသော နတ်ပြည်ခြောက်ထပ်၌ စတုတ္ထမြောက်အထပ်တွင် တည်သော နတ်ပြည်နတ်ရပ် နတ်ဌာနဖြစ်သည်။ နတ်ပြည်ခြောက်ထပ်ဟုဆိုခြင်းမှာ စတုမဟာရာဇ်၊ တာဝတိံသာ စသော နတ်ဌာနနတ်ဘုံတို့သည် တစ်ထပ်ပေါ်တစ်ထပ် အဆင့်ဆင့်ထပ်၍တည်ရှိနေသောကြောင့် နတ်ပြည် ခြောက်ထပ်ဟုခေါ်ခြင်းဖြစ်သည်။

ထိုနတ်ပြည်ခြောက်ထပ်သည် လူ့ပြည်နှင့်မည်မျှကွာလှမ်းသနည်းဟူမူ– 'လေးသောင်းနှစ်ထောင်၊ အကွာဆောင်၊ လူ့ဘောင်ဆင့်ဆင့်သို့' ဟူသော လယ်တီဆရာတော်ကြီး၏ပရမတ္ထသံခိပ်လင်္ကာ (အပိုဒ်–၂၅၀) အတိုင်း လူ့ပြည်မှအထက် ယူဇနာ (၄၂,၀၀၀) အကွာတွင် စတုမဟာရာဇ်နတ်ပြည်တည်ရှိ၏။ ထိုစတုမဟာရာဇ် နတ်ပြည်မှအထက်ယူဇနာ (၄၂,၀၀၀) အကွာတွင် တာဝတိံသာနတ်ပြည်တည်ရှိ၏။ ထိုတာဝတိံသာနတ်ပြည်မှ အထက် ယူဇနာ (၄၂,၀၀၀) အကွာတွင် ယာမာနတ်ပြည်တည်ရှိ၏။ ထိုယာမာနတ်ပြည်မှအထက်ယူဇနာ (၄၂,၀၀၀) အကွာတွင် တုသိတာနတ်ပြည်တည်ရှိ၏။ သို့ဖြစ်၍ တုသိတာနတ်ပြည်သည် လူ့ပြည်မှသော် အထက်ယူဇနာ ပေါင်း (၁၆၈,၀၀၀) အကွာတွင်တည်ရှိကြောင်းသိနိုင်၏။ တစ်ယူဇနာကို (၉) မိုင်ခန့်အကွာအဝေး*၂ ရှိသည်ဟူသော နှုန်းထားဖြင့်တွက်ကြည့်ပါမူကား တုသိတာနတ်ပြည်သည် လူ့ပြည်မှအထက်မိုင်ပေါင်း တစ်ဆယ့်ငါးသန်း တစ်သောင်းနှစ်ထောင် (၁၅၁,၀၀၀) ခန့်အကွာ၌တည်ရှိနေပါသည်။

တုသိတာနတ်

အဘိဓမ္မာပိဋကတ၊ ဝိဘင်္ဂပါဠိတော်၊ ဓမ္မဟဒယဝိဘင်း၊ ဥပ္ပါဒကကမ္မအာယုပ္ပမာဏဝါရတွင် သမ္မုတိနတ်, ဥပပတ္တိနတ်, ဝိသုဒ္ဓိနတ်–ဟု နတ်သုံးမျိုးရှိရာ တုသိတာနတ်အပါအဝင် နတ်ပြည် (၆) ထပ်နှင့် ငြဟ္မာ (၂၀) တို့၌ နေသောနတ်တို့သည်ကား 'ဘဝဟောင်းမှခုန်လွှားကျရောက်လာပြီး ခန္ဓာကိုယ်အထင်အရှားဖြင့် ဘွားကနဲ ပေါ်လာသော ဩပပါတိကပဋိသန္ဓေဖြင့်ပေါက်ဖွားလာသော ဥပပတ္တိနတ်မျိုးဖြစ်သည်' ဟူ၍ ပြဆိုထားလေ သည်။ အဘိ၊ ဝိဘင်္ဂ။ ၅၁၈။

ထိုဝိဘင်္ဂပါဠိတော်မှာပင် နတ်ပြည် (၆) ထပ်၊ ငြဟ္မာပြည် (၂၀) တို့၏အသက်တမ်းကိုဖော်ပြထားရာတွင် တုသိတာနတ်ပြည်ရှိ နတ်တို့၏သက်တမ်းကား လူ့ပြည်၌ နှစ်ပေါင်း(၄၀၀)သည် တုသိတာနတ်ပြည်၌ (၂၄)နာရီ (တစ်ညနှင့်တစ်နေ့) ဖြစ်၏။ ထိုလူ့သက်တမ်းအနှစ် (၄၀၀)ကို (၁)ရက်ဟူသောနှုန်းဖြင့် ရက်ပေါင်း(၃၀)လျှင် (၁)လ၊ ထိုလဖြင့် လပေါင်း(၁၂)လလျှင် (၁)နှစ်၊ ထိုနှစ်ဖြင့် နှစ်ပေါင်း(၄,၀၀၀)သည် တုသိတာနတ်ပြည်ရှိနတ်သားတို့

---

*၁ ဤအဖြစ်အပျက်ကို ထူပဝံသ၌သာမက မဟာဝံသကျမ်း၌လည်းဖော်ပြထားသည်။ ဦးကေလာသ(တည်း)၏ မဟာဝံသပါဠိ၊ ပထမတွဲ။ ၁၉၈၉–ခုနှစ်။ (စာမျက်နှာ–၁၉၀)။ *Geiger(Tr.)' Mahāvaṃsa. 1950. Page-226.*

*၂ အရှင်သီလာနန္ဒာဘိဝံသ၏ ရူပသိဒ္ဓိဒီကာနိဿယသစ်၊ ပထမတွဲ။ ၁၉၉၉–ခုနှစ်။ (စာမျက်နှာ–၃၄၅)။

http://www.dhammadownload.com

မေတ္တေယျအလောင်းတော်နတ်သားသရုပ်ဖော်ပုံများ

အေဒီ ၁၆-ရာစု၊ သီရိလင်္ကာနိုင်ငံ၊
ကိုလံဘိုမြို့၊ ကလျာဏီကျောင်းတိုက်ရှိ
မေတ္တေယျဘုရားအလောင်းနတ်သားပုံ
Wijewardene, 1946.






အေဒီ ၉-ရာစု၊ အိန္ဒိယနိုင်ငံ၊ Sanchi စေတီမှ
ဗုဒ္ဓရုပ်ပွားတော်ကိုရံလျက်တွေ့ရသော
မေတ္တေယျအလောင်းတော်ပုံ
ယခု Victoria & Albert Museum Room 47B.
Victoria & Albert Museum Masterpieces, Sheet 7.





အေဒီ ၁၁-ရာစု၊ အိန္ဒိယနိုင်ငံ၊ ဂယာမြို့၊ ဝိသ္ဏုပုရိရှိ
မေတ္တေယျဘုရားအလောင်းနတ်သားပုံ
Lad, 1957, Pg.199, Pl.24.



အေဒီ ၉-ရာစု၊ အိန္ဒိယနိုင်ငံ၊ ဘီဟာရ်ဒေသရှိ ဘုရားခုနစ်ဆူနှင့်
မေတ္တေယျ ဘုရားအလောင်းနတ်သားပုံ Lad, 1957, Pg.198, Pl.22.

http://www.dhammadownload.com

သက်တမ်းကာလပင်ဖြစ်သည်။ ထိုတုသိတာနတ်သားတို့၏သက်တမ်းကာလ နှစ်ပေါင်း(၄,၀၀၀)ကို လူ့ပြည်ရှိ ရက်,လတို့ဖြင့်ပြန်လည်တွက်ကြည့်ပါက နှစ်ပေါင်းငါးဆယ့်ခုနစ်ကုဋေခြောက်သန်း(၅၇၆,၀၀၀,၀၀၀-နှစ်)ဖြစ်သည်။ (အဘိ၊ဝိဘင်္၊၅၁၈၊)။ သို့ပါ၍ မေတ္တေယျအလောင်းတော်နတ်သားသည် တုသိတာနတ်ပြည်၌ နတ်သက်အပြည့် စံနေတော်မူမည်ဆိုပါက လူ့သက်တမ်းဖြင့် နှစ်ပေါင်း ၅၇-ကုဋေ, ၆-သန်း ကာလကြာမြင့်အောင် စံနေတော်မူနိုင်ကြောင်းသိရ၏။*၁

တုသိတာနတ်ပြည်တွင် ဂေါတမဘုရားအလောင်းနတ်သားစံမြန်းနေပုံကို အင်ဒိုနီးရှားနိုင်ငံ (Indonesia)၊ ဂျာ(Java)ကျွန်း၌ အေဒီ-၈၀၀ ခန့်၌တည်ထားခဲ့သော ဗောရောဗုဒုရ်(Borobudur)စေတီရှိ ဗုဒ္ဓဝင်ကျောက်ဆစ်လက်ရာ*၂ နှင့် ပုဂံအာနန္ဒာဘုရားကြီးအတွင်းရှိ ဗုဒ္ဓဝင်ကျောက်ဆစ်လက်ရာတို့တွင် ရှုကြည့်ခြင်းဖြင့်သိနိုင်ပါသည်။*၃ ထို့ပြင် အာ၊စီ၊တင်ပယ် (R.C.Temple)၏ သုံးဆယ့်ခုနစ်ပါးနတ်စာအုပ်ကြီးတွင်လည်း တုသိတာနတ်တစ်ပါး၏ ဝတ်ရုံဆင်ယင်ပုံဟန်ပန်ကို ရှေးပုရပိုက်မူမှထုတ်နတ်တင်ပြထားသည်ကိုလည်း ကြည့်ရှုလေ့လာနိုင်ပါသည်။*၄

တုသိတာ၌နတ်ဖြစ်ရန်

တုသိတာနတ်ပြည်အပါအဝင် နတ်ပြည်ခြောက်ထပ်သို့ မိမိတို့ပြုလုပ်ခဲ့ကြသည့် ဒါန၏အစွမ်းအားဖြင့်လည်းကောင်း၊ ဘဝကိုနှစ်သက်တွယ်တာသော ဘဝနိကန္တိကအစွမ်းအားဖြင့်လည်းကောင်း၊ တန်ခိုးကြီးသောနတ်, တန်ခိုးငယ်သောနတ်, အောက်-အထက်ဘုံနတ်, သုဂတိအဟိတ်ပုထုဇဉ်နတ်, ဒွိဟိတ်ပုထုဇဉ်နတ်, တိဟိတ်ပုထုဇဉ်နတ်, အရိယာနတ် စသည်ဖြင့် နတ်အမျိုးမျိုးဖြစ်ကြရသည်ဟူ၍ အာဘိဓမ္မာဝိဒူက၊ ဝိဘင်္ပါဠိတော်၌ဖော်ပြထားပေသည်။ (အဘိ၊ ဝိဘင်္၊ ၅၁၈၊)။ အာဘိဓမ္မာနှင့်သင့်ဂိုဟ်ကျမ်းများအရ တုသိတာနတ်ပြည်ရောက်ရသော ပုဂ္ဂိုလ်အရေအတွက်ကို 'ဒွိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်(၁)၊ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်(၁)၊ အရိယာပုဂ္ဂိုလ်(၈)၊ စုစုပေါင်း(၁၀)ယောက်ရ၏'*၅ ဟု ပြဆိုထား၏။

ထိုတုသိတာနတ်ပြည်သို့လားရောက်ရကြောင်းနှင့်စပ်၍ ပဋ္ဌာဂတိဒီပနီ (ဂါထာ-၁၀၆)၌ 'ဝိဇ္ဇကတ်သုံးပုံဟုဆိုအပ်သော ဗဟုသုတနှင့်ပြည့်စုံသော၊ ဝိဇ္ဇကတ်သုံးပုံဟုဆိုအပ်သော တရားဝမ္မကိုဆောင်နိုင်သော၊ အမှားအမှန်ကို ကောင်းစွာခွဲခြား သိမြင်နိုင်သော၊ သံသရာမှထွက်မြောက်ကြောင်း ယုံမှားမရှိ မှန်စွာသိမြင်နိုင်သော စသည့် ဂုဏ်အထူးတို့နှင့်ပြည့်စုံကာ အများ၏နှစ်သက်ခြင်းကိုခံရသောပုဂ္ဂိုလ်တို့ သေလွန်ကြသောအခါ တုသိတာနတ်ပြည်သို့လားရောက်ကြကြောင်း' ဖော်ပြထား၏။*၆

ဒီဃနိကာယ်၊ မဟာဝဂ္ဂအဋ္ဌကထာ၊ မဟာပဒါနသုတ် ဗောဓိသတ္တဝမ္ဗတာဝဏ္ဏနာ၌ '(ဝိပဿီ) ဘုရားအလောင်းသည်လည်း သုံးဆယ်သောပါရမီ၊ ငါးပါးသောစွန့်ကြဲခြင်းနှင့် သုံးပါးသောအစီးအပွားတို့ကို ပြည့်ဝ

---

*၁ ထိုတုသိတာနတ်ပြည်၌ နတ်သက်တစ်နေ့နှင့်တစ်ညသည် ရောရွဝေရဲကြီး၌လည်း တစ်ဒေ့နှင့်တစ်ညပင်ဖြစ်၏။

*၂ The Way of The Buddha. Page-30. Fig.9.

*၃ G.H. Luce' Old Burma-Early Pagan. Vol.III. Plate-278 a.

*၄ R.C. Temple' The Thirty-Seven Nats. 1906. Page-1. Fig.3. (Tuthitā Nat Min).

*၅ မိုင်းနိုင်းဆရာတော်ကြီး၏ ဝိထိပုံ၊ ဘုံစဉ်၊ ဆန်းပုံသိမ်ပုံ။ ၁၉၀၂-ခုနှစ်။ (စာမျက်နှာ-၅၁)။ တုသိတာဘုံ၌ပုဂ္ဂိုလ်ဖြစ်ပုံ(ဘူမိပုဂ္ဂလ)၊ တုသိတာဘုံ၌ စိတ်ဖြစ်ပုံ(ဘူမိစိတ္တ)စသည်တို့ကို မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး၏ ပရမတ္ထသရုပဘေဒနီ၊ ပထမတွဲ။ ၂၀၀၀-ပြည့်နှစ်။ (စာမျက်နှာ ၁၄၁-၁၄၃) တွင်ဖော်ပြထားသည်။

*၆ M.L. Feer (ed.)' Pañcagatidīpanī. JPTS. 1884. Page-160.

http://www.dhammadownload.com

အောင်ရွက်ဆောင်ပြီးကြသောအခါ ဘုရားဖြစ်ရန်နောက်ဆုံးဘဝ၌ တုသိတာနတ်ပြည်၌ ၅၇-ကုဋေ, ၆-သန်း နှစ်တို့ကာလပတ်လုံး စံတော်မူကြကြောင်း' ဖော်ပြထားပေ၏။*၁

ဘုရားအလောင်းပုဂ္ဂိုလ်တို့သည် ပါရမီသုံးဆယ်, စွန့်ခြင်းကြီးငါးရပ်, စရိယသုံးတန်တို့ အပြည့်အစုံဖြည့်ကျင့်ပြီးကြ၍ ဘုရားဖြစ်ရန်နောက်ဆုံးဘဝ၌ တုသိတာနတ်ပြည်တွင် နတ်သက်တမ်းစေ့ခံမြန်းပြီးနေတော်မူလေ့ရှိကြပြီးအကယ်၍ ဘုရားအဖြစ်သို့မရောက်နိုင်သေးဘဲ ဖြည့်ဆည်းရန်ပါရမီစသည့်ကိစ္စတို့ကျန်နေပါမူကား တုသိတာနတ်ပြည်သို့ရောက်ရှိ၍သွားပါက အဓိမုတ္တိကာလကိရိယာ(=ဘုရားအလောင်းတို့၏အဓိဋ္ဌာန်နှလုံးသွင်း၍စုတေခြင်းတစ်မျိုး)ဖြင့် ထိုနတ်ဘုံမှစုတေကာ လူ့ပြည်၌ဖြစ်၍ ပါရမီဖြည့်ကြပြန်၏။*၂

ဒသဗောဓိသတ္တုပ္ပတ္တိကထာကျမ်း၌ မေတ္တေယျ, ရာမ, ဓမ္မရာဇာ-စသော ဘုရားအလောင်းဆယ်ဆူတို့တွင် မေတ္တေယျဘုရားအလောင်း သခံစကြာမင်းသည် မိမိ၏ဦးခေါင်းကိုဖြတ်၍ သိရိမတာဘုရားအားလှူပြီးနောက် တုသိတာနတ်ပြည်၌ဖြစ်ကြောင်း။*၃ ရာမသမ္မဒ္ဓဘုရားအလောင်း နာရဒလုလင်သည် မိမိကိုယ်ကို ကဿပဘုရားရှင်အား မီးဖြင့်ပူဇော်ပြီးနောက် တုသိတာနတ်ပြည်၌ဖြစ်ကြောင်း*၄-စသည်ဖြင့်ဖော်ပြထားလေသည်။

ကျွန်ုပ်တို့အားထားရာ ဂေါတမမြတ်စွာဘုရားသည်လည်း ဝေဿန္တရာမင်းကြီးအဖြစ်မှစုတေ၍ တုသိတာနတ်ပြည်၌ သေတကေတုအမည်ဖြင့်နတ်သားဖြစ်ကြောင်းကို ပါရာဇိကဏ်အဋ္ဌကထာ၌ဖော်ပြထားပေ၏။*၅

ဂေါတမမြတ်စွာဘုရား၏သာသနာတော်အတွင်း တုသိတာနတ်ပြည်သို့ရောက်ကြသူများတွင် အနာထပိဏ်သူဌေးသည် အနာထပိဏ္ဍိကနတ်သားအမည်ဖြင့်ရောက်ရှိခဲ့သည်။ မ၊၃။၃၀၁။ သံ၊၁။၃၁။၅၃။

မဟာဝံသ၊ ထူပဝံသ-စသောကျမ်းများတွင် ဒုဋ္ဌဂါမဏိမင်းကြီးသည်လည်း ထိုဘဝမှလွန်သော် တုသိတာနတ်ပြည်သို့ရောက်ကြောင်း ဖော်ပြထား၏။

နတ်သားအဖြစ်ကိုးကွယ်ပုံ

တုသိတာနတ်ပြည်၌စံနေတော်မူလျက်ရှိသော မေတ္တေယျအလောင်းတော်နတ်သားအားရည်ရွယ်၍ ကိုးကွယ်မှု ရှိ,မရှိကိုလေ့လာပါက 'သီရိလင်္ကာနိုင်ငံတွင် မေတ္တေယျရှင်ကို အလောင်းတော်နတ်သားအဖြစ် ထင်ထင်ရှားရှားကိုးကွယ်နေကြကြောင်း' တွေ့ရသည်။*၆

သီရိလင်္ကာနိုင်ငံသည် အိန္ဒိယနိုင်ငံတောင်ဘက် အိန္ဒိယပင်လယ်အတွင်း၌တည်ရှိပြီး အလျားမိုင်(၂၅၀)၊ အနံမိုင်(၁၄၀)၊ အကျယ်အဝန်းစတုရန်းမိုင်(၂၅,၃၃၂)မိုင်ရှိသော ကျွန်းကြီးတစ်ခုဖြစ်သည်။ သီရိလင်္ကာသည် ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံဖြစ်သော်လည်း နတ်ကိုးကွယ်မှုမကင်းပေ။ သီရိလင်္ကာနိုင်ငံ၌ကိုးကွယ်နေသော နတ်တို့တွင် ပိဋကတ်စာပေကျမ်းဂန်လာသိကြားမင်း၊ ဗြဟ္မာမင်း၊ စတုမဟာရာဇ်နတ်မင်းနှင့် ယင်းနိုင်ငံသမိုင်းနှင့်

---

*၁ ဝိဟသီ ဗောဓိသတ္တောပိ တထေဝ ကတွာ တုသိတပုရေ နိဗ္ဗတ္တိတ္တာ သဒ္ဓိသတသဟဿာဓိကာ သတ္တပညာသ ဝဿကောဋိယော တတ္ထ အဋ္ဌာသိ- ဒီ၊ ဋ္ဌ။ ၂။ ၂၀။

*၂ ကသ္မာ? တတ္ထ ပါရမိနံ ဒုပ္ပူရဏီယတ္တာ။ တေ အဓိမုတ္တကာလကိရိယံ ကတွာ မနုဿပထေယေဝ နိဗ္ဗတ္တန္တိ - ဒီ၊ ဋ္ဌ။ ၂။ ၂၀။

*၃ H. Saddhātissa (Tr.)' The Birth-Stories of the Ten Bodhisattās. 1975. Page-61.

*၄ H. Saddhātissa (Tr.)' The Birth-Stories of the Ten Bodhisattās. 1975. Page-63.

*၅ တုသိတာဘဝေန သေတကေတု နာမ ဒေဝပုတ္တော အဟောသိ- ဝိ၊ ဋ္ဌ။ ၁။ ၁၃၀။

*၆ Adikaram' Early History of Buddhism in Ceylon. 1953. Page-152.

http://www.dhammadownload.com

ဆက်စပ်နေသော ဥပ္ပလဝဏ်နတ်၊ သုမနနတ်၊ မဏိအက္ခိကနဂါးမင်း၊ ဗိဿနိုးနတ်၊ မေတ္တေယျနတ်မင်းစသည်တို့ အပါအဝင်ဖြစ်သည်။

ထိုနတ်တို့တွင် ဥပ္ပလဝဏ်နတ်သည် သီရိလင်္ကာနိုင်ငံ၏ကျွန်းစောင့်နတ်ဖြစ်ပြီး မဟာဝံသကျမ်း(အခန်း–၇၊ ဂါထာ–၁၄၄၄)တွင် မြတ်စွာဘုရားရှင် မဟာပရိနိဗ္ဗာန်စံလွန်တော်မူခါနီးကာလ လာရောက်ကြသော နတ်ပရိသတ်ထဲတွင် သိကြားမင်းနှင့် ကျွန်းစောင့်ဥပ္ပလဝဏ်နတ်...ဲ့လည်းပါရှိရာ မြတ်စွာဘုရားရှင်က သိကြားမင်းနှင့် ဥပ္ပလဝဏ်နတ်တို့ကို 'ဝိဇယမင်းသားနှင့်နောက်ပါတို့သည် သီရိလင်္ကာကျွန်းသို့ ယနေ့ရောက်ရှိနေကြပြီ၊ ဝိဇယမင်းသားကြောင့် ငါ၏သာသနာသည် သီရိလင်္ကာကျွန်း၌ ထွန်းတောက်လိမ့်မည်။ ထိုဝိဇယမင်းသားတို့အား သင်တို့စောင့်ရှောက်ကြကုန်' ဟု မိန့်မှာတော်မူခဲ့သည်ဟုဖော်ပြထား၏။[*၁] ထိုအမှတ်အသားအရ သီရိလင်္ကာကျွန်းသားတို့သည် ဥပ္ပလဝဏ်နတ်ကို သီရိလင်္ကာကျွန်းစောင့်နတ်အဖြစ် အစဉ်အဆက်ကိုးကွယ်ခဲ့ကြ၏။

တဖန် မဟာဝံသကျမ်း(အခန်း–၁၊ ဂါထာ–၁၉)၌ မြတ်စွာဘုရားရှင် ဘုရားအဖြစ်သို့ရောက်ပြီး ကိုးလအကြာ သီရိလင်္ကာကျွန်းသို့ ဦးစွာပထမကြွတော်မူစဉ်အခါက ဘီလူးတို့၏ဘေးရန်နှိမ်နင်းတော်မူပြီးနောက် တရားဟောကြားတော်မူရာ ထိုကျွန်းရှိ သမန္တကူဋတောင်ခေါ် သုမနကူဋတောင်၌နေသော သုမနနတ်သားသည် သောတာပန်တည်ပြီးလျှင် မြတ်စွာဘုရားထံတော်မှကိုယ်တော်စား ကိုးကွယ်ဖို့ရာကိုတောင်းပန်ရာ မြတ်စွာဘုရားက ဆံတော်တစ်ဆုပ်ချီးမြှင့်တော်မူခဲ့သောကြောင့် ထိုဆံတော်ကိုဌာပနာ၍ စေတီတော်တည်ကြောင်းဖော်ပြထား၏။ ထိုစေတီကား ခေတ်အဆက်ဆက်ပြုပြင်လာခဲ့ရာ ယနေ့အခါ၌ မဟိယင်္ဂဏစေတီဟု ထင်ရှားရှိနေပါသည်။ ဤစေတီသည်ပင် သီရိလင်္ကာကျွန်း၏ ပထမဦးဆုံးစေတီဖြစ်၏။ ထိုသုမနနတ်မင်း၏တောင်းပန်မှုကြောင့်ပင် မြတ်စွာဘုရားသည် သီရိလင်္ကာကျွန်း သုမနတောင်ထိပ်၌ လက်ဝဲခြေတော်ရာကို သီရိပဒစေတီအဖြစ်ကိုးကွယ်ရန် ပေးတော်မူခဲ့ပါသည်။ သီရိလင်္ကာကျွန်းအတွက် ကျေးဇူးများလှသော ထိုသုမနနတ်သားကို ကျွန်းသူကျွန်းသားတို့က ယနေ့ထက်တိုင် ကိုးကွယ်ပူဇော်လျက်ရှိပါသည်။[*၂]

တဖန် မဟာဝံသကျမ်း(အခန်း–၁၊ ဂါထာ–၅၀)မှာပင် သီရိလင်္ကာကျွန်းသို့ မြတ်စွာဘုရားကြွစဉ်အခါက သောတာပန်တည်ခဲ့သော ကလျာဏီမြစ်ကမ်းအနီးနေ မဏိအက္ခိကနဂါးမင်းသည် မြတ်စွာဘုရားထံတော်မှ လင်းလွန်းပင်နှင့် ပတ္တမြားပလ္လင်တို့ကိုရပြီး စေတီတည်ခဲ့သဖြင့် ထိုစေတီကို ယခုအခါ ရာဇာယတနစေတီဟု သမုတ်ခေါ်တွင်ကာ ကိုးကွယ်နေကြ၏။ စေတီဒါယကာမဏိအက္ခိကနဂါးမင်းကိုလည်း သီရိလင်္ကာကျွန်းသားတို့က ကိုးကွယ်ပူဇော်ကြပါ၏။[*၃]

သီရိလင်္ကာနိုင်ငံ၌ ဗိဿနိုးနတ်ကို အရေးတယူဂရုထား၍ ကိုးကွယ်ပူဇော်နေကြ၏။ အရှင်ယောသဓမ္မာဘိဝံသ၏ လံကာဒီပနိုင်ငံခြားဗဟုသုတစာအုပ်၌ 'သီဟိုဠ်ဘုန်းတော်ကြီးကျောင်းတိုင်း ဗောဓိပင်ရှိသကဲ့သို့ပင် ဘုရားကျောင်းတိုင်း ဗိဿနိုးနတ်ရုပ်ရှိသည်။ သို့မဟုတ်လျှင် ပြတင်းပေါက်မရှိသောအိမ်ကဲ့သို့ မတင့်တယ်ဟု ဆိုကုန်၏။ သီဟိုဠ်ဗုဒ္ဓဘာသာဝင်တို့သည် ဗိဿနိုးနတ်ကို သာသနာစောင့်ဟူ၍လည်းယုံကြည်၏။ ကန်ဒီ(Kandy)

---

*၁ ဦးကေလာသ(တည်း)၏ မဟာဝံသပါဠိ၊ ပထမတွဲ။ ၁၉၈၉–ခုနှစ်။ (စာမျက်နှာ–၄၆)။ အေဒီ–၇၉၀ သီရိလင်္ကာတောင်ပိုင်း ဒေဝနဂရ (ယခု–Dondra)တွင် ဥပ္ပလဝဏ္ဏနတ်မင်းရုပ်တုရှိခဲ့ဘူးလေသည်။ W. Geiger(Tr.)' The Mahāvaṃsa. 1950. Page-55; DPPN-I. 418.

*၂ ဦးကေလာသ(တည်း)၏ မဟာဝံသပါဠိ၊ ပထမတွဲ။ ၁၉၈၉–ခုနှစ်။ (စာမျက်နှာ–၂)။ W. Geiger(Tr.)' The Mahāvaṃsa. 1950. Page- 3; DPPN-II. 1242 [25].

*၃ ဦးကေလာသ(တည်း)၏ မဟာဝံသပါဠိ၊ ပထမတွဲ။ ၁၉၈၉–ခုနှစ်။ (စာမျက်နှာ–၄)။ W. Geiger(Tr.)' The Mahāvaṃsa. 1950. Page-7; DPPN-II. 422 [2].

http://www.dhammadownload.com

မေတ္တေယျအလောင်းတော်နတ်သားသရုပ်ဖော်ပုံများ



သီရိလင်္ကာ၊ အနုရာဓပုရမှ အေဒီ ၄-ရာစုလက်ရာ
ယခု Colombo Museum.
Coomaraswamy,1965.Pg. XCVI, 290.



ကမ္ဘောဒီးယားနိုင်ငံ၊
အေဒီ ၇-ရာစုလက်ရာ
Khmer Sculpture, Pg.118, Pl.71.



အင်ဒိုနီးရှားနိုင်ငံ၊ ပတ္တနီ၊ Ban Lan Khwat
ဒေသမှ အေဒီ ၈-ရာစုလက်ရာ
ယခု Bangkok National Museum
Diskul, 1980, Pl.33.



ထိုင်းနိုင်ငံ၊Prakon Chai မှ
အေဒီ ၉-ရာစုလက်ရာ
Snellgrove, 1978, Pl. 108.



အင်ဒိုနီးရှားနိုင်ငံ၊ သုမတြာ၊ပလမ်ဘန်
ဒေသမှ အေဒီ ၉-ရာစုလက်ရာ
ယခု Jakarta, Museum Pusat.
Diskul, 1980, Pl. 3.



သီရိလင်္ကာနိုင်ငံတောင်ပိုင်းမှ
အေဒီ ၁၁-ရာစုလက်ရာ
Bechert, 1984, Pg.72, Pl.27.

http://www.dhammadownload.com

မြို့မှ (၃၅)မိုင်လောက်ဝေးကွာသော ဒမ္မလ္လ(Dambulla) လိုဏ်ဂူ၌ ဗိဿနိုးနတ်ရုပ်ကို အခြွေအရံနှင့်ခမ်းနားစွာ ထားရှိ၏'–စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။*၁

သီရိလင်္ကာ၊ ကလျာဏီမှ မေတ္တေယျနတ်ရုပ်တု

သီရိလင်္ကာနိုင်ငံ၊ ကိုလံဘို(Colombo)မြို့မှအရှေ့(၎) မိုင်အကွာ ကလျာဏီမြစ်အနီးတွင်တည်ရှိသော ကလျာဏီစေတီဝိဟာရအတွင်း မဏိအင်္ဂိကနတ်၊ သုမနနတ်၊ ဗိဿနိုးနတ်၊ ဂဏနတ်၊ ဝိဘိသျှဏနတ်၊ ကတရဂမနတ်၊ ဂင်္ဂါဒေဝီနှင့် မေတ္တေယျဗောဓိသတ်တို့၏ရုပ်တုများ ကိုးကွယ်ထားရှိလေသည်။ ထိုကလျာဏီဝိဟာရရှိ မေတ္တေယျအလောင်းတော်နတ်သားပုံတော်မှာ မကိုင်ဆောင်။ လည်ဆွဲလက်ကြပ် ခါးစည်းတန်းဆာများဆင်ယင်ပြီး ကိုယ်အောက်ပိုင်း၌ ခပ်ပျော့ပျော့အိအိအဝတ်ကို ဝတ်ဆင်ထားဟန်ထုလုပ်ထား၏။ လက်ဝဲလက်၌ ကြာပန်းကို ကိုင်ထား၏။ မေတ္တေယျအလောင်းတော်နတ်သား၏ ခန္ဓာကိုယ်သည် ကိုယ်လုံးတော်ပြည့်ပြည့်မတ်မတ် အနေအထားဖြစ်ကြောင်းတွေ့ရသည်။*၂

အိန္ဒိယ၊ ဆန်ချီမှ မေတ္တေယျနတ်ရုပ်တု

ခန္ဓာကိုယ်အချိုးအဆက်ပျောင်းနွဲ့ကာ သုံးဆစ်ချိုး (တြိဘင်္ဂ=thrice-bent) ဟန်ဖြင့်ထုလုပ်ထားသော မေတ္တေယျအလောင်းတော်နတ်သားကျောက်ရုပ်တုတစ်ဆူကို အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ရှိ ဝိတိုရိယနှင့်အလ်လဘတ် ပြတိုက် (Victoria & Albert Museum) ရှိ ပြခန်းအမှတ်(၄၇/ခ)၌ ပြသထားသည်။*၃

ထိုမေတ္တေယျအလောင်းနတ်သားကျောက်ရုပ်တုမှာ မူလကအိန္ဒိယနိုင်ငံအလယ်ပိုင်း မဇ္ဈိမဒေသ (Madhya Pradesh)၊ ဘိုပါလ်ခရိုင် (Bhopal) အတွင်းရှိ ဆန်ချီ(Sanchi)စေတီတော်ကြီး၌တည်ရှိခဲ့ပြီး သုတေသီတို့က အေဒီ–၉၀၀ ခန့်လက်ရာဟု ခန့်မှန်းကြ၏။ ထိုကျောက်ရုပ်တုတွင် ဦးခေါင်းတော်ပါရှိသော်လည်း မျက်နှာတော်မှာမူ ဖော်၍မရလောက်အောင် ပျက်စီးယိုယွင်းနေပြီဖြစ်၏။ လက်နှစ်ဖက်ပြတ်နေ၏။ လည်ဆွဲရတနာ၊ ခါးစည်းကြိုး စသည်ကိုဆင်ယင်ထားပြီး ခန္ဓာကိုယ်အောက်ပိုင်း၌ အဝတ်စည်းထား၏။ ဤမေတ္တေယျပုံတော်သည် မူလက ဆင်းတုတော်ကြီးတစ်ဆူ၏ယာဘက်၌ အရံအဖြစ်ထားရှိခဲ့ဟန်တူ၏။ ဝဲဘက်၌လည်း အလွန်ပျက်စီးနေပြီဖြစ်သော အဝလောကိတေသ္ဝရ (Avalokitesvara) ဘုရားလောင်းရုပ်တုပုံတစ်ပုံရှိနေ၏။ မေတ္တေယျရုပ်တု၏အမြင့်မှာ (၁၆၎.၅)စင်တီမီတာရှိသည်။ ထိုပျက်စီးယိုယွင်းနေသောမေတ္တေယျအလောင်းတော်နတ်သားရုပ်ပုံတော်၏ မူလ တည်ရှိနေခဲ့ပုံကို ပန်းချီဆရာ၏စိတ်ကူးဖြင့်မှန်းဆရေးဆွဲထားသောပုံကိုလည်းရှုကြည့်နိုင်ပါသည်။

ဗီဟာရ်မှမေတ္တေယျရုပ်တုပုံ

ကာလတွားမြို့ အိန္ဒိယပြတိုက် (Indian Museum) ၌ပြသထားသော ဗီဟာရ် (Bihar)အရပ်မှတွေ့ရှိ ရသည့် အေဒီ ၉–ရာစုလက်ရာ ဘုရားရှစ်ဆူပုံကျောက်ရုပ်ကြွတစ်ချပ်တွင်လည်း မေတ္တေယျရုပ်တုပုံကိုတွေ့ရ သည်။ ထိုကျောက်သားချပ်ဝွင် ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပနှင့်ဂေါတမဘုရား ခုနစ်ဆူနှင့်အတူ လက်ယာဘက်အစွန်၌ မေတ္တေယျပုံတော်ပါရှိနေသည်။ ထိုပုံပါ မေတ္တေယျရှင်သည် ရှေးဘုရား

---

*၁ အရှင်ဃောသမွောဘိဝံသ၏ လံကာဒီပနိုင်ငံခြားဗဟုသုတ၊ ဒုတိယပိုင်း။ ၁၉၅၂–ခုနှစ်။ (စာမျက်နှာ–၇၆)။

*၂ D.C. Wijewardene' The Sculptured Pageantry of kelaniya Vihara. In Here Is Kelaniya Souvenir 1575-1946.

*၃ John Irwin' Victoria & Albert Museum Masterpieces. Sheet 7. The Sanchi Torso. 1976.

http://www.dhammadownload.com

မေတ္တေယျအလောင်းတော်နတ်သားသရုပ်ဖော်ပုံများ



ပုဂံမြို့၊ အာနန္ဒာဘုရားမှ
ပုဂံဘုရားပုထိုးများ၊ ၁။ ၁၉၉၄။ စာ-၂၂၉



ပုဂံမြို့၊ သမ္မုလဘုရား(၄၈၂)မှ
Pichard, II. 1993, Pg.302, 482k.




ပုဂံမြို့၊ လေ့သင်ဂူ(၁၀၉၁)မှ
Pichard, IV. 1994, Pg. 345,1091i.



ပုဂံမြို့၊ ဘုရားသုံးဆူ(၄၇၇)မှ
Dr.W.C.Sailer's Collection.



ပုဂံမြို့၊ ဥပြောက်ကြီးဘုရား(၁၃၂၃)မှ
OB-EP.III, Pl.345a.



မုံရွာမြို့၊လယ်ဇင်ရွာ ကကုသန်ဘုရားမှ
အုံမောင်း၊ ၂၀၀၃၊ စာ-၁၉၅။

http://www.dhammadownload.com

ခုနစ်ဆူကဲ့သို့ သင်္ကန်းရုံပုံမဟုတ်ဘဲ ပါလ–သေနခေတ်(အေဒီ ၉–၁၁ ရာစု)ဝတ်ရုံဆင်ယင်ဟန်ဖြင့်တွေ့ရသည်။ ဦးခေါင်းတော်တွင် မကိုင်္ဂတန်ဆာများဖြင့်ထုံးဖွဲ့ထားသည်။*၁

ဤအချက်သည်ကား သဗ္ဗညုတဉာဏ်ရတော်မူပြီးဖြစ်သောရှေးဘုရားရှင်တို့နှင့် သဗ္ဗညုတဉာဏ်မရသေးဘဲ အလောင်းတော်အဖြစ်ရှိနေသည့် ဗောဓိသတ္တဘုရားအလောင်းတို့၏ကွဲပြားခြားနားပုံကိုသိစေခြင်းငှာ ရှေးအနုပညာရှင်တို့၏ ခွဲခြားဖော်ပြခြင်းပင်ဖြစ်သည်။*၂

အိန္ဒိယ၊ ပတ္နာပြတိုက်မှ မေတ္တေယျနှင့်ရုပ်တု

အိန္ဒိယနိုင်ငံ၊ ပတ္နာပြတိုက်*(Patna Museum)*၌ပြသထားသော ထိုင်တော်မူမေတ္တေယျရုပ်တုတစ်ဆူတွင် လည်း လည်ဆွဲ၊ လက်ကြပ်၊ ဒိုတီ၊ ဥပဓိတ–စသည်တို့ဖြင့် အလောင်းတော်နတ်သားတို့ပုံသဏ္ဌာန်အချိုးအစား အတိုင်း ဝတ်ရုံဆင်မြန်းဟန် သရုပ်ဖော်ထားလေသည်။ ထိုရုပ်တု၌ ဇရာမုကုဋာခေါ် ဦးပေါင်း၌ ထူပါငယ် တစ်ဆူပါရှိသည်။ လက်ယာဘက်လက်၌ နာဂကေသရခေါ် ကဲ့ကော်ပန်းကို ကိုင်ထားပြီး လက်ဝဲဘက်လက်မှာ အဘယမုဒြာဟန်အနေအထားဖြစ်သည်။ ဤရုပ်တုတော်ကို အိန္ဒိယနိုင်ငံ၊ ဂယာ*(Gaya)* ဝိသ္ဏုပုရိ*(Visnupur)*မှ ရရှိသည်။ အေဒီ ၁၁–ရာစုလက်ရာဟုခန့်မှန်းထားသည်။*၃

ပုဂံ၊ အာနန္ဒာဘုရားရှိ မေတ္တေယျနှင့်ရုပ်တု

သီရိလင်္ကာ၊ အိန္ဒိယ စသည့်နိုင်ငံတို့၌တွေ့ရသောမေတ္တေယျအလောင်းတော်နတ်သား၏ရုပ်တုတော်နှင့် ဝတ်စားဆင်ယင်ပုံတူညီ၍ အုတ်အင်္ဂတေဖြင့်ပြုလုပ်ထားသောရုပ်တုပုံများကို မြန်မာနိုင်ငံ၊ ပုဂံမြို့ရှိ ဘုရားများအတွင်း တွေ့ရသည်။ ထင်ရှားသောဘုရားတစ်ရပ်မှာ အာနန္ဒာဘုရားကြီး၏ အာရုံခံအဆောင်ကြီးလေးဆောင်အတွင်း ဖြစ်သည်။

ထိုအာနန္ဒာဘုရားကြီးအာရုံခံအဆောင်ကြီးများအတွင်း မုခ်ဝဝဲယာတစ်ဖက်တစ်ချက်စီတွင်တည်ရှိသော အုတ်အင်္ဂတေအရုပ်ကြီးနှစ်ရုပ်တွင် တစ်ဆူသောအရုပ်ကြီးကို 'အရိမေတ္တေယျအလောင်းတော်နတ်သားရုပ်တုတော်ပုံ'ဟု ပြန်ကြားရေးဝန်ကြီးဌာနမှထုတ်ဝေသော ပုဂံဘုရားပုထိုးများစာအုပ်၊ ပထမတွဲ၌ စာအညွှန်းတပ်၍ဖော်ပြထားတ်။*၄

ထိုသို့ တံခါးဝ၌ရပ်နေသည့်ရုပ်တုမျိုးကို ရှေးအခါက မဖြို့မပုရိသ(ကုလားလူကြီးများ)ဟုခေါ်ကြပြီး အာနန္ဒာရုပ်တော်မူရုပ်ပွားတော်ကြီးလေးဆူကို ဖူးမြော်ရန်လာကြသောဘုရားဖူးတို့အား တံခါးဝမှဆီးကြို၍ နေရာညွှန်ပြနေကြသည့် ဒွါရပါလ (ဒေါဝါရိက=တံခါးအစောင့်)ရုပ်တုကြီးများဟုလည်း ယူဆခဲ့ကြတ်။*၅

---

*၁ The Way of The Buddha. 1957. Page-198. Fig.22. ပုံစာကို Page-316 တွင်ကြည့်ပါ။

*၂ ထိုင်းနိုင်ငံတွင်လည်း ယွင်တော်မူသောရှေးဘုရားတို့၏ပုံတော်နှင့် မေတ္တေယျဂူ၏ပုံတော်ကိုယှဉ်တွဲဖော်ပြသောအစီ မေတ္တေယျဂူ၏ပုံတော်ကို မကိုင်္ဂဆောင်း စလွယ်ဆင်မင်းဝတ်ပုံ ခြားနားသောအသွင်အပြင်ဖြင့်ဖော်ပြလေ့ရှိသည်။

*၃ The Way of The Buddha. 1957. Page-199, 316. Fig.24.

*၄ ပြန်ကြားရေးဝန်ကြီးဌာန၏ပုဂံဘုရားပုထိုးများ၊ ပထမတွဲ။ ၁၉၉၄–ခုနှစ်။ (စာမျက်နှာ–၂၂)။

*၅ ဦးဗိုကော၏ ပုဂံသုတေသနလမ်းညွှန်။ ၁၉၈၁–ခုနှစ်။ (စာမျက်နှာ–၂၅၉)။ ပညာရှင် Pichard ကမူ Standing doorkeeper (တံခါးစောင့်) ဟုခန့်မှန်းထားပြီး၊ လက်သဲကွင်းဖြင့် (Bodhisattva?) ဟုလည်း ဖော်ပြထားသည်။ Inventory of Monuments at Pagan. V. 1995. Page-76. Fig.1192 n; Page-89; Page-158. Page-295; VI. 1995. Page-35, Fig.1467 j; Page-354, Fig.1686 j.

http://www.dhammadownload.com

မင်းဘူးအောင်ကြွေင်က လက်ရာစုံစွာအာနန္ဒာဘုရားစာအုပ်တွင် အာနန္ဒာဘုရားအတွင်းရှိ ထိုရုပ်တုကြီးများနှင့်ပတ်သက်၍ ရေးသားထားသည်မှာ–

> ၎င်းရုပ်တုကြီးများတွင် ခါးစည်း၊ လည်ဆွဲ၊ လက်ကျပ်၊ လက်ကောက်၊ မကိုင်တို့မှာ အင်္ဂတေလက်ရာဖြစ်ပါသည်။ ထိုအရုပ်ကြီးများကိုလည်း အမျိုးမျိုးယူဆနေကြပါသည်။ အချို့ကလည်း အာရုံခံတွင်ပင်အာရုံပြုရန်၊ အတွင်းသို့မဝင်ရန် တားမြစ်သည့် ဒွါရပါလရုပ်ကြီးများဟူ၍လည်းကောင်း၊ မဖွံ့မပုရိသအရုပ်ကြီးများဟူ၍လည်းကောင်း ခေါ်ဝေါ်ကြပါသည်။ စာရေးသူက ၎င်းအရုပ်ကြီးနှစ်ရုပ်တွင် တစ်ရုပ်သည် လောကနာထရုပ်ဖြစ်ပြီး ကျန်တစ်ရုပ်သည် ယခုဘဒ္ဒကမ္ပာတွင် နောက်ဆုံးပွင့်တော်မူမည့် အရိမေတ္တေယျဘုရားလောင်းနတ်ရုပ်ဖြစ်မည်ဟုယူဆပါသည်။ အဘယ့်ကြောင့်ဆိုသော် ပုဂံခေတ်ဂူဘုရားတို့တွင် အများအားဖြင့် တိုက်မပိုင်းနှင့် အာရုံခံပိုင်းဟူ၍ရှိပါသည်။ တိုက်မသို့မဝင်မိ အာရုံခံ၏တစ်ဖက်တစ်ချက်ဝဲယာ၌ ထိုကဲ့သို့နတ်ရုပ်ပုံမျိုးကို ဘီလူးရုပ်ခံ၍ မတ်ရပ်နတ်ရုပ် ကြာရိုးကြာစွယ်ရစ်ပတ်လျက် လက်မောင်းမှကြာစွယ်လာဟန်ကို နံရံဆေးရေးပန်းချီဖြင့်လည်းကောင်း၊ သစ်သားပန်းပုလက်ရာဖြင့်လည်းကောင်း၊ အုတ်အင်္ဂတေလက်ရာဖြင့်လည်းကောင်း အမြဲပါရှိတတ်ပါသည်။ ဥပမာ–သီရိပစ္စယာရှာ အရှေ့တောမဏ္ဍိဘုရားစုအနီးရှိ ငလှသင်းမည်သော ဂူဘုရား (၁၀၉၁/၄၆၂–က)တွင် 'ဤကား လောကနတ်တေး၊ ဤကား အရိမေတ္တေယျတေး'ဟူ၍ နတ်ပုံမျိုးအောက်တွင် မင်စာရှိပါသည်။ ထို့အတူ နဂါးရုံဘုရား (၁၁၉၂/၅၃၀)အာရုံခံနှင့် တိုက်မအကူး ဝဲယာ၌ အုတ်အင်္ဂတေဖြင့်လည်းကောင်း၊ ရှင်ပင်စာကြိုဘုရားအာရုံခံနှင့် တိုက်မအကူး၌ သစ်သားပန်းပုလက်ရာဖြင့်လည်းကောင်း၊ အရှေ့ဖွားစောရှာ ကဖွန်းအိုတုရားအနီးရှိ ဂူဘုရားအတွင်း၌ သစ်သားပန်းပုလက်ရာဖြင့်လည်းကောင်း၊ အာနန္ဒာဂူဘုရားအာရုံခံနှင့် တိုက်မအကူးမုခ်အဝင်တစ်ဖက်တစ်ချက်ရှိ မတ်ရပ်နတ်ရုပ်ကြီးများနှင့် တစ်ပုံစံတည်းဖြစ်ပေသည်–ဟူ၍ဖြစ်သည်။[*၁]

အိုကော်နာ (O'Connor)၏မန္တလေးစာအုပ်ကြီး (စာမျက်နှာ–၂၅၅)တွင်လည်း ဤမတ်ရပ်ပုံမှတစ်ပုံကို ဖော်ပြထားပြီး၊ အောက်ခြေပုံစာနေရာ၌ 'Silence' (တိတ်တိတ်နေပါ)ဟုဖော်ပြထားရာ၊ ထိုရုပ်ပုံတို့သည် ဘုရားဖူးတို့အား ဤနေရာ၌ထိုင်၍ တိတ်ဆိတ်ငြိမ်သက်စွာဘုရားအာရုံပြုရန် သတိပေးနေသောအရုပ်များဟူသော အဓိပ္ပာယ်ဖြင့် ရေးသားထားသကဲ့သို့ရှိလေသည်။[*၂]

ပုဂံ၊ ငလှသင်ဂူမှ အရိမေတ္တေယျအလောင်းတော်နတ်သား

ပုဂံမြို့၊ မြင်းကပါရွာ၊ မန္နဟာဘုရားကြီး(ဘုရားအမှတ်–၁၂၄၀)မှအရှေ့တောင်ဘက်တွင် ရှေးစာသင်တိုက်အဆောက်အအုံကြီးများစုဝေးတည်ရှိရာ တာမဏ္ဍိအစုရှိလေသည်။ တာမဏ္ဍိ–ဟူသည်မှာ နရပတိစည်သူမင်းကြီး လက်ထက်(အေဒီ ၁၁၆၄–၁၂၁၁) တာမွလိင် 'မြတ်ကြီးတာမလိန်မထေရ်ကြီး'ကို အရုပ်ကခေါ်တွင်သောအမည်ဖြစ်သည်။ ထိုတာမဏ္ဍိအစု၏တောင်ဘက်ခပ်လှမ်းလှမ်း သီရိပစ္စယာရှာအရှေ့တောင်တွင် ငလှသင်ဂူ (ဘုရားအမှတ်–၁၀၉၁)တည်ရှိသည်။[*၃]

---

*၁ မင်းဘူးအောင်ကြွေင်၏လက်ရာစုံစွာအာနန္ဒာ။ ၁၉၉၃–ခုနှစ်။ (စာမျက်နှာ–၁၉၉)။ မြင်းကပါရှိ လေးမျက်နှာဘုရား(၁၁၈၅)တွင်လည်း မတ်ရပ်ရုပ်တုနှစ်ဆူရှိရာတွင် သရုပ်ဖော်ပြ၍မရလောက်အောင်ပျက်စီးနေသော်လည်း အကြွင်းအကျန်လက်ရာကိုလေ့လာဖြင်းဖြင့် ဘုရားအလောင်းရုပ်တုနှစ်ဆူဟု မှန်းဆသိနိုင်သည်။

*၂ V.C. Scott O' Connor' Mandalay and Other Cities of the Past in Burma. 1907. Page-255.

*၃ Inventory of Monuments at Pagan. Vol. IV. 1994. Page-343.

http://www.dhammadownload.com

လေ့သင်ဂူဘုရားကို အေဒီ ၁၃-ရာစုကတည်းသည်ဟု ခန့်မှန်းထားကြ၏။ ထိုဂူဘုရား၏မူလအပေါ်ပိုင်းမှာ ပျက်စီးသွားပြီး၊ ၁၉၆၅-၆၆ ခုနှစ်၌ ပြန်လည်ပြင်ဆင်ရာ နဂိုမူလအတိုင်းမဖြစ်ရုံမက အချိုးတကျမရှိခဲ့ပေ။ ထိုဂူဘုရားအတွင်းရှိ ပန်းချီများ၊ ဇာတ်ကွက်များ၊ ဗုဒ္ဓဝင်ပန်းချီများမှာ မြင်သာထင်သာရှိသည့်ပြင် ကမ္ဘည်းစာတန်းများမှာလည်း မပျက်မစီးသေးဘဲ ကောင်းစွာဖတ်ရှုနိုင်သေးသည်။ ထိုပန်းချီကားများတွင် လောကနာထပန်းချီပုံ၏ အောက်၌ပါသောစာတန်းအရ ဂူဒါယကာ၏အမည်ကို လေ့သင်ဟုသိရသည်။*၁

လေ့သင်ဂူ၏ဂူအနောက်ဘက်ခြမ်းနံရံတွင် မေတ္တေယျအလောင်းတော်၏မတ်ရပ်ပုံကိုရေးဆွဲထားသည်။*၂ ဦးခေါင်းအထက်နောက်ခံတွင် နာဂကေသရခေါ် ကံ့ကော်ပင်(ပန်း)ပုံကိုရေးဆွဲထားသည်။ ဦးခေါင်းတော်တွင် မကိုင်သရဖူဆောင်းထားပြီး နားတောင်း, လည်ဆွဲ, လက်ကြပ်စသည် ဆင်ယင်ပါရှိသည်။ အောက်ပိုင်းတွင် ဒိုတီ (Dhoti) ခေါ် ပိတ်ရှည်ကိုခါးတောင်းကျိုက်၍ဝတ်ဆင်ထားသည်။ အောက်ခြေတွင် ကြာပွင့်ခံထားသည်။ မေတ္တေယျပုံတော်၏အောက်တွင် ကပီ ခေါ် ဘီလူး (Ogre) ပုံ *၃ (တစ်နည်း) မြန်မာ့မှော်ပုံပုရပိုက်မူ၌ပါသော ဘီလူးပုံ*၄ (တစ်နည်း)ဆိမိန္ဒြလ်*၅(Chimindral) ဟုခေါ်သော ကိတ္တိမုခ(ကျော်စောသောပါးစပ်)ပုံပါရှိသည်။*၆ ထိုပုံ၏အောက်ခြေတွင် 'ဤကားအရိမေတ္တေယျတေး'ဟု ကမ္ဘည်းစာရေးထိုးထားသည်။*၇

ပုဂံ၊ သမ္မှုလဘုရားမှအလောင်းတော်နတ်သား

ပုဂံ၊ မင်းနန်သူရွာ၏မြောက်ဘက်တွင် အုတ်တံတိုင်းနှင့်တည်ရှိသော တစ်ထပ်လိုဏ်ဘုရားတစ်ဆူမှာ သမ္မှုလဂူဘုရား(ဘုရားအမှတ်-၄၈၂)ပင်ဖြစ်သည်။*၈ ထိုဂူဘုရားကို သက္ကရာဇ်-၆၄၄ (အေဒီ-၁၂၈၂)ခန့်က ရေးသားခဲ့သော ထိုဂူဘုရားနံရံရှိ ကမ္ဘည်းမင်စာအရ 'သံမှုလံ'ကျောင်းဟုတွင်စရာရှိရာမှ၊ 'သမ္မှုလဂူဘုရား'ဟု ခေါ်ခဲ့ကြခြင်းဖြစ်သည်။*၉ 'သမ္မှုလ'အမည်မှာ ကျစွာမင်းကြီး(အေဒီ ၁၂၃၅-၁၂၄၀)၏သမီးတော်၊ ဥဇနာမင်းကြီး

---

*၁ ဦးဗိုကေ၏ပုဂံသုတေသနုလမ်းညွှန်။ ၁၉၈၁-ခုနှစ်။ (စာမျက်နှာ-၂၅၉)။

*၂ Inventory of Monuments at Pagan. Vol. IV. 1995. Page-345. Fig.1091 i.

*၃ မြန်မာ့အနုသုခုမအဘိဓာန်။ ၂၀၀၁-ခုနှစ်။ (စာမျက်နှာ-၁၃၆)။ ကပီ-သည် မျောက်ပုံနှင့်သာမက ခြင်္သေ့ရုပ်၊ ဟသ်ာရုပ်၊ ဘီလူးခေါင်းနှင့် ကိန္နရာရုပ်၊ ကုမ္ဘကဏ်,ယက္ခ,ဂန္ဓဗ္ဗ,ဂဠုန် စသောရုပ်ပုံရေးနည်းတို့နှင့်လည်းဆိုင်သည်။ မောင်ယဉ်လှိုင်း(ပျဉ်းမြို့ပြင်)၏ မြန်မာကနုတ်ပန်း။ ၂၀၀၁-ခုနှစ်။ (စာမျက်နှာ-၄၈)။

*၄ ရွှေကိုင်းသား၏မှော်ပုံပုရပိုက်များမှမြန်မာပန်းချီဟန်များ(ဆောင်းပါး)။ လူထုဂျာနယ်၊အမှတ်-၄၁။ စက်တင်ဘာလ၊ ၁၉၅၃-ခုနှစ်။ (စာမျက်နှာ-၉)။

*၅ ဘီလူးရုပ်တွင် ဦးခေါင်းမျှသာပါလျှင် ကိတ္တိမုခ၊ လက်နှစ်ဖက်ပါလျှင် ကောက်ပဲမွှဲဖြိုးအောင် မ,စသော ကောင်းကင်ဓောင့်နတ်၊ တိဘက် အခေါ် ဆိမိန္ဒြလ် (Chimindral)၊ တရုတ်အခေါ် Tao Tieh- ဒေါက်တာသန်းထွန်း၏ မြန်မာရာဇဝင်စာတမ်း၊ အမှတ်-၁။ ၁၉၆၉-ခုနှစ်။ (စာမျက်နှာ-၂၆၉)။ စံရွှေ၏ ပုဂံဧတေအလှဘီလူး-၁ (ဆောင်းပါး)။ ရွှက်နဝေမဂ္ဂဇင်း။ ဖေဖော်ဝါရီလ၊ ၂၀၀၃-ခုနှစ်။ (စာမျက်နှာ-၁၀၉)။

*၆ ထိုကိတ္တိမုခပုံမျိုးကို ပုဂံကျောက်စာစုပ်တို့၏စာသားထိပ်ပိုင်းတွင် ဒီဗိုင်းသမ္မယ်မော်ပြလေ့ရှိရာ၊ ပုဂံ-မွေရာစက အရှေ့ဂူငယ်ကျောက်စာ (ပုံ-၁၄၄)၊ အေဒီ ၁၂၄၂-ခုနှစ်။ မြင်ဗိုင်းသီဟသူကွလားကျောင်းကျောက်စာ(ပုံ-၂၈၅)၊ အေဒီ ၁၂၉၆-ခုနှစ်။ ပရုက္ကူ-ပေါင်လောင်ရွာ ဆုတောင်းပြည့် ဘုရားကျောက်စာ(ပုံ-၃၈၃/က)၊ အေဒီ ၁၂၆၇-ခုနှစ်။ ကျောက်ဆည် တိုးကြီးရွာ၊ တောင်ပုလုဘုရားကျောက်စာ(ပုံ-၄၃၅/က)၊ အေဒီ ၁၃၂၄-ခုနှစ်။ မြင်းမူ-အလွန်ကပ္ပဂွေဂူကျောက်စာ(ပုံ-၄၄၄/က)၊ အေဒီ ၁၃၃၂-ခုနှစ်။ ပင်းယ-ရွှေစည်းခုံကျောက်စာ၊ (ပုံ-၄၇၀/က)၊ အေဒီ ၁၃၄၄-ခုနှစ်။ ပရုက္ကူ၊ ပေါင်လောင်ရွာ၊ ဆုတောင်းပြည့်ကျောက်စာ(ပုံ-၅၁၀)၊ အေဒီ ၁၃၅၅-ခုနှစ်။ ချောင်းဦး၊ ကင်မွန်ရွာရွှေစည်းခုံဂူငယ်ကျောက်စာ (ပုံ-၅၁၈)၊ အေဒီ ၁၃၅၆-ခုနှစ်- စသည်တို့တွင်တွေ့ရသည်။ ဒေါက်တာသန်းထွန်း၏ ရှေးမြန်မာတို့ကျောက်ပြားခုရေးထွင်းခဲ့တဲ့ဒီဗိုင်း-၂။ ရွှက်နဝေမဂ္ဂဇင်း။ ၀၃/၂၀၀၃။ (စာမျက်နှာ-၇၅၊၇၈၊၈၀၊၈၂၊၈၅၊၈၇)။ Inscriptions of Burma. Vol.I-V. 1933-1966.

*၇ ချောက်မြို့နယ်၊ ဆားလည်မြို့တွင်လည်း 'ဤကာမဟာဓိတ္တိ၍တေး'ဟု ကမ္ဘည်းပါဆေးရေးပုံတစ်ခုကိုလည်း တွေ့ရသည်။

*၈ Inventory of Monuments at Pagan. Vol.II. 1993. Page-300.

*၉ ဦးဗိုကေ၏ပုဂံသုတေသနုလမ်းညွှန်။ ၁၉၈၁-ခုနှစ်။ (စာမျက်နှာ-၃၈၃)။

http://www.dhammadownload.com

(အေဒီ ၁၂၄၉-၅၆)၏ မိဖုရားကြီး၏အမည်ဖြစ်သည်။[*၁] ထိုမိဖုရားကြီး၏ဘွဲ့မည်အစုံမှာ တြိလောကစန္ဒာဒေဝီသုံးလူလ-ဖြစ်သည်။

ထိုသမ္မုလဂူဘုရားသည် အတွင်းလိုဏ်ပတ်လမ်းနှင့် ဘုရားလေးဆူ၊ မုခ်လေးမုခ်ရှိပြီး အထက်၌ သီခရစသည် အဆင်တန်ဆာတို့ဖြင့်ပေါက်ထားသော ဂူဘုရားတစ်ဆူဖြစ်သည်။ ကျောက်စာအထောက်အထားအရ အေဒီ ၁၂၅၅-ခုနှစ်တွင် ထိုဂူဘုရားကို သမ္မုလမိဖုရား၏သမီး စောပုလဲက ပြုပြင်ခဲ့ကြောင်းသိရသည်။

ဤသမ္မုလဂူဘုရားကို သုတေသီတို့စိတ်ဝင်စားကြရာတွင် ထိုဂူဘုရား၌ ပါဠိဘာသာဗုဒ္ဓဝင်မင်စာများရှိခြင်း။[*၂] နှစ်ကျိပ်ရှစ်ဆူသောဘုရားနံရံဆေးရေးများရှိခြင်း[*၃] တို့ကြောင့်ဖြစ်သည်။ ထို့ပြင် ဂူဘုရားအဝင်ဝ တောင်ဘက်အခြမ်း အနောက်မျက်နှာ၌ မေတ္တေယျအလောင်းတော်နတ်သားပုံတစ်ခုကိုလည်း ရေးဆွဲထားပြီးလျှင် ထိုပုံတော်မှာ ဆံပင်ကိုဆင်ယင်ထုံးကျစ်ထားပြီး စလွယ်ဆင်မြန်းထားပုံဖြစ်သည်။[*၄]

ပုဂံ၊ ဘုရားသုံးဆူမှ အလောင်းတော်နတ်သား

ပုဂံ၊ မင်းနန်သူအုပ်စုအတွင်း သမ္မုလဘုရား၏အရှေ့တောင်ဘက်တွင် နီးကပ်စွာတည်ရှိနေသော အရှေ့မှ အနောက်သို့တန်းလျက်တည်ရှိသော ဂူဘုရားသုံးဆူ (ဘုရားအမှတ်-၄၆၇၊ ၄၆၈၊ ၄၆၉)ကို ဘုရားသုံးဆူ[*၅]ဟု တစ်ပေါင်းတည်းခေါ်ဝေါ်ခဲ့ကြသည်။

ထိုဘုရားသုံးဆူအတွင်း၌ နံရံဆေးရေးပုံများမှာ ဆန်းကြယ်လှ၍ ကျောက်စာဝန်မစွတာဒူရွိုင်ဇဲလ် (C. Duroiselle) က အေဒီ ၁၉၁၅/၁၆-ခုနှစ်ခန့်က အိန္ဒိယနိုင်ငံ ကမ္ဘည်းကျောက်စာဌာနအစီရင်ခံစာတို့တွင် 'ထိုဘုရားသုံးဆူအတွင်းရှိ ဆေးရေးပုံများသည် အရည်းကြီးတို့နှင့်လည်းကောင်း၊ တန္တြရဗုဒ္ဓဘာသာနှင့်လည်းကောင်း သက်ဆိုင်ကြောင်း ရေးသားခဲ့ဖူးလေသည်။[*၆] သို့သော် ပုဂံယဉ်ကျေးမှုကျွမ်းကျင်သူ ဆရာဦးဗိုကောကမူ 'ထိုရုပ်ပုံပန်းချီတို့ကား...(ပ)...တန္တြရဗုဒ္ဓဘာသာ အလေ့အကျက်သော်လည်းကောင်း၊ အရည်းကြီးရဟန်းများနှင့် ဆက်စပ်ပုံသော်လည်းကောင်း အထောက်အထားမမြင်မိပါ' ဟု ရေးသားခဲ့ဘူးသည်။[*၇]

ထိုဘုရားသုံးဆူတို့တွင် အရှေ့ဘက်ဆုံးဂူ(ဘုရားအမှတ်-၄၆၇)အတွင်း အနောက်ဘက်နံရံတွင် ဗုဒ္ဓရုပ်ပွားတော် ဆူရေများစွာနှင့်အတူ ကြာပွင့်ထက်၌ရပ်လျက်စမ္မယ်နေသော မေတ္တေယျအလောင်းတော်နတ်သားပုံကို တွေ့ရသည်။ ဤပုံကား ငလှသင်ဂူ၊ သမ္မုလဂူတို့ရှိ မေတ္တေယျအလောင်းတော်နတ်သားပုံတို့နှင့်ဆင်ဆင်တူ၍ အိန္ဒိယနိုင်ငံ ပါလခေတ် (အေဒီ ၉-၁၁ ရာစု)၊ ဘီဟာရ် (Bihar) ဒေသ၌တွေ့ရသော မေတ္တေယျနတ်သားပုံတော်တို့နှင့်လည်း တိုက်ဆိုင်တူညီနေသည်ကိုတွေ့ရပြန်ပါသည်။[*၈] ထို့ပြင် ပုဂံ-ညောင်ဦးလမ်းမကြီး၏တောင်ဘက်ရှိ

---

*၁ သမ္မုလဘုရားကျောက်စာ။ ဦးငြိမ်းမောင်၏ ရှေးဟောင်းမြန်မာကျောက်စာများ၊ တတိယတွဲ။ ၁၉၈၃-ခုနှစ်။ (စာမျက်နှာ-၁၉၄)။

*၂ ဒေါ်တင်တင်မြင့်နှင့် ဦးကျော်လှိုင်တို့၏ဗုဒ္ဓဝင်ပါဠိမင်စာများ။ ၁၉၈၁-ခုနှစ်။ (စာမျက်နှာ-၉)။

*၃ Inventory of Monuments at Pagan. Vol.II. 1993. Page-302. Fig.482 j, Page-303. Fig.482 o.

*၄ Inventory of Monuments at Pagan. Vol.II. 1993. Page-302. Fig.482 k; W.C. Sailer' A Study of One Footprint. In Traditions of Knowledge in Southeast Asia. UHRC. 2003.

*၅ Inventory of Monuments at Pagan. Vol.II. 1993. Page-291.

*၆ ASI, Annual Report 1915-16. Page 79-93. Pl. XLVIII-LIII.

*၇ ဦးဗိုကော၏ ပုဂံသုတေသနလမ်းညွှန်။ ၁၉၈၁-ခုနှစ်။ (စာမျက်နှာ-၃၈၀)။

*၈ Inventory of Monuments at Pagan. Vol.II. 1993. Page-294. Fig.477 p; W.C. Sailer' Above All Worlds. A Study of The Loka-hteik-Pan, Buddha Footprints, Bagan, Myanmar. 1997.

http://www.dhammadownload.com

ရွှေလိပ်ဥဂ္ဂဘုရား(၂၅၇)အတွင်း တောင်ဘက်နံရံတွင်လည်း ဘုရားသုံးဆူ၌တွေ့ရသော မဟာဗောဓိပုံတော်မျိုး တွေ့ရပြန်သည်။*၁

ရွှေဘုန်းပွင့်ဘုရားမှအလောင်းတော်နတ်သား

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အိုးဘိုရပ်ကွက်၌ ရွှေဘုန်းပွင့်စေတီတော်မြတ်တည်ရှိပါသည်။ ထိုစေတီတော်မြတ်ပရိဝုဏ်အတွင်း အရှေ့တောင်ထောင့်အရပ် ရဟန္တာဘုရှိလိမ္မာနှင့် သူတော်စင်တို့တည်ထားရာ တိုက်တန်းတွင် 'အလောင်းတော်နတ်သား'ဟူသော မှန်စီကမ္ဘည်းစာနှင့်တကွ အင်္ဂတေလက်ရာ မတ်ရပ်ပုံတော် မဟာဗောဓိရုပ်တုတစ်ဆူကို တွေ့ရပါသည်။ ပုံတော်မှာ ရှေးမြန်မာနိပါတ်ကားများတွင်တွေ့ရလေ့ရှိသော နတ်ရုပ်ပုံမျိုးဖြစ်သည်။ ထိုအလောင်းတော်နတ်သားပုံတော်ကို ၁၃၁၈-ခုနှစ်(အေဒီ ၁၉၅၆-ခုနှစ်)တွင် ပန်းချီနှင့် ပန်းပုဆရာကြီးဦးလှတင်၊ ဦးထွန်းတင်၊ ပန်းရံဆရာကြီးဦးသောင်းညွှန့်၊ ဦးတင်ရွှေ၊ ဦးသိန်းလှတို့အဖွဲ့မှ ကုသိုလ်ပြုကြောင်း မှတ်တမ်းတင်ထားသည့် ကမ္ဘည်းကျောက်စာတစ်ချပ်ရှိသည်။

မုံရွာ လယ်ဇင်ရွာမှ အလောင်းတော်နတ်သား

မုံရွာမြို့ လယ်ဇင်ရွာ ကကုသန်ဓာတ်တော်ပေါင်းစေတီကြီးအတွင်း အလျား ၃၆-ပေ၊ အနံ ၂၇-ပေရှိသော အာရုံခံအုတ်တိုက်၌ ဤဘဒ္ဒကမ္ပာ၌ပွင့်တော်မူသောဘုရားရှင်လေးဆူတို့၏ဆင်းတုတော်တို့နှင့်အတူ ၁၉၉၅-ခုနှစ်က မဟာဗောဓိရုပ်တုတော်တစ်ဆူကိုလည်း ပြုလုပ်တည်ထားခဲ့သည်။ ထိုအာရုံခံအတွင်း ဆင်းတုတော်ငါးဆူရှိရာတွင် မဟာဗောဓိရုပ်တုမှာ ဘုရားဖြစ်သေးသည်မဟုတ်၍ ပလ္လင်တော်ကိုအနည်းငယ်နိမ့်၍ထားသည်။*၂ ပုဂံခေတ်က ဂေါတမဘုရားအလောင်းတော်၏ တုသိတာနတ်ပြည်၌ နတ်သားအဖြစ်စံပယ်နေပုံကို ဖီး၍ပြုလုပ်ထားသည်။*၃ သို့သော် ပုဂံလက်ရာ အုတ်ခွက်ဘုရားတစ်ဆူတွင်ပါသော လောကနတ်သားပုံတော်နှင့်လည်း ဆင်ဆင်တူပြန်လေသည်။*၄

ပုပ္ပါးတောင်ကလစ်မှ အလောင်းတော်နတ်သား

မြန်မာနိုင်ငံအထက်ပိုင်း မန္တလေးတိုင်းအတွင်း၌ ပုဂံနှင့်တစ်ဆက်တည်းတည်ရှိ၍ ရှေးအခါက မီးတောင်ဖြစ်ခဲ့ဘူးသော ပေပေါင်း ၄၉၈၁-ပေအမြင့်ဆောင်သည့် ပုပ္ပါးတောင်(ပန်းစုံပေါ်၍ ရှေးက ပုပ္ပတောင်)၏အခြေလိုဏ်ဂူအတွင်း မဟာဗောဓိအလောင်းတော်နတ်သားရုပ်တုတစ်ခုကိုလည်း တွေ့နိုင်ပါသည်။ ထိုပုံတော်မှာ ခေတ်လက်ရာဖြစ်သည်။

မဟာဗောဓိကြေးရုပ်တုများ

ရခိုင်ပြည်နယ်၊ မဟာမြတ်မုနိဘုရားအနီးမှတွေ့ရှိရသည့် အမြို့ကရေစင်အိုးကိုင် မင်းဝတ်ပုံကြေးသားရုပ်တုတော်တစ်ဆူ*၅ ကို မဟာဗောဓိရုပ်တုတော်ဖြစ်လိမ့်မည်ဟု အယူအဆရှိကြောင်းဖော်ပြကြသည်။ ထို့ပြင် ၁၉၇၅-ခုနှစ် ပုဂံငလျင်လွှပ်စဉ်အခါက ရွှေစည်းခုံဘုရားဌာပနာတိုက်အတွင်းမှရရှိသည့် အမြို့ကရေစင်အိုးကိုင်

---

*၁ Inventory of Monuments at Pagan. Vol.II. 1993. Page-4. Fig.257 m.

*၂ အုံဓောင်၏ ရွှေတံခွန်ကုက္ကားနဲ့ဘုရားကိုမြင်(ဆောင်းပါး)။ မဟာသီဓဇဂြင်း။ အောက်တိုဘာလ၊ ၂၀၀၃-ခုနှစ်။ (စာမျက်နှာ-၁၉၅)။

*၃ G.H.Luce' Old Burma-Early Pagan. Vol.III. Plate 275 a.

*၄ G.H.Luce' Old Burma-Early Pagan. Vol.III. Plate 54 a.

*၅ ASB, 1958-59. Fig. 65, 66. ဦးမြို့၏ အယ်ရတနာလိုဏ်ဂူဘုရား။ ၁၉၆၀-ခုနှစ်။ (စာမျက်နှာ-၁၁၂၊ ပုံ-၃)။

http://www.dhammadownload.com

မကိုင်ဆောင်း လက်စည်းလက်ကြပ်ဝတ်ဆင်လျက်ရှိသည့် ရုပ်တုတော်တစ်ဆူကိုလည်း မေတ္တေယျရုပ်တုတော် ဖြစ်လိမ့်မည်ဟုအယူအဆရှိကြောင်း တွေ့ရပြန်ပါသည်။[*၁] ဤပုံတော်ကို သမိုင်းပညာရှင်ဒေါက်တာသန်းထွန်းက ဗမ္မာပတိုံ မဟုတ်၊ ဗောဓိသတ္တဘုရားအလောင်းပုံ[*၂] ဟုခန့်မှန်းထားဇ၏။

ဤသို့အားဖြင့် မေတ္တေယျအလောင်းတော်နတ်သားပုံကို မြန်မာနိုင်ငံအတွင်း ဘုရားတန်ဆောင်း စသည် တို့၌ များစွာတွေ့မြင်နိုင်ပါသည်။[*၃] အချို့အရပ်ဒေသတို့၌ (၂၈)ကျိပ်ဘုရားရုပ်တုတော်များ လှည့်လည်ပူဇော် ကြရာတွင် ဂေါတမဘုရားရုပ်တုတော်နောက်မှ မေတ္တေယျအလောင်းတော်နတ်သားပုံတော်ကိုလည်းထည့်သွင်း၍ လှည့်လည်ပူဇော်ကြသည်ကို တွေ့ရဘူးပါသည်။

✿ ✿ ✿ ✿ ✿

---

*၁ ဦးဘဂရစ်၏ စေတီဆင်းတုသိမိုင်းနှင့်ကိုးကွယ်မှုအကျိုးကျေးဇူး။ ၁၉၉၁–ခုနှစ်။ (စာမျက်နှာ–၂၆၄)။

*၂ Dr. Than Tun' Pagan Restoration. JBRS. Vol.LIX, 1976. Page-61, Photo 9.

*၃ ပုဂ္ဂာမြို့၊ ဗောဓိတစ်ထောင်ဘုရားဝင်းအတွင်းရှိ မင်းဝတ်ဘုရားများစွာသည်လည်း မေတ္တေယျဘုရားအလောင်းဟု မှတ်ယူနိုင်သည်။ ထို့ပြင် ပုဂ္ဂာမြို့နယ်၊ ပုံရွေးရှိ ရန်အောင်မြင်မြတ်စွာဘုရားဆင်းတုတော်နှင့် ပုဂံမြို့ မြဇေတီဘုရားရှိ ဆင်းတုတော်တို့ကို ပုဂံခေတ် မင်းဝတ်ပုံပြုလုပ်ထားသော်လည်း စင်စစ် ထိုပုံတော်တို့သည် မေတ္တေယျအလောင်းတော်ပုံနှင့်သာတူ၍နေလေသည်။

http://www.dhammadownload.com

http://www.dhammadownload.com

အခန်း (၄)

မေတ္တေယျအလောင်းတော်အားဖူးတွေ့ခွင့်ရခဲ့ကြသူများ

မေတ္တေယျအလောင်းတော်နတ်သားသည် တုသိတာနတ်ပြည်၌ နတ်သက်တမ်းအားဖြင့် အနှစ် (၄၀၀၀)၊ လူ့သက်တမ်းအားဖြင့် နှစ်ပေါင်း (၅၇)ကုဋေနှင့် (၆)သန်း စံပျော်ရွှင်ကြည်နေတော်မူမည်ဖြစ်ပါ၍၊ မေတ္တေယျရှင်အားဖူးတွေ့လိုသူသည် ဤလူ့ပြည်၌စောင့်မျှော်နေခြင်းထက် တုသိတာနတ်ပြည်သို့တက်လှမ်းနိုင်စွမ်းရှိပါက လက်ငင်းဒီဌဖူးမြင်ရမည်မှာ ကောန်မလွဲဖြစ်ချေသည်။

တုသိတာနတ်ပြည်သည် (၃၁)ဘုံ၌ပါဝင်ငြားသော်လည်း လူ့ဘုံဌာနမှသော် (၁၆၈,၀၀၀)ယူဇနာ၊ မိုင်ပေါင်းအားဖြင့် (၁၅၁၂,၀၀၀)မိုင် ကွာလှမ်းသောအမြင့်နေရာ၌ ပန်းဆိုင်းပန်းဆွဲသဖွယ် တွဲရရွဲတည်နေသည်ဖြစ်ရာ လူသားတို့အရောက်လှမ်းနိုင်ဖို့ အရေးမှာ ခဲယဉ်းလှပေသည်။ လူ့ပြည်နှင့်ဤမျှကွာလှမ်းသော တုသိတာနတ်ပြည်ကို မဆိုထားနှင့်၊ ထိုတုသိတာနတ်ပြည်၏အောက်၌တည်ရှိသော တာဝတိံသာနတ်ပြည်ကိုပင် ကျည့်ကန်ရှင်ကြီး (အေဒီ ၁၇၅၇–၁၈၁၃)က စွယ်စုံကျော်ထင်သတ်ပုံကျမ်းကြီးတွင် 'လူနှင့်မစပ်သောအရပ်'ဟု ရေးဖွဲ့ဖူးလေသည်။[*၁]

နတ်ပြည်ရောက်သော ဇာတ်လေးဇာတ်

'လူ့ပြည်နှင့်ဤမျှကွာလှမ်းလှသော တာဝတိံသာ,တုသိတာစသည့် နတ်ပြည်နတ်ရွာသို့ လူအဖြစ်နှင့်ရောက်ရှိနိုင်ပါသလား'ဟုမေးပါက ငါးရာ့ငါးဆယ်ဇာတ်တော်တို့တွင် လူအဖြစ်နှင့် နတ်ပြည်သို့ရောက်ခွင့်ရသူလေးဦးရှိကြောင်း ဖော်ပြထားရာ၊ ထိုပုဂ္ဂိုလ်လေးဦးကိုအထောက်အထားပြု၍ 'လူအဖြစ်နှင့် နတ်ပြည်နတ်ရပ်သို့ လူသားရောက်ရှိနိုင်ပါသည်'ဟု ဖြေဆိုမည်က ဖြေဆိုနိုင်လေသည်။ ငါးရာ့ငါးဆယ်ဇာတ်တော်လာ လူအဖြစ်နှင့်နတ်ပြည်သို့ရောက်ရသောပုဂ္ဂိုလ်လေးဦးတို့မှာ–

၁။ ဒုကနိပါတ်၊ ဂုတ္တိလဇာတ်လာ ဘုရားလောင်းဂုတ္တိလစောင်းသမား (ဇာ၊ ၁။ ၆၈။ ဇာ၊ ဌ။၂။၂၂၇။ ဝိမာန၊ ဌ။၁၂၅။)၊

၂။ တိကနိပါတ်၊ မန္ဓာတုဇာတ်လာ စတုမဟာရာဇ်နတ်ပြည်နှင့် တာဝတိံသာနတ်ပြည်တို့တွင် နတ်စည်းစိမ်ကိုခံစားခွင့်ရခဲ့သော မန္ဓာတုစကြာမင်း (ဇာ၊ ၁။ ၇၃။ ဇာ၊ ဌ။၂။၁၅၅။ ဒီ၊ ဌ။၂။၇၂။ မ၊ ဌ။၁။၂၃၀။ ဓမ္မ၊ ဌ။၂၃၀။)၊

---

*၁ အမှတ်စဉ်–၄၉၇။ နတ်သာဖူးအပ်၊ လူမစပ်၊ ရောင်လျှပ်ဘုရားဘယ်မျှနည်း– စွယ်စုံကျော်ထင်ကျမ်း၊ ပထမတွဲ။ ၁၉၆၁–၃၄၆။ (စာမျက်နှာ–၃၇၈)။

http://www.dhammadownload.com

၃။ ပကိဏ္ဏကနိပါတ်၊ သာဓိနဇာတ်လာ သိင်္ကြားမင်းပင့်ဖိတ်၍ နတ်ပြည်သို့ဈောက်ရသော သာဓိနမင်းကြီး (ဇာ၊ ၁။ ၃၀၀။ ဇာ၊၆။၄။၃၊၃၅၅။) နှင့်

၄။ မဟာနိပါတ်၊ နေမိ(နိမိ)ဇာတ်တော်လာ အလောင်းတော်နေမိ(နိမိ)မင်းကြီး(ဇာ၊ ၂။၁၈၄။ ဇာ၊၆။၆။၁၁၉။ စရိယာ၊၆။၅၂။)–တို့ဖြစ်ကြသည်။ *၁

တရုတ်ရဟန်းတော်ယွမ်ကျန့်နှင့် ဒုဋ္ဌဂါမဏိမင်းကြီး

မဟာခရီးသည်တရုတ်ရဟန်းတော်ကြီး တိပိဋကာစရိယ ယွမ်ကျန့် (Hsuan-Tsang.အေဒီ ၆၂၆–၆၆၄)*၂ သည် သက္ကတဘာသာဖြင့်ရေးသားထားသည့်ပိဋကတ်များကို အိန္ဒိယနိုင်ငံမှ တရုတ်နိုင်ငံသို့သယ်ပိုးယူဆောင်ကာ တရုတ်ဘာသာသို့ပြန်ဆိုပေးတော်မူခဲ့သော သာသနာ့အာဇာနည်အရှင်မြတ်ကြီးဖြစ်သည်။ ထိုအရှင်မြတ်ကြီးသည် သူ၏တစ်ဘဝတာလုံး မေတ္တေယျရှင်တော်အား ယုံယုံကြည်ကြည်ဆည်းကပ်ကိုးကွယ်သမှုပြုခဲ့ပြီး ပျံလွန်တော်မူကာနီးကာလတွင် မေတ္တေယျရှင်တော်၏ပုံတော်ပေါင်းတစ်ထောင်ကိုလည်း ရေးဆွဲပူဇော်ခဲ့လေသည်။ ပြီးနောက် မေတ္တေယျရှင်ထံရောက်ရပါလိုကြောင်း ဆုတောင်းတော်မူသည်။ အနီးရှိ ဂိလာနုပဋ္ဌာကတပည့်များက ယွမ်ကျန့်ဆရာတော်ကြီးအား 'ဆရာတော်ကြီးသည် ယခုဘဝမှကွယ်လွန်ခဲ့သော် မေတ္တေယျအလောင်းတော်၏အထံ၌သွားရောက်၍ ဘဝသစ်ကိုရနိုင်ပါမည်လော?' ဟုမေးလျှောက်ကြရာ၊ ဆရာတော်ကြီးက 'အိမ်း–ရနိုင်ပေ၏' ဟုဖြေဆိုတော်မူပြီး ထိုခဏမှာပင် တဖြည်းဖြည်းအသက်ရှူနေးကာ ဝိညာဉ်ချုပ်တော်မူခဲ့သည်–ဟု ယွမ်ကျန့်ဆရာတော်ကြီး၏ထေရုပ္ပတ္တိတွင် ရေးဖွဲ့ထားလေသည်။ *၃

ထိုယွမ်ကျန့်ဆရာတော်ကြီးနည်းတူ သီရိလင်္ကာပြည့်ရှင် ဒုဋ္ဌဂါမဏိမင်းကြီး(၁၆၁–၁၃၈ ဘီစီ)သည်လည်း နတ်ရွာစံကာနီးကာလတွင် မေတ္တေယျရှင်စံမြန်းရာ တုသိတာဘုံသို့အာရုံပြု၍ နတ်ရွာစံတော်မူခဲ့ကြောင်းကို ထူပဝံသ၊ မဟာဝံသ–စသောကျမ်းများမှထုတ်နုတ်၍ 'အလောင်းတော်မေတ္တေယျနတ်သား' အခန်းတွင် တင်ပြခဲ့ပြီးဖြစ်ပါသည်။

မေတ္တေယျရှင်ကိုဖူးတွေ့ခွင့်ရသုံးဦး

ဤသို့လျှင် သီရိလင်္ကာပြည့်ရှင် ဒုဋ္ဌဂါမဏိမင်းကြီးနှင့် တိပိဋကာစရိယ တရုတ်ဘုန်းတော်ကြီးယွမ်ကျန့်တို့မှာ ဘဝတစ်သွန်ကွယ်လွန်ပြီးကာမှ မေတ္တေယျရှင်စံရာတုသိတာနတ်ပြည်သို့ရောက်ရကြောင်း ရေးမှတ်တမ်းများ၌ဖော်ပြထားသော်လည်း၊ ငါးရာ့ငါးဆယ်ဇာတ်တော်လာ နေမိ(နိမိ)မင်းတို့ကဲ့သို့ လူ့ဇာတ်ပကတိဖြင့် နတ်ပြည်သို့ရောက်ရှိကာ အလောင်းတော်မေတ္တေယျနတ်သားကို ဖူးလည်းဖူး၊ စကားလည်းပြော၊ စေ့စေ့စပ်စပ်ကြည့်ရှုလေ့လာခွင့်ရသော လူသားပုဂ္ဂိုလ်တို့ရှိသည်ဟုဆိုပါက ယုံကြည်နိုင်ကြလိမ့်မည်မဟုတ်ပေ။ ထိုလူသားပုဂ္ဂိုလ်တို့မှာ–

---

*၁ ဂုတ္တိလော ဇ ဂန္ဓဗ္ဗော, သာဓိနော ဇ ရာဇာ, နိမိ ဇ ရာဇာ, မန္ဓာတာ ဇ ရာဇာတိ ဣမေ ဧတ္တရော စနော သုဃျ နိန္တိ၊ တေနေဝ မာနုသကေန သရီရဒေဟေန တိဒသဘဝနံ ဂတာ'တိ– မိလိန္ဒ။ ၁၂၀။ ညောင်ကန်ဆရာတော်၏ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု၊ ဒုတိယတွဲ။ ၁၉၉၅–ခုနှစ်။ (စာမျက်နှာ–၃၃၆)နှင့် (စာမျက်နှာ–၄၁၂)။ စတုတ္ထတွဲ။ ၁၉၉၅–ခုနှစ်။ (စာမျက်နှာ–၃၄၁)။ ဦးအောင်ညွှန့်(တည်း)၏ ပုံတော်ခံဇာတ်တော်ကြီး ဆယ်ဘွဲ့၊ ပထမတွဲ။ ၂၀၀၀–ပြည့်နှစ်။ (စာမျက်နှာ–၃၅၉)။

*၂ Hsuan-Tsang ကို 'ဟူယင်ဆင်၊ ဟူယန်ဆိုင်၊ ဆွမ်ဆင်'ဟု ရေးသားကြသော်လည်း တရုတ်ပဏ္ဍိတ် Mr. Chin Yi Sein အသံထွက်ပြသည့် အတိုင်း ယွမ်ကျန့်–ဟု ရေးသားပါသည်။

*၃ Monk Hui-li (Compiled)' The Life of Hsuan-Tsang. 1959. Page-269.

http://www.dhammadownload.com



ယွမ်းကျန့်ဆရာတော်
New China, 1956, Pg.67.



ဒုဋ္ဌဂါမဏိမင်း
Coomaraswamy, 1965,Pl.294.

http://www.dhammadownload.com

၁။ သီရိလင်္ကာကျွန်း၊ မာလိယတောင်တန်း၌သီတင်းသုံးနေသော အရှင်မာလိယဒေဝထေရ်ခေါ် ရှင်မာလဲ၊
၂။ မဟာယာနဂိုဏ်းကြီးကိုတည်ထောင်ခဲ့သူ အရှင်အသင်္ဃ၊
၃။ ကသ္မီရဂန္ဓာရတိုင်းမှ ပန်းပုဆရာကြီး၊
၄။ တရုတ်ခရီးသွားမှတ်တမ်း၌ဖော်ပြထားသည့် အရှင်ဒေဝသေနနှင့် အရှင်ဂုဏပြဘာ–တို့ဖြစ်ကြသည်။

အရှင်မာလိယဒေဝထေရ်ခေါ် ရှင်မာလဲ *၁

သီရိလင်္ကာကျွန်း၌ ရှေးရဟန္တာမထေရ်ကြီးများဟောကြားခဲ့သောဝမ္မပုံဝတ္ထုတို့ကို အေဒီ ၁၃–ရာစု၊ ၁၄–ရာစုအတွင်း ပြန်လည်ပြင်ဆင်ရေးသားထားသည့် မဒုရရသဝါဟိနီအမည်ရှိသော ဝတ္ထုဥာဏ်ပေါင်းကျမ်းတွင် ဖမ္မဒီပုပ္ပတ္တိဝတ္ထုနှင့် သီဟဠဒီပုပ္ပတ္တိဝတ္ထုဟု နှစ်ပိုင်းပါရှိသည်။ သီဟဠဒီပုပ္ပတ္တိဝတ္ထုအပိုင်း ဝတ္ထုအပိုဒ်(၆၃)ပုဒ် ပါရှိပြီး၊ ဝတ္ထုအမှတ်စဉ် (၄၉) စူဠကလ္လကဏ္ဍကဝတ္ထု၌ အရှင်မာလိယဒေဝထေရ်နှင့် မေတ္တေယျရှင်တို့ တွေ့ဆုံခန်းကို ဖော်ပြထားပါသည်။ ထိုတွေ့ဆုံခန်းကို အရှင်ဝဇိရပဘာသာ၏ မဒုရရသဝါဟိနီဝတ္ထုမြန်မာပြန်မှုမှ အကျဉ်းချုံ့၍ဖော်ပြလိုပေသည်။

သီရိလင်္ကာကျွန်း၊ အဖွဂမြစ်ကမ်းအနီး၌ စူဠကလ္လရွာကြီးတည်ရှိသည်။ ထိုစူဠကလ္လရွာတွင် သဒ္ဓါတရားနှင့်ပြည့်စုံပြီး ရတနာသုံးပါးကိုအမြဲဆည်းကပ်လေ့ရှိသော ဥပါသကာတစ်ဦး နေထိုင်သည်။ ထိုရွာအနီးရှိ ဝေရိယဝိဟာရကျောင်းတွင် ကမ္မဋ္ဌာန်းအလုပ်ကိုအားထုတ်ပြီး လူခပ်သိမ်းတို့၏အကျိုးကို ရွက်ဆောင်တော်မူတတ်သော အရှင်မာလိယဒေဝထေရ် သီတင်းသုံးနေတော်မူပါသည်။

တစ်နေ့သော် အရှင်မာလိယဒေဝထေရ်၌လေနာရောဂါဖြစ်ပေါ်လာရာ ထိုရောဂါကို ရှေးအခါက ဆေး(၁၁)ပါးဖြင့် ဖော်စပ်ထားသောဆေးယာဂုကိုသုံးဆောင်သောကြောင့် ပျောက်ကင်းဘူးသည်ဟု သတိရသဖြင့် ထိုဆေးယာဂုရရန်အလို့ငှာ စူဠကလ္လရွာနေ ဥပါသကာထံသို့ မထေရ်မြတ်ကြွလာတော်မူခဲ့သည်။ ထိုစူဠကလ္လရွာသားဥပါသကာသည် မထေရ်မြတ်ကြွလာသည်ကို အဝေးမှမြင်လျှင်ပင် ခရီးဦးကြိုပြုကာ 'အရှင်ဘုရား၊ အဘယ်အလို့ငှာကြွလာတော်မူပါသနည်း'ဟု မေးလျှောက်၏။ မထေရ်မြတ်က မိမိ၌ဖြစ်ပေါ်နေသော လေဝေဒနာအကြောင်းကိုမိန့်ကြားပြီး ဆေးနည်းကိုသိစေသည်။ ထိုအခါ ဥပါသကာလည်း ဆေးနည်းကိုသိသည်နှင့် မထေရ်မြတ်အား 'အရှင်ဘုရား၊ ဤနေရာ၌ ခေတ္တသည်းခံနေတော်မူပါဘုရား၊ အလိုရှိအပ်သောဆေးယာဂုကို စီရင်ပါမည်'ဟုလျှောက်ထားကာ အိမ်သို့အလျင်အမြန်ပြန်ပြီး မိမိ၏အလုပ်သမားတို့အား အရှင်မြတ်အလိုရှိသော ဆေးယာဂုကို ကြိုချက်ရန် ညွှန်ကြားစီမံခဲ့လေသည်။ အလုပ်သမားတို့ ဆေးယာဂုကျိုနေစဉ် ထိုဥပါသကာသည် အရှင်မြတ်သီတင်းသုံးရာဌာနသို့ပြန်လာပြီး မထေရ်မြတ်နှင့် အာလာပသလ္လာပစကား ပြောဆိုလျှောက်ထားနေခဲ့၏။

ရှင်မာလိယဒေဝထေရ်သည် ထိုစူဠကလ္လရွာသား ဥပါသကာကိုသတိပြုပြီးကြည့်ရှုရာ 'ဤဒကာသည်ကား သာမညပုဂ္ဂိုလ်မဟုတ်၊ မဟေသက္ခိခေါ် တန်ခိုးကြီးသောနတ်သားဖြစ်မည်ပုဂ္ဂိုလ်ပေတကား'ဟုသိတော်မူသဖြင့် 'ဒါယကာ၊ ဆေးယာဂုကျိုချက်နေစဉ် ငါသည် တာဝတိံသာရှိ

---

*၁ 'ရှင်မာလဲ'ကို 'ရှင်မာလည်၊ ရှင်မာလေ'–ဟု ရှေးပြုန်မာစာပေ၌ ခေါ်ဝေါ်ရေးသားခဲ့သည်။ ထိုင်းမှတွင် 'Phra Malai'ဟုတွေ့ရသည်။ 'မာလိယဒေဝ'ဟူသောဘွဲ့တော်တွင် 'မာလိယ'သည် ထိုအရှင်မြတ်သီတင်းသုံးရာ သီရိလင်္ကာကျွန်း မာလိယတောင်တန်းဒေသကို ဆိုလိုသည်။ 'ဒေဝ'သည် အရှင်မြတ်၏ဘွဲ့အမည်ဖြစ်သည်။ 'မာလိယဒေဝ'သည် 'မာလိယဒေသ၌သီတင်းသုံးနေတော်မူသော ဒေဝဘွဲ့အမည်ရှိ မထေရ်'ဟု ဆိုလိုပါသည်။ DPPN-II. 450.

http://www.dhammadownload.com





ရှင်မာလဲမထေရ်အား စူဠဂမဏိစေတီ၌ပူဇော်ရန် ကြာပန်းခူး၍ ဆက်ကပ်နေပုံ
အေဒီ ၁၉-ရာစု ထိုင်းနိုင်ငံရှိ နံရံဆေးရေးပန်းချီလက်ရာ၊
ယခု British Library, London.
Bechert, 1984, Pg.127, Pl.22-23.




ရှင်မာလဲမထေရ် ငရဲပြည်သို့ကြွခန်း
အေဒီ၁၈-ရာစုကြေးရုပ်တု(အယုဒ္ဓယ)
ယခု Nagara Pathama Museum.
Griswold, Pl.7.



မန္တလေးမြို့၊ ဘုရားကြီးအနီးရှိ
ရှင်မာလဲဘုရား
ဓာတ်ပုံ-မောင်မဲ(လူထု)

၁၉၃၅-ခုနှစ်က ဖျာပုံမြို့တွင် ရှင်မာလဲပွဲတော်ကျင်းပသည့်အခါ လှော်ကားကြီးတွင်
သစ်သီး၊ မုန့်၊ ပန်း၊ ဆီမီးတစ်ထောင်တို့ဖြင့် ဆွမ်းတော်ကြီးတင်ကြပုံ။
ဓာတ်ပုံ-ဒေါ်ခင်လေးနု(ဖျာပုံ)။



မြန်မာ့စွယ်ဘုံ၊စာ၊၁၉၆၃၊စာ-၄၄၁။

http://www.dhammadownload.com

မြတ်စွာဘုရားရှင်၏ဆံတော်ကိုဌာပနာ၍ တည်ထားအပ်သော စူဠာမဏိစေတီသို့ အဖူးသွားအံ့၊ သင်လိုက်လိုက လိုက်ပါလေ'ဟု ဖိတ်ခေါ်လေသည်။ ထိုဥပါသကာလည်း ရဲရင့်တည်ကြည်သူဖြစ်သည့်အတိုင်း 'လိုက်ပါမည်'ဟု မဆိုင်းမတွဝန်ခံပြီးလျှင်၊ မထေရ်၏စမ္မခဏ်သရေနယ်ကို ပခုံးထက်တင်ကာ မထေရ်၏နောက်ပါးမှနေ၍ တာဝတိံသာနတ်ပြည်သို့လိုက်ပါသွားခဲ့လေသည်။

ရှင်မာလိယဒေဝမထေရ်နှင့် စူဠကလ္လရွာသား ဥပါသကာတို့သည် တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီတော်သို့ရောက်ကြသော် တန်ခိုးကြီးသောနတ်သားများသည်လည်း တစ်ဦးချင်းဖြစ်စေ၊ နှစ်ပါးတွဲသုံးပါးတွဲ၍ဖြစ်စေ အခြံအရံများစွာတို့ဖြင့် ဘုရားဝတ်ပြုရန်လာရောက်ကြသည်။ ထိုနတ်သားတို့၏အတိတ်ကောင်းမှုတို့ကို အရှင်မာလိယဒေဝမထေရ်က စူဠကလ္လရွာသားဥပါသကာအား ရှင်းပြတော်မူလေသည်။ မကြာမီပင် တုသိတာနတ်ပြည်၌စံနေသော မေတ္တေယျနတ်သားသည်လည်း နတ်ပရိသတ်အခြံအရံများစွာတို့ဖြင့် စူဠာမဏိစေတီသို့ရောက်ရှိလာ၏။ မေတ္တေယျနတ်သားသည် ရှင်မာလိယမထေရ်ကိုတွေ့လျှင် မထေရ်၏ထံပါးသို့ချဉ်းကပ်ရှိခိုးပြီး 'အရှင်ဘုရား။ ကျွန်းမာပါ၏လော'စသည့် ပဋိသန္ထာရစကားတို့ကိုလျှောက်ထားခဲ့သည်။

စူဠကလ္လရွာသားဥပါသကာသည်လည်း အလောင်းတော်နတ်သားကိုမြင်လျှင် ကြည်ညိုနှစ်သက်သည်ဖြစ်၍ အလောင်းတော်နတ်သားအား ရှိခိုးလေသည်။ ရှင်မာလိယမထေရ်က စူဠကလ္လရွာသားဥပါသကာ၏သီလဂုဏ်ရည်ကို အလောင်းတော်နတ်သားအား မိန့်ကြားလေသည်။ အလောင်းတော်နတ်သားသည် စူဠကလ္လရွာသားဥပါသကာ၏သီလဂုဏ်ရည်ကိုကြားသိရလျှင် မြတ်နိုးနှစ်သက်သောကြောင့် နတ်ဝတ်ပုဆိုးတစ်စုံကိုပေးကမ်းချီးမြှောက်လျက် 'သင်လူသားသည် ယနေ့မှစ၍ အလှူပေးခြင်း၊ သီလစောင့်ခြင်းမှ မမေ့မလျော့စေနှင့်'ဟု ဆုံးမမှာကြားပြီး မိမိ၏ပရိသတ်အခြံအရံဖြင့် စူဠာမဏိစေတီတော်မှ ထွက်ခွာသွားလေသည်။ အရှင်မာလိယဒေဝမထေရ်နှင့် စူဠကလ္လရွာသားဥပါသကာတို့သည်လည်း လူ့ပြည်သို့ပြန်ခဲ့ကြသည်။

စူဠကလ္လရွာသို့ရောက်လျှင် ကျိုထားသောဆေးယာဂုလည်းကျက်နပ်နေပြီဖြစ်ရာ မထေရ်မြတ်သည် ထိုဆေးယာဂုကိုဘုဉ်းပေးနေစဉ်မှာပင် လေနာရောဂါပျောက်ကင်းခဲ့သည်။ စူဠကလ္လရွာသားများလည်း မိမိတို့စူဠကလ္လရွာသားဥပါသကာထံလာကြ၍ နတ်ဝတ်ပုဆိုးရလာပုံအကြောင်းစုံကိုမေးကြသည်။ ဥပါသကာက မိမိ၏အကျင့်သီလကိုကြည်ညိုး၍ မေတ္တေယျနတ်မင်း ချီးမြှင့်လိုက်သော နတ်ဝတ်ပုဆိုးကိုပြပြီး ရွာသားများအား အကျင့်သီလမြဲကြရန် ဆုံးမစကားပြောကြားသည်။ ထိုဥပါသကာသည် အသက်ထက်ဆုံး အကျင့်သီလဆောက်တည်ကာ ကုသိုလ်ဒါနဝတ် မချွတ်စေဘဲလျက် သက်တမ်းကုန်လျှင် တုသိတာနတ်ပြည်တွင် အလောင်းတော်မေတ္တေယျနတ်သားထံတော်ပါးဝယ် မဟေသက္ခိအမည်ဖြင့်နတ်သားဖြစ်လေသတည်း။'[*၁]

မဓုရရသဝါဟိနီကျမ်းလာ အရှင်မာလိယဒေဝမထေရ်၏ဝတ္ထုနှင့်အနည်းငယ်ကွဲလွဲသော ရှင်မာလဝဝတ္ထုမူကွဲ[*၂]–တို့ကိုလည်းတွေ့ရသည်။ ထိုရှင်မာလဝဝတ္ထုမူကွဲတွင်ဖော်ပြထားသည်မှာ–

[*၁] အရှင်ဝဇိရဗုဒ္ဓိသာသာ၏ မဓုရရသဝါဟိနီဝတ္ထု။ ၁၉၂၇–ခုနှစ်။ (စာမျက်နှာ ၅၀၃–၅၁၂)။

[*၂] JSS. Vol.81. Part 1. 1993. Page-141 လာ ထိုင်းမူ ရှင်မာလဝဝတ္ထု (MaLai Ton , MaLai Palai) နှင့် ဦးဘိုးသိန်း၏ ပေါရာဏဒီပနီ၊ ဒုတိယတွဲ။ ၁၉၁၃–ခုနှစ်။ (စာမျက်နှာ–၃၃၀)လာ မြန်မာမူ ရှင်မာလဝဝတ္ထုတို့ကိုဆိုလိုပါသည်။

http://www.dhammadownload.com

ရှင်မာလဲရဟန္တာမထေရ်မြတ်သည် သီရိလင်္ကာကျွန်း၌သီတင်းသုံးနေတော်မူ၏။*၁ တစ်နေ့သော် ရှင်မာလဲမထေရ်သည် ငရဲပြည်သို့ကြွသွားရာ ငရဲသားတို့က မထေရ်မြတ်အား 'လူပြည်ရှိ မိမိတို့၏ ဆွေမျိုးဉာတိတို့ထံသွား၍ မိမိတို့အဖို့ အလှူဒါနပြုလုပ်ကြပြီး အမျှပေးဝေပေးပါ' ဟုပြောကြားရန် ပန်ကြားကြ၏။ မထေရ်မြတ်လည်း ငရဲသားတို့၏မှာကြားချက်အတိုင်း လူပြည်သို့ရောက်ရှိသောအခါ ထိုသူတို့၏ဆွေမျိုးဉာတိတို့ရှိရာအရပ်ဒေသအသီးသီးသို့ကြွသွားပြီး ယင်းတို့မှာကြားသည့်အတိုင်း ပြောကြားပေး၏။ ထိုလူအများကလည်း ငရဲခံနေရသူတို့အားရည်စူး၍ အလှူဒါနပြုလုပ်ကာ အမျှအဖို့ ပေးဝေကြသောကြောင့် ငရဲခံနေရသူတို့ ငရဲမှကျွတ်လွတ်ကြကာ သုဂတိဘုံသို့ရွှေ့ပြောင်းစံကြရကုန်လေသည်။

ထို့နောက် တစ်နေ့သော် ရှင်မာလဲမထေရ်သည် ဆွမ်းခံကြွတော်မူရင်း လမ်းခရီးတွင် မိဘကိုပြုစုလုပ်ကျွေးနေသော သူဆင်းရဲတစ်ဦးနှင့် ဆုံတွေ့တော်မူ၏။ ထိုသူဆင်းရဲသည် အရှင်မြတ်ကို ဖူးတွေ့ရသော် မိမိ၏လက်တွင် လှူဖွယ်တစ်စုံတစ်ရာမှ မပါလာသည့်အတွက် အနီးရှိရောက်ကြီးတစ်ခု အတွင်းဆင်းကာ ကြာရွှစ်ပွင့်ကိုဆွတ်ခူးပြီး ထက်သန်သောသဒ္ဓါဖြင့် မထေရ်မြတ်အားလှူဒါန်းခဲ့သည်။ မထေရ်မြတ်လည်း ထိုကြာရွှစ်ပွင့်ကိုယူ၍ တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီအားပူဇော်ရန် ကြွတော်မူလေသည်။ ရှင်မာလဲမထေရ်သည် စူဠာမဏိစေတီသို့ရောက်သော် သိကြားမင်းနှင့် တွေ့ဆုံကာ စကားစမြည်ပြောကြားနေ၏။ ထိုစဉ် စူဠာမဏိစေတီသို့အဖူးမြော်ရောက်လာကြသော နတ်သားတို့၏အတိတ်ဘဝကောင်းမှုကို ရှင်မာလဲမထေရ်မေးတိုင်း သိကြားမင်းက ရှင်းလင်းဖြေကြားခဲ့သည်။

စူဠာမဏိစေတီသို့ အဖြူရောင်အဆင်တန်ဆာဆင်မြန်းထားသော မေတ္တေယျအလောင်းတော် နတ်သား ကြွလာ၏။ သိကြားမင်းက မေတ္တေယျနတ်သား၏ရှေးကောင်းမှုနှင့် ဖြည့်ကျင့်ဆည်းပူးထားသော ဆယ်ပါးသောပါရမီတော်တို့အကြောင်းကို ရှင်မာလဲမထေရ်အား ပြောကြား၏။ မေတ္တေယျနတ်သားသည် စူဠာမဏိစေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်ပြီး ရှင်မာလဲမထေရ်၏အနီးသို့ရောက်လာ၏။ အလောင်းတော်နတ်သားက ဓမ္မုဒီပ*၂ ရှိ လူသားတို့၏အကြောင်းကို မထေရ်မြတ်အားမေးလျှောက်ရာ မထေရ်မြတ်က 'ဓမ္မုဒီပကျွန်းသားတို့တွင် အချို့ ဆင်းရဲ၏၊ အချို့ ချမ်းသာ၏၊ အချို့ အသက်ရှည်၏၊ အချို့ အသက်တိုး၏' စသည်ဖြင့်ပြောပြ၏။ ထိုပြင် ဓမ္မုဒီပကျွန်းသားတို့ ကုသိုလ်ကောင်းမှုပြုကြပုံ၊ သီလစောင့်ထိန်းကြပုံ၊ ဘုရားကျောင်းကန်, စေတီ, ရေတွင်း စသည်ပြုပြင်ကြပုံတို့ကိုလည်း ပြောပြ၏။ ထိုသို့ကောင်းမှုပြုကြပြီးလျှင် 'နောင်အခါ ပွင့်လွတ်ဖြစ်သော အရှင်နတ်သားအားဖူးတွေ့ရပါစေ' ဟု ဆုတောင်းကြပုံကိုလည်းပြောပြ၏။

---

*၁ သီဟဠဝတ္ထုပကာရကျမ်း၊ အမှတ်(၃) မေတ္တေယျဝတ္ထုတွင် 'ဝေနေယျတော တမ္ဗပဏ္ဏိဒီပေ ရောဟနဒေနပဒေ ကမ္မောဇဂါမေ မာလေယျ ထေရော ပတိဝသတိ' ဟု မာလေယျမထေရ်သည် တမ္ဗပဏ္ဏိဒီပ(သီရိလင်္ကာကျွန်း)၊ ရောဟနဒေနပုဒ် (ရောဟနရိုင်)၊ ကမ္မောဇရွာ(?)၌ သီတင်းသုံးနေတော်မူကြောင်း ဖော်ပြထား၏။ Ba Shin' Shyan Mālai of The Burmese. BBHC, I, ii, Dec. 1960. Page-150.

*၂ မြင်းဗိုရိတောင်၏တောင်ဘက်တွင်ရှိ၍ ဓမ္မုသပြေပင်ပေါက်သောကျွန်း=ဓမ္မုဒီပကျွန်း။ ဓမ္မုဒီပကျွန်း၏ပုံသဏ္ဌာန်၊ အကျယ်အဝန်း၊ ထိုကျွန်းနေလူတို့၏သက်တမ်းစသည်ကို မြန်မာမူ၊ ထိုင်းမူ၊ ကမ္ဘောဒီးယား၊ တရုတ်မူ၊ ဂျပန်မူ မတူကွဲပြားပုံတို့အား Ono Toru'. Traditional Concepts of Buddhist Cosmography among Myanmar, Thai, Cambodia, China and Japan. In Traditions in Current Perspective. 1996. Page-77 တွင်ကြည့်ပါ။

http://www.dhammadownload.com

ထိုအခါ မေတ္တေယျအလောင်းတော်နတ်သားက ရှင်မာလဲအား 'ဓမ္မူဒီပရှိလူသားတို့အား ဤသို့ပြောကြားပါလေ၊ အကျွန်ုပ်ဘုရားအဖြစ်မှင့်ထွန်းလာသည့်အခါ ဖူးမြင်ကြလိုပါမူ ပန်း, သစ်သီး, ဆီမီး စသည့် လူဖွယ်ဝတ္ထု (၁၀၀၀)စီတို့ ပြင်ဆင်ထားပြီး ဂါထာ(၁၀၀၀)ပါသော ဝေဿန္တရာဇာတ်တော်ကို တစ်နေ့နှင့်တစ်ည (နှစ်ဆယ့်လေးနာရီ)ဖြင့်ကုန်အောင် နာယူရွတ်ဆိုကြပါ' ဟု မှာကြား၏။ မေတ္တေယျရှင်မှာကြားသည့်အတိုင်းပင် မာလဲမထေရ်လည်း တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ပြန်လည်သက်ဆင်းလာသည့်အခါ ဓမ္မူဒီပကျွန်းသားတို့အားပြောကြားလေ၏–ဟုဖြစ်သည်။

အချို့သော ရှင်မာလဲဝတ္ထုတို့တွင် မေတ္တေယျအလောင်းတော်နတ်သားက မိမိပွင့်ထွန်းလာသောအချိန်၌ လူသားအပေါင်းတို့ မိမိအားဖူးမြင်ခွင့်ရလိုကြပါက ပြုလုပ်ရမည့်အစီအစဉ်ကို အသေးစိတ်ဖော်ပြထားသည်မှာ အောက်ပါအတိုင်းဖြစ်သည်။

ငါ့လက်ထက်တွင် ကျွတ်လိုမူကား ရဟန်းပြုပါစေ။ အပြဟ္မစရိယသိက္ခာပုဒ်ကိုကြဉ်၍ သီတင်းသီလ ဆောက်တည်ပါစေ။ ဂါထာတစ်ထောင် ပုဒ်တစ်ထောင်စသည်ဖြင့် တန်ဆာဆင်အပ်သော ဝေဿန္တရာဇာတက (တစ်ဆယ့်နှစ်ကဏ္ဍ)ကို ယောက်ျား မိန်းမတို့ များစွာနာခံပါစေ။ တန်ဆောင်မုန်းလပြည့်ရောက်သည့်အခါ ဝေဿန္တရာဇာတကတော်ဂါထာတစ်ထောင်ကို ကြည့်ညှိသောအားဖြင့် လှော်ကားတော်ကြီးကိုပြုလုပ်၍ ထိုလှော်ကားတော်အပေါ်တွင် ကောင်းမွန်စွာ ၄င်္ကျာညွှန့်ရွက် ခင်းကျင်းလျက် သစ်သီးမျိုးစုံတစ်ထောင်၊ ကြက်လျှာ, ကုက္ကား, ထီး, တံခွန် တစ်ထောင်စီ၊ ဆီမီးတစ်ထောင်၊ ထမင်းဆုပ်တစ်ထောင်၊ ပဒုမ္မာကြာပန်းတစ်ထောင်၊ ကြာညိုပန်းတစ်ထောင်၊ အောင်မည်းညိုပန်းတစ်ထောင်တို့ကို ပူဇော်စေ၍ ဝေဿန္တရာဇာတ်တော်ဟောကြားသည်ကို လူအပေါင်းတို့ နာခံမှတ်သားကြပါစေ။ ဤကဲ့သို့ပြုလုပ်လာလျှင် ငါဘုရားဖြစ်သောအခါ ထိုလူအပေါင်းတို့ကို တွေ့ရ၍ နိဗ္ဗာန်ပြည်သို့ အမှန်ဇကန်ရောက်ကြပါလိမ့်မည်။ မပြုလုပ်ဘဲ နေကြသောသူတို့သည်ကား ငါနှင့်တွေ့ရခဲမှိမ့်မည်မဟုတ်–ဟူ၍ဖြစ်သည်။[*၁]

လူအပေါင်းတို့ကလည်း နောင်ပွင့်လတ္တံ့ဖြစ်သောမေတ္တေယျရှင်အား ဖူးမြင်ခွင့်ရလိုကြသည်ဖြစ်၍ အရှင်မလိယဒေဝမထေရ် မိန့်ကြားသည့်အတိုင်း လှော်ကားလှေတွင် ကုန်းပန်းရေပန်း ဆွမ်းစသည်တို့ တစ်ထောင်စီ ခင်းကျင်းပြင်ဆင်ပြီး ဝေဿန္တရာဇာတ်တော်ကို တစ်ညဉ့်နှင့်အပြီး ဖတ်ကြားနာယူပူဇော်ကြသည်။[*၂] ထိုပွဲကို ထိုင်းနိုင်ငံ[*၃]၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ မြန်မာနိုင်ငံ (မြစ်ဝကျွန်းပေါ်ဒေသ၊ မြေလတ်ပိုင်း၊ ရှမ်းပြည်နယ်၊


---

*၁ မှော်ဝိဇ္ဇိ, စာရေးဦးဘိုးသိန်း၏ပေါရာဏဒီပနီ၊ ဒုတိယတွဲ။ ၁၉၁၃–၌၅၏။ (စာမျက်နှာ–၃၄၁)။ ရှင်မာလဲဝတ္ထု(ပေမူ)။ အမျိုးသားစာကြည့်တိုက်။

*၂ ထိုပွဲကို ရှင်မာလဲမထေရ် မှာကြားသည့်အတိုင်းပြုလုပ်သောပွဲဖြစ်၍ ရှင်မာလဲပွဲဟုခေါ်ကြ၏။ ရှေးပြုနိမာကျောက်စာတိုတွင် 'မာလည်တရားနာ၏' ဟု ထိုပွဲအကြောင်းကိုဖော်ပြထား၏။ ထိုပွဲကို အေဒီ ၁၂၀၁–၌၅၀ခုနှစ်ထိုး သင်ကြားပြောဆိုကျောက်စာ၌ တန်ခူးလဆန်း(ဦးဧမောင်၏ပုဂံကျောက်စာလက်ရွေးစင်။ စာ–၂၃) (သို့မဟုတ်)ဂါခေါင်လဆန်း(ရှေးဟောင်းမြန်မာကျောက်စာများ၊ ပထမတွဲ။ စာ–၇၁) နာယူကြောင်း ဖော်ပြထား၏။ မော်ဝိဆရာသိန်းကြီး၏ ပေါရာဏဒီပနီကျမ်း. ဒုတိယတွဲ(စာ–၃၄၃)၌ တန်ဆောင်မုန်းလတွင်နာယူလေ့ရှိကြောင်း ဖော်ပြထား၏။ ထိုင်းနိုင်ငံ၌မူ အရပ်ဒေသကိုလိုက်၍ ထိုင်းမြောက်ပိုင်းဒေသတွင် တန်ဆောင်မုန်းလ၊ အရှေ့မြောက်ပိုင်းဒေသ၌ တပေါင်းလနှင့် တန်ခူးလအတွင်း၊ အလယ်ပိုင်းဒေသ၌ တန်ဆောင်မုန်းလနှင့် နတ်တော်လအတွင်း၊ တောင်ပိုင်းဒေသ၌ ပြာသိုလနှင့်တို့တွဲလအတွင်း စသည်ဖြင့် ကျင်းပလေ့ ရှိသည်။ Brereton' Some Comments On A Northern Phra Malai Text Dated C.S.878 (A.D.1516). JSS. 1993. Page-141[8].

*၃ မာလဲပွဲ၌ မဟာနိပါတလာ ဝေဿန္တရာဇာတ်တော်ကို ရွတ်ဆိုနာယူလေ့ရှိပြီး၊ ထိုသို့ ဝေဿန္တရာဇာတ်နာယူပွဲကို ထိုင်းနိုင်ငံက 'Thet Mahā Chat' ပွဲဟုခေါ်သည်။ ထိုင်းနိုင်ငံ၌ ထိုပွဲကို ဂါကျွတ်ပြီးနောက် (အောက်တိုဘာလမှဒီဇင်ဘာလအတွင်း) ဘုရားကျောင်း(ဝတ်)တိုင်းလိုလိုရှိ ကျင်းပကြသည်။ ထိုပွဲ၌ Gāthā Phan ခေါ် ဝေဿန္တရာဇာတ်လာဂါထာတစ်ထောင်ကို ရွတ်ဆိုကြသည်။ Dr. Malalasekera(ed.)' Encyclopaedia of Buddhism. Vol.VI, Fascicle 3. 2002. Page-419.

http://www.dhammadownload.com



တိဗက်ဗုဒ္ဓဘာသာအနုပညာလက်ရာပိုးစပိတ်ပုံကား(Thanka)များတွင်
အသင်္ဃမထေရ်(တွဲလျက်-ဝသုဗန္ဓု)ပုံကိုဖော်ပြရာ တုသိတာဘုံ၌ စံမြန်းနေသော
မေတ္တေယျဘုရားလောင်းပုံကိုပါ အပေါ်ပိုင်း၌ထည့်သွင်း ပြုလုပ်လေ့ရှိသည်။
ယခု Namgyal Institute of Tibetology, Sikkim.
Sinha, 1962, Pg.15, Pl.3.



အလောင်းတော်မေတ္တေယျထံမှ
မဟာယာနသုတ္တန်များသင်ယူခဲ့သော
အသင်္ဃမထေရ်ပုံ



မေတ္တေယျရှင်နှင့်တွေ့သော်လည်း
ရှိမခိုးနိုင်ဟု ငြင်းဆန်ခဲ့သော
အရှင်ဂုဏပြဘာမထေရ်ပုံ

http://www.dhammadownload.com

ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်း)စသည်တို့တွင်ကျင်းပပြုလုပ်ခဲ့ကြသည်။ ရခိုင်ဒေသ၌ သစ်သီး(၁၀၀၀)၊ ပန်း(၁၀၀၀) စသောလှူဖွယ်တို့နှင့် ဝေဿန္တရာဇာတ်ဂါထာ(၁၀၀၀)ကိုရွတ်ဆိုပူဇော်ရသောပွဲဖြစ်သဖြင့် 'ထောင်ပြည့်ပွဲ'ဟုလည်း ခေါ်ဝေါ်ကြသည်။ ရှင်မာလဲပွဲနှင့်တွဲဖက်၍ တာဝတိံသာပွဲ၊ ဆီမီး(၁၀၀၀)ထွန်းပွဲ၊ ဝက်ပါပွဲ၊ မီးမြင်းမိုရ်ပွဲ–စသည် ပြုလုပ်လေ့ရှိသည်။ အချို့သောအရပ်တို့တွင် ရှင်မာလဲပွဲ နှစ်စဉ်ကျင်းပနိုင်ရန် ရှင်မာလဲဘုရားဟူ၍ ဘုရား တည်ထားကြ၏။ ရမည်းသင်းမြို့ ရွှေဂူတောင်ကျောင်း၏အနောက်ဘက်တွင်တစ်ဆူ၊ မန္တလေးမြို့ ဘုရားကြီး မြောက်ဘက်တွင်တစ်ဆူ၊ သာစည်မြို့လယ်တွင် ဦးဖိုးရုံတည်သော ရှင်မာလဲဘုရားတစ်ဆူ–စသည်တို့ဖြစ်သည်။

အင်္ဂုတ္တရနိကာယ်အဋ္ဌကထာ(ဒဿ၊ ဋ္ဌ၊ ၁။ ၂၉)၊ မဇ္ဈိမနိကာယ်အဋ္ဌကထာ(မ၊ ဋ္ဌ၊ ၄။ ၂၄၆)နှင့် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ဝိသုဒ္ဓိ၊ ၁။ ၉၂၊ ၂၃၃။)နှင့် မဟာဝံသ၊ ထူပဝံသတို့၌လည်း အရှင်မလယဝါသီမဟာဒေဝတ္ထေရ(မာလေယျဒေဝတ္ထေရ) ဘွဲ့မည်တော် မထေရ်မြတ်ကြီးတစ်ပါး၏အကြောင်းကိုဖော်ပြရာတွင် ထိုမဟာဒေဝမထေရ်မြတ်သည် တုသိတာ နတ်ပြည်ရှိ မေတ္တေယျထံသို့ကြတော်မူကြောင်းကိုကား ဖော်ပြမထားခဲ့ကြပေ။ သို့ပါ၍ အဋ္ဌကထာတို့၌ဖော်ပြ ပါရှိသော အရှင်မလယဝါသီမဟာဒေဝတ္ထေရသည် သီရိလင်္ကာကျွန်း၌ ဒုဋ္ဌဂါမဏိမင်းကြီး(၁၆၁–၁၃၁ ဘီစီ)နှင့် ဝဋ္ဋဂါမဏိအဘယမင်းကြီးလက်ထက်(၁၀၃–၈၉ ဘီစီ)တို့ကာလအကြားတွင်ထင်ရှားခဲ့ပြီး ဆဆက္ကသုတ္တန် တရား တော်ကို သီရိလင်္ကာကျွန်းရှိ နေရာပေါင်းခြောက်ဆယ်တို့၌ဟောကြားတော်မူခဲ့သော ရဟန္တာမထေရ်မြတ်ကြီး ဖြစ်ပါသည်။[*၁] ဆဆက္ကသုတ္တန်ဟောကြားတော်မူလေ့ရှိသော အရှင်မလယဝါသီမဟာဒေဝတ္ထေရနှင့် မဓုရရ သဝါဟိနီဝတ္ထု စသည်တို့၌လာသော မေတ္တေယျရှင်နှင့်ဆုံတွေ့ခဲ့သည့် ရှင်မာလဲမထေရ်သည် တစ်ပါးတည်း မဟုတ်နိုင်၊ တစ်ပါးစီသာဖြစ်မည်ဟု ထင်မြင်မိပါသည်။

မဟာယာနဂိုဏ်းဆရာကြီးအရှင်အသင်္ဃ

အသောကမင်းကြီး(၃၀၀ ဘီစီ?–၂၃၂ ဘီစီ?)လက်ထက်တင်အစ်သော တတိယသံဂါယနာတင်ပွဲကြီးအပြီး တွင် သင်္ဂီတိကာရကမဟာထေရ်ကြီးများ၏တာဝန်ပေးချက်အရ အရှင်မဇ္ဈန္တိကရဟန္တာမထေရ်ကြီးသည် ဂန္ဓာရ ကသ္မီရ (Gandhāra, Kashmīr)[*၂] တိုင်းသို့ ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းစေရန် ကောင်းကင်ခရီးဖြင့် သာသနာပြုကြွချီတော်မူခဲ့ကြောင်းကို ပါရာဇိကကဏ္ဍအဋ္ဌကထာ၊ မာဟိရနိဒါန၊ တတိယသင်္ဂီတိကထာတွင် ပြဆိုထားပါသည်။[*၃]

အရှင်မဇ္ဈန္တိကမထေရ်သည် ဂန္ဓာရကသ္မီရတိုင်း၌ ထေရဝါဒဗုဒ္ဓသာသနာမျိုးစေ့ကိုချခဲ့သော်လည်း ထိုဒေသ၌ ထေရဝါဒဗုဒ္ဓသာသနာသီးပွင့်မထွန်းကားခဲ့ဘဲ ထေရဝါဒပင်မဂိုဏ်းမကြီးမှခွဲထွက်သွားသော ဟိနယာနဂိုဏ်းအဝင် သဗ္ဗတ္ထိဝါဒ (Sarvāstivāda=Shwo-yih-tsai-yu-po) သာသနာလျှင် သီးပွင့်ထွန်းကားခဲ့လေသည်။ ထို သဗ္ဗတ္ထိဝါဒဂိုဏ်းသည် ဂန္ဓာရ (Gandhāra)၊ မထုရာ(Mathurā)၊ နဂရဟာရ(Nagarahāra)၊ တက္ကသိလာ (Taxila = Takshaśīlā) စသည့် အိန္ဒိယနိုင်ငံမြောက်ပိုင်းဒေသကြီးတစ်ခုလုံးသို့ လွှမ်းမိုးပျံ့နှံ့ခဲ့လေသည်။ ကနိသ္သကမင်း (Kaniṣka)[*၄] လက်ထက်တွင် ထိုသဗ္ဗတ္ထိဝါဒဂိုဏ်းကို အထွတ်အထိပ်ရောက်အောင်ချီးမြှောက်

---

*၁ Dr. Malalasekera(ed.)' Encyclopaedia of Buddhism. Vol. VI. Fascicle 4. 2002. Page-592.

*၂ V.A. Smith' The Early History of India. 1924. Page-386; D. Mitra' Buddhist Monuments. 1971. Page-107. ဂန္ဓာရသည် ယခု ပန်ဂျပ်(Punjab)မြောက်ပိုင်း ဟက်သျှပါ(Peshāwar)နှင့် ရာဝလ်ပဏ္ဍီ(Rāwal Paṇḍī)ဖြစ်၍၊ ကသ္မီရမှာ ယခု ကက်ရှ်မီရ် (Kashmir)ဖြစ်သည်။ Geiger(Tr.)' The Mahāvaṃsa. 1950. Page-82[2].

*၃ မဇ္ဈန္တိကတ္ထေရော ပန ပါဒလိပုတ္တတော ဝေဟာသံ အဗ္ဘုဂ္ဂန္တွာ– ဝိ၊ ဋ္ဌ၊ ၁။ ၄၈။

*၄ ကနိသ္သကမင်းနန်းစံသောနှစ်ကို ၅–ရာစုဘီစီနှင့် အေဒီ–၂ဂုစ အကြား၊ ၇၁–၈၆ အေဒီ စသည်ဖြင့် မူအမျိုးမျိုးပြထားကြသည်။ Dr. Malalasekera(ed.)' Encyclopaedia of Buddhism. Vol.VI, Fascicle 1. 1996. Page-132.

http://www.dhammadownload.com

ခဲ့သည်။ ကနိသ္သကမင်းက ပစ္စည်းလေးပါးဒါယကာခံယူပြီး သဗ္ဗတ္ထိဝါဒကိုဏ်းကဦးဆောင်ကာ သံဂါယနာတင်ပွဲ တစ်ရပ်ကိုလည်း ကျင်းပခဲ့ကြသည်။ ထိုသံဂါယနာတင်ပွဲအကြောင်းကို ထေရဝါဒပိဋကတ်စာပေ၌ ဖော်ပြ မထားခဲ့ပေ။

ထိုစဉ် အေဒီ ၄-ရာစုတွင် ဂန္ဓာရကသို့ရတိုင်း၊ ကောသိက(Kausika)မြို့နေ ပုရုသ္သပုရ(Purushapura) ဗြာဟ္မဏအနွယ် (ပထန်လူမျိုး) အိမ်ထောင်စုမှ ညီနောင်သုံးဦး မွေးဖွားလာ၏။ အကြီးဆုံးသား အသင်္ဂ (အေဒီ ၄၁၀-၅၀၀)၊ အလတ် ဝသုဗန္ဓု(အေဒီ ၄၂၀-၅၀၀)၊ အငယ် ဝိရဉ္စိမုစ္စ-တို့ဖြစ်ကြသည်။ သားအကြီးဆုံး အသင်္ဂ သည် ငယ်စဉ်ကပင် မွေးစားမိခင်နှင့်အတူနေခဲ့ရပြီး ထိုမိခင်ကြီးသည် စာပေတတ်ကျွမ်းသူဖြစ်သည့်အလျောက် အသင်္ဂကို သဒ္ဒါကျမ်း,တက်ကျမ်း စသည်တို့ကိုသင်ကြားပေးခဲ့သည်။ ကသို့ရဒေသတွင် နေဘုရားကိုးကွယ်သူ အီရာနီယန် (Iranians) လူမျိုးများကြီးစိုးနေပြီး ဗုဒ္ဓဘာသာကျောင်းကန်တို့ကိုဖျက်ဆီးကြသောကြောင့် အသင်္ဂ၏ မွေးစားမိခင်ကြီးသည် အသင်္ဂအား ဗုဒ္ဓဘာသာကျောင်းတိုက်တစ်တိုက်သို့ တိတ်တဆိတ်ပို့ဆောင်ကာ ဗုဒ္ဓစာပေကို သင်ယူစေခဲ့သည်။ ရှေးမှတ်တမ်းအရ 'အသင်္ဂသည် မဟိသာသကဗုဒ္ဓဘာသာကျောင်းတိုက်သို့ရောက်ရှိသွားပြီး ပိဋကတ်သုံးလုံးမထေရ်ကြီးထံမှ သဗ္ဗတ္ထိဝါဒဆိုင်ရာစာပေများကိုသင်ယူခဲ့ရသည်' ဟုသိရသည်။*[၁]

အသင်္ဂသည် ဉာဏ်ထိုင်းလှ၍ သဗ္ဗတ္ထိဝါဒဆိုင်ရာတရားများကို လွယ်လင့်တကူသိမြင်ခြင်းငှာမစွမ်းနိုင်သည့် အတွက် အိန္ဒိယနိုင်ငံ၊ဂယာမြို့အနီးရှိ ကုက္ကုဋပါဒတောင်၌*[၂](၁၂)နှစ်နေထိုင်ကာ ဓမ္မသောတသမာဓိကမ္မဋ္ဌာန်းကို အားထုတ်ခဲ့ရသည်။ အသင်္ဂသည် ထိုကုက္ကုဋပါဒတောင်ကမ်းပါးယံမှာပင် ဓမ္မသောတသမာဓိကမ္မဋ္ဌာန်းကို ပေါက်မြောက်ကာ ဈာန်အဘိညာဉ်ရရှိခဲ့သည့်အတွက် တုသိတာနတ်ပြည်သို့ကြွရောက်ပြီး မေတ္တေယျရှင်နှင့် တွေ့ဆုံနိုင်ခဲ့၏။ မေတ္တေယျရှင်ထံမှ တန္တြ(မာယာဇာလတန္တြ)တရားများကို သင်ယူခွင့်ရခဲ့သည်။

တာရာနာထ(Tārānātha)၏ အိန္ဒိယနိုင်ငံဗုဒ္ဓသာသနာသမိုင်း (History of Buddhism in India) ၌ အသင်္ဂသည် မေတ္တေယျရှင်နှင့်တွေ့ဆုံခွင့်ရရန်အတွက် ကုက္ကုဋပါဒတောင်ဝှမ်းရှိ ဂူကြီးတစ်ခုအတွင်း နှစ်ပေါင်းများစွာ တရားအားထုတ်နေခဲ့သည်။ သုံးနှစ်စေ့သော်လည်း သမာဓိမရ၍စိတ်အားလျော့ကာ ထိုဂူကြီးအတွင်းမှထွက်ခွာ လာသောအခါ ဂူအပြင်၌ကြီးကြီးပမ်းပမ်းအစာရှာ အသိုက်လုပ်နေသောငှက်ကလေးများ။ သံတုံးကို အပ်ဖြစ်အောင် သွေးနေသူများကိုတွေ့ရသဖြင့် အသင်္ဂသည် ပြန်လည်အားတက်လာပြီး သောတာနုဂတနာမသမာဓိမည်သော ကမ္မဋ္ဌာန်းကို ဆက်လက်စီးဖြန်းအားထုတ်ရာ အဆုံး၌တရားသိမြင်ခဲ့လေသည်။ မေတ္တေယျရှင်နှင့်လည်း တွေ့ဆုံခွင့် ရခဲ့သည်။ မေတ္တေယျရှင်က အသင်္ဂအား 'သင်၌ မည်သို့သောဆန္ဒရှိသနည်း' ဟုမေးရာ၊ အသင်္ဂက 'အကျွန်ုပ် သည် မဟာယာနတရားပြန့်ပွားစေလိုသောဆန္ဒရှိပါသည်' ဟုဖြေကြားခဲ့၏။ ထိုအခါ မေတ္တေယျရှင်က 'သို့ဆိုလျှင် ငါ၏သင်္ကန်းအစွန်းကို ကိုင်လော့' ဟုမိန့်ဆိုပြီး အသင်္ဂကို တုသိတာနတ်ပြည်သို့ ခေါ်ဆောင်သွားခဲ့သည်။

---

*[၁] Rgyan-Drug Mchog-Ginyis. 1962. Page-16, 31; Dr. Malalasekera(ed.)' Encyclopaedia of Buddhism. Vol.VI, Fascicle 4. 2002. Page-553, 558.

*[၂] ထို ကုက္ကုဋပါဒတောင်အတွင်း၌ ကဿပဘုရားရှင် (အချို့ကလည်း အရှင်မဟာကဿပမထေရ်ကြီး)၏ ရုပ်ကလာပ်တော်တည်ရှိနေပြီးလျှင်၊ မေတ္တေယျရှင်ပွင့်ထွန်းတော်မူလာပါက ဂေါတမမြတ်စွာဘုရားရှင်၏ သင်္ကန်းပရိက္ခရာတို့ကိုပေးအပ်ရန် စောင့်ဆိုင်းနေသည်ဟု အဆိုရှိ၏။ S. Beal(Tr.)' Buddhist Records of The Western World. 1884. Page-226; J. Legge(Tr.)' A Record of Buddhistic Kingdoms. 1965. Page-92[3]. ယခုအခါ၌ ဂယာမြို့မှ မြန်ကိုဖြတ်ထားသည့် တံတားသစ်ဖြင့် ဖာတိပူရမြို့မှတစ်ဆင့် ၃၃ ကီလိုမီတာ ဝေးကွာသော ဂုရုပရွာသို့သွားရ၏။ ထိုဂုရုပရွာမှ ရုထားလမ်းကိုဖြတ်၍သွားလျှင် ဂုရုပတောင်ခေါ် ကုက္ကုဋပါဒတောင်သို့ရောက်၏။ အရှင်ကေလာသ(မြန်မာပြန်)၏ မြတ်ဗုဒ္ဓပွင့်တော်မူရာမရှိမဒေသ။ ၂၀၀၃-စုနှစ်။ (စာမျက်နှာ-၁၇၄)။

http://www.dhammadownload.com

အသင်္ဃသည် တုသိတာနတ်ပြည်၌ မေတ္တေယျရှင်ထံတော်ပါးတွင် (၆) လခန့်နေခဲ့ရ၏။[*၁] အသင်္ဃသည် တုသိတာနတ်ပြည်တွင်နေစဉ် မေတ္တေယျရှင်တော်ထံမှ မဟာယာနတရားများကိုနာယူခဲ့ရ၏။ ထိုစဉ်ကနာယူခဲ့ရသော တရားငါးပုဒ်တို့မှာ မဟာယာနသူတြာလင်္ကာရနှင့် မဂ္ဂာန္တဝိဘင်္ဂ၊ ဓရ်မဓရ်မတာဝိဘင်္ဂ၊ ဥတ္တရတန္တြ၊ အဘိသမယာလင်္ကာရတို့ဖြစ်သည်။[*၂]

အသင်္ဃသည် မေတ္တေယျရှင်ထံမှ မဟာယာနသုတ္တန်တရားများကို တိုက်ရိုက်နာယူမှတ်သားခဲ့ရသော ကြောင့် နောင်အခါ မဟာယာနသုတ္တန်တို့ကို 'ဘုရားရှင်ကိုယ်တော်တိုင်ဟောကြားအပ်သောစကားတော်များ' (မဟာယာနံ ဗုဒ္ဓဝစနံ)ဟု မဟာယာနသူတြာလင်္ကာရ၌ ဖော်ပြထားခဲ့၏။[*၃]

တရုတ်ရဟန်းတော်ကြီးယွမ်ကျန့်၏ခရီးသွားမှတ်တမ်း၌မူ အသင်္ဃထေရ်သည် အယောဇျ(Ayodhyā=O-Yu-t'o)တိုင်း၊ အသောကမင်းကြီးတည်ထားခဲ့သော သံဃာရာမကျောင်းတော်ကြီးအနီးရှိ အမရပင်ကြီးအရင်း၌ သီတင်းသုံးနေပြီး ညအခါ တုသိတာနတ်ပြည်သို့ကြွလာသော မေတ္တေယျရှင်ထံတော်မှ တရားကိုနာယူကာ နေ့အခါ၌ မေတ္တေယျရှင်ထံမှ မိမိနာယူခဲ့သောတရားများကို ပြန်လည်ဟောကြားပြသသည်ဟုဖော်ပြထားသည်။[*၄]

တိဗက်မှတ်တမ်းများအရ အသင်္ဃသည် ဘော်ဒွေအဆင်းရှိသောရောင်ခြည်တော်ကိုပိုင်ဆိုင်ပြီး မေတ္တေယျရှင်နှင့်အဆက်အသွယ်ရှိကြောင်း သိရ၏။ တိဗက်ဗုဒ္ဓဘာသာအနုပညာလက်ရာဖြစ်သော ပိုးစပိတ်ပုံကား ထန်ကာ (Thankas)များတွင် အသင်္ဃထေရ်ပုံကိုရေးဆွဲရာ၌ တုသိတာဘုံ၌စံမြန်းနေသော မေတ္တေယျရှင်၏ ပုံတော်ကိုပါ ထည့်သွင်းရေးဆွဲယက်လုပ်လေ့ရှိသည်။

ထိုအသင်္ဃထေရ်သည် မဟာယာနဗုဒ္ဓဘာသာဝိညာဏဝါဒဂိုဏ်းနှင့် ယောဂါစာရဝါဒဂိုဏ်းတို့ကို တည်ထောင်ခဲ့သူဖြစ်သည်။ ယောဂါစာရဂိုဏ်းသည် ယခုအခါ တရုတ်နိုင်ငံ၌ သမ္မရိုဂြဟခေါ် ရှေလွန်းဂိုဏ်း (Shē-Lun School)၊ ဂျပန်နိုင်ငံ၌ ဓရ်မလက္ခဏာခေါ် ဟိုဆိုဂိုဏ်း (Fa-hsiang; Hossō School) ဟု ထင်ရှားတည်ရှိနေပါသည်။ သုတေသီတို့ကမူ အသင်္ဃထေရ်အား မဟာယာနသုတ္တန်များ၊ ယောဂစာရဘူမိသုတ္တန် စသည်တို့ကိုသင်ကြားပေးခဲ့သောပုဂ္ဂိုလ်မှာ တုသိတာနတ်နန်းရှိ မေတ္တေယျရှင်မဟုတ်ဘဲ လူ့ပြည်၌နေထိုင်သော မေတ္တေယျနာထအမည်ရှိ မထေရ်ကြီးတစ်ပါးသာဖြစ်ကြောင်း ရေးသားကြပါသည်။[*၅]

မဇ္ဈန္တိကမထေရ်၏ ဒကာပန်းပုဆရာကြီး

တတိယသံဂါယနာခေတ်က ကသ္မီရဂန္ဓာရဒေသသို့ သာသနာပြုရန်တာဝန်ယူရသော မဇ္ဈန္တိကမထေရ်ကြီးသည် အလွန်တန်ခိုးကြီးသောဆဠာဘိညရဟန္တာအရှင်မြတ်ကြီးဖြစ်တော်မူသော်လည်း မိမိ၌ထင်ရှားကေန်အမှန်ရှိသော သဒ္ဒါ, သီလအစရှိသောဂုဏ်ကျေးဇူးတရားတို့ကို သူတစ်ပါးတို့အားသိစေလိုသောစိတ်ဆန္ဒအလျဉ်းမရှိသည့် အပို့စ္ဆတာဂုဏ်နှင့်ပြည့်စုံသောမထေရ်ကြီးတစ်ပါးဖြစ်သည်။ စာပေကျမ်းဂန်တို့၌ 'ခီဏာသဝေါ သမာနော ခီဏာသဝေါတိ မံ ဇနော ဇာနာတူတိ နကွစ္ဆတိ' (ခီဏာသဝရဟန္တာပင်ဖြစ်ငြားသော်လည်း မိမိ

---

*၁ အချို့မှတ်တမ်း၌ လူ့သက်တမ်းအားဖြင့် (၁၅)နှစ်၊ တိဗက်မှတ်တမ်း၌ အနှစ်(၅၀)၊ အိန္ဒိယမှတ်တမ်း၌ (၂၅)နှစ် စသည်ဖြဖြင့်ကြ၏။

*၂ Tāranātha' History of Buddhism in India. 1970. Page-156, 394.

*၃ S. Levi (ed.)' Mahāyāna Sūtrālaṅkāra by Asaṅga. 1907. Page-3.

*၄ S.Beal(Tr.)' Buddhist Records of Western World. 1884. Page-226.

*၅ လူသေလူဖြစ်ဝါဒါနုဝါဒဝိဖြန္ဒယဆုံးဖြတ်ချက်။ ၁၉၈၁–၉၄၈။ (စာမျက်နှာ–၆၆၅)။ S. Dutt' Buddhist Monks and Monastries of India. 1962. Page-265; A Dictionary of Buddhist Terms' and Concepts. 1983. Page-253.

http://www.dhammadownload.com

ကိုယ်ကို ငါရဟန္တာဟုသိစေခြင်းငှာအလိုမရှိ)ဟုပြထား၏။ ဤအကြောင်းနှင့်စပ်၍ စစ်ကိုင်းတောင်ရိုး မဟာသီဝ ဆရာတော်ဘုရား(အေဒီ ၁၈၈၀–၁၉၄၁)*၁ ပြုစုရေးသားသော မဂ္ဂဇောဓကကျမ်းတွင်–

> မဖွာသောကမင်းကြီး၏ အသောကာရုံကျောင်းတော်ကြီးပူဇော်ပွဲတွင် သံဃထေရ်ကြီးဖြစ်သော ဒီဃာသဝမဖွဲ့နွှဲ့ကမထေရ်ကြီးကိုထောက်၍ သိအပ်ပေ၏။ ထိုမဟာထေရ်ကြီး၏ သပိတ်နှင့် သင်္ကန်းမှာ ပိုက်ဆံငါးပဲမျှသာ အဖိုးထိုက်တန်သောဟူ၏။ ထိုမဖွဲ့နွှဲ့ကရဟန္တာမထေရ်ကြီးသည် မဖွာသောကမင်းကြီး၏ကျောင်းတင်ပွဲသို့ ကြွရောက်တော်မူရာ အလွန်ခေါင်းပါးသောအဖြစ်ကို လူဒါယကာတို့မြင်ကြ၍ တော်စွာလျော်စွာ တောထွက်ခင်ကြီးထင်မှတ်ကြသဖြင့် 'ဘန္တေ ထောကံ ဗဟိဟောထ' (အရှင်ဘုရား–အနည်းငယ်ပြင်ဘက်သို့ထွက်ပါဘုန်းလော)ဟု လူအများတို့၏ နှင်ထုတ်ခြင်းကိုပင်ခံတော်မူရရှာ၏။ ထိုသို့ပင်နှင်ထုတ်ခြင်းခံရသော်လည်း အလွန်အပ္ပိစ္ဆတာဂုဏ်နှင့်ပြည့်စုံရာကား လူအများတို့မသိမမြင်စဉ် မြေကြီးအတွင်းမှတန်ခိုးတော်ဖြင့် ငုပ်လျှိုးဝင်ရောက်ပြီးလျှင် သံဃာထေရ်ကြီး၏နေရာ၌ချထားသောဆွမ်းကိုခံယူလျက် မြေကြီး အတွင်းမှပင် တန်ခိုးတော်ဖြင့် တဖန်ထွက်ကြွတော်မူပေ၏။ ဤမဖွဲ့နွှဲ့ကမထေရ်ကြီး သည် ထိတ်ထိတ်ကြဲရဲရဲတောက် ရဟန္တာကြီးပင်ဖြစ်လင့်ကစား မိမိကိုယ်ကို ငါရဟန္တာဟူ၍ လူအများတို့အား သိစေလိုခြင်းအလျဉ်းမရှိပေ–*၂ ဟုဖြစ်သည်။

ထိုသို့ တန်ခိုးအလွန်ကြီးတော်မူသော မဖွဲ့နွှဲ့ကမထေရ်ကြီး၏ ကသို့ရဒေသ၌သာသနာပြုပုံကို ပထမမဲထီးဆရာတော်(အေဒီ ၁၇၄၂–၁၈၉၆)*၃က ဝံသဒီပနီအမည်ရှိသော သာသနာဝင်ကျမ်းတွင် အောက်ပါအတိုင်းဖော်ပြထားပြန်လေသည်။

> ကသို့ရဂန္ဓာရတိုင်း၌ ကောက်မှည့်သောအချိန်တွင် အရဝါဠနဂါးမင်း*၄သည် ကြီးစွာသောမိုးကိုရွာစေသဖြင့် ကောက်ပဲတို့သည် ပျက်စီး၍ သမုဒ္ဒရာသို့မျောစေသည်ဖိုက် မဖွဲ့နွှဲ့ကမထေရ်သည် ပါဠလိပုတ်ပြည်မှ ကောင်းကင်သို့ပျံတက်၍ ဟိမဝန္တာ၌ အရဝါဠနဂါးမင်းအားနှိမ်နင်းဆုံးမလျှင် ယဉ်ကျေးသဖြင့် ရှစ်သောင်းလေးထောင်သောနဂါးတို့နှင့်တကွ အရဝါဠနဂါးမင်း သရဏာဂုံ,ပဉ္စသီလတို့၌တည်လေသည်–*၅ ဟုဖြစ်သည်။

ဤသို့တန်ခိုးကြွဒိုပါဒိနှင့်ပြည့်စုံသော မဖွဲ့နွှဲ့ကမထေရ်ကြီးသည် ကသို့ရဒေသအတွင်းရှိ အရံမြို့တစ်မြို့ဖြစ်သော ဥဒျာန(Udyāna)မြို့*၆ ကလေးဌ၌နေထိုင်လျက်ရှိသော ပန်းပုဆရာကြီးတစ်ဦးအား အလောင်းတော်မေတ္တေယျရှင်၏ရုပ်တုတော်တစ်ဆူကိုထုလုပ်ရန် အပ်နှံခဲ့သည်။ ပန်းပုဆရာကြီးသည် ပန်းပုပညာ၌ အလွန်တော်သူဖြစ်သော်လည်း မေတ္တေယျရှင်ကိုဖူးမြင်ခွင့်မရသည့်အတွက် ပုံတူထုရန်အခက်တွေ့နေရရှာလေသည်။

---

*၁ အရှင်ကေလာသ၏ စစ်ကိုင်းသာသနာဝင်။ ၁၉၇၉–ခုနှစ်။ (စာမျက်နှာ–၂၅၅)။

*၂ မဟာသီဝဆရာတော်၏မဂ္ဂဇောဓကကျမ်း၊ ပထမတွဲ။ ၁၉၃၅–ခုနှစ်။ (စာမျက်နှာ–၃၇)။

*၃ လှသဓိန်၏ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များအတ္ထုပ္ပတ္တိ။ ၁၉၆၁–ခုနှစ်။ (စာမျက်နှာ–၃၈)။

*၄ DPPN-I. 172.

*၅ မဲထီးဆရာတော်၏ဝံသဒီပနီ။ ၁၉၆၆–ခုနှစ်။ (စာမျက်နှာ–၃၄)။ မောင်းထောင်သာသနာပိုင်ကြီး၏ သာသနဝံသမဟာဒီပိကာကျမ်း။ ကသို့ရဂန္ဓာရရဋ္ဌသာသနဝံသကထာမဂ္ဂအခန်း၌လည်း မဖွဲ့နွှဲ့ကမထေရ်ကြီးသာသနာပြုပုံကိုဖတ်ရှုနိုင်ပါသည်။ သာသနဝံသမဟာဒီပိကာ။ ၁၉၁၃–ခုနှစ်။ (စာမျက်နှာ–၁၈၁)။

*၆ ဥဒျာန (Ujjāna. ပြာကရစ်)သည် ယခု ပက်သျ၀ါမြို့ (Peshawar) မြို့မှမြောက်ဘက် ဆွတ်(Swat)ဖြစ်ကမ်းအနီး၌တည်ရှိသည်။

http://www.dhammadownload.com

ထိုအခါ မဇ္ဈန္တိကမထေရ်ကြီးက ကဿဒ္ဓိပါဒ်ဖြင့် ပန်းပုဆရာကြီးကို တုသိတာနတ်ပြည်သို့ခေါ်ဆောင်သွားပြီး မေတ္တေယျရှင်အား ကြည့်ရှုစေသည်။ ဤနည်းဖြင့် ပန်းပုဆရာကြီးသည် တုသိတာနတ်ပြည်သို့ သုံးကြိမ်တိုင်တိုင် သွားရောက်ပြီး မေတ္တေယျရှင်ကို အားရအောင်ဖူးမြော်ကြည့်ရှုပြီး လူ့ပြည်သို့ပြန်ရောက်သောအခါ၌ အမြင့်ပေ တစ်ရာခန့်ရှိသော မေတ္တေယျရှင်၏ရုပ်တုတော်ကြီးတစ်ဆူကို ထုလုပ်နိုင်ခဲ့လေသည်။

ဤသို့ မေတ္တေယျရှင်၏ရုပ်တုတော်ထုလုပ်ပုံအကြောင်းကို တရုတ်ရဟန်းတော်ကြီးဖာယှီယယ်၏ခရီးသွားမှတ်တမ်း အခန်း(၆)တွင် အောက်ပါအတိုင်းဖော်ပြထား၏။

> ဘိုလာတာတောင်တန်းကြီးကိုဖြတ်ကျော်ပြီးသော (ဖာယှီယယ် ဦးဆောင်သော) ခရီးသွားရဟန်းတော်တို့သည် အိန္ဒိယပြည်မြောက်ပိုင်းသို့ရောက်ကြလေသည်။ နယ်ခြားမှာ ဒါရိုလ် (Darel)*၁ ခေါ်သော တိုင်းပြည်ကလေးတစ်ပြည်ရှိ၍ ဟိနယာနဂိုဏ်းဝင်ရဟန်းတော်ပေါင်းများစွာရှိလေသည်။ ဤတိုင်းပြည်မှာ ရှေးအခါကာလက တန်ခိုးကြွဒ္ဓိပါဒ်နှင့်ပြည့်စုံတော်မူသော ရဟန္တာအရှင်မြတ်တစ်ပါးသည် အရိမေတ္တေယျဘုရားဖြစ်လတ္တံ့သောအလောင်းတော်နတ်သား၏ရုပ်ပုံကို ထုလုပ်လိုသောကြောင့် ငင်းအလောင်းတော်နတ်သား၏အရောင်အဆင်း ပုံသွင်သဏ္ဌာန်အမူအရာလက္ခဏာတို့ကို ကြည့်ရှုစေရန်အလို့ငှာ တန်ခိုးတော်၏အစွမ်းအားဖြင့် ပန်းပုပညာ၌ တစ်ဖက်ကမ်းရောက်တတ်မြောက်သော ပန်းပုဆရာကြီးတစ်ဦးကို တုသိတာနတ်ပြည်သို့ခေါ်ယူသွား၍ သုံးရက်ခန့် သွားလာကြည့်ရှုပြီးနောက် လူ့ပြည်သို့ပြန်ရောက်သောအခါ အမြင့်ပေရှစ်ဆယ်ရှိသော ရုပ်ပုံတော်တစ်ခုကို သစ်သားဖြင့်ထုလုပ်လေသည်'–*၂ဟုဖြစ်သည်။

မေတ္တေယျရှင်အားရှိမခိုးသော အရှင်ဂုဏာပြာ

မေတ္တေယျရှင်အား ဖူးတွေ့ခွင့်ရခဲ့သူများအကြောင်းကိုတင်ပြပြီးသည့်နောက် မေတ္တေယျရှင်အား ဖူးတွေ့ခွင့်ရခဲ့သော်လည်း 'ရှိမခိုးနိုင်'ဟုငြင်းဆိုခဲ့သော အရှင်မြတ်တစ်ပါးအကြောင်းကိုလည်း တင်ပြလိုပေသည်။ ထိုအရှင်မြတ်၏အကြောင်းကို တရုတ်ခရီးသွားရဟန်းတော် တိပိဋကာစရိယဟွမ်ကျန့် (Hiuen-Tsang) ဆရာတော်၏ခရီးသွားမှတ်တမ်း (Ta-T' ang-Si-Yu-Ki) ၌ အောက်ပါအတိုင်းဖော်ပြထားသည်။

ဆရာတော်ဟွမ်ကျန့်သည် မတိပုလော(မတိပုရ)မြို့*၃သို့ရောက်ရှိသွားသည်။ ထိုမြို့တွင် သံဃာအပါးငါးဆယ်ခန့်သီတင်းသုံးနေသော ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းရှိပြီး ထိုကျောင်း၌ ဟိနယာန(သဗ္ဗတ္ထိဝါဒဂိုဏ်း)မှ မဟာယာနသို့ရွှေ့ပြောင်းလာသော ဂုဏာပြာ(Guṇaprabha)ဘွဲ့မည်တော်ရှိသောအရှင်မြတ်သည် ဝိဘာသာသျတ္တရ (Kiu-na-po-la-po) မဟာယာနအဖွင့်ကျမ်းကို လေ့လာပြုစုလျက်ရှိသည်။*၄

ထိုဂုဏာပြာအရှင်မြတ်ထံသို့ ရဟန္တာဟုထင်ရှားသော ဒေဝသေန(Ti-po-si-na)*၅မထေရ်သည် ကြွရောက်လာခဲ့၏။ ဂုဏာပြာအရှင်မြတ်က ဒေဝသေနမထေရ်အား 'မိမိကို တုသိတာနတ်ပြည်သို့ တစ်ကြိမ်မျှခေါ်ဆောင်

---

*၁ ယခု Dardus. lat. 30° 11' N., lon. 73° 54' E. အိန္ဒြမြစ်အနောက်ဘက်ခြမ်း၌ရှိသည်။ တရုတ်မှတ်တမ်း၌ 'To-leih'ဟုပြသည်။

*၂ အရှင်ဗိလာသစ်၏ ဖာဟီယန်ခရီးစဉ်။ ၁၉၂၉–စုဇွန်။ (စာမျက်နှာ–၄၂)။ James Legge(Tr.)' A Record of Buddhistic Kingdoms. 1965. Page-24.

*၃ ဤဒေသကို Madawar သို့မဟုတ် Mundore ဟု စဉ်မှတ်သည်။

*၄ ဂုဏာပြာအရှင်ကို တရုတ်ဗုဒ္ဓဘာသာစာပေ၌ Tih kwong = အကျင့်သိလပြုစင်သန့်ရှင်းသောအရှင်မြတ်'ဟု ခေါ်ဝေါ်ကြသည်။

*၅ ဒေဝသေနမထေရ်ကို တရုတ်ဗုဒ္ဓဘာသာစာပေ၌ 'Tien-kwan = နတ်စစ်သူကြီး' ဟု ခေါ်ဝေါ်ကြသည်။

http://www.dhammadownload.com

ပြီး မေတ္တေယျရှင်နှင့်တွေ့ဆုံခွင့်ပြုပါ၊ မိမိ၌သံသယဖြစ်နေသောအချက်တို့ မေးမြန်းလို၍ဖြစ်ကြောင်း' ပန်ကြားခဲ့လေသည်။

ဒေဝသေနမထေရ်သည် ဂုဏာပြဘအရှင်မြတ်ကို မိမိ၏အဘိညာဉ်တန်ခိုးဖြင့် တုသိတာနတ်ပြည်သို့ခေါ်ဆောင်သွားခဲ့သည်။ မေတ္တေယျရှင်နှင့်တွေ့ဆုံကြသောအခါ ဂုဏာပြဘအရှင်မြတ်သည် မေတ္တေယျရှင်အား အလေးအမြတ်ပြုလင့်ကစား ရှိခိုးဝတ်ပြုခြင်းမပြုခဲ့ပေ။

ထိုအခါ ဒေဝသေနမထေရ်က 'မေတ္တေယျရှင်သည် နောင်တစ်ချိန်၌ ဇကန်မုချပွင့်ထွန်းလာမည့်ဘုရားတစ်ဆူဖြစ်သည်။ အရှင်သည် အဘယ့်ကြောင့် ထိုမေတ္တေယျရှင်အားရှိခိုးပူဇော်ခြင်းမပြုဘဲနေဘိသနည်း။ အရှင်သည် ထိုမေတ္တေယျရှင်အားရှိခိုး၍ ဆုမြတ်ကိုခံယူရခြင်းဖြင့် အောက်တန်းမကျနိုင်ပါ' ဟုမိန့်ဆိုလေသည်။

ဂုဏာပြဘအရှင်က 'အရှင်မြတ်ဘုရား၊ အရှင်၏မိန့်ကြားချက်သည် အလွန်ဖြောင့်စင်း၍ လိုက်နာဖွယ်လည်းဖြစ်ပါသည်။ သို့ပါသော် တပည့်တော်သည် သိမ်ဝင်ရဟန်းတစ်ပါးဖြစ်ပါသည်။ မေတ္တေယျရှင်သည် ကြည်ညိုဖွယ်နှင့်ပြည့်စုံပြီး ရှိခိုးပူဇော်ရန်သင့်ငြားလည်း တပည့်တော်ကဲ့သို့ပင် သိမ်ဝင်ပြီးရဟန်းစင်စစ်အဖို့ ထိုမေတ္တေယျရှင်အားရှိခိုးခြင်းအားဖြင့် မသင့်ဟုထင်မြင်မိပါသည်' ဟု ဖြေကြားလေသည်။

အရှင်ဂုဏာပြဘသည် မေတ္တေယျရှင်နှင့်သုံးကြိမ်တိုင်တိုင်တွေ့ဆုံခဲ့သော်လည်း ဖြစ်ပေါ်နေသောပြဿနာမှာ ပြေလည်ရှင်းလင်းမသွားခဲ့ပေ။ အကြောင်းမှာ မေတ္တေယျရှင်အားရှိခိုးပူဇော်ရန်အတွက်ဝန်လေးနေမှု(တစ်နည်း) မာနကြောင့်ဖြစ်သည်ဟုဆိုလေသည်။ ဂုဏာပြဘအရှင်က ဒေဝသေနမထေရ်အား 'မေတ္တေယျရှင်နှင့်တစ်ကြိမ်ထပ်၍တွေ့ဆုံခွင့်ပြုပါ၊ ဤအကြိမ်တွင် မေတ္တေယျရှင်အားရှိခိုးဝတ်ပြုပါမည်၊ မိမိ၌ဖြစ်နေသော ပြဿနာများသည်လည်း ရှင်းလင်းသွားမည်' ဟု တောင်းပန်ငြားသော်လည်း အရှင်ဒေဝသေနမထေရ်က ဂုဏာပြဘအရှင်မြတ်ကို တုသိတာသို့ခေါ်ဆောင်ခြင်းမပြုတော့ပေ။ ဂုဏာပြဘအရှင်သည် ကန္ဓာရအတွင်းသို့တစ်ပါးတည်းကြွသွားပြီး သမာဓိထူထောင်ကာ တရားအားထုတ်သော်လည်း မာနကိုမချိုးနှိမ်နိုင်သည့်အတွက် တရားထူးမရခဲ့ပေ'ဟု ထိုမှတ်တမ်း၌ဖော်ပြထားသည်။[*၁]

✿ ✿ ✿ ✿ ✿

*၁ S. Beal(Tr.)' Buddhist Records of The Western World. 1884. Page-192.

http://www.dhammadownload.com

http://www.dhammadownload.com

အခန်း (၅)

မေတ္တေယျရှင်အားစောင့်မျှော်နေကြသောအရှင်မြတ်နှစ်ပါး

အရှင်ဥပဂုတ္တ၊ အလောင်းတော်ကဿပ

မေတ္တေယျရှင်သည် ယခုအခါ၌ တုသိတာနတ်ဘုံတွင် အလောင်းတော်နတ်သားအဖြစ်စံနေတော်မူပုံနှင့် ထိုအလောင်းတော်နတ်သားစံရာသို့ လူ့ပြည်မှအချို့သောပုဂ္ဂိုလ်တို့သွားရောက်၍ဖူးမြော်ကြပုံတို့ကိုတင်ပြပြီးသည့်နောက်၊ ဤလူ့ပြည်မှပင် မေတ္တေယျရှင်ပွင့်ထွန်းလာမည်ကို(တစ်နည်း)မေတ္တေယျအလောင်းတော်နတ်သားနတ်သက်စေ့၍ လူ့ပြည်သို့သက်ဆင်းကာ ဘုရားအဖြစ်ရောက်တော်မူမည့်အချိန်ကိုငံ့လင့်စောင့်စားနေသောပုဂ္ဂိုလ်တို့၏အကြောင်းကိုလည်း ဤအခန်း၌တင်ပြပါဦးမည်။

မေတ္တေယျရှင်ပွင့်ထွန်းလာမည်ကို မျှော်လင့်နေကြသော ရဟန်းရှင်လူတို့တွင် ထူးထူးခြားခြားစောင့်မျှော်နေသောအရှင်မြတ်ကြီးနှစ်ပါး၏ထေရုပ္ပတ္တိသည်ကား မြန်မာစာပေလောကာ၌ အလွန်လူသိများသောအကြောင်းအရာများဖြစ်သည်။ မေတ္တေယျရှင်ပွင့်ထွန်းလာမည့်အချိန်ကို ထူးထူးခြားခြားစောင့်မျှော်နေသော အရှင်မြတ်ကြီးနှစ်ပါးဆိုသည်မှာ အရှင်ဥပဂုတ်(ဥပဂုတ္တ)နှင့် အလောင်းတော်ကဿပတို့ဖြစ်သည်။

ရှေးအခါကပင် ထိုမထေရ်မြတ်နှစ်ပါး၏အကြောင်းကိုသိလိုၑ် စာပေပညာရှင်ထေရ်ကြီးဝါကြီးတို့ထံ ချဉ်းကပ်ပြီးမေးမြန်းခဲ့ကြသည့် အထောက်အထားများကိုကျမ်းဂန်စာပေတို့၌လည်းတွေ့ရသည်။*၁

ဤအရှင်နှစ်ပါးတို့တွင် အရှင်ဥပဂုတ်သည် တောင်သမုဒ္ဒရာအတွင်း ကြေးနီပြာသာဒ်၌စံနေတော်မူလျက် မေတ္တေယျအရှင်ပွင့်ထွန်းလာမည့်အချိန်ကို စောင့်မျှော်နေသည်-ဟု အဆိုရှိသည်။

အလောင်းတော်ကဿပသည်ကား ဝေဘာရတောင်လိုဏ်ဂူအတွင်း၌ ဥတုဇရုပ်ကလာပ်အဖြစ်နှင့် စောင့်မျှော်နေသည်-ဟုဆိုသည်။

ရှေးမြန်မာစာပေ၌ ထိုရှင်ဥပဂုတ်နှင့်ရှင်ကဿပတို့ကို 'သေလေးပါးရှင်လေးပါး' စာရင်း၌ သွင်းထားကြရာတွင် ရှင်ဥပဂုတ်ကို 'ရှင်လေးပါးစာရင်း'၌လည်းကောင်း၊ ရှင်ကဿပကို 'သေလေးပါးစာရင်း'၌လည်းကောင်း ထည့်သွင်းခဲ့ကြသည်။

---

*၁ မုံရွာဧရာတောင်၏သမန္တစက္ခုဒီပနီကျမ်း။ ၁၉၈၅-ခုနှစ်။ (စာမျက်နှာ-၁၀)။ ကြီးသဲလေးထပ်ဆရာတော်၏ ဝိမတိဆ္ဆေဒနီကျမ်း။ ၁၉၂၁-ခုနှစ်။ (စာမျက်နှာ-၈၄)။ လုံးတော်ဆရာတော်၏ ပကိဏ္ဏကဝိသဇ္ဇနာကျမ်း၊ ပထမတွဲ။ (စာမျက်နှာ-၄၆၆)။

http://www.dhammadownload.com

သေလေးပါး ရှင်လေးပါး

'သေလေးပါး ရှင်လေးပါး' စာရင်းတွင် အရှင်ဥပဂုတ်နှင့် အရှင်ကဿပတို့သာမက အခြားသောမထေရ်တို့လည်း အောက်ပါအတိုင်းပါဝင်ကြကုန်၏။*၁

၁။ သေလေးပါး–

(က) ဝေဘာရတောင်*၂၌ အရှင်မဟာကဿပရှစ်ကလာပ်ရှိသည်။

(ခ) ဥတ္တမတောင်၌ အရှင်သုဘာရရှစ်ကလာပ်ရှိသည်။

(ဂ) မကုလတောင်*၃၌ အရှင်ခေမာ၏ ရှစ်ကလာပ်ရှိသည်။*၄

(ဃ) ဝေဒိယကတောင်*၅၌ အရှင်ဓမ္မယသ၏ ရှစ်ကလာပ်ရှိသည်။*၆

၂။ ရှင်လေးပါး–

(က) တောင်သမုဒ္ဒရာ၌ အရှင်ဥပဂုတ္တ ရှိသည်။

(ခ) အနောက်သမုဒ္ဒရာ၌ အရှင်မေသရ*၇ ရှိသည်။

(ဂ) မြောက်သမုဒ္ဒရာ၌ အရှင်ခေမာဝတ္တ*၈ ရှိသည်။

(ဃ) အရှေ့သမုဒ္ဒရာ၌ အရှင်ဓမ္မသာရ*၉ ရှိသည်။

ထိုပုဂ္ဂိုလ်ရှစ်ပါးတွင် သေလေးပါးပုဂ္ဂိုလ်တို့သည် ပျံလွန်တော်မူပြီးဖြစ်ကြသော်လည်း အဓိဋ္ဌာန်ထားခဲ့သောကြောင့် ရှစ်ကလာပ်တော်(တစ်နည်း)ရှစ်ဓာတ်တို့မှာ မပုပ်မသိုးဘဲတည်ရှိနေပြီး နောင် မေတ္တေယျပွင့်တော်မူသောအခါမှ တဖောဖောတ်လောင်းကြလိမ့်မည်။

ရှင်လေးပါးပုဂ္ဂိုလ်တို့မှာမူ ယခုထက်တိုင် သက်တော်ထင်ရှားရှိကြလျက် သမုဒ္ဒရာ၏လေးမျက်နှာအရပ်တို့၌ စံနေတော်မူကြကာ မေတ္တေယျဘုရားပွင့်ထွန်းလာပါက တရားနာယူပြီးပရိနိဗ္ဗာန်ပြုကြမည်။

သေလေးပါး ရှင်လေးပါးအကြောင်းနှင့်စပ်၍ ရှေးဆရာတော်ကြီးတို့၏အယူအဆတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

---

*၁ မုံတိုင်ပင်ဆရာတော်၏ သုံးပုံအဓိပ္ပာယ်ထောင်ကျမ်း။ ၁၉၅၉–စုနှစ်။ (စာမျက်နှာ–၇၂)။

*၂ ဝေဘာရတောင်သည် ရာဇဂြိုဟ်မြို့ကိုကာရံထားသည့် တောင်ငါးလုံးတွင်တစ်လုံးဖြစ်သည်။ ထိုတောင်ဖြစ်၌ ပထမသံဂါယနာတင်ရာသတ္တပဏ္ဏိ (သတ္တပဏ္ဏ)လိုဏ်ဂူရှိသည်။ ဗိ၊ ဋ္ဌ၊ ၁။ ၉။ DPPN-II. 927.

*၃ ဗုဒ္ဓဃောသဘာက်(၂၆)မိုင်အကွာတွင်တည်ရှိသည်။ မြတ်စွာဘုရားရှင်သည် ဝါတော်ဆဋ္ဌမကို ဤမကုလတောင် ရှေ့ယားတောကျောင်းတိုက်၌ ဝါကပ်ဆိုခဲ့သည်။ ရှေးပုရာဏ်ကျမ်းများတွင် Kolāchala-ဟု ပြသည်။ ယခု Kaluhā Pāhād-ဟုခေါ်သည်။ Dey' The Geographical Dictionary of Ancient and Medival India. 1971. Page-121.

*၄ (မူကွဲ) မကုဋတောင်ထက်၌ အရှင်ဥပေက္ခာရဏ်၏ ရှစ်ကလာပ်ရှိသည်။ သုတေသနသရုပ်ပြအဘိဓာန်။ ၁၉၅၅–စုနှစ်။ (စာမျက်နှာ–၅၅၂)။

*၅ ဒီဃနိကာယ်၊ မဟာဝဂ္ဂ၊ သက္ကပဉ္ဉသုတ်တွင် မဂဓိုင်း၊ ရာဇဂြိုဟ်ပြည်အရှေ့ အမွှေသဏ္ဌာပုဏ္ဏားရွာ၏ မြောက်အရပ်ရှိ ဝေဒိယကတောင် ဣန္ဒသာလဂူ၌ သိကြားမင်းအား မြတ်စွာဘုရားရှင် သက္ကပဉ္ဉသုတ်ဟောတော်မူကြောင်းပြထားသည်။(ဒီ၊၂။၂၁၁)။ ဒီဃနိကာယ်၊ မဟာဝဂ္ဂ အဋ္ဌကထာ၌ မကဒေဒိကတောင်ဟုဖော်ပြထားသည်။ (ဒီး၌။၂။၂၉၀။)။ 'ဝေဒိယက'ကို 'ဝေရိယက'ဟုလည်းခေါ်သည်။

*၆ (မူကွဲ) မကုဋတောင်ထိပ်ဖွင့်၌ အရှင်ဓမ္မသာရ၏ ရှစ်ကလာပ်ရှိသည်။ သုတေသနသရုပ်ပြအဘိဓာန်။ ၁၉၅၅–စုနှစ်။ (စာမျက်နှာ–၅၅၂)။

*၇ အဏ္ဏိမူ၌ ရှင်မေရေ–ဟုရှိသည်။ သုတေသနသရုပ်ပြအဘိဓာန်။ ၁၉၅၅–စုနှစ်။ (စာမျက်နှာ–၄၆၂)။

*၈ အဏ္ဏိမူ၌ ရှင်သာရဒတ္တ–ဟုရှိသည်။ သုတေသနသရုပ်ပြအဘိဓာန်။ ၁၉၅၅–စုနှစ်။ (စာမျက်နှာ–၄၆၂)။

*၉ အဏ္ဏိမူ၌ ရှင်သဇ္ဇသာရ–ဟုရှိသည်။ သုတေသနသရုပ်ပြအဘိဓာန်။ ၁၉၅၅–စုနှစ်။ (စာမျက်နှာ–၄၆၂)။

http://www.dhammadownload.com

ကျီးသဲလေးထပ်ဆရာတော်၏ အယူ

ရွှေတောင်မြို့၊ ကျီးသဲလေးထပ်ဆရာတော်ကြီး (အေဒီ ၁၈၁၆–၁၈၉၄) က ဝိမတိဋ္ဌေဒနီကျမ်း (အေဒီ ၁၈၇၁)တွင်– 'လေးရပ်ရှင်,သေ၊ ပေါင်းရှစ်ထွေကို၊ တည်နေမပျက်၊ ခုတိုင်ထက်ဟု၊ စဉ်ဆက်သေချာ၊ ပြောကြပါ၏။ ရှိရာသည်လား။ စကားယုတ္တိ၊ ဆိုတိုင်းရှိက၊ ဘမိနေရပ်၊ မျိုးဇာတ်နာမည်၊ နေသည်ခြင်းရာ၊ သြဇာလေးနက်၊ ဆက်,မဆက်နှင့်၊ မပျက်ခုတိုင်၊ တည်နိုင်ရကြောင်း။ ဤလုံးပေါင်းကို၊ ကောင်းကောင်းမုချ၊ သိချင်လှ၏' –ဟူသောအမေးကို–

> သူသေလေးပါး ရှင်လေးပါးတို့၏အကြောင်းအတ္ထုပ္ပတ္တိကို ကျမ်းကြီးကျမ်းခိုင်တို့၌မတွေ့စဘူး။ ပဉ္စာကထန[*၁] မည်သောမှတ်စုကျမ်း၌သာတွေ့ဘူးသည်–ဟု ဖြေဆိုတော်မူခဲ့ပါသည်။

ကျီးသဲလေးထပ်ဆရာတော်ကြီးသည် ထိုဝိမတိဋ္ဌေဒနီကျမ်း၌ သူသေလေးပါး–ရှစ်ပါးသော ပုဂ္ဂိုလ်တို့တွင် ရှင်ဥပဂုတ်အကြောင်းကိုသာ အကျယ်တဝင့်ဖြေကြားတော်မူခဲ့ပြီး ကျန်ပုဂ္ဂိုလ်တို့အကြောင်း ဖြေဆိုထားသည်ကို မတွေ့ရပါ။[*၂]

လုံးတော်ဆရာတော်၏ အယူ

ဒီပယင်းမြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော်ကြီးအရှင်ဂုဏာဝါ (အေဒီ ၁၈၂၈?–၁၈၉၀?)သည် ကြံခင်းမြို့နေ ဒါယကာမောင်စံပြည့်၏ 'သေသူလေးပါး ရှင်သူလေးပါးတို့ ယခုကာလတိုင် ရှိမည်,မရှိမည်၊ တရားဓမ္မခံနှင့် လျော်မည်,မလျော်မည်' ဟူသော အမေးကို ပကိဏ္ဏကဝိသဇ္ဇနာကျမ်း(အေဒီ–၁၈၇၄)၌ဖြေဆိုတော်မူခဲ့သည်မှာ–

> သူသေလေးအင်,သူရှင်လေးပါးကိုမေးလျှောက်သည်မှာ ထိုစကားသည် သင်္ဂါယနာသုံးတန်တင် ကျမ်းဂန်ပါဠိ အဋ္ဌကထာဋီကာတို့တွင်မလာ။ ဝစနပရံပရ စကားအဆက်ဆက်ပြောကြသည်မှာ– ဝေဘာရတောင် အရှင်မဟာကဿပမထေရ်၊ သုဘာသာရတောင်တွင် ဥတ္တမထေရ်၊ ဝေမိဿက တောင်တွင် ဓမ္မထေရ်၊ မကုလတောင်မှာ ဥခေရထေရ်...ဟူ၍ ဤကား သေလေးပါးတည်း။ တောင်သမုဒ္ဒရာမှာ ဥပဂုတ္တထေရ်၊ အနောက်သမုဒ္ဒရာမှာ မေခရထေရ်၊ မြောက်သမုဒ္ဒရာမှာ ဘဒ္ဒထေရ်၊ အရှေ့သမုဒ္ဒရာမှာ ဓမ္မသာရထေရ်ဟူ၍ ဤကား သူရှင်လေးပါးတည်း–[*၃]ဟု ဖြေဆိုတော်မူခဲ့ပါသည်။

မန်လည်ဆရာတော်ကြီး၏ အယူ

မန်လည်ဆရာတော်ဘုရားကြီးဦးဖဝန(အေဒီ ၁၈၄၁–၁၉၁၉)ထံသို့ သီလရှင်မဓမ္မသီက သေလေးပါး ရှင်လေးပါး ယနေ့ထိထင်ရှားရှိနေခြင်းဆိုသောစကားရပ်မှန်,မမှန်ကိုမေးလျှောက်ရာ မန်လည်ဆရာတော်ဘုရားကြီးက 'အိမ်း–သေလေးပါး ရှင်လေးပါးဆိုတာ ကြားရုံဘဲကြားဘူးသေးသကွဲ့၊ သေသေချာချာ မလေ့လာဘူးသေးဘူး။ မလေ့လာဘူးသေးတော့ အတိအကျမပြောနိုင်ဘူး'ဟု မိန့်တော်မူလိုက်လေသည်။

---

*၁ ပုဲရွေးတောဝန်ဆရာတော်၏သမန္တ, စကျဒီပနီကျမ်း။ ၁၉၈၅–စုနှစ်။ (စာမျက်နှာ–၁၀)၌လည်း 'သေလေးပါး၊ရှင်လေးပါးအကြောင်းကို ပဉ္စာကထန ကျမ်း၌ပါရှိသည်'ဟု ဖော်ပြထားသည်။ ရွှေဘိုမြို့၊ ရွှေကျောင်း၌သီတင်းသုံးသော ကပ္ပဲဆရာတော်အရှင်ဩဘာရ၏ ပဉ္စာကထန်ကျမ်း (အေဒီ ၁၈၇၃–စုနှစ်)ပုံနှိပ်မှုတွင် သေလေးပါး,ရှင်လေးပါးအကြောင်းဖော်ပြထားသည်ကို မတွေ့ရပေ။

*၂ ကျီးသဲလေးထပ်ဆရာတော်၏ ဝိမတိဋ္ဌေဒနီကျမ်း။ ၁၉၂၁–စုနှစ်။ (စာမျက်နှာ ၈၄–၉၃)။ ပဉ္စာဗျာကရဏအဋ္ဌတိသကျမ်း။ ၁၉၈၁–စုနှစ်။ (စာမျက်နှာ ၇၀–၇၇)။

*၃ လုံးတော်ဆရာတော်ကြီး၏ ပကိဏ္ဏကဝိသဇ္ဇနာကျမ်း။ ပထမတွဲ။ (စာမျက်နှာ–၄၆၆)။

http://www.dhammadownload.com

သီလရှင်ဆရာလေး မဓမ္မေသီသည် မန်လည်ဆရာတော်ထံ နောက်ထပ်တစ်ကြိမ် သေလေးပါးရှင်လေးပါး အကြောင်းလျှောက်ထားပြန်ရာ၊ မန်လည်ဆရာတော်ကြီးက 'ဟဲ့–ဓမ္မေသီ၊ သေလေးပါးရှင်လေးပါးအကြောင်း ခဏခဏလျှောက်ထားရတာက ဘာဖြစ်လို့လဲ'။ (သီချင်လို့ပါဘုရား)။ 'ဒီလောက်သီချင်ရတာ သေလေးပါး ရှင်လေးပါးထဲ နင့်လင်ဘယ်နှစ်ယောက်ပါနေလို့လဲ' ဟုမိန့်ဆိုသောအခါမှ မဓမ္မေသီမှာ ဆက်လက်မလျှောက်ဝံ့ တော့ဘဲ ဆရာတော်ကြီးအနီးမှထွက်ခွာခဲ့ရလေသည်–ဟူ၍လည်း အမှတ်အသားရှိပါသည်။*၁

အထက်ဖော်ပြပါအထောက်အထားများအရ လွန်ခဲ့သောအနှစ်နှစ်ရာကျော်ကာလကပင် သေလေးပါး ရှင်လေးပါးအကြောင်းကိုသိလိုကြသောကြောင့် မုံရွာဧတဝန်ဆရာတော် (အေဒီ ၁၇၆၆–၁၈၃၄)*၂၊ မုန်တိုင်ပင် ဆရာတော်(အေဒီ ၁၇၇၈–၁၈၅၉)၊ ကျီးသဲလေးထပ်ဆရာတော် (အေဒီ ၁၈၁၇–၁၈၉၄)၊ လုံးတော်ဆရာတော် (အေဒီ ၁၈၂၈–၁၈၉၀)၊ မန်လည်ဆရာတော် (အေဒီ ၁၈၄၁–၁၉၁၉)အစရှိသည့် ဗဟုသုတကုံင ကျမ်းဂန်နှံ့စပ်သော မထေရ်ကြီးတို့ထံသို့ မေးမြန်းလျှောက်ထားခဲ့ကြရာ၊ ထိုဗဟုသုတကုံင ကျမ်းဂန်နှံ့စပ်လှသောဆရာတော်ကြီး တို့ကလည်း သေလေးပါးရှင်လေးပါးပုဂ္ဂိုလ်ရှစ်ယောက်ရှိကြရာတွင် (က) အရှင်မဟာကဿပနှင့် ရှင်ဥပဂုတ် နှစ်ပါးအကြောင်းကိုသာ ဖြေကြားတော်မူနိုင်ကြပြီး၊ ကျန်ပုဂ္ဂိုလ်တို့၏အကြောင်းကိုမူကား မဖြေကြားနိုင်ခဲ့ ကြပေ။ သို့ပါ၍ မဇ္ဈေယျရှင်လက်ထက်အခါ၌ ကျွတ်တမ်းဝင်ရန်စောင့်မျှော်နေသည်ဆိုသော သေလေးပါး ရှင်လေးပါးစာရင်းတွင်ပါဝင်သော (က) ရှင်မဟာကဿပနှင့် (ခ) ရှင်ဥပဂုတ်တို့အကြောင်းတို့ကို လက်လှမ်းမီ သမျှ စုစည်းတင်ပြလိုပါသည်။

(က) ဝေဘာရတောင်ရှိအရှင်ကဿပအကြောင်းလေ့လာချက်

သေလေးပါးစာရင်းဝင် ဝေဘာရတောင်နေ အရှင်ကဿပကို–

၁။ အချို့က ဤဘဒ္ဒကမ္ဟာ၌ တတိယမြောက်ပွင့်တော်မူခဲ့သော ကဿပဘုရားရှင်ဖြစ်သည်။

၂။ အချို့က ဂေါတမမြတ်စွာဘုရား၏ တတိယအဂ္ဂသာဝက၊ ပထမသံဂါယနာဓိပတိ၊ ဓုတင်္ဂတေဒဂ်ရ အရှင်မဟာကဿပကြီးဖြစ်သည်။

၃။ အချို့က မြန်မာနိုင်ငံ၌ ပုဂံခေတ်ကထင်ရှားခဲ့သော တောရဂိုဏ်း၏အကြီးအမှူး ပေါင်လောင် ရှင်ကဿပ(တစ်နည်း)အလောင်းတော်ကဿပဖြစ်သည်–

စသည်ဖြင့် အမျိုးမျိုးယူဆခဲ့ကြပါသည်။ အချို့သောစာအုပ်စာတမ်းများတွင် ဖော်ပြပါရှင်ကဿပသုံးပါးကို ရောထွေးပြီး မြန်မာနိုင်ငံ၌ထင်ရှားလျက်ရှိသော အလောင်းတော်ကဿပတစ်ပါးတည်းအဖြစ် တင်ပြကြပါ သည်။ ဖော်ပြပါရှင်ကဿပသုံးပါးတို့၏အကြောင်းတို့ကို အကျဉ်းမျှစီဖော်ပြပါမည်။

ကဿပ(၁) (=ကဿပဘုရားရှင်)*၃

ဤဘဒ္ဒကမ္ဟာ၌ ကဿပမြတ်စွာဘုရားရှင်ပွင့်ထွန်းတော်မူခဲ့ပုံကို ခုဒ္ဒကနိကာယ်၊ ဗုဒ္ဓဝံသပါဠိတော်၌ ဂါထာ ပေါင်း(၅၁)ဂါထာတို့ဖြင့် ဖော်ပြထားသည်။ (ခု၊ ၄။ ၃၇၅)။ ထိုကဿပဗုဒ္ဓဝင်၊ ဂါထာအမှတ်(၄၈)၌ 'ကဿပ ဘုရားရှင်သည် တပည့်သာဝကနှင့်တကွ ပရိနိဗ္ဗာန်ပြုတော်မူပြီ' ဟူ၍ ကဿပဘုရားရှင်ပရိနိဗ္ဗာန်ဝင်စံတော်မူပုံကို လည်းကောင်း၊ ဂါထာအမှတ်(၅၁)၌ 'ထိုမာရ်ငါးပါးကိုအောင်မြင်တော်မူသော မဟာကဿပမြတ်စွာဘုရားသည်

---

*၁ ထီးချိုင့်တည့်ဘဘာဆရာတော်၏ မန်လည်စာကားပုံများ။ ၁၉၇၅–ခုနှစ်။ (စာမျက်နှာ–၁၁၈)။

*၂ ရှင်ဥပဂုတ်အကြောင်းသိလိုလျှင် မေးလျှောက်ခြင်းဖြစ်သည်။ မုံရွာဆရာတော်ကြီး၏ သမန္တ စက္ခုဒီပနီကျမ်း။ ၁၉၈၅–ခုနှစ်။ (စာမျက်နှာ–၁၀)။

*၃ ဗုဒ္ဓဝံသ။၃၇၅။ ဗုဒ္ဓဝံသ၊၄။၃၀၇။ အဘိ၊၄။၁။၇၁။ DPPN-I. 544[1].

http://www.dhammadownload.com

သေတဗျာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်စံတော်မူ၏။ ထိုကျောင်း၌ပင် ကဿပမြတ်စွာဘုရား၏ ကြွင်းကျန်ရစ်သော ဓာတ်တော်တို့ကိုဌာပနာ၍တည်ထားသောပုထိုးသည် အစောက်တစ်ယူဇနာမြင့်လျက်တည်ရှိလေသည်'*၁ ဟူ၍ ကဿပဘုရားရှင်၏ဓာတ်တော်တို့ စေတီတည်ထားပုံကိုလည်းကောင်း ပြဆိုထားပါသည်။ ဗုဒ္ဓဝံသ။ ၃၎၈။

တရုတ်ခရီးသွားရဟန်းတော်ဖာယီယယ် (Fa-hien. အေဒီ ၃၉၉–၄၁၄)၏ ခရီးသွားမှတ်တမ်း။ အခန်း(၂၁) တွင် '(အရှင်ဖာယီယယ်သည်) သာဝတ္ထိမြို့မှအနောက်ဘက်သို့ထွက်ခွာလာရာ လီ*၂ပေါင်း ၅၀–အကွာတွင် ကဿပမြတ်စွာဘုရားရှင်ဖွားတော်မူရာ တောဝေ(Too-wei)မြို့*၃သို့ရောက်ရှိခဲ့ပါသည်။ ထိုမြို့မှာပင် ကဿပမြတ်စွာဘုရားရှင်သည် မိမိ၏ခမည်းတော်ကြီးကို တရားဟောတော်မူပြီး ပရိနိဗ္ဗာန်စံတော်မူခဲ့ပါသည်။ ကဿပမြတ်စွာဘုရားရှင်၏ဥတုဖရုပ်ကလာပ်တော်ကို တေဇောဓာတ်လောင်ကျွမ်းပြီး ကြွင်းရစ်သောဓာတ်တော်များကို တစုတဝေးတည်းဌာပနာ၍ စေတီတော်ကြီးတစ်ဆူတည်ထားခဲ့သည်'ဟု ဖော်ပြထားပါသည်။*၄

ဗုဒ္ဓဝင်ပါဠိတော်တွင် ကဿပမြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပြီး ကြွင်းသောဓာတ်တော်တို့ကိုလည်း စေတီတည်ထားကြောင်းဖော်ပြထားပြီးဖြစ်ပါသဖြင့်၊ ကဿပမြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိနေသည် (သို့မဟုတ်) ကဿပမြတ်စွာဘုရားရှင်၏ရုပ်ကလာပ်တော်သည် မပျက်မစီးတည်ရှိနေသေးသည် စသောအယူအဆတို့သည် ထေရဝါဒဗုဒ္ဓစာပေကျမ်းဂန်တို့နှင့်ညီညွတ်သောအယူအဆမဖြစ်နိုင်ပေ။

မြောက်ပိုင်းဗုဒ္ဓဘာသာဆိုင်ရာကျမ်းဂန်အချို့၌ ကဿပဘုရားရှင်သည် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးဖြစ်သော်လည်း ကြွင်းကျန်သောဥတုဖရုပ်ကလာပ်တော်မှာ တေဇောဓာတ်မလောင်ကျွမ်းဘဲ မေတ္တေယျရှင်ပွင့်လာမည်ကို စောင့်ဆိုင်းနေသည်ဟုဖော်ပြထားကြောင်း တွေ့ရသည်။ ဤအချက်နှင့်စပ်၍ တင်ပြပါဦးမည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်းဒေသရှိ ဗုဒ္ဓဘာသာဝင်တို့ထုလုပ်ကိုးကွယ်နေကြသော မေတ္တေယျရှင်ရုပ်တုတော်၏ မကိုင်သရဖူတွင် စေတီတော်ကလေးတစ်ဆူပါရှိပြီး၊ ထိုစေတီတော်သည် ဗုဒ္ဓဂယာအနီး ကြက်ခြေထောက်ပုံသဏ္ဌာန်ရှိ၍ ကုက္ကုဋပါဒ(Kukkuṭapāda)တောင်၌တည်ရှိသော စေတီပုံဖြစ်သည်ဟု အဆိုရှိပါသည်။ ထိုကုက္ကုဋပါဒတောင်သည် ဂယာမြို့၏အရှေ့တောင်ဘက် (အချို့ကအရှေ့မြောက်ဘက်)ခုနစ်မိုင်အကွာတွင်တည်ရှိသည်။*၅ ထိုတောင်အတွင်း၌ ကဿပမြတ်စွာဘုရားရှင်၏ရုပ်ကလာပ်တော် တည်ရှိနေသည်။*၆ မေတ္တေယျရှင်သည်

---

*၁ 'ကဿပဘုရားရှင်၏ကြွင်းသောဓာတ်တော်အစုကိုဌာပနာ၍ ဓိန–မည်သောစေတီတည်ကြသည်'ဟု မြန်မာ့စွယ်နှံကျမ်း၊ အတွဲ–၁။ (စာမျက်နှာ–၃၄၈)၌ ဖော်ပြထားသည်။

*၂ လီ(Li)သည် အကြမ်းဖျင်း တစ်မိုင်၏သုံးပုံတစ်ပုံခန့်ဖြစ်၏။

*၃ တောဝေ–သည် ဗုဒ္ဓဂယာမှ အနောက်ဘက်(၉)မိုင်အကွာရှိ ယခု Tadwa-ရွာဟု ကျောက်စာဝန် ကနိန္ဒင်ဟန်(Canningham) ယူဆသည်။ James Legge' A Record of Buddhistic Kingdoms. 1965. Page-63³.

*၄ James Legge' A Record of Buddhistic Kingdoms. 1965. Page-63.

*၅ Eitel' Hand Book of Chinese Buddhism. 1970. Page-78. ကျောက်စာဝန် ဂရီအာဆင်(Grierson)နှင့် ကနိန္ဒင်ဟန် (Canninghan) တို့က ဂယာမြို့အရှေ့ ၁၅–မိုင်အကွာ ကုရ်ကီဟာရ် (Kurkihār) အရပ်မှ မြောက်တစ်မိုင်အကွာတွင် ကုက္ကုဋပါဒတောင်ရှိသည်ဟု ယူဆ၏။ ပညာရှင်ဒေါက်တာစတိန်း(Stein) က ထိုကုက္ကုဋပါဒတောင်သည် ကုရ်ကီဟာရ်ရွာ၏အနောက်တောင် ၆–မိုင်အကွာရှိ ဆော့နသ်တောင်ဖြစ်သည်ဟုယူဆ၏။ Dey' The Geographical Dictionary of Ancient and Medival India. 1971. Page-106; Cunningham' Four Reports (1862-65). Vol.I. 2000. Page 15-16. ကုက္ကုဋပါဒဂိရိကို ဂုရုပတောင်ဟု ခေါ်တွင်ပြီး ဗိတာ ၃၀၀ ခန့်မြင့်၍ ဂဂိုဏ်မြစ်ဝှမ်းဒေသ၌ အမြင့်ဆုံးတောင်တို့တွင် တစ်လုံးအပါအဝင်ဖြစ်သည်။ ဂယာမြို့ အရှေ့တောင်ဘက်ရှိ ဂုရုပရွာမှ တောင်ထိပ်သို့ နာရီဝက်ကျော်ကျော် ခန့်တက်ရသည်– အရှင်ကေလာသ၏ မြတ်ဗုဒ္ဓပွင့်တော်မူရာ မဇ္ဈိမဒေသ။ ၂၀၀၃–ဝှန်၁။ (စာမျက်နှာ–၁၇၂)။

*၆ (ပူးကွဲ) ထိုကုက္ကုဋပါဒတောင်အတွင်းရှိသောရုပ်ကလာပ်တော်မှာ ကဿပမြတ်စွာဘုရား၏ရုပ်ကလာပ်တော်မဟုတ်ဘဲ၊ ပထမသံဂါယနာတင် အရှင်မဟာကဿပကြီး၏ရုပ်ကလာပ်ဖြစ်သည်– Rockhill' The Life of Buddha. 1907. Page-161.

http://www.dhammadownload.com

တုသိတာနတ်ပြည်မှဘုရားဖြစ်ရန် လူ့ပြည်သို့သက်ဆင်းလာသောအခါတွင် ကဿပဘုရားရှင်၏ရုပ်ကလာပ်တော်ကိန်းဝပ်တည်ရှိရာ ကုက္ကုဋ္ဌပါဒတောင်သို့ တိုက်ရိုက်ကြွသွားလိမ့်မည်။ ထိုအခါ ကုက္ကုဋ္ဌပါဒတောင်သည် အလိုအလျောက်ထက်ခြမ်းကွဲသွားပြီး ထိုတောင်အတွင်းမှ ကဿပရှင်ထွက်တော်မူလာမည်။*၁ မေတ္တေယျရှင်အား သက်နှံးတော်နှင့်ပိဋကတ်တော်တို့ကို ပေးအပ်လိမ့်မည်။ ဤသို့ သက်နှံးတော်နှင့်ပိဋကတ်တော်တို့ကို လွှဲအပ်ပြီးသောအခါ၌ ကဿပဘုရားရှင်၏ရုပ်ကလာပ်တော်သည် တေဇောဓာတ်လောင်ကျွမ်းသွားပေလိမ့်မည်ဟု ယူဆကြခြင်းဖြစ်ပါသည်။*၂ ဤအယူအဆသည် ထေရဝါဒကျမ်းဂန်စာပေတို့နှင့် ဆက်စပ်ခြင်းမရှိပေ။

ကဿပ (၂) (=မဟာသာဝကအရှင်မဟာကဿပ) *၃

ဂေါတမမြတ်စွာဘုရားရှင်လက်ထက်တော်၌ ထင်ရှားခဲ့သော တတိယမဟာသာဝက၊ ပထမသံဂါယနာဓိပတိ၊ ဓုတင်္ဂဇရတေဒဂ်အရှင်မဟာကဿပမထေရ်ကြီးကို မေတ္တေယျရှင်အားစောင့်မျှော်နေသော ဝေဘာရတောင်အတွင်းရှိ ရှင်ကဿပဖြစ်လိမ့်မည်ဟုယူဆပြန်လေရာ၊ ထိုသာသနာ့ဝန်ဆောင် အရှင်မဟာကဿပကြီး၏ထေရုပ္ပတ်ကို ပါဠိတော်၊ အဋ္ဌကထာနှင့် ဗုဒ္ဓဝင်ကျမ်းဂန်စာပေတို့မှ ထုတ်နုတ်တင်ပြလိုပေသည်။*၄

> အရှင်မဟာကဿပသည် မဂဓရာဇ်တိုင်း၊ မဟာတိတ္ထပုဏ္ဏားရွာနေ ကဿပအနွယ်ဝင် ကပိလပုဏ္ဏားနွယ်မှဖွားမြင်၍ ငယ်စဉ်က ပိပ္ပလိဟုအမည်တွင်ခဲ့သည်။အရွယ်ရောက်သော် မိဘတို့အစီအမံဖြင့် ဘဒ္ဒကပိလာနီသတို့သမီးနှင့်လက်ဆက်ခဲ့ရသော်လည်း အိမ်ထောင်မှုကိုစက်ဆုပ်လှသောကြောင့် ဘဒ္ဒကပိလာနီနှင့်သဘောတူကိုင်ပင်ပြီး တောထွက်ခဲ့ကြသည်။ ထိုသို့ ပိပ္ပလိလုလင်နှင့် ဘဒ္ဒကပိလာနီတို့ တောထွက်လာသောအခါ မဟာပထဝီမြေကြီးသည် သည်းစွာတုန်လှုပ်ခဲ့လေသည်။ ကောင်းကင်၌ မိုးကြိုးထစ်သောအသံတို့ဖြစ်လေ၏။
>
> မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတိုက်၌ ကိန်းအောင်းမွေ့လျော်စံပျော်နေတော်မူသောကာလဖြစ်၏။ ထိုသို့ မဟာပထဝီမြေကြီး၏တုန်လှုပ်သံကို မြတ်စွာဘုရားရှင်ကြား၍ ဆင်ခြင်တော်မူသည်ရှိသော် ပိပ္ပလိလုလင်တောထွက်လာသောကြောင့် ပထဝီမြေကြီးလှုပ်သောအသံပါတကား–ဟုသိတော်မူလေ၏။ မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်နှင့် နာလန္ဒာမြို့၏အကြားရှိ ဗဟုပုတ္တကပညောင်ပင်ရင်း၌ ရောင်ခြည်တို့ကိုလွှတ်တော်မူကာ ထက်ဝယ်ဖွဲ့ခွေနေတော်မူလျက် ပိပ္ပလိလုလင်အား ခရီးဦးကြိုနေတော်မူလေသည်။

---

*၁ (မူကွဲ) ကဿပဘုရားရှင်ကိန်းဝပ်တော်မူရာ ထိုကုက္ကုဋ္ဌပါဒတောင်သို့ မဿူသိရီဘုရားအလောင်းရောက်လာ၍ ထိုတောင်ကိုလက်ညှိုးထိုးပြီး ထက်ခြမ်းခွဲ ဖွင့်လှစ်လိမ့်မည်။ ထိုတောင်ထက်ခြမ်းကွဲသွားသောအခါ အတွင်း၌စံပယ်ဓနသောကဿပဘုရားရှင်၏ ရုပ်ကလာပ်တော်သည် သူ့အလိုအလျောက် တေဇောဓာတ်လောင်ကျွမ်းသွားမည်– W.E. Soothill' A Dictionary of Chinese Buddhist Terms. 1934. Page-257.

*၂ A. Getty' The Gods of Northern Buddhism. 1914. Page-14, 22. သီရိပုံ့ဇီဦးဖြေ၏အယ်ရတနာလိုက်ဂုဖုရား။ ၁၉၆၈–ခုနှစ်။ (စာမျက်နှာ–၃၅)။

*၃ DPPN-II. 476¹.

*၄ ဒီ၂။၁၃၃။ သံ၁။၃။၇၁။ ဥဒါန။၁၁၀။ သံ၁။၆။၁။၁၆၇။ အံ၁။၆။၁။၁၂၆။ ဥဒါန၁။၆။၁၀၆။ ဓမ္မ၂။၁။၁၆၄၊၂၆၈၊၂၉၃၊၃၀၂။ ထေရ၁။၆။၄၂၉။ ဒၢဃ၁။၁။၂၈၂– စသည်နှင့် မင်းကွန်းတိဝိဋကဓရဆရာတော်ကြီး၏မဟာဗုဒ္ဓဝင်။ ဆဋ္ဌတွဲ၊ ပထမပိုင်း။ (စာမျက်နှာ ၁၁၀–၁၄၈)။ G.P. Malalasekera (ed.)' Encyclopaedia of Buddhism. Vol.VI. Fascicle 3. 2002. Page-435.

http://www.dhammadownload.com

ပိပ္ပလိလုလင်လည်း ဗဟုပုတ္တကညောင်ပင်ရင်းသို့ရောက်၍ ဘုရားရှင်ကိုဖူးရလျှင်ပင် ဤကား ဘုရားဖြစ်ပေလိမ့်မည်ဟုသိသဖြင့် 'သတ္ထာ မေ ဘန္တေ ဘဂဝါ သာဝကော ဟမသ္မိ' (အရှင်မြတ် သည် တပည့်တော်၏ဆရာပါ၊ တပည့်တော်သည် အရှင်၏တပည့်ပါ)ဟု သုံးကြိမ်နှုတ်မှမြွက်ကာ အဝေး,အနီး,မနီးမဝေး စသည့်အရပ်သုံးဌာနတို့မှနေ၍ ရိုသေစွာရှိခိုးလေ၏။ ရှင်မဟာကဿပ လောင်းလျှာ ပိပ္ပလိလုလင်၏အရိုအသေပြုခြင်းနှင့်စပ်၍ မြတ်စွာဘုရားရှင်က 'ချစ်သားကဿပ။ သင်ချစ်သား၏ ယခုကဲ့သို့အလွန်အမင်းအရိုအသေပြုခြင်းကို အကယ်၍ပထဝီမြေကြီးအားပြုသည် ဆိုပါအံ့၊ ထိုမဟာပထဝီမြေကြီးသည် သင်ချစ်သား၏အရိုအသေပြုခြင်းကို ခံနိုင်လိမ့်မည်မဟုတ်။ သင်၏အရိုအသေပြုခြင်းကို ငါဘုရားသည်သာခံယူနိုင်၏' စသည်ဖြင့်မိန့်တော်မူပြီးလျှင် 'ချစ်သား ကဿပ။ ထိုင်လော့၊ သင်ချစ်သားအား ငါဘုရားသည် အမွေကိုပေးပေတော့အံ့'ဟု မိန့်တော်မူကာ သြဝါဒသုံးရပ်ကိုမြွက်ကြားပြီး ပိပ္ပလိလုလင်အား ရဟန်းဖြစ်စေခဲ့ပါ၏။ ဤသာသနာ၌ သြဝါဒ ချီးမြှင့်ကာမျှဖြင့် ရှင်ရဟန်းပြုခြင်းမည်သည် ရှင်မဟာကဿပ၏ရဟန်းပြုခြင်းပင်ဖြစ်သတည်း။ ထိုသို့ သြဝါဒခံယူခြင်းဖြင့် ရဟန်းပြုခြင်းမျိုးကို သြဝါဒပဋိဂ္ဂဟဏဥပသမ္ပဒါဟုခေါ်၏။

မြတ်စွာဘုရားသည် ဗဟုပုတ္တကညောင်ပင်ရင်း၌ အရှင်မဟာကဿပမထေရ်အား သြဝါဒ ပဋိဂ္ဂဟဏရဟန်းအဖြစ်ချီးမြှောက်တော်မူပြီးသည့်နောက် ထိုအရပ်မှကြွတော်မူခဲ့ရာ အရှင်မဟာ ကဿပသည်လည်း နောက်တော်ကလိုက်ပါတော်မူခဲ့ရ၏။ မြတ်စွာဘုရားရှင်သည် မဟာပုရိသ လက္ခဏာတော်ကြီးသုံးဆယ့်နှစ်ပါးတို့ဖြင့် ဆန်းကြယ်တင့်တယ်စွာ ရေ့မှကြွချီရာတွင် အရှင်မဟာ ကဿပမထေရ်လည်း နောက်တော်ပါးမှ မဟာပုရိသလက္ခဏာတော်ခုနစ်ပါးတို့ဖြင့် တင့်တယ်စွာ ရွှေလှေကြီးနောက်မှ ရွှေလှေငယ်တွဲပါသကဲ့သို့ လိုက်ပါကြွချီတော်မူခဲ့ပါ၏။ အံ၊ ဋ္ဌ။ ၁။ ၁၄၂။ ထေရ၊ ဋ္ဌ။ ၂။ ၄၄၃။

မြတ်စွာဘုရားရှင်သည် ခရီးအတန်ငယ်ကြွသွားမိလျှင် သွားမြဲခရီးမှဖဲ၍ သစ်ပင်ရင်းတစ်ခု၌ ထိုင်တော်မူမည့်အချင်းအရာကို ပြတော်မူလေ၏။ အရှင်မဟာကဿပမထေရ်မြတ်လည်း မြတ်စွာ ဘုရားရှင်ထိုင်တော်မူအံ့ဟုသိသဖြင့် မိမိ၏အပေါ်ရုံဒုကူဋ္ဌသင်္ကန်းကြီးကို လေးခေါက်ပြုကာခင်းပြီးလျှင် မြတ်စွာဘုရားရှင်အား ထိုင်တော်မူပါရန်လျှောက်ထားလေ၏။ မြတ်စွာဘုရားရှင်သည် ထိုင်တော် မူပြီးလျှင် ထိုလေးခေါက်သင်္ကန်းကြီးကို ကိုင်တော်မူကာ 'ချစ်သားကဿပ။ သင်၏ဤပုဆိုးဟောင်း ဒုကူဋ္ဌသင်္ကန်းကြီးကား နူးညံ့လှစွာတကား'ဟု မိန့်တော်မူ၏။ အရှင်မဟာကဿပလည်း 'ဩော်... ဘုရားရှင်သည် ငါ့ဒုကူဋ္ဌကိုချီးမွမ်းဘိသည်၊ ဤဒုကူဋ္ဌတော်ကိုဝတ်ရုံတော်မူလိုသည်ဖြစ်လတ္တံ့'ဟု ကြံပြီး 'အရှင်ဘုရား...၊ ကျွန်ုပ်အားသနားတော်မူပါသဖြင့် ဤသင်္ကန်းကိုသုံးတော်မူပါ'ဟု လျှောက် ထား၏။ အရှင်ဘုရားက 'ချစ်သားကဿပ။ ငါ့အား ဤဒုကူဋ္ဌကိုလှူလျှင် သင်ချစ်သားသည် အဘယ်(ဒုကူဋ္ဌ)ကိုဆောင်ပါအံ့နည်း'ဟုမေးတော်မူလျှင် 'အရှင်ဘုရား၏သင်းပိုင်များကို သနား တော်မူပါလျှင် သုံးဆောင်ပါအံ့'ဟုလျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားရှင်က မိမိပခုံးထက်၌ ပါလာသောပိုက်ဆံလျှော်ဒုကူဋ္ဌကိုပြလျက် 'ချစ်သားကဿပ...။ ဝတ်ရုံ၍နွမ်းပြီးသောဤဒုကူဋ္ဌကို သင်ဆောင်နိုင်အံ့လော၊ ဤပုံသကဲ့သုဒုကူဋ္ဌကိုကောက်သောအခါ မဟာပထဝီမြေကြီးသည်တုန်လှုပ်၍ နတ်ပြဟ္မာတို့ လွန်စွာကောင်းချီးပေးကုန်၏။ ငါတို့ဘုရားရှင်များသည်လျှင် သုံးဆောင်အပ်၍ သေးငယ်နုနယ်သော သီလဂုဏ်,သမာဓိဂုဏ်ရှိသူတို့နှင့်ကားမထိုက်'ဟုမိန့်တော်မူပြီးမှ ရှင်မဟာ

http://www.dhammadownload.com

ကာသပအား ဒုကုဋ်ကိုပေးတော်မူ၏။ ဤသို့ ဘုရားရှင်နှင့်ရှင်မဟာကာသပတို့ ဒုကုဋ်ချင်းလဲလှယ်တော်မူသောခဏ၌ အဝိညာဏကမျှဖြစ်သော မဟာပထဝီမြေကြီးသည် ကောင်းချီးပြုသည့်ပမာ ဆတ်ဆတ်ခါမျှတုန်လှုပ်လေသတည်း။

ထိုအရှင်မဟာကာသပမထေရ်ကြီးသည် မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်အခါက သာသနာ့ရွှေဆောင်မထေရ်ကြီးတစ်ပါးအဖြစ်ထင်ရှားခဲ့သည်သာမက ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးသည့်နောက် အဇာတသတ်မင်းကိုအမှီပြု၍ ရာဇဂြိုဟ်ပြည်၊ ဝေဘာရတောင်၊ သတ္တပဏ္ဏိ(သတ္တပါဏိ)လိုဏ်ဂူတွင် ရဟန္တာအရှင်မြတ်သံဃာတော်အပါးငါးရာကိုဦးစီးပြု၍ ပထမသံဂါယနာတင်တော်မူခဲ့ပါ၏။ ပထမသံဂါယနာတင်ပွဲအပြီးတွင် သံဂါယနာတင်ရာ ဝေဘာရတောင်မှာပင် သက်တော် (၁၂၀) ရှည်တော်မူသောအရှင်မဟာကာသပမထေရ်ကြီး ပရိနိဗ္ဗာန်ပြုတော်မူခဲ့သည်ဟု ကာသပသံယုတ် အဋ္ဌကထာ၌ ဖော်ပြထားပါသည်။ သံ၊၁။၄၁၈။ သံ၊၄။၂။၁၆ရ။

ထေရဝါဒဆိုင်ရာပါဠိအဋ္ဌကထာသံဂါယနာတင်ကျမ်းဂန်တို့၌ အရှင်မဟာကာသပမထေရ်ကြီး ပရိနိဗ္ဗာန်ပြုတော်မူခန်းကို ပြည့်ပြည့်စုံစုံမဖော်ပြထားသော်လည်း ကာသပဗိမ္ဘဝန္ဒနာအမည်ရှိသော သီရိလင်္ကာဖြစ်ကျမ်းစာတစ်စောင်၌ ရှင်မဟာကာသပမထေရ်ကြီး၏ပရိနိဗ္ဗာန်စံတော်မူခန်းကို အောက်ပါအတိုင်းဖော်ပြထား၏။

အို အာနန္ဒာ...။ ငါသည် သာသနာတော်၌လုပ်သင့်သည့်လုပ်ငန်းကိစ္စများကို ဘုရားကိုယ်စားပြုလုပ်ခဲ့လေပြီ။ ပဌမသံဂါယနာသဘင်ကြီးကို ဦးစီးဦးကိုင်ပြု၍တင်ခဲ့လေပြီ။ ယခုအခါဆိုလျှင် ငါသည် ပရိနိဗ္ဗာန်စံယူချိန်တန်ပြီဖြစ်၍ ငါမရှိသည့်နောက် သင်သည် တရားတော်ကိုစောင့်ရှောက်ရစ်ပါလော့၊ သာသနာတော်ကြီးမည်မျှမန္ဓမ်းအောင် စောင့်ရှောက်ရစ်ပါလော့။ ထို့ပြင် ရာဇဂြိုဟ်မြို့၌ ကုန်သည်တစ်ယောက်မှာ သားတစ်ယောက်မွေးဖွားလာလိမ့်မည်။ ထိုသားသည် ပိုက်ဆံလျှော်အဝတ်ကို ဝတ်ရုံဆင်မြန်းသည့်အတွက် သာဏဝါသိက*၁ဟု အမည်တွင်လိမ့်မည်။ သူသည် သမုဒ္ဒရာပင်လယ်ခရီးမှ ကူးသန်းရောင်းဝယ်၍ပြန်လာပြီးနောက် သံဃာတော်များကို ငါးနှစ်တိုင်လုပ်ကျွေးလိမ့်မည်။ ၎င်းနောက် သူသည် ရဟန်းပြုလိမ့်မည်။ သင်သည် ထိုရဟန်းတော်အား ဘုရားမြတ်စွာ၏ တရားအားလုံးကို လွှဲအပ်ခဲ့ပါလော့' ဟုမိန့်ကြားတော်မူပြီး စေတီတော်ကြီး(၁၂)ဆူကိုရှိခိုးဦးချ၍ ဘုရားဘုန်းကြွယ်၏စွယ်တော်များကိန်းဝပ်ရာ နဂါးပြည့်,တာဝတိံသာနတ်ပြည့်တို့သို့ကြွတော်မူ၍ စွယ်တော်ကို ဖူးမြော်တော်မူခဲ့လေသည်။ ထို့နောက် တာဝတိံသာနတ်ပြည်တည်ရှိရာ မြင့်မိုရ်တောင်ထိပ်တွင် ကွယ်ပျောက်ခဲ့ပြီးလျှင် မိမိပရိနိဗ္ဗာန်စံမည့်အကြောင်းကို အဇာတသတ်မင်းအားပြောကြားရန် ရာဇဂြိုဟ်မြို့တော်သို့ ကြွတော်မူခဲ့လေသည်။ ဘုရင့်နန်းတော်သို့ရောက်၍ နန်းတော်တံခါးအနီးရပ်တော်မူကာ တံခါးမှူးအား အဇာတသတ်မင်းတွေ့လိုကြောင်း မိန့်ကြားရာ နန်းတော်တံခါးမှူးက အဇာတသတ်မင်းအိပ်နေကြောင်း ပြန်လျှောက်ထားလေ၏။ ထိုအခါ ရှင်မဟာကာသပက ထပ်မံ၍ မိန့်တော်မူရာ တံခါးမှူးက 'အရှင်ဘုရား... အဇာတသတ်မင်းသည် ဒေါသကြီးလှပါသည်။ သူ့ကို အိပ်ရာမှနိုးခဲ့လျှင် တပည့်တော်ကိုကွပ်မျက်ပါလိမ့်မည်' ဟု ပြန်ကြားလျှောက်ထားသော် အရှင်မဟာကာသပက 'အို ဒါယကာ... သည်လိုဆိုရှိစေတော့၊ အဇာတသတ်မင်းအိပ်ရာမှနိုးလျှင် အရှင်မဟာကာသပ ပရိနိဗ္ဗာန်ပြုသွားပြီဟုပြောကြားလိုက်ပါ' ဟု မှာကြားပြီးလျှင် ကုက္ကုဋပါဒတောင်၏

*၁ အရှင်ဥပဂုတ်၏ဥပဇ္ဈာယ်မထေရ်ကို ဆိုလိုသည်။

http://www.dhammadownload.com

တောင်ဘက် အစွန်ဆုံးတောင်ထိပ်ပေါ်သို့ကြွကာ တောင်ထွဋ်သုံးခုအကြား မြက်ခင်းတစ်ခုပေါ်၌ ဈာန်သမာပတ်ဝင်စားပြီးလျှင် ပရိနိဗ္ဗာန်ပြုတော်မူလေသည်–ဟုဖြစ်သည်။[*၁]

ထို့ပြင် ရှင်မဟာကဿပမထေရ်ကြီး ပရိနိဗ္ဗာန်ပြုရာဌာနသို့ အဇာတသတ်မင်းလိုက်လာခန်းကို အေဒီ ၁၂–ရာစုခန့်က သီရိလင်္ကာ၌ရေးသားသော မဟာသမ္မိတ္ထာနိဒါနကျမ်း(ပေမူ)တွင်လည်း အောက်ပါအတိုင်း ဖော်ပြထားပြန်၏။

အရှင်မဟာကဿပမထေရ်ကြီးသည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူပြီး သက်တော်(၁၂၀)သို့ရောက်လတ်သော် မိမိ၏ပရိနိဗ္ဗာန်စံဝင်ရန်အခါကိုသိမြင်၍ အနီးဝန်းကျင်ရှိ ပရိသတ်တို့အားလည်း အသိပေးအကြောင်းကြားတော်မူခဲ့သည်။ ထိုအချိန်မှာပင် အရှင်မဟာကဿပမထေရ်ကြီးက မိမိပရိနိဗ္ဗာန်ပြုသောအခါ၌ (၁) မိမိ၏ကြွင်းသောဥတုဇရုပ်ကလာပ်သည် ကုက္ကုဠပါဒတောင်၏အထွတ်သုံးခုကြား၌ တည်နေရန်၊ (၂) အဇာတသတ်မင်းလာ၍ မိမိ၏ဥတုဇရုပ်ကလာပ်အားဖူးမြော်ပါက ကုက္ကုဠပါဒတောင်ထွတ်သည် သူ့အလိုလိုပွင့်သွားပြီး ရုပ်ကလာပ်အား ရှုမြင်ရစေပြီးနောက် ရုပ်ကလာပ်နှင့်တကွ တောင်ထွတ်နေရာကိုပါ သူတစ်ပါးတို့မမြင်ဘဲ ကွယ်ပျောက်သွားစေရန်၊ (၃) မေတ္တေယျရှင်ပွင့်ထွန်းလာ၍ ဤကုက္ကုဠပါဒတောင်သို့ ကြွရောက်လာသောအခါ ထိုတောင်ထွတ်သည်ပွင့်လာပြီးလျှင် မိမိ၏ဥတုဇရုပ်ကလာပ်တော်သည်လည်း မေတ္တေယျရှင်၏လက်တော်၌ အလိုအလျောက် တေဇောဓာတ်လောင်စေရန်–ဟူသော အဓိဋ္ဌာန်သုံးချက်တို့ကို ထားတော်မူခဲ့ပါသည်။

အရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုမည့်သတင်းကို ကြားကြသောကြောင့် မထေရ်မြတ်အား ကြည်ညိုကြသော ရဟန်းရှင်လူတို့သည် နောက်ဆုံးပစ္ဆိမဝန္ဒနာ နောက်ဆုံးပူဇော်ခြင်းအဖြစ် လာရောက်၍ဂါရဝပြုပူဇော်ကြ၏။

အရှင်မြတ်လည်း မိမိ၏ပရိနိဗ္ဗာန်စံဝင်မည့်အကြောင်းကိုမိန့်ကြားရန် အဇာတသတ်မင်းစံရာ နန်းသို့ကြွရောက်ရာ အဇာတသတ်မင်းမှာ စက်တော်ခေါ်နေသောကြောင့် မှူးမတ်တို့အား သတင်းစကားကိုမှာကြားခဲ့ရလေသည်။ အရှင်မဟာကဿပမထေရ် နန်းတော်မှပြန်ကြွပြီး ဝေဠုဝန်ကျောင်းတော်သို့အရောက် ကျိန်းစက်ရာခုတင်ထက်မှာပင် ပရိနိဗ္ဗာန်ပြုတော်မူခဲ့သည်။ အဓိဋ္ဌာန်ပြုတော်မူသည့်အတိုင်း ကြွင်းကျန်သောရုပ်ကလာပ်တော်သည် ကုက္ကုဠပါဒတောင်အတွင်း၌ တည်နေသည်။

မှူးမတ်တို့လည်း အဇာတသတ်မင်းကြီးမနှိုးမီ ရေကန်ခုနစ်ကန်တူးပြီး နို့ရည်နှင့် အခိုးအထုံဆေးတို့ ဖြည့်ထားကြ၏။ အဇာတသတ်မင်းကြီး ကျိန်းစက်ရာမှနိုးလာသောအခါ မှူးမတ်တို့က အရှင်မဟာကဿပမထေရ်ကြီး ပရိနိဗ္ဗာန်ပြုတော်မူသည့်သတင်းကို လျှောက်ထားကြသောအခါ မင်းကြီးသည် သတိလွတ်ကင်း မေ့လျော့ခြင်းသို့ရောက်လေသဖြင့် မင်းကြီးအား နို့ရည်ကန်ခုနစ်ကန်အတွင်း တစ်ဆင့်ပြီးတစ်ဆင့်စိမ်ထားကြသည်။ မင်းကြီးသတိပြန်လည်လာသောအခါ အရှင်မဟာကဿပ၏ဥတုဇရုပ်ကလာပ်တည်ရှိရာ ကုက္ကုဠပါဒတောင်သို့ တပ်ချီ၍ထွက်ခဲ့ကြ၏။ ကုက္ကုဠပါဒတောင်သို့ရောက်သော် အရှင်မဟာကဿပ၏အဓိဋ္ဌာန်အတိုင်း ကုက္ကုဠပါဒတောင်ထွတ်

---

*၁ အရှင်ကေလာသ၏ဆဋ္ဌသံဂါယနာသမိုင်းတော်ကြီး၊ ပထမတွဲ၊ ၁၉၉၇–ခုနှစ်၊ (စာမျက်နှာ–၁၃၈)။ တိဘက်မှတ်တမ်း၌လည်း အထက်ပါအတိုင်း ပြဆိုထားကြောင်းကို Rockhill' The Life of the Buddha. 1907. Page-161 တွင်ဖော်ပြထားသည်။

http://www.dhammadownload.com

သည် မင်းကြီး၏ရှိခိုးဦးခိုက်မှုကိုခံယူရန် ပွင့်လာလေ၏။ မင်းကြီးလည်း ထိုအရပ်၌တပ်ချကာ သာဓုကီဠနစျာပနသဘင်ပွဲကို ခုနစ်ရက်ကျင်းပပြီးမှ နန်းတော်သို့ပြန်ကြွရာ ကုက္ကုဠပါဒတောင်ထွတ်သည် သူ့အလိုလိုပြန်၍ကိုင်းညွှတ်ပိတ်ဆို့သွားလေတော့သည်*၁–ဟုဖြစ်သည်။

သံယုတ်ပါဠိတော်၊ ကဿပသံယုတ်၊ စီဝရသုတ် (သံ။ ၁။ ၄၁၈။)တွင်လာသော ဂေါတမမြတ်စွာဘုရားရှင်၏ ဒုကူဠသင်္ကန်းကြီးကို အရှင်မဟာကဿပရရှိတော်မူပုံအကြောင်း*၂နှင့် ကဿပဗိမ္ဗဝန္ဓနာကျမ်းနှင့်မဟာသမ္မိတ္ထာနိဒါနတို့၌လာသော အရှင်မဟာကဿပမထေရ်ကြီးပရိနိဗ္ဗာန်စံတော်မူပုံအကြောင်း ဝတ္ထုဇာတ်လမ်းနှစ်ရပ်ကို ပေါင်းစပ်လိုက်သောအခါ 'ဓုတင်္ဂဓရတေဒဂ်ရ တတိယသာဝကရှင်မဟာကဿပမထေရ်ကြီးသည် ပရိနိဗ္ဗာန်စံတော်မူပြီးသော်လည်း ဂေါတမမြတ်စွာဘုရားရှင်၏(ဒုကူဠ)သင်္ကန်းတော်ကြီးကို မေတ္တေယျရှင်ပွင့်ထွန်းလာသောအခါ၌ လက်ဆင့်ကမ်းရန် ကုက္ကုဠပါဒတောင်အတွင်း၌ ဥတုဇရုပ်ကလာပ်အဖြစ်စောင့်ဆိုင်းနေသည်'ဟူသော အယူအဆသစ်တစ်ရပ် ပေါ်ထွန်းလာလေသည်။

အချို့ဆရာတို့ကမူ 'ရှင်မဟာကဿပမထေရ်ကြီးသည် ပရိနိဗ္ဗာန်ပင်မပြုသေး။ ဂေါတမမြတ်စွာဘုရားရှင်၏(ဒုကူဠ)သင်္ကန်းတော်ကြီးကို မေတ္တေယျရှင်အားလွှဲပြောင်းပေးရန်အဓိဋ္ဌာန်ဖြင့် ပကတိသင်္ကရိထင်ရှား စောင့်ဆိုင်းနေသည်'–စသည်ဖြင့် အချက်အလက်သစ်များကိုပါ ဖြည့်စွက်လိုက်ကြပြန်ပါသည်။

ထိုသို့ဖြည့်စွက်ကြသူများတွင် မြောက်ဝိုင်းဗုဒ္ဓဘာသာစာပေကျမ်းဂန်ပညာရှင်များနှင့် မြန်မာနိုင်ငံမှ သေလေးပါးဘုရားရှိခိုးလက်ာရေးသူတို့ ပါဝင်ကြသည်။

မြန်မာ့လက်ဖြစ် သေလေးပါးဘုရားရှိခိုးလက်ာတွင်–

> မေတ္တေဖိနော်၊ မြတ်ကံ့ကော်ဝယ်၊ ပွင့်တော်မူကာ၊ မြင့်ရှည်စွာနှင့်၊ နှစ်ရှည်ကာလ၊ သာဝကစစ်၊ သားတော်ဖြစ်သား။ ရင်နှစ်ပမာ၊ မဟာကဿပ၊ မြတ်ထေရမူ၊ ဝေဘာရတောင်၊ မြင့်ခေါင်သာဝှမ်း၊ ရောင်ခြည်ထွန်းသား။ မြစန်းကမ္မလာ၊ ကျောက်နေရာထက်၊ ခန္ဓာကြွေပြတ်၊ လောင်းတော်မြတ်လျှင်၊ လျှံပတ်ဝင်းညီ၊ သို့စဉ်ရှိ၏–စသည်ဖြင့် ဖော်ပြထားသည်။*၃

နောင်တော်ကြီးမင်း(အေဒီ ၁၇၆၀–၁၇၆၃)လက်ထက်၌ အရှင်ဝရကိတ္တိရေးဖွဲ့သော ပလလဲဆင်မင်းပျို၌လည်း အရှင်မဟာကဿပကိုယ်တော်ကြီးသည် ဝေဘာရတောင်တွင် ပရိနိဗ္ဗာန်ပြုရခြင်းသည် ဂေါတမမြတ်စွာဘုရားရှင်၏ဗျာဒိတ်စကားမိန့်ကြားထားတော်မူခဲ့သောကြောင့်ဟု ဖော်ပြထားသည်ကိုတွေ့ရ၏။

ထိုပလလဲဆင်မင်းပျို၊ (အပိုဒ်–၂၆)၌

> မည်ခေါ်တွင်ထ၊ ဝေဘာရဟု၊ တောင်မအမည်၊ သုံးလုံးသည်၌၊ မထေရ်ငါးတွင်၊ အကြီးတင်သား။ ရူတင်အရှိ။ သုံးဆယ့်ကိုးကို၊ မကျိုးစေရ၊ မြဲလုံလတည်၊ ကဿပမည်၊ ငါးတပည့်လျှင်၊ ဤတောတွင်၌၊ နေချင်နိစ္စ၊ မပြောင်းကြွတည်၊ ညီလှအာနန်၊ ငါဟောဟန်ကို၊ နာခံစိတ်စိတ်၊ ဗျာဒိတ်ထားသား–*၄ဟုဖော်ပြထားပါသည်။

---

*၁ Ola leaf MS of the Mahāsamṇpiṇḍanidāna of the Colombo Museum, No. S.8- H. Saddhātissa' The Birth-Stories of the Ten Bodhisattas. 1975. Page-44. ဦးအောင်သိန်း၏ အလောင်းတော်ကဿပသမ္မိုင်းနှုတ်တမ်း။ ၁၉၇၂–ခုနှစ်။ (စာမျက်နှာ–၃၆)။ ဆရာကြီးဦးအောင်သိန်းသည် အထက်ပါအချက်ကို မည်သည့်ကျမ်းစာမှရယူကြောင်း အကိုးအကားဖော်ပြမထားခဲ့ပေ။

*၂ DPPN-II. 477.

*၃ ပညာရောင်ခြည်ဘုရားရှိခိုးအမျိုးမျိုး။ ၁၉၉၀–ပြည့်နှစ်။ (စာမျက်နှာ–၆၁)။

*၄ ကထိကဦးကျော်ရင်(တည်း)၏ ရှင်ဝရကိတ္တိစိရင်သော ပလလဲဆင်မင်းပျို။ ၁၉၅၆–ခုနှစ်။ (စာမျက်နှာ–၅၅)။ ပုလဲမြို့ ဆင်မြတ်ရှင်မော်ကွန်းစာ။ (စာမျက်နှာ–၅၅)။

http://www.dhammadownload.com

တရုတ်ခရီးသွားရဟန်းတော် ဖာယိုယယ် (Fa-hein) ၏ ခရီးသွားမှတ်တမ်း(Fu-Kwo-Ki)၊ အခန်း(၃၃) တွင်–

(အရှင်ဖာယိုယယ်)သည် ဗုဒ္ဓပွင့်တော်မူရာဗောဓိညောင်ပင်မှ တောင်ဘက် (သုံး)လီခန့်အကွာသို့ ထွက်ခွာလာရာ ဂုရုပါဒ*၁ (ခေါ်) ကုက္ကုဋပါဒတောင်သို့ရောက်ရှိသွား၏။ ထိုတောင်အတွင်း အရှင်မဟာကဿပမထေရ်ကြီး၏ရုပ်ကလာပ်တော် တည်ရှိနေ၏။ ထိုတောင်အတွင်းသို့ ရှင်မဟာကဿပသည် တန်ခိုးဖြင့်ထွင်းဖောက်ဝင်ရောက်သွားပြီးနောက် ထိုတောင်အဝင်ဝသည် အလိုအလျောက် ပိတ်ဆို့ ခဲ့သည်။ အရှင်မဟာကဿသည် သက်တော်ထင်ရှားရှိစဉ်က ထိုတောင်အဝရှိ မြေကြီးတို့ဖြင့် လက်ကိုသန့်စင်တော်မူခဲ့သည်။ ယခုအခါ ထိုတောင်အဝရှိမြေကြီးတို့ကို ခေါင်းကိုလိမ်းကျံခြင်းဖြင့် ခေါင်းကိုက်ခေါင်းမူးရောဂါပျောက်သည်ဟုယူဆပြီး ထိုဒေသနေသူများက လာရောက်လိမ်းကျံနေကြ၏။ ထိုနေရာ၌ ရဟန်းခံကြသူများကိုလည်းတွေ့ရ၏။ ထို့ပြင် အနယ်နယ်အရပ်ရပ်မှ အရှင်မဟာကဿပမထေရ်ကြီးအား လာရောက်ပူဇော်နေသူအများအပြားတွေ့ရှိရ၏။ ညအခါတွင် ဤတောင်သို့ ရဟန္တာအရှင်မြတ်များကြွလာပြီး တရားဆွေးနွေးကြ ဟောပြောကြကာ နံနက်သို့ ရောက်လျှင် ကွယ်ပျောက်သွားကြသည် *၂–ဟုဖော်ပြထားပါသည်။

တရုတ်ခရီးသွားရဟန်းတော်ရွှမ်ကျန့်(Hiuen Tsiang)၏ ခရီးသွားမှတ်တမ်း(Si-Yu-Ki)၌–

မြတ်စွာဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူအံ့သောအခါ အရှင်မဟာကဿပအား ဤသို့ မိန့်တော်မူခဲ့၏။ 'ပိဋကတ်တော်တို့ကို သင့်အားလွှဲအပ်တော်မူခဲ့၏။ မပျောက်မပျက်မယုတ်မလျော့ရအောင် စောင့်ရှောက်လေလော့။ မိထွေးတော်(ဂေါတမီ)ကပ်လှူအပ်သော သင်္ကန်းကိုလည်း မေတ္တေယျရှင်ပွင့်တော်မူသောအခါ ကပ်လှူရအောင် လွှဲအပ်ခဲ့၏။ ရှင်မဟာကဿပသည် ထိုသင်္ကန်းတော်ကို ကုက္ကုဋပါဒတောင်ထိပ်ရှိ တောင်ထွဋ်သုံးခုတို့အတွင်း၌သိမ်းဆည်းတော်မူပြီးလျှင် မိမိကိုယ်တိုင်လည်း အဓိဋ္ဌာန်ဖြင့် ထိုတောင်အတွင်းမှာပင်စံနေတော်မူခဲ့၏'။ မေတ္တေယျဘုရားရှင်ပွင့်လာပြီးနောက် မေတ္တေယျရှင်၏တရားဓမ္မတို့ကိုမနာယူဘဲ အတိုက်အခံလုပ်သူများပေါ်လာပါက ထိုသူတို့ကို ဤကုက္ကုဋပါဒတောင်သို့ခေါ်လာပြီး အရှင်မဟာကဿပကိုပြပေလိမ့်မည်။ ထိုအခါ ရှင်မဟာကဿပသည် မိမိ သိမ်းဆည်းထားသောသင်္ကန်းကို မေတ္တေယျရှင်အားပေးအပ်ပြီး ရိုသေစွာရှိခိုး၍ ကောင်းကင်သို့ ပျံတက်ကာ တန်ခိုးပြာဋိဟာပြလျက် ပရိနိဗ္ဗာန်ပြုလိမ့်မည်*၃–ဟုဖော်ပြထားပါသည်။

မြောက်ပိုင်းဗုဒ္ဓဘာသာဝင်တို့သည် အရှင်မဟာကဿပကိုယ်တော်ကြီးကိုအလွန်ကြည်ညိုကြသည်ဖြစ်၍ ယင်းတို့၏ ဗုဒ္ဓ၏မဟာသာဝက (၁၀) ပါး (Ten major disciples)စာရင်းတွင်လည်းကောင်း*၄ မြတ်စွာဘုရား၏ သာသနာကိုဆက်လက်ထိန်းသိမ်းအုပ်ချုပ်မည့်မထေရ်ကြီး(၂၄)ပါး (Twenty-Four Successors)စာရင်းတွင်

---

*၁ ဂုရုပါဒ=ဆရာသမား၏ ခြေတော်ရာရှိသောတောင် (Teacher's foothill)။ ဆရာသမားဆိုသည်မှာ အရှင်မဟာကဿပကိုဆိုလိုသည်။ ဤနှစ်မောက်နေသော တောင်ထွတ်သုံးခုရှိရာ၊ ကြက်ခြေသဏ္ဌာန်နှင့်တူ၍ ကုက္ကုဋပါဒ(Fowl's foothill)ဟုလည်း ခေါ်ပြန်သည်။

*၂ Jame Legge' A Record of Buddhistic kingdoms. 1965. Page-92.

*၃ S. Beal' Buddhistic Records of The Western World. 1884. Page-143.

*၄ (၁) ရှင်သာရိပုတ္တရာ၊ (၂) ရှင်မဟာကဿပ၊ (၃) ရှင်အာနန္ဒာ၊ (၄) ရှင်သုဘူတိ၊ (၅) ရှင်ပုဏ္ဏ၊ (၆) ရှင်မောဂ္ဂလာန၊ (၇) ရှင်ကစ္စာယန၊ (၈) ရှင်အနုရုဒ္ဓ၊ (၉) ရှင်ဥပါလိနှင့် (၁၀) ရှင်ရာဟုလာ–တို့ဖြစ်သည်– A Dictionary of Buddhist Terms and Concepts. 1983. Page-250.

http://www.dhammadownload.com

လည်းကောင်း[*၁] မဇ္ဈိမဒေသမှ ရဟန္တာအရှင်မြတ် (၂၈) ပါး (Twenty-Eight Indian Patriarches)စာရင်းတွင် လည်းကောင်း[*၂] အရှင်မဟာကဿပကို ရှေ့ဆုံးနေရာ၌ထားခဲ့ကြ၏။

ဂျပန်ဗုဒ္ဓဘာသာဝင်တို့ကမူ အရှင်မဟာကဿပမထေရ်ကြီးသည် နောင်အခါ ကောမျို (Komyo)ဟူသော ဘွဲ့အမည်ဖြင့် ပွင့်တော်မူမည့်ဘုရားရှင်တစ်ဆူဖြစ်သည်ဟု ယုံမှတ်ထားကြသည်။[*၃]

မြောက်ပိုင်းဗုဒ္ဓဘာသာကျမ်းဂန်ဖြစ်သော ဒိဗျာဝဒါနမာလာ[*၄]နှင့် ဒိဗျာဝဒါန[*၅]တို့တွင် 'မေတ္တေယျရှင် ပွင့်တော်မူသောအခါ ထိုကုက္ကုဋ္ဌပါဒခေါ် ဂုရုပဒတောင်သို့ကြွလာပြီး တရားဟောလိမ့်မည်' ဟုဖော်ပြထား၏။[*၆]

ထိုဂုရုပဒတောင်အတွင်း၌ အရှင်မဟာကဿပစံမြန်းရှိနေတော်မူပုံအကြောင်းနှင့်စပ်၍ လည်းကောင်း၊ အရှင်မဟာကဿပမထေရ်ကြီးသည် မေတ္တေယျရှင်ပွင့်တော်မူမည့်အချိန်ကိုစောင့်နေသည်ဟူသော အယူအဆ နှင့်စပ်၍လည်းကောင်း၊ မြောက်ပိုင်းဗုဒ္ဓစာပေများအပါအဝင် စာပေအမျိုးမျိုးတို့တွင် မူကွဲများစွာဖြစ်ပေါ်နေသည်ကိုတွေ့ရ၏။

ပမာပြရသော်–

၁။ အရှင်မဟာကဿပတည်ရှိရာတောင်ကို အချို့က ကုက္ကုဋ္ဌပါဒတောင်[*၇] အချို့က ဝေဘာရတောင်[*၈] အချို့က ဂုရုပါဒတောင်[*၉]–ဟုဖော်ပြကြ၏။

၂။ ထိုတောင်အတွင်း၌ အရှင်မဟာကဿပ၏ဥတုဇရုပ်ကလာပ်တော်တည်ရှိသည်၊[*၁၀] အချို့က တေဇောဓာတ်လောင်ပြီးသောအရိုးတော်အပြည့်အစုံရှိသည်၊[*၁၁] အချို့က ပရိနိဗ္ဗာန်မပြုသေးဘဲ သက်ရှိထင်ရှားရှိနေသည်[*၁၂] –စသည်ဖြင့်ဖော်ပြကြ၏။

---

*၁ (၁) ရှင်မဟာကဿပ၊ (၂) ရှင်အာနန္ဒ၊ (၃) ရှင်မဇ္ဈန္တိက၊ (၄) ရှင်သာဏဝါသ၊ (၅) ရှင်ဥပဂုတ္တ၊ (၆) ရှင်ဓရိတက၊ (၇) ရှင်မိတ္တက၊ (၈) ရှင်ဗုဒ္ဓနန္ဒ၊ (၉) ရှင်ဗုဒ္ဓမိတ္တ၊ (၁၀) ရှင်ဖုဿ၊ (၁၁) ရှင်ပုဉ္ဉယသ၊ (၁၂) ရှင်အဿဃောသ၊ (၁၃) ရှင်ကပိမလ၊ (၁၄) ရှင်နာဂါရုဏ၊ (၁၅) ရှင်အရိယဒေဝ၊ (၁၆) ရှင်ရာဟုလတာ၊ (၁၇) ရှင်သံဃနန္ဒီ၊ (၁၈) ရှင်သံဃယသ၊ (၁၉) ရှင်ကုမာရတ၊ (၂၀) ရှင်ဇယတ၊ (၂၁) ရှင်ဝသုဗန္ဓု။ (၂၂) ရှင်မနောဟိတ၊ (၂၃) ရှင်ဟတ္ထေနှင့် (၂၄) ရှင်အရိယသိံဟ–တို့ဖြစ်သည်– A Dictionary of Buddhist Terms and Concepts. 1983. Page-489.

*၂ (၁) ရှင်မဟာကဿပ၊ (၂) ရှင်အာနန္ဒ၊ (၃) ရှင်သာနဝါသ၊ (၄) ရှင်ဥပဂုတ္တ၊ (၅) ရှင်ဓရိတက၊ (၆) ရှင်မိတ္တက၊ (၇) ရှင်ဝသုမိတ္တ၊ (၈) ရှင်ဗုဒ္ဓနန္ဒ၊ (၉) ရှင်ဗုဒ္ဓမိတ္တ၊ (၁၀) ရှင်ဖုဿ၊ (၁၁) ရှင်ပုဉ္ဉယသ၊ (၁၂) ရှင်အဿဃောသ၊ (၁၃) ရှင်ကပိမလ၊ (၁၄) ရှင်နာဂါရုဏ၊ (၁၅) ရှင်အရိယဒေဝ၊ (၁၆) ရှင်ရာဟုလတာ၊ (၁၇) ရှင်သံဃနန္ဒီ၊ (၁၈) ရှင်သံဃယသ၊ (၁၉) ရှင်ကုမာရတ၊ (၂၀) ရှင်ဇယတ၊ (၂၁) ရှင်ဝသုဗန္ဓု၊ (၂၂) ရှင်မနောဟိတ၊ (၂၃) ရှင်ဟတ္ထေန၊ (၂၄) ရှင်အရိယသိံဟ၊ (၂၅) ရှင်ဝသေသိတ၊ (၂၆) ရှင်ပုဉ္ဉမိတ္တ၊ (၂၇) ရှင်ပညာတာရနှင့် (၂၈) ရှင်ဗောဓိမွေ–တို့ဖြစ်သည်– A Dictionary of Buddhist Terms and Concepts. 1983. Page-487.

*၃ A Dictionary of Buddhist Terms and Concepts. 1983. Page-250.

*၄ Mitra' Sanskrit Buddhist Literature of Nepal. 1882, Page-308.

*၅ Cowell and Neil(ed.)' The Divyāvadāna. 1886, Page-61.

*၆ Dey' The Geographical Dictionary of Ancient and Medival India. 1971. Page-73.

*၇ Eitel' Handbook of Chinese Buddhism. 1970. Page-78.

*၈ ပညာရောင်ခြည်ဘုရားရှိခိုးအမျိုးမျိုး။ ၁၉၉၀–ပြည့်နှစ်။ (စာမျက်နှာ–၆၁)။

*၉ James Legge' A Record of Buddhistic Kingdoms. 1965. Page-92.

*၁၀ Eitel' Handbook of Chinese Buddhism. 1970. Page-78.

*၁၁ S. Hardy' Manual of Buddhism. Page-97.

*၁၂ W.E.Soothill' A Dictionary of Chinese Buddhist Terms. 1934. Page-257.

http://www.dhammadownload.com

၃။ ထိုရှင်မဟာကဿပကိုယ်တော်က မေတ္တေယျရှင်အားလွှဲအပ်ရမည့်သက်နှံးသည် ဂေါတမမြတ်စွာဘုရား၏ဒုကုဋ္ဌသက်နှံးတော်*၅၊ အချို့က မိထွေးတော်ဂေါတမီလူဒါနိုးသောသက်နှံး*၂–ဟု ဖော်ပြကြသည်။

ရှင်မဟာကဿပကိုယ်တော်ကြီးကို မြန်မာနိုင်ငံ၌ ရှင်သီဝလိအရှင်ဥပဂုတ်၊ရှင်အင်္ဂုလိမာလ၊ရှင်ပိဏ္ဍောလဘာရဒွါဇ*၃ စသောအရှင်မြတ်တို့ကဲ့သို့ တသီးတသန့်ကိုးကွယ်သောအလေ့မရှိခဲ့ပါ။ ပုဂံခေတ် အလောင်းစည်သူမင်းကြီးလက်ထက်(အေဒီ ၁၁၁၃–၁၁၆၂)တွင် သီဟိုဠ်မင်း*၄ထံမှ အရှင်မဟာကဿပခုတင်ကျင့်နေပုံရုပ်ပွားတော်ကိုဆက်သလာ၍ ဖော်တော်ဦး၌ထားလျက်ကိုးကွယ်ကြောင်း ရာဇဝင်မှတ်တမ်းများ၌ဖော်ပြထားတ၏။*၅ အလောင်းစည်သူမင်းကြီးကိုးကွယ်ပူဇော်ခဲ့သော ရှင်မဟာကဿပရုပ်ပွားတော်မှာ ဉာဏ်တော်အမြင့် နှစ်ဝိုက်လေးသစ်ရှိပြီး၊ အေဒီ ၁၈၁၉–ခုနှစ်မှစ၍ မန္တလေးမြို့၊ ရွှေကျီးမြင်ဘုရားအရှေ့ အာရုံခံဇရုပ်ကြီးရှိဂန္ဓကုဋီအတွင်း၌ကိန်းဝပ်စံပယ်လျက် တစ်နှစ်လျှင်ငါးကြိမ် ဂန္ဓကုဋီပြင်ပသို့ပင့်ဆောင်ကာ ဗုဒ္ဓဘာသာဝင်သူတော်စင်များကို ကြည်ညိုပူဇော်ခွင့်ပေးထားပါသည်။*၆ ထိုရွှေကျီးမြင်ဘုရားအတွင်း အပူဇော်ခံထားရှိသော အလောင်းစည်သူမင်းကြီး၏အရှင်မဟာကဿပရုပ်တုတော်ပုံမှာ ထက်ဝယ်ဖွဲ့ခွေထိုင်တော်မူပုံဖြစ်သည်။ မျက်နှာတော်မှာ ရွှေချလွန်း၍ ပိန်းနေသည်။*၇

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့အဖို့ ပထမသံဂါယနာတင်အရှင်မဟာကဿပမထေရ်ကြီးသည် ရဟန္တာမထေရ်ကြီးဖြစ်တော်မူရကား ဤဘဝတွင်ပင် ခန္ဓာဇာတ်ချုပ်သိမ်း၍ ပရိနိဗ္ဗာန်ပြုခဲ့ပြီး အရှင်မဟာကဿပဟူသောအမည်နာမနှင့် ဂုဏ်ထူးဝိသေသမျှသာ ကြွင်းကျန်ခဲ့လေပြီဟု ယူဆကြသည်။ သို့ပါ၍ ပရိနိဗ္ဗာန်ပြုပြီးဖြစ်သော ထိုအရှင်မဟာကဿပမထေရ်ကြီး တစ်ဖန်ပြန်၍ပေါ်လာလိမ့်ဦးမည်ဟူသော အယူအဆများသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏အယူအဆများမဟုတ်နိုင်ကြောင်းကို တင်ပြလိုပါသည်။

ကဿပ (၃) (=အလောင်းတော်ကဿပ)

'ဝေဘာရတောင်၊ အလယ်ခေါင်၊ ထွန်းပြောင်ကဿပထေရ်နေရာ'ဟူသော သေလေးပါးလင်္ကာလာဝေဘာရတောင်ရှိ အရှင်ကဿပမထေရ်ကို မြန်မာနိုင်ငံအထက်ပိုင်း၊ စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ မဟူတောင်၌ ပျံလွန်တော်မူခဲ့သော အလောင်းတော်ကဿပမထေရ်မြတ်ဖြစ်လိမ့်မည်ဟူသော အယူအဆတစ်ရပ်ရှိနေပြန်ပါသဖြင့် အလောင်းတော်ကဿပမထေရ်၏အကြောင်းကိုလည်း အနည်းငယ်ဖော်ပြလိုပါသည်။

မြန်မာ့စွယ်စုံကျမ်း(အတွဲ–၁၄)၌ မုံရွာမြို့ အနောက်မြောက်ရှိ အလောင်းတော်ကဿပတည်ရာအရပ်ဒေသအကြောင်းကိုဖော်ပြထားသည်မှာ–

---

*၁ ကဿပဗုဒ္ဓဝံသနှင့် မဟာသွီဇယနိဒါန။

*၂ S.Beal' Buddhistic Records of The Western World. 1884. Page-143.

*၃ C. Duroiselle' Four Burmese Saints. ASI. 1922-23. Page 174-76.

*၄ ပေါလောန္နရုဝ်၌နှိုးနိုက်သော ဝိက္ကြမဗာဟုမင်း–၁ (အေဒီ ၁၁၁၁–၁၁၃၂)ဖြစ်သည်။ သီဟိုဠ်ရာဇဝင်၌ ဝိက္ကမ္မာ (Vikumbā) ဟု ဖော်ပြထားသည်။ ဇူဠဝံသ။ ၆၂၊ ဂါထာ–၈။ Geiger(Tr.)' Cūlavaṃsa. Part I. 1953. Page-232.

*၅ ဦးကုလား၏မဟာရာဇဝင်ကြီး၊ ပထမတွဲ။ ၁၉၂၉–ခုနှစ်။ (စာမျက်နှာ–၂၂၃)။ မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ပထမတွဲ။ ၁၉၃၃–ခုနှစ်။ (စာမျက်နှာ–၂၉၀)။

*၆ မန္တလေးမြို့၊ ရွှေကျီးမြင်စေတီတော်နှင့်ဗုဒ္ဓအံတော်သမိုင်း။ (စာမျက်နှာ–၃)။

*၇ ဟိန်းလတ်၏ ဒကွိဏာသာဓ။ ၂၀၀၁–ခုနှစ်။ (စာမျက်နှာ–၁၇)။

http://www.dhammadownload.com

မြန်မာနိုင်ငံတွင် ထင်ရှားသော စေတီပုထိုးဘုရားများစွာရှိသည့်ဌာနများအနက် မုံရွာခရိုင်ရှိ အလောင်းတော်ကဿပသည် တစ်ဌာနဖြစ်သည်။ အလောင်းတော်ကဿပသည် မုံရွာမြို့အနောက် မြောက်ဘက် မိုင်(၆၀)ခန့်အကွာ တောင်ကြီးတို့၏အကြားဌာနတည်ရှိသည်။ တည်ရာအရပ်မှာ လူနေနှင့်အလွန်ဝေးလံ၍ တောတောင်အလွန်ကြီးမားသောအရပ်ဖြစ်သည်။ အလောင်းတော်ကဿပသို့သွားရာတွင် မုံရွာမြို့မှလည်းကောင်း၊ ကန္ဒီမြို့မှလည်းကောင်း၊ တောင်ခြေစခန်းရွာသို့ကားဖြင့်သွားနိုင်သည်။ မုံရွာမှ ချင်းတွင်းမြစ်တစ်ဘက်သို့ကူး၍ ယင်းမာပင်မြို့သွားလမ်းအတိုင်း ကားစီးသွားသော် မိုင်(၄၀)ဝေးသော တောင်ခြေစခန်းဖြစ်သည့် သလောက်ရွာသို့ရောက်သည်။ သလောက်ရွာမှ အလောင်းတော်ကဿပအရောက် ခြေလျင်ခရီးဖြင့် တောင်တက်တောင်ဆင်း (၁၇)မိုင်သွားရသည်။ ကန္ဒီလမ်းမှသွားမူ တောင်ခြေစခန်းဖြစ်သော ညောင်ပင်လယ်ရွာသို့ မိုင်(၂၀)သွားရသည်။ ညောင်ပင်ရွာမှလည်း သလောက်မှတက်သကဲ့သို့ပင် တောင်ဆင်းတောင်တက် (၁၇)မိုင်သာသွားရသည်။ လူသူမနီးသောတောကြီးတောင်ကြီးလေမ်းဖြစ်၍ အသွားအလာခက်ခဲသောကြောင့်ပင် ပိုမိုကျော်ကြားသည်ဟုယူဆရပေသည်။

အလောင်းတော်သည် တောင်သုံးလုံးဆုံရာအကြား အနိမ့်ကွက်လပ်တွင် တည်ရှိသည်။ အနောက်တောင်ဘက်တွင် မဟူတောင်၊ အနောက်ဘက်နှင့် အနောက်မြောက်ဘက်တို့တွင် ပုံတောင်ပုံညာတောင်၊ မြောက်ဘက်အလောင်းတော်နှင့်အကပ်ဆုံးတွင် ပုံတောင်ပုံညာတောင် အဆက် ခေါက်လောက်တောင်ရှိသည်။ အချို့က စိတ်ကူးနှင့် မရှိမဒေသရှိ ရာဇဂြိုဟ်ပြည်ကို ဝိုင်းနေသော ဝေပုလ္လ၊ ဝေဘာရနှင့် ဂိဇ္ဈကူဋတောင်ဟုဆိုကြသည်။

အလောင်းတော်တည်ရာ ကွက်လပ်ထိပ်အပြင်သည် အလျားပေ(၁၀၀)၊ အနံပေ(၆၀)ထက် ပိုမကျယ်ချေ။ အလောင်းတော်တန်ဆောင်းသည် နှစ်ဆောင်တွဲဖြစ်၍ အရှေ့မြောက်ဘက်အဆောင်တွင် အလောင်းတော်ရှိသည်။ အနောက်တောင်ဘက်အဆောင်သည် အာရုံခံဖြစ်သည်။ တန်ဆောင်းနှစ်ဆောင်တွဲသည် အလျားပေ(၃၀)၊ အနံ(၄၂)ပေခန့်ရှိသည်။ အာရုံခံတန်ဆောင်းဘက်၌ ယခုအခါကြေးစည်ကြီးငယ် အလုံးပေါင်း(၈၀)ဆွဲချိတ်ထား၍ တန်ဆောင်းအနီးတွင် ခေါင်းလောင်းကြီးသုံးလုံးနှင့် စေတီငယ်တစ်ဆူရှိသည်။


တန်ဆောင်းအတွင်းရှိ ရုပ်ပွားတော်မှာ ဘုရားပုံတော်မဟုတ်၊ ရဟန္တာပုံဖြစ်၍ ရောင်တော်မပါချေ။ အုတ်ရိုးအင်္ဂတေပုံတော်ဖြစ်၍ ရွှေချထားသည်။ ပုံတော်သည် လက်ယာနံတောင်းဖြင့်လျောင်း၍ လက်ယာလက်ကို ပက်လက်ဖြန့်ကာ ခေါင်းအုံးလျက် အနောက်မြောက်သို့ဦးခေါင်းပြုထားသည်။ လျောင်းစက်နေသည့် လျောင်းတော်မူပုံတော်မဟုတ်ဘဲ ပရိနိဗ္ဗာန်စံတော်မူသည့်ပုံတော်မျိုးဖြစ်သည်။ အလျား(၁၅)ပေ (ဆယ်တောင်)မျှရှိသည်။[*၁] တန်ဆောင်းအတွင်း အလောင်းတော်၏ခေါင်းရင်းဘက်ရှေ့နားတွင်မတ်ရပ်တော်တစ်ဆူရှိ၏။အလောင်းတော်၏အနောက်မြောက်ယွန်း အထက်စောင်းတန်းကုန်းမြင့်ပေါ်တွင် မေတ္တာရေတွင်းရှိသည်။ စောက်ငါးတောင်ခန့်၊ ရေနေတစ်တောင်ခန့်ရှိသည်။ ရေမပြတ်ထွက်နေသဖြင့် သောက်ချိုးမကုန်ဖြစ်၏။ အချို့က ဂိဇ္ဈကူဋ်တောင်ဟုခေါ်သော မဟူတောင်

[*၁] ထိုပုံတော်ကို ဦးဂိုးကျား၏အလောင်းတော်ကဿပ။ ၁၉၇၃–ခုနှစ်။ (စာမျက်နှာ–၆၆)၌ ဖော်ပြထားသည်။ ထိုပုံတော်နှင့်ဆင်တူသော ရုပ်တုတော်မျိုးကို ပုဂံမြို့၊ မွေးရံကြီးဘုရား(ဘုရားအမှတ်–၇၇၁)၏ အနောက်ဘက်မုခ်အနီး နံရံ၌လည်းကောင်း၊ စင်းကျိုက်မြို့၊ ကေလာသဆံတော်ရှင်၌ (သောဏနှင့် ဥတ္တရမထေရ်တို့၏ရုပ်တုတော်)လည်းကောင်း တွေ့ရသည်။


http://www.dhammadownload.com



အလောင်းတော်ကဿပရွပ်ကလာပ်တည်ရှိရာ ဝုအပြင်ဘက်၌ ထိုအရှင်မြတ်အား ဥဒ္ဒိဿရည်မှန်း၍ မြုလုပ်ထားအပ်သောရွပ်တုတော်



၁၉၃၃-ခုနှစ်၊ အမျိုးသားပညာဝန် ဦးဖိုးကျား
အလောင်းတော်ကဿပသို့ သွားစဉ်က နေဆွဲခဲ့သောမြေပုံကြမ်း
ဦးဖိုးကျား၊၁၉၃၈၊စာ-၁၅။



၁၉၆၅-ခုနှစ်၊ ကျောင်းဆရာကြီးဦးအောင်သိန်း
အလောင်းတော် ကဿပသို့သွားစဉ်က
နေဆွဲခဲ့သော မြေပုံကြမ်း။

ဦးအောင်သိန်း၊၁၉၇၂၊စာ-၁၁။

http://www.dhammadownload.com

တွင် လုံးပတ်အတောင်(၂၀)ခန့်ရှိသော ကျွန်းပင်မောင်နှမရှိသည်။အလောင်းတော်တည်ရာ ကုန်းပြင်အောက်သို့ တောင်ဘက်မှချောင်းမကြီးခေါ် တောင်ကြားချောင်းသည် စီးဝင်ငုပ်လျှိုးသွားပြီးလျှင် မြောက်ဘက်မှပြန်ထွက်၍ နောက်ဆုံး ချင်းတွင်းမြစ်သို့စီးဝင်သည်။

ထိုရေချောင်းကုန်းပြင်အောက် ဝင်ရာအဝ(တောင်ဘက်ပေါက်)ကို အထက်ရေစပြစ်ခေါ်၍ ထွက်ရာအဝ(မြောက်ဘက်ပေါက်)ကို အောက်ရေစပြစ်ဟုခေါ်သည်။ ထိုအဝနှစ်ခုအကြား ချောင်းငုပ်နေသောအကွာအား ပေ(၁၅၀)ကျော် (၂၀၀)နီးပါးရှိသည်။ ဘုရားဖူးများသည် မိဋ္ဌာန်၍ ဆွမ်းတော်ပွဲများကို အထက်ရေစပြစ်မှမျှောချလိုက်သောအခါ ဆွမ်းတော်ပွဲသည် ငုပ်သွားသောချောင်းထဲသို့ ရေစီးအလိုက်ပါသွားရာတွင် အောက်ရေစပြစ်မှထွက်လာသောအခါ ဆွမ်းများပါမလာတော့ဘဲ ခွက်ချည်ထွက်လာသည်ဟု ရှေးအခါကဆိုကြသည်။

စင်စစ် ထိုချောင်းသည် တောင်ကျချောင်းဖြစ်၍ ရေစီးမြန်ပြီးလျှင် အကွေ့အကောက်နှင့် တိုက်မိခိုက်မိစရာအစွန်းများရှိသည်။ ဆွမ်းတော်ပွဲ၌ပါသမျှတိုက်မိခိုက်မိ၍ တိမ်းစောင်းကာ ရေထဲကျကျန်ရစ်ပြီး ရေပေါ်၌ပေါ်သောခွက်သာပြန်ထွက်လာခြင်းဖြစ်သည်ဟု ထင်မြင်ချက်ပေးကြသည်။ သို့ရာတွင် ယခုအခါ ထိုချောင်းသည် ဆွမ်းတော်ပွဲမျှောချလောက်အောင် ရေမများသည့်အပြင် ကျောက်လိုဏ်ဂူအဝ၌ ကျွန်းသစ်လုံးများပိတ်ဆို့နေလေသည်။ အေဒီ ၁၉၂၀–ပြည့်နှစ်လောက်အထိမူ ထိုချောင်းထဲသို့ သစ်တောဘက်မှ သစ်လုံးငယ်များမျှောချကြောင်းဆိုကြသည်။ ၁၉၃၈–ခုနှစ်က ဘုရားဖူးရောက်သော ခရီးသည်တစ်ဦး၏မှတ်တမ်း၌ ထိုချောင်းကို ဟိုဘက်သည်ဘက်ပေါက်သွားလိုသူများအား ရွှေကြိုများကခေါ်ဆောင်ပို့ပေးကြကြောင်း၊ ချောင်း၏အကျဉ်းဆုံးနေရာသည် ဆယ်ပေခန့်ရှိ၍ အချို့နေရာ၌ ရေနက်သဖြင့် ကိုယ်ဖော့သွားရကြောင်းဖြင့်ဆိုသည်။

အထက်ရေစပြစ်အဝင်ဝ၏အထက်အပေါ်တွင် ရှင်သူငယ်ပေါက်ခေါ် အပေါက်ဖေါ့တစ်ခုရှိသည်။ အတောင်(၂၀)ခန့်ဝင်မိလျှင် ကျောက်သားပိတ်၍ တွင်းခေါင်းဆုံးနေလေသည်။ ထိုပိတ်နေသောကျောက်ခေါင်းထဲတွင် ကဿပအလောင်းတော်အစစ်ရှိသည်ဟုအယူရှိကြသည်*၁–ဟုဖြစ်သည်။

မြန်မာစာပေနှင့်ပေါင်လောင်ရှင်ကဿပ


ပေါင်လောင်ရှင်ကဿပအကြောင်းကို ရှေးခေတ်မြန်မာစာပေမှတ်တမ်းများ၌ ရေးသားထားကြပုံကို ဆက်လက်ဖော်ပြပါဦးမည်။

ကုန်းဘောင်ခေတ် ဘကြီးတော်မင်းလက်ထက်(အေဒီ ၁၈၁၉–၁၈၃၈)တွင် ထင်ရှားသော ဒုတိယနဝဒေးဘွဲ့ခံ ဝက်မစွက်မြို့စားဦးနု (အေဒီ ၁၇၅၆–၁၈၄၀)၏ ကွာသျှံဂူမော်ကွန်း(အပိုဒ်–၂၃)၌ အလောင်းတော်ကဿပသည် ပုဂံခေတ် နရပတိမင်းလက်ထက်(အေဒီ ၁၁၇၄–၁၂၁၁)တွင်ပေါ်ထွန်းခဲ့ပြီး အကျင့်သီလနှင့်ပြည့်စုံသောကြောင့် မိကျောင်း၊ ကျားစသည့် နတ်များဖန်တီးပေးသောယာဉ်ကိုစီးနင်း၍သွားလာနိုင်ကြောင်းကို–


---

*၁ မြန်မာ့ယဉ်ကျေး၊ အတွဲ–၁၄။ ၁၉၇၅–ခုနှစ်။ (စာမျက်နှာ–၂၇၅)။ လွန်ခဲ့သော ၁၉၃၈–ခုနှစ်က အမျိုးသားပညာဝန်ဦးဗိုးကျား၏ အလောင်းတော်ကဿပသို့သွားသောခရီးစဉ်နှင့် တွေ့မြင်ခဲ့ရပုံများကို ဦးဗိုးကျား၏ အလောင်းတော်ကဿပ။ ၁၉၇၃–ခုနှစ်။ (စာမျက်နှာ–၁၄၊ ၅၁) နှင့် ၁၉၂၄–ခုနှစ်က ဝင်းမောင်(သနိုင်း) အလောင်းတော်ကဿပသို့သွားခဲ့ပုံတို့ကို ဝင်းမောင်၏ အလောင်းတော်ကဿပလမ်းကြောင်း၊ သနိုင်းကြောင်း (ဆောင်းပါး)။ မွေရုပ်စုံစာစောင်။ အမှတ်–၉။ ၁၉၂၄–ခုနှစ်။ (စာမျက်နှာ ၄၈–၅၅) စသည်တို့၌ကြည့်ပါ။

http://www.dhammadownload.com



၁၉၃၈-ခုနှစ်၊ အမျိုးသားပညာဝန် ဦးဖိုးကျား အလောင်းတော်ကဿပသို့ သွားစဉ်က
ကိုယ်တိုင်ရေးဆွဲခဲ့သော ဂူအပြင်ဘက်ရှိ ရုပ်တုတော်ပုံကြမ်း။
ဦးဖိုးကျား၊၁၉၃၈၊စာ-၆၆။



ဥတ္တရထေရ်



သောဏထေရ်

ဘီးလင်းမြို့၊ ကုသိနာရုံဆံတော်ရှင်ဘုရားရှိ သောဏနှင့်ဥတ္တရမထေရ်တို့အား ရည်မှန်းတည်ထားသောရုပ်တုတော်နှစ်ဆူ



ပုဂံမြို့ အရှေ့တောင်ဘက်
ဓမ္မရံကြီးဘုရား(၇၇၁)
အနောက်ဘက်နံရံ၌ တွေ့ရှိရသော
လျောင်းတော်မူ ရုပ်တုတော်။
(မည်သည့်ပုဂ္ဂိုလ်ဟု မှန်းဆ၍မရပါ)
Pichard, III. 1994, Pg.339, 771x.

http://www.dhammadownload.com

ဆယ်ကြိမ်အရိယ၊ မြတ်ဓမ္မဟု၊ သံဝရတရား၊ လေးပါးရှုအီ၊ စတုသီဖြင့်၊ ရှင့်ညီတော်နောင်၊ ပေါင်လောင်ကာသပ၊ ထေရိန္ဒနှင့်၊ နရပတိ၊ မင်းကြီးဘုန်းတော်၊ နှိုးဆော်ဘိအား။ တရားထုံးဟောင်း။ ရှေးဖြစ်ကြောင်းကို၊ မြတ်ပေါင်းရှင်ပင်၊ ဉာဏ်တော်မြင်၍၊ ရာဇဝင်ပြန်၊ သည်တွင်တန့်လျက်၊ ရွှေနန်းကြက်သရေ၊ ညွှန်ပြီးဝေစိမ့်၊ ဝေးမြေရပ်ရွာ၊ ဒေသစာတိ၊ ရေလာကြည်းလာ။ မိကျောင်းကျားဖြင့်၊ တရားခရီး၊ နတ်ယာဉ်စီး၍၊ ရှာမှီးကြည်ညို၊ ထေရ်ပုဂ္ဂိုလ်*၁–ဟုဖော်ပြထားပါသည်။

မုံရွေးဇေတဝန်ဆရာတော်(အေဒီ ၁၈၆၆–၁၈၃၄)၏ စေတီယကထာကျမ်း၌–

ပလောင်ရှင်မဟာကဿပမထေရ်လည်း ကျောက်ရစ်၊ပရိမ္မ၊အနိမ့်၊အမြင့်၊မြေတူး၊ ယောပြို့၊ မြင်းမူစသည်တို့၌ (၃၇)ဆူသောဘုရားတို့ကိုတည်တော်မူ၏။။ ပျံလွန်တော်မူရာအရပ်ကိုလည်း ရှင်မဟာကဿပသချိုင်းတော်ဟူ၍ တွင်ရစ်၏။။ ဆင်ယင်ပြို့ ဘုန်းကြီးက အုတ်ကို အလောင်းထုလုပ်၍ထားသည်ကို မပြတ်ပင်ဖူးမြော်မည်ဟု သွားကြ၏။။ ယခုအခါ သူတချို့ကား သာဝကအဝင်အရှင်မဟာကဿပအလောင်းတော်ပင် တောင်သုံးလုံးကြားမှာရှိသည်ဆိုသော ဥဒါန်းစကားကိုမှီး၍ ရဟန္တာအရှင်မဟာကဿပသချိုင်းတော်ပင်ဖြစ်သည်ဟု ထင်မှတ်ကြသည်*၂–ဟုဖော်ပြထား၏။။

မင်းတိုင်ပင်အမတ်ကြီးမဟာဓမ္မသကြီ(မောင်းထောင်သာသနာပိုင်) အေဒီ ၁၈၃၁ တွင်ပြုစုသော သာသနာလင်္ကာရစာတမ်း၌ ပေါင်လောင်ရှင်ကဿပအကြောင်း ရေးသားထားသည်မှာ–

နရပတိစည်သူမင်းကြီးလက်ထက်(အေဒီ ၁၁၆၄–၁၂၁၁)တွင် ရှင်ကဿပသည် ပေါင်လောင်အရပ်သို့ ဒေသစာရီလှည့်ပတ်သည်ကာလ ပေါင်လောင်အကြီးတို့က ပေါင်လောင်ငယ်နှစ်ယောက်*၃ကို အလုပ်အကျွေးအပ်လှူ၍ ပေါင်လောင်လူမျိုးတို့ကိုင်းညွတ်သောကြောင့် ပေါင်လောင်ရှင်ဟုတွင်လေသည်။ ကဿပသည် သီဟိုဠ်သို့သွားလိုလျှင် နတ်သိကြားတို့ ကျားယောင်ဖန်ဆင်း၍တင်ပို့သည်။*၄ ရံခါလည်း သဘော်စီး၍သွားသည်။ တရံရောအခါ သဘော်စီး၍လိုက်လေလျှင် ပင်လယ်ရေပြင်တွင် သဘော်မသွားဘဲ ရပ်တန့်ခဲ့၍ မသူတော်ပါချေပြီဟု စာရေးတံကောက်ကြသော် ရှင်ကဿပကိုသာသုံးကြိမ်တိုင်အောင် စာရေးတံကျလေရကား သဘော်ကချကြလေ၏။။ ထိုသို့ချသည်ကို မိကျောင်းကျောက်ထက်တင်၍ သီဟိုဠ်သို့ရောက်အောင်ပို့လေ၏။။ ဘီလူးကျွန်းသို့ ဒေသစာရီလှည့်ပတ်သည်တွင်လည်း ဘီလူးမျက်မမြင်တို့အား မေတ္တာရေချမ်းပေး၍ မျက်မြင်စေ၏။။ ထိုသို့သောကျေးဇူးကြောင့် ငရမန်၊ တောင်ကျည်းဟူသော ဘီလူးညီအစ်ကိုနှစ်ယောက်ကို ဘီလူးတို့က အပ်လှူလိုက်သည်။*၅ သီဟိုဠ်မဟာစေတီပုံ,လောဟပါသာဒပုံ၊ ဓာတ်တော်မွေတော် မဟာဗောဓိညောင်ရွှေတော် အစေ့မျှားကိုဆောင်ခဲ့သည်ဟု ကျောက်စာရှိသည်*၆–ဟုဖြစ်ပါသည်။

---

*၁ ဝက်မွေတ်နဝဒေးဏ်၊ ဣသ္သရုမော်ကွန်း။ ၁၉၆၆–နှုန်စ်။ (စာမျက်နှာ–၄၅)။

*၂ မုံရွေးဇေတဝန်ဆရာတော်၏ စေတီယကထာ(ရာဇဝင်ရှုပ်)။ လင်္ကာနိပ်စက်မှု။ (စာမျက်နှာ–၁၅)။

*၃ ညီညီသင်(ညီညီတင်)နှင့် တေပင်(သေဘင်)–တို့ကို ဆိုလိုသည်။ ဤပလောင်ညီနောင်နှစ်ဦး၏ရုပ်တုပုံကို စစ်ကိုင်းတိုင်း၊ မြောင်ဖြို့နယ်၊ ကျောက်ရစ်ရွာ၊ ရွှေပေါင်လောင်ဘုရားကြီးနှင့် ချောင်ဦးဖြို့နယ်၊ တောကျောင်းကြီးကျေးရွာရှိ ရွှေဂူကြီးဘုရားတို့၌ တွေ့နိုင်သည်။

*၄ ပေါင်လောင်ရှင်ကဿပ ကျားစီးပုံ၊ မိကျောင်းစီးပုံရုပ်တုတို့ကို မြောင်ဖြို့နယ်၊ ကျောက်ရစ်ရွာ၊ ရွှေပေါင်လောင်ဘုရားနှင့် ချောင်ဦးဖြို့နယ်၊ တောကျောင်းကြီးရှိ ရွှေဂူကြီးဘုရားတို့၌တွေ့နိုင်သည်။

*၅ ငရမန်နှင့် တောင်ကျည်း ဘီလူးညီနောင်ရုပ်တုပုံကို စစ်ကိုင်းတိုင်း၊ မြောင်ဖြို့နယ်၊ ကျောက်ရစ်ရွာ၊ ရွှေပေါင်လောင်ဘုရားကြီးနှင့် ချောင်ဦးဖြို့နယ်၊ တောကျောင်းကြီးကျေးရွာရှိ ရွှေဂူကြီးဘုရားတို့၌တွေ့နိုင်သည်။

*၆ မဟာဓမ္မသကြီ၏ သာသနာလင်္ကာရစာတမ်း။ ၁၉၅၆–နှုန်စ်။ (စာမျက်နှာ–၁၁၃)။

http://www.dhammadownload.com



ပေါင်လောင်ရှင်ကဿပ မိကျောင်းစီးဟန်ပုံတော်။
ဓာတ်ပုံ - ဆရာကြီးဦးမောင်မောင်တင်၊မဟာဝိဇ္ဇာ။



ဘီလူးညီနောင် ဂရန်မာန်နှင့် ငတင်ကြည်ပုံ။



ပေါင်လောင်ညီနောင် ညှိသင်နှင့်ငတပင်ပုံ။

ဆရာကြီးဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)၊ ၁၉၉၈၊ပုံ-၆၊ပုံ-၇။

http://www.dhammadownload.com

ကုန်းဘောင်ခေတ် မင်းတုန်းမင်းကြီးလက်ထက် (အေဒီ ၁၈၅၃–၁၈၇၈)၌ထင်ရှားခဲ့သော စလေဦးပုည (အေဒီ ၁၈၁၂–၁၈၆၇)၏ ဆွမ်းတော်ကြီးစာတမ်း၌–

ပင်လယ်သမုဒ္ဒရာ၊ တဘက်မှာသို့၊ ဒေသစာမည်၊ ကြွတုံလိုက၊ အကိုယ်လျောင်းလျောင်း။ မိကျောင်းကျားကြီး။ ကျောက်ထက်စီး၍၊ ခရီးသွားစမှတ်ပြုသော၊ ဓနုပလောင်တို့သခင်၊ ပေါင်းလောင်ရှင်ရဟန္တာမဟာကဿပ၊ ဈာန်ရဘုန်းလျှံ၊ မထေရ်ပျံ*၁–စသည်ဖြင့်ပြဆိုထားပါသည်။

သေကျွတောင်ဦးတီလောက(အေဒီ ၁၈၃၁–၁၉၂၀?)၏ တိုင်းကြီးသောဥသကမ္ဘာမြေပုံကျမ်းတွင်–

အညာချင်းတောင်မှာ အလောင်းတော်ကဿပဆိုတာ ပလောင်ကဿပဖြစ်သည်။ ဘုရားလက်ထက်တော်ကရှိသော အရှင်မဟာကဿပမဟုတ်ဘူး၊ ရဟန္တာပလောင်ကဿပ–ပရိနိဗ္ဗာန်စံတဲ့နေရာမှာ ဒကာဥပါသကာများရုပ်ပွားတော်ပြုလုပ်၍ ကိုးကွယ်တည်ထားကြသည်*၂–ဟု ရေးသားခဲ့ပါသည်။

အမျိုးသားပညာဝန်ဦးဖိုးကျား(အေဒီ ၁၈၉၁–၁၉၄၂)၏ အလောင်းတော်ကဿပစာအုပ်၌ ဖော်ပြထားသော ပေါင်လောင်ရှင်ကဿပ၏အကြောင်းကို အကျဉ်းချုံး၍တင်ပြရလျှင်–

သက္ကရာဇ် ၅၃၆–ခုနှစ် (အေဒီ ၁၁၇၄–ခုနှစ်) ပုဂံပြည် နရပတိစည်သူမင်းလက်ထက်၊ ချင်းတွင်းမြစ်ကြီး၏အနောက် ပခန်းကြီး(ကူးခန်းကြီး)မြို့အရှေ့ ကူနီနဝင်းရပ်၌ ပေါင်လောင်ရှင်ကဿပ၏ မိဖများနေထိုင်ကြသည်။ ရှင်ကဿပမွေးလျှင်မွေးချင်း ထိုအရပ်သို့ ယောနယ်က ပေါင်လောင်များ ဝင်ရောက်တိုက်ခိုက်ကြပြီး ရှင်ကဿပ၏ဖခင်ကိုဖမ်းသွားကာ မိခင်ကိုသတ်ခဲ့ကြ၏။ ရှင်ကဿပ၏ဖခင်သည် သူပုန်လက်မှပြန်လွတ်လာပြီး မိတဆိုးရှင်ကဿပနှင့်အတူနေရာမှ ပေါင်လောင်နယ်သို့ ခိုဝင်ခဲ့ကြ၏။ ထိုသို့ ပေါင်လောင်အရပ်၌ပင် ရှင်ရဟန်းဖြစ်ကာ ပုဂံနေပြည်တော်သို့ပြောင်းလာခဲ့၏။ ပေါင်လောင်အရပ်မှကြွလာသော ရှင်ကဿပဖြစ်၍ ပေါင်လောင်ရှင်ကဿပဟုခေါ်ကြ၏။ ပုဂံ၌နေစဉ် သီဟိုဠ်သို့ကြွသွားဖူး၏။ တဖန် ပခုက္ကူအနောက် ဖိုင်(၂၀)ခန့်ဝေးသော ကျောက်စရစ်(ကျောက်ရစ်)၌ ကျောင်းထိုင်နေခဲ့ဖူး၏။ ထိုကျောက်စရစ်(ကျောက်ရစ်)ကျောင်းအနီး ရွှေမဉ္ဇောဘုရား၌ ရှင်ကဿပ၏ မိကျောင်းစီးနေပုံရုပ်တု၊ ကျားစီးနေပုံရုပ်တုများရှိ၏။ ပုဂံမြို့တွင် မင်းနန်သူအရပ်၌နေကာ ထိုအရပ်ကို ယခုတိုင် ကဿပအစုဟု ထင်ရှားနေ၏။ ရှင်ကဿပသည် စလင်း,ပခန်း,အနိမ့်,အမြင့်,မြင်းမူ,ဘားတောင်မ,မြေတူး,ဒီပယင်း,ဖိုးဝံတောင်စသော နေရာများတွင် ဘုရားတည်ခဲ့ကြောင်း၊ ပုဂံ၌နေစဉ် ပရမတ္ထဗိန္ဓုဠီကာနှင့်မဟာဗောဓိဝင်ဠီကာကျမ်းကို ရေးသားခဲ့ကြောင်း၊ သီဟိုဠ်သို့ကြွစဉ်က အပြန်တွင် ဗောဓိပင်များယူလာပြီးစိုက်ပျိုးသဖြင့် မြန်မာနိုင်ငံ ဗောဓိပင်များကို ရှေးဦးစ၍ စိုက်ပျိုးသည်ဟုလည်း သမိုင်းတွင်ခဲ့ပါသည်။ ရှင်ကဿပသည် သာသနာပြုခရီးကြွစဉ်မှာ လမ်းခရီးဖြစ်သော မဟူတောင်ဆုံအရပ်၌ပျံလွန်၍ ကိုးကွယ်သူဒကာ,ဒကာမများက ကောင်းစွာသင်္ဂြိဟ်ကြပြီး အထိမ်းအမှတ် အလောင်းတော်သဏ္ဌာန်ရုပ်တုတစ်ဆူ ပြုလုပ်ထားခြင်းဖြစ်သည်။ ရှေးမင်းအဆက်ဆက်ဤအလောင်းတော်ကဿပနေရာကို စောင့်ရှောက်ခဲ့ကြပါသည်*၃–ဟုဖြစ်ပါသည်။


---

*၁ စလေဦးပုည၏ဆွမ်းတော်ကြီးစာတမ်း။ ဦးပုည စာပန်းကုံးများ–၂။ ၁၉၉၁–ခုနှစ်။ (စာမျက်နှာ–၁၆၀)။

*၂ သေကျွတောင်ဦးတီလောက၏တိုင်းကြီးသောဥသကမ္ဘာမြေပုံကျမ်း(အကျဉ်း)။ ၁၉၂၄–ခုနှစ်။ (စာမျက်နှာ–၁၀)။

*၃ ဦးဖိုးကျား၏အလောင်းတော်ကဿပ။ ၁၉၇၃–ခုနှစ်။ (စာမျက်နှာ ၁၁၃–၁၂၇)။ ဦးကုန္ဒောဘာသ(ဦးဆောင်)၏ရွှေပေါင်လောင်မြတ်စွာဘုရားကြီး၏သမိုင်းစာအုပ်။ ပေါင်လောင်ရှင်ကဿပ၏ဖြစ်တော်စဉ်ကိုလည်းကြည့်ပါ။

http://www.dhammadownload.com



မြင်းခြံခရိုင်၊ ဆီမီးခုံမြို့အပိုင်၊ သိမ်ရွာ၌ အလောင်းတော်ကဿပရုပ်တုတော်တည်ရှိရာ
ကလျာဏီသိမ်တော်ရင်ကျောင်းတော်ကြီး
ဗန္ဓုရဝင်း၊ ၁၉၉၃၊စာ-၂၈။



မန္တလေးမြို့၊ ရွှေကျီးမြင်ဘုရားရှိ
ရှင်မဟာကဿပ ဂုဟဋ္ဌာရုပ်တုတော်။
(သီရိလင်္ကာမင်းမှအလောင်းစည်သူမင်းသို့
လက်ဆောင်ပေးခဲ့သော ရဟန္တာရုပ်တုတော်ပုံ)
ဟိန်းလတ်၊ ၂၀၀၁၊စာ-၁၆၊ပုံ-၅။

http://www.dhammadownload.com

ထိုပေါင်လောင်ရှင်ကဿပအကြောင်းကို သမိုင်းပါမောက္ခဒေါက်တာသန်းထွန်း၏ မဟာကဿပဂိုဏ်း စာတမ်း၌ဖော်ပြထားသည်မှာ–

> အေဒီ–၁၃၈၈ တွင် ရေးထိုးသောကျောက်စာ (စစ်ကိုင်းခရိုင်၊ မြောင်မြို့နယ်၊ ကျောက်ရစ်ရွာ၊ ရွှေပေါင်လောင်ဘုရား(၄)မျက်နှာကျောက်စာ၊ အရှေ့မျက်နှာ/ ၉၊ သကရစ် ၇၅၀)တွင် ဇာတာခွင်နှင့် တကွ ငပေါင်လောင်သင်အမည်ရှိသော သျင်မဟာကဿပသည် အေဒီ–၁၁၆၉ တွင်မွေးသည်ဟု သိရ၍ အခြားကျောက်စာတစ်ခု(ဓာတ်ပုံ–၄၇၄/၇၊ သကရစ် ၇၀၆) ၏အဆိုအရ– စစ်ကိုင်းခရိုင်၊ မြောင်မြို့နယ်၊ ယခု ပရိမ္မခေါ်သော ပရိမ်လျှင် ဖွားရာဇာတိရှိသည်ဟုသိရပါသည်။ ပညာအရည်အချင်းအားဖြင့် 'ငပေါင်အိုလောင်အိသင် မဟာကဿပကား ဝိတကတ်ကိုဝ် အလွန်တတ်ရယ်' ဟု အခြားကျောက်စာတခု(အနိမ့်တောကျောင်း ရွှေကူကျောက် ၂/၃၊ သကရစ် ၇၄၈)၌ ဘတ်ရပြန်သည်။ ဂုဏ်သိက္ခာအားဖြင့် 'ဖုရာမ္လတ်စွာတော်တမူ၏ တပေအ်သာ မဟာကဿပနှင့် တူလကျည်သောဝ် မဟာကဿပ ငပေါင်လောင်သင်' ဟု (အနိမ့်တောကျောင်း ရွှေကူကျောက် ၅/၂/၁၊ သကရစ် ၇၄၀) ဟုတွေ့ရသည်။ ဤပုဂ္ဂိုလ်သည်ပင်လျှင် မိမိမွေးဖွားပြီးသည် သကရစ် ၅၃၁ (အေဒီ–၁၁၆၉)မှလွန်၍ အနှစ်နှစ်ရာကျော်လျှင် တအံ့တသြပြောစရာပုဂ္ဂိုလ်ထူးဖြစ်၍လာပါသည်။ xxx အရည်ဝါသီတောကျောင်းဂိုဏ်း သို့မဟုတ် အရည်းဂိုဏ်းကို တည်ထောင်သူ မဟာကဿပ အမည်ရှိ ငပေါင်လောင်သင်သည် အသက် ၁၀၃ သို့မဟုတ် ၁၀၉ အထိနေပြီးမှ ပျံလွန်သည်ဟု ယူဆရပါမည်။ ယင်းဆရာတော်တည်ထောင်သောဂိုဏ်းလည်း အေဒီ–၁၅၀၀ ကျော်သည့်တိုင်အောင် ဆက်လက်၍ကြီးပွားထွန်းကားသည်ဟု ရဲဝန်စွာမှတ်ယူနိုင်ပါသည်[*၁]–ဟူ၍ဖြစ်သည်။

ပေါင်လောင်ရှင်ကဿပလေ့လာချက်

ပေါင်လောင်ရှင်ကဿပသည် သီရိလင်္ကာမှပင့်ဆောင်လာသော ဓာတ်တော်မွေတော်တို့ဖြင့် အထက်မြန်မာနိုင်ငံ မြို့ရွာအနှံ့ စေတီပုထိုးများစွာတည်ခဲ့ရာ၊ (၃၅)ဆူခန့်ရှိသည်ဟုသိရ၏။[*၂]

ထိုစေတီတို့တွင်– ကမ်းနိမ့်တောကျောင်းကြီးရွာတွင် ရွှေဂူကြီးကျောင်းတိုက်ကြီးနှင့် စေတီတော်မြတ်ကြီး၊ အမြင့်တောကျောင်းတွင်တစ်ဆူ၊ ကျောက်ရစ်ရွာတွင် သမ္မုတိဘုရားခေါ် ရွှေပေါင်လောင်ဘုရားကြီး၊ နွားမလဲဂူဘုရား၊ မြောင်မြို့နယ် နဘက်ရွာရွှေသိမ်တော်ဘုရား၊ နဘက်ရွာပေါ်တော်မူဘုရား၊ ငမြှောင်တောင်ရွာရွှေသိမ်တော်ဘုရား၊ ပရိမ္မတောကျောင်းဘုရား၊ ရှင်ပင်ရွှေပေါင်လောင်ဘုရား၊ စစ်ကိုင်းနယ် ဆားတောင်မရွာတောကျောင်းဘုရား၊ ဒီပဲယင်းတောကျောင်းဘုရား၊ တန့်ဆည်မြို့နယ်(ရွေးကောင်းမြို့နယ်) နဘတ်ကြီးရွာတောကျောင်း ငွေခွက်သွက်ဘုရား(ရှစ်မျက်နှာဘုရား)၊ ရေစကြို့မြို့နယ် ဂူနီ နဝင်းရွာ(ကိုကြီးကျော်နန်းအနီးရွာ) မယ်တော်ကိုယ်စား စေတီတစ်ဆူ(ရွှေမုဋ္ဌောစေတီအနီး)၊ ခမည်းတော်ကိုယ်စားစေတီတစ်ဆူ (သိမ်တိုက်တောကျောင်းအတွင်း)၊ ပခုက္ကူမြို့ ပေါင်လောင်ရှင်ရဲပွက်ရှိ ပေါင်လောင်ရှင်ဘုရား(ရွေးကောင်းမြစ်ကိုင်းရွာဦး)၊ ပုဂံမြို့ မင်းနန်သူရွာ လေးမျက်နှာဘုရား၊ မင်းနန်သူကျောင်းတိုက်မှ အရှေ့ကဿပဘုရားနှင့် အနောက်ကဿပ၊ ပုဂံရွှေစည်းခုံဘုရားအနီးတစ်ဆူ၊ မြင်းခြံမြို့ ရွာမှိုင်း(ရကိုင်း)ရွာသိမ်တော်ရှင်ဘုရား၊ ချောက်ဘုရားလှ၊ ကန်စွန်းအိုရ

---

*၁ ဒေါက်တာသန်းထွန်း၏ မြန်မာရာဇဝင်စာတန်း၊ အမှတ်–၁။ ၁၉၆၉–ခုနှစ်။ (စာမျက်နှာ–၂၃၄၊ ၂၃၆)။ ဒေါက်တာသန်းထွန်း၏ မဟာကဿပဂိုဏ်း(စာတန်း)။ JBRS. Vol.XLII. Part II. 1959. Page-96,98,117.

*၂ ဦးဓမ္မသာ(ဦးဆောင်)၏ ပေါင်လောင်ရှင်မဟာကဿပ၏ မူလမဟာအောင်မြေတောကျောင်းတိုက်တာကြီးနှင့် ရွှေဂူကြီးဘုရားသမိုင်း။ ၁၉၉၉–ခုနှစ်။ (စာမျက်နှာ–၃၂)။

http://www.dhammadownload.com

ဘုရား၊ သိကြားတောင်ဘုရား၊ စာကြိုရွာဘုရား၊ ကျောက်မြေရွာဘုရား၊ ပေါက်မြို့နယ်(ယောနယ်) ညောင်ဝန်ရွာ ယောရွေပေါင်လောင်ဘုရား၊ ထန်းဘိုတောကျောင်းဘုရား၊ ကန်းတူတောကျောင်းဘုရား၊ ဝင်မနားတောကျောင်း ဘုရား၊ ဖိုးငံတောကျောင်းဘုရား၊ ထိန်တောကျောင်းဘုရား၊ ဆားလင်းကြီးမြို့နယ် တုံရွာတောကျောင်း သိမ်ဘုရား၊ တုံရွာတောကျောင်း ရွှေဥမင်ဘုရား၊ တရားရွာ နှစ်ကျိပ်ရှစ်ဆူဘုရား၊ ယင်းမာပင်မြို့နယ် မင်းစုရွာ တောကျောင်းဘုရား၊ ကျောက်မြက်ရွာ ရွှေမြင်တင်ဘုရားကြီး၊ ရေပုတ်ရွာ ရေပုတ်ဘုရားကြီး၊ တံတားဦး မြို့နယ် မြေငူပုဏ္ဏားခြံရွာ ရှင်ပင်ထိန်လင်းဘုရား–တို့ပါဝင်သည်။

ထိုဘုရားများစွာတွင် မြင်းခြံခရိုင်မြောက်ဘက် ဆီမီးဒုံမြို့အပိုင် ကျားတိုင်းအုပ်စု သိမ်ရွာရှိ ကလျာဏီ သိမ်တော်နှင့် ထိုသိမ်တော်ရင်ဂန္ဓကုဋိတိုက်အတွင်းရှိ ပေါင်လောင်ရှင်ကဿပရုပ်တုတော်မှာလည်း ထူးခြားလှပေသည်။ ထူးပုံမှာ– ထိုသိမ်အတွင်းရှိ အရှင်ကဿပရုပ်တုသည် ဉာဏ်တော်အမြင့်တစ်တောင်ခန့်ရှိသည်။ ကျားပေါ်တွင်ထိုင်တော်မူ၍ မိကျောင်းပေါ်တွင်ခြေတော်နှစ်ဖက်တင်ထားဟန်ဖြစ်သည်။ ယာဘက်လက်၌ ယပ်ကို ကိုင်ပြီး ပခုံးပေါ်ထမ်းတင်ထား၏။ လက်ဝဲလက်၌ တောင်ဝှေးကိုကိုင်၍ မိကျောင်းကျောပေါ်တွင်ထောက်ထားသည်။

သိမ်ရွာအနီးရှိ ကျားထိုင်ရွာ၊ မရိုးကုန်းရွာ၊ ကျောက်ကုန်းရွာ၊ ဆင်းရွက်ရွာ၊ အစရှိသောရွာတို့မှ ရွာသူ ရွာသားတို့သည် 'ကျိန်ချင်လျှင် သိမ်ဝင်မလား၊ စိန်ခေါ်လျှင် သိမ်တော်ရင်သွား' ဟူသော စကားဆောင်ပုဒ်ဖြင့် ထိုသိမ်တော်ရင်ဘုရား ဂန္ဓကုဋိအတွင်းရှိ မိကျောင်း စီးဟန် ပေါင်လောင်ရှင်ကဿပ၏ရုပ်တုအရှေ့တွင် အမှုစစ်ဆေးကာ နှစ်ဖက်ပုဂ္ဂိုလ်တို့ကျိန်ဆိုပြောကြားကြလျှင်၊ မမှန်ထွက်သူတို့ လက်ငင်းမကြာဘေးသင့်ကြကြောင်း ပြောစမှတ်ရှိလေသည်။*၁

ရွာဌ်ရောဂါအန္တရာယ်တစ်စုံတစ်ရာကျရောက်လျှင် မိုးနည်းမိုးခေါင်လျှင် အပူရှိန်လွန်လျှင် ထိုရှင်ကဿပ ရုပ်တုကို မိမိတို့ရွာသို့ပင့်ဆောင်ကြ၍ ဆွမ်း,ပန်း,ရေချမ်း,ဆီမီး စသည်ကပ်လှူပူဇော်ခြင်း၊ ပရိတ်တရားတော် ရွတ်ဖတ်ကြခြင်း၊ သစ္စာပြုအဓိဋ္ဌာန်ထား၍ဆုတောင်းကြပါက ကျရောက်သောဘေးမှကင်းလွတ်၍ ကောင်းကျိုး ချမ်းသာရရှိသည်ဟု ယုံကြည်ကြသည်။*၂

ပေါင်လောင်ရှင်ကဿပသည် မြန်မာနိုင်ငံ၌ ဗုဒ္ဓပွင့်တော်မူရာ ဗောဓိပင်ကို ပထမဆုံးစိုက်ခဲ့သည့်ပုဂ္ဂိုလ်၊ တစ်နည်း ဗောဓိသာသနာကို ပထမဦးဆုံးစတင်ခဲ့သူဟုလည်း ယူဆကြ၏။ ထိုပေါင်လောင်ရှင်ကဿပသည် မဟာဗောဓိပင်ကို ကြည်ညိုသည့်အားလျော်စွာ သဟဿရံသီမည်သော မဟာဗောဓိဝင်ဋီကာ (၁၈ အင်္ဂါ၊ ၃ ချပ်)။ ဥကြောင်းရေးပေ)ကိုလည်း ရေးသားတော်မူခဲ့သည်။ ဝိနည်းကိုအလေးဂရုပြုသော တောရကျောင်းနေ ပုဂ္ဂိုလ်ဖြစ်၍ ဝိနည်းဆိုင်ရာ ဒုဒ္ဒသိက္ခာအဌကထာနိဿယကိုလည်း ရေးသားခဲ့သည်ဟု အမှတ်အသားရှိသည်။ သို့ဖြစ်၍ ထိုရှင်ကဿပသည် ပါဠိဘာသာနှင့် ဝိနယဓမ္မတို့၌ကျွမ်းကျင်သည်ဟု ယူဆနိုင်၏။ သာသနာလင်္ကာရ စာတမ်း၌ 'ရဟန္တာအရိယာဟူ၍သမုတ်ကြ၏'*၃–ဟုဖော်ပြထား၏။

သို့ပါသော် ဒုတိယနဝဒေးဦးနု(အေဒီ ၁၈၅၅–၁၈၄၀)၏ ကွာသျှံဂူမော်ကွန်း(အပိုဒ်–၂၄)၌ ထိုအရှင်ပေါင်လောင် ကဿပသည် သီဟိဠ်ကျွန်းမှ အိန္ဒိယနိုင်ငံသို့ကြွတော်မူပြီး မြန်မာနိုင်ငံသို့ပြန်လာသောအခါ ဗုဒ္ဓနှင့်ခေတ်ပြိုင် ပေါ်ထွန်းခဲ့သော ကျိန်းဘာသာဂိုဏ်း၏(၂၄)ဆူမြောက်ဘုရားရှင် မဟာဝိရ (= ဗေရသွာ၊ ၅၉၉–၅၂၇ ဘီစီ) ၏ ရွှေရုပ်တုတော်ကိုပင့်ဆောင်လာကြောင်း အောက်ပါအတိုင်းဖွဲ့ဆိုထားပါသည်။

---

*၁ ဗန္ဓရဝင်း၏ သစ္စာတန်ခိုးရှင် သိမ်တော်ရင်(ဆောင်းပါး)။ ဓမ္မရုပ်ခုံစာစောင်၊ အမှတ်–၉။ ၁၉၉၃–ခုနှစ်။ (စာမျက်နှာ ၂၀–၂၉)။

*၂ မောင်ဖိုးကျား၏ ပေါင်လောင်ရှင်ကဿပထေရ်မြတ်ရုပ်တုတော်(ဆောင်းပါး)။ မြတ်မင်္ဂလာစာစောင်။ အတွဲ–၁၂၊ အမှတ်–၄။ ၁၉၉၆–ခုနှစ်။

*၃ မဟာမဃုသကြီး၏သာသနာလင်္ကာရစာတမ်း။ ၁၉၅၆–ခုနှစ်။ (စာမျက်နှာ–၁၁၀)။ ဓမ္မစရိယဦးဌေးလှိုင်၏ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ။ ၁၉၈၉–ခုနှစ်။ (စာမျက်နှာ–၆၀)။ အရှင်ဓမ္မသာရ၏ ရွှေဂူကြီးဘုရားသမိုင်း။ ၁၉၉၉–ခုနှစ်။ (စာမျက်နှာ–၃၉)။

http://www.dhammadownload.com

ပေါင်လောင်ကာသပ၊ သီဟိုဠ်ကလျင်၊ မဇ္ဈိမတိုက်၊ မြို့လိုက်ရွာပြည်၊ ဘွေပြန်နှည်သော်၊ မထေရ်ပေါက်ထီး၊ မုန်သောက်ကြီးတို့၊ ထုံးတီးနည်းသေ၊ ရှိတိုင်းမွေလျက်၊ ရှင်ဗေရသွာ၊ မဟာဝီရ၊ သဒ္ဓါအလို၊ မြန်မာဆိုမူ၊ မဂ်ဖိုလ်ယှဉ်မှီ။ လုံ့လကြီးတည့်၊ မထီးဘုရား။ ရွှေရုပ်ပွားကို၊ ကိုးထားကွယ်ဆောင်၊ ပြန်ခဲ့နောင်ဝယ်*၁–ဟု ရေးထား၏။

အရှင်ကာသပသည် ထိုမဟာဝီရရွှေရုပ်တုကိုဌာပနာပြီး ဇာတိကျောက်ရစ်ရွာ၌ ဘုရားတည်ထားသည်ဟုလည်း ကွာသျှံဂူမော်ကွန်း၌ပြုထား၏။ ဤသို့ ထေရဝါဒဝိဋကစာပေအလိုအားဖြင့် တတ္တိဆရာကြီးခြောက်ဦးတွင် တစ်ဦးအပါအဝင်ဖြစ်သော ဂျိန်းဘုရား မဟာဝီရ၏ရုပ်ပွားကိုပင့်ဆောင်ယူလာ၍ ကိုးကွယ်ခြင်းအကြောင်းကို ထောက်သော် ပေါင်လောင်ရှင်ကာသပကို ရဟန္တာအရိယာဟုဆိုခဲ့ကြခြင်းမှာ တွေးဆဖွယ်များစွာရှိလေသည်။ ဝိဋကတ်ပါဠိစာပေ၌ ထိုဂျိန်းဘုရားမဟာဝီရကို နိဂဏ္ဌနာထပုတ္တအမည်ရှိသောတိတ္တိဆရာကြီးအဖြစ် ဖော်ပြထားသောကြောင့်ဖြစ်သည်။ *၂

ပေါင်လောင်ရှင်ကာသပအား ပုဂံခေတ်နရပတိစည်သူမင်းကြီး၏အမတ် မင်းအနန္တသူရဖန်းမောင်နှံတို့က ဆရာအမှတ်ဖြင့်ကိုးကွယ်ဆည်းကပ်၍ ဘုရား,သိမ်,ကျောင်းစသည် ကြီးကျယ်စွာလှူဒါန်းခဲ့ကြောင်းတို့ကို ရာဇဝင်သမိုင်းကျမ်း၌ဖော်ပြထား၏။ *၃

မင်းအနန္တသူဖန်းမောင်နှံကောင်းမှုတည်ရာဌာနမှာ ပုဂံမြို့အရှေ့တောင်ယွန်း နှစ်မိုင်ကျော်ခန့်ရှိ မင်းနန်သူရှာ၌ဖြစ်၏။ မင်းနန်သူရှာ၌ လေးမျက်နှာဘုရား(ဘုရားအမှတ်–၄၄၇)သည် ထင်ရှားသောဘုရားတစ်ဆူဖြစ်သည်။ ထိုလေးမျက်နှာဘုရားအတွင်းနံရံ၌ (၅၄၇)ဇာတ်၏ ဇာတ်ကွက်ကမ္ဘည်းမင်စာများ၊ (၂၈)ဆူသောဘုရားတို့၏ အကြောင်းအရာမင်စာများ ရေးထား၏။

ပုဂံဘုရားများရှိဗုဒ္ဓဝင်မင်စာတို့ကိုလေ့လာသုတေသနပြုကြသူများက ထိုလေးမျက်နှာဘုရားပါဗုဒ္ဓဝင်မင်စာအကြောင်းအရာတို့သည် ဗုဒ္ဓဝင်ပါဠိတော်၌မပါဝင်သောအချက်အလက်များကိုတွေ့ရသဖြင့် 'ဤလေးမျက်နှာဘုရား၌ ဗုဒ္ဓဝင်မင်စာကိုရေးခဲ့သူလက်တွင် အလွန်ပြည့်စုံသောဗုဒ္ဓဝင်ကျမ်းတစ်စောင်ရှိပေလိမ့်မည်။ ထိုဗုဒ္ဓဝင်ကျမ်းသည် မည်သည့်ဗုဒ္ဓဝင်ကျမ်းဖြစ်သည်ကို မသိရ။ သို့ပါ၍ ထိုဗုဒ္ဓဝင်ကျမ်းသည် မည်သည့်ဗုဒ္ဓဝင်ကျမ်းဖြစ်သည်ကို ဆက်လက်သုတေသနပြုကာဖော်ထုတ်နိုင်ကြပါစေ'*၄ဟု ရန်ကုန်တက္ကသိုလ်မှ ပါဠိစာပေပညာရှင်တို့က တိုက်တွန်းနှိုးဆော်ထားခဲ့၏။ ရန်ကုန်တက္ကသိုလ်၊ အရှေ့တိုင်းဌာနမှ ပါဠိစာပေပညာရှင်များပင်မဖော်နိုင်သော ထိုဗုဒ္ဓဝင်ကျမ်းသည် လေးမျက်နှာဘုရားကိုဦးဆောင်၍တည်ထားခဲ့သော ရှင်မဟာကာသပ သီဟိုဠ်ကျွန်းကသယ်ယူလာသောကျမ်းတို့တွင် တစ်ကျမ်းအပါအဝင်ဖြစ်ပေလိမ့်မည်။ ထိုခေတ်က သီဟိုဠ်မှပုဂံသို့ ထေရဝါဒဆရာတော်ကြီးများ၏လက်ရာမဟုတ်သောပါဠိကျမ်းများ*၅ကို တင်သွင်းနေကြသူတွင် ပေါင်လောင်ရှင်ကာသပလည်း တစ်ပါးဖြစ်ကြောင်း ယူဆနိုင်လေသည်။

---

*၁ ဝက်မစွတ်နဝဒေး၏ ကွာသျှံဂူမော်ကွန်း။ ၁၉၆၆–ခုနှစ်။ (စာမျက်နှာ–၄၇)။

*၂ DPPN. II. 61, 64. ထိုမဟာဝီရ၏ နိဂဏ္ဌကို 'ဝဒ္ဓမာန'ဟုလည်း၏သည်။ Dr. Malalasekera(ed.)' Encyclopaedia of Buddhism. Vol.VI; Fascicle 4. 2002. Page-551. နိဂဏ္ဌဆရာကြီးနှင့် ယင်း၏အယူဝါဒအကြောင်းကို ဒီဃ။၁။၅၄။ ဒီဃ။၁။၁၅၁။ မဇ္ဈိ။၃။၇၀။ သံဃီ။၂၆၇။ မဂ္ဂိ။၃။၄၀ –တို့သိုကြည့်ပါ။

*၃ မှန်နန်းရာဇဝင်တော်ကြီး၊ ပထမတွဲ။ ၁၉၃၃–ခုနှစ်။ (စာမျက်နှာ–၃၂၈)။

*၄ ရန်ကုန်တက္ကသိုလ်အရှေ့တိုင်း(ပါဠိ)ဌာန၏ ဗုဒ္ဓဝင်ပါဠိမင်စာများ။ ၁၉၈၁–ခုနှစ်။ (စာမျက်နှာ–၃၉၀)။

*၅ ထိုကျမ်းများသည် ထေရဝါဒဝိဋကတ်စာပေနှင့်မဆန့်ကျင်သော်လည်း ထေရဝါဒဝိဋကတ်၌မပါရှိသော အချက်အလက်များစွာပါရှိသည့် သောတတ္ထကိ မဟာနိဒါန်၊ လောကပညတ္တိ၊ ဆဂတိ၊ ပဋ္ဌာဂတိ၊ စန္ဒသူရိယဂတိဒီပနီ၊ အနာဂတဝံသ၊ အနာဂတဝံသအဋ္ဌကထာ–စသောကျမ်းတို့ဖြစ်သည်။

http://www.dhammadownload.com

ပေါင်လောင်ရှင်မဟာကဿပသာသနာပြုခဲ့သော ပုဂံမြို့ဟောင်း မင်းနန်သူတစ်ဝိုက် ကဿပအစု*၁တွင် မဟာယာနဗုဒ္ဓဘာသာ၏အရိပ်အငွေ့များစွာကို တွေ့ရသည်ဟုဆိုပါသည်။ အထူးသဖြင့် မင်းနန်သူရှိ ဘုရားသုံးဆူ ဘုရား(ဘုရားအမှတ်-၄၇၇၊၄၇၈၊၄၇၉)၌ မဟာယာနဗုဒ္ဓဘာသာ၏ အရိပ်အငွေ့ကိုလည်းကောင်း၊ နန္ဒာမညာ ဘုရား(ဘုရားအမှတ်-၅၇၇)၌ တန္တြယာနဗုဒ္ဓဘာသာ၏အရိပ်အငွေ့ကိုလည်းကောင်း တွေ့ရသည်။*၂ သမိုင်းပညာရှင်တို့ကမူ မဟာယာနနှင့် တန္တြယာနသဘောကိုမတွေ့ရဘဲ တောကျောင်း(အရည်ဝါသီ)တို့၏သဘော သဏ္ဌာန်ကိုသာ တွေ့ရသည်ဟုဆို၏။*၃

သမိုင်းပညာရှင်တို့၏လေ့လာချက်အရ အနော်ရထာမင်း(အေဒီ ၁၀၄၄-၁၀၇၇)လက်ထက်ကနှိမ်နင်းခဲ့သော အရည်းဂိုဏ်းသားတို့သည် ပင်းယခေတ်သီဟသူမင်း(အေဒီ ၁၃၁၂-၁၃၂၄)လက်ထက်တိုင်ရှိနေသေးရာ၊ ထို အရည်းဂိုဏ်း၏ကာလအပိုင်းအခြားကို အေဒီ ၁၂၀၀-ခန့်မှ ၁၅၀၀-အထိဟုပိုင်းခြားသတ်မှတ်ခဲ့၏။ ထိုကာလ အပိုင်းအခြားအတွင်းတည်ထွန်းနေသော အရည်းဂိုဏ်းသည် နရပတိစည်သူမင်း(အေဒီ ၁၁၇၄-၁၂၁၁)လက်ထက်၌ တောကျောင်း(တင်္ဂလွှောင်း)ဂိုဏ်းအဖြစ်ထင်ရှားခဲ့ပြီး အရည်းကြီးပုဂ္ဂိုလ်တို့သည် တောနေရဟန်း(တင်္ဂလွှတ်ကြီး)များ ဖြစ်လာသည်။ ထိုတောနေရဟန်းများ၏တောကျောင်းဂိုဏ်းသာသနာပိုင်သည် ပေါင်လောင်အရှင်မဟာကဿပ ဖြစ်ပါသည်။*၄ ဤအချက်အလက်များထောက်ထား၍ ပေါင်လောင်ရှင်ကဿပမထေရ်ကို ပါဠိစာပေရှုထောင့် သာသနာ့သမိုင်းရှုထောင့် စသည့်ရှုထောင့်စုံတို့မှ ထပ်မံ၍အသေအချာလေ့လာရန် များစွာလိုအပ်လျက်ရှိကြောင်း တင်ပြလိုပါသည်။

ရှင်မဟာကဿပကြီးနှင့် ပေါင်လောင်ရှင်ကဿပတို့ရောထွေးပုံ

ပေါင်လောင်ကဿပသည် ယောနယ်သို့သာသနာပြုကြွရင်း လမ်းခရီး၌ပုံလွန်တော်မူခဲ့ပြီဖြစ်၍ မဟူတောင်၌ မြှုပ်နှံသင်္ကြံဟ်ခဲ့ပါသည်။ ထိုမဟူတောင်အတွင်း၌ရှိသော ပေါင်လောင်ကဿပ၏ရုပ်ကလာပ်တော်သည် မီးသင်္ကြံဟ်ရန်အတွက် မေတ္တေယျရှင်ကိုစောင့်ဆိုင်းနေရသည်ဟု ရပ်ရွာဓလေ့ရှေးထုံးစဉ်လာပြောကြပြန်သည်။ ဤအချက်သည် ပေါင်လောင်ရှင်ကဿပ၏ပုံလွန်တော်မူခန်းကို ကဿပဗိမ္ဗဝန္ဒနာကျမ်းနှင့် မြောက်ပိုင်းဗုဒ္ဓဘာသာဆိုင်ရာကျမ်းဂန် တို့၌လာသော ပထမသံဂါယနာဓိပတိ အရှင်မဟာကဿပကြီး၏ပရိနိဗ္ဗာန်စံခန်းနှင့်ရောထွေးလိုက်ခြင်းပင်ဖြစ်သည်။

မုံရွေးဇေတဝန်ဆရာတော်ကြီး(အေဒီ ၁၆၆၆-၁၈၃၄)က စေတိယကထာကျမ်း၌ ဤသို့ ပထမသံဂါယနာတင် ရှင်မဟာကဿပနှင့် ပေါင်လောင်ရှင်ကဿပတို့ အကြောင်းနှစ်ရပ်ရောထွေးခဲ့ပုံ၏အခြေခံအချက်အလက်ကို ရှင်းလင်းတင်ပြထားသည်မှာ-

> ယခုအခါ အချို့ကား သာဝကဝင်အရှင်မဟာကဿပအလောင်းတော်ပင် တောင်သုံးလုံး ကြားမှာရှိသည်ဆိုသော ဥဒါန်းစကားကိုမှီ၍ ရဟန္တာအရှင်မဟာကဿပသချိုင်းတော်ပင်ဖြစ်သည် ဟူ၍ ထင်မှတ်ကြ၏။ မိုးညှင်း (=မိုးညှင်းသတို့။ အေဒီ ၁၄၂၆-၁၅၀)လက်ထက် အညာမိုးညှင်းသား တို့ကို တွင်းသင်းတိုက်*၅ ကပိုင်မြေတွင်ထား၍ စောင့်ရှောက်စေ၏။ သက္ကရာဇ် ၁၁၂၈-ခု (အေဒီ

---

*၁ အနောက်ကဿပဘုရား(၅၀၆)၊ အရှေ့ကဿပဘုရား(၅၀၅)။ ဦးဗိုကော်၏ ပုဂံသုတေသနလမ်းညွှန်။ ၁၉၈၁-ခုနှစ်။ (စာမျက်နှာ-၃၇၇)။

*၂ Aung Thaw' Historical Sites in Burma. 1972. Page-95,96.

*၃ Michael Aung Thwin' Pagan. 1989. Page-37; Paul Strachan' Pagan. 1989. Page-130.

*၄ ဒေါက်တာသန်းထွန်း၏ မဟာကဿပဂိုဏ်း(စာတန်း)။ JBRS. Vol. XLII. Part II. 1959. Page-98.

*၅ တွင်းသင်းမင်းကြီးဦးထွန်းညို(အေဒီ ၁၅၂၆-၁၈၀၆)အုပ်ချုပ်ရသော မြို့နယ်တစ်ခုမကကြီးသော ဒေသအစိတ်အပိုင်းကိုဆိုလိုသည်။ မောင်ရွှစ်ဖေ၏ တွင်းသင်းစာဆို။ ၁၉၇၅-ခုနှစ်။ (စာမျက်နှာ-၁၃)။

http://www.dhammadownload.com

၁၈၆၆–ခုနှစ်) အတုလဆရာတော် (အေဒီ ၁၈၁၄–၁၈၈၄)ဘုရားရှိခိုးသွားသောနှစ် ထိုကပိုင်သား တို့ကို အဇာတသတ်မင်းကြီးလူခဲ့သောဟန် ကျောက်စာ*၁ ရေးသားထားခဲ့လေသော် မုချပင် အရှင်မဟာကဿပအလောင်းမှန်ပြီဟူ၍ အထင်ရှိကြသည်။ အမရပူရမြို့တည် မင်းတရားလက်ထက် ကျောက်စာအသစ်ရေးရာတွင်လည်း အတုလဆရာတော်စကားကို အခိုင်စွဲ၍နေကြချေပြီ'*၂–ဟု ဖြစ်ပါသည်။

ဤအထောက်အထားများအရ အလောင်းတော်ကဿပတောင်အတွင်းရှိ အလောင်းတော်သည် ကဿပ ဘုရားရှင်လည်းမဟုတ်၊ ပထမသံဂါယနာတင် အရှင်မဟာကဿပလည်းမဟုတ်ဘဲ ပေါင်လောင်ရှင်ကဿပ၏ အလောင်းသာဖြစ်ကြောင်း သိသာလေပြီ။

မေတ္တေယျနှင့် အလောင်းတော်ကဿပ ညီနောင်တော်စပ်ပုံ

ဦးဥတ္တရ၏ ရှင်မဟာကဿပထေရဂုဏ်ဆီခေါ် အလောင်းတော်ကဿပသမိုင်းအကျဉ်းချုပ်စာအုပ်၊ (စာမျက်နှာ–၇) တွင် ဂေါတမမြတ်စွာဘုရား၊ မေတ္တေယျရှင်နှင့် အလောင်းတော်ကဿပတို့သည် တစ်ချိန်သော အခါက ညီအစ်ကိုသုံးဦး တော်စပ်ခဲ့ဖူးသည့်အကြောင်းကို အောက်ပါအတိုင်းရေးထားပါသည်။

လွန်လေပြီးကာ ရှေးအခါက ဗာရာဏသီပြည်ဝယ် ငါတို့၏ဂေါတမဘုရားအလောင်း၊ အရိမေတ္တေယျဘုရားအလောင်း၊ အရှင်မဟာကဿပအလောင်းတို့သည် ညီနောင်သုံးယောက် ဖြစ်ကြကုန်၏။ ထိုညီနောင်သုံးယောက်တို့သည် မိဘနှစ်ပါး နတ်ရွာလားကြသောအခါ ဃရာဝါသ ခွာရှောင်၍ ရသေ့ညီနောင်သုံးပါးပြုလုပ်ကြကုန်၏။ ထိုရသေ့ညီနောင်သုံးယောက်တို့သည် ဝေဘူလ၊ ဝေဘာလ၊ ဣသိလိဂ(သုနန္ဒရလည်းဟူ၏) အမည်ရှိကြသော တောင်သုံးလုံးတို့မှာနေထိုင်ကြကာ၊ တစ်ဦးနှင့်တစ်ဦး အလွန်ကြည်နူးချစ်ခင်ကြကုန်လျက် တရားအားထုတ်ရင်း တစ်နေ့သောအခါဝယ် ၎င်းညီနောင်သုံးယောက်တို့တွင် အရိမေတ္တေယျဘုရားအလောင်းအလျာညီထွေးရသေ့သည် ရှင်မဟာ ကဿပအလောင်းအလျာနောင်လတ်ရသေ့အား ဤသို့ပြောဆိုမှာထား လျှောက်ကြားလေသည်။

အသင်သည် ငါတို့၏နောင်တော်ရသေ့ကြီးဂေါတမဟူသောအမည်ဖြင့် ဘုရားဖြစ်တော်မူသောအခါ သင်က ရှင်မဟာကဿပဟူသောအမည်ဖြင့် ဓုတင်(၁၃)ပါးဆောင် တေဒဂ်ရသည့် ရဟန္တာကြီးဖြစ်ပါလိမ့်မည်။ ငါသည်ကား နောင်ကြီးဂေါတမဘုရားသာသနာ ကွယ်ပျောက်ခဲ့ပြီး မကြာမီ အရိမေတ္တေယျဟူသောအမည်နှင့် ဘုရားဖြစ်ပါလိမ့်မည်။ သင်သည် နောင်ကြီးဂေါတမဘုရား သာသနာတော်၌ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံယူသောအခါ၌ ပရိနိဗ္ဗာန်ယူပြီးနောက် သင့်ရဲ့ရုပ်ကလာပ် တော်ကို တေဇောဓာတ်မလောင်မကျွမ်းဘဲ ငါ အရိမေတ္တေယျဟူသောအမည်နှင့် ဘုရားဖြစ်သည့် တိုင်အောင် မပျက်မစီးတည်ရှိရန် အဓိဋ္ဌာန်ပြု၍ထားခဲ့ပါ။ ငါဘုရားဖြစ်သည့်အခါ သင်၏ရုပ်ကလာပ် အလောင်းတော်ကို ငါ၏လက်ဝါးပေါ်သို့တင်ပြီးလျှင် ရဟန်း၊ရှင်၊လူ၊နတ်၊ဗြဟ္မာ ပရိသတ်အစုံအညီနှင့် သက္ကြိုဟ်ပါမည်'ဟု ကတိကဝတ်ပြောဆိုကာ မှာထားလျှောက်ကြားခဲ့ပေသည်။

---

*၁ ထိုကျောက်စာကို ဦးဖိုးကျား၏ အလောင်းတော်ကဿပ။ ၁၉၇၃–ခုနှစ်။ (စာမျက်နှာ–၁၃၅)၌ကြည့်ပါ။

*၂ မုံရွေးဆရာတော်၏ စေတိယကထာကျမ်း။ (လက်နှိပ်စက်မူ) (စာမျက်နှာ–၁၅/၁၆)။

http://www.dhammadownload.com

နောင်လတ်ရသေ့ကြီး(အရှင်ကဿပ)လည်း ညီထွေး(မဂ္ဂေါယျအလောင်း) ပြောဆိုမှာကြား လျှောက်ထားသည့်စကားကို ဝမ်းမြောက်ဝမ်းသာကောင်းလှပါပြီဟု ဝန်ခံစကားပြန်ကြားခဲ့လေသည်–ဟုဖြစ်ပါသည်။*၁

ရှင်ကဿပ၏ တေဇောဓာတ်လောင်ခန်းမှကွဲများ

ဤနေရာ၌ မဂ္ဂေါယျရှင်နှင့်ဆက်စပ်လျက်ရှိသော ထိုရှင်ကဿပတေဇောဓာတ်လောင်ခန်းကို တင်ပြပါဦးမည်။ ရှင်မဟာကဿပ တေဇောဓာတ်လောင်ခန်းမှာလည်း ဇာတ်လမ်းနှစ်မျိုးကွဲပြားနေပြန်သည်။

အလောင်းတော်ကဿပဘုရားရှိခိုး၌–

ဩကာသ–ဩကာသ၊ အလောင်းတော်မြတ်လှ၊ ကဿပသည်၊ ရှေးကသောခါ၊ ကျေးသူငါဟု၊ သေရွာအကောင်၊ စိမ်းမြရောင်က၊ မောင်ရှင်သာဝက၊ မိတေးယကို၊ စိတ်ကမာကြည်၊ သင်္ကြိဟ်မည်ဟု၊ ကြဲစည်ရကား၊ ပြာသာဒ်များနှင့်၊ လုပ်ငြားသည်တွင်၊ ဖိုခွင်အောက်ဖို၊ ငှက်မိသောအား၊ ခံငြားဝိပါက်၊ စဉ်မပျက်သည်၊ ခုထက်တိုင်အောင်၊ ဝေဘာတောင်မှာ၊ လိုဏ်ချောင်ဥမင်၊ အထဲတွင်၌၊ မြတ်ရှင်ကဿပ၊ ရှိဘို့ရ၏*၂–ဖော်ပြထား၏။

ထိုသေလေးပါးဘုရားရှိခိုးလက်ာအရ–

အရှင်ကဿပသည် နှစ်ဉအခါက ကျေးတစ်ကောင်သေနေသည်ကိုတွေ့ရ၍ ပြာသာဒ်တလားနှင့် ကောင်းစွာသင်္ကြိဟ်မည်ဟုကြဲစည်ပြီးမှ အလုပ်များ၍ ခုံလောက်ကြားတွင်သွင်းထားပြီးမေ့နေသည်။ နောက်မှသတိရပြီး ပြာသာဒ်တလားနှင့်ကောင်းစွာသင်္ကြိဟ်ခဲ့၏။ ထိုသို့ ကျေးသေလေးကို ခုံလောက်ကြား၌ထားမိသော ဝိပါကဝဋ်ကျွေးကြောင့် အရှင်ကဿပ၏ရုပ်ကလာပ်တော်သည် ဤ(ဝေဘာရ)တောင်ကြား၌ပိတ်မိနေသည်–ဟူ၏။ နောက်မှသတိရပြီး ကျေးသေကလေးကို ပြာသာဒ်တလားနှင့် သင်္ကြိဟ်သောကုသိုလ်ကြောင့် နောင်အရိမဂ္ဂေါယျရှင်ပွင့်တော်မူသောအခါ နောက်ပါသာဝကတို့ဖြင့် ကြွလာပြီးလျှင် ထိုကျောက်တောင်အတွင်းပိတ်မိနေသော အလောင်းတော်ကဿပ၏ရုပ်ကလာပ်ကို ထုတ်ယူပြီး ကောင်းစွာသင်္ကြိဟ်ပေးလိမ့်မည်*၃– ဟုဖြစ်သည်။

အချို့ကမူ 'မဂ္ဂေါယျရှင်ကြွလာပြီး အလောင်းတော်ကဿပ၏ရုပ်ကလာပ်တော်ကို မဂ္ဂေါယျရှင်၏ လက်ဝါးတော်ထက်တွင်ထားပြီး မီးသင်္ကြိဟ်လိမ့်မည်ဟုလည်းပြောကြပြန်သည်။ ထိုအချက်မှန်ပါသလား'–ဟု လုံးတော်ဆရာတော်ကြီးဦးဂုဏဝါ(အေဒီ ၁၈၂၈–၁၈၉၀)ထံ ကြဲခင်းမြို့နေ ဒါယကာမောင်စံပြည့်မေးလျှောက်ရာ ဆရာတော်ကြီးက 'ထိုအချက်မှာ အမှန်မဟုတ်'*၄ ဟုဖြေဆိုခဲ့ပါသည်။

မဂ္ဂေါယျရှင်၏လက်ဝါးပေါ်၌ မီးတင်သင်္ကြိဟ်လိမ့်မည်ဟူသော အယူအဆနှင့်စပ်၍ ပြောဆိုကြသော ဇာတ်လမ်းတစ်ပုဒ်မှာ အောက်ပါအတိုင်းဖြစ်သည်။

ရှေးအခါက မဂ္ဂေါယျရှင်သည် ဆင်ထိန်းဖြစ်ခဲ့ပြီး၊ အရှင်မဟာကဿပအလောင်းသည် ဆင်ဖြစ်ခဲ့၏။ အလောင်းတော်ဆင်ထိန်းသည် ဆင်ကို ပန်းပဲဖိုအနီး၌လွှတ်ထား၏။ ပန်းပဲဖိုသူကြီးက

---

*၁ ဦးဥတ္တရ၏ ရှင်မဟာကဿပထေရဂုဏ်ဆိ။ (စာမျက်နှာ–၇)။

*၂ ဦးဖိုးကျား၏ အလောင်းတော်ကဿပ။ ၁၉၇၃–ခုနှစ်။ (စာမျက်နှာ–၉၇)။

*၃ ဦးဖိုးကျား၏ အလောင်းတော်ကဿပ။ ၁၉၇၃–ခုနှစ်။ (စာမျက်နှာ–၉၈)။

*၄ လုံးတော်ဆရာတော်၏ ပကိဏ္ဏကဝိဿဇ္ဇနာကျမ်း၊ ပထမတွဲ။ (စာမျက်နှာ–၄၆၇)။

http://www.dhammadownload.com

ဆင်ကို မိမိ၏ဖိုအနီးသို့မလွှတ်ရန် ဆင်ထိန်းအားပြောကြား၏။ ဆင်ထိန်းက မိမိ၏ဆင်သည် ဆင်ယဉ်ဖြစ်၍ အန္တရာယ်မရှိကြောင်း လူစကားနားလည်ကြောင်းပြော၏။ ထိုအခါ ပန်းပဲဖိုသူကြီးက ဆင်ဆိုသည် တိရစ္ဆာန်ဖြစ်၍ ယဉ်သည့်,ရိုင်းသည်ဖြစ်စေ စိတ်မချရပေ။ လူစကားနားလည်သော ဆင်ဖြစ်ပါက မီးဖုတ်ထားသော သံတွေခဲကို ကိုင်ခိုင်းလျှင် ကိုင်ပါ့မလားဟုမေး၏။ ဆင်ထိန်းက စမ်းကြည့်ပါဆို၍ သံတွေခဲကိုမီးဖုတ်ပြီး ဆင်ကိုအကိုင်ခိုင်း၏။ ဆင်သည် ဆင်ထိန်းအမိန့်ဖြင့် သံတွေခဲကို နှာမောင်းဖြင့်ကိုင်လေရာ နှာမောင်းလောင်၍ သေရှာလေသည်။ အလောင်းတော် ဆင်ထိန်းသည် ထိုအကုသိုလ်ဝိပါက်ကြောင့် မေတ္တေယျရှင်ဖြစ်လာသောအခါ မိမိ၏လက်ဝါးပေါ်တွင် ထိုဝဋ်ကျွေးကိုဆပ်ရန်အလို့ငှာ ဆင်ဖြစ်ခဲ့ဘူးသော ပေါင်လောင်ကသဖ၏ရုပ်အလောင်းကိုတင်ပြီး မီးသင်္ဂြိုဟ်ပြုရမည်။ ထိုသို့ပြုလျှင် လက်ဝါးတော်မီးသင့်ကာပရိနိဗ္ဗာန်စံဝင်လိမ့်မည်[*၁]–ဟုဖြစ်သည်။

ထေရဝါဒပိဋကတ်စာပေအလိုအရ ဘုရားရှင်တို့မည်သည် မည်သည့်ပုဂ္ဂိုလ်၏ပယောဂကြောင့် ပရိနိဗ္ဗာန်ပြုရိုးထုံးစံမရှိ၊ မိမိအလိုလိုသာလျှင် ပရိနိဗ္ဗာန်ပြုရိုးရှိသည်ဖြစ်ရာ အထက်ဖော်ပြပါအချက်ကို ထေရဝါဒဗုဒ္ဓဘာသာဝင်တို့အဖို့ လက်ခံနိုင်ရန်မှာ ခဲယဉ်းလှပေသည်။ ဝိ၊ဋ္ဌ၊၁၊၁၄၇။

အရှင်ကဿပ၏ ပရိနိဗ္ဗာန်စံခန်းလေ့လာချက်

သေလေးပါးဘုရားရှိခိုးလက်ာကိုစီစဉ်သူပညာရှင်သည် အရှင်ကဿပ၏ပျံလွန်ခန်းအချက်အလက်ကို မည်သည့်ကျမ်းမှရခဲ့ကြောင်းကို လေ့လာတင်ပြလိုပေသည်။ ထိုသေလေးပါးဘုရားရှိခိုးလက်ာ၌–

> 'လေးမည်သူမှန်၊ ရှင်အရဟံတို့၊ ဝေဖန်ဖော်ပြ၊ နက်နဲလှသော၊ ဓမ္မဝိဘင်း၊ ကျမ်းခပင်းမှ၊ မယွင်းမယုတ်၊ ရအံထုတ်၍'ဟု မည်သည့်ကျမ်းမှ အဆိုပါအချက်ကိုရရှိကြောင်း ဝန်ခံဖော်ပြထားပါသည်။

ထိုလက်ာအရ ရှင်အရဟံဘွဲ့မည်ရှိသောမထေရ်စီရင်သည့် ဓမ္မဝိဘင်းအစရှိသောကျမ်းများမှရသည်ဟု ဆိုနိုင်သည်။ ရှင်အရဟံ–ဆိုသည်မှာ ပုဂံခေတ်ကထင်ရှားသော ရှင်အရဟံစသော ရဟန်းတစ်ပါးပါးကို ဆိုလိုဟန်မတူ၊ ရဟန္တာမထေရ်တစ်ပါးပါးကိုဆိုလိုဟန်ရှိသည်။ (အရဟန္တ>အရဟန်>အရဟံ)။

ကျမ်းဝိဘင်း(ဝိဘင်္ဂ)ဆိုရာတွင်လည်း အဘိဓမ္မပိဋကလာ ဝိဘင်္ဂပါဠိတော်ကျမ်း(အဘိ၊၂။)နှင့် သုတ္တန်ပိဋကာ၊ မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ ဝိဘင်္ဂဝဂ္ဂပါ မဟာကမ္မဝိဘင်္ဂသုတ် (မ၊၃။၂၄၉။) ဟု ဝိဘင်္ဂ (ဝိဘင်း)ကျမ်းရှိကြသော်လည်း ထိုဝိဘင်းကျမ်းတို့ကို ဆိုလိုဟန်မရှိပေ။

မြောက်ပိုင်းဗုဒ္ဓဘာသာစာပေဖြစ်သော ကရ်မဝိဘင်္ဂ (Karmavibhaṅga) ခေါ် မဟာကရ်မဝိဘင်္ဂကို ရည်ညွှန်းလိုဟန်ရှိပြီး၊ ထိုကျမ်း၌ အရှင်မဟာကဿပအကြောင်းကိုဖော်ပြထားပါသည်။[*၂] သေလေးပါးဘုရားရှိခိုးလာ 'ဓမ္မဝိဘင်း၊ ကျမ်းခပင်း' သည် မြောက်ပိုင်းဗုဒ္ဓဘာသာဂိုဏ်း(တစ်နည်း)မဟာယာနဗုဒ္ဓဘာသာဂိုဏ်းမှ ရေးဖွဲ့ထားသော ကရ်မဝိဘင်္ဂကျမ်းကိုဆိုလိုပါသည်။ သို့ပါ၍ အရှင်ကဿပနှင့်စပ်သောအယူအဆတို့သည် များသောအားဖြင့် မြောက်ပိုင်းဗုဒ္ဓဘာသာဝင်တို့၏ကျမ်းဂန်စာပေလာသောအယူအဆများသာဖြစ်သည်။

---

*၁ ထီးချိုင့်ပြို့တည်တောဆရာတော်၏ ယနေ့ဗုဒ္ဓဝါဒဆိုင်ရာအမေးအဖြေများ(၃)။ ၁၉၉၉–ခုနှစ်။ (စာမျက်နှာ–၁၀၂)။

*၂ Sylvain Levi(ed.)' Karmavibhaṅga and Karmavibhaṅgopadeśa. 1932. 45: 1. ဤကရ်မဝိဘင်္ဂကျမ်းသည် သီရိလင်္ကာနိုင်ငံမှ တစ်ဆင့် မြန်မာနိုင်ငံသို့ရောက်ခဲ့ပုံရသည်။ ထိုကျမ်းကို သီရိလင်္ကာနိုင်ငံ၌ များစွာသုံးစွဲခဲ့ကြောင်း အထောက်အထားများတွေ့ရသည်။ Godakumbura' Sinhalese Literature. 1955. Page-51, 354.

http://www.dhammadownload.com

(ခ) အရှင်ဥပဂုတ်မထေရ်အကြောင်းလေ့လာချက်

ငါးမာရ်အောင်မြင်၊ မေတ္တေရှင်ကို၊ ဖူးမြင်ရအောင်၊ ကြံရည်ဆောင်၍၊ ဝေးခေါင်ကာလ၊ ငါမျှော်ရသည်၊ ဇီဝမြင့်ရှည်၊ သက်တော်တည်လျက်၊ ထေရ်မွန်မြတ်စွာ၊ ရဟန္တာတွင်၊ အရှင်ဥပဂုတ်၊ ဘုန်းတော်အုပ်လျက်၊ ပတ်ချုပ်လှုံပြောင်၊ ရွှေလရောင်သို့၊ တောင်သမုဒ္ဒရာ၊ ရေထဲမှာမူ၊ စံရာတုလွတ်၊ ကြေးပြာသာဒ်နှင့်၊ ပျော်မှတ်ကြည်ဖြူ၊ နေတော်မူ၏*J –

ဟူသော ရှင်လေးပါးဘုရားရှိခိုးအရ ရှင်ဥပဂုတ်ရဟန္တာမထေရ်ကြီးသည် တောင်သမုဒ္ဒရာအတွင်း ကြေးပြာသာဒ်၌ မေတ္တေယျရှင်ကိုဖူးမြင်ခွင့်ရရန် သက်တမ်းရှည်စွာစောင့်ဆိုင်းနေခြင်းဖြစ်သည်ဟုသိရသည်။

ရှင်ဥပဂုတ်နှင့်မြန်မာနိုင်ငံ

မြန်မာဗုဒ္ဓဘာသာဝင်တို့သည် သိရိဓမ္မာသောကမင်းတရားကြီးလက်ထက်(၃၀၀–၂၃၂ ဘီစီ)တွင် အရှင်ဥပဂုတ် ရဟန္တာမြတ်က မာရ်နတ်မင်းကို တန်ခိုးတော်ဖြင့်နှိမ်နင်းဆုံးမခဲ့သည့်အကြောင်း အစဉ်အဆက်လက်ခံယုံကြည်လာခဲ့ကြသည်။*၁ ထို့ကြောင့် ရှင်ပြုရဟန်းခံ၊ ဘုရားပွဲမှစ၍ အလှူတော်မဂ်လာပွဲများပြုလုပ်ကြသည့်အခါ မိုးလေဝသအစရှိသောအကြောင်းတို့ကြောင့် အလှူပွဲကိုမပျက်စီးစေရန် အရှင်ဥပဂုတ်မထေရ်မြတ်အားပင့်ဆောင်ပူဇော်ထားလေ့ရှိကြသည်။ ရှင်ဥပဂုတ်၏ပုံတော် သို့မဟုတ် ရုပ်တုတော်ကို မဏ္ဍပ်အတွင်း၌ ကန်တော့ပွဲနှင့်ပြင်ဆင်ထားရှိကြပြီး၊ အကယ်၍ ပုံတော်ရုပ်တုတော်များမရှိလျှင် နီးရာမြစ်ချောင်းကမ်းပါးသို့သွားကာ တောင်သမုဒ္ဒရာဘက်သို့ရည်မှန်းလက်အုပ်ချီမိုးရှိခိုးပြီး 'ဘုရားတပည့်တော်များ၏အလှူမဂ်လာမဏ္ဍပ်သို့ ကြွရောက်သီတင်းသုံးတော်မူပါဘုရား။ မိုးလေစသောအန္တရာယ်များကို အလျှပြီးဆုံးသည်အထိတားဆီးကာကွယ်ပေးတော်မူပါဘုရား' ဟုလျှောက်ထား၍ဖြစ်စေ ပင့်ဆောင်ထားလေ့ရှိကြသည်။ ပင့်ဆောင်ထားသည့် ရှင်ဥပဂုတ်ရုပ်ပုံတော် သို့မဟုတ် ရုပ်တုတော်ကို နံနက်တွင်ဆွမ်းခံဖွယ်တို့ကိုဆက်ကပ်၍ ညဘက်တွင် ဆီမီး, ပန်း, ရေချမ်းများဖြင့် ပူဇော်လေ့ရှိကြသည်။ အချို့ကမူ အရှင်ဥပဂုတ်ကိုယ်တော်အားရည်ရွယ်၍ မဏ္ဍပ်တိုင်တွင် အုန်းသီး, ငှက်ပျောသီးတို့ကို ချိတ်ဆွဲထားလေ့ရှိကြသည်။ ဤသို့ ရှင်ဥပဂုတ်ကိုပင့်ဆောင်ပူဇော်ထားလျှင် အလှူပွဲကို လေမိုးမှစ၍ အနှောင့်အယှက်တို့မဖျက်ဆီးနိုင်ဟု ယုံကြည်ကြသည်။

မြန်မာတို့သည် အလှူအတန်းပြုလုပ်သည့်အခါများ၌သာမဟုတ်၊ တစ်သီးတစ်ခြားအားဖြင့်လည်း အရှင်ဥပဂုတ်ပူဇော်ပွဲကို ပြုလုပ်လေ့ရှိသေး၏။ သစ်ကြီးဝါးကြီးတို့ဖြင့်ခိုင်ခံ့စွာဖောင်ဖွဲ့ပြီးလျှင် ပြာသာဒ်ကျောင်းဆောင်ပေါ်တွင် ရှင်ဥပဂုတ်ရဟန္တာရုပ်တုတော်ကို ပူဇော်ထားကြသည်။ ထို့နောက် ရဟန္တာအရှင်မြတ်အား ဆွမ်းကွမ်း, သစ်သီး, ပန်း, ဆီမီးစသည်တို့ဖြင့်ပူဇော်ကာ ရှင်ဥပဂုတ်ဖောင်တော်ကြီးကို မြစ်ရေယာဉ်ကြောတွင် မျှောလိုက်ကြပါသည်။ ထိုဖောင်တော်ဆိုက်ကပ်ရာမြို့ရွာများကလည်း မိမိတို့မြို့ရွာတွင် တစ်ပတ်ဖြစ်စေ နှစ်ပတ်ဖြစ်စေထားကာ ပူဇော်တတ်ကြသည်။ အားရကျေနပ်စွာပူဇော်ပြီးသည့်အခါ ရေကြောင်းအတိုင်းဆက်၍မျှောလိုက်ကြပြန်သည်။ ဤသို့ဖောင်ဆိုက်ကပ်ရာအရပ်များကဗုဒ္ဓဘာသာဝင်တို့ ရှင်ဥပဂုတ်ဖောင်တော်ကိုဆီးကြိုပင့်ယူပြီး ပူဇော်လေ့ရှိကြသည်။ ဖောင်တော်ကြီးယိုယွင်းလာသည့်အခါ၌ ကမ်းသို့ဆွဲယူပြီး ကောင်းမွန်စွာပြုပြင်လေ့ရှိကြပါသည်။

---

*၁ ပညာရောင်ခြည်ဘုရားရှိခိုးအမျိုးမျိုး။ ၁၉၉၀–ပြည့်နှစ်။ (စာမျက်နှာ–၆၀)။

*J ဦးကုလား၏ မဟာရာဇဝင်ကြီး၊ ပထမတွဲ။ ၁၉၅၉–ခုနှစ်။ (စာမျက်နှာ–၈၂)။ မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ပထမတွဲ။ ၁၉၉၃–ခုနှစ်။ (စာမျက်နှာ–၁၃၇)။ L.A.Waddell' Upagupta. Asiatic Society of Bengal Journal. Vol. LXVI. Part 1, No.1. 1897. Page-84; Shwe Yoe' The Burman. 1963. Page-228.

http://www.dhammadownload.com

ရေလမ်းခရီးအသွားအလာများကြသည့် ထားဝယ်စသော အရပ်ဒေသများ၌လည်း ရှင်ဥပဂုတ်ပူဇော်ပွဲ, သပိတ်မျှောပွဲ, ဆီမီးမျှောပွဲတို့ကိုပြုလုပ်လေ့ရှိကြသည်။ ပဲခူးတိုင်း၊ ညောင်လေးပင်မြို့အနီးနှင့် ရွှေကျင်မြို့တွင် နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လပြည့်နေ့တွင် ရှင်ဥပဂုတ်ဖောင်မျှောပွဲ, ဆီမီးမျှောပွဲတို့ကို ကြီးကျယ်စည်ကားစွာ ကျင်းပလေ့ရှိကြသည်။ အထူးသဖြင့် စစ်တောင်းမြစ်အရှေ့ဘက်ကမ်း အရှေ့ရိုးမတောင်ခြေရှိ ကျောက်ကြီးမြို့၌ တော်သလင်းလဆန်း(၁၂)၊(၁၃)၊(၁၄)ရက်နေ့များတွင် ရှင်ဥပဂုတ်မီးမျှောပူဇော်ပွဲကို နှစ်စဉ်နှစ်တိုင်း ကြီးကျယ်စွာ ကျင်းပပြုလုပ်လေ့ရှိကြသည်။ ထိုပွဲတော်သည် ဒေသခံတိုင်းရင်းသားတို့၏တစ်ခုတည်းသောပွဲတော် ဖြစ်သည်ဟု ဆိုပါသည်။ ယခုခေတ်တွင် ပွဲတော်ဖြစ်မြောက်ရေးကော်မတီဖွဲ့ကာ ကျောက်ကြီးမြို့လယ်ရှိ ချောင်းအတွင်း၌ ကျင်းပပြုလုပ်လေ့ရှိကြသည်။ ပွဲတော်တွင် လှေပြိုင်ပွဲ, ရေကူးပြိုင်ပွဲ, ဘောလုံးပွဲ, တက်ခုတ်အလှပြိုင်ပွဲ, အိုးစည်ဒိုးပတ်ပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများလည်းပါဝင်သည်။ မြို့နယ်လုံးကျွတ်တောင်သူလယ်သမားများ၏ထွန်တုံးပိတ်ပွဲတော်နှင့် လယ်ယာကဏ္ဍထူးချွန်ဆုပေးအပ်ပွဲများကိုပါ ပူးတွဲကျင်းပလေ့ရှိရာ အထူးကြီးကျယ်စည်ကားလှသည်ဟု သိရှိရပေသည်။[*၁]

မြန်မာနိုင်ငံအရပ်ရပ်ရှိ ဘုရားတန်ဆောင်း သိမ်ကျောင်းစသည်တို့တွင် ဘုရားရှပ်ပွားဆင်းတုတော်များ ပူဇော်ထားရာ၌ ရှင်ဥပဂုတ်ရဟန္တာရှပ်တုကိုပါတည်ထား၍ ပူဇော်ထားလေ့ရှိကြပါသည်။ သို့တည်ထားရာ၌ ရှင်ဥပဂုတ်ကိုယ်တော်ကို ဖောင်ထက်တွင် ပြာသာဒ်စသည်ဖြင့်အကျအနပူဇော်ထားကြခြင်းဖြစ်သည်။ ဘုရားဖူးလာကြသူများကလည်း ရှင်ဥပဂုတ်ရှိခိုးဂါထာ[*၂] စသည်ကိုရွတ်ဆိုကာ ပန်းနဲ့သာဆီမီးတို့ဖြင့်ပူဇော်ပြီးရှိခိုးကြလေသည်။

အချို့ကမူ အရှင်ဥပဂုတ်သည် ယနေ့ထက်တိုင်သက်တော်ထင်ရှားရှိလျက် ထိုအရှင်နိရောဓသမာပတ်မှ ထတော်မူ၍ ဆွမ်းခံတော်မူသောအခါ ကြွတွေ့လူဒါန်းကြရသောသူတို့မှာ ဒိဋ္ဌအကျိုးခံစားရသည်ဟုယူဆကာ ဆွမ်းလောင်းရန် စောင့်မျှော်သူတို့လည်းရှိ၏။ ၁၈၈၆-ခုနှစ်က ရန်ကုန်မြို့အထက်ပုဖွန်တောင် ကျင်းပြုရပ်၊ မောင်းတန်းရပ်၊ စင်ကာပူရပ်၊ ဘလုတ်မြေရပ်၊ အိုးဖိုရပ်တို့တွင် သက်နိုးတော်ရေတစိုစိုဖြင့် ရဟန်းတစ်ပါး ဆွမ်းခံကြွလာသည်ကို အရှင်ဥပဂုတ်မထေရ်ဆွမ်းခံကြွလာသည်ဟု အုတ်အော်သောင်းတင်း သတင်းဖြစ်ပွားဖူးလေသည်။[*၃] အချို့ကမူကား ထိုအရှင် နိရောဓသမာပတ်မှထသောအချိန်ကာလကို အတိအကျသိနိုင်ရန်ခဲယဉ်းသည်ဖြစ်၍ ထိုအရှင်သီတင်းသုံးရာ တောင်သမုဒ္ဒရာသို့သာရည်မှန်းအဓိဋ္ဌာန်ပြီး ဆွမ်းပန်းစသည်တို့ကို သပိတ်မှာပြင်ဆင်လျက် မိမိတို့အရပ်ဒေသအနီးရှိ မြစ်ချောင်းကမ်းနားမှပင်မျှောလိုက်ကြရသည်-ဟူ၏။

မြန်မာ့စွယ်စုံကျမ်းလာ အရှင်ဥပဂုတ်ထေရပ္ပတ္တိ

အရှင်ဥပဂုတ်မထေရ်၏ထေရပ္ပတ္တိကို မြန်မာဘာသာဖြင့် စာအုပ်စာတမ်းအများအပြား ရေးသားခဲ့ကြပါသည်။ ဤနေရာတွင် မြန်မာ့စွယ်စုံကျမ်း(အတွဲ-၁၄)၌ ပထမကျော်ဦးကြီးဖေ ရေးသားဖော်ပြထားသော ရှင်ဥပဂုတ်မထေရ်အကြောင်းကို တင်ပြလိုပါသည်။

---

*၁ မွေစရီယဦးအေးနိုင်၏ မွေရေးရာပဒေသာ။ ၁၉၉၀-ပြည့်နှစ်။ (စာမျက်နှာ-၁၁၇)။

*၂ ရှင်ဥပဂုတ် အပင့်ဂါထာ၊ ဆွမ်းကပ်ဂါထာ၊ ရှိခိုးရန်ဂါထာနှင့် အပင့်မန္တန်တော်ကြီးစသည်တို့ကို ပဌမကျော်ဦးကဝိ၏ ရှင်ဥပဂုတ်အတ္ထုပ္ပတ္တိ။ ၁၉၇၁-ခုနှစ်။ (စာမျက်နှာ ၆၇-၇၁)တွင်ကြည့်ပါ။

*၃ ဦးအောင်ပန်း၏ဟင်္သာဝတီကဏ္ဍသာသနာဝင်ကျမ်း၊ ဒုတိယတွဲ။ ၁၉၆၂-ခုနှစ်။ (စာမျက်နှာ-၄၀၄)။

http://www.dhammadownload.com

မြတ်စွာဘုရားသက်တော်ထင်ရှားရှိတော်မူစဉ်က ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်တော်မူသော အခါ မြေမှုန့်များကို ကစားနေကြသော သူငယ်တို့အနက် ခုနစ်နှစ်အရွယ်သူဌေးသားသည် ဘုရားကို ကြည်ညိုလှသဖြင့် လက်၌ရှိသောမြေမှုန့်ကို လှူအံ့ဟုကြံ၍ အခြွေအရံသူငယ်တို့ကိုခေါ်ပြီးလျှင် လက်၌ရှိသောမြေမှုန့်ကို လှူ၏။ မြတ်စွာဘုရားသည် ထိုလှူသောမြေမှုန့်ကို သပိတ်ဖြင့်ခံတော်မူပြီးလျှင် ပြီးတော်မူသဖြင့် အာနန္ဒာထေရ်က အကြောင်းကိုလျှောက်ရာ 'ထိုသူငယ်သည် သာသနာတော် ၂၁၈-နှစ်သို့ရောက်သောအခါ ပါဋလိပုတ်ပြည်၌ အသောကမည်သောမင်းဖြစ်ပြီးလျှင် သာသနာတော်ကိုကြည်ညိုလှသဖြင့် ခုနှစ်လခုနှစ်ရက်တိုင်တိုင် အလှူကြီးပေးလိမ့်မည်။ ထိုအခါ မာရ်နတ်ဖျက်ဆီးအံ့သည်ကို ဥပဂုတ္တာတိသနာဂမည်သောမထေရ်သည် တန်ခိုးအားဖြင့်တားပေလတ္တံ့'ဟု ဗျာဒိတ်စကားကြားတော်မူကြောင်းနှင့် လောကပညတ္တိပါဠိ၌လာသည်။

လောကပညတ္တိပါဠိ၌ပင် ဥပဂုတ္တထေရ်(အရှင်ဥပဂုတ်)၏အကြောင်းကို ဤသို့ဖော်ပြပါရှိ၏။ ဗာရာဏသီပြည်၌ ဖြဟ္မဒတ်မင်းကြီးစိုးစံတော်မူနေရာ ထီးဆက်နန်းရံအမွေခံ သားသမီးတစ်ယောက်မျှ မရ၍ ပညာရှိများနှင့်တိုင်ပင်ဆွေးနွေးသော် မဟာဒါနပြုလုပ်လျှင် အမွေခံသားသမီးပေါ်လာမည့် အကြောင်း ဟောပြောတင်လျှောက်သဖြင့် မင်းကြီးသည် မဟာဒါနကိုပြုတော်မူသည်၊ မကြာမီအတွင်း၌ တံငါတို့က ငါးဏ၀မ်းထဲမှရသော လူမိန်းမလေးတစ်ယောက်ကို မင်းကြီးအားဆက်သကြသည်။ မင်းကြီးလည်း ထိုသတို့သမီးငယ်ကို နတ်တို့ကဆက်လာသည်ဟုထင်မှတ်၍ အထိန်းသည်များနှင့် ကောင်းစွာထားသည်။ အမည်ကိုလည်း မစ္ဆဒေဝီဟုပေးကာ ရင်သွေးအရင်းကဲ့သို့ ကောင်းစွာစောင့်ရှောက်ထားလေသည်။ အရွယ်ကြီးမြင့်လာသောအခါ ကိုယ်မှမကောင်းသောအပုပ်နံ့ထွက်သဖြင့် ထိုအပုပ်နံ့မထွက်အောင်ကြံစည်သော်လည်း မရသောကြောင့် ထိုမစ္ဆဒေဝီကို စားနပ်ရိက္ခာအစုံနှင့်ဖောင်ပေါ်၌တင်ပြီးလျှင် မြစ်လယ်ကြောသို့မျှောလိုက်ရလေသည်။ ပြို့နှင့်ဝေးကွာသော တောင်ကြီးကမ်းကြီးရှိရာသို့ရောက်ရာ တစ်ခုသောမြစ်ကွေ့ကမ်းအဋ္ဌက ရှင်ဥပရဝေ့သည် မြစ်၏တစ်ဖက်ကမ်းသို့ကူးလို၍ အလံကိုထူပြထားသည်ကို မစ္ဆဒေဝီမြင်သဖြင့် ဖောင်ကိုကမ်းသို့ကပ်ပြီးလျှင် အကြောင်းကို မေးရာ ရှင်ရဝေ့က တစ်ဖက်ကမ်းသို့ကူးလိုသဖြင့် ပို့ပေးရန်တောင်းပန်လေသည်။ ထိုအခါ မင်းသမီးက အကျွန်ုပ်၏မျက်နှာကိုမကြည့်လျှင် ပို့ပေးပါမည်ဟုပြောရာ ရဝေ့က ရဲရဲဝံ့ဝံ့ဖြင့် တစ်ဖက်ကမ်းသို့ပို့ပေးလေသည်။ ကမ်းသို့ရောက်သောအခါ ရှင်ဥပရဝေ့သည် အမျိုးသမီးအားမည်သည့်အမျိုးအနွယ်ဖြစ်သည်ကိုသိချင်သောကြောင့် အမှတ်မဲ့ကြည့်လိုက်ရာ မျက်နှာချင်းဆိုင်မိကြ၍ မစ္ဆဒေဝီ၌ ပဋိသန္ဓေတည်ရကြောင်းကိုပြောပြီးလျှင် ကိုယ်ဝန်ကိုအစောင့်အရှောက်ခိုင်းရာ ရဝေ့က ကျေနပ်စွာသဘောတူပြီးလျှင် စောင့်ရှောက်ထားလေသည်။ နေ့လစေ့သောအခါ သားကိုဖွားမြင်ရာ ရှင်ဥပရဝေ့က နေ့ညဉ့်မပြတ်ကြည့်ရှုစောင့်ရှောက်ကျွေးမွေးသည်ကိုအစွဲပြု၍ ဥပဂုတ္တာဟု အမည်ပေးလေသည်။ အရွယ်ရောက်သောအခါ ရဟန္တာဖြစ်ပြီးလျှင် တောင်သမုဒ္ဒရာ၌ ကြေးပြာသာဒ်နှင့် နေတော်မူသည်။ ထိုအရှင်သည် ဈာန်သမာပတ်တို့ဖြင့်သာ နေ့ရက်များစွာကို ကုန်လွန်စေ၍ အစာမစားဘဲလည်းနေတော်မူလေ့ရှိသည်။

သီရိဓမ္မာသောကမင်းသည် ရာဇဂြိုဟ်ပြည်၌ အဇာတသတ်မင်း ခဲယဉ်းစွာမြှုပ်ထား၍ ကိုးကွယ်တော်မူသော သရီရဓာတ်တော် ခုနစ်စရွတ်ကိုယူဆောင်၍ သရီရဓာတ်တော်ကို ဇမ္ဗူဒိပ် ကျွန်းအလုံး၌အနှံ့ကိုးကွယ်စေခြင်းငှာ ရှစ်သောင်းလေးထောင်သောပြို့နိုင်ငံတို့၌ တစ်ပြို့လျှင်

http://www.dhammadownload.com

စေတီတစ်ဆူတစ်ဆူ တည်စေ၏။ တစ်ဖို့သောဓာတ်တော်ကို ပါဠလိပုတ်ပြည်မြစ်နားဝယ် တကောသခွဲအရပ်ကို လက်ဝါးပြင်ကဲ့သို့ညီညွတ်စေ၍ အထူးထူးသောရတနာတို့ဖြင့် တန်ဆာဆင်လျက် မဟာစေတီတည်လေ၏။ တည်ပြီးသော် ခုနစ်ရက်တိုင်တိုင် ကြီးစွာသောပူဇော်ပွဲကို ပြုလေ၏။

စေတီပူဇော်ပွဲတွင် မာရ်နတ်သည်အန္တရာယ်ပြုလာသည်ကို ရှင်ဥပဂုတ်သည် တန်ခိုးတော်ဖြင့် တားမြစ်၏။ ဦးစွာ၌ မဟာစေတီ၏ထက်ဝန်းကျင်ယူဇနာခွဲအရပ်ကို ဆီမီးထွန်းညှိစေရာ မီးသေစိမ့်သောငှါ မာရ်နတ်သားလည်း ပြင်းစွာသောလေကိုလာစေ၏။ ရှင်ဥပဂုတ်လည်း တန်ခိုးတော်ဖြင့်ယူ၍ အဝေးသို့လွှင့်လေ၏။ တဖန် မာရ်နတ်သားလည်း သဲမိုး၊ ကျောက်စရစ်မိုး၊ ကျောက်ဖျာမိုး၊ မီးကျီးမိုး၊ ချေးမိုးတို့ကို အစဉ်အတိုင်းရွာစေရာ ရှင်ဥပဂုတ်လည်းအဓိဋ္ဌာန်တန်ခိုးဖြင့်ခံ၍ စကြဝဠာတံတိုင်းအပဋ္ဌ စွန့်၏။ ထိုနောက်တဖန် ကြီးစွာသော နွားဥသဘာအဟန် ဖန်ဆင်း၍လည်းကောင်း၊ ဦးခေါင်းခုနစ်လုံးရှိသော နဂါးအဟန်ဖန်ဆင်း၍လည်းကောင်း၊ ထန်းပင်ရှိလောက် ပြောင်ပြောင်တောက်သော သံလှန်ကန်ကိုကိုင်စွဲထားသော ဘီလူးကြီးအဟန်ဖန်ဆင်း၍လည်းကောင်း အန္တရာယ်ပြုရန် အဆင့်ဆင့်အားထုတ်ပြန်လျှင် ရှင်ဥပဂုတ်လည်း ကျားအဟန်ဖန်ဆင်း၍လည်းကောင်း၊ ဂဠုန်အဟန်ဖန်ဆင်း၍လည်းကောင်း၊ မာရ်နတ်ဖန်ဆင်းသောဘီလူးထက်နှစ်ဆကြီး၍ ဝင်းဝင်းပြိုသောသံလှန်ကန်ချောင်း ကိုင်စွဲသည့် ဘီလူးကြီးအဟန်ဖန်ဆင်း၍လည်းကောင်း မာရ်နတ်ကိုနှိမ်နင်းလေသည်။ နောက်ဆုံးတွင် မာရ်နတ်သည် ရှင်ဥပဂုတ်၏တန်ခိုးတော်ကို ပြိုင်နိုင်စွမ်းမရှိသည်ကိုသိသဖြင့် လူ့အသွင်ကိုဖန်ဆင်းပြီးလျှင် ရှင်ဥပဂုတ်၏ရှေ့တွင်ရပ်လေ၏။ ရှင်ဥပဂုတ်သည် ပိုးလောက်အတိပြည့်သော စက်ဆုပ်ရွံရှာဖွယ်ရှိသော ခွေးသေကောင်ပုပ်ကို မာရ်နတ်၏လည်ဋ္ဌဆွဲပြီးလျှင် မိမိမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ထိုခွေးသေကောင်ပုပ်ကို မချွတ်နိုင်စေသတည်းဟု အဓိဋ္ဌာန်ပြီးလျှင် လွှတ်လိုက်လေသည်။ မာရ်နတ်သည် တန်ခိုးကြီးသောနတ်များနှင့် ပြဟ္မာများထံသို့ ချဉ်းကပ်ပြီးလျှင် ခွေးသေကောင်ပုပ်ကိုချွတ်ပေးရန် တောင်းပန်သည်။ သို့သော် မည်သူကမျှ ချွတ်၍မပေးနိုင်သဖြင့် ပြဟ္မာမင်းတို့၏ဩဝါဒအရ ရှင်ဥပဂုတ်ထံသို့ပင် ပြန်သွားပြီးလျှင် ခွေးသေကောင်ပုပ်ကိုချွတ်ပေးရန် တောင်းပန်လေသည်။

ရှင်ဥပဂုတ်သည် မာရ်နတ်အား တောင်ကြီးတစ်လုံး၏အနီးသို့ခေါ်ဆောင်သွားပြီးလျှင် မာရ်နတ်လည်မှ ခွေးသေကောင်ပုပ်ကို ချွတ်ပေးသည်။ ထိုနောက် ခါးပန်းတော်ကိုရှည်အောင်ဖန်ဆင်း၍ မာရ်နတ်၏ခါးကိုချည်ပြီးသော် အခြားတစ်ဖက်ကို တောင်တွင်ချည်နှောင်ကာ 'မာရ်နတ်၊ သင်သည် အခြားတစ်ပါးသို့မသွားလင့်၊ ဓမ္မာသောကမင်းကြီး၏ပူဇော်ပွဲမပြီးမချင်း ဤအရပ်၌နေရစ်' ဟု မိန့်တော်မူရာ မာရ်နတ်လည်း မည်သို့မျှမပြောကြားနိုင်ဘဲဆိတ်ဆိတ်သာနေရလေသည်။ ရှင်ဥပဂုတ်လည်း အလိုရှိရာဋ္ဌာနချမ်းသာစွာနေလေသည်။ ခုနစ်လခုနစ်ရက်လွန်၍ စေတီပူဇော်ပွဲပြီးသောအခါ ရှင်ဥပဂုတ်သည် မာရ်နတ်ရှိရာသို့သွား၍ အသံကိုနားထောင်သောအခါ 'ငါသည် မြတ်စွာဘုရားအား အမျိုးမျိုးအနှောင့်အယှက်ပေးခဲ့သော်လည်း သာဝကကဲ့သို့ ငါ့အားမညှင်းဆဲချေ။ ထို့ကြောင့် ရှေးရှေးသောဘဝများက ဘုရားရဟန္တာဖြစ်စေနိုင်လောက်သောကောင်းမှုများကို ပြုလုပ်ခဲ့ဖူးပြီ။ ထိုကုသိုလ်တို့၏အာနိသင်ကြောင့် နောင်သောအခါ ဘုရားဆုကိုသာရလိုပါ၏။ သနားခြင်းကင်းမဲ့သော

http://www.dhammadownload.com

သာဝကတ၏အဖြစ်ကိုမရလိုပါ'ဟု မာရ်နတ်တ၏ညည်းညူမြည်တမ်းသံကိုကြားရသည်။ ရှင်ဥပဂုတ်လည်း မာရ်နတ်ထံသို့အဆောတလျင်သွားပြီးလျှင် ခါးပန်းတော်ကိုဖြေပြီးနောက် 'မာရ်နတ်၊ ငါ့အား သည်းခံလော၊ ငါသည် သင်တ၏အကျိုးကိုလည်းပြီးစေပြီ၊ မင်းကြီးတ၏ကောင်းမှုကိုလည်း အန္တရာယ်ကင်းစေပြီ၊ သင်သည် ဘုရားဆု*၁ကိုယူပေသောကြောင့် သင့်ကိုပူဇော်ထိုက်ပေသည်'ဟု ဆိုလေသည်။ ထိုနောက် 'သင်သည် ဘုရားကိုမြင်ဘူးသည်။ ငါကား ဘုရားကိုမမြင်ဘူးပေ။ ထို့ကြောင့် သာဝကများနှင့်တကွ ဘုရားတ၏အဖြစ်ကိုဖန်ဆင်း၍ပြပါ'ဟု ရှင်ဥပဂုတ်ကပြောရာ မာရ်နတ်က 'ငါ့အား အရှင်ရှိမခိုးလျှင် ဖန်ဆင်း၍ပြအံ့'ဟုဆိုသည်။ ထိုအခါ ရှင်ဥပဂုတ်က 'ကောင်းပြီ'ဟုဝန်ခံပြီးလျှင် သံဃာများအား ဘုရားဖူးကြွကြရန်ဖိတ်ကြား၍ လူများကိုလည်း ပန်းနံ့သာများကိုင်စွဲစေကာ သံဃာများနှင့်လာစေသည်။ မာရ်နတ်သည် တောအုပ်တစ်ခုသို့ ဝင်ပြီးမှ လက္ခဏာတော်ကြီးငယ်တို့ဖြင့် တင့်တယ်စွာတန်ဆာဆင်အပ်သော တစ်လံမျှလောက် သောရောင်ခြည်တော်အဝန်းဖြင့် တောက်ထွန်းသောဘုရားအသွင်တော်ဖန်ဆင်းလျက် လက်ဝဲရံ လက်ယာရံအဂ္ဂသာဝကအစုံ၊ ရှစ်ကျိပ်သောမဟာသာဝကတို့ ခယမ်းပုံနှင့်တကွ အလုံစုံတောက်ပသော ဘုရားအသရေအဆင်းကို ဖန်ဆင်း၍ပြပေ၏။

ရှင်ဥပဂုတ်သည် မြတ်စွာဘုရား၏အသရေတော်ကိုကြည်ညိုလှသဖြင့် မာရ်နတ်အား ကတိပေးထားခဲ့သည်ကို မအောက်မေ့နိုင်ဘဲ မြတ်စွာဘုရားအစစ်အားဖူးမြင်နေရဘိသကဲ့သို့ အောက်မေ့ပြီးလျှင် အနူးအညွတ်ရှိခိုးလေသည်။ ပါလာသမျှသော ရဟန်း၊ မင်း၊ မှူးမတ်၊ ပရိသတ်တို့သည်လည်း အလွန်ဝမ်းမြောက်ဝမ်းသာကြည်ညိုစွာဖြင့် ပူဇော်ကန်တော့ကြလေသည်။ ထိုအခါ မာရ်နတ်သည် ဘုရား၏အသွင်ကိုကွယ်စေပြီးလျှင် ရှင်ဥပဂုတ်အား 'အဘယ်ကြောင့်ရှိခိုးရသနည်း'ဟု မေးရာ ရှင်ဥပဂုတ်ကလည်း 'ငါသည် သင့်အားရှိမခိုး၊ သာဝကများနှင့်တကွသော မြတ်စွာဘုရားကိုသာ ငါရှိခိုးခြင်းဖြစ်သည်'ဟုဆို၏။ ထိုအခါမှစ၍ မာရ်နတ်သည်လည်း သာသနာ၌ သဒ္ဓါနူးညံ့သောစိတ်ရှိသည်ဖြစ်၍ မိမိနေရာသို့ပြန်သွားလေသည်*၂–ဟုဖြစ်သည်။

မြန်မာစာပေကျမ်းဂန်များ၌ပါရှိသော ရှင်ဥပဂုတ်

မြန်မာနိုင်ငံ၌ အရှင်ဥပဂုတ်မထေရ်အကြောင်းကို အစောဆုံးဖော်ပြသောကျမ်းမှာ ပုဂံခေတ် အရှင်အဂ္ဂဝံသ၏ သဒ္ဒနီတိပါဠိသဒ္ဒါကျမ်းဖြစ်ပေလိမ့်မည်။ သဒ္ဒနီတိကျမ်း၌ ရှင်ဥပဂုတ်အကြောင်းပါသည်ဆိုရာတွင် သဒ္ဒနီတိကျမ်းပြုဆရာတော်က ကစ္စည်းသဒ္ဒါကြီး၊ ကာရကပိုင်းလာ 'ယော ကရောတိ သကတ္တာ'သုတ်တ၏အရာတွင် 'ဥပဂုတ္တေန မာရော ဗန္ဓော' (ဥပဂုတ်သည် မာရ်နတ်ကိုတုပ်နှောင်ဖွဲ့ထားအပ်တ၏)ဟူသောပြယုဂ်ကို မိမိတ၏ကျမ်း (သုတ္တမာလာ)၌ ယူ၍ပြဆိုထားခြင်းမျှဖြစ်တ၏။ သဒ္ဒနီတိကျမ်းပေါ်ထွန်းသောခေတ်ကာလကို အကြမ်းဖျဉ်းအားဖြင့် ပုဂံခေတ်ဟုဆိုလင့်ကစား ခရစ် ၁၂–ရာစုနှင့် ၁၃–ရာစုအစပိုင်းအတွင်းဖြစ်သည်ဟုခန့်မှန်းသည်။*၃

---

*၁ မာရ်နတ်သည် ဘုရားဆုပန်သည်ဟုဆိုသော်လည်း ယနဘဝမှပန်ပုံရ၏။ ဗျာဒိတ်ရပြီးဟုတ်ဟန်မတူ။ ဗျာဒိတ်ရဘုရားလောင်းတို့မည်သည် မည်သည့်အခါမျှ ကာမာဝစရဘုံ၌ မာရ်နတ်အဖြစ်သို့မရောက်ကြပေ။ ကာမာဝစရေ နာ မာရော– ဗုဒ္ဓဝံသ၊ ၌။ ၃၁၆။ သုတ္တနိ၊ ၌။ ၁။ ၄၅။ အဋ္ဌသာလိနီ၊ ၇၁။

*၂ ပထမကျော်ဦးကြီးဖေ၏ ရှင်ဥပဂုတ်။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ–၁၄။ ၁၉၇၅–ခုနှစ်။ (စာမျက်နှာ–၄၇၃)။

*၃ အရှင်သီလာနန္ဒာဘိဝံသ၏ သဒ္ဒနီတိဓာတုမာလာနှင့် ပါဏိနိယဓါတုပါဌတိုက်ဆိုင်လေ့လာခြင်း။ ၁၉၇၇–ခုနှစ်။ (စာမျက်နှာ–၂၁)။

http://www.dhammadownload.com

အရှင်ဥပဂုတ်အကြောင်းကိုပြည့်စုံစွာဖော်ပြသောကျမ်းမှာ လောကပညတ္တိကျမ်းဖြစ်၏။*၁ ထိုကျမ်းကို ပုဂံပျက်ပြီး အနှစ်တစ်ရာ့ငါးဆယ်အကြာ တောင်တွင်းကြီးမြို့စား မဟာသီရိဇေယျသူ(၂၄-၃-၁၄၄၂-ခုနှစ်)တွင် တည်ဆောက်ပြီးသော တက်နွယ်အင်းကျောင်း၏ပိဋကတ်တိုက်အတွက်လှူသော လောကီကျမ်း(၂၉၅)ကျမ်း စာရင်းတွင်တွေ့ရသည်။*၂ ထိုကျမ်းကို သထုံမြို့ သဒ္ဓမ္မယောသမဟာထေရ်ရေးသည်ဟုလည်းကောင်း။*၃ သီရိလင်္ကာ အနုရာဓပြို့တောင်ဘက်ရှိ အမည်မသိထေရ်ရေးသည်*၄-ဟုလည်းကောင်း စာပေသမိုင်းကျမ်းတို့၌ဖော်ပြထားသည်။ ထိုကျမ်းကို ပါဠိဘာသာဖြင့်ရေးသားထားပြီး အေဒီ-၁၄၄၂ ခုနှစ်ကပင် အထင်အရှားရှိခဲ့သည်ဟုယူဆကြသည်။ စင်စစ် ထိုကျမ်း၏မူရင်းကျမ်းမှာ သင်္ကတဘာသာဖြင့်ရေးသားခဲ့ပြီး ကျမ်း၏အမည်ကို မဟာဝဿုနှင့် ဒီဗျာဝဒါနစသည်တို့၌ 'လောကပြဥ္ဇူပတိ'ဟုပြဆိုထားသည်။ ထိုသင်္ကတမူ လောကပညတ္တိမှာ ယခုအခါကွယ်ပျောက်နေပြီး အေဒီ ၅၅၈-ခုနှစ်၌ဘာသာပြန်ထားသော တရုတ်မူသာရှိကြောင်း သိရသည်။ ထိုင်းနိုင်ငံ၌ အေဒီ ၁၃၄၅-ခုနှစ် ဘုရင်လီထိုင်(Li Thai)လက်ထက်တွင်ရေးသော တြိဘူမိကထာ (Tribhūmikathā)တွင် ထိုကျမ်းကို ကိုးကားထားကြောင်းတွေ့ရသည်။*၅ ထို့ပြင် အေဒီ ၁၅၂၀-ပြည့်နှစ်တွင် ဇင်းမယ်မြို့နေ သီရိမင်္ဂလမထေရ်ရေးသော စက္ကဝါဠဒီပနီ (Cakkavāḷadīpanī) ကျမ်းသည် လောကပညတ္တိကျမ်းကို အခြေခံ၍ရေးသားပြုစုခဲ့သည်ဟုလည်း ပညာရှင်တို့ယူဆကြသည်။*၆

ထိုလောကပညတ္တိကျမ်း၌ 'မဟာသမုဒ္ဒရာအတွင်းကြီးစွာသောရေထုကိုခွဲ၍ ရတနာအမျိုးမျိုးဖြင့်ပြီးသော ပြာသာဒ်ကိုဖန်ဆင်း၍ သီတင်းသုံးနေသော ကိသနာဂေါ် ဥပဂုတ်မထေရ်'...စသည်ဖြင့် ရှင်ဥပဂုတ်အကြောင်းကို တခမ်းတနားဖော်ပြထား၏။

သို့ပါသော် မြန်မာနိုင်ငံ၌အသိများကြပြီးဖြစ်သည့် ရှင်ဥပဂုတ် ကြေးပြာသာဒ်၌နေခြင်းနှင့်စပ်၍ ဓမ္မဝစရိယဦးခင်မောင်လင်း၏ ရှင်ဥပဂုတ္တရဟန္တာပူဇော်နည်းစာအုပ်၌-

> ရှင်ဥပဂုတ်မထေရ်ကြီးသည် ဂေါဓာဝရီမြစ်အတွင်း ကျွန်းပေါ်လောပေါ်၌ တမေလ်လူမျိုးတို့လှူဒါန်းဆောက်လုပ်သော ကြေးပြာသာဒ်ကျောင်း၌သီတင်းသုံးလျက်၊ (ထိုမှ) တောင်သမုဒ္ဒရာအတွင်း လှည့်လည်လျက်ရှိသည်-ဟုဖော်ပြထား၏။*၇

ဤအချက်ကိုထောက်၍ ရှင်ဥပဂုတ်မထေရ်သည် ထိုဂေါဓာဝရီမြစ်ဝရှိကျွန်းပေါ်ရှိ ကြေးပြာသာဒ်ကျောင်းနှင့် ထိုမြစ်နှင့်တစ်ဆက်တည်းတည်ရှိသော တောင်သမုဒ္ဒရာအတွင်း၌ လှည့်လည်သီတင်းသုံးဟန်ရှိသည်ဟု

---

*၁ မြန်မာနိုင်ငံ၌ ပုံနှိပ်မှုအဖြစ်မရောက်သေးဘဲ ပေမူဖြစ်၏။ ထိုကျမ်း၏ပမာဏကို ပေအင်္ဂါအရေအတွက်ဖြင့်ကား ဦးဆန်းထွန်း၏ကဝိလက္ခဏဒီသောနီ၊ (စာမျက်နှာ-၅၉၄)၌ 'ကမ္ဘုရ၊ ၇-အင်္ဂါ၊ ၅-ချပ်။ ၁၀-ကြောင်းပေး၊ ဗိန်း'-ဟုဖော်ပြထားပြီး၊ အမျိုးသားစာကြည့်တိုက်၊ ပေစာဌာနစီတ်ရှိ လောကပညတ္တိကျမ်းပေမူမှာ '၈ အင်္ဂါ ၁ ချပ်'ဟု မှတ်တမ်းတင်ဖော်ပြထားသည်။ ဤကျမ်းပါဠိမူကို သုတေသီ E. Denis က တည်းဖြတ်၍ ပြင်သစ်ဘာသာသို့ပြန်ဆိုပုံနှိပ်ခဲ့ပြီးဖြစ်သည်။ E. Denis' La Lokapaññatti et les idées Cosmologiques du Bouddhisme ancien, 2 Vols., Lille 1977.

*၂ G.H. Luce and Tin Htway' A 15th Century Inscription and Library at Pagan, Burma. 1976. Page-231. ဒေါက်တာသန်းထွန်း၏ ပုဂံစာကြည့်တိုက်(စာတန်း)။ သန်းထွန်းရွှေဆယ်ပြည့်။ ၂၀၀၃-ခုနှစ်။ (စာမျက်နှာ-၇၂)။ Page-89.

*၃ ဦးယဓိ၏ ပိဋကတ်တော်သမိုင်းစာတမ်း၊ အပိုဒ်-၃၆၀။ (စာမျက်နှာ-၅၃)။

*၄ Gandhavaṃsa. Vrs.62,72; DPPN.II. 787; M.Bode' The Pāli Literature of Burma. 1965. Page-104[7].

*၅ Hinuber' A Hanbook of Pali Literature. 1997. Page-183.

*၆ K.R.Norman' Pāli Literature. 1983. Page-174.

*၇ ဓမ္မောစရိယဦးခင်မောင်လင်း၏ ရှင်ဥပဂုတ္တရဟန္တာပူဇော်နည်း။ ၁၉၈၉-ခုနှစ်။ (စာမျက်နှာ-၂၀၅)။

http://www.dhammadownload.com

ယူဆနိုင်လေသည်။ ထိုကြေးပြာသာဒီမှာလည်း တန်ခိုးဖြင့်ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ တမေလ်တို့၏ကုသိုလ်သာ ဖြစ်ကြောင်းသိရ၏။

အင်းဝခေတ် (အေဒီ ၁၃၆၄–၁၇၅၀)၌ထင်ရှားသော ဦးကုလား(အေဒီ ၁၆၇၈?–၁၇၃၈?)၏ မဟာရာဇဝင်တော်ကြီး (အေဒီ–၁၇၂၀) ၌ အရှင်ဥပဂုတ်မထေရ်၏အကြောင်း ရေးသားထားသည်ကိုတွေ့ရ၏။ ထိုကျမ်း၌ မဇ္ဈိမဒေသမင်းဆက်များအခန်းတွင် အသောကမင်းကြီး၏အလှူပွဲတော်ကို ရှင်ဥပဂုတ်စောင့်ရှောက်ပုံနှင့် မာရ်နတ်အား ရှင်ဥပဂုတ်ချီးနှိမ်ပုံအကြောင်းတို့ကို အကျယ်တဝင့်ထည့်သွင်းရေးသားခဲ့၏။*၁

မုံရွေးဇေတဝန်ဆရာတော်ကြီး(အေဒီ ၁၇၆၆–၁၈၃၄)က သမန္တစက္ခုဒီပနီကျမ်း(အေဒီ–၁၈၁၁)၌ 'အရှင်ဥပဂုတ်သည် တောင်သမုဒ္ဒရာ၌ကြေးပြာသာဒီနှင့်နေကြောင်းကိုဆိုသော အတ္ထုပ္ပတ္တိကိုသိလိုပါသည်' ဟူသော မေးခွန်းကို ဖြေဆိုရာ၌ 'ရာဇဝံသကျမ်း၌ သီရိမွှောသောကမင်းကြီးသည် စေတီ(၈၄၀၀၀)တို့ကို အနုမောဒနာပြုသောကာလ မာရ်နတ်ကိုဆုံးမကြောင်း သဒ္ဒါကစ္စည်းကျမ်း၊ သဒ္ဒနီတိသဒ္ဒါတို့တွင်ပါရှိပြီး။ မိလိန္ဒပဉှာ၌ 'ယထာ မောဂ္ဂလိပုတ္တတိဿတ္ထေရ ဥပဂုတ္တာတ္ထေရာဒယော နိဒ္ဒိသတိ၊ ဧဝံ ဧတေပိ နိဒ္ဒိသတိ မယိ ပရိနိဗ္ဗုတေ ပဋဝဿသဿတေကာလေ ဧတေ ဥပ္ပဇ္ဇိဿန္တီ'*၂–စသည်ဖြင့် 'အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်၊ အရှင်ဥပဂုတ္တာထေရ်စသည်တို့သည် တရားညွှန်ပြသကဲ့သို့ ထိုအတူ မိလိန္ဒမင်း, အရှင်နာဂသိန်တို့သည် ငါဘုရားပရိနိဗ္ဗာန်စံပြီးနောက် အနှစ်ငါးရာတိုင်သော် ဖြစ်ကုန်လတ္တံ့၊ တရားညွှန်ပြကုန်လတ္တံ့' ဟုဗျာဒိတ်ထားတော်မူကြောင်း တွေ့ဘူးချေသည်။ ထိုမှတပါး အရှင်ဥပဂုတ်၏ အတ္ထုပ္ပတ္တိဝတ္ထုထုံးစံများကို ခိုင်ခိုင်ခံ့ခံ့ ဒဋ္ဌိကမ္မဉာပကပြု၍ မှတ်သားလောက်အောင် ကျမ်းဂန်မတွေ့ဘူးချေ'–ဟု ဖြေဆိုတော်မူခဲ့ပါသည်။*၃

မုံရွေးဆရာတော်ကြီးသည် သမန္တစက္ခုဒီပနီကျမ်းကိုရေးပြီးသည့်နောက် ဘကြီးတော်မင်းလက်ထက် (အေဒီ ၁၈၁၉–၁၈၃၇)တွင် အဖွဲ့ဝင်(၁၂)ဦးပါဝင်သောပညာရှင်အဖွဲ့၌ဦးဆောင်၍ မှန်နန်းမဟာရာဇဝင်တော်ကြီး (အေဒီ–၁၈၂၉)*၄ကို ရေးသားတော်မူခဲ့ပါသည်။ ထိုမှန်နန်းမဟာရာဇဝင်တော်ကြီး၌ မဇ္ဈိမဒေသမင်းဆက် အကြောင်းတွင် အသောကမင်းအကြောင်းကိုပြုရာ၌ ဦးကုလား၏မဟာရာဇဝင်မှာဖော်ပြထားသည့်အတိုင်း အရှင်ဥပဂုတ်အကြောင်းကိုပါ ထည့်သွင်းဖော်ပြထားပြီးလျှင် ရှင်ဥပဂုတ်အကြောင်းသည် ကျမ်းဂန်တို့နှင့်မလျော်မသင့်မညီမညွတ်သော စကားရပ်များဖြစ်၍ ပညာရှိတို့ အယုံအကြည်မမှတ်ယူအပ်ဟု ထင်မြင်ချက်တစ်ရပ်ကိုပါ ပေးထားခဲ့၏။*၅ မုံရွေးဆရာတော်ကြီးဦးဆောင်သော မှန်နန်းရာဇဝင်ဆရာတို့၏မှတ်ချက်ကို ကဝိလက္ခဏဝိသောဓနီကျမ်းပြု ဆရာဦးဆန်းထွန်းက 'မလိုလျှင်မလိုသလို၊ လိုလျှင်လိုသလို ဆုံးဖြတ်သော မုခေါလောကနသာဖြစ်သည်' ဟု ဝေဖန်ခဲ့၏။*၆

---

*၁ ဦးကုလား၏မဟာရာဇဝင်ကြီး၊ ပထမတွဲ။ ၁၉၂၉–ခုနှစ်။ (စာမျက်နှာ–၈၉)။

*၂ ဆဋ္ဌမ မိလိန္ဒပဉှာပါဠိတော်၌ ထိုပါဠိဝါကျမပါရှိပေ။ မွောစရိယဦးဌေးလှိုင်၏ သိဟိဠိဒေတော်စံတော်ဝင်အရိယာများ။ ၁၉၆၁–ခုနှစ်။ (စာမျက်နှာ–၃၅၂)၌ ဤအကြောင်းကို ဝေဖန်သုံးသပ်ပြထားသည်။ ထိုပါဠိသည် မုံရွေးဆရာတော်ကြီးတို့လက်ထက်ကသုံးသော ရေးမူ(ပဋ္ဌမ,ဆဋ္ဌ ဒေသသံဂါယနာတို့မတင်မီမူ) မိလိန္ဒပဉှာပါဠိတော်နှင့် ထိုင်းမူ မိလိန္ဒပဉှာပါဠိကျမ်းတို့၌ပါရှိသည်ဟု ပညာရှင်တို့က ညွှန်ပြကြပြန်သည်။ မွောစရိယဦးအေးနိုင်၏ ဓမ္မရေးရာပဒေသာ။ ၁၉၉၀–ပြည့်နှစ်။ (စာမျက်နှာ–၁၁၂)။

*၃ မုံရွေးဆရာတော်၏ သမန္တစက္ခုဒီပနီကျမ်း။ ၁၉၈၅–ခုနှစ်။ (စာမျက်နှာ–၁၀)။

*၄ Than Tun' Historiography of Burma. 1976.Page-6; U Tet Htoot' The Nature of The Burmese Chronicles. 1961. Page-54.

*၅ မှန်နန်းရာဇဝင်တော်ကြီး၊ ပထမတွဲ။ ၁၉၉၃–ခုနှစ်။ (စာမျက်နှာ–၁၄၂)။

*၆ ဦးဆန်းထွန်း၏ကဝိလက္ခဏဝိသောဓနီကျမ်း။ ၁၉၆၁–ခုနှစ်။ (စာမျက်နှာ–၆၀၀)။

http://www.dhammadownload.com

မှန်နန်းရာဇဝင်တော်ကြီးပေါ်ထွန်းပြီးနောက် နှစ်-၁၀၀ ခန့် (အေဒီ-၁၉၀၀?) ကြာသောအခါ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်များတို့၏နှလုံးသားဌာန် ရှင်ဥပဂုတ်ကိုစွဲနှစ်သွားအောင်ရေးသားနိုင်သော ရွှေတောင်ပြို့ ကျီးသဲလေးထပ်ဆရာတော်ကြီး (အေဒီ ၁၈၁၆-၁၈၉၄)ပေါ်ထွန်းလာလေသည်။ ရွှေတောင်ပြို့ ကျီးသဲလေးထပ်ဆရာတော်ကြီးသည် အေဒီ ၁၈၁၆-ခုနှစ်၌ ဝိမတိဇ္ဇောနိကျမ်း၊ ၁၈၃၈-ခုနှစ်၌ မဟာဝင်ဝတ္ထုကျမ်းနှင့် ဖိနတ္ထုပကာသနီဗုဒ္ဓဝင်ကျမ်းကြီးတို့ကို ရေးသားတော်မူရာတွင် ထိုကျမ်းတို့တွင် အရှင်ဥပဂုတ်၏အကြောင်းကို တခမ်းတနားထည့်သွင်းရေးသားခဲ့ပါသည်။ ကျီးသဲလေးထပ်ဆရာတော်ကြီး၏ဖိနတ္ထုပကာသနီ၊ မဟာဝင်ဝတ္ထုစသောကျမ်းတို့ကိုဖတ်ရှုကြရာမှ မြန်မာဗုဒ္ဓဘာသာဝင်များ ရှင်ဥပဂုတ်အပေါ် ပို၍ယုံကြည်ကိုးကွယ်လာကြသည်ဟု ဆိုနိုင်လေသည်။

ကျီးသဲလေးထပ်ဆရာတော်ကြီးသည် ရှင်ဥပဂုတ်မထေရ်မြတ်ကို တန်ခိုးကြွဒိုပါဒ်ပြည့်စုံသော ရဟန္တာမထေရ်ကြီးဖြစ်သည်ဟု ယုံကြည်တော်မူ၏။ ယုံမှတ်တော်မူသည့်အတိုင်း မုံရွေးဇေတဝန်ဆရာတော်စသော ပညာရှင်တို့က ရှင်ဥပဂုတ်အကြောင်းသည် သင်္ဂီယနာဝင်ပါဠိတော်၌မပါဟူသောအချက်ဟု ဖော်ပြခဲ့သည်ကို ကျီးသဲလေးထပ်ဆရာတော်ကြီးက 'သင်္ဂီယနာဝင်ကျမ်းကြီးတို့၌မပါသည်မှာလည်း တတိယသင်္ဂီယနာတင်ပြီးနောက်မှပေါ်ထွက်သော ရဟန္တာများဖြစ်၍ မပါသည်ဟုယူရမည်'[*၁]ဟု ဖြေရှင်းတော်မူခဲ့ပါသည်။ အဋ္ဌကထာစသည်၌ ရှင်ဥပဂုတ်အကြောင်းမပါခြင်းနှင့်စပ်၍လည်း 'အဋ္ဌကထာ၌မလာသည်ဟူ၍ မဟုတ်မယူသင့်၊ အကျဉ်းသာစီရင်သောကြောင့် စကားကြွင်းလေသည်ကို ဋီကာဆရာတို့သွင်းရသည်လည်းအများပင်ဖြစ်သည်'[*၂] စသည်ဖြင့်လည်း ရှင်ဥပဂုတ်ဘက်မှလိုက်ပါရေးသားတော်မူခဲ့ပါသည်။ ကျီးသဲလေးထပ်ဆရာတော်ကြီးသည် ရှင်ဥပဂုတ်မထေရ်၏အကြောင်းကိုရေးရာတွင် လောကပညတ္တိကျမ်း၊ ဝဇိရဗုဒ္ဓိဋီကာနှင့်(ဆဋ္ဌမူမဟုတ်သော) မိလိန္ဒပဉ္ဟာစသည်တို့ကိုအမှီပြု၍ ရေးသားတော်မူခဲ့ပါသည်။ ပဓာနကိုးကားသောကျမ်းမှာ လောကပညတ္တိကျမ်းဖြစ်သည်။

ရှင်ဥပဂုတ်နှင့်သီရိလင်္ကာနိုင်ငံ

စင်စစ် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများသည် ရှင်ဥပဂုတ်မထေရ်၏အကြောင်းကို သီဟိုဠ်ကျွန်းနေပညာရှင်များရေးသော ကျမ်းစာတို့မှတစ်ဆင့် သိခွင့်ရခဲ့ကြခြင်းဖြစ်ပါသည်။ သီဟိုဠ်ရေးကျမ်းစာဆိုသည်မှာ ပဓာနအားဖြင့် ကစ္စည်းသဒ္ဒါကြီးကျမ်းနှင့် ဝဇိရဗုဒ္ဓိဋီကာကျမ်းတို့ဖြစ်သည်။

ရှင်ဥပဂုတ်အကြောင်းကို ရှေးဦးစွာဖော်ပြထားသော ကစ္စည်းသဒ္ဒါကြီးသည် ပါဠိသဒ္ဒါကျမ်းများတွင် ရှေးအကျဆုံးနှင့် အစောဆုံးပေါ်ထွန်းခဲ့သောသဒ္ဒါကျမ်းဖြစ်သည်။ ကစ္စည်းသဒ္ဒါကြီးကိုပြုစုသော အရှင်ကစ္စာယန မဟာထေရ်ကို ဘုရားရှင်လက်ထက်က တေဒဂ်ရအရှင်မဟာကစ္စည်း[*၃]ဟုလည်းကောင်း၊ အချို့က ဘုရားပရိနိဗ္ဗာန်စံပြီးအနှစ်(၃၀၀)၌ပေါ်သော ဉာဏာပရမတ္ထဓော် ဉာဏာပဒ္ဒာန်းကြီးကိုပြုစုသူ သဗ္ဗညုဓိဇိဂုဏ်းဝင် အရှင်ကစ္စာယန(ကာတျာယနီပုတြ)ဟုလည်းကောင်း၊ အိန္ဒိယတောင်ပိုင်းသား အေဒီ ၅-ရာစု သို့မဟုတ် ၆-ရာစု၌ပေါ်ထွန်းသောမထေရ်တစ်ပါးဟုလည်းကောင်း ယူဆကြပါသည်။[*၄]

အင်္ဂမဟာပဏ္ဍိတအဘယာရာမရွှေဂူဆရာတော်ဘုရားကြီး(အေဒီ ၁၈၆၈-၁၉၄၃)ကမူ 'အေဒီ ၁-ရာစုမှ ၄-ရာစုအတွင်း အိန္ဒိယနိုင်ငံ ဥဇ္ဇေနီပြည်၌နန်းစံသော သကမင်းတို့၏ဆရာအရှင်ကစ္စာယနပြုသည်ဟု ယူဆ

---

*၁ ကျီးသဲလေးထပ်ဆရာတော်ကြီး၏ ဝိမတိဇ္ဇောနိကျမ်း။ ၁၉၂၁-ခုနှစ်။ (စာမျက်နှာ-၉၃)။

*၂ ကျီးသဲလေးထပ်ဆရာတော်ကြီး၏ ဖိနတ္ထုပကာသနီကျမ်း။ ၁၉၃၇-ခုနှစ်။ (စာမျက်နှာ-၅၆၃)။

*၃ သံဓိတ္တေန ဘာသိတသ ဝိတ္ထာရေန အတ္ထံ ဝိဘဇန္တေဒါနံ ယဒိဒံ မဟာကစ္စာနေနာတိ- အဓိ၊ ဘ။ ၂၄။

*၄ အရှင်ကေလာသ၏ မဟာဝိသုတာရာမနိကာယသာသနာဝင်။ ၁၉၇၀-ခုနှစ်။ (စာမျက်နှာ-၆၃)။

http://www.dhammadownload.com



ရှင်ဥပဂုတ္တကြွေးသွန်းရုပ်တုတော်
Inglis,1998, Pg.121.Pl.6.



မန္တလေးမြို့၊ သကျသီဟဘုရားပြတိုက်ရှိ
ရှင်လေးပါးပုံတော်



သာသနာ ၁၂၂၅-ခုနှစ်
(အေဒီ-၅၄၈)တွင် ပေါ်လာဖူးသော
ရှင်ဥပဂုတ္တစ်ရာ တောင်သမုဒ္ဒရာရှိ
ကြွေးပြသာဒ်တော်တည်နေရာပြမြေပုံ
ဦးခင်မောင်လင်း၊ ၁၉၈၉၊
မျက်နှာဖုံးအတွင်းသရုပ်ဖော်ပုံ။



မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ သခွတ္တနယ်ရှိ
မဟာလောကမာရဇိန်ဘုရားမှ
အေဒီ ၁၈-ရာစုလက်ရာ ရှင်ဥပဂုတ္တမထေရ်ပုံ
ဒေါက်တာသန်းထွန်း၊ ၁၉၇၂

http://www.dhammadownload.com

တော်မူသည်။*၁ အဘယာရာမဆရာတော်ကြီး၏ယူဆချက်သည် အလွန်သိမြင်နိုင်ခဲသောအချက်တစ်ရပ်ကို လမ်းစဖော်ပေးခြင်းဖြစ်၍ အဖိုးတန်လှပေသည်။

ကစ္စည်းသဒ္ဒါကြီး၌ပါရှိသောအချက်အလက်တို့ကိုထောက်ထား၍ ဘုရားရှင်ပွင့်တော်မူပြီးနောက် ကာလကြာမြင့်မှထင်ရှားခဲ့သော အရှင်ကစ္စည်းဘွဲ့မည်ရှိမထေရ်တစ်ပါးရေးသားခဲ့သည်ဟုလည်း ပညာရှင်များယူဆထားကြ၏။*၂ ထိုကစ္စည်းသဒ္ဒါကျမ်း၊ ကာရကပိုင်း(သုတ်စဉ်–၂၈၁)၌ 'ယော ကရောတိ သကတ္တာ' သုတ်၏ အရာတွင် 'ဥပဂုတ္တေန မာရော ဗန္ဓော' (ဥပဂုတ်သည် မာရ်နတ်ကိုတုပ်နှောင်ဖွဲ့ထားအပ်၏)ဟူသောပြယုဂ်ကို ဖော်ပြထားခြင်းမျှဖြစ်၏။*၃ ရှင်ဥပဂုတ်အကြောင်းကိုသာမက အရှင်ဥပဂုတ်၏ဒါယကာဖြစ်သူ အသောကမင်းကြီးအကြောင်းကိုလည်း ကစ္စည်းကျမ်း နာမ်ပိုင်း(သုတ်စဉ်–၂၅၁)တွင် 'ကိ သ္မာ ဝေါ' သုတ်၏အရာ၌ 'ကွ ဂတောသိ တွံ ဒေဝါနံပိယတိဿ' (အိုဒေဝါနံ ပိယတိဿ အရှင်မင်းကြီးသည် အဘယ်အရပ်သို့ကြွတော်မူသနည်း?)ဟူ၍ ပြယုဂ်ထုတ်ပြခဲ့၏။*၄

ဤသို့လျှင် အရှင်ဥပဂုတ်အကြောင်းနှင့် အသောကမင်းတို့၏အကြောင်းကိုပြယုဂ်ထုတ်ပြနိုင်သည်မှာ ထိုအရှင်ကစ္စည်းသည် အိန္ဒိယမြောက်ပိုင်းနှင့်အဆက်အသွယ်ရှိ၍ ရေးနိုင်သည်ဟုယူဆမိပါသည်။ မည်သို့ပင်ဆိုစေ ကစ္စည်းသဒ္ဒါကြီးကို ရှင်ငယ်မှစ၍ ပါဠိဘာသာစတင်သင်ယူသူတိုင်း သင်ကြားရသည်ဖြစ်၍ ကစ္စည်းသဒ္ဒါကြီး၏ ကာရကပိုင်းသို့ရောက်လျှင် မာရ်နတ်ကိုချိုးနှိမ်သောရှင်ဥပဂုတ်အကြောင်းကို မိတ်ဆက်အသိပေးပြီးဖြစ်လေတော့သည်။

အရှင်ဥပဂုတ်မထေရ်ကြီးအကြောင်းကိုအကျဉ်းမျှဖော်ပြထားသော သီဟိဠ်ကျမ်းကြီးတစ်စောင်မှာ ဝဓိရဗုဒ္ဓိဋီကာဖြစ်၏။ ထိုကျမ်းကို ပရက္ကမဗာဟုမင်းကြီးလက်ထက်(အေဒီ ၁၁၅၃–၁၁၈၆)မတိုင်မီ အိန္ဒိယနိုင်ငံတောင်ပိုင်း ဒေသဖွား အရှင်ဝဓိရဗုဒ္ဓိမထေရ် ရေးသားပြုစုခဲ့ပါသည်။*၅ ဝိနည်းငါးကျမ်းအဖွင့် ဝိနည်းအဋ္ဌကထာလာပုဒ်တို့တွင် တိမ်မြုပ်၊ ကွယ်ဝှက်၊ ခက်ခဲ၊ ဖုထစ်နေသောပုဒ်တို့၏သဘောသကန်ကိုဖွင့်ဆိုရှင်းပြသော ဝိနည်းဋီကာကျမ်းကြီးဖြစ်၏။ ထိုကျမ်း၌ သက္ကတဘာသာ၊ ရှေးသီဟိဠ်ပေါရာဏစကားတို့ကို များစွာသုံးစွဲရေးသားထားသဖြင့် သာရတ္ထဋီကာဆရာ အရှင်သာရိပုတ္တြာမထေရ်နှင့် ကခ်ိဋီကာဟောင်းဆရာတို့က ဝဓိရဗုဒ္ဓိဋီကာဆရာတော်၏ ဘာသန္တရကျမ်းကျင်နိုင်နင်းပုံကို ချီးကျူးခဲ့ကြ၏။

အရှင်ဝဓိရဗုဒ္ဓိဆရာတော်သည် ဘာသန္တရကျမ်းကျင်သောပညာရှင်ပီပီ ဟိန္ဒူအယူအဆများကိုဖော်ပြထားသော ဥပနိသ္ဒ၊ ကာသိကာ၊ နျာယဒဿနစသော သက္ကတကျမ်းတို့လာအဆိုတို့ကိုလည်း ဝဓိရဗုဒ္ဓိဋီကာ၌ ထုတ်ဖော်ရေးသားခဲ့၏။ သက္ကတဘာသန္တရကိုကျမ်းကျင်သော အရှင်ဝဓိရဗုဒ္ဓိမထေရ်သည် ဝိနည်းမဟာဝါလာဝေရဉ္ဇကဏ္ဍ(ဝိ၊ ၁၊ ၁။ ဝိ၊ ၌၊ ၁။(၉၅)။)ကို ဖွင့်ဆိုတော်မူရာတွင် 'မြတ်စွာဘုရားရှင်သည် ဝေရဉ္ဇာပြည်၌ဝါဆိုတော်မူစဉ် ဘုရားအမှူးရှိသောသံဃာတော်တို့ကို မာရ်နတ်ကလှည့်ဖြားထားသည့်အတွက် ဆွမ်းလှူသူမရှိဘဲဖြစ်ခဲ့၏။

---

*၁ အဘယာရာမဆရာတော်ကြီး၏ မောဂ္ဂလာန်နိဿယ၊ ပထမတွဲ။ ၁၉၇၀–ပြည့်နှစ်။ (စာမျက်နှာ–၃၃၇–၃၃၈)။

*၂ ကစ္စည်းသဒ္ဒါကြီးပါဠိ။ ၁၉၈၆–ခုနှစ်။ (စာမျက်နှာ–က)။ DPPN-I. 477, 479.

*၃ ကစ္စည်းသဒ္ဒါကြီးပါဠိ။ ၁၉၈၆–ခုနှစ်။ (စာမျက်နှာ–၁၅၁)။

*၄ ကစ္စည်းသဒ္ဒါကြီးပါဠိ။ ၁၉၈၆–ခုနှစ်။ (စာမျက်နှာ–၁၃၀)။

*၅ DPPN-II. 554, 809. အရှင်ဝဓိရဗုဒ္ဓိသည် မြန်မာနိုင်ငံမှ ရာမညတိုင်းဘုရင် မွေစေတီနှင့်အပြိုင်ပေါ်ထွန်းခဲ့ပြီး မွေစေတီမင်းထံ ဝဓိရဗုဒ္ဓိဋီကာတစ်မူကို ပို့ခဲ့ဘူးသည်ဟု အဆိုရှိသည်။

http://www.dhammadownload.com

မြတ်စွာဘုရားရှင်၏တန်ခိုးတော်ဖြင့်ပယ်ဖျက်နိုင်လင့်ကစား လောကဓံတရားဖြစ်သည်နှင့် သည်းခံနေတော်မူခဲ့ပါ၏။ ထိုအချိန်က မြတ်စွာဘုရားရှင်သည်းခံတော်မူနေရခြင်းအကြောင်းမှာ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးသောအခါ အရှင်ဥပဂုတ်မထေရ်သည် ထိုမာရ်နတ်မင်းကို ပယ်လှန်ချိုးနှိမ်မည်ကို သိတော်မူသောကြောင့်ဖြစ်သည်။ ထို့ပြင် မာရ်နတ်ကိုချိုးနှိမ်ရာ၌ အရှင်ဥပဂုတ်သည် အဓိဋ္ဌာန်တန်ခိုးဖြင့်ချိုးနှိမ်မည်ဖြစ်သည်'-စသည်ဖြင့် ထိုအကြောင်းအရာတို့ကိုဖွင့်ဆိုတော်မူခဲ့သည်မှာ-

> ထွေ်ာဟ-ကိ ဘဂဝတော မာရာဝဋ္ဋနုပဋိဃာတာယ သတ္တို နတ္ထိတိ ? အတ္ထိ၊ တထာပိသ ပစ္ဆာ ဥပဂုတ္တကာလေ ပသာဒဟေတုတ္တာ အဓိဝါသေသိ၊ ထွေ ဥပဂုတ္တာဓိဋ္ဌာနံ ဝတ္တုဗ္ဗံ *၁-ဟု ဖြစ်၏။
>
> ထွေ= ဤအရာ၌၊ ဘဂဝတော= ဘုန်းတော်ကြီးမားလှသော ဘုရားသခင်အား(၏)၊ မာရာဝဋ္ဋနုပဋိဃာတာယ= မာရ်နတ်လှည့်ပတ်သည်ကိုတားမြစ်တော်မူခြင်းငှာ၊ သတ္တိ= အစွမ်းသည်(တန်ခိုးတော်သည်)၊ နတ္ထိကိ= ရှိဘဲမရှိလေတော့သလော?။ ဣတိ= ဤသို့၊ စောဒကော= စောဒကပုဂ္ဂိုလ်သည်၊ အာဟ= မေးဆို၏။ အတ္ထိ= ရှိတော်မူပါ၏။ တထာပိ= သို့သော်လည်း၊ ပစ္ဆာ= နောင်တစ်ချိန်ဖြစ်သော၊ ဥပဂုတ္တကာလေ= သားတော်ဥပဂုတ်လက်ထက်၌၊ ပသာဒဟေတုတ္တာ= ကြည်ညိုရစ်လတ္တံ့သည်၏အကြောင်းဖြစ်သောကြောင့်၊ အဓိဝါသေသိ=မတားမြစ်ဘဲ သဲ့သဲ့ခံချိတော်မူလေ၏။ ထွေ= ဤအရာ၌၊ ဥပဂုတ္တာဓိဋ္ဌာနံ= ရှင်ဥပဂုတ်၏ဓိဋ္ဌာန်တော်မူခန်း (မာရ်နတ်ချုတ်ခန်း)ကို၊ ဝတ္တုဗ္ဗံ= ဆိုသင့်လှ၏။ *၂

ဤသို့ 'ဝတ္တုဗ္ဗံ=ဆိုသင့်လှ၏'ဟု အမှာစကားရှိပြီးမှ ဝဇိရဗုဒ္ဓိဋီကာဆရာသည် ဆက်၍မဆိုဘဲနေခဲ့သည်ကို ဆရာဦးဆန်းထွန်းက 'ထိုဝဇိရဗုဒ္ဓိဋီကာ ကျမ်းလေးမည်၊ ကြီးမားကျယ်ပြန့်သွားမည့်ဘေးကို မျှော်တွေး ထောက်ထားလျက် မဆိုဖြစ်ခဲ့ပေ'ဟု ထင်မြင်ချက်ပေးခဲ့ပါသည်။ *၃ ဝဇိရဗုဒ္ဓိဋီကာကျမ်းကြီး၌ ရှင်ဥပဂုတ်မထေရ်အကြောင်း ဖော်ပြထားသည်ကို အချို့က 'ဋီကာဆရာ၏မူလရေးရင်းဟုတ်မှဟုတ်ပါလေစဟု သံသယဖြစ်ဖွယ်ရှိပေသည်'ဟုလည်းကောင်း၊ 'အလွတ်(ပါဠိမုတ္တက)သဘောမျိုးဖွင့်ပြခြင်းဖြစ်သည်'ဟုလည်းကောင်း ဖော်ပြခဲ့ကြ၏။ *၄

အသောကမင်းနှင့်ပါဋိဓာပေ

အသောကမင်းကြီး၏အလှူတော်ပွဲကို မာရ်နတ်၏ဘေးရန်မှကာကွယ်စောင့်ရှောက်နိုင်သောကြောင့် ရှင်ဥပဂုတ်ဟူသောအမည်နာမ ထင်ရှားလာခဲ့သည်ဖြစ်၍ အသောကမင်းကြီး၏အကြောင်းနှင့်ဆက်စပ်၍ လေ့လာလျှင် အရှင်ဥပဂုတ္တအကြောင်း ပို၍အသိတိုးပွားဖွယ်ရှိလေသည်။ အသောကမင်းကြီး၏အကြောင်းကိုဖော်ပြသော ပါဋိဘာသာကျမ်းသုံးကျမ်းရှိသည်ဟု ပါဋိပညာရှင်တို့ဖော်ပြခဲ့ကြ၏။ ထိုကျမ်းတို့မှာ-

---

*၁ ဝဇိရဗုဒ္ဓိဋီကာပါဠိ။ ပြည်ကြီးမလွှိုင်မူ။ (စာမျက်နှာ-၅၈)။ (ဆဋ္ဌမ) ဝဇိရ။ ၆၃။ ပါရာဇိကဏ္ဍအဋ္ဌကထာ၌မူ 'ဥပဂုတ္တ' ဟူသောဘွဲ့ကိုမတွေ့ရဘဲ 'ဣန္ဒဂုတ္တ' ဟုတွေ့ရသည်။ ဝိ၊ဋ္ဌ၊၁။၃၇၂။

*၂ ဦးဆန်းထွန်း၏ ကဝိလက္ခဏဝိသောဓနီ။ ၁၉၆၁-ခုနှစ်။ (စာမျက်နှာ-၅၉၅)။

*၃ ဦးဆန်းထွန်း၏ ကဝိလက္ခဏဝိသောဓနီ။ ၁၉၆၁-ခုနှစ်။ (စာမျက်နှာ-၅၉၅)။

*၄ ဓမ္မာစရိယဦးဌေးလှိုင်၏ သီဟိုဠ်ခေတ်စံတော်ဝင်အရိယာများ။ ၁၉၆၁-ခုနှစ်။ (စာမျက်နှာ-၃၅၇)။

http://www.dhammadownload.com

၁။ အေဒီ ၄–ရာစုရေး ဒီပဝံသ(ဒီပဝင်)ကျမ်း၊

၂။ အေဒီ ၅–ရာစုရေး အရှင်မဟာဗုဒ္ဓဃောသ၏ ပါရာဇိကကဏ္ဍဝိနည်းအဋ္ဌကထာကျမ်း(သမန္တ ပါသာဒိကာ) နှင့်

၃။ အေဒီ ၆–ရာစုရေး မဟာဝံသ(မဟာဝင်)–တို့ဖြစ်သည်။*၁

အထက်ဖော်ပြပါသုံးကျမ်းတို့တွင် ဒီပဝံသကျမ်း၌ အသောကမင်းကြီး၏ကောင်းမှုဖြစ်သော စေတီပုထိုးကျောင်းကန်တို့ကို မထေရ်တစ်ပါးက လောကဝိဝရဏာအစွမ်းဖြင့်ပြီးစီးခဲ့စေသည်ဟု ဖော်ပြထား၏။*၂ မဟာဝံသကျမ်း၌ အရှင်ကဿပရဟန္တာအမည်ရှိသောမထေရ်၏တန်ခိုးအစွမ်းဖြင့် အသောကမင်း၏ကုသိုလ်များကို မြင်တွေ့ခဲ့သည်ဟု ဖော်ပြထား၏။*၃ သမန္တ ပါသာဒိကာမည်သော ဝိနည်းအဋ္ဌကထာကြီး၏နိဒါနကထာ တတိယသံဂါယနာအဖွင့်၌ 'ကဿပဗုဒ္ဓတ္ထေရံနာမ မဟိဒ္ဓိကံ မဟာနုဘာဝံ'ဟု အရှင်ကဿပဗုဒ္ဓမထေရ်၏တန်ခိုးအာနုဘော်ကြောင့် အသောကမင်းကြီး၏ကုသိုလ်မှုများဖြစ်သော စေတီပုထိုးများပြီးစီးရကြောင်းဖော်ပြထား၏။ ဝိ၊ဋ္ဌ၊၁။၃၃၅။

အထက်ပါ ပါဠိဘာသာဖြင့်ရေးသောကျမ်းတို့၌ အသောကမင်းကြီး၏အလှူပွဲအကြောင်းကိုပြဆိုထားရာတွင် ရှင်ဥပဂုတ်အကြောင်းကိုမဖော်ပြဘဲ အရှင်ကဿပဗုဒ္ဓအကြောင်းကိုသာဖော်ပြထားခဲ့သည်။ သို့ပါ၍ ဒီပဝင်, မဟာဝင်နှင့် ပါရာဇိကဏ္ဍအဋ္ဌကထာတို့၌လာသော အရှင်ကဿပဗုဒ္ဓနှင့်ကစ္စည်းသဒ္ဒါကြီး၊ ဝဇိရဗုဒ္ဓိဋီကာတို့၌လာသော ရှင်ဥပဂုတ်သည် တစ်ပါးတည်းလော? တစ်ပါးစီလော?–ဟူသောမေးခွန်းတစ်ရပ်ဖြစ်လာပါသည်။

အသောကမင်းနှင့်မြောက်ပိုင်းဗုဒ္ဓဘာသာစာပေ

အသောကမင်းကြီး၏အကြောင်းကို အဝဒါန*(Avadāna)*၄အမည်ရှိသော မြောက်ပိုင်းဗုဒ္ဓဘာသာစာပေကျမ်းဂန်မျိုးတွင်လည်း တွေ့ရပါသည်။ ထိုအဝဒါနစာပေသည် နီပေါနိုင်ငံ၌ပေါ်ပေါက်ခဲ့သည်။*၅ နီပေါနိုင်ငံ၌ ထင်ရှားခဲ့သော အဝဒါနစာပေများမှာ မဟာဝဿုအဝဒါန၊ ဒိဗျာဝဒါန၊ ဒိဗျာဝဒါနမာလာ၊ အဝဒါနကာလ္ပတာဒေါ်ဗောဓိသတ္တာဝဒါနကာလ္ပတာ၊ ဘဒ္ဒကာလ်ပအဝဒါန စသောကျမ်းများပါဝင်သည်။*၆

လုမ္ဗိနီသည် မြတ်စွာဘုရား၏ဇာတိဖြစ်သော်လည်း မြတ်စွာဘုရား၏ပရိနိဗ္ဗာန်စံတော်မူပြီးနောက်ကာလ၌ သာသနာတိမ်မြုပ်သွားခဲ့ရာ အသောမင်းကြီး၏လက်ထက်သို့ရောက်မှ သာသနာပြန်လည်ထွန်းကားခဲ့လေသည်။*၇ အသောကမင်းကြီးသည် ဗုဒ္ဓဖွားတော်မူရာ လုမ္ဗိနီဒေသသို့ မိမိ၏နန်းတက်ပြီး ၂၈–နှစ်အရတွင်ရောက်ရှိတော်မူခဲ့ပြီး၊ ထိုနေရာ၌ အထိမ်းအမှတ်ကျောက်တိုင် *(Rummimdei Pillar Edict)* ကို စိုက်ထူခဲ့၏။*၈ အသောကမင်းကြီးသည် မိမိ၏သမီးတော်စာရုမတီကို ထိုနီပေါနိုင်ငံရှိ အမတ်ကြီးတစ်ဦးနှင့်

---

*၁ *T.W. Rhys Davids' Buddhist India. 1971. Page-276.*

*၂ *B.C. Law(Tr.)' Dīpavaṃsa. 1959. Page-180.*

*၃ *Geiger (Tr.)' Mahāvaṃsa. 1950. Page-41.*

*၄ *S.M.Cutler' The Pāli Apadāna Collection. JPTS. Vol. XX. 1994. Page-3.*

*၅ *T.W.Rhys Davids' Buddhist India. 1971. Page-276.*

*၆ ငြိမ်းကျော်၏ ငွေတောင်။ ၁၉၇၃–ခုနှစ်။ (စာမျက်နှာ–၃၇)။

*၇ *Gokhale' Nepal. In 2500 Years of Buddhism. 1954. Page-83.* သာသနာရေးဝန်ကြီးဌာန၏ ဗုဒ္ဓဘာသာတရားတော်(အဆင့်မြင့်) ၁၉၉၅–ခုနှစ်။ (စာမျက်နှာ–၄၀၃)။

*၈ *Edicts of Asoka. 1950. Page-127.* ထိုကျောက်စာကို ကျောက်စာဝန် *Dr. Fuhrer*တွေ့၍၊ *Dr. Buhler*က အဓိပ္ပာယ်ဖော် ဘာသာပြန်ခဲ့သည်။ *L.A.Waddell' Upagupta. Asiatic Society of Bengat Journal. Vol.LXVI. Part I, No.1. 1897. Page-81.*

http://www.dhammadownload.com

လက်ဆက်ပေးခဲ့တ၏။ နီပေါနိုင်ငံ၌ ကျောင်းကန်ဘုရားပုထိုးများစွာကိုလည်းဆောက်လုပ်လှူဒါန်းခဲ့တ၏။*၁ဗုဒ္ဓဘာသာစွယ်စုံကျမ်းတွင် အသောကမင်းကြီးသည် နီပေါနိုင်ငံသို့ကိုယ်တိုင်မသွားဘဲ မိမိ၏သမက်ဖြစ်သူ နီပေါဘုရင်ခံကို နီပေါပြို့နှင့်နှစ်မိုင်ခန့်ကွာသော ပါတန်အရပ်၌ စေတီတစ်ဆူတည်စေသည်။ ထိုစေတီတည်ရာတွင် ရှင်ဥပဂုတ်အမည်ရှိသော ရဟန်းတစ်ပါးက ကြီးကြပ်ဆောင်ရွက်ခဲ့ရသည်ဟု ဖော်ပြထားပါသည်။*၂

ဒိဗျာဝဒါနကျမ်း၌ အိန္ဒိယမြောက်ပိုင်းရှိ ဘုရားဖွားတော်မူရာ လုမ္ဗိနီ၊ ဘုရားပွင့်တော်မူရာဗုဒ္ဓဂယာအပါအဝင် ဗုဒ္ဓဘာသာနှင့်သက်ဆိုင်သောဌာနများသို့ အသောကမင်းကြီးသည် အရှင်ဥပဂုတ်နှင့်အတူ ကြွချီလာသည်ဟု ဖော်ပြထား၏။*၃ ထိုဒိဗျာဝဒါနကျမ်းမှာပင် အရှင်ဥပဂုတ်သည် ရဟန္တာအရှင် ၁၈,၀၀၀ နှင့်အတူ လေ့သင်္ဘောတို့ဖြင့် မဂဓတိုင်း အသောကမင်းထံသို့ ကြွချီတော်မူခဲ့သည်ဟုဖော်ပြထား၏။*၄

ဗောဓိသတ္တာဝဒါနကလွလတာကျမ်း၌ အသောကမင်းကြီး စေတီပေါင်း ၈၄,၀၀၀ တည်ပုံကို ဖော်ပြထား၏။ အသောကမင်းကြီး၏ထိုကုသိုလ်များတွင် ရှင်ဥပဂုတ် ဝင်ရောက်ဆောင်ရွက်ပေးခြင်းဖြင့် အသောကမင်းကြီးအား ဗုဒ္ဓသာသနာ၌ နှစ်နှစ်ကာကာယုံကြည် သက်ဝင်စေခဲ့သည်ဟုဖော်ပြထား၏။*၅

ဂျပန်ဗုဒ္ဓဘာသာအဘိဓာန်ကျမ်း၌ 'အသောကမင်းကြီးသည် ရှင်ဥပဂုတ်သီတင်းသုံးရာ ဥရုမုန္ဒတောင်သို့ ကြွချီလာ၍ တရားနာယူခဲ့ပြီး ဗုဒ္ဓဘာသာသို့သက်ဝင်ခဲ့ကြောင်း၊ ထိုသို့ အသောကမင်းဗုဒ္ဓဘာသာဝင်ဖြစ်ပြီး ရှင်ဥပဂုတ်ကိုပင့်ဆောင်သောကြောင့် ရဟန္တာ ၁၈,၀၀၀ တို့ဖြင့် ပါဋလိပုတ်ပြည်သို့ကြွတော်မူကြောင်း၊ အသောကမင်းကြီး၏စေတီပေါင်း ၈၄,၀၀၀ ကိုတည်ပေးတော်မူကြောင်း' စသည်ဖြင့်ဖော်ပြထားပါသည်။*၆

ထို့ပြင် သုတြာလင်္ကာရ၌ အသောကမင်းနှင့်ရှင်ဥပဂုတ်အကြောင်း ဝတ္ထုသုံးပုဒ်ပါရှိသည်။*၇ ဘဒြကလွလတာအဝဒါန၌ အသောကနှင့်ရှင်ဥပဂုတ်တွေ့ဆုံကြပုံအကြောင်းပါရှိသည်။*၈ အဝဒါန၈တက*၉၌ အသောကမင်းနှင့်ရှင်ဥပဂုတ်တို့ ဆုတောင်းကြပုံအကြောင်းများပါရှိသည်။ အသောကမင်းကြီးအကြောင်းကို အများဆုံးဖော်ပြသော အသောကာဝဒါနကျမ်း၌ ရှင်ဥပဂုတ်အကြောင်းများစွာကိုရေးသားဖော်ပြထားပါသည်။*၁၀

အထက်၌ဖော်ပြခဲ့သောအချက်အလက်တို့အရ အသောကမင်းကြီးအကြောင်းကိုဖော်ပြသော ထေရဝါဒပါဠိစာပေကျမ်းဂန်တို့၌ ရှင်ဥပဂုတ်အကြောင်းကိုဖော်ပြထားခြင်းမရှိဘဲ၊ မြောက်ပိုင်းဗုဒ္ဓဘာသာဝင်တို့၏ဗုဒ္ဓမိဿကသက္ကတကျမ်းဂန်စာပေတို့၌သာ ရှင်ဥပဂုတ်အကြောင်းဖော်ပြထားသည်ကိုတွေ့ရပါသည်။*၁၁

---

*၁ *Gokhale' Nepal. 1954. Page-83.*

*၂ *Zeyet' Asoka. Encyclopedia of Buddhism (Specimem). 1957. Page-26.*

*၃ *Barua' Buddha Gaya Temple Its History. 1981. Page-10.*

*၄ ဒိဗျာဝဒါနကျမ်းလာ ပဲသုပြဒါနဝဒါန(အခန်း-၂၆)၊ ကုနာလ(အခန်း-၂၇)၊ စီတဂေါက(အခန်း-၂၈)၊ အဝေါက(အခန်း-၂၉)တို့တွင် အသောကနှင့် ရှင်ဥပဂုတ်အကြောင်း ဖော်ပြထားသည်။ *E. B. Cowell and R.A. Neil' Divyāvadana. 1886. Page 348-428, 544.*

*၅ *Mitra' Nepalese Buddhist Literature. Page-95.*

*၆ *A Dictionary of Buddhist Terms and Concepts. Page-495.*

*၇ *E. Huber(Tr.)' Aśvaghoṣa's Sutrālṅkāra. 1908. Page-110.*

*၈ *Nariman' Sanskrit Buddhism. 1972. Page-60, 61, 196.*

*၉ *Avadāna Śataka. Vol.II. 1906. Page-203.*

*၁၀ *J. S. Strong(Tr.)' Aśokāvadāna. 1989. Page-174-185.*

*၁၁ *A.W.P. Guruge' Aśokā, The Righteous. A Definitive Biography. 1993. Page-330, 400.*

http://www.dhammadownload.com

ရှင်ဥပဂုတ်နှင့်မဟာယာန

မဟာယာနဗုဒ္ဓဘာသာဝင်များသည် ရှင်ဥပဂုတ်မထေရ်အား မြတ်စွာဘုရား၏သာသနာတော်ကို စောင့်ရှောက်သော စတုတ္ထမြောက်သာသနာပိုင်ပုဂ္ဂိုဟ်ဟု ယူဆခဲ့ကြ၏။[*၁] ဂျပန်ဗုဒ္ဓဘာသာဝင်များကမူ (Fuhōzō Innen Den) အရ သာသနာစောင့်မထေရ်ကြီးများတွင် (၁) ရှင်မဟာကဿပ၊ (၂) ရှင်အာနန္ဒာ၊ (၃) ရှင်မဇ္ဈန္တိက၊ (၄) ရှင်သာဏဝါသ၊ (၅) ရှင်ဥပဂုတ်ဟူ၍ ရှင်ဥပဂုတ်ကို ပဉ္စမနေရာ၌ထားခဲ့ကြ၏။[*၂] ရှင်ဥပဂုတ်ကို မဟာယာနဗုဒ္ဓဘာသာနိုင်ငံများဖြစ်သော တရုတ်နိုင်ငံက Kin-hui၊ ဂျပန်နိုင်ငံက Uvakikta၊[*၃] တိဘက်နိုင်ငံက Oye sbas[*၄] ဟုခေါ်ဝေါ်ခဲ့ကြ၏။

အရှင်ဥပဂုတ်အကြောင်းကို မဟာယာနဗုဒ္ဓစာပေဖြစ်သော မူလသဗ္ဗတ္ထိဝါဒဝိနယပိဋကက[*၅]၊ မဟာဗျုပ္ပတ္တိ[*၆]၊ အာရ်ယမဉ္ဇုဿီမူလကလ္ပ[*၇] မဟာကရ်မဝိဘင်္ဂ[*၈] နှင့် အသောကမင်းကြီးအကြောင်းတို့ကိုဖော်ပြထားသော ကလ္ပဒြုမာဝဒါနမာလာ၊ သုတြာလံကာရ၊ ဘဒ္ဒြကလ္ပလတာဝဒါန၊ အဝတံသက၊ အသောကာဝဒါနကျမ်းများ၌ ဖော်ပြထားပါသည်။ အရှင်ဥပဂုတ်၏အတ္ထုပ္ပတ္တိကို တိဗက်ရာဖဝင်ဆရာတာရနာထ(Tāranātha)၏ အိန္ဒိယ ဗုဒ္ဓဘာသာသမိုင်း[*၉] ၌ အောက်ပါအတိုင်းဖော်ပြထား၏။[*၁၀]

> ရှင်ဥပဂုတ်သည် အိန္ဒိယနိုင်ငံ မထုရာပြို့မှ ဂုတ္တာမည်သော နဲ့သာသူဌေးကြီး၏ တတိယမြောက် သားဖြစ်သည်။ သာသနာတော်နှစ် ၁၀၀–ပြည့်တွင် ဖွားတော်မူခဲ့၏။ အရှင်အာနန္ဒာမထေရ်၏တပည့် အရှင်သာဏဝါသီမထေရ်သည် မထူရာပြို့သို့သာသနာပြုရောက်လာရာ၊ ထိုမထေရ်ထံ၌ ရှင်ဥပဂုတ် လောင်းလျာသူငယ်သည် အသက်(၁၇)နှစ်အရွယ်တွင် ရှင်သာမဏေပြုခဲ့သည်။ အသက်(၂၀) ရဟန်းခံချိန်၌ ရဟန္တာဖြစ်တော်မူခဲ့သည်။ အရှင်သာဏဝါသီသည် သာသနာပြုလုပ်ငန်းအား အရှင်ဥပဂုတ္တထံလွှဲအပ်ပြီးနောက် စမ္ဘာပြည်သို့ကြွ၍ ပရိနိဗ္ဗာန်ပြုခဲ့ပါသည်။ အရှင်ဥပဂုတ္တသည် ဂင်္ဂါမြစ်ကိုဖြတ်၍ မြောက်ဘက်ဆီသို့ကြွတော်မူပါသည်။ တိရဟုတိပြည်နယ်၏အနောက်ဘက် ဒေသရှိ ဝိဒေဟပြို့သို့ရောက်တော်မူပါသည်။ ထိုပြို့၌ သံဃာတော်များကိုဆည်းကပ်လုပ်ကျွေးလေ့ ရှိသော သူကြွယ်ဝသုသာရ ဆောက်လုပ်လှူဒါန်းသည့်ကျောင်း၌ သီတင်းသုံးတော်မူသည်။ ဤ ကျောင်း၌ ဝါဆိုတော်မူ၍ တရားဟောရာ တစ်ထောင်မျှလောက်သောလူအပေါင်းကို အရဟတ္တဖိုလ်သို့ ရောက်စေတော်မူခဲ့ပါသည်။ ထို့နောက် ဂန္ဓာရတောင်သို့ကြွတော်မူ၍ တရားဟောရာ လူအများ အပြားကိုအကျွတ်တရားရကြပါသည်။

---

*၁ Eitel' Handbook of Chinese Buddhism. 1970. Page-187; Rockhill' The Life the Buddha. 1907. Page-170.

*၂ A Dictionary of Buddhist Terms and Concepts. Page-488.

*၃ Beal' Buddhistic Records of Western World. 1884. Page-182.

*၄ Eitel' Handbook of Chinese Buddhism. 1970. Page-187.

*၅ Mulasavasthivāda Vinaya. In Gilgit Manuscripts. Vol.I. 4.2(f).

*၆ Mahāvyutpatti. 1916. 3653.

*၇ Ārya mañjūśrimūlakalpa. 1920. 606. 14.

*၈ Maha-Karmavibhaṅga. 1932. 154.14.

*၉ Tāranātha' History of Indian Buddhism. Page 32-39.

*၁၀ John S. Strong' The Legend and Cult of Upagupta. 1992. စာအုပ်တွင် ဗုဒ္ဓဗီဿကာသက္ကတ(HSB)စာပေ၌လာသော ရှင်ဥပဂုတ် အကြောင်းကို ပြည့်စုံစွာဖော်ပြထား၏။

http://www.dhammadownload.com

ထိုမှ မထုရာမြို့သို့ကြွတော်မူပါသည်။ ထိုမြို့၌ နဒုနှင့်ဘဏ္ဍုအမည်ရှိသော မလွှအကြီးအကဲ တို့သည် အရှင်ဥပဂုတ္တ၏ဂုဏ်ကျေးဇူးကိုပြောဆို၍ အရှင်သာဏဝါသီမထေရ်လက်ထက်က သိရတောင်ပေါ်၌ဆောက်လုပ်လှူဒါန်းအပ်သောကျောင်း၌ အရှင်ဥပဂုတ္တဝါဆိုပါမူကား ကောင်းလေစွဟု ပြောဆိုနေကြပါသည်။ ထိုအချိန်မှာပင် အရှင်ဥပဂုတ္တကြွလာသဖြင့် ကျောင်းတင်လှူဒါန်းခဲ့သည်။ ပစ္စည်းလေးပါးဖြင့်လည်း ထောက်ပံ့သည်။ အရှင်ဥပဂုတ္တသည် နဒုဘဒ္ဓိကကျောင်း၌ တရားဟောတော်မူသောအခါ အများအပြားသာသနာ့ဘောင်ဝင်ကြပါသည်။ သူကြွယ်တို့လည်း သစ္စာလေးပါးကို သိမြင်ကြပါသည်။

အခါတပါး၌ အရှင်ဥပဂုတ္တ တရားဟောတော်မူစဉ် မာရ်နတ်သည် မြို့ပေါ်သို့ ဆန်စပါးမိုး ရွာချပါသည်။ ဤမိုးကြောင့် တရားပွဲပျက်ခဲ့ပါသည်။ လူအနည်းငယ်သာ တရားဆက်လက်၍နာကြပါသည်။ ဒုတိယနေ့၌ အဝတ်မိုးရွာပါသည်။ တတိယနေ့၌ ငွေမိုး၊ စတုတ္ထနေ့၌ ရွှေမိုး၊ ပဉ္စမနေ့၌ ရတနာခုနစ်ပါးမိုးရွာပါသည်။ တရားနာပရိသတ်မဆိုသလောက်သာကျန်ပါတော့သည်။ ဆဋ္ဌမနေ့၌ မာရ်နတ်ကိုယ်တိုင် ဂန္ဓဗ္ဗကချေသည်နတ်အသွင် ဖန်ဆင်းပါသည်။ မာရ်နတ်၏မယား, သားနှင့် သမီးများက နတ်အဆိုတော်၊ ကချေသည်အသွင်ဖန်ဆင်း၍ ယောကျ်ားမိန်းမသုံးဆယ့်ခြောက်ဦးသည် နတ်သဘင်သည်များအဖြစ်ဖြင့် မြို့တွင်းဝင်ကြပါသည်။ မာရ်နတ်၏ နတ်သီချင်းဂီတသံတို့၏ မြူဆွယ်မှုကြောင့် ရှင်ဥပဂုတ်ထံ၌တရားနာသူ တစ်ဦးမျှပင်မကျန်တော့။ အရှင်ဥပဂုတ္တကိုယ်တော်သည် မြို့တွင်းသို့ကြွ၍ မာရ်နတ်နှင့်တကွ အပေါင်းအဖော်များကို ပန်းကုံးစွပ်၍ ချီးကျူးဂုဏ်ပြုပါသည်။ အရှင်မြတ်၏တန်ခိုးတော်ကြောင့် မာရ်နတ်တို့သည် အိုမင်းရွတ်တွအကျည်းတန်သူများ၊ အဝတ်စုတ် ဝတ်ဆင်ထားသူများ၊ ဦးခေါင်းထက်၌ သူကောင်ပုပ်များ၊ လည်ပင်း၌ခွေးသေပုပ်ဆွဲထားသူများ ဖြစ်သွားကြလေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး ပုပ်ဟောင်၍ ရွံစရာမြင်ကွင်းဖြစ်သွားပါသည်။

ထိုနောက် အရှင်ဥပဂုတ္တက 'ဟယ်–မာရ်နတ်ယုတ်၊ အဘယ့်ကြောင့် ငါ့သာဝကများကို ဒုက္ခပေးရသနည်း' ဟုမေးတော်မူ၏။ 'ခွင့်လွှတ်တော်မူပါအရှင်မြတ်ဘုရား၊ အကျွန်ုပ်တို့ကို အနှောင့်အဖွဲ့မှလွှတ်တော်မူပါ' ဟု မာရ်နတ်က တောင်းပန်၏။ 'ငါ့တပည့်သာဝကများကို ဒုက္ခမပေးမှငါလွှတ်မည်' ဟု အရှင်ဥပဂုတ္တကမိန့်တော်မူ၏။ မာရ်နတ်က 'ကျွန်ုပ်ဘဝဆုံးသည့်တိုင် မနှောင့်ယှက်တော့ပါဘုရား' ဟုဝန်ခံ၏။ ချက်ချင်းပင် မာရ်နတ်သည် ပင်ကိုယ်အသွင်သို့ပြောင်းသွား၏။ 'ဗောဓိမဏ္ဍိုင်၌ ဂေါတမမြတ်စွာဘုရားစံနေစဉ် ကျွန်ုပ်အစွမ်းကုန်နှောင့်ယှက်ဖျက်ဆီးခဲ့ပါ၏။ မြတ်စွာဘုရားသည် မဟာကရုဏာတော်ဖြင့် သမာဓိကိုဖျက်တော်မမူခဲ့။ သို့သော် ဂေါတမမြတ်စွာဘုရား၏ တပည့်သားဖြစ်သော ဤအရှင်သည်ကြမ်းလွန်စွာ၏၊ ရန်လိုလွန်စွာ၏။ ကျွန်ုပ်တို့ ကလူကြည်စယ်ကာမျှနှင့်ပင် ကျွန်ုပ်တို့ကိုနှောင်ဖွဲ့ဘိ၏' –ဟု မာရ်နတ်ဆို၏။ ထို့နောက် ရှင်ဥပဂုတ္တသည် မာရ်နတ်ကို တရားဟောတော်မူပြီး 'ငါသည် မြတ်စွာဘုရား၏ဓမ္မကာယ(တရားတော်အစု)ကိုသာ သိမြင်ရ၏။ မြတ်စွာဘုရား၏ရူပကာယ(ကိုယ်တော်)ကိုကား မဖူးမမြင်ခဲ့ရစဖူး၊ သင်သည် ဘုရားသခင်ကိုမြင်တွေ့ခဲ့ရ၏။ ထို့ကြောင့် မြတ်စွာဘုရား၏ရူပကာယတော်ကို ငါ့ကိုဖန်ဆင်း၍ပြပါ' ဟု တောင်းပန်၏။ မာရ်နတ်သည် မြတ်စွာဘုရား၏အသွင်တော်ကိုဖန်ဆင်း၍ပြ၏။ အရှင်ဥပဂုတ္တသည် ဖူးမြင်ရင်း ဖူးမြင်ရင်း ကြည်ညိုသဒ္ဓါတရားတဖွားဖွားပေါ်လာ၏။ ကြက်သီးမွေးညင်းထလာ၏။ 'မြတ်စွာဘုရားကို

http://www.dhammadownload.com

ရှိခိုးပါ၏'ဟု ဦးထိပ်ထက်လက်တင်၍ ရှိခိုးလိုက်၏။ အရှင်မြတ်ရှိခိုးသောဒဏ်ကို မခံနိုင်သော မာရ်နတ်ခမြာ မူးဝေလဲကျသွား၏။ မာရ်နတ် ဆန်စပါးမိုးရွာချသည့်နေ့မှစ၍ ခြောက်ရက်တိုင် တရားဟောရာ ခုနစ်ရက်မြောက်နေ့မှာ လူပေါင်းရှစ်သိန်းခန့် သစ္စာလေးပါးကိုသိမြင်ခဲ့ကြ၏။

အရှင်ဥပဂုတ္တသည် မိမိ၏ဘဝနောက်ပိုင်းကို နဒုဘဋိကကျောင်းတော်၌ပင် ကုန်ဆုံးစေတော်မူခဲ့၏။ ထိုကျောင်းတိုက်တွင်း၌ အလျား(၁၈)တောင်၊ အနံ(၁၂)တောင်၊ အမြင့်(၆)တောင်ရှိသော ဂူတစ်ခုရှိ၏။ ထိုအချိန်က ရဟန်းပြုသူများ အရှင်ဥပဂုတ္တဟောကြားသဖြင့် အရဟတ္တဖိုလ်သို့ ရောက်သူများသည် လက်လေးသစ်ခန့်ရှိ သစ်တိုသစ်စလေးများကို ဂူတွင်းသို့ပစ်သွင်းလေ့ရှိကြ၏။ အရှင်ဥပဂုတ္တပရိနိဗ္ဗာန်စံသောအချိန်၌ ထိုသစ်တိုသစ်စလေးများသည် ဂူတစ်ခုလုံးပြည့်လျှံ၍ နေရာလပ်ပင်မကျန်တော့ချေ။ ထိုသစ်တိုသစ်စများဖြင့်ပင် အရှင်ဥပဂုတ္တကို မီးသင်္ဂြိုဟ်ကြပါသည်။ ဓာတ်တော်များကို နတ်များဆောင်ယူသွားသည်ဟုဆိုပါသည်။

မြတ်စွာဘုရားကိုယ်တော်တိုင်က 'အရှင်ဥပဂုတ္တသည် ဗုဒ္ဓ၏လက္ခဏာတော်ကြီးငယ်မပါရှိသော ဘုရား၊ ဗုဒ္ဓနှင့်ထပ်တူ မဟာကရုဏာရှင်ဖြစ်လိမ့်မည်'ဟု ဗျာဒိတ်ထားခြင်းခံခဲ့ရသူဖြစ်သည်။ မြတ်စွာဘုရားပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက်တွင် သတ္တဝါတို့အပေါ် မဟာကရုဏာထားရာ၌ အရှင်ဥပဂုတ္တထက်သာလွန်သူမရှိဟု မြောက်ပိုင်းဗုဒ္ဓဘာသာစာပေတို့၌ပြဆိုထားပါသည်။*၁

ရှင်ဥပဂုတ်မထေရ်၏ပရိနိဗ္ဗာန်ပြုတော်မူခြင်းနှင့်ပတ်သက်၍ သက္ကတစာပေမှတ်တမ်းများက မထုရာမြို့၌ပင် ပရိနိဗ္ဗာန်ပြုတော်မူ၍ သရီရဓာတ်တော်များကိုစေတီပုထိုးတည်ထားကိုးကွယ်ကြသည်ဆိုပါသည်။ ဂျပန်ဗုဒ္ဓဘာသာမှတ်တမ်းတို့တွင် 'အရှင်ဥပဂုတ်သည် မြေငလျင်တုန်လှုပ်နေဆဲအခိုက်တွင် ဘဝကိုလွန်မြောက်သွားသည်'ဟု ဆိုပါသည်။ 'အရှင်ဥပဂုတ်သည် သုံးလတိုင် မထုရာပြည်တွင် လှည့်လည်တရားဟောခြင်း၊ တန်ခိုးပြာဋိဟာ ပြခြင်းပြုပြီးလျှင် မြေငလျင်လှုပ်ဆဲ လျှပ်စစ်များလက်ဆဲအခိုက်တွင် ခချေ(Kha-chhe)ခေါ် အိုင်တစ်ခုအတွင်းရှိ နဂါးမင်း၏နန်းတော်တွင်းသို့ဝင်ရောက်သွားပြီးနောက် ကောင်းကင်ယံတွင်ပျောက်ကွယ်သွားခဲ့သည်'ဟု တိဘက်မှတ်တမ်း(Kalacakra = Dus- Khor)၌ဖော်ပြထားပါသည်။*၂ မှတ်တမ်းတစ်စောင်၌ ရှင်ဥပဂုတ် ပျံလွန်တော်မူသောနှစ်မှာ ဂၢ၁–ဘီစီ သို့မဟုတ် ၃၃၅–ဘီစီဖြစ်သည်ဟုဖော်ပြထားသည်။*၃

ရှင်ဥပဂုတ်အကြောင်းစီစစ်ချက်

၁။ မြန်မာစာပေမှတ်တမ်းတစ်စောင်၌ ရှင်ဥပဂုတ္တသည် မဟာယာနဗုဒ္ဓဘာသာဂိုဏ်းဝင်ဖြစ်သည်။ 'ဥပဂုတ်' ဟူသောအမည်ကပင် မဟာယာနဆန်နေသည်ဟုဖော်ပြပါသည်။*၄ အချို့သောမှတ်တမ်းများအရ ဥပဂုတ်သည် ပါဋိဝေါဟာရဖြစ်ပြီး၊ ဥပ–အမည်ရှိသောရသေ့ကြီးက စောင့်ရှောက်(=ဂုတ္တ)ထားခဲ့ဘူးသောကြောင့် ဥပဂုတ် (= ဥပ + ဂုတ္တ)အမည်ရကြောင်း ဖော်ပြထား၏။*၅ မှော်ပီဆရာသိန်းကြီး၏ ပေါရာဏဒီပနီကျမ်း၊

---

*၁ Taranatha' History of Buddhism in India. Page-38.

*၂ မောင်လွင်ရည်၏ သမ္မသိဒ္ဓိပရိတ်ငယ်များ။ ၁၉၉၃–ခုနှစ်။ (စာမျက်နှာ–၆၅။)

*၃ Eitel' Handbook of Chinese Buddhism. 1970. Page-187.

*၄ ရဝေထွန်း၏ ရတနာစာပေ၊ ပထမတွဲ။ ၁၉၇၃–ခုနှစ်။ (စာမျက်နှာ–၇၇)။

*၅ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ–၁၄။ (စာမျက်နှာ–၄၇၃)။

http://www.dhammadownload.com

ဒုတိယတွဲတွင် 'သူမွန်ရသော့၊ လက်ပွေ့ယုယ၊ သျှင်'ဥပ'လျှင်၊ နေ့ညစောင့်မှတ်၊ ကမ္မသတ်ကြောင့်၊ ပညတ်ဖော်ထုတ်၊ ဥပဂုတ်ဟု'–ခေါ်တွင်ကြောင်း ဖော်ပြထား၏။*၁ ဆရာဦးဆန်းထွန်းကမူ ဥပဂုတ်ဟူသောအမည်တွင် ဥပ–ဟူသောပုဒ်သည် ဥပသာရပုဒ်(ရှေ့ဆက်)မဟုတ်ကြောင်းနှင့်၊ ထို့ဥပ–သဒ္ဒါသည်ပင် ဗိဿနိုးဘုရား၏ဥပေန္ဒဒတ္တ–ဟူသောအမည်၏အတိုကောက်ဖြစ်ကြောင်းဖော်ပြထား၏။*၂

၂။ မာရ်နတ်ကို ရှင်ဥပဂုတ်မထေရ်ဆုံးမပုံမှာ ရဟန္တာအရှင်မြတ်တစ်ပါးအနေဖြင့် ဤသို့ မဆုံးမသင့်ကြောင်း၊ ဆုံးမပုံရက်စက်သဖြင့် ထေရဝါဒရဟန်းတော်တစ်ပါးအနေဖြင့် ဤသို့ပြုလုပ်လိမ့်မည်မဟုတ်–ဟု မြန်မာစာတမ်းတစ်စောင်၌ဝေဖန်ထား၏။*၃

၃။ ရှင်ဥပဂုတ်မထေရ်က မာရ်နတ်ကို ခါးပန်းကြိုးဖြင့် တောင်ကမ်းပါးယံတွင်ချည်ထားသောအခါ မာရ်နတ်ကြီးက 'ငါသည် ရွေးအခါက ဘုရားရှင်အားဒုက္ခပေးခဲ့ဘူး၏။ မြတ်စွာဘုရားသည် ငါ့အားအပြစ်မပေးခဲ့။ ယခုသာဝကဖြစ်သူ ရှင်ဥပဂုတ်သည် သနားခြင်းမရှိဘဲ ငါ့အားနှိပ်စက်ဘိသည်။ သို့ဖြစ်၍ နောင်အခါ ဘုရားဆုကိုသာပန်လိုသည်။ သနားခြင်းကင်းသောသာဝကဆုကိုမပန်လိုကြောင်း မြည်တမ်းသည်'ဟု မဟာဝင်ဝတ္ထု*၄ စသည်၌ဖော်ပြထားရာ ထိုသို့ 'ဘုရားဆုကိုသာပန်လိုသည်။ သာဝကဆုကိုမပန်လို'ဟူသော စကားရပ်သည် မဟာယာန၏အယူအဆဖြစ်ကြောင်း ကျမ်းစာတစ်စောင်၌ရေးသားထား၏။*၅

၄။ မာရ်နတ်၏လည်၌ ခွေးသေကောင်ပုပ်ဆွဲပေးခြင်းနှင့်အလားတူသောအဖြစ်အပျက်ကို ထေရအပဒါန်းလာသင်္ဂီမတ္တိယထေရဝတ္ထုဥ္ဇ္ဈလည်းတွေ့ရ၏။ သာဠိမတ္တိယမထေရ်သည် မာရ်နတ်ကို ခွေးသေကောင်ပုပ်ဆွဲပေးဖူးကြောင်းဖော်ပြထားလေသည်။ (ထေရဂု၊ဋ္ဌ၊၁။၄၆၉။)။ အချို့က ထိုသာဠိမတ္တိယထေရဝတ္ထုကိုမှီ၍ ရှင်ဥပဂုတ်အကြောင်းရေးသည်ဟုယူဆ၏။ မြောက်ပိုင်းဗုဒ္ဓဘာသာစာပေတို့၌ ရှင်ဥပဂုတ်မထေရ်သည် သတ္တဝါတို့အပေါ်သနားကရုဏာအလွန်ကြီးမားကြောင်းဖော်ပြထားပြန်ပါသဖြင့် ရှင်ဥပဂုတ်၏မာရ်နတ်သားအား ဆုံးမပုံမှာ ဆင်ခြင်ဖွယ်ရာအကြောင်းအရာများဖြစ်လေသည်။ ထို့ပြင် အချို့က ရှင်ဥပဂုတ်သည် တတိယသံဂါယနာ၌ထင်ရှားခဲ့သော ရှင်မောဂ္ဂလိပုတ္တတိဿမထေရ်ကြီးကို တုဗိုရ်ရေးထားခြင်းဖြစ်သည်ဟုလည်း ယူဆ၏။ အချို့ကမူ အရှင်ပိဏ္ဍောလဘာရဒွါဇကို တုဗိုရ်ရေးသည်ဟုလည်း ယူဆပါသည်။

၅။ မြန်မာစာပေမှတ်တမ်းတစ်ဒဉာင်တွင် 'ရှင်ဥပဂုတ္တ သက်တမ်းရှည်စွာနေရခြင်းအကြောင်းနှင့်စပ်၍၊ အဝလောကိတေသွရဘုရားအလောင်းနှင့်တူနေသည်'ဟု ရေးသားထားပါသည်။*၆ ထေရဝါဒဗုဒ္ဓဘာသာဝင်တို့အယူအရ အသက်ရှည်မှုသည် အလွန်ရခဲသောဒုလ္လဘတရား (ဒီဃယုကောပန အတိဒုလ္လဘ) ဖြစ်၏။*၇ ပိဋကတ်တော်တွင်သက်တမ်းကာလကိုကျော်၍ အသက်ရှည်သောပုဂ္ဂိုလ်တို့ကိုပြရာ၌ လူ့သက်တမ်းဖြင့်နှစ်ပေါင်း(၎၀၀)အသက်ရှည်ခဲ့သောသာဓိနမင်း(ဇာ၊ဋ္ဌ၊၃။၃၀၀။ ဇာ၊ဋ္ဌ၊၄။၃၄၅။)၊ အသက်(၁၆၀)ရှည်သော

---

*၁ မော်ပိဆရာသိန်း၏ ပေါ်ရာဏဒီပနီကျမ်း၊ ဒုတိယတွဲ။ ၁၉၁၃–ခုနှစ်။ (စာမျက်နှာ–၃၃၀)။

*၂ ဦးဆန်းထွန်း၏ ကဝိလက္ခဏဝိသောဓနီကျမ်း။ ၁၉၆၁–ခုနှစ်။ (စာမျက်နှာ–၆၀၀)။

*၃ ရဝေထွန်း၏ ရတနာစာပေ၊ ပထမတွဲ။ ၁၉၇၃–ခုနှစ်။ (စာမျက်နှာ–၇၈)။

*၄ ကျီးသဲလေးထပ်ဆရာတော်ကြီးရေးသားသော မဟာဝင်ဝတ္ထုဥ္ဇ္ဈော်ပြထားခြင်းဖြစ်ပါသည်။ မူလမဟာဝင်ပါဠိ၌၌ ဤအချက်ကိုမတွေ့ရဘဲ အသောကဝဒါန၌သာတွေ့ရသည်။

*၅ ဓမ္မာစရိယဦးဌေးလှိုင်၏ သီဟိဠ်ခေတ်စံတော်ဝင်အရိယာများ။ ၁၉၆၁–ခုနှစ်။ (စာမျက်နှာ–၃၆၃)။

*၆ ထီးရှိုင်းမြို့ တည်တောဆရာတော်၏ ယနေ့ဗုဒ္ဓဝါဒဆိုင်ရာအမေးအဖြေများ(၅)။ ၁၉၉၉–ခုနှစ်။ (စာမျက်နှာ–၉၀)။

*၇ ဦးသော်ဇင်၏ သုတဥ္ဇလီ။ ၁၉၈၄–ခုနှစ်။ (စာမျက်နှာ–၅၄)။

http://www.dhammadownload.com

အရှင်ဗာကုလ၊ အသက်(၁၅၀)ရှည်သော အရှင်အနုရုဒ္ဓါ၊ အသက်(၁၂၀)ရှည်သော ဝိသာခါ, ပေါက္ခရသာတိ ပုဏ္ဏား, ဇြဟ္မာယုပုဏ္ဏား, သေလပုဏ္ဏား, ဗာဝရိယပုဏ္ဏား, အာနန္ဒမထေရ်နှင့်ရှင်မဟာကဿပထေရ်တို့ ဖြစ်သည်။ (ဒီ၊ဋ္ဌ။၂။၆။)။ ထိုပုဂ္ဂိုလ်တို့ထက်လွန်၍ အသက်ရှည်ကြသူဟု ပဋိကတ်ပါဠိတော်၌မတွေ့ရပေ။

သုတ်မဟာဝါအဋ္ဌကထာ၊ မဟာပဒါနသုတ်၊ အာယုပရိစ္ဆေဒအဖွင့်ကိုမှီ၍ မုံတိုင်ပင်ဆရာတော်ကြီးက သုံးပုံတံချုကျမ်း၌ 'အသက်တမ်းဆိုသောစကားကိုကြားရလျှင် အသက်တစ်ရာနေရလိမ့်အထင်ကြီးနှင့် ယောင်တီယောင်တမနေကြလင့်။ အသက်တစ်ရာနေရသူကားရှား၏။ မနေရသူသာများချေ၏ဟု သေခြင်းတရားကို နှလုံးထားမိကြစေ'–ဟု ရေးသားထားပါသည်။*၁ သင်္ကြိုဟ်ကျမ်း၊ ဝိထိမုတ်ပိုင်း၌ 'တေသု စတုန္နံ အပါယာနံ, မနုဿာနံ, ဝိနိပါတိကာ သုရာနဉ္စ အာယုပ္ပမာဏ ဂဏနာယ နိယမော နတ္ထိ'*၂ ဟုလာ 'အပါယ်ဘုံသားနှင့်လူ၊ ဝိနိပါတိကအသုရာနတ်တို့၌ အသက်တမ်းအမြဲမရှိ'ဟူသောစကားတစ်ရပ်ရှိ၏။ထိုအချက်ကို ဋီကာကျော်ဆရာတော်ကလည်း 'တထာ မနုဿာနမ္ပိ ကဒါစိ တေသမ္ပိ အသင်္ခ်ေယျာယုကတ္တာ ကဒါစိဒသဝဿာယုကတ္တာ' [ထိုလူတို့၏ တရံတခါ အသင်္ခ်ေယျအသက်ရှည်သည်၏အဖြစ်၊ တခါတရံ၌ အသက်ဘယ်နှစ်ရှည်သည်၏အဖြစ်ကြောင့် အသက်အပိုင်းအခြားမရှိ]–ဟု ဖွင့်ဆိုခဲ့သည်။*၃ ဋီကာကျော်ဆရာတော်က ထိုပုဂ္ဂိုလ်လေးမျိုးသည် ကမ္မ(ကံ)ရှိသမျှ အသက်တည်ကြရသောကြောင့် နတ် စသည်တို့ကဲ့သို့ အသက်တမ်းကို ပိုင်းခြားထား၍မရသောကြောင့် အသက်တမ်းမမြဲဟုဆိုပါသည်။ ဤအချက်ကိုမှီ၍ပင် ကျီးသဲဆရာတော်ကြီးက 'အပါယ်လူ,ရွာ၊ အသုရာ၌၊ အာယုမမြဲ'ဟုလည်းကောင်း၊*၄ လယ်တီဆရာတော်ကြီးက 'လူ,ဘုမ္မဇိုးဝိ၊ ပါယ်လေးမျိုး၊ သက်ဇိုဝ်းမြဲမရှိ'ဟုလည်းကောင်း*၅ စပ်ဆို ခဲ့ကြပါသည်။

လူ့သက်တမ်းကို အနှစ်တစ်ရာတမ်းဟု ဆိုလင့်ကစား ကံမရှိကအသက်တိုမည်၊ ကံရှိက အသက်ရှည်မည်၊ လူမှန်က သက်တမ်းပြည့်နေရမြဲဖြစ်သည်ဟုမဆိုနိုင်။ ဤသို့လျှင် လူ့သက်တမ်း၏မတည်ငြိမ်မှုကို 'ဝဿသတေ အတိက္ကန္တေ ကော်ဝဿံ ဟာယတိ'ဟူသော သုသုတဆေးကျမ်းအဆိုအမိန့်ကိုမှီ၍ ပညာရှင်တို့က လူ့သက်တမ်းသည် ဆုတ်ကပ်သို့ရောက်သည်ရှိသော် အနှစ်တစ်ရာတမ်း၌ တစ်နှစ်ယုတ်လျော့၏ဟု ဆိုကြ၏။ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးကမူ 'ရံခါ အနှစ်တစ်ရာတွင် တစ်နှစ်မက ဆုတ်ယုတ်တတ်၏။ ရံခါလည်း တန့်ရပ်သကဲ့သို့ရှိတတ်၏'ဟုမိန့်တော်မူခဲ့ဂါသည်။*၆ ဆိုလိုသည်မှာ လူ့သက်တမ်းကိုတွက်ရာ၌ ဇမ္ဗူဒီပါကျွန်း၌ ဂေါတမမြတ်စွာဘုရား၏ သာသနာတော်အတွင်းဖြစ်သော လူတို့၏သက်တမ်းကိုသာ ရည်ညွှန်း၍တွက်ရသည်ဖြစ်ရာ ဂေါတမမြတ်စွာဘုရားလက်ထက်တော်အခါ၌ လူ့သက်တမ်းသည် အနှစ်–၁၀၀ တမ်း ဖြစ်လေသည်။*၇ သုသုတဆေးကျမ်းအလို အနှစ် ၁၀၀ လျှင်

---

*၁ မုံတိုင်ပင်ဆရာတော်၏ သုံးပုံတံချုကျမ်း။ ၁၉၅၉–ခုနှစ်။ (စာမျက်နှာ–၃၇)။

*၂ အဘိဓမ္မတ္ထသင်္ဂဟပါဠိ။ ၁၉၉၄–ခုနှစ်။ (စာမျက်နှာ–၇၇)။

*၃ ဋီကာကျော်ပါဠိ။ ၁၉၉၄–ခုနှစ်။ (စာမျက်နှာ–၁၀၂)။

*၄ ကျီးသဲလေးထပ်ဆရာတော်ကြီး၏ မနောရထပူရဏီကျမ်း။ ၁၉၈၁ –ခုနှစ်။ (စာမျက်နှာ–၁၄၄)။

*၅ လယ်တီဆရာတော်ကြီး၏ ပရမတ္ထသံခေပ်ကျမ်း။ ၁၉၆၇–ခုနှစ်။ (စာမျက်နှာ–၂၄)။

*၆ မဟာသီဝဆရာတော်ကြီး၏ မဂ္ဂဇောဓကကျမ်း၊ ပထမတွဲ။ (စာမျက်နှာ–၉)။

*၇ ဂေါတမမြတ်စွာဘုရားသာသနာ၌ အာယုကပ်=အသက်တမ်းဟူသော အသုံးအနှုန်းနှင့်စပ်၍ မင်းကွန်းတိပိဋကဓရဆရာတော်၏ မဟာဗုဒ္ဓဝင်၊ ပဌမတွဲ။ ၁၉၈၁–ခုနှစ်။ (စာမျက်နှာ–၃၁၈)သို့ကြည့်ပါ။

http://www.dhammadownload.com

၁ နှစ် ဆုတ်၏။ မြတ်စွာဘုရားပွင့်သည်မှရေတွက်သော် အနှစ် ၂၅၀၀ နှင့် ၂၆၀၀ အတွင်းရှိလေရာ၊ ထို အနှစ် ၂၅၀၀, ၂၆၀၀ လျှင် ၂၅–နှစ်, ၂၆–နှစ် ရလေသည်။ ထို ၂၅–နှစ်၊ ၂၆–နှစ်ကို လက်ရှိလူ့သက်တမ်း အနှစ် ၁၀၀ မှနုတ်ပယ်လျှင် ယခုပုံမှန်လူ့သက်တမ်းမှာ ၇၅–နှစ်, ၇၄–နှစ် စသည်ဖြစ်၏။

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့အလိုအရ ရှင်ဥပဂုတ်သည် အမှန်တကယ်ရှိခဲ့လျှင်လည်း ဤမျှ သက်တမ်းမရှည်ရာ။ မဟာယာနမြောက်ပိုင်းဗုဒ္ဓဘာသာစာပေများတွင် အရှင်ဥပဂုတ်သည် ပျံလွန်ခဲ့ပြီဟု ဖော်ပြထားလေသည်။ သို့ဖြစ်၍ တောင်သမုဒ္ဒရာ၌စံနေသော အရှင်ဥပဂုတ်သည် အဘယ်စာပေက လာသော ရှင်ဥပဂုတ်ပါနည်း?။ မည်သည့်ပုဂ္ဂိုလ်တို့ဖန်တီးထားသောရှင်ဥပဂုတ်ပါနည်း?–တို့ကို ထပ်ဆင့် လေ့လာရန်လိုအပ်ပါသည်။

ဆရာတော်အရှင်သဒ္ဓမ္မဇောတိပါလ၏ ဦးကာကျော်အဖွင့် ပရမတ္ထသရုပအနုဝဏ္ဏနာကျမ်းသစ်၊ အာယုပရိစ္ဆေဒအခန်း၌ 'ယခုကာလ၌ ရဟန်းရှင်လူတို့သည် ရှင်ဥပဂုတ္တ ကြွေးပြာသာဒ်နှင့် ပင်လယ်ပြင်၌ ယခုပင်ရှိကြောင်းကို အဟုတ်ကြီးထင်မှတ်၍ ပြောကြားခြင်းသည် မသင့်ကုန်'*၁–ဟု ရေးထားခဲ့သည်ကို ထောက်၍ ရှင်ဥပဂုတ်ကို ထေရဝါဒသာသနာမှအလွတ်ထား၍ သံဃာ–ဟူသော အမှတ်သညာဖြင့် ဆည်းကပ်လိုက ဆည်းကပ်နိုင်ခွင့်ရှိသော်လည်း၊ သာသနာတော်သားဟု သာသနာတွင်းသွတ်သွင်းပြီး ဆည်းကပ်ခြင်းမျိုးကား မပြုအပ်ပေ။ ရှင်ဥပဂုတ်နှင့် ထေရဝါဒသာသနာတို့သည် မည်သို့မျှ သက်ဆိုင်ခြင်း မရှိကြောင်း လေ့လာတွေ့ရှိရသောကြောင့်ဖြစ်ပါသည်။

❁ ❁ ❁ ❁ ❁

*၁ အရှင်သဒ္ဓမ္မဇောတိပါလ၏ ပရမတ္ထသရုပအနုဝဏ္ဏနာကျမ်းသစ်၊ ဒုတိယတွဲ။ (စာမျက်နှာ–၂၁၀)။

http://www.dhammadownload.com

http://www.dhammadownload.com

အခန်း (၆)

မေတ္တေယျရှင်လက်ထက်ဗျာဒိတ်ရပုဂ္ဂိုလ်များ

အရှင်ကဿပနှင့်အရှင်ဥပဂုတ် အရှင်မြတ်နှစ်ပါးအကြောင်းကိုတင်ပြပြီးနောက် မေတ္တေယျရှင်လက်ထက်အခါ၌ မရွှတ်မလွဲဖြစ်ခွင့်ရကြမည့်(တစ်နည်း)ဗျာဒိတ်စကား မိန့်ကြားခံရပြီးဖြစ်သောပုဂ္ဂိုလ်တို့အကြောင်းကိုလည်း တစ်ဆက်တည်းတင်ပြလိုပါသည်။ ဤအခန်း၌ ဗျာဒိတ်–ဟူသောစကား*၁နှင့် ဗျာဒိတ်ပေးတော်မူသောအကြောင်းတို့ကို ဖော်ပြလိုပေသည်။ ပုဂံခေတ်ထိုးကျောက်စာများ၌လည်းကောင်း ရှေးရေးကျမ်းဂန်စာပေများ၌လည်းကောင်း 'မေတ္တေယျဘုရားရှင်အား ဖူးတွေ့ရပါလိုဇ၏။ မေတ္တေယျရှင်ဟောသော ဓမ္မစကြာတရားနာလိုၗ၌ ကျွတ်ရပါလိုဇ၏။ ရဟန္တာဖြစ်ရပါလိုဇ၏'စသည်ဖြင့်ဆုတောင်းကြပုံများကိုတွေ့ရသည်။ သီလ,စာဂ အစရှိသောကုသိုလ်တစ်စုံတစ်ခုကိုပြည့်စုံအောင်ဆောင်ရွက်ပြီး ဆုတောင်းပါမူကား တောင်းတိုင်းပြည့်ကြမည်မှာကောန်ဖြစ်သည်။ အထူးအားဖြင့် ဗျာဒိတ်ပေးခြင်းခံရပြီးသောပုဂ္ဂိုလ် (လဒ္ဓဗျာကရဏော)ဖြစ်ပါမူကား မြေလက်ခတ်မလွဲကောန်ဖြစ်မည်မှာ ယုံမှားဖွယ်မရှိပေ။

ဗျာဒိတ်စကား

တစ်ဆူဆူသောဘုရားရှင်က 'ဤမည်သောကမ္မာ၌ ဤအမည်ဖြင့် ဘုရားဖြစ်လိမ့်မည်'၊ သို့မဟုတ် 'ပစ္စေကဗုဒ္ဓါဖြစ်လိမ့်မည်'၊ သို့မဟုတ် 'သာဝကဖြစ်လိမ့်မည်' စသည်ဖြင့် အထူးပိုင်းခြားမိန့်ကြားအပ်သောစကားမျိုးကို 'ဗျာဒိတ်စကား(ဗျာကရဏ ဝစန)'*၂ ဟုခေါ်ဆိုလေသည်။

---

*၁ ဗျာဒိတ်–သည် သက္ကတစကား ဗျာဒိဂ (Vyādiśa-SED. 1037.) မှ ဗျာဒိသ < ဗျာဒိသ > ဗျာဒိသ် > ဗျာဒိတ် ဖြစ်သည်ဟု ယူဆကြပါသည်။ ဥပမာ–သံဓေပ < သံဓေါ် > သံဓိပ်၊ သံဃာဒိသေသ > သံဃာဒိသေသ် > သံဃာဒိသိသ် –စသည်။ ဧလာကထိပ်ပန် ရှေးမွန်ဘာသာမင်စာ၌ 'ဗျာဒိသ်'ဟုတွေ့ရသည်။ Ba Shin' Loka Hteikpan. Page-50.

*၂ 'ဗျာဒိတ်'ကို ပါဠိဘာသာ၌ 'ဗျာကရဏ' (အဗၤ၁။၈။)၊ 'ဗျာဒိတ်စကား'ကို 'ဗျာကရဏဝစန' (ဇာတ်၁၄။၁၂၂၃။)၊ 'ဗျာဒိတ်စကားမိန့်ကြားသည်'ကို 'ဗျာကာသိ' (အင်္ဂုသောလိန်၊၆၅။)ဟုတွေ့ရသည်။ ထိုဗျာဒိတ်စကားသည် ဘုရားရှင်တို့၏တိကျမှန်ကန် မရွှတ်မလွဲဖြစ်မည်ကိုပြောဆိုအပ်သောစကားဖြစ်၍ နိယတဗျာဒိတ်–ဟုလည်း ခေါ်ဆိုသည်။ သက္ကတဘာသာ၌လည်း ဗျာကရဏ(Vyākaraṇa-SED. 1035.)ဟုရှိသည်။ သက္ကတစာပေ၌ မေတ္တေယျရှင်အား ဗျာဒိတ်ကြားခန်းကို 'မေတ္တေယျဗျာကရဏ'၊ အဓိတသေနမင်းအား ဗျာဒိတ်ကြားခန်းကို 'အဓိတသေနဗျာကရဏ'၊ သိရိမဟာဒေဝီအား ဗျာဒိတ်ကြားခန်းကို 'ဂြိမဟာဒေဝီဗျာကရဏ' –စသည် ဗျာဒိတ်ပေးခန်း စာပေကျမ်းဂန်(Prophetic Texts)များ ရှိလေသည်။ များသောအားဖြင့် ထိုဗျာဒိတ်ပေးခန်းစာပေတို့၏ စာဟန်သည် စကားပြေနှင့်ဖြစ်ပြီး၊ အနုက်အဓိပ္ပာယ် အကျယ်ချဲ့၍ ရှင်းလင်းပြောကြားအရေးအသားဟန်မျိုးဖြစ်သည်။ သို့ဖြစ်၍ ပါဠိစာပေ၌ရှိသော ဝေယျာကရဏ(ဝေယျာကရိဏ်း=ဗျာကရိဏ်း) စာပေအကြိုရပ်တူညီသည်ဟုလည်း ပညာရှင်တို့ယူဆကြကုန်၏။ Majumder' Ārya Maitreya Vyākaraṇa. In Gilgit Manuscripts. Vol.IV. 1959. Page-XXX. BHSD. Page-516 ၌ 'Vyākaraṇa' ပုဒ်အဖွင့်သို့လည်းကြည့်ပါ။

http://www.dhammadownload.com

ဗုဒ္ဓဝံသပါဠိတော်၊ သုမေဓပတ္ထနာကထာတွင် ဒီပင်္ကရာမြတ်စွာဘုရားက သုမေဓာရှင်ရသေ့အား–

ပဿထ ဣမံ တာပသံ၊ ဇဋိလံ ဥဂ္ဂတာပနံ။
အပရိမေယျိတော ကပ္ပေ၊ ဗုဒ္ဓေါ လောကေ ဘဝိဿတိ။ ဗုဒ္ဓဝံသ။ ၃၁၁။

ဆံကျစ်ရိုသော ထင်းမြက်သောအကျင့်ရှိသောဤရသေ့ကို ကြည့်ရှုကုန်လော့၊ (ဤရသေ့သည်) ဤကမ္ဘာမှမရေတွက်နိုင်သောကမ္ဘာ၌ လောကတွင်မြတ်စွာဘုရားဖြစ်ရလတ္တံ့။ (ခု၊ မြန်။ ၄။ ၃၀၆။)–ဟူ၍ မိန့်ကြားအပ်သောစကားသည် 'ဗျာဒိတ်စကား'ဖြစ်သည်။

ဤသို့ ဒီပင်္ကရာဘုရားရှင်မိန့်ကြားအပ်သောဗျာဒိတ်စကားကို ဗုဒ္ဓဝံသပါဠိတော်၌–

၁။ အဒ္ဓေဖ္လဝစနာ = နှစ်မျိုးသောစကားမဟုတ်၊
၂။ အမောဃဝစနာ = အချည်းနှီးသောစကားမဟုတ်၊
၃။ ဝိတထံ နတ္ထိ = ချွတ်ယွင်းသောစကားမဟုတ်၊
၄။ ဝစနံ ဓုဝသဿတံ = မြဲသောစကားဖြစ်သည်–
ဟု ဖော်ပြထားလေသည်။ ဗုဒ္ဓဝံသ။ ၃၁၅။

ဗျာဒိတ်ခံပုဂ္ဂိုလ်

မေတ္တေယျရှင်ပွင့်ထွန်းလာမည့်အကြောင်း ဂေါတမမြတ်စွာဘုရားရှင်မိန့်ကြားသော ဗျာဒိတ်စကားကို ဒီဃနိကာယ်၊ ပါထိကဝဂ္ဂ၊ စက္ကဝတ္တိသုတ္တတွင် 'မေတ္တေယျော နာမ ဘဂဝါ လောကေ ဥပ္ပဇ္ဇိဿတိ' (မေတ္တေယျအမည်ရှိသောဘုရားရှင်သည် လောကၥ်ပွင့်ထွန်းတော်မူလတ္တံ့)–ဟုတွေ့ရသည်။ (ဒီ၊ ၃။ ၆၃။)။ ထိုပါဠိတော်၌ မေတ္တေယျဘုရားရှင်အလောင်းအလျာပုဂ္ဂိုလ်၏ဘွဲ့အမည်ကိုဖော်၍ မိန့်ကြားထားခြင်းမရှိကြောင်းတွေ့ရသည်။ ပါဠိစာပေပညာရှင် မစ် အိုင်ဘီ ဟော်နား (Miss Isaline Blew Horner. 1896-?) က 'ဤသို့ ဗျာဒိတ်ပေးခံရသူ အလောင်းတော်မေတ္တေယျရှင်၏ထင်ရှားသောအမည်[*၁] ကိုမဖော်ဘဲ ဂေါတမမြတ်စွာဘုရားရှင်က ဗျာဒိတ်စကားမိန့်ကြားသည်ကို ထေရဝါဒပိဋကတ်တော်လာ ဗုဒ္ဓဝံသပါဠိတော်၌သာမက၊ သဒ္ဓတ္ထိဝါဒကိုထ်းသုံး မဟာဝဿုဗုဒ္ဓဝင်ကျမ်း(၃၊ ၂၄၀–၂၄၅)၌လည်းတွေ့ရကြောင်း' ရေးသားခဲ့လေသည်။[*၂]

ထို့ပြင် အနာဂတဝံသကျမ်း၌ ဂေါတမမြတ်စွာဘုရားရှင်သည် အရှင်သာရိပုတ္တရာအား မေတ္တေယျရှင်ပွင့်ထွန်းမည့်အကြောင်းတို့ကိုဟောကြားရာတွင် အဇိတ–ဟူသောဘုရားလောင်းပုဂ္ဂိုလ်၏အမည်ကို ထုတ်ဖော်ဟောကြားသော်ငြားလည်း၊ ထိုအနီး၌ မေတ္တေယျလောင်းလျာအဇိတရဟန်း ရှိ,မရှိကို ဖော်ပြမထားခဲ့ပေ။ အနာဂတဝံသအဋ္ဌကထာ၌လည်း အရှင်အာနန္ဒာ၏လျှောက်ထားချက်အရ သံဃာဟရိသတ်အလယ်တွင် 'သော အာနန္ဒ အဇိတော ဘိက္ခု ဣမသ္မိံ ယေဝ ကပ္ပေ မေတ္တေယျော နာမ သမ္မာသမ္ဗုဒ္ဓေါ ဘဝိဿတိ'တိ ဗျာကာသိ'ဟု အဇိတအမည်ကိုစွဲ၍ 'ချစ်သားအာနန္ဒာ၊ အဇိတရဟန်းငယ်သည် ဤကမ္ဘာ၌ပင် မေတ္တေယျအမည်ဖြင့် ဘုရားဖြစ်လတ္တံ့'ဟု ဗျာဒိတ်စကားမိန့်ကြားတော်မူကြောင်း– စသည်ဖြင့်ဖော်ပြထားသော်လည်း ဗျာဒိတ်စကားမိန့်ကြားနေသည့်အခါသမယ ထိုအနီး၌ အဇိတရဟန်းငယ် ရှိ,မရှိ အတိအကျမဆိုသာပေ။

---

*၁ အနာဂတဝံသကျမ်းအရ မေတ္တေယျလောင်းလျာ၏ထင်ရှားရှိသောအမည်မှာ– အဇိတ ဖြစ်သည်။

*၂ I.B. Horner (Tr.)' Chronicle of Buddhas. 1975. Page-XVI; J. J. Jones(Tr.)' The Mahāvastu. Vol. III. 1956. Page-230, 233, 236.

http://www.dhammadownload.com

ပုဂံ၊ နဂါးရုံဘုရားရှိ ကျောက်ဆစ်ဗုဒ္ဓရုပ်တုတစ်ဆူ၏အောက်၌ ဂေါတမဘုရားရှင်က မေတ္တေယျအလောင်းတော် အဖိတအား ဗျာဒိတ်ကြားပုံကို သရုပ်ဖော်ထုထွင်းထားလေသည်။*၁ ထို့ပြင် ဘုရားရှင်တရားဦးဓမ္မစကြာဟောရာ ဆာရ်နာတ် (Sarnath) စေတီအနီးရှိ ဓမ္မေခစေတီ (Dhamek Stupa) တည်ထားရာနေရာ၌ ဂေါတမဘုရားရှင်သည် မေတ္တေယျအလောင်းတော်အား ဗျာဒိတ်စကားမိန့်ကြားခဲ့သည်ဟုလည်း အမှတ်အသားရှိပါသည်။*၂

မြန်မာနိုင်ငံရှိဗုဒ္ဓဘာသာဝင်တို့က ဗျာဒိတ်ခံယူပုံနှင့်စပ်၍မှတ်သားထားကြသည်မှာ– ဒီပင်္ကရာမြတ်စွာဘုရား၏ခြေတော်ရင်း၌ သုမေဓာရှင်ရသေ့ဝပ်စင်းကာ ကြာငါးခိုင်ကိုကိုင်လျက် ဗျာဒိတ်ခံယူနေသည့်အတိုင်း 'ဗျာဒိတ်ခံယူမည့်ပုဂ္ဂိုလ်၏ ဗျာဒိတ်တောင်းခံနေစဉ်မှာ ဘုရားရှင်က ဗျာဒိတ်စကားမိန့်ကြားသည်' ဟုဖြစ်ပါသည်။ အဋ္ဌသာလိနီအဋ္ဌကထာ၊ နိဒါနကထာ၌ မင်္ဂလမြတ်စွာဘုရားသည် ဂေါတမဘုရားလောင်းသုရှစိပုဏ္ဏားအား ဗျာဒိတ်ကြားရာတွင် သုရှစိပုဏ္ဏားက ဘုရားဆုပန်ခြင်း (တစ်နည်း) ဗျာဒိတ်တောင်းခြင်းမရှိပါဘဲ မင်္ဂလဘုရားရှင်ကသာ နောင်အနာဂတ်ကို ရှုမျှော်၍ ဗျာဒိတ်စကားကြားတော်မူပုံကိုဖော်ပြထားလေရာ၊ ထိုအဋ္ဌကထာစကားအရ ဗျာဒိတ်မတောင်းခံသော်လည်း ဘုရားရှင်က ဗျာဒိတ်စကားမိန့်ကြားနိုင်ပုံကိုသိနိုင်လေသည်။ အဋ္ဌသာလိနီ။ ၆၁။*၃

မြတ်စွာဘုရားရှင်၏အနာဂတ်နှင့်ပတ်သက်သောစကားရပ်တို့သည် ဗျာဒိတ်စကားများပင်ဖြစ်ရာ ထိုစကားမျိုးကို အရှင်အာနန္ဒာမထေရ်က ရှေးဦးစွာမှတ်သားထားပြီး ရံခါ၌သက်ဆိုင်ရာပုဂ္ဂိုလ်တို့အား ပြန်ကြားတော်မူလေ့ရှိပါသည်။ ပမာအားဖြင့် ကောသလမင်းကြီး၏မိဖုရား မလ္လိကာသည် မိဖုရားမဖြစ်မီက သာဝတ္ထိမြို့၌ ပန်းသည်သမီး သူဆင်းရဲတစ်ဦးဖြစ်ခဲ့ပြီး၊ တစ်နေ့သော် ဘုရားရှင်အား မိမိစားမည်ဟုယူလာသော မုယောမုန့်ဆုပ်သုံးခုကိုလှူခဲ့၏။ ဘုရားရှင်ကပြုံးတော်မူလျှင် အရှင်အာနန္ဒာက ဘုရားရှင်ပြုံးတော်မူခြင်း၏အကြောင်းမေးလျှောက်ရာ ဘုရားရှင်က 'အာနန္ဒာ၊ ယနေ့ ဤမိန်းကလေးသည် ပထမဈေးစေတနာဖြင့်လောင်းလှူရသော မုန့်ဆွမ်းအလှူ၏အာနုဘော်ကြောင့် ယနေ့ပင် ကောသလမင်းကြီး၏ချစ်ခင်မြတ်နိုးသော မိဖုရားခေါင်ကြီးဖြစ်ပေလိမ့်မည်' ဟု ပြုံးတော်မူခြင်းအကြောင်းကိုမိန့်ကြားတော်မူခဲ့သည်။ ထိုနေ့မှာပင် ကောသလမင်းကြီးသည် ကာသိရွာ၌ တူတော်အဇာတသတ်နှင့်စစ်ထိုးရာ စစ်ရှုံး၍ မိမိ၏သာဝတ္ထိပြည်သို့ပြန်လာပြီး မြို့အတွင်းမဝင်သေးဘဲ မြို့အပြင်ရှိဥယျာဉ်ထဲသို့ဝင်ရောက်ကာ စစ်သည်တို့ကိုစောင့်စားနေခဲ့သည်။ ထိုစဉ် ပန်းသည်သမီးက မင်းကြီးကိုညှဉ်ဝတ်ပြုရာ မင်းကြီးလည်း ပန်းသည်သမီးကိုနှစ်သက်၍ မိဘတို့မှတောင်းယူပြီး ထိုနေ့ညနေချမ်းမှာပင် မြို့တွင်းသို့ခေါ်ဆောင်ကာ မိဖုရားခေါင်ကြီးအရာ၌ထားလိုက်သည်။ မလ္လိကာမိဖုရားကြီးဟု ထင်ရှားဖြစ်ခဲ့သည်။ ဇာ၊၄။၃၊၃၈၄။

ထို့ပြင် မြတ်စွာဘုရားရှင်သည် ပါဋလိပုတ်ပြည်ကြီး၌ ဘေးကြီးသုံးပါးကျရောက်မည့်အကြောင်း မိန့်ကြားသည့်ဗျာဒိတ်စကား၊ ဦးရီးတော်သုပ္ပဗုဒ္ဓသာကီဝင် မြေမျိုခြင်းနှင့်စပ်၍မိန့်ကြားသည့်ဗျာဒိတ်စကား၊ သန္တုတိအမတ်ကြီးနှင့်စပ်၍ မိန့်ကြားသည့်ဗျာဒိတ်စကား၊ မဟာဓနကုန်သည်နှင့်စပ်၍မိန့်ကြားသည့်ဗျာဒိတ်စကား– စသည်ဖြင့် ဗျာဒိတ်စကားများစွာရှိပေသည်။*၄

---

*၁ *G.H. Luce' Old Burma-Early Pagan. III. Plate-201 a; Miss I.B. Horner' The Chronicle of Buddhas. 1975. Plate-VIII.*

*၂ *U Chin Tin' The Coming Buddha Ariya Metteyya. 1992. Page-20 ².*

*၃ အရှင်ဓနကာဘိဝံသ၏ အဋ္ဌသာလိနီဘာသာဋီကာ၊ ပထမအုပ်။ ၁၉၈၂–ခုနှစ်။ (စာမျက်နှာ–၂၃၅)။

*၄ ပါဠိပါဂ္ဂဦးအောင်မိုး၏ ညီတော်အာနန္ဒာခေါ် ရှင်အာနန္ဒာဝတ္ထု၊ ဒုတိယတွဲ။ ၂၀၀၀–ပြည့်နှစ်။ (စာမျက်နှာ–၄၅)။

http://www.dhammadownload.com

ပါရမီဖြည့်ဖက်တို့ကိုပါဗျာဒိတ်ကြားခြင်း

ဗုဒ္ဓဝံသပါဠိတော်၌ ဒီပင်္ကရာမြတ်စွာဘုရားရှင်သည် သုမေဓာရှင်ရသေ့အားဗျာဒိတ်ကြားရာတွင် သုမေဓာရှင်ကိုသာမက ဘုရားရှင်၏ ခမည်းတော်ဖြစ်မည့်ပုဂ္ဂိုလ်၊ မယ်တော်ဖြစ်မည့်ပုဂ္ဂိုလ်၊ ကြင်ယာဖြစ်မည့်ပုဂ္ဂိုလ်စသော ပါရမီဖြည့်ဖက်ပုဂ္ဂိုလ်တို့ကိုပါဖော်ထုတ်၍ အောက်ပါအတိုင်း ဗျာဒိတ်စကားမိန့်ကြားတော်မူလေသည်။

> ဣမသ္မာ ဇနိကာ မာတာ၊ မာယာ နာမ ဘဝိဿတိ။
> ပိတာ သုဒ္ဓေါဒနော နာမ၊ အယံ ဟောတိ ဂေါတမော– ဗုဒ္ဓဝံသ။ ၃၁၁။
>
> ဤမြတ်စွာဘုရား၏ မွေးဖွားသောမယ်တော်ရင်းသည် မာယာမည်သောမိဖုရားဖြစ်၍ ခမည်းတော်သည် သုဒ္ဓေါဒနမည်သောမင်းဖြစ်လတ္တံ့၊ ဤမြတ်စွာဘုရားသည် ဂေါတမအမည် ရှိသည်ဖြစ်လတ္တံ့ –ဟုဖြစ်သည်။ ခု၊ မြန်၊ ၄။ ၃၀၆။

ဒီပင်္ကရာဘုရားရှင်သည် သုမေဓာရှင်ရသေ့အား ဗျာဒိတ်ကြားရာတွင် အခြံအရံအဖြစ် ခမည်းတော်၊ မယ်တော်၊ ကြင်ယာတော်၊ သားတော်– စသည့်ပုဂ္ဂိုလ်တို့ကိုပါထည့်သွင်း၍ မိန့်တော်မူရခြင်း၏အကြောင်းကို ရှင်မဟာသီလဝံသက ပါရမီခန်းပျို့(အပိုဒ်–၁)တွင်–

> အကြင်သူသည်၊ ထီးဖြူကိုမျှ၊ အရက္ခတ်ကုတ်၊ ပုဆစ်တုပ်လျက်၊ သရုပ်အလျောက်၊ ငါးပါးမြောက်သား၊ မင်းမြောက်တန်းဆာ၊ ရံကာစမြဲ၊ ပေးလွန်ကဲသည်၊ စစ်ရဲရောင်ထင်၊ လေးကျွန်းရှင်သို့ ဒီပင်္ကရာ၊ သုမေဓာ၏ ဆရာပရမေ၊ သုံးလူ့ဆွေလျှင်၊ ကြားပေခဲ့ထ၊ မိဘာမည်ရည်၊ နေသောပြည်နှင့်၊ ပွင့်သည်သစ်ပင်၊ လူရှင်ပရိသတ်၊ အမြတ်နှစ်ပါး။ တပည့်များလည်း၊ ယောကျ်ား မိန်းမ၊ လုပ်ကျွေးစသား၊ ထိုမျှတသွန်၊ ဗျာဒိတ်ဟန်ကို၊ ဟောညွှန်သောလျှောက်[*၁] –ဟု ဖွဲ့ဆို ထားပေသည်။

ဖော်ပြပါ ရှင်မဟာသီလဝံသ၏ပါရမီခန်းပျို့လင်္ကာလာစာအဖွဲ့ကို ဓိနာရာမဆရာတော်က ပဥ္စာဗျာကရဏာ ပါရမီခန်းအဖြေကျမ်း၌–

> ဗျာဒိတ်ပေးဟန်ကို ဟောတော်မူသည်။ ဟောဟန်ကား–ပဒေသရာဇ်မင်းသည် စကြဝတေးမင်း၏အထံ၌ ပုဆစ်တုပ်၍ ထီးဖြူလိုပါ၏–ဟုပန်သည်ရှိသော် ထီးဖြူကိုသာ မပေးမူ၍ ထီးဖြူ၏ အရံအကာဖြစ်သော သံလျက်, သင်းကျစ်, ခြေနင်း, သားမြီးယပ်တို့ကိုလည်းပေးသကဲ့သို့ စကြဝတေးမင်းနှင့်တူသော ဒီပင်္ကရာမြတ်စွာဘုရားသည် ပဒေသရာဇ်မင်းနှင့်တူသော ဘုရားဆုကိုတောင်းသော သုမေဓာရှင်ရသေ့အား ဘုရားဖြစ်လတ္တံ့ဟူသောဗျာဒိတ်ကိုသာမကြားတုံဘဲ ဘုရား၏အရံအကာ ဖြစ်သော မယ်တော်, ခမည်းတော်, ဗောဓိအမည်, လက်ယာရံ ရဟန်းယောကျ်ား, ရဟန်းမိန်းမ, လက်ဝဲရံ ရဟန်းယောကျ်ား, ရဟန်းမိန်းမ, အလုပ်အကျွေး–ဤဆုတို့ကိုဗျာဒိတ်ကြားတော်မူသည်– ဟူ၍ ရှင်းလင်းဖြေဆိုထားလေသည်။[*၂]

---

*၁ အရှင်မဟာသီလဝံသ၏ ပါရမီတော်ခန်းပျို့။ ၁၉၃၃–ခုနှစ်။ (စာမျက်နှာ–၄၆)။

*၂ ဓိနာရာမဆရာတော်၏ ပဥ္စာဗျာကရဏပါရမီခန်းအဖြေကျမ်း။ ၁၈၈၃–ခုနှစ်။ (စာမျက်နှာ–၅)။ ဓိနာရာမဆရာတော်အကြောင်းကို ဦးဆန်းထွန်း၏ ဓိနာရာမ(ဆောင်းပါး)။ အတွေးအမြင်စာစောင်။ မတ်လ၊ ၁၉၈၉–ခုနှစ်။ (စာမျက်နှာ–၁၄)၌ကြည့်ပါ။

http://www.dhammadownload.com

ပါဠိအဋ္ဌကထာလာ မေတ္တေယျရှင်၏ ပါရမီဖြည့်ဖက်များ

ဤနည်းအတူ မေတ္တေယျရှင်တော်မွှင့်ထွန်းလာသောအခါ၌ ပါရမီဖြည့်ဖက်ဖြစ်လာကြမည့် မေတ္တေယျရှင်၏ ခမည်းတော်, မယ်တော်, ကြင်ယာတော်, သားတော် စသော အရံအကာပုဂ္ဂိုလ်တို့၏အမည်နာမကိုမူကား အဋ္ဌကထာ၊ ဋီကာနှင့် အနာဂတဝံသစသော ရှေးစာပေတို့၌တွေ့ရသည်။

ဒီဃနိကာယ်၊ ပါထိကဝဂ္ဂ၊ စက္ကဝတ္တိသုတ်၌-

သခ်ၤစကြာမင်းသည် မေတ္တေယျဘုရားရှင်၏ထံပါးတော်၌ ဆံမုတ်ဆိတ်ကိုရိတ်လှီးပယ်ဖြတ်၍ ဝတ်ကြောင်ကိုပယ်ကာ အိမ်ရာမထောင် ရဟန်းဘောင်သို့ဝင်ရောက်လတ္တံ့-ဟူသော အချက်တစ်ရပ်ကိုသာတွေ့ရသည်။[*၁]

သို့ပါသော်၊ ထိုစက္ကဝတ္တိသုတ္တလာ 'မေတ္တေယျထံတော်ပါး၌ သခ်ၤစကြာမင်း ရဟန်းဖြစ်မည်'ဟူသော စကားရပ်ကို ဒီဃနိကာယ်အဋ္ဌကထာ၌ အကျယ်ဖွင့်ဆိုထားပြန်လေသည်။ ဒီ၊ဋ္ဌ။၃။၃၉။

အင်္ဂုတ္တရနိကာယ်အဋ္ဌကထာ (တိကနိပါတပါဠိ၊ မဟာဝဂ္ဂ၊ ကထာဝတ္ထုသုတ္တဝဏ္ဏနာ) ၌မူ-

နောင်အခါ၌ မေတ္တေယျဘွဲ့မည်ရှိသောဘုရားရှင်ပွင့်ထွန်းတော်မူသည်ရှိသော် သခ်ၤအမည်ရှိသောမင်းသည် ထိုဘုရားရှင်၏အမြတ်ဆုံးအလုပ်အကျွေးဖြစ်လတ္တံ့-ဟူ၍ သခ်ၤစကြာမင်းသည် အဂ္ဂုပဋ္ဌာကဖြစ်ကြောင်းကို ဖွင့်ဆိုထားပါသည်။[*၂]

အဘိဓမ္မာပိဋကတ၊ ဓမ္မသင်္ဂဏီပါဠိတော်အဖွင့် အဋ္ဌသာလိနီအဋ္ဌကထာ(တိကအတ္ထုဒ္ဒါရဝဏ္ဏနာ)၌-

နောင်အခါ မေတ္တေယျမည်သောဘုရားရှင်ပွင့်တော်မူလတ္တံ့။ သုဇြဟ္မာအမည်ရှိသောပုဏ္ဏား သည် ထိုဘုရားရှင်၏ခမည်းတော်ဖြစ်လတ္တံ့။ ဗြဟ္မဝတီအမည်ရှိသောပုဏ္ဏေးမသည် မယ်တော်ဖြစ်လတ္တံ့-ဟုဖော်ပြထားသည်။[*၃]

ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၊ အဘိညာနိဒ္ဒေသတွင်လည်း အဋ္ဌသာလိနီအဋ္ဌကထာ၌ ဖွင့်ဆို ထားသည့်အတိုင်း 'မေတ္တေယျရှင်၏ခမည်းတော်သည် သုဇြဟ္မာပုဏ္ဏား၊ မယ်တော်သည် ဗြဟ္မဝတီပုဏ္ဏေးမ'[*၄] စသည်ဖြင့်ဖော်ပြထားလေသည်။

မြောက်ပိုင်းဗုဒ္ဓဘာသာဝင်တို့၏ ဒိဗျာဝဒါနကျမ်း၊ မေတြေယဝတ္ထုတွင်-

ဗြဟ္မာယုမည်သောပုဏ္ဏားသည် သခ်ၤမင်း၏ပုရောဟိတ်ဖြစ်လိမ့်မည်၊ ဗြဟ္မာဝတီ အမည်ရှိသော ပုဏ္ဏေးမသည် ထိုပုရောဟိတ်၏ ဇနီးဖြစ်လိမ့်မည်၊ ထိုဗြဟ္မာဝတီသည် မဲတြေယမည်သောသားကို ဖွားလိမ့်မည်-ဟုဖော်ပြထားပါသည်။[*၅]

---

*၁ ဘိက္ခဝေ သမ်ၺါ နာမ ရာဇာ ယော သော ယူပေါရဇာ မဟာပနာဒေန ကာရာပိတော။ တံ ယူပံ ဥဿာဒယတွာ အဏ္ဍာဝသိတွာ တံ ဒတွာ ဝိဿဇ္ဇိတွာ သမဏဗြာဟ္မဏကပဏ္ဍိက ဝဏိဗ္ဗကယာစကာနံ ဒါနံ ဒတွာ မေတ္တေယျဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ သန္တိကေ ကေသမသုံ ဩဟာရေတွာ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတွာ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိဿတိ- ဒီ၊ဋ္ဌ။၆၃။

*၂ အနာဂတေ မေတ္တေယျော နာမ ဗုဒ္ဓေါ ဘဝိဿတိ၊ တဿ သမ်ၺါ နာမ ရာဇာ အဂ္ဂုပဋ္ဌာကော ဘဝိဿတိ- အင်္ဂုတ္တရ၊ ဋ္ဌ။၂။၁၈၄။

*၃ အနာဂတေ မေတ္တေယျော နာမ ဘဂဝါ ဥပ္ပဇ္ဇိဿတိ၊ သုဇြဟ္မာ နာမဿ ဗြာဟ္မဏော ပိတာ ဘဝိဿတိ၊ ဗြဟ္မဝတီ နာမ ဗြာဟ္မဏီ မာတာ ဘဝိဿတိ- အဘိ၊ဋ္ဌ၊၁။၄၄၁။

*၄ 'သုဇြဟ္မာနာမဿ ဗြာဟ္မဏော ပိတာ ဘဝိဿတိ။ ဗြဟ္မဝတီ နာမ ဗြာဟ္မဏီ မာတာ'တိ- ဝိသုဒ္ဓိ၊၂။၆၅။

*၅ သခ်ၤသျရဒ္ဓေါ ဗြဟ္မာယုရ် နာမ ဗြာမဏး ပုရောဟိတော ဘဝိသ္သ တိ တဒျု,ဗြဟ္မဝတီ နာမ ဘဝိသ္သတိ သာ မဲတြေယျာမ် သေန သ္ဟရိတ္တာ ပုတြဲ ဇနယိသ္သတိ- E.B. Cowel and R.A. Neil' The Divyāvadāna. 1886. Page-60.

http://www.dhammadownload.com

မဲတြေယျဗျာကရဏကျမ်း (ဂါထာ–၂၁၊ ၂၇၊ ၂၉၊ ၃၀)တို့တွင်–

ကေတုမတီပြည်*၁တွင် သခ်ၤစကြာမင်းအုပ်ချုပ်လိမ့်မည်။ ထိုမင်းတွင် သုဇြဟ္မဏာမည်သော ဝေဒလေးပုံ၌ကျွမ်းကျင်သော အတိုင်ပင်မင်း ဖြာဟ္မဏပုဏ္ဏားရှိလိမ့်မည်။ ထိုဖြာဟ္မဏာပုဏ္ဏား၌ အလွန်တင့်တယ်ရွှချင့်ဖွယ်ရှိသော ဖြဟ္မဝတီအမည်ရှိသောကြင်ယာရှိလိမ့်မည်။ မေတ္တေယျရှင်သည် တုသိတာနတ်ပြည်မှနတ်သက်ဆွေ၍ လူ့ပြည်ရှိ ထိုဖြဟ္မဝတီဝမ်းကြာတိုက်သို့ သက်ဆင်းပေလိမ့်မည်–စသည်ဖြင့်ဖော်ပြထားပါသည်။*၂

ဗျာဒိတ်ရ ဒုဋ္ဌဂါမဏီမင်းမိသားစု

မဟာဝံသကျမ်း၊ ဒွတ္တိသတိမပရိစ္ဆေဒ (အခန်း–၃၂)၊ ဂါထာအမှတ်–၈၁၊ ၈၂၊ ၈၃ တို့တွင်–

ဒုဋ္ဌဂါမဏီမင်းကြီး (၁၆၁–၁၃၇ ဘီစီ)သည် မေတ္တေယျရှင်၏အဂ္ဂသာဝကဖြစ်လတ္တံ့၊ ဒုဋ္ဌဂါမဏီမင်းကြီး၏ခမည်းတော်သည်(မေတ္တေယျရှင်)၏ခမည်းတော်ဖြစ်လတ္တံ့၊ မယ်တော်သည်လည်း (မေတ္တေယျရှင်)၏မယ်တော်ဖြစ်လတ္တံ့၊ ညီတော်သဒ္ဓါတိဿ(၁၃၇–၁၁၉ ဘီစီ)သည်လည်း ဒုတိယသာဝကဖြစ်ပြီး၊ သားတော် သာလိရာဇကုမာရ်မင်းသားသည်လည်း(မေတ္တေယျရှင်)၏သားတော်ဖြစ်လတ္တံ့–ဟုဖော်ပြထားပါသည်။*၃

ထူပဝံသကျမ်း၊ နိဂမအခန်း၌ ဒုဋ္ဌဂါမဏီမင်းကြီးနှင့်မိသားစုတို့၏ မေတ္တေယျရှင်လက်ထက်၌ဗျာဒိတ်ရပုံအကြောင်းကို မဟာဝံသကျမ်းထက် ပြည့်ပြည့်စုံစုံရေးသားထားသည်မှာ–

ဒုဋ္ဌဂါမဏီအဘာယမဟာရာဇမင်းကြီး၏ခမည်းတော် ကာကဝဏ္ဏတိဿမင်းကြီး (သီဟိုဠ်တောင်ပိုင်း၌အုပ်ချုပ်နေခြင်း။ ? – ၁၆၁ ဘီစီ)သည် မေတ္တေယျရှင်၏ခမည်းတော်ဖြစ်လတ္တံ့၊ မယ်တော် ဝိဟာရမဟာဒေဝီမိဖုရားကြီးကား မေတ္တေယျရှင်၏မယ်တော်ဖြစ်လတ္တံ့၊ ဒုဋ္ဌဂါမဏီအဘာယမင်းကြီးသည် မေတ္တေယျရှင်၏ပထမအဂ္ဂသာဝကဖြစ်လတ္တံ့၊ ညီတော်ကား ဒုတိယအဂ္ဂသာဝကဖြစ်လတ္တံ့၊ ဒုဋ္ဌဂါမဏီမင်းကြီး၏မိထွေးတော် အနုလာဒေဝီမင်းသမီးသည် မေတ္တေယျရှင်၏ကြင်ယာတော်ဖြစ်လတ္တံ့၊ ဒုဋ္ဌဂါမဏီမင်းကြီး၏သားတော် သာလိမင်းသားသည် မေတ္တေယျရှင်၏သားတော်ဖြစ်လတ္တံ့၊ သဃ်အမည်ရှိသော ဘဏ္ဍာထိန်းအမတ်ကြီးသည် မေတ္တေယျရှင်၏အဂ္ဂပဋ္ဌာကအလုပ်အကျွေးဖြစ်လတ္တံ့၊ ထိုသဃ်အမတ်ကြီး၏သမီးသည် အဂ္ဂပဋ္ဌိကာအလုပ်အကျွေးဖြစ်လတ္တံ့–ဟူ၍ဖြစ်သည်။*၄

နလာဋဓာတုဝံသကျမ်း၊ ဝိဟာရဒီပနကထာ၌လည်း ဤနည်းအတိုင်းဖော်ပြထားသည်။*၅

မဟာဝံသ၊ ထူပါဝံသ၊ နလာဋဓာတုဝံသ–ကျမ်းတို့အရ သီရိလင်္ကာကျွန်းရှင် ဒုဋ္ဌဂါမဏီအဘာယမင်း၏ခမည်းတော်၊ မယ်တော်၊ ကြင်ယာတော်၊ ညီတော်၊ သားတော်၊ မင်းတိုင်ပင်အမတ်–စသည် မိသားတစ်စုသည်

---

*၁ မဟာဝဿုကျမ်း၌ 'ကေတုမတီ'ဟုမပြော၊ ဗန္ဓုမာ–ဟုပြသည်။ J. J. Jones(Tr.)' The Mahāvastu. Vol. I. 1949. Page-43.

*၂ P. C. Majumder (ed.)' Ārya Maitreya Vyākaraṇam. 1959. Page-193, 195.

*၃ ဦးကေလာသ၏မဟာဝံသပါဠိ၊ ပထမတွဲ။ ၁၉၈၉–ခုနှစ်။ (စာမျက်နှာ–၁၉၁)။ W. Geiger (Tr.)' The Mahāvaṃsa. 1950. Page-227.

*၄ N.A. Jayawickrama(Tr.)' The Thupavaṃsa. 1971. Page-144, 254. အဝုံတွဲရရှိကာယအဋ္ဌကထာ၌ 'သခ်ၤစကြာမင်းသည် မေတ္တေယျရှင်၏အဂ္ဂပဋ္ဌိကဖြစ်လိမ့်မည်'ဝါဒ စကားရပ်နှင့် နိဂုံးညီရန်ဖြစ်သည်။ အံ၊ဋ္ဌ၊၂။၁၈၄။

*၅ နလာဋဓာတုဝံဝဏ္ဏနာပါဠိ။ ၁၉၈၂–ခုနှစ်။ (စာမျက်နှာ–၁၅၅)။

http://www.dhammadownload.com

မေတ္တေယျရှင်လက်ထက်၌ ပါရမီဖြည့်ဖက်များဖြစ်ကြလိမ့်မည် (တစ်နည်း) ဗျာဒိတ်ရပုဂ္ဂိုလ်များဖြစ်သည်ဟူ၍ မှတ်ယူနိုင်လေသည်။

ဤနေရာ၌မေးဖွယ်တစ်ရပ်မှာ ထိုဒုဋ္ဌဂါမဏိမင်းမိသားစုအား မည်သည့်ပုဂ္ဂိုလ်က ဗျာဒိတ်ကြားခဲ့သနည်း– ဆိုသောအချက်ပင်ဖြစ်သည်။ ဗျာဒိတ်စကားမည်သည် ဘုရားရှင်တို့သာ ကြားရိုးထုံးစံရှိသည်။ ဒုဋ္ဌဂါမဏိမင်းသည် ဘုရားရှင်ပရိနိဗ္ဗာန်စံလွန်ပြီးမှ မင်းဖြစ်ရလေရာ၊ ထိုဒုဋ္ဌဂါမဏိမင်းမိသားစုတို့ကို အဘယ်ပုဂ္ဂိုလ်က ဗျာဒိတ်စကား ကြားပါသနည်း?။

ဤအကြောင်းနှင့်စပ်၍ မဟာဝံသပါဠိနှင့် မဟာဝံသအဂ်လိပ်ဘာသာပြန်စသည်တို့၌ မည်သို့မျှ ဝေဖန်ရေးသားခြင်းကိုမတွေ့ရသော်လည်း၊ ကျီးသဲလေးထပ်ဆရာတော်ကြီး(အေဒီ ၁၈၁၇–၁၈၉၄)၏ မဟာဝင်ဝတ္ထုပြန်မာပြန်၌ ဒုဋ္ဌဂါမဏိမင်းဗျာဒိတ်ရခြင်းနှင့်စပ်၍ 'ဤသို့ ရဟန္တာအရှင်တို့မိန့်ဆိုသော ဗျာဒိတ်သံကိုခံရသော ပုဂ္ဂိုလ်တို့တည်း'[*၁] ဟု ရေးသားထားသည်။ သို့ဆိုလျှင် 'ဘုရားရှင်ကြားခဲ့သောဗျာဒိတ်စကားကို ဘုရားရှင် မိန့်ကြားခဲ့သည့်အတိုင်း ရဟန္တာအရှင်မြတ်တို့က တစ်ဖန်ပြန်၍ကြားသည်'ဟုယူလျှင် ရကောင်းသည်ပင်။[*၂]

မေတ္တေယျမယ်တော်လောင်း ဝိဟာရဒေဝီ

ဒုဋ္ဌဂါမဏိမင်းမိသားစုတို့အား ရဟန္တာအရှင်မြတ်တို့ ဗျာဒိတ်စကားကြားသည်, မကြားသည်ကို အတိအကျမသိရသော်လည်း မေတ္တေယျရှင်၏မယ်တော်ဖြစ်လာမည့် ဝိဟာရဒေဝီမိဖုရားကြီးသည် ဘုရားရှင်၏ မယ်တော်ဖြစ်မည်မှန်၍ အသက်ဘေးမှကင်းလွတ်ရပုံအကြောင်းကို ရာဇဝလိယမည်သောသီရိလင်္ကာမင်းဆက် ရာဇဝင်ကျမ်းနှင့် မဟာဝံသကျမ်းတို့၌ဖော်ပြထားသည်ကို အောက်ပါအတိုင်းဖတ်ရှုရလေသည်။

ကာကဝဏ္ဏတိဿ (Kākavaṇṇtissa)မင်းသည် သီရိလင်္ကာကျွန်း ရောဟဏ (Rohaṇa) ဇနပုဒ်၌ မြို့ရွာတည်၍အုပ်ချုပ်နေစဉ်၊ ကလျာဏီတိဿ (Kelyāṇītissa)မင်းသည်လည်း ကလျာဏီမြစ်အနီး၌ မြို့ရွာတည်၍ အုပ်ချုပ်နေလေသည်။ ထိုကလျာဏီတိဿမင်း၌ ဥတ္တိယအမည်ရှိသော ညီငယ်တစ်ပါးရှိပြီး၊ ထိုညီငယ်သည် မရီးတော်ဖြစ်သူ ကလျာဏီတိဿမင်း၏မိဖုရားကြီးကို တပ်စွန်းမိ၍ မိမိ၏အပြစ်ကိုသိပြီး ဥတ္တိယရွာကလေးသို့ သွားရောက်တိမ်းရှောင်နေခဲ့လေသည်။ ထိုညီတော်မင်းသားသည် မိမိ၏တပ်မက်စိတ်ကိုမထိန်းနိုင်ပြန်သဖြင့် မိဖုရားကြီးထံ စာခွေရေးပြီး မင်းမူထမ်းတစ်ယောက်နှင့်အပို့လွှတ်လိုက်သည်။

ဥတ္တိယမင်းသားစေလွှတ်လိုက်သော ထိုမင်းမူထမ်းသည် ကလျာဏီတိဿမင်းကိုးကွယ်သော အဘယမထေရ်၏ကျောင်း၌နေထိုင်ပြီးလျှင်၊ ထိုအဘယမထေရ်အား နန်းတော်ကဆွမ်းစားပင့်သောအခါ သက်နှံးဝတ်ရုံပြီး သံယာများနှင့်အတူ နန်းတွင်းသို့အတူဝင်ရောက်ခဲ့သည်။ နန်းတွင်းသို့ရောက်၍ မိဖုရားကြီးကိုမြင်လျှင် ထို

---

*၁ ကျီးသဲလေးထပ်ဆရာတော်၏ မဟာဝင်ဝတ္ထု၊ ဒုတိယတွဲ။ ၁၉၂၇–ခုနှစ်။ (စာမျက်နှာ–၁၃၃)။

*၂ ပုဂံပြို့၊ ရွှေစည်းခုံဘုရားမွန်ကျောက်စာ (Epigraphia Burmanica. Vol. I, Part-II. 1920. Page-90) တွင်လည်း ကျွန်စစ်သားမင်းနှင့် သက်ဆိုင်သော ဗျာဒိတ်စကားကို ဘုရားရှင်သည် ရှင်အာနန္ဒာအားကြား၏။ ထို့နောက် ဘုရားရှင်သည် ဂဝံပတိရဟန္တာကို ထပ်မံ၍ ကြားပြန်၏။ ဂဝံပတိရဟန္တာသည် သိုကြားမင်း(ဣန္ဒာမင်း)နှင့် ဗိသဿကံရသေ့တို့အား ထိုဗျာဒိတ်စကားကို ကြားပြန်၏။ ထိုသို့ အဆင့်ဆင့်ကြားသော ဗျာဒိတ်စကားတို့ကို ကျွန်စစ်မင်းက ကမ္ဘည်းကျောက်စာထိုးထားခြင်းဖြစ်သည်။ ဦးဖေမောင်တင်၏ ရွှေစည်းခုံမွန်ကျောက်စာ။ ၁၉၂၆–ခုနှစ်။ (စာမျက်နှာ–၃၊၅၊၁၈၊၂၁)။ ရွှေစည်းခုံမွန်ကျောက်စာပါ ထိုဗျာဒိတ်စကားရပ်တို့ကို ပါမောက္ခဒေါ်သန်းဆွေက 'ယုတ္တိတန်စွာ အမှန်တကယ် ဖြစ်နိုင်သည်မဟုတ်' ဟု ဝေဖန်ရေးသားခဲ့သည်။ ပါမောက္ခဒေါ်သန်းဆွေ၏ ရွှေစည်းခုံမွန်ကျောက်စာလေ့လာချက်(စာတန်း)။ ၁၉၆၉/၇၀။ (စာမျက်နှာ–၇၇)။ သမိုင်းပါမောက္ခဒေါက်တာသန်းထွန်းကလည်း 'ယုံနိုင်စရာမရှိပါ' ဟု ဝေဖန်ရေးသားခဲ့သည်။ ဒေါက်တာသန်းထွန်း၏ ပါးစပ်ရာဇဝင်–၁ (ဆောင်းပါး)။ မြန်မာသမိုင်းရှာတော်ပုံ။ ၂၀၀၃–ခုနှစ်။ (စာမျက်နှာ–၄)။

http://www.dhammadownload.com

ရမာန်းတုသည် မိဖုရားကြီးအနီးသို့ချဉ်းကပ်ပြီး စာခွေကိုပစ်ချပေးလိုက်သည်။ ထိုစာခွေကြမ်းပေါ်သို့ကျသော အသံကို မင်းကြီးကြား၍လှမ်းကြည့်ရာ၊ စာခွေကိုမြင်လျှင် ယူ၍ဖတ်ကြည့်လေသည်။ စာခွေ၌ မိမိ၏မိဖုရားကြီးကို ပြစ်မှားသောစာများရေးသားပါရှိလေရာ အမျက်ဒေါသထွက်ပြီး စာခွေပစ်ချခဲ့သူရဟန်းတုအား ဖမ်း၍စစ်ဆေးလေသည်။ ထိုရဟန်းတုလည်း ကြောက်လန့်ပြီး မင်းကြီးသည် အဘယမထေရ်ကိုကြည်ညိုသည်ဖြစ်၍ ဤစာပေးသူသည် အဘယမထေရ်ဟုပြောလိုက်လျှင် မင်းကြီးသည် မိမိ၏ဒေါသကိုသိမ်းဆည်းနိုင်လိမ့်မည်ဟု ယူဆပြီး 'ဤစာကို အဘယမထေရ်ပေးခိုင်းသည်'ဟု လိမ်လည်ပြောကြားသည်။

ကလျာဏီတိဿမင်းကြီးသည် စာခွေ၌ မိမိညီလက်ရေးလော?၊ အဘယမထေရ်၏လက်ရေးလော?– ဆိုသည်ကို မစစ်ဆေးနိုင်၊ ဒေါသမီးတောက်လောင်နေသဖြင့် စာယူလာသူရဟန်းတုအား သုံးဝိုင်းဖြတ်ပြီး သမုဒ္ဒရာ၌ပစ်စေသည်။ စာပို့နိုင်းသူအဘယမထေရ်ကိုလည်း ပွက်ပွက်ဆူနေသောဆီပူအိုးကြီး၌ဆင်း၍ သတ်စေသည်။ မိဖုရားကြီးကိုလည်း မြစ်အတွင်းသို့မျှောခဲ့သည်။

မှူးမတ်အပေါင်းတို့က အဘယမထေရ်၌အပြစ်မရှိကြောင်းသိကြသည့်အတွက် အမျိုးမျိုးတောင်းပန်ကြသော်လည်း ကလျာဏီတိဿမင်းသည် ဒေါသကိုမထိန်းနိုင်ဘဲ ပေးမြဲအမိန့်အတိုင်း အဘယမထေရ်အား ဆီပူအိုး၌ဆင်းစေခဲ့သည်။ ထိုအခါ အဘယမထေရ်သည် သတိသံဝေဂဖြစ်လျက် ဝိပဿနာတရားရှုမှတ်မှုများများရာ အရဟတ္တဖိုလ်သို့ရောက်တော်မူလေသည်။ (၇)ရက်တိုင်တိုင် အဘယမထေရ်သည် ဆီပူအိုးအတွင်းဆင်းစေသော်လည်း ဆီပူသည် နှင်းရည်ပမာအေးမြလျက်ရှိလေရာ မထေရ်မြတ်ကို ပရိနိဗ္ဗာန်ပြုအောင်မတတ်နိုင်ပေ။ မထေရ်မြတ်သည် ဆီပူအိုးအတွင်းမှနေ၍ ဂါထာ(၁၀၀)ပါရှိသော 'တေလကဋာဟသတကဂါထာ'[*၁] တရားကို ဟောကြားတော်မူသည်။ ထို့နောက် မိမိ၏စုတိကာလကိုသိတော်မူပြီး ထိုဆီပူအိုးအတွင်းမှာပင် ခန္ဓာဝန်ချတော်မူခဲ့လေသည်။

ထိုအခါ များစွာသော သီရိလင်္ကာကျွန်းစောင့်နတ်, ဘုမ္မဖိုဝ်းနတ်, ရုက္ခဖိုဝ်းနတ်, အာကာသဖိုဝ်းနတ်, သမုဒ္ဒရာစောင့်နတ်တို့သည် ဒေါသဖြစ်၍ သမုဒ္ဒရာရေကိုတက်စေရာ မြို့တွင်းသို့ရေများဝင်လာ၏။ သုံးရက်ခန့်ကြာလျှင် မြို့လုံးရေပြည့်၍ အမတ်အချို့က 'မင်းကြီး၊ သမုဒ္ဒရာနတ်တို့စိတ်ဆိုးဟန်ရှိသည်၊ တောင်းပန်ရမည်၊ သင်မင်းကြီး၏သမီးကို အဝတ်တန်ဆာဆင်၍ သမုဒ္ဒရာသို့ပစ်ချကာ မဏိမေခလာနတ်၏အလုပ်အကျွေးဖြစ်ပါစေ'ဟု တိုက်တွန်းကြသည်။

ကလျာဏီတိဿမင်းလည်း အသိဉာဏ်နည်းပါးသူဖြစ်သည့်အလျောက် မှူးမတ်တို့ပြောသည့်အတိုင်း အသက်(၁၂)နှစ်အရွယ်ရှိသမီးတော်ဒေဝီကို ရတနာများဝတ်ဆင်ပေးပြီး ရွှေအိုးကြီးအတွင်းထည့်၊ လုံအောင်ပိတ်၍ 'ဘုရင့်သမီးတော်'ဟုကမ္ပည်းထိုးကာ သမုဒ္ဒရာအတွင်းမျှောလိုက်သည်။ သမီးတော်မှာ ရှေးအတိတ်ကံကောင်းမှုများနှင့် မေတ္တေယျရှင်တော်မယ်တော်လောင်းလျာဖြစ်သည်ကတစ်ကြောင်းတို့ကြောင့် ဦးမင်းနှင့်မဏိမေခလာမြစ်စောင့်နတ်သမီးတို့ကစောင့်ရှောက်ကြကာ ထိုရွှေအိုးကြီးကို ကျွန်းတောင်ဘက်သို့တရွေ့ရွေ့မျှောပါလာစေပြီး ကာကဝဏ္ဏတိဿမင်းကြီးပိုင်စံရာ ရောဟဏရွာကြီးရှိ ယောဇကလင်္ကာကျောင်းကြီးဆိပ်သို့ ဆိုက်ရောက်ခဲ့လေသည်။ ကာကဝဏ္ဏတိဿမင်းကိုယ်တိုင် မြစ်ဆိပ်သို့ဆင်း၍ ထိုရွှေအိုးကြီးကို ဆယ်ယူပြီးဖွင့်ကြည့်ရာ

---

*၁ အဘယမထေရ်ဟောသော ထိုတေလကဋာဟသတကသည် သီရိလင်္ကာနိုင်ငံ ပါဠိစာပေသိုင်းတွင် ဂန္ထဝင်မြောက်ကဗျာကျမ်းဖြစ်သည်။ ၁၈၈၄–ခုနှစ်ထုတ် ပါဠိကျမ်းစာအသင်းစာစောင်တွင် (၉၈)ဂါထာဖော်ပြပါရှိသည်။ E.R. Gooneratne(ed.)' Tela-Kaṭāha-Gāthā. JPTS. 1884. Page-49. မန်လည်ဆရာတော်ကြီးဦးဓဝနှစ်၏ ဖြန်မာဘာသာနိဿယမူတွင် ဂါထာ(၁၀၀)ပါရှိသည်။ မန်လည်ဆရာတော်ကြီး၏ မန်လည်ဥဒါန်းသြဘာကဗျာကျမ်းနှင့် တေလကဋာဟဂါထာကျမ်း။ ၁၉၈၅–ခုနှစ်။ (စာမျက်နှာ ၁၈၆–၂၉၅)။

http://www.dhammadownload.com



ကလျာဏီတိဿမင်းသည် သမီးတော်ဝိဟာရဒေဝီမင်းသမီးအား ရွှေအိုးအတွင်းသွင်း၍ ပင်လယ်၌မျှောလိုက်ရာ ရောဟဏဆိပ်ကမ်းသို့ရောက်သဖြင့် ကာကဏ္ဏထိဿမင်းကြည့်ရှုနေပုံနှံရံဆေးရေးပန်းချီ။
ယခု Kalaniya Rajamahavihara, Sri Lanka.
Weeraratne, 1996, Frontispiece

http://www.dhammadownload.com

အရွယ်အဆင်းနှင့်ပြည့်စုံသော ဒေဝိမင်းသမီးကိုတွေ့ရလျှင် ဝိဟာရဒေဝီအမည်ဖြင့် မိဖုရားကြီးအရာထားလေသည်။*၁ ဝိဟာရဒေဝီမိဖုရားကြီး၏ဇာတ်လမ်းတွင် မေတ္တေယျရှင်၏မယ်တော်ဖြစ်ရန်အကြောင်းကြောင့် လက်ငင်းဖြစ်သော ဝိဟာရဒေဝီဘဝတွင် အသက်ဘေးမှလွတ်ရုံဖြစ်သည်။

ဘုရားငါးဆူတို့၏ မယ်တော်

အဋ္ဌသာလိနီ (အဘိ၊ ၌၊ ၁။၄၄၁)၊ အနာဂတဝံသပါဠို(ဂါထာ-၉၅)နှင့် မဲတြေယျဗျာကရဏကျမ်း(ဂါထာ-၂၇၊ ၂၉)တို့၌ 'သုဇြဟ္မာပုဏ္ဏား၏ဇနီး ဇြဟ္မဝတီအမည်ရှိသော ပုဏ္ဏေးမသည် မေတ္တေယျရှင်၏မယ်တော်'ဟုလည်းကောင်း၊ ဒီဗျာဝဒါနကျမ်း၊ တတိယကဏ္ဍ၌ 'ဇြဟ္မာယုပုဏ္ဏား၏ဇနီးဇြဟ္မဝတီပုဏ္ဏေးမသည် မေတ္တေယျရှင်၏မယ်တော်'ဟုလည်းကောင်း ဖော်ပြထားကြရာတွင် 'ထိုဇြဟ္မဝတီပုဏ္ဏေးမသည် မေတ္တေယျရှင်၏မယ်တော်သာဖြစ်သလော၊ သို့မဟုတ် ပွင့်တော်မူပြီးဖြစ်သော ကကုသန်,ကောဏာဂုံ,ကဿပ,ဂေါတမ ဘုရားလေးဆူတို့၏မယ်တော်လည်း ဖြစ်ခဲ့ဘူးသလော'ဆိုသော မေးခွန်းတစ်ရပ်ပေါ်ထွန်းခဲ့ဘူးသည်။

သမန္တစက္ခုဒီပနီကျမ်းတွင် မုံရွာမြို့နေ အရှင်သီရိမာလာက မုံရွေးဓေတဝန်ဆရာတော်ကြီးထံသို့ ဘုရားရှင်တို့၏မယ်တော်အကြောင်းနှင့်စပ်၍ မေးလျှောက်ခဲ့သည်မှာ-

> ဘုရားသခင်မယ်တော်ဖြစ်သော သီရိမဟာမာယာဒေဝီသည် ဘုရားငါးဆူမယ်တော်ခံရလတ္တံ့-ဟု ပြောဆိုကြပါသည်။ ဘုရားငါးဆူမယ်တော်ခံရမည်မှန်လျှင်လည်း မေတ္တေယျဘုရားသခင်မယ်တော်ဖြစ်ပြန်ဦးမည်။ မေတ္တေယျဘုရားသခင်မယ်တော်ဖြစ်ပြန်ကလည်း လူ့ပြည်၌ ပဋိသန္ဓေနေပြန်ရဦးမည်။ နေပြန်ရကလည်း ဥဒ္ဒဲသောတသောတာပန်ဖြစ်၍ အထက်ဘုံသို့တက်ရမည်ဆိုသော စကားတို့မညီနိုင်ရာသဘောရှိခဲ့ရာပါသည်။ ဘုရားငါးဆူမယ်တော် ဖြစ်မည်,မဖြစ်မည် ခြားနား၍သိလိုပါသည်-ဟု ဖြစ်သည်။

အထက်ပါရှင်သီရိမာလာ၏အမေးကို မုံရွေးဓေတဝန်ဆရာတော်ကြီးက 'ပယ်အပ်၏'ဟု အကျဉ်းဖြေဆိုပြီးလျှင်၊ မိမိ၏အယူအဆကို ယုတ္တိသာဓကပြု၍ အောက်ပါအတိုင်းဖြေကြားခဲ့၏။

> အကြောင်းမှာ-ဗုဒ္ဓဝင်ပါဠိတော်၊ ဇိနာလင်္ကာရဋီကာ စသည်တို့၌ 'ကကုသန်ဘုရားရှင်၏မယ်တော်သည် ဝိသာခါ၊ ကောဏာဂုံဘုရားရှင်၏မယ်တော်သည် ဥတ္တရာ၊ ကဿပဘုရားရှင်၏မယ်တော်သည် ဓနဝတီ၊ ဂေါတမဘုရားရှင်၏မယ်တော်သည် မဟာမာယာဒေဝီဖြစ်ကြောင်းဖော်ပြထားကြသော်လည်း ထို 'ဝိသာခါ၊ ဥတ္တရာ၊ ဓနဝတီ၊ မဟာမာယာ'တို့သည် တစ်ဦးတည်းဖြစ်ပြီးလျှင် ပွင့်လတ္တံ့မေတ္တေယျရှင်၏မယ်တော်လည်းဖြစ်ကြောင်းကို ထိုပါဠိတော်၊ ဋီကာစသည်တွင် ဖော်ပြမထားခဲ့ပေ။ ထို့ပြင် ဇိနာလင်္ကာရဋီကာ(စာ-၁၆၆)၌ 'မယ်တော်သည် သားဖွားပြီးနောက် ခုနစ်ရက်မြောက်နေ့၌စုတေ၍ တုသိတာနတ်ပြည်၌ နတ်သားဖြစ်ကြောင်း ဖော်ပြထား၏။ ဓမ္မပဒအဋ္ဌကထာ(ဓမ္မ၊ ၌၊ ၂။ ၁၄၉။)၌ 'ထိုမယ်တော်နတ်သားသည် အဘိဓမ္မာတရားကိုနာယူရ၍သောတာပန်ဖြစ်ကြောင်း'ဖွင့်ဆိုထား၏။ ဤသို့ နတ်သားကိုယ်အဖြစ်နှင့် သောတာပန်အဖြစ်သို့ရောက်ပြီးသောပုဂ္ဂိုလ်သည် ဘုရားလောင်းမယ်တော်ဟူသော မိန်းမအသွင်ယူရန်မှာ ခဲယဉ်းလှ

---

*၁ Guṇasekara (ed.)' The Rājāvaliya. 1954. Page-22. မဟာဝံသပါဠို။ အခန်း-၂၂၊ (ဂါထာ-၁၀ မှ ၂၂)။ Geiger(Tr.)' The Mahāvaṃsa. 1950. Page-147. ကျီးသဲလေးထပ်ဆရာတော်ကြီး၏မဟာဝင်ဝတ္ထု၊ ဒုတိယတွဲ။ ၁၉၅၇-ခုနှစ်။ (စာမျက်နှာ-၅၀)။

http://www.dhammadownload.com

ချေသည်၊ သို့ဖြစ်၍ မတွေ့ယျရှင်၏မယ်တော်သည် ရှေးဘုရားလေးဆူတို့၏မယ်တော် မဟုတ်နိုင်ကြောင်း ငြင်းပယ်သည်မှာ ယုတ္တိရှိလှသည်–ဟုဖြစ်သည်။*၁

ဘုရားတစ်ထောင်တို့၏ မယ်တော်

မြောက်ပိုင်းဗုဒ္ဓဘာသာဝင်တို့၏ ဘဒြကလွိကသူတြတွင် 'ဤဘဒ္ဒကမ္ပာ၌ မတွေ့ယျအပါအဝင် ဘုရားရှင်ပေါင်း–၁၀၀၀ ပွင့်ထွန်းလိမ့်ဦးမည်' ဟူသော အယူအဆကိုဖော်ပြပါရှိရာ၊ ပညာရှင်ကြီးဆွတ်ဟီး (W.E. Soothill) က တရုတ်ဗုဒ္ဓဘာသာဝေါဟာရအဘိဓာန်ကျမ်းကြီး(စာမျက်နှာ–၉၂)၌ 'မယ်တော်မာယာသည် ထိုပွင့်လတ္တံ့ တစ်ထောင်သောဘုရားရှင်တို့၏မယ်တော်ဖြစ်လိမ့်ဦးမည်၊ ထို့အတူ သားတော်ရာဟုလာသည်လည်း ထိုတစ်ထောင်သောဘုရားရှင်တို့၏သားတော်ဖြစ်လိမ့်ဦးမည်၊ ဤကား ဓမ္မကာယ–ဖြစ်သည်' ဟု ပြဆိုထားသည်။*၂

တေဒဂ်ရမည့် ရှင်မဟာဗုဒ္ဓယောသ

ဂေါတမမြတ်စွာဘုရားသာသနာ၌ အရှင်သုဘူတိသည် တေဒဂ်နှစ်တန်ရသည်။ အရှင်အာနန္ဒာသည် တေဒဂ်ငါးတန်ရသည်။ ထိုမထေရ်မြတ်တို့ထက်လွန်ကာ မတွေ့ယျရှင်သာသနာ၌ အဌကထာကျမ်းပြု အရှင်မဟာဗုဒ္ဓယောသမထေရ်မြတ်သည် တေဒဂ်(၇)ကြိမ်ထားခြင်းခံရလိမ့်မည်*၃ဟု ဗုဒ္ဓယောသုပ္ပတ္တိကျမ်း၌ ဖော်ပြထားသည်မှာ အောက်ပါအတိုင်းဖြစ်သည်။

> အရှင်မဟာဗုဒ္ဓယောသသည် သီဟိုဠ်ကျွန်းမှ သမုဒ္ဒရာကိုဖြတ်ကာ မိမိ၏ဇာတိ ဓမ္မဏ္ဍီပကျွန်း (အိန္ဒိယ)သို့ ပြန်လည်ကြွမြန်းတော်မူခဲ့ပါသည်။ ဓမ္မဏ္ဍီပလေ့ဆိပ်သို့ဆိုက်ရောက်သောအခါ အတူခရီးသွားသောကုန်သည်တို့ကို နှုတ်ဆက်စကားဖြင့်ပန်ကြားပြီးလျှင် မိမိ၏သဝိတ်သင်္ကန်းကို ယူတော်မူ၍ ဥပဇ္ဈာယ်ဆရာထံရောက်သောအခါ ဥပဇ္ဈာယ်ဝတ်ကို ပြည့်စုံစွာဖြည့်တော်မူပြီး သီဟိုဠ်ကျွန်း၌ ပရိယတ္တိဒေသနာတည်းဟူသော မြတ်စွာဘုရား၏သာသနာတော်ကို မိမိရေးသားပြန်ဆိုခဲ့ပုံတို့ကို လျှောက်ထားပြောကြား၏။ ထို့နောက် ဥပဇ္ဈာယ်ဆရာ၌တင်အပ်သောအပြစ်ကြီးငယ်အသွယ်သွယ်ကို သည်းခံတော်မူပါရန် ပန်ကြား၍၊ ဥပဇ္ဈာယ်ဆရာအား ညွှတ်မြတ်ရိုကျိုးရှိခိုးပြီး မိခင်ဖခင်တို့ထံသို့ ကြွသွားပြန်ပါသည်။ အရှင်မဟာဗုဒ္ဓယောသ၏မိဘနှစ်ပါးတို့လည်း သားရဟန်းကို ဆွမ်းအာဟာရတို့ဖြင့်လုပ်ကျွေးပြုစုရာ အရှင်မြတ်က တရားဓမ္မဟောကြားဆုံးမတော်မူခဲ့၏။
>
> ထို့နောက် အရှင်မဟာဗုဒ္ဓယောသသည် မိမိ၏သက်တမ်းကုန်လုနီးပြီကိုသိတော်မူသည်ဖြစ်၍ မဟာဗောဓိပင်တည်ရာသို့ကြွသွားတော်မူပြီး မဟာဗောဓိပင်၌ပူဇော်လှူဒါန်းဖွယ်အကုန်အလုံးစုံကို ပူဇော်လှူဒါန်းကာ မဟာဗောဓိပင်ကိုထောမနာရှိခိုးပြီး ဘုရားဂုဏ်ကျေးဇူးနှင့် မိမိ၏သီလကိုအတန်တန် အထပ်ထပ်အောက်မေ့ဆင်ခြင်လျက် ပုံလွန်တော်မူခဲ့လေ၏။ ပုံလွန်သည်နှင့် တုသိတာနတ်ပြည်၌ ဖြစ်၍ (၁၂)ယူဇနာရှိသောရွှေဗိမာန်ကြီး၌ နတ်သမီးတစ်ထောင်ခြံရံလျက်စံစားနေတော်မူခဲ့လေပြီ။

---

*၁ မုံရွေးဧတေတဝဂ်ဆရာတော်၏ သမန္တ စက္ခုဒီပနီကျမ်း။ ၁၉၈၅–ခုနှစ်။ (စာမျက်နှာ–၄၀၅)။

*၂ W.E. Soothill' A Dictionary of Chinese Buddhist Terms. 1934. Page-92.

*၃ တေဒဂ်(၇)ကြိမ်ဆိုသည်မှာ တေဒဂ်(၇)မျိုးလော?၊ တေဒဂ်တစ်မျိုးကိုပင် (၇)ကြိမ်ကြားခြင်းလော? ဆိုသည်ကို ကွဲကွဲပြားပြား မသိရပါ။ ပါဠိတော်၌ မြတ်စွာဘုရားရှင်တို့ တေဒဂ်တစ်ခုကို တစ်ကြိမ်သာကြားကြသည်တွေ့ရသည်။ တေဒဂ်တစ်ခုကို တစ်ကြိမ်မက ကြားသည်ဟူ၍ မတွေ့ရပေ။

http://www.dhammadownload.com

အကြင်အခါ၌ မေတ္တေယျဘုရားသည် ဤလူပြည်၌ သမ္မညျတဉာဏ်တော်သို့ရောက်လတ္တံ့။ ထိုအခါ၌ ထိုအရှင်ဘုဒ္ဓယောသသည် မေတ္တေယျဘုရားရှင်၏ သာဝကဖြစ်လတ္တံ့။ ဇာတိမြင့်မြတ်တော်မူထသော အထူးသဖြင့်ချီးမွမ်းအပ်ထသော မေတ္တေယျဘုရားရှင်၏ဟောတော်မူသောတရားအပေါင်းတို့၌ ပိတ်ပင်ခြင်းမရှိသော မိမိ၏ဉာဏ်စွမ်းအားဖြင့် ထိုဘုဒ္ဓယောသမထေရ်ကို ခုနစ်ကြိမ်၊ မေတ္တေယျအမည်ရှိသောမြတ်စွာဘုရားသည် မိမိ၏သုတ် အဘိဓမ္မာ ဝိနည်းကိုဆောင်ကုန်သော၊ အကြားအမြင်ပြီးကုန်သော၊ ဉာဏ်နှင့်ပြည့်စုံသော၊ ဉာဏဓရဖြစ်ကုန်သော တပည့်သားတော်အပေါင်းတို့တွင် အကြင်ဘုဒ္ဓယောသသည် မြတ်၏။ ဤသို့ တေဒဂ်အရာ၌ထားတော်မူသည်ဖြစ်လတ္တံ့-ဟူ၍ဖြစ်သည်။[*၁]

❁ ❁ ❁ ❁ ❁

[*၁] သော စ သတ္တက္ခတ္တုံ မေတ္တေယျေန ဘဂဝတာ တေဒဂ္ဂေ ဌပိတော ဘဝိဿတိ။ 'မမ သာဝကာနံ မဇ္ဈိမယရောနံ ဗဟုဿုတာနံ ဉာဏဓရာနံ ယဒိဒံ ဘုဒ္ဓယောသောတိ'- အရှင်မဟာမင်္ဂလ၏ဘုဒ္ဓယောသုပ္ပတ္တိပါဠိ။ ခုနစ်မသိ။ (စာမျက်နှာ-၂၇)။ ဘုဒ္ဓယောသုပ္ပတ္တိနိဿယ။ ခုနစ်မသိ။ (စာမျက်နှာ-၉၅)။

http://www.dhammadownload.com

အခန်း (၇)

မေတ္တေယျရှင်၏ကျောင်းကြီးဒကာ

မေတ္တေယျရှင်တော်ပွင့်ထွန်းလာသည့်အခါ ကျွတ်ဆုရရန်ရည်ရွယ်ထားသူများ ရှိသကဲ့သို့၊ မေတ္တေယျရှင်လက်ထက်အခါ၌ ကျောင်းကြီးဒကာအဖြစ် ထင်ရှားလို သူများရှိခဲ့ပုံအကြောင်းကို ဤအခန်း၌တင်ပြပါမည်။

မေတ္တေယျဘုရားအလောင်းတော်သည် လူ့သက်တမ်းနှစ်အရေအတွက် အားဖြင့် နှစ်ပေါင်းငါးဆယ့်ခုနစ်ကုဋေခြောက်သန်း (၅၇၆,၀၀၀,၀၀၀) တုသိတာ နတ်ပြည်၌စံပျော်ရှင်ကြည်နေပြီးမှ လူပြည်လူ့ရပ်သို့သက်ဆင်း၍ ဘုရားအဖြစ် ပွင့်ထွန်းတော်မူလာမည်ဖြစ်ကြောင်းကို အနာဂတဝံသအစရှိသော ကျမ်းဂန်တို့၌ ဖော်ပြထားသော်လည်း၊ ထိုအနှစ်သန်းပေါင်းငါးဆယ့်ခုနစ်ကုဋေကြာမှ ပွင့်လာမည့် မေတ္တေရှင်အားရည်မှန်း၍ ယခုအခါကပင် ကျောင်းကြီးတစ်ဆောင်ဆောက်လုပ်ပြီး ကျောင်းဒကာခံလိုသူတို့ပေါ်ထွန်းခဲ့ပါသည်ဟုဆိုလျှင် ထိုပုဂ္ဂိုလ်တို့၏ကြီးမားထက်သန် သောသဒ္ဓါတရားကားအံ့မခန်းဖြစ်တော့သည်။

ထိုမေတ္တေယျရှင်၏ကျောင်းကြီးဒကာအဖြစ်ခံယူလိုသောပုဂ္ဂိုလ်တို့ကား စာပေ မှတ်တမ်းတို့အရ-

၁။ မုဏ္ဍာအနောက်ဘက် ယင်းမာပင်နယ်ရှိ ဖိုဝင်တောင်မယ်တော်ကြီးနှင့်

၂။ ရတနာပုံမန္တလေးခေတ်၌ ထင်ရှားခဲ့သော ယောမင်းကြီးဦးဖိုးလှိုင် (အေဒီ ၁၈၂၉-၁၈၈၃)တို့ဖြစ်ကြောင်း သိရသည်။

ဖိုဝင်တောင်မယ်တော်ကြီး

ဖိုဝင်တောင်၊ ဗိုလ်ဝင်တောင်၊ ဖိုလ်ဝင်တောင်၊ ဖိုဝန်းတောင်၊ ဖိုးဝန်းတောင်-[*၁] ဟု အမျိုးမျိုးအနည်းနည်းခေါ်ဝေါ်နေသော ထိုတောင်တော်သည် မြန်မာနိုင်ငံ အထက်ပိုင်း စစ်ကိုင်းတိုင်းအတွင်း ရှေးအခေါ် ဗန္ဓုမြို့နယ်၊ ယခုအခေါ် ယင်းမာပင် မြို့နယ်၏အရှေ့စွန်းတွင် တည်ရှိပါသည်။ မုဏ္ဍာမြို့မှသော် ချင်းတွင်းမြစ်ကိုကူးလျှင် အနောက်ဘက် ၁၄-မိုင်ခန့်အကွာ၌တည်ရှိသည်။[*၂]

[*၁] ဇော်ဂျီဦးဖိုးဝိုင်း၏ဧရာဖြစ်၍ ဖိုးဝိုင်းတောင်၊ ထိုမှ ဖိုးဝင်းတောင်ဖြစ်သည်- အရှင်တိသဿ၏ဖိုးဝင်းတောင်သမိုင်း။ ၁၉၆၃-ခုနှစ်။ (စာမျက်နှာ-၂)။

[*၂] သလွန်ဘွဲ့၏ဗိုလ်ဝင်တောင်သမိုင်းချုပ်။ ၁၉၆၂-ခုနှစ်။ (စာမျက်နှာ-၂၈)။

http://www.dhammadownload.com

ထိုဖိုဝင်တောင်နေရာသို့ ပုဂံခေတ်(အေဒီ ၁၀၄၄–၁၂၈၇) အနော်ရထာမင်းလက်ထက် (အေဒီ ၁၀၄၄–၁၀၇၇)က ရွှေဘို ဝက်လက်မြို့အနီးရှိ လက်ာပူရခေါ် ဟန်လင်းကြီးမြို့*၁ကို အုပ်ချုပ်လျက်ရှိသော ဗန္ဓဝမင်းညီနောင် (ပျူမင်းနှင့် ပြုံးမင်း)တို့ရောက်ရှိကာ တပ်စခန်းဖွဲ့၍နေထိုင်ခဲ့ကြပါသည်။*၂

ဗန္ဓဝပျူမင်းညီနောင်တို့ ဖိုဝင်တောင်နေရာသို့ရောက်ရှိလာရခြင်း၏အကြောင်းကား ဤသို့ဖြစ်သည်။ ထိုဗန္ဓဝပျူမင်းညီနောင်တို့သည် အနော်ရထာမင်း၏ဖိတ်ကြားချက်အရ ရွှေစည်းခုံဘုရားအုတ်မြစ်ချပွဲသို့ တက်ရောက်ရန် ပုဂံပြည်သို့လာခဲ့ကြ၏။ အနော်ရထာမင်းသည် သာသနာငါးထောင်အရှည်တည်စေရန်ရည်ရွယ်ပြီး ရွှေစည်းခုံစေတီကို မြေဖုတ်အုတ်ကိုမသုံးဘဲ ပုဂံမြို့မှ(၇)မိုင်အကွာရှိ တုရင်တောင်မှ ကျောက်သားတို့ကို လူသုံးတန်းဖြင့်လက်ဆင့်ကမ်းသယ်ယူပြီး တည်ထားခဲ့သည်။*၃ ထိုသို့ ရွှေစည်းခုံဘုရားကို ကျောက်အုတ်တို့ဖြင့် တည်သည်ကို ဗန္ဓဝပျူမင်းညီနောင်တို့မြင်သော် 'ဤကျောက်အုတ်ချပ်မျှလောက်ဖြင့် သာသနာအနှစ်ငါးထောင် အရှည်တည်လိမ့်မည်မဟုတ်။ ကျောက်တောင်ကြီးတစ်တောင်လုံးကိုထုထွင်းပြီးတည်မှသာလျှင် ဘုရားသာသနာ အနှစ်ငါးထောင် အရှည်ဆောင်၍တည်တံ့လိမ့်မည်၊ ငါတို့လည်း အနော်ရထာမင်းထက်သာအောင် ကျောက်တောင်တစ်တောင်လုံးကိုထွင်းထုကာ ဘုရားအဖြစ်တည်ရလျှင် ကောင်းလိမ့်မည်'ဟု အကြံဖြစ်ခဲ့ကြသည်။ ထိုအကြံဖြင့် ပျူမင်းညီနောင်သည် ပုဂံပြည်ရွှေစည်းခုံဘုရားအုတ်မြစ်ချပွဲပြီးသည့်နောက် မိမိတို့၏မင်းနေပြည် ဟန်လင်းအရပ်သို့မပြန်တော့ဘဲ ဘုရားတည်ရန်ကျောက်တောင်တစ်တောင်ကိုရှာဖွေရင်း ပိန်းကောလေနှင့်သဏ္ဌာန်တူသော ဖိုဝင်တောင်တည်ရှိရာအရပ်သို့ရောက်လာခဲ့ကြခြင်းဖြစ်သည်။*၄

ဗန္ဓဝပျူမင်းညီနောင်တို့သည် ဖိုဝင်တောင်တည်ရှိရာအရပ်သို့ရောက်သော် တပ်ဝင်းခင်းကျင်းပြီး ရက်လရှည်ကြာနေ၍ ဖိုဝင်တောင်ကြီးကို ဘုရားတောင်အဖြစ်ရောက်ရှိအောင် ထုထွင်းပြုပြင်ခဲ့ကြသည်။ ဗန္ဓဝပျူမင်းညီနောင်နှင့်အတူပါလာသော မင်းညီမင်းသား တပ်မှူးဗိုလ်ပါစသူတို့လည်း ကုသိုလ်အဖို့ပါကြစေရန် မင်းညီနောင်နည်းတူ ဘုရားစေတီအဆူဆူတည်ထားကြသောကြောင့် ထိုဖိုဝင်တောင်တွင် ဘုရားအဆူရေလေးသိန်းကျော်ရှိခဲ့ကြောင်းကို 'ရွှေလသာဝါဝါဝင်း'ဟူသော ရှေးလူကြီးတို့၏အမှတ်အသားစကားသီတံအရ သိနိုင်လေသည်။

ထိုဖိုဝင်တောင်ကြီးတစ်တောင်လုံးပြည့်အောင် ဆင်းတုတော်များစွာကို ပျူမင်းညီနောင်တို့ တည်ထားကြပြီးနောက် နောင်တော်ဖြစ်သူ ဗန္ဓဝပျူမင်း၏မိဖုရားကြီးသည် သဒ္ဓါတရားထက်သန်လှ၍ မိမိ၏လက်ဝတ်တန်ဆာရတနာများကို မေတ္တေယျရှင်အတွက်ကျောင်းဆောက်ရန်ရည်စူးပြီး 'ဤဘဒ္ဒကမ္ပာဝယ် နောင်အခါမေတ္တေယျရှင်ပွင့်တော်မူလိမ့်မည်။ ထိုအခါ မေတ္တေယျရှင်သီတင်းသုံးတော်မူရန် ကျောင်းတော်ကြီးဆောက်လုပ်၍လှူဒါန်းကာ အနာထပိဏ်သူဌေးကြီးကဲ့သို့ ဘုရားကျောင်းဒကာအမည်ခံလိုသည်'ဟု ရေစက်သွန်းချအမျှဝေခဲ့၏။ အမျှဝေပြီးသည်နှင့် တောင်အလုံးပဲ့တင်ချုံးလျက် အလှူဝတ္ထုဖြစ်သောရတနာတို့ ချက်ချင်းပင်ကွယ်ပျောက်သွားလေသည်။ ပျူမိဖုရားကြီးသည် မေတ္တေယျရှင်၏ကျောင်းအမကြီးအဖြစ်ခံယူပြီးနောက် အလှူဝတ္ထုတို့ကိုလည်း ထိုတောင်တစ်နေရာ၌ သိုမှီးသိမ်းဆည်းထားခဲ့သည်ဟု အဆိုရှိသည်။*၅ ထိုရတနာတို့ကိုအစောင့်ဖြစ်စေခြင်းငှာ

---

*၁ ဟန်လင်းကို အေဒီ ၃–ရာစုတည်သည်ဟုခန့်မှန်း၏။ ဒေါက်တာသန်းထွန်း၏ ဖြန်မာသမိုင်းဝိဘင်း။ ၂၀၀၁–ခုနှစ်။ (စာမျက်နှာ–၂၈)။

*၂ ဦးမြင့်အောင်၏ဟန်လင်းဖြို့ဟောင်း(စာတန်း)။ တက္ကသိုလ်ပညာပဒေသာစာစောင်။ အတွဲ–၃။ အိုင်း–၃။ ၁၉၆၈–ခုနှစ်။ (စာမျက်နှာ–၁၅၈)။ Myint Aung' The Excavations at Halin. JBRS. Vol. L III, Part II. Dec., 1970. Page-56.

*၃ မင်းဘူးအောင်ကြိုင်၏ မြတ်ဘုရားရွှေစည်းခုံလက်ရာခုံ။ ၂၀၀၂–ခုနှစ်။ (စာမျက်နှာ–၁)။

*၄ ဒဂုန်ဧင်ဧင်လေး၏ ပြည်တွင်းဆောင်းပါးပေါင်းချုပ်။ ၁၉၇၅–ခုနှစ်။ (စာမျက်နှာ–၄၇၉)။

*၅ သလွာဌေး၏ဗိုလ်ဝင်တောင်သမိုင်းချုပ်။ ၁၉၆၂–ခုနှစ်။ (စာမျက်နှာ–၅၃)။ ဒေါ်ဒဂုန်ဧင်ဧင်လေး၏ပြည်တွင်းဆောင်းပါးပေါင်းချုပ်(စာ–၄၈၉)၌ 'လျောင်းတော်မူ၏အုံးတော်၌မြှုပ်နှံခဲ့သည်'ဟု ရေးသားထားသည်။


http://www.dhammadownload.com




မုန္ဂွာခရိုင်၊ ယင်းမာပင်မြို့နယ်ရှိ ဖိုးဝင်းတောင်
မြန်မာ့စွယ်စုံကွဲ၁၉၆၃ခုစာ-၂၉၃။



ဖိုးဝင်းရှင်မကြီးပုံတော်
Duroiselle, 1914, Pl.33



ဖိုးဝင်းရှင်မကြီးပုံတော်
အသျှင်တိဿ၊၁၉၆၃ခု၊ကျောဖုံး။



မန္တလေးမြို့ရှိ ယောမင်းကြီးအုတ်ကျောင်း
O'Connor, 1907, P.67.



ယောမင်းကြီးဦးဘိုးလှိုင်
မြန်မာ့စွယ်စုံ၊စာ၊၁၉၆၃ခုစာ-၃၆၃။

http://www.dhammadownload.com

ကျောက်သားဖြင့် ဆင်ရုပ်၊ ဆိတ်ရုပ်၊ နွားရုပ်သဏ္ဌာန် အရုပ်အမျိုးမျိုးကိုအဓိဋ္ဌာန်ပြုပြီးတည်ထားခဲ့တ၏။ မိဖုရားကြီးသည် အလှူထမြောက်ပြီးသည့်နောက် မကြာမီမှာကွယ်လွန်ခဲ့ရရှာ၏။

ထိုမိဖုရားကြီးသည် ဖိုဝင်တောင်ကိုစွဲလန်း၍ ထိုတောင်မှာပင်ဖြစ်ရပြန်ရာ ရှေးဘဝကခင်ပွန်းတော်ခဲ့သော ဗန္ဓဝပျူမင်းကြီးအား ထိုဖိုဝင်တောင်မှာပင်နေလိုကြောင်း အိပ်မက်ပေးသည့်အတွက် ဗန္ဓဝပျူမင်းက မိမိ၏ မိဖုရားကြီးအား ဖိုဝင်တောင်ကိုအပိုင်စားပေးခဲ့သည်။ ထိုအခါမှစ၍ ဗန္ဓဝမင်းမိဖုရားကြီးကို 'ဖိုဝင်ရှင်မ၊ ဖိုဝင်မယ်တော်' ဟု ခေါ်ဝေါ်ခဲ့ကြသည်။ ဖိုဝင်တောင်ကို နတ်တောင်၊ အချို့က ဖိုဝင်ရှင်မ၏ဝိညာဉ်ကိန်းနေသောတောင် (Spirit Cave) ဟူ၍လည်း ခေါ်ဝေါ်ခဲ့ကြသည်။ ဖိုဝင်ရှင်မသည် မိမိအပိုင်စားရာ ထိုတောင်တစ်ဝိုက်တွင် ကျားကိုစီး၍ လှည့်လည်သွားလာနေသည်ဟုလည်း အယူအဆရှိသည်။*၁

ဦးထွေးဟန်နှင့်ဦးဘညွန့်တို့၏ မြန်မာ့မိရိုးဖလာနတ်သမိုင်း (စာမျက်နှာ–၁၅၀) တွင်မူ ဖိုဝင်တောင်မယ်တော်ကြီးသည် ပျူမင်း၏မိဖုရားကြီးဘဝတွင် မေတ္တေယျကျောင်းတော်ဆောက်ရန်ရည်စူး၍ မိမိ၏လက်ဝတ်လက်စားတို့ကို ရေစက်ချပြီး မြှုပ်နှံသိုဝှက်ခဲ့ခြင်းမဟုတ်ဘဲ၊ ထိုပျူမိဖုရားကြီးမဖြစ်မီ ရှေးတစ်ဘဝဖြစ်သော ရေစကြို မြို့နယ် ငမျာရွာသူကြီးသမီး မနှင်းချိဘဝကပင်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားလေသည်။ ဖိုဝင်တောင်မယ်တော်ကြီးကို မြန်မာ့နတ်စာရင်း (အတွင်း ၃၇–မင်း၊ အပြင် ၃၇–မင်းစသည်) ၌ မတွေ့ရပေ။

ယောမင်းကြီး ဦးဖိုးလှိုင်

ယောမင်းကြီးဦးဖိုးလှိုင်သည် ကုန်းဘောင်ခေတ်(အေဒီ ၁၇၅၂–၁၈၈၅)မှစ၍ ယနေ့ထက်တိုင် မြန်မာစာပေလောကၦ အထင်ရှားအကျော်ကြားဆုံး ပညာရှင်ကြီးတစ်ဦးဖြစ်သည်။ မင်းတုန်းမင်း (အေဒီ ၁၈၅၃–၁၈၇၈)၊ သီပေါမင်း(အေဒီ ၁၈၇၈–၁၈၈၅) မင်းနှစ်ဆက်လက်ထက်တွင် မင်းအတိုင်ပင်ခံပုဂ္ဂိုလ်၊ တိုင်းကျိုးပြည်ကျိုးဆောင်အမတ်အတွင်းဝန်နှင့် နိုင်ငံတော်ခေတ်မီတိုးတက်ရေးအတွက် အများဆုံးဆောင်ရွက်ခဲ့သော ခေတ်ရှေ့ပြေးပုဂ္ဂိုလ်ကြီးဖြစ်ခဲ့သည်။ ယောမင်းကြီး၏ထူးခြားသောဝိသေသကား သက်ဦးဆံပိုင်ပဒေသရာဇ်ခေတ်အတွင်းမှာပင် မိမိမှန်သည်ထင်သောအရာကို ရဲရဲဝံ့ဝံ့ထုတ်ဖော်နိုင်ခြင်းဖြစ်သည်။

ယောမင်းကြီးပြုစုရေးသားခဲ့သော ဥတုဘောဇနသင်္ဂဟကျမ်း၊ ရာဇဓမ္မသင်္ဂဟကျမ်း၊ လိပ်ဒီပိကာ၊ ကာယာနုပဿနာ၊ ဝိမုတ္တိရသကျမ်း၊ မဟာသုဇာတကကျမ်း၊ အလင်္ကာနိဿျစသော ကျမ်းများစွာတို့တွင် ယောမင်းကြီးဦးဖိုးလှိုင်က ကျမ်းပြုရသောအကျိုးကို 'သတ္တသဠိတ ပုညေန= ကျမ်းဂန်ကို ပေါင်းစုစီရင်သောကုသိုလ်ဖြင့်၊ နိဗ္ဗာနသာတော်= နိဗ္ဗာန်အကျိုးပြီးစီးစေသတည်း' ဟူ၍ သံသရာဝဋ်မှ အလျင်အမြန်ကျွတ်လွတ်စေတတ်သော နိဗ္ဗာန်ဆုရရှိရန် တောင့်တခဲ့ပါသည်။*၂ နောင်ပွင့်လတ္တံ့ မေတ္တေယျရှင်နှင့်စပ်သောဆုမျိုးကို မတောင်းခဲ့ပေ။ သို့လျက် ယောမင်းကြီးသည် မေတ္တေယျရှင်၏ကျောင်းအကာအဖြစ်ကို မည်သည့်အခါကတောင့်တခဲ့ပါသနည်း? ဟူသောမေးခွန်းသည် မေးဖွယ်ရာအချက်ဖြစ်လာပါသည်။

ယောမင်းကြီး၏ဘဝကို အကျဉ်းချုပ်လေ့လာလျှင် 'ယောမင်းကြီးကို သက္ကရာဇ် ၁၁၉၁–ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၀) ရက်၊ သောကြာနေ့အင်္ဂေ ညဉ့်(၃) ချက်တီးကျော်အချိန်တွင် မြင်းခြံမြို့ အထက်ပုလဲရွာတွင်

---

*၁ Duroiselle' The Rock-Cut Temples of Powun-Daung (Burma). Archeological Report: 1914-16. Page-47.

*၂ ယောမင်းကြီး၏ အလင်္ကာနိဿယ။ ၁၉၀၈–နှစ်။ (စာမျက်နှာ–၄၁၈)။

http://www.dhammadownload.com

ဖွားသည်။ အဘမှာ ယင်းတောဝန်ကြီးဦးရွှေတုတ်၊ အမိမှာ ဝန်ကတော်ဒေါ်ငြိမ်းဖြစ်၏။ အဘိုးမှာ ရွှေပြည်ဝန်လက်ဝဲဝင်းတော်မှူး ဦးတောဖြစ်သည်။ ငယ်စဉ် အမရပူရမြို့ ပထမဆရာ ဦးကျည်ပွေ့ထံ သာမဏေအဖြစ်နေ၍ ပြည်ဆရာတော်ကြီးထံမှာ သဒ္ဒါကိုသင်၏။ နောက် လူထွက်၏။ တစ်ဖန်ရှင်ပြန်ပြုပြီး မဲထီးတိုက်၌စာသင်၍နေပြန်၏။ ၁၂၁၄–ခုနှစ် မင်းတုန်းမင်း ရွှေဘိုသို့ထွက်ရာတွင် လူဝတ်လဲ၍လိုက်ပါခဲ့ရသည်။ ရွှေဘိုမြို့ကို မင်းတုန်းမင်း အောင်မြင်၍ ခေတ္တစံနေစဉ်အတွင်းမှာပင် ဦးဖိုးလှိုင် ယောမြို့စားမင်းသားအဖြစ် သူကောင်းပြုခြင်းခံရ၏။ အမရပူရမြို့သို့ရောက်လျှင် ကုလားဝန်[*၁] ခန့်ပြီး ၁၂၁၅–ခုနှစ်တွင် မကွေးဝန်ကြီးသမီးအငယ် ခင်ဖြူနှင့် အိမ်ထောင်ဖြင့်မင်္ဂလာပြုစေသည်။ ၁၂၁၉–ခုနှစ်တွင် အတွင်းဝန်ယောမြို့စားအရာကိုရ၏။ ငွေခွန် (၁၂) ရပ်၊ အကောက်၊ ရေနံ၊ ဈေး၊ ပွဲ၊ ကင်း၊ ကူးတို့များကိုလည်း အပ်တော်မူသည်။ ၁၂၂၉–ခုနှစ်တွင် ကလေးမြို့၊ ယောမြို့၊ ဆောမြို့၊ လောင်းရွာညြို့၊ ထီးလင်းမြို့များကိုအပ်တော်မူသည်။[*၂]

၁၂၃၂–ခုနှစ်တွင် ယောမင်းကြီးသည် ဝက်မစွတ်မြို့စားအတွင်းဝန် ရွှေပြည်ဝန်အဖြစ် မင်းမူထမ်းနေစဉ် မန္တလေးမြို့မြောက်ပြင် သူရဲတပ်ရွာရှေ့မြေသာယာတွင် အုတ်ကျောင်းကြီးကိုဆောက်လုပ်ခဲ့သည်။ မင်းတုန်းမင်းကြီးက ထိုကျောင်းကြီးဆောက်ရန် ငွေတော်တစ်သောင်းထုတ်ပေးသည်။ ယောမင်းကြီးသည် ထိုကျောင်းကြီးဆောက်လုပ်ရန် အိန္ဒိယပြည်မှပင် ပန်းရံဆရာများကိုခေါ်ယူခဲ့သည်ဟု အဆိုရှိသည်။[*၃] ထိုအုတ်ကျောင်းဆောက်ရာ စုစုပေါင်းငွေတစ်သိန်းခန့်ကုန်၍၊ ယောမင်းကြီးကိုယ်ပိုင်ငွေမှ ကိုးသောင်းခန့်ပါဝင်လေသည်။[*၄]

ထိုအုတ်ကျောင်းကြီးဆောက်လုပ်ပြီးစီးလျှင် ကျောင်းအမည်ကို 'ကဿကာရာမအုတ်ကျောင်း' ဟု သမုတ်သည်။ [ကဿကာ (ပါဠိ) = အုတ်] မင်းတုန်းမင်းကြီး၏မိန့်ကြားချက်အရ ယောမင်းကြီးသည် ကဿကာရာမအုတ်ကျောင်းကြီးကို မိမိ၏ကျေးဇူးရှင်မဟာဘိုဆရာတော်ကြီးအားပင့်ဆောင်၍ တင်လှူသည်။ မဟာဘိုဆရာတော်ကြီးက တစ်ဝါခန့်လက်ခံ၍ သီတင်းသုံးတော်မူကြောင်း–မှတ်တမ်းရှိလေသည်။[*၅]

ယောမင်းကြီးသည် အဆိုပါကဿကာရာမကျောင်းတော်ကြီးကို အနောက်တိုင်းပုံစံဆောက်လုပ်ခဲ့သည်မှန်သော်လည်း မိမိ၏ကျောင်းတော်ကြီးကို မေတ္တေယျရှင်ပွင့်ထွန်းတော်မူသည့်တိုင် ရှည်ကြာခံအောင် အင်ကြင်းသား *(Pentacme suavis)* ဖြင့် ပြုလုပ်စီမံပြီးဆောက်လုပ်ခဲ့သည်ဟုလည်း အဆိုရှိလေသည်။ ဤအချက်နှင့်စပ်၍ ကထိကဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)က 'မြန်မာဗိသုကာပညာနှင့်နိုင်ငံခြားပုံစံ' (ဆောင်းပါး) တွင် အောက်ပါအတိုင်းရေးသားဖော်ပြထားပါသည်။

[*၁] နိုင်ငံခြားဥရောပတိုက်သား၊ တူရကီပသီလူမျိုး၊ ဧဒေပါရီကုလားတို့၌မင်းမူတော်ရပ်ရှိလျှင် ဆင့်ဆိုရသည့်ဝန်– ဦးမောင်မောင်တင်၏ ရွှေနန်းသုံးဝါဟာရအဘိဓာန်၊ ပထမတွဲ။ ၁၉၇၅–ခုနှစ်။ (စာမျက်နှာ–၁၂၂)။

[*၂] ရွှေဘိုမိမိကြီး၏ မဟာလူရည်ချွန် ရွှေပြည်ဝန်ကြီးဦးဖိုးလှိုင်။ ၁၉၉၇–ခုနှစ်။ (စာမျက်နှာ–၁၃၃)။

[*၃] ဦးတင်အုန်း၏ ယောအတွင်းဝန်ဦးဖိုးလှိုင်အတ္ထုပ္ပတ္တိ။ ၁၉၆၀–ပြည့်နှစ်။ (စာမျက်နှာ–၂၄)။ သတင်းစာဆရာဦးညီမြ မကွယ်လွန်မီက 'ထိုကျောင်းကြီးမှာ အနောက်တိုင်းဗိသုကာပုံဖြစ်၍ ပြင်သစ်နန်းတော်အဆောက်အအုံတစ်ခု၏ အစိတ်အပိုင်းပုံဖြစ်သည်' –ဟု ပြောပြခဲ့ကြောင်း ရွှေဘိုခေါ်မိမိကြီး၏ ရွှေပြည်ဝန်ကြီးဦးဖိုးလှိုင်(စာမျက်နှာ–၉၈)တွင် ဖော်ပြထားသည်။

[*၄] မြန်မာ့ရွှေယံဒုတ်မှန်း၊ အတွဲ–၈၊ (စာမျက်နှာ–၃၆၅)တွင် 'ငွေသုံးသိန်းကျော်ကုန်သည်' ဟု ပြထား၏။ ရွှေဘိုခေါ်မိမိကြီး၏ ရွှေပြည်ဝန်ကြီးဦးဖိုးလှိုင် (စာမျက်နှာ–၉၈)တွင် 'ယောမင်းကြီး၏ ငြေး ဦးခင်မောင်ဌေးက ငွေခြောက်ကိုးသောင်းကုန်ကျသည်ဟုပြောပြကြောင်း' ဖော်ပြထားသည်။

[*၅] ဦးတင်အုန်း၏ ယောအတွင်းဝန်ဦးဖိုးလှိုင်အတ္ထုပ္ပတ္တိ။ ၁၉၆၀–ပြည့်နှစ်။ (စာမျက်နှာ–၂၆)။ ရွှေဘိုခေါ်မိမိကြီး၏ ရွှေပြည်ဝန်ကြီးဦးဖိုးလှိုင် (စာမျက်နှာ–၉၉)တွင် 'ထိုကျောင်းကို စံကျောင်းဆရာတော်ဦးစန္ဒိမာအား ဦးစွာတင်လှူကြောင်း' ဖော်ပြထားသည်။

http://www.dhammadownload.com

ယောမင်းကြီးဦးဖိုးလှိုင်သည် ဥရောပနိုင်ငံဟိုတယ်တစ်ခု၏ပုံစံကိုယူ၍ဆောက်လုပ်ထားသော အုတ်ကျောင်းကြီးဖြစ်သည်။ မန္တလေးတောင်ခြေ မြင်းပြိုင်ကွင်းအနောက်မြောက်ဘက်တွင်ရှိသည်။ အခန်းဖွဲ့ပုံများဆန်းကြယ်၍ အတွင်းအလယ်တွင် လသာဆောင်ရှိသည်။ ဒုတိယကမ္ဘာစစ်အတွင်းက မီးလောင်ပျက်စီးသည်။ xxxxx ဤအုတ်ကျောင်းကြီးမဆောက်လုပ်မီက ကမ္ဘာတည်ထွန်း၍ အရိမေတ္တေယျမြတ်စွာဘုရားကျောင်းတော်အဖို့ရည်မှန်းပြီး အင်ကြင်းသားဖြင့် ကျောင်းကြီး ဆောက်လုပ်ကြောင်း သိရပေသည်။ ဤသို့ အင်ကြင်းသားဖြင့်ဆောက်လုပ်ခြင်းမှာ အင်ကြင်းသားမှ အင်ကြင်းကျောက်ဖြစ်သည့် ဓာတ်သဘာဝအစဉ်အလာအတိုင်း နောင်အခါ ကမ္ဘာတည်စေရန် ရည်စူးသည်ဟု သိရလေသည်။ သို့သော် အင်ကြင်းသားသည် အဆီကင်းမဲ့၍ သံမယ်နတ္တယ်ရာဠ် သံချေးတက်ပြီး ကျောင်းကြီးမှာ ယောအတွင်းဝန်အနိစ္စမရောက်မီကပင်ပြိုပျက်ကြောင်း ပြောစမှတ် ပြုကြလေသည်။ ယောအတွင်းဝန်ကား ဥတုဘောဇနကျမ်းကြီးပြုစုသော်လည်း အင်ကြင်းသား*၁၏ သဘော ရကွဗေဒကိုမကျွမ်းကျင်ကြောင်းဖြင့်ပြောကြလေသည်–ဟုဖြစ်သည်။*၂

❁ ❁ ❁ ❁ ❁

---

*၁ အင်ကြင်းသားဆိုရာတွင် ဘုရားပွင့်ရာ အင်ကြင်းဗောဓိ(ပါဠိဘာသာဖြင့် မဟာသာလ၊ *Shorea robusta*) သည် မြန်မာနိုင်ငံ၌မရှိပေ။ သစ်ယာပင်(*Shorea obtusa*)နှင့်တူသော အင်ကြင်းကိုသာတွေ့ရသည်။ အင်ကြင်းဆိုရာတွင် (၁) ဇွဲဦးအခါ ရိုးတံနီကလေးများမှ အနုံ့မွှေးသော အနီပွင့်များပွင့်လေ့ရှိသော ပေ ၈၀–၁၅၀မြင့်၍ လုံးပတ် ၅–ပေမှ ၆–ပေခန့်အထိရှိ သစ်မာအမျိုးအစားဝင် ပင်စောက်တစ်မျိုး။ (၂) အသီးတွင် တောင်ပံသုံးခုပါ၍ ပေ ၁၀၀ ခန့်မြင့်၍၊ ၅–ပေမှ ၇–ပေအထိ လုံးပတ်ရှိပြီး ရံခါ ရွက်ကြွေတတ်သော သစ်မာပင်မြင့်ကြီး တစ်မျိုး(ထိုအပင်ကို ကုမ္ဘကီအင်ကြင်းဟုခေါ်သည်။)၊ (၃) ပင်စည်မှ ရိုးတံရှည်ထွက်၍ ပွင့်ဖတ်ဖြူ၏ အနားတွင် ပန်းရောင်, ဓရေးရောင် အမျိုးမျိုးရှိပြီး ဝတ်ဆံငါးသော ပန်းပွင့်များပွင့်သည့် ပင်စောက်ပင်တစ်မျိုး။ (အသီးမှာ အဖြောက်ဆန့်ပုံ လုံးဝိုင်း၍ Cannon Ball Tree ဟုလည်းခေါ်သည်။)။ C.W. Dunn and Hla Pe' A Burmese-English Dictionary. Part II. 1950. Page-71. မြန်မာအဘိဓာန် အကျဉ်းချုပ်၊ အတွဲ–၅။ ၁၉၈၀–ပြည့်နှစ်။ (စာမျက်နှာ–၁၇၆)။

*၂ ဦးမောင်မောင်တင်(မဟာဝိစ္စာ)၏ မြန်မာဓိသုကာပညာနှင့်နိုင်ငံခြားပုံစံ(ဆောင်းပါး)။ မြန်မာမင်းလက်ထက်တော်စာတမ်းများ။ ၁၉၆၇–ခုနှစ်။ (စာမျက်နှာ–၉၈)။

http://www.dhammadownload.com

အခန်း (၈)

မေတ္တေယျရှင်ကိုဆုတောင်းကြပုံများ

ဤအခန်းတွင် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ဆုတောင်းခြင်းအယူအဆကို အကျဉ်းမျှတင်ပြပြီး အထူးအားဖြင့် မွှင့်တော်မူလတ္တံ့ဖြစ်သော မေတ္တေယျရှင်နှင့်စပ်၍ ဆုတောင်းပုံတို့ကို ဆိုင်ရာစာပေကျမ်းဂန်အရပ်ရပ်တို့မှ မကျဉ်းမကျယ် ထုတ်နုတ်တင်ပြထားပါသည်။

ဆုတောင်းဟူသည်

ဤနိုင်ငံ၌ 'ကုသိုလ်ကောင်းမှုပြုပြီးလျှင် ဆုတောင်းရန်မလို၊ အလိုလိုပြည့်ဝနိုင်သည်'ဟူသော ပြောဟောယူဆမှုတစ်ရပ်ရှိခဲ့၏။ ကောင်းမှုကုသိုလ်ပြုလုပ်ခြင်းသည် အလုပ်လုပ်ခြင်းပင်ဖြစ်သည်၊ အလုပ်လုပ်လျှင် လုပ်ခကိုရရှိမည်မှာ အမှန်ဖြစ်သည်၊ ထို့ကြောင့် ကုသိုလ်ကောင်းမှုကိုပြုလုပ်ပြီး ဆုတောင်းနေဖွယ်မလို၊ အလိုလိုပြည့်နိုင်သည်–ဟု ပြောလိုရင်းဖြစ်သည်။[*၁] သြကာသကန်တော့ချီးဆိုရာမှာပင် ရတနာသုံးပါးတို့ကိုရှိခိုးပြီးနောက်၊ 'အပါယ်လေးပါး,ကပ်သုံးပါး စသည်တို့မှကင်းလွတ်၍ မင်္ဂလာရေးဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကိုရပါလိုလို'ဘုရား'ဟူသောဆုတောင်းကို မတောင်းခံဘဲနေရမည်၊ ဆုကို ရှိခိုးခံပုဂ္ဂိုလ်ကပေးရမည်ဟု အဆိုရှိပေသည်။ ဤဝါဒကို သဘောကျလက်ခံသူရှိသလို သဘောမကျ လက်မခံသူများလည်းရှိ၏။

အထက်ပါဝါဒအယူနှင့်မတူသောပုဂ္ဂိုလ်တို့ကမူ 'ကုသိုလ်ကောင်းမှုပြုပြီးလျှင် မိမိနှစ်သက်မြတ်နိုးရာဆုကို တောင်းယူရမည်'ဟုပြောဟောကြသည်။ ဘုရားအလောင်းသုမေဓာရှင်ရသေ့စသော သူတော်ကောင်းတို့သည်လည်း ကုသိုလ်ကောင်းမှုပြုပြီးလျှင် မိမိတို့အလိုရှိရာ ကြိုက်နှစ်သက်ရာဆုကိုတောင်းယူခဲ့ကြသည်။ ပြည့်လည်း ပြည့်ဝခဲ့ကြသည်။ ထို့ကြောင့် ကုသိုလ်ကောင်းမှုပြုလုပ်ပြီးလျှင် ဆုတောင်းသင့်သည်ဟု ဟောပြောကြ၏။ ဤဝါဒကိုသဘောကျလက်ခံသူရှိသလို သဘောမကျ လက်မခံသူများလည်းရှိ၏။

ဤသည်မှာ ရှေးယခင်က မြန်မာပြည်၌ဖြစ်ပေါ်ခဲ့သော ကွဲပြားခြားနားသည့် အယူဝါဒကြီးနှစ်ရပ်ဖြစ်သည်။ ဗုဒ္ဓစာပေအရာ၌ ထိပ်ထိပ်ကြွတတ်သိတော်မူကြသည့် ပုဂ္ဂိုလ်ကြီးများ၏ကွဲပြားချက်တို့တွင် တစ်ခုအပါအဝင်ဖြစ်သည်။[*၂]

---

*၁ ဒေါက်တာသန်းထွန်း၏ ကျွန်ုပ်ဆိုရင် ကျွန်ုပ့်မယ်(ဆောင်းပါး)။ အတွေးအမြင်စာစောင်။ အမှတ်–၁၀၉။ ၁၉၉၅–ခုနှစ်။ (စာမျက်နှာ–၉၀)။ မြန်မာသမိုင်းရှာတော်ပုံ။ ၂၀၀၃–ခုနှစ်။ (စာမျက်နှာ–၆၃)။

*၂ ဦးထွန်းလှိုင်၏ လူသားတို့ထွက်ရာလမ်း။ ၁၉၈၄–ခုနှစ်။ (စာမျက်နှာ–၃၆၄)။

http://www.dhammadownload.com

ကမ္မဝါဒီဖြစ်ကြသော ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့ ဆုတောင်းဆုယူပြုလုပ်နေကြသည်ကို အနောက်နိုင်ငံသားတို့က ဗုဒ္ဓဘာသာကဲ့သို့ ဖန်ဆင်းရှင်ထာဝရဘုရားမရှိသောဘာသာမှာ ဆုတောင်းခြင်းဖြင့်အလိုရှိသမျှ ရနိုင်လိမ့်မည်မဟုတ်ဟု ဝေဖန်ခဲ့ကြ၏။ ဆိုလိုသည်မှာ အရာအားလုံးကိုဖန်ဆင်းသူ ထာဝရဘုရား ရှိရမည်။ ထိုထာဝရဘုရားက အရာရာကိုဖန်ဆင်းနိုင်၏၊ လွှမ်းမိုး၏၊ ချယ်လှယ်၏။ ထိုသို့ ကွဲသဖြစ်သော ဘုရားသခင်ထံတော်၌ ဆုတောင်းပါမှ ထိုကွဲသဖြစ်သော ဘုရားသခင်က သတ္တဝါတို့ကိုကြင်နာသနားသောကြောင့် တောင်းဆိုသည့်အတိုင်း ပြည့်စုံအောင်ဆောင်ရွက်ပေးပေလိမ့်မည်။ သို့ပါ၍ တောင်းဆိုသမျှပြည့်စုံအောင် ပြုလုပ်ပေးနိုင်သူရှိမှသာ ဆုစသည်ကိုတောင်းသင့်သည်ဟု ဝေဖန်ခဲ့ကြ၏။[*၁]

သို့ပါသော် ထိုဆုတောင်းဆုပေးခြင်းဓလေ့မှာ သာသနာတော်တွင်းသာသနာပ ကာလနှစ်ရပ်စလုံးမှာပင် ဘုရား,ပစ္စေကဗုဒ္ဓါ, ရဟန္တာ စသောရှေးသူတော်ကောင်းကြီးတို့ ကျင့်သုံးခဲ့ကြသည့် ကျင့်ဂိုးကျင့်စဉ်လက်သုံးအစဉ်အလာကောင်းကြီးတစ်ရပ်ဖြစ်သည်။ ရှင်တော်မြတ်ဘုရားနှင့် ရဟန္တာပုဂ္ဂိုလ်ကြီးများက ရှိခိုးကန်တော့ဂါရဝပြုသူ, ဆွမ်းစသည်လှူဒါန်းသူတို့အား ယောက်ျားဒကာဖြစ်က 'သုခီ ဟောတု (ချမ်းသာပါစေ)'၊ မိန်းမဒကာမဖြစ်က 'သုခိနီ ဟောတု (ချမ်းသာပါစေ)'၊ ရဲခါ လိင်မခွဲခြားဘဲ 'ဒုက္ခာ မုစ္စတု (ဆင်းရဲမှကင်းပါစေ)'၊ 'အရောဂေါ ဟောဟိ (အနာရောဂါ ကင်းပါစေ,ကျန်းမာပါစေ)'၊ 'ဒီဃာယုကော ဟောဟိ (အသက်ရှည်ပါစေ)'၊ ဒီဃာယုကာ ဟောထ (အသက်ရှည် ပါစေ)' စသည်ဖြင့် ဆုပေးတော်မူလေ့ရှိပါသည်။ ရံခါ၌ ဘုရားရဟန္တာအရှင်မြတ်တို့က ဆုတောင်းသူအား 'ဇဝံ ဟောတု (သင်တောင့်တသည့်အတိုင်းသာလျှင်ပြည့်စုံပါစေ)'၊ 'ကွစ္ဆိတံ ပတ္ထိတံ တုယှံ ခိပ္ပမေဝ သမိဇ္ဈတု (သင်တောင့်တလိုလားသမျှတို့ ဆောလျင်စွာသာလျှင် ပြည့်စုံပါစေသတည်း)'ဟူ၍လည်း ဆုပေးတော်မူလေ့ရှိပါသည်။

ဘုရားရဟန္တာတို့မည်သည် ဟုတ်မှန်၍အကျိုးများသောစကားကိုသာ ဆိုလေ့ရှိကြသောပုဂ္ဂိုလ်တို့ဖြစ်ရကား ထိုပုဂ္ဂိုလ်တို့မိန့်ကြားသောဆုပေးစကားသည် အကျိုးမဲ့မဖြစ်နိုင်၊ အကျိုးရှိသောစကားတို့သာဖြစ်ပေမည်။ တစ်နည်းအားဖြင့် 'ချမ်းသာပါစေ၊ ဆင်းရဲကင်းပါစေ၊ ရောဂါကင်းပါစေ၊ အသက်ရှည်ပါစေ' စသော ဆုပေးစကားတို့သည်လည်း 'အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု'စသောမေတ္တာပို့နှင့် တစ်ထပ်တည်းဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များအဖို့ ဆုပေးခြင်းသည် ချီးမြှောက်အနုမောဒနာပြုသည့်သဘောဖြစ်သကဲ့သို့ မေတ္တာပို့ခြင်းတစ်မျိုးလည်းဖြစ်သည်။

ဆုတောင်းရုံမျှဖြင့်မရနိုင်

ဗုဒ္ဓဘာသာဝင်မြန်မာတို့မူကား ဆုတောင်းခြင်းကိစ္စနှင့်စပ်၍ 'ဘာမျှလုပ်စရာမလို၊ ဆုတောင်းနေရုံသက်သက်ဖြင့် အကျိုးရနိုင်သည်'ဟူသောသဘောဖြင့် ပြုလုပ်နေကြခြင်းမဟုတ်ပေ။ 'ကုသိုလ်ကံတစ်ခုခုကို ပြုလုပ်ပြီးမှ ဆုတောင်းပတ္ထနာကိုပြုလျှင် တောင့်တသည့်အတိုင်းအကျိုးရသည်'ဟူသော ယုံကြည်ချက်ဖြင့် ကံသုံးပါးတို့ဖြင့် ကောင်းမှုကုသိုလ်တစ်စုံတစ်ခုကိုပြုပြီးတိုင်း မိမိအလိုရှိသည်ကို စိတ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ မြတ်နိုးတနာ တောင်းခြင်းသာဖြစ်သည်။ မည်သူမည်ဝါတစ်ဦးတစ်ယောက်ထံမှ 'ပေးတော်မူပါ'ဟု ဘာအလုပ်မှမလုပ်ဘဲ အသားလွတ်တောင်းဆိုနေခြင်းမျိုးမဟုတ်သကဲ့သို့၊ ဘုရားစင် စေတီပုထိုး ရုပ်တုဆင်းတု စသည့် နေရာဌာနတစ်ခုခု၏အရှေ့၌ ဆုတောင်းနေသည်မှန်သော်လည်း ထိုဘုရားစေတီ ဆင်းတုရုပ်ပွား စသည်တို့က ဆောင်ရွက်ပေးစေလို၍ တောင်းခံနေခြင်းမျိုးလည်းမဟုတ်ပေ။

---

*၁ U Shwe Zan Aung' Buddhist Prayer. JBRS. Vol. VII. Part II. 1917. Page-127.
ဒဂုန်ဦးထွန်းမြင့်၏ ကန်ကျောက်တော့ရည် (ဆောင်းပါး)။ ယဉ်ကျေးမှုစာစောင်။ အတွဲ-၃၊ အမှတ်-၉။ (စာမျက်နှာ-၅၄)။

http://www.dhammadownload.com

ဤအချက်နှင့်စပ်၍ မဟာဂန္ဓာရုံဆရာတော်အရှင်ဇနကာဘိဝံသ (အေဒီ ၁၉၀၀–၁၉၇၇)က–

> ကောင်းမှုကိုလည်းပြု၊ ဆုကိုလည်းတောင်းလျှင် လိုရာအကျိုးပြီးစီးတတ်၏။ တောင်းသော ဆုနှင့်ထိုက်တန်အောင်ကား ကုသိုလ်ကောင်းမှုကိုပြုကြရပေမည်။ ဘုရားအဖြစ်ကိုအလိုရှိလျှင် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းတိုင်အောင်၊ အရှင်သာရိပုတ္တရာကဲ့သို့ အဂ္ဂသာဝကအဖြစ်ကိုအလိုရှိလျှင် တစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်းတိုင်အောင်၊ အရှင်မဟာကဿပ, အရှင်အာနန္ဒာ စသည်တို့ကဲ့သို့ မဟာသာဝကအဖြစ်ကိုငင်း၊ မိထွေးတော်ဂေါတမီ,ခေမာ,ဥပ္ပလဝဏ်ထေရီမတို့ကဲ့သို့ ထင်ရှားသော ရဟန္တာမိန်းမအဖြစ်ကိုငင်းအလိုရှိလျှင် ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီဖြည့်ကြရလိမ့်မည်။ ဆုတောင်းသောအခါလည်း မိမိအလိုရှိရာဆုကို မိမိဘာသာတောင်းခြင်းသာလျှင်လမ်းမှန်ကျ၏–ဟု ရေးသားတော်မူခဲ့၏။[*၁]

ဘုရား,ရဟန္တာ,မဟာသာဝကအဖြစ် စသော ကြီးမြတ်လှသည့်ဆုတောင်းခြင်းမျိုးကိုထားဘိဦး။ သာမန်မျှဖြစ်သော ကျန်းမာလိုက ဆေးလှူ၍ဆုတောင်း၊ ဉာဏ်ကောင်းလိုက ဆီမီးအလင်း စသည်ကိုလှူ၍ဆုတောင်း၊ အသက်ရှည်လိုက ကျောင်းဟောင်းလမ်းဟောင်း စသည်ပြုပြင်၍ဆုတောင်း စသည်ဖြင့်ကုသိုလ်ပြုနည်းနှင့် ဆုတောင်းနည်းတို့ကို ပါဠိတော်၌လာသည့်အတိုင်း ရှေးမထေရ်ကျော်ကြီးတို့ နည်းလမ်းများစွာကို လမ်းညွှန်ခဲ့ကြပြီးဖြစ်သည်။[*၂] အပ၊ ၁။ ၃၅၈။

ဗုဒ္ဓဘာသာဝင်တို့၏ ဆုတောင်းဆုယူလုပ်ငန်း၌ တောင်းသောဆုပြည့်စုံရန်အတွက် အရေးတကြီးလိုအပ်သော အနှစ်အသားတစ်ရပ်မှာ သီလပြည့်စုံခြင်းဖြစ်သည်။ ကျေးဖူးရှင်ဝေဘူဆရာတော်ဘုရားကြီး (အေဒီ ၁၈၉၅–၁၉၇၇)က သီလပေးပြီးသည့်အခါတိုင်း ဆုတောင်းပြည့်စုံခြင်းနှင့်စပ်၍ ဆုံးမတော်မူလေ့ရှိသည်မှာ–

> သီလကိုဆောက်တည်၍ပြီးကြပြီ၊ ဆောက်တည်၍ပြီးလျှင် ပြည့်စုံအောင်ဖြည့်ကျင့်ကြ၊ ဖြည့်ကျင့်လို့ပြည့်စုံပြီဆိုမှဖြင့် စိတ်နှလုံးအလို တောင့်တရည်ရွယ်ချက်အသီးသီးတို့ဟာ အကြွင်းအကျန်မရှိ အကုန်လုံးပြီးစီးအောင်မြင်ကြရော။ ထိုသို့ဖြစ်သောကြောင့် ပစ္စုပ္ပန်,သံသရာနှစ်ဖြာ တောင့်တရည်ရွယ် အသီးသီးတို့ကိုပြီးစီးခြင်းငှာ အလိုရှိကြတဲ့သူတော်ကောင်းအစားစားတို့ဟာ ပစ္စုပ္ပန်,သံသရာနှစ်ဖြာ တောင့်တရည်ရွယ်ချက်တို့ကို ပြီးစီးခြင်းငှာစွမ်းနိုင်ပါတဲ့ သီလကို ကြိုးစားပြီးတော့ ဖြည့်ကြကျင့်ကြ။ သီလ၌တည်ပြီးတော့ပြုကြတဲ့ ကုသိုလ်အဖြာဖြာတို့သည် မှန်းထားတဲ့အတိုင်း အထွတ်အထိပ်သို့ပြီးစီးအောင်ဆောင်တယ်၊ ပို့တယ်။ ထိုသို့ဖြစ်သောကြောင့် သီလ၌တည်ပြီးတော့ စိတ်ထဲလဲနှစ်သက်ဖွယ် သဘောကျဖွယ်ဖြစ်တဲ့ ကိုယ်ပိုင်ဖြစ်တဲ့ပစ္စည်းတို့ကို ကိုယ်ပိုင်ကိုယ်တိုင် စိတ်နှလုံးအားဖြင့် နှစ်သက်ဖွယ်တို့ကိုကောင်းမွန်စွာစီမံပြီး အလှူဝတ္ထုကို ရှိသေလို့၊ အလှူခံကို ရှိသေလို့၊ စိတ်ကိုဖြောင့်မတ်စွာထားပြီးတော့ အတုအတူမရှိပါတဲ့ ဘုရားရှင်သာသနာတော်ကို ကိုယ်ပိုင်ကိုယ်တိုင်ဆက်ကပ်လှူဒါန်းပြီးတော့ ကိုယ်နှစ်သက်ရာဖြစ်တဲ့ဗောဓိဆုနှင့် နိဗ္ဗာန်သို့စံဝင်ရပါလိုတ်၏ဆိုတဲ့ ဒီလိုဆုယူဆုတောင်းကြရတယ်[*၃]–ဟုဖြစ်သည်။

---

*၁ အရှင်ဇနကာဘိဝံသ၏ ရတနာဥဂ်ရည်။ ၁၉၇၉–ခုနှစ်။ (စာမျက်နှာ–၂၁၇)။

*၂ မဟာဗိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ ဒါနပြုနည်းနှင့် ဆုတောင်းနည်းအမျိုးမျိုး။ ဝိသုဒ္ဓါရုံအဆုံးအဖြတ်။ ၁၉၈၅–ခုနှစ်။ (စာမျက်နှာ–၃၈၇)။ အရှင်ပါသဝါဘိဝံသ၏ သဗ္ဗမင်္ဂလမဂ္ဂဒေသနာ။ ၁၉၉၅–ခုနှစ်။ (စာမျက်နှာ–၅၀၅)။

*၃ ဝေဘူဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ။ ဗုဒ္ဓသာသနာ့အလင်းစာစောင်။ အတွဲ–၁၊ အမှတ်–၁။ ၁၉၆၅–ခုနှစ်။ (စာမျက်နှာ–၇)။

http://www.dhammadownload.com

မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ သမ်ါရုပဗတ္တိသုတ္တန်၌ 'သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ-ဤတရားငါးပါးတို့ကို ကျင့်သုံးဆောက်တည်သောပုဂ္ဂိုလ်၌ တောင့်တတိုင်း မဖြစ်သည်မရှိ'ဟု ဟောကြားထားခဲ့၏။ မ၊၃၊၁၄၀။ ထိုသုတ်အဖွင့်၌ အဋ္ဌကထာဆရာက ဤသဒ္ဓါ၊ သီလ-စသော တရားငါးပါးကို လက်ကိုင်ထား၍တောင့်တရာ၏(တစ်နည်း)ဆုတောင်းရာ၏'ဟု ညွှန်ကြားထားပြန်ပါသည်။ မ၊၌။၄။၁၀၄။

ဆန္ဒရှိမှဆုကိုတောင်း

ဆုတောင်းဆုယူမှုပြုကြရာတွင် မိမိအမှန်တကယ်လိုလားအပ်သောဆုကိုသာတောင်းဖို့လိုသည်မှာလည်း ဆုတောင်းခြင်းဆိုင်ရာ အနှစ်အသားဖြစ်လေသည်။ ရှေးအခါက ဘုရားအလောင်းအစရှိသော သူတော်ကောင်းကြီးတို့သည်လည်း ကုသိုလ်ပြုကြသည့်အခါ မိမိတို့အလိုရှိသည့်ဆုကိုသာတောင်းခံလေ့ရှိကြသည်။ ယခုခေတ်၌ ကုသိုလ်ရှင်တို့ကိုယ်တိုင် လိုရာဆုကိုတောင်းခြင်းမဟုတ်ဘဲ ကုသိုလ်ရှင်တို့၏ကိုယ်စား ဆုတောင်းပေးနေကြသဖြင့် ကုသိုလ်ရှင်တို့ အမှန်တကယ်ရယူလိုသောဆုမျိုး ဖြစ်ချင်မှလည်းဖြစ်ပေမည်။ အလှူရှင်ကုသိုလ်ရှင်က တစ်ပါးသူတောင်းပေးသည်ကိုလိုက်ဆိုနေရသောကြောင့် ထိုဆုရရှိရန်အတွက် ဆန္ဒပြင်းပြမှုရှိချင်မှရှိမည့်နည်းတူ ထိုဆုပြည့်စုံအောင် ကုသိုလ်ကောင်းမှုစသည်ကိုလည်း ပြုချင်မှလည်းပြုပေလိမ့်မည်။

နိဗ္ဗာန်ဆုနှင့်လောကီဆု

ဤနေရာ၌မေးဖွယ်ရှိသည်မှာ ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ဆုံးရယူလိုသောဆုသည် နိဗ္ဗာန်ဆုဖြစ်၏၊ ထိုနိဗ္ဗာန်ဆုကိုမယူဘဲ 'နိဗ္ဗာန်မရမီစပ်ကြား...'ဟုအစချီကာ ဘဝသမ္ပတ္တိဆုအမျိုးမျိုးကိုတောင်းပြီးမှ နိဗ္ဗာန်ဆုကိုတောင်းခြင်းသည် သင့်သလောဆိုသောအချက်ပင်ဖြစ်သည်။ 'ဗုဒ္ဓဘာသာဝင်တို့၏ပန်းတိုင်ဖြစ်သော အမြတ်ဆုံးနိဗ္ဗာန်ဆုကိုတောင်းလင့်ကစား လောကီဆုတို့ကိုလည်းထည့်၍တောင်း'ဟူသောအကြောင်းနှင့်စပ်၍ အဂ္ဂမဟာပဏ္ဍိတ ဝိသုဒ္ဓါရုံစည်ရှင်ဆရာတော်ဘုရားကြီး (အေဒီ ၁၈၈၈-၁၉၄၉) အမိန့်ရှိဖူးသည်မှာ 'ရှေးဦးစွာ နိဗ္ဗာန်ကိုဆုတောင်း၊ အလယ်၌ အလိုရှိရာဆုကိုတောင်းပြီး၊ နောက်ထပ်တဖန် နိဗ္ဗာန်ဆုကိုထပ်ပြီးတောင်းတာပေါ့'ဟုဖြစ်ပါသည်။[*၁] အချို့ကမူ ထိုသို့နိဗ္ဗာန်ဆုကိုတောင်းပြီး 'နိဗ္ဗာန်မရမီစပ်ကြား'ဟုဆိုကာ ဘဝသမ္ပတ္တိ,ဘောဂသမ္ပတ္တိဆုများ ကြားညှပ်တောင်းပါက နိဗ္ဗာန်သို့အရောက်နောက်ကျနိုင်သည်ဟူ၍ပြောတတ်ရာ၊ မန္တ လေးမြို့၊ မြောက်ပြင်စံကျောင်းဆရာတော်ဘုရားကြီးအရှင်သုဒဿန(အေဒီ ၁၈၁၅-၁၈၈၈)က 'နိဗ္ဗာန်ကို ရှေးဦးစွာဆုတောင်း၍ နိဗ္ဗာန်သို့မရောက်မီ သမ္မာအယူရှိသောမြင့်မြတ်သောသူဌေးသူကြွယ်တို့အမျိုးဌ ဆက်တိုင်းဖြစ်၍ ဘဝတိုင်းပါရမီတို့ကိုဖြည့်ကျင့်ရလို၏ဟု ဆုတောင်းပတ္ထနာကိုပြုသည်ရှိသော်လည်း နိဗ္ဗာန်ရောက်နောက်မကျနိုင်'ဟုဆုံးမတော်မူခဲ့ဘူးပါသည်။[*၂]

မေတ္တေယျဆုတောင်းအမျိုးမျိုး

ဤသို့အားဖြင့် ဗုဒ္ဓဘာသာဝင်မြန်မာတို့၏ ရှေးမှတ်တမ်းစာပေအထောက်အထားများတွင် လောကီဆုများစွာတို့မှစ၍ သံသရာဝဋ်မှကျွတ်လွတ်ရန် နိဗ္ဗာန်ဆုအထိ ဆုအမျိုးမျိုးကိုတောင်းခဲ့ကြသည်ကိုတွေ့ရှိရပါသည်။ ထိုဆုတောင်းအမျိုးမျိုးတို့တွင် ပွင့်လတ္တံ့ဖြစ်သောမေတ္တေယျရှင်နှင့်သက်ဆိုင်နေသောဆုတောင်းများလည်း ပါဝင်နေပေသည်။ မေတ္တေယျရှင်နှင့်ဆိုင်သောဆုတောင်းဆိုသည်မှာ-

---

*၁ အရှင်ဝါသဝါဘိဝံသ၏ သမ္မမဂ်လာဓမ္မဒေသနာ။ ၁၉၉၅-ခုနှစ်။ (စာမျက်နှာ-၄၇၁)။

*၂ တော်ကူးကြီးဆရာတော်ဦးကောဝိဒမာလာ၏ ဝဇီရူပမဝိသဇ္ဇနာကျမ်း။ ၁၉၁၃-ခုနှစ်။ (စာမျက်နှာ-၇)။

http://www.dhammadownload.com

'နောင်အခါ မဂ္ဂေါယျရှင်ပွင့်ထွန်းလာပါက ဖူးတွေ့ရလိုပါ၏' –ဟူ၍လည်းကောင်း၊

'တုသိတာနတ်ပြည်၌ မဂ္ဂေါယျရှင်နှင့်အတူ စံမျော်ရလိုပါ၏' –ဟူ၍လည်းကောင်း၊

'တုသိတာနတ်ပြည်၌ မဂ္ဂေါယျအရှင်နှင့်အတူစံပြီးနောက်၊ မဂ္ဂေါယျဘုရားရှင်ပွင့်လာသည့်အခါ လူ့အဖြစ်ကိုရပြီးလျှင် မဂ္ဂေါယျရှင်ဟောကြားသော တရားဦးဓမ္မစကြာကို နာယူချင်ပါ၏' –ဟူ၍လည်းကောင်း၊

'မဂ္ဂေါယျဘုရားရှင်လက်ထက်တော်၌ အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝက(ရဟန္တာ)စသည်ဖြစ်၍ နိဗ္ဗာန်ကိုမျက်မှောက်ပြုရပါလိုပါ၏' –ဟူ၍လည်းကောင်း၊

'မဂ္ဂေါယျရှင်၏သာသနာအတွင်း ဗျာဒိတ်ခံအဂ်ါရုဓ်ပါးနှင့်ပြည့်စုံပြီး မဂ္ဂေါယျရှင်ထံတော်မှ ဘုရားဖြစ်လတ္တံ့ဟူသော ဗျာဒိတ်စကားကိုနာယူလိုပါ၏' –ဟူ၍လည်းကောင်း ဆုတောင်းကြခြင်းမျိုးကိုဆိုလိုသည်။

လက်ငင်းသာသနာနှင့်မဂ္ဂေါယျဆုတောင်း

မဂ္ဂေါယျဘုရားရှင်လက်ထက်၌ မည်သို့မည်ပုံဖြစ်ပါရစေဟူသောဆုတောင်းတို့ကိုတွေ့ရသဖြင့် တွေးဆဖွယ်တစ်ရပ်ဖြစ်လာ၏။ ဂေါတမဖြတ်စွာဘုရားရှင်သည် မဟာပရိနိဗ္ဗာန်စံဝင်တော်မူပြီဖြစ်သောကြောင့် လက်ငင်းကာလ၌ ဘုရားမရှိတော့ပြီဟုဆိုနိုင်သော်လည်း ဖြတ်စွာဘုရားရှင်မဟာပရိနိဗ္ဗာန်စံဝင်တော်မူကာနီးတွင် မိန့်ကြားအပ်သော 'လေးဆယ့်ငါးဝါကြာအောင် ငါဘုရားဟောကြားထားခဲ့သော, ပညတ်ထားခဲ့သော ဓမ္မဝိနယတရားတော်တို့သည် ငါဘုရားလွန်သောအခါ၌ သင်ချစ်သားတို့၏ဆရာဘုရားပင်ဖြစ်ပေ၏' *၁ စသော ဗုဒ္ဓ၏ပစ္ဆိမဝါစာနောက်ဆုံးစကားတော်တို့အရ ဓမ္မဝိနယဟူသောပိဋကတ်တော်သုံးပုံတို့သည် ဘုရားကိုယ်တော်စား ခိုင်ခိုင်မာမာတည်ရှိနေပေရာ 'ယခုလက်ငင်းကာလကို ဘုရားကွယ်ပြီ' ဟူ၍မဆိုနိုင်ပေ။ *၂ ဤသည်ကိုရည်၍ပင် အရှင်မဟာသီလဝံသက ဆုတောင်းခန်းပျို့၊ နိဂုံး(အပိုဒ်–၁၈၇)တွင် 'ဘုရားကိုယ်ထင်၊ မမြင်ရသည်၊ တမည်သာမြို့၊ အင်မချို့သည်၊ ဤသို့သာသနာတော်တည်း' –ဟု စပ်ဆိုခဲ့ပေသည်။ *၃

ထိုပြင် မဂ္ဂေါယျရှင်သည်လည်း ယခုအခါ၌ ဘုရားအဖြစ်သို့မရောက်သေးဘဲ အလောင်းတော်နတ်သားအဖြစ် တုသိတာနတ်ပြည်၌စံမြန်းနေဆဲဖြစ်သည်။ မဂ္ဂေါယျရှင်ဘုရားအဖြစ်ပွင့်ထွန်းဖို့ရာမှာလည်း နှစ်ပေါင်းကုဋေကုဋာများစွာလိုပေသေးသည်။ သို့ပါ၍ ယခုလက်ငင်း ဂေါတမဘုရားရှင်၏အဆုံးအမသာသနာတည်ထွန်းနေခိုက်တွင် ဘဝတွေများစွာကြာအောင် ပျင်းမုန်းငြီးအောင်ကျင်လည်နေကြပြီး မဂ္ဂေါယျဘုရားအပွင့်ကိုစောင့်၍ မဂ်ဖိုလ်နိဗ္ဗာန်ကိုမျက်မှောက်ပြုရန် ဆုတောင်းနေကြသည်များမှာ တွေးဆဖွယ်ရာအချက်ဖြစ်ပေသည်။

သို့ဆိုလျှင် ဂေါတမဖြတ်စွာဘုရား၏သာသနာတော်ထွန်းလင်းနေစဉ်ကာလအတွင်း နောင်ပွင့်လတ္တံ့ဖြစ်သော မဂ္ဂေါယျရှင်ကိုရည်မှန်း၍ ဆုမတောင်းကောင်းပြီလား–? ဟု မေးဖွယ်ရှိပြန်သည်။ ဤအချက်နှင့်စပ်၍– ဂေါတမဗုဒ္ဓဝင်လာ သုမေဓာရှင်ရသေ့ဗျာဒိတ်ခံယူပုံမှထုတ်နုတ်၍ ရှင်းပြလိုပါသည်။

ဒီပင်္ကရာဖြတ်စွာဘုရားရှင်၏မျက်မှောက်တော်မှာပင် ဗျာဒိတ်ခံယူပြီးစဖြစ်သော သုမေဓာရှင်ရသေ့ထံပါးသို့ အမရဝတီမြို့သူမြို့သားများ ချဉ်းကပ်သွားကြကာ–

---

*၁ ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ– ဒီ၂။၁၅၆။

*၂ ဦးပဏ္ဍိတ၏ဒုလ္လဘသင်္ကြိုဟ်ကျမ်း။ ၁၈၉၉–ခုနှစ်။ (စာမျက်နှာ–၁၆၆)။

*၃ အရှင်မဟာသီလဝံသ၏ဆုတောင်းခန်းပျို့။ ၁၉၅၉–ခုနှစ်။ (စာမျက်နှာ–၁၅၈)။

http://www.dhammadownload.com

'ထိုဒီပင်္ကရာမြတ်စွာဘုရားရှင်၏သာသနာတော်၌ ငါတို့သည် အကယ်၍မကျွတ်ကုန်အံ့၊ ဤသို့ မကျွတ်ကုန်သည်ရှိသော် လာလတ္တံ့သောကာလအခွန်၌ ဤသုမေဓာရှင်ရသေ့၏မျက်မှောက်မှာပင် ကျွတ်ကုန်အံ့သတည်း'–ဟူ၍ ဆုတောင်းကြပုံကို ဗုဒ္ဓဝင်ပါဠိတော်၌ပြဆိုထားပေသည်။*၁

ဤအကြောင်းနှင့်စပ်၍ ပါရမီခန်းပျို့၊ (အဝိဒ်–၁၉)၌ အရှင်မဟာသီလဝံသက–

အကယ်ကယ်တည့်၊ ကိုးကွယ်ဤသို့၊ ငါတို့ဆည်းကပ်၊ ကိုယ်တိုင်ကြပ်လျက်၊ တံ့ဝပ်မကွာ၊ မြဲလှည့်ပါလည်း။ ကြမ္မာဆိတ်တိတ်၊ ဘုန်းမြတ်ဆက်စ၊ မနီးရ၍၊ ပဒပရမ၊ မည်ကာမျှလျှင်၊ ဘဝဤတွင်၊ ဤချစ်ရှင်သည်၊ သို့စင်ရွှတ်ရာ၊ မကျွတ်ပါအံ့။ နောင်လာလသော်၊ ဤသူတော်၏၊ သီမြော်သစ္စာ၊ ပွင့်သောခါ၌၊ သဒ္ဓါယုံကြည်၊ ရင်းတည်ယခု၊ ငါတို့ပြုသည်၊ ကောင်းမှုတွေပြား။ ကုသိုလ်အားဖြင့်၊ ဦးဖျားမငြို၊ ကျွတ်ခလိုဟု၊ တ,ဆိုလူနတ်၊ ပရိသတ်ကား။ ။ချွတ်လွတ်ကြွေတွေး ငေါ်လတည်း*၂–ဟု ရေးဖွဲ့ခဲ့ပါသည်။

အထက်ပါသာဓကအရ ဒီပင်္ကရာမြတ်စွာဘုရားကို မျက်မှောက်ထင်ထင်ဖူးတွေ့နေရသည့်တိုင် မျက်မှောက်ဘဝတွင် ကျွတ်လွတ်ရန်ကိုမတွေး၊ နောက်နောက်ကာလ လေးအခေါ်နှင့်ကမ္ဘာတစ်သိန်းကြာမှပွင့်ထွန်းလာမည့် ဂေါတမဘုရားရှင်ကိုမျှော်မှန်း၍ ကျွတ်ဆုပန်ဆင်ခဲ့ကြသူများရှိသလိုပင်၊ ယခုအခါ၌လည်း မျက်မှောက်ဖြစ်သော ဂေါတမဘုရားရှင်၏သာသနာကိုထား၍ နောင်မေတ္တေယျဘုရားပွင့်သောအခါမှကျွတ်ဆုပန်ဆင်လိုကြသူများကို အပြစ်တင်ဖွယ်လိုမည်မဟုတ်တော့ပေ။*၃

မေတ္တေယျရှင်ကိုဆုတောင်းကြပုံများ

မြန်မာနိုင်ငံသည် ဗုဒ္ဓသာသနာတော်ကို ရှေးဦးမဆွက သီရိလင်္ကာခေါ် သီဟိုဠ်မှရယူခဲ့ဖူးသည်ဖြစ်၍ မိမိတို့ထက်အလျင်သာသနာတည်ထွန်းခဲ့သော သီဟိုဠ်ကျွန်းမှ ကျမ်းပြုပုဂ္ဂိုလ်ကျော်များ၏ ကျမ်းပြီးနိဂုံးတို့၌ ဖော်ပြပါရှိသည့် မေတ္တေယျရှင်နှင့်စပ်လျဉ်း၍ဆုတောင်းကြပုံတို့ကို ဦးစွာဖော်ပြလိုပါသည်။

သီဟိုဠ်မှဆုတောင်းကြပုံများ

ဤနေရာ၌ သီဟိုဠ်နိုင်ငံတွင်ပေါ်ထွက်ခဲ့သော ကျမ်းဂန်စာပေတို့မှာ များပြားလေရာ ထိုသီဟိုဠ်ဖြစ် ကျမ်းဂန်စာပေတို့ကို အစေ့အမုံရှာဖွေလေ့လာတင်ပြခြင်းငှာ မစွမ်းနိုင်ပါ။ သို့ပါ၍ မြန်မာနိုင်ငံနှင့်ဆက်သွယ်ရမိလောက်သော ကျမ်းဂန်တို့မှထုတ်နုတ်၍ အကျဉ်းမျှတင်ပြလိုပေသည်။

သီဟိုဠ်ကျွန်းရှိ ရှေးဟောင်းပေမူများတွင် ကျမ်းပြုပုဂ္ဂိုလ်မဟာထေရ်ကျော်ကြီးများသည် မိမိတို့၏ကျမ်းပြီးနိဂုံးတို့၌ နှစ်သက်ရာဆုတောင်းအမျိုးမျိုးကိုရေးသားတော်မူခဲ့ကြရာ အချို့သောကျမ်းပြုအရှင်မြတ်များက 'ဤကျမ်းပြုရသောအကျိုးအားကြောင့် မေတ္တေယျရှင်တော် ဘုရားဖြစ်တော်မူသောအခါ၌ ဖူးတွေ့လိုပါ၏' စသည်ဖြင့် ဆုတောင်းလေ့ရှိကြောင်းကိုတွေ့ရပါသည်။*၄

---

*၁ ယဒိမဿ ထေရကနာထဿ၊ ဝိရဇ္ဈိ သဿမ သာသနံ။
အနာဂတေဓိ အဒ္ဓါနံ၊ ဟေဿာမ သဒ္ဓမ္မဿ၊ ဣမံ– ဗုဒ္ဓဝံသ။၃၀၂။

*၂ အရှင်မဟာသီလဝံသ၏ ပါရမီထော်ခန်းပျို့။ ၁၉၅၃–ခုနှစ်။ (စာမျက်နှာ–၇၀)။

*၃ ရဂေတ္တုန်း၏ ဗုဒ္ဓဘာသာဟူသည်မှာ (ဆောင်းပါး)။ မြတ်ဆုမွန်မဂ္ဂဇင်း။ အတွဲ–၃၊ အမှတ်–၅။ ၁၉၉၀–ပြည့်နှစ်။ (စာမျက်နှာ–၁၃)။

*၄ 'ဣမံ လက္ခိတံ ပုညေန၊ မေတ္တေယျ ဥပသက်ကမိ။ ပတိဋ္ဌဟိတ္တာ သရဏော၊ သုပတိဋ္ဌာမိ သာသနေ'– စသည်။ H. Saddhātissa' The Birth-Stories of the Ten Bodhisattas. 1975. Page-36.

http://www.dhammadownload.com

မိလိန္ဒပဉ္ဟာကျမ်းပြု၏ ဆုတောင်း

သီရိလင်္ကာကျွန်းဖြစ်ဆုတောင်းများတွင် ထိုကျွန်းဇာတိ မိလိန္ဒပဉ္ဟာကျမ်းပြုဆရာတော်ကြီး၏ မေတ္တေယျ ရှင်ကိုရည်မှန်း၍ ဆုတောင်းပုံကို ရှေးဦးဖော်ပြလိုပါသည်။

မိလိန္ဒပဉ္ဟာကျမ်းသည် အလွန်အသိများကျော်ကြားလှသော အမေးအဖြေကျမ်းကြီးတစ်စောင်ဖြစ်သည်။ မိလိန္ဒပဉ္ဟာကျမ်းကို သာသနာတော်၌ ပမာဏမြောက်သောကျမ်းဟု မူချမှတ်ယူအပ်သောကြောင့် မန္တလေးမြို့ ပဉ္စမသံဂါယနာခေတ်(အေဒီ–၁၈၇၄)၌လည်း ပဉ္စမသန္နိပါတ(အေဒီ–၁၉၅၆)တွင်ထည့်သွင်း သံဂါယနာတင်ခဲ့ကြရာ၊ ယခုအခါ ထိုမိလိန္ဒပဉ္ဟာကျမ်းသည် သုတ္တန္တပိဋကာ၊ ခုဒ္ဒကနိကာယ်ဝင်ပါဠိတော်ကျမ်း တစ်စောင်အဖြစ် ထင်ရှားနေပါသည်။[*၁]

အနောက်တိုင်းသုတေသီတို့ကမူ မိလိန္ဒပဉ္ဟာကို ပိဋကတ်တော်၏နောက်ဆက်တွဲကျမ်း (Extra-Canonical Work) ပိဋကတ်၏ပြင်ပကျမ်း (Non-Canonical Literature)ဟုလည်းကောင်း၊ ပိဋကတ်တော်များပေါ်ပြီး ကာလနောက်မှ ပေါ်လာသောကျမ်း (Post-Canonical Works)ဟုလည်းကောင်းဖော်ပြကြသည်။ ထေရဝါဒ ဗုဒ္ဓစာပေပညာရှင်တို့ကမူ 'ပါဠိတော် စာပေခေတ်ကို မိလိန္ဒဉာကျမ်းဖြင့် အဆုံးသတ်ခဲ့သည်။ မိလိန္ဒပဉ္ဟာကျမ်း၏ နောက် ပါဠိတော်ကဲ့သို့အသိအမှတ်ပြုအပ်သည့်ကျမ်း မပေါ်ထွက်တော့'ဟု ရေးသားကြပါသည်။[*၂]

မိလိန္ဒပဉ္ဟာသည် ပိဋကတ်ပါဠိတော်၌ပါဝင်သည်မှန်သော်လည်း ဘုရားဟောမဟုတ်ဘဲ ဘုရားရှင်၏ တရားဒေသနာတို့နှင့်စပ်လျဉ်း၍ ဘက်ထြီးယား (Bactria)နိုင်ငံနှင့် အိန္ဒိယနိုင်ငံမြောက်ပိုင်းတို့တွင်အုပ်စိုးခဲ့သည့် ဂရိလူမျိုးမင်းကြီးမိလိန္ဒ(Menandros. ၁၆၀–၁၄၀ ဘီစီ)၏အမေးပြဿနာများကို သာဂလမြို့ (ယခု–Siālkot?) တွင် သီတင်းသုံးနေသော အရှင်နာဂသေနမထေရ်ဖြေဆိုရှင်းလင်းပုံကို မှတ်တမ်းတင်ထားသောကျမ်းဖြစ်သည်။[*၃]

ထိုကျမ်းတွင် အရှင်နာဂသေနမထေရ်သည် ဘုရားဟောပါဠိတော်ကျမ်းပေါင်းများစွာကို အခိုင်အမာကိုးကား၍ ဖြေဆိုတော်မူခဲ့ပါသဖြင့် ပိဋကတ်အဆိုအမိန့်များဖြင့်ပြည့်လျှမ်းလျက်ရှိရကား။ ထိုကျမ်းကို ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့က နိကာယ်ငါးရပ်ပိဋကတ်ပါဠိတော်တို့နှင့် တစ်တန်းတည်းထားအားကိုးကြခြင်းဖြစ်သည်။

မိလိန္ဒပဉ္ဟာပါဠိတော်ကျမ်းကို မူလအစ မည်သည့်ပုဂ္ဂိုလ်စီစဉ်ကြောင်းမသိသော်လည်း ပါဠိဘာသာဖြင့် နောက်ဆုံးမှတ်တမ်းတင်စီစဉ်ရေးသားသောပုဂ္ဂိုလ်မှာ သီဟိုဠ်ကျွန်း ဒေါနိမြို့တွင်သီတင်းသုံးနေသော ဒေါနိမထေရ်[*၄]ဖြစ်ကြောင်းကို ထိုကျမ်းပါနိဂုံးဂါထာအရ သိရှိရလေသည်။

* လင်္ကာယံ ဒေါနိနဂရေ၊ ဝသတာ ဒေါဏိနာမိနာ။
မဟာထေရေန လေခိတ္တာ၊ သုဌိတံ ယထာသုတံ– မိလိန္ဒ။ ၄၀၈။

---

*၁ တိပိဋကပါဠိပြန်မာအဘိဓာန်၊ အတွဲ–၁၊ နိဒါန်း။ ၁၉၈၉–ခုနှစ်။ (စာမျက်နှာ–၃၅)။

*၂ ဦးသိန်းထွန်း၏ မိလိန္ဒပဉ္ဟနိဒါန်း(စာတန်း)။ တက္ကသိုလ်ပညာပဒေသာစာစောင်။ အတွဲ–၄၊ အပိုင်း–၂။ ၁၉၆၉–ခုနှစ်။ (စာမျက်နှာ–၁၁)။

*၃ Dr. Malalasekera(ed.)' Encyclopaedia of Buddhism. Vol.VI, Fascicle 4.2002. Page-688. ဤကျမ်းမှာ ၂–ရာစုဘီစီ မိလိန္ဒမင်းကြီးလက်ထက်က အဖြစ်အပျက်ကို အေဒီ ၅–ရာစုရောက်မှ မှတ်တမ်းတင်ခြင်းဖြစ်သည်။ K.R. Norman' Pāli Literature. 1983. Page-110.

*၄ ဗြဟ္မစာရီမွန်ဝိုကေ၏ မိလိန္ဒပဉ္ဟာအကျဉ်းချုပ်။ ၁၉၅၈–ခုနှစ်။ (စာမျက်နှာ–၈)။

http://www.dhammadownload.com

ကျမ်းပြုအရှင်သည် လင်္ကာ(သီဟိုဠ်)ကျွန်း ဒေါနိုပြိုဠ်သီတင်းသုံးနေတော်မူသော ဒေါနိမထေရ် ဖြစ်ပြီး၊ ထိုအရှင်သည် မိမိကြားနာမှတ်သိရသည့်အတိုင်း ကောင်းစွာရေးသားအပ်သည် (မိလိန္ဒ၊ ပြန်။ ၄၃၀။)–ဟုဖြစ်သည်။

မိလိန္ဒပဉ္ဟာပါဠိတော်ကျမ်းပြု ဒေါနိမထေရ်သည် အရှင်မဟာဘုဒ္ဓယောသမတိုင်မီ ပေါ်ထွန်းခဲ့သည်ဟု ပညာရှင်တို့အမှတ်အသားပြုခဲ့ကြသည်။ထိုဒေါနိမထေရ်အကြောင်းကို မည်သူမျှ ကျယ်ကျယ်ဝင့်ဝင့်မထုတ်ဖော်နိုင်ခဲ့ပေ။ အချို့သောပညာရှင်တို့က ဤကျမ်းသည် ဗုဒ္ဓမိဿကသက္ကတဘာသာဖြင့်ပြုစုထားသောကျမ်းကို အခြေခံ၍ ရေးသားထားခြင်းဖြစ်သည်ဟုလည်းယူဆခဲ့ကြသည်။[*၁] အေဒီ–၄ ရာစုတွင်ပေါ်ထွန်းခဲ့သော တရုတ်ဘာသာမူ 'နာဂသေနဘိဓုသူတြ' ကျမ်းသည် ခုဒ္ဒကနိကာယ်ဝင် မိလိန္ဒပဉ္ဟကျမ်း၏မူလဖြစ်နိုင်သည်ဟု ပညာရှင်တို့ယူဆကြသည်။[*၂] အချို့သောပညာရှင်တို့က ဤကျမ်းကို ဂရိဒေသ၌ရေးခဲ့သည်ဟုတင်ပြသည်။[*၃] ဤမိလိန္ဒပဉ္ဟာကျမ်းကို အေဒီ ၁–ရာစုကပင်ရေးသားပြုစုပြီးဖြစ်သည်ဟုလည်း ယူဆထားကြသည်။[*၄] မိလိန္ဒပဉ္ဟာအဋ္ဌကထာကို ၁၉၄၁–ခုနှစ်တွင် မင်းကွန်းဇေတဝန်ဆရာတော်ကြီးဦးနာရဒ (အေဒီ ၁၈၆၈–၁၉၅၄)ရေးသားပြုစုခဲ့သည်။ မိလိန္ဒပဉ္ဟာဋီကာခေါ် မဓုရတ္ထပကာသနီကို အေဒီ ၁၃၂၈–ခုနှစ်ကပင် တိပိဋကစူဠဘာယမထေရ်ပြုစုခဲ့ပြီးဖြစ်သည်။

အရှင်ဒေါနိသည် မိလိန္ဒပဉ္ဟာကျမ်းကိုပြုစုရသောကောင်းမှုကြောင့် မေတ္တေယျရှင်စံနေတော်မူရာ တုသိတာနတ်ပြည်သို့ရောက်၍ မေတ္တေယျရှင်အားဖူးတွေ့ရပြီး တရားနာယူလိုပါကြောင်း ဆုတောင်းထားသောဂါထာတစ်ပုဒ်ကို မိလိန္ဒပဉ္ဟာပါဠိတော်ကျမ်း၏နိဂုံး၌ အောက်ပါအတိုင်းတွေ့ရ၏။

* ဣမိနာ ပုညကမ္မေန၊ ဣတော ဂန္ဓာမိ တုသိတံ။
မေတ္တေယျံနာဂတေ ပသေ၊ သုဏေယျံ ဓမ္မမုတ္တမန္တိ – မိလိန္ဒ။ ၄၀၈။

ဤကောင်းမှုကြောင့် ဤလူ့ပြည်မှ (စုတေသော်) တုသိတာနတ်ပြည်သို့ရောက်ရပါလိုတ်။ နောင်အခါ မေတ္တေယျမြတ်စွာဘုရားကိုဖူးမြင်ရပါလိုတ်။ မြတ်သောတရားတော်ကို နာယူရပါလိုတ်။ (မိလိန္ဒ၊ ပြန်။ ၄၃၀။)–ဟုဖြစ်သည်။

ရှင်မဟာဘုဒ္ဓယောသ၏ ဆုတောင်း

သီဟိုဠ်ကျွန်းမှပြုစုသော ပါဠိကျမ်းဂန်စာပေတို့တွင် အဋ္ဌကထာကျမ်းကြီးများသည် ပါဠိစာပေ၏မိုးကျွတ်ဆောင်ကျမ်းကြီးများဖြစ်၏။ အဋ္ဌကထာစာပေပေါ်ထွန်းခဲ့သည့်ကာလကို အေဒီ–၅ ရာစုဟု ပညာရှင်တို့ယူဆခဲ့ကြ၏။ ထိုအဋ္ဌကထာကျမ်းကိုပြုစုသော ကျမ်းပြုဆရာတော်ကြီးများ[*၅]တွင် အထင်ရှားဆုံးမှာ အရှင်မဟာဘုဒ္ဓယောသ[*၆]

---

*၁ W. Geiger' Pāḷi Literature and Language. 1978. Page-27.

*၂ O.V. Hinuber' A Handbook of Pāḷi Literature. 1997. Page-83.

*၃ K.R. Norman' Pāli Literature. 1983. Page-111[34].

*၄ B.C.Law' History of Pali Literature. 2000. Page-362; Dr. Malalasekera(ed.)' Encyclopaedia of Buddhism. Vol.VI. Fascicle 4.2002. Page-688, 693.

*၅ အဋ္ဌကထာကျမ်းပြုများမှာ– (၁) အရှင်ဗုဒ္ဓဒတ္တ၊ (၂) အရှင်မဟာဗုဒ္ဓယောသ၊ (၃) အရှင်မဟာနာမ၊ (၄) အရှင်ဥပသေန၊ (၅) အရှင်သီဒွတ္တ၊ (၆) အရှင်ခေမပါလ၊ (၇) အရှင်မဟာသာမိ၊ (၈) အရှင်သာရိပုတ္တ၊ (၉) အရှင်ဝါစိသဿရဂုဏ် (၁၀) မူလမင်းကွန်းဇေတဝန်အရှင်နာရဒ-တို့ ဖြစ်သည်။ ယောသ၏ထေရဝါဒအဋ္ဌကထာများ(ဆောင်းပါး)။ သာသနာ့ရောင်ခြည်။ အတွဲ–၁၂၊ အမှတ်–၂။ ၁၉၆၃–ခုနှစ်။ (စာမျက်နှာ–၂၀)။

*၆ DPPN-II. 306[1].

http://www.dhammadownload.com

မထေရ်ဖြစ်သည်။ အရှင်မဟာဗုဒ္ဓဃောသသည် ပါဠိတော်အဖွင့် (အဋ္ဌကထာ)ကျမ်း*၁ များစွာကို ရေးသားတော်မူခဲ့ပါသည်။ ဆဋ္ဌမူဖြင့် စာမျက်နှာပေါင်း ၁၃,၀၀၀ ကျော်ရှိလေသည်။ ဤမျှအတိုင်းအတာကြီးများသောကျမ်းပြုလုပ်ဝန်းကြီးကိုဆောင်ရွက်ခဲ့သော အရှင်မဟာဗုဒ္ဓဃောသသည် အဋ္ဌကထာကျမ်းများ၏နိဂုံး၌ မိမိအတွက် မည်သို့မျှဆုတောင်းခြင်းမပြုဘဲ လူသားအားလုံးနှင့် လူ့လောကကောင်းစားရေး သာယာစိုပြေရေးအတွက်သာ ဆုတောင်း ခဲ့ပါသည်။*၂ အဋ္ဌကထာကျမ်းများ၌လာသော ရှင်မဟာဗုဒ္ဓဃောသ၏ဆုတောင်းမှာ ပရိတ်ကြီး (၁၁) သုတ် ရွတ်သူတိုင်း ဆုတောင်းမြဲဖြစ်သော 'ယံ ပတ္တံ ကုသလံ တဿ၊ အာနုဘာဝေန ပါဏိနော' အစချီသော ဂါထာများပင်ဖြစ်သည်။ဤသို့လျှင် မိမိအတွက်ဆုမတောင်းဘဲ အများအကျိုးအတွက်ကိုသာရည်ရွယ်၍ ဆုတောင်းစေကာမူ ထိုတောင်းဆုအတိုင်း မိမိ၌လည်းအကျိုးလည်းပြည့်စုံသည်မည်၏ (ပရတ္ထေ သမ္ပါဒိတေ ပန သကတ္ထော သမ္ပန္နော၀ နာမ)ဟု ရှေးကျမ်းပြုဆရာတော်ကြီးများရေးသားဖူးလေသည်။*၃

သို့ပါသော် အင်္ဂလန်နိုင်ငံရှိက ဇာတကဋ္ဌကထာပါဠိနိဂုံးတွင် 'ဤသို့ ဇာတ်အဋ္ဌကထာကိုပြုရသော ကောင်းမှုကြောင့် ဤဘဝမှလွန်၍ ဒုတိယမြောက်ဘဝ၌' စသည့် ဆုတောင်းဂါထာများကို ထူးထူးခြားခြား တွေ့ရပါသည်။ ဇာတ်အဋ္ဌကထာပါဠိမှာ သီဟိုဠ်နိုင်ငံ၌ရှိက်သောမူ၊ မြန်မာနိုင်ငံ၌ရှိက်သောဆဋ္ဌမူနှင့် အင်္ဂလန်နိုင်ငံ၌ ပညာရှင်ဖော့ဘော (Viggo Fausboll။ အေဒီ ၁၈၂၁–၁၉၀၈) တည်းဖြတ်၍ရိုက်သော လန်ဒန်ပါဠိကျမ်းစာအသင်းမူ*၄ ဟူ၍ ဇာတကဋ္ဌကထာပါဠိ သုံးမူရှိပါသည်။ ထိုဇာတ်အဋ္ဌကထာပါဠိသုံးမူတို့တွင် လန်ဒန်ပါဠိကျမ်းစာအသင်းမူ ဇာတကအဋ္ဌကထာပါဠိ၏နိဂုံး၌ ဆုတောင်းဂါထာ (၃၅) ဂါထာကိုဖော်ပြထားခြင်းဖြစ်ပါသည်။*၅

ထိုလန်ဒန်မူ ဇာတ်အဋ္ဌကထာပါဠိလာ ဆုတောင်းဂါထာ(၃၅)ဂါထာတွင် ဂါထာအမှတ် (၄,၅,၆,၇,၈,၉)၌ 'ဤဇာတကဋ္ဌကထာကျမ်းကို ပြုစုရသောကုသိုလ်ကောင်းမှု၏အကျိုးကြောင့် တုသိတာနတ်ပြည်၌ မေတ္တေယျဘုရားအလောင်းတော်နှင့် အတူနေထိုင်လိုကြောင်း၊ အလောင်းတော်လူပြည်သို့ဆင်းသောအခါ အတူလိုက်ပါခဲ့၍ မြတ်သောအမျိုး၌ တိဟိတ်ပဋိသန္ဓေဖြင့်မွေးဖွားလိုကြောင်း၊ ထို့နောက် ပစ္စည်းလေးပါးကိုလှူတန်းကာ သာသနာ့ဘောင်သို့ဝင်ရောက်ပြီး ပိဋကသုံးပုံကိုနှုတ်ရဆောင်နိုင်လိုကြောင်း၊ ထို့နောက် မေတ္တေယျဘုရားရှင်ထံမှ ဘုရားဆုကို ပန်ရပါလိုကြောင်း' စသည်တို့ကို အောက်ပါအတိုင်းဆုတောင်းထားပါသည်။

---

*၁ သုမင်္ဂလဝိလာသိနီ(ဒီဃနိကာယ်အဋ္ဌကထာ)၊ ပပဉ္စသူဒနီ(မဇ္ဈိမနိကာယ်အဋ္ဌကထာ)၊ သာရတ္ထပကာသနီ(သံယုတ္တနိကာယ်အဋ္ဌကထာ)၊ မနောရထပူရဏီ(အင်္ဂုတ္တရနိကာယ်အဋ္ဌကထာ)၊ သမန္တ ပါသာဒိက(ဝိနည်းအဋ္ဌကထာ–ပါရာဇိကကဏ္ဍ၊ ပါစိတ္တိ၁၊ စူဠဝဂ္ဂ၁)၊ အဋ္ဌသာလိနီ(ဓမ္မသင်္ဂဏီ အဋ္ဌကထာ)၊ သမ္မောဟဝိနောဒနီ(ဝိဘင်္ဂအဋ္ဌကထာ)၊ ပဥၥပကရဏ(ဓာတုကထာ၊ ပုဂ္ဂလပညတ္တိ၊ ကထာဝတ္ထု၊ ယမက၊ ပဋ္ဌာန ငါးကျမ်းတို့၏ အဋ္ဌကထာ)၊ ပရမတ္ထဇောတိက(ခုဒ္ဒပါဋအဋ္ဌကထာ)၊ ဓမ္မပဒအဋ္ဌကထာ၊ ပရမတ္ထဒီပနီ(ဥဒါန်၊ ဣတိဝုတ္တကအဋ္ဌကထာ)၊ ပရမတ္ထဇောတိက (သုတ္တနိပါတအဋ္ဌကထာ)၊ ကင်္ခါဝိတရဏီ(ပါတိမောက္ခဋ္ဌကထာ)၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ–။ အချို့သောပညာရှင်တို့က ရှင်မဟာဗုဒ္ဓဃောသ ပြုစုသော အဋ္ဌကထာကျမ်း(၁၀)ကျမ်းသာဖြစ်သည်။ ဓမ္မပဒအဋ္ဌကထာ၊ ပရမတ္ထဒီပနီ၊ ပရမတ္ထဇောတိကနှစ်ကျမ်း––စသည်တို့မပါဟု ပြဆိုထားသည်။ Sodā Mori' Review. F Lotternoser-Quoted. Verse Passages in The Works of Buddhaghosa. 1989. Page-128.

*၂ အောင်စည်သူ၏တောင်းဆုအထွေထွေ(ဆောင်းပါး)။ မြတ်ဆုမွန်မဂ္ဂဇင်း။ အတွဲ–၁၁၊ အမှတ်–၁။ ၁၉၉၇–ခုနှစ်။ (စာမျက်နှာ–၅၃)။

*၃ ဟာဗုဒ္ဓဝင်ကျမ်း။ ဆဋ္ဌမတွဲ၊ ဒုတိယပိုင်း။ ၁၉၇၈–ခုနှစ်။ (စာမျက်နှာ–၄၂၁)။

*၄ Fausball(ed.)' Jātaka Commetary. Vol. I. (1877); Vol. II. (1879); Vol. III. (1883); Vol. IV. (1887); Vol. V. (1891); Vol. VI. (1896); Vol. VII. (1897).

*၅ V. Fausboll' Jātaka. Vol. VI. reprint, 1964. Page-593; H. Saddhātissa' The Birth-Stories of the Ten Boddisattas. 1975. Page-39. U Chit Tin' The Coming Buddha Ariya Metteyya. 1992. Page-2². အရှင်ကေလာသ၏ မဟာဝိသုတာရာမနိကာယသာသနာ့ဝင်ကျမ်း။ ၁၉၇၀–ပြည့်နှစ်။ (စာမျက်နှာ–၂၉)၌ ထိုဆုတောင်း(၃၅)ဂါထာကို ဖော်ပြထားပါသည်။

http://www.dhammadownload.com

(၄) ကုမိနာ ပုညကမ္မေန ၊ ကုတောဟံ ဒုတိယေ ဘဝေ။
ဥပ္ပဇ္ဇိတွာ သုရာဝါသေ ၊ သုန္ဒရေ တုသိတေ ပုရေ။။

(၅) မေတ္တေယျလောကနာထသ ၊ သုဏာန္တော ဓမ္မဒေသနံ။
တေန သဒ္ဒိ စိရံ ကာလံ ၊ ဝိန္ဒန္တော မဟတီ သိရီ။။

(၆) ဗုဒ္ဓေ ဇာတေ မဟာသတ္တေ ၊ ရမ္မေ ကေတုမတီပုရေ။
ဝိပ္ပဝံသေ ဇနိတွာန ၊ တိဟေတုပဋိသန္ဓိကော။။

(၇) စိဝံရံ ဝိဏ္ဏာပါတဉ္စ ၊ အနဂ္ဃံ ဝိပုလံ ဝရံ။
သေနာသနံ စ ဘေသဇ္ဇံ ၊ ဒတွာ တာသ မဟေသိနော။။

(၈) သာသနေ ပဋ္ဌဇိတွာန ၊ ဇောတေန္တော တမနုတ္တရံ။
ကုဒ္ဓိမာ သတိမာ သမ္မာ၊ ဓာရေန္တော ဝိဒုကတ္တယံ။။

(၉) ဗျာကတော တေန ဗုဒ္ဓေါယံ၊ ဟေဿတီတိ အနာဂတေ။
ဥပ္ပန္နုပ္ပန္နဗုဒ္ဓါနံ၊ ဒါနံ ဒတွာန တေဟိပိ။။

မဟာစည်ဆရာတော်ဘုရားကြီးကမူ ထိုဇာတ်အဋ္ဌကထာကျမ်းကို အရှင်မဟာဗုဒ္ဓဃောသရေးသည်ဟု လက်ခံနိုင်ရန် လုံလောက်သောအကြောင်းမတွေ့ရဟု ယူဆထားပါသည်။[*၁] သီဟိုဠ်ပါဠိစာပေသမိုင်း၌ ဇာတ် အဋ္ဌကထာကျမ်းကို မဟာဝိဟာရဝါသီမထေရ်အဆက်ဆက်တို့ရေးသားခဲ့ကြောင်းဖော်ပြထားရာ အဆိုပါ နိဂုံး (၃၅)ဂါထာတို့သည်လည်း ထိုမဟာဝိဟာရဝါသီမထေရ်မြတ်တို့၏လက်ရာပင်ဖြစ်နိုင်သည်[*၂] ဟူ၍ ပညာရှင်တို့ သုံးသပ်ခဲ့ကြသည်။ သို့ပါသော် ဇာတ်အဋ္ဌကထာနိဂုံးနှင့်အလားတူသောဆုတောင်းစာကို သီရိလင်္ကာမူ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကျမ်း၏နိဂုံး၌လည်းတွေ့ရသောကြောင့် အရှင်ဗုဒ္ဓဃောသ၏ဆုတောင်း ဟုတ်နိုင်, မဟုတ်နိုင်ကို အတိအကျမဆုံးဖြတ်သာပေ။[*၃]

ဗုဒ္ဓဃောသုပ္ပတ္တိကျမ်းပြုအရှင်၏ဆုတောင်း

အဋ္ဌကထာကျမ်းပြုအရှင်မဟာဗုဒ္ဓဃောသမထေရ်၏ထေရုပ္ပတ္တိကို ပါဠိဘာသာဖြင့်ရေးသားထားပြီး ထိုကျမ်း၏ အမည်မှာ 'ဗုဒ္ဓဃောသုပ္ပတ္တိ'ဖြစ်သည်။ ထိုဗုဒ္ဓဃောသုပ္ပတ္တိကျမ်းကို ရေးသားတော်မူသော စာပြုပုဂ္ဂိလ်မှာ သီဟိုဠ်ကျွန်းဇာတိ မဟာမင်္ဂလမထေရ်ဖြစ်သည်။ အရှင်ဉာဏာမောလီ၏ ဝိသုဒ္ဓိမဂ္ဂဘာသာပြန်နိဒါန်း၌ 'ထို ဗုဒ္ဓဃောသုပ္ပတ္တိကျမ်းကို မြန်မာနိုင်ငံမှ အေဒီ ၁၅-ရာစုတွင်ထင်ရှားသော အရှင်မဟာမင်္ဂလရေးဘည်'ဟုလည်းကောင်း[*၄] ရန်ကုန်မြို့ ဗဟန်းရှိ မဟာအောင်မြေဘုံစံဆရာတော်အရှင်စန္ဒိမာ(အေဒီ ၁၈၃၄-၁၉၃၅)၏ အရှင်ဗုဒ္ဓဃောသဝတ္ထုကျမ်း၌လည်း 'ပုဂံမြို့ မဟာမင်္ဂလမထေရ်စီရင်သည်'ဟုလည်းကောင်းဖော်ပြထားသည်။[*၅]

---

*၁ မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိသုဒ္ဓိမဂ်ပြန်မာပြန်၊ ပထမတွဲ။ ၁၉၇၈-စုဒ္ဓ၈။ (စာမျက်နှာ-၄)။

*၂ အရှင်ကေလာသ၏ မဟာဝိသုတာရာမနိကာယသာသနာဝင်။ ၁၉၇၀-ပြည့်နှစ်။ (စာမျက်နှာ-၂၈)။

*၃ Bhikkhu Ñāṇamoli (Tr.)' The Path of Purification 1956. Page-837; H.Saddhātissa' The Birth-Stories of The Ten Bodhisattas. 1975. Page-40.

*၄ Ñāṇamoli' The Path of Purification. 1956. Page-XXIV; K.R. Norman' Pāli Literature. 1983. Page-145.

*၅ အရှင်ဦးစန္ဒိမာ၏ အရှင်ဗုဒ္ဓဃောသဝတ္ထု။ ၁၉၀၉-စုဒ္ဓ၈။ (စာမျက်နှာ-၃)။

http://www.dhammadownload.com

ထိုဗုဒ္ဓယောသုပ္ပတ္တိကျမ်းနိဂုံး၌ အရှင်မဟာမင်္ဂလမထေရ်သည် ဗုဒ္ဓယောသုပ္ပတ္တိအမည်ရှိသောကျမ်းကို ပြုစုရသောအကြိုးအားကြောင့် မေတ္တေယျရှင်ထံတော်၌ ပိဋကသုံးပုံဆောင်တိပိဋကဓရမထေရ် ဖြစ်ရပါလိုကြောင်းကို အောက်ဖော်ပြပါအတိုင်း ဆုတောင်းတော်မူခဲ့တ၏။

* ဗုဒ္ဓယောသဿ နိဒါနံ၊ ဝဝံ တံ ရစိတံ မယာ။
နိဒါနဿ ရစနေန၊ ပညာဝါ ဟောမိ သဗ္ဗဒါ။ ။

* လဘေယျဥ္စ အဟံ တဿ၊ မေတ္တေယျ(ဿ) သမာဂမံ။
မေတ္တေယျောနာမ သမ္မုဒ္ဓေါ ၊ တာရေတိ ဇနတံ ဗဟုံ။ ။

* ယဒါ မေတ္တေယျတံ ပတ္တော၊ ဓာရေယျံ ပိဋကတ္တယံ။
တဒါ ဟံ ပညာဝါ ဟောမိ။ မေတ္တေယျဿ ပသန္နိကေတိ။ ။[*၁]

ဗုဒ္ဓယောသဿ= ဗုဒ္ဓယောသအရှင်မြတ်၏၊ တံနိဒါနံ= ထိုနိဒါန်းကို၊ ဝဝံ= ဤသို့ဆိုအပ်ခဲ့ပြီးသောအတိုင်း၊ မယာ= ငါသည်၊ ရစိတံ= ရေးသားပြုပြင်စီရင်အပ်ပြီ၊ နိဒါနဿ= နိဒါန်းကို၊ ရစနေန= ရေးသားပြုပြင်စီရင်ရခြင်းကြောင့်၊ သဗ္ဗဒါ=အခါခပ်သိမ်း၊ ပညာဝါ=ပညာရှိသည်၊ ဟောမိ= ဖြစ်ရပါလို၏၊ မေတ္တေယျောနာမ=မေတ္တေယျအမည်တော်ရှိသော၊ သမ္မုဒ္ဓေါ=မြတ်စွာဘုရားသည်၊ ဗဟုံ=များစွာသော၊ ဇနတံ=လူအပေါင်းကို၊ တာရေတိ=ကူးမြောက်စေတော်မူ၏၊ မေတ္တေယျဿ= မေတ္တေယျအမည်တော်ရှိသော၊ တဿ= ထိုမြတ်စွာဘုရား၏၊ သမာဂမံ= အစည်းအဝေးကို၊ အဟံ= ငါသည်၊ လဘေယျံ= ရပါလို၏၊ ယဒါ= အကြင်အခါ၌၊ မေတ္တေယျတံ= မေတ္တေယျဘုရား၏အဖြစ်သို့၊ ပတ္တော=ရောက်တော်မူ၏၊ တဒါ= ထိုအခါ၌၊ အဟံ= ငါသည်၊ မေတ္တေယျဿ= မေတ္တေယျဘုရားရှင်၏၊ ဥပသန္နိကေ= အနီး၌ (ဝါ) အထံတော်၌၊ ပိဋကတ္တယံ = ပိဋကတ်သုံးပုံကို၊ ဓာရေယျံ = ဆောင်နိုင်ရပါလို၏၊ ပညာဝါ = ပညာရှိသည်၊ ဟောမိ = ဖြစ်ရပါလို၏[*၂]–ဟုဖြစ်သည်။

ဝိနည်းအဋ္ဌကထာနှင့် ဋီကာကျမ်းပြုအရှင်၏ ဆုတောင်း

သာသနာ့သမိုင်း၌ အရှင်သာရိပုတ္တြာမထေရ်[*၃]ကို ဝိနယသင်္ဂဟအမည်ရှိသောအဋ္ဌကထာကျမ်းကြီး ရေးသားခြင်းကြောင့်လည်းကောင်း၊ သာရတ္ထဒီပနီအမည်ရှိသော ဋီကာကျမ်းကြီးရေးသားခြင်းကြောင့်လည်းကောင်း၊ အဋ္ဌကထာနှင့်ဋီကာကျမ်းပြုပုဂ္ဂိုလ်ကြီးအဖြစ် အသိအမှတ်ပြုခဲ့ကြလေသည်။ ထိုအရှင်သာရိပုတ္တြာမဟာထေရ်ကြီးသည် သီဟိုဠ်ကျွန်း၌ ပထမပရက္ကမဗာဟုမင်း (အေဒီ ၁၁၅၃–၁၁၈၆)လက်ထက်၌ထင်ရှားခဲ့သော သာသနာပိုင်ဆရာတော်ကြီးတစ်ပါးဖြစ်သည်။ အရှင်သာရိပုတ္တြာသည် ဘိန္နိယတောင်ပိုင်းဇာတိဖြစ်ပြီး နောက်မှသီဟိုဠ်ကျွန်းသို့ရောက်ရှိခဲ့သည်ဟုလည်းအဆိုရှိသည်။ ထိုအရှင်သာရိပုတ္တြာမထေရ်၏တပည့်များကား အလွန်ထင်ရှားကျော်ကြားသော ကျမ်းပြုမဟာထေရ်များဖြစ်ကြ၏။ ထိုမထေရ်တို့တွင် သုမောဓာလင်္ကာရ(အလင်္ကာ)ကျမ်းနှင့် ဝုတ္တောဒယ(ဆန်း)ကျမ်းတို့ကိုပြုစုသော အရှင်သံဃရက္ခိတမထေရ်၊ အဘိဓမ္မတ္ထဝိဘာဝိနီ(ဋီကာကျော်)ကျမ်းပြုအရှင်သုမင်္ဂလသာမိမထေရ်၊ ဒါဋ္ဌာဓာတုဝံသကျမ်းပြုအရှင်ဓမ္မကိတ္တိမဟာသာမိမထေရ် စသည့်ပုဂ္ဂိုလ်တို့အပါအဝင်ဖြစ်သည်။

[*၁] အရှင်မဟာမင်္ဂလ၏ ဗုဒ္ဓယောသုပ္ပတ္တိပါဠိနှင့်နိဿယ။ (စာမျက်နှာ–၂၀)။

[*၂] အရှင်မဟာမင်္ဂလ၏ ဗုဒ္ဓယောသုပ္ပတ္တိပါဠိနှင့်နိဿယ။ (စာမျက်နှာ–၉၈)။ နိဿယပြုနိဒါန်းပုဂ္ဂိုလ်၏အမည်ကို မသိရပါ။

[*၃] DPPN-II. 1118².

http://www.dhammadownload.com

အရှင်သာရိပုတြာသည် ဝိနယသင်္ဂဟအဋ္ဌကထာ၊ သာရတ္ထဒီပနီဋီကာ၊ သာရတ္ထမဉ္ဇူသာခေါ် အင်္ဂုတ္တရဋီကာ၊ အဘိဓမ္မတ္ထသင်္ဂဟပုရာဏသန္ဓယ(သီဟိဠ်ဘာသာနိဿယ)၊ ဝိသုဒ္ဓိပထသင်္ဂဟ၊ ကမ္မဋ္ဌာနသင်္ဂဟ၊ မင်္ဂလသုတ္တဋီကာ၊ ပဋိကာလင်္ကာရဋီကာ စသောကျမ်းများစွာကို ပြုစုတော်မူခဲ့ပါသည်။ ထိုကျမ်းတို့၏နိဂုံးတွင် သီဟိဠ်သာသနာပိုင် အရှင်သာရိပုတြာသည် ထိုထိုသောကျမ်းတို့ကိုပြုရသောကောင်းမှုကြောင့် နောက်ဆုံးဘဝ၌ မေတ္တေယျရှင်ကို ဖူးမြင်ရကာ မင်္ဂဖိုလ်နိဗ္ဗာန်ကိုမျှော်မှော်ပြုရပါလိုကြောင်း ဆုတောင်းတို့ကို အောက်ပါအတိုင်း ရေးဖွဲ့တော်မူခဲ့ပါသည်။

* အန္တိမေ အတ္တဘာဝမ်ဳိ၊ မေတ္တေယျံ မုနိပုင်ဝံ။
လောကဂ္ဂပုဂ္ဂလံ နာထံ၊ သဒ္ဓသတ္တဟိတေ ရတံ။

* ဒိသွာန တာသ မိရသ၊ သုတ္တာ သဒ္ဓမ္မဒေသနံ။
အဓိဂန္တွာ ဖလံ အဂ္ဂံ၊ သောဘေယျံ ဖိနသာသနံ။[*၁] –ဟုဖြစ်သည်။

ဋီကာကျော်ကျမ်းပြုဆရာ၏ ဆုတောင်း

ဋီကာကျော်ကျမ်းဆိုသည်မှာ အဘိဓမ္မတ္ထသင်္ဂဟအမည်ရှိသော သင်္ကြိုဟ်ကျမ်းကို ဖွင့်ဆိုသောကျမ်းဖြစ်သည်၊ ထိုဋီကာကျော်ကျမ်း၏ မူလကျမ်းအမည်မှာ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာဖြစ်သည်။ ထိုကျမ်းကို သီဟိဠ်ကျွန်း၊ ပုလတ္ထိပုရမြို့၊ ဖေတဝန်ကျောင်းနေ အရှင်သုမင်္ဂလသာမိ[*၂]သည် မိမိ၏ဆရာဖြစ်သူအရှင်သာရိပုတြာ၏ သင်္ကြိုဟ်အဖွင့်ကျမ်းများချာခေါ် (အဘိဓမ္မတ္ထသင်္ဂဟပုရာဏသန္ဓယ)ကိုအမှီပြု၍ (၂၄)ရက်ဖြင့် အပြီးရေးသားခဲ့ခြင်းဖြစ်သည်။

ဋီကာကျော်ကျမ်းသည် မြန်မာနိုင်ငံသို့ အဘိဓမ္မတ္ထသင်္ဂဟသင်္ကြိုဟ်ကျမ်းနှင့်အတူ ပုဂံခေတ်ဦး(အေဒီ ၁၁–ရာစု)ရောက်ရှိလာပြီး စာသင်သားလက်ကိုင်ကျမ်းအဖြစ် ထင်ရှားခဲ့၏။ မြန်မာနိုင်ငံသို့ရောက်စအခါက ထိုကျမ်းကို ပုဒ်နေပုဒ်ထားကျန်၍ အဆုံးအဖြတ်ကောင်းလှသောဋီကာဖြစ်၍ ဋီကာလှဟုခေါ်တွင်ခဲ့၏။ အေဒီ ၁၄၄၂–ခုနှစ်တွင် ပင်းယမြို့၊ စကားကျောင်းနေ အရှင်မဟာအရိယဝံသသည် စာသင်လို၍ စစ်ကိုင်းတောင်ပုညရှင်စေတီအနီး၌ သီတင်းသုံးနေတော်မူသော ရေငုံဆရာတော်ထံစာလိုက်နည်းခံခဲ့ရာ ရေငုံဆရာတော်က ဋီကာလှခေါ် အဘိဓမ္မတ္ထဝိဘာဝိနီဋီကာကို နည်းနာနယအထူးထူးတို့ဖြင့်သင်ကြားပို့ချပေးတော်မူသဖြင့် အရှင်မဟာအရိယဝံသသည် သုံးလေးရက်ခန့်စာတက်ပြီး စာတတ်ပုဂ္ဂိုလ်အဖြစ်သို့ရောက်ခဲ့ရသောကြောင့် အဘိဓမ္မတ္ထဝိဘာဝိနီကျမ်းသည် ထိုအခါမှစ၍ ဋီကာကျော်ဟုအမည်တွင်ခဲ့ပြန်သည်။[*၃]

အရှင်သုမင်္ဂလသာမိမထေရ်သည် ဋီကာကျော်၏နိဂုံး၌ 'ဤကျမ်းကိုပြုစုအားထုတ်ရသောကုသိုလ်ကောင်းမှုကြောင့် မေတ္တေယျရှင်တော်ဘုရားဖြစ်သည့်ကာလ မိမိသည် ဆရာဖြစ်သူအရှင်သာရိပုတ္တရာမထေရ်ကြီးနှင့် ပြန်လည်ဆုံဆည်းရပြီး မေတ္တေယျဘုရားရှင်ထံပါး၌ လုပ်ကွေးရပါလိုကြောင်း။ ထို့ပြင် မေတ္တေယျရှင်၏တရားကို နာယူကာ လောကုတ္တရာကိုးပါးအမွေကိုခံယူရလိုပါကြောင်း' စသည်တို့ပါဝင်သော အောက်ပါဆုတောင်းကို တောင်းတော်မူခဲ့ပါသည်။

[*၁] သာရတ္ထဒီပနီဋီကာ၊ တတိယတွဲ။ ၁၉၆၀–ပြည့်နှစ်၊ (စာမျက်နှာ–၄၉၆)။ ဝိနယသင်္ဂဟအဋ္ဌကထာ။ ၁၉၇၀–ပြည့်နှစ်။ (စာမျက်နှာ–၄၆၈)။

[*၂] DPPN-II. 1237[11].

[*၃] အရှင်သုမင်္ဂလသာမိ၏ ဋီကာကျော်ပါဠိ။ ၁၉၃၄–ခုနှစ်။ (စာမျက်နှာ–၄)။ ဧရှကိုင်းသား၏ သီရိလင်္ကာနှင့် မြန်မာသာသနာရေးဆက်သွယ်မှု (ဆောင်းပါး)။ ရုတနာပွန်စာစောင်။ အတွဲ–၇၊ အမှတ်–၆။ ၁၉၈၀–ပြည့်နှစ်။ (စာမျက်နှာ–၂၅)။

http://www.dhammadownload.com

* သောဟ မေတာသ သံသုဒ္ဓ-ဝါယာမသာနုဘာဝတော။
အဒ္ဓါ သာသနဒါယာဒေါ၊ ဟေသံ မေတ္တေယျသတ္ထုနော။
* ဇောတယန္တံ တဒါ တာသ၊ သာသနံ သုဒ္ဓမာနသံ။
ပသေယျံ သက္ကရေယျဥ္စ၊ ဂရုံ မေ သာရိသမ္ဘဝံ။[*၁]

မြန်မာပြန်။ ။ထိုဝါသည် သန့်ရှင်းစင်ကြယ်သောလွတ်လပ်ရိယရှိသော ထိုအဘိဓမ္မတ္ထသင်္ဂဟ အမည်ရှိသောကျမ်း၏အဖွင့်ဋီကာကိုပြုသောကောင်းမှု၏အစွမ်းကြောင့် မချုတ်စင်စစ် အရိမေတ္တေယျ ဘုရား၏ကိုးပါးသောလောကုတ္တရာတရား-ဟုဆိုအပ်သော အမွေဥစ္စာရှိသူ ဖြစ်ရပါလိုတ်။

ထိုအရိမေတ္တေယျဘုရားပွင့်တော်မူသောအခါ၌ ထိုအရိမေတ္တေယျဘုရား၏သာသနာတော်ကို ထွန်းတောက်ပစေတတ်သော ကိလေသာတို့မှစင်သောစိတ်ရှိသော သာရိပုတ္တရာအမည်ရှိသော ငါ၏ဆရာကို ဖူးမြင်လည်းဖူးမြင်ရပါလိုတ်။ အရိအသေအလုပ်အကျွေးလည်းလုပ်ကျွေးရပါလိုတ်။[*၂]- ဟုဖြစ်သည်။

ဓိနာလင်္ကာရကျမ်းပြုဆရာ၏ ဆုတောင်း

ဗုဒ္ဓဂုဏ်တော်များကို ရေးဖွဲ့သီကုံးသောဂုဏ်တော်ဖွဲ့ကျမ်းများတွင်လည်းကောင်း၊ ဗုဒ္ဓ၏ဖြစ်တော်စဉ် ဗုဒ္ဓဝင်ကျမ်းများတွင်လည်းကောင်း၊ အကောင်းဆုံးဂုဏ်တော်ဖွဲ့ အကောင်းဆုံးဗုဒ္ဓဝင်ဟု နာမည်ကျော်ကြားသော ဓိနာလင်္ကာရကျမ်းသည် မြန်မာအက္ခရာဖြင့်ပုံနှိပ်ပြီးဖြစ်သော်လည်း ခက်ခဲနက်နဲသောဂါထာအရေးအသားအဖွဲ့အနွဲ့ တို့ကြောင့် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့နှင့် နီးလျက်ဝေးသလိုဖြစ်နေခဲ့ရပါသည်။[*၃]

ထိုဓိနာလင်္ကာရကျမ်းလာဂါထာတို့ကို အေဒီ ၁၈၉၄-ခုနှစ်တွင် ပါဠိပါမောက္ခဂျိမ်းဂရေး (James Gray)က တည်းဖြတ်၍ ရောမအက္ခရာဖြင့်ဖလှယ်ခြင်း၊ အင်္ဂလိပ်ဘာသာသို့ပြန်ခြင်း။ ခက်ခဲရာ၌မှတ်စုပြုခြင်း။ မှတ်သားဖွယ် နိဒါန်းစကားရေး၍ 'Embellishments of Buddha'အမည်ရှိသော ဓိနာလင်္ကာရကျမ်းအင်္ဂလိပ်ဘာသာပြန်ကို လန်ဒန်မြို့ အိန္ဒိယရုံးအတွက် လူဇက်ပုံနှိပ်တိုက်(Luzac & Co.)၌ပုံနှိပ်ထုတ်ဝေခဲ့သည့်အတွက် အင်္ဂလိပ်စာဖတ် ပရိသတ်တို့အဖို့မှာ ဓိနာလင်္ကာရကျမ်း၏အရသာကို လွန်ခဲ့သောအနှစ်တစ်ရာကျော်ကပင်ခံစားခွင့်ရခဲ့ကြပါသည်။

၁၉၅၆-ခုနှစ်တွင် သာသနာ့ရောင်ခြည်စာစောင်၌ အယ်ဒီတာဝဏ္ဏကျော်ထင်ဦးသာတင်(ဆရာမာယ)က ဓိနာလင်္ကာရကျမ်းလာဂါထာများကို မြန်မာဘာသာသို့ပြန်ဆိုခဲ့၏။ ထိုပြန်ဆိုထားသောမူကို ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီး၊ ဝိဇ္ဇာလင်္ကာရဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ၊ မင်းကွန်းတိပိဋကရေဆရာတော်ကြီးတို့ထံ တင်ပြအတည်ပြုချက်ရယူပြီး သာသနာ့ရောင်ခြည်စာစောင်တွင် အတွဲ-၅၊ အမှတ်-၃ မှစ၍ တစ်လလျှင် (၁၅)ဂါထာမှ (၂၅)ဂါထာအထိထည့်သွင်းဖော်ပြခဲ့ဘူးသော်လည်း အဆုံးသို့မရောက်ခဲ့ပါ။ ထိုကျမ်းကို ၁၉၄၀-ပြည့်နှစ်တွင် သုဓမ္မဝတီပုံနှိပ်တိုက်က ဓိနာလင်္ကာရစာကိုယ်ပါဠိနှင့်ဋီကာပါဠိတို့ကိုတွဲ၍ ပုံနှိပ်ခဲ့ဘူးပါသည်။[*၄] ဓိနာလင်္ကာရမြန်မာဘာသာပြန်ဖြစ်စေ၊ နိဿယပြန်ဖြစ်စေ ပေမူဖြင့်သာရှိပြီး ပုံနှိပ်မှုဟူ၍ယခုတိုင်မရှိသေးပေ။

---

*၁ အရှင်သုမင်္ဂလသာမိ၏ဋီကာကျော်ပါဠိ။ ၁၉၉၄-ခုနှစ်။ (စာမျက်နှာ-၂၇၉)။

*၂ မေဓာဝိဆရာဆိုင်၏ ဋီကာကျော်ဖြန့်မာပြန်၊ တတိယတွဲ။ ၁၉၆၇-ခုနှစ်။ (စာမျက်နှာ-၂၃၂)။

*၃ မာယာ၏ ဓိနာလင်္ကာရဘာသာပြန်(ဆောင်းပါး)။ သာသနာ့ရောင်ခြည်စာစောင်။ အတွဲ-၅၊ အမှတ်-၃။ ၁၉၅၆-ခုနှစ်။ (စာမျက်နှာ-၄၇)။

*၄ ဓိနာလင်္ကာရကျမ်းလာဂါထာတို့ကို ရွေးမထေရ်တို့ရေးသားခဲ့ပြီး၊ ထိုဂါထာတို့၏အဖွင့်ဖြစ်သော(ဓိနာလင်္ကာရဋီကာ)ကို အရှင်ဗုဒ္ဓရက္ခိတ ရေးသားသည်ဟုလည်း အယူအဆရှိသည်။

http://www.dhammadownload.com

သာသနာ့ဝံသဒီပ၊ ဂန္ထဝံသစသောကျမ်းတို့၌ ဖိနာလက်ာရကျမ်းပြုပုဂ္ဂိုလ်ကို[*၁] အရှင်ဗုဒ္ဓဒတ္တ–ဟုဖော်ပြကြသည်။ အများအားဖြင့်မူ ဖိနာလက်ာရကို ငီကာနှင့်တကွ အရှင်ဗုဒ္ဓရက္ခိတမထေရ်ပြုစုသည်ဟုသာ လက်ခံယူဆကြသည်။ အရှင်ဗုဒ္ဓရက္ခိတမထေရ်[*၂] ကို သီဟိုဠ်ကျွန်း၌ အေဒီ ၁၁၅၆–ခုနှစ်တွင်ဖွားမြင်တော်မူခဲ့ပါသည်။ ထိုအရှင်ဗုဒ္ဓရက္ခိတသည် ဘုရားရှင်၏အနန္တကျေးဇူးတော်ကို အဖန်တလဲလဲရှုဆင်ခြင်ပြီး (၂၀၇)ဂါထာတို့ဖြင့် ဘုရား၏ဂုဏ်တော်အပေါင်းကို ရေးဖွဲ့ပူဇော်ခဲ့ပါသည်။ ပြောင်မြောက်လှသောဂါထာအပွဲ့အနွဲ့တို့ကြောင့် ဖိနာလက်ာရကျမ်းကို စာဖတ်သူတို့အပြည့်အဝခံစားနားလည်စေရန်ခဲယဉ်းလှပေရာ၊ မူလကျမ်းပြုအရှင်ဗုဒ္ဓရက္ခိတသည်ပင် ထိုကျမ်း၏အဖွင့်ငီကာကိုရေးသားတော်မူပြန်ပါသည်။ ဘုရားရှင်၏လက္ခဏာတော်ငယ်(၈၀)နှင့် (၁၀၈)ကွက်စက်လက္ခဏာသရုပ်အရေအတွက်တို့ကို ဤငီကာကျမ်း၌အပြည့်အစုံတွေ့ရှိရလေသည်။[*၃]

အရှင်ဗုဒ္ဓရက္ခိတသည် ဖိနာလက်ာရကျမ်း၏နိဂုံး၌ ထိုကျမ်းပြုရသောကုသိုလ်ကြောင့် မေတ္တေယျရှင်တော် ဘုရားအဖြစ်ရောက်တော်မူသောအခါ၌ ဖူးတွေ့ရပြီးလျှင် မေတ္တေယျရှင်ထံ ဘုရားဆုဟူသောဗျာဒိတ်ပန်းကို ဆင်မြန်းခွင့်ရပါလိုကြောင်း ဆုတောင်းထားခဲ့သည်ကို အောက်ပါအတိုင်းဖတ်ရှုနိုင်ပါသည်။

* မေတ္တေယျနာထံ ဥပသင်္ကမိတွာ၊ တဿတ္တဘာဝံ အဘိပူဇယိတွာ။
လဒ္ဓါန ဝေယျာကရဏံ အနူနံ၊ ဗုဒ္ဓေါ အယံ ဟောဿတိနာဂတေတိ။[*၄]

ဖိနစရိတဗုဒ္ဓဝင်ကျမ်းပြုအရှင်၏ဆုတောင်း

ဂေါတမမြတ်စွာဘုရား၏ ဖြစ်တော်စဉ်ကိုရေးသားသော ဗုဒ္ဓဝင်ကျမ်းဂန်များစွာရှိရာတွင် သီဟိုဠ်ကျွန်းနေ မေဓင်္ကရမထေရ်၏ ဖိနစရိတဗုဒ္ဓဝင်ကျမ်းသည်လည်း တစ်ကျမ်းအပါအဝင်ဖြစ်သည်။ သီဟိုဠ်စာပေလောကဌ မေဓင်္ကရအမည်ဖြင့် ထင်ရှားသောကျမ်းပြုစာဆိုမထေရ်သုံးပါးရှိ၏။[*၅] ဝိနယတ္ထသမုစ္စယကျမ်းပြုအရှင်မေဓင်္ကရ[*၆] သီဟိုဠ်ဘာသာဖြင့် ဇာတကကျမ်းပြုအရှင်မေဓင်္ကရ[*၇] ဖိနစရိတနှင့်ပယောဂသိဒ္ဓိကျမ်းပြုအရှင်မေဓင်္ကရ[*၈]တို့ဖြစ်ကြသည်။

အရှင်မေဓင်္ကရသည် ဖိနစရိတကျမ်းကို ဘုဝနေကဗာဟု(၁) (အေဒီ ၁၂၆၃–၁၂၈၄)လက်ထက်၌ ရေးသားခဲ့သည်ဟုယူဆကြ၏။[*၉] ထိုဖိနစရိတကျမ်း၏နိဂုံး၌မူ မေဓင်္ကရမထေရ်သည် သီဟိုဠ်ကျွန်း ဝိဇယဗာဟု(၃)မင်း

---

*၁ DPPN-II. 307[1]. ဂန္ထဝံသကျမ်း၌ ဖိနာလက်ာရကို အရှင်သံဃပါလ တောင်းပန်၍ အရှင်ဗုဒ္ဓဒတ္တ ရေးဖွဲ့သည်ဟု ဖော်ပြထားသည်။ J.P. Minayeff (ed.)' Gandha-Vaṃsa. JPTS, 1886. Page-69. ဗုဒ္ဓဃောသုပ္ပတ္တိ၌လည်း အရှင်ဗုဒ္ဓဒတ္တရေးသည်ဟုပြကြောင်း ဝိဇကတ်သိုင်းစာတန်း ၁၉၀၅–၄၄၆) ၌ပြထားသည်။

*၂ DPPN-II. 309[3].

*၃ အရှင်ကောလာသ၏ မဟာဗိသုတာရာမနိကာယသာသနာဝင်ကျမ်း။ ၁၉၇၀–ပြည့်နှစ်။ (စာမျက်နှာ–၉၈)။

*၄ James Gray' Jinālaṅkāra. 1894. Page-50, 111. အရှင်ဗုဒ္ဓရက္ခိတ၏ဖိနာလက်ာရဋီကာပါဠိ။ ၁၉၄၀–ပြည့်နှစ်။ (စာမျက်နှာ–၃၆၉)။

*၅ ပါမောက္ခရီးဒေးဗစ် (Prof. T.W. Rhys Davids) က မေဓင်္ကရလေးယောက်ရှိသည်ဟုပြသည်။ T.W. Rhys Davids' Notes on Medhaṅkara. JPTS. 1905. Page-IV.

*၆ DPPN. II. 663.[2]

*၇ DPPN. II. 663.[4]

*၈ DPPN. II. 663.[5]

*၉ Geiger' Pāḷi Literature and Language. 1978. Page-41, 46, 54; K.R. Norman' Pāḷi Literature. 1983. Page-158.

http://www.dhammadownload.com

(အေဒီ ၁၂၃၂-၁၂၃၆) တည်သောကျောင်း၌နေထိုင်ပြီး ပါဠိဂါထာပေါင်း ၄၈၃-ဂါထာ*၁ပါရှိသော ဖိနစရိတ ဘုဒ္ဓဝင်ကျမ်းကိုပြုစုတော်မူခဲ့ကြောင်းဖော်ပြထားပြီး ထိုဖိနစရိတကျမ်းပြုရသောအကျိုးအားကြောင့် တုသိတာဘုံ၌ မေတ္တေယျရှင်နှင့်ကာလကြာမြင့်စွာအတူနေပြီး မေတ္တေယျရှင် လူ့ပြည်သို့ပဋိသန္ဓေယူသောအခါမှာ လူ့ပြည်သို့ အတူလိုက်ပါ၍ ကေတုမတီပြည်၌ မင်းမျိုး၏ဝမ်းတွင်ပဋိသန္ဓေယူပြီးလျှင်၊ မေတ္တေယျရှင်ဘုရားဖြစ်တော်မူသော အခါတွင်လည်း မေတ္တေယျဘုဒ္ဓဆံတော်တွင် ဘုရားဆုကိုပန်ဆင်၍ဗျာဒိတ်ပန်းဆင်မြန်းရပါလိုကြောင်း စသည်ဖြင့် အောက်ပါအတိုင်းဆုတောင်းထားခဲ့သည်။

* စိတံ ယံ ရစယန္တေန၊ ဖိနဿ စရိတံ မယာ။
ပုညံ တဿာနုဘာဝေန၊ သမ္ပတ္တော တုသိတာလယံ။ ။

* မေတ္တေယျလောကနာထဿ၊ သုဏာန္တော ဓမ္မဒေသနံ။
တေန သဒ္ဓိ စိရံ ကာလံ၊ ဝိန္ဒန္တော မဟတီ သိရိံ။ ။

* ဗုဒ္ဓေ ဇာတေ မဟာသတ္တော၊ ရမ္မေ ကေတုမတီပုရေ။
ရာဇဝံသေ ဇနိတ္တာန၊ တိဟေတုပဋိသန္ဓိကော။ ။

* စိဝရံ ပိဏ္ဍပါတံ စ၊ အနုဋ္ဌံ ဝိပုလံ ဝရံ။
သေနာသနံ စ ဘေသဇ္ဇံ၊ ဒတ္ဝာ တဿ မဟေသိနော။ ။

* သာသနေ ပဒ္ဓဇိတ္တာန၊ ဇောတေန္တော တမနုတ္တရံ။
ကဒ္ဒိမာ သတိမာ သမ္မာ၊ ဓာရေန္တော ပိဋကတ္တယံ။ ။

* ဗျာကတော တေန ဗုဒ္ဓေါယံ၊ ဟေဿတီတိ အနာဂတေ။
ဥပ္ပန္နုပ္ပန္နေ ဗုဒ္ဓါနံ၊ ဒါနံ ဒတ္ဝာ သုခါဝဟံ။ ။*၂-ဟုဖြစ်သည်။

မြန်မာပြန်အကျဉ်း။ ။မြတ်စွာဘုရား၏အဋ္ဌုပ္ပတ္တိ(ဗုဒ္ဓစရိတ)ကျမ်းကိုစီရင်သောငါသည် အကြင်ကုသိုလ်ကောင်းမှု၏အာနုဘော်ဖြင့် တုသိတာနတ်ဘုံသို့ရောက်၍၊ မေတ္တေယျဘုရားလောင်း၏ တရားဒေသနာကို နာကြားလျက်၊ ထိုဘုရားလောင်းနှင့်အတူကြာမြင့်စွာ ကြီးစွာသောနတ်တို့၏ အသရေစည်းစိမ်ကိုခံစားပြီး၊ နှလုံးမွေ့လျော်ဖွယ်ကောင်းသော ကေတုမတီပြည်၌ ဘုရားလောင်းဖြစ်တော်မူသောအခါ မင်းမျိုး၌ တိဟိတ်ပဋိသန္ဓေနေပြီးမွေးဖွားကာ မြတ်သောသီလကိုရှာမှီးလေ့ရှိသော မေတ္တေယျဘုရားရှင်အား အဖိုးများစွာထိုက်တန်၍ မွန်မြတ်လှစွာသော သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး စသည်ကို လှူဒါန်းရပါလို၏။ ထိုဘုရားရှင်၏သာသနာတော်၌ရဟန်းဖြစ်၍ မြင့်မြတ်သော သာသနာတော်ကို ထွန်းလင်းတောက်ပစေလျက် သတိ, ပညာရှိသည်ဖြစ်၍၊ ပိဋကတ်သုံးပုံကို ဆောင်နိုင်လျက် ထိုဘုရားရှင်က 'ဤသူသည် နောင်အခါ ဘုရားဖြစ်လတ္တံ့'ဟု ဗျာဒိတ်စကား မိန့်တော်မူသော် ပွင့်တော်မူကုန်သောဘုရားရှင်တို့အား အလှူပေးလျက်...ဟုဖြစ်သည်။*၃

---

*၁ ဖိနစရိတဗုဒ္ဓဝင်ကျမ်းလာ ဂါထာပေါင်း(၄၇၂)ဂါထာကိုသာ ပုံနှိပ်မှုများနှင့် *CD-Rom* တို့တွင်တွေ့ရသည်။

*၂ *W. H. D. Rouse (Ed. & Tr.)' Jinacarita. JPTS. 1905. Page-30, 64.* အရှင်မေဓင်္ကရ၏ဖိနစရိတပါဠိ။ ၁၉၃၄-ခုနှစ်။ (စာမျက်နှာ-၁၆၇)။

*၃ ဘဒ္ဒန္တ သိရီသုမင်္ဂလ၏ ဖိနစရိတပါဠိနိဿယကျမ်း။ ၁၉၃၄-ခုနှစ်။ (စာမျက်နှာ-၁၆၇)။

http://www.dhammadownload.com

ပျူခေတ်ဆုတောင်း

မြန်မာနိုင်ငံသမိုင်းတွင် ရှေးဟောင်းသုတေသနနှင့် သမိုင်းပညာရှင်တို့၏ဖော်ထုတ်ချက်အရ ပျူခေတ်ကို လေ့လာနိုင်ပြီဖြစ်ရာ၊ ထိုတွေ့ရှိရသော ပျူယဉ်ကျေးမှုဆိုင်ရာအထောက်အထားများကိုအမှီပြု၍ ပျူခေတ်က မဂ္ဂေါ်ယျရှင်ထံဆုတောင်းကြပုံတို့ကိုလည်း တင်ပြလိုပေသည်။

၁။ ပုဂံ၊ ရွှေဆံတော်ဘုရားမှ ပျူအုတ်ခွက်ပါဆုတောင်း

ပုဂံမြို့၊ အရှေ့တောင်ဘက်တွင် မဟာပိန္နဲဘုရားဟုလည်းခေါ်တွင်သော ရွှေဆံတော်ဘုရား (ဘုရားအမှတ်-၁၅၆၈)[*၁] ကို အေဒီ-၁၀၆၀ မတိုင်မီအချိန်က အနော်ရထာမင်းကြီး (အေဒီ ၁၀၄၄-၁၀၇၇) တည်ထားခဲ့သည်။ ထိုရွှေဆံတော်ဘုရားမှာ အကြိမ်ပေါင်းများစွာပြုပြင်ခဲ့ရ၍ ယခုအခါ မူလလက်ရာလုံးဝကွယ်ပျောက်နေပြီဟု ပညာရှင်တို့ယူဆထားကြသည်။[*၂] ရွှေဆံတော်ဘုရား၏ဌာပနာတိုက်မှ သံပျင်သီရိဗညာနော၏ကောင်းမှု အုတ်ခွက်ဘုရားတစ်ဆူကိုတွေ့ရှိခဲ့ရာ၊ ထိုအုတ်ခွက်ဘုရား၏ကျောဘက်တွင် မဂ္ဂေါ်ယျဆုတောင်းပါ ပျူစာ(၆)ကြောင်းကို အောက်ပါအတိုင်းရေးသားထားလေသည်။

ကြောင်းရေ ၁။ ဝ။ ယံ ဗံး ဘဂ

။ ၂။ ...ဝ ဥ ဒိုး တြး ကေး သး မ္ဍ

။ ၃။ ဗိးသြိ ဗဥနော ဗိး မ္ဂး

။ ၄။ သ ဝ် *၃ဥော ဒေ နိ ဝ် ဥ ငေါ ကွော ကိုး မြွး

။ ၅။ တိ မ္ဂ ဗံး အရိမေတြေ်ယ ဥတ္တ္ဂ ဗုဓ

။ ၆။ ဥ ဒံ. ဟ္ဂိး တု ဗန္ဓး သဗ္ဗသတ္ဂ ကို့ကို့။

မြန်မာပြန်။ ။အကြင်မြတ်စွာဘုရား၏ပုံတော်ကို သမ်ဗျင်သြိဗဥနော ခေါ် ငါသည် သွန်းလုပ်လှူဒါန်းရသောအကျိုးအားကြောင့် အရိမေတ္တေယျမြတ်စွာဘုရားပွင့်သောအခါ မင်္ဂဏ်ဖိုလ်ဥဏ်နိဗ္ဗာန်ချမ်းသာကိုရရန်မျှော်မှန်းသည်ကို သာဓုသာဓုအကြိမ်ကြိမ်ခေါ်စေသော်-ဟုဖြစ်သည်။[*၄]

ပုဂံခေတ်ဆုတောင်းများ

သမိုင်းပညာရှင်တို့က အနိရုဒ္ဓခေါ် အနော်ရထာမင်းကြီး (အေဒီ ၁၀၄၄-၁၀၇၇) နှင့် တရုတ်ပြည်(=တရုတ်ပြေး)ခေါ် နရသီဟပတေ့မင်း (အေဒီ ၁၂၅၆-၁၂၈၇)တို့အကြား အနှစ် ၃၀၀ ခန့်ကာလကို ပုဂံခေတ်ဟုသတ်မှတ်ထားကြရာ[*၅] ထိုပုဂံခေတ်အနှစ် ၃၀၀ ကာလအတွင်း (အေဒီ ၁၀၄၄-၁၂၈၇) ပုဂံပြည်သူပုဂံပြည်သား မင်း, မှူးမတ်မှ

---

*၁ G. H. Luce' Dvāravatī and Old Burma. JSS. Vol. LIII. Part.I. 1965. Page-24; Inventory of Monuments at Pagan. Vol. VI. Page-183.


*၂ ဒေါက်တာသန်းထွန်း၏ ပျူ၊ မြန်မာ၊ မွန်နဲ့ ရခိုင်တွေရဲ့ ဗြာဟ္မဏနဲ့ ဗုဒ္ဓကိုယ်စားတော်(စာတန်း)။ သန်းထွန်းရွှေစာပေပြည့်။ ၂၀၀၃-ခုနှစ်။ (စာမျက်နှာ-၂၉)။ Page-52.

*၃ ဗျည်း၏အထက်၌ရှိသော '၀်'ကို 'ရေဖ'ဟုခေါ်သည်။ 'ရ'နှင့်အတူတွဲဖြစ်သည်။ 'ရ'နှင့်အခြားဗျည်းတို့ဆင့်ရာ၌လည်း နည်းတူမှတ်ရန်။


*၄ ဦးသာမြတ်၏ပျူဖတ်စာ။ ၁၉၆၃-ခုနှစ်။ (စာမျက်နှာ-၇၇)။ G. H. Luce' Old Burma-Early Pagan. Vol.I. Page-100; Vol.II. Page-25; Vol.III. Plate-34. c,d. ဦးမြ၏ရွှေဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ။ ပထမတွဲ။ ၁၉၆၁-ခုနှစ်။ (စာမျက်နှာ-၂၄)၊ ပုံ-၂၉၊ ၃၀။

*၅ Dr.Than Tun' The English-Myanma Calendar of The Second Millennium A.D. Eleventh, Twelveth and Thirteenth Centuries, Bagan Period. 2003.

http://www.dhammadownload.com



ပုဂံမြို့၊ ရွှေဆံတော်ဘုရား(၁၅၆၈)မှရသော သံဖျင်သီရိဗညာနော၏ဆုတောင်းပါအုတ်ခွက်ဘုရား။
OB-EP, III, 1970, Pl.34 c,d.



အနော်ရထာမင်းကြီး၏ မေတ္တေယျရှင်ထံနိမ္မာန်ရလိုကြောင်း ဆုတောင်းစာပါသော အုတ်ခွက်ဘုရား။
OB-EP, III, 1970, Pl.6 c.

http://www.dhammadownload.com

အစ ဗုဒ္ဓဘာသာဝင်သူတော်စင်အများတို့ ကုသိုလ်ကောင်းမှုပြုပြီးကြတိုင်း တောင်းမြဲစဉ်လာဆုတောင်းစာများတွင် တွေ့ရှိရသော မေတ္တေယျရှင်ဆုတောင်းအချို့ကိုဖော်ပြလိုပါသည်။

၁။ အနော်ရထာမင်းကြီး၏ ဆုတောင်း

ပုဂံခေတ် အနိရုဒ္ဓဒေဝဘွဲ့အမည်ရှိအနော်ရထာမင်းကြီး(အေဒီ ၁၀၄၄–၁၀၇၇) ကိုယ်တော်တိုင်သွန်းလုပ်ခဲ့သည်ဟုယူဆနိုင်သော မြေပုံအုတ်ခွက်ဘုရားတစ်ဆူ၏ကျောဘက်တွင် 'ဤဘုရားပုံတော်ကိုသွန်းလုပ်ရသော ကုသိုလ်ကောင်းမှုကြောင့် မေတ္တေယျအရှင်ထံတော်၌နိဗ္ဗာန်ကိုမျက်မှောက်ပြုရပါလိုကြောင်း' ကို နာဂရီအက္ခရာသက္ကတဘာသာဖြင့် စာကြောင်း(၄)ကြောင်း အောက်ပါအတိုင်းရေးထိုးထားခဲ့သည်။*၁

ကြောင်းရေ– ၁။ မဟာနိ ရုဒ္ဓဒေ
။ ၂။ ဝေန ကုတံ
။ ၃။ သုဂတသစ္စဋ္ဌကံ တေနမေတြေယ
။ ၄။ မံဝေါ လဘေယန္တိ ဝုိ တ္တော*၂ ပဒံ။ ။

မြန်မာပြန်။ ။ကျွန်ုပ်အနိရုဒ္ဓဒေဝအားဖြင့် (=သည်) ဤမြတ်စွာဘုရားပုံတံဆိပ် (အုတ်ခွက်) ကို ပြုအပ်ပြီ။ ထိုပြုအပ်ကောင်းမှုကြောင့် မေတ္တေယျရှင်၏ထံတော်၌ ကိလေသာငြိမ်းကြောင်း အရိယာတို့ ရအပ်သောအဖြိုက်နိဗ္ဗာန်လမ်းကို ကိုယ်တိုင်မျက်မှောက်ပြု၍သိမြင်ရပါလို၏။*၃–ဟုဖြစ်သည်။

အနော်ရထာမင်းကြီးသည် မေတ္တေယျဘုရားရှင်ထံတော်၌ မဂ်ဖိုလ်ကိုမျက်မှောက်ပြုလိုကြောင်း ဆုပန်ဆင်ခြင်းမှာ ထေရဝါဒဗုဒ္ဓဘာသာအယူအားဖြင့် သင့်မြတ်လျော်ကန်လေသည်။

သို့ပါသော် အနော်ရထာမင်းကြီးသည် လောကနာထဘုရားအလောင်းပုံတော်ပါရှိသော မြေပုံအုတ်ခွက်ဘုရားတစ်ဆူကိုလည်း မိမိလက်တော်ဖြင့်ကိုယ်တိုင်သွန်းလောင်းခဲ့ပြီး ထိုအုတ်ခွက်ဘုရား၏ကျောဘက်တွင် 'ဤသို့ လောကနာထဘုရားပုံသွန်းလုပ်ရသောကုသိုလ်ကြောင့် သံသရာဝဋ်ဆင်းရဲမှထွက်မြောက်ရပါလိုကြောင်း' ကို ပါဠိဘာသာဖြင့် ကမ္ဗည်းစာသားရေးသားခဲ့ဘူးပါသည်။*၄ လောကနာထဘုရားအလောင်းသည် မြောက်ပိုင်းဗုဒ္ဓဘာသာဝင်တို့အမွန်အမြတ်ထား၍ကိုးကွယ်သော ဘုရားလောင်းဖြစ်နေပြန်ပါသဖြင့် အနော်ရထာမင်းကြီးသည် ထေရဝါဒဗုဒ္ဓဘာသာကိုသာမက မြောက်ပိုင်းဗုဒ္ဓဘာသာ(မဟာယာန)ကိုလည်း ဆည်းကပ်ခဲ့သည်ဟု ယူဆနိုင်၏။ ပညာရှင်တို့ကမူ 'အနော်ရထာမင်းကြီးသည် ထေရဝါဒဗုဒ္ဓဘာသာနှင့် မဟာယာနဗုဒ္ဓဘာသာကို မနှိမ့်မချ တန်းတူထား၍ မြတ်နိုးရာရာကိုးကွယ်ချီးမြှောက်ခဲ့ကြောင်း' ဖော်ပြခဲ့ကြသည်။*၅ သို့သော် မေတ္တေယျရှင်နှင့်

---

*၁ G.H. Luce' Old Burma-Early Pagan. Vol. I. Page-15, 16, 98, 134; Vol. II. Page- 3; Vol. III. Plate-6 c.

*၂ ဗျည်း၏အဆက်၌ရှိသော 'ရ'ကိုလည်း 'ရေဖ'ဟုခေါ်သည်။ 'ရ'အက္ခရာနှင့်အတူတူဖြစ်သည်။ 'ရ'နှင့်အခြားဗျည်းတို့ဆင့်ရာ၌လည်း ခုည်းတူမှတ်ရန်။

*၃ ဒေါက်တာသန်းထွန်း၏မြန်မာရာဇဝင်၊ အေဒီ ၁၀၄၄–၁၂၈၇ (ဆောင်းပါး)။ရန်ကုန်တက္ကသိုလ်နှစ်လည်စာစောင်။ ၁၉၇၇–ခုနှစ်။ (စာမျက်နှာ–၁၅)။ ဦးမြ၏ ရှေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ။ ပထမတွဲ။ ၁၉၆၁–ခုနှစ်။ (စာမျက်နှာ–၁၁)၊ ပုံ–၄၊ ၅။ ဗြဟ္မစာရီမွန်ဂိုကေ၏အနိရုဒ္ဓဒေဝမင်းကြီးဆိုင်ရာအထောက်အထားများ(ဆောင်းပါး)။ ယဉ်ကျေးမှုစာစောင်။ အတွဲ–၄၊ အမှတ်–၁၀။ ၁၉၆၁–ခုနှစ်။ (စာမျက်နှာ–၈၉)၊ ပုံ–၂။

*၄ ဦးမြ၏ ရှေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ၊ ပထမတွဲ။ ၁၉၆၁–ခုနှစ်။ (စာမျက်နှာ–၈)။ ပုံ–၃။ G. H. Luce' Old Burma-Early Pagan. Vol.I. Page-16; Vol. II. Page-2; Vol .III . Plate 7 a,b.

*၅ ဦးမြ၏ ပုဂံအနော်ရထာမင်း၏ကုသိုလ်တော်များ(ဆောင်းပါး)။ ယဉ်ကျေးမှုစာစောင်။ အတွဲ–၃၊ အမှတ်– ။ (စာမျက်နှာ–၂၆)။ ဗြဟ္မစာရီမွန်ဂိုကေ၏ အနိရုဒ္ဓဒေဝမင်းကြီးဆိုင်ရာအထောက်အထားများ(ဆောင်းပါး)။ (စာမျက်နှာ–၇၄)။ ဒေါက်တာသန်းထွန်း၏ အနိရုဒ္ဓ(ဆောင်းပါး)။ ကလျာမဂ္ဂဇင်း။ အမှတ်–၁၄။ ၁၉၉၇–ခုနှစ်။ (စာမျက်နှာ–၂၃)။

http://www.dhammadownload.com

လောကနာထကို တစ်လှည့်စီဖြစ်စေ၊ နှစ်ပါးယှဉ်တွဲ၍ဖြစ်စေ ကိုးကွယ်မြဲဖြစ်လေရာ၊ ဤအပြုအမူမျိုးကို မဟာယာနဆန်သည်ဟု ရာနန်းပြည့်ပြောရန်ခဲယဉ်းလှပေသည်။*၁

၂။ ရာဇကုမာရ်အမတ်ကြီး၏ဆုတောင်း

ရာဇကုမာရ်သည် ပုဂံပြည့်ရှင် ဂြိုတြိဘုဝနာဒိတျမွေရာဇ ထိလိုင်ရှင်ကျန်စစ်မင်း (အေဒီ ၁၀၈၄–၁၁၁၃)၏ မိဖုရားကြီး တြိလောကဝဇိုသကာဒေဝီမှဖွားမြင်သောသားတော်ဖြစ်သည်။ ရာဇကုမာရ်သည် 'ရာဇကုမာရ်ဟူသော အမည်ရင်းရှိပြီး မင်းမှုရေးရာ၌ကြောင့်ကြစိုက်၍ သတိတရားဉာဏ်ပညာတို့ပြည့်စုံသော ပညာရှိသောမင်းတိုင်ပင် အမတ်ဖြစ်ကြောင်း' ကို ရာဇကုမာရ်ပါဠိကျောက်စာမှု ကြောင်းရေ(၉) တွင် 'ရာဇကုမာရောနာမ နာမတော, အမစ္စော ရာဇကိစ္စေသု ဗျာဝတော သတိမာ ဝိဒူ'–ဟူ၍ဖော်ပြထား၏။*၂

ကျန်စစ်မင်းကြီးသည် (၂၈) နှစ်ကာလပတ်လုံး တရားနှင့်အညီအုပ်ချုပ်မင်းလုပ်ပြီးနောက် သေခြင်းလျှင် အဆုံးရှိသောအနာရောဂါ(မရဏန္တိကရောဂါ)ဖြစ်တော်မူလေသည်။ ကြိုးစား၍ကုသပါသော်လည်း ထိုရောဂါမှ ထမြောက်တော့မည်မဟုတ်၊ မျှော်လင့်ချက်မရှိပြီဟုဆိုလိုသည်။ ထိုအခါ ရာဇကုမာရ်အမတ်ကြီးသည် မင်းကြီး၏ ဂုဏ်ကျေးဇူးတို့ကိုသတိရလျက် မိမိ၏မိခင်ဝတ်ဆင်ခဲ့သောလက်ဝတ်ရတနာတို့ဖြင့် ရွှေဆင်းတုတော်တစ်ဆူကို သွန်းလုပ်ပြီး၊ သေအံ့မူးမူးဖြစ်နေသော မင်းကြီး၏လက်တော်သို့အရောက်ဆက်သကာ 'အရှင်မင်းကြီး၊ အရှင်မင်းကြီးကုသိုလ်ပြုရန်ရည်ရွယ်ပြီး ဤတင့်တယ်လှစွာသောရွှေဆင်းတုတော်ကို သွန်းလုပ်ခဲ့ပါပြီ။ အကျွန်ုပ်အား အရှင်မင်းကြီးသနားချီးမြှင့်ခဲ့သော ရွာသုံးရွာကိုလည်း ဤဘုရား၏အလုပ်အကျွေးပြုစေငှာ လှူဒါန်းမည်ဖြစ်ပါသည်။ သို့ပါ၍ အရှင်မင်းကြီးသည် ဤရွှေဆင်းတုတော်ကိုရေစက်သွန်းချလှူဒါန်းတော်မူပါ'ဟု ပြောကြားပြီးလျှင် မင်းကြီးအားရေစက်သွန်းချစေခဲ့သည်။

မင်းကြီးလွန်ပြီးသည့်နောက် အေဒီ ၁၁၁၃–ခုနှစ်တွင် အမတ်ကြီးသည် ထိုရွှေဘုရားကိုဌာပနာ၍ ရွှေအထွဋ်တင်ထားအပ်သော ဂူဘုရားတစ်ဆူကိုတည်ခဲ့လေသည်။*၃ ပြီးလျှင် အကြောင်းလေးပါးသခါရတရားတို့၏ ပြုပြင်ခြင်းကိုပြုငွေ့သည်ဖြစ်၍ 'ဤကုသိုလ်ကောင်းမှုသည် သမ္မညုတဉာဏ်ပညာရစေခြင်းအကြောင်းဖြစ်ပါစေသတည်း။ ယခုငါတည်ထားသောဂူဘုရား၌ အလုပ်အကျွေးအရံအဓောင့်ဖြစ်သောဘုရားကျွန်တို့အား နှိပ်စက်ဖျက်ဆီးပါမူကား နောင်ပွင့်လတ္တံ့ကောန်အမှန်ဖြစ်သောမေတ္တေယျရှင်အား မဖူးမြင်ရပါစေသတည်း'ဟု ဆုတောင်းခဲ့လေသည်။

ရာဇကုမာရ်အမတ်ကြီးသည် သမ္မညုဘုရားဆုနှင့်အတူ မိမိ၏ကောင်းမှုကုသိုလ်ကိုစောင့်ရှောက်ကြသော ဘုရားအစောင့်(ကျွန်)တို့ကို နှိပ်စက်ပါမူက 'နောင်ပွင့်လတ္တံ့သောမေတ္တေယျရှင်အား မဖူးရပါစေနှင့်'ဟူသော စကားကိုထည့်၍ ဆုတောင်းခဲ့၏။ ဤသို့ ရာဇကုမာရ်အမတ်ကြီး၏ 'မိမိဘုရားကိုလှူခဲ့သော ဘုရားအလုပ်အကျွေးကျွန်တို့ကိုနှိပ်စက်လျှင် နောင်ပွင့်လတ္တံ့မေတ္တေယျရှင်အား မဖူးရပါစေနှင့်'ဟူသော ဆုတောင်းစကားကို သုတေသီတို့က 'ကျိန်စာ(Curse)'*၄ဟုရေးသားခဲ့ကြသည်။

---

*၁ လောကနာထသည် အဝလောကိတေသွရဘုရားအလောင်း၏ အမည်ပွားတစ်ခုဖြစ်သည်။ တိုက်ကိုး၏ လောကနတ်နှင့် လောကနာထ(ဆောင်းပါး)။ ဒဂုန်မဂ္ဂဇင်း။ အတွဲ–၁၊ အမှတ်–စ။ (စာမျက်နှာ–၁၀၃)။ *N. Ray' A Note on Bodhisattva Lokanātha and Other Mahāyāna Gods in Burma. In Buddhistic Studies. 1931. Page-881*.

*၂ ရွှေဟောင်းမြန်မာကျောက်စာများ၊ ပထမတွဲ။ ၁၉၇၂–ခုနှစ်။ (စာမျက်နှာ–၂၊ ၆)။

*၃ ဒေါက်တာသန်းထွန်း၏ ထိလိုင်ရှင်–၃ (ဆောင်းပါး)။ ကလျာမဂ္ဂဇင်း။ အမှတ်–၁၅။ ၁၉၉၇–ခုနှစ်။ (စာမျက်နှာ–၂၂)။ ထိုဂူဘုရားကို ယခု ပုဂံမြို့၊ မြင်းကပါရွာမြောက်ဘက်ရှိ ဂူမြောက်ကြီးဘုရား(ဘုရားအမှတ်–၁၃၂၃)ဟု မှတ်ယူကြသည်။

*၄ ဒေါက်တာသန်းထွန်း၏ ကျိန်ပါဆိုရင်ကျိန်ပါ့မယ်(ဆောင်းပါး)။ အတွေးအမြင်။ အမှတ်–၁၀၉။ (စာမျက်နှာ–၉၀)။

http://www.dhammadownload.com

ကျိန်စာ–ဟူသည်, 'မည်သို့ပြုလျှင် မည်သို့ဖြစ်ပါစေ' ဟု ကျိန်ထားသောစကား။ *၁ တစ်ဖက်သားအန္တရာယ်ဖြစ်စေရန် တောင့်တပြောဆိုရေရွတ်သောစကား။ *၂ ဒေါသအလျောက်အပြစ်ရောက်စေလိုရွှမ်းဆိုခြင်း' *၃ ဟု အဘိဓာန်ဆရာတို့ အနက်ဖွင့်ခဲ့ကြသည်။ သို့ပါသော် ရာဇကုမာရ်ကျောက်စာရှင် သဗ္ဗညုတဉာဏ် ဘုရားဆုပန်ရာဇကုမာရ်အမတ်ကြီးအနေဖြင့် စိတ်သဘောအနေမွန်မြတ်၍ အတွယ်အငြိတစ်ဖေမရှိ လောဘရမ္မက်နည်းပါးလှသူဖြစ်ပေရာ သူတစ်ပါးဒုက္ခရောက်စေလိုသော, အန္တရာယ်ဖြစ်စေလိုသောအလိုဆိုးဖြင့် ကျိန်စာတိုက်ခဲ့လိမ့်မည်မဟုတ်ပေ။ မိမိ၏ဘုရားကျွန်တို့ကို မနှိပ်စက်စေခြင်းငှာ ကြောက်လောက်အောင် ကြိမ်းမောင်းခြိမ်းချောက်ခြင်းသဘောမျှလောက် ဆုတောင်းခြင်းဖြစ်ပေရာ၏။ *၄

ထိုသို့ ကြောက်လောက်အောင် 'ကြိမ်းခြင်း'(တစ်နည်း) 'ခြိမ်းခြင်း' *၅ သည်ပင် နောင်အခါ၌ 'ကျိန်'ဟု ဖြစ်လာပုံရသည်။ (ကြိမ်း>ကြိမ်>ကျိမ်>ကျိန်)။

ပုဂံကျောက်စာအချို့ပါ 'မြေကြီးကားအထက် ဖျက်ဆီးသူက အောက်အဝီစိ၌ကျက်ပါစေသတည်း' စသော ကျိန်စာ *၆ တို့နှင့်နှိုင်းယှဉ်ပါမူကား ရာဇကုမာရ်ကျောက်စာလာ 'နောင်ပွင့်လတ္တံ့မေတ္တေရှင်အား မဖူးရပါစေနှင့်'–ဟူသောဆုတောင်းစကားသည် အမတ်ကြီး၏နှုးညံ့သိမ်မွေ့သောစိတ်ဓာတ်၊ နက်နဲကျယ်ဝန်းသောအသိဉာဏ်ကို မှန်းဆနိုင်ပါသည်။

ဘုရားတစ်ဆူပွင့်ရန်ခဲယဉ်းမှုဟူသော ဗုဒ္ဓုပ္ပါဒဒုလ္လဘတရားကို ကောင်းစွာသိမြင်သော ပုဂံသားတို့သည် မေတ္တေယျဘုရားကိုဖူးတွေ့ခွင့်မရဘဲ လွဲဖယ်သွားပါမူကား သံသရာခရီး၌တွယ်ရာမဲ့ဘဝပေါင်း အသင်္ချေအနန္တ အကမ္ဘာဘာလှည့်ပြောင်းကာ မည်သည့်အခါကာလသို့ရောက်ကာမှ နောက်ဘုရားတစ်ဆူကို ဖူးရမှန်းမသိဘဲ ကျွတ်ဆုမှဝေးကြမည့်ဘေးကို အလွန်ကြောက်လန့် သတိသံဝေဂရှိကြစေရန် ထို 'မေတ္တေယျဘုရား မဖူးရစေ' ဟူသောစကားရပ်ကို သဘောရိုးဖြင့်ထည့်သွင်းရေးထိုးခဲ့ခြင်းဖြစ်သည်။

ထေရဝါဒပိဋကတ်ပါဠိတော်လာသုတ္တန်တို့တွင် မြတ်စွာဘုရားရှင်က ဤဘဒ္ဒကမ္ပာ၌ မေတ္တေယျရှင်တစ်ဆူသာလျှင် ပွင့်ရန်ကျန်တော့သည်ဟု ညွှန်ပြထားပြီးဖြစ်ပါသည်။ ရာဇကုမာရ်အမတ်ကြီးသည် ဤဘဒ္ဒကမ္ပာ၌ ပွင့်တော်မူရန် ဘုရားတစ်ဆူတည်းသာကျန်သည့်အဖြစ်ကို အလေးဂရပြုသည့်အနေဖြင့် 'မေတ္တေယျရှင်ကို မဖူးတွေ့ရပါစေ'–ဟု ထုတ်ဖော်ရေးထိုးခြင်းဖြစ်သည်။ အချို့သောကောင်းမှုရှင်တို့ကမူ ဘုရားများစွာပွင့်ရန် ရှိသေးသည်ဟူ၍ 'အကမ္ဘာဘာပွင့်သောဘုရား ဖြစ်သောဘုရားနှင့် မကြုံရမဖူးရစေရန်'ဟုလည်း သုံးနှုန်းခဲ့

---

*၁ ဦးဝန်၏ တက္ကသိုလ်မြန်မာအဘိဓာန်၊ အဓိဋ်း–၁။ ၁၉၅၂–ခုနှစ်။ (စာမျက်နှာ–၉၈)။

*၂ မြန်မာစာအဖွဲ့၏ မြန်မာအဘိဓာန်။ ၁၉၉၁–ခုနှစ်။ (စာမျက်နှာ–၂၉)။


*၃ ဦးဖြေ၏ ပေါရာဏမူလကထာအဘိဓာန်။ ၁၉၂၆–ခုနှစ်။ (စာမျက်နှာ–၆၅)။

*၄ ဦးဖေမောင်တင်၏ ပုဂံကျောက်စာပါ ဗုဒ္ဓဘာသာ(စာတန်း)။ မြန်မာဝတ္ထုသုံးဦးအစုနှင့် သုတေသနစာတမ်းများ။ ၁၉၆၉–ခုနှစ်။ (စာမျက်နှာ–၃၅)။ Undoubtedly these curses are meant to prevent acts of Vandalism- U Pe Maung Tin' Buddhism in the Inscriptions of Pagan. FAPBRS. No.2. 1960. Page-437. ဆရာကြီးဦးဖေမောင်တင်သည် ဤစာတန်းကို ၁၉၃၆–ခုနှစ်က ရေးသားခဲ့ခြင်းဖြစ်သည်။ JBRS. Vol.26. Part I. 1936. Page 52-70.


*၅ တွင်းသင်းမင်းကြီး၏ ပေါရာဏကထာ။ ပေါရာဏကကထာဒီကာ။ ၁၉၀၄–ခုနှစ်။ (စာမျက်နှာ–၃၉)။

*၆ ပြင်းထန်သောအပြစ်ဒဏ်ရစေရန် ကျိန်စာရေးသောဓလေ့သည် ဗုဒ္ဓဘာသာဝင်တို့၏အလေ့မဟုတ်၊ ဝင်္ကြယာနဂိုဏ်းသားတို့၏အလေ့ဖြစ်သည်။ H.Kern (Tr.)' The Saddharmapuṇḍarīka. 1965. Page-374. မဉ္ဇုဿာတင်၏ ရွှေဟောင်းမြန်မာကျောက်စာလာ ပါဠို,သက္ကတသက် ဝေါဟာရများကို ဘာသာဗေဒအမြင်ဖြင့်လေ့လာခြင်း(ဒေါက်ရာ ၆၀၀–၆၂၂)။ ၁၉၈၉–၉၀ ခုနှစ်၊ အရှေ့တိုင်းပညာမဟာဝိဒ္ဓာဘွဲ့အတွက် တင်သွင်းသောကျမ်း။ လက်နှိပ်စက်မူ။ (စာမျက်နှာ–၈၃)။

http://www.dhammadownload.com



ပုဂံမြို့၊ အလောင်းစည်သူမင်းကြီးကောင်းမှု ရွှေဂူကြီးဘုရား(၁၅၈၉)။
OB - EP, III, 1970, Pl. 368 b.



မေတ္တေယျဆုတောင်းပါသော ရွှေဂူကြီးဘုရားကျောက်စာ။
BBHC, I, I, 1960, Pg.15.

http://www.dhammadownload.com

ကြသည်။ ဘုရားများစွာပွင့်ရန်ကျန်သည်၊ တစ်ဆူမမီ တစ်ဆူမီမည်ဟူသောအချက်ကို ခံယူထားပါမူကား ကုသိုလ်ကောင်းမှုအားထုတ်ရာ၌ ကျားကုပ်ကျားခဲတလေးတစားရှိကြတော့မည်မဟုတ်၊ ပေါ့တန်သွားနိုင်သည်။ သို့ဖြစ်၍ ရာဇကုမာရ်အမတ်ကြီး၏ 'မေတ္တေယျအဖူးရစေ' ဟူသော ဆုတောင်းစကားသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့အဖို့ အလွန်လေးနက်ထိရောက်သော သတိပေးစကားဖြစ်ပြန်သည်။

ရာဇကုမာရ်ကျောက်စာသည် ပုဂံခေတ်၌ အကောင်းဆုံးမြန်မာစကားပြေအရေးအသားကို ပြသသည့် ကျောက်စာတစ်ချပ်ဖြစ်သည်ဟု မြန်မာစာပေသမိုင်းပညာရှင်တို့ အမှတ်းတင်ခဲ့ကြသည်။ ထိုကျောက်စာကို မွန်ဘာသာ၊ ပျူဘာသာ၊ မြန်မာဘာသာနှင့် ပါဠိဘာသာ–ဟု လေးဘာသာဖြင့် ရေးထိုးခဲ့ရာတွင် မြန်မာမှုကို အခြေခံပြီး မွန်ဘာသာမှု၊ ပျူဘာသာမှုတို့သို့ ပြန်ဆိုခြင်းဖြစ်သည်ဟု ယူဆခဲ့ကြ၏။ ပါဠိဘာသာမှုသည် ကျန်သုံးမှုနှင့် အကြောင်းအရာအားဖြင့်တူသည်မှတပါး စာသားအနေအထားမတူ၊ အဖွဲ့အနွဲ့တန်ဆာဆင်ယင်ပုံမှာလည်း ကွဲပြားသည့်အလျောက် ကိုယ်ပိုင်အစီအစဉ်ဖြင့် တသီးတသန့်ရေးထားသောမှုဖြစ်လေသည်။[*၁]

ရာဇကုမာရ်ကျောက်စာ ပျူ၊ မြန်မာ၊ မွန်၊ ပါဠိ လေးဘာသာမှု ကျောက်စာတို့တွင် အရိမေတ္တေယျနှင့်စပ်၍ ဆုတောင်းထားပုံတို့မှာ အောက်ပါအတိုင်းဖြစ်၏။

ပျူဘာသာမှု။ ။ယံ ဗံး ဗူအေရိမေဒေယ့ ဒံ ဗး ဒ့ိ ဆိ့ း တိ်တ္ဂူမပံးဆေဆော။။ (ရာဇကုမာရ် ပျူကျောက်စာ၊ က–မှု၊ ကြောင်းရေ–၂၆)။[*၂]

မြန်မာဘာသာမှု။ ။ အရိမိတ္တိယာ ပုရာသွင် အဖူးရစိယ်။ ။(ရာဇကုမာရ်မြန်မာကျောက်စာ၊ က–မှု၊ ကြောင်းရေ–၃၉)။[*၃]

မွန်ဘာသာမှု။ ။(၃၂) ကျောက်တြေယ်မေတ္တယ်လးသြရ်ချေဟ်ဂေါဒ်။ ။ (ရာဇကုမာရ်မွန်ကျောက်စာ၊ က–မှု၊ ကြောင်းရေ–၃၃)။[*၄]

ပါဠိဘာသာမှု။ ။မေတ္တေယျ ဒိပဒိန္နဿ ဒဿနံ နာထိ ဂစ္ဆတူတိ။ ။ (ရာဇကုမာရ်ကျောက်စာ၊ က–မှု၊ ကြောင်းရေ–၄၀)။[*၅]

မြန်မာပြန်။ ။ထိုယုတ်မာသောသူသည် အခြေခွန်ခြောင်းရှိသော လူတို့၏အမှူးဖြစ်သော မေတ္တေယျ ဘုရားရှင်အား ဖူးမြင်ခြင်းကို မရပါစေသတည်း–ဟုဖြစ်သည်။[*၆]

---

*၁ မင်းသုဝဏ်၏ မြန်မာနိုင်ငံ ရှေးဓလေ့ဘာသာပြန်သမိုင်းအချုပ်(စာတန်း)။ ပန်းနှင့်ပင်စည်။ ၁၉၆၅–ခုနှစ်။ (စာမျက်နှာ–၁၉၀)။ ဆရာကြီး ဦးဖေမောင်တင်၏ မြစေတီကျောက်စာ(ဆောင်းပါး)။ နဝရတ်ဂိုးသွယ်၊ ၁၉၆၆–ခုနှစ်။ (စာမျက်နှာ–၃၃)။ ဒေါက်တာနိုင်ပန်းလှ၏ မြစေတီမွန်ကျောက်စာ။ ၁၉၉၇–ခုနှစ်။ (စာမျက်နှာ–၂၃)။

*၂ C.O. Blagden' Preliminary Study of the Fourth Text of the Myazedi Inscriptions. JRAS. April, 1911. Page-386.
ဦးသာမြတ်၏ မြစေတီပျူကျောက်စာ။ ၁၉၅၈–ခုနှစ်။ (စာမျက်နှာ–၁၈၊၂၅)။ ဦးသာမြတ်၏ ပျူဗတ်စာ။ ၁၉၆၃–ခုနှစ်။ (စာမျက်နှာ–၇၁၊ ၇၅)။

*၃ ဦးဖေမောင်၏ ပုဂံကျောက်စာလက်ရွေးစင်။ ၁၉၅၈–ခုနှစ်။ (စာမျက်နှာ–၄)။ ရှေးဟောင်းမြန်မာကျောက်စာများ။ ပထမတွဲ။ (စာမျက်နှာ–၂၊ ၅)။

*၄ C.O. Blagden' The Talaing Inscription of The Myazedi Pagoda at Pagan. JRAS. October, 1909. Page-1023.
C.O. Blagden' A Further Note on the Inscriptions of The Myazedi Pagoda, Pagan, and Other Inscriptions Throwing Light on them. JRAS. July, 1910. Page-802. နိုင်ပန်းလှ၏ မြစေတီမွန်ကျောက်စာ။ ၁၉၉၇–ခုနှစ်။ (စာမျက်နှာ–၂၇)။

*၅ ဦးသာမြတ်၏ မြစေတီပါဠိကျောက်စာ။ ၁၉၅၈–ခုနှစ်။ (စာမျက်နှာ–၈)။ ဦးတင်လွင်၏ ရာဇကုမာရ်ပါဠိကျောက်စာလေ့လာချက်။ ၁၉၈၉–ခုနှစ်။ (စာမျက်နှာ–၃၀)။

*၆ ဦးသာမြတ်၏ မြစေတီပါဠိကျောက်စာ။ ၁၉၅၈–ခုနှစ်။ (စာမျက်နှာ–၁၁)။

http://www.dhammadownload.com

၃။ အလောင်းစည်သူမင်းကြီး၏ ဆုတောင်း

ပုဂံခေတ်တွင် 'သီရိဇေယျသူရစည်သူ(စည်သူ-၁)၊ လောင်းစည်သူ၊ သက်တော်ရှည်၊ ချက်တော်ရှည်၊ ရွှေကူဒါယကာ၊ ဖြိတြိဘုဝနာ ဒီတျပဝရဓမ္မရာဇာ'စသော ဘွဲ့နာမံတို့ဖြင့်ကျော်ကြားခဲ့သော အလောင်းစည်သူမင်းကြီး (အေဒီ ၁၁၁၃-၁၁၆၀)သည် ဘုန်းကျက်သရေနှင့်ပြည့်စုံသော ဘုရားဆုပန်မင်းကြီးဖြစ်လေသည်။ ထို အလောင်းစည်သူမင်းကြီး၏ဘုန်းတန်ခိုးကြီးပုံ၊ ဖောင်စကြာဖြင့်လှည့်လည်သွားလာနိုင်ပုံ၊ သိကြားမင်းကပင် စောင့်ရှောက်ပုံတို့ကို ဦးကုလားမဟာရာဇဝင်ကြီးနှင့် မှန်နန်းမဟာရာဇဝင်ကြီးတို့၌ အကျယ်တဝင့်ဖော်ပြထားပြီးဖြစ်သည်။*၁

သိကြားမင်းကပင် ဘုရားရုပ်တုဆက်သလာရအောင် ဘုန်းတန်ခိုးကြီးမားလှသော ထိုအလောင်းစည်သူမင်းကြီးသည် သက်တော်ကြီးရင့်သောကာလ အကြီးအကျယ်နာမကျန်းဖြစ်ကာမေ့မျောနေစဉ် သားတော်ကံမတဝ်သျင် (နရသူခေါ် ကုလားကျမင်း၊ အေဒီ ၁၁၆၂-၁၁၆၅)က ထီးနန်းကချုပ်ပြီး မင်းကြီး၏ကောင်းမှုဖြစ်သော ရွှေဂူဘုရား (အမှတ်-၁၅၈၉)အတွင်း၌ အစောင့်မောင်းမတစ်ဦးနှင့်ထားခြင်းကိုခံရရှာ၏။ မင်းကြီးသတိရသော် 'ငါ့နန်းမဟုတ်ပါတကား' ဟုဆို၏။ အနားရှိကိုယ်လုပ်တော်က 'နန်းတော်မဟုတ်၊ မင်းကြီး၏ကောင်းမှုတော်' ဟုလျှောက်ထားရာ သားတော်နရသူ၏လက်ချက်မှန်းသိလျှင် အမျက်ကြီးစွာထွက်လေ၏။ တစ်ကိုယ်လုံး မီးကဲ့သို့ပူလောင်၏။ 'မင်းကြီးမသေ၊ ပြန်၍သတိရလာပြီ-' ဟူသောသတင်းကို သားတော်နရသူမင်း ကြားသိလျှင် ကမန်းကတန်းပြေးလာပြီး ခမည်းတော်မင်းကြီး အနာမှထမြောက်ပါက ငါ့ကိုသတ်လိမ့်မည်ဟုရွံ့ကာ အဝတ်ပုဆိုးဖြင့် ဖိ၍သတ်လေသောအခါမှ အလောင်းစည်သူမင်းကြီး အနိစ္စရောက်တော်မူရ၏။*၂

အလောင်းစည်သူမင်းကြီး၏ နောက်ဆုံးကာလအဖြစ်ဆိုးနှင့် အလောင်းစည်သူမင်းကြီး၏ဘိုးတော်ဖြစ်သူ ကျန်စစ်မင်းကြီးသည် ထီးနန်းမရရှာသော သားတော်ရာဇကုမာရ်အမတ်ကြီး၏အစီအမံဖြင့် နောက်ဆုံးကာလ၌ ကုသိုလ်တရားပွားများကာ ကြည်ကြည်လင်လင် ဘဝ၏နိဂုံးအဆုံးသတ်ရပုံတို့ကိုနှိုင်းယှဉ်ကြည့်ပါက သတိသံဝေဂရယူဖွယ်ဖြစ်သည်။

အလောင်းစည်သူမင်းကြီးသည် ရွှေဂူဘုရားကို အေဒီ-၁၁၃၁ ခုနှစ်၊ မေလ(၁၈)ရက်နေ့တွင် စတင်တည်ထားခဲ့ပြီး၊ အေဒီ ၁၁၃၁-ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်နေ့တွင် ပြီးစီးအောင်မြင်ခဲ့ပါသည်။*၃ ထိုရွှေဂူဘုရား၏တန်ဆောင်းအတွင်း၌ ဘေးတော်အနော်ရထာမင်း၏ရုပ်တုတော်မှစ၍ မင်းအဆက်ဆက် ရွှေရုပ်တုများကို သွန်းလုပ်ထားရှိ၏။ ထိုရွှေဂူဘုရား၏မြောက်ဘက်နံရံ မုခ်ဝတစ်ဖက်တစ်ချက်ရှိ ကျောက်ပြားနှစ်ချပ်ပေါ်၌ ဗုဒ္ဓဝင်ဆိုင်ရာအဖွဲ့အစွဲများနှင့် အလောင်းစည်သူမင်းကြီး၏ဘုရားဆုပန်ဆင်ပုံတို့ကို ပါဠိဘာသာဖြင့်ရေးထိုးထားခဲ့၏။ ထိုရွှေဂူကြီးဘုရားကျောက်စာသည် အရေးအသားညက်ညော၍ အဆင့်အတန်းမြင့်သော ပါဠိဂါထာများဖြင့်ရေးထိုးထားသော ကျောက်စာဖြစ်သည်။*၄ ထိုကျောက်စာ ဂါထာအမှတ်(၉၁) မှ (၉၄) တို့တွင် မင်းကြီး၏ မေတ္တေယျရှင်အား ဖူးတွေ့ရပါလိုကြောင်း ဆုတောင်းစကားတို့ကို အောက်ပါအတိုင်းရေးထိုးထားသည်။*၅

---

*၁ ဦးကုလား၏မဟာရာဇဝင်ကြီး၊ ပထမတွဲ။ ၁၉၂၉-ခုနှစ်။ (စာမျက်နှာ ၂၂၄-၂၂၈)။ မှန်နန်းရာဇဝင်တော်ကြီး၊ ပထမတွဲ။ ၁၉၃၃-ခုနှစ်။ (စာမျက်နှာ ၂၈၆-၃၀၈)။

*၂ ဦးကုလား၏မဟာရာဇဝင်ကြီး၊ပထမတွဲ။ ၁၉၂၉-ခုနှစ်။ (စာမျက်နှာ-၂၃၈)။ မှန်နန်းရာဇဝင်တော်ကြီး၊ ပထမတွဲ။၁၉၃၃-ခုနှစ်။ (စာမျက်နှာ-၃၀၄)။

*၃ Dr. Than Tun' History of Buddhism in Burma. A.D.1000-1300. JBRS. Vol. LXI. 1978. Page-11.

*၄ တိုဝိဋကပါဠိပြန်မာအဘိဓာန်။ အတွဲ-၁။ ၁၉၈၉-ခုနှစ်။ (စာမျက်နှာ-၅၁)။

*၅ ကျောက်စာရေးထိုးများကို ရည်ညွှန်းထားသည့်စာအုပ်ပါမူအတိုင်းသာဖော်ပြထားပါသည်။

http://www.dhammadownload.com

၉၁။ ကျွမိနာ ကတပုညေန မေ(ဓ)တ္တယျံ လောကနာယကံ။
ဗတ္တိသလက္ခဏူပေတံ ကေတုမာလာဝိရာဇိတံ။ ။
၉၂။ သောဘိတံ ကျန္ဒစာပေဟိ၊ မေရုရာဇံဝ စင်္ကံမံ။
ဓမ္မဒေသနာယ မောစေန္တံ၊ သတ္တေ သံသာရဗန္ဓနာ။ ။
၉၃။ ဒိသွာ သုတ္တာန သဒ္ဓမ္မံ၊ သသယံ လောကနာယကံ။
သက္ကစ္စံ ပူဇယိတ္တာန၊ ပစ္စယေဟိ စတူဟိ တံ။ ။
၉၄။ ဥပေတော အဋ္ဌဓမ္မေဟိ၊ ဗျာကတော တေန သတ္ထုနာ။
မဇ္ဈေဒေဝမဃသာနံ၊ ဗုဒ္ဓတ္တာယ ဘဝေယျ ဟံ။ ။[*၁]

အဟံ= ငါသည်၊ ကျွမိနာကတပုညေန= ဤကောင်းမှုကံကြောင့်၊ ဗတ္တိသလက္ခဏူပေတံ= နိဂြောဓဗိမ္ဗ စသည်ပြုပြီ ၃၂-ဖြာလက္ခဏာနှင့်ပြည့်စုံသော၊ ကေတုမာလာ ဝိရာဇိတံ= ကေတုမာလာတော်ဖြင့် တင့်တယ်ထသော၊ ကျန္ဒစာပေဟိ= စိမ်း,နီ,ပြာ,ဝါ ကျန္ဒာသနင်း သိကြားမင်းလေး သက်တင်ရေးတို့ဖြင့်၊ သောဘိတံ= တင့်တယ်သော၊ မေရုရာဇံဝ= တောင်တို့သနင်း မြင့်မိုရ်မင်းကဲ့သို့၊ စင်္ကံမံ မန္တံ= စင်္ကြံကြတော်မူလျက်၊ ဓမ္မဒေသနာယ= တရားဟောတော်မူခြင်းဖြင့်၊ သတ္တေ= သတ္တဝါတို့ကို၊ သံသာရဗန္ဓနာ= သံသရာတည်းဟူသောအနှောင်အဖွဲ့မှ၊ မောစေန္တံ = လွတ်စေတော်မူသော၊ မေတ္တေယျံ လောကနာယကံ= မိတ်နှင့်ရန်သူ အတူမပြား စီးပွားအောင်စိတ် ဖြစ်သည်ဟိတ်ကြောင့် အရိမေတ္တေယျအမည်တော်ရှိသောဘုရားရှင်ကို၊ ဒိသွာ = ဖူးမြင်ရ၍၊ သဒ္ဓမ္မံ= သူတော်ကောင်းတို့၏တရားတော်ကို၊ သုတ္တာန = ကြားနာရ၍၊ သသံယလောကနာယကံ= ရဟန်းသံဃာနှင့်တကွသော လူတို့ကို နိဗ္ဗာန်သို့ပို့ဆောင်တော်မူတတ်သော၊ တံ= ထိုအရိမေတ္တေယျမြတ်စွာဘုရားကို၊ စတူဟိ= လေးပါးကုန်သော၊ ပစ္စယေဟိ= ပစ္စည်းတို့ဖြင့်၊ သက္ကစ္စံ= ရိုသေစွာ၊ ပူဇယိတ္တာန= ပူဇော်၍၊ အဋ္ဌဓမ္မေဟိ= ဖြစ်ခါဘုရား လူဖြစ်ယောက်ျား တိဟိတ်သားနှင့် ဘုရားမြင်တွေ့ရသေ့ရဟန်း ဂုဏ်ပန်းစုံစွာ အဓိကာရ ဆန္ဒရွှေ့သွား ရှစ်ပါးအင်္ဂါ အကြောင်းအရာတို့နှင့်၊ ဥပေတော= ပြည့်စုံသည်ဖြစ်၍၊ တေန သတ္ထုနာ= ထိုအရိမေတ္တေယျဘုရားရှင်သည်၊ ဒေဝမနုဿာနံ= နတ်လူထပ်ထပ် ပရိသတ်တို့၏။ မဇ္ဈေ= တရားသဘင် ပွဲလည်ပြင်၌၊ ဗုဒ္ဓတ္တာယ=ဘုရားဖြစ်ခြင်းအကျိုးငှာ၊ ဗျာကတော= မည်သည့်အခါ ကပ်ကမ္ဘာ၌ ငါသို့ထင်ရှား ဘုရားဖြစ်လတ္တံ့ဟူသော ဗျာဒိတ်စကား မိန့်ကြားတော်မူအပ်သည်၊ ဘဝေယျံ= ဖြစ်ရလိုတ်၊-ဟုဖြစ်သည်။[*၂]

ပုဂံခေတ်ထိုးကျောက်စာ,မင်စာများ၌ဆုတောင်းကြပုံများ

. ရာဇကုမာရ်ကျောက်စာ၊ ရွှေဂူကြီးကျောက်စာတို့ကဲ့သို့ လူသိမများ မထင်ရှားသော ပုဂံခေတ်ထိုးအခြားကျောက်စာများတွင်လည်း ပုဂံသူပုဂံသားကောင်းမှုရှင်အများတို့၏ မေတ္တေယျအရှင်နှင့်စပ်လျဉ်း၍ ဆုတောင်းကြပုံတို့ကို လက်လှမ်းမီသရွေ့ကောက်နုတ်တင်ပြလိုပါသည်။

---

*၁ Pe Mung Tin and G.H. Luce' Inscriptions of Burma, Portfolio I. BBHC. Vol.I, Part 1. June,1960. Page-15. ရွှေဟောင်းပြန်မာကျောက်စာများ။ ပထမတွဲ။ ၁၉၇၂-ခုနှစ်။ (စာမျက်နှာ-၁၇)။

*၂ မြန်မာပညာရှိဦးဘေ၏ ရွှေဂူကြီးဘုရားကျောက်စာဂါထာ(၁၀၀)နီသျှ။ ၁၉၁၀-ပြည့်နှစ်။ (စာမျက်နှာ-၃၉။) ထိုနိဿျ၌ ဂါထာအမှတ်(၉၄)၊ စတုတ္ထပဒလာ 'ဗုဒ္ဓတ္တာယ'ကို 'ဗုဒ္ဓတ္ထာယ'ဟုပြင်၍ အနက်ပေးထားသည်။

http://www.dhammadownload.com

၁။ ငါ ကာ မိတြျာ(၆)*၀ ပုရာ သွိင်ထဲ ဗျာဒိသ ရရှိယ် သတာ ခပ်သိမ်သော (ဂ)*၀ ကွဝ် သသ်ရာ ဆိုဝ်ငြယ်မှ၊ ကာယ် ပိတတ်သော ဖွစ်(၈)*၁ လွှဝ်သောတေဒ်။ ။

သက္ကရာဇ် ၅၄၄-ခု (အေဒီ ၁၁၈၂-ခုနှစ်) ထိုး မန္တလေးမြို့၊ နန်းတွင်းရုံတွင် အမှတ်-၂၁၊ အိုနသင်ကျောက်စာ။ ကြောင်းရေ-၅။*၂

၂။ မဟာမိတ္တရျာ သဘင်နှိုက်အာ ထင်ရှာ(၃၁)စွာသော ပြစ်ညာနှင့် ဖွညည်စုံသော ရဟန္တာအဖွစ် လို(၃၂)ဝ် သောတေ။

သက္ကရာဇ် ၅၅၂-ခု (အေဒီ ၁၁၉၀-ပြည့်နှစ်) ထိုး ပုဂံမြို့၊ ဓမ္မရံကြီးဘုရားတောင်ဘက်ရှိ တောင်ဂူနီဘုရားအတွင်းမှ တွေ့ရှိရသော အမတ်ကြီးသိဃ်သူရ်ကျောက်စာ။ ကျောမျက်နှာ။ ကြောင်းရေ-၃၀။*၃

၃။ (၁) သသ်ရာနှိုက် ညိဝေယ်ရကာ အရိယမိတ္တညည် လ(၂)က်ထက် ရဟန္တာမွန် ဖွစ်ရှယ်အကတ် ထိုဝ် နှိုက်(၃)ရ၌ငှ်သော ဤ ငါလူသကောင်မှုအကွိုဝ်ကာ လူန(၄)တ် တကာ သတ္တဝါလေညည် ရစာပါစေသတေညည်။

သက္ကရာဇ် ၅၅၆-ခု (အေဒီ ၁၁၉၄-ခုနှစ်) ထိုး မန္တလေးမြို့၊ နန်းတွင်းရုံတွင် အမှတ်-၄၉၊ အမတ်ကြီးသုဖရမ်ကျောက်စာ။ ကျောမျက်နှာ။ ကြောင်းရေ-၁။*၄

၄။ ကွယ်ကျွာန် ၄ ယောက် ပုဟြာသွိင် ငါ ပိယ်သကာ(၆)မိတြျာလျှင် အာ ငါ ကွတ်လိုဝ်သော တေ။

သက္ကရာဇ် ၅၅၈-ခု (အေဒီ ၁၁၉၆-ခုနှစ်) ထိုး ပုဂံမြို့၊ ပုဂံပြတိုက် ကျောက်တိုင်အမှတ်-၁၂၊ သခင်ငပွဲသောင်ကျောက်စာ။ ကျောမျက်နှာ။ ကြောင်းရေ-၆။*၅

၅။ (၁၀) ဤယ် ငါ ကောင်မှ မူသော (ဤ)ဝ်အာ) (၁၁) ဖွင်ကာ မိတ္တာ ပုရာ = သွိင်.(၁၂) ပုရာ = ဖွစ် သရောဝ် အာ = အ (ဂ) (၁၃) ဟန္တာဆု ရလိုဝ်သူတေ။

သက္ကရာဇ် ၅၆၃-ခု (အေဒီ ၁၂၀၁-ခုနှစ်)။ မလိုင်မြို့၊ သာထွန်းဓရာအရှေ့ဘက်ဆုတောင်းပြည့်ဘုရားရှိ သင်္ကြားညောင်ဥပ် ကျောက်စာ။ ကျောမျက်နှာ။ ကြောင်းရေ-၁၀။*၆

၆။ (၁၉) ဤ ငါ အလူကိုဝ် ခိပင် (၂၀) သသူကာ ငါ နှင် အတူ တုသိတာနှိုက် မျတ္တညည်ပုရာလော (၂၁) ငှ် နှင် အကွ စုလာမနိစေတီနှိုက် လုပ်ကွညည်လျက် အ(၂၂)ငိအကွ ဖွစ် စိယ်သတေ။

သက္ကရာဇ် ၅၆၈-ခု (အေဒီ ၁၂၀၆-ခုနှစ်) ထိုး ပုဂံမြို့ အနောက်ဖွားစောရွာ သမုတိဘုရားအတွင်း၌တွေ့ရှိသော မင်းသမီးစိုးမင်းတို့ကျောက်စာ။ ကြောင်းရေ-၁၉။*၇

---

*၁ ( ) အတွင်းရှိ ဂဏန်းသည် ဆိုင်ရာကျောက်စာချုပ်ပါ စာကြောင်းရေကို ရည်ညွှန်းထားခြင်းဖြစ်သည်။

*၂ ရွှေဟောင်းမြန်မာကျောက်စာများ၊ ပထမတွဲ။ ၁၉၇၂-ခုနှစ်။ (စာမျက်နှာ-၄၄)။

*၃ ရွှေဟောင်းမြန်မာကျောက်စာများ၊ ပထမတွဲ။ ၁၉၇၂-ခုနှစ်။ (စာမျက်နှာ-၅၂)။

*၄ ရွှေဟောင်းမြန်မာကျောက်စာများ၊ ပထမတွဲ။ ၁၉၇၂-ခုနှစ်။ (စာမျက်နှာ-၃၆၁)။

*၅ ရွှေဟောင်းမြန်မာကျောက်စာများ၊ ပထမတွဲ။ ၁၉၇၂-ခုနှစ်။ (စာမျက်နှာ-၅၇)။

*၆ ရွှေဟောင်းမြန်မာကျောက်စာများ၊ ပထမတွဲ။ ၁၉၇၂-ခုနှစ်။ (စာမျက်နှာ-၇၂)။

*၇ ရွှေဟောင်းမြန်မာကျောက်စာများ၊ ပထမတွဲ။ ၁၉၇၂-ခုနှစ်။ (စာမျက်နှာ-၈၂)။

http://www.dhammadownload.com

၇။ မိတြျာ ပုရာ သ ခင် (အာ) (၁၆) မြင်လုဝ် ဘူ လုဝ် ဝ ။ ဝ ။
သက္ကရာဇ် ၅၇၃-ခု (အေဒီ ၁၂၁၁-ခုနှစ်)ထိုး မန္တလေးမြို့၊ နန်းတွင်းရုံတွင်အမှတ် ၄၃၉ နှင့် ၁၄၉၊ ကျွန်လူသော ကျောက်စာ။ ကြောင်းရေ-၁၅။[*၁]

၈။ အ တိုင် ငစာ ရိ(ယ်) သု လေ မဟာ မိတြျာ ဖူ လု(၁၉) ဝ် သောတေ=။
သက္ကရာဇ် ၅၇၈-ခု (အေဒီ ၁၂၁၆-ခုနှစ်) ထိုး မန္တလေးမြို့၊ နန်းတွင်းရုံတွင်အမှတ်-၂၉၆ နှင့် ၄၂၂ ကျောက်စာ။ ကြောင်းရေ-၁၈။[*၂]

၉။ မျစ် တည့် ပုရာ သွိင် ဖွ စ် သော မဖူ ရ စိယ် သော ဟူ ဣာ။
သက္ကရာဇ် ၅၈၇-ခု (အေဒီ ၁၂၂၅-ခုနှစ်)ထိုး မိတ္ထီလာမြို့တောင် ကျောက်ဘုရွာအနောက်ဘက်ရှိ ဦးဘိုးအောင် လယ်မှရသော ဖုန်သည်သုခမိန်ကျောက်စာ။ ကြောင်းရေ-၁၅။[*၃]

၁၀။ မေတ္တေယျ(သတ္တုသ) (၁၄)...ဟေယျ ဗုဒ္ဓါ၊ တသာန္နု သာသန ကရော အရဟာ ဘဝိတ္တာ၊ ဂန္ဆေယျ (၁၅) ။ ဝ ။...
သက္ကရာဇ် ၅၉၂-ခု (အေဒီ ၁၂၃၀-ပြည့်နှစ်)ထိုး ပုဂံမြို့၊ လောကနန္ဒာဘုရားတံတိုင်းအတွင်းမှတွေ့ရသော မဟာဒါနပတိ အမတ်ကျောက်စာ။ ကြောင်းရေ-၁၃။[*၄]

၁၁။ မိ တ္တိ ရျာ ဘု ရာ ကိုဝ် မန္တျတ် မလွယ်လျှင် ဖူလတ်၍(၈)။
သက္ကရာဇ် ၅၉၃-ခု (အေဒီ ၁၂၃၅-ခုနှစ်)ထိုး ပုဂံမြို့ မင်းနန်သူရွာ ထောက်လှော်ကားဘုရားအတွင်း၌ရှိသော မင်းသား ထောက်လှော်ကားကျောက်စာ။ ကြောင်းရေ-၂၄။[*၅]

၁၂။ (ဘုရာ ပစ္စေကဗုဒ္ဓါ) ရဟန္တာ ဒသကိုဝ် မတောာ (၅၀) ဝ် သသူကာ မိတ်တည့် ဖွ စ် ရွယ် (ဓမ္မစက္ကြာတြာ နာရသောက္ကတ်) ပါစေကုန်သတေ။ ။
သက္ကရာဇ် ၅၉၈-ခု (အေဒီ ၁၂၃၆-ခုနှစ်)ထိုး ပုဂံမြို့ ငှက်ပစ်တောင်ဘုရားအနီး ရွှေစည်းခုံဘုရားအရှေ့တောင်၌တွေ့ရသော ရာဇသူရသမီးမောင်နံကျောက်စာ။ ကျောမျက်နှာ။ ကြောင်းရေ-၄၉။[*၆]

၁၃။ ဖုရာ မိန် တြျာ လျှာင် ဖူ လိုဝ် သ တော။
သက္ကရာဇ် ၆၀၀-ပြည့် (အေဒီ ၁၂၃၈-ခုနှစ်)ထိုး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ဆူးဖြူကုန်းရွာ ဦးကြည့်၏ယာအတွင်းမှ တွေ့သော မဟာဂေါတမဘုရားကျောက်စာ။ ကြောင်းရေ-၁၁။[*၇]

---

*၁ ဦးငြိမ်းမောင်၏ ရှေးဟောင်းမြန်မာကျောက်စာများ၊ ဒုတိယတွဲ။ ၁၉၈၂-ခုနှစ်။ (စာမျက်နှာ-၂၀၉)။
*၂ ရှေးဟောင်းမြန်မာကျောက်စာများ၊ ပထမတွဲ။ ၁၉၇၂-ခုနှစ်။ (စာမျက်နှာ-၁၁၇)။
*၃ ရှေးဟောင်းမြန်မာကျောက်စာများ၊ ပထမတွဲ။ ၁၉၇၂-ခုနှစ်။ (စာမျက်နှာ-၁၇၄)။
*၄ ရှေးဟောင်းမြန်မာကျောက်စာများ၊ ပထမတွဲ။ ၁၉၇၂-ခုနှစ်။ (စာမျက်နှာ-၂၁၆)။
*၅ ရှေးဟောင်းမြန်မာကျောက်စာများ၊ ပထမတွဲ။ ၁၉၇၂-ခုနှစ်။ (စာမျက်နှာ-၂၆၇)။
*၆ ရှေးဟောင်းမြန်မာကျောက်စာများ၊ ပထမတွဲ။ ၁၉၇၂-ခုနှစ်။ (စာမျက်နှာ-၂၉၇)။
*၇ ဦးငြိမ်းမောင်၏ ရှေးဟောင်းမြန်မာကျောက်စာများ၊ ဒုတိယတွဲ။ ၁၉၈၂-ခုနှစ်။ (စာမျက်နှာ-၁)။

http://www.dhammadownload.com

၁၄။ ဤယ်ကံဖါတွင်နိုက် မိတ်တြျာမည်သော ပုရှာသွိင် ဖွ (၁၂) စ် လတ် တံ်။ ထိုဝ်ပုရှာသွိင် ထံနိုက် သဟာပတိသံဖိတာနှင်အကွ ဆင်ထ (၁၃) လျက်သော မ္လတ်သော အရဟန်တာဆု မလွယ်လျင် ရလိုဝ်သတေ။
သက္ကရာဖ် ၆၀၁-ခု (အေဒီ ၁၂၃၉-ခုနှစ်)ထိုး ပုဂံမြို့ ဝက်ကြီးအင်းတန်ဆောင်းအတွင်းမှရသော သင်လျင်သိရတ် မောင်နှံကျောက်စာ။ ကြောင်းရေ-၁၁။[*၁]

၁၅။ မေတ္တည်မည်သော ဖုရှာသွိင်ဓံတာဝ်နိုက် မျက်မှောက်ကင်ကာ ကွတ် ချင် ရကာ။
သက္ကရာဖ် ၆၁၀-ပြည့် (အေဒီ ၁၂၄၈-ခုနှစ်)ထိုး ပုဂံမြို့ မင်းနန်သူရွာ သမ္ဘုလဘုရားတောင်ဘက် ရှင်မဟာကဿပ ကျောင်းတဲတိုင်းအတွင်းမှရသော မင်းသမီးအစောကြွမ်းကျောက်စာ။ ကြောင်းရေ-၃။[*၂]

၁၆။ (၂၈) ကုမိနာပုညကမ္မေန၊ မေတ္တေယျံ ဒဿနံ မမ။
အနာဂတမှိ အဒ္ဓါ(၂၉)နေ၊ သဗ္ဗညူစ ဘဝေယျဟံ။
သဗ္ဗညုတံ ပါပုနိတွာ၊ သန္တာရိသံ သဒေဝကံ။
သက္ကရာဖ် ၆၁၅-မှ (အေဒီ ၁၂၅၃-ခုနှစ်) ထိုး ပုဂံမြို့၊ ဓမ္မရံကြီးဘုရား အနောက်မုခ်ဆောင်အတွင်းရှိ ဓမ္မရံကြီးဘုရား ကျောက်စာ။ ကြောင်းရေ-၂၈။[*၃]

၁၇။ ပုရာ သွိင် မဟာပိတ္တြာ ဖွ စ်သောလေ မ (၂၅) ဖူရစိယ်။'
သက္ကရာဖ် - ? ။ ပုဂံမြို့၊ မင်းနန်သူရွာ၊ ကဿပဘုရားအရှေ့မြောက်စေတီပျက်မှရသော ကျွန်နှင့်မြေလှူသော လေးမျက်နှာ ကျောက်စာ။ ဝဲဘက်ဘေးချပ်ကြောင်းရေ-၂၄။[*၄]

၁၈။ မိတ္တြာ ပုရာ (၂၅) ဖွ စ်လစ်သောခါ ပုရာဟ္ရေ ဓမ္မစက္ကြာ တြာ ကြာက အက္ကတ် ရရ (၂၆) ယ် နိဗ္ဗန် မည်သော မသိယ်ပြည် ဝင်စိယ်သတေ။
သက္ကရာဖ် ၆၂၄-ခု (အေဒီ ၁၂၆၂-ခုနှစ်) ထိုး ပုဂံမြို့၊ အိုန်ရောက်သင်ကျောင်းမှတွေ့ရှိသော အိုန်ရောက်သင် ကျောက်စာ။ ကြောင်းရေ-၂၄။[*၅]

၁၉။ ပုရာ မ္လတ်စွာ မိတ္တြာလက်ထက် အမိုက်အမျက် ရမ်မက်အန်သအရဟန္တာ ဖွ စ်ရယ် နှစ်ဆစ် (၇) မယ္လန် နိဗ္ဗန်မည်သော မသိယ်ပြည်လျင် ဝင်ရလိုဝ်သတေ။
သက္ကရာဖ် ၆၂၄-ခု (အေဒီ ၁၂၆၂-ခုနှစ်) ထိုး ပုဂံမြို့၊ ဖွားစောရွာတောင်ဘက် ကဖွန်းအိုကျောင်းမှတွေ့သော စိုးမင်းကြာ သဝတ်လင်မယားကျောက်စာ။ ကျောမျက်နှာ။ ကြောင်းရေ-၆။[*၆]

---

*၁ ဦးငြိမ်းမောင်၏ ရှေးဟောင်းဗြန်မာကျောက်စာများ၊ ဒုတိယတွဲ။ ၁၉၈၂-ခုနှစ်။ (စာမျက်နှာ-၁၀)။
*၂ ဦးငြိမ်းမောင်၏ ရှေးဟောင်းဗြန်မာကျောက်စာများ၊ ဒုတိယတွဲ။ ၁၉၈၂-ခုနှစ်။ (စာမျက်နှာ-၉၉)။
*၃ ပါမောက္ခဦးဘေမောင်၏ ပုဂံကျောက်စာလက်ရွေးစင်၊ ပထမအုပ်။ ၁၉၅၈-ခုနှစ်။ (စာမျက်နှာ-၁၈၁)။
*၄ ဦးငြိမ်းမောင်၏ ရှေးဟောင်းဗြန်မာကျောက်စာများ၊ ဒုတိယတွဲ။ ၁၉၈၂-ခုနှစ်။ (စာမျက်နှာ-၂၄၈)။
*၅ ဦးငြိမ်းမောင်၏ ရှေးဟောင်းဗြန်မာကျောက်စာများ၊ တတိယတွဲ။ ၁၉၈၃-ခုနှစ်။ (စာမျက်နှာ-၆)။
*၆ ဦးငြိမ်းမောင်၏ ရှေးဟောင်းဗြန်မာကျောက်စာများ၊ တတိယတွဲ။ ၁၉၈၃-ခုနှစ်။ (စာမျက်နှာ-၁၁)။

http://www.dhammadownload.com

၂၀။ ဤကျွန်လူရသ အကွိုင်ကာ မိတြာပုရာ လေါင်ပု (၁၅) ရာ ဖွစ်သရုပ်ခါ ဓမ္မစကြာ တြာဉီးနာရုယ် ရဟန္တာ အ (၁၆) ဖွစ် တိုင် ပြိ မူ ကာ အဆုံကာ နိယ်ရဗန်ဆုလျှင် ဝ (၁၇) င် ရ လိုဝ် သတေ။

သက္ကရာဇ် ၆၂၅-ခု (အေဒီ ၁၂၆၃-ခုနှစ်) ထိုး ပုဂံပြတိုက်ရှိ အမှတ်-၃၄၊ ငါမိုဝ်သင်္ကန်းမယားကျောက်စာ။ ကြောင်းရေ-၁၄။*၁

၂၁။ သသ်ရာနိုက် ကျင်လည်ရုယ် မိတ္တရျာပုရာ မျက်မှောက်ကင်ကာလျှင်။ ဝ ။ (၁၅) မ္လ တ်သ အကွတ် တရာ ရလိုဝ် သတေ။ ဝ။

သက္ကရာဇ် ၆၂၈-ခု (အေဒီ ၁၂၆၆-ခုနှစ်) ထိုး ပုဂံမြို့၊ မင်းနန်သူရွာအနီး အားမနာကျောင်းအတွင်းတွေ့ရသော သီယ်သူသမီး ကျောက်စာ။ ကြောင်းရေ-၁၄။*၂

၂၂။ ဤယ် ဂ အ လူ ကိုဝ် ဖျက် သသူကာ မိတျာ ပုရာ မဖု စိယ်ဒ် သတေ။

သက္ကရာဇ် ၆၃၄-ခု (အေဒီ ၁၂၇၂-ခုနှစ်)ထိုး ပုဂံမြို့၊ အနောက်ဖွားစောရွာ သစ်မထီးစေတီအနီး၌တွေ့ရသော သစ်မထီး ကျောင်း ကျောက်စာ။ ကြောင်းရေ-၈။*၃

၂၃။ တုသိတာပူရ မည်သော နတ်ပြည်နိုက်။ အရိယမေတ္တည် ပုရာလေါင်ထံ ဖွစ်လိယ်ရ (၁၀) ယ် စုလွည် တဝ်ဓါမနာသော စူလာမနိစေတီထံနိုက် သွင်သည် မွန် ဖွစ် လိယ် ဆျင် အော်။

သက္ကရာဇ် ၆၃၇-ခု (အေဒီ ၁၂၇၅-ခုနှစ်)ထိုး ပုဂံမြို့၊ ဓမ္မရာဇိကဘုရားမြောက် ကုသသမုတိဘုရား၌တွေ့ရသော နရသီဟပတေ့မင်း၏အရီးစောမိဖွားကျောက်စာ။ ကြောင်းရေ-၉။*၄

ပုဂံခေတ်နောက်ပိုင်း၌တွေ့ရသော မေတ္တေယျဆုတောင်းအချို့

သမိုင်းပညာရှင်တို့၏အယူအဆအရ ပုဂံခေတ်ကို နရသီဟပတေ့မည်သော တရုက်ပ္လိ ယ်=တရုတ်ပြေးမင်း (အေဒီ ၁၂၅၆-၁၂၈၇)လက်ထက်ကုန်သည်အထိ သတ်မှတ်ထားသည်ဖြစ်ရာ*၅၊ ထိုတရုတ်ပြေးမင်းလက်ထက် အေဒီ-၁၂၈၇ နောက်ပိုင်း၌ ပုဂံနှင့်အခြားဒေသတို့တွင်တွေ့ရသောကျောက်စာ,မင်စာတို့ပါ မေတ္တေယျရှင်နှင့် စပ်လျဉ်းသောဆုတောင်းအချို့ကိုလည်း တင်ပြလိုပေသည်။

၁။ အဆုံစွန်သော ကိုဝ် အ (၁၃) ဖွစ် နိုက္ကာ။ မိတ္တရျာ ပုရာသွိင် တင်တယ်ခြင်သိုဝ်လျှင် တင်တယ်လျက်။ လူနတ်ခပ်သိသော (၁၄) ကိုဝ်။ သင်သရာဆိုဝ် ငြယ်မှ ကယ်ပိယ်လျက်။ နိယ်ရပန် ပြည်ကြိသိုဝ်လျှင် ဘောင်ပိယ်ကု (၁၅) နှ် လျက်။ သမ္မညုတညှ်နှ်ပုရာဆူလျှင် ပ္လ ညွှံ ဆျင်ဇ။အော်။ ဝ။

သက္ကရာဇ် ၆၅၃-ခု (အေဒီ ၁၂၉၁-ခုနှစ်) ထိုး ပုဂံမြို့၊ မင်းနန်သူရွာ၊ စောလှဝန်းဘုရားအတွင်းရှိ သွိင်ရာဇသူနှင့် အမိဘွားစော ကျောက်စာ။ ကျောမျက်နှာ။ ကြောင်းရေ-၁၂။*၆

---

*၁ ဦးငြိမ်းမောင်၏ ရှေးဟောင်းမြန်မာကျောက်စာများ၊ တတိယတွဲ။ ၁၉၈၃-ခုနှစ်။ (စာမျက်နှာ-၂၀)။

*၂ ဦးငြိမ်းမောင်၏ ရှေးဟောင်းမြန်မာကျောက်စာများ၊ တတိယတွဲ။ ၁၉၈၃-ခုနှစ်။ (စာမျက်နှာ-၂၉)။

*၃ ဦးငြိမ်းမောင်၏ ရှေးဟောင်းမြန်မာကျောက်စာများ၊ တတိယတွဲ။ ၁၉၈၃-ခုနှစ်။ (စာမျက်နှာ-၈၂)။

*၄ ဦးငြိမ်းမောင်၏ ရှေးဟောင်းမြန်မာကျောက်စာများ၊ တတိယတွဲ။ ၁၉၈၃-ခုနှစ်။ (စာမျက်နှာ-၁၀၃)။

*၅ Dr. Than Tun' History of Buddhism in Burma. A.D 1000-1300. JBRS. Vol. LXI. 1978. Page-13.

*၆ ဦးငြိမ်းမောင်၏ ရှေးဟောင်းမြန်မာကျောက်စာများ၊ တတိယတွဲ။ ၁၉၈၃-ခုနှစ်။ (စာမျက်နှာ-၁၅၆)။

http://www.dhammadownload.com

၂။ ငါလေ မိ တြာ ဖု (၂၄) ရှာလျှင် ဗျာတိတ်ခံရလိုဝ် သတေ။ ဝ။

သက္ကရာဇ် ၆၅၆-ခု (အေဒီ ၁၂၉၄-ခုနှစ်) ပုဂံမြို့ တောင်ဘီရွာ ကုန္ဒပဖွရာဘုရားရှိ ကုန္ဒပဖွရာဘုရားကျောက်စာ။ ကြောင်းရေ-၂၃။[*၁]

၃။ မျတ်တည် ပုရှာ သွိင် လက်ထက်လျှင် ရဟန္တာဆု လိုဝ်သတေ။ ။

သက္ကရာဇ် ၆၆၀-ပြည့်နှစ် (အေဒီ ၁၂၉၈-ခုနှစ်) ထိုး အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမဟာန်ဘုန်းကြီးကျောင်းတွင်ရှိခဲ့သော သုဇာတာ ဂဏာန်ိဆွမ်းကပ်ရာဌာနကျောက်စာ။ ကြောင်းရေ-၁၉။[*၂]

၄။ မိတ်တည် ပုရာသွိင် ဖွ စ် သရှင် ခါနှိုက် မ၍(၅)တ် ဖူ ခွင်သောကြောင့်...

သက္ကရာဇ် ၆၆၁-ခု (အေဒီ ၁၂၉၉-ခုနှစ်)ထိုး ကျောက်ဆည်မြို့ စမာရွာ၊ ကူထွေတောရကျောင်း၌တွေ့ရသော မိဖုရားစော ကျောက်စာ။ ကြောင်းရေ-၄။[*၃]

၅။ ပြည်ကြီခွင်သ အသက်ရှည် (၁၄) ခွင်သ အနာမဲခွင် အသံသာခွင်သ မိတည်မည်သ ဖုရာဖွ စ် သောခါ ဖွ စ်ပါခွင်သတေ...

(၂၁) မိတေည် မည်သ ဖုရာဖွ စ်လစ်သောခါ ဖုပါရလိုဝ်သတေ။

သက္ကရာဇ် ၆၆၅-ခု (အေဒီ ၁၃၀၅-ခုနှစ်)ထိုး မြင်စိုင်းမြို့ အရေးမစစ်ရွာ ဆုတောင်းပြည့်ဘုရားမှတွေ့ရသော မင်းမတ် သုဖရစ် စသောသူတို့ကျောက်စာ။ ကြောင်းရေ-၁၄ နှင့် ကြောင်းရေ-၂၁။[*၄]

၆။ မိတ္တာရျာ ဘုရှာကိုဝ်လျှင် ဘူလိုဝ်သ (၁၆)တေ။

သက္ကရာဇ် ၆၆၉-ခု (အေဒီ ၁၃၀၇-ခုနှစ်)၊ မန္တလေးမြို့၊ နန်းတွင်းရံတွင် အမှတ်-၈၈၊ လှည်းဂျူးနှင့် အမတ်ကြီးရာဇ သင်ကြွတို့ကျောက်စာ။ ကြောင်းရေ-၁၅။[*၅]

၇။ ဤ (၁၄) ယ် ငါ ကောင်မှုကိုဝ် ယ္တ တ်နိုဝ် ပါသော သုတ်တိုဝ် ကာ မိ (၁၅) တြာ ပု ဟ်ာ သွိင် နှိုက် လျှင် အကတ် တြာ ရ စိယ် ကုန် သတေ။

သက္ကရာဇ် ၆၇၃-ခု (အေဒီ ၁၃၁၁-ခုနှစ်) ထိုး မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ အနိမ့်ရွှေဂူဘုရား မဟာဒါန်တိုက်မှရသော ဆုံသည်အိုမ်ကန်တူကျောင်းကျောက်စာ။ ကြောင်းရေ-၁၃။[*၆]

၈။ ဤ ငကောင်မှုကိုဝ် (ဖျ) (၂၁) က် ရစ် သသူကာ ဘုရာ မိတ္တာရျာ မဘူစေသတေ။

သက္ကရာဇ် ၆၈၈-ခု (အေဒီ ၁၃၂၆-ခုနှစ်)၊ ကျောက်ဆည်မြို့၊ သန်ရွာ၊ ငပြောင်ဆည်ထိပ်ရှိ ရတနသင်ကြမယားကျောက်စာ။ ကြောင်းရေ-၂၀။[*၇]

---

*၁ ဦးငြိမ်းမောင်၏ ရွှေဟောင်းမြန်မာကျောက်စာများ၊ တတိယတွဲ။ ၁၉၈၃-ခုနှစ်။ (စာမျက်နှာ-၁၇၅)။

*၂ ဦးငြိမ်းမောင်၏ ရွှေဟောင်းမြန်မာကျောက်စာများ၊ တတိယတွဲ။ ၁၉၈၃-ခုနှစ်။ (စာမျက်နှာ-၁၉၂)။ Mitra' Buddha Gaya. 1972. Page-208တွင် Colonel Burney အကွရာဖလှယ်ထားသောမူ၌ 'အရိမတေဘုရားသခင်လက်ထက်လျှင် ရဟန္တာဆုလိုသတည်-'ဟု ပြုထားသည်။ SOSA Bulletin of Burma Research, Vol. 1, No.2, 2003. Page-10 တွင် 'အရိယမေတ္တေးယျဘုရာသခင်လက်ထက်လျှင်' ဟု မင်ကူးပုံနှင့်ဖော်ပြထားသည်။

*၃ ဦးငြိမ်းမောင်၏ ရွှေဟောင်းမြန်မာကျောက်စာများ၊ တတိယတွဲ။ ၁၉၈၃-ခုနှစ်။ (စာမျက်နှာ-၁၉၇)။

*၄ ဦးငြိမ်းမောင်၏ ရွှေဟောင်းမြန်မာကျောက်စာများ၊ တတိယတွဲ။ ၁၉၈၃-ခုနှစ်။ (စာမျက်နှာ-၂၂၆)။

*၅ ဦးငြိမ်းမောင်၏ ရွှေဟောင်းမြန်မာကျောက်စာများ၊ တတိယတွဲ။ ၁၉၈၃-ခုနှစ်။ (စာမျက်နှာ-၂၃၄)။

*၆ ဦးငြိမ်းမောင်၏ ရွှေဟောင်းမြန်မာကျောက်စာများ၊ တတိယတွဲ။ ၁၉၈၃-ခုနှစ်။ (စာမျက်နှာ-၂၆၁)။

*၇ ဦးငြိမ်းမောင်၏ ရွှေဟောင်းမြန်မာကျောက်စာများ၊ တတိယတွဲ။ ၁၉၈၃-ခုနှစ်။ (စာမျက်နှာ-၃၀၇)။

http://www.dhammadownload.com

၉။ မိတ္တေယျကျော်၊ ရှင်တောမြတ်စွာ၊
ဖြစ်သောခါမှ၊ သံသာပျံ့ပျူး၊
ဟေကျူပြီ၊ ပတိသမ္ဘိတာ၊
ဆလာဘိညည်၊ ယှဉ်သမ့်မကွာ၊
ရဟန်တာလျှင်၊ ဖြစ်ပါချင်ဟု–။

သက္ကရာဇ် ၉၁၄–ခု (အေဒီ ၁၅၉၂–ခုနှစ်)ထိုး ပုဂံမြို့၊ မြင်းပုဂံရွာအစပ် ဂူပြောက်ငယ်ဘုရား၏အရှေ့အာရုံခံ တောင်ဘက်နံရံ၌ ထိုဂူဘုရားပြုပြင်သူ ပွဲမင်းမောင်ဖိုး၏သက်သေတိုင်ရတုမင်စာ၊ ကြောင်းရေ–၂၁။[*၁]

၁၀။ ငါ(၆)တိုဝ် တစုသည် အဆွေအမျိုးဝ်သာဖြစ်၍ မိတည်ဘုရားမြတ်စွာကိုဝ်(၇)ဖူတွေရ၍ တောင်တတိုင် ပြည့်စုံမ်သည် ဖြစ်ကုန်လိုဝ်၏။

သက္ကရာဇ် ၉..... (အေဒီ ၁၅.....ကျော်)၊ ပုဂံမြို့၊ အပယ်ရတနာလိုဏ်ဂူဘုရားမင်စာ၊ ကြောင်းရေ–၅။[*၂]

မြန်မာ့ကျမ်းပြုပုဂ္ဂိုလ်ကျော်တို့၏ ဆုတောင်းများ

ပုဂံခေတ်ထိုးကျောက်စာ, မင်စာတို့၌ဖော်ပြပါရှိသော မေတ္တေယျဆိုင်ရာဆုတောင်းစာများကို တင်ပြပြီးသည့်နောက်၊ မြန်မာ့ဂန္ထဝင်စာပေ၌လာသော မြန်မာကျမ်းပြုအကျော်တို့၏မေတ္တေယျရှင်နှင့်စပ်လျဉ်း၍ ဆုတောင်းကြပုံတို့ကို ဆက်လက်တင်ပြလိုပေသည်။

မြန်မာ့ဂန္ထဝင်စာပေဟုဆိုရာတွင် မြန်မာဘာသာရေးကျမ်းဂန်စာပေတို့သာမက ပ ဋ္ဌာန်းသာဖြင့်ရေးသားသောကျမ်းဂန်စာပေတို့လည်း အကျုံးဝင်ပါရှိနေပါသဖြင့် အလွန်ကျယ်ဝန်းများပြားလှရကား ဤနေရာ၌စာပြုသူလက်လှမ်းမီသမျှကျမ်းဂန်စာပေတို့ကိုသာ စုဆောင်းရမိသမျှ သာဓကအနေဖြင့် တင်ပြထားပါသည်။ ဆက်လက်ရှာဖွေစုဆောင်းကြရန်ဖြစ်သည်။

ပင်းယခေတ် ဆူးတွင်းပစ်ဆရာတော်၏ ဆုတောင်း

ပုဂံခေတ်ပြီးသည့်နောက် စတုရင်္ဂလအမတ်ကြီး (အေဒီ ၁၃၁၃–၁၃၆၃)နှင့် ပေါက်ကွဲဆရာတော်(ခေါ်) ဆူးတွင်းပစ်ဆရာတော်(အေဒီ ၁၃၁၃–၁၃၉၁)တို့ ထင်ရှားခဲ့သော ပင်းယခေတ်(အေဒီ ၁၂၈၆–၁၃၆၄)[*၃] သည် မြန်မာစာပေသမိုင်း၏ ဒုတိယစာပေမှတ်တိုင်ကိုစိုက်ထူနိုင်ခဲ့သောခေတ်အခါကြီးဖြစ်သည်။

ဆူးတွင်းပစ်ဆရာတော်အရှင်နာဂိတမထေရ်[*၄] သည် စစ်ကိုင်းမြို့မြောက်ဘက် သူဌေးရွာ သာစည်ဇာတိဖြစ်သည်။ ငယ်စဉ်က စာပေမသင်ဘဲကျောင်းပြေးရာ မိဘတို့ဆုံးမ၍မရသောကြောင့် ဆူးချို့တွင်းပစ်သွင်းခံရသဖြင့် နောင်အခါ ဆူးတွင်းပစ်ဆရာတော်၊ ဆူးချို့ပစ်ဆရာတော်ဟုတွင်လေသည်။ နောက်မှ စာပေကြီးစား၍သင်လေရာ အလွန်အင်မတန် ကျမ်းဂန်တတ်မြောက်သည်ဟု ကျော်စောသတင်းရှိခဲ့၏။ ပင်းယမြို့၊ လေးစီးရှင်ကျော်စွာ

---

*၁ မင်းသုဝဏ်၏ ပုဂံမြို့၊ ပွဲမင်းမောင်ဖိုး၏သက်သေတိုင်ရတု(ဆောင်းပါး)။ ယဉ်ကျေးမှုစာစောင်။ အတွဲ–၄၊ အမှတ်–၃။ ၁၉၆၃–ခုနှစ်။ (စာမျက်နှာ–၁၀၇)။

*၂ ဦးမြ၏ အပယ်ရတနာလိုဏ်ဂူဘုရား။ ၁၉၆၈–ခုနှစ်။ (စာမျက်နှာ–၂၄)။

*၃ ပင်းယခေတ်ဆိုရာတွင် ပင်းယကောင်းစားစဉ်ကာလကိုဆိုလိုသည်။ ဦးဖေမောင်တင်၏မြန်မာစာပေသမိုင်း။ ၁၉၅၈–ခုနှစ်။ (စာမျက်နှာ–၁၆)။

*၄ မြန်မာ့စွယ်စုံ၊ အတွဲ–၄။ ၁၉၆၀–ပြည့်နှစ်။ (စာမျက်နှာ–၁၆၂)။ မောင်သုတ၏ စာဆိုတော်များအတ္ထုပ္ပတ္တိ။ ၁၉၆၆–ခုနှစ်။ (စာမျက်နှာ–၂၄)။

http://www.dhammadownload.com

(အေဒီ ၁၃၅၁–၁၃၆၁)က စကားကျောင်းခုနစ်ကျောင်း*၁တို့ထက်သာလွန်သော ကျော်စွာကျောင်းကိုလှူဒါန်းပြီး ကိုးကွယ်ခဲ့၏။ ဆူးတွင်းပစ်ဆရာတော်ကို ထိုခေတ်က စာပေကျမ်းဂန်တတ်သိလှသည်ဟု နာမည်ကျော်သော သီရိစတုရင်္ဂလအမတ်ကြီးက ပညာစမ်းသောအားဖြင့် 'ရွှေဘဝါးတော်အောက်၊ ကျွန်ုပ်လျှောက်ဖြင့်' အစချီသော အမေးပုစ္ဆာ(၁၆)ခုကို ရတုပိုဒ်စုံစပ်ဆို၍မေးလျှောက်ရာ၊ ဆရာတော်ကလည်း 'အထွေအထွေ၊ မေးတိုင်းဖြေအံ့' အစချီသောရတုပိုဒ်စုံတို့ဖြင့် ဖြေကြားတော်မူခဲ့ပါသည်။*၂ ထိုဆူးတွင်းပစ်ဆရာတော်အရှင်နာဂိတမထေရ်သည် ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇာဂုရွာဘွဲ့တံဆိပ်တို့ကိုလှူဒါန်းခံယူရပြီးလျှင် ပင်းယခေတ်၏သာသနာပိုင် ဆရာတော်ကြီးတစ်ပါးဖြစ်သည်။

ဆူးတွင်းပစ်ဆရာတော်ကြီးအရှင်နာဂိတသည် အေဒီ ၁၃၅၆–ခုနှစ်တွင် 'သဒ္ဒါကျမ်း၏အနှစ်သာရတည်း ဟူသောကွန်ရွက်' ဟုအဓိပ္ပာယ်ရသော သဒ္ဒသာရတ္ထဇာလိနီသဒ္ဒါငယ်ကျမ်း*၃ကို ဂါထာပေါင်း ၅၁၆–ဂါထာတို့ဖြင့် ပြုစုတော်မူခဲ့ပါသည်။ ထိုသဒ္ဒသာရတ္ထဇာလိနီကျမ်း၏နိဂုံး၌ ဆူးတွင်းပစ်ဆရာတော်သည် မေတ္တေယျရှင်ကို ဖူးတွေ့ရလိုကြောင်း အောက်ပါအတိုင်းဆုတောင်းထားတော်မူခဲ့ပါသည်။

ဝဠ္ဍေသု ဝတ္တံ တိဘဝေသု ဝုယှံ၊ ရောဂါဒိဝဇ္ဇံ ဝိဟတော ဘဝေယျံ။
ဖုသာမိ ဗုဒ္ဓံ အရိမေတ္တေယျသဉ္ဇိံ၊ ဒါနဉ္စ ဒတွာ ဝိဒုကံ ဓာရေယျံ။

ငါသည် ဝဋ်ဆင်းရဲတို့၌ဖြစ်သည်ရှိသော်၊ သုံးပါးသောဘဝတို့၌မျောပါသည်ရှိသော် ရောဂါအစရှိသောအပြစ်ကို အထူးသဖြင့် ဖျောက်နိုင်သည်ဖြစ်ရပါလိုတ်။ အရိမေတ္တေယျ အမည်တော်ရှိသော မြတ်စွာဘုရားကိုဖူးတွေ့ရပါလိုတ်။ အလှူကိုလည်းပေး၍ ဝိဒုကတ်သုံးပုံကိုလည်း ဆောင်ရပါလိုတ်။– ဟုဖြစ်သည်။*၄

အရှင်သီရိမင်္ဂလ၏ ဆုတောင်း

ပိဋကတ်တော်ဦးယမ်၏ပိဋကတ်တော်သမိုင်းစာတန်း(အမှတ်စဉ်–၃၆၅)တွင် 'ဝိဇယာပူရမည်သော ပင်းယမြို့၌ နန်းစံသော ဆင်ဖြူလေးစီးရှင်သိဟသူမင်းလက်ထက် တုဋ္ဌာဝတီမည်သော မြစ်ငယ်တောင် ပလိပ်ရွာအရှေ့မြို့နေ ရှင်သီရိမင်္ဂလပြုသော မင်္ဂလတ္ထဒီပနီကျမ်း'ရှိကြောင်းဖော်ပြထားသည်။*၅

---

*၁ စကား(၇)ကျောင်းမှာ– (၁) စမွှက(စမ္မုက)ကျောင်း၊ (၂) ဝေဠုဝန်ကျောင်း၊ (၃) အိမ်နီမိုင်ကျောင်း၊ (၄) စေတဝန်ကျောင်း၊ (၅) ကုလားကျောင်း၊ (၆) မြောက်စွန်ကျောင်း၊ (၇) တောင်စွန်ကျောင်းတို့ဖြစ်သည်။ စကားပင်၏အသားဖြင့် အဓိကထားဆောက်လုပ်ထား၍ စကားကျောင်းဟုခေါ်သည်။ အရှင်ကေလာသ၏ ပင်းယသာသနာ၀င်။ ၂၀၀၃–ခုနှစ်။ (စာမျက်နှာ–၁၂)။

*၂ ဦးဖေမောင်တင်၏မြန်မာစာပေသမိုင်း။ ၁၉၅၈–ခုနှစ်။ (စာမျက်နှာ–၁၇)။ ဒေါက်တာလှဖေ၏ပင်းယခေတ်မြန်မာစာပေ(ဆောင်းပါး)။ မြန်မာစာပေ ဦးစံစာတန်း။ ၁၉၆၆–ခုနှစ်။ (စာမျက်နှာ–၁၄၇)။ အရှင်ကေလာသ၏ပင်းယသာသနာ၀င်။ ၂၀၀၃–ခုနှစ်။ (စာမျက်နှာ–၄၈၊ ၅၀)။

*၃ သဒ္ဒါငယ်(၁၄)စောင်– (၁) သဒ္ဒတ္ထဘေဒစိန္တာ၊ (၂) ကစ္စာယနသာရ၊ (၃) ကေကဋ္ဌကောသ၊ (၄) သဒ္ဒဝုတ္တိ၊ (၅) သဒ္ဒမိန္တု၊ (၆) သဒ္ဒသာရတ္ထဇာလိနီ၊ (၇) သမ္ဗန္ဓစိန္တာ၊ (၈) ဝိဘာတျတ္ထ၊ (၉) ဝါစွဝါစကာ၊ (၁၀) ဂန္ထဘရဏာ၊ (၁၁) ဂန္ထဠီပကာရဏာ၊ (၁၂) ဝါစကောပဒေသ၊ (၁၃) ကစ္စာယနဘေဒ၊ (၁၄) ကာရိကာ–တို့ဖြစ်သည်။

*၄ သဒ္ဒသာရတ္ထဇာလိနီကျမ်း၊ နိဂုံးဂါထာ။ အရှင်ကေလာသ၏ပင်းယသာသနာ၀င်။ ၂၀၀၃–ခုနှစ်။ (စာမျက်နှာ–၅၄)။

*၅ ဦးယမ်၏ပိဋကတ်သမိုင်းစာတန်း။ ၁၉၀၅–ခုနှစ်။ (စာမျက်နှာ–၁၃၄)။ မင်္ဂလတ္ထဒီပနီကျမ်းနိဂုံး၌ 'ဣတ္ထာယံ နဝပုရသ္မ အဂ္ဂိဇာဒီသာဘာဂေ ဂါဝုတေ'ဟုဆိုသဖြင့် ကျမ်းပြုဆရာ၏နေရာဌာနသည် အင်းဝ–ဟုယူနိုင်သော်လည်း 'အင်းဝမှတောင်ဘက် တစ်ဂါဝုတ်ကွာ'ဟုပါသဖြင့် ပင်းယနယ်ထဲသို့ရောက်နေပြီဖြစ်ပြန်ရာ 'ပင်းယ'ဟုယူလျှင်လည်း သင့်သည်ပင်။ အရှင်ကေလာသ၏ ပင်းယသာသနာ၀င်။ ၂၀၀၃–ခုနှစ်။ (စာမျက်နှာ–၁၀၅)။

http://www.dhammadownload.com

ထိုမင်္ဂလတ္ထဒီပနီ*၁ ကား ခုဒ္ဒကပါဋ္ဌနှင့် သုတ္တနိပါတပါဠိတော်လာ ပရိတ်ကြီးတစ်ဆယ့်တစ်သုတ်၏ ပထမဆုံး သုတ်ဖြစ်သော မင်္ဂလသုတ်ကို ပါဠိဘာသာဖြင့်အကျယ်ဖွင့်ပြထားသောဒီပနီကျမ်းဖြစ်သည်။ ပုံနှိပ်မူသို့ မရောက်သေးဘဲ ပေနှင့်အင်္ဂါ(၂၀)ခန့်ရှိမည်ဟု ခန့်မှန်းရသည်။ ဤကျမ်းကို သိရိမင်္ဂလမထေရ်သည် ကောဖာ–၈၈၆ (အေဒီ–၁၅၂၄)ခုနှစ်၌ ပြုစုခဲ့ခြင်းဖြစ်သည်။*၂ ကျမ်းပြုအရှင်က ထိုကျမ်း၏နိဂုံးတွင် အရိမေတ္တေယျဘုရားလက်ထက် အရဟာတ္တဖိုလ်ရလိုကြောင်းကို အောက်ပါအတိုင်းတောင်းဆုခြွေခဲ့လေသည်။

ယဒါဟုရိယမေတ္တေယျော၊
ဥပ္ပဇ္ဇော လောကနာယကော။
တဒါဟံ သမ္ပုခီဘူတော၊
တသော ဓမ္မံ သုဏောယျံ။
တဿ ဓမ္မံ သုဏိတွာန၊
ဂစ္ဆေယျံ စရိမံ ဖလံ။*၃ –ဟုဖြစ်သည်။

အရှင်မဟာသီလဝံသ၏ ဆုတောင်း

အရှင်မဟာသီလဝံသ*၄ကို သက္ကရာဇ် ၈၁၅–ခု (အေဒီ ၁၄၅၃–ခုနှစ်)၌ တောင်တွင်းကြီးမြို့မြောက်ဘက်ရှိ မြို့လုလင်ရွာ၌ (အချို့ကလည်း မြို့လုလင်တံခါးအနီး၌) ဖွားတော်မူခဲ့သည်။*၅ ငယ်မည်မှာ မောင်ညိုဖြစ်၏။ အရွယ်ရောက်သော် တောင်တွင်းကြီးမြို့မြောက်ယွန်း ထူပါရုံကျောင်းနှင့် ရတနာဗိမာန်ကျောင်း နှစ်ကျောင်းပိုင် နတ်မီးလင်း*၆ ဆရာတော် ရှင်သီလာစာရဘိဓဇထံ ပညာသင်ယူခဲ့၏။ ရှင်ဘွဲ့မှာ ရှင်မဟာသီလဝံသဖြစ်၏။ ထိုရှင်မဟာသီလဝံသသည် ရှင်ဥတ္တမကျော်၊ ရှင်အုံးညို၊ ရှင်ခေမာတို့နှင့် စာသင်ဖက်ဖြစ်ကြ၏။ ထိုရှင်လေးပါးတို့ကို မြန်မာစာပေသမိုင်း၌ 'ပေလေးပင် ရှင်လေးပါး'ဟု ခေါ်တွင်ခဲ့ကြ၏။

အရှင်မဟာသီလဝံသ၏သံဝေဂခန်းပို့လက်ာ*၇တွင် မေတ္တေယျရှင်ပွင့်တော်မူသောအခါ အဂ္ဂသာဝက ဖြစ်ရန်၊ ဟိဘိက္ခုဆုရရန်အကြောင်းတို့ကို အကြိမ်ကြိမ်ရေးဖွဲ့ထားသည်ကို အောက်ပါအတိုင်းတွေ့ရ၏။

---

*၁ မင်္ဂလတ္ထဒီပနီကို ထိုင်းနိုင်ငံ ဇင်းမယ်မြို့တောင်ဘက် သုညဂါရရှိ သိရိမင်္ဂလမထေရ် အေဒီ ၁၅၂၄–ခုနှစ်၌ ပြုစုသည်ဟု ပညာရှင်စေဒေး (Coedes) က တင်ပြသည်။ Hinuber' A Handbook of Pāli Literature. 1997. Page-179. ထိုင်းနိုင်ငံရိုက် မင်္ဂလတ္ထဒီပနီသည် စာမျက်နှာ(၅၀၅)ပါရှိသည့် ရောမကျမ်းကြီးဖြစ်သည်။ H. Saddhātissa' Pāli Literature of Thailand. 1974. Page-217[35]. ဒေါက်တာမာလလဆေကရက လာအိုနိုင်ငံ အရှင်သိရိမင်္ဂလမထေရ်သည် မင်္ဂလတ္ထဒီပနီကိုရေးကြောင်းပြဆိုထားသည်။ DPPN-II. 411.

*၂ အရှင်ကေလာသ၏ ပင်းယသာသနာဝင်။ ၂၀၀၃–ခုနှစ်။ (စာမျက်နှာ–၂၀၄၊၂၀၆)။

*၃ အရှင်ကေလာသ၏ ပင်းယသာသနာဝင်။ ၂၀၀၃–ခုနှစ်။ (စာမျက်နှာ–၁၀၆)။

*၄ မြန်မာ့စွယ်စုံ၊ အတွဲ–၈။ ၁၉၆၃–ခုနှစ်။ (စာမျက်နှာ–၄၆၉)။ လှသမိန်၏ ဂန္ထ ဝင်ပုဒ်ကိုလ်ကျော်များ။ ၁၉၆၁–ခုနှစ်။ (စာမျက်နှာ–၃)။ မောင်သုတ၏ စာဆိုတော်များအတ္ထုပ္ပတ္တိ။ ၁၉၆၆–ခုနှစ်။ (စာမျက်နှာ–၅၃)။

*၅ ဆရာမာဃ၏ ရှင်မဟာသီလဝံသ။ ၁၉၇၁–ခုနှစ်။ (စာမျက်နှာ–၁၄)။ 'တောင်တွင်းကြီးမြို့ မောင်းတိုင်ရပ်ဓာတိဖြစ်သည်' –ဆရာတော်ဦးဥာဏာ၏ တောင်တွင်းကြီးရာဇဝင်သစ်။ ၁၉၉၉–ခုနှစ်။ (စာမျက်နှာ–၂၃၇)။

*၆ အချို့စာတို့တွင် နတ်ဒိုကျောင်း၊ နတ်ဒိုးကျောင်း–ဟုလည်းတွေ့ရသည်။ နတ်အစောင့် ဒိုတင်းနေသည့် ဥောင်ပင်ရှိသောကျောင်းဖြစ်၍ နတ်ဒိုကျောင်းဟုတွင်သည်။

*၇ သံဝေဂခန်းလက်ာသည် ၁၉၀၀–ပြည့်နှစ် ဟံသာဝတီပုံနှိပ်တိုက်ရိုက်မူနှင့် ၁၉၀၄–ခုနှစ်၊ ရန်ကုန်မြို့၊ သာသနဓောတိကပိဋကတ်တိုက်ရိုက်မူ–ဟု နှစ်မူရှိရာတွင်၊ တစ်မူနှင့်တစ်မူမှာ မတူဘဲ အနည်းငယ်ကွဲလွဲနေကြောင်းတွေ့ရသည်။ သာသနဓောတိကမူ၌ လက်ာ(၃၇)ပုဒ်ပါရှိပြီး၊ ဟံသာဝတီမူ၌ လက်ာ(၅၄)ပုဒ်ပါရှိသည်။

http://www.dhammadownload.com

သုံးလူ့ဘော်သည်၊ ကံ့ကော်ရွှေပန်း၊ ပလ္လင်နန်းထက်၊ လေးခန်းသစ္စာ၊ ပွင့်လင်းခါလျှင်၊ လက္ခဏာလက်ဝဲ၊ ပါအောင်ခဲဟု-။ ။*၁ သံဝေဂခန်းပျို့(အပိုဒ်-၅)။

အောင်ဖေဌာန၊ မိတေးယျလျှင်၊ ကံ့ကော်ပင်တွင်၊ လေးအင်သစ္စာ၊ ပွင့်ခါမြတ်လှ၊ ရွှေစက်ချ၍၊ ကြွလတ်သောခါ၊ နောက်တော်သာက၊ တူပါရလို။*၂ သံဝေဂခန်းပျို့(အပိုဒ်-၆)။

ဗုဒ္ဓမိတော။ မဝေးအောင်ခန်း၊ ကံ့ကော်နန်းထက်၊ လေးခန်းသစ္စာ၊ ပွင့်သောခါလျှင်၊ များစွာဗိုလ်လူ၊ ကြွင်းကျန်သူတို့ ရွှေလက်ထုတ်ဖော်၊ ဟေခေါ်၍။*၃ သံဝေဂခန်းပျို့(အပိုဒ်-၁၁)။

ကံကော်ရှင်ချစ်၊ ပွင့်ကာနှစ်တွင်၊ စင်စစ်အမှန်၊ လက်ဝဲရံ၍၊ နိဗ္ဗာန်ရပ်ကြီး၊ အရောက်မိုးသည်။*၄ သံဝေဂခန်းပျို့(အပိုဒ်-၃၂)။-ဟုဖြစ်သည်။

ပညာရှင်အချို့က သံဝေဂခန်းလက်ာကို ရှင်မဟာသီလဝံသမထေရ် မရေးဟုလည်း ယူဆကြ၏။*၅ သံဝေဂခန်းပျို့ကို နန်းကျဘုရင်တစ်ပါးရေးသည်-ဟူ၍လည်း အမှတ်အသားရှိ၏။*၆

ရှင်အုန်းညို၏ဆုတောင်း

ရတုစာဆိုရှင်အုန်းညို*၇ကို တောင်တွင်းကြီးမြို့နယ်၊ သတိုးထမ်းရွာ၌*၈ သက္ကရာဇ် ၈၁၅-ခု (အေဒီ ၁၄၅၃-ခုနှစ်)တွင် ဖွားသည်ဟု အမှတ်အသားရှိသည်။ ငယ်စဉ်က ရှင်မဟာသီလဝံသ၊ ရှင်ဥတ္တမကျော်၊ ရှင်အုန်းညို တို့နှင့်အတူ နတ်မိုဆရာတော်ထံ၌ စာသင်ဖက်ဖြစ်၍ 'ပေလေးပင်-ရှင်လေးပါး' စာရင်းဝင်ဖြစ်ခဲ့၏။ ရဟန်းဝါ အတော်ရသည်အထိ(တစ်နည်း) မဟာထေရ်ဘဝ (ဝါ ၂၀-ကျော်)အထိ သာသနာ့ဘောင်၌နေခဲ့၏။*၉

ထို့နောက် လူ့ဘောင်သို့သက်ဆင်းခဲ့၏။ မူးမတ်စသည့်ရာထူးဖြင့် မင်းမှုထမ်းခဲ့၏။ အိမ်ယာတည်ထောင်နေခဲ့သည်ဟုလည်းအဆိုရှိ၏။ ထို့ကြောင့် ကဝိလက္ခဏဒီပနီ(စာမျက်နှာ-၁၁၄)၌ 'ရှင်အုန်းညို,ပယ်သူငယ်စား(ပ) ပဒေသရာဇာစသော မူးမတ်ပညာရှိတို့' ဟုဖော်ပြခြင်းခံရ၏။ ဝေါဟာရတ္ထပကာသနီကျမ်း တတိယကဏ္ဍ(စာမျက်နှာ-၂၀၃)၌ 'ထောင်သင်း,သံကိုယ်,မိညို,အုန်းညိုစသောလူပညာရှိတို့၏' ဟုလည်းကောင်း၊ ပေါရာဏာကထာဋီကာ

---

*၁ သံဝေဂခန်းပျို့။ ၁၉၀၀-ပြည့်နှစ်။ (စာမျက်နှာ-၆)။

*၂ သံဝေဂခန်းပျို့။ ၁၉၀၀-ပြည့်နှစ်။ (စာမျက်နှာ-၇)။

*၃ သံဝေဂခန်းပျို့။ ၁၉၀၀-ပြည့်နှစ်။ (စာမျက်နှာ-၁၀)။

*၄ သံဝေဂခန်းပျို့။ ၁၉၀၀-ပြည့်နှစ်။ (စာမျက်နှာ-၂၃)။

*၅ ဆန်းထွန်း၏ သံဝေဂခန်းပြဿနာ(ဆောင်းပါး)။ စာပေဘက်။ ၁၉၆၇-ခုနှစ်။ (စာမျက်နှာ-၉၂)။ ဆရာကြီးဦးဆန်းထွန်းက သံဝေဂခန်းပျို့ကို အရှင်မဟာသီလဝံသ မရေး။ မည်သည့်ပုဂ္ဂိုလ်ရေးကြောင်းကို နောင်အခန့်သင့်လျှင်ရေးဦးမည်ဟု စာအညွှန်းတင်ခဲ့သော်လည်း ကွယ်လွန်ချိန်တိုင်အောင် ရေးမသွားခဲ့ပေ။

*၆ မေမြို့မိုးကြည်၏ သံဝေဂခန်းပျို့ ရှင်သီလဝံသမရေး (ဆောင်းပါး)။ ယဉ်ကျေးမှုစာစောင်။ အတွဲ-၃၊ အမှတ်-၇။ ၁၉၆၀-ပြည့်နှစ်။ (စာမျက်နှာ-၃၄)။

*၇ မြန်မာ့စွယ်စုံ၊ အတွဲ-၁၅။ ၁၉၇၆-ခုနှစ်။ (စာမျက်နှာ-၄၀၉)။ လှသမိန်၏ ဂန္ထ ဝင်ပုဂ္ဂိုလ်ကျော်များ။ ၁၉၆၁-ခုနှစ်။ (စာမျက်နှာ-၆)။ မောင်သုတ၏ စာဆိုတော်များအတ္ထုပ္ပတ္တိ။ ၁၉၆၆-ခုနှစ်။ (စာမျက်နှာ-၅၁)။

*၈ 'တောင်တွင်းကြီးမြို့ ရွှေအိုးရရပ်ဇာတိဖြစ်သည်'- ဆရာတော်ဦးဉာဏာ၏ တောင်တွင်းကြီးရာဇဝင်သစ်။ ၁၉၉၉-ခုနှစ်။ (စာမျက်နှာ-၂၅၃)။

*၉ 'သက်တော်-၄၀၊ ဝါတော်-၂၀ ၌ တောင်တွင်းကြီး ဧယျကျော်ထင်မင်းဆောက်လှူသော မဏိရတနာအုတ်ကျောင်း၌ပျံလွန်သည်'- ဆရာတော်ဦးဉာဏာ၏ တောင်တွင်းကြီးရာဇဝင်သစ်။ ၁၉၉၉-ခုနှစ်။ (စာမျက်နှာ-၂၅၃)။

http://www.dhammadownload.com

(စာမျက်နှာ–၂၄၂)၌ 'ထောင်သင်း, သံကိုယ်, မိညို, အုန်းညို အာဒိဂိဟိပဏ္ဍိတေဟိ စ' ဟုလည်းကောင်း၊ ရှင်အုန်းညိုကို ရဟန်းမဟုတ် လူစာဆိုပုဂ္ဂိုလ်ဖြစ်ကြောင်းမှတ်တမ်းတင်ထားကြသည်။[*၁]

ရှင်အုန်းညိုဟူသောအမည်ကို ဘုရားရှင်လက်ထက်က သုဒ္ဓါဒနမင်းကြီး၏ဆန္ဒတော်အရ ဘုရားရှင်အား ကပိလဝတ်ပြည်သို့ကြွတော်မူခဲ့ပါရန် တာဝန်ခံပင့်ဆောင်ရသော ကာဠုဒါယီအတွင်းဝန်အမတ်ကြီး လျှောက်ထားသော ဂါထာခြောက်ဆယ်ကျော်တို့ကို မြန်မာဘာသာဖြင့် ဂါထာခြောက်ဆယ်ပျို့ဟု ပျို့အလင်္ကာဖွဲ့သီရေးစပ်သောအခါ၌ ရခဲ့သောအမည်ဖြစ်ဟန်တူလေသည်။ တစ်နည်း–ခေတ်စကားဖြင့် ကလောင်အမည်ဖြစ်ဟန်ရှိသည်။ အကြောင်းမှာ–ကာဠုဒါယီဟူသောအမည်တွင် 'ကာဠု' သည် 'အုန်းခွံရောင်(တစ်နည်း)နီညိုရင့်ရင့်အရောင်' ကို ဆိုလိုသည်။[*၂] ဘုရားလက်ထက်တော်အခါက 'ဥဒါယီ' ဘွဲ့အမည်တူရဟန်းတော်များ[*၃]ရှိရာတွင် နီစပ်စပ်အသားအရောင်ရှိသောဥဒါယီမထေရ်ကို 'လာလုဒါယီ' ဟုလည်းကောင်း၊ အသားရောင်ခပ်ညိုညိုဖြစ်သော ဥဒါယီမထေရ်ကို 'ကာဠုဒါယီ' ဟုလည်းကောင်း ခေါ်ခဲ့ကြဟန်တူသည်။ ထိုအသားညိုညို ဥဒါယီသည် ဘုရားရှင်အား ကပိလဝတ်ပြည်သို့ကြွပါရန်ပင့်ဖိတ်ရာ၌ ရာဇဂြိုဟ်နှင့် ကပိလဝတ်ပြည်အကြား တောတောင်သစ်ပင်တို့၏ သာယာတင့်ဆန်းပုံ၊ ရာသီဥတု၏ပြေပြစ်မျှတပုံတို့ကို 'အင်္ဂါရိနောဒါနိ'–အစချီသောဂါထာတို့ဖြင့်လျှောက်ထားလေရာ၊ ထိုဥဒါယီမထေရ်၏ ဂါထာများသည် ပါဠိစာပေလောက၌ ရှာမှရှားသောဂါထာအဖွဲ့အနွဲ့များဖြစ်လေသည်။ ထိုဂါထာများကြောင့်ပင် ဥဒါယီမထေရ်ကို ပါဠိစာပေလောက၌အသိများခဲ့ကြသည်။

ဤသို့ ဥဒါယီမထေရ်ကြီး၏လှုပဆန်းကြယ်သောရာသီဥတု တောတောင်ဘွဲ့ပါဠိဂါထာရတုတို့ကို မြန်မာဘာသာဖြင့်လက်စွမ်းပြကဗျာဖွဲ့သီခဲ့သော စာဆိုပုဂ္ဂိုလ်ကိုလည်း အများက မှုရင်းပါဠိဂါထာရှင်ကာဠုဒါယီမထေရ်၏ ဘွဲ့မည်နှင့်ဆင်ဆင်တူသော 'ရှင်ကာဠု (ရှင်အုန်းညို)' ဟုခေါ်ဆိုမည်ဆိုက ဆိုသင့်သည်ပင်။[*၄] ဤနည်းဖြင့် ဂါထာခြောက်ဆယ်ပျို့စာဆိုရှင်သည် 'ရှင်အုန်းညို' ဟူသောအမည်ကိုရခဲ့ဟန်တူလေသည်။ မိဘဆရာသမားတို့မှည့်ရင်းအမည်ကား ဟုတ်ပုံမရပေ။

ယူဇနာခြောက်ဆယ်ဝေးကွာသော ကပိလဝတ်ပြည်နှင့် ရာဇဂြိုဟ်ပြည်အကြား ခရီးလမ်းတာ၏သာယာပုံတို့ကို ကာဠုဒါယီမထေရ်မြတ်က ဘုရားရှင်အားဖွဲ့နွဲ့လျှောက်ကြားရာ၊ ထေရဂါထာပါဠိတော် ဒသကနိပါတ်၌ (၁၀)ဂါထာမျှသာဖော်ပြထားပေသည်။ (ခု၊ ၂။၃၀၀။)။ ထို(၁၀)ဂါထာကိုအခြေခံ၍ ဗုဒ္ဓဝင်အဋ္ဌကထာကျမ်းပြု အရှင်ဗုဒ္ဓဒတ္တက (၆၄)ဂါထာသို့ရောက်အောင် ချဲ့ထွင်ဖွဲ့ဆိုခဲ့ပေသည်။[*၅]

---

*၁ ဆန်းထွန်း၏ ရှင်အုန်းညိုပြဿနာ(ဆောင်းပါး)။ စာပေဘောဏ်။ ၁၉၆၇–ခုနှစ်။ (စာမျက်နှာ–၅၂)။ မြန်စာဂုဏ်ကျော်မြင့်၏ ရှင်အုန်းညိုပြဿနာအဆက်(ဆောင်းပါး)။ စာမှတ်တာဝန်။ ၁၉၆၇–ခုနှစ်။ (စာမျက်နှာ–၄၈)။

*၂ ကာလ,ကာဠ (ပါဠိ) သည် အခြေအမြစ်အားဖြင့် 'အနက်' ဟုအဓိပ္ပာယ်ရသော်လည်း ရံဖန်၌ အနက်, ဓက်ပြာ, အပြာ, အုန်းခွံရောင်, နီညို–စသည့်အနက်ဖြင့်လည်း သုံးခဲ့လေ့ရှိသည်။ DPTS. 1959. Page-210. ကာဠ + ဥဒါယီ။ ကာဠ = ညို + ဥဒါယီ = အုန်း။ = ညိုသော အုန်း (တစ်နည်း) အုန်းညိုဟုလည်းယူနိုင်သည်။ အရှင်ပညာသီဟ၊ အရှင်တေဇာနန္ဒ၊ အရှင်တိလောကတို့၏ ဂါထာခြောက်ဆယ်ပျို့အဖွင့်။ ၂၀၀၃–ခုနှစ်။ (စာမျက်နှာ–နှ)။

*၃ DPPN. Vol.I. Page-375. (၁) ဥဒါယီမထေရ် (မဟာဥဒါယီ၊ ပက္ခိတဥဒါယီ–ဟုလည်းခေါ်သည်)။ (၂) ဥဒါယီမထေရ် (ဝိနည်းပါဠိတော်၌ သံဃဒိသေသသိက္ခာပုဒ်များစွာကိုပညတ်ခံရသော်ပုဂ္ဂိုလ်)။ (၃) ဥဒါယီမထေရ် (ကာဠုဒါယီ၊ လာဠုဒါယီ၊ သကုလုဒါယီ–ဟုလည်းခေါ်သည်) စသည်ဖြင့် ဥဒါယီထေရ်တို့ရှိကြသည်။

*၄ ဦးသော်ဓင်၏ စာဉယျာဉ်။ ၁၉၆၉–ခုနှစ်။ (စာမျက်နှာ–၁၁၄)။

*၅ ထိုဗုဒ္ဓဝင်အဋ္ဌကထာလာ(၆၄)ဂါထာကို မင်းကွန်းတိပိဋကဓရဆရာတော်ကြီးက မဟာဗုဒ္ဓဝင်ကျမ်း၊ တတိယတွဲ။ (စာမျက်နှာ ၃၀–၇၃)တွင် မြန်မာနိဿယနှင့်တကွ ပြန်ဆိုထားတော်မူခဲ့ပါသည်။

http://www.dhammadownload.com

ဗုဒ္ဓမတ္တညူဖြစ်တော်မူသော အဋ္ဌကထာဆရာကြီးအရှင်မဟာဗုဒ္ဓဃောသကမူ ထေရအပဒါန်အဋ္ဌကထာ၊ ကာဠဒါယိတ္ထေရပဒါနဝဏ္ဏနာ၌ (၆၁)ဂါထာအထိ ရေးဖွဲ့တော်မူခဲ့ပါသည်။ အပဒါန်အဋ္ဌကထာ၌လာသော အရှင်မဟာဗုဒ္ဓဃောသ၏(၆၁)ဂါထာတို့ကို 'မြန်မာရှင်ကာဠ'ခေါ် 'ရှင်အုန်းညို'က 'မဟာဗုဒ္ဓဟေ၊ ဦးထိပ်ဗွေဟု' အစချီသော မြန်မာဘာသာလင်္ကာ(၈၄)ပုဒ်တို့ဖြင့် 'ဂါထာခြောက်ဆယ်ပျို့'ကို မြန်မာစာပေလောကသို့ဦးတင်ကြီးတစ်ဆူ မော်ကွန်းထူလောက်အောင် ရေးဖွဲ့တော်မူခဲ့ခြင်းဖြစ်သည်။

ထိုဂါထာခြောက်ဆယ်ပျို့၏နိဂုံး၌ စာဆိုဖြစ်သူရှင်အုန်းညိုက ပွင့်လတ္တံ့ဖြစ်သော မိတေရှင်လက်ထက်တွင် သုမေဓာရှင်ရသေ့ ဗျာဒိတ်ရအင်္ဂါရှစ်တန်နှင့်ပြည့်စုံသကဲ့သို့ မိမိသည်လည်းပြည့်စုံ၍ ဗျာဒိတ်ရလိုပါကြောင်း ဆုတောင်းထားသည်မှာ အောက်ပါအတိုင်းဖြစ်သည်။

> မိတည်းသျှင်ကျော်၊ ပွင့်လတ်တော်မူ၊ ရှေးသော်အခါ၊ သုမေဓာလျှင်၊ အင်္ဂါရှစ်ပါး၊ စွာန်တရားနှင့်၊ ဘုရားဖြစ်၍၊ ကြိမ်လတ်တွေ့သို့၊ အောက်မေ့ဆိုလျက်၊ နှုတ်မပျက်သည့်–*၁ ဟု ဖြစ်သည်။

ရှင်အုန်းညိုသည် စစ်ကိုင်းတောင်ပေါ်ရှိ ပုညရှင်ဘုရားတိုင်ရတုပိုဒ်စုံကို ရေးဖွဲ့ခဲ့ဘူးလေရာ၊ ထိုရတု၌ ရခဲလှသောဆောင်းတွင်းပန်း(?)ကို ပုညရှင်ဘုရား၌တင်လှူပြီး၊ ထိုကောင်းမှုကြောင့် အိမ်သူရှင်မနှင့်အတူ မေတ္တေယျဘုရားရှင်ထံမှောက်ဝယ် ကျွတ်ဆုပန်ဆင်လိုကြောင်းကို ဆုတောင်းခဲ့သည်မှာလည်း အောက်ပါအတိုင်းဖြစ်သည်။

> ရခဲထူးဆန်း၊ ဆောင်းတွင်းပန်းကို၊ ကြဉ်နိုးဖမ္မူ၊ ကြိုက်ဆူကြည်ညွတ်၊ ပုညထွတ်ဝယ်၊ စိတ်ပြတ်သဒ္ဒါ၊ မိတေယျာ၌၊ ကျွတ်ခါအတူ၊ တင်ဆက်လှူသည်၊ အိမ်သူသာရှင် မမယ်သော–*၂ ဟု ဖြစ်သည်။

ရှင်ဥတ္တမကျော်၏ ဆုတောင်း

ရှင်ဥတ္တမကျော်*၃ကို သက္ကရာဇ် ၈၁၅–ခု (အေဒီ ၁၄၅၃–ခုနှစ်)၌ တောင်တွင်းကြီးမြို့မြောက်ဘက် မြို့လုလင်ရွာအရှေ့ပိုင်း၌ ဖွားမြင်ခဲ့ပါသည်။*၄ ရှင်ဥတ္တမကျော်နှင့်တစ်နေ့တည်းဖွားသူမှာ ရှင်အုန်းညိုဖြစ်သည်။ ရှင်မဟာသီလဝံသက လေးရက်နောက်ကျပြီးမှဖွားသည်ဟု မှတ်တမ်းရှိ၏။*၅ ရှင်ဥတ္တမကျော်သည် သက္ကရာဇ် ၈၃၀–ပြည့် (အေဒီ ၁၄၆၈–ခုနှစ်)၌ သာသနာ့ဘောင်သို့ရောက်ခဲ့၏။ ရှင်ဥတ္တမကျော်ကို မြန်မာစာဖတ်ပရိသတ်က ဦးအောင်ရေးသော 'ရှင်ဥတ္တမကျော်နှင့် ခုံတော်မောင်ကျဘမ်း– စကားစစ်တရားစစ်ထိုးခန်း ကဝိသေနဂံဗျူဟာကျမ်း'လာမာန်တက်၍နှုတ်ဆော့သူ ခုံတော်မောင်ကျဘမ်းကို ရှင်ဥတ္တမကျော်နှိမ်နင်းပုံတို့ကိုဖတ်ရှု၍ ကြည်ညိုရင်းရှိခဲ့ကြသည်။*၆ ပေလေးပင်ရှင်လေးပါးသိုက်ဝင် ရှင်ဥတ္တမကျော်မထေရ်မြတ်သည် သက္ကရာဇ် ၈၄၅–ခု (အေဒီ ၁၄၈၃–ခုနှစ်) ရဟန်း(၁၀)ဝါအရတွင် တောင်တွင်းကြီးမြို့၊ အရှေ့တောရကျောင်း၌ရှိနေစဉ် တောလားကဗျာလင်္ကာ

---

*၁ ရှင်အုန်းညို၏ ဂါထာခြောက်ဆယ်ပျို့။ ၁၉၂၈–ခုနှစ်။ (စာမျက်နှာ–၅၈)။

*၂ လင်္ကာဝဲနော်ရထာ၏ စာဆိုတော်များရတုပေါင်းချုပ်။ ၁၉၆၆–ခုနှစ်။ (စာမျက်နှာ–၄၅)။

*၃ မြန်မာ့စွယ်စုံ၊ အတွဲ–၁၅။ (စာမျက်နှာ–၃၆၅)။ လှသမိန်၏ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ။ ၁၉၆၁–ခုနှစ်။ (စာမျက်နှာ–၄)။ မောင်သုတ၏ စာဆိုတော်များအတ္ထုပ္ပတ္တိ။ ၁၉၆၆–ခုနှစ်။ (စာမျက်နှာ–၄၅)။

*၄ 'တောင်တွင်းကြီးမြို့၊ ရွှေအိုးရရပ်တွမ်းများသည်'– ဆရာတော်ဦးဥာဏာ၏ တောင်တွင်းကြီးရာဇဝင်သစ်။ ၁၉၉၉–ခုနှစ်။ (စာမျက်နှာ–၂၄၅)။

*၅ 'ရှင်ဥတ္တမကျော်က ရှင်မဟာသီလဝံသအောက် (၇)ရက်ငယ်သည်'– ဆရာတော်ဦးဥာဏာ၏ တောင်တွင်းကြီးရာဇဝင်သစ်။ ၁၉၉၉–ခုနှစ်။ (စာမျက်နှာ–၂၄၅)။

*၆ ဦးအောင်၏ ကဝိသေနဂံဗျူဟာကျမ်း။ ၁၉၁၁–ခုနှစ်။ ရန်ကုန်မြို့။

http://www.dhammadownload.com

(၉)ပုဒ်ကိုရေးဖွဲ့ခဲ့သည်။ တောလားကဗျာဆိုသည်မှာ တောတောင်၏အခြေအနေနှင့် အရှေ့ဘက်,အနောက်ဘက် စသော အရပ်မျက်နှာ၏အလားအလာကိုဖော်ပြသော ကဗျာအဖွဲ့ဖြစ်ပါသည်။*၁

ရှင်ဥတ္တမကျော်၏တောလားတွင် တောတောင်၏အဖွဲ့အနွဲ့မျှမက မြတ်စွာဘုရားသခင် ကပိလဝတ်ဇာတိဌာနေသို့ ကြွသွားတော်မူမည့်အချိန်၌ ရာဇဂြိုဟ်မှ ကပိလဝတ်နှစ်ပြည်ထောင်အကြား၌ ခရီးလမ်း၏ သာယာပုံနှင့် ရာသီဥတု၏ညီညွတ်မျှတပုံတို့ကို ဖွဲ့နွဲ့ဖော်ပြထားသည်။ ထိုတောလား၌ ဖွဲ့နွဲ့ပုံပြောင်မြောက်လှသောကြောင့် စာဆိုရှင်ကို အံ့ဖွယ်ရာကဗျာပါရမီထူးကြီးပိုင်ရှင်ဖြစ်တော့သည်ဟုလည်း ချီးကျူးခဲ့ကြ၏။ ရှင်ဥတ္တမကျော်၏ ထိုတောလားလင်္ကာကိုးပုဒ်သည် မြန်မာစာပေလောကတွင် နောက်ထပ်ဖက်ပြိုင်စပ်ဆိုရန်မရှိသော စံပြတောလားလင်္ကာကြီးအဖြစ် ထင်ရှားနေပေသည်။

ထိုတောလားလင်္ကာ၏နဝမမြောက်နိဂုံးလင်္ကာ၌ အရှင်ဥတ္တမကျော်က 'မေတ္တေယျရှင်နှင့်ဖူးတွေ့ရအောင် ပါရမီဖြည့်မည်ဟု ဆုံးဖြတ်ခဲ့သည်။ အရိမေတ္တေယျပွင့်လာလျှင် မဂ္ဂင်ရှစ်တန် လမ်းမှန်ခရီးသို့ရောက်ပြီးဖြစ်နေသော မိမိရှင်ဥတ္တမကျော်ကို မေတ္တေရှင်တော်က 'နောင်အခါ ငါ၏အရိုက်အရာဆက်ခံမည့်(တစ်နည်း)ငါကဲ့သို့ပင် သစ္စာလေးအင်ကိုသိမြင်မည့် ဗောဓိလောင်း'ဟု ဗျာဒိတ်စကားမိန့်ကြားမည့်အကြောင်း*၂ကို အောက်ပါအတိုင်း ရေးဖွဲ့ထားပါသည်။

> နောင်းဖြစ်အလာ၊ မိတေယျာလျှင်၊ ရိန္ဒမာထား၊ အသွားသုံးရွက်၊*၃ ရိုးလက်တကိုင်၊*၄ အပြိုင်ငါးကြိမ်၊*၅ အိမ်နှင့်တကွ၊ ကျောက်မှပေါ်ထွက်၊ ရွှေဘုန်းဆက်သည်၊ သန်လျက်သီလဝင်၊ နိဗ္ဗာန်ရှင်ကား၊ မဂ္ဂင်ရှစ်တန်၊ လမ်းမှန်ခရီး၊ ရပ်ကြီးသာစည်၊ ရောက်အံ့ရည်၍၊ သုံးမည်ပရမေ၊ ဗျာဒိတ်ရွေသား၊ သပြေကျွန်းသာ၊ နောင်အခါဝယ်၊ သညာသမုတ်၊ ပညတ်ထုတ်သည်၊ 'ရှင်ဥတ္တမကျော်၊ ထေရ်မြတ်သော်လည်း၊ အဟော်နောင်လာ၊ ငါရိုက်ရာကို၊ သစ္စာဖူးငုံ၊ ပွင့်အံ့တုံ'ဟု၊ ကိုးဂုဏ်ရှင်ပင်၊ အံ့ချီးတင်သည်၊ ငါလျှင်လည်းကောင်း။ ဗောဓိလောင်း ဟု၊ ညွတ်ပြောင်းတံဆိပ်၊ နှုတ်ဗျာဒိတ်ဖြင့်၊ ခတ်နှိပ်သေချာ၊ နှုတ်ဩဘာသည်။ ။မြွေစွဲဖြစ်လိမ့်လမှန်တည်း*၆–ဟုဖြစ်သည်။

ရှင်မဟာရဋ္ဌသာရ၏ ဆုတောင်း

ပေလေးပင်ရှင်လေးပါးသိုက်ဝင် အရှင်မဟာသီလဝံသ၊ အရှင်အုန်းညို၊ အရှင်ဥတ္တမကျော်၊ အရှင်ခေမာ–ဟု ရှင်လေးပါးနှင့်အတူ တစ်ခေတ်တည်းပေါ်လာ၍ အကျော်ခြင်းလည်းတူသော အရှင်မဟာရဋ္ဌသာရ*၇ကို ရေးစာတို့တွင် 'နေပြည်တော်ဆရာ'ဟူ၍ခေါ်ဆိုကြပါသည်။ အရှင်မဟာရဋ္ဌသာရသည် မင်းမျိုးမင်းနွယ်မှဖြစ်ပြီး၊ ရတနာပူရအင်းဝမင်းနေပြည်တော်၌ သက္ကရာဇ်ရှည်–၈၃၀ (အေဒီ ၁၄၆၈–ခုနှစ်) ဝါဆိုလတွင် ဖွားမြင်ခဲ့သော ကြောင့် 'နေပြည်တော်ဆရာ'ဟုခေါ်ခြင်းဖြစ်သည်။အသက်ငါးနှစ်အရွယ်ကပင် စစ်ကိုင်းချောင်အရပ်ရှိ နောင်တော်သိဟိုဠ်ရောက်ကြီးအရှင်ဝရစက္ကပါလအထံ၌ ပိဋကတ်ပါဠိစာပေ ဗေဒင်စသည်ကို လူဝတ်နှင့်သင်ခဲ့ရ၏။ အသက်

---

*၁ ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်း။ ၁၉၅၈–ခုနှစ်။ (စာမျက်နှာ–၃၆၊၃၇)။

*၂ တက္ကသိုလ်မောင်မောင်ကြီး၏ သဘာဝအသွင်နှင့် ရှင်ဥတ္တမကျော်အမြင်။ ၁၉၆၆–ခုနှစ်။ (စာမျက်နှာ–၁၁၀)။

*၃ အသွားသုံးရွက်= သုတဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝိတာမယဉာဏ်။

*၄ ရိုးလက်တကိုင်= အရဟတ္တမဂ်ဉာဏ်။

*၅ အပြိုင်ငါးကြိမ်= ဈာန်အဘိဉ်ဥငါးပါး။

*၆ Dr. Ba Han' Shin Uttamagyaw and His Tawla , A Native Poem. FAPBRS. No.2.1960. Page-16.

*၇ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ–၈။ ၁၉၆၃–ခုနှစ်။ (စာမျက်နှာ–၄၆၅)။ လှသဖိန်၏ကန္တဝင်ပုဂ္ဂိုလ်ကျော်များ။ ၁၉၆၁–ခုနှစ်။ (စာမျက်နှာ–၈)။ မောင်သုတ၏စာဆိုတော်များအတ္ထုပ္ပတ္တိ။ ၁၉၆၆–ခုနှစ်။ (စာမျက်နှာ–၆၈)။

http://www.dhammadownload.com

၁၆-နှစ်အရွယ် ရှင်သာမဏေဘဝ၌ဘူရိဒတ်လက်ာကြီးကိုလည်းကောင်း၊ ထို့နောက် ဘူရိဒတ်ဇာတ်ပေါင်းပျို့၊ စတုဓမ္မသာရကိုးခန်းပျို့၊ သံဝရပျို့၊ ပုံတောင်နိုင်မော်ကွန်း၊ တန်တားဦးတည်မဂ်လာစေတီတော်မော်ကွန်း၊ ဂမ္ဘီသာရပျို့ စသည်မြန်မာစာပေ၌စံတင်ထိုက်သောပျို့လက်ာကြီးများနှင့် ရတုကဗျာများစွာကိုလည်း ရေးစပ်တော်မူခဲ့ပါသည်။ အရှင်မဟာရဋ္ဌသာရစပ်ဆိုသောစာများသည် အဆိုအမိန့် ယဉ်ကျေးဖွယ်ရာအလင်္ကာဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ပညာရှိတို့နှစ်သက်၍ စံနမူနာပြုရသောစာများဖြစ်သည်။*၁

ရှင်မဟာရဋ္ဌသာရဆရာတော်သည် ထိုဘူရိဒတ်ဇာတ်ပေါင်းပျို့၊ ကိုးခန်းပျို့၊ တန်တားဦးတည်မော်ကွန်းစသော ပျို့လက်ာမော်ကွန်းတို့၏နိဂုံးတွင် မေတ္တေယျနှင့်စပ်ဆိုင်သောဆုကိုမတောင်းခဲ့ဘဲ 'ရွယ်ရန်ငွေ့၍' ချီမုတ္တာရွဲသီရေးနည်းကေဝိဒ်ရတုဋ္ဌ ရ-အက္ခရာကို ပိုင်ပိုင်နိုင်နိုင်အသုံးချကာ 'မိမိချစ်သူနှင့်အတူ မေတ္တေယျရှင်ကို ဖူးမြင်ပြီး နိဗ္ဗာန်သို့မျက်မှောက်ပြုလိုကြောင်း' ဆုတောင်းရေးဖွဲ့ထားသည်ကို အောက်ပါအတိုင်းတွေ့ရ၏။

ရှည်မိုးဘက်ကင်း၊ ရွှေရောင်ဝင်းနှင့်၊ ရင်ချင်းနွဲ့ကြ၊ ဘုံဘဝဝယ်၊ ရက်လမညောင်း၊
ရွှင်ပြီးနောင်းမှ၊ ရည်ကြောင်းတင့်ရည်း၊ ရိမ္မတည်း*၂ ဝယ်၊ ရုတ်ချည်းဖူးချင်၊ ရှိဦးတင်၍၊
ရပ်ခွင်နိဗ္ဗာန်၊ ရောက်အံ့မှန်သည်။ ။ရွယ်ရန်ရည်ရွှရွေးရှာသော။*၃ -ဟု ဖြစ်သည်။

အရှင်အဂ္ဂသမာဓိ၏ဆုတောင်း

'ရှင်အဂ္ဂသမာဓိ*၄ သည် အင်းဝခေတ်ပေါ် စာဆိုကျော်ကြီးဖြစ်ရုံသာမက စွယ်စုံကျော်ထင်ပညာပါရဂူ ပုဂ္ဂိုလ်ကြီးတစ်ဦးလည်းဖြစ်ပေသည်'*၅ ဟု စာဖွဲ့ခံတော်မူရသည်။ ထိုအရှင်အဂ္ဂသမာဓိသည် (၁) သုဝဏ္ဏသျှံသူဌေးခန်းပျို့၊*၆ (၂) သုဝဏ္ဏသျှံမြားပစ်ခန်းပျို့၊ (၃) သုဝဏ္ဏသျှံသစ္စာခန်းပျို့၊ (၄) နေမင့္ဂလိုးခန်းပျို့၊ (၅) နေမိဝရဲခန်းပျို့နှင့် (၆) နေမိဘုံခန်းပျို့ဟု ပျို့ခြောက်စောင်တို့ကိုရေးသားစပ်ဆိုခဲ့ပါသည်။ ထိုပျို့ခြောက်စောင်တွင် နေမိမင်းကြီးဆိုင်ရာပျို့သုံးစောင်က ပို၍ထင်ရှားပြီး လူအသိလည်းများပေသည်။ အထူးသဖြင့် နေမိဘုံခန်းပျို့လာ အရှင်အဂ္ဂသမာဓိ၏ဗိရဏီနတ်သမီးဖွဲ့သည့် စာပေတန်ဆောင်ဖြစ်ချေသည်။*၇

အရှင်အဂ္ဂသမာဓိသည် သုဝဏ္ဏသျှံမြားပစ်ခန်းပျို့နှင့် သုဝဏ္ဏသျှံသစ္စာခန်းပျို့တို့၏နိဂုံးတို့တွင် 'မေတ္တေယျရှင် ပွင့်ထွန်းလာသောအခါ၌ မဂ်ဖိုလ်ကိုမျက်မှောက်ပြုရကာ သံသရာဝဲသြဃမှကျွတ်လွတ်ရပါလိုကြောင်း' ဆုတောင်းခဲ့ပုံကို အောက်ပါအတိုင်းတွေ့ရသည်။

မိတည်းမြတ်စွာ၊ ပွင့်သောခါဝယ်၊ မကြာမငြို၊ ကျွတ်လေလိုဟု၊ ဆုကိုရည်ယူ၊ ဖွဲ့စာဟူသည်-
ရှင်လူနာမငြိုး၏တည်း။ ။*၈ သုဝဏ္ဏသျှံမြားပစ်ခန်းပျို့ (အပိုဒ်-၁၃၈)။

---

*၁ မြန်မာစာညွှန့်ပေါင်းကျမ်း၊ ပထမတွဲ။ ၁၉၅၀-ပြည့်။ (စာမျက်နှာ-၃၃၄)။

*၂ ရိမ္မတည်း= (အ) ရိမေတ္တေ (ယျ)။

*၃ မြန်မာစာညွှန့်ပေါင်းကျမ်း၊ ပထမတွဲ။ ၁၉၅၀-ပြည့်နှစ်။ (စာမျက်နှာ-၆၂)။

*၄ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ-၁၅၊ ၁၉၇၆-ခုနှစ်။ (စာမျက်နှာ-၁၄၄)။ လှသမိန်၏ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ။ ၁၉၆၁-ခုနှစ်။ (စာမျက်နှာ-၉)။ မောင်သုတ၏စာဆိုတော်များအတ္ထုပ္ပတ္တိ။ ၁၉၆၆-ခုနှစ်။ (စာမျက်နှာ-၁၀၃)။

*၅ ဆန်းထွန်း၏ ရှင်အဂ္ဂသမာဓိ၏စကားအမြွှေတများ(ဆောင်းပါး)။ စာပေဘက်။ ၁၉၆၇-ခုနှစ်။ (စာမျက်နှာ-၁၂၆)။

*၆ ရန်ကုန်မြို့ ဟံသာဝတီပုံနှိပ်တိုက်က ၁၉၀၀-ပြည့်နှစ်၌ရိုက်နှိပ်သော သုဝဏ္ဏသျှံ သူဌေးခန်းပျို့မျက်နှာဖုံးတွင် 'ရှေးဆရာတို့ စီရင်ရေးသားအပ်သော'ဟု စာဆိုအမည်ကို အမည်မသိအဖြစ်ဖော်ပြထားသည်။

*၇ မြန်မာဂုဏ်ကျော်မြင့်၏ ဗိရဏီအလှ(ဆောင်းပါး)။ စာပေဗာဝန်။ ၁၉၆၇-ခုနှစ်။ (စာမျက်နှာ-၃၉)။

*၈ အရှင်အဂ္ဂသမာဓိ၏ သုဝဏ္ဏသျှံမြားပစ်ခင်းပျို့။ ၁၉၀၀-ပြည့်နှစ်။ (စာမျက်နှာ-၈၆)။

http://www.dhammadownload.com

မိတည်းမြတ်စွာ၊ ပွင့်သောခါဝယ်၊ မကြိုမပြို၊ ကျွတ်လေလိုဟု၊ ဆုကိုရည်သူ၊ ဘွဲ့စာဟူသည်-
ရှင်လူနာမင်း၏တည်း။ ။*၁ သုဝဏ္ဏသျှံ သစ္စာခန်းပျို့ (အဝိဒ်-၂၄၅)။

နဝဒေးကြီး၏ ဆုတောင်း

မြန်မာစာပေလောကၭ နဝဒေးဘွဲ့မည်ဖြင့်ထင်ရှားသူငါးဦး*၂ရှိရာတွင် ပြည်နဝဒေးကြီး*၃ကို သက္ကရာဇ် ၈၉၄-ခု (အေဒီ ၁၅၃၂-ခုနှစ်) ပြည်မြို့ ဘုရင်နရပတိလက်ထက်(?)ၭဖွားတော်မူခဲ့၏။ စလင်းမြို့တွင် မင်းလက်ျာဟူသောဘွဲ့ဖြင့် မင်းမူထမ်း၏။ စလင်းမြို့မှ စစ်ကိုင်းမြို့ပြောင်းရွှေ့သော် ထောင်သင်းမူးဖြစ်ပြန်၏။ ဟံသာဝတီဆင်ဖြူများရှင်လက်ထက်(အေဒီ ၁၅၅၁-၁၅၈၁)ၭ နဝဒေးဘွဲ့ထူးဖြင့် မင်းမြောက်စားခြင်းခံခဲ့ရ၏။ ပြည်ဇာတိဖြစ်၍ ပြည်နဝဒေးကြီးဟုလည်းတွင်၏။ စလင်းမြို့ၭနေခိုက်တွင် မင်းလက်ျာ၊ စစ်ကိုင်းၭ ထောင်သင်းမူး၊ ပြည်ၭ နဝဒေးစသည်ဖြစ်ခဲ့ရ၍ 'စစ်ကိုင်း-ထောင်သင်း၊ စလင်း-လက်ျာ၊ ပြည်မှာ-နဝဒေး'ဟု အမှတ်သညာပြုခဲ့ကြ၏။ စာဆိုရှင်နဝဒေးသည် အသက် ၉၀-ကျော်တွင်အနိစ္စရောက်သည်။

ပြည်နဝဒေးကြီးပြုစုခဲ့သောစာများမှာ မနောဟရီပျို့၊ မင်းတရားမယ်တော်ဧချင်း၊ ယိုးဒယားမိဖုရားချင်း၊ ရာဇဗျူဟာပျို့နှင့် ဘုရားတိုင်, မြို့ဖွဲ့, တောလား, ရေလား, မိုးတော, ကျေးစေ, မယ်ဖွဲ့, စစ်ချီ စသည်ဖြင့် ရတု အမျိုးမျိုး (၄၀၀)ကျော် ဖြစ်သည်။*၄ ထိုနဝဒေးကြီး၏ ပိဒ်စုံရတုများတွင် မေတ္တေယျဘုရားရှင်ထံတော်ၭ ကျွတ်ဆုတောင်းပါကြောင်း ထည့်သွင်းစပ်ဆိုထားသည်တို့ကို အောက်ပါအတိုင်းဖတ်ရှုရပါသည်။

ပြည်ဆံတော်ရှင်ဘုရားတိုင်ရတုပိုဒ်စုံ၊ တတိယပဒတွင်-

တသန်းဉာဏ်ရှင်၊ မြသိထင်ဟု၊ ကောင်းကင်မိုးမြေ၊ နှံ့မျှဝေသည်၊ ဆံမွေဘုန်းခေါင်၊ မိတည်းနောင်။ ရည်စောင်ပြည့်မည်၊ ထင်သည်အလျောက်၊ ကြိုး၍လျှောက်ပိမ့်-*၅

'လိုက်ပါဟူလည်း'-အစချီသော မယ်ဘွဲ့ရတုပိုဒ်စုံ၊ တတိယပဒတွင်-

တူစုံလို၍၊ ဆိုသည်မဟုတ်၊ အားထုတ်ကြည်ညို၊ နောက်ကိုနောင်လာ၊ မိတည်းလျာဝယ်၊ မကွာတူပင်၊ ကြည်လင်စိတ်သန်၊ တောင်းဆုပန်သည်၊ နိဗ္ဗာန်အနော်မာတကား။ ။*၆

စဉ့်ကိုင်မြို့ ဆိပ်ပေါက်ဘုရားတိုင်ရတုပိုဒ်စုံ၊ တတိယပဒတွင်-

လေးယောက်နှောင်းစွန်၊ ပွင့်ချိန်တန်ဝယ်၊ ဓိဋ္ဌာန်ကြည်ဖြူ၊ တောင်းဆုယူသည်၊ အတူကျွတ်ဘက် ရည်လှည့်သောဝ်။*၇

---

*၁ အရှင်အဂ္ဂသမာဓိ၏ သုဝဏ္ဏသျှံသစ္စာခဏ်းပျို့။ ၁၉၀၁-ခုနှစ်။ (စာမျက်နှာ-၁၀၉)။

*၂ (၁) အကဲ့ရဉ်သော ဧင်းမယ်နဝဒေး၊ (၂) လှော်ကားသုံးထောင်မူးခေါ် တောင်ငူနဝဒေး၊ (၃) စစ်ကိုင်းထောင်သင်း, စလင်းလက်ျာ၊ ပြည်မှာနဝဒေးခေါ် ပြည်နဝဒေးကြီး၊ (၄) ရွှေတောင်နန္ဒသူခေါ် စလင်းနဝဒေး၊ (၅) ဝက်မစွာက်မြို့စားနဝဒေး-တို့ဖြစ်သည်။ ထိုနဝဒေးငါးဦးတွင် ပြည်နဝဒေးကြီးက ပထမနဝဒေး၊ ဝက်မစွာက်နဝဒေးက ဒုတိယနဝဒေးဟု ကျေးကြားပြန်ပါသည်။

*၃ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ-၅၊ (စာမျက်နှာ-၄၅၂)။ လှသမိန်၏ ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ။ ၁၉၆၁-ခုနှစ်။ (စာမျက်နှာ-၂၀၆)။ မောင်သုတ၏ စာဆိုတော်များအတ္ထုပ္ပတ္တိ။ ၁၉၆၆-ခုနှစ်။ (စာမျက်နှာ-၁၃၂)။

*၄ မောင်သုတ၏ စာဆိုတော်များအတ္ထုပ္ပတ္တိ။ ၁၉၆၆-ခုနှစ်။ (ဒေါမျက်နှာ-၁၃၂)။

*၅ နဝဒေးဆိုရတုပေါင်းချုပ်။ ၁၉၂၉-ခုနှစ်။ (စာမျက်နှာ-၁၄)။

*၆ နဝဒေးဆိုရတုပေါင်းချုပ်။ ၁၉၂၉-ခုနှစ်။ (စာမျက်နှာ-၁၆၇)။

*၇ နဝဒေးဆိုရတုပေါင်းချုပ်။ ၁၉၂၉-ခုနှစ်။ (စာမျက်နှာ-၁၃)။

http://www.dhammadownload.com

မုတ္တမမြို့ ပြင်းနတ်ဘုရားတိုင်ရတု၊ ဒုတိယပဒတွင်–

ငါးမာရ်အောင်စင်၊ မိတည်းရှင်ကို၊ ဖူးမြင်လွယ်ကူ၊ ကျွတ်စိမ့်ဟူ၍၊ မည္ဆုနိုင်းပြို၊ ငွေခိုင်နှစ်ပွင့်၊ ပွားဆင့်ရည်မှတ်၊ တင်လူလတ်သည်၊ ရိညွတ်ကြည်လှရှစ်အင်သောဝ်။ ။*၁

'လှဘက်ရှင်း၍'–အစချီသော မယ်ဘွဲ့ရတုပိုဒ်စုံ တတိယပဒတွင်–

သခင့်ညီတော်၊ ပွင့်လသော်တည့်၊ သံတော်ဘိကျူး၊ ဟိကျူး၍၊ တပူးတည်းပင်၊ ဆွေသခင်နှင့်၊ လက်ငင်းကြပ်တည်း၊ ကျွတ်ဆုရည်းသည်၊ မတည်းရှင်ချစ်မှာတကား။ ။*၂–စသည်ဖြင့်ဖြစ်သည်။

ပရိတ်ကြီးဋီကာဆရာတော်ကြီး၏ ဆုတောင်း

ရွှေဘိုခရိုင်၊ ဒီပဲရင်းမြို့နယ်တောင်လက် ကံဖျားရွာလျှင် ဖွားဇာတိရှိ၍ 'အင်းဝသာမဏေကျော်' ဟုလည်း ထင်ရှားခဲ့သော တိလောကာလင်္ကာရဘွဲ့တံဆိပ်တော်ရ အရှင်တေဇောဒီပသည် ၉၇၁–ခုနှစ် (အေဒီ–၁၆၀၉ ခုနှစ်) ရဟန်းငါးဝါအရွှေ့ ပရိတ္တဋီကာခေါ် ပရိတ်ကြီးဋီကာကျမ်းကြီးကို ရေးသားပြုစုတော်မူခဲ့ပါသည်။*၃

ပရိတ်ကြီးပါဠိတော်များသည် ပါဠိပိဋကတ်တော်၌ပါဝင်သော သုတ္တန်ဒေသနာတော်များဖြစ်ပါသည်။ ထိုသုတ်တော်တို့ကို သက်ဆိုင်ရာအဋ္ဌကထာ၊ ဋီကာတို့တွင် ရှင်းလင်းဖွင့်ဆိုထားပြီးဖြစ်သောကြောင့် ထပ်မံ၍ဖွင့်ပြရန် ပရိတ်အဋ္ဌကထာ၊ ပရိတ်ဋီကာ–ဟူသောကျမ်းများ ပေါ်ထွန်းဖွယ်မလိုတော့ပေ။ သို့ပါသော် အရှင်တေဇောဒီပသည် ထူးထူးခြားခြား ပရိတ္တဋီကာကိုပြုစုခဲ့ပေသည်။ ထိုပရိတ်ကြီးဋီကာ၌ ပရိတ်ပါဠိတော်တို့ကို မူလဖွင့်ဆိုထားသော အဋ္ဌကထာအဆိုအမိန့်များနှင့်မတူ ထူးခြားသောသဘောအဓိပ္ပာယ်အကြောင်းအရာများနှင့် ဖွင့်ဆိုချက်များပါဝင်သောကြောင့် ပါဠိစာပေသမိုင်းတွင် မှတ်တမ်းတင်အပ်သောကျမ်းတစ်စောင်ဖြစ်သည်ဟု ပညာရှင်တို့ဆိုခဲ့ကြ၏။*၄

ထိုပရိတ္တဋီကာကျမ်း၏နိဂုံးတွင် ကျမ်းပြုဆရာအရှင်တေဇောဒီပသည် 'ဤဋီကာကျမ်းကို ပြုစုရသော ကုသိုလ်ကောင်းမှုကြောင့် မေတ္တေယျရှင်တော်ထံ တေဒဂ်ရပုဂ္ဂိုလ်အဖြစ်ဖြင့် ဗျာဒိတ်ပန်းဆင်မြန်းခံယူရပါလိုကြောင်း' ဆုတောင်းထားသည်ကို အောက်ပါအတိုင်းတွေ့ရပါသည်။

* ပစ္ဆာ သုဂတိယံယေဝ၊ ဟုတ္ဝာ သမ္မန္ဒ ဘောဂဝါ။
သပရတ္ထစရော ပညော၊ မေတ္တေယျဖိနသန္တိကေ။
* ဝိဇ္ဇာစရဏာ သမ္ပန္နော၊ စတုသမ္ဘိဒါဉာဏဲ ဝါ။
ဌပိတော သေ အဂ္ဂေါတိ၊ ပညိဿု ဘဝေယျဟံ။*၅ –ဟုဖြစ်သည်။

---

*၁ နဝဒေးဆိုရတုပေါင်းချုပ်။ ၁၉၂၉–ခုနှစ်။ (စာမျက်နှာ–၇၁)။

*၂ နဝဒေးဆိုရတုပေါင်းချုပ်။ ၁၉၂၉–ခုနှစ်။ (စာမျက်နှာ–၁၅၄)။

*၃ အရှင်သီလာနန္ဒာဘိဝံသ၏ ပရိတ်နိဒါန်း။ သပြေကန်ပရိတ်ကြီးနိဿယသစ်။ ၁၉၇၁–ခုနှစ်။ (စာမျက်နှာ–ဏ)။ ပခန်းကျော်၏ ပခန်းကြီးအကြောင်းသိကောင်းစရာများ။ ၁၉၇၂–ခုနှစ်။ (စာမျက်နှာ–၂၆၁)။

*၄ ဦးထွန်းလှိုင်၏ နိဒါန်း။ ပရိတ္တပါဠိတော်၊ ပရိတ္တဋီကာပါဠိနှင့်ပရိတ္တဋီကာနိဿယ(၃–ကျမ်းတွဲ)။ ၁၉၉၀–ပြည့်နှစ်။ (စာမျက်နှာ–က)

*၅ အရှင်တေဇောဒီပ၏ ပရိတ္တဋီကာပါဠိ။ ၁၉၉၀–ပြည့်နှစ်။ (စာမျက်နှာ–၁၁၄)။

http://www.dhammadownload.com

ဦးယဲ၏ပိဋကတ်သမိုင်းစာတမ်း၌ 'ပရိတ်ကြိုးငှိကာကျမ်း၏နိဿယမရှိ' ဟု ပြဆိုထားသော်လည်း*၁ အေဒီ ၁၉၀၄–ခုနှစ်တွင် ရန်ကုန်မြို့၊ ကဝိန္ဒာသီရိပုံနှိပ်တိုက်က ပရိတ်ကြိုးငှိကာပါဠိကို မြန်မာနိဿယမူနှင့်တွဲ၍ ပုံနှိပ်ခဲ့ပါသည်။ ထိုပရိတ်ကြိုးငှိကာနိဿယပုံနှိပ်မူ၌ ကျမ်းပြုပုဂ္ဂိုလ်၏ဘွဲ့မည်ရည်ကိုဖော်ပြမထားပေ။*၂ ပရိတ်ကြိုးငှိကာကျမ်းပြုအရှင်တေဇောဒီပ၏ မေတ္တေယျရှင်ထံတော်၌ ပညာတေဒဂ်ထားရန် ဆုတောင်းဂါထာတို့ကို သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်ရိုက် ပရိတ်ကြိုးငှိကာနိဿယ၌ အောက်ပါအတိုင်းဖော်ပြထားသည်။

> ပစ္စာ= နောက်၌၊ သုဂတိယံယေဝ= သုဂတိဘုံ၌သာလျှင်၊ သမ္ပန္နဘောဂဝါ= ပြည့်စုံသော စည်းစိမ်ရှိသည်လည်းကောင်း၊ သ ပရတ္ထစရော ဝါ= ကိုယ်၏စီးပွား သူတစ်ပါးတို့၏စီးပွားကို ကျင့်တတ်သော၊ ပညော ဝါ= ပညာရှိသည်သော်လည်းကောင်း၊ ဟုတ္ဝာ= ဖြစ်၍၊ မေတ္တေယျ ဖိနသန္တိကေ= မေတ္တေယျဘုရားရှင်အထံတော်၌၊
>
> အဟံ= ငါသည်၊ ဝိဇ္ဇာစရဏသမ္ပန္နော= ဝိဇ္ဇာသုံးပါး စရဏတဆယ့်ငါးပါးနှင့် ပြည့်စုံသည်ဖြစ်၍၊ ဝါ=ပြည့်စုံရကား၊ စတုသမ္ဘိဒါဉာဏံ= လေးပါးသောပဋိသမ္ဘိဒါဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍၊ ပဋိဒ္ဓိသု= ပညာတန်ခိုးရှိသော တပည့်တို့တွင်၊ ဧသ–ဧသော= ဤသူသည်၊ အဂ္ဂေါ= မြတ်၏။ ဣတိ= ဤသို့ (မံ= ငါ့ကို၊ တေဒဂ္ဂဌာနေ= တေဒဂ်အရာ၌) ဌပိတောဝ= ထားတော်မူအပ်သည်၊ ဘဝေယျံ= ဖြစ်ရလိုင်၏*၃ –ဟုဖြစ်သည်။

မုံရွေးဇေတဝန်ဆရာတော်ကြီး၏ ဆုတောင်း

မြန်မာစာပေလောကသို့ ရာဇောဝါဒကျမ်း၊ သမန္တစက္ခုဒီပနီ၊ မုံရွေးရာဇဝင်ကျမ်း၊ ဓမ္မသတ်ကျမ်း၊ ကဝိမဏ္ဍနီရေးနှုန်းကျမ်း၊ ကုသပျို့၊ နာနာဆန္ဒပျို့၊ ပဌာဝုဝပျို့၊ နာရဒပျို့၊ အာဒါသမုခပျို့၊ မင်္ဂလသုတ်ပျို့၊ ဥတိန္ဒပျို့–အစရှိသော ကျမ်းဂန်စာပေပျို့ကဗျာလင်္ကာများစွာကို ရေးသားစီရင်တော်မူကာ ပညာဂုဏ်သတင်း ကျော်ပျံ့လှပေသော မုံရွေးဇေတဝန်ဆရာတော်ဘုရားကြီး*၄ကို သက္ကရာဇ် ၁၁၂၈–ခု (အေဒီ ၁၇၆၆–ခုနှစ်)၊ မုံရွာမြို့တောင်ဘက် မုံရွေးလေးရွာအဝင် ကြေးမုံရွာ (ယခု–ဗန်နီပင်ရပ်)၌ ဖွားတော်မူခဲ့သည်။*၅ သက္ကရာဇ် ၁၁၄၈–ခု (အေဒီ ၁၇၈၆–ခုနှစ်)၊ အသက်(၂၀)၌ရဟန်းဖြစ်၍ ဘွဲ့တော်ကား ရှင်အရိယာဝံသအာဒိစ္စရံသီဖြစ်၏။ ရဟန်းခုနစ်ဝါတွင် လေးဝဂ်မှိ အင်္ဂီကိုးသွယ် နိကာယ်ငါးရပ် သုံးပုံပိဋကတ်ကို တစ်ဖက်ကမ်းရောက်တတ်မြောက်တော်မူခဲ့ပြီးလျှင်၊ ကွန္ဒဝဇီရာဘိလင်္ကာရ သီရိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု–တံဆိပ်တော်ကို ဘကြီးတော်မင်း (အေဒီ ၁၈၁၉–၁၈၃၈) က ဆက်ကပ်လှူဒါန်းခဲ့လေသည်။*၆

---

*၁ ဦးယဲ၏ ပိဋကတ်သမိုင်းစာတန်း။ ၁၉၀၅–ခုနှစ်။ (စာမျက်နှာ–၁၂၀)။

*၂ ရန်ကုန်မြို့၊ အမျိုးသားစာကြည့်တိုက်(ပေမူအမှတ်–၁၈၉၆)ဖြင့်ရှိနေသော ပရိတ်ကြိုးငှိကာနိဿယစိုဝုံး၌ 'ဂန္ဆကာရော မဟာထေရော၊ ပိဋကနာထ နာမကော' ဟု ကျမ်းပြုအမည်ကိုဖော်ပြထားသည်။ အရှင်သီလာနန္ဒာဘိဝံသ၏ ပရိတ်နိဒါန်း။ သပြေကန်ပရိတ်ကြိုးနိဿယသစ်။ ၁၉၇၁–ခုနှစ်။ (စာမျက်နှာ–ထ)။

*၃ ပရိတ္တဦကာပါဠိနိဿယ။ ၁၉၉၀–ပြည့်နှစ်။ (စာမျက်နှာ–၃၃၇)။

*၄ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ–၉။ ၁၉၆၄–ခုနှစ်။ (စာမျက်နှာ–၃၃၉)။ လှသမိန်၏ ဂန္ဆဝင်ပုဂ္ဂိုလ်ကျော်များ။ ၁၉၆၁–ခုနှစ်။ (စာမျက်နှာ–၅၉)။ မောင်သုတ၏ စာဆိုတော်များအတ္ထုပ္ပတ္တိ။ ၁၉၆၆–ခုနှစ်။ (စာမျက်နှာ–၃၆၇)။

*၅ ချောင်းဦးမောင်စန္ဒာ၏ မုံရွေးစာပေယဉ်ကျေးမှု။ ၁၉၇၉–ခုနှစ်။ (စာမျက်နှာ–၃၇)။

*၆ မောင်သုတ၏ စာဆိုတော်များအတ္ထုပ္ပတ္တိ။ ၁၉၆၆–ခုနှစ်။ (စာမျက်နှာ–၉၆၇။)

http://www.dhammadownload.com

မုံရွေးဇေတဝန်အရှင်မြတ်ကြီးသည်ကား ဝိရိယာဓိကဘုရားဆုကိုပန်သော ယောဂျီးမြတ်တစ်ဆူတည်း။ မျက်မှောက်ဘဝမှစုတေလျှင် ကျွန်းဦးဖမ္မာသပြေပင်အနီးဝယ် ဘုမ္မစိုးနတ်မင်းဖြစ်နေလျက်၊ အရိမေတ္တေယျမြတ်စွာဘုရားပွင့်သောအခါ လူဖြစ်ပြန်၍ ဝိရိယာဓိကဘုရားဆုဗျာဒိတ်ကိုခံရလိုကြောင်း စသည်ကို သက္ကရာဇ် ၁၁၅၇-ခု (အေဒီ ၁၇၉၅-ခုနှစ်)တွင် ရေးသားပြီးစီးသော ဥတိန္ဒပျို့နိဂုံး၌ အောက်ပါအတိုင်းတွေ့ရ၏။

ဒီပရပ်ထူး၊ ကျွန်းဦးမြေနှ၊ ဖမ္မာသပြေ၊ ပင်ရိပ်ဝေတွင်၊ နေဂုဏ်တေဇ၊ တန်ခိုးပသည်၊ ဘူမဒေဝါ၊ ရာဇမမ္မရာဇ်၊ နတ်မင်းဖြစ်လျက်၊ တွက်စစ်အသက်၊ နှစ်ရက်ရှည်စွာ၊ မေတ္တေယျာစော၊ ပွင့်သောခါမှ၊ လူဘုံကျ၍၊ အဌအဂ်၊ ပြည့်စုံစွာလျက်၊ ဝိရိယာဓိက၊ နိယတဟိတ်၊ ဗျာဒိတ်တော်ကို၊ ဆင်ရလို၏။ ။ဥတိန္ဒပျို့ (အပိုဒ်-၁၄၃)။

တဖန် မုံရွေးဇေတဝန်ဆရာတော်ကြီးသည် သက္ကရာဇ် ၁၁၈၃-ခု (အေဒီ ၁၈၂၁-ခုနှစ်)တွင် ရေးသားပြီးစီးသော နာရဒပျို့နိဂုံး၌ မေတ္တေယျရှင်လက်ထက်တော်တွင် ကျွတ်တမ်းဝင်လိုပါကြောင်းကို အောက်ပါအတိုင်း ဆုတောင်းတော်မူခဲ့ပြန်ပါသည်။

တုသိတာ၌၊ ပါရမီရင့်ညောင်း၊ မိတည်းလောင်းလည်း၊ ဘုန်းပေါင်းတက်တိုး၊ ရန်မျိုးနွမ်းလျော်၊ သက်တော်ရှည်စေ၊ အောင်မြေပလ္လင်၊ ကံ့ကော်ပင်မှာ၊ ငါးအင်ဥယျာ၊ ပိုင်သသောခါ၊ ကရဏာပြန့်ပွား၊ ကျွန်ုပ်အား၊ ရွှေသားကွန့်ကွန်၊ လက်ရုံးဆန့်၍၊ နိဗ္ဗာန်ဥကင်၊ နန်းပလ္လင်သို့ ထင်စေသတည်း။ ။နာရဒပျို့ (အပိုဒ်-၁၆၆)။

သက္ကရာဇ် ၁၁၈၃-ခု (အေဒီ ၁၈၂၁-ခုနှစ်)တွင်ပင် ရေးသားပြီးစီးသော ပဋ္ဌာဝုဓပျို့နိဂုံး၌လည်း မေတ္တေယျရှင် ပွင့်တော်မူသောအခါ မေတ္တေယျဗုဒ္ဓက 'မိမိ (မုံရွေးဇေတဝန်ဆရာတော်)ကို အဝေးမှမြင်လျှင်ပင် အနီးသို့ကြွရောက်လာပြီး ဓမ္မရေအေးတိုက်ကျွေးနိုင်ပါစေ' ဟုဆုတောင်းခဲ့ပုံကိုလည်း အောက်ပါအတိုင်းတွေ့ရပြန်ပါသည်။

မိတည်းလောင်းလည်း၊ ကောင်းသည့်ကျင့်ဝတ်၊ ပဋိပတ်နှင့်၊ မြတ်သည့်တန်ခိုး၊ ထီးနှယ်မိုးလျက်၊ တိုးပါစေသော၊ မြတ်ဗောဓိပင်၊ ရွှေပလ္လင်မှာ၊ အောင်မြင်ရန်မျိုး၊ ဉာဏ်ရွှေဘိုးလည်း၊ ဖြိုးပါစေသော။ ။သဘော်ယာဉ်လျင်၊ ဖောင်မဂ္ဂင်ဖြင့်၊ လွင်နိဗ္ဗာန်သို့၊ ပို့သောအခါ၊ မေတ္တာပြန့်ပွား၊ ကျွန်ုပ်အားကို၊ ဘုရားထွတ်ရှင်၊ ဝေးကမြင်၍၊ ကိုယ်ထင်ကြွခါ၊ သြဝါချိုအေး၊ ဆုံးမပေးလျက်၊ ကြိုင်မွေးရသာ၊ တိုက်ကျွေးပါလော့။ ။ပဋ္ဌာဝုဓပျို့ (နိဂုံး၊ အပိုဒ်-၇)။

မုံရွေးဇေတဝန်ဆရာတော်ကြီးကို ဘကြီးတော်မင်းက အလွန်အားထားကြည်ညိုသည်ဖြစ်၍ အင်းဝနန်းသို့ပင်ကာ နန်းတွင်းရှိ နန်းဦးငါးထပ်ကျောင်း၌ သီတင်းသုံးစေတော်မူပါသည်။ မုံရွေးဆရာတော် နန်းတွင်း၌ သီတင်းသုံးနေတော်မူသည်ရည်ရွယ်၍ အချို့က 'ရှေးအခါက နန်းတွင်းမှာ သမားဖြူ,သမားညိုသာရှိခဲ့၏၊ ယခု သမားဝါ(ရဟန်းကိုဆိုလိုသည်)များလည်းရှိပေသည်' ဟု ပြောဆိုကြသည်-ဟူ၏။[*၁]

ဤသို့ နန်းတွင်းရှိ နန်းဦးကျောင်း၌သီတင်းသုံးကာ မင်းရေးမင်းရာနှင့်စပ်သောလုပ်ငန်းတို့ကို ဆောင်ရွက်နေရလင့်ကစား မုံရွေးဆရာတော်၏စိတ်တွင်း၌ ပြို့ရွာ၌မပျော် တောမှာသာနေလိုသောနေကွမ္မဖွာသယဆန္ဒဖြစ်၍ နေခဲ့သည်။ မိမိ၏နှလုံးတွင်း၌ကိန်းဝပ်နေသော နေကွမ္မဆန္ဒတော်တို့ကို ထုတ်ဖော်ပြသသောအားဖြင့် 'သတိမူလ'-အစချီသောရတုပိုဒ်စုံကို ရေးစပ်တော်မူခဲ့ပါသည်။

---

*၁ ဆရာတော်ဦးဗုဒ် မိန့်ကြားခြင်းဖြစ်သည်- ချောင်းဦးမောင်စန္ဒာ၏ မုံရွေးစာပေယဉ်ကျေးမှု။ ၁၉၇၉-ခုနှစ်။ (စာမျက်နှာ-၅၄)။

http://www.dhammadownload.com

ထို 'သတိမူလ'–အစချီသောရတုတွင် ဆရာတော်ကြီးက မိမိသည် 'သဒ္ဒါ,နေတ္တိ၊ ဂဏ္ဌိပုဒ်ပါဠိ၊ ကလာပ်*၁, ဒဏ္ဍီ*၂, ဗျဥ္ဇီ*၃, ဆန္ဒ*၄၊ မူလဋီကာ၊ ဋ္ဌကထာ–' စသည့် ခက်ခဲသောကျမ်းတို့ကို ဆရာသမားတို့ထံချဉ်းကပ်၍ မေးမြန်းဆွေးနွေးနေလိုသောဆန္ဒ ရှိနေတော်မူကြောင်း၊ ထို့ပြင် 'မြို့ငယ်သာရဂုံ၊ စေးခဲ့ပိတ်ပေါင်း၊ နှာမောင်းယုက်မြောင်၊ တောရပ်ချောင်ဝယ်၊ တတောင်သက်ဆင်း၊ တကျင်းရောက်ရောက်၊ ကျပ်ချောက်လုံစွာ၊ ဆိတ်ညံရာ၌ ဆယ်ဖြာသောက၊ ရှင်းစေမှလျှင်၊ သီလမည်။ ဆွတ်ဆင်မှုဖြင့်၊ လူနှင့်မနီး၊ သစ်သီးသစ်ခေါက်၊ သစ်ညောက်သစ်ဥ၊ အစာပြုလျက်၊ ရှာကမ္ဘဉာန်း၊ ကသိဏ်းဝန်းနှင့်၊ စီးဖြန်းဘာဝနာ...'ဖြင့် သီလဆောက်တည်ကာ၊ ကမ္မဋ္ဌာန်းစီးဖြန်းကာနေလိုကြောင်းတို့ကို ဖော်ပြထားသည်။ ထို့ပြင် ဆရာတော်သည် မိမိ၏စာသင်ဘက်မိတ်ဆွေ*၅နှင့် အတူ မေတ္တေယျရှင်ပွင့်တော်မူချိန်၌ အရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန်တို့ငယ်စဉ်အခါ သရဒကာသီ, သီရိဝမုန သေဋ္ဌေးသားဘဝက တရားလမ်းစရှာခဲ့ကြသလိုပင် တရားရှာပြီး အဂ္ဂသာဝကနှစ်ပါးအဖြစ် ဗျာဒိတ်ပွဲဆင်ယင်တော်မူလိုကြောင်းတို့ကို အောက်ပါအတိုင်းရေးသားတော်မူခဲ့ပါသည်။

> တို့နှစ်ဆွေကား၊ ဖြစ်လေကတိုင်း၊ သံသာလှိုင်းဝယ်၊ မယိုင်းတူကွ၊ ဆုံမိကြ၍၊ သရဒကာသီ၊ မြတ်ကဝိနှင့်၊ သီရိဝမုန၊ မာနဝသို့၊ ဒိဋ္ဌသမ္ပတ်၊ လေးရပ်ဆယ်ခြောက်၊ ခင်ပွန်းမြောက်၍၊ တောင်ချောက်မဆီး၊ မြစ်ကြီးမသန်း၊ ချောင်းကမ်းမခြား၊ ဆွေမပြားလျက်၊ သွားလည်းမကွေ၊ နေလည်းမကွာ၊ သဒ္ဒါသီလ၊ သဘောမျှလျက်၊ ဒသပါရမီ၊ ကျင့်သုံးလီကို၊ အညီတူကွ၊ ဖြည့်ကုန်ရလျက်၊ ကာလသင့်လျော်၊ နောင်သရော်မူ၊ <u>ကုံကော်နန်းရှင်</u>၊ ထွတ်ချာတွင်မှ၊ ကြည်လင်ရွှင်လန်း၊ ဗျာဒိတ်ပန်းကို၊ လန်းလန်းဆင်ရပါဘိမူ*၆ –ဟုဖြစ်သည်။

သမန္တ စက္ခုဒီပနီကျမ်းစုဆောင်းသူ အရှင်သိရိသဒ္ဓမ္မ၏ ဆုတောင်း

မုံရွာမြို့နေ တပည့်ဖြစ်သူသိရိမာလာ*၇ မေးလျှောက်သဖြင့် မုံရွေးဖေတဝန်ဆရာတော်ကြီး ဖြေဆိုတော်မူခဲ့သော အဖြေလွှာတို့ကိုစုပေါင်းလိုက်သောအခါ မြန်မာစာပေယဉ်ကျေးမှုတို့၌ အဖက်ဖက်ကအသုံးတည့်လှသော သမန္တ စက္ခုဒီပနီအမည်ရှိ မဟာဂဏ္ဌိပဒ္ဓဝိနိစ္ဆယကျမ်းကြီးဖြစ်ပေါ်လာခဲ့ပါသည်။ မုံရွေးဆရာတော်ကြီး သမန္တ စက္ခုဒီပနီကျမ်းလာအဖြေလွှာတို့ကိုရေးစဉ်အခါက အနီးမှစောင့်၍ ထိုအဖြေလွှာတို့ကိုသိမ်းဆည်းစုဆောင်းခဲ့သောပုဂ္ဂိုလ်မှာ မုံရွေးဆရာတော်ကြီး၏အနွေ့ ဝါသိကတပည့် အရှင်သိရိသဒ္ဓမ္မဖြစ်ပါသည်။ ထိုအရှင်သိရိသဒ္ဓမ္မထေရ်သည်

---

*၁ ကလာပ်= သက္ကတသဒ္ဒါကျမ်း။ ဧရိဝဂ်မန် ပြုစုသော ကောမာရ (ဓေါ်) ကာရ်တန္တြ(Kārtantra)ကျမ်းကိုဆိုလိုသည်။

*၂ ဒဏ္ဍီ= သက္ကတအလင်္ကာကျမ်းဖြစ်သော ကာဗျာဒရ်ဓ(Kāvyādarṣa)ကိုရည်ညွှန်းလိုပြီးလျှင် ကျမ်းပြုဆရာဒဏ္ဍီ(Daṇḍin အေဒီ ၆၆၅–၇၂၀) ကိုအခွဲပြု၍ဓေါ်ထားခြင်း ဖြစ်သည်။

*၃ ဗျဥ္ဇီ= ကလာပ်ကျမ်းအဖွင့် ကလာပပဥ္ဇိကာ၊ စာရွှေကျမ်းအဖွင့် စာရွှေပဥ္ဇိကာ– စသည် သဒ္ဒါအဖွင့်ကျမ်း (ပဥ္ဇိကာ)တို့ကို ဆိုလိုသည်။ အေဒီ ၁၄၄၂–ခုထိုး ပုဂံမြို့ တက်ခွဲကျောင်း ကျောက်စာ၌ 'ပဥ္ဇီ၊ ပဥ္ဇိဒီဂါ' စသည်ဖြင့် တွေ့ရသည်။ ကန်တော်မင်းကျောင်းဆရာတော်၏ လောကသာရပျို့ (အပိုဒ်–၄၈)၌ 'ကလာပ်ဗျဥ္ဇီ၊ ဒဏ္ဍီဝိဒဂ်၊ ကျမ်းခက်ဗျာကရိဏ်း–' စသည်ရေးဖွဲ့ထားသည်။

*၄ ဆန္ဒ= သက္ကတကဗျာဖွဲ့စဝ်နည်း ဝိဂံလဆန်း၊ သေတဝလိဆန်း၊ ဝိပုလာဆန်း၊ ဝုတ္တရတနာကာရဆန်း၊ ဝုတ္တရတနာဝလိဆန်း၊ ဆန္ဒောမဏ္ဍရီဆန်း စသော ဆန်းကျမ်းတို့ကိုဆိုလိုပါသည်။ ဦးကောဝိဒ၏ ဆန္ဒောဘာရတီ။ ၁၉၃၈–ခုနှစ်။ (စာမျက်နှာ–၅)။

*၅ ဆားလင်းကြီးနေ အရှင်ဇယန္တ ဘဒ္ဒန္တဝံသမထေရ်ကိုဆိုလိုသည်။

*၆ ရုဝေထွန်း၏ မင်းဆရာဘဝနှင့်ရည်မှော်ဆန္ဒ(ဆောင်းပါး)။ ရတနာစာပေ၊ ပထမတွဲ။ ၁၉၇၃–ခုနှစ်။ (စာမျက်နှာ–၁၁၂)။

*၇ နောင်အခါ ဘကြီးတော်၊ သာယာဝတီနှင့် မင်းတုန်းမင်းတို့လက်ထက်တွင် လှေသင်းအတွင်းဝန်ဦးချိန် (အေဒီ ၁၇၉၆–၁၈၅၅ ခုနှစ်)ဟုထင်ရှားခဲ့ပြီး ဝေါဟာရလိနတ္ထဒီပနီ၊ အဘိဓာနတ္ထဝိသောဓနီကျမ်း၊ တန္တတ္ထဒီပနီ–ကျမ်းတို့ကိုပြုစုခဲ့သည်။

http://www.dhammadownload.com

ဖော်ပြပါ မုံရွာအရှင်သီရိမာလာအမေး–မုံရွေးဇေတဝန်ဆရာတော်ကြီးအဖြေဖြစ်သော သမန္တ စက္ခုဒီပနီကျမ်းပါ အမေး–အဖြေလွှာတို့ကိုစုဆောင်းရသောကောင်းမှုကံကြောင့် အဆုံးစွန်သောဘဝတွင် မေတ္တေယျရှင်တော်ထံ၌ မဟာသာဝကဆုပန်ခဲ့ပုံကို အောက်ပါအတိုင်းတွေ့ရ၏။

သီရိသဒ္ဓမ္မနာမေန= သီရိသဒ္ဓမ္မ အမည်ရှိသော၊ မယာ= ငါပဉ္စင်းသစ်သည်၊ လိခိတွာ= ရေး၍၊ ဌပိတော= ထားအပ်၏။ ကုမိနာပုညကမ္မေန= ဤသို့ရေးထားရသော ကောင်းမှုကံကြောင့်၊ ဆဒေဝလောကေဝ= နတ်ပြည်ခြောက်ထပ်၌သာလျှင်၊ ပုနပ္ပုနံ= အဖန်တလဲလဲ၊ သံသရိတွာ= ကျင်လည်၍၊ အန္တိမဘဝေ= အဆုံးစွန်သောကိုယ်၏အဖြစ်၌၊ မေတ္တေယျသမ္မုဒ္ဓဿ= မေတ္တေယျဘုရားသခင်၏။ သန္တိကေ= အထံတော်၌၊ သုခပဋိပဒါ ခိပ္ပါဘိညော= သုခပဋိပဒါ ခိပ္ပါဘိညဖြစ်သော၊ မဟာသာဝကော= သာဝကမြတ်သည်၊ ဟောမိ= ဖြစ်ရပါလို၏[*၁] –ဟုဖြစ်သည်။

နေရင်းဆရာတော်ဘုရားကြီး၏ ဆုတောင်း

ပခုက္ကူခရိုင်၊ ပခန်းကြီးမြို့အရှေ့ဘက် ၆–မိုင်ခွဲခန့်အကွာတွင် နေရင်းရွာကြီးတည်ရှိသည်။ ထိုနေရင်းရွာကြီးရှိ မဏိရတနာကျောင်း၌ သီတင်းသုံးတော်မူသောကြောင့် နေရင်းဆရာတော်[*၂]ဟုထင်ရှားသည်။ ဘွဲ့မည်မှာ အရှင်အရိယာလင်္ကာရ ဖြစ်သည်။ ဆရာတော်သည် စာပေရေးသားမှု၌ ဝါသနာထုံသည်။ သမာဓိကောင်းလှ၍ အောက်ပြည် ရန်ကုန်မြို့ ရွှေတိဂုံဘုရားဖူးရန် လှေဖြင့်စုန်လာစဉ် ခရီးလမ်းမှာ သမ္မောဟဝိနောဒနီအဋ္ဌကထာ နိဿယကို ရေးတော်မူခဲ့သည်။ ဆရာတော်သည် စာရေးလျှင် ပေပေါ်တွင် တစ်ခါတည်းအချောတင်ရေးလေ့ရှိသည်။[*၃] ဆရာတော်အရှင်အရိယာလင်္ကာရသည် သက္ကရာဇ် ၁၀၈၅–ခု (အေဒီ ၁၇၂၃–ခုနှစ်)တွင် အဘိဓမ္မတ္ထဝိဘာဝိနီဋီကာကျော်ကျမ်းနိဿယကိုပြုစုတော်မူရာ၊ ထိုကျမ်း၏နိဂုံး၌ မေတ္တေယျရှင်ဘုရားဖြစ်သောကာလတွင် မဟာသာဝကဖြစ်ရပါလိုကြောင်း အောက်ပါအတိုင်းဆုတောင်းတော်မူခဲ့သည်။

* ကုမိနာ ပုညကမ္မေန ၊ အညေန ကုသလေန စ။
ကုတော စုတောဟ ဒုတိယေ ၊ အတ္တဘာဝမှိ အာဂတော။

* ဟိမဝန္တ္တ ပဒေသမှိ ၊ ပဒုတေ ဂန္ဓမာဒနေ။
အာသန္နေ မဏိဂုဟာယ ၊ ရုက္ခော မဏ္ဍူသကော ဠီတော။

* တသ္မိ ဟေသဲ ဘုမ္မဒေဝေါ၊ အတိဒီဃာယုကော ဝရော။
ပညာဝီရိယသမ္ပန္နော၊ ဗုဒ္ဓသာသနမာမကော။

* တေနေဝ အတ္တဘာဝေန၊ ယာဝဗုဒ္ဓဥပါဒတော။
တိဋ္ဌန္တော ဗုဒ္ဓပွါဒမှိ၊ ဘဝိဿာမိ မနုဿကေ။

* အရိမေတ္တေယျဗုဒ္ဓဿ၊ ပဒုဇိတွာန သာသနေ။
မဟာသာဝကောတိပညော၊ ဘဝိဿာမိ မဟိဒ္ဓိကော။ ။

[*၁] မုံရွေးဇေတဝန်ဆရာတော်၏ သမန္တ စက္ခုဒီပနီကျမ်း။ ၁၉၈၅–ခုနှစ်။ (စာမျက်နှာ–၇၂၃)။

[*၂] လှသဓိန်၏ ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ။ ၁၉၆၁–ခုနှစ်။ (စာမျက်နှာ–၁၇)။

[*၃] ပခန်းကျော်၏ ပခန်းကြီးအကြောင်းသိကောင်းစရာများ။ ၁၉၇၂–ခုနှစ်။ (စာမျက်နှာ–၂၈၂)။

http://www.dhammadownload.com

အဟံ=ငါသည်၊ ကုမိနာ ပုညကမ္မေန=ဤအဘိဓမ္မတ္ထဝိဘာဝိနီဋီကာနိဿယကို စီရင်ရသော ကောင်းမှုကြောင့်လည်းကောင်း၊ အညေန=တစ်ပါးသော၊ ကုသလေန စ=ကောင်းမှုကြောင့်လည်း ကောင်း၊ ကုတော = ဤကိုယ်၏အဖြစ်မှ၊ စုတော = စုတေ၍၊ ဒုတိယေ = နှစ်ခုတို့၏ပြည့်ကြောင်း ဖြစ်သော၊ အတ္တဘာဝမှိ=အတ္တဘောသည်၊ အာဂတေ=လာလတ်သော်၊ ဟိမဝန္တ ပ္ပဒေသမှိ= ဟိမဝန္တာတောအရပ်၌၊ ဂန္ဓမာဒနေ=ဂန္ဓမာဒနအမည်ရှိသော၊ ပဗ္ဗတေ=တောင်၌၊ ပဝတ္တာယ= ဖြစ်သော၊ မဏိဂုဟာယ=ပတ္တမြားဖြင့်ပြီးစေသောလိုဏ်၏၊ အာသန္နေ=အနီး၌၊ မဉ္ဇူသကော= မဏိမဉ္ဇူသကအမည်ရှိသော၊ ယော ရုက္ခော=အကြင်သစ်ပင်သည်၊ ဋ္ဌိတော=တည်၏။[*၁]

တသ္မိ=ထိုမဏိမဉ္ဇူသက-အမည်ရှိသောသစ်ပင်၌၊ အတိဒီဃာ ယုကော=အလွန်ရှည်သော အသက်ရှိထသော၊ ဝရော=မြတ်စွာထသော၊ ပညာဝိရိယသမ္ပန္နော=ပညာ,ဝီရိယနှင့် ပြည့်စုံထသော၊ ဗုဒ္ဓသာသနမာမကော=ဘုရားသခင်သာသနာတော်ကို မြတ်နိုးထသော၊ ဘုမ္မဒေဝေါ= ဘုမ္မစိုဝ်း နတ်သည်၊ ဟောသံ=ဖြစ်ရလို၏။

တေဝေန အတ္တဘာဝေန=ထိုဘုမ္မစိုဝ်းနတ်၏အဖြစ်ဖြင့်လျှင်၊ ယာဝ ဗုဒ္ဓဥပါဒတော[*၂]= အရိ မေတ္တေယျဘုရားဖြစ်သည့်တိုင်အောင်၊ တိဋ္ဌန္တော=တည်သည်ဖြစ်၍၊ ဗုဒ္ဓုပ္ပါဒမှိ=အရိမေတ္တေယျဘုရား ဖြစ်တော်မူသောကာလ၌၊ မနုဿကေ=လူ၌၊ ဘဝိဿာမိ=ဖြစ်ရလိုဏ်။

အရိမေတ္တေယျဗုဒ္ဓဿ=အရိမေတ္တေယျဘုရားသခင်၏။ သာသနေ=သာသနာတော်၌၊ ပဗ္ဗဇိတ္တာ= ရဟန်းဖြစ်၍၊ အတိပညော=အလွန်ထက်မြက်လျင်လျားသောပညာရှိထသော၊ မဟိဒ္ဓိကော=ကြီးသော တန်ခိုးရှိထသော၊ မဟာသာဝကကော=မဟာသာဝကသည်၊ ဘဝိဿာမိ=ဖြစ်ရလို၏ [*၃]ဟုဖြစ်သည်။

ထန်းတပင်ဆရာတော်ကြီး၏ ဆုတောင်း

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာဝင်နိုင်ငံများတွင် အဘိဓမ္မာအရာ၌ ထိပ်တန်းကရှိနေကြောင်းကို အဘယ်နည်းဖြင့်သိနိုင်ပါမည်နည်း–ဟုမေးပါက၊ ထန်းတပင်ဆရာတော်ကြီးအရှင်နန္ဒမေဓာ[*၄]ပြုစုခဲ့သော ယမိုက် အရကောက်၊ ပဋ္ဌာန်းအရကောက်–ကျမ်းကြီးတို့ကိုပြုပြီးလျှင် 'ဤသို့သော အဘိဓမ္မာဆိုင်ရာအရကောက်ကျမ်း များကို မြန်မာနိုင်ငံမှာရှိပြီး ဤနိုင်ငံမှတပါး အခြားမည်သည့်ထေရဝါဒနိုင်ငံကမှ မစီရင်မရေးသားနိုင်သောကြောင့် မြန်မာနိုင်ငံသည် အခြားသောထေရဝါဒဗုဒ္ဓဘာသာဝင်နိုင်ငံများထက် အဘိဓမ္မာအရာ၌သာလွန်ကာ ထိပ်တန်းက ရှိနေရကြောင်း' ဖြေကြားရပေလိမ့်မည်။

အရကောက်ကျမ်းသည် မြန်မာနိုင်ငံကတီထွင်ရေးသားခဲ့သော အဘိဓမ္မာအဖွင့်ကျမ်းတစ်မျိုးဖြစ်သည်။ အခြားသောပါဠိတော်ကျမ်းများမှာ နိဿယရေးလျှင် အနက်ထင်၏။ ယမိုက်,ပဋ္ဌာန်းပါဠိတော်ကျမ်းမျိုးကား နိဿယရေးသော်လည်း ပါဠိထင်ရုံမျှသာရှိပြီး ဆိုလိုရင်းသရုပ်သကန် ပေါ်လွင်မည်မဟုတ်။ ထိုယမိုက်နှင့်

---

*၁ ဟိမဝန္တာ–ဂန္ဓမာဒနတောင်အရပ်ရှိ ပတ္တမြားလိုဏ်ဂူအဝတွင် မဏိမဉ္ဇူသကသစ်ပင်ရှိပုံကို ဦးယာ(အေဒီ ၁၇၄၈–၁၇၈၅–ခုနှစ်)၏ ဆယ့်နှစ်ရာသီ အဖြည့်ခံရတုတို့တွင် 'ပတ္တမြားညို၊ လိုင်နုိုထက်၊ အဟိကပ်လုံး၊ ဇံမဆုံးသည်၊ တောသုံးထောင်ရှင်၊ နတ်မင်းသျှင်။ ။' ဟု ရေးဖွဲ့ ထား၍ ထိုမဏိမဉ္ဇူသကသစ်ပင်စောင့်သော မလ္လာဒေဝနတ်မင်းမျိုးသည် ကဝ်ကမ္ဘာတစ်လျှောက်လုံး သက်တမ်းရှည်အောင်နေနိုင်၏။ ဦးမောင်မောင်ကြီး၏ ဦးယာ၏ရတုလင်္ကာ။ ၁၉၆၁–ခုနှစ်။ (စာမျက်နှာ–၂၉)။

*၂ ယာဝ ဥပ္ပါဒေါ တာဝ–ဟုရှိသင့်သည်။

*၃ အရှင်အရိယာလင်္ကာရ၏ ဦကာကျော်နိဿယ၊ ဒုတိယတွဲ။ (စာမျက်နှာ–၅၂၀)။

*၄ မာဂဓိ(သာစည်)၏ အသံမခဲပဋ္ဌာန်းပူဇော်ပွဲ။ ၁၉၉၆–ခုနှစ်။ (စာမျက်နှာ–၁၇၅)။

http://www.dhammadownload.com

ပဌာန်းပါဠိတော်တို့မှာ ဆိုင်ရာအဘိဓမ္မာသရုပ်သကန်တို့ကိုပေါ်လွင်အောင်ပြနိုင်မှသာ သဗ္ဗညုတညာဏ်တော်ကြီး၏ဆိုလိုရင်းအနက်ကို ထင်နိုင်မည်ဖြစ်၍၊ ထိုယမိုက်ပဌာန်းကျမ်းတို့ကို အနက်ကိုသာမက သရုပ်ကိုပါ ကောက်ပြရလေသည်။ ဤသို့ဖြင့် အဘိဓမ္မာကျမ်းများနှင့်စပ်၍ အရကောက်ကျမ်းများပေါ်ထွန်းလာခဲ့ရသည်။*၁

ထန်းတပင်–ဟူသော မြို့ရွာအမည်ကို မြန်မာနိုင်ငံအတွင်း၌ နေရာခပ်များများ၌တွေ့ရသော်လည်း အရကောက်ကျမ်းပြုဆရာတော်ကြီး၏ ထန်းတပင်သည်ကား မြန်မာနိုင်ငံအထက်ပိုင်း၊ ရွှေဘိုမြောက်ဘက်ရှိ ထန်းတပင်ရွာကလေးကိုဆိုလိုသည်။ ထန်းတပင်ဆရာတော်ကြီးသည် အနန္တဇဖမဟာရာဖဂုရု တောင်ဘီလူးဆရာတော်ကြီးထံတွင် အဘိဓမ္မာညဝါကိုသင်ယူခဲ့၏။ ထို့နောက် အလောင်းမင်းတရားဦးအောင်ဇေယျ (အေဒီ ၁၆၅၂–၁၆၆၀)၏ အမတ်နန္ဒသီဟကျော်ထင်ဆောက်လှူသော ထန်းတပင်မြို့အရှေ့မြောက်ရှိ ဗောဓိကျောင်းတိုက်၌ သီတင်းသုံးနေစဉ် သက္ကရာဇ် ၁၁၂၁–ခု (အေဒီ ၁၆၅၉–ခုနှစ်)တွင် ယမိုက်အရကောက်၊ ပဌာန်းအရကောက်ကျမ်းများကို လေးလစီနှင့် အပြီးအစီးရေးသားတော်မူခဲ့ပါသည်။ ပဌာန်းအရကောက်ကျမ်းကိုကား အလောင်းမင်းတရားလက်ထက် သက္ကရာဇ် ၁၁၂၁–ခု (အေဒီ ၁၆၅၉–ခုနှစ်)တွင် ပထမပိုင်း၊ စဉ်ကူမင်းလက်ထက် သက္ကရာဇ် ၁၁၃၉–ခု (အေဒီ ၁၆၇၇–ခုနှစ်)တွင် ဒုတိယပိုင်းဟု နှစ်ပိုင်းခွဲ၍ပြုစုခဲ့သည်။ ထို့ပြင် ဘိကျွပါတိမောက်နိဿယ၊ ဘိက္ခုနီ ပါတိမောက်နိဿယ၊ ကစ္စည်းသဒ္ဒါကြီးနိဿယတို့ကိုလည်း ပြုစုတော်မူခဲ့သည်။ စရစ်ဆရာတော် ပျံလွန်တော်မူသည့်နောက် သာသနာပိုင်ဖြစ်တော်မူကြောင်းကို သီလဝိသောဓနီကျမ်းတွင်ဖော်ပြထားသည်။ တိပိဋကာလင်္ကာရသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု၊ နန္ဒမေဓာဘိသိရိပရမဓဇသဒ္ဓမ္မဇဓ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ကိုလည်းရခဲ့၏။*၂

ထန်းတပင်ဆရာတော်ကြီးအရှင်နန္ဒမေဓာသည် သက္ကရာဇ် ၁၁၂၁–ခု (အေဒီ ၁၆၅၉–ခုနှစ်)တွင် ပြုစုပြီးစီးသော ယမိုက်နိဿယခေါ် ယမိုက်အရကောက်ကျမ်းကြီးနှင့် ပဌာန်းနိဿယခေါ် ပဌာန်းအရကောက်ကျမ်းကြီးတို့၏နိဂုံးတို့၌ 'ဤဘဝမှလွန်၍ ဒုတိယဘဝတွင် နတ်အဖြစ်ကိုရကာ နတ်ပြည်၌ပျော်စံနေလိုသည်။ မေတ္တေယျရှင်ပွင့်ထွန်းလာသောအခါ၌ သာသနာကိုချီးမြှောက်နိုင်သောရှင်ဘုရင် ဖြစ်လိုသည်။ ထို့ပြင် ဗျာဒိတ်ခံယူရန် အင်္ဂါရှစ်ပါးနှင့်လည်းပြည့်စုံပြီးလျှင် မေတ္တေယျရှင်ထံဗျာဒိတ်ခံယူကာ ဘုရားဖြစ်ကြောင်း ဆယ်တန်သော ပါရမီတို့ကိုဖြည့်ဆည်းကာ သတ္တဝါတို့ကို သံသရာဝဲမှကယ်တင်လိုပါကြောင်း– စသည်ဖြင့် ဆုတောင်းထားပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

* ကွာမိနာ ပုညကမ္မေန၊ အညေန ကုသလေန စ။
ကွာတော စုတာဟံ ဒုတိယေ၊ အတ္တဘာဝမှိ အာဂတော။

* ဒေဝလောကေ ဝသိတွာန၊ ဗုဒ္ဓသာသနမာမကော။
အတိပုညော နရိန္ဒောဝ၊ ပုညဖေယျော ပရာသဟော။

* ယာဝ တိဋ္ဌတိ သာသနံ၊ သာသနန္တရဓာနေစ၊
ဥပဂ္ဂပရိ ယာနတော၊ ဒေဝလောကေ ဝသိတွာန။

---

*၁ မာတိကာအရကောက်၊ ဓာတုကထာအရကောက်၊ ယမိုက်အရကောက်၊ ပဌာန်းအရကောက်တို့ဖြစ်သည်။ ဝိဇုကတ်သမိုင်းစာတန်း၌ အရကောက်ကို နိဿယဟုလည်းသုံးစွဲထားသည်။

*၂ ထိုထန်းတပင်ဆရာတော်သည် ဘိုးတော်မင်းလက်ထက် သက္ကရာဇ် ၁၁၄၆–ခုနှစ် (အေဒီ–၁၇၈၄)တွင် တုံဂိုဏ်း၌ပါဝင်ခဲ့ပြီး၊ တုံဂိုဏ်းအရေးနိမ့်၍ စာတိ စည်ပုတ္တရာသို့ပြန်လူဝတ်လဲခဲ့ရ၏။ အရှင်သီရိသောဘနှစ်၏ မဟာဒွါရနိုကာယသာသနဝံသဒီပနီ။ ၁၉၇၄–ခုနှစ်။ (စာမျက်နှာ–၂၆၅)။

http://www.dhammadownload.com

* မေတ္တေယျ ဇိနစက္ကမှိ၊ သတ္တဒ္ဓနာဒိပူရဏော။
မဟေသက္ခော နရိန္ဒော၀၊ ပုညပုညော ဘ၀ါမဟံ။

* သာသနံ ပဂ္ဂဟေတွာန၊ အဋ္ဌင်္သမနာဂတော။
လဒ္ဓေါ ဟုတွာ ဗျာကရဏံ၊ ဓုဝံ ဗုဒ္ဓေါ ဘ၀ါမဟံ။

* ဗုဒ္ဓကုံရာ ပုရာ ဓမ္မေ၊ စာဂေ၀ါ တိဿပါရမိ။
ပူရေတွာ ဗောဓိသေဋ္ဌ၀၊ ဓုဝံ လဘာမိ နာဂတေ။

* မဂ္ဂင်္နာ၀မာရုယှ၊ သန္တာရေသံ သဒေ၀ကံ။
ဗုဒ္ဓေါ ပညာမိကော ဟုတွာ၊ သံသာရ သြဃ သောတတော။

ကွာမိနာ ပုည ကမ္မေန= ဤယမိုက်နိသျကို ပြုရသောကောင်းမှုကြောင့်လည်းကောင်း၊ အညေန= တစ်ပါးသော၊ ကုသလေနစ= ကုသိုလ်ကြောင့်လည်းကောင်း၊ အဟံ= ငါသည်၊ ကွာတော= ဤကိုယ်အဖြစ်မှ၊ စုတော= စုတေသည်ရှိသော် (ပ)...၊

မေတ္တေယျဇိနစက္ကမှိ= အရိမေတ္တေယျမြတ်စွာဘုရားသာသနာတော်၌၊ သတ္တဒ္ဓနာဒိပူရဏော= သူတော်ဥစ္စာခုနစ်ပါးအစရှိသော ကျေးဇူးတရားတို့နှင့်ပြည့်စုံသည်ဖြစ်၍၊ မဟေသက္ခော= တန်ခိုးကြီးသော၊ ပုညပုညော= ဘုန်းရှိသောသူတို့ထက် အထူးသဖြင့်ဘုန်းရှိသော၊ နရိန္ဒော၀= မင်းမြတ်သည်လျှင်၊ အဟံ= ငါသည်၊ ဘ၀ါမိ= ဖြစ်ရပါလိုတ်။

သာသနံ= သာသနာတော်ကို၊ ပဂ္ဂဟေတွာန= ပစ္စည်းလေးပါးအစရှိသည်တို့ဖြင့်ချီးမြှောက်ရ၍၊ အဋ္ဌင်္သမနာဂတော= မနုဿတ္တစသည်အပြား အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍၊ ဇိနဿ= အရိမေတ္တေယျမြတ်စွာဘုရား၏။ ဗျာကရဏံ= ဘုရားဖြစ်လတ္တံ့သော ဗျာဒိတ်စကားတော်ကို၊ လဒ္ဓေါ= ရသည်၊ ဟုတွာ= ဖြစ်၍၊ ဓုဝံ= မချွတ်၊ ဗုဒ္ဓေါ= ဘုရားသည်၊ ဘ၀ါမိ= ဖြစ်ရပါလိုတ်၊-ဟုဖြစ်ပါသည်။[*၁]

သုံးပုံမှတ်စုဆရာတော်ကြီး၏ဆုတောင်း

မြန်မာစာပေလောကတွင် ဘိုးတော်မင်း (အေဒီ ၁၇၈၂-၁၈၁၉) လက်ထက်၌ နာမည်ကျော် စာပေမှတ်စုကျမ်းများဖြစ်သည့် သုံးပုံတံချူ၊ သုံးပုံအိတ်ထောင့်၊ သုံးပုံဟင်းလေး၊ သုံးပုံလှေခါး၊ သုံးပုံတံတား စသောကျမ်းတို့နှင့်တကွ ကျမ်းပေါင်း ၁၀၀-ကျော်ကိုပြုစုခဲ့ပြီး ဒီပဲရင်းမြို့မြောက်ဘက် မုံတိုင်ပင်ရွာ၌သီတင်းသုံးတော်မူသဖြင့် မုံတိုင်ပင်ဆရာတော်ဟုထင်ရှားသော ဝံသာဘိလင်္ကာရမဟာမွေရာဇာဓိရာဇဂုရုတံဆိပ်တော်နှစ်ထပ်ရ ဆရာတော်ကြီး[*၂] သည် မေတ္တေယျရှင်တော်ထံ၌ဗျာဒိတ်ခံယူကာ ပညာဓိကဘုရားဆုကိုပန်ခဲ့သောပုဂ္ဂိုလ်ဖြစ်ကြောင်းကို သက္ကရာဇ် ၁၁၉၁-ခု (အေဒီ ၁၈၂၉-ခုနှစ်)ရေး သုံးပုံအိတ်ထောင့်ကျမ်း၏နိဂုံး၌ အောက်ပါအတိုင်းတွေ့ရသည်။

- မေတ္တေးရှင်တော်၊ နောင်ကိုမျှော်၊ သံတော်ကျူးရင့်ကာ။
- နောင်ခါငဲ့တူ၊ သုံးဘုံလူ၊ ဤသူကယ်ပိမ့်ငှာ။

---

*၁ ထန်းတပင်ဆရာတော်ကြီးအရှင်နန္ဒမောဓ၏ ပဋ္ဌာန်းအရေကောက်ကျမ်း။ ၁၉၆၇-ခုနှစ်။ (စာမျက်နှာ-၆၁၇)။ ယမိုက်အရေကောက်ကျမ်း။ ၁၉၇၉-ခုနှစ်။ (စာမျက်နှာ-၆၀၄)။

*၂ လှသစ်ခိုင်၏ကဏ္ဍ၀င်ပုဂ္ဂိုလ်ကျော်များ။ ၁၉၆၁-ခုနှစ်။ (စာမျက်နှာ-၆၉)။ မောင်သုတ၏စာဆိုတော်များအတ္ထုပ္ပတ္တိ။ ၁၉၆၆-ခုနှစ်။ (စာမျက်နှာ-၃၉၃)။

http://www.dhammadownload.com

- ဗျာဒိတ်စကား၊ မိန့်တော်ကြား၊ ရှစ်ပါးစုံအင်္ဂါ။
- သုံးဘုံဝဋ္ဋ၊ ဝဲဘဝ၊ ပို့ထက္ကန်းခေမာ။
- ပြဟ္မာနတ်လူ၊ သုံးဘုံသူ၊ အတူကူးပို့ငှာ။
- ပညာဓိက၊ သမ္ဘဒ္ဒ၊ ဖြစ်ထနောင်၌သာ။[*၁] –ဟုဖြစ်သည်။

တောင်ဖီလာဆရာတော်ကြီး၏ ဆုတောင်း

'တိပိဋကာလင်္ကာရ၊ မဟာတိပိဋကာလင်္ကာရ' တံဆိပ်နှစ်ထပ်ရတောင်ဖီလာဆရာတော်အရှင်မုနိန္ဒယောသ[*၂] မထေရ်သည် မြန်မာနိုင်ငံသာသနာတော်သမိုင်း၌ နေအသွင်လအလား လွန်စွာကျော်ကြားထင်ရှားတော်မူသည့် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးတစ်ဆူဖြစ်ပါသည်။ ဘုရားမြတ်စွာသာသနာတော်ကို ပရိယတ်ပဋိပတ် နှစ်ဌာနတို့ဖြင့် စွယ်စုံချီးမြှောက်ပူဇော်ခဲ့သည့်ပုဂ္ဂိုလ်ကျော်လည်းဖြစ်သည်။ထိုအရှင်မြတ်သည် တောင်ငူခေတ် (အေဒီ ၁၄၈၆–၁၅၅၂) သတိုးမင်းစောလက်ထက် သက္ကရာဇ် ၉၄၀–ပြည့် (အေဒီ ၁၅၇၈–ခုနှစ်)တွင် စလင်းမြို့၌ ဖွားတော်မူခဲ့ပြီး သက်တော် ၁၃–နှစ်အရွယ် သာမဏေဝတ်ဖြင့် ပြည်မြို့သို့ရောက်ရှိခဲ့ပါသည်။ သာမဏေဘဝမှာပင် သာမဏေကျော်–ဟုထင်ရှားပြီး၊ သက်တော် ၁၅–နှစ်တွင် ဝေဿန္တရာပျို့ကိုရေးခဲ့၏။ သက္ကရာဇ် ၉၆၇–၃ (အေဒီ ၁၆၀၅–ခုနှစ်) အနောက်ဘက်လွန်မင်း (အေဒီ ၁၆၀၅–၁၆၂၈) ပြည်မြို့ကိုသိမ်းယူရာတွင် သာမဏေရှင်မုနိန္ဒယောသကို အင်းဝသို့ တပါတည်းပင့်ဆောင်နိုင်ခဲ့သည်ကိုရည်ရွယ်ပြီး အနောက်ဖက်လွန်မင်းက 'ပြည်မြို့ကို ငါသိမ်းရာတွင် ရှင်တစ်ဆူ လူတစ်ယောက်သာရသည်'ဟု ဆိုလေ၏။ လူတစ်ယောက်မှာ ငထင်ငယ်ကို ရည်ရွယ်၍မိန့်ဆိုခြင်းဖြစ်သည်။

တောင်ဖီလာဆရာတော်သည် ရွှေစက်တော်တည်ရာ မင်းဘူးသို့ကြွ၍ သစ္စာအဓိဋ္ဌာန်ပြုခြင်းကြောင့် နှစ်ပေါင်းများစွာကပင် ပျောက်ကွယ်နေခဲ့ပြီဖြစ်သော မင်းဘူးစက်တော်ရာနှစ်ဆူကို ဖူးမြင်ခဲ့ရလေသည်။ တောင်ဖီလာဆရာတော်သည် ပခန်းကြီးတွင် ရွှေဥမင်ဆရာတော်နှင့်တွေ့ပြီး အဆုံးအမခံရသဖြင့် မင်းနေပြည် အင်းဝသို့မပြန်တော့ဘဲ စစ်ကိုင်းတောင်ရှိ မင်းဝံတောင်ကြား ဖီလာအရပ်သို့ခိုဝင်ခဲ့၏။ ထိုအရပ်၌နေသည့် အတွက် တောင်ဖီလာဆရာတော်ဟုတွင်ခဲ့၏။[*၃]

တောင်ဖီလာဆရာတော်သည် ဆုကြီးပန်ပုဂ္ဂိုလ်ဖြစ်၏။ စာဝါပို့ချပြီးတိုင်း 'ကုဒ် မေ ပုညံ သမ္ဘတုတ ဉာဏသ ပစ္စယောဟောတု= ဤသို့ စာပေပို့ချမြတ်ဒါနသည် သမ္ဘဥုတဉာဏ်၏အကြောင်းအထောက်အပံ့ ဖြစ်ပါစေ'ဟု ဘုရားဆုကိုတောင်းတော်မူလေ့ရှိသည်။ မိမိဆုတောင်းထားသည့်အတိုင်း ပြည့်,မပြည့် သိလိုရှိသကြားမင်း လူ့ပြည်သို့လာစဉ် ပုဂံရွှေစည်းခုံဘုရားနှင့်မကွေးမြသလွန်ဘုရားတို့မှ စောင့်၍မေးမြန်းဖူးသည်ဟုလည်း အမှတ်အသားရှိသည်။[*၄]

တောင်ဖီလာဆရာတော်သည် ဝိနယသင်္ဂဟအဋ္ဌကထာကျမ်းကိုဖွင့်ပြသော ဝိနယာလင်္ကာရဋီကာကျမ်းကြီးကို ပြုစုတော်မူရာ၊ ထိုကျမ်း၏နိဂုံး၌ 'မေတ္တေယျရှင်တော်ထံဗျာဒိတ်ခံပြီး ဆယ်ပါးသောပါရမီတော်တို့ကိုဖြည့်၍ ဘုရားအဖြစ်ကိုရယူလိုသည်'ဟု ဆုတောင်းထားပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

---

*၁ မုနိတိုင်ပင်ဆရာတော်၏ သုံးပုံတဲချုနှင့်သုံးပုံအိတ်ထောင့်ကျမ်း။ ၁၉၅၉–ခုနှစ်။ (စာမျက်နှာ–၁၃၁။)

*၂ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ–၅။ ၁၉၆၁–ခုနှစ်။ (စာမျက်နှာ–၉၇)။ မောင်သုတ၏စာဆိုတော်များအတ္ထုပ္ပတ္တိ။ ၁၉၆၆–ခုနှစ်။ (စာမျက်နှာ–၁၈၄)။

*၃ အရှင်ကေလာသ၏ စစ်ကိုင်းသာသနာဝင်။ ၁၉၇၉–ခုနှစ်။ (စာမျက်နှာ–၈၉)။

*၄ မှော်ဘီဆရာသိန်းကြီး၏ ရွှေဟောင်းရွှေဖြစ်စာတန်း။ (စာမျက်နှာ–၇၉)။

http://www.dhammadownload.com

* မေတ္တေယျသ ဘဂဝတော၊ ပဒ္မဖိတွာန သာသနေ။
တောသယိတွာန ဖိနံ တံ၊ လဘေ ဗျာကရဏုတ္တမံ။ ။
* ဗျာကရဏံ လဘိတွာန၊ ပူရေတွာ သဒ္ဓပါရမီ။
အနာဂတမှိ အဒ္ဓါနေ၊ ဗုဒ္ဓေါ ဟောသံ သဒေဝကေ။ ။[*၁] –ဟုဖြစ်သည်။

မူလဋီကာနိဿယကျမ်းပြုဆရာတော်ကြီး၏ ဆုတောင်း

မြန်မာနိုင်ငံသာသနာဝင်၌ ကျမ်းပြုအကျော်အရှင်မုနိန္ဒာဘွဲ့ခံ ဆရာတော်ကြီးနှစ်ပါးရှိခဲ့သည်။ ထိုအရှင်မုနိန္ဒနှစ်ပါးတွင် မည်သည့်အရှင်မုနိန္ဒကဉာဏ်ရည်သာသည်ကိုသိလိုလျှင် 'နွားပြင်းမုနိန်–ညောင်မုနိန်၊ ဉာဏ်ရှိန် ဘယ်ကသာသနည်း' ဟု သံပေါက်လက်ဝါရေးကာ အမေးပစ္ဆာပြုခဲ့ကြသည်။ မုနိန္ဒာဘွဲ့ခံဆရာတော်ကြီးနှစ်ပါးမှာ ပထမဗားကရာဆရာတော်ကြီးအရှင်ဓမ္မာဘိနန္ဒ(အေဒီ ၁၇၃၈–၁၈၀၀)၏တပည့် နွားပြင်းအရှင်မုနိန္ဒနှင့် အဋ္ဌမညောင်ကန်ဆရာတော်ဦးဗုဒ်(အေဒီ ၁၇၈၇–၁၈၄၂)၏ကျေးဇူးရှင်(ဒုတိယ)ဆရာရင်း မုနိန္ဒဝရ ပရမဓမ္မဗဟုဝမ္မရာဇဂုရု–ဘွဲ့တံဆိပ်တော်ရ ကစ္စာယနဘေဒနီသျှ သခ်ျာပကာသကနီသျှနှင့်ဝိနယသာရဂဏ္ဌိကျမ်းပြု ညောင်ကန်အရှင်မုနိန္ဒမထေရ်တို့ဖြစ်ကြသည်။[*၂] ညောင်ကန်ဆရာတော်အရှင်မုနိန္ဒသည် ဝိနည်းငါးကျမ်း၏ဂဏ္ဌိဖြစ်သော ဝိနယသာရဂဏ္ဌိကျမ်းကြီးကိုပြုစုခဲ့ရာ ထိုကျမ်း၏နိဂုံး၌ မေတ္တေယျရှင်လက်ထက်တော်တွင် ရဟန္တာဆုကိုပန်ဆင်ခဲ့ကြောင်း အောက်ပါအတိုင်းရေးသားတော်မူခဲ့သည်။


* ဖိနသာရိမေတ္တေယျသ၊ ပဒ္မဖိတွာန သာသနေ။
သမ္ဗိဒါဟာသဂမ္ဘီရ–ဉာဏာဒီဟိ ဥပါဂတော။
* မဟိဒ္ဓိကော မဟာလာဘော၊ သု ပါကဋော ဗဟုဿုတော။
မဟာယသော သုဒ္ဓယသော၊ ခိပ္ပံ ဟောမိ အနာသဝေါ။

အရိမေတ္တေယျသ=အရိမေတ္တေယျအမည်တော်ရှိသော၊ ဖိနသ=မြတ်စွာဘုရား၏။ သာသနေ=သာသနာတော်၌၊ ပဒ္မဖိတွာန=ရဟန်းပြု၍၊ သမ္ဗိဒါဟာသဂမ္ဘီရဉာဏာဒီဟိ=ပဋိသမ္ဘိဒါဉာဏ်, ရွှင်သောဉာဏ်, ထက်သောဉာဏ်, လျင်သောဉာဏ်, တခဏချင်းဖြေနိုင်သောဉာဏ်,ရဲရင့်သောနက်နဲသောဉာဏ်အစရှိသောဉာဏ်တို့နှင့်၊ ဥပါဂတော=ပြည့်စုံသော၊ မဟိဒ္ဓိကော=ကြီးသောတန်ခိုးရှိသော၊ မဟာလာဘော=များသောလာဘ်ရှိသော၊ သု ပါကဋော=နေလက္ခဏာသို့ အလွန်ထင်ရှားသော၊ ဗဟုဿုတော=များသောအကြားအမြင်ရှိသော၊ မဟာယသော=များသောအခြံအရံရှိသော၊ သုဒ္ဓယသော=ဒုဿီလမထင် စင်ကြယ်သောအခြံအရံရှိသော၊ အနာသဝေါ=ရဟန္တာသည်၊ ခိပ္ပံ=လျင်မြန်စွာ၊ ဟောမိ=ဖြစ်ရပါလို၏[*၃] –ဟုဖြစ်သည်။

---

*၁ တောင်ဗီလာဆရာတော်ကြီး၏ ဝိနယာလင်္ကာရဋီကာ၊ ဒုတိယအုပ်။ (စာမျက်နှာ–၄၃၄)။
*၂ လှသမိန်၏ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ။ ၁၉၆၁–ခုနှစ်။ (စာမျက်နှာ–၆၂)။
*၃ အရှင်ကေလာသ၏ မန္တလေးသာသနာဝင်၊ တတိယတွဲ။ ၁၉၈၇–ခုနှစ်။ (စာမျက်နှာ–၉၉။)

http://www.dhammadownload.com



ရန်ကုန်မြို့၊ ရွှေတိဂုံစေတီတော်ရာဟုထောင့်ရှိ စဉ့်ကူးမင်း၏
မဟာတိသဒ္ဒယဇ္ဈာခေါင်းလောင်းတော်ကြီး
မြန်မာ့စွယ်စုံ၊၄၊၁၉၆၀၊စာ-၃၀။



သင်္ဃာဆရာတော်ကြီး
(အေဒီ ၁၈၁၅-၁၈၈၆)



မော်လမြိုင်မြို့၊ ရတနာဘုံပျံဆရာတော်ကြီး
(အေဒီ ၁၈၆၆-၁၉၄၈)
သခင်ကိုယ်တော်မှိုင်း၊၁၉၅၀၊စာ-၃။



တလိုင်းကုန်းဆရာတော်ကြီး
(အေဒီ ၁၈၅၇-၁၉၂၈)
တလိုင်းကုန်း၊၁၉၀၉။



ဒဂုန် ဦးထွန်းမြင့်
(အေဒီ ၁၉၀၈-၁၉၇၂)
သုတေသနအသင်း၊၁၉၇၀၊စာ-၇၄။

http://www.dhammadownload.com

သီလဝိသောဓနီကျမ်းပြုဆရာတော်ကြီးဆုတောင်း

သက္ကရာဇ် ၁၁၉၉-ခု (အေဒီ ၁၈၃၇-ခုနှစ်) တွင် တတိယနံမော်ဆရာတော် အရှင်ဝိနန္ဒာသဘ (အေဒီ ၁၇၇၆ - ?)*၁ပြုစုသော သီလဝိသောဓနီကျမ်းသည် ဝိနည်းအဆုံးအဖြတ်များလည်းပါ၊ ရှေးအခါထင်ရှားခဲ့သော မဟာထေရ်ကြီးတို့ ကျင့်ကြံအားထုတ်ပုံတို့ကိုလည်း ကျနစွာဖော်ထုတ်ရေးသားပြုစုထားခြင်းကြောင့် အလွန်အဖိုးတန်လှသော မြန်မာဘာသာဝိနည်းအဖွင့်ဋီကာကျမ်းတစ်စောင်ဖြစ်၏။ ထို့ပြင် ထင်ရှားကျော်ကြားခဲ့သော ဆရာတော်ကြီးများ၏ထေရုပ္ပတ္တိအကျဉ်းတို့ကိုလည်း ဆီလျော်သလို ရေးသားထည့်သွင်းထားခြင်းတို့ကြောင့် ထေရုပ္ပတ္တိစာပေလောကဘက်ကလည်း အလေးအမြတ်ပြုခြင်းခံရသောကျမ်းတစ်စောင်ဖြစ်သည်။*၂

တတိယနံမော်ဆရာတော်အရှင်ဝိနန္ဒာသဘသည် သီလဝိသောဓနီကျမ်း၏နိဂုံး၌ 'ဤကျမ်းပြုရသော ကုသိုလ်ကြောင့် မေတ္တေယျရှင်လက်ထက်တော်အခါ၌ ရဟန္တာဖြစ်ရပါလိုကြောင်း'ကို အောက်ပါအတိုင်း ဆုတောင်းတော်မူခဲ့ပါ၏။

* ပပ္ပေါမဟံ ပန ခီဏာ၊ သဝါမိတာသေ သန္တိ့ကေ။
မေတ္တေယျသတ္ထုနော တေန၊ ထောမိတံ ဘိက္ခုသုန္ဒရံ။

အဟံပန= ငါတမူကား။ အမိတာသေ= မနှိုင်းယှဉ်အပ် မြတ်သောဘုရားကျေးဇူးနှင့် ပြည့်စုံတော်မူသော၊ မေတ္တေယျသတ္ထုနော= မေတ္တေယျဘုရားရှင်၏။ သန္တိ့ကေ=အထံတော်၌၊ တေန= ထိုမေတ္တေယျဘုရားရှင်သည်၊ ဘိက္ခုသုန္ဒရံ= ရဟန်းကောင်းဟူ၍၊ ထောမိတံ= ချီးမွမ်းအပ်သော၊ ခီဏာသဝံ= ရဟန္တာအဖြစ်သို့၊ ပပ္ပေါမိ= ရောက်ရလိုပါ၏*၃ -ဟုဖြစ်သည်။

စဉ်ကူမင်းဆုတောင်း

ရန်ကုန်မြို့၊ ရွှေတိဂုံစေတီတော်ကြီးရင်ပြင်တော် ရာဟုထောင့်တွင် ကုန်းဘောင်မင်းဆက် စတုတ္ထမြောက် အင်းဝမြို့ မိုးထိကျောင်းဒါယကာ စဉ်ကူမင်း (အေဒီ ၁၇၆၆-၁၇၈၁) ၏ကုသိုလ်တော် မဟာတိသဒ္ဒယဏ္ဏ ခေါင်းလောင်းတော်ကြီးတည်ရှိသည်။ စဉ်ကူမင်းသည် ထိုခေါင်းလောင်းတော်ကြီးကို မိမိနန်းစံနှစ်နှစ်အရ သက္ကရာဇ် ၁၁၄၀-ပြည့်နှစ်၊ တပို့တွဲလဆန်း(၁)ရက်၊ (၁၇-၁-၁၇၇၉) ဗုဒ္ဓဟူးနေ့တွင် သွန်းလုပ်ခဲ့သည်။ ကြေးချိန်မှာ ၁၅၅၅၅-ရှိသည်။ အတိုင်းအတာမှာ အချင်း ၆-ပေ၊ ၆-လက်မ။ အမြင့် ၁၀-ပေကျော်၊ (၇-တောင် ၂-မိုက်)၊ လုံးပတ် ၁၅-တောင်၊ အထူ ၂-မိုက် ရှိသည်။*၄ ဤခေါင်းလောင်းတော်ကြီး၌ သံလျက်ဂါထာ၊ ထီးဂါထာ၊ တံခွန်ဂါထာ၊ ကြာဂါထာ-စသော အထူးထူးသောဂါထာအမျိုးမျိုးတို့နှင့်တကွ နိဂုံးပိုင်း၌ ကြောင်းရေ(၁၁)တွင် မေတ္တေယျရှင်ထံ ဘုရားဆုဗျာဒိတ်ကိုခံယူလိုကြောင်း ဆုတောင်းထားသည်ကို အောက်ပါအတိုင်းတွေ့ရသည်။

အရိမိတ္တေယျရှင်တော်ဘုရားပွင့်တော်မူသောအခါ လူသုမ္ဘါးတို့၏အထွဋ် ဝိသုဒ္ဓိနတ်ဖြစ်လတ်တန့်ဟူသော ဗျာဒိပွန်းကို ပံ့ဆင်ရသည်ဖြစ်လိုသော*၅ -ဟုဖြစ်သည်။

---

*၁ လှသိမိန်၏ ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ။ ၁၉၆၁-ခုနှစ်။ (စာမျက်နှာ-၁၇၂)။

*၂ ဦးသန်းထွတ်၏ အထွဋ်ဖွတ္တိအမှာအမှန်(မိန့်ခွန်း)။ JBRS. Vol.L. Dec., 1978. Page-271.

*၃ တတိယနံမော်ဆရာတော်၏ သီလဝိသောဓနီကျမ်း။ ၁၉၉၂-ခုနှစ်။ (စာမျက်နှာ-၁၅၈၊ ၁၆၂)။

*၄ မဟာတိသဒ္ဒယဏ္ဏခေါင်းလောင်းတော်ကြီးစာနှင့် မဟာဃဏ္ဏခေါင်းလောင်းတော်ကြီးစာ။ ၁၈၈၃-ခုနှစ်။ (စာမျက်နှာ-၁၂၉)။ မြန်မာ့စွယ်စုံ၊ အတွဲ-၄။ ၁၉၇၅-ခုနှစ်။ (စာမျက်နှာ-၃၁)။ တင်နိုင်တိုး၏ ကုန်းဘောင်ခေတ်ရက်စွဲသမိုင်း။ ၂၀၀၄-ခုနှစ်။ (စာမျက်နှာ-၃၀)။

*၅ ကိုကို(သုတေသန)၏ ကုန်းဘောင်တော်ဝင်ကမ္ဘည်းတင်ခေါင်းလောင်းများ။ ၂၀၀၁-ခုနှစ်။ (စာမျက်နှာ-၁၁၅)။

http://www.dhammadownload.com

သင်္ဂဇာဆရာတော်ကြီးဆုတောင်း

'စကားအရာ သင်္ဂဇာ' ဟူသောစာချိုးဖြင့် မင်းတုန်းမင်း(အေဒီ ၁၈၅၃-၁၈၇၈)၊ သီပေါမင်း(အေဒီ ၁၈၇၈-၁၈၈၅)တို့၏ မင်းနှစ်ဆက်လက်ထက်၊ ထိုမှ ဗြိတိသျှခေတ်(အေဒီ ၁၈၈၅-၁၉၄၈)တိုင်အောင်ကျော်ကြားတော်မူသော အဂ္ဂမဟာလင်္ကာရ ကဝိဇဂမဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်တော်ရသင်္ဂဇာဆရာတော်ကြီး*၁(အေဒီ ၁၈၁၅-၁၈၈၆ ခုနှစ်)သည် အမရပူရမြို့မှ မိုင်(၃၀)အကွာ ပလိပ်မြို့အနီးရှိ ပေါက်ချောင်းရွာဇာတိဖြစ်၍ မော်လမြိုင်မြို့၌ပျံလွန်တော်မူခဲ့ပါသည်။ သင်္ဂဇာဆရာတော်ဘုရားကြီးသည် ဓမ္မပဒပါဠိတော်နိသယ၊ ဝိမတိဝိနောဒနီဋီကာနိသယ၊ စတုရာရက္ခကျမ်း၊ သိဂိလောဝါဒဆုံးမစာ၊ ဓာတွတ္ထဒီပက-စသောကျမ်းများကို ရေးသားတော်မူခဲ့ပါသည်။

၁၂၀၈-ခု (အေဒီ ၁၈၄၆-ခုနှစ်) အမရပူရမြို့တွင် အနောက်မြောက်ထောင့်အရပ် ပုဇွန်ချောင်းရွာကျောင်း၌ နေစဉ်ပြုစုတော်မူသော ဓမ္မပဒပါဠိတော်နိသယကျမ်း၏နိဂုံး၌ ဤကျမ်းပြုရသောကောင်းမှုကြောင့် မေတ္တေယျရှင်တော်လက်ထက်တွင် ဟိဘိက္ခုအခေါ်ခံရပြီး ပညာဉာဏ်ကြီးသော မဟာသာဝကဖြစ်ရပါလိုကြောင်းကို အောက်ပါအတိုင်းဆုတောင်းတော်မူခဲ့တ၏။

* ဘဝေယျံ နေနပုညေန၊ အရိမေတ္တေယျသာဝကော။
ခိဏာသဝေါ မဟာပညော၊ ဟိဘိက္ခူပသမွန္ဓောတိ။

အနေနပုညေန= ဤကောင်းမှုကြောင့်၊ ဟိဘိက္ခူပသမွန္ဓော= ဟိဘိက္ခူခေါ်၍ ရဟန်းဖြစ်သော၊ မဟာပညော= ကြီးသောပညာရှိသော၊ ခိဏာသဝေါ= ကုန်ပြီးသောအာသဝေါရှိသော၊ အရိမေတ္တေယျ သာဝကော= အရိမေတ္တေယျဘုရားရှင့်တပည့်သည်၊ ဘဝေယျံ= ဖြစ်ရပါလိုတ၏။*၂

မော်လမြိုင်မြို့ ရတနာဘုံပျံဆရာတော်ဦးကေတုမာလာ၏ ဆုတောင်း

အင်္ဂလိပ်ခေတ်၌ ရှေးဦးဆုံးကျင်းပသော ပထမပြန်စာမေးပွဲ(အေဒီ ၁၈၉၅)တွင် ပဌမကျော်ဘွဲ့ကိုရရှိသော ပုဂ္ဂိုလ်မှာ ပြည်ခရိုင်၊ ပန်းတောင်းအဝိုင် မြစိမ်းကျွန်းရွာဇာတိ အရှင်ကေတုမာလာ(အေဒီ ၁၈၆၆-၁၉၄၈)*၃ ဖြစ်သည်။ ထိုအရှင်ကေတုမာလာသည် ဝဇိရာရာမဆရာတော်အရှင်ပညာသီရိ(အေဒီ ၁၈၃၀-၁၉၀၈) နှင့် မိုင်းခိုင်းဆရာတော်အရှင်ပဏ္ဍိတ(အေဒီ ၁၈၄၂-၁၉၃၉)တို့၏ တပည့်ဖြစ်သည်။ ၁၈၉၀-ပြည့်နှစ်တွင် မော်လမြိုင်မြို့ ရတနာဘုံမြင့်ကျောင်းသို့ရောက်ရှိခဲ့သည်။ ၁၉၂၆-ခုနှစ်တွင် ထိုကျောင်းအနီးရှိ ရတနာဘုံပျံကျောင်းသို့ ရွှေ့ပြောင်းသီတင်းသုံးခဲ့သည်။ ၁၉၃၀-ပြည့်နှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့ကိုရရှိခဲ့သည်ဖြစ်ပြီး အဂ္ဂမဟာပဏ္ဍိတ၊ မော်လမြိုင်မြို့၊ ရတနာဘုံပျံကျောင်းဆရာတော်ဟုထင်ရှားခဲ့သည်။*၄

ထိုအဂ္ဂမဟာပဏ္ဍိတရတနာဘုံပျံဆရာတော် အရှင်ကေတုမာလာသည် ရတနာဘုံမြင့်ကျောင်း၌နေစဉ်အခါ ၁၉၃၈-ခုနှစ်ကရေးသားခဲ့သော ဒါဋ္ဌာဓာတုကာသနိကျမ်း၏နိဂုံး၌ 'ဤကျမ်းပြုရသောကုသိုလ်ကောင်းမှုကြောင့် မေတ္တေယျရှင်တော်လက်ထက်တွင် နိဗ္ဗာန်ကိုမျက်မှောက်ပြုရပါလိုကြောင်း' ဆုတောင်းခဲ့သည်ကို အောက်ပါအတိုင်းတွေ့ရသည်။

---

*၁ လှသမိန်၏ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ။ ၁၉၆၁-ခုနှစ်၊ (စာမျက်နှာ-၉၅)။ Maung Htin Aung' Burmese Monk's Tales. 1966. Page-31.

*၂ သင်္ဂဇာဆရာတော်ကြီး၏ ဓမ္မပဒပါဠိတော်နိသယ။ ၁၉၈၅-ခုနှစ်။ (စာမျက်နှာ-၂၉၆)။

*၃ လှသမိန်၏ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ။ ၁၉၆၁-ခုနှစ်။ (စာမျက်နှာ-၁၃၉)။

*၄ အရှင်ကေလာသ၏စစ်ကိုင်းသာသနာဝင်။ ၁၉၇၉-ခုနှစ်။ (စာမျက်နှာ-၁၉၂)။ ဦးအုံကျော်၏ရတနာဘုံမြင့်ကျောင်းတိုက် အနှစ်တစ်ရာစာရီး။ ၁၉၈၆-ခုနှစ်။ (စာမျက်နှာ-၂၄)။

F31

http://www.dhammadownload.com

* ပုညေနေတေန နိဗ္ဗာနံ၊ ပါပုဏိသဲ အနာဂတေ။
စတူသွပါယဘုမ္မိသု၊ နာ ဘဝေယျံ ကုဒါစနံ။ ။

တေန ပုညေန= ဤသို့ စွယ်တော်မြတ်ကို ကြည်ဆွတ်သဒ္ဓါ ရှိခိုးပါရ ကုသလကြောင့်၊ အဟံ= အကျွန်ုပ်သည်၊ အနာဂတေ= အနာဂတ်ကာလ မိတေယျထင်ပေါ် ရှင်တော်ဘုရား လက်ထက်တော်၌၊ နိဗ္ဗာနံ= ပြည်မအောင်ခန်း နိဗ္ဗာန်နန်းသို့၊ ပါပုဏိသဲ= စံမြန်းထုတ်ချောက် ရောက်ရပါလို၏[*၁] –ဟုဖြစ်သည်။

တလိုင်းကုန်းဆရာတော်ကြီး၏ ဆုတောင်း

'စာတတ်နောက်ဆုံး တလိုင်းကုန်း'ဟူသော စာဆိုနှင့်အညီ ပညာဂုဏ်သတင်းအလွန်ကြီးမားခဲ့သော တလိုင်းကုန်းဆရာတော်ဦးဝိမလ (အေဒီ ၁၈၅၇–၁၉၂၈) ကို ပုခန်းကြီးမြို့အရှေ့ တလိုင်းကုန်းရွာတွင်ဖွားတော်မူခဲ့ပါသည်။ တလိုင်းကုန်းဆရာတော်သည် လယ်တီဆရာတော်ကြီး၏ သင်္ကြိဟ်မဟာဋီကာကျမ်းလာအယူအဆများကိုချေပ၍ရေးသားခဲ့သော အကံ့ရဋီကာ(သင်္ကြိဟ်မဟာဋီကာသစ်ပါဠ်)ကြောင့် ပြည်ရွာအနှံ့ကျော်ကြား၍ အဘိဓမ္မာလိုက်စားသူတိုင်း မသိသူမရှိသောကျမ်းပြုဆရာတော်ဖြစ်ခဲ့လေသည်။[*၂]

တလိုင်းကုန်းဆရာတော်ဦးဝိမလသည် ဝါကျမဏ္ဍနိပါဠ်၊ ဝါကျမဏ္ဍနိနီသယ၊ သဒ္ဒဘေရိပါဠ်နှင့် အကံ့ရဋီကာကျမ်းများကိုပြုစုခဲ့ပြီး ထိုကျမ်းတို့၏နိဂုံးတွင် 'ထိုထိုသောကျမ်းတို့ကို ပြုစုသောကုသိုလ်ကောင်းမှုကြောင့် မေတ္တေယျရှင်တော်လက်ထက်၌ ရဟန္တာအဖြစ်ကိုရပြီးလျှင် သာသနာတော်၌ဖြစ်ပေါ်နေသောဘေးရန်တို့ကို ဖယ်ရှင်းရလိုပါ၏'ဟု အောက်ပါအတိုင်းဆုတောင်းတော်မူခဲ့ပါသည်။

* ဣမိနာ မေတ္တေယျကာလေ၊ တိက္ခဂမ္ဘီရ ဉာဏဝါ။
ရဟာ ဟုတ္ဝာ သုသောဓေယျံ၊ သာသနမလကဏ္ဏကန္တိ။ ။

ဣမိနာ= ဤသို့ပြုရကုသလကြောင့်၊ အဟံ=(ငါ)သည်၊ မေတ္တေယျ ကာလေ= မေတ္တေယျခေါ်သုံးလှုမော်သည် ပွင့်ပေါ်ချိန်ကျ ထိုကာလ၌၊ တိက္ခဂမ္ဘီရဉာဏဝါ= ထက်မျက်နှာနှံသော ဉာဏ်ရှိသော၊ အရဟာ= ရဟန္တာသည်၊ ဟုတ္ဝာ= ဖြစ်၍၊ သာသနမလကဏ္ဏကံ= သာသနာ့အလှေး ညစ်ကြေးမှောင့်ရောင့် ဆူးညောင့်ခလုတ်ကို၊ သုသောဓေယျံ= တမုဟုတ်လျှင် ပယ်ဖြုတ်ရန်နှင် သုတ်သင်နှိုင်ရလို၏(ဝါ)သုတ်သင်နှိုင်ရပါလိုသောဝ်[*၃]–ဟုဖြစ်သည်။

တွင်းကြီးဆရာတော်ကြီး၏ ဆုတောင်း

သက္ကရာဇ် ၁၂၃၅–ခု (အေဒီ ၁၈၇၃–ခုနှစ်)၌ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့မှအနောက် (၁၀)မိုင်ခန့်အကွာ တွင်းကြီးရွာလျှင် ဖွားရာဇာတိရှိသော အရှင်နေမိန္ဒရထေရ်သည် ပိဋကတ်သုံးပုံနှင့်တကွ အဘိဓာန်ကျမ်း၊ ဆန်းကျမ်း၊ သဒ္ဒါဗျာကရဏ်းကျမ်းတို့၌လိမ္မာတတ်မြောက်၍ သာသနာ့ဝန်ဆောင်ဆရာတော်ကြီးတစ်ပါးဖြစ်သည်။ တွင်းကြီးဆရာတော်သည် ကျမ်းများစွာကိုပြုစုတော်မူခဲ့ပြီး ၁၂၆၇–ခု (အေဒီ ၁၉၀၅–ခုနှစ်) ၌ပြုစုသော နယသမ္မုဏ္ဏ

---

*၁ အရှင်ကေတုမာလာဏ၏ ဒါဋ္ဌာဓာတုပကာသနိကျမ်း။ (စာမျက်နှာ–၈၂)။

*၂ ပခန်းကျော်၏ ပခန်းကြီးအကြောင်းသိကောင်းစရာများ။ ၁၉၇၂–ခုနှစ်။ (စာမျက်နှာ–၃၃၉)။

*၃ အကံ့ရဋီကာ။ ၁၉၀၉–ခုနှစ်။ (စာမျက်နှာ–၄၄၂)။ ဝါကျမဏ္ဍနိပါဠ်။ ၁၉၂၈–ခုနှစ်။ (စာမျက်နှာ–၁၃၄)။ ဝါကျမဏ္ဍနိနီသယကျဉ်း။ ၁၉၂၈–ခုနှစ်။ (စာမျက်နှာ–၁၄၈)။ သဒ္ဒဘေရိပါဠ်။ ၁၉၂၈–ခုနှစ်။ (စာမျက်နှာ–၁၅၆)။

http://www.dhammadownload.com

ဆန်းဂဏ္ဌိကျမ်းကြီးသည်ကား ထူးခြားကောင်းမွန် ပြည့်စုံကြီးကျယ်ဝန်းလှသည့် ဂန္ထဝင်မြောက်ကျမ်းကြီးတစ်ဆူ ဖြစ်သည်။*၁

ထိုဆန်းကျမ်း၏နိဂုံး၌ တွင်းကြီးဆရာတော်က 'ဤကျမ်းပြုရသောကောင်းမှုကြောင့် မေတ္တေယျရှင်တော် လက်ထက်၌ အာသဝေါကင်းကွာ ရဟန္တာဘုဂ္ဂိုလ်စစ်စစ်ဖြစ်ရပါလိုကြောင်း' ကို အောက်ပါအတိုင်း ဆုတောင်းခဲ့ လေသည်။

* ဣမိနာ ပုညကမ္မေန ၊ မေတ္တေယျသော်ဝ သတ္ထုနော။
* ကာလေ တဏှာက္ခယံ ပတ္တော ၊ ဟော်သံ ဓုဝံ ခီဏာသဝေါ။*၂ –ဟုဖြစ်သည်။

ဗိုလ်ကုန်းဆရာတော်ကြီး၏ ဆုတောင်း

ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏လက်ရင်းအန္တေဝါသိက, သဒ္ဓိဝိဟာရိက တပည့်ကြီး(၃၆)ပါးတို့တွင်*၃ တစ်ပါးအပါအဝင်ဖြစ်သော ပရိယတ္တိဝိသာရဒ, ဝိဇ္ဇာကတ္တယပါရဂူ၊ ဝိနယဓုရ– ပုသိမ်ဖြို့၊ သဘော်ကျင်း ဗိုလ်ကုန်း ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသော ဗိုလ်ကုန်းဆရာတော် အရှင်ဉာဏဝံသသည် အဘိဓမ္မာဆိုင်ရာ အဘိဓမ္မတ္ထဒီပကကျမ်း၊ ပရိတ်ကြီးဆိုင်ရာ ပရိတ်ကြီးဂဏ္ဌိကျမ်းတို့ကိုရေးသားပြုစုတော်မူခဲ့ရာ ထိုကျမ်းနှစ်စောင်သည် မျက်မှောက်ခေတ်သာသနာအတွက် အလွန်ထင်ရှားအဖိုးထိုက်လှသောကျမ်းကြီးနှစ်ဆူဖြစ်သည်။

၁၂၆၅–ခု (အေဒီ ၁၉၂၃–ခုနှစ်)တွင် ရေးသားပြီးစီးသော ပရိတ်ကြီးဂဏ္ဌိကျမ်း၏နိဂုံး၌ 'ဤကျမ်းပြုရသော ကုသိုလ်ကြောင့် မေတ္တေယျရှင်၏လက်ထက်တော်တွင် ပကတိသာဝကဖြစ်ရပါလိုကြောင်း' ဆုတောင်းတော်မူခဲ့သည်ကို အောက်ပါအတိုင်းတွေ့ရသည်။

* ဣမိနာစ တဒညေန၊ ဂစ္ဆေယျံ ဗုဒ္ဓသာသနေ။
ဆဋ္ဌာဘိညာဒိသမ္ပန္နော ၊ သိဝံ ပကတိသာဝကော။ ။

ဣမိနာစ= ဤသို့ယခု နောင်သောတုတို့ ဆစ်ဖုခက်ရာ နက်နဲစွာ၌ သိသာစေရန် ရည်သန်စိတ်မှန်း ဂဏ္ဌိကျမ်းကို ကြိုးပမ်းတကုတ် အားထုတ်ပါရ ကုသလကြောင့်ငင်း၊ တဒညေနစ= ထိုမှတဦး ပကတူးကပ်ကမ္ဘာ ရှည်မြင့်စွာက စ၍ပြည့်ထ ပစ္စက္ခပါရမီ အလီလီသော ကောင်းမှုကြောင့်ငင်း၊ အဟံ=ငါသည်၊ ဗုဒ္ဓသာသနေ= ကံ့ကော်နန်းတွင် ရွှေပလ္လင်၌ အောင်မြင်ပါရ ဥယျသစွာ မေတ္တေယျ၏ အာဏာဓမ္မ သာသနာ့အဆုံးအမ၌၊ ဆဋ္ဌာဘိညာဒိသမ္ပန္နော= ခြောက်ပါးဘိညာ ရှစ်ဖြာသမာပတ် လေးရပ်သောပဋိသမ္ဘိဒါစသည်တို့နှင့် ကြွယ်ဝကုံလုံ လွန်ပြည့်စုံသော၊ ပကတိသာဝကော= သုခ၀ိပဋိပဒါ ခိပ္ပါဘိညာ ပကတိသာဝကသည်၊ ဟုတွာ= ဖြစ်၍၊ သိဝံ=မီးပေါင်းကင်းကွာ ဇး(အေး)ရာအမှန် ပြည်နိဗ္ဗာန်သို့၊ ဂစ္ဆေယျံ= မြေလက်ခတ်မှန် ကေန်ထုတ်ချောက် ရောက်ရပါလို၏*၄ –ဟုဖြစ်သည်။

---

*၁ အရှင်ကေလာသ၏၊ စစ်ကိုင်းသာသနာဝင်။ ၁၉၇၉–ခုနှစ်။ (စာမျက်နှာ–၁၆၁)။

*၂ အရှင်ဧရမိန္ဒရ၏၊ နယသမ္မုဏ္ဏဆန်းဂဏ္ဌိ၊ ဒုတိယတွဲ။ (စာမျက်နှာ–၂၄၁)။

*၃ ရွှေဟသံဆရာတော်ကြီး၏၊ ရွှေကျင်နိကာယသာသနာဝင်။ ၁၉၆၃–ခုနှစ်။ (စာမျက်နှာ–၂၃၅)။

*၄ ဗိုလ်ကုန်းဆရာတော်၏၊ ပရိတ်ကြီးဂဏ္ဌိ။ ၁၉၀၅–ခုနှစ်။ (စာမျက်နှာ–၃၅၆)။

http://www.dhammadownload.com

ဆရာကြီးဒဂုန်ဦးထွန်းမြင့်၏ ဆုတောင်း

ဆရာကြီးဒဂုန်ဦးထွန်းမြင့် (အေဒီ ၁၉၀၈–၁၉၇၂) *၁ကို ပါဠိသက်ဝေါဟာရအဘိဓာန် တစ်ကျမ်းတည်းနှင့်ပင် ကျမ်းပြုစာဆိုလောက၌ အသိအမှတ်ပြုခဲ့ကြပြီးဖြစ်သည်။ ဆရာကြီးကို ၁၉၀၈–ခုနှစ်၊ ဖွန်လ(၂၇)ရက်နေ့တွင် ပဲခူးတိုင်း၊ ပဲခူးမြို့နယ်၊ လသာကုန်းကျေးရွာအဝင် မယ်သီလှကန်ရွာ၌ မွေးဖွားခဲ့သည်။ ဇာတိရပ်ရွာမှာပင် ရှင်သာမဏေဝတ်ဖြင့်ပညာသင်ယူခဲ့ပြီး ဘွဲ့မည်မှာရှင်တေဇောသာရဖြစ်သည်။

ထို့နောက် ရန်ကုန်မြို့၊ ဗဟန်းရပ် ဘဂ်လားကျောင်းအတွင်းရှိ စကားဝါပင်ကျောင်း၌ပညာဆည်းပူး၍ အသက်(၁၉)နှစ်တွင် အကြီးတန်းအောင်ခဲ့သည်။ ထိုအချိန် (၁၉၃၁–ခုနှစ်)မှာပင် စာ,စ၍ရေးခဲ့သည်။ လယ်တီတရားသတင်းစာ၌ ကဗျာရေးခဲ့ခြင်းဖြစ်သည်။ သို့ဖြင့် လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး၏ စာပေတပည့်ဖြစ်ခဲ့ရသည်။ အသက်ဧ့ဝသော် ရဟန်းဘောင်သို့တက်ခဲ့ပြီး ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်၊ သာသနလင်္ကာရကျောင်း၌ ပညာဆည်းပူးခဲ့သည်။ ဟသ်ာတမြို့၊ မြစ်ကွေ့တိုက်သို့ရောက်ပြီး စတုတ္ထမြစ်ကွေ့ဆရာတော်ဦးပညာဝံသထံမှာပညာသင်ယူပြီး၊ စာချတာဝန်ကိုလည်းယူခဲ့ရသည်။ ထိုစဉ်က ဒဂုန်မဂ္ဂဇင်း ယုဝတီစက္ခုကဏ္ဍ၌ ဟသ်ာတခင်ညို ကလောင်အမည်ဖြင့် စာများရေးခဲ့သည်။

အရှင်တေဇောသာရသည် သန်လျင်မြို့နယ် လဟာရက်ရွာ၌ ပထမပြန်စာသင်တိုက်ကိုတည်ထောင်ကာ စာဝါပို့ချခဲ့၏။ ထိုစာသင်တိုက်မှ ဆရာကြီးဦးဆန်းထွန်း၊ ဆရာပါရဂူ ဦးဝဏ္ဏသီရိ(သန်လျင်မင်းကျောင်းဆရာတော်) စသောပုဂ္ဂိုလ်တို့ပေါ်ထွက်ခဲ့ပြီး စာအောင်အများဆုံးကျောင်းအဖြစ်ထင်ရှားခဲ့သည်။ ထိုပထမပြန်စာသင်တိုက်၌နေစဉ်အတွင်း အသက်(၃၂)နှစ်အရွယ် ၁၉၄၀–ပြည့်နှစ်၌ ပထမပြန်သဒ္ဒါကျမ်းကို ရေးသားပြုစုခဲ့ပါသည်။ ထိုပထမပြန်သဒ္ဒါကျမ်း၏နိဂုံး၌ ပါဠိဂါထာခြောက်ပုဒ်ကို အနက်နှင့်တကွဖော်ပြထားပေရာ၊ မေတ္တေယျရှင်ဆုတောင်းပါသော စတုတ္ထမြောက်ဂါထာမှာ အောက်ပါအတိုင်းဖြစ်သည်။

၄။ တ မဟံ အာဒိယိတွာန၊ မေတ္တေယျ ဒ္ဒိပဒုတ္တမေ။
ပူဇေတွာ နိယတံ ပုပ္ပံ၊ ဝိလနွေ ဥတ္တမံ ဝရံ။ ။

အဟံ=အကျွန်ုပ်သည်၊ တံ=ထိုပထမပြန်သဒ္ဒါကျမ်းမှ အဆန်းတကြယ်ဖြစ်လာသည့် ပဒုမ္မာကြာပန်းကြီးကို၊ အာဒိယိတွာန=ကောင်းကင်ယံမှ ဈာန်ယာဉ်ကွန့်မြူး ကိုယ်တိုင်ခူး၍၊ မေတ္တေယျဒ္ဒိပဒုတ္တမေ=အရိမေတ္တေယျ လောကသရဖူ ရှင်လူဥက္ကဋ္ဌ ဘုရားမြတ်အား။ ပူဇေတွာ=ကြည်ညိုလေးမြတ် ဆက်ကပ်ပူဇော်ပြီး၍၊ ဥတ္တမံ ဝရံ=ဗောဓိသုံးခု ကျွတ်လမ်းဆုတွင် မတုနိုင်အပ်သည့် အမြတ်ဆုံးဆုကြီးဖြစ်ပေထသော၊ နိယတံပုပ္ပံ=ဘုရားဖြစ်မည် ရှင်ကြည်မိန့်ကြားသည့် ဗျာဒိတ်စကားတည်းဟူသော ပန်းပွင့်ကြီးကို၊ ဝိလနွေ=ဦးထိပ်ဖြင့်ဆောင်ရွက်၍ နှစ်သက်စွာပန်ဆင်ရပါစေသတည်း–ဟုဖြစ်သည်။ *၂

သူတစ်ပါးအတွက် မေတ္တေယျဆိုင်ရာဆုတောင်းများ

ခေတ်အဆက်ဆက်ကျမ်းပြုပုဂ္ဂိုလ်များစွာတို့သည် မိမိတို့၏ကျမ်းပြုကုသိုလ်ကောင်းမှုကြောင့် မေတ္တေယျရှင်လက်ထက်၌ မင်္ဂဖိုလ်ကိုမျက်မှောက်ပြုရန်၊ မဟာသာဝက,အဂ္ဂသာဝက စသည်ဖြစ်ရန်၊ တေဒဂ်ရရန်၊ ဘုရားဆု

---

*၁ မြန်မာနိုင်ငံသုတေသနအသင်း၏ နှစ်(၆၀)ပြည့်အထိမ်းအမှတ်။ ၁၉၇၀–ပြည့်နှစ်။ (စာမျက်နှာ–၇၅)။ ပါရဂူ၏ ပရကထာ။ ၁၉၉၈–ခုနှစ်။ (စာမျက်နှာ–၃၇၁)။

*၂ အရှင်တေဇောသာရ၏ ပထမပြန်သဒ္ဒါ။ ၁၉၅၇–ခုနှစ်။ (စာမျက်နှာ–၃၇၈)။

http://www.dhammadownload.com



တွင်းသင်းတိုက်ဝန် မဟာစည်သူဦးထွန်းညို
(အေဒီ ၁၇၂၆-၁၈၀၇)
မျိုးသန့်တင်၊ ၁၉၈၄၊ စာ-၁၄။



လယ်တီဆရာတော်ကြီး
(အေဒီ ၁၈၄၆-၁၉၂၃)



သုံးဆယ်မြို့မောင်းထောင်ဆရာတော်ဦးဝိမလ
(အေဒီ ၁၈၄၄-၁၉၀၈)
အရှင်နာဂဝံသ၊၁၉၉၀၊ပုံ-၁။



ဆရာကြီးသခင်ကိုယ်တော်မှိုင်း
(အေဒီ ၁၈၇၆-၁၉၆၄)



လယ်တီပဏ္ဍိတဦးမောင်ကြီး
(အေဒီ ၁၈၇၈-၁၉၃၉)

http://www.dhammadownload.com

ဗျာဒိတ်ခံယူရရန်– စသည်စသည်ဖြင့် ဆုတောင်းခံယူခဲ့ကြပုံတို့ကိုတင်ပြပြီးသည့်နောက်၌ အချို့သော ကျမ်းပြုပုဂ္ဂိုလ်များက မိမိတို့အတွက်ဆုပန်မကြားဘဲ၊ မိမိ၏စာဖတ်သူစာနာသူတို့အတွက်သာရည်စူး၍

'မေတ္တေယျရှင်လက်ထက်၌ သာသနာတော်နှင့်ကြုံကြပါစေ၊'

'မေတ္တေယျရှင်အား ဖူးတွေ့နိုင်ကြပါစေ၊'

'မေတ္တေယျရှင်ဟောကြားသောတရားကိုနာယူရ၍ မဂ်ဖိုလ်နိဗ္ဗာန်လမ်းသို့ ဖြောင့်တန်းနိုင်ကြပါစေ...'

စသည်ဖြင့်ဆုတောင်းပေးခဲ့ပုံတို့ကို ထူးထူးခြားခြားဆုတောင်းကြပုံတစ်မျိုးအနေဖြင့် အောက်ပါအတိုင်းတွေ့ရပြန်ပါသည်။

ရှင်မဟာသီလဝံသ

ရှင်မဟာသီလဝံသမထေရ်သည် ပါရမီခန်းပျို့၏နိဒ်ုးပိုဒ်(အပိုဒ်–၆)တွင် 'မိမိစပ်ဆိုသောဤပါရမီခန်းပျို့ကို ဖတ်ရှုပြီးသည့်နောက် စာဖတ်သူအကျင့်သီလကိုလိုက်နာစောင့်စည်းခြင်းဖြင့် နောင်အခါတွင် မေတ္တေယျရှင်ကို ဖူးတွေ့နိုင်ကြပါစေ' ဟုဖွဲ့ဆိုထားပုံမှာ–

> စာစောင်နိဒါန်း၊ ဤမော်ကွန်းကို၊ ကျင့်ခန်းကုံလုံ၊ နှစ်များပုံဟု၊ အယုံအကြည်၊ ပညာသည်တို့၊ အရှည်သိမ်းဆည်း၊ ဆောင်စောင့်စည်းလျက်၊ မိတည့်ဖူးစေကုန်သတည်း*၁–ဟုဖြစ်လေသည်။

ရှင်မဟာသီလဝံသ၏အထက်ဖော်ပြပါဆုပေးစကားကို လက်ဝဲနော်ရထာဦးမြတ်သာနေ (အေဒီ ၁၇၂၃–၁၇၉၁)က ပျို့နိဂုံးစုအဖြေ၌ စကားပြေဖြင့်ရေးသားသည်မှာ–

> ဤ(ပါရမီခန်းပျို့)စာကို ဘုရားရှင်ဟောတော်မူသော ပိဋကတ်သုံးပုံ၌လာသော အလွန်ထူးဆန်းကျယ်ဝန်းလှစွာသောနည်းနာနယတို့ဖြင့် အပေါ်အငုပ်နိဂုံးချုပ်လျက် သရုပ်သကန် အာဂုံစသည်တို့ဖြင့် ချီးမွမ်းထိုက်ချီးမွမ်းတန်သောအလျောက် အနုသန္ဓေကျင့်လျက် အကျမ်းကျမ်းမှလာသော နည်းနာတို့ကိုချုပြု၍ သိသာအောင်အပြီးစီရင်သည်။ ဤသို့စီရင်သောနိဒါန်းမော်ကွန်းကို အနှစ်သာရ ကျင့်ခန်းကျင့်ဖွယ်များစွာရှိသည်ဟုယုံကြည်၍ ခပ်သိမ်းသောပညာသည်တို့သည် အရှည်သုံးစွဲသိမ်းဆည်းကျင့်ဆောင်စောင့်စည်းလျက် အရိမေတ္တေယျမြတ်စွာဘုရားအား ဖူးတွေ့စေကုန်သတည်း–ဟု ဆိုလိုသည်။*၂

အရှင်မဟာသီလဝံသရေးဖွဲ့ခဲ့သည်ဟုယူဆထားကြသော သံဝေဂခန်းပျို့၏ နိဂုံးပိုဒ်(အပိုဒ်–၆)တွင်လည်း စာရှုစာနာသူတို့အား 'မေတ္တေယျရှင်ပွင့်၍ ကြွလာတော်မူလတ်လျှင် ထိုအရှင်၏နောက်ပါးမှ သာဝကအသွင်ဖြင့် အတူလိုက်ပါခွင့်ရကြလေအောင် ယခုကပင်ကြိုတင်ပြီး ကုသိုလ်သီလစသည်တို့ကို စောင့်သုံးကြပါ' ဟူသော တိုက်တွန်းစကားကို ထည့်သွင်းရေးဖွဲ့ထားပြန်သည်မှာ–

> အောင်ဇေဌာန၊ မိတေးယျသျှင်၊ ကံ့ကော်ပင်တွင်၊ လေးအင်္ဂသစ္စာ၊ ပွင့်ခါမြတ်လှ၊ ရွှေစက်ချ၍၊ ကြွလတ်သောခါ၊ နောက်တော်သာဂ၊ တူပါရလို၊ ခုကကြို၍၊ ကုသိုလ်သီလ၊ အဋ္ဌင်္ဘာဝနာ၊ ကြိုး၍သာလျှင်၊ ကောဒဿ၊ ဆဲတဆကို၊ ဝေဌပွားများ၊ ဒွိဟိတ်သားတို့၊ ထောင်နားယူကြ မဂ်လမ်းတည်း*၃ –ဟူ၍ဖြစ်သည်။

---

*၁ ရှင်မဟာသီလဝံသ၏ ပါရမီခန်းပျို့။ ၁၉၅၃–ခုနှစ်။ (စာမျက်နှာ–၂၉၆)

*၂ လက်ဝဲနော်ရထာ၏ ပျို့နိဂုံးစုအဖြေကျမ်း။ ၁၉၉၅–ခုနှစ်။ (စာမျက်နှာ–၅၃)။

*၃ ရှင်မဟာသီလဝံသ၏ သံဝေဂခန်းပျို့။ ၁၉၀၀–ပြည့်နှစ်။ (စာမျက်နှာ–၇)။

http://www.dhammadownload.com

ရှင်အုန်းညို

အင်းဝခေတ်စာဆိုကျော်ရှင်အုန်းညို၏ ဂါထာခြောက်ဆယ်ပျို့နိဂုံးတွင်လည်း ပျို့စာဆိုက 'မိမိစပ်ဆိုသော ဤဂါထာခြောက်ဆယ်ပျို့ကို 'ဘုရားရှင်ဟောတော်မူသောတရားကဲ့သို့နာယူမှတ်သားပြီး သဒ္ဓါတရားဖြောင့်စင်းခြင်း၊ မလိုမိစ္ဆာကင်းဝေးခြင်း၊ စိတ်ကိုကြည်နူးစွာထားခြင်းတို့ဖြင့် မေတ္တေယျရှင်ပွင့်တော်မူလာပါက ဖူးမြင်ရကြပါစေ' ဟူသောဆန္ဒမွန်ရေးဖွဲ့ထားသည်မှာ–

> မိတည်းသျှင်တော်၊ ပွင့်လတ်သော်တုံ၊ ဖူးမြော်စေချင်၊ အကြင်သူ့အား၊ စီးပွားလိုလှ၊ ချမ်းသာငှလျက်၊ ဓမ္မဒါန်၊ ကျော်သံမွှန်ကြား၊ ဤတရားကို၊ ဘုရားဟောတူ၊ နာမှတ်မူဖြင့်၊ ဖြောင့်ယူသဒ္ဓါ၊ သူတော်စွာတို့၊ မိစ္ဆာဝန်တို့၊ ဦးလှိုင်ငြိတွယ်၊ ပစ်ပယ်ရန်မြတ်၊ ဖျောက်တိမ်ပိတ်၍၊ ကောင်းစိတ်ကြည်စေကုန်သတည်း–ဟုဖြစ်ပါသည်။[*၁]

လက်ဝဲနော်ရထာ

အလောင်းမင်းတရား၊ နောင်တော်ကြီးမင်း၊ ဆင်ဖြူရှင်မင်းနှင့် ဘိုးတော်မင်း–ဟု မင်းလေးဆက် လက်ထက် (အေဒီ ၁၇၅၂–၁၈၁၉)တို့၌ လက်ရုံးရည်, နှလုံးရည်ပြည့်ဝစွာမင်းမှုထမ်းခဲ့သော မင်းလက်ဝဲနော်ရထာ ဦးမြတ်သာနေ[*၂] ၏ မြန်မာသံယောဇဒီပနီ (ရစ်ပင်ငီကာ) ကျမ်းနိဂုံးတွင်လည်း 'ဤကျမ်းကိုဖတ်ရှုခြင်းကြောင့် ရစ်ပင်သတ်ပုံ၊ အသတ်ဆယ်ပါး၊ နားပါးလည်၍၊ အကွရာအထားအသို အရွတ်အဖတ်ကျွမ်းကျင်သဖြင့် နောင် မေတ္တေယျရှင်လက်ထက်တော်အခါ၌ ဂါထာတစ်ပုဒ်ကိုကြားကာမျှဖြင့် သဒ္ဓါအနက်ခွဲခြမ်းသိမြင်၍ ပဋိသမ္ဘိဒါ ပတ္တခိပွဘိညာရဟန္တာဖြစ်ပြီး လူနတ်တို့ကရှိခိုးကြပေလိမ့်မည်' အကြောင်းကိုရေးဖွဲ့ထားပုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

> ပုဒ်ဗျည်းပါဠိသား၊ ဂါထာကြားက၊ စဉ်းငါးသိသိ၊ ဓိဗ္ဗာယ်မိလျက်၊ ပဋိသမ္ဘိဒါ၊ ပတ္တာညာသို့၊ သဒ္ဓါအနက်၊ ထက်မြက်ခွဲခြမ်း၊ ယူစွမ်းသိဉာဏ်၊ မှန်စေသတည်း။ မိတည်းသစ္စာ၊ ပွင့်သောခါလည်း၊ တဏှာကင်းလွတ်၊ ထေရ်ဉာဏ်မြတ်ဟု၊ လူနတ်ညွတ်တုပ်၊ ကြာပန်းရွှပ်၍၊ လက်အုပ်ချီစေကုန်သတည်း။ ။[*၃]

တွင်းသင်းမင်းကြီးဦးထွန်းညို

ကုန်းဘောင်ခေတ်ဦးတွင် တွင်းသင်း[*၄] မင်းကြီးဟူသော အမည်ဂုဏ်ထူးဖြင့် မြန်မာစာပေလောက၏ သရဖူကြီးတစ်ဆူဖြစ်ခဲ့သော တွင်းသင်းတိုက်ဝန်မဟာစည်သူဦးထွန်းညို (အေဒီ ၁၇၂၆–၁၈၀၇)သည် သက္ကရာဇ် ၁၁၆၈–ခု(အေဒီ ၁၈၀၆–ခုနှစ်)တွင်ရေးဖွဲ့ခဲ့သော မဟာဇနကပျို့နိဂုံးတွင် 'ဤပျို့ကိုကောင်းစွာရသာခံ၍ ကျက်မှတ်ရွတ်ဖတ်နာယူကြပြီး နတ်ရွာသုဂတိဘုံ၌ဖြစ်ကြကာ မေတ္တေယျရှင်ပွင့်ထွန်းလာသောအခါ မဂ်ဖိုလ်အရသာကို သောက်စို့နိုင်ကြပါစေ' ဟူ၍ရေးဖွဲ့ထားပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

---

*၁ ရှင်အုန်းညို၏ ဂါထာခြောက်ဆယ်ပျို့။ ၁၉၂၈–ခုနှစ်။ (စာမျက်နှာ–၆၀)။

*၂ ဤလက်ဝဲနော်ရထာဦးမြတ်သာနေသည် ပျို့နိဂုံးစုအဖြေကျမ်းပြုပုံရှိလိမ့်ဖြစ်သည်။ ဦးမြတ်သာနေသည် လက်ဝဲနော်ရထာဘွဲ့ကိုသာမက ရန္တ ကျော်စွာ၊ ပုံကျီကျော်ထင်၊ လက်ဝဲသုန္ဒရာ၊ စည်သူကျော်ထင်၊ နန္ဒကျော်ထင်၊ နေမျိုးသိရီဧယျကျော်ထင်–စသောဘွဲ့တို့ကိုလည်းရရှိခဲ့သည်။

*၃ လက်ဝဲနော်ရထာ၏မြန်မာသံယောဇဒီပနီကျမ်း။ ၁၉၆၂–ခုနှစ်။ (စာမျက်နှာ–၁၅၁)။

*၄ တွင်းသင်း–ဟူသည် ဘုရင့်အတွင်းရေးနှင့်သက်ဆိုင်သောအမှုကိစ္စတို့ကို ဆောင်ရွက်ရသည့်ဌာနတွင် အကြီးအမှူးပုဂ္ဂိုလ်ဟုဆိုလိုသည်။ အတွင်းသင်းမှူး၊ တွင်းသင်းရှူး၊ တွင်းသင်းဝန်၊ တွင်းသင်းမင်းကြီး–စသည်ဖြင့်လည်းခေါ်၏။ တွင်းသင်းမင်းကြီး အသနားခံစားရသော မင်းဧင်းမြို့ကိုလည်း တွင်းသင်းတိုက်ဟုခေါ်ဝေါ်ခဲ့၏။ မောင်ချစ်ဘော (မဟာဝိဇ္ဇာ)၏ တွင်းသင်းစာဆို။ ၁၉၇၅–ခုနှစ်။ (စာမျက်နှာ–၁၂)။

http://www.dhammadownload.com

ဉာဏာဝန်တို့၊ တပြန်ပြောင်းပြောင်း၊ နားမည်ောင်းတည့်။ နှုတ်ကောင်းခွန်းမြတ်၊ ဘတ်လည်းချိုမြက်၊ ကျက်လည်းချိုမော၊ ဟောလည်းချိုသာ၊ စိမ့်စိမ့်နာ၍၊ ပညာဟူသည်၊ လက်လှမ်းရည်ဖြင့်၊ နတ်ပြည်ညွှန်ဖူး၊ ဆွတ်ခါခူးလျက်၊ လက်ဦးစဲစဲ၊ မိတည်းပွဲတွင်၊ ရဲလည်းရဲလို၊ ရဲသကိုနှင့်၊ ကုသိုလ်ဆယ်မည်၊ အရင်းတည်၍၊ မဂ်ရည်သောက်ကြစေသတည်း *၁–ဟုဖြစ်သည်။

လယ်တီဆရာတော်ကြီး

ကျေးဖူးရှင်လယ်တီဆရာတော်ဘုရားကြီး(အေဒီ ၁၈၄၆–၁၉၂၃)သည် ဒီပနီကျမ်းများစွာကို စီရင်ရေးသားတော်မူခဲ့သော်လည်း ထိုဒီပနီကျမ်းတို့၏နိဂုံး၌ မေတ္တေယျရှင်နှင့်စပ်၍ ဆုတောင်းသောအလေ့မရှိခဲ့ပေ။ သို့ပါသော် မိမိနှင့်စပ်သောပုဂ္ဂိုလ်တို့ကိုမူကား၊ မေတ္တေယျရှင်နှင့်စပ်၍ ဆုတောင်းစေသောအလေ့ရှိပုံကို ဝိုးကုတ်မြို့နေ ဘုရားဒါယကာကြီးဦးမုတ်အား ရေးသားချီးမြှင့်သော အညာသီဟတောဘုရားကျောက်စာအရ သိရလေသည်။

၁၂၆၅–ခု (အေဒီ ၁၉၀၃–ခုနှစ်) သီဟတောဘုရားကျောက်စာ၏နိဂုံး၌ အလှူရှင်ဖြစ်သောဘုရားဒကာဦးမုတ်နှင့် မိသားစုတို့သည် မေတ္တေယျရှင်တော်ထံတော်၌ ပစ္စည်းလေးပါးဒါယကာပြု၍ ကျွတ်တန်းဝင်ကြရန် ဆုတောင်းပုံကို လယ်တီဆရာတော်ကြီးရေးသားပေးတော်မူသည်မှာ အောက်ပါအတိုင်းဖြစ်၏။

မေတ္တေယျကာလေ= အရှင်မေတ္တေယျဘုရား လူသုံးပါးဝယ် ထင်ရှားပွင့်တော်မူသော အခါ၌၊ သာသနံ= သာသနာတော်မြတ်ကို၊ စတူဟိပစ္စယေဟိ= ပစ္စည်းလေးပါးတို့ဖြင့်၊ အနုဂ္ဂဏှိတွာ= အနာထပိဏ်သဒ္ဒေးကြီးသားသမီးတို့နှင့် ဇနီးမိတ်နှံတစ်စုတို့ကဲ့သို့ ချီးမြှောက်ထောက်ပံ့ခြင်းကိုပြု၍၊ ဗုဇ္ဈေယျာမ= သစ္စာလေးပါး တရားသိမြင် ကျွတ်တန်းဝင်ကြပါလိုကုန်၏။ *၂

ထို့ပြင် 'သုံးလူ့ရှင်ပင်၊ ကျွန်ုထိပ်တင်' ခုနစ်နေ့ဗုဒ္ဓဝင်ဘုရားရှိခိုးလက်ာ၏အဆုံး ဆုတောင်းခန်း၌လည်း လယ်တီဆရာတော်ဘုရားကြီးက ဝတ်အသင်းသူ ဝတ်အသင်းသားတို့အား မေတ္တေယျရှင်နှင့်စပ်၍ ဆုတောင်းကြရန် အောက်ပါဆုတောင်းစာကို ရေးသားချီးမြှင့်တော်မူခဲ့သည်။

ပတ္တမြားပလွင်၊ ကံ့ကော်ပင်ဝယ်၊ ငါးအင်မာရ်စစ်၊ အောင်ပွဲလှစ်၍၊ ခေတ်ဇာတိလုံး၊ သိမ့်သိမ့်ချုံးလျက်၊ ရွှေဘုန်းစိုက်ထူ၊ ပွင့်တော်မူသား၊ သုံးလူသခင်၊ မိတေးရှင်ကို၊ မျက်မြင်ဖူး၍၊ အထူးကြည်ညိုး၊ ဘုန်းရိပ်ခိုသည်။ ။ မဂ်ဖိုလ်နိဗ္ဗာန်ရောက်စေသောင်။ ။ *၃

လယ်တီဆရာတော်ဘုရားကြီးသည် မုံရွာမြို့ လယ်တီတိုက်ကြီးအတွင်း၌ ဗောဓိပင်ကိုစိုက်ပျိုးစေ၍ ထို ဗောဓိပင်အနီး၌ မီးထွန်းပွဲကြီးပြုလုပ်ရာ မိမိနှင့်စပ်သော ဒကာ ဒကာမအပေါင်းတို့အား ထိုမီးပူဇော်ပွဲ၌ပါဝင်ကြရန် သဒ္ဓါစေတနာနှိုးဆွသောအားဖြင့် ရေးသားအပ်သည့် မီးပွဲမေတ္တာစာတွင်လည်း 'ဤဘဝ၌လူခဲ့သော ဆီမီးအလှူကို အကြောင်းပြု၍ မေတ္တေယျရှင်လက်ထက်တော်အခါ၌ ဒိဗ္ဗစက္ခုတေဒဂ်ကြေလေအောင် ဆီမီးတစ်တိုင်ကောင်းနှစ်တိုင်စ စွမ်းသမျှ များစွာပါဝင်ကုသိုလ်ယူထွန်းညှိပူဇော်ပါ'ဟူ၍ မေတ္တေယျရှင်လက်ထက်၌ တေဒဂ်ကြအောင် တိုက်တွန်းရေးဖွဲ့ထားပုံကို အောက်ပါအတိုင်းတွေ့ရသည်။

သို့အရာကို၊ ပညာမျက်စိ၊ အချက်သိသဖြင့်၊ အရိမေတ္တေယျ၊ လောကထွတ်ထား၊ မပွင့်မီ အကြားဝယ်၊ သိကြားဟူက၊ မည်သူမျှမဆိုင်၊ ခရိုင်သိမ်းကြို။ ငါတို့ပိုင်လုံးလုံးဟု၊ အဆုံးစွန်စိတ်စွဲ၊

---

*၁ တွင်းသင်းမင်းကြီး၏ မဟာဓနကာပျို့။ ၁၈၉၀–ပြည့်နှစ်။ (စာမျက်နှာ–၁၁၃)။

*၂ လယ်တီဆရာတော်ကြီး၏ ဂန္ဓိရုကဗျာကျမ်း။ ၁၉၅၆–ခုနှစ်။ (စာမျက်နှာ–၁၀၄)။

*၃ လယ်တီဆရာတော်ကြီး၏ ဂန္ဓိရုကဗျာကျမ်း။ ၁၉၅၆–ခုနှစ်။ (စာမျက်နှာ–၁၂၈)။

http://www.dhammadownload.com

မေတ္တေယျသခင့်ပွဲမှာလည်း ရွှေခွက်ဆွဲတေဒဂံ၊ ဥဏ္ဍအမြင်ထက်မျက်၍၊ ဒိဗ္ဗစက်အရာထူး သူတစ်ပါးမဦးရအောင်၊ အထူးထူးကြွသာသည့်၊ ခေတ်အခါကာလတွင်–'ဟူ၍ဖြစ်ပါသည်။*၁

ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၂၅၃–ခု (အေဒီ ၁၈၉၁–ခုနှစ်) အိန္ဒိယနိုင်ငံ၊ ဗုဒ္ဓဂယာ မဟာဗောဓိဘုရားမှပြန်လည်ကြွမြန်းတော်မူလာသောအခါ မုံရွာမြို့၊ မဟာလယ်တီတိုက်သို့ တိုက်ရိုက်ပြန်၍မကြွဘဲ၊ ရန်ကုန်မြို့တစ်ဖက်ကမ်း တွံတေး ဒလတောကြီးတန်းရှိ ဆပင်ရွာတောရဠာသီတင်းသုံးနေတော်မူခဲ့ဖူး။ ထိုနှစ်တစ်ပါတွင်းလုံး ဆပင်တောရမှာပင် ဩဒါတကသိုဏ်းကို ပြင်းပြင်ထန်ထန်ရှုကြည့်၍နေခဲ့ရာ ပဋိဘာဂနိမိတ် ထင်ခြင်းသို့*၂ရောက်ခဲ့သည်ဟု အဆိုရှိလေသည်။ ထိုအခါက လယ်တီဆရာတော်ကြီးသည် မိမိအားထုတ်ခဲ့သော လုပ်ငန်းစဉ်အရ ဈာန်ကမ္မဋ္ဌာန်းပေါက်ပြီး ဗြဟ္မာဘုံသို့ရောက်နိုင်ခွင့်ရှိသည်သာမက၊ မေတ္တေယျရှင်တော် ပွင့်ထွန်းပေါ်ပေါက်တော်မူလာသည့်အခါတွင်လည်း မေတ္တေယျရှင်၏လက်ဝဲလက်ယာရံ အဂ္ဂမဟာသာဝက လုပ်လိုလျှင် လုပ်နိုင်ကြောင်းတို့ဖော်ပြပါရှိသော တေးထပ်တစ်ပိုဒ်ကို ရေးစပ်တော်မူခဲ့ပါသည်ဟုလည်း အဆိုရှိပါသည်။ ထိုတေးထပ်ကို ဆရာတော်ကြီး၏တပည့်အရှင်ဝဏ္ဏိတ(လယ်တီဦးလှတင်)က လယ်တီဆရာတော်ကြီး လွန်တော်မူပြီးနောက်၌ရေးသားသော လယ်တီမဟာထေရမ္ပတ္တိ ကထာကျမ်း(စာမျက်နှာ–၄၁)တွင် အောက်ပါအတိုင်း ထည့်သွင်းဖော်ပြထားခဲ့၏။

* သာသနာနောက်ဖျား၊ ပေါက်ဖွားကြဆူဆူ၊
ယောကျ်ားပင်လိုလူ၊ ဇမ္ဗူမှာရှာစမ်း။
အားလုံ့လအလံထူ၊ စံမတူထိုးတော့ဥဒါန်း။ ။

* လောကီမူ*၃ထွေလာ၊ ပဒေသာဥဏ်ဆန်း။
ကောသရာဥဏ်အစွမ်းဟာမို့၊ ဈာန်လမ်းကိုပြီးတိုင်၊
ဝသီဘော်အစုံငါး၊ အကုန်သားစိုးရပိုင်နိုင်။ ။

* ဗြဟ္မာအောက်ထက်မိုးခရိုင်မှာ၊
တန်ခိုးမြို့ငြိုင်မြို့အလံစိုက်လို့၊
စံလိုက်မယ်ပအကျော်အမော်၊
ငြိုးဘူးပျော်ပျော်။ ။

* မိတေးသခင့်အောင်ပွဲတော်မှာ၊
နောင်ရဲအမော်လုပ်စမ်းမယ်ပလေး။*၄

---

*၁ လယ်တီဆရာတော်ကြီး၏ ဂန္ဓိရုကဗျာကျမ်း။ ၁၉၅၆–ခုနှစ်။ (စာမျက်နှာ–၅၆)။

*၂ အကြောင်းအခါ၌ ကိလေသာမြုံအနည်ကျ၍ နိဝရဏ်ငြိမ်းခဲသဖြင့် ပုလဲစစ်အနှစ်, ရေသင်းပွတ်သစ်, အဆိပ်မှထုတ်သစ်ကြေးပုံ, တိမ်ပုံမှထွက်သစ်စသောလ, မိုးညီတိမ်ဝဋ်ပျံလေသောချိုးဖြူပမာ လက်ရာအရေးအကြောင်းစသော ကသိဏဒေါသနှင့်တကွ ရွေးထင်လေပြီးသော ဥဂ္ဃဟနိမိတ်ကိုခွဲ၍ထွက်သကဲ့သို့ ဥဂ္ဃဟနိမိတ်ထက် အဆထောင်ရာ အလွန်စင်ကြယ်စွာထင်လာ၏။ ထိုအခါ ပဋိဘာဂနိမိတ်ဖြစ်၏–မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး၏ပရမတ္ထသရူပဘေဒနီကျမ်း၊ ဒုတိယတွဲ။ ၂၀၀၂–ခုနှစ်။ (စာမျက်နှာ–၁၈၉)

*၃ အချို့မူ၌ 'ယောဂီမူထွေလာ'ဟုလည်း တွေ့ရသည်။

*၄ လယ်တီဦးဝဏ္ဏိတ၏လယ်တီမဟာထေရမ္ပတ္တိကထာ။ ၁၉၅၆–ခုနှစ်။ (စာမျက်နှာ–၄၁)။ နောက်ရိုက် လယ်တီစာပေဆိုင်ရာစာအုပ်များတွင် ဤတေးထပ်ကို 'ကြိုးပါးသံ(သီဟနာဒ)တေးထပ်'ဟု ဖော်ပြထားသည်။ လယ်တီအရှင်ကေလာသ၏လယ်တီဝတ်ရွတ်စဉ်ပေါင်းချုပ်။ ၂၀၀၁–ခုနှစ်။ (စာမျက်နှာ–၂၄၅)။

http://www.dhammadownload.com

အထက်ပါတေးထပ်သည် လယ်တီဆရာတော်၏ဘဝနှင့်စပ်၍ အလွန်အရေးပါသောတေးထပ်ဖြစ်သည်။ ထိုတေးထပ်ကို လယ်တီဆရာတော်ကြီး ရေးသည့်,မရေးသည့်ဆိုသည့်အချက်နှင့်စပ်၍ ဆုံးဖြတ်ရန်မှာ တိကျခိုင်မာသော အထောက်အထားကို မတွေ့ရပါ။ သို့သော် သမာဓိစခန်းစျာန်လမ်းကိုနှစ်သက်သောပုဂ္ဂိုလ်တို့ကမူ ဤတေးထပ်ကို ကြိုးပါးသံတေးထပ်၊ ဥဒါန်းတေးထပ်၊ မဟာသီဟနာဒတေးထပ်– စသည်ဖြင့် အမျိုးမျိုး ဝိသေသတပ်ကာ ရေလဲသုံးနှစ်သက်အားရနေကြကြောင်းကိုတွေ့ရပါသည်။ ဤတေးထပ်နှင့်စပ်၍ ဓမ္မာစရိယ ဆရာဦးဌေးလှိုင်က ရဟန္တ ဒုနှင့်ပုဂ္ဂိုလ်ထူးများစာအုပ်၊ ၁၉၈၉–ခုနှစ်၊ (စာမျက်နှာ–၃၀၃)တွင်–

> ဤတေးထပ်ပါစကားတို့ကား သီဟနာဒ (ခြင်္သေ့ကြိုးဝါးသံ)ဖြစ်၏။ ယခုပင် ဗျာန်အဘိညဉ် ရနေပြီလော–ဟုလည်း ထင်ဖွယ်ရှိ၏။ သို့ရာတွင် မေတ္တေယျလက်ထက်ကျမှဟု အဆုံးသတ် လျှောချထားသည်မှာ ဖတ်ရသူအတွက် ဟင်ခနဲဖြစ်စေ၏။ စင်စစ် နောက်ဘုရားဝါဒသည် လယ်တီဆရာတော်၏ ပင်ကိုယ်စိတ်ထားမဟုတ်။ အရပ်ရပ်သူ့စာများနှင့်လည်းမညီ။ ထိုအဆုံးသတ် အတွေးအကြံအာရုံသည် အာရုံလိမ်ကြိုးသာဖြစ်ရာ၏'–ဟု ရှင်းလင်းရေးသားခဲ့ပြီးဖြစ်ပါသည်။

စင်စစ် လယ်တီဆရာတော်ကြီးတကယ်လိုလားရှုဆုပန်ခဲ့သော ဆုတောင်းအမှန်ကိုဖော်ပြရလျှင် သက္ကရာဇ် ၁၂၅၃–ခုနှစ် ဝါဆိုလပြည့်နေ့ (အေဒီ ၁၈၉၁–ခု၊ ဇူလိုင်လ၊ ၂၀–ရက်၊ တနလာနေ့)တွင် ရေးသားပြီးစီးသော သုတ္တနိပါတပါဠိတော်လာ ပဓာနသုတ် (သုတ္တနိ။ ၃၄၁။) နိဿယ၏နိဂုံးမှထုတ်နုတ်ကာ အောက်ပါအတိုင်း တင်ပြရပေသတည်း။

> * ပဓာနံ ပူဇယိတွာန၊ ယံ လဒ္ဓံ ကုသလံ မယာ။
> တဿ တေဖေန တံ စည်၊ ဇဟေယျံ ဣဓ ဇာတိယံ။

မယာ= မုံရွာမြို့ လယ်တီတောကျောင်းဆရာငါသည်၊ ပဓာနံ= သုတ္တနိပါတ်ပါ ပါဠိတော်လာ ပဓာနသုတ်ပါဠိတော်မြတ်ကို၊ ပူဇယိတွာန= ပူဇော်ပြီး၍၊ ယံ ကုသလံ= အကြင်ကုသိုလ်ကို၊ လဒ္ဓံ= ရအပ်ပြီ။ တဿ= ထိုကုသိုလ်၏၊ တေဖေန= တန်ခိုးကြောင့်၊ တဉ္စ= ထိုကုသိုလ်ကိုငင်း၊ အညဉ္စ= သည်မှ၊ ဇဟေယျံ= စွန့်နိုင်ရလိုသော*၁–ဟုဖြစ်သည်။

သုံးဆယ်မောင်းထောင်ဆရာတော်

'တထာဂတ–ဟူသောပုဒ် တစ်ပိုဒ်တည်းဖြင့် ရာဇဂုရု–တံဆိပ်တော်ကို ဆက်ကပ်ခြင်းခံရသည်'ဟု ထင်ရှားခဲ့သော သုံးဆယ်မြို့၊ စတုတ္ထမောင်းထောင်ဆရာတော်ကြီးဦးဝိမလ*၂ (အေဒီ ၁၈၄၄–၁၉၀၈)သည် မင်းတုန်းမင်း(အေဒီ ၁၈၅၃–၁၈၇၈)လက်ထက် သာသနာပိုင်ဆရာတော်ကြီးဦးဥေဠျဓမ္မ(အေဒီ ၁၇၉၉–၁၈၆၅) နှင့် ပထမရွှေကျင်ဆရာတော်ဘုရားကြီး (အေဒီ ၁၈၂၂–၁၈၉၄) တို့၏လက်ဦးတပည့်ကြီးဖြစ်တော်မူ၏။*၃ သက်တော် ၄၀–တွင် 'ဝိမလာလင်္ကာရ ကဝိဓဇမဟာဓမ္မရာဇာဓိရာဇာဂုရု'ဟူသော ရာဇဂုရုဘွဲ့တံဆိပ်တော်ကို သီပေါဘုရင် (အေဒီ ၁၈၇၈–၁၈၈၅)ဆက်ကပ်လှူဒါန်းခဲ့သည်။ မြန်မာမင်းလက်ထက် နောက်ဆုံးအကြိမ် ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းဖြစ်သည်။

---

*၁ လယ်တီဆရာတော်ကြီး၏ ပဓာနသုတ်ပါဠိနိဿယ။ သောမနသုပေက္ခာဒီပနီနှင့်လေးစောင်တွဲ။ ၁၉၅၁–ခုနှစ်။ (စာမျက်နှာ–၁၈၄)။

*၂ လှသဓိန်၏ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ။ ၁၉၆၁–ခုနှစ်။ (စာမျက်နှာ–၁၂၁)။

*၃ အရှင်သီလာနန္ဒာဘိဝံသ၏ကျွန်ုပ်ဆရာတော်ကြီး(စာတန်း)။ ရွှေမျက်မှန်ဦးဝိဇယ။ ၁၉၈၁–ခုနှစ်။ (စာမျက်နှာ–၃၄)။

http://www.dhammadownload.com

မောင်းထောင်ဆရာတော်ဦးဝိမလသည် အရေးပိုင်ကတော် ဒေါ်မြမိတ်နှင့် ငွေတိုက်ဝန်ထောက်ကတော် ဒေါ်သောင်တို့ တောင်းပန်လျှောက်ထားသဖြင့် သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့ရှိ စွယ်တော်မြတ်ကိုရှိခိုးပူဇော်ရန် ဘုရားရှိခိုး ၆-ဂါထာကို ရေးသားပေးတော်မူခဲ့ပါသည်။ ထိုစွယ်တော်ဘုရားရှိခိုးတွင် ဂါထာအပိုဒ် ၆-သည် ဆုတောင်းဂါထာဖြစ်သည်။ ထိုဆုတောင်းဂါထာ၌ မြတ်စွာဘုရား၏စွယ်တော်မြတ်ကိုဖူးမြော်ရသောကုသိုလ်ကံကြောင့် မေတ္တေယျရှင်တော်၏ထံတော်ရင်း၌ နိဗ္ဗာန်ကိုမျက်မှောက်ပြုပါလိုကြောင်းကိုဖော်ပြထားသည်။

* တေန ပုညကမ္မေန ၊ မေတ္တေယျသော၀ သန္တိကေ။
သီဃံ ပပ္ပေါမိနိဗ္ဗာနံ ၊ ယောဂက္ခေမံ အနုတ္တရံ။

တေန ပုညကမ္မေန= ဤသို့ ဘုရားရှင်မြတ်စွယ်တော်ဓာတ်ကို လေးမြတ်ပူဇော် ဖူးမြော်ရပါသောကုသိုလ်ကံကြောင့်၊ မေတ္တေယျသော၀= ကံ့ကော်အောင်မြေ ပလ္လင်ဗွေထက် လေးထွေသစ္စာခိုင်ရွေကြောကို လွယ်ကာဆွတ်ချူ ပန်တော်မူမည့် ဘုန်းလူစောလှ မေတ္တေယျသခင် ဘုရားရှင်၏ သာလျှင်၊ သန္တိကေ= ထံတော်ရင်း၌၊ ယောဂက္ခေမံ= ကာမယောဂ, ဘ၀ယောဂ, ဒိဋ္ဌိယောဂ, အဝိဇ္ဇာယောဂ-တည်းဟူသော ယောဂလေးပါးတို့၏ကုန်ရာဖြစ်သော၊ အနုတ္တရံ= မည်သည့်တရား မန္ဒန်းအားလျက် မြတ်ဖျားခေါင်ထိ တုမရှိ၍ မိမိထက်လွန်မြတ်သော တရားမရှိသော၊ နိဗ္ဗာန်= နိဗ္ဗာန်သို့၊ သီဃံ=ဆောလျင်စွာ၊ အဟံ=အကျွန်ုပ်သည်၊ ပပ္ပေါမိ=မချွတ်မလွဲ အမြဲကေန် အမှန်ထုတ်ချောက် ရောက်ရပါလို၏အရှင်ဘုရား*[၁] -ဟုဖြစ်သည်။

မေတ္တေယျဆုတောင်းများနိဂုံး

ပျူယဉ်ကျေးမှုခေတ်မှ ပုဂံ, ပင်းယ, အင်း၀ ကုန်းဘောင်ခေတ်တိုင်သည်အထိ ခေတ်အဆက်ဆက် မေတ္တေယျရှင်တော်ကိုဖူးတွေ့ရပါလိုကြောင်း ဆုတောင်းကြပုံအမျိုးမျိုးကို လက်လှမ်းမီသရွေ့ကျောက်စာ၊ မင်စာမှစ၍ ကျမ်းဂန်စာပေအသီးသီးတို့၏နိဂုံးတို့၌ဖော်ပြပါရှိသည်တို့ကို ပြယုဂ်အနေဖြင့်ထုတ်နှုတ်တင်ဆက်ပြသခဲ့ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်း ရပ်ရွာအသီးသီးရှိ ဘုရားကျောင်းကန်တို့၌လှူဒါန်းထားကြသော ကျောင်း, ကန်, သိမ်, တန်ဆောင်း, ဘုရားစေတီ, ခေါင်းလောင်းနှင့် ပိဋကတ်ပေစာအမျိုးမျိုးတို့၏ သံပိုင်းမော်ကွန်းစာများ၊ ဆုတောင်းစာများတွင်လည်း မေတ္တေယျရှင်နှင့်စပ်၍ဆုတောင်းစာများပါရှိကြမည်မှာ ရေးဖွယ်မလိုအောင်ဖြစ်ပေသည်။ ဤမျှ ကျယ်ပြန့်များပြောင်သောမှတ်တမ်းစာစုတို့ကို အကုန်အစင်တင်ပြဖို့ရန် ခဲယဉ်းလှပါသည်။

သို့ပါ၍ မျက်မှောက်ခေတ်စာပေရှေ့ဆောင် တန်ဆောင်ဆီမီးကြိုးနှစ်တိုင်ဖြစ်သော ဆရာကြီး လယ်တီပဏ္ဍိတဦးမောင်ကြီး (အေဒီ ၁၈၃၈-၁၉၃၉)*[၂] နှင့် ဆရာကြီးသခင်ကိုယ်တော်မိုင်း (အေဒီ ၁၈၆၆-၁၉၆၄)*[၃] တို့၏ မေတ္တေယျရှင်ထံဆုတောင်းကြပုံနှစ်ရပ်တို့ကိုတင်ပြရင်း ဤအခန်းကိုနိဂုံးချုပ်ပါသတည်း။

တောတောင်စခန်းသို့ မျှော်မှန်းတောင့်တလျက်ရှိသော လယ်တီပဏ္ဍိတဆရာကြီးဦးမောင်ကြီးက တပည့် မောင်ပန်းမောင်(သုဝဏ္ဏဝတီဦးပန်းမောင်)သို့ အချက်ကျစွာရေးသားပေးခဲ့သည့် ချစ်သမျှကို-အလိုက်သံ၀ေဂ ပတ်ပျိုးမှကောက်နုတ်ချက်ဖြစ်ပါသည်။

---

*[၁] သုံးဆယ်မြို့ မောင်းထောင်ဆရာတော်၏ ဓါတုဒဿနာဘိယာစနသန္ဒေသကထာနှင့် သီဟိုဠ်စွယ်တော်ဘုရားရှိခိုး။ ၁၈၉၉-ခုနှစ်။ (စာမျက်နှာ-၂၇)။

*[၂] ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးစာတည်းအဖွဲ့၏ နှစ်ဆယ်ရာစုမြန်မာစာရေးဆရာများနှင့် စာစုစာရင်း။ ၂၀၀၃-ခုနှစ်။ (စာမျက်နှာ-၂၁၆)။

*[၃] နှစ်ဆယ်ရာစုမြန်မာစာရေးဆရာများနှင့် စာစုစာရင်း။ ၂၀၀၃-ခုနှစ်။ (စာမျက်နှာ-၂၉၇)။

http://www.dhammadownload.com

တရားလက်ကိုင်စွဲ၊ ခေမာတည့်တိုင်အောင်ခဲ။ တန်ခိုးမြော်မေတ္တေး မြတ်ရှင်တော်၊ နှစ်ဘော်လေ
မောင်မယ်၊ ရည်ရွယ်ဆင့်မှန်း။ ကျွတ်တန်းပြိုင်ယှဉ်နွှဲ။ ။'*၁

ဆရာကြီးသခင်ကိုယ်တော်မိုင်း၏ ၁၂၈၄-ခုနှစ်၊ ဝါဆိုလပြည့် ဗုဒ္ဓဟူးနေ့ (၈-၇-၂၂) နံနက်ဆွမ်းခံဝင်ချိန်၌ အပြီးသတ်ရေးသားအပ်သော မျောက်ငိုကာနိဂုံးလေးချိုးကြီးမှ ကောက်နုတ်ချက်ဖြစ်ပါသည်။

ရှိဖွေးကြာလေလေ့-ရှိဖွေးကြာ၊
ဖိနေး ဘဂဝါဟု၊
မိတေးယျာရဝေပြန့်ပေပေါ့၊
ရွှေကန့်ကော်ပလွင်ဦးတွင်မှ၊
ကဝေငန့်မြော်တွင်တွင်ဖူးပါလို့၊
ဆုထူးပဌာနာလုံဘို့၊
ဝါသနာအထုံဖောကြည်မြသူမဖြင့်၊
လောကီသဘော မသဒိလှပေသမို့၊
တောဆီကောလီ သမလို့ရမိကွယ်၊
(အမယ်မင်း)ဟောသည်တကမတွေရဲ့ဆရာစိတ်ကြိုတွဲ့
ဓမ္မဓိဋ္ဌာန်ပြောရမှာဖြင့်၊
(အို-ကေသာဝတီရဲ့) ယောဂီဘဝရယ်နှင့်-
အမတနိဗ္ဗာန်စော။*၂

✿ ✿ ✿ ✿ ✿

*၁ လယ်တီပဏ္ဍိတဦးဓမောင်ကြီး၏ကဗျာမဟုရီ။ ၁၉၆၁-ခုနှစ်။ (စာမျက်နှာ-၁၉)။

*၂ သခင်ကိုယ်တော်မိုင်း၏မျောက်ငိုကာ။ ၁၉၂၂-ခုနှစ်။ (စာမျက်နှာ-၂၈၂)။

http://www.dhammadownload.com

အခန်း (၉)

ဗောဓိသတ္တဘုရားအလောင်းအဖြစ်ကိုးကွယ်ပုံ

မေတ္တေယျရှင်နှင့်ဗောဓိသတ္တလမ်းစဉ်

မေတ္တေယျရှင်အား အလောင်းတော်နတ်သားအဖြစ်ဆည်းကပ်ကိုးကွယ်ပုံတို့ကိုတင်ပြပြီးသည့်နောက်၊ ဗောဓိသတ္တ(ဘုရားအလောင်း)အနေဖြင့် ဆည်းကပ်ကိုးကွယ်ကြပုံအကြောင်းစုံကို တင်ပြလိုပေသည်။

'မေတ္တေယျရှင်သည် ဤဘဒ္ဒကမ္ပာ၌ ပဌမမြောက်ပွင့်တော်မူမည့် ဘုရားရှင် (တစ်နည်း) ဘုရားအလောင်းဖြစ်ကြောင်း' ကို ထေရဝါဒ၊ ဟီနယာန၊ မဟာယာနစသော ဗုဒ္ဓဘာသာဆိုင်ရာကိုဏ်းဂဏာအသီးသီးတို့က တညီတညွတ်တည်းလက်ခံထားကြပြီးဖြစ်သော်လည်း၊ ကိုးကွယ်ဆည်းကပ်ကြရာတွင် တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း တူညီမှုမရှိကြကြောင်းကိုတွေ့ရသည်။

ထေရဝါဒဗုဒ္ဓဘာသာဝင်များအနေဖြင့် ပွင့်လတ်လှစ်ဖြစ်သောဘုရားအလောင်းကို အလေးထားကိုးကွယ်သောအယူအလေ့နည်းပါးသည့်အတွက် ဤအချက်နှင့်စပ်၍ ထူးထူးခြားခြား ပြောဆိုဖွယ်ရာမရှိပါ။

မဟာယာနဗုဒ္ဓဘာသာဝင်တို့အနေဖြင့်ကား မေတ္တေယျအစရှိသော ဘုရားအလောင်းတို့ကို ပွင့်တော်မူပြီး, ပွင့်တော်မူဆဲဖြစ်သော သမ္မညုဘုရားရှင်တို့ထက် ပိုမိုအလေးထား၍ ဆည်းကပ်ကိုးကွယ်ကြ၏။[*၁] မဟာယာနဗုဒ္ဓဘာသာဝင်တို့သည် ပွင့်တော်မူပြီးဖြစ်သောဂေါတမဘုရားရှင်နှင့် ပွင့်တော်မူလတ္တံ့မေတ္တေယျရှင်တို့အကြား၌ ဘုရားအလောင်းများစွာကိုဖန်တီးကာ ရုပ်တုများထုလုပ်ကြ၊ ဂါထာမန္တန်များရေးသားရွတ်ဆိုပြီးပူဇော်ခဲ့ကြ၏။ မဟာယာနဗုဒ္ဓဘာသာဝင်မှန်က ဘုရားအလောင်းဆုကိုသာပန်ဆင်ကြ၏။ ယင်းတို့၏(မဟာယာန)လမ်းစဉ်ကိုပင် 'ဘုရားအလောင်းလမ်းစဉ် (ဗောဓိသတ္တယာန)'ဟု သမုတ်ခဲ့ကြသည်။

ဗုဒ္ဓစာပေသုတေသီ မစ္စတာနေလာ(Naylor)ဆိုသူက 'မဟာယာနဗုဒ္ဓဘာသာအတွင်း၌ ဤသို့ဘုရားအလောင်းလမ်းစဉ်ပေါ်ထွန်းလာရခြင်းသည် မေတ္တေယျရှင်ကို အခြေခံ၍ဖြစ်ပေါ်လာခြင်းဖြစ်သည်'ဟု ရေးသားခဲ့ဖူးလေသည်။[*၂]

---

*၁ ဦးအေးမောင်၏ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ၊ တတိယပိုင်း။ ၁၉၆၅–နှစ်။ (စာမျက်နှာ ၂၁ – ၃၀)။ မဟာယာနဗုဒ္ဓဘာသာအသိုင်းအဝန်း၌ မေတ္တေယျအလောင်းတော်ထက် အဝလောကိတေသွရအလောင်းတော်က ပို၍ကြီးကျယ်ထင်ရှားသည်။

*၂ D. Naylor' Thinking About Buddhism. 1976. Page-38.

http://www.dhammadownload.com

အချို့သောအနောက်တိုင်းသားသုတေသီပညာရှင်တို့ကမူ 'ဘုရားအလောင်းကိုးကွယ်မှုအယူအဆသည် ထေရဝါဒဘုဒ္ဓဘာသာနှင့်မသက်ဆိုင်ဘဲ မဟာယာနဘုဒ္ဓဘာသာနှင့်သာသက်ဆိုင်သည်' ဟူ၍လည်း ထုတ်ဖော်ရေးသားခဲ့ကြပါသည်။*၁

သို့ဖြစ်ပါ၍ ဘုရားအလောင်းအယူအဆကိုလေ့လာကြရာတွင် ထေရဝါဒဘုဒ္ဓဘာသာဝင်တို့၏အယူအဆ၊ မြောက်ပိုင်းဘုဒ္ဓဘာသာဝင်များဖြစ်သော ဟိနယာန,မဟာယာန,ဝဇြယာနတို့၏အယူအဆဟူ၍ ခွဲခြားပြီးလေ့လာမှသာလျှင် ပြည့်စုံသောလေ့လာမှုဖြစ်မည်ဟုယူဆမိပါသည်။ ထေရဝါဒဘုဒ္ဓဘာသာတို့၏ဘုရားအလောင်းအယူအဆဆိုရာမှာပင် မြန်မာနိုင်ငံရှိ ထေရဝါဒဘုဒ္ဓဘာသာဝင်တို့၏ ဘုရားအလောင်းအယူအဆနှင့် သီရိလင်္ကာ, ထိုင်း–စသည့်နိုင်ငံများရှိ ထေရဝါဒဘုဒ္ဓဘာသာဝင်တို့၏ဘုရားအလောင်းအယူအဆသည်ပင် တူသည့်နေရာရှိသကဲ့သို့ ကွဲလွဲမှုရှိသည်ကိုလည်း လေ့လာတွေ့နိုင်ပါသည်။

ဗုဒ္ဓဘာသာပင်မဂိုဏ်းသုံးဂိုဏ်း

ဗောဓိသတ္တဘုရားအလောင်းဟူသည်ကိုမရေးသားမီ ဗုဒ္ဓဘာသာဆိုင်ရာဂိုဏ်းကွဲများစွာရှိကြရာ အခြေခံလည်းကျ ပင်မလည်းဖြစ်သော ထေရဝါဒဗုဒ္ဓဘာသာ၊ ဟိနယာနဗုဒ္ဓဘာသာနှင့် မဟာယာနဗုဒ္ဓဘာသာဟူသော ဂိုဏ်းကွဲသုံးခုတို့၏ဖြစ်ပေါ်လာပုံနှင့် အခေါ်အဝေါ်တို့အကြောင်းကို ဦးစွာရှင်းလင်းတင်ပြလိုပါသည်။

ယခုအခါ ကမ္ဘာတစ်ဝန်း၌ ဗုဒ္ဓဘာသာကိုးကွယ်သူလူဦးရေသန်းပေါင်း(၅၀၀)ကျော်ရှိပါသည်။*၂ ထိုလူဦးရေသန်းပေါင်း(၅၀၀)ကျော်တို့ကိုးကွယ်သောဗုဒ္ဓဘာသာတွင် ထေရဝါဒဗုဒ္ဓဘာသာနှင့်မဟာယာနဗုဒ္ဓဘာသာဟူအဓိကနှစ်ဂိုဏ်းမှာ ယနေ့အထင်အရှားတည်ရှိနေပြီး၊ ဟိနယာနဗုဒ္ဓဘာသာဂိုဏ်းမှာ နှစ်ပေါင်းများစွာကပင် ကွယ်ပျောက်ခဲ့ပြီဖြစ်သည်။ အချို့သောပုဂ္ဂိုလ်တို့က ကွယ်ပျောက်ခဲ့ပြီဖြစ်သည့် ထိုဟိနယာနဗုဒ္ဓဘာသာဂိုဏ်းကို လက်ရှိတည်ထွန်းနေသော ထေရဝါဒနှင့်မှားယွင်းပြီး 'ထေရဝါဒ'ကို 'ဟိနယာန'ဟုခေါ်ခဲ့ကြ၏။

ဤသို့ မှားယွင်းခေါ်ဝေါ်မှုကိုလက်မခံနိုင်သော မြန်မာလူမျိုးဗုဒ္ဓစာပေပညာရှင်တို့က လွန်ခဲ့သောနှစ်များစွာကပင် ထုတ်ဖော်ရှင်းလင်းခဲ့ကြပြီးဖြစ်သည်။*၃ ၁၉၅၀–ပြည့်နှစ်၊ သီရိလင်္ကာနိုင်ငံ၌ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာကွန်ဖရင့်တွင် မြန်မာကိုယ်စားလှယ်ဆရာတော်ဦးကုဏ္ဍလက 'မြန်မာပြည်၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံတို့တွင် လိုက်နာကျင့်သုံးနေသော ဗုဒ္ဓဘာသာကို ဟိနယာနဂိုဏ်းဟုမခေါ်ဆိုရန်၊ ထေရဝါဒဂိုဏ်းဟုသာခေါ်ဆိုရန်' အဆိုတင်သွင်းရာ၊ ကွန်ဖရင့်သို့တက်ရောက်လာကြသော ဗုဒ္ဓဘာသာနိုင်ငံတို့မှကိုယ်စားလှယ်တော်များက 'ထေရဝါဒ'ဟုသာခေါ်ဆိုရန် သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။*၄

---

*၁ T. W.Rhys Davids' Buddhism. 1896. Page-199; Adikaram' Early History of Buddhism in Ceylon. 1953. Page-153.

*၂ '၁၉၆၇–၆၈ လူဦးရေစာရင်းအရ ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာဝင်ဦးရေပေါင်း ၅၁၆,၉၇၅,၀၀၀ ရှိသည်'– H. Saddhātissa' The Buddha's Way. 1971. Page-121.

*၃ (၁) ဟံသာဝတီဦးဘရင်၏သာသနာ့ဓမ်းခဲများ(ဆောင်းပါး)။ တိုးတက်ရေးမဂ္ဂဇင်း၊ အမှတ်–၃၂။ ၁၉၃၆–ခုနှစ်။ (၂) ဓနုဖြူဦးအေးမောင်၏ မြောက်ပိုင်းနှင့်တောင်ပိုင်းသာသနာ(ဆောင်းပါး)။ ဒဂုန်မဂ္ဂဇင်း။ အတွဲ–၂၂၊ အမှတ်–၈။ ၁၉၄၈–ခုနှစ်။ (၃) ဓမ္မာစရိယဦးဌေးလှိုင်၏ သီဟိုဠ်ဓေတ်စံတော်ဝင်အရိယာများ။ ၁၉၈၁–ခုနှစ်။ (စာမျက်နှာ–၈၂)။

*၄ ဦးကုဏ္ဍလ၏လက်ဘီပမန္ထိမနုတ်လမ်းညွှန်ကျမ်း။ ၁၉၅၁–ခုနှစ်။ (စာမျက်နှာ–၃၃)။

http://www.dhammadownload.com

ထေရဝါဒ

ထေရဝါဒ–ဟူသည်မှာ မြတ်စွာဘုရားရှင်ပညတ်တော်မူခဲ့သော သိက္ခာပုဒ်တို့နှင့်စပ်၍–

၁။ ဘုရားမြတ်စွာရှင်ပညတ်ခဲ့သောဝိနည်းသိက္ခာပုဒ်တို့မှတစ်ပါး အသစ်ထပ်မံတိုးချဲ့ပညတ်ခြင်းမပြုရန်*၁၊

၂။ ဘုရားမြတ်စွာရှင်ပညတ်တော်မူခဲ့သော သိက္ခာပုဒ်ဥပဒေတော်တို့ကိုလည်း ဖြုတ်ပယ်ပြင်ဆင်ဖျက်ဆီးခြင်းမပြုရန်*၂

၃။ ဘုရားမြတ်စွာ ပညတ်တော်မူခဲ့သော ထိုထိုသောသိက္ခာပုဒ်ဥပဒေတော်တို့ကို ဖြုတ်ခြင်း,ဖြည့်ခြင်းမပြုဘဲ ပညတ်တော်မူခဲ့သည့်အတိုင်းသာ ရှိသေစွာလိုက်နာကျင့်သုံးတော်မူကြရန်*၃–

ဟူသော မူကြိုးသုံးရပ်နှင့်အညီ မြတ်စွာဘုရားရှင်မဟာပရိနိဗ္ဗာန်ပြုပြီး သုံးလအကြာတွင် ရာဇဂြိုဟ်ပြို့တော် ဝေဘာရတောင်၌ အရှင်မဟာကဿပမထေရ်ကြီးအမှူးရှိသော ဆဋ္ဌာဘိည ပဋိသမ္ဘိဒါပတ္တ ရဟန္တာအရှင်မြတ်ကြီး ငါးရာတို့တင်တော်မူခဲ့ကြသော ပထမသံဂါယနာ၏ဝါဒကို 'ထေရဝါဒ'ဟုဆိုလိုပါသည်။

မြတ်စွာဘုရားရှင်ပညတ်တော်မူခဲ့သော သိက္ခာပုဒ်တို့ကို ဖြုတ်ခြင်း,ဖြည့်ခြင်း,ပြုပြင်ခြင်းမလုပ်ဘဲ ပညတ်တော်မူထားသည့်အတိုင်း ရှိသေစွာလိုက်နာကျင့်သုံးသော ထိုထေရဝါဒမူသည် မြတ်စွာဘုရားရှင်၏ဆန္ဒနှင့် ညီညွတ်သောမူဖြစ်သည်။ ညီညွတ်ပုံသာဓကကို ဝိနယပိဋကဝါ၊ ပါရာဇိကပါဠိတော်၊ နိဿဂ္ဂိယကထာလာ အရှင်ဥပသေနဝတ္ထုကြောင်းဖြင့် သိနိုင်လေသည်။ ဝိ၊၁။၃၃၇။

ထေရဝါဒ–ဟူသောအသုံးအနှုန်းအခေါ်အဝေါ်ကို ပါဠိစာပေမှတ်တမ်းအရ ပထမသံဂါယနာတင်ပြီးသည့် နောက် နှစ်ပေါင်း(၇၅၀)ခန့်အကြာ အေဒီ ၄–ရာစုတွင်ရေးသော ဒီပဝံသ*၄သမိုင်းမှတ်တမ်း၌ စ၍တွေ့ခဲ့ရပါသည်။ ထိုဒီပဝံသကျမ်းသည် အရှင်မဟာဗုဒ္ဓယောသ၏အဋ္ဌကထာကျမ်းထက်ဦးစွာပေါ်ထွန်းခဲ့ပြီး၊ သီဟိုဠ်ကျွန်းအကြောင်းမှတ်တမ်းတင်ထားသည့် သမိုင်းကျမ်းကြီးတစ်စောင်ဖြစ်သည်။ ဒီပဝံသကျမ်း၌ ပရိစ္ဆေဒအခန်းပေါင်း(၂၂)၊ ဂါထာပေါင်း(၁၄၂၅)ဂါထာပါရှိ၏။

ထိုဒီပဝံသကျမ်း၊ စတုတ္ထပရိစ္ဆေဒ(အခန်း–၄)–

(ဂါထာအမှတ်–၁၀)၌ ပထမသံဂါယနာသည် အရှင်မဟာကဿပ အမှူးရှိသော ရဟန္တာမထေရ်မြတ်တို့ ပြုအပ်သော သံဂါယနာဖြစ်၍ ထေရဝါဒဟုခေါ်အပ်သည်–*၅ ဟူ၍လည်းကောင်း၊

(ဂါထာအမှတ်–၁၇)၌ ထိုပထမသံဂါယနာတင်ရဟန္တာဂဠိးရာမထေရ်မြတ်တို့၏ 'ထေရဝါဒ'စကားကို သာလျှင် အမြတ်ဆုံးသောစကား၊ အမြတ်ဆုံးသောဝါဒဖြစ်သည်–*၆ ဟူ၍လည်းကောင်း၊

(ဂါထာအမှတ်–၂၉)၌ ထိုပထမသံဂါယနာတင် ရဟန္တာမထေရ်မြတ်ဂါဠိးရာတို့၏ 'ထေရဝါဒ'သည် သာသနာတည်သရွေ့တည်တံ့မည်ဖြစ်သည်–*၇ ဟူ၍လည်းကောင်း ဖော်ပြထားလေသည်။

---

*၁ အဗျညတ္တံ နုပ္ပညပေတိ– ဝိ၊၄။၄၈၅။

*၂ ပညတ္တံ နာသမုန္တိ နူတိ– ဝိ၊ ၄။ ၄၈၅။

*၃ ယထာပညတ္တေသု သိက္ခာပဒေသု သမာဒါယ ဝတ္တတိ– ဝိ၊ ၄။ ၄၈၅။

*၄ K.R. Norman' Pali Literature. 1983. Page-114; B.C. Law' A History of Pali Literature 2000. Page-509.

*၅ ထေရေဟိ ကတသံဂဟော၊ ထေရဝါဒေါ'တိ ဝုစ္စတိ– B.C. Law(ed.)' Dīpavaṃsa. 1959. Page-35.

*၆ သဒ္ဓေါဝိ သော ထေရဝါဒေါ၊ အဂ္ဂဝါဒေါ' တိ ဝုစ္စတိ – B.C. Law(ed.)' Dīpavaṃsa. 1959. Page-36.

*၇ ဋ္ဌိတိ သာသနဒ္ဓါနံ၊ ထေရဝါဒေါ သဟေတုကော – B.C. Law(ed.)' Dīpavaṃsa. 1959. Page-37.

http://www.dhammadownload.com

ပညာရှင်အချို့ကမူ အရှင်မဟာကဿပမထေရ်ကြီးဦးဆောင်သော ထိုပထမသံဂါယနာတင်မဟာထေရ်တို့ကို ထေရဝါဒ–ဟူသောအမည်မခေါ်တွင်မီ ရှေးအခါက သထဝိရဂိုဏ်း(Sathavira) ဟုခေါ်ကြောင်း၊ သထဝိရဂိုဏ်းဆိုသည်မှာ မထေရ်ကြီးများ(တစ်နည်း)ရဟန်းအိုကြီးများဂိုဏ်းဟုအဓိပ္ပာယ်ရှိကြောင်း ပြဆိုကြသည်။*၁

ဟိနယာန

ဟိနယာန*၂ ဟူသောဂိုဏ်းအမည်သည် မဟာယာနဗုဒ္ဓဘာသာဝင်တို့က 'မိမိတို့၏မဟာယာနလမ်းစဉ်နှင့် မတူသည့် အခြားသောဗုဒ္ဓဘာသာဂိုဏ်းတို့ကိုခေါ်သောအမည်'ဟု နီချိရင်ဗုဒ္ဓဘာသာဆိုင်ရာဝေါဟာရအဘိဓာန်၌ ပြဆိုထားသည်။*၃ အိန္ဒိယနိုင်ငံမြောက်ပိုင်း ကသ္မီရဒေသ၌ ကနိသ္သက (Kaniṣaka၊ အေဒီ ၎၈–၁၂၃)မင်းကို အမှီပြု၍တင်အပ်သော သံဂါယနာတင်ပွဲအပြီးတွင်ဖြစ်ပေါ်လာသော မဟာယာနဗုဒ္ဓဘာသာဂိုဏ်းသစ်က မိမိနှင့် အယူအဆမတူသောဂိုဏ်းအချို့ကို ပမာအားဖြင့် သရ်ဝါသ္တိဝါဒ(Sarvāstivāda၊ သဗ္ဗတ္ထိဝါဒ)ဂိုဏ်း၊ သောတြာန္တိ(Sautrāntika၊ သုတ္တန္တိက)ဂိုဏ်း၊ ဝိဇ္ဈာနဝါဒ(Vijñānavāda၊ ဝိညာဏဝါဒဂိုဏ်း)နှင့် မဟာသံဃိကလောကုတ္တရဝါဒဂိုဏ်းတို့ကို ဟိနယာနဟု ခေါ်ဆိုခဲ့ခြင်းဖြစ်သည်။

ဤသို့ မဟာယာနတို့က သရ်ဝါသ္တိဝါဒ (သဗ္ဗတ္ထိဝါဒ)အစရှိသောဂိုဏ်းတို့ကို ဟိနယာနဟုခေါ်ဆိုနေချိန်တွင် ထေရဝါဒဂိုဏ်းကြီးသည် အိန္ဒိယမြေပေါ်၌မရှိတော့ဘဲ သီရိလင်္ကာကျွန်း၌ ထေရဝါဒ၊ ဝိဘဇ္ဇဝါဒဟူသော မူလအမည်တို့မျှမက မဟာဝိဟာရဝါသီ–ဟူသောအမည်သစ်ဖြင့် အခြေချကြီးပွားစည်ပင်နေပြီဖြစ်၍ ဟိနယာနဟု အခေါ်ခံရသောဗုဒ္ဓဘာသာဂိုဏ်းများတွင် ထေရဝါဒဂိုဏ်းမပါဝင်ခဲ့ပေ။ နောင်ကာလကြာမြင့်လာသည့်အခါ ဟိနယာနဟုအခေါ်ခံရသည့် သဗ္ဗတ္ထိဝါဒစသောဂိုဏ်းတို့ဆုတ်ယုတ်ပျက်စီးကာ ကြွင်းကျန်သမျှသောဂိုဏ်းတို့မှာလည်း မဟာယာနဂိုဏ်းအတွင်းသို့ဝင်ရောက်ပူးပေါင်းခဲ့ကြ၏။ ထိုအခါ မဟာယာနဂိုဏ်းနှင့်အပြိုင်အဆိုင်ဆို၍ မူလထေရဝါဒဂိုဏ်းကြီးသာကျန်တော့သည်ဖြစ်ရာ မဟာယာနဂိုဏ်းသားတို့က မိမိတို့၏ အယူနှင့်မတူသည့် ထိုထေရဝါဒဂိုဏ်းကြီးကိုပင် ဟိနယာနဟု အမနာပခေါ်ခဲ့ကြ၏။ ထေရဝါဒတို့အနေဖြင့်ကား မဟာယာနဂိုဏ်းက သုံးနှုန်းခေါ်ဝေါ်သော 'ဟိနယာန'အမည်ကို အသိအမှတ်မပြုရုံမျှသာမက အခေါ်လည်းမခံခဲ့ကြပေ။

'ဟိနယာန (ဟီနယာန)'ကို တိဘက်ဗုဒ္ဓဘာသာအဘိဓာန် မဟာဗျုပ္ပတ္တိကျမ်း(၁၂၅၃) ၌ 'သာဝကကြီးများ၏ လမ်းစဉ်'ဟုအနက်ဖွင့်ပြီး၊ သဒ္ဒမ္မပုဏ္ဍရိကကျမ်း(၄၆၊ ဂါထာ–၁၄။) ၌ 'န ဟီနယာနေန နယန္တိ ဗုဒ္ဓါး' (ပွင့်တော်မူပြီးသော မြတ်စွာဘုရားရှင်အဆူဆူတို့မဆောင်သောလမ်းစဉ်) ဟုဖော်ပြထားလေသည်။*၄

---

*၁ ဦးပြု၏အယ်ရတနာလိုက်ဂူဘုရား။ ၁၉၆၈–ခုနှစ်။ (စာမျက်နှာ–၂၁)။ မဟာဝဿုကျမ်း (၁။၀၄။၁၁)၌ 'ကာဏ္ဍဝဿ္ဍဝိရုး' (ဿ္ဍဝိရအရှင်ကဿပ)၊ 'ကာတျာယနဿ္ဍဝိရုး' (ဿ္ဍဝိရအရှင်ကာတျာယန)–စသည်ဖြင့် 'ဿ္ဍဝိရ'သည် 'မထေရ်ကြီး(Elder)'အဖြစ်ဖော်ပြထား၏။ J.J. Jones'(Tr.) The Mahāvastu. Vol.I. 1949. Page-66; A.C. Banerjee' Sarvāstivāda Literature. 1957. Page-3; Bapat(ed.)' 2500 Years of Buddhism. 1987. Page-89; Edgerton' Buddhist Hybrid Sanskrit Dictionary. 1953. Page-609.

*၂ ဟိနယာနဂိုဏ်းကို 'ဟီနယာန'ဟုလည်း ရေးကြသည်။ ဟီန–သည် ပါဠိဘာသာ၌ ယုတ်ညံ့သော, နိမ့်သော, ဆုတ်ယုတ်သော, ကင်းပ, ကင်းမဲ့သော, အကုသိုလ်တရား–စသော အနက်အဓိပ္ပာယ်ရ၏။ ပါဠိပဒဝိဂြဟကျမ်းညွှန်း။ အဝဂ်၊ အဘိဓိုး–၄။ ၁၉၈၄–ခုနှစ်။ (စာမျက်နှာ–၈၅၃)။ မြောက်ပိုင်းဗုဒ္ဓဘာသာက တောင်ပိုင်းဗုဒ္ဓဘာသာကိုနှိမ်၍ ပြောသောအမည်ဖြစ်ရာသည်– ဒဂုန်ဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရအဘိဓာန်။ ၁၉၆၈–ခုနှစ်။ (စာမျက်နှာ–၃၇၇)။ သက္ကတဘာသာ၌ 'ဟီန'၊ ဗုဒ္ဓဓိသကသက္ကတ၌ 'ဟီန'၊ အဒ္ဓမာဂဓနှင့်ပြာကတ၌ 'ဟီဏ' စသည်ဖြင့် ရှိသည်။။ Sir M. M. Williams' A Sanskrit- English Dictionary. Page-1296; Edgerton' Buddhist Hybrid Sanskrit Dictionary. 1953. Page-620.

*၃ A Dictionary of Buddhist Terms and Concepts. 1953. Page-157.

*၄ F. Edgerton' Buddhist Hybrid Sanskrit Dictionary. 1953. Page-620.

http://www.dhammadownload.com

မဟာယာန

မဟာယာနဂိုဏ်းသည် ဒုတိယသံဂါယနာတင်ပြီးစအချိန်ကပင် ထေရဝါဒပင်မဂိုဏ်းကြီးမှ ပထမဦးဆုံး ခွဲထွက်သွားခဲ့သော မဟာသံဃိတိဂိုဏ်း၌သန္ဓေတည်ခဲ့ပြီး၊*၁ အိန္ဒိယမြောက်ပိုင်း ကသွီရပြည်၌ ကနိသ္သက (Kaniṣaka)မင်းလက်ထက် (အေဒီ ၎၈–၁၂၃)တွင်ကျင်းပသော သံဂါယနာတင်ပွဲကြီးပြီးစီးသည့်နောက်ပိုင်း ကာလအတွင်းပေါ်ပေါက်လာသောဂိုဏ်းဖြစ်သည်။ အေဒီ ၁–ရာစုနှင့် ၅–ရာစုအကြား၌ မဟာယာနဂိုဏ်းကြီး ပေါ်ထွန်းလာသည်ဟုလည်း ခန့်မှန်းကြပါသည်။*၂

အချို့သောပညာရှင်တို့က 'ကနိသ္သကမင်း၏သံဂါယနာတင်ပွဲကိုဦးဆောင်သူတစ်ဦးဖြစ်သော အသွယောသ (Asvaghosa)၏ ဗုဒ္ဓစရိတ (Buddha Carita) ကျမ်းပေါ်ထွက်လာချိန်၌ မဟာယာနဂိုဏ်းသည်လည်းပေါ်ထွန်းလာသည်'–ဟုယူဆကြသည်။*၃ အသွယောသသည် နာမည်ကျော်အဘိဓမ္မာဆရာ, ကဗျာဆရာ, ပြဇာတ်ဆရာဖြစ်သော်လည်း မဟာယာနဂိုဏ်းတည်ထောင်သူ ဟုတ်,မဟုတ်ကို သုတေသီတို့ အတိအကျမပြောနိုင်ကြပေ။ ရာဟုလာသံကစ္စည်းကမ္ဘ 'တိဘက်၌ထိန်းသိမ်းထားသော သက္ကတဘာသာပေစာတစ်ခု၏အဆုံး၌ အသွယောသကို 'သဗ္ဗတ္ထိဝါဒီဘိက္ခု'ဟုရေးသားထားကြောင်းတွေ့ရသည်'ဟု ရေးသားခဲ့၏။*၄ သဗ္ဗတ္ထိဝါဒဂိုဏ်းသည် ထိုအချိန်က ဟိနယာနအနွယ်ဝင်ဂိုဏ်းဖြစ်ပြီး မဟာယာနနှင့်မသင့်မြတ်ပေ။ မှတ်တမ်းတစ်စောင်၌ အသွယောသသည် ကနိသ္သကဓ်သံဂါယနာတင်ပွဲတွင် ဝိဘာသာမည်သောအဖွင့်ကျမ်းများကို ညှိနှိုင်း၍ပြုစုကြရန် အကြံပေးသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ဖော်ပြထားသည်။*၅

အချို့ကမူ 'ကနိသ္သကမင်း၏သံဂါယနာတင်ပွဲပြီးသည့်နောက် နာဂါရ်ဇုနအရှင်မြတ် (Nāgārjuna၊ အေဒီ ၁၀၀–၂၀၀)ထင်ရှားသော အေဒီ ၂–ရာစုတွင် မဟာယာနဂိုဏ်းစတင်ပေါ်ထွန်းလာသည်'ဟု တင်ပြကြ၏။*၆ နာဂါရ်ဇုနသည်ကား မဟာယာနဂိုဏ်းကိုတည်ထောင်သူတစ်ဦးဖြစ်ရုံသာမက အမိတာဘ (Amitāba) ဘုရား အလောင်းကိုးကွယ်မှုဝါဒကို ရှေးဦးဆုံးလမ်းပြခဲ့သူ၊ မဇ္ဈိမကဂိုဏ်း (Madhyamika) ကို*၇ တည်ထောင်ခဲ့သူ၊ မဟာယာနဗုဒ္ဓဘာသာနှင့်သက်ဆိုင်သော ကျမ်းပေါင်း(၂၄)ကျမ်းတို့ကိုလည်း ပြုစုခဲ့သူဖြစ်သည်။

---

*၁ N. Dutt' Aspects of Mahāyāna Buddhism and its relation to Hīnayāna. 1930. Page-27.

*၂ A Dictionary of Buddhist Terms and Concepts. 1953. Page-251; Dr. Malalasekera(ed.)' Encyclopaedia of Buddhism. Vol.VI. Fascicle-1. 1996. Page-134.

*၃ ဦးဖိုးကျား၏ မြောက်ဝိုင်းဗုဒ္ဓဘာသာ။ ၁၉၅၄–ခုနှစ်။ (စာမျက်နှာ–၃၄)။ Dr. Malalasekera (ed.)' Encyclopaedia of Buddhism. 1957. Page-27.

*၄ ဆန်းထွန်း၏ဗုဒ္ဓအမြင်။ ၁၉၆၄–ခုနှစ်။ (စာမျက်နှာ–၁၄၇)။

*၅ A.C. Banerjee' Sarvāstivāda Literature. 1957. Page-11. ဝိဘာဂါ (Vibhāṣā) ကျမ်းသည် သဗ္ဗတ္ထိဝါဒဂိုဏ်းကရေးခဲ့သော အဖွင့်ကျမ်းကြီးများဖြစ်၍၊ ပါဠိဘာသာရှိ အဋ္ဌကထာကျမ်းတို့နှင့် သဘောတူဖြစ်လေသည်။ ထိုစဉ်ကပြုစုခဲ့သော မဟာဝိဘာသာကျမ်းကြီးများမှာ ယခုအခါကွယ်ပျောက်ကုန်ပြီးလျှင် တရုတ်ဘာသာပြန်မှု မဟာဝိဘာသာသုံးကျမ်း(Nanjio-1263, 1264, 1299)သာရှိတော့သည်။

*၆ M.M. Williams' A Sanskrit-English Dictionary. Page-799.

*၇ မဇ္ဈိမက= The Indian name of the Mahāyanistic Negativism is Madhyāmika, the 'doctrine of the Middle Path,' or Sunyatavāda, the 'Theory of Negativity' or 'Relativity'. In China and Japan this School is known by the appellation of San-lun or Sanron, the 'Three Treatises- J.Takakusu' The Essentials of Buddhist Philosophy. 1956. Page-96.

http://www.dhammadownload.com

မဟာယာန-ဟူသောအမည်ကို တိဗက်ဗုဒ္ဓဘာသာအဘိဓာန် မဟာဗျုပ္ပတ္တိကျမ်း(၁၂၅၀)၌ 'မဟာယာန်' ဟူ၍လည်းကောင်း၊ လင်္ကာဝတာရသုတ် (Laṅkāvatāra)၌ 'ကေယာန်'[*၁]ဟူ၍လည်းကောင်း၊ သဒ္ဒမ္မပုဏ္ဏရိက သုတ်၌ 'ဗုဒ္ဓယာန်၊ ဗောဓိသတ္တယာန်၊ ဇကယာန်'ဟူ၍လည်းကောင်း အသီးအသီးသုံးနှုန်းထားကြသည်ကို တွေ့ရသည်။[*၂]

ဘုရားအလောင်းဟူသည်

ထေရဝါဒ, ဟီနယာန, မဟာယာန-ဟူသောအခေါ်အဝေါ်နှင့် ထိုဗုဒ္ဓဘာသာဂိုဏ်းတို့ ပေါ်ထွန်းလာပုံ အနေအထားကို အကျဉ်းမျှစိတင်ပြပြီးသည့်နောက်၊ ထိုဗုဒ္ဓဘာသာအဖွဲ့အစည်းများကလက်ခံယူဆကြသော ဘုရားအလောင်းဝါဒအယူအဆတို့ကို တင်ပြပါမည်။

ဘုရားအလောင်းဆိုသည်မှာ 'ဘုရားဆုကိုပန်၍ ဗျာဒိတ်ရခဲ့ပြီးနောက် ဘုရားအဖြစ်သို့ရောက်ရန် ပါရမီအမျိုးမျိုးဖြည့်ဆည်းနေသောပုဂ္ဂိုလ်'ဟု မြန်မာအဘိဓာန်ကျမ်းတစ်စောင်၌ဖွင့်ဆိုထားပါသည်။[*၃] ပုဂံကျောက်စာတို့တွင် 'ပုရာလောင်'ဟုတွေ့ရပြီး၊ အင်းဝခေတ် ပါရမီခန်းပျို့စသည်၌ 'ဗောဓိလောင်း၊ ဘုရားလျာ၊ ဘုရားရော၊ ဖူးငုံချက်မြင်, ဆုကြိုးခင်သည့်, ဗုဒ္ဓကံရ'[*၄]ဟူ၍ ဘုရားအလောင်းဗောဓိသတ်ရေးသားခဲ့ကြပြီး၊ ကုန်းဘောင်ခေတ်နောင်းဝိုင်း၌ထင်ရှားခဲ့သော စလေဆရာကြီးဦးပုညကမ္မ သူ၏ဝတ္ထုတို့တွင် ဗောဓိသတ္တဘုရားအလောင်းကို 'ဗုဒ္ဓလောင်းလျာ၊ ဗောဓိနွယ်၊ ဗောဓိသတ်၊ စောထီးဘုန်းမော်အလောင်းတော်၊ လောင်းဗောဓိ၊ ဗောဓိသတ် ဗုဒ္ဓကံ့ သယမ္ဘူမုံရင့် မကြာမီပွင့်အံ့သောဗောဓိလောင်း'-[*၅] စသည်ဖြင့် စကားတတ်တိုင်း အမျိုးမျိုးသုံးနှုန်းခေါ်ဝေါ်ထားပေ၏။ 'အရင့်အမာ၊ ဆုကြိုးပန်'-စသော အရပ်သုံးအခေါ်အဝေါ်များလည်းရှိသေး၏။

ဘုရားအလောင်းပုဂ္ဂိုလ်ကို ပါဠိဘာသာ၌ 'ဗောဓိသတ္တ'၊ သက္ကတဘာသာ၌ 'ဗောဓိသတ္တ(Bodhisattva. SED. 734)'ဟူ၍ခေါ်ဆို၏။ ဗောဓိ-သည် 'သစ္စာလေးပါးကိုသိသော သဗ္ဗညုတဉာဏ်တော်'ဖြစ်ပြီး၊ သတ္တ-သည် 'ငြိကပ် ရာဂီးသောပုဂ္ဂိုလ်'ကို ဆိုလိုသည်။ 'ဗောဓိသတ္တ'ကို အဋ္ဌကထာဆရာက 'ပညာရှိသောသတ္တဝါသည်, သစ္စာလေးပါးကိုသိလတ္တံ့သောသတ္တဝါသည်, ဗောဓိဟုဆိုအပ်ကုန်သော လေးပါးသောမဂ်တို့၌ငြိကပ်သော သတ္တဝါသည်, ငြိကပ်သောစိတ်ရှိသောသတ္တဝါသည် ဗောဓိသတ္တမည်၏'ဟု ဖွင့်ဆိုထားပါသည်။[*၆] အဘိဓာန်ကျမ်းတို့၌ 'သစ္စာလေးပါးကိုသိသောသဗ္ဗညုတဉာဏ်တော်ကြီးရရှိရန်ရှာမှီးနေသောပုဂ္ဂိုလ်'[*၇]တစ်နည်း 'ဗောဓိဉာဏ်၌ လိုလားတောင့်တသော ကုသလစ္ဆန္ဒ အားကြီးပြင်းထန်သည့်ပုဂ္ဂိုလ်'ဟူ၍ဖော်ပြထားပါသည်။[*၈]

---

*၁ ပါဠိဘာသာ၌ 'ကောယန'ဟုရှိသည်။ ဇက + အယန ဖြစ်သည်။ 'အယန'ကို အဘိဓာန်ကိုထာ(၁၉၀/၁၉၁)တို့တွင် 'မဂ္ဂ, ပန္ထ, ပထ, အဒ္ဓ, အဋ္ဌသ, ဝဋ္ဋမ, ပန္ထ, အယန, ပဒဝီ(ပဒဝိ), ဝတ္တနီ, ပဒ္ဓတိ(ပဒ္ဓတိ)- ဤ(၁၁)ပုဒ်သည် 'ခရီး, လမ်း' ဟောပုဒ်များဖြစ်ကြ၏။ ဒီဃနိကာယ်၊ မဟာဝဂ္ဂ၊ မဟာသတိပဋ္ဌာနသုတ် အဖွင့်အဋ္ဌကထာ၌ 'ကောယန'သည် 'ကေဝဋ္ဋ'နှင့် အဓိပ္ပာယ်တူဖြစ်ပြီး 'အယန'သည် 'နာဝါ, ဥတ္တရသေတု, ကုလ္လ, ဘီသိ, သင်္ကမ'-အနက်တို့ကိုလည်းရကြောင်းဖော်ပြထားသည်။ ဒီ၊ဋ္ဌ။၃။၃၃၅။

*၂ F. Edgerton' Buddhist Hybrid Sanskrit Dictionary. 1953. Page-425.

*၃ မြန်မာစာအဖွဲ့၏ မြန်မာအဘိဓာန်၊ အတွဲ-၃။ ၁၉၇၉-ခုနှစ်။ (စာမျက်နှာ-၁၁၈)။

*၄ ရွှင်မဟာသီလဝံသအကျော်၏ ပါရမီတော်ခန်းပျို့။ ၁၉၁၃-ခုနှစ်။ (စာမျက်နှာ-၆၉၊ ၉၁၊ ၁၁၆)။

*၅ ဦးပုညကမ္မ၏ဝတ္ထုပေါင်းချုပ်။ ၁၉၁၂-ခုနှစ်။ (စာမျက်နှာ-၄၊ ၁၄၊ ၁၇၊ ၂၃၊ ၂၇၊ ၄၁၊ ၄၃)။

*၆ ဗောဓိသတ္တောတိ ပဏ္ဍိတသတ္တော ဗုဇ္ဈနကသတ္တော။ ဗောဓိသမ်ိတေသု ဝါ စတူသု မဂ္ဂေသု သတ္တော အာသတ္တော လဂ္ဂမာနသောတိ ဗောဓိသတ္တော- ဒီ၊ ဋ္ဌ။ ၂။ ၂၀။

*၇ ၁၇နှစ်ဦးထွန်းမြင့်၏ ပါဠိသင်္ကေတပါဟာရအဘိဓာန်။ ၁၉၆၈-ခုနှစ်။ (စာမျက်နှာ-၂၀၃)။

*၈ တိပိဋကပါဠိမြန်မာအဘိဓာန်။ အတွဲ-၁၅၊ ပ-ဝဂ်။ ၁၉၈၂-ခုနှစ်။ (စာမျက်နှာ-၃၅၂)။

http://www.dhammadownload.com

ဗောဓိသတ္တဘုရားအလောင်း-ဟူသောဝေါဟာရကို ပါဠိတော်နှင့်အဋ္ဌကထာစသော ပိဋကစာပေတို့တွင် ဘုရားဖြစ်ရန် ပါရမီတော်တို့ကိုဖြည့်ကျင့်နေသောဘုရားအလောင်းအလျာပုဂ္ဂိုလ်အဖြစ်ကိုသာရည်ရွယ်ပြီး အများဆုံး သုံးစွဲခဲ့၏။ ပွင့်တော်မူပြီးဖြစ်သောဂေါတမမြတ်စွာဘုရားရှင်၏ပါရမီဖြည့်ရာ အလောင်းတော်ဘဝကို အထူးတလည် ရည်ညွှန်း၍ဖော်ပြခဲ့ကြ၏။[*၁] နောင်ပွင့်လတ္တံ့သောဘုရားအလောင်းအဖြစ်ကိုမူ မေတ္တေယျရှင်တစ်ပါးကိုသာလျှင် ရည်ညွှန်း၍ ဘုရားအလောင်းဟုခေါ်ဝေါ်သုံးစွဲခဲ့ကြ၏။

မဟာယာနဗုဒ္ဓဘာသာဆိုင်ရာစာပေကျမ်းဂန်တို့၌မူ ပွင့်တော်မူပြီးသောဘုရားရှင်တို့၏ ပါရမီဖြည့်ရာ အလောင်းတော်ဘဝကိုရည်ရွယ်ပြီး ခေါ်ဝေါ်သုံးစွဲခြင်းထက်၊ ပွင့်လတ္တံ့သောဘုရားအလောင်းအလျာတို့ကို ရည်ရွယ်၍ ဘုရားအလောင်းဟုခေါ်ဝေါ်သုံးစွဲထားကြောင်းတွေ့ရသည်။[*၂] အထူးသဖြင့် မဟာယာနစာပေတွင် 'သတ္တွ'ဟူသောဝေါဟာရ၏အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်စပ်လျဉ်း၍ မူကွဲများစွာရှိကြောင်းတွေ့ရသည်။[*၃]

(က) ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ဘုရားအလောင်းအယူအဆ

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့အလိုအရ ဘုရားအလောင်းဆိုသည်မှာ 'သမ္မညျာဉာဏ်တော်ကြီးရရှိတော်မူရန် (တစ်နည်း)သမ္မာသမ္ဗုဒ္ဓဖြစ်တော်မူရန် ပါရမီကျင့်စဉ်တို့ကိုဖြည့်ကျင့်အားထုတ်နေသောပုဂ္ဂိုလ်သူမြတ်'ဖြစ်ပါသည်။

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့လက်ခံထားသော ဗောဓိသတ္တဘုရားအလောင်းသည် ဘုရားဖြစ်ချင်ရုံမျှ ဆုတောင်းနေရုံသက်သက်ပုဂ္ဂိုလ်မျိုးကိုဆိုလိုသည်မဟုတ်။ ပွင့်တော်မူပြီးသောဘုရားရှင်အဆူဆူတို့၏မျက်မှောက်၌ ဘုရားအဖြစ်သို့ရောက်စေခြင်းငှာ စိတ်ဖြင့်အကြိမ်ကြိမ်ဘုရားဆုပန်ခဲ့ပြီးလျှင်၊ တစ်ဆူသောဘုရားရှင်၏ထံတော်ရင်း၌ အသက်ကိုပါစွန့်၍ ဘုရားဆုကိုနှုတ်မြွက်တောင်းသောအခါ ဘုရားရှင်က ထိုဆုပန်လာသော ဘုရားအလောင်း ပုဂ္ဂိုလ်အား ဘုရားမျိုးစေ့(ဗုဒ္ဓဗီဇ) ရှိ,မရှိကို အနာဂတံသညာဏ်တော်ဖြင့်ရှုမြော်ပြီး ကောန်ဘုရားဖြစ်လိမ့်မည်ဟု သိရှိတော်မူသဖြင့် 'သင်သည် နောင်အခါ ဘုရားဖြစ်လတ္တံ့' (အနာဂတေ ဗုဒ္ဓေါ ဘဝိဿတီ'တိ ဗျာကာသိ)ဟု နိယတဗျာဒိတ်ထားခြင်းခံရသောပုဂ္ဂိုလ်မျိုးကိုသာ ထေရဝါဒဗုဒ္ဓဘာသာဝင်တို့ လက်ခံယူဆထားသော ဘုရားလောင်း ပုဂ္ဂိုလ်စင်စစ်ဖြစ်လေသည်။

ပုဂ္ဂိုလ်သုံးမျိုး

ဇိနာလင်္ကာရဋီကာကျမ်းပြုဆရာတော်က လူသားတစ်ဦး၏ဘဝကို ဘုရားဆုပန်ခြင်းအကြောင်းနှင့်စပ်၍ သုံးမျိုးသုံးစား ခွဲပြထားသည်။ ပထမတစ်မျိုးမှာ- သူသူကိုယ်ကိုယ် သာမန်လူသားဖြစ်သည်။ ဒုတိယ တစ်မျိုးမှာ- အကြင်လူသားတစ်ဦးသည် ဘုရားဆုကိုရရန် အားမထုတ်သေးသောကာလပတ်လုံး ထိုသူသည် သာမညသာမန်လူသားတစ်ဦးဖြစ်သော်လည်း ထိုပုဂ္ဂိုလ်သည် သမ္မာသမ္ဗောဓိဘုရားဆုကိုပန်ဆို၍ ဘုရားအဖြစ် ရောက်ရန်ကြိုးပမ်းအားထုတ်ပြီဆိုပါက ထိုပုဂ္ဂိုလ်သည် သာမန်လူသားအဖြစ်မှ ဘုရားအလောင်းပုဂ္ဂိုလ်အဖြစ်

---

*၁ Bodhisatta - (i) a bodhi being. i.e. a being destined to attain fullest enlightenment or Buddhaship. A Bodhisatta passes through many existences and many stages of progress before the last birth in which he fulfils his great destiny- T.W. Rhys Davids and W. Stede' The Pāli Text Society's Pāli-English Dictionary. 1959. Page-491; Bodhisatta- 'Enlightenment Being' is a being destined to Buddhahood, a Future Buddha. In the Pali Canon and Commentaries, the designation 'Bodhisatta' is given only to Prince Siddhattha before his Enlightenment and to his former existences- Nyāṇatiloka' Buddhist Dictionary. 2003. Page-35; In Theravāda, an aspirant for Buddha-hood: The Buddha is described in Jātaka accounts of his former lives as the Bodhisatta- A.C. March' A Brief Glossary of Buddhist Terms. 1950. Page-129.

*J A Dictionary of Buddhist Terms and Concepts. Page-27; The Seeker's Glossary of Buddhism. 1998. Page-69.

*၃ Har Dayal' The Bodhisattva Doctrine in Buddhist Sanskrit Literature. 1932. Page-4.

http://www.dhammadownload.com

ရောက်ရှိခဲ့လေသည်။ တတိယတစ်မျိုးမှာ– ထိုဘုရားအလောင်းပုဂ္ဂိုလ်သည် ဖြည့်ကျင့်ရမည့်ပါရမီတော်တို့ကို ပြည့်စုံစွာဖြည့်ဆည်းပြီး၍ သမ္မာသမ္ဗောဓိဉာဏ်ကိုလက်ဝယ်ပိုင်ပိုင်ရလျက် ဘုရားအဖြစ်သို့ရောက်တော်မူသော အခါ၌ ထိုပုဂ္ဂိုလ်သည် သမ္မာသမ္ဗုဒ္ဓဘုရားစင်စစ်ဖြစ်တော်မူသည်–ဟု ဆိုလိုခြင်းဖြစ်သည်။*၁

ဘုရားဆုပန်ရန်ဖန်တီးသူများ

သာမန်လူသားတစ်ဦးကို လူသာမန်ဘဝမှ ဘုရားအလောင်းအဖြစ်ခံယူရန် (တစ်နည်း) ဘုရားအဖြစ်သို့ ရောက်ရန် အဘယ်ပုဂ္ဂိုလ်တို့က ဖန်တီးစေ့ဆော်ပေးခဲ့သနည်းဆိုပါမူ သောတထာဂတမဟာနိဒါနကျမ်း၌ ဘုရားဆုကို ပန်ဆင်ရန်ရှယ်ချောင်းလျက် ပြင်းပြသောဆန္ဒဓာတ်, ဝီရိယမြတ်ရှိသောပုဂ္ဂိုလ်တစ်ဦးအား သာသနာသို့ ညွှတ်လာစေရန် သဒ္ဓါတရားနှင့်ပြည့်စုံလာစေရန် ရှေးဦးအစဆွဲဆောင်ခဲ့သောပုဂ္ဂိုလ်တို့မှာ သုဒ္ဓါဝါသဘုံသား အနာဂါမ်ရဟန္တာ ဘုရားတို့ကြီးများဖြစ်ကြောင်း၊ ထိုအနာဂါမ်ရဟန္တာ ဘုရားတို့သည် မိမိတို့၏ဘုံဗိမာန်၌ အရိယာနတ်ပြဟ္မာတို့မှ တိတ်ဆိတ်ချောက်သွေ့သည်ကိုတွေ့မြင်ကြလျှင် သံဝေဂရထိတ်လန့်ကြွေပြီး လောကကြီး၌ ကိုးကွယ်ရာ, စောင့်ရှောက်ရာ မကင်းပစေရအောင် ဘုရားပွင့်ခြင်းကိုအလိုရှိကြသဖြင့် မြသောလုံ့လဝီရိယရှိသော, တည်တံ့ခိုင်မြဲသောစိတ်နှလုံးရှိသော, မတွန့်မဆုတ်သောလုံ့လရှိသော, သူတစ်ပါးအကျိုးကိုစွမ်းဆောင်နိုင်သော–စသည့်အရည်အချင်းတို့နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သူမြတ်၏စိတ်အတွင်းသို့ပူးဝင်ကြကာ ဘုရားဆုကိုတောင်းစေရန် စီစဉ်ခဲ့ကြကြောင်း–ဖော်ပြထားလေသည်။*၂

ဗျာဒိတ်ရရန်ပါရမီဖြည့်ရသောကာလ

ဘုရားအလောင်းပုဂ္ဂိုလ်တစ်ဦးသည် ဘုရားဖြစ်လိုသောဆန္ဒဖြစ်ပြီးသည့်နောက် ဘုရားဆုကိုတောင်းနေရုံမျှဖြင့် မောဓိသတ္တ=ဘုရားအလောင်းမဖြစ်နိုင်သေး။ ဘဝများစွာပါရမီတော်တို့ကိုဖြည့်ကျင့်ရမည်။ ဘုရားဖြစ်ရန် သေချာရေရာသောနိယတဗျာဒိတ်ရသည့်တိုင်အောင် ပါရမီဖြည့်ဆည်းရသောဘဝပေါင်း, ကမ္ဘာပေါင်း, ကာလအသတ်ရေပေါင်းသည်ကား အလွန်များလှ၏။

> လယ်တီဆရာတော်ဘုရားကြီးက 'ဗျာဒိတ်မခံရမီရှေးအဘို၌ ပါရမီဖြည့်ရာကာလအဝိုင်းအခြားကိုမေးရာ (၁) အနာဂတဝင်အဋ္ဌကထာ၊ ပဋိသမ္ဘိဒါမဂ်ဂဏ္ဌိပဒဆရာတို့အလိုအားဖြင့် ဘဝပေါင်း–၆၅၀၀ နှင့်ကမ္ဘာတစ်သိန်း။ (၂) သောတထာဂတိစသောကျမ်းတို့အလိုအားဖြင့် ကမ္ဘာပေါင်း ၁၆–အသင်္ချေ။ (၃) မဟာဝဂ္ဂသံယုတ်ဋီကာလာ အာစရိယဝါဒအလိုအားဖြင့် ကမ္ဘာပေါင်း ၂၄–အသင်္ချေ။ (၄) အပဒါန်အဋ္ဌကထာနှင့်တွဲဖက်၍ယူအပ်သော ၎င်းအာစရိယဝါဒအလိုအားဖြင့် ကမ္ဘာပေါင်း ၃၄–အသင်္ချေ။ (၅) အပဒါန်ပါဠိတော်အရအားဖြင့် ဝိုင်းခြားခြင်းငှာပင်မတတ်ကောင်းအောင် များလှသည်။ ဤသို့ ငါးထွေငါးရပ်ထူးခြားကွဲလွဲကြသည်တွင် ပဉ္စမဖြစ်သော ပါဠိတော်အရသာလျှင် ဗလဝတရဖြစ်သည်ဟု မှတ်အပ်၏။ စုံစမ်းကြပါကုန်'–ဟု ပါရမီဒီပနီကျမ်းတွင် ရေးသားခဲ့ပါသည်။*၃

---

*၁ ဧဝံ ဧဝါဟာရပ္ပတ္တော သတ္တော ယာဝ မောဓိဉာဏပ္ပတ္တာယ နု ဝါယမတိ ပဏိဓေနံ နုကရောတိ, တာဝ သတ္တော်တွေဝ သံဓံဂစ္ဆတိ။ ယတော ပဋ္ဌာယ မောဓိဉာဏပ္ပတ္တာယ ဝါယမတိ၊ ပဏိဓေနံ ကရောတိ၊ တဒါ မောဓိသတ္တော နာမ ဟောတိ။ သော ယဒါ မောဓိဉာဏံ ပဋိလဘတိ၊ တဒါ ဗုဒ္ဓေါ နာမ ဟောတိ– ဒီနာလင်္ကာရဋီကာ။ ၁၉၄၀–ပြည့်နှစ်။ (စာမျက်နှာ–၂၄)။ ဤနေရာ၌ သာဝကဟုဆိုရာတွင် (က) ပကတိသာဝက၊ (ခ) မဟာသာဝက၊ (ဂ) အဂ္ဂသာဝက–ဟုသုံးမျိုး။ (၂) ပဒေသကမောဓိ။ (၃) မဟာမောဓိသတ္တ–ဟူ၍လည်း ခွဲခြားနိုင်သည်။ မေတ္တေယျရှင်သည် မဟာမောဓိသတ္တမျိုး၌ပါဝင်သည်။ U Chit Tin' The Coming Buddha Ariya Metteyya. 1992. Page-7².

*၂ ဦးအောလောကာ၏ သောတထာဂတိပါဠိနိဿျ။ ၁၉၂၈–ခုနှစ်။ (စာမျက်နှာ–၈)။

*၃ လယ်တီဆရာတော်ကြီး၏ ပါရမီဒီပနီ။ ဒီပနီပေါင်းချုပ်၊ တတိယတွဲ။ ၁၉၇၆–ခုနှစ်။ (စာမျက်နှာ–၄၁၇)။

http://www.dhammadownload.com

ရှင်မဟာသီလဝံသ၏ဆုတောင်းခန်းပျို့ (အပိုဒ်-၅၆)၌လည်း 'ဆယ့်ခြောက်သခေါ်၊ ကပ်လုံးကြေ၍ လူ့ဆွေမြတ်မွန်၊ အဖန်ဖန်လျှင်၊ နိဗ္ဗာန်ပျော်မိန်း၊ အသိန်းသိန်းတိ၊ ရှင်ဖိန်းပညာ၊ ပွင့်သောခါက၊ ဆိုရာမသီး၊ လုံ့လမီးလျက်'ဟု သုမေဓာရှင်ရသေ့သည် နိယတဗျာဒိတ်ပန်းကိုမဆင်မြန်းရမီ ၁၆-သခေါ်ကာလပတ်လုံး ပါရမီဖြည့်ပြီးမှ ဘုရားဆုပန်နိယတဗျာဒိတ်ခံယူခွင့်ရကြောင်းကို သောတတ္တကီကျမ်းလာ 'စိန္တိတံ သတ္တသခေါ်ယျံ' ဟူသော စကားကိုမှီး၍ ဖွဲ့ဆိုထားခဲ့၏။*၁

သမ္မတ္တိသုံးပါးကျင့်စဉ်တရား

ဘုရားအလောင်းပုဂ္ဂိုလ်တို့သည် နိယတဗျာဒိတ်မရမီတွင် သမ္မတ္တိသုံးပါး (သို့မဟုတ်) သမ္မဒါသုံးပါးကို ဘဝပေါင်း(၆၅၀၀)ဖြည့်ကျင့်ရကြောင်း ပဋိသန္ဓိဒါဂဏ္ဌိကျမ်း၌ပြဆိုထား၏။*၂ ထိုသမ္မတ္တိသုံးပါးတွင် (၁) ဟိရိသမ္မတ္တိ(=မကောင်းမှုမှရှက်ခြင်းအကျင့်)ကို ဘဝပေါင်း(၅၀၀)၊ (၂) ဩတ္တပ္ပသမ္မတ္တိ(=မကောင်းမှုမှကြောက်ခြင်းအကျင့်)ကို ဘဝပေါင်း(၁၀၀၀)၊ (၃) အာဂမသမ္မတ္တိ ခေါ် နိယဏ္ဍာ(အဘိဓာန်ကျမ်း)၊ ကေဋုဘ(အလင်္ကာကျမ်း)၊ ဣတိဟာသ(သာသနာပဆိုင်ရာ ရှေးစကားဟောင်းဝတ္ထုကျမ်း)၊ လောကာယတ(ဝိတဏ္ဍာကျမ်း)၊ ဝေယျာကရဏ(သဒ္ဒါဗျာကရဏ်းကျမ်း)၊ ဝေဒ (ဣရု,ယဇု,သာမ ဗေဒသုံးကျမ်း)နှင့် သာသနာတော်ဆိုင်ရာပရိယတ္တိဒေသနာစသော လောကီလောကုတ်ပညာအလုံးစုံကို နှုတ်တက်ဆောင်သောအကျင့်တို့ကို ဘဝပေါင်း(၅၀၀၀)၊ စုစုပေါင်း ဘဝပေါင်း(၆၅၀၀)ကြာအောင် ထိုသမ္မတ္တိသုံးပါးအကျင့်တရားတို့ကို ကျင့်ကြဲကြိုးကုတ် အားထုတ်ရသည်ဟု အနာဂတဝံသအဋ္ဌကထာ၌ချဲ့၍ဖော်ပြထား၏။*၃

ပါရမီ,ပရိစ္စာဂ,စရိယ

ဒီဃနိကာယ်၊ မဟာဝဂ္ဂ၊ မဟာပဒါနသုတ်၊ ဗောဓိသတ္တဝမ္မတာအဖွင့်၌ အဋ္ဌကထာဆရာက ဘုရားအလောင်းတို့၏ကျင့်စဉ်ကို အောက်ပါအတိုင်းအကျဉ်းချုပ်၍ပြဆိုထားပါသည်။

> အလုံးစုံသောဘုရားအလောင်းတို့သည် သုံးဆယ်သောပါရမီတော်တို့ကိုပြည့်စေ၍၊ ငါးပါးသော စွန့်ခြင်းတို့ကိုစွန့်တော်မူပြီး၍၊ အဆွေအမျိုး,သတ္တဝါ,ပညာတို့၏အကျိုးစီးပွားဟူသော စရိယသုံးပါးကို အထွတ်အထိပ်ရောက် ကျင့်ကြဲကြိုးကုတ်အားထုတ်ပြီးနောက်-ဟူ၍ဖြစ်ပါသည်။*၄

အဋ္ဌကထာဆရာဖော်ပြထားသည့် ဗောဓိသတ္တဘုရားအလောင်းတို့၏ကျင့်စဉ်တို့တွင် ရှေးဦးစွာဖော်ပြထားသော ပါရမီသုံးဆယ်ကျင့်စဉ်သည်ကား လူသိများ၍ ထင်ရှားလှသောကျင့်စဉ်များဖြစ်၏။ ပါရမီ-ဟူသည်ကို လယ်တီဆရာတော်ကြီးက 'မြတ်သောဘုရားအလောင်းစသော သူတော်ကောင်းတို့၏ကုသိုလ်ကံတရားစု၊

---

*၁ အရှင်မဟာသီလဝံသ၏ဆုတောင်းခန်းပျို့။ ၁၉၅၆-ခုနှစ်။ (စာမျက်နှာ-၄၉)။ ဆန်းထွန်း၏ ပုဂံအင်းဝပဏ္ဏာသ(ဆောင်းပါး)။ စာပေဘဏ်။ ၁၉၆၇-ခုနှစ်။ (စာမျက်နှာ-၉၉)။

*၂ အယမ္ပိ ဘဂဝါ အတီဥဋ္ဌာရဏ္ဍာသယတာယ ပုဗ္ဗေဝ သမ္ဗောဓာ ဟိရောတ္တပ္ပါဂမသမ္မတ္တိပူရဏေန အဋ္ဌဂုဏာသမောဓာနတာယ သမိဒ္ဓါ ဘိနိဟာရော- ပဋိသံ၊ ဂဏ်း။ ၇။

*၃ သမ္မဒီဿဝလက္ခဏံ လစ္ဆာသဘာဝသဏ္ဌိတံ အစ္ဆိတ္တသမုဋ္ဌာနံ ဟိရိသမ္မဒံ ပူရေသိ၊ တထာ အတ္တဘာဝသဟဿေသု လောကာမိသတေယျံ ကတ္တာ သိလသမ္မဒံ ပူရေန္တော ဝဒ္ဓ ဘီရုကဘယဒဿာဝိလက္ခဏံ ဘယသဘာဝသဏ္ဌိတံ ဓမ္မိဿုသမုဋ္ဌာနံ ဩတ္တပ္ပသမ္မဒံ ပူရေသိ။ တထာ ပဋ္ဌေသု အတ္တဘာဝသဟဿေသု သနိယဏ္ဍုကေဋုဘေ သက္ခရပဘောဒေ ဣတိဟာသပဉ္စမေ သဗဒေသလောကာယတေ သဝေယျာကရဏေ သလက္ခဏေ တယော ဝေဒေ ဗုဒ္ဓုပ္ပါဒေ သတိ ဓိနုပရိယတ္တိဝါ ဥဂ္ဂဏှိတွာ ပရေသံ ဥဂ္ဂဟာပနဝသေန အာဂမသမ္မဒံ ပူရေသိ။ ဧဝံ ပဋ္ဌေသုတာဓိကေသု ဆသု အတ္တဘာဝသဟဿေသု တီသော သမ္မတ္တိယော ပူရေတွာ- အနာဂတဝံသအဋ္ဌကထာ။

*၄ သမ္မဗောဓိသတ္တာ ဟိ သမတိံသ ပါရမိယော ပူရေတွာ ပဉ္စ မဟာပရိစ္စာဂေ ပရိစ္စဇိတွာ ဉာတတ္ထစရိယ လောကတ္ထစရိယ ဗုဒ္ဓစရိယာနံ ကောဋိ ပတ္တာ- ဒီ၊ဋ္ဌ။၂။၂၀။

http://www.dhammadownload.com

နိဗ္ဗာန်ဟူသော တစ်ဖက်ကမ်းသို့ရောက်စေတတ်သောကုသိုလ်ကံတရားစု' *၁ ဟုအနက်ဖွင့်ဆိုထားပြီး၊ မင်းကွန်း တိပိဋကဓရဆရာတော်ကြီးက 'တဏှာ,မာန,ဒိဋ္ဌိတို့ဖြင့် မနှိပ်စက်မဖျက်ဆီးအပ်ဘဲ မဟာကရုဏာ ဥပါယ ကောသလ္လညာဏ်တို့ကို အခြေခံထား၍ပြုအပ်သော ဒါနမှု, သီလမှု အစရှိသောဂုဏ်ကျေးဇူးတို့သည် ပါရမီ မည်၏' *၂ ဟူ၍ အနက်ဖွင့်ဆိုထားခဲ့ပါသည်။

ပါရမီသုံးဆယ်

ထိုပါရမီသုံးဆယ်တွင် (၁) ပါရမီ(၁၀)ပါး၊ ဥပပါရမီ(၁၀)ပါးနှင့် (၃) ပရမတ္ထပါရမီ(၁၀)ပါး–ဟူ၍ စုစုပေါင်း ပါရမီ(၃၀) ပါဝင်သည်။ ထိုပါရမီ(၃၀)တို့တွင်– (၁) ဒါနပါရမီ၊ (၂) သီလပါရမီ၊ (၃) နိက္ခမပါရမီ၊ (၄) ပညာပါရမီ၊ (၅) ဝီရိယပါရမီ၊ (၆) ခန္တီ ပါရမီ၊ (၇) သစ္စာပါရမီ၊ (၈) မေတ္တာပါရမီ၊ (၉) အဓိဋ္ဌာနပါရမီ နှင့် (၁၀) ဥပေက္ခာပါရမီ–ဟူသော ကိုယ်ခန္ဓာမှအပဖြစ်သည့်အရာများအတွက် မငဲ့ကွက်မှုဆိုင်ရာ ရိုးရိုးပါရမီ ၁၀–ပါး။ (၁၁) ဒါနဥပပါရမီ၊ (၁၂) သီလဥပပါရမီ၊ (၁၃) နိက္ခမဥပပါရမီ၊ (၁၄) ပညာဥပပါရမီ၊ (၁၅) ဝီရိယ ဥပပါရမီ၊ (၁၆) ခန္တီဥပပါရမီ၊ (၁၇) သစ္စာဥပပါရမီ၊ (၁၈) မေတ္တာဥပပါရမီ၊ (၁၉) အဓိဋ္ဌာနဥပပါရမီနှင့် (၂၀) ဥပေက္ခာဥပပါရမီ–ဟူသော ကိုယ်အင်္ဂါအစိတ်အပိုင်း ခြေ,လက်,မျက်စိတို့အတွက် မငဲ့ကွက်မှုဆိုင်ရာ ဥပပါရမီ ၁၀–ပါး။ (၂၁) ဒါနပရမတ္ထပါရမီ၊ (၂၂) သီလပရမတ္ထပါရမီ၊ (၂၃) နိက္ခမပရမတ္ထပါရမီ၊ (၂၄) ပညာ ပရမတ္ထပါရမီ၊ (၂၅) ဝီရိယပရမတ္ထပါရမီ၊ (၂၆) ခန္တီ ပရမတ္ထပါရမီ၊ (၂၇) သစ္စာပရမတ္ထပါရမီ၊ (၂၈) မေတ္တာ ပရမတ္ထပါရမီ၊ (၂၉) အဓိဋ္ဌာနပရမတ္ထပါရမီနှင့် (၃၀) ဥပေက္ခာပရမတ္ထပါရမီ–ဟူသော ကိုယ့်အသက်ကိုပင် မငဲ့ကွက်မှုဆိုင်ရာ ပရမတ္ထပါရမီ ၁၀–ပါးတို့ အပါအဝင်ဖြစ်သည်။ စရိယာပိဋကာ၊ ဋ္ဌ။၂၇၀။

စွန့်ခြင်းကြီးငါးပါး

ငါးပါးသောစွန့်ခြင်းကြီး(ပဉ္စမဟာပရိစ္စာဂ)ဟူရာ၌– ဇာတကအဋ္ဌကထာ၌ (၁) ဥစ္စာစီးပွားကိုစွန့်ခြင်း (ဓန ပရိစ္စာဂ)၊ (၂) လက်,ခြေစသောကိုယ်အင်္ဂါကိုစွန့်ခြင်း(အင်္ဂပရိစ္စာဂ)၊ (၃) သားသမီးကိုစွန့်ခြင်း(ပုတ္တပရိစ္စာဂ)၊ (၄) မယားကိုစွန့်ခြင်း(ဘရိယပရိစ္စာဂ)၊ (၅) အသက်ကိုစွန့်ခြင်း(ဇီဝိတပရိစ္စာဂ)–ဟုဖော်ပြထားသည်။ *၃ ဇာ၊ ဋ္ဌ။ ၇။၃၃၃။ ဣတိဝုတ်အဋ္ဌကထာ၊ ဗုဒ္ဓဝံသအဋ္ဌကထာတို့၌ မင်းစည်းစိမ်ကိုစွန့်ခြင်း(ရဇ္ဇ)ကိုလည်းထည့်၍ပြကြ၏။ ဒီဃနိကာယ်အဋ္ဌကထာ၊ ဇာတ်အဋ္ဌကထာ၊ အင်္ဂုတ္တိရ်အဋ္ဌကထာ– စသည်တို့၌ မျက်လုံးကိုစွန့်ခြင်း(နယန ပရိစ္စာဂ)ဟုလည်းထည့်၍ပြ၏။ ဒီ၊ဋ္ဌ၊၁။၆၀။ အံ၊ဋ္ဌ။၁။၈၀။ စရိယာ၊ဋ္ဌ။၂၆၃။ မဟာနိ၊ဋ္ဌ။၁၅၃။ ဇာ၊ဋ္ဌ။၇။၃၃၃။

စရိယသုံးပါး

စရိယသုံးပါးတို့မှာ (၁) ဆွေမျိုးတို့၏စီးပွားကို သနားခြင်း၏အစွမ်းအားဖြင့်ကျင့်ခြင်းဟူသော ဉာတတ္ထ စရိယ၊ (၂) လောကသားတို့၏မျက်မှောက်ဘဝ၌ဖြစ်သောအစီးအပွား, တမလွန်ဘဝ၌ဖြစ်သောအစီးအပွား, ပရမတ္ထဖြစ်သော နိဗ္ဗာန်အစီးအပွားတို့၏အစွမ်းအားဖြင့်ကျင့်ခြင်းဟူသော လောကတ္ထစရိယ၊ (၃) အပြစ်မရှိသော

---

*၁ လယ်တီဆရာတော်၏ ဥတ္တမပုရိသဒီပနီကျမ်း။ ၁၉၃၃–ခုနှစ်။ (စာမျက်နှာ–၂)။

*၂ မဟာဗုဒ္ဓဝင်ကျမ်း၊ ပထမတွဲ၊ ဒုတိယပိုင်း။ (စာမျက်နှာ–၁၀၄)။

*၃ ဣတိဝုတ်၊ဋ္ဌ။၇။ ဣတိဝုတ်၊ဋ္ဌ။၁၁၁။ ဗုဒ္ဓဝံ၊ဋ္ဌ။၁၈။ စရိယာ၊ဋ္ဌ။၉၇–စသည်ကိုလည်းရှုပါ။ ဤပဉ္စမဟာပရိစ္စာဂသည် ဒါနပါရမီ၌ အကျုံးဝင်သော်လည်း ဒါန၏ဝိသေသကိုပြုခြင်းငှာ (တစ်နည်း) အလွန်ပြုနိုင်ခဲသောအဖြစ် (သုဒ္ဒကရာဘဝ)ကိုပြုခြင်းငှာ ဒါနပါရမီမှ သီးခြားယူ၍ပြခြင်း ဖြစ်သည်။ အရှင်ဓနကာဘိဝံသ၏သုတ်မဟာဝါဘာသာဋီကာ၊ ပထမအုပ်။ ၂၀၀၃–ခုနှစ်။ (စာမျက်နှာ–၇၀)။ (တစ်နည်း) (၁) ဓန၊ (၂) အင်္ဂ၊ (၃) ပုတ္တ၊ (၄) ဘရိယာ၊ (၅) ဇီဝိတ–ဟူ၍လည်းရှိ၏။ ဇာ၊ဋ္ဌ။၇။၃၃၃။

http://www.dhammadownload.com

အကျိုးတရား၏တည်ရာအကြောင်းဖြစ်သောအလုပ်, အသက်မွေးခြင်း၏တည်ရာအကြောင်းဖြစ်သော လက်မှုအတတ်, နှုတ်မှုအတတ်တို့၏အစွမ်းဖြင့်လည်းကောင်း၊ လက္ခဏာသုံးပါးစသည်ကို ဆုံးဖြတ်ခြင်း၏အစွမ်းဖြင့်လည်းကောင်း၊ မိမိအတွက်လည်းကောင်း သူတစ်ပါးအတွက်လည်းကောင်း အပြစ်မရှိ, ကံ,ကံ၏အကျိုးကို ယုံကြည်ခြင်းအစရှိသော သတိပြဋ္ဌာန်းသောအားဖြင့် ဉာဏ်၏ဖြစ်ခြင်းဟူသော ဗုဒ္ဓိစရိယာ–တို့ သုံးမျိုးဖြစ်သည်။*၁
ဒီ၊ ၂။၆။၂၀။

ဗုဒ္ဓဘူမိလေးပါး

ဘုရားအလောင်းတော်တို့၏ ဘုရားဖြစ်ရန်ဆုတောင်းခြင်းအကြောင်းလေးပါး ခေါ် ဗုဒ္ဓဘူမိလေးပါးမှာ–

၁။ ဒါနမှုစသည်တို့၌ သူများထက်လွန်သောဝီရိယရှိမှု ဥဿာဟ၊

၂။ အလွန်ထက်သန်သောဉာဏ်ပညာရှိမှု ဥမ္မင်္ဂ၊

၃။ သူတစ်ပါးတို့၏လူပ်ရှားခြင်းငှာမတတ်ကောင်းသော စိတ်၏ခိုင်မြဲခြင်း အဝတ္ထာနနှင့်

၄။ မိမိ၏အကျိုးထက် သူတစ်ပါး၏အကျိုး၌ လွန်ကဲသောမေတ္တာစိတ်ဟူသော ဟိတစရိယာ–တို့ လေးပါးဖြစ်သည်။*၂

ဗောဓိသတ္တတို့၏ ဆအဖွဲ့သဃ(ခေါ်)ဓာတ်ခြောက်ပါး

ဘုရားအလောင်းပုဂ္ဂိုလ်တို့၏သန္တာန်၌ အခိုင်အမြဲစွဲလျက်တည်ရှိသော အရင်းဓာတ်ခံခြောက်ပါး(ဆအဖွဲ့သဃ)တို့မှာ–

၁။ ဘုရားအလောင်းတို့သည် စိတ်သန္တာန်၌အခိုင်အမြဲဖြစ်၍နေသော လောဘ၏အပြစ်မြင်မှ လောဘမှ ထွက်မြောက်လိုခြင်း– အလောဘဖွဲ့သဃဓာတ်၊

၂။ အခိုင်အမြဲဖြစ်၍နေသော ဒေါသ၏အပြစ်ကိုမြင်မှ ဒေါသမှထွက်မြောက်လိုခြင်း– အဒေါသဖွဲ့သဃဓာတ်၊

၃။ အခိုင်အမြဲဖြစ်၍နေသော မောဟ၏အပြစ်ကိုမြင်မှ မောဟမှထွက်မြောက်လိုခြင်း– အမောဟဖွဲ့သဃဓာတ်၊

၄။ အခိုင်အမြဲဖြစ်၍နေသော ကာမဂုဏ်တို့၏အပြစ်ကိုမြင်မှ ကာမဂုဏ်တို့မှထွက်မြောက်လိုခြင်း– နေက္ခမ္မဖွဲ့သဃဓာတ်၊

၅။ အပေါင်းအဖော်နှင့်အတူနေခြင်း၏အပြစ်ကိုမြင်မှ တစ်ယောက်တည်း ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်နေလိုခြင်း– ပဝိဝေကဖွဲ့သဃဓာတ်၊

၆။ အလုံးစုံသောဘဝတို့၏အပြစ်ကိုမြင်၍ ထိုထိုသောဘဝတို့မှထွက်မြောက်လိုခြင်း– နိဿရဏဖွဲ့သဃဓာတ်–တို့ဖြစ်သည်။*၃

---

*၁ မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ စသည်၌ 'ဉာတတ္ထစရိယ်, လောကတ္ထစရိယ်, ဗုဒ္ဓတ္ထစရိယဉ္စ ကောဇိ' ပါဠေတွာ– (မ၊ ၆။ ၃။ ၃။ ဓမ္မ၊ ၆။ ၂။ ၂။ ၂၇၅။) 'ဗုဒ္ဓတ္ထစရိယ'ဖြင့် ပြဆိုထားသည်။ 'ဗုဒ္ဓတ္ထစရိယ'မှာ 'သမ္ဗညုတဉာဏ်အကျိုးငှာကျင့်တော်မူခြင်း'ဟုအဓိပ္ပာယ်ရသည်။

*၂ စရိယာ၊ ၆။ ၂၈၂။ လယ်တီဆရာတော်၏ဥတ္တမပုဂ္ဂလဒီပနီကျမ်း။ ၁၉၅၃–ခုနှစ်။ (စာမျက်နှာ–၂၇)။

*၃ စရိယာ၊ ၆။ ၂၈၂။ လယ်တီဆရာတော်၏ဥတ္တမပုဂ္ဂလဒီပနီကျမ်း။ ၁၉၅၃–ခုနှစ်။ (စာမျက်နှာ–၃၀)။

http://www.dhammadownload.com

ဗောဓိသတ္တတို့၏ တံခွန်ကြီးလေးခု

သမ္ဘည္ဇုတဗောဓိလောင်း(ဘုရားအလောင်း)တို့နှင့်သာ သက်ဆိုင်သောတံခွန်ကြီးလေးခုတို့မှာ-

၁။ သဒ္ဓါ, ဝိရိယ, သတိ, သမာဓိ, ပညာ-တည်းဟူသော ဣန္ဒြိယတရားတို့ သူတစ်ပါးတို့ထက် အထူးအချွန်ထက်သန်မှု၊

၂။ (က) ပစ္စုပ္ပန်အကျိုးစီးပွားကိုအားထုတ်ရာတွင် မိမိ၏အကျိုးစီးပွားထက် သူတစ်ပါးတို့၏အကျိုးစီးပွားကိုသာ အထူးအချွန်လိုလားခြင်း၊ သူတစ်ပါး၏အကျိုးစီးပွားကို အားထုတ်ဆဲ,အားထုတ်ပြီးမည်သည့်အခါ၌မဆို ထိုသူတို့၏ကျေးဇူးတုံ့မှုကို မတောင့်တသည့်ပြင် မိမိပြုခဲ့သောကျေးဇူးကိုလည်း ဖော်ပြလိုစိတ်မရှိခဲ့ခြင်း။ မိမိကျေးဇူးပြုသူသည် မိမိ၏ကျေးဇူးကိုချေဖျက်၍ မိမိ၏အသက်ကိုပင် အန္တရာယ်ပြုငြားသော်လည်း ထိုသူ၏ကိစ္စကိုသာချောမောပြီးဆုံးအောင် သည်းခံဆောင်ရွက်ပေးမှုနှင့်

(ခ) ဒါန,သီလ စသည်ပြုသော်လည်း ထိုကုသိုလ်၏အကျိုးတောင့်တခြင်း, မိမိ၏ကျွတ်လွတ်မှုအတွက် နိဗ္ဗာန်မဂ်ဖိုလ်ကိုတောင့်တခြင်း စသည်မရှိဘဲ သတ္တဝါတို့အားကယ်တင်ရန်အတွက် သမ္ဘည္ဇုတဉာဏ်ကိုသာ ရည်မှော်တောင့်တမှု-ဟူသော ပဋိပတ္တိအကျင့်။

၃။ တွေ့ကြုံရသမျှ ဆုံဆည်းရသမျှသော အရေးအခွင့်တို့ပြီးစီးစေရန် လမ်းမှန်ကိုလျင်မြန်စွာသိသော စိန္တာမယဉာဏ်နှင့် တခံဏုပ္ပတ္တိဉာဏ်ရှိမှု၊

၄။ အလှူဒါန၌ အလွန်မွေ့လျော်တတ်၏။ အလှူဝတ္ထုရှိလျက် မလှူရလျှင် မနေတတ်ရှိ၏။ လှူသောအခါ စိတ်ရွှင်လန်း၍ ဘယ်မျှပင်လှူရစေကာမူ အားမရနိုင်၊ အလှူခံပုဂ္ဂိုလ် လိုအပ်သောဝတ္ထု မိမိမှာရှိသည်ဆိုလျှင် အတိုင်းအတာမရှိ လှူလိုစိ၏။ အလှူခံပုဂ္ဂိုလ်၏အလိုဆန္ဒကို ဖြည့်စွမ်းလိုသောစိတ်တစ်မျိုးတည်းသာရှိမှု-စသည်တို့ပင်ဖြစ်သည်။[*၁]

ဘာဝနာလေးရပ်

ဗောဓိသတ္တသမ္ဘည္ဇုအလောင်းတော်ကြီးတို့သည် မိမိတို့ရည်မှန်းထားသော သမ္ဘည္ဇုတဉာဏ်တော်ကြီးရရန်အတွက် သမ္ဘည္ဇုတဉာဏ်တော်၏ရှေ့ပြေးနိမိတ်အဖြစ် ပါရမီပဝိစယဉာဏ်တော်ဖြင့် မည်သူတစ်ဦးတစ်ယောက်ကမျှပြောမပြရဘဲ ဒါန-စသောပါရမီတော်ဆယ်ပါးတို့ကို မိမိတို့အလိုလိုသာလျှင် အစဉ်အတိုင်းသိမြင်တော်မူကြသည်။ ထိုသိမြင်တော်မူသော ဒါန-စသော ပါရမီဆယ်ပါးတို့ကို အစဉ်အတိုင်း ရှိသေစွာဖြည့်ကျင့်တော်မူကြသည်။ ထိုသို့ ပါရမီတော်ဆယ်ပါးတို့ကိုဖြည့်ကျင့်ရာတွင်-

၁။ သမ္ဘသမ္ဘာရဘာဝနာ= ပါရမီတော်တို့ကို တစ်ခုမကျန် အပြည့်အစုံဖြည့်ကျင့်ခြင်း။

၂။ နိရန္တရဘာဝနာ = အနည်းဆုံး လေးသချေါနှင့်ကမ္ဘာတစ်သိန်း၊ အလတ် ရှစ်သချေါနှင့် ကမ္ဘာတစ်သိန်း၊ အလွန်ဆုံး တစ်ဆယ့်ခြောက်သချေါနှင့်ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး အကြားအလပ်မရှိ ဘဝမခြား တစ်ဆက်တစ်စပ်တည်းဖြည့်ကျင့်ခြင်း၊

---

*၁ စရိယာ၊ ၄။ ၂၈၃။ လယ်တီဆရာတော်၏ဥဒ္ဒေသပုရိသဒီပနီကျမ်း။ ၁၉၅၃-ခုနှစ်။ (စာမျက်နှာ-၃၅)။

http://www.dhammadownload.com

၃။ စိရကာလဘာဝနာ = အနည်းဆုံး လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းထက် မယုတ်မလျော့ ကာလ ရှည်လျားစွာဖြည့်ကျင့်ခြင်း။

၄။ သက္ကစ္စဘာဝနာ = ပါရမီတော်တို့ကိုဖြည့်ရာ၌ အလွန်ရိုသေလေးမြတ်စွာဖြည့်ကျင့်ခြင်း–

ဟူသော ဘာဝနာလေးမျိုးတို့ဖြင့် ပါရမီစာဂစရိယတရားတို့ကို မွားများအားထုတ်တော်မူကြကုန်၏။ စရိယာ၊ ၌။ ၁၉။

ဒါနပါရမီကိုဦးစွာကျင့်ရခြင်း

သမ္ဘည္ဇအလောင်းတော်ကြီးများသည် သံသရာခရီးသွားတို့တွင် အရှည်လျားဆုံးခရီးကိုသွားရသော သံသရာခရီးသွားကြီးများဖြစ်တော်မူကြ၍ ဖြစ်ရာဘဝတို့တွင် သုဂတိဘဝနှင့်ဘောဂသမ္ပတ္တိဖြစ်စေခြင်းငှာ ထိုဆယ်ပါးသော ပါရမီတို့အနက် ဒါနပါရမီကိုသာ ဦးဦးဖျားဖျားအားထုတ်တော်မူကြမြဲဖြစ်သည်။ ခု၊ ၄။၃၁၅။

ပါရမီပြည့်စုံစေသောအကြောင်းသုံးပါး

ဘုရားအလောင်းပုဂ္ဂိုလ်တို့သည် ပါရမီစာဂစရိယတရားတို့ကိုဖြည့်ကျင့်ကြရာတွင် ထိုအကျင့်သီလတို့ ပြည့်စုံအောင်မြင်စေသော အကြောင်းတရားသုံးပါးတို့မှာ–

(၁) သမ္ဘသမ္ဘာရဘာဝနာ–စသော ဘာဝနာလေးပါးဖြင့် အစဉ်တစိုက်အားထုတ်ခြင်း၊ (၂) ပါရမီ၏ ဆန့်ကျင်ဘက်တရားတို့ကို ဆင်ခြင်၍ပယ်ရှားခြင်း၊ (၃) ဘုရားရှင်တို့အား မိမိကိုယ်ကိုအပ်နှင်းခြင်းတို့ဖြစ်၏။*၁

ပါရမီတို့၏ ညစ်နွမ်းစေသောအကြောင်းတရားဆယ်ပါး

(၁) အလှူဝတ္ထုနှင့်အလှူခံပုဂ္ဂိုလ်တို့ကို ရွေးချယ်စဉ်းစားနေ၍ ဒါနပါရမီညစ်နွမ်း၏။ (၂) သတ္တဝါနှင့်အချိန်အခါကို စဉ်းစားနေ၍ သီလပါရမီညစ်နွမ်း၏။ (၃) ကာမနှစ်ပါး, ဘဝသုံးပါးတို့၏ မွေ့လျော်ဖွယ်အနေကိုစဉ်းစား၍ နေက္ခမ္မပါရမီ ညစ်နွမ်း၏။ (၄) ငါ, ငါ့ဥစ္စာဟူသော မိစ္ဆာဝိတက်ပြား၍ ပညာပါရမီညစ်နွမ်း၏။ (၅) ထိန, မိဒ္ဓနှင့် ဥဒ္ဓစ္စတရားဖြစ်ပွားစေ၍ ဝီရိယပါရမီညစ်နွမ်း၏။ (၆) မိမိ, သူတစ်ပါး, ကိုယ့်လူ, သူ့လူ စသည်ခွဲခြား၍ ခန္တီပါရမီညစ်နွမ်း၏။ (၇) မမြင်, မကြားသည်ကို မြင်ကြားသကဲ့သို့, မြင်, ကြားသည်ကို မမြင်မကြားသကဲ့သို့ ကြံမှား၍ သစ္စာပါရမီညစ်နွမ်းရ၏။ (၈) ပါရမီ, စာဂ, စရိယတို့၏အပြစ်ကိုကြံမှား၍ အဓိဋ္ဌာနပါရမီညစ်နွမ်းရ၏။ (၉) မိမိနှင့် သင့်သူ, မသင့်သူ–ဟု ခွဲခြားစဉ်းစားနေ၍ မေတ္တာပါရမီညစ်နွမ်းရ၏။ (၁၀) တွေ့ကြုံရသောအာရုံ၌ ကုဋ္ဌ, အနိဋ္ဌ ဝေခွဲနေ၍ ဥပေက္ခာပါရမီညစ်နွမ်းရ၏–ဟုဖြစ်သည်။*၂

စာရိတ္တနှင့်ဝါရိတ္တသီလ

ဘုရားအလောင်းတို့သည် ပါရမီဖြည့်ကျင့်ရာ၌ အရိယာသူတော်မြတ်တို့၏ မကျင့်သုံး ရှောင်ကြဉ်သော ဒုစရိုက်ဆယ်ပါးကိုရှောင်၍ ဝါရိတ္တသီလကိုရှောင်ကြဉ်ကြ၏။ အရိယာသူတော်မြတ်တို့လေးမြတ်သော သုစရိုက်တရားတို့ကျင့်သုံး၍ စာရိတ္တသီလကိုလည်း စောင့်စည်းကျင့်သုံးကြကုန်၏။*၃

---

*၁ မဟာဗုဒ္ဓဝင်ကျမ်း၊ ပထမတွဲ၊ ဒုတိယပိုင်း။ (စာမျက်နှာ–၂၅၅)။

*၂ မဟာဗုဒ္ဓဝင်ကျမ်း၊ ပထမတွဲ၊ ဒုတိယပိုင်း။ (စာမျက်နှာ–၁၇၉)။

*၃ မဟာဗုဒ္ဓဝင်ကျမ်း၊ ပထမတွဲ၊ ဒုတိယပိုင်း။ (စာမျက်နှာ–၂၀၂)။

http://www.dhammadownload.com

ဟောဓိသတ္တအဓိဋ္ဌာန်လေးပါး

ဘုရားဆုပန် နိယတဗျာဒိတ်ခံယူတော်မူပြီးသောအလောင်းတော်မြတ်တို့၏သန္တာန်၌ အဓိဋ္ဌာနတရားလေးပါးတို့ ဖြစ်ပွားခဲ့လေသည်။ ထိုလေးပါးတို့မှာ– (၁) သစ္စာဓိဋ္ဌာနတရား၊ (၂) စာဂါဓိဋ္ဌာနတရား၊ (၃) ဥပသမာဓိဋ္ဌာနတရားနှင့် (၄) ပညာဓိဋ္ဌာနတရား–တို့ဖြစ်သည်။*၁

ပါရမီတော်တို့၏အကျိုးအာနိသင်ငါးပါး

(၁) ဖြစ်လေရာဘဝတို့၌ အသက်ရှည်စွာတည်ရခြင်း(အာယုသမ္ပဒါ)၊ (၂) မြတ်သောအမျိုးဌာဖြစ်ခြင်း(ကုလသမ္ပဒါ)၊ (၃) စည်းစိမ်ဥစ္စာများခြင်း,တန်ခိုးကြီးခြင်း,အခြွေအရံများခြင်း(ဣဿရိယသမ္ပဒါ)၊ (၄) အများပဂ္ဂိုလ်တို့ယုံကြည်အပ်သောစကားရှိသူဖြစ်ခြင်း(အာဒေယျဝစနတာ)၊ (၅) သုံးဆောင်အပ်သောအရာဝတ္ထုတို့အတုမရအောင်ကြီးကျယ်ခြင်း,အာနုဘော်ကြီးခြင်း(မဟာနုဘာဝတာ)–တို့ဖြစ်သည်။*၂

ဘုရားအလောင်းသုံးမျိုး

အလောင်းတော်ကြီးတို့၏ ပါရမီဖြည့်ကျင့်ရာကာလသည် အလောင်းတော်တစ်ပါးနှင့်တစ်ပါး ရည်မှန်းဆုတောင်းအပ်သောအဓိဋ္ဌာန်ကိုလိုက်၍ မတူကြပေ။ ဤအချက်ကို အရှင်မဟာသီလဝံသမထေရ်က ပါရမီတော်ခန်းပျို့(အဝိဒ်–၂)၌ 'ဘုရားလောင်းတို့၊ ဆုတောင်းသောစဉ်၊ ဉာဉ်,ဝိရိယာ၊ သဒ္ဓါဓိက၊ သုံးမည်ရလျက်'ဟု ဆုတောင်းကိုလိုက်၍ ပညာဓိကဘုရားအလောင်း၊ ဝိရိယာဓိကဘုရားအလောင်းနှင့် သဒ္ဓါဓိကဘုရားအလောင်းဟူ၍ ဘုရားလောင်းသုံးမျိုးကွဲပြားကြောင်း ပြဆိုထား၏။*၃

ထိုဘုရားအလောင်းသုံးမျိုးတွင် ပညာဓိကဘုရားသည် လေးသချေါနှင့်ကမ္ဘာတစ်သိန်း၊ သဒ္ဓါဓိကဘုရားအလောင်းသည် ရှစ်သချေါနှင့်ကမ္ဘာတစ်သိန်း၊ ဝိရိယာဓိကဘုရားအလောင်းသည် တစ်ဆယ့်ခြောက်သချေါနှင့်ကမ္ဘာတစ်သိန်းကြာအောင် ပါရမီဖြည့်ကြရ၏။

ထိုဘုရားအလောင်းသုံးမျိုးတွင်လည်း ပညာဓိကဘုရားအလောင်းသည် သဒ္ဓါနုံသည်, ပညာထက်သည်။ သဒ္ဓါဓိကဘုရားအလောင်းသည် သဒ္ဓါအားကောင်းသည်, ပညာအလယ်အလတ်။ ဝိရိယာဓိကဘုရားအလောင်းသည် သဒ္ဓါ,ပညာ နှစ်ပါးစုံနုံသည်၊ ဝိရိယသာအားကောင်းကြောင်း အဋ္ဌကထာတို့၌ဖော်ပြထားလေသည်။ စရိယာ၊ ဋ္ဌ။၃၂၀။ သုတ္တ၊ ဋ္ဌ၊၁။၄၃၃။ ထေရ၊ ဋ္ဌ၊၁။၁၁။

ပညာဓိကဘုရားအလောင်းစသော ဘုရားအလောင်းသုံးမျိုးတို့ကို ဥဿဋ္ဌိတည်း၊ ဝိပဋ္ဌိတည်း၊ နေယျ–ဟူ၍လည်း အောက်ပါအတိုင်းခွဲခြားနိုင်ပြန်၏။

၁။ သာဝကအဖြစ် ဘုရားရှင်ထံမှလေးပါဒရှိသောဂါထာတစ်ပုဒ်ကိုနာယူရာ ဂါထာသုံးပါဒမပြီးမီမှာပင် ဆဋ္ဌာဘိညပဋိသမ္ဘိဒါပတ္တရဟန္တာအဖြစ်သို့ရောက်နိုင်သော ဥပနိဿယရှိသည့် ဥဿဋ္ဌိတည်း၊ဘုရားအလောင်း။

၂။ သာဝကအဖြစ် ဘုရားရှင်ထံမှ လေးပါဒရှိသောဂါထာကိုနာယူရာ ထိုဂါထာ၏စတုတ္ထပါဒမပြီးမီမှာပင် ဆဋ္ဌာဘိညပဋိသမ္ဘိဒါပတ္တရဟန္တာအဖြစ်သို့ ရောက်နိုင်သောဥပနိဿယရှိသည့် ဝိပဋ္ဌိတည်း၊ဘုရားအလောင်းနှင့်၊

---

*၁ မဟာဗုဒ္ဓဝင်ကျမ်း၊ ပထမတွဲ၊ ခုတိယဝိုင်း။။ (စာမျက်နှာ ၂၃၅–၂၃၈)။

*၂ မဟာဗုဒ္ဓဝင်ကျမ်း၊ ပထမတွဲ၊ ခုတိယဝိုင်း။။ (စာမျက်နှာ–၂၆၀)။

*၃ ရှင်မဟာသီလဝံသ၏ ပါရမီတော်ခန်းပျို့။ ၁၉၅၃–ခုနှစ်။။ (စာမျက်နှာ–၄၇)။

http://www.dhammadownload.com

၃။ သာဝကအဖြစ် ဘုရားရှင်ထံမှ လေးပါဒရှိသောဂါထာကိုနာယူရာ ထိုဂါထာ၏အဆုံး၌ ဆဋ္ဌဘိည ပဋိသမ္ဘိဒါပတ္တရဟန္တာအဖြစ်သို့ရောက်နိုင်သောဥပနိဿယရှိသည့် နေယျဘုရားအလောင်း– ဟု ဖြစ်သည်။*၁ စရိယာ၊ ဋ္ဌ။၃၂၁။

ဘုရားအလောင်းသုံးမျိုးနှင့်ပါရမီဖြည့်ရာကာလစသည်

၁။	ပညာဓိက	= ဥဂ္ဃဋိတညူ	သဒ္ဓါနုံသည်၊ ပညာထက်သည်။	(၄) သင်္ချေနှင့် ကမ္ပာ (၁)သိန်း။
၂။	သဒ္ဓါဓိက	= ဝိပဉ္စိတညူ	သဒ္ဓါအားကောင်းသည်၊ ပညာအလယ်အလတ်။	(၈) သင်္ချေနှင့် ကမ္ပာ (၁)သိန်း။
၃။	ဝီရိယာဓိက	= နေယျ	သဒ္ဓါ, ပညာ နုံသည်၊ ဝီရိယကောင်းသည်။	(၁၆) သင်္ချေနှင့် ကမ္ပာ (၁)သိန်း။

ဘုရားအလောင်းနှင့်အဓိမုတ္တိမရဏာ

ဘုရားအလောင်းတို့ပါရမီဖြည့်နေကြစဉ်အတွင်း နတ်ပြည်,ငြဟ္မာပြည်တို့တွင်ဖြစ်ခဲ့သော် သက်တမ်းကုန်အောင်မနေကြဘဲ အဓိမုတ္တိမရဏာဖြင့် နတ်ငြဟ္မာသက်ကိုချွေ၍ လူ့ပြည်၌သာပါရမီဖြည့်ကြကုန်၏။ ဒီ၊ ဋ္ဌ၊ ၂။၂၀။

ဘုရားအလောင်းပုဂ္ဂိုလ်တို့သည် မိမိတို့အဓိဋ္ဌာန်အတိုင်း ပါရမီတော်တို့ကိုကာလကုန်ဆုံးသည့်တိုင်အောင် ဖြည့်ကျင့်ပြီးမှသာ ဘုရားအဖြစ်သို့ရောက်တော်မူကြရသည်။ ပါရမီဖြည့်ကျင့်ရန်ကာလမပြည့်မီ ဘုရားအဖြစ်သို့ ရောက်တော်မူခြင်းမရှိကြပေ။

နိယတဗျာဒိတ်ရရန်အင်္ဂါရှစ်ပါး

ဗောဓိသတ္တဘုရားအလောင်းတို့သည် ဆိုခဲ့ပြီးသော ပါရမီ,စာဂ,စရိယတို့ကို ကမ္ပာပေါင်းများစွာဖြည့်ဆည်းပူး၍ အဆူဆူသောဘုရားရှင်တို့၏ထံတော်၌ စိတ်ဖြင့်ဘုရားဆုကိုပန်ဆင်ခဲ့ပြီးနောက် အောက်ပါအတိုင်း အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသောကာလသို့ရောက်မှ တစ်ဆူဆူသောဘုရားရှင်၏ထံတော်၌ နိယတဗျာဒိတ်ပန်းကို ဆင်မြန်းခွင့်ရလေသည်။

နိယတဗျာဒိတ်ဆင်မြန်းခွင့်ရရန် အင်္ဂါရှစ်ပါးသည်ကား–

၁။ လူ့ဇာတ်စင်စစ်ဖြစ်ရခြင်း။
၂။ ယောကျ်ားစင်စစ်ဖြစ်ရခြင်း။
၃။ ထိုဘဝမှာပင် အရဟတ္တဖိုလ်ရနိုင်လောက်သောကုသိုလ်ပါရမီထူးနှင့် ပြည့်စုံသူဖြစ်ရခြင်း။
၄။ သက်တော်ထင်ရှား မြတ်စွာဘုရားကို ဖူးတွေ့ရခြင်း။
၅။ ကမ္မဝါဒီရသေ့ (သို့မဟုတ်) သာသနာတွင်း ရဟန်းဖြစ်ခြင်း။
၆။ ဈာန်သမာပတ်ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသူဖြစ်ခြင်း။
၇။ ကိုယ့်အသက်ကိုမငဲ့ကွက်ဘဲ အလွန်အကျူးပါရမီကုသိုလ်တို့ကို ပြုစုပွားများအားထုတ်ခြင်းနှင့်
၈။ ဘုရားအဖြစ်ကိုတောင့်တအားကြီးသော ကုသိုလ်ဆန္ဒရှိသူဖြစ်ခြင်း– တို့ဖြစ်၏။*၂

---

*၁ ကမ္ပဲဖုန်းတော်ကြီး၏ ပဥ္စာကထနက္ခမ်း။ (စာမျက်နှာ–၅)။

*၂ မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊ ဟေတု သတ္ထာရသန်။
ပဗ္ဗဇ္ဇာ ဂုဏသမ္ပတ္တိ၊ အဓိကာရော စ ဆန္ဒတာ– ဗုဒ္ဓဝံသ။၃၁၁။ ဥပရိ၊ ဋ္ဌ။၈၆။ ဒီ၊ ဋ္ဌ။၁။၁၂၇။ စရိယာ၊ ဋ္ဌ။၁၆။

http://www.dhammadownload.com

ဘုရားအလောင်းအဖြစ်ရာနှုန်းပြည့်ရောက်ခြင်း

ဤသို့ နိယတဗျာဒိတ်ခံယူရန်အင်္ဂါရုစ်ပါးနှင့်ပြည့်စုံသောကာလ၌ ဘုရားဆုပန်ခြင်းဟူသော အဘိနီဟာရမဟာကုသိုလ်စိတ္တဇုပ္ပါဒ်အထူးဖြစ်သည်နှင့်တပြိုင်နက် ထိုပုဂ္ဂိုလ်သည် သမ္မာသမ္ဗုဒ္ဓဉာဏ်သို့ရောက်ကြောင်း အကျင့်ပဋိပတ်လမ်းစဉ်သို့သက်ရောက်တော်မူသည် မည်တော့၏။ ဇာတ်မျှတ်ဘုရားဖြစ်လတ္တံ့သောကြောင့် 'ဗောဓိသတ္တ= သမ္မာသမ္ဗုဒ္ဓဘုရားအလောင်းတော်' ဟူသောအမည်ကိုလည်း ရတော်မူလေ၏။

ဗောဓိသတ္တအာနိသံသ

ထိုသို့ နိယတဗျာဒိတ်ပန်းဆင်မြန်းခွင့်ရသည်နှင့်တပြိုင်နက် ဘုရားအလောင်းတို့အလိုအလျောက်ရရှိသော အာနိသင်မှာ သံသရာကျင်လည်ရသမျှကာလပတ်လုံး-

၁။ ပဋိသန္ဓေအားဖြင့် ကန်းသောသူမဖြစ်ခြင်း။
၂။ ပဋိသန္ဓေအားဖြင့် နားပင်းသူမဖြစ်ခြင်း။
၃။ ရူးသွပ်သူမဖြစ်ခြင်း။
၄။ အ,သောသူမဖြစ်ခြင်း။
၅။ ခြေလက်ဆွံ့သူမဖြစ်ခြင်း။
၆။ လူရိုင်းမဖြစ်ခြင်း။ *၁
၇။ ကျွန်မဝမ်းဥမ်ကိန်းခြင်း။
၈။ နိယတမိစ္ဆာဒိဋ္ဌိအယူရှိသူမဖြစ်ခြင်း။
၉။ ယောကျ်ားအဖြစ်မှမဖောက်ပြန်ခြင်း။ *၂
၁၀။ အနန္တရိယကံကျူးလွန်သူမဖြစ်ခြင်း။ *၃
၁၁။ ကုဋ္ဌရောဂါရှိသူမဖြစ်ခြင်း။
၁၂။ ငုံးအောက် (ဂါ-နှံစုပ်ငှက်) အောက်ငယ်သော တိရစ္ဆာန်မဖြစ်ခြင်း။
၁၃။ ခုပ္ပိပါသပြိတ္တာ၊ နိဇ္ဈာမတဏှိကပြိတ္တာ၊ ကာဠကဉ္စိကအသုရာမဖြစ်ခြင်း။ *၄
၁၄။ အဝီစိငရဲ၊ လောကန္တရိက်ငရဲ၌ မဖြစ်ခြင်း။ *၅
၁၅။ မာရ်နတ်မဖြစ်ခြင်း။ *၆
၁၆။ အသညသတ်၊ သုဒ္ဓါဝါသ(ရုပ)ဗြဟ္မာမဖြစ်ခြင်း။ *၇

---

*၁ အနာဂတဝံသအဋ္ဌကထာ၌ အမျိုးသမီးမဖြစ်ခြင်း-ဟုပြသည်။
*၂ အနာဂတဝံသအဋ္ဌကထာ၌ ပဏ္ဍက်မဖြစ်ခြင်းနှင့် ဥဘတောဗျည်းမဖြစ်ခြင်း-တု နှစ်ရပ်ခွဲပြသည်။
*၃ အနာဂတဝံသအဋ္ဌကထာ၌ သောတာပန်ဖြစ်သော အရိယာမဖြစ်ခြင်းနှင့် ကံကြီးငါးပါးမကျူးလွန်ခြင်း-ဟု နှစ်ရပ်ခွဲပြသည်။
*၄ အနာဂတဝံသအဋ္ဌကထာ၌ ခုပ္ပိပါသ, နိဇ္ဈာမတဏှိက, ကာဠကဉ္စိကတို့ကို တစ်စုစီခွဲ၍ပြသည်။
*၅ အနာဂတဝံသအဋ္ဌကထာ၌ အဝီစိနှင့် လောကန္တရိက်ကို တစ်စုစီခွဲ၍ပြသည်။
*၆ အနာဂတဝံသအဋ္ဌကထာ၌ ဤအချက်မပါပေ။
*၇ အနာဂတဝံသအဋ္ဌကထာ၌ အသညသတ်နှင့် သုဒ္ဓါဝါသကို ခွဲ၍ပြသည်။

http://www.dhammadownload.com

၁၇။ အရှုပခြဟွာမဖြစ်ခြင်းနှင့်

၁၈။ တစ်ပါးသောစကြဝဠာ၌မဖြစ်ခြင်း–*၁ တို့ ဖြစ်လေသည်။*၂ ဗုဒ္ဓဝံသ၊ ၌။ဥဒါ၆။ သုတ္တန်၊ ၌။ဘ။၄၅။

အလောင်းတော်တို့ဝတ္ထုသာဓကအရေအတွက်

အလောင်းတော်ဘဝ၌ ပါရမီဖြည့်ကျင့်မှုတို့ကိုဖော်ပြသော ငါးရာငါးဆယ်ဇာတ်နိပါတ်တော်များနှင့် စရိယပိဋကပါဠိတော်လာဝတ္ထုတို့သည် မဟာသမုဒ္ဒရာရေမှ ဆားအရသာကိုသိသာစေရန် ဥပမာအနေထုတ်ဆောင်၍ ပြအပ်သော ရေတစ်ဖလားကဲ့သို့ အကြောင်းဝတ္ထုအားလျော်စွာ ဘုရားအလောင်းတို့၏ကျင့်စဉ်ကို သိနိုင်ရုံ အနည်းငယ်ဟောကြားထားခြင်းမျှ ဖြစ်လေသည်။ ထုတ်ဖော်ဟောတော်မမူအပ်သော ဘုရားအလောင်းတို့၏ ပါရမီဖြည့်ကျင့်ရာ ဖြစ်တော်စဉ်တို့သည်ကား မဟာသမုဒ္ဒရာရေအထုအလား အများအပြားကျန်ရှိနေပေ၏။

ဘုရားအလောင်းတော်အဖြစ် ရခဲခြင်း,ဖြစ်ခဲခြင်း

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့က 'သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်ကို ရခဲသည်၊ ဖြစ်ခဲသည်၊ ပွင့်ခဲသည်ဟူ၍ ဒုလ္လဘတရားတစ်ခုအဖြစ် သတ်မှတ်ထားကြရုံမျှမက နိယတဗျာဒိတ်တော်ခံ ဗောဓိသတ္တဘုရားအလောင်းတစ်ဆူ ရဖို့သည်လည်း အလွန်တရာမှခဲယဉ်းလှပေသည်'ဟု နှလုံးသွင်းမှတ်ယူထားကြပါ၏။ ထို့ကြောင့် မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီးက 'ဘုရားဖြစ်ကြောင်း ဆုတောင်းပြည့်စုံရာ အရှင်သုမေဓာရသေ့ဘဝကဲ့သို့သော ဘဝကိုသော်မှလည်း အကြောင်းရှစ်ပါးပြည့်စုံမှုရနိုင်ပေသည်၊ ဆိုအပ်ပြီးသော အင်္ဂါရှစ်ပါးအကြောင်းတရားတို့နှင့် ပြည့်စုံသူဖြစ်မှသာ နိယတဗျာဒိတ်ပန်းကိုဆင်မြန်းနိုင်သည်ဖြစ်၍ ဘုရားအဖြစ်ကိုမဆိုထားဘိ သုမေဓာရှင်ရသေ့ကဲ့သို့ နိယတဗျာဒိတ်ခံရသောသူ၏အဖြစ်သည်ပင် အလွန်ရခဲသောအရာဖြစ်ပေသည်'ဟု မဟာဗုဒ္ဓဝင်ကျမ်းကြီး၌ ရေးသားတော်မူခဲ့ပါသည်။*၃

ဘုရားအလောင်းအားပူဇော်ခြင်း

ဤသို့ 'ဖြစ်ခဲသောရခဲသော ဗောဓိသတ္တဘုရားအလောင်းတော်အား ထေရဝါဒဗုဒ္ဓဘာသာဝင်တို့က အမြတ်တနိုး တယောင်တဆောင်ထားကာ ကိုးကွယ်ပူဇော်သည့်အလေ့ရှိပါသလား'ဟုမေးပါက 'ထေရဝါဒဗုဒ္ဓဘာသာဝင်တို့အနေဖြင့် ထိုဗျာဒိတ်တော်ရပြီးသောဗောဓိသတ်ဘုရားအလောင်းကို သီးသီးသန့်သန့် ကိုးကွယ်ပူဇော်ကြသောအလေ့မရှိ'ဟု အကျဉ်းအားဖြင့်ဖြေရပေမည်။

သို့ဆိုလျှင် 'ထိုဗျာဒိတ်တော်ရပြီးသော ဘုရားအလောင်းကို ကိုးကွယ်ပူဇော်၍မရပြီလော၊ အကယ်၍ ကိုးကွယ်ပူဇော်ခဲ့လျှင် မည်သို့အကျိုးထူးကိုရနိုင်ပါသနည်း'ဟုမေးပါမူကား– ဤသို့မေးခွန်းမျိုးကို လွန်ခဲ့သော အနှစ်တစ်ရာကျော်အချိန်က အမေးရှိခဲ့သဖြင့် 'ရလတ္တံ့သောသဗ္ဗညုတဉာဏ်တော်ကိုအာရုံပြု၍ ကိုးကွယ်လေ့မြတ် ဆည်းကပ်လှူဒါန်းကြသည့်သူတို့ ဖြူစင်သန့်ရှင်းသောသဘော ယောနိသောမနသိကာရ ဥဇုကဓမ္မဖြစ်အံ့ စင်စစ်ကုသိုလ်ရ၏'ဟူ၍ လုံးတော်ဆရာတော်ကြီးတို့ ဖြေဆိုတော်မူခဲ့ပြီးဖြစ်ပါသည်။*၄

---

*၁ အနာဂတဝံသအဋ္ဌကထာ၌ ဤအချက်မပါပေ။

*၂ ဤဗောဓိသတ္တအာနိသံသ(၁၈)ပါးကိုပင် အဘဗ္ဗဋ္ဌာန(၁၈)ရပ်ဟုလည်းခေါ်သည်။ သုတေသနသရုပ်ပြအဘိဓာန်။ ၂၀၀၂–ခုနှစ်။ (စာမျက်နှာ–၄၀၀)။ ထိုအဘဗ္ဗဋ္ဌာန(၁၈)ရပ်ကိုပြရာ၌ ဗုဒ္ဓဝံသအဋ္ဌကထာ၊ သုတ္တန်ပါတအဋ္ဌကထာတို့၌လာသောအချက်တို့နှင့် အနာဂတဝံသအဋ္ဌကထာလာ အချက်တို့ပြဆိုပုံခြင်း အနည်းငယ်ကွဲလွဲနေပါသည်။

*၃ မဟာဗုဒ္ဓဝင်ကျမ်း။ ပထမတွဲ၊ ပထမပိုင်း။ (စာမျက်နှာ–၃၃)။

*၄ လုံးတော်ဆရာတော်၏ ဟင်္ဂလာကဝိဿဇ္ဇနာကျမ်း၊ ပထမတွဲ။ (စာမျက်နှာ–၄၆၅)။

http://www.dhammadownload.com

ဘုရားအလောင်းပုဂ္ဂိုလ်အား ပူဇော်သက္ကာရပြုခြင်းနှင့်စပ်၍ ဂေါတမဘုရားရှင်သည် သုမေဓာရှင်ရသေ့ဘဝ ဒီပင်္ကရာမြတ်စွာဘုရားခြေတော်ရင်း၌ဝပ်စင်းလျက် နိယတဗျာဒိတ်ပန်းကိုဆင်မြန်းခံယူစဉ်အခါက ဒီပင်္ကရာမြတ်စွာဘုရားနှင့်တကွ လူ, နတ်, နဂါးတို့၏ပူဇော်မှုကို ခံယူခဲ့ရကြောင်းတို့ကို ဗုဒ္ဓဝင်ကျမ်း၌ ပြဆိုထား၏။ ဗုဒ္ဓဝံသ။ ၃၁၂။

ထို့ပြင် သုမေဓာရှင်ရသေ့သည် ပါရမီပဝိစယညာဏ်ဖြင့် ပါရမီဆယ်ပါးကိုဆင်ခြင်တော်မူသောအခါ လောကဓာတ်အလုံး မြေငလျင်ကြီးလှုပ်ခါ၍ ကောင်းချီးပေးလေ၏။ အမရဝတီမြို့သူမြို့သားတို့ ကြောက်ရွံ့ကြသဖြင့် ဒီပင်္ကရာမြတ်စွာဘုရားထံသွားရောက်၍လျှောက်ထားကြရာ သုမေဓာရှင်ရသေ့၏ပါရမီဆယ်ပါးကို ဆင်ခြင်သိမြင်တော်မူသောကြောင့် မဟာပထဝီမြေကြီးက တုန်လှုပ်ကာကောင်းချီးပေးကြောင်း မိန့်ကြားတော်မူလျှင်၊ လူနတ်အပေါင်းတို့သည် သုမေဓာရှင်ရသေ့ထံတော်ပါးသို့ချဉ်းကပ်၍ ပန်းနဲ့သာတို့ဖြင့် ပူဇော်ရှိခိုးကြပြန်သည်။ ဗုဒ္ဓဝံသ။ ၃၁၂။

ထိုသို့ ဘုရားအလောင်းတော်သုမေဓာရှင်ရသေ့အား ဒီပင်္ကရာဘုရားနှင့် လူနတ်တို့ပူဇော်ကြပုံတို့ကို ပါရမီတော်ခန်းပျို့(အပိုဒ်–၂၁)၌ 'စက်ဘုန်းလက္ခဏာ၊ တရာမက၊ စဲစဲလှလျက်၊ ပုံချခတ်နိုပ်၊ ရွှေတံဆိပ်သို့၊ ဦးထိပ်အဖျာ။ ရပ်တန့် နားပြီး၊ ဘုန်းကြီးကြင့်နှံး၊ ရှစ်ဆုပ်ပန်းဖြင့်၊ ကြဖျန်းလက်ဂ၊ လှည့်ခဲ့ပါ၍'ဟုလည်းကောင်း၊ 'လူဘော်တရိုး၊ နတ်မျိုးဘုတ်ပြိတ်၊ အဟိတ်နဂါး၊ စသောအားဖြင့်၊ အများခပ်သိမ်း၊ ကိုင်းညွှတ်တိမ်းလျက်၊ သွားစဉ်ပက်လျှင်၊ နှစ်သက်ငဲ့ကို ကြည်ညိုရှိပူဇော်လတည်း'ဟုလည်းကောင်း အရှင်မဟာသီလဝံသအကျော်စပ်ဆိုခဲ့ပေ၏။[*၁]

ဤနေရာ၌ 'ဘုရားစင်စစ်ဖြစ်တော်မူသော ဒီပင်္ကရာဘုရားရှင်က အလောင်းအလျာမျှသာဖြစ်သော သုမေဓာရှင်ရသေ့ကို ပန်းရှစ်ဆုပ်တို့ဖြင့်ပူဇော်သည်ဆိုခြင်းမှာ သင့်လျော်နိုင်ပါမည်လော'–ဟုမေးပါက၊ ဤနေရာ၌ 'ပူဇော်'ဟူသောပါဠိစကားသည် 'ပူဇာတိသက္ကာရ မာနနာ ဝန္ဒနာ'–ဟူ၍ 'ကောင်းစွာပြုခြင်း၊ ရှိခိုးခြင်း'အနက်များစွာရှိလေရာ ဒီပင်္ကရာမြတ်စွာဘုရားရှင်အနေအားဖြင့်ပူဇော်သည်ဆိုရာတွင် 'အမြတ်တနိုးပြုခြင်း၊ ကောင်းစွာပြုခြင်း'ဟူသော အနက်ကိုယူရန်ဖြစ်ပါသည်။[*၂]

ဘုရားအလောင်းတို့၏ မဟာကရုဏာ

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့လက်ခံထားသော ဘုရားအလောင်းပုဂ္ဂိုလ်၏ မဟာကရုဏာအကြောင်းတို့ကိုလည်း ဖော်ပြလိုပေသည်။

သုံးလောကထွတ်ထားသမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့သည် သတ္တဝါတို့အား ဘေးဒုက္ခဆင်းရဲအပေါင်းမှကယ်တင်ရာတွင် လမ်းပြသူအဖြစ်မျိုးဖြင့်သာ ကယ်တင်တော်မူကြောင်းကို ပါဠိတော်,အဋ္ဌကထာ စသည့်ကျမ်းဂန်တို့၌ အခိုင်အမာ သာကေများစွာဖြင့် ဖော်ပြထားပြီးဖြစ်သည်။ ထိုသာဓကတို့ကိုထောက်ထားပြီး၊ ကာယက်ရှင်၏ ပယောဂသမ္ပတ္တိမပါဘဲ မည်သည့်ပုဂ္ဂိုလ်ကမှ ကယ်တင်နိုင်လိမ့်မည်မဟုတ်ကြောင်း သတိချပ်ရန်ဖြစ်ပါသည်။ ဓမ္မပဒပါဠိတော်၊ မဂ္ဂင်ဂ္ဂ၊ ပဋ္ဌသတဘိက္ခုဝတ္ထု၌ 'ချစ်သားတို့၊ သင်တို့လွတ်မြောက်မှုအတွက် သင်တို့ကိုယ်တိုင် အားထုတ်အပ်၏။ ဘုရားရှင်တို့မည်သည် လမ်းညွှန်ဟောပြောရုံသာ ဟောပြတော်မူနိုင်ကြကုန်၏'[*၃] ဟု

[*၁] အရှင်မဟာသီလဝံသ၏ ပါရမီတော်ခန်းပျို့။ ၁၉၅၃–ခုနှစ်။ (စာမျက်နှာ–၇၃)။ ဇေ ဥသီသကေ ဋ္ဌိတောဝ ဒသဗလော ဗျာကရိတ္ထာ ထောမေတ္ထာ အဋ္ဌဟိပုပ္ဖမုဋ္ဌိဟိ ပူဇေတ္ထာ ပဒက္ခိဏံ ကတ္ထာ ပက္ကမိ– ဒီနာလင်္ကာရဋီကာ။ ၁၉၄၀–ခုနှစ်။ (စာမျက်နှာ–၁၄၂)။

[*၂] မဟာဗုဒ္ဓဝင်ကျမ်း။ ပထမတွဲ၊ ပထမပိုင်း။ (အနုဒိပနီခန်း)။ (စာမျက်နှာ–၅)။

[*၃] အင်္ဂုတ္တရ ၀၀၊ မဃ ၀၀၇၊– ခု၊ ၁။ ၅၂။

http://www.dhammadownload.com

မိန့်ကြားထားတော်မူသည်ကိုလည်းကောင်း၊ ဒီဃနိကာယ် မဟာပရိနိဗ္ဗာနသုတ်၊ သံယုတ္တနိကာယ် ခန္ဓသံယုတ်၊ အင်္ဂုတ္တိဝသုတ်နှင့် ဓမ္မပဒပါဠိ အတ္တဝဂ် စသည်တို့တွင် 'ချစ်သားတို့၊ သင်တို့သည် မိမိကိုယ်ကိုသာ ကိုင်းကျွန်းပမာ ထောက်တည်မှီခိုပြု၍နေကြကုန်လော့၊ မိမိကိုယ်ကို ကိုးကွယ်ရာပြု၍နေကြ၊ မိမိမှတစ်ပါး အခြားတစ်စုံတစ်ရာကို ကိုးကွယ်ရာမထားကြနှင့်' စသည်ဖြင့် မိမိကိုယ်တွင်းသန္တာန်၌ကောင်းသော, အပြစ်ကင်းသောကုသိုလ်တရားကို မွေးမြူ၍ အားထားကိုးကွယ်ကြရန် လမ်းညွှန်မိန့်မြွက်တော်မူသည်တို့ကိုလည်း ထောက်ဆရန်ဖြစ်ပါသည်။*၁ သံ၊ ၂။၃၅၅။ ခု၊ ၁။၃၈။

မြတ်စွာဘုရားရှင်တို့၏ သတ္တဝါအပေါ်၌ထားသောမဟာကရုဏာတော်သည် တိုင်းတာနှိုင်းဆ၍ မရသည်မှာ နှန်သော်လည်း သတ္တဝါတို့၏အကြိုက်ကိုလိုက်၍ချည်းနေသော မဟာကရုဏာတော်မျိုးကား မဟုတ်။

သာဓကဆောင်ရလျှင် နိဂဏ္ဌာပုတ္တဆရာကြီး၏တပည့် အဘယမင်းသားသည် မိမိ၏နို့စို့အရွယ်သားကလေးကို ရင်ခွင်မှာထား၍ မြတ်စွာဘုရားထံသို့အဖူးမြော်ရောက်လာ၏။ ထိုအခါ မြတ်စွာဘုရားက 'မင်းသား...၊ သင်မင်းသားကိုယ်တိုင် အမှုမဲ့အမှတ်မဲ့ရှိနေတုန်းဖြစ်စေ၊ အထိန်းတော်များ အမှုမဲ့အမှတ်မဲ့ရှိနေတုန်းဖြစ်စေ၊ ဤကလေးသည် သစ်သားစကလေး, အိုးခြမ်းကွဲအစကလေး စသည် ပါးစပ်ထဲထည့်လိုက်လျှင် ထိုကလေးကို ဘယ်သို့လုပ်ကြမည်နည်း' ဟုမေးရာ၊ မင်းသားက 'မြတ်စွာဘုရား...၊ ကလေးထိုသို့ပြုမူမည်ကိုသိကြသည်နှင့် အလျင်အမြန်ဆွဲထုတ်ပါမည်၊ အကယ်၍ လွယ်လွယ်နှင့်မရပါက လည်ချောင်းထဲမှသွေးထွက်စေကာမူ ကော်၍ ထုတ်ရပါမည်၊ အဘယ့်ကြောင့်ဤသို့ပြုလုပ်ကြသနည်းမူ ကလေးကိုသနားသောကြောင့်ဖြစ်ပါသည်ဘုရား' ဟု လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက 'မင်းသား၊ ဤကဲ့သို့ငါဘုရားသည်လည်း သတ္တဝါတို့ကို ဤသို့ပင် သနားခြင်းကရုဏာထားတော်မူ၏' ဟု စကားခြောက်ခွန်းရှိပုံကိုရှင်းလင်းပြီးလျှင် 'အကြင်စကားသည် ဟုတ်လည်း ဟုတ်မှန်၏၊ အကျိုးစီးပွားလည်းရှိ၏။ တစ်ပါးသောသူတို့ကား နှစ်သက်မည်မဟုတ်၊ သို့သော်လည်း ထိုစကားမျိုးကို ငါဘုရားသည် ပြောသင့်သောအခါကိုသိ၍ ပြောတော်မူသည်' ဟူ၍ မိန့်ကြားတော်မူပါသည်။ မ၊ ၂။၅၄၄။

မြတ်စွာဘုရားရှင်၏ သတ္တဝါတို့အပေါ်၌ထားသောမဟာကရုဏာသည် သတ္တဝါတို့၏အကြိုက်ကိုဆောင်သော ကရုဏာမျိုးမဟုတ်၊ လမ်းကောင်းလမ်းမှန်ပေါ်လျှောက်လှမ်းနိုင်ရန်အတွက် ထိန်းမတ်ကူညီစောင့်ရှောက်သော ကရုဏာတော်မျိုးသာဖြစ်၏။

ထိုနည်းတူစွာပင် ဗောဓိသတ္တဘုရားအလောင်းသည်လည်းကောင်း သတ္တဝါတို့ပြုပြုသမျှသောအကုသိုလ်ကံအညစ်အထေးတို့၏အပြစ်တို့ကို ထိုသတ္တဝါတို့၏ကိုယ်စား တစ်ကိုယ်တည်းခေါင်းခံကာ သတ္တဝါတို့၏အကျိုးကို ဆောင်သည့် ကယ်တင်ရှင်မျိုးမဟုတ်ကြောင်းကို တင်ကြွ၍သိထားရန်ဖြစ်၏။

ဘုရားအလောင်းပုဂ္ဂိုလ်သည် မဟာကရုဏာတော်ကိုရင်ဝယ်ပိုက်ထားခြင်းကြောင့်ပင် သတ္တဝါတို့ကို သံသရာဝဋ်မှကျွတ်လွတ်အောင် ကယ်တင်လိုသောဆန္ဒပြင်းပြတော်မူပါ၏။ သို့အတွက်ကြောင့် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကြာသီးထလုခမန်း ပါရမီတို့ကိုအံ့ဖွယ်ဖြည့်ကျင့်တော်မူခဲ့ပါသည်။ စင်စစ် ဘုရားအလောင်းကြီးများသည် မိမိတို့ရည်စူးထားသောသမ္မာသမ္ဗောဓိတရားတော်ကြီးရရန်အတွက် ဆိုင်ရာပါရမီတော်တို့ကိုဖြည့်ရင်း သတ္တဝါတို့၏အကျိုးကိုပါရွက်ဆောင်နေကြခြင်းဖြစ်သည်။

ဘုရားအလောင်းတော်ဘဝ ပါရမီဖြည့်ဆည်းနေသောအချိန်၌ သတ္တဝါတို့၏အကျိုးကိုဆောင်နိုင်မှုသည် တစ်စိတ်တစ်ဒေသမျှသာဖြစ်သည်။ ပါရမီအပြည့်အစုံဖြည့်ဆည်းပြီး၍ ဘုရားဖြစ်တော်မူလာသောအခါ၌ကား

*၁ (က) အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ အတ္တသရဏာ အနညသရဏာ– သံ၊ ၂။၃၅၅။
(ခ) အတ္တာ ဟိ အတ္တနော နာထော၊ ကော ဟိ နာထော ပရောသိယာ– ဓမ္မပဒ၊။ ခု၊ ၁။၃၇၇။

http://www.dhammadownload.com

ပြုဖွယ်ကိစ္စခပ်သိမ်းငြိမ်းလေပြီဖြစ်ရာ လူနတ်ပြဟ္မာသတ္တဝါတို့၏မျက်မှောက်သံသရာအကျိုးနှစ်ဖြာကိုသာလျှင် ဗုဒ္ဓကိစ္စငါးပါးတို့ဖြင့် နေ့ညမနား နောက်ဆုံးမဟာပရိနိဗ္ဗာန်ပြုတော်မူသည့်ချိန်တိုင် ဆောင်ရွက်တော်မူပါသည်။ ထေရဝါဒဗုဒ္ဓဘာသာဝင်တို့က သတ္တဝါတို့၏အကျိုးကိုဆောင်ရာ၌ ဘုရားအလောင်းထက် သဗ္ဗညုတဉာဏ်တော်ရှင် မြတ်စွာဘုရားကသာလွန်သည်ဟု ယုံကြည်မှတ်ယူထားကြပြီးဖြစ်သည်။

ဗောဓိသတ္တဘုရားအလောင်းအဖြစ်မှ ပါရမီတော်ဖြည့်ဆည်း၍ ကိစ္စပြီးမြောက် သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်ရောက်သော သဗ္ဗညုတမြတ်စွာဘုရားရှင်ကို တာရယိတုပုဂ္ဂိုလ်ဟုခေါ်ဆိုရသည်။ တာရယိတုပုဂ္ဂိုလ်ဆိုသည်မှာ ကိုယ်တိုင်လည်းသံသရာမှကူးမြောက်၍ ဝေနေယျတို့ကိုလည်း ထုတ်ဆယ်ကယ်တင်ကူးမြောက်စေရာ၌ အတုမရှိသော အမြတ်ဆုံးပုဂ္ဂိုလ်ဟုဆိုလိုသည်။ တာရယိတုပုဂ္ဂိုလ်အဖြစ်သို့ရောက်ဖြစ်မှသာ ဝေနေယျဟုဆိုအပ်သော ကျွတ်ထိုက် သောပုဂ္ဂိုလ်တို့ကို လမ်းညွှန်ပြသဆုံးမကာ သံသရာဝဋ်ဒုက္ခဘေးတို့မှ အဆုံးစွန်ကယ်တင်နိုင်လေသည်။[*၁]

ထို့ပြင် ဘုရားအလောင်းတို့မည်သည် ပါရမီတော်ဖြည့်ကြရာ၌ မဟာကရုဏာတရားနှင့်အတူ ဥပါယကောသလ္လဉာဏ်ကိုလည်း အခြေခံထားပေ၏။ ဥပါယကောသလ္လဉာဏ်ဟူသည်ကား မိမိပြုလုပ်သော ဒါနမှု, သီလမှုတို့ကို သဗ္ဗညုတဉာဏ်တော်ရရေးအတွက် ဥပနိဿယအထောက်အပံ့ဖြစ်ရန် ရည်သန်တောင့်တ တတ်သောဉာဏ်ပင်ဖြစ်သည် (တစ်နည်း) မိမိပြုသမျှသောကောင်းမှုတို့အတွက် သဗ္ဗညုတဉာဏ်ရဖို့ရန်သာ ရည်သန်တောင့်တမှုဆုတောင်းခြင်း၌ လိမ္မာသိမြင်သောပညာပင်ဖြစ်သည်။ ဘုရားအလောင်းပုဂ္ဂိုလ်တို့သည် မိမိတို့ပြုပြုသမျှအမှုတို့အတွက် သဗ္ဗညုတဉာဏ်တော်ရရန်မှတစ်ပါး ဝဋ်ဆင်းရဲ၌အကျုံးဝင်သည့် မည်သည့် ချမ်းသာကိုမျှ မတောင့်တကြပေ။

သို့ပါ၍ ထေရဝါဒဗုဒ္ဓဘာသာဝင်တို့အနေဖြင့် ဘုရားအလောင်းဖြစ်လိုသောပုဂ္ဂိုလ်သည် မဟာကရုဏာနှင့် ဥပါယကောသလ္လဉာဏ် ဤအရင်းခံတရားကြီးနှစ်ပါးကိုအခြေခံထား၍ ဒါန,သီလအစရှိသော ပါရမီဆယ်ပါးတို့ကိုဖြည့်ဆည်းရမည်ဟု လက်ခံထားကြသည်။

ဘုရားဆုပန်ခြင်း

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့သည် သိဝိမင်း, မဟာဇနက္ကမင်း, ဝေဿန္တရာမင်းမှစ၍ ငါးရာ့ငါးဆယ်နိပါတ်တော်လာ အလောင်းတော်ကြီးတို့ကို အလွန်အားရ နှစ်ခြိုက်ကြည်ညိုကြသည်ဖြစ်ရာ၊ ထိုဘုရားအလောင်းကြီးတို့ကိုအားကျပြီး ဘုရားအလောင်းဆု(တစ်နည်း)ဘုရားဆု(တစ်နည်း)ဆုကြီးပန်မှုကို မတောင့်တဘဲ,မတောင်းခံဘဲ နေကြသလောဟု မေးဖွယ်ရှိ၏။

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ရည်မှန်းချက်တွင် မဂ်ဖိုလ်နိဗ္ဗာန်ကိုမျက်မှောက်ပြုရန် အရေးအကြီးဆုံးဖြစ်၏။ ထိုမဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုရာ၌ သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်နှင့်လည်းပြိုင်၏။ ပစ္စေကဗုဒ္ဓ, အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝက (လူ၊ နတ်၊ ဗြဟ္မာဘဝ)အဖြစ်ဖြင့်လည်းပြိုင်၏။ အကယ်၍ ဘုရားဆုပန်သူဖြစ်ခဲ့လျှင် ဆိုင်ရာဘုရားအလောင်းအမျိုးအစားကိုလိုက်၍ သတ်မှတ်ထားသောကာလအတိုင်းပါရမီဖြည့်ကာ ဘုရားအဖြစ်ကိုရပြီးမှသာ နိဗ္ဗာန်ကိုမျက်မှောက်ပြုရပေလိမ့်မည်။ ထို့အတူ ပစ္စေကဗုဒ္ဓ, အဂ္ဂသာဝက စသည့် ပုဂ္ဂိုလ်တို့သည်လည်း နဂိုဆုတောင်းထားရင်းအဓိဋ္ဌာန်အတိုင်း ပါရမီများကိုပြည့်စုံအောင်ဖြည့်ကြပြီးမှ မျှော်မှန်းထားသော ဗောဓိဆုအလိုပြည့်ကြပြီး မဂ်ဖိုလ်နိဗ္ဗာန်ကိုမျက်မှောက်ပြုကြရ၏။ ဗုဒ္ဓဘာသာဝင်တို့၏ပန်းတိုင်ဟု

[*၁] ယဒါ အဌာရသဒေဝတာကောဋိသဟဿေဟိ ပဋ္ဌဝဂ္ဂိယာနံ အဓိဂမပါနံ အဒါသိ၊ တတော ပဋ္ဌာယ တာရယိ နာမာတိ ဝုစ္စတိ– ဗုဒ္ဓဝံသ၊ဋ္ဌ၇၃။

http://www.dhammadownload.com

ဆိုအပ်သော ထိုမင်္ဂလိနိဗ္ဗာန်ရောက်ခြင်းရခြင်း၌ အတူတူပင်ဖြစ်ရာ၊ ဆုပန်ဆင်မှုကိုလိုက်၍ ပါရမီဖြည့်ကျင့်ရခြင်းသာ ကွာခြားကြကုန်၏။ သို့ဖြစ်၍ မင်္ဂလိနိဗ္ဗာန်ရခြင်းအတူတူ မိမိ၏စွမ်းအားဗလကိုကြည့်၍ ငါသည် သူတစ်ပါး အကျိုးစီးပွားကိုဆောင်နိုင်သူ ဟုတ်,မဟုတ် စဉ်းစားဝေဖန်ပြီးမှ ဘုရားဆုစသည်ကိုပန်မှသင့်လျော်မည်ဟု ထေရပါဒဗုဒ္ဓဘာသာဝင်တို့ ထင်မြင်ယူဆကြလေသည်။

မိမိ၌စွမ်းအားဗလမပြည့်စုံပါဘဲ တစ်ပါးသူတို့၏အကျိုးကိုဆောင်အံ့(တစ်နည်း)သတ္တဝါတို့ကို ကယ်တင်အံ့ဟူ၍ ဆုပန်ခြင်းငှာ မသင့်ပေ။ အချို့ကမူ ဗုဒ္ဓဝင်ပါဦတော်၌လာသော သုမေဓာရှင်ရသေ့၏ 'ငါတစ်ယောက်တည်း တစ်ကိုယ်ကောင်းပြု၍ သံသရာကကူးမြောက်သဖြင့် အဘယ်အကျိုးရှိအံ့နည်းဟုကြံစည်တော်မူပုံ'တို့ကို ဖတ်ရှုကြည်ညိုပြီး 'တစ်ကိုယ်တည်း လွတ်အောင်ကြံခြင်းမျိုးသည် မမြင့်မြတ် ယုတ်နိမ့်သောအမှုဖြစ်၏။ မိမိတစ်ကိုယ်တည်းကောင်းစားဖို့ ကိုယ်ကျိုးသက်သက်(အတ္တဟိတ)ကို မကြည့်ရ၊ သုမေဓာရှင်ရသေ့ကဲ့သို့ အများအကျိုးကိုကြည့်၍ မြင့်မြတ်သူတို့၏အကျင့်လမ်းစဉ်ဖြစ်သော ပါရမီကိုဖြည့်ကျင့်သင့်၏'ဟု စိတ်အကြံမြင့်မားစွာဖြင့် ဘုရားအလောင်းသုမေဓာလမ်းစဉ်သို့လိုက်လိုကြ၏။*၁

ဤနေရာ၌ ဘုရားအလောင်းဆုပန်ဆင်သူတို့ သတိပြုရန်အချက်တစ်ရပ်မှာ ဘုရားအလောင်းပုဂ္ဂိုလ်တိုင်း၌ရှိရမည့် 'ဆန္ဒတာ'ဟူသောအင်္ဂါရပ်မှာ ဘုရားဖြစ်ချင်ရုံ၊ သတ္တဝါတို့ကိုကယ်တင်နိုင်ရုံ၊ တရားဓမ္မဟောကြားပြသချင်ရုံ စိတ်ဆန္ဒမျိုးကိုဆိုလိုသည်မဟုတ်ပေ။ သတ္တဝါတို့အား ဓမ္မအလင်းဆောင်နိုင်ရေးအတွက် သမ္ဘည္ဇတဟူသော ဘုရားဉာဏ်တော်ကြီးရရန် စည်းစိမ်ဥစ္စာ,ဇနီးမယား သမီးသားမှအစ တိုင်းနိုင်ငံအထိ စည်းစိမ်ဟူသမျှကို စွန့်နိုင်ရမည်၊ ကိုယ်လက်အင်္ဂါမျက်လုံးမှအစ အသွေးအသားတို့ကိုလည်းစွန့်နိုင်ရမည်၊ အဆုံးစွန် မိမိ၏အသက်ကိုပင် စွန့်ရမည်။ ဤသို့စွန့်ရာတွင်လည်း တစ်ကြိမ်မဟုတ်၊ အကြိမ်ကြိမ်မဟုတ်၊ ဘဝအိုးအိမ်စည်းစိမ်အကြိမ်ကြိမ် အသချေအနန္တ မရေမတွက်နိုင်အောင်ဖြစ်ပေလိမ့်မည်။ သို့စွန့်ခြင်းကြီးအမျိုးမျိုးကို စွန့်ရပါသော်လည်း ဘုရားဖြစ်လိုသောစိတ်ဆန္ဒမှာ မတွန့်မဆုတ်ဟူသောဆန္ဒမျိုးဖြစ်မှသာ ဘုရားအလောင်းစင်စစ်ကောန် အမှန်ဖြစ်ပေလိမ့်မည်။

စကြဝဠာတိုက်လုံးအပြည့် မီးကျီးလုံးသွားအပြည့်ထား၍ 'ဤမီးကျီးလုံးသွားတို့ကိုလည်း မဆုတ်မနစ် လွန်မြောက်အောင်ကူးခတ်နိုင်မှ သမ္ဘည္ဇတဉာဏ်တော်ကိုရမည်(တစ်နည်း)ဘုရားဖြစ်မည်'ဟုဆိုပါက ထိုစကြဝဠာတိုက်လုံးအပြည့်ရှိသော မီးကျီးလုံးသွားတို့ကိုအမှုမထားဘဲ မဆုတ်မနစ်ကူးခတ်၍ ဘုရားအဖြစ်ကိုသာ ရယူလိုသော ကုသိုလ်ဆန္ဒ ပြင်းထန်ရပေလိမ့်မည်။ စင်စစ် ဘုရားအလောင်းတို့ထမ်းဆောင်သောဝန်ကို အခြားမည်သူမျှ ထမ်းဆောင်နိုင်လိမ့်မည်မဟုတ်ပေ။

ဘုရားလောင်းပုဂ္ဂိုလ်တို့ ဘုရားအဖြစ်ရောက်ရန် ဖြည့်စွမ်းရမည့် ပါရမီစာရစရိယအကျင့်တို့ မြားမြောင်လှုပ်ကို ဥပမာပေးစရာမရှိကြောင်း–စသည်ဖြင့် ဓနာလင်္ကာရကျမ်းပြုဆရာတော်က ဂါထာရေးဖွဲ့သည်မှာ–

မဟာသမုဒ္ဒေ ဇလဗိန္ဒုတောပိ၊
တဒန္တရေ ဇာတိ အနုပ္ပကာဝ။
နိရန္တရံ ပူရိတပါရမီနံ၊
ကထံ ပမာဏံ ဥပမာ ကုဟိ ဝါ။*၂

*၁ မဟာဗုဒ္ဓဝင်ကျမ်း။ ပထမတွဲ၊ ပထမပိုင်း။ (စာမျက်နှာ–၂၇)။

*၂ အမှင့်ဗုဒ္ဓရက္ခိတမထေရ်၏ဓနာလင်္ကာရဋီကာပါဠိ။ ၁၉၄၀–ပြည့်နှစ်။ (စာမျက်နှာ–၁၆၁)။

http://www.dhammadownload.com

မဟာသမုဒ္ဒေ= မဟာသမုဒ္ဒရာ၌၊ ဇလဗိန္ဒုတောဝိ= ရေပေါက်ထက်လည်း၊ တဒန္တရေ= ထိုနိယတဗျာဒိတ်ခံယူရာ ရှေးဦးအစ သုမေဓာအလောင်းတော်ဘဝနှင့် သမ္ဘာဝံရင့် နောက်ဆုံး ဖြစ်သော ဝေဿန္တရာအလောင်းတော်ဘဝအကြား၌၊ ဇာတိ= ဖြစ်တော်မူဘဝပေါင်းသည်၊ အနုပုဗ္ဗကာဝ= များလှသည်သာတည်း။ နိရန္တရံ= မခြားမလပ် ဘဝမပြတ်ဘဲ၊ ပူရိတပါရမီနံ= ဖြည့်ကျင့်ဆည်းပူး ပါရမီထူးတို့၏။ ပမာဏံ= အတိုင်းအရှည်ပမာဏသည်၊ ကထံ= အဘယ်မှာ ရှိအံ့နည်း။ ဥပမာ ဝါ= နှိုင်းယှဉ်ဖွယ်ရာဥပမာသည်လည်း၊ ကုဟိ= အဘယ်မှာရှိရာအံ့နည်း– ဟူ၍ဖြစ်ပါသည်။

သို့ပါ၍ ထေရဝါဒဗုဒ္ဓဘာသာဝင်တိုင်းသည် ထိုဗောဓိသတ္တဝေါ် ဘုရားအလောင်းဆုကို လူတိုင်းကိုယ်စီ မပန်ဆင်ကြဘဲ အလွန်ထက်သန်သောပုဂ္ဂိုလ်တို့မှသာ ဘုရားအလောင်းဆုပန်ဆင်မှုကို ပြုကြသောအလေ့ ရှိကြောင်း အနှစ်ချုပ်တင်ပြလိုပေသည်။

(ခ) ဟီနယာနဝါဒဗုဒ္ဓဘာသာဝင်တို့၏ဘုရားအလောင်းအယူအဆ

ဟီနယာနဂိုဏ်းဆိုသည်မှာ မဟာယာနဗုဒ္ဓဘာသာဂိုဏ်းက မိမိတို့လမ်းစဉ်နှင့်မတူသော သရ်ဝါသ္တိဝါဒ (သဗ္ဗတ္ထိဝါဒ)ဂိုဏ်း၊[*၁] သုတ္တန္တိကဝါဒဂိုဏ်း[*၂] နှင့် မဟာသံဃိကဂိုဏ်းတို့ကိုခေါ်ဝေါ်ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ဟီနယာနဗုဒ္ဓဘာသာဂိုဏ်းသည် 'မိမိမှတစ်ပါး အခြားသောပုဂ္ဂိုလ်သတ္တဝါတို့အား ဒုက္ခဆင်းရဲမှ ကယ်တင်ရန်ဆန္ဒမရှိသောလမ်းစဉ် (တစ်နည်း) သာဝကလမ်းစဉ်၊ ပစ္စေကဗုဒ္ဓါလမ်းစဉ်' ဟု ဗုဒ္ဓဘာသာဆိုင်ရာ အဘိဓာန်ကျမ်းတို့၌ဖော်ပြထားတ၏။[*၃]

မဟာယာနဗုဒ္ဓဘာသာစာပေပညာရှင်အချို့က 'သတ္တဝါတို့အားကယ်တင်ရန်ဆန္ဒမရှိဘဲ မိမိတစ်ကိုယ် တည်းသာ နိဗ္ဗာန်သို့ဝင်စံလိုသော ဟီနယာနဗုဒ္ဓဘာသာဂိုဏ်းနှင့် သတ္တဝါအားလုံးကိုကယ်တင်ပြီးမှ နိဗ္ဗာန်သို့ ဝင်စံလိုသော မဟာယာနဗုဒ္ဓဘာသာအယူအဆကွဲပြားမှုသည် မြတ်စွာဘုရားရှင် သမ္ဗညုတညာဏ်တော်ရစ အခါကပင် ပေါ်ထွန်းခဲ့ခြင်းဖြစ်သည်' ဟု ရေးသားခဲ့ပါသည်။[*၄]

ဤအချက်နှင့်စပ်လျဉ်း၍ သုတ္တပိဋကဝါ၊ ခုဒ္ဒကနိကာယ၊ ဥဒါနပါဠိတော်လာ ဗောဓိဝဂ္ဂ (ခ၊ဃ၊ရဂု။)၊ မုစလိန္ဒဝဂ္ဂ (ခ၊ဃ၊စရိ။) စသည်တို့၌ ဘုရားရှင်သမ္ဗညုတညာဏ်တော်ကိုရတော်မူစအခါက ဖြစ်တော်စဉ်တို့ကိုလေ့လာရာတွင် မဟာယာနဗုဒ္ဓဘာသာစာပေပညာရှင်တို့ ရည်ညွှန်းထားသည့် ဟီနယာနနှင့် မဟာယာန နှစ်ဂိုဏ်းကွဲပြားစေ သောအဖြစ်အပျက်ကို မတွေ့ရပေ။ သို့ပါသော် ဝိနယပိဋက၊ မဟာဝဂ္ဂပါဠိတော်၊ မဟာခန္ဓကလာ ဗြဟ္မယာစန ကထာကိုလေ့လာသောအခါ၌ မြတ်စွာဘုရားရှင်သည် သတ္တဝါတို့ကိုတရားဟောကြားရန် အကြောင်းနှင့်စပ်၍ စိတ်ကူးကြံစည်တော်မူပုံတွင် အောက်ပါအချက်တို့ကိုတွေ့ရပါသည်။

မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်သည်မှ သတ္တသတ္တာဟ (၄၉)ရက်လွန်မြောက် ရက်ပေါင်း (၅၀)သို့အရောက် အဇပါလညောင်ပင်ရင်း၌ ထက်ဝယ်ဖွဲ့ခွေကိန်းစံနေတော်မူစဉ် မြတ်စွာဘုရား အား ဤသို့စိတ်အကြံဖြစ်တော်မူခဲ့၏။

---

*၁ J. Takakusu' The Essentials of Buddhist Philosophy. 1956. Page-57.

*၂ J. Takakusu' The Essentials of Buddhist Philosophy. 1956. Page-74.

*၃ A Dictionary of Chinese Buddhist Terms. Page-54;

*၄ Beatrice Lane Suzuki' Mahayana Buddhism. 1963. Page-21.

http://www.dhammadownload.com

ငါသိမြင်အပ်သော ဤသစ္စာလေးပါးတရားအစုသည် နက်နဲလှစွာ၏။ မြင်နိုင်ခဲလှစွာ၏။ လွန်စွာသိနိုင်ခဲလှစွာ၏။ ငြိမ်းချမ်းလှစွာ၏။ မွန်မြတ်လှစွာ၏။ ကြဲစည်၍ သိနိုင်, သိအပ်သော တရားမျိုးမဟုတ်၊ ဉာဏ်ပညာဖြင့်သာ သက်ဝင်ကျက်စားနိုင်သော တရားဖြစ်၏။ အကျင့်မှန်ကို ကျင့်ကြံကုန်သော ပညာရှိတို့သာ သိမြင်အပ်သောတရားဖြစ်၏။ သတ္တဝါတို့သည်ကား အာရုံငါးပါးကာမဂုဏ်တရားတည်းဟူသော ကာမာလယ၊ ထိုကာမဂုဏ်ငါးပါးကိုမှီဝဲသုံးဆောင်တတ်သော တဏှာလောဘတည်းဟူသော တဏှာလယ– ထိုတရားနှစ်ပါးတို့၌ မွေ့လျော်ပျော်ပိုက် ခုံမင်၍နေကြလေရာ အကြောင်းအကျိုးဆက်စပ်ဖြစ်ပွားသည့် ဤပဋိစ္စသမုပ္ပါဒ်တရားကို သိမြင်နိုင်ခဲလှစွာ၏။ ထို့ထက် နိဗ္ဗာန်တရားကိုကား သာ၍ပင် သိမြင်နိုင်ခဲလှစွာ၏။ ငါဘုရားကလည်း ထိုမျှလောက်နက်နဲသောတရားကို ဟောကြားအံ့– ဤခန္ဓာနှင့်သူ မကျွတ်ထိုက်သူ နတ်လူတို့ကလည်း ထိုတရားကိုမသိမြင်နိုင်လျှင် ငါဘုရားတွက်တာ ပင်ပန်းနွမ်းနယ်ရုံသာဖြစ်လေရာ၏–ဟုဖြစ်သည်။*၁ ဝိ၊ ၃။ ၅။

ဤနေရာ၌ မြတ်စွာဘုရားရှင်သည် နတ်လူသတ္တဝါတို့အား တရားဟောရန် ဝန်လေးနေတော်မူခြင်း၌ အကြောင်းအချက် သုံးချက်ရှိလေသည်။ ထိုသုံးချက်တို့မှာ–

၁။ သတ္တဝါတို့၏သန္တာန်၌ကိလေသာထူပြောမှု ဟူသောအကြောင်း၊

၂။ တရားတော်၏အလွန်နက်နဲမှု ဟူသောအကြောင်းနှင့်

၃။ ကိုယ်တော်မြတ်၏တရားတော်၌အလွန်ရှိသေမှု ဟူသောအကြောင်းသုံးရပ်တို့ဖြစ်လေသည်။

ထိုအကြောင်းသုံးရပ်တို့ကြောင့် မြတ်စွာဘုရားရှင်သည် သတ္တဝါတို့အား လောလောဆယ်တရားဟောရန် အရေးကို အားထုတ်ကြောင့်ကြမှုမပြုသေး–ဟု စိတ်အကြံအစည်ဖြစ်ရုံမျှသာတည်း။ 'သတ္တဝါတို့အား ငါဘုရားသည် လုံးဝတရားမဟောတော့'ဟု စိတ်အားလုံးလုံးလျှော့ချလိုက်ခြင်းမျိုးကား မဟုတ်ပေ။*၂

မြတ်စွာဘုရားရှင်ထံပါးသို့ ထိုခဏ၌ပင် သဟမ္မတိဗြဟ္မာကြီးရောက်ရှိလာပြီး 'မြတ်စွာဘုရားရှင် ဟောကြားမည့်တရားတော်ကို သိမြင်နားလည်နိုင်သောသူတို့သည်လည်း ထင်ရှားဖြစ်ပေါ်ကြပါကုန်လိမ့်ဘုရား'ဟု သုံးကြိမ်တိုင်တိုင်လျှောက်ထားသောအခါ မြတ်စွာဘုရားရှင်က သတ္တလောကကို အာသယာနုသယဉာဏ်, ဣန္ဒြိယပရောပရိယတ္တဉာဏ်ဟူသော ဗုဒ္ဓစက္ခုအစုံဖြင့်ကြည့်ရှုတော်မူရာ ဥဒ္ဒေသအကျဉ်းမျှဟောရုံဖြင့် ကျွတ်ထိုက်သော ဥဂ္ဃဋိတညူပုဂ္ဂိုလ်၊ အကျယ်ဝိတ္ထာရနိဒ္ဒေသပဒဘာဇနီခဲ့ထွင်ဟောမှ ကျွတ်ထိုက်သော ဝိပဉ္စိတညူပုဂ္ဂိုလ်၊ ကလျာဏမိတ္တအမှီရ၍ နောက်နောင်ကာလ၌ကျွတ်တမ်းဝင်မည့် နေယျပုဂ္ဂိုလ်၊ အထုံဝါသနာပါရုံသာဖြစ်သော ပဒပရမပုဂ္ဂိုလ်ဟု ပုဂ္ဂိုလ်လေးမျိုးလေးစားကိုမြင်တော်မူပြီး 'ငါကား တရားကိုဟောတော့အံ့'–ဟု ကြဲစည်တော်မူပါသတည်း။ ဝိ၊ မဟာဝ၊ ၁။

မြတ်စွာဘုရားရှင်သည် ဝေနေယျတို့အား တရားဟောကြားတော်မူရန်အတွက် ထိုအချိန်ကာလောကာ၌ အထွတ်အမြတ်ဖြစ်နေသောဗြဟ္မာ၏ တောင်းပန်လျှောက်ထားခြင်းကိုအလိုရှိတော်မူသဖြင့် [illegible]

---

*၁ ဤသို့ မြတ်စွာဘုရား၏ကြဲစည်ပုံကို အသွယောသ၏ဗုဒ္ဓစရိတ (အခန်း–၁၄၊ ဂါထာ–၁၀၁ မှ ၁၀၇)၌ တွေ့ရ၏။ Samuel Beal (Tr.)' The Life of Buddha. 1945. Page-378. ဦးသော်ဓင်၏ဗုဒ္ဓစရိတ(မြန်မာပြန်)။ ၁၉၇၃–ခုနှစ်။ (စာမျက်နှာ–၄၅၄)။

*၂ မဟာဗုဒ္ဓဝင်ကျမ်း၊ ဒုတိယတွဲ။ (စာမျက်နှာ–၄၀၂)။

http://www.dhammadownload.com

နည်းအတိုင်း 'တရားဟောအံ့လော–မဟောဘဲနေအံ့လော'ဟု ကြံစည်နေတော်မူခြင်းဖြစ်ပါသည်။ သဟမ္မတိ ဗြဟ္မာကြီးရောက်လာ၍ တရားဟောကြားရန် လျှောက်ထားတောင်းပန်လာသောအခါ၌ကား ဗြဟ္မာတောင်းပန်ခြင်း ဟူသော ဓမ္မတာကိစ္စ*၁ လည်းပြည့်စုံပြီဖြစ်ရာ သတ္တဝါတို့အားတရားဟောတော်မူမည်ဟု အကြံအစည်ဖြစ်တော်မူလေသည်။

သို့ပါ၍ ဝိနည်းမဟာဝါပါဠိတော်လာ ဗြဟ္မယာစနကထာကို အကိုးအကားအထောက်အထားပြုပြီး ဘုရားဖြစ်စအခါကပင် သတ္တဝါတို့အား ဝဋ်သုံးပါးမှမကယ်တင်ဘဲ တစ်ကိုယ်တည်းအေးအေးချမ်းချမ်းနေကာ နိဗ္ဗာန်သို့ဝင်စံမည့်လမ်းစဉ်(တစ်နည်း) ဟီနယာနလမ်းစဉ်နှင့် သတ္တဝါအားလုံးတို့ကိုကယ်တင်ပြီးမှ နိဗ္ဗာန်သို့ဝင်စံမည့်(တစ်နည်း) မဟာယာနလမ်းစဉ်တို့ပေါ်ထွန်းလာသည်ဟုဆိုလျှင်ကား သင့်မည်မထင်ပါ၊ ထင်လောက်စရာအကြောင်းလည်းမရှိဟု ယူဆမိပါသည်။

ဟီနယာနဂိုဏ်းဟုအခေါ်ခံရသော မဟာသံဃိကအစရှိသောဂိုဏ်းတို့သည် ဘုရားရှင်မဟာပရိနိဗ္ဗာန်စံပြီး အနှစ်(၁၀၀)ကာလအကြာ ပထမသံဂါယနာတင်ပွဲပြီးသည့်နောက်တွင် မူလထေရဝါဒဂိုဏ်းကြီးမှ ရှေးဦးဆုံး ခွဲထွက်ခဲ့သော ဗုဒ္ဓဘာသာဂိုဏ်းကွဲများဖြစ်လေသည်။ စင်စစ် ဟီနယာနဂိုဏ်းဟု ရှေးဦးပထမသမုတ်ခံရသော ဝဇ္ဇီရွာသား မဟာသံဃိကဂိုဏ်းသားတို့သည် ဒုတိယသံဂါယနာတင်ပွဲကာလအတွင်း ဝိနည်းဆယ်ပါး(ဒသဝတ္ထုက) တီထွင်ပြဋ္ဌာန်းခြင်းကိုအကြောင်းပြု၍ မူလထေရဝါဒဂိုဏ်း ရဟန္တာမထေရ်ကြီးတို့က မိမိတို့အား သံဃာ့ကံထား၍ သာသနာတော်မှသန့်စင်ခဲ့သည်ကို ရန်ငြိုးဖွဲ့ပြီး 'ရဟန္တာဆိုသည်မှာ ကိလေသာမကုန်သေး၊ သံယောဇဉ် မကုန်သေး၊ ထို့ကြောင့် ဘက်လိုက်မှုကိုပြုတတ်သေး၏၊ အမှားကိုလည်းပြုတတ်သေး၏'စသည်ဖြင့် အရိယာဂုဏ်ယုတ်လျော့အောင် ဝေဖန်ပြောဆိုကြပြီးလျှင်၊ မိမိတို့သည် ထိုပထမသံဂါယနာတင်ရဟန္တာအိုကြီးများ၏ ရဟန္တာလမ်းစဉ်(ဝါ)သာဝကလမ်းစဉ်ကိုမလိုက်လိုကြကြောင်း ထုတ်ဖော်ကြေညာခဲ့ကြ၏။

နိဗ္ဗာန်မဂ်ဖိုလ်ကိုမျက်မှောက်ပြုကြရာ၌ သမ္မာသမ္ဗုဒ္ဓဘုရားလမ်းစဉ်၊ ပစ္စေကဗုဒ္ဓလမ်းစဉ်နှင့် သာဝကလမ်းစဉ်–ဟု လမ်းသုံးသွယ်ရှိရာတွင် သာဝကလမ်းစဉ်ကို မလိုက်လိုဘဲပယ်လိုက်ပါက သမ္မာသမ္ဗုဒ္ဓလမ်းစဉ်နှင့် ပစ္စေကဗုဒ္ဓါလမ်းစဉ်ဟူသော လမ်းနှစ်သွယ်သာကျန်ပေလိမ့်မည်။ ထိုလမ်းနှစ်သွယ်တွင်လည်း အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗုဒ္ဓလမ်းစဉ်ကို မဟာသံဃိကဂိုဏ်းသားတို့က ရွေးချယ်ရန်ဆန္ဒရှိကြမည်ဖြစ်သော်လည်း အစဦးပိုင်းတွင် မူလဖြစ်သောထေရဝါဒဂိုဏ်း၏အယူဝါဒများစွာ လွှမ်းမိုးနေဆဲကာလဖြစ်၍ သမ္မာသမ္ဗုဒ္ဓလမ်းစဉ်ထက် ကျင့်ကြံအားထုတ်ရမှုကိစ္စတွင် တာဝန်နည်းပါးသော ပစ္စေကဗုဒ္ဓါလမ်းစဉ်ခေါ် ပစ္စေကဗောဓိသတ္တလမ်းစဉ်သို့လိုက်ပါရန် စိတ်အားထက်သန်ခဲ့ကြပုံရလေသည်။ သို့ပါသော် မဟာသံဃိကဂိုဏ်းသားတို့သည် ကာလကြာလာသည့်အခါ ပစ္စေကဗုဒ္ဓါလမ်းစဉ်ထက် အမြတ်ဆုံးဖြစ်သောသမ္မာသမ္ဗုဒ္ဓလမ်းစဉ်ကို ပြောင်းလဲ၍ရွေးချယ်ခဲ့ကြသည်။ ထိုအချိန်အထိ မဟာယာနလမ်းစဉ်ဟု အထင်အရှားမပေါ်ပေါက်သေးပေ။ မဟာသံဃိကဂိုဏ်းသားတို့ မဟာဗောဓိသတ္တယာနခေါ် ဘုရားလမ်းစဉ်ကို ပြည့်ပြည့်ဝဝရွေးချယ်ပြီးသည့်အခါမှစ၍ မဟာယာနလမ်းစဉ်ဖြစ်လာရန် လမ်းစပေါ်ခဲ့ခြင်းဖြစ်သည်။*၂

---

*၁ ဘုရားရှင်တို့၌မွေးတာ(၃၀)ရှိသည်တွင် (၁၄)ခုမြောက်ဓမ္မတာသည် တရားဟောရန် (မဟာ)ဗြဟ္မာမင်း၏တောင်းပန်ခြင်းဖြစ်သည်။ ဗုဒ္ဓဝံသ၊ ၎။ ၃၅၁။ ဤအချက်ကို မိလိန္ဒ၊ ၂၂၆။ ဓမ္မဒေသနာယအဖွေါသုက္ကပဥ္ဉတ္တိအကျယ်ရှုပါ။

*၂ The doctrines of the Mahāsaṅgikas school contain all the basic elements of the developed Mahāyāna- A Brief Glossary of Buddhist Terms. 1963. Page-155.

http://www.dhammadownload.com

လလိတဝိဿရ

ထိုဟိနယာနဗုဒ္ဓဘာသာဂိုဏ်းအနွယ် မဟာသံဃိကဂိုဏ်းဝင်မထေရ်တို့ စဉ်းတီထွင်ရေးသားပြုစုခဲ့ကြသော လလိတဝိဿရ (Lalitavistara) ဗုဒ္ဓဝင်ကျမ်းစာပါဘုရားအလောင်းဆိုင်ရာအကြောင်းအရာအချို့ကို တင်ပြလိုပေသည်။ ထိုကျမ်းကို အေဒီ (၁)ရာစုနှင့် (၂)ရာစုအကြားကာလ၌ စီစဉ်ရေးသားခဲ့သည်ဟု ယူဆကြသည်။[*၁]

လလိတဝိဿရမည်သော ဤကျမ်းကို မဟာနိဒါန်၊ လလိတဝိဿရပုရာဏ'–ဟု ခေါ်တွင်နိုင်ကြောင်းကို ထိုကျမ်းစာသားအတွင်း၌ဖော်ပြထားသည်။ လလိတဝိဿရကျမ်းတွင် အခန်း(၂၇)ခန်းပါရှိပြီး၊ ဂေါတမဘုရားရှင် တုသိတာနတ်ဘုံ၌စံနေသည်မှ လူ့ပြည်သို့သက်ဆင်းကာ မယ်တော်ဝမ်း၌နေပုံ၊ ဖွားတော်မူပုံ၊ အိမ်ယာတည်ထောင်နေပုံ၊ တောထွက်ပုံ၊ ပဓာနစရိယကျင့်ကြံပုံ၊ ဘုရားအဖြစ်ရောက်တော်မူကာ ဓမ္မစကြာတရားဦးဟောတော်မူသည်အထိ ဗုဒ္ဓဝင်ဖြစ်စဉ်တို့ကိုဖော်ပြထားသည်။

ထိုကျမ်း၏အခန်းဖွင့်များ၌ ပါဠိပိဋကတ်တော်လာ ရှင်အာနန္ဒာမထေရ်၏ '၀ံ မေ သုတံ'ဟူသော အစချီပုံစံမျိုးကဲ့သို့ပင် '၀ဝ်မ် မယာ ရုတမ်'ဟု အစချီထားသည်။ ဤကျမ်းကို ဂါထာနှင့်စကားပြေရောစပ်၍ ရေးသားထားပြီး၊ ရေးထားပုံမှာ တရားဟောရှင်းပြပုံဖြစ်၍ ဝေပုလ္လသုတ္တ(Vaipulya Sūtra)ကျမ်းအမျိုးအစားဖြစ်သည်။ လလိတဝိဿရကျမ်းကို အေဒီ ၁–ရာစု၌ တရုတ်ဘာသာသို့ပြန်ခဲ့သည်။ Nanjio ဝိဋကတ်စာရင်း၌ အမှတ်–၁၅၉ နှင့် ၁၆၀ အဖြစ်တွေ့ရသည်။ အေဒီ ၉–ရာစုတွင် တိဗက်ဘာသာတစ်မူ၊ မွန်ဂိုလီယာဘာသာနှစ်မူ ပြန်ဆိုခဲ့ကြသည်။ လလိတဝိဿရဗုဒ္ဓဝင်ဇာတ်လမ်းတို့ကို ဂျာဗား (Java) ကျွန်းတွင် အေဒီ ၈၅၀–၉၀၀ ၌တည်ထားခဲ့သော ဗရဗုဒုရ်(Barabudur)စေတီတော်၌ သရုပ်ဖော်ထားသည်။[*၂]

လလိတဝိဿရကျမ်း၊ အခန်း(၄)တွင် 'ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် တုသိတာနတ်ပြည်မှ လူ့ပြည်သို့ဆင်း၍ မယ်တော်ဝမ်း၌ပဋိသန္ဓေယူအံ့သောကာလတွင် အလျားအနံ ခြောက်ဆယ့်လေးယူဇနာရှိ ဒိမာန်တော်မှနေတော်မူလျက် နတ်အပေါင်းတို့အား ဓမ္မအလင်းဖွင့်လှစ်ပေးသောတရားတော် ဟောကြားတော်မူပုံကို တခမ်းတနားရေးဖွဲ့ထားပါသည်။ ထိုတရားပွဲသို့ အသခ္ခေါ်,အပမေယျ မရေမတွက်နိုင်လောက်အောင် များပြားလှစွာသောဘုရားအလောင်းတော်တို့လည်း ကြွရောက်လာကြကုန်၏။ ထိုတရားပွဲတွင် အလောင်းတော်နတ်သားသည် (၁၀၈) ပါးသော ဓမ္မလောကမုခပရိဝတ္တတရားတော်ကိုဟောကြားတော်မူ၍ ရှစ်သောင်းလေးထောင်သောနတ်အပေါင်းတို့ သမ္မောဓိဉာဏ်သို့ဆိုက်ရောက်ကြသည်။ သုံးသန်းနှစ်သိန်းအရေအတွက်ရှိကုန်သောနတ်တို့သည် သစ္စာလေးပါးကိုသိမြင်သောဉာဏ်ရှိကြကုန်၏။ သုံးကုဋေခြောက်သန်းအရေအတွက်ရှိကုန်သောနတ်တို့သည် သောတာပတ္တိမဂ်ဉာဏ်ကိုရကြကုန်၏' ဟု ပြဆိုထားပါသည်။[*၃]

ထိုလလိတဝိဿရကျမ်း၊ အခန်း(၅)တွင် 'အလောင်းတော်နတ်သားသည် တုသိတာနတ်ပြည်မှစုတေ၍ မယ်တော်၏ဝမ်းကြာတိုက်သို့သက်ဆင်းတော်မူသောအခါ နတ်,ဗြဟ္မာအပေါင်းတို့က အလောင်းတော်နတ်သားအား အပေါင်းအဖော်မပါတစ်ကိုယ်တည်းကြွသွားခြင်းငှာ မသင့်လျော်ဟုဆိုကြပြီး၊ လူ့ပြည်သို့ပဋိသန္ဓေယူရန်ကြွတော်မူသည်မှစ၍ မဟာပရိနိဗ္ဗာန်စံတော်မူသည်အထိ စတုမဟာရာဇ်နတ်ရှစ်သောင်းလေးထောင်၊ တာဝတိံသာ

---

*၁ Bijoya Goswami(Tr.)' Lalitavistara. 2001. Page-V.

*၂ S.K. Nanayakkara' Lalitavistara. In Encyclopaedia of Buddhism. Vol.VI. Fascicle 2. 1999. Page-278.

*၃ B. Goswami(Tr.)' Lalitavistara. 2001. Page-42. အရှင်သုန္ဒရာဘိဝံသ၏သိရီလလိတဝိတ္ထာရ။ ၁၉၃၇–ခုနှစ်။ (စာမျက်နှာ–၆၉)။

http://www.dhammadownload.com

နတ်တစ်သိန်း၊ ယာမာနတ်တစ်သိန်း၊ တုသိတာနတ်တစ်သိန်း၊ နိမ္မာနရတိနတ်တစ်သိန်း၊ ပရနိမ္မိတဝသဝတ္တီ နတ်တစ်သိန်း၊ မာရ်နတ်အသင်းဝင်နတ်ခြောက်သောင်း၊ ပထမဈာန်မှဗြဟ္မာခြောက်သောင်းရှစ်ထောင်နှင့် သုဒ္ဓါဝါသဗြဟ္မာတစ်သိန်းတို့ လူပြည်သို့အတူလိုက်ပါ၍စောင့်ရှောက်ကြသည်–'ဟူ၍ရေးသားထား၏။*၁

ထိုလလိတဝိသ္တရကျမ်း၊ အခန်း(၆)တွင် 'ဘုရားအလောင်းတော်သည် မယ်တော်၏ဝမ်း၌သန္ဓေကိန်းဝပ်တော်မူအံ့သောအခါ နတ်အပေါင်းတို့က နတ်လူတို့ထက်အမြတ်ဆုံး,အစင်ကြယ်ဆုံးရတနာတုံးသဖွယ်ဖြစ်သော ဘုရားအလောင်းတော်သည် ဆယ်လပတ်လုံး မယ်တော်ဝမ်း၌မည်သို့နေခဲ့ပါသနည်း'?၊ မယ်တော်သည် မိန်းမသားဖြစ်သည့်အားလျော်စွာ စက်ဆုပ်ဖွယ်ရာ ထိုမယ်တော်ဝမ်းကြာတိုက်သည် 'မာတုဂါမော ဇေဂုစ္ဆနီယော' ဟုဟောတော်မူခြင်းနှင့်အညီဖြစ်လေရာ အလောင်းတော်နေနိုင်ပါမည်လော? စသည်ဖြင့်ကြံတွေးကြ၏။ ထိုသို့နတ်တို့၏အကြံအစည်ကိုသိတော်မူသောဘုရားရှင်က ညီတော်အာနန္ဒာအား– 'ချစ်သားအာနန္ဒာ၊ မယ်တော်၏ဝမ်းတိုက်၌ ဘုရားအလောင်းဖြစ်စဉ်ကသုံးဆောင်ခဲ့ဘူးသော ရတနာဗျူဟာမည်သောဗိမာန်ကို သင်သည်ကြည့်ရှုလိုသလော'ဟု မေးတော်မူ၏။ ထိုအခါ ညီတော်အာနန္ဒာက 'ဤအခါသည်ကား မယ်တော်ဝမ်းကြာတိုက်၌နေတော်မူစဉ်အခါက သုံးဆောင်တော်မူခဲ့သော ဗောဓိသတ္တ္တပရိဘောဂကိုပြတော်မူရန်အခါပါတည်း။ ထိုရတနာဗျူဟာဗိမာန်ကိုမြင်ကြရသည်ရှိသော် ပီတိသောမနဿများစွာဖြစ်ကြပါမည်'ဟု လျှောက်ထားခဲ့၏။ ထိုအခါ သဟမ္မတိဗြဟ္မာကြီးသည် ခြောက်သန်းရှစ်သိန်းအရေအတွက်ရှိသော ဗြဟ္မာတို့နှင့် ဘုရားထံမှောက်ရောက်လာကြ၏။ ဘုရားရှင်က သဟမ္မတိဗြဟ္မာအားလည်း 'ရတနာဗျူဟာဗိမာန်ကိုမြင်လိုသလော'ဟု မေးတော်မူ၏။ ဗြဟ္မာ့ပြည်မှသည် တာဝတိံသာအထိစံမြန်းနေကြသော နတ်အပေါင်းတို့က ကြည့်လိုကြသည်ဖြစ်၍ သဟမ္မတိဗြဟ္မာကြီးသည် ကုဋေရှစ်သန်းလေးသိန်းသောဗြဟ္မာတို့နှင့်အတူ ထိုရတနာဗျူဟာဗိမာန်ကိုယူ၍ပြလေသည်'ဟူ၍ဖော်ပြထားသည်။*၂

ထိုလလိတဝိသ္တရကျမ်း၊ အခန်း(၆)မှာပင် 'ဘုရားအလောင်းတော်သည် မယ်တော်ဝမ်း၌ ရတနာဗျူဟာဗိမာန်၏ စန္ဒကူးပြာသာဒ်သုံးထပ်အတွင်းတည်နေကြောင်း' ဖော်ပြထား၏။ ထို့ပြင် 'မယ်တော်ဝမ်းဝယ် ဗိမာန်ပြာသာဒ်၌ အလောင်းတော်ထိုင်နေတော်မူသည်မှာ ကမ္မလာပုဆိုး၌တင်ထားအပ်သော ကြောင်မျက်ရွဲရတနာကဲ့သို့ လွန်မင်းစွာ လှပတင့်တယ်သပ်ပိယ်တော်မူ၏။ မယ်တော်သည် ရုပ်တည်လျက်ကြည့်ရှုသည်ရှိသော် ဝမ်းတိုက်၌တည်သော ဘုရားအလောင်းကိုမြင်နိုင်၏။ အလောင်းတော်သည် မယ်တော်၏ဝမ်းကြာတိုက်အတွင်းနေစဉ်အခါ နတ်သိကြားတို့နှင့်တရားစကားပြောဆိုခြင်း၊ မြက်သစ်ရွက်ကောက်၍ ဆေးအဖြစ် ဂိလာနပုဂ္ဂိုလ်တို့အားပေးခြင်း စသည်ပြုလုပ်တော်မူခဲ့သည်။*၃ ဖွားတော်မူပြီးနောက်၌ မယ်တော်ဝမ်းရှိ ဘုရားလောင်းကိန်းဝပ်ရာ ရတနာဗျူဟာဗိမာန်ကို သဟမ္မတိဗြဟ္မာကြီးယူ၍ ဗြဟ္မာ့ပြည်၌စေတီတည်ကာကိုးကွယ်ကြောင်း'တို့ကို ဖော်ပြထားပေသည်။

လလိတဝိသ္တရဗုဒ္ဓဝင်၌ ဘုရားအလောင်းအကြောင်းဖော်ပြထားပုံတို့မှာ အခြားမည်သည့်ဝိဇ္ဇကတ်ကျမ်းဂန်စာပေတို့၌တွေ့ရမည်မဟုတ်ဘဲ အလွန်ထူးခြားသောဖော်ပြထားချက်များဟုဆိုရပေမည်။

---

*၁ B. Goswami(Tr.)' Lalitavistara. 2001. Page-53. အရှင်သုန္ဒရာဘိဝံသ၏သီရီလလိတဝိတ္ထာရ။ ၁၉၃၇–စုနှစ်။ (စာမျက်နှာ–၇၇)။


*၂ B. Goswami(Tr.)' Lalitavistara. 2001. Page-67. အရှင်သုန္ဒရာဘိဝံသ၏သီရီလလိတဝိတ္ထာရ။ ၁၉၃၇–စုနှစ်။ (စာမျက်နှာ–၁၁၉)။

*၃ ဘုရားအလောင်းမယ်တော်ဝမ်းကြာတိုက်အတွင်း ရတနာဗျူဟာဗိမာန်၌စံနေပုံကို ပုဂံခေတ် အယ်ရတနာလိုက်ဂူဘုရားနံရံဆေးရေးပန်း ရေးခြယ်ထားသည်။ G. H. Luce' Old Burma-Early Pagan. Vol.III. Plate-217, b.c.

http://www.dhammadownload.com



ပုဂံမြို့၊ အပယ်ရတနာဘုရား(၁၂၀၂)ရှိ မယ်တော်မာယာဝမ်းတွင်း၌ အလောင်းတော်မြတ်
သန္ဓေမှီးကပ်လျက်နေသောအခါတွေ့မြင်ရပုံ နံရံပန်းချီ။
ပုံတူကူးရေးသူ-ဦးထွန်းလှိုင်(ရွှေကိုင်းသား)
OB-EP,III, 1970, Pl.217 b,c.



ပုဂံမြို့၊ အာနန္ဒာဘုရားရှိ မယ်တော်မာယာဝမ်းတွင်း၌
ရတနာပျဖူဟဗိမာန်တွင်အလောင်းတော်မြတ်စံနေပုံ။
OB-EP,III, 1970, Pl.279 d.
ဤပုံကို မယ်တော်မာယာသည် မိမိ၏အိပ်မက်ကို သုဒ္ဓါဒနမင်းကြီးအား
ပြောကြားနေပုံဟုလည်းယူဆကြသည်။ OB-EP,II, 1970,Pg.128

http://www.dhammadownload.com

မဟာဝဿု

ဟိနယာနဗုဒ္ဓဘာသာဂိုဏ်းအနွယ် လောကုတ္တရာဝါဒီဂိုဏ်းသုံး မဟာဝဿုကျမ်း(Mahāvastu)သည်လည်း မြောက်ပိုင်းဗုဒ္ဓကျမ်းဂန်စာပေတို့တွင် ရှေးအကျဆုံးနှင့်အစောဆုံးပေါ်ထွက်လာသောကျမ်းဂန်ဖြစ်၏။ ထိုကျမ်းသည် (၂) ရာစုဘီစီက စတင်ပေါ်ထွန်းခဲ့ပြီး။ အေဒီ (၄)၊ (၅) ရာစုတိုင်သည်အထိ ဖြည့်စွက်ရေးသားခဲ့ကြသည်ဟု ပညာရှင်တို့ယူဆခဲ့ကြ၏။

ထိုမဟာဝဿုကျမ်းကို မဟာသံဃိကဂိုဏ်းသားတို့က 'Ta Shih'ဟုခေါ်ကြသည်။ လောကုတ္တရာဝါဒီဂိုဏ်းသားတို့က ဝိနယကျမ်းဟုသတ်မှတ်ပြီး ကျမ်းအမည်ကို 'မဟာဝဿု'ဟု ခေါ်တွင်ခဲ့ကြသည်။ ဤကျမ်း၌ ဝိနည်းသိက္ခာပုဒ်ပြဋ္ဌာန်းခြင်းဆိုင်ရာထက် ဘုရားရှင်၏ရှေးအတိတ်ကာလဖြစ်တော်စဉ် ဇာတကစသည်တို့ကိုသာ ဖော်ပြထားသည်။ ဤသို့လျှင် ဘုရားရှင်၏ဖြစ်တော်စဉ်(ဗုဒ္ဓအပဒါန်)ကို တင်ပြထားခြင်းကြောင့် နောင်အခါ၌ ထိုကျမ်းကို မဟာဝဿုအဝဒါန-ဟူ၍ အဝဒါန (Avadāna=အပဒါန)ကျမ်းစာရင်း၌သွတ်သွင်းဖော်ပြခဲ့ကြ၏။[*၁]

မဟာဝဿုကို တရုတ်ဘာသာသို့ပြန်ဆိုထားပြီး ကျမ်းအမည်မှာ 'Fo-pen-hsing-chi-ching'ဖြစ်သည်။ ဤကျမ်း၌ဖော်ပြပါရှိသော ဇာတကဝတ္ထုများ။ သုတ္တများသည် များသောအားဖြင့် ထေရပါဠိဝိဂုကတ်တော်လာ စာသားစာဟန်များနှင့် များစွာနီးနွယ်တူညီနေကြောင်းကို ပညာရှင် ဘီ စီ လော (B.C.Law) က နှိုင်းယှဉ်တင်ပြခဲ့ပါသည်။[*၂]

မဟာဝဿုကျမ်းအစတွင် ဂေါတမဘုရားအလောင်းသည် ဒီပင်္ကရာဘုရားထံတော်မှမျှာဒိတ်ခံယူပုံ၊ တုသိတာနတ်ပြည်သို့ရောက်ပုံ၊ ထိုမှမယ်တော်ဝမ်းသို့သက်ဆင်းပုံအကြောင်းတို့ကိုဖော်ပြထားသည်။

မဟာဝဿုကျမ်းတွင် မေတ္တေယျရှင်ကိုသာမက နောင်ပွင့်လတ္တံ့သောဘုရားလောင်းများစွာရှိကြောင်းကို ဖော်ပြထား၏။

ထိုကျမ်း၌ ဘုရားအလောင်းကျင့်စဉ်(၁၀)ပါး (ဒသဘူမိ)ကိုလည်းဖော်ပြထား၏။ (မဟာဝဿု။ ၁၊ ၆၃)။ ယင်းတို့မှာ- (၁) ဒုရာရောဟာ၊ (၂) ဗဒ္ဓမာနာ၊ (၃) ပုဉ္ဇပမဏ္ဍိတာ၊ (၄) ရုစိရာ၊ (၅) စိတ္တဝဿာရ၊ (၆) ရူပဝတီ၊ (၇) ဒုရ်ဇယာ၊ (၈) ဓန္ဓနိဒေဿ။ (၉) ယောဝရာဇ၊ (၁၀) အဘိသေကာ-တို့ဖြစ်သည်။[*၃] ဒသဘူမိ (၁၀) ပါးသည် ဘုရားအလောင်းတို့ကျက်စားရာဖြစ်၍ ဝိဟာရဟုလည်းခေါ်နိုင်သည်။ မဟာဝဿုကျမ်းလာ ဒသဘူမိဟူသော ဘုရားအလောင်းကျင့်စဉ်(၁၀)ဆင့်သည် နောင်အခါ မဟာယာနဂိုဏ်း၌အလွန်အရေးပါသော ဒသဘူမိကသူတြ (Dasabhūmika Sūtra)၊ ဒသဘူမိဝိဘာသာသူတြ (Dasabhūmivibhāsā Sūtra) အစရှိသောကျမ်းတို့ ပေါ်ထွန်းလာရန် ရှေ့ပြေးအယူအဆများပင်ဖြစ်သည်။[*၄]

---

*၁ H. Dayal' The Bodhisattva Doctrine in Buddhist Sanskrit Literature. 1932. Page-382; J.J. Jones (Tr.)' The Mahāvastu. Vol.I. 1949. Page-xi; A. Yuyana' Mahāvastu-Avadāna. In Encyclopaedia of Buddhism. Vol. VI, Fascicle 4. 2002. Page-503.

*၂ B.C. Law' A History of Pāli Literature. 2000. Page-32, 34, 116, 123, 124, 129, 213, 214, 217, 226, 235, 249, 256, 274, 281, 290, 372.

*၃ J.J. Jones(Tr.)' Mahāvastu. Vol.I. 1949. Page-61, 66, 72, 79, 87, 95, 100, 108, 110, 112; Har Dayal' The Bodhiasttva Doctrine in Buddhist Sanskrit Literature. 1932. Page-273.

*၄ J.J. Jones (Tr.)' The Mahāvastu. Vol. I. 1949. Page-xiii, Page-53; Kazunobo Matsuda(ed.)' Two Sanskrit Manuscripts of The Dasabhumika-Sūtra. 1996.

http://www.dhammadownload.com

အသွယောသ

ဟိန္ဒယာနဂိုဏ်းဝင် သဗ္ဗတ္ထိဝါဒအုပ်စုတွင် စာဆိုပုဂ္ဂိုလ်ကျော်တစ်ဦးပေါ်ပေါက်ခဲ့၏။ ထိုပုဂ္ဂိုလ်မှာ အရှင်အသွယောသ*၁ (Asvaghoṣa)ဖြစ်၏။ ထိုအရှင်သည် မြတ်စွာဘုရားရှင်ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် အနှစ် (၄၀၀)အတွင်း၌ ကနိသ္သကမင်း၏အကိုးကွယ်ခံပုဂ္ဂိုလ်ဂုရုအဖြစ်ထင်ရှားခဲ့သည်။ ထေရဝါဒပါဠိစာပေ၌ အရှင်မဟာဗုဒ္ဓယောသမထေရ်သည် မီးရှူးတန်ဆောင်ဖြစ်သကဲ့သို့ မြောက်ပိုင်းဗုဒ္ဓဘာသာဆိုင်ရာကျမ်းစာပေ၌လည်း ထိုအရှင်အသွယောသသည် မီးရှူးတန်ဆောင်ကြီးဖြစ်ပေသည်။ ထိုအရှင်နှစ်ပါးသည် ခေတ်ပြိုင်ပေါ်ထွန်းခဲ့ကြ၏။ အရှင်မဟာဗုဒ္ဓယောသသည် ပါဠိပိဋကတ်တော်အဖွင့်အဋ္ဌကထာကျမ်းများစွာကိုပြုစုတော်မူသကဲ့သို့ပင် အရှင်အသွယောသသည်လည်း မြောက်ပိုင်းဗုဒ္ဓစာပေဆိုင်ရာ အဖွင့်ဝိဘာသာခေါ် ဗျာချာကျမ်းများစွာကို ပြုစုတော်မူခဲ့ပါသည်။ အရှင်အသွယောသ၏ထင်ရှားသောကျမ်းတစ်စောင်ကား ဗုဒ္ဓစရိတ (Buddhacarita)အမည်ရှိ သက္ကတဘာသာဂါထာဖြင့်ရေးထားသော ဗုဒ္ဓဝင်လင်္ကာကျမ်းကြီးဖြစ်သည်။*၂

ထိုဗုဒ္ဓစရိတကျမ်းကြီးသည် သက္ကတစာပေလောက (နဝီနသက္ကတ= Classical Sanskrit Literature)တွင် အလွန်ကျော်ကြားး၍ စံထားရသောကျမ်းကြီးတစ်စောင်ဖြစ်၏။ ပညာရှင်တို့၏လေ့လာချက်အရ ဗုဒ္ဓစရိတ ဗုဒ္ဓဝင်လင်္ကာကျမ်းလာအဖွဲ့အနွဲ့တို့ကို သက္ကတစာဆို ကာလီဒါသ(Kalidasa)က သူ၏ရဃုဝံသ (Raghuvaṃsa)ကဗျာကျမ်းကြီး၌ အတုယူရေးဖွဲ့ခဲ့ကြောင်း သိရှိရသည်။*၃

အသွယောသမထေရ်၏ဗုဒ္ဓစရိတကျမ်းတွင် မဂ်ဖိုလ်နိဗ္ဗာန်ကိုမျက်မှောက်ပြုရာ၌ သာဝကယာန(သာဝကရဟန္တာကျင့်စဉ်)၊ ပစ္စေကဗုဒ္ဓယာန(ပစ္စေကဗုဒ္ဓကျင့်စဉ်)နှင့် သမ္မာသမ္ဗုဒ္ဓယာန(ဘုရားကျင့်စဉ်)ဟု ကျင့်စဉ်သုံးရပ်လမ်းသုံးသွယ်ကို ဖော်ပြထား၏။ ထိုကျင့်စဉ်သုံးရပ်တို့တွင် သမ္မာသမ္ဗုဒ္ဓယာန(ခေါ်) (ဘုရားကျင့်စဉ်)သည် အမြတ်ဆုံးနှင့်ပါရမီဖြည့်ကျင့်ရမှုကြီးကျယ်သည်ဖြစ်ရကား ထိုကျင့်စဉ်ကို 'မဟာ'ဟုဝိသေသတပ်ပြီး 'မဟာယာန' ဟုခေါ်တွင်ခဲ့ကြ၏။ အသွယောသက ထိုဘုရားကျင့်စဉ်(သမ္မာသမ္ဗုဒ္ဓယာန)သည် ကျန်သာဝကနှင့် ပစ္စေကဗုဒ္ဓယာနကျင့်စဉ်နှစ်ရပ်တို့ထက် မြင့်မြတ်သည်ဟုသာမညဆိုခဲ့သော်လည်း နောင်အခါ မဟာယာနဂိုဏ်းသားတို့က ထိုဘုရားကျင့်စဉ် (သမ္မာသမ္ဗုဒ္ဓယာန) ကို ဘုရားအလောင်းကျင့်စဉ် (ဗောဓိသတ္တယာန)အဖြစ် ပြုပြင်ပြောင်းလဲခဲ့ကြသည်။*၄

---

*၁ ဤအရှင်ကို တရုတ်ဗုဒ္ဓဘာသာစာပေ၌ Kung-tê-jih (ပုညာဒိစ္စ)၊ Kung-chung (ပုညသရီက)ဟု ခေါ်တွင်ခဲ့သည်။ တာရာနာထ၏မှတ်တမ်း၌ ဒုရ်ဒရ်ဇ၊ မာတြိစိတြ၊ ပိတြိစိတြ၊ ဇူရ၊ ဧရိမိက သုဘူတိ–စသည်ဖြင့် ခေါ်တွင်ခဲ့သည်။ B.C. Law' Asvaghoṣa. In Encyclopaedia of Buddhism. 1957. Page-27.

*၂ ဗုဒ္ဓစရိတသည် အခန်းပေါင်း(၂၈)ခန်းပါရှိပြီး၊ ထိုကျမ်း၏ပထမအခန်းကို ၁၈၉၂–ခုနှစ်၌ ပြင်သစ်ပညာရှင် လေဗီ (Sylvain Levi) က တည်းဖြတ်ပုံနှိပ်သည့်အတွက် အဓေကာက်နိုင်ငံတွင် အသွယောသ (Ashvaghosha) ဟူသောအမည် ထင်ရှားသွားတော့၏။ J.K. Nariman' Literary History of Sanskrit Buddhism. 1972. Page-29. ဗုဒ္ဓစရိတကျမ်းသည် သက္ကတဖူ (Johnston)၊ တရုတ်မူ (Beal) နှင့် တိဗက်မူ (Weller)–ဟု မူ(၃)မူရှိပြီး၊ ဖြန်မာနိုင်ငံတွင် ဥာဉ်တုန်းပြို့ ရွှေဟင်္သာတောရစံကျောင်းဆရာတော်၏ ဖြန်မာပြန်(လက်ရေးမူ)နှင့် ဆရာကြီးဦးသော်ဓင်၏ ဗုဒ္ဓစရိတဖြန်မာပြန်(ပုံနှိပ်မူ)တို့ ပေါ်ထွက်ခဲ့ဖူးပါသည်။ မင်းသုဝဏ်၏ ဗုဒ္ဓစရိတကဗျာကြီးနှင့် စံကျောင်းဆရာတော်ဘုရား (ဆောင်းပါး)။ ရွှေဟင်္သာတောရ (၈၅)နှစ်မြောက်စာစောင်။ (စာမျက်နှာ–၉)။

*၃ A.B. Keith' Classical Sanskrit Literature. 1927. Page-23.

*၄ ဦးဖိုးကျား၏မဟာယာနဂိုဏ်း။ ၁၉၅၄–ခုနှစ်။ (စာမျက်နှာ–၄၁)။ The idea of the Buddha-nature in all and its flowering in Enlightenment is also hinted at by the Mahasanghikas, and it is they who coined the word Bodhisattva-yana, which soon became Mahayana- B.L. Suzuki' Mahayana Buddhism. 1963. Page-37.

http://www.dhammadownload.com

ထို့ပြင် အသွယောသပြုစုသော နာမည်ကျော် သောန္ဒြာနန္ဒ(Saundrānanda kāvya) ကျမ်းတွင်လည်း နန္ဒမင်းသားအား မြတ်စွာဘုရားရှင်ကဆုံးမသောအခန်း၌ အများအကျိုးကိုဆောင်သော ဗောဓိသတ္တ္ဝယာနလမ်းစဉ် အကြောင်းကို ဤသို့ရေးသားထား၏။ 'မိမိ၏ပင်ပန်းဆင်းရဲမှုကိုဂရုမထားဘဲ သူတစ်ပါးတို့အား ငြိမ်းချမ်းရေး တရားဥပဒေကို ညွှန်ကြားပြောပြလိုတဲ့ပုဂ္ဂိုလ်သည်သာလျှင် ကမ္ဘာလောကမှာအမြင့်မြတ်ဆုံးပုဂ္ဂိုလ်ဖြစ်ပေတယ်။ သို့ဖြစ်၍ ဤကမ္ဘာလောကမှာ သင်ဟာ မိမိအလုပ်ကိုထားပြီး သူတစ်ပါးတို့၏အလုပ်ကိုလည်း ပြုလုပ်ဆောင်ရွက်ပါလော့။ အဝိဇ္ဇာအမိုက်မှောင်ထဲမှာ မျက်စိလည်လမ်းမှားနေကြတဲ့ သတ္တဝါအများ၏အလယ်မှာ ဤပညာဉာဏ်ဆီမီးကို ကိုင်ဆောင်သွားပါလော့'[*၁] ဟုဖော်ပြထားလေရာ၊ ဤအဆိုအမိန့်သည် ဗောဓိသတ္တ္ဝယာနခေါ် ဘုရားလောင်းလမ်းစဉ်ကိုအားပေးပြီး မဟာယာနဂိုဏ်းကိုဖြစ်ပေါ်ဖို့ရာ လမ်းညွှန်ချက်တို့ပင်ဖြစ်သည်။

ဟီနယာနကျမ်းဂန်များ

ဟီနယာနအနွယ် သုတ္တန္တိကဂိုဏ်းသုံး အဘိဓရ်မကောသ (Abhidharmakosa, Taisho No. 1558)၌ 'သနားကရုဏာကင်းမဲ့သူတို့သည် သူတစ်ပါး၏ဒုက္ခကိုကြည့်၍ အရသာယူတတ်ကြ၏။ ထိုနှင့်ဆန့်ကျင်ဘက်အားဖြင့် ဗောဓိသတ္တ္ဝသည် သူတစ်ပါးအားကူညီရခြင်း။ ကယ်ဆယ်ရခြင်း။ သူတစ်ပါးအတွက်ဒုက္ခခံရခြင်း၌ ပျော်မွေ့၏။ သံသရာဘဝအဆက်ဆက်ကဝါသနာထုံလာသော အတ္တအယူရှိသူသည် အနတ္တအသံကြားရကနားခါး၏။ ဗောဓိသတ္တ္ဝသည်ကား အနတ္တအမြင်ဆန်းနေသဖြင့် အတ္တစွဲနေသောသတ္တဝါအပေါင်းကို နိဗ္ဗာန်ဝင်၍ သူတစ်ပါးကိုချန်ပစ်ထားခဲ့၏။ ဤအချက်ကိုကြည့်၍ ရဟန္တာပုဂ္ဂိုလ်၏သန္တာန်၌ ငါ,သူတစ်ပါး(အတ္တ,ပရ)ခွဲခြားသောအမြင်ရှိနေသေးကြောင်း တွေ့ရ၏။ ထို့ကြောင့် ငါခွဲ(အတ္တ)ကို ကုန်စင်အောင်မပယ်နိုင်။ ဗောဓိသတ္တ္ဝဘုရားအလောင်းမူကား မိမိရောသတ္တဝါအားလုံးပါမခွဲခြားဘဲ အတူတကွနိဗ္ဗာန်သို့တစ်ပြိုင်တည်းရောက်စေရန်အားထုတ်နေ၏–[*၂] –စသည်ဖြင့်ဖော်ပြထားရာ၊ ဤအချက်သည်လည်း ဟီနယာနဂိုဏ်းက ဗောဓိသတ္တ္ဝယာနလမ်းစဉ်ကိုအမွှမ်းတင်ပြီး၊ ဒုတိယသံဂီတိကာရကဖြစ်တော်မူကြသော ထေရဝါဒဂိုဏ်း၏ဦးသျှောင် မဟာသာဝက ရဟန္တာအရှင်မြတ်ကြီးများကို နှိမ်၍ဆိုလိုက်ခြင်းဖြစ်ပေသည်။

ဤသို့လျှင် ဟီနယာနဂိုဏ်းသားတို့သည် မူလက ပစ္စေကဗောဓိသတ္တ္ဝယာနလမ်းစဉ်ကို လိုက်ပါခဲ့ကြသော်လည်း၊ နောင်အခါ၌ ထိုပစ္စေကဗောဓိသတ္တ္ဝယာနထက်မြတ်သော သမ္မာသမ္ဗုဒ္ဓဗောဓိသတ္တ္ဝယာနလမ်းစဉ်သို့ ကူးပြောင်းလိုက်ပါလာကြခြင်းဖြင့် ဟီနယာနပုဒ္ဂိုလ်ဂိုဏ်းမှသည် မဟာယာနပုဒ္ဂိုလ်ဂိုဏ်းအဖြစ် အလိုအလျောက်ကူးပြောင်းခဲ့ကြပြီဖြစ်လေသည်။ သို့ဖြင့် ဟီနယာနဂိုဏ်း ချုပ်ငြိမ်းခဲ့ရလေသည်။

ဤနေရာ၌ ဟီနယာနပုဒ္ဂိုလ်ဂိုဏ်းဝင် မဟာသံဃိကအစရှိသောဂိုဏ်းတို့ကွယ်ပျောက်ခဲ့သည်မှာ နှစ်ကာလများစွာကြာခဲ့ပြီဖြစ်၍ ထိုဂိုဏ်းတို့၏ဗောဓိသတ္တ္ဝဘုရားအလောင်းအယူအဆကို ဆိုင်ရာလလိုတဝတ္ထုရ၊ မဟာဝတ္ထုစသောစာပေတို့မှထုတ်နုတ်၍တင်ပြနိုင်ရုံမှတစ်ပါး တိတိကျကျထုတ်ဖော်ရေးသားရန် မစွမ်းသာကြောင်း တင်ပြလိုပေသည်။ သို့ပါသော် ထိုမဟာသံဃိကဂိုဏ်းက ရေးသားဟောပြောခဲ့သော ဗောဓိသတ္တ္ဝအယူအဆများသည် နောင်အခါ မဟာယာနပုဒ္ဂိုလ်ဘာသာထွန်းကားလာသောအခါ၌ မဟာယာနအယူအဆများအဖြစ် ကြီးကျယ်စွာတွေ့ရပြန်လေသည်။

---

*၁ ပါရဂူ(ပြန်မာပြန်)၏ ညီတော်မင်းနန်။ ၁၉၆၄–စုနှစ်။ (စာမျက်နှာ–၁၂၆)။

*၂ မောင်အုံ(မဟာဝိဇ္ဇာ)၏ ဗုဒ္ဓသာသနာတော် ၂၅၀၀–ဓရိုး။ ၁၉၈၀–ပြည့်နှစ်။ (စာမျက်နှာ–၁၃၀)။

http://www.dhammadownload.com

(၈) မဟာယာနဂိုဏ်းဝင်တို့၏ဘုရားအလောင်းအယူအဆ

မဟာယာနဗုဒ္ဓဘာသာဂိုဏ်းသည်ကား- ဗောဓိသတ္တယာန ခေါ် ဘုရားအလောင်းလမ်းစဉ်ကို ဦးစားပေးသော ဗုဒ္ဓဘာသာဂိုဏ်းဖြစ်၏။ 'မဟာယာန'ဟူသည် သတ္တဝါအားလုံးကို နိဗ္ဗာန်ရွေပြည်အရောက် သယ်ယူပို့ဆောင်ပေးမည့် ကြီးကျယ်သောယာဉ်ကို ဆိုလိုသည်။ မဟာယာနဗုဒ္ဓဘာသာဝင်တို့က 'တစ်ဦးတစ်ယောက်တည်း လွတ်မြောက်မှုသည် လွတ်မြောက်မှုအစစ်မဟုတ်။ တစ်လောကလုံး သတ္တဝါတစ်ဦးတစ်ယောက်မကျန်ဖြစ်နိုင်က ကျောက်တုံးကျောက်ခဲ မြက်သစ်ရွက်ကအစ ဘာမျှမကျန် တစ်လောကလုံး အကုန်အစင်လွတ်မြောက်မှသာ လွတ်မြောက်မှုအစစ်ဖြစ်သည်'ဟူ၍ ခံယူချက်ရှိကြသည်။*၁

မဟာ= ကြီးကျယ်မြင့်မြတ်။ (Great)

ယာန= ယာဉ်၊ လမ်းစဉ်၊ အကျင့်၊ ဝါဒ။ (Vehicle; Way)*၂

'မဟာယာန'၌ 'မဟာ'ဟူသောဝေါဟာရ ခေါ်ဝေါ်သတ်မှတ်ရခြင်းနှင့်စပ်၍ အကြောင်းနှစ်ရပ် ရှိသည်။ (၁) သတ္တဝါအများကိုကယ်တင်နိုင်၍ကြီးကျယ်များပြားသောအနက်၊ (၂) သမားရိုးကျဗုဒ္ဓဘာသာ(ထေရဝါဒနှင့် ဟီနယာန)တို့ထက် သာလွန်မြင့်မြတ်သည့်ရည်မှန်းချက်ရှိသောအနက်၊ ထိုအနက်နှစ်ရပ်ကြောင့် မဟာ-ဟု ဆိုခြင်းဖြစ်သည်။*၃

မဟာယာနဗုဒ္ဓဘာသာဂိုဏ်းက နိဗ္ဗာန်သို့မျက်မှောက်ပြုရန် (၁) သာဝကယာန၊ (၂) ပစ္စေကဗုဒ္ဓယာနနှင့် (၃) ဗောဓိသတ္တယာန-ဟု လမ်းစဉ်သုံးသွယ်ရှိရာတွင် ဗောဓိသတ္တယာနကိုတစ်ဆင့်မြှင့်၍ ဗုဒ္ဓယာန(တစ်နည်း) သမ္မာသမ္ဗောဓိလမ်းကြောင်းသည် အမြတ်ဆုံးဖြစ်သည်ဟူ၍ ထိုလမ်းကြောင်းအတိုင်း ဘုရားဆုကိုပန်ဆင်ကြရန်နှင့် ထိုလမ်းစဉ်ကိုလိုက်နာကြရန် ဇာတ်လမ်းဥပမာတို့ဖြင့်ဖော်ပြခဲ့ကြသည်။

သဒ္ဓရ်မပုဏ္ဍရိက (သဒ္ဓမ္မပုဏ္ဍရိက) ကျမ်း (Nanjio Nos.134, 136, 138, 139; Taishō No.262)၊ အခန်း (၃)၊ အိမ်မီးလောင်ခြင်းပုံပြင်*၄ (The Burning House) ၌ အိမ်ကြီးတစ်အိမ်အတွင်း ကလေးငယ်များ ကစားနေစဉ် ထိုအိမ်ကြီးမီးလောင်သည်ဆိုပါစို့။ ကလေးငယ်များက ဘာမျှလုပ်တတ်ကြလိမ့်မည်မဟုတ်။ ထိုအခါ အားကောင်းမောင်းသန်ဖခင်ဖြစ်သူက ကလေးငယ်များနှင့်တကွ ကစားစရာများကိုပါ ယာဉ်ရထားကြီးပေါ်တင်၍ မီးဘေးလွတ်ကင်းရာသို့ထွက်ခဲ့သည်။ ဤပုံပြင်၌ မီးလောင်နေသောအိမ်ကြီးကို ဒေါသမီး, လောဘမီး, မောဟမီးဟုန်းဟုန်းတောက်လောင်မြိုက်နေသော ဤကမ္ဘာလောကကြီး၊ ကလေးငယ်များကို ပုထုဇဉ်လူသားများ၊ ကယ်တင်သူဖခင်ကို ဘုရားအလောင်း၊ ကယ်တင်ရာယာဉ်ကို ဘုရားအလောင်းကျင့်စဉ် (ဗောဓိသတ္တယာန)-စသည့်ဥပမာများဖြင့်ဖော်ပြထားလေ၏။ ပုံပြင်၌ ကလေးငယ်များကစားနေသော ကစားစရာယာဉ်များတွင် လူတစ်ကိုယ်စီးနိုင်လောက်သော အရုပ်လှည်းကလေးများပါရှိမည်ဖြစ်သော်လည်း ထိုလှည်းကလေးများသည် တကယ့်အရေးအကြောင်းရှိလာပါမူကား အကူအညီရနိုင်လိမ့်မည်မဟုတ်ကြောင်း ရှင်းပြထား၏။

---

*၁ A.C. March' A Brief Glossary of Buddhist Terms. 1956. Page-155; Secker's Glossary of Buddhism. Page-351.

*၂ မဟာ= Great, ယာန= Conveyance- A. Getty' The Gods of Northern Buddhism. 1914. Page-171; မဟာယာန= the great career or vehicle (of salvation)- C.Humphreys' A Popular Dictionary of Buddhism. 1963. Page-119.

*၃ W.E. Soothill(Tr.)' The Lotus of The Wonderful Law. 1930. Page-81; The Encyclopaedia of World Faiths. 1987. Page-232.

*၄ Franklin Edgerton (ed.)' Buddhist Hybrid Sanskrit Reader. 1953. Page-54; W.E. Soothill (Tr.)' The Lotus of The Wonderful Law. 1930. Page-81; Kim Myungjin (ed.)' The Lotus of The True Law. 2000. Page-124.

http://www.dhammadownload.com

ထိုသဒ္ဓမ္မပုဏ္ဍရိကကျမ်းလာ အိမ်မီးလောင်ခြင်းပုံပြင်အရ ဗောဓိသတ္တ္တယာန (တစ်နည်း) သမ္မာသမ္ဗောဓိယာန ကျင့်စဉ်ကိုသာ လက်ခံသင့်ကြောင်းအယူအဆ ပေါ်ထွန်းလာခဲ့တ်။ 'လူသားတို့အတွက် ထိုဗောဓိသတ္တ္တယာနလမ်းစဉ်မှ တစ်ပါး အခြားမည်သည့်အကောင်းဆုံးလမ်းကိုရွေးစရာမရှိ၊ ဤဗောဓိသတ္တ္တယာနသည်သာလျှင် 'တစ်ကြောင်း တည်း တစ်ခုတည်းသောလမ်းစဉ် (တစ်နည်း) ကောယန'*၁ ဖြစ်သည်ဟူ၍လည်း မဟာယာနဗုဒ္ဓဘာသာဝင်တို့က ခေါ်ဆိုသမုတ်ခဲ့ကြတ်။*၂

ဤနေရာ၌ 'ကောယန'နှင့် မဟာယန'သည် အဓိပ္ပာယ်မကွဲပြား သဘောတူဖြစ်ပုံကို ဆင်ခြင်မိသည် တစ်ရပ်မှာ 'က'သဒ္ဒါသည် အပေါင်းအဖော်ကိုပယ်ခြင်းအနက်သဘော၊ အပေါင်းအဖော်မှကင်းဆိတ်သော အနက်သဘောရှိသကဲ့သို့၊ 'သေဋ္ဌ(အမြတ်ဆုံး)'ဟူသောအနက်ကိုလည်းဆောင်ပေတ်။ ခပ်သိမ်းသောသတ္တဝါတို့ထက် မြတ်သောဘုရားရှင်တို့တ်သွားကြောင်းဖြစ်သောလမ်း (တစ်နည်း) ကျင့်စဉ်လမ်းဖြစ်၍ ထိုလမ်းကို 'ကောယန'ဟုခေါ်ဆိုခြင်းဖြစ်သည်။ သို့သော် ထို'ကောယန'သည် ဘုရားရှင်တစ်ပါးတည်းသာကြွနိုင်သောလမ်း မဟုတ်ဘဲ ခပ်သိမ်းသောပစ္စေကဗုဒ္ဓါနှင့်သာဝကရဟန္တာအရှင်မြတ်များလည်း ကြွနိုင်သောလမ်းဖြစ်ကြောင်းကို ထေရဝါဒဗုဒ္ဓဘာသာဝင်တို့က လက်ခံယူထားတ်။*၃

နာဂါရ်ဇုန

မဟာယာနဗုဒ္ဓဘာသာဂိုဏ်းတွင် အထင်ရှားဆုံးနှင့်အကျော်ကြားဆုံးပုဂ္ဂိုလ်မှာ မာဓျမိက (Mādhyamika) ဂိုဏ်းကိုတည်ထောင်သူ နာဂါရ်ဇုန (Nāgārjuna. အေဒီ ၁၀၀–၂၀၀)ဖြစ်သည်။ ဤပုဂ္ဂိုလ်တ်လက်ထက်၌ မဟာယာနဂိုဏ်း ပီပြင်စွာပေါ်ထွန်းလာသည်ဟုလည်းယူဆကြတ်။*၄ နာဂါရ်ဇုနသည် အိန္ဒိယတောင်ပိုင်း၊ ဝိဒရ်ဘ (Vidarbha)ဒေသ၌ ဗြာဟ္မဏမျိုးနွယ်မှမွေးလာသူဖြစ်တ်။ ဗေဒင်ဆရာတို့က နာဂါရ်ဇုနတ်ဖခင်ကို 'ဤသူငယ်တ်သက်တမ်းသည်(၇)နှစ်သာရှိ၍ ဗြာဟ္မဏပုဏ္ဏား ၁၀၀–တို့အား အလှူအတန်းပြုလုပ်ပေးပါ'ဟုဆိုကြတ်။ နာဂါရ်ဇုန

---

*၁ One vehicle; the Eka-yāna or One Way to beatitude. M.M. Williams' A Sanskrit English Dictionary. 1956. Page-849. လံကာဝရတာရသုတ် (၁၅၅၁၄)၌ 'တြိယာနံ ကေယာနံ စ'ဟုဖော်ပြထားရာ 'ကေယာန'ကို မည်သို့သောလမ်းစဉ်ဖြစ်ကြောင်း ဖော်ပြမထားပေ။ F.Edgerton' Buddhist Hybrid Sanskrit Dictionary. Page-446.

*၂ The Lotus of the Good Law, a text devoted to the Ekayāna (One Venhicle) doctrine, indicating the idea of the good Law- J. Takakusa' The Essentials of Buddhist Philosophy. 1956. Page-17; J.K. Nariman' Literary History of Sanskrit Buddhism. 1972. Page-67.

*၃ ဒီးဋ္ဌ။၃။၃၃၅။ အရှင်ဓနကာဘိဝံသတ်၏ သုတ်မဟာဝါဘာသာဋီကာ၊ တတိယအုပ်။ ၁၉၈၁–ခုနှစ်။ (စာမျက်နှာ–၅၂၇)။ ထေရဝါဒဝိဇ္ဇက၊ ဒီဃနိကာယ်၊ သတိပဋ္ဌာနသုတ်ပါဠိတော်ကြီးတွင် 'ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ– ရဟန်းတို့၊ သတ္တဝါတို့တ်၏ အထူးထူးသောကိလေသာတို့မှ အထူးသဖြင့်ဓင်ကြွေယ်ခြင်းငှာ– စိုးရိမ်ခြင်း၊ ငိုကြွေးမြည်တမ်းခြင်းတို့ကိုကျော်လွန်ခြင်းငှာ အရိယမဂ်ကိုရခြင်းငှာ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းငှာ ဖြစ်သော ကောယနော= တစ်ကြောင်းတည်းသောခရီးလမ်းဟု ဟောတော်မူအပ်သော ပါဠိတော်တစ်ရပ်ရှိသည်။ ထိုသတိပဋ္ဌာန်ပါဠိတော်လာ 'ကောယန'ကို ညောင်ကန်ဆရာတော်ကြီးဦးဗုဒ္ဓက 'ကောယနော=တစ်ကြောင်းတည်းသောခရီးဖြစ်သော။ ကောယနော= တစ်ယောက်အထီးတည်းသာလျှင်သွားအပ်သော။ ကောယနော=မြတ်သောဘုရားသမ္ဗညူ၏ခရီးဖြစ်သော။ ကောယနော=မြတ်သော နိဗ္ဗာန်သို့သာလျှင်သွားတတ်သော' စသည်ဖြင့် အနက်အဓိပ္ပါယ်ပေးတော်မူခဲ့ပါတ်။ ဦးဗုဒ္ဓ၏ မဟာသတိပဋ္ဌာန်သုတ်ပါဠိတော်နိဿ။ ၁၈၉၇–ခုနှစ်။ (စာမျက်နှာ–၃၇)။ မဟာစည်ဆရာတော်ကြီး၏ မဟာသတိပဋ္ဌာနသုတ်ပါဠိနိဿယ။ ၁၉၃၄–ခုနှစ်။ (စာမျက်နှာ–၈၊ အောက်ခြေမှတ်ချက်–၁)၌ ကောယန–ဟူသည် 'သတိပဋ္ဌာန်မှတစ်ပါး နိဗ္ဗာန်သို့သွားသောလမ်းမရှိသောလမ်းစဉ်'ဟုအနက်ပေးတော်မူပါသည်။ ထို့ပြင် 'သတ္တာနံ'ဟူသော စကားအရ 'ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာသာဝက' အားလုံးကိုယူရန် အဋ္ဌကထာ၌ဖွင့်ဆိုထားသည်။ သတိပဋ္ဌာနသုတ်ပါဠိတော်တွင် ကောယန သည် သမ္မညူဘုရားတို့ သွားသောလမ်း၊ နိဗ္ဗာန်သို့သွားသောလမ်းဖြစ်ကြောင်းထင်ရှားပါသဖြင့် မဟာယာနဗုဒ္ဓဘာသာဝင်တို့ဆိုလိုသော'ကောယန'နှင့် ကွဲပြားခြားနားလှကြောင်းကို နှိုင်းယှဉ်ပြီးသိနိုင်လေသည်။

*၄ A. Getty' The Gods of Northern Buddhism. 1914. Page-171.

http://www.dhammadownload.com

အသက် (၇) နှစ်အရွယ်သို့ရောက်သော် မိဘတို့က မိမိတို့မျက်မှောက်၌ သားဖြစ်သူပျက်စီးမည်ကိုမမျှစိမ့်နိုင်ကြသောကြောင့် အရပ်တစ်ပါးသို့သွား၍နေစေခဲ့၏။ နာဂိရိဇုနသည် အသက် (၇)နှစ်အရွယ်တွင် နာလေန္ဒြ(Nālendra-နာလန္ဒ)သို့ရောက်ခဲ့ရသည်။ ထိုအရပ်၌ သရဟ(Saraha)ဆိုသူနှင့်တွေ့ဆုံကာ သရဟကအမိတာယုဘုရားကို အာရုံပြုရန် မန္တန်များသင်ပေး၏။ တန္တြစိဂိုဏ်းသုံး ကာလစကြပညာ (Kālacakra)ကိုလည်းသင်ပေးခဲ့၏။ အသက်(၁၉)နှစ်အရွယ်တွင် နာလန္ဒရှိ ဆရာတော်အရှင်ရာဟုလာထံ၌ ရဟန်းအဖြစ်ခံယူခဲ့ပြီး နာဂိရိဇုနဟူသောဘွဲ့ကိုရရှိခဲ့သည်။ သဗ္ဗတ္ထိဝါဒဂိုဏ်းသုံးစာပေများကိုသင်ယူခဲ့သည်။ *၁

တိဗက်မှတ်တမ်းတစ်ခု၌*၂ နာဂိရိဇုနသည် ကနိသ္သကမင်းလက်ထက်၌ထင်ရှားခဲ့သောပညာရှင်ဖြစ်သည်။ နာဂိရိဇုန၏ဖခင်ကိုယ်တိုင်က နက္ခတ်ပညာကိုတတ်ကျွမ်းသဖြင့် မိမိသား၏အသက်ကိုခန့်မှန်းကာ နာလန္ဒတက္ကသိုလ်ရှိ ရာဟုလာဘဒြ (Rāhulabhadra) ဆရာတော်ထံအပ်နှံပြီး ပညာသင်စေခဲ့သည်။ နာဂိရိဇုနသည် မူလသဗ္ဗတ္ထိဝါဒဂိုဏ်းဝင်ဖြစ်ခဲ့ပြီး နောင်အခါ မဟာယာနဂိုဏ်းသို့ကူးပြောင်းခဲ့၏။ သူသည် နာလန္ဒတက္ကသိုလ်၌ ပါမောက္ခချုပ်အဖြစ် နှစ်ပေါင်းများစွာတာဝန်ထမ်းခဲ့၏။ နာဂိရိဇုနသည် နာလန္ဒ၌သာမက ဂေါဒါဝရီမြစ် (Godāvarī) နှင့် ကရိသ္ဏာ(Krishṇa)မြစ်တို့အနီး၌ နှစ်ပေါင်းများစွာနေခဲ့၏။ အမရဝတီနှင့်နဂိရိဇုနီကောဏ္ဍတို့တွင်လည်းနေဖူး၏။ နာဂိရိဇုနသည် အဂ္ဂိရတ်ပညာ၊ တန္တြပညာတို့ကိုအခေါင်အမြောက်တတ်ခဲ့သူဖြစ်၏။ နာဂိရိဇုနပြုခဲ့သောကျမ်းများမှာ– (၁) မူလမဇ္ဈိမကကာရိကာ(Mūla Madhyamika Kārikā)။ (၂) မဟာပညာပါရမိတာသ္ဗတ္တရ(Mahā-prajñāpāramita Sastra)။ (၃) ဒွါဒသနိကာယသ္ဗတ္တရ(Dvādasa Nikāya Sastra)။ (၄) ဒသဘူမိဝိဘာသသ္ဗတ္တရ (Dasabhumi Vibhāsa Sastra)။ (၅) သုညတာသပ္တ တိ(Sunyata Ṣaptati)။ (၆) ယုက္တိဂဿ္တိက (Yukti Ṣastika)။ (၇) ဝိဂြဟဝျာဝတ္တနီ (Vigraha Vyāvattanī)။ (၈) သုဟေလ္လေခ (Suheillekha)နှင့် (၉) ရတ္နဝလီ (Ratnavali) တို့ဖြစ်ကြသည်။ *၃

နာဂိရိဇုန၏ဘဝနှင့်စပ်၍ ဟရ်သ္ဝစရိတ(Harshacarita)အမည်ရှိသော ဟရ်သ္ဝဝါဟနမင်း၏ အတ္ထုပ္ပတ္တိကျမ်း၌ဖော်ပြထားသည်မှာ– နာဂိရိဇုနသည် လောကီပညာရပ်၌သိဒ္ဓိပေါက်သွားသည့်အတွက် နဂါးပြည်သို့သွားရောက်နိုင်ခဲ့၏။ ဗုဒ္ဓသည် လူပြည်၌ သာဝကလမ်းစဉ်ကိုသာဟောခဲ့ပြီး နဂါးပြည် ပါတာလ (Patala, Rasatala) ၌ ပို၍ခက်ခဲနက်နဲသော ဗောဓိသတ္တ္တလမ်းစဉ်နှင့် သုညဝါဒကိုဟောခဲ့သည်ဖြစ်၍ နာဂိရိဇုနသည် နဂါးပြည်သို့သွားပြီး နဂါးမင်းထံမှ ဗုဒ္ဓဟောကြားခဲ့သော သုညဝါဒကိုသင်ယူခဲ့၏။ နာဂိရိဇုနသည် နဂါးပြည်မှ သုညဝါဒကို လူ့ပြည်သို့ယူဆောင်လာသည်ဟုဆို၏။ ပါတာလနဂါးပြည်ရှိ ဝါသုကီ (Vasuki) နဂါးမင်းသည် လနတ်သား၏မျက်ရည်မှဖြစ်သော ပုလဲရတနာလည်ဆွဲကို နာဂိရိဇုနကိုပေးအပ်လိုက်ပြီး နာဂိရိဇုနက တစ်ဖန် မိမိကို ကိုးကွယ်အားထားသူ သတဝါဟန (Satavāhana) ပြည့်ရှင် ဟရ်သ္ဝဘုရင် (Harsha)မင်းကို လက်ဆောင်ပြန်လည်၍ပေးခဲ့သည်'ဟု ဖော်ပြထား၏။*၄ ဤဇာတ်လမ်းကိုအကြောင်းပြု၍ နာဂိရိဇုနပုံတို့ကိုပြုလုပ်ရာ၌

---

*၁ S. Dutt' Buddhist Monks and Monasteries of India. 1962. Page-278. မှတ်တမ်းတစ်ခု၌ ရေအောက် နာဂ(နဂါး)လောကခြေရင်းတရားများစွာကို ဟောခြင်း နာဂိရိဇုန အမည်ရသည်ဟုလည်း ဖော်ပြထား၏။

*၂ တိဘက်မှတ်တမ်းတစ်ခုမှာ Pag-Sam-jon-zang ဖြစ်သည်။ S. Dutt' Buddhist Monks and Monasteries of Iandia. 1962. Page-278.

*၃ Rgyan-Drug Mchog-Gnyis. 1962. Page-25.

*၄ Baṇa' Harshacharita. 1897. Page-250 f; J. Ph.Vogel' Indian Serpent-Lore. 1926. Page-18.

http://www.dhammadownload.com

မြွေဟောက်ခြောက်ကောင် ပါးပျဉ်းမိုးလျက်ပုံကိုဖြစ်စေ၊ မြွေများရစ်ပတ်ထားသောပုံကိုဖြစ်စေ ပြုလုပ်ကြသည်။ အချို့က 'နာဂါရိုဏ်' ကို (နာဂ + အဏ္ဏ)ဟူ၍ပုဒ်ခွဲပြီး၊ နဂါးတို့ကကိုးကွယ်၍ 'နာဂ' ဟုခေါ်ကြောင်း၊ ထောက်ကြံပင် (ဖောက်ကြံပင်)ဟုအနက်ရသော အဏ္ဏနပင် *(Pentaptera Arjuna; Terminalia Arjuna)* အောက်၌မွေး၍ 'အဏ္ဏန' ဟုခေါ်ကြောင်း စသည်ဖြင့်အဓိပ္ပာယ်ဖွင့်ဆိုကြ၏။နာဂရိုဏ်သည် နဂါးပြည်မှသင်ယူလာသော သုညဝါဒနှင့် ဗောဓိသတ္တ္ဝယာနဘုရားအလောင်းလမ်းစဉ်ကို လူ့ပြည်၌စတင်ဟောပြောပို့ချခဲ့သည်။ ထို့နောက် နာဂါရိုဏ်သည် ဗောဓိသတ္တ္ဝယာနဘုရားအလောင်းလမ်းစဉ်ကိုအခြေခံ၍ မဟာယာနလမ်းစဉ်ကိုပါချမှတ်ပေးခဲ့သည်။[*၁] နာဂါရိုဏ်ကိုလည်း မြောက်ပိုင်းဗုဒ္ဓဘာသာဝင်တို့က 'ဗောဓိသတ္တ္ဝနာဂါရိုဏ်' ဟု ဘုရားအလောင်းတစ်ဆူသဖွယ် သဘောထားခဲ့ကြသည်။

နာဂါရိုဏ် တီထွင်ဟောကြားခဲ့သော မာဇျမိကဂိုဏ်းကျင့်စဉ်မှာ အတ္တကိလမထနှင့် ကာမသုခလွှဲက၊ သဿတနှင့် ဥစ္ဆေဒ၊ အတ္ထိနှင့်နတ္ထိ၊ အတ္တနှင့်အနတ္တ–ဟူသော အစွန်းနှစ်ဖက်တို့၏အလယ်ဗဟိုကျင့်စဉ်ဖြစ်သည်။ ဤသို့အစွန်းတရားတို့ကိုပယ်၍ ထိုအစွန်းတို့၏အလယ်ဗဟိုကိုကျင့်ခြင်းကြောင့် အဖက်ဖက်ကို ငြင်းပယ်နည်း (သို့မဟုတ်) ပတ်လည်ငြင်းပယ်နည်း (၈) မျိုး (အဋ္ဌမုခပဋိပက္ခ) ကိုကျင့်သုံး၏။ မာဇျမိကဂိုဏ်းသည် တွေ့သမျှ ပေါ်လာသမျှတရားတို့ကိုငြင်းပယ်ခြင်းဖြစ်ရာ၊ ဆက်တိုက်ငြင်းပယ်မြဲ ငြင်းပယ်နေပါက (Negation of Negation) နောက်ဆုံးတွင် အစွဲအားလုံးကင်းသောနိဗ္ဗာန်အစစ်(သုညတာ) ကို သိမြင်ရမည်ဟုဆိုထား၏။

မာဇျမိကဝါဒကို နာဂါရိုဏ်တည်ထောင်ခဲ့သောအချိန်က သဗ္ဗတ္ထိဝါဒအယူအဆက အင်အားကြီးမားနေပြီး မဟာယာနအစယျိုးရန် ပြင်ဆင်နေချိန်ဖြစ်၍၊ မာဇျမိကဂိုဏ်း၏အယူအဆသည် အလယ်အလတ်လမ်းစဉ် အယူအဆမျှဖြစ်ခဲ့သည်။ ပညာရှင်အိုက်တဲ (Eitel)က– ထိုမာဇျမိကအယူအဆတွင် ဘုရားအလောင်းဝါဒထက် အလယ်အလတ်ဖြစ်သော ပစ္စေကဗုဒ္ဓါယာနအယူကိုလက်ခံခဲ့ကြကြောင်း၊ ပစ္စေကဗုဒ္ဓယာနသည် သာဝကယာနနှင့် ဗောဓိသတ္တ္ဝယာန၏အကြား အလယ်၌တည်ရှိသောကြောင့်ဖြစ်သည်'ဟုတင်ပြခဲ့သည်။[*၂] မာဇျမိကဂိုဏ်း၏ အဓိကကျသောပိဋကကျမ်းစာမှာ သဗ္ဗတ္ထိဝါဒဂိုဏ်းသုံး သဒ္ဒမ္မပုဏ္ဍရိကနှင့်ပညာပါရမိတာ(Taisho, No.1509) တို့ဖြစ်ကြသည်။

နာဂါရိုဏ်ကာ မာဇျမိကဝါဒကိုလမ်းခင်းပေးခဲ့ပြီး၊ ထိုဝါဒကို ပို၍ကြီးမားကျယ်ပြန့်အောင် ဝိညာဏဝါဒဂိုဏ်း (Vijñāṇavāda)(ခေါ်) ယောဂါစာရဂိုဏ်းကဆောင်ရွက်ခဲ့၏။ ထိုအခါမှ မဟာယာနအယူအဆများဖြစ်ပေါ်လာရလေသည်။ ယောဂါစာရ၏အဓိပ္ပာယ်မှာ ဈာန်သမာဓိရရှိရေးကိုသာအဓိကထား၍ကျင့်သော ကျင့်စဉ်ဖြစ်၏။ နောက်ပိုင်း၌ ဝိညာဏဝါဒဟုခေါ်ခဲ့ကြ၏။ ဝိညာဉ်သာလျှင်အရှိတရားဖြစ်၍ ပြင်ပရုပ်ဝတ္ထုများသည် အမှန်တကယ် ရှိသောတရားများမဟုတ် (Doctrine of Consciousness Only)ဟူသောဝါဒဖြစ်၏။[*၃] ဤဂိုဏ်းကိုစတင် တည်ထောင်သူမှာ အသင်္ဂ (အေဒီ ၄၂၀–၅၀၀) ဖြစ်၏။ အသင်္ဂသည် ဘူမိ(၁၇)ခုကိုဖော်ပြသော ယောဂါစာရဘူမိ (Taisho, No.1579) ကျမ်းကိုရေးခဲ့သောကြောင့် ထိုကျမ်းကိုအစွဲပြုကာ အသင်္ဂ၏ဂိုဏ်းကိုလည်း ယောဂါစာရဂိုဏ်းဟုခေါ်တွင်ခြင်းဖြစ်သည်။

---

*၁ H. Zimmer' Myths and Symbols in Indian Art and Civilization. 1962. Page-68.


*၂ Eitel' Hand Book of Chinese Buddhism. 1970. Page-83.

*၃ J. Takakusu' The Essentials of Buddhist Philosophy. 1956. Page-80.

http://www.dhammadownload.com

ယောဂါစာရဂိုဏ်းကို အသင်္ဂတည်ထောင်သည်မှန်သော်လည်း ထိုအယူဝါဒစတင်တည်ထွင်သူမှာ မေတ္တေယျနာထ(အေဒီ ၂၇၀–၃၅၀)ဆိုသူဖြစ်ကြောင်း တင်ပြကြပြန်၏။*၁ ထိုမေတ္တေယျနာထကို တုသိတာနတ်ပြည်၌စံနေသော မေတ္တေယျဘုရားအလောင်းဟုလည်း ယူဆခဲ့ကြ၏။ သို့ဖြစ်၍ မေတ္တေယျဘုရားအလောင်းမိန့်ကြားသည့် အတိုင်း ယောဂါစာရဝါဒကို အသင်္ဂဖြန့်ဖြူးတည်ထောင်လေဟန် သတင်းကျော်ခဲ့၏။*၂

ယောဂါစရဂိုဏ်းအတွင်း ဗုဒ္ဓ၌ ကာယ(၃)ပါး(တြိကာယ)ရှိသည်ဟူသော အဆိုတစ်ရပ်ပေါ်လာ၏။ ဗုဒ္ဓ၏ရူပကာယကို (၁) နိရ်မာနကာယ (=နိမ္မာနကာယ၊ Nirmāna Kāya) နှင့် (၂) သမ္ဘောဂကာယ (Sambhoga Kāya)ဟု နှစ်မျိုးခွဲလိုက်၏။ ဤနည်းဖြင့် (၁) ရူပကာယ၊ (၂) နိရ်မာနကာယနှင့် (၃) သမ္ဘောဂကာယ–ဟု ဗုဒ္ဓ၏ကာယသုံးမျိုးဖြစ်လာသည်။



နိမ္မာနကာယဆိုသည်မှာ ဘုရားပွင့်စဉ်အခါက ဖူးတွေ့လိုက်ရသော ဗုဒ္ဓ၏ကိုယ်ကာယဖြစ်၏။ ထိုကာယသည် သတ္တဝါအပေါင်းအားတရားဟောရန်၊ တစ်ပါးသူတို့၏အကျိုးကိုဆောင်ရန် ဖန်ဆင်းထားသောကာယဟု ဆိုလိုသည်။ တကယ့်ဘုရားအစစ်မဟုတ်။ ဤနေရာ၌ မြတ်စွာဘုရားရှင်သည် နတ်ပရိသတ်အား နတ်အသွင်ယူ၍ တရားဟောသည်၊ ပြဟ္မာပရိသတ်အား ပြဟ္မာအသွင်ယူ၍ တရားဟောသည်ဟူသောအယူအဆနှင့် မဟာယာနတို့၏ ဤနိမ္မာနကာယအယူသည် တူလှပေသည်။*၃

စင်စစ် ဒီဃနိကာယ်၊ မဟာဝဂ္ဂပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ်တွင် ခတ္တိယပရိသတ်, ဗြာဟ္မဏပရိသတ်, ဂဟပတိပရိသတ်, သမဏပရိသတ်, စတုမဟာရာဇိကပရိသတ်, တာဝတိံသာပရိသတ်, မာရပရိသတ်, ပြဟ္မာပရိသတ်–ဟူ၍ ပရိသတ်ရှစ်ပါး(အဋ္ဌပရိသာ)ရှိရာ၊ ဘုရားရှင်သည် မိမိနဂိုဘုရားအသွင်ဖြင့် ထိုပရိသတ်ရှစ်ပါးတို့၌ တရားဟောသော်လည်း ပရိသတ်အသွင်အလိုက်သာထင်ကြောင်း၊ ပရိသတ်တို့က ယခုတရားဟောနေသော ပုဂ္ဂိုလ်သည် လူလောနတ်လောဟု ခွဲခြားမသိကြောင်းသာလာရှိ၏။ (ဒီ၊ ၁။၉၂။ အံ၊ ၃။၁၂၅)။ ထိုဘုရားရှင်က ထိုပရိသတ်ရှစ်ပါးအလိုက် အသွင်အမျိုးမျိုးဝတ်ဆင်သည်ဟုမပါရှိပေ။

သမ္ဘောဂကာယဆိုသည်မှာ ဗျာန်ချမ်းသာ(ဖလသမာပတ်)ကိုစံစားနေသော ဗုဒ္ဓ၏ကာယကိုဆိုလိုသည်။ ထိုဗျာန်ချမ်းသာခံစားနေသော ဗုဒ္ဓ၏ကာယကို ဗောဓိသတ္တဘုရားအလောင်းများသာမြင်နိုင်သည်။

---

*၁ Radhakrishnan (ed.)' History of Philosophy, Eastern and Western. 1967.

*၂ မောင်အံ့၏ ဗုဒ္ဓသာသနာအနှစ် ၂၅၀၀–ခရီး။ ၁၉၈၀–ပြည့်နှစ်။ (စာမျက်နှာ–၁၀၁)။

*၃ တိုက်ဦး၏မကိုင့်ဆောင်းရုပ်တု (ဆောင်းပါး)။ မြတ်မင်္ဂလာစာစောင်။ ၁၉၉၃–ခုနှစ်။ (စာမျက်နှာ–၃၄)။

http://www.dhammadownload.com

တတိယမြောက်ဗုဒ္ဓ၏ကာယသည် ဓမ္မကာယဖြစ်၏။ ဓမ္မကာယသည် မြတ်စွာဘုရား၏ဉာဏ်တော်တည်ရာဖြစ်၍ အလွန်နူးညံ့သိမ်မွေ့ရကား လူသာမန်တို့မဆိုထားနှင့် ဗောဓိသတ္တဘုရားအလောင်းတို့ပင် ဉာဏ်ဖြင့်ဆင်ခြင်၍ မမြင်နိုင်ဟုဆိုထား၏။*၁

ဗုဒ္ဓဘုရားရှင်သည် ကောင်းကင်ဘုံ၌ သမ္ဘောဂကာယဖြင့် ဖလသမာပတ်ဝင်စားနေပြီး၊ လူပြည်သို့မဆင်း၊ ဆင်းသည်မှာလည်း နိမ္မာနကာယဘုရားအသွင် (ဝါ) ဘုရားအတုမျှသာဆိုသဖြင့် ထိုဝါဒဂိုဏ်းအလိုအားဖြင့် ဘုရားနှင့် လူ့ပြည်သည် အဆက်ပြတ်သွားတော့၏။ ထိုအခါ ဘုရားနှင့် လူ့ပြည်ကြားတွင် အဆက်အစပ်ဖြစ်စေရန် ကြားခံပုဂ္ဂိုလ်လိုလာ၏။ ကြားခံအဖြစ် ဘုရားအလောင်းကိုထားခဲ့ကြ၏။ ထိုဂိုဏ်း၏အယူအရ ဘုရားရှင်သည် ကောင်းကင်ဘုံ၌အမြဲစံနေပြီး ဘုရားအလောင်းမှတစ်ဆင့် လူ့ပြည်ကို ဓမ္မစကားမိန့်ကြားသည်–ဟူ၍ဖြစ်၏။*၂

ဒသဘူမိကဆယ်ဆင့်တရား *၃

ယောဂါစာရဂိုဏ်းက 'သတ္တဝါအပေါင်းကို သံသရာမှကယ်ထုတ်နိုင်ရန် ဘုရားဆုပန်ကြရမည် (တစ်နည်း) ဘုရားလောင်းအဖြစ်ကို ရယူကြရမည်' ဟုတိုက်တွန်းနှိုးဆော်ကာ၊ ဘုရားအလောင်းကျင့်စဉ် ဆယ်မျိုး (ဒသဘူမိက) ကို ထုတ်ပြခဲ့ကြ၏။*၄ ယင်းတို့မှာ–

၁။ ပြမုဒိတာ (Pramuditā)။ ရှေးဘဝက ကောင်းမှုကုသိုလ်တို့ကိုပြုလုပ်ခဲ့သောကြောင့် ဗောဓိသတ္တ၏စိတ်နှလုံးတွင် ရှေးဦးစွာ သမ္မောဓိကိုရရန် လိုလားခြင်းဖြစ်၏။ ယင်းကိုပင် 'ဗောဓိစိတ္တ' ဟု ခေါ်၏။ ဤသို့လျှင် ဗောဓိသတ္တသည် ပုထုဇဉ်အနွယ်မှထွက်၍ တထာဂတ၏အနွယ်သို့သက်ဝင်၏။ ဗုဒ္ဓနှင့် ဗောဓိသတ္တတို့၏လေးစားမြတ်နိုးဖွယ်အလုပ်ကိစ္စတို့ကိုအောက်မေ့ပြီး သူ၏စိတ်နှလုံးတွင် နှစ်သက်ရွှင်လန်းသွား၏။ မဟာကရုဏာဖြစ်ပေါ်လာပြီးလျှင် ဆယ်ပါးသောမဟာပဏိဓာနအကျင့်တို့နှင့်ပြည့်စုံစေရန် တွေးကြံ၏။ ယင်းကို 'ပြမုဒိတာဘူမိ' ဟုခေါ်၏။ (ပြမုဒိတာ=ပါဠိ၊ မုဒိတာ)။

၂။ ဝိမလာ (Vimalā)။ ဤဘူမိတွင် ကာယက်, ဝစီက်, မနောက်အားဖြင့်ဖြစ်သော ဆယ်ပါးသောအကုသိုလ်တရားတို့ကို ဖယ်ရှား၏။ ကိုယ်နှုတ်နှလုံးဖြူစင်စေရန် စောင့်စည်းရှောင်ကြဉ်ခြင်းဖြစ်သော သီလပါရမီကို ဦးစားပေး၍ကျင့်ကြံသည်။ ဝိမလာဆိုသည်မှာ စင်ကြယ်သန့်ရှင်းခြင်းပင်တည်း။

၃။ ပြဘာကရီ (Prabhākarī)။ ဤတတိယဘူမိတွင် သူတော်ကောင်းသည် လောက၏အလုံးစုံသော သဒ်တတရားတို့ကို အနိစ္စ(အမြဲမရှိ)ဟုမြင်၏။ သူသည် ရှစ်ပါးသောသမာဓိ၊ လေးပါးသောပြဟ္မဝိဟာရနှင့် သိဒ္ဓိများကိုရလေသည်။ ကာမ–ဝါသနာ, ဂေဟာတဏှာအားနည်းသွား၍ သူ၏သဘာဝမှာ သန့်ရှင်းသွား၏။ အထူးသဖြင့် သမာဓိဖြင့် ဈာနပါရမီကိုဖြည့်ကျင့်သည်။ (ပြဘာကရီ=ပါဠိ၊ ပဘာကရီ)။

---

*၁ The Encyclopedia of World Faiths. 1987. Page-239.

*၂ ဦးဖိုးကျား၏ မဟာယာနဂိုဏ်း။ ၁၉၅၄–ခုနှစ်။ (စာမျက်နှာ–၄၄)။ B.L. Suzuki' Mahayana Buddhism. 1963. Page-52.

*၃ ဘူမိ = Literally 'ground, soil, earth', here used to denote a career, or stage of development, of a Bodhisattva. J.J. Jones (Tr.)' The Mahāvastu. Vol. I. 1949. Page-53¹

*၄ ဗောဓိသတ္တဘူမိတွင် ဝိဟာရအားဖြင့် (၁၃)ဆင့်ရှိသည်ဟုလည်းကောင်း၊ မဟာဝဿနှင့် ဇာတသ္သုတ္တရိကာပညာပါရမိတာတို့၌ (၁၀)ဆင့်ရှိသည်ဟုလည်းကောင်း၊ လံကာဝတာရသုတြ၌ (၇)ဆင့်ရှိသည်ဟုလည်းကောင်း ဖော်ပြထားသည်– Har Dayal' The Bodhisattva Doctrine in Buddhist Sanskrit Literature. 1932. Page-270.

http://www.dhammadownload.com

၄။ အရိစိမတီ (Arciṣmatī)။ ဤဘူမိတွင် သူတော်ကောင်းသည် ဗောဇ္ဈင်နှင့် မဂ္ဂင်၏လမ်းပေါ်တွင် သွားနေသည်၊ သူ၏စိတ်တွင် မေတ္တာနှင့်ကရုဏာတို့ တစ်ခဲနက်ဖြစ်နေသည်၊ ယုံမှားသံသယလည်း မရှိတော့။ ရာဂကွင်းကွာ၍ ဝီရိယပါရမီကိုအထူးဖြည့်ကျင့်သည်။

၅။ သုဒုရ်ဇယာ (Sudurjayā)။ စိတ်မျှတ၍ အတွေးအကြံများသန့်ရှင်းသောသူတော်ကောင်းသည် စတုတ္ထဘူမိမှ ပဉ္စမဘူမိသို့ဝင်လာသည်။ သတ္တဝါတို့အပေါ်တွင်သနားကြင်နာသဖြင့် အမျိုးမျိုးသောလောကီဝိဇ္ဇာတို့ကိုလေ့လာသည်။ ဤဘုံတွင် သူတော်ကောင်းသည် လောကကိုစွန့်ခွာပြီး ဥပဒေသပေးသည်။ ဈာနပါရမီကိုလေ့လာခြင်းသည် ဤဘုံ၏ထူးခြားခြင်းဖြစ်၏။

၆။ အဘိမုခီ (Abhimukhī)။ ဆယ်ပါးအပြားရှိသောမျှတခြင်းဖြင့် ဤဘုံသို့ရောက်နိုင်၏။ လောကတွင် ရှိရှိသမျှအရာဝတ္ထုတို့ကို သုညအဖြစ်ဖြင့်သိ၏။ ထို့ပြင် သတ္တဝါတို့အပေါ်တွင် သနားကြင်နာသည့်အတွက် လောက၏သုညဖြစ်သောအရာဝတ္ထုတို့ကို မှန်ကန်စွာသိစေ၏။ မသိနားမလည်သူတို့အပေါ်မှာလည်း သနားကြင်နာ၏။ ဤသို့တိုင်အောင်သောဘုံတို့မှာ ဟိနယာနတို့၏ဘုံလေးဆင့်နှင့် ညီညွတ်သည်။ သတ္တမဘုံမှစ၍ သုညတကိုရစေရန်ကြိုးစား၏။ ပညာပါရမီကိုဖြည့်ကျင့်ခြင်းမှာ ဤဘုံ၏ထူးခြားချက်ဖြစ်၏။

၇။ ဒူရံဂမာ (dūraṃgamā)။ ဤဘုံတွင် သူတော်ကောင်းသည် မဂ္ဂင်ကိုထူးသောအသွင်ဖြင့် မြင့်မားအောင်ကြိုးစား၏။ သူသည် ဆယ်ပါးအပြားရှိသော ဥပါယ်ဉာဏ် (ဥပါယကောသလ္လဉာဏ)ပြည့်စုံစေရန် အားထုတ်၏။ လိမ္မာသော မာလိန်မူးသည် သမုဒ္ဒရာတွင် သူ၏လှေကို ဘေးကင်းရာသို့ရောက်အောင်မောင်းနှင်သကဲ့သို့ ထို့အတူ သတ္တမဘုံတွင် ဗောဓိသတ္တသည် သမ္မညူတသမုဒ္ဒရာသို့ သက်ဝင်လေသည်။ သူသည် သမ္မညူဖြစ်သော်လည်း နိဗ္ဗာန်သို့ရောက်ရန်မှာ ဝေးကွာလှပါသေးသည်။

၈။ အစလာ (Acalā)။ ဤဘုံတွင် သူတော်ကောင်းသည် အရာဝတ္ထုတို့ကို အရသာမရှိဟု ကောင်းစွာထင်ထင် သိမြင်၏။ သူ့မှာ ကိုယ်နှုတ်နှလုံး၌ နှစ်သက်မှုလုံးဝမရှိချေ။ အိပ်မက်မှန်းသောသူသည် အိပ်မက်တွင် တွေ့မြင်ရသောအကြောင်းအရာတို့ကို အချည်းနှီးဟုထင်မြင်သကဲ့သို့ ဤဘုံမှသူတော်ကောင်းသည် အလုံးစုံသော ပပဉ္စတို့ကို မျက်လှည့်သဖွယ်ထင်မြင်၏။

၉။ သာဓုမတီ (Sādhumatī)။ ဤဘုံတွင် သူတော်ကောင်းသည် လူတို့ကိုကယ်တင်ရန်အတွက် အသစ်အသစ်ဖြစ်သော နည်းလမ်းတို့ဖြင့် ဥပဒေသပေးပြီးလျှင် ဗောဓိသတ္တ၏ပြည့်စုံမှုဗိုလ်လေးပါးကိုလေ့ကျင့်သည်။

၁၀။ ဓရ်မမေဃာ (Dharmameghā)။ ဤဘုံ၏ အခြားအမည်မှာ အဘိဓေက(Abhiṣeka)ဖြစ်သည်။ ဤဘုံတွင် ဗောဓိသတ္တသည် အလုံးစုံသောသမာဓိတို့ကိုရလေပြီ။ ဘုရင်သည် မိမိသားတော်ကို အိမ်ရှေ့ဥပရာဇာဘိသိက်မြှောက်သကဲ့သို့ ဗောဓိသတ္တသည် ဗုဒ္ဓအဖြစ်သို့ရောက်ခြင်းကို ဆိုလိုသည်။

ဤသည်တို့ကား မဟာယာနဗုဒ္ဓဘာသာဝင်တို့၏ ဗောဓိသတ္တဘုရားလောင်းတို့ကျင့်သုံးရာ မြတ်သော ဘုံဆယ်ဆင့်တို့ပေတည်း။[*၁] လင်္ကာဝတာရသုတြတွင် ဘုံဆယ့်တစ်ဆင့်သည် တထာဂတဘူမိခေါ် ဘုရားရှင်တို့၏ဌာနကျင့်စဉ်ဖြစ်ကြောင်း ဖော်ပြထားသည်။

---

*၁ Har Dayal' The Bodhisattva Doctrine in Buddhist Sanskrit Literature. 1932. Page-284-291; J.Takakusu' The Essentials of Buddhist Philosophy. 1956. Page-124. ဦးသော်ဓင်၏ဗုဒ္ဓအမြင်ကိုလေ့လာခြင်း။ ၁၉၆၂-ခုနှစ်။ (စာမျက်နှာ-၂၃၁)။

http://www.dhammadownload.com

ဗောဓိသတ္တ၏ သစ္စာအဓိဋ္ဌာန်

မဟာယာနဗုဒ္ဓဘာသာဝင်တို့သည် ဗောဓိသတ္တဘုရားလောင်းကို ကိုးကွယ်ဆည်းကပ်ကြရာတွင် ဗောဓိသတ်တို့၏ရဲရဲတောက်ကြွေးကြော်သံကို သဘောကျနှစ်သက်သောအကြောင်းသည်လည်း ပဓာနကျသော အချက်တစ်ရပ်ဖြစ်လေသည်။

ဤနေရာ၌ ထေရဝါဒတို့၏ပါဠိပိဋကတ်တော်လာ ဘုရားအလောင်းတို့၏ မွန်မြတ်သောအဓိဋ္ဌာန်ထားပုံတို့ကိုလည်း ဖော်ပြလိုပေသည်။ ခုဒ္ဒကနိကာယ်၊ ဗုဒ္ဓဝံသပါဠိတော်၊ သုမေဓပတ္ထနာကထာ၊ ဂါထာအမှတ်(၅၆)၌ ဘုရားအလောင်းသုမေဓာရှင်ရသေ့သည် ဘုရားဆက်ပန်ရန်ကြံစည်စဉ်အခါ၌ စဉ်းစားရာတွင် 'ပညာ,သဒ္ဓါ, ဝီရိယ စသည့် သုံးတန်စွမ်းအားအမှန်ရှိသော ယောဂျီးကောင်းငါသည် သံသရာဝဋ်အတွင်းမှ တစ်ကိုယ်တည်း ကူးမြောက်ခြင်းအားဖြင့် အဘယ်အကျိုးရှိအံ့နည်း သမ္ဗညုတဉာဏ်သို့ရောက်အောင်ကြိုးကုတ်ပြီး လူနတ်နှင့်တကွ သတ္တဝါတို့အား သံသရာဝဋ်ဆင်းရဲဒုက္ခပင်လယ်မှဆယ်တင်အံ့' (သန္တာရေသဲ သဒေဝကံ) ဟူသော အချက်တစ်ရပ်။

ဂါထာအမှတ် (၅၇) တွင် 'ငါသည် ဒီပင်္ကရာဘုရားရှင်၏ခြေတော်ရင်း၌ မိမိကိုယ်ကိုဝပ်စင်းကာ အသက်ကို မငဲ့ကွက်တဲ့ တံတားခင်းလှူထားသော အဓိကာရကောင်းမှုကံကြောင့် သမ္ဗညုဘုရားအဖြစ်သို့ ကိုယ်တိုင်ရောက်ပြီးလျှင် သတ္တဝါအပေါင်းတို့ကိုလည်း သံသရာဝဋ်ဆင်းရဲ ဒုက္ခပင်လယ်ထဲမှ ထုတ်ဆယ်ကယ်တင်ပေအံ့' (တာရေမိဇနတံ ဗဟုံ) ဟူသောစကားရပ်။

ဂါထာအမှတ် (၅၈) တွင် 'ငါသည် သံသရာရေအလျဉ်ကိုဖြတ် ဘဝသုံးပါးကိုဖျက်ဆီးပြီးလျှင် မဂ္ဂင်ရွှစ်ဖြာ ဓမ္မဖောင်တော်သာထက် တက်၍စီးကာ နတ်နှင့်တကွသော သတ္တဝါတို့ကို သံသရာဝဲဂယက်မှ ထုတ်ဆယ်တင်ပေအံ့' (ဓမ္မနာဝံ သမာရုယှ၊ သန္တာရေသဲ သဒေဝကံ) ဟူသောအချက်တစ်ရပ် (ခု၊ ၄။ ၃၁၀။) ဤအချက်တို့ကို မဟာယာနဆိုင်ရာစာပေကျမ်းဂန်တို့က ဗောဓိသတ္တ၏သစ္စာအဓိဋ္ဌာန်လေးချက်[*၁] (Four Vows of Bodhisatta) ဟူ၍ ပြဆိုကြသည်။[*၂]

ထိုဗောဓိသတ္တ၏အဓိဋ္ဌာန်ချက်ကို အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုကြသော်လည်း 'သတ္တဝါအားလုံးကို နိဗ္ဗာန်သို့ရောက်အောင်ပို့ဆောင်ကယ်တင်ပြီးမှ မိမိကနိဗ္ဗာန်သို့ဝင်စံမည်' ဟူသော အဓိဋ္ဌာန်ချက်သည်ကား အလွန်ထင်ရှားပြီး ပဓာနကျသောအချက်ဖြစ်သည်။[*၃]

မေတ္တေယျရှင်တော်အတွက်မူ အောက်ပါအတိုင်း သစ္စာပန္နက်ငါးချက်ရှိကြောင်း ပြဆိုထားသည်။[*၄] မေတ္တေယျရှင်အဓိဋ္ဌာန်ပြုသော သစ္စာပန္နက်ငါးချက်တို့မှာ-

---

*၁ ပြဏိဓာန(Praṇidhāna)။ (ပါဠိ၊ ပဏိဓာန)=တောင့်တခြင်း။ ဘုရားဆုပန်ခြင်း။ ဤသို့ ဘုရားဆုပန်တောင့်တမှု ပြဏိဓာနသည် ဗောဓိသတ္တ ဘုရားအလောင်းတို့အား ဆယ်တန်(ဒသဗလ)တွင် တစ်ခုအပါအဝင်ဖြစ်သည်။ F.Edgerton' Buddhist Hybrid Sanskrit Dictionary. Page-360; Vow=n, 1. သစ္စာကတိပြုခြင်း။ သစ္စာပန္နက်ခြင်း။ သစ္စာအဓိဋ္ဌာန်ခြင်း။ သစ္စာပြုခြင်း–ထားခြင်း–ဆိုခြင်း။ Dr. Ba Han' The University English- Burmese Dictionary. 1951. Page-2189.

*၂ Max Muller(ed.)' Dharmasaṅgraha. 1885. Page-XIV; S.Levi(ed.)' Mahāyāna Sutrālaṅkāra. 1907. Page-141; J. Rahder(ed.)' Dasabhumika Sutra. 1926. Page-39; etc. Sakaki(ed.)' Mahāvyutpatti. 1928. Sec: 39. Page-73.

*၃ Peggy Morgan' Buddhism. Dictionaries of World Religions. 1987. Page-14.

*၄ C. M. Chen' How to Develop The Bodhi-Citta. 1971. Page-10.

http://www.dhammadownload.com

၁။ လောကသံသရာကြီးအတွင်း၌ ခံယူတတ်, သိတတ်နိုင်သောသတ္တဝါတို့ အသည်းမက များစွာတည်ရှိကြပေလိမ့်မည်။ ထိုသတ္တဝါတို့အား သံသရာဝဋ်ဆင်းရဲမှလွတ်ကာ နိဗ္ဗာန်ထုတ်ချောက်ရောက်ကြစေရန် ငါကယ်တင်မည်။

၂။ ထိုသို့ မရေတွက်နိုင်သောသတ္တဝါတို့အား စည်းစိမ်ဥစ္စာအဖြာဖြာနှင့် လောကီလောကုတ္တရာအသိဉာဏ်အဖြာဖြာတို့ဖြင့် လွှမ်းပတ်တည်စေမည်။

၃။ ထိုသို့ မရေတွက်နိုင်သောသတ္တဝါတို့၌ မိမိတို့နှင့် ထိုက်သည့်အားလျော်သောဓမ္မအနှစ်ကို ယင်းတို့၏ နှလုံးသားဝယ် ကိန်းဝပ်တည်စေမည်။

၄။ ထိုသို့ မရေတွက်နိုင်သောသတ္တဝါတို့အားမျှော်မှန်းထားရှိအပ်သော သမ္မာသမ္ဗုဒ္ဓဆုမြတ်နှင့်ပြည့်စုံစေခြင်းငှာ ကူညီစောင့်ရှောက်မည်။

၅။ ထိုသို့ မရေတွက်နိုင်သောသတ္တဝါတို့ကို တရားဦးနှာယူရုံမျှဖြင့် နိဗ္ဗာန်သို့ဝင်စံကာ သမ္မာသမ္ဗောဓိ[*၁] အဖြစ်သို့ရောက်အောင် ပို့ဆောင်ပေးမည်–ဟုဖြစ်သည်။

အထက်ပါနည်းအတိုင်း သစ္စာပန္နက်ရိုက်ကာ အဓိဋ္ဌာန်ပြုထားသော ဗောဓိသတ္တဘုရားလောင်းဟုဂိုလ်တို့သည် 'မိမိ၏ကိုယ်ကို တံတားသဖွယ် လှေသဘော်သဖွယ်အသုံးချ၍ သံသရာခရီးသွားသတ္တဝါတို့အား သံသရာဝဲမှထုတ်ဆောင်၍ နိဗ္ဗာန်သို့အရောက်ပို့ပေးနိုင်မည့်စိတ်ထားရှိသည်' ဟူ၍လည်း သန္တိဒေဝ၏ ဗောဓိသတ္တကျင့်စဉ်၌ ရေးသားထားလေသည်။[*၂] သို့ပါ၍ ဗောဓိသတ္တဘုရားလောင်းတို့ အဓိဋ္ဌာန်ချမှတ်ခဲ့သော သစ္စာပန္နက်သည် လွယ်လွယ်နှင့်ဖြစ်ပေါ်လာခြင်းကားမဟုတ်။ အတိုင်းမသိသောအရေအတွက်ရှိသည့် သတ္တဝါတို့ကို ကယ်တင်နိုင်လိုသည့် ကရုဏာတရားပြည့်စုံပြီးဖြစ်ရမည် (တစ်နည်း) အမောဃသိဒ္ဓိပြီးမြောက်ရမည်ဟုဆိုလိုသည်။[*၃] ကရုဏာတရားပြည့်စုံခြင်းကို ဖော်ပြနိုင်ရန်အတွက် ဗျာနိဘုရားလောင်းတို့၏လက်ဟန်(မုဒြာ)တွင် အမောဃသိဒ္ဓိ (Gesture of Fearlessness) ကို အဘယမုဒြာလက်ဟန်ဖြင့် သရုပ်ဖော်ပြလေ့ရှိသည်။[*၄] အမောဃသိဒ္ဓိ–ဟူသည် ကြံစည်သမျှ အလုံးစုံပြည့်စုံပြီဖြစ်၍ တစ်စုံတစ်ရာစိုးရွံ့ထိတ်လန့်ဖွယ်မရှိ–ဟူသော အဓိပ္ပာယ်ကို ဆောင်သည်။

ပါရမီခြောက်ပါးကျင့်စဉ်တရား

မဟာယာနဗုဒ္ဓဘာသာဝင်တို့အယူအားဖြင့် ဘုရားလောင်းဗောဓိသတ်သည် ကြံစည်သမျှအလုံးစုံ ပြည့်စုံစေရန် (တစ်နည်း) အမောဃသိဒ္ဓိပြီးစီးပြည့်စုံရန်အလို့ငှာ မဟာကရုဏာတရားကိုသာမက ပါရမီတော်ခြောက်ပါးကိုလည်း ပေါက်မြောက်အောင်ဖြည့်ကျင့်ရမည်။ ပါရမီခြောက်ပါးဟူသည်– (၁) ဒါနပါရမီ၊ (၂) သီလပါရမီ၊ (၃) ခန္တီပါရမီ၊ (၄) ဝီရိယပါရမီ၊ သမာဓိပါရမီ(ဈာန်)နှင့် ပညာပါရမီတို့ဖြစ်ကြသည်။[*၅]

---

*၁ Samyak-Sambodhi. (သက္ကတ=Samyak ၊ ပါဠိ=သမ္မာ၊ တိဗက်=Yan-dag) = Which the Buddha proclaimed as the aim of his teaching in his first sermon at Benares thus distinguishing it from the passive or static concept of nirvāṇa- Lama A. Govinda' Foundations of Tibetan Mysticism. 1975. Page-169.

*၂ Shantideva' A Guide to the Bodhisatva' Way of Life. 1979.

*၃ Lama A. Govinda' Foundations of Tibetan Mysticisim. 1975. Page-272.

*၄ B. Bhattacharya' The Indian Buddhist Iconography. 1958. Page-55.

*၅ John Blofeld' The Tantric Mysticism of Tibet. 1970. Page-135.

http://www.dhammadownload.com

ဗောဓိစရိယကျမ်း၊ အနုတ္တရပူဇာအစီအရင်တွင်ဖော်ပြပါရှိသော ပါရမိတာဂဟဏ-ခေါ် ပါရမိတော် ခြောက်ပါးကျင့်စဉ်တရားမှာ အောက်ပါအတိုင်းဖြစ်ပြန်၏။*၁ ပါရမိတာ-ဟူသည် ပုဏ္ဏတာ=ပြည့်စုံသည်၏ အဖြစ်ပင်ဖြစ်သည်။ သူ၏ပါဠိအသွင်မှာ 'ပါရမီ'ဖြစ်သည်။

၁။ ဒါနပါရမိတာ။ ။အလုံးစုံသောသတ္တဝါတို့အားပေးလှူခြင်းနှင့် ဒါန၏အကျိုးဖလကို စွန့်လွှတ်ခြင်းသည် ဒါနပါရမီမည်၏။ ဒါန၏အကျိုးဖလကိုမျှော်လင့်နေပါမူ ထိုဒါနမှာ နှောင်အိမ်နှင့်တူ၍ ဒါနပါရမီနှင့် ပြည့်စုံလိမ့်မည် မဟုတ်ချေ။ သို့ကြောင့် ဒါနပါရမီနှင့်ပြည့်စုံရေးအတွက် ဒါန၏အကျိုးဖလကိုစွန့်လွှတ်ရန် လိုအပ်ပေသည်။ ဘဝသံသရာ၌ ဒုက္ခ၏အရင်းမူလမှာ အလုံးစုံကိုလက်ခံသိမ်းပိုက်ခြင်းဖြစ်၏။ လက်ခံသိမ်းပိုက်မှု မရှိခြင်းဖြင့် ထိုဘဝသံသရာ၏ဒုက္ခမှလွတ်မြောက်မှုကိုရရှိနိုင်လေသည်။ ဒါနပါရမီကိုဖြည့်ကျင့်ခြင်းဖြင့် မည်သည့် အရာဝတ္ထုကိုမျှ မိမိအတွက်ဟူ၍ ချန်မထားတော့ပေ။ အလုံးစုံသောသတ္တဝါတို့ကို သားပမာထား၍ မိမိကိုယ်ကို လူတိုင်း၏သားအဖြစ်ဖြင့် မှတ်ယူထားပြန်၏။ ဗောဓိသတ္တဘုရားအလောင်းသည် ကောက်ကျစ်စဉ်းလဲခြင်း, ငြူစူခြင်း,ဝန်တိုခြင်းနှင့် ဘဝသံသရာတွင်နစ်မြုပ်နေခြင်းတို့ကိုစက်ဆုပ်သည်။ သူသည် ဘယ်အရာဝတ္ထုတို့၏ အပေါ်တွင်မှ စိုးရိမ်သောကမဖြစ်ချေ။ အကျိုးကျေးဇူးကိုလည်း မျှော်လင့်ခြင်းမရှိချေ။ ဒါနတရားကို ဗောဓိသတ္တ ဘူမိကျမ်း(၄၇-က၊ ၅၂-၃)၌ ကိုးမျိုးရှိကြောင်း ဖော်ပြထားသည်။ ထိုဒါနကိုးမျိုးတို့မှာ- (၁) သွဘာဝဒါန၊ (၂) သရီဗဒါန၊ (၃) ဒုဖ္ဖ ရံဒါန၊ (၄) သရီဗတော မုခံဒါန၊ (၅) သတ္တုရိမဒါန၊ (၆) သရီတကာရံဒါန၊ (၇) ဝိယာ တာရ်ထိုက်ဒါန၊ (၈) ကုဟာမုတြသုခံဒါန၊ (၉) ဝိသုဒ္ဓံဒါန-ဟုဖြစ်သည်။*၂

မဟာယာနပုဒ္ဓဘာသာစာပေကျမ်းဂန်တို့တွင် ဒါနပါရမီကိုသရုပ်ပေါ်စေရန်အတွက် ဇာတကမာလာ၊ သုဝရ်ဏပြဘာသတို့တွင်လာသော ဘုရားအလောင်းအဖိတနှင့်ကျားမကြီးဝတ္ထု၊*၃ အဝဒါန,ဇာတက,ဇာတက မာလာတို့တွင်လာသော ဦးခေါင်းဖြတ်လှူသောသိဝိမင်းဝတ္ထု၊*၄ ဒီဗျာဝဒါန,အဝဒါနကလွလတာတို့တွင်လာသော ရွှပဝတီအမျိုးသမီး*၅ ဝတ္ထုတို့ဖြင့် ဥပမာဆောင်ပြကြလေ့ရှိသည်။*၆

၂။ သီလပါရမိတာ။ ။သီလသည် မဟာယာနပုဒ္ဓဘာသာဝင်တို့အလိုအားဖြင့် သူ့အသက်ကိုညှဉ်းပန်း နှိပ်စက်ခြင်းအစရှိသော ရွှတ်ချဖွယ်အလုပ်ကိစ္စတို့မှ စိတ်ကိုရှောင်ကြဉ်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် မကောင်းမှုဒုစရိုက်တို့မှ စိတ်ကိုရှောင်ကြဉ်ရန်လေ့လာခြင်းပင်တည်း။ ဒါနပါရမီတွင် အတ္တဘောအားစောင့် ရှောက်ခြင်းကို လေ့ကျင့်ပေးသည်။ ထိုသို့စောင့်ရှောက်နိုင်မှသာ ကမ္ဘာလောကတွင်ရှိသောသတ္တဝါအများက သူ့(ဗောဓိသတ္တ)အား ကိုးစားနိုင်ကြပေမည်။ အကယ်၍ အတ္တဘောကိုမစောင့်ရှောက်ပါလျှင် တစ်ပါးသောသူတို့က သူ့အား အဘယ်မှာကိုးစားနိုင်ကြမည်နည်း?။ သို့ကြောင့် သိက္ခာသမုစ္စယကျမ်းတွင် ဝိရဒတ္တက 'ယောဂိသည် လှည်းကဲ့သို့ ဝန်ကိုဆောင်ရန် အသိဉာဏ်ဖြင့်ကိုယ်ခန္ဓာကိုစောင့်ရှောက်ရာ၏'ဟုဆိုထားလေသည်။

---

*၁ ဤပါရမိတာခြောက်ပါးကို လလိတဝိသ္တရ၊ ၅။ ၃၄၀-၂၁။ မဟာဝဿ၊ ၃။ ၂၂၆။ စသည်တွင်လည်းရှုပါ။ ထိုကျမ်းများ၌ (၇) ဥပါယပါရမိတာ၊ (၈) ပရကိစာန ပါရမိတာ၊ (၉) ဗလပါရမိတာနှင့် (၁၀) ဇ္ဉာန(ဉာဏ)ပါရမိတာ-ဟု နောက်ဆက်တွဲ ပါရမိတာလေးပါးကို ဖြည့်စွက်ကြပြန်သည်။ Har Dayal' The Bodhisattva Doctrine in Buddhist Sanskrit Literature. 1932. Page-168. ဦးဖိုးကျား၏ မြောက်ဗိုင်းဗုဒ္ဓဘာသာ။ ၁၉၅၄-စုနှစ်။ (စာမျက်နှာ-၁၈၀)။

*၂ Har Dayal' The Bodhisattva Doctrine in Buddhist Sanskrit Literature. 1932. Page-137[39].

*၃ J.S. Speyar(Tr.)' The Gātakamāla. 1990. Page-2.

*၄ J.S. Speyar(Tr.)' The Gātakamātā. 1990. Page-8. ဇာ၊၆။၄။၄၀၂။ ဧရိယာ၊၆။၀၄။

*၅ Cowell & Neil(ed.)' The Divyāvadāna. 1886. Page-469.

*၆ Har Dayal' The Bodhisattva Doctrine in Buddhist Sanskrit Literature. 1932. Page-182.

http://www.dhammadownload.com

ကိုယ်ခန္ဓာကိုစောင့်ရှောက်သည့်နည်းတူ စိတ်ကိုလည်းစောင့်ထိန်းရမည်ဖြစ်၏။ စိတ်သည် အစဉ်သဖြင့် အာရုံသို့မျက်နှာမူနေလေရာ အကယ်၍ စိတ်ကိုကာကွယ်စောင့်ရှောက်ခြင်းမပြုပါက ဘယ်နည်းနှင့်မျှ ငြိမ်းချမ်းမှုကို ရနိုင်မည်မဟုတ်ချေ။ ရန်သူ စသည်တို့မှာ အပြင်အပမှာဖြစ်၍ သူတို့ကိုတားမြစ်ရန်မဖြစ်နိုင်၊ အတွင်းစိတ်ကို တားမြစ်ခြင်းသည်သာလျှင် ကိစ္စပြီးမြောက်သည်။ အရှင်သန္တိဒေဝသည် ဗောဓိစရိယတွင် ဤသို့ရှင်းပြထား၏။

> ခြေထောက်ကိုစောင့်ရှောက်ရန်အတွက် ဆူးကိုသုတ်သင်ပစ်ဖို့လိုသည်။ သို့အတွက် မြေကြီးကို သားရေဖြင့် ဖုံးလွှမ်းသင့်သည်။ သို့ရာတွင် မြေတစ်ပြင်လုံးကိုဖုံးလွှမ်းရန် ထိုမျှသောသားရေကို အဘယ်မှာရပါမည်နည်း?။ အကယ်၍ရသည်တိုင်အောင် မြေကြီးကိုဖုံးထားနိုင်ပါမည်လား?။ မိမိခြေကို သားရေဖြင့်ဖုံးကွယ်ကာခြင်းဖြင့်သာ အလုံးစုံသောမြေအပြင်ကို ဖုံးကွယ်ခြင်းကိစ္စ ပြီးမြောက်နိုင်၏။ ဤသည်မှာ စိတ္တနိဝရဏဆေး စိတ်ကိုတားမြစ်ရန်အကြောင်းဖြစ်သည်။
>
> နွားဇာတ်အနွှာ ရာယ်မှကာကွယ်ရန် လယ်ကွက်ရှိသမျှကိုဖုံးအုပ်ထားခြင်းထက် လယ်များကို စားလိုသော လောဘဖြင့် ဟိုဟိုသည်သည်လှည့်လည်နေသောနွားမကိုဖမ်းပြီး ထိန်းသိမ်းထားခြင်းမှာ လွယ်ကူသောနည်းလမ်း ဖြစ်သည်။ အာရုံတို့မှာ များပြားလှသောကြောင့် သူ့ကိုတားမြစ်ထားရန်မှာ မဖြစ်နိုင်ချေ။ သို့ကြောင့် မိမိ၏စိတ်ကိုတားဆီးခြင်းသည်သာ လွယ်ကူသောနည်းလမ်းဥပါယ်ဖြစ်သည်။

စိတ်ကိုစောင့်ရှောက်ရန်အတွက် သတိနှင့်သမ္ပဇညကို စောင့်ရှောက်ဖို့လိုသည်။ သတိ၏အနက်မှာ အောက်မေ့ခြင်းဖြစ်၏။ သတိသည် တံခါးစောင့်ကဲ့သို့ အကုသိုလ်တို့ကို ဝင်ခွင့်မပေးချေ။ သမ္ပဇညသည် ဝေဖန်ဆုံးဖြတ်ခြင်းဖြစ်၏။ စားသောက်ခြင်း, အိပ်စက်နိုးကြားခြင်း, ထခြင်း ထိုင်ခြင်း အစရှိသောအချိန်တိုင်းမှာ ကိုယ်နှင့်စိတ်ကို သေချာစွာစိစစ်၏။ မျှတခြင်းတန်ခိုးဖြင့်သာ စိတ်တည်ကြည်၍၊ တည်ကြည်သောစိတ်ဖြင့်သာလျှင် ယထာဘူတ ဟုတ်မှန်သည့်အတိုင်းသိမြင်သည်။ စိတ်ကိုဆုံးမခြင်းမှာ ဓမ္မဖြစ်၍၊ ဓမ္မကိုဆုံးမခြင်းမှာ ဗောဓိဖြစ်၏။ စိတ်ကိုသုတ်သင်ရန်အတွက် သီလပါရမီကိုဖြည့်ကျင့်ရလေသည်။

မဟာယာနဗုဒ္ဓဘာသာဝင်တို့သည် သီလပါရမိတာ၏သရုပ်ကိုပေါ်လွင်စေခြင်းငှာ ဇာတကမာလာ၊ ဒီဗျာဝဒါန၊ အဝဒါနဇာတကနှင့် ကပေမေန္ဒြတို့၌လာသောဝတ္ထုများကို ဥပမာဆောင်၍ဖော်ပြခဲ့ကြသည်။*[၁]

၃။ ခန္တီပါရမိတာ။ ။ဒေါသကိုငြိမ်းစေရန်အတွက် ဤပါရမီကိုဖြည့်ကျင့်ရလေသည်။ ဒေါသနှင့်တူသော တစ်ပါးသောအကုသိုလ်မည်သည်မရှိချေ။ ထို့ပြင် ခန္တီနှင့်တူသော တစ်စုံတစ်ရာသောအကျင့်မည်သည်လည်း မရှိနိုင်ပေ။ ဤပါရမီကိုဖြည့်ကျင့်ရန်အတွက် ဆရာသန္တိဒေဝက ဗောဓိစရိယကျမ်းတွင်–

> လူသည် သည်းခံသင့်လေသည်။ သည်းခံခြင်းမရှိသောလူသည် အကြားအမြင်သုတကို ဆည်းပူးရာတွင် ပင်ပန်း၏။ သည်းခံနိုင်ရန်မရှိသောကြောင့် လုံ့လဝီရိယပျက်စီး၏။ သက်သောင့်သက်သာစွာဖြင့် အကြားအမြင်သုတဉာဏ်ကို လိုလားအပ်၏။ ဉာဏ်ရှိသောသူသည် တောဝနကို အမှီပြုသင့်၏။ တောဝနမှာလည်း စိတ်ကိုဆောက်တည်ခြင်းမရှိဘဲပြန့်လွင့်နေပါလျှင် ငြိမ်းချမ်းမှုမရနိုင်ချေ။ သို့ကြောင့် သမာဓိကိုထူထောင်ရမည်။ စိတ်တည်ကြည်သော်လည်း ကိလေသာကို သုတ်သင်ခြင်းမရှိပါက အကျိုးထူးလိမ့်မည်မဟုတ်ချေ။ အသုဘအစရှိသောဘာဝနာကို ပွားများရာ၏။

---

*[၁] Har Dayal' The Bodhisattva Doctrine in Buddhist Sanskrit Literature. 1932. Page-208.

http://www.dhammadownload.com

ခန္ဓိမှာ– ဒုက္ခာဓိဝါသနခန္ဓိ၊ ပရာပကာရမသဟနခန္ဓိ နှင့် ဓမ္မနိဓာနခန္ဓိ –ဟူ၍ သုံးပါးအပြားရှိ၏။ ပထမဆုံးသောခန္ဓိမှာ အလွန်မနှစ်သက်ဖွယ်နှင့်တွေ့ကြုံရသော်လည်း ဒေါမနဿမဖြစ်ချေ။ ဒေါမနဿ၏ဆန့်ကျင်ဘက် မုဒိတာကို ကြိုးစားလေ့ကျင့်သင့်၏။ ပရာပကာရမသဟ၏အနက်မှာ သူတစ်ပါးတို့ကျေးဇူးမဲ့ပြုသည်ကိုသည်းခံ၍ သူ့အားလက်စားမချေခြင်းပင်ဖြစ်၏။

ဆရာသန္တိဒေဝသည် ဒေါသ၏လျှို့ဝှက်ချက်ကိုသိစေရန် အောက်ပါအတိုင်းမိန့်ဆိုခဲ့ပြန်သည်။

တုတ်စသည်ဖြင့်ရိုက်နှက်ရာတွင် လူသည် ရိုက်နှက်သူ၏အပေါ် အမျက်ထွက်ကြသည်။ ဤသို့အမျက်ထွက်ခြင်းမှာ မမှန်ချေ။ အကယ်၍ တိုက်တွန်းသူ၏အပေါ်မှာ အမျက်ထွက်ပါလျှင် ဒေါသ၏အပေါ်မှာ အမျက်ထွက်သင့်၏။အကြောင်းမူ ဒေါသကတိုက်တွန်းသောကြောင့်သာ သူသည် တစ်စုံတစ်ယောက်ကိုရိုက်နှက်ရန်ကြိုးစားခြင်းဖြစ်သည်။ သို့ကြောင့် ဒေါသ၏အပေါ်မှာ ဒေါသဖြစ်ထိုက်၏။ ဒေါသကို အောင်မြင်ရန်အတွက် ခန္ဓိကိုယှဉ်ရန်အရေးကြီးလှပေသည်။ တတိယခန္ဓိပေါ်ပေါက်ခြင်းမှာ ဓမ္မသဘာဝပေါ်တွင်ဝင်စားမှုပေးသောကြောင့်ဖြစ်၏။ လောကတွင်ရှိသမျှ ဓမ္မတရားအလုံးစုံတို့မှာ တစ်ခဏမျှဖြစ်၍ အနှစ်သာရလည်းကင်းမဲ့ကြလေရာ ဘယ်သူ့အပေါ်တွင် ဒေါသဖြစ်မည်နည်း?၊ ဘယ်သူ့ကို အမျက်ထွက်မည်နည်း?၊ သည်းခံခြင်းသည်သာ ဘဝ၏ မူလမန္တန်ဖြစ်သည်။

မဟာယာနဗုဒ္ဓဘာသာဆိုင်ရာစာပေကျမ်းဂန်များတွင် ခန္တီပါရမီတာနှင့်စပ်လျဉ်း၍ သက်သေဆောင်ဝတ္ထုအဖြစ် ဒီဗျာဝဒါနနှင့် အဝဒါနကလွလတာတို့လာ ပုဏ္ဏဝတ္ထု၊[*၁] ဒီဗျာဝဒါနလာကုဏာလဝတ္ထု[*၂] နှင့် ဇာတကမာလာလာ ခန္တီဝါဒီရသေ့ဝတ္ထု[*၃] တို့ကို သာဓကဆောင်၍ရေးသားလေ့ရှိကြသည်။[*၄]

၄။ ဝီရိယပါရမီတာ။ ။ဝီရိယ၏အနက်မှာ လုံ့လကြိုးကုတ်အားထုတ်ခြင်းဖြစ်၏။ သည်းခံသောသူသည်သာ ဝီရိယလာဘ်လာဘကိုရနိုင်သည်။ ဝီရိယတွင် ဗောဓိတည်ရှိသည်။လေနှင့်ကင်းကွာ၍ သွားလာမှုမဖြစ်နိုင်သကဲ့သို့ ဝီရိယနှင့်ကင်း၍ ကောင်းမှုမဖြစ်နိုင်ချေ။ ကုသိုလ်ကောင်းမှုတွင် လုံ့လပြုခြင်းသည်ပင် ဝီရိယဖြစ်၏။ သူ၏ဆန့်ကျင်ဘက်မှာ ပျင်းရိခြင်း၊ စက်ဆုပ်ဖွယ်ကိုလိုလားခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းနှင့် ကိုယ်ကိုမထိမဲ့မြင်ပြုခြင်းတို့ဖြစ်၏။ သံသရာဒုက္ခ၏ ထက်မြက်သောအာနုဘော်သည် ကုသိုလ်နှင့်ကင်းသောအလုပ်ကိစ္စတွင် စိတ်ညွှတ်ခြင်းမရှိချေ။

ဘုရားအလောင်းပုဂ္ဂိုလ်သည် ယင်း၏စိတ်တွင် ပင်ပန်းနွမ်းနယ်မှုကိုနေရာမပေးချေ။ ထိုပုဂ္ဂိုလ်မစဉ်းစားသောအကြောင်းတို့မှာ လူသည် အတိုင်းမရှိသော ပုည,ဉာဏတို့၏အင်အားဗလဖြင့် ခက်ခဲစွာသောအလုပ်တို့ကို အားထုတ်ပြီး မရေတွက်နိုင်သောကပ်ကမ္ဘာတွင်မှ ဗုဒ္ဓအဖြစ်သို့ရောက်ခဲ့သည်။ ငါကား သာမညလူဖြစ်၍ ဘယ်သို့လျှင် ဗုဒ္ဓအဖြစ်သို့ရောက်နိုင်လိမ့်မည်နည်း။ ထိုအတွက် ယောဂျားမြတ်တို့မှာ တစ်စုံတစ်ရာခက်ခဲခြင်းမရှိဟု မြတ်စွာဘုရားဟောကြားသည်မှာ မှန်လှပေသည်။ ဗုဒ္ဓတို့သည် လုံ့လကြိုးကုတ်အားထုတ်ခြင်းဖြင့်

---

*၁ Cowell & Neil(ed.)' The Divyāvadāna. 1886. Page-24.

*၂ Cowell & Neil(ed.)' The Divyāvadāna. 1886. Page-382.

*၃ Speyer(Tr.) The Gātakamāla. 1990. Page-253. ဇာ၊၌။၃။၃၇။

*၄ Har Dayal' The Bodhisattva Doctrine in Buddhist Sanskrit Literature. 1932. Page-213.

http://www.dhammadownload.com

ရခဲလှစွာသော အနုတ္တရဗောဓိကို ရခဲ့ကြလေသည်။ သူတို့လည်း ဘဝသံသရာပင်လယ်လှိုင်းတွင် လှည့်လည်လျက် မှက်ခြင် အစရှိသည် ဖြစ်ခဲ့ကြသည်။ ဤသို့လျှင် စိတ်တွင် လုံ့လဥဿာဟအပြည့်ဖြစ်စေလျက် နိဗ္ဗာန်လမ်းပေါ်တွင် သွားနေလေသည်။

သတ္တဝါ၏အကျိုးပြုမြောက်စေရန်အတွက် ဗောဓိသတ္တတို့တွင် ဗလဗျူဟာတစ်ခုရှိသည်။ ယင်းမှာ... ဆန္ဒ (ကုသိုလ်ကောင်းမှုတွင်လိုလားခြင်း)၊ ကာမ(အလုပ်ကိစ္စတွင်ခိုင်မြဲစွာစိုက်ထူထားခြင်း)၊ ရတိ(ကောင်းသော အလုပ်ကိစ္စတွင်ကပ်ငြိခြင်း)နှင့် မုတ္တို(လွတ်လွတ်စွန့်ခြင်း)ပင်ဖြစ်၏၊ ဤဗလဗျူဟာသည် ဝိရိယပြည့်စုံမှုကို ပြုရာတွင် အဂ်ါလေးပါးရှိသော စစ်သေနာ၏အလုပ်ကို လုပ်ဆောင်သည်။ ယင်းဖြင့် ပျင်းရိထိုင်းမှိုင်းခြင်းစသော ရန်သူတို့ကိုတိုက်ထုတ်ပြီး ဝိရိယတိုးပွားရန် ကြိုးစား၏။ ထိုမှတစ်ပါး သိမ်မွေ့နက်နဲခြင်းစသော ဂုဏ်တို့ဖြင့်လည်း ပြည့်စုံစေ၏။ ဝါဂွမ်းစိုင်သည် လေဖြင့်လှုပ်ရှားသကဲ့သို့ ဗောဓိသတ္တလည်း လုံ့လဖြင့်လှုပ်ရှားပြီး ပါရမီဖြည့်သော ကြောင့် တန်ခိုးကြွွဒ္ဓိကိုရလေသည်။

ဝိရိယပါရမီနှင့်စပ်၍ လလိတဝိသ္တရနှင့် မဟာဝသ္တုလာ ဂေါတမဗုဒ္ဓ၏ ဝိရိယပါရမီဖြည့်ပုံများ၊ ဒိဗျာဝဒါနနှင့် အဝဒါနကလွလတာလာ သုဓနဝတ္ထု[*၁] တို့ကို အကိုးသာဓကပြုထုတ်ဖော်လေ့ရှိကြသည်။[*၂]

၅။ စျာနပါရမိတာ။ ။ဤသို့လျှင် ဝိရိယနှင့်ပြည့်စုံသော ဗောဓိသတ်ဘုရားအလောင်းပုဂ္ဂိုလ်သည် သမာဓိတွင် စိတ်ကိုရပ်တည်ထား၏။ အကြောင်းမူ စိတ်ပြန့်လွင့်သောသူသည် လုံ့လဝိရိယရှိသော်လည်း ကိလေသာတို့ကိုဖယ်ခွာရန် မတတ်နိုင်ချေ။ သို့ကြောင့် မြတ်စွာဘုရားသည် သမထနှင့်ဝိပဿနာကို ညွှန်ပြတော်မူခြင်းဖြစ်သည်။ ဝိပဿနာ၏အနက်မှာ ဉာဏဖြစ်၍ သမထ၏အနက်မှာ စိတ်၏ဧကဂ္ဂတာသဘော ဖြစ်သော သမာဓိဖြစ်သည်။ သမထနောက် ဝိပဿနာဖွားမြင်ခြင်းဖြစ်၍ သမထ(သမာဓိ)ဖွားမြင်ခြင်းမှာ ဘဝသံသရာတွင် ကပ်ငြိခြင်းကိုစွန့်ခွာခြင်းပင်ဖြစ်၏။ စွန့်လွှတ်ခြင်းနှင့်ကင်းကွာ၍ သမာဓိမတည်နိုင်ချေ။ ကပ်ငြိတွယ်တာခြင်းကြောင့် အကျိုးမဲ့ဖြစ်ခြင်းကို အဘယ်သူသည် မသိဘဲရှိမည်နည်း?။ သိကြသည်သာ။

သို့ဖြစ်၍ မဟာယာနဝါဒီဖြစ်သောယောဂီသည် လူတို့နှင့်ပေါင်းဖော်ခြင်းမှဖယ်ခွာ၍ တောသို့သွားနေခြင်း ဖြစ်လေသည်။ ထိုတွင် တစ်နေရာတည်းမှာနေလျက် လောက၏အနိစ္စတာအပေါ်တွင် စိတ်ကိုတည်ကြည်စေ၏။ သူစဉ်းစားသည်မှာ ချစ်ခင်နှစ်သက်မှုနှင့်ပေါင်းသင်းခြင်းမှာ အမြဲပင်အနှောင့်အယှက်ဖြစ်၏။ ဇီဝသည် တစ်ခုတည်းသာဖြစ်၍ တစ်ခုတည်းပင်သေရလေ၏။ ဇီဝသည် အတန်ငယ်မျှသောဓာတ်အတွက် ချစ်အပ်သော ပိယဝတ္ထုတို့စုပေါင်းနေသဖြင့် ဘာအကျိုးရှိမည်နည်း?။ ပရမတ္ထအမြင်ဖြင့်ကြည့်ပါလျှင် ဘယ်သူသည် ဘယ်သူနှင့် ပေါင်းဆုံသနည်း?။ ခရီးသည်များသဖွယ် ခရီးသွားစဉ် တစ်နေရာတွင်တွေ့ဆုံကြပြီးလျှင် တစ်ဖန် ကိုယ့်ထီး ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်သွားကြရမည်သာဖြစ်သည်။

ထို့အတူပင် သံသရာခရီးသွားကြရင်း မိဘ, သားသမီး, မိတ်ဆွေသင်္ဂဟစသည်ဖြင့် တစ်နေရာတွင် တစ်ခဏမျှဆုံမိကြခြင်းသာဖြစ်သည်။ ဗောဓိသတ္တကား ဘဝသံသရာ၏ချစ်အပ်သောပိယဝတ္ထုတို့မှ မိမိစိတ်ကို ဖယ်၍ တစ်နေရာတွင်မှီဝဲဆည်းကပ်ကာ အကျိုးမရှိသောအလုပ်များကို တားမြစ်ပိတ်ပင်ရန်အတွက် စိတ်ကို တစ်နေရာမှာထားပြီး ဆုံးမလေသည်။

---

*၁ Cowell & Neil(ed.)' The Divyâvadâna. 1886. Page-435.

*၂ Har Dayal' The Bodhisattva Doctrine in Buddhist Sanskrit Literature. 1932. Page-220.

http://www.dhammadownload.com

စိတ်၏ကေဂ္ဂတာဖြစ်ခြင်းကြောင့် ပညာဖြစ်ပေါ်လာသည်။ အကြောင်းသော်ကား စိတ်တည်ကြည်သော သူသည် ဟုတ်မှန်သည့်အတိုင်း ပိုင်းခြားသိမြင်၏။ တစ်ဆယ့်နှစ်ပါးသောအကြောင်းတို့တွင် အဝိဇ္ဇာသည်သာ မူလဌာနဖြစ်၏။ ဤအစဉ်ထာဝရပြောင်းလဲလေ့ရှိသော ဒုက္ခအတိုပြီးသည့် ပဋ္ဌာန်၏မူလအကြောင်းမှာ ယင်းအဝိဇ္ဇာပင်ဖြစ်၏။ ဤအဝိဇ္ဇာကိုဖယ်ခွာရန် တစ်ခုတည်းသောနည်းလမ်းမှာ ပညာဖြစ်၏။ အထက်တွင်ဖွင့်ပြခဲ့သော ပါရမီငါးပါးတို့မှာ ဤစျာနပါရမီ၏ အခြံအရံမျှသာဖြစ်၏။ ဘဝဒုက္ခကို အမြစ်ကနေ၍တူးဖြိုရာတွင် ပညာပါရမီသာ ပဓာနဖြစ်၏။ ဤပညာ၏အခြားအများမှာ ဝိပဿနာဉာဏ်ဖြစ်၏။ ဤဉာဏ်ဖြစ်ပေါ်စေရန် သမာဓိမှာ လွန်စွာ အရေးကြီးလှပါ၏။

၆။ ပညာပါရမိတာ။ ။ပညာပါရမိတာ၏အနက်မှာ အလုံးစုံသောတရားဓမ္မတို့၏နိဿရဏ(အနှစ်သာရ မရှိခြင်း)ဉာဏ်ဖြစ်သည်၊ သို့မဟုတ် သဗ္ဗဓမ္မသုညတာ(ဓမ္မတရားမှန်သမျှသုည)ဖြစ်သည်။ သုညတာတွင် တည်နေသောသူသည်သာလျှင် ပညာပါရမိတာ(ပြည့်စုံသောဉာဏ် သို့မဟုတ် သဗ္ဗညုတ)အဖြစ်သို့ ရောက်နိုင်၏။ ဤဉာဏ်ဖြစ်ပေါ်လာသောအခါ ခံစားမှုဖြစ်ခြင်းတို့မှာ မိမိမဖြစ်၊ သူတစ်ပါးလည်းမဖြစ်၊ နှစ်ပါးစုံလည်းမဖြစ်၊ အလားတူ အကြောင်းမဲ့လည်းမဖြစ်၊ ထိုအခါ ပညာပါရမိတာဖြစ်ပေါ်၍လာပြန်လေသည်။ ထိုအခါ ယောဂီပုဂ္ဂိုလ်အတွက် ဘယ်နည်းနှင့်မျှ အလုပ်ကိစ္စကြွင်းကျန်နေတော့မည်မဟုတ်ချေ။

ပရမတ္ထဖြစ်သော မိမိမြင်တွေ့ရသမျှသည် မာယာ(မျက်လှည့်)နှင့်တူ၏။ အိပ်မက်နှင့် အရိပ်ကဲ့သို့ အချည်းနှီးဖြစ်၏။ လောက၏သတ္တဝါဟူသည် စင်စစ် အခေါ်အဝေါ်မျှသာဖြစ်၏။ ပရမတ္ထအားဖြင့် ထင်ရှားမရှိချေ။ ပုံစံအသွင်ဖြင့် ငါတို့တွေ့မြင်နေရသည်တို့မှာ လောက၏ မာယာသရုပ်ပင်ဖြစ်၏။ အမှန်မှာ အလုံးစုံသုညဖြစ်၏။ ဤဉာဏ်ကို အရိယာဉာဏ်ဟုခေါ်၏။ ဤဉာဏ်ဖြစ်ပေါ်လာသောအခါ အဝိဇ္ဇာချုပ်ငြိမ်းသွားလေသည်။ အဝိဇ္ဇာချုပ်ခြင်းကြောင့် သခါရတို့လည်းချုပ်ကြ၏။

ဤသို့လျှင် ရှေးရှေးအကြောင်းချုပ်ခြင်းကြောင့် နောက်,နောက်ဖြစ်သောအကျိုးများလည်းချုပ်ကြလျက်၊ နောက်ဆုံးတွင် ဒုက္ခ၏အဆုံးသို့ရောက်သွား၏။ ဤသို့လျှင် ပညာပါရမိတာဖြစ်ပေါ်လာသောအခါ သံသရာမှ လွတ်မြောက်၍ နိဗ္ဗာန်သို့ရောက်သွားလေသည်။

ဤပညာပါရမိတာ၏အစီအရင်ကို မဟာယာနသုတ်တို့တွင် ပူဇော်အပ်သောနတ်ဒေဝတာအသွင်ဖြင့် တွေ့မြင်ကြရ၍၊ ပညာကိုစိတ်ဝင်စားဖွယ် ဖွင့်ဆိုထားလေသည်။

ဤသို့လျှင် ဒါနအစရှိသော ပါရမိတာခြောက်ပါးတို့ကိုသင်ကြားလေ့လာသဖြင့် ဗောဓိသတ္တ၏အကျိုးဖလရရှိလေသည်။ ထိုသူသည် ဗုဒ္ဓအဖြစ်သို့ရောက်၍ အလုံးစုံသောသတ္တဝါတို့အားကယ်တင်ရန်အလုပ်ကို ကြီးစွာသော လုံ့လဥဿဟဖြင့်ပြုလုပ်နေ၏။ သူ့ဘဝ၏ခဏတိုင်းမှာ သတ္တဝါတို့၏ကောင်းကျိုးချမ်းသာမင်္ဂလာဖြစ်စေရေးဖြင့် ပုံနှံ့နေ၏။ သူ၏ကိုယ်ကျိုး အငွေ့အသက်မျှမရှိချေ။ မဟာယာန၏အကျိုးပြီးမြောက်မှုအဆုံးကို အကုန်ပြောပြရန်မှာ မဖြစ်နိုင်ချေ။ ဗုဒ္ဓဓမ္မ၏ပြန့်ပြောခြင်းတွင် ဗောဓိသတ္တ၏ဤကြီးကျယ်မြင့်မြတ်သောမှန်ပြမှာ အဘယ်မျှအကျိုးရှိ၍ အကူအညီရသည်ကို သမိုင်းဆရာတို့ရှေ့တွင် အထူးပြုနေဖွယ်မရှိပေ။[*၁]

[*၁] ဦးသော်ဓင်၏ဗုဒ္ဓအမြင်ကိုလေ့လာခြင်း။ ၁၉၆၂-ခုနှစ်။ (စာမျက်နှာ ၂၁၆-၂၂၇)။

http://www.dhammadownload.com

ဗောဓိစိတ္တ

မဟာယာနဗုဒ္ဓဘာသာဝင်တို့၏ဗောဓိသတ္တဘုရားလောင်းအယူအဆတွင် ဗောဓိစိတ္တသည် အရေးပါသော အချက်ကြီးတစ်ရပ်ဖြစ်သည်။ ဗောဓိစိတ္တ၏အဓိပ္ပာယ်မှာ–ဘုရားလောင်းတို့၏ကြီးကျယ်မြင့်မားသော စိတ်ထားကို ဆိုလိုသည်။*၁ ဗောဓိစရိယကျမ်းလာ ဗောဓိစိတ္တအခန်းကဏ္ဍမှထုတ်နုတ်တင်ပြပါဦးမည်။

> လူသည် မိမိပတ်ဝန်းကျင်တွင်တည်ရှိသောအရာတို့၏ ကျွန်းကျွန်ဖြစ်သည်။ ထိုလူသည် ဘဝသမုဒ္ဒရာ၏ဒုက္ခလှိုင်းတို့ ပုတ်ခတ်ခြင်းဒဏ်ကို အပြန်ပြန်အလှန်လှန်ခံရ၍ ဟိုဟိုသည်သည် အနှံ့အပြား သေကျေပျက်စီးနေ၏။ သူ၏အသိဉာဏ်သည် ကိုယ်တိုင်မကောင်းမှုဘက်သို့ မျက်နှာမူနေသည်။ သို့ရာတွင် တစ်စုံတစ်ခုသောကုသိုလ်ကောင်းမှု၏အားပေါ်တွင် တစ်ခါတစ်ခါ သူ၏စိတ်သည် ဘဝရေလျှဉ်မှ လွတ်မြောက်မှုရရန် ကြိုးပမ်းသည်။ ထိုကောင်းမြတ်သောစိတ်သည် ဗောဓိစိတ္တမည်၏။ ဗောဓိ၏အဓိပ္ပာယ်မှာ ဉာဏ်ဖြစ်၏။ သို့ကြောင့် ဗောဓိစိတ္တကိုယူသဖြင့် ထိုအဓိပ္ပာယ်သက်ရောက်လေသည်။
>
> ရိုးသားသောသတ္တဝါအများကို ထုတ်ဆောင်ကယ်တင်ရန် ဗုဒ္ဓအဖြစ်သို့ ရောက်ရန်အတွက် သမ္မာသမ္ဗောဓိတွင် စိတ်ကိုတည်ထားခြင်းသည် ဗောဓိစိတ္တကိုယူခြင်းပင်ဖြစ်၏။ ဗောဓိစိတ္တသည်သာ အလုံးစုံသောအကျိုးစီးပွားကို ဆောင်ရွက်နိုင်သည်။ ဘဝရေအလျဉ်မှ လွတ်မြောက်မှုကို ရယူလိုသူတို့အတွက် ဗောဓိစိတ္တ၏တည်ရာမှာ လွန်စွာအရေးကြီးလှပါသည်။ ဉာဏ်တွင် စိတ္တကိုတည်စေခြင်းမှာ မဟာယာနတို့၏ ပထမလှေကားဖြစ်လေသည်။

အရှင်သန္တိဒေဝ၏သိက္ခာသမုစ္စယ၌ ဗောဓိစိတ္တနှစ်ပါးရှိကြောင်း ပြဆိုထား၏။ ဗောဓိပြဏိဓိစိတ္တ (bodhi praṇidhi citta) နှင့် ဗောဓိပြဿ္ထာနစိတ္တ (bodhi prasthāna citta)*၂ ဟူ၍ဖြစ်သည်။ ပြဏိဓိ၏ အနက်မှာ တည်ကြည်ခြင်းဖြစ်၍၊ ပြဿ္ထာန၏အနက်မှာ မှန်ကန်စွာသွားခြင်းဖြစ်သည်။ 'ငါသည် တစ်လောကလုံးကိုးစားရန်အတွက် ဗုဒ္ဓပြုလုပ်ပါအုံ–'။ ဤအတွေးအကြံသည် ပြဿ္ထာန(ပတ္ထနာ)အသွင်ဖြင့်ဖြစ်ပေါ်လာသောအခါ ဗောဓိပြဏိဓိစိတ္တ မွေးဖွားလာခဲ့၏။ ယင်းမှာ ရှေးအခါကဖြစ်သည်။ အကြင်အခါ သူတော်ကောင်းပုဂ္ဂိုလ်သည် အကျင့်ကိုယူဆောင်ပြီး နည်းလမ်းပေါ်တွင်သွားလျက် ကောင်းသောလုပ်ငန်းတွင်နစ်မြုပ်နေ၏။ ထိုအခါ 'ဗောဓိပြဿ္ထာနစိတ္တ' ဖြစ်ပေါ်ခဲ့လေသည်။ ဤစိတ်နှစ်ခု၏ခြားနားချက်မှာ သွားလိုခြင်းနှင့် သွားနေခြင်းဖြစ်၍ ပေါင်းဆုံရန်ခက်ခဲသည်။ အာရိယဂဏ္ဌိပဏ္ဍိတကျမ်း၌–

> အကြင်ပုဂ္ဂိုလ်သည် အနုတ္တရံ အတုမရှိသောသမ္မာသမ္ဗောဓိတွင် စိတ်ဝင်စားနေ၏။ ထိုကဲ့သို့သောပုဂ္ဂိုလ်မျိုးကိုကား ရခဲစွာ၏။ ထိုထက် ဒုလ္လဘတရဖြစ်၍ ရခဲလှသည်မှာ အနုတ္တရံ အတုမရှိသော သမ္မာသမ္ဗောဓိဘက်တွင် ပတ္ထာနပြုနေခြင်းဖြစ်၏။ ယင်းသည်သာ ဒုက္ခဟူသမျှ၏ သြသဓဆေးဖြစ်၍ လောက၏နှစ်သက်ကြည်နူးခြင်း၏မျိုးစေ့ဇီဇဖြစ်လေသည်– ဟူ၍ဖော်ပြထား၏။*၃

---

*၁ F. Edgerton' Buddhist Hybrid Sanskrit Dictionary. 1953. Page-402.

*၂ Har Dayal' The Bodhisattva Doctrine in Buddhist Sanskrit Literature. 1932. Page-62. ဗောဓိစိတ္တကို 'ပညာ၏နှလုံးသည်းပွတ်' ဟုပြသည်။ သတ္တဝါများအားကယ်တင်ရန် ဗောဓိသတ္တတို့၏ဥဒါန်းဟုလည်းပြသည်။ C. Humphreys' A Popular Dictionary of Buddhism. 1963. Page-46. အခြားကျမ်းတစ်စောင်၌ ဗောဓိစိတ္တတွင် ကရုဏာနှင့်ပညာ၊ ဤနှစ်ပါး ပါရှိသည်ဟုပြဆိုထား၏။ Seeker's Glossary of Buddhism. 1998. Page-64.

*၃ ဦးသော်ဇင်၏ဗုဒ္ဓအမြင်ကိုလေ့လာခြင်း။ ၁၉၆၂–ခုနှစ်။ (စာမျက်နှာ ၂၁၆–၂၂၇)။

http://www.dhammadownload.com

ဗောဓိစိတ္တ–ဟူသော ဝေါဟာရနှင့်အသုံးအနှုန်းကို မဟာယာနဗုဒ္ဓဘာသာစာပေ၌တွေ့ရသော်လည်း ထေရဝါဒဆိုင်ရာ ပါဠိပိဋကစသည်၌ မတွေ့ရပေ။ ပါဠိပိဋကစာပေ၌ ဗောဓိဉာဏ်နှင့်စပ်၍– 'ဗောဓိ အဘိနီဟာရသဒ္ဒါ'*၁၊ 'ဗောဓိစရိယ'*၂၊ 'ဗောဓိဇ(ဉာဏ်)'*၃၊ 'ဗောဓိဉာဏ'*၄၊ 'ဗောဓိဉာဏဒဿန'*၅၊ 'ဗောဓိတ္တယ'*၆၊ 'ဗောဓိပရိပါစကဓမ္မ'*၇၊ 'ဗောဓိပရိယာယသိဒ္ဓိ'*၈၊ 'ဗောဓိသမ္ဘာရပဋိပတ္တိ'*၉၊ 'ဗောဓိသမ္ဘာရသမ္ဘရဏ'*၁၀–ဟူသော ဗောဓိဉာဏ် (တစ်နည်း) သမ္ဘာသမ္ဘောဓိဉာဏ်ရရန်,ရောက်ရန်အတွက် ဆိုင်ရာဝေါဟာရများကိုတွေ့ရသည်။ သို့ပါ၍ 'ဗောဓိစိတ္တ'ဟူသောဝေါဟာရသည် ပါဠိဝေါဟာရဖြစ်သော်လည်း ပါဠိပိဋကတ်နယ်ပယ်၌ အသုံးရှိဟန်မတူပေ။*၁၁

သို့ပါသော် 'ဗောဓိစိတ္တ'ကို ပုဂံခေတ်(အေဒီ ၁၁–၁၃)ရာစုထိုး ကျောက်စာအချို့၌ ပါဠိဂါထာ၌ဖြစ်စေ၊ ပါဠိစာသားအချို့၌ဖြစ်စေ တွဲဖက်ရေးသားသည်ကိုတွေ့ရသည်။ တွေ့ရပုံမှာ–

၁။ အေဒီ ၁၂၂၄–ခုနှစ်ထိုး ကြဲသိုင်းကြီးသမီး သမန္တသူမယားကျောက်စာ(ကြောင်းရေ ၁၀–၁၂)တွင်
ကြောင်းရေ (၁၀) သစ္စံ ဓမ္မော ဓိတိဇာဂေါ။
။ (၁၁) ဗောဓိစိတ္တညွှ ပညွှမံ။ ဤသိုဝ်သော တရာ ငါပါနှင် ပွညွှံ
။ (၁၂) သောသည် ဖွစ် လိုဝ် သတော။*၁၂ –ဟူ၍လည်းကောင်း။

၂။ အေဒီ ၁၂၃၀–ပြည့်နှစ်ထိုး ကြဲသိုင်းကြီးသမီး သမန္တသူမယားကျောက်စာ (ကြောင်းရေ ၉–၁၀)တွင်
ကြောင်းရေ (၉) သစ္စံ ဓမ္မော ထိတိ စာဂေါ။ ဗောဓိစိတ္တညွှ ပညွှ
။ (၁၀) မံ။ ဖွစ် လိယ် ရ ရာ သည်ကာ ဤယ်တရာ ၅ ပါ
။ (၁၁) နှင့် ပွညွှ် စုမ် သောသည် ငါ ဖွစ် လိုဝ် အော်။*၁၃ –ဟူ၍လည်းကောင်း။

---

*၁ = သမ္မညျတဉာဏ်သို့ စိတ်ကိုရောက်ကြောင်းဖြစ်သော သဒ္ဒါ။ (တစ်နည်း) သမ္မညျတဉာဏ်အတွက် ဆုတောင်းချက်ဟူသော ယုံကြည်မှု။ အဘိ၊၆၊၁၁။၁၊၃၊ မူလဋီ။၁။၂၄။

*၂ = ဗောဓိဉာဏ်ရရန်အကျင့်။ စရိယာ၊၆။၁၉။

*၃ = ဗောဓိပင်ရင်း၌ဖြစ်သော မဂ်ဉာဏ် ၄–ပါး။ ဒီ၊၃။၁၁၁။

*၄ = ဗောဓိဉာဏ်၊ (တစ်နည်း) သမ္ဘာသမ္ဘောဓိဉာဏ်, ပစ္စေကဗောဓိဉာဏ်, သာဝကဗောဓိဉာဏ် ဤသုံးပါးကိုဆေါ်သည်။ ထေရ၊၆။၁။၈။

*၅ = ဗောဓိဉာဏ်အမြင်။ အပ၊၆။၁။၁၂၈။

*၆ = ဗောဓိဉာဏ်သုံးပါးအပေါင်း။ ထေရ၊၆။၁။၈။

*၇ = ဗောဓိဉာဏ်ကိုရင့်ကျက်စေတတ်သောတရား။ သံ၊၃။၂။၁၀၂။

*၈ = ဗောဓိဉာဏ်ဟု ပရိယာယ်အားဖြင့်ပြီးခြင်း။ ဝိ၈။ ၃၉၃။

*၉ = ဗောဓိဉာဏ်ရကြောင်းအကျင့်။ စရိယာ၊၆။၃၁၁။

*၁၀ = ဗောဓိဉာဏ်အဆောက်အဦကိုဖြည့်ဆည်းပူးခြင်း။ ဥဒါန၊၆။၁၃၅။

*၁၁ မဉ္ဇုဖွာတင်၏ ရှေးဟောင်းမြန်မာကျောက်စာများလာ ပါဠို/သက္ကတသက်ဝေါဟာရများကို ဘာသာပေအမြင်ဖြင့်လေ့လာခြင်း။ အရှေ့တိုင်းပညာ မဟာဝိဇ္ဇာဘွဲ့ယူကျစ်း။ (လက်နှိပ်စက်မှု)။ ၁၉၉၀–ပြည့်နှစ်။ (စာမျက်နှာ–၁၀၄)။

*၁၂ ရှေးဟောင်းမြန်မာကျောက်စာများ၊ ပဌမတွဲ။ ၁၉၇၂–ခုနှစ်။ (စာမျက်နှာ–၁၄၂)။

*၁၃ ရှေးဟောင်းမြန်မာကျောက်စာများ၊ ပဌမတွဲ။ ၁၉၇၂–ခုနှစ်။ (စာမျက်နှာ–၂၀၈)။

http://www.dhammadownload.com

၃။ အေဒီ ၁၂၆၀–ပြည့်နှစ်ထိုး ငါလပ်သင်ကျောက်စာ (ကြောင်းရေ ၃၆–၃၇)တွင်
ကြောင်းရေ (၃၆) သစ္စံ ဓမ္မော ဝတတရော၊ ဗောဓိမိတ္တေန*၁ ပ
။ (၃၇) (၉) မံ။*၂ –ဟူ၍လည်းကောင်း– တွေ့ရသည်။

ထို့ပြင် ၁၉၉၉–ခုနှစ်၊ စက်တင်ဘာလအတွင်း ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ သဝန်းတောကျေးရွာ နောင်တရ(ကျောက်ဖြင်)ဘုရားအနီးမှ အေဒီ ၁၃၆၂–ခုနှစ်ထိုး မွန်ပါဠိကျောက်စာတစ်ချပ်ကိုတွေ့ရှိရ၏။*၃ ထို ကျောက်စာ၌ မွန်ဘာသာဖြင့်(၁၀)ကြောင်း၊ ပါဠိဘာသာဖြင့်(၁၈)ကြောင်းတို့ဖြင့်ရေးထိုးထားပြီး 'ဗောဓိစိတ္တ' အကြောင်းကိုလည်း အောက်ပါအတိုင်းတွေ့ရသည်။

သစ္စံ ဓမ္မော ဓိတိ စာဂေါ၊
ဗောဓိသိတေန*၄ ပဉ္စမံ။*၅

ဤသို့ ပုဂံကျောက်စာတို့၌ဖော်ပြပါရှိသော 'ဗောဓိစိတ္တ' အကြောင်းကို ၁၉၃၉–ခုနှစ်၊ မြန်မာနိုင်ငံသုတေသန အသင်းဂျာနယ်တွင် ဆရာကြီးဦးဖေမောင်တင်က ပုဂံကျောက်စာပါဗုဒ္ဓဘာသာ(စာတန်း)၌ 'အိမ်ထောင်သည် အမျိုးသမီးတစ်ဦးသည် ကျွန်တို့ကိုလှူပြီးသော် သစ္စံ၊ ဓမ္မော၊ ဓိတိ၊ စာဂေါ၊ ဗောဓိစိတ္တံ–ဟူသည်တို့ဖြင့် ပြည့်စုံလိုစိတ်ဟု ဆုပန်ပေသည်' ဟု ငါလပ်သင်ကျောက်စာကိုကိုးကား၍ ရှေးဦးမဆွရေးသားတင်ပြခဲ့ဘူးသည်။*၆

အထက်ပါကျောက်စာအထောက်အထားများအရ 'ဗောဓိစိတ္တ'သည် 'သစ္စာ၊ ဓမ္မ၊ ဓိတိ၊ စာဂ' ဟူသော အင်္ဂါလေးပါးနှင့်အတူတွဲ၍ ကျင့်ကြံအားထုတ်ရသော အကျင့်တရားဖြစ်ကြောင်းတွေ့ရသည်။ ထိုအကျင့်ငါးပါးတွင် (၁) သစ္စာ=မှန်ကန်သောစကားကိုဆိုခြင်း၊ (၂) ဓမ္မ=တရားနှင့်ပြည့်စုံခြင်း, ပညာရှိခြင်း၊ (၃) ဓိတိ=ဝီရိယရှိခြင်း၊ (၄) စာဂ=အသက်ကိုစွန့်၍ ရဲရင့်စွာပြုခြင်း–ဟူသော တရားလေးပါးမှာ 'ရန်သူအောင်မှ ကြောင်းလေးခု'ဟု မြန်မာစာပေလောကဋ္ဌအသိများသော အကြောင်းအရာလေးရပ်ဖြစ်ပြီး၊ ဇာတကပါဠိတော်၊ ငါနရိန္ဒဇာတ်တော်၌ လာသောတရားလေးပါးလည်းဖြစ်သည်။ ဇာ၊ ဋ္ဌ၊၁၊၂၉၇။*၇

စင်စစ် ပညာရှင်များ၏လေ့လာချက်အရ ထို 'ဗောဓိစိတ္တ'ဟူသောဝေါဟာရသည် မဟာယာနဗုဒ္ဓဘာသာ ကိုဏ်း၏အနွယ် တန္တြရဗုဒ္ဓဘာသာ(Tantric Buddhism)ကိုဏ်း၌ ထင်ရှားသောဝေါဟာရတစ်ရပ်ဖြစ်သည်။

---

*၁ 'ဗောဓိစိတ္တေန' ဖြစ်လိမ့်မည်။

*၂ ဦးငြိမ်းမောင်၏ ရှေးဟောင်းမြန်မာကျောက်စာများ။ ဒုတိယတွဲ။ ၁၉၈၂–ခုနှစ်။ (စာမျက်နှာ–၁၉၇)။

*၃ ဒေါက်တာနိုင်ပန်းလှ၏ ဒလမြို့ဟောင်းမွန်ကျောက်စာ(ဆောင်းပါး)။ ကလျာမဂ္ဂဇင်း။ မတ်လ၊ ၂၀၀၀–ပြည့်နှစ်။(စာမျက်နှာ–၂၆)။ ဒေါက်တာသန်းထွန်း၏ ဧနောက်ဆုံးတွေ့ပါဠိမွန်ကျောက်စာ(ဆောင်းပါး)။ ရုပ်ရှင်ဝေးကဗျာစာစောင်။ အတွဲ–၁၆၊ အမှတ်–၅။ မေလ၊ ၂၀၀၀–ပြည့်နှစ်။ (စာမျက်နှာ–၁၆၅)။

*၄ 'သိတေန' ဟုတ်ဟန်မတူပါ၊ 'စိတေန(=စိတ္တေန)' ဖြစ်လိမ့်မည်။

*၅ ထန်လှိုင်၏ ရှေးဟောင်းမြန်မာ့အိုးပြုံတော်။ ၂၀၀၁–ခုနှစ်။ (စာမျက်နှာ–၁၉)။

*၆ A married lady Who makes a dedication of slaves aspires to be endowed with the 5 qualities of ***saccaṁ, dhammo, dhiti, cāgo*** and ***Bodhicittaṁ,*** that is, truth, righteousness, steadfastness, self-sacrifice, enlightened mind (L.191)- U Pe Maung Tin' Buddhism in the Inscriptions of Pagan. ဦးဖေမောင်တင် ၁၁၁–ခုနှစ်ပြည့်ဂုဏ်ပြုစာတမ်းများ။ ၁၉၉၉–ခုနှစ်။ (Page-106).

*၇ ဇာတကပါဠိတော်၊ ပဉ္စကနိပါတ၊ တစသာရဇာတ်(ဇာ၊၁။၁၃၁။ ဇာ၊၄။၃၉၀။၅၉၀။)တွင် ရန်အပေါင်းကိုအောင်နိုင်သော အကြောင်းငါးရပ်အဖြစ် (၁) ဓမ္မ (=မဇ္ဈ ပရိစ္စဂ္ဂ)၊ (၂) မဇ္ဈ ဂ္ဂဟဏ၊ (၃) သုဘာသိတ (=ပိယာဝစန)၊ (၄) အနုပ္ပဒါန (=လဘ္ဘဒါန)၊ (၅) ပဓေကီ (=ပဓေကီအာဂတဉာတိကောဋိယဇန)–ဟုလည်းပြထားသည်။

http://www.dhammadownload.com

တန္တြ ဝါဒနှင့်စပ်၍ 'တန္တြရဝါဒသည် အထမ္ဘဝေဒ၌ သန္ဓေတည်ခဲ့၏၊ ဗြာဟ္မဏဝါဒ၌ လူလားမြောက်ခဲ့၏၊ မဟာယာနဝါဒ၌အသက်မွေးမြူခဲ့၏' ဟူ၍ ယင်း၏ဖြစ်ပေါ်တိုးတက်မှုအစဉ်ကို ပညာရှင်တို့ စာသရုပ်ဖော်ခဲ့၏။[*၁] ဤနေရာ၌ တန္တြရဗုဒ္ဓဘာသာဆိုရာတွင် အိန္ဒိယအရှေ့ဘက်၊ တိဗက်နှင့်တရုတ်ဒေသများ၌ ထင်ရှားခဲ့သော ဝဇြယာန(Vajrayāna)ဗုဒ္ဓဘာသာကိုဏ်းကို အထူးရည်ညွှန်းလိုပေသည်။ ဝဇြယာနဂိုဏ်း၌ အလွန်ရှေးကျသော ခေတ်အခါကသုံးစွဲခဲ့သော Guhyasamāja Tantra ကျမ်း၌ ဗောဓိစိတ္တခေါ် အလွန်နုနယ်သိမ်မွေ့သော အင်အားတစ်ရပ်(Subtle energy)ပေါ်ထွက်လာပုံကိုဖော်ပြထားလေသည်။[*J] ထို့ပြင် ဝဇြယာနဂိုဏ်းသားတို့၏ အယူအဆအရ 'ဗောဓိစိတ္တ'သည် ဝဇြသတ္တခေါ် အထွတ်အမြတ်ဆုံး ဝဇြဘုရားနှင့် ထပ်တူဖြစ်သည့်ပြင်၊ နေရာဌာနကိုလိုက်၍ (၁) အကျွတ်တရားကိုပေါက်မြောက်လိုသော စိတ်၊ (၂) အဝိဇ္ဇာကိုခုတ်ထွင်ရှင်းလင်းရန် ဓားသန်လျက်၊ (၃) မာရ်နတ်ရန်ကိုဖယ်ရှားရန် ဓားသန်လျက်၊ (၄) ဒေါသစသောအကုသိုလ်စိတ်များကို နှိမ်နင်းရန် ခွန်း၊ (၅) မာရ်နတ်ကိုအဓိဖမ်းရန် ကျောက်ကွင်း၊ (၆) လျှပ်ပေါ်လော်လီသောစက္ခုအာရုံစသည်ကို အဓိဖမ်းနှောင်တဲရန် အပ်နှင့်ချည်၊ (၇) အကုသိုလ်ဟူသမျှကိုခုတ်စင်းရန်အတွက် ဓား၊ (၈) မာရ်နတ်၏ဘက်သား တို့ကိုဖြိုခွင်းရန် လုံ့,မြား,လေး–စသည့်လက်နက်တို့သည် ဗောဓိစိတ္တဖြစ်သည်–ဟု ယူဆထားကြသည်။[*၃]

အနုတ္တရပူဇာခုနစ်ပါး

ဗောဓိစိတ္တကိုဖြစ်ပေါ်စေနိုင်သော အနုတ္တရပူဇာအစီအရင်ခုနစ်ပါးကိုလည်း ဗောဓိစရိယကျမ်းတွင်ဖော်ပြထားပြန်လေသည်။ အနုတ္တရပူဇာခုနစ်ပါးတို့မှာ– (၁) ဝန္ဒနာ၊ (၂) ပူဇန၊ (၃) ပါပဒေသနာ၊ (၄) ပုညာနုမောဒန၊ (၅) ဗုဒ္ဓဒေသနာ၊ (၆) ဗုဒ္ဓယာစနာနှင့် (၇) ဗောဓိပရိဏာမနာတို့ဖြစ်လေသည်။

ရှေးဦးစွာသော ဝန္ဒနာအင်္ဂါမှာ လောက၏ကောင်းကျိုးချမ်းသာမင်္ဂလာ ဖြစ်စေရန်အတွက် ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်ရမည်။ ကိုးကွယ်ဆည်းကပ်မှုနှင့်ကင်းကွာ၍ ကောင်းကျိုးချမ်းသာမင်္ဂလာ မဖြစ်နိုင်ချေ။ သို့ကြောင့် လောက၏ကောင်းကျိုးချမ်းသာမင်္ဂလာအတွက် ဗုဒ္ဓနှင့်ဗောဓိသတ္တတို့အား (၁) ဝန္ဒနာ–ရှိခိုးခြင်းပြုရမည်။ (၂) ပူဇန–ပူဇော်ခြင်းပြုရမည်။ (၃) ပါပဒေသနာ– ဒေသနာ၏အဓိပ္ပာယ်မှာ ထင်ရှားစွာပြောကြားခြင်း၊ ဝန်ခံခြင်းပင်တည်း။ ပါပဒေသနာ၏အကျိုးမှာ ဤသို့လျှင်မကောင်းမှုပြုခဲ့သည်ကို ထင်ရှားပြု၍ ဝန်ခံခြင်းကြောင့် နောင်တတစ်ဖန်ပူပန်ရခြင်းမရှိမူ၍ ဖြစ်ပေါ်ပြီးသောအကုသိုလ်များကို ဆေးကြော်သုတ်သင်၏။ မဖြစ်ပေါ်သေးသောအကုသိုလ်များကို တားမြစ်စောင့်ရှောက်၏။ (၄) ပုညာနုမောဒန–ထိုနောက် သူတော်ကောင်းသည် အလုံးစုံသောသတ္တဝါတို့၏ လောကီဆိုင်ရာကောင်းမွန်သောလုပ်ငန်းကိစ္စများကို ချီးကျူးသည်၊ သတ္တဝါအများ ဆင်းရဲဒုက္ခမှလွတ်မြောက်ခြင်းကို အနုမောဒနာပြုသည်၊ ဝမ်းသာကြည်နူးသည်၊ ယင်းကို ပုညာနုမောဒနဟုခေါ်သည်။ (၅) ဗုဒ္ဓဒေသနာ–သူသည် ကောင်းမြတ်သောသဘောတရားတို့ကို မှီဝဲရန်ဆုံးဖြတ်၏။ ကောင်းမြတ်သောစိတ်ထားဖြင့် လက်အုပ်ချီပြီး အရပ်မျက်နှာတို့တွင်တည်ရှိသော ဗုဒ္ဓတို့ထံတွင် ဆုမွန်ကောင်း တောင်းဆို၏။ 'သတ္တဝါအများ ဘေးအန္တရာယ်မှကင်းဝေးစေရန်အတွက် မြတ်တရားကို ဟောကြားတော်မူပါ၊ ထိုသတ္တဝါအများအတွက် ကုစ္ဆာသယလိုတိုင်းရသည့် စိန္တာမဏိ သို့မဟုတ် လိုတိုင်းဆွတ်ယူသုံးဆောင်နိုင်သော ကပ္ပရုက္ခ

---

*၁ ဦးရွှေအောင်၏ မြန်မာနိုင်ငံနှင့်တန္တြရဝါဒ။ အဖြင်များပြောင်းလဲခြင်းနှင့် အတွေးအမြင်စာစုများ။ ၂၀၀၀–ပြည့်နှစ်။ (စာမျက်နှာ–၁၃၉)။


*J P. Rawson' The Art of Tantra. 1978 Page-174. Fig.138-9.

*၃ မဉ္ဇုဟတင်၏ ရွေးဟောင်းမြန်မာကျောက်စာများလာ ပါဠိ/သက္ကတသက်ဝေါဟာရများကို ဘာသာပြန်အဖြင်ဖြင့်လေ့လာခြင်း။ အရှေ့တိုင်းပညာမဟာဝိဇ္ဇာဘွဲ့ယူကျမ်း။ (လက်နှိပ်စက်မူ)။ ၁၉၉၀–ပြည့်နှစ်။ (စာမျက်နှာ–၁၀၄)။


http://www.dhammadownload.com



လက်ရုံး ၂၂၀၀၀ ပါရှိသော အဝလောကိတေသွရဘုရားအလောင်း။
Getty, 1914, Pl.XXIV.



အဝလောကိတေသွရဘုရားအလောင်း
Govinda,1960,Frontispiece.



အဝလောကိတေသွရဘုရားအလောင်း
Getty,1914,Pl.XXIII a.



အဝလောကိတေသွရဘုရားအလောင်း
Getty,1914,Pl.XXIII d.

http://www.dhammadownload.com

ပဒေသာပင်ဖြစ်တော်မူပါ'ဟု ပတ္ထနာပြု၏။ ယင်းအမည်ကို ဗုဒ္ဓဒေသနာဟုခေါ်၏။ (၆) ဗုဒ္ဓယာစနာ – သူတော်ကောင်းပုဂ္ဂိုလ်သည် ဗောဓိသတ္တ၏အထံတွင်ချဉ်းကပ်၍ 'ဤဘဝသံသရာတွင် သတ္တဝါများတည်ရှိစေရန် အမြဲပြုတော်မူပါ၊ ပရိနိဗ္ဗာန်မပြုမချင်း လူတို့၏ကောင်းကျိုးချမ်းသာဖြစ်စေရာတွင် ပုံ့နှံ့ပါလော'ဟုတောင်းခံခြင်း၏အမည်မှာ ဗုဒ္ဓယာစနာဖြစ်၏။ (၇) ဗောဓိပရိဏာမနာ– ထိုနောက် 'ထိုသူသည် ဤအနုတ္တရပူဇာ၏ အကျိုးဖလတွင် ကောင်းစွာပြုအပ်သော ဝဋ်အားလည်း ပုံ့နှံ့ပါစေသတည်း။ ယင်းဖြင့် ငါသည် အလုံးစုံသော သတ္တဝါတို့၏ဆင်းရဲဒုက္ခများကိုပယ်ဖျောက်ရာတွင် အကြောင်းဖြစ်ပါစေ'ဟု ဆုတောင်းပတ္ထနာပြု၏။ ထိုသို့ပြုခြင်းမှာ ဗောဓိပရိဏာမနာဖြစ်၏။ ဤသို့ပူဇော်ခြင်းခုနစ်ပါးတို့ဖြင့် ဗောဓိစိတ္တအမှန်ပင်ဖြစ်ပေါ်သွားလေသည်။[*၁]

မဟာယာနလမ်းစဉ်သည် ဘုရားအလောင်းလမ်းစဉ်

မဟာယာနဗုဒ္ဓဘာသာဝင်တို့က 'ဗုဒ္ဓသည် လောကီ(၃၁)ဘုံမှအလွတ်ဖြစ်သော နိဗ္ဗာန်ဘုံ၌အမြဲစံနေပြီး၊ (၃၁)ဘုံသို့ သတ္တဝါများအကျိုးကိုဆောင်ရန်ကို ဗောဓိသတ္တဘုရားအလောင်းအား မိမိ၏ကိုယ်တော်စား စေလွှတ်လိုက်ကြောင်း၊ ထိုဘုရားအလောင်းဗောဓိသတ်တို့သည်လည်း မွေးခြင်း, သေခြင်းမရှိ အမြဲထာဝရ တည်မြဲနေကြကြောင်း' –စသည်ဖြင့်ဟောပြောကြကုန်၏။[*၂]

ပညာပါရမိတာကျမ်း၌ 'သာဝကယာနကျင့်စဉ်နှင့် ပစ္စေကဗုဒ္ဓယာနကျင့်စဉ်ကို လိုက်နာသူတို့သည် ဤသို့ကြံစည်၏။ ငါတစ်ဦးတည်း ယဉ်ကျေးစေအံ့၊ ငြိမ်းချမ်းစေအံ့၊ နိဗ္ဗာန်ဝင်အံ့ဟု ကြံစည်၏။ တစ်ကိုယ်တည်း ငြိမ်းချမ်းရေး၊ နိဗ္ဗာန်ရရှိရေးအတွက်အားထုတ်ကုန်၏။ ဗောဓိသတ္တ(ဘုရားအလောင်း)၏စိတ်ထားမှာမူ ငါသည်လည်း နိဗ္ဗာန်ဝင်အံ့၊ သတ္တဝါအသချေအနန္တ ကိုလည်း နိဗ္ဗာန်သို့ပို့ဆောင်အံ့ဟုကြံ၏' –စသည်ဖြင့်ဖော်ပြထား၏။

ဝဇိရသုတ္တကျမ်း၌ 'အို သုဘူတိ၊ ဗောဓိသတ္တသည် ဤသို့ကြံ၏။ ဥခွံတွင်းရှိ သတ္တဝါ နတ်လူ ငြဟ္မာ သတ္တဝါအားလုံးကို ငါသည် ဦးဆောင်၍နိဗ္ဗာန်သို့ပို့အံ့၊ တစ်ဦးမျှမကျန်စေရ။ သတ္တဝါတို့ကို နိဗ္ဗာန်သို့ပို့ဆောင်နေသော်လည်း သတ္တဝါဟုထင်မြင်ယူဆပါက သဗ္ဗညုဗုဒ္ဓမဖြစ်နိုင်ချေ။ ကရုဏာစိတ်က သတ္တဝါဟုမြင်၍ ပညာက သတ္တဝါဟုမမြင်ရ' စသည်ဖြင့်ဖော်ပြထား၏။

ထိုဝဇိရသုတ္တကျမ်း၌ 'ဗောဓိသတ္တဘုရားအလောင်းသည် သတ္တဝါတို့အပေါ်၌သနားကြင်နာလှသဖြင့် ဇာတိဒုက္ခ(မွေးဖွားခြင်း)၊ မရဏဒုက္ခ(သေခြင်း)မှ မကြောက်နိုင်ရာဘဲ သံသရာဘဝစက်ဝိုင်းသို့ ဝင်ရောက်၍ ဆင်းရဲဒုက္ခခံရ၏။ သို့ဖြစ်၍ မိမိတစ်ဦးတည်း နိဗ္ဗာန်ရောက်စေနိုင်မည့် ရဟန္တာကျင့်စဉ် (သာဝကယာန)နှင့် ဘုရားငယ်ကျင့်စဉ်(ပစ္စေကဗုဒ္ဓယာန)တို့ကို လုံးဝပစ်ပယ်၍ ဘုရားလောင်းလမ်းစဉ် (သမ္မာသမ္ဗုဒ္ဓယာန ခေါ် မဟာယာန)တစ်ခုတည်းကိုလက်ခံသူမှသာ မဟာယာနဂိုဏ်းဝင်ဖြစ်မည်'ဟုကြေငြာခဲ့၏။[*၃]

မဟာယာနတို့၏ ဘုရားအလောင်းကိုးကွယ်ပုံ

မဟာယာနဗုဒ္ဓဘာသာဝင်တို့က ဘုရားအလောင်းအား သတ္တဝါတို့ကိုကယ်တင်မည့်အရှင်အဖြစ်မှ ထာဝရ တည်မြဲနေသော ကရုဏာရှင်အသွင်သို့ မသိမသာကူးပြောင်း၍ကိုးကွယ်ခဲ့ကြ၏။ ထို့ကြောင့် ဘုရားအလောင်း ပုဂ္ဂိုလ်သည် လောကတွင်ရှိရှိသမျှသတ္တဝါတို့ကိုသာမက အသက်မဲ့သောကျောက်ခဲသလဲအထိ အရာဝတ္ထုအပေါင်းတို့ ဗောဓိဉာဏ်ကိုမရသေးသမျှကာလပတ်လုံး နိဗ္ဗာန်သို့ဝင်စံကူးပြောင်းခြင်းမပြုတော့ဟုကြေညာခဲ့ကြခြင်းဖြစ်၏။

---

*၁ ဦးသော်ဓင်၏ဗုဒ္ဓအမြင်ကိုလေ့လာခြင်း။ ၁၉၆၂–ခုနှစ်။ (စာမျက်နှာ–၂၁၄)။

*၂ N. Dutt' Early Monastic Buddhism. 1945. Page-81.

*၃ မောင်အုံ၏ ဗုဒ္ဓသာသနာတော်–၂၅၀၀ ခရီး။ ၁၉၈၀–ပြည့်နှစ်။ (စာမျက်နှာ–၁၃၁)။

http://www.dhammadownload.com



လောကနာထ
Lad, 1957, Pg.204, Pl.34.



မဏ္ဍူသီရီ
Lad, 1957, Pg.200, Pl.25.



ရတ္နပါဏိ
Getty, 1914, Pl.XXIX.



ဝဇ္ဇပါဏိ
Coomaraswamy,1965,Pl.299.

http://www.dhammadownload.com

ဤအကြောင်းနှင့်စပ်၍ ပုဝတ္ထုတစ်ပုဒ်ရှိသည်မှာ 'အလောင်းတော်အဝလောကိတေသွရသည် ဘုရားအလောင်းတော်တို့ကျင့်သုံးဖြည့်ကျင့်ရာပါရမီအဝဝတို့ကို ကျင့်သုံးဖြည့်ဆည်းပြီးသည့်နောက် နိဗ္ဗာန်သို့ကူးပြောင်းတော့မည်ဆဲဆဲတွင် ရှိရှိသမျှစကြဝဠာအပေါင်းတို့မှ မိုးဟိန်းသံနှင့်တူသောအသံကြီးတစ်သံ ထွက်ပေါ်လာလေသည်။ ထိုအသံကြီးကိုကြားရသောအခါ အလောင်းတော်နတ်သားက ထိုအသံသည် အခြားမဟုတ်၊ ငါသည် နိဗ္ဗာန်သို့ဝင်တော့မည့်အကြောင်းကို ဖန်ဆင်းထားသောအရာဟူသမျှ ကျောက်ဆောင်ကျောက်ခဲ သစ်ပင်ပိုးမွှားတိရစ္ဆာန်အပေါင်းတို့သိရှိရသည်နှင့်တစ်ပြိုင်နက် ပူဆွေးငိုကြွေးမြည်တမ်းကြသောအသံဖြစ်ရာသည်။ ထို့ကြောင့် ၎င်းတို့ကို တစ်ဦးမကျန်နိဗ္ဗာန်သို့မပို့ဆောင်နိုင်သေးမီစပ်ကြား ငါသည်လည်း နိဗ္ဗာန်သို့မဝင်သေး၊ ၎င်းတို့ကို တရားမမှတ်ကြားစောင့်ရှောက်၍ နိဗ္ဗာန်သို့ပို့ဆောင်ပြီးမှသာ ငါသည် နိဗ္ဗာန်သို့ဝင်တော့မည်'ဟု လောလောဆယ် ဝင်ရောက်မည့်နိဗ္ဗာန်ကို စွန့်လွှတ်တော်မူခဲ့သည်–ဟူ၍ဖြစ်သည်။[*၁]

ဘုရားအလောင်းအမျိုးမျိုး

မဟာယာနဗုဒ္ဓဘာသာဝင်တို့သည် အရိမေတ္တေယျဘုရားအလောင်းကိုသာမက ဘုရားလောင်းများစွာကိုလည်း ဖန်တီးခဲ့ကြ၏။ ထိုဘုရားအလောင်းတို့ကို အမည်အမျိုးမျိုး၊ ရုပ်ပုံတော်အမျိုးမျိုးထုလုပ်ကိုးကွယ်ကြ၏။ မဟာယာနတို့ကိုးကွယ်ကြသောဘုရားလောင်းတို့မှာ–အဝလောကိတေသွရ (Avalokitesvara)၊ လောကနာထ (Lokanātha)၊ ဟယဂ္ဂ ဘုရားလောင်းနတ်သား(Hayagtva)၊ ဝဇြပါဏိ (Vajrapāṇi)၊ မဉ္ဇုဿြီ (Mañjuśrī)၊ ရတ္နပါဏိ (Ratnapāṇi)၊ ပဒ္မပါဏိ (Padmapāṇi)စသည်ဖြင့်ဖြစ်၏။ ထိုဘုရားအလောင်းတို့သည် ဘုရားအဖြစ်ပွင့်ရန်မဟုတ်တော့ဘဲ ဂေါတမမြတ်စွာဘုရားနှင့် ပွင့်အံ့ဖြစ်သောမေတ္တေယျဘုရားရှင်တို့၏ ကြားကာလ၌ လောကကြီးကိုစောင့်ရှောက်ရန်ပေါ်လာသောဘုရားအလောင်းများဖြစ်သည်ဟု ယူဆခဲ့ကြ၏။[*၂]

မဟာယာနဗုဒ္ဓဘာသာဝင်တို့ အိန္ဒိယမြေပေါ်၌ရှိကြစဉ်အတွင်း အိန္ဒိယဒေသခံများကိုးကွယ်သော ဟိန္ဒူနတ်ဘုရားတို့ကိုလည်း ဘုရားအလောင်းများအဖြစ် ပုံစံပြောင်း၍ဖန်တီးခဲ့ကြသည်။ ပမာအားဖြင့် မဟာယာနဂိုဏ်း၌ အထင်ရှားဆုံးဘုရားလောင်း အဝလောကိတေသွရ(Avalokitesvara)သည် ဟိန္ဒူနတ်ဘုရားသျှိဝ(Śiva)ကို ပုံစံပြောင်းထားခြင်းဖြစ်သည်။ အဝလောကိတေသွရ (=အဝလောကိတ+ကြ္ကသရ။ အဝလောကိတ=ကြည့်သူ (တစ်နည်း) သတ္တဝါတို့ကိုစောင့်ရှောက်နေသူ + ကြ္ကသရ = အစိုးရသူ။) ဟူသောဝေါဟာရ၌ 'ကြ္ကသရ'သည် သျှိဝနတ်မင်း၏အမည်ဖြစ်၏။ အချို့သောပညာရှင်တို့က အိန္ဒိယတောင်ပိုင်းရှိ ဒေသခံနတ်တစ်ပါးကိုမှီ၍ ယူထားသည်ဟုလည်းဆို၏။[*၃]

ပညာရှင်ဘတ္တာချရိယျ(B.Bhattacharyya)၏အဆိုအရ ထိုအဝလောကိတေသွရဘုရားအလောင်းသည် ၃–ရာစုဘီစီက စတင်၍ပေါ်ပေါက်ခဲ့သည်။ ထိုဘုရားအလောင်းနှင့်ပတ်သက်၍ မဟာဝဏ္ဏကျမ်း၌ဖော်ပြချက်


---

*၁ မောင်အုံ၏ ဗုဒ္ဓသာသနာတော်–၂၅၀၀ စရိုး။ ၁၉၈၀–ပြည့်နှစ်။ (စာမျက်နှာ–၁၆၄)။

*၂ ဟိနယာနနှင့် မဟာယာနဗုဒ္ဓဘာသာကိုးဝင်တို့သည် လူ့လောက၌ လူသားအဖြစ်ဖွားမြင် ပွင့်ထွန်းတော်မူခဲ့သော ဘုရားရှင်တို့ကို မာနုသျှီဗုဒ္ဓ (Mānuṣī Buddha)ဟု အမည်ပေးထား၏။ ဒီဟက်ရာဗုဒ္ဓမှစ၍ နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့ကိုဆိုလိုသည်။ နောက်ပိုင်း ဤမာနုသျှီဗုဒ္ဓကိုပင် အင်္ဂလိပ်ဘာသာ၌ Mortal Buddha (ဖရိုဖိုဗွာန်ပြုသောဘုရား)ဟု ခေါ်တွင်ကြပြန်ပါသည်။ မေတ္တေယျအရှင်သည်လည်း Mānuṣī Buddhā, Mortal Buddha ပင်ဖြစ်သည်။ N. Mudiyanse' Mānusī Buddhas. In Encyclopaedia of Buddhism. Vol.VI. Fascicle-4. 2002. Page-627.

*၃ Eitel' Handbook of Chinese Buddhism. 1970. Page-23.

http://www.dhammadownload.com



လောကေသွရ
Lad, 1957, Pg.205, Pl.35.



အမိတာဘ
Govinda, 1960, Pl.3.



အမောဃသိဒ္ဓိ
Govinda, 1960, Pl.7.



အက္ကောဘျ
Govinda, 1960, Pl.4.



ရတ္နသမ္ဘဝ
Govinda, 1960, Pl.2.

F39

http://www.dhammadownload.com

တစ်ရပ်ကိုတွေ့ရသည်။[*၁] အဝလောကိတေသွရ-ဟူသောရုပ်သွင်နှင့်အမည်ကို အေဒီ ၂-ရာစုမတိုင်မီကရယူခဲ့ပြီး ၎င်း၏ရုပ်တုကို အေဒီ ၄-ရာစုမှ ၆-ရာစုအတွင်း စတင်တွေ့ရသည်ဟုဆို၏။ ဟိန္ဒူမိန်းမနတ် (မဟေသရ၊ ကာလယက္ခိနီ)ပုံသို့လည်း ပြောင်းနိုင်သည်ဆို၏။

အငြိမ်းစားကျောက်စာဝန်ဦးမြကမူ ကရဏာမေတ္တာတော်အရှင်မြတ်ဖြစ်သော အဝလောကိတေသွရဘုရားအလောင်းသည် မိမိကိုယ်ကိုမိမိပြောင်းလဲပြီးလျှင် မိဘမဲ့ကလေးတို့အတွက် မိမိသည်ပင်လျှင် အမိအဘဖြစ်သည်ဟူ၍လည်းကောင်း၊ မျက်စိလည်လမ်းမှားနေသူများအတွက် လမ်းခရီးညွှန်ပြနိုင်သည်ဟူ၍လည်းကောင်း၊ ဟိန္ဒူသီဝဓမေသရကိုးကွယ်သားတို့အတွက် သူပင် အရှင်မဟေသရဖြစ်သည်ဟူ၍လည်းကောင်း၊ ဗိဿနိုးကိုးကွယ်သားတို့အတွက် သူပင်ဗိဿနိုးဖြစ်သည်ဟူ၍လည်းကောင်း၊ ထောင်ကျအကျဉ်းခံနေရသူ ငရဲခံနေရသူတို့ကိုလည်း ကယ်တင်နိုင်သူမှာလည်း သူပင်ဖြစ်သည်ဟူ၍လည်းကောင်း ယူဆကြစေသည်ဟု ရေးသားခဲ့သည်။ ထို့ပြင် အရှေ့နိုင်ငံက တရုတ်ပြည်၊ ဂျပန်ပြည်များ၌ သူပင် ကွမ်ယင် (Kwan-Yin)၊ ကွမ်နွန် (Kwan-non) ဟူ၍ အမျိုးမျိုးရုပ်ပြောင်းရုပ်လွဲလုပ်ပြီး လောကကိုစောင့်ရှောက်လျက်ရှိသော ဘုရားအလောင်းတစ်ဆူအဖြစ် ဖန်တီးထားကြသည်။ အဝလောကိတေသွရဘုရားအလောင်းကို သာဓနမာလာ(Iconography)ကျမ်း၌ သာဓနအမျိုး (၃၁)မျိုးတို့ကို ပုံအမျိုးမျိုးခွဲထုတ်ရေးသားထားသဖြင့် ထိုဘုရားလောင်း၏ပုံတော်မှာ (၁၀၈)မျိုးရှိသည်။[*၂]

ထိုအဝလောကိတေသွရကို မြန်မာနိုင်ငံ၌ လောကနာထဟုထင်ရှားခဲ့သည်။ လောကနာထ၏အဓိပ္ပာယ်မှာ လောကကိုအစိုးရသူဟုဆိုလိုသည်။ ပျူခေတ်၌ သရေခေတ္တရာ၊ ပုဂံခေတ်၌ အနော်ရထာမင်း၊ ကျန်စစ်သားမင်းတို့လက်ထက်တွင် ထင်ရှားသောဘုရားအလောင်းတစ်ဆူဖြစ်၏။ ပုဂံမြို့ မြင်းကပါရှိ အပယ်ရတနာလိုဏ်ဂူဘုရား၌ ထိုအဝလောကိတေသွရပုံတော်ကိုပင် နတ်သမီးပုံ၊ နတ်သားပုံဟူ၍ (၂)မျိုးတွေ့ရ၏။[*၃] အဝလောကိတေသွရဘုရားအလောင်း၏ရုပ်ပုံကို ဂေါတမဘုရားရှင်၏နံဘေးတစ်ဖက်တစ်ချက်၌ မေတ္တေယျအရှင်နှင့်တွဲ၍ ထုလုပ်ကြသည်ကိုလည်း အိန္ဒိယနိုင်ငံ၊ ဗုဒ္ဓဂယာရှိ ကျောက်ဆစ်လက်ရာစသည်တို့၌တွေ့ရပါသည်။

မဟာယာနဗုဒ္ဓဘာသာ တရုတ်နှင့်ဂျပန်ပြည်သို့ရောက်သောအခါ အမိတာဘ (Amitabha) ဟူသော ဘုရားအလောင်းသည် ထင်ရှားဖြစ်ပေါ်လာခဲ့၏။ ထိုအမိတာဘကိုပင် အမိတ၊ အမိဒ၊ အမိတာယု၊ အမိတာယုမိ-စသည်ဖြင့် အရှေ့ဘက်ဒေသ၌အမျိုးမျိုးခေါ်ကြ၏။ အမိတ-ဟူသည်မှာ အတိုင်းအတာအဆုံးမရှိသောရောင်ခြည်တော်ရှိသည့်ဘုရားဟုလည်းကောင်း၊ သက်တမ်းအားဖြင့် အကန့်အသတ်မရှိသောဘုရား (အမိတ+အာယု= အမိတာယု)ဟုလည်းအဓိပ္ပာယ်ရသည်။ ပညာရှင်များက ထိုအမိတာဘုရားသည် အေဒီနှစ်အစပိုင်းလောက်က အိန္ဒိယမြောက်ပိုင်း ဂန္ဓာရတိုင်းသည် အိမ်နီးချင်းဖြစ်သော ပါရှင်း (Persians) တို့ထံမှ ဇာရိစတာဘာသာဝင် (Zarathustars)တို့ကိုးကွယ်သော နတ်ဘုရားမှတစ်ဆင့်ပေါက်ပွားရရှိသည်ဟု ယူဆ၏။ ထိုအမိတာယုကို အေဒီ ၁၄၇-ခုနှစ်၌ တရုတ်ပြည်သို့ ရဟန်းတော်ဘိုခရက ယူဆောင်သွားခြင်းဖြစ်သည်။ ထိုအချိန်မှစ၍ပင် အမိတာယုရ်ဓျာနသုတြ (Amitāyur-dhyāna Sutra. SBE, Vol. 49.)ကိုတွေ့ရ၏။[*၄]

---

*၁ G. P. Malalasekera(ed.)' Encyclopaedia of Buddhism. Vol.II. Fascicle-3. 1967. Page-411.

*၂ ထိုအဝလောကိတေသွရ၏(၁၀၈)ပုံတို့ကို နီပေါနိုင်ငံ၊ ဓတ်မန္ဒူဖြို့ရှိ မန္ဇွာနိဒါဝိဟာရ ကျောင်းပတ်လည်သုံးဖက်၌ သစ်သားမှုန်ကွက်ပုံများဖြင့် ဖော်ပြထားသည်။ ဦးမြ၏ အပယ်ရတနာလိုဏ်ဂူဘုရား။ (စာမျက်နှာ-၄၀)။

*၃ G.H. Luce' Old Burma-Early Pagan. Vol. III. 1970. Plate 230. a,b,c,d,e.

*၄ Eitel' Handbook of Chnese Buddhism. 1970. Page-8.

http://www.dhammadownload.com



ကွမ်ယင်(Sung-Tse)
Getty, 1914, Pl.XXVII



ကွမ်နှန်
Getty, 1914, Pl.XXVIII.



ပညာပါရမီတာ
Lad, 1957, Pg.206, Pl.38.



မဟာသိဒ္ဓဂန္ဓပ
Rawson, 1978, Pl.106.



ဝဇြသတ္တ
Rawsin, 1978, Pl.147.

http://www.dhammadownload.com

ထိုအမိတာဘဘုရားသည် တရုတ်ပြည်အနောက်အရပ်ရှိ ကောင်းကင်ဘုံခေါ်၊ နိဗ္ဗာန်ခေါ် သုခဝတီပြည်ကြီးတွင် အစဉ်တည်ရှိသည်ဆို၏။ ဤတွင် သုခဝတီခေါ်သော ဘုရားလောင်းစံရာနိဗ္ဗာန်နိုင်ငံ (Sukhavatī= Pure Land) အယူအဆပေါ်ထွန်းလာ၏။ နာဂါရ်ဇုနအရှင်က မေတ္တေယျသည် တုသိတာ၌၊ အက္ခောဘျ (Akṣhobhya) ဘုရားအလောင်းသည် အရှေ့ပြည်၌၊ အမိတာဘသည် အနောက်ပြည်၌ စသည်ဖြင့် အသီးသီး စံမြန်းနေကြောင်း ရေးသားရာမှ ထိုသုခဝတီဘုံအယူအဆဖြစ်ပေါ်လာသည်ဆို၏။ အေဒီ ၂-ရာစုခန့်ပေါ်လာသော သုခဝတီဗျူဟာ (Sukhavatī Vyuhā) ကျမ်း၌ ဓမ္မကာယအမည်ရှိသောရဟန်းသည် အမိတာဘဘုရားအလောင်းအဖြစ် သတ္တဝါတို့ကိုကယ်တင်မည်ဖြစ်ကြောင်း အရှင်အာနန္ဒာကို မြတ်ဘုရားရှင်ကဗျာဒိတ်ကြားဟန် ရေးထားပါသည်။[*၁] တရုတ်ပြည်၌ သုခဝတီဂိုဏ်းသားတို့သည် ဂေါတမဘုရားရှင်သည်ပင် အမိတာဘဘုရား၏ကိုယ်ပွားတော်နိမ္မိတမျှသာဖြစ်သည်ဟု ယူဆ၏။ သဒ္ဓမ္မပုဏ္ဍရိကသုတ်၌ ဂေါတမဘုရားရှင်က အမိတာဘနှင့် ငါဘုရားသည် တစ်ဆူတည်းသာဖြစ်၏ဟုလည်း ရေးသားထား၏။[*၂] ထိုဂိုဏ်းသားတို့သည် 'နမော အမိတာဘ' ဟူသောဂါထာကို အကြိမ်ကြိမ်ရွတ်ဆိုကာနေရုံမျှဖြင့် အမိတာယုဘုရားစံရာ သုခဝတီနိဗ္ဗာန်ဘုံသို့ရောက်၍ ဒုက္ခအပေါင်းမှချုပ်ငြိမ်းသွားမည်ဟုယူဆကြ၏။ ထို့ပြင် သုခဝတီပြည်သို့ရောက်ရန် အဆင့်ကိုးဆင့် ထားရှိ၏။ နောက်ဆုံးအဆင့်၌ သုခဝတီပြည်သို့ရောက်ပြီး အမိတာယုဘုရားကိုဖူးတွေ့ရရုံမက မိမိကိုယ်တိုင်ပင် ဘုရားဖြစ်သွားသည်ဟုယူဆကြပြန်၏။[*၃]

မဉ္ဇုဿြီ(Mañjūśrī)ဘုရားအလောင်းသည် မဟာယာနဂိုဏ်း၌ အထူးထင်ရှားသော ဘုရားအလောင်းဖြစ်ပြီး၊ မဟာယာနကျမ်းစာတို့တွင် ရှေးဦးဆုံးမှတ်တမ်းတင်ခြင်းခံရသော ဘုရားအလောင်းဖြစ်လေသည်။[*၄] နောက်ပိုင်း၌ မဉ္ဇုသိရီဘုရားအလောင်းသည် အဝလောကိတေသွရ၏လက်အောက်သို့ ရောက်ရှိခဲ့ရသည်။ မဉ္ဇုသိရီ၏ဘုရားအလောင်းအမည်များစွာရှိရာတွင် မဉ္ဇုဿြီကုမာရဘူတမဉ္ဇုသွရ၊ မဉ္ဇုယောဓ၊ မဉ္ဇုရဝ၊ မဉ္ဇုဝရ၊ ဓမ္မရာဇာ၊ မဟာမတိ၊ ဒဏ္ဍိန်၊ ဝဇြဓရ၊ ဝိဘူသန-စသည်တို့ပါဝင်သည်။ မဉ္ဇုသိရီဘုရားကို တရုတ်ဗုဒ္ဓဘာသာဝင်တို့က ကြာပွင့်မှပေါက်ပွားလာသည်ဟုယူဆသည်။ အချို့မှတ်တမ်း၌ တရုတ်ဘုရင့်သားတော်မှဝင်စားသည်ဟုလည်းဆိုပါသည်။ မဉ္ဇုသိရီကို တရုတ်နိုင်ငံ၌ 'Wen-chu-shih-li (သို့မဟုတ်) Wen-chu'. ဂျပန်၌ 'Manju'၊ တိဘက်၌ 'ḥjam-paḥi-paḥi-dbyams သို့မဟုတ် ḥjam-dpal'[*၅] ဟုခေါ်တွင်ကြသည်။

မဟာယာနဘုရားအလောင်းနှင့်ဒေဝီများ

အိန္ဒိယနိုင်ငံမြောက်ပိုင်း ကသ္မီရဂန္ဓာရတိုင်းတွင်အခြေခံ၍ပေါ်ပေါက်ခဲ့ရသော မြောက်ပိုင်းဗုဒ္ဓဘာသာသည် ထိုဂန္ဓာရကသ္မီရတိုင်းနှင့်နီးစပ်သော ဂရိတ်လူမျိုး (Greek.189-50 B.C.)၊ ပါသီယန်လူမျိုးများ၊ စစ်သီယန်လူမျိုးများ(Parthians, Scythians. 90 B.C.-A.D.60)၊ ကုသျန်လူမျိုးများ(Kushāna. A.D.60-230) စသည် မြေထဲပင်လယ်ဒေသမှ လူမျိုးအဆက်ဆက်တို့၏အုပ်ချုပ်မှုအောက်၌ရှင်သန်ခဲ့ရသောကြောင့် မြေထဲပင်လယ်

---

*၁ B.L. Suzuki' Mahāyāna Buddhism. 1963. Page-113.

*၂ မောင်အုံ၏ဗုဒ္ဓသာသနာတော် ၂၅၀၀ ခရီး။ ၁၉၈၀-ပြည့်နှစ်။ စာမျက်နှာ-၂၃၅။

*၃ ဦးဖိုးကျား၏ မြောက်ပိုင်းဗုဒ္ဓဘာသာ။ ၁၉၅၄-ခုနှစ်။ (စာမျက်နှာ-၁၁၃)။

*၄ A. Getty' The Gods of Northern Buddhism. 1914. Page-96.

*၅ S. K. Nanayakkara' Mañjuśrī. In Encyclopaedia of Buddhism. Vol.VI. Fascicle-4. 2002. Page-609.

http://www.dhammadownload.com

လူမျိုးစု၏ယဉ်ကျေးမှုစုံ၊ ကိုးကွယ်မှုစုံတို့ဖြင့် အရောရောအနှောနှောဖြစ်နေကြောင်းတွေ့ရသည်။ သို့ဖြစ်၍ ထိုဒေသ၌ကြီးပွားစည်ပင်လာခဲ့ရသော မြောက်ပိုင်းဗုဒ္ဓဘာသာခေါ် မဟာယာနဗုဒ္ဓဘာသာကိုတိထွင်ထားသော ဗုဒ္ဓဘာသာသစ်(New Buddhism)ဟုလည်း ခေါ်ဆိုခဲ့ကြသည်။

ထိုဂန္ဓာရစသောဒေသ၌ပေါ်ပေါက်ခဲ့သော မဟာယာနဗုဒ္ဓဘာသာဝင်တို့အလိုအရ ဘုရားအလောင်းသည် လူသားတို့အား နိဗ္ဗာန်တည်းဟူသော လောကုတ္တရာအကျိုးကိုသာမက လောကီအကျိုးကိုပါပေးစွမ်းနိုင်သည်ဟု ယူဆကြရာမှစ၍ အေဒီ-၆၀၀ ခန့်၌ မဟာယာနဗုဒ္ဓဘာသာဂိုဏ်းအတွင်း လောကီလုပ်ငန်းသက်သက်ကိုသာ လုပ်ဆောင်သော ဂိုဏ်းကွဲတစ်ခုပေါ်ပေါက်လာခဲ့၏။ ထိုဂိုဏ်းကွဲသည် ဝဇြယာန (Vajrayāna) ဖြစ်သည်။ ဝဇြ-ဟူသည်မှာ 'စိန်'ဟုအဓိပ္ပာယ်ရ၏။ စိန်သည် မာကျော၍မကျေမပျက်သောသဘောဆောင်၍ အမိတာဘ-စသော ဘုရားတို့၏အသက်သည်လည်း စိန်ကဲ့သို့ကြာရှည်မပျက်စီးဘဲ တည်တံ့လိမ့်မည်-ဟု ယူဆခဲ့ကြ၏။ အချို့က ဝဇြကို 'မိုးကြိုး'ဟုယူဆပြီး မိုးကြိုး၏ထက်မြက်ပုံအတိုင်းပင် အရာရာကိုဖောက်ထွင်းကြည့်နိုင်သည်-ဟု ယူဆ၏။ ထိုဝဇြဂိုဏ်းနှင့်အတူ တန္တြ၊ မန္တြ-စသောဝါဒတို့ ပူးတွဲ၍ထွန်းသစ်လာ၏။ ဝဇြနှင့် တန္တြ၊ မန္တြ-စသည်တို့ပေါင်းစုံသောအခါ မူလဗုဒ္ဓအယူဝါဒတို့နှင့်ဆန့်ကျင်သော အသွင်နှင့်အနှစ်သာရစသည်ကိန်းအောင်းနေသည့် ဝဇြယာနဟူသောဝါဒတစ်ရပ် ဖြစ်ပေါ်ထွန်းလာသည်။

တန္တြဝါဒအလိုအားဖြင့် ဗုဒ္ဓရုပ်ပွားတော်၊ ဘုရားလောင်းရုပ်တုတို့အကြားတွင် ဘုရားလောင်း၏ကြင်ဖက်ခေါ် နတ်ဘုရားမ(တစ်နည်း)မယ်တော်-စသည့် မိန်းမအရုပ်များတွဲဖက်ရန်လိုလာ၏။ တန္တြအလိုအရ လောက၏အချုပ်အခြာဝိညာဉ်ကို သျှိဝနတ်မင်းအား အဖိုဓာတ်ထား၍ ၎င်းနတ်၏ကြင်ဖက် ကာလီခေါ် ဒုရ်ဂါးနတ်သမီးက ဂကွိ = အမဓာတ်ထားပြီး၊ ထိုဖိုမနှစ်ဦးပေါင်းစပ်ခြင်းဖြင့် လောကပေါက်ပွားလာရမည်ဖြစ်ရာ၊ ဘုရားလောင်းနတ်သားတို့သည်လည်း ကြင်ဖက်အမဓာတ်နတ်သမီးများနှင့်တွဲဖက်လာရ၏။ ထိုဖိုမကိုးကွယ်မှုစနစ်ကို ဂကွိကိုးကွယ်မှုဟုခေါ်၏။ မာယာဟုလည်းခေါ်၏။ လူကို မာယာကချုပ်ထား၏။ မာယာမှလွတ်နိုင်အောင် ပညာကိုသုံးရ၏။ သို့ဖြစ်၍ မာယာကိုပင် ပညာအဖြစ်ပြောင်းလဲပေးရမည်၊ ထိုအခါမှ သံသရာမှလွတ်ပေမည်။ ဖိုမဓာတ်ပေါင်းစပ်၍ ပညာရှာမှီးခြင်းကို ပညာပါရမိတာနတ်သမီးနှင့်တင်စား၍ သရုပ်ဖော်၏။ ထိုပညာပါရမိတာနတ်သမီးသည် မဟာယာနတန္တြခေတ်၌ ပထမဦးဆုံးပေါ်လာသောနတ်သမီးဖြစ်၏။ ဘုရားအားလုံး၏မယ်တော်(သဗ္ဗဗုဒ္ဓမာတာ)ဟုလည်းခေါ်၏။ ဗုဒ္ဓကိုပင်မွေးထုတ်ပေးသူဟုယူဆကြ၏။ ထိုပညာပါရမိတာပေါ်ပြီးနောက် တာရာဒေဝီပေါ်လာ၏။ တာရာဒေဝီမှာ အဝလောကိတေသ္ဝရ၏ အမျိုးသမီးအသွင်ဟုလည်းယူဆ၏။ ထိုမှ မဟာပတိသရာဒေဝီ၊ နီယာတာမဒေဝီ၊ ယာရိစိဒေဝီ၊ ပဏ္ဍာသတီဒေဝီ-စသည်ဖြင့် ဒေဝီအများပေါ်လာပြန်တော့၏။

တရုတ်နိုင်ငံ၊ တိဘက်နိုင်ငံနှင့် ဂျပန်နိုင်ငံ၌ တန္တြဝါဒအတော်လွှမ်းမိုးခဲ့၏။ မြန်မာနိုင်ငံသို့လည်း ပုဂံခေတ်ကပင် ထိုတန္တြဝါဒရောက်ရှိခဲ့၏။ ပုဂံရှိ ဘုရားသုံးဆူတို့၌သရုပ်ဖော်ထားသော နံရံဆေးရေးပန်းချီများတွင် တန္တြယာနဝါဒအယူအဆများလွှမ်းမိုးထားသည်ဟု ပညာရှင်တို့ယူဆကြ၏။[*၁] အပယ်ရတနာလိုဏ်ဂူဘုရား၌လည်း ဘုရားအလောင်းကိုသာမက တာရာဒေဝီစသော ဘုရားအလောင်း၏အခြံအရံနတ်သမီးများရုပ်ပုံကိုတွေ့ရ၍ ထိုရုပ်ပုံတို့အကြောင်းကို သိရိပုံချီဦးမြက အပယ်ရတနာလိုဏ်ဂူဘုရားစာအုပ်တွင် အကျယ်တဝင့်ရေးခဲ့ပြီးဖြစ်သည်။[*၂]

---

*၁ N.Ray' Sanskrit Buddhism in Burma. 1936. Page-57, 62; G.H. Luce' Old Burma -Early Pagan. Vol I. 1967. Page-184; Dr. Than Tun' Buddhism in Burma. J.B.R.S. Vol. LXI. 1978. Page-124.

*၂ ဦးမြ၏အပယ်ရတနာလိုဏ်ဂူဘုရား။ ၁၉၆၈-နှစ်။ (စာမျက်နှာ-၆၆)။

http://www.dhammadownload.com

ဖော်ပြခဲ့သည့်အတိုင်း လောကီအကျိုးကိုရွက်ဆောင်သောဂိုဏ်းဂဏအဖွဲ့အစည်းများသည် ဘုရားအလောင်းနှင့်အတူ ပညာပါရမိတာ၊ တာရာဒေဝီ စသောနတ်သမီးများကိုတီထွင်၍ တွဲဖက်လာကြ၏။ ထို့မှ ကာမဂုဏ်မွေ့လျော်မှုကိုဦးစားပေးလာကြရာ အယုတ်နိမ့်အညစ်ညမ်းဆုံး လောကီရွှပ်ထွေးပွေလီမှုများ ပါဝင်ဆက်စပ်လာတော့သည်။ ဘုရားအလောင်းများစွာနှင့် နတ်ဘုရားမတို့ စုံတွဲလိုက်ကိုးကွယ်တတ်အောင် ဘေးမှနေ၍ သွန်သင်ပေးနေသူတို့မှာ ဟိန္ဒူတန္တြ ဆရာများပင်ဖြစ်၏။ ဟိန္ဒူတန္တြ ဆရာတို့က ဗုဒ္ဓကိုပင် ဗိဿနိုး၏ကိုယ်ပွား (နဝမအဝတာရ)အသွင်ပြုလုပ်ခဲ့ကြ၏။

သို့ဖြင့် ဘုရားအလောင်းကိုးကွယ်မှုစနစ်သည် ထေရဝါဒဗုဒ္ဓဘာသာအတွင်း၌ ထူးခြားမှုများစွာမရှိခဲ့သော်လည်း၊ မဟာယာနဗုဒ္ဓဘာသာကိုဏ်းအတွင်း၌ အခြားဘာသာအယူဝါဒများ၏လွှမ်းမိုးချယ်လှယ်ခြင်းဖြင့် ဆန်းပြားကြီးကျယ်ကာ အထူးထင်ရှားသောကိုးကွယ်မှုကြီးတစ်ရပ်ဖြစ်နေကြောင်း တွေ့ရှိရပါသည်။

❁ ❁ ❁ ❁ ❁

[၁] ဦးရွှေအောင်၏ထေရဝါဒအုတ်မြစ်။ ၁၉၉၇-ခုနှစ်။ (စာမျက်နှာ-၂၃)။

http://www.dhammadownload.com

အခန်း (၁၀)

မေတ္တေယျရှင်အားကိုးကွယ်ဆည်းကပ်ပုံအမျိုးမျိုး

မေတ္တေယျရှင်အားရှိခိုးပူဇော်ခြင်း

မေတ္တေယျရှင်အား အလောင်းတော်နတ်သားအဖြစ်နှင့် ဗောဓိသတ္တဘုရား အလောင်းအဖြစ်ကိုးကွယ်ဆည်းကပ်ကြပုံအကြောင်းတို့ကို တစ်ခန်းစီခွဲခြား၍တင်ပြ ပြီးသည့်နောက် မေတ္တေယျရှင်အားကိုးကွယ်ဆည်းကပ်ပုံ အမျိုးမျိုးအကြောင်းကို တင်ပြလိုပေသည်။

မေတ္တေယျရှင်အား နောင်အခါကောန်မုချရလတ္တံ့ဖြစ်သော သဗ္ဗညုတဉာဏ် တော်ကို ရည်မှန်း၍ဖြစ်စေ၊ နောင်အခါကောန်မုချဖြစ်လတ္တံ့သော သမ္မာသမ္ဗုဒ္ဓဘုရား အဖြစ်ကိုရည်မှန်း၍ဖြစ်စေ၊ ရှိခိုးပူဇော်လျှင် ကုသိုလ်စေတနာဖြစ်သည်ဟူ၍ ရှေးမထေရ် မြတ်တို့ ဖြေကြားခဲ့ပြီးဖြစ်သည်။*၁

ထိုသို့ ကြည်ရွှင်သောစိတ်မနောဖြင့် မေတ္တေယျရှင်အားရှိခိုးပူဇော်ကြရာတွင် ဤဘဒ္ဒကမ္ပာ၌ပွင့်တော်မူခဲ့သော ဘုရားလေးဆူနှင့်အတူတွဲဖက်၍ ဘုရားငါးဆူရှိခိုး ခြင်းနှင့် မေတ္တေယျရှင်တစ်ပါးတည်းကိုရည်မှန်း၍ရှိခိုးခြင်းဟူ၍ ဘုရားရှိခိုးနှစ်မျိုးကို တွေ့ရှိရသည်။ ဤသို့နှစ်မျိုးရှိရာတွင် မေတ္တေယျရှင်တစ်ပါးတည်းအားရှိခိုးပူဇော်ခြင်းကို ဦးစွာတင်ပြလိုပေသည်။

ဓမ္မစေတီမင်း၏ မေတ္တေယျဘုရားရှိခိုး

ဓမ္မစေတီမင်း(အေဒီ ၁၄၆၀–၁၄၉၂)သည် အောက်မြန်မာနိုင်ငံ ရာမညတိုင်းကို အုပ်ချုပ်စိုးစံခဲ့သော ဟံသာဝတီပြည့်ရှင်ဖြစ်သည်။ ဓမ္မစေတီမင်းသည် ငယ်စဉ်က ပုဂံ,အင်းဝနှစ်ဌာနတို့တွင်ပညာသင်ခဲ့၍ လောကီလောကုတ္တရာ နှစ်ဖြာသောပညာတို့ နှံ့စပ်သည့် ပညာရှင်မင်းတစ်ပါးဖြစ်သည်။ ပဲခူးမြို့ ဓမ္မစေတီမင်း၏ကောင်းမှု ကလျာဏီ သိမ်ရှိ ပါဠိကျောက်စာမူ(အေဒီ ၁၄၇၆–ခုနှစ်)၌ 'ဝိဇ္ဇာကတ်သုံးပုံနှင့်ဗေဒင်ကျမ်းကို အာဂုံဆောင်ခြင်း၊ ဝိဒင်္ဂကျမ်း*၂ ဗျာကရဏ်း(သဒ္ဒါ)ကျမ်း၊ ဆန်းကျမ်း၊ အလင်္ကာကျမ်း၊ ဟူးရားကျမ်း*၃၊ ဆေးဗိန္ဒောကျမ်းဟုဆိုအပ်ကုန်သော အကြားအမြင်တို့၏အစွမ်းဖြင့် များသော အကြားအမြင်လည်းရှိသော၊ အုတ်ပန်းရန်အတတ်၊ သစ်ဗိသုကာအတတ်

---

*၁ လုံးတော်ဆရာတော်၏ ပကိဏ္ဏကဝိဿနာနာကျမ်း၊ ပထမတွဲ။ (စာမျက်နှာ–၄၆၅)။

*၂ ဓမ္မဒါသဆရာရေးသော ဝိဒဂ္ဓမုခမဏ္ဍနကျမ်း–ကိုဆိုလိုသည်။

*၃ ဟောရာမကရဏ္ဍကတ္ထတ်ကျမ်း–ကိုဆိုလိုသည်။

http://www.dhammadownload.com

(လက်သမားအတတ်)အစရှိသော အထူးထူးသောဒေသဘာသာတို့၏ပြုအပ်သောအလေ့အကျင့်ရှိသော၊ သဒ္ဒါအစရှိသော များစွာသောဂုဏ်ကျေးဇူးအပေါင်းနှင့်လည်းပြည့်စုံသော– အရှင်ရာမာဓိပတိ အမည်ရှိသော သိရီပဝရမဟာဓမ္မရာဇာဓိရာဇာဘွဲ့ခံမင်းသည် ပုသိမ်, ဟံသာဝတီ, မုတ္တမ ရာမညသုံးရပ်၌ မင်းပြုတော်မူခဲ့၏' –*၁ ဟု ထိုမင်း၏ဗဟုသုတဂုဏ်တို့ကို ဖော်ပြထားသည်။ ဤသို့ဗဟုသုတဂုဏ်နှင့်ပြည့်စုံသော ဓမ္မစေတီမင်းကြီးသည် မြတ်စွာဘုရားကို အလွန် ကြည်ညိုသူဖြစ်သည့်အတိုင်း ဘုရားရှိခိုးများစွာကိုလည်း ကိုယ်တိုင်ရေးသားဖွဲ့ဆိုပြီး ရှိခိုးတော်မူလေ့ရှိသည်။

ဓမ္မစေတီမင်း၏ဘုရားရှိခိုးများစွာတို့တွင် 'သားစဉ်မြေးဆက် စီးပွားကိုဆောင်နိုင်သောအကျိုးပေးသည်' ဟူသောစာအညွှန်းပါသည့် မေတ္တေယျဘုရားအလောင်းရှိခိုးဂါထာမှာ အောက်ပါအတိုင်းဖြစ်သည်။

* အတီတာစေဝ သမ္မဒ္ဒါ၊ အနေက သတကောဋိယော။
သဗ္ဗလောကမဘိညာယ၊ သဗ္ဗသတ္တာနုကမ္ပိနော။
* အနာဂတေ စ သမ္မဒ္ဒေါ၊ မေတ္တေယျော ဥတ္တမော ဖိနော၊
မဟိဒ္ဓိကော မဟာဒေဝေါ၊ မဟာသန္တိ ကရောတု မေ။ ။*၂ –ဟုဖြစ်သည်။

ဥပ္ပါတသန္တိကျမ်းလာ မေတ္တေယျဘုရားရှိခိုး

ဥပ္ပါတသန္တိ*၃–ဟူသည် 'ဓားလုံအစရှိသောလက်နက်တို့ကြောင့် သေကြေပျက်စီးရသော သတ္တဏ္ဍရကပ်ဘေး၊ အနာရောဂါကြောင့်သေကြေပျက်စီးရသော ရောဂဏ္ဍရကပ်ဘေး၊ ငတ်မွတ်ခေါင်းပါးခြင်းကြောင့် သေကြေပျက်စီးရသော ဒုဗ္ဘိက္ခဏ္ဍရကပ်ဘေး–ဟုဆိုအပ်သော ကပ်ကြီးသုံးပါး ဘေးကြီးသုံးရပ်တို့မှလွတ်ငြိမ်းခွင့်ရသောကျမ်း' ဟုအဓိပ္ပာယ်ရပါသည်။ ထိုကျမ်းကို သက္ကရာဇ်–၎၆၎(အေဒီ–၁၄၀၅)ခုနှစ်ခန့်တွင် ဇင်းမယ်ပြည်၌ သီတင်းသုံးသော အရှင်သီလဝံသဘွဲ့မည်ရှိမထေရ်တစ်ပါးရေးသားခဲ့ပြီး သက္ကရာဇ်–၈၄၂(အေဒီ–၁၄၈၀)ခုနှစ် အင်းဝဒုတိယမင်းခေါင်(အေဒီ ၁၄၈၁–၁၅၀၂)လက်ထက်၌ မြန်မာတို့ဒေသသို့ရောက်ခဲ့သည်ဟုအဆိုရှိသည်။*၄

ဇင်းမယ်ပြည်*၅ကို မြန်မာတို့က ယွန်းပြည်၊ ထိုင်းတို့က လာန်နာ *(Lān Nā)* ဟုခေါ်သည်။ ဇင်းမယ်သည် ထိုင်းနိုင်ငံ၏မြောက်ပိုင်းဒေသ၌တည်ရှိသည်။ ဇင်းမယ် *(Chiang Mai)*ဟူသောအမည်မှာ ထိုင်းဘာသာ ဂျိအင်–မှယ် *(Jian Hmai)*မှ ရွှေ့ပြောင်းလာသောအမည်ဖြစ်၏။ ထိုင်းအသံထွက်မှာ ချိအင်မိုင် > ချင်မိုင်ဖြစ်၏။ ဇင်းမယ်မြို့ကို အေဒီ ၁၂၉၆–ခုနှစ်၌ ဗညားစောမိုင်းရဲ *(Branya Cao Muangrai)*တည်ထောင်ခဲ့သည်။

---

*၁ ဘိဗိဒုက မေဒါဂမ တက္ကဗျာကရဏ ဆန္ဒာလင်္ကာရ စောတိဝေဒွဂဏိတ သတ္တသဒ်ါဝတာနံ သုတာနံ ဝသေန ဗဟုသုတော ဣဋ္ဌက ဝမုကိ ဒါရုဝမုကိသိပ္ပါဒိဝသေန ဗဟုသိပ္ပေါ နာနာဒေသဘာသာသု ကတဟရိစယော သဒ္ဒါဗျာဒိနေက ဂုဏာဂဏသမိဂိ ကုမုဒကုဒ္ဒသရဒ စန္ဒိကာသမာနသိတ ဂဃတိဘူတော ရာမာဓိပတိနာမ– ဘုရားဖြူဆရာတော်၏ကလျာဏီကျောက်စာပါဠိနိုဿယ။ ၁၉၃၉–ခုနှစ်။ (စာမျက်နှာ–၁၄)။ *Taw Sein Ko' The Kalyāṇī Inscriptions." 1892. Page-11, 60.*

*၂ မွေစေတီဘုရားရှိခိုးကျမ်း။ ခုနှစ်မသိ။ (စာမျက်နှာ–၁၇)။

*၃ ထိုကျမ်း၏မူလအမည်မှာ 'ဥတ္ပါတသန္တိ' သက္ကတကျမ်းဖြစ်လိမ့်မည်။ *H.F. Eelsingh (ed.)' Ṣaḍvimśabrāhmaṇa (Prap-V), 1908. Page-51.* သို့ ရှုပါဟု *Bode* ရေးသားခဲ့သည်။/*M.H. Bode' The Pāli Literature of Burma. 1965. Page-47.*[5]

*၄ ဦးကြီးဗေ၏ ဥပ္ပါတသန္တိမြန်မာပြန်။ ၁၉၅၅–ခုနှစ်။ (စာမျက်နှာ–ဂ)။

*၅ အေဒီ ၁၅၂၇–ခုနှစ်တွင် ဗရရတနာပဉ္ဇာပြုသော ဓိနကာလမာလီကျမ်း၌ ဇင်းမယ်မြို့၏ရှေးအမည်ကို 'နဗ္ဗိသိ' ဟု ပြထားသည်။ ဇင်းမယ်ရာဇဝင်၌ 'နဗ္ဗပုရိသရီ နာဂရဇင်းမယ်' ဟုပြထားသည်။ *D.K. Wyatt and A. Wichien keeo' The Chiang Mai Chronicle. 1995. Page-45.* ဇင်းမယ်ကို ဦးကုလားဏ်မဟာရာဇဝင်ကြီး၌ 'ဟရိဘုဉ္ဇတိုင်း သုဝဏ္ဏဘူမိမည်သော ဇင်းမယ်ပြည်ကြီး'၊ မှန်နန်းမဟာရာဇဝင်၌ 'ဟိရိပုဉ္ဇတိုင်း' ဟု ဖော်ပြထားသည်။ မှန်နန်းမဟာရာဇဝင်၊ ဒုတိယတွဲ။ စာမျက်နှာ(၃၃၆)။

http://www.dhammadownload.com

အေဒီ ၁၅၆၃–ခုနှစ်၌ ဘုရင့်နောင်ဆင်ဖြူရှင်မင်းတရား(အေဒီ ၁၅၅၁–၁၅၈၁) ယိုးဒယားသို့ချီတက်ရာ ဇင်းမယ်မြို့ကိုလည်းသိမ်းယူခဲ့၏။*၁ ဇင်းမယ်မြို့တွင် အေဒီ ၁၅၈၈–ခုနှစ်၌ ဘုရင့်နောင်မင်းတရားကြီး၏ ဒုတိယသားတော် အနောက်ရထာစောအုပ်ချုပ်ခဲ့၏။ ထိုအနောက်ရထာစောမင်းလက်ထက်၌ တိုင်းရေးပြည်ရေး မငြိမ်မသက်ရှိသည့်အတွက် ဥပ္ပါတသန္တိ ကျမ်းကို ဇင်းမယ်တစ်နိုင်ငံလုံးရွတ်ဆိုကြနာယူကြရာ ဘေးရန်အမျိုးမျိုးမှငြိမ်းအေးခဲ့သည်ဟု အမှတ်အသားရှိလေသည်။

ထို ဥပ္ပါတသန္တိ ကျမ်းသည် အင်းဝခေတ်ကပင် မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ပြီး အေဒီ ၁၈၃၆–ခုနှစ်တွင် ညောင်ကန်ဆရာတော်ဦးဗုဒ်(အေဒီ ၁၇၈၇–၁၈၄၂) က ထိုကျမ်းကို ပုဒ်ပါဠိအကွရာပြင်ဆင်တည်းဖြတ်၍ မြန်မာနိဿယမူကိုပါရေးသားတော်မူခဲ့သည်။*၂

ဤဥပ္ပါတန္တိ ကျမ်းကို ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက် စစ်တလင်းဖြစ်ခဲ့ရသော မြန်မာနိုင်ငံတော်ကြီး ဘေးဒဏ်ရန်မာန်တို့မှအေးငြိမ်းစေရန် ပဌမကျော်ဆရာကြီး ဦးကြီးဖေ ဦးဆောင်သော ဝတ်အဖွဲ့ဝင်များက တစ်နိုင်ငံလုံးသို့လှည့်လည်ကာ ရွတ်ဆိုပူဇော်ခဲ့ကြ၏။*၃ ပဌမကျော်ဆရာကြီးဦးကြီးဖေသည် ထိုဥပ္ပါတသန္တိ ကျမ်းကို မြန်မာဘာသာသို့လည်းပြန်ဆိုခဲ့သည်။ ထိုဥပ္ပါတသန္တိ ကျမ်း၌ဖော်ပြထားသော မေတ္တေယျရှင်ရှိခိုးဆုတောင်းဂါထာမှာ အောက်ပါအတိုင်းဖြစ်၏။

အနာဂတေ စ သမ္ဗုဒ္ဓေါ၊ မေတ္တေယျော ဒေဝ ပူဇိတော။
မဟိဒ္ဓိကော မဟာဒေဝေါ၊ မဟာသန္တိ ကရောတု နော။ ။*၄

မြန်မာပြန်မှာ–

> မေတ္တေယျမြတ်စွာဘုရားသည် နောင်အခါ၌ သစ္စာလေးပါးကို ကိုယ်တော်တိုင်သိသဖြင့် ပွင့်တော်မူလတ္တံ့။ နတ်ပြဟ္မာတို့ ပူဇော်သက္ကာရပြုအပ်၏။ ကြီးမြတ်သောတန်ခိုးအာနုဘော်ရှိတော်မူ၏။ သမ္ဗုတိနတ် ဥပယတ္တိနတ်တို့ထက်မြတ်သော ဝိသုဒ္ဓိနတ်ဖြစ်တော်မူ၏။ ထိုပွင့်လတ္တံ့သော မေတ္တေယျမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား မွန်မြတ်သောငြိမ်သက်ချမ်းသာခြင်းကို ပြုတော်မူပါဘုရား*၅–ဟုဖြစ်သည်။

ဗုဒ္ဓဝံသတ္ထဒီပကကျမ်းလာ မေတ္တေယျဘုရားရှိခိုးဂါထာ

မြန်မာနိုင်ငံအောက်ပိုင်း၊ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ယက်ကန်းသည်မရွာ၊ ဝေပုလ္လတောင်၌ သီတင်းသုံးနေတော်မူသော ဝေပုလ္လဆရာတော်ကြီး၏ သဒ္ဓိဝိဟာရိကတပည့် ပဌမကျော် ဦးပညာသီဟ*၆ ကိုယ်တော်သည် ၁၉၂၈–ခုနှစ်တွင် ရန်ကုန်မြို့၊ မောင်ဂိုမာရိလမ်း(ဗိုလ်ချုပ်လမ်း)နေ စာရေးကြီးမောင်ထော် တောင်းပန်သဖြင့် ဗုဒ္ဓဝံသတ္ထဒီပကကျမ်းကိုရေးသားပြီး၊ ရန်ကုန်မြို့၊ လွှစွလမ်း(ဆိပ်ကမ်းသာလမ်း)၊ အမှတ်–၂၆၂ ရှိ စွယ်စုံကျော်ထင်

---

*၁ မြန်မာမင်းများအရေးတော်ပုံ။ ၁၉၆၇–ခုနှစ်။ (စာမျက်နှာ ၃၄၆–၃၄၉)

*၂ ဦးဖေမောင်တင်၏ ယိုးဒယားပြည်မှရရှိသောယဉ်ကျေးမှု(ဆောင်းပါး)။ နဝရတ်ကိုးသွယ်။ ၁၉၆၆–ခုနှစ်။ (စာမျက်နှာ–၅၁)။ ဤကျမ်းကို အဂ္ဂမဟာပဏ္ဍိတဆရာကြီးဦးလင်းလည်း နိဿယရေးခဲ့၍ နဝဗုဒ္ဓပူဇနကျမ်းဦးဆည်သွင်း၍ ၁၉၁၆–ခုနှစ်က ကဝိမျက်မှန်ပုံနှိပ်တိုက်ကရိုက်နှိပ်ခဲ့သည်။

*၃ ၂၀၀၃–ခုနှစ်၊ ၂၀၀၄–ခုနှစ်အတွင်း၌လည်း မြန်မာတစ်နိုင်ငံလုံးရှိ ဘုရားတန်ဆောင်းဝတ်ကျောင်းတို့တွင် ဥပ္ပါတသန္တိ ကျမ်းကို အသံမခဲရွတ်ဆိုပူဇော်ကြသည်။

*၄ ရှင်သီလဝံသ၏ ဥပ္ပါတသန္တိ ပါဠိ။ ၁၉၅၅–ခုနှစ်။ (စာမျက်နှာ–၁၄)။

*၅ ပဌမကျော်ဦးကြီးဖေ၏ ဥပ္ပါတသန္တိ မြန်မာပြန်၊ ၁၉၅၅–ခုနှစ်။ (စာမျက်နှာ–၇၆)။

*၆ နောင်အဓိ အငြိမ်းစားသာသနာရေးညွှန်ကြားရေးဝန် ပထမကျော် ဆရာကြီး ဦးကြီးဖေဖြစ်သည်။

http://www.dhammadownload.com

ပုံနှိပ်တိုက်တွင် ရိုက်နှိပ်စေခဲ့ပါသည်။ ထိုကျမ်းတွင် ဒီပင်္ကရာအစရှိသော နှစ်ကျိပ်ရွစ်ဆူသောဘုရားတို့၏ ဘုရားရှိခိုးနှင့်အတူ မေတ္တေယျရှင်၏ဘုရားရှိခိုးကိုလည်း အောက်ပါအတိုင်းရေးသားထားသည်။

အသီတိယာ သဟဿာယျံ၊ မေတ္တေယျံ ဝိ နမာ မဟံ။
အဋ္ဌာသီတိ ဟတ္ထုဗ္ဗေဓံ၊ ဖရာဘံ လောက ဓာတုယံ။ ။

အသီတိယာ သဟဿာယျံ= ထိုစဉ်အခါ၊ သချ်ာချဉ်ပေါင်း ရွစ်သောင်းဆယ်မှန်း၊ အသင်္ချတမ်း ရှိတော်မူသော။ အဋ္ဌာသီတိ ဟတ္ထုဗ္ဗေဓံ= တဉ်တောင့်တဉ်တယ်၊ သပ္ပါယ်စွင့်စွဉ်၊ ရွစ်ဆယ့်ရွစ်တောင်၊ အရပ်မြင့်တော်မူသော။ လောကဓာတုယံ= ဝန်းကျင်ပတ်ချာ၊ ဆယ်ဖြာအရပ်၊ သောင်းလောက ဓာတ်တိုင်တိုင်။ ဖရာဘံ= ကိုယ်တော်မြတ်မှ၊ မပြတ်ထွက်သွား၊ ခြောက်ပါးထွေလီ၊ ထိုက္ခ်ိမဆုံ၊ ပျံ့နှံ့သောရောင်ခြည်တော်ရှိတော်မူသော။ မေတ္တေယျံပိ= ယခုကမ္ဘာ၊ နောက်နောင်ခါတွင်၊ မကြာယခင်၊ ပွင့်လတ္တံ့သား။ မေတ္တေယျမြတ်စွာဘုရားကိုလည်း။ အဟံ=ဂုဏ်ပေါင်းများစွာ၊ အသချ်ာကို၊ ခါခါမရွေ့၊ စေ့စေ့စိတ်ကူး၊ ကြည်နူးသမှု၊ ပြုရန်အားထုတ်၊ အကျွန်ုပ်သည်။ နမာမိ= သုံးလီဝန္ဒနာ၊ သုံးဖြာဒွါရ၊ ကရိဏ်းပြလျက်၊ ညွတ်ခကော်ရော်၊ ပူဇော်မြတ်နိုး၊ လက်စုံမိုးချ၊ ရှိခိုးပါ၏မြတ်စွာဘုရား။[*၁] –ဟုဖြစ်သည်။

ဘုရားငါးဆူဘုရားရှိခိုး

ဤဘဒ္ဒကမ္ပာ၌ ပွင့်တော်မူပြီးသောဘုရားလေးဆူနှင့်တွဲ၍ မေတ္တေယျရှင်အားရှိခိုးပူဇော်သော ဘုရားငါးဆူ ဘုရားရှိခိုးကို ညောင်တုန်းမြို့၊ ကျောင်းတော်ရာဆရာတော်ဘုရားကြီး(အေဒီ ၁၈၄၂–၁၉၂၈)တပည့် သိက္ခာရွစ်ဝါရ ဦးကောဝိဒ[*၂] ရေးသားသော ရောဂန္တရဝိနာသကဒီပနီကျမ်း၌တွေ့ရ၏။ ထိုကျမ်းကို ၁၉၁၃–ခုနှစ်၊ ကျိုက်လတ်မြို့၊ မြန်မာ့ဩဇာကလပ်ပိဋကတ်စာပုံနှိပ်တိုက်၌ ရိုက်နှိပ်ခဲ့သည်။ ထိုကျမ်းတွင် ဘုရားငါးဆူ ဘုရားရှိခိုးသာမက အန္တရာယ်ကင်းဘုရားရှိခိုးများစွာကိုလည်း ထည့်သွင်းထားသည်။

ရောဂန္တရဝိနာသက (ရောဂါအန္တရာယ်တို့၏ဘေးမှကြေပျက်ရေး) ဟု ကျမ်းအမည်ကိုပေးထားသောကြောင့် ထိုကျမ်းပြုစုစဉ်အခါက နိုင်ငံအတွင်း ပလိပ်ကပ်ရောဂါ အကြီးအကျယ်ဖြစ်ပွားနေကြောင်းသိရသည်။ ပလိပ်ရောဂါကို ရွေးက 'ဘုံပိုင်နာ'ဟု ခေါ်ကြ၏။ ထိုရောဂါ ၁၉၀၆–ခုနှစ်က မန္တလေးမြို့တွင်ဖြစ်ရာ မန္တလေးမှစစ်ကိုင်းသို့ ရောဂါပြေးသူလူပေါင်းမှာ နှစ်သောင်းခန့်ရှိလေသည်။ ၁၉၁၁–ခုနှစ်၌ မန္တလေးမြို့လူဦးရေ လေးသောင်းခန့် ထိုရောဂါအတွက်နှင့်လျော်ပါးသွားရကြောင်း မှတ်တမ်းရှိသည်။[*၃] ထိုစဉ်က နိုင်ငံအတွင်းဖြစ်ပေါ်ခဲ့သော ပလိပ်ရောဂါဘေးမှကင်းလွတ်စေရန် ကျေးဇူးရှင်လယ်တီဆရာတော်ဘုရား(အေဒီ ၁၈၄၈–၁၉၂၃)က မော်လမြိုင်မြို့၊ ရတနာဘုံပြင့်ဆရာတော်ကြီးဦးပညာသီရိ(အေဒီ ၁၈၃၀–၁၉၀၈)နှင့်တိုင်ပင်ပြီး ၁၉၀၈–ခုနှစ်တွင် ရောဂန္တရဒီပနီကျမ်းကို ရွေးဦးစွာရေးသား၍ မော်လမြိုင်မြို့တွင်ပုံနှိပ်စေခဲ့ပါသည်။ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံဆရာတော် ဘုရားကြီး(အေဒီ ၁၈၃၈–၁၉၁၆)ကလည်း ထိုကပ်ရောဂါမှအကာအကွယ်ဖြစ်စေရန် ပဗ္ဘာဇနီယကမ္မဝါနှင့် အန္တရာယ်ကင်းပရိတ်ကျမ်းငယ်ကိုရေး၍ ၁၉၁၄–ခုနှစ် ကွမ်းခြံကုန်းမြို့တောင်ဘက်ကမ်းရှိ ဇမ္မုမေတ္တာပုံနှိပ်တိုက်တွင် ပုံနှိပ်စေခဲ့သည်။

[*၁] ဦးပညာသီဟ၏ ဗုဒ္ဓဝံသတ္ထဒီပကကျမ်း။ ၁၉၂၈–ခုနှစ်။ (စာမျက်နှာ–၆၃)။

[*၂] အရှင်ကောဝိဒသည် နောင်အခါ ပုသိမ်မြို့၊ ခါတော်ဗိုဆရာတော်ဟုထင်ရှားခဲ့ပါသည်။

[*၃] လူထုဒေါ်အမာ၏ ကျွန်မတို့ငယ်ငယ်က။ ၁၉၉၄–ခုနှစ်။ (စာမျက်နှာ–၄၁)။

http://www.dhammadownload.com

ယခုဖော်ပြအံ့သော ဘုရားငါးဆူဘုရားရှိခိုးဂါထာကို အရှင်ကောဝိဒက 'ထိုကာလက အကြီးအကျယ် ကျရောက်လာသော ပလိပ်ကပ်ရောဂါ၊ ကာလဝမ်းရောဂါ အစရှိသည်တို့ကို ချက်ချင်းခဏချင်းရွတ်ဆိုကာမျှဖြင့် ကင်းစင်လွင့်ပျောက် ချမ်းသာခြင်းသို့ရောက်စေရန် ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရစံကျောင်းတိုက်အုပ် ဘုန်းတော်ကြီး*၁ အမိန့်အရ ရေးသားရသည်'ဟု ထိုရောဂန္တရဝိနာသကဒီပနီကျမ်း၌ဖော်ပြထားပါသည်။

ရောဂန္တရဝိနာသကဒီပနီကျမ်း၌ဖော်ပြပါရှိသော မေတ္တေယျဘုရားရှိခိုးအပါအဝင် ဘုရားငါးဆူဘုရားရှိခိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ဖေယျော ဖေယျ၊ ကျတိပိသော ဘဂဝါ၊ ကက္ကုသန္ဓော*၂ ဗုဒ္ဓေါ။
၂။ ဖေယျော ဖေယျ၊ ကျတိပိသော ဘဂဝါ၊ ကောဏာဂမနော*၃ ဗုဒ္ဓေါ။
၃။ ဖေယျော ဖေယျ၊ ကျတိပိသော ဘဂဝါ၊ ကဿပေါ ဗုဒ္ဓေါ။
၄။ ဖေယျော ဖေယျ၊ ကျတိပိသော ဘဂဝါ၊ ဂေါတမော ဗုဒ္ဓေါ။
၅။ ဖေယျော ဖေယျ၊ ကျတိပိသော ဘဂဝါ၊ အရိန္ဒမေယျော။*၄

ပဋ္ဌ ဗုဒ္ဓါနမာမဟံ၊ အန္တရာယာ ဝိနဿန္တု။ ဒုက္ခံ-ဒုက္ခံ။ အနိစ္စံ-အနိစ္စံ။ အနတ္တာ-အနတ္တာ။ နမော ဗုဒ္ဓါယျ။ ယျဒ္ဓါဗုမောန။ စပကဿ။ နမဗဓ။ ကျသွာသု။ သုသွာကျ။ မအဉ။ ဉအမ။ စိတ္တံ စေတသိကံ။ ရွပ် နိဗ္ဗာနံ သရဏံ။ သဗ္ဗ သိဒ္ဓိ ဘဝန္တု မေ။ ဖေယျမင်္ဂလ။ ။*၅

မေတ္တေယျပြိဒေနရာဇာပူဇောဂါထာများ

မြောက်ပိုင်းဗုဒ္ဓဘာသာဝင်တို့သည် ဗောဓိသတ္တဘုရားလောင်းတို့ကို အလွန်အလေးအမြတ်ပြုပူဇော်လေ့ရှိကြရာ၊ ထိုမြောက်ပိုင်းဗုဒ္ဓဘာသာဝင်တို့၏လက်သုံး သက္ကတဘာသာဖြင့်ရှိနေသော အာရိယမဲတြေယ ပြိဒေနရာဇာကျမ်း (တိဗက်ဘာသာအားဖြင့် *Phags. pa. byams. pa'i. smon. lam. gyi. rgyal. po*) တွင်လည်း အလောင်းတော်မေတ္တေယျရှင်အား ပူဇော်ရွတ်ဆိုသောဂါထာများစွာပါရှိလေသည်။*၆

သာဓနမာလာကျမ်းလာ မေတ္တေယျကမ္မဋ္ဌာန်း

ရှေးဟောင်းရုပ်ပွားဆင်းတုတို့ကို ဝေဖန်စိတ်ဖြာလေ့လာသော သာဓနမာလာ(Iconography)ကျမ်းလာ မဲတြေယသာဓနတွင် မေတ္တေယျရှင်အားအာရုံပြုပူဇော်ပုံအကြောင်းကို အောက်ပါအတိုင်းဖော်ပြထားလေသည်။

မေတ္တေယျရှင်အား ပူဇော်လိုသောပုဂ္ဂိုလ်သည်-

> မိမိ၏စိတ်တွင် မိမိကိုယ်ကို 'မဲမ် (Maim)'ဟူသော အဝါရောင်အက္ခရာမှထွက်ပေါ်လာသည့် မေတ္တေယျရှင်ဟု နှလုံးသွင်းမှတ်ယူထားရမည်။ မိမိ၌မျက်နှာသုံးဖက်(တြိမုခ)ရှိသည်။ လက်လေးဖက် (စတုဘုဇ) ရှိသည်။ လက်ယာဘက်မျက်နှာသည် အပြာရောင်၊ လက်ဝဲဘက်

---

*၁ ရွှေဟင်္သာတောရစံကျောင်း တိုက်အုပ်ဘုန်းတော်ကြီးဆိုသည်ကား ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ပထမစံကျောင်းဆရာတော်ကြီး ဘဒ္ဒန္တ ဝိယာမ (အေဒီ ၁၈၇၃-၁၉၄၇)ကိုဆိုလိုပါသည်။

*၂ ကကုသန္ဓော-ဟုရှိရမည်။

*၃ ကောဏာဂမနော-ဟုရှိရမည်။

*၄ အရိမေတ္တေယျော-ဟုရှိရမည်။

*၅ ဦးကောဝိဒ၏ ရောဂန္တရဝိနာသကဒီပနီကျမ်း။ ၁၉၁၃-ခုနှစ်။ (စာမျက်နှာ-၈၆)။

*၆ David Templeman' The Art of Tibet. 1982. Page-22. ထိုကျမ်း၌ (၂၃)ဂါထာတို့ကို အင်္ဂလိပ်ဘာသာသို့ပြန်ဆိုဖော်ပြထားသည်။

http://www.dhammadownload.com



သာဓနမာလာကျမ်းပါမေတ္တေယျကမ္မဋ္ဌာန်းကို စီးဖြန်းလိုသူတို့အာရုံပြုထားရမည့်
မျက်နှာသုံးဖက်(တြိမုခ)မေတ္တေယျပုံတော်
Bhattacharyya, 1958, Fig.47.

http://www.dhammadownload.com

မျက်နှာသည် အဖြူရောင်ဖြစ်သည်။ အသားမှာ ရွှေအဆင်းသို့ဝါဝင်းသောအရောင်ဖြစ်သည်။ တိရစ္ဆာန်တစ်ကောင်ကောင်၏ပေါ်တွင် တင်ပလ္လင်ဖွဲ့ခွေထိုင်နေသည်။ လက်နှစ်ဖက် (လက်ယာဘက်နှင့် လက်ဝဲဘက်လက်တို့တွင်) ဝရဒမုဒ္ဒြ ခေါ် ဆုပေးနေဟန် လက်အနေအထားမျိုးနှင့် နာဂကေသရ ခေါ် ကဲ့ကော်ပန်းပွင့်၏အညာကို ကိုင်ထားသော လက်အနေအထားမျိုးဟု မှတ်ယူကာ ကမ္မဋ္ဌာန်းစီးဖြန်းလျက်နေရမည်။ လည်ပင်းတွင် အဆင်တန်ဆာများကို ဆွဲဆင်ထားရမည်–ဟုဖြစ်သည်။*၁

ငါးမျက်နှာဘုရား

မေတ္တေယျဘုရားရှိခိုးတို့ကိုတင်ပြပြီးသည့်နောက် မေတ္တေယျရှင်အားရည်မှန်း၍ တည်ထားအပ်သော စေတီပုထိုးရုပ်ပွားဆင်းတုများအကြောင်းကို ဆက်လက်တင်ပြပါမည်။ ထိုတွင် စံထားထိုက်သည့် မြန်မာမှုဗိသုကာလက်ရာ ငါးမျက်နှာဘုရား(ပဉ္စင်္ဂ=Five Sided; Pentagonal) အကြောင်းကို ရှေးဦးတင်ပြရန်ဖြစ်သည်။

ပုဂံမြို့ဟောင်းတွင် ဘုရားပုထိုးပေါင်း (၄,၄၄၆) ဆူရှိသည်ဟူ၍ ကျွန်ုပ်တို့ငယ်စဉ်က 'လှည်းဝင်ရိုးသံ–တည်ညံ၊ ပုဂံဘုရားပေါင်း' သံပေါက်ကိုရွတ်ဆို၍ မှတ်သားခဲ့ကြပါသည်။ အင်းဝခေတ် မိုးညှင်းမင်းတရားလက်ထက် (အေဒီ ၁၄၂၃–၁၄၄၀)၌ 'ဝင်းဝင်းထိန်လှုံ–ပုဂံဘုရားပေါင်း' ဟူသော ဆောင်ပုဒ်အရ (၄,၄၆၄) ဆူရှိကြောင်းနှင့် ကုန်းဘောင်ခေတ်တွင် 'မြတ်ဘုရားဆူရေ–ဖြူရွှေလိုဝင်း' ဟု ဘုရားပေါင်း (၄,၄၄၅)ဆူရှိကြောင်း မှတ်တမ်းတင်ခဲ့ကြသည်။ ၁၉၆၈–ခုနှစ်တွင်ကောက်ယူရသောစာရင်းအရ 'ကျောင်းကြီးအုတ်နီ၊ ကိန်းနှင့်ညီ၊ စေတီဂူဘုရား' ဟု ပုဂံ၌ဘုရားဆူရေ(၂,၂၁၅)ရှိကြောင်း သိရလေသည်။*၂ ထိုစေတီပုထိုးတို့တွင် 'ရွှေစည်းခုံဘုရား၊ သဇ္ဇညု'–စသည်ဖြင့် ဘွဲ့အမည်ရှိသောဘုရားပေါင်းမှာ (၃၆၈) ဆူ၊ ဘွဲ့အမည်ကိုမသိဘဲ 'ကုလားကျောင်း၊ ကျောက်စေတီ၊ ဂူပြောက်၊ ဂူနီ၊ ဘုရားနီ၊ ရှစ်မျက်နှာ၊ သိမ်ဘုရား'–စသည် ဘုရားပုံသဏ္ဌာန်နှင့်ထင်ရှားရာကိုအစွဲပြု၍ အရပ်က ခေါ်ဝေါ်သောဆူရေကား (၁,၆၀၂) ဆူ ပါရှိလေသည်။*၃ ထိုဘွဲ့အမည်မသိဘုရား (၁,၆၀၂) ဆူတို့တွင် မုခ်မျက်နှာငါးခုပါရှိ၍ 'ငါးမျက်နှာဘုရား' ဟုခေါ်တွင်နေခဲ့သော ဘုရားပုထိုးတို့သည်လည်းအပါအဝင်ဖြစ်သည်။

ဆိုပါစို့။ ပုဂံမြို့၌ ကျန်စစ်မင်းကြီး(အေဒီ ၁၀၈၄–၁၁၁၂)၏ကောင်းမှုတော်ဖြစ်သော အာနန္ဒာဘုရားကြီးအတွင်းသို့ဝင်လျှင် မြောက်ဘက်မုခ်၌ ကကုသန်ရွှေရုပ်တော်၊ တောင်ဘက်မုခ်၌ ကဿပရွှေရုပ်တော်၊ အရှေ့ဘက်မုခ်၌ ကောဏာဂုံရွှေရုပ်တော်နှင့် အနောက်ဘက်မုခ်၌ ဂေါတမရွှေရုပ်တော်ကြီးဟူ၍ ရပ်တော်မူဘုရားကြီးလေးဆူတို့ကိုဖူးတွေ့ကြရပါမည်ဖြစ်ပါသည်။*၄ ထို့နည်းတူ ပဲခူးမြို့၊ ကျိုက်ပွန်ဘုရားကြီးတွင်ကား ထိုင်တော်မူဘုရားကြီးလေးဆူတို့ကို ဖူးတွေ့ကြရပေလိမ့်မည်။*၅ ထိုဘုရားကြီးလေးဆူသည်ကား ဤဘဒ္ဒကမ္ပာ၌ပွင့်တော်မူ

---

*၁ သာဓနမာလာကျမ်း၊ မဲတြေယသာဓနု၌ 'ဝိတ မဲမ် ကာရပရိဏတံ ဝိဂ္ဂကမလဿိတံ တြိမုခံ စတုဘုဇံ ကရိမဏာအဂ္ဂဂ္ဂဒကွဏိဝါမမုခံ သုဝဏ္ဏ ဂေါရဲ သဒ္ဓွယျကိ နံ ဗျာဗျာနမုဒြာရေကာရဒ္ဒယံ အပရဒကွဇိမဘူဇာဘျံ ဝရဒပုပဝိတနာဂကေသရမဋ္ဌရိဇံ နာနာလံကာ ရ ဇံ အာတ္တာနံ မေတြေယျရူပံ အာဇဲ မျ–။ 'Sādhanamālā. Page-560; In B. Bhattacharyya' The Indian Buddhist Iconography. 1958. Page-81. Fig.47. သိရိပုံရိုဦးမြေ၏အယယ်ရတနာလိုက်ဂူဘုရား။ ၁၉၆၈–ခုနှစ်။ (စာမျက်နှာ–၃၅)။

*၂ ဦးဗိုကေ၏ပုဂံသုတေသနုလမ်းညွှန်။ ၁၉၈၁–ခုနှစ်။ (စာမျက်နှာ–၁၂)။ ယခုအခါ ရွှေဟောင်းသုတေသနဦးစီးဌာနမှ၏မှတ်တမ်းအရ ပုဂံတွင် ဘုရားပေါင်း(၂၂၃၀)ဆူ၊ ကုန်းပေါင်း (၈၉၂)တွေ့ရှိထားကြောင်းသိရသည်။

*၃ ထွန်းနွယ်၏ပုဂံဘုရားစာရင်းကျယ်ရှာပုံတော်(စာတန်း)။ ပုဂံလက်သစ်။ ၁၉၇၆–ခုနှစ်။ (စာမျက်နှာ–၁၀၅)။)

*၄ G.H.Luce' Old Burma-Early Pagan. III. 269 b. 277 a, b.

*၅ Aung Thaw' Historical Sites in Burma. 1972. Page-106.

http://www.dhammadownload.com

ပြီးသော 'သန်,ဂုံ,ပ,မ'ဟု အတိုမှတ်သားခဲ့ကြသည့် ဘုရားကြီးလေးဆူတို့ပင်ဖြစ်သည်။*၁ ဤသို့ရုပ်ပွားတော်ကြီးလေးဆူတို့ ကျောချင်းကပ် မုခ်လေးမုခ်ထုတ်၍တည်ထားသော အာနန္ဒာစေတီတော်ကြီးနှင့် ကျိုက်ပွန်ဘုရားကြီးမျိုးကို လေးမျက်နှာဘုရားကြီးဟုခေါ်ဆိုသည်။ မြန်မာနိုင်ငံသာမက သီရိလင်္ကာ၊ ထိုင်း စသောနိုင်ငံများ၌ပါ ထိုလေးမျက်နှာဘုရားစေတီတို့ကို နေရာအနှံ့တွေ့ရှိဖူးမြော်နိုင်ပါသည်။

သို့ပါသော် ဤဘဒ္ဒကမ္ပာ၌ပွင့်တော်မူကြသည့် 'သန်,ဂုံ,ပ,မ,ယျ' (ယျ=အရိမေတ္တေယျ)–ဟု ဘုရားငါးဆူတို့ကိုရည်မှန်း၍ တည်ထားသော မုခ်ငါးမုခ် မျက်နှာငါးခုပါရှိသော ငါးမျက်နှာဘုရားမျိုးကား ဖူးတွေ့ရခဲလောက်အောင် ရှားလှသည်။ ထိုငါးမျက်နှာဘုရားဟုခေါ်တွင်သော ဘုရားစေတီတို့တွင် ပဥ္စမမြောက်မျက်နှာသည် မေတ္တေယျရှင်နှင့်သက်ဆိုင်သည်ဟု ပညာရှင်တို့ယူဆခဲ့ကြသည်။*၂

သုတေသီပညာရှင်တို့လေ့လာရာဖွေပြီး စာရင်းတင်ထားသော မုခ်ငါးခုနှင့်ငါးမျက်နှာဘုရားအချို့မှာ–

၁။ ညောင်ဦးမြို့မှ အနောက်တောင် ရွှေစည်းခုံဘုရားအရှေ့ဘက်ရှိ (ဘုရားအမှတ်–၅၁)။
ဤဘုရားအတွင်း၌ ဘုရားဆင်းတုတော်ငါးဆူပုံတို့ကိုတွေ့ရသည်။ ထိုဆင်းတုတော်ငါးဆူတွင် အရှေ့ဘက်သို့မျက်နှာမူလျက်တစ်ဆူ၊ အရှေ့တောင်၊ အနောက်တောင်၊ အနောက်မြောက်နှင့် အရှေ့မြောက်စသည့်မျက်နှာများသို့ မျက်နှာမူလျက်လေးဆူတည်ထားသည်။ ဤဘုရားကို အေဒီ ၁၃–ရာစုလက်ရာဟု ခန့်မှန်းထား၏။*၃

၂။ ညောင်ဦးမြို့၊ ရွှေစည်းခုံဘုရားအရှေ့တောင်ဘက်ရှိ (ဘုရားအမှတ်–၎၅)။
ဤတစ်ထပ်ဂူဘုရားအတွင်း အလယ်ဗဟိုဌ်မဏ္ဍိုင်ပါရှိသော်လည်း ယခုအခါ တိုင်မျှသာကြွင်းကျန်တည်ရှိနေပြီး၊ ဘုရားဆင်းတုတို့လည်း ပျက်စီးကုန်ပြီဖြစ်သည်။ ဤဘုရားကို အေဒီ ၁၃–ရာစုလက်ရာဟုခန့်မှန်းထား၏။*၄

၃။ ပုဂံမြို့၊ မင်းနန်သူအုပ်စုတောင်ဘက်ရှိ (ဘုရားအမှတ်–၅၆၆)။
ဤဘုရားသည် ငါးမျက်နှာတစ်ထပ်ဂူ မုခ်ဝတစ်ခုသာရှိသောဘုရားဖြစ်သည်။ ဂူမျက်နှာကျက်နှင့် နံရံတို့တွင် ဆေးရေးပုံအချို့ရှိပြီး၊ ထိုင်တော်မူနှင့်ရပ်တော်မူဆင်းတုတော်နှစ်ဆူကိုတွေ့ရသည်။ ဤဘုရားကို အေဒီ ၁၃–ရာစုလက်ရာဟုခန့်မှန်းထား၏။*၅

၄။ ပုဂံမြို့၊ မင်းနန်သူဘုရားအနီး ကုလားကျောင်းညီမဘုရား၏အနောက်ဘက်ရှိ ဘုရားအမှတ်(၆၀၇)။
ဤဘုရားအတွင်း မဏ္ဍိတော်များပျက်စီးနေသောဆင်းတုတော်ငါးဆူကိုတွေ့ရ၏။ ထိုဆင်းတုတော်ငါးဆူကို အရှေ့၊ အရှေ့တောင်၊ အနောက်တောင်၊ အနောက်မြောက်၊ အရှေ့မြောက်အရပ်များသို့ မျက်နှာမူ၍ တည်ထားသည်။ နံရံဆေးရေးပုံများကိုလည်းတွေ့ရ၏။ ဤဘုရားကို အေဒီ ၁၃–ရာစုလက်ရာဟုခန့်မှန်းထား၏။*၆

---

*၁ သန်=ကကုသန္ဓ၊ ဂုံ=ကောဏာဂမန၊ ပ=ကဿပ၊ မ=ဂေါတမ–ဖြစ်သည်။

*၂ Pierre Pichard' Les Monuments Sur Plan Pentagone A Pagan. BEFEO. Vol. LXXIV, 1985. Page 305-368; Paul Strachan' Pagan. 1989. Page-123.

*၃ Inventory of Monuments at Pagan.I. Page-119; The Pentagonal Monuments of Pagan. 1991. Page-62.


*၄ Inventory of Monuments at Pagan.I. Page-150; The Pentagonal Monuments of Pagan. 1991. Page-66. ယခု ပြန်လည်ပြုပြင်ထားသည်။ ထိန်းသိမ်းမှုမှတ်တမ်း(၁)။ ၁၉၉၉–၃၄၈။ (စာ–၃၄)။

*၅ Inventory of Monuments at Pagan.III. Page-16; The Pentagonal Monuments of Pagan. 1991. Page-70.

*၆ Inventory of Monuments at Pagan.III. Page-83; The Pentagonal Monuments of Pagan. 1991. Page-74.

http://www.dhammadownload.com


ငါးမျက်နှာဘုရားများ




ဘုရားအမှတ်-၅၁ပုဂံ




ဘုရားအမှတ်-၇၇၊ပုဂံ



ဘုရားအမှတ်-၅၆၆၊ပုဂံ



ဘုရားအမှတ်-၆၀၇၊ပုဂံ



ပုဂံ၊ ဘုရားအမှတ်- ၅၁၊ ၇၇၊ ၅၆၆ နှင့် ၆၀၇ တို့၏ ပန်းကိုပုံများ

Pichard, 1985, Fig.6,8,10,13.

http://www.dhammadownload.com


ငါးမျက်နှာဘုရားများ



ဘုရားအမှတ်-၇၃၀၊ပုဂံ



ဘုရားအမှတ်-၇၈၁၊ပုဂံ



ဘုရားအမှတ်-၉၃၇၊ ပုဂံ

ဘုရားအမှတ်-၁၄၁၀၊ပုဂံ

ဘုရားအမှတ်-၁၅၅၄၊ပုဂံ







Pichard, 1985, Fig.20,26,27,33,37,40.

http://www.dhammadownload.com

၅။ ပုဂံမြို့၊ မင်းနန်သူနှင့်ညောင်ဦးမြို့ကြားရှိ (ဘုရားအမှတ်–၎၃၀)။
ဤဘုရားအတွင်း ပျက်စီးယိုယွင်းနေသောဆင်းတုတော်ငါးဆူကို ဖူးတွေ့ရသည်။ ထိုဆင်းတုတော်ငါးဆူကို အရှေ့၊ အရှေ့တောင်၊ အနောက်တောင်၊ အနောက်မြောက်၊ အရှေ့မြောက်အရပ်များသို့မျက်နှာမူ၍ တည်ထားသည်။ အရှေ့မုခ်နှင့်အနောက်မုခ်ရှိဆင်းတုတော်တို့မှာ ဦးခေါင်းတော်ပျက်စီးနေသည်။ ဤဘုရားကို အေဒီ ၁၄–ရာစုလက်ရာဟုခန့်မှန်းထား၏။*၁

၆။ ပုဂံမြို့၊ အနောက်ဖွားစော၏တောင်ဘက်ရှိ ကဖွန်းအိုဘုရားအနီးရှိ (ဘုရားအမှတ်–၎၈၁)။
ဤဘုရားတွင် ဆင်းတုတော်ငါးဆူရှေးကရှိခဲ့သည်ဟုယူဆနိုင်ပြီး ယခုအခါ ဂူအတွင်းလမ်းများ ပြိုကျပိတ်ဆို့သဖြင့် ထိုဆင်းတုတော်များပျက်စီးခဲ့ရကြောင်းမှန်းဆနိုင်လေသည်။ ဤဘုရားကို အေဒီ ၁၃–ရာစုလက်ရာဟုခန့်မှန်းထား၏။*၂

၇။ ပုဂံမြို့၊ အနောက်ဖွားစော၏အရှေ့တောင်ဘက်ရှိ ဓမ္မရာဇကာဘွဲ့မည်ရှိ (ဘုရားအမှတ်–၉၃၎)။
ဤဘုရားသည် ထုထည်အချိုးအစားအလွန်ကြီးမားသောဘုရားကြီးဖြစ်သည်။ ဘုရားကြီးတွင် မုခ်ငါးမုခ်လိုဏ်ထုတ်ထားပြီး အထက်၌ စေတီလုံးငယ်ငါးဆူကိုပေါက်ထားသည်။ စေတီတော်ကြီး၏အထက်စကြံ၌ ဖာတ်စဉ်ကွင်းများရှိသည်။ စေတီအတွင်း၌ အရှေ့ဘက်၊ အရှေ့တောင်၊ အနောက်တောင်၊ အနောက်မြောက်၊ အရှေ့မြောက်အရပ်များသို့ မျက်နှာမူ၍တည်ထားသော ဆင်းတုတော်ငါးဆူရှိခဲ့သည်။ ထိုဆင်းတုငါးဆူနှင့် ပင်မအဝင်မုခ်၌တစ်ဆူ၊ စုစုပေါင်းဆင်းတုတော်ခြောက်ဆူရှိခဲ့သည်။ ကျောက်စာအထောက်အထားအရ ဤဘုရားကို အေဒီ ၁၁၉၆–၁၁၉၈ ခုနှစ်အတွင်း တည်ထားခဲ့သည်ဟုခန့်မှန်းရသည်။*၃

၈။ ပုဂံမြို့တောင်ဘက် မင်္ဂလာစေတီအနီးရှိ (ဘုရားအမှတ်–၁၄၁၀)။
ဤဘုရားအတွင်း ဆင်းတုတော်ငါးဆူရှိပြီး အရှေ့ဘက်၊ အရှေ့တောင်၊ အနောက်တောင်၊ အနောက်မြောက်နှင့် အရှေ့မြောက်မျက်နှာဘက်များသို့ မျက်နှာမူ၍တည်ထားသည်။ ထိုဆင်းတုတော်တို့တွင် အရှေ့ဘက်၊ အနောက်တောင်နှင့် အရှေ့မြောက်ရှိ ဆင်းတုတော်သုံးဆူတို့မှာ ပျက်စီးယိုယွင်းနေသည်။ ဤဘုရားကို အေဒီ ၁၃–ရာစုလက်ရာဟုခန့်မှန်းထားသည်။*၄

၉။ ပုဂံမြို့အရှေ့တောင် အာနန္ဒာဘုရားအနီးရှိ (ဘုရားအမှတ်–၁၅၀၄)။
ဤဘုရားအတွင်း ဆင်းတုတော်ငါးဆူရှိပြီး မြောက်ဘက်၊ အရှေ့မြောက်၊ အရှေ့တောင်၊ အနောက်တောင်၊ အနောက်မြောက် စသည့်အရပ်မျက်နှာဘက်များသို့ မူထားသည်။ ထိုဆင်းတုတော်ငါးဆူမှာ ပျက်စီးနေပြီး အထူးသဖြင့် အရှေ့မြောက်မုခ်ရှိဆင်းတုတော်မှာ လုံးဝယိုယွင်းပျက်စီးနေသည်။ အနောက်တောင်ဘက်မုခ်အဝင်၏အထက်မျက်နှာကျက်တွင် လေးထောင့်မဏ္ဍလပုံနှင့် ခြေတော်ရာတစ်စုံကိုရေးဆွဲထားသည်။ ဤဘုရားကို အေဒီ ၁၃–ရာစုလက်ရာဟုခန့်မှန်းထားသည်။*၅

---

*၁ Inventory of Monuments at Pagan.III. Page-267; The Pentagonal Monuments of Pagan. 1991. Page-84.

*၂ Inventory of Monuments at Pagan.III. Page-350; The Pentagonal Monuments of Pagan. 1991. Page-90.


*၃ Inventory of Monuments at Pagan.IV. Page-166; The Pentagonal Monuments of Pagan. 1991. Page-94. ရွှေဟောင်းမြန်မာကျောက်စာများ။ ပထမတွဲ။ (စာမျက်နှာ–၆၅)။

*၄ Inventory of Monuments at Pagan.V. Page-538; The Pentagonal Monuments of Pagan. 1991. Page-102.


*၅ Inventory of Monuments at Pagan.VI. Page-104; The Pentagonal Monuments of Pagan. 1991. Page-110.

http://www.dhammadownload.com

ငါးမျက်နှာဘုရားများ



ဘုရားအမှတ်-၁၆၇၁ပုဂံ




ဘုရားအမှတ်-၁၈၃၁ပုဂံ



ဘုရားအမှတ်-၁၈၈၃ပုဂံ




ဘုရားအမှတ်-၁၈၅၃ပုဂံ



ဘုရားအမှတ်-၂၀၈၇ပုဂံ



ဘုရားအမှတ်-၆၃၊၈၉၀



ဘုရားအမှတ်-၁၉၇၆ပုဂံ

Pichard, 1985, Fig.41,44,51,55,60,62,67.

http://www.dhammadownload.com

၁၀။ ပုဂံမြို့အနောက်မြောက်ဘက် တန်းကြီးရပ်အတွင်း သေဉ်လည်ဂူဘွဲ့အမည်ရှိ (ဘုရားအမှတ်–၁၆၆၉)။
ဤဘုရားကို အုတ်ပလွင်ဝိုင်းပေါ်တွင် ငါးမျက်နှာစေတီတည်ဆောက်ထားသည်။ ဘုရားအတွင်းသို့ဝင်ရန် တောင်ဘက်မှ အဝင်မုခ်တစ်ပေါက်သာရှိသည်။ ဘုရားအတွင်း ဆင်းတုတော်တစ်ဆူရှိသည်။ ဤဂူဘုရားသည် အခြားသောငါးမျက်နှာဘုရားတို့နှင့်မတူဘဲ စေတီလုံးအထက်ရှိကွမ်းတောင်ကိုပါ ငါးမျက်နှာပြုလုပ်ထားသဖြင့် ထူးခြားသောငါးမျက်နှာဘုရားဖြစ်သည်။ ဤဘုရားကို အေဒီ ၁၃–ရာစုခွဲတည်သည်ဟု ခန့်မှန်းထားသည်။*၁

၁၁။ ပုဂံမြို့၊ မဟာဗောဓိဘုရားဝင်းအတွင်းရှိ (ဘုရားအမှတ်–၁၆၇၁)။
ဤဘုရားသည် မုခ်ငါးမုခ်ကိုအခြေခံ၍ အထက်ပိုင်း၌ သီဟိုဠ်ပုံပေါက်ထားသောငါးမျက်နှာစေတီဖြစ်သည်။ ဂူဘုရားသဏ္ဌာန်ဖြစ်သော်လည်း အတွင်းပိတ်ဖြစ်ပြီး အရွယ်အစားအားဖြင့် အလွန်သေးလှသည်။ ဤဘုရားကို အေဒီ ၁၃–ရာစုခွဲတည်သည်ဟုခန့်မှန်းထားသည်။*၂

၁၂။ ပုဂံမြို့၊အရှေ့ဘက် အိမ်ရာကျောင်းဘွဲ့အမည်ရှိ (ဘုရားအမှတ်–၁၈၃၁)။
ဤဘုရားအတွင်း အရှေ့ဘက်မုခ်၌ယိုယွင်းနေသောထိုင်တော်မူဆင်းတုတော်တစ်ဆူနှင့် အခြားလေးမုခ် (အရှေ့တောင်၊ အနောက်တောင်၊ အနောက်မြောက်နှင့် အရှေ့မြောက်)တို့၌ ယိုယွင်းနေသော မတ်ရပ်ဆင်းတုတော်လေးဆူတို့ရှိသည်။ ဤဘုရားကို ကျောက်စာအထောက်အထားအရ အေဒီ ၁၂၄၂–ခုနှစ်၌ တည်ထားသည်ဟုခန့်မှန်းရသည်။ ဤဘုရားကို သခင်ကော်သူမင်းသားနှင့်ဇနီး ညောင်ရမ်းကြီးသမီးတို့ နေထိုင်ကြသောအိမ်နေရာတွင် တည်ဆောက်ထား၍ အိမ်ရာကျောင်းဘုရားဟုခေါ်တွင်သည်။*၃

၁၃။ ပုဂံမြို့အရှေ့ဘက်နှင့် ထီးလိုမင်းလိုဘုရားအနောက်ဘက်ရှိ ငါးမျက်နှာဟုခေါ်တွင်သော (ဘုရားအမှတ်–၁၈၅၃)။
ဤဘုရားတွင် မုခ်ဝငါးမုခ်ရှိသည်။ ထိုငါးမုခ်(အရှေ့၊ အရှေ့တောင်၊ အနောက်တောင်၊ အနောက်မြောက်၊ အရှေ့မြောက်)တို့တွင် မူလက ဘုရားရုပ်ပွားငါးဆူတို့ တည်ရှိခဲ့ပုံရသည်။ ဤဘုရားကို အေဒီ ၁၃–ရာစုတွင် တည်သည်ဟုခန့်မှန်းထား၏။*၄

၁၄။ ပုဂံမြို့အရှေ့ဘက် အာနန္ဒာဘုရားနှင့်ထီးလိုမင်းလိုဘုရားအကြားရှိ ငါးမျက်နှာဟုခေါ်တွင်သော (ဘုရားအမှတ်–၁၈၈၃)။
ဤဘုရားတွင် ဝင်ပေါက်မုခ် ငါးခုပါရှိပြီး၊ ဘုရားအတွင်း အရှေ့ဘက်၊ အရှေ့တောင်၊ အနောက်တောင်၊ အနောက်မြောက်နှင့် အရှေ့မြောက်တို့သို့မျက်နှာမူကာ ပျက်စီးယိုယွင်းနေသည့် ဆင်းတုတော်ငါးဆူရှိသည်။ ဤဘုရားကို အေဒီ ၁၃–ရာစုတွင်တည်သည်ဟုခန့်မှန်းထား၏။*၅

---

*၁ Inventory of Monuments at Pagan.VI. Page-329; The Pentagonal Monuments of Pagan. 1991. Page-116. မင်းဘူးအောင်ကြွေး၏ ပုဂံခေတ်မိသုကာလက်ရာများ။ ၁၉၉၃–ခုနှစ်။ (စာမျက်နှာ–၁၅၄)။

*၂ Inventory of Monuments at Pagan.VI. Page-335; The Pentagonal Monuments of Pagan. 1991. Page-120.

*၃ Inventory of Monuments at Pagan.VII. Page-124; The Pentagonal Monuments of Pagan. 1991. Page-124. ဦးဗိုကေ၏ ပုဂံသုတေသနလမ်းညွှန်။ ၁၉၈၁–ခုနှစ်။ (စာမျက်နှာ–၂၄၈)။

*၄ Inventory of Monuments at Pagan.VII. Page-164; The Pentagonal Monuments of Pagan. 1991. Page-134.

*၅ Inventory of Monuments at Pagan.VII. Page-196; The Pentagonal Monuments of Pagan. 1991. Page-140.

http://www.dhammadownload.com

၁၅။ ပုဂံမြို့အရှေ့မြောက်ဘက် ရောဝတီမြစ်ကမ်းအနီး ရွှေကွန်ချာဘွဲ့မည်ရှိ (ဘုရားအမှတ်–၁၉၇၆)။
ဤဘုရားကို လိုဏ်ပတ်လမ်းအပါအဝင် မုခ်ငါးမုခ်ဖြင့် တည်ဆောက်ထားသည်။ အတွင်းငါးမျက်နှာ (တောင်ဘက်၊ အရှေ့တောင်၊ အရှေ့မြောက်၊ အနောက်မြောက်၊ အနောက်တောင်)တို့တွင် ဆင်းတုတော် တစ်ဆူစီပါရှိလေသည်။ အနောက်မြောက်မျက်နှာရှိဆင်းတုတော်မှတစ်ပါး အခြားဆင်းတုတော်တို့မှာ ယိုယွင်းနေပြီဖြစ်သည်။ တောင်ဘက်မုခ်ဝသည် ခြင်္သေ့နှစ်ကောင်ရံထားသောမုခ်ဝင်ပေါက်ဖြစ်၍ ပင်မမုခ်ဝင် ဖြစ်ဟန်ရှိသည်။ ဤဘုရားကို အေဒီ ၁၃–ရာစုတွင်တည်သည်ဟုခန့်မှန်းထား၏။*၁

၁၆။ ပုဂံမြို့နှင့် ညောင်ဦးမြို့အကြား ရောဝတီမြစ်ကမ်းအနီးရှိ (ဘုရားအမှတ်–၂၀၈၅)။
ဤဘုရားတွင် အနောက်မြောက်ဘက်မုခ်အဝင်၌ မတ်ရပ်ဆင်းတုတော်တစ်ဆူနှင့် အခြားမုခ်လေးဘက် (မြောက်ဘက်၊ အရှေ့မြောက်၊ အရှေ့တောင်၊ အနောက်တောင်)တို့တွင် ထိုင်တော်မူဆင်းတုတော် လေးဆူ– စုစုပေါင်း ဆင်းတုတော်ငါးဆူရှိခဲ့သည်။ ထိုဆင်းတုတော်တို့မှာ ယခုအခါ ယိုယွင်းနေပြီဖြစ်သည်။ ဤဘုရားကို အေဒီ–၁၃ ရာစုတွင်တည်ထားသည်ဟုခန့်မှန်းထား၏။*၂

၁၇။ စလေမြို့တောင်ဘက်(၃)မိုင်အကွာ ညီစုရွာအနီး ရှင်ပင်ငါးမာရ်အောင်ဘွဲ့မည်ရှိ စလေ (ဘုရားအမှတ်–၆၃)။ ဤဘုရားအတွင်း ဆင်းတုတော်သုံးဆူ(အရှေ့ဘက်မုခ်၊ အနောက်တောင်နှင့်အနောက်မြောက်မုခ်) ပါရှိ သည်။ အတွင်း၌ အရှေ့မုခ်ကို ပင်မမုခ်ဦးအဖြစ်ထားပြီး၊ အရံဖြစ်သော တောင်မုခ်နှင့်မြောက်မုခ်တို့ ဆက်သွယ်ရန် စကြံလမ်းဖောက်ထားသည်။ အနောက်တောင်နှင့်အနောက်မြောက်မုခ် မုခ်နှစ်ခုကို ဆက်သွယ်သော စကြံလမ်းမှာပိတ်ဆို့နေသည်။ ဤဘုရားကို အေဒီ ၁၃–ရာစုတွင်တည်ခဲ့သည်ဟု ခန့်မှန်းထားသော်လည်း မျက်မှောက်ခေတ်လက်ရာဖြစ်ကြောင်းတွေ့ရသည်။*၃

၁၈။ အမရပူရမြို့၊ မိဖုရားကြီးရှင်လွန်းမယ်*၄ကောင်းမှု ငါးဆူဘုရား။*၅
ဤဘုရားတွင် အလယ်စေတီတစ်ဆူကို ပြာသာဒ်အထွတ်တင်ထားသောစေတီငါးဆူတို့ရံထားသည်။

၁၉။ အမရပူရမြို့၊ လက်သစ်ရပ်ရွာ ရွှေမြင်မိငါးဆူဘုရား။*၆

၂၀။ ကျိုင်းတုံမြို့အရှေ့(၈)မိုင်ကွာရှိ စွမ်လွှဲငါးမျက်နှာစေတီ။*၇

၂၁။ ဆင်ဖြူကျွန်းမြို့မှ(၃)မိုင်အကွာ ကျပင်းရွာအနီးရှိ ငါးမျက်နှာဘုရား။*၈

---

*၁ Inventory of Monuments at Pagan.VII. Page-301; The Pentagonal Monuments of Pagan. 1991. Page-144.

*၂ The Pentagonal Monuments of Pagan. 1991. Page-150.

*၃ The Pentagonal Monuments of Pagan. 1991. Page-154.

*၄ ရှင်လွန်းမယ်သည် ဗဒုံ(ဘိုးတော်)မင်း၏ မိဖုရားကြီး၊ ဘွဲ့မှာ သီရိပဝရမဟာအိန္ဒာမဂ်လာရတနာဒေဝီ ဖြစ်သည်။ အင်းဝမိုလ်မူး မင်းရဲကျော်ထင် ဦးညွှန့်နှင့် ဒေါ်အိတို့မှမွေးမြင်သည်။ ၁၇၆၀–ပြည့်တွင် ဗဒုံမင်းသားနှင့်နှံဖက်သည်။ (၂၄၊၂၁၈၀၇)တွင် ကွယ်လွန်သည်။ တင်နိုင်တိုး၏ ကုန်းဘောင်မင်းဆက်ရုပ်ပုံလွှာ။ ၂၀၀၃–စုနှစ်။ (စာမျက်နှာ–၇၂)။

*၅ ဦးဝင်းမောင်(တမ္မဝတီ)၏ ဘုရင့်နောင်မင်းတရားကြီး၏ကမ္ဘာ့သာဓီနန်းတော် မြေနန်းပြာသာဒ်တော်အဆောင်စုအဆိုပြုပုံစံ(၄)။ ၁၉၉၆–စုနှစ်၊ (ပုံ–၄/က)။

*၆ ဦးဝင်းမောင်(တမ္မဝတီ)၏ ဘုရင့်နောင်မင်းတရားကြီး၏ကမ္ဘာ့သာဓီနန်းတော် မြေနန်းပြာသာဒ်တော်အဆောင်စုအဆိုပြုပုံစံ(၄)။ ၁၉၉၆–စုနှစ်၊ (ပုံ–၄/ဂ)။ ဤဘုရားပုံစံအတိုင်း ဆားတောင်ရွာအနီး၌ ငါးဆူဘုရားဟုရှိသည်။


*၇ ဒေါက်တာသန်းထွန်း၏ စုယလဲ့ရာဇဝင်၊ အမှတ်–၁။ ၁၉၆၈–စုနှစ်။ (စာမျက်နှာ–၇၀)။

*၈ ဒေါက်တာသန်းထွန်း၏ ခေတ်ဟောင်းမြန်မာရာဇဝင်၊ အမှတ်–၁။ ၁၉၆၉–စုနှစ်။ (စာမျက်နှာ–၂၄၆)။


http://www.dhammadownload.com



အမရပူရမြို့၊ မိဘုရားကြီးရှင်လွန်းမယ်ကောင်းမှုငါးဆူဘုရား။
ဦးဝင်းမောင်၊၁၉၉၆၊ပုံ-၄(က)



အမရပူရမြို့နယ်၊ လက်သစ်ရပ်မှငါးဆူဘုရား
ဦးဝင်းမောင်၊၁၉၉၆၊ပုံ-၄(ဂ)



ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရား
မြန်မာ. စွယ်စုံ၊၁၁၉၅၄၊စာ-၄၅၄။





ရွှေဘိုမြို့၊ နိဗ္ဗာနစေတီနှင့်
စေတီအတွင်းရှိ
ဆင်းတုတော်တစ်ဆူ။
Pichard, 1991, *Phot.20,21.*

http://www.dhammadownload.com

၂၂။ ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်။
ဤစေတီတော်ကို ၁၃၁၂-ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၄)ရက်နေ့ (၁၊ ၉၊ ၁၉၅၀) နံနက်(၈)နာရီတွင် ပန္နက်ရိုက်၍ ဥဇ္ဈာတော်(၎၈)တောင်(၂)မိုက်၊ မုခ်ငါးခု၊ ဆင်းတုတော်ငါးဆူတို့ဖြင့်တည်ထားခဲ့သည်။*၁

၂၃။ ရွှေဘိုမြို့၊ ထီးလိုမင်းလိုမင်း၊ နန်းတောင်းများမင်းဟုတွင်ခဲ့သော နာတောင်မျာမင်း(အေဒီ ၁၂၁၁-၁၂၃၁?) တည်ခဲ့သော နိဗ္ဗာန (နေရဗာန်) ငါးမျက်နှာစေတီ။*၂
ဤဘုရားအတွင်း ကုန်းဘောင်ခေတ်လက်ရာ ဆင်းတုတော်ငါးဆူကိုဖူးတွေ့ရသည်။

၂၄။ ဟသံတမြို့၊ ငါးမျက်နှာစေတီ။
ဤဘုရားကို အေဒီ ၁၈၁၅-ခုနှစ်၊ အလောင်းဘုရားမင်းလက်ထက် မြန်အောင်မြို့ သူကြီး ဦးမူ တည်ထားခဲ့သည်။ အေဒီ ၁၈၈၇-ခုနှစ် ရောဝတီမြစ်ရေတိုက်စား၍ ကမ်းပြိုခဲ့သည်။ ၁၉၁၂-ခုနှစ်သို့ရောက်မှ မူလနေရာမှ မိုင်ဒါကွင်းအနီးသို့ရွှေ့ပြောင်း၍တည်ခဲ့သည်။*၃

၂၅။ ပုသိမ်မြို့၊ ငါးမျက်နှာစေတီ။*၄

၂၆။ တောင်တွင်းမြို့၊ ငါးမျက်နှာစေတီ။*၅

၂၇။ နတ်မောက်မြို့၊ ငါးမျက်နှာရန်အောင်မြင်ဘုရား။
နတ်မောက်မြို့၊ တောင်ဘက်တွင် အေဒီ ၁၂၉၂-ခုနှစ် မဟာသီဟပတေ့မင်းကြီးက သမီးတော်ငါးပါး တို့၏ကိုယ်စား မုခ်ငါးပေါက်နှင့်ငါးမျက်နှာဘုရားတစ်ဆူ တည်ထားခဲ့သည်။ မင်းကြီးရွှေလရောင်ဘွဲ့ခံ ဦးမင်းယောင်သည် အင်္ဂလိပ်ကိုတိုက်မည်ပြင်နေစဉ် တစ်ညသဉ်အိပ်မက်မြင်မက်ရာ ထိုအိပ်မက်ကို အကြောင်းပြု၍ နတ်မောက်မြို့ရှိ မူလငါးမျက်နှာဘုရားကို ငါးမာရ်အောင်ဘုရားဟု ဘွဲ့အမည်ပြောင်းလဲ

---

*၁ ဦးချုန်ထွန်း၏ သီရိမင်္ဂလာကမ္ဘာဧစေတီတော်(ဆောင်းပါး)။ သာသနာ့ရောင်ခြည်စာစောင်။ အတွဲ(၁)၊ အမှတ်(၁)။ ၁၉၅၂-ခုနှစ်။ (စာမျက်နှာ-၁၂)။ မြန်မာ့ဓွယ်စုံကျမ်း၊ အတွဲ-၁။ ၁၉၅၄-ခုနှစ်။ (စာမျက်နှာ-၄၅၃)။ ဤဘုရားအတွင်း ယခုအခါ အရှေ့ဘက်၌ ဒီပင်္ကရာ၊ အရှေ့တောင်၌ ကကုသန္ဓ၊ အနောက်တောင်၌ ကောဏာဂမန၊ အနောက်မြောက်၌ ကဿပ၊ အရှေ့မြောက်၌ ဂေါတမဘုရားရှင်ဟု ကမ္ဘည်းတင်ထားသော ဆင်းတုတော် ငါးဆူကိုဖူးရပြီး။ မေတ္တေယျရှင်၏ ဆင်းတုကိုမတွေ့ရပေ။ အရှေ့ဘက်ရှိ ဒီပင်္ကရာဘုရားသည် မူလက မေတ္တေယျဆင်းတုဖြစ်ခဲ့လိမ့်မည်ဟု သုတေသီတို့ယူဆကြသည်။ The Pentagonal Monuments of Pagan. Page-51.


*၂ ပုဂံဘုရင်၊ ဟိုဓေတ်တွင်က၊ ဓေယျသိမ်တခဓိ၊ နန်းတောင်းများတသီး၊ ထီးလိုမင်းလို၊ ခေါ်ဆိုဘွဲ့သ၊ သုံးမည်ရသည့်၊ မင်းကတည်ဖန်၊ မုခ်ငါးတန်နှင့်၊ နေရဘန်ခေါ်" – ဘဒ္ဒန္တ ဝိမလာဘိဝံသ၏ ရွှေဘိုမြို့၊ ရွှေတန်ဆာဘုရားသမိုင်း။ ၁၉၈၇-ခုနှစ်။ (စာမျက်နှာ-၃၈၃)။ ဤဘုရားကို နရပတိစည်သူတည်သည်ဟုလည်း အမှတ်အသားရှိသည်။ The Pentagonal Monuments of Pagan. Page-45. Photo-20, 21.

*၃ မြန်မာ့ဓွယ်စုံကျမ်း၊ အတွဲ-၁၄။ (စာမျက်နှာ-၂၈)။ ဟသံတမြို့၊ မဟာအတုလသကျံသီဆယ်ထပ်ကြီးရှင်ဖော်မြတ်သမိုင်းစာအုပ်တွင် 'ဘိုးတော်ပဒုံမင်းလက်ထက် မြန်အောင်မြို့သူကြီးမင်းဦးပုသည် ၁၁၇၃-ခု (အေဒီ ၁၈၁၅-ခုနှစ်)တွင် စတင်တည်ထားခဲ့၍ (အေးအေးတည်တွန်း၊ ပြဆိုညွှန်း၊ မုခ်ဝန်းငါးမျက်နှာ)ဟူသော အတိုအဖြတ်အသားရှိကြောင်း' ဖော်ပြထားသည်။ The Pentagonal Monuments of Pagan. Page-46.


*၄ နဝဒေးကြီး၏ 'နွေဦးကသည်-' အစရှိသောဘုရားတိုင်ရတု (နဝဒေးရတုပေါင်းချုပ်၊ ၁၉၁၉-ခုနှစ်။ စာမျက်နှာ-၆၀။)တွင် ပုသိမ်မြို့ရှိ ငါးမျက်နှာဘုရားကိုပွဲ့ဆိုထားသော်လည်း ယခုအခါ ပုသိမ်မြို့၌ ထိုဘုရားကိုစုံစမ်း၍မရပေ။

*၅ တောင်တွင်းစာဆိုဦးကြော့၏ တောင်တွင်းကြီးမြို့အဝိုင်း၊ ကိုင်းရှာသွေးသောက်တော်ကိုရေးဖွဲ့သောသံချိုတွင် 'မြတ်လောင်းစည်သူဟု၊ တည်တော်မူတဆူတင့်ပါတဲ့၊ မုတ်(ခ်)ငါးပွင့်စေတီတော်နှင့်'-ပါသော စာသားအရဖြစ်သည်။ ဦးဘမောင်၏ ဦးကြော့နှင့် တောင်တွင်းစာဆိုကဗျာများ။ ၁၉၅၆-ခုနှစ်။ (စာမျက်နှာ-၈၃)။


http://www.dhammadownload.com



အယုဒ္ဓယမြို့၊နန်းမြို့တွင်းစေတီတော်။
Beek, 1985,Pg.141.




ရခိုင်ပြည်နယ်၊ ငါးမျက်နှာပုံတော်စေတီ။
San Tha Aung, 1979,Pl.27.



တရုတ်နိုင်ငံ၊ ပီကင်းမြို့၊ အေဒီ၁၄၀၃-ခုနှစ်တွင်
အရှင်ပဥ္ဇမမှတည်ထားသည့်
မဟာဗောဓိပုံတော်ငါးဆူစေတီ
New China, 1956, Pg.20.

ပဲခူးမြို့၊ ရွှေမော်ဓောဘုရားဝင်းအတွင်းရှိ ငါးဆူရှင်ဗမ္မူအေးစေတီတော်
ရွှေမော်ဓောဘုရားသမိုင်းမူဟောင်း၊၁၉၅၆၊စာ-၉၀(က)။



http://www.dhammadownload.com

မှည့်ခေါ်မည့်အကြောင်းကို ဆရာကြီးသခင်ကိုယ်တော်မိုင်း၏ ဦးမင်းယောင်ဘွဲ့ သံချိုလေးချိုးကြိုး၌ 'ထိုနောက်မြင် အိမ္မက်မှာလ၊ ငါးမျက်နှာ စောဘုန်းခေါင်၊ ငါးမာရ်အောင်တွင်သမုတ်ရမတဲ့' စသည်ဖြင့် ထည့်သွင်းဖွဲ့ဆိုခဲ့လေသည်။*၁

၂၈။ ပဲခူးမြို့၊ ရွှေမော်ဓောဘုရား၌ ငါးဆူရှင်စေတီ။

ပဲခူးမြို့၊ ရွှေမော်ဓောဘုရားရာဟုထောင့်တွင် ရှေးအခါကပင် ရုပ်ပွားတော်ငါးဆူထည့်သွင်းပြီး ငါးမျက်နှာဘုရားတစ်ဆူ တည်ထားခဲ့သည်။ ထိုငါးမျက်နှာဘုရားပြိုပျက်ယိုယွင်းခဲ့ရာ၊ ၁၉၅၆–ခုနှစ် ဒီဇင်ဘာလတွင် ပုဂံမြို့၊ အာနန္ဒာဘုရားပုံတော်ကိုယူ၍ ရှေးဟောင်းဓာတ်တော်နှင့် ရုပ်ပွားတော်မျိုးစုံကိုဌာပနာပြီး ငါးဆူရှင် ဇမ္ဗူအေးစေတီတော်ဟု စေတီသစ်တစ်ဆူပြုပြင်တည်ထားခဲ့သည်။*၂

၂၉။ ပန်းတောင်းမြို့ရှိ ငါးမျက်နှာဘုရားကြီး။

ပဲခူးတိုင်း၊ ပြည်မြို့အနောက်ဘက်ကမ်း၊ နဝဒေးတံတားကြီးမှ(၁၇)မိုင်အကွာ ပန်းတောင်းမြို့နယ်အတွင်း သီရိမုတ္တမမင်းတည်ထားသည်ဟု သမိုင်းမှတ်တမ်းရှိသော ငါးမျက်နှာဘုရားကြီးဖြစ်သည်။

၃၀။ မြောက်ဦးမြို့၊ ငါးမျက်နှာပုံစံစေတီတော်။

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ အံတော်သိမ်ဘုရားဌာပနာတိုက်မှ ဒုတိယကမ္ဘာစစ်အတွင်းက ကြေးဖြင့် ပြုလုပ်ထားသောပုံစံ စေတီတော်တစ်ဆူ (Miniature Bronze Ceti) ကို ရရှိခဲ့ပါသည်။ ထိုကြေးသားပုံစံစေတီတော်မှာ အခြေခုံဝိုင်းပေါ်တွင် မုခ်ကပ်ငါးခုပါစေတီငယ်ပြုလုပ်ထားပြီး၊ မုခ်တိုင်းတွင် ဘူမိဖဿမုဒြာလက်ဟန် ထိုင်တော်မူဘုရားဆင်းတုတစ်ဆူစီကိုလည်း ထည့်သွင်းထားပါသည်။ မုခ်ထောင့်တိုင်းတွင် ခြင်္သေ့ရုပ်ကလေးများပါရှိသည်။*၃

ပြည်ပနိုင်ငံများအနေဖြင့် ငါးမျက်နှာစေတီတော်တို့ကို ထိုင်းနိုင်ငံ၊ အယုဒ္ဓယမြို့ဟောင်းတွင် သူရိယောထိုင်းစေတီ၊ အယုဒ္ဓယမြို့နန်းတွင်းရှိ ငါးမျက်နှာစေတီ(ပုံစံတူသုံးဆူ)တို့ကိုတွေ့ရှိရသည်။*၄

ငါးမျက်နှာဘုရားများတည်ထားပုံ

အထက်၌ဖော်ပြခဲ့သော ငါးမျက်နှာဘုရားများအတွင်း 'သန်, ဂုံ, ပ, မ, ယျ'ဟူသော ဘုရားငါးဆူတို့ကို မည်သည့်အရပ်မျက်နှာ, မည်သည့်မုခ်၌ မည်သည့်ဘုရားရှင်ကိုတည်ထားပူဇော်မည်ဟူသောအကြောင်းရပ်

---

*၁ သခင်ကိုယ်တော်မိုင်း၏ သခင်ဦးကား။ ၁၉၃၈–ခုနှစ်။ (စာမျက်နှာ-၂၁၀)။ ဆရာတော်ဦးဥာဏာ၏ တောင်တွင်းကြီးရာဇဝင်သစ်။ ၁၉၉၉–ခုနှစ်။ (စာမျက်နှာ–၁၈၁)။ ထိုလက်ာစာသားကို တောင်တွင်းဦးကြော့၏ သံချိုတွင်လည်းတွေ့ရသည်။ ဦးဘမောင်၏ ဦးကြော့နှင့် တောင်တွင်းစာဆိုကဏ္ဍများ။ ၁၉၅၆–ခုနှစ်။ (စာမျက်နှာ–၇၉)။


*၂ ပဲခူးမြို့၊ ဆုတောင်းပြည့်ရွှေမော်ဓောစေတီသမိုင်း(မူဟောင်း)။ ၁၉၅၆–ခုနှစ်။ (စာမျက်နှာ–၉၀)။


*၃ San Tha Aung' The Buddhist Art of Ancient Arakan. 1979. Page-51. Plate 27. ထိုပုံစံစေတီ၏ဥာဏ်တော်မှာ (၅၄)ဝင်တိမိတာဖြစ်ပြီး၊ ထိုပုံစံစေတီ၌ပါသော ဘုရားရှင်ရုပ်ပွားတော်တစ်ဆူစီ၏ဥာဏ်တော်မှာ (၉)ဝင်တိမိတာဖြစ်သည်။ The Pentagonal Monuments of Pagan. Page-46. Photo-22,23,24.

*၄ ဦးဝင်းမောင်(တမ္ဘတိ)၏ ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဓီနန်းတော် မြေနန်းပြာသာဒ်တော်အဆောင်စုအဆိုပြုပုံစံ(၄)။ လက်နှိပ်စက်မူ။ ၁၉၉၆–ခုနှစ်။ (စာမျက်နှာ–၄)။ (ပုံ–၅/က၊ ၅/ခ)။ S.V. Beek and L.I. Tettoni' The Arts of Thailand. 1985. Page-114, 141.


http://www.dhammadownload.com

ကိုလည်း ဖော်ပြလိုပါသည်။ ဆင်ဖြူကျွန်းအနီး ကျပင်းရွာရှိငါးမျက်နှာဘုရားနှင့် ပုဂံမြို့ ဖွားစောအနောက်ရှိ ဓမ္မရာဇကာဘုရားတို့၌တွေ့ရသော ဆင်းတုတော်တို့တည်နေပုံအစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်၏။





ကျပင်းရွာငါးမျက်နှာဘုရား



ဓမ္မရာဇကငါးမျက်နှာ

ကျပင်းရွာရှိ ငါးမျက်နှာဘုရားအစီအစဉ်အရဆိုလျှင် ဂေါတမဘုရားကို အရှေ့အရပ်၌ ထက်ဝယ်ဖွဲ့ခွေစံပယ်နေတော်မူဟန်တည်ထားပြီး၊ ကကုသန်ဘုရားက မြောက်ဘက်၊ ကောဏာဂုံဘုရားက အရှေ့တောင်ဘက်နှင့် ကဿပဘုရားက အနောက်တောင်အရပ်တို့၌ မတ်ရပ်စံပယ်နေတော်မူဟန်၊ ပွင့်တော်မူလတ္တံ့သော အလောင်းတော် အရိမေတ္တေယျကို ခြေတစ်ဖက်ချထိုင်ဟန် (လလိတာသန) ဖြင့် အနောက်အရပ်၌ တည်ထားလေသည်။[*၁]

ပုဂံမြို့၊ ဓမ္မရာဇကာဘုရားကျောက်စာပါ ထိုဘုရားကို မွမ်းမံပြင်ဆင်ပြီး ထီးတင်လှူခဲ့သော ပွတ်တိုင်ကျောင်းဆရာတော်၏အလိုအရမူ ကကုသန်ဘုရားကို အရှေ့အရပ်၌တည်ထားပါက ကောဏာဂုံဘုရားကိုအရှေ့တောင်၊ ကဿပဘုရားကို အနောက်တောင်၊ ဂေါတမဘုရားကို အနောက်မြောက်၊ မေတ္တေယျဘုရားကို အရှေ့မြောက်စသည်ဖြင့်တည်ထားရမည်ဟု ဖော်ပြထားပါသည်။[*၂]

ထိုငါးမျက်နှာဘုရားအတွင်း၌ ဆင်းတုတော်ငါးဆူတို့ပူဇော်ထားရှိသော်လည်း ဘုရားရှင်တို့၏ဘွဲ့မည်ကို ဖော်ပြမထားသည့်အတွက် မည်သည့်ဘုရားရှင်သည် မည်သည့်အရပ် မျက်နှာ၌ကိန်းဝပ်ကြောင်း အတိအကျ မသိနိုင်ပေ။ သို့သော် ငါးမျက်နှာဘုရားတို့၌ပါရှိသော မုခ်ငါးမုခ်နှင့် ဆင်းတုတော်ငါးဆူတည်ထားရာအရပ်မျက်နှာတို့ကိုကား အောက်ပါဇယား၌လေ့လာနိုင်ပါသည်။

---

*၁ ဒေါက်တာသန်းထွန်း၏ မြန်မာရာဇဝင်စာတမ်း၊ အမှတ်-၁။ ၁၉၆၉-ခုနှစ်။ (စာမျက်နှာ-၂၄၆)။

*၂ ဒေါက်တာသန်းထွန်း၏ ပုဂံလက်သစ်(စာတမ်း)။ ၁၉၇၆-ခုနှစ်။ (စာမျက်နှာ-၁၆၅၊ ၁၉၀)။

http://www.dhammadownload.com

စဉ်	ဘုရားအမှတ်/ဘွဲ့မည်	အရှေ့	အနောက်	တောင်	မြောက်	အရှေ့တောင်	အရှေ့မြောက်	အနောက်တောင်	အနောက်မြောက်
၁။	ပုဂံ(၅၁)*၁	√	–	–	–	√	√	√	√
၂။	ပုဂံ(၇၇)	–	√	–	–	√	√	√	√
၃။	ပုဂံ(၅၆၆)	–	√	–	–	√	√	√	√
၄။	ပုဂံ(၆၀၇)	√	–	–	–	√	√	√	√
၅။	ပုဂံ(၇၃၀)	√	–	–	–	၎	√	√	√
၆။	ပုဂံ(၇၈၁)	–	√	–	–	√	√	√	√
၇။	ပုဂံ(၉၄၇) ဓမ္မရာဇာ	√ (ကကုသန္ဓ)	–	–	–	√ (ကောဏာဂံ)	√ (မေတ္တေယျ)	√ (ကဿပ)	√ (ဂေါတမ)
၈။	ပုဂံ(၁၄၁၀)	√	–	–	–	√	√	√	√
၉။	ပုဂံ(၁၅၀၄)	–	–	–	√	√	√	√	√
၁၀။	ပုဂံ(၁၆၆၉) တန်လေဂူ	–	–	√	–	√	√	√	√
၁၁။	ပုဂံ(၁၆၇၁)	–	–	√	–	√	√	√	√
၁၂။	ပုဂံ(၁၈၃၁) အိမ်ရာကျောင်း	–	–	√	–	√	√	√	√
၁၃။	ပုဂံ(၁၈၅၃)	√	–	–	–	√	√	√	√
၁၄။	ပုဂံ(၁၈၈၃)	√	–	–	–	√	√	√	√
၁၅။	ပုဂံ(၁၉၇၆)	–	–	√	–	√	√	√	√
၁၆။	ပုဂံ(၂၀၈၅)	–	–	–	√	√	√	√	√
၁၇။	ပုဂံ(၆၃)	√	–	–	–	√	√	√	√
၁၈။	ကျပင်းရွာငါးမျက်နှာ	√ (ဂေါတမ)	√ (မေတ္တေယျ)	–	√ (ကကုသန္ဓ)	√ (ကောဏာဂံ)	–	√ (ကဿပ)	–
၁၉။	ရန်ကုန်ကမ္ဘာအေး	(ဒီပင်္ကရ ?) √ (မေတ္တေယျ ?)	–	–	–	√ (ကကုသန္ဓ)	√ (ဂေါတမ)	√ (ကောဏာဂံ)	√ (ကဿပ)

√ = ဆင်းတုတော်တို့တည်ထားသောအရပ်ကိုညွှန်ပြသောအမှတ်အသားဖြစ်သည်။

*၁ 'ပုဂံ(၅၁)'သည် 'ပုဂံ၊ ဘုရားအမှတ်–၅၁'ကို ဆိုလိုခြင်းဖြစ်သည်။ (–)အတွင်းရှိအမှတ်များသည် ရှေးဟောင်းသုတေသနဦးစီးဌာနက သတ်မှတ်ထားသော ဘုရားအမှတ်ကိုဆိုလိုသည်။

http://www.dhammadownload.com

ငါးမျက်နှာဘုရားနှင့်စပ်လျဉ်း၍ဝေဖန်သုံးသပ်ချက်


ပြင်သစ်သုတေသနပညာရှင် ပီချက် (Pierre Pichard)က 'ပုဂံခေတ်၌တည်ထားခဲ့သော ပဉ္စင်္ဂါငါးမျက်နှာ (Five Sided Buildings) ဘုရားများသည် ကမ္ဘာအရပ်ရပ်ရှိ ထင်ရှားသော ပဉ္စင်္ဂါအဆောက်အအုံတို့တွင် အစောဆုံး ငါးမျက်နှာဗိသုကာလက်ရာများဖြစ်ကြောင်း၊ ထိုပဉ္စင်္ဂါအဆောက်အအုံတို့ကို ပုဂံသားဗိသုကာပညာရှင်တို့၏ကိုယ်ပိုင်လက်ရာ တီထွင်မှုတစ်ရပ်ဖြစ်ကြောင်းနှင့် ထိုငါးမျက်နှာဘုရားတည်ဆောက်ထားပုံသည် ယနေ့တိုင် ခေတ်မီလျက်ရှိပြီး စံပြုဖွယ်ရာဗိသုကာလက်ရာဖြစ်ကြောင်း' တင်ပြထားပါသည်။*၁

ဆရာကြီးဦးသိန်းဟန်(ဆရာဖော်ဂျီ) (၁၉၀၈–၁၉၉၀)က 'ပုဂံခေတ်စေတီပုထိုးများသည် အိန္ဒိယနိုင်ငံရှိ ရှေးစေတီဂူဘုရားတို့၏လက်ရာကိုမှီခိုသည်ဟူသော အယူအဆတစ်ရပ်ရှိခဲ့ဘူးသော်လည်း ပုဂံဘုရားတိုင်း အိန္ဒိယဗိသုကာမူကိုတုပ၍ပြုလုပ်ထားခြင်းမဟုတ်ဘဲ မြန်မာမူစစ်စစ်ဖြစ်ကြောင်း ရေးသားဖူးပါသည်။*၂ ဆရာကြီးဦးသိန်းဟန်၏မြန်မာ့ဟန်အစစ် ဗိသုကာလက်ရာဟူသောအယူအဆမှာ ယခုငါးမျက်နှာဘုရားတို့ကို ဆိုလိုဟန်ရှိသည်။

သမိုင်းပညာရှင် ဦးဘရှင် (ဒိုလ်မှူးဘရှင်) (၁၉၁၄–၁၉၇၁)ကမူ– 'ပုဂံခေတ်ဗိသုကာဆရာတို့ တီထွင်သည်ဟု ဆိုနိုင်သော ထူးခြားသောဂူပန္နက်ပုံမှာ ငါးမျက်နှာရှိသောဂူပန္နက်ပုံဖြစ်သည်။ တွက်ချက်ခြင်းနှင့် ပုံစံဆွဲခြင်းတို့တွင် စတုဂံပုံအဆောက်အအုံမျိုးထက် ကျွမ်းကျင်မှုပို၍လိုသောပန္နက်ပုံဖြစ်ကြောင်း ခေတ်ဗိသုကာပညာရှင်တို့က ဆိုကြသည်။ ပုဂံခေတ်နှောင်းဗိသုကာပညာရှင်တို့သည် ဗိသုကာအတတ်ပညာဆိုင်ရာကျွမ်းကျင်မှု၌ လွန်စွာတိုးတက်နေပြီဖြစ်သည်ကို ယင်းငါးမျက်နှာဂူဘုရားတို့က သက်သေခံနေပေသည်'ဟူ၍ ဝေဖန်ရေးသားခဲ့ဖူးပါသည်။*၃

ငါးဆူစေတီ

မေတ္တေယျရှင်ကိုရည်စူးကာ တည်ထားပူဇော်သော ငါးမျက်နှာဘုရားများအကြောင်းကိုတင်ပြပြီးသည့်နောက် မေတ္တေယျရှင်အားပူဇော်၍တည်ထားခဲ့သော ငါးဆူစေတီတို့အကြောင်းကိုတင်ပြလိုပေသည်။



ငါးဆူစေတီမဟုတ်၊ ပင်မစေတီကြီးနှင့် အရံထောင့်စေတီလေးဆူပုံဖြစ်သည်။

ငါးဆူစေတီ

---

*၁ The Pentagonal Monuments of Pagán. 1991. Page-1.

*၂ ဆရာဖော်ဂျီ၏မြန်မာနိုင်ငံနှင့်ဗုဒ္ဓဘာသာအနုပညာ(ဆောင်းပါး)။ စာပေါင်းချုပ်၊ ဒုတိယအုပ်။ ၁၉၉၄–ခုနှစ်။ (စာမျက်နှာ–၇၆)။

*၃ ဦးဘရှင်၏ ပုဂံခေတ်ဗိသုကာနှင့်အနုပညာ။ (စာတန်း)။ ပြည်ထောင်စုမြန်မာနိုင်ငံ စာပေနှင့်လူမှုရေးသိပ္ပံဂျာနယ်။ အတွဲ–၂၊ အမှတ်–၂။ ၁၉၆၉–ခုနှစ်။ (စာမျက်နှာ–၆၀)။ G. H. Luce' Old Burma-Early Pagan.I. Page-203.

http://www.dhammadownload.com

ငါးဆူစေတီဟုဆိုရာ၌ ဗဟိုဌပင်မစေတီရှိပြီး ထောင့်လေးထောင့်၌ ထောင့်စေတီလေးဆူ (သို့မဟုတ်) အရံစေတီလေးဆူ (Corner Stupas) လေးဆူပါသော ငါးဆူစေတီမျိုးကိုမဆိုလိုဘဲ၊ ဗဟိုဌတည်ထားသော မဏ္ဍိုင်စေတီနှင့်တကွ မုခ်မျက်နှာလေးခုတို့၌ စေတီလေးဆူတည်ထားပါရှိသော ငါးဆူစေတီမျိုးကိုသာဆိုလိုသည်။

၁။ ပုဂံမြို့၊ မင်းအိုချမ်းသာဘုရားငါးဆူ (ဘုရားအမှတ်–၁၉၂၄၊ ၁၉၂၆၊ ၁၉၂၈၊ ၁၉၂၈၊ ၁၉၃၀)။

ပုဂံမြို့၊ အာနန္ဒာဘုရား၏အရှေ့မြောက်ဘက်တွင် ကျန်စစ်မင်းကြီး(အေဒီ ၁၀၈၄–၁၁၁၂)သည် သီရိလင်္ကာကျွန်းမှ ဓာတ်တော်များရောက်လာ၍ ထိုဓာတ်တော်တို့ကိုဌာပနာပြီးလျှင် အရိပ်အာဝါသနှင့်တကွ ရှခင်းရှကွက်ကောင်းလှသော ကုန်းမြင့်နေရာတွင် စေတီငါးဆူတို့ကို တန်းချိတ်တည်တော်မူခဲ့သည်။ ထိုစေတီငါးဆူတည်သောကာလတွင် ကျန်စစ်မင်းကြီး သက်တော်ရွယ်တော်ကြီးရင့်လှပြီဖြစ်သော်လည်း စည်းစိမ်ရိပ်ငြိမ်အထွေထွေဖြင့် ကာယစိတ္တနှစ်ဖြာချမ်းသာနေရချေ၏ ထိုစေတီငါးဆူကို 'မင်းအိုချမ်းသာ' ဟုဘွဲ့တော်ချည်ခဲ့ပါသည်။ မင်းအိုချမ်းသာဘုရားဘွဲ့မည်ရှိသော ထိုစေတီလုံးငါးဆူသည် ခေတ်အဆက်ဆက်ပြုပြင်မှုများကြောင့် မူလလက်ရာကို မတွေ့နိုင်တော့ပေ။ မင်းအိုချမ်းသာစေတီငါးဆူသည် ဤဘဒ္ဒကမ္ပာ၌ပွင့်တော်မူကြသည့် ဘုရားငါးဆူတို့ကို ရည်မှန်းကာတည်ထားသည်ဟု ပညာရှင်တို့ယူဆကြလေသည်။*၁

ပုဂံမြို့၊ မင်းအိုချမ်းသာဘုရားငါးဆူကဲ့သို့ပင် မြန်မာနိုင်ငံဒေသအသီးသီး၌လည်း ငါးဆူစေတီတို့ကို ဖူးတွေ့နိုင်ပါသည်။ ထိုငါးဆူဘုရား၊ ငါးဆူစေတီတို့ကို ဤနေရာ၌လေ့လာနိုင်ရုံအတွက်ပမာပြရသော်

၂။ မန္တလေးမြို့၊ ငါးဆူတော်ဘုရား။

ဤဘုရားသည် မန္တလေးမြို့၊ စန္ဒာမုနိဘုရားအရှေ့မြောက် မဟာရံတံတိုင်းဘုရားဝင်းအတွင်း သက္ကရာဇ် ၁၁၄၆–ခုနှစ် (အေဒီ ၁၇၈၄–ခုနှစ်)တွင် ဘိုးတော်မင်း(အေဒီ ၁၇၈၂–၁၈၁၉)၏မိဖုရားတစ်ပါးက တည်ထားခဲ့ခြင်းဖြစ်သည်။ စေတီတော်ငါးဆူပါ၍ ငါးဆူတော်ဘုရားဟုခေါ်တွင်၏။ သို့သော် ထိုစေတီ၌ရုပ်ပွားတော်မှာလေးဆူသာပါရှိသည်။*၂

၃။ ချောင်းဦးမြို့၊ သီတာရုံကျေးရွာရှိ ရန်အောင်မြင်ငါးဆူဘုရား။

စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့၊ သီတာရုံရွာထိပ်ရှိ ရန်အောင်မြင်ဆင်းတုတော်ကြီး၏ဂန္ဓကုဋီအထက်တွင် စေတီငယ်ငါးဆူကို တစ်တန်းတည်းတည်ထားသဖြင့်၊ ငါးဆူစေတီပုံစံအသွင်တစ်မျိုးအဖြစ်ဖူးတွေ့ရသည်။*၃

၄။ မုံရွာမြို့၊ ညောင်ပင်ဝန်းကျေးရွာရှိ သစ္စာမဏ္ဍိုင်ငါးဆူဘုရား။

စစ်ကိုင်းတိုင်း၊ မုံရွာမြို့ ညောင်ပင်ဝန်းကျေးရွာ၌ သစ္စာမဏ္ဍိုင်ဓာတ်ပေါင်းစုဘုရားတွင် စေတီငယ်ငါးဆူကို အတန်းလိုက်တည်ထားသည်ကိုဖူးတွေ့ရသည်။

၅။ မန္တလေးတိုင်း၊ အမရပူရမြို့၊ တောင်သမန်အင်းထိပ်ရှိ ယက္ကန်းစင်တောင်ဆရာတော်ဦးဩဘာသ တည်ထားခဲ့သော ဒီပါအေးမြဓာတ်ပေါင်းစုငါးဆူစေတီတော်သည်လည်း အလယ်ပင်မစေတီနှင့်တကွ မုခ်စေတီလေးဆူပါရှိသောငါးဆူဘုရား–ဖြစ်သည်။


---

*၁ G.H.Luce' Old Burma-Early Pagan.I. Page-276; Inventory of Monuments at Pagan.VII. Page-246; The Pentagonal Monuments of Pagan. Page-14. ဦးဘော၏ ပုဂံရာဇဝင်သစ်။ (စာမျက်နှာ–၁၅၈)။


*၂ အရှင်ကေလာသ၏ မန္တလေးသာသနာဝင်၊ တတိယတွဲ။ ၁၉၈၇–ခုနှစ်။ (စာမျက်နှာ–၇၄)။

*၃ ယနေ့အခါ ထိုစေတီငါးဆူကိုပယ်ဖျက်ထားပြီးဖြစ်သည်။ ဆင်းတုတော်ကြီးကိုလည်း မင်းဝတ်မကိုင်ဆောင်းပုံ ပြောင်းလဲတည်ထားပါသည်။


http://www.dhammadownload.com



ပုဂံမြို့၊ ကျန်စစ်မင်းကြီးကောင်းမှု မင်းအိုချမ်းသာဘုရားငါးဆူ။
OB-EP, III, 1970, Pl.263.



ပုဂံမြို့၊ အာနန္ဒာဘုရားကြီး၏ကွမ်းတောင်ရှိမုခ်ကပ်ငယ်ငါးခု။
OB-EP, III, 1970, Pl.268.



အမရပူရမြို့၊ တောင်သမန်အင်းထိပ်ရှိ
ဒီပါအေးမြဓာတ်ပေါင်းစုငါးဆူစေတီတော်။
ဓာတ်ပုံ-ခဲဝင်း



သရေခေတ္တရာပြတိုက်ရှိ အေဒီ ၇-ရာစု
ပျူခေတ်လက်ရာ ဌာပနာတိုက်ဖုံးကျောက်ပြား။
Pichard, 1985, Pl.1.

http://www.dhammadownload.com

ငါးဆူဒါယကာမင်း (အေဒီ ၁၅၈၁–၁၅၉၉)

ဘုရင့်နောင်မင်းတရားကြီး (အေဒီ ၁၅၅၁–၁၅၈၁) ၏ သားတော် နန္ဒဘုရင် (အေဒီ ၁၅၈၁–၁၅၉၉) သည် 'ကေတုမတီတောင်ဂူမြို့တွင် သက္ကရာဇ် ၉၄၆–ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်နေ့ (၂၄၊ ၁၊ ၁၅၈၅) ရုပ်တုတော်ငါးဆူကို ကြေးဖြင့်သွန်းလုပ်တော်မူခဲ့ကြောင်း' တောင်ငူရာဇဝင်အကျဉ်းချုပ်၌ဖော်ပြထားပြီး၊ 'သက္ကရာဇ် ၉၅၀–ပြည့်နှစ်၊ ဝါဆိုလဆန်း (၁၁)ရက်၊ စနေနေ့ (၂၃၊၆၊ ၁၅၈၈) တွင် ကောင်းမှုတော်ဘုရားငါးဆူကိုတည်၍ အနေကဇာတင်ကြောင်း'ကို မှန်နန်းမဟာရာဇဝင်တော်ကြီး၊ တတိယတွဲ (စာမျက်နှာ–၈၇)၌ဖော်ပြထားသည်။ ဤသို့ ဘုရားငါးဆူတည်ခဲ့သောကြောင့် ထိုနန္ဒဘုရင်ကို 'ငါးဆူဒါယကာမင်း'ဟုခေါ်တွင်ခဲ့ကြသည်။

ထိုမင်းတည်ခဲ့သောဘုရားငါးဆူကား ယခုအခါ မည်သည့်ဌာနဒ္ဒါရိမှန်းမသိရသော်လည်း၊ 'သက္ကရာဇ် ၉၆၂–ခုနှစ် (အေဒီ ၁၆၀၀–ပြည့်နှစ်)တွင် ထိုနန္ဒမင်းအနီစွရောက်လိုသော် ကောင်းမှုတော်ဘုရားငါးဆူ မီးသင့်လောင်သည်'ဟု မှန်နန်းရာဇဝင်၊ တတိယတွဲ (စာမျက်နှာ–၁၀၇)၌ဖော်ပြထားပြန်သောကြောင့် နန္ဒဘုရင်၏ ဘုရားငါးဆူတို့ပျက်စီးခဲ့ပြီဟု မှတ်ယူဖွယ်ရာရှိလေသည်။ ထိုငါးဆူဒါယကာ (ခေါ်) နန္ဒဘုရင်သည် တောင်ငူမြို့၌လွန်တော်မူသဖြင့် တောင်ငူရောက်မင်းဟုလည်းခေါ်ဆိုကြပြန်သည်။[*၁]

ငါးဆူဒါယကာမင်း၏မိဖုရား စာဆိုရှင်ပဲခူးမိဖုရားရေးခဲ့သည့် ရတု(၂၉)ပုဒ်တို့တွင် အချို့သောရတု၌ နန္ဒဘုရင်၏ကုသိုလ်တော်ငါးဆူဘုရားအကြောင်းကို အောက်ပါအတိုင်းထည့်သွင်းရေးဖွဲ့ခဲ့သည်။

'ထားအရာစင်'–အစချီသောရတုပိုဒ်စုံ၊ တတိယပဒ၌–

နန်းတော်ရှေ့ဝယ်၊ ထွန်းသဖွယ်သာ။
ခြောက်သွယ်ရောင်ခြည်၊ ဝင်းဝင်းကြည်လျက်၊
ငါးမည်ရုပ်တူ၊ မြတ်ငါးဆူဝယ်–ဟူ၍လည်းကောင်း၊[*၂]

'အဆောင်ဆောင်လျှင်'–အစချီသောရတုပိုဒ်စုံ၌–

ငါးပါးစဉ်စီ၊ ရုပ်နောင်ညီကို၊
ရုံးချီတင်မြှောက်၊ ကျွန်ုပ်လျှောက်သည်၊
ပေါက်ပေါက်ရွှေတန်းဆောင်နှင့်လည်း။–[*၃]

တပြောင်ပြောင်လျှင်၊ ညီနောင်ငါးထွေ၊
ငါးဆူမွေကို၊ ထိပ်ဗွေတင်မြှောက်၊
ကျွန်ုပ်လျှောက်အံ့–ဟူ၍လည်းကောင်း[*၄]–ဖြစ်သည်။

ဆင်းတုတော်ငါးဆူ

ငါးမျက်နှာဘုရားနှင့် ငါးဆူစေတီတို့အကြောင်းကိုတင်ပြရာတွင် ထိုဘုရားစေတီတို့အတွင်း၌ ရုပ်ပွားတော်ငါးဆူတည်ရှိပုံတို့ကိုပါ ပူးတွဲဖော်ပြခဲ့ပါသည်။ သို့ပါသော် ဤဘဒ္ဒကမ္ပာ၌ပွင့်တော်မူသည့်ဘုရားရှင်ငါးဆူ

[*၁] ဒေါက်တာသန်းထွန်း၏ ငါးဆူဒါယကာမင်း(ဆောင်းပါး)။ ကလျာမဂ္ဂဇင်း။ နိဝင်ဘာလ၊ ၂၀၀၀–ပြည့်နှစ်။ (စာမျက်နှာ–၂၁)။

[*၂] လက်ဝဲနော်ရထာ၏ စာဆိုတော်များရတုပေါင်းချုပ်။ ၁၉၆၆–ခုနှစ်။ (စာမျက်နှာ–၁၃၇)။

[*၃] လက်ဝဲနော်ရထာ၏ စာဆိုတော်များရတုပေါင်းချုပ်။ ၁၉၆၆–ခုနှစ်။ (စာမျက်နှာ–၁၄၆)။

[*၄] လက်ဝဲနော်ရထာ၏ စာဆိုတော်များရတုပေါင်းချုပ်။ ၁၉၆၆–ခုနှစ်။ (စာမျက်နှာ–၁၄၆)။

http://www.dhammadownload.com

တို့အားရည်စူး၍ ဆင်းတုတော်ငါးဆူ တသီးတသန့်တည်ထားပုံအကြောင်းကိုလည်း တစ်ဆက်တည်းတင်ပြလိုပေသည်။[*၁]

အေဒီ ၁၂၇၅-ခုနှစ်ထိုး နရသီဟပတေ့မင်း၏အရိုးစောမိဖွားကျောက်စာ၊ (ကြောင်းရေ-၂၃)၌ 'ကက္ကုသန်၊ ဂေါနာဂုံမ၊ ကဿပ၊ ဂေါတမ၊ မိတ္တြေ့ ဤ ပုဂ္ဂ၅ ယောက် ဆင်ပုတစ်လေ့ယွဲ့ရင်၏'[*၂] ဟုရေးထိုးထား၍ ထိုကျောက်စာအရ မြန်မာနိုင်ငံ၌ ပုဂံခေတ်ကပင် ဘုရားငါးဆူပြုလုပ်သောအလေ့ရှိပုံကို သိနိုင်ပါသည်။

၁။ ပျဉ်ခေတ်ဌာပနာတိုက်ဖုံးမှဘုရားငါးဆူ။

၁၉၂၆-ခုနှစ်တွင် ပြည်မြို့အရှေ့တောင်ဘက် (၅) မိုင်ခန့်အကွာ မော်ဇာရှိ သရေခေတ္တရာမြို့ဟောင်းအတွင်း ကုလားကုန်းရွာ မောင်ခင်ဘိုင်သောယာမြေတွင် ဘုရားပြိုအုတ်ပုံကိုရှင်းလင်းရာမှ ကျောက်ပြားကြီးတစ်ချပ်ကိုတွေ့ရှိသည်။ ထိုကျောက်ချပ်ကြီးသည် ဌာပနာတိုက်ကိုဖုံးအုပ်ထားသောကျောက်ပြားချပ်ကြီးဖြစ်သည်။ အလျား ၅-ပေ၊ ၄-လက်မ။ အနံ ၄-ပေ၊ ၈-လက်မ။ ထုမှာ ၆-လက်မရှိသည်။ ထိုကျောက်ချပ်ကြီးပေါ်၌ ဟာမိက(ဓာတ်တော်တိုက်)၊ ဆတ္တဝလီ(ထီးရွက်အဆင့်ဆင့်၊ နောင်အခါ ဖောင်းရစ်) စသည်တို့ပါသော အလွန်ရှေးကျကာ အသောကမင်းလက်ထက်ကတည်ထားသည့်စေတီပုံမျိုးပါရှိသည်။ ထိုစေတီပုံတွင် မုခ်လိုဏ်ငါးခုထုတ်ထားပြီး မုခ်လိုဏ်တစ်ခုစီတွင် ဤဘဒ္ဒကမ္ပာ၌ပွင့်တော်မူမည့် 'သံ,ဂုံ,ပ,မ,ယျ' ဘုရားငါးဆူတို့၏တစ်ဆူစီပုံတို့ကို ဈာနမုဒ္ဒါ(လက်နှစ်ဖက်ဖြန့်၍ထပ်)ဟန်ဖြင့် ထည့်သွင်းထုလုပ်ထားလေသည်။ ဤလက်ရာကို ကျောက်စာဝန် ဒူရွိုင်ဇယ်(Duroiselle)က အေဒီ ၇-ရာစု သို့မဟုတ် ၈-ရာစုခေတ်ဦးလက်ရာဟုခန့်မှန်းထားသည်။[*၃] ဤဘုရားငါးဆူကျောက်ပြားမှာ မြန်မာနိုင်ငံ၌အစောဆုံးတွေ့ရသော ဘုရားငါးဆူပုံတော် အထောက်အထားဖြစ်သည်။

၂။ ပုဂံမြို့၊ အာနန္ဒာဘုရားကြီးကွမ်းတောင်ရှိ ဘုရားငါးဆူ။

ပုဂံမြို့၊ အာနန္ဒာဘုရားကြီး၏စေတီတော်အထက်ရှိကွမ်းတောင် (သီခရ-Square tower) သည် လေးဖျက်နှာကွမ်းတောင်ပုံ(Curvilinear Spire)ဖြစ်သည်။ ထိုကွမ်းတောင်ဖျက်နှာလေးဖက်ရှိ ကြက်လျှာ(Tower Glabe) နေရာ၌ မုခ်ကပ်(Niche)ငယ်ငါးခု အဆင့်ဆင့်စီလျက်ပါရှိသည်။ ထိုမုခ်ကပ်ငါးခုတို့တွင် မုခ်ကပ်တစ်ခုလျှင် ဘုရားတစ်ဆူကျ ထည့်သွင်းထားရှိသည်။ ဤသို့ ကွမ်းတောင်မုခ်ကပ်ငါးမုခ်အတွင်း၌ရှိနေသော ဆင်းတုတော်ငါးဆူတို့သည် ဤဘဒ္ဒကမ္ပာ၌ပွင့်တော်မူကြသည့် ဘုရားငါးဆူပုံတော်ဖြစ်သည်ဟု သိရိပျံခိုဦးမြက အပယ်ရတနာလိုဏ်ဂူဘုရားစာအုပ်၌ အောက်ပါအတိုင်းရေးသားခဲ့သည်။

---

*၁ ထေရဝါဒဗုဒ္ဓဘာသာဝင်တို့က 'သံ,ဂုံ,ပ,မ,ယျ' ဟု ဤဘဒ္ဒကမ္ပာ၌ပွင့်တော်မူသော ဘုရားငါးဆူကိုပူဇော်ကြပြီး၊ မြောက်ပိုင်းဗုဒ္ဓဘာသာဝင်တို့ကမူ 'အမိတာဘ,ဝေရောစန, ရတ္နသမ္ဘဝ, အမောဃသိဒ္ဓိနှင့် အက္ခောဘယျ' ဟု ဈာနိဗုဒ္ဓ (Dhyani Buddhas) ငါးဆူတို့ကို ပူဇော်ကြသောအလေ့ရှိသည်။ Lama Anagarika Govinda' Foundations of Tibetan Mysticism. 1975. Page-108, 121.

*၂ ဦးငြိမ်းမောင်၏ ရှေးဟောင်းမြန်မာကျောက်စာများ။ တတိယတွဲ။ ၁၉၈၃-ခုနှစ်။ (စာမျက်နှာ-၁၀၄)။

*၃ ASI. 1926-27. Page-171. Pl.38 c.; G. H. Luce' Phases of Pre-Pagan: Burma.I. 1985. Page-126.; II. Pl. 27.; The Pentagonal Monuments of Pagan. Page-4. Photo. 1,2. ဤကျောက်ပြားပုံနှင့် ပုံတူတစ်ခုကို နောက်ထပ်ရရှိခဲ့သည်။ ဦးစိန်မောင်ဦး၏ သရေခေတ္တရာမြို့ဟောင်း(စာတန်း)။ တပယ။ အတွဲ-၃၊ အပိုင်း-၁။ ၁၉၆၈-ခုနှစ်။ (စာမျက်နှာ-၁၇၀)။ ပုံ-၁။

http://www.dhammadownload.com

အရိမေတ္တေယျဘုရားလောင်းသည် ကျွန်ုပ်တို့၏သတ္တလောကနှင့်ဆက်စပ်လျက်ရှိကြောင်းကို ဗုဒ္ဓဝင်ကျမ်းများ၌ ထင်ရှားမတွေ့ရသော်လည်း ပုဂံမြို့ အာနန္ဒာဘုရားအထက်ထပ် ပြာသာဒ်ကျမ်းတောင် မျက်နှာပြင်လေးဖက်ရှိသည့်အနက် တစ်ဖက်တစ်ဖက်တွင် ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူလျက် တစ်ပုံစံတည်း ကျောက်ဆင်းတုတော်ကလေးငါးဆူရှိသည်။ တစ်ဆူတစ်ဆူလျှင် မုခ်လိုဏ်ဂူ တစ်ခုစီရှိသည်။ ထိုဆင်းတုတော်ကလေးငါးဆူမှာ လူတို့ ကိုးကွယ်ပူဇော်ရာအနေနှင့် ထုထွင်းပြုလုပ်ထားသော ဤဘဒ္ဒကမ္ပာတွင် ပွင့်ပြီးဖြစ်သော-(၁) ကကုသန်ဘုရား၊ (၂) ကောဏာဂုံဘုရား၊ (၃) ကဿပဘုရား၊ (၄) ဂေါတမဘုရား၊ (၅) အရိမေတ္တေယျဘုရား (နောင်ပွင့်မည့်ဘုရား) တို့၏ ရုပ်တုဆင်းတုတော်များဖြစ်ကြသည်-ဟုဖြစ်သည်။[*၁]

၃။ ပုဂံမြို့၊ မြင်းကပါတောင်ဘက် (ဘုရားအမှတ်-၁၁၄၈)ရှိ ဆင်းတုတော်ငါးဆူ။

ဤဂူဘုရားသည် စိုးမင်းကြီးပုထိုး(၁၁၄၅)၏တောင်ဘက်တွင်တည်ရှိပြီး တစ်ထပ်ဂူဘုရားငယ်ဖြစ်သည်။ ထိုဂူဘုရား၏အနီး၌ယှဉ်လျက် ပုံစံတူဂူဘုရားအမှတ်(၁၁၄၉)ကိုတွေ့ရသည်။ ဤဂူဘုရားအမှတ်(၁၁၄၈)အတွင်း ဂန္ဓကုဋီ၌ မြောက်ဘက်ကိုမျက်နှာမူလျက် ဆင်းတုတော်သုံးဆူနှင့် အရှေ့ဘက်ကိုမျက်နှာမူလျက် ဆင်းတုတော်တစ်ဆူ၊ အနောက်ဘက်ကိုမျက်နှာမူလျက် ဆင်းတုတော်တစ်ဆူ စုစုပေါင်းဆင်းတုတော်ငါးဆူကိုတွေ့ရသည်။ ပညာရှင် ပီချက် (Pichard) က 'အလွန်သေးသောဂူဘုရားအတွင်း ဤသို့ ဘုရားငါးဆူကိုတွေ့ရခြင်းမှာ ထူးခြားလှပေသည်' ဟု ဝေဖန်ရေးသားခဲ့သည်။ ဤဂူဘုရား၏နံရံများတွင် ဗုဒ္ဓခြေတော်ရာ၊ ကခုန်တီးမှုတ်နေပုံများ၊ ဆင်,မြင်း,ဒေါင်း,ယုန်စသော တိရစ္ဆာန်ပုံများ၊ မြားပစ်နေပုံများ၊ သမ္မဒ္ဓေဗုဒ္ဓရုပ်ပုံငယ်များ-စသည်တို့ကိုရေးဆွဲထားသည်။ ဤဂူဘုရားကို အေဒီ-၁၃ ရာစုလက်ရာဟု ခန့်မှန်းထားသည်။[*၂]

၄။ တောင်ဂူမြို့၊ ရွှေဆံတော်ဘုရားရှိဆင်းတုတော်ကြီးငါးဆူ။

တောင်ဂူမြို့ ရွှေဆံတော်ဘုရားတောင်ဘက်မုခ်ကို မျက်နှာပြု၍ တည်ဆောက်ထားသော အများကောင်းမှု ဂန္ဓကုဋီတိုက်အတွင်း၌ ဤဘဒ္ဒကမ္ပာ၌ပွင့်တော်မူသည့် ဘုရားငါးဆူဟန် ဆင်းတုတော်ကြီးငါးဆူကိန်းဝပ်စံပယ်လျက် ရှိပါသည်။ ထိုဆင်းတုတော်ငါးဆူတို့၏အလှူဒကာတို့မှာ (၁) ရွှေကုန်သည် ဦးဘရှိန်း-ဒေါ်သန်းသန်းမိသားစု၊ (၂) ဒေါ်ရင်မေမိသားစု၊ (၃) ဦးဆေး-ဒေါ်သန်းစိန်မိသားစု၊ (၄) ဦးထွန်းဝင်း-ဒေါ်မမလေးမိသားစုနှင့် (၅) ဦးပေါက်စ-ဒေါ်တင်ဥမိသားစုတို့ဖြစ်ကြပါသည်။[*၃]

၅။ သထုံမြို့၊ ရွှေစာရံဘုရားရှိဆင်းတုတော်ကြီးငါးဆူ။

သထုံမြို့၊ ရွှေစာရံဘုရားကြီး၏အရှေ့ဘက်မျက်နှာရှိ အာရုံခံဝတ်မမှာရံကြီးအတွင်း ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမနှင့်မေတ္တေယျ-ဟု ရုပ်ပွားတော်ကြီးငါးဆူ ပူဇော်ထားရှိသည်။ ထိုငါးဆူဘုရားတို့၏အလှူဒကာတို့မှာ မြေပိုင်ရှင်ဦးရွှေလေး ဘုရားအမဒေါ်စပယ်တို့ကိုအမှူးထား၍ သားသမီးတစ်စုတို့ဖြစ်သည်။[*၄]

---

*၁ သီရိပျံချီဦးမြတ်၏ အပယ်ရတနာလိုဏ်ဂူဘုရား။ ၁၉၆၁-ခုနှစ်။ (စာမျက်နှာ-၃၃)။

*၂ Inventory of Monuments at Pagan.V. Page-16. Fig.1148 g, 1148 h.

*၃ ဦးချမ်းမြတ်၏ တောင်ဂူရာဇဝင်အကျဉ်းချုပ်နှင့်ရွှေဆံတော်ဘုရားသမိုင်း။ ၁၉၉၀-ပြည့်နှစ်။ (စာမျက်နှာ-၁၀၂)။

*၄ လယ်တီဦးလှတင်၏ ရွှေစာရံသမိုင်း။ ၁၉၆၂-ခုနှစ်။ (စာမျက်နှာ-၄၄)။

http://www.dhammadownload.com

၆။ ပုသိမ်မြို့၊ ရွှေမုဋ္ဌောဘုရားကြီးအတွင်းရှိဆင်းတုတော်ကြီးငါးဆူ။

ပုသိမ်မြို့၊ ရွှေမုဋ္ဌောဘုရားကြီး၏အနောက်ဘက်မုခ် အာရုံခံတန်ဆောင်းကြီးအတွင်း ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမနှင့် မေတ္တေယျ-ဟု ဆင်းတုတော်ကြီးငါးဆူတို့ကို ကမ္ဘည်းစာနှင့်တကွပူဇော်ထားရှိသည်။

ဆင်းတုတော်ငါးဆူအုတ်ခွက်ဘုရားများ[*၁]

ဆင်းတုတော်ငါးဆူတည်ထားပူဇော်ကြပုံကိုဖော်ပြပြီးသည့်နောက် ဆင်းတုတော်ငါးဆူပါသော အုတ်ခွက်ဘုရားများအကြောင်းကိုလည်း တင်ပြလိုပေသည်။

၁။ ပုဂံမြို့၊ မောင်ချစ်စကုန်းမှရသော ငါးဆူအုတ်ခွက်ဘုရား။

ပုဂံမြို့၊ အာနန္ဒာဘုရားအရှေ့ဘက် မောင်ချစ်စကုန်းမှ အုတ်ခွက်ကျိုးနှစ်ခုကို ၁၉၂၆-ခုနှစ်၌ ရရှိခဲ့သည်။ ဤအုတ်ခွက်သည် ညောင်ရွက်ပုံသဏ္ဌာန်ရှိပြီး အလျား ၅-လက်မ၊ အဝန်း(ဗျက်)မှာ ၃-လက်မခွဲသာသာရှိသည်။ မျက်နှာဘက်တွင် ကြာပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူသော ဆင်းတုတော်ကလေးငါးဆူပါရှိသည်။ ထိုဆင်းတုတော်ငါးဆူတို့ကို အထက်ဆုံးတွင်တစ်ဆူ၊ အောက်တွင်နှစ်ဆူစီ နှစ်တန်း သီတင်းသုံးဟန်ပြုလုပ်ထားသည်။ ဆင်းတုတော်များကို ထူပါ(စေတီငယ်)ကလေးများဖြင့်ခြံရံထားသည်။ ထိုဆင်းတုတော်ငါးဆူတို့အောက်တွင် နာဂရီအက္ခရာဖြင့် ဝိနယပိဋကာ၊ မဟာဝဂ္ဂပါဠိတော်လာ 'ယေ ဓမ္မာ'ဂါထာ(ဝိ၊ ၃။၅၁)ကို ဖော်ပြထားသည်။ ထိုအုတ်ခွက်ဘုရား၏ကျောဘက်တွင် 'မုဂ္ဂလိပုတ္တာ စ ရယေ နာမပိတံ(ကုဒ် ဗုဒ္ဓရုပ်)'ဟု ပါဠိဘာသာစာသုံးကြောင်းကို လက်ရေးဖြင့်ရေးထိုးထားသည်။ အဓိပ္ပာယ်မှာ-'ဤဘုရားဆင်းတုတော်ကို (ဆရာတော်) မုဂ္ဂလိပုတ္တာဖန်တီးအပ်ပြီ'ဟုဖြစ်သည်။ သီရိပုံခိုင်းမြက 'ဤငါးဆူဘုရားအုတ်ခွက်အလှူရှင်ဆရာတော် အရှင်မုဂ္ဂလိပုတ္တာသည် ရာဇကုမာရ်ကျောက်စာ၌ပါ မောဂ္ဂလိပုတ္တတိဿထေရ်ဖြစ်နိုင်သည်'ဟု တင်ပြထားသည်။[*၂] ဤငါးဆူအုတ်ခွက်ဘုရားတို့ကို ပုဂံဒေသ၌ ထီးလိုမင်းလိုဘုရားအနောက်တောင်ဘက်ရှိ ဦးအောင်လှယာမှလည်းကောင်း၊[*၃] မြင်းကပါအနီး ပေါင်းကူမှလည်းကောင်း၊[*၄] မင်္ဂလာစေတီအနီးမှလည်းကောင်း[*၅] တွေ့ရှိရပါသည်။

၂။ ပဲခူးမြို့၊ ရွှေမော်ဓောပြတိုက်ရှိ ငါးဆူအုတ်ခွက်ဘုရား။

ပဲခူးမြို့၊ ရွှေမော်ဓောဘုရားပြတိုက်အတွင်း၌ပြသထားသော ဆင်းတုတော်ငါးဆူပါအုတ်ခွက်ဘုရားတွင် မျက်နှာဘက်၌ အတော်ပွန်းပဲ့တိုက်စားခြင်းခံထားရပြီး ဘုရားငါးဆူတို့၏ပုံတို့မှာ ခပ်ရေးရေးပေါ်ရုံမျှသာရှိတော့သည်။ ဤအုတ်ခွက်ဘုရားမှာ အမြင့် ၃-လက်မ၊ ဗျက် ၂-လက်မခွဲရှိသည်။[*၆]

---

*၁ Votive Tablet = အုတ်ခွက်ဘုရားကို မြေပုံဘုရား(ဒေါက်တာသန်းထွန်း)-ဟုလည်းခေါ်သည်။ ဒေါက်တာသန်းထွန်း၏ မြန်မာစီးဗုတ်မြေထည်ပစ္စည်း။ ၂၀၀၃-ခုနှစ်။ (စာမျက်နှာ-၆၁)။

*၂ ဦးမြ၏ ရွေးမောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ၊ ပထမတွဲ။ (စာမျက်နှာ-၃၇)။ ပုံ-၄၈ (က)၊ (ခ)။ G. H. Luce' Old Burma-Early Pagan.II. Page-50; III. Pl.61. a,b,c. ဗိလိမ္မဋဘရှင်၏ပုဂံမင်စာစုသုတေသနလုပ်ငန်း။ ၁၉၆၄-ခုနှစ်။ (စာမျက်နှာ-၅၃)။ ဤအုတ်ခွက်ပုံအတိုင်း နောက်ထပ်၍ အုတ်ခွက်တစ်ခုရရှိခဲ့သည်။ ဒေါက်တာသန်းထွန်း၏ ချစ်စကုန်းမြေပုံဘုရားစာ(ဆောင်းပါး)။ ကလျာမဂ္ဂဇင်း၊ အမှတ်(၁၃၉)။ ၁၉၉၆-ခုနှစ်။ (စာမျက်နှာ-၂၁)။

*၃ G.H.Luce' Old Burma-Early Pagan.III. Pl.61 d.


*၄ G.H.Luce' Old Burma-Early Pagan.III. Pl.61 e.

*၅ G.H.Luce' Old Burma-Early Pagan.III. Pl.62 a,b,c,d,e,f. Pl.63 a,b,c.

*၆ G.H. Luce' Old Burma-Early Pagan. II. Page-52; III. Pl.63 d.


http://www.dhammadownload.com

ငါးဆူပုံတော်ပါအုတ်ခွက်ဘုရား






ပုဂံမြို့၊ မောင်ချစ်စကုန်းမှရသော အရှင်မောဂ္ဂလိပုတ္တတိဿ၏ ဘုရားငါးဆူပုံတော်ပါအုတ်ခွက်ဘုရား။
OB-EP, III, 1970, Pl.61 a,c.



ငါးဆူအုတ်ခွက်ဘုရား(ပုဂံ)
OB-EP, III, 1970, Pl.61 b.



ငါးဆူအုတ်ခွက်ဘုရား(ပုဂံ)
OB-EP, III, 1970, Pl.61 d.




ငါးဆူအုတ်ခွက်ဘုရား(ပုဂံ)
OB-EP, III, 1970, Pl.61 e.



ငါးဆူအုတ်ခွက်ဘုရား(ပုဂံ)
OB-EP, III, 1970, Pl.62 a.



ငါးဆူအုတ်ခွက်ဘုရား(ပုဂံ)
OB-EP, III, 1970, Pl.62 b.



ငါးဆူအုတ်ခွက်ဘုရား(ပုဂံ)
OB-EP, III, 1970, Pl.62 e.

http://www.dhammadownload.com



ငါးဆူအုတ်ခွက်ဘုရား(ပုဂံ)
ယခု Musee Guimet, Paris.
Pichard, 1991, Phot.3.



ငါးဆူအုတ်ခွက်ဘုရား(ပဲခူး)
OB-EP, III, 1970, Pl.63 d.




ငါးဆူအုတ်ခွက်ဘုရား(ပုဂံ)
OB-EP, III, 1970, Pl.62 d.




ငါးဆူအုတ်ခွက်ဘုရား(ပုဂံ)
OB-EP, III, 1970, Pl.63 c.

http://www.dhammadownload.com




ကက်သျမီးယားနိုင်ငံ၊ ကျောက်တောင်နံရံကြီးတစ်ခုပေါ်၌ ဘုရားငါးဆူထုထွင်းထားရှိပုံ။
Snellogrove, 1978, Pg.354, Pl.278.




ဝက်ကြီးအင်းဂူဖြောက်ကြီး




ထိုင်းနိုင်ငံ၊ ဇင်းမယ်မြို့ရှိ
အုတ်ရိုးငါးဆက်ပြာသာဒ်။
ဦးဝင်းမောင်၊ ၁၉၉၆၊ ပုံ-၁၅(က)



ထိုင်းနိုင်ငံ၊ လန်ပန်းမြို့ရှိ
ငါးဆောင်သိမ်ပြာသာဒ်။
ဦးဝင်းမောင်၊ ၁၉၉၆၊ ပုံ-၁၅(ခ)



မင်းနန်းသူတရုပ်ပြေးဘုရား



မင်းနန်သူဘုရားသုံးဆူ

ပုဂံဘုရားနန်ရံပန်းချီမှ ငါးဆောင်ပြာသာဒ်များ။
ဦးဝင်းမောင်၊ ၁၉၉၆၊ ပုံ-၆၊၇၊၈

http://www.dhammadownload.com

၃။ ပြင်သစ်နိုင်ငံ၊ ***Musée Guimet*** ပြတိုက်ရှိ ပုဂံခေတ်လက်ရာငါးဆူအုတ်ခွက်ဘုရား။

ဤအုတ်ခွက်ဘုရားတွင် အလယ်၌ ဘူမိဖဿမုဒြဟန်ဆင်းတုတော်တစ်ဆူပါရှိပြီး အချိုးအစားကျနလှသည်။ အရံဗုဒ္ဓလေးဆူပုံတော်သည်ကား ရောင်ခြည်ဝန်းနောက်ခံ၊ ညောင်ရွက်များဖြင့် ကြည့်ညှိဖွယ်တင့်တယ်လှသည်။ ဆင်းတုတော်တို့အောက်ခြေ၌ နာဂရီစာနှစ်ကြောင်းရေးထိုးထားပါသည်။*[၁]

ပြည်ပအနေဖြင့် ကက်သျှမီးယားနိုင်ငံ၊ Ladakh ဒေသ၊ Leh အရှေ့ဖျားရှိ ကျောက်တောင်နံရံကြီးပေါ်တွင် ထုထွင်းထားသော အေဒီ ၁၁/၁၂-ရာစုလက်ရာ မတ်ရပ်ဘုရားငါးဆူတို့ကိုလည်းတွေ့ရှိရသည်။*[၂]

ဘုရားစေတီငါးဆူသာမက မင်းတို့အသုံးအဆောင်ဖြစ်သောနန်းပြဿဒ်တို့တွင်လည်း ဘုံငါးဆင့်၊ ပြာသာဒ်ငါးဆောင် စသည်ဖြင့်ပြုလုပ်သုံးစွဲပုံကို ရခိုင်ပြည်နယ်၊ ရှစ်သောင်းဘုရားရှိ ကျောက်ရုပ်ကြွပုံနှင့် ပုဂံမြို့၊ ဝက်ကြီးအင်းရှိ ဂူပြောက်ကြီးစေတီနံရံ(အေဒီ ၁၂-ရာစု)၊ မင်းနန်သူရှာရှိဘုရားသုံးဆူနှင့် တရုတ်ပြေးဘုရားနံရံ (အေဒီ ၁၃-ရာစု)တို့တွင် ပန်းချီတို့ဖြင့်သရုပ်ဖော်ထားသည်ကိုလည်းတွေ့နိုင်ပါသည်။*[၃]

မဟတ္တေယျရှင်နှင့်နှစ်ကျိပ်ရှစ်ဆူဘုရား

မဟတ္တေယျရှင်၏ပုံတော်ရုပ်တုတော်ကို ဤဘဒ္ဒကမ္ပာ၌ပွင့်တော်မူသည့် 'သံ,ဂုံ,ပ,မ' ဘုရားလေးဆူတို့နှင့် အတူတွဲလျက် ဖူးတွေ့ကြရပုံအကြောင်းကို တင်ပြပြီးသည့်နောက်၊ မဟတ္တေယျရှင်၏ပုံတော်ရုပ်တုတော်ကို ဤဘဒ္ဒကမ္ပာမှ နောက်သို့ပြန်၍ရေတွက်သော် (၁၆)သချေါနှင့်ကမ္ဘာတစ်သိန်းကာလကစ၍ ပွင့်တော်မူခဲ့သော တဏှာရာအစ ဂေါတမဘုရားရှင်အဆုံး နှစ်ကျိပ်ရှစ်ဆူသောဘုရားရှင်တို့နှင့်အတူတွဲလျက် ဖူးတွေ့ရပုံ အကြောင်းကို ဆက်လက်တင်ပြလိုပါသည်။

နှစ်ကျိပ်ရှစ်ဆူသောဘုရားရှင်တို့မှာ*[၄] (၁) တဏှာရာ၊ (၂) မေဓင်္ကရာ၊ (၃) သရဏင်္ကရာ၊ (၄) ဒီပင်္ကရာ၊ (၅) ကောဏ္ဍညော၊ (၆) မင်္ဂလ၊ (၇) သုမန၊ (၈) ရေဝတ၊ (၉) သောဘိတ၊ (၁၀) အနောမဒဿီ၊ (၁၁) ပဒုမ၊ (၁၂) နာရဒ၊ (၁၃) ပဒုမုတ္တရ၊ (၁၄) သုမေဓ၊ (၁၅) သုဇာတ၊ (၁၆) ပိယဒဿီ၊ (၁၇) အတ္ထဒဿီ၊ (၁၈) ဓမ္မဒဿီ၊ (၁၉) သိဒ္ဓတ္ထ၊ (၂၀) တိဿ၊ (၂၁) ဖုဿ၊ (၂၂) ဝိပဿီ၊ (၂၃) သိခီ၊ (၂၄) ဝေဿဘူ၊ (၂၅) ကကုသန်၊ (၂၆) ကောဏာဂုံ၊ (၂၇) ကဿပနှင့် (၂၈) ဂေါတမဘုရားရှင်တို့ဖြစ်တော်မူပါသည်။

ပုဂံမြို့ရှိ ဘုရားအမှတ်-၁၄၁ (ချောက်ဖျလှငယ်)၊ ဘုရားအမှတ်-၂၉၈ (ဝက်ကြီးအင်းဂူပြောက်ကြီး)၊ ဘုရားအမှတ်-၃၇၄ (အလိုပြည့်)၊ ဘုရားအမှတ်-၄၄၇ (လေးမျက်နှာ)၊ ဘုရားအမှတ်-၄၇၇ (ဘုရားသုံးဆူ)၊ ဘုရားအမှတ်-၅၇၇ (နန္ဒမည)၊ ဘုရားအမှတ်-၇၄၈ (စူဠာမဏိ)၊ ဘုရားအမှတ်-၁၁၉၂ (နဂါးရုံ)၊ ဘုရားအမှတ်-၁၂၁၉ (ကျဆင်း)၊ ဘုရားအမှတ်-၁၅၈၀ (လောကထိပ်ပန်) စသည်တို့တွင် နှစ်ကျိပ်ရှစ်ဆူဘုရားတို့၏ရုပ်ပုံတော်တို့ကို မိုရာဗောဓိပင်တို့နှင့်တကွ နံရံပေါ်၌ဆေးရေးပြုလုပ်ထားသည်ကိုဖူးတွေ့နိုင်ပါသည်။*[၅]

---

*[၁] Guimet Museum, Paris. Cat. No. M.A. 2692. The Pentagonal Monuments of Pagan. Page-5. Photo. 3.; U Mg Mg Lay' A Rare Myanmar Votive Tablet in Paris. ITBMU Magazine. 2003. Page-55.

*[၂] The Image of The Buddha. 1978. Page-354. Pl.278.

*[၃] ဦးဝင်းမောင်(တမ္ဗဝတီ)၏ ကမ္ဘောဇသာဒီနန်းတော်မြေနန်းပြဿဒ်တော်အဆောင်စုအဆိုပြုပုံစံ(၄)။ (ပုံ-၆၊ ၇၊ ၁၂)။

*[၄] ဂေါတမဘုရားရှင်ဗျာဒိတ်ခံယူသောကမ္ဘာမှစ၍ ပွင့်တော်မူခဲ့သောဘုရားရှင်တို့၏ အရေအတွက်ကိုရည်ရွယ်၍ (၂၈)ဆူသောဘုရားဟုဆိုခြင်းဖြစ်သည်။ ဂေါတမဘုရားရှင်ဗျာဒိတ်ခံသောကမ္ဘာ၌ တဏှာရာ၊ မေဓင်္ကရာ၊ သရဏင်္ကရာနှင့် ဒီပင်္ကရာဟု ဘုရားလေးဆူပွင့်ရာတွင် နောက်ဆုံးပွင့်သော ဒီပင်္ကရာဘုရားရှင်ထံ၌ ဂေါတမဘုရားရှင်သည် ဗျာဒိတ်ခံယူခဲ့ခြင်းဖြစ်သည်။


*[၅] G.H. Luce' Old Burma-Early Pagan.I. Page-391. The Pentagonal Monuments of Pagan. Page-6. Photo-4,5.

http://www.dhammadownload.com


ဆင်းတုတော်(၃၁)ဆူပါ အုတ်ခွက်ဘုရားများ



အနောက်ဖက်လိပ်ဘုရား(၁၀၃၁)မှရသော အနိရုဒ္ဓမင်း၏အုတ်ခွက်ဘုရား(ပုံ)
OB-EP, III, 1970, Pl.10 a.




အနိရုဒ္ဓမင်း၏အုတ်ခွက်ဘုရား(ပုံ)
OB-EP, III, 1970, Pl.11 a.




(၃၁)ဆူအုတ်ခွက်ဘုရား(ပုံ)
OB-EP, III, 1970, Pl.11 e.



အနိရုဒ္ဓမင်း၏အုတ်ခွက်ဘုရား(ပုံ)
OB-EP, III, 1970, Pl.11 c.



အနိရုဒ္ဓမင်း၏အုတ်ခွက်ဘုရား(ပုံ)
OB-EP, III, 1970, Pl.11 f.



အနိရုဒ္ဓမင်း၏အုတ်ခွက်ဘုရား(ပုံ)
OB-EP, III, 1970, Pl.11 h.

http://www.dhammadownload.com

ပုဂံဘုရားတို့၌ နှစ်ကျိပ်ရှစ်ဆူသောဘုရားရှင်တို့၏ဗုဒ္ဓုပ္ပတ္တိအကျဉ်းကိုလည်း မင်စာဖြင့်ရေးသားကြရာတွင် ဝက်ကြီးအင်းဂူပြောက်ကြီး(ဘုရားအမှတ်-၂၉၈)တွင် ဂေါတမဗုဒ္ဓဝင်အကြောင်းဖော်ပြရာ၌ မေတ္တေယျဘုရားအလောင်း(အဇိတပဉ္စင်းငယ်)ဗျာဒိတ်ခံယူရပုံအကြောင်းကိုဖော်ပြထားသည်။[*၁] ထိုနံရံမင်စာတို့တွင် မေတ္တေယျရှင်အကြောင်းကိုကား သီးခြားဖော်ပြထားခြင်းမရှိပေ။ ဂေါတမဘုရားရှင်ထံမှ မေတ္တေယျဘုရားအလောင်းဗျာဒိတ်ခံယူပုံကို ပုဂံ၌ နဂါးရုံဘုရား(ဘုရားအမှတ်-၁၁၉၂)ရှိ ဗုဒ္ဓဝင်ကျောက်ဆစ်လက်ရာတစ်ဆူတွင်ရှားရှားပါးပါးတွေ့ရသည်။[*၂]

သို့ပါသော် အနော်ရထာမင်းကြီး(အေဒီ ၁၀၄၄-၁၀၇၇)၏ကောင်းမှုဟုယူဆရသော အုတ်ခွက်ဘုရားတစ်ဆူ၌ တဏှင်္ကရာဘုရားအစ ဂေါတမဘုရားရှင်အဆုံး နှစ်ကျိပ်ရှစ်ဆူသောဘုရားရှင်တို့နှင့်အတူ မေတ္တေယျ (လက်ဝဲ)နှင့် လောကနာထ(လက်ယာ)ဘုရားအလောင်းနှစ်ဆူတို့၏ပုံတော်ကိုပါထည့်၍ အလယ်၌ ပင်မဗုဒ္ဓရုပ်ပွားတော်အပါအဝင် စုစုပေါင်း(၃၁)ဆူသောရုပ်ပုံတို့ သွန်းလုပ်ထားသော အုတ်ခွက်ဘုရားတစ်ဆူကို ထူးထူးခြားခြားတွေ့ရသည်။ ထိုအုတ်ခွက်၏ကျောဘက်တွင် အနော်ရထာမင်းကြီးကောင်းမှုအုတ်ခွက်တို့၌တွေ့ရမြဲဖြစ်သော 'သော ဘဂဝါ'အစချီသော လက်ရေးစာသုံးကြောင်း ရေးထိုးပါရှိသည်။[*၃]

ဤသို့ မေတ္တေယျနှင့်လောကနာထဘုရားအလောင်းပုံပါသော (၃၁)ဆူအုတ်ခွက်ဘုရားပုံတော်မျိုးကို ပုဂံမြို့ ဖက်လိပ်ဘုရားနှစ်ဆူ (ဘုရားအမှတ်-၁၀၃၀/၁၀၃၁)၊ ရွှေဆံတော်ဘုရား (ဘုရားအမှတ်-၁၅၆၈) နှင့် ပြည်မြို့ ဗောဗောကြီးဘုရားနှင့် မင်းဘူးဒေသတို့၌တွေ့ရသည်ဟု ပညာရှင်တို့ထုတ်ဖော်ရေးသားခဲ့ကြသည်။[*၄]

မေတ္တေယျရှင်နှင့်ဘုရားသုံးဆူကိုးကွယ်မှု

မေတ္တေယျရှင်အပါအဝင် 'သံ-ဂုံ-ပ-မ-ယျ'ဟု ဤဘဒ္ဒကမ္မာ၌ပွင့်တော်မူကြသည့် ဘုရားငါးဆူနှင့် နှစ်ကျိပ်ရှစ်ဆူသောဘုရားရှင်တို့၏အကြောင်းကိုတင်ပြပြီးသည့်နောက်၊ တြိမူနိ(Triad)ဟုဆိုနိုင်သော မေတ္တေယျရှင်အပါအဝင် ဘုရားသုံးဆူရုပ်ပွားဆင်းတုပြုလုပ်ပူဇော်မှုအကြောင်းကို ဆက်၍တင်ပြပါမည်။

ဗုဒ္ဓဘာသာ၌ 'ဘုရား(ဗုဒ္ဓ)၊ တရား(ဓမ္မ)၊ သံဃာ(သံဃ)'ဟု အလေးထားကိုးကွယ်ရာ ရတနာသုံးဖြာကို ပါဠိလို 'တိရတန'ဟုခေါ်သည်။ ဗုဒ္ဓဘာသာ၌ တိရတနခေါ် ရတနာသုံးပါးရှိသကဲ့သို့၊ ဟိန္ဒူဘာသာတွင် တြိမူရ်တိ(Trimūrti)နှင့် ဂျိန်းဘာသာတွင်လည်း တြိရတ္တ (Triratna)ဟု သူတို့ဘာသာအလျောက် ဓမ္မသုံးမျိုး၊ ဘုရားသုံးပါး-စသည်ဖြင့် အသီးသီးရှိကြလေသည်။[*၅] ရံခါ၌ ဗုဒ္ဓ၏စက်လက္ခဏာ၌ပါရှိသော နန္ဒိယာဝဋ္ဋ(နန္ဒိပဒ) ခေါ် ဧလပ်ပန်း (*Erratima coronaria*, The Wax Flower) အမှတ်အသားသည်လည်း တိရတနကိုရည်ညွှန်းကြောင်း သတိမူရသည်။[*၆]

---

*၁ G.H. Luce' Old Burma-Early Pagan.I. Page-397.

*၂ G.H. Luce' Old Burma-Early Pagan.II. Page-106; III. Pl.200. a.

*၃ ဦးမြစ်၏ ရှေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ။ ပထမတွဲ။ (စာမျက်နှာ-၁၄)။ ပုံ-၁၀။ ထိုဘုရားအလောင်းနှစ်ဆူကို ဦးမြက 'လောကနာထဘုရားလောင်း၏ပုံတော်များ'ဟုဖော်ပြထားသည်။ ဒေါက်တာလုစ်(Luce)ကမူ လောကနာထနှင့်မေတ္တေယျဘုရားအလောင်းဟု ဖော်ပြထားသည်။ G. H. Luce' Old Burma-Early Pagan.II. Page-6; III. Pl.10 a.b. The Pentagonal. Monuments of Pagan. Page-5.

*၄ G. H. Luce' Old Burma-Early Pagan.I. Page 192-193; II. Page-7; III. Pl.11 a, c, e, f, i.

*၅ ထိုရတနာသုံးပါးကို ဟိန္ဒူဘာသာ၌ 'သိဝ၊ ဗိဿနိုးနှင့် ဗြဟ္မာ'၊ ဂျိန်းဘာသာ၌ 'သမ္မာဒဿန၊ သမ္မာဉာဏနှင့် သမ္မာစရိယ'၊ မြောက်ဝိုင်းဗုဒ္ဓဘာသာဝင်တို့ကမူ ဟိန္ဒူဘာသာရှိ တြိရတ္တကိုမှီခိုရှိ၍ 'ဂေါတမဗုဒ္ဓ (သက္ကမုနိ)၊ အဝလောကိတေသွရဂုဏ် မေတ္တေယျ'ဟု ဘုရားသုံးဆူပြုလုပ်ပူဇော်ကြသည်။

*၆ Dr. A.L. Srivastava' Nandyavarta. 1991. Page-9. ဒေါက်တာသန်းထွန်း၏ ဧလပ်စကြာ(ဆောင်းပါး)။ ကလျာမဂ္ဂဇင်း။ အမှတ်-၁၄၃။ ၁၉၉၇-ခုနှစ်။ (စာမျက်နှာ-၂၁)။

http://www.dhammadownload.com

ဗုဒ္ဓ,ဓမ္မ,သံဃ–ဟုဆိုအပ်သော ရတနာသုံးပါး၏အမှတ်အသားကိုဖော်ပြရာတွင် အိန္ဒိယနိုင်ငံရှိ ဘရ်ဟုတ် (Barhut) နှင့် ဆန်ချီ (Sanchi) စေတီတော်တို့၌ ဗုဒ္ဓရတနာ၏သင်္ကေတအဖြစ် စကြာပုံ(စက္က)၊ ခြေတော်ရာ၊ ဗောဓိပင်၊ နန္ဒိပဒ ခေါ် နန္ဒိယာဝဋ္ဋ စသည်တို့ကိုဖော်ပြထားပြီး၊ ဓမ္မရတနာ၏သင်္ကေတအဖြစ် စကြာပုံ(စက္က) အမှတ်အသားအမျိုးမျိုးကိုဖော်ပြခဲ့ကြသည်။ သံဃာရတနာအတွက်သင်္ကေတကိုမူကား မတွေ့ရပေ။[*၁] နိဂုံး နိုင်ငံ၌ ထိုရတနာသုံးပါးကို ဆင်းတုတော်သုံးဆူတို့ဖြင့် သရုပ်ဖော်ထားကြောင်းကို တွေ့ရသည်။[*၂]

မြန်မာနိုင်ငံ ပုဂံခေတ်စေတီပုထိုးများတွင်လည်း ဆင်းတုတော်သုံးဆူ ပူဇော်ထားသည့်အလေ့ကို တွေ့ရသည်။ သင်္ကရာဇ် ၆၄၅–ခု (အေဒီ ၁၂၈၃–ခုနှစ်)ထိုး သတင်းသည်အပယ်ငယ်ကျောက်စာ (ကြောင်းရေ–၆) ၌ 'ရှုယ် မွန် တိ သော ပုရာ အဆင်ပု ၃ ဆူ ပ္ပ္ပါရှုယ်'ဟု ရေးထိုးထားလေသည်။[*၃] ထိုသို့ ဘုရားသုံးဆူပူဇော်ထားခြင်းသည် အတိတ်,ပစ္စုပ္ပန်,အနာဂတ် ကာလသုံးပါးတို့၌တည်ရှိသော ဘုရားရှင်တို့ကိုရည်မှန်း၍ ထားရှိပူဇော်ခြင်းဖြစ်သည်ဟု ယူဆကြသည်။[*၄] ထိုကာလသုံးပါးတွင် အနာဂတ်ကာလဆိုင်ရာဘုရားမှာ လက်ငင်းပွင့်လတ္တံ့ဖြစ်သော မေတ္တေယျရှင်ကိုရည်မှန်းခြင်းဖြစ်သည်။

ပုဂံမြို့၌ အတိတ်,အနာဂတ်,ပစ္စုပ္ပန်တို့၌ပွင့်တော်မူကြသော ဘုရားသုံးဆူကိုရည်၍ တည်ထားအပ်သည်ဟု ဆိုနိုင်သော ဆင်းတုတော်သုံးဆူပါဘုရားများမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ပုဂံမြို့၊ ဝက်ကြီးအင်းတောင်ဘက်ဆူးလေကုန်းရှိ (ဘုရားအမှတ်–၃၂၀)။

ဤဂူဘုရားအတွင်း မူလဂန္ဓကုဋိကြီးအတွင်း၌ အရှေ့ဘက်ကိုမျက်နှာမူလျက် ဆင်းတုတော်ကြီးသုံးဆူကို ဖူးတွေ့ရပါသည်။ ထိုဆင်းတုတော်သုံးဆူတွင် အလယ်ဆင်းတုတော်သည် ထုထည်ကြီးမားသည်။ ဆင်းတုတော်သုံးဆူလုံး ဘူမိဖဿမုဒြ(လက်တော်မြေထိ)ဟန်ချည်းဖြစ်သည်။ ဤဂူဘုရားကို အေဒီ ၁၃–ရာစုလက်ရာဟု ခန့်မှန်းထားသည်။[*၅]

၂။ ပုဂံမြို့၊ မြင်းကပါနှင့်သီရိပစ္စယာအကြား (ဘုရားအမှတ်–၁၀၈၁)။

ဤဂူဘုရားသည် စိမ်းညက်ညီအမဂူဘုရား၏အနောက်ဘက်တွင်တည်ရှိသည်။ တစ်ထပ်ဂူဘုရားဖြစ်သည်။ ဂူဘုရားအတွင်း အရှေ့ဘက်သို့မျက်နှာမူလျက် ဆင်းတုတော်သုံးဆူကိုတွေ့ရသည်။ ထိုဆင်းတုတော်သုံးဆူမှာ အတော်ပျက်စီးလျက်ရှိနေပြီ။ အလယ်ဆင်းတုတော်သည် နံဘေးရှိဆင်းတုတော်နှစ်ဆူထက် ထုထည်ပို၍ကြီးသည်။ ဤဂူဘုရားအတွင်းရေးထားသောမင်စာအရ အေဒီ ၁၆–ရာစုခန့်တွင်ပြင်ဆင်ခဲ့ကြောင်း သိရှိရသည်။ ဤဂူဘုရားကို အေဒီ ၁၃–ရာစုလက်ရာဟုခန့်မှန်းထားသည်။[*၆]

၃။ ပုဂံမြို့၊ မြင်းကပါတောင်ဘက်ရှိနဂါးရုံဘုရား (ဘုရားအမှတ်–၁၁၉၂)။

နဂါးရုံဘုရားသည် ကျန်စစ်မင်းကြီးလက်ထက်(အေဒီ ၁၀၈၄–၁၁၁၂)၌တည်ထားခဲ့သည်ဟုယူဆကြပြီး၊ ဤဘုရား၌ တံတိုင်းနှစ်ထပ်ရှိခြင်း၊ တံတိုင်းအတွင်းရှိ ဘုရားရင်ပြင်၌ စဉ့်စိမ်းသုတ်အုတ်များခင်းထားခြင်း

---

*၁ A. Cunningham' The Bhilsa Topes. 1968. Pl.XXXI, Pl.XXXII.

*၂ B.Bhattacharyya' The Indian Buddhist Iconography. Page-32. Pl.9,10,11.


*၃ ဦးငြိမ်းမောင်၏ ရှေးဟောင်းမြန်မာကျောက်စာများ၊ တတိယတွဲ၊ ၁၉၈၃–ခုနှစ်၊ (စာမျက်နှာ–၁၃၈)။

*၄ The Image of The Buddha. Page-283.

*၅ Inventory of Monuments at Pagan.II. Page-97. Fig.320 h.


*၆ Inventory of Monuments at Pagan.IV. Page-327. Fig.1081 i.

http://www.dhammadownload.com



ဘုရားအမှတ်-၃၂၀၊ ပုဂံ
Pichard, 1993, Pg.96, Pl.320 d.

ဘုရားအမှတ်(၃၂၀)အတွင်းရှိ ဆင်းတုတော်သုံးဆူ
Pichard, 1993, Pg.97, Pl.320 h.



ပုဂံမြို့၊ နဂါးရုံဘုရား(၁၁၉၂)အတွင်းရှိ
ဆင်းတုတော်သုံးဆူ
OB-EP, III, 1970, Pl.192 a.





ပုဂံမြို့၊ ကျဆင်းဘုရား(၁၂၁၉)အတွင်းရှိ
ဆင်းတုတော်ကြီးအားရံထားသည့်
ဆင်းတုတော်တစ်ဆူ(မြောက်ဖက်မှ)
Pichard, 1993, Pg.116, Pl.1219 k.

http://www.dhammadownload.com

ဘုရားအတွင်းရှိ နံရံအချို့မျာ၌ လက်ရာမြောက်လှသော ဗုဒ္ဓဝင်ကျောက်ရုပ်တုများရှိခြင်း–စသည်တို့ကြောင့် ပုဂံဘုရားပုထိုးများစွာတို့တွင်ထင်ရှား၍ စိတ်ဝင်စားဖွယ် လေ့လာဖွယ်ကောင်းသောဘုရားတစ်ဆူဖြစ်သည်။ ဤဘုရားသည် တစ်ထပ်ဂူဘုရားဖြစ်ပြီး မြောက်ဘက်၌ ဝင်ပေါက်မုခ်ကြီးရှိသည်။ ထိုမြောက်ဘက်မုခ်မှဝင်ခဲ့လျှင် ဂန္ဓကုဋိအငယ်တစ်ဆောင်ကိုကျော်ဖြတ်ပြီးမှ မူလဂန္ဓကုဋိတိုက်ကြီးအတွင်းသို့ရောက်နိုင်သည်။ ထိုဂန္ဓကုဋိတိုက်ကြီးအတွင်း မြောက်ဘက်သို့မျက်နှာမူထားသော မတ်ရပ်ဆင်းတုတော်သုံးဆူရှိသည်။ အလယ်မတ်ရပ်ဆင်းတုတော်ကြီးမှာ ပမာဏအားဖြင့်ကြီး၍ နဂါးသုံးကောင် ပါးပျဉ်းမိုးထားသည်။ လက်တော်မှာ ဝရဒ(ဆုပေး)နှင့် အဘယ(ဘေးမရှိပြု)မုဒြာဟန်ဖြစ်သည်။ ထိုဆင်းတုတော်ကြီးကိုရံလျက် မတ်ရပ်ဆင်းတုတော်နှစ်ဆူရှိသည်။*၁

၄။ ပုဂံမြို့၊ မြင်းကပါတောင်ဘက်ရှိကျဆင်းဘုရား (ဘုရားအမှတ်–၁၂၁၉)။

ဤဘုရားသည် မြင်းကပါရွာ၏တောင်ဘက်တွင်တည်ရှိသည်။ ဤဂူဘုရားအတွင်း အေဒီ ၁၂၂၃–ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၅–ရက်နေ့ရေးထားသော မင်စာအထောက်အထားအရ သက္ကရာဇ် ၄၈၅–ခု(အေဒီ ၁၁၂၅–ခုနှစ်)တွင် ဗာရုစီဆိုသူက ဤဘုရားကိုစတင်တည်ခဲ့ရာအပြီးမသတ်သဖြင့်၊ သက္ကရာဇ် ၅၈၉–ခု (အေဒီ ၁၂၁၈–ခုနှစ်)တွင် သင်တြအိုလ်ဆိုသူက ဆက်လက်တည်ဆောက်ရာ သက္ကရာဇ် ၅၈၅–ခု(အေဒီ ၁၂၂၃–ခုနှစ်)တွင် အပြီးသတ်ခဲ့သည်။ ဤဂူဘုရားကို 'ငတြေလောက်လုငဝါးဗိုလ်'ဟု ဘွဲ့အမည်ပေးခဲ့သည်။ ဤဂူဘုရားကို အေဒီ ၁၃–ရာစုလက်ရာဟု ခန့်မှန်းထားသည်။ ဤဂူဘုရား၏မြေညီထပ်ရှိ ဂန္ဓကုဋိတိုက်အတွင်း အရှေ့ဘက်သို့ မျက်နှာမူ၍တည်ထားသော ဆင်းတုတော်ကြီးသုံးဆူကို ဖူးတွေ့နိုင်သည်။ထိုဆင်းတုတော်သုံးဆူတွင် အလယ်ဆင်းတုတော်မှာ ထုထည်ကြီးမားပြီး လက်တော်မှာ ဘူမိဖဿ(လက်မြေထိ)မုဒြာဟန်ဖြစ်သည်။ ထိုဆင်းတုတော်ကြီး၏ဘေးနှစ်ဖက်ရှိ ဆင်းတုတော်နှစ်ဆူမှာ ပလမ္ဗပါဒါသနထိုင်တော်မူဟန် (ခြေနှစ်ဖက်ချ၊ ခြေစုံတွဲလွဲချ၊ ဥရောပထိုင်ဟန်–European fashion) ဖြင့်တွေ့ရသည်။*၂

၅။ ပုဂံမြို့၊ မြင်းကပါအရှေ့တောင်ရှိရှင်ဥတ္တမဘုရား (ဘုရားအမှတ်–၁၂၃၇)။

ဤဘုရားသည် နန်းဘုရား(၁၂၃၉)၏ အရှေ့ဘက်တွင်ရှိသည်။ တစ်ထပ်ဂူဘုရားဖြစ်သည်။ ဤဘုရား၏ မူလဂန္ဓကုဋိတိုက်အတွင်း အရှေ့ဘက်သို့မျက်နှာမူထားသော ထိုင်တော်မူဆင်းတုတော်သုံးဆူကိုတွေ့ရသည်။ ထိုဆင်းတုတော်သုံးဆူတွင် အလယ်ဆင်းတုတော်သည် အရံဆင်းတုတော်နှစ်ဆူထက် ထုထည်အချိုးအစားကြီးမားသည်။ ဤဂူဘုရားကို အေဒီ ၁၃–ရာစုလက်ရာဟုခန့်မှန်းထားသည်။*၃

၆။ ပုဂံမြို့၊ မြင်းကပါရှိမနုဟာဘုရား (ဘုရားအမှတ်–၁၂၄၀)။

ဤဘုရားတွင် အဆောက်အအုံနှင့်အပြည့် နေရာရနိုင်သလောက်တည်ထားသော ဆင်းတုတော်ကြီးများကြောင့် စိတ်ဝင်စားဖွယ်ဖြစ်နေသည်။ သို့သော် ခေတ်သစ်ပညာရှင်များကမူ ဤသို့ အဆောက်အအုံနှင့် ဆင်းတုတော်တို့ ပြည့်ကျပ်စွာတည်ထားမှုသည် ဗိသုကာပညာလက်ရာစွမ်းပြခြင်းဖြစ်ပြီး ထိုဘုရားကောင်းမှုရှင် မနုဟာ၏ အနိမ့်စံဘဝအကျဉ်းကျနေပုံနှင့် သက်ဆိုင်ခြင်းမရှိပါဟု ရှင်းလင်းတင်ပြခဲ့ကြသည်။*၄

---


*၁ G.H. Luce' Old Burma-Early Pagan.III. Pl.192 a; Inventory of Monuments at Pagan.V. Page-76. Fig.1192 q.

*၂ Inventory of Monuments at Pagan.Vol.V. Page-116. Fig.1219i, 1219 j, 1219k. ဦးဗိုကော်၏ပုဂံသုတေသနလမ်းညွှန်။ ၁၉၈၁–ခုနှစ်။ (စာမျက်နှာ–၃၃၇)။ ဦးဆွဲ၏ နှစ်အမည်ပါသောပြန်မာရွှေဟောင်းမင်စာများ။ ၂၀၀၁–ခုနှစ်။ (စာမျက်နှာ–၂၃)။


*၃ Inventory of Monuments at Pagan.V. Page-136.

*၄ ဦးဗိုကော်၏ပုဂံသုတေသနလမ်းညွှန်။ ၁၉၈၁–ခုနှစ်။ (စာမျက်နှာ–၃၃၂)။

http://www.dhammadownload.com



ပုဂံမြို့၊ ရှင်ဥတ္တမကျောက်ဘုရား(၁၂၃၇)၏ပန္နက်ပုံ
Pichard, 1995, Pg.136, Pl.1237 a.



ပုဂံမြို့၊ မနုဟာဘုရား(၁၂၄၀)၏ပန္နက်ပုံ
Pichard, 1995, Pg.144, Pl.1240 a.



ပုဂံမြို့၊ မြင်းကပါ ဂူပြောက်ငယ်ဘုရား(၁၃၉၁)
အတွင်းရှိဆင်းတုတော်သုံးဆူနေရာ
Pichard, 1995, Pg.334, Pl.1391 u.



ပုဂံမြို့၊ ဘုရားအမှတ်(၁၇၄၇)အတွင်းရှိဆင်းတုတော်သုံးဆူ
Pichard, 2000, Pg.15, Pl.1747 h.

http://www.dhammadownload.com

ထိုမနုဟာဂူဘုရားအတွင်း၌ အရှေ့ဘက်ကိုမျက်နှာမူလျက် ဂန္ဓကုဋိတိုက်ခန်းလုံးပြည့်ပူဇော်ထားရှိသော ဆင်းတုတော်ကြီးနှင့်အတူ အရံဆင်းတုတော်နှစ်ဆူကိုလည်း လက်ဝဲလက်ယာအခန်းနှစ်ခန်းအတွင်း၌တွေ့ရသည်ဖြစ်၍ ဤဘုရားတွင် ယှဉ်လျက်ထိုင်တော်မူ ဆင်းတုတော်ကြီးသုံးဆူရှိလေသည်။ ဆင်းတုတော်ကြီးသုံးဆူကို တည်ထားပြီးမှ အခန်းကန့်ခဲ့ပုံရသည်။ မနုဟာဘုရားကို အေဒီ ၁၁-ရာစုလက်ရာဟုခန့်မှန်းထားသည်။[*၁]

၇။ ပုဂံမြို့၊ မြင်းကပါမြောက်ဘက်ရှိဂူပြောက်ငယ်ဘုရား (ဘုရားအမှတ်-၁၃၉၁)။

ဤဂူဘုရားသည် မြင်းကပါရွာမြောက်ဘက်တွင်တည်ရှိသည်။ နားတောင်းများမင်း(အေဒီ ၁၂၁၁-၁၂၃၁)၏ ငယ်ဆရာ ဓမ္မရာဇဂုရုကျောင်းနေရာကို ဘုရားတည်ထားခြင်းဖြစ်သည်။ ဤဂူဘုရားအတွင်း၌ လက်ရာမြောက်သော ကျောက်ရုပ်တုများစွာနှင့် ပန်းချီလက်ရာများ၊ တံကဲပုံ ပန်းဘောင်ပန်းထောင်များစွာ တွေ့ရှိရသည်။ မြောက်ဘက်အခြမ်း၌ မြောက်အရပ်ကိုမျက်နှာမူထားသော ထိုင်တော်မူဆင်းတုတော်သုံးဆူကိုတွေ့ရသည်။ ထိုဆင်းတုတော်သုံးဆူတွင် အလယ်ဆင်းတုတော်ကြီးမှာ ထုထည်ကြီး၍ ဘူမိဖဿ(လက်မြေထိ)မုဒြာဟန်ဖြစ်သည်။ ဘေးနှစ်ဖက်ရှိဆင်းတုတော်နှစ်ဆူမှာ ပလမ္ဗပါဒါသန (ခြေစုံတွဲလွဲချ) ထိုင်တော်မဟန်ဖြစ်သည်။ အရံဆင်းတုတော်နှစ်ဆူမှာ အတော်ပျက်စီးနေပြီဖြစ်သည်။[*၂]

၈။ ပုဂံမြို့၊ ပုထိုးသားများဘုရား (ဘုရားအမှတ်-၁၆၀၆)။

ဤဂူဘုရားသည် တစ်ထပ်လည်းမက နှစ်ထပ်လည်းမကျဘဲ အထက်စကြံတက်လမ်းနှင့်တကွ တည်ဆောက်ထားသောဂူဘုရားမျိုးဖြစ်သည်။ ဤဂူဘုရားတွင် မူလဂန္ဓကုဋိတိုက်အတွင်း အရှေ့ဘက်သို့မျက်နှာမူ၍ထိုင်တော်မူဆင်းတုတော်ကြီးသုံးဆူကို ပူဇော်ထားသည်။ အလယ်ဆင်းတုတော်မှာ ထုထည်ကြီးမားသည်။ ဂူဘုရား၏ အရှေ့မုခ်ပေါက်အဝင်မှ အတွင်းသို့ကြည့်လိုက်လျှင် အလယ်ဆင်းတုတော်ကြီးကိုသာ ဖူးတွေ့သဖြင့် ဤဂူဘုရားအတွင်း ဆင်းတုတော်တစ်ဆူတည်းသာရှိသည်ဟူ၍ ထင်မှတ်ရလေသည်။[*၃]

၉။ ပုဂံမြို့အရှေ့ဘက်ရှိဂူဘုရား (ဘုရားအမှတ်-၁၆၄၇)။

ဤဂူဘုရားသည် တစ်ထပ်ဂူဘုရားဖြစ်ပြီး အရှေ့ဘက်သို့မျက်နှာလှည့်ထားသော မုခ်တစ်ခုပါရှိနေသည်။ ထိုမုခ်မှဝင်လျှင် အတွင်းဂန္ဓကုဋိ၌ အရှေ့ဘက်သို့မျက်နှာပြုထားသော ဆင်းတုတော်သုံးဆူကို ဖူးတွေ့ရသည်။ ထိုသုံးဆူတို့တွင် အလယ်တစ်ဆူမှာ ထုထည်အချိုးအစားကြီးမားသည်။ နံဘေးရှိဆင်းတုနှစ်ဆူမှာ ခြေတွဲလွဲချ (ပလမ္ဗပါဒါသန)ထိုင်ဟန်တွေ့ရသည်။ ထိုဂူဘုရားကို အေဒီ ၁၂-ရာစုဘုရားဟုခန့်မှန်းထားသည်။[*၄]

၁၀။ ပုဂံမြို့အရှေ့ဘက်ရှိ ပုဂံမြောင်ဘုရား (ဘုရားအမှတ်-၁၆၆၄)။

ဤဂူဘုရားသည် တစ်ထပ်ဂူဘုရားဖြစ်ပြီး၊ ဂန္ဓကုဋိကို နှစ်ဆင့်ပြုလုပ်ထားသည်။ ဤဂူဘုရားအတွင်း မြောက်ဘက်သို့ မျက်နှာမူသော ထိုင်တော်မူဆင်းတုတော်တစ်ဆူ၊ အရှေ့ဘက်သို့မျက်နှာမူသော လျောင်းတော်မူဆင်းတုတော်တစ်ဆူနှင့် တောင်ဘက်သို့မျက်နှာမူသော ရပ်တော်မူဆင်းတုတော်တစ်ဆူဟု ဆင်းတုတော်သုံးဆူ

---

*၁ Inventory of Monuments at Pagan.V. Page-145. Fig.1240 f, 1240 g, 1240 h.

*၂ Inventory of Monuments at Pagan.V. Page-331. Fig.1391 u, 1391 v. ဦးဗိုကေ၏ ပုဂံသုတေသနလမ်းညွှန်။ ၁၉၈၁-ခုနှစ်။ (စာမျက်နှာ-၃၂၃)။

*၃ Inventory of Monuments at Pagan.VI. Page-227. Fig.1605 l, 1605 m.

*၄ Inventory of Monuments at Pagan.VII. Page-15. Fig.1747 h, 1747 i.

http://www.dhammadownload.com

တွေ့ရသည်။ ဤဂူဘုရား၌တွေ့ရသော ဆင်းတုတော်သုံးဆူတို့၏သီတင်းသုံးဟန်ပုံစံမှာ မတူကွဲပြားနေသည့် အတွက် ထူးခြားသည်ဟုဆိုရမည်။ ဤဂူဘုရားကို အေဒီ ၁၃-ရာစုလက်ရာဟုခန့်မှန်းထားသည်။*၁

၁၁။ ပုဂံမြို့အရှေ့ဘက်ရှိ (ဘုရားအမှတ်-၁၉၃၁)။

ဤဂူဘုရားသည် တစ်ထပ်ဂူဘုရားဖြစ်ပြီး မုခ်သုံးမုခ်(အနောက်၊ တောင်နှင့်မြောက်)ဟုရှိသည်။ ထိုသုံးမုခ်တွင် အနောက်ဘက်သို့မျက်နှာမူထားသော ဂန္ဓကုဋိအတွင်း ထိုင်တော်မူဆင်းတုတော်ကြီးတစ်ဆူနှင့် ဆင်းတုတော်ငယ်နှစ်ဆူကို ဖူးတွေ့ရသည်။ အလယ်ရှိဆင်းတုတော်ကြီး၏နံဘေးတွင် လက်အုပ်ချီလျက်ဝတ်ပြုနေသော သာဝကနှစ်ဦးပုံကိုတွေ့ရှိရသည်။ ဤဂူဘုရားကို အေဒီ ၁၃-ရာစုလက်ရာဟုခန့်မှန်းထားသည်။*၂

၁၂။ ပုဂံမြို့အရှေ့ဘက် လေးထပ်ကျောင်းဦးဘုရား (ဘုရားအမှတ်-၁၉၃၆)။

ဤဂူဘုရားသည် ကုန်းဘောင်ခေတ်လက်ရာတစ်ထပ်ဂူဘုရားဖြစ်ပြီး၊ အတွင်းဂန္ဓကုဋိသို့ဝင်ရန် အနောက်ဘက်၊ မြောက်ဘက်နှင့်တောင်ဘက်တို့မှ မုခ်ပေါက်သုံးခုပါရှိသည်။ အရှေ့ဘက်၌ မုခ်ဦးဆောင်သဖွယ် အခန်းငယ်တစ်ခုပါရှိသည်။ ထိုဂူဘုရားအနောက်ဘက်မုခ်မှဝင်လျှင် အနောက်ဘက်သို့မျက်နှာမူထားသော ဆင်းတုတော်သုံးဆူကိုဖူးတွေ့နိုင်ပြီး၊ ထိုသုံးဆူတွင် အလယ်ဆင်းတုမှာ ထုထည်အချိုးအစားကြီးမားသည်။ ဤဂူဘုရားကို အေဒီ ၁၈-ရာစုလက်ရာဟုခန့်မှန်းသည်။*၃

၁၃။ ပုဂံမြို့အရှေ့ဘက် သရဗာတံခါးအနီး တိုင်းရွှတ်ဘုရား (ဘုရားအမှတ်-၁၉၅၅)။

ဤဂူဘုရားသည် တစ်ထပ်ဂူဘုရားဖြစ်ပြီး မူလဂန္ဓကုဋိနှင့်တကွ ရှေ့ပိုင်းတွင်ဧည့်ခန်းသဖွယ် အခန်းခန်းပါရှိပြီး၊ ဂူဘုရားအတွင်း၌ ဆင်းတုတော်(၂၁)ဆူကိန်းဝပ်နေသည်။ မူလဂန္ဓကုဋိအတွင်း အနောက်ဘက်သို့မျက်နှာမူလျက် ဆင်းတုတော်သုံးဆူစံပယ်လျက်ရှိသည်။ ထိုသုံးဆူတို့တွင် အလယ်ဆင်းတုတော်မှာ ထုထည်အချိုးအစား ကြီးမားလှပေသည်။ ဤဂူဘုရားကို အေဒီ ၁၁၈၉-ခုနှစ်ထိုးကျောက်စာအထောက်အထားအရ တိုင်းရွှတ်ဘုရားဟုခေါ်တွင်ခဲ့ပြီး၊ ထိုအေဒီ ၁၁၈၉-ခုနှစ်မှာပင်တည်ဆောက်ခဲ့သည်ဟုမှတ်ယူနိုင်သည်။*၄

၁၄။ ပုဂံမြို့အရှေ့မြောက် လယ်ယားရွာအနီးရှိ ရွှေသပိတ်ဘုရား (ဘုရားအမှတ်-၁၉၉၄)။

ဤဂူဘုရားသည် တစ်ထပ်ဂူဘုရားဖြစ်ပြီး အနောက်ဘက်၌ မုခ်တစ်ခုသာရှိသည်။ ထိုအနောက်ဘက်မုခ်သို့မျက်နှာမူလျက် ဆင်းတုတော်သုံးဆူတည်ရှိရာတွင် အလယ်ဆင်းတုတော်မှာထုထည်အချိုးအစားကြီးမားလေသည်။ ဤဂူဘုရားအတွင်း နံရံနှင့်မျက်နှာကျက်တို့တွင် ဗုဒ္ဓခြေတော်ရာနှင့်တကွ ဒီဖိုင်းပုံစံအမျိုးမျိုးပါရှိသော နံရံဆေးရေးပုံတို့ကိုတွေ့နိုင်သည်။ ဤဂူဘုရားကို အေဒီ ၁၃-ရာစုတွင်တည်ထားကြောင်း ခန့်မှန်းထားသည်။*၅

၁၅။ ပုဂံမြို့ ပုထိုးသားများဘုရား (ဘုရားအမှတ်-၁၆၀၅)။

ပုဂံမြို့ ပုထိုးသားများဘုရား(ဘုရားအမှတ်-၁၆၀၅)မှာ နှစ်ထပ်ဂူဘုရားဖြစ်ပြီး၊ အောက်ထပ်ဂန္ဓကုဋိအတွင်း၌ ဆင်းတုတော်ကြီးသုံးဆူတည်ထားသည်ကို ဖူးတွေ့ရပါသည်။*၆ ထိုဂူဘုရားအတွင်း အရှေ့ဘက်နံရံ၌ ဘုရားရှင်

---

*၁ Inventory of Monuments at Pagan.VII. Page-47. Fig.1774 i, 1774 j, 1774 l.

*၂ Inventory of Monuments at Pagan.VII. Page-254. Fig.1931 d.

*၃ Inventory of Monuments at Pagan.VII. Page-259. Fig.1936 c.

*၄ Inventory of Monuments at Pagan.VII. Page-280. Fig.1957 a.

*၅ Inventory of Monuments at Pagan.VII. Page-322. Fig.1994 f.

*၆ Inventory of Monuments at Pagan.VI. Page-224, 247. Fig.1605 m.
ဤစာအုပ် (စာမျက်နှာ-၃၄၈၊ အမှတ်စဉ်-၈)၌ ရှင်းပြီးဖြစ်သည်။


http://www.dhammadownload.com



ပုဂံမြို့၊ တိုင်းချွတ်ဂူဘုရား(၁၉၅၇)အတွင်းရှိဆင်းတုတော်သုံးဆူ
Pichard, 2000, Pg.280, Pl.1957 e.



ပုဂံမြို့၊ ရွှေသပိတ်ဘုရား(၁၉၉၄)အတွင်းရှိဆင်းတုတော်သုံးဆူ
Pichard, 2000, Pg.322, Pl.1994 f.



ပုဂံမြို့၊ ပုထိုးသားများဂူဘုရား(၁၆၀၅)အတွင်းရှိ ပြာဋီဟာပြခန်းပါနံရပန်းခြီ။
OB-EP, III, 1970, Pl.167 b.

http://www.dhammadownload.com

ပြာဇိဟာပြခန်းပုံကိုဆေးရေးဖော်ပြထားသည်။ ပုံ၏အောက်တွင် ရှေးမွန်စာဖြင့် သုဒ္ဓါဒနမင်းကြီးနှင့် သာကီဝင်မင်းတို့အလယ်၌ ပြာဇိဟာပြတော်မူပုံဖြစ်ကြောင်း ရေးထားသည်။ ထိုပုံတွင် ဘုရားရှင်ကိုရံ၍ ဘုရားနှစ်ဆူပုံ (ခြေချထိုင်လျက်)တွေ့ရသည်။*၁

ပုဂံမြို့ဟောင်းရှိ ရှေးဟောင်းဘုရားပေါင်း ၂၀၆၄-ဆူ*၂တို့တွင် ဆင်းတုတော်သုံးဆူပူဖော်ထားရှိသည့် ဂူဘုရားတို့ကို ထုတ်နုတ်လေ့လာတင်ပြခြင်းဖြစ်ရာ ဤဂူဘုရား ၂၀၆၄-ဆူတို့မှအပ ကျန်ဘုရားတို့တွင်လည်း အလားတူပင် ဘုရားဆင်းတုသုံးဆူတို့ရှိနိုင်ပါသည်။ ပုဂံမြို့၌သာမက နိုင်ငံအဝန်းရှိ ဘုရားစေတီကျောင်းကန် အသီးသီးတို့၌လည်း အလားတူပင် ဘုရားဆင်းတုတော်သုံးဆူ ပူဖော်ထားသောအလေ့ရှိနိုင်ရာ ဆက်လက်လေ့လာရန် များစွာကျန်ပေသေးသည်။

ဆင်းတုတော်သုံးဆူပါအုတ်ခွက်ဘုရားများ

ဆင်းတုတော်သုံးဆူအကြောင်းကိုတင်ပြပြီးသည့်နောက် ဆင်းတုတော်သုံးဆူပါသောအုတ်ခွက်ဘုရားများအကြောင်းကို ဆက်လက်၍တင်ပြလိုပေသည်။

၁။ တကောင်းမြို့ဟောင်းမှတွေ့ရသောအုတ်ခွက်ဘုရားတစ်ဆူတွင် ဆင်းတုတော်သုံးဆူပုံပါရှိသည်။ အလယ်ဆင်းတုတော်သည် ဘေးရံမတ်ရပ်ဆင်းတုနှစ်ဆူထက်ကြီး၍ ဗောဓိကျောင်းဆောင်၊ ကြာပလ္လင်နှင့် ပြောပလ္လင် (လေးထောင့်ပုံရှိ၍ ထောင့်တိုင်နှစ်တိုင်၊ ထိုအထက်ဖောင်းရစ်,အောက်ဖောင်းရစ်တို့ဖြင့် ရိုးရိုးတပ်ဆင်ထားသော ပလ္လင်)နှစ်ထပ်ထက်၌ တင်ပြင်ခွေထိုင်တော်မူဟန်ဖြစ်သည်။ ယင်းဆင်းတုတော်၏ပုံဟန်တို့မှာ အနော်ရထာမင်းလက်ထက်(အေဒီ ၁၀၄၄-၁၀၇၇)တွင်သွန်းလုပ်သော အုတ်ခွက်ပါပုံတော်တို့နှင့် မကွာခြားလှချေ။ ဘေးနှစ်ဖက်၌ မတ်ရပ်ဆင်းတုနှစ်ဆူတွင် လက်ဝဲဘက်ဆင်းတုတော်သည် မေတ္တေယျရှင်၏ပုံတော်ဖြစ်လိမ့်မည်ဟုယူဆသည်။ ဤအုတ်ခွက်ဘုရားတွင် နာဂရီအက္ခရာဖြင့် 'ယေဓမ္မာ'ဂါထာသွန်းလုပ်ပါရှိပြီး၊ အေဒီ ၁၀-ရာစုနှင့် ၁၁-ရာစုလက်ရာဟု ကျောက်စာဝန်ဟောင်းဦးမြက ခန့်မှန်းထားသည်။*၃

၂။ သရေခေတ္တရာမြို့ဟောင်း မော်ဇာမြို့မှသုံးဆူအုတ်ခွက်ဘုရား။

ဤအုတ်ခွက်ဘုရား၏မျက်နှာဘက်တွင် ဝဲမှယာသို့စိတန်းလျက် တင်ပြင်ခွေဆင်းတုတော်သုံးဆူပါသည်။ အုတ်ခွက်မျက်နှာစာမှာ ပွန်းနေ၍ ပုံတော်တို့မှာ ပီပီပြင်ပြင်မရှိပါ။ ယင်းဆင်းတုတော်သုံးဆူကို (ဝဲမှယာသို့) သီရိပျံချီဦးမြက (၁) မေတ္တေယျ၊ (၂) ဂေါတမဘုရားရှင်နှင့် (၃) လောကနာထဘုရားလောင်းပုံဖြစ်သည်ဟု ဖော်ပြခဲ့သည်။*၄ သို့ပါသော် ပါမောက္ခဒေါက်တာလုစ် (G.H.Luce) ကမူ (ဝဲမှယာသို့) (၁) လောကနာထဘုရားလောင်း၊ (၂) ဂေါတမဘုရားရှင်နှင့် (၃) မေတ္တေယျရှင်ဖြစ်မည်ဟု ဖော်ပြခဲ့သည်။ ဤအုတ်ခွက်ဘုရားပါ မေတ္တေယျရှင်ပုံတွင် မကိုင်ဆောင်း၊ ဥပဝီတခေါ် စလွယ်ကြိုးဆင်မြန်းထားပြီး၊ ထိုင်ပုံမှာ အဒ္ဓပလ္လင်္ကာသန (ခြေတစ်ဖက်ချ)ထိုင်တော်မူဟန်ဖြစ်သည်။*၅

---

*၁ G.H.Luce' Old Burma-Early Pagan.III. Pl.167 b.

*၂ ဘုရားအမှတ်-၁ မှ ဘုရားအမှတ် ၂၀၆၄-အထိကို ဆိုလိုပါသည်။ Pierre Pichard ၏ Inventory of Monuments at Pagan. စာအုပ်ကြီးခုနှစ်တွဲ၌ပါသော ပုဂံဘုရား(၂၀၆၄)ဆူကိုလေ့လာ၍ တင်ပြခြင်းဖြစ်သည်။

*၃ ဦးမြ၏ ရှေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ။ ပထမတွဲ။ (စာမျက်နှာ-၄၉)၊ ပုံ-၆၃။
G.H.Luce' Old Burma-Early Pagan.Vol.II. Page-46. Vol.III. Plate-56 a.

*၄ ဦးမြ၏ ရှေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ။ ဒုတိယတွဲ။ (စာမျက်နှာ-၃၂)၊ ပုံ-၆၄။


*၅ G.H. Luce' Phases of Pre-Pagan: Burma. I. Page-158, II. Plate 63. G.H. Luce' Old Burma-Early Pagan.III. Plate-411 a, c, f. ပါ ကျောက်ဆစ်လက်ရာတို့တွင်လည်း ပျူခေတ် ဗုဒ္ဓသုံးဆူ(Triad)ပုံတော်ကို ဖော်ပြထားသည်။

http://www.dhammadownload.com

သုံးဆူပုံတော်ပါအုတ်ခွက်ဘုရားများ




တကောင်းမြို့ဟောင်း၊ အိုးထုတ်ဘုရားမှရသည်
OB-EP, III, 1970, Pl.56 a.



ပြည်မြို့၊ မော်ဇာမှရသည်
မြ၊ ၂၊ ၁၉၆၁၊ ပုံ-၆၄။



ပုဂံ၊ ကျဆင်းဘုရားအနီးမှရသည်
OB-EP, III, 1970, Pl.55 a.



ပုဂံ၊ တောရကျောင်းအနီးမှရသည်
OB-EP, III, 1970, Pl.55 d.



သာစည်မြို့၊ ညောင်ပင်ကန်ရွာမှရသည်
OB-EP, III, 1970, Pl.53 c.

http://www.dhammadownload.com

၃။ သာစည်မြို့၊ ညောင်ပင်ကန်ရွာမှ သုံးဆူအုတ်ခွက်ဘုရား။

သာစည်မြို့တောင်ဘက်ရှိ ဆဓိတ်ရည်မှအနောက်တစ်မိုင်ခန့်တွင် ညောင်ပင်ကန်ရွာတည်ရှိသည်။ ထိုရွာမှ ရသော အုတ်ခွက်ဘုရားပုံမှာ အဝိုင်းပုံဖြစ်ပြီး၊ ထိုအုတ်ဘုရားတွင် ဆင်းတုတော်သုံးဆူပါရှိသည်။ မျက်နှာဘက်၌ ပွန်းပဲ့နေပြီဖြစ်၍ ပုံတော်တို့မှာ ပီပီပြင်ပြင်မရှိတော့ပေ။ ထိုဆင်းတုသုံးဆူတွင် အလယ်၌ ဓမ္မစက္က(ဓမ္မစကြာ ဒဟာဟန်)မုဒ္ဒြနှင့် ပလမ္ဗပါဒါသန (မြေမထိဘဲခြေစုံတွဲလွဲချ)ထိုင်ဟန်ပုံမှာ ဂေါတမဘုရားရှင်ဖြစ်ပြီး၊ လက်ဝဲဘက်၌ လောကနာထဘုရားလောင်း၊ လက်ယာဘက်၌ မေတ္တေယျဘုရားလောင်းပုံဟုယူဆသည်။ ဘုရားလောင်းနှစ်ဆူ ဘို့၏ထိုင်ဟန်မှာ လလိတာသန (ခြေတစ်ဖက်တွဲလွဲချ)ထိုင်ဟန်ဖြင့်တွေ့ရသည်။ *၁

၄။ ပုဂံမြို့၊ ကျဆင်းဘုရားမှ သုံးဆူအုတ်ခွက်ဘုရား။

ပုဂံမြို့၊ မြင်းကပါအရှေ့ဘက် ကျဆင်းဘုရားမှရသော သုံးဆူအုတ်ခွက်ဘုရားတွင် အလယ်၌တရားဟော နေပုံဆင်းတုတော်မှာ ဂေါတမဗုဒ္ဓဖြစ်၍၊ ဘေးနှစ်ဖက်နှစ်ဆူ၌ အရိမေတ္တေယျနှင့်လောကနာထဘုရားလောင်း ဆင်းတုပုံဖြစ်သည်။ ထိုအုတ်ခွက်၌ လက်ယာရံဖြစ်သောမေတ္တေယျရှင်သည် ခြေထပ်ထိုင်နေဟန်ဖြစ်၍၊ မကိုဋ်ဆောင်း၊ နားတောင်းဆင်သ,ကာ လည်ဆွဲတန်ဆာ, လက်ကြပ်နှင့် ဥပဝီတစလွယ်ကြိုးကို ခြေအထိ ရောက်အောင် ဆင်သိုင်းထားသည်။ အုတ်ခွက်အောက်ပိုင်းနေရာတွင် ပျူစာအချို့ရေးထားသည်။ *၂

၅။ ပုဂံမြို့၊ မြင်းကပါရွာ တောရကျောင်းအနီး ဦးဖိုးသာလယ်မှရသော သံသွန်းသုံးဆူဘုရား။

အထက်၌ဖော်ပြခဲ့သော ပုဂံမြို့ ကျဆင်းဘုရားမှရသည့် သုံးဆူအုတ်ခွက်ဘုရားနှင့်ပုံစံတူ သံဖြင့်သွန်းထား သော သုံးဆူအုတ်ခွက်ဘုရားတစ်ဆူကို ကျောက်စာဝန် မစွတာဒူရိုင်ဇဲလ်(M.Duroiselle)သည် ပုဂံမြို့၊ တောရကျောင်း၏မြောက်ဘက်ရှိ ဦးဖိုးသာလယ်ကွက်ထဲမှ ၁၉၂၆-၂၈ ခုနှစ်ကရရှိခဲ့ဘူးလေသည်။ *၃

ပြည်ပအနေဖြင့်မူ တရုတ်နိုင်ငံ၊ ကန်စုနယ်၌ ဆူ(Sui)နှင့် တန်(T'ang)ခေတ် အနုပညာလက်ရာအဖြစ် အေဒီ ၅၈၃-ခုနှစ်က ကေရာဇ်ရှိဝေန်တီ(Sui-Wen-ti)၏အမိန့်ဖြင့် မေချီရှန်(Mai-Chi-Shan)တောင်ကမ်းပါး ရံကြီးပေါ်တွင် ဘုရားသုံးဆူ ထုထွင်းထားခဲ့ကြသည်။ ထိုသုံးဆူတွင် မေတ္တေယျရှင်၏ပုံတော်ကို အလယ်၌ တည်ထားပြီးလျှင် ဗောဓိသတ္တဘုရားလောင်းနှစ်ဆူက နံဘေးမှရံထားသည်။ *၄

ထို့ပြင် ကိုရီးယားနိုင်ငံ၊ ချောင်ချု (Chung Chong) ပြည်နယ်တောင်ပိုင်း၊ ဆိုဆန် (Sosan) ဒေသ၌ အေဒီ ၇-ရာစုနှစ်လက်ရာ ဗုဒ္ဓဘုရားရှင်ကိုရံ၍ ဗောဓိသတ္တဘုရားနှစ်ဆူအပါအဝင်သုံးဆူပုံကို ကျောက်နံရံ ပေါ်တွင်ထုထွင်းထားခဲ့ကြသည်။ ထိုပုံတော်တွင် အရံဖြစ်သောဗောဓိသတ္တနှစ်ဆူတွင် လက်ယာဘက်ပုံတော်မှာ ခြေတစ်ဖက်တွဲလွဲချ ရာဇလီလာသနထိုင်ဟန်ဖြစ်ပြီး၊ ထိုပုံကို မေတ္တေယျပုံတော်ဖြစ်မည်ဟုယူဆကြသည်။ အမြင့်ဉာဏ်တော် ၁၆၀-စင်တီမီတာရှိသည်။ *၅

---

*၁ G.H. Luce' Old Burma-Early Pagan.II. Page-43; III. Pl.53 c.

*၂ ဦးမြ၏ ရွေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ၊ ပထမတွဲ။ (စာမျက်နှာ-၆၇)၊ ပုံ-၁၀၅။
G.H. Luce' Old Burma-Early Pagan.III. Pl.55 a.

*၃ ဦးမြ၏ ရွေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ၊ ပထမတွဲ။ (စာမျက်နှာ-၇၀)၊ ပုံ-၁၀၆။
G.H. Luce' Old Burma-Early Pagan.II. Page-45; III. Pl.55 d.
ဝင်းမောင်(သမိုင်း)၏ အုတ်ခွက်ဘုရားပေါ်ကဗောဓိသတ္တ(ဆောင်းပါး)၊ မွေရုပ်စုံမဂ္ဂဇင်း၊ အမှတ်-၆၊ ဇူလိုင်လ၊ ၁၉၉၆-ခုနှစ်၊ (စာမျက်နှာ-၁၀၇)၊

*၄ The Early Civilization of China. 1975. Page-168.

*၅ The Image of The Buddha. Page-229. Fig.174.

http://www.dhammadownload.com

အနန္တဂူဗုဒ္ဓဝင်ရှစ်ခန်းကျောက်ဆစ်လက်ရာ



ညောင်ဦးမြို့၊ ရွှေစည်းခုံဘုရားအနီးမှရသည်
OB-EP, III, 1970, Pl.400.



ရွှေဘိုမြို့နယ်၊ တပယင်းမှရသည်
OB-EP, III, 1970, Pl.401.



ပုဂံ၊ တောရကျောင်းမှရသည်
OB-EP, III, 1970, Pl.402 a.

http://www.dhammadownload.com

အန္ဓဂူဗုဒ္ဓဝင်ရှစ်ခန်းကျောက်ဆစ်လက်ရာ



ပုဂံပြတိုက်၌ရှိသည်
OB-EP, III, 1970, Pl.403 a.



မန္တလေးမြို့၊ ညောင်ကျွန်းအနီးမှရသည်
OB-EP, III, 1970, Pl.403 b.



ပုဂံမြို့၊ ဥပါလိသိမ်အနီးမှရသည်
OB-EP, III, 1970, Pl.404.



ရမည်းသင်းမြို့၊ ရွှေစည်းခုံဘုရားမှရသည်
OB-EP, III, 1970, Pl.405 b.

http://www.dhammadownload.com

ထို့ပြင် ဘင်္ဂလားဒေ့ရှ် (Bangladesh) နိုင်ငံမှတွေ့ရသော ဗုဒ္ဓဝင်ရုစ်ခန်းပါ အနှစ်ဂုကျောက်ရုပ်ကြွပုံတော်တို့တွင်လည်း ဂေါတမဗုဒ္ဓ၏ပုံတော်ကို အလယ်ကထား၍ ဘေးနှစ်ဖက်၌ အဝလောကိတေသွရနှင့် မေတ္တေယျဘုရားအလောင်းပုံတော်တို့ခြံရံသည်ကိုတွေ့ရ၏။ ဤသို့ ဗုဒ္ဓရုပ်ပွားတော်ကိုရံလျက် အလောင်းတော်နှစ်ပါးပုံပါရှိသော အနှစ်ဂုကျောက်သားရုစ်ခန်းဗုဒ္ဓဝင်ရုပ်တုပုံတို့ကို မြန်မာနိုင်ငံ၌လည်းအတော်အတန်တွေ့ရသည်။[*၁]

ဂေါတမဗုဒ္ဓနှင့်မေတ္တေရှင်

မေတ္တေယျရှင်ကို ဂေါတမဘုရားနှင့် ဗောဓိသတ္တဘုရားအလောင်းတစ်ဆူဆူတို့နှင့်တွဲဖက်လျက် သုံးဆူတွဲအနေဖြင့် ဖူးတွေ့ရပုံတို့ကိုတင်ပြပြီးသည့်နောက်၊ မေတ္တေယျရှင်နှင့် ဂေါတမမြတ်စွာဘုရားရှင်တို့ နှစ်ဆူတည်းတွဲဖက်ထားသောပုံတော်တို့အကြောင်းကို ဆက်လက်တင်ပြပါမည်။

ရှေးမြန်မာစာပေတွင် ဂေါတမဗုဒ္ဓကို မေတ္တေယျရှင်အလျင် ရှေးဦးပွင့်တော်မူသည်ဖြစ်၍ မေတ္တေယျ၏နောင်တော်ဟူသောအဓိပ္ပာယ်ဖြင့် 'မိတေးနောင်'၊ 'နောင်မိတည်း' ဟူ၍ ရေးဖွဲ့လေ့ရှိပါသည်။ သာဓကပြရလျှင်–

၁။ နဝဒေး (အေဒီ ၁၅၃၂–၁၆၂၂)၏ 'ကြာငံ့အဟန်'–ချီ ပြည်ဆံတော်ရှင်ဘုရားတိုင်ရတုတွင် 'မြသိထင်ဟု၊ ကောင်းကင်မိုးမြေ၊ နှံ့မျှဝေသည်၊ ဆံမွေဘုန်းခေါင်၊ မိတည်းနောင်'ဟုလည်းကောင်း၊[*၂]

၂။ နတ်သျှင်နောင်(အေဒီ ၁၅၈၈–၁၆၁၃)၏ 'တသောင်းရုစ်မည်'–အစချီသောပိုဒ်စုံရတုတွင် 'ကျောက်ဆောက်လျှံပြောင်၊ မိတည်းနောင်။ ။ရည်စောင်လနှစ်၊ အသစ်အသင့်၊ ကြားဆင့်လေသံ'ဟုလည်းကောင်း၊[*၃]

၃။ တွင်းသင်းတိုက်ဝန်မဟာစည်သူ ဦးထွန်းညို(အေဒီ ၁၇၂၆–၁၈၀၇)၏ 'အနိစ္စလေ'–ချီ သံဝေဂဘွဲ့ပိုဒ်စုံရတုတွင် 'လေးဖြာဘုန်းခေါင်၊ ငါးမာရ်အောင်ပြီး၊ နောင်မိတည်းတွင်၊ ကျွတ်ကြောင်းရင်း၍'ဟုလည်းကောင်း၊[*၄]

၄။ ဦးတိုး(အေဒီ ၁၇၅၁–၁၇၉၆)၏မင်းနန်စည်ချေး (အပိုဒ်–၁၂)တွင် 'မိတည်းရှင့်နောင်၊ ထွတ်ခေါင်ဓမ္မရာဇ်၊ မဖြစ်မီခင်၊ အလျင်မြင့်ကြာ၊ နှစ်သုံးရာထက်၊ မဇ္ဈိမာဝယ်'ဟုလည်းကောင်း၊[*၅]

၅။ မဟာမင်းလှမင်းခေါင် ဦးရွှန်း (အေဒီ ၁၇၈၂–၁၈၅၀)၏ ပုထိုးတော်ကြီးဘုရားတိုင်မယ်ဘွဲ့ပိုဒ်စုံရတုတွင် 'ချစ်ရှင်ဘုန်းခေါင်၊ မိတည်းနောင်ကို၊ တန်ဆောင်ရွေပန်း၊ ကြာသက်နှင့်'ဟုလည်းကောင်း[*၆] ဖြစ်ပါသည်။

စင်စစ် ဂေါတမမြတ်စွာဘုရားရှင်နှင့် မေတ္တေယျရှင်တို့သည် ရှေ့နောက်တစ်ဆက်တည်းဆိုသလို ပွင့်တော်မူကြမည်ဖြစ်၍ ညီတော်နောင်တော်သဖွယ်ထား၍ ရေးဖွဲ့ကြသည်မှာ သင့်မြတ်လှပေသည်။ ထေရဝါဒဗုဒ္ဓဘာသာဆိုင်ရာကျမ်းဂန်စာပေတို့တွင် ဂေါတမမြတ်စွာဘုရားရှင်နှင့်မေတ္တေယျရှင်တို့ နှစ်ပါးတွေ့ဆုံကြပုံနှင့်အဆက်အစပ်ရှိကြပုံအကြောင်းကိုဖော်ပြမထားသော်လည်း၊ မြောက်ပိုင်းဗုဒ္ဓဘာသာဝင်တို့၏ လလိတဝိသ္သရဗုဒ္ဓဝင်ကျမ်းတွင်မူ

---

*၁ G.H. Luce' Old Burma-Early Pagan. Vol.III. Pl.400-405. a, b, c.; C.B. Picron' Between India and Burma: The Andagu Stelae. In The Art of Burma-New Studies. 1999. Page-47. Fig. 6, 7, 8, 9, 10, 11, 12, 13.

*၂ ဟံသာဝတီဦးဘရင်(တည်းဖြတ်)၏ နဝဒေးဆိုရတုပေါင်းချုပ်။ ၁၉၂၉–ခုနှစ်။ (စာမျက်နှာ–၁၄)။

*၃ ဦးချမ်းမြေ(တည်းဖြတ်)၏ နတ်သျှင်နောင်ဆိုရတု။ ၁၉၃၉–ခုနှစ်။ (စာမျက်နှာ–၂)။

*၄ မြန်မာစာပွန့်ပေါင်းကျမ်း၊ ဆဋ္ဌမတွဲ။ ၁၉၉၃–ခုနှစ်။ (စာမျက်နှာ–၆၁)။

*၅ ဦးတင်ဦး(တည်းဖြတ်)၏ မင်းနန်စည်ချေးသုံးစောင်တွဲ။ ၁၉၆၁–ခုနှစ်။ (စာမျက်နှာ–၅၁)။

*၆ မြန်မာစာပွန့်ပေါင်းကျမ်း၊ ဆဋ္ဌမတွဲ။ ၁၉၉၃–ခုနှစ်။ (စာမျက်နှာ–၁၀၆)။

http://www.dhammadownload.com

ဂေါတမမြတ်စွာဘုရားအလောင်းတော်နတ်သား တုသိတာနတ်ပြည်၌ လူ့ပြည်သို့ဆင်းကာနီးတွင် မဟတ္တေယျ အလောင်းတော်နတ်သားအား တုသိတာနတ်ပြည်၌ မိမိကိုယ်စား နတ်အများအားတရားဟောရန် ဂေါတမဘုရား အလောင်းနတ်သားကမှာကြားပုံတို့ကို ရေးသားထားသည်။*၁ ထို့ပြင် သောတတ္တကီကျမ်းလာ ဗြဟ္မဏ္ဍသိဝတ္ထု*၂-နှင့် အတိဒေဝမင်းကြီးဝတ္ထု*၃တို့၌ မဟတ္တေယျရှင်နှင့်ဂေါတမဘုရားရှင်တို့ ပါရမီဖြည့်စဉ်အခါက ဆုံဆည်းခဲ့ကြပုံ အကြောင်းတို့ကိုလည်း ရေးသားထားလေသည်။

လောကဋ္ဌ ဘုရားနှစ်ဆူ (Diad) ပြိုင်၍မွှင့်ရိုးမရှိသည့်အတွက် (အံ၊ ၁။၂၂။)ဘုရားနှစ်ဆူယှဉ်၍တည်ထားပုံကို တွေ့ကြရသောအခါ မူလဖြစ်သောဘုရားရှင်ကပင် ပြာဋိဟာပြတော်မူသည့်အနေဖြင့် နိမ့်တရုပ်ပွားတော်ခေါ် နောက်ထပ်ဘုရားတစ်ဆူကို ဖန်ဆင်းခြင်းဖြစ်သည်ဟူ၍ ထိုဘုရားဆင်းတုနှစ်ဆူပုံကို 'ပြာဋိဟာပုံ(Miracle)'ဟု ခေါ်လေ့ရှိသည်။ ယမကပါဋိဟာရိယတန်ခိုးတော်နှင့်သက်ဆိုင်သည်ဖြစ်၍ အချို့က'ယမကပါဋိဟာရိယပုံတော် (Twin Miracle)'ဟု ခေါ်ကြပြန်သည်။*၄ ရံခါ မြန်မာနိုင်ငံ၌ ဤသို့ဆင်းတုတော်ကြီးနှစ်ဆူယှဉ်၍ တည်ထားလျှင် 'မြတ်စောညီနောင်'ဟုလည်း ခေါ်တွင်ကြပါသည်။*၅

၁။ ကျဆင်းဂူဘုရား(၁၂၁၉)အနီးမှတွေ့ရသော ဂေါတမဗုဒ္ဓနှင့်မဟတ္တေယျ။

ပုဂံမြို့၊ မြင်းပုဂံ ကျဆင်းဂူဘုရား(ဘုရားအမှတ်-၁၂၁၉)၏အနောက်ဘက် ပေ(၃၀၀)အကွာရှိ ဘုရားငယ်တစ်ဆူတွင် ဂေါတမဘုရားရှင်နှင့်မဟတ္တေယျရှင်တို့ ယှဉ်တွဲစံနေသောကျောက်ဆစ်လက်ရာတစ်ခုကို တွေ့ရှိရသည်။ ထိုပုံတော်တွင် ဂေါတမမြတ်စွာဘုရားမှာ ဘူမိဖဿ(လက်မြေထိ)မုဒြာဟန်နှင့်ဖြစ်ပြီး၊ မဟတ္တေယျရှင်မှာ မကိုင်ရ(ကိရိတမုကုဋ)ဆောင်း၊ လက်ကြပ်လက်ကောက်(ကေယူရ)၊ လည်ဆွဲနှင့်စလွယ်(ဥပဝီတ) စသည်ဆင်မြန်းပါရှိပြီး ရာဇလီလာသန(ခြေတစ်ဖက်တင်တစ်ဖက်ချ၊ မင်းထိုင်)ထိုင်တော်မူဟန်ဖြစ်သည်။*၆

၂။ ပုဂံမြို့၊ ဓမ္မရံကြီး(ဓမ္မာရာမ)ဘုရားရှိ ဆင်းတုတော်နှစ်ဆူ။

ပုဂံဒေသတွင် အရွယ်အစားအကြီးမားဆုံးနှင့် ဗိသုကာလက်ရာအနေဖြင့်လည်း စိတ်ဝင်စားဖွယ်အကောင်းဆုံး ဂူဘုရားမှာ ဓမ္မရံကြီး(ဘုရားအမှတ်-၎၎၁)ဖြစ်သည်။ ထိုဂူဘုရားသည် မြန်မာရာဇဝင်တွင်အမည်းကွက်ထင်ခဲ့သော နရသူမင်း (အေဒီ ၁၁၆၇-၁၁၇၀)၏ကောင်းမှုဖြစ်နေသဖြင့် ပို၍စိတ်ဝင်စားဖွယ်ဖြစ်သည်။ ဤဂူဘုရားအတွင်း အနောက်ဘက်ရှိ အဆောင်တစ်ခု၏အလယ်၌ အောက်ခံပလ္လင်တစ်ခုတည်းပေါ်တွင် ဆင်းတုတော်နှစ်ဆူယှဉ်တွဲ

---

*၁ B. Goswami (Tr.)' Lalitavistara. 2001. Page-46.

*၂ ဦးအာလောကာ၏ သောတတ္တကီပါဠိနိဿျ။ ၁၉၂၈-ခုနှစ်။ (စာမျက်နှာ-၁၉)။

*၃ ဦးအာလောကာ၏ သောတတ္တကီပါဠိနိဿျ။ ၁၉၂၈-ခုနှစ်။ (စာမျက်နှာ-၂၉)။

*၄ အိန္ဒိယနိုင်ငံ အဇန္တာလိုဏ် (အေဒီ ၆-၇ ရာစု)ရှိ ပြာဋိဟာဗုဒ္ဓရုပ်ပွားတော်တို့မှာ နှစ်ဆူမက အဆူများစွာပါရှိလေသည်။ A. Foucher' The Great Miracle. In The Beginnings of Buddhist Art. Page-166. Pl.XX.

*၅ တောင်ငူမြို့ရှိ မြတ်စောညီနောင်ဘုရားကိုမူ ဂေါတမဘုရားရှင်နှင့် ညီတော်အာနန္ဒာတို့အား ရည်မှန်း၍တည်ထားသည်ဟု ဟံသာဝတီဦးဘရင်၏ စစ်ထွက်စာဆိုများ။ ၁၉၆၆-ခုနှစ်။ (စာမျက်နှာ-၂၄၂)၌ ရေးသားထားသည်။ 'မြတ်စော-မြတ်လှ ညီနောင်တည်၍ မြတ်စောညီနောင်ဘုရား တွင်ကြောင်း အမှတ်အသားရှိသော်လည်း ယုတ္တိမတန်ဟု ပညာရှင်တို့လက်မခံကြပေ။ ထိုမြတ်စောညီနောင်ဘုရားသည် သရဏည်းချောင်း (ယခု-ပြီးချောင်း)၌ တည်ရှိ၍ သရဏည်းဘုရားဟုခေါ်ပြီး နောက်မှ မြတ်လှစွာသောညီနောင်ဘုရားဖြစ်၍ မြတ်စောညီနောင်ဘုရားတွင်ကြောင်း ယူဆကြသည်- ဦးချစ်မြတ်၏ တောင်ငူရာဇဝင်အကျဉ်းချုပ်။ ၁၉၉၀-ပြည့်နှစ်။ (စာမျက်နှာ-၅၀)။

*၆ G.H. Luce' Old Burma-Early Pagan. II. Page-180; III. Pl.411. b. Pl.411. a, e, f တို့ကိုလည်း ကြည့်နိုင်ပါသည်။ P. Strachan' Pagan. 1989. Page-23.

http://www.dhammadownload.com

နှစ်ဆူပုံတော်များ



ပုဂံမြို့၊ ဓမ္မရံကြီးဘုရား(၇၇၁)ရှိဆင်းတုတော်နှစ်ဆူ
OB-EP, III, 1970, Pl.397 a.



ပုဂံမြို့၊ ကျဆင်းဂူဘုရား(၁၂၁၉)အနီးမှ
ရသော ဂေါတမဗုဒ္ဓနှင့်မေတ္တေယျ
OB-EP, III, 1970, Pl.411 b.



ဂေါတမဗုဒ္ဓနှင့်မေတ္တေယျ (မွန်ပုံစံ)
Lu, 1994, Pg.96, Fig.69.

http://www.dhammadownload.com

စံပယ်နေသည်ကိုတွေ့ရသည်။ ထိုဆင်းတုတော်တို့၏အနောက်တွင် သက္ကရာဇ် ၅၅၈–ခု (အေဒီ ၁၂၁၆–ခုနှစ်)ထိုး ကျောက်စာတစ်ချပ်နှင့် သက္ကရာဇ် ၅၆၎–ခု (အေဒီ ၁၂၀၅–ခုနှစ်)ထိုး ကျောက်စာတစ်ချပ်တို့ရှိလေသည်။[*၁]

ထိုဆင်းတုတော်နှစ်ဆူကို ပါမောက္ခဒေါက်တာလုစ် (G.H.Luce) က 'ဂေါတမဗုဒ္ဓနှင့် ပြဘူတရတ္နာ ဗုဒ္ဓပုံတော်' ဟုဖော်ပြထားသည်။[*၂] 'ပြဘူတရတ္နာဗုဒ္ဓ (Prabhūtaratna)' ဆိုသည်မှာ 'ရှေးရှေးသောကမ္ဘာတို၌ ပွင့်တော်မူပြီးသည့် ရှေးဘုရား(ပုဗ္ဗဗုဒ္ဓ)' ကိုဆိုလိုသည်။[*၃] သို့ပါသော် ထိုဆင်းတုတော်နှစ်ဆူသည် ဂေါတမဗုဒ္ဓနှင့် ပွင့်တော်မူခဲ့ပြီးဖြစ်သော ရှေးဘုရားတစ်ဆူ၏ပုံတော်ဖြစ်နိုင်သကဲ့သို့ ဂေါတမဗုဒ္ဓနှင့် ပွင့်တော်မူအံ့ဖြစ်သော မေတ္တေယျအလောင်းတော်၏ပုံတော်လည်းဖြစ်နိုင်သည်ပင်။

၃။ ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားမှရသော နှစ်ဆူအုတ်ခွက်ဘုရား။

ရန်ကုန်မြို့၊ ကျိုက်ဒေးအပ်ဆံတော်ရှင်ဟုဘွဲ့မည်ရသော ဗိုလ်တထောင်ဘုရား၏ဌာပနာတိုက်အတွင်းမှ ဒုတိယကမ္ဘာစစ်ပြီးသည့်နောက်ပိုင်းကာလ ဗုံးပေါက်ကွဲမှုကြောင့်ပေါ်ထွက်လာသောရှေးဟောင်းပစ္စည်းများတွင် မတ်ရပ်ပုံတော်နှစ်ဆူပါ အုတ်ခွက်ဘုရားသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ထိုအုတ်ခွက်ဘုရား၏အရွယ်အစားမှာ အမြင့် ၆–လက်မခွဲ၊ ဗျက် ၄–လက်မခွဲ၊ ထု–လက်မဝက်ရှိသည်။ အုတ်ခွက်ဘုရား၌ပါရှိသော မတ်ရပ်ပုံတော်နှစ်ဆူသည် လက်တော်မှာ ဝရဒမုဒ္ဒြ(ဆုပေး)ဟန်နှင့် နှစ်ထပ်ကြာပွင့်ပေါ်၌ ရပ်တော်မူနေပုံဖြစ်သည်။ ထိုဘုရားနှစ်ဆူ၏အကြားအထက်ပိုင်း၌ စေတီငယ်တစ်ဆူပါရှိသည်။[*၄]

၄။ မွန်ပုံ သရီးကိုင်နှစ်ဆူဆင်းတုတော်။

မွန်ပုံစံဟုယူဆထားသော ဂေါတမမြတ်စွာဘုရားနှင့်မေတ္တေယျရှင်တို့ ကြာပလ္လင်ထက်စံပယ်နေပုံ နှစ်ဆူတွဲပုံတော်တစ်ဆူကို ဖရေဆာလူ(Fraser Lu)၏ Burmese Craftes စာအုပ်တွင် တွေ့ရသည်။ ထိုနှစ်ဆူတွဲပုံတော်တော်မှာ သရီးကိုင်ရွှေချထားသည်။ အေဒီ ၁၇–ရာစု၊ ၁၈–ရာစုလက်ရာဟု ခန့်မှန်းထားသည်။[*၅]

ပြည်ပအနေဖြင့် ပါကစ္စတန်နိုင်ငံ၊ လာဟိုပြတိုက် (Lahore Museum) တွင် ဂန္ဓာရလက်ရာ ဂေါတမမြတ်စွာဘုရားနှင့်မေတ္တေယျရှင် ယှဉ်တွဲပုံရုပ်တုကိုတွေ့ရသည်။ ထိုပုံတော်တွင် ဂေါတမမြတ်စွာဘုရားရှင်သည် ကြာပလ္လင်ထက်၌ ဓမ္မစက်ကြာမုဒ္ဒြ (ဓမ္မစက်ကြာဟော) (သို့မဟုတ်) ဝိတက္ကမုဒ္ဒြ(အပြန်အလှန်မေးဖြေပြော)ဟန်ဖြင့် စံနေပြီး၊ မေတ္တေယျရှင်မှာ မတ်ရပ်ပုံဖြစ်သည်။ မေတ္တေယျရှင်ပုံတွင် အထက်တန်းကျသောပြာဟ္မဏလုလင်တို့ကဲ့သို့ဝတ်စားဆင်ယင်ထားပြီး၊ လက်ဝဲဘက်လက်တွင် အိုးငယ်တစ်လုံးကို ကိုင်ထားသည်။[*၆] ထိုပုံတော်ကို အေဒီ–၂–ရာစုလက်ရာဟုခန့်မှန်းထားသည်။[*၇]

---

*၁ ဦးဗိုကေ၏ ပုဂံသုတေသနလမ်းညွှန်။ ၁၉၈၁–ခုနှစ်။ (စာမျက်နှာ–၃၁၃)။

*၂ G.H. Luce' Old Burma-Early Pagan. I. Page-422; II. Page-170; III. Pl.397. a.

*၃ Buddhist Hybrid Sanskrit Dictionary. 1953. Page-382.

*၄ G.H. Luce' Phases of Pre-Pagan. Burma. I. Page-163; II. Pl.73. b.

*၅ Collection of Joel Greene, San Francisco. In Sylvia Fraser-Lu' Burmese Crafts. 1994. Page-96. Fig.69.

*၆ The Image of The Buddha. Page-87. Fig.53.

*၇ Sir. J. Marshall' The Buddhist Art of Gandhāra. Page-96.

http://www.dhammadownload.com



မေတ္တေယျနှင့်သက္ကမုနီ (ဂန္ဓာရလက်ရာ)
ယခု Lahore Museum.
Snellgrove, 1978, Pg.87, Pl.53

http://www.dhammadownload.com

မေတ္တေယျရုပ်တုတော်

မြန်မာနိုင်ငံအတွင်း၌ ဂေါတမမြတ်စွာဘုရား(ပုဂံမြို့၊ ညောင်ဦး ငှက်ပစ်တောင်ဘုရားအနီး၊ ဘုရားအမှတ်-၁၆၉)၊ ကကုသန်မြတ်စွာဘုရား(မုဏ္ဍာမြို့အရှေ့ဘက်ရှိ လယ်ဇင်ရွာ)စသည်ဖြင့် ဘုရားရှင်တို့၏ဘွဲ့အမည်တော်ကို ယူ၍တည်ထားသောဘုရားတို့မှာ လွန်စွာမရှိလှပေ။ တွေ့လည်း တွေ့ရခဲလေသည်။ အထူးသဖြင့် မေတ္တေယျရှင်အား ရည်မှန်း၍တည်ထားသောဆင်းတုသက်သက်ဟူ၍ကား မတွေ့ရသလောက်ရှားပါးလှချေသည်။ ရှေးဟောင်းသုတေသနပညာရှင်တို့၏ရှာဖွေလေ့လာချက်အရ မေတ္တေယျရှင်၏ရုပ်တုတို့ကို မြန်မာနိုင်ငံတွင် ပျူခေတ်မှစ၍ ခေတ်အဆက်ဆက် ယနေ့တိုင်အောင် ကြီးကြီးမားမားမဟုတ်ဘဲ ဉာဏ်တော်ခပ်ငယ်ငယ်ခပ်ရွယ်ရွယ် ကြွေးရုပ်တု, ကျောက်ရုပ်တုမျှကိုသာတွေ့ရှိရသည်။

ပြည်ပနိုင်ငံများဖြစ်ကြသော သီရိလင်္ကာ၊ အိန္ဒိယ၊ ပါကစ္စတန်၊ တိဗက်၊ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ လာအို စသည်နိုင်ငံတို့၌မူ မေတ္တေယျရုပ်တုတော်ကို အလွန်သေးငယ်သောအရွယ်တော်မှသည် ကျောက်တောင်နံရံကြီးများပေါ်၌ ထွင်းထုထားရလောက်အောင်ပင် အလွန်တရာကြီးမားလှသောဆင်းတုရုပ်တုတော်အထိ အရွယ်ရွယ်အစားစားအများအပြားတွေ့ရှိရသည်။

အထူးသဖြင့် တရုတ်နိုင်ငံ၊ စီချွမ်ပြည်နယ်၊ လိုစန်းမြို့နယ်၊ လင်ယွင်တောင်ရိုး၊ ချိုလွမ်တောင်စောင်းတွင် ထုလုပ်ထားသော မေတ္တေယျထိုင်တော်မူရုပ်ပွားတော်ကြီးသည် ရေပြင်ကိုမျက်နှာမူလျက်ရှိကာ ဉာဏ်တော် ၃၁-မီတာ၊ ဦးခေါင်းတော်အကျယ် ၁၂-မီတာ၊ နားရွက်တော်အရှည် ၆-မီတာ၊ ပခုံးတော်အကျယ် ၂၈-မီတာရှိသည်။ ဦးထိပ်တော်မှာ တောင်ကမ်းပါးကြီးနှင့်အပြိုင် မြင့်မားလှကာ မြစ်ကြီးကို ခြေတော်ဖြင့်နင်းထားဘိသို့ရှိသည်။ ရုပ်ပွားတော်ကြီးထုလုပ်ထားပုံမှာ အချိုးအစားပြေပြစ်၍ ခန့်ညားတင့်တယ်လှပေသည်။ ယင်းရုပ်ပွားတော်ကြီးကို ထန်မင်းဆက်ခေတ် (အေဒီ ၈၁၃-၉၀၆)က စတင်၍ထုလုပ်ရာ အနှစ်ကိုးဆယ်ကြာမှပြီးစီးသည်။[*၁]

၁။ ပျူမေတ္တေယျရုပ်တုများ။

ပုဂံမြို့၊ ရွှေဆံတော်ဘုရား(ဘုရားအမှတ်-၁၅၆၈)၏ဌာပနာတိုက်အတွင်းမှ ကြွေးသွန်းရုပ်တုတော်သုံးဆူကို ရရှိခဲ့သည်။ ထိုဆင်းတုတော်တို့၏တင်ပလ္လင်ခွေထိုင်နေဟန်မှာ ဆန်းသည်။ မဟာရာဇာလီလာသန(ဘယ်ဒူးကွေးညာဒူးထောင်ထိုင်)ဟန်ဖြစ်သည်။ ဆံပင်ထုံးဖွဲ့ပုံမှာလည်းဆန်းကြယ်သည်။ ရုပ်တုတော်သုံးဆူစလုံး မကိုင်ဆောင်း၊ နားတောင်းပန်ပြီး လည်ဆွဲ,လက်ကြပ်စသည်ဆင်ယင်ထားသည်။ ရုပ်တုတော်တစ်ဆူမှာ လက်ယာဘက်လက် ပျက်စီးနေသည်။ ရုပ်တုတော်တို့တွင် ပျူအက္ခရာဖြင့် 'ဗံ့ မေတြိယ ဗံ့း' (မြတ်သောမေတ္တေယျ)ဟု ပျူစာရေးထိုးထားသည်။ ပါမောက္ခဒေါက်တာလုစ်(Luce)က ဤမေတ္တေယျပုံကို ပျူလက်ရာပုံတော် (Pyu Type) ဟု သတ်မှတ်ထားသည်။ ထိုမေတ္တေယျကြွေးရုပ်တုသုံးဆူကို ကျောက်စာဝန်မစွတာဒူရွိုင်ဇဲလ်(M.Duroiselle) က အေဒီ ၁၁-ရာစုလက်ရာဟုခန့်မှန်းသည်။ အနော်ရထာမင်း(အေဒီ ၁၀၄၄-၁၀၇၇) သရေခေတ္တရာကိုတိုက်ခိုက်စဉ်ကရရှိခဲ့ပြီး၊ ပုဂံရွှေဆံတော်ဘုရားသို့ယူဆောင်ခဲ့ကာ ဌာပနာထားခြင်းဖြစ်နိုင်သည်ဟုလည်း ထင်မြင်ချက်ပေးသည်။[*၂] သုတေသီဂတ်တမင်(P.Gutman)က အေဒီ ၉-ရာစုနောက်ပိုင်းလက်ရာဟုဖော်ပြထားသည်။[*၃]

---

*၁ နိုင်ငံခြားဘာသာစာပေထုတ်ဝေရေးဌာန၏ ဂန္ဓာလရာဇ်စာစောင်။ ၁၉၈၉-ခုနှစ်။ (စာမျက်နှာ-၆၀)။

*၂ G.H. Luce' Old Burma-Early Pagan. I. Page-188; II. Page-204; III. Pl.444. a,b,c,d,e,f.

*၃ P. Gutman' The Pyu Maitreyas. In Traditions in Current Perspective. UHRC. 1996. Page-167.

http://www.dhammadownload.com

မေတ္တေယျရုပ်တုတော်များ



မေတ္တေယျ
Getty, 1914, Pl.XIV.



မေတ္တေယျ
Getty, 1914, Pl.XV b.



မေတ္တေယျ
Getty, 1914, Pl.XV a.



မေတ္တေယျ
Getty, 1914, Pl.XV d.



မေတ္တေယျ
Diskul, 1980, Chap.1, Pl.3.



မေတ္တေယျ
Getty, 1914, Pl.XV c.

http://www.dhammadownload.com

ပုဂံမြို့၊ မြင်းကပါရွာ ပေါင်ဂူဘုရားမှ ကြေးသွန်းပျူခေတ်လက်ရာ မေတ္တေယျရုပ်တုတော်တစ်ဆူကို ရရှိခဲ့သည်။[*၁] ဝတ်စားဆင်ယင်ဟန် လွန်စွာထူးခြားသည်။ စမ္ပါ (Champa) နိုင်ငံ၊ ဒေါင် ဒူးဝေါင်(Dong Duong)၌ ကြွန်ဝရ်မန်(၂) မင်းလက်ထက် အေဒီ ၈၇၅-၃၀၀တွင်တည်သော မဟာယာနဝိဟာရမှရရှိသော မေတ္တေယျရုပ်တုတော်နှင့် ဝတ်စားဆင်ယင်ဟန်တူသည်။ ထိုပေါင်ဂူဘုရားမှရရှိသောကြေးရုပ်တုတွင် လက်နှစ်ဖက်ကို ဒူးပေါ်တင်ထားသည်။ မျက်မှောင်နှစ်သွယ်ကြား၌ စိန်ပွင့်သဖွယ် ဥရုဏ္ဍာ (ūrṇā)၊ ပါဠိ-ဥဏ္ဏာလောမ)ကိုထည့်သွင်းထားသည်။ ရှည်လျားသောမျက်ဝန်း၊ ပွကားသောနှာတံ၊ ထူထဲသောနှုတ်ခမ်းရှိသည်။ မကိုင့်ဆောင်း၊ နားပန်၊ လက်ကြပ်၊ လည်ကြပ်၊ ခါးစည်းကြိုး၊ ခါးဝတ်တန်ဆာ-စသည်တို့ဆင်မြန်းထားသည်။[*၂]

၂။ ပုဂံမှမေတ္တေယျရုပ်တုများ။

ပုဂံမြို့၊ မြင်းကပါရွာ ပေါင်းဂူဘုရားမှပင် မေတ္တေယျကြေးရုပ်တုငယ်တစ်ဆူကိုရရှိပြန်ရာ ထိုကြေးရုပ်တုမှာ အိန္ဒိယနိုင်ငံလက်ရာပုံဖြစ်သည်။ ဝတ်စားဟန်မှာ မကိုင့်ဆောင်း၊ ဥပဝီတခေါ် စလွယ်သိုင်းကြိုးဆင်မြန်းထား၏။ ထိုင်ဟန်မှာ လလိတာသန(ဘယ်ခြေတွဲလွဲချ)ဖြစ်သည်။[*၃] ဤရုပ်တုကို ပုဂံ၌သွန်းလုပ်ခြင်းမဟုတ်ဘဲ အိန္ဒိယနိုင်ငံမှယူဆောင်ခဲ့ဟန်ရှိသည်။

ပုဂံမြို့၊ သီရိပစ္စယာတောရကျောင်းမှ ဦးခေါင်းတော်မျှသာပါရှိသော မေတ္တေယျဆင်းတုတော်တစ်ဆူကို တွေ့ရသည်။ ဤပုံတော်ကို ကျောက်စာဝန် မစ္စတာတော်စိန်ခိုး(အေဒီ ၁၈၆၄-၁၉၃၀)က မေတ္တေယျပုံတော်ဟုယူဆကြောင်း ဖော်ပြထားသည်။ ဆောင်းထားသောမကိုင့်မှာ ရခိုင်ပြည်နယ်၌တွေ့ရသော မေတ္တေယျပုံတော်ပါမကိုင့်တို့နှင့်တူလေသည်။[*၄]

ပုဂံမြို့၊ ရွှေဆံတော်ဘုရားအနီးရှိ ဘုရားပျက်တစ်ဆူအတွင်းမှ အမြင့် ၁-ပေ၊ ၈-လက်မရှိ အလွန်သေးငယ်သော ကြေးသွန်းရုပ်တုတစ်ခုကိုရရှိရာ၊ ထိုရုပ်တုငယ်ကို ဗျာနိဗုဒ္ဓဟု ယူဆခဲ့ကြသည်။ သို့သော် ထိုရုပ်တုကို သေချာစွာလေ့လာကြည့်ရာတွင် လလိတာသန (ညာဘက်ခြေတွဲလွဲချ) ထိုင်ဟန်၊ ဇရာမုကုဋ (ဆံထုံးမြင့်မြင့်) ထုံးထားပုံ၊ နာဂကေသရ(ကဲ့ကော်ပန်း) ကို လက်ဝဲနားသွယ်မှနေ၍ချထားပုံတို့ကိုတွေ့ရ၍ ထိုရုပ်တုကိုလည်း မေတ္တေယျရုပ်တုဟူ၍ သတ်မှတ်နိုင်ကြောင်း ပါမောက္ခဒေါက်တာလုစ်(G.H.Luce)က တင်ပြခဲ့သည်။[*၅]

ထို့ပြင် မန္တလေးမြို့၊ ရေးဟောင်းသုတေသနပြတိုက်သို့ရောက်ရှိလာသော မကိုင့်ဆောင်းကြေးရုပ်တုတော် (အပေါ်ပိုင်းသာပါသည်)တစ်ဆူကို ဇမ္ဗူပတိပုံဟုယူဆခဲ့ကြသော်လည်း ပါမောက္ခဒေါက်တာလုစ် (G.H.Luce) က ဝတ်စားဆင်ယင်ပုံကိုလေ့လာ၍ မေတ္တေယျရှင်၏ပုံတော်ဖြစ်နိုင်ကြောင်းတင်ပြထားသည်။[*၆]

---

*၁ G.H. Luce' Old Burma-Early Pagan. II. Page-206; III. Pl.446. c.

*၂ P. Gutman' The Pyu Maitreyas. UHRC. 1996. Page-167.

*၃ G.H. Luce' Old Burma-Early Pagan. II. 207; III. Pl.446 c.

*၄ G.H. Luce' Old Burma-Early Pagan. II. Page-206; III. Pl.445 b.

*၅ G.H. Luce' Old Burma-Early Pagan. I. Page-194; II. Page-192; III. Pl.428 b.


*၆ G.H. Luce' Old Burma-Early Pagan. II. Page-206; III. Pl.445 d,e.

http://www.dhammadownload.com

ပျုံခေတ်လက်ရာမေတ္တေယျရုပ်တုများ



ပုဂံမြို့၊ ရွှေဆံတော်ဘုရား(၁၅၆၈)မှရသည်
OB-EP, III, 1970, Pl.444 a.



ပုဂံမြို့၊ ပေါင်းကူဘုရားမှရသည်
OB-EP, III, 1970, Pl.444 c.



ပုဂံမြို့၊ ပေါင်းကူဘုရားမှရသည်
OB-EP, III, 1970, Pl.444 e.



ပုဂံမြို့၊ ပေါင်းကူဘုရားမှရသည်
OB-EP, III, 1970, Pl.446 c.

http://www.dhammadownload.com



ပျုံခေတ်လက်ရာမေတ္တေယျ
OB-EP, III, 1970, Pl.443 c.



အိန္ဒိယလက်ရာမေတ္တေယျ
OB-EP, III, 1970, Pl.445 a.



အိန္ဒိယလက်ရာမေတ္တေယျ
OB-EP, III, 1970, Pl.445 b.



အိန္ဒိယလက်ရာမေတ္တေယျ
OB-EP, III, 1970, Pl.445 d.

http://www.dhammadownload.com

၃။ ရခိုင်ပြည်နယ်မှမေတ္တေယျရုပ်တုများ။

ရခိုင်ပြည်နယ်အတွင်း၌ မေတ္တေယျရှင်အားရည်မှန်း၍ထုလုပ်ကိုးကွယ်သော ဆင်းတုတော်ကြီးများရှိခဲ့ပုံကို ရှေးရခိုင်စာပေအထောက်အထားများအရ သိရသည်။ ဒွါရာဝတီမည်သော သံတွဲမြို့တွင် သံတွဲမြို့စား ဓမ္မသူရ အမတ်ကြီးသည် ဆံတော်၊ အံတော်၊ နံတော်ဟူသော ဘုရားသုံးဆူနှင့်အတူ မေတ္တေယျဆင်းတုတော်တစ်ဆူကိုပါ တည်ခဲ့ဖူးသည်။*၁

ဘူးသီးတောင်မြို့နယ်၊ စံကိုးထောင်ရွာရှိ ဦးကျော်ခိုင် တည်ထားသော သုံးဆယ့်တစ်ဘုံရုပ်စုံစေတီတွင်လည်း အတောင်ရှစ်ဆယ်မြင့်သော မေတ္တေယျအလောင်းတော်နတ်သားရုပ်တုတော်တည်ထားခဲ့ရာ ထက်ဝက်လောက်အရောက်တွင် မိုးကြိုးခ၍ပြိုပျက်ခဲ့ရသည်။*၂

ထို့ပြင် ရခိုင်ပြည်၌ အလွန်ရှေးကျသော သရ်ဗသ္ဌာနပကရဏကျမ်း(Sarva Sthāna Prakaraṇa)တွင် 'မဟာမုနိရှင်ပင်ကို ကိုးကွယ်ရသောအကျိုးတို့၌ နောင်အခါပွင့်လတ္တံ့ဖြစ်သော မေတ္တေယျရှင်ကိုဖူးမြင်ရလျက် အကျွတ်တရားရနိုင်သည်' ဟုပင် ထည့်သွင်းရေးသားထားလေသည်။*၃

ရခိုင်ပြည်နယ် ကျောက်တော်မြို့ရှိ မဟာမုနိဘုရားမှ အေဒီ ၁၆၈၄-ခုနှစ်တွင် မကိုင့်ဆောင်းကြေးဆင်းတုတော်တစ်ဆူကိုရရှိခဲ့သည်။*၄ ထိုရုပ်တုမှာဉာဏ်တော်အမြင့် ၁၀ ဒသမ ၄-လက်မ၊ အခြေ၌ ဗျက်အကျယ် ၆-လက်မရှိသည်။ ထိုရုပ်တုသည် မန္တလေးမြို့ ရွှေဟောင်းသုတေသနပြတိုက်သို့ရောက်ရှိသွားခဲ့သည်။*၅ ပညာရှင်များ၏လေ့လာချက်အရ ထိုရုပ်တုတော်သည် မေတ္တေယျရှင်၏ရုပ်တုဖြစ်ကြောင်းသိရသည်။ ထိုပုံတော်တွင် မကိုင့်သရဖူဆောင်းထားသည်။ ဆံတော်ကိုစု၍ထောင်ထားကာ အရင်း၌ပန်းကြိုး စည်းနှောင်ထားသည်။ ဆံတော်မှာ ခရုရစ်ခွေ ခွေထားပြီး အထက်ကကြာရွက်ကြာဖူးသဏ္ဌာန်ဖုံးလွှမ်းထားသည်။ နားကွင်းနားကပ်စသည် ပန်ဆင်ထားသည်။ ပခုံးလက်ကြပ်ပါသည်။ ရင်လွှမ်းတန်ဆာ ဆင်ယင်ထားသည်။ ကြာပလ္လင်ပေါ်တွင် တင်ဖျဉ်ခွေထိုင်ဟန်ဖြစ်သည်။ အမြိုက်အိုးကို အောက်ပိုင်း၌ပုဝါစည်း၍ လက်ဝါးပြင်ပေါ်တင်ထားသည်။ စုလျားတဘက်သိုင်းထားသည်။ ခါးစည်းခါးပတ် ဝတ်ဆင်ထားသည်။ အောက်ခံကြာပလ္လင်မှာ အမြင့် ၂-လက်မရှိသည်။ ရုပ်တု၏မျက်နှာတော်ပြားပုံ၊ ပါးစပ်ကျယ်ပုံ၊ နှာဖျားကျယ်ပုံ၊ နှာရိုးတံကြီးပြီး ခပ်ပြားပြားနေပုံကို ထောက်ချင့်၍ ရခိုင်ဒေသတွင် သွန်းလုပ်သည်ဟုယူဆသည်။ အေဒီ ၈-ရာစု၊ ၉-ရာစုလက်ရာဟု ခန့်မှန်းထားသည်။*၆

---

*၁ အရှင်စက္ကိန္ဒ၏ အံ့ဖွယ်များစွာ ဒွါရာဝတီသံတွဲမြို့(ဆောင်းပါး)။ ရခိုင်ယဉ်ကျေးမှုများ၊ အမှတ်-၂။ ၁၉၉၃-ခုနှစ်။ (စာမျက်နှာ-၁၀၉)။ ဦးကုလား မဟာရာဇဝင်ကြီးစသည်တို့၌ပါသော သုပညာနာဆိန္နမင်းလက်ထက်က ကမ်းယံပြည်ရှိ ရွှေဆင်းတုတော်မှာ ဤသံတွဲမြို့ရှိ ဆင်းတုတော်ပင်ဖြစ်သည်ဟုလည်း ယူဆကြသည်။ အရှင်စက္ကိန္ဒ၏ရခိုင်ပြည်ဗုဒ္ဓရုပ်ပွားစေတီထုလုပ်တည်ထားမှုများ(ဆောင်းပါး)။ ရခိုင်ယဉ်ကျေးမှုများ၊ အမှတ်-၄။ ၁၉၉၅-ခုနှစ်။ (စာမျက်နှာ-၁၁၃)။

*၂ အရှင်စက္ကိန္ဒ၏ ဘူးသီးတောင်မြို့နယ် သုံးဆယ့်တစ်ဘုံရုပ်စုံစေတီ(ဆောင်းပါး)။ ရခိုင်ယဉ်ကျေးမှုများ၊ အမှတ်-၄။ ၁၉၉၅-ခုနှစ်။ (စာမျက်နှာ-၉၃)။

*၃ အရှင်စက္ကိန္ဒ၏ရခိုင်ပြည်ဗုဒ္ဓရုပ်ပွားစေတီထုလုပ်ထားမှုများ(ဆောင်းပါး)။ ရခိုင်ယဉ်ကျေးမှုများ။ အမှတ်-၄။ ၁၉၉၅-ခုနှစ်။ (စာမျက်နှာ-၁၁၉)။ ထို။ (စာမျက်နှာ-၁၁၉)။ Dr. Forchhammer' Arakan. 1881. Page-2

*၄ U Mya' Our Museum. JBRS. Vol.IV. 1914. Page-214. Pl.I a.b.
G.H. Luce' Phases of Pre-Pagan. Burma. I. 1985. Page-125; II. Frontispiece-Bronze Maitreya.

*၅ ကျောက်စာဝန်ဟောင်းဦးမြက ဤရုပ်တုသည် အေဒီ ၁၇၈၄-ခုနှစ် ဘိုးတော်မင်းလက်ထက် အိမ်ရှေ့မင်း မဟာမုနိဘုရားပင့်လာစဉ်က ရခိုင်မှ မန္တလေးသို့ပါလာခဲ့ကြောင်း ရေးသားခဲ့သည်။ U Mya' Our Museum. (Notes and Reviews). JBRS. Vol.VI. Part I. 1916. Page-20.

*၆ ထွန်းရွှေခိုင်(မဟာဝိဇ္ဇာ)၏ရခိုင်ဝေသာလီခေတ် ဗုဒ္ဓအနုပညာ။ (စာမျက်နှာ-၈၃)။

http://www.dhammadownload.com

မေတ္တေယျရှင်နှင့်မင်းဝတ်ဘုရား

ရခိုင်ပြည်နယ် ကျောက်တော်မြို့မှရသော မကိုဋ်ဆောင်းဘုရား(မင်းဝတ်ဘုရား)ကဲ့သို့သော ဘုရားရုပ်တုများစွာကို ရခိုင်ပြည်နယ်အတွင်း၌တွေ့ရသည်။[*၁] ထိုရခိုင်ပြည်နယ်မှတွေ့ရသော မကိုဋ်ဆောင်းမင်းဝတ်ဘုရားတို့ကို မေတ္တေယျအစရှိသော ဘုရားအလောင်းတစ်ဆူဆူ၏ရုပ်တုတော်ဖြစ်လိမ့်မည်။ သို့မဟုတ်ပါက ရှေးရခိုင်မင်းများ၏ဘိသိက်ခံပွဲ၌ မင်းမြွှောက်တန်ဆာငါးပါးနှင့်ပူဇော်ထားသော ရာဇာဘိသေကမုနိရုပ်တုတော်[*၂]၊ ရှေးရခိုင်မင်းများနန်းတက်ရာ၌ သစ္စာကျိန်ဆိုရသော မဟာကျိန်ရုပ်တုတော်(တစ်နည်း) နန်းတက်ရုပ်တုတော်[*၃] စသည့်ရုပ်တုတော်တို့လည်းဖြစ်နိုင်ကြောင်း ပညာရှင်တို့လေ့လာတင်ပြခဲ့ကြပြီးဖြစ်သည်။[*၄]

ထိုမကိုဋ်၊ စလွယ် မင်းမြွှောက်တန်ဆာငါးပါးဆင်ယင်ထားသော ရုပ်ပွားဆင်းတုတော်ကို မကိုဋ်ဆောင်းဘုရား (Crowned Buddha) သို့မဟုတ် မင်းမြွှောက်တန်ဆာနှင့်ရတနာများဆင်မြန်းထားသောဘုရား (Adorned Buddha, Bejewelled Buddha)[*၅] ဟု ခေါ်ဝေါ်ခဲ့ကြသည်။

ဤသို့လျှင် မကိုဋ်ဆောင်း၍မင်းမြွှောက်တန်ဆာနှင့်ရတနာများကိုဆင်ယင်ထားသော ဆင်းတုရုပ်တုမျိုးကို ဧမ္မုပတိ[*၆] ဆွတ်ခန်း ဗုဒ္ဓဆင်းတုတော်တွင်လည်း တွေ့ရသည်။ ထိုပုံမျိုးကို ဗောဓိသတ္တဘုရားလောင်း မေတ္တေယျ[*၇]၊ ပဒုမုတ္တရ[*၈]၊ အက္ကောဘျ[*၉]၊ အဝလောကိတေသွရ[*၁၀]၊ ဝဇြပါဏိ[*၁၁]၊ သမန္တဘဒြ[*၁၂]၊ ကောကွရ-ဥပဂီစကြ

---

*၁ San Tha Aung' The Buddhist Art of Ancient Arakan. 1979. Page-60. Pl. 33, 34, 35, 36, 37, 38, 39, 40, 41, 42, 43, 44, 45, 46, 47, 48, 49, 50, 75, 76.

*၂ ခေါ်အေးလှ၏ ပျူနှင့်ပုဂံခေတ်ဗုဒ္ဓရုပ်ပွားတော်များ။ MHRJ. အမှတ်(၁)၊ ၁၉၉၅-ခုနှစ်။ (စာမျက်နှာ-၃)။

*၃ မောင်ဒေဝ(မြောက်ဦး)၏သျှစ်သောင်းဘုရားမှမင်းဝတ်တန်ဆာနဲ့လင်္ကာနှင့်ကျောက်ဆင်းတုတော်(ဆောင်းပါး)။ရခိုင်ညွှန်ပြုံး၊အမှတ်-၄၊၁၉၉၇-ခုနှစ်။

*၄ ထွန်းရွှေခိုင်(မဟာဝိဇ္ဇာ)၏ ရခိုင်ဝေဿလီခေတ်ဗုဒ္ဓအနုပညာ။ (စာမျက်နှာ-၈၄)။ ဒေါက်တာသန်းထွန်း၏ ပျူ၊ မြန်မာ၊ မွန်နဲ့ ရခိုင်တွေရဲ့ ဖြာဟွေးနဲ့ ဗုဒ္ဓကိုယ်စားတော်(စာတန်း)။ သန်းထွန်းရှုခ်ဆယ်ပြည့်။ ၂၀၀၃-ခုနှစ်။ (စာမျက်နှာ-၃၉)။ Page-59.

*၅ The Image of The Buddha. Page-198. Fig-148.

*၆ မင်းဝတ်ဘုရားဆင်းတုကို ဧမ္မုပတိ-ဟု မည်သည့်ပုဂ္ဂိုလ်ကစ၍ အမည်ပေးကြောင်းကို မသိရသော်လည်း ထိုဧမ္မုပတိဘွဲ့မည်မှာ ယခုအခါ အထူးတွင်ကျယ်လျက်ရှိနေသည်။ ဧမ္မုပတိမင်းအကြောင်း ပါဠိတော်အဋ္ဌကထာစသည်၌မပါရှိပေ။ လာအို(Lao)နိုင်ငံတွင် ဧမ္မုပတိသုတ္တ-ဟု ဧမ္မုပတိမင်းအကြောင်း ဖော်ပြထားသော သုတ္တန်တစ်စောင်ရှိသည်။ H. Saddhātissa' Pāli Literature of Thailand. In Buddhist Studies in Honour of I.B. Horner. 1974. Page-222. ၎င်းမယ်ပြည်ဖြစ်လောကီယွန်းပဏ္ဏာသကျမ်းတွင် ဧမ္မုပတိမင်းအကြောင်းပါရှိသည်။ ဦးမြ၏ဧမ္မုပတိ(ဆောင်းပါး)။ ယဉ်ကျေးမှုစာစောင်။ အတွဲ-၃၊ အမှတ်-၅။ (စာမျက်နှာ-၂၀)။ အေဒီ ၁၇၇၂-ခုနှစ်တွင်ပြုစုသော ဒီပဲရင်းဆရာတော်ကြီး၏တထာဂတဥဒါနဒီပနီ ကျမ်း၊ ပထမတွဲ။ ၁၉၁၄-ခုနှစ်။ (စာမျက်နှာ-၅၄၄)တွင် ဧမ္မုပတိမင်းအကြောင်းကို အစောဆုံးမြန်မာမှတ်တမ်းအဖြစ်တွေ့ရသည်။ ဤဧမ္မုပတိဆွတ်ခန်းစာကို ဘကြီးတော်မင်းလက်ထက် ဦးလန်း၏ရက်စ်ဖျက်တွင် 'ယခုကာလ၊ စာဆိုကြသည်မှာ၊ ရာမ,ဒွေတောင်၊ ပေါင်မျောင်ရောယု၊ ဧမ္မုပတိ၊ ရှင်မွေလိ-ရှင်မွေ့လွန်း၊ ကျွန်းသန်လျင်သူ'...စသည့် စာမျိုးသည် 'မကြံသာ၊ မကြံကောင်းအောင်၊ စာပေါင်းသိုက်ပျစ်ထူတွင်၊ သမ္ဘတ်အူပိုးခင်ပြတ်ကဲ့သို့၊ ဆင်လိုက်သည်ဥာဏ်၊ ဗဟုဿုတိဓေဠုမှာ၊ ဇာတ်ပေါင်းသံ ခုလုသည့်-ကလိမ်ချုံခန်းလေ'-ဟု ဧမ္မုပတိဆွတ်ခန်းကို ကာလပေါ်စာမျိုးဖြစ်ကြောင်း ရေးပွဲ့ထားသည်။ မော်ဝိဆရာသိန်းကြီး၏ နန်းမတော်မယ်နှ။ ၁၉၅၀-ပြည့်နှစ်။ (စာမျက်နှာ-၁၂၆)။ မင်းဝတ်ဘုရားကို ဧမ္မုပတိဆွတ်ခန်းဆင်းတုတော်ဟူ၍ မုံရွာမြို့ ဗောဓိတထောင်တွင် ဆင်းတုတော်များစွာပြုလုပ်ထားပါသည်။ ဆရာတော်ဦးနာရာ၏ ဗောဓိတထောင်သမိုင်း။ ၁၉၈၂-ခုနှစ်။ (ပုံ-၇၈/က)။

*၇ The Image of The Buddha. Page-129. Fig.90, Page-130. Fig.91, Page-228. Fig.173, Page-229. Fig.175, Page-235. Fig.181, Page-243. Fig.186.

*၈ The Image of The Buddha. Page-175. Fig.130, Page-284. Fig.215.

*၉ The Image of The Buddha. Page-278. Fig.206, Page-283. Fig.214.

*၁၀ The Image of The Buddha. Page-340. Fig.263, Page-345. Fig.268.

*၁၁ The Image of The Buddha. Page-345. Fig.269, Page-365. Fig.288.


*၁၂ The Image of The Buddha. Page-346. Fig.271.

http://www.dhammadownload.com


မကိုင်ဆောင်းမင်းဝတ်ဘုရားများ



ရခိုင်ပြည်နယ်မှရသည်
San Tha Aung, 1979, Pl.36.




ကရင်ပြည်နယ်၊ ကော့ဂွန်းဂူဌဂတွေ့ရသည်
Inglis, 1998, Pg.138, Fig.2.



မန္တလေးမြို့မဟာမုနိဘုရား
Culture, Pg.28.



မန္တလေးမြို့၊စန္ဒာမုနိဘုရား
Inglis, 1998, Pg.137, Fig.6.



မန္တလေးမြို့၊ကျောက်တော်ကြီးဘုရား
Culture, Pg.25.



မန္တလေးမြို့၊
ရွှေကျီးမြင်ဘုရားရှိ
မင်းဝတ်ဆင်းတုတော်
Inglis, 1998,
Pg.136, Fig.3.



အမရပူရမြို့၊
ကျောက်တော်ကြီးဘုရား
Culture, Pg.44.

http://www.dhammadownload.com

(ဂျပန်= Ichiji-Kinrin)*၁ ရုပ်တုတော်တို့တွင်လည်းတွေ့ရသည်။ သို့ဖြစ်ပါ၍ မကိုင်ဆောင်းဆင်းတုရုပ်တုတစ်ဆူကိုတွေ့တိုင်း မေတ္တေယျရုပ်တုဖြစ်နိုင်သကဲ့သို့ အထက်၌ဖော်ပြခဲ့သော အခြားသောဗောဓိသတ္တဘုရားလောင်းရုပ်တုများ၊ ဇမ္ဗုပတိဂျွတ်ခန်းဗုဒ္ဓရုပ်တုနှင့် အခြားရုပ်တုတော်တို့လည်းဖြစ်နိုင်ကြောင်း သတိပြုရန်ဖြစ်သည်။

မြန်မာနိုင်ငံ၌ မင်းဝတ်ဘုရားများပြားစွာရှိရာတွင် ထင်ရှားကျော်ကြားသောမင်းဝတ်ဆင်းတုတော်တို့မှာ မဟာမုနိ*၂၊ စန္ဒာမုနိ*၃၊ မဟာသကျရံသီ*၄၊ မဟာသကျသီဟ*၅၊ သကျမာရဇိန်*၆၊ ရာဇာဓိရာဇ်*၇– အစရှိသော ဘွဲ့နာမံတော်များရှိသည့်ဆင်းတုတော်ကြီးများပင်ဖြစ်သည်။ မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ဘုရားကြီး၏ ပုံစံတော်ကိုယူ၍ ရသေ့ကိုယ်တော်ကြီးဦးခန္တီ(အေဒီ ၁၈၆၈–၁၉၄၉)သည် ကြေးဖြင့်သွန်းလုပ်ပူဇော်ခဲ့သော မဟာမြတ်မုနိမင်းဝတ်ဆင်းတုတော်ကြီးများလည်း မြန်မာနိုင်ငံအနှံ့ရောက်ရှိနေပေသည်။*၈

မင်းဝတ်ဘုရားဆင်းတုတော်တို့တွင်လည်း (က) မဟာမုနိအစရှိသော ရုပ်ပွားတော်ကြီးများမှာ မူလသွန်းလုပ်ခဲ့သော သင်္ကန်းရုံဘုရားပုံတော်တွင် မကိုင့်, စလွယ်,နားသွယ် စသည့် မင်းဝတ်တန်ဆာတို့ကို နောက်မှဆင်ယင်ပေးသော မင်းဝတ်ဘုရားမျိုးနှင့် (ခ) မူလကပင် မင်းဝတ်မင်းစားဆင်ယင်ထားပြီး သွန်းလုပ်ခဲ့သောမင်းဝတ်ဘုရား*၉–ဟူ၍ နှစ်မျိုးကွဲပြားသည်။

အိန္ဒိယနိုင်ငံ အရှေ့တောင်ပိုင်း၌ ဂုပ္တ ခေတ်နောင်း (အေဒီ ၅၅၀–၆၅၀)နှင့်တစ်ဆက်တည်းပေါ်ထွန်းလာသော ပါလ–သေနခေတ်(အေဒီ ၇၅၀–၁၃၀၀)တွင် မူလမင်းဝတ်ရုပ်တုများအဖြစ်တွေ့ရသည်။ ပျူဒေသ,ပုဂံဒေသနှင့် ရခိုင်ဒေသတွင်တွေ့ရသော ရှေးကျသည့်မင်းဝတ်ဘုရားရုပ်တုများသည် ထိုအိန္ဒိယနိုင်ငံအရှေ့ပိုင်း၌ ပေါ်ထွန်းခဲ့သော ပါလ–သေနလက်ရာများဖြစ်သည်။ ပါလ–သေနခေတ် အိန္ဒိယဘုရင်များ၏ မင်းမြွှောက်တန်ဆာ

---

*၁ *The Image of The Buddha. Page-382. Fig.303.*

*၂ မန္တလေးမြို့၊ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးဖြစ်သည်။ ဘိုးတော်မင်းလက်ထက် အေဒီ ၁၇၈၄–ခုနှစ်တွင် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့မှ အမရပူရမြို့သို့ပင့်ဆောင်ခဲ့သည်။ ဤမဟာမုနိဘုရားကြီးကို မေတ္တေယျရှင်၏ပုံတော်ဟုလည်းယူဆကြသည်။ *N. Ray' Sanskrit Buddhism in Burma. 1936. Page-43; E. Sarkisyanz' Buddhist Backgrounds of the Burmese Revolutions. 1965. Page-207.*

*၃ မန္တလေးမြို့၊ မန္တလေးတောင်ခြေရှိ စန္ဒာမုနိဆင်းတုတော်ဖြစ်သည်။ ဘိုးတော်မင်းလက်ထက်တွင် မင်းကွန်းအလယ်ကျွန်း၌ အေဒီ ၁၈၀၂–ခုနှစ်တွင် သံချိန် ၁၀၃၆–ဝိဿာဖြင့်သွန်းလုပ်ခဲ့သည်။ ၁၈၁၅–ခုနှစ်တွင် အမရပူရသို့၊ ၁၈၂၈–ခုနှစ်တွင် အင်းဝသို့၊ ၁၈၃၈–ခုနှစ်တွင် မူလအမရပူရသို့၊ မင်းတုန်းမင်းလက်ထက်တွင် မန္တလေးတောင်ခြေသို့ပင့်ဆောင်ခဲ့ကြသည်။ ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)၏ ဒေသာစာရီများသော စန္ဒာမုနိ(ဆောင်းပါး)။ ဟံသာဝတီသတင်းစာ။ အချပ်ပို။ (၂၇–၈–၇၂)။

*၄ အမရပူရမြို့၊ တောင်သမန်အင်းထိပ်ရှိ မဟာသကျရံသီဆင်းတုတော်ဖြစ်သည်။ ဘကြီးတော်မင်းလက်ထက် အေဒီ ၁၈၃၀–ခုနှစ်တွင် စကျင်တောင်မှ ကျောက်လုံးကတော်ကြီးကိုပင့်ဆောင်၍ မဟာသကျရံသီရုပ်ပွားတော်ထုလုပ်ခဲ့သည်။

*၅ မန္တလေးမြို့၊ မဟာသကျသီဟရုပ်ပွားတော်ကြီးဖြစ်သည်။ ဘကြီးတော်မင်းလက်ထက် ပဋ္ဌလောဟာ အရှိန် ၁၆၁၁–ဖြင့် အင်းဝတွင်သွန်းလုပ်ခဲ့ပြီး သီပေါမင်းလက်ထက်တွင် မန္တလေးမြို့သို့ပင့်ဆောင်ခဲ့သည်။

*၆ မန္တလေးမြို့၊ မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီးရုပ်ပွားတော်ဖြစ်သည်။ မင်းတုန်းမင်းလက်ထက် အေဒီ ၁၈၆၅–ခုနှစ်တွင် စကျင်တောင်မှ ပင့်ဆောင်၍ ထုလုပ်ပြီးစီးသည်။

*၇ ကရင်ပြည်နယ်၊ ကော့ကွန်းဂူမှရသော မင်းဝတ်ဘုရားအုတ်ခွက်ရှိ ဘွဲ့နာမံတော်ဖြစ်သည်။ ဦးမြ၏ ရှေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ၊ ပထမတွဲ။ ၁၉၆၁–ခုနှစ်။ (စာမျက်နှာ–၆၃)။ ပုံ–၉၁၊ ၉၂။

*၈ မေမြို့၊ ညဲ့တောမဟာမြတ်မုနိ။ ရှမ်းပြည်မြောက်ပိုင်း နမ္မတူမဟာမုနိ။ သထုံမြို့ မဟာမြတ်မုနိ။ မော်လမြိုင်မြို့ မဟာမြတ်မုနိ။ ဆည်တော် မဟာမြတ်မုနိ စသည်တို့ဖြစ်သည်။

*၉ ရွှေဘိုမြို့ရှိ ရွှေချက်သိုရာဌာနရှိ ရွှေချက်သိမင်းဝတ်ဘုရားမျိုးဖြစ်သည်။ ဒေါက်တာသန်းထွန်း၏ ပျူ၊ မြန်မာ၊ မွန်နဲ့ရခိုင်တွေရဲ့ ဖြာဟွေကာနဲ့ ဗုဒ္ဓကိုယ်စားတော်(စာတန်း)။ သန်းထွန်းရှုစ်ဆယ်ပြည့်။ ၂၀၀၃–ခုနှစ်။ (စာမျက်နှာ–၃၉)။ *Page-60.* ရွှေဘိုမြို့၊ ရွှေတန်ဆာဘုရားသည်လည်း မူလပုံတော်ကပင် မင်းဝတ်တန်ဆာဆင်ယင်ပြီးဖြစ်ကြောင်းတွေ့ရသည်။ ဘဒ္ဒန္တ ဝိမလာဘိဝံသ၏ ရွှေဘိုမြို့၊ ရွှေတန်ဆာဘုရားသမိုင်း။ ၁၉၈၇–ခုနှစ်။ (စာမျက်နှာ–၃၆၄)။ ပုံတော် (စာမျက်နှာ–၂၃၈ နှင့် မျက်နှာချင်းဆိုင်)။

http://www.dhammadownload.com

ဝတ်စားဆင်ယင်ဟန်အတိုင်းတွေ့ရသည်။ မြန်မာနိုင်ငံ၌အုပ်ချုပ်ခဲ့သောမင်းများ၏ မင်းဝတ်တန်ဆာတို့ဖြင့် ဆင်ယင်ထားသော မြန်မာဟန်မင်းဝတ်ဘုရားတို့ကို သမိုင်းပညာရှင်များ၏လေ့လာချက်အရ အင်းဝခေတ်ကုန် အေဒီ ၁၇-ရာစုတွင် ရှေးဦးစွာတွေ့ရသည်။ အေဒီ ၁၈-ရာစုတွင် မင်းမြောက်တန်ဆာငါးပါးအပြည့်ဆင်ယင်လာသည်။ အေဒီ ၁၉-ရာစုတွင် သက်နှံးရံပုံ အပေါ်က မင်းမြောက်တန်ဆာတို့ကို တပ်ဆင်ပေးထားကြောင်းတွေ့ရသည်။[*၁]

မင်းဝတ်ဘုရား၌ဆင်ယင်ရန် မင်းမြောက်တန်ဆာတို့ကို ယခုအခါ မိမိတို့သဒ္ဓါတရားအလိုက် ပန်းတိမ်ပန်းတဉ်းစသည်တို့တွင်အပ်နှံကာ ကိုယ့်သဘောအလျောက်ပြုလုပ်လှူဒါန်းခွင့်ရှိသော်လည်း၊ ရှေးမြန်မာမင်းတို့လက်ထက်အခါကမူ မင်းတို့၏အသုံးအဆောင်ဖြစ်၍ အရပ်သားများအနေဖြင့် ပြုလုပ်ခွင့်လှူဒါန်းခွင့်မရှိပေ။ သို့ပါ၍ ဘုရားရုပ်ပွားရုပ်တုတော်တွင် ဆင်ယင်ရန်အလို့ငှာ မကိုင့်, စလွယ်စသည့် မင်းမြောက်တန်ဆာတို့ကို ရှင်ဘုရင်မင်းတို့ကိုယ်တိုင်ပြုလုပ်၍ ဆင်ယင်တင်လှူကြရကြောင်း ရှေးမှတ်တမ်းများအရ သိရသည်။ မြန်မာ့မင်းတို့တွင် နောက်ဆုံးမင်းဖြစ်သော သီပေါမင်း(အေဒီ ၁၈၅၈-၁၈၈၅)သည် ၁၈၈၄-ခုနှစ်၊ ဇပြိုလ(ဂ)ရက်တွင် မဟာမုနိဘုရားကြီးမီးသင့်ရာ မကိုင့်, စလွယ် စသည်ပျက်စီးသည်ကို ၁၈၈၄-ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့တွင် မကိုင့်, စလွယ်အသစ် ပြုလုပ်တင်လှူခဲ့သည်။[*၂]

မေတ္တေယျရှင်၏ ပမာဏနှင့် မဟာသက္ကသီဟဆင်းတုတော်

ဖော်ပြပါမင်းဝတ်ဆင်းတုတော်ကြီးများတွင်အပါအဝင်ဖြစ်သော မန္တလေးမြို့လယ်ရှိ မဟာသက္ကသီဟကြေးသွန်းဆင်းတုတော်ကြီးသည် မေတ္တေယျရှင်နှင့်ဆက်စပ်လျက်ရှိကြောင်းကို ရှေးမှတ်တမ်းများအရသိရသည်။

ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၊ ဒုတိယတွဲ၊ (စာမျက်နှာ-၃၉၀)တွင် 'မြန်မာသက္ကရာဇ် ၁၁၈၆-ခုနှစ်၊ ပြာသိုလဆန်း(ဂ)ရက်နေ့တွင် အခါတော်အတိုင်း မဟာသက္ကသီဟဘုရားကြေးဆင်းတုတော်သွန်းလုပ်ရန် မြေပုံစ၍ကိုင်သည်'-ဟုဖော်ပြထားသည်။ ထိုမြန်မာသက္ကရာဇ် ၁၁၈၆-ခုနှစ် (အေဒီ ၁၈၂၄-ခုနှစ်)သည်ကား ဘကြီးတော်မင်း(အေဒီ ၁၈၁၉-၁၈၃၈)လက်ထက် အင်္ဂလိပ်-မြန်မာပထမစစ်ပွဲကာလအတွင်းဖြစ်သည်။ ဤသို့စစ်အတွင်းကာလဖြစ်နေသောကြောင့် မဟာသက္ကသီဟဘုရားကိုကြေးသွန်းရန် မြေပုံကိုင်ထားသော်လည်း ရုပ်လုံးတော်ပြီးမြောက်သည့်တိုင်အောင် သွန်းဖြစ်ခဲ့ဟန်မတူပေ။[*၃] သက္ကရာဇ် ၁၁၈၈-ခုနှစ် (အေဒီ ၁၈၂၆-ခုနှစ်) သို့ရောက်မှ မဟာသက္ကသီဟဘုရားကိုကြေးသွန်းဖြစ်ခဲ့သည်။ ထိုအကြောင်းကို ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၌-

> သက္ကရာဇ် ၁၁၈၆-ခုနှစ်ကစ၍ မြတ်စွာဘုရားရုပ်ပွားတော်သွန်းလုပ်ရန် မြေပုံကိုင်ပြီးပြေလျှင် ဆဒ္ဒန်ဆင်မင်းသခင်ဘဝရှင်မင်းတရားလည်း သက်တော်ထင်ရှားဘုရားကိုယ်တော်အတုကို ပီပြင်စွာ ပြုလုပ်ခြင်းငှာ သိကြားပြဟ္မာပင်သော်လည်း မတတ်စွမ်းနိုင်ရာ၊ ကိုယ်တော်ပမာဏအားဖြင့်တူကာမျှ ကိုသာပြုနိုင်အံ့ဟု ဆင်ခြင်တော်မူမိသော်လည်း မေတ္တေယျဘုရားရှင်အတိုင်းပမာဏတော်ကို

---

*၁ ဒေါက်တာသန်းထွန်း၏ နယ်လှဲ့ရာဇဝင်၊ အမှတ်-၁။ ၁၉၆၈-ခုနှစ်။ (စာမျက်နှာ-၈၆၊ ၉၅)။

*၂ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၊ တတိယတွဲ။ ၁၉၆၈-ခုနှစ်။ (စာမျက်နှာ-၆၄၈)။

*၃ ဘကြီးတော်မင်းသည် ယော်စဉ်ကပင် ပန်းချီပန်းပုကိုသာမက ကြေးသွန်းအတတ် ပန်းတဉ်းကိုပါ ဝါသနာပါခဲ့သည်။ကိုယ်တော်တိုင် ဘုရားတစ်ဆူကို မြေပုံကိုင်ဖန်းပြီး သွန်းလောင်းလိုသော်ဆန္ဒရှိသည်။ သို့ဖြစ်၍ သက္ကရာဇ် ၁၁၈၆-ခုနှစ်တွင် ကိုယ်တော်တိုင် သက္ကသီဟဘုရားပုံသွန်းရန် မြေပုံကိုင်ထားပြီး စစ်မက်အရေးကြောင့် ရွှေ့ဆက်မလုပ်ဖြစ်ဟန်တူသည်။ ကိုပညာ(အမရပူရ)၏ တောင်သမန်ဝန်းကျင် သမိုင်းဝင်နေရာများ။ ၁၉၉၆-ခုနှစ်။ (စာမျက်နှာ-၂၁)။

http://www.dhammadownload.com

အဋ္ဌကထာများတွင်ဆိုသည်ကိုထောက်၍ ပဥ္စလောဟာရတနာအပေါင်းတို့ဖြင့် မြတ်စွာဘုရား ရုပ်ပွားတော်သွန်းလုပ်ရန် မြေပုံ, ဖယောင်းပုံ ထုတ်နုတ်ပြီးပြေသည်ကို သက္ကရာဇ် ၁၁၈၈-ခု၊ တပေါင်း လပြည့်ကျော်(၃)ရက်နေ့ အခါတော်အတိုင်း ကြေးနီ, သံ, သံလွဲ, ကြေးစင်ပိသာ တစ်သောင်း ခြောက်ထောင်၊ ငွေသပြာတစ်သောင်း၊ ရွှေသပြာတစ်ထောင်၊ စုစုပေါင်းလောဟာဓာတ်ပိသာ တစ်သောင်းခြောက်ထောင့်တစ်ရာ့တစ်ဆယ်ဖြင့်သွန်းလုပ်ကြောင်း-ဖော်ပြထားသည်။[*၁]

ပလိပ်ရွာစား မင်းရဲရာဇာဘွဲ့ခံဦးဖော်(အေဒီ ၁၇၇၆-၁၇၈၂) ရေးဖွဲ့သော စဉ်ကူမင်း(အေဒီ ၁၇၇၆-၁၇၈၂)၏ ရွှေနားတော်သွင်းချေင်း(=ပလိပ်စားချေင်း။ အေဒီ ၁၇၇၅) (လက်ာအပိုဒ်-၃)တွင်လည်း

ဘုန်းကြွယ်တန်နည်း၊ စံတမျည်းတိ၊ မိတည်း[*၂] ပမာဏ၊ စနစ်ရ,သား၊ သက္ကသီဟော်[*၃] ရုပ်ရှင်တော်ကား၊ မမြော်နိုင်းဘွယ်-ဟု ဘကြီးတော်မင်း သက္ကသီဟပဥ္စလောဟာဘုရားကြီး သွန်းလုပ်ပုံကို စပ်ဆိုထားလေသည်။[*၄]

ကမ္ဘည်းကျောက်စာရုံးစာရေးကြီး မြန်မာပညာရှိ စတုရင်္ဂပလဲဦးဘေ၏ ကဗျာတ္ထစန္ဒိကာ ခေါ် ရွှေနားတော်သွင်းချေင်းအဖြေတွင်- 'ဘကြီးတော်မင်းသည် အရိမေတ္တေယျဘုရားရှင်ပမာဏာတော်အတိုင်း မဟာသက္ကသီဟကြေးရုပ်ရှင်တော်ကို သွန်းလုပ်ကိုးကွယ်တော်မူ၏' ဟုဖော်ပြထားသည်။[*၅]

ဤနေရာ၌ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ 'ဘကြီးတော်မင်းသည် မေတ္တေယျမြတ်စွာဘုရားရှင်၏ အတိုင်းပမာဏာကိုယူ၍ ဤသက္ကသီဟရုပ်ပွားတော်ကိုသွန်းလုပ်သည်' ဆိုသောအချက်ပင်ဖြစ်သည်။ ကုန်းဘောင်ဆက်မဟာရာဇဝင်ကြီး၌ပြဆိုထားသော မဟာသက္ကသီဟရုပ်ပွားတော်၏ကိုယ်တော်ပမာဏမှာ အောက်ပါအတိုင်းဖြစ်သည်။

အမြင့်ပမာဏာတော် ကိုးတောင့်နှစ်မိုက်, ထက်ဝယ်အချင်းပမာဏာတော် ခုနစ်တောင့်တစ်မိုက် လေးသစ်, စမ္မခဏ်နေရာတော်အချင်း ရှစ်တောင့်တစ်မိုက်လေးသစ်, အပြင့် နှစ်မိုက်လေးသစ်, မောင်းတော်လုံးပတ် သုံးတောင့်နှစ်မိုက်လေးသစ်, လက္ခဏာတော်ကြီးငယ်တို့ဖြင့် ထင်ရှားတင့်တယ်သော ဘုရားကိုယ်တော်မြတ်သဏ္ဌာန်တော်ကို သွန်းလုပ်အောင်မြင်ပြီးပြေသည်-ဟုဖြစ်သည်။[*၆]

အနာဂတဝံသပါဠိ(ဂါထာအမှတ်-၁၀၄)၌ မေတ္တေယျရှင်၏ပမာဏဝေမတ္တ(အရပ်တော်အတိုင်းအတာ)[*၇] ကို 'အဋ္ဌာသီတိဘဝေဟတ္ထော၊ အာယာမေနေဝ သော ဖိနော'ဟု 'မေတ္တေယျဘုရားရှင်သည် အရပ်အားဖြင့်

---

*၁ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၊ ဒုတိယတွဲ။ ၁၉၆၇-ခုနှစ်။ (စာမျက်နှာ-၄၅၂)။

*၂ မိတည်း= မေတ္တေယျ။

*၃ သက္ကသီဟော်= မဟာသက္ကသီဟမြတ်စွာဘုရား။

*၄ ဦးဖော်၏ပလိပ်စားဇရေးချင်း။ (အပိုဒ်-၃)။

*၅ ဦးဘော၏ကဗျာတ္ထစန္ဒိကာကျမ်း။ ၁၉၂၆-ခုနှစ်။ (စာမျက်နှာ-၄၁၁)။

*၆ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၊ ဒုတိယတွဲ။ ၁၉၆၇-ခုနှစ်။ (စာမျက်နှာ-၄၅၃)။

*၇ ဘုရားတစ်ဆူနှင့်တစ်ဆူ အသက်တော်၊ အရပ်တော်၊ အမျိုးအနွယ်စသည် မတူညီမှု ကွဲပြားခြားနားမှုကို ဝေမတ္တဟု ခေါ်သည်။ (၁) အာယုဝေမတ္တ-အသက်ခြားနားမှု။ (၂) ပမာဏဝေမတ္တ-အရပ်တော်ခြားနားမှု။ (၃) ကုလဝေမတ္တ-အမျိုးအနွယ်ခြားနားမှု။ (၄) ပဓာနဝေမတ္တ-ဒုက္ကရစရိယကျင့်ခြင်းခြားနားမှု။ (၅) ရသ္မိဝေမတ္တ-ကိုယ်ရောင်တော်ခြားနားမှု။ (၆) ယာနဝေမတ္တ-တောထွက်ရာ၌ စီးနင်းသောယာဉ်ခြားနားမှု။ (၇) ဗောဓိရုက္ခဝေမတ္တ-အမှီပြုရာဗောဓိပင်ခြားနားမှု။ (၈) ပလ္လင်္ကဝေမတ္တ-ဘုရားဖြစ်ရာပလ္လင်တော်ခြားနားမှုတို့ဖြစ်သည်။

http://www.dhammadownload.com

၈၈–တောင်ရှိကြောင်း'ပြဆိုထားသည်။*၁ အာရိယမဲတ္တေယဗျာကရဏ(ဂါထာ–၄၆)၌ 'အရပ်တော်အတောင်–၅၀၊ ရင်အကျယ် ၂၅–တောင်'ဟု ပြဆိုထားသည်။*၂ ဒသဗုဒ္ဓအနာဂတဝင်(မြန်မာပြန်)၌မူ 'မေတ္တေယျဘုရား၏ အရပ်တော်အပိုင်းအခြားကား ဘဝါးတော်ကသည် ပုဆစ်ဒူးတော်အထိ ၂၂–တောင်၊ ပုဆစ်တော်က ချက်တော်အထိ ၂၂–တောင်၊ ချက်တော်ကညှပ်ရိုးတော်အထိ ၂၂–တောင်၊ ညှပ်ရိုးတော်ကမဏ္ဍိတော်အထိ ၂၂–တောင်၊ မဏ္ဍိရောင်လျှံနှင့်တကွ ၈၈–တောင်'ရှိကြောင်းဖော်ပြထားသည်။*၃ ဒသဗောဓိသတ္တုပ္ပတ္တိကထာပါဠိ၌ ကျယ်ဝန်းစွာ ပြဆိုထားသည်။*၄

သို့လျှင် အနာဂတဝင်ကျမ်းတို့၌ပြဆိုထားသော မေတ္တေယျရှင်တော်၏ပမာဏနှင့် ဘကြီးတော်မင်းလက်ထက် သွန်းလုပ်ခဲ့သော မဟာသကျသီဟဘုရား၏ပမာဏတို့သည် ကွဲလွဲမှုရှိနေပါသည်။ ဘကြီးတော်မင်းသည် သကျသီဟဘုရားသွန်းလုပ်စဉ်အခါက မေတ္တေယျရှင်တော်၏ပမာဏတော်ကို မည်သည့်မေတ္တေယျဆိုင်ရာ အဋ္ဌကထာ, ကျမ်းဂန်စာပေမှရခဲ့ကြောင်းကို ဆက်လက်လေ့လာကြရန်ဖြစ်သည်။

မေတ္တေယျရှင်နှင့်ဗိုက်ပူရုပ်တု *၅

၁၉၁၁–ခုနှစ်၊ သြဂုတ်လ(၄)ရက်နေ့တွင်ပြုလုပ်သော မြန်မာနိုင်ငံသုတေသနအသင်း (Burma Research Society) အစည်းအဝေးတွင် မြန်မာနိုင်ငံကမ္ဘည်းကျောက်စာဝန်မင်း မစွတာတော်စိန်ခို (အေဒီ ၁၈၆၄–၁၉၃၀) သည် 'ပုဂံရှိ တရုတ်ရေးဟောင်းပစ္စည်း' (Chinese Antiquities at Pagan) ခေါင်းစဉ်ဖြင့် စာတန်းတစ်စောင်ကို ဖတ်ကြားခဲ့ပါသည်။*၆

ထိုစာတန်းတွင် ဇေယျသခ်မင်း(နားတောင်းများမင်း။ အေဒီ ၁၂၁၁–၁၂၃၁?)ကောင်းမှုဖြစ်သော စေတနာကြီးဘုရား(ဘုရားအမှတ်–၉၈၇)*၇၏ ဌာပနာတိုက်အတွင်းမှ ဗိုက်ပူရုပ်တုတစ်ဆူကိုရရှိခဲ့ကြောင်း၊ ထိုရုပ်တုနှင့် အလားတူသော ဗိုက်ပူရုပ်တုတစ်ခုကို ပုဂံမြို့, ရွှေဆံတော်ဘုရား(ဘုရားအမှတ်–၁၅၆၈)မှလည်းရရှိခဲ့ဘူးကြောင်း*၈ ဖော်ပြထားပြီး၊ ထိုဗိုက်ပူရုပ်တုတို့သည် တရုတ်လူမျိုးများ မေတ္တေယျရှင်အဖြစ်ကိုးကွယ်နေကြသော မိလိုဖု (Milo-Fu) ခေါ် ဘုရားအလောင်းရုပ်တုဖြစ်ကြောင်း–ဖော်ပြထားပါသည်။*၉

---

*၁ J. Minayeff' Anāgatavaṃsa. JPTS. 1886. Page-50. အနာဂတဝင်ပါဠိ။ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၊ တတိယတွဲ။ ၁၉၃၅–ခုနှစ်။ (စာမျက်နှာ–၁၆၅)။

*၂ P.C. Magumder(ed.)' Ārya Maitreya Vyakarana. In Gilgit Manuscripts. Vol.IV. 1959. Page-199.

*၃ ကြာခံဆရာတော်၏ ဒသဗုဒ္ဓအနာဂတဝင်။ အနာဂတဝင်ဝတ္ထု။ ၁၉၅၈–ခုနှစ်။ (စာမျက်နှာ–၂၇)။

*၄ H. Saddhātissa(ed.)' Dasabodhisattuppattikathā. 1975. Page-120.

*၅ Fat Monk (G.H.Luce, San Tha Aung)။ ဗိုက်ပူရဟန္တာ (ဦးလူဖေဝင်း)၊ ဗိုက်ပူရုပ်တု (ဦးဗိုကော၊ မင်းဘူးအောင်ကြွေင်)၊ ရဟန်းဝင်ကြီး (ဒေါက်တာသန်းထွန်း)၊ ဘုရားဗိုက်ပူ(ထွန်းရွှေဦင်)–စသည်ဖြင့် သုံးနှုန်းခေါ်ဝေါ်ကြသည်။

*၆ Taw Sein Ko.' Chinese Antiquities at Pagan. JBRS. Vol.I, Part II. 1911. Page-1.

*၇ ဤဘုရားကို စစ်စနားကြီး၊စေတနာကြီး–စသည်ဖြင့်လည်းခေါ်သည်။ ဦးဗိုကော၏ပုဂံသုတေသနလမ်းညွှန်။၁၉၈၁–ခုနှစ်။ (စာမျက်နှာ–၃၆၁)။


*၈ G. H. Luce' Old. Burma-Early Pagan. II. Page-76; III. Pl.90 b.

*၉ မစ္စတာတော်စိန်ခိုက သူ၏စာတန်းတွင် ဗိုက်ပူရုပ်တုကို အေဒီ ၁၂၈၄–ခုနှစ် မွန်ဂိုစစ်တပ်က ပုဂံကိုတိုက်ခိုက်သော ငဇောင်ဈေးစပွဲကာလအတွင်း ရရှိခဲ့သည်ဟုဖော်ပြထားပြီး၊ ဤအချက်ကိုထောက်ထားကာ မြန်မာနိုင်ငံသို့ ဗုဒ္ဓဘာသာသည်လည်း ထိုအချိန်ခန့်ကပင် တရုတ်နိုင်ငံမှရရှိခဲ့ပုံရသည်ဟု ရေးသားသည့်အတွက် ဦးမေအောင် (အေဒီ ၁၈၈၀–၁၉၂၆)က မြန်မာနိုင်ငံသုတေသနဂျာနယ်။ အတွဲ–၁၊ အပိုင်း–၂။ ၁၉၁၁–ခုနှစ်ထုတ် စာစောင် (စာမျက်နှာ–၄၃)တွင် 'မစ္စတာတော်စိန်ခိုနှိ၏အယူအဆကိုလက်မခံနိုင်ကြောင်း၊ မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာသည် မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်ကပင် တပုဿ,ဘလ္လိကညီနောင်တို့ယူဆောင်၍ ရောက်ရှိခဲ့ကြောင်းကို ပါဠိတော်၊ အဋ္ဌကထာတို့၌ အထင်အရှားရှိသည်'ဟု ချေပရေးသားခဲ့သည်။ M.O.' Reviews. (Critical Note on Mr.Taw Sein Ko's Paper on 'The Chinese Antiquities of Pagan.') JBRS. Vol.I, Part II. 1911. Page-43.

http://www.dhammadownload.com



ဤပုံတော်ကို
တရုတ်လူမျိုးဗုဒ္ဓဘာသာဝင်တို့က
အနာဂတ်၌ပွင့်မည့်ဘုရားအလောင်းငါးဆူတွင်
တတိယမြောက် ဘုရားအလောင်း
ဖြစ်သည်ဟုယူဆကြသည်။
မြန်မာ့စွယ်စုံ၊စ၊၁၉၆၃၊စာ-၄၆၃။



ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရား
ဌာပနာတိုက်၌ရှိသည်
ဓာတ်ပုံ-Dr.W.C Sailer.




မေတ္တေယျ(Mi-Lo)
Wright, 1959, Illus.8.









ဗိုက်ပူရဟန္တာရုပ်တုများ
OB-EP, III, 1970, Pl.90 a, b. Pl.91 a, b.

http://www.dhammadownload.com

အလွန်ရှေးကျသော ဗိုက်ပူရုပ်တုတစ်ဆူကို ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရား(ကျိုက်ဒေးအပ်)မှရရှိခဲ့သည်။ ဗိုလ်တထောင်ဘုရားမှရသောပုံမှာ အမြင့် ၄-လက်မခွဲ၊ ဗျက်အကျယ် ၂-လက်မခွဲရှိသည်။ ထိုရုပ်တုသည် ပဒ္မာသန (ကြာပလ္လင်ပေါ်တွင်ထိုင်ဟန်)ဖြစ်ပြီး လက်နှစ်ဖက်က ဝမ်းပူပူကိုပိုက်ထားသည်။ လက်ချောင်းများမှာ ရှည်လျားသည်။ နားရွက်တော်မှာ ပခုံးသို့တိုင်ထိအောင်တွဲရရွဲကျနေသည်။ လည်ကုတ်ခပ်တိုတို၊ ဦးခေါင်းတော်မှာ ဦးပြည်းကတုံးဖြစ်သည်။ ဤရုပ်တုကို အေဒီ ၇/၈-ရာစုလက်ရာဟုခန့်မှန်းထားသည်။*၁

ပြည်မြို့နယ်၊ သရေခေတ္တရာမြို့ဟောင်းရှိ တောင်လုံးညီရွာ၊ ရွှေညောင်ပင်ရိုးကျောင်းနှင့် ကင်မွန်းခြံရွာတို့တွင်လည်း ဗိုက်ပူရုပ်တုတို့ကိုရရှိခဲ့သည်။*၂ ၁၉၂၀-၂၁ ခုနှစ်တွင် ပခုက္ကူမြို့မှ ကြေးသားဗိုက်ပူရုပ်တုတစ်ဆူကို ရ၍ ယခု မန္တလေးမြို့ ရွှေဟောင်းသုတေသနပြတိုက်သို့ပို့ထားသည်။ ထိုရုပ်တုကို ကျောက်စာဝန် မစွတာ ဒူရွိုင်ဇဲလ်(Mr.Duroiselle)က 'တရုတ်မေတ္တေယျ(Chinese Maitreya)'ဟု ယူဆခဲ့သည်။*၃

ပုဂံမြို့၊ ထီးလိုမင်းလိုဘုရား(ဘုရားအမှတ်-၁၈၁)အနီးရှိ ဦးအောင်လှ၏လယ်အတွင်းမှလည်းကောင်း*၄၊ ပုဂံမြို့၊ နဂါးရုံဘုရား(ဘုရားအမှတ်-၁၁၉၂) အရှေ့တောင်ဘက်ရှိ မောင်ဒိုး၏လယ်အတွင်းမှလည်းကောင်း*၅၊ မန္တလေးမြို့နယ် ညောင်ကုန်းရွာမှလည်းကောင်း*၆၊ တောင်သာမြို့နယ် ကျောက်တောင်ရွာအနီး ဘုရားပျက်တစ်ဆူအတွင်းမှလည်းကောင်း၊ ကျိုင်းတုံမြို့ရှိ ဘုရားပျက်တစ်ဆူအတွင်းမှလည်းကောင်း*၇၊ ပဲခူးမြို့ ရွှေမော်ဓောဘုရား ဌာပနာတိုက်အတွင်းမှလည်းကောင်း*၈၊ ပုသိမ်မြို့နယ် ရေကြည်ရေနောက်ရှိ နှစ်ထပ်ဘုရားမှလည်းကောင်း*၉ ဗိုက်ပူရုပ်တုတို့ကိုတွေ့ရှိခဲ့ပါသည်။

တနသံာရီတိုင်း၊ မြိတ်မြို့ရှိ သိမ်ကြီးဘုရားရင်ပြင် သိမ်ကြီးအတွင်း၌ ဗိုက်ပူရုပ်တုတော်တစ်ဆူကို အထင်အရှားတည်ထားကိုးကွယ်ထားကြောင်းကို ကျောက်စာဝန်ဟောင်း ဆရာကြီးဦးလူဖေဝင်း၏ မြိတ်မြို့သွားဆောင်းပါး၌ ဖော်ပြထားပါသည်။*၁၀

မြန်မာနိုင်ငံ၌သာမက အရှေ့တောင်အာရှနိုင်ငံများစွာတို့၌လည်း ဗိုက်ပူရုပ်တုတို့ကို ပြုလုပ်ပူဖော်လေ့ရှိကြောင်းတွေ့ရသည်။ အထူးအားဖြင့် ထိုင်းနိုင်ငံမြောက်ပိုင်း၊ လာအို၊ ခမာ-စသည်တို့၌ ဗိုက်ပူရုပ်တုအရွယ်ရွယ် အစားစား များစွာကိုတွေ့ရသည်။*၁၁

---

*၁ G. H. Luce' Old. Burma-Early Pagan. I. Page-206; II. Page-75; III. Pl.90. a,b,c.

*၂ G. H. Luce' Old. Burma-Early Pagan. II. Page-75; III. Pl.90 d.

*၃ G. H. Luce' Old. Burma-Early Pagan. II. Page-75; III. Pl.90 e,f. မင်းဘူးအောင်ကြိုင်၏ ဗိုက်ပူရဟန္တာဘုရား၏တွင်နေသောရုပ်တုများ(ဆောင်းပါး)။ ဥာဏ်လင်းမဂ္ဂဇင်းသား။ နိဝင်ဘာလ၊ ၁၉၈၄-ခုနှစ်။ (စာမျက်နှာ-၁၂၁)။

*၄ G. H. Luce' Old. Burma-Early Pagan. II. Page-76; III. Pl.91 a.

*၅ G. H. Luce' Old. Burma-Early Pagan. II. Page-77; III. Pl.91 f.

*၆ G. H. Luce' Old. Burma-Early Pagan. II. Page-76; III. Pl.91 c d

*၇ မင်းဘူးအောင်ကြိုင်၏ ဗိုက်ပူရဟန္တာဘုရား၏တွင်နေသောရုပ်တုများ(ဆောင်းပါး)။ ဥာဏ်လင်းမဂ္ဂဇင်းသား။ နိဝင်ဘာလ၊ ၁၉၈၄-ခုနှစ်။ (စာမျက်နှာ-၁၂၁)။

*၈ G. H. Luce' Old. Burma-Early Pagan. II. Page-77; III. Pl.91 h. ဦးလူဖေဝင်း၏ ရွှေမော်ဓောသမိုင်းသစ်။ ၁၉၅၄-ခုနှစ်။ ပုံ-၃၊

*၉ မင်းဘူးအောင်ကြိုင်၏ဗိုက်ပူရဟန္တာဘုရား၏တွင်နေသောရုပ်တုများ(ဆောင်းပါး)။ ဥာဏ်လင်းမဂ္ဂဇင်းသား။ ၁၉၈၄-ခုနှစ်။ (စာမျက်နှာ-၁၂၁)။

*၁၀ ဦးလူဖေဝင်း၏ မြိတ်မြို့သွားဆောင်းပါး။ ရူမဝမဂ္ဂဇင်း။ အတွဲ-?၊ အမှတ်-?၊ ၀၀၀၀-ခုနှစ်။ (စာမျက်နှာ-၂၄)။

*၁၁ P. Strachan' Pagan. 1989. Page-34. F. Lagirarde' From the Mon-Myanmar Cutt of Gavampati to the Thai Cutt of Kaccāyana. more questions about the 'Fat Monk'. 2005.

http://www.dhammadownload.com

ပြည်တွင်းပြည်ပရှိ ပညာရှင်များက ဗိုက်ပူရုပ်တုသည် တရုတ်လူမျိုးတို့ကိုးကွယ်သော မိလိဖူး (Mi-Lo-Fu) ဖြစ်နိုင်သည်။*၁ အချို့က မွန်လူမျိုးတို့ကိုးကွယ်သော ဂဝံပတိမထေရ်ပုံဖြစ်လိမ့်မည်။*၂ အချို့က လက်ဝဲတော်ရံအရှင်မောဂ္ဂလာန်မထေရ်ပုံဖြစ်လိမ့်မည်။*၃ အချို့ကလည်း ဟိန္ဒူဘာသာရှိ မြေနှင့်ဥစ္စာကိုစောင့်သော ကုဗေရ (Kubera)၊*၄ နှင့် မဟာယာနဗုဒ္ဓဘာသာဝင်တို့အလေးထားသော ဇမ္ဗလ (Jambala) ခေါ် စီးပွားဥစ္စာကိုတိုးပွားသော (ဘုရားလောင်း) နတ်မင်းဟုလည်း ယူဆသည်။*၅ သမိုင်းပညာရှင် ဆရာဦးတင်လှသော်က ထိုရုပ်တုတို့ကို ဒက္ခိဏာသာခါဟု အမည်စာရင်းတင်ပြသခဲ့သည်။*၆

၁၉၂၂-ခုနှစ်တွင် ရခိုင်ပြည်နယ်၊ ဝေသာလီမြို့ဟောင်း၌ ဗိုက်ပူရုပ်တုတစ်ဆူကိုတွေ့ရပြီး ထိုရုပ်တု၏ ကျောဘက်တွင် 'သစ္စကပရိဗ္ဗာဇက(ဇိန)'ဟု ဗြာဟ္မီအက္ခရာဖြင့်ကမ္ဘည်းထိုးထားသဖြင့် ထိုဗိုက်ပူရုပ်တုကို သစ္စကပရိဗိုဇ်ရုပ်ဖြစ်မည်*၇ သို့မဟုတ် သစ္စကပရိဗိုဇ်ကိုချွတ်သောဘုရားပုံဖြစ်မည်*၈ ဟုယူဆခဲ့ကြသည်။

ထိုင်းနိုင်ငံ၊ ဇင်းမယ်မြို့၊ Saraphi ၌ အေဒီ ၁၂-၁၃ ရာစုလက်ရာ ဝမ်းဗိုက်ခပ်ပူပူရုပ်တုနှစ်ဆူကိုရရှိပြီး၊ ရုပ်တုတစ်ဆူ၏ အောက်ခြေပလ္လင်အနား၌ ရေးမွန်စာဖြင့် 'တြလဇယ်ဇောတိယတ္ထေရ'*၉ ဟု ကမ္ဘည်းထိုးထား

---

*၁ Mi-Le ဟုလည်း သုံးနှုန်းသည်။ ထိုပြီးရွှင်နေသောလူဝကြီးသည် တရုတ်လူမျိုးဗုဒ္ဓဘာသာဝင်တို့က အနာဂတ်၌ပွင့်မည့် ဘုရားအလောင်း (၅)ဆူတွင် တတိယမြောက်ဘုရားအလောင်းဟုယူဆသည်။ မြန်မာ့စွယ်စုံကျမ်း။ အတွဲ-၁၈။ (စာမျက်နှာ-၄၆၃)။ ဤလူဝဘုရားအလောင်းသည် ပြီးရွှင်ရယ်မောနေပြီး ချမ်းသာသုခအဖြာဖြာကို ဖေးနိုင်သောအရှင်ဟုလည်း ယူဆထားသည်။ သူ၏လက်တွင် ပန်း၊ စိမ့်ပုတီးနှင့် တောင့်တတိုင်း ပြည့်စုံသောအိတ်တစ်လုံးကိုလည်း ကိုင်ထားသေးသည်။ V. Ferm(ed.)' An Encyclopedia of Religion. 1945. Page-103. ဝိကင်းဗြို့ ယွန်ဟိုကုန်း(Yung Ho Kung)ဘုရားကျောင်းတွင်ရှိသော Milo Fu ပုံသည် ဝမ်းပူပူမဟုတ်ဘဲ အရပ်ဓဝဖြင့်ဖြင့်ပုံဖြစ်ကြောင်း သိရသည်။ Soothill' A Dictionary of Chinese Buddhist Terms. Page-456. တရုတ်ပြည်၌တွေ့ရသော Milo Fu ရုပ်တုနှင့် မြန်မာနိုင်ငံ၌တွေ့ရသော ဗိုက်ပူရုပ်တုသည် ဗိုက်ပူဖြင်းတစ်ချက်သာတူညီပြီး ကျန်အစိတ်အပိုင်းများမှာ လွန်စွာခြားနားပါသည်။

*၂ G. H. Luce' Old. Burma-Early Pagan. I. Page-208; P. Strachan' Pagan. 1989. Page-34. ဦးဗိုကေက အကယ်၍ ဂဝံပတိမထေရ် ဝမ်းပူကြောင်း ရေးစာပေကျမ်းဂန်အထောက်အထားရှိပါက ဗိုက်ပူရုပ်တုတို့သည် ဂဝံပတိမထေရ်ပုံဖြစ်သည်ဟု ယူဆနိုင်ကြောင်း ရေးသားခဲ့သည်။ ဗြဟ္မစာရီမွန်ဗိုကေ၏ ဂဝံပတိမထေရ်နှင့် မွန်မြန်မာသမိုင်း(ဆောင်းပါး)။ ယဉ်ကျေးမှုစာစောင်။ အတွဲ-၁၊ အမှတ်-၇။ (စာမျက်နှာ-၄၃)။ မင်းဘူးအောင်ကြိုင်၏ ဗိုက်ပူရဟန္တာဟုခေါ်တွင်နေသောရုပ်တုများ။ (စာမျက်နှာ-၁၂၇)။ ဂဝံပတိမထေရ်ဟူရာ၌ (၁) လက်ျာရံရဟန္တာမထေရ်(၄၀)တွင်ပါဝင်သော ဂဝမ္ပတိမထေရ်၊ ထေရ၊၌။၁။၁၂၉။ (၂) ရှေးဟောင်းမွန်ကျောက်စာတို့၌ပါသောဂဝံပတိမထေရ်၊ (၃) သရေခေတ္တရာပြည်ကိုတည်သော ဂဝံပတေ့ရသေ့ကြီးနှင့် (၄) မြန်မာ့လေဘကီပညာ၌ 'ဂဝံပုံထီး၊ ဂဝံသားဗိုက်၊ ဂဝံမျက်နှာဖုံး' စသည် အလွန်နီနိမ့်ကျသောအစီအရင်များပြုလုပ်ရာ၌အသုံးပြုသောဂဝံရုပ်ဟုရှိရာ၊ ဂဝံပတိအကြောင်းမှာလည်း စိတ်ဝင်စားဖွယ်ဖြစ်သည်။

*၃ မန္တိမနိကာယ်၊ မာရတဇနိယသုတ်တွင် အရှင်မောဂ္ဂလာန်၏ ဝမ်းတွင်းသို့ မာရ်နတ်ဝင်ရောက်၍ ဝမ်းဗိုက်ပွသောဝေဒနာ၊ ဝမ်းဗိုက်လေးလံသော ဝေဒနာခံစားနေရပုံကို သရုပ်ဖော်ထားခြင်းဖြစ်သည်ဟု တင်ပြသည်။ (မ၊၁၊၄၀၇။)။ ကမ္ဘည်းကျောက်စာဝန်၏ ၁၉၄၇-၄၈ ခုနှစ်အတွက် နှစ်ချုပ်အစီရင်ခံစာ။ ၁၉၅၀-ပြည့်နှစ်။ (စာမျက်နှာ-၁၀)။

*၄ ဟိန္ဒူဘာသာရှိ မြေနှင့်ဥစ္စာကိုစောင့်သော ကုဗေရနတ်မင်းဟုလည်းဖော်ပြသည်။ ထိုကုဗေရနတ်မင်း၏ ဝမ်းမှာ ပူနေသည်မှန်သော်လည်း ထိုင်ဟန်နှင့်လက်ဟန် (အာသန,မုဒြ) စသည်တို့မှာ မြန်မာနိုင်ငံ၌တွေ့ရသော ဗိုက်ပူရုပ်တုတို့၏ဟန်နှင့်မတူပါ။ A. Coomaraswamy' History of Indian And Indonesian Art. 1965. Page-166. Fig.298.

*၅ Ray' Sanskrit Buddhism in Burma. 1936. Page-47; G.H.Luce' Old Burma-Early Pagan. I. Page-207[23]. ဒေါက်တာသန်းထွန်း၏ ပဗ္ဗု၊ မြန်မာ၊ မွန်နဲ့ ရခိုင်တွေရဲ့ ဗြာဟ္မဏနဲ့ ဗုဒ္ဓကိုယ်စားတော်။ (စာမျက်နှာ-၃၀၊ ၃၇)။ Page-51,52.

*၆ Tin Hla Thaw' The Development of The Buddha Image in Burma, thesis for the Degree of M.A., the University of London, 1963. Page-74, Fig.97,98,99,100.

*၇ San Tha Aung' The Buddhist Art of Ancient Arakan. 1979. Page-14. Pl.9. ဒေါက်တာသန်းထွန်း၏ ပဗ္ဗု၊ မြန်မာ၊ မွန်နဲ့ ရခိုင်တွေရဲ့ ဗြာဟ္မဏနဲ့ ဗုဒ္ဓကိုယ်စားတော်။ (စာမျက်နှာ-၄၀)။ Page-60.


*၈ ထွန်းဆွေခိုင်(မဟာဝိဇ္ဇာ)၏ ရခိုင်ဝေသာလီခေတ်ဗုဒ္ဓအနုပညာ။ (စာမျက်နှာ-၄၂)။

*၉ ဘုရားရှင်လက်ထက် ဓောတဝန်ကျောင်းတော်ကြီးဒါယကာ ရာဓဂြိုဟ်သူဌေးဓောတိကကို 'ဓောတိယ' ဟုလည်းခေါ်ပါသည်။ ထိုဓောတိကသူဌေး ရဟန်းပြုသော် 'ဓောတိယ(က)မထေရ်' ဟုခေါ်ဟန်ရှိသည်။ DPPN. I. 968.

http://www.dhammadownload.com



မြေနှင့်ဥစ္စာကိုစောင့်သောကုဗေရနတ်မင်း
Getty, 1914, Pl. XLVIII.



ဥစ္စာစီးပွားကိုစောင့်သောဇမ္ဗုလနတ်မင်း
Vaidurya, 2003, Pg.82.



ဇောတိယ(က)ရဟန္တာ(ထိုင်း)
JSS, 1991, Pg.62, Pl.1 a.



သစ္စကပရိဇ္ဇာဇကဇိန(ရခိုင်)
San Tha Aung, 1979, Pl.9.



အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းအနီးရှိ
သင်္ဘောပုံအုတ်ရိုးပြသာဒ်
ဓာတ်ပုံ-ရဲဝင်း

http://www.dhammadownload.com

သည်။ အခြားရုပ်တုတစ်ဆူမှာ ပလ္လင်အောက်ပိုင်းကိုသာတွေ့ရပြီး 'တြလ ယေ ဝိဏ္ဏာလဘာရဒ္ဒာဇတ္ထေရ'[*၁] ဟု ကမ္ဘည်းထိုးထားသည်။[*၂] ထိုပုံမှာ အထက်ပိုင်းကိုမတွေ့ရ၍ ဝမ်းပူပူ ဟုတ်, မဟုတ် မပြောနိုင်ပေ။

လောနိုင်ငံနှင့်ထိုင်းနိုင်ငံတို့တွင် ဤရုပ်တုမျိုးကို Prah Kachai (ရှင်ကစ္စည်း= ရှင်ကစ္စာယန)ဟုခေါ်သည်။[*၃] သို့ပါ၍ ဗိုက်ပူရုပ်တုမည်သည် မေတ္တေယျရုပ်တုဖြစ်နိုင်သကဲ့သို့ ဖော်ပြပါအတိုင်း ရှင်မောဂ္ဂလာန်၊ ရှင်ဂဝံပတိ၊ ဇမ္ဗလ၊ ကုဗေရ၊ ရှင်ကစ္စည်း(ကစ္စာယန)နှင့် သစ္စကပရိဗိုဇ် စသည်တို့၏ရုပ်တုတို့လည်းဖြစ်နိုင်ကြောင်း သတိပြုရန်ဖြစ်သည်။

ဤနေရာ၌ ဖြည့်စွက်တင်ပြလိုသောအချက်တစ်ရပ်မှာ ဗိုက်ပူရုပ်တုအချို့တွင် ခပ်ဖောင်းဖောင်းဖြစ်နေသော ဝမ်းဗိုက်ကိုပိုက်ပွေ့ထားဟန်ရှိပြီး အချို့ရုပ်တုတို့မှာ သပိတ်ဖြစ်စေ သပိတ်ကဲ့သို့ ခပ်လုံးလုံးရှည်မျှောမျှော အရာဝတ္ထုတစ်ခုကို ပိုက်ထားဟန်ကဲ့သို့တွေ့ရသဖြင့် မူလကသပိတ်ပိုက်ဘုရား[*၄] ပုံမှတစ်ဆင့် ရွှေ့လျောကာ ဝမ်းပူပူဘုရား(တစ်နည်း)ဗိုက်ပူရဟန္တာရုပ်ဖြစ်လာနိုင်သည်ဟူသောအချက်ပင်ဖြစ်သည်။

ကံ့ကော်ဗောဓိ

မေတ္တေယျရှင်အားရည်မှန်း၍ ကိုးကွယ်ဆည်းကပ်ကြပုံအမျိုးမျိုးကို လက်လှမ်းမီသရွေ့ရှာဖွေဖော်ထုတ်တင်ပြပြီးသည့်နောက် မေတ္တေယျရှင်ပွင့်ထွန်းလာသောအခါ ပရိဘောဂစေတီ[*၅] အမှတ်ဖြင့် ရည်မှန်းတည်ထားကိုးကွယ်ကြရမည့် ကံ့ကော်ဗောဓိအကြောင်းကို တင်ပြလိုပေသည်။

ဗောဓိ-ကို အများအားဖြင့် ဘုရားပွင့်ရာသစ်ပင်အဖြစ်ကိုသာ အသိများကြ၏။[*၆] အထူးသဖြင့် ဂေါတမမြတ်စွာဘုရားရှင်အမှီပြုတော်မူခဲ့သော 'ညောင်ဗုဒ္ဓဗောဓိပင်'ကို 'ဗောဓိပင်'ဟူ၍ တသမတ်တည်းစွဲလန်းခဲ့ကြသည်။[*၇] စင်စစ် ဗောဓိ-ဟူသောပါဠိဝေါဟာရသည် ဘုရားရှင်သစ္စာလေးပါးကိုသိမြင်ခဲ့သော ဗောဓိသစ်ပင်[*၈]

---

*၁ DPPN. II. 202. ဘုရားရှင်လက်ထက် ရာဇဂြိုဟ်မြို့၌ ဘာရဒ္ဒါဇပုဏ္ဏားသည် ရဟန်းပြုသောအခါ၊ အစာထမင်းကို တောင့်တမျှော်ခေါ်လှည့်လည်တတ်သဖြင့် 'ဝိဏ္ဏာလဘာရဒ္ဒါဇ' ဟု တွင်သည်။ သီဟနာဒိကတောဒ်ရသည်။ အစားအစာများများစားဘုဉ်းပေးနိုင်၍ ထိုအရှင်၏ပုံတွင် ဝမ်းကိုခပ်ပူပူဟန်ထုလုပ်ပုံရသည်။

*၂ C. Bauer' Notes On Mon Epigrophy. II. JSS. Vol.79, Part 2, 1991. Page-62. Pl.1 a, 1 b, 1 c.

*၃ ထိုင်းရှမ်းအစဉ်အလာအရ ရှင်ကစ္စည်း(ရှင်ကစ္စာယန)သည် ဗုဒ္ဓလက်ထက်တော်က ထင်ရှားခဲ့သော တေဒဂ်ရရှင်ကစ္စည်းဖြစ်သည်။ မွေးဌ။ဃ။၃၀၉။ ထိုရှင်မဟာကစ္စည်းသည် ရှင်ရည်တင့်တယ်တော်မူသဖြင့် ကြည့်ရဆိုးစေရန် ဗိုက်ပူပူဖြင့် ဖန်တီးထားသည်ဟုယူဆကြသည်။ မစ္စတာဒွရှိင်ခဲလ်က ကစ္စာယန(ကစ္စည်းသဒ္ဒါ)ကျမ်းပြု အရှင်မဟာကစ္စည်း(အေဒီ ၅-ရာစု/၆-ရာစု) DPPN. I. Page-477. ဟု ယူဆနိုင်ကြောင်း ဖော်ပြထားသည်။ G. H. Luce' Old. Burma-Early Pagan.I. Page-207. [26]

*၄ သပိတ်ပိုက်ဘုရားပုံတို့ကို ဤနိုင်ငံ၌အတွေ့ရနည်းသော်လည်း ပုဂံမြို့ အာနန္ဒာဘုရား၌တစ်ဆူ၊ ပုဂံမြို့ မင်းခုန်သူရွာ ကဿပဘုရား၌နှစ်ဆူ စသည်ဖြင့်တွေ့ရသည်။ Tin Hla Thaw' The Development of The Buddha Image in Burma, thesis for the Degree of M.A., the University of London, 1963. Page-60, Fig.11; Page-64, Fig. a Page-64, Fig.35.

*၅ တတ္ထ ဗောဓိရုက္ခော ပရိဘောဂစေတိယံ- ခုဒ္ဒကဋ္ဌ။၁၁၀။

*၆ မြတ်စွာဘုရားရှင်တို့ သဗ္ဗညုတဉာဏ်ကိုရအံ့ဆဲဆဲ၌ အမှီပြုရာသစ်ပင်ကြီး- မြန်မာအဘိဓာန်အကျဉ်းချုပ်၊ အတွဲ-၃။ ၁၉၇၉-ခုနှစ်။ (စာမျက်နှာ-၁၀၃)။

*၇ ဗောဓိတာသ ဘဂဝတော အသမတ္ထောတိ ပဒုစ္စတိ- ဗုဒ္ဓဝံ။၃၂၄၊၃၇၇။ ဗောဓိညောင်၊ ညောင်ဗုဒ္ဓဗော-ဟုလည်းခေါ်သည်။ မြန်မာအဘိဓာန်အကျဉ်းချုပ်၊ အတွဲ-၂။ ၁၉၇၉-ခုနှစ်။ (စာမျက်နှာ-၆၄)။

*၈ အဗုစ္ဆိတ္ထောတိ ရုက္ခော ဗောဓိ- သာရတ္ထ။၁။၃၅၁။

http://www.dhammadownload.com

ကိုသာမက မဂ်ဉာဏ်*၁၊ သဗ္ဗညုတဉာဏ်*၂၊ သတိစသောတရားအပေါင်း*၃၊ နိဗ္ဗာန်*၄၊ ဘုရားအစရှိသော အရိယာသာဝက*၅– အစရှိသည့် အနက်အဓိပ္ပာယ်တို့ဖြင့်သုံးစွဲကြောင်းသိရသည်။*၆

ဗောဓိပင်–ဘွင်လည်း ပွင့်တော်မူရာဘုရားရှင်ကိုလိုက်၍ အပင်အမျိုးမျိုးဖြစ်ပြန်သည်။ ပွင့်တော်မူခဲ့သော နှစ်ကျိပ်ငါးဆူသောဘုရားရှင်တို့တွင် (၁) ဒီပင်္ကရာဘုရားသည် ပိပ္ပလိပင်(ဗုဒ္ဓဝံသ၊ ဋ္ဌ။၁၀၆)*၇၊ (၂) ကောဏ္ဍညဘုရားသည် သာလကလျာဏီ(ဗုဒ္ဓဝံသ၊ ဋ္ဌ။၁၆၁)*၈၊ (၃) မင်္ဂလဘုရား။ (၄) သုမနဘုရား။ (၅) ရေဝတဘုရား။ (၆) သောဘိတဘုရား–ဟု ဘုရားလေးဆူတို့သည် နာဂဗောဓိ(တစ်နည်း) နာဂရုက္ခပင်(ဗုဒ္ဓဝံသ၊ ဋ္ဌ။ ၁၇၂၊၁၈၅၊ ၁၉၃၊ ၂၀၀။)*၉၊ (၇) အနောမဒဿီဘုရားသည် အဿတ္ထပင်(ဗုဒ္ဓဝံသ၊ ဋ္ဌ။၂၀၅။)*၁၀၊ (၈) ပဒုမဘုရားနှင့် (၉) နာရဒဘုရားနှစ်ဆူတို့သည် မဟာသောဏပင်(ဗုဒ္ဓဝံသ၊ ဋ္ဌ။၂၁၂၊၂၁၈။)*၁၁၊ (၁၀) ပဒုမုတ္တရဘုရားသည် သလလ(ဋ္ဌ)ပင် (ဗုဒ္ဓဝံသ၊ ဋ္ဌ။၂၂၅။)*၁၂၊ (၁၁) သုမေဓဘုရားသည် (မဟာ)နီပပင် (ဗုဒ္ဓဝံသ၊ ဋ္ဌ။ ၂၃၄။)*၁၃၊ (၁၂) သုဇာတဘုရားသည် (မဟာ)ဝေဠု (ဗုဒ္ဓဝံသ၊ ဋ္ဌ။ ၂၄၀။)*၁၄၊ (၁၃) ပိယဒဿီဘုရားသည် ကကုဓပင် (ဗုဒ္ဓဝံသ၊ ဋ္ဌ။၂၄၆။)*၁၅၊ (၁၄) အတ္ထဒဿီဘုရားသည် စမ္ပကပင်(ဗုဒ္ဓဝံသ၊ ဋ္ဌ။၂၅၄။)*၁၆၊ (၁၅) ဓမ္မဒဿီဘုရားသည် ဗိမ္ဗိဇာလပင် (ဗုဒ္ဓဝံသ၊ ဋ္ဌ။ ၂၆၀။)*၁၇၊ (၁၆) သိဒ္ဓတ္ထဘုရားသည် ကဏိကာရပင် (ဗုဒ္ဓဝံသ၊ ဋ္ဌ။ ၂၆၄။)*၁၈၊ (၁၇) တိဿဘုရားသည် အသနပင်(ဗုဒ္ဓဝံသ၊ ဋ္ဌ။၂၆၈။)*၁၉၊ (၁၈) ဖုဿဘုရားသည် အာမလကပင်(ဗုဒ္ဓဝံသ၊

---

*၁ ဗောဓိန္တိ သစ္ဆာဘိသမ္ဗောဓိ၊ မဂ္ဂဉာဏန္တိ အတ္ထော– ထေရိဋ္ဌ။၂၇၅။

*၂ သမ္ဗုဒ္ဓေ သမ္ဗောကာရတော ဗုဒ္ဓတိ ဟိဠိဝိဒ္ဓတိတိ သဗ္ဗညုတဉာဏံ ဗောဓိ– သာရတ္ထ၊၁။၃၅၁။

*၃ ယာဟိ အယံမဂ္ဂသာမဂ္ဂီ...အရိယသာဝကော ဗုဒ္ဓတိတိ ကတွာ ဗောဓိတိ ဝုစ္စတိ– သံ၊ဋ္ဌ။၃။၁၇၆။

*၄ ဗုဒ္ဓိယတိ သဒ္ဓိကရီယတိတိ နိဗ္ဗာနံ ဗောဓိ– သာရတ္ထ၊၁။၃၅၁။

*၅ ယော ပေသ ယထာဝုတ္တပ္ပကာရာယ တောယ ဓမ္မသာမဂ္ဂိယာ ဗုဒ္ဓိတိတိ ကတွာ အရိယသာဝကော ဗောဓိထိ ဝုစ္စတိ– သံ၊ဋ္ဌ။၃။၁၇၆။

*၆ တိဝိဒုက ပါဠိ–မြန်မာအဘိဓာန်၊ အတွဲ–၁၅၊ ၁၉၅–စုဒ္ဒန်။ (စာမျက်နှာ–၃၄၁)။

*၇ ပိပ္ပလိ–ဗိတ်ချင်းပင်။ (Piper Longum) *Ficus religiosa.* သောတတ္ထကိပါဠိ၌(၇၈)၌ 'ကဝိဋ္ဌရုံ'ဟုပြသည်။ အနက်ကား 'ညောင်ကြပ်' (နိသျှ၂၆၈)ဖြစ်သည်။

*၈ သာလကလျာဏီ– နပဲပင်။ *Boswellia thurifera ?*

*၉ နာဂရုက္ခ– ကုံကော်ပင်။ (Iron wood) *Mesua ferrea.*

*၁၀ အဿတ္ထရုက္ခ– ဖောက်ကြံပင်။ *Terminalia Arjuna.*

*၁၁ မဟာသောဏ– ကြောင်လျှာပင်။ *Oroxylum Indicum or Calosanthes Indica.*

*၁၂ သလလ–Dipterocarpus Indicus. သလဠ(ထင်းရှူး)။ *Pinus Longifolia.*

*၁၃ (မဟာ)နီပ– မအူပင်။ *Anthocephalus Cadamba.*

*၁၄ (မဟာ)ဝေဠု– ဝါးပင်။ *Dendrocalamus Brandisii.*

*၁၅ ကကုဓ– ဖောက်ကြံပင်။ *Terminalia Arjuna.*
ရေခဲတက်ပင်။ *Crataera hygrophila.*
အဿတ္ထော ကကုဓော ဘဝေ– အဘိဓာန် (ဂါထာ–၅၆၂)–ဟုပြု၍ အဿတ္ထနှင့် ကကုဓတို့တူကြ၏။

*၁၆ စမ္ပက– ဧကားပင်။ *Michelia Champaka.*

*၁၇ ဗိမ္ဗိဇာလ– သံသတ်ပင်၊ လိပ်ဆူးခွေပင်၊ လိပ်ဆေးရွေ့၊ မည်ဂျီးပန်းပင်၊ နီသောဓမ္မပင်၊ သပြေပင်၊ ဗိတ်တကျည်းပင်– စသည်ဖြင့် မူကွဲများရှိသည်။ ပုဂံမြို့၊ ဝက်ကြီးအင်းဂူပြောက်ကြီးဘုရားမင်စာၦ မျက်နှာပန်းပင်– *Hemigraphis flava or Pavetta Indica (?)* ဟု ပြသည်။ အဋ္ဌသာလိနီ(ဖြ)၌လည်း 'ရတ္တကုံရ, ကကုဓရုက္ခ, ဗိမ္ဗိဇာလ' စာတန်းကဆား(၁။၄၈)၌ 'ရတ္တကုံရ, ဗိမ္ဗိဇာလ'–ဟူ၍ မူကွဲပြကြသည်။

*၁၈ ကဏိကာရ– မဟာလှေခါးပင်။ *Cochlospermum religiosum or Pterospermum acerifolium.*

*၁၉ အသန– ဗိတောက်ပင်။ *Pentaptera or Terminalia tomentosa.*

http://www.dhammadownload.com

ဌ။၂၇။)*၁ (၁၉) ဝိပဿီဘုရားသည် ပါဒလိပင်(ဗုဒ္ဓဝံသ၊ဌ။၂၇ရ။)*၂ (၂၀) သိခီဘုရားသည် ပုဏ္ဏာရိကပင် (ဗုဒ္ဓဝံသ၊ဌ။၂၈၅။)*၃ (၂၁) ဝေဿဘူဘုရားသည် (မဟာ)သာလပင်(ဗုဒ္ဓဝံသ၊ဌ။၂၉၁။)*၄ (၂၂) ကကုသန္ဓဘုရား သည်(မဟာ)သိရီသပင်(ဗုဒ္ဓဝံသ၊ဌ။၂၉၇။)*၅ (၂၃) ကောဏာဂမနဘုရားသည် ဥဒုမ္ဗရပင်(ဗုဒ္ဓဝံသ၊ဌ။၃၀၂။)*၆၊ (၂၄) ကဿပဘုရားသည် နိဂြောဓပင်(ဗုဒ္ဓဝံသ၊ဌ။၃၀ရ။)*၇ (၂၅) ဂေါတမဘုရားသည် အဿတ္ထပင်(ဗုဒ္ဓဝံသ၊ ဌ။၃၃ရ။)*၈–ဟူ၍ ဘုရားရှင်တို့ပွင့်ချိန်၌မိရာသစ်ပင်(=ဗောဓိပင်)တို့ကို ဗုဒ္ဓဝံသအဋ္ဌကထာ၌ဖော်ပြထားလေသည်။

ပွင့်တော်မူလတ္တံ့ဖြစ်သောမေတ္တေယျရှင်သည် ဘုရားအဖြစ်သို့ရောက်ခါ၌ အဓိပြုတော်မူမည့် ဗောဓိ သစ်ပင်ကို နာဂရုက္ခ(ကဲ့ကော်ပင်)ဟု အနာဂတဝံသပါဠိ၌ဖော်ပြထားသည်။*၉ နာဂရုက္ခ(ခေါ်) ကဲ့ကော်ပင် သည် အထက်၌ပြဆိုခဲ့သော နှစ်ကျိပ်ငါးဆူသောဘုရားရှင်တို့တွင် (၁) မင်္ဂလ၊ (၂) သုမန၊ (၃) ရေဝတနှင့် (၄) သောဘိတဘုရားရှင်လေးဆူတို့မိုရာဗောဓိပင်ဖြစ်၍ ဘုရားအပွင့်များသောဗောဓိပင်ဟုလည်းဆိုနိုင်သည်။

မေတ္တေယျရှင်ပွင့်သောအခါ၌ ထိုကဲ့ကော်ဗောဓိပင်၏ပမာဏကို အနာဂတဝင်ဝတ္ထုစသော ကျမ်းဂန်တို့၌ ဖော်ပြထားသည်မှာ–

> ဗောဓိကဲ့ကော်ပင်၏ပင်စည်ကား အမြင့်အတောင်*၁၀ တစ်ရာ့နှစ်ဆယ်၊ အကိုင်းကား အမြင့် အတောင်တစ်ရာ့နှစ်ဆယ်–နှစ်ရပ်ပေါင်း အမြစ်ရင်းမှအညွှန့်အဖျားအထိ အမြင့်အတောင် နှစ်ရာ့ လေးဆယ်၊ အချင်းကား နှစ်ရာ့လေးဆယ်၊ အဝန်းကား ခုနစ်ရာ့နှစ်ဆယ်ရှိ၏။ ခက်မကိုးဖြာကား အတောင်တစ်ရာ့နှစ်ဆယ်ရှိ၏။ ကဲ့ကော်ပင်ကား– စန္ဒကူးသရက္ခန်အနုံကဲ့သို့ လေအောက်,လေညာ ဆယ်ယူဇနာ*၁၁ မျှား၏။ အငုံကား– တစ်ဆယ့်နှစ်ကွမ်းစား*၁၂၊ အငုံရိုးကား ဝင်ရိုးခန့်ရှိ၏။ အပွင့် ကား လှည်းဘီးခန့်ရှိ၏။ ထိုကဲ့ကော်ပင်၌ ဘုရားဖြစ်သောနေ့မှစ၍ပွင့်သောပန်းပွင့်သည် မည်သူ မနွမ်းဘဲ နိဗ္ဗာန်ဝင်မှကြွေလတ္တံ့၊ စန္ဒကူးထင်းပုံထက်စုံ၍ထားဘိသကဲ့သို့ ကြွေလတ္တံ့၊ ကဲ့ကော်ပင်၏ ဝန်းကျင် တစ်ယူဇနာလောက်သောအရပ်၌ အထူးထူးသောပန်းတို့သည်လည်းကောင်း၊ အထူးထူး သော သစ်သီးတို့သည်လည်းကောင်း အသီးအပွင့်တို့ဖြင့်ဖုံးလွှမ်းလျက် လက်ယာရစ်လည်၍

---

*၁ အာမလက– သျှစ်သျှားပင် (အလုံးအယေ်စားသီးသော ဆီးဖြူပင်။ သဘော်ဆီးဖြူပင်ဟုလည်းခေါ်သည်။ ရေသျှစ်သျှား, ကုန်းသျှစ်သျှား–ဟု နှစ်မျိုးရှိသည်)။ ဆီးဖြူပင်။ *Emblic myrobalan, Phyldanthus emblica.*

*၂ ပါဒလိ– သစ္စတ်ပင်။ *Stereospermum spp.*

*၃ ပုဏ္ဏာရိက– သရက်ဖြူပင်။ *Mangifera sp.*

*၄ (မဟာ)သာလ– အင်ကြင်းပင်။ *Shorea robusta.*

*၅ (မဟာ)သိရီသ– ကုက္ကိုပင်။ *Acacia sirissa.*

*၆ ဥဒုမ္ဗရ– ရေသဖန်းပင်။ *Ficus glomerata, a species of fig-tree.*

*၇ နိဂြောဓ– ပဉ္စောင်ပင်။ *Ficus Bengalensis or Indica.*

*၈ အဿတ္ထ– ညောင်ဗုဒ္ဓဟောပင်။ *(Pīpal tree), Ficus religiosa.*

*၉ ဗောဓိတသ ဘဂဝတော၊ နာဂရုက္ခော ဘဝိဿတိ– အနာဂတဝံသပါဠိ။ မြန်မာမှု(ဂါထာ–၉၈)။ လန်ဒန်မူ (ဂါထာ–၉၉)။

*၁၀ မြန်မာတစ်တောင်ကို ၁၉.၀၅ လက်မ ထားနိုင်သည်။ ဦးသိန်းလှိုင်၏ စေတ်ဟောင်းမြန်မာ့သမိုင်းသုတေသနအဘိဓာန်။ ၂၀၀၀–ပြည့်နှစ်။ (စာမျက်နှာ–၂၄၅)။

*၁၁ မြန်မာတစ်ယူဇနာကို ၉.၀၉ မိုင်ထားနိုင်သည်။ အရှင်သီလာနန္ဒာဘိဝံသ၏ ရူပသိဒ္ဓိဋီကာနိဿယသစ်၊ ပထမတွဲ။ ၁၉၉၉–ခုနှစ်။ (စာ–၃၄၅)။

*၁၂ မြန်မာတစ်ကွမ်းစားကို နှစ်လနှပ် သို့မဟုတ် နှစ်လမယ် သို့မဟုတ် တစ်စလည်ရှိသော ဈင့်ဝန်။ ကွမ်းစား (ပါဠိ၊ ပတ္တ) = စလယ်(လည်) (ပါဠိ၊ နာလိ) အတူတူဖြစ်သည်။ ဦးဝန်၏ တက္ကသိုလ်မြန်မာအဘိဓာန်၊ အဝိုင်း–၄။ ၁၉၆၃–ခုနှစ်။ (စာမျက်နှာ–၅၂၇)။ လေးစလယ်သည် တစ်ပြည်ဖြစ်၏– အဘယာရာမအဘိဓာန်နိဿယသစ်။ ၁၉၅၆–ခုနှစ်။ (စာမျက်နှာ–၁၈၅)။

http://www.dhammadownload.com

တည်ကုန်လျက် ဗောဓိပင်၏ဝန်းကျင် တစ်ယူဇနာခွဲရှိသောအရပ်၌ ရတနာသလဲဖုံးလွှမ်းလျက် ရတနာသလဲ၌ အထူးထူးသောအဆင်း,အနံ့,အမွှေးရှိသော ကြည်းပန်း,ရေပန်းတို့သည်လည်း ကောင်း၊ စကား, စံပယ်, ချယား, မြတ်လေး, သရဖီတို့သည်လည်းကောင်း ပန်းကုံးသကဲ့သို့ ဗောဓိကဲ့ကော်ပင်သို့ ညွှတ်၍ပွင့်လတ္တံ့။ ကဲ့ကော်ပင်၏ခက်မအကြား၌ ပဒုမာကြာပွင့်စသော ကြာမျိုးငါးပါးဖုံးလွှမ်းလျက်ဖြစ်လတ္တံ့။ ဗောဓိပင်၏လေးဖျက်နှာ၌ ရတနာမဏ္ဍပ်ရွှေဇရုပ်တို့သည် ပေါက်လတ္တံ့။ ကဲ့ကော်ပင်၏ခက်မအကြားတို့၌ ပဒုမာကြာပွင့်တို့သည်လည်း ကြာဗိတာန်*၁ မိုးသကဲ့သို့ရှိလတ္တံ့။ ကောင်းကင်ဖြင့်သွားသောငှက်တို့သည် လက်ယာရစ်လှည့်၍ ပျံကုန်၏။ ဗောဓိပင်ကိုနားဝံ့သောငှက်မရှိကုန်။ လေလာသော်လည်း အရွက်ကိုမျှမလှုပ်နိုင်။ လူ, နတ်,ဗြဟ္မာတို့သည် ဗောဓိကဲ့ကော်ပင်ကိုကြည့်၍မငြီးသည်ဖြစ်လတ္တံ့။ ချစ်သားသာရိပုတ္တရာ– ဤသို့ တင့်တယ်လှပသောကဲ့ကော်ပင်သည်ဖြစ်လတ္တံ့၊ မေတ္တေယျဘုရားအလောင်း၏လက္ခဏာကြီးငယ်တို့သည် စီစဉ်၍ထားဘိသကဲ့သို့ရှိလတ္တံ့။ ဗြဟ္မာမင်း၏အသရေကို နှိပ်စက်သကဲ့သို့ရှိလတ္တံ့–ဟု ဖြစ်သည်။*၂

သက္ကတမူ မေတ္တေယျဗုဒ္ဓဝင်ဖြစ်သော မေတ္တေယျဗျာကရဏကျမ်း(ဂါထာ–၅၄,၅၅)တို့၌– 'ထိုအခါ ကဲ့ကော်ပင်သည် ထိုမေတ္တေယျဘုရားပွင့်ရာ ဗောဓိပင်ဖြစ်ပေလတ္တံ့။ အကိုင်းအခက်တို့မှာ ယူဇနာငါးဆယ် မြင့်လတ္တံ့။ လောက၏ရှေ့ဆောင်ဖြစ်တော်မူသော လူတို့ထက်မြတ်သော မေတ္တေယျဘုရားရှင်သည် ထို ကဲ့ကော်ပင်အောက်၌ ထိုင်လျက်သာလျှင် ထွတ်မြတ်လှစွာသော အေးငြိမ်းလှစွာသော ဗောဓိဉာဏ်ကို ရတော်မူလတ္တံ့–'ဟု တိုတိုကျဉ်းကျဉ်းဖော်ပြထားသည်။*၃

ရှေးအလွန်ကျသော ဂန္ဓာရခေတ်ကတွေ့ရသော မေတ္တေယျရှင်၏ရုပ်တုတော်များတွင် အမတခေါ် အမြိုက်ရည်အိုးကိုင်ထားပုံကိုတွေ့ရပြီး၊ နောက်ပိုင်းကာလ၌ ထိုအမြိုက်ရည်ကိုင်စွဲသောနေရာ၌ နာဂရာဇခေါ် ကဲ့ကော်ပန်း,ကဲ့ကော်နွယ်,ကဲ့ကော်ရိုးတံ ကိုင်စွဲထားပုံကိုတွေ့ရပါသည်။ မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်၌တွေ့ရသော မေတ္တေယျရှင်တော် ကြေးသားရုပ်တုတော်တို့တွင် အမြိုက်အိုးကိုင်ပုံ*၄နှင့် ကဲ့ကော်ပန်း,အနွယ် စသည် ကိုင်ထားပုံ*၅ ဟူ၍ ရုပ်တုနှစ်မျိုးကိုတွေ့ရသည်။

မြန်မာနိုင်ငံအတွင်း၌ ပွင့်တော်မူပြီးဖြစ်သောဂေါတမဘုရားရှင်၏မိုရာ ဗောဓိညောင်ကို အလေးအမြတ်ထား၍ စိုက်ပျိုးကြ,ပူဇော်ကြသကဲ့သို့၊ ပွင့်တော်မူမည့်မေတ္တေယျရှင်၏မိုရာဖြစ်သော ဗောဓိကဲ့ကော်ကိုလည်း ယခုအခါကပင်တင်ကြိုစိုက်ပျိုး၍ ပူဇော်သမှုပြုခဲ့ပုံကိုလည်း တင်ပြလိုသည်။*၆

---

*၁ ဗိတာန်(ပါဠိ၊ဗိတာန)= မျက်နှာကြက်။ ဦးထွန်းမြင့်၏ပါဠိသက်ဝေါဟာရအဘိဓာန်။ ၁၉၆၈–စာ၅၅၈။ (စာမျက်နှာ–၁၉၉)။

*၂ ကြာဓံဆရာတော်၏ အနာဂတဝင်ဝတ္ထု။ ၁၉၅၈–စာ၅၈။ (စာမျက်နှာ–၁၉)။ အနာဂတဝံသပါဠို (ဂါထာ ၉၈–၁၀၃)။ Minayeff (ed.)' The Anagatavamsa. JPTS. 1886. Page-50.

*၃ Shri P.C. Majumder(ed.)' Ariya Maitreya Vyakaranam. In Gilgit Manuscripts. Vol.IV. 1959. Page-202.

*၄ G.H. Luce' Phases of Pre-Pagan. Burma. I. 1985. Page-125; II. Frontispiece- Bronge Maitreya.

*၅ P. Gatman' Burma's Lost Kingdoms. 2001. Fig.43. (ယခု မြောက်ဦးပြတိုက်၌ရှိသည်)။

*၆ ဤနေရာ၌ ကဲ့ကော်ဗောဓိကိုပူဇော်ရာတွင် မေတ္တေယျရှင်တစ်ပါးတည်းကိုသာမဟုတ်ဘဲ ပွင့်တော်မူပြီးဖြစ်သော မင်္ဂလာဘုရား၊ သုမနာဘုရား၊ ရေဝတဘုရားနှင့် သောဘိတဘုရားရှင်လေးဆူတို့ကိုပါညွှန်းဆို၍ပူဇော်ခြင်းဖြစ်လေသည်။

http://www.dhammadownload.com

အထက်မြန်မာနိုင်ငံ စစ်ကိုင်းတောင်ရိုး၌ ဓုတင်ဆောင် အနောက်ပရက္ကမဆရာတော်ကြီးဦးဝဏ္ဏာစာရ (အေဒီ ၁၉၀၆–၁၉၇၅)သည် ဘုတလင်မြို့နယ်၊ ကင်းစမ်းရွာဖာတိဖြစ်၍၊ မြန်မာသက္ကရာဇ် ၁၂၉၆–ခုနှစ် (အေဒီ ၁၉၃၄–ခုနှစ်)တွင် ရဟန်းဖြစ်တော်မူခဲ့တ်။ ထို့နောက် မုံရွာမြို့ မဟာလယ်တီတိုက်၊ မောင်းထောင်မြို့ စေတီလှကျောင်းတိုက်စသည်တို့၌ ပရိယတ်စာပေသင်ယူတော်မူခဲ့တ်။ ယောဂီပါရဂူကျမ်းပြု ကန္ဒီရွှေသိမ်တော်တောရဆရာတော်ကြီးဦးသောဘိတ(အေဒီ ၁၈၈၀–၁၉၆၇)ထံပါးသို့ဆည်းကပ်၍ ဝိပဿနာအားထုတ်နည်းကို အာစရိယဟတ္ထမုဋ္ဌိ ဆရာ့လက်ဆုပ်ပိုင်ပိုင်ရတော်မူပြီး၊ သက္ကရာဇ် ၁၃၀၉–ခုနှစ် (အေဒီ ၁၉၄၇–ခုနှစ်)တွင် စစ်ကိုင်းတောင်အနောက်ပရက္ကမချောင်သို့ရောက်ပြီး၊ ထိုအခါမှစ၍ အနောက်ပရက္ကမဆရာတော်အဖြစ်ထင်ရှားတော်မူခဲ့ပါသည်။

ထိုအနောက်ပရက္ကမဆရာတော်ကြီးအရှင်ဝဏ္ဏာစာရသည် ဘုရားဂုဏ်၌အစဉ်ထုံလျက်ရှိလေရာ၊ ဘုရားရှင်၏ဝေယျာဝစ္စများကို မည်မျှပင်ပြုစုနေရစေကာမူ အားရတင်းတိမ်မှုမရှိခဲ့ပေ။ ထို့ကြောင့် ကံ့ကော်ဗောဓိပင်စိုက်ပျိုး၍ ဗောဓိယင်္ကာဝတ်ကိုအားထုတ်ခဲ့တ်။ ဆရာတော်ကြီး၏မှတ်တမ်း၌ '၁၃၃၂–ခုနှစ်၊ တပေါင်းလဆန်း ၃–ရက် စနေနေ့တွင် ပူဇော်ပါသည်'ဟု ကံ့ကော်ဗောဓိပင်စိုက်သောနေ့ကို မှတ်တမ်းတင်ထားခဲ့လေသည်။ ဆရာတော်သည် ထိုကံ့ကော်ပင်ပျိုမှာ နေ့စဉ်မပြတ်ဝတ်နိဗ္ဗဒါဖြင့် ဆီမီး, အမွှေးနံ့သာ, ပန်း, ရေချမ်းစသည်တို့ဖြင့် လှူဒါန်း၏။ နံနက် ၄–နာရီတစ်ကြိမ်၊ ညဉ့် ၈–နာရီတစ်ကြိမ်၊ တစ်နေ့နှစ်ကြိမ် မှန်မှန်လှူဒါန်းမှုပြု၏။ ထို့ပြင် ကံ့ကော်ဗောဓိပင်မင်းကို အုတ်ပလ္လင်ခင်းခြင်း။ အုတ်တံတိုင်းအရာမ်မီးတားတို့ဖြင့် တင့်တယ်စွာပြုလုပ်ထားခြင်းတို့ကြောင့် ချောင်သို့ရောက်သူမှန်သမျှ ချီးကျူးကြရ၏။ ဘာကြောင့်ပြုလုပ်ပါလိမ့်ဟူ၍လည်း စူးစမ်းကြ၏။ ကံ့ကော်ဗောဓိဒါယကာ, ဒါယိကာမတို့မှာ မန္တလေးမြို့၊ ဒေးဝန်း၊ ရုံးသာရပ်နေ အုတ်သူကြီးဦးမြမောင်၊ ဒေါ်ရွှေနှင့် သား မောင်ကိုကြီး(ခေါ်)ဆန်းမြင့်ဦးတို့ဖြစ်ကြ၏။[*၁]

ဆရာတော်အရှင်ဇနကာဘိဝံသ၏ သဘော်ဘင်းစင်း

မြန်မာနိုင်ငံမျက်မှောက်သာသနာဝင်၌ အလွန်ထင်ရှားလှသည့် ဘာသာဋီကာကျမ်းပြု တောင်မြို့၊ မဟာဂန္ဓာရုံဆရာတော်ကြီးအရှင်ဇနကာဘိဝံသ(အေဒီ ၁၈၉၉–၁၉၇၆) စီမံပြုလုပ်ခဲ့သော သဘော်ဘင်းစင်းအကြောင်းကိုတင်ပြရင်း ဤမေတ္တေယျကိုးကွယ်ပုံအမျိုးမျိုးအခန်းကိုနိဂုံးချုပ်ပါမည်။

ဆရာတော်အရှင်ဇနကာဘိဝံသသည် မန္တလေးမြို့မှတောင်ဘက် ခြောက်မိုင်သာသာ ကွာဝေးသော အမရပူရမြို့၊ တောင်သမန်အင်းစောင်းတွင် ရွှေကပင်ရှိပြီးဖြစ်သည့် မဟာဂန္ဓာရုံကျောင်းနေရာ[*၂]သို့ ၁၉၄၁–ခုနှစ်၊ ဇူလိုင်လတွင်ရောက်ရှိခဲ့ပြီးလျှင် ဘဝနှတ်ထံပျံလွန်တော်မူချိန်တိုင်သည့် (၂၈၊၁၊၁၉၇၆)အထိ နှစ်ပေါင်း(၃၆)နှစ်ထိုဌာနတွင် စွဲစွဲမြဲမြဲသီတင်းသုံးတော်မူခဲ့ပါသည်။ မူလမဟာဂန္ဓာရုံသည် တောရကမ္မဋ္ဌာန်းကျောင်းကလေးမျှဖြစ်ခဲ့သော်လည်း ဆရာတော်အရှင်ဇနကာဘိဝံသလက်ဘက်၌ မဟာဂန္ဓာရုံသည် မြန်မာနိုင်ငံတွင်းသာမက

---

*၁ အရှင်စာရိန္ဒ(ဓမ္မာစရိယ)၏ စစ်ကိုင်းတောင်အနောက်ပရက္ကမဆရာတော်၏ ဖြစ်စဉ်နှင့်ကျင့်စဉ်များ။။ ၁၉၈၂–ခုနှစ်။ (စာမျက်နှာ–၄၀၅)။

*၂ မဟာဂန္ဓာရုံကျောင်းသည် ၁၉၁၈–ခုနှစ်ခန့်ကပင် တောင်ငွေသာသနာပိုင်ဆရာတော်ကြီးထံနွင့်ပမန်၍ တည်ထားခဲ့သောကျောင်းဖြစ်သည်။ ကိုပညာ(အမရပူရ)၏ တောင်သမန်ဝန်းကျင်သိုင်းဝင်နေရာများ။ ၁၉၉၆–ခုနှစ်။ (စာမျက်နှာ–၅)။ ထိုတောင်သမန်အင်းစောင်းရှိ ဂန္ဓာရုံကျောင်း၏ ပထမမဟာဂန္ဓာရုံဆရာတော်သည် စစ်ကိုင်း မဟာဂန္ဓာရုံဆရာတော်၏ တပည့်ရဟန်းတစ်ပါးဖြစ်သည်။ သက်တော်ငယ်ငယ်တွင်ပုံလွန်ခဲ့သည်။ ဒုတိယမဟာဂန္ဓာရုံဆရာတော်မှာ အတိသုခဆရာတော်ဖြစ်သည်။ အတိသုခဆရာတော်မရှိသည့်နောက် ဆရာတော်အရှင်ဇနကာဘိဝံသသည် တတိယမဟာဂန္ဓာရုံဆရာတော်ဖြစ်လာသည်။

http://www.dhammadownload.com

ကမ္ဘာလွှား၍ကျော်ကြားသော သာသနာ့ဝန်ဆောင်စံပြကျောင်းတိုက်ကြီးအဖြစ်သို့ရောက်ခဲ့ရပါသည်။ အလွန်လည်း ကြီးပွားခဲ့သည်။ သာသနာတော်မျက်နှာပန်းလှဖွယ်ရာများစွာကို ဆောင်ရွက်ပေးနိုင်သောဌာနကြီးလည်း ဖြစ်ခဲ့ပါသည်။

ဆရာတော်အရှင်ဇနကာဘိဝံသကို မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး နှစ်နှစ်အရ (၁၈၊ ဂ၊ ၅၃)ရက်နေ့တွင် နိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ဆက်ကပ်သဖြင့် ခံယူတော်မူခဲ့သည်။*၁ ထို ၁၉၅၃-ခုနှစ် (၁၃၁၅-ခုနှစ်)သည် သာသနာတော်အနှစ် ၂၄၉၃-ခုနှစ်၊ သာသနာ(၂၅၀၀)ပြည့်ရန် သုံးနှစ်ခန့်အလိုတွင်ဖြစ်၍ သာသနာတော်နှင့်စပ်၍ ရင်မအေးဖွယ်ဖြစ်သော 'သာသနာတော်ကြီးဟာ မုန်တိုင်းထန်တဲ့ ပင်လယ်ထဲက သင်္ဘောကြီးလိုဖြစ်နေပြီ' ဟူသော အပြောအဆိုမျိုးပေါ်ထွက်ခဲ့သည်။ သာသနာရေးအတွက်စိတ်မအေးနိုင်သော အရှင်ဇနကာဘိဝံသက 'ကိုယ့်သာသနာအတွက် ကိုယ့်ဘာသာကြိုးစားကြ၊ အပြင်ကိုအားကိုးမနေနဲ့၊ မည်သူ့ကိုမှလည်း မျှော်မနေကြနဲ့၊ သီလ,သမာဓိဖြူစင်ပါစေ။ အစွမ်းတွေပြောသလိုပါပဲ ကမ္ဘာကြီးကို ထာဝရ ဘုရားသခင် ဖန်ဆင်းတယ်၊ ဒါပေမယ့် အစွမ်းနိုင်ငံကိုတော့ အစွမ်းတွေပဲဖန်ဆင်းရမှာပဲ' တဲ့။ တော်တော်ဟုတ်တဲ့စကား၊ အဲဒီလိုပဲ ဘုန်းကြီးတို့ရဲ့သာသနာကိုလည်း ဘုန်းကြီးတို့သာသနာ့ဝန်ထမ်းသားတွေကပဲ ဝိုင်းဝန်းပြီးဖန်ဆင်းကြရမှာပဲ' ဟုတစ်မျိုး။ 'မုန်တိုင်းထဲက(သာသနာ့)သင်္ဘောကြီး၊ ယိမ်းထိုးနေသည့် (ထိုသာသနာ့) သင်္ဘောကြီးအတွက် သူများ၏ကယ်တင်မှုကိုမျှော်လင့်နေမည့်အစား မိမိတို့ဘာသာ အချိန်မီဝိုင်းဝန်း၍ ထိန်းကျောင်းပဲ့ကိုင်ခြင်းသာ အမှန်ကန်ဆုံးနည်းလမ်းဖြစ်၏' ဟူ၍လည်းတစ်ဖုံ မိန့်ဆိုတော်မူခဲ့ပါသည်။*၂

ထိုအချိန်က အရှင်ဇနကာဘိဝံသသည် သာသနာ့သင်္ဘောကြီးအတွက် ရင်လေးနေသည်မှန်သော်လည်း အရှင့်၏စိတ်နှလုံးတွင်း၌ 'ငါတို့သာသနာ့သင်္ဘောသည် သာသနာတော်စောင့်နတ်တွေစောင့်ရှောက်နေသော၊ ဘုရားရှင်သည် မာလိန်မှူးအဖြစ်ပါဝင်သော သာသနာ့သင်္ဘောကြီးဖြစ်သည်။ ဤသင်္ဘောမျိုး ဘဒ္ဒကမ္ဘာ၌ ငါးစင်းရှိသည်။ (ဘုရားငါးဆူပွင့်သည်ကိုရည်ရွယ်သည်။) သို့ဖြစ်၍ သတ္တဝါဝေနေယျတို့ကိုသယ်ဆောင်၍ ကမ်းတစ်ဖက်နိဗ္ဗာန်တိုင် ပို့ဆောင်နိုင်သော သင်္ဘောကြီးငါးစင်းကို အမှတ်တရပြုလုပ်ထားလျှင် ကောင်းလိမ့်မည်ဟူသော ဆန္ဒတစ်ရပ်ဖြစ်ပေါ်လာခဲ့သည်။ ထိုဆန္ဒအတိုင်း အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ဆက်ကပ်ပွဲမှရသော နဝကမ္မကိုအရင်းတည်ကာ အလျားပေ-၄၀၊ အနံ ၁၅-ပေ၊ အမြင့် ၁၀-ပေခန့်အုတ်အင်္ဂတေတို့ဖြင့် အခိုင်အမာဦးချွန်းပဲ့ချွန်း လှေသမ္မာန်ကြီးငါးစင်းတို့ကို မဟာဂန္ဓာရုံကျောင်းတိုက်အရှေ့ဘက် အုတ်တံတိုင်းနှင့်ကပ်လျက် တောင်သမန်အင်းဘက်ရေစပ်တွင် စီတန်းကာပြုလုပ်အကောင်အထည်ဖော်ထားခဲ့သည်။ နောင်အခါ ထိုသင်္ဘော

---

*၁ မေဖြူမိုးကြည်၏ ဘွဲ့တံဆိပ်တော်ရမဟာထေရ်ကြီးများ။ ၁၉၈၀-ပြည့်နှစ်။ (စာမျက်နှာ-၅၉)၌ '၁၉၅၁-ခု (၁၃၁၂-ခုနှစ်) မြန်မာနိုင်ငံလွတ်လပ်ရေးအထိမ်းအမှတ်ပွဲနေ့တွင် (၁) မန္တလေးဗြို့၊ ပတ္တမြားဆရာတော်ကြီးဦးဇာဂရ၊ (၂) ချောင်းဆုံဗြို့နယ် မုဒွန်းရွာ ဝိဇ္ဇာကတ်တိုက်ကျောင်းဆရာတော်ကြီး ဦးကောသလ္လနှင့် (၃) အမရပူရဗြို့၊ မဟာဂန္ဓာရုံဆရာတော်အရှင်ဇနကာဘိဝံသ- သုံးယောက်တို့အား အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ဆက်ကပ်ရန် ကြေညာခဲ့ပြီး ၁၉၅၁-၅၂ (၁၃၁၃-ခုနှစ်)တွင် အဘိဓေမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးသုံးပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၂-ပါးတို့နှင့်ပေါင်း၍ ၁၉၅၃-ခုနှစ်တွင် ဘွဲ့တံဆိပ်ဆက်ကပ်ပူဇော်ပွဲ ကျင်းပသည်ဟု ဧရေးသားထားသည်။ နိုင်ငံတော်သမ္မတအိမ်တော်တွင် ၁၉၅၃-ခု၊ ဇူလိုင်လ ၁၈-ရက်၊ စနေနေ့ ညနေ ၄-နာရီ ၄၀-မိနစ်အချိန်၌ကျင်းပသော ဘွဲ့တံဆိပ်တော်ဆက်ကပ်ပွဲအခမ်းအနားမှတ်တမ်းတင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်မြတ်များ၏ ထေရပ္ပတ္တိဓာအုပ်တွင်မူ- အမရပူရဗြို့၊ မဟာဂန္ဓာရုံကမ္မဋ္ဌာန်းကျောင်းတိုက် ဘဒ္ဒန္တ ဇနကာဘိဝံသအား ဆိုင်ရာဘွဲ့တံဆိပ်တို့ကို နိုင်ငံတော်သမ္မတကြီးက အဘိဓေဘွဲ့ရဆရာတော်ကြီး(၃)ပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့ရဆရာတော်ကြီး(၁၄)ပါးတို့နှင့်အတူ ဆက်ကပ်ကြောင်း၊ ထိုဆရာတော်ကြီး(၁၈)ပါးတို့၏ထေရပ္ပတ္တိအကျဉ်းချုပ်တို့ကို ဖော်ပြထားသည်။

*၂ အရှင်ဃောသိတ(ဦးဆောင်)၏ တစ်ဘဝသာသနာ။ ၁၉၉၄-ခုနှစ်။ (စာမျက်နှာ-၁၃၀)။

http://www.dhammadownload.com

ငါးစင်းတ၏အထက်ထပ်ကို သွပ်မိုးပျဉ်ကာပျဉ်ခင်းလုပ်စီမံတော်မူသဖြင့် သဘော်ကျောင်းများဖြစ်လာ၏။ ခပ်ဝေးဝေးမှ ကြည့်လျှင် သဘော်ကြီးငါးစင်း ရေစပ်တွင်ထွက်ခွာတော့မည့်ဟန်ပြင်နေသလိုထင်ရသည်။*၁

ဤသဘော်ငါးစင်းတွင် အစွန်ဆုံးတစ်စင်းကား ဤဘဒ္ဒကမ္မာဠ်ပွင့်လတ္တံ့သော ဘုရားငါးဆူအဝင် မေတ္တေယျရှင်တ၏သာသနာအဆုံးအမကိုရည်ရွယ်၍ ပြုလုပ်ထားခြင်းဖြစ်တော့သည်။ ထိုသို့ပြုလုပ်ထားခြင်းအတွက် ဗုဒ္ဓဘာသာဝင်တို့အားတက်စရာ သာသနာအသက်ဆက်မည့်နိမိတ်လည်းဖြစ်တော့သည်။

ပြည်ပနိုင်ငံများအနေဖြင့် တိဘက်၊ ဂျပန်၊ တရုတ်၊ ကိုရီးယားစသော နိုင်ငံများတွင် မေတ္တေယျရှင်အား အထူးအလေးထား၍ ကိုးကွယ်ကြသည်။ တိဘက်နှင့် မွန်ဂိုလီးယားနိုင်ငံတို့တွင် ကျောက်တောင်နံရံကြီးများ၌ 'မေတ္တေယျရှင်ပွင့်တော်မူပါ' စာလုံးကြီးကြီးများထွင်း၍ တမ်းတမ်းတတရေးထားကြသည်။*၂ အထူးသဖြင့် တရုတ်နိုင်ငံတွင် ဗုဒ္ဓဘာသာ၌အထူးကိုင်းရှိုင်းယုံကြည်သောပုဂ္ဂိုလ်တစ်စုသည် မေတ္တေယျရှင်ပွင့်ထွန်းလာပါက ဖူးတွေ့ခွင့်ရရန် ရည်မှန်း၍ ကိုယ်ကျင့်သီလစင်ကြယ်အောင် စုပေါင်းကျင့်ကြံအားထုတ်သောအဖွဲ့ကလေးတစ်ဖွဲ့ကို ဖွဲ့စည်းထားခဲ့သည်။ ထိုအဖွဲ့မှာ မိုးတိမ်ဖြူအဖွဲ့ (White Cloud Society) ဖြစ်သည်။ တရုတ်ဘာသာဖြင့် Pai Yun hui-ဟုခေါ်သည်။ ထိုအဖွဲ့နှင့်အလားတူ ကြာဖြူအဖွဲ့များ (White Lotus Secret Societies) တရုတ်ဘာသာဖြင့် Pai Lien Chiao ကိုလည်းဖွဲ့စည်းခဲ့ကြသည်။*၃ ကြာဖြူအသင်းကို အေဒီ ၅–ရာစုကပင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။*၄

ထို့ပြင် ၁၉၅၅–ခုနှစ်၊ ဖန်နဝါရီလတွင် ထိုင်းနိုင်ငံ၌ နာမည်ကျော်နိုင်ငံရေးသမားကြီး ပြီဒီဖနိုမြောင်း (Pridi Phanomyong) ဦးဆောင်၍ လက်ဝဲနိုင်ငံရေးဂိုဏ်းတစ်ခုကိုတည်ထောင်ရာ ထိုအဖွဲ့၏ အမည်ကို သိရီအရိယမေတြေအဖွဲ့ (Sri Ariya Metrai Party)- ဟုအမည်ပေးခဲ့ကြောင်း သိရသည်။*၅

❁ ❁ ❁ ❁ ❁

---

*၁ အရှင်ဃောသိတ(ဦးဆောင်)၏ တစ်ဘဝသာသနာ။ ၁၉၇၆–ခုနှစ်။ (စာမျက်နှာ–၂၈၅)။ ယခုလည်း တောင်သမန်အင်းစောင်း မဟာဂန္ဓာရုံကျောင်း အပြင်၌ အုတ်အင်္ဂတေဖြင့်ပြုလုပ်ထားသော ပြာသာဒ်ဆောင်နှင့် သဘော်ငယ်တစ်စင်းကိုတွေ့မြင်ရသည်။

*၂ E. Conze' Buddhist Scriptures. 1959. Page-237.

*၃ Seeker's Glossary of Buddhism. 1998. Page-697.

*၄ A. Wright' Buddhism in Chinese History. 1971. Page-104.

*၅ E. Sankisyanz' Buddhist Backgrounds of The Burmese Revolution. 1965. Page-207. မေတ္တေယျရှင်၏ဘွဲ့နာမံကို အသုံးပြု၍ ကမ္ဘာ့ဒေသအသီးသီး၌ဖွဲ့စည်းထားသော ဗုဒ္ဓဘာသာအသင်းအဖွဲ့များကို Buddhanet's World Buddhist Directory. 2004 တွင်တွေ့ရသည်။ နောက်ဆက်တွဲ(၁)တွင်ရှုပါ။

http://www.dhammadownload.com

http://www.dhammadownload.com

အခန်း (၁၁)

မေတ္တေယျဘွဲ့တော်

ဤဘဒ္ဒကမ္မာဒ္ဒ ပဋ္ဌမမြောက်ပွင့်တော်မူမည့် ဘုရားရှင်၏ဘွဲ့အမည်ကို ပိဋကတ် ပါဠိတော်၊ ယင်းအဖွင့် အဋ္ဌကထာနှင့်ဋီကာ၊ မဟာဝံသ, ထူပဝံသ, အနာဂတဝံသ-အစရှိသောပါဠိဘာသာစာပေကျမ်းဂန်တို့တွင် 'မေတ္တေယျ'ဟူ၍ ရေးသားဖော်ပြထားသည်ကိုတွေ့ရပါသည်။*၁

ဤသို့ ပါဠိစာပေကျမ်းဂန်များတွင် 'မေတ္တေယျ'ဟု အစဉ်တစိုက်ရေးသားထားခဲ့သော ထိုဘွဲ့တော်ကို မြန်မာစာပေ၌ 'အရိ'ဟူသောရှေ့ဆက်စကားလုံးကိုထည့်၍ 'အရိမေတ္တေယျ'ဟူ၍ ရေးသားခေါ်ဝေါ်သုံးစွဲခဲ့ကြောင်းတွေ့ရသည်။ ဆရာတော် ရဝေထွန်းက '(အရိမေတ္တေယျ-ဟူသောဘွဲ့နာမတော်တွင်) မေတ္တေယျချည်းနေပါက အဓိပ္ပာယ်မပြည့်စုံပါ၊ အရိ-ထည့်ပေးမှ ဆိုလိုသောအဓိပ္ပာယ်ပြည့်စုံပါသည်။ ဘုရား၏နာမတော်အပြည့်အစုံလည်းဖြစ်ပါသည်။ အရိ-မထည့်ဘဲ(မေတ္တေယျ-ဟု) အတိုကောက်အခေါ်များပါသည်။ ထို့ကြောင့် 'အရိမေတ္တေယျ'ဟု အပြည့်အစုံခေါ်သင့်ပါသည်'ဟု ရေးသားခဲ့ဖူးသည်။*၂

အရိ-ဟူသည်

'အရိမေတ္တေယျ'ဟူသောအမည်တွင်ပါသည့် 'အရိ'သည် မြန်မာစကားမဟုတ်*၃ ဘဲ၊ ပါဠိစကားဖြစ်ကြောင်းတွေ့ရသည်။ ပါဠိဘာသာ၌ 'အရိ'ကို 'ရန်သူ'ဟု တိုက်ရိုက် အနက်အဓိပ္ပာယ်ဖွင့်သည်။*၄ ရန်သူနှင့်တူသော ရာဂ,ကိလေသာ စသည်ကိလည်း အရိ-ဟု ခေါ်ဝေါ်သုံးစွဲသည်။*၅ ရန်သူကိုဆုံးမသောလုံ့ကို အရိ + ဒမ

---

*၁ ဒီ၊၂။၅၊ ခု၊၄။ခ၈ခ။ အဘိ၊၌။ခ။ ခ၉ခ။ ဝိသုဒ္ဓိ၊ခ။ဖြ၅။ အံ၊ဋီ၊ခ။၄၈။ မဟာဝံသ။ခ၂၊၇၇။ ထူပဝံသ၊ ခဖြ။

*၂ ရဝေထွန်း၏ ဘာသာရေးပြဿနာများ(၁)။ ၂၀၀၄-ခုနှစ်။ (စာမျက်နှာ-၁၆၅)။

*၃ မြန်မာစကား၌ 'အရိ'ကို 'ကျိုးရွံသောအရာ၊ အကျိုးအရွံ'ဟုအနက်ဖွင့်သည်။ မြန်မာအဘိဓာန်အကျဉ်းချုပ်။ အတွဲ-၅။ ၁၉၈၀-ပြည့်နှစ်။ (စာမျက်နှာ-၁၁၅)။ မြန်မာအဘိဓာန်။ ၁၉၉၁-ခုနှစ်။ (စာ-၄၁၈)။ slimy secretion = (phlegm, saliva, etc.) morbid discharge, gleet, slime- J.A. Stewart and of C.W.Dunn' A Burmese-English Dictionary. Part V. 1969. Page-312.

*၄ အဓိတ္တော ရိပု ဝေရီစ၊ သပတ္တော ရာတိ သတ္တု'ရိ (သတ္တု+အရိ)- အဘိဓာနပ္ပဒီပိကာ။ ဂါထာ-၃၄၄။ ၁၉၅၅-ခုနှစ်။ (စာမျက်နှာ-၂၉)။ တိပိဋကပါဠိမြန်မာအဘိဓာန်၊ အတွဲ-၃။ ၁၉၇၁-ခုနှစ်။ (စာမျက်နှာ-၅၂၁)။ an enemy- DPTS. 1959. Page-77.

*၅ ရာဂေါ အရိ- ပဋိသံ။ ၃၇၇။ အရိဂုန္တိ, ကိလေသာရိနံ- သာရတ္ထ၊ ၁။ ၂၁ဖြ။

http://www.dhammadownload.com

(အရိန္ဒမ)*၁၊ ရန်သူကိုနှိမ်နင်းအောင်နိုင်ရာမြို့ကို အရိ + မဒ္ဒန + ပုရ (ပုဂံမြို့) *၂ စသည်ဖြင့် 'အရိ'ကို အခြားဝေါဟာရတို့နှင့်လည်း တွဲဖက်၍သုံးစွဲပါသည်။ သို့ပါသော် 'ရန်သူ'ဟုအနက်ရသော ပါဠိစကားလုံး'အရိ'နှင့် 'မေတ္တေယျ'ဟူသောဘွဲ့မည်တော်ကို တွဲဖက်သုံးစွဲခြင်းကား သင့်မည်မဟုတ်ပေ။ အကယ်၍တွဲဖက်သုံးစွဲလျှင်လည်း 'ရန်သူကိုမေတ္တာထားသော'ဟူသည့်အနက်တစ်မျိုး ရလာပေလိမ့်မည်။*၃

အချို့သောအဘိဓာန်ကျမ်းတို့၌ 'အရိမေတ္တေယျ'၌ပါရှိသော 'အရိ' သည် ပါဠိဝေါဟာရ'အရိယ' ၏အဆုံးဗျည်း'ယ'ကိုချေထားသောစကားလုံးဖြစ်သည်ဟု ဖော်ပြကြသည်။*၄ 'အရိယ'ဟူသောပါဠိဝေါဟာရ၏အနက်အဓိပ္ပာယ်မှာ 'မြတ်သော'ဟုဖြစ်သည်။*၅ သို့ပါ၍ 'အရိ(ယ) + မေတ္တေယျ = အရိမေတ္တေယျ'သည် 'မြတ်သော + မေတ္တေယျ'ဟု အနက်ရပေလိမ့်မည်။*၆

ပုဂံခေတ်ထိုး ရာဇကုမာရ်ကျောက်စာမွန်ဘာသာချပ်တွင် မေတ္တေယျရှင်၏ဘွဲ့တော်ကို 'ကျေက်တြေယ် မေတ္တေယ်'ဟုရေးထိုးထားရာတွင် 'ကျေက်တြေယ်'သည် 'ဘုရားရှင်'၊ 'မေတ္တေယ်' သည် 'မေတ္တေယျ'ဘွဲ့မည်တော်ဖြစ်ကြောင်း ပညာရှင်တို့ဘာသာပြန်တင်ပြထားကြသည်။ ထိုတွင် 'တြေယ်'ကို 'မြတ်သော'–ဟုလည်း အဓိပ္ပာယ်ဖွင့်ပြကြသည်။*၇ ရှေးမွန်စကားတွင် 'တြေယ်'ကို သူ့တစ်လုံးတည်း 'မြတ်ဓဇာဒ'အနက်ဖြင့်လည်း သုံးသည်။ ပမာအားဖြင့် ရွှေစည်းခုံမွန်ကျောက်စာ(ဃ/၁၅,၁၉,၂၂)စသည်၌ 'ရတ္နတြေယ်' (=ရတနာ + မြတ်သော (တစ်နည်း) မြတ်သောရတနာ)–ဟုတွေ့ရ၏။*၈

ဤနေရာ၌ ရာဇကုမာရ်မွန်ဘာသာကျောက်စာချပ်ပါ 'တြေယ်'ဟူသောဝေါဟာရကိုအခြေခံ၍ တွေးဆဖွယ်တစ်ရပ်ဖြစ်လာပါသည်။ အကယ်၍ 'တြေယ်'သည် 'မြတ်သော'အနက်ရှိပါက၊ 'ကျေက်တြေယ်'ကို 'ဘုရား +

---

*၁ အရိန္ဒမာတိ အရိနံ ဒမနသီလ– ပေတာ၊ ဠ။ ၂၃၅။ ဗိန္ဓိသာရမင်းဝင်စားသူ အရိန္ဒမမင်းဟုရှိသည်။ BHSD. 1953. Page-65.

*၂ အရိမဒ္ဒတိ ထ္ထောတိ အရိမဒ္ဒစာ– ဦးဘော၏ကဗျာဇ္ဈာနဒီကာကျမ်း။ ၁၉၂၈–ခုနှစ်။ (စာမျက်နှာ–၂၃၁)။ 'ပြည်ကြီးဘေးလွတ်၊ အရိမဒ်အား။ မချုတ်လိုချင်' ဟူသော ဆုတောင်းခန်းဖြို့(အပိုဒ်–၆၀)လာ 'အရိမဒ်' ကား 'နိဗ္ဗာန်'ကိုရည်ညွှန်းသည်။ ဆုတောင်းခန်းဖြို့။ ၁၉၂၉–ခုနှစ်။ (စာမျက်နှာ–၅၂)။ အရိမရ်ဒန–အမည်ရသော ရှေးဘုရားနှစ်ဆူလည်းရှိသည်။ BHSD. 1953. Page-65.

*၃ 'မိတ်နှင့်ရန်သူ အတူမပြား စီးပွားအောင်မိတ် ဖြစ်သည်မိတ်ကြောင့် အရိမေတ္တေယျအမည်တော်ရှိသော'– သိရီစတုရင်္ဂလဦးဘော၏ ရွှေကြိုးဘုရားကျောက်စာဂါထာ(၁၀၀)ဂီသျှ။ (စာမျက်နှာ–၄၀)။ 'ရန်သူပင်ဖြစ်လင့်ကစား မိတ်ဆွေကဲ့သို့သဘောထားသူ'– ရဝေထွန်း၏ ဘာသာရေးပြဿနာများ(၁)။ ၂၀၀၄–ခုနှစ်။ (စာမျက်နှာ–၁၆၅)။

*၄ J.A. Stewart and of C.W. Dunn' A Burmese-English Dictionary. Part-V. 1969. Page-314. မြန်မာအဘိဓာန်။ ၁၉၃၁–ခုနှစ်။ (စာမျက်နှာ–၄၁၈)။

*၅ ဝိသိဋ္ဌာ' ရိယ နာဂေ' ကော– အဘိဓာနပ္ပဒီပိကာ။ ဂါထာ–၆၉၆။ ၁၉၅၇–ခုနှစ်။ (စာမျက်နှာ–၅၈)။ အရိယအနက်(၁၁)မျိုး။ (၁) ဘုရား၊ (၂) အရိယာပုဂ္ဂိုလ်ရှစ်ယောက်၊ (၃) အရှင်သခင်၊ (၄) ဆရာ–အလေးပြုအပ်သူ၊ (၅) မိတ်ကောင်းသူ၊ (၆) အမျိုးကောင်းသား၊ (၇) ပူဇော်အပ်သူ၊ (၈) မြတ်သူ၊ (၉) မြင့်မြတ်သောအကျင့်ရှိသူ၊ (၁၀) ပြိုသက်သောဓိတ်ရှိသူ၊ (၁၁) သူတော်ကောင်းတို့ဖြစ်သည်–ဧည့်ရှင်ဆရာတော်ကြီး၏ဝိသုဒ္ဓါရုံ ဝိဇ္ဇကအဘိဓာန်။ အဝိုင်း–၁။ ၁၉၅၃–ခုနှစ်။ (စာမျက်နှာ–၁၁၄)။ noble, distinguished, of High birth- DPTS. 1959. Page-77; BHSD. 1953. Page-65.

*၆ P. ariya 'noble' + metteyya 'name of the coming Buddha'- Win Than Tun' Pali and Sanskrit Loans in Myanmar Language (Pagan Period). 1993. Page-6.

*၇ 'တြေယ် (trey)= exalted- C.O.Blagden' Epigraphia Birmanica. Vol.I. Part.I. 1972. Page-58. 'တြ= excellent, best- Hailiday' A Mon-English Dicuonary. 1955. Page-208. Excellent, best. Holy- Ba Shin' Lokahteikpan. 1962. Page-175. တြေယ်(ခေတ်မွန်–တြဲ) = မြတ်စွာ– ဒေါ်သန်းဆွေ၏ရာဇကုမာရ်မွန်ကျောက်စာ။ ၁၉၇၁–ခုနှစ်။ (စာမျက်နှာ–၂၄)။ နိုင်ပန်းလှ၏ မြစေတီမွန်ကျောက်စာ(မွန်–မြန်မာ)။ ၁၉၉၇–ခုနှစ်။ (စာမျက်နှာ–၄၂)။

*၈, ဆရာကြီးဦးဗေဓောင်တင်၏ ရွှေစည်းခုံမွန်ကျောက်စာ။ ၁၉၅၆–ခုနှစ်။ (စာမျက်နှာ–၁၁)။ နိုင်ပန်းလှ၏ ရွှေစည်းခုံမွန်ကျောက်စာ။ ၂၀၀၀–ပြည့်နှစ်။ (စာမျက်နှာ–၅၉)။

http://www.dhammadownload.com

မြတ်သော' (တစ်နည်း) 'မြတ်သောဘုရား'ဟုအနက်ယူခဲ့ပါလျှင် 'အရိ(ယ)မေတ္တေယျ'သည် 'မြတ်သော + မေတ္တေယျဘုရား'ဟုအနက်ထွက်ပေလိမ့်မည်။ ပါဠိစာပေ၌ 'အရိယ'ဟူသောဝေါဟာရသည် ဘုရားအစရှိသော သူတော်စင်ဟု အနက် ဒြိုးဖြစ်သဖြင့်*၁ 'အရိယဗုဒ္ဓ'ဟုဖြစ်စေ၊ ဘုရားရှင်တို့၏ဘွဲ့အမည်တော်တို့နှင့်တွဲ၍ 'အရိယဒီပင်္ကရ'၊ 'အရိယကေါတမ'စသည်ဖြင့်ဖြစ်စေ တွဲ၍အသုံးပြုသည်ကိုမတွေ့ရပေ။ တွေ့ရသည်မှာ 'အရိယာဖြစ်သော ဘုရားရှင်ဟောသောတရား'ကို 'အရိယဓမ္မ'*၂၊ 'အရိယာဖြစ်သော မြတ်စွာဘုရားရှင်၏တပည့် (သာဝက)'ကို 'အရိယသာဝက'*၃ စသည်ဖြင့်သုံးနှုန်းထားသည်ကိုသာတွေ့ရ၏။ ရံခါ၌ ဘုရားရှင်ကိုပင် 'အရိယသီလီ*၄ = (ကိလေသာဝေးကွာသောကြောင့်မြင့်မြတ်ဖြူစင်သော) စတုပါရိသုဒ္ဓိသီလရှိတော်မူသော မြတ်စွာဘုရား'–ဟုလည်းသုံးနှုန်းပြန်ပါသည်။(ဒီ၊ဋ္ဌ၁။၂၅၅။ မ၊ဋ္ဌ၃။၂၈၈)။ သို့ပါ၍ 'အရိမေတ္တေယျ'ဟူသောဘွဲ့တော်တွင် 'အရိ'သည် 'အရိယ=မြတ်သော'အဓိပ္ပာယ်ကို ရနိုင်သော်ငြားလည်း 'အရိယ + မေတ္တေယျ' (မြတ်သောမေတ္တေယျဘုရား)ဟု သုံးစွဲပုံမှာကား ပုံစံကျနသည်ဟုမဆိုနိုင်ပေ။ ရံခါ၌ ပုဂံခေတ်ထိုးမြန်မာကျောက်စာအချို့၌ 'အရိ' နေရာတွင် 'မဟာ'ကိုထည့်၍ 'မဟာမိတ္တျာ'*၅ စသည်ဖြင့်လည်း ရေးထိုးထားကြသည်။

ရာဇကုမာရ်ကျောက်စာ ပျူဘာသာချပ်ပါ မေတ္တေယျရှင်၏ဘွဲ့တော်ဖြစ်သော 'ဗံးပူဓအရိမေဒ္ဒေယ'ကို လေ့လာပါက၊ ပျူဝေါဟာရ 'ဗံး'*၆ သည် 'မြတ်သော'၊ 'ပူဓ=ဗုဒ္ဓ'သည် 'ဘုရားရှင်'၊ 'အရိမေဒ္ဒေယ'သည် 'အရိမေတ္တေယျ'ဘွဲ့မည်တော်–ဖြစ်ကြောင်းတွေ့ရသည်။ ထိုပျူကျောက်စာချပ်တွင် မေတ္တေယျရှင်ဘွဲ့တော်၏ ရှေ့တွင် 'ဗံး + ပူဓ + အရိ' ဟူ၍၊ 'ဗံး'ဟု 'မြတ်သော'အနက်ပါပြီးဖြစ်ပါလျက်၊ တစ်ဖန်ထပ်၍ 'မြတ်သော' အနက်ရသော 'အရိ'ကိုထပ်၍သုံးစွဲထားသည်ကိုတွေ့ရသည်။ ဤနေရာ၌ ဗံး (=မြတ်သော) ဝိသေသနပုဒ် ပါပြီးဖြစ်၍၊ ထပ်ပြီးတစ်ဖန် 'မြတ်သော'အနက်ထွက်သော 'အရိ'ပုဒ်ကိုသုံးစွဲဖွယ်မရှိသော်လည်း ထိုကျောက်စာ၌ ရှေ့နောက်ညပ်၍ သုံးစွဲထားသည်ကိုတွေ့ရသည်။*၇

သို့ပါ၍ အရိမေတ္တေယျဘွဲ့တော်၌ပါသော 'အရိ'သည် 'မြတ်သော'အနက်သာမက ထူးခြားသောအနက် တစ်မျိုးရှိပေလိမ့်ဦးမည်ဟု တွေးဆမိပါသည်။ မြောက်ဦးဗုဒ္ဓဘာသာဝင်တို့၏ မဟာဝဿုအစရှိသောကျမ်းဂန်တို့တွင် မေတ္တေယျရှင်၏ဘွဲ့နာမံကို 'မဲတြေယ (Maitreya)'၊ 'မဲတြိယ (Maitriya)' မဲတြီယ (Maitrīya)'ဟု ဖော်ပြကြပါသည်။*၈ သို့သော် ဂိလ်ဂိတ်(Gilgit)မှရသော မေတ္တေယျဗုဒ္ဓဝင်ကျမ်းစာပေမူတွင် 'အာရ်ယမေတြေယ (Ārya

---

*၁ အရိယဟုဝေါဟာရဟိ ဗုဒ္ဓါဒီဟိ အရိယေဟိ– မွေ၊ဋ္ဌ၁။၃၇၉။ ဗုဒ္ဓါဒီဟိ အရိယေဟိ– ထေရီ၊ဋ္ဌ။၂၁၂။ အရိယာဝုစ္စန္တိ, ဗုဒ္ဓါစ ပစ္စေက ဗုဒ္ဓါစ တထာဂတသာဝကာ စ– ဟိုသံး၊ဋ္ဌ၁။၂၇၁။

*၂ အရိယမေန္တိ, အရိယေန ဘဂဝတာ ဗုဒ္ဓေန ဒေသိတံ မဂ္ဂံ– ဒီ၊ဋ္ဌ၊၂။၂၃၆။ အရိယသစ္စာနိတိ ယသ္မာ အရိယေန တထာဂတေန ဟိုဝိဒ္ဓတ္တာ ဒေသိတတ္တာ စ– သံ၊ဋ္ဌ၂။၃၃၀။

*၃ အရိယသာဝကော– ဣတိဝုတ်။ ၂၄၆။ တိ အရိယဿ ဗုဒ္ဓဿ ဘဂဝတော၊ သာဝကော– ဣတိဝုတ်၊ ဋ္ဌ။ ၂၄၀။

*၄ သာမဏော ဘော ဂေါတမော သီလဝါအရိယသီလီ– ဒီ၊ဂ။၁၀၀။ မ၊၂။၃၇၉။ ဒီ၊ဋ္ဌ။၁။၂၅၅။ မ၊ဋ္ဌ၃။၂၈၈။

*၅ ရှေးဟောင်းမြန်မာကျောက်စာများ။ ပထမတွဲ။ ၁၉၇၂–စုနှစ်။ (စာမျက်နှာ–၅၂၊ ၁၁၇)။

*၆ ဗံး=honorific particle or title- C.O.Blagden' Epigraphia Birmanica. Vol.I. Part I. 1972. Page-68. ဗံး=မြတ်သော, မြတ်နိုးဖွယ်, ကြည်ညိုဖွယ်– ဦးသာမြတ်၏ မြစေတီပျူကျောက်စာ။ ၁၉၅၈–စုနှစ်။ (စာမျက်နှာ–၄၂)။ ပုဂံမြို့၊ ရွှေဆံတော်ဌာပနာတိုက်မှ ရသော ဆင်းတုတော်တစ်ဆူတွင်လည်း ပျူအက္ခရာဖြင့် 'ဗံးမေတြိယဗံး'–ဟု ရေးထိုးထားသည်။ ASI. 1926. Page-164. Pl.XXXIX.

*၇ Dr. Robert shafer က 'ဗံးပူဓအရိမေဒေယ့ ဒုံဗံး'ကို 'honorif Buddha Ari Metteyya exalted ဟုပြန်ဆိုခဲ့သည်။ Robert shafer' Further Analysis of The Pyu Inscriptions. HJAS. Vol.VII. 1942/43. Page-360.

*၈ F. Edgerton' Buddhist Hybrid Sanskrit Dictionary. Vol.II. 1953. Page-440.

http://www.dhammadownload.com

Maitreya)'ဟု 'အာရိယ'ပုဒ်ကိုထည့်၍ဖော်ပြထားသည်။[*၁] 'အာရိယ'ဟူသောဝေါဟာရသည် သက္ကတဝေါဟာရဖြစ်ပြီး အဓိပ္ပာယ်မှာ 'မြင့်မြတ်သူ၊ မြင့်မြတ်သော'ဟုဖြစ်သည်။[*၂] သက္ကတဘာသာရေးဗုဒ္ဓကျမ်းစာများတွင် တစ်စုံတစ်ရာသောကျမ်းအမည်၏ရှေ့၌လည်းကောင်း၊ တစ်စုံတစ်ရာသောပုဂ္ဂိုလ်၏အမည်ရှေ့၌လည်းကောင်း ရှိသေလေးမြတ်သောအားဖြင့် 'အာရိယ'ဟူသောသက္ကတဝေါဟာရကိုထည့်သွင်းလေ့ရှိပါသည်။[*၃] ပမာအားဖြင့်-

၁။ ကျမ်းအမည်- (က) အာရိယ ဇမ္ဗာလ ဇလေန္ဒြ ယထာလဗ္ဘ ကလွ သူတြ[*၄]
(ခ) အာရိယ နာဂါရိဇုန ဗောဓိသတ္တ သုးရိလ္လေက[*၅]

၂။ ပုဂ္ဂိုလ်အမည်- (က) အာရိယသူရ[*၆]
(ခ) အာရိယဒေဝ[*၇]- စသည်ဖြင့်ဖြစ်သည်။

သက္ကတစာပေလာ 'အာရိယမေတြေယ'ကို ပါဠိဘာသာတွင် 'အရိယမေတ္တေယျ'ဟုတွေ့ရသည်။ သက္ကတ 'အာရိယ'သည် ပါဠိ 'အရိယ'ဖြစ်ပြီး အဆုံးဗျည်း 'ယ'ကိုချေ၍ 'အရိမေတ္တေယျ'ဟု သုံးနှုန်းခဲ့ကြကြောင်း ပညာရှင်တို့ယူဆကြသည်။

သက္ကတ	ပါဠိ	မှု/မြန်မာ
အာရိယ(မဲတြေယ)	အရိယ(မေတ္တေယျ)	အရိ(မေတ္တေ့ယ)၊ အရိ(မေတ္တေယျ)

သက္ကတဝေါဟာရ 'အာရိယ'မှ ပါဠိဝေါဟာရ'အရိယ'သို့ပြောင်းခြင်းသည် ဝဏ္ဏကြားဝင်ခြင်းဟူသော ဘာသာဗေဒစည်းမျဉ်း(Epenthesis)အရ ပြောင်းခြင်းသာဖြစ်သည်။ ရွတ်ဆို၍မကောင်းသောဗျည်းတွဲများကို ရှောင်ရှားရန်အတွက် ဗျည်းနှစ်လုံးကြားတွင် ဗျည်း,သရ စသောအက္ခရာတစ်ခုခုကိုထည့်ပေးရသည်။ ထိုသို့ထည့်ရာ၌ 'ရ' နှင့် 'ယ'ဗျည်းအကြားတွင် 'က္ကာ'သရကိုထည့်ပေးရသည်။ ပမာအားဖြင့်-

	သက္ကတ	>	ပါဠိ (ရ နှင့် ယ်ဗျည်းအကြားတွင် က္ကာ-သရကိုထည့်ပေးခြင်း)
၁။	အာစ္စရိယ(Āścarya)	>	အစ္ဆရိယ။
၂။	အာစာရိယ(Ācārya)	>	အာစရိယ။
၃။	ဘာရိယ(Bhārya)	>	ဘရိယာ။
၄။	ဝီရိယ(Vīrya)	>	ဝီရိယ(ဝီရိယ)။
၅။	အာရိယ(Āryaः)	>	အရိယ။

---

*၁ P.C. Majunder(ed)' Ārya Maitreya Vyākaraṇa. In Gilgit Manuscripts. Vol.IV. 1959. Page-187.

*၂ အရဂေါရအာဘိဓာန်၊ ဝဂ်-ဂ၊ ဂါထာ-၁၄။ အာဃာရာမဆရာတော်၏ အမရကောရဘာဝါဠီကာ။ ၁၉၃၈-ခုနှစ်။ (စာမျက်နှာ-၇၁)။ a respectable or honourable or faithful man- Sir M.M.Williams' Sanskrit-English Dictionary. 1956. Page-152; Arya-holy or the Reverend. The title Ārya is islo on epithet of every Patriach- Eitel' Handbook of Chinese Buddhism. 1970. Page-17.

*၃ ဒေါ်တင်တင်မြင့်နှင့် ဦးကျော်လှိုင်တို့၏ မေတ္တေယျဗုဒ္ဓဝင်နှင့်ကိုးကွယ်မှုသမိုင်း။ (လက်နှိပ်စက်မူ)။ (စာမျက်နှာ-၁)။ အာရိယ= a Sage, Sacred, holy, Saintly- CBT. Page-410.

*၄ Ārya Djambhala Djalendra Yathālabda Kalpa Sūtra. အရှင်မွေဒေဝ (အေဒီ ၉၆၀-၁၁၂၇)ဘာသာပြန်ဆိုခဲ့သောကျမ်း၏အမည်။

*၅ Ārya Nāgārdjuna Bodhisattva Sulırilleka. အရှင်ဂုဏာဝရိမန် (အေဒီ-၄၃၁)ဘာသာပြန်ခဲ့သော ကျမ်းသုံးစောင်၏အမည်။

*၆ ဧကတကမာလာ အစရှိသောကျမ်းများစွာကိုပြုစုခဲ့သော ကျမ်းပြုပုဂ္ဂိုလ်၏အမည်။

*၇ ဇွာနသာရသမုစ္စယ အစရှိသောကျမ်းများစွာကိုပြုစုခဲ့သော ကျမ်းပြုပုဂ္ဂိုလ်၏အမည်။

http://www.dhammadownload.com

ဤနေရာ၌ သက္ကတစာလုံးတို့၏ရှေ့သရတို့သည် သရရှည်များဖြစ်သော်လည်း ပါဠိ၌ သရတိုဖြစ်လာခြင်းမှာ သရတစ်လုံးကြားဝင်လာသောကြောင့်ဖြစ်သည်။ (အာ>အ၊ ဘာ>ဘ၊ ဝီ>ဝိ)။

မေတ္တေယျ–ဟူသည်

မေတ္တေယျ–ဟူသောပါဠိဝေါဟာရ၏အဓိပ္ပာယ်ကို ပါဠိ–မြန်မာအဘိဓာန်ကျမ်းများ၌ အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားကြသည်။

၁။ မေတ္တေယျ = မေတ္တေယျဘုရားလောင်း။
မြတောင်ဆရာတော်ဦးပဏ္ဍာဝံသ၏ပညတ်နက်ကျမ်း။ ၁၈၉၅–ခုနှစ်။ (စာမျက်နှာ–၃၀၉)။

၂။ မေတ္တေယျ = မိတ်ဆွေနှင့်စပ်သော၊ မေတ္တေယျဘုရား။
လယ်တီပဏ္ဍိတဦးမောင်ကြီး၏ပါဠိအဘိဓာန်ချုပ်။ ၁၉၆၅–ခုနှစ်။ (စာမျက်နှာ–၃၀၄)။

၃။ မေတ္တေယျ(မဲတြေယျ) = မိတ်ဆွေသို့သော၊ မေတ္တေယျဘုရား။
ဦးဟုတ်စိန်၏ ပါဠိ–မြန်မာအဘိဓာန်၊ တတိယပိုင်း။ ၁၉၅၆–ခုနှစ်။ (စာမျက်နှာ–၈၈၅)။

၄။ မေတ္တေယျ(ပု) = (က) မေတ္တေယျဘုရား၊ (ခ) မေတ္တေယျလုလင်။*၁
တိပိဋကပါဠိ–မြန်မာအဘိဓာန်၊ အတွဲ–၁၆။ ၁၉၈၉–ခုနှစ်။ (စာမျက်နှာ–၈၁၅)။

တိဘက်ဘာသာ၌ မေတ္တေယျရှင်တော်ကို 'ကမ်ပ(Cam-Pa)*၂ ဟုခေါ်ဝေါ်ပြီး၊ အဓိပ္ပာယ်မှာ 'မေတ္တာရှင်' ဖြစ်သည်။ မြောက်ပိုင်းဗုဒ္ဓဘာသာစာပေဆိုင်ရာပညာရှင်များက မေတ္တေယျဟူသောဘွဲ့တော်ကို 'စာနာတတ်သော၊ မေတ္တာကရုဏာရှိသော၊ သနားကြင်နာတတ်သော' စသည်ဖြင့်အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။*၃ တရုတ်ဗုဒ္ဓဘာသာအဘိဓာန်တွင် 'မေတ္တေယျ'ဟူသည် 'စာနာသူ၊ ကောင်းကျိုးပေးသူ၊ စေတနာကောင်းသူ' စသည်ဖြင့်ဖော်ပြထားသည်။*၄ သို့ပါ၍ မေတ္တေယျရှင်၏ဘွဲ့နာမံတော်ကို မြောက်ပိုင်းဗုဒ္ဓဘာသာစာပေအာဘော်အရ 'မေတ္တာရှင်၊ ကရုဏာရှင်၊ စာနာတတ်သူ၊ ကောင်းကျိုးပေးသူ' စသည့်အဓိပ္ပာယ်များကောက်ယူနိုင်ပါသည်။

ဂေါတမဗုဒ္ဓဝင်ကိုလေ့လာသောအခါ ဂေါတမဘုရားရှင်၏အမည်ရင်းမှာ 'သိဒ္ဓတ္ထ'ဖြစ်ပြီး၊ 'ဂေါတမ'သည် အနွယ်အမည်(ဂေါတ္တနာမ)*၅ဖြစ်သည်။ ထိုနည်းတူစွာ မေတ္တေယျရှင်၏အမည်ရင်းမှာ 'အဇိတ'ဖြစ်ပြီး၊ (အဇိတောနာမ နာမေန။ အနာဂတဝံသ၊ ဂါထာ–၄၃) 'မေတ္တေယျ' သည် အနွယ်အမည်(ဂေါတ္တနာမ)ဖြစ်ဟန်တူသည်။*၆ သုတ္တန်ပါဠိတပါဠိတော်လာ တိဿမေတ္တေယျလုလင်၏အမည်နှင့်စပ်၍ အဋ္ဌကထာဆရာက 'မေတ္တေယျဟူသည် အနွယ်၏အမည်ဖြစ်ကြောင်း' ဖော်ပြထားလေသည်။*၇ အနာဂတဝင်အဋ္ဌကထာ၌ လူ့ဘုံ၌ရှိစဉ်က အဇိတ

---

*၁ သုတ္တန်ပါဠိတပါဠိတော်၌လာသော တိဿမေတ္တေယျလုလင်ကိုဆိုလိုသည်။ သုတ္တနိ။ ၄၄၉။ DPPN-II. 662[2].

*၂ Byamps-pa –ဟုလည်းရေးသည်။ A. Getty' The Gods of Northern Buddhism. 1914. Page-20.

*၃ Eitel' Handbook of Chinese Buddhism. 1970. Page-92.

*၄ Friendly, benevolent- Soothill' A Dictionary of Chinese Buddhist Terms. Page-456.

*၅ DPPN-I. 7875; E. J. Thomas' The Life of Buddha. 1949. Page-22 ဂေါတမ (သက္ကတ–ဂေါတြ)'သည် အနွယ်၏အမည် (ဂေါတ္တနာမ)ဖြစ်၍ မြန်မာစာပေ၌ 'ဂေါတမနွယ်ဖွား'ဟု ရေးသားသုံးနှုန်းသည်ကိုတွေ့ရသည်။

*၆ မေတ္တေယျောတိ တဿ ဗြာဟ္မဏဿ ဂေါတ္တံ သဒ္ဓိသမညာ ပညတ္တိ ဧဝါဟာရောတိ– စူဠနိ။၄၁။ DPPN-II. 661. Dr. Malalasekera(ed.)' Encyclopaedia of Buddhism. Vol. VI. Fascicle 4. 2002. Page-674.

*၇ မေတ္တေယျော တိ ဂေါတ္တံ၊ ဂေါတ္တဝေသေန ဧဝံ သပါကဒေါ အဟောသိ– သုတ္တနိ။ဋ္ဌ၊၂။၂၅၀။

http://www.dhammadownload.com


ဟူသော အမည်တွင်ခဲ့ပြီး ဘုရားအဖြစ်သို့ရောက်သောအခါ၌ မေတ္တေယျဟူသောအမည်တွင်ရကြောင်းဖော်ပြထားသည်။[*၁] ထိုအဋ္ဌကထာ၌ 'မေတ္တေယျ'ကို ဂေါတ္တနာမ(အနွယ်အမည်)ဟူ၍ကား မပြခဲ့ပေ။ 'အရိမေတ္တေယျ' ဟူသောဘွဲ့တော်တွင် 'မေတ္တေယျ'သည် အနွယ်အမည်(ဂေါတ္တနာမ)ဖြစ်ပါက ထိုမေတ္တေယျ၏အနက်ကို သီးခြားကြံဆရန်မလိုတော့ဘဲ 'မြတ်သောမေတ္တေယျအနွယ်ဝင်ဘုရားရှင်' ဟူ၍ အဓိပ္ပာယ်တစ်ရပ်ဖွင့်ဆိုနိုင်လေသည်။

အရိမေတ္တေယျဘွဲ့အမည်နှင့် မြန်မာစာပေ

ပုဂံခေတ် ကျန်စစ်မင်းကြီးလက်ထက်(အေဒီ ၁၀၈၄–၁၁၁၂)တွင် ရေးထိုးသော ရာဇကုမာရိလေးဘာသာကျောက်စာ*[J]သည် တွေ့ရသမျှသောမြန်မာစာပေအထောက်အထားတို့တွင် အစောဆုံးမှတ်တမ်းကျောက်စာတစ်ချပ်ဖြစ်သကဲ့သို့၊ မေတ္တေယျရှင်၏ဘွဲ့တော်ကို မြန်မာစာပေ၌အစောဆုံးမှတ်တမ်းတင်ခဲ့သော အထောက်အထားလည်းဖြစ်သည်။ ထိုကျောက်စာ၌ မေတ္တေယျရှင်၏ဘွဲ့တော်ကို မြန်မာဘာသာ၊ မွန်ဘာသာ၊ ပျူဘာသာ၊ ပါဠိဘာသာ–လေးဘာသာတို့ဖြင့်ရေးသားထားပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

	မြန်မာမူ*[၃]	မွန်မူ*[၄]	ပျူမူ*[၅]	ပါဠိမူ*[၆]
က–မူ*[၇]	အရိမိတ္တိယာ	မေတ္တေယ်	(ဗံးဗူဝ) အရိမေဒေယ့	မေတ္တေယျ
ခ–မူ*[၈]	အရိမိတ္တိယာ (ပုရှာသွင်)	(ကျောက်ကြေြယ်) မေတ္တေယ်	(ဗံးဗူဝ) အရိမေဒေယ့	မိတ္တိယျ

ရာဇကုမာရိလေးဘာသာကျောက်စာပါ မေတ္တေယျ၏ဘွဲ့မည်တော်ရေးသားသုံးနှုန်းထားပုံတို့ကို နှိုင်းယှဉ်ကြည့်ပါက မွန်နှင့်ပါဠိသည်တစ်အုပ်စု၊ ပျူနှင့်မြန်မာသည်တစ်အုပ်စုဟူ၍ နှစ်အုပ်စုဖြစ်ကြောင်း တွေ့ရသည်။



---

*၁ ဂိဟိကာလေ ဗောဓိသတ္တဘူတော အဓိတော နာမ ဟုတ္ဝာ သမ္ဗညုတကာလေ မေတ္တေယျော နာမ ဘဝိဿတီတိ အတ္ထော– အနာဂတဝံသ အဋ္ဌကထာ။

*J Epigraphia Birmanica. Vol.I, Part I. 1972. Reprint. Page-1, 47, 53, 59. Plate-24, 48, 55, 62.

*၃ ရွေးဟောင်းမြန်မာကျောက်စာများ၊ ပထမတွဲ။ ၁၉၇၂–စုနှစ်။ (စာမျက်နှာ–၂၅၅)။

*၄ ဦးထွန်းရွှေ၏ မွန်ကျောက်စာအဘိဓာန်။၁၉၆၈–စုနှစ်။ (စာမျက်နှာ–၃၉)။ ဒေါ်သန်းဆွေ၏ ရာဇကုမာရိမွန်ကျောက်စာလေ့လာချက်။ ၁၉၇၁–စုနှစ်။ (စာမျက်နှာ–၆)။

*၅ ဦးသာမြတ်၏မြစေတီပျူကျောက်စာ။ ၁၉၅၈–စုနှစ်။ (စာမျက်နှာ–၄၈၊၅၁)။

*၆ ဦးတင်လွင်၏ရာဇကုမာရိပါဠိကျောက်စာဘာသာလေ့လာချက်။ ၁၉၈၉–စုနှစ်။ (စာမျက်နှာ–၃၀၊၃၁)။ ပါဠိမူအမှန်မှာ 'မေတ္တေယျ'ဖြစ်သည်။ (ထို။စာမျက်နှာ–၃၈)။ တိပိဋကပါဠို–မြန်မာအဘိဓာန်၊ အတွဲ–၁၆။ ၁၉၈၉–စုနှစ်။ (စာမျက်နှာ–၈၁၅)။


*၇ ရာဇကုမာရိကျောက်စာ(က–မူ)ကို ၁၈၈၆–ခု စုနှစ်တွင် တွေ့ရှိသည်။

*၈ ရာဇကုမာရိကျောက်စာ(ခ–မူ)ကို ၁၉၀၄–စုနှစ်တွင် တွေ့ရှိသည်။

http://www.dhammadownload.com

'မေတ္တေယျ/အရိမေတ္တေယျ' ဟူသော ဝေါဟာရကို ပုဂံခေတ်ထိုး ရာဇကုမာရ်ကျောက်စာ လေးဘာသာတို့တွင် ဖော်ပြထားပုံ


သာမြတ်၊ ၁၉၆၀၊ပုံ-၆၊ ၂၁၊ ၂၅၊ ၃၅၊ ၃၈။




ပါဠိဘာသာ (က-မူ)




ပျူဘာသာ (က-မူ)




မွန်ဘာသာ (က-မူ)



မြန်မာဘာသာ (က-မူ)



မြန်မာဘာသာ (ခ-မူ)



ရွှေဟောင်းသုတေသနပြတိုက်ရှိ
ရာဇကုမာရ် ကျောက်စာတိုင်
ပုဂံဘုရားပုထိုးများ၊ ၁၊ ၁၉၉၄၊ စာ-၁၃၃။

http://www.dhammadownload.com

ထိုသို့ မဏ္ဍယျဘွဲ့မည်တော်ရေးသားပုံနှင့်စပ်လျဉ်း၍ ပါဠိနှင့်မွန်(က–အုပ်စု)၊ ပျူနှင့်မြန်မာ(ခ–အုပ်စု) ဟု နှစ်အုပ်စုကွဲပြားကြရာတွင် မြန်မာသည် မွန်မူ(တစ်နည်း) မွန်ရေးဟန်ဖွဲ့ထုံးကိုမလိုက်ဘဲ*၁ ပျူမူ(တစ်နည်း) ပျူရေးဟန်ဖွဲ့ထုံးကိုလိုက်၍ရေးသားထားကြောင်း တွေ့ရသည်။ ပညာရှင်တို့က မြန်မာတို့စာရေးရာတွင် မွန်အက္ခရာကိုယူ၍*၂ မွန်မူရေးထုံးကိုတုပကာ ရေးသားခဲ့သည်ဟုဆိုကြသော်လည်း ဤ'အရိမဏ္ဍယျ'ဟူသောဝေါဟာရကို ထောက်ထားလေ့လာပါလျှင် မြန်မာသည် မွန်မူသို့မလိုက်ဘဲ ပျူမူသို့လိုက်ခဲ့သောအချက်တစ်ရပ်ကို အထင်အရှား တွေ့ရသည်။

ပါဠိစာပေလောကဌ 'မဏ္ဍယျ'ဟု သုံးစွဲခေါ်ဝေါ်ခဲ့သောဘွဲ့မည်တော်ကို အေဒီ ၁၁၁၃–ခုနှစ်ခန့်တွင် မှတ်တမ်းတင်သော ထိုရာဇကုမာရ်ကျောက်စာမှအစပြု၍ 'အရိ' ဟူသောစကားလုံးကိုရှေ့ကထည့်၍ 'အရိ မဏ္ဍယျ'ဟု ယခုတိုင်အောင် မြန်မာစာပေ၌ တစိုက်မတ်မတ်သုံးနှုန်းခေါ်ဝေါ်ခဲ့ကြလေသည်။ မြန်မာလူမျိုးတို့သည် မဏ္ဍယျရှင်ကို 'အရိမဏ္ဍယျ'ဟုရေးသားပြီး၊ အသံထုတ်သည့်အခါ ပျူမူသို့လိုက်၍ 'အရိ မဒေယ'ဟု ခေါ်ခဲ့ကြသည်။*၃

အရိမဏ္ဍယျဘွဲ့တော်နှင့် မြန်မာရေးထုံးအမျိုးမျိုး

မဏ္ဍယျရှင်ဘွဲ့တော်ကို ပါဠိဘာသာ၌ 'မဏ္ဍယျ'ဟုရေးသားခေါ်ဝေါ်ပြီး သက္ကတဘာသာ၌ 'အာရ်ယ မဲတြေယျ' ဟုရေးသားခေါ်ဝေါ်ကြောင်းတင်ပြခဲ့ပြီဖြစ်သည်။ မြန်မာတို့က ပါဠိမူသို့လိုက်၍ 'မဏ္ဍယျ၊ မိတေးယျ၊ မိတေး'ဟုလည်းကောင်း၊ သက္ကတမူကိုလိုက်၍'အရိယမိတည်း၊ ရိမူတည်း'ဟုလည်းကောင်း၊ သက္ကတနှင့်ပါဠိနှစ်မူရောရော၍ 'အရိယမဏ္ဍော၊ အရိမေဒေယျ၊ အရိမတေယျ'ဟူ၍လည်းကောင်း အမျိုးမျိုးအလှယ်လှယ် ရေးသားခေါ်ဝေါ်ခဲ့ကြသည်။ မဏ္ဍယရှင်၏ဘွဲ့နာမံတော်အား မြန်မာနိုင်ငံ၌ ခေတ်အဆက်ဆက် အမျိုးမျိုးအလှယ်လှယ် ရေးသားခဲ့ကြပုံတို့ကို လက်လှမ်းမီသရွေ့တင်ပြလိုပါသည်။

၁။ ပျူစာပေ၌တွေ့ရသော မဏ္ဍယျရေးထုံး

ပျူ(တိရ်စုရ်–Tircul)လူမျိုးတို့သည် ၅–ရာစုဘီစီခန့်တွင် မြန်မာနိုင်ငံသို့ အနောက်တောင်ဘက်မှဝင်ရောက်လာကြပြီး၊ ဗုဒ္ဓဘာသာကို ကိုးကွယ်ခဲ့ကြသည်။*၄ ပျူတို့၏ဘာသာစကားသည် တိဘက်–မြန်မာ (Tibeto-

---

*၁ ပါဠိစာပေပညာရှင် ဆရာကြီးဦးဖေမောင်တင်၊ မွန်စာပေပညာရှင် Dr. H.L. Shorto၊ နိုင်ပန်းလှနှင့် မြန်မာစာပေပညာရှင်ဆရာဦးဝဏ်တို့က 'မြစေတီခေါ်ရာဇကုမာရ်ကျောက်စာ၌ မွန်၊ ပျူနှင့် မြန်မာသုံးဘာသာရှိရာတွင် မြန်မာမူကိုအရင်းခံ၍ မွန်မူသို့ပြန်သည်။ မြန်မာစာသည် ထိုစဉ်က အများသုံးဘာသာဖြစ်သည်' စသည်ဖြင့် ရေးသားခဲ့ကြသည်။ ဦးဖေမောင်တင်၏ မြစေတီကျောက်စာ(ဆောင်းပါး)။ မြန်မာဝတ္ထုသမိုင်းအစနှင့်သုတေသနစာတမ်းများ။ ၁၉၆၉–ခုနှစ်။ (စာမျက်နှာ–၃၀၂၊၃၀၃)။ ပျူစာပေပညာရှင် (Dr. Robert Shafer က 'ရာဇကုမာရ်မင်းသား မြန်မာလိုပြောပြသည်ကို ပညာရှင်ပလ္လီတ်ကြီးများက ပါဠို, မွန်နှင့် ပျူလိုရေးထားပြီး 'မွန်မူနှင့်ပျူမူသည် အကျဉ်းသိမ်ပင်ရေးထားခြင်းဖြစ်သည်'–ဟု ဖော်ပြထားသည်။ Robert Shafer' Further Analysis of The Pyu Inscriptions. HJAS, Vol.VII, 1942-43. Page-321. နိုင်ပန်းလှ၏မြစေတီမွန်ကျောက်စာ။ ၁၉၆၇–ခုနှစ်။ (စာမျက်နှာ–၂၃)။

*၂ The Burmese alphabet, borrowed from Mon- Nai Pan Hla' Comparative Study of Old and Modern Burmese. JBRS. Vol.LVIII, Part I. 1975. Page-61.

*၃ Pron. အရိ–မ–တေယ (Ari-ma-teya)- Capt. Henry Yule' The Court of Ava in 1855. 1858. Page-239; အရိမဒေယ– Shway Yoe' The Burman. 1882. Reprint. 1963; Page-90; အယိမဒေးယ– Judson's Dictionary: Burmese-English. 1893. Page-99; ə–ri'mi? teyá - J. A. Stewart and of C.W. Dunn' A Burmese-English Dictionary. Part V. 1969. Page-314.

*၄ Dr. Than Tun' History of Myanmar Culture. In Myanmar Two Millenna. Part IV. 2000. Page-17.

http://www.dhammadownload.com

ရေးထုံး	တွေ့ရှိရာအရပ်ဒေသ	ကျမ်းညွှန်း
၁။ မ္လတ္တယိုး*၁	မော်ဇာမြို့ဟောင်း ဗောဗောကြီးဘုရား ဝက်ခေါင်းကုန်းမှရသောပလွင်စာ။	ဦးသာမြတ်၏ပျူဖတ်စာ။ ၁၉၆၃-ခုနှစ်။ (စာ-၄၂)။
၂။ အရိမေတြေယိ	ပုဂံမြို့၊ ရွှေဆံတော်ဘုရားဌာပနာတိုက်မှရသော အုတ်ခွက်ဘုရားစာ။ အေဒီ ၁၀၅၀-ခုနှစ်ခန့်က လက်ရေးစာဟု ခန့်မှန်းသည်။	ဦးမြ၏ရေးဟောင်းအုတ်ခွက်ဘုရားများ။ ပထမတွဲ။ (စာ-၂၄၊ ပုံ-၃၀)။ ဦးသာမြတ်၏ပျူဖတ်စာ၊ (စာ-၇၅)။ OB-EP. II. 204; III. Pl. 444.
၃။ အရိမေဒေယ့်	ပုဂံမြို့၊ ရာဇကုမာရ်ပျူဘာသာကျောက်စာ။ အေဒီ ၁၁၁၃-ခုနှစ်ခန့်ဟု ခန့်မှန်းသည်။	EB. Vol.I. Part I. Page-63. ဦးသာမြတ်၏ပျူဖတ်စာ။ (စာ-၄၈၊ ၇၁)။ OB-EP.I. 73.

Burman) ဘာသာစကားအနွယ်ဝင်ဖြစ်သည်။*၂ ပျူအက္ခရာအရေးအသားကို အစောဆုံး အေဒီ ၇-ရာစုတွင် အိန္ဒိယအနောက်တောင်ဘက်မှရခဲ့ဟန်ရှိသည်။*၃ ဆရာကြီးဦးသာမြတ်ကမူ 'ပျူအက္ခရာသည် အေဒီ ၅-ရာစု အိန္ဒိယတောင်ပိုင်းဒေသရှိ ကရိသျနားမြစ်ဝှမ်းဒေသသုံး အက္ခရာအရေးအသားမှရသည်'ဟုရေးသားခဲ့ပါသည်။*၄

၂။ မွန်စာပေဌဿတွေ့ရသော မေတ္တေယျရေးထုံး

မွန်လူမျိုးတို့သည် ဩစရိုအေရှားတစ်(Austroasiatic)ဘာသာစကားအုပ်စုမှ မွန်-ခမာ(Mon-Khamer) အနွယ်ဝင်များဖြစ်သည်။*၅ မွန်လူမျိုးတို့သည် ရာမည(ရမေဉ်-Rmeñ)ဟူသောအမည်ဖြင့် ခရစ်နှစ်ဦးထက် စောသောကာလကပင် အရှေ့တောင်အာရှ၌ မြို့ပြနိုင်ငံများတည်ထောင်ခဲ့ပြီးဖြစ်သည်။*၆ မွန်အရေးအသားအက္ခရာသည် အိန္ဒိယအရှေ့တောင်ပိုင်းအက္ခရာပုံစံတို့ကို တုပနည်းမှီ၍ တီထွင်ခဲ့ခြင်းဖြစ်သည်။*၇ သမိုင်းပညာရှင်

ရေးထုံး	တွေ့ရှိရာအရပ်ဒေသ	ကျမ်းညွှန်း
၁။ မေတ္တယိ	ပုဂံမြို့၊ ရာဇကုမာရ်မွန်ဘာသာကျောက်စာ။ အေဒီ ၁၁၁၃-ခုနှစ်ခန့်ဟု ခန့်မှန်းသည်။	EB. Vol.I. Part I. Page-56; OB-EP.I.73. ဒေါ်သန်းဆွေ၏ရာဇကုမာရ်မွန်ကျောက်စာ။ ၁၉၇၁-ခုနှစ်။ (စာ-၆)။ နိုင်ပန်းလှ၏မြစေတီမွန်ကျောက်စာ။ ၁၉၉၇-ခုနှစ်။ (စာ-၂၇)။
၂။ မေ-တ္တယ	ပုဂံမြို့၊ လောကထိပ်ပန်မင်စာ။ အေဒီ ၁၂-ရာစုဟုခန့်မှန်းသည်။	Ba Shin' Lokahteikpan. Page-49.

*၁ ဗျည်းအပေါ်၌ရှိသော '၀'သည် 'ရေဖ'ဟုဓေါ်သည်။ ရ-အက္ခရာနှင့်အတူတူဖြစ်သည်။

*၂ U Wun' Development of The Burmese Language in The Medieval Period. Page-65.

*၃ Dr. G.H.Luce' Phases of Pre-Pagan Burma. Vol.I. 1985. Page-62.

*၄ ဦးသာမြတ်၏ မွန်-မြန်မာအက္ခရာသမိုင်း။ (စာမျက်နှာ-၈)။

*၅ Nai Pan Hla' Comparative Study of Old and Modern Burmese. JBRS. Vol. LVIII. Part I. 1975. Page-59.

*၆ ရည်စိန်၏ လင်(နှ)ယဉ်(ငှ)နှင့်ဆက်စပ်သော ရှေးဟောင်းမြန်မာနိုင်ငံသမိုင်းတစ်ရပ်(စာတန်း)။ ရွာရွာဖွေဖွေမြန်မာသမိုင်း၊ အတွဲ-၂။ ၁၉၉၆-ခုနှစ်။ (စာမျက်နှာ-၃၂)။

*၇ Guillon' The Mons. 1999. Page-3,32.

http://www.dhammadownload.com

ဒေါက်တာသန်းထွန်းက 'အေဒီ ၄-ရာစုတွင်ပေါ်ထွန်းခဲ့သော အိန္ဒိယတောင်ပိုင်း ပလ္လဝအက္ခရာကို အေဒီ ၅-ရာစုတွင်အသုံးပြုခဲ့သည်'ဟုဖော်ပြထားပါသည်။[*၁] ဆရာကြီးဦးသာမြတ်ကမူ 'မွန်အက္ခရာသည် အိန္ဒိယတောင်ပိုင်း အက္ခရာများတွင်ပါဝင်သော ပလ္လဝ၊ ကဒံဗ၊ စာလုက္ယ၊ ကလိင်္ဂ၊ သာလင်္ကာယန-အက္ခရာပုံစံများ၊ ပြန့်သွအက္ခရာပုံစံအချို့နှင့် တေလုဂုကနဋာအက္ခရာပုံစံအချို့-စသည်တို့မှရယူခဲ့ခြင်းဖြစ်သည်'ဟု ကျယ်ဝန်းစွာဖော်ပြခဲ့ပါသည်။[*၂]

၃။ မြန်မာစာပေ၌တွေ့ရသောမေတ္တေယျရေးထုံး

မေတ္တေယျ-ဟူသောဝေါဟာရ၏ မြန်မာရေးထုံးကိုလေ့လာရာတွင် အုပ်စုသုံးစုခွဲ၍ တင်ပြလိုပါသည်။ ထိုအုပ်စုသုံးစုမှာ-

(က) 'အရိ(ယ)'ကိုရှေ့ကထား၍ရေးသော 'အရိ(ယ)မေတ္တေယ'အုပ်စု၊

(ခ) 'မဟာ'ကိုရှေ့ကထား၍ရေးသော 'မဟာမေတ္တေယျ'အုပ်စုနှင့်

(ဂ) 'မေတ္တေယျ'ကိုသာပဓာနထား၍ရေးသောအုပ်စု-ဟူ၍ဖြစ်ပါသည်။

(က) အရိမေတ္တေယျ-အုပ်စု[*၃]

၁။ အရိမိတ္တိယာ - အေဒီ-၁၁၁၃။ ပုဂံ၊ ရာဇကုမာရိကျောက်စာ။
ရှေးဟောင်းမြန်မာကျောက်စာ၊ ပထမတွဲ။ (စာ-၂၊ ၅)။

၂။ အရိယမိတ္တည် - အေဒီ-၁၁၉၄။ ပုဂံ၊ အမတ်ကြီးသုဖရစ်ကျောက်စာ။
ရှေးဟောင်းမြန်မာကျောက်စာ၊ ပထမတွဲ။ (စာ-၃၆၁)။

၃။ အရိယမေတ္တည် - အေဒီ-၁၂၇၂။ ပုဂံ၊ အရီးစောမိဖွားကျောက်စာ။
ရှေးဟောင်းမြန်မာကျောက်စာ၊ တတိယတွဲ။ (စာ-၁၀၃၊ ၁၀၄)။

၄။ အရိမတ်တေယ[*၄] - အေဒီ-၁၂၉၈။ အိန္ဒိယ၊ ဗုဒ္ဓဂယာကျောက်စာ။
ဦးသာမြတ်၏နိဒ်ခံခြားရှိမြန်မာကျောက်စာများ(ဆောင်းပါး)။ (စာ-၉၃)။[*၅]

၅။ အရိယမတ္တေ - အေဒီ-၁၄၀၅။ စစ်ကိုင်း၊ မင်းကြီးစွာမိဖုရားကျောက်စာ။
မြန်မာစာပညာနှင့်ပေါင်းကျမ်း၊ ပထမတွဲ။ ၁၉၅၀-ပြည့်နှစ်။ (စာ-၄၃)။

၆။ ရိမတည်း - အေဒီ-၁၄၆၃-၁၅၁၃။ ရဝေရှင်ထွေး၏အန်ချင်း။
မြန်မာစာပညာနှင့်ပေါင်းကျမ်း၊ ပဉ္စမတွဲ။ ၁၉၉၂-ခုနှစ်။ (စာ-၃၂၁)။

၇။ ရိမူတည်း - အေဒီ-၁၄၆၈-၁၅၃၀။ ရှင်မဟာရဋ္ဌသာရ၏ ရွှေယ်ရန်ငွေ၍-ချီကေပိဒိရတု။
မြန်မာစာပညာနှင့်ပေါင်းကျမ်း၊ ပထမတွဲ။ ၁၉၅၀-ပြည့်နှစ်။ (စာ-၆၂)။

[*၁] Dr. Than Tun' History of Myanmar Culture. In Myanmar Two Millena. Part IV. 2000. Page-4.

[*၂] ဦးသာမြတ်၏မွန်-မြန်မာအက္ခရာသမိုင်း။ (စာမျက်နှာ-၈/၉)။

[*၃] Win Than Tun' Pāḷi and Sanskrit Loans in Myanmar Language (Pagan Period). 1993. Page-6.

[*၄] R.Mitra' Buddha Gaya. 1972. Page-20 တွင် 'အရိမတေ'၊ ဦးကိုကိုမာ၏မဟာဗောဓိပွတ္တိကထာ။ ၁၉၃၇-ခုနှစ်၊ (စာ-၅၂)တွင် 'အရိမတေး'၊ SOASBBR, Vol.I. No.2, 2003. Page-10 တွင် 'အရိယမေတ္တေးယျ'ဟု ပြထားသည်။

[*၅] ယဉ်ကျေးမှုစာစောင်။ အတွဲ-၂။ အမှတ်-၁၁ မှဖြစ်သည်။

http://www.dhammadownload.com

၈။ အရိမတည်း – အေဒီ-၁၅၈၄။ ရှင်သံခိုဇ၏မင်းရဲဒီဗွဇချောင်း။
ရှင်သံခိုဇ၏မင်းရဲဒီဗွဇချောင်း။ ၁၉၁၂-ခုနှစ်။ (အပိုဒ်-၉)။*၁

၉။ အရိမတေယျ – အေဒီ-၁၈၈၉။ မန္တလေးမြို့၊ မဟာမုနိဘုရားကြီးခေါင်းလောင်းစာ။
ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)၏မဟာမုနိဘုရားကြီးသမိုင်း။ ၂၀၀၀-ပြည့်နှစ်။ (စာ-၁၃၈)။

၁၀။ ရိယမေတ္တည် – အေဒီ-၁၈၃၂။ ဝက်မစွတ်နဝဒေးဇ၏ လောကဝိဒူမော်ကွန်း။
နဝဒေးဇ၏ဗာဝရီနှင့်လောကဝိဒူမော်ကွန်း။ ၁၉၁၃-ခုနှစ်။ (စာ-၃၈)။

၁၁။ အရိမတေယ – အေဒီ-၁၈၉၃။ ယုဒသန်အဘိဓာန်။
Judson's Burmese- English Dictionary. 1893. Page-99.

(ခ) မဟာမေတ္တေယျ-အုပ်စု*၂

၁။ မဟာမိတ္တရျာ – အေဒီ-၁၁၉၀။ ပုဂံ၊ တောင်ဂူနီကျောက်စာ။
ရှေးဟောင်းမြန်မာကျောက်စာ၊ ပထမတွဲ။ (စာ-၅၂)။

၂။ မဟာမိတ္ထြာ – အေဒီ-၁၂၂၃။ ပုဂံ၊ မင်းနန်သူလေးမျက်နှာကျောက်စာ။
မြန်မာစာညွှန့်ပေါင်းကျမ်း။ ပဌမတွဲ။ ၁၉၉၂-ခုနှစ်။ (စာ-၁၁၈)။

(ဂ) မေတ္တေယျ-အုပ်စု*၃

၁။ မိတြျာ – အေဒီ-၁၁၈၂။ ပုဂံ၊ အိုန်သင်ကျောက်စာ။
ရှေးဟောင်းမြန်မာကျောက်စာ၊ ပထမတွဲ။ (စာ-၄၄)။

၂။ မိတ္တျာ – အေဒီ-၁၂၀၁။ ပုဂံ၊ သင်ကြီးညောင်ဥပ်ကျောက်စာ။
ရှေးဟောင်းမြန်မာကျောက်စာ၊ ပထမတွဲ။ (စာ-၆၂)။
ဦးမြတ်ကျော်၏ ပုဂံခေတ်မြန်မာကျောက်စာအဘိဓာန်။ ၂၀၀၃-ခုနှစ်။ (စာ-၁၉၀)။

၃။ မျတ္တည် – အေဒီ-၁၂၀၆။ ပုဂံ၊ မင်းသမီးစိုးမင်းတို့ကျောက်စာ။
ရှေးဟောင်းမြန်မာကျောက်စာ၊ ပထမတွဲ။ (စာ-၈၂)။

၄။ မျစ်တည် – အေဒီ-၁၂၂၅။ ပုဂံ၊ ဖုန်သည်သုခမိန်ကျောက်စာ။
ရှေးဟောင်းမြန်မာကျောက်စာ၊ ပထမတွဲ။ (စာ-၁၆၄)။

၅။ မိတ္တိရျာ – အေဒီ-၁၂၃၅။ ပုဂံ၊ မင်းသားထောက်လှော်ကားကျောက်စာ။
ရှေးဟောင်းမြန်မာကျောက်စာ၊ ပထမတွဲ။ (စာ-၂၆၇)။

၆။ မိတ်တည် – အေဒီ-၁၂၃၆။ ပုဂံ၊ ရာဇသူရသမီးမောင်နံကျောက်စာ။
ရှေးဟောင်းမြန်မာကျောက်စာ၊ ပထမတွဲ။ (စာ-၂၉၅)။

---

*၁ မောင်မေအောင်၏ ချေငံးဟောင်း ၁၂-စောင်တွဲ။ ၁၉၁၂-ခုနှစ်။ (စာမျက်နှာ-၂၇၂)။

*၂ Win Than Tun' Pāḷi and Sanskrit Loans in Myanmar Language (Pagan Period). 1993. Page-65.

*၃ Win Than Tun' Pāḷi and Sanskrit Loans in Myanmar Language (Pagan Period). 1993. Page-65.

http://www.dhammadownload.com

၇။ မိန်တြာ – အေဒီ–၁၂၃၈။ ပုဂံ၊ မဟာဂေါတမဘုရားကျောက်စာ။
ရှေးဟောင်းမြန်မာကျောက်စာ၊ ဒုတိယတွဲ။ (စာ–၁)။

၈။ မိတ်တြာ – အေဒီ–၁၂၃၉။ ပုဂံ၊ သင်လျင်သိရတ်မောင်နှံကျောက်စာ။
ရှေးဟောင်းမြန်မာကျောက်စာ၊ ဒုတိယတွဲ။ (စာ–၁၀)။

၉။ မေတ္တည် – အေဒီ–၁၂၄၈။ ပုဂံ၊ မင်းသမီးအစောကျွမ်းကျောက်စာ။
ရှေးဟောင်းမြန်မာကျောက်စာ၊ ဒုတိယတွဲ။ (စာ–၉၉)။
ဦးမြတ်ကျော်၏ပုဂံခေတ်မြန်မာကျောက်စာအဘိဓာန်။ ၂၀၀၃–ခုနှစ်။ (စာ–၁၉၀)။

၁၀။ မိတ္တရာ – အေဒီ–၁၂၆၀။ ပုဂံပြတိုက်အမှတ် ၉၀ ကျောက်စာ။
ရှေးဟောင်းမြန်မာကျောက်စာ၊ ဒုတိယတွဲ။ (စာ–၂၂၅)။

၁၁။ မိတ္ထြာ – အေဒီ–၁၂၆၀။ ပုဂံပြတိုက်တောင်ဘက်ခန်းရှိကျောက်စာ။
ရှေးဟောင်းမြန်မာကျောက်စာ၊ ဒုတိယတွဲ။ (စာ–၂၂၈)။

၁၂။ မိတြာ – အေဒီ–၁၂၆၃။ ပုဂံ၊ ငါမိုဝ်သင်္ဃလင်မယားကျောက်စာ။
ရှေးဟောင်းမြန်မာကျောက်စာ၊ တတိယတွဲ။ (စာ–၂၀)။

၁၃။ မိတျာ – အေဒီ–၁၂၆၂။ ပုဂံ၊ သစ်မထီးကျောင်းကျောက်စာ။
ရှေးဟောင်းမြန်မာကျောက်စာ၊ တတိယတွဲ။ (စာ–၈၂)။

၁၄။ မျက်တည် – အေဒီ–၁၂၉၈။ အိန္ဒိယ၊ သုဇာတာဂဏ္ဌာနီ့ဆွမ်းကပ်ရာဌာနကျောက်စာ။
ရှေးဟောင်းမြန်မာကျောက်စာ၊ ဒုတိယတွဲ။ (စာ–၁၉၂)။

၁၅။ မိတေည် – အေဒီ–၁၃၀၅။ ပုဂံ၊ မင်းမတ်သုဖရစ်စသူတို့ကျောက်စာ။
ရှေးဟောင်းမြန်မာကျောက်စာ၊ တတိယတွဲ။ (စာ–၂၂၆)။

၁၆။ မိတြာ – အေဒီ–၁၃၁၅။ ပုဂံ၊ ဆုံသည်အိုမိကန်တူကျောက်စာ။
ရှေးဟောင်းမြန်မာကျောက်စာ၊ တတိယတွဲ။ (စာ–၂၆၁)။

၁၇။ မိတည်း – အေဒီ–၁၄၅၅။ အဒူးမင်းညို၏ရခိုင်မင်းသမီးချောင်း။
မြန်မာစာညွှန့်ပေါင်းကျမ်း၊ ပထမတွဲ။ (စာ–၂၀)။

၁၈။ မိတေယျာ – အေဒီ–၁၄၅၈။ ရှင်ဥတ္တမကျော်တောလား။
ဒေါက်တာဘဟန်၏သျှင်ဥတ္တမကျော်တောလား။ ၁၉၆၄–ခုနှစ်။ (စာ–၂၇)။

၁၉။ မတည်း – အေဒီ ၁၄၉၈–၁၅၈၈။ ပြည်နဝဒေးကြီး၏ လှဘက်ရှင်း–အစချီရတု။
နဝဒေး၏ရတုပေါင်းချုပ်။ ၁၉၂၉–ခုနှစ်။ (စာ–၁၃)။

၂၀။ မိတေးယျာ – အေဒီ–၁၅၁၁။ ရှင်မဒုန်းညို၏ ရတနာပုရ–အစချီရတု။
မြန်မာစာညွှန့်ပေါင်းကျမ်း၊ ပဉ္စမတွဲ။ (စာ–၈)။

၂၁။ မိတည် – အေဒီ–၁၅၃၈။ အပယ်ရတနာလိုဏ်ဂူဘုရားမင်စာ။
သီရိပုံရှိဦးမြို၏အပယ်ရတနာလိုဏ်ဂူဘုရား။ ၁၉၆၈–ခုနှစ်။ (စာ–၅၄)။

http://www.dhammadownload.com

၂၂။ မိတရာ – အေဒီ–၁၅၈၁။ ပဲခူးမိဖုရား၏နတ်ပြည်ပိတ်မှာန့်–အစချီရတု။
လက်ဝဲနော်ရထာ၏စာဆိုတော်များရတုပေါင်းချုပ်။ ၁၉၆၆–ခုနှစ်။ (စာ–၁၄၈)။

၂၃။ မိတ္တေယျ – အေဒီ–၁၅၉၂။ ပုဂံ၊ ပွဲမင်းမောင်ဖိုးရတုမင်စာ။
မင်းသုဝဏ်၏ပွဲမင်းမောင်ဖိုး၏ရတု(ဆောင်းပါး)။ ၁၉၆၃–ခုနှစ်။ (စာ–၁၀၅)။*၁

၂၄။ မိတ္တေး – အေဒီ–၁၈၂၉။ မုန်တိုင်ပင်ဆရာတော်၏သုံးပုံအိတ်ထောင့်ကျမ်း။
သုံးပုံတံချူနှင့်သုံးပုံအိတ်ထောင့်ကျမ်း၊ ၁၉၅၉–ခုနှစ်။ (စာ–၁၃၁)

၂၅။ မိတ္တေယာ – အေဒီ–၁၈၃၂။ ဝက်မစွတ်နဝဒေး၏ ဗာဝရီမော်ကွန်း။
ဝက်မစွတ်နဝဒေး၏ဗာဝရီနှင့်လောကဝိဒူမော်ကွန်း။ ၁၉၁၃–ခုနှစ်။ (စာ–၂၁)။

၂၆။ မိဒေ – အေဒီ ၁၈၅၂–၁၈၇၈။ မင်းတုန်းမင်းလက်ထက်ပေထုပ်ကြိုးစာ။
ရွှေဘိုမိမိကြီး၏ပေစာထုပ်ကြိုးမှဆုတောင်းစာများ။ ၁၉၉၃–ခုနှစ်။ (စာ–၂၇)။

၂၇။ မိတ္တေးယျ – အေဒီ ၁၈၅၂–၁၈၇၈။ မင်းတုန်းမင်းလက်ထက်ပေထုပ်ကြိုးစာ။
ရွှေဘိုမိမိကြီး၏ပေစာထုပ်ကြိုးမှဆုတောင်းစာများ။ ၁၉၉၃–ခုနှစ်။ (စာ–၅၁)။

၂၈။ မိတေရာ – အေဒီ ၁၈၅၂–၁၈၇၈။ မင်းတုန်းမင်းလက်ထက် ပေထုပ်ကြိုးစာ။
ရွှေဘိုမိမိကြီး၏ပေစာထုပ်ကြိုးမှဆုတောင်းစာများ။ ၁၉၉၃–ခုနှစ်။ (စာ–၁၁၁)။

၂၉။ မိတေ – အေဒီ ၁၈၅၂–၁၈၇၈။ မင်းတုန်းမင်းလက်ထက်ပေထုပ်ကြိုးစာ။
ရွှေဘိုမိမိကြီး၏ပေစာထုပ်ကြိုးမှဆုတောင်းစာများ။ ၁၉၉၃–ခုနှစ်။ (စာ–၁၂၇)။

၃၀။ မိတေးယျ – အေဒီ ၁၈၀၇–၁၈၆၆။ စလေဦးပုညဇာတ်ကြီးဘုရားဘွဲ့။
မြန်မာစာညွှန့်ပေါင်းကျမ်း၊ စတုတ္ထတွဲ။ (စာ–၅၃)။

၃၁။ မိတည်းယျ – အေဒီ ၁၈၁၂–၁၈၆၇။ စလေဦးပုညဇာတ်သစ္စာတိုင်တေးထပ်။
ဦးလွင်၏ကဗျာသင်္ဂဟမေဒနီ။ ၁၉၆၆–ခုနှစ်။ (စာ–၁၉၅)။

၃၂။ မိတေယ – အေဒီ ၁၈၅၈–၁၈၈၅။ သီပေါမင်းလက်ထက် ပေထုပ်ကြိုးစာ။
ရွှေဘိုမိမိကြီး၏ပေစာထုပ်ကြိုးမှဆုတောင်းစာများ။ ၁၉၉၃–ခုနှစ်။ (စာ–၆၉)။

၃၃။ မိဒေယာ – အေဒီ ၁၈၅၈–၁၈၈၅။ သီပေါမင်းလက်ထက် ပေထုပ်ကြိုးစာ။
ရွှေဘိုမိမိကြီး၏ပေစာထုပ်ကြိုးမှဆုတောင်းစာများ။ ၁၉၉၃–ခုနှစ်။ (စာ–၇၀)။

၃၄။ မိတေး – အေဒီ ၁၈၅၈–၁၈၈၅။ သီပေါမင်းလက်ထက် ပေထုပ်ကြိုးစာ။
ရွှေဘိုမိမိကြီး၏ပေစာထုပ်ကြိုးမှဆုတောင်းစာများ။ ၁၉၉၃–ခုနှစ်။ (စာ–၈၁)။

၃၅။ မေတ္တညိး – အေဒီ ၁၈၅၈–၁၈၈၅။ သီပေါမင်းလက်ထက် ပေထုပ်ကြိုးစာ။
ရွှေဘိုမိမိကြီး၏ပေစာထုပ်ကြိုးမှဆုတောင်းစာများ။ ၁၉၉၃–ခုနှစ်။ (စာ–၁၀၄)။

၃၆။ မတေးယျ – အေဒီ–၁၈၉၃။ ဂျပ်ဆင်အဘိဓာန်။
Judson's Burmese-English Dictionary. 1893. Page-99.

---

*၁ ယဉ်ကျေးမှုစာစောင်။ အတွဲ–၄၊ အမှတ်–၃။ ၁၉၆၃–ခုနှစ်။

http://www.dhammadownload.com

မေတ္တေယျဘွဲ့တော်နှင့် မြန်မာရေးထုံးစဉ်လာ*၁

မေတ္တေယျရှင်၏ဘွဲ့တော်ကို မြန်မာစာပေ၌ ခေတ်အဆက်ဆက်ရေးသားခဲ့ကြပုံအမျိုးမျိုးတို့အား တင်ပြပြီးသည့်နောက်၊ ထိုမေတ္တေယျရှင်ဘွဲ့တော်ရေးထုံးတို့အား ပါဠိနှင့်သာရခေါ် ပါဠိမှမြန်မာမှုပြုရာ၌ ပြုမြဲဖြစ်သော ရေးနည်းစည်းကမ်းတို့ကို ဆက်လက်တင်ပြလိုပါသည်။

၁။ 'အရိမေတ္တေယျ' ဟူသော ဘွဲ့တော်တွင် ခေါင်းတည်ပုဒ်ဖြစ်သော 'အရိယ'*၂ ကို ပဒလောပခေါ် ရှေ့, နောက်, အလယ် ပုဒ်အမျိုးမျိုးချေ၍ မြန်မာစာပေ၌ရေးခဲ့ကြပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

အရိယ	အရိ–	–ရိယ	–ရိ–
	(အဆုံးအက္ခရာ'ယ'–ချေ)	(အစအက္ခရာ'အ'ချေ)	(အစအက္ခရာ'အ'နှင့် အဆုံးအက္ခရာ'ယ'ချေ)
အရိယပိတ္တည် (က/၂)	အရိပိတ္တိယာ (က/၁)	–ရိယမေတ္တည်း (က/၁၀)	ရိမတည်း (က/၆)
အရိယမေတ္တည် (က/၃)	အရိမတ်တေယ (က/၄)		ရိမ္ဟတည်း (က/၇)
အရိယမတ္တေ (က/၅)	အရိမတည်း (က/၈)		
	အရိမတေယျ (က/၉)		
	အရိမတေယ (က/၁၁)		
ရှင်းလင်းချက်။	။(က/၂)တွင် (က/–)သည် ရှေ့တွင်ဖော်ပြခဲ့သော အုပ်စု(၃)စုမှ (က)အုပ်စုကို ရည်ညွှန်းပြီး၊ (–/၂)သည် ထို(က)အုပ်စု၊ အမှတ်စဉ်(၂) ကို ရည်ညွှန်းပါသည်။		

၂(က)။ 'မေတ္တေယျ'ဘွဲ့တော်ပါ ရှေ့စာလုံး 'မေတ္တေ'၌ ရှေ့ဗျည်း 'မ' အက္ခရာကို သက္ကတပါဠိစာပေတို့တွင် 'ဲ သရ၊ ေ– သရ'တို့ဖြင့်တွဲဖက်ထားကြောင်းတွေ့ရပြီး၊ မြန်မာစာပေ၌ '– သရ၊ ိ သရ၊ –ြ သရ၊ ေ– သရ'တို့ဖြင့်တွဲဖက်၍ အောက်ပါအတိုင်းတွေ့ရသည်။

သက္ကတ / ပါဠို	မြန်မာစာလုံးပေါင်း			
ဲ / ေ–	–	ိ	–ြ	ေ– (တ်)*
မဲ့ တြေယ၊ မေ တ္တေယျ	မ္ဍ တည်း (၇/၁၉)	မ္ဍိ တရာ (၇/၂၂)	ရိ မ္ဟ တည်း (က/၇)	အရိယမေတ္တည် (က/၃)
* 'ေ–တ်'တွင် '–တ်' အသတ်ဗျည်းရှိသော်လည်း ရှေ့သရ (ပုဗ္ဗကာသရာ) ထင်ရှား၍ ေ–သရအဖြစ် ပြထားပါသည်။				

*၁ ဤမြန်မာရေးထုံးစဉ်လာတွင် (၁) ဆရာတော်ဦးသုဒဿနာ၏ ပါဠာနုသာရမြန်မာ့ဘာသာကျမ်း။ ၁၉၁၈–၃၄၈။ (၂) မင်းသုဝဏ်၏ မြန်မာစာလုံးပေါင်းဖြစ်စဉ်(ဆောင်းပါး)။ ၁၉၆၄–၃၄၈။ (၃) သိရိပုံ့ဖိုးသာမြတ်၏ ပုဂံခေတ်မြန်မာစာဖတ်ပုံ(ဆောင်းပါး)။ ယဉ်ကျေးမှုစာစောင်။ (4) Dr. Hla Pe' Some Adapted Pali Loan-Words in Burmese, BRSFAP, I. 1960. (5) Dr. Hla Pe' A Tentative List of Mon Loan-Words in Burmese. JBRS. Vol.L, Part.I. 1967. (6) Nai Pan Hla' Comparative Study of Old and Modern Burmese. JBRS. Vol.LVIII, Part.I, 1975. တို့ကို အခြေခံ၍ရေးသားပါသည်။

*၂ သက္ကတ 'အာရ်ယ (Ārya)' ပုဒ်တွင် ဝဏ္ဏကြားဝင်ခြင်း (Epenthesis) အရ အာရ်ယ(သက္ကတ) > အရိယ(ပါဠို)–ဖြစ်သည်။

http://www.dhammadownload.com

၂(ခ)။ 'မေတ္တေယျ'ဘွဲ့တော်ပါ ရှေ့ဗျည်း'မ'အကွရာကို သက္ကတ-ပါဠိစာပေတို့တွင် 'တ်' 'တ္တ (သံယုဂ်ဗျည်း)' တို့ဖြင့်ဆက်စပ်ထားကြောင်းတွေ့ရပြီး၊ မြန်မာစာပေ၌ 'တ၊ တ်၊ တ္တ၊ တြ-'စသည်တို့ဖြင့် ဆက်စပ်ရေးဖွဲ့ထားသည်ကို အောက်ပါအတိုင်းတွေ့ရသည်။ ရံခါ၌ ထို 'တ'ဗျည်းကို သိထိလ 'တ-အကွရာ' အစား ဓနိတ 'ဒ-အကွရာ'ဖြင့် 'မိဒေ(၈/၂၆)'၊ 'မိဒေယာ(၈/၃၃)' စသည်ဖြင့်လည်းတွေ့ရသည်။

သက္ကတ / ပါဠိ	မြန်မာစာလုံးပေါင်း			
တြ/တ္တ	တ	တ်	တ္တ	တြ*၁
မဲတြေယ်/မေတ္တေယျ	မိတ္တရာ (၈/၂၂)	အရိမတ်္တေယ (က/၄)	မိတ္တေယာ (၈/၂၅)	မိတြာ (၈/၁)
		မိတ်္တရာ (၈/၅)	မိတ္တေး (၈/၂၄)	မိတြာ*၂ (၈/၁၂)
				မိန်တြာ*၃ (၈/၈)
				မိတြျာ*၄ (၈/၁၆)

*၁ တြ = တ္တ။ တြ-သည် သက္ကတ၌ အသဒိသသံယုတ်ဖြစ်ပြီး၊ တ္တ-သည် ပါဠို၌ သဒိသသံယုတ်ဖြစ်သည်။ မိတြာ > မိတ္တာ။

*၂ မိကြာ = တြာ = တြ > တ် + ကာ > ယာ။ မိတ်တယာ > မိတ္တယာ။ ြ > တ။ ကာ > ယ။

*၃ မိန်တြာ = နိတြာ = နိတြ > န္တြ > တြ > တ္တ။ ကာ = ယ + -ာ > ယာ။

*၄ မိတြျာ = မိ + တြျာ ။ တြျာ = တြ + ရ် + ယာ။ တြ > တ္တရ်ယာ > တ္တရိယာ။ မိ + တ္တရိယာ > မိတ္တြေယာ > မိတြေယာ > မိတြေယ။ တြေ = တြေ။ မိတြေယ > မိတြေယ > မိတ္တေယ- စသည်။

၃။ 'မေတ္တေယျ'ဘွဲ့တော်ပါနောက်ဆုံးစာလုံး 'ယ'ကို သက္ကတ-ပါဠိစာပေတွင် 'ေ-ယ၊ ိ-ယ၊ ေ-ယျ' တို့ဖြင့်တွေ့ရပြီး၊ မြန်မာစာပေတွင် 'ေ-၊ ေ-ယ၊ ေ-ယာ၊ ေ-ယျ၊ ေ-ယျာ၊ -ရာ၊ ေ-ရာ၊ ေ-း၊ ေ-းယျ၊ ေ-းယျာ၊ ိ-ယာ၊ -ည်၊ -ည်း၊ -ည်းယျ' စသည့် သရနှင့်ဗျည်းတွဲတို့ဖြင့် ရေးဖွဲ့ထားပုံအမျိုးမျိုးတို့ကို အောက်ပါအတိုင်းတွေ့ရသည်။

သက္ကတ / ပါဠိ	မြန်မာစာလုံးပေါင်း					
ယ/ယျ	ေ-	ေ-ယ	ေ-ယာ	ေ-ယျ	ေ-ယျာ	-ရာ
မဲတြေယ် မေတ္တေယျ	အရိယမေတ္တေ (က/၅) မိေတ (၈/၂၉)	မိေတယ် (၈/၃၂)	မိေတ္တေယာ (၈/၂၅)	မိေတ္တေယျ (၈/၂၃)	မိေတယျာ (၈/၁၈)	မိတရာ (၈/၂၂)

http://www.dhammadownload.com

မြန်မာစာလုံးပေါင်း (အဆက်)							
ေ–ရာ	ေ–း	ေ–း ယျ	ေ–း ယျာ	ိ ယာ	– ည်	– ည်း	– ည်း ယျ
မိုဒေတရာ (၇/၂၈)	မိုဒေတ္တး (၇/၂၄) မိတေး (၇/၃၄)	မိုဒေတ္တေးယျ (၇/၂၇)	မိုဒေတေးယျာ (၇/၂၀)	အရိမိတ္တိယာ (က/၁)	အရိယမတ္တည် (က/၂) မျတ္တည် (၇/၃) မျစ်တည် (၇/၄)	ရိမတည်း (၇/၆) မိတည်း (၇/၁၇)	မိတည်းယျ (၇/၃၁)

အဆက်ပါစကားပါ ေ–(ေ–း)၊ ေ–ယ (ေ – ယာ၊ ေ – ယျ၊ ေ – ယျာ၊ – ရာ၊ – ယာ) တို့သည် မူလဖြစ်သော 'ေ–ယ'ကို ဝဏ္ဏဓိကာရုန်းအရ ချဲ့ခြင်း (Protraction) နှင့် ချုံ့ထားခြင်း (Contraction) တို့ပင်ဖြစ်သည်။ တေ = တည်၊ တေး = တည်း၊ တေးယျ = တည်းယျ...ဖြစ်သည်။

မေတ္တေယျခေါ် ဝေါ်ပုံအမျိုးမျိုး

မေတ္တေယျရှင်အား ဗုဒ္ဓဘာသာဝင်နိုင်ငံအသီးသီးတို့၌ ခေါ်ဝေါ်ကြပုံကို အောက်ပါအတိုင်းတွေ့ရသည်။

၁။ ပါဠိဘာသာ၌– မေတ္တေယျ (Metteya)
၂။ သက္ကတဘာသာ၌– မဲတြေယ (Maitreya)
၃။ သီဟိုဠ်ဘာသာ၌– Maitri
၄။ ထိုင်းဘာသာ၌– Phrai
၅။ တိဗက်ဘာသာ၌– Byams pa mgon po/or/Chamra (campa)
၆။ မွန်ဂိုလီးယားဘာသာ၌– Maijdari
၇။ တရုတ်ဘာသာ၌– Mi-Lo-Fu (Mi-Lei)
၈။ ဂျပန်ဘာသာ၌– Miroku
၉။ တိဗက်ဘာသာ၌– Dai-Thé-Chí
၁၀။ ဗီယက်နမ်ဘာသာ၌– Di-Lāc
၁၁။ မြန်မာဘာသာ၌– အရိမေတ္တေယျ
၁၂။ ပျူဘာသာ၌– အရိမေဒေယ့်
၁၃။ မွန်ဘာသာ၌– (ရှေး)မေတ္တေယ်၊ (လယ်)မေတ္တေလ်၊ (ခေတ်)မေတ္တေ့
–စသည်ဖြင့် ဖြစ်ကြပါသည်။*၁

ရံခါ၌ မြောက်ပိုင်းဗုဒ္ဓဘာသာဝင်တို့က မေတ္တေယျရှင်၏ဦးခေါင်းတော်တွင် စေတီထူပါင်းယိတစ်ဆူပါရှိသောကြောင့် 'အာရိယသတူပမဟာသိရီ (Ārya Stūpa Mahāśirī)'–ဟုလည်း ခေါ်တွင်ကြသည်။*၂

---

*၁ E. J. Eitel' Handbook of Chinese Buddhism. 1970. Page-92; A. Getty' The Gods of Northern Buddhism. 1914. Page-20. ဦးသာမြတ်၏ မြစေတီကျောက်စာလေးဘာသာ။ ၁၉၆၀–ပြည့်နှစ်။ (စာမျက်နှာ–၇၊ ၁၆၊ ၂၁၊ ၂၉၊ ၃၉)။ နိုင်ထွန်းရွှေ၏ ဗော်သုံးဗောဓိ မွန်ကျောက်စာအဘိဓာန်။ ၁၉၆၈–ခုနှစ်။ (စာမျက်နှာ–၃၉)။ The Seeker's Glossary of Buddhism. 1998. Page-355.

*၂ W.E. Soothill' A Dictionary of Chinese Buddhist Terms. Page-464.a.

http://www.dhammadownload.com

မေတ္တေယျအမည်ရှိပုဂ္ဂိုလ်များ

'မေတ္တေယျ' ဟူသောအမည်နာမသည် ဤဘဒ္ဒကမ္ပာ၌ ပဋ္ဌမမြောက်ပွင့်လတ္တံ့သောဘုရားရှင်၏ဘွဲ့အမည်တော်ဖြစ်ပြီး ထိုဘွဲ့အမည်ကိုယူ၍မည်ခေါ်ကြသောပုဂ္ဂိုလ်တို့ရှိပါသလား–ဟုမေးပါမူ၊ ပါဠိသက္ကတစာပေတို့တွင် ထိုဘွဲ့အမည်ရှိသောပုဂ္ဂိုလ်တို့ကို တထုံတထုံတွေ့ရတတ်ကြောင်း ဖြေကြားလိုပါသည်။

သက္ကတစာပေ၌ ဘရိဟဒါရဏျကဥပနိသဒ်(*Bṛhadāraṇyaka Upaniṣad*)တွင် ယာဇ္ဉဝလ်ကျ(*Yājñavalkya*)၏ဇနီးအမည် မေတြေယီ(*Maitreyī*)ကိုလည်းကောင်း၊ ဝိသ္ဏုပုရာဏ(*Viṣṇu Purāṇa*)ကျမ်းပြု ပရာဇရ(*Parāśara*)၏တပည့် မေတြေယျ(*Maitreya*)ကိုလည်းကောင်း၊ ထို့ပြင် သက္ကတဘာသာစာတုပြဒီပကျမ်းပြု မဲတြေယရက္ခိတကိုလည်းကောင်း တွေ့ရပါသည်။*၁

ပါဠိစာပေ၌ ဝိနည်းပိဋကတ်တော်တွင် မေတ္တိယာဘိက္ခုနီ(ဝိ၊ ၁၊ ၂၄၈၊)၊ မေတ္တိယာဘူမကထေရ်(ဝိ၊ ၁၊ ၂၄၈၊)–စသည်ဖြင့်တွေ့ရသည်။ အပဒါန်ပါဠိတော်၌ မေတ္တာဂုတ္တမထေရ်(အပ၊ ၁၊ ၄၀၀)။ ထေရဂါထာ, ထေရီဂါထာပါဠိတော်၌ မေတ္တာဇိတ္ထေရ(ထေရ။ ၂၄၀။)၊ မေတ္တိကာထေရီ(ထေရ။ ၃၈၂။)ဟူ၍တွေ့ရ၏။

ဗုဒ္ဓခေတ်၌ထင်ရှားခဲ့သော မေတ္တေယျအမည်ရှိလူပုဂ္ဂိုလ်မှာ သုတ္တနိပါတပါဠိတော်၊ ပါရာယနဝဂ္ဂ၊ ပါရာယနသုတ်လာ ဗာဝရီပုဏ္ဏားကြီး၏တပည့် တိဿမေတ္တေယျခေါ် မေတ္တေယျမာဏဝလုလင်ဖြစ်သည်။ အ၊ ၂။၃၄၉။ သုတ္တနိ။၄၃၁။ သုတ္တနိ၊ ၅။၂။၂၅၈။ မဟာနိ၊ ၄။၂၂၆။

ဗုဒ္ဓခေတ်ကိုလွန်၍ သာသနာပြုမထေရ်မြတ်တို့လက်ထက်သို့ရောက်သောအခါ အေဒီ ၄–ရာစုခန့်တွင် မြောက်ပိုင်းဗုဒ္ဓဘာသာအုပ်စုအတွင်း၌ ဝိညာဏဝါဒခေါ် ယောဂါစာရဂိုဏ်းကိုတည်ထောင်သူ၊ ယောဂါစာရဘူမိသျှတ္တရ(*Yogācārabhūmi Śāstra*)ကျမ်းကိုပြုစုသူ မေတ္တေယျနာထအမည်ရှိသောပုဂ္ဂိုလ်တစ်ဦး ပေါ်ထွန်းလာခဲ့၏။*၂

အေဒီ ၁၅–ရာစုတွင် သီရိလင်္ကာနိုင်ငံ ဝိဒါဂမ(*Vīdāgama*)ဒေသရှိ မဟာနေတြပြဿဒမူလကျောင်း၌ မေတြေယျမဟာထေရ်ဟူသောအမည်ရှိ ကဗျာလင်္ကာအဖွဲ့အစွဲ၌ကျွမ်းကျင်လိမ္မာသောစာပြုမထေရ်တစ်ပါး ပေါ်ထွန်းလာခဲ့၏။ ထိုပုဂ္ဂိုလ်သည် (၁) ဗုဒ္ဓဂုဏာလင်္ကာရ(*Buduguṇālankāraya*)၊ (၂) လောဝဒသံဂရာဝ(*Lōvadasaṅ garāva*)နှင့် (၃) မာဏိက္ကမာလ–အမည်ရှိသော ဗုဒ္ဓဘာသာဆိုင်ရာကဗျာလင်္ကာသုံးကျမ်းကို ပြုစုခဲ့သည်။*၃

အေဒီ ၂၀–ရာစုတွင် သီရိလင်္ကာနိုင်ငံ၌ 'မေတ္တေယျ' ဘွဲ့မည်တော်ရှိသော ပညာရှင်မထေရ်ကြီးတစ်ပါး ပေါ်ထွန်းခဲ့ပါသည်။ ထိုမထေရ်ကြီး၏ဘွဲ့မည်အပြည့်အစုံမှာ *Banlaṅgoda Ānanda Metteyya*(အေဒီ ၁၈၉၆–၁၉၃၈)ဖြစ်ပါသည်။ (ဘလဲဂေါဒ အာနန္ဒမေတ္တေယျ)ဖြစ်ပါသည်။ ဤဆရာတော်ကြီးကို မြန်မာနိုင်ငံက အဂ္ဂမဟာပဏ္ဍိတနှင့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ဆက်ကပ်ခဲ့သည်။ ဆဋ္ဌသံဂါယနာ(အေဒီ ၁၉၅၄–၅၆)တင်စဉ် အခါက သီရိလင်္ကာနိုင်ငံမှကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံသို့ကြွရောက်ကာ သာသနာ့ဂိစ္စရေးရာများကို ဆောင်ရွက်ပေးတော်မူခဲ့ပါသည်။ ထိုမေတ္တေယျဆရာတော်ကြီးကို ၁၈၉၆–ခုနှစ်၊ ဩဂုတ်လ ၂၅–ရက်နေ့တွင်

---

*၁ *M. Winternitz' A History of Indian Literature. Vol.I. 1927. Page-229, 255 f, 545.*

*၂ *T.O. Ling' A Dictionary of Buddhism. 1972. Page-28; Seeker's Glossary of Buddhism. 1998. Page-355.*

*၃ ထိုသုံးကျမ်းတွင် ဗုဒ္ဓဂုဏာလင်္ကာရကို ဆရာပါရဂူက 'ဒေသစာရီ ဝေသာလီ' ဟူသော အမည်ဖြင့် မြန်မာဘာသာသို့ပြန်ဆိုခဲ့၏။ ဆရာပါရဂူ၏ ဒေသစာရီဝေသာလီ။ ၁၉၉၉–ခုနှစ်။ (စာမျက်နှာ–၁)။ *Godakumbura' Sinhalese Literature. 1955. Page-8.*

http://www.dhammadownload.com

သီရိလင်္ကာနိုင်ငံ ဘလဲဂိုဒမြို့အနီး ကိရိန္ဒဂလရွာကလေးဌာဖွားမြင်ခဲ့ပါသည်။ ငယ်မည်မှာ *William Puchi Mahattaya* ဖြစ်သည်။ အသက်(၁၄)နှစ်အရွယ်၌ သာမဏေဝတ်ခဲ့ပါသည်။ ၁၉၁၆–ခုနှစ်တွင် ဥပသမ္ပဒကံဆောင် ရဟန်းဘောင်ဝင်ခဲ့ပါသည်။ ၁၉၂၂–ခုနှစ်တွင် အာနန္ဒာကောလိပ်၌ဆရာဖြစ်ခဲ့သည်။ တစ်ဖန် ကိုလံဘိုမြို့ နာလန္ဒကောလိပ်၌ ပညာလည်းသင် ဆရာလည်းလုပ်ခဲ့သည်။ ၁၉၂၆–ခုနှစ်တွင် အင်္ဂလန်, ပြင်သစ်, ဆွီဒင်, ကနေဒါ, မလေးရှား, မြန်မာ, ဂျပန်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံများသို့သာသနာပြုကြွခဲ့ပါသည်။ ဗုဒ္ဓဘာသာဆိုင်ရာ ပါဠိစာပေကျမ်းကန်များစွာကို ရေးသားခဲ့သည်။ ၁၉၅၄–ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ၌ သဒ္ဓမ္မဇံသဂိုဏ်း၏သံဃနာယကာ၊ ၁၉၆၆–ခုနှစ်တွင် ဝိဇ္ဇောဒယတက္ကသိုလ်၏အဓိပတိဖြစ်တော်မူခဲ့ပါသည်။ ၁၉၉၈–ခုနှစ်၊ ဇူလိုင်လ ၁၈–ရက်၊ သက်တော်(၁၀၂)နှစ်၌ ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါသည်။[*၁]

လွန်ခဲ့သောအနှစ်–၂၀ (၁၉၇၉–ခုနှစ်ခန့်)က အင်္ဂလန်နိုင်ငံ၊ နော့တင်ဟမ်စက်မှုထွန်းကားရာမြို့လေး၏ အပြင်ဘက်၌ ဂျပန်ရိုးရာထုံးတမ်းစဉ်လာအတိုင်းမွမ်းမံပြုပြင်ထားသော ဗုဒ္ဓဘာသာဥယျာဉ်ရိပ်သာကြီးတစ်ခု တည်ရှိပြီး၊ ထိုရိပ်သာ၌ လူသားများ၏စိတ်အာရုံအေးချမ်းငြိမ်းအေးမှုအပြည့်အဝရစေရန် ကမ္မဋ္ဌာန်းတရားပြသ ပေးနေကြောင်းသိရသည်။ ထိုနော့တင်ဟမ်ဗုဒ္ဓဥယျာဉ်ကမ္မဋ္ဌာန်းဌာနကိုတည်ထောင်သူမှာ ဂျပန်လူမျိုး ဘုန်းတော်ကြီး ဗုဒ္ဓမေတ္တေယျ–အမည်ရှိသည်ဟူ၍ သိရပါသည်။[*၂]

ဤကား မေတ္တေယျအမည်တော်ရှိသောပုဂ္ဂိုလ်အချို့၏အကြောင်းအရာကို လက်လှမ်းမီသရွေ့တင်ပြခြင်း ဖြစ်သည်။ ထိုအမည်ဖြင့် ထင်ရှားသော မထင်ရှားသောပုဂ္ဂိုလ် များစွာရှိနိုင်ပါသေးသည်။

❁ ❁ ❁ ❁ ❁

*၁ *C.Wickramagamage' Banlangoda Ananda Metteyya. In Encyclopaedia of Buddhism. Vol.VI. Fascicle 4. 2002. Page-673.*

*၂ သတင်းစဉ်။ ၁၉၉၉–ခုနှစ်၊ ဇူလိုင်လ ၃၁–ရက်စွဲထုတ် ကြေးမုံသတင်းစာမှ။

http://www.dhammadownload.com

အခန်း (၁၂)
မေတ္တေယျဗုဒ္ဓဝင်ကျမ်းများ (၁)

ဂေါတမဘုရားရှင်၏ဖြစ်တော်စဉ်ကိုဖော်ပြသော ဂေါတမဗုဒ္ဓဝင်ကျမ်းတွင် မူလဖြစ်သော သုတ္တန္တ ပိဋကာ၊ ခုဒ္ဒကနိကာယ်လာဗုဒ္ဓဝံသပါဠိတော်နှင့် ဗုဒ္ဓဝံသအဋ္ဌကထာ၊ လလိတဝိတ္ထရ(*Lalitavistra*) ဗုဒ္ဓစရိတ(*Buddhacarita*) ဖိနာလင်္ကာရ(ငိုကာ)[*၁]၊ ဖိနစရိတ[*၂]၊ ဖိနဝံသဒီပ[*၃]၊ တထာဂတုပ္ပတ္တိ[*၄]၊ တထာဂတဥာဒါနဒီပနီ[*၅] မာလာလင်္ကာရ[*၆]၊ ဖိနတ္ထပကာသနီ[*၇]၊ မဟာဗုဒ္ဓဝင်ဝတ္ထု[*၈]၊ မူလဗုဒ္ဓဝင်ဝတ္ထု[*၉]– စသည်ဖြင့် ဂေါတမဗုဒ္ဓဝင်ကျမ်းအစောင်စောင်ရှိခဲ့သလို၊ မေတ္တေယျဘုရားရှင်၏ဖြစ်တော်စဉ်ကို ဖော်ပြသော မေတ္တေယျဗုဒ္ဓဝင်ကျမ်းတွင်လည်း ဗုဒ္ဓဝင်ကျမ်းအစောင်စောင်အမျိုးမျိုး ရှိပေလိမ့်မည်။

---

*၁ ပထမပရဏ္ဏာသမာဟုမင်းလက်ထက် (အေဒီ ၁၁၅၃–၁၁၈၆ ခုနှစ်) အရှင်ဗုဒ္ဓရက္ခိတရေး ဖိနာလင်္ကာရပါဠိနှင့် ဖိနာလင်္ကာရဋီကာ (=သာဓုဇနာနန္ဒဒါနဒီပနီကာ)။

*၂ စတုတ္ထဝိဇယဗာဟုမင်းလက်ထက် (အေဒီ ၁၂၂၅–၁၂၂၉ ခုနှစ်) အရှင်မေဓင်္ကရရေး ဖိစုစရိတပါဠိ။ အချို့က ဝိယဗောဟု(၂) (၁၂၃၂–၁၂၃၆)၊ ဘုဝနေကဗာဟု(၁) (၁၂၇၃–၈၄)ဟုလည်းခန့်မှန်းကြသည်။

*၃ အရှင်မေဓာဝုန္ဒ (အေဒီ ၁၈၇၈–၁၉၂၉ ခုနှစ်)ရေး ဖိနဝံသဒီပပါဠိ။

*၄ ပုဂံခေတ် အရှင်ဉာဏကိတ္တိရရေး တထာဂတုပ္ပတ္တိကျမ်း–ဦးယဲ၏ ပိဋကတ်သမိုင်းစာတန်း၊ အမှတ်စဉ်–၃၄၇။ ရန်ကုန်မြို့၊ တက္ကသိုလ်များဗဟုသုတဂြန္ထသတ်တိုက်၌ (၁) ပိဋကတ်တော်မ ဓမ္မဒုန္ဒဟေရိစိရင်သော တထာဂတုပ္ပတ္တိ (တစေ–၁၁၆၆၀)၊ (၂) ဌင်းကျမ်းအဖွင့် ပုဂံမြို့ ဉာဏကိတ္တိထေရ်စိရင်သော နိဒါနဝဏ္ဏနာပါဠိနိဿျ(တစေ–၆၆၂၃)ဟု နှစ်ကျမ်းရှိသည်။ ဦးမောင်မောင်ညွန့်၏မြန်မာနိုင်ငံပါဠိနှင့်ပိဋကတ်စာပေသမိုင်းသစ်။ ၂၀၀၃–ခုနှစ်။ (စာမျက်နှာ–၂၀၂)။

*၅ အေဒီ ၁၇၀၁–ခုနှစ်၊ ဒီပယင်းမြို့၊ သိရိသဒ္ဓမ္မာဘိလင်္ကာရဒီပယင်းဆရာတော်ကြီးရေး တထာဂတဥာဒါနဒီပနီကျမ်း။ ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်က ၁၉၁၄–ခုနှစ်တွင် နှစ်တွဲခွဲ၍ရိုက်ခဲ့ပြီး၊ ၁၉၅၈–ခုနှစ်တွင် အတွဲ(၅)တွဲ၊ စာမျက်နှာပေါင်း(၁၄၁၅)ဖြင့် ထပ်မံရိုက်နှိပ်ထားသည်။

*၆ အေဒီ ၁၇၉၁–ခုနှစ်၊ ကပိဝံသာဘိဓေ မဟာဓမ္မရာဇဂုရု ဒုတိယမဲထီးဆရာတော်ရေး မာလာလင်္ကာရကျမ်း။ မော်လမြိုင်မြို့ *Advertiser* ပုံနှိပ်တိုက်က ၁၈၇၃–ခုနှစ်တွင်ရိုက်နှိပ်ခဲ့သည်။

*၇ ရွှေတောင်မြို့ ကိုးသဲလေးထပ်ဆရာတော်ကြီးရေး ဖိနတ္ထပကာသနီကျမ်း။ ရန်ကုန်မြို့ ရာမညတိုင်းပုံနှိပ်တိုက်က ၁၈၈၀–ပြည့်နှစ်တွင်ပုံနှိပ်ခဲ့သည်။

*၈ ဘကြီးတော်မင်းလက်ထက် အာဒိစ္စဝံသာဘိဓေ မဟာဓမ္မရာဇာဓိရာဇဂုရု ပထမငါးခုနှစ်ဆရာတော်ရေးသော မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီးကိုအပြီးမသတ်၍ ဟသ်ာတမြို့၊ စတုတ္ထမြစ်ကွေးဆရာတော်ဦးပညာဝံသ ဆက်၍ ရေးသားသည်။ ထိုကျမ်းကို ၁၉၃၀–ခုနှစ်၌ ရန်ကုန်မြို့၊ စမ္မူဒီတ်ဆွေပိဋကတ်ပုံနှိပ်တိုက်က သုံးကျမ်းခွဲ၍ ရိုက်နှိပ်သည်။ စမ္မူဒီတ်ဆွေဗုဒ္ဓဝင်–ဟုလည်းတွင်သည်။

*၉ ကျမ်းပြုပုဂ္ဂိုလ်၏ဘွဲ့အမည်ကိုမသိရသော်လည်း ရှေးရေး ဝင်ကိုးဝင်ကျမ်းတို့တွင် ရှေးဦးဆုံးကျမ်းဖြစ်သည်။ ထိုကျမ်းကို မြန်မာစကားပြေပြေဖြင့်ရေးထားသည်။ ၁၉၀၇–ခုနှစ် ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်ရိုက် မူလဗုဒ္ဓဝင်ဝတ္ထုနိဒါန်းတွင် 'သီဟဠဘာသာဖြင့် အရှင်မဟာဥပတိဿမထေရ် ရေးသောမူကို မြန်မာဘာသာပြန်ထားကြောင်း' ဖော်ပြထားသည်။ အရှင်ဥပတိဿဘွဲ့မည်ဖြင့် (၁) မဟာဝံသဋီကာကျမ်းပြု၊ (၂) ဝိနယရေ၊ (၃) မဟာဗောဓိဝံသကျမ်းပြု၊ (၄) အနာဂတဝံသအဋ္ဌကထာကျမ်းပြု၊ (၅) ဝိမုတ္တိမဂ္ဂကျမ်းပြု၊ (၆) မဟာနိဒ္ဒေသ အဋ္ဌကထာကျမ်းပြု–ဟူ၍ ဘွဲ့မည်တူဥပတိဿခြောက်ပါးရှိ၏။ *DPPN.I. 391[7]-392[12].*

http://www.dhammadownload.com

ထိုသို့မေတ္တေယျဘုဒ္ဓဝင်ကျမ်းများစွာရှိရာတွင် မြန်မာနိုင်ငံ၌ အနာဂတဝံသ(အနာဂတဝင်)ကျမ်း အနာဂတဝံသအဋ္ဌကထာ၊ အနာဂတဝံသဋီကာနှင့် ဒသဘုဒ္ဓအနာဂတဝင်ကျမ်း၊ သီရိလင်္ကာနိုင်ငံ၌ အနာဂတဝံသ ဒေသနာ၏, မေတ္တေယျဝတ္ထု, မေတေယ္ယဒုစရိတနှင့်ဒသဗောဓိသတ္တုပ္ပတ္တိကထာကျမ်း၊ လာအိုနိုင်ငံ၌ ဒသအနာဂတဘုဒ္ဓဝံသနှင့် အနာဂတဝံသ၊ ကမ္ဘောဒီးယားနိုင်ငံ၌ အနာဂတဝံသ၊ အနာဂတဒသဘုဒ္ဓဝံသ၊ ဒသဗောဓိသတ္တုဥဒ္ဒေသ၊ အမတရသဓာရဝဏ္ဏနာ(အနာဂတဝံသအဋ္ဌကထာ)နှင့် အမတရသဓာရဋီကာ(အနာဂတဝံသဋီကာ)၊ ထိုင်းနိုင်ငံ၌ အနာဂတဝံသနှင့် သမန္တဘဒ္ဒကာအမည်ရှိသော အနာဂတဝံသအဋ္ဌကထာကျမ်းနှင့်အနာဂတဝံသဋီကာ၊ ဒသဘုဒ္ဓါနာဂတဝံသကျမ်း, မေတ္တေယျဝံသကျမ်းနှင့် ဒသဗောဓိသတ္တုဒ္ဒေသကျမ်း တရုတ်, ဂျပန် စသောနိုင်ငံများ၌ Mi-Lo (P'u-Sa) Hsia Sheng Ching၊ အာရျအလယ်ပိုင်းဒေသ၌ အာရ်ယမဲတြေယမျာကရဏ (Ārya Maitreya Vyākaraṇa)၊ မဲတြေယသမိတိ (Maitreya- Samiti) စသည်ဖြင့် သူ့ဒေသနှင့်သူ သူ့ဘာသာစကားနှင့်သူ မေတ္တေယျရှင်တော်အကြောင်းရေးသားဖော်ပြထားကြသော မေတ္တေယျဘုဒ္ဓဝင်ကျမ်းများစွာရှိလေသည်။ မေတ္တေယျဘုဒ္ဓဝင်ကျမ်းများစွာရှိရာတွင် အထင်ရှားဆုံးလည်းဖြစ် မြန်မာနိုင်ငံ၌လည်းအသိများပြီးလည်းဖြစ်သော အနာဂတဝံသ(အနာဂတဝင်)ကျမ်းအကြောင်းကို မိတ်ဆက်တင်ပြလိုပါသည်။

အနာဂတ

အနာဂတဝံသ–ဟူသောပါဠိဝေါဟာရသည် 'အနာဂတ'နှင့် 'ဝံသ'ဟူသော ဝေါဟာရနှစ်ရပ်ကိုပေါင်းစပ်ထားခြင်းဖြစ်သည်။ ထို'အနာဂတ'သည် ပါဠိသက်မြန်မာဝေါဟာရတွင် 'အနာဂတ်'ဖြစ်လာသည်။

အနာဂတ–ဟူသည်ကား 'မရောက်သေးသော၊ လာလတ္တံ့,ရောက်လတ္တံ့သော'ဟုအဓိပ္ပာယ်ရှိသည်။[*၁] ဤအဓိပ္ပာယ်ကိုရည်၍ပင် ရှေးသီဠိစသောပါဠိသဒ္ဒါကျမ်းတို့၌ 'န အာဂတော အနာဂတော'ဟု အဓိပ္ပာယ်ဖွင့်လေသည်။[*၂] စင်စစ် မရောက်သေးသော–ဟူရာ၌ မရောက်သေးသောကာလကိုသာမဟုတ်၊ မရောက်သေးသောတရား၊ မရောက်သေးသောအဖြစ်အပျက်တို့ကိုလည်း 'အနာဂတ'ဟုဆိုနိုင်သည်ပင်။ သို့ပါသော် 'အနာဂတ်ကာလ၌ ရောက်သင့်,ဖြစ်သင့်ခြင်းရှိသောကြောင့်သာလျှင် အနာဂတသဒ္ဒါဖြစ်သင့်၏။ နိဗ္ဗာန်ကိုလည်းကောင်း, ပညတ်ကိုလည်းကောင်း အနာဂတဟုမဆိုအပ်'ဟူ၍ ဝဇိရဗုဒ္ဓိဋီကာ၌ဖွင့်ဆိုပြန်ပါသည်။ ဝဇိရ၊ ၂၈၁။

အကြောင်းမှာ အချို့သောတရားတို့သည် လက်ငင်းမရောက်သေး,မဖြစ်သေးဘဲ ရောက်လတ္တံ့,လာလတ္တံ့, ဖြစ်လတ္တံ့ဟူသော်လည်း ရံဖန်ရံခါ၌ ရှောင်လွှဲသွားကြသည်များလည်းရှိကြ၏။[*၃] သို့ဖြစ်၍ ကောန်မုချဖြစ်မည့်, ရောက်မည့် အဖြစ်အပျက်, တရား–စသည်တို့ကိုသာလျှင် အနာဂတဟူ၍လည်းကောင်း၊ အနာဂတနှင့်စပ်၍လည်းကောင်းဆိုသင့်ကြောင်းကို သီလက္ခန်ဋီကာသစ်ဆရာက မိန့်ဆိုထားခြင်းဖြစ်သည်။[*၄]

ပွင့်တော်မူမည့် မေတ္တေယျဘုဒ္ဓဘုရားရှင်၏အကြောင်းအရာတို့သည်ကား ဂေါတမဘုရားရှင်က ဗျာဒိတ်ကြားပြီးဖြစ်သည့်အားလျော်စွာ နောင်အခါ ကောန်မုချပွင့်တော်မူမည့်၊ ဖြစ်ပေါ်လာမည့်အကြောင်းအရာများဖြစ်ပါသဖြင့် ထိုမေတ္တေယျဘုရားရှင်နှင့်စပ်သောအကြောင်းအရာတို့သည် အနာဂတ(တစ်နည်း) အနာဂတ်ကာလနှင့်သက်ဆိုင်သည်ဟူ၍ မှတ်ယူရမည်။

---

*၁ ဒဂုန်ဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရအဘိဓာန်။ ၁၉၆၈–ခုနှစ်။ (စာမျက်နှာ–၃၉၁)။ not come yet, i.e.a future- DPTS. 1959. Page-31.

*၂ အရှင်ဗုဒ္ဓဓိယ၏ ရူပသိဒ္ဓိပါဌ်။ ၁၉၅၇–ခုနှစ်။ (စာမျက်နှာ–၂၈)။

*၃ အနာဂတ်ဝိသေသ, အနာဂတ်သာမည– စသည်ဖြင့် ရှိသေး၏။ အနာဂတဝိသေသောတိ ဧ အာဘာဝိတော မဂ္ဂေ ဥပ္ပန္နဒုက္ခရဟော အနုန္တ ရဓာတိ ဘေဒေါ– သီဠိဋီးသစ်။၂။၁၅၉။

*၄ ပဌမဝါဒီနာမိ ဟိ ဣဒေလောကပရိယာပန္နသ အတ္ထေနော ပရံ မရဏာ ဥဒ္ဓေဒေါ အနာဂတကာလဝသေနေဝ အဓိပ္ပေတော– သီဠိဋီးသစ်။၁။၄၅၁။

http://www.dhammadownload.com

ဝံသ

ဝံသ–ဟူသည်ကား 'အမျိုးအနွယ်(race)၊ အစဉ်အဆက်(lineage)၊ အနွယ်အဆက်(tradition)'–စသည့်အဓိပ္ပာယ်ရှိသော ပါဠိဝေါဟာရဖြစ်သည်။[*၁] ပါဠိဝေါဟာရ'ဝံသ'ကို မြန်မာစာပေ၌ 'ဝင်'ဟု ပါဠိသက်ဝေါဟာရအဖြစ်သုံးစွဲသည်။ ဤနေရာ၌ 'ဝံသ'သည် ကျမ်းဂန်စာပေသဘောဖြစ်ရကား သက္ကတဘာသာ၌လည်း 'ဝံဂ (vaṃśa. SED-910.)'ဟူသော ကျမ်းအမျိုးအစားကိုတွေ့ရပြီး အလွန်ရှေးကျသော ဝေဒခေတ်အခါကပင် ဝံသကျမ်းများရှိခဲ့သည်။ ပမာအားဖြင့် ဗြာဟ္မဏာဆရာကြီးများ အစဉ်အဆက်ကိုပြသော 'ဝံသဗြာဟ္မဏ'ကျမ်းမှာ အထင်အရှားဖြစ်သည်။ ဂျိန်းဘာသာ၌လည်း ဂျိန်းဘုရားရှင်တို့၏အစဉ်အဆက်ကိုပြသော ဂျိန်းကပ္ပသုတ္တဟု ရှိသည်။[*၂] ပါဠိစာပေ၌လည်း ဘုရားရှင်တို့၏အစဉ်အဆက်ဖြစ်စဉ်ကိုပြသော ဗုဒ္ဓဝံသ(တစ်နည်း)ဗုဒ္ဓဝင်မှာ သုတ္တန္တ ပိဋကာ၊ ခုဒ္ဒကနိကာယ်တွင် တစ်ဆယ့်သုံးကျမ်းမြောက်အဖြစ်တည်ရှိနေပေသည်။ ထို့ပြင် မင်းစဉ်မင်းဆက်တို့အကြောင်းကိုဖော်ပြသော ရာဇဝံသ(တစ်နည်း)ရာဇဝင်၊ မင်းအနွယ်အဆက်တသီတတန်းကိုပြသော မဟာဝံသ(တစ်နည်း) မဟာဝင် (Great Chronicle) ဟု ခေါ်ဆိုကြပြန်ပါသည်။ စေတီပုထိုးတို့၏သမိုင်းစဉ်ကိုပြသော ထူပဝံသ–စသည်လည်းရှိသည်။

အနာဂတဝံသ

အနာဂတဝံသဟူသည် 'အနာဂတ်ကာလ၌ပွင့်တော်မူကြမည့် ဘုရားရှင်တို့၏ဖြစ်စဉ်,အကြောင်းအရာ' အဓိပ္ပာယ်ရှိကြောင်းကို အနာဂတဝံသအဋ္ဌကထာ၌ဖွင့်ဆိုဖော်ပြထားသည်။[*၃] ထိုကျမ်းကို မြန်မာစာပေလောကသူ ဝင်ကိုးဝင်ကျမ်းစာစုစာရင်းတွင်သွင်းထားပြီး[*၄] 'အနာဂတဝင်'ဟူ၍ ပါဠိသက်မြန်မာဝေါဟာရပြုကာ ခေါ်တွင်ခဲ့ကြ၏။ (အနာဂတဝံသ = အနာဂတ + ဝံသ > ဝင်)။

အနာဂတ်ဟူသောကာလသည် ရေတွက်၍ရစကောင်းသောအရာမဟုတ်သကဲ့သို့ ထိုအနာဂတ်ကာလ၌ ပွင့်တော်မူကြမည့် ဘုရားရှင်တို့၏အရေအတွက်မှာလည်း ရေတွက်မကုန်၊ ဂင်္ဂါမြစ်အတွင်းရှိ သဲလုံးမြေလုံးမကများပြားလှပေသည်။ သို့ပါ၍ 'အနာဂတဝင်–ဟုဆိုကာမှုဖြင့် မေတ္တေယျရှင်၏ဗုဒ္ဓဝင်ဟူ၍ အဘယ့်ကြောင့်ဆိုနိုင်ပါသနည်း?၊ နောင်ပွင့်လတ္တံ့ဖြစ်သော အခြားသောဘုရားရှင်တို့၏ဗုဒ္ဓဝင်လည်း ဖြစ်နိုင်သည်ပင်မဟုတ်ပါလား'–ဟူ၍ မေးဖွယ်ရှိလေသည်။

ဗုဒ္ဓဝံသပါဠိတော်ကိုဖွင့်ဆိုတော်မူခဲ့သော ဗုဒ္ဓဝံသအဋ္ဌကထာ၌ ကျမ်းပြုဆရာအရှင်ဗုဒ္ဓဒတ္တသည် ဗုဒ္ဓဝံသဟူသော ဤပါဠိတော်ကျမ်းသည် ဤကမ္ဘာမှပြန်၍ရေတွက်သော် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကာလထက်ကျာဒိတ်တော်ရခဲ့၍ ပါရမီစာဂိအလီလီတို့ကိုဖြည့်ကျင့်ဆည်းပူးခဲ့သော ဂေါတမမြတ်စွာဘုရား၏ဖြစ်စဉ်ဗုဒ္ဓဝင်

---

*၁ DPTS. 1959. Page-590.

*၂ ခေါ်ခင်ခင်လှိုင်၏ မဟာဝံသနိဒါန်း(ဆောင်းပါး)။တက္ကသိုလ်ပညာပဒေသာစာစောင်။ အတွဲ–၂၊ အပိုင်း–၄။ ၁၉၆၇–ခုနှစ်။ (စာမျက်နှာ–၂၂၇)။

*၃ အနာဂတေ ဘဝိတမ္ဗော ဝံသော အနာဂတဝံသော (တစ်နည်း) အနာဂတဿ ဝံသော အနာဂတဝံသော– အနာဂတဝံသအဋ္ဌကထာ။

*၄ မြန်မာစာပေလောကသူ ဗုဒ္ဓဝင်၊ မဟာဝင်၊ စူဠဝင်၊ ဒီပဝင်၊ ထူပဝင်၊ ဇေါတိပြည်ဝင်၊ အနာဂတဝင်၊ နလာဋစောတုဝင်၊ ဒါဋ္ဌာဓာတုဝင်–ဟု ဝင်(ကိုး)ဝင်ရှိသည်။ သုခမုတ်စု။ ၁၉၇၇–ခုနှစ်။ (စာမျက်နှာ–၂၀၁)။ အရှင်ဩဘာသာဘိဝံသ၏သုတေသနသရုပ်ပြအဘိဓာန်။ ၂၀၀၂–ခုနှစ်။ (စာမျက်နှာ–၅၄၃)။ ဗုဒ္ဓဝင်၊ အနာဂတဗုဒ္ဓဝင်၊ ဓာတုဝင်၊ ရာဇဝင်ကြီး၊ ရာဇဝင်ငယ်၊ ဒီပဝင်၊ မဟာဝင်၊ မောဓိဝင်၊ စေတိဝင်– အရှင်ဦးဥတ္တမသာရ၏ ဗျေပြည်ဝင်စာတမ်း(ဆောင်းပါး)။ တိုးတက်ရေးစာစောင်၊ အမှတ်–၈၂။ ၁၉၄၀–ပြည့်နှစ်။ (စာမျက်နှာ–၂၀)။ ရဒိုင်စာပေ၌ သက္ကရာဇ် ၁၂၁၉–ခုနှစ် (အေဒီ–၁၈၅၇)တွင်ရေးသော 'ဝင် ၃၀–ကျမ်း(ပေမူ)'ရှိကြောင်း– ဦးသာထွန်း၏မြောက်ဦးမြို့ဘုရားသမိုင်း။ ၁၉၄၀–ပြည့်နှစ်။ (စာမျက်နှာ–၄၃)။

http://www.dhammadownload.com

အဖြစ်ကိုသာဖွင့်ဆိုထားသကဲ့သို့ပင်၊ အနာဂတဝင်အဋ္ဌကထာကျမ်းပြုဆရာတော်အရှင်ဥပတိဿမထေရ်မြတ်သည်လည်း 'အနာဂတဝင်ကျမ်းဟုဆိုရာတွင်လည်း မေတ္တေယျဘုရားရှင်၏ဗုဒ္ဓဝင်ဘုရားဖြစ်စဉ်ကိုပြသောကျမ်းသာဖြစ်ကြောင်း'[*၁] ကို အနာဂတဝံသအဋ္ဌကထာဋီကာဖွင့်ဆိုထားပြီးဖြစ်ပါသည်။ ဤနေရာ၌ မှတ်သားဖွယ်တစ်ရပ်မှာ ဒီပင်္ကရာဘုရားလက်ထက် သုမေဓာရှင်ရသေ့ဗျာဒိတ်ကြားစဉ်အခါက ဂေါတမဗုဒ္ဓဝင်ကို မပွင့်သေးသောဘုရားရှင်၏ဗုဒ္ဓဝင်ဖြစ်သဖြင့် အရှင်မဟာသီလဝံသက ပါရမီတော်ခန်းပျို့(အပိုဒ်-၆)တွင် 'အနာဂတဝင်' ဟုရေးဖွဲ့ခဲ့ခြင်းပင်ဖြစ်သည်။ ရေးဖွဲ့ပုံမှာ- 'ငါသို့လည်းကောင်း၊ မြတ်ရာချောင်းလျက်၊ ဆုတောင်းဤသူ၊ ရသေ့ဖြူကား၊ ချူတုံသင်းသီး၊ အလိုင်းကြီးစွ၊ ပြီးစီးပိမ့်လော၊ နီးပိမ့်လောဟု၊ နစ်နောတိုင်အောင်၊ ယခေါင်ကမ္ဘာ၊ ကြာမြင့်စွာလည်း၊ နာဂတဝင်၊ စဉ်တိုင်းပင်ကို' ဟုဖြစ်သည်။[*၂]

အနာဂတဝံသကျမ်းတွင်လည်း- (၁) အနာဂတဝံသပါဠို၊ (၂) ထိုအနာဂတဝံသပါဠိကိုဖွင့်ဆိုသော အနာဂတဝံသအဋ္ဌကထာ(သမန္တ ဘဒ္ဒိကာ)နှင့် (၃) ထိုအနာဂတဝံသအဋ္ဌကထာကိုထပ်ဆင့်ဖွင့်ဆိုသော အနာဂတဝံသဋီကာ-ဟူ၍ သုံးကျမ်းရှိလေသည်။

အနာဂတဝံသကျမ်း[*၃]

အနာဂတဝံသပါဠိတော်ကျမ်းအကြောင်းကို မိုင်းခိုင်းအတွင်းဝန်ဦးယံ(အေဒီ ၁၈၁၅-၁၈၉၁)က ပိဋကတ်သမိုင်းစာတန်း(အပိုဒ်-၃၃၃) ၌ အောက်ပါအတိုင်းရေးသားထားခဲ့သည်။

> အနာဂတဝင်ပါဠိတော်-မှာ ဗုဒ္ဓဝင်ပါဠိတော်ကို ဟောတော်မူသည့်အဆုံး၌ ရှင်သာရိပုတြာတောင်းပန်၍ ဘုရားရှင်ဟောတော်မူကြောင်းနှင့် အဋ္ဌကထာဖွင့်ပြသည်။[*၄]-ဟုဖြစ်သည်။

ဦးယံ၏မှတ်တမ်းအရ 'မြတ်စွာဘုရားရှင်သည် ဗုဒ္ဓဝင်ပါဠိတော်ကို ဟောတော်မူပြီးသည့်နောက် အရှင်သာရိပုတ္တရာမထေရ်တောင်းပန်၍ အနာဂတဝံသပါဠိတော်ကိုဟောတော်မူခဲ့သည်၊ အဋ္ဌကထာ၌လည်း ဖွင့်ပြခဲ့သည်'ဟုမှတ်ယူရန်ဖြစ်သည်။[*၅] သို့ပါသော် မြတ်စွာဘုရားရှင်သည် ဗုဒ္ဓဝင်ပါဠိတော်ဟောတော်မူပြီးသည့်နောက် အနာဂတဝင်ပါဠိတော်ကိုဟောကြားတော်မူကြောင်းကို ပိဋကတ်ပါဠိတော်, အဋ္ဌကထာတို့၌ တစိုးတစေ့မျှဖော်ပြခဲ့ခြင်းမရှိပေ။

---

*၁ အနာဂတော ဝံသော အနာဂတဝံသော၊ မေတ္တေယျဘာဂဝတော ဝံသောတိ အတ္ထော- အနာဂတဝံသအဋ္ဌကထာ။ တိပိဋက ပါဠို-မြန်မာအဘိဓာန်၊ အတွဲ-၁။ ၁၉၆၄-ခုနှစ်။ (စာမျက်နှာ-၇၀၄)။ ၁၇နှစ်ဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရအဘိဓာန်။ ၁၉၆၈-ခုနှစ်။ (စာမျက်နှာ-၃၉၀)။

*၂ အရှင်မဟာသီလဝံသ၏ ပါရမီတော်ခန်းပျို့။ ၁၉၅၃-ခုနှစ်။ (စာမျက်နှာ-၅၂)။

*၃ အမျိုးသားစာကြည့်တိုက်ပေစာဌာန၌ အနာဂတဝင်ပါဠို(ဘား-၁၀၆၀၊ ဤပုံသည် ဒသဗုဒ္ဓအနာဂတဝင်ဖြစ်သည်။)၊ အနာဂတဝင်ပါဠို(တောင်-၂၃၈၄)၊ အနာဂတဝင်ပါဠို(တောင်-၇၇၅)၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်၌ အနာဂတဝံသပါဠို(တဗစ-၉၂၅၃)၊ အနာဂတဝံသပါဠို (တဗစ-၁၀၂၇၇)၊ အနာဂတဝံသပါဠို(တဗစ-၁၁၅၆၆)-စသည်ဖြင့် အနာဂတဝံသ(ဝင်) ပေမူများစွာရှိသည်။

*၄ ဦးယံ၏ ပိဋကတ်သမိုင်းစာတန်း။ ၁၉၀၅-ခုနှစ်။ (စာမျက်နှာ-၄၉)။

*၅ ဤနေရာ၌ မင်းကြီးဦးယံ၏ ပိဋကတ်သမိုင်းစာတန်း၌ 'ရှင်သာရိပုတြာ တောင်းပန်၍ (အနာဂတဝင်ကျမ်းကို) ဟောတော်မူကြောင်းနှင့် အဋ္ဌကထာဖွင့်ပြသည်'ဟုဖော်ပြထားရာ မည်သည့်အဋ္ဌကထာ၌ဖွင့်ပြထားကြောင်း မဖော်ပြခဲ့ပေ။ အနာဂတဝံသကျမ်းအကြောင်းဖြစ်နေ၍ အနာဂတဝံသအဋ္ဌကထာ၌ ဖွင့်ပြခြင်းဖြစ်နိုင်သည်။ အနာဂတဝံသအဋ္ဌကထာ၌ မြတ်စွာဘုရားရှင်သည် နောင်အခါ အနာဂတဝံသဒေသနာဟောကြားရန် အခွင့်အလမ်းကိုမျှော်၍ ဗုဒ္ဓဝံသပါဠိတော်ကိုဟောပြီးသည့်နောက်၌ မေတ္တေယျရှင်ပွင့်ထွန်းမည့်အကြောင်းကို 'အဟမေတရဟိ' အစရှိသောဂါထာဖြင့် ဟောကြားတော်မူကြောင်း ဖော်ပြထားသည်။

http://www.dhammadownload.com

ဗုဒ္ဓဝင်ပါဠိတော်တွင် နှစ်ကျိပ်လေးဆူသောဘုရားရှင်တို့၏ဗုဒ္ဓဝင်နှင့် ဂေါတမဗုဒ္ဓဝင်တို့ကိုဖော်ပြထားပြီး သည့်နောက်၊ ဗုဒ္ဓပကိဏ္ဏကကဏ္ဍနှင့် ဓာတုဘာဇနီယကဏ္ဍဟူသော အခန်းနှစ်ခန်းကို ဂါထာအားဖြင့်(၃၈)ဂါထာ တို့ဖြင့် တစ်ဆက်တည်းဖော်ပြထားပါသည်။ ထိုဗုဒ္ဓပကိဏ္ဏကကဏ္ဍနှင့် ဓာတုဘာဇနီယကဏ္ဍနှစ်ခုမှာ ဘုရားဟော (ဗုဒ္ဓဘာသိတ)မဟုတ်ဘဲ သံဂါယနာတင်မထေရ်တို့နောက်မှ ထည့်သွင်းထားသည့် ကဏ္ဍနှစ်ခုဖြစ်ကြောင်းကို ပညာရှင်တို့ယူဆခဲ့ကြသည်။*၁ သံဂါယနာတင်မဟာထေရ်တို့ ထည့်သွင်းထားသည်ဆိုသော ထိုကဏ္ဍနှစ်ခုတွင် ဗုဒ္ဓပကိဏ္ဏကကဏ္ဍ၌ ဂါထာပေါင်း(၂၀)ပါရှိပြီး*၂၊ (၁၉)ခုမြောက်ဂါထာတွင်-

> ယခုအခါ ငါဘုရားဖြစ်တော်မူ၏။ မေတ္တေယျမြတ်စွာဘုရားသည်လည်း(နောက်၌)ပွင့်တော်မူလတ္တံ့။ ပညာရှိတော်မူကုန်သော လောကကိုအစဉ်သနားစောင့်ရှောက်တော်မူတတ်ကုန်သော ဤငါးဆူသောဘုရားတို့သည်လည်း ဤဘဒ္ဒကမ္မာ၌ပင် ပွင့်တော်မူကြကုန်၏-ဟူ၍ ဖော်ပြထားသည်။*၃

သံဂါယနာတင်မဟာထေရ်တို့ထည့်အပ်သည်ဟုဆိုသော ထို 'အဟမေတရဟိ သမ္မုဒ္ဓေါ' စသို့သောဂါထာပါ 'မေတ္တေယျရှင် ပွင့်တော်မူလတ္တံ့-' ဟူသောစကားရပ်ကိုရည်ရွယ်၍၊ မင်းကြီးဦးယံက 'မြတ်စွာဘုရားရှင်သည် ဗုဒ္ဓဝင်ပါဠိတော်ကိုဟောတော်မူသည့်အဆုံး၌ ဤအနာဂတဝံသကိုဟောတော်မူသည်'ဟု ရေးမှတ်ခဲ့သည်ဟူ၍လည်း ယူဆနိုင်သည်ပင်။ ဤနေရာ၌ 'အနာဂတဝံသ'ဟူရာ၌ 'မေတ္တေယျဘုရားရှင်ပွင့်လိမ့်မည်'ဟူသော စကားမျှသည်လည်း အနာဂတဝင်ဟုဆိုနိုင်ကြောင်း သတိချပ်ရန်ဖြစ်သည်။

အနာဂတဝံသကျမ်းကို ဘုရားရှင်ဟော,မဟာဟူသောအချက်နှင့်စပ်လျဉ်း၍ မူရင်းဖြစ်သော အနာဂတဝံသ ကျမ်းများ၌လာသော စာသားတို့ကိုလေ့လာကြည့်ပါက-

၁။ အနာဂတဝံသပါဠို(လန်ဒန်မူနှင့်မြန်မာမူ)၌ ဂါထာအမှတ်(၁)၊(၂)နှင့်(၃)တို့တွင်-

> ဓမ္မသေနာပတိဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်မြတ်၏တောင်းပန်လျှောက်ထားချက်အရ မြတ်စွာဘုရားရှင်သည် အဖိတာထေရ်ကိုအကြောင်းပြု၍ အနာဂတဝံသမည်သော မေတ္တေယျဗုဒ္ဓဝင်ကိုဟောတော်မူကြောင်း-ဖော်ပြထားပါသည်။*၄

---

*၁ ပထမငါးခုန်ဆရာတော်၏ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၊ တတိယတွဲ။ ၁၉၃၅-ခုနှစ်။ (စာမျက်နှာ-၅၀)။

*၂ ထိုဗုဒ္ဓပကိဏ္ဏကကဏ္ဍလာဂါထာ(၂၀)ကို ဗုဒ္ဓဝင်အဋ္ဌကထာ(ဆဋ္ဌမူ)၌ (၁၈)ဂါထာအထိကိုသာဖွင့်ဆိုထားပါသည်။ သို့ဖြစ်ပါ၍ ဗုဒ္ဓဝင်အဋ္ဌကထာကျမ်းကိုပြုစုသောအချိန်က ထိုဗုဒ္ဓပကိဏ္ဏကကဏ္ဍ၌ ဂါထာ(၁၈)အထိသာပါရှိပြီး၊ 'အဟမေတရဟိ' အစချီသော ဂါထာ(အမှတ်-၁၉)နှင့် ဂါထာ(အမှတ်-၂၀)တို့ ရှိသေးဟန်မတူ၊ ဗုဒ္ဓဝင်အဋ္ဌကထာရေးပြီးသည့်နောက်မှထည့်ခဲ့ဟန်တူသည်ဟု ပါဠိစာပေပညာရှင်တို့ကဝေဖန်ခဲ့ကြသည်။

*၃ အဟမေတရဟိ သမ္မုဒ္ဓေါ၊ မေတ္တေယျော စာပိ ဟေဿတိ။
တေပိမေ ပဇ္ဇ ဗုဒ္ဓါ၊ ဓီရာ လောကာနုကမ္ပကာ- ဗုဒ္ဓဝံသ။ ၃၈၃။

*၄ * သာရိပုတ္တော မဟာပညော၊ ဥပတိဿော ဓိနာယကော။
ဓမ္မသေနာပတိ ဓီရော၊ ဌပေတွာ လောကနာယကံ။
* အနာဂတံ ဓိနာရဇ္ဇ၊ အပုဿိ ကမ်မတ္တနော။
တုယ္ဟာနုန္တ ရိကော ဓီရော၊ ဗုဒ္ဓေါ ကိဒိသကော ဘဝေ။
ဓိတ္တာရေနေဝဟံ သောတုံ၊ ဣစ္ဆာမာဓိက္ခ စက္ခုမာ။
* ထေရဿ ဝစနံ သုတ္တာ၊ ဘဂဝါ တောဒေဖြဝိ၊
အနုပ္ပကံ ပုညရာသိ၊ အဓိတဿ မဟာယသံ- Minayeff(ed.)' Anāgatavaṃsa. JPTS. 1886. Page-41. စတုတ္ထမြစ်ကွေးဆရာတော် ဦးပညာဝံသ(တည်း)၏ အနာဂတဝံသပါဠိတော်။ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၊ တတိယတွဲ။ ၁၉၃၅-ခုနှစ်။ (စာမျက်နှာ-၁၅၇)။

http://www.dhammadownload.com

၂။ ရန်ကုန်မြို့၊ မောင်ဖိုးမျှင်ပိဋကတ်တိုက်မှ*၁ မှရသော စကားပြေဖြင့်ရှိသည့် မေတ္တေယျသုတ္တ (ခေါ်) အနာဂတဝံသကျမ်း(လက်ရေးမူ)တွင်–

ကပိလဝတ်ပြည် ရောဟနီမြစ်အနီးရှိ နိဂြောဓာရုံကျောင်းတော်၌စံနေတော်မူသော မြတ်စွာဘုရားရှင်အား အရှင်သာရိပုတြာမထေရ်က အနာဂတဝံသပါဠိကိုဟောတော်မူပါရန် လျှောက်ထားကြောင်း– ဖော်ပြထားပါသည်။*၂

၃။ ပြည်ခရိုင်၊ ရွှေတောင်မြို့မှ ပါမောက္ခမိနာယဲ့ဖိရရှိခဲ့သော အနာဂတဝံသပါဠို(ကိုးကြောင်းရေးပေမူ)တွင်–

မြတ်စွာဘုရားရှင်သည် ကပိလဝတ်ပြည်၌ ဗုဒ္ဓဝံသ(ဗုဒ္ဓဝင်တရား)ကိုဟောတော်မူပြီးသည့်နောက် ဓမ္မသေနာပတိအရှင်သာရိပုတြာ၏တောင်းပန်လျှောက်ထားသဖြင့်၊ မိထွေးတော်ပဇာပတိဂေါတမီ လှူဒါန်းသောသင်္ကန်းနှစ်စုံတွင် တစ်စုံသောသင်္ကန်းကိုရတော်မူသော အဖိတထေရ်အား အကြောင်းပြု၍ အနာဂတဝံသပါဠိတော်ကိုဟောတော်မူကြောင်း–ဖော်ပြထားပါသည်။*၃

၄။ အနာဂတဝံသအဋ္ဌကထာ၌လည်း–

(ဂေါတမ)ဘုရားရှင်သည် ကပိလဝတ္ထုသို့ကြွသွား၍ ဗုဒ္ဓဝင်တရားတော်ကိုဟောကြားတော်မူပြီးလျှင် 'ဤဘဒ္ဒကမ္ပာ၌ ကကုသန္ဓ,ကောဏာဂမန,ကဿပ– ဤဘုရားသုံးဆူတို့ပွင့်ခဲ့ကြကုန်ပြီ၊ ယခုငါဘုရားပွင့်တော်မူပြီ၊ မေတ္တေယျဘုရားရှင်လည်းပွင့်တော်မူလတ္တံ့၊ ပညာရှိကုန်သော လောကကို အစဉ်သနားစောင့်ရှောက်သော ဤဘုရားငါးဆူတို့သည်လည်း ဤဘဒ္ဒကမ္ပာ၌ပွင့်တော်မူကြကုန်အံ့'–ဟု အနာဂတဝံသတရားဟောကြားရန်အခွင့်အလမ်းကိုရည်မျှော်၍ မိန့်ကြားတော်မူလေပြီ–ဟူ၍ဖော်ပြထားပါသည်။*၄

---

*၁ အေဒီ ၁၈၈၃–ခုနှစ်၊ ဖေဖော်ဝါရီလ(၂၁)ရက်နေ့တွင် ရန်ကုန်မြို့ ဝိုလ်ချုပ်လမ်းနှင့်ဘုရားလမ်းထောင့်တွင် [ယခု– လသာမြို့နယ် အထက(၁)နေရာ] တွင် ဘားနတ်အခလွတ်ပိဋကတ် (Benard Free Library) ကိုပွင့်လှစ်ရာ ထိုပိဋကတ်တိုက်သို့ ရန်ကုန်မြို့နေ ဦးဖိုးမျှင်က ငွေတစ်သောင်းတန် ပေမူ,ပုရပိုက်မူများလှူဒါန်းခဲ့၏။ ထို ဦးဖိုးမျှင်လှူဒါန်းထားသောစာစုကို မောင်ဖိုးမျှင်ပိဋကတ်တိုက်ဟုဆိုလိုဟန်ရှိသည်။ မောင်ဖိုးမျှင်ပိဋကတ်တိုက်ဟူသောအမည်ဖြင့် သီးခြားပိဋကတ်တစ်ခု ရန်ကုန်မြို့၌မရှိပေ။ ဦးအေးကြူ၏ မြိတိသျှမြန်မာတော်စာကြည့်တိုက်များအဖြေအရ။ ၁၉၇၉–ခုနှစ်။ (စာမျက်နှာ–၄၁)။ တိုက်ဒိုး၏မြန်မာနိုင်ငံစာကြည့်တိုက်ဓလိုး(ဆောင်းပါး)။ ပညာသိုက်။ ၂၀၀၄–ခုနှစ်။ (စာမျက်နှာ–၉၅)။ အင်္ဂလိပ်ခေတ်တွင် အင်္ဂလိပ်တို့က မြန်မာလူမျိုးတို့ကို ကြီးငယ်မဟူ အမျိုးသားတို့၏အမည်ရွေ့က 'မောင်'တပ်၍သာ ခေါ်ကြလေ့ရှိသည်။ ဥပမာ–စန်းကဲ့ မောင်ထော်လေး။ စန်းကဲ့မောင်ခိုင်၊ မောင်မေအောင်–စသည်။

*၂ ဝေံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ ကပိလဝတ္ထုသ္မိံ ဝိဟရတိ နိဂြောဓာရာမေ ရောဟနိယာနာမ နဒိယာ တီရေ။
အထ ခေါ် အာယသ္မာ သာရိပုတ္တော အနာဂတာနံ (ပ) အာဒ္ဒ ဘဂဝန္တံ ပုစ္ဆိ– Minayeff(ed.)' Anāgatavaṃsa. JPTS. 1886. Page-33.

*၃ အယံ ပန အနာဂတဝံသော ကေန ဒေသိတော, ကတ္ထ ဒေသိတော, ကဒါ ဒေသိတော, ကဿ ပဿ, ကမာရဒ္ဒ ဒေသိတော' တိ။ တတြိဒံ ဝိသဇ္ဇနံ။ 'ကေန ဒေသိတော'တိ သမ္မဉ္ဇာ ဉာ ဗုဒ္ဓေန။ ကတ္ထ ဒေသိတော'တိ ကပိလဝတ္ထုနဂရေ။ ကဒါ ဒေသိတော'တိ ဗုဒ္ဓဝံသသာဝသေန။ ကဿပဿာ'တိ မမ္မသေနာပတိနာ။ ကံ အာရဒ္ဒ ဒေသိတော'တိ မဟာပဇာပတိယာ ဂေါတမိယာ ဘဂဝတော ဥပနိတဒုဿယုဂဂ္ဂဟဏေ ကေဒုဿဟဋ္ဌိဟကံ အဒိတတ္ထေရံ အာရဒ္ဒ ဒေသိတော– Minayeff(ed.)' Anāgatavaṃsa. JPTS. 1886. Page-38.

*၄ ကပိလဝတ္ထုံ ဂန္တွာ ဗုဒ္ဓဝံသံ ဒေသေန္တော–
ဣမမ္ဟိ ဘဒ္ဒကေ ကပ္ပေ၊ တယော အာသုံ ဝိနာယကာ။
ကကုသန္ဓော ကောဏာဂမနော၊ ကဿပေါ စာပိ နာယကော။
အဟမေတရှိ သမ္ဗုဒ္ဓေါ၊ မေတ္တေယျော စာပိ ဟောဿတိ။
တေဝိ မေ ပဋ္ဌဗုဒ္ဓါ၊ ဓိရာ လောကာနုကမ္ပကာ'တိ–
အနာဂတဝံသဿ သြကာသံ ဌပေတွာ ဒေသေသိ– အနာဂတဝံသအဋ္ဌကထာ။

http://www.dhammadownload.com

အထက်၌ဖော်ပြခဲ့သောအနာဂတဝံသကျမ်း(ဂါထာနှင့်စကားပြေကျမ်း)နှင့် အနာဂတဝံသအဋ္ဌကထာတို့၌ အဖိတထေရ်ကိုအကြောင်းပြု၍ အရှင်သာရိပုတ္တရာလျှောက်ထားတောင်းပန်သောကြောင့် အနာဂတဝံသကို ဘုရားရှင်ဟောကြားတော်မူကြောင်းရေးသားထားကြရာ၊ ထိုထိုသောကျမ်းစာအထောက်အထားများအရ မင်းကြီးဦးယံသည်လည်း ပိဋကတ်သမိုင်းစာတန်း၌ ဤအချက်ကိုထည့်သွင်းရေးသားခဲ့ဟန်တူလေသည်။ သို့ပါသော် ဗုဒ္ဓဝင်ပါဇိတော်ကိုဟောကြားတော်မူပြီးနောက် အနာဂတဝံသပါဇိတော်ကို ဘုရားရှင်ဟောကြားတော်မူသည်ဟူသော အချက်ကို သံဂါယနာတင်ပိဋကတ်ပါဇိတော်တို့၌ ဖော်ပြခဲ့ခြင်းမရှိသည့်အတွက် ထိုအချက်မှာ စဉ်းစားဖွယ်တစ်ရပ်ဖြစ်လာပါသည်။ ထို့ပြင် မေတ္တေယျလောင်းလျာအဖိတထေရ်သည် ဘုရားရှင်အောက် အသက်ငါးနှစ်ငယ်သော ဗိမ္မိသာရမင်းကြီး၏မြေး (အဇာတသတ်မင်း၏သား)ဟုဆိုထားပြန်ပါသဖြင့် ဤအချက်ကိုလည်း ပညာရှင်တို့မနှစ်သက်ကြပေ။ ဤအကြောင်းတို့နှင့်စပ်၍ တနင်္ဂနွေမင်းလက်ထက်(အေဒီ ၁၇၁၄–၁၇၃၃)၌ ဂဇလအမတ်၏အမေးကို ရှင်ဥက္ကံသမာလာ(အေဒီ ၁၆၆၈–၁၇၃၈?)ဖြေဆိုရာတွင် အဇာတသတ်မင်း၏သား အဖိတရဟန်းဖြစ်ပုံမှာ ယုတ္တိမရှိ၊ အဇာတသတ်မင်းသည်ပင်လျှင် မြတ်စွာဘုရားရှင်ဗုဒ္ဓဝင်တရားတော်ဟောကြားစဉ်က အသက် ၄,၅–နှစ်သားအရွယ်သာအလွန်ရှိနိုင်သည်–ဟု တွက်ချက်ပြသကာ အဇာတသတ်မင်း၏သားဆိုသူ အဖိတ၏ရဟန်းဖြစ်ပုံအကြောင်းတို့ကို ပယ်မြစ်ခဲ့သည်။*၁

စတုတ္ထမြစ်ကွေးဆရာတော်ဦးပညာဝံသကလည်း 'အနာဂတဝံသကျမ်းသည် မိထွေးတော်ဂေါတမီသင်္ကန်းကိုအလှူခံရသော အဖိတရဟန်းအားအကြောင်းပြု၍ မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည်၌ဟောတော်မူသည်မှာ ယုတ္တိသာဓကကင်းမဲ့၍လက်မခံနိုင်ကြောင်း' ဝေဖန်ရေးသားခဲ့လေသည်။*၂

ခေတ်သစ်ပါဠိစာပေပညာရှင်များကမူ ဂန္ဓဝံသ–စသည့် စာပေသမိုင်းကျမ်းတို့ကို ကိုးကား၍ အနာဂတဝံသကျမ်းသည် ဘုရားဟောမဟုတ်၊ အိန္ဒိယနိုင်ငံတောင်ပိုင်းဒေသမှ အရှင်ကဿပ*၃–အမည်ရှိသော မထေရ်တစ်ပါး စီရင်ရေးသားသောကျမ်းသာဖြစ်ကြောင်း တင်ပြကြပါသည်။

ဂန္ဓဝံသကျမ်း၌ အနာဂတဝံသကျမ်းကို အရှင်ကဿပမထေရ်ပြုစုကြောင်းနှင့်စပ်၍–

> မောဟဝိစ္ဆေဒနီ, ဝိမတိစ္ဆေဒနီ, ဗုဒ္ဓဝံသ, အနာဂတဝံသကျမ်းဟူသော ကျမ်းစာလေးစောင်တို့ကို အရှင်ကဿပမထေရ် ရေးသားတော်မူခဲ့သည်–ဟု ဖော်ပြထားပါသည်။*၄

အရည်ဝါသီအရှင်နန္ဒပညာစရိယ၏စူဠဂန္ဓဝံသ၌လည်း–

> ကဿပအမည်တော်ရှိသောဆရာမြတ်သည် မောဟဝိစ္ဆေဒနီ၊ ဝိမတိစ္ဆေဒနီ၊ ဒသဗုဒ္ဓဝံသ, အနာဂတဝံသ၊ (ဤ)လေးခုသောကျမ်းတို့ကိုပြုတော်မူပြီ–ဟုဖော်ပြထားသည်။*၅

---

*၁ ဆန်းထွန်း၏ ဂဇလ(ဆောင်းပါး)။ အတွေးအမြင်။ အမှတ်–၃၇။ ၁၉၈၈–ခုနှစ်။ (စာမျက်နှာ–၁၄)။

*၂ ပထမငါးခုနှစ်ဆရာတော်၏ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၊ တတိယတွဲ။ ၁၉၃၅–ခုနှစ်။ (စာမျက်နှာ–၆၃)။

*၃ DPPN-I. 551[24].

*၄ ကဿပေါ နာမာစရိယော မောဟဝိစ္ဆေဒနီ, ဝိမတိစ္ဆေဒနီ, ဗုဒ္ဓဝံသော, အနာဂတဝံသော'တိ စတုဒ္ဓိမံ ပကရဏံ အကာသိ– Minayeff(ed)' Gandhavaṃsa. JPTS. 1886. Page-60.

*၅ ကဿပေါ နာမာစရိယော မောဟဝိစ္ဆေဒနီ, ဝိမတိစ္ဆေဒနီ, ဒသဗုဒ္ဓဝံသော,အနာဂတဝံသောတိ။ စတုဝိဓံ ပကရဏံ အကာသိ– CD-ROM Version 3. Vipassanā Research Institute, Dhammagiri, Igatpuri, India.

http://www.dhammadownload.com

အနာဂတဝံသကျမ်းပြုအရှင်ကဿပကို ပါမောက္ခမိနာယဲ့ဖ် (P.Minayeff)၊ မောရစ်ဝင်တာနစ် (M.Winternitz)၊ ဂိုင်ဂါ (W.Geiger)နှင့် နော်မန်(K.R.Norman)တို့က 'အိန္ဒိယပြည်သား' ဟုဖော်ပြထားသည်။*၁ ဒေါက်တာမာလလဆေကေရ(Mālalasekera)က 'အိန္ဒိယနိုင်ငံ စောဠတိုင်းသား' ဟု ပြဆိုထား၏။*၂ ဘုဒ် (M.Bode)က 'ဓမ္မဠရဋ္ဌတိုင်းသား' ဟုဖော်ပြထားသည်။*၃ စင်စစ် အိန္ဒိယတောင်ဘက်ရှိ ကဠိပုရ၊ အဝန္တီ၊ အရိမဒ္ဒနတို့ပါဝင်သော ဒမိဠဒေသ၊ စောဠတိုင်းသည် ပါဠိကျမ်းပြုပုဂ္ဂိုလ်များပေါ်ထွက်ရာဒေသဖြစ်လေသည်။*၄ ထိုဒမိဠရဋ္ဌသည် တမီလ်(Tamil)လူမျိုးတို့၏ဒေသဖြစ်ပြီး၊ အိန္ဒိယတောင်ပိုင်း၌ရှိသည်။ ရှေးအခေါ် စောဠတိုင်းနှင့် အတူတူပင်ဖြစ်သည်။

အနာဂတဝံသ(အနာဂတဝင်)ကျမ်းသည် ဝိဠုကတ်ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာစသောကျမ်းများပေါ်ထွန်းပြီးမှပေါ်ထွက်လာသော ဝံသစာပေအနွယ်ဝင်ကျမ်းတစ်စောင်ဖြစ်သည်ဟု ပါဠိစာပေပညာရှင်တို့က ယူဆထားကြသည်။ ပါဠိစာပေပညာရှင် ဝင်တာနစ် (Winternitz) က 'မေတ္တေယျရှင်၏ ခမည်းတော်,မယ်တော်တို့၏ အမည်ကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာနှင့်အဋ္ဌသာလိနီအဋ္ဌကထာတို့၌တွေ့ရသဖြင့် အနာဂတဝံသပါဠိသည် ရှင်မဟာဗုဒ္ဓဃောသ၏အဋ္ဌကထာကျမ်းတို့ထက် ဦးစွာပေါ်ပေါက်ခဲ့ကြောင်း' ရေးသားခဲ့သည်။*၅

အနာဂတဝံသကျမ်းစာကိုယ်လေ့လာချက်အကျဉ်း

အနာဂတဝံသကျမ်းစာတို့ကိုလေ့လာသောအခါ ဂါထာ၊ စကားပြေ(စုဏ္ဏိယ)၊ ဂါထာစကားပြေရော(စမ္မိ)-ဟု ပုံစံအမျိုးမျိုးဖြင့်ရေးထားကြောင်းတွေ့ရသည်။*၆ ဂါထာဖြင့်ဖော်ပြထားသောအနာဂတဝံသကျမ်းမှာ နှစ်မူရှိသည်။ ပထမမူမှာ ပါမောက္ခမိနာယဲ့ဖ်တည်းဖြတ်ပြီး ၁၈၆၆-ခုနှစ်ထုတ် လန်ဒန်မြို့၊ ပါဠိကျမ်းစာအသင်းဂျာနယ် (JPTS) တွင် ရောမအက္ခရာ (Roman)ဖြင့်ဖော်ပြထားသောမူဖြစ်သည်။*၇ ထိုမူကိုတည်းဖြတ်ရာ၌ ပါမောက္ခမိနာယဲ့ဖ်သည် မြန်မာနိုင်ငံမှရရှိခဲ့သော အနာဂတဝံသပါဠိလေးမူကိုအခြေခံ၍တည်းဖြတ်ထားခြင်းဖြစ်သည်။*၈

---

*၁ Minayeff(ed)' Anāgatavaṃsa. JPTS. 1886. Page-38; M. Winternitz' History of Indian Literature. Vol.II. 1933. Page-221; Geiger' Pāḷi Literature and Language. 1978. Page-36; K.R. Norman' Pāli Literature.1983. Page-161.

*၂ Malalasekera' Dictionary of Pāli Proper Names. Vol. I. Page-66. သာသနာ့ဝံသဒီပကျမ်း(ဂါထာ-၁၂၀၄)အရ စောဠတိုင်းသားအရှင်ကဿပသည် ဝိမတိဝိနောဒနီကျမ်းပြုဖြစ်ကြောင်း သိရ၏။ DPPN-I. 551[24]. စောဠဒေသ (Choḷa) သည် အိန္ဒိယနိုင်ငံတောင်ပိုင်းဘက် ဓမိဠအရပ်၌တည်ရှိသည်။ ယခုထင်ရှားရှိနေသော ကာရ်နူလ် (Kārnul) မြို့သည် ရှေးအခေါ် စောဠ(စောဇ)တိုင်း၏မြို့တော်ဖြစ်ခဲ့ဘူးသည်။ အိန္ဒိယတောင်ပိုင်း စောဠတိုင်း၊ ကဠိပုရနယ်ရှိ ကာဝေရီမြို့သည် သဂြိဟ်(အဘိဓမ္မတ္ထသင်္ဂဟ)ကျမ်းပြုဆရာ အရှင်အနုရုဒ္ဓ၏ဇာတိဖြစ်သည်။ စောဠတိုင်းသည် ထိုဧတော်ကထင်ရှားသော အရှင်ဗုဒ္ဓဃောဿ- အစရှိသည့် ပါဠိကျမ်းပြုပုဂ္ဂိုလ်များထွက်ပေါ်ရာဒေသဖြစ်လေသည်။ Hinuber' Handbook of Pāḷi Literature. 1996. Page-98.

*၃ M. Bode' The Pali Literature of Burma. 1965. Page-39[1].

*၄ B.C. Law' South India as a Centre of Pali Buddhism. In Geographical Essays. 1937. Page-52. (၁) အရှင်ဗုဒ္ဓဃောဿ၊ (၂) အရှင်အာနန္ဒာ၊ (၃) အရှင်ဓမ္မပါလ၊ (၄) အရှင်မဟာဓမ္မရက္ခိတ၊ (၅) အရှင်စူဠဓမ္မရက္ခိတ၊ (၆) အရှင်ဒီပင်္ကရ၊ (၇) အရှင်စူဠဗုဒ္ဓဃောဿ၊ (၈) အရှင်ကဿပ-စသော စောဠတိုင်းသားပါဠိကျမ်းပြုပုဂ္ဂိုလ်တို့ကိုရည်ရွယ်၍ဆိုခြင်းဖြစ်သည်။

*၅ Winternitz' History of Indian Literature. Vol.II. 1933. Page-221; K.R. Norman' Pāli Literature. 1983. Page-161[262].

*၆ ထိုသုံးမူတွင် ဂါထာဖြင့်ရေးဖွဲ့ထားသော အနာဂတဝံသကျမ်းသည် မူမှန်ဖြစ်လိမ့်မည်-ပါရဂူ၏ပါဠိစာပေဋ္ဌီသောကာဇျကျမ်းဂန်များ(ဆောင်းပါး)။ မဟာသမ္မတ။ ၂၀၀၂-ခုနှစ်။ (စာမျက်နှာ-၄)။

*၇ JPTS. 1886. Page 41-53. ဤမူကို 'လန်ဒန်မူ' ဟု အညွှန်းပြုသုံးစွဲထားပါသည်။ ဂါထာအမှတ်-၁၇၊ တတိယပဒမှစ၍ ဂါထာအမှတ်-၂၃ အထိ နှစ်ပါဒစီယူခဲ့သဖြင့် ဤလန်ဒန်မူတွင် တစ်ဂါထာပိုသွားခြင်းဖြစ်သည်။

*၈ B.C. Law' A History of Pāli Literature. 2000. Page-600:

http://www.dhammadownload.com

ထိုမူ၌ ဂါထာပေါင်း(၁၄၂)ဂါထာပါရှိသည်။ ဒုတိယမူမှာ မြန်မာနိုင်ငံ၊ ဟသံတမြို့၊ စတုတ္ထမြစ်ကွေ့ဆရာတော် ဦးပညာဝံသ တည်းဖြတ်ပြီး ပထမဝါးခုန်ဆရာတော်၏ မဟာဘုဒ္ဓဝင်ကျမ်းတတိယတွဲ၌ ဖော်ပြထားသောမူ ဖြစ်သည်။*[၁] ထိုမူ၌ ဂါထာပေါင်း(၁၄၁)ဂါထာပါရှိလေသည်။

စတုတ္ထမြစ်ကွေ့ဆရာတော်တည်းဖြတ်သည့် ဂါထာပေါင်း(၁၄၁)ဂါထာပါရှိသော အနာဂတဝံသ(မြန်မာမူ)ကို ပဓာနထား၍လေ့လာရာ–

(က) ဂါထာအမှတ်(၁)မှ(၃)အထိတွင် ဓမ္မသေနာပတိအရှင်သာရိပုတ္တရာက မြတ်စွာဘုရားရှင်အား နောက်၌ပွင့်တော်မူမည့်ဘုရားရှင်အကြောင်း အကျယ်အားဖြင့်ဟောကြားပေးတော်မူပါရန် တောင်းပန်ပုံကို တရားနိဒါန်းအဖြစ် ဖွဲ့ဆိုထားသည်။

(ခ) ဂါထာအမှတ်(၄)မှ(၇)အထိတွင် မြတ်စွာဘုရားရှင်က ဤဘဒ္ဒကမ္ပာ၌ နောက်ထပ်ဘုရားတစ်ဆူ ပွင့်တော်မူမည့်အကြောင်းဟောကြားလတ္တံ့ဟု ပဋိညာဉ်ပေးတော်မူပုံကိုဖွဲ့ဆိုထားသည်။

(ဂ) ဂါထာအမှတ်(၈)မှ(၄၂)အထိတွင် ထိုသို့ ဘုရားပွင့်တော်မူသောအခါ၌ အလျား ၁၂-ယူဇနာ၊ အနံ ခုနစ်ယူဇနာရှိသော ကေတုမတီပေါ်လာမည့်အကြောင်း၊ ထိုပြည်၌ သခ်ၤစကြာမင်းကြီး အုပ်ချုပ်မင်းလုပ်ပြီးလျှင်၊ ထိုသခ်ၤစကြာမင်းကြီး၏ကေတုမတီနန်းမြို့တော်ကြီး၌ ဘုံဗိမာန်များ၊ ပြာသာဒ်များ၊ ရေကန်များ၊ မြို့ရိုးတံတိုင်းများ၊ မြို့တံခါးဝ၌ ပဒေသာပင်ကြီးများတို့ဖြင့် တင့်တယ်သာယာလှမည့်အကြောင်းတို့ကို ဖွဲ့ဆိုထားသည်။

(ဃ) ဂါထာအမှတ်(၄၃)မှ(၄၉)အထိတွင် ထိုသခ်ၤစကြာမင်းကြီးလက်ထက် ကေတုမတီပြည်၌ နောင်ပွင့်လတ္တံ့ဖြစ်သောအလောင်းတော်အဓိတသည် ပြာဟွာဏအမျိုး၌ဖြစ်ပြီး လက္ခဏာကြီးငယ်အသွယ်သွယ်ဖြင့် ပြည့်စုံကာ ပြာသာဒ်လေးဆောင်တို့တွင် မိဖုရားပေါင်းတစ်သိန်းတို့ဖြင့် အနှစ်ရှစ်ထောင်ကာလပတ်လုံး လောကီစည်းစိမ်ခံစားနေမည့်အကြောင်းတို့ကို ဖွဲ့ဆိုထားသည်။

(င) ဂါထာအမှတ်(၅၀)မှ(၆၆)အထိတွင် အလောင်းတော်အဓိတသည် နိမိတ်ကြီးလေးပါးကိုမြင်၍ ပရိသတ်များစွာခြံရံကာ ပြာသာဒ်ယာဉ်ကိုစီးလျက်တောထွက်ပုံ၊ ဒုက္ကရစရိယအကျင့်ကို (၇)ရက်ကျင့်တော်မူပုံ၊ ကံ့ကော်ဗောဓိပင်ရင်း၌ မာရ်အပေါင်းကိုအောင်မြင်၍ ဘုရားအဖြစ်ရောက်တော်မူပုံအကြောင်းတို့ကို ဖွဲ့ဆိုထားသည်။

(စ) ဂါထာအမှတ်(၆၇)မှ(၁၃၂)အထိတွင် မေတ္တေယျဘုရားရှင်ဓမ္မစကြာဟောတော်မူသည်မှ မေတ္တေယျရှင်ဒေသစာရီကြွချီတော်မူပုံ၊ တရားပွဲကြီးများဖြစ်ပုံ၊ တရားထူးရကြပုံနှင့် မေတ္တေယျဘုရားရှင်မဟာပရိနိဗ္ဗာန်စံဝင်တော်မူပုံအကြောင်းတို့ကို ဖွဲ့ဆိုထားပါသည်။

(ဆ) ဂါထာအမှတ်(၁၃၃)မှ(၁၃၅)တို့တွင် မေတ္တေယျဘုရားရှင်၏သာသနာသည် အနှစ်တစ်သိန်းရှစ်သောင်းပတ်လုံးတည်နေပြီးနောက် ထိုသာသနာကွယ်ခြင်းသို့ရောက်လိမ့်မည်၊ သခ်ါရတရားတို့၏ အမြဲမရှိပုံ၊ အနှစ်သာရမဟုတ်ပုံအကြောင်းတို့ကို သံဝေဂယူဖွယ်ရေးဖွဲ့ထားသည်။

(ဇ) ဂါထာအမှတ်(၁၃၆)မှ(၁၄၁)အထိတွင် သင်သူတော်ကောင်းတို့သည် သတိတရားရှိကြလျက် မေတ္တေယျဘုရားရှင်ပွင့်ထွန်းတော်မူမည့်အခါနှင့် ဆုံဆည်းလိုကြပါမူ ဒါန,သီလစသောတရားတို့၌မွေ့လျော်ကာ မမေ့မလျော့နေကြရန် တိုက်တွန်းထားသည့်စကားရပ်တို့ဖြင့် နိဂုံးချုပ်ထားပါသည်။

---

*[၁] ဤမူကို 'မြန်မာမူ'ဟု ဤစာအုပ်၌အဆွန်းပြုသုံးစွဲထားပါသည်။

http://www.dhammadownload.com

ဂေါတမဗုဒ္ဓဝင်နှင့်မဟာတ္တယျဗုဒ္ဓဝင်နိဒါန်းယှဉ်လေ့လာချက်(အကျဉ်း)

ခုဒ္ဒကနိကာယ်လာ ဂေါတမဗုဒ္ဓ၏ဖြစ်တော်စဉ်ဗုဒ္ဓဝံသပါဠိတော်၌ အဝိဒူးအခြားအားဖြင့် (၂၂) ပိုင်းရှိပုံ*၁ ကို မဒုရတ္ထဝိလာသိနီအမည်ရှိသောဗုဒ္ဓဝံသအဋ္ဌကထာ၌ ကျမ်းပြုဆရာက အောက်ပါအတိုင်းဖော်ပြခဲ့ပါသည်။ (၁) ကမ္ဘာအဝိဒူးအခြား(ကပ္ပပရိစ္ဆေဒ)၊ (၂) အမည်အဝိဒူးအခြား(နာမပရိစ္ဆေဒ)၊ (၃) အနွယ်အဝိဒူးအခြား(ဂေါတ္တပရိစ္ဆေဒ)၊ (၄) ဖြစ်ရာဇာတ်အဝိဒူးအခြား(ဇာတိပရိစ္ဆေဒ)၊ (၅) ဖြစ်ရာပြည်ရွာအဝိဒူးအခြား(နဂရပရိစ္ဆေဒ)၊ (၆) ခမည်းတော်အဝိဒူးအခြား(ပိတုပရိစ္ဆေဒ)၊ (၇) မယ်တော်အဝိဒူးအခြား(မာတုပရိစ္ဆေဒ)၊ (၈) ဗောဓိပင်အဝိဒူးအခြား(ဗောဓိပရိစ္ဆေဒ)၊ (၉) ဓမ္မစက်ကြာဟောတော်မူခြင်းအဝိဒူးအခြား(ဓမ္မစက္ကပဝတ္တနပရိစ္ဆေဒ)၊ (၁၀) သစ္စာလေးပါးကိုသိခြင်းအဝိဒူးအခြား(အဘိသမယပရိစ္ဆေဒ)၊ (၁၁) သာဝကအစည်းအဝေးအဝိဒူးအခြား(သာဝကသန္နိပါတပရိစ္ဆေဒ)၊ (၁၂) အဂ္ဂသာဝကအဝိဒူးအခြား(အဂ္ဂသာဝကပရိစ္ဆေဒ)၊ (၁၃) အလုပ်အကျွေးအဝိဒူးအခြား(ဥပဋ္ဌာကပရိစ္ဆေဒ)၊ (၁၄) အဂ္ဂသာဝိကာ(ရဟန္တ ၁မိန်းမ)အဝိဒူးအခြား(အဂ္ဂသာဝိကာပရိစ္ဆေဒ)၊ (၁၅) အခြံအရံရဟန်းအဝိဒူးအခြား(ပရိဝါရဘိက္ခုပရိစ္ဆေဒ)၊ (၁၆) ရောင်ခြည်တော်အဝိဒူးအခြား(ရံသိပရိစ္ဆေဒ)၊ (၁၇) ကိုယ်တော်ပမာဏအဝိဒူးအခြား(သရီရပ္ပမာဏပရိစ္ဆေဒ)၊ (၁၈) ဘုရားအလောင်းတို့ဆုတောင်းသောအဝိဒူးအခြား(ဗောဓိသတ္တာဓိကာရပရိစ္ဆေဒ)၊ (၁၉) ဗျာဒိတ်စကားကြားတော်မူသောအဝိဒူးအခြား(ဗျာကရဏပရိစ္ဆေဒ)၊ (၂၀) ဘုရားအလောင်းတို့ ဒုက္ကရစရိယာကျင့်သောအဝိဒူးအခြား(ဗောဓိသတ္တုပဓာနပရိစ္ဆေဒ)၊ (၂၁) သက်တော်အဝိဒူးအခြား(အာယုပရိစ္ဆေဒ) နှင့် (၂၂) ပရိနိဗ္ဗာန်စံယူတော်မူသောအဝိဒူးအခြား(ပရိနိဗ္ဗာနပရိစ္ဆေဒ)ဟူဖြစ်သည်။ ဗုဒ္ဓဝံသ၊ ဋ္ဌ၊၃။

တစ်ဖန် ဗုဒ္ဓဝံသအဋ္ဌကထာဆရာက သမ္မဟုလဝါရအနေဖြင့် ထိုဗုဒ္ဓဝံသပါဠိတော်ပါအကြောင်းအရာတို့ကို အဝိဒူး(၁၀)ပိုင်း ထပ်မံ၍ပိုင်းခြားမှတ်သားနိုင်ကြောင်းကို အောက်ပါအတိုင်းပြဆိုထားပါသည်။

(၁) ရွှေအိမ်ရွှေနန်းစံမြန်းသောအဝိဒူးအခြား(အဂါရဝါသပရိစ္ဆေဒ)၊ (၂) စံတော်မူရာပြာသာဒ်(သုံးဆောင်)အဝိဒူးအခြား(ပါသာဒတ္တယပရိစ္ဆေဒ)*၂၊ (၃) ကချေသည်မောင်းမအဝိဒူးအခြား(နာဋကိတ္တိပရိစ္ဆေဒ)၊ (၄) မိဖုရားကြီးအဝိဒူးအခြား(အဂ္ဂမဟေသိပရိစ္ဆေဒ)၊ (၅) သားတော်အဝိဒူးအခြား(ပုတ္တပရိစ္ဆေဒ)၊ (၆) တောထွက်ရာ၌စီးနင်းသောယာဉ်အဝိဒူးအခြား(ယာနပရိစ္ဆေဒ)၊ (၇) တောထွက်တော်မူသောအဝိဒူးအခြား(အဘိနိက္ခမနပရိစ္ဆေဒ)၊ (၈) ဘုရားဖြစ်ခြင်းငှာ(ဒုက္ကရစရိယာ)ကျင့်တော်မူသောအကျင့်အဝိဒူးအခြား(ပဓာနပရိစ္ဆေဒ)၊ (၉) အလုပ်အကျွေးအဝိဒူးအခြား(ဥပဋ္ဌာကပရိစ္ဆေဒ)နှင့် (၁၀) ကျောင်းတော်အဝိဒူးအခြား(ဝိဟာရပရိစ္ဆေဒ)–တို့ဖြစ်သည်။ ဗုဒ္ဓဝံသ၊ ဋ္ဌ၊၃။

တစ်ဖန် ဗုဒ္ဓဝင်ပါဠိတော်လာ ဗုဒ္ဓပကိဏ္ဏကကဏ္ဍ(အဆူဆူသောဘုရားရှင်တို့၏ဖြစ်တော်စဉ်အဝိဒူး)တွင်လည်း တဏှာင်္ကရာဘုရားရှင်အစ မေတ္တေယျဘုရားရှင်အဆုံး (၂၉)ဆူသောဘုရားရှင်တို့၏ပွင့်တော်မူရာကမ္ဘာတို့မှာ အဝိဒူးအခြားအားဖြင့်မတူကြပုံကိုအကျဉ်းမျှဖော်ပြထားသည်။ ဗုဒ္ဓဝံသ။ ၃စာ။*၃ ထိုဗုဒ္ဓဝံသပါဠိတော်၊ ဗုဒ္ဓပကိဏ္ဏကကဏ္ဍလာ ကမ္ဘာခြင်းမတူပုံကိုအကြောင်းပြုပြီး ဗုဒ္ဓဝံသအဋ္ဌကထာဆရာက ထိုဘုရား(၂၉)ဆူတွင် (၁) တဏှာင်္ကရ၊ (၂) မေဓင်္ကရ၊ (၃) သရဏင်္ကရနှင့် (၄) မေတ္တေယျဘုရားဟူသော လေးဆူမှတစ်ပါး ကျန်ဘုရား(၂၅)ဆူတို့၏ ဝေမတ္တရှစ်ပါးခေါ် (၁) အသက်တော်(အာယု)၊ (၂) ဥဿံတော်(ပမာဏ)၊ (၃) အမျိုးအနွယ်(ကုလ)၊

---

*၁ ပရိစ္ဆေဒ(ခေါ်)အဝိဒူးအခြားသည် ထိုကျမ်း၌ပွဲ့.စည်းထားသောအခန်းကဏ္ဍတို့ဖြစ်ပြီး၊ ထိုအဝိဒူးအခြားသည် ယခုခေတ်အခေါ် မာတိကာဖြစ်သည်။

*၂ ပြာသာဒ်သုံးဆောင်မှာ ဂေါတမဘုရားအလောင်းစံတော်မူခဲ့သော ရှမ္ဘ, သုရမ္ဘ, သုဘ–အဆောင်သုံးဆောင်ကိုရည်၍ဆိုခြင်းဖြစ်သည်။

*၃ I. B. Horner (Tr.)' Chronicle of Buddhas. 1975. Page-9.

http://www.dhammadownload.com

(၄) ပဓာနအကျင့်(ပဓာန)၊ (၅) ကိုယ်တော်ရောင်(ရသ္မီ)၊ (၆) တောထွက်ရာဌာနီးနင်းသောယာဉ်(ယာန)၊ (၇) ဗောဓိ(ဗောဓိရုက္ခ)ပင်နှင့် (၈) အပရာဇိတပလ္လင်တော်(ပလ္လင်)တို့၏မတူကွဲပြားပုံရှစ်ပါးရှိသည်ဟူ၍ အပိုင်းရှစ်ပိုင်းတို့ကို ဖော်ပြထားပြန်ပါသည်။ ဗုဒ္ဓဝံသ၊ဋ္ဌ။၃၄၈။*၁

ဤသို့လျှင် ဗုဒ္ဓဝံသပါဠိတော်၌လာသော ဂေါတမဘုရားတစ်ဆူတည်း၏ဖြစ်တော်စဉ်ဗုဒ္ဓဝင်ကို ပရိစ္ဆေဒအားဖြင့် (၂၂)ပါး၊ သမ္မဟုလဝါရအားဖြင့်(၁၀)ပါး၊ အခြားသောဘုရားရှင်တို့၏ဖြစ်စဉ်နှင့်နှိုင်းယှဉ်၍ ဝေမတ္တ(၈)ပါး စသည်အပိုင်းအခြားအမျိုးမျိုးတို့ကိုပြဆိုထားပုံတို့ကိုနည်းမှီ၍ ယခု ဂေါတမဗုဒ္ဓဝင်နှင့် မေတ္တေယျဗုဒ္ဓဝင်လာ မတူကွဲပြားသောအချက်အချို့ကို အကျဉ်းချုပ်၍နှိုင်းယှဉ်တင်ပြလိုပေသည်။ (ဇယားသို့ရှုပါ)။

အနာဂတဝံသနှင့်မြန်မာ

အနာဂတဝံသကျမ်းကို အိန္ဒိယနိုင်ငံတောင်ပိုင်း ဒမိဠဒေါ် စောဠတိုင်းသားအရှင်ကဿပပြုစုသည်ဖြစ်စေ၊ သီဟိုဠ်ကျွန်းနေ အရှင်ကဿပပြုစုသည်ဖြစ်စေ ထိုအနာဂတဝံသကျမ်းသည် အိန္ဒိယနိုင်ငံ၌ နှစ်ပေါင်းများစွာ ကပင်ကွယ်ပျောက်ခဲ့ပြီး၊ သီဟိုဠ်ကျွန်း၌ ရှေးကျသောကျောင်းတိုက်ကြီးများ၌ ပေမူဖြင့်ထိန်းသိမ်းထားရှိကြောင်း သိရသည်။ ထိုအနာဂတဝံသကျမ်းသည် မြန်မာနိုင်ငံသို့ပုဂံခေတ် (အေဒီ ၁၀၄၄–၁၂၈၇) ကပင်ရောက်ရှိ၍ အသုံးပြုခဲ့ကြောင်းကို အောက်ပါအထောက်အထားများဖြင့်တင်ပြလိုသည်။

၁။ ပုဂံမြို့၊ အလောင်းစည်သူမင်း (အေဒီ ၁၁၁၃–၁၁၆၂)ကောင်းမှု လောကထိပ်ပန်(ဘုရားအမှတ်–၁၅၈၀) ဂူဘုရားရှိ ဂန္ဓကုဋိအရှေ့နံရံအထက်ဆုံး၌ '...ဝါ (ကျောက်) တြေ (ယိ) မေ ... (တ္တယ)' (မြန်မာပြန်မှာ– 'ဘုန်းတော်ကြီးမြတ်သော မေတ္တေယျဘုရားသည်...')*၂ ဟု မွန်ဘာသာဖြင့် တပိုင်းတစဖော်ပြထားလေရာ၊ ဤအချက်သည် မေတ္တေယျဗုဒ္ဓဝင်သက်ဆိုင်ကြောင်းမှတ်ယူနိုင်သည်။

၂။ ပုဂံမြို့၊ ဝက်ကြီးအင်းအရှေ့မြောက်၌ အလိုပြည့်ဂူဘုရား(ဘုရားအမှတ်–၃၇၄) အတွင်း သက္ကရာဇ် ၅၅၆–ခုနှစ် (အေဒီ ၁၁၉၄–ခုနှစ်)ရက်စွဲပါ ရှေးမွန်ဘာသာဖြင့် နှစ်ကျိပ်ရှစ်ဆူဘုရားတို့အကြောင်း ကမ္ဘည်းရေးထိုးထားလေသည်။ ထိုဂူဘုရားအတွင်းရှိ ဂေါတမဗုဒ္ဓဝင်မင်စာတွင် 'ဂေါတမဘုရားရှင်သည် ဇြေအသတ် (*Ficus religiosa.* ပညောင်ပင်)ရင်း၌ ဘုရားအဖြစ်ပွင့်တော်မူပြီး အဓိ(တ်)မည်သောအရှင်အား ဗျာဒိတ်ပေးကြောင်း' ရေးထိုးထားပါသည်။*၃

၃။ ပုဂံမြို့၊ ဝက်ကြီးအင်းရှိ အေဒီ ၁၃–ရာစုလက်ရာ ဂူပြောက်ကြီးဘုရား(ဘုရားအမှတ်–၂၉၈)အတွင်း၌ နှစ်ကျိပ်ရှစ်ဆူဘုရားဆိုင်ရာ ရှေးမွန်ဘာသာကမ္ဘည်းစာများရေးထိုးရာတွင် မေတ္တေယျဘုရားနှင့်စပ်၍ 'နောင်ပွင့်လတ္တံ့သော မိတြာအလောင်းပဉ္စင်းငယ် အစိတရဟန်းသည် ကောတမဘုရားထံမှဗျာဒိတ်ခံ၏' ဟု ဖော်ပြထားသည်။*၄

---

*၁ I. B. Horner (Tr.)' The Clarifier of The Sweet Meaning. 1978. Page-425.

*၂ The holy Lord Metteyya - Ba Shin' The Lokahteikpan. 1962. Page-49, 87, 119.

*၃ G.H. Luce' Old Burma-Early Pagan. Vol.I. Page-397.

*၄ G.H. Luce' Old Burma-Early Pagan. Vol.I. Page-397. (မိတြာ = မေတ္တေယျ၊ အစိတ = အဓိတ၊ ကောတမ = ဂေါတမ– ဟု ဖြစ်သည်။)

http://www.dhammadownload.com

ဂေါတမဗုဒ္ဓဝင်နှင့် မေတ္တေယျဗုဒ္ဓဝင် နှိုင်းယှဉ်ချက်(အကျဉ်း)

စဉ်	အကြောင်းအရာ	ဂေါတမဘုရားရှင်	မေတ္တေယျဘုရားရှင်
၁။	ပွင့်ရာကမ္ဘာ	ဘဒ္ဒကမ္ဘာ	ဘဒ္ဒကမ္ဘာ (ဂါထာ–၅/၆)*၂
၂။	ဘုရားအမည်တော်	သိဒ္ဓတ္ထ	အဇိတ (ဂါထာ–၄၃)
၃။	ဘုရားဘွဲ့တော်	ဂေါတမ (ဂါထာ–၁)*၁	မေတ္တေယျ (ဂါထာ–၅)
၄။	မျိုးရိုး	သာကိဝင်မင်းမျိုး (ဂါထာ–၉)	ဗြာဟ္မဏပုဏ္ဏားမျိုး (ဂါထာ–၄၄/၄၅)
၅။	ဖွားတော်မူရာတိုင်းပြည်	ကပိလဝတ် (ဂါထာ–၁၃)	ကေတုမတီ (ဂါထာ–၈)
၆။	ခမည်းတော်	သုဒ္ဓေါဒနမင်း (ဂါထာ–၁၃)	သုပြဟ္မပုဏ္ဏားကြီး (ဂါထာ–၉၅)
၇။	မယ်တော်	မဟာမာယာဒေဝီ (ဂါထာ–၁၃)	ဗြဟ္မဝတီပုဏ္ဏေးမကြီး (ဂါထာ–၉၅)
၈။	ပွင့်တော်မူရာဗောဓိ	ဩဇပုဒ္ဓပေါ (ဂါထာ–၂၀)	ကံ့ကော်ပင် (ဂါထာ–၆၆)
၉။	ဓမ္မစက်ကြာတရားဟောခြင်း	ကာသိပတနမိဂဒါဝုန်တော (ဂါထာ–၁၇)	နာဂဝန ကံ့ကော်တော (ဂါထာ–၆၇)
၁၀။	သစ္စာလေးပါးသိသော အပိုင်းအခြား	–	ကုဋေတစ်သိန်း (ဂါထာ–၇၀)
၁၁။	သာဝကအစည်းအဝေး	–	သုံးကြိမ် (ဂါထာ–၇၇)
၁၂။	အမျိုးသားသာဝက (အဂ္ဂသာဝက)	(၁) ကောလိတ (၂) ဥပတိဿ } (ဂါထာ–၁၈)	(၁) အသောက (၂) ဗြဟ္မဒေဝ } (ဂါထာ–၉၆)
၁၃။	အလုပ်အကျွေး	အာနန္ဒာ (ဂါထာ–၁၈)	သီဟ (ဂါထာ–၉၆)
၁၄။	အမျိုးသမီးသာဝက (အဂ္ဂသာဝိကာ)	(၁) ခေမာ (၂) ဥပ္ပလဝဏ္ဏာ } (ဂါထာ–၁၈)	(၁) ပဒုမာ (၂) သုမနာ } (ဂါထာ–၉၇)
၁၅။	ကိုယ်ရောင်	၁–လံ (ဂါထာ–၂၀)	(၂၅) ယူဇနာ (ဂါထာ–၁၀၆)
၁၆။	အရုပ်တော်	(၁၆)တောင် (ဂါထာ–၂၀)	(၈၈)တောင် (ဂါထာ–၁၀၄)
၁၇။	ပါရမီဖြည့်ကာလ	(၄)သင်္ချေနှင့် ကမ္ဘာ(၁)သိန်း	(၁၆)သင်္ချေနှင့် ကမ္ဘာ(၁)သိန်း
၁၈။	ဒုက္ကရစရိယာ	(၆)နှစ် (ဂါထာ–၁၆)	(၇)ရက် (ဂါထာ–၅၃)
၁၉။	သက်တမ်း	အနှစ်တစ်ရာ (ဂါထာ–၂၁)	အနှစ်ရှစ်သောင်း (ဂါထာ–၁၂၉)
၂၀။	စည်းစိမ်	(၂၉)နှစ် (ဂါထာ–၁၄)	အနှစ်ရှစ်ထောင် (ဂါထာ–၄၉)
၂၁။	စံရာပြာသာဒ်	ရမ္မ,သုရမ္မ,သုဘ (ဂါထာ–၁၄)	သီရိဝမု, ဝနမာန, သိဒ္ဓတ္ထ, စန္ဒက (ဂါထာ–၄၆)
၂၂။	ကြင်ယာတော်	ဘဒ္ဒကစ္စာနာ (ဂါထာ–၁၅)	စန္ဒမုခီ (ဂါထာ–၄၈)
၂၃။	သားတော်	ရာဟုလာ (ဂါထာ–၁၅)	ဗြဟ္မဝမုန (ဂါထာ–၄၈)
၂၄။	တောထွက်သောယာဉ်	မြင်း (ဂါထာ–၁၆)	ပြာသာဒ် (ဂါထာ–၅၃)

*၁ ခုဒ္ဒကနိကာယ်၊ ဗုဒ္ဓဝံသပါဠိတော်ရှိ ဂေါတမဗုဒ္ဓဝံသအဓိန်းလာ (၂၄)ဂါထာ (ဗုဒ္ဓဝံသ။၃၇၉–၃၈၁။)တို့ကိုရည်ညွှန်းခြင်းဖြစ်ပါသည်။

*၂ ပထမငါးခုနှစ်ဆရာတော်၏ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၊ တတိယတွဲ။ ၁၉၃၅–ခုနှစ်၏ နောက်ဆက်တွဲ (စာမျက်နှာ ၁၅၇–၁၆၈)ပါ မေတ္တေယျဗုဒ္ဓဝံသခေါ် အနာဂတဝံသပါဠိလာ(၁၄၁)ဂါထာတို့ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။

http://www.dhammadownload.com

၄။ ပုဂံမြို့၊ အရှေ့တောင်ဘက်၊ မင်းနန်သူရွာအနီး အေဒီ ၁၂၂၃-ခုနှစ်၌တည်သော လေးမျက်နှာဘုရား (ဘုရားအမှတ်-၄၄၇) ဂန္ဓကုဋိအရှေ့မျက်နှာ၏မြောက်ဘက်အခြမ်း ဂေါတမဗုဒ္ဓဝင် မြန်မာဘာသာမင်စာ (ကြောင်းရေ-၃)တွင် 'အတိုဝ် ပဟ်ာသွိင်ထံနိုက်အာ မဟာ(မိတ္တြာ) မညေဿ အစိတ...ရဟန်း-ယ်ဖွ့စ်ရှယ်ဿ ဗျာဒိသခံအော်'ဟု ရေးသားထားသည်။*၁

၅။ ပုဂံမြို့၊ အရှေ့တောင်ဘက်၊ မင်းနန်သူရွာအနီး အေဒီ ၁၂၅၇-ခုနှစ်၌တည်သော သမ္မာလဘုရား(ဘုရားအမှတ်-၄၈၂) အာရုံခံအဝင် တောင်ဘက်အရှေ့နံရံ၌ မြောက်မှစ၍ တောင်ဘက်တွင်လည်းကောင်း၊ တောင်ဘက်နံရံအထက်တန်းတွင်လည်းကောင်း၊ မေတ္တေယျဗုဒ္ဓဝင် (မြန်မာဘာသာ) နှင့် အနာဂတဝံသကျမ်းလာ (ဂါထာအမှတ်-၆၈ မှ ဂါထာအမှတ်-၈၂) တို့ကိုရေးသားထားသည်။*၂

၆။ ပုဂံအာနန္ဒာဘုရားကြီး၏ အောက်ခြေပတ်လည်၌ စဉ့်သုတ်ရှပ်ချပ်ပေါင်း(၅၄၃)ခုရှိရာ ထိုစဉ့်ချပ်များ၌ မြတ်စွာဘုရားကိုရန်ပြုရန်လာသော မာရ်နတ်၏အခြွေအရံပရိသတ်များနှင့် မြတ်စွာဘုရားကိုဖူးမျှော်ရန်လာသော နတ်ပရိသတ် များဟူ၍ ရုပ်ပုံ (၂၈၆) ပုံ ပါရှိသည်။ ထိုနတ်ပရိသတ်ပုံများနှင့်စပ်လျဉ်း၍ သုတေသီပညာရှင်တို့က 'ထိုရုပ်ပုံများကို သမန္တ ဘဒ္ဒိကာမည်သောအနာဂတဝင်အဖွင့်အဋ္ဌကထာ၊ ဇိနာလင်္ကာရဋီကာစသော ကျမ်းဂန်အဆိုအမိန့်ကိုကြည့်ရှု၍ ပြုလုပ်ထားသော ရှေးပုဂံခေတ်လက်ရာမွန်လက်ရာကောင်းများ'*၃ ဟု ရေးသားခဲ့ကြသည်။ စင်စစ် အနာဂတဝံသအဋ္ဌကထာ၊ မာရာရိဝိဇယအခန်းလာ မာရ်စစ်သည်တို့၏ရုပ်သွင်ကို သရုပ်ဖော်ပြထားကြောင်း ထင်ရှားနေပါသည်။*၄

၇။ အေဒီ ၁၂၂၃-ခုနှစ်ထိုး သွိင်သိယ်ဝိရ်သုရ်ဖွဗိုလ်နှင့် ဖခင် ဥန်သုရ်ဖွဗိုလ်တို့၏ကျောက်စာ၊ ပိဋကတ်ပေစာအလှူစာရင်း (ကျောဘက်၊ ကြောင်းရေ-၁၁) တွင် 'အနာဂတဝင်'ကျမ်းကို တွေ့ရသည်။*၅

၈။ အေဒီ ၁၄၄၂-ခုနှစ်ထိုး တောင်တွင်းမင်းမောင်နှံတို့၏ တက်နယ်ကျောင်းကျောက်စာပါ ပိဋကတ်ကျမ်းဂန်အလှူစာရင်း၏(အမှတ်စဉ်-၁၃၂)တွင်လည်း 'အနာဂတဝံသ'ကျမ်းပါဝင်နေကြောင်းတွေ့ရသည်။*၆

ပုဂံခေတ်လွန်သည့်နောက် ပင်းယခေတ် (အေဒီ ၁၂၈၆-၁၃၆၄)၊ အင်းဝခေတ် (အေဒီ ၁၃၆၄-၁၅၅၁)၊ ကုန်းဘောင်ခေတ် (အေဒီ ၁၇၅၂-၁၈၅၅) တို့၌လည်း အနာဂတဝံသနှင့် အနာဂတဝံသအဋ္ဌကထာကျမ်းတို့ကို

---

*၁ အရှေ့တိုင်းပညာဌာန၏ဗုဒ္ဓဝင်ပါဠိမင်စာများ။ ၁၉၈၁-ခုနှစ်။ (စာမျက်နှာ-၃၈၀)။ (မဟာမိတ္တြာ=မဟာမေတ္တေယျ၊ အစိတ=အစိတ-ဟုဖြစ်သည်။

*၂ အရှေ့တိုင်းပညာဌာန၏ဗုဒ္ဓဝင်ပါဠိမင်စာများ။ ၁၉၈၁-ခုနှစ်။ (စာမျက်နှာ-၁၄)။

*၃ 'Anāgatavaṃsa, which describes the very scenes here shown on the Nanda'- G. H. Luce' Old Burma - Early Pagan. Vol. I. Page. 361. ဦးဗိုကော်၏ ပုဂံသုတေသနလမ်းညွှန်။ ၁၉၈၁-ခုနှစ်။ (စာမျက်နှာ-၂၆၆)။

*၄ မာရ်နတ်၏စစ်သည်ပုံကို ဇာတကအဋ္ဌကထာ(ဇာ၊ဋ္ဌ။၁။၈၃။) နှင့် အပဒါန်အဋ္ဌကထာ(အပ၊ဋ္ဌ။၁။၈၅)တို့တွင် 'နာနပ္ပကာရမုခါ' (=မျက်နှာပေါင်းမျိုးစုံ)ဟုလည်းကောင်း၊ ဗုဒ္ဓဝံသအဋ္ဌကထာ(ဗုဒ္ဓဝံသ၊ဋ္ဌ။၃၃။)၌ 'ဂုဂ္ဂသီဟ...ဝဒနာ နာနာဘီမ ဝိရူပဒီဘဏ္ဍကာယာ' (=ဆင်၊ ခြင်္သေ့ စသော သတ္တဝါတို့၏ မျက်နှာရှိပြီး ကြောက်မက်ဖွယ် ရုပ်ရှာဖွယ် ဖောက်ပြန်သောခန္ဓာကိုယ်အမျိုးမျိုး'ဟု ဖော်ပြထား၏။ အနာဂတဝံသအဋ္ဌကထာ၌မူ နဂါးကိုယ်လူမျက်နှာ၊ ဂဠုန်ကိုယ်လူမျက်နှာ၊ ကျားကိုယ်နွားမျက်နှာ၊ ကျွဲကိုယ်ခြင်္သေ့မျက်နှာ'စသော ပုံသဏ္ဌာန်အမျိုးမျိုးသရုပ်ဖော်ထားရာ အာနန္ဒာဘုရားရှိ မာရ်စစ်သည်အရုပ်များသည် ဤအနာဂတဝံသအဋ္ဌကထာ မာရာရိဝိဇယကိုကြည့်၍ဆုလုပ်ခဲ့ကြခြင်းဖြစ်သည်။

*၅ ဒေါက်တာသန်းထွန်း၏ ပဒုံမင်း- ၂၇၊ အောက်တိုဘာ၊ ၁၇၈၅ က ဆင့်ထိုးထားခဲ့ပြီးမှ မျောက်ဆုံးနေတဲ့ ၁၀၊ စက်တင်ဘာ၊ ၁၂၂၃ ရက်ခွဲပါ ကျောက်စာမူရင်းကို ပြန်လည်တွေ့ရှိခြင်း(ဆောင်းပါး)။ ယဉ်ကျေးမှုမဂ္ဂဇင်း။ အမှတ်-၁။ ၁၉၉၇-ခုနှစ်။ (စာမျက်နှာ-၉၄)။ မြန်မာသမိုင်းလစ်ကွက်များ။ ၂၀၀၃-ခုနှစ်။ (စာမျက်နှာ-၂၁)။ Page-24.

*၆ Bode' The Pali Literature of Burma. Page-105; G. H. Luce and Tin Htway' A 15th Century Inscription and Library at Pagan, Burma. In Malalasekera Commemoration Volume. 1976. Page-232 [132].

http://www.dhammadownload.com

ပညာရှင်တို့လေ့လာဖတ်ရှုပြီး ရေးသားကိုးကားအသုံးပြုနေပုံတို့ကို အောက်ပါအထောက်အထားများအရ သိရပြန်လေသည်။

၁။ မေတ္တေယျရှင်၏ခြေတော်ရာတွင်ပါသော တစ်ရာ့ရှစ်ကွက်စက်လက္ခဏာကို အနာဂတဝံသအဋ္ဌကထာ၌ ဖော်ပြထားရာ ထိုအဋ္ဌကထာ၌ပါသည့်အတိုင်း အေဒီ ၁၃၅၁–ခုနှစ်၊ ပြည်မြို့ဇာတိ အတွင်းဝန်သီရိမဟာစတုရင်္ဂလ (အေဒီ ၁၃၁၃–၁၃၆၃) ကယူ၍–

ပါဒေသု ယဿ ဇာတာနိ၊ ဒ္ဝေ စက္ကာနိ သကမ္မတော။
နာနာကာရေဟိ ပုဏ္ဏာနိ၊ ဝန္ဒေ တံ ပုရိသုတ္တမံ။ –

အစရှိသော ပဘျာဝတ္တာဖွဲ့ တစ်ဆယ့်နှစ်ဂါထာတို့ကို သီကုံးဖွဲ့ဆိုခဲ့သည်။*၁

၂။ အေဒီ ၁၆၅၁–ခုနှစ်တွင် ဦးညြ(အေဒီ ၁၆၃၆–၁၆၆၁)ပြုစုသော ကဝိလက္ခဏသတ်ပုံကျမ်းလာ '၁၄၆၂–ရွှေစက်နှစ်ရပ်၊ သုံးမည်ယပ်၊ အတပ်သိအောင်ရှာ'–သံပေါက်ကို မြောင်လှမြို့စား နိုင်ငံခြားဝန်ထောက်မင်းမင်းကြီးသီရိမဟာဇေယျသူ ဦးခြိမ့် (အေဒီ ၁၈၂၈–၁၈၈၃)ဖြေဆိုရာတွင် 'အနာဂတဝင်အဋ္ဌကထာ စသည့်ကျမ်း၌ လာသည့်အတိုင်း ရေးသားအံ့'ဟု ပြဆိုထားသောကြောင့် ထိုမြောင်လှမြို့စား မင်းကြီးသီရိမဟာဇေယျသူထံတွင် အနာဂတဝင်အဋ္ဌကထာကျမ်းရှိနေကြောင်းမှာ ယုံမှားဖွယ်မရှိပေ။*၂

၃။ အေဒီ ၁၆၅၉–ခုနှစ်တွင် လက်ဝဲနော်ရထာအမတ်(အေဒီ ၁၆၂၃–၁၆၉၁)က တောင်တွင်းဆရာတော်(အေဒီ ၁၆၂၄–၁၆၆၂)ထံသို့ 'မိမိတွင် ပုဒ်နေပါဠိထားစီရိုးကျသော အနာဂတဝင်ကျမ်းနှင့် ပုဒ်နေပါဠိထားစီရိုးမကျသော စုဏ္ဏိယအနာဂတဝင်ကျမ်းဟု အနာဂတဝင်ကျမ်း(၂)မူရှိကြောင်း' လျှောက်ထားခဲ့သည်ကို ထောက်ထား၍ လက်ဝဲနော်ရထာထံတွင် အနာဂတဝံသကျမ်းများရှိနေကြောင်းသိရသည်။*၃

၄။ ဘိုးတော်မင်း(အေဒီ ၁၇၈၂–၁၈၁၉) မေးသမျှကိုဖြေဆိုထားသော ပထမမောင်းထောင်သာသနာပိုင်ကြီး အရှင်ဉာဏာဝံသ (အေဒီ ၁၇၅၅–၁၈၃၂)၏ အမေးတော်ဖြေကျမ်းကြီးတွင်လည်း သီရိပါဒစေတီတော်ကို မှန်ကန်သေချာစွာလုပ်ဆောင်နိုင်ရန် ကျမ်းဂန်လာရှိသည်များကိုထုတ်ဖော်ပြရာ၌ အနာဂတဝင်အဋ္ဌကထာနှင့် အနာဂတဝင် ဋီကာနှစ်ကျမ်းတို့ကို ကိုးကားပြဆိုထားသောကြောင့် အမေးတော်ဖြေကျမ်းပြု မောင်းထောင်ဆရာတော်လက်ထက်က အနာဂတဝင်ကျမ်းနှင့် ယင်းအဋ္ဌကထာ၊ ဋီကာကျမ်းတို့ကို အသုံးပြုနေကြောင်း သိရပြန်ပါသည်။*၄

၅။ အေဒီ ၁၉၀၄–ခုနှစ်တွင်ပြုစုသော ကျေးဖူးရှင်လယ်တီဆရာတော်ဘုရားကြီး (အေဒီ ၁၈၄၆–၁၉၂၃)၏ ဗောဓိပက္ခိယဒီပနီကျမ်းနိဒုံး၌ တစ်ဆူတစ်ဆူသောဘုရားရှင်၏သာသနာ၌ (၂၄)အသင်္ချေနှင့် ကုဋေ(၆၀)၊ ဗိုလ်ခြေတစ်သိန်းကျွတ်မြဲ–ဟူသောအကြောင်းအချက်ကို အနာဂတဝင်အဋ္ဌကထာကို ကိုးကားရေးသားထား

---

*၁ ဦးယံ၏ဝိဋကတ်တော်သမိုင်း။ ၁၉၀၅–ခုနှစ်။ (စာမျက်နှာ–၅၀)။ တောင်ငူခေတ် သာသနာပိုင်၏ဂုဏ်ထူထောင်ပုံနှိုင်းယှဉ်ကျမ်း၊ ပထမတွဲ။ ၁၉၂၈–ခုနှစ်။ (စာမျက်နှာ–၈၆)တွင် စတုရင်္ဂလ၏စက်တော်ရာဘုရားရှိနိုး တစ်ဆယ့်တစ်ဂါထာကိုဖော်ပြထားပါသည်။ ပါဒစေတိယအတ္ထုပ္ပတ္တိကျောက်စာ (မန္တလေးနန်းတော်တွင်းကျောက်စာရုံကြီး)တွင် စတုရင်္ဂလအမတ်ကြီး စက်တော်ရာဘုရားရှိနိုးတစ်ဆယ့်နှစ်ဂါထာကို ဖော်ပြထားသည်။ Inscriptions Collected in Upper Burma. Vol.II. 1903. သို့ပါသော် မဟာပဏာမကြီးကျမ်း (ဗုဒ္ဓဝန္ဒနာ)။ ၁၉၈၀–ပြည့်နှစ်။ (စာမျက်နှာ–၂၉)၌ 'စတုရင်္ဂလအမတ်ကြီးသည် သုတ်မဟာဝါပါဠိတော် မဟာပဒါနသုတ်အဖွင့်၊ အနာဂတဝံသဋီကာနှင့် ဖိနာလင်္ကာရဋီကာတို့ကို ဖိုးဤရေးသည်'ဟူ၍ 'အနာဂတဝင်အဋ္ဌကထာ'ကိုချန်၍ဖော်ပြထားသည်။

*၂ ဦးညြ၏ကဝိလက္ခဏသတ်ပုံ။ ၁၉၆၂–ခုနှစ်။ (စာမျက်နှာ–၅၈)။ ဦးမြိမ့်၏ကဝိလက္ခဏဒီပနီကျမ်း။ ၁၉၆၁–ခုနှစ်။ (စာမျက်နှာ–၄၀၄)။

*၃ လက်ဝဲနော်ရထာလျှောက်ထုံး။ ၁၉၆၃–ခုနှစ်။ (စာမျက်နှာ–၁၁၃)။

*၄ အမေးတော်ဖြေကျမ်း။ ၁၉၆၂–ခုနှစ်။ (စာမျက်နှာ–၄၅၉)။

http://www.dhammadownload.com

တော်မူပါသဖြင့် လယ်တီဆရာတော်ဘုရားတို့လက်ထက်တိုင်သည်အထိ အနာဂတဝင်အဋ္ဌကထာကျမ်း သုံးစွဲလျက်ရှိကြောင်းသိရသည်။*၁

၆။ လယ်တီဆရာတော်ကြီးနှင့်စာသင်ဖက်ဖြစ်သော တောင်ခွင်သာသနာပိုင်ကြီး(အေဒီ ၁၈၄၄–၁၉၃၉)၏ ဂုဏ္ဍတ္ထဝိနိစ္ဆယကျမ်းတွင်လည်း မြတ်စွာဘုရားရှင်၏ခြေဖဝါးတော်အပြင်၌ရှိသော တစ်ရာ့ရှစ်ကွက်စက်လက္ခဏာတို့ကိုရှင်းလင်းဖြေကြားရာတွင် (၁) အနာဂတဝင်အဋ္ဌကထာ (ထို၊ စာ–၈၀)။ (၂) အနာဂတဝင်ဋီကာ (ထို၊ စာ–၈၀၊ ၈၁)တို့ကို ကိုးကားထားကြောင်းတွေ့ရသဖြင့် ကုန်းဘောင်ခေတ်ကုန်ပြီးသည့်တိုင်အောင် ပညာရှင်မထေရ်မြတ်သည် အနာဂတဝံသအဋ္ဌကထာ၊ ဋီကာတို့ကိုကြည့်ရှုသုံးစွဲနေကြကြောင်း သိရသည်။*၂

ကုန်းဘောင်ခေတ်နောက်ပိုင်းနှင့် ကိုလိုနီခေတ်တို့၌ အနာဂတဝံသကျမ်း၊ အနာဂတဝံသအဋ္ဌကထာနှင့် အနာဂတဝံသဋီကာကျမ်းတို့ကို ကိုးကားအသုံးပြုမှု မတွေ့ရသလောက်နည်းပါးသွားသည်။ အနာဂတဝံသပါဠိနှင့် အဋ္ဌကထာကိုသာ ရံဖန်ရံခါ ကိုးကားသမှုပြုကြောင်းတွေ့ရပြီး၊ အနာဂတဝံသဋီကာကိုမူကား ကိုးကားခြင်း လုံးဝမတွေ့ရတော့ပေ။ အကြောင်းတစ်ရပ်မှာ ထိုကျမ်းစာတို့သည် ပါဠိဘာသာဖြင့် ရေးသားထားပြီး ပုံနှိပ်မူသို့ မရောက်ခဲ့သည့်အတွက် အသုံးပြုမှုလျော့သွားခြင်းလည်းဖြစ်နိုင်သည်။

အနာဂတဝံသနိဿယကျမ်းများ

အနာဂတဝံသကျမ်းကို ပုဂံခေတ်ကပင်သုံးစွဲခဲ့ကြသော်လည်း ထိုကျမ်းကို နိဿယအဖြစ်ရေးသားပြုစုကြောင်း အထောက်အထားတစ်စုံတစ်ရာကို မတွေ့ခဲ့ရပေ။

မန္တလေးရတနာပုံခေတ်သို့ရောက်မှ နန်းတွင်းဘုရင့်ပိဋကတ်တိုက်၌ အနာဂတဝင်နိဿယကျမ်းများရှိခဲ့ပုံကို ပိဋကတ်အုပ်ဦးယံက ပိဋကတ်တော်သမိုင်းစာတန်း (အမှတ်စဉ်–၈၆၃)၌ မှတ်တမ်းတင်ထားသည်မှာ–

> ၈၆၃။ အနာဂတဝင်ပါဠိတော်နိသျ။ သက္ကရာဇ် ၁၂၂၁–ခုနှစ် မိုင်းခိုင်းမြို့စားပြုစုသည်။ ရှေးဆရာကျော်တို့စီရင်သည့်နိသျမရှိ။*၃

စတုတ္ထမြစ်ကွေးဆရာတော် ဦးပညာဝံသ၏ပိဋကတ်တော်သမိုင်းသစ်၌ 'မန္တလေးမြို့ သက္ကရာဇ် ၁၂၂၁–ခုနှစ် အနာဂတဝံသပါဠိနိသျသစ်'ဖော်ပြသည်။ ကျမ်းပြုပုဂ္ဂိုလ်အမည်ကိုဖော်ပြမထားသဖြင့် မင်းကြီးဦးယံပြုသော နိသျလော?၊ အခြားပုဂ္ဂိုလ်တို့ပြုသော နိသျလော?ဆိုသည်ကို ခွဲခြားမရပေ။*၄

ထို့ပြင် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားစာကြည့်တိုက်၊ ပေစာဌာနတွင်လည်း (စာရင်းအမှတ်–၃၀၃၈) ဖြင့် အနာဂတဝင်နိသျပေမူတစ်စောင်ရှိကြောင်းသိရသည်။

စတုတ္ထမြစ်ကွေးဆရာတော်ဦးပညာဝံသသည် ပထမငါးခုန်ဆရာတော်၏မဟာဗုဒ္ဓဝင်ဝတ္ထုကျမ်းကိုရိုက်နှိပ်စဉ် အခါက နောက်ဆက်တွဲအဖြစ် အနာဂတဝံသပါဠိနှင့် မိုင်းခိုင်းမြို့စားမင်း၏အနာဂတဝံသနိဿယမူကို ထည့်သွင်း

---

*၁ လယ်တီဆရာတော်ကြီးက ဗောဓိပက္ခိယဒီပနီနိဒါန်း၌ 'အနာဂတဝင်အဋ္ဌကထာကို မယယ်သင့်ပေ'ဟူ၍ ရေးသားခဲ့သည်။ လယ်တီဆရာတော်ကြီး၏ ဗောဓိပက္ခိယဒီပနီ။ ၁၉၃၃–ခုနှစ်။ (စာမျက်နှာ–၁၁၄)။

*၂ တောင်ခွင်သာသနာပိုင်၏ ဂုဏ္ဍတ္ထဝိနိစ္ဆယ၊ ပထမတွဲ။ ၁၉၂၈–ခုနှစ်။ (စာမျက်နှာ–၈၀၊၈၁)

*၃ ဦးယံ၏ပိဋကတ်တော်သမိုင်း။ ၁၉၀၅–ခုနှစ်။ (စာမျက်နှာ–၁၁၉)။ သို့သော် တက္ကသိုလ်များဗဟိုစာကြည့်တိုက်၌ 'အရှင်ဝရကာမိဒေရ် ပြုစုသော အနာဂတဝံသပါဠိနိသျ' (တက္ကသိုလ်များဗဟိုစာကြည့်တိုက်၊ ပေစာအမှတ်–၁၀၅၈၁)ရှိကြောင်းသိရ၍၊ ဦးညွန့်မောင်က 'ထိုအရှင်ဝရကာမိဒေရ်၏ နိသျရှိကြောင်း ဦးယံ မသိ'ဟု မှတ်ချက်ရေးထားပါသည်။ မောင်မောင်ညွန့်၏ ပါဠိနှင့်ပိဋကတ်စာပေသမိုင်းသစ်။ ၂၀၀၃–ခုနှစ်။ (စာမျက်နှာ–၂၃၀)။

*၄ ဦးပညာဝံသ၏ပိဋကတ်တော်သမိုင်းသစ်။ (လက်နှိပ်စက်မူ)။ ၁၉၉၈–ခုနှစ်။ (စာမျက်နှာ–၈၅)။

http://www.dhammadownload.com

ပုံနှိပ်လို၍ရှာဖွေရာ နိဿယမူ မည်သို့မျှရှာဖွေမရသည့်အတွက် ဇမ္ဗူမိတ်ဆွေပိဋကတ်ပုံနှိပ်တိုက်ရှိ ပါဠိစာပြင်ဆရာကြီးများ ညှိနှိုင်းတိုင်ပင် အနာဂတဝံသပါဠိကို နိဿယပြန်ဆိုခဲ့ကြပါသည်။ ထိုနိဿယမူကို မဟာဘုဒ္ဓဝင် ဝတ္ထုကျမ်း၊ တတိယအုပ်၌ နောက်ဆက်တွဲအဖြစ် ထည့်သွင်းပုံနှိပ်ခဲ့ပါသည်။ ထိုမြစ်ကွေးဆရာတော်စီစဉ်သည့် အနာဂတဝံသနိဿယပေါ်ထွက်လာ၍ ပါဠိမကျွမ်းကျင်သူတို့အဖို့ အနာဂတဝံသကိုလေ့လာရန် အခွင့်အရေး တစ်ရပ်ပေါ်ထွက်ခဲ့ပါသည်။*၁

အနာဂတဝံသမြန်မာပြန်ကျမ်းများ

၁။ တက္ကသိုလ်များဗဟိုစာကြည့်တိုက်၊ ပေစာင်္ဂာနတွင် 'ကြည်တော်ဘုန်းကြီးစီရင်သည်' ဟု (စာရင်း၊ တဗစ-၁၁၅၀၆၀) အနာဂတဝင်ကျမ်း(စကားပြေ)ပေမူတစ်စောင်ရှိသည်။*၂ ကျမ်းပြုနှစ်ကိုမသိရပါ။ ထို့ပြင် (တဗစ-၃၇၄၃၊ ၇၆၈၃၊ ၇၇၀၅၊ ၅၃၀၀၆) စာရင်းအမှတ်တို့ဖြင့် အနာဂတဝင်မြန်မာပြန်ပေမူများရှိသေးသည်။

၂။ ၁၉၀၂-ခုနှစ်၌ 'အနာဂတဗုဒ္ဓဝံသကထာ'အမည်ရှိသော အနာဂတဝင်မြန်မာပြန်တစ်ကျမ်းကို မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏တပည့် လက်ပံတန်းမြို့ ငါးဆူကျောင်းဆရာတော် ဦးတေဇဝန္တ အရှင်သူမြတ်ရေးသားပြီး ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၌ရိုက်နှိပ်ခဲ့ပါသည်။ ထိုအနာဂတဗုဒ္ဓဝံသကထာကျမ်းရေးသားခြင်းအကြောင်းကို ဦးတေဇဝန္တ အရှင်မြတ်က ကျမ်းဦးနိဒါန်းတွင်ဖော်ပြထားသည်မှာ-

> ရင့်မာတစ်ကျိပ်ကိုဆိုသော ဒသဗုဒ္ဓအနာဂတဝင် ဇဉ်းမယ်(ဇင်းမယ်)စကားနှင့် သင်္ဂါယနာသုံးတန်အဝင်အပါ အနာဂတဗုဒ္ဓဝံသကထာစကားများသည် ထွေးရွက်၍ နှစ်သက်ကြည်ညိုဘို့အရာဟောကြားအပ်သော ဒေသနာတော်မြတ်ဖြစ်ပါလျက် ဓေါ့ပျက်တိမ်ကော ဇဉ်းမယ်၌လာသလောဟုပြောသူအချို့ကလည်း ကျမ်းရင်းကိုမကြည့်၊ တွေ့မိရာရာ ဇဉ်းမယ်စာကို ဒေသနာဟုထုတ်ဖော်ကာရေးသား၍ အဝေးမြို့ရွာပေးကြသည်။ စာကသာ ကြေညာထင်ရှား အများပင်မှတ်သားလျက် အနက်ယွင်းထွက် ပျက်ကွက်ကြသည်ကို ကရုဏာပို အမှန်ကိုသိလိုကုန်သော မြို့နိမိပါယ်စာရေးကြီး ဦးလူကလေး၊ ဈေးခေါင်းမောင်ဘိုးခင်၊ ကုန်သည်ကြီးမောင်ဘိုးကျန်၊ မောင်တင်စသော ဥပါသကာအပေါင်းတို့သည် ရိုသေခယတောင်းပန်ကြသဖြင့် ရာမညတိုင်း တလိုင်း(မွန်)သုံးရပ်နှင့်တကွ အထက်အောက်ဌာနတွင် နေလအလားထင်ရှားကြေညာတော်မူသော မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး၏တပည့်ရင်းဖြစ်သော ပုဂ္ဂိုလ်သူမြတ်သည် အလွယ်သိစေ စကားဖြေ(ပြေ)ရေးသားအပ်သော အနာဂတဗုဒ္ဓဝံသကထာစသောကျမ်းကို ငင်းဆရာတော်ဘုရားကြီးကိုယ်တော်တိုင်လက်ကိုင်ပြင်ဆင်၍ သင်္ဂါယနာတင်သကဲ့သို့ဖြစ်ပါသောကြောင့် ရတနာသုံးပါးကို ကြည်ညိုလေးစားကုန်သော ရတနတ္တယမာမကသံသာရာဘီရုက ဖြစ်ကြထိုထို မြတ်ပုဂ္ဂိုလ်တို့သည် ကြည်ညိုနှစ်သက်ဆောက်ရွက်မှတ်သား နှလုံးထားနိုင်ကြစေကုန်သတည်း-ဟူ၍ဖြစ်ပါသည်။*၃

၃။ ၁၉၁၂-ခုနှစ်တွင် ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်က ပထမအကြိမ်ရိုက်နှိပ်သော စာမျက်နှာ(၂၆)မျက်နှာပါ အနာဂတဝင်ကျမ်း မြန်မာဘာသာပြန်ကျမ်းငယ်တစ်စောင်ကို တွေ့ရပြန်ပါသည်။ ထိုကျမ်း၌ ကျမ်းပြုအမည် မပါပေ။ ထိုကျမ်းငယ်ကိုပင် ၁၉၂၇-ခုနှစ်၌ မန္တလေးမြို့၊ ရတနာဒီပံပိဋကတ်ပုံနှိပ်တိုက်က ထပ်မံ၍ရိုက်နှိပ်

---

*၁ ပထမငါးခုန်ဆရာတော်၏ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၊ တတိယတွဲ။ ၁၉၃၅-ခုနှစ်။ (စာမျက်နှာ- နိဒါန်း-၃၁။ ၁၆၉ မှ ၂၅၇)။

*၂ မောင်မောင်ညွန့်၏ ပါဠိနှင့်ပိဋကတ်စာပေသမိုင်းသစ်။ ၂၀၀၃-ခုနှစ်။ (စာမျက်နှာ-၂၃၀)။

*၃ ဦးတေဇဝန္တ၏ အနာဂတဝံသကထာ။ ၁၉၀၂-ခုနှစ်။ (စာမျက်နှာ-နိဒါန်း)။

http://www.dhammadownload.com

ထုတ်ဝေပြန်ရာတွင်လည်း ကျမ်းပြုအမည်ကိုဖော်ပြခြင်းမပြုခဲ့ပေ။ ဤသို့ ထိုအနာဂတဝင်မြန်မာပြန်ကျမ်းငယ်ကို ကျမ်းပြုသူမဖော်ပြဘဲ ရှေးနှစ်ပေါင်းများစွာရှိက်နှိပ်ခဲ့ကြပြီးနောက်၊ ယခုကာလအတွင်းရှိက်နှိပ်သောမူများတွင် ကျမ်းပြုအမည်ကို 'ဒီပယင်းဆရာတော်ကြီး' ဟုဖော်ပြထားကြသည်။

ထိုအနာဂတဝံသမြန်မာပြန်အကျဉ်းကိုပြုစုသော ဒီပယင်းဆရာတော်ကို ပရမတ္ထစကျွတ်အစရှိသော ကျမ်းများစွာကိုပြုစုတော်မူခဲ့သော တတိယမြောက်ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံဒီပယင်းဆရာတော်ကြီး (အေဒီ ၁၈၅၂–၁၉၂၇) ဟုထင်မှတ်ခဲ့ကြသဖြင့် မဟုတ်ရကြောင်းကို ပညာရှင်တို့ရှင်းလင်းတင်ပြပြီးဖြစ်သည်။[*၁] စင်စစ် အနာဂတဝင်ကျမ်းငယ်ကိုပြုစုတော်မူသော ဒီပယင်းဆရာတော်ကြီးသည် အေဒီ ၁၇၇၂–ခုနှစ်တွင် တထာဂတဥဒါန ဒီပနီအမည်ရှိသော ဗုဒ္ဓဝင်ကျမ်းကြီးကိုပြုစုတော်မူသော သိရိသဒ္ဓမ္မဘိလင်္ကာရဘွဲ့နာမံရှိတော်မူသော ဒီပယင်းဆရာတော်ကြီးသာဖြစ်နိုင်သည်။ တထာဂတဥဒါနဒီပနီကျမ်းပြုဆရာတော်ကြီးသည် ဒီပယင်းမြို့၊ ထိုပြင် ဇေယျဝမုနသူကြီးလူသည့်ကျောင်းကြီး၌နေထိုင်သီတင်းသုံးတော်မူ၍ ဒီပယင်းဆရာတော်ဟုထင်ရှားခဲ့ပါသည်။ ထိုတထာဂတဥဒါနဒီပနီကျမ်း၌ ဇင်းမယ်၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားစသော ဗုဒ္ဓဘာသာဝင်နိုင်ငံတို့၌ အပြောများထင်ရှားလျက်ရှိသော (က) ဝသုန္ဓရမြေစောင့်နတ်က ဆံရည္စေသောကြောင့် မာရ်နတ်သားပြေးရပုံ၊[*၂] (ခ) ဇမ္ဗူပတိမင်းကို မြတ်စွာဘုရားရှင်ချွတ်တော်မူပုံစသည့်အကြောင်းတို့ကို ထည့်သွင်းရေးသားခဲ့လေသည်။ ထိုအကြောင်းအရာတို့ကို ပါဠိပိဋကတ်စာပေ၌မတွေ့ရပေ။ လာအိုနိုင်ငံ၌ ထိုဇမ္ဗူပတိဝတ္ထုကို 'ဇမ္ဗူပတိသုတ္တ' ဟုအမည်ပေး၍ အလေးထားကြကြောင်းသိရသည်။[*၃] သို့ပါ၍ ဖော်ပြခဲ့သော အနာဂတဝင်ကျမ်းမြန်မာပြန်အကျဉ်းကိုလည်း ဇင်းမယ်, ထိုင်း စသောဒေသရှိ ပါဠိကျမ်းဂန်စာပေတို့နှင့်ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သော တထာဂတဥဒါန ဒီပနီကျမ်းပြု ဒီပယင်းဆရာတော်ကြီး၏လက်ရာသာဖြစ်နိုင်ကြောင်း တင်ပြရခြင်းဖြစ်သည်။

၄။ အနာဂတဝင်မြန်မာပြန်တစ်မူကို အမျိုးသားစာကြည့်တိုက်ရှိ ဝင်ကိုးဝင်လက်ရေးမူ(မှတ်ပုံ ၃၀–လက်၊ ၂၁–၁၁–၅၆) တွင်တွေ့ရပါသည်။ ထိုမူတွင် တစ်မျက်နှာ၌ လက်ရေးစာကြောင်းရေ ၂၁–ကြောင်းပါ၍၊ စုစုပေါင်း (၇၃)မျက်နှာပါရှိသည်။ ထိုမူကို မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကလဒို့ရွာကျောင်းဟောင်း ဘုန်းတော်ကြီး ဦးဝါရလင်္ကာပိုင်သော (က–အစ၊ ကံ–အဆုံး။ ၁၁–ချပ်ပါ) ဝင်ကိုးဝင်ပေမူမှ ၁၉၂၆–ခုနှစ်တွင် ကူးယူခဲ့ခြင်းဖြစ်သည်။

၅။ ၁၉၃၁–ခုနှစ်တွင် ဟသ်တမြို့၊ မြစ်ကွေးတိုက်ဘုန်းတော်ကြီးဦးပညာဝံသရေးသားသော 'ဗုဒ္ဓဝင်မှတ်စု' စာအုပ်ငယ်တွင်လည်း 'အရိမေတ္တေယျမြတ်စွာဘုရား၏အတ္ထုပ္ပတ္တိတော်အကျဉ်းချုပ်'ဟု စာသုံးမျက်နှာဖော်ပြပါရှိလေသည်။ မြစ်ကွေးဆရာတော်သည် ကျမ်းဂန်နှံ့စပ်သောပုဂ္ဂိုလ်ဖြစ်သည်နှင့် ထိုစာသုံးမျက်နှာမျှကိုပင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ စသောကျမ်းများစွာ ကိုးကား၍ရေးသားခဲ့သည်။ ဤဗုဒ္ဓဝင်မှတ်စုကို ဟသ်တမြို့၊ ရုံးကြီးလမ်း၊ တိုက်(၅)၊ ရွှေကြာပုံနှိပ်တိုက်၌ရိုက်နှိပ်ခဲ့ပါသည်။

၆။ ၁၉၅၈–ခုနှစ်၌ အနာဂတဝင်ဝတ္ထုမြန်မာပြန်ကို နလာဇဂါတုဝင်ဝတ္ထုနှင့်တွဲဖက်၍ ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်က ရိုက်နှိပ်ခဲ့သည်။ ထိုမူကို ယခုအခါအသုံးများကြသည်။

---

*၁ ရဂေထွန်း၏ အနာဂတဝင်ပြဿနာ(ဆောင်းပါး)။ ရတနာစာပေ၊ ဒုတိယတွဲ။ (စာမျက်နှာ–၁၄၇)။

*၂ တထာဂတဥဒါနဒီပနီ၊ ပထမတွဲ။ ၁၉၅၈–ခုနှစ်။ (စာမျက်နှာ–၂၂၉)။

*၃ H. Saddhātissa' Pali Literature in Thailand. In Buddhist Studies in Honour of I.B. Horner. 1974. Page-222; P.V. Bapat(ed.) Laos. In 2500 Years of Buddhism. 1987. Page-379.

http://www.dhammadownload.com

၇။ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ဇရစ်ချောင်းကျေးရွာအုပ်စုဝင် သာယာကုန်းအရှေ့ မိုးမခတောင်ခြေ၏ အနောက်ဘက်ကုန်းမြင့်၌ အလံတရာမဟာသောဏယကမ္မာအေးစေတီတော်ကြီး (အေဒီ–၁၉၇၃)မှစ၍ စေတီပုထိုးများစွာကိုတည်ထားပြီး သာသနာပြုလုပ်ငန်းအရပ်ရပ်ကိုဆောင်ရွက်တော်မူခဲ့သော သက္ကတောင် အလံတရာ ဆရာတော်ဦးစန္ဒန (အေဒီ ၁၉၁၃– ?) ၏ စီရင်သည့် အလံတရာဆကေသဓာတုဝင်ကျမ်းတွင် အနာဂတဝင်မြန်မာပြန်အကျဉ်းကို ထည့်သွင်းပုံနှိပ်ထားကြောင်းတွေ့ရပါသည်။

၈။ မန္တလေးမြို့၊ သမတပုံနှိပ်တိုက်ကရိုက်နှိပ်၍ ဆရာဝ(ပါဠိဆရာ)ရေးသားသော ကျောင်းသုံးဗုဒ္ဓဝင်အမည်ရှိ စာအုပ် (စာမျက်နှာ ၁၇၈–၂၁၆) တွင်လည်း 'အရိမေတ္တေယျဗုဒ္ဓဝင်'ကိုတွေ့ရသည်။

၉။ ပြည်ပရောက်အနာဂတဝင်ကျမ်းစာရင်းတွင် (က) ၁၉၀၄–ခုနှစ်၊ ပုသိမ်မြို့ ဓမ္မုမင်္ဂလာပုံနှိပ်တိုက်ရိုက် အနာဂတဝင်ကျမ်းရင်းမူဟောင်း(D 421)၊ (ခ) ၁၉၀၇–ခုနှစ်၊ ရန်ကုန်မြို့ တိုင်းအုပ်ဗမာပုံနှိပ်တိုက်ရိုက် မောင်ဘဖေ၏အနာဂတဝင်ကျမ်း(D 387)၊ (ဂ) ၁၉၂၄–ခုနှစ်၊ ရန်ကုန်မြို့ ကဝိမျက်မှန်ပုံနှိပ်တိုက်ရိုက် အနာဂတဝင်ကျမ်း(D 1104)ဟူ၍လည်းတွေ့ရသည်။[*၁]

အနာဂတဝင်ကျမ်း ကမ္ဘာသို့ပြန့်နှံ့ပုံ

၁၈၆၅–ခုနှစ်၊ နိဝင်္ဘာလ(၂၉)ရက်နေ့တွင် သီပေါမင်းပါတော်မူပြီးနောက် (၂)လခန့်အကြာ ဇန်နဝါရီလ (၂၁)ရက်နေ့တွင် မတည်မငြိမ်ဖြစ်နေသောမန္တလေးမြို့သို့ ရုရှားနိုင်ငံသားပါဠိပါမောက္ခမိနာယဲ့ဖ် (Ivan Pavlovich Minayeff) ရောက်ရှိလာပါသည်။

မိနာယဲ့ဖ်ကို ၁၈၄၀–ပြည့်နှစ်၊ ရုရှားပြည် တမ်ဗော့(Tam Bov)၌ အလယ်အလတ်တန်းစား အရာရှိငယ်အမျိုးအဆက်ကမွေးဖွားခဲ့သည်။ ကျောင်းသားဘဝတွင်စာပေအခြေခံရှိသူဖြစ်ပြီး၊ ၁၈၆၈–ခုနှစ်အထိ စိန့်ပီတာဗတ်တက္ကသိုလ် (ယခု–လီနင်ဂရက်တက္ကသိုလ်)အရှေ့တိုင်းဘာသာစကားဌာန၌ ပါဠိ, သက္ကတ, အူရဒူ စသည့် စာပေနှင့်စကားများကိုသင်ယူခဲ့သည်။ ဗုဒ္ဓစာပေကိုစိတ်ဝင်စားသည့်အတွက် သက္ကတ,ပါဠိ,ပြာကၠရိဏ်ဘာသာတို့ကို အထူးသင်ယူခဲ့၏။ မိနာယဲ့ဖ်သည် ၁၈၆၂–ခုနှစ်တွင် ဂျာမနီ၊ ပြင်သစ်၊ လန်ဒန်နှင့် ၁၈၇၄–ခုနှစ်တွင် သီရိလင်္ကာ၊ အိန္ဒိယစသည်နိုင်ငံများသို့ ခရီးထွက်ပြီး ရှေးဟောင်းပါဠိစာပေ၊ သက္ကတစာပေတို့ကိုစုဆောင်းလေ့လာခဲ့သည်။[*၂] အိန္ဒိယသို့ ၁၈၇၄–ခုနှစ်တွင် ပထမအကြိမ်၊ ၁၈၇၉–ခုနှစ်တွင် ဒုတိယအကြိမ်၊ ၁၈၈၆–ခုနှစ်တွင် တတိယအကြိမ် သုံးကြိမ်ရောက်ရှိရာတွင် ၁၈၈၆–ခုနှစ် တတိယအကြိမ်ခရီးစဉ်တွင် အိန္ဒိယမှတစ်ဆင့် မြန်မာနိုင်ငံ မန္တလေးမြို့သို့ရောက်ရှိခဲ့ခြင်းဖြစ်သည်။[*၃]

---

*၁ K. Whitbread' Catalogue of Burmese Printed Books. 1969. Page-6.

*၂ ပါမောက္ခမိနာယဲ့ဖ်သည် ရှာဖွေရရှိသောပါဠိကျမ်းစာများကိုတည်းဖြတ်၍ ပုံနှိပ်မူအဖြစ်ပို့ဆောင်ရာတွင် ထင်ရှားသောပါဠိကျမ်းများမှာ (၁) ဆကေသဓာတုဝံသ(၁၈၈၅)၊ (၂) ပဋ္ဌာန်ဝံသ(၁၈၈၆)၊ (၃) သီဟဠဝါဒနိဿယကထာ(၁၈၈၇)၊ (၄) ကထာဝတ္ထုပကရဏအဋ္ဌကထာ(၁၈၈၉)၊ (၅) ပြတိမောက္ခသုတြ(၁၈၇၄)၊ (၆) ပေတဝတ္ထု(၁၈၈၉)၊ (၇) သဒ္ဒနီသကထာ(၁၈၈၅)၊ (၈) မဟာဗျုတ္တိ–စသည်ဖြစ်၏။
W.G. Weeraratne' J.P. Minayeff. In Encyclopaedia of Buddhism. Vol.VI. Fascicle. 4. 2002. Page-694.

*၃ ပါမောက္ခမိနာယဲ့ဖ်၏ ၁၈၈၆–ခုနှစ် တတိယအကြိမ် အိန္ဒိယခရီးစဉ်မှတ်တမ်းဗိုင်ယာရီကို ရုရှားဘာသာဖြင့်ရေးသားထုတ်ဝေခဲ့သည်။ ထိုမှတ်တမ်းမှ ထုတ်နုတ်၍ အင်္ဂလိပ်ဘာသာပြန်ဆိုပြီး အိန္ဒိယ၌ပုံနှိပ်ခဲ့၏။ I.P. Minayeff' Travels in and Diaries of India and Burma. ထိုမှတ်တမ်းပါ မြန်မာပြည်သို့ရောက်ပုံအခန်း(၁၈၈၆၊ ဧနဝါရီလ ၂၃ မှ ဖေဖော်ဝါရီလ ၂၆ ရက်အထိ)ကို သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းက မြန်မာဘာသာသို့ပြန်ဆိုပြီး နယ်လှည့်ရာဇဝင်၊ တတိယတွဲ။ ၁၉၆၉–ခုနှစ်။ (စာမျက်နှာ–၃၁၈)၌ဖော်ပြထားပါသည်။

http://www.dhammadownload.com

ပါမောက္ခမိနာယဲ့ဖ်၏ တတိယအကြိမ်ခရီးစဉ်မှတ်တမ်းအရ ၁၈၈၆-ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့တွင် မိနာယဲ့ဖ်သည် မန္တလေးမြို့တွင် ပိဋကတ်အုပ်မင်းဦးယဲ်နှင့်တွေ့ဆုံခဲ့ပြီး အနာဂတဝံသကျမ်းအကြောင်းကိုဆွေးနွေးခဲ့၏။ ဦးယဲ်ထံမှ အနာဂတဝင်ပါဠိပေမူတစ်စောင်ရရှိခဲ့သည်။ ၁၈၈၆-ခုနှစ်၊ ဖေဖော်ဝါရီလ (၈) ရက်နေ့တွင် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ပြန်လည်ထွက်ခွာခဲ့ရာ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ပြည်မြို့မှ ရွှေတောင်မြို့သို့ ရောက်ရှိခဲ့၏။ ထိုရွှေတောင်မြို့မှ အနာဂတဝင်ကျမ်းလက်ရေးမူနှင့် ပေမူ-ဟု နှစ်မူနှစ်စောင်ကိုရရှိခဲ့ပါသည်။ ရန်ကုန်မြို့သို့ ရောက်သောအခါ ဘားနဒ်ပိဋကတ်တိုက်အတွင်းရှိ မောင်ဖိုးမျှင်လှူဒါန်းသောစာစုမှ အနာဂတဝင်ကျမ်းလက်ရေးမူတစ်စောင်ကို ကူးယူရရှိပြန်ပါသည်။ ဤသို့ဖြင့် ပါမောက္ခမိနာယဲ့ဖ်၏မြန်မာပြည်ခရီးစဉ်တွင် အနာဂတဝံသပါဠိ ပေမူ(၁)စောင်နှင့် လက်ရေးမူ (၂) စောင်တို့ကိုရရှိခဲ့သည်။ ထိုသို့ရရှိခဲ့သော အနာဂတဝံသစာမူများတွင်-

၁။ မန္တလေးမြို့၊ မိုင်းခိုင်းမြို့စားအတွင်းဝန်မင်းကြီးဦးယဲ်ထံမှ (၁၀)ကြောင်းရေးအနာဂတဝံသပါဠိပေမူ။ ထိုပေမူမှာ ၁၀-ကြောင်းရေး (က)မှ (ကေ)အထိ (ဂ)ချပ်ပါရှိ၏။

၂/၃။ ပြည်ခရိုင်၊ ရွှေတောင်မြို့မှ (ဓ)ကြောင်းရေး (ခေါ်) မှ (နော) အထိ အနာဂတဝံသပါဠိပေမူတစ်စောင်။ ထိုစာမူနှင့်တွဲ၍ အနာဂတဝံသအဋ္ဌကထာလည်းပါရှိသည်။ ထိုကျောင်းမှပင် (ဓ)ကြောင်းရေး (က)မှ (ခေါ်)အထိပါသော ဒသဗောဓိသတ္တုပ္ပတ္တိကျမ်းတစ်စောင်။

၄။ ရန်ကုန်မြို့၊ မောင်ဖိုးမျှင်ပိဋကတ်တိုက်မှ လက်ရေးမူ(၂၄)မျက်နှာရှိသောအနာဂတဝင်ပါဠိမူတစ်စောင်။ ထိုမူတွင် ဂါထာစုကျွတ်ယရောနေ၏။

မိနာယဲ့ဖ်သည် မြန်မာနိုင်ငံမှရရှိခဲ့သော ထိုအနာဂတဝံသကျမ်းစာမူလေးစောင်တို့ကို ညှိနှိုင်းတည်းဖြတ်ကာ ဂါထာ(၁၄၂)ဂါထာပါရှိသောအနာဂတဝံသပါဠိကို ၁၈၈၆-ခုနှစ်ထုတ် လန်ဒန်မြို့၊ ပါဠိကျမ်းစာအသင်းကြီး၏ စာစောင် (Journal of The Pāḷi Text Society. 1886.) (စာမျက်နှာ ၄၁ မှ ၅၃) တွင် ရောမအက္ခရာ (Roman Script) ဖြင့် ထည့်သွင်းဖော်ပြခဲ့၏။ ဤသို့ ပါဠိကျမ်းစာအသင်းဂျာနယ်၌ဖော်ပြခဲ့သဖြင့် အနောက်နိုင်ငံသား သုတေသီပညာရှင်တို့သည် မေတ္တေယျဗုဒ္ဓဝင်အမည်တွင်သော အနာဂတဝံသပါဠိမူကို ပထမဆုံးလေ့လာခွင့်ရကြလေတော့သည်။

ထို ၁၈၈၆-ခုနှစ် သီပေါမင်းပါတော်မူစတွင် အနောက်နိုင်ငံရှိ ပါဠိစာပေသုတေသီပညာရှင်ကြီးများသည် မဟာဝံသ၊ စူဠဝံသစသော ပါဠိဘာသာရေးဝံသကျမ်းများကို သဲသဲမဲမဲရှာဖွေကာ လေ့လာဖော်ထုတ်နေကြ၏။ ဗုဒ္ဓဝံသပါဠိကို ၁၈၈၂-ခုနှစ်၌လည်းကောင်း၊ ဒါဋ္ဌာဓာတုဝံသပါဠိကို ၁၈၈၄-ခုနှစ်၌လည်းကောင်း၊ ဆကေသဓာတုဝံသပါဠိကို ၁၈၈၅-ခုနှစ်၌လည်းကောင်း ရှာဖွေ၍တည်းဖြတ်ပုံနှိပ်နိုင်ခဲ့ပြီးဖြစ်သည်။ ၁၈၈၆-ခုနှစ်၌ အနာဂတဝံသပါဠိကျမ်းပုံနှိပ်မူအဖြစ်သို့ရောက်ရှိလာသောအခါ နိုင်ငံတကာရှိပါဠိစာပေပညာရှင်တို့ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ကြလေသည်။ အထူးသဖြင့် အင်္ဂလန်နိုင်ငံမှ ပါဠိစာပေသုတေသီတို့ အနာဂတဝံသပါဠိကျမ်းရရှိရေးအတွက် သီဟိုဠ်ကျွန်း၊ အိန္ဒိယနိုင်ငံ စသည့်ဒေသများသို့ အနှံ့အစပ်စုံစမ်းရှာဖွေခဲ့ကြသော်လည်း ထိုအရပ်ဒေသများ၌ အနာဂတဝံသကျမ်းတိမ်မြုပ်ကာရှာဖွေ၍မရရှိသဖြင့် လက်လျော့နေခဲ့ကြသည်မှာ ကာလအတန်ကြာခဲ့ပြီဖြစ်သည်။

မိနာယဲ့ဖ်၏အနာဂတဝံသပါဠိစာမူ ပုံနှိပ်စာလုံးအသွင်သို့ရောက်ရှိလာသောအခါ အမေရိကန်လူမျိုး ပါဠိစာပေပညာရှင် ကလပ်ဝါးရင့် (Henry Clarke Warren. 1859-1899) သည် သူ၏အကျော်ကြားဆုံးလက်ရာ

http://www.dhammadownload.com

ဗုဒ္ဓစာပေဘာသာပြန် (Buddhism in Translations) ကျမ်းကြီး၏နောက်ဆုံးကဏ္ဍ၌ 'ဗုဒ္ဓ၏ဗျာဒိတ်တော်' ဟူသောခေါင်းစဉ်ဖြင့် 'အနာဂတဝံသ'ကိုဘာသာပြန်ထည့်သွင်းနိုင်ခဲ့၏။[*၁] ပညာရှင်လျူမန်(Earnst Leumann) က Maitreya Samiti ကျမ်းတွင် အနာဂတဝံသပါဠိ(၁၄၂-ဂါထာ)ကို အစအဆုံးဖော်ပြရုံမက ဝေါဟာရမှတ်စုရှင်းလင်းချက်တို့ကိုပါ ဂျာမန်ဘာသာဖြင့်ဖော်ပြထားပါသည်။[*၂] ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂင်မြို့ ပါဠိအဘိဓာန်ကျမ်းပြု ဒင်းနစ် အန်ဒါဆင် (Dines Andersen. 1861-?) နှင့် ဟဲလမာ စမစ် (Helmer Smith. 1882-1956) တို့သည်လည်း သူတို့ပြုစုနေသော (A Critical Pāli Dictionary) အဘိဓာန်ကျမ်းကြီးတွင် အနာဂတဝံသကျမ်းလာပုဒ်များကိုထုတ်နုတ်၍ ထည့်သွင်းခဲ့ကြသည်။[*၃]

ထိုပြင် ဂျာမနီနိုင်ငံမှ ပါမောက္ခဂိုင်ဂါ (Wilhelm Geiger. 1856-1943)ကလည်း သူ၏ပါဠိစာပေနှင့် ဘာသာစကားကျမ်း (Pali Literature and Language) တွင် မိနာယဲ့ဖ်၏အနာဂတဝံသပါဠိကို ကိုးကားဖော်ပြခဲ့လေသည်။[*၄] မောရစ် ဝင်တာနစ်(Moritz Winternitz. 1863-1937)သည်လည်း သူ၏နာမည်ကျော်အိန္ဒိယစာပေသမိုင်း၊ ဒုတိယတွဲ(ဗုဒ္ဓစာပေကဏ္ဍ) (History of Indian Literature)တွင် မိနာယဲ့ဖ်၏ အနာဂတဝံသကျမ်းအကြောင်းကို ဖော်ပြပေးခဲ့သည်။[*၅]

ပါဠိစာပေပညာရှင် ဘီစီလော(Bimala Churn Law)က သူ၏ပါဠိစာပေသမိုင်းကျမ်း (A History of Pāli Literature)[*၆] တွင်လည်းကောင်း၊ သီဟိုဠ်နိုင်ငံမှ ပါဠိစာပေသမိုင်းကျမ်းပြု ဒေါက်တာမာလလဆေကေရ (Dr. Gunapala Piyasena Malalasekera 1899-1973)၏ ပါဠိနာမအဘိဓာန်ကြီး (Pāḷi Proper Names Dictionary)[*၇] တွင်လည်းကောင်း၊ ကျောက်စာဝန်ကြီးဂိုဒကုမ္ဗုရ (Dr. C.E. Godakumbura. 1907-1977)၏ သီဟိုဠ်ပါဠိစာပေသမိုင်း (History of Sinhalese Literature)[*၈] ကျမ်းတို့တွင်လည်း ကောင်း မိနာယဲ့ဖ်၏အနာဂတဝံသပါဠိမူကို အကိုးအကားပြုဖော်ပြခဲ့ကြလေသည်။

အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံ စသည့်ဒေသအသီးသီးရှိ ဗုဒ္ဓစာပေပညာရှင်များသည်လည်း မိနာယဲ့ဖ်၏အနာဂတဝံသကျမ်းပါဠိမူကိုပင်အခြေခံ၍ မေတ္တေယျရှင်ဗုဒ္ဓဝင်ကို ပါဠိစာပေရွထောင့်မှလေ့လာခွင့်ရခဲ့ကြရာ၊ ဤနည်းဖြင့် အနာဂတဝံသကျမ်းသည် ကမ္ဘာသို့ပြန့်နှံ့ခဲ့ရလေသည်။[*၉]

---

*၁ Henery Clarke Warren' The Buddhist Apocalypse. In Buddhism In Translations. 1896. Page-481.

*၂ E.Leumann' Maitreya-Samiti. 1919. Page 184-226.

*၃ Dines Andersen and Helmer Smith' A Critical Pāli Dictionary. Vol. I. 1924. Page-XII.

*၄ W. Geiger' Pali Literature and Language. 1978. Page-36³.

*၅ M. Winternitz' History of Indian Literature. Vol. II. 1933. Page-220.

*၆ B.C. Law' A History of Pāli Literature. 2000. Page-600.

*၇ G.P. Malalasekera' Pāḷi Proper Names Dictionary. Vol. I. 1960. Page-66.

*၈ Godakumbura' Sinhalese Literature. 1955. Page-102.

*၉ အနာဂတဝံသပါဠိကို နော်မန် (K.R. Norman) ၏အကူအညီဖြင့် William Pruitt ကလည်းကောင်း၊ Dr. W.C.Sailer ၏ မေတ္တာရပ်ခံစကားဖြင့် သီရိလင်္ကာမှ ပါဠိစာပေပညာရှင် Dr. Asha Das ကလည်းကောင်း အင်္ဂလိပ်ဘာသာသို့ပြန်ဆိုခဲ့ကြပြီးဖြစ်သည်။

http://www.dhammadownload.com

အနာဂတဝံသအဋ္ဌကထာ၏ ကျမ်းအမည်နှင့်ကျမ်းပြုပုဂ္ဂိုလ်

အနာဂတဝံသကျမ်းကိုဖွင့်ဆိုသောအဋ္ဌကထာကျမ်း၏အမည်ကို သမန္တ ဘဒ္ဒိကာဟု အဋ္ဌကထာဆရာက ဖော်ပြခဲ့ပြီးဖြစ်သည်။ အချို့သောစာတို့တွင် 'အမတရသဓာရာ' ဟုလည်းပြဆိုသည်။*၁

ထိုအနာဂတဝံသအဋ္ဌကထာကျမ်းကို– ဂန္ဓ ဝံသနှင့်စူဠဂန္ဓ ဝံသကျမ်းတို့၌ 'ဥပတိဿမထေရ်စီရင်ကြောင်း' ဖော်ပြထားသည်။*၂ ထိုဥပတိဿမထေရ်သည် မဟာဗောဓိဝံသကျမ်းကိုလည်း ပြုစုခဲ့သည်ဟူ၍လည်း ဖော်ပြထားပြန်ပါသည်။*၃

ဒေါက်တာမာလလဆေကေရ၏ ပါဠိနာမအဘိဓာန်ကျမ်း(အတွဲ–၁)၌ ဥပတိဿဘွဲ့မည်ရှိသော ကျမ်းပြုပုဂ္ဂိုလ်လေးပါးတို့ကိုဖော်ပြထားရာတွင် (၁) အေဒီ ၅–ရာစုဌ်ဝိမုတ္တိမဂ္ဂကျမ်းကိုပြုစုသော ဥပတိဿမထေရ်*၄၊ (၂) အေဒီ ၁၀–ရာစုတွင် မဟာဗောဓိဝံသကျမ်းကိုပြုစုသောဥပတိဿမထေရ်*၅၊ (၃) မဟာနိဒ္ဒေသအဋ္ဌကထာ (သဒ္ဓမ္မပ္ပဇ္ဇောတိကာ)ကျမ်းကိုပြုစုသော ဥပတိဿမထေရ်*၆၊ (၄) အနာဂတဝံသအဋ္ဌကထာကျမ်းကိုပြုစုသော ဥပတိဿမထေရ်–*၇ ဟူ၍ဖြစ်သည်။

ဦးယဲ၏ပိဋကတ်သမိုင်းစာတန်း(အပိုဒ်–၃၃၄)၌– 'သီဟိုဠ်ကျွန်း အနုရာဓပြို့၊ စာတုသေနမင်း(အေဒီ ၄၄၅–၄၆၂) လက်ထက် ရှင်မဟာဗောဓိတောင်းပန်၍ ကာဠဝါသီဝိဟာရကျောင်းတိုက်ရှင်မဟာတိဿပြုသည်' ဟုဖော်ပြထား၏။*၈

သီဟိုဠ်မူ အနာဂတဝံသကျမ်းဦးနိဒါန်း၌ 'ထိုအနာဂတဝံသအဋ္ဌကထာကို သီဟိုဠ်ကျွန်း ကာလဝါဝိဝိဟာရ၊ သေနရာဇပြာသာဒ်ကျောင်းနေ ဥပသေနမထေရ်ရေးသည်' ဟုဖော်ပြထားသည်။*၉

အချို့သောစာတွင် 'သီဟိုဠ်ရှင်မဟာဗောဓိပြုသည်' ဟူ၍လည်းပြသည်။*၁၀

---

*၁ အနာဂတဝံသအဋ္ဌကထာအမည်ကို မြန်မာနိုင်ငံရှိ ရွေးပေမူတို့တွင် သမန္တ ဘဒ္ဒိကာဟုဖော်ပြထား၏။ ထိုင်းနိုင်ငံရှိပေမူတို့တွင် သမန္တ ဘဒ္ဒကာဟု တွေ့ရပြီး၊ ကမ္ဘောဒီးယားနိုင်ငံရှိပေမူတို့တွင် အမတရသဓာရာ *(Amatarasadhārā)* ဟုတွေ့ရသည်။ *Dr. W.C. Sailer' Buddha Footprint Collections; J. Filliozat'The Commentaries to the Anāgatavaṃsa in the Pāli Manuscripts of the Paris Collections. JPTS. Vol.19. 1993. Page-48.* သီရိလင်္ကာ၌ သမန္တ ဘဒ္ဒိကာ, အမတရသဓာရာ–ဟု နှစ်မျိုးစလုံးခေါ်ဝေါ်ခဲ့၏။

*၂ အနာဂတဝံသဿ အဋ္ဌကထာ အတ္တနောမတိယာ ဥပတိဿာစရိယေန ကတာ– *Gandha-vaṃsa. JPTS. 1886. Page-72.* 'ဥပတိဿော နာမာစရိယော အနာဂတဝံသဿ အဋ္ဌကထံ အကာသိ–ဟုလည်းကောင်း၊ အမတရသနာမ အနာဂတဝံသဿ အတ္တနော မတိယာ အဋ္ဌကထာ ဥပတိဿာစရိယေန ကတာ–ဟုလည်းကောင်း အရည၀ါသီအရှင်ဓနုပညာ၏ စူဠဂန္ဓ ဝံသ၌ဖော်ပြထားသည်။

*၃ *DPPN.I. (Page-392)* တွင် အနာဂတဝံသအဋ္ဌကထာကျမ်းပြု ရှင်ဥပတိဿနှင့် ဗောဓိဝံသကျမ်းပြု ရှင်ဥပတိဿတို့ကို တစ်ပါးစီဟုပြထားသည်။

*၄ *DPPN-I. 392[12]; P.V. Bapat' Vimuktimārga Dhutaguṇa nirdeśa. 1964. Page-xvi.* မဟာစည်ဆရာတော်၏ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ၊ ပထမတွဲ။ ၁၉၇၇–ခုနှစ်။ (စာမျက်နှာ–အာ)။

*၅ *DPPN-I. 392[9];* မဟာဗောဓိဝင်အဋ္ဌကထာပါဠိနှင့် နိဿျ။ ၁၉၅၈–ခုနှစ်။ (စာမျက်နှာ–၃၂၉)။

*၆ *DPPN-I: 392[13].*

*၇ *DPPN-I. 392[10].*

*၈ ပိဋကတ်သမိုင်းစာတန်း။ ၁၉၀၅–ခုနှစ်။ (စာမျက်နှာ–၄၉)။ *DPPN-II. Page-495.* တွင် ပါဠိစာပေဌ်ထင်ရှားခဲ့သော မဟာတိဿမထေရ် (၁၆)ပါးရှိကြောင်းဖော်ပြထားပြီး၊ ထိုတွင် ကျမ်းပြုပုဂ္ဂိုလ်ဟု တစ်ပါးမျှမတွေ့ရပေ။ စတုတ္ထမြစ်ကွေးဆရာတော်က ပိဋကတ်တော်သမိုင်းသစ် (လင်္ကာနိပ်စက်မူ) (စာ–၂၁)၌ ကျမ်းပြုအမည်ကို 'အရှင်မဟာဥပတိဿ' ဟု ပြင်၍ပြသည်။

*၉ *Godakumbura' Sinhalese Literature. 1955. Page-102*

*၁၀ ဆန်းထွန်း၏ ဂဇဝလ(ဆောင်းပါး)။ အတွေးအမြင်။ ၁၉၈၈–ခုနှစ်။ (စာမျက်နှာ–၁၂)။

http://www.dhammadownload.com

သမန္တ ဘဒ္ဒိကာအမည်ရှိသော အနာဂတဝံသအဋ္ဌကထာကျမ်းသည် ယခုတိုင်ပုံနှိပ်မူသို့မရောက်သေးဘဲ ပေမူ*၁၊ လက်ရေးမူ*၂၊ လက်နှိပ်စက်မူ၊ ကွန်ပျူတာမူ*၃ စသည် မူအစောင်စောင်တို့၌သာတည်ရှိနေပါသည်။ ထိုအဋ္ဌကထာကျမ်း၏ပမာဏသည် ပေမူအနေဖြင့်သော် (၁၀)ကြောင်းရေးပေဖြင့် (၇) အင်္ဂါခန့်၊ လက်ရေးစက္ကူ *(A-4 Size)* ဖြင့် စာမျက်နှာပေါင်း–၂၄၆၊ ကွန်ပျူတာစာစီမူ *(A-4 Size)* ဖြင့် စာမျက်နှာပေါင်း–၂၀၉ ရှိသည်ဖြစ်ရာ ကျယ်ဝန်းသောကျမ်းကြီးတစ်စောင်ဖြစ်ပါသည်။

အနာဂတဝံသအဋ္ဌကထာပါအကြောင်းအရာလေ့လာချက်(အကျဉ်း)

အနာဂတဝံသအဋ္ဌကထာတွင် မေတ္တေယျဗုဒ္ဓဝင်ကိုသာမက နိဒါနကထာအဖြစ် ဂေါတမမြတ်စွာဘုရားသုမေဓာရှင်ရသေ့အဖြစ် ဒီပင်္ကရာဘုရားထံဗျာဒိတ်ခံယူသည်မှစ၍ သိဒ္ဓတ္ထမင်းသားဘဝ၌ ဂေါတမအမည်ဖြင့် ဘုရားအဖြစ်သို့ရောက်ပြီး ဒုတိယဝါကပ်သည်အထိကျယ်ဝန်းစွာဖော်ပြထားရာ၊ ထိုအဋ္ဌကထာသည် မေတ္တေယျဗုဒ္ဓဝင်အကြောင်းသာမက ဂေါတမဘုရားရှင်၏ဗုဒ္ဓဝင်တစ်စိတ်တစ်ဒေသကိုပါဖော်ပြထားသောကြောင့် ဘုရားနှစ်ဆူတို့၏ဗုဒ္ဓဝင်ကျမ်းဖြစ်ကြောင်းတွေ့ရသည်။

ထိုအဋ္ဌကထာကျမ်းလာ ဂေါတမဗုဒ္ဓဝင်ကိုလေ့လာသောအခါ၌ ဂေါတမဘုရားအလောင်းသည် သုမေဓာရှင်ရသေ့ဘဝ ဒီပင်္ကရာမြတ်စွာဘုရားမှစ၍ ကောဏ္ဍညဘုရား၊ မင်္ဂလဘုရား၊ သုမနဘုရား၊ ရေဝတဘုရား၊ သောဘိတဘုရား၊ အနောမဒဿီဘုရား၊ ပဒုမဘုရား၊ နာရဒဘုရား၊ ပဒုမုတ္တရာဘုရား၊ သုမေဓဘုရား၊ သုဇာတဘုရား၊ ပိယဒဿီဘုရား၊ အတ္ထဒဿီဘုရား၊ ဓမ္မဒဿီဘုရား၊ သိဒ္ဓတ္ထဘုရား၊ တိဿဘုရား၊ ဖုဿဘုရား၊ ဝိပဿီဘုရား၊ သိခီဘုရား၊ ဝေဿဘူဘုရား၊ ကကုသန္ဓဘုရား၊ ကောဏာဂမနဘုရားနှင့် ကဿပဘုရားရှင်ဟု (၂၄)ဆူသောဘုရားရှင်တို့ထံတော်၌ ဘုရားဆုပန်နိယတဗျာဒိတ်ခံယူရတော်မူပုံတို့ကို ကျယ်ဝန်းစွာရေးဖွဲ့ထားသည်။ ထိုသို့ ရှေးဘုရားတို့ထံဗျာဒိတ်ခံယူပုံအကြောင်းကိုဖွဲ့ဆိုရာ၌ အဋ္ဌသာလိနီအဋ္ဌကထာ(အဋ္ဌသာလိနီ။၅၆)လာစကားရပ်များနှင့် တင်ပြပုံခြင်းတူညီလှသည်။

ဂေါတမဘုရားအလောင်း သိဒ္ဓတ္ထမင်းသားဖွားတော်မူသည်မှ ဘုရားအဖြစ်သို့ရောက်တော်မူသည်အထိကို အသေးစိတ်ဖော်ပြထားပါသည်။ အထူးသဖြင့် ဘုရားအဖြစ်သို့ရောက်၍ ပဋိစ္စသမုပ္ပါဒ်တရားတော်ဆင်ခြင်ပုံကို တင်ပြရာတွင် ကျယ်ဝန်းစွာတင်ပြထားလေသည်။ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်မှ အချက်များစွာကိုယူ၍ ဖော်ပြထားကြောင်းတွေ့ရသည်။ ဘုရားဖြစ်တော်မူစ သတ္တသတ္တာဟာစ်နေတော်မူခန်းကို ဗုဒ္ဓဝင်အဋ္ဌကထာ(ဗုဒ္ဓဝံသ၊ ၌။၁၀။)၊

---

၁ မြန်မာနိုင်ငံ၊ သီရိလင်္ကာ၊ လန်ဒန်မြို့ ဗြိတိသျှပိဋကတ်တိုက်(British Library)*နှင့် ပြင်သစ်နိုင်ငံ ပဲရစ်မြို့ အမျိုးသားပိဋကတ်တိုက်*(Bibliothique Nationale de Paris)*ရှိ ပေမူများ၊ လက်ရေးမူများ ပါဝင်သည်။ မြန်မာနိုင်ငံတွင် အမျိုးသားစာကြည့်တိုက်၊ သာသနာရေးဦးစီးဌာန ပိဋကတ်တိုက်(ပေမူအမှတ်–၂၁၃၁ နှင့် ၇၂၀၄)၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်ရှိပေမူများ(ပေစာအမှတ်–၃၇၄၃၊ ၄၁၅၀၊ ၈၁၇၇၊ ၉၅၉၂၊ ၁၄၇၂)။ ရန်ကုန်မြို့၊ ရွှေတိုဘုရားပိဋကတ်တိုက်ရှိပေမူ။ ရန်ကုန်မြို့၊ ခြောက်ထပ်ကြီးတိုက်၊ ပိဋကတ်တိုက်ရှိ ဆရာတော်အရှင်ဓမ္မိန္ဒမူး ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက်ရှိ (အေခီ–၁၉၂၄ ရေးကူး) ပေမူ။ မော်ဘီမြို့ သာသနာ့ဝန်ဆောင်ကျောင်းတိုက်ရှိ (အေခီ–၁၈၉၈ ရေးကူး)ပေမူ–တို့ပါဝင်သည်။ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ အမျိုးသားပိဋကတ်တိုက်ရှိ (ပေမူအမှတ်–၂၆၅၂၊ ၂၆၅၆၊ ၄၁၃၈၊ ၄၇၉၇)နှင့် ထိုင်းသံဃရာဇသာသနာပိုင်ဆရာတော်ကြီးပိဋကတ်တိုက်ရှိပေမူများ။

*၂ ဆရာကြီးဦးဆန်းထွန်း၏ လက်ဝယ်၌ရှိသော အနာဂတဝံသအဋ္ဌကထာပါဠိပေမူမှာ ဏာ–အစ၊ ဖိ–အဆုံး။ ၉–ကြောင်းပေ။ ကြိဆစ်။ *Fullscap* (၁၈၇)မျက်နှာခန့်ရှိကြောင်းသိရသည်။ ဆန်းထွန်း၏ ဂဓလ(ဆောင်းပါး)။ အတွေးအမြင်။ ၁၉၈၈–၃၄၈။ (စာမျက်နှာ–၂၀)။

*၃ အရှင်ကုမာရဓမ္မနှင့် ဦးကျော်လှိုင်တို့စီစဉ်သော အနာဂတဝံသအဋ္ဌကထာ။ ကွန်ပျူတာမူ။ ဤမူသည် ၂၀၀၅–ခုနှစ်တွင် ပုံနှိပ်မူသို့ရောက်သည်။

http://www.dhammadownload.com

ဇာတကအဋ္ဌကထာ(ဇာ၊ ဋ္ဌ၊ ၁။ ၈၉။)တို့တွင်ဖော်ပြထားသည်ထက် ကျယ်ဝန်းစွာဖွင့်ဆိုထားလေသည်။ အဖပါလပညောင်ပင်ရင်း၌စံနေတော်မူစဉ် တရားဟောကြားတော်မူပါရန် သဟမ္မတိပြဟ္မာ လာရောက်တောင်းပန်ခန်းကိုလည်း ဝိနည်း မဟာဝါပါဠိတော် (ဝိ၊ ၃။ ၅၃၊ ၁၂၊ ၂၈၄၄)၊ ဒီဃနိကာယ်၊ မဟာဝါပါဠိတော်(ဒီ၊ ၂။ ၃၀။)၊ မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော် (မ၊ ၂။ ၂၂၄၊ ၂၉၁၈)၊ သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂနှင့် မဟာဝဂ္ဂသံယုတ်ပါဠိတော် (သံ၊ ၁။ ၁၃၈၊ ၂၅၁။)၊ သုတ္တနိပါတပါဠိတော်(သုတ္တနိ။ ၃၀၂၊ ၃၈၅။)၊ ဗုဒ္ဓဝံသပါဠိတော်(ဗုဒ္ဓဝံသ။ ၃၈၃၊)၊ ဇာတကဋ္ဌကထာ–သန္တိကေနိဒါနကထာ(ဇာ၊ ဋ္ဌ၊ ၁။ ၁၀၄။)၊ သာရတ္ထဒီပနီဋီကာ(သာရတ္ထ၊ ၃။ ၂၄၆) စသည့် ပါဠိကျမ်းဂန်လာအချက်များနှင့်တူညီစွာရေးသားထားကြောင်း တွေ့ရသည်။ ဂေါတမမြတ်စွာဘုရားရှင် ကပိလဝတ်ပြည်သို့ကြွတော်မူ၍ ဆွေတော်မျိုးတော်တို့အား ဗုဒ္ဓဝင်တရားဟောတော်မူ၍ မေတ္တေယျဘုရားရှင်ပွင့်ထွန်းလာမည့်အကြောင်း မိန့်ကြားသည်အထိကို ထိုအဋ္ဌကထာတော်ရှေ့ပိုင်းနိဒါနကထာအဖြစ် ရေးသားထားပါသည်။

ထို့နောက်မှ မေတ္တေယျဗုဒ္ဓဝင်ကို စတင်ဖွင့်ဆိုပါသည်။ သို့ဖွင့်ဆိုရာတွင် 'အနာဂတ'ဟူသောပုဒ်ကို ရှေးဦးစွာရှင်းလင်းပြပြီး၊ မေတ္တေယျရှင်အလောင်းတော်၏ပါရမီဖြည့်ပုံတို့ကို အကျဉ်းမျှဖွင့်ဆိုထားပါသည်။ မေတ္တေယျရှင်အလောင်းတော်သည် သုမိတ္တာဘုရားပွင့်တော်မူစဉ်အခါက ပဒုမစကြာမင်းအဖြစ်လည်းကောင်း၊ ပေါရာဏမေတ္တေယျခေါ် ရှေးမေတ္တေယျဘုရားပွင့်စဉ်အခါက ဗြဟ္မဘာဝိမင်းကြီးအဖြစ်လည်းကောင်း– ဘုရားဆုပန်ဆင်ခဲ့ပုံအကြောင်းတို့ကို ဖော်ပြထားသည်။

ထို့နောက် (၁၆)သချေါနှင့်ကမ္ဘာတစ်သိန်းကာလ၌ ပဘာဝန္တစကြာမင်းကြီးဘဝ၌ မုဟုတ္တာဘုရားထံဘုရားဆုပန်ဖျာဒိတ်ခံယူရတော်မူပုံအကြောင်းကိုလည်း ဖွင့်ဆိုထားပါသည်။ ထို့နောက် (၁၂)သချေါနှင့်ကမ္ဘာတစ်သိန်းကာလပတ်လုံး ပွင့်တော်မူခဲ့သောဘုရားရှင်တို့ထံမှ ဖျာဒိတ်ခံယူခဲ့ပုံကိုလည်းကောင်း၊ (၄)သချေါနှင့် ကမ္ဘာတစ်သိန်းကာလအတွင်း ပွင့်တော်မူသော တဏှင်္ကရ၊ မေဓင်္ကရ၊ သရဏင်္ကရ၊ ဒီပင်္ကရ၊ ကောဏ္ဍည၊ မင်္ဂလ၊ သုမန၊ ရေဝတ၊ သောဘိတ၊ အနောမဒဿီ၊ ပဒုမ၊ နာရဒ၊ ပဒုမုတ္တရ၊ သုမေဓ၊ သုဇာတ၊ ပိယဒဿီ၊ အတ္ထဒဿီ၊ ဓမ္မဒဿီ၊ သိဒ္ဓတ္ထ၊ တိဿ၊ ဖုဿ၊ ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ–ဟု (၂၇)ဆူသောဘုရားရှင်တို့ထံမှ ဖျာဒိတ်ပန်းဆင်မြန်းရပုံတို့ကို အကျဉ်းမျှပြဆိုထားပါသည်။

ထို့နောက် ဤဂေါတမမြတ်စွာဘုရားလက်ထက်အခါ အဖတသတ်မင်း၏အဂ္ဂမဟေသီမိဖုရားကြီး၌ အဖိတကုမာရအမည်ရှိသော သားတော်ဖွားမြင်ပုံကို ရေးဖွဲ့ထားပါသည်။ ထိုအဖိတသတို့သားသည် မင်းသားငါးရာခြံရံ၍ ရှင်သာမဏေပြုခဲ့သည်။ ထိုအဖိတရှင်သာမဏေသည် သီလ, သမာဓိ, ပညာအားဖြင့် ဂုဏ်အထူးတို့ဖြင့် ထင်ရှားသောပုဂ္ဂိုလ်ဖြစ်ခဲ့သည်ဟုဖော်ပြထားပါသည်။

ထို့နောက် အဖိတမင်းသား ရှင်ရဟန်းပြုပြီးနောက် မိထွေးတော်ဂေါတမီက မြတ်စွာဘုရားရှင်အား သင်္ကန်းနှစ်စုံကပ်လှူသည်ကိုအကြောင်းပြု၍ မေတ္တေယျလောင်းလျာအဖိတရဟန်းအကြောင်းကို ဖော်ပြခဲ့လေသည်။ ဤတွင်မှ မေတ္တေယျဗုဒ္ဓဝင်ကိုအစပျိုးသည်ဟု ဆိုနိုင်ပါသည်။

ဤအဋ္ဌကထာ၏ဒုတိယပိုင်းဖြစ်သော မေတ္တေယျဗုဒ္ဓဝင်ကိုပြဆိုရာ၌ အရှင်ကဿပ၏အနာဂတဝံပါဠိတော်လာဂါထာတို့ကို အခြေခံ၍ ဖွင့်ဆိုရှင်းပြခဲ့ပါသည်။ ဂေါတမဘုရားရှင်သည် မေတ္တေယျလောင်းလျာအဖိတရဟန်းအား ဖျာဒိတ်စကားမိန့်ကြားတော်မူလျှင် အရှင်သာရိပုတ္တရာမထေရ်မြတ်က ထို နောင်ပွင့်လတ္တံ့ဖြစ်သော မေတ္တေယျဘုရားရှင်၏အကြောင်းအရာဗုဒ္ဓဝင်ကို ရှင်းလင်းဟောကြားတော်မူပါမည့်အကြောင်း

http://www.dhammadownload.com

လျှောက်ထားတောင်းပန်သည့်အတွက် မေတ္တေယျဗုဒ္ဓဝင်ခေါ် အနာဂတဝင်ကို ဟောကြားတော်မူကြောင်းမှ စတင်၍ ဖွင့်ဆိုခဲ့ခြင်းဖြစ်သည်။

အနာဂတဝင်ကိုဟောကြားတော်မူရာတွင်လည်း ရှေးဦးစွာ ကပ်ကမ္ဘာငါးမျိုးရှိပုံတို့ကိုရှင်းလင်းပြတော်မူပါသည်။ ထို့နောက် မေတ္တေယျဘုရားနှင့် ထွန်းလာမည့် ကေတုမတီပြည်အကြောင်း၊ ထိုပြည်ကိုအုပ်ချုပ်မင်းလုပ်သော သခံစကြာမင်းအကြောင်းတို့ကို ဖွင့်ပြတော်မူပါသည်။ သခံစကြာမင်း၏ စကြာရတနာ(၇)ပါး အကြောင်းကိုလည်း အတော်နေရာပေး၍ ဖွင့်ဆိုထားပြန်ပါသည်။ သခံမင်း၏စည်းစိမ်၊ ဘုန်းကံနှင့် စံမြန်းရာနန်းပြာသာဒ်စသည်တို့အကြောင်းကိုလည်း အကျယ်တဝင့်ရှင်းလင်းပြဆိုထားလေသည်။

ထို့နောက်မှ မေတ္တေယျဘုရားရှင်ပွင့်ထွန်းလာမည့်အကြောင်းကို အနာဂတဝံသပါဠိလာ ဆယ်ဂါထာ (ဂါထာ ၄၃ မှ ၅၂)အထိကို မူတည်ထား၍ အသေးစိတ်ဖွင့်ဆိုလေသည်။ ဤသို့ဖွင့်ဆိုရာ၌ မေတ္တေယျရှင်လောင်းလျာ၏မဟာပုရိသလက္ခဏာတော်ကြီးငယ်အသွယ်သွယ်အကြောင်း၊ အထူးသဖြင့် မည်သည့်ပဋိဂ္ဂဟပါဠိအဋ္ဌကထာစာပေတွင်မှမဖော်ပြခဲ့သော (၁၀၈)ကွက်စက်လက္ခဏာအကြောင်းကို အရေအတွက်အပြည့်အစုံထည့်သွင်းဖော်ပြထားလေသည်။ မေတ္တေယျအလောင်းလျာ၏မိဘမျိုးရိုးအကြောင်း၊ ထိုအရှင်၏ဘုန်းကံပါရမီအကြောင်း၊ စံမြန်းရာနန်းပြာသာဒ်၊ ကြင်ယာတော်၊ သားတော်စသည့်အကြောင်းတို့ကိုလည်း ဖွင့်ဆိုထားပါသည်။

ထို့နောက်၌ မေတ္တေယျဘုရားအလောင်း ဥယျာဉ်တော်ထွက်စဉ် နိမိတ်ကြီးလေးပါးကိုမြင်၍ သတိသံဝေရတော်မူပုံနှင့် ပရိသတ်အခြံအရံများစွာဖြင့် စံရာပြဿာဒ်ယာဉ်ကိုစီးနင်းလျက် တောထွက်တော်မူခန်းကိုလည်းကောင်း၊ မေတ္တေယျရှင်သည် (၆)ရက်ကြာဒုက္ကရစရိယာအကျင့်ကိုကျင့်ပြီးနောက် ကဲ့ကော်ဗောဓိပင်ရင်း၌ ဘုရားအဖြစ်သို့ရောက်တော်မူခန်းကိုလည်းကောင်း ဖွင့်ဆိုထားပါသည်။ ဘုရားအဖြစ်သို့ရောက်၍ ဓမ္မစကြာတရားဟောတော်မူရာတွင် သဉ္ဇာယတနဝဂ္ဂသံယုတ်ပါဠိတော်(သံ၊၄။၁၆၉။)၊ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်(ပဋိသံ။၃၃၀။)၊ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ(ဝိသုဒ္ဓိ၊၂။၁၂၅။)၊ ဝိဘင်းအဋ္ဌကထာ(အဘိ၊၄၊၂။၈၈။)၊ နေတ္တိအဋ္ဌကထာ(နေတ္တိ၊၄။၈၁။) စသည့် ပါဠိအဋ္ဌကထာကျမ်းများစွာတို့နှင့်ညီစွာ ဖွင့်ဆိုထားခဲ့သည်။

တစ်ဖန် သခံစကြာမင်းရဟန်းဖြစ်ပုံတို့ကိုပြဆိုပြီးလျှင် မေတ္တေယျဘုရားရှင်၏မယ်တော်၊ ခမည်းတော်၊ အဂ္ဂသာဝက၊ ဥပဋ္ဌာက၊ ဗောဓိရုက္ခ စသည်တို့ကိုဖွင့်ဆိုထားလေသည်။ ထို့နောက် မေတ္တေယျရှင်၏ မဟာပုရိသလက္ခဏာကြီးငယ်အသွယ်သွယ်နှင့် ဘုန်းကံအမှိုးမျိုးတို့ကို အချိုးအစားကျနစွာဖွင့်ဆိုထားပြန်ပါသည်။ ထို့နောက်၌ နိဂမ(၁၀)ဂါထာတို့ဖြင့်နိဂုံးအုပ်ကာ အနာဂတဝံသအဋ္ဌကထာကိုအဆုံးသတ်ခဲ့ပါသည်။

ဤအနာဂတဝံသအဋ္ဌကထာတွင် အနာဂတဝံသပါဠိလာဂါထာတို့ကိုတလည်း၊ အဋ္ဌကထာဖွင့်ကိုတလည်း ဖြင့် ရှေးအဋ္ဌကထာကျမ်းကြီးများဖွင့်ဆိုရေးသားသည့်နည်းစနစ်အတိုင်း ဖွင့်ဆိုထားခြင်းဖြစ်သည်။ အချို့နေရာတို့၌ မူလဂါထာ၌အကျဉ်းမျှပြထားသော်လည်း အဋ္ဌကထာဆရာက မိမိဉာဏ်ရှိတိုင်းခဲ့ထွင်၍ ကြည်ညိုဖွယ်ဖြစ်အောင် ရေးသားခဲ့သည်။ သမာသ်ပုဒ်အရှည်များကိုအများဆုံးသုံး၍ သမားရိုးကျသဒ္ဒါနည်း၊ အလင်္ကာနည်းတို့ဖြင့် ရေးသားဖွဲ့နွဲ့ခြင်းဖြစ်ရာ ပါဠိစာပေအနေဖြင့် ကျေနပ်ဖွယ်ရာရှိသောကျမ်းတစ်စောင်ဖြစ်ပေသည်။

သို့ရာတွင် ဤအဋ္ဌကထာ၌ဖွင့်ဆိုထားသောအချက်အလက်အချို့မှာ ပါဠိတော်၊ အဋ္ဌကထာစသည်တို့၌ မပါသည့်အတွက် ပါဠိတော်၊ အဋ္ဌကထာတို့၌စိတ်နစ်ကာ ဒုံးဒုံးချအလေးအမြတ်ထားသောပုဂ္ဂိုလ်တို့အဖို့ ယုံကြည်ရန် ခဲယဉ်းဘိသို့ရှိနေသည်။

http://www.dhammadownload.com

အချို့သောပညာရှင်တို့က ထိုအဋ္ဌကထာကျမ်းပြုဆရာတော်သီတင်းသုံးရာ သီရိလင်္ကာ၊ ကလဝါပိဝိဟာရ ကျောင်းတော်သည် မဟာယာနဗုဒ္ဓဘာသာကိုအားပေးသော ဓာတုသေနမင်း(အေဒီ ၄၅၅–၄၆၃)၏ပစ္စယာနုဂ္ဂအထောက်အပံ့ဖြင့် တည်ထားသောကျောင်းဖြစ်သည့်အတွက် ထိုကလဝါပိကျောင်းနေအရှင်ဥပတိဿ၏ သမန္တ ဘဒ္ဒိကာအဋ္ဌကထာတွင် မဟာယာနအယူအဆများလွှမ်းမိုးနေလိမ့်မည်ဟုလည်း ယူဆခဲ့ကြသည်။*၁

သို့ပါသော် ဤအနာဂတဝံသအဋ္ဌကထာ၌ပါရှိသောအချက်အလက်များစွာသည် ထေရဝါဒပိဋကတ်ပါဠိ, အဋ္ဌကထာ, ဋီကာလာအချက်အလက်တို့နှင့်ညီညွတ်စွာ ရေးဖွဲ့ထားသည်ကိုတွေ့ရသည်။*၂ အချို့သောနေရာတို့တွင် အဋ္ဌကထာဆရာက သံဂါယနာတင်မထေရ်တို့မိန့်ဆိုချက်နှင့် ဘုရားရှင်ဟောကြားချက်တို့ကို ခွဲခြားရှင်းပင် 'သံဂီတိကာရကေဟိ စ ဝုတ္တံ၊ သေသံ သဗ္ဗံ ဘဂဝတာ ဝုတ္တံ'–ဟု ဖော်ပြခဲ့၏။ ရံခါ ဗုဒ္ဓဝံသ အဋ္ဌကထာ မိန့်ဆိုချက်ကိုလည်း 'တံ သဗ္ဗံ ဗုဒ္ဓဝံသဝဏ္ဏနာယ ဝုတ္တနယေန ဝေဒိတဗ္ဗန္တိ'–ဟုဖော်ပြခဲ့သည်။

အထက်၌ဆိုခဲ့ပြီးသည့်အတိုင်း အနာဂတဝင်အဋ္ဌကထာ၌ ပိဋကတ်ပါဠိစာပေ၌မပါသောအကြောင်းအရာတို့ ပါရှိနေခြင်းနှင့်စပ်၍ မြန်မာနိုင်ငံမှ ရှေးရှေးကျမ်းတတ်ဆရာတော်ကြီးများက အနာဂတဝင်အဋ္ဌကထာကျမ်းကို လက်ခံတော်မမူလိုကြပေ။*၃

သို့သော် လက်ဝဲနော်ရထာ(အေဒီ ၁၇၂၃–၁၇၉၁) မေး၍ တောင်တွင်းဆရာတော် (အေဒီ ၁၇၂၄–၁၇၆၂) ဖြေသော လက်ဝဲနော်ရထာလျှောက်ထုံး*၄ မုံရွေးဇေတဝန်ဆရာတော်(အေဒီ ၁၇၆၆–၁၈၃၄)၏ သမန္တ စက္ခုဒီပနီ*၅ လယ်တီဆရာတော်(အေဒီ ၁၈၄၆–၁၉၂၃)၏ပါရမီဒီပနီ*၆၊ ဆရာတော်ဦးပဏ္ဍာဝံသ၏ဒုလ္လဘသင်္ကြိဟ်*၇ စသော ကျမ်းတို့တွင် ပါဠိတော်အဋ္ဌကထာစသည်တို့၌မပါသောအချက်အလက်တို့အတွက် အနာဂတဝင်အဋ္ဌကထာကို အားကိုးအားထားပြုကာ ယူငင်သုံးစွဲခဲ့ကြသည်ကိုလည်းတွေ့ရလေသည်။

အနာဂတဝင်အဋ္ဌကထာ၏နိဿယကျမ်းနှင့်စပ်လျဉ်း၍ ဦးယဲ၏ပိဋကတ်တော်သမိုင်း (အပိုဒ်–၈၆၃)တွင် မိမိ(ဦးယဲ)ကိုယ်တိုင် နိဿစိရင်ခဲ့ကြောင်းနှင့်ရှေးဆရာကျော်တို့စိရင်သည့်နိဿမရှိကြောင်း–ဖော်ပြထားသည်။*၈

---

*၁ *Dr. W.C. Sailer' Reflection on Buddha Footprints. Page-69; W. Rahula' History of Buddhism in Ceylon. 1956. Page-99.*

*၂ အနာဂတဝံသအဋ္ဌကထာဆရာ ကိုးကားခဲ့သော ပါဠိ,အဋ္ဌကထာ,ဋီကာကျမ်းများမှာ– ဒီ၂၂။ ဒီ၁၃။ မ၁၁။ မ၂၂။ မ၁၃။ သံ၁၁။ သံ၂၂။ သံ၁၃။ အံ၁၁။ အံ၂၂။ အံ၁၃။ သုတ္တနိပါတ။ ပေတဝတ္ထု။ ဗုဒ္ဓဝံသ။ မဂ္ဂပဒ။ မဟာနိဒ္ဒေသ။ စူဠနိဒ္ဒေသ။ ဓာတုက–၁။ ပဋိသම্ভিဒါမဂ္ဂ။ ဝိ၁။ ဝိ၄။ မဇ္ဈိမဂံဏိ။ ဝိဘင်္ဂ။ ဒီ၁။ ၂ နှင့် ၃။ မ၁။ ၁ နှင့် ၃။ သံ၁။ ၁ နှင့် ၂။ အံ၁။ ၂ နှင့် ၃။ ဓမ္မ၊ ၁။ ၂။ ဥဒါန၊ ၁။ သုတ္တနိ၊ ၁။ ပေတာ၁။ အပ၊ ၁။ ၁။ ဗုဒ္ဓဝံသ၊ ၁။ စရိယာ၊ ၁။ ဓာ၊ ၁။ ၁,၂,၃,၄,၅,၇,၆,၇။ မဟာနိ၊ ၁။ စူဠနိ၊ ၁။ ပဋိသံ၊ ၁။ ၁ နှင့် ၂။ နေတ္တိ၊ ၁။ ဝိ၊ ၁။ ၁, ၂ နှင့် ၄။ အဘိ၊ ၁။ ၁ နှင့် ၂။ ဝိသုဒ္ဓိ။ ၁ နှင့် ၂။ သိလက္ခန်ဒီကာသစ်။ သိလက္ခန်ဒီကာဟောင်း။ သာရတ္ထဒီပနီဋီကာ။ ၃။ ကင်္ခါဝိတရဏီ ပုရာဏအဘိနဝဋီကာ–စသည်တို့ဖြစ်သည်။

*၃ ရဝေထွန်း၏ အနာဂတဝင်ပြဿနာ(ဆောင်းပါး)။ ရတနာစာပေ၊ ဒုတိယတွဲ။ ၁၉၇၆–စုနှစ်။ (စာမျက်နှာ–၁၅၂)။

*၄ လက်ဝဲနော်ရထာလျှောက်ထုံး။ ၁၉၆၃–စုနှစ်။ (စာမျက်နှာ–၁၁၃)။

*၅ သမန္တ စက္ခုဒီပနီ။ ၁၉၈၅–စုနှစ်။ (စာမျက်နှာ–၄၇၄၊ ၅၇၆)။

*၆ လယ်တီဆရာတော်၏ ပါရမီဒီပနီ။ လယ်တီဒီပနီပေါင်းချုပ်၊ တတိယတွဲ။ ၁၉၉၆–စုနှစ်။ (စာမျက်နှာ–၄၄၅)။

*၇ ဦးပဏ္ဍာဝံသ၏ ဒုလ္လဘသင်္ကြိဟ်ကျမ်း။ ၁၈၉၉–စုနှစ်။ (စာမျက်နှာ–၄၇)။

*၈ ပိဋကတ်တော်သမိုင်း။ ၁၉၀၅–စုနှစ်။ (စာမျက်နှာ–၁၉၃)။

http://www.dhammadownload.com

အနာဂတဝံသဋီကာ

ဒေါက်တာမာလလဆေကေရက 'အနာဂတဝံသဋီကာကျမ်းပြုစုသူမှာ မဟာဗောဓိဝင်ဋီကာကျမ်းကိုပြုစုသော အရှင်ဥပတိဿဖြစ်သည်'ဟုဖော်ပြထား၏။[*၁] ထိုအရှင်ဥပတိဿမထေရ်သည် အနာဂတဝံသအဋ္ဌကထာကျမ်းပြုပုဂ္ဂိုလ် ရှင်ဥပတိဿနှင့်တစ်ပါးတည်းဖြစ်မည်,မဖြစ်မည်ကို အသေအချာမသိရပါ။အကယ်၍ ထိုဋီကာကျမ်းကို အရှင်ဥပတိဿမထေရ်ပင်ပြုစုပါက မူလအဋ္ဌကထာကျမ်းပြုပုဂ္ဂိုလ်ကိုယ်တိုင် အကျယ်ချဲ့ဋီကာဖွင့်ဆိုထားသောကြောင့် အနာဂတဝင်ဋီကာသည် ပြည့်စုံကုံလုံသောဋီကာတစ်စောင် ဖြစ်ပေလိမ့်မည်။ အနာဂတဝင်ဋီကာသည်လည်း ပုံနှိပ်မူသို့မရောက်၊ ပေမူအဖြစ်ရှိနေပြီးလျှင် အလွန်ရှားပါး၍သိမြင်ဖူးသူလည်းနည်းလှသည်။[*၂] မောင်းထောင်သာသနာပိုင်ကြီး၏အမေးတော်ဖြေကျမ်း[*၃] နှင့် တောင်ခွင်သာသနာပိုင်ကျမ်းကြီး၏ဂုဋ္ဌတ္ထဝိနိစ္ဆယကျမ်း[*၄] တို့တွင် ထိုအနာဂတဝံသဋီကာကို ကိုးကားထားကြောင်းတွေ့ရသည်။ အနာဂတဝံသဋီကာကျမ်းစာကိုယ်ကိုဖတ်ရှုခွင့်မရသည့်အတွက် ထိုကျမ်းလေ့လာချက်တို့ကိုမတင်ပြနိုင်ကြောင်း ရေးသားလိုပေသည်။

❁ ❁ ❁ ❁ ❁

---

*၁ Dr. Malalasekera' The Pāli Literature of Ceylon. 1928. Page-160; Dictionary of Pāli Proper Names. Vol. I. 1960. Page-66; ဦးယဲ၏ဝိဋကတ်သမိုင်းစာတန်း(အပိုဒ်–၃၃၀)၌ ဗောဓိဝင်ဋီကာကျမ်းကို ပေါင်လောင်ရှင်မဟာကဿပပြုသည်–ဟု ပြထား၏။ မြကေတု၏ ရှင်မဟာကဿပနှင့်ပုဂံပြည်(ဆောင်းပါး)။ နန်းလေ့မှတ်တမ်းများ။ ၁၉၆၆–ခုနှစ်။ (စာမျက်နှာ–၅၂)။

*၂ ထိုင်းနိုင်ငံ၊ အမျိုးသားစာကြည့်တိုက်– ပေမူအမှတ် ၂၆၅၂/၁–၉။ (ထိုင်းသံဃရာဇာ၏ ပေမူ)။ တက္ကသိုလ်များဗဟိုစာကြည့်တိုက်၌ စာအုပ်နံပါတ်(၉၅၉၂/၁၉၈၃)တွင် 'အနာဂတဝံသဋီကာ'ဟူသောကျမ်းအမည်နှင့် (၁၁)ကြောင်း. ၁ အင်္ဂါ ၂ ချပ်ရှိပေမူမှ လက်ရေးမူသို့ မဝင်းဝင်းမြင့်ကူးထားကြောင်းမှတ်တမ်းရှိသော်လည်း၊ စစ်ဆေးရာ ထိုစာမူမှာ 'အနာဂတဒဿဝုဒ္ဓဝံပါဠိ'ဖြစ်ကြောင်းတွေ့ရသည်။ ပါမောက္ခ ဆရာမကြီး ဒေါ်တင်တင်မြင့်နှင့် နည်းပြဆရာမဒေါ်ခင်လင်းမြင့်တို့စစ်ဆေးသည်။

*၃ အမေးတော်ဖြေကျမ်း။ ၁၉၆၂–ခုနှစ်။ (စာမျက်နှာ–၄၅၉)။

*၄ တောင်ခွင်သာသနာပိုင်၏ဂုဋ္ဌတ္ထဝိနိစ္ဆယ၊ ပထမတွဲ။ ၁၉၂၈–ခုနှစ်။ (စာမျက်နှာ–၇၉)။

http://www.dhammadownload.com

အခန်း (၁၃)
မေတ္တေယျဗုဒ္ဓဝင်ကျမ်းများ (၂)

ဒသဗုဒ္ဓအနာဂတဝင်*၁

အနာဂတဝင်-အမည်ရှိသောမေတ္တေယျဗုဒ္ဓဝင်ကျမ်းအကြောင်းကို တင်ပြပြီးသည့်နောက် ဒသဗုဒ္ဓအနာဂတဝင်အမည်ရှိသော ဘုရားအလောင်းဆယ်ဆူတို့၏ အကြောင်းအရာဖြစ်စဉ်ကို ဆက်လက်တင်ပြလိုပေသည်။

ထိုဒသဗုဒ္ဓအနာဂတဝင်ကျမ်းသည် ကျမ်းအမည်နှင့်လိုက်လျောစွာပင် (၁) မေတ္တေယျဘုရားအလောင်း။ (၂) ရာမဘုရားအလောင်း။ (၃) ဓမ္မရာဇဘုရားအလောင်း။ (၄) ဓမ္မသာမိဘုရားအလောင်း။ (၅) နာရဒဘုရားအလောင်း။ (၆) ရံသီမုနိဘုရားအလောင်း။ (၇) ဒေဝဒေဝဘုရားအလောင်း။ (၈) နရသီဟဘုရားအလောင်း။ (၉) တိဿဘုရားအလောင်း။ (၁၀) သုမင်္ဂလဘုရားအလောင်း-ဟု ဘုရားအလောင်းဆယ်ဆူ(ဒသဗောဓိသတ္တ)*၂ တို့၏အကြောင်းအရာတို့ကိုဖော်ပြထားလေသည်။

ဖော်ပြပါမေတ္တေယျဘုရားအလောင်းအစ- သုမင်္ဂလဘုရားအလောင်းအဆုံးဖြစ်သော ဘုရားအလောင်းဆယ်ဆူကို 'ရင့်မာတစ်ကျိပ်'၊ 'ရင့်ဆယ်တန်'စသည်ဖြင့်လည်း သုံးနှုန်းခေါ်ဝေါ်ခဲ့ကြသည်။*၃ အချို့ကမူ ထိုရင့်မာတစ်ကျိပ်ဟူသော အသုံးအနှုန်းကို မေတ္တေယျအစ-သုမင်္ဂလအဆုံးဖြစ်သော ဘုရားအလောင်းဆယ်ဆူ

---

*၁ ဒသဗုဒ္ဓဝံသ၊ အနာဂတဒသဗုဒ္ဓဝံသ၊ ဒသဗုဒ္ဓါနာဂတဝံသ၊ ဒသဗောဓိသတ္တုဒ္ဒေသ၊ ဒသဗောဓိသတ္တုဒ္ဒေသ၊ ဒသဗောဓိသတ္တုပ္ပတ္တိကထာ-စသောအမည်အမျိုးမျိုးဖြင့်လည်း ရေးသားကြသည်။ *F.Martini' Dasa bodhisatta Uddesa. Bulletin de L' Ecole Francaise d' Extreme-Orient. Vol. 36, Part 2. Page 287-413; H. Saddhātissa' Dasabodhisattuppattikathā. PTS. 1975. Page 119-162.* ဆွစ်ဇာလန်၊ ဘန်(*Bern*)အမျိုးသားသမိုင်းပြတိုက်ရှိ ပေမူတစ်စောင်တွင် ဒသဗောဓိသတ္တုဒ္ဒေသကို 'သာရသဒ္ဓမ ပဒ္ဒာကရဃ'ဟူသောအမည်ဖြင့် တွေ့ရသည်။ *J.Filliozat' The Commentaries to the Anāgatavaṃsa of the Paris Collections. JPTS. Vol.XIX. 1993. Page-61.* ဒသဗုဒ္ဓအနာဂတဝံသကျမ်းတွင် (ဗုဒ္ဓ)ကိုဖြုတ်ပြီး 'ဒသအနာဂတဝင်'ဟူ၍လည်းခေါ်ကြောင်း၊ ထိုအနာဂတဝင် (၁၀)ကျမ်းတွင် ၁-မေတ္တေယျအနာဂတဝံသ၊ ၂-ဒသအနာဂတဝံသ၊ ၃-ဒါဋ္ဌာဓာတုဝံသ၊ ၄-ဒီပဝံသ၊ ၅-မဟာထူပဝံသ- စသည်ပါရှိ ကြောင်း'-အရှင်ဓနုဝံသ၏ ရွှေစည်းခုံစေတီတော်ကြီးသမိုင်းသစ်ကျမ်း။ ၁၉၃၈-ခုနှစ်။ (စာမျက်နှာ-၂၆၈)၌ဖော်ပြထားသည်။ ရန်ကုန်တက္ကသိုလ်ပဟိုစာကြည့်တိုက်၌ အရှင်သီလာစာရထေရ်စီရင်သော ဒသဗုဒ္ဓဒီပနီ(တစ္ဆ-ဂုဝ၃၇)အမည်ဖြင့် ပေမူတစ်စောင်ရှိသည်။ မောင်မောင်ညွန့်၏ ပါဠိနှင့်ပိဋကတ်စာပေသမိုင်းသစ်။ ၂၀၀၃-ခုနှစ်။ (စာမျက်နှာ-၂၀၂)။

*၂ ဒသဗုဒ္ဓအနာဂတဝင်။ အနာဂတဝင်ဝတ္ထု။ ၁၉၅၈-ခုနှစ်။ (စာမျက်နှာ-၂၅၊ ၃၀၊ ၃၂၊ ၃၄၊ ၃၆၊ ၃၇၊ ၃၉၊ ၄၀၊ ၄၂ နှင့် ၄၆)။ *H. Saddhātissa' Dasabodhisattuppattikathā. 1975. PTS. Page-119, 129, 132, 136, 140, 143, 147, 149, 152 and 158.*

*၃ ဦးအာလောကာ၏သောတတ္ထကီပဉ်ဒိုသဃ။ ၁၉၂၈-ခုနှစ်။ (စာမျက်နှာ-၈၈၊ ၂၈၈)။ ဒသဗုဒ္ဓအနာဂတဝင်။ အနာဂတဝင်ဝတ္ထု။ ၁၉၅၈-ခုနှစ်။ (စာမျက်နှာ-၅၂)။

http://www.dhammadownload.com

တို့ကိုမရည်ညွှန်းဘဲ ဂေါတမမြတ်စွာဘုရားရှင် အလောင်းတော်ဘဝက ပါရမီဖြည့်ကျင့်ခဲ့သော မဟာနိပါတ (ခေါ်) ဇာတ်တော်ကြီးဆယ်ဘွဲ့လာ (၁) တေမိ (=မူဂပက္ခ) (ဇာ၊ ၂။၁၄၉။)၊ (၂) မဟာဇနက(ဇာ၊ ၂။၁၅၉။)၊ (၃) သုဝဏ္ဏသာမ (ဇာ၊ ၂။ ၁၈၄။)၊ (၄) နိမိ(ဇာ၊ ၂။၁၈၄။)၊ (၅) မဟောသဓ(=ဥမင်္ဂ) (ဇာ၊ ၂။၂၀၄။)၊ (၆) ဘူရိဒတ်(ဇာ၊ ၂။၂၂၁။)၊ (၇) စန္ဒကုမာရ(ဇာ၊ ၂။၂၄၂။)၊ (၈) မဟာနာရဒ(ဇာ၊ ၂။၂၅၇။)၊ (၉) ဝိဓုရ (ဇာ၊ ၂။၂၇၅။) နှင့် (၁၀) ဝေဿန္တရာ (ဇာ၊ ၂။၃၁၂။) ဟူသော ဘုရားအလောင်းဆယ်ပါးတို့အား ရည်ညွှန်းခဲ့လည်း ရေးသားကြသည်။*၁

ဘုရင်များနှင့်အရင့်အမာအယူအဆ

ဤနေရာ၌ 'ရင့်မာ'*၂ ဟူသောစကားကို အကျဉ်းမျှရှင်းပြလိုပေသည်။ ဘုရားအလောင်းပုဂ္ဂိုလ်သည် ဘုရားဆုကိုပန်ဆင်ဦးစအခါက အဓိဋ္ဌာန်ထားခဲ့သည့်အတိုင်း အလုံးစုံသောပါရမီစာဂစရိယတို့ကို ပြည့်စုံအောင် ဖြည့်ကျင့်ဆည်းပူးပြီးသောအခါ ထိုဘုရားအလောင်းပုဂ္ဂိုလ်၏ပါရမီပြည့်စုံရန်နီးစပ်လာမှု(တစ်နည်း)ပါရမီရင့်ကျက်မှုတို့ကိုရည်ရွယ်၍ 'ရင့်မာ(တစ်နည်း)အရင့်အမာ'ဟုခေါ်ခြင်းဖြစ်သည်။*၃ သို့ပါသော် အရပ်သုံးအားဖြင့် အတော်အတန်သည်းခံနိုင်လျှင်ပင် 'အရင့်အမာထဲကပဲ'ဟုပြောဆိုလေ့ရှိသည်။ တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူများတွင် မင်းရိုးမင်းနွယ်တို့မဟုတ်သော (ငတပါး)မင်းတို့သည် မိမိတို့၏ဆင်းသက်ရာဇာတိရင်းမြစ်ကို မဖော်ပြနိုင်သည့်အခါ မိမိတို့၏ဂုဏ်ကိုချီးပရာ၌ ဘုရားမျိုးဘုရားနွယ်(တစ်နည်း)နောင်အခါဘုရားဖြစ်မည့်အလောင်းအလျာစသည်ဖြင့် ထုတ်ဖော်လေ့ရှိသည်။ နောင်ကာလကြာသော် ငတပါးမင်းမှမဟုတ်ဘဲ အနွယ်အဆက်နှင့်ဆင်းသက်လာသော မင်းတို့သည်လည်း ဤသို့ဘုရားအနွယ်ဖြစ်ရသည်ကိုနှစ်သက်၍ မိမိတို့ကိုယ်ကို အရင့်အမာ,အလောင်းအလျာစသည်ဖြင့်သုံးနှုန်းလာကြသည်။ အချို့သောမင်းတို့က မိမိတို့ကိုယ်ကို ဘုရားအလောင်းဟူ၍ပင် တိတိလင်းလင်းထုတ်ဖော်ခဲ့ကြသည်။

ပမာအားဖြင့်ပြရသော် သီရိလင်္ကာနိုင်ငံ၌ သီရိသံဃောဓိမင်း (အေဒီ ၃၀၇–၃၀၉) သည် မိမိကိုယ်ကို 'မဟာသတ္တ'ဟုကြေညာသည်။*၄ သတ္တမမြောက် မဟိန္ဒမင်း (အေဒီ ၉၅၆–၉၇၂)ကလည်း မိမိကိုယ်ကို 'ဘုရားအလောင်း'ဟု ကျောက်စာရေးထိုး၍ကြေညာခဲ့သည်။*၅ စတုတ္ထမြောက် ဝိဇယဗာဟုမင်း(အေဒီ ၁၂၃၁–၁၂၅၃) သည်လည်း မိမိကိုယ်ကို'ဗောဓိသတ္တဝိဇယဗာဟု'ဟုကြေညာခဲ့သည်။*၆ ထို့ပြင် အိမ်နီးချင်းဖြစ်သော ထိုင်းနိုင်ငံ

---

*၁ မာယာ၏ မုံရွေးအမေး–ကျည့်ကန်အပြေ ဗုဒ္ဓဝင်ဋီကာခေါ် ဗုဒ္ဓဝင်ရှင်းတမ်း။ ၁၉၃၉–ခုနှစ်။ (စာမျက်နှာ–၁၃၊ ၃၇)။ နိုင်ပန်းလှ၏ မွန်ဘာသာဇာတ်ငါးရာငါးဆယ်(ဆောင်းယိုး)။ သုတေသနစာပေများ။ ၁၉၉၈–ခုနှစ်။ (စာမျက်နှာ–၁၀၅)။ ဦးအောင်ညွန့်(တည်း)၏ ပုံတော်နုံဇာတ်တော်ကြီးဆယ်ဘွဲ့၊ ပထမတွဲ။ ၂၀၀၀–ပြည့်နှစ်။ (စာမျက်နှာ–၁)။

*၂ ရင့်မာ = အရင့်အမာ။ အရင့် (ရင့်သည် be mature, firm), maturing, What is mature, firm (opp. young and tender); fully developed; later- J.A.Stewart and of C.W. Dunn' A Burmese-English Dictionary. Part V. 1969. Page-304.

*၃ အရင့်– of full attainment in virture, as an embryo Buddha about to attain the Buddhaship (ပါရမီအရင့်အမာ)– Judson's Dictionary : Burmese and English. 1893. Page-95. မြန်မာအဘိဓာန်အကျဉ်းချုပ်၊ အတွဲ–၅။ ၁၉၈၀–ပြည့်နှစ်။ (စာမျက်နှာ–၁၁၉)။

*၄ W.Geiger(Tr.)' Mahāvaṃsa. 1950. Page-263².

*၅ Epigraphia Zeylanica. Vol.I. 1912. Page-234, 237.

*၆ W.Geiger(Tr.)' Cūlavaṃsa. Vol.II. 1953. Page-285.

http://www.dhammadownload.com

သုခေါထိုင်းမင်း လူထိုင်း (မဟာဓမ္မရာဇာ) (အေဒီ ၁၃၄၇–၁၃၆၀)၏ အေဒီ ၁၃၄၇–ခုနှစ်ထိုးကျောက်စာတွင် မိမိကိုယ်ကိုဘုရားအလောင်းမင်းပမာ ရေးထိုးခဲ့ပုံတို့ကိုတွေ့ရသည်။*၁

အထူးသဖြင့် မြန်မာမင်းများသည်လည်း ဘုရားအလောင်းမဟာသုဒဿနမင်း၊ အာဒါသမုခမင်း၊ နေမိမင်း၊ ကုသမင်းတို့ကဲ့သို့ ပါရမီဆယ်ပါးဖြည့်ကျင့်သည်ဟူ၍ မိမိတို့ကိုယ်ကို 'အလောင်းတော်' ဟူသောစကားလုံးကို သုံးနှုန်းခဲ့ကြသည်။*၂ အချို့သောမင်းတို့ကမူ မိမိတို့ကိုယ်ကို ပွင့်ပြီးဖြစ်သောဂေါတမမြတ်စွာဘုရားပါရမီဖြည့်စဉ်က ဝေဿန္တရာမင်းကြီးအစရှိသော ဇာတ်တော်များလာဘုရားအလောင်းဟုမမှတ်ယူကြဘဲ နောင်ပွင့်လတ္တံ့ဖြစ်သော အရိမေတ္တေယျကဲ့သို့သောဘုရားအလောင်းမျိုးဖြစ်သည်ဟူ၍ မှတ်ယူခဲ့ကြသောအထောက်အထားများကိုလည်း တွေ့ရသည်။*၃ အချို့သောမင်းကို 'ပုရာရှင်' ဟုပင် ကျောက်စာရေးထိုးထားခဲ့သည်။*၄

မြန်မာမင်းအချို့ကမူ မိမိတို့ကိုယ်ကို ပါရမီဖြည့်ဖွယ်ကိစ္စပြီးပြည့်စုံ၍ ကေန်မုချဘုရားအဖြစ်ပွင့်တော့မည့် အရိမေတ္တေယျအပါအဝင်ဖြစ်သော ရှင့်မာတစ်ကျိပ်ဝင်ဘုရားအလောင်းမျိုးဟုမှတ်ယူပုံကိုလည်း တွေ့ရသည်။*၅ ပမာပြရသော် ဘိုးတော်ဗဒုံမင်း(အေဒီ ၁၇၈၂–၁၈၁၉)၏မြေး စစ်ကိုင်းမင်းခေါ် ဘကြီးတော်မင်း(အေဒီ ၁၈၁၉–၁၈၃၇)ငယ်စဉ်က ရကန်ဆရာဦးတိုး(အေဒီ ၁၇၅၁–၁၇၉၆)ရေးသားဆက်သွင်းသော မင်းနန်စည်ချေင်း(အပိုဒ်–၂)၌ 'ရွှေဗျာဒိတ်ဆင့်၊ ကြာနှယ်ပွင့်၍၊ အရင့်ကျိပ်ဝင်၊ တန်ခိုးထင်သည်၊ ဘိုးရှင်ထိပ်ပေါ်' ဟူ၍ ဘိုးတော်မင်းကို အရင့်ကျိပ်ဝင်(=ရင့်မာတစ်ကျိပ်ဝင်)ဘုရားအလောင်းတစ်ဆူသဖွယ် ရေးဖွဲ့ထားခဲ့သည်။*၆ သက္ကရာဇ် ၁၁၆၉–ခုနှစ် (အေဒီ ၁၈၀၇–ခ)ထိုး မင်းကွန်းပုထိုးတော်ကြီးခေါင်းလောင်းစာတွင် ဘိုးတော်မင်းကို 'ပါရမီဆယ်ပြန်၊

---

*၁ Dr. W.C. Sailer' Textual Evidence of Sottatthakī Mahānidāna. 1983. Page-14.

*၂ 'ငါအသျှင် ကေရာဓ်မင်းမြတ်သည် ရွေးပြည့်ဆည်းပူးတော်မူအပ်သော ပါရမီဒဿသမ္ဘာရအဆောက်အဦတော်တို့ကြောင့် မြတ်သောမင်းအဖြစ်သို့ ရောက်တော်မူလျှင် သမ္မာသမ္ဗောဓိဆုမြတ်ကို ပန်ဆင်တော်မူလျက်၊ xxxx ရွေးမဟာသုဒဿနမင်း၊ အာဒါသမုခမင်း၊ နေမိမင်း စသော ဘုရားအလောင်း မင်းကောင်းမင်းမြတ်တို့သည် ပြည်သူတို့တရားစကားအငြင်းအခုံရှိသည်များကို တရားသဘင်သို့ထွက်၍ ကိုယ်တိုင်ဆုံးဖြတ်စီရင်ခြင်း ကျင့်ရိုးကျင့်တမ်း လမ်းဟောင်းထုံးစံရှိသည်နှင့်အညီ ငါအသျှင်ကေရာဓ်မင်းမြတ်သည်လည်း ရွေးဘုရားအလောင်း မင်းကောင်းမင်းမြတ်တို့ကဲ့သို့ ရွှေနှလုံးတော်သွင်းရိုးရင်းတော်မူပြီးလျှင်...'– သီပေါမင်းလွှတ်တော်တက်အမိန့်တော်။ မစ္စတာတော်ဝိန်ဒိုစ်၏ လွှတ်တော်မှတ်တမ်း။ ၁၉၆၀–ပြည့်နှစ်။ (စာမျက်နှာ–၁၂)။

*၃ မုံရွာမြို့၊ ဆားလင်းကြီးမြို့နယ်၊ ခွန်သာရွာမင်းမထီးဘုရားရှိ သက္ကရာဇ် ၆၈၁–ခုနှစ် (အေဒီ ၁၃၁၉–ခ)ထိုး သိမ်ဘုရားနှင့် ကျောင်းကြီးဘုရား ကျောက်စာ (ကြောင်းရေ–၂)တွင် 'အနော်ရထာမင်းမှတ်တော်သည်'– ရွေးဟောင်းမြန်မာကျောက်စာများ၊ တတိယတွဲ။ (စာ–၂၈၅)။ ပုဂံမြို့၊ ထီးလိုမင်းလိုဘုရား၏ အနောက်မြောက်ရှိ အိမ်ရာကျောင်းဘုရားမြောက်ဘက်အုတ်နံရံနှင့်ကပ်လျက်တွေ့ရသော သက္ကရာဇ် ၆၀၄–ခုနှစ် (အေဒီ ၁၂၄၂–ခ)ထိုး ညောင်ကြီးသမီးကျောက်စာ (ကြောင်းရေ–၉)တွင် 'ပုရာလောင်ကြီးစည်သူမင်'– ရွေးဟောင်းမြန်မာကျောက်စာများ။ ဒုတိယတွဲ။ (စာ–၃၃)၊ သက္ကရာဇ် ၆၄၀–ပြည့်နှစ် (အေဒီ ၁၂၇၉–ခ)ထိုး ကျွန်းမင်းမိထွေးတော်ကျောင်းကျောက်စာ(ကြောင်းရေ–၃)တွင် 'ပုရာလောင်ကွန်းစွာ မိထုပ်လှသော'– ရွေးဟောင်းမြန်မာကျောက်စာများ၊ တတိယတွဲ။ (စာ–၁၁၅) စသည်ဖြင့်တွေ့ရသည်။ အလောင်းဘုရား ဦးအောင်ဇေယျက မိမိကိုယ်ကို ဤဘဒ္ဒကမ္ပာ၌ပွင့်တော်မူမည့် ဆဋ္ဌမြောက်ဘုရားလောင်းဟုကြေညာရာ ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဣကတ်တတ် (အေဒီ ၁၇၅၈–၁၇၆၇)က ၁၇၆၀–ပြည့်နှစ်တွင် 'ဤဘဒ္ဒကမ္ပာ၌ ဘုရားငါးဆူသာပွင့်မည်၊ မြောက်ဆုမြောက်ပွင့်မည်ဟု ဝိဒုကတ်စာပေ၌မရှိ' ဟု ပြန်ကြားပူးလေသည်။ Maung Htin Aung' Burmese History Before 1287: A Defence of The Chronicle. 1970. Page-19. ထေရုဝါဒမူအားဖြင့် ဤဘဒ္ဒကမ္ပာ၌ ဘုရားငါးဆူသာပွင့်မည်ဟုရှိသော်လည်း၊ ဒဿဗုဒ္ဓအနာဂတဝင်ကျမ်းအရ ဆဋ္ဌမြောက်ဘုရားအလောင်းမှာ ရံသိမုနိုဖြစ်လေရာ၊ ထိုရံသိမုနိုဘုရားအလောင်းကို ရည်ညွှန်းခြင်းလည်းဖြစ်နိုင်သည်။

*၄ သက္ကရာဇ် ၆၅၆–ခုနှစ် (အေဒီ ၁၂၉၄–ခ)ထိုး ပုဂံ သံဃာ့ဓေယျသူဌေးကျောက်စာ(ကြောင်းရေ–၁၀)။ ဦးငြိမ်းမောင်၏ ရွေးဟောင်းမြန်မာကျောက်စာများ၊ တတိယတွဲ။ ၁၉၈၃–ခုနှစ်။ (စာမျက်နှာ–၁၇၃)။

*၅ အနော်ရထာမင်းကြီး၏ ရှင့်မာတစ်ကျိပ်ဝင်၌ပါဝင်ပုံကို အရှင်ခုန္ဒဝံသ၏ ရွှေစည်းနံစေတီတော်ကြီးသမိုင်းသစ်ကျမ်း။ (စာမျက်နှာ–၂၆၃)၌လည်း ကြည့်ပါ။

*၆ ဦးတင်ဦး(တည်း)၏ မင်းနန်းစည်ချေင်း သုံးဖောင်တွဲ။ ၁၉၆၁–ခုနှစ်။ (စာမျက်နှာ–၄၇)။

http://www.dhammadownload.com

ရင့်မာသန်'ဟူ၍လည်းကောင်း၊ 'ငါတို့သခင် ဘဝသျှင်မင်းတရားကြီးသည် မိတ္တည်သျှင်ချစ် ပွင့်လောင်းကောန်အမှတ်ဖြစ်၏'ဟူ၍လည်းကောင်း ရေးထိုးထားပါသည်။*၁ ထိုပုထိုးတော်ကြီးခေါင်းလောင်းစာမှာပင် 'ဘိုးတော်မင်းအား ရခိုင်မဟာမုနိဘုရားရှင်၏နောင်တော် မေတ္တေယျအလောင်း'ဟု ရေးထိုးထားသည်ကို ထူးထူးခြားခြား တွေ့ရပြန်ပါသည်။ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ရှိ မဟာမုနိဘုရားကို ပုဂံခေတ်က အနော်ရထာမင်းကြီးကြည်ညိုး၍ပင့်ရာတွင် မဟာမုနိဘုရားက အနော်ရထာမင်းအား 'ယခု မင်းကြီးချီပင့်ရာ အရှေ့ပြည်သို့ငါမလိုက်၊ ငနောင်တော်ဖြစ်ခဲ့ဘူးသော မိတ္တည်အလောင်းချီပင့်မှသာ အရှေ့ပြည်သို့ ငါလိုက်မည်'ဟု အိပ်မက်ပေးခဲ့သည်။ အေဒီ ၁၈၈၅–ခုနှစ် ဘိုးတော်ဗုဒံမင်းပင့်ဆောင်သောအခါ 'ငါ့နောင်တော်မေတ္တေယျအလောင်းပင့်သည် ကောန်မှန်၍ အမရပူရသို့လိုက်ပါတော်မူကြောင်း'– စသည်ဖြင့် ထိုခေါင်းလောင်းစာ၌ဖော်ပြထားသည်။

မုံရွာမြို့နယ်၊ ထနောင်းတောရွာဇာတိ ဦးအောင်ရေး ဦးပေါ်ဦးလျှောက်ထုံးခေါ် ကဝိသေတ္တုမဏ္ဍူသာ (ဒုတိယတွဲ)တွင် 'ဘိုးတော်ဗုဒံမင်းသည် မိမိကိုယ်ကို ရင့်မာတစ်ကျိပ်၌ ဒုတိယမြောက်ဖြစ်သော ရာမဘုရားအလောင်းဖြစ်သည်'ဟု အယူရှိတော်မူကြောင်းဖော်ပြထားသည်ကိုလည်း တွေ့ရသည်။*၂

မြန်မာမင်းများ၏ 'မိမိတို့ကိုယ်ကို ပွင့်လတ္တံ့ဖြစ်သော ရင့်မာတစ်ကျိပ်ဝင်ဘုရားအလောင်းဖြစ်သည်' ဟူသောအယူအဆသည် ပဌမသံဂါယနာတင် မင်းတုန်းမင်းကြီး(အေဒီ ၁၈၅၃–၁၈၇၈)လက်ထက်တိုင်ထင်ရှားနေပါသည်။*၃ ထို့နောက် ၁၈၈၅–ခုနှစ်တွင် မြန်မာမင်းဆက်အဆက်ပြတ်သွားခဲ့သော်လည်း ထိုရင့်မာတစ်ကျိပ်ဝင်ဟူသောအယူအဆမှာမပြတ်စဲခဲ့ဘဲ ၁၉၅၆–ခုနှစ်၊ သာသနာအနှစ် ၂၅၀၀–ပြည့်ကာလ ဆဋ္ဌသံဂါယနာတင်ပွဲရောက်သည့်တိုင် ထိုစဉ်က မြန်မာ့နိုင်ငံရေးခေါင်းဆောင်တို့၏စိတ်နှလုံးသို့ ကူးပြောင်းကိန်းဝပ်လျက်ရှိနေပေသည်–ဟု သုတေသီတို့တင်ပြထားကြပါသည်။*၄

သုတေသီများ၏လေ့လာချက်အရ မြန်မာမင်းများ မိမိကိုယ်ကိုဘုရားအလောင်းဟုမှတ်ယူကြခြင်းသည် သီရိလင်္ကာနိုင်ငံမင်းများ၏အလေ့မှ ကူးစက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ဒသဗုဒ္ဓအနာဂတဝင်လာဘုရားအလောင်းများ

ဒသဗုဒ္ဓအနာဂတဝင်ကျမ်း၌ပါရှိသော မေတ္တေယျဘုရားအလောင်းမှစ၍ သုမင်္ဂလဘုရားအလောင်းအထိ ဘုရားအလောင်းဆယ်ပါးတို့တွင် မေတ္တေယျရှင်တစ်ပါးတည်း၏ဘွဲ့မည်နှင့် ပွင့်လတ္တံ့အကြောင်းအရာတို့ကို ပါဠိပိဋကတ်တော်(ဒီ၊ ၃။၆၃။) ၌ဖော်ပြထားပြီး၊ ကျန်ဘုရားအလောင်းကိုးဆူ (ရာမ၊ ဓမ္မရာဇာ၊ ဓမ္မသာမိ၊ နာရဒ၊ ရံသိမုနိ၊ ဒေဝဒေဝ၊ နရဝါဟ၊ တိဿနှင့်သုမင်္ဂလ)၏အမည်နှင့် ပွင့်လတ္တံ့အကြောင်းအရာတို့ကို ပါဠိပိဋကတ်စာပေ၌ ဖော်ပြထားခြင်းမရှိပေ။

---

*၁ မြန်မာစာညွှန့်ပေါင်းကျမ်း၊ ဆဋ္ဌမတွဲ။ ၁၉၉၃–ခုနှစ်။ (စာမျက်နှာ–၂၆၁)။ Trevor Ling' Buddhism, Imperialism and War. 1979. Page-49,50.

*၂ ဦးအောင်၏ဦးပေါ်ဦးလျှောက်ထုံး၊ ဒုတိယတွဲ။ (စာမျက်နှာ–၁၀၇)။ ဦးအောင်ပြုစုသော ဦးပေါ်ဦးလျှောက်ထုံး(၁၉၀၈–ခု)အကြောင်းကို ၁၉၁၃–ခု၊ အောက်တိုဘာလ(၈)ရက်နေ့တွင် မန္တလေးမြို့ ကျောက်စာဝန်ရုံး၌ ဝက်မစွတ်ဝန်ထောက်မင်း၊ ဟံဝန်ထောက်ဦးတင်နှင့် ကျောက်စာဝန် မစ္စတာဂျွိုင်ဒဲလ်တို့ဆွေးနွေးကြရာ 'ယင်းစာအုပ်၌ ရာဇဝင်ဆိုင်ရာ များယွင်းချက်များစွာပါရှိကြောင်း' ဝေဖန်ခဲ့ကြသည်။ ဦးမြင့်ဆွေ၏ ဦးပေါ်ဦးလျှောက်ထုံးစာအုပ်များ(ဆောင်းပါး)။ ကိုလိုနီခေတ်စာပေလှုပ်ရှားမှု။ ၁၉၇၀–ပြည့်နှစ်။ (စာမျက်နှာ–၁၂၁)။

*၃ 'သေလက္ခရာ၊ မဟာရဋ္ဌ၊ ဝိသေသတည်း၊ ပဌမသင်္ဂါယနာတင်၊ ဘုရင်မိဖတံ၊ တြိဘုဝန၊ တိုက်လောကထက်၊ သူရိယမိတ်၊ အာဒိစ္စဝံသာ၊ နေစွယ်လာသည်၊ ကြယ်သရာခေါင်၊ မင်းများနောင်လျှင်၊ ဘုန်းရောင်နေဝါ၊ ကြီးသမ္ဘာဖြင့်၊ ရင့်မာကျိပ်ဝင်၊ ဗျာဒိတ်ဝင်နှင့်၊ သိုက်ဝင်, ဓာတ်ဝင်'– မန်လည်ဆရာတော်ကြီး၏ မဃဒေဝလင်္ကာသစ်(အပိုဒ်–၅၈၈)။ ၁၉၇၅–ခုနှစ်။ (စာမျက်နှာ–၅၁၂)။

*၄ E. Sarkisyanz' Buddhist Backgrounds of The Burmese Revolution. 1965. Page-207.

http://www.dhammadownload.com

သို့ပါသော် ထိုဒသဗောဓိသတ္တုပ္ပတ္တိကထာကျမ်းနှင့် ဒသဗုဒ္ဓအနာဂတဝင်ကျမ်းတို့၌ ထိုဘုရားအလောင်းဆယ်ဆူတို့၏ဘုရားအဖြစ်ပွင့်လာသည့်အခါ ခေါ်တွင်မည့်ဘွဲ့အမည်နှင့်ဂေါတမဘုရားရှင်လက်ထက်တွင် ထင်ရှားသောအမည်တို့ကိုပါ ပူးတွဲ၍ဖော်ပြထားကြ၏။[*၁] သောတတ္တကီကျမ်းတွင်လည်း ထိုဘုရားအလောင်းဆယ်ဆူတို့၏ ဂေါတမဘုရားရှင်လက်ထက်တွင်ထင်ရှားလျက်ရှိသောအမည်တို့ကို အောက်ပါအတိုင်းဖော်ပြထားလေသည်။

ဂါထာအမှတ်-၆၃၀။ ကော တေ ဘန္တေ ဗောဓိသတ္တော၊ ဒသဧေဝ အနုက္ကမာ။
ကထေထဒေါ မဟာဝီရ၊ ဝစနံ တေ သုဏောမဟံ။

ဂါထာအမှတ်-၆၃၁။ တေန ဟေဝံ မဟာနန္ဒ၊ သုဏောဟံ ဝစနံ မမ။
တေ ဟေ ဒသဗောဓိသတ္တော၊ ဗုဇ္ဈိဿန္တိ အနုက္ကမာ။

ဂါထာအမှတ်-၆၃၂။ မေတ္တေယျော, ဥတ္တမော ရာမော၊ ပသေနောကောသလော, ဘီဘူ။
ဒီဃသောဏီ စ စင်္ကီစ၊ သုဘော, တောဒေယျ ပြဟ္မဏော။

ဂါထာအမှတ်-၆၃၃။ နာဠာဂိရိ, ပါလိလေယျော၊ ဗောဓိသတ္တာ ဣမေ ဒသ။
အနုက္ကမေန သမ္ဗောဓိံ၊ ပါပုဏိဿန္တိ နာဂတေတိ။[*၂]

အထက်ပါလေးဂါထာတို့၏ နိဿယမြန်မာပြန်မှာ-

ဂါထာ-၆၃၀။ ဘန္တေ=အရှင်ဘုရား။ အနုက္ကမာ=အစဉ်အတိုင်းပွင့်လတ့ံကုန်သော၊ တေဒသဗောဓိသတ္တာ=ထိုဘုရားလောင်းတကျိပ်တို့ဟူကုန်သည်၊ ကော=အဘယ်သူတို့ပါနည်း။ မဟာဝီရ=မြတ်စွာဘုရား။ တေ=ထိုရင့်မာတကျိပ် ဘုရားလောင်းတို့ကို၊ ကထေထ=ဟောပါကုန်။ အဟံ-အကျွန်ုပ်သည်၊ တေ=အရှင်ဘုရား၏၊ ဝစနံ=စကားကို၊ သုဏောမိ=နာပါအံ့။

ဂါထာ-၆၃၁။ မဟာနန္ဒ=မြတ်သောအာနန္ဒာ။ တေနဟိ=ထိုသို့တပြီးကား(ဝါ)ထိုသို့သိလိုမူကား။ ဧဝံ= ဤသို့၊ မမ=ငါ၏။ ဝစနံ=စကားကို၊ သုဏောဟိ=နားထောင်လော့။ ယေ တေ ဒသဗောဓိသတ္တာ=အကြင်တကျိပ်သောဘုရားလောင်းတို့သည်၊ အနုက္ကမာ=အစဉ်အတိုင်း။ ဗုဇ္ဈိဿန္တိ =ပွင့်ကြကုန်လတ္တံ့။

ဂါထာ-၆၃၂။ မေတ္တေယျော စ=မေတ္တေယျဇင်း (ဝါ)၊ မေတ္တေယျဘုရားအလောင်း အဓိတရဟန်းဇင်း။ ဥတ္တမော=မြတ်သော၊ ရာမော=ရာမမင်းဇင်း။ ပသေနော=သူတစ်ပါးစစ်သည်ကိုအောင်တတ်သော၊ ကောသလော စ =ပသေနဒီကောသလမင်းဇင်း။ အဘိဘူ=အဘိဘူနတ်ဇင်း။ ဒီဃသောဏီ စ= ဒီဃသောဏီမည်သော ရာဟုအသူရိန်ဇင်း။ စင်္ကီ စ=စင်္ကီပုဏ္ဏားဇင်း။ သုဘော=သုဘလုလင်ဇင်း။ တောဒေယျ ပြဟ္မဏော စ=တောဒေယျပုဏ္ဏားဇင်း။

ဂါထာ-၆၃၃။ နာဠာဂိရိ စ=နာဠာဂိရိဆင်ဇင်း။ ပါလိလေယျော=ပလလည်ဆင်ဇင်း။ ဣမေဒသဗောဓိသတ္တော=ဤတကျိပ်သောဘုရားလောင်းတို့သည်၊ အနာဂတေ=နောင်အခါ၌ကား၊ အနုက္ကမေန= အစဉ်အတိုင်း၊ သမ္ဗောဓိ=ပွင့်ခြင်းသို့၊ ပါပုဏိဿန္တိ =ရောက်ကြကုန်လတ့ံ[*၃]-ဟူ၍ဖြစ်သည်။

---

*၁ ဒသဗုဒ္ဓအနာဂတဝင်ဝတ္ထု။ ၁၉၅စ-ခုနှစ်။ (စာမျက်နှာ-၃၀,၃၂,၃၄,၃၆,၃၇,၃၉,၄၀,၄၂,၄၆)။ H. Saddhātissa' The Birth-Stories of the Ten Bodhisattas. 1975. Page-62,64,67,71,74,78,80,89.

*၂ ဦးအာလောကာ(တည်း)၏ သောတတ္တိပါဠိနိဿျ။ ၁၉၂စ-ခုနှစ်။ (စာမျက်နှာ-၈၇)။

*၃ ဦးအာလောကာ(တည်း)၏ သောတတ္တကီနိဿျ။ ၁၉၂စ-ခုနှစ်။ (စာမျက်နှာ-၂၈၈)။

http://www.dhammadownload.com

ထိုဘုရားအလောင်းဆယ်ဆူတို့၏ ဘုရားအဖြစ်သို့ရောက်သောအခါ၌ ခေါ်တွင်မည့်ဘွဲ့မည်တော်၊ ယခု သာသနာ၌ထင်ရှားရှိနေသောအမည်၊ ပွင့်ရာဗောဓိ-စသည်တို့ကို အောက်ပါဗေယျာဒ္ဓလေ့လာကြည့်ရှုနိုင်ပါသည်။

ဘုရားဘွဲ့မည်	ယခုသာသနာ၌ထင်ရှားသောအမည်	ပွင့်ရာကမ္ဘာ	သက်တော်	အရပ်တော်	ပွင့်ရာဗောဓိ
၁။ မေတ္တေယျ [DPPN.II. 660[1]]	မေတ္တေယျ	ဘဒ္ဒကမ္ပာ [DBK.54]	ရှစ်သောင်း နှစ်ထောင် [DBK.55]	(၈၈)တောင် [DBK.55]	-
၂။ ရာမ [DPPN.II. 733[9]]	ရာမ	မဏ္ဍကမ္ပာ [DBK.62]	ကိုးသောင်း [DBK.62]	အတောင်(၈၀) [DBK.62]	စန္ဒကူး [DBK.62]
၃။ ဓမ္မရာဇာ	ပသေနဒိကောသလမင်း [DPPN.II. 174]	မဏ္ဍကမ္ပာ [DBK.64]	ငါးသောင်း [DBK.64]	အတောင်(၆၀) [DBK.64]	ကံ့ကော် [DBK.64]
၄။ ဓမ္မသာမိ [DPPN.I. 1151]	အဘိဘူနုတ်မင်း[*၁] [DPPN.I. 1413]	သာရကမ္ပာ [DBK.67]	တစ်သိန်း [DBK.]	အတောင်(၈၀) [DBK.67]	အင်ကြင်း [DBK.67]
၅။ နာရဒ [DPPN.II. 53[12]]	ရာဟုအသုရိန် (=ဒီဃသောဏ) [DPPN.II. 735]	မဏ္ဍကမ္ပာ [DBK.71]	တစ်သောင်း [DBK.71]	အတောင်(၂၇) [DBK.71]	စန္ဒကူး [DBK.71]
၆။ ရံသိမုနိ [DPPN.II. 700]	စက်ဂီ (သောဏ?) ပုဏ္ဏား[*၂] [DPPN.I. 836]	မဏ္ဍကမ္ပာ [DBK.71,74]	ငါးထောင် [DBK.74]	အတောင်(၆၀) [DBK.74]	ညောင်ကြတ် [DBK.74]
၇။ ဒေဝဒေဝ	သုဘပုဏ္ဏား [DPPN.I. 1227[2]]	မဏ္ဍကမ္ပာ [DBK.78]	ရှစ်သောင်း [DBK.78]	အတောင်(၈၀) [DBK.78]	စကား [DBK.78]
၈။ နရသီဟ [DPPN.II. 33[2]]	တောဒေယျပုဏ္ဏား [DPPN.I. 10381]	မဏ္ဍကမ္ပာ [DBK.78,80]	ရှစ်သောင်း [DBK.80]	အတောင်(၆၀) [DBK.80]	သဓွတ် [DBK.80]
၉။ တိဿ [DPPN.I. 1019[2]]	ဓနပါလ (=နာဠာဂိရိ) ဆင် [DPPN.I. 11321]	မဏ္ဍကမ္ပာ [DBK.82]	ရှစ်သောင်း [DBK.82]	အတောင်(၈၀) [DBK.82]	ပညောင် [DBK.82]
၁၀။ သုမင်္ဂလ [DPPN.II. 1237[12]]	ပလလဲ (=ပါလိလေယျ) ဆင် [DPPN.II. 191]	မဏ္ဍကမ္ပာ [DBK.82,88]	တစ်ထောင် [DBK.74]	အတောင်(၈၀) [DBK.74]	ကံ့ကော် [DBK.74]

[အထက်ပါဗေယျာဒ္ဓပါအချက်အလက်များကို ဆရာတော်အရှင်သဒ္ဓါတိဿတည်းသော ဒသဗောဓိသတ္တုပ္ပတ္တိကထာကျမ်းမှ ထုတ်နုတ်တင်ပြထားခြင်းဖြစ်သည်။ DBK=Dasabodhisattuppattikathā. PTS.]

[*၁] မာရ်နုတ်မင်း-ဟု မူကွဲပြသည်- ဒသဗုဒ္ဓအနာဂတဝင်ဝတ္ထု။ ခဒ္ဒစ-ခုဒ္ဒစ်။ (စာမျက်နှာ-၃၄)။

[*၂] စာတ်တော်ဝေသောဒေါဏပုဏ္ဏား-ဟု မူကွဲပြသည်- ဒသဗုဒ္ဓအနာဂတဝင်။ အနာဂတဝင်ဝတ္ထု။ ခဒ္ဒစ-ခုဒ္ဒစ်။ (စာမျက်နှာ-၃၇)။

http://www.dhammadownload.com

ဘုရားအလောင်းဆယ်ဆူတို့ကိုစိစစ်လေ့လာခြင်း

၁။ မေတ္တေယျဘုရားအလောင်း

ဒသဗောဓိသတ္တုပ္ပတ္တိကထာကျမ်းဌီလာသော မေတ္တေယျဘုရားအလောင်း သခံစကြာမင်းဘဝ၏ ဗျာဒိတ်ခံယူခဲ့ပုံအကြောင်းကို အကျဉ်းခြုံ၍တင်ပြပါမည်။[၄]

ထိုကျမ်းဌီအဇိတထေရ်ကိုအကြောင်းပြု၍ အရှင်သာရိပုတ္တရာလျှောက်ထားသဖြင့် ဂေါတမမြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဝိသာခါဆောက်လုပ်လှူဒါန်းအပ်သော မိဂါရမာတုကျောင်းအာရာမ်အတွင်းရှိ ပုဗ္ဗာရာမကျောင်း၌*၂ သီတင်းသုံးနေတော်မူစဉ် ဤဘဒ္ဒကမ္ပာမှာပင် မေတ္တေယျဘုရားပွင့်တော်မူလတ္တံ့ဟု ဟောကြားတော်မူခဲ့ပါသည်။ ထိုသို့ဟောကြားရာတွင် မေတ္တေယျရှင်၏သက်တမ်း အရပ်တော်နှင့်ကိုယ်တော်ပမာဏ၊ ရောင်ခြည်တော်ပမာဏ၊ လက္ခဏာတော်ငယ်(၃၂)ပါး၊ လက္ခဏာကြီး(၈၀)တို့ကို ဦးစွာဟောကြားခဲ့ပါသည်။ ထို့နောက် မေတ္တေယျလောင်းလျာ သခံစကြာမင်းဝတ္ထုကိုဖော်ပြထားသည်။

ကုရုတိုင်း၏မြို့တော် ကုန္ဒနပတ္တနဂိုရ်မြို့၌ သခံစကြဝတေးမင်း အုပ်စိုးနေ၏။ ထိုသခံစကြာမင်းသည် 'ဘုရား, တရား, သံဃာ မည်သည့်အရပ်၌ရှိကြောင်းသတင်းပေးနိုင်သူပေါ်ထွန်းလာပါက ထိုသူအား မိမိ၏စကြာမင်းစည်းစိမ်ကိုပေးမည်' ဟု အဓိဋ္ဌာန်ပြုထား၏။ ထိုစဉ် သီရိမတ*၃ဘုရားပွင့်ထွန်းလာလေသည်။ ထိုသို့သီရိမတဘုရားပွင့်ထွန်းလာသည်ကို သခံစကြာမင်း မသိခဲ့ပေ။ တစ်နေ့ သခံစကြာမင်းထံသို့ သာမဏောတစ်ပါးရောက်ရှိလာပြီး သီရိမတဘုရားပွင့်ထွန်းနေပြီဟုပြောကြားရာ သခံစကြာမင်းသည် သီရိမတဘုရားပွင့်ကြောင်းသတင်းစကားဆောင်ကြဉ်းလာသူ သာမဏောငယ်အား မင်းစည်းစိမ်ကိုစွန့်လှူပေးခဲ့ပြီး၊ ဘုရားရှင်ထံ ပင်ပန်းခဲယဉ်းကြီးစွာသွားရောက်ကာ မိမိ၏ဦးခေါင်းကိုဖြတ်လှူ၍ ဘုရားဆုကိုတောင်းခံခဲ့လေသည်။ သီရိမတဘုရားရှင်သည် သခံစကြာမင်း၌ ဘုရားမျိုးစေ့ရှိပုံကိုသိမြင်တော်မူသဖြင့် 'နောင်အခါ ဘဒ္ဒကမ္ပာ၌မေတ္တေယျဘွဲ့မည်ဖြင့် ဘုရားဖြစ်လိမ့်မည်' ဟု ဘုရားဆုဗျာဒိတ်ကိုပေးတော်မူခဲ့၏။

ဒသဗောဓိသတ္တုပ္ပကထာကျမ်းဌီလာသော သခံစကြာမင်းအကြောင်းကို ပါဠိပိဋကတ်စာပေ၌လည်းကောင်း၊ အနာဂတဝံသပါဠိနှင့် အနာဂတဝံသအဋ္ဌကထာတို့၌လည်းကောင်း မတွေ့ရပါ။

၂။ ဘုရားအလောင်းရာမမင်း

ဒသဗောဓိသတ္တုပ္ပတ္တိကထာကျမ်းဌီဖော်ပြထားသော ဒုတိယမြောက်ဘုရားအလောင်း ရာမသမ္မဒ္ဓ၏ ဘုရားဆုဗျာဒိတ်ခံယူရခဲ့ပုံအကြောင်းအရာအကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

ကဿပဘုရား*၄လက်ထက် နာရဒအမည်ရှိသောလုလင်တစ်ဦးသည် လူနတ်အပေါင်းတို့က ဘုရားရှင်အား ဆီမီးတိုင်တို့ဖြင့်ပူဇော်နေကြသည်ကိုတွေ့မြင်ရလျှင်၊ 'ဘုရားရှင်တို့မည်သည်ဖူးမြင်ရခဲ၏။ ဖူးရခွင့်ကြုံတုန်း ငါ၏ကိုယ်ကို ဆီမီးသဖွယ်ပြုလုပ်၍ အသက်အဆုံးခံကာထွန်းညှိပူဇော်မည်' ဟုကြံရွယ်လျက် မိမိကိုယ်ရှိအဝတ်တို့ကို

---

*၁ H. Saddhātissa(ed. & Tr.)' Dasabodhisattuppattikathā. PTS. 1975. Page-54, 119.

*၂ 'ကဇိလဝတ်ပြည်၊ နိဂြောဓရုံကျောင်း၌နေစဉ်ဟောတော်မူသည်'–ဒသဗုဒ္ဓအနာဂတဝင်။ အနာဂတဝင်ဝတ္ထု။ ၁၉၅၈–ခုနှစ်။ (စာမျက်နှာ–၂၅)။

*၃ 'သီရိမန္တ' ဟု မူကွဲပြသည်– ဒသဗုဒ္ဓအနာဂတဝင်။ အနာဂတဝင်ဝတ္ထု။ ၁၉၅၈–ခုနှစ်။ (စာမျက်နှာ–၂၇)။

*၄ ဤဘဒ္ဒကမ္ပာ၌ တတိယမြောက်ပွင့်တော်မူခဲ့သော ကဿပဘုရားရှင်ဖြစ်သည်။

http://www.dhammadownload.com

ဆီဆွတ်၍မီးပူဇော်ရင်း 'ဤသို့အသက်ကိုစွန့်၍ ဆီမီးပူဇော်ရခြင်း၏အကျိုးအားကြောင့် သမ္ဗညုတညာဏ်ရပါလိုကြောင်း' ဘုရားဆုပန်လေသည်။ ကဿပဘုရားရှင်ကလည်း ထိုနာရဒလုလင်၏ဘုရားမျိုးစေ့ရှိပုံကို သိမြင်တော်မူသဖြင့် 'ဤလုလင်သည် ရာမသမ္မုဒ္ဓ–ဟူသောဘွဲ့အမည်ဖြင့် ဘုရားဖြစ်လိမ့်မည်' ဟု ဗျာဒိတ်ပေးတော်မူခဲ့၏။ နံနက်သို့ရောက်သော် နာရဒလုလင်၏ကိုယ်ခန္ဓာမှာ မီးသင့်လောင်ကျွမ်းခဲ့သော်လည်း အရိုးမှဖြစ်သော မီးသွေးတို့သည် ကြာပဒုမာဖြစ်နေ၏။ ဤသို့ မိမိ၏ခန္ဓာကိုယ်ကို ဆီမီးသဖွယ်ပူဇော်ခဲ့သော ကောင်းမှုကြောင့် နောင်ဘုရားဖြစ်သောအခါ နွေညှင်းမှန်းခွဲမရအောင် အစဉ်အမြဲကိုယ်ရောင်တော်တောက်ပလိမ့်မည်–ဟုဖြစ်သည်။*၁

ဇာတကပါဠိတော်၊ ဒသရထဇာတ်လာရာမမင်းနှင့်၊ ရာမာယဏကျမ်းလာ ရာမမင်း–ဟူ၍ ရာမမင်းနှစ်ပါး*၂ အထင်အရှားရှိရာတွင် ဒသဇောမိသတ္တုပ္ပတ္တိကထာဋ္ဌလာသော ထိုရာမဘုရားအလောင်းသည် မည်သည့် ရာမမင်းဖြစ်သည်ကို စိစစ်ရန်လိုအပ်လာပါသည်။

ဒသရထဇာတ်တော်(ဇာ၊၁။၂၃၆။ဇာ၊၆။၄၈။၁၂၆။)လာ ရာမမင်းသည် ဂေါတမဘုရားရှင်အဖြစ် ပွင့်တော်မူပြီးဖြစ်၍၊ ထိုရာမမင်းသည် နောက်ထပ်တစ်ဖန် ဘုရားအလောင်းတစ်ဆူအဖြစ်ကား ဖြစ်နိုင်တော့မည် မဟုတ်ပေ။

ဟိန္ဒူတို့ကိုးကွယ်သော ရာမဘုရားဖြစ်မည်လောဟုစဉ်းစားရာတွင်လည်း ဟိန္ဒူတို့ကိုးကွယ်သော ရာမဘုရားသည် ဝါလ်မီကီ(Vālmīki)ရသေ့ကြီးရေးဖွဲ့သော ရာမာယဏ(Rāmāyaṇa) သက္ကတကဗျာကျမ်းကြီး၌ လာသော ပင်မဇာတ်ဆောင် ရာမမင်းဖြစ်သည်။ ထိုကဗျာကျမ်းကြီးကို ၅၀၀–ဘီစီဝန်းကျင်ကစတင်ရေးခဲ့ပြီး၊ ခေတ်အဆက်ဆက်ဖြည့်စွက်ပြုပြင်လာကြရာ အေဒီ ၂၀၀–၃၀၀ ခန့်သို့ရောက်မှ ယခုရှိနေသော အခန်း(၇)ခန်း၊ ဂါထာပေါင်း(၂၄၀၀၀)မူအဖြစ်သို့ရောက်ခဲ့ဟန်ရှိကြောင်း–ပညာရှင်တို့ရေးသားကြပါသည်။*၃ အေဒီ ၁၀၀–၂၀၀ ဝန်းကျင်လောက်တွင် ရာမာယဏကဗျာကြီးအလွန်ခေတ်စားလာ၍ ထိုကဗျာကြီး၌ ပဓာနဇာတ်ဆောင်ဖြစ်သော ရာမမင်းကို စံပြမင်းအဖြစ် ကိုးကွယ်ခဲ့ကြသည်။ ထို့နောက် ရာမမင်းကို ဗိဿနိုး၏အဝတာရ် (ကိုယ်ပွား) မဟာရာမအဖြစ် ကိုးကွယ်ခဲ့ကြပြန်၏။ ထို့နောက် အေဒီ ၁၄–ရာစုတွင် ရာမကို ဗိဿနိုးဘုရားကိုယ်ပွားအဖြစ်မှ တစ်ဆင့်တိုးမြှင့်ကြကာ ရာမဘုရားဟူ၍ ဘုရားတစ်ဆူအဖြစ်နေရာထားကိုးကွယ်ခဲ့ကြသည်။*၄ ဤသို့လျှင် ဟိန္ဒူလူမျိုးတို့အနေဖြင့် ရာမမင်းကို ဘုရားတစ်ဆူအဖြစ်သတ်မှတ်ကိုးကွယ်ပြီးဖြစ်နေပါ၍ ထိုရာမသည်လည်း နောင်ကမ္ဘာများစွာကြာမှပွင့်လာဦးမည့် ဘုရားအလောင်းဖြစ်ဖွယ်အကြောင်းမရှိဟု ယူဆပါသည်။

---

*၁ ဒသဗုဒ္ဓအနာဂတဝင်။ အနာဂတဝင်ဝတ္ထု။ ၁၉၅၈–ခုနှစ်။ (စာမျက်နှာ–၃၀)။ ဤသို့ မိမိကိုယ်ကို ဆီမီးသဖွယ် အသက်အဆုံးမီးပူဇော်မှုကို ဆရာတော်အရှင်သဒ္ဓါတိဿက မဟာယာနဆန်သည်၊ အေဒီ ၅–ရာစုမနှီးက တရုတ်နိုင်ငံ မဟာယာနဗုဒ္ဓဘာသာဝင်တို့ ထိုသို့ မီးပူဇော်ဖြူလုပ်လေ့ရှိသည်။ ၁၉၆၃–ခုနှစ်တွင် တောင်ဗီယက်နမ်မှ မဟာယာနဘုန်းကြီး Ven. Thich Man Giac က 'The Meaning of Self-Burning in the Doctrine of Buddhism' အမည်ရှိ စာတန်းတစ်စောင်ပြု၍ ဘွဲ့ယူခဲ့ဘူး၏– H. Saddhātissa(Tr.)' The Birth-Stories of the Ten Bodhissatta. 1975. Page-62. 102[31]. သဒ္ဓမ္မပုဏ္ဍရိကသုတ္တန်၌ ဤအပြုအမူမျိုးကိုတွေ့နိုင်သည်။ W.E. Soothill(Tr.)' The Lotus of the Wonderful Law. 1930. Page-61, 169, 210, 237, etc.

*၂ ထိုရာမမင်းနှစ်ဦး၏အကြောင်းနှိုင်းယှဉ်ချက်အကျဉ်းကို ဆရာပါရဂူ၏ရာမနှင့်ရာမ(ဆောင်းပါး)။ စာပေယဉ်ကျေးမှုရေစီးကြောင်း။ ၁၉၉၉–ခုနှစ်။ (စာမျက်နှာ–၃၅)၌ကြည့်ပါ။

*၃ K. Werner' A Popular. Dictionary of Hinduism. 1997. Page-130.

*၄ ပါရဂူ၏မဟာရာမနိဒါန်း။ ဒဂုန်ဦးထွန်းမြင့်၏မဟာရာမ။ ၂၀၀၂–ခုနှစ်။ (စာမျက်နှာ–၈)။

http://www.dhammadownload.com

ဒေါက်တာမာလလဆေကေရ၏ပါဠိနာမအဘိဓာန် ကျမ်း။ ဒုတိယတွဲတွင် ပါဠိစာပေ၌ထင်ရှားသော ရာမ အမည်ခံ ရာမရှစ်ဦး*၁ ကိုပြဆိုရာ၌ ဒသဇောဓိသတ္တုပ္ပတ္တိကထာ (တစ်နည်း) အနာဂတဝံသတွင်လာသော 'ရာမ'ကို အခြားရာမများမှခွဲခြား၍ သီးခြားရာမတစ်ဦးအဖြစ်ဖော်ပြထားခဲ့သည်။*၂ ဆက်လက်လေ့လာရန်တစ်ချက်မှာ ဆရာကြီးဦးဆန်းထွန်းက ကဝိလက္ခဏာကျမ်း(သံပေါက်၊ အမှတ်-၆၄၀)လာ 'မင်းဒွတ္တရန်၊ သီရိခန်၊ ရန်မန်ကေရာ' ဟူသောကိုဖွင့်ဆိုရာ၌ ရာမအမျိုးမျိုးရှိပုံကိုဖော်ပြထားသည်။*၃ ထိုရာမများတွင် ဒသဇောဓိသတ္တုပ္ပတ္တိကထာက ညွှန်းဆိုသော ဇောဓိသတ္တဘုရားအလောင်းရာမ ပါ,မပါကိုရှာဖွေမည်ဆိုပါက ရှာနိုင်ခွင့်ရှိသည်ပင်။

၃။ ဘုရားအလောင်း ပဿေနဒိကောသလမင်း

ဒသဇောဓိသတ္တုပ္ပတ္တိကထာကျမ်းအရ တတိယမြောက် ဓမ္မရာဇာဘွဲ့အမည်ဖြင့်ပွင့်အံ့သော ဘုရားအလောင်း မှာ ဤသာသနာ၌ ပဿေနဒိကောသလမင်းဟုထင်ရှားသည်။ ထိုဓမ္မရာဇာဘုရားသည် ရာမဘုရားနှင့်အတူ မဏ္ဍကမ္ဘာ၌ပွင့်ပေလိမ့်မည်ဟု ဖော်ပြထားသည်။ ထိုဓမ္မရာဇာ ဘုရားအလောင်း၏ဗျာဒိတ်ခံယူရပုံအကြောင်းကို အကျဉ်းအားဖြင့်ပြပါဦးမည်။

ကောဏာဂမနဘုရား*၄ လက်ထက်အခါ သုဒ္ဒ*၅ အမည်ရှိသော ပုဏ္ဏားလုလင်တစ်ဦးသည် ကောဏာဂမနဘုရားရှင်ထံ ကြာပန်းနှစ်ပွင့်လှူ၍ ဘုရားဆုတောင်းရာ ကောဏာဂမနဘုရားရှင်က 'ဤပုဏ္ဏားငယ်သည် နောင်အခါ ဓမ္မရာဇာဘွဲ့အမည်ဖြင့်ဘုရားဖြစ်လိမ့်မည်' ဟု ဗျာဒိတ်စကားကြားခဲ့ကြောင်း-ဖြစ်သည်။*၆

ဒသဇောဓိသတ္တုပ္ပတ္တိကထာ၌ဖော်ပြထားသော ဓမ္မရာဇာဘုရားအလောင်း ပဿေနဒိကောသလမင်းကို ပါဠိပိဋကတ်တော်၌လာသော သာဝတ္ထိပြည့်ရှင် မဟာကောသလမင်း၏သား ပဿေနဒိမင်းဖြစ်သည်ဟုယူဆကြသည်။ ပိဋကတ်စာပေ၌လာသော ပဿေနဒိမင်းသည် ဘုရားရှင်နှင့်သက်တော်ရွယ်တော်အားဖြင့်တူညီပြီး အလွန်ခင်မင်ရင်းနှီးစွာ ဆည်းကပ်ခွင့် ရခဲ့လင့်ကစား ရှေးရှေးဘဝများစွာက ဖြည့်ကျင့်ခဲ့သောပါရမီ၏နည်းပါးမှုနှင့် လက်ငင်းဘဝ၌ ပင်ကိုယ်ဉာဏ်၏နည်းပါးမှုတို့ကြောင့် မဂ်ဖိုလ်တရားကိုမရလိုက်ပေ။*၇ မြတ်စွာဘုရားရှင်သည် ကောသလမင်း၏အသိဉာဏ်နှင့် ထိုက်တန်သော သုတ္တန်(၂၅)သုတ်တို့ကိုဟောကြားတော်မူရာ၊ ထိုသုတ္တန်တရားတော်တို့ကို သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂ၌ ကောသလသံယုတ်ဟူ၍ သံဂါယနာတင်မထေရ်တို့က စုစည်းသံဂါယနာတင်ထားခဲ့ကြပါသည်။ သံ၊၁။ ၆၈-၁၀၁။

---

*၁ DPPN.II. 732[1], 732[2], 732[3], 732[4], 733[5], 733[6], 733[8], 733[9].

*၂ DPPN.II. 733[9].

*၃ ထိုဝိသောခနိကျမ်း၌ ရာမ(၃)မျိုး၊ ရာမ(၄)မျိုး၊ ရာမ(၅)မျိုး၊ ရာမ(၄၀)- စသည်ဖြင့် ရာမအမျိုးမျိုးရှိကြောင်းပြဆိုထားပါသည်။ ဦးဆန်းထွန်း၏ ကဝိလက္ခဏာဝိသောခနိကျမ်း။ ၁၉၆၁-ခုနှစ်။ (စာမျက်နှာ-၅၄၆)။

*၄ ဤဘဒ္ဒကမ္ပာ၌ ဒုတိယမြောက်ပွင့်တော်မူသော ကောဏာဂမနဘုရားရှင်ဖြစ်သည်။

*၅ သုမွော-ဟု မူကွဲပြသည်- ဒသဗုဒ္ဓအနာဂတဝင်။ အနာဂတဝင်ဝတ္ထု။ ၁၉၅၈-ခုနှစ်။ (စာမျက်နှာ-၃၂)။

*၆ ဒသဗုဒ္ဓအနာဂတဝင်။ အနာဂတဝင်ဝတ္ထု။ ၁၉၅၈-ခုနှစ်။ (စာမျက်နှာ-၃၂)။ H. Saddhātissa(Tr.)' The Birth-Stories of the Ten Bodhissatta. 1975. Page-64.

*၇ အရှင်ဓနကာဘိဝံသ၏ အနာဂတ်သာသနာဓရား၊ ၂၀၀၃-ခုနှစ်။ (စာမျက်နှာ-၂၀)။ အဘိဓေယျသင်္ဂဟသင်္ခေပဆရာတော်ကြီးအရှင်ပဏ္ဍိတကမူ 'ကောသလမင်းကြီးသည် ဥာဏ်အပြင်နည်းသူမဟုတ်ကြောင်း'ကို လူမင်းနတ်မင်းဦးညွှတ်ဖြင်းစာအုပ်။ ၁၉၇၉-ခုနှစ်။ (စာမျက်နှာ-၇၃၊ ၇၅) တို့၌ ရေးသားတော်မူခဲ့သည်။

http://www.dhammadownload.com

ပါဠိပိဋကတ်စာပေ၌ ပသေနဒိမင်း မဂ်ဖိုလ်မရခြင်းသည် သူ၏ပါရမီအခြေခံနှင့် အသိဉာဏ်မရင့်ကျက်မှုကြောင့်ဟုဖော်ပြထားသော်လည်း၊ ထိုမင်းကြီးသည် ဘုရားအလောင်းပုဂ္ဂိုလ်ဖြစ်နေ၍ မဂ်,ဖိုလ်မရခြင်းဖြစ်သည်ဟု စောဒကတက်လိုက တက်နိုင်ပါသည်။ ဘုရားအလောင်းတို့မည်သည် နိယတဗျာဒိတ်ခံယူပြီးသည့် အချိန်မှစ၍ ဘုရားအလောင်းတို့မဖြစ်ရာသောအဘဗ္ဗဌာန(၁၈)ရပ်တွင် အနာဂတဝံအဋ္ဌကထာအလိုအရ 'ဘုရားအလောင်းပုဂ္ဂိုလ်သည် သောတာပန်စသောအရိယာမဖြစ်ခြင်း' ဟူသောအချက်တစ်ရပ်ပါဝင်လေသည်။*၁ ဤအချက်ကို ဗုဒ္ဓဝံသအဋ္ဌကထာ(ဗုဒ္ဓဝံ၊ ဋ္ဌ။ ၃၁၆။)၊ ဇာတကဋ္ဌကထာ (ဇာ၊ ဋ္ဌ။ ၁။ ၅၃-၅၄)၊ အပဒါန်အဋ္ဌကထာ (အပဒါန်၊ ဋ္ဌ။ ၁။ ၅၅။)၊ စရိယာပိဋကအဋ္ဌကထာ (စရိယာ၊ ဋ္ဌ။ ၃၂၁-၃၂၂။)၊ အဋ္ဌသာလိနီအဋ္ဌကထာ (အဘိ၊ ဋ္ဌ။ ၁။ ၇၂။)၊ သုတ္တနိပါတအဋ္ဌကထာ (သုတ္တနိ၊ ဋ္ဌ။ ၁။ ၄၅)-စသည်တို့၌လာသော အဘဗ္ဗဌာန(၁၈)ရပ်၌မတွေ့ရဘဲ အနာဂတဝံသအဋ္ဌကထာ၌သာ ထူးထူးခြားခြားတွေ့ရသည်။

၄။ ဘုရားအလောင်းအဘိဘူနတ်မင်း

ဒသဗောဓိသတ္တုပ္ပတ္တိကထာတွင် စတုတ္ထမြောက်ပွင့်တော်မူမည့် ဓမ္မသာမိဘုရားအလောင်းမှာ ဤသာသနာ၌ အဘိဘူနတ်မင်းဖြစ်ပြီး၊ ထိုကျမ်းလာ ဓမ္မသာမိဘုရားအလောင်း၏ဗျာဒိတ်ခံယူရပုံအကြောင်းကို အကျဉ်းမှတ်ဖွယ်တင်ပြပါမည်။ ထိုဓမ္မသာမိဘုရားသည် သာရကမ္ဘာ၌ပွင့်တော်မူမည်ဖြစ်သည်။

ဓမ္မသာမိဘုရားအလောင်းပုဂ္ဂိုလ်သည် ကဿပဘုရားရှင်*၂လက်ထက် ဗာရာဏသီပြည်တွင် ဗောဓိအမည်ရှိသောအမတ်ဖြစ်ခဲ့သည်။ ထိုဗောဓိအမတ်သည် ဖလသမာပတ်မှထတော်မူစဖြစ်သော ကဿပဘုရားရှင်အား ဗာရာဏသီမင်းကြီးကိုကို*၃ထက် အလျင်ဦးအောင်လှည့်ပတ်၍ ဆွမ်းကပ်မှုကြောင့် သေဒဏ်အပြစ်ပေးခြင်းခံခဲ့ရသည်။ ကဿပဘုရားရှင်သည် သူအိုဟန်ဆောင်၍ အသတ်ခံရဆဲဆဲဖြစ်နေသောဗောဓိအမတ်ထံသွား၍ ဆွမ်းအလှူကိုခံယူတော်မူခဲ့သည်။ဗောဓိအမတ်လည်း ဆွမ်းလှူပြီးဘုရားဆုပန်ရာ ကဿပဘုရားရှင်က 'နောင်အခါ၌ သင်သည် ဘုရားဖြစ်လိမ့်မည်' ဟု ဗျာဒိတ်ပေးတော်မူခဲ့သည်။ သူသတ်တို့ ဗောဓိအမတ်ကိုသတ်ရန်ပြင်ဆင်သော မြေတုန်လှုပ်၍၊ နန်းတော်တွင်း၌လည်း ထီးဖြူကျိုး၍မြေခသည်ကို မင်းကြီးမြင်သော်ထိတ်လန့်ရကာ ဗောဓိအမတ်ကို လွှတ်ပေးခဲ့ရသည်။ ဗောဓိအမတ်လည်း ဆွမ်းလှူသော အကျိုးကြောင့် ရွှေအိုးများ ပဒေသာပင်များ ရသည်ဟူ၍ဖော်ပြထားသည်။*၄

ဤနေရာ၌ ဒသဗောဓိသတ္တုပ္ပတ္တိကထာကျမ်းလာ ဓမ္မသာမိဘုရားအလောင်း အဘိဘူနတ်မင်းအကြောင်းကို စိစစ်တင်ပြလိုပေသည်။ အဘိဘူ-ဆိုသည်မှာ ချီးမွမ်းအပ်သည်၏အဖြစ်အားဖြင့်ဖြစ်စေ၊ ကြီးသည်၏အဖြစ်အားဖြင့်ဖြစ်စေ လွှမ်းမိုးနိုင်သောသူ၊ သာလွန်သောသူ-စသည့်အနက်တို့ကိုဆောင်လေသည်။*၅ အဘိဘူ-ဟုဆိုနိုင်သော ပုဂ္ဂိုလ်အများအပြားရှိကြောင်း ပါဠိပိဋကတ်တော်၌တွေ့ရသည်။ ပမာပြရသော်-

---

*၁ သောတာပန္နာဒယော နဘဝန္တိ တိ အတ္ထော- အနာဂတဝံသအဋ္ဌကထာ။

*၂ ဤဘဒ္ဒကပ္ပ၌ တတိယမြောက်ပွင့်တော်မူမည့် ကဿပဘုရားရှင်ဖြစ်သည်။

*၃ ကဿပဘုရားရှင်လက်ထက်က ဗာရာဏသီပြည်တွင် ဘုရင်မင်းဖြစ်ခဲ့ပြီး(ဒီ၊ ၂။ ၇။)၊ ကဿပဘုရား၏ အဋ္ဌသာဝကတစ်ပါးကိုဆွမ်းလှူ၍ အနုမောဒနာ နာယူစဉ်ပင် သောတာပန်ဖြစ်ခဲ့သည်။ (မ၊ဋ္ဌ။၃။၁၆။) ထိုကိုကိမင်း၏အမည်ကို မြောက်ပိုင်းဗုဒ္ဓဘာသာစာပေဖြစ်သော မဟာဝဿု၊ ဒီဗျာဝဒါန၊ အဝဒါနကတာက-တို့၌လည်းတွေ့ရသည်။ DPPN-I. 596.

*၄ ဒသဗုဒ္ဓအနာဂတဝင်။ အနာဂတဝင်ဝတ္ထု။ ၁၉၅၈-ခုနှစ်။ (စာမျက်နှာ-၃၄)။ H. Saddhātissa(Tr.)' The Birth-Stories of the Ten Bodhissatta. 1975. PTS. Page-67.

*၅ တိပိဋက ပါဠိမြန်မာအဘိဓာန်၊ အတွဲ-၃။ ၁၉၇၁-ခုနှစ်။ (စာမျက်နှာ-၁၇၅)။

http://www.dhammadownload.com

၁။ ကမ္ဘာဦးတွင် ပြဟ္မာဘုံအသစ်ဖြစ်သောအခါ၌ ရှေးဦးဆုံးဖြစ်သောပြဟ္မာကြီးကို 'အဘိဘူ' ဟုဆိုသည်။*၁

၂။ မာရ်နတ်က ဗကပြဟ္မာ၏အလုပ်အကျွေးပြဟ္မာတို့ကိုပူးဝင်ပြီး 'ဗကပြဟ္မာကြီးသည် အလုံးစုံသော လောကကိုလွှမ်းမိုးသာလွန်၍တည်သောသူ,အကြီးအချုပ်ဖြစ်သောသူ(တစ်နည်း)အဘိဘူဖြစ်သည်'ဟု မြတ်စွာဘုရားရှင်အား ပြန်၍ပြောဆိုစေရာ၊ ထိုစကားအရ ဗကပြဟ္မာကြီးကိုလည်း 'အဘိဘူ'ဟု ခေါ်ဆိုလေသည်။*၂

၃။ ဘုရားအလောင်းသည် ပြဟ္မာဖြစ်စဉ်က ကမ္ဘာပျက်လျှင် အာဘဿရဘုံသို့၊ ကမ္ဘာပြန်တည်သောအခါ မဟာပြဟ္မာဘုံသို့ စသည်ရောက်ရှိ၍ ကြီးသည်၏အဖြစ်အားဖြင့်၊ လွှမ်းမိုးသာလွန်သောအဖြစ်အားဖြင့် အဘိဘူပြဟ္မာဖြစ်ခဲ့ကြောင်းကို ဣတိဝုတ္တကပါဠိတော်၌ဟောကြားတော်မူထားရာ၊ ထိုဘုရားအလောင်း ပြဟ္မာကိုလည်း 'အဘိဘူ'ဟုခေါ်ဆိုနိုင်ပြန်ပါသည်။*၃

၄။ မြတ်စွာဘုရားရှင်သည် သီလ,သမာဓိ,ပညာ,ဝိမုတ္တိအားဖြင့် အလုံးစုံထက်သာလွန်လွှမ်းမိုးနိုင်၏၊ မင်းတကာ့မင်းဖြစ်လေရာ 'အဘိဘူ'မည်လေ၏။*၄

၅။ ရူပတဏှာစသော ကိလေသာတို့ကို လွှမ်းမိုးနှိမ်နင်းနိုင်သောရဟန္တာပုဂ္ဂိုလ်ကိုလည်း 'အဘိဘူ'ဟု ဆိုနိုင်၏။*၅

၆။ ကိလေသာတို့နှင့် ကိလေသာဖြစ်ကြောင်းတရားတို့ကို နှိမ်နင်းနိုင်သောအရိယသောတ္တိယဖြစ်သော ရဟန္တာပုဂ္ဂိုလ်ကိုလည်း 'အဘိဘူ'ဟုဆိုနိုင်၏။*၆

၇။ နာမ်ခန္ဓာလေးပါးကိုနှိမ်နင်းလွှမ်းမိုးနိုင်သော အသညသတ်ပြဟ္မာကိုလည်း 'အဘိဘူ'ဟုဆိုနိုင်၏။*၇

ဤသို့အားဖြင့် ပိဋကတ်ပါဠိစာပေတွင် 'အဘိဘူ'ဟုခေါ်ဆိုနိုင်သောပုဂ္ဂိုလ်(၇)ဦးရှိကြောင်းပြထားသော်လည်း ဒသဗောဓိသတ္တုပ္ပတ္တိကထာကျမ်း၌လာသော 'အဘိဘူ'ကား 'အဘိဘူဒေဝရာဇာ'ဟု ထပ်၍ဆိုထားသဖြင့် လူသာမန်, နတ်သာမန်မဟုတ် နတ်မင်းတစ်ဦးဦးကိုဆိုလိုကြောင်း ထင်ရှားလေသည်။ နတ်မင်းဟုဆိုရာတွင်လည်း (၁) ကမ္ဘာဦးပြဟ္မာကြီးကိုဆိုလိုသလော၊ သို့မဟုတ် (၂) ဗကပြဟ္မာကြီးကိုဆိုလိုသလော၊ သို့မဟုတ် (၃) အသညသတ်ပြဟ္မာကြီးတစ်ဦးဦးကိုပင်ဆိုလိုသလော– ရောထွေးနိုင်ပါသည်။

သို့ပါသော် အမျိုးသားစာကြည့်တိုက်ရှိ အနာဂတဝင်ကျမ်းလက်ရေးမူ၊ ဒုတိယတွဲတွင် '...သာရကမ္ဘာပေါ်ရာတွင်လျှင် မာရ်နတ်သားသည် ဘုရားတစ်ဆူဖြစ်လေမည်'–ဟု ဖော်ပြထား၏။*၀ ဟံသာဝတီတိုက်မူ

---

*၁ တတြ, ဘိက္ခဝေ, ယော သော သတ္တော ပဌမံ ဥပပန္နော တဿ ဧဝံ ဟောတိ– အဟမသ္မို ဗြဟ္မာ မဟာဗြဟ္မာ အဘိဘူ– ဒီ၊၁။၁၇။

*၂ သော ဟိ, ဘိက္ခု, ဗြဟ္မာ မဟာဗြဟ္မာ အဘိဘူ– မ၊ ၁။ ၄၀၂။

*၃ ဘိက္ခဝေ, ဗြဟ္မာ ဟောမိ မဟာဗြဟ္မာ အဘိဘူ– ဣတိဝုတ်။ ၂၀၅။

*၄ သမာရကော သဗြဟ္မကော သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ တထာဂတော အဘိဘူ– ဒီ၊ ၃။ ၁၁၁။

*၅ အဘိဘူတိ ရူပါဘိဘူ (ပ) ဓမ္မာဘိဘူ, အနဘိဘူတော ကေဟိစိ ကိလေသေဟိ– မဟာနိ။ ၃၁၄။

*၆ အဘိဘုံ အကထံကထိ' ဝိမုတ္တံ၊
အနိဃံ သမ္မဓိမာဟု သောဘ္ဘိယောတိ– သုတ္တနိ။ ၃၆၁။

*၇ အဘိဘုံ အဘိဘူတော သဠာနာတိ၊ အဘိဘုံ အဘိဘူတော သညတ္တာ အဘိဘုံ မညတိ– မ၊ ၁။ ၃။ DPPN.I. 141².

*၀ အနာဂတဝင်၊ ဒုတိယတွဲ။ (၃၀–လက်)။ (စာမျက်နှာ–၃၂)။

http://www.dhammadownload.com

ဒသဗုဒ္ဓအနာဂတဝင်ကျမ်းဌီလည်း အဘိဘူနတ်မင်း၏မူကွဲအနေဖြင့် 'မာရ်နတ်သား' ဟုပြထား၏။*၁ ဒီပဲယင်း ဆရာတော်ရေးသည်ဟု ဖော်ပြလေ့ရှိသော အနာဂတဝင်ကျမ်း(မြန်မာမူ)တွင်လည်း 'မာရ်နတ်သားကား ဓမ္မသာမိဘုရားဖြစ်လတ္တံ့' ဟု ဖော်ပြထား၏။*၂

'မာရ်နတ်မင်း' ဟုဆိုရာတွင်လည်း ဗုဒ္ဓဘာသာဝင်အများစုသိကြပြီးဖြစ်သော 'မာရ်နတ်' မှာ ဘုရားရှင်နှင့် သာဝကတို့ကို မကြာခဏအနှောင့်အယှက်ပေးခဲ့သော ဒေဝပုတ္တမာရ်ခေါ် မာရ်နတ်ဖြစ်လေသည်၊ ထိုမာရ်နတ်သည် အဘိဘူခေါ် ကာမာဝစရနတ်ပြည်ခြောက်ထပ်လုံးကိုလွှမ်းမိုးနိမ့်နင်းနိုင်သူမဟုတ်ဘဲ၊ သူ့နေရာဖြစ်သော ဝသဝတ္တီ နတ်ပြည်မှာလည်း သူပုန်ဗိုလ်နတ်ဆိုးတစ်ယောက်အဖြစ်သာ နေရရှာသူဖြစ်သည်။ (ဝိ၊ဋ္ဌ။၁။၉၈။ ဒီသစ်။၂။၆၅။)။ ထိုသို့ဆိုးညစ်မှုအဝဝတို့ကြောင့်ပင် မာရ်နတ်ကို ပါပိမ(အယုတ်တမာကောင်)၊ နာမုစိ(မိမိပိုင်နက်မှလွတ်မသွား အောင်အန္တရာယ်ပြုတတ်သူ)၊ မေ့လျော့သူတို့၏မိတ်ဆွေ(ပမတ္တဗန္ဓု)–စသည်ဖြင့် ပါဠိဝိဂုကတ်စာပေ၌ခေါ်ဝေါ်ထားပြန်၏။ ထိုသို့ အဆိုးဘက်၌နာမည်ကျော်သော ဒေဝပုတ္တမာရ်နတ်ကြီးသည် လွှမ်းမိုးခြယ်လှယ်နိုင်စွမ်းရှိသော အဘိဘူနတ်မျိုးကား မဖြစ်နိုင်ပေ။

ထို့ပြင် သုတ္တနိပါတအဋ္ဌကထာ(သုတ္တနိ၊ဋ္ဌ။၁။၄၅၂။)နှင့် အပဒါန်အဋ္ဌကထာ(အပဒါန်၊ဋ္ဌ။ ၁။ ၁၅၃)–တို့တွင် ဘုရားအလောင်းတို့မဖြစ်ရာ အဘဗ္ဗ(၁၈)ဌာနဌ် 'ကာမာဝစရနတ်ဘုံတွင် မာရ်နတ်မဖြစ်' ဟူသောအချက်တစ်ရပ်ကို ပြဆိုထားပါသဖြင့်၊ မာရ်နတ်သည် ဘုရားအလောင်းဖြစ်ရန်ခဲယဉ်းပြန်လေသည်။ သို့ပါသော် အသောကာဝဒါန မည်သော အသောကအတ္ထုပ္ပတ္တိကျမ်းဌ ရှင်ဥပဂုတ်မထေရ်၏တုပ်နှောင်မှုကိုခံရရှာသော မာရ်နတ်က 'ငါသည် သနားကရုဏာကင်းသော သာဝကအဖြစ်ကိုမပန်လို၊ ဘုရားအဖြစ်ကိုသာပန်လိုသည်' ဟု မြည်တမ်းကြောင်း ဖော်ပြထားလေရာ၊*၃ အချို့က ဤစာသားကိုကြည့်ပြီး မာရ်နတ်မင်းသည် ဘုရားဆုပန်သည်ဟုဆိုကြ၏။ အသောကာဝဒါနကျမ်းဌ မာရ်နတ်သားဘုရားဆုပန်ရန်ဆန္ဒရှိသည်မှာ ဤဂေါတမဘုရားရှင်သာသနာ အသောကမင်း လက်ထက်တွင်ဖြစ်လေရာ ယခုဆွေးနွေးတင်ပြလျက်ရှိသော ဒသဗောဓိသတ္တုပ္ပတ္တိကထာကျမ်းလာ ဓမ္မသာမိ ဘုရားအလောင်းသည်ကား ဂေါတမဘုရားထက်စောစွာပွင့်ထွန်းတော်မူခဲ့သော ကဿပဘုရားရှင်လက်ထက် အခါကပင် ဗျာဒိတ်ခံယူပြီးဖြစ်သည့်အတွက် ဤသာသနာ၌ ဘုရားဆုပန်ရန် ရွယ်ချောင်းနေသော မာရ်နတ်သား ကား မည်သည့်နည်းနှင့်မျှ ဓမ္မသာမိဘုရားအလောင်းဖြစ်နိုင်မည်မဟုတ်ကြောင်း သတိချပ်ရန်ဖြစ်သည်။

အထက်ပါအချက်တို့အရ ဒသဗောဓိသတ္တုပ္ပတ္တိကထာလာ အဘိဘူနတ်မင်းသည် မည်သည့်ပုဂ္ဂိုလ်ကို ရည်ရွယ်၍ညွှန်းဆိုကြောင်း မပေါ်လွင်ပေ။ အဘိဘူအမည်ရှိသော အခြားပုဂ္ဂိုလ်တစ်ဦးဦးကို ရည်ညွှန်းခြင်း ဖြစ်ပေလိမ့်မည်။*၄

မြောက်ပိုင်းဗုဒ္ဓဘာသာဝင်တို့၏ဗုဒ္ဓမိဿကသက္ကတ (Buddhist Hybrid Sanskrit)စာပေ၌ထင်ရှားသော မဟာဝသ္တုကျမ်းဌ နောင်ပွင့်လတ္တံ့ဘုရားအလောင်းတို့တွင် 'သရ်ဝါဘိဘူ' နှင့် 'အဘိဘူယဇ' –ဟူ၍ 'အဘိဘူ'

---

*၁ ဒသဗုဒ္ဓအနာဂတဝင်။ အနာဂတဝင်ဝတ္ထု။ ၁၉၅၈–ခုနှစ်။ (စာမျက်နှာ–၃၄၊ ၄၉)။ Francois Martini ၏ ဒသဗုဒ္ဓဆိုင်ရာ ဧယားကွက်၌လည်း 'အဘိဘူနတ်မင်း' သည် ဂေါတမဘုရားရှင်လက်ထက်အဓိက 'မာရရာဇာ=မာရ်နတ်မင်းဖြစ်ခဲ့သည်' ဟု ဖော်ပြထား၏။ H. Saddhātissa(Tr.)' The Birth-Stories of the Ten Bodhisattas. 1975. Page-288.

*၂ အနာဂတဝင်ကျမ်း။ ၁၉၅၆–ခုနှစ်။ (စာမျက်နှာ–၂၇)။

*၃ John S. Strong(Tr.)' The Legend of King Aśoka. 1989. Page-190.

*၄ DPPN.I. 141³.

http://www.dhammadownload.com

နှစ်ဆူရှိကြောင်းဖော်ပြထားရာ*၁ ထိုအဘိဘူအမည်ရှိသော ဘုရားအလောင်းနှစ်ဆူကိုလည်း လေ့လာရန် ဖြစ်သည်။

၅။ ဘုရားအလောင်း ရာဟုအသူရိန်

ဒသဗောဓိသတ္တုပ္ပတ္တိကထာတွင် နာရဒအမည်ဖြင့် ပဥ္စမမြောက်ပွင့်ထွန်းလာမည့် ဘုရားအလောင်းမှာ ရာဟုအသူရိန်*၂ ဖြစ်ကြောင်းဖော်ပြထားပါသည်။ ထိုနာရဒဘုရား၏ ဘုရားဆုပန်ဗျာဒိတ်ခံယူရခဲ့ပုံအကြောင်းကို အောက်ပါအတိုင်းတွေ့ရသည်။

ထိုနာရဒဘုရားအလောင်းသည် သီဂုတ္တမင်း*၃ ဖြစ်စဉ်က မိမိကိုယ်ကိုလည်းကောင်း၊ သမ္မုလ္လာမိဖုရားကြီးနှင့် သားတော်နိဂြောဓနှင့် သမီးတော်ဂေါတမီတို့ကိုလည်းကောင်း စွန့်လွှတ်ရန်ဆန္ဒပြင်းပြနေလေ၏။ တစ်ရံခါသော် ပုဏ္ဏားရှစ်ယောက်လာ၍ မြို့ကိုအလှူခံ၏။ သီဂုတ္တမင်းလည်း မြို့ကိုစွန့်လွှတ်ခဲ့ပြီး ဓမ္မိကတောင်၌ မိသားတစ်စု သွား၍နေခဲ့ကြ၏။ ထိုဓမ္မိကတောင်၌နေစဉ် ယန္တ-*၄ မည်သောဘီလူးတစ်ကောင်သည် သီဂုတ္တမင်းထံလာ၍ အစာအလို့ငှာ သားသမီးနှစ်ဦးကိုအလှူခံရာ၊ မင်းက ဘုရားဆုကိုရည်၍လှူခဲ့လေ၏။ ဘီလူးလည်း ထိုမင်းသားနှင့် မင်းသမီးကို သီဂုတ္တမင်း၏အရှေ့မှာပင်စားပြလေ၏- စသည်ဖြင့်ဖြစ်ပါသည်။*၅

ဒသဗောဓိသတ္တုပ္ပတ္တိကထာပါ ထိုဝတ္ထုဇာတ်ကြောင်း၌ နာရဒ(ဘုရား)၊ သီဂုတ္တ(မင်း)၊ သမ္မုလ္လာ(မိဖုရား)၊ နိဂြောဓ(မင်းသား)၊ ဂေါတမီ(မင်းသမီး)နှင့် ယန္တ(ဘီလူး)တို့၏အမည်နှင့်အကြောင်းအရာတို့ကို ပိဋကတ်ပါဠိစာပေ၌ မတွေ့ရပေ။

သို့ပါသော် နာရဒဘုရားအလောင်းသည် ဤသာသနာ၌ ရာဟုအသူရိန်အမည်ဖြင့်ထင်ရှားကြောင်းဖော်ပြထားပြန်၍၊ ရာဟုအသူရိန်အကြောင်းကိုလေ့လာသောအခါ 'ရာဟုအသူရိန်'ဆိုသည်မှာ 'ရာဟုအမည်ရှိသော အသုရိန္ဒမင်း' ကိုဆိုလိုသည်။ 'အသုရိန္ဒ'သည်လည်း အသုရာပြည်ကိုအစိုးရသော အသုရာနတ်မင်းဖြစ်သည်။ ပိဋကတ်ပါဠိစာပေ၌ အသုရိန္ဒအမည်ဖြင့်ထင်ရှားသော နတ်မှူးကြီး(၈)ဦးရှိကြောင်းတွေ့ရသည်။ ယင်းတို့မှာ- (၁) ရာဟု (သံ၊ ၁။၄၈။)၊ (၂) ဝေပစိတ္တ(သံ၊ ၁။၂၂၂။)၊ (၃) ဝေရောစန(သံ၊ ၁။၂၂၇။)၊ (၄) ပဟာရာဒ(အံ၊ ၃။၃၈။)၊ (၅) သမ္ဗရ(သံ၊ ၁။၂၂၈။)၊ (၆) ဗလိ(ဒီ၊ ၂။၂၀၇)။ (၇) မုစိတ္တိ(ဒီ၊ ၂။၂၀၇။)နှင့် (၈) နာမုစိ (ဒီ၊ ၂။၂၀၇။)-တို့ဖြစ်သည်။

ထိုရှစ်ဦးတွင် ရာဟုအသူရိန်ကြီးသည် ခန္ဓာကိုယ်အလွန်အမင်းကြီးမားကြောင်းသိရသည်။ သူ၏ခန္ဓာကိုယ်အမြင့်မှာ ယူဇနာလေးထောင့်ရှစ်ရာမြင့်သည်။ သူ၏လက်မောင်းနှစ်ခုကြားသည် (၁၁၂)ယူဇနာရှိသည်။ ကိုယ်လုံး၏အလယ်၏အတိုင်းအရှည်မှာ ယူဇနာ(၆၀၀)ရှိ၏။ လက်ဖဝါးပြင် ခြေဖဝါးပြင်တို့မှာ အပြန့်အားဖြင့် ယူဇနာ(၃၀၀)၊ လက်ဆစ်တို့မှာ ယူဇနာ(၅၀)၊ မျက်ခုံးနှစ်ဖက်ကြားမှာ ယူဇနာ(၅၀)၊ ခံတွင်းအစောက် ယူဇနာ(၂၀၀)နှင့် အဝန်းယူဇနာ(၂၀၀)၊ လည်ပင်းမှာယူဇနာ(၃၀၀)၊ နဖူးပြင်မှာ ယူဇနာ(၃၀၀)၊ ဦးခေါင်းမှာ ယူဇနာ(၉၀၀) အသီးသီးရှိ၏။ ထိုမျှ ခန္ဓာကိုယ်ကြီးမားသောကြောင့် ဘုရားရှင်၏ဂုဏ်သတင်းကိုကြားရသောအခါ ဖူးမြော်ရန်

---

*၁ J.J Jones(Tr.)' The Mahāvastu. III. Page-322.

*၂ 'အဘိန္နရာဟုမင်း'ဟု မူကွဲပြထားသည်- အနာဂတဝင်၊ ဒုတိယတွဲ။ (၃၀-လက်)။ (စာမျက်နှာ-၃၇)။ 'ဒီဃသောကီမည်သော ရာဟုအသူရိန်' ဟုလည်း မူကွဲပြသည်- ဒသဗုဒ္ဓအနာဂတဝင်။ အနာဂတဝင်ဝတ္ထု။ ၁၉၅၈-ခုနှစ်။ (စာမျက်နှာ(၃၆)။

*၃ 'သီရိဂုတ္တ'ဟု မူကွဲပြသည်- ဒသဗုဒ္ဓအနာဂတဝင်။ အနာဂတဝင်ဝတ္ထု။ ၁၉၅၈-ခုနှစ်။ (စာမျက်နှာ(၃၆)။

*၄ 'ရမန္တ မာ'ဟု မူကွဲပြသည်- ဒသဗုဒ္ဓအနာဂတဝင်။ အနာဂတဝင်ဝတ္ထု။ ၁၉၅၈-ခုနှစ်။ (စာမျက်နှာ(၃၆)။

*၅ H. Saddhātissa(Tr.)' The Birth-Stories of the Ten Bodhisattas. 1975. Page-71.

http://www.dhammadownload.com

လာလိုသော်လည်း 'လူသားဘုရားကို ငါက ငုံ၍ ဖူးရတော့မည်'ဟုအထင်ရှိ၍ မလာဘဲနေခဲ့သည်။ သို့သော် ဘုရားရှင်၏ ဂုဏ်တော်မှာကြီးမားလှသဖြင့် မဖူးရမနေနိုင်ဖြစ်ရကာ သင့်သလိုပင်ဖူးမြော်တော့မည်ဟုကြံပြီးလျှင် ဘုရားရှင်ထံ အဖူးမြော်ရောက်ခဲ့သည်။ မြတ်စွာဘုရားရှင်က မဟိမာဘုန်းတော်ဖြင့် သူ့ထက်ကြီးမားအောင် ဖန်ဆင်းတော်မူလျက် လျောင်းတော်မူသောအနေအထားဖြင့်အဖူးမြော်ခံယူရာ လွန်စွာမြင့်မားသောအသူရိန်ကြီးမှာ တအားကုန်မော့၍ဖူးသော်လည်း ဘုရားရှင်၏အထက်ပိုင်းအဆုံးကိုပင် မဖူးမြင်နိုင်ရှာပေ။[*၁]

ထိုအခါ ရာဟုအသူရိန်ကြီးက 'မြတ်စွာဘုရား၊ တပည့်တော်သည် အရှင်ဘုရားအား ငုံ၍ဖူးမြင်ရန် စွမ်းနိုင်လိမ့်မည်မဟုတ်ဟုကြံ၍ ဘုရားထံမလာဘဲနေခဲ့ပါသည်ဘုရား'ဟုလျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားရှင်က 'အချင်း–အသူရိန်၊ ငါသည် အောက်သို့မျက်နှာလှည့်၍ ပါရမီတို့ကိုဖြည့်ကျင့်ခဲ့သည်မဟုတ်၊ အထက်သို့လှည့်၍သာလျှင် ဒါနကိုပြုခဲ့၏'ဟု မိန့်ကြားတော်မူလေသည်။ ထိုနောက် ရာဟုအသူရိန်ကြီးသည် ရတနာသုံးပါးအားကိုးကွယ်ဆည်းကပ်ခြင်းသို့ရောက်ခဲ့လေသည်–ဟူ၍ ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ၌ ဖွင့်ဆိုခဲ့လေသည်။[*၂] ဒီ၊ ဋ္ဌ၊၁၊ ၂၅၄။ မ၊ ဋ္ဌ၊၃၊ ၂၈၇။

ဤနေရာ၌ ရာဟုအသူရိန်သည် ဘုရားရှင်အားဖူးခွင့်ရသည့်နေ့မှာပင် ရတနာသုံးပါးကိုဆည်းကပ်ခွင့်ရပြီဟူ၍သာဖွင့်ဆိုထားပြီး၊ ဘုရားအလောင်းဖြစ်သည်ဟူ၍ကား အဋ္ဌကထာဆရာကဖွင့်ဆိုမထားခဲ့ပေ။

၆။ ဘုရားအလောင်းစကိုပုဏ္ဏား

ဒသဗောဓိသတ္တုပ္ပတ္တိကထာတွင် ရံသိမုနိ–ဘွဲ့အမည်ဖြင့် ဆဋ္ဌမြောက်ပွင့်တော်မူမည့်ဘုရားအလောင်းသည် ဤသာသနာ၌ စကိုပုဏ္ဏားအဖြစ် ထင်ရှားရှိနေသူဖြစ်သည်ဟု ဖော်ပြထားပါသည်။ ရံသိမုနိဘုရားအလောင်း၏ဗျာဒိတ်ခံယူရပုံအကြောင်းကို အကျဉ်းမျှဖော်ပြပါမည်။

ဒသဗောဓိသတ္တုပ္ပတ္တိကထာကျမ်းတွင် ထိုရံသိမုနိဘုရားသည် သက်တော်(၅၀၀၀)၊ အရပ်တော်အတောင် (၆၀)၊ ညောင်ကြတ်ပင်ဗောဓိ၌ပွင့်လတ္တံ့ဟု ရှေးဦးမိန့်ဆိုပြီး၊ ထိုရံသိမုနိဘုရားအလောင်းမာဃလုလင်အကြောင်းကို အောက်ပါအတိုင်းဖော်ပြထားပြန်ပါသည်။

ကကုသန်ဘုရား[*၃] လက်ထက်အခါ၌ မဃ[*၄]အမည်ရှိသော လုလင်တစ်ဦးသည် ကုန်ရောင်းကုန်ဝယ် ကုန်သည်အလုပ်လုပ်ကိုင်ရာ ကုန်တစ်ခုကိုရောင်းဝယ်သော် ဆယ်ဆမြတ်ခဲ့၏။ အိမ်သို့ပြန်ခဲ့ရာ အိမ်မရောက်မီ လေနှစ်၍ ရှာသမျှစီးပွားပျက်ခဲ့လေသည်။ ထပ်၍တစ်ကြိမ်ကုန်သွယ်ပြန်ရာ ဆယ်ဆမြတ်စွန်းခဲ့၏။ အိမ်သို့ရောက်ပြန်လျှင် အိမ်မီးလောင်၍ ပျက်ခဲ့ပြန်၏။ တတိယအကြိမ်ကုန်သွယ်ရာ ဆယ်ဆမြတ်ပြန်၏။ အိမ်ပြန်ရာ သူခိုးခိုး၍ ကုန်လေ၏။ နောက်တစ်ကြိမ်ကုန်သွယ်ရာ ဆယ်ဆမြတ်ပြန်၏။ အိမ်ရောက်လျှင် မင်းကောရာဇ်ဖျက်၍

---

*၁ ရာဟုအသူရိန်အား ဘုရားရှင်က မဟိမာဘုန်းတော်ဖြင့်ဖန်ဆင်း၍ပြသည်ဟူသော အဋ္ဌကထာဆရာ၏စကားကို သီလက္ခန္ဓိဋီကာသစ်ဆရာက 'ဘုရားရှင်သည် တမင်တကာ တန်ခိုးဖန်ဆင်းပြဖွယ်မလိုပါ၊ ပါရမီတော်၏တန်ခိုးကြောင့် ဘုရားရှင်၏ ပမာဏတော်ကိုမယူနိုင်ခြင်းဖြစ်သည်'ဟု ရှင်းပြထား၏။ သီ၊ ဋီ၊ (သစ်)။ ၂။ ၂၈၉။

*၂ တံ ဒီဝသံ ရာဟု သရဏံ အဂမာသိ– ဒီ၊ဋ္ဌ၊၁၊၂၅၄။

*၃ ဤဘဒ္ဒကပ္ပာ၌ ပထမဦးပွင့်တော်မူသော ကကုသန္ဓဘုရားရှင်ဖြစ်သည်။

*၄ 'မာဃ'ဟု မူကွဲပြသည်– ဒသဗုဒ္ဓအနာဂတဝင်။ အနာဂတဝင်ဝတ္ထု။ ၁၉၅၈–စုနှစ်။ (စာမျက်နှာ–၃၇)။ ဝိဇုကတ်ပါဠိစာပေ၌ 'မာဃ'သည် သိကြားမင်း၏လူ့ဘဝရှိစဉ်က တွင်ခဲ့သောအမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ မာဃောတိ သက္ကသ္သေတံ နာမံ– သံ၊ဋ္ဌ၊၁၊၉၇။ 'မဃ' ဟုလည်းရှိသည်– DPPN-II. 406.

http://www.dhammadownload.com

ဥစ္စာပစ္စည်းတို့ဆုံးရှုံးပျက်သုဉ်းခဲ့ဏ်။ ဤသို့ သုံးလေးကြိမ်စီးပွားပျက်သောကြောင့် မယလုလင်သည် စိတ်နလုံးမသာ၊ မယားကလည်း နလုံးပူဆာရှိခဲ့လေသည်။

တစ်နေ့သော် မယလုလင်သည် ရွှေစင်တစ်သိန်းထိုက်သောကမ္မလာတစ်ထည်ကိုရင်းနှီး၍ ကောသမ္ဗီပြည်သို့ကုန်သွယ်သွားရာ လပြည့်နေ့မှာပင် ကောသမ္ဗီသို့ရောက်ခဲ့ဏ်။ ကကုသန်ဘုရားရှင်၏ တပည့်ရဟန္တာအရှင်မြတ်တစ်ပါးသည် ဖလသမာပတ်မှထ၍ စကြဝဠာအလုံးဌ အဆင်းရဲဆုံးပုဂ္ဂိုလ်ကိုရှာသော် ထိုမယလုလင်ကိုမြင်တော်မူရာ ထိုမယလုလင်ထံကြွလာပြီး အဖိုးတစ်သိန်းတန်သောကမ္မလာကို အလှူခံခဲ့လေသည်။ မာယလုလင်လည်း အဖိုးတစ်သိန်းတန်သော ထိုကမ္မလာကိုလှူ၍ ဘုရားဆုကိုပန်ခဲ့ဏ်။ ထိုအလှူ၏ အကျိုးကြောင့် လက်ငင်းပင် ပဒေသာပင်တို့မြေမှပေါက်ခဲ့ဏ်။ နတ်စည်းစိမ်ခံစားရဏ်။

ဤသို့ မယလုလင်နတ်စည်းစိမ်ခံစားရသည်ကို ကောသမ္ဗီပြည်မင်းမြင်လျှင် အမျက်ထွက်၍ ပဒေသာပင်နှင့် ဗိမာန်တို့ကိုမီးဖြင့်တိုက်ရာ မီးသည်ပဒုမ္မာကြာအသွင်ဖြစ်ခဲ့ဏ်။ မယလုလင်ကိုခေါ်၍ ရေတွင်နှစ်ပြန်ရာ ကြာတို့က အောက်ကခံလင့်ကြကုန်ဏ်။ ရဟန္တာအရှင်မြတ်ကြွလာ၍ မင်းကြီးအား မယလုလင်၏အကြောင်းရှင်းလင်းပြရသည်။ နောက်ဆုံး၌ ကောသမ္ဗီမင်းလည်း မာယလုလင်ကိုအိမ်ရှေ့အရာနှင်းလေသည်–ဟုဖြစ်သည်။[*၁]

ဒသဗောဓိသတ္တုပ္ပတ္တိကထာနှင့် ဒသဗုဒ္ဓအနာဂတဝင်တို့၌ ထိုရံသိမုနိဘုရားအလောင်းပုဂ္ဂိုလ်ကို စက်ီပုဏ္ဏားဟု ပြကြသည်။[*၂] အခြားမူကွဲတစ်စောင်၌ ဂေါတမမြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုရာတွင် ကုသိနာရုံ၌ ခုနစ်ပြည်ထောင်မင်းတို့အား ဓာတ်တော်ဝေသော ဒေါဏပုဏ္ဏားဟုလည်း ဖော်ပြထားသည်။[*၃]

ထိုစက်ီပုဏ္ဏားသည် အဘယပုဏ္ဏားကိုရည်ညွှန်းပါသနည်းဟုစောကြောရာ ဒသဗောဓိသတ္တုပ္ပတ္တိကထာကျမ်းကို အင်္ဂလိပ်ဘာသာသို့ပြန်ဆိုတော်မူသော ဆရာတော်အရှင်သဒ္ဓါတိဿမထေရ်က 'ဗုဒ္ဓခေတ်ပြိုင်ထင်ရှားကျော်ကြားသောဗြာဟ္မဏ' ဟုဖော်ပြထားပြီး[*၄] ဒေါက်တာမာလလသေကရ၏ ပါဠိနာမအဘိဓာန် (DPPN-I. 836)သို့ အညွှန်းပေးပါသည်။ ဒေါက်တာမာလလသေကရ၏ပါဠိနာမအဘိဓာန်သို့ကြည့်သောအခါ ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ္ဂပါဠိတော်၊ တေဝိဇ္ဇသုတ်(ဒီ၊ ၁။၂၂၂)နှင့် သုတ္တနိပါတပါဠိတော်၊ ဝါသေဋ္ဌသုတ်(သုတ္တနိ။ ၃၇၂။)တို့၌လာသော ဗုဒ္ဓခေတ်အခါက ကျွန်ုပ်နှင့်လရွာကြီးနှင့် မနုဿကဋ္ဌရွာကြီးတို့၌နေထိုင်၍ မဟာသာလခေါ် ထင်ရှားဌေးကြွယ်မျိုးကြီးဆွေကြီးဖာတ်ကြီးသောစက်ီပုဏ္ဏားကြီးကိုဆိုလိုကြောင်း ဖော်ပြထားသည်။

ထိုစက်ီပုဏ္ဏားကြီးသည် တာရုက္ခပုဏ္ဏားကြီး၊ ပေါက္ခရသာတိပုဏ္ဏားကြီး၊ ဇာဏုသောဏိပုဏ္ဏားကြီးနှင့် တောဒေယျပုဏ္ဏားကြီးတို့နှင့်အဆွေခင်ပွန်းဖြစ်ဏ်။ ပဌေနဒိကောသလမင်းက ထိုစက်ီပုဏ္ဏားကြီးအား သြပါသာဒရွာကြီးကို အစားပေးသနားထားဏ်။ မြတ်စွာဘုရားရှင်သည် ထိုသြပသာဒရွာကြီးသို့ကြွတော်မူရာ စက်ီပုဏ္ဏားကြီးသည် ဘုရားထံပါးသို့ချဉ်းကပ်ရန်ဟန့်ပြင်သော်၊ ထိုရွာနေပုဏ္ဏားငါးရာတို့က စက်ီပုဏ္ဏားထံသို့ သွား၍ 'သင်ပုဏ္ဏားကြီးသည်ကား'–ဟုအစချီ၍ ပုဏ္ဏားကြီး၏ကြီးကျယ်မြင့်မြတ်သောဂုဏ်၊ ပဌေနဒိမင်းအစရှိသော

---

*၁ H. Saddhātissa(Tr.)' The Birth-Stories of the Ten Bodhisattas. 1975. Page-74.

*၂ နာရဒေ သမ္မာသမ္ဗုဒ္ဓေ အတိက္ကန္တေ တသ္မိညေဝကပ္ပေ စက်ီဗြာဟ္မဏော ရံသိမုနိနာမေန သမ္မာသမ္ဗုဒ္ဓေါ ဘဝိဿတိ– H. Saddhātissa(ed.)' Dasabodhisattuppattikathā. 1975. Page-143.

*၃ ဒသဗုဒ္ဓအနာဂတဝင်။ အနာဂတဝင်ဝတ္ထု။ ၁၉၅၈–၉၅၈။ (စာမျက်နှာ–၃၇)။

*၄ An eminent brahmin. Contemporary with the Buddha; see DPPN-I. 836.- H. Saddhātissa(Tr.)' The Birth-Stories of the Ten Bodhisattas. 1975. Page-108. [58]

http://www.dhammadownload.com

ပုဂ္ဂိုလ်အများကပင် ရှိသေလေးမြတ်ခြင်းကိုခံယူရသောဂုဏ်၊ ပညာကြီးမားသောဂုဏ်–စသည့်ဂုဏ်အထူးဝိသေသ အဝဝတို့ကိုချီးမွမ်းပြောဆိုပြီး၊ စကိုပုဏ္ဏားကြီးက ဂေါတမ(ဘုရားရှင်)ထံသို့ ကြွသွားရန်မသင့်ကြောင်း၊ ဂေါတမ (ဘုရားရှင်)ကသာ စကိုပုဏ္ဏားကြီးထံသို့ကြွလာရမည်'ဟု ပြောကြားကြလေသည်။*၁

ထိုအခါ စကိုပုဏ္ဏားကြီးက မိမိသိရှိထားသမျှဖြစ်သော ဂေါတမဘုရားရှင်၏ဂုဏ်တော်တို့ကိုထုတ်ဖော်ပြီး မိမိကသာ ဘုရားရှင်ထံပါးသို့ချဉ်းကပ်သွားရောက်ရမည်ဟုပြောကြားကာ ထိုပုဏ္ဏားငါးရာနှင့်အတူ ဘုရားထံပါး ချဉ်းကပ်၍ ဝမ်းမြောက်ဖွယ်စကားများကိုပြောဆိုလျက် သင့်လျော်သောနေရာ၌ထိုင်နေခဲ့၏။ ထိုအခါ အသက် (၁၆)နှစ်သာရှိသော်လည်း ဗေဒင်သုံးပုံ၌ကျွမ်းကျင်နှံ့စပ်သူ ကာပဒိကပုဏ္ဏားလုလင်ကိုအကြောင်းပြု၍ ဘုရားရှင်က 'ဤငုံအယူသာမုန်၏။ အခြားအယူသည်အချည်းနှီးသာ'ဟု တစ်ဖက်သတ်မဆုံးဖြတ်တတ်သောသူ၏အမှန်သဘော စောင့်ရှောက်ခြင်း(သစ္စာနုရက္ခဏာ)ငါးပါးတို့ကိုဟောတော်မူရာ၊ ထိုတရားတော်တို့ကို သံဂါယနာတင်မထေရ်တို့က စကိုသုတ္တဟုကမ္ဘည်းတင်ပြီး မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ငြာဟ္မဏဝဂ္ဂ၊ သုတ်စဉ်အမှတ်(၅)၌ တည်ထားတော်မူခဲ့ကြပါသည်။ မ၊ ၂။၃၇၅–၃၈၈။ ထိုစကိုသုတ္တန်ဒေသနာကိုဟောကြားပြီးသည့်အဆုံး၌ ကာပဒိကပုဏ္ဏားသည် ထိုနေ့မှစ၍ ရတနာသုံးပါး၌ကြည်ညိုသက်ဝင်သူဖြစ်ကြောင်းဖော်ပြထားသော်လည်း စကိုပုဏ္ဏားကြီး ရတနာသုံးပါး၌သက်ဝင်သည်ဟူ၍ ဖော်ပြထားခြင်းမတွေ့ရပေ။ သို့သော် ထိုသုတ်အဖွင့်အဋ္ဌကထာ၌ ထိုသုတ္တန်ကို နာယူရသည့်အတွက် စကိုပုဏ္ဏားကြီးသည် ဗုဒ္ဓ၏ကြီးမားထူးကဲသောတန်ဖိုးထားထိုက်ပုံကို သိရှိသဘောပေါက်ခဲ့ပြီ–ဟုဖော်ပြထားသည်။ မ၊ ဋ္ဌ။၃။၂၉၀။

ဖော်ပြခဲ့သော ပိဋကတ်ပါဠိစာပေလာ စကိုပုဏ္ဏားအကြောင်းကိုလေ့လာကြည့်သောအခါ ထိုစကိုပုဏ္ဏား ကြီးကို ဂေါတမဘုရားရှင်က ဘုရားအလောင်းဖြစ်ကြောင်းပရိယာယ်အားဖြင့်ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ တစ်ခုတစ်ရာ မိန့်ကြားခြင်းမတွေ့ရပါသဖြင့် ဒသဗောဓိသတ္တုပ္ပတ္တိကထာဋ္ဌလာသော ဘုရားအလောင်းစကိုပုဏ္ဏားဆိုသည်မှာ ဤပုဏ္ဏားကြီးမဟုတ်ပါဟု၊လော–ဟု ဒီပဝံသယဖြစ်မိပါသည်။

ရ။ ဘုရားအလောင်းသုဘပုဏ္ဏား

ဒသဗောဓိသတ္တုပ္ပတ္တိကထာကျမ်းတွင် သတ္တမမြောက်ပွင့်မည့် ဒေဝဒေဝဘုရား*၂ မှာ ဤသာသနာ၌ သုဘပုဏ္ဏားအဖြစ်ထင်ရှားကြောင်း ဖော်ပြထားသည်။*၃ ထိုဒေဝဒေဝဘုရား၏ ဘုရားဆုပန်ဗျာဒိတ်ခံယူခဲ့ပုံကို အကျဉ်းချုပ်ဖော်ပြရသော်–

ကောဏာဂမနဘုရား*၄ လက်ထက် ဤသုဘပုဏ္ဏားဘုရားအလောင်းသည် ဆဒ္ဒန်ဆင်ဖြူတော်ဖြစ်ခဲ့၏။ ထိုစဉ် ကောဏာဂမနဘုရားရှင်၏တပည့် အရှင်ကောဏ္ဍညရဟန္တာသည် အာယုသင်္ခါရကုန်လျှင် ဆဒ္ဒန် အမည်ရှိသောရေကန်၌ နိဗ္ဗာန်စံဝင်ခဲ့သည်။*၅ ဘုရားအလောင်းဆဒ္ဒန်ဆင်ဖြူသည် ထိုရဟန္တာအရှင်မြတ်အား

---

*၁ ဣတိနာပဂင်္ဂ နု အရဟတိ ဘဝံ စကိ သမဏံ ဂေါတမံ ဒဿနာယ ဥပသင်္ကမိတုံ၊ သာမဏေောတွေဝ ဂေါတမော အရဟတိ ဘဝန္တံ စကိ"ဒဿနာယ ဥပသင်္ကမိတု'န္တိ– မ၊၂။၃၇၈။

*၂ 'ဒေဝသုဒေဝ'ဟု မူကွဲပြသည်– ဒသဗုဒ္ဓအနာဂတဝင်။ အနာဂတဝင်ဝတ္ထု။ ၁၉၅၈–ခုနှစ်။ (စာမျက်နှာ–၃၉)။

*၃ သုဘော ဗြာဟ္မဏော ဒေဝဒေဝေါနာမ သမ္မာသမ္ဗုဒ္ဓေါ ဘဝိဿတိ– H. Saddhātissa(ed.)' Dasabodhisattūppattikathā. 1975. Page-147.

*၄ ဤဘဒ္ဒကပ္ပာ၌ တတိယမြောက်ပွင့်တော်မူသော ကောဏာဂမနဘုရားရှင်ဖြစ်သည်။

*၅ ဂေါတမဘုရားလက်ထက်၌ အညာသိကောဏ္ဍညမထေရ်ကြီး ဟိရိနိဗ္ဗာန်ပြုခန်းနှင့်တူနေသည်။ မဟာဗုဒ္ဓဝင်။ ဆဋ္ဌမတွဲ၊ ဆဋ္ဌမဗိုင်း။ ၁၉၉၅–ခုနှစ်။ (စာမျက်နှာ–၄၃)။

http://www.dhammadownload.com

ပူဇော်ရန် ခဏချင်းမိဋ္ဌာန်ပြီး နတ်တို့၏လွှကိုယူ၍ မိမိ၏အစွယ်နှစ်ချောင်းကို နှာမောင်းဖြင့်တိုက်ဖြတ်ကာ တစ်ချောင်းကို ရဟန္တာအရှင်မြတ်အလောင်းတော်၏ဦးခေါင်းအောက်၌ထား၍ ခေါင်းအုံးပြုစေ၏။ တစ်ချောင်းကိုကား တလားသေတ္တာလုပ်၍ ရဟန္တာရှင်၏ရုပ်ကလာပ်ကိုထည့်၏။ ဦးကင်ဆံကို ဆီမီးညှိ၍ပူဇော်၏။ ထိုသို့ခုနစ်ရက်ပူဇော်ပြီး ထိုတလားနှင့်တကွရုပ်ကလာပ်ကို ဆဒ္ဒန်ဆင်မင်းသည် မိမိ၏ဦးခေါင်းထက်၌တင်၍ နတ်ပန်း,နံ့သာထင်းနှင့် မီးသင်္ဂြိုဟ်ပူဇော်၏။ ထိုအခါ ရဟန္တာမထေရ်၏ရုပ်ကလာပ်သည် ကောင်းကင်သို့ပျံကာ တေဖောဓာတ် လောင်ပြီး ဓာဂ်တော်တို့ကျလှာ၏။ နတ်များကယူ၍ စေတီတည်ကြ၏။ ဆဒ္ဒန်ဆင်မင်းလည်း ထိုဓာတုစေတီကို ဦးတိုက်၍ ဤပြုရသောကောင်းမှုတို့ကြောင့် 'နောင်ဘဝသော် ဘုရားဆုကိုရယူလို၏'ဟု ဘုရားဆုပန်ခဲ့လေသည်။ ဤသို့ဘုရားဆုပန်ခဲ့သည်ကိုအကြောင်းပြု၍ ဂေါတမဘုရားရှင်က အရှင်သာရိပုတ္တရာအား 'ထိုသုဘဗြာဟ္မဏသည် ပါရမီအလုံးစုံကိုဖြည့်ကျင့်ပြီးလျှင် နောင်အခါ၌ဘုရားဖြစ်လိမ့်မည်'–[*၁] ဟု မိန့်ကြားတော်မူသည်။[*၂]

ထိုဒေဝဒေဝဘုရားအလောင်း သုဘပုဏ္ဏားအကြောင်းကို ဝိဒူကတ်ပါဠိစာပေ၌ ရှာဖွေလေ့လာသောအခါ၌ ထိုသုဘအမည်ဖြင့်ထင်ရှားခဲ့သော ဗြာဟ္မဏလုလင်တစ်ဦးကိုတွေ့ရသည်။ ထိုလုလင်မှာ ကောသလတိုင်း သာဝတ္ထိမြို့နှင့် ကာသိတိုင်း ဗာရာဏသီမြို့အကြားရှိ တုဒိရွာကြီးကိုအစိုးရသော အလွန်ချမ်းသာကြွယ်ဝစေးနှဲလှသည့် တောဒေယျပုဏ္ဏားကြီး[*၃]၏သား သုဘလုလင်ဖြစ်သည်။ တောဒေယျဗြာဟ္မဏ၏သားဖြစ်၍ 'တောဒေယျပုတ္တ'–ဟုလည်း ခေါ်ကြသည်။

ထိုတောဒေယျပုဏ္ဏား၏သား သုဘလုလင်အကြောင်းကို ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ္ဂပါဠိတော် (ဒီ၊ဘ၊၁၈၈) နှင့် မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်(မ၊၂၊၄၁၃)–တို့တွင် သုဘသုတ်အမည်ရှိသော သုတ်နှစ်သုတ်တို့ဖြင့်ဖော်ပြထားရာ၊ ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ္ဂလာ သုဘသုတ်နှင့် ၎င်းအဖွင့်အဋ္ဌကထာ(ဒီ၊ဋ္ဌ၊၁၊၃၃၅၊) အဆိုအမိန့်တို့မှာ သုဘလုလင်အကြောင်းသာမက သူ၏ဖခင် တောဒေယျပုဏ္ဏားအကြောင်းကိုပါ ပြည့်စုံစွာဖော်ပြထားသဖြင့် သီလက္ခန်ပါဠိတော်နှင့်အဋ္ဌကထာတို့လာစကားရပ်တို့ကို အကျဉ်းချုပ်တင်ပြလိုပေသည်။

သာဝတ္ထိပြည်၊ တုဒိရွာတွင် လေးဆယ့်ငါးကုဋေကြွယ်ဝသောတောဒေယျပုဏ္ဏားကြီးရှိလေသည်။ ထိုပုဏ္ဏားသည် အလွန်တရာဝန်တိုစေးနဲလှ၏။ 'ပေးလှူသူ၌ စည်းစိမ်ဥစ္စာတို့၏မကုန်ခြင်းမည်သည် မရှိ'ဟု ကြံ၍ တစ်စုံတစ်ယောက်သောသူအား မည်သည့်ပစ္စည်းကိုမျှ ပေးလှူဒါန်းခြင်းမပြုခဲ့ပေ။ သားဖြစ်သူ သုဘလုလင်ကိုလည်း 'မျက်စဉ်းတို့၏တရွေ့ရွေ့ကုန်သွားပုံကိုကြည့်၍လည်းကောင်း၊ တောင်ပို့တို့၏တရွေ့ရွေ့စုပုံလာသည်ကို ကြည့်၍လည်းကောင်း၊ ပျားကောင်တို့၏စုပေါင်းဆောင်ရွက်ပုံကိုကြည့်၍လည်းကောင်း ပညာရှိသည် အိမ်၌နေရာ၏'ဟု သင်ကြားပေးလေ့ရှိသည်။ ထိုတောဒေယျပုဏ္ဏားကြီးသေလွန်သော် သူ၏အိမ်မှာပင်ခွေးပြန်ဖြစ်၏။

တစ်နေ့ သုဘလုလင်အပြင်သို့သွားနေစဉ် မြတ်စွာဘုရားရှင်သည် သုဘလုလင်အိမ်သို့ဆွမ်းခံဝင်ရာ တောဒေယျခွေးသည် ထွက်၍ ဘုရားရှင်အား ဟောင်လေ၏။ ဘုရားရှင်က 'တောဒေယျ'ဟုခေါ်တော်မူသောအခါ ခွေးက 'ငါ့အကြောင်းကို ဘုရားရှင်သိသွားပြီ'ဟု စိတ်မသက်မသာဖြစ်ကာ ထမင်းမစားနိုင်ဘဲ ပြာပုံတွင်ဝင်၍

---

*၁ သာရိပုတ္တ, သုဘောဗြာဟ္မဏော ပါရမိ ပူရေတွာ အနာဂတေ ဗုဒ္ဓေါ ဘဝိဿတီ– H. Saddhātissa(ed.)' Dasabodhisattūppattikathā. 1975. Page-148.

*၂ H. Saddhātissa(Tr.)' The Birth-Stories of the Ten Bodhisattas. 1975. Page-78. ဒသဗုဒ္ဓအနာဂတဝင်။ အနာဂတဝင်ဝတ္ထု။ ၁၉၅စ–ခုနှစ်။ (စာမျက်နှာ–၃၉၊ ၄၉)။

*၃ အခြားတောဒေယျပုဏ္ဏားမှာ ဗာဝရီပုဏ္ဏားကြီး၏တပည့်ဖြစ်သည်။ DPPN-I. 1039.²

http://www.dhammadownload.com

အိပ်နေသည်။ သုဘလုလင် ပြန်လာလျှင် 'ငါ့ခွေးကိုဘယ်သူအိပ်ရာမှချ၍ ပြာပုံကြားထားသနည်း' ဟုမေးရာ ဘုရားရှင်ကြွလာပြီး ခွေးကို 'တောဒေယျ' ဟုခေါ်ပုံအကြောင်းတို့ကို ပြန်ပြောကြသည်။ သုဘလုလင်သည် ဘုရားရှင်ထံလိုက်သွား၍ အကျိုးအကြောင်းမေးရာ ဘုရားရှင်က 'သင်၏ဖခင်မသေမီက မပေးခဲ့သောပစ္စည်း ရှိသလော' ဟုမေး၏။ 'ရှိကြောင်း' ဖြေလျှင် ထိုခွေးအား နှိမ်ထမင်းကျွေးပြီး ငိုက်လုလုအခါ၌ ချော့၍မေးရန် သင်ပေးလိုက်၏။ သုဘလုလင်လည်း ဘုရားရှင်သွန်သင်သည့်အတိုင်းပြုရာ ခွေးက ပစ္စည်းဥစ္စာတို့ကိုထုတ်ဖော်ပေး၏။ ထိုအခါ သုဘလုလင်လည်း ဘုရားရှင်အားကြည်ညိုပြီး ဥပါသကာဖြစ်ခဲ့လေသည်။ ထို့ပြင် သုဘလုလင်သည် တုဒိရွာမှစွန့်ခွာခဲ့၍ ဘုရားရှင်သီတင်းသုံးတော်မူရာ သာဝတ္ထိမြို့သို့ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ဒီ၊ ဋ္ဌ၊ဘ။ ၃၁၈–၃၁၈။

ထိုသုဘလုလင်ကို ပိဋကတ်ပါဠိစာပေ၌ သာသနာသို့သက်ဝင်ယုံကြည်သောဥပါသကာဖြစ်သည်ဟူ၍သာ ဖော်ပြထားသည်။[*၁] ဘုရားအလောင်းဟူ၍ကား ဖော်ပြမထားခဲ့သဖြင့် ဒသဗောဓိသတ္တုပ္ပတ္တိကထာကျမ်းလာ သုဘလုလင်ကို ဘုရားအလောင်းဟုသတ်မှတ်လက်ခံရန်ခဲယဉ်းသကဲ့သို့ ထိုသုဘလုလင်သည် ပိဋကတ်ပါဠိစာပေလာ သုဘလုလင်မဟုတ်ဘဲ အခြားသုဘလုလင်တစ်ဦးဖြစ်နေမည်လားဟူသော သံသယတစ်ရပ်ဖြစ်မှား မိပါသည်။

၈။ ဘုရားအလောင်းတောဒေယျပုဏ္ဏား

ဒသဗောဓိသတ္တုပ္ပတ္တိကထာကျမ်းတွင် အဋ္ဌမမြောက်ပွင့်တော်မူမည့်ဘုရားရှင်မှာ နရသီဟာဘွဲ့မည်ရှိပြီး၊ ဤသာသနာ၌ တောဒေယျပုဏ္ဏား[*၂] အမည်ဖြင့်ထင်ရှားကြောင်း ဖော်ပြထားသည်။[*၃] ထိုနရသီဟာဘုရား၏ ဘုရားဆုပန်ဗျာဒိတ်ခံပုံအကြောင်းကို အကျဉ်းချုပ်၍တင်ပြလိုပေသည်။

ကဿပမြတ်စွာဘုရား[*၄] နှင့် ဂေါတမမြတ်စွာဘုရား[*၅] တို့အကြား ဗုဒ္ဓန္တရကပ်ဝယ် ထိုတောဒေယျပုဏ္ဏားဖြစ်လာမည့် ဘုရားအလောင်းသည် နန္ဒအမည်တွင်ခဲ့၏။ ထိုစဉ် ပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ပါးသည် ဆွမ်းခံဝင်တော်မူသည်ကို နန္ဒအမျိုးသားမြင်သော် အဖိုးတစ်သိန်းထိုက်သည့်ကမ္မလာကိုလှူခဲ့၏။ 'ဤလှူသောအကျိုးအားကြောင့် သဗ္ဗညုတဘုရားဆုကိုရပါလိုလို၏' ဟုလည်း ဘုရားဆုပန်ခဲ့၏။ ထိုလှူသောကမ္မလာကို ပစ္စေကဗုဒ္ဓါအရှင်မြတ် ဝတ်ရုံသောအခါ ကိုယ်နှင့်အထက်တစ်တောင်၊ အောက်တစ်တောင်ခြားသည်ကို နန္ဒမြင်လျှင် 'အထက်ကို တစ်ယူဇနာ၊ အောက်ကိုတစ်ယူဇနာအစိုးရလိုလို၏' ဟူ၍ ဆုတောင်းပြန်၏။

ထိုစဉ် မိန်းမတစ်ယောက်သည် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို 'အဘယ်ကကြွလာပါသနည်း' ဟုမေးရာ၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်က နန္ဒ၏ကမ္မလာလှူပုံ၊ ဆုတောင်းပုံတို့ကိုပြန်လည်မိန့်ကြားလေလျှင်၊ ထိုမိန်းမသည် မိမိ၌ ပါလာသောတဘက်ကိုလှူ၍ 'နန္ဒလုလင်မင်းဖြစ်သော် မိဖုရားကြီးဖြစ်ရပါလိုလို၏' ဟု ဆုတောင်းပြန်လေ၏။

---

*၁ သုဘော မာဏဝေါ တောဒေယျပုတ္တော ဘဂဝတော ဘာသိတံ အဘိနန္ဒိတ္ထာ အနုမောဒိတ္ထာ ဥဋ္ဌာယာသနာ ဘဂဝန္တံ, အဘိဝါဒေတ္ဝာ ပဒက္ခိဏံ ကတ္ဝာ ပက္ကာမိ– မ၂။၄၂၃။

*၂ 'အဘိနန္ဒရာမင်း' ဟု မူကွဲပြသည်– ကြာခံဆရာတော်၏ဒသဗုဒ္ဓအနာဂတဝင်။ အနာဂတဝင်ဝတ္ထု။ ၁၉၅၈–၃၅၈။ (စာမျက်နှာ–၄၀)။ အဘိနန္ဒရာမင်း–ဟူသောအမည်ကို ပိဋကတ်ပါဠိစာပေ၌ မတွေ့ရပေ။

*၃ တောဒေယျဇြာဟွဏော နရသီဟော နာမ သမ္မာသမ္ဗုဒ္ဓါ ဘဝိဿတိ– H. Saddhatissa(ed.)' Dasabodhisattūppattikathā. 1975. Page-149.

*၄ ဤဘဒ္ဒကပ္ပာ၌ တတိယမြောက်ပွင့်တော်မူသော ကဿပဘုရားဖြစ်သည်။

*၅ ဤဘဒ္ဒကပ္ပာ၌ စတုတ္ထမြောက်ပွင့်တော်မူသော ဂေါတမဘုရားဖြစ်သည်။

http://www.dhammadownload.com

ထိုနန္ဒလုလင်နှင့် ထိုအမျိုးသမီးတို့သည် ထိုဘဝမှသေလွန်ကြ၍ တုသိတာနတ်ပြည်၌ဖြစ်ကြကာ နတ်စည်းစိမ်ကို လူတို့အသက်သုံးကုဋေခြောက်သန်းခံစားကြပြီးနောက် ဗာရာဏသီပြည်၌ မင်းနှင့်မိဖုရားဖြစ်ကြကုန်၏။ ဂေါတမဘုရားရှင်က အရှင်သာရိပုတ္တရာအား ဤသို့ပြုရသောဒါနကောင်းမှု၏အကျိုးကြောင့် 'တောဒေယျပုဏ္ဏားသည် နောင်အခါ၌ နရသီဟအမည်ရှိသောဘုရားဖြစ်လတ္တံ့'ဟု ဟောတော်မူလေသည်။*၁

တောဒေယျပုဏ္ဏားသည် ဘုရားအလောင်းတစ်ပါးဖြစ်သည်ဟူသောအယူအဆနှင့်စပ်၍ ပါဠိပိဋကတ်၌ နီးနှောလေ့လာကြည့်ရာတွင် ပါဠိစာပေ၌ တောဒေယျအမည်ဖြင့် ပုဏ္ဏားနှစ်ဦးရှိလေသည်။ ပထမတောဒေယျမှာ ပသေနဒိကောသလမင်းကြီး၏ချီးမြှောက်မှုကိုခံယူရ၍ တုဒိရွာစား အလွန်စေးနှဲသော တောဒေယျဗြာဟ္မဏဖြစ်သည်။*၂ ဒုတိယတောဒေယျမှာ သုတ္တနိပါတပါဠိတော်၊ ပါရာယနဝဂ္ဂ၌လာသော တောဒေယျမာဏဝပုစ္ဆာ (သုတ္တနိ။ ၄၄၃။)ပါ ဗာဝရီရသေ့ကြီး၏တပည့် ဗုဒ္ဓထံသို့ချဉ်းကပ်ကာ အမေးပုစ္ဆာများကိုလျှောက်ထားခဲ့သော တောဒေယျ ပုဏ္ဏားလုလင်ဖြစ်ပြီး၊ ထိုတောဒေယျမာဏဝသည် ဘုရားရှင်ထံတော်မှတရားတော်ကိုနာယူပြီးသည့်အခါ တရားတော်အဆုံး၌ ရဟန္တာဖြစ်တော်မူခဲ့လေသည်။*၃

ဤသို့ အရဟတ္တဖိုလ်၌တည်၍ ရဟန္တာဖြစ်တော်မူခဲ့ပြီဖြစ်သော ထိုတောဒေယျ ရဟန္တာအရှင်မြတ်သည်ကား မည်သည့်နည်းနှင့်မျှ ဘုရားအလောင်းအဖြစ် တစ်ဖန်ဖြစ်တော့မည်မဟုတ်၍ ဤနေရာ၌ထည့်သွင်းစဉ်းစားဖွယ်မလိုပေ။

သုဘလုလင်၏ခမည်း အလွန်စည်းနှဲလှသောတောဒေယျပုဏ္ဏားကို စိစစ်ကြည့်သောအခါ ဒသဗောဓိသတ္တုပ္ပတ္တိကထာကျမ်းတွင် ဘုရားအလောင်းတောဒေယျပုဏ္ဏားသည် ဂေါတမဘုရားသာသနာမတိုင်မီကပင် ဘုရားဆုပန် ဗျာဒိတ်ခံခဲ့သူဟုဆိုထား၏။ ဘုရားဆုကိုပန် ဗျာဒိတ်ခံယူပြီးဖြစ်သော ဘုရားအလောင်းပုဂ္ဂိုလ်တို့မည်သည် ဖြစ်ရာဘဝတို့၌ မိစ္ဆာဒိဋ္ဌိအယူကိုယူသူမဖြစ်ခြင်း*၄ ဟူသော အဘဗ္ဗဌာန(၁၈)ရပ်ပါ အချက်အရ ရတနာသုံးပါးကိုမကြည်ညိုသူမဖြစ်စေရဘဲ ရတနာသုံးပါး၌သက်ဝင်ယုံကြည်သူသာဖြစ်ရမည်။ သို့ပါသော် သုဘ၏အဘာ တောဒေယျပုဏ္ဏားကြီးကား ရတနာသုံးပါး၌သက်ဝင်ခဲ့သူမဟုတ်ပေ။ ထို့ပြင် ဘုရားရဟန္တာမှစ၍ သာသနာတော်ထမ်းပုဂ္ဂိုလ်တို့ကို တစ်ဖွန်းတစ်ယောက်မ လှူဒါန်းလိုစိတ်မရှိကြောင်း သိရပြီးဖြစ်သည်။ ဤအချက်ကိုထောက်ဆ၍ သုဘလုလင်၏အဘာ တောဒေယျပုဏ္ဏားကြီးသည် ဘုရားအလောင်းမဖြစ်နိုင်ဟု တထစ်ချဆုံးဖြတ်နိုင်သည်။

ထို့ပြင် တောဒေယျပုဏ္ဏားသည် ဂေါတမမြတ်စွာဘုရားလက်ထက်မှာပင် ခွေးဖြစ်ခဲ့ပြီး၊ ထိုခွေးဘဝ၌ ဘုရားရှင်အားဟောင်သဖြင့် ဘုရားရှင်က 'အချင်း–တောဒေယျ။ သင်သည် ရှေးအခါကလည်း ငါ့ကို 'ဘော... ဘော'ဟု လွှမ်းမိုးပြောဆိုခဲ့ခြင်းကြောင့် ခွေးဖြစ်လာခဲ့ဖူး၏။ ယခုလည်း 'ဘုတ်...ဘုတ်'ဟုဟောင်ခြင်းကြောင့် အဝီစိသို့သွားရလိမ့်မည်'ဟုမိန့်တော်မူပြီးဖြစ်သည်။*၅ ဘုရားရှင်တို့၏စကားမည်သည် မချွတ်မလွဲ ကောန်အမှန်

---

*၁ ဧဝံ သာရိပုတ္တ ဣမိနာ ဒါနဖလေန စ တောဒေယျဗြာဟ္မဏော အနာဂတေ နရသီဟော နာမ သမ္မာသမ္ဗုဒ္ဓေါ ဘဝိဿတိ– *H. Saddhātissa(ed.)' Dasabodhisattūppattikathā. 1975. Page-151.*

*J *DPPN-I. 1038.[1]*

*၃ *DPPN-I. 1039.[2]*

*၄ မိစ္ဆာဒိဋ္ဌိ နု သေဝန္တိ၊ ကမ္မကိရိယ ဒဿနာ– ဗုဒ္ဓဝံသ။ဋ္ဌ။၃၁၆။

*၅ တတော နံ ဘဂဝါ အဝေါစ 'တောဒေယျ တွံ ပုဗ္ဗေပိ မံ 'ဘော...ဘော'တိ ပရိဘာဝိတွာ သုနခေါ ဓာတော၊ ဣဒါနိပိ ဘုဏ္ဏာရံ ကတွာ အဝီစိ' ဂမိဿသိ'တိ– ဒီ။ဋ္ဌ။၁။၃၁၇။

http://www.dhammadownload.com

ဖြစ်လေရာ၊ တောဒေယျဝင်စားသောခွေးသည် ဘုရားရှင်၏ဗျာဒိတ်စကားအတိုင်း ထိုခွေးဘဝမှသေလွန်၍ အဝီစိသို့ကျရောက်မည်ဖြစ်လေသည်။ ဗုဒ္ဓဝံသအဋ္ဌကထာစသည်၌ ဘုရားအလောင်းပုဂ္ဂိုလ်တို့မဖြစ်ရာ အဘဗ္ဗဌာန (၁၈)ရပ်တို့တွင် အဝီစိငရဲသည်လည်းတစ်ခုအပါအဝင်ဖြစ်ရာ*၁ ထိုတောဒေယျပုဏ္ဏားသည် ထိုဘဝမှသေလွန်လျှင် အဝီစိ၌ကျမည်ဖြစ်သောကြောင့် သာ၍ပင်ဘုရားအလောင်းမဖြစ်နိုင်ကြောင်းထင်ရှားပြန်လေသည်။ သို့ပါ၍ ဒသဗောဓိသတ္တုပ္ပတ္တိကထာ၌လာသောတောဒေယျပုဏ္ဏားသည် ဝိဇုကတ်ပါဠိစာပေ၌လာသောတောဒေယျတို့နှင့်မသက်ဆိုင်ဘဲ အခြားသောတောဒေယျဖြာဟ္မဏတစ်ဦးဦးသာဖြစ်နိုင်ကြောင်း တင်ပြလိုပေသည်။

၉။ ဘုရားအလောင်းဓနပါလဆင်မင်း

ဒသဗောဓိသတ္တုပ္ပတ္တိကထာကျမ်းတွင် နဝမမြောက်ပွင့်တော်မူမည့်ဘုရားရှင်မှာ တိဿဟူသောဘွဲ့မည်တော်ရှိ၍ ဤသာသနာ၌ ဓနပါလဆင်ဖြစ်သည်–ဟုဖော်ပြထားသည်။ ထိုကျမ်းမှ တိဿဘုရား၏ဘုရားဆုပန်ဗျာဒိတ်ခံယူပုံအကြောင်းကို အကျဉ်းချုပ်တင်ပြပါမည်။

ကောဏာဂမနဘုရား*၂လက်ထက်၌ စမ္ပါနဂရ(စမ္ပာနဂိုရ်)*၃ပြည်တွင် ဓမ္မရာဇာအမည်ဖြင့်မင်းဖြစ်ခဲ့၏။ ထိုမင်းတွင် သားငါးယောက်ရှိ၏။ သားအကြီးကား 'ဓမ္မသေန'အမည်ရှိ၍ အလှူဒါနပြုကာ သီလစောင့်လေ့ရှိသည်။ တစ်ယောက်ကား 'ဘဒ္ဒ*၄'အမည်ရှိ၍ လေးအတတ်၌ကျွမ်းကျင်သည်။ တစ်ယောက်ကား 'ရာမ'အမည်ရှိ၍ ပန်းနုံသာလုပ်ရာ၌ကျွမ်းကျင်သည်။ တစ်ယောက်ကား 'ပမာဒ*၅'ဟုအမည်ရှိ၍ ရွှေကိုချက်တတ်သည်။ တစ်ယောက်ကား 'ဓဇ'ဟုအမည်ရှိ၍ မြွေဖြစ်စေသော နာနာရုပ်အတတ်ကို တတ်သည်။ ထိုသားငါးယောက်တို့အရွယ်ရောက်လာသော် ဓမ္မညးတော်ဓမ္မရာဇာမင်းက 'သားတစ်ဦးကိုနန်းပေးလျှင် ကျန်သောသားတို့က စိတ်မကောင်းဖြစ်ကြမည်၊ သို့ဖြစ်၍ သင်တို့ငါးဦး တိုင်းတစ်ပါးသို့သွား၍နေကြ၊ ပညာကြီးသူသည် ငါ့ထံပြန်ရောက်လာမည်၊ ထိုသူသည်သာ တိုင်းပြည်ကိုရပေလိမ့်မည်'ဟုမိန့်ကြားပြီး သားငါးဦးတို့ကို သဘော်ဖြင့် ပင်လယ်ခရီးအဝေးသို့စေလွှတ်လိုက်၏။

သမုဒ္ဒရာသို့ရောက်လျှင် သားတော်ငါးဦးတို့သည် ကောင်းကင်၌ လေးတစ်စင်းတက်နေသည်ကိုမြင်လျှင် လေးကျွမ်းကျင်သူ ဒုတိယသားတော်ဘဒ္ဒသည် 'ဤအရပ်၌ လေးကျွမ်းကျင်သူရှိပုံရသည်၊ သူ့ကိုပြုံင်၍နိုင်လျှင် ဓမ္မညးတော်၏တိုင်းပြည်ကို ငါစားရမည်'ဟူ၍ပြောဆိုပြီး လေးမြားစသည့်လက်နက်တို့ကိုယူ၍ ရေသို့ငုပ်လေရာ တစ်ခဏချင်း ငါးကြီးတစ်ကောင်၏မျိုခြင်းကိုခံရရှာလေသည်။

ထို့နောက် သဘော်ခရီးဆက်ကြသော် ရေနှစ်ဖက်တွင် ပန်းကုံးကဲ့သို့ရှိသည်ကိုမြင်လျှင် ပန်းနုံသာပြုတတ်သူ တတိယသားတော်ရာမက 'ရေထဲ၌ ပန်းကုံးတတ်သူရှိမည်၊ သူ့ကို ငါပြုံင်၍နိုင်ပါက ဓမ္မညးတော်ပြည်ကို စားရမည်'ဟုကြွေးကြော်ပြီး ရေထဲငုပ်ပြန်သော် ငါးကြီး၏မျိုခြင်းကိုခံရပြန်လေသည်။

ထို့နောက် သဘော်ခရီးဆက်ကြပြန်သော် ရေအပြင်၌ ရွှေလင်ပန်းအရိပ်ကိုမြင်လျှင် ရွှေအတတ်တတ်သူ စတုတ္ထသားတော်ပမာဒက 'ရွှေချက်ပြုံင်မည်'ဟုကြွေးကြော်ပြီး ရေထဲခုန်ချရာ ငါးကြီးတစ်ကောင်ကမျိုပြန်သည်။

---

*၁ အဝီစိမှိ နုပ္ပန္နန္တိ– ဗုဒ္ဓဝံ၊၄။၃၁၆။

*၂ ဤဘဒ္ဒကမ္ပာတွင် ဒုတိယမြောက်ပွင့်တော်မူသော ကောဏာဂမနဘုရားရှင်ဖြစ်သည်။

*၃ အိန္ဒိယနိုင်ငံ စမ္ပါ (Campā) မြစ်ကမ်းအနီး၌ရှိ၍ အင်္ဂတိုင်း၏မြို့တော်ဖြစ်သည်။ DPPN-I. 855.

*၄ 'ဘဒ္ဒ'ဟု မူကွဲရှိသည်– ဒသဗုဒ္ဓအနာဂတဝင်။ အနာဂတဝင်ဝတ္ထု။ ၁၉၅၈–၅၉၆။ (စာမျက်နှာ–၄၃)။

*၅ 'ပမာဒ'ဟု မူကွဲရှိသည်– ဒသဗုဒ္ဓအနာဂတဝင်။ အနာဂတဝင်ဝတ္ထု။ ၁၉၅၈–၅၉၆။ (စာမျက်နှာ–၄၃)။

http://www.dhammadownload.com

ထိုသဘော်သည် တိုင်းပြည်တစ်ပြည်သို့ဆိုက်ရောက်ခဲ့၏။ မြွေအတတ်ကျွမ်းကျင်သော ပဥ္စမသားတော်ဖဇသည် ကမ်းသို့တက်၍ မြို့သူမြို့သားတို့အား မြွေအယောင်ဆောင်၍ကစားပြရာ၊ မိမိပြည်၌ ဓဇမင်းသား မြွေအသွင်ဖန်ဆင်းတတ်သည့်အကြောင်းကိုသိ၍ ရန်မပြုကြသော်လည်း၊ သူတစ်ပါးတိုင်းပြည်ဖြစ်၍ မြွေအစစ်ဟု ထင်မှတ်ကြကာရိုက်ပုတ်ကြသဖြင့် ထိုဓဇမင်းသား မြွေအယောင်၌သေလေသည်။

ထိုအခါ ရသေ့ရှစ်သောင်းတို့ ကောင်းကင်ခရီးဖြင့် ထိုပြည်သို့ရောက်လာ၏။ ပထမသားတော်ဓမ္မသေန သည် ရသေ့တို့ထံမှ ကောင်းကင်ပျံသောပညာကိုကျွန်ုပ်၍သင်ယူလိုကြောင်းတောင်းခံရာ ရသေ့တို့က မင်းသားကို မိမိတို့နေရာ ဟိမဝန္တာတောသို့ခေါ်ဆောင်သွားကြပြီး သက်နီးဝတ်ရုံဆင်မြန်း ရသေ့ပြုပေးကြပြီး ကမ္မဋ္ဌာန်း စသည်ကိုလည်း သင်ကြားပေးကြ၏။ ဓမ္မသေနရသေ့လည်း အဘိညာဉ်ငါးပါး, သမာပတ်ရှစ်ပါးရ၍ ကောင်းကင်သို့ ပျံနိုင်သောအခါ ခမည်းတော်၏တိုင်းပြည်သို့ ကောင်းကင်ခရီးဖြင့်ပြန်ခဲ့လေသည်။

ခမည်းတော်မင်းလည်း ဓမ္မသေနမင်းသားထံမှ ကျန်သားတော်လေးပါးတို့၏အကြောင်းဖြစ်စဉ်ကို နားထောင်ပြီးလျှင် တိုင်းပြည်သို့ပြန်ရောက်လာသောဓမ္မသေနကိုပင် ထီးနန်းအပ်နှင်းခဲ့လေသည်။ ထိုအခါ ဓမ္မသေနမင်းသား သည် မိမိဝတ်ရုံခဲ့သောရသေ့သက်နီးတို့ကိုချွတ်ပြီး သက်နီးအား 'အသင်–သက်နီး၊ ရှင်ရသေ့တို့ထံပြန်ပါလော၊ ခုနစ်ရက်မြောက်လျှင် ငါ့ထံပြန်လာခဲ့'ဟုဓဋ္ဌာန်ပြုလျက် ကောင်းကင်သို့ပစ်လိုက်ရာ သက်နီးသည် ရသေ့တို့ထံသို့ ပျံသွားခဲ့လေသည်။

ဓမ္မသေနမင်းသားလည်း လမ္ဘသာဒေဝီ*[၁]နှင့်လက်ဆက်ပြီး ထီးနန်းကိုသိမ်းပိုက်ခဲ့သည်။ သားတော် တစ်ပါးဖွားမြင်၍ သွားတတ်စအရွယ်တွင် သမီးတော်တစ်ပါးဖွားမြင်ခဲ့ပြန်သည်။ တစ်နေ့သော် မင်းမိဖုရားနှင့် သားတော် သမီးတော်တို့ မြစ်ကမ်းပါး၌ရေကစားနေကြစဉ် မြစ်အတွင်းမှဘီလူးတစ်ကောင်တက်လာပြီး 'သားတော် နှင့် သမီးတော်လေးကို စားလိုပါသည်'ဟုအလှူခံရာ၊ ဘုရားအလောင်းဓမ္မသေနမင်းသည် ဘုရားဆုကို ရည်၍ သားသမီးတို့ကို ထိုဘီလူးထံလှူခဲ့လေသည်။ တစ်ခါသော် ဓမ္မသေနမင်းသည် မိဖုရားကြီးနှင့်အတူ ရွှေထမ်းစင်စီးနင်းကာ မြို့အတွင်းလှည့်လည်စဉ် မြို့တံခါးအနီး၌ လူအိုလူမင်းကြီးတစ်ဦးကိုတွေ့လေရာ၊ ထိုလူအိုကြီးအား 'သင်၏ဒုက္ခကြီးလေစွ'ဟုမိန့်ကြားလေသည်။ ထိုလူအိုဆင်းရဲကြီးက 'ငါ၌ သားမယားမရှိ၍ ပြုစုမည့်သူမရှိ၍ ဆင်းရဲ၏'ဟုဆိုလျှင် ထမ်းစင်ထက်က မိဖုရားကြီး၏လက်ကိုကိုင်လျက် မိမိ၏ဘုရားပါရမီကို ဖြည့်ဆည်းပေးရန်ပန်ကြားပြီး ထိုလူအိုထံ၌လှူလေသည်။ လူအိုကြီးက 'ဩ–ငါကားဆင်းရဲ၏၊ သင်မိဖုရားကို ကျွေးနိုင်လိမ့်မည်မဟုတ်'ဟုဆိုပြန်သဖြင့် ဓမ္မသေနမင်းကြီးက ရိက္ခာအလို့ငှာ မိမိစိုးပိုင်သောမြို့ကို ရေစက်သွန်းချ စွန့်လွှတ်ပြန်၏။ ထိုခဏာမှာပင် လွှတ်လိုက်သောသက်နီးသည် ကောင်းကင်ကပျံလာ၍မင်းကြီး၏ရှေ့သို့ရောက်လျှင် ဓမ္မသေနမင်းကြီးသည် ထိုသက်နီးပျံ၍ရသေ့ဝတ်ပြီး ဟိမဝန္တာအရပ်သို့ပြန်ခဲ့၏။ မူလကရခဲ့ဖူးသောအဘိညာဉ် ငါးပါးနှင့် သမာပတ်ရှစ်ပါးတို့ကိုလည်း ပြန်လည်၍ရရှိခဲ့၏။

တစ်ခါသော် ကောဏာဂုံမြတ်စွာဘုရား၏တပည့် ရဟန္တာအရှင်မြတ်တစ်ပါးသည် ဓမ္မသေနရသေ့တို့စံရာ ဟိမဝန္တာအရပ်သို့ရောက်လာ၏။ ဓမ္မသေနရသေ့သည် ထိုရဟန္တာကိုမြင်လျှင် မိမိ၏ဆံကျစ်ကိုဖြတ်၍ပူဇော်ခဲ့ပြီး၊ ထိုရဟန္တာအရှင်မြတ်နှင့်အတူ ကောဏာဂမနဘုရားရှင်ထံတော်သို့ လိုက်ပါသွားခဲ့၏။ ဘုရားရှင်၏ထံပါးရောက်လျှင် တရားဟောတော်မူပါရန်ပန်ကြားရာ ကောဏာဂုံဘုရားရှင်ဟောကြားသော တရားဒေသနာ၏အဆုံး၌ ဓမ္မသေန

*[၁] 'လမ္ဘသာဒေဝီ'ဟု မူကွဲရှိသည်– ဒသဗုဒ္ဓအနာဂတဝင်။ အနာဂတဝင်ဝတ္ထု။ ၁၉၅၈–ခုနှစ်။ (စာမျက်နှာ–၄၅)။

http://www.dhammadownload.com

ရသေ့သည် ဝမ်းမြောက်လှရကား ဘုရားဆုကိုတောင်းခံခဲ့လေသည်။ ထိုဘဝမှစုတေလျှင် ဓမ္မသေနရသေ့သည် တုသိတာနတ်ပြည်၌ဖြစ်လေသည်–ဟုဖြစ်သည်။*၁

ဒသဗောဓိသတ္တုပ္ပတ္တိကထာကျမ်းစာပါ တိဿဘုရား၏ဘုရားဆုပန်အကြောင်း၌ ထိုတိဿဘုရားသည် ဤသာသနာ၌ မည်သူမည်ဝါဖြစ်မည်ကိုဖော်ပြမထားသော်လည်း၊ ထိုကျမ်း၏နိဂုံးနှစ်ဂါထာတို့တွင် ဒုတိယမြောက် ဂါထာ၊ ပထမပဒ၌ 'နာလာဂိရိ, ပါရိလေယျော၊ ဗောဓိသတ္တာ ဣမေ ဒသ'ဟုရေးသားဖော်ပြထားရာ*၂ ထိုဂါထာအရ တိဿဘုရားအလောင်းသည် ဤသာသနာ၌ နာလာဂိရိဆင်ဖြစ်ကြောင်းသိရသည်။ ဟံသာဝတီ ပုံနှိပ်တိုက်မူ ဒသဗုဒ္ဓအနာဂတဝင်၌ '...မဏ္ဍကမ္ဘာဖြစ်လတ္တံ့၊ ထိုကမ္ဘာတွင် ဘုရားနှစ်ဆူဖြစ်လတ္တံ့၊ ထိုနှစ်ဆူတွင် ဓနပါလဆင်မင်းသည် တိဿအမည်တွင်၍ ဘုရားအလျင်ဖြစ်လတ္တံ့'ဟု ဖော်ပြထားသည်။*၃ တိဿဘုရားအလောင်းတော်ကို ဒသဗောဓိသတ္တုပ္ပတ္တိကထာ၌ 'နာလာဂိရိဆင်'ဟုပြုပြီး၊ ဒသဗုဒ္ဓအနာဂတဝင်၌ 'ဓနပါလဆင်'ဟုပြုသဖြင့် ထိုဆင်နှစ်ကောင်သည် တစ်ကောင်စီလော?၊ တစ်ကောင်တည်းလော? မေးဖွယ်ရှိသော်လည်း စင်စစ်နာဠာဂိရိသည်ကား မူလအမည်ရင်းဖြစ်ပြီး၊ ဓနပါလမှာ နောက်မှတွင်သောအမည်ဖြစ်သည်။

ထိုအမည်၏အကြောင်းနှင့်စပ်၍ အပဒါန်အဋ္ဌကထာ၌ 'မြတ်စွာဘုရားအား ဒေဝဒတ်သည် ရန်ငြိုးဖွဲ့၍ အသက်ကိုလုပ်ကြံရန် အဇာတသတ်မင်း၏အကူအညီဖြင့် အလွန်ဆိုးသွမ်းသော နာဠာဂိရိအမည်ရှိသော ဆင်ဆိုးကြီးကို အရက်တစ်ဆယ့်ခြောက်အိုးတိုက်ခဲ့သည်။ ပြီးနောက် ဘုရားရှင်ကြွလာမည့် ရာဇဂြိုဟ်မြို့လမ်းမသို့လွှတ်လိုက်၏။ မြတ်စွာဘုရားရှင်က 'ငါ့ထံလာလော့'ဟူသောအသံတော်ပြု၍ စကြဝဠာအနှံ့ရှိသတ္တဝါတို့အပေါ်၌ ဖြန့်ကျက်အပ်သောမေတ္တာတော်ကို နာဠာဂိရိဆင်တစ်ကောင်တည်းအပေါ်သို့ စိုက်စိုက်ရည်ညွှန်း၍ပို့လွှတ်တော်မူလေရာ နာဠာဂိရိသည် မြတ်စွာဘုရားရှင်၏မေတ္တာဓာတ်နှင့်ထိတွေ့၍ ညွတ်နူးညံ့သက်ခြင်းဖြစ်ပြီး၊ ဘုရားခြေတော်ရင်းသို့ဝပ်စင်းခဲ့လေသည်။ ထိုနာဠာဂိရိဆင်၏ဦးကင်းကို ဘုရားရှင်က လက်တော်ဖြင့်သုံးသပ်ခဲ့လေသည်။ သို့လျှင် နာဠာဂိရိဆင်၏လိမ္မာယဉ်ကျေးပုံကိုပြင်ကြရသော မြို့သူမြို့သားတို့က ပန်းများ ရတနာရွှေငွေများစွာကို ဆင်ဦးကင်းထက်ကြဖြန့်ကြရာ ဆင်တစ်ကိုယ်လုံး ဥစ္စာရတနာတို့ဖြင့် ဖုံးလွှမ်းမတတ်ဖြစ်ခဲ့လေသည်။ ဤသို့ ရတနာအစုအပုံတို့ရလိုက်သည်ဖြစ်၍ နာဠာဂိရိကို 'ဓနပါလ'(=ဥစ္စာရှင်) ဟူသောအမည်ပေးခဲ့လေသည်–ဟု ဖွင့်ဆိုဖော်ပြထားပါသည်။ အပဒါန၊ ဋ္ဌ။၁။၁၃၈။

ထိုနာဠာဂိရိ(ခေါ်) ဓနပါလဆင်သည် 'တိရစ္ဆာန်ဖြစ်လျက် ရတနာသုံးပါးဂုဏ်ကိုသိ၍ ပစ္စုပ္ပန်၌များစွာသော ပူဇော်သက္ကာရ၊ သံသရာအကျိုးဗျာဒိတ်တော်ခံရကြောင်း'စသည်ဖြင့် မင်းလက်ဝဲနော်ရထာဘွဲ့ခံဦးမြတ်သာနေ (အေဒီ ၁၇၂၃–၁၈၉၁)က မကာရလောပတောင်တွင်းဆရာတော်ခင်ကြီးဖျော်(အေဒီ ၁၇၂၄–၁၇၆၂)ထံသို့ သက္ကရာဇ် ၁၁၂၁–ခု၊ တပေါင်းလတွင်မေးသောပစ္စာတစ်ရပ်တွင် ထည့်သွင်းရေးသားထားခဲ့သည်။*၄

လက်ဝဲနော်ရထာဦးမြတ်သာနေ၏အမေးပစ္စာတွင်ပါသည့် 'ဓနပါလဆင်သည် ဗျာဒိတ်ခံယူရကြောင်း' ဟူသောအချက်ကို တောင်တွင်းဆရာတော်က အောက်ပါအတိုင်းပြန်ကြားတော်မူခဲ့ပါသည်။

---

*၁ ဒသဗုဒ္ဓအနာဂတဝင်။ အနာဂတဝင်ဝတ္ထု။ ၁၉၅၈–ခုနှစ်။ (စာမျက်နှာ–၄၂)။ H.Saddhātissa(Tr.)' The Birth-Stories of the Ten Bodhisattas. 1975. Page-82.

*၂ H.Saddhātissa(ed.)' Dasabodhisattuppattikathā. 1975. Page-162.

*၃ ဒသဗုဒ္ဓအနာဂတဝင်။ အနာဂတဝင်ဝတ္ထု။ ၁၉၅၈–ခုနှစ်။ (စာမျက်နှာ–၄၂)။

*၄ လက်ဝဲနော်ရထာလျှောက်ထုံး။ ၁၉၆၃–ခုနှစ်။ (စာမျက်နှာ–၁၀၇)။

http://www.dhammadownload.com

ဓနပါလဆင်ကို ဘုရားရှင်ဗျာဒိတ်ပေးတော်မူကြောင်းကို ပါဠိ,အဋ္ဌကထာတို့၌မဆို, အနာဂတဝင်ကျမ်းတွင်သာဆိုသည်။ အနာဂတဝင်ကျမ်းလည်း နှစ်စောင်ရှိရာတွင် ပုဒ်နေပါဠိထား စီးရိုးကျနေသော အနာဂတဝင်ကျမ်း၌မဆို, စီးရိုးမကျနေသော စုဏ္ဏိယအနာဂတဝင်ကျမ်း၌သာ ဆိုသည်။ စကားလက္ခဏာပမာဏမရှိလွန်းသောကြောင့် မဆိုလိုက်သည်'–ဟုဖြစ်သည်။[*၁]

တောင်တွင်းဆရာတော်ခင်ကြီးဖျော်တို့ကဲ့သို့ မတစ်လုံးကျော်(မကာရလောပ)ပုဂ္ဂိုလ်တစ်ဦးက 'နာဠာဂိရိဆင်အား ဘုရားဗျာဒိတ်ပေးပုံကို ပါဠိအဋ္ဌကထာတို့၌မဆို'ဟု ကောက်ချက်ချပြီးဖြစ်ပါက ဤအချက်နှင့်စပ်ပြီး ပါဠိအဋ္ဌကထာလာအဆိုအမိန့်တို့ကို အထူးရှာဖွေရေးသားဖွယ်လိုမည်မထင်တော့ပေ။

၁၀။ ဘုရားအလောင်းပါရိလေယျကဆင်မင်း

ဒသဇောဓိသတ္တုပ္ပတ္တိကထာကျမ်းတွင် ဒသမမြောက်ပွင့်တော်မူလာမည့် သုမင်္ဂလာဘွဲ့မည်တော်ရှိသော ဘုရားရှင်သည် ဤသာသနာ၌ ပါရိလေယျဆင်မင်း[*၂] ဖြစ်ခဲ့ကြောင်းဖော်ပြထားပြီး၊ ထိုသုမင်္ဂလာဘုရား၏ ဘုရားဆုပန်ဗျာဒိတ်ခံခဲ့ပုံကိုလည်း ဤသို့ဖော်ပြထားပြန်ပါသည်။

ကကုသန်ဘုရား[*၃] လက်ထက်တွင် သုမင်္ဂလ[*၄] ဘုရားအလောင်းသည် ဇမ္ဗူဒိပ်ကျွန်း[*၅]ကိုအစိုးရသော ပနာဒ[*၆]စကြာမင်းဖြစ်ခဲ့သည်။ ထိုစကြာမင်းသည် စကြာရတနာအား စကြာမင်းတို့၏အသုံးအဆောင်[*၇] ဖြစ်သော မဏိ(ပတ္တမြား)ရတနာကိုယူစေရာ စကြာရတနာသည် သမုဒ္ဒရာသို့သွား၍ မဏိ(ပတ္တမြား)ရတနာကို ယူပြီး မဟာပနာဒမင်း၏နန်းတော်၌တည်ထားလေသည်။ ထို့နောက် ဟတ္ထိ(ဆင်)ရတနာကိုယူစေပြန်ရာ စကြာရတနာသည် ဆဒ္ဒန္တ အိုင်[*၈] သို့သွား၍ ရှစ်သောင်းသောအခြံအရံနှင့်တကွ ဆဒ္ဒန်ဆင်ရတနာကိုဆောင်ယူခဲ့

---

*၁ လက်ဝဲနှော်ရထာလျှောက်ထုံး။ ၁၉၆၃–ခုနှစ်။ (စာမျက်နှာ–၁၁၃)။

*၂ ပါရိလေယျော ဟတ္ထိရာဇာ သုမင်္ဂလော နာမ သမ္မာသမ္ဗုဒ္ဓေါ ဘဝိဿတိ– H.Saddhātissa(ed.)' Dasabodhisattuppattikathā. 1975. Page-158.

*၃ ဤဘဒ္ဒကမ္ပာ၌ ဘုရားငါးဆူတို့တွင် ရှေးဦးဆုံးပွင့်တော်မူသော ကကုသန္ဓဘုရားရှင်ဖြစ်သည်။

*၄ DPPN-II. 1237.[12]

*၅ မြင့်မိုရ်တောင်၏လက်ယာဘက်၌ လှည်းပုံသဏ္ဌာန်ရှိ၍၊ ယူဇနာတစ်သောင်းကျယ်ပြီး ကျွန်းဦးသပြေပင်(ဇမ္ဗု)ပေါက်ရာ ဇမ္ဗုဒီပကျွန်းဖြစ်သည်။ ဒီ၊၄၉။၂။၂၂၊၂၁၅။ သာရတ္ထ၊၁။၂၇၃။ တောင်ကျွန်းတစ်ကျွန်းလုံးကို ဇမ္ဗုဒီပ်ဟု ရှေးကသုံးခဲ့သော်လည်း ယခုအခါ အိန္ဒိယတစ်နိုင်ငံကိုသာ ဇမ္ဗုဒီပ်ဟုသုံးနှုန်းသည်။

*၆ ပနာဒ–ဟူသောအမည်ဖြင့် ပနာဒ(မဟာပနာဒ)မင်း DPPN-II. 139.[13]၊ ပနာဒယက္ခ DPPN-II. 139.[2]ဟုရှိသည်။ ဒီဃနိကာယ်၊ မဟာဝဂ္ဂ ဋ္ဌကထာ၌ 'သဗ္ဗေပေတ္တာ ပနာဒါဒယော ဂန္ဓဗ္ဗာဝေ'ဟု ဂန္ဓဗ္ဗနတ်တို့ကို ပနာဒဖြစ်ကြောင်း အဋ္ဌကထာဆရာက ညွှန်ပြခဲ့သည်။ ဒီ၊၄။၂။၂၈၁။

*၇ စကြဝတေးမင်းတို့၏အသုံးအဆောင် ရတနာ(၇)ပါးရှိသည်။ (၁) စကြာ(စက္က)၊ (၂) ဆင်(ဟတ္ထိ)၊ (၃) မြင်း(အဿ)၊ (၄) ပတ္တမြား(မဏိ)၊ (၅) မိဖုရား(ဣတ္ထိ)၊ (၆) သူကြွယ်(ဂဟပတိ)နှင့် (၇) သားကြီးရတနာ(ပရိဏာယက) တို့ဖြစ်သည်။ ဒီ၊၁။၈၃–၄။ ထိုစက္ကရတနာတို့၏ အကျယ်ကို ဒီဃနိကာယ်၊ မဟာဝဂ္ဂပါဠိတော်၊ မဟာသုဒဿနသုတ္တ(ဒီ၊၂။၁၄၁–၁၄၄)တွင်ကြည့်ပါ။

*၈ 'ဆဒ္ဒန္တ'ကား အရောင်ခြောက်ပါးရှိသောအစွယ်ဝိုင်ရှင် ဆင်ကိုဆိုလိုသည်။ ထိုဆဒ္ဒန်ဆင်နေရာ ဆဒ္ဒန်အိုင်ကို 'ဆဒ္ဒန္တ ဒဟ'ဟု ပါဠိဘာသာ၌ ရှိသည်။ ထိုအိုင်သည် ဟိမဝန္တ ၁တောင်၌တည်ရှိပြီး ဆဒ္ဒန်ဆင်မင်း၏ နေရာ ဖြစ်၌ဖြစ်သည်။ ထိုအိုင်၌ ဆဒ္ဒန်မျိုးစွယ် ဆင်ရှစ်သောင်း တို့နေကြကုန်၏။ ထိုဆဒ္ဒန်အိုင်ကို 'ဆဒ္ဒန္တ၊ ဆဒ္ဒန္တ ဒဟ၊ ဆဒ္ဒန္တ ရဟဒ'ဟူ၍လည်း အမျိုးမျိုးရေးသားကြသည်။ အချို့က 'ဆဒ္ဒန်'ကို 'ဆ(ဏ္ဏ) + ဒန္တ = အစွယ်ခြောက်ခုပါရှိသောဆင်'ဟူ၍လည်း 'ဆက်ခန်' စသည်ဖြင့်သုံးသည်– ဒဂုန်ဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရအဘိဓာန်။ ၁၉၆၈–ခုနှစ်။ (စာမျက်နှာ–၆၅)။

http://www.dhammadownload.com

ပြန်သည်။ ထို့နောက် အဿ(မြင်း)ရတနာကိုယူစေပြန်ရာ သိန္ဓုရမြစ်*၁ကမ်းမှ ဝလာဟက*၂ မြင်းရတနာကို ဆောင်ခဲ့ပြန်၏။ ဣတ္ထိ(မိဖုရား)ရတနာကိုယူစေပြန်ရာ ဥတ္တရကုရု*၃ကျွန်းမှ မိဖုရားရတနာကို အခြွေအရံ ရှစ်သောင်းနှင့်ယူဆောင်ခဲ့ပြန်၏။ ထို့နောက် ပတ္တမြားရတနာအား ဝေပုလ္လတောင်*၄ရှိ ရတနာတို့ယူဆောင်စေရာ၊ ထိုပတ္တမြားရတနာက ဝေပုလ္လတောင်မှ ရှစ်သောင်းသောရတနာတို့ကိုယူဆောင်ခဲ့၏။ တစ်ဖန် ပရိဏာယက (သားကြီး)ရတနာအား ဥတ္တရကုရု*၅၊ အပရဂေါယာန*၆ နှင့် ပုဗ္ဗဝိဒေဟ*၇ ဟု ကျွန်းကြီးသုံးကျွန်းမှ ထီးကြီးသုံးလက်၌ထားအပ်သော ပတ္တမြားရတနာကြီးသုံးလုံးကိုဆောင်ယူစေရာ၊ သားကြီးရတနာသည် ယူဆောင်၍ မင်းကြီးထံပါး ခစားနေလေသည်။ ဂဟပတိရတနာခေါ် သူဌေးကြီးရတနာအားခေါ်၍ တိုင်းကြီးတစ်ဆယ့် ခြောက်တိုင်း*၈ တို့မှ သူဌေးသူကြွယ်တို့ကို စုဝေးခေါ်ယူစေ၏။

သူဌေးကြီးရတနာသည် ထိုတိုင်းကြီးတစ်ဆယ့်ခြောက်တိုင်းသို့လှည့်လည်စဉ်မှာပင် ကကုသန္ဓဘုရားရှင် ပွင့်ထွန်းရာဌာနသို့ရောက်၍ ဘုရားရှင်နှင့်တွေ့ဆုံမိလေသည်။ ထိုအခါ သူဌေးကြီးရတနာက ကကုသန္ဓဘုရားရှင်အား ဘုရားရှင်မှန်းမသိသည့်အားလျော်စွာ 'လုလင်၊ သင်ကား အသူနည်း'ဟုမေး၏။ ဘုရားရှင်က 'ငါသည်ကား သတ္တာ(ဆရာ)တည်း'ဟု ဖြေ၏။ 'အဘယ့်ကြောင့် သတ္တာ(ဆရာ)ဖြစ်ပါသနည်း'ဟုမေးပြန်ရာ၊ ဘုရားရှင်က 'ငါသည် (၃၁)ဘုံ၌ ဆရာတစ်ဆူဖြစ်သည်'ဟု ဖြေဆိုတော်မူပါသည်။ သူဌေးကြီးရတနာသည် ကကုသန္ဓဘုရားရှင် ဖြေကြားသမျှနှင့် ထိုဘုရားရှင်၏အရပ်တော်သွင်ပြင်လက္ခဏာတော်တို့ကို တစ်ခုမကျန် ကျန်သေချာမှတ်သားပြီး မဟာပနာဒစကြာမင်းကြီးထံ ဆက်သခဲ့လေသည်။

မဟာပနာဒစကြာမင်းသည် ကကုသန္ဓဘုရားရှင်၏ အကြောင်းအရာအလုံးစုံကိုကြားသိရသော် အလွန်တရာ ဖူးတွေ့လိုသောဆန္ဒပြင်းပြသဖြင့် မိမိ၏စကြာမင်းစည်းစိမ်ကို ဂဟပတိသူဌေးရတနာအားလွှဲအပ်ပြီး ကကုသန္ဓ ဘုရားရှိရာသို့ထွက်ခွာခဲ့၏။

ကကုသန္ဓဘုရားရှင်က မဟာပနာဒမင်းအား ဘုရားရှင်တို့၏တန်ခိုးအာနုဘော်ကိုပြသ၍ တရားဓမ္မ ဟောပြောလေရာ မဟာပနာဒမင်းသည် သာသနာ့ဘောင်သို့ဝင်ခွင့်တောင်းပြီး ရဟန်းပြုခဲ့လေသည်။ ရှင်ရဟန်း

---

*၁ ဟိမဝန္တဒေသမှစီးဆင်းသောမြစ်တို့တွင် အထင်ရှားဆုံးဖြစ်တစ်စင်းဖြစ်သည်။ DPPN-II. 1137. ထိုမြစ်ကမ်းမှရသော ကောင်းကင်ပျံနိုင်သည့် မြင်းအာဇာနည်မျိုးကို 'သိန္ဓဝ'မြင်းဟု ခေါ်ဆိုသည်။ ထို့'သိန္ဓဝ'ကို မြန်မာစာပေ၌ 'သိဓနွာ'ဟုသုံးနှုန်းခေါ်ဝေါ်ကြသည်။ ဒဂုန်ဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရအဘိဓာန်။ ၁၉၆၈–ခုနှစ်။ (စာမျက်နှာ–၃၆၃)။

*၂ 'ဝလာဟက'ဟူသော ဝေါဟာရသည် 'ဗိုးတိမ်၊ ဗိုးနုတ်သား၊ ကောင်းကင်'–ဟူသောအနက်များရှိသည်။ ဤနေရာ၌ 'ဝလာဟဿ = ဝလာဟက + အဿ= ကောင်းကင်သို့ပျံနိုင်သောမြင်း(cloud-horse-DPTS. 603.)'ဟု အဓိပ္ပာယ်ရသည်။

*၃ လေးထောင့်အင်ပျဉ်သဏ္ဌာန်ရှိ၍ ယူဇနာ(၈၀၀)ကျယ်သော မြောက်ကျွန်းဖြစ်သည်။ ဗေဿဝဏ္ဏ၏ ကုဝေရနှုတ်မင်းစံရာလည်းဖြစ်သည်။ ဧရာတိကသူဌေးကတော် တူလကာယီကို နှုတ်တို့က ထိုကျွန်းမှ ဓမ္မုဒ်ပဝ်သို့ယူဆောင်ခဲ့သည်။ DPPN-II. 355¹.

*၄ ရာဇဂြိုဟ်ပြည်ကိုရံထားသော တောင်(၅)လုံးတွင် အမြင့်ဆုံးတောင်ဖြစ်သည်။ DPPN-I. 319. ထိုတောင်ကို မြန်မာစာပေ၌ 'ဝေပူ၊ ဝေဘူ၊ ဝေပုလ'–စသည်ဖြင့် သုံးနှုန်းခေါ်ဝေါ်ကြသည်။ ဒဂုန်ဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရအဘိဓာန်။ ၁၉၆၈–ခုနှစ်။ (စာမျက်နှာ–၃၀၃)။

*၅ မြောက်ကျွန်းကိုဆိုလိုသည်။

*၆ ကြေးမုံသဏ္ဌာန်ရှိ၍ အလျားအနဲ(၇၀၀၀)ယူဇနာကျယ်ဝန်းသော အနောက်ကျွန်းဖြစ်သည်။ ဒီ၊ဌ။၁။၉၂။ ထိုအပရဂေါယာနကျွန်းသားတို့သည် စကြာမင်းနှင့်အတူ လိုက်ပါလာခဲ့ပြီး မိမိတို့ဌာနသို့မပြန်သဖြင့် တောင်ကျွန်း(ဇမ္ဗူဒီပ)မှာပင် နေရာချပေးရ၏။ ၎င်းတို့နေသောအရပ်ကို အပရဏ္ဍ တိုင်းဟုတွင်သည်။ ဒီ၊ဌ။၂။၇၃။

*၇ အရှေ့ကျွန်းကိုဆိုလိုသည်။

*၈ (၁) အင်၊ (၂) မဂဓ၊ (၃) ကာသိ၊ (၄) ကောသလ၊ (၅) ဝဇ္ဇီ၊ (၆) မလ္လ၊ (၇) စေတီ၊ (၈) ဝံသ၊ (၉) ကုရု၊ (၁၀) ပဉ္စာလ၊ (၁၁) မစ္ဆ၊ (၁၂) သူရသေန၊ (၁၃) အဿက၊ (၁၄) အဝန္တီ၊ (၁၅) ဂန္ဓာရနှင့် (၁၆) ကမ္ဗောဇတိုင်း–တို့ဖြစ်သည်။ သုတေသနသက္ကပြအဘိဓာန်၊ ၂၀၀၂–ခုနှစ်။ (စာမျက်နှာ–၁၈၁)။

http://www.dhammadownload.com

ဖြစ်ပြီးမှ ဘုရားဆုကိုပန်ခဲ့ရာ ကကုသန္ဓဘုရားရှင်က နောင်အခါဘုရားဖြစ်လတ္တံ့ဟု ဗျာဒိတ်တော် ကြားတော်မူလေသည်။

ဤတွင် သုမင်္ဂလဘုရားအလောင်း ပါရိလေယျကဆင်မင်းအကြောင်းကိုလေ့လာရာ၌၊ ထိုဆင်မင်းကို မြန်မာစာပေ၌ 'ပလလဲ၊ ပလလည်း' ဟုခေါ်တွင်ကြသည်။*၁ မြတ်စွာဘုရားလက်ထက်အခါက 'ပါလိလေယျက ရက္ခိတ'အမည်ရှိသော တောအုပ်တစ်ခုရှိခဲ့သည်။ ထိုတွင် 'ပါလိလေယျက'မှာ ရွာ၏မူလအမည်ဖြစ်ပြီး၊ 'ရက္ခိတ'မှာ တောအုပ်၏အမည်ဖြစ်သည်။ တစ်ဖန် ထိုရက္ခိတတောအုပ်ကိုပင် ပါလိလေယျကရွာအနီး၌ရှိ၍ ပါလိလေယျကတော(တစ်နည်း)ပလလဲတော-ဟု သမိုဂ္ဂဟစာအားဖြင့်ခေါ်ကြပြီး၊ ထိုတောအုပ်အရပ်သို့ရောက်ရှိလာသော ဆင်ကြီးကိုလည်း ပါလိလေယျကဆင်(တစ်နည်း)ပလလဲဆင်ဟု ခေါ်တွင်ကြခြင်းဖြစ်သည်။*၂

မြတ်စွာဘုရားရှင်သည် ထိုပလလဲဆင်မင်း၏နေရာဖြစ်သော ပါလိလေယျကရက္ခိတတောအုပ်အရပ်သို့ ချဉ်းကပ်၍ ထိုဆင်မင်း၏ဝတ်ကြီးဝတ်ငယ်ပြုစုမှုကိုခံယူတော်မူပြီး ဒသမဝါကို တစ်ပါးတည်းကပ်ဆိုသီတင်းသုံးနေတော်မူခဲ့ပါသည်။ ဤသို့ မြတ်စွာဘုရားရှင် တစ်ဝါမျှ ဝါကပ်တော်မူသောအရပ်ဖြစ်ခြင်းကြောင့် ထိုပလလဲတောနှင့်တကွ ပလလဲဆင်သည်လည်း ဂိဋ္ဌကတ်ပါဠိစာပေ၌ အထင်အရှားဖြစ်ခဲ့သည်။

မြတ်စွာဘုရားရှင်သည် ဝါကျွတ်၍ ထိုပလလဲတောအုပ်မှ သာဝတ္ထိပြည်သို့ ပြန်လည်ကြွမြန်းတော်မူသော အခါ၌ ပလလဲဆင်မင်းသည် မြတ်စွာဘုရားရှင်ကို မျက်စိတဆုံးဖူးမြော်ရာ မြတ်စွာဘုရားရှင်အားမမြင်ရလတ်သော် နှလုံးကြေကွဲကာ ထိုနေရာမှာပင် စုတိပြတ်ကြွေသေလွန်ခဲ့သည်။ မြတ်စွာဘုရားအား ကြည်ညိုသောကောင်းမှုကံကြောင့် တာဝတိံသာနတ်ပြည်ဝယ် ယူဇနာသုံးဆယ်အကျယ်အဝန်းရှိ ရွှေဗိမာန်ကြီး၌ နတ်သမီးတစ်ထောင်အခြံအရံရှိသော နတ်သားဖြစ်ခဲ့သည်။ နတ်သားအဖြစ်သို့ရောက်သော်လည်း ဆင်မင်းဖြစ်စဉ်က တွင်ခဲ့သောအမည်အတိုင်း ပါလိလေယျကနတ်သားဟူ၍ပင် ခေါ်တွင်ကြပြန်သည်-*၃ ဟု ဓမ္မပဒအဋ္ဌကထာ၌ ဖော်ပြထားသည်။ ပလလဲဆင်မင်းအကြောင်းကို ပါဠိစာပေတွင် ဓမ္မပဒအဋ္ဌကထာ၌လာသည့်အတိုင်းမျှသာ တွေ့ရ၏။ ထိုဆင်မင်း၏ဘုရားအလောင်းဖြစ်ပုံစသည်တို့ကိုကား မတွေ့ရပါ။

သို့ပါသော် စစ်ကိုင်းတိုင်း၊ ပုလဲမြို့၊ ဆင်မြတ်ရှင်ဘုရားကြီးသမိုင်းမော်ကွန်းစာ၌ ဂေါတမမြတ်စွာဘုရားရှင်က 'ငါသည် ကဿပဘုရားရှင်လက်ထက် ပလလဲဆင်မင်းဖြစ်သောအခါ သီလဆောက်တည်၍ ဤတောင်ပျော်ပါးနေသောကြောင့် ဤဒေသကို ပုလလဲ-ဟုခေါ်တွင်လိမ့်မည်'စသည်ဖြင့် ဗျာဒိတ်ပေးခဲ့ကြောင်းဖော်ပြထားပါသည်။*၄ ထိုမော်ကွန်းစာအရ ဂေါတမဘုရားရှင်သည် ပုလလဲ(တစ်နည်း) ပလလဲအမည်ဖြင့် ကဿပဘုရားရှင်လက်ထက်က ဘုရားအလောင်းဆင်မင်းဖြစ်ခဲ့ဖူးကြောင်းမှာ ထင်ရှားလေသည်။

ထို့ပြင် ဘုရားအလောင်းတစ်ကျိပ်ဝင် ထိုပလလဲဆင်မင်းသည် မြန်မာ့သာသနာဝင်တွင်ထင်ရှားခဲ့သော ပေါင် လောင်ရှင်ကဿပဖြစ်ခဲ့ဘူးကြောင်းကို ကျောက်စာအထောက်အထားတစ်ရပ်အရ အောက်ပါအတိုင်း သိရပြန်ပါသည်။

---

*၁ ဒဂုန်ဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရအဘိဓာန်။ ၁၉၆၈-ခုနှစ်။ (စာမျက်နှာ-၁၆၂)။

*၂ ပါလိလေယျကံ ဥပနိဿာယ ရက္ခိတဝနသဏ္ဍေ- မမွ၊ဋ္ဌ။၁။၃၇၊ မဟာဗုဒ္ဓဝင်ကျမ်း၊ စတုတ္ထတွဲ။ (စာမျက်နှာ-၁၈)။

*၃ သတ္ထရိ စကွဲုပထံ ဝိဟရန္တေ ဟဒယေန ဖလိတေန ကာလံ ကတွာ သတ္ထရိ ပသာဒေန တာဝတိံသာဘဝနေ တိံသယောဇနိကေကနကဝိမာနေ အဋ္ဌရာသဟဿမရွေ နိဗ္ဗတ္တိ၊ ပါလိလေယျကဒေဝပုတ္တောယေဝသနာမံ အဟောသိ- မမွ၊ဋ္ဌ။၁။၄၁။

*၄ ဆင်မြတ်ရှင်, ဆင်မြတ်ဓိ. မြသိန်းတန်, ရွှေမြင်တင်ဘုရား စေတီတော်လေးဆူသမိုင်းမော်ကွန်းစာ။ (စာမျက်နှာ-၃၂၊ ၇၉)။

http://www.dhammadownload.com

သက္ကရာဇ် ၅၇၀–ပြည့်နှစ် (အေဒီ–၁၃၈၈)တွင် ရေးထိုးသော ကျောက်ရစ်ရွှေပေါင်လောင်ကျောက်စာ၌–

ပုရာမ္ဗတ်လှ ကောတမ၏ ခြေတော်ရင်နှီးက် ရိပ်သေကွရိန္ဓန် ဗျာဒိတ်ခံဖြ ပုရာလေါင်တ ကိပ်ဖြတွင် အကြွမ်ဝင်ဖြ ငပေါင်လောင်သင် မဟာကဿပကာ ပလလည်မည်ဖြ ဆင်မင်အလွှစ် လွှစ်ဖူခဲရွယ်–ဟုရေးထိုးထားပါသည်။*၁

ထိုကျောက်စာအရ ဂေါတမမြတ်စွာဘုရားလက်ထက်က ပလလဲဆင်သည် ယခုအခါပေါင်လောင်ရှင်ကဿပ ဖြစ်နေသည်ဟုယူဆဖွယ်ရာရှိသည်။ ထို့ပြင် ပလလဲဆင်သည် ဂေါတမဘုရားရှင်ထံမှဘုရားဗျာဒိတ်ဆုကိုခံယူခဲ့ရ ဘူးသည်ဟူ၍လည်း ယူဆရန်ဖြစ်နေပါသည်။ ဤအကြောင်းအရာများကို ဝေဖန်စိစစ်နိုင်ရန်အတွက် လုံလောက်သော ကျမ်းဂန်စာပေ၊ကျောက်စာစသော အထောက်အထားများစွာလိုအပ်ကြောင်းတို့ကို တင်ပြလိုပေသည်။

ဒသဗုဒ္ဓအနာဂတဝင်လေ့လာစိစစ်ချက်

အထက်၌ဖော်ပြခဲ့သည့်အတိုင်း ဒသဗုဒ္ဓအနာဂတဝင်ကျမ်းလာ ဘုရားအလောင်းဆယ်ဆူတို့သည် ဤသာသနာ၌ထင်ရှားသောပုဂ္ဂိုလ်များဖြစ်သေးသည်ဟူသောတင်ပြချက်ကို ဘုရားအလောင်းတစ်ဆူချင်းလေ့လာစိစစ်ကြည့်ရာ အဆိုပါကျမ်းလာအချက်အလက်တို့မှာ ခိုင်ခံ့တိကျမှုမရှိခြင်း၊ ဝိဇ္ဇကတ်ပါဠိစာပေနှင့် ကိုက်ညီမှုမရှိခြင်း၊ ယုတ္တိသာဓကကင်းမဲ့ခြင်း–စသည်တို့ကြောင့် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့အနေဖြင့် ဒသဗုဒ္ဓအနာဂတဝင်ကျမ်းလာ တင်ပြချက်(တစ်နည်း)ယူဆချက်တို့ကို အလေးမူလက်ခံနိုင်ရန်ခဲယဉ်းလှပါကြောင်း အကျဉ်းချုပ်တင်ပြလိုပေသည်။

ဒသဗုဒ္ဓအနာဂတဝင်ဖြစ်ပေါ်ပုံ

ဒသဗောဓိသတ္တုပ္ပတ္တိကထာ၊ ဒသဗုဒ္ဓအနာဂတဝင်စသောဘုရားအလောင်းဆယ်ဆူတို့အကြောင်းဖော်ပြထားသည့်ကျမ်းတို့၏နိဒါန်းတွင် 'ဤကျမ်းကို ဘုရားရှင်သည် သာဝတ္ထိပြည် ပုပ္ပါရာမ(ပုပ္ပါရုံ၊ ပုဗ္ဗာရုံ)ကျောင်းအတွင်း ဝိသာခါဆောက်လုပ်လှူဒါန်းသော မိဂါရမာတုပြာသာဒ်၌သီတင်းသုံးနေစဉ် အဖိတရဟန်းကိုအကြောင်းပြုကာ အရှင်သာရိပုတ္တရာလျောက်ထားတောင်းပန်သောကြောင့် ဟောကြားတော်မူကြောင်း' ရေးသားထားကြသည်။'*၂

ဟံသာဝတီပုံနှိပ်တိုက်မူ ဒသဗုဒ္ဓအနာဂတဝင်ကျမ်းတွင် 'ဤသို့ အရင့်တစ်ကျိပ်သောဘုရားမြတ်စွာတို့၏ အနာဂတဝင်ကို ငါတို့ဘုရားမြတ်စွာသည် ရာမညတိုင်း၌ နေတော်မူသောအခါဝယ် အရှင်သာရိပုတ္တရာအား ဟောတော်မူ၏'ဟု ထူးထူးခြားခြားဖော်ပြထားသည်။*၃ ထိုဒသဗုဒ္ဓအနာဂတဝင်ကျမ်းကို တည်းဖြတ်ခဲ့သော

---

*၁ ဒေါက်တာသန်းထွန်း၏ မြန်မာရာဇဝင်စာတမ်း၊ အမှတ်–၁။ ၁၉၆၉–ခုနှစ်။ (စာမျက်နှာ–၂၃၄)။ ထိုကျောက်စာကို ဓေတ်အက္ခရာဖြင့်လှယ်သော 'ဘုရားဖြတ်လှ ဂေါတမ၏ ခြေတော်ရင်း၌ ရှိသေကျိုးနွံ ဗျာဒိတ်ခံသော ဘုရားလောင်းတစ်ကိုယ်တော်တွင် အကြိုးဝင်သော ပေါင်လောင်သင် မဟာကဿပကား ပလလည်မည်သော ဆင်မင်းအဖြစ်ဖြစ်ဖူးခဲ့၏' –ဟု ဖြစ်ဖါသည်။

*၂ ကေ သမယံ ဘဂဝါ သာဝတ္ထိယံ ဥပနိဿာယ ပုပ္ပါရာမေ ဝိသာခါယ ကာရိတေ မိဂါရမာတုပါသာဒေ ဝိဟာရန္တေ၁ အဖိတထေရံ အာရဗ္ဘ ပုဋ္ဌန္တဿ သာဂိပုတ္တထေရဿ အနာဂတေ ဒသဗောဓိသတ္တုပ္ပတ္တိံ အာရဗ္ဘ ကထေသိ– ဒသဗောဓိသတ္တုပ္ပတ္တိကထာပေမ္မ(ပြည်၊ရွှေတောင်)။ Anāgatavaṃsa. JPTS. 1886. Page-39. သတ္ထာ သာဝတ္ထိယံ ဥပနိဿယေ ပုပ္ပါရာမေ ဝိသာခါယ ကာရာပိတာယ ဝသန္တော၁ အဖိတထေရံ အာရဗ္ဘ အနာဂတေ ဒသဗောဓိသတ္တံ ဥပ္ပန္နံ ဒေသေသိ– ဒသဗောဓိသတ္တုဒ္ဒေသ(ကမ္ဗောဒီးယားအက္ခရာပြင်သစ်မူ) JPTS. 1886. Page-40; Dasabodhisattuppattikathā. PTS. 1975. Page-119.

*၃ ဒသဗုဒ္ဓအနာဂတဝင်။ အနာဂတဝင်ဝတ္ထု။ ၁၉၅၈–ခုနှစ်။ (စာမျက်နှာ–၄၈)။

http://www.dhammadownload.com

ဟံသာဝတီပဒုကတ်ပုံနှိပ်တိုက် ပါဠိစာပြင်ဆရာကြီးဦးခင်စိုးနှင့်အဖွဲ့ကမူ 'ရင့်မာတစ်ကျိပ်ဘုရားရှင်အကြောင်းကို ပြဆိုသော ဒသဗုဒ္ဓအနာဂတဝင်ကို ရာမညတိုင်းမှ ဆရာတော်တစ်ပါးရေးသားသော ကျမ်းဟုယူရန်ရှိသည်' ဟု ပြဆိုထားပြန်ပါသည်။*၁

အနာဂတဝံသပါဠိနှင့်နိဿယကျမ်းကို ပုံနှိပ်မူသို့ရောက်အောင် ရှေးဦးပထမပို့ဆောင်တော်မူခဲ့သော စတုတ္ထမြစ်ကွေးဆရာတော်ဦးပညာဝံသကမူ 'ဒသဗုဒ္ဓအနာဂတဝင်ပါဠိကို ဇင်းမယ်အနာဂတဝင်ဟူ၍ ရှေးဆရာတော် မဟာထေရ်တို့ ပြောစမှတ်ပြုကြောင်း' ဖော်ပြထားလေရာ၊ ထိုကျမ်းသည် ဇင်းမယ်ဖြစ် ကျမ်းတစ်စောင်ဖြစ်ကြောင်း ယူဆနိုင်ပြန်သည်။*၂

စင်စစ် ဤဘုရားအလောင်းဆယ်ဆူအယူအဆသည် ပဒုကတ်ပါဠိတော်၌ 'နောင်ကာလ၌ မေတ္တေယျရှင်ပွင့်မည်' ဟူသော ဒီဃနိကာယ်၊ ပါထိကဝဂ္ဂ၊ စက္ကဝတ္တိသုတ်(၃၊၃။၆၃။)လာ မြတ်စွာဘုရားရှင်၏ ဗျာဒိတ်စကားကို အခြေခံပြီး 'ဘဂဝဒ်ဂီတာ(Bhagavad Gītā. V, 78.)လာ ဂြိကရိသျှန (Śrī Kṛṣna)၏ကိုယ်ပွားအယူအဆ၊ ထိုထက် အလွန်ရှေးကျသော ဗိဇဏု(Viṣṇu)၏ကိုယ်ပွားအယူအဆတို့ပေါင်းစပ်ထားသော အိန္ဒိယမြောက်ပိုင်း ဒေသအယူအဆများမှတစ်ဆင့် ထိုမြောက်ပိုင်းဒေသရှိ (မဟာယာန) ဗုဒ္ဓဘာသာအတွင်း ဝင်ရောက်လာခဲ့ခြင်း ဖြစ်သည်'*၃ ဟု ပညာရှင်တို့ယူဆကြသည်။*၄

သို့ပါ၍ ဘုရားအလောင်းဆယ်ဆူဟူသောအယူအဆသည် အိန္ဒိယနိုင်ငံမြောက်ပိုင်းဟိန္ဒူဘာသာအတွင်း၌ ဖြစ်ပေါ်ထင်ရှားခဲ့ပြီး၊ ထိုမှ မဟာယာနဗုဒ္ဓဘာသာဝင်တို့က အသွင်ပြောင်း၍လက်ခံထားကြသည်။ ထိုမှ သီရိလင်္ကာသို့*၅၊ ထိုမှ ထိုင်းနိုင်ငံသို့*၆၊ ထိုမှ ရာမညတိုင်း*၇ မြန်မာနိုင်ငံသို့ရောက်ရှိခဲ့မည်ဟုမှန်းဆရသည်။

---

*၁ ဒသဗုဒ္ဓအနာဂတဝင်။ အနာဂတဝင်ဝတ္ထု။ ၁၉၅၈–ခုနှစ်။ (စာမျက်နှာ–၂၅၊ အောက်ခြေမှတ်ချက်)။ ရာမညတိုင်း၌ မွန်ဘာသာဖြင့်ရေးသော ဒသဗုဒ္ဓအနာဂတဝင်စာအုပ်ဟူ၍ အေဒီ ၁၆၆၀–ပြည့်နှစ်တွင် နိုင်ဉာဏာဂန္ဓိက၊ အေဒီ ၁၈၂၈–ခုနှစ်တွင် နိုင်ပဏ္ဍိတ– စသည်တို့ရေးသားခဲ့သော စာအုပ်တို့ရှိကြောင်းသိရပြီး၊ ထိုစာအုပ်တို့ကို ဗန်ကောက်မြို့အနီး ပတ်လတ်ရွာ (Pāklāt) မွန်ပုံနှိပ်တိုက်က ရိုက်နှိပ်ခဲ့သည်။ နိုင်ပန်းလှ၏ ထိုင်းမှမွန်စာပေဟောင်းများ(ဆောင်းပါး)။ သုတေသနစာပေများ။ ၁၉၉၈–ခုနှစ်။ (စာမျက်နှာ–၄)။

*၂ ပထမငါးခုနှစ်ဆရာတော်၏ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၊ တတိယတွဲ။ ၁၉၃၅–ခုနှစ်။ (စာမျက်နှာ–၁၁၄)။

*၃ B. Bhattacharyya' Some Remarkable Buddhist Bronzes in Baroda. In India Antiqua. 1947. Page-27.

*၄ A.L.Basham' The Wonder that was India. 1959. Page-307; H. Saddhātissa' The Birth-Stories of The Ten Bodhisattas. 1975. Page-19.

*၅ သီရိလင်္ကာသို့ ဒသဗုဒ္ဓအနာဂတဝင်အပါအဝင် မဟာယာနဆန်သောစာပေမျိုးကို ဝဓိရိယဗုဒ္ဓဘာသာဂိုဏ်း(ဝဇ္ဇိယာနဂိုဏ်း)က သွတ်သွင်းခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်က မဟာယာနတို့သွတ်သွင်းခဲ့သောဘုရားအလောင်းမှာ အဝလောကိတေသွရဘုရားအလောင်းဖြစ်ပြီး၊ နောက်ပိုင်း၌ မေတ္တေယျကို ပြောင်းလဲခဲ့သည်။ H. Saddhātissa' The Birth-Stories of The Ten Bodhisattas. 1975. Page-34.

*၆ ထိုင်းနိုင်ငံတွင် အေဒီ ၁၃၄၇–ခုနှစ်၌ နန်းတက်သော သီရိသူရိယဝံသရာမမင်းလက်ထက်တွင် သီရိလင်္ကာမှ ဒသဗုဒ္ဓအနာဂတဝင်အပါအဝင် ဘုရားအလောင်းအယူအဆများရောက်ရှိခဲ့သည်။ ထိုမင်းလက်ထက်(အေဒီ–၁၃၆၁)ထိုး ကျောက်စာတစ်ချပ်တွင် ဤအချက်ထင်ရှားစေသည်။ G. Coedes' Documents sur la dynastie Sukhodaya. BEFEO, Vol. XVII. No.2. Page-4. The full text of the inscription is given in BEFEO, XVII, Vo.2. Page-30 f, H. Saddhātissa' The Birth-Stories of The Ten Bodhisattas. 1975. 1917. Page-20.

*၇ အရှင်ဗောဓိရံသီ ရေးသော စမ္ဘဒေဝီဝံသကျမ်းအရ လန်းဖွန်းမြို့နှင့် ပဲခူးရာမညဒေသသည် အေဒီ ၁၁–ရာစုကပင် ဆက်သွယ်ကူးလူးမှုရှိကြောင်း အထောက်အထားတစ်ရပ် D.K. Swearer and Sommai Premchit' The Legend of Queen Cāma. 1998. Chapte-12. Page-101-107 နှင့် အေဒီ ၁၃၄၇–ခုနှစ်တွင် လူထိုင်း(Lu Thai)မင်းပင့်ဖိတ်ချက်အရ သီရိလင်္ကာမှရဟန်းတော်များ ထိုင်းနိုင်ငံသို့ကြွလာရာ ရာမညတိုင်း ဟံသာဝတီပဲခူးတွင် ခေတ္တရပ်နားကြောင်းအထောက်အထားတစ်ရပ် (The World of Buddhism. 1984. Page-159.) တို့အရ ထိုင်းမှ ရာမည(ဟံသာဝတီပဲခူး)သို့ ဒသဗုဒ္ဓအနာဂတဝင်အပါအဝင် ဗုဒ္ဓကျမ်းစာများရောက်ရှိနိုင်သည်။

http://www.dhammadownload.com

ထိုဘုရားအလောင်းဆယ်ဆူ(ဒသဗုဒ္ဓအနာဂတ)ဝါဒ မြန်မာနိုင်ငံသို့ဝင်ရောက်လာချိန်တွင် ဟိန္ဒူဒဿအဝတာရ်အသွင် လုံးဝမရှိတော့ဘဲ ဗုဒ္ဓဘာသာအသွင်ပုံစံကျနအောင် ဖန်တီးထားပြီဖြစ်ပါသည်။ ဤသို့ ဗုဒ္ဓဘာသာအသွင်သို့ ရောက်အောင်ဖန်တီးထားခဲ့သော်လည်း၊ ပိဋကတ်ပါဠိစာပေလာအချက်အလက်တို့နှင့် ကိုက်ညီခြင်းမရှိသည့် အတွက် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့အနေဖြင့် ထိုဘုရားအလောင်းဆယ်ဆူအယူအဆကို မုချလက်ခံနိုင်ရန် ခဲယဉ်းလှပေသည်။

ဒသဗုဒ္ဓအနာဂတနှင့် မဟာဝဿု၊ ဒဿအဝတာရ်

'ဂေါတမဘုရားရှင်၏သာသနာလွန်ပြီးသည့်နောက်တွင် ဘုရားများစွာပွင့်လာဦးမည်' ဟူသောအယူအဆကို မြောက်ပိုင်းဗုဒ္ဓဘာသာဝင်များ၏ သဒ္ဓရ်မပုဏ္ဍရီက(Saddharmapuṇḍarīka)*၁၊ သုဝဏ်ဏပြဘာသ (Suvarṇaprabhāsa)*၂၊ လလိတဝိတ္ထရ(Lalitavistara)*၃၊ သုခါဝတီဗျူဟ (Sukhāvatīvyuha)*၄၊ ကရုဏာပုဏ္ဍရီက (Karuṇāpuṇḍarīka) နှင့် တထာဂတအစိန္တျဂုဟျနိရ်ဒေဖ (Tathāgata acintya guhya nirdeṣa)*၅ စသော ကျမ်းတို့တွင်တွေ့ရသည်။ ထိုကျမ်းတို့၌ နောင်အခါ၌ပွင့်လတ္တံ့သော ဘုရားအလောင်းအရေအတွက်မှာ ထောင်,သောင်း,ကုဋေမကရှိ၍ ဗုဒ္ဓခေတ္တ(Buddha fields)များဖြင့် ပြဆိုထားသည်။

ယခုအခါ ကွယ်ပျောက်နေပြီဖြစ်သော ဟိနယာနဗုဒ္ဓဘာသာဂိုဏ်းဝင်တို့အသုံးပြုခဲ့သည့် မဟာဝဿု (Mahāvastu)အမည်ရှိသောကျမ်းတွင်လည်း ဘုရားအလောင်းအမည်အများအပြားကိုပြဆိုထားပြီး၊ ဒသဗုဒ္ဓ အနာဂတဝင်၌လာသော ဘုရားအလောင်းဆယ်ဆူကိုလည်းဖော်ပြထားသည်။

သို့ဖြစ်၍ ဟိန္ဒူတို့လက်ခံထားသော ဗိဿနိုး၏ဒဿအဝတာရ်ဆယ်ဆူ၊*၆ မဟာဝဿုကျမ်းလာ ဘုရားအလောင်းဆယ်ဆူ*၇နှင့် ဒသဗုဒ္ဓအနာဂတဝင်ကျမ်းလာ ဘုရားအလောင်းဆယ်ဆူ*၈ တို့ကို အောက်ပါအတိုင်း နှိုင်းယှဉ်ကြည့်နိုင်ပါသည်။

---

*၁ H. Kern and B.Nanjio(ed.)' Saddharmapuṇḍarīka. 1912. Page-144.

*၂ Suvarṇaprabhāsa, (Manuscript No.8) Hodgsen Collection, RAS, London. 14 a.5.

*၃ S. Lefmann(ed.)' Lalitavistra. 1902. 402. 10.

*၄ F. Max Muller and B. Nanjio(ed.)' Sukhāvatīvyuha. 1883. Page-10.

*၅ Bu Ston' The History of Buddhism in India and Tibet. 1998. Page-91.

*၆ K. Werner' A Popular Diationary of Hinduism (Hind.) 1997. မှဖြစ်သည်။
ဤကျမ်းကို 'Hind.'ဟု အတိုမှတ်ဖြင့်ပြထားသည်။

*၇ J. J. Jones(Tr.)' Mahāvastu. Vol.I, II, III. (Mv.) 1949, 1952, 1956. မှဖြစ်သည်။
ဤကျမ်းကို 'Mv.'ဟု အတိုမှတ်ဖြင့်ပြထားသည်။

*၈ H. Saddhātissa(ed.)' Dasabodhisattuppattikathā. (DBK) 1975. မှဖြစ်သည်။
ဤကျမ်းကို 'DBK'ဟု အတိုမှတ်ဖြင့်ပြထားသည်။
Dr. Malalasekera' Dictionary of Pāli Proper Names Dictionary. Vol.I and II. 1960. သို့လည်း ညွှန်ပြထားပါသည်။
ဤကျမ်းကို 'DPPN. I, II.'ဟု အတိုမှတ်ဖြင့်ပြထားသည်။

http://www.dhammadownload.com

ဒသအဝတာရ (ဟိန္ဒူ)	မဟာဝဿု (မဟာယာန)	ဒသဗုဒ္ဓအနာဂတဝင် (ပါဠိ)
၁။ မစ္ဆ (ငါး) Matsya Hind. 108.	၁။ မေတ္တေယျ (Maitreya) Mv.III. 267.	၁။ မေတ္တေယျ - DBK.54, 119. DPPN.II. 660.
၂။ ကုရ်မ (လိပ်) Kurma Hind. 93.	၂။ သိဟ*၁ (Saṃha) Mv.III. 267.	၂။ ရာမ - DBK.62,129. DPPN.II. 733[4].
၃။ ဝရာဟ (ဝက်) Varāha Hind. 169.	၃။ ကေတု*၂ (Ketu) Mv.III. 267.	၃။ ဓမ္မရာဇာ (ပသေနဒိကောသလ) DBK.64,132. DPPN.II. 174.
၄။ နရသိဟ (လူခြင်သေ့) Narasaṃha Hind. 113.	၄။ ပြဒျောတ (Pradyota) Mv.III. 267.	၄။ ဓမ္မသာမိ (အဘိဘူဒေဝရာဇာ) DBK.67,136. DPPN.I. 141[3].
၅။ ဝါမန (လူပုဝမန) Vāmana Hind. 169.	၅။ ဇျောတိန်*၃ (Jyotin) Mv.III. 267.	၅။ နာရဒ (ဒီဃသောဏ=ရာဟုသုရိန္ဒော) DBK.71,140. DPPN.II. 735.
၆။ ပရုရာမ (ပေါက်ဆိန်ကိုင်ရာမ) Paraśurāma Hind. 118.	၆။ သုနေတြ (Sunetra) Mv.III. 267.	၆။ ရံသိမုနိ (စက်ကြာဟွဏ) DBK.74,143. DPPN.I. 836.
၇။ ရာမ (ရာမစန္ဒ) Rāmacandra Hind. 128.	၇။ ကုသုမ Kusuma Mv.III. 267.	၇။ ဒေဝဒေဝ (သုဘကြာဟွဏ) DBK.78,147. DPPN.II. 1227[2].
၈။ ကရိဖဏ *၄ Kṛṣṇa Hind.90.	၈။ ကုသုမ (Kusuma) Mv.III. 267.	၈။ နရသီဟ (တောဒေယျကြာဟွဏ) DBK.80,149. DPPN.I. 1038[1].
၉။ ဗုဒ္ဓ Buddha Hind.47.	၉။ မေရု (Meru) Mv.III. 267.*၅	၉။ တိဿ (ဓနပါလဆင်) DBK.82,152, DPPN.I. 1132[1].
၁၀။ ကလ်ကီ Kalki. Hind. 85.	၁၀။ ပုပ္ဖ*၆ (Puṣpa) Mv.III. 267.	၁၀။ သုမင်္ဂလ (ပါရိလေယျဆင်) DBK.88,158. DPPN.II. 191.

*၁ တိဘက်တွင် 'Seṅ-ge'. Buston' The History of Buddhism in India and Tibet. 1998. Page-94 [860].

*၂ တိဘက်တွင် 'Tog Kg'. Buston' The History of Buddhism in India and Tibet. 1998. Page-96 [862].

*၃ တိဘက်တွင် 'Skar-ma-la-dyaḥ-ba'. Buston' The History of Buddhism in India and Tibet. 1998. Page-96 [876].

*၄ Gudrun Buhnemann and Masashi Tachikawa' The Hindu Deities Illustrated. 1990. Page-19, Fig.4a. No.21-31. ထိုကျမ်းတွင် အဝတာရ်အမှတ်စဉ်(၈) 'ကရိဖန' နေရာ၌ 'ဗလဘဒြ(Balabhadra)' ဟုဖော်ပြထား၊သည်။

*၅ Mahāvastu. II. 355 တွင် မရု(Maru) ဟုဖော်ပြထား၊သည်။

*၆ တိဘက်တွင် 'Skar-rgyal Kg'. Buston' The History of Buddhism in India and Tibet. 1998. Page-96 [868].

http://www.dhammadownload.com

အထက်ပါဖေယားကွက်ကိုကြည့်ခြင်းအားဖြင့် ဗိဿနိုး၏ဒသအဝတာရ်အယူအဆမှ ဒသဗုဒ္ဓအနာဂတဖြစ်လာနိုင်ပုံကို ဆင်ခြင်နိုင်ပါသည်။ တစ်ဖန် ဒသဗုဒ္ဓအနာဂတသည် မြောက်ပိုင်းဗုဒ္ဓဘာသာဝင်တို့၏ မဟာဝပ္ပုကျမ်းလာ ဒသဗုဒ္ဓအနာဂတနှင့်နီးစပ်နီးနွယ်နေပုံကိုလည်း လေ့လာနိုင်ပါသည်။ သို့ဖြစ်၍ ဆရာတော် အရှင်သဒ္ဓါတိဿက ဒသဗုဒ္ဓအနာဂတကျမ်းသည် ဟိန္ဒူဘာသာအယူဝါဒနှင့် မဟာယာနဗုဒ္ဓဘာသာဝင်တို့၏ အယူအဆများလွှမ်းမိုးနေကြောင်း ရေးသားဟူးသည်။[*၁] ဗုဒ္ဓဓြေတော်ရာပညာရှင် ဒေါက်တာဆိုင်လာ (Dr. W.C. Sailer)ကမူ ပါဠိဘာသာဖြင့်မှတ်တမ်းတင်ထားသော ဒသဗုဒ္ဓအနာဂတဝင်ကျမ်းလာအယူအဆတို့ကို ဟိန္ဒူဘာသာ ဒသအဝတာရ်မှရခြင်းထက် မဟာယာနဗုဒ္ဓဘာသာဝင်တို့၏မဟာဝပ္ပုကျမ်းမှကူးယူခြင်းကပို၍ဖြစ်နိုင်သည်ဟု တင်ပြခဲ့ပါသည်။[*၂]

❁ ❁ ❁ ❁ ❁

*၁ H.Saddhātissa(Tr.)' The Birth-Stories of the Ten Bodhisattas 1975. Page-19.

*၂ Dr. W.C. Sailer' Textual Evidence of Sottatthakī Mahānidāna. 1983. Page-10.

http://www.dhammadownload.com

အခန်း (၁၄)

မေတ္တာယျဖုဒ္ဓဝင်ကျမ်းများ (၃)

အနာဂတဝင်ကျမ်းနှင့် ဒသဗုဒ္ဓအနာဂတဝင်(ဒသဗောဓိသတ္တုပ္ပတ္တိကထာ) မည်သော မေတ္တာယျဖုဒ္ဓဝင်ကျမ်းစာနှစ်စောင်ကိုတင်ပြပြီးသည့်နောက် သီရိလင်္ကာ၊ ထိုင်း။ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့ရှိ မေတ္တာယျဖုဒ္ဓဝင်ကျမ်းများနှင့် အာရှအလယ်ပိုင်းဒေသ၊ တရုတ် စသောနိုင်ငံများ၌ထင်ရှားလျက်ရှိသော မဲတြေယသမိတိနှင့် မဲတြေယဗျာကရဏာ စသောမေတ္တာယျဖုဒ္ဓဝင်ကျမ်းစာတို့ကိုတင်ပြလိုပေသည်။

သီရိလင်္ကာနိုင်ငံမှမေတ္တာယျဖုဒ္ဓဝင်ကျမ်းများ

သီရိလင်္ကာနိုင်ငံရှိ မေတ္တာယျဖုဒ္ဓဝင်ကျမ်းများကိုတင်ပြရာတွင် မေတ္တာယျဖုဒ္ဓဝင်ဟု အမည်မခံသော်လည်း ဒသဗုဒ္ဓအနာဂတဝင်အကျဉ်း(ဥဒ္ဒေသ)ကို ထည့်သွင်းဖော်ပြထားသော သောတတ္ထကီမဟာနိဒါနအမည်ရှိ*၁ ဗုဒ္ဓဝင်ကျမ်းစာအကြောင်းကို ရှေးဦးတင်ပြလိုပေသည်။

သောတတ္ထကီမဟာနိဒါနသည် ဂေါတမဗုဒ္ဓဝင်ကိုဖော်ပြထားသောကျမ်းတစ်စောင်ဖြစ်သည်။ ထိုဗုဒ္ဓဝင်၌ ဂေါတမမြတ်စွာဘုရားရှင်သည် ၁၆-သင်္ချေကာလပတ်လုံး ဘုရားအဖြစ်ကို စိတ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း တောင့်တခဲ့ပုံမှစ၍ ဘုရားအဖြစ်သို့ရောက်တော်မူသည်အထိရေးသားထားပြီး၊ နိဂုံးပိုင်း၌ နောင်အခါဘုရားပေါင်း(၅၁၀)ပွင့်လိမ့်မည်၊ ရှေးဦးစွာမေတ္တာယျရှင်ပွင့်တော်မူပြီး နောက်ထပ်ဘုရားကိုးဆူပွင့်တော်မူလိမ့်မည်၊ ထို့နောက် ဘုရားအဆူငါးရာပွင့်တော်မူလိမ့်မည်-စသည့်အကြောင်းအရာတို့ကို အရှင်အာနန္ဒာလျှောက်ထားတောင်းပန်၍ ဘုရားရှင်ဟောကြားတော်မူဟန်ရေးသားထားလေသည်။*၂

ထေရဝါဒပိဋကတ်ပါဠိတော်နှင့်အဋ္ဌကထာတို့တွင် ဂေါတမမြတ်စွာဘုရားရှင်သည် ဒီပင်္ကရာဘုရားလက်ထက် သုမေဓာရှင်ရသေ့ဘဝ၌ ဗျာဒိတ်ခံယူပြီးနောက် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းပါရမီဖြည့်ရပုံကိုသာဖော်ပြခဲ့ကြသော်လည်း သောတတ္ထကီ

---

*၁ သောတတ္ထကီ-ကို (သုဂတ+အတ္ထ+ကီ)ဟု ပုဒ်ခွဲသည်။ သုဂတ=ဘုရား၏+အတ္ထ=အကြောင်းကား+ကီ=မည်သို့နည်း?။ သုဂတတ္ထကီ-မှာ ဂါစာသိလိဋ္ဌမဖြစ်၍ သောတတ္ထကီ-ဟု ကျမ်းအမည်ပေးထားသည်။ ဦးထွန်းလှိုင်၏ နိဒါန်း။ ဒီနတ္ထပကာသနီကျမ်း။ ၁၉၉၇-နှစ်။ (စာမျက်နှာ-၃)။ ထိုင်းနိုင်ငံက သောတတ္ထကီကျမ်းကို မဟာနိဒါနဟုခေါ်သည်။

*၂ သောတတ္ထကီပါဠိ။ ၁၉၂၈-နှစ်။ မာတုရုန္ဒရုကနာဒိကဝတ္ထု (စာမျက်နှာ-၁၂)၊ ဂစ္ဆိယရာဇဝတ္ထု (စာမျက်နှာ-၁၇)၊ မြဟွဏ္ဍသိဝတ္ထု (စာမျက်နှာ-၂၀)၊ သိဒ္ဓတ္ထတေလဒါယိကာရာဇပုတ္တိဝတ္ထု (စာမျက်နှာ-၂၈)၊ စိန္တိတသတ္တအသင်္ခေယျဝဏ္ဏနာ (စာမျက်နှာ-၂၈) နှင့် (စာမျက်နှာ-၈၆)။

http://www.dhammadownload.com

ကျမ်းဌ ထိုလေးသချေါနှင့်ကမ္ဘာတစ်သိန်းကိုကျော်၍ ၁၆-သချေါကာလမှစ၍ ဘုရားဆုကို စိတ်တွင်းဌပန်ဆင်ပုံကို ဖော်ပြထားသည့်အတွက် စာပေပညာရှင်အချို့က ဤသောတတ္တကီကျမ်းအယူကိုလက်မခံလိုကြပေ။*၁ သို့ပါသော် သောတတ္တကီကျမ်းလာ 'စိန္တိ တံ သတ္တာသချေါယျံ' ခေါ် ၁၆-သချေါအလွန်က ဘုရားဆုပန်သောအယူအဆသည် ယခုအခါ မြန်မာနိုင်ငံဌအလွန်ထင်ရှားအမြစ်တွယ်နေပြီဖြစ်သည်။ ဤနိုင်ငံဌ အလွန်ထင်ရှားကျော်ကြားလျက်ရှိသော သမ္မုဒ္ဒေဘုရားရှိခိုးဂါထာသည်ပင် စိန္တိ တံ-ဂါထာကိုအခြေခံ၍ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။*၂

သောတတ္တကီကျမ်း၏နိဂုံးဌ ထိုကျမ်းကို ရှင်ဗုဒ္ဓယောသ*၃ ပြုစုသည်ဟုရေးသားထားပါသည်။ ပါဠိစာပေလောကဌ် အဌကထာကျမ်းပြုရှင်မဟာဗုဒ္ဓယောသသည် အထင်အရှားရှိနေပြီဖြစ်၍ သောတတ္တကီကျမ်းပြု အရှင်ဗုဒ္ဓယောသကို စူဠဗုဒ္ဓယောသ(ဗုဒ္ဓယောသအငယ်)ဟု ခေါ်တွင်ခဲ့ကြသည်။ အချို့သောပညာရှင်တို့က ထိစူဠဗုဒ္ဓယောသသည် အရှင်မဟာဗုဒ္ဓယောသအား အဌသာလိနီအဌကထာပြုစုရန် တိုက်တွန်းသောပုဂ္ဂိုလ်ဖြစ်ပြီး အရှင်မဟာဗုဒ္ဓယောသနှင့်အတူ ထေရိယနိကာယ ဖြစ်သော မဟာဝိဟာရကျောင်းဌ အတူသီတင်းဖက်ဟုလည်း ယူဆကြသည်။*၄ သို့ပါသော် အချို့သောပါဠိစာပေပညာရှင်တို့ကမူ 'အဌသာလိနီရေးရန်တိုက်တွန်းသူ အရှင်ဗုဒ္ဓယောသနှင့် သောတတ္တကီကျမ်းပြုသူအရှင်ဗုဒ္ဓယောသသည် တစ်ပါးတည်းပင်ဖြစ်သည်ဟု အစဉ်အလာပြောကြသည်၊ ထိုအချက်နှင့်စပ်၍ လေ့လာရန်များစွာလိုပေသေးသည်'ဟု ရေးသားခဲ့ကြသည်။*၅

သောတတ္တကီမဟာနိဒါနကျမ်းကို ပညာရှင်အဆက်ဆက်တို့က အကျယ်တဝင့်လေ့လာသုံးသပ်ပြီးဖြစ်၍*၆ ထိကျမ်းအကြောင်းကို ဤနေရာဌ်မတင်ပြတော့ဘဲ ဤကျမ်း၏နိဂုံးနေရာဌ်ဖော်ပြထားသော ဘုရားအလောင်း ဆယ်ဆူအကြောင်း (ဒသဗုဒ္ဓအနာဂတဝင်)အကျဉ်း (ဥဒ္ဒေသ)ကိုသာ တင်ပြလိုပေသည်။

သောတတ္တကီမဟာနိဒါနကျမ်းဌ် ဒသဗုဒ္ဓအနာဂတဝင်ကိုဖော်ပြရာတွင် 'ရှေးဦး ဘုရားအလောင်း ၁၀-ပါးပွင့်ကြမည်၊ ထိနောက် ဘုရားအလောင်း ၅၀၀-တို့ပွင့်ကြမည်'ဟု အာနန္ဒပုစ္ဆိကထား၊ (ဂါထာ-၆၂၉၊ ၆၃၀)တွင် ဖော်ပြထားသည်။*၇ ထိုဘုရားအလောင်းငါးရာငါးဆယ်တို့တွင် ရှေးဦးပွင့်မည့်ဘုရားအလောင်း ၁၀-ပါးကို 'ရင့်မှာတစ်ကျိပ်'၊ နောက်ပိုင်းပွင့်မည့်ဘုရားအလောင်း ၅၀၀-ကို 'နုမှာငါးရာ'ဟု မြန်မာစာပေဌ် ခေါ်တွင်နေပြီဖြစ်သည်။ ထိုတွင် 'ရင့်မာတစ်ကျိပ်'ခေါ် ရှေးဦးစွာပွင့်လာမည့် ဘုရားအလောင်းဆယ်ဆူတို့၏

---

*၁ မုံရွေးဓေတဝန်ဆရာတော်၏သမန္တ စက္ခုဒီပနီကျမ်း။ ၁၉၈၅-ခုနှစ်။ (စာမျက်နှာ-၇၀၁)။

*J Peter Skilling' The Sambuddhe Verses and later Theravādin Buddhology. JPTS. Vol.22, 1996. Page-164; U Aung Mon' Practical Effects of the Five Versions of The Sambuddhe Gathā. 2002. Page-4.

*၃ ဂန္ထ ဝံသဌ် ဤအရှင်ဗုဒ္ဓယောသသည် သောတတ္တကီနှင့်ဇာတတ္တကီ(ဇာတကနိဒါနကထာ)နှစ်ကျမ်းကိုပြုစုကြောင်း ဖော်ပြထားသည်။ Gandha-Vaṃsa. JPTS. 1886. Page-55,80; M.Bode' Index of the Gandhavaṃsa JPTS. 1896. Page-86.

*၄ အရှင်အာလောကာ၏ သောတတ္တကီပါဠိနိဿျ။ ၁၉၂၈-ခုနှစ်။ (စာမျက်နှာ-၄)။ သီရိလင်္ကာနိုင်ငံတွင် ထေရိယနိကာယဝင် ထေရဝါဒသံဃာများ သီတင်းသုံးသော မဟာဝိဟာရဂါမသီဂိုဏ်းနှင့် မဟာယာနဝိဇုကကိုလေ့လာကျင့်သုံးသော အဘယဂိရိဂါမသီဂိုဏ်းသားတို့ရှိကြသည်ဖြစ်ရာ၊ သောတတ္တကီကျမ်းကို အဘယဂိရိဂါမသီဂိုဏ်းသား(မဟာယာန)တို့၏လက်ရာမဟုတ်နိုင်၊ မဟာဝိဟာရဂါမသီဂိုဏ်းသား(ထေရဝါဒ)တို့၏လက်ရာသာဖြစ်ကြောင်း- ဦးအာလောကာ၏ သောတတ္တကီပါဠိနိဿယ။ ၁၉၂၈-ခုနှစ်။ (စာမျက်နှာ-၄)။

*၅ ဦးထွန်းလှိုင်၏ နိဒါန်း။ ဓိနတ္ထပကာသနီကျမ်း။ ၁၉၉၇-ခုနှစ်။ (စာမျက်နှာ-၃)။

*၆ C. Duroiselle' Bassein. ASI. 1929-30. Page-158; Godakumbura' Sinhalese Literature. 1955; Dr. W.C. Sailer' Textual Evidence of Sottatthakī Mahānidāna. 1983; Hinuber' A Handbook of Pāli Literature. 1997; Karen Anne Derris' Virtue and Relationships in a Theravādin Biography of The Bodhisatta: A Study of The Sotaṭṭhakīmahānidāna. 2000. Ph. D. Thesis for Harvard University, Cambridge, Massachusetts.

*၇ အရှင်အာလောကာ၏ သောတတ္တကီပါဠိနိဿျ။ ၁၉၂၈-ခုနှစ်။ (စာမျက်နှာ-၈၇)။

http://www.dhammadownload.com

ဘွဲ့မည်နာမကို ထိုမဟာနိဒါနများ၌ဖော်ပြထားသော်လည်း 'နမ္ဟာငါးရာ'ခေါ် နောင်ပွင့်လတ္တံ့သောဘုရားအလောင်း ၅၀၀-တို့၏ဘွဲ့နာမည်တို့ကိုမူကား ဖော်ပြထားခြင်းမရှိပေ။

ရင့်မှာတစ်ကျိပ်ခေါ် ရွှေဦးပွင့်မည့်ဘုရားလောင်း ၁၀-ပါးတို့၏ဘွဲ့မည်ကို 'မေတ္တေယျ၊ ဥတ္တမရာမ၊ ပသေနဒိကောသလ၊ အဘိဘူ၊ ဒီဃသောဏိ၊ စက်ီ၊ သုဘ၊ တောဒေယျဗြာဟ္မဏ၊ နာဠာဂိရိ၊ ပါလိလေယျ'*၁ ဟူ၍ဖော်ပြထားသည်။ မြန်မာနိုင်ငံ၌အသိများပြီးဖြစ်သော ရင့်မာတစ်ကျိပ်စာရင်းအတိုင်းပင်ဖြစ်သည်။ ဤအချက်ကို ထောက်၍ မြန်မာမူ 'ရင့်မာတစ်ကျိပ်'သည် သောတတ္ထကီမဟာနိဒါနကျမ်းကိုအခြေခံ၍ ဖြစ်ပေါ်လာခဲ့ကြောင်း ထင်ရှားနေသည်။

ထိုသောတတ္ထကီကျမ်း၌ နောက်ထပ်ထူးခြားသောအချက်တစ်ရပ်မှာ- 'ဗောဓိပင်စိုက်ပျိုးသူ၊ ဘုရားဆင်းတုကို ထုလုပ်ပူဇော်သောသူတို့သည် ထိုကုသိုလ်အကျိုးအားကြောင့် ဘုရားဖြစ်လိမ့်မည်'ဟူသော ရေးသားချက်ပင်ဖြစ်သည်။ ဤအချက်နှင့်စပ်၍ ဂါထာပေါင်းလေးဂါထာ(ဂါထာ ၆၁၁-၆၁၄)တို့ဖြင့် ရေးသားထားသည်မှာ-

ဂါထာအမှတ်-၆၁၁။ (ရှင်အာနန္ဒာက) 'အရှင်ဘုရား၊ စင်စစ် ဘုရားအဖြစ်သည်အလွန်ရနိုင်ခဲ၏၊ ဤသို့ရွေးက ကျွန်ုပ်ကြားဖူးပါ၏။ အရှင်ဘုရားတို့၏စကားကား အဘယ်သို့ပါနည်း'-ဟု မေးလျှောက်ခဲ့၏။

ဂါထာအမှတ်-၆၁၂။ (ဘုရားရှင်က) 'အကြင်ရဟန်းဖြစ်စေ၊ အကြင်လူဖြစ်စေ၊ အကြင်တစ်ခုံတစ်ယောက်သော ပုဂ္ဂိုလ်ဖြစ်စေ ထိုသူသည် ဗောဓိပင်ကိုစိုက်ပျိုး၏။ အကြင်သူတစ်ဦးကမူ ဘုရားရှင်၏ဆင်းတုတော်ကိုပြု၏။ ထိုဗောဓိပင်စိုက်သူ, ဆင်းတုပြုသူတို့သည် ကောန်မချွတ်ဘုရားဖြစ်ကြမည်။

ဂါထာအမှတ်-၆၁၃။ အကြင်သူသည် ငါဘုရားနှင့်တူသော နတ်၊ သိကြားတို့ကိုလွှမ်းမိုးနိုင်သည့်အဆင်း ရှိသည့် ဆင်းတုတော်ကိုပြု၏။ အကြင်သူသည် မြေညက်အစရှိကုန်သော အဖိုးများစွာထိုက်တန်သောရတနာတို့ဖြင့် ဆင်းတုတော်ကိုပြု၏။ ထိုသူသည် ထိုပြုအပ်သော ကုသိုလ်စွမ်းအားကြောင့် လောက၌ဘုရားဖြစ်လတ္တံ့။

ဂါထာအမှတ်-၆၁၄။ ထို့ကြောင့် သမ္မဉ္ဇလတဉာဏ်တည်းဟူသော ဥစ္စာကိုအလိုရှိသော, ပညာရှိသောပုဂ္ဂိုလ်သည် အလုံးစုံသောဘုရားသခင်တို့ ချီးမွမ်းအပ်သော ထိုဆင်းတုတော်ကိုပြုရာ၏-ဟု ဖြစ်သည်။*၂

---

*၁ သောတတ္ထကီပါဠိ။ ၁၉၂၈-ခုနှစ်။ (စာမျက်နှာ-၈၈)။

*၂ ၆၁၁။ ဘန္တေ သစေ ဝေရွပံ၊ ဗုဒ္ဓဘာဝံ သုဒုလ္လဘံ။
ဧဝံ မယာ သုတံ ပုဗ္ဗေ၊ တုမှာကံ ဝစနံ ကထံ။
၆၁၂။ ယော ဗောဓိရုက္ခံ ရောပေတိ၊ ယောစ ပဗ္ဗဇိတောနရော။
ယောစ သတ္ထုကရောဇိမ်ံ၊ ခုဝံ ဗုဒ္ဓေါ ဘဝိဿတိ။
၆၁၃။ ဇိမ်ံ မမပ္ပတိသမံ ဝိစ ယော ကရောတိ၊
ဒေဝပုရိန္ဒဒမပိ ဘိဘာဝန္တ ဝဏ္ဏံ။
ယော မတ္တိကာဒီဟိ မဟာရတ္တေဟိ လောကေ၊
ဗုဒ္ဓေါ ဘဝိဿတိ ကတေန ဗလေန တေန။
၆၁၄။ တသ္မာ ကရေယျ တံ ဇိမ်ံ၊ သမ္မဗုဒ္ဓေဟိ ဝဏ္ဏိတံ။
သမ္မဉ္ဇတ ဉာဏခေနံ၊ ဣစ္ဆန္တေန ပညဝါ နရော။
အရှင်အာလောက(တည်း)၏ သောတတ္ထကီပါဠိနိဿျ။ ၁၉၂၈-ခုနှစ်။ (စာမျက်နှာ-၈၆)။

http://www.dhammadownload.com

အနာဂတဝံသကျမ်းကို သီရိလင်္ကာနိုင်ငံတွင် အလွန်ရှေးကျသောကျောင်းတိုက်ပရိဝုဏ်ကြီးများ (The Temple of Mulgirri Galle, The Temple of Matura နှင့် The Temple of Bentotte. စသည်)–တွင် 'အနာဂတဝံသေ'ဟူသောအမည်ဖြင့် သီဟဠဘာသာဖြင့် ပေထက်အက္ခရာတင်ပြီးထိန်းသိမ်းထားရှိကြသည်။*၁

ရုရှားပါမောက္ခမိနာယဲဖ် တည်းဖြတ်၍ ၁၈၈၆–ခုနှစ်ထုတ် ပါဠိကျမ်းစာအသင်းဂျာနယ်တွင် အနာဂတဝံပါဠိကိုဖော်ပြပြီးသည့်နောက် ထိုမူကို သီရိလင်္ကာနိုင်ငံသားပညာရှင် အရှင်ဝဋ္ဋရမေဓာနန္ဒ(Vaṭaddara Medhānanda)ကတည်းဖြတ်၍ သီဟဠအက္ခရာဖြင့်ဖလှယ်ကာ ၁၉၃၄–ခုနှစ်နှင့် ၁၉၅၄–ခုနှစ်တို့တွင် နှစ်ကြိမ်ပုံနှိပ်ခဲ့ပါသည်။*၂ အနာဂတဝံသအဖွင့် သမန္တ ဘဒ္ဒိကာအဋ္ဌကထာကိုလည်း သီဟဠအက္ခရာဖြင့်ပုံနှိပ်ခဲ့သည်။ ထို့ပြင် ဒသဗောဓိသတ္တုပ္ပတ္တိကထာပါဠိကို ပဏ္ဍိတမထေရ်တည်းဖြတ်၍ သီဟဠဘာသာဖြင့် ၁၉၂၆–ခုနှစ်ကပုံနှိပ်ခဲ့သည်။*၃ ကန္ဒီမြို့ရှိ Daḷadā Māligāva ကျောင်း၏ ပိဋကတ်တိုက်အတွင်း အရှင်ဥပတိဿပြုစုသည်ဟု ကမ္ဘည်းတင်ထားသည့် အနာဂတဝံသဋီကာတစ်စောင်ကိုတွေ့ရသည်။*၄

သီရိလင်္ကာဘာသာဖြင့်ပြုစုထားသော အနာဂတဝံသယ (Anāgatāvaṃsaya)ခေါ် မေတေဗုဒုသိရိတ (Metebudusirita)အမည်ရှိ မေတ္တေယျဗုဒ္ဓဝင်ကျမ်းကို စတုတ္ထပရက္ကမဗာဟုမင်း(အေဒီ–၁၃၂၅?)က တောင်းပန်၍ ပရက္ကမမဟာထေရ်သည် အနာဂတဝံသပါဠိနှင့်အဋ္ဌကထာတို့ကိုအခြေပြု၍ရေးသားခဲ့သည်။ ထိုပရက္ကမမဟာထေရ်သည် သီရိလင်္ကာဘာသာဖြင့် ဗောဓိဝံသကျမ်းကိုလည်းပြုစုခဲ့သည်။ စတုတ္ထပရက္ကမဗာဟုမင်းသည် မေတ္တေယျဗုဒ္ဓဝင်ခေါ် အနာဂတဝံသကျမ်းကိုနှစ်သက်လှသဖြင့် ညစဉ်နာယူလေ့ရှိသည်။

ရတ္နာဝလိယ(Ratnāvaliya)၊ ပူဇာဝလိယ(Pūjāvaliya)နှင့် အလင်္ကာရယ(Alankāraya)တို့တွင်လည်း မေတ္တေယျရှင်ပွင့်ထွန်းလာမည့်အကြောင်းတို့ကို သီရိလင်္ကာဘာသာဖြင့်ထည့်သွင်းရေးသားထားကြောင်းတွေ့ရသည်။*၅

သီရိလင်္ကာနိုင်ငံတွင် ဥပုသ်နေ့တရားပွဲများနှင့် ဘုရားကျောင်းကန်တရားပွဲများစသည်တို့တွင် အနာဂတဝံသကျမ်းမှထုတ်နုတ်ကာ 'မဲတြိဝရ်ဏနာဝ (Maitrīvarṇanāva) တရား'ကို ဟောကြားလေ့ရှိသည်။ အချို့သော တရားပွဲများတွင် အခြားတရားဝတ္ထုတို့ကိုဟောကြားပြီးသည့်နောက် တရားအဆုံး၌ အနာဂတဝံသတရားကို ထည့်သွင်းဟောကြားပြီး နိဂုံးသတ်လေ့ရှိသည်။*၆

ထိုင်းနိုင်ငံမှ မေတ္တေယျဗုဒ္ဓဝင်ကျမ်းစာများ

ထိုင်းနိုင်ငံ၌ ဆူခိုထိုင်း ခေါ် သုခေါဒယ (Sukhodaya=သုခ+ဥဒယ)ဘုရင် လောဒေယဘွဲ့မည်ရှိ လိုထိုင်းမင်း (Lodaiya= Lo Tai. အေဒီ ၁၂၉၈–၁၃၄၇)သည် ထေရဝါဒဗုဒ္ဓဘာသာကိုသာမက မဟာယာနဗုဒ္ဓဘာသာကိုလည်း ချီးမြှောက်သောမင်းဖြစ်သည်။ ထိုမင်းလက်ထက်ရေးထိုးသောကျောက်စာတစ်ချပ်တွင် 'ဘုရင်လောဒေယသည် မဟာနိဒါနလာဘုရားအလောင်းဆယ်ဆူမှ မေတ္တေယျရှင်အားအာရုံပြု၍မန္တန်ကိုရွတ်ဆိုကြောင်း' ဖော်ပြ

---

*၁ Upham(ed.)' Sacred and Historical Books of Ceylon. Vol.III. 1883. Page-172,178,181.

*၂ Masahiro Kitsudo' Pali Texts Printed in Sri Lankā in Sinhalese Characters. 1997. Page-64.

*၃ Masahiro Kitsudo' Pali Texts Printed in Sri Lankā in Sinhalese Characters. 1997. Page-32; H. Saddhatissa' The Birth-Stories of The Ten Bodhisattas. PTS. 1975. Page-2.

*၄ Malalasekera' The Pāli Literature of Ceylon. 1928. Page-160.

*၅ Godakumbura' Sinhalese Literature. 1955. Page-103.

*၆ H. Saddhatissa' The Birth-Stiries of The Ten Bodhisattas. PTS. 1975. Page-32.

http://www.dhammadownload.com

ထားသည်။*၁ ထိုကျောက်စာပါ'မဟာနိဒါန'ကို ပညာရှင်စေးဒေး (G. Coedes) က 'ဇာတကနိဒါနကထာ'ဟု မှတ်ထင်ပြီး ဇာတကနိဒါနကထာဌာနရှာဖွေရာ 'မေတ္တေယျရှင်'၏ဘွဲ့အမည်ကိုမတွေ့ခဲ့ပေ။ ပညာရှင် ဒေါက်တာ ချိရပတ်ပရပန်ဒွိဒျ (Dr. Chirapat Prapandvidya) နှင့် ဒေါက်တာပရေဆတ်ဏနနာဂရ (Dr. Prasert ṇa Nagara)တို့လက်ထက်ကျမှ ထိုကျောက်စာပါ'မဟာနိဒါန'သည် သောတတ္ထကီမဟာနိဒါနကိုရည်ညွှန်းကြောင်း သိရပြီးရှာဖွေရာ ထိုကျမ်း၌ 'မေတ္တေယျရှင်'၏ဘွဲ့အမည်ကိုတွေ့ခဲ့ကြသည်။*၂ ဤအချက်မှာ ထိုင်းနိုင်ငံ၌ ဒသဗုဒ္ဓအနာဂတဝင်ပါဝင်သော သောတတ္ထကီမဟာနိဒါနကျမ်းကို ပုဂံခေတ်ကုန် အေဒီ ၁၂၉၈–ခုနှစ် လိုထိုင်းမင်းလက်ထက်ကပင် သုံးစွဲခဲ့ပုံအထောက်အထားဖြစ်သည်။

ထိုင်းနိုင်ငံမြောက်ပိုင်း၊ ဇင်းမယ်ဒေသ (Chieng Mai) တွင် မေတ္တေယျဝံသကျမ်းပေမူ (ယခု မိုက်ကရိုဖလင်ကူးပြီး)ကိုတွေ့ရသည်။ ဇင်းမယ်မြို့ဖရဝတ်ဆောင်မန် (Wat Sung Men) ဘုရားကျောင်းတွင်လည်း မေတ္တေယျသုတ္တအမည်ရှိသော ရှေးရေးမေတ္တေယျဗုဒ္ဓဝင်ပေမူတစ်စောင်ရှိပြီး အနာဂတဝံသပါဠိကို အခြေခံ၍ရေးသားထားသော ကျမ်းစာများဖြစ်လေသည်။*၃ ဒသဗောဓိသတ္တုဒ္ဒေသ ခေါ် ရင့်မာတစ်ကျိပ်ကျမ်းကို ထိုင်းဘာသာဖြင့် ၁၉၇၉–ခုနှစ်က ချူလာလောန်ကောန်(Chulalongkorn)တက္ကသိုလ်၌ မဟာဝိဇ္ဇာဘွဲ့ယူကျမ်းအဖြစ် ပြုစုတင်သွင်းခဲ့ပြီးဖြစ်သည်။*၄

ထိုင်းနိုင်ငံ၌ထင်ရှားလျက်ရှိသော ပထမသမ္ဗောဓိကထာအမည်ရှိ ဗုဒ္ဓဝင်ကျမ်းစာ၏ အခန်း(၂၁) 'မေတ္တေဗုဒ္ဓဗျာကရဏပရိဝတ္တ'တွင် ဂေါတမဘုရားရှင်ထံ၌ မေတ္တေယျအလောင်းတော် အဇိတရဟန်းဗျာဒိတ်ခံယူပုံအကြောင်းကိုဖော်ပြထားသည်။*၅

ထို့ပြင် ထိုင်းနိုင်ငံ၌ထင်ရှားသော ပဉ္စဗုဒ္ဓါဗျာကရဏာကျမ်းတွင်လည်း မေတ္တေယျဘုရားအလောင်းဗျာဒိတ်ခံယူပုံအကြောင်းကိုတွေ့ရသည်။*၆

ထိုင်းနိုင်ငံပြည်နယ်အနှံ့အပြားတွင် စပါးပေါ်ချိန်၊ရိတ်သိမ်းချိန်တို့တွင်ကျင်းပလေ့ရှိသော*၇ မဟာချတ် (Mahachat festival)ပွဲတော်တွင် အသုံးပြုရွတ်ဆိုလေ့ရှိကြသော Pucchā- Visanchana (ဝေဿန္တရာ

---

*၁ A.B.Griswold and Praset ṇa Nagara' King Lodaiya of Sukhodaya and His Contemporaries. Epigraphic and Historical Studies, No. 10. JSS.Vol.60. Part I. 1972. ထိုင်းဘာသာမူရင်းကျောက်စာ– Page-102. အင်္ဂလိပ်ဘာသာပြန်မူ– Page-125.

*၂ Dr. W.C. Sailer' A Brief Introduction to Sottatthakī Mahānidāna. 1983. Page-14.

*၃ Dr. W.C. Sailer' A Brief Introduction to Sottatthakī Mahānidāna. 1983. Page-11.

*၄ Dr. W.C. Sailer' A Brief Introduction to Sottatthakī Mahānidāna. 1983. Page-16.

*၅ Pathamasambodhi. 1994. Page-185, 203. ပထမသမ္ဗောဓိကထာကျမ်းကို ဂန္ထဝံသကျမ်း၌ သီဟိုဠ်ကျွန်းမှ ကျမ်းတတ်မထေရ်တို့ ပြုစုကြောင်း ဖော်ပြထားသည်။ Gandhavaṃsa. JPTS. 1886. Page-65. ထိုင်းနိုင်ငံ၌ ယခုအသုံးပြုနေသောကျမ်းစာမူမှာ တတိယမြောက်ရာမဓိပ (အေဒီ ၁၈၂၄–၁၈၅၁) လက်ထက်တွင် ဓနံကောက်ဖြို့ ဝဝ်တေ့ပွန်ကျောင်းတိုက်ဆရာတော် Krom Somdet ဖရုပရမာနုစစ်နိန္နရောတ် စုစည်းထားသော ပထမသမ္ဗောဓိကျမ်းဖြစ်သည်။ H. Saddhātissa' Pāli Literature of Thailand. 1974. Page-219.

*၆ G. Martini(Tr.)' Pañcabuddhābhyākaraṇa. BEFEO. Vol. 55, 1969. Page 125-144.

*၇ ထိုင်းနိုင်ငံမြောက်ပိုင်းဒေသနှင့် အလယ်ပိုင်းဒေသတို့၌ အောက်တိုဘာလ–နိုဝင်ဘာလအတွင်း၊ အရှေ့မြောက်ပိုင်းဒေသ၌ ဖေဖော်ဝါရီလမှ ဧပြီလအတွင်း၊ တောင်ပိုင်းဒေသ၌ ဒီဇင်ဘာလနှင့် ဇန်နဝါရီလအတွင်းဖြစ်သည်။

http://www.dhammadownload.com

အမေးအဖြေ)*၁ (သို့မဟုတ်) Malai Plai-Malai Ton (ရှင်မာလဲအကြောင်းစာ)*၂ တို့သည် မေတ္တေယျဗုဒ္ဓဝင်နှင့်သက်ဆိုင်သည်ဟု ပညာရှင်တို့ယူဆကြသည်။ ထိုမဟာချတ်ပွဲသည် ရှင်မာလဲပူဇော်ပွဲဖြစ်ပြီး ထိုပွဲတွင် ရှင်မာလဲအား အလောင်းတော်မေတ္တေယျနတ်သားက မှာကြားသောအခန်းတွင် အချို့က မေတ္တေယျရှင်၏ ဗုဒ္ဓဝင်(အနာဂတဝင်)ကိုလည်း ထည့်သွင်းရွတ်ဖတ်ကြသည်။ သို့ဖြစ်၍ ထိုမဟာချတ် (Mahāchat) ပူဇော်ပွဲတွင် ရွတ်ဆိုသောစာပေတို့သည် မေတ္တေယျဗုဒ္ဓဝင်နှင့်ဆက်သွယ်မှု ရှိသည်ဟုဆိုနိုင်လေသည်။

ကမ္ဘောဒီးယားနိုင်ငံမှ အမတရသဓာရာအမည်ရှိသော မေတ္တေယျဗုဒ္ဓဝင်အဋ္ဌကထာ,ဋီကာကျမ်းများ

ရုရှားလူမျိုးပါဠိပါမောက္ခမိနာယဲ့ဖ်သည် ၁၈၈၆-ခုနှစ်ထုတ် လန်ဒန်မြို့ ပါဠိကျမ်းစာအသင်းဂျာနယ်(JPTS)၌ အနာဂတဝံသကျမ်းအကြောင်းရေးသားရာတွင် ပြင်သစ်နိုင်ငံ အမျိုးသားစာကြည့်တိုက်ကြီး (Bibliothēque Nationale, Paris) ၌ ကမ္ဘောဒီးယားနိုင်ငံသုံး ခွန်(Khom)အက္ခရာဖြင့် က မှ ခေါ် (၁-အင်္ဂါနှင့် ၁၀-ချပ်)၊ ၃-ကြောင်းရေး ဒသဇောဓိသတ္တုဒ္ဒေသအမည်ရှိသော ပေမူတစ်စောင်ရှိကြောင်းဖော်ပြထားပါသည်။*၃

သီရိလင်္ကာနိုင်ငံမှပညာရှင် ဒေါက်တာသဒ္ဓါတိဿမထေရ်က ၁၉၈၁-ခုနှစ်တွင် လန်ဒန်မြို့ ပါဠိကျမ်းစာအသင်းဂျာနယ်၌ ကမ္ဘောဒီးယားနိုင်ငံမှပါဠိစာပေအကြောင်း*၄ စာတန်းရေးသားရာတွင် 'အမတရသဓာရအမည်ရှိသော ကမ္ဘောဒီးယားမူ အနာဂတဝံသကျမ်းများအကြောင်း'ကို ထည့်သွင်းဖော်ပြခဲ့သည်။

၁၉၉၃-ခုနှစ်တွင် ပညာရှင် Jacqueline Filliozat ၏လေ့လာချက်အရ ထိုအမတရသဓာရအမည်ရှိသော အနာဂတဝံသအဋ္ဌကထာနှင့်ဋီကာကျမ်းစာသည် (ဂ)ကျမ်းရိုက်ကြောင်းနှင့် (၄)ကျမ်းမှာ ပြင်သစ်နိုင်ငံ အမျိုးသားစာကြည့်တိုက် (Bibliothēque Nationale, Paris. BN.) တွင်ရှိပြီး ကျန်(၃)ကျမ်းမှာ ပြင်သစ်နိုင်ငံ အရှေ့တိုင်းဘာသာရပ်များလေ့လာရေးဌာန စာကြည့်တိုက်ကြီး (Ecole Francaise d' Extreme-Orient's Library, Paris. EFEO.)တွင်ရှိကြောင်း ဖော်ပြထားပါသည်။

ထိုအမတရသဓာရာဝဏ္ဏနာ (ခေါ်) အနာဂတဝံသအဋ္ဌကထာနှင့် ဋီကာ(ဂ)ကျမ်းတို့မှာ-

၁။ BN PALI 630- အမတရသဓာရာဝဏ္ဏနာ (ခေါ်)အရှင်ဥပတိဿ၏အနာဂတဝံသအဋ္ဌကထာ။

၂။ BN PALI 322- အမတရသဓာရဋီကာ (ခေါ်)အရှင်ဥပတိဿ၏အနာဂတဗုဒ္ဓဝံသဝဏ္ဏနာ(ဋီကာ)။

၃။ BN PALI 323- အမတရသဓာရဋီကာ (ခေါ်)အရှင်ဥပတိဿ၏အနာဂတဗုဒ္ဓဝံသဝဏ္ဏနာ(ဋီကာ)။

၄။ BN PALI 862- အမတရသဓာရာဝဏ္ဏနာ (ခေါ်)အရှင်ဥပတိဿ၏အနာဂတဝံသအဋ္ဌကထာ။

၅။ BEFEO PALI 26- အမတရသဓာရာဝဏ္ဏနာ (ခေါ်) အနာဂတဝံသအဋ္ဌကထာ- အရှင်ဥပတိဿ ပြုသည်။

---

*၁ ခုဒ္ဒကနိကာယ်၊ စာတကပါဠိတော်၊ မဟာနိပါတလာ ဝေဿန္တရာဇာတ်တော်ကို အမေးအဖြေပြုကြခြင်းဖြစ်သည်။ အများအားဖြင့် ဂါထာ (၁၀၀၀)ပါသောဝေဿန္တရာဇာတ်တော်ကို ကဏ္ဍ(၁၃)ခန်းခွဲ၍ တစ်ညဉ့်လုံးအပြီးရွတ်ဖတ်ကြသည်။ Anuman Paradhon' Thet Mahāchat. BRSFAP, No.I. 1960. Page-3.

*၂ Malai Plai သည် 'မာလဲတရားအစ'ဟုအဓိပ္ပာယ်ရသည်။ တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီသို့ ရှင်မာလဲ ကြွရောက်၍ သိကြားမင်းနှင့်တွေ့ဆုံခန်းတရားကို ဆိုလိုသည်။ Malai Ton မှာ 'မာလဲတရားအဆုံး'ဟု အဓိပ္ပာယ်ရသည်။ တာဝတိံသာနတ်ပြည် စူဠာမဏိစေတီတွင် ရှင်မာလဲနှင့် သိကြားမင်းတို့ စကားပြောခန်း၊ ရှင်မာလဲနှင့်အလောင်းတော်မေတ္တေယျနတ်သားတို့တွေ့ဆုံ၍ အလောင်းတော်နတ်သားက အမှာစကားပြောကြားခန်း၊ ရှင်မာလဲ လူပြည်သို့ပြန်ကြွခန်းတို့ကိုဆိုလိုသည်။ Bonnie Brereton' Some Comments on a Northern Phra Malai Text Dated C.S. 878. (A. D. 1516). JSS. Vol.81, Part I. 1993. Page-142.

*၃ ထိုပေမူ၏ကတ်တလောက်အမှတ်မှာ PALI-737 ဖြစ်သည်။ JPTS, 1886. Page-40.

*၄ Ven. Saddhātissa' Pali Literature in Cambodia. JPTS, 1981. Page-181.

http://www.dhammadownload.com

၆။ EFEO PALI 82- အမတရသဓရာနာမ အနာဂတဗုဒ္ဓဝံသဝဏ္ဏနာ (ခေါ်) အနာဂတဝံသအဋ္ဌကထာ- အရှင်ဥပတိဿပြုသည်။

၇။ EFEO PALI 83- အမတရသဓရာဋီကာ (ခေါ်) အနာဂတဝံသ(ဋီကာ) အရှင်ဥပတိဿပြုသည်။*၁- တို့ဖြစ်သည်။

ဒသဗောဓိသတ္တဥဒ္ဒေသကျမ်းကို ပြင်သစ်နိုင်ငံ အမျိုးသားစာကြည့်တိုက်(BN)၌ (၃)ကျမ်းနှင့် ပြင်သစ်နိုင်ငံ၊ အရှေ့တိုင်းဘာသာရပ်များလေ့လာရေးဌာနစာကြည့်တိုက်(EFEO)တွင် (၁)ကျမ်းရှိကြောင်းသိရပါသည်။*၂

ခမာနှင့်လာအိုမှ အနာဂတဝံသမေတ္တေယျဗုဒ္ဓဝင်ကျမ်း

၁။ ခမာမှ အနာဂတဝံသကျမ်းစာ(ပေမှ)တို့ကို ပြင်သစ်နိုင်ငံအမျိုးသားစာကြည့်တိုက်(BN)၌ KHMER 204. Anāguttavaṅ နှင့် KHMER 235. Dassavuṅ ဟူသော အညွှန်းများဖြင့်တွေ့ရသည်။

၂။ လာအိုဘာသာပြန်အနာဂတဝံသကျမ်းစာ(လက်ရေးမူ)ကို ကိုပင်ဟေဂန်တော်ဝင်ပိဋကတ်တိုက်(Gadelius Collection in the Royal Library of Copenhagen) ၌ LAOS 82 (Dasa) Anāgata (buddha) vaṃsa- ဟူသော အညွှန်းဖြင့်တွေ့ရသည်။ ထို့ပြင် လာအိုမူအနာဂတဝံသကျမ်း(၃)မူကိုလည်း လာအိုနိုင်ငံ လောန်ပရာဘန် (Luang Prabang)ရှိ မေဝိဟာရ(Vat May)နှင့် ပခဝိဟာရ (Vat Pakha) တို့၌တွေ့ရသည်။*၃

အာရှတိုက်အလယ်ပိုင်းမှမေတ္တေယျဗုဒ္ဓဝင်ကျမ်း

အာရှတိုက်အလယ်ပိုင်း (Central Asia)ဒေသသည် အလွန်ကျယ်ဝန်းသောဒေသကြီးဖြစ်သည်။ ဤဒေသကို ပိုင်းခြားရာတွင် အရှေ့ဘက်ဆုံးမှာ တရုတ်နိုင်ငံ၊ ပိုးလမ်းမကြီး (Silk Road) ဖြစ်သည်။ အနောက်ဘက်ဆုံးမှာ အာဖဂန်နစ္စတန် (Afghanistan)ရှိသည်။ ထိုနေရာ၌ ဗာမီယန် (Bāmiyan)ပါဝင်သည်။ တောင်ဘက်တွင် ပါကစ္စတန် (Pakistan) ရှိပြီး၊ ပက်ရှဝါ(Peshawar)၊ တက်ဆီလာ(Taxila)၊ ရဝလ်ပိန္ဒီ(Rawalpindi) တို့ပါဝင်သည်။အလယ်ပိုင်းတွင် ဂန္ဓာရ(Gandhāra)၊ ဆွတ် (Swāt)၊ ဂီလ်ဂစ်(Gilgit) တို့ရှိသည်။ မြောက်ဘက်အစွန်၌ ဆိုဗီယက်သမ္မတနိုင်ငံ၏တောင်ဘက်အစပ် တဒ်ဂျီကစ္စတန် (Tadjikisṭan) နှင့် ဥဇဘက်ကစ္စတန် (Uzbekistan) နိုင်ငံ၏တောင်ဘက်အဖျားပိုင်းတို့ အသီးသီးပါဝင်ကြသည်။*၄

ဤအာရှအလယ်ပိုင်းဒေသအတွင်း တစ်နေရာမှတစ်နေရာသို့ သွားလာပေါက်ရောက်ရန် ခဲယဉ်းလှသည်။ ဤလမ်းကြောကြီးအတွင်းမှပင် တရုတ်ဗုဒ္ဓဘာသာရဟန်းတော်ယွမ်ကျန့် (Hsuan-tsang၊ အေဒီ ၅၉၆-၆၆၄) သည် အေဒီ ၆၂၉ -ခုနှစ်နှင့် ၆၄၅-ခုနှစ်တွင် သာသနာတော်ပြန့်ပွားရေးအတွက် တရုတ်နိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ဖြတ်သန်းသွားလာခဲ့ဖူးသည်။ ထို့ပြင် ကမ္ဘာကျော်ခရီးသည်ကြီးမာကိုပိုလို (Marcopolo၊ အေဒီ ၁၂၅၄-၁၃၂၄) သည်လည်း ဤဒေသကိုဖြတ်သန်း၍ ပိုးလမ်းမကြီး(Silk Road)အတိုင်း တရုတ်ပြည်သို့ ကုန်စည်ကူးသန်းရောင်းဝယ်ရန်ရောက်လာဖူးသည်ဟုမှတ်တမ်းရှိလေသည်။

---

*၁ J. Filliozat' The Commentaries to the Anāgatavaṃsa... of the Paris Collections. JPTS. Vol.XIX. 1993. Page-49.

*၂ BN. PALI 629, BN. PALI 649, BN. PALI 860 နှင့် EFEO. PALI 41- တို့ဖြစ်သည်။ J. Filliozat' The Commentaries of the Anāgatavaṃsa... of the Paris Collections. JPTS. Vol.XIX. 1993. Page-45.

*၃ Catalogue des manuscrits en pāli, laotien et siamois provenant de la Thailande, Copenhague. 1966. Page 97-98.

*၄ 32° to 42° N နှင့် 60° to 93° E. The World of Buddhism. 1984. Page-99. Map-101; W. Walf' Buddhism. Art and Faith. 1985. Page-191. Map-291.

http://www.dhammadownload.com

အာရျအလယ်ပိုင်းဒေသတွင် လွန်ခဲ့သောအနှစ်တစ်ထောင်ကျော်ကျော်ကာလကပင် ဗုဒ္ဓဘာသာဆိုင်ရာ ရေးစာပေမှတ်တမ်းများစွာကို တောင်ကမ်းပါးအတွင်းလိုဏ်ဂူကြီးများတွင် သိမ်းဆည်းသိုမှီးထားရာမှ ခရီးသွားပုဂ္ဂိုလ်ကြီးများ၊ ပညာရှင်ကြီးများ၏ရှာဖွေမှုကြောင့် တွေ့တန်သလောက် တွေ့ရှိခဲ့ရသည်။[*၁] မဟာပဏ္ဍိတ် ရာဟုလ်ဆန်ကြိတျာယန်(ရာဟုလာသံကစ္စည်း) (Rahul Sankrityayan, Tripiṭakacharya၊ အေဒီ ၁၈၉၃-၁၉၆၃)၏ ၁၉၅၂-ခုနှစ် အာရျအလယ်ပိုင်းခရီးစဉ်တွင် သက္ကတကျမ်းစာနှင့်ဗုဒ္ဓမိဿကသက္ကတကျမ်းစာများစွာကို တွေ့ရှိခဲ့ရသဖြင့် ကမ္ဘာ့စာပေပညာရှင်လောကၦအံ့မခန်းဖြစ်ခဲ့ရသည်။

အထူးသဖြင့် အာရျတိုက်အလယ်ပိုင်းဒေသသုံး ဒေသီဘာသာစကားများဖြစ်သော တိုခရိရစ် (Tocharish)၊ ဆကစ်(Sakisch)၊ အယ်လ်တူကစ်(Alturkisch)စသည်တို့ဖြင့်ရေးသားထားသည့် 'မေတ္တေယျရှင်တွေ့ဆုံခြင်း' ဟုအဓိပ္ပာယ်ရသော 'မဲတြေယသမိတိ'(Maitreya-samiti)ကျမ်းသည်လည်း တစ်ကျမ်းအပါအဝင်ဖြစ်သည်။[*၂]

မဲတြေယသမိတိ *(Maitreya Samiti)*

မဲတြေယသမိတိကျမ်းကို ၎ဝဘာသိကဂိဏ်းဝင် အာရ်ယစန္ဒြ (အေဒီ ၁-ရာစု)ကရေးသားခဲ့သည်ဟုယူဆကြသည်။ ထိုကျမ်း၌ မေတ္တေယျဘုရားအလောင်းဖွားတော်မူပုံ၊ ပွင့်ထွန်းတော်မူလာပုံနှင့် ပရိနိဗ္ဗာန်စံဝင်တော်မူပုံ အကြောင်းတို့ကို မြတ်စွာဘုရားရှင်နှင့် အရှင်သာရိပုတ္တရာ(အချို့မူဋ္ဌအရှင်အာနန္ဒာ)တို့ အမေးအဖြေမိန့်ကြားပုံဖြင့် ရေးဖွဲ့ထားသည်။ ထိုကျမ်းကို သက္ကတဘာသာနှင့်လည်းတွေ့ရသည်။[*၃]

မဲတြေယသမိတိနာဋကကျမ်းဟူ၍လည်း ပြဇာတ်ဟန်ဖြင့်ရေးဖွဲ့ထားသောကျမ်းတစ်စောင်ရှိသည်။ ထိုကျမ်းကို ပြဇာတ်(နာဋက)အဖြစ်ရေးသားပြီး အာရျအလယ်ပိုင်းဒေသအချို့တွင် ဘာသာရေးဆိုင်ရာအခမ်းအနားတို့၌ ရွတ်ဖတ်သီဆိုတီးမှုတ်ကပြကြသည်။[*၄]

မဲတြေယဗျာကရဏ *(Maitreya Vrākaraṇa)*

မဲတြေယသမိတိကျမ်းကဲ့သို့ပင် အခြားနာမည်ကျော်မေတ္တေယျဗုဒ္ဓဝင်ကျမ်းတစ်စောင်မှာ မဲတြေယဗျာကရဏ (မေတ္တေယျဗျာဒိတ်ခံယူပုံအကြောင်း)ကျမ်းဖြစ်သည်။ ထိုမဲတြေယဗျာကရဏကျမ်းတွင်လည်း ၁၉၃၀-ပြည့်နှစ် အာရျအလယ်ပိုင်း ဂီလ်ဂစ်(Gilgit)အရပ်မှရရှိခဲ့သောမူတွင် မြောက်ပိုင်းအာရ်ယန်(Northern Āryan)ဘာသာစကားဖြစ်သော ဆကစ် (Sakisch)ခေါ် ရှေးဟောင်းခိုတန်(Old Khotanī)ဘာသာစကားဖြင့် ရေးသားထားသည်။ ထိုကျမ်းစာကို လေဗီ (Levi)က တည်းဖြတ်၍ ဘာသာပြန်ပြီးလျှင် ၁၉၃၃-ခုနှစ်တွင် ပြင်သစ်နိုင်ငံတွင် ပုံနှိပ်ခဲ့ရာ ကမ္ဘာသို့ပြန့်နှံ့နေပြီဖြစ်သည်။[*၅]

---

*၁ Captain Hamilton Bower(1889). Andrew Dalgleish(?). Dutreuil de Rhius(1893). and Sir Aurel Stein (1900). Bower ရရှိသော ရှေးဟောင်းဗုဒ္ဓစာပေစာစုကို Bower စာစု၊ Aurel Stein ရရှိသော ရှေးဟောင်းဗုဒ္ဓစာပေစာစုကို Aurel Stein စာစုဟု ခွဲဝေသတ်မှတ်ထားသည်။

*၂ A.V.Gabin' Maitrisimit II. 1961. Page-13,14.

*၃ M.Winternitz' History of Indian Literature. Vol.II. Page-272; Har Prasāda Śastrī ' Descriptive Catalogue of Sanskrit MSS. in the Asiatic Society of Bengal. I. 1917. Page-13; E. Leumann' Maitreya-Samiti das Zukunftsideal der Buddhisten. Strassburg. 1919. တို့တွင်တွေ့နိုင်ပါသည်။

*၄ M. Winternitz' History of Indian Literature. Vol.II. Page-273; Gabin' Maitrisimit II. 1961. Page-16.

*၅ S. Levi(ed.)' Maitreya Vrākaraṇa. Paris. 1933. Page 381-90; Edward Conze' Buddhist Scriptures. 1960. Page-237; S. Dutt' Buddhist Monks and Monasteries of India. 1962. Page-78.

http://www.dhammadownload.com

မေတ္တေယျဗျာကရဏာကျမ်းကို ဂီလ်ဂစ်မှတွေ့ရှိရာတွင် ရှေ့ပိုင်းဂါထာပေါင်း(၂၅)ဂါထာမပါဘဲ ကြွင်းကျန်နေသဖြင့် တိဗက်မူ မေတ္တေယျဗျာကရဏာကျမ်းမှကူးယူပြီး ဖြည့်စွက်လေ့လာခဲ့ကြရသည်။*၁ ဤကျမ်းစာကို တရုတ်လူမျိုးရဟန်းတော်များဖြစ်ကြသော အရှင်ဓမ္မရက္ခ(အေဒီ ၂၆၅–၃၁၆)၊ အရှင်ကုမာရဇီဝ(အေဒီ ၃၁၄–၄၁၃)နှင့် အရှင်ယိကျင့်(အေဒီ ၆၀၁)တို့က တရုတ်ဘာသာသို့ အသီးသီးပြန်ဆိုခဲ့ကြသည်။*၂ တိဗက် ဘာသာမူသို့ ဇိနမိတြကပြန်ဆိုခဲ့သည်။*၃

မေတ္တေယျဗျာကရဏာကဲ့သို့ ဗျာကရဏာကျမ်းအမျိုးအစားဖြစ်သော 'အဇိတာသေနဗျာကရဏာ၊ ဗြဟ္မဟာဒေဝိဗျာကရဏာ၊ အာရိယဘဒြမာယာကာရဗျာကရဏာ–ဟူ၍ရှိကြသည်။ ထို့ပြင် မဟာယာနသုတ္တန်များဖြစ်သော သမာဓိရာဇ၊ သဒ္ဓရ်မပုဏ္ဍရီကကျမ်း၌ပါရှိသော အခန်း(၆) နှင့်(၉) ဗျာကရဏပရိဝရ်တ၊ အခန်း(၈) ပဥ္စတိကဗျာဂတဗျာကရဏပရိဝရ်တစသည်နှင့် ဂရ်ဏ္ဍဗျူဟကျမ်းလာ သုဓနုဝတ္ထုစသည်တို့သည်လည်း ဗျာကရဏာကျမ်းမျိုးပင်ဖြစ်သည်။*၄

ဤနေရာ၌ 'ဗျာကရဏ'ဟူသောဝေါဟာရသည် သက္ကတဘာသာ၌ 'ဗျာကရဏ'*(SED.1035)*၊ ပါဠိဘာသာ၌ 'ဝေယျာကရဏ'*(DPTS.649)*တို့နှင့်တူသည်ဟုလည်း ပညာရှင်တို့ယူဆကြပြီး၊ ပါဠိဘာသာ၌ရှိသော 'ဝေယျာကရဏ'သည် ဗုဒ္ဓ၏နဝင်္ဂသတ္ထုသာသနခေါ် သာသနာအင်္ဂါကိုးပါး*၅တွင်ပါရှိသော 'ဝေယျာကရဏ'ကို ရည်ညွှန်းသည်ဟု တင်ပြကြပါသည်။*၆ 'ဝေယျာကရဏ'မည်သည် အမေးကိုဖြေလျက် ရှင်းလင်းဟောကြားခြင်းမျိုးသာဖြစ်၍ ပိဋကတ်ပါဠိတော်တွင် စုဏ္ဏိယခေါ် စကားပြေဖြင့်သာတွေ့နိုင်ပြီး၊ ဂါထာဖြင့်မတွေ့ရပေ။*၇ ပမာအားဖြင့် အဘိဓမ္မာခုနစ်ကျမ်း၊ ဓမ္မစက္ကပဝတ္တနသုတ္တန်(ဓမ္မစကြာ) စသည်မျိုးဖြစ်သည်။*၈

ပညာရှင် အင်(နှ်)ဒတ် *(N.Dutt)*နှင့် မဇွန်ဒါး*(P.C.Mazumder)*တို့က မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသပါဠိတော်လာ ဘဒ္ဒေကရတ္တသုတ္တ(မ၊ ၃၊၂၂၆။)၊ မဟာကစ္စာနဘဒ္ဒေကရတ္တသုတ္တ(မ၊ ၃။၂၃၁။)၊ မဟာကမ္မဝိဘင်္ဂသုတ္တ(မ၊ ၃။၂၄၉)–စသည်သုတ်တို့သည်လည်း ဝေယျာကရဏာကျမ်းအမျိုးအစားဖြစ်ကြောင်း ဖော်ပြခဲ့သည်။*၉

မည်သို့ပင်ဖြစ်စေ မဲတြေယျဗျာကရဏာကျမ်း၏ ကျမ်းအမည်၌ပါသော 'ဗျာကရဏ'သည် အရှင်သာရိပုတ္တရာအမေးကို အကြောင်းပြုကာ ဘုရားရှင်က မေတ္တေယျရှင်ပွင့်ထွန်းလာမည့်အကြောင်းများကို ရှင်းလင်းမိန့်ကြား

---

*၁ *P.C. Majumder' Gilgit Manuscripts. Vol.IV. 1959. Page-12.*

*၂ *E. Leumann' Maitreya-Samiti. 1919. Page-237, 227, 245, 255* တို့တွင် *Dr. Kaikioku Watanabe* ၏ ကျမန်ဘာသာပြန်မှုများကို ဖော်ပြထားသည်။ *A.V.Gabin' Maitrisimit II. 1961. Page-13.*

*၃ *Kanjur m Do 28.*

*၄ *P.C. Majumder' Gilgit Manuscripts. Vol.IV. 1959. Page-xxxi.*

*၅ (၁) သုတ္တ၊ (၂) ဂေယျ၊ (၃) ဝေယျာကရဏ၊ (၄) ဂါထာ၊ (၅) ဥဒါန၊ (၆) ဣတိဝုတ္တက၊ (၇) ဇာတက၊ (၈) အဗ္ဘုတဓမ္မ၊ (၉) ဝေဒလ္လ။ မ၊၁။၁၈၆။ မ၊၌။၂။၁၂။

*၆ *P.C. Majumder' Gilgit Manuscripts. Vol.IV. 1959. Page-xxx.*

*၇ *DPPN.II. Page-928.* ပုဗ္ဗဝိဿဇ္ဇနဠဲ 'ဗျာကရဏန္တိ' ဝုစ္စတိ ဗျာကရဏမေဝ ဝေယျာကရဏံ– ဒီ၊ဋီ၊၁။၃၂၂။ သီ၊ဋီ၊သမ်၊၁။၁၂၄။ အဘယာရာမ ဆရာတော်၏ မောဂ္ဂလ္လာန်ဝုတ္တိနိသျ။ ၄–ဏာဒီကဏ္ဍ၊ (၁၄) တမသုတ် (စံ၃၃၊၁၃၇။ ပါ၊၄၂၂–၂၅၉)ကြည့်ပါ။ မောဂ္ဂလ္လာန်နိသျ၊ ဒုတိယတွဲ၊ ၁၉၇၁–ခုနှစ်။ (စာမျက်နှာ–၅၄)။

*၈ တိပိဋကပါဠိ–မြန်မာအဘိဓာန်။ အတွဲ–၁၅။ ၁၉၈၂–ခုနှစ်။ (စာမျက်နှာ–၃၈၆)။

*၉ *N. Dutt' Aspects of Mahāyāna Buddhism... 1930. Page-85; P.C. Majumder' Gilgit Manuscripts. Vol.IV. 1959. Page-xxx;*

http://www.dhammadownload.com

သည့်အမေးအဖြေ(ဝေယျာကရဏ)တရားမျိုးဖြစ်သည်ဟု ယူဆနိုင်သကဲ့သို့ပင်၊ မေတ္တေယျရှင်ပွင့်ထွန်းလာမည့် အကြောင်းကို မချုတ်ကော်နှိ မလွဲမသွေဘုရားရှင်တို့မိန့်ကြားမြဲဖြစ်သော ဗျာဒိတ်စကား(ဗျာကရဏ)ဟူ၍လည်း ယူဆနိုင်လေသည်။ ပညာရှင် ဒေါက်တာကွန်ဇီ (Dr. Edward Conze) က ထိုမဲတြေယဗျာကရဏာကျမ်း၏ အမည်ကို 'မေတ္တေယျရှင်နှင့်သက်ဆိုင်သောဗျာဒိတ်စကား' (The Prophecy Concerning Maitreya) ဟု ဖော်ပြခဲ့ဖူးလေသည်။[*၁]

ပါဠိမှ အနာဂတဝံသကျမ်းလာ မေတ္တေယျဗုဒ္ဓဝင်နှင့် အာရျအလယ်ပိုင်းမှရသော မဲတြေယဗျာကရဏာကျမ်းလာ မေတ္တေယျဗုဒ္ဓဝင်ပါအချက်အလက်အချို့သည် ကွဲပြားနေကြောင်းတွေ့ရသည်။ ပမာအားဖြင့်တင်ပြရသော် အောက်ပါအတိုင်းဖြစ်သည်။

	အကြောင်းအရာ	အနာဂတဝံသ	မဲတြေယဗျာကရဏ
၁။	မေတ္တေယျရှင်၏မယ်တော်	သုဇြဟ္မဝတီပုဏ္ဏေးမ (ဂါထာ–၂၃၅)	ဗြဟ္မာဝတီပုဏ္ဏေးမ (ဂါထာ၂၉)
၂။	မေတ္တေယျရှင်၏လူအမည်	အဇိတ (ဂါထာ–၄၃)	မဲတြေယ (ဂါထာ–၃၂)
၃။	တောထွက်ရခြင်းအကြောင်း	နိမိတ်ကြီးလေးပါးမြင်၍ (ဂါထာ–၅၁)	ယဇ်တိုင်ပြိုကွဲ၍ (ဂါထာ ၄၉–၅၀)
၄။	ဒုက္ကရစရိယ	ဂ–ရက်ကျင့်သည် (ဂါထာ–၅၃)	တစ်ညဉ့်သာကျင့်သည် (ဂါထာ–၅၆)
၅။	အရပ်တော်	၈၈–အတောင် (ဂါထာ–၁၀၄)	အတောင်–၅၀ (ဂါထာ–၄၆)
၆။	သက်တော်	ရှစ်သောင်း (ဂါထာ–၁၂၉)	ခြောက်သောင်း (ဂါထာ–၁၀၁)
၇။	သာဝကသန္နိပါတ	ကုဋေရှစ်သောင်း (ဂါထာ–၎၇)	၂၂–ကုဋေ (ဂါထာ–၈၁)
၈။	သာသနာတည်မည့်ကာလ	အနှစ်တစ်သိန်းရှစ်သောင်း(ဂါထာ–၁၃၃)	အနှစ်တစ်သောင်း (ဂါထာ–၁၀၃)

တရုတ်နိုင်ငံမှမေတ္တေယျဗုဒ္ဓဝင်

တရုတ်ဗုဒ္ဓဘာသာအဘိဓာန်ကျမ်းပြု ဝီလျံအက်ဒဝပ် ဆူဟီလ် (William Edward Soothill) က 'တရုတ်ဗုဒ္ဓစာပေ၌ မေတ္တေယျဆိုင်ရာသုတ္တန်ဒေသနာများစွာရှိသည်' ဟု ရေးသားခဲ့ဖူးသည်။[*၂] တရုတ်မှ မေတ္တေယျသုတ္တန်များစွာရှိသော်လည်း အာရျအလယ်ပိုင်း၌တွေ့ရသော မဲတြေယဗျာကရဏ မေတ္တေယျဗုဒ္ဓဝင်ကျမ်းစာကိုလည်း အောက်ပါအတိုင်းပြန်ဆိုခဲ့ကြသည်။

၁။ *(Fo Shuo Kuan) Mi-lo (P'u-sa) Hsia Shēng Ching* (Taishō 453; Nanjio 208) ဓရိမရကွမထေရ် အဒီ ၃၀၃–ခုနှစ်တွင် တရုတ်ဘာသာသို့ပြန်ဆိုခဲ့သည်။

၂။ *(Fo Shuo) Mi-lo Hsia Shēng Ching* (Taishō 454; Nanjio 205) ကုမာရဇီဝမထေရ် အဒီ ၄၀၂–ခုနှစ်တွင် တရုတ်ဘာသာသို့ပြန်ဆိုခဲ့သည်။

---

*၁ E. Conze' Buddhist Scriptures. 1959. Page-238-242; Maitreya-Vyākaraṇa = Prophecies about Maitreya. Ludwig Bachhofer' Maitreya in ketumatī. In India Antizua. 1947. Page-5.

*၂ There are numerous Maitreya Sūtras- W.E. Soothill' A Dictionary of Chinese Buddhist Terms. 1934. Page-456.

http://www.dhammadownload.com

၃။ *(Fo Shuo) Mi-lo Hsia Shēng Fo Ching* (Taishō 456; Nanjio 209) ကုမာရဇီဝမထေရ် အောဒီ ၄၀၂-ခုနှစ်တွင် ဒုတိယအကြိမ် တရုတ်ဘာသာသို့ပြန်ဆိုခဲ့သည်။

၄။ *(Fo Shuo) Mi-lo Hsia Shēng Ching Fo Ching* (Taishō 465; Nanjio 207) ယိကျင့် (I-Ching) အောဒီ ၆၀၁-ခုနှစ်တွင် တရုတ်ဘာသာသို့ပြန်ဆိုခဲ့သည်။[*၁]

တိဗက်ဘာသာရှိ မဲတြေယျကျမ်းစာများ

တိဗက်ဗုဒ္ဓဘာသာစာပေတွင် သက္ကတမူမှ တိဗက်ဘာသာမူသို့ ဘာသာပြန်ဆိုထားသောကျမ်းများ[*၂] ရှိကြောင်းကိုသိရသော်လည်း မူရင်းကျမ်းကိုဖြစ်စေ၊ ဘာသာပြန်ကျမ်းကိုဖြစ်စေ လေ့လာခွင့်မရသည့်အတွက် ဝေဖန်ရေးသားရန်မစွမ်းသာကြောင်းတင်ပြရင်း ဤအခန်းကိုနိဂုံးချုပ်အပ်ပါသည်။

❁ ❁ ❁ ❁ ❁

[*၁] E. J. Eitel' Handbook of Chinese Buddhism. 1970. Page-92.

[*၂] (က) Maitrībhāvanā Sūtra (Byams-Pa-Bsgom-Paḥi Mdo).

(ခ) Maitrībhāvanā nusareṇacittasthāpanopāya (Byams-Pa-Bsgom-Paḥi Sgo-Nas Sems-Gnaspar Bya-Baḥi Thabs).

(ဂ) Maitreya-Nāmāṣṭottaraśataka-Dhāraṇī-Mantra-Sahita (Byams-Paḥi Mtshan Brgya Rtsa-Brgydpa-Gzuṅs-Sṅags Daṅ Bcas-Pa).

(ဃ) Maitreya-Mahā-Siṃhanāda-Nāma-Mahāyāna-Sūtra (Byams-Paḥi Seṅ-Geḥi-Sgra Chen-Po Shes-Bya-Ba-Theg-Pa Chen-Poḥi Mdo).


(င) Maitreya-Sādhana (Byams Paḥi Sgrub-Thabs).

(စ) Maitreya-Prasthāna-Nāma-Mahāyāna-Sūtra (Byams-Pa Ḥjug-Pa Shes-Bya-Ba Theg-Pa Chen-Poḥi Mdo).

(ဆ) Maitreya-Pratijñā-Nāma-Dhāraṇī (Byams-Pas Dam-Bcas-Pa Shes-Bya-Bāḥi Gzuṅs).

(ဇ) Maitreya-Pari-Pṛcchā-Nāma-Mahāyāna-Sūtra (Byams-Pas Shus-Pa Shes-Bya-Ba Theg-Pa Chen-Poḥi Mdo).

http://www.dhammadownload.com



http://www.dhammadownload.com

အခန်း (၁၅)

မေတ္တာယျဉ်ရှင်ဘုရားတိုင်ရတု

မြန်မာစာပေတွင် အရေးအသားကိုလိုက်၍ စကားပြေနှင့် ကဗျာလင်္ကာ–ဟု ပဓာနအားဖြင့် နှစ်မျိုးခွဲခြားထားပါသည်။*၁ အချို့သောပညာရှင်တို့က ထိုစကားပြေနှင့် ကဗျာလင်္ကာသာမက နှစ်ထွေရောလည်းရှိကြောင်း ဖော်ပြကြသည်။*၂

မြန်မာကဗျာအစုဒ်လည်း အဖွဲ့အစပ်ကိုလိုက်၍ (၃၆)မျိုးခွဲခြားထားပြန်၏။*၃ ထိုကဗျာလင်္ကာ(၃၆)မျိုးတွင်ပါဝင်သော ရတု*၄အမျိုးအစားသည် မြန်မာစာပေလောက သရဖူ၏ စိန်ကြိုးတစ်လုံးအဖြစ် ထင်ရှားလေသည်။ ဆရာကြီးသခင်ကိုယ်တော်မိုင်း (အေဒီ ၁၈၆၆–၁၉၆၄)က 'ခပ်သိမ်းသောစာစီစာကုံးရေးထုံးရေးနည်းဟူသမျှတို့သည် မူလအခြေခံကြီးဖြစ်သော ထိုရတုရေးနည်း၌သာလျှင် ပေါင်းဆုံရမြဲတည်း' ဟု ရေးသားခဲ့ဘူးသည်။*၅

ရတုသည် လေးလုံးစပ်ကဗျာအဖွဲ့ဖြစ်သည်။ ထိုရတုကဗျာတွင်လည်း တစ်ပိုဒ်တည်း(ကေပိုဒ်)၊ နှစ်ပိုဒ်(အဖြည့်ခံ)၊ သုံးပိုဒ် (သုံးချက်ညီ၊ သပ်စေ့နှက်သုံးချက်ညီ၊ ကိုယ်တွင်းပြည့်သပ်စေ့နှက်သုံးချက်ညီ)၊ စကြာ၊ တောင့်တဲးတွန့်...စသော ရတုပိုဒ်စုံ

---

*၁ ပွဲကြိုးထောမနာ၊ သံပိုင်းစာကို၊ လင်္ကာ,စကားပြေ၊ နှစ်ထွေရောပြွမ်း၊ ဆိုးမွမ်းပျူငှာ–ဟု ရှင်မဟာရဋ္ဌသာရ၏ တန်တားဦးတည်မင်္ဂလာစေတီမော်ကွန်း။ (အပိုဒ်–၁)။ ၁၉၆၅–ခုနှစ်။ (စာမျက်နှာ–၁၀၃)။

*၂ ဒေါက်တာလှဖေ၏ စာပေရှေ့နေ(ဆောင်းပါး)။ မြန်မာစာပေဦးဝံစာတမ်း။ ၁၉၆၆–ခုနှစ်။ (စာမျက်နှာ–၁၅၇)။

*၃ ပုဂံဝန်ထောက်ဦးတင်၏ ကဗျာဗန္ဓသာရကျမ်း။ ၁၉၅၈–ခုနှစ် (စာမျက်နှာ–၁၀)၌ကြည့်ပါ။

*၄ *Rtu*(သက္ကတ)၊ ဥတု(ပါဠိ)။ ရွေးဝေဒေတော်က (၁၂)လရာသီကို (၃)ပိုင်း၊ (၅)ပိုင်း၊ (၆)ပိုင်း၊ (၇)ပိုင်း၊ (၁၂)ပိုင်း၊ (၁၃)ပိုင်း၊ (၂၄)ပိုင်း၊ (၂၄)ပိုင်း၊ (၂၄

http://www.dhammadownload.com

ငါးမျိုးနှင့် သုံးပိုဒ်ထက်လွန်သောရတု*၁ ဟူ၍ ရတုအမျိုးမျိုးရှိကြောင်းကို ကဗျာသာရတ္ထသင်္ဂြိဟ်(စာ-၁၅၃)၌ ပြဆိုထားသည်။*၂

ရတုကို ပင်းယခေတ် စတုရင်္ဂလအမတ်ကြီး(အေဒီ ၁၃၁၃-၁၃၆၃)၊ ပုဂံဆရာတော်(ဆူးတွင်းပစ်ဆရာတော်၊ အေဒီ ၁၃၁၃-၁၃၉၁)တို့လက်ထက်ကပင် စပ်ဆိုခဲ့ကြပြီး အင်းဝခေတ်လယ်(အေဒီ ၁၄၆၈-၁၅၂၇)၌ ရတုကို ရပ်ရွာထဲတွင်သီချင်းသဖွယ်သီဆိုကြသည်။*၃ တောင်ငူခေတ် (အေဒီ ၁၄၈၆-၁၅၉၉)၊ ညောင်ရမ်းခေတ် (အေဒီ ၁၅၉၇-၁၇၅၂)၌ ရတုကဗျာ၏အဆင့်အတန်းသည် အထွတ်အထိပ်သို့ရောက်ခဲ့၏။ ထိုခေတ်အခါက စာဆိုတတ်သူတိုင်း ရတုစပ်ကြပုံရ၏။ ကိုယ်တိုင်မစပ်တတ်ပါက စပ်တတ်သူစာဆိုက ကြားဝင်၍လည်းစပ်ပေးနိုင်သည်။ နေရာဌာနအခမ်းအနားမရွေး ရတုကဗျာကိုဖွဲ့နွဲ့ရေးစပ်ခဲ့ကြသည်။ ထိုအချိန်ကပေါ်ထွက်ခဲ့သောရတုများသည် စာပေအဆင့်အတန်းမြင့်မားကြသည်ဖြစ်၍ နောင်အခါ မြန်မာစာပေပညာရှိ ကျမ်းပြုဆရာဟူသမျှတို့ အားကိုးကြရသည်၊ မှီငြမ်းပြုရသည်၊ သာဓကတင်ကြရသည်။ ရတုသည် မြန်မာစာပေအတွက် အခြေခံအုတ်မြစ်သဖွယ်၊ အဆုံးအဖြတ်ပေးတတ်သော တရားသူကြီးသဖွယ်ဖြစ်နေပေသည်။*၄

မြန်မာစာပေသမိုင်း၌ထင်ရှားခဲ့သောရတုများကိုလေ့လာကြည့်ပါက ဘုရားတိုင်၊ မိုးတော၊ တောလား၊ ရေလား၊ ကိုယ်ရည်သွေး၊ ကျေးဇေ၊ ဆင်ရောက်၊ စစ်ချီ၊ အမေးလိုက်၊ အမေးအဖြေ၊ ပြည်ဖွဲ့၊ နန်းဖွဲ့၊ ဂုဏ်ဖွဲ့၊ မောင်ဖွဲ့၊ မယ်ဖွဲ့ စသည်ဖြင့် ရည်ရွယ်ချက်အမျိုးမျိုးဖြင့်ရေးဖွဲ့ပုံများကိုတွေ့ရသည်။*၅

ရတုစာဆိုတို့သည် မိမိမြင်ရာသန်ရာကိုစပ်ဆိုကြရာတွင် ဘုရားစေတီကိုတိုင်တည်၍လည်း ရတုကဗျာဆိုခဲ့ကြရာ ထိုရတုအမျိုးအစားကို ဘုရားတိုင်ရတု-ဟုခေါ်သည်။ ဘုရားတိုင်ရတုဆိုသည်မှာ ဘုရားစေတီတစ်ဆူဆူကိုရည်မှန်းတိုင်တည်ကာ မိမိရင်ထဲ၌ခံစားရသည်ကို ထုတ်ဖော်လှစ်ဟစပ်ဆိုသော ရတုကဗျာဖြစ်သည်။ နတ်ရှင်နောင်(အေဒီ ၁၅၇၈-၁၈၁၃)၊ မင်းနဝဒေးကြီး(အေဒီ ၁၄၉၈-၁၅၈၈)၊ လော်ကား ၃၀၀၀ မှူး (အေဒီ ၁၄၉၈?-၁၅၇၈?)တို့သည် ဘုရားတိုင်ရတုအစပ်ကောင်းသူများဖြစ်ကြသည်။ မင်းနဝဒေးသည် ဘုရားတိုင်ရတုစပ်သောအခါ ဆိုင်ရာဘုရား၏သမိုင်းကို နောက်ခံထည့်သွင်းဖွဲ့နွဲ့လေ့ရှိ၏။ နတ်ရှင်နောင်ကမူ ဘုရားအကြောင်းကိုအဓိကထား၍ ဖွဲ့လေ့မရှိဘဲ မိမိ၏ခံစားမှုကိုသာစကားလုံးလှလှဖြင့် ရွရွကလေးသရုပ်ဖော်တတ်သူဖြစ်သည်။*၆

ဘုရားတိုင်ရတုရေးကြရာ၌ ရတုဆရာများသည် မိမိတို့ရပ်ရွာ၌တည်ထားသော ဘုရားစေတီတို့ကိုသာမက အခြားတပါးသော (ဇင်းမယ်၊ ဒွါရာဝတီ၊ တရုတ်နိုင်ငံရှိစွယ်တော်...စသည့်) ဌာနက ဘုရားစေတီတို့ကိုလည်း တိုင်တည်ကာ ရတုစပ်ဆိုသည်။ အချို့သောစာဆိုတို့ကမူ လူ့လောကနှင့်ကွာလှမ်းလှသော တာဝတိံသာ

---

*၁ ရတုကို သုံးပိုဒ်ထက်လွန်၍ လေးပိုဒ်စသည် မစပ်ရဟုလည်း အယူအဆရှိသည်။ ဆရာကျော်၏ မြန်မာစာ ညွှန့်ပေါင်းအလင်းပြကျမ်း။ ၁၉၂၆-စုနှစ်။ (စာမျက်နှာ-၄၉)။

*၂ ရတုအနှီအချုပ်(၄၁)ပါးကို သခင်ကိုယ်တော်မှိုင်း၏ ကဗျာသာရတ္ထသင်္ဂဟ။ ၁၉၂၃-ခုနှစ်။ (စာမျက်နှာ-၁၅၄)၌ အကျယ်ကြည့်ပါ။

*၃ 'ညည်ခါညဉ့်ခါ၊ ကြည့်ခြေရာကား၊ လသာပကြိုက်၊ စောင်းညွှင်းလိုက်၍၊ ကြိုက်ရာညီရူည်၊ ဖျည်ဖျည်ညင်းညင်း၊ သာချင်းရတု၊ ပျော်မှုတသီး'။ ရွှင်မောဘာရဌသာရ၏သံဝရဂျို့။ (အဝိုဒ်-၁၆၈)။ Dr. Hla Pe' Burmese Poetry, 1450-1885. In Burma. 1985. Page-12.

*၄ လက်ဝဲနော်ရထာ၏ စာဆိုတော်များရတုပေါင်းချုပ်။ ၁၉၆၃-ခုနှစ်။ (နိဒါန်း-၁၈)

*၅ ပုဂံဝန်ထောက်ဦးတင်၏ ကဗျာဗန္ဓသာရကျမ်း။ ၁၉၅၈-ခုနှစ်။ (စာမျက်နှာ-၄၀)။

*၆ ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်း။ ၁၉၅၈-ခုနှစ်။ (စာ၊ ၇၆နှာ-၁၁၄)။

http://www.dhammadownload.com

နတ်ပြည်ရှိ ဗုဒ္ဓ၏ဆံတော်ကိုဌာပနာ၍ သိကြားမင်းတည်ထားသည့် စူဠာမဏိစေတီတော်ကြီးကိုပင် တိုင်တည်ရေးဖွဲ့ခဲ့သည်။*၁

အချို့သောရတုဆရာတို့ကမူ ပွင့်လတ်တဲ့ဖြစ်သောမေတ္တေယျရှင်အားတိုင်တည်ပြီး ဘုရားတိုင်ရတုကဏ္ဍကို စပ်ဆိုခဲ့လေသည်။ ရှာဖွေရရှိသောမေတ္တေယျဘုရားတိုင်ရတု ၃-ပုဒ်ပါသည်။ ထိုရတု ၃-ပုဒ်တို့မှာ-

၁။ လော်ကားး ၃၀၀၀ မှူး၏ 'အာဒိကမ္မာ'- အစချီသောရတုပိုဒ်စုံ၊

၂။ ရခိုင်စာဆိုဥက္ကာပျံ၏ 'တစ်သောင်းနေပြောင်'- အစချီသောရတုပိုဒ်စုံနှင့်

၃။ အင်းဝဘုရင် ဟံသာဝတီရောက်မင်း၏ 'ပုဂ္ဂိုလ်ခြောက်မည်'-
အစချီသော ရတုပိုဒ်စုံ-တို့ဖြစ်ပါသည်။

လော်ကားး*၂ ၃၀၀၀ မှူး

ရေတပ်ဖွဲ့တွင် စစ်သည်တော် ၃၀၀၀ အပေါ် အကြီးအမှူးအဖြစ်အုပ်ချုပ်ကွပ်ကဲရသောသူကို လော်ကားး ၃၀၀၀ မှူးဟုခေါ်၏။*၃ လော်ကားး ၃၀၀၀ မှူး (အေဒီ ၁၄၉၈?-၁၅၆၈?)*၄သည် ရတုစာဆိုမင်းဇေယျရန္တ မိတ် (အေဒီ ၁၅၆၈-၁၆၃၈)၏ဖခင်ဖြစ်ပြီး တောင်ငူခေတ်(အေဒီ ၁၄၈၆-၁၅၉၉)၌ အလွန်ထင်ရှားသောစာဆိုတော်ကြီးဖြစ်၏။

လော်ကားး ၃၀၀၀ မှူးသည် အင်းဝ၌ ရွှေနန်းကြော့ရှင်နရပတိမင်း (အေဒီ ၁၅၀၁-၁၅၂၇)*၅ထံ၌ လက်ဦးမင်းမူထမ်းခဲ့သည်။ အေဒီ ၁၅၂၇-ခုနှစ်တွင် အင်းဝမြို့တော်ကို မိုးညှင်းစောလုံ (Mohyin Saolon)သိမ်းပိုက်၍ သားဖြစ်သူသိုဟန်ဘွား(Hso Hom Hpa. အေဒီ ၁၅၂၇-၁၅၄၃)အုပ်ချုပ်ရာ အုပ်ချုပ်ပုံကြမ်းတမ်း၍ သာသနာတော်ကို နှိပ်စက်သောကြောင့်*၆ အင်းဝရှိမူးမတ်တို့မှအစ မြန်မာပညာရှင်အများ ရွှေနန်းကြော့ရှင်ဘုရင်နရပတိ၏သားမက်တော်သူ တောင်ငူပြည့်ရှင်မင်းကြီးညို(အေဒီ ၁၄၈၆-၁၅၃၁)ထံသို့ခိုဝင်ခဲ့ကြသည်။*၇

တပင်ရွှေထီး(အေဒီ ၁၅၃၁-၁၅၅၀)၏ခမည်းတော် မင်းကြီးညို တည်ထောင်သော တောင်ငူခေါ်ကေတုမတိုမြို့သို့ အင်းဝနန်းမှကျမ်းတတ်ပုဂ္ဂိုလ်များ၊ နန်းတွင်းစာဆိုများစုဝေးမိကြပြီး ကဗျာလင်္ကာများရေးသားကြသောကြောင့် မြန်မာစာပေသမိုင်း၌ တောင်ငူခေတ်ဟုပင် စာပေတစ်ခေတ်မော်ကွန်းထိုးလောက်အောင်ဖြစ်ခဲ့ရ၏။ ထိုတောင်ငူခေတ်၌ စာပေခေါင်းဆောင်တစ်ဦးမှာ လော်ကားး ၃၀၀၀ မှူး ဖြစ်သည်။ လော်ကားး ၃၀၀၀ မှူးသည် တောင်ငူနဝဒေး၊ ရာဇဒေဝ၊ ရာဇဗလ၊ ရာဇဗာဟု စသောဘွဲ့တို့ကိုလည်းရခဲ့သည်။ လော်ကားး ၃၀၀၀ မှူး ရေးဖွဲ့သော

---

*၁ ဦးဘရင်(တည်း)၏ နဝဒေးဆိုရတုပေါင်းချုပ်။ ၁၉၂၉-ခုနှစ်။ (စာမျက်နှာ-၁၊ ၂၊ ၅၄)။

*၂ လော်ကားး-ခေါင်းအဖြီးထောင်၍ ကင်းသက္ကာန် ပြုလုပ်ထားသောလေ့။ ဧယသန်ယာဓ၏ရွှေဘုံနိဒါန်း။ ၁၉၆၃-ခုနှစ်။ (စာမျက်နှာ-၇၄)။

*၃ ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်း။ ၁၉၅၈-ခုနှစ်။ (စာမျက်နှာ-၉၂)။

*၄ မောင်သုတ၏ စာဆိုတော်များအတ္ထုပ္ပတ္တိ။ ၁၉၆၆-ခုနှစ်။ (စာမျက်နှာ-၁၂၅)။

*၅ သက္ကရာဇ် ၈၇၁-ခုနှစ် (အေဒီ ၁၅၀၉-ခုနှစ်)တွင် ရွှေနန်းတော်ဟောင်းနွမ်းသောကြောင့် ရွှေနန်းတော်အသစ် တည်တော်မူသည်။ ရွှေနန်းကား အလုပ်အဆောင် ရောမောပြေပြစ်ကျစ်လျစ်ထူးဆန်းလှသောကြောင့် ရွှေနန်းကြော့ရှင်နရပတိဟု တွင်သည်- မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ဒုတိယတွဲ။ ၁၉၉၃-ခုနှစ်။ (စာမျက်နှာ-၁၂၅)။

*၆ သိုဟန်ဘွားအုပ်ချုပ်ရေးညှဉ်းပန်းပုံကို ပုဂံဝန်ထောက်ဦးတင်၏ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ တတိယတွဲ။ ၁၉၇၀-ပြည့်နှစ်။ (စာမျက်နှာ-၁၄၅)၌ကြည့်ပါ။

*၇ ဒေါက်တာကျော်သက်၏ မြန်မာနိုင်ငံတော်သမိုင်း။ ၁၉၆၂-ခုနှစ်။ (စာမျက်နှာ-၁၄၆)။

http://www.dhammadownload.com

ရတု, ကဗျာ, ချေင်း, မော်ကွန်း စသည်တို့တွင် မင်းတရားရွှေထီးချေင်း*၁ နှင့် 'မေရုဗဟို'–ချီရတု*၂တို့သည် အလွန်ထင်ရှား၍ အကောင်းဆုံးစာပေလက်ရာများဖြစ်သည်။

လော်ကား ၃၀၀၀ မှူး၏ 'အာဒိကမ္မာ'–အစချီသော ရတုပိဒ်စုံကား မေတ္တေယျဘုရားတိုင်ရတုဖြစ်၏။ ထို ရတု၏ပထမအပိုဒ်တွင် 'ဤဘဒ္ဒကမ္မာပေါ်ဦးအခါက ဗောဓိမဏ္ဍိုင်မြေဦးချာ၌ ဘုရားငါးဆူပွင့်မည်ဟူ၍ ကမ္မာနိမိတ် ကြာငါးခိုင်ပွင့်ခဲ့ပြီး၊ ထိုကြာပွင့်တို့မှ သင်္ကန်းငါးစုံကို ဗြဟ္မာကြီးတို့ရခဲ့ကြ၏။ ဘုရားလေးဆူပွင့်တော်မူပြီး ဖြစ်၍ ကြာပွင့်မှရခဲ့သောသင်္ကန်းလေးစုံတို့ကိုလည်း ကပ်လူခဲ့ပြီးဖြစ်သည်။ ကျန်သောသင်္ကန်းတစ်စုံကိုမူကား ဗြဟ္မာပြည်၌သိမ်းဆည်းထား၏။ နောင် ဗြဟ္မာတို့နှင့်တကွ လူနတ်တို့ မိတေရှင်ပွင့်သောအခါ ကေတုမတီပြည်၌ စုရုံးကြမည်'–ဟူ၍ရေးဖွဲ့ထားပါသည်။

ဒုတိယအပိုဒ်တွင် 'မေတ္တေယျအလောင်းတော်သည် ယခုအခါ တုသိတာနတ်ပြည်၌ စံနေတော်မူပြီး အချိန်တန်လျှင် သိကြားမင်း၏လျှောက်ထားတောင်းပန်ချက်အရ လူ့ပြည်သို့သက်၍သန္ဓေယူကာ ကံ့ကော်ပင် ရွှေပလ္လင်၌ သစ္စာလေးအင်သိမြင်သော ဘုရားစင်စစ်ဖြစ်တော်မူပါလိမ့်မည်။ ထိုအချိန်တွင် စာဆိုရှင်သည် ဆွေမျိုးတစ်စုနှင့်အတူ ကျွတ်ဆုပန်ဆင်မည်'–ဟူ၍ ရေးဖွဲ့ထားပါသည်။

တတိယအပိုဒ်တွင် 'ငါးပါးပဋ္ဌသီလကိုစောင့်ထိန်းကာ မေတ္တာကမ္မဋ္ဌာန်းစသည်စီးဖြန်းလျက် ကုသိုလ်ကောင်းမှု ကြိုတင်၍ပြုထားမှသာ ကံ့ကော်နန်း၌ မေတ္တေယျရှင်ပွင့်သောအခါ မင်္ဂလမ်းသို့ထွင်နိုင်လိမ့်မည်'–ဟူ၍ ရေးဖွဲ့ထားသည်။

အာဒိကမ္မာ၊ ပေါ်ဦးခါက၊ အောင်ချာနဂို၊ ဗဟိုလယ်ချက်၊ ကျွန်းထိပ်ထက်ဝယ်၊ အေးမြက်ပျံကြိုင်၊ ဘဝင်္ဂလိုင်မှု၊ ပွင့်ခိုင်ရွှေလော်၊ အဟော်ဝတ၊ ပဋ္ဌပုပ္ပါ၊ နိမိတ်ကြာနှိက်၊ ရောင်ဝါနီမြန်း၊ ကြာသင်္ကန်းကို၊ ထူးဆန်းအံ့ရာ၊ ငါးစုံပါသော်၊ ဗြဟ္မာနတ်ဆွေ၊ ယူဆွတ်ခြွေမှ၊ ပရမေရောင်ဝှန်၊ လေးတန်ဗုဒ္ဓ၊ ကပ်လိုက်ရ၏။ ကေဗုဒ္ဓံ၊ စီဝရံကို၊ သဟံပြဟ္မာ၊ နောင်လာစီးပွား၊ ချန်ဝှက်ထား၍၊ ကျော်ကြားပတ်ကုံး၊ သောင်းခန်းလုံးဝယ်၊ မဆုံးဝှန်သည်း၊ မြေကြီးကြည်းမျှ၊ မိတည်းနောင်သော်၊ မြတ်ကံ့ကော်၌၊ လေးဘော်သစ္စာ၊ ခြောက်ဖြာရောင်ခြည်၊ ပွင့်လမည်ဟု၊ လူ့ပြည်နတ်ရွာ၊ ဗြဟ္မာကစ၊ ဖျင်မျှပြောထု၊ ရုံးလှာစုသည်။ ။ကေတုမတီတွင်တကား။။

သာဘိစံရာ၊ လောင်းတကာတို့၊ အောင်ချာချက်မှတ်၊ ဇာတိမြတ်ဟု၊ လူနတ်ပျော်ရာ၊ တုသိတာနှိက်၊ မဟာသုခ၊ စံပြီးမှလျှင်၊ ဒေဝသီရိ၊ သမ္မတ္တိဖြင့်၊ တာဒိဘူတံ၊ သူဖံသက္ကော၊ ယာစိတောမှ၊ နုမောဝန်္တံ၊ အာမခံ၍၊ လူထံသန္တေ၊ တိဟိတ်နေလျက်၊ ရံထွေအပေါင်း၊ ရှစ်သောင်းထွတ်ထား၊ မိဖုရားနှင့်၊ နှစ်ပါးမောင်နှံ၊ ပြာသာဒ်ပျံထက်၊ ရှေးကံပင့်ဆော်၊ တောထွက်သော်လျှင်၊ ကံ့ကော်မြပင်၊ ရွှေပလ္လင်ထက်၊ အောင်မြင်သစ္စာ၊ ပွင့်သောခါမှ၊ မကွာတူပင်၊ အစုံလျှင်တည့်၊ သာရွှင်လူလှူ၊ ကျွတ်မည်ဆုသည်။ ။ဆွေစုတညီပင်တကား။။

ဇာတိကြီရာ၊ သာသနာဝယ်၊ လူဒါရင်းတည်၊ သဒ္ဓါကြည်၍၊ ငါးမည်ပဋ္ဌ၊ သီလမကွာ၊ ဘာဝနာတည်၊ နေအာရုဏ်တက်၊ နံနက်မိုးချုပ်၊ ရှိအုပ်ဦးထား။ ဆယ်ပါးကျိုးညွှန်း၊ ကမ္မဋ္ဌာန်းကို၊ စီးဖြန်းမမေ့၊ တထေ့ထေ့လျှင်၊ အောက်မေ့သွတ်လှယ်၊ သရဏ္ဂွာယ်၍၊ ရန်ပယ်ပျောက်ကွာ၊

---

*၁ မောင်မေအောင်(စု)၏ ချေင်းဟောင်း ၁၂–စောင်တွဲ။ ၁၉၁၂–ခုနှစ်။ (စာမျက်နှာ ၃၁–၄၃)။

*၂ လက်ဝဲနော်ရထာ(စု)၏ စာဆိုတော်များရတုပေါင်းချုပ်။ ၁၉၆၆–ခုနှစ်။ (စာမျက်နှာ–၆၈)။

http://www.dhammadownload.com

မေတ္တာပရိတ်၊ ငြိမ်သည်စိတ်ဖြင့်၊ ကျိန်းမြဲတ်မည်၊ မုခ်မုခ၊ ဓာရဏာဖြင့်၊ အာမဝန္တံ၊ အမတံပဒံ၊ နိဗ္ဗာန်ဝှန်ကို၊ အာဂန္တွာန၊ သမဂ္ဂဖြင့်၊ ထွန်းပရောင်ချိပ်၊ ကံ့ကော်ရိပ်၌၊ နွံနှံပ်တရာ။ မာရ်ငါးပါးကို၊ ထွားထွားဖျောက်ကြဉ်၊ အောင်သောစဉ်တွင်၊ သဗ္ဗညုတ၊ ဉာဏာကွန်ယက်၊ ဖြန့်လျက်အချာ၊ ရုံးသောခါမှ၊ မေတ္တာထပ်မွမ်း၊ ပျိုငယ်ကျွမ်းကို၊ တလမ်းတည်းဝင်၊ ရွှေလက်ငင်၍၊ မစင်ညစ်ကျူ၊ မကောင်းမူသည်။ ။ ဖွေလုမမီခင်တကား။[*၁]

ဥက္ကာပျံ[*၂]

ဥက္ကာပျံ(အေဒီ ၁၅၅၈?–၁၆၁၈?) သည် ရခိုင်ပြည်နယ်ဘက်၌သာမက မြန်မာနိုင်ငံဘက်မှာပါ ကျော်စော ထင်ရှားခဲ့သော ရခိုင်စာဆိုတော်ကြီးဖြစ်သည်။ ဥက္ကာပျံကို ဦးကာဗျာန်၊ ဥဂ္ဂါပျံ၊ ဥကာပျံ၊ စိန်တင်ရွာစား–ဟူ၍ လည်း ခေါ်ဝေါ်ရေးသားကြ၏။ ဥက္ကာပျံသည် ဓညဝတီရခိုင်ပြည် မင်းရာဇာကြီး(အေဒီ ၁၅၉၃–၁၆၁၂)၏သား မင်းခမောင်း(အေဒီ ၁၆၁၂–၁၆၂၂)၏အထိန်းတော်ဖြစ်၏။ အေဒီ ၁၅၉၅–ခုနှစ်တွင် အိမ်ရှေ့မင်းသား မင်းခမောင်း ဟံသာဝတီ၌ လေးနှစ်ခန့်စံနေရစဉ်အတွင်း အတူလိုက်ပါခဲ့ရပြီး၊ ဟံသာဝတီနေပြည်မှနေ၍ ဓညဝတီနေပြည်သို့ လွမ်းဆွတ်ကြောင်း ရတုများစွာကိုရေးဖွဲ့ထားခဲ့၏။[*၃] ထိုရတုများစွာတို့တွင် 'တသောင်းနေပြောင်'–အစချီသော ရတုပိုဒ်စုံကား အရိမေတ္တေယျဘုရားတိုင်ရတုပိုဒ်စုံဖြစ်လေသည်။

တသောင်းနေပြောင်၊ ညိုလျှံဆောင်သား။ တင့်ခေါင်သွယ်ညွတ်၊ ဂိရိထွတ်ဝယ်၊ လူနတ်များစွာ၊ ဗြဟ္မာအပေါင်း၊ ဆယ်ချောင်းလက်ဖျား၊ ဦးထိပ်ထား၍၊ ခစားမှီခို၊ တောင်းဆုလိုက၊ မငြိုလျင်လှည့်၊ ရှင်ချစ်ဖြည့်လော့၊ မိတည့်နောင်တော်၊ မြတ်ဘုန်းကျော်။ ။ကြင်ဘော်သက်ပေး၊ ပျိုငြိမ့်လေးလျှင်၊ ရှည်ဝေးမြင့်ကြာ၊ ဆီသာဝေမျှ၊ ကြွေပြိုက်ကျလျက်၊ နတ်လကပေ၊ ရင်ရွှေခွါပြောင်း၊ မြစ်ကြောင်းရော၊ စုန်ရလာသော်၊ မြင့်ကြာမနှေး၊ ရှည်ဝေးမညောင်း၊ ခြိမ်းမောင်းသံပြိုင်၊ ကျူးအိုင်ရင့်သည်း၊ တော်လည်းငလျင်၊ ဆယ်ခွင်ရပ်လုံး၊ မဖုံးခင်မီ၊ ပြန်လည်ချီအောင်၊ ဘုန်းခေါင်ရင်ဘီ၊ ဉာဏ်တော်သိလော့၊ မုနိရတနာ၊ မြတ်သကျာသည်။ တဖောလျှံတက် မြူးလှည့်သော။

အမောင်းရွှေရောင်၊ တောသုံးထောင်လည်း၊ ကွာရှောင်ရက်ပြောင်း၊ ဖူးညောင်းသန္တာ၊ စိမ်းပြာညိုလဲ့၊ ချစ်ဖွဲ့အပ၊ ငှက်မျှစုံနှစ်၊ လည်ရစ်ရှက်တင်၊ လူသွင်စတေ၊ တူနေရွှင်လန်း၊ ချူးခက်နန်းထက်၊ အဆန်းထူးလည်၊ ရင့်ရွှမည်က၊ မြိုင်စည်တောယံ၊ ငှက်ပေါင်းသံကို၊ တရံမောင့်နာ။ ဆွတ်မှုကြားသော်၊ သည်းဖျားလန့်ယောင်၊ လိပ်ပြာရောင်ကြောင့်၊ သန်ကောင်သန်လျှမ်း၊ လွမ်းပန်းခွေ့ခွေ့၊ အောက်မေ့မတည်၊ ဖြေဆည်မတတ်၊ ကြာနယ်ညွတ်ခဲ့၊ ထိုနတ်ဘုန်းခေါင်၊ ရန်မှောင်ပယ်ခွင်၊ ဆက်ဒန်ရှင်ကား[*၄]၊ ကြာတင်လှဘီ၊ တရိနာမ၊ ဒွေဆက္ကန့်၊ သုညအလယ်၊ ပစ်ပယ်အဋ္ဌ၊ ကေအက္ခရာ၊ ကျမ်းလာဗေဒင်၊ သိမြင်သည်ရှေ့၊ ကြဲ၍ယူလော၊ ဖြိုးထူများမြောင်၊

---

*၁ လက်ဝဲနော်ရထာ၏ စာဆိုတော်များ၊ရတုပေါင်းချုပ်။ ၁၉၆၃–ခုနှစ်။ (စာမျက်နှာ–၇၁)။

*၂ မောင်သုတ၏ စာဆိုတော်များအတ္ထုပ္ပတ္တိ။ ၁၉၆၃–ခုနှစ်။ (စာမျက်နှာ–၁၅၁)။

*၃ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ–၁၅။ ၁၉၇၆–ခုနှစ်။ (စာမျက်နှာ–၁၅၄)။

*၄ ဆက်ဒန်=အရောင်ခြောက်မျိုးထွက်သော ဆင်စွယ်။ 'စောလူးစီးတန်၊ မျိုးဆက်ဒန်'– မြင်စိုင်းကာချင်း။ ဆဒ္ဒန္တ–ဟူသောပါဠိနှင့်အညီ ဆဒ္ဒန်ဟူ၍ ရေးသင့်ကြောင်း ဝေါဟာရတ္ထပကာသနီ(၅၄၁)၌ ညွှန်ပြထား၏။

http://www.dhammadownload.com

ရာထောင်ကုဋေ၊ ရံဖိုလ်တွေလည်း၊ ဘုံရွှေနန်းမြင့်၊ ပြန်ချိန်ခွင့်ကို၊ လင့်စပကာ၊ တင်းသံနာ၍၊ ထိုမှာတစု၊ မှာတခုလျှင်၊ ရောရုတိုင်ပင်၊ ဆိပ်ပြင်လမ်းကြောင်း၊ ဂူကျောင်းရှိရာ၊ တိုင်ကာရေရွတ်၊ တတွတ်တွတ်သည်။ ရင်ဘတ်သပ်ကာ မူးလှည့်သော။

မညောင်းစေမောင်၊ နူတ်ရွေစောင်နှင့်၊ ချစ်ယောင်သာဖြာ။ ဆိုသည်များကို၊ နောင့်နှား ကြားထင်၊ စစ်ပွဲခွင်က၊ မရှင်ပျောင်းရိ၊ မချိတတ်ဘဲ၊ ဝမ်းကွဲပူဆာ၊ နေလှည့်ရာတွင်၊ အာကာ လုံးဝယ်၊ မြန်ယအဆင်း။ ဝါဝင်းတရပ်၊ ဝင်းလျပ်ရက်တင်၊ ပတ်ကုံးဆင်၍၊ သံထင်ရင့်မြည်၊ ရွာလသည်ကား၊ ရွှေပြည်ရပ်သူ၊ ပြာဖြူထွားပျို၊ လွဲလွဲညိုလျှင်၊ နဂိုရင်ခြောက်ထိပ်၊ စိုးချုပ်နိပ်သည်၊ ဘုန်းရိပ်လျှံပြောင်၊ သူဇာမောင်ကို၊ လက်ဆောင်ဆယ်မြွာ၊ ဆယ်စုံကြာနှင့်၊ ပန်ထွာကြားချေ၊ နူတ်ရွေချိုမြ၊ ဗျာဒိတ်ရ၍၊ ရွာချသည်လော၊ တွေးတောလှည့်ကာ၊ အောက်မေ့ရာသော်၊ ဒေဝါမာဃ၊ ဝဿကာလန္ဒာ၊ မေခလာသို့၊ လွမ်းရာလှောက်ကူ၊ နားပူနားဆာ၊ အာကာပွေချက်၊ ပြိုအက်ဘာနန်း၊ ခါမှန်းမသိ၊ စိတ်ရှိတိုင်းသာ၊ ထောက်မစာသည်။ ။ချိန်ခါလိုမဲ့ ကျူးလွှည့်သော။*၁

ဟံသာဝတီရောက်မင်းတရား

အေဒီ ၁၎၄၎-ခုနှစ်တွင် အင်းဝ၌ဆင်ဝန်ဖြစ်ခဲ့ဖူးသူ ဇင်းမယ်ရှမ်းအနွယ်အဆက်ဦးအောင်လှ (အေဒီ ၁၎၄၎-၁၎၅၈)သည် ဗျိုင်းတိရာဇာသေနာဓိပတိဘွဲ့ဖြင့် ဘိသိက်ခံကာ ဟံသာဝတီ၌မင်းပြုခဲ့သည်။*၂ ရာဇဝင်ကျမ်းတို့၌ ဦးအောင်လှကို ဗညားဒလဟူ၍ ဖော်ပြခဲ့သည်။ ထိုဗညားဒလဦးအောင်လှသည် အေဒီ ၁၎၅၂-ခုနှစ်တွင် ဟံသာဝတီမှ အထက်အင်းဝသို့ချီတက်သိမ်းပိုက်၍ အင်းဝဘုရင် ညောင်ရမ်းနောက်ဆုံးဆယ်ဆက် မဟာဓမ္မ ရာဇာဓိပတိခေါ် တနင်္ဂနွေမင်း (အေဒီ ၁၎၃၃-၁၎၅၂)ကို ဟံသာဝတီပဲခူးသို့ဆောင်ယူခဲ့သည်။ တနင်္ဂနွေမင်းကို ရှေးကနန်းကျမင်းဟုရေးကြသော်လည်း အလောင်းမင်းတရားကြီးလက်ထက်(အေဒီ ၁၎၅၂-၁၎၆၀)၌ နန်းကျမင်းဟု မရေးရ၊ ဟံသာဝတီရောက်မင်းဟု ခေါ်တွင်စေရမည်ဟူ၍ အမိန့်တော်မှတ်ခဲ့သည်။*၃

ဟံသာဝတီရောက်မင်းသည် ရာဇဝင်ပုံပြင် ဗေဒင်ဂဏန်းဗဟုသုတ စောင်းညှင်း စသောအတီးအမှုတ် လေ့ကျက်ကျွမ်းကျင်တော်မူသည်။*၄ စာဆိုလည်း ကောင်းလှသည်။ အင်းဝမြို့ကြီး တစ်ပါးသူလက်ကျ၍ ပျက်စီးယိုယွင်းခဲ့ရပုံကို 'လုဖွတိပလုဖွတိတိ လောကော၊ သဘောနိယံ၊ လောကဓံနှင့်' အစချီသော အင်းဝပျက်တမ်းချင်းတစ်ပုဒ်ကိုလည်း ရေးဖွဲ့ခဲ့ပေသည်။*၅

ဟံသာဝတီရောက်မင်းသည် သူတစ်ပါး၏အရင်ဖြစ်သော ပဲခူးဟံသာဝတီတွင် ဆင်းရဲငြိုငြင်စွာစံနေတော်မူခိုက် 'ပုဂ္ဂိုလ်ခြောက်မည်' အစချီသော သံဝေဂရတုပိုဒ်စုံ ခေါ် မေတ္တေယျဘုရားတိုင်ရတုပိုဒ်စုံကို အောက်ပါအတိုင်း ရေးဖွဲ့ခဲ့ပေသည်။

---

*၁ မြန်မာစာညွှန့်ပေါင်းကျမ်း၊ ပထမတွဲ။ ၁၉၅၀-ပြည့်နှစ်။ (စာမျက်နှာ-၈၇)။ လက်ဝဲဓနုဂ်ရထား၏ စာဆိုတော်များရတုပေါင်းချုပ်။ ၁၉၆၆-ခုနှစ်။ (စာမျက်နှာ-၂၀၁)။

*၂ ဒေါက်တာကျော်သက်၏ ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်း။ ၁၉၆၂-ခုနှစ်။ (စာမျက်နှာ-၂၅၂၊၂၅၉)။

*၃ မောင်သုတ၏ စာဆိုတော်များအတ္ထုပ္ပတ္တိ။ ၁၉၆၆-ခုနှစ်။ (စာမျက်နှာ-၂၂၅)။

*၄ တွင်းသင်းမင်းကြီးဦးထွန်းညို၏ မဟာရာဇဝင်သစ်၊ တတိယတွဲ။ ၁၉၉၇-ခုနှစ်။ (စာမျက်နှာ-၁၆၈)။

*၅ မြန်မာစာညွှန့်ပေါင်းကျမ်း၊ ဒုတိယတွဲ။ ၁၉၅၃-ခုနှစ်။ (စာမျက်နှာ-၆၄)။

http://www.dhammadownload.com

ပုဂ္ဂိုလ်ခြောက်မည်၊ သန္ဓေတည်သား။ ဤသည်ပရိတ်၊ ရှစ်ဆယ်စိတ်တွင်၊ ခုထိတ်နောင်ယှဉ်(လျှဉ်)၊ သံယောဇဉ်လည်း၊ အယဉ်စီစီ၊ တိထီသာခန်း၊ ပျော်မြွန်းခဲ့၊ တဆန်းကြူးလွန်၊ ဘုံသုံးတန်တွင်၊ နှိုင်းရန်တူကြောင်း။ ရွေးချယ်ပေါင်းသော်၊ သောင်းကိုလွှတ်ခွာ၊ ရာကိုကင်ဝေး၊ ကိုးယောက်ရှေးလျှင်၊ ရှင်ထွေးလှခေါင်၊ လှတန်ဆောင်သည်။ ။ရှင်အောင်ကိုသာလွမ်းမိခဲ့။

ထုတ်ဆိုဆောက်တည်၊ ခန်ငါးမည်လည်း။ အတည်မြဲ။ လွန်ဆင်းရဲ၌၊ ဗိုးကဲးမသာ၊ ဤကာယာမှု၊ ဖန်ရာဆင်ခြင်၊ ဦသို့တင်လည်း။ ဘင်သာမရောက်၊ တတောက်တက်တက်၊ တသက်သက်တိ၊ မွန်းချက်ဦးတင်၊ သုံးခွင်မိုက်မှောင်၊ လေမည်ရောင်လည်း။ ရာထောင်ဆကာ၊ မန္တန်းသာသား။ ဝိဇ္ဇာယှက်မြွေး၊ ယှိသည့်ဘေးကြောင့်၊ တုန်အေးသည်းတွင်း။ ခြင်ဆီချင်းမှု၊ ပျံ့သင်းမရှင်၊ ယှိသည်ပင်ကို၊ နှောင်းမြင်ငြိမ့်ရှန်း၊ လှတုကျွန်းသား။ သုံးခန်းခေတ္တာ၊ စံတိုင်းပသည်။ ။ရှင်ယျကိုသာတမ်းမိခဲ့။

နူတ်ချို့လျောက်မည်၊ ကြံမိသည်ကြောင့်၊ ရွှေပြည်ဆုံးစွန်၊ နိဗ္ဗာန်ကိုပင်၊ မလိုချင်သေး၊ ရှင်ထွေးလှလွန်၊ လှတမ်းခွန်တ့၊ ကျူးသွန်ချိုသာ၊ သြဇာရွှေခွန်း၊ ကြိုင်ကြိုင်မွန်းကို၊ ဦးစွန်းထိပ်ပြင်၊ ကောင်းစွာဆင်၍၊ ရွှေရင်တော်ငွေ့၊ လှုံရှ့်လွှင်၊ မမေ့ရလို၊ ဆက်တိုင်းကိုယ်ဟု၊ တဆိုလျောက်မည်၊ ကြံမိသည်ကြောင့်၊ ရွှေရည်ဦးသစ်၊ စံသော်ပြစ်လိမ့်၊ တင်ပြစ်ကင်းဝေး။ ကိုးယောက်ရှေးလျှင်၊ ရှင်ထွေးလှခေါင်၊ လှရှင်အောင်သို့၊ ရည်ဆောင်လွန်ကြူး။ မရွှင်မြူးသည်။ ။ရှင်ဦးကိုသာတမ်းမိခဲ့။*၂

ရှင်ဦး၊ ရှင်ယျ၊ ရှင်ထွေး၊ ရှင်အောင်–ဟူသည်

အထက်ဖော်ပြပါ ဟံသာဝတီရောက်မင်း၏ရတု၏အချုပ်ဒိဋ္ဌိတို့၌ 'ရှင်ဦး၊ ရှင်ယျ၊ ရှင်ထွေး၊ ရှင်အောင်' စသည့် အခေါ်တို့၏အဓိပ္ပာယ်ဆိုလိုရင်းကို ပညာရှင်တို့မည်သို့မည်ပုံကောက်ယူခဲ့သည်ကိုတင်ပြလိုပေသည်။

ရွှေဦးစွာ ပခုက္ကူ၊ ပခန်းကြီးမြို့နယ် မြို့ရွာဇာတိ ပဌမဗားကရာဆရာတော်ဟုထင်ရှားသော အဘိဓမ္မာ၊ သဒ္ဒါဆိုင်ရာကျမ်းပြုအကျော် တိပိဋကာလင်္ကာရသီရိဓဇမဟာဓမ္မရာဇဂုရုဘွဲ့တံဆိပ်တော်ရ အရှင်ဓမ္မာဘိနန္ဒ ဆရာတော်(အေဒီ ၁၇၃၈–၁၈၀၀)*၃သည် သက်တော် ၂၆–နှစ်၊ သိက္ခာ ၆–ဝါအရတွင် ဟံသာဝတီရောက်မင်း၏ ပိုဒိစုံရတုကိုဖြေဆိုတော်မူရာတွင်–

၁။ ပထမအချပိုဒ်လာ– ရှင်အောင်၊ ၂။ ဒုတိယအချပိုဒ်လာ–ရှင်ယျ၊ ၃။ တတိယအချပိုဒ်လာ–ရှင်ဦး တို့ကို မေတ္တာယျရှင်ဟူ၍ချည်းသာဖွင့်ဆိုတော်မူခဲ့ပါသည်။*၄

---

*၁ မြန်မာစာညွှန့်ပေါင်းကျမ်း၊ ဒုတိယတွဲ။ ၁၉၅၃–ခုနှစ်။ (စာမျက်နှာ–၃၇)။

*၂ ထိုဝေယန်ဘုံသာတိုက် ပဌမဆရာတော်ဦးဥာဏာသဒ္ဓမ္မသည် ပခန်းကြီးမြို့၊ ကျူးဗိုးထူးဆင်တဲရွာဇာတိဖြစ်၍ ထိုပဌမဆရာတော်၏ ဇာတိရပ်ရွာကိုအစွဲပြု၍ကာ ဆင်တဲတိုက်ဟုသာ တွင်ခဲ့သည်။ အရှင်ကေလာသ၏ မန္တ လေးသာသနာဝင်ကျမ်း၊ ပထမတွဲ။ ၁၉၈၀–ပြည့်နှစ်။ (စာမျက်နှာ–၂၁၇)။

*၃ လှသမိန်၏ ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များအတ္ထုပ္ပတ်။ ၁၉၆၁–ခုနှစ်။ (စာမျက်နှာ–၃၄)။ အမရပူရမြို့ အနောက်ပြင် ဗားကရာတိုက်၌ သီတင်းသုံး၍ ဗားကရာဆရာတော်တွင်သည်။ ဘိုးတော်မင်းတရားနှင့် ပုံတော်ပြကွဒိန် စသည်ကိစ္စအတွက် မသင့်ဖြစ်၍ ဝတ်ဖြူလဲကာ ဇာတိရပ်ရွာသို့ ပြန်နေခဲ့၏။ ဤအရှင်မြတ်၏ ဘွဲ့ကို အရှိ့ဇာတိတွင် အရှင်ဒန္ဒမာလာ–ဟုတွေ့ရသည်။

*၄ အရှင်နိဂြောဓ၏ ဂၢဗျူကြေးမုံ ဝိဇ္ဇကတ်ကြေးမုံ။ ၁၉၅၄–ခုနှစ်။ (စာမျက်နှာ–၁၁၉၊ ၁၂၁၊ ၁၂၂)။

http://www.dhammadownload.com

သာဂရဝံသဓေအတုလာဓိပတိသီရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု–တံဆိပ်တော်ရ ဆင်တဲဆရာတော်ကြီး (အေဒီ ၁၈၁၀– ?) ဖြေဆိုတော်မူခဲ့ပုံကိုလည်း တင်ပြလိုပေသည်။

ဆင်တဲဆရာတော်–ဟူသည်မှာ မန္တလေးမြို့မှ တောင်မြို့သွားကားလမ်းမကြီး၏ အရှေ့ဘက်တွင် ဘိုးတော်မင်းလက်ထက် အေဒီ ၁၇၈၂–ခုနှစ်တွင် မင်းကြီးမဟာမင်းထင်စည်သူဝိုးနဲဝိုလ်မူးဝန်ထောက်အမတ် ဆောက်လုပ်လှူဒါန်းသည့် ခုနစ်ဆင့် ပြာသာဒ်ကြီးနှင့်တကွ ကျောင်းရံများစွာပါသော ဝေယန်ဘုံသာဆင်တဲတိုက်*၂၌ သီတင်းသုံးသောကြောင့် ဆင်တဲဆရာတော်ဟုတွင်သော ကန္ဒီမြို့၊ တွင်းငယ်ရွာဇာတိ ဆရာတော်အရှင်သာဂရ ဖြစ်သည်။ ထိုဆင်တဲဆရာတော် အရှင်သာဂရကို အေဒီ ၁၈၁၀–ပြည့်နှစ်တွင်ဖွားမြင်ခဲ့ပြီး ငယ်စဉ်ကပင် ပဌမဆင်တဲဆရာတော်ကြီးထံသို့ရောက်၍ ပညာသင်ယူခဲ့သည်။ ဆရာတော်အရှင်သာဂရ ပြုစုတော်မူသောကျမ်းဂန်တို့တွင်– (၁) အကုသလ မနောကမ္မ ဝိနိစ္ဆယကျမ်း၊ (၂) သင်္ကြိုဟ်အရကောက်ကျမ်း။ (၃) ကမ္မဘေဒဝိနိစ္ဆယကျမ်း၊ (၄) ကပ္ပဘေဒဝိနိစ္ဆယကျမ်း၊ (၅) ပုဂ္ဂလပညတ် ပါဠိတော်နိဿယကျမ်း၊ (၆) အဘိဓမ္မတ္ထသာရဝိနိစ္ဆယကျမ်း၊ (၇) ဝိနည်းမဟာဝါပါဠိတော်နိဿယကျမ်းနှင့် (၈) အဘိဓမ္မသမူဟဝိနိစ္ဆယကျမ်းတို့ ပါဝင်သည်။ အထက်ပါကျမ်းတို့တွင် ဆင်တဲသင်္ကြိုဟ်အကောက်သည် အထူးထင်ရှားသည်။

ဟံသာဝတီရောက်မင်း၏ မေတ္တေယျတိုင်သံဝေဂပိုဒ်စုံရတု အချသုံးပိုဒ်စလုံး၌ဖော်ပြထားသော 'ရှင်ဦး၊ ရှင်ယျ၊ ရှင်ထွေး၊ ရှင်အောင်'ဟူသော အခေါ်များနှင့်စပ်၍ ဆင်တဲဆရာတော်ကြီးက–

> 'ရှင်ဦး'ဟူ၍လည်းကောင်း၊ 'ရှင်ယျ'ဟူ၍လည်းကောင်း စပ်သောအရာများလည်း မေတ္တေယျဘုရားကိုယူ။ 'ရှင်ဦး'ဆိုသည့်အရာမှာ ရင့်မာတစ်ကျိပ်တွင် မေတ္တေယျဘုရားအလောင်းသည် ရှေးဦးစွာပွင့်လတ္တံ့သည်ဖြစ်၍ 'ရှင်ဦး'ဆိုသည်။ 'ရှင်ယျ'ဆိုသည်အရာမှာ ခြီးမွမ်းဖွယ် အံ့သြဖွယ်ဆိုလိုသည်။ 'ရှင်ထွေး'ဆိုသည့်အရာ၊ 'ရှင်အောင်'ဆိုသည့်အရာများမှာ မေတ္တေယျဘုရားရှင်ကိုယူ။ ဤကမ္ဘာနှိုက်ပွင့်သောဘုရားငါးဆူတွင် နောက်ဆုံးဖြစ်၍ မေတ္တေယျဘုရားရှင်ကို 'ရှင်ထွေး'ဟူ၍ စပ်သည်။'*၁– ဟုဖော်ပြထားသည်။

ဆရာကြီးဒဂုန်နတ်ရှင်က ဟံသာဝတီရောက်မင်းတရားကြီး၏ 'ပုဂ္ဂိုလ်ခြောက်မည်'–အစချီသောရတု၌ ဒုတိယအပိုဒ်အဆုံး၌လာသော 'ရှင်ယျ'ကို ပွင့်လတ္တံ့သောအရှင်မေတ္တေယျရှင်ကို ရည်ညွှန်းဖွဲ့ဆိုသည်ဟုလည်းကောင်း၊ တတိယအပိုဒ်အဆုံး၌လာသော 'ရှင်အောင်'ကို ဂေါတမဘုရားရှင်ကိုယ်စား အင်းဝ၌တည်ထားသော လောကမာရ်အောင်ဘုရားကို ရည်ညွှန်းဖွဲ့ဆိုသည်ဟုလည်းကောင်း ဖော်ပြခဲ့ဖူးပါသည်။*၂

သတင်းစာဆရာကြီးဦးသိမ်းမောင်ကမူ 'ရှင်ယျ'ဟူသည် ဟံသာဝတီရောက်မင်းနောက်ပိုင်းတွင် ကုန်းဘောင်ဆက်ကိုတည်ထောင်သည့် အလောင်းဘုရားဦးအောင်ဇေယျကိုလည်း ရည်ရွယ်၍ဆိုလိုသည်ဟုယူဆနိုင်ကြောင်း ဖော်ပြဖူးလေသည်။*၃

❁ ❁ ❁ ❁ ❁

---

*၁ ဆင်တဲဆရာတော်ကြီး၏ အဘိဓမ္မာဝိနိစ္ဆယကျမ်း။ ၁၉၀၁–ပြည့်နှစ်။ (စာမျက်နှာ–၃၁၁)။

*၂ ဒဂုန်နတ်ရှင်၏ စာပေဝတ်ဆံ၊ အမှတ်(၈)။ ၁၉၇၃–ခုနှစ်။ (စာမျက်နှာ–၇၉)။

*၃ ဦးသိမ်းမောင်၏ အလောင်းဘုရား။ ၁၉၃၈–ခုနှစ်။ (စာမျက်နှာ–၁၃၈)။

http://www.dhammadownload.com

အခန်း (၁၆)

မေတ္တေယျရှင်နှင့်ဘဒ္ဒကမ္မာပန်းချေကြာ

ကျွန်ုပ်တို့၏ဘိုးဘွားစဉ်ဆက်မှီတင်းနေထိုင်လာသော နှစ်သိန်းလေးသောင်း အထုရှိသည့်ဤမဟာပထဝီမြေကြီးကို 'ကမ္ဘာကြီး' ဟူ၍ခေါ်ဝေါ်သုံးစွဲခဲ့ကြသောကြောင့် ကမ္ဘာကြီး–ဟုဆိုလိုက်လျှင် 'သတ္တဝါအပေါင်းတို့မှီရာတည်ရာ ပထဝီမြေလုံးကြီး*၁' ကိုဆိုလိုကြောင်း အကြမ်းဖျင်းအားဖြင့်သိကြပြီးဖြစ်ပါသည်။

ကမ္ဘာ–ဟူသည်

ကမ္ဘာ–ဟူသောဝေါဟာရသည် မြန်မာ,ပါဠိဝေါဟာရမဟုတ်ဘဲ သက္ကတ ဝေါဟာရ 'ကလ္ပ(*Kalpa*)မှဖြစ်သည်ဟု ပညာရှင်တို့ယူဆကြ၏။*၂ သက္ကတ အဘိဓာန်၌ 'ကလ္ပ'ဟူသောဝေါဟာရကို 'ဒဏ္ဍာရီစသည်၌ သုံးနှုန်းလေ့ရှိသော၊ ရေတွက်၍မကုန် မယုံနိုင်လောက်အောင်ကြာမြင့်သောအချိန်ကာလ'ဟူ၍လည်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။*၃ အလွန်သက်တမ်းကြာရှည်လှသောဗြဟ္မာကြီးတို့၏ သက်တမ်းကိုရေတွက်ရာ၌ 'တစ်ကမ္ဘာဖြစ်သည်၊ နှစ်ကမ္ဘာဖြစ်သည်' စသည်ဖြင့် ကမ္ဘာကိုအခြေခံ၍ ရေတွက်လေ့ရှိသည်။*၄

ကပ်ကမ္ဘာ

မြန်မာစာပေတွင် 'ကမ္ဘာ'ဟူသောဝေါဟာရကို ရံခါ'ကပ်'ဟူသောပါဠိသက် မြန်မာဝေါဟာရနှင့် တွဲဖက်၍လည်း 'ကပ်ကမ္ဘာ'ဟု သုံးနှုန်းကြသည်။*၅ ထို

---

*၁ *Earth, World, Globe.* နေစကြဝဠာကြီးအတွင်း သောကြာဂြိုဟ်နှင့်အင်္ဂါဂြိုဟ်အကြား ပတ်လမ်းအတိုင်း လှည့်လည်နေသော တတိယမြောက်ဂြိုဟ်ကြီး– *Geddes and Grosset' Dictionary of Geography. 2001. Page-52.* ကမ္ဘာ–နံ၊ ၁။ လူများနေထိုင်ရာမဟာပထဝီမြေကြီး၊ လောက– ဦးဝဏ်၏ တက္ကသိုလ်မြန်မာအဘိဓာန်။ အိုင်း–၁။ ၁၉၅၂–ခုနှစ်။ (စာမျက်နှာ–၆၆)။

*၂ ကလ္ပ(*SED,262.*)> ကလ်ပ > ကလ်ပါ > ကမ်ပါ > ကမ္ဘ > ကမ္ဘာ > ကမ္ဘာ– ဒဂုန်ဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရအဘိဓာန်။ ၁၉၆၈–ခုနှစ်။ (စာမျက်နှာ–၂၃)။

*၃ *a fabulous period of time- Sir M.M. Williams' A Sanskrit-English Dictionary. Page-262; Malalasekera(ed.)' Encyclopaedia of Buddhism. Vol.VI. Fascicle 1. 1996. Page-90.*

*၄ ဗြဟ္မာတို့၏တစ်နေ့သည် လူတို့၏နှစ်အရေအတွက်ဖြင့် လေးရာသုံးဆယ့်နှစ်ကုဋေ (၄,၃၂၀,၀၀၀,၀၀၀) ဖြစ်သည်။ မဟာဘာရတကျမ်းအရ ကမ္ဘာ–၃၀ သည် ဗြဟ္မာ့၏တစ်လ၊ ၃၆၅–ကမ္ဘာသည် ဗြဟ္မာ၏တစ်နှစ်၊ ၃၆၅၀၀–ကမ္ဘာသည် ဗြဟ္မာ၏သက်တမ်း–ဖြစ်သည်။ အဘယာရာဆေရာတော်ကြီး၏ အဓရကောဝသာဒီကာ။ ၁၉၃၈–ခုနှစ်။ (စာမျက်နှာ–၄၆)။ *K. Werner' A Popular Dictionary of Hinduism. 1997. Page-85.*

*၅ ကပ်ကမ္ဘာတွင် (၁) မဟာကပ်ကမ္ဘာ၊ (၂) အသင်္ခ္ယေယျကပ်ကမ္ဘာ၊ (၃) အန္တရကပ်ကမ္ဘာ၊ (၄) အာယုကပ်ကမ္ဘာ၊ (၅) ဟာယနကပ်ကမ္ဘာနှင့် (၆) ဝယုနကပ်ကမ္ဘာဟု ခြောက်မျိုးရှိသည်။ သုတေသနသရုပ်ပြအဘိဓာန်။ ၂၀၀၂–ခုနှစ်။ (စာမျက်နှာ–၁၂၂)။ တစ်နည်း– (၁) သာရကမ္ဘာ၊ (၂) မဏ္ဍူကမ္ဘာ၊ (၃) ဝရကမ္ဘာ၊ (၄) သာရမဏ္ဍူကမ္ဘာ၊ (၅) ဘဒ္ဒကမ္ဘာ၊ (၆) သုညကမ္ဘာ–ဟုခြောက်မျိုးရှိသည်။ တစ်နည်း– (၁) သုညကမ္ဘာနှင့် (၂) အသုညကမ္ဘာဟု နှစ်မျိုးရှိသည်။ ဗုဒ္ဓဝံသ၊ဌ။၂၂၇။ ဦးအာလောကာ၏သောတတ္ထကီပါဠိနိဿျ။ ၁၉၂၈–ခုနှစ်။ (စာမျက်နှာ–၇)။

http://www.dhammadownload.com

'ကပ်' ဟူသောဝေါဟာရသည်လည်း ပါဠိဝေါဟာရ'ကပ္ပ' မှ ဖြစ်သည်။ ပါဠိဝေါဟာရ'ကပ္ပ'နှင့် သက္ကတဝေါဟာရ 'ကလ္ပ (Kalpa)' တို့သည် အဓိပ္ပာယ်အားဖြင့်အတူတူပင်ဖြစ်သည်။ ပါဠိဘာသာ၌ 'ကပ္ပ'ကို ကတယုဂ်*၁ စသော အချိန်အတိုင်းအတာ(Duration)ကိုပြရာတွင် သုံးစွဲလေ့ရှိသည်။*၂

သို့ပါ၍ 'ကမ္ပာ'ဟူသောဝေါဟာရကို မြန်မာတို့က 'မြေကမ္ဘာလုံးကြီး'ဟူသောအဓိပ္ပာယ်ဖြင့်သုံးစွဲနေကြသော်လည်း၊ ထိုဝေါဟာရ၏မူရင်းဖြစ်သော သက္ကတ,ပါဠိဘာသာတို့တွင် 'အချိန်ကာလ'ဟူသောအဓိပ္ပာယ်ဖြင့်သာ သုံးစွဲကြောင်းသိရသည်။

ကမ္ပာ၏သက်တမ်း

ကမ္ပာကို 'အချိန်ကာလ'ဟုအဓိပ္ပာယ်ဖွင့်ဆိုရာတွင် 'မည်မျှကြာမြင့်သည့်အချိန်ကာလမျိုးကို တစ်ကမ္ပာစသည်ဖြင့်ရေတွက်ပါသနည်း'ဟုမေးပါက 'ကမ္ဘာ၏သက်တမ်းကာလသည် ကိန်းဂဏန်းချ ပြောမပြနိုင်ဘဲ ဥပမာဆောင်၍သာပြောပြနိုင်ပြီး၊ ထိုဥပမာကိုလည်း မိမိ၏အသိဉာဏ်၌ 'ဤမျှကြာသောသက်တမ်းကာလပါ ကလား'ဟု မှန်းဆပြီးမှသိရသောအချိန်ကာလမျိုး'ဖြစ်ကြောင်း စရိယာပိဋကအဋ္ဌကထာ၌ဖွင့်ဆိုထားပါသည်။*၃

မြတ်စွာဘုရားရှင်လက်ထက်တော်အခါက ရဟန်းတစ်ပါးသည် ကမ္ဘာကြီး၏သက်တမ်းကိုသိလိုသို့၍ မြတ်စွာဘုရားထံ 'အရှင်မြတ်ဘုရား၊ ကမ္ဘာကြီး၏သက်တမ်းသည် အဘယ်မျှလောက်ရှည်ပါသလဲဘုရား'ဟု မေးလျှောက်ခဲ့၏။ ထိုအခါ မြတ်စွာဘုရားရှင်က 'ရဟန်း၊ ကမ္ဘာကြီး၏သက်တမ်းကို သင်္ချာအရေအတွက်နှင့်ချပြီးပြောပြလို့ မဖြစ်နိုင်ဘူး၊ ဥပမာနှင့်ဆောင်ပြီးပြောပြမယ်။ အလျားတစ်ယူဇနာ၊*၄ အနံတစ်ယူဇနာ၊ အစောက်တစ်ယူဇနာရှိတဲ့ ကျောက်သားတုံးကြီးတစ်တုံးကို ယောကျ်ားတစ်ယောက်သည် ကာသိ(Kāsi)*၅ တိုင်းဖြစ် အလွန်နူးညံ့တဲ့ အဝတ်နဲ့ အနှစ်တစ်ရာကြာမှ တစ်ကြိမ်တစ်ကြိမ်ပွတ်တိုက်ခဲ့သော် ထိုကျောက်တုံးကြီးသာ ကုန်လျှင်ကုန်သွားလိမ့်မယ်၊ ကမ္ဘာကြီး၏သက်တမ်းကား မကုန်သေး။ ကမ္ဘာကြီး၏သက်တမ်းသည် ဤမျှရှည်လျားပေ၏'–ဟု မိန့်တော်မူခဲ့ပါသည်။ သံ၊ ၁။ ၃၉၉။ *၆

ကမ္ပာနှစ်မျိုး

ဤသို့လျှင် အတိုင်းမသိအောင်ကာလသက်တမ်းရှည်လျားလှသောကမ္ဘာကြီးကို ကမ္ဘာပေါ်ထွန်းစအခါက ဖြစ်ပေါ်ခဲ့သည့်နိမိတ်လက္ခဏာများကိုကြည့်ပြီး 'ဤကမ္ဘာကြီးကား သုညကမ္ဘာ ဖြစ်သည်(သို့မဟုတ်) အသုည

---

*၁ ကြေတယုဂ (Krita Yuga), တြေတာယုဂ (Tretā Yuga), ဒွါပရယုဂ (Drāpara Yuga), ကလိယုဂ (Kali Yuga)-ဟု ယုဂ(ယုဂ်)လေးမျိုး– K.Werner' A Popular Dictionary of Hinduism. 1997. Page-184. ဟိန္ဒူဘာသာ၌ ယုဂ စသည်ရေတွက်ပုံကို Zimmer' Myths and Symbols in Indian Art and Civiliation. 1972. Page 14-17 တွင်ကြည့်ပါ။

*၂ ကပ္ပေါ ကာလေ, ယုဂေ, လေသေ၊ ပညတ္တိ ပရမာယုသု– အရှင်မောဂ္ဂလာနစ်၏ အာဘိဓာနပ္ပဒီပိကာပါဠိ(ဂါထာ–၇၉၉)၊ ၁၉၇၇–ခုနှစ်။ (စာမျက်နှာ–၆၇)။

*၃ သာသပရာသိ ဥပမာဒီဟိ ကမ္ပေတဗ္ဗော ပရိကမ္ပေတဗ္ဗ ပရိမာဏောတိ အတ္ထော– စရိယာပိဋကဂ်၊ ၌။ ၁၁။

*၄ တစ်ယူဇနာ(=ယောဇန)မှာ ဓလော်သုံး(၉)မိုင်အကွာအဝေးရှိသည်– အရှင်သိလာနန္ဒာဘိဝံသ၏ ရူပသိဒ္ဓိဒီကာနိဿယသစ်၊ ပထမတွဲ။ ၁၉၉၉–ခုနှစ်။ (စာမျက်နှာ–၃၄၅)။

*၅ ဗာရာဏသီ (Bārāṇasī) မြို့ကြီးတည်ရှိရာ ကောသလမင်းတို့အုပ်စိုးသောတိုင်းနိုင်ငံ၏အမည်။ DPPN-I. 592¹. ယခု Benares-ဖြစ်သည်။ Day' The Geographical Dictionary of Ancient and Medival India. 1971. Page-95.

*၆ မြောက်ပိုင်းဗုဒ္ဓဘာသာဝင်တို့က ကမ္ဘာ၏သက်တမ်းကိုရေတွက်ရာတွင် (၃)မျိုးပိုင်းခြားထား၏။ စူဠကမ္ဘာ(ကမ္ဘာငယ်)သည် အနှစ်(၁၆,၈၀၀,၀၀၀) နှစ်၊ (အလတ်)ကမ္ဘာသည် အနှစ်(၃၃၆,၀၀၀,၀၀၀)၊ မဟာကမ္ဘာသည် အနှစ်(၁,၃၃၄,၀၀၀,၀၀၀)သက်တမ်းရှိသည်– W.E. Soothill' A Dictionary of Chinese Buddhist Terms. Page-232.

http://www.dhammadownload.com

ကမ္မာဖြစ်သည်' ဟူ၍ ခွဲခြားခဲ့ကြ၏။ ဤသို့ သုညကမ္ဘာ, အသုညကမ္ဘာ စသည်ဖြင့်ခွဲခြားခဲ့ကြသူတို့မှာ ကမ္ဘာသက်တမ်းထက်ကျော်လွန်အောင်အသက်ရှည်ရှည်နေခွင့်ရကြသော သုဒ္ဓါဝါသဘုံသားပြဟ္မာကြီးများဖြစ်ကြသည်။ ဤအကြောင်းကို ဒီဃနိကာယ်၊ မဟာဝဂ္ဂကထာ၊ မဟာပဒါနသုတ္တဝဏ္ဏနာဋ္ဌကထာတို့တွင် အောက်ပါအတိုင်းဖြစ်သည်။

မြတ်စွာဘုရားရှင် သဗ္ဗညုတဉာဏ်တော်ရရာဖြစ်သော မဟာဗောဓိပလ္လင်၏တည်ရာမြေအရပ်သည် လောကပျက်သည်ရှိသော် နောက်ဆုံးမှပျက်၏။ လောကတည်သည်ရှိသော် ရှေးဦးစွာ တည်၏။ လောကတည်စအခါက ထိုမဟာဗောဓိပလ္လင်တည်ရာမြေအရပ်၌ ဘုရားရှင်တို့မပွင့်မီကပင် ပုဗ္ဗနိမိတ်အဖြစ် ပဒုမ္မာကြာချုံတစ်ချုံသည် တည်နေ၏။ ထိုပဒုမ္မာကြာချုံ၌ ကြာပွင့်ရှိသည်ဖြစ်သော် ထိုကမ္ဘာ၌ ဘုရားဇကန်အမှန်ပွင့်လတ္တံ့။ ထိုပဒုမ္မာကြာချုံ၌ ကြာတစ်ပွင့် ပွင့်သော်ကား ထိုကမ္ဘာ၌ ဘုရားတစ်ဆူ ပွင့်လတ္တံ့၊ အကယ်၍ ထိုပဒုမ္မာကြာချုံ၌ ကြာနှစ်ပွင့် ပွင့်သော် ထိုကမ္ဘာ၌ဘုရားနှစ်ဆူ၊ အကယ်၍ ကြာသုံးပွင့် ပွင့်သော် ထိုကမ္ဘာ၌ ဘုရားသုံးဆူ၊ အကယ်၍ ကြာလေးပွင့် ပွင့်သော် ထိုကမ္ဘာ၌ဘုရားလေးဆူ၊ အကယ်၍ ကြာငါးပွင့်ပွင့်သော် ထိုကမ္ဘာ၌ဘုရားငါးဆူပွင့်တော်မူကြကုန်လတ္တံ့။ ထိုကြာပွင့်တို့သည် တစ်ခုသောကြာရိုး၌အချက်ကိုမငြိုင်ပြု၍သာလျှင်ပွင့်ကြခြင်းဖြစ်သည်။

သုဒ္ဓါဝါသဘုံသားပြဟ္မာကြီးတို့သည် (ကမ္ဘာတစ်ခုဖြစ်တည်လာလျှင်) မိမိတို့ပြဟ္မာဘုံသားအချင်းချင်းတို့အား 'အချင်းပြဟ္မာတို့၊ လာကြကုန်၊ ငါတို့သည်သွားကြပါကုန်စို့၊ ဘုရားပွင့်အံ့, မပွင့်အံ့သော ပုဗ္ဗနိမိတ်ကိုကြည့်ကြပါစို့' ဟုပြောဆိုကြ၍ မဟာဗောဓိပလ္လင်တည်ရာ ဗောဓိမဏ္ဍိုင်အရပ်သို့ ရောက်လာကြကုန်၏။ ဘုရားမပွင့်သောကပ်ကမ္ဘာဖြစ်ပါက ထိုဗောဓိမဏ္ဍိုင်ရှိကြာချုံ၌ ကြာပွင့်တို့ ပွင့်ထွန်းခြင်းမရှိပေ။ ထိုအခါ ပြဟ္မာတို့က အပွင့်မဲ့သောကြာချုံကိုကြည့်ပြီး 'အို့ပြဟ္မာတို့၊ လောကကြီးသည် အမိုက်တိုက် အမှောင်တိုက်ကြီးဖြစ်ပေတော့မည်။ သတ္တဝါတိုင်းသေလွန်လျှင် အပါယ်ငရဲသို့သက်ကြ၍ အပါယ်ငရဲ၌ သတ္တဝါတို့ပြည့်တော့မည်။ နတ်ပြည်ခြောက်ထပ်နှင့် ပြဟ္မာဘုံကိုးဝတို့တွင် သတ္တဝါတို့မှကင်းဆိတ်ကြကုန်တော့မည်' ဟူ၍ပြောဆိုကြကာ စိတ်မချမ်းမြေ့ဘဲရှိကြကုန်၏။

ကြာချုံ၌ ကြာပွင့်နေသည်ကိုတွေ့ကြပါမူကား ကြာပွင့်ကိုကြည့်ပြီး ဤကမ္ဘာ၌ဘုရားပွင့်ထွန်းတော်မူမည်ကိုသိသည့်အတိုင်း 'အချင်းပြဟ္မာတို့၊ ဘုရားအလောင်း၏မယ်တော်ဝမ်းသို့သက်ဆင်းပုံ၊ တောထွက်တော်မူပုံ၊ သစ္စာလေးအင်သိမြင်၍ ဘုရားအဖြစ်သို့ရောက်တော်မူပုံ၊ ဓမ္မစကြာတရားဟောတော်မူပုံ၊ ရေမီးအစုံယမကပြာဋိဟာပြတော်မူပုံ၊ နတ်ပြည်မှသက်ဆင်းတော်မူပုံ၊ ပရိနိဗ္ဗာန်စံဝင်တော်မူပုံ၊ စကြဝဠာတိုက်တစ်သောင်းတို့တုန်လှုပ်ခြင်းစသောပြာဋိဟာပြပုံ အလုံးစုံကိုရှုမြင်ကြရကုန်လတ္တံ့။ အပါယ်လေးဘုံ၌ သတ္တဝါတို့ဆုတ်ယုတ်ကြကုန်အံ့၊ နတ်ပြည်ခြောက်ထပ်နှင့် ပြဟ္မာဘုံကိုးဝတို့၌ သတ္တဝါတို့ဖြင့်ပြည့်ကြကုန်အံ့' ဟူ၍ ဘမ်းမြောက်ဝမ်းသာပြောကြားကျူးရင့်ကြလျက် မိမိတို့၏ပြဟ္မာဘုံဌာနသို့ပြန်သွားကုန်၏။

ဤဘဒ္ဒကပ်ကမ္ဘာ၌ကား ငါးပွင့်သောပဒုမ္မာကြာတို့ ပွင့်ကြကုန်၏။ ထိုငါးပွင့်သော ကြာနီမိတ်တို့၏တန်ခိုးအာနုဘော်ကြောင့် ငါးဆူသောဘုရားတို့ပွင့်ကြလတ္တံ့။ ယခုအခါ လေးဆူကုန်သော ဘုရားရှင်တို့သည် ပွင့်တော်မူကြကုန်ပြီ။ ငါးဆူမြောက်ဖြစ်သောမေတ္တေယျဘုရားသည် ပွင့်တော်မူလတ္တံ့။ သုဒ္ဓါဝါသဘုံသားပြဟ္မာတို့သည်လည်း ထိုပဒုမ္မာကြာပွင့်တို့ကိုမြင်၍ ဘုရားငါးဆူပွင့်အံ့ဟူသောသဘောကို သိကြကုန်၏–ဟူ၍ဖြစ်ပါသည်။ ဒီ၊ ဋ္ဌ။၂။၅။

http://www.dhammadownload.com

ဤသို့ ကမ္ဘာတည်စအခါက ဗောဓိမဏ္ဍိုင်အရပ်သို့ သုဒ္ဓါဝါသဘုံသားပြဟ္မာကြီးများရောက်လာကြ၍ ကမ္ဘာဦးပုဗ္ဗနိမိတ်ဖြစ်သော ပဒုမ္မာကြာချုံကိုကြည့်ပြီး နိမိတ်ဖတ်ကြပုံအကြောင်းကို ဟံသာဝတီဆင်ဖြူရှင်မင်း (အေဒီ ၁၅၅၁–၁၅၈၁)၏ မြေးမတော်သခင်ကြီး (အေဒီ ၁၅၇၄– ?) အား ပယ်သူငယ်စားရှင်မြတ်ခေါင် (အေဒီ ၁၅၃၈–၁၅၈၈)ဖွဲ့ချီးသော သခင်ကြီးချောင်း(အပိုဒ်–၂)၌

> ဘဒ္ဒကပ္ပ၊ မည်ရကမ္ဘာ၊ ရေမျက်နှာထက်၊ ပေါ်လာဦးဖျား။ ခုနစ်ပါးတွင်၊ ဆွမ်းသစ္စာ၊ လေးမြွာပွင့်မှန်၊ ငါးမာရ်အောင်နှိပ်၊ သုံးလူ့ထိပ်တို့ ကူးဆိပ်ပလွင်၊ ဗောဓိပင်၏။ ရာလျှင်မြော်လင့်၊ စွန်းစွန်းမြင့်၍၊ ငါးဆင့်ရွှေကြာ၊ နိမိတ်ပါသည်–ဟု ဖော်ပြထားသည်။*၁

မန်လည်ဆရာတော်ကြီး (အေဒီ ၁၈၄၁–၁၉၁၉) ၏ မဃဒေဝလင်္ကာသစ် (အပိုဒ်–၅၅၃) ၌လည်း–

> ငါတို့တစု၊ နေတည်ပြုသည့်၊ ဤခုကမ္ဘာ၊ ပေါ်ဦးခါနို့က်၊ သုညာသုည၊ ကမ္ဘာဓမ္မတာ၊ လက္ခဏာကို၊ ရွှေကြာနိမိတ်၊ ဘတ်မြူးဟိတ်ဖြင့်၊ အကနိဋ္ဌ၊ ပြဟ္မာ့ရပ်သာ၊ ဘုံကလာ၍၊ လက်ျာကျွန်းစစ်၊ မဇ္ဈေခေတ်တွင်၊ ရှေးဖြစ်,နှောင်းပျက်၊ ဇမ္ဗူချက်ဟု၊ အောင်နက်သန်စုံ၊ လယ်ခုံဓိပတိ၊ အောင်ကိန်းယိုသာ၊ ဗောဓိရာရိုက်၊ အောင်မြေတိုက်ဝယ်၊ အောင်သိုက်သြဘာ၊ ငါးပွင့်ကြာနှင့်၊ မင်္ဂလာဥက္ကဋ္ဌ၊ လွန်ထူးမြတ်ကြောင့်၊ မိုးနတ်ဝိသုဒ်၊ ဗြဟ္မာ့နှုတ်ဖြင့်၊ မိန့်ထုတ်ပညပ်၊ ဘဒ္ဒကပ်–ဟုဖြစ်ပါသည်။*၂

သုညာသုညကမ္ဘာ

ဤနေရာ၌ ဘုရားပွင့်သောကမ္ဘာနှင့် ဘုရားမပွင့်သောကမ္ဘာဟူသော ကမ္ဘာနှစ်မျိုးအကြောင်းကို ရှင်းလင်းဖော်ပြလိုပေသည်။ ဘုရားပွင့်မည့်ကမ္ဘာကို 'အသုညကမ္ဘာ'ဟုခေါ်ဝေါ်ပြီး ဘုရားမပွင့်မည့်ကမ္ဘာကို 'သုညကမ္ဘာ'ဟု ခေါ်သည်။ စာပေအလိုအားဖြင့် ထိုကမ္ဘာနှစ်မျိုးကိုတွဲ၍ သုညာသုညကမ္ဘာ–ဟုခေါ်ဝေါ်သုံးစွဲကြသည်။ 'သုညာသုည'သည် 'သုည+အသုည'ဟု နှစ်မျိုးရှိကြောင်းဆိုလိုပြီးလျှင်၊ သုညကမ္ဘာနှင့် အသုညကမ္ဘာ–ဟုဖြစ်သည်။

သုည–ဟူသောဝေါဟာရ၌ 'အချည်းနှီးဖြစ်သော၊ ဆိတ်သုဉ်းသော၊ ကင်းသော'*၃စသည်ဖြင့်အဓိပ္ပာယ်များရှိပြီးလျှင်၊ ထိုသုညဏ်ဆန့်ကျင်ဘက်ဖြစ်သော 'အသုည'တွင် 'အချည်းအနှီးမဟုတ်, မဆိတ်သုဉ်းသော, မကင်းကွာ မကင်းမဲ့သော(တစ်နည်း)အနှစ်သာရနှင့်ပြည့်စုံသော, ကောင်းမြတ်တင့်တယ်သော, ပြည့်စုံကုံလုံသော'ဟူသည့် အနက်အဓိပ္ပာယ်အမျိုးမျိုးရနိုင်လေသည်။ သို့ပါ၍ 'သုညကမ္ဘာ'ကို 'ဆိတ်သုဉ်းသောကမ္ဘာ'ဟု အနက်ဖော်ယူပြီး 'အသုညကမ္ဘာ'ကို 'မဆိတ်သုဉ်းသောကမ္ဘာ'ဟု အနက်အဓိပ္ပာယ်ဖော်ယူရန်ဖြစ်သည်။ အဘယ်အရာတို့မှဆိတ်သုဉ်းသောကြောင့် သုညကမ္ဘာဖြစ်ပါသနည်း?၊ အဘယ်အရာတို့မှ မဆိတ်သုဉ်းသောကြောင့် အသုညကမ္ဘာဖြစ်ပါသနည်း?။ တစ်နည်း–အဘယ်အရာတို့နှင့်မပြည့်စုံသောကြောင့် သုညကမ္ဘာဖြစ်ပြီး၊ အဘယ်အရာတို့နှင့်ပြည့်စုံသောကြောင့် အသုညကမ္ဘာဖြစ်ပါသနည်း? ဟူသော အမေးစကားများဖြစ်ပေါ်လာလေသည်။ ဤအမေးတို့ကို ဗုဒ္ဓဗုဒ္ဓဃောသအရှင်မြတ်က သောတတ္ထကီမဟာနိဒါနကျမ်း၊ အသခ္ခေယျကထာကတ္တာ၌ အောက်ပါအတိုင်းဖြေဆိုတော်မူခဲ့ပါသည်။

---

*၁ မောင်မေအောင်၏ ရှေးဟောင်း ၁၂–စောင်တွဲ။ ၁၉၁၂–ခုနှစ်။ (စာမျက်နှာ–၂၀၂)။

*၂ မဃဒေဝလင်္ကာသစ်။ ၁၉၇၅–ခုနှစ်။ (စာမျက်နှာ–၄၈၅)။

*၃ empty, devoid of reality, unsubstantial, useless- PTSD. 1959. Page-717.

http://www.dhammadownload.com

သဗ္ဗညုဘုရားရှင်တို့သည်လည်းကောင်း၊ ပစ္စေကဗုဒ္ဓါတို့သည်လည်းကောင်း၊ တပည့်သာဝက တို့သည်လည်းကောင်း၊ စကြဝတေးမင်းတို့သည်လည်းကောင်း၊ တန်ခိုးကြီးသောပုဂ္ဂိုလ်တို့သည် လည်းကောင်း သုညအသင်္ခေယျအတွင်းနှိုက်မဖြစ်ကြကုန်။ အထက်ဖော်ပြပါ တန်ခိုးကြီးသောပုဂ္ဂိုလ် တို့သည် အသုညအသင်္ခေယျထဲနှိုက်သာလျှင်ဖြစ်ကုန်၏။–ဟုဖြစ်သည်။*၁

သောတထာဂတိကျမ်းအရ 'ဘုရား၊ပစ္စေကဗုဒ္ဓါ,အရိယာသာဝကအပေါင်း၊ စကြဝတေးမင်းစသောဂုဏ်ရှိသည့် ပုဂ္ဂိုလ်အပေါင်းတို့သည် သုညအသင်္ခေယျ(တစ်နည်း)သုညကမ္ဘာ၌မဖြစ်ကြကုန်၊ အသုညအသင်္ခေယျ(တစ်နည်း)အသုညကမ္ဘာ၌သာဖြစ်ကြကုန်၏–'ဟု မှတ်ယူရန်ဖြစ်သည်။*၂

ဘုရား,ပစ္စေကဗုဒ္ဓါ၊ စကြဝတေးမင်းတို့နှင့်ပြည့်စုံသောအသုညကမ္ဘာနှင့် ထိုပုဂ္ဂိုလ်တို့မှကင်းသော သုညကမ္ဘာတို့၏ဖြစ်ထွန်းမှုအရေအတွက်ကို ကိန်းဂဏန်းချရေတွက်ကြည့်ပါမူ ဘုရားအစရှိသောပုဂ္ဂိုလ်မြတ်တို့နှင့် ပြည့်စုံသော အသုညကမ္ဘာအရေအတွက်မှာ အနှည်းအကျဉ်းမျှသာဖြစ်ပြီး၊ ဘုရားအစရှိသောပုဂ္ဂိုလ်မြတ်တို့နှင့် မပြည့်စုံသောသုညကမ္ဘာတို့၏အရေအတွက်မှာကား ဂဂ်ါဝါဠ္ဍသဲစုမက မရေမတွက်နိုင်လောက်အောင် များပြားစွာဖြစ်ပေါ်ခဲ့ကြောင်းတွေ့ရသည်။

ဂေါတမဘုရားရှင်၏ဗုဒ္ဓဝင်ကိုလေ့လာလျှင် ဂေါတမဘုရားရှင်၏အလောင်းတော်ဘဝ ပါရမီဖြည့်တော် မူခဲ့ရာ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကာလအတွင်း ဘုရားပွင့်သောကမ္ဘာပေါင်း(တစ်နည်း)အသုညကမ္ဘာပေါင်း (၁၁)ကမ္ဘာနှင့်သာတွေ့ကြုံခဲ့ရသည်–ဟူ၍ဖော်ပြထားသည်။ ထို (၁၁)ကမ္ဘာတို့တွင်လည်း ဘုရားငါးဆူပွင့်သော ကမ္ဘာ(၁)ကြိမ်၊ ဘုရားလေးဆူပွင့်သောကမ္ဘာ(၁)ကြိမ်၊ ဘုရားသုံးဆူပွင့်သောကမ္ဘာ(၂)ကြိမ်၊ ဘုရားနှစ်ဆူ ပွင့်သောကမ္ဘာ(၃)ကြိမ်၊ ဘုရားတစ်ဆူပွင့်သောကမ္ဘာ(၄)ကြိမ်၊ စုစုပေါင်းဘုရားပွင့်သောကမ္ဘာပေါင်း (၁၁)ကြိမ် ကြုံတွေ့ခဲ့ရလေသည်။

ဤအကြောင်းတို့ကိုရည်၍ပင် မန်လည်ဆရာတော်ကြီး(အေဒီ ၁၈၄၁–၁၉၁၉)က မယဒေဝလင်္ကာသစ်၊ (အပိုဒ်–၅၃၄)၌ဖွဲ့ဆိုထားတော်မူသည်မှာ–

ရှင်စောမြတ်စွာ၊ ငါဆရာလျှင်၊ ကမ္ဘာသိန်းနေ၊ လေးသင်္ချေတွင်၊ လေးထွေသစ္စာ၊ မုံရင်ကြာသို့ ငုံအာသင်းကြူ၊ ပွင့်ကြမူသည်၊ လေးဆူကြိမ်,တစ်၊ သုံးဆူ,နှစ်နှင့်၊ တွက်စစ် မမှား၊ နှစ်ပါး,သုံးလီ၊ တစ်စီ,လေးဆင့်၊ ငါးဆူပွင့်မှာ၊ တစ်ကြိမ်သာတည့်။ မြတ်စွာပွင့်ရပ်၊ ဆဲ့တကပ်နှိုက်၊ သဗ္ဗညုတ၊ မြတ်ဉာဏနှင့်၊ ဗုဒ္ဓတံဆိပ်၊ ငါးမာရ်နှိပ်သား။ နှစ်ကျိပ်သုံးပါး၊ ရှင်တော်များ၏၊ ထံပါးကျိုးနွံ၊ ဗျာဒိတ်ခံ၍–ဟုဖြစ်ပါသည်။*၃

---

*၁ ဗုဒ္ဓါ, ပစ္စေကဗုဒ္ဓါစ၊ သာဝကာ, စက္ကဝတ္တိနော။
သုညသို့ဋ္ဌ အသင်္ခေယျေ။ နုပ္ပဇ္ဇန္တိ မဟိဒ္ဓိကာ။
အသုညအသင်္ခေယျေ၊ ဥပ္ပဇ္ဇန္တိ မဟိဒ္ဓိကာတိ– ဦးအာလောက(တည်း)၏ သောတထာဂတိပါဠိမိသျှ။ ၁၉၂၈–ခုနှစ်။ (စာမျက်နှာ–၂)။

*၂ သုညကမ္ဘာ၌ ဘုရားမဖြစ်သော်လည်း ပစ္စေကဗုဒ္ဓါနှင့်စကြာမင်းတို့ဖြစ်နိုင်ကြောင်းကို မုံရွေးဧတေဝန်ဆရာတော်ကြီးက သမန္တစက္ခုဒီပနီ။ ၁၉၀၅–ခုနှစ်၊ (စာမျက်နှာ–၆၁၆)၌ ရှင်းလင်းဖော်ပြထားသည်။

*၃ မယဒေဝလင်္ကာသစ်။ ၁၉၇၅–ခုနှစ်။ (စာမျက်နှာ–၄၇၂)။


http://www.dhammadownload.com

သို့လျှင် ဘုရားပွင့်ရာကမ္ဘာ (တစ်နည်း) အသုညကမ္ဘာဖြစ်ပေါ်မှုနည်းပါးလှသည့်အတွက် မြတ်စွာဘုရားရှင်က ကြုံခဲ့ဖြစ်ခဲ့သောအကြောင်းငါးမျိုး (တစ်နည်း) ဒုလ္လဘတရားငါးပါး*၁ တွင် 'ဘုရားပွင့်တော်မူရာအချိန်အခါနှင့် တွေ့ကြုံရခြင်းသည်ခဲယဉ်း၏'–ဟူ၍ ဒုလ္လဘတရားတစ်ပါးအဖြစ် ထည့်သွင်းဟောကြားတော်မူခဲ့ပါသည်။*၂

ကမ္ဘာငါးမျိုး

ဘုရားပွင့်သောအသုညကမ္ဘာတို့တွင်လည်း ဘုရားတစ်ဆူ, နှစ်ဆူ, သုံးဆူ, လေးဆူ, ငါးဆူ စသည်ဖြင့်ပွင့်တော်မူရာဘုရားအရေအတွက်ကိုလိုက်၍ ကမ္ဘာ၏အမည် ဤသို့သတ်မှတ်ခေါ်ဝေါ်ကြပြန်သည်။ ခေါ်ဝေါ်ပုံမှာ–(က) ဘုရားတစ်ဆူတည်းသာပွင့်သောကမ္ဘာကို သာရကမ္ဘာ၊ (ခ) ဘုရားနှစ်ဆူပွင့်သောကမ္ဘာကို မဏ္ဍူကမ္ဘာ၊ (ဂ) ဘုရားသုံးဆူပွင့်သောကမ္ဘာကို ဝရကမ္ဘာ၊ (ဃ) ဘုရားလေးဆူပွင့်သောကမ္ဘာကို သာရမဏ္ဍူကမ္ဘာနှင့် ဘုရားငါးဆူပွင့်သောကမ္ဘာကို ဘဒ္ဒကမ္ဘာဟုခေါ်ဆိုကြောင်းပင်ဖြစ်သည်။ ဗုဒ္ဓဝံသ၊ ဋ္ဌ။ ၂၂၇။ အပဒါန်အဋ္ဌကထာ၌မူ ဘုရားနှစ်ဆူ, သုံးဆူပွင့်လျှင် ဝရကမ္ဘာ–ဟု ပေါင်းရှုပြထားသည်။ အပ၊ ဋ္ဌ။ ၂။ ၂၆၈။

ထိုကမ္ဘာငါးမျိုးတွင် ဘုရားငါးဆူပွင့်သောဘဒ္ဒကမ္ဘာသည် ဘုရားအရေအတွက်အများဆုံးပွင့်သည့်ကမ္ဘာဖြစ်၍ အမြတ်ဆုံးကမ္ဘာဖြစ်လေသည်။ ကမ္ဘာတစ်ခုတွင် ဘုရားငါးဆူထက်လွန်၍ ဘုရားခြောက်ဆူ, ခုနစ်ဆူစသည်ဖြင့် ပွင့်ရိုးထုံးစံမရှိတော့ပေ။*၃ ဘုရားငါးဆူပွင့်သည့်ကမ္ဘာဖြစ်၍ ဘဒ္ဒကမ္ဘာခေါ်တွင်ပုံအကြောင်းကို မဟာဥပရာဇာခေျင်း အပိုဒ်(၃)၌ 'ဘုရားငါးယောက်၊ မြောက်တုံဖြစ်ခဲ့၊ နှီးမဲ့စံရာ၊ ဤကမ္ဘာကား။ မည်သာဘဒ္ဒကပ်၊ သမုတ်အပ်' ဟူ၍ ထည့်သွင်းစပ်ဆိုထားလေသည်။



ဘဒ္ဒကမ္ဘာ

ဘဒ္ဒ*၄ –ဟူသောပါဠိဝေါဟာရသည် 'ကောင်းသော၊ မြတ်သော၊ ချီးမွမ်းအပ်သော၊ တင့်တယ်သော' စသည့်အနက်အဓိပ္ပာယ်များရှိလေသည်။ ဘုရားငါးဆူပွင့်သောဤကမ္ဘာကို အခြားသောဘုရားတစ်ဆူ, နှစ်ဆူ, သုံးဆူ, လေးဆူပွင့်သောကမ္ဘာတို့ထက် ကောင်းမြတ်တင့်တယ်သောသဘောဖြင့် 'ဘဒ္ဒကမ္ဘာ'ဟု သမုတ်ခြင်းဖြစ်ပြီးလျှင်၊ ဒီဃနိကာယ် မဟာဝဂ္ဂဋ္ဌကထာ၊ ဗုဒ္ဓဝင်အဋ္ဌကထာနှင့်အနာဂတဝင်အဋ္ဌကထာတို့၌ 'ဘဒ္ဒကမ္ဘာကို

---

*၁ (၁) ဗုဒ္ဓုပ္ပါဒဒုလ္လဘ၊ (၂) မနုဿတ္တဘာဝဒုလ္လဘ။ (၃) သဒ္ဓါသမ္ပတ္တိဒုလ္လဘ၊ (၄) ဗုဒ္ဓန်တဘာဝဒုလ္လဘ၊ (၅) သဒ္ဓါသမ္ပတ္တိဒုလ္လဘ–ဖြစ်သည်။ သံ၊ ဋ္ဌ။ ၁။ ၂၂၅။

*၂ ဒုလ္လဘော ဗုဒ္ဓုပ္ပါဒေါ လောကသ္မိ' – သံ၊ဋ္ဌ။၁။၂၂၅။ သုတ္တနိ၊ဋ္ဌ၊၁။၁၂၀။

*၃ နော ဟိ ကေသို' ကပေ ဆဗ္ဗော ဝါ သတ္တမော ဝါ ဥပ္ပဇ္ဇတိ– အနာဂတဝင်အဋ္ဌကထာ။

*၄ ဘဒ္ဒ= ကလ္လာဏ= သုန္ဒရ=သာရ= auspicious, lucky, high, lofty, august, of good omen, reverend good, happy, fortunate-PTSD. 1959. Page-498.

http://www.dhammadownload.com

မြတ်စွာဘုရားရှင်က ငါးဆူသောဘုရားရှင်တို့၏ပွင့်တော်မူခြင်းဖြင့် တန်ဆာဆင်အပ်သည့်၏အဖြစ်ကြောင့် သုန္ဒရကပွေ(ကောင်းသောကမ္ဘာ)၊ သာရကပွေ(မြတ်သောကမ္ဘာ)ဟုဆိုးမွမ်းတော်မူကြောင်း' ဖော်ပြထားပါသည်။*၁

မန်လည်ဆရာတော်ကြီး(အေဒီ ၁၈၄၁–၁၉၁၉)က ဤဘဒ္ဒကမ္ဘာသည် ဘုရားငါးဆူပွင့်မည့်ကမ္ဘာ၊ တစ်နည်း–တရားစည်ကြီး ငါးကြိမ်တီးရမည့်ကမ္ဘာ၊ (တစ်နည်း) တရားအောင်သံ ငါးကြိမ်ခံရမည့်ကမ္ဘာဖြစ်ကြောင်းကို မဃဒေဝလင်္ကာသစ်(အပိုဒ်–၅၅၃)၌ အောက်ပါအတိုင်းဖွဲ့ဆိုထားတော်မူပြန်ပါသည်။

သျှရဇ္ဇဖညော်၊ ငါးဆူပေါ်သား။ အကျော်သည်၊ ဤကမ္ဘာထက်၊ များစွာပြောထူ၊ နတ်နှင့်လူတွင်၊ ဇမ္ဗူကျွန်းဘွား။ သောင်းရေပ်သားအား။ တရားစည်ကြီး၊ ငါးကြိမ်တီး၍၊ ပွဲသီးအောင်သံ၊ ငါးကြိမ်ခံရှင့်–ဟု ဖြစ်ပါသည်။*၂

အဋ္ဌကထာကျမ်းပြုဆရာတော်အရှင်ဗုဒ္ဓဒတ္တက 'ဤဘဒ္ဒကမ္ဘာ၏ထူးခြားဟန်'ကို ဗုဒ္ဓဝံသအဋ္ဌကထာ၌ ဖွင့်ဆိုထားသည်မှာ–

အကြင်ကမ္ဘာ၌ ဘုရားငါးဆူတို့ပွင့်ကြကုန်၏။ ထိုကမ္ဘာကို ဘဒ္ဒကမ္ဘာဟုဆို၏။ ထိုဘဒ္ဒကမ္ဘာကို အလွန်တရာရခဲ၏။ ထိုဘဒ္ဒကမ္ဘာ၌ ယေဘုယျအားဖြင့် သတ္တဝါတို့သည် ကောင်းမွန်ချမ်းသာသုခ များကြကုန်၏။ တိဟိတ်ပုဂ္ဂိုလ်တို့သည် ကိလေသာကုန်ခမ်းခြင်းကိုပြုကြကုန်၏။ ဒွိဟိတ်ပုဂ္ဂိုလ်တို့သည် သုဂတိဘဝသို့လားရောက်ကြကုန်၏။ အဟိတ်ပုဂ္ဂိုလ်တို့သည် ဒွိဟိတ်, တိဟိတ်ဘဝသို့ ရကြကုန်၏။ ထို့ကြောင့် ဘဒ္ဒကပ္ပ (=ကောင်းသောကမ္ဘာ) ဆိုအပ်သည်–ဟု ဖြစ်သည်။*၃

သီရိလင်္ကာ

ရှင်မဟာသီလဝံသ (အေဒီ ၁၄၅၃–၁၅၁၈) က တန်တားဦးတည်မင်္ဂလာစေတီတော်မော်ကွန်း (အပိုဒ်–၁) တွင် ဘဒ္ဒကမ္ဘာ၏မွန်မြတ်ပုံကို –

သို့စင်ငါးယောက်၊ မမြောက်စွာတောင်း။ တို့ဖို့နှောင်း၍၊ ခါကောင်းသိဒ္ဓိ၊ တုမရှိသား။ သီရိလင်္ကာ၊ ဤကမ္ဘာလျှင်၊ မြတ်စွာအထူးအဆန်းတည်း–ဟု ဖွဲ့ဆိုထားသည်။*၄

အထက်ပါအတိုင်း ရှင်မဟာသီလဝံသဖွဲ့ဆိုခဲ့သော ဘဒ္ဒကမ္ဘာဖွဲ့ကို စဉ်းကိုင်ဆရာတော်ကြီးအရှင်တေဖောဒိပက–

သို့စင် ဘုရားငါးဆူတို့သည် မဖြစ်တောင်းသောဖြစ်ခြင်းဖြင့်ဖြစ်တော်မူရာ လောကီလောကုတ္တရာစီးပွားချမ်းသာ၏ပြီးစီးရာ နောက်နှောင်းဖြစ်သောကာလ၌ ငါတို့၏အကျိုးစီးပွားအလို့ငှာ ပေါ်ထွန်းလာသော ဤဘဒ္ဒကပ်သည်လျှင် ဘုန်းကျက်သရေရှိသောဘုရားငါးဆူတည်းဟူသော မြတ်သော

---

*၁ ဘဒ္ဒကပ္ပေတိ ပဋ္ဌဗုဒ္ဓုပ္ပါဒပရိမဏ္ဍိတတ္တာ သုန္ဒရကပ္ပေ သာရကပ္ပေတိ ဘဂဝါ ဣမံ ကပ္ပံ ထောမေန္တော ဝေမာဟာ– ဒီ၂။၄၄။ ဗုဒ္ဓဝံသဋ္ဌ။၄၄။ ဣမမိ ဘဒ္ဒကေကပ္ပေ၊ ဣမသ္မိံ ပဋ္ဌဗုဒ္ဓပရိမဏ္ဍိတေ သေသကမ္ပဝိသေသဘူတေ သုန္ဒရကပ္ပေ– အနာဂတဝံသအဋ္ဌကထာ။

*၂ မဃဒေဝလင်္ကာသစ်။ ၁၉၇၅–ခုနှစ်။ (စာမျက်နှာ–၄၈၅)။

*၃ ယသ္မိံ ကပ္ပေ ပဋ္ဌ ဗုဒ္ဓါ ဥပ္ပဇ္ဇန္တိ၊ သော 'ဘဒ္ဒကပ္ပေါ်' တိ ဝုစ္စတိ၊ သော ပန အတိဒုလ္လဘော။ တသ္မိံ ပန ကပ္ပေ ယေဘုယ္ယေန သတ္တာ ကလျာဏသုခဗဟုလာ ဟောန္တိ ။ ယေဘုယ္ယေန တိဟေတုကာ ကိလေသက္ခယံ ကရောန္တိ၊ ဒုဟေတုကာ သုဂတိဂါမိနော ဟောန္တိ၊ အဟေတုကာ ဟေတုံ ပဋိလဘန္တိ ။ တသ္မာ သော ကပ္ပေါ် 'ဘဒ္ဒကပ္ပေါ်' တိ ဝုစ္စတိ– ဗုဒ္ဓဝံသဋ္ဌ။၂၂၈။

*၄ တန်တားဦးတည်မင်္ဂလာစေတီတော်မော်ကွန်းနှစ်စောင်တွဲ။ ၁၉၆–ခုနှစ်။ (စာမျက်နှာ–၂၅)။

http://www.dhammadownload.com

တန်ဆာဖြင့် တန်ဆာဆင်အပ်သည်အဖြစ်ကြောင့် ကမ္ဘာတကာတို့ထက် ထူးဆန်းမွန်မြတ်သော ကမ္ဘာမည်၏–ဟူသောအဖြေစကားကို ရေးသားထားခဲ့ပါသည်။

တစ်ဖန် အရှင်မဟာသီလဝံသက ဘုရားငါးဆူပွင့်ရာ ဤဘဒ္ဒကမ္ဘာကို 'သီရိလက်ာ' ဟူ၍လည်းခေါ်ဆို နိုင်ကြောင်း အထက်ပါလက်ာ၌ ထည့်သွင်းရေးဖွဲ့ထားပြန်ရာ၊ ထို 'သီရိလက်ာ'၏အဓိပ္ပာယ်ကို စဉ်းကိုင် ဆရာတော်ကြီးက–

သီရိလက်ာ–ဟူသည်ကား ဘုန်းကျက်သရေရှိသော ဘုရားငါးဆူတည်းဟူသော မြတ်သော တန်ဆာဖြင့် တန်ဆာဆင်အပ်သောကပ်ဟူလိုသည်–ဟု ဖွင့်ခဲ့ပြန်ပါသည်။*၁

အင်းဝခေတ်စာဆို အရှင်မဟာသီလဝံသက ဘဒ္ဒကမ္ဘာကို 'သီရိလက်ာ' ဟု တိတ်တိုင်ခေါ်ဝေါ်ထားသည်မှာ ဤနေရာ၌ မှတ်သားဖွယ်ရာတစ်ရပ်ဖြစ်သည်။

ဘဒ္ဒကမ္ဘာ၏သက်တမ်း

ဘဒ္ဒကမ္ဘာ–ဟူသော ပါဠိဝေါဟာရကို မြောက်ပိုင်းဗုဒ္ဓဘာသာဝင်တို့က သက္ကတဘာသာအခေါ်သို့လိုက်၍ ဘဒ္ဒြကလ္ပ (Bhadra Kalpa)–ဟုခေါ်တွင်ကြသည်။ (ဘဒ္ဒြ > ဘဒ္ဒ + ကလ္ပ > ကမ္ဘာ)။

ဘဒ္ဒြကလ္ပနှင့်စပ်လျဉ်း၍ မြောက်ပိုင်းဗုဒ္ဓဘာသာဝင်တို့အယူအဆမှာ 'ဤဘဒ္ဒြကလ္ပ(=ဘဒ္ဒကမ္ဘာ)၌ ဘုရားရှင် အဆူ(၁၀၀၀)ပွင့်တော်မူမည်ဖြစ်သည်။ ထိုတွင် သက္ကမုနိမည်သောဂေါတမဘုရားရှင်သည် စတုတ္ထမြောက် ပွင့်တော်မူပြီး၊ မေတ္တေယျရှင်သည် ပဉ္စမမြောက်ပွင့်တော်မူမည်၊ ထို့ပြီးနောက် ဘုရားရှင်(၉၉၈)ဆူတို့ ပွင့်တော် မူကြလိမ့်မည်။ ဤဘဒ္ဒကမ္ဘာသည် အနှစ်သန်းပေါင်း(၂၃၆)သန်းတည်ရန်ဖြစ်သော်လည်း အနှစ်သန်းပေါင်း (၁၅၁)သန်းလွန်လျှင် ဤကမ္ဘာပျက်လိမ့်မည်'–ဟုဖြစ်သည်။*၂

သို့လျှင် မြောက်ပိုင်းဗုဒ္ဓဘာသာဝင်တို့က ဤဘဒ္ဒြကလ္ပ၏သက်တမ်း အနှစ်သန်းပေါင်း(၂၃၆)သန်းရှိရာ ထိုသက်တမ်း၏တစ်ဝက် အနှစ်သန်း(၁၅၁)သန်းလွန်လျှင်ပျက်လိမ့်မည်ဟုအယူအဆရှိသည့်နည်းတူ မြန်မာနိုင်ငံက ပညာရှင်တစ်ပါးကလည်း ဘဒ္ဒကမ္ဘာကြီး၏သက်တမ်းကို တစ်ဝက်သို့ရောက်ပြီလောဟုသိလိုသဖြင့် အမေးပုစ္ဆာ တစ်ခုပြုလုပ်၍ မေးခဲ့ဖူးပါသည်။ အဘယ့်ကြောင့် ဤသို့ ဘဒ္ဒကမ္ဘာ၏သက်တမ်းတစ်ဝက်ရောက်ပြီလောဟု မေးရသောအကြောင်းရင်းကိုကား မသိရပေ။ မေးမြန်းသောပုဂ္ဂိုလ်မှာ ကြည့်ကန်ကိုရှင်ကြီးဖြစ်သည်။ ကြည့်ကန်ရှင်ကြီး(အေဒီ ၁၇၅၇–၁၈၁၁)က 'ဘဒ္ဒကပ်မြတ်၊ ခုဆတ်ဆတ်၊ အလတ်ထက်ဝက်ရောက်ပြီနည်း' ဟူ၍ စွယ်စုံထင်ကျော်ကျမ်းမေးခွန်း(ပုစ္ဆာအမှတ်–၃၇၉)၌ မေးမြန်းထားခြင်းဖြစ်သည်။

ထိုအမေးကို ကျိုးသဲလေးထပ်ဆရာတော်ကြီး (အေဒီ ၁၈၁၇–၁၈၉၄)က–

ဘဒ္ဒကပ်မည်သော ဤကမ္ဘာ၌ နေလပေါ်သည်မှစ၍ နောက်ကမ္ဘာပျက်မိုးရွာသည်တိုင်အောင် သောကာလသည် ဝိဝဋ္ဋဌာယီမည်သော အသင်္ချေယျကပ်တစ်ခုမည်၏။ ထို ဝိဝဋ္ဋဌာယီမည်သော

---

*၁ တန်တားဦးတည်မင်္ဂလာဒေတီတော်မော်ကွန်းနှစ်ဆောင်တွဲ။ ၁၉၆၅–ခုနှစ်။ (စာမျက်နှာ–၃၂)။ သီဟိုဠ်ကျွန်း၏အမည်(၇)မျိုးရှိရာ 'သီရိလက်ာ' သည် တစ်ခုအပါအဝင်ဖြစ်ပြီး၊ အဓိပ္ပာယ်မှာ 'ကျက်သရေဆောင်ကျွန်း'ဖြစ်သည်။ (၁) လင်္ကာဒီပ၊ (၂) တမ္ဗပဏ္ဏီဒီပ၊ (၃) သီဟဠဒီပ၊ (၄) ဩဇာဒီပ၊ (၅) ဝရဒီပ၊ (၆) မဏ္ဍလဒီပ၊ (၇) သီရိလက်ာ–ဟု သီဟိုဠ်ကျွန်း၏အမည်(၇)မျိုးဖြစ်သည်။ သုတေသနသရုပ်ပြအဘိဓာန်။ ၂၀၀၂–ခုနှစ်။ (စာမျက်နှာ–၆၂၈)။

*၂ Soothill' A Dictionary of Chinese Buddhist Terms. Page-445; Eitel' Handbook of Chinese Buddhism. 1970. Page-29.

http://www.dhammadownload.com

ဘဒ္ဒကပ်ဲ၌ အန္တရကပ်(၆၄)ကပ်ရှိသည်။ ထိုကပ်ကိုဝက်၍ (၃၂)ကပ်ရှိမှ အလယ်ထက်ဝက်ရောက်မည်။ ယခုမူကား (၁၁)ကပ်မျှသာလွန်သေးသည်။ လွန်ကြောင်းကိုကား–အန္တရကပ်(၈)ကပ်မြောက်တွင် ကကုသန်ဘုရားပွင့်တော်မူသည်။ (၉)ကပ်မြောက်တွင် ကောဏာဂုံဘုရား ပွင့်တော်မူသည်။ (၁၀)ကပ်မြောက်တွင် ကဿပဘုရားပွင့်တော်မူသည်။ (၁၁)ကပ်မြောက်တွင် ဂေါတမဘုရားပွင့်တော်မူသည်ဟုဆိုသော ဒီပင်၊ မဟာဝင်ကျမ်းတို့ကိုမှီ၍ သိရသည်။ ယင်းသို့ဖြစ်၍ အလတ်ရောက်မည်ကား (၂၁)ကပ်ပင်လိုသေး၏ဟုသိရာသည်–ဟူ၍ ဖြေကြားတော်မူခဲ့ပါသည်။*၁

အသင်္ချေယျ(သင်္ချေ)ကိုရေတွက်ရာ၌*၂ ရှေးစာတို့၌ အနုမာနအသင်္ချေရေတွက်နည်းဖြင့် 'စကြဝဠာပြည့်အောင် သုံးနှစ်အဆက်မပြတ်ရွာသွန်းသောမိုးပေါက်အရေအတွက်နှင့် ညီမျှသောအရေအတွက်'ဟုလည်းပြကြ၏။ ကမ္ဘည်းသဒ္ဒါကျမ်း၊ တန္ဒိတ်ပိုင်း(သုတ်စဉ်–၃၉၄)၌ ၁–ဂဏန်းနောက်၌ သုည(၁၄၀)လုံးထိုးလျှင် တစ်သင်္ချေဟု ဂဏနအသင်္ချေနည်းဖြင့်ပြခဲ့၏။*၃ တရုတ်ဗုဒ္ဓဘာသာဝင်တို့က ၁–ဂဏန်းနောက်၌ သုည(၁၆)လုံး၊ တိဘက်နှင့်သီရိလင်္ကာရှိ ဗုဒ္ဓဘာသာဝင်တို့က ၁–ဂဏန်းနောက်၌ သုည(၉၆)လုံးထား၍ အသင်္ချေကာလကို တွက်ချက်ကြပြီး၊ မြောက်ပိုင်းဗုဒ္ဓဘာသာဝင်တို့ကမူ အသင်္ချေတစ်ခုတွင် ကမ္ဘာပေါင်း(၂၀)ပါရှိကြောင်း ယူဆကြသည်။*၄

ဘဒ္ဒကမ္ဘာနှင့်ကြာငါးဖြာ

ဘဒ္ဒကမ္ဘာအကြောင်းကိုဖော်ပြပြီးနောက် ကမ္ဘာဦး၌ပေါ်ထွန်းခဲ့သော ပုဗ္ဗနိမိတ်လက္ခဏာ ကြာအကြောင်းကိုလည်း တင်ပြရပေမည်။

ကြာ–သည် ရှေးနှစ်ငါးထောင်(၃၀၀၀–ဘီစီ)ခန့်က လူ့ယဉ်ကျေးမှုနှင့် လူ့ကိုးကွယ်မှုအသုံးအဆောင်ပစ္စည်းဖြစ်ခဲ့သည်။ သာဓကအဖြစ် ထို ၃၀၀၀–ဘီစီခန့်ကထွန်းကားခဲ့သော ယခု ပါကစ္စတန်နိုင်ငံတည်ရှိရာ အိန္ဒု(Indu)မြစ်ဝှမ်း မိုဟန်ဂျိုဒရို(Mohenjo-Daro)၊ ဟာရပ္ပ(Harappa)ဒေသတို့တွင် ဘူမိဒေဝီ(မြေမိခင်)အမျိုးသမီးရုပ်တု၏ဦးခေါင်း၌ ကြာပန်း ပန်ဆင်ထားသည်ကိုတွေ့ရလေသည်။*၅ ထို့နည်းတူ ဟိန္ဒူဘာသာဝင်တို့၏ဝေဒမော်ကွန်းလင်္ကာများ၌ ကမ္ဘာဦးကြာ(ပဒ္မာ)မှ ပြဟ္မာပေါက်ဖွားလာပြီး၊ ထိုပြဟ္မာမှတစ်ဖန် အခြားသက်ရှိ

---

*၁ စွယ်နုံကျော်ထင်ကျမ်း၊ ပထမတွဲ။ (စာမျက်နှာ–၃၀၅)။ ၁၃၄၈။ ခြောက်ဆဲ့လေးထပ်၊ အန္တရကပ်၊ တရပ်သင်္ချေယျာ။ ၁၃၄၉။ သင်္ချေယျကပ်၊ လေးကြိမ်ထပ်၊ စပ်မှ တကမ္ဘာ– ဦးဩ၏ကဝိလက္ခဏာသတ်ပုံသံပေါက်။ ၁၉၆၂–ခုနှစ်။ (စာမျက်နှာ–၅၄)။ သင်္ချေယျကပ်၊ လေးကြိမ်ထပ်–ဆိုသည်မှာ– (၁) သံဝဋ္ဋ၊ (၂) သံဝဋ္ဋဌာယီ၊ (၃) ဝိဝဋ္ဋ၊ (၄) ဝိဝဋ္ဋဌာယီ–ဟု အသင်္ချေကပ်(၄)ခုကိုဆိုလိုပြီး။ ထိုအသင်္ချေကပ် လေးကြိမ်ထပ်သော တစ်ကမ္ဘာကို မဟာကပ္ပ–(မဟာကမ္ဘာ)ဟုခေါ်ဆိုနိုင်ပြန်၏။ စတုအသင်္ချေယျ မင်္ဂလာနှာ ကပ္ပေါ် မဟာကပ္ပေါ်နာမ–အနောတတဝံသအဋ္ဌကထာ။ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းတွင်ပါသော လေးသင်္ချေမှာ– (၁) သေလအသင်္ချေ၊ [illegible]ဘာသအသင်္ချေ၊ (၃) ဇယအသင်္ချေ၊ (၄) ရုစိအသင်္ချေတို့ဖြစ်သည်။ တစ်ဆယ့်ခြောက်အသင်္ချေနှင့်ကမ္ဘာတစ်သိန်းတွင်ပါသော တစ်ဆယ့်ခြောက်အသင်္ချေမှာ– (၁) နှန္ဒ၊ (၂) သုနှန္ဒ၊ (၃) ဗထဝီ၊ (၄) မဇ္ဈ၊ (၅) ရေဏီ၊ (၆) သာဂရ၊ (၇) ပုဏ္ဏရိက၊ (၈) သဗ္ဗဘဒ္ဒ၊ (၉) သဗ္ဗဖုလ္လ၊ (၁၀) သဗ္ဗရတနာ၊ (၁၁) ဥသဘက္ခန္ဓ၊ (၁၂) ဓန္ဓဉ္ဇမ၊ (၁၃) မာဏိတ၊ (၁၄) ဘဒ္ဒ၊ (၁၅) ပဒုမ၊ (၁၆) သဗ္ဗဘလ္လအသင်္ချေတို့ဖြစ်သည်။

*၂ ဂဏသင်္ချေ၊ အနုမာနသင်္ချေနှင့် ဗုဒ္ဓန္တရသင်္ချေ–ဟု အသင်္ချေရေတွက်နည်း (၃)မျိုးရှိသည်။

*၃ ကစ္စည်းသဒ္ဒါကြီးပါဠိ။ ၁၉၈၆–ခုနှစ်။ (စာမျက်နှာ–၂၀၆)။ မုံရွေးဆရာတော်မှတ်စု။ ၁၉၆၅–ခုနှစ်။ (စာမျက်နှာ–၃၅)။ စတ္တာလီသံ, သတ်သုည၊ အသင်္ချေယျန္တိ, ဝုစ္စတိ– တွံတေးဆရာတော်၏ကစ္စာနသံဓိပ်နိသျ၊ ခုတိယဘာဂ။ ၁၉၃၈–ခုနှစ်။ (စာမျက်နှာ–၃၅၀)။

*၄ Eitel' Handbook of Chinese Buddhism. 1970. Page-19.

*၅ Zimmer' Myths and Symbols in Indian Art and Civilization. 1962. Page-52. Figure 21-25.

http://www.dhammadownload.com

သက်မဲ့များပေါက်ဖွားလာရပေသည်–*၁ စသည်ဖြင့်ဖော်ပြထားလေရာ၊ ကြာမှုပြဟ္မာ ပေါက်ဖွားခဲ့ခြင်းအယူအဆ ရှိသောကြောင့် ကြာမှဘုရားဖြစ်သည်ဟူသောအယူအဆကိုလည်း လက်ခံခဲ့ကြသည်။ ထို့နောက် ကာလ ကြာလာသောအခါ၌ ကြာသည် ဘုရား၏ကိုယ်စားလက္ခဏာသာမက 'ကျက်သရေရှိမှု၊ အသိဉာဏ်ဖွံ့ဖြိုးမှု၊ စီးပွားဥစ္စာတိုးတက်မှု' စသည့်အဓိပ္ပာယ်တို့ကိုဆောင်သော အမှတ်လက္ခဏာဖြစ်လာသည်။ ဗုဒ္ဓယဉ်ကျေးမှု အနုပညာတွင်လည်း အသောကမင်းခေတ်က ကြာသည် ဘုရားရှင်အားကိုယ်စားပြုသော အမှတ်လက္ခဏာ တစ်ရပ်ဖြစ်ခဲ့ပါသည်။

ဤဘဒ္ဒကမ္ပာပေါ်ထွန်းစအခါက ဗောဓိမဏ္ဍိုင်အရပ်တွင် အလိုအလျောက်ပွင့်ထွန်းလာသောကြာငါးပွင့်ကို သုဒ္ဓါဝါသဘုံသားပြဟ္မာကြီးတို့ကြည့်၍ 'ဤကမ္ပာတွင် ဘုရားငါးဆူပွင့်လိမ့်မည်'ဟု နိမိတ်ဖတ်ကြပုံကို ရှေးမြန်မာစာပေတို့၌ရေးဖွဲ့ခဲ့သည်မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ပေါ်ဦးကမ္ဘာ၊ ကြာငါးပွင့်လိုက်၊ ရောင်မြို့က်ဉာဏ်ဖြူ။ ငါးဆူရှင့်နည်း၊ ပွင့်မည်ချည်းတွင်–ဟု အဒူမင်းညို (အေဒီ ၁၄၁၃?–၁၄၆၃?) က ဓညဝတီတိုင်း မြောက်ဦးမြို့ ဘုရင် ဘစောဖြူ(Kalima Shah. အေဒီ ၁၄၅၉–၁၄၈၂?)၏သမီးကိုဖွဲ့သော ရခိုင်မင်းသမီးချွေး (အပိုဒ်–၁)၌လည်းကောင်း၊*၂

၂။ မြရွက်ပခုံ၊ ရွှစ်စုံငါးပွင့်၊ ဆင့်ရရင့်ကြောင့်၊ ဘုံမြင့်မိုးသူ၊ နိမိတ်ယူ၍၊ ငါးဆူပွင့်ရာ၊ မည်သာဘဒ္ဒ၊ သမိုက်ကြရှင့်–ဟု ဦးဖျော် (အေဒီ ၁၈၄၈–၁၈၀၈?) က ပလိပ်စားဓေချင်း(အပိုဒ်–၄)၌လည်းကောင်း၊*၃

၃။ သုဒ္ဓါဝါသ၊ ပဉ္စမထက်၊ ရှုပဘုံသား၊ ပြဟ္မာများတို့၊ မှန်းထားတည်ရပ်၊ ဤသည်ကပ်ကား၊ ငါးချပ်ရွှေကြာ၊ နိမိတ်မှာကြောင့်၊ မြတ်စွာငါးဆူ၊ ပွင့်တော်မူမည်၊ မှန်ကူအထွတ်၊ ဘဒ္ဒကပ်ဟု၊ ဘွဲ့မည်တပ်မှန်း–ဟု ဦးတိုး (အေဒီ ၁၈၅၁–၁၈၉၆) က စကိုင်းမင်း မင်းနန်းစည်ခြင်း(အပိုဒ်–၄)၌လည်းကောင်း၊*၄

၄။ ဝိဝင်ဋ္ဌာယီ၊ ကမ္ဘာဤကား၊ ငါးလီမာရ်ရွေ့၊ ဗောဓိမြေနှိုက်၊ ကြာရွှေငါးဆင့်၊ ငွါးငွါးပွင့်၍၊ ဘုံမြင့်ပြဟ္မာ၊ မျှိုကြီးသာလျက်၊ မဟာဘဒ္ဒ၊ သမိုက်ကြရှင့်–ဟု ဝက်မစွတ်ဝန်ထောက်ကြီး(အေဒီ ၁၈၄၁–၁၉၃၀) က သီပေါမင်း(အေဒီ ၁၈၅၈–၁၈၈၆)၏ဒုတိယသမီးတော်ထိပ်စုမြတ်ဘုရားကြီး(အေဒီ ၁၈၈၂–၁၉၄၇) မင်္ဂလာချွေး၊ (အပိုဒ်–၂)၌လည်းကောင်း၊*၅

၅။ ဗောဓိရာရိုက်၊ အောင်မြေတိုက်ဝယ်၊ အောင်သိုက်သြဘာ၊ ငါးပွင့်ကြာနှင့်၊ မင်္ဂလာဥက္ကဋ္ဌ၊ လွန်ထူးမြတ်ကြောင့်၊ မိုးနတ်ဝိသုဒ်၊ ပြဟ္မာ့နှုတ်ဖြင့်၊ မိန့်ထုတ်ပညပ်၊ ဘဒ္ဒကပ်ဟု၊ သျှရဗ္ဗဇညော်၊ ငါးဆူပေါ်သား၊ အကျော်သညာ၊ ဤကမ္ဘာထက်–ဟု မန်လည်ဆရာတော်ကြီး(အေဒီ ၁၈၄၁–၁၉၁၉) က မဃဒေဝလင်္ကာသစ် (အပိုဒ်–၅၅၃)*၆ ၌လည်းကောင်း အသီးအသီးဖွဲ့ဆိုထားခဲ့ကြသည်။

---

*၁ တိုက်ခိုး၏ ကြာ(ဆောင်းပါး)။ ယဉ်ကျေးမှုအထိမ်းအမှတ်များ။ ၁၉၈၆–ခုနှစ်။ (စာမျက်နှာ–၂၃)။ ဟိန္ဒူတို့က ကြာကို 'ပုဏ္ဍရိက'ဟု ဓေါ်သည်။ သန့်ရှင်းခြင်း၏အမှတ်လက္ခဏာ၊ ကမ္ဘာဖြစ်ခြင်း၏အမှတ်လက္ခဏာအဖြစ် ယူဆကြသည်။ K. Werner' A Popular Dictionary of Hinduism. 1997. Page-125. ဒေါက်တာသန်းထွန်း၏ ပဒုမ္မာကြာ။ ကိုးကွယ်ရာအပင်နှင့်ပုံပြင်။ ၂၀၀၃–ခုနှစ်။ (စာမျက်နှာ–၃၄)။

*၂ မောင်ဓမအောင်၏ ရွေးငံပေဟောင်း ၁၂–စောင်တွဲ။ ၁၉၁၂–ခုနှစ်။ (စာမျက်နှာ–၁)။


*၃ ဦးဘော၏ ကဗျာဆန္ဒိကာကျမ်း။ ၁၉၂၆–ခုနှစ်။ (စာမျက်နှာ–၆၀)။

*၄ ဦးတင်ဦး(တည်း)၏ မင်းနန်းစည်ရွေးသုံးစောင်တွဲ။ ၁၉၆၁–ခုနှစ်။ (စာမျက်နှာ–၄၈)။

*၅ ဝက်မစွတ်ဝန်ထောက်ကြီး၏ မင်္ဂလာရွေးယေင်တော်ကျူးရွင်း။ ၁၉၁၄–ခုနှစ်။ (စာမျက်နှာ–၃၂)။

*၆ မဃဒေဝလင်္ကာသစ်။ ၁၉၇၅–ခုနှစ်။ (စာမျက်နှာ–၄၈၅)။

http://www.dhammadownload.com



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တံဆိပ်
မဟာနှုတ်ကျွန်-၁၈/၈၁။



ပဒ္ဓာ
ယခု Bharhut (ဝ-ရာစုဘီစီ)
Zimmer, 1962, Pl.15.



အလောင်းတော်မြတ်ဆံတော်ပယ်ခန်း(တီဗက်)
ယခု Musee Guimet, Paris.
Lad,1957,Pg.58,Pl.56.



အလောင်းတော်မြတ်အား ငြဟ္မာကြီးသက်နှံးကပ်လျှုပုံ
ယခု ပုဂံမြို့၊ အာနန္ဒာဘုရားကြီးအတွင်း။
OB-EP, III, Pl.290 a.

http://www.dhammadownload.com

ရှေးရှေးကဗျာတစ်ပုဒ်တွင်လည်း 'ဤဘဒ္ဒကမ္မာကြီးသည် ကြာငါးခိုင်ပွင့်သောကမ္မာ၊ ဘုရားလည်း ငါးဆူပွင့်မည်ဖြစ်၍ တင့်တယ်မွန်မြတ်ကြောင်း၊ သို့ပါသော် ဘုရားလေးဆူမှာ ပွင့်တော်မူကြပြီးဖြစ်၍ မေတ္တေယျရှင် တစ်ဆူသာပွင့်ရန်ကျန်လေရာ ထိုပွင့်တော်မူမည့်မေတ္တေယျဘုရားကိုစောင့်စား၍ ဦးချပူဇော်ကြပါစို့' ဟူသော အဓိပ္ပာယ်သွားဖြင့်ရေးဖွဲ့ထားသည်မှာ-

* ဘဒ္ဒတဲ့ကမ္ဘာ၊ ကြာငါးခိုင်ပမာတင့် ပွင့်ကြဗုဒ္ဓါး။

* လေးဆူမှာ လွန်ကာပကွယ်သွား။ မေတ္တေရှင်ထိုဘုရားကို ဦးချစောင့်စား။[*၁] ။

-ဟုဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံ၏ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ရုံးတံဆိပ်တွင်ပါရှိသော ငါးပွင့်ကြာနှင့်စပ်၍-

> နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ရုံးတံဆိပ်၌ ကြာပွင့်လေးပွင့်နှင့် ကြာငုံဖူးတစ်ခုကို တွေ့ရမည်ဖြစ်သည်။ ကြာလေးပွင့်သည် ဤဘဒ္ဒကမ္ဘာ၌ပွင့်ခဲ့ပြီးဖြစ်သည့် ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမမြတ်စွာဘုရားတို့ကိုညွှန်းဆိုခြင်းဖြစ်၍၊ ကြာငုံဖူးမှာ နောင်ပွင့်မည့်အရိမေတ္တေယျ မြတ်စွာဘုရားကိုညွှန်းသော သင်္ကေတဖြစ်သည်-ဟု စာရေးဆရာနန္ဒာသိန်းဇင်က အဓိပ္ပာယ်ဖွင့်ပြခဲ့သည်။[*၂]

ကမ္ဘာဦးကြာမှ သင်္ကန်းပရိက္ခရာ

ဘဒ္ဒကမ္ဘာအကြောင်းနှင့် ကမ္ဘာဦးအခါက ဗောဓိမဏ္ဍိုင်တွင်ပေါ်ထွန်းလာသော ကြာချုံကြာပွင့်တို့အကြောင်းတို့ကို တင်ပြပြီးသည့်နောက် ထိုကြာချုံကြာပွင့်တို့အတွင်း၌ပါသော သင်္ကန်းပရိက္ခရာအကြောင်းကို ဆက်လက်တင်ပြလိုပေသည်။

ဒီဃနိကာယ်၊ မဟာဝဂ္ဂဋ္ဌကထာ၊ မဟာပဒါနသုတ်အဖွင့်၌ 'ကမ္ဘာဦးအခါ ဗောဓိမဏ္ဍိုင်တွင် ကြာချုံဖြစ်ပေါ်လာပုံ၊ ထိုကြာချုံ၌ ဘုရားပွင့်ထွန်းမည်ဆိုပါက ဘုရားဆူရေကိုလိုက်၍ တစ်ပွင့်, နှစ်ပွင့်စသည် ကြာပွင့်တို့ပွင့်ထွန်းလာပုံ' အကြောင်းတို့ကိုဖော်ပြထားသည်။ သို့ဖော်ပြရာတွင် ထိုကြာချုံရှိကြာပွင့်တို့၌ သင်္ကန်းနှင့်တကွ ပရိက္ခရာပါသည်ဟူ၍ကား ဖော်ပြမထားခဲ့ပေ။[*၃] သို့ပါသော် ကျီးသဲလေးထပ်ဆရာတော်ကြီး(အေဒီ ၁၈၁၇-၁၈၉၄)ဖြေဆိုအပ်သော စွယ်စုံကျော်ထင်ကျမ်း(ပဏ္ဍာ-၅၅၃)၏အဖြေဝိသဇ္ဇနာ၌ သုတ်မဟာဝါအဋ္ဌကထာ(ဒီ၊ ဋ္ဌ၊ ၂၂၊)၊ မဟာပဒါနသုတ်အဖွင့်တွင်- 'တာနိဧေါ-ထိုကြာပွင့်တို့သည်၊ ဧကသ္မိံ ယေဝနာဠေ-တစ်ခုသောအိုးဠာသာလျှင်၊ ကဏ္ဍိကာဗဒ္ဓါနိ-အချက်ဖြင့် ဘွဲ့အပ်ကုန်သည်၊ ဟုတွာ-ဖြစ်၍၊ ဥပ္ပဇ္ဇန္တိ-ဖြစ်ကုန်၏။ တသ္မိံ-ထိုကြာပွင့်၌၊ အဋ္ဌပရိက္ခရာ-ရှစ်ပါးသောပရိက္ခရာတို့သည်၊ အာဂတာ-ရောက်ကုန်၏' ဟုပါရှိကြောင်းဖော်ပြထား၏။ ဤနေရာ၌

[*၁] မြွာစရိယဦးအေးနိုင်၏ ဗုဒ္ဓကျမ်းလာနတ်ဒေဝါများ။ ၂၀၀၁-စုစု၆။ (စာမျက်နှာ-၂၀၁)။

[*၂] နန္ဒာသိန်းဇင်၏ ကြာ။ ၂၀၀၀-ပြည့်နှစ်။ (စာမျက်နှာ-၁၄)။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ၁၉၈၁-စုစု၆။ မတ်လ(၄)ရက်နေ့တွင် ထုတ်ပြန်သော သံဃနာယကအဖွဲ့အဆင့်ဆင့်အတွက် တစ်ပြေးညီအသုံးပြုရန် ဆိုင်းဘုတ်နှင့်တံဆိပ်တုံးများသတ်မှတ်ခြင်း ညွှန်ကြားလွှာအမှတ်(၁၈)တွင် 'တံဆိပ်အဖြစ် ကြာငါးခိုင်' ကိုအသုံးပြုရမည်။ သရုပ်ဖော်ပုံတွင် 'အလယ်ကြာဖူးကို ကြာလေးပွင့်ရံထားပုံ' ဟူ၍ ဖော်ပြထားသည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ညွှန်ကြားလွှာများ (၁)မှ (၈၅)။ ၁၉၉၇-စုစု၆။ (စာမျက်နှာ-၆၁)။ ထိုညွှန်ကြားလွှာ၌ အလယ်ကြာဖူးသည် မေတ္တေယျရှင်ကိုရည်စူးကြောင်း- ဖော်ပြမထားပေ။

[*၃] မနုဿ လောကသဏ္ဌာဟနဋ္ဌာနံ(ပ)မဟာဗောဓိပလ္လင်္ကော ဝိနုဿမာနေ လောကေ ပဏ္ဍာ ဝိနုဿတိ၊ သဏ္ဌာဟမာနေ ပဌမံ သဏ္ဌာဟတိ။ တတ္ထ ပုဗ္ဗနိမိတ္တံ ဟုတွာ ဧကော ပဒုမိနိဂ္ဂစ္ဆော ဥပ္ပဇ္ဇတိ၊ တသ္မာ သဓေ တသ္မိံ ကမ္မေ ဗုဒ္ဓေါ နိဗ္ဗတ္တိဿတိ၊ ပုပ္ဖံ ဥပ္ပဇ္ဇတိ။ နော ဧစေ, နုပ္ပဇ္ဇတိ။ (ပ) သုဒ္ဓါဝါသဒြဟ္မာနောပိ တာနိ ပဒုမာနိ ဒိသွာ ဣမမတ္ထံ ဇာနိဿု။ တေန နုတ္ထံ 'အညေသမွိ ပါကဋံ ဟောတိ'တိ- ဒီ၊ဋ္ဌ၊၂၊။၅-၆။

http://www.dhammadownload.com

ကျီးသဲလေးထပ်ဆရာတော်၏လက်ဝယ်ရှိ ဒီဃနိကာယ်၊ မဟာဝဂ္ဂဋ္ဌကထာသည် ယခုသုံးနေသော ဆဋ္ဌမ ဒီဃနိကာယ်၊ မဟာဝဂ္ဂဋ္ဌကထာနှင့်မတူကြောင်း သတိပြုရန်ဖြစ်သည်။*၁

အပဒါနအဋ္ဌကထာတွင်မူ မြတ်စွာဘုရားရှင် ဒုက္ကရစရိယာခြောက်နှစ်ကျင့်ရသည့် ဝိပါက်တော်အကြောင်း ကိုဖွင့်ရာတွင်– 'ကမ္မာတည်စ ကြာရုံ၌ဖြစ်သော ပရိကွရာရှစ်ပါး' *၂ ဟု ဖွင့်ဆိုပါရှိလေသည်။

ဤအပဒါန်အဋ္ဌကထာအဖွင့်ကိုအမှီပြု၍ မုံရွေးဇေတဝန်ဆရာတော်(အေဒီ ၁၈၆၆–၁၈၃၄)က ပဌာဝုဝပျို့ အပိုဒ်(၅၂)၌ 'ဗောဓိရွေ့ပြင်၊ ပလ္လင်ရောက်ရာ၊ ရပ်ခန်းဝါထက်၊ ငါးဖြာခက်မ၊ ငုံပွပွ၌၊ ဘုရားပရိကွရာ၊ လေးဆယ်ပါလျက်'*၃ ဟု ရေးစပ်ဖွဲ့ဆိုခဲ့လေသည်။

ဗြဟ္မာပြည်ရောက် သက်နိုးပရိကွရာများ

သို့ဖြင့် သုဒ္ဓါဝါသဘုံသားဗြဟ္မာကြီးတို့သည် ဗောဓိမဏ္ဍိုင်ကြာချုံမှရလာသော သက်နိုးနှင့်တကွ ပရိကွရာ*၄ တို့ကို သုဒ္ဓါဝါသဘုံ*၅၌ထိန်းသိမ်းထားကြပြီး ဘုရားတစ်ဆူပွင့်၍ တောထွက်သည့်အခါတိုင်း လူ့ပြည်သို့ သက်ဆင်းကာ ဆက်ကပ်မြဲဖြစ်ကြောင်းကို ဗုဒ္ဓဝင်အဋ္ဌကထာ၌ ဖော်ပြထားပြီးဖြစ်သည်။ ဗုဒ္ဓဝံသ၊ ဋ္ဌ။ ၁၉၃။ ၂၁၈။၂၂၆။၂၉၁။၃၀၇။

ကျွန်ုပ်တို့၏ဂေါတမဘုရားအလောင်းသိဒ္ဓတ္ထမင်းသားတောထွက်လာသောအခါ၌လည်း ကာသပဘုရား လက်ထက်က မိတ်ဆွေဟောင်းဖြစ်ခဲ့ဘူးသော ယဒိုကာရဗြဟ္မာကြီးသည် ဗုဒ္ဓန္တရတစ်ကပ်လုံး*၆ မပျက်မသုန်း တည်ရှိသောမေတ္တာစစ်ဖြင့် ဗြဟ္မာပြည်၌သိမ်းဆည်းထားအပ်သော ပရိကွရာရှစ်ပါးကိုလာရောက် ဆက်ကပ်လေသည်။ ဗုဒ္ဓဝံသ၊ ဋ္ဌ။ ၃၃၃။ ဖိနာလင်္ကာရဋီကာ။ ၂၆၀။

ထိုယဒိုကာရဗြဟ္မာလူသောပရိကွရာတို့နှင့်စပ်၍ ကြည့်ကန်ရှင်ကြီး(အေဒီ ၁၈၅၈–၁၈၁၁)၏ အမေးပုစ္ဆာ သံပေါက်နှစ်ရပ်ထားခဲ့သည်ကို ကျီးသဲလေးထပ်ဆရာတော်(အေဒီ ၁၈၁၈–၁၈၉၄)က စွယ်စုံကျော်ထင်ကျမ်း၌ ဖြေကြားတော်မူသည်မှာ–

ပုစ္ဆာ–၂၂။ ။ဗြဟ္မာရွေးဝယ်၊ လူ့ရှစ်သွယ်၊ ကြီးငယ်နံလျား ဘယ်မျှနည်း။

အဖြေ။ ။ကြီးငယ်နံလျား ဘယ်မျှနည်းဟူရာ၌ သပိတ်,ပဲခွပ်,အင်္ကျီ,ခါးပန်း,ရေစစ်တို့၏ အကြီးအငယ် အနံအလျားပမာဏကို မည်မျှရှိသည်ဟူ၍ ကျမ်းဂန်၌မလာ၊ သက်နိုးတော်၏ပမာဏကိုကား ဝိနည်းပါဠိတော်၌လာသောအတိုင်း ဖြေကြားတော်မူပါသည်။*၇

---

*၁ စွယ်စုံကျော်ထင်ကျမ်း၊ ဒုတိယအုပ်။ ၁၉၆၁–စုနှစ်။ (စာမျက်နှာ–၁၈)။ ရွှေရေးဆောင်ဆရာတော်ဦးပဏ္ဍိတ၏တိပေဋကာဝိနိစ္ဆယကျမ်း။ ဒုတိယတွဲ။ (စာမျက်နှာ–၃၄၁)၌ အထက်ပါသုတ်မဟာဝါအဋ္ဌကထာစကားကိုဖော်ပြရာတွင် ကြာပွင့်အကြောင်းသာပါရှိပြီး၊ သက်နိုးအကြောင်း မပါရှိပေ။ ရွှေရေးဆောင်ဆရာတော်ကြည့်ရှုသော သုတ်မဟာဝါအဋ္ဌကထာမူသည်လည်း ဆဋ္ဌမဟုတ်၍ စဉ်းစားဖွယ်များစွာရှိသည်။

*၂ ကပ္ပသဿ သဏ္ဌာနေ ကာလေ ပဒုမဂဗ္ဘေ နိဗ္ဗတ္တေ အဋ္ဌပရိက္ခာရေ– အပဒါန။၁။၁၅၈။

*၃ မုံရွေးဆရာတော်၏ ပဌာဝုဝပျို့။ ၁၉၂၀–ပြည့်နှစ်။ (စာမျက်နှာ–၄၅)။

*၄ ပရိက္ခာရ(စ)ပါးမက ပရိက္ခာရ(၉)ပါး၊ (၁၀)ပါး၊ (၁၁)ပါး၊ (၁၂)ပါးလည်းရှိ၏– ဒီ။ဋ္ဌ။၁။၁၈၅။ အရှင်မဟောသဓပဏ္ဍိတ၏ မဃဒေဝလင်္ကာသစ် အဖွင့်ကျမ်း။ ၂၀၀၄–စုနှစ်။ (စာမျက်နှာ–၈၉)သို့လည်းရှုပါ။

*၅ ယဒိုကာရဗြဟ္မာနေရာ သုဒ္ဓါဝါသဘုံမှာ သုဒ္ဓါဝါသငါးဘုံရှိသည်တွင် အထက်ဆုံးဖြစ် အကနိဋ္ဌဘုံဖြစ်သည်ဟု ဒါဋ္ဌာဓေတုဝံသကို ကိုးကား၍ မင်းကွန်း ဥဒုမ္ဗရချောင်းဆရာတော် ပြေဆိုသည်။ မနိလည်ဆရာတော်၏ သတပဒီကပဏ္ဍာဝိသင်္ခရာ။ ၁၉၇၇–စုနှစ်။ (စာမျက်နှာ–၁၁၈)။

*၆ ကာသပဘုရားပွင့်တော်မူသည်မှ ယခု ဂေါတမဘုရားပွင့်တော်မူသည်အထိ ဘုရားတစ်ဆူနှင့်တစ်ဆူကြား ကာလအပိုင်းအခြားကို 'ဗုဒ္ဓန္တရကပ်'ဟု ဆိုသည်။ မဟာဗုဒ္ဓဝင်၊ ဒုတိယတွဲ။ (စာမျက်နှာ–၂၀၅)။

*၇ အပြည့်အစုံကို စွယ်စုံကျော်ထင်ကျမ်း၊ ပထမအုပ်။ ၁၉၄၄–စုနှစ်။ (စာမျက်နှာ–၃၅)။

http://www.dhammadownload.com

ပုစ္ဆာ–ဂျ၃၃။ ။ဗြဟ္မာလူသည်၊ လူရွှစ်မည်၊ ဘယ်သည်ကာလကွယ်သနည်း။

အဖြေ။ ။သေဌေးသမီးသုဇာတာသည် ယနာန္ဒိဆွမ်းလှူအံ့သောနေ့ညပင် ယဒိုကာရဗြဟ္မာလူသော သပိတ် ကွယ်လေသည်။ ကြွင်းသောပရိက္ခရာတို့သည်ကား သက်တော်ဆုံးအောင်တည်သည် ဟူပေ*၁ –ဟုဖြစ်သည်။

ကြာသက်နိုး

ယဒိုကာရဗြဟ္မာလူသည်မှာ ပရိက္ခရာရွှစ်ပါးအစုံဖြစ်ကြောင်းကို ဆိုင်ရာအဋ္ဌကထာတို့၌ဖော်ပြထားလင့်ကစား၊ ရှေးမြန်မာစာဆိုတို့က ဘုရားအလောင်းတောထွက်ခန်းကိုရေးဖွဲ့တိုင်း ဗြဟ္မာ၏လူဖွယ်ပရိက္ခရာရွှစ်ပါးမှ သက်နိုးအကြောင်းကိုသာ အရေးတယူအမွှမ်းတင်၍ဖွဲ့ဆိုလေ့ရှိကြသည်။ သို့ပါ၍ ယဒိုကာရဗြဟ္မာသည် သက်နိုးမှတစ်ပါး ကျန်သပိတ်စသောပရိက္ခရာတို့ကို မကပ်လူသကဲ့သို့ ထင်မှတ်ဖွယ်ရှိနေလေသည်။ ပဓာနနည်း, ဥပလက္ခဏာနည်းဖြင့် သက်နိုးကိုသာ အမြတ်တနိုးအကြိုးအကဲအစွဲအမှတ်ပြု၍ ဆိုခြင်းဖြစ်သည်။

၁။ အရှင်မဟာရဋ္ဌသာရ(အေဒီ ၁၄၆၈–၁၅၃၀)၏ ဘူရိဒတ်ဇာတ်ပေါင်းပျို့နိဂုံးပိဒ်၌– အနော်မာမြစ်ယံ၊ မိုးပုံကွဲဒို၊ တန်ခိုးရှိသား၊ ယဒိုကာရ၊ ဗြဟ္မာလှလျင်၊ ကပ်ထရှေးညွှန်း ဝတ်သက်နိုးနှင့်၊ ရဟန်းပြုဆုံး၊ အားလုံးကြည်ညို*၂ –ဟူ၍လည်းကောင်း၊

၂။ အရှင်မဟာရဋ္ဌသာရ(အေဒီ ၁၄၆၈–၁၅၃၀)က 'ငါးဆူရွှေကြာ'အစချီသော ပဒုမ္မာကြာဆိုနည်း ကေပိဒ် ရတုတွင်– ငါးဆူရွှေကြာ၊ နိမိတ်လာ၍၊ ငါးဖြာမြွာလျက်၊ တစ်ပင်နက်ဝယ်၊ ငါးဆူဖူးငုံ၊ ပေါ်လတ်တုံ်က၊ ငါးစုံသက်နိုး၊ ကြိုင်ပျံ့မွှန်းကို*၃ –ဟုလည်းကောင်း၊

၃။ ရှင်အုန်းညို(အေဒီ ၁၄၅၃–၁၅၂၈)က ဂါထာခြောက်ဆယ်ပျို့(အပိုဒ်–၆၅)၌– ယဒိုကာရ၊ သက်လှာကျ၍၊ မြစ်စစ်းခြေ၊ ကပ်နှင့်ပေသား၊ နီရွှေခေါင်ရန်း၊ ကြာသက်နိုးနှင့်၊ နေဝန်းစက်ရောင်၊ ခြည်အထောင်သို့၊ ပြောင်ပြောင်ညီညီ၊ တင့်လွန်းဘိသား*၄ –ဟူ၍လည်းကောင်း၊

၄။ ဟံသာဝတီဆင်ဖြူရှင်မင်း(အေဒီ ၁၅၅၁–၁၅၈၁)၏သားတော် မဟာဥပရာဇာ(အေဒီ ၁၅၆၀–၁၅၉၂)အား တလုပ်မြို့စားသခိယာချီးဖွဲ့သော မဟာဥပရာဇာချေင်း(အပိုဒ်–၃)၌–

ရွှေကြာငါးပွင့်၊ ဆင့်ရရင့်၌၊ လှတင့်ထူးဆန်း၊ သက်နိုးငါးစုံ၊ ပါတုံကြောင်းဟိတ်၊ ထိုနိမိတ်ကြောင့်၊ အတိတ်မှတ်သား၊ မိုးဗျားပြဟ္မာ၊ သက်လျာညွတ်တွား၊ ဘုရားငါးယောက်*၅–ဟုလည်းကောင်း၊

၅။ ဟံသာဝတီဆင်ဖြူရှင်မင်း(အေဒီ ၁၅၅၁–၁၅၈၁)၏မြေးမတော်သခင်ကြီး(အေဒီ ၁၅၇၄– ?)အား ပယ်သူငယ်စားရှင်မြတ်ခေါင် (အေဒီ ၁၅၃၈–၁၅၈၈)ဖွဲ့ချီးသော သခင်ကြီးချေင်း(အပိုဒ်–၂)၌–

နိမိတ်သြဘာ၊ ပေါ်ဦးပါသည်၊ ရွှေကြာချပ်ရုံ၊ ငါးစုံတုကျွန်း၊ ရွှေသက်နိုးကို*၆–ဟုလည်းကောင်း။

---

*၁ စွယ်စုံကျော်ထင်ကျော်။ ဒုတိယအုပ်။ ၁၉၆၁–ခုနှစ်။ (စာမျက်နှာ–၁၆၈)။ ယဒိုကာရ မဟာဗြဟ္မာနှာ ဒီဓွာ မတ္တိကာပတ္တော ထွေက် အဒ္ဓါနံ ဓောမိသတ္တံ အဝိဇဟိတွာ တသွိ ဓကော အဒဿနံ ဂတော– ဇာ၊ ၎။ ၁။ ၈၁။

*၂ အရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်ဇာတ်ပေါင်းပျို့။ ၁၉၁၄–ခုနှစ်။ (စာမျက်နှာ–၅၉)။

*၃ မြန်မာစာညွှန့်ပေါင်းကျော်။ ပဉ္စမတွဲ။ ၁၉၉၂–ခုနှစ်။ (စာမျက်နှာ–၁၆)။

*၄ ရှင်အုန်းညို၏ ဂါထာခြောက်ဆယ်ပျို့။ ၁၉၂၈–ခုနှစ်။ (စာမျက်နှာ–၄၂)။

*၅ မောင်မေအောင်၏ ရေးချင်းဟောင်း ၁၂–စောင်တွဲ။ ၁၉၁၂–ခုနှစ်။ (စာမျက်နှာ–၁၁၃)။

*၆ မောင်မေအောင်၏ ရေးချင်းဟောင်း ၁၂–စောင်တွဲ။ ၁၉၁၂–ခုနှစ်။ (စာမျက်နှာ–၂၀၂)။

http://www.dhammadownload.com

၆။ ငါးဆူဒါယကာနန္ဒဘုရင်(အေဒီ ၁၅၈၁–၁၅၉၉)၏သားတော် မင်းရဲကျော်စွာစုန်(အေဒီ ၁၅၆၉– ?) အား ရာဇဗာဟုအမတ်(လော်ကားသုံးထောင်မှူး၊ အေဒီ ၁၄၉၈–၁၅၇၈)ဖွဲ့ချီးသော မင်းရဲကျော်စွာစုန် ချောင်း(အပိုဒ်–၂)၌–

စကြဝဠာ၊ သချိုင်္ဂတခန်း၊ ရေကြည်ဝန်းထက်၊ ပေါ်ထွန်းနွယ်ဆင့်၊ ကြာငါးပွင့်တွင်၊ နီရင့်ရောင်ရွှန်း၊ သင်္ကန်းငါးဆူ၊ နိမိတ်ယူ၍[*၁]–ဟုလည်းကောင်း၊

အသီးအသီးဖြစ်ကြသည်။

ငဆန်ပြန်ပျို့[*၂] ၌မူ ထိုကြာသင်္ကန်းနှင့်စပ်၍ အသေးစိတ်ဖွဲ့နွဲ့တင်ပြထားသည်ကို အောက်ပါအတိုင်း တွေ့ရ၏။

၁။ ရေကပေါ်လှာ၊ ပဒုမ္မာလျှင်၊ ရွှေကြာချပ်ရံ၊ ပွင့်လတုံ့က၊ ငါးစုံတိကျော်၊ သင်္ကန်းတော်နှင့်၊ ရေပေါ်ဝေးစွာ၊ ပြဟ္မာ့ရွာ၌၊ ပွင့်လှာသောအား။ ဆွတ်၍ထား–ဟုလည်းကောင်း။

၂။ ကောန်မချွတ်၊ နိမိတ်ဖတ်၍၊ ဆွတ်သော်ခဏ၊ ကြာရိုးကျသော်၊ သတ္တရာဘန်၊ တောင်မွန်နဂိုရိ၊ မြင်းမိုရ်အကုန်၊ ဖြစ်လေတုံ့၏။ ကြာငုံပွင့်ချပ်၊ အရပ်လေးပါး။ ထားသည်လေးကျွန်း၊ လေးခုထွန်း၏–ဟုလည်းကောင်း၊

၃။ သင်္ကန်းတော်တုံ၊ လေးပါးစုံ၍၊ ရွှေဘုံပြဿဒ်၊ အထွတ်ငါးဆောင်၊ ရွှေတောင်အလား။ ထားသည်သုံးဘော်–ဟုလည်းကောင်း...ဖြစ်သည်။

အထက်ပါစာအဖွဲ့တို့အရသော်–

၁။ ပြဟ္မာကြီးတို့သည် ပဒုမ္မာကြာပွင့်အတွင်းက သင်္ကန်းငါးစုံကိုဆွတ်ယူပြီး ပြဟ္မာပြည်သို့ဆောင်ယူထားကြောင်း၊

၂။ ထိုသို့ဆွတ်ယူသောခဏ၌ ကြာရိုးသည် မြင်းမိုရ်တောင်နှင့် ထိုတောင်ကိုဝိုင်းပတ်ထားသော သတ္တရာဘန်တောင်စဉ်(၇)ထပ်ဖြစ်သည်။[*၃] ကြာငုံပွင့်ချပ်လေးခုမှာ ကျွန်းကြီးလေးကျွန်း[*၄]ဖြစ်ကြောင်း။

၃။ သင်္ကန်းတော်တို့ကို ပြဟ္မာဘုံ၌ အထွတ်ငါးဆောင်ပါသော ရွှေဘုံပြဿဒ်နှင့်တည်ထားကြောင်း[*၅]–သိရသည်။

---

*၁ မောင်မဲအောင်၏ ချွေးဟောင်း ၁၂–စောင်တွဲ။ ၁၉၁၂–ခုနှစ်။ (စာမျက်နှာ–၁၅၄)။

*၂ ဆေန်ပြန်ပျို့ကို ရှင်အုန်းညိုဆိုသည်ဟုပြထား၏။ ကျော်လှိုင်၏ ပြဟ္မာလူဒါန်းသောသင်္ကန်း(၁)၊ (၂) (ဆောင်းပါး)။ အတွေးအမြင်။ စာစဉ်–၆၅။ (စာမျက်နှာ–၃၂)။ စာစဉ်–၆၆။ (စာမျက်နှာ–၇၀)။ ဤပျို့ကို ဝန်ကြီးပဒေသရာဇာပြုစုသောပျို့စာရင်း၌ 'ဆန္နပြန်ပျို့' (မောင်သုတ၏ စာဆိုတော်များအတ္ထုပ္ပတ္တိ။ ၁၉၆၆–ခုနှစ်။ စာမျက်နှာ–၂၁၉)၊ အရှိုမှု၌ 'ဆန္နပျို့' (လှသဗိန်၏ ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များအတ္ထုပ္ပတ္တိ။ ၁၉၆၁–ခုနှစ်။ စာမျက်နှာ–၂၁၃)၊ အရှိုမှု၌ 'ဆေန်ပြန်ပျို့' (ဦးသန်း၏ပြန်မာပျို့များ၏ ဓရီးစဉ်။ တပယ။ အတွဲ–၉၊ အပိုင်း–၂။ ၁၉၇၄–ခုနှစ်။ စာမျက်နှာ–၈၃)– ဟုလည်းတွေ့ရ၏။

*၃ ယုဂန္ဓရ၊ ဤသရေ၊ ကရဝိက၊ သုဒဿန၊ နေမိန္ဒရ၊ ဝိနတက၊ အဿကဏ္ဏ– ဝိသုဒ္ဓိ၊ ၁။ ၂၀၀။

*၄ ဓမ္မူဒီပါ၊ ပြဗ္ဗာဝိဒေဟာ၊ အပရဂေါယာန၊ ဥတ္တရကုရု– ဒီ၊ ၌။ ၃။ ၁၄၆။

*၅ စွယ်စုံကျော်ထင်ကျစ်း(ပုဏ္ဏား–၇၉၆)၌ 'ကြာသင်္ကန်းသည်၊ ပြဟ္မာပြည်၊ မည်နှင့်ထည့်၍ထားသနည်း' ဟူသော ပုဏ္ဏာဖြေရာ၌ ကျိုးသဲဆရာတော်က 'ကြာသင်္ကန်းကို သုဒ္ဓါဝါသပြဟ္မာတို့ ယူ၍ထားကြောင်းကိုသာ ကျစ်းဂန်တို့၌လာသည်။ မည်သည့်ဝတ္ထုနှင့် ထည့်၍ထားကြောင်းကို မလာချေ' ဟုဖြေဆိုထားသည်။ စွယ်စုံကျော်ထင်ကျစ်း၊ ဒုတိယအုပ်။ ၁၉၆၁–ခုနှစ်။ (စာမျက်နှာ–၂၂၀)။

http://www.dhammadownload.com

ထိုင်ဆန်ပြန်ပျို့၌ ဗြဟ္မာကပ်လူသောကြောသက်နံးသည် အံ့ဖွယ်ရှစ်ပါးနှင့်ပြည့်စုံကြောင်းကို ဖော်ပြထားပြန်သည်မှာ–

> ရေမှာမနှစ်၊ မချစ်မီးတွင်း၊ မတင်ညှိထေး၊ သင့်မည်ဝေး၏။ မဆွေးမမြေ့၊ စုတ်၍မဲ့ဘူး၊ ညစ်ညူးမဲ့စွာ၊ ကမ္ဘာအမျှ၊ သပွါယ်ရ၏။ လူ့ဘဘုရား၊ နိဗ္ဗာန်လားလည်း၊ သုံးပါးလူ့ထွတ်၊ သက်နံးမြတ်ကို၊ လူနတ်ပြည်မှာ၊ မရှိသာ၍၊ ဗြဟ္မာတို့ပြည်၊ ရောက်လှာသည်–ဟုဖြစ်၏။[*၁]

ဤသို့ ဆန်ပြန်ပျို့လာ ကြာသက်နံး၏ထူးခြားသောအချက်တို့ကို ပိဋကတ်ပါဠိစာပေ၌ ဖော်ပြထားခြင်း မတွေ့ရပေ။

ဗြဟ္မာလူဒါန်းကြာသက်နံး

ပိဋကတ်ပါဠိစာပေတွင် ဂေါတမမြတ်စွာဘုရားရှင် လူဒါန်းခံယူရရှိခဲ့သောသက်နံးလျာများ[*၂] တွင် ကဿပဘုရားရှင်လက်ထက်က မိတ်ဆွေဖြစ်ဖူးသူ ဃဋိကာရဗြဟ္မာကြီးလူဒါန်းသောသက်နံးမှာ ဘုရားဖြစ်ရန် တောထွက်စအခါ အနော်မာသောင်ကမ်း၌ ဦးစွာပထမရရှိခဲ့သောသက်နံးဖြစ်သည်။

ထိုဗြဟ္မာလူဒါန်းသည့်ကြာသက်နံးမှာ ကမ္ဘာဦးကြာခြုံမှရလာသောသက်နံးဖြစ်ပြီး၊ မည်သည့်အခါမဆို မန္ဒမ်းမညစ်အသစ်ကဲ့သို့ သက်တော်ရှည်သမျှကာလပတ်လုံးတည်လေသည်။[*၃]

ဃဋိကာရဗြဟ္မာကြီးလူဒါန်းသော ထိုကြာသက်နံးကို မဃဒေဝလင်္ကာသစ်(အဝိဒ်–၅၆၆)၌ 'မြတ်ကမ္ဘာပန်း၊ ကြာသက်နံးဖြင့်၊ ရဟန်းအသွင်၊ ယူဆင်သပွာယ်'[*၄] ဟူ၍ဖွဲ့ဆိုထားလေရာ၊ တစ်စုံတစ်ယောက်၏ပယောဂဖြင့် ယက်လုပ်သော ကြာသက်နံးမျိုးမဟုတ်ဘဲ သဘာဝသူ့အလိုလို ကမ္ဘာဦး၌ နဂိုပေါက်ပွားသော ကြာခြုံမှရလာသည့် ကြာသက်နံးမျိုးဖြစ်ကြောင်းမှတ်ယူရန်ဖြစ်သည်။ ထိုကြာသက်နံးသည် နတ်တို့လူသော ဒေဝဒတ္တိယပံသုကူသက်နံးဖြစ်ကြောင်း သုတ္တနိပါတအဋ္ဌကထာ[*၅]၌ပြဆိုထားပြီး၊ အပဒါန်အဋ္ဌကထာ၌မူ ဘုရားအလောင်းတော်၏ ကုသိုလ်ကံတန်ခိုးတော်ကြောင့်ဖြစ်သော ကုဋ္ဌိမယသက်နံး[*၆] ဖြစ်သည်ဟူ၍လည်း ပြဆိုထားသည်။

စင်စစ် ထိုကြာသက်နံးသည် ဘုရားအလောင်းတော်၏ ကုဋ္ဌိမယ ခေါ် ကုသိုလ်ကံတန်ခိုးကြောင့်ဟုဆိုပါက ကျွန်ုပ်တို့ ကိုးကွယ်ဆည်းကပ်ရာ ဂေါတမမြတ်စွာဘုရားအလောင်းတော်တစ်ပါးတည်း၏ကုဋ္ဌိမယ ခေါ် ကုသိုလ်ကံတန်ခိုးတစ်ခုတည်းကြောင့်မဟုတ်ဘဲ ဤဘဒ္ဒကမ္ဘာ၌ပွင့်တော်မူပြီးဖြစ်သော ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ

---

*၁ (၁) ရေမှာမနှစ်ခြင်း။ (၂) မီးမလောင်ခြင်း၊ (၃) အညစ်အကြေးမတင်ခြင်း။ (၄) မဆွေးမြေ့ခြင်း။ (၅) မနုတ်ပြဲခြင်း၊ (၆) အစဉ်သန့်ရှင်းမှုရှိခြင်း။ (၇) ကမ္ဘာပတ်လုံးတင့်တယ်သပွါယ်မှုရှိခြင်း၊ (၈) မြတ်စွာဘုရားရှင်ပရိနိဗ္ဗာန်ပြု၍ ထိုသက်နံးကိုမသုံးဆောင်သည့်အခါ၌ လူပြည် နတ်ပြည်တို့၌ မတည်နေဘဲ ဗြဟ္မာ့ပြည်၌သာတည်ရခြင်းတို့ဖြစ်သည်။

*၂ ဂေါတမမြတ်စွာဘုရားရှင်အား ဃဋိကာဗြဟ္မာ၊ အရှင်မဟာကဿပ၊ ဝေဇ္ဈာပုဏ္ဏား၊ ပိဂီယာနိပုဏ္ဏား၊ ဆရာဇီဝက၊ ကေသာဠကပုဏ္ဏား၊ ဝိမာနပြိတ္တာမတစ်ဦး၊ နတ်သားတစ်ဦး၊ ဓာရာဏသိပြည်သူ ဥပါသိကာမတစ်ဦး၊ စန္ဒနင်္ဂလိကဥပါသကာ၊ မဟာသာလပုဏ္ဏား၊ မိထွေးတော် ဂေါတမီ၊ ပုဏ္ဏသေမလွှာမင်း–စသူတို့ သက်နံးလှူဖူးသည်။ ဘဒ္ဒန္တသောဘနော်၏ ဓွယ်ခုံကျော်ထင်ဝိသောခနီ။ ၁၉၆၉–ခုနှစ်။ (စာမျက်နှာ–၂၄၇)။ ဘဒ္ဒန္တကုဏ္ဍလ၏ မဟာသုတဒီပနီ။ ၂၀၀၁–ခုနှစ်။ (စာမျက်နှာ–၇၁၀)။ ဘုရားရှင်ကိုယ်တော်တိုင် ဥရုဝေလတောင်၌ သီတင်းသုံးစဉ်က ပုဏ္ဏာကျွန်မ အလောင်းကောင်ကို ရှစ်ပတ်ထားသော ဗိုက်ဆံလျှော်အဝတ်ကို ပုံသကူကောက်ယူ၍ ၁၀၀ရုံတော်မူခဲ့၏– ဗိုဝ။၃၇။


*၃ ဘဒ္ဒန္တသောဘနော်၏ ဓွယ်ခုံကျော်ထင်ဝိသောခနီ။ ၁၉၆၉–ခုနှစ်။ (စာမျက်နှာ–၂၄၇)။

*၄ မဃဒေဝလင်္ကာသစ်။ ၁၉၇၅–ခုနှစ်။ (စာမျက်နှာ–၄၉၄)။

*၅ ဒေဝဒတ္တိယံ ပံသုကူလစီဝရံ– သုတ္တနိ၁။၂။၁၁၁။

*၆ ဗြဟ္မာနော အာနိတော ကုဋ္ဌိမယော ကပ္ပသေ သဏ္ဌာနကာလေ ပဒုမဂဗ္ဘေ နိဗ္ဗတ္တော အဋ္ဌမိကွာရေ– အပဒါန၁။၁။၁၈။

http://www.dhammadownload.com



အလောင်းတော်မြတ်ဆံတော်ပယ်ခန်း (အေဒီ-၈ ရာစု)
ယခု Java, Borobudur Stupa.
Lad, 1957, Pg.59, Pl.55.



ယဒိုကာရြေပဟွာကြီး သက်နန်းကပ်လှူခန်း (အေဒီ-၈ ရာစု)
ယခု Java, Borobudur Stupa.
Lad, 1957, Pg.60-61, Pl.58.

http://www.dhammadownload.com

ဟူသော ရှေးဘုရားသုံးဆူနှင့် နောင်ပွင့်လတ္တံ့ဖြစ်သော မေတ္တေယျရှင်စသည့် ဘုရားငါးဆူတို့၏ ဣန္ဒိမယကုသိုလ်ကံ တန်ခိုးတော်တို့ကြောင့်ဟု ယူရပေမည်။*၁

ထို့ပြင် ဗြဟ္မာလူဒါန်းသော ကြာသင်္ကန်းသည် ဤဘဒ္ဒကမ္မာဠ်ပွင့်တော်မူကြမည့်ဘုရားငါးဆူအတွက် ဖြစ်ပေါ်လာသောသင်္ကန်းဖြစ်ရာ ကကုသန္ဓ၊ ကောဏဂုန၊ ကဿပ၊ ဂေါတမနှင့် မေတ္တေယျဟူသော ဘုရားငါးဆူတို့ တောထွက်သောအခါ၌ သုဒ္ဓါဝါသဘုံသားဗြဟ္မာတစ်ဦးဦးက လာရောက်လူဒါန်းပေလိမ့်မည်။ ဤအကြောင်းကို ရည်၍ပင် သခင်ကြီးဇေျင်း(အပိုဒ်–၃)၌ 'နိမိတ်သြဘာ၊ ပေါ်ဦးပါသည်၊ ရွှေကြာချပ်ရဲ့၊ ငါးစုံတုဂ္ဂန်။ ရွှေသင်္ကန်းကို၊ စောင့်မှန်းဗြဟ္မာ၊ အခါငုံရှု၊ ကပ်လင့်ပြုသား။ ကကုသန္ဓ၊ ကောဏာဂနှင့်၊ ကဿပရှေးလွန်၊ နောင်းစွန်မိတေယျာ၊ သစ္စာပွင့်လင်း၊ တို့ရှင်ရင်း'*၂–ဟု စပ်ဆိုထားပေသည်။

သို့ပါသော်– (၁) ကကုသန္ဓဗုဒ္ဓဝင် (ဗုဒ္ဓဝံ၊ ဌ။ ၂၉၆။)နှင့် (၂) ကောဏာဂမနဗုဒ္ဓဝင် (ဗုဒ္ဓဝံ၊ ဌ။ ၃၀၂။) တို့တွင် ကကုသန္ဓနှင့် ကောဏာဂမနဘုရားရှင်တို့ တောထွက်တော်မူစဉ်အခါက ဗြဟ္မာကြီးတစ်ဦးဦးက သင်္ကန်းပရိက္ခရာ လာရောက်လူဒါန်းသည်ဟူ၍ ဖော်ပြမထားခဲ့ပေ။ (၃) ကဿပဗုဒ္ဓဝင်တွင်မူ ကဿပဘုရားရှင်သည် နတ်တို့ဆက်ကပ်သော အရဟာတ္တဓဇ ဖန်ရည်ဆိုးသင်္ကန်းကိုဝတ်ရုံတော်မူ၍ ရဟန်းပြုကြောင်းပြဆိုထားသည်။*၃ (၄) ဂေါတမဗုဒ္ဓဝင်တွင် ဃဋိကာရဗြဟ္မာကြီးက ရှစ်ဖြာသောသမဏပရိက္ခရာဆက်ကပ်ကြောင်း ဖော်ပြထားလေသည်။ (ဗုဒ္ဓဝံသ၊ ဌ။ ၃၃၃။)*၄ (၅) မေတ္တေယျရှင်နှင့်စပ်၍ ထိုမေတ္တေယျအလောင်းတော် တောထွက်ရာသို့ ရှစ်သောင်းလေးထောင်သော ဥပါသကာနှင့်ဥပါသိကာပရိသတ်များ။ သူကြွယ်ပရိသတ်များ–စသည်ဖြင့် ပရိသတ်အများအပြား အတူလိုက်ပါ၍ ရဟန်းပြုကြကြောင်းကို အနာဂတဝံသပါဠိ (ဂါထာ–၅၃ မှ ၆၄ အထိ)၌ ဖော်ပြထားပြီးလျှင်၊ အနာဂတဝံသအဋ္ဌကထာ၌ ထိုသို့ မေတ္တေယျအလောင်းတော် တောထွက်ရန်ပြင်ဆင်နေသော ခဏ၌ မဟာဗြဟ္မာကြီးတစ်ဦးက နတ်တို့၏တန်ခိုးဖြင့်ဖြစ်သော ပရိက္ခရာရှစ်ပါးကိုယူ၍ ရောက်လာသည်–ဟူ၍ ဖော်ပြထား၏။*၅

ဘုရားရှင်တို့တောထွက်စအခါ၌ သုဒ္ဓါဝါသဘုံသားဗြဟ္မာတို့ သင်္ကန်းအစရှိသော ပရိက္ခရာရှစ်ပါးတို့ကို လာရောက်ဆက်ကပ်ခြင်းသည် ဘုရားရှင်တိုင်းနှင့်သက်ဆိုင်မှု ရှိ,မရှိကိုလေ့လာသောအခါ ဤကိစ္စသည် ဘုရားတိုင်းနှင့်သက်ဆိုင်သောအချက်ဖြစ်လိမ့်မည်ဟု ယူဆမိသည်။ အကြောင်းမှာ သုဒ္ဓါဝါသဘုံသား ဗြဟ္မာတို့သည် ဤကမ္ဘာ၌ဘုရားပွင့်မည်မှန်က ထိုဘုရားအတွက် ကမ္ဘာဦးကပေါက်သော ကြာခူံတွင်ပါလာသည့် သင်္ကန်းပရိက္ခရာကိုယူ၍ ဘုရားပွင့်မည့်ကာလကိုစောင့်နေခြင်း။ ဘုရားအလောင်းတို့ တောထွက်စအခါ၌ ထိုသင်္ကန်းပရိက္ခရာကို လာရောက်ဆက်ကပ်ရခြင်း။ ဗြဟ္မာကြီးတို့ဆက်ကပ်လာသော ထိုသင်္ကန်းကိုရုံ၍ပင်

---

*၁ ဟိဘိက္ခုရဟန္တ ဘမထေရ်ကြီးတို့၏ ပရိက္ခရာကိုလည်း ဣန္ဒိမယပရိက္ခရာဟုခေါ်ဆိုသည်– ဝိ။ဋ္ဌ။၁။၂၀၅။ ဒီ။ဋ္ဌ။၂။၆၄။ ပုညိဿိကောင်းမှုတန်ခိုးကြောင့်၊ ဥပနိဿယပစ္စည်း၏အဖြစ်ကြောင့်၊ ဆုတောင်းပတ္ထနာကြောင့် စသည်ဖြင့်လည်းပြသည်။ ဝိ။ဋ္ဌ။၁။၂၀၅/၆။ ဒီ။ဋီ။၂။၇၁။ သာရတ္ထဒီ။၂။၅၁။ မန်လည်ဆရာတော်၏ ဟိဘိက္ခုဝိသဒ္ဓနာ။ ပညာဝိမံသနကထာကျမ်း။ ၁၉၇၇–ခုနှစ်။ (စာမျက်နှာ–၅၀၈)သို့လည်းကြည့်ပါ။

*၂ မောင်မေအောင်၏ ရှေးဟောင်း ၁၂–စောင်တွဲ။ ၁၉၁၂–ခုနှစ်။ (စာမျက်နှာ–၂၀၂)။

*၃ ဒေဝဒတ္တံ အရဟာတ္တဓဇမာဒါယ ပဗ္ဗဇိ– ဗုဒ္ဓဝံသ၊ ဌ။ ၃၀၇။ Then the Bodhisatta, the Great Being, taking his stand on the earth, carrying a banner of arahants given by devas, went forth. I.B. Horner(Tr.)' The Clarifier of The Sweet Meaning. 1978. Page-376. ဤနေရာ၌ ဒေဝ–ဟုဆိုရာတွင် နတ်ကိုသာမက ဗြဟ္မာတို့ကိုလည်းယူနိုင်သည်။

*၄ လလိတဝိတ္ထရ၊ အခန်း(၁၆)၌ ဒေဝပုတ္တနတ်သားတစ်ဦးသည် မုဆိုးအသွင်ကိုယူ၍ အလောင်းတော်မြတ်အား ဖန်ရည်ဆိုးထားသောအဝတ်နိရဲရဲကို ဆက်ကပ်ကြောင်း ပြဆိုထားသည်။ B. Goswami(Tr.)' Lalitavistara. 2001. Page-222.

*၅ တသ္မိ ခဏေ မဟာဗြဟ္မာ ဒိဗ္ဗမယအဋ္ဌပရိက္ခာရေ ဂဟေတွာ တံ ဌာနံ ပါပုဏိသတိ– အနာဂတဝံသအဋ္ဌကထာ။

http://www.dhammadownload.com

ဒုက္ကရစရိယအကျင့်ကိုကျင့်ပြီး ဘုရားအဖြစ်ကိုရယူကြခြင်း–စသည်ဖြစ်စဉ်တို့ကို ဗုဒ္ဓဝင်ကျမ်းတို့၌အစဉ်အတိုင်း ဖော်ပြခဲ့လေသည်။ ဤအချက်ကိုကြည့်ပါက ဘုရားရှင်တို့၏တောထွက်စတွင် ပြဟ္မာလာရောက်၍ သက်နှုးလှူခြင်းသည် ဘုရားတိုင်းနှင့်သက်ဆိုင်မှုရှိရမည့်အချက်ဖြစ်သည်။ သို့ပါသော် ဘုရားရှင်တို့ဖြစ်မြဲမမှတာသုံးဆယ်၌ ဤအချက်မပါဝင်သဖြင့် ယတိပြတ်မဆုံးဖြတ်သာ၊ ပညာရှင်တို့ဝေဖန်သုံးသပ်ရန် အချက်တစ်ရပ်ဖြစ်လေသည်။

ဤနေရာ၌ဆက်စပ်လေ့လာရန်အကြောင်းအရာတစ်ရပ်မှာ မေတ္တေယျရှင်သည် ဘုရားအဖြစ်သို့ရောက်တော်မူသည့်အခါ ကုက္ကုဋ္ဌပဒဂိရိအမည်ရှိသောတောင်သို့ကြွ၍၊ ထိုတောင်အတွင်း၌ အဓိဋ္ဌာန်ဖြင့်ရှိနေသည့် အရှင်ကဿပ(ကဿပဘုရားရှင်? သို့မဟုတ် အရှင်မဟာကဿပရဟန္တာမထေရ်ကြီး?)ထံမှ သက်နှုးကို ယူဆောင်လိမ့်မည်ဟူသောအချက်ကို မြောက်ပိုင်းဗုဒ္ဓစာပေကျမ်းဂန်၌ တွေ့ရခြင်းပင်ဖြစ်သည်။ ထိုသက်နှုးမှာ ဂေါတမဘုရားရှင်က မေတ္တေယျရှင်အား ဝတ်ရုံရန် အရှင်မဟာကဿပထံ၌ထားရစ်ခဲ့သောသက်နှုးဖြစ်သည်ဟူသောအယူအဆများကိုလည်းတွေ့ရပြန်ပါသည်။*၁

ဤအချက်ကိုအတည်ယူပါက မေတ္တေယျဘုရားရှင်သည် တောထွက်စအခါ၌ မဟာပြဟ္မာဆက်ကပ်လာသော ကြာသက်နှုးကို ဘုရားဖြစ်သည်အထိဝတ်ရုံခဲ့ပြီး ဘုရားဖြစ်ပြီးသည့်နောက် ကုက္ကုဋ္ဌပဒဂိရိတောင်သို့လာ၍ ထိုတောင်အတွင်းရှိ အရှင်ကဿပထံမှ ဂေါတမဘုရားရှင်ထားရစ်သော သက်နှုးကိုယူ၍ ဝတ်ရုံလိမ့်ဦးမည်ဟု မှတ်ယူရန်ဖြစ်နေသည်။ သို့ပါသော် မေတ္တေယျရှင်သည် ဘုရားဖြစ်ပြီးသည့်နောက် ကုက္ကုဋ္ဌပဒတောင်သို့ကြွ၍ ရှင်ကဿပထံမှသက်နှုးယူမည့်အကြောင်းတို့ကို အနာဂတဝံသပါဠိ၊ အနာဂတဝံသအဋ္ဌကထာနှင့် မဲတြေယျဗျာကရဏစသော မေတ္တေယျဗုဒ္ဓဝင်ကျမ်းတို့၌ ဖော်ပြမထားခဲ့ပေ။

❁ ❁ ❁ ❁ ❁

*၁ Eitel' Handbook of Chinese Buddhism. 1970. Page-78; A. Getty' The Gods of Northern Buddhism. 1914. Page-14,22. သီရိပျံဇီဦးမြ၏အယ်ရတနာလိုင်ဂူဖုရား။ ၁၉၆၈–ခုနှစ်။ (စာမျက်နှာ–၃၅)။ အရှင်ကေလာသ၏ မြတ်ဗုဒ္ဓပွင့်တော်မူရာမရှိမဒေသ။ ၂၀၀၃–ခုနှစ်။ (စာမျက်နှာ–၁၇၁)။

http://www.dhammadownload.com

http://www.dhammadownload.com

အခန်း (၁၇)

မေတ္တေယျရှင်နှင့်ဗုဒ္ဓသပိတ်တော်

တရုတ်ရဟန်းတော် ဖါဟျိုယယ်*၁ (Fa-hien)သည် မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံ အတွင်း၌ နှစ်ပေါင်း (၁၅) နှစ်ကြာ (အေဒီ ၃၉၉–၄၁၄) လှည့်လည်၍ ဗုဒ္ဓသာသနာတော် အကြောင်းလေ့လာမှတ်သားစုဆောင်းပြီးသည့်နောက်၊ သီဟိုဠ(သီရိလင်္ကာ)သို့ကြွတော်မူခဲ့ပါသည်။ သီဟိုဠ(သီရိလင်္ကာ)၌ အရှင်ဖါဟျိုယယ်သီတင်းသုံးနေစဉ်အတွင်း ဓမ္မဂျုဒိပ် (အိန္ဒိယနိုင်ငံ)သား ရဟန်းတော်တစ်ပါးဟောကြားသော ဗုဒ္ဓသပိတ်တော်အကြောင်း တရားတစ်ပုဒ်ကိုနာယူခဲ့ရသည်။ ထိုတရားပွဲအကြောင်းကို သူ၏ခရီးသွားမှတ်တမ်း *(Fo-kwo-kī)*၊ အခန်း (၃၉) ၌ အောက်ပါအတိုင်းမှတ်တမ်းတင်ထားခဲ့သည်။

> ဗုဒ္ဓ၏သပိတ်တော်သည် ဝေသာလီ၌ ရှေးဦးတည်ရှိခဲ့ပြီး ယခုအခါ ဂန္ဓာရတိုင်း*၂တွင်ရှိနေသည်။ ထို့နောက် နှစ်များစွာကြာသောအခါ (ထိုရဟန်းတော်က အချိန်ကာလအတိအကျပြောပြသော်လည်း ကျွန်ုပ်မမှတ်မိတော့) ဗုဒ္ဓ၏သပိတ်တော်သည် အနောက်ပိုင်း တုခါရ(*Tukhāra*) တိုင်းပြည်*၃သို့ရောက်သွားလိမ့်မည်။ နောက်နှစ်ပေါင်းများစွာကြာသော အခါ ခိုတန်(*Khotan*)ပြည်*၄ သို့ ရောက်သွားလိမ့်မည်။ နောက်ထပ်

---

*၁ တရုတ်ရဟန်းတော် Fa-hien ကို အများအားဖြင့် 'ဖါဟီယန်' ဟုရေးကြသော်လည်း တရုတ်ပဏ္ဍိတ် *Mr. Chen Yee Sein* အသံထွက်ပြသည့်အတိုင်း ဖါဟျိုယယ်–ဟု ရေးသားထားပါသည်။

*၂ ဖါဟျိုယယ်၏ ခရီးသွားမှတ်တမ်း၊ အခန်း(၁၂)တွင် ဂန္ဓာရတိုင်း၏မြို့တော် ပုရုသပုရ (*Purushapura*= ယခု ပက်သျှဝါ)တွင် ဗုဒ္ဓ၏သပိတ်တော်ကိုတွေ့ခဲ့ရကြောင်း ရေးသားမှတ်တမ်းတင်ခဲ့ပြီးဖြစ်သည်။ *James Legge(Tr.)' A Record of Buddhistic Kingdoms. 1965. Page-33.* အရှင်ဝိလာသ၏ ရဟန်းတော် ဖါဟီရန်ခရီးစဉ်။ ၁၉၃၅–၃၆စ်။ (စာမျက်နှာ–၁၇၂)၌ 'ဂန္ဓာရ'ကို 'တရုတ်ပြည်' ဟုရေးထားသည်။ ဖာယှီယယ်၏ ခရီးသွားမှတ်တမ်းပါ ဂန္ဓာရ–မှာ ယခုတော် အာဖဂန်နစ္စတန်အရှေ့ပိုင်းနှင့် ပါကစ္စတန်အနောက်မြောက်ပိုင်း ဒေသကိုဆိုလိုသည်။ ပန်ဂျပ်ပြည်နယ်မြောက်ပိုင်း *(Dheri* နှင့် *Bajour)*လည်း ပါဝင်သည်။ *Eitel' Handbook of Chinese Buddhism. 1970. Page-57.*

*၃ အနောက်ပိုင်း တုခါရပြည်သည် ပက်သျှဝါအနီးရှိပြည်၌ရှိသည်။ *Balkh*-ဟုလည်းခေါ်သည်။ *Dey' The Geographical Dictionary of Ancient and Medival India. 1971. Page-207, 221.* အရှင်ဝိလာသ၏ ရဟန်းတော်ဖါဟီရန်ခရီးစဉ်(စာမျက်နှာ–၁၇၂)တွင် 'အေဖထာလိုက်'ပြည်ဟု ပြထားသည်။ ဆရာပါရဂူ၏ တမွပဏ္ဏို (စာမျက်နှာ–၂)တွင် 'ဆက'ပြည်ဟု ပြထားသည်။ တုခါရကို *Yueh-She, Yu-Chi* ဟုလည်း ခေါ်သည်။ *James Legge(Tr.)' A Record of Buddhistic Kingdoms. 1965. Page-109; Eitel' Handbook of Chinese Buddhism. 1970. Page-183.*

*၄ ခိုတန်။ သက္ကတအမည်မှာ *(Kustana)*ဖြစ်သည်။ ခိုတန်ကို *Yu-teen* ဟုလည်း ခေါ်သည်။ ခိုတန်ပြည်သည် ဂိုဘီ *(Gobi)* သဲကန္တာရ၏ အနောက်တောင်ဘက်တွင်ရှိသည်။ အရှေ့တာကစ္စတန် သို့မဟုတ် တရုတ်တာကစ္စတန်*(Chinese Turkestan)*ဟုလည်းခေါ်သည်။ *Eitel' Handbook of Chinese Buddhism. 1970. Page-80.*

http://www.dhammadownload.com

နှစ်ပေါင်းများစွာကြာသောအခါ ထိုသပိတ်တော်သည် ခရရျာ(Kharachar)*၁ နိုင်ငံသို့ ပြောင်းရွှေ့သွားလိမ့်မည်။ ခရရျာနိုင်ငံမှတဖန် နှစ်ပေါင်းများစွာကြာသောအခါ ဟန်မင်း(Hans)*၂တို့အုပ်စိုးရာ (တရုတ်ပြည်)သို့ရောက်သွားလိမ့်မည်။ ထို့နောက် ဗုဒ္ဓ၏သပိတ်တော်သည် သီဃင္ဆ*၃သို့ ပြန်လည်ရောက်ရှိပေလိမ့်မည်။ ဗုဒ္ဓ၏သပိတ်တော်သည် သီဃင္ဆ၌နှစ်ပေါင်းများစွာတည်နေပြီးနောက် မဇ္ဈိမဒေသ*၄သို့ ရောက်ရှိသွားလိမ့်မည်။ မဇ္ဈိမဒေသသို့ရောက်သွားပြီးနောက် တုသိတာနတ်ပြည်*၅သို့ ခရီးဆက်ရပေလိမ့်မည်။

တုသိတာနတ်ပြည်သို့ ဗုဒ္ဓ၏သပိတ်တော်ရောက်ရှိသည်ကိုတွေ့မြင်ကြသောအခါ 'သကျမုနိ၏သပိတ်တော်ရောက်ရှိလာပြီ'ဟူ၍ မေတ္တေယျဘုရားအလောင်းက မြွက်ကြားလိမ့်မည်။ ယင်းသို့မြွက်ကြားပြီးလျှင် မေတ္တေယျဘုရားအလောင်းသည် တခြားနတ်ဒေဝတာများနှင့်အတူတကွ ခုနစ်ရက်ပတ်လုံး ဗုဒ္ဓ၏သပိတ်တော်ကို ပန်းနံ့သာများဖြင့်ပူဇော်လိမ့်မည်။ခုနစ်ရက်လွန်သောအခါ ဗုဒ္ဓ၏သပိတ်တော်သည် အိန္ဒိယနိုင်ငံ၊ ဓမ္မဒိပ*၆သို့ ပြန်လည်ကြွပြန်လိမ့်မည်။ ဓမ္မဒိပမှ ဗုဒ္ဓသပိတ်တော်ကို ပင်လယ်နဂါးဘုရင်*၇က သူ၏နဂါးတိုင်းပြည်ရှိ နန်းတော်သို့ပင့်ဆောင်သွားပြီး မေတ္တေယျဘုရားပွင့်တော်မူမည့်အချိန်ကာလအထိ စောင့်ရှောက်ထားလိမ့်မည်။ ထို့နောက် သပိတ်တော်သည် လေးလုံးကွဲ*၈သွားပြီးလျှင် မြင်းမိုရ်ကိုရံထားသော အန္နု(Anna)*၉တောင်ပေါ်သို့ ရောက်ရှိသွားပေလိမ့်မည်။

---

*၁ Thien-Shan တောင်တန်းအခြေရှိ Bosteng ရေကန်၏မြောက်ဘက်ဒေသကိုဆိုလိုသည်။ James Legge(Tr.)' A Record of Buddhistic Kingdoms. 1965. Page-109 [3]. Kutche- ဟုလည်းခေါ်သည်။ ယခု အရှေ့တောကန္ဓာတန်ခိုတည်ရှိခဲ့သည်။ Eitel' Handbook of Chinese Buddhism. 1970. Page-76.

*၂ ဟန်မင်းဆက်ဧတေ (၂၂၁–ဘီစီ၊ အေဒီ–၂၂၀)။ ဟန်ဝူတီမင်း (Han Wu-Ti၊ ၁၄၀–၈၇ ဘီစီ) လက်ထက်တွင် ကန္ဓာရတိုင်းအထိ အုပ်ချုပ်နိုင်ခဲ့သည်။ Young Yap and Arthur Cotterell' The Early Civilization of China. 1975. Page-89.

*၃ သီရိလင်္ကာကိုဆိုလိုသည်။ DPPN-II. 768.

*၄ အိန္ဒိယနိုင်ငံ ဘုရားရှင်ဖွားတော်မူရာ ဟိမဝန္တဒေသကိုဆိုလိုသည်။ DPPN-II. 418. ဘုရားရှင် လှည့်လည်သာသနာပြုရာအရပ်တို့သည်လည်း မဇ္ဈိမဒေသ၌ပါဝင်သည်။ Dr. Malalasekera (ed.)' Encyclopaedia of Buddhism. Vol. VI. Fascicle 4. 2002. Page-562.

*၅ နတ်ပြည်ခြောက်ထပ်တွင်ရှိသော ဘုရားအလောင်းနတ်သားတို့စံရာ စတုတ္ထနတ်ဘုံကိုဆိုလိုသည်။ DPPN-I. 1033 [2].

*၆ ဓမ္မဒိပ=ဘုရားရှင်တို့ပွင့်မြဖြစ်သောကျွန်း။ ကျွန်းကြီးလေးကျွန်းတွင် မြင်းမိုရ်တောင်၏ တောင်ဘက်၌ရှိ၍ (ဓမ္မ) သပြေပင်ပေါက်ရာကျွန်းကို ဆိုလိုသည်။ ဒဂုန်ဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရအဘိဓာန်။ ၁၉၆၈–ခုနှစ်။ (စာမျက်နှာ–၇၇)။ DPPN-I. 941.

*၇ ဖါယိုယယ်မှတ်တမ်းတွင် မည်သည့်နဂါးပြည်ဖြစ်ကြောင်းကို အတိအကျပေးပြီမထားပေ။ ပါဠိပိဋကတ်စာပေတွင် ဘုရားရှင်တို့ ဘုရားဖြစ်ခါနီး ဃနာနိဆွမ်းဘုဉ်းပေးပြီး နေရာဌာနဖြစ်အတွင်း အဓိဋ္ဌာန်ပြင့်ရွှေဖွဲ့ကိုမျှော်ရာ၊ ထိုရွှေဖွဲ့သည် မဟာကာဠနဂါးမင်းစံရာ ယူစနာဒေးရာကျယ်သော မဒွေရိကနဂါးပြည်၌ထိန်းသိမ်းပူဇော်ထားကြောင်း– ဇာ၊ ဋ္ဌ၊ ၁။ DPPN-I. 484. သို့သော် လလိတဝိတ္ထရ၌ 'ထိုရွှေဖွဲ့ကို သာဂရအမည်ရှိ နဂါးမင်းက နဂါးပြည်သို့ဆောင်ယူကြောင်း၊ နဂါးလက်မှတစ်ဖန် ရွှေဖွဲ့ကို ပုရန္ဒရမည်သော သိကြားမင်းက ဂဠုန်ယောင်ဆောင်၍ယူပြီး တာဝတိံသာ၌ပူဇော်ထားကြောင်း– Goswami(Tr.)' Lalitavistara. 2001. Page-251.

*၈ မူလအတိုင်း သပိတ်လေးလုံးဖြစ်သွားမည်ဟုဆိုလိုဟန်ရှိသည်။ 'It will again separate into four bowls – James Legge(Tr.)' A Record of Buddhistic Kingdoms. 1965. Page-109.

*၉ 'အန္နု'အမည်ရှိသောတောင်ကို ပါဠိစာပေ၌မတွေ့ရပါ။ မြင်းမိုရ်တောင်အနီး သုဒဿနတောင်ကဲ့သို့ နတ်ဒေဝတာများနေသော အရံတောင်တစ်လုံးဟု ယူဆသည်။ James Legge(Tr.)' A Record of Buddhistic Kingdoms. 1965. Page-109.

http://www.dhammadownload.com

မေတ္တေယျဘုရားပွင့်တော်မူသောအခါ စတုလောကပါလနတ်ကြီးလေးပါး*၁ သည် မေတ္တေယျဘုရားရှင်အား ရှေးဘုရားလေးဆူတို့ကိုကပ်လှူသည့်နည်းအတိုင်း ထိုသပိတ်လေးလုံးကို ယူလာ၍ ကပ်လှူကြလိမ့်မည်။ ဘဒ္ဒကပ်ကမ္ပာ၌ပွင့်တော်မူကြမည့် ဘုရားရှင်ပေါင်းတစ်ထောင်*၂ သည် ထိုတစ်ခုတည်းသော သပိတ်တော်ကိုသာလျှင် အသုံးပြုတော်မူကြလိမ့်သည်။ ထိုသပိတ်တော် ပျက်စီးပျောက်ကွယ်သွားသည့်အခါ၌ ဗုဒ္ဓ၏အဆုံးအမဓမ္မတရားများသည်လည်း တစတစမှေးမှိန် ပျောက်ကွယ်သွားလိမ့်မည်။ ဗုဒ္ဓဘာသာကွယ်သွားပြီးသည့်နောက် လူသက်တမ်း ငါးနှစ် သို့မဟုတ် ဆယ်နှစ်မျှလောက်သာနေရလိမ့်မည်။ ထိုအခါ ဆန်စပါးပေါ်လာတော့မည်မဟုတ်ပေ။ ထောပတ် ဆီဥလည်း ရှိတော့မည်မဟုတ်ပေ။ လူတို့သည် စိတ်ကြမ်းလူကြမ်းများဖြစ်လာကြပြီး သစ်သား အစအနကလေးတစ်ခုမျှကိုပင် လူသတ်လက်နက်အဖြစ်အသုံးပြုကြလိမ့်မည်။ ကုသိုလ်ကောင်းမှု ပြုသူများသည် ဘေးရန်အန္တရာယ်မတွေ့အောင် တောင်များတွင်တိမ်းရှောင်ခိုအောင်းနေပြီး ဒုစရိုက် ကျူးလွန်သူ အားလုံးမျိုးပြုတ်သည့်နောက်တွင်မှ လူမြင်ကွင်းသို့ တဖန်ပြန်ပေါ်လာစရာရှိလေသည်။

ထိုသို့ပေါ်လာချိန်၌ သူတို့အချင်းချင်း ဤသို့ပြောကြလိမ့်မည်။လူသက်တမ်းသည် တစ်ခါက အင်မတန်ရှည်ခဲ့သည်။ သို့သော် လူအများ ဒုစရိုက်မျိုးစုံကိုကျူးလွန်ကြသည့်အတွက် လူ့သက်တမ်း သည် ဆယ်နှစ်ထက်ပိုပြီး မရှည်တော့ပေ။ ထို့ကြောင့် ငါတို့အားလုံး အတူတကွစုပေါင်းပြီး ကုသိုလ်ကောင်းမှုကို ဖြည့်ဆည်းကြပါစို့။ မှန်ကန်မွန်မြတ်သောနှလုံးသားဖြင့် ပါရမီတရားများကို ပွားများကြပါစို့။ ဤနည်းဖြင့် လူတို့သည် အကျင့်သီလနှင့်တဖြည်းဖြည်းပြန်လည်ပြည့်စုံလာမည် ဖြစ်ရာ အနှစ်ရှစ်သောင်းတမ်းအထိ သက်တမ်းရှည်လာပေလိမ့်မည်။

ထိုအခါ မေတ္တေယျဘုရားအလောင်းသည် ဤကမ္ဘာလောကၦ ဖွားမြင်ပေါ်ပေါက်လာပေ လိမ့်မည်။ မေတ္တေယျဘုရားအလောင်းဘုရားဖြစ်တော်မူပြီး တရားဒေသနာဟောကြားချိန်၌ မေတ္တေယျ ဗုဒ္ဓ၏တရားဒေသနာကို ယုံကြည်ကြသည့် ရဟန်းရှင်လူများသည်လည်းကောင်း၊ ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်ပြီး ငါးပါးသီလ,ရှစ်ပါးသီလ စောင့်ထိန်းကြသည့်ပုဂ္ဂိုလ်များသည်လည်းကောင်း ပထမဦးဆုံးကျွတ်တန်းဝင်ကြလိမ့်မည်။ ထို့နောက်တွင် ဒုတိယအသုတ်,တတိယအသုတ် ကျွတ်ထိုက် သူများ ကျွတ်တန်းဝင်ကြလိမ့်မည်။

ကျွန်ုပ်ဖါယီယှယ်သည် ထိုရဟန်းတော်ဟောကြားသည့် တရားတော်ကိုကူးယူလိုသည်ဖြစ်၍ ထိုရဟန်းတော်အား 'ယခုဟောပြသည့်တရားတော်ကို ရေးသားမှတ်တမ်းတင်ထားပါသလား'ဟူ၍ မေးမြန်းလေရာ၊ ထိုရဟန်းတော်က-'ဤတရားတော်ကို ကျွန်ုပ်ရေးသားမှတ်တမ်းတင်ထားခြင်း မရှိပါ၊ လက်တန်းဟောပြောခြင်းမျှသာဖြစ်သည်'ဟု ပြန်လည်ဖြေကြားခဲ့လေသည်။*၃

---

*၁ ၁။ အရွေ-တေရဋ္ဌ၊ ၂။ တောင်-ဝိရူဠက၊ ၃။ အနောက်-ဝိရူပက္ခ၊ ၄။ မြောက်- ဝေဿဝဏ် (ဓနု) ကုဝေရနတ်မင်းကြီး။ သုတောသန သရုပ်ပြအဘိဓာန်။ ၂၀၀၂-ခုနှစ်။ (စာမျက်နှာ-၃၁၅)။

*၂ ဘုရားပေါင်းတစ်ထောင်မွှန်မည်ဟူသောအယူအဆမှာ အေဒီ ၁-ရာစုရေး ဝိမလကီရ်တိနိရ်ဒေသသူတြ(Vimalakīrti Nirdesa Sūtra)လာ အယူအဆဖြစ်သည်။

*၃ James Legge(Tr.)' A Record of Buddhistic Kingdoms. 1965. Page-109. အရှင်ဝိလာသ(ပြန်မာပြန်)၏ ဖါဟီယန်ခရီးစဉ်။ ၁၉၅၅-ခုနှစ်။ (စာမျက်နှာ-၁၇၁)။ ပါရဂူ၏ တမ္ဘပဏ္ဏီ။ ၁၉၉၉-ခုနှစ်။ (စာမျက်နှာ-၂၀၆)။

http://www.dhammadownload.com

အထက်၌ဖော်ပြခဲ့သော ဖါယိုယယ်၏ခရီးသွားမှတ်တမ်းပါ ဂေါတမဗုဒ္ဓ၏သဝိတ်တော်သည် ဂန္ဓာရတိုင်းမှ နေရာအသီးသီးသို့ရွှေ့ပြောင်းသွားပြီး နောက်ဆုံးတွင် တုသိတာနတ်ပြည် မေတ္တေယျရှင်ထံ ရောက်ရှိရမည် ဖြစ်ကြောင်းသိရလေသည်။ သို့ဖြစ်လေရာ ဗုဒ္ဓ၏သဝိတ်တော်ဆိုရာတွင် မည်သည့်ပုဂ္ဂိုလ်လူဒါန်းသည့်သဝိတ်တော်ဖြစ်ကြောင်းသိနိုင်ရန်အတွက် ဂေါတမဘုရားရှင်သုံးစွဲတော်မူခဲ့သော သဝိတ်တော်တို့အကြောင်းကိုလေ့လာရန်လိုအပ်လာပါသည်။

ဂေါတမဗုဒ္ဓ၏ သဝိတ်တော်နှစ်လုံး

ပါဠိအဋ္ဌကထာကျမ်းဂန်အထောက်အထားအရ မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ်အခါက သဝိတ်တော်နှစ်လုံးကို အလှူခံရရှိခဲ့ပါသည်။

၁။ ဘုရားရှင်တောထွက်စအခါက အနော်မာမြစ်ကမ်းစပ်၌ ယဋိကာရပြဟ္မာကြီးဆက်ကပ်လာသော ပရိက္ခရာရှစ်ပါး၌ပါဝင်သည့်သဝိတ်တော်သည် ရှေးဦးပထမအလှူခံရရှိတော်မူသောသဝိတ်တော်ဖြစ်ပါသည်။*၁

၂။ ဘုရားဖြစ်ပြီး သတ္တမသတ္တာဟ ရာဇာယတန(လင်းလွန်း)ပင်ရင်း၌စံနေတော်မူစဉ် တပုဿ,ဘလ္လိက ညီနောင်၏မုန့်ဆွမ်းကိုခံယူရန်အတွက် စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့ဆက်ကပ်လာသော သဝိတ်လေးလုံးတို့ကိုအဓိဋ္ဌာန်ပြု၍ ဖြစ်လာသည့်အနားလေးရစ်ပါသဝိတ်သည် ဒုတိယမြောက်အလှူခံရရှိတော်မူသော သဝိတ်တော်ဖြစ်ပါသည်။*၂

ထိုသဝိတ်တော်နှစ်လုံးတွင် ဖါယိုယယ်မှတ်တမ်းပါ မေတ္တေယျရှင်တော်ထံသို့ရောက်ရှိသွားမည့်သဝိတ်တော်သည် အဘယ်သဝိတ်တော်ဖြစ်ကြောင်းကို ဆက်လက်လေ့လာရန်ဖြစ်သည်။

ယဋိကာရပြဟ္မာကြီးလှူသောသဝိတ် *၃

အလောင်းတော်သိဒ္ဓတ္ထမင်းသားသည် သက်တော်(၂၉)နှစ်အရွယ် ထီးနန်းစည်းစိမ်တို့ကိုစွန့်လွှတ်ပြီး ဆန္နအမတ်ကိုအဖော်ပြုကာ ကဏ္ဍကမြင်းကိုစီးနင်းတော်မူလျက် မဟာသက္ကရာဇ် ၉၇-ခုနှစ်၊ ဝါဆိုလပြည့် တနင်္ဂနွေညဥ့်သန်းခေါင်ယံတွင် တောထွက်တော်မူခဲ့ပါသည်။ အနော်မာမြစ်ကမ်းသို့ရောက်လျှင် ထီးဝတ်နန်းစားတို့ကိုစွန့်ပယ်လိုသောဆန္နဖြစ်ပေါ်လာရာ အကနိဋ္ဌဘုံသား ယဋိကာရပြဟ္မာကြီးသည် ဤဘဒ္ဒကမ္မာပေါ်ထွန်းစအခါက ဗောဓိမဏ္ဍိုင်တွင် သူ့အလိုလိုတည်ရှိနေသော ကြာခြုံအတွင်းမှ ဂေါတမဗုဒ္ဓအတွက်အသင့်ပါလာသော သဝိတ်နှင့်တကွသော ပရိက္ခရာရှစ်ပါးအခုံကို ဆက်ကပ်လာလေသည်။ ထိုအခါ ဘုရားအလောင်းတော်သည် ထီးဝတ်နန်းစားကိုပယ်၊ ဆံပင်ရိတ်လိုးပြီး ယဋိကာရပြဟ္မာဆက်ကပ်လာသောသင်္ကန်းကိုဝတ်ရုံရဟန်းပြုပြီး လတ်သော် သဝိတ်ကိုပိုက်လျက် အနီးရှိအနုပိယသရက်တော၌ ခုနစ်ရက်၊ ထို့နောက် ယူဖနာသုံးဆယ်ကွာသော ရာဇဂြိုဟ်ပြည်သို့ တစ်ရက်ခရီးဖြင့်ကြွတော်မူခဲ့ပါသည်။

ဘုရားအလောင်းတော်သည် ရာဇဂြိုဟ်ပြည်အတွင်းသို့ ပြဟ္မာလှူသောသဝိတ်တော်ကိုပိုက်လျက် ဆွမ်းခံကြွတော်မူပါသည်။ ထို့နောက် ရာဇဂြိုဟ်မြို့အရှေ့ဘက် ပဏ္ဍဝတောင်၏အရိပ်၌ထိုင်တော်မူကာ ဆွမ်းဘုဉ်းပေးအံ့အလို့ငှါ သဝိတ်တော်ကိုဖွင့်ကြည့်လိုက်ရာ သဝိတ်တော်အတွင်း ရာဇဂြိုဟ်မြို့တွင်းမှလောင်းလှူလိုက်သော

---

*၁ ဖြဟ္မုနော အာနိတော ဣဒ္ဓိမယေ ကပ္ပဿ သဏ္ဌာနကာလေ ပဒုမဂဗ္ဘေ နိဗ္ဗတ္တေ အဌပရိက္ခာရေ ပဋိဂ္ဂဟေတွာ ပဗ္ဗဇိတွာ– အပဒါန၊ ၆။ ၁။ ၁၂၈။

*၂ အထ ခေါ စတ္တာရော မဟာရာဇာနော ဘဂဝတော စေတသာ စေတောပရိဝိတက္ကမညာယ စတုန္နိဿာ စတ္တာရော သေလမယေ ပတ္တေ ဘဂဝတော ဥပနာမေသုံ– ဝိ၃။၅။ ဝိ၆။၃။ ဝိ၆။၃။၂၄၀။


*၃ ပထမမောင်းထောင်သာသနာပိုင်ဆရာတော် အရှင်ဥာဏာဘိဝံသ(အေဒီ ၁၇၅၃–၁၈၃၂)က ထိုသဝိတ်ကို 'ကြာသဝိတ်' ဟု တိဂုမ္ဗစေတိယ ထောမနာတွင် ရေးသားသုံးစွဲပါသည်။ ဝိဇုကဗျူဟာ(ခ)၏ မဟာပဏာမကျမ်း။ ၁၉၈၀–ပြည့်နှစ်။ (စာမျက်နှာ–၁၃၉၊ ၁၅၀)။


http://www.dhammadownload.com



ယဒိုကာရဖြဟွာကြီး ဘုရားအလောင်းအား သင်္ကန်းနှင့်သပိတ်ကို
ဆက်ကပ်နေပုံ(ထိုင်း)
ယခု Wat Rajasiddharam, Dhonburi.
Thai Temple, 1957, Pg.48, Pl.15.

တပုဿနှင့်ဘလ္လိကကုန်သည်ညီနောင်တို့
မုန့်ဆွမ်းဆက်ကပ်နေပုံ(အေဒီ ၃-ရာစု)
Lad, 1957, Pg.80, Pl.3.





နတ်မင်းကြီးလေးပါး
သပိတ်လေးလုံးဆက်ကပ်ကြပုံ
(အေဒီ ၂-ရာစု)
ယခု Central Museum,
Lahore.
Lad, 1957,Pg.80, Pl.4.

http://www.dhammadownload.com

ဖြူနီကြောင်ကြား ပျို့အန်မတတ်အရောရောအနှောနှောဆွမ်းတို့ကိုတွေ့ရသည်။ ထိုအခါ အလောင်းတော်မြတ်သည် မိမိကိုယ်ကိုဆုံးမတော်မူပြီး ထိုရောပြွမ်းလျက်ရှိသောဆွမ်းကိုပင်ဘုဉ်းပေးတော်မူခဲ့ပါသည်။ ထိုအချိန်တွင် ဗိမ္မိသာရမင်းကြီးသည် အလောင်းတော်မြတ်ထံရောက်လာပြီး တောမထွက်ရန်တားမြစ်ကာ နန်းစည်းစိမ်ကို ထက်ဝက်ခွဲ၍ပေးပါမည်ဟုပြောကြားခဲ့သည်။ အလောင်းတော်မြတ်သည် ရာဇဂြိုဟ်မြို့မှထွက်ခွာလာပြီးသည့်နောက် သုဇာတာသူဌေးသမီးထံမှ ယနာန့်ဆွမ်းခံယူခါနီးသည်အထိ ယဋိကာရပြဟ္မာကြီးလှူဒါန်းသောထိုသပိတ်ကို သုံးစွဲခဲ့ပါသည်။

သုဇာတာသူဌေးသမီးက ယနာန့်ဆွမ်းကိုကပ်အံ့သောအခါ၌ ထိုသပိတ်တော်သည် 'အလိုအလျောက် ပျောက်ကွယ်ခဲ့သည်(တစ်နည်း)ရှာ၍မတွေ့နိုင်ဘဲ မမြင်ခြင်းသို့ရောက်သည်'ဟု အဋ္ဌကထာဆရာကဆိုလေသည်။[*၁] ယဋိကာရပြဟ္မာကြီးလှူသောသပိတ်အကြောင်းကို အဋ္ဌကထာတို့၌ သုဇာတာသူဌေးသမီး၏ယနာန့်ဆွမ်းကို ခံယူအံ့သောအခါမှစ၍ အလိုအလျောက်ကွယ်သွားကြောင်း ဖော်ပြပြီးသည့်နောက်၌ ထိုသပိတ်အကြောင်း ထပ်၍မည်သို့မျှမဖော်ပြတော့ပေ။

ယဋိကာရပြဟ္မာကြီးလှူခဲ့သောထိုသပိတ်နှင့်စပ်လျဉ်း၍ 'မြေသပိတ်ဖြစ်သည်၊ သံသပိတ်ဖြစ်သည်'ကို သိလိုရှုမေးလာသောပုစ္ဆာကို မုံရွေးဇေတဝန်ဆရာတော်(အေဒီ ၁၇၆၆–၁၈၃၄)က သုတ္တန်ပါတအဋ္ဌကထာလာ 'မတ္တိကာပတ္တံ' ဟူသောစကား(သုတ္တန်၊ ၌။ ၂။ ၁၁၁၊)ကိုထောက်၍ 'မြေသပိတ်ဖြစ်ကြောင်း' ဖြေဆိုတော်မူခဲ့ပါသည်။[*၂]

စတုမဟာရာဇ်နတ်မင်းကြီးလေးပါးဆက်ကပ်လာသောသပိတ်တော်

မြတ်စွာဘုရားရှင်သည် ယဋိကာရပြဟ္မာဆက်ကပ်သောသပိတ် ကွယ်ပျောက်ပြီးသည့်နောက် သုဇာတာလှူဒါန်းသော တစ်သိန်းတန်ရွှေခွက်နှင့်တကွ နို့ယနာဆွမ်းကိုဘုဉ်းပေးပြီးလျှင် တသွင်သွင်စီးဆင်းနေသော နေရွှေရောင်အတွင်းသို့ ထိုရွှေခွက်ကို အဓိဋ္ဌာန်ဖြင့်ရေဆန်တွင်မျှောပြီးနောက်၊ ထိုမြစ်ကမ်းအနီး ဗောဓိပင်ရင်း၌ သမ္မာသမ္ဗုဒ္ဓစင်စစ်ဘုရားအဖြစ်သို့ရောက်တော်မူပါသည်။

ဘုရားဖြစ်တော်မူပြီးလျှင် ဗောဓိပင်ရင်းအနီးရှိကျည်းပင်ရင်း၌ (၇) ရက် စံနေတော်မူပါသည်။ ထိုကျည်းပင်ရင်းမှတဖန် ရာဇာယတနခေါ် လင်းလွန်းပင်ရင်းသို့ရွှေ့ပြောင်းပြီး (၇) ရက်စံနေတော်မူပါသည်။ ထိုအချိန်တွင် ဥက္ကလာဇနပုဒ်*(Ukkalā*၊ ယခု *Orissa)*[*၃]မှ ကုန်ကူးလာကြသော တပုဿနှင့်ဘလ္လိက ကုန်သည်ညီနောင်တို့ မဖွဲ့မဖဲသ ဥရုဝေလသို့ရောက်ရှိလာ၍ မြတ်စွာဘုရားရှင်အား မုန့်ကြွက်ကျစ်နှင့်ပျားဆုပ်မုန့်များလှူဒါန်းလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် တပုဿ,ဘလ္လိကညီနောင်တို့၏မုန့်ကို အလှူခံရန်အလို့ငှါ 'ရွေးရွေးသော ဘုရားရှင်တို့သည် အာဟာရကိုလက်တော်တို့ဖြင့်ခံယူတော်မမူကုန်၊ ငါဘုရားသည် အဘယ်ဖြင့် ဤမုန့်တို့ကို ခံရအံ့နည်း'ဟု ကြံတော်မူပါသည်။

---

*၁ တသ္မိ ခဏေ အဒဿနံ ဂတော– ဧာ၊ ၌။ ၁။ ၈၁။

*၂ ဒေဝတ္တိယံ ပံသုကူလစီဝရံ ပါရုပိတ္တာ မတ္တိကာပတ္တံ ဂဟေတ္ဝာ– သုတ္တနိ၊ ၌။ ၂။ ၁၁၁။ မုံရွေးဇေတဝန်ဆရာတော်၏ သမန္တ စကျူဒီပနီ။ ၁၉၈၅–ခုနှစ်။ (စာမျက်နှာ–၁၇၇)။

*၃ *DPPN-I. 330; D. Mitra' Buddhist Monuments. 1971. Page-222.* ဥက္ကလမည်သော ဧနုပုဒ်၊ ဓင်္ဂလားအနောက်ဘက် ဩရိသာ (ဥရိဆာ)နယ်၊ ပုရီဒီစတြိတ်ခီရင်စုနယ်ပယ်များ၌တည်ရှိသည်၊ ရှေးမြန်မာဖြို့တော် ဥက္ကလာပကား ထိုဥက္ကလတိုင်းမှပြောင်းရွှေ့လာကြသော လူမျိုးများက မိမိတို့နေခဲ့ရင်းဌာန ဥက္ကလာအမည်ကိုယူ၍ မှည့်ခေါ်ထားခြင်းဖြစ်သည်။ တောင်ပေါက်ဆရာတော်၏ ဗုဒ္ဓသာသနိကပဌဝိဝင်ကျမ်းကြီး။ ၁၉၉၂–ခုနှစ်။ (စာမျက်နှာ–၂၄၆)။

http://www.dhammadownload.com

ထိုအခါ ဘုရားရှင်၏အကြီအစည်ကိုသိကုန်ကြသော စတုမဟာရာဇာနတ်မင်းကြီးလေးယောက်တို့က ကျွန်ုပ်နီလာကျောက်ညိုသပိတ်လေးလုံးတို့ကို လာရောက်၍ဆက်ကပ်ကြ၏။ ထိုကျွန်ုပ်နီလာကျောက်ညိုသပိတ်တို့ကို မြတ်စွာဘုရားရှင်က ပယ်တော်မူ၏။ တဖန် ပဲနောက်အဆင်းရှိသော ပကတိကျောက်ဖြင့်ပြီးသော သပိတ်လေးလုံးတို့ကို ဆက်ကပ်ကြပြန်၏။ မြတ်စွာဘုရားရှင်သည် လေးယောက်သောနတ်မင်းတို့ကို ချီးမြှောက်တော်မူလိုသည်ဖြစ်၍ ထိုကျောက်သပိတ်လေးလုံးစလုံးကိုလက်ခံတော်မူပြီး သပိတ်တစ်လုံးပေါ်တစ်လုံး အဆင့်ဆင့်ထပ်ထားကာ 'တစ်လုံးတည်းဖြစ်စေသတည်း' ဟု ဓိဋ္ဌာန်၍နှိပ်တော်မူသောကြောင့် လေးလုံးသောသပိတ်တို့သည် လေးခုသောအရေးအကြောင်းထင်၍ မကြီးလွန်းမသေးလွန်း အလတ်ပမာဏရှိသော တစ်လုံးတည်းသောသပိတ်၏အဖြစ်သို့ရောက်ရှိခဲ့၏။*၁ ထိုပဲနောက်အဆင်းနှင့်တူသောကျောက်သပိတ်ဖြင့် တပုဿ, ဘလ္လိကညီနောင်တို့လှူသောမုန့်ကို ခံယူတော်မူခဲ့ပါသည်။

နတ်မင်းကြီးလေးယောက်တို့ဆက်ကပ်သော ထိုသပိတ်နှင့်စပ်၍ အေဒီ ၁၈၉၆–ခုနှစ်တွင်ပြုစုသော စွယ်စုံကျော်ထင်သတ်ပုံကျမ်း၌ ကြည့်ကန်ရှင်ကြီး (အေဒီ ၁၈၅၇–၁၈၀၉) က အမေးပုစ္ဆာသုံးရပ်ထားခဲ့သည်ကို ကျီးသဲလေးထပ်ဆရာတော် (အေဒီ ၁၈၁၇–၁၈၉၄)က အေဒီ ၁၈၆၅–ခုနှစ်တွင်ပြုစုသော စွယ်စုံကျော်ထင်အဖြေကျမ်း၌ အောက်ပါအတိုင်းဖြေဆိုခဲ့ပါသည်။

၁။ 'သပိတ်လေးလုံး၊ လက်နှိပ်ဖုံး၊ တစ်လုံးတည်းဖြစ်၊ ဘယ်နေ့တည်း' ဟု 'သပိတ်လေးလုံး အလှူခံရသောနေ့'ကိုမေး၏။ ကျီးသဲဆရာတော်ကြီးက 'ဝါဆိုလဆန်း ၅–ရက်နေ့'ဟုဖြေဆိုတော်မူခဲ့၏။*၂

၂။ 'နတ်လေးယောက်လုံး၊ လှူစည်းရုံး၊ မြင့်ဆုံးဘယ်နတ်သပိတ်နည်း' ဟု (ဓတရဋ္ဌ၊ ဝိရူဠက၊ ဝိရူပက္ခ၊ ဝေဿဝဏ်ခေါ် ကုဝေရ)ဟူသော 'စတုမဟာရာဇာနတ်မင်းလေးယောက်တို့၏သပိတ်လေးလုံးတွင် မည်သည့်နတ်မင်း၏သပိတ်သည် အပေါ်ဆုံးကဖြစ်သနည်း' ဟုမေး၏။ ကျီးသဲဆရာတော်ကြီးက 'နတ်မင်းကြီးလေးယောက်တွင် နောက်ဆုံးမှရောက်လာသော ကုဝေရနတ်မင်း၏သပိတ်သည် အပေါ်ဆုံးကဖြစ်မည်' ဟုဖြေဆိုခဲ့၏။*၃

၃။ 'ဘုရားသပိတ်၊ ရောင်ဖိတ်ဖိတ်၊ ဖုံးပိတ်ဘယ်ဖြင့်ပြီးသနည်း' ဟု 'သပိတ်အဖုံးကို အဘယ်အရာဝတ္ထုဖြင့်ပြုလုပ်ထားပါသနည်း' ဟု မေး၏။ ကျီးသဲဆရာတော်ကြီးက 'ဗုဒ္ဓဝင်ကျမ်းတို့၌ သပိတ်ကိုသာဖော်ပြပြီး အဖုံးပါသည်ဟုမဖော်ပြကြောင်း' ဖြေဆိုတော်မူခဲ့ပါသည်။*၄

မြတ်စွာဘုရားရှင်သည် ထိုနတ်မင်းကြီးလေးယောက်တို့လှူသော အနားလေးရစ်ပါသပိတ်တော်ကို မဟာပရိနိဗ္ဗာန်ပြုတော်မူချိန်အထိ သုံးဆောင်တော်မူခဲ့ဟန်ရှိပါသည်။

---

*၁ စတူဟိ ဒီသာဟိ စတ္တာရော မဟာရာဇာနော ကုန္ဓနီလမဏိမယေ စတ္တာရော ပတ္တေ ဥပနာမေသုံ။ ဘဂဝါ တေ ပဋိက္ခိပိ။ ပုန မုဂ္ဂဝဏ္ဏေ သိလာမယေ စတ္တာရော ပတ္တေ ဥပနာမေသုံ။ ဘဂဝါ တေသံ စတုန္နမ္ပိ ဒေဝပုတ္တာနံ အနုကမ္ပံ ဥပါဒါယ ပဋိဂ္ဂဟေတွာ ကေဘာဝံ ဥပနေတွာ တသ္မိ ပတ္တေ္ဌ သေလမယေ ပတ္တေ အာဟာရံ ပဋိဂ္ဂဟေတွာ– ဗုဒ္ဓဝံသ၊၄။၃၄၂။ ဝိ၊၄။၂။၂၄၂။ သာရတ္ထ၊ဋီ။၃။၁၅၀။

*၂ စွယ်စုံကျော်ထင်ကျမ်း၊ ပထမတွဲ။ ၁၉၄၄–ခုနှစ်။ (စာမျက်နှာ–၂၄၂)။

*၃ စွယ်စုံကျော်ထင်ကျမ်း၊ ပထမတွဲ။ ၁၉၄၄–ခုနှစ်။ (စာမျက်နှာ–၂၄၂)။ ကုဝေရနတ်မင်းသည် ဘုရားရှင်နှင့်အရင်းနှီးဆုံးဖြစ်၍ ကုဝေရကရှေးဦးလှူပြီးမှ ကျန်နတ်မင်းသုံးဦးလှူခြင်းလည်းဖြစ်မည်– လယ်တီအရှင်ကုဏ္ဍလ၏ မဟာသုတဒီပနီ။ ၂၀၀၁–ခုနှစ်။ (စာမျက်နှာ–၆၆၈)။

*၄ စွယ်စုံကျော်ထင်ကျမ်း၊ ပထမတွဲ။ ၁၉၄၄–ခုနှစ်။ (စာမျက်နှာ–၃၅၅)။ စစ်ကိုင်းတောင်ရိုး၌ ကျွန်ုပ်သဃရောင်ကိုတည်ထောင်ခဲ့သော အရှင်ရာဇိန္ဒမထေရ်ကြီး(၁၈၆၀–၁၉၃၀)သည် ပါဠိတော်ဂိုဏ်းကိုတည်ထောင်ပြီး၊ မိမိဂိုဏ်းသားတို့အား ပါဠိတော်၌လာသည့်အတိုင်း သပိတ်ဖုံးမပါဘဲ သပိတ်လုံးကိုသာဆောင်စေခဲ့သည်။ အရှင်ကေလာသ၏စစ်ကိုင်းသာသနာဝင်။ ၁၉၇၉–ခုနှစ်။ (စာမျက်နှာ–၃၂၄)။

http://www.dhammadownload.com

မြတ်စွာဘုရားရှင်အား ဃဋိကာရပြဟ္မာကြီးနှင့် နတ်မင်းကြီးလေးပါးတို့ လာရောက်လှူဒါန်းခဲ့ကြသော ထိုသပိတ်တော်နှစ်လုံးအကြောင်းနှင့်စပ်၍ အနာဂတဝင်အဋ္ဌကထာ–စသည်၌ပါသောအကြောင်းအရာ၊ တရုတ်ရဟန်းတော်ဖာယိုယင်၏ခရီးသွားမှတ်တမ်း၌လာသောအကြောင်းအရာ၊ ဇင်ဗုဒ္ဓဘာသာဂိုဏ်းသားတို့ မှတ်သားထားသောအချက်အလက်နှင့် မြန်မာနိုင်ငံသာသနာဝင်, စေတီဝင်တို့၌ဖော်ပြထားသော အကြောင်းအရာတို့ကို ဆက်လက်ဖော်ပြလိုပေသည်။

မေတ္တေယျရှင်အလောင်းအဖိတရဟန်းငယ်နှင့် သပိတ်တော်

အနာဂတဝံသအဋ္ဌကထာကျမ်း၌ အဋ္ဌကထာဆရာက မိမိ၏ဆရာများပြောပြချက်တစ်ရပ်ကို အောက်ပါအတိုင်း ရေးထားခဲ့၏။

တစ်ခါသော် မေတ္တေယျအလောင်းတော်အဖိတရဟန်းငယ်သည် ဘုရားရှင်အားလှူဒါန်းရန် ရည်ရွယ်ထားသော မိထွေးတော်ဂေါတမီ၏သင်္ကန်းနှစ်စုံတွင် တစ်စုံကို ဘုရားရှင်ကလက်ခံတော်မူပြီး၊ ကျန်တစ်စုံကို ထိုအဖိတရဟန်းငယ်က မဟာသာဝကကြီးများ၏မျက်မှောက်၌ လက်ခံရယူခြင်းနှင့်စပ်၍ သံဃာ့ပရိသတ်က အဖိတရဟန်းငယ်အပေါ်၌ဝေဖန်ကြရာတွင် ဘုရားရှင်က အရှင်အာနန္ဒာအား နတ်မင်းကြီးတို့ဆက်ကပ်လာသော အနားလေးရစ်ပါကျောက်သပိတ်တော်ကိုဆက်ကပ်စေပြီး၊ ထိုသပိတ်တော်ကို လက်ဝါးပေါ်၌တင်ကာ ကောင်းကင်သို့လွှတ်လိုက်၏။ သပိတ်တော်သည် အတိုင်းမသိသောစကြဝဠာသို့ လွှမ်း၍သွားလေသည်။ ဘုရားရှင်က ရှစ်ကျိပ်သော မဟာသာဝကကြီးတို့အား ထိုသပိတ်ကိုယူစေ၏။ မည်သည့်ရဟန်းသာဝကမှ မယူနိုင်ပေ။ နောက်ဆုံး၌ အဖိတရဟန်းငယ်အား ဘုရားရှင်က 'ငါလွှတ်လိုက်သောသပိတ်တော်ကိုယူစေ' ဟုစေခိုင်းရာ၊ အဖိတရဟန်းငယ်က ဝန်ခံ၍ ခဏချင်းယူပြီး ဘုရားရှင်ထံဆက်ကပ်ခဲ့လေသည်။–ဟုဖြစ်သည်။[*၁]

ဤအချက်ကို ထေရဝါဒပဋိကတ်လာပါဠိတော်ကျမ်းဂန်တို့၌ မတွေ့ရပေ။

ဗုဒ္ဓသပိတ်တော်နှင့် လိစ္ဆဝီမင်း

ဖါယိုယင်၏ခရီးသွားမှတ်တမ်း၊ အခန်း(၂၄)၌ မြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန်စံဝင်တော်မူရန် ကုသိနာရုံသို့ကြွသွားရာလမ်းခရီး၌ ဝေသာလီပြည်သားလိစ္ဆဝီမင်းတို့အား မိမိ၏သပိတ်တော်ပေးအပ်တော်မူခဲ့ကြောင်းကို အောက်ပါအတိုင်းဖော်ပြထားပြန်သည်။

ဝေသာလီပြည်သား လိစ္ဆဝီမင်းတို့သည် ဘုရားရှင်အား အလွန်ကြည်ညိုကြသည်ဖြစ်၍ ဗုဒ္ဓရှင်တော်ဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူလျှင် ၎င်းတို့လည်း မိမိတို့ကိုယ်ကိုအဆုံးစီရင်ကြမည်ဟု လျှောက်ကြားကြသောအခါ မြတ်စွာဘုရားရှင်က ယင်းသို့မပြုလုပ်ကြရန် တားမြစ်တော်မူပါသည်။ မြတ်စွာဘုရားရှင်က မိမိ၏နောက်သို့ လိစ္ဆဝီမင်းတို့မလိုက်နိုင်စေရန် ချောင်းကြီးတစ်ခုကိုလည်း ဖန်ဆင်းတော်မူခဲ့၏။ လိစ္ဆဝီမင်းတို့သည် ထိုချောင်းကြီးကို ကူးဖြတ်ခြင်းငှါ မစွမ်းနိုင်ကြချေ။ ဘုရားရှင်သည် လိစ္ဆဝီမင်းတို့အား မိမိကိုယ်တော်စားပူဇော်ကြစေရန်အလို့ငှါ သပိတ်တော်ကို ချီးမြှင့်ပေးသနားတော်မူ၍ လိစ္ဆဝီပြည်သို့ပြန်စေခဲ့၏။ ထိုနေရာ၌ အထက်ပါအကြောင်းအရာများကို ရေးထိုးထားသော ကျောက်စာတိုင်ကြီးတစ်ခုစိုက်ထူထားရှိ၏[*၂]–ဟုဖြစ်ပါသည်။

---


*၁ အနာဂတဝံသအဋ္ဌကထာ(ပေမူ)။ ကြာခံဆရာတော်၏အနာဂတဝင်ဝတ္ထု။ ၁၉၅၈–ခုနှစ်။ (စာမျက်နှာ–၄)။

*၂ James Legge(Tr.)' A Record of Buddhistic Kingdoms. 1965. Page-71. အရှင်ဝိလာသ၏ဖာဟီယန်ခရီးစဉ်။ ၁၉၅၅–ခုနှစ်။ (စာမျက်နှာ–၉၆)။

http://www.dhammadownload.com



စစ်ကိုင်းမြို့၊ ရာဇာမဏိစူဠာကောင်းမှုတော်ဘုရား



ရွှေဘိုမြို့၊ မော်ဓောမြင်သာမြို့ထောင့်စေတီတော်



သထုံမြို့၊ မြသပိတ်စေတီတော်



ထားဝယ်မြို့၊ မြသပိတ်စေတီတော်

http://www.dhammadownload.com

ဤအချက်ကိုလည်း ထေရဝါဒပိဋကတ်လာ ဗုဒ္ဓဝံသအစရှိသောပါဠိတော်ကျမ်းတို့၌ မတွေ့ရပေ။ ထိုဖာယှိယယ်မှတ်တမ်းပါ လိစ္ဆဝီမင်းတို့ရရှိသောသပိတ်သည် မည်သည့်သပိတ်တော်ဖြစ်ကြောင်းကို အတိအကျ ရည်ညွှန်းဖော်ပြမထားပေ။

ဗုဒ္ဓသပိတ်တော်နှင့် ဇင်ဗုဒ္ဓဘာသာဂိုဏ်း

ဂျပန်ဝေါဟာရဖြင့် ဇင်(Zen)ဗုဒ္ဓဘာသာဟုလူသိများလျက်ရှိသော မူလတရုတ်အခေါ် ချာန်ဗုဒ္ဓဘာသာဂိုဏ်း (Ch'an School) သားတို့ကမူ မြတ်စွာဘုရားရှင်က ပရိနိဗ္ဗာန်မပြုမီတွင် ချာန်ခေါ် ဇင်ဂိုဏ်းကိုတည်ထောင်သူ*၁ ပထမဂိုဏ်းချုပ်မဟာသာဝကအရှင်မဟာကဿပကြီးအား သပိတ်တော်ကိုပေးအပ်ခဲ့သည်ဟု အစဉ်အဆက်မှတ်သားခဲ့ကြသည်။

အရှင်မဟာကဿပကသည်လည်း မိမိပရိနိဗ္ဗာန်ပြုခါနီးတွင် ဗုဒ္ဓ၏သပိတ်တော်ကို ချာန် ခေါ် ဇင်ဂိုဏ်း၏ ဒုတိယဂိုဏ်းချုပ်ဖြစ်သော အရှင်အာနန္ဒာမထေရ်မြတ်အားလွှဲအပ်ခဲ့သည်။ အရှင်အာနန္ဒာမထေရ်မြတ်မှစ၍ ချာန် ခေါ် ဇင်ဂိုဏ်း၏ဂိုဏ်းချုပ်အဆက်ဆက်တို့သည် မြတ်စွာဘုရား၏သပိတ်တော်ကို တစ်ဆင့်ပြီးတစ်ဆင့် လွှဲအပ်လာခဲ့ကြရာ (၂၈)ဆက်မြောက်ဂိုဏ်းချုပ် ဗောဓိဓမ္မ*၂ တိုင်အောင်ဖြစ်လေသည်။*၃

ထိုအရှင်ဗောဓိဓမ္မသည် အေဒီ–၅၂၀ တွင် အရှင်မဟာကဿပကြီးလက်ထက်မှစ၍ ထိန်းသိမ်းလာခဲ့သော မြတ်စွာဘုရား၏ သင်္ကန်းတော်နှင့်သပိတ်တော်တို့ကိုယူဆောင်ပြီး အိန္ဒိယနိုင်ငံမှ တရုတ်ပြည်သို့ သာသနာပြုကြွခဲ့ရာမှ ချာန်(ဇင်)ဗုဒ္ဓဘာသာသည် တရုတ်ပြည်၌အခြေတကျရှိခဲ့ပြီးလျှင် ဗုဒ္ဓ၏သပိတ်တော်သည်လည်း တရုတ်ပြည်၌ကိန်းဝပ်စံပယ်ခဲ့ရပါသည်။ ချာန်(ဇင်)ဂိုဏ်းသားများက မိမိတို့ချာန်(ဇင်)ဂိုဏ်းချုပ်ဆရာတော်ကြီးများအစဉ်အဆက်သည် ဗုဒ္ဓသပိတ်တော်ကို အဖိုးထိုက်တန်သောရတနာများစီခြယ်ထားသည့် ဇမ္ဗူရာဖ်ရွေသားပလ္လင်ပေါ်တွင်တင်ထားကာ ကိုးကွယ်ခဲ့ကြသည်ဟုယုံကြည်ကြ၏။*၄

ဤအယူအဆတွင်လည်း ရှင်မဟာကဿပမထေရ်မှစ၍ ဇင်ဂိုဏ်းချုပ်ကြီးတို့ အစဉ်အဆက်ထိန်းသိမ်းစောင့်ရှောက်ခဲ့သော သပိတ်တော်သည် ပထမသပိတ်တော်ဖြစ်သည်၊ သို့မဟုတ် ဒုတိယသပိတ်တော်ဖြစ်သည်–တို့ကို အတိအကျဖော်ပြမထားခဲ့ပေ။

ဝဇိရာပြည်မှဗုဒ္ဓသပိတ်တော်

ဗုဒ္ဓဝံသပါဠိတော်၊ ဓာတုဘာဇနိယကထာ(ဂါထာ–၁၃)တွင်– မြတ်စွာဘုရားရှင် မဟာပရိနိဗ္ဗာန်ပြုတော်မူသောအခါ သပိတ်တော်၊ သင်္ကန်းတော်၊ တောင်ဝှေးတော်တို့ ဝဇိရာပြည်သို့ဆောင်ယူပြီးပူဇော်ထားကြောင်းကို–

---

*၁ ချာန်=Ch'an, ဇင်=Zen=Dhyāna (သက္ကတ)။ ဇင်ဂိုဏ်းကို ဗုဒ္ဓကိုယ်တော်တိုင် တည်ထောင်သည်ဟုလည်းယူဆကြသည်။ C. Humphreys' A Popular Dictionary of Buddhism. 1963. Page-147. ဇင်ဗုဒ္ဓဘာသာဂိုဏ်းသည် တရုတ်နိုင်ငံ၌ တန်(T'ang)နှင့် ဆုန်(Sung) မင်းဆက်ခေတ် (အေဒီ ၆၁၈–၉၀၅ နှင့် ၉၆၂–၁၂၇၈)အကြားတွင် ထင်ရှားကျော်ကြားခဲ့သည်။ Malalasekera(ed.)' Encyclopaedia of Buddhism. 1975. (Specimen). Page-33.

*၂ ဗောဓိဓမ္မကို ဇင် (Zen=Ch'an)ဂိုဏ်းတည်ထောင်သူဟုလည်း ယူဆကြသည်။ A Dictionary of Buddhist Terms and Concepts. 1983. Page-26.

*၃ မောင်စိုးမောင်(သာဂရ)၏ဗုဒ္ဓသပိတ်တော်။ ၁၉၇၆–ခုနှစ်။ (စာမျက်နှာ–၁၇၃)။

*၄ Eitel' Handbook of Chinese Buddhism. 1970. Page-33. မောင်စိုးမောင်(သာဂရ)၏ဗုဒ္ဓသပိတ်တော်။ ၁၉၇၆–ခုနှစ်။ (စာမျက်နှာ–၁၇၃)။

http://www.dhammadownload.com





သပိတ်တော်နှင့်မြတ်စွာဘုရားပုံ(တိဗက်)
Lad, 1957, Pg.87, Pl.17.



သပိတ်နှင့်မြတ်စွာဘုရားပုံ
(တရုတ်၊ အေဒီ ၇-ရာစု)
ယခု Chien Fo-Tung,
Tun Huang, China.
Lad, 1957, Pg. , Pl.IV.

သပိတ်ပိုက်ဘုရား(ရှမ်းနိုးရာ)
Inglis, 1998, Pg.120, Pl.2.

http://www.dhammadownload.com

ဝဇိရာယံ*၁ ဘဂဝတော၊ ပတ္တော ဒဏ္ဍာဒ္ဓ စီဝရံ။
နိဝါသနံ ကုလဃရေ၊ ပစ္ဘတ္ထရဏံ ကပိလဝှယေ။ (ဗုဒ္ဓဝံသ။၃၈၄။)။

ပတ္တာဒ္ဓ = မြတ်စွာဘုရားသဝိတ်တော်သည်လည်းကောင်း၊ ဒဏ္ဍာဒ္ဓ = တောင်ဝှေးတော်သည်လည်းကောင်း၊ စီဝရဒ္ဓ = သင်းပိုင်တော်သည်လည်းကောင်း၊ ဝဇိရာယံ = ဝဇိရာပြည်၌–ဟုဖော်ပြထားသည်။

ထို သဝိတ်,တောင်ဝှေးနှင့်သင်းပိုင်တို့တည်ရှိရာ ဝဇိရာပြည်၏တည်နေရာကိုကား ပညာရှင်တို့မထုတ်ဖော်နိုင်သေးပေ။ ဒီပဝံသက္ကမ်း၊ အခန်း(၃) (ဂါထာ–၂၀)တွင် 'အဌဝီသတိ ခတ္တိယာ–မဟာဇွံ အကာရေသုံ ဝဇိရာယံ ပုရုတ္တမေ'ဟု ခတ္တိယမင်း နှစ်ဆယ့်ရှစ်ယောက်မိုးစံခဲ့သော ဝဇိရာပြည်အကြောင်း*၂ ဖော်ပြပါရှိသော်လည်း ထိုဝဇိရာပြည်သည် မြတ်စွာဘုရားရှင်၏သဝိတ်တော်ရောက်ရှိခဲ့သော ဝဇိရာပြည်ဟုတ်,မဟုတ်ကိုကား မဆုံးဖြတ်နိုင်ပေ။

ဝဇိရာပြည်မှမြန်မာနိုင်ငံသို့

မြန်မာ့ရှေးမှတ်တမ်းများအရ ဝဇိရာပြည်၌ကိန်းဝပ်နေခဲ့သော ဗုဒ္ဓ၏သဝိတ်တော်သည် မြန်မာနိုင်ငံသို့ ရောက်ရှိကာ မလွန်မြို့၌လည်းကောင်း၊ စစ်ကိုင်းမြို့၌လည်းကောင်း၊ သထုံမြို့၌လည်းကောင်း၊ ရွှေဘိုမြို့၌လည်းကောင်း၊ ထားဝယ်မြို့၌လည်းကောင်း စေတီဘုရားတို့တွင်ကိန်းဝပ်တော်မူကြောင်း ရှေးမှတ်တမ်းအစောင်စောင်တို့၌ဖော်ပြထားလေသည်။

မလွန်မြို့ မြသဝိတ်ဘုရား

ရှေးဦးစွာ ဆရာကြီးသခင်ကိုယ်တော်မိုင်း၏ဘိုင်းကောက်ဦကာတွင်ဖော်ပြပါရှိသည့်အတိုင်း ဗုဒ္ဓ၏အနားလေးရစ်ပါသဝိတ်တော်သည် ဝဇိရာပြည်မှ မြန်မာနိုင်ငံအလယ်ပိုင်း မလွန်မြို့သို့ရောက်ရှိခဲ့ပုံကို တင်ပြပါဦးမည်။

ဗုဒ္ဓ၏အနားလေးရစ်ပါသဝိတ်တော်သည် ဝဇိရာပြည်မှ မြန်မာနိုင်ငံ သရေခေတ္တရာပြည်*၃သို့ရောက်ရှိလာပြီးလျှင်၊ သရေခေတ္တရာပြည်မြို့ဟောင်းရှိ မြစည်းခုံဘုရား၌ဌာပနာ၍ ကိုးကွယ်ထားရှိခဲ့သည်။ သရေခေတ္တရာပြည် ပျက်ပြန်သော် ပုဂံမြို့*၄သို့ သဝိတ်တော်ကိုပင့်ဆောင်သွား၏။ ပုဂံမြို့ပျက်ပြန်သော် အင်းဝမြို့*၅သို့ ပင့်ဆောင်ခဲ့၏။ အင်းဝမြို့ပျက်ပြန်သော် ရာမညဒေသ ဟံသာဝတီ ပဲခူးမြို့*၆သို့ ရောဝတီမြစ်ကြောင်းအတိုင်း

---

*၁ သီဟိုဠ်နိုင်ငံ၊ ကိုလံဘိုမြို့၊ ဝိဇ္ဇာသာဂရပုံနှိပ်တိုက်တွင် ၁၉၁၂–ခုနှစ်ရိုက် ဗုဒ္ဓဝံသပါဠိတော်နိဿယ၊ ဒုတိယတွဲ၌ 'မဒုရာယံ= မဒုရာပြည်(မထူရာပြည်)' ဟု ဖော်ပြထားသည်။

*၂ The great kingdom in the excellent town of Vajra- B.C. Law (Tr.)' Dipavamsa. 1959. Page-148; DPPN-II. 810³.

*၃ သရေခေတ္တရာကို ရာဇဝင်၌ သာသနာ ၁၀၁–ခု၊ (၃၈၈–ဘီစီ)တွင်တည်သည်။ မှန်နန်း၊ ပ။ ၁၉၆၃–ခုနှစ်။ (စာမျက်နှာ–၁၇၀)။ ခေတ်ပညာရှင်တို့က သရေခေတ္တရာကို အေဒီ ၄–ရာစုခွဲတည်သည်။ ဒေါက်တာသန်းထွန်း၏ မြန်မာသမိုင်းနိဒါန်း။ ၂၀၀၁–ခုနှစ်။ (စာမျက်နှာ–၂၈)။

*၄ ပုဂံကို ရာဇဝင်၌ သက္ကရာဇ် ၂၁၁–ခု၊ (အေဒီ ၈၄၉–၅၀)၌တည်သည်။ မှန်နန်း၊ ပ။ ၁၉၆၃–ခုနှစ်။ (စာမျက်နှာ–၂၁၅)။ ခေတ်ပညာရှင်တို့က ပုဂံကို အေဒီ ၁၁–ရာစုခွဲတည်သည်။ ဒေါက်တာသန်းထွန်း၏ မြန်မာသမိုင်းနိဒါန်း။ ၂၀၀၁–ခုနှစ်။ (စာမျက်နှာ–၆၉)။

*၅ အင်းဝကို သက္ကရာဇ် ၇၂၆–ခု၊ တပေါင်းလဆန်း ၆–ရက်၊ အင်္ဂါနေ့ (၂၆၊ ဧပြီ၊ ၁၃၆၄)၌တည်သည်။ မှန်နန်း၊ ၁၉၆၃–ခုနှစ်။ (စာမျက်နှာ–၃၉၆)။ ဒေါက်တာသန်းထွန်း၏မြန်မာသမိုင်းနိဒါန်း။ ၂၀၀၁–ခုနှစ်။ (စာမျက်နှာ–၇၁)။

*၆ ပဲခူးမြို့ကို အေဒီ ၁၃၆၉–ခုနှစ် (၁၄–ရာစု)တွင် ရာဇဓိရာဇ်မဉ္ဇားဦး (အေဒီ ၁၃၆၄–၁၃၆၇)လက်ထက်၌ မြို့တော်အဖြစ်တည်ခဲ့သည်။ H. L. Shorto' The 32 Myos in The Medieval Mon Kingdom. BSOS. Vol.XXVI, No.III. 1963. Page-572.

http://www.dhammadownload.com

ပင့်ဆောင်လာရာတွင် ယခု မလွန်မြို့*၁ဆိပ်ကမ်းနေရာသို့အရောက် သပိတ်တော်ပင့်ဆောင်လာသောလှေသည် မည်သို့ပင်လှော်ခတ်စေကာမူ ထိုနေရာမှလွန်အောင်မလှော်ခတ်နိုင်ဘဲရှိလေသည်။ ထိုအခါ ဗုဒ္ဓ၏သပိတ်တော်ကို ထိုမြစ်ကမ်းအနီးရှိ 'ရတနာစက်ဂျ်ါဘုရား'၌ *၂ဌာပနာခဲ့ကြပြီး အောက်ပြည်သို့စုန်ကြရလေသည်။ ထို 'ရတနာစက်ဂျ်ါဘုရား'ကို ဗုဒ္ဓသပိတ်တော်ဌာပနာထားသောကြောင့် ယခုအခါ 'မြသပိတ်ဘုရား'*၃ဟုခေါ်တွင်ကြ၏။ ထိုသပိတ်ဌာပနာခဲ့သော 'ရတနာစက်ဂျ်ါ'ဘုရားတည်ရှိရာမြို့ကိုလည်း သပိတ်တော်ကိုလွန်အောင်ပင့်ဆောင်၍ မရသည့်အတွက် 'မလွန်မြို့'ဟုခေါ်ကြောင်း ဖော်ပြထားလေသည်။

စစ်ကိုင်းကောင်းမှုတော်စေတီနှင့် ဗုဒ္ဓသပိတ်တော်

အချို့သောဆရာတို့က ဗုဒ္ဓ၏သပိတ်တော်သည် ဝဖိရာပြည်မှ အဇာတသတ်မင်းကြီးလက်ထက်တွင် ရာဇဂြိုဟ်သို့၊ ရာဇဂြိုဟ်မှသီရိဝမ္ဘာသောကမင်းလက်ထက်တွင် သီရိလင်္ကာကျွန်း*၄သို့၊ ထိုမှတဆင့် မြန်မာနိုင်ငံ ရာမညဟံသာဝတီ*၅သို့ရောက်ရှိသွားခဲ့သည်ဟုလည်း ရေးကြ၏။

အနည်းငယ်ချဲ့၍ရေးရလျှင် ပထမသံဂါယနာတင်ပြီးသည့်နောက် အရှင်မဟာကဿပမထေရ်ကြီးနှင့် အဇာတသတ်မင်းတို့သည် သာသနာ့ရေ့ရေးကိုတိုင်ပင်ကြပြီး၊ မြတ်စွာဘုရားရှင်ပရိနိဗ္ဗာန်ပြုတော်မူပြီးစအခါက အတိုင်းတိုင်းအပြည်ပြည်သို့ပြန့်ဒေါက်ရှိနေသော ဓာတ်တော်မွေတော်နှင့်ဘုရားရှင်၏ပရိဘောဂအသုံးအဆောင်တို့ကို စုပေါင်းသိမ်းယူ၍ဌာပနာကာ စေတီကြီးတစ်ဆူတည်ခဲ့ကြသည်။*၆ ထိုစေတီကြီး*၇တွင် ဝဖိရာပြည်မှ ရရှိခဲ့သော မြတ်စွာဘုရား၏သပိတ်တော်ကိုလည်း ဌာပနာထားခဲ့သည်ဟုယူဆကြသည်။

သီရိဝမ္ဘာသောကမင်းကြီးလက်ထက် ထိုစေတီကြီးကိုတူးဖော်သောအခါ ထိုစေတီအတွင်းမှ ဘုရားရှင်၏ ဓာတ်တော်မွေတော်တို့ကိုရရှိခဲ့ကြလေသည်။*၈ သီရိဝမ္ဘာသောကမင်းကြီးသည် မိမိသားတော်နှင့်သမီးတော်ကို သီရိလင်္ကာကျွန်းသို့ သာသနာပြုစေလွှတ်သောအခါ ဗုဒ္ဓ၏သပိတ်တော်ကိုပါပေးအပ်လိုက်သဖြင့် သီရိလင်္ကာကျွန်းသို့ ဗုဒ္ဓ၏သပိတ်တော်ရောက်ရှိသွားသည်ဟု ပညာရှင်တို့ယူဆကြပြန်သည်။*၉

---

*၁ မလွန်မြို့သည် မင်းလှမြို့တောင်ဘက် ရောဝတီမြစ်၏အနောက်ဘက်ကမ်း၌တည်ရှိသည်။

*၂ ရတနာစက်ဂျ်ါဘုရားကို သက္ကရာဇ် ၆၅၅–ခုနှစ် (အေဒီ ၁၂၉၃–ခုနှစ်)တွင် တောင်တွင်းမင်းကြီး သိဟပတေ့တည်သည်။ မန္တတာမောင်ဖိုင်း၏ ဘိုင်းကောက်ဦးကာ။ ၁၉၂၇–ခုနှစ်။ (စာမျက်နှာ–၂၀၁)။

*၃ အဌသာလိနီအဋ္ဌကထာ(အဋ္ဌသာလိ။၁၇။)၌ 'စတုမဟာရာဇ အတ္တိယံ သေလမယံ ပတ္တံ'ဟုဖော်ပြထားရာတွင် 'သေလမယံ'ကို 'ဣန္ဒနီလာကျောက်ညိုဖြင့်ပြီးသော၊ (တစ်နည်း)ပတ္တမြားညိုဖြင့်ပြီးသော၊ (တစ်နည်း)မြည်ဖြင့်ပြီးသော၊ ပတ္တံ=သပိတ်'ဟူ၍ ရေးပညာရှင်တို့အနက်ဖွင့်ဆိုခဲ့ကြပြီး၊ ထို'သေလမယံ ပတ္တံ'ကို 'မြသပိတ်'ဟုလည်း ရေးသားခဲ့ကြသည်။ ဦးအုန်းရွှေနှင့်ဦးတင်လှ(တည်း)၏ တောင်ငူဆိုရတုအပြေး၊ ၁၉၆၉–ခုနှစ်။ (စာမျက်နှာ–၁၂)။ မြကျောက်အစစ်ဖြင့် မည်သည့်နည်းနှင့်မျှ သပိတ်ပြုလုပ်၍မရနိုင်ပါ။ ထိုပြင် ဘုရားရှင်သည် ဣန္ဒနီလာ(အပြာရောင်)သပိတ်ကိုပယ်ခဲ့သဖြင့် အခြားအစိမ်းရောင်(မြ)၊ အပြာရောင်(မြ)၊ အဖြူရောင်(ဒွေ)၊ အဝါရောင်(ရွှ/ကြေး)– စသည်တို့သည်လည်း အဝတ်စပည်မဟုတ်ပါ။ လယ်တီအရှင်ကုဏ္ဍလ၏ မဟာသုတဒီပနီ။ ၂၀၀၁–ခုနှစ်။ (စာမျက်နှာ–၆၆၇)။

*၄ မန္တတာမောင်ဖိုင်း၏ ဘိုင်းကောက်ဦးကာ။ ၁၉၂၇–ခုနှစ်။ (စာမျက်နှာ–၂၀၂)။ ဆရာကြီးသခင်ကိုယ်တော်ဖိုင်းက ထိုသပိတ်တော်သည် ရာဇဂြိုဟ်မှ ပဲခူး၊ အလောင်းဘုရားလက်ထက်တွင် ရတနာသိမ်ရွှေဘိုသို့လည်းကောင်း၊ မင်းတုန်းမင်းကြီးလက်ထက်တွင် မန္တလေးမြို့ကုသိုလ်တော်မဟာလောကမာရဓိန်စေတီတွင်လည်းကောင်း ဌာပနာ၍စေတီတည်ခဲ့ပြီဟုလည်း မူကွဲရှိပုံကိုပြထားသည်။ ဘိုင်းကောက်ဦးကာ။ ၁၉၂၇–ခုနှစ်။ (စာမျက်နှာ–၂၀၃)။

*၅ မောင်စိုးမောင်၏ ဗုဒ္ဓသပိတ်တော်။ ၁၉၇၆–ခုနှစ်။ (စာမျက်နှာ–၆၆၊ ၁၁၂)။

*၆ မန္တတာမောင်ဖိုင်း၏ ဘိုင်းကောက်ဦးကာ။ ၁၉၂၇–ခုနှစ်။ (စာမျက်နှာ–၁၉၂)။

*၇ ထိုစေတီကို ဓရ်ဟုတ် (Barhut) စေတီဟု ပညာရှင်တို့ခေါ်မှန်းယူဆကြ၏။ B.Barua' Barhut. Book I. 1934. Page-31.

*၈ J. S. Strong (Tr.)' Aśokāvadāna. 1989. Page-219.

*၉ သီရိလင်္ကာရောက်သပိတ်တော်ကို သပိတ်တော်မွှားသားဖြစ်ကြောင်း– မောင်စိုးမောင်၏ ဗုဒ္ဓသပိတ်တော်။ ၁၉၇၆–ခုနှစ်။ (စာမျက်နှာ–၉၇)။

http://www.dhammadownload.com

သီရိလင်္ကာသို့ရောက်ရှိသော သပိတ်တော်(ပတ္တဓာတု)သည် သီရိလင်္ကာနိုင်ငံ ဓမ္မပါလမင်းလက်ထက် အေဒီ ၁၅၆၀–၁၆၀၀–ပြည့်နှစ်တွင် မြန်မာနိုင်ငံ ဟံသာဝတီ(ပဲခူး)မြို့သို့ ဆင်ဖြူရှင်ဘုရင့်နောင်မင်း(အေဒီ ၁၅၅၁–၁၅၈၁) လက်ထက်တွင် ဒါဋ္ဌာဓာတု(စွယ်တော်ဓာတ်)နှင့်အတူရောက်ရှိခဲ့သည်။[*၁] ထိုသပိတ်တော်ကို ဟံသာဝတီ(ပဲခူး) ကမ္မောဇသာဒီ[*၂] နန်းတော်ကြီး၏အရှေ့မြောက်၊ ရွှေအောင်ရွေးဘုရားတောင်ဘက်ကုန်းမြင့်ထက်၌ တန်ဆောင်းနှင့်တည်ထားသည်။ ထိုသပိတ်တန်ဆောင်းရှိရာကုန်းမြင့်ကို မြသပိတ်ကုန်းဟုလည်းခေါ်သည်။[*၃]

ဟံသာဝတီ(ပဲခူး)သည် နန္ဒဘုရင်လက်ထက်(=တောင်ငူရောက်မင်း၊ အေဒီ ၁၅၈၁–၁၆၀၆)တွင် တောင်ငူမင်းနတ်ရှင်နောင်(အေဒီ ၁၅၆၈–၁၆၁၃)တိုက်ခိုက်ပြီး နန္ဒဘုရင်နှင့်တကွ သီဟိုဠ်မှရသော သပိတ်တော်, စွယ်တော်တို့ကိုပါ ကောတုမတီ(တောင်ငူ)သို့ယူဆောင်၍ နန်းရှေ့စွယ်တော်စင်၌ကိုးကွယ်ထားခဲ့သည်။[*၄]

တောင်ငူမင်းနတ်သျှင်နောင်သည် 'စွယ်တော်နှင့်သပိတ်တော်'ကို ကောတုမတီ(တောင်ငူ)သို့ပင့်ဆောင်ပြီး ကိုးကွယ်ခွင့်ရသဖြင့် ဝမ်းမြောက်လှရကာ 'ဆွတ်ပျံဖွယ်အောင်'အစချီသောရတု၊ (ဒုတိယပဒ)တွင် 'ဘုန်းအင်ကြီးလှ၊ ဆင်ထိုက်ရသား၊ မမျှပန်းချင်း၊ မွှေးတုကင်း'ဟုထည့်သွင်းစပ်ဆိုခဲ့သည်။ 'မွှေးတုကင်း'ကို အမတ် ဆီမီးခုံရွာစား မဟာမင်းလှ မင်းခေါင်ကျော်ဦးရွှန်း(အေဒီ ၁၆၈၂–၁၈၅၀?)က 'စွယ်တော်နှင့်သပိတ်တော်'ဟု ရည်ညွှန်းဖြေဆိုရေးခဲ့သည်။[*၅]

ထိုကောတုမတီ(တောင်ငူ)ရောက် မြသပိတ်တော်ကို အနောက်ဖက်လွန်မင်း(အေဒီ ၁၆၀၅–၁၆၂၈)လက်ထက် အေဒီ ၁၆၁၀–ပြည့်နှစ်တွင် အင်းဝမြို့[*၆] သို့ပြန်လည်ပင့်ဆောင်ခဲ့ပြန်သည်။[*၇] သာလွန်မင်း(အေဒီ ၁၆၂၉–၁၆၄၈) လက်ထက်တွင် သာလွန်မင်းသည် မင်းသားဘဝကဖူးတွေ့ရသော ပြည်မြို့, သရေခေတ္တရာမြို့, ဟောင်းရှိသရမာစေတီကိုအတုယူကာ[*၈] ဇရာဝတီမြစ်မြောက်ဘက်၊ အင်းဝမြို့မှ အနောက်မြောက် တန့်တီးအရပ်၌

---

*၁ 'ရွှေနန်းတက်ခါ၊ များမကြာဝယ်၊ ရတနာရောင်ဖိတ်၊ ဖြာသပိတ်ကို၊ ညွတ်ဖိတ်ထွေငေါ်၊ သိကြားဆော်၍၊ ကော်ရော်မြတ်ခြင်း၊ သိဟိုဠ်မင်းက၊ အပြင်းလျင်စွာ၊ လို့ရလှာသော်'– မင်းရဲကျော်စွာ စုန်ချောင်း။ (အပိုဒ်–၇၅)။ 'ကျော်ထင်ဒီပ၊ သိန်းဃိုကလျှင်၊ ညွှန်းထမျာဒိတ်၊ သုံးလူ့ထိပ်၏၊ သပိတ်, စွယ်တော်၊ ပူဇော်စရာ၊ သ,ကုန်လှာ၏'။ မင်းတရားမယ်တော်(ခင်ဘုန်းမြင့်)ချောင်း။ (အပိုဒ်–၆၁)။ သီဟိုဠ်မင်းထံမှ ပဏ္ဍာဆောက်သော လက်ဆောင်စာရင်းကို ဆရာကြီးသခင်ကိုယ်တော်မိုင်း၏ ဘွိုင်းကောက်ဦးကာ။ ၁၉၂၇–ခုနှစ်။ (စာမျက်နှာ–၁၉၂)၌ကြည့်ပါ။ Dr. Htin Aung' Bayinnaung and The Sacred Tooth. The Nation. Supplement. 1963. Feb; G. E. Harvey' History of Burma. 1967. Page 172-173.

*၂ ၁၆–မတ်လ၊ ၁၅၆၈–ခုနှစ်တွင်တည်ပြီး၍ နန်းတက်သည်။ ဒေါက်တာသန်းထွန်း၏ ကမ္ဘောဇသာဒီ(ဆောင်းပါး)။ မြန်မာထီးမူနန်းရာ။ ၂၀၀၃–ခုနှစ်။ (စာမျက်နှာ–၁၈)။

*၃ ကထိကဦးသက်တင်၏ ဟံသာဝတီမှတ်တမ်းကြီး(ဆောင်းပါး)။ သူရိယမဂ္ဂဇင်း။ ၁၂၉၉–ခုနှစ်၊ တန်ခူးလ။ (စာမျက်နှာ–၁၂၇)။

*၄ ကထိကဦးသက်တင်၏ဟံသာဝတီမှတ်တမ်းကြီး(ဆောင်းပါး)။ သူရိယမဂ္ဂဇင်း။ ၁၂၉၉–ခုနှစ်၊ တန်ခူး။ (စာမျက်နှာ–၁၃၀)။ ဦးချမ်းမြေ၏ တောင်ငူရာဇဝင် အကျဉ်းချုပ်နှင့် ရွှေဆံတော်ဘုရားသမိုင်း။ ၁၉၉၀–ပြည့်နှစ်။ (စာမျက်နှာ–၇၄)။ တောင်ငူမြို့ မဟာဇေတိ၌ဌာပနာထားခဲ့သည်–ဟု Dr. Htin Aung' Bayinnaung and The Sacred Tooth. The Nation Supplement. 1963. Feb. တွင် ဖော်ပြထားသည်။ G. E. Harvey' History of Burma. 1967. Page-183 တွင်လည်းကြည့်ပါ။


*၅ ဦးအုန်းရွှေနှင့် ဦးတင်လှ(တည်ဂါ)၏ ဦးရွှန်း၏တောင်ငူဆိုအဖြေ။ ၁၉၆၉–ခုနှစ်။ (စာမျက်နှာ–၄၄)။

*၆ သာလွန်မင်း ၁၆၃၅–ခုနှစ်၊ မေလ၊ ၂၄–ရက်နေ့တွင် အင်းဝရွှေနန်းတက်သည်။ ဦးထွန်းညို၏ မဟာရာဇဝင်သစ်၊ တတိယတွဲ။ ၁၉၉၇–ခုနှစ်။ (စာမျက်နှာ–၇၇)။


*၇ ကထိကဦးသက်တင်၏ဟံသာဝတီမှတ်တမ်းကြီး(ဆောင်းပါး)။ သူရိယမဂ္ဂဇင်း။ ၁၂၉၉–ခုနှစ်၊ တန်ခူးလ။ (စာမျက်နှာ–၁၃၀)။ G. E. Harvey' History of Burma. 1967. Page-185.

*၈ မာဃ၏ မင်းမြတ်သာလွန်။ ၁၉၄၁–ခုနှစ်။ (စာမျက်နှာ–၁၄၃)။ သီရိလင်္ကာ၊ အနုရာဓပုရမြို့ရှိ ထူပါရာမစေတီ (Thuparāma Dagoba)ကို ပုံစံယူ၍တည်ထားသည်–ဟု Dr. Htin Aung' Bayinnaung and The Sacred Tooth. The Nation Supplement. 1963. Feb.တွင် ဖော်ပြထားသည်။

http://www.dhammadownload.com



ညီတော်နန္ဒမင်းသားအား သပိတ်ပိုက်စေ၍ ခေါ်ဆောင်ခဲ့ပုံ
Lad, 1957, Pg.89, Pl.22.



သိကြားမင်း သပိတ်ပိုက်၍ ဗုဒ္ဓအနီးမှလိုက်ပါပုံ
OB-EP, III, 1970, Pl.419 a.



ဗုဒ္ဓ၏ သပိတ်တော်ကို ပူဇော်နေကြပုံ (၁-ရာစု ဘီစီ)
ယခု Archaeological Museum, Madras.
Lad, 1957, Pg.128, Pl.10.

http://www.dhammadownload.com

ရာဇမဏ္ဍိစူဠာဘွဲ့မည်ရှိသော ကောင်းမှုတော်စေတီကြီးကိုတည်ထားပြီး စေတီ၌ စတုမဟာရာဇဖိနတ်မင်းကြီး လေးပါးတို့ထူးဖါနိုးသော အနားလေးရစ်ပါ ဘုရားရှင်၏သပိတ်တော်ကိုလည်း ဌာပနာသွင်းခဲ့သည်–ဟု အမှတ်အသား ရှိလေသည်။*၁

ရွှေဘိုရှိ မော်ဓောမြင်သာနှင့် ဗုဒ္ဓသပိတ်တော်

ရွှေဘိုမြို့တွင် အေဒီ ၁၇၅၇–ခုနှစ် အလောင်းမင်းတရား(အေဒီ ၁၇၅၂–၁၇၆၀)တည်တော်မူသော မြို့ထောင့် စေတီခေါ် မော်ဓောမြင်သာစေတီ၌ မြတ်စွာဘုရားရှင်အား နတ်မင်းကြီးလေးပါးလူကဝ်သော မြကျောက်ညို အနားလေးရစ်ပါသပိတ်တော်ကိုဌာပနာထားခဲ့ကြောင်း– ဗုဒ္ဓပရိဘောဂသေလနိုလပတ္တစာတမ်း၌ ဖော်ပြထားသည်။ ထိုစာတမ်းအလိုအားဖြင့် အနားလေးရစ်ပါသပိတ်တော်ကို

၁။ ဘုရားရှင်ပရိနိဗ္ဗာန်ပြုတော်မူသော် ညီတော်အာနန္ဒာသည် ရာဇဂြိုဟ်ပြည်သို့ဆောင်ယူခဲ့၏။

၂။ ထိုရာဇဂြိုဟ်ပြည်မှ ဝဇိရာပြည်မင်းကြီးက မိမိ၏ဝဇိရာပြည်သို့ဆောင်ယူခဲ့၏။

၃။ ထိုဝဇိရာပြည်မှ အသောကမင်းကြီးက ပါဋလိပုတ်ပြည်သို့ဆောင်ယူခဲ့၏။

၄။ ထိုပါဋလိပုတ်ပြည် အသောကမင်းကြီးထံမှ သီရိလင်္ကာသီဟိုဠ်ကျွန်းသို့ ဒေဝါနံပိယတိဿမင်းကြီးက လက်ခံရရှိကာ သီဟိုဠ်ကျွန်း၌ မင်းအဆက်ဆက်တို့ နန်းဦး၌ထားကာ ပူဇော်ခဲ့ကြ၏။

၅။ ထိုသီဟိုဠ်ကျွန်းမှ ဓမ္မပါလမင်းလက်ထက်၌ မြန်မာနိုင်ငံ ဟံသာဝတီဆင်ဖြူရှင် ဘုရင့်နောင်မင်း (အေဒီ ၁၅၁၁–၁၅၈၁)ထံပို့ဆက်ရာ သပိတ်တော်ကိုရွှေချိုင့်အတွင်းသွင်း၍ ဟံသာဝတီနန်းဦး၌ပူဇော်ထားရှိခဲ့၏။

၆။ ထိုဟံသာဝတီမှ ငါးဆူဒါယကာ နန္ဒာဘုရင်လက်ထက် (အေဒီ ၁၅၈၁–၁၆၂၉)၌ ညီတော်တောင်ငူ ဘုရင်မင်းရဲသီဟသူ(အေဒီ ၁၅၈၄– ?) ဟံသာဝတီကိုသိမ်းယူသဖြင့် သပိတ်တော်သည် တောင်ငူမြို့ နန်းဦးသို့ရောက်ရ၏။

၇။ ညောင်ရမ်းမင်း (အေဒီ ၁၆၂၉–၁၆၀၅)၏သားတော် အနောက်ဘက်လွန်မင်းလက်ထက် (အေဒီ ၁၆၀၅–၁၆၂၈)တွင် သပိတ်တော်ကို တောင်ငူမှအင်းဝသို့ပင့်ဆောင်၍ မင်းအဆက်ဆက်ကိုးကွယ်ခဲ့ကြ၏။

၈။ အေဒီ ၁၇၅၂–ခုနှစ်တွင် အင်းဝမြို့ မွန်တို့လက်အောက်သို့ကျရောက်သောအခါ အင်းဝရှိသပိတ်တော်ကို ဟံသာဝတီပဲခူးသို့ပင့်ဆောင်ခဲ့ကြ၏။

၉။ အေဒီ ၁၇၅၆–ခုနှစ်တွင် အလောင်းမင်းတရား(အေဒီ ၁၇၅၂–၁၇၆၀) ဟံသာဝတီမြို့ကိုသိမ်းရန် ဝိုင်းထားသည့်အခါ မွန်အမတ်ဒေါဗညားက သပိတ်တော်ကို အလောင်းမင်းတရားထံဆက်သခဲ့သဖြင့် သပိတ်တော်သည် ရတနာသိမ်ရွှေဘိုသို့ရောက်ရှိကာ နန်းဦး၌ပူဇော်ခဲ့ရသည်။

၁၀။ ထို့နောက် ၁၇၅၇–ခုနှစ်တွင် ရွှေဘိုမြို့ အရှေ့မြောက်ထောင့် ကုန်းသလကုန်းထိပ်၌ ထိုသပိတ်တော်ကိုဌာပနာ၍ ပဲခူးမြို့ ရွှေမော်ဓောဘုရားကိုဖူးမြင်နေရသည့်အလား ထိုရွှေမော်ဓောဘုရားနှင့်ပုံစံတူ မော်ဓောမြင်သာစေတီတော်ကို အလောင်းမင်းတရား တည်ထားခဲ့လေသည်–ဟုဖော်ပြထားသည်။*၂

---

*၁ အင်္ဂလိပ်ရေးတာဘီဝံသ၏ ကောင်းမှုတော်စေတီတော်ကြီး၏သမိုင်း။ ၁၉၅၆–ခုနှစ်။ (စာမျက်နှာ–၄၄)။ G. E. Harvey' History of Burma. 1967. Page-195.

*၂ မော်ဓောမြင်သာစေတီတော်သမိုင်း။ ၁၉၅၅–ခုနှစ်။ (စာမျက်နှာ ၇၇–၈၅)။

http://www.dhammadownload.com

ထားဝယ်ရှိ မြသပိတ်စေတီတော်

မြန်မာနိုင်ငံတ၏တောင်ဘက်ရှိ ထားဝယ်မြို့တည်နေရာတွင် ရှေးအခါ (အေဒီ ၆၅၁–ခုနှစ်ခန့်)က သမန္တမြို့စားမင်းသည် သာဂရမြို့ကိုတည်ထောင်အုပ်ချုပ်ခဲ့ပြီး သီရိလင်္ကာနိုင်ငံ ဝဋ္ဋဂါမဏိမင်း(?)နှင့် အဆက်အသွယ်ရရှိခဲ့သည်။ ထိုစဉ်အခါက သီရိလင်္ကာမှ ရှင်ကပ္ပိနမထေရ်နှင့် ရှင်မဟာသာမိဘွဲ့မည်ရှိ ရဟန္တာအရှင်မြတ်နှစ်ပါးသည် မြတ်စွာဘုရားရှင်၏ဓာတ်တော်များ၊ ဆံတော်၊ သလွန်တော်၊ မြသပိတ်တော် စသည်တို့ကို သင်္ဘောဖြင့် ပင့်ဆောင်လာရာ ထားဝယ်မြစ်သို့ရောက်လျှင် ကနက်သီရိတွင် တစ်ရက်တာမျှရပ်နား၍ အပူဇော်ခံခဲ့ကြ၏။ ထို့နောက် သာဂရမြို့အရှေ့မြောက်ထောင့် ကျိုင်းချောင်းဝဲ၌လည်း ခေတ္တရပ်နားအပူဇော်ခံပါသည်။ သီရိလင်္ကာမှ ပင့်လာသော သာသနိကပစ္စည်းများမှ သပိတ်တော်ကို သာဂရဘုရင် သမန္တမင်းကြီးက သာဂရမြို့ (မြို့ဟောင်းရွာ)အလွန် (ယခု–ဆင်ပုနစ်ရွာ မြသပိတ်တော်ဘုန်းကြီးကျောင်းဝင်း)အတွင်း၌ဌာပနာ၍ ဥဇ္ဈာတော်ပေ(၆၀)ရှိ စေတီတစ်ဆူတည်ထားခဲ့သည်။ ထိုစေတီကို မြသပိတ်တော်စေတီဟုတွင်စေခဲ့သည်။ အချို့ကလည်း မြင်ထင်စေတီဟုခေါ်ကြသည်။

အချို့သော ထားဝယ်ဘုရားသမိုင်းတို့တွင် သာဂရပြည့်ရှင် သမန္တမင်းက နန္ဒသူဌေးကို သပိတ်တော်ပေးအပ်ပြီး စေတီတည်စေသည်ဟူ၍လည်းကောင်း၊ ရခိုင်မင်းစန္ဒသူရိယထံမှ သမန္တမင်း၏ခမည်းတော် ရခိုင်ဗိုလ်ချုပ် အာလောတက်ညွန့် ခေါ် ရန်တပိုမင်း ရရှိခဲ့သောသပိတ်တော်ကို ဌာပနာ၍ စေတီတည်သည်ဟူ၍လည်းကောင်းဖော်ပြထားပြန်၏။[*၁] သို့ပါသော် ထိုစေတီအတွင်းဌာပနာထားသည့် သပိတ်တော်သည် မည်သည့် သပိတ်တော်ဖြစ်ကြောင်းကို အတိအကျဖော်ပြထားခြင်းမရှိပေ။

သထုံမြို့၊ မြသပိတ်စေတီ

သုဇာတာသူဌေးသမီး ယနာန့်ဆွမ်းလှူစဉ်အခါက သူ့အလိုအလျောက်ကွယ်ပျောက်ခြင်းမလှ ပျောက်ကွယ်ခဲ့သော ယဇိကာရငြဟ္မာကြီးလှူခဲ့သည့်သပိတ်အကြောင်းကို ပါဠိတော်အဋ္ဌကထာတို့တွင် မည်သို့မျှဆက်လက်ဖော်ပြထားခြင်းမရှိသော်လည်း မွန်ပြည်နယ်၊ သထုံမြို့၊ မြသပိတ်စေတီတော်၌ ထိုသပိတ်ထားကြောင်းကို ဆရာကြီးသခင်ကိုယ်တော်မှိုင်း(အေဒီ ၁၈၆၆–၁၉၆၄)၏ ဘွိုင်းကောက်ဦးကာ၌ အောက်ပါအတိုင်းတွေ့ရပြန်လေသည်။

> သထုံမြို့၊ စန္ဒသူရိယမင်းလက်ထက်မှာ မြတ်စွာဘုရားသည် အနီသထုံပြည်ကိုကြွလာတော်မူတယ်တဲ့။ ကြွလာတော်မူပြီး မင်းကြီးလှူတဲ့ပိဏ္ဍာပါတ်ဆွမ်းကို ဘုဉ်းပေးတော်မူပြီးသောအခါ ငြဟ္မာမင်းကပ်လှူတဲ့သပိတ်ကို ညီတော်အာနန္ဒာကိုပေးတော်မူပြီး၊ 'ညီတော်အာနန္ဒာ– စံကျောင်းတော်ရဲ့အနောက် မနီးမဝေးဖြစ်တဲ့ တာ(၅၀)ကွာအရပ်မှာဌာပနာလေ' လို့မိန့်တော်မူရာ များစွာသော ငြဟ္မာလူနတ်ပရိသတ်တို့က (၄၄)တောင်အနက်အကျယ်ရှိတဲ့ဌာပနာတိုက်ကို တူးပြီးသော် သပိတ်တော်ကိုထည့်သွင်းဌာပနာပြီးခါ 'အာနန္ဒာဘုရား' ရယ်လို့ သမုတ်တော်မူတယ်။...(ပ)...။ အနီအာနန္ဒာဘုရားကိုပဲ သပိတ်တော်ကိုဌာပနာတဲ့အတွက် 'မြသပိတ်ဘုရား' ရယ်လို့ ထင်ရှားစွာခေါ်ဝေါ်ကြတယ်' တဲ့ မယ်စန္ဒီရဲ့–ဟုဖြစ်ပါသည်။[*၂]

---

*၁ မောင်သန်းဆွေ(ထားဝယ်)၏ ရှင်ကိုးရှင်နှင့် သမိုင်းဝင်ထားဝယ်ဘုရားများ။ ၂၀၀၄–ခုနှစ်။ (စာမျက်နှာ–၁၇၃)။

*၂ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ဘွိုင်းကောက်ဦးကာ။ ၁၉၂၇–ခုနှစ်။ (စာမျက်နှာ–၁၉၉)။ ဆရာကြီးလယ်တီဦးလှတင်၏ သထုံမြို့ မြသပိတ်စေတီတော်သမိုင်း။ ၁၉၅၉–ခုနှစ်။ (စာမျက်နှာ–၂၃)တွင် 'ဆံတော်ဓာတ်မြတ်ထည့်ထားသော မြသပိတ်တော်ကိုဌာပနာသည်' ဟုသာဖော်ပြထားသည်။ ငြဟ္မာမင်းလှူသော ဗုဒ္ဓ၏သပိတ်တော်ဟု ဖော်ပြမထားပေ။

http://www.dhammadownload.com

အထက်ပါအထောက်အထားအရ စဉ်းစားဖွယ်ရာအချက်တစ်ရပ်ပေါ်ထွက်လာပါသည်။ ထိုအချက်မှာ-ယင်ဗိုကာရဖြဟ္မာကြီးလူခဲ့သည့်ထိုသပိတ်သည် သူ့အလိုအလျောက်ပျောက်ကွယ်ခဲ့သည်ဟု အဋ္ဌကထာတို့၌ အတိအလင်းဖော်ပြခဲ့ပြီးကာမှ အဘယ်သို့သောနည်းဖြင့် ပြန်လည်ပေါ်လာရပုံဖြစ်သည်။ စင်စစ် ထိုသပိတ်တော်သည် ပျက်စီးသွားခြင်းမဟုတ်ဘဲ သူ့အလိုအလျောက်သာပျောက်ကွယ်ခြင်းသာဖြစ်၍၊ တစ်နေရာရာ၌ ရှိတန်ရာပါသည်။ အကြောင်းတစ်ခုမှာလည်း မြတ်စွာဘုရားရှင်တို့၏အသုံးအဆောင်ပရိဘောဂကို မည်သူတစ်ဦးကမျှ ဆုံးရှုံးပျက်စီးအောင်ပြုနိုင်စွမ်းသည်မဟုတ်ပေ။ သို့ပါ၍ ဘုရားရှင်အလိုရှိတော်မူသောအခါ ဘုရားထံတော်ပါး၌ စောင့်ရှောက်ခံစားလျက်ရှိသော နတ်တို့အရှင်သိကြားမင်းက ရွာဖွေ၍ပေးအပ်ရကြောင်း ဖော်ပြထားသည့် ရှေးစာဟောင်းပေဟောင်းပါလက်ဘတစ်ပုဒ်ကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းက အောက်ပါအတိုင်း ထုတ်ဖော်ကိုးကားခဲ့လေသည်။

> သပိတ်မြရှင်၊ မဏိစင်ကို၊ သခင်ဘုရား၊ လိုရှိငြားက၊ သိကြားကွန္ဒာ၊ ရအောင်ရွာ၍၊ သ,လွာချဉ်းရပ်၊ ထံတော်ကပ်မှ၊ သ,အပ်သိမ်းထုပ်၊ ပရဘုတ်သည်၊ စံချုပ်နရာသီဟသောဝ်*[၁]-ဟု ဖြစ်ပါသည်။

ဗုဒ္ဓသပိတ်တော်နှင့်ဟိမဝန္တာ

စတုမဟာရာဇ်နတ်မင်းကြီးလေးပါးလှူဒါန်းခဲ့သော အနားလေးရစ်ပါသပိတ်တော်သည် မြန်မာနိုင်ငံစစ်ကိုင်းတိုင်းအတွင်းရှိ သာလွန်မင်း၏ကောင်းမှုတော် ရာဇမဏ္ဍိရွဉ်ာစေတီတော်၌လည်းကောင်း၊ အလောင်းမင်းတရားကြီး၏မော်ဓောမြင်သာစေတီ၌လည်းကောင်း၊ ထားဝယ်မြို့ မြသပိတ်ဘုရား၌လည်းကောင်း ကိန်းဝပ်နေတော်မူဟန်ကို ဖော်ပြပြီးသည့်နောက်၊ အိန္ဒိယနိုင်ငံ ဟိမဝန္တာတောင်ပေါ် သူတော်စင်များကိန်းအောင်းမွေ့လျော်သောဌာနတစ်ခုသို့ရောက်ရှိနေပြီဖြစ်ကြောင်းကို သတင်းစာဆရာကြီးသာဂရစိုးမောင်၏ ဗုဒ္ဓသပိတ်တော်စာအုပ်၌ဖော်ပြပါရှိသော အင်္ဂလိပ်လူမျိုးမုဆိုးကြီးဂျိုနသန်ဘလက်ဖရိုင်းယား၏ကိုယ်တွေ့မှတ်တမ်းအရ ဆက်၍ဖော်ပြလိုပေသည်။

> မုဆိုးကြီးဂျိုနသန်သည် အမဲလိုက်ရင်း ဟိမဝန္တာတောင်ခြေရွာလေးတစ်ရွာ၌ မကျန်းမာဖြစ်ကာ မေ့မျောနေစဉ် သူတော်စင်ယောဂီတစ်ဦးက ကုသပေးသဖြင့် ပြန်လည်ကျန်းမာထူထောင်ခဲ့လေသည်။ ထိုဖြစ်ရပ်ဖြစ်ပြီးနောက် မကြာမီမှာပင် ထိုသူတော်စင်၏ကိုယ်စားလှယ်တစ်ဦးက လာရောက်ခေါ်ယူသဖြင့် မုဆိုးကြီးသည် သူတော်စင်တို့နေရာ တောအတွင်းရှိ ဂူကြီးတစ်ဂူသို့ ရောက်ရှိသွားခဲ့ရလေသည်။ ထိုဂူအတွင်းတွေ့မြင်ရသည်တို့ကို မုဆိုးကြီးဂျိုနသန်က 'ကျွန်ုပ်မျက်စိကို ကျွန်ုပ်မယုံနိုင်လောက်အောင် ပြင်ဆင်ထားသည်ကို မြင်ရလေသည်။ ထိုဂူမှာလည်း မည်သည့်နေရာမှရောက်လာသော အလင်းရောင်ကြောင့်လင်းနေသည်ဟု အဖြေရာမရနိုင်လောက်အောင် တောက်ပလျက်ရှိသည်။ ဂူ၏အလယ်တွင် ပန်းမျိုးစုံဖြင့်မို့မောက်၍ လူတစ်ရပ်သာသာရှိသော ပန်းပုံကြီးသည် မျက်နှာလေးဖက်ညီစွာရှိရာ ဘေးပတ်လည်၌ ပန်းအမျိုးမျိုးကို ကြိုးနှင့်သီကုံး၍ အစီအရီပတ်ထားသည်ဟုထင်ရသည်။

---

*[၁] ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ဘွိုင်းကောက်ဦးကာ။ ၁၉၂၇-နှစ်။ (စာမျက်နှာ-၈၈)။

http://www.dhammadownload.com

ထိုပန်းခုံပြင့်ပေါ်တွင် အုန်းခွံရင့်ရောင်အထည်ကိုခေါက်ထားလျက် ယင်းအပေါ်တွင် တောက်ပနေသော အဖုံးမပါသောကျောက်အိုးတစ်လုံး ရှိလေသည်။ ထိုကျောက်အိုး၏အနားမှာ သံဇွေဖြင့် အရစ်များပြုလုပ်ထားသကဲ့သို့ အရစ်များကိုတွေ့ရသည်။ ကျောက်အိုးအရွယ်မှာ အိန္ဒိယတွင် လူလေးယောက် တစ်အိမ်ထောင်စာ ထမင်းချက်နိုင်သော ကြေးအိုးအရွယ်ရှိသည်။ ပန်းပေါင်းစုံ၏ ရနံ့ကြောင့် ဂူအတွင်း၌ တသင်းသင်းမွှေးကြိုင်လျက်ရှိသည်။ ယောဂီပုဂ္ဂိုလ်သည် လက်ဝါးနှစ်ခုကိုယှက်၊ ဦးခေါင်းကိုငုံကာငုံကာနှင့်ဝတ်ပြုလေရာ ကျွန်ုပ်သည်လည်း သူပြုလုပ်နေသကဲ့သို့ပင် အလိုအလျောက် ပြုမိနေမိလျက်သားဖြစ်နေ၏။

'ကျွန်ုပ်တို့အားလုံးကိုးကွယ်တဲ့ ဘဂဝမ်ဗုဒ္ဓရဲ့ပစ္စည်းတွေဖြစ်တယ်။ ဘဂဝမ်ဗုဒ္ဓရဲ့ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ကိုးကွယ်ခဲ့တဲ့ ဘုန်းတန်ခိုးကြီးတဲ့မင်းများမရှိတဲ့အတွက် ကျွန်ုပ်တို့စောင့်ရှောက်ကိုးကွယ်နေကြရတယ်။ ဘဂဝမ်ဗုဒ္ဓသုံးစွဲခဲ့တဲ့ပစ္စည်းများဟာဆိုရင် ဘဂဝမ်ဗုဒ္ဓမရှိတဲ့နောက်မှာ ထောင်ပေါင်းများစွာသောသတ္တဝါတို့ကို ဒုက္ခအထွေထွေမှကယ်ဆယ်ခဲ့ပြီ။ ဒါပေမယ့် လူတွေဟာ အလိုရမ္မက်ကြီးလာကြတယ်။ ဘဂဝမ်ဗုဒ္ဓကို မေ့သွားကြတယ်။ ဘဂဝမ်ဗုဒ္ဓရဲ့ပစ္စည်းများကို လောဘကြီးတဲ့လူတွေဆီမှာထားရင် သူတို့အပြစ်နဲ့သူတို့သာ ဒုက္ခရောက်မှာစိုးလို့ ကျွန်ုပ်တို့က ထိန်းသိမ်းထားရတယ်။ ဘဂဝမ်ဗုဒ္ဓပစ္စည်းကို သင်ပင့်ချီကြည့်စမ်းပါ'။

ယောဂီပုဂ္ဂိုလ်သည် ကျောက်အိုးကိုပင့်ချီရန်ပြောသဖြင့် ကျွန်ုပ်သည် ပန်းခုံအနီးသို့ရွေ့သွား၍ ပင့်ချီကြည့်သည်။ လေးလံမည်ဟုမထင်မိသော်လည်း တင်ထားရာအဝတ်ပေါ်မှ အနည်းအကျဉ်း လောက်ပင် မကြွချေ။ ကျွန်ုပ်လှည့်ကြည့်သောအခါ ယောဂီပုဂ္ဂိုလ်သည် ပြုံးလျက်ရှိသည်။

'ကဲ၊ ဒါဖြင့် သင်ကတိပေးပါ။ အားလုံးသောသတ္တဝါတွေကို မသတ်ဖြတ်တော့ပါ၊ မုဆိုးဘဝကိုလဲ စွန့်ပါတော့မယ်၊ ကမ္ဘာကြီးအတွင်းမှာရှိတဲ့ သက်ရှိသတ္တဝါများအားလုံး ချမ်းသာပါစေ၊ ဒုက္ခဆင်းရဲ မဖြစ်ကြပါစေနဲ့လို့ မေတ္တာစကားပြောပါ။ ကဲ၊ ပြောပြီးတဲ့နောက်မှာ ပင့်ချီကြည့်ဦးပေါ့။ ကဲ–ကဲ၊ စိတ်ထဲကလဲ တကယ်ပဲ ကောင်းသောတရားကို ဆောက်တည်ကျင့်သုံးပါ့မယ်လို့ တစ်ခါတည်း သန္နိဋ္ဌာန်ချထားလိုက်ပါ'။

ကျွန်ုပ်စိတ်သည် ထူးခြားသောကြည်နူးမှုကိုခံစားရင်း အေးချမ်းငြိမ်သက်နေလေသည်။ ထိုသို့သောအဖြစ်မျိုးနှင့် ယခင်က မကြုံခဲ့ရသည်ကိုလည်း ကောင်းစွာသတိပြုမိပါသည်။ ကျွန်ုပ် စိတ်ထဲမှ နှစ်နှစ်ကာကာ စိတ်ပါစွာနှင့်ပါ ယောဂီပုဂ္ဂိုလ်သင်ပေးသည့်အတိုင်း ကတိပြုပါသည်။ ထိုနောက် ဦးခေါင်းငုံကာဖြင့် ကျောက်အိုးကို ချီမပြန်သည်။ ထိုအခါတွင်ကား အထည်ပေါ်မှ ထူးဆန်းစွာ ကျွန်ုပ်လက်ထဲသို့ပါလာရာ ကျောက်အိုးကိုချီမနေရသည်နှင့်မတူဘဲ ပေါ့ပါးလှပါသည်။ ကျွန်ုပ်သည် ကျောက်အိုးကို ဦးခေါင်းပေါ်တွင် တစ်ခဏမျှတင်မိပြီးမှ ခင်းထားသောအထည် ပေါ်သို့ပြန်ချသည်။ ဦးခေါင်းကိုညွတ်၍ အရိုအသေပြုပါသည်။

'ကဲ၊ သင့်ကတိကတော့ အောင်မြင်ပြီ၊ သင့်ညာလက်ဖြင့် အထဲမှာစမ်းယူလိုက်ပါ၊ သင့်အတွက် တစ်သက်တာ ကောင်းစွာသောအကျင့်ကို ကျင့်နိုင်ရန် ဆုရတန်ကောင်းပါရဲ့'

ကျွန်ုပ်သည် ကျောက်အိုးထဲသို့ ညာလက်ကိုချ၍ရှာရာ တစ်စုံတစ်ခုသောပစ္စည်းကိုတွေ့၍ ယူထုတ်လိုက်သောအခါ၌ကား မည်းနက်နေသော ပုတီးလုံးများသီထားသည့် ပုတီးကုံးတစ်ခုကို

http://www.dhammadownload.com

ရရှိလေသည်။ စောစောက ထိုကျောက်အိုးကိုချီမကြည့်စဉ် ဘာမျှမတွေ့ရပါဘဲလျက် ပုတီးတစ်ကုံး ထွက်ပေါ်လာသည်ကို တွေ့ရသဖြင့် အံ့သြရပြန်သည်။

'အင်း၊ သင့်အတွက် ကောင်းသောဆုလာဘ်ဖြစ်ပေတယ်။ ထိုပုတီးဖြင့် ဘဂဝန်ဗုဒ္ဓရဲ့ ကြီးမားမြင့်မြတ်လှသော တန်ခိုးတော်များကို ထိုပုတီးစိတ်ရင်း ဆင်ခြင်ပါ။ ဗုဒ္ဓရဲ့တန်ခိုးတော်များ မှာသာ အာရုံထားပါ။ စိတ်ကိုထွေထွေရာရာသို့ မပြန့်ပါစေနှင့်'။

ထိုည တစ်ညလုံးလိုလိုပင် ကျွန်ုပ်သည် ပုတီးကိုကိုင်ရင်း ပတ်ဝန်းကျင်၌တွေ့မြင်နေရသော ထူးဆန်း၍ ရှမငြီးဖွယ်ရာသောရှုခင်းတွင် အာရုံစူးစိုက်နေမိသည်။ တစ်ခါတစ်ခါတွင် အလွန် မွှေးကြိုင်သောရနံ့များသည် ဂူအတွင်းဝယ်ပျံ့နှံ့လျက်ရှိရာ မည်သည့်ပန်းရနံ့မျိုးဖြစ်သည်ကို ကျွန်ုပ် ဝေခွဲမရနိုင်ခဲ့ပေ။ ယောဂီပုဂ္ဂိုလ် တစ်ဦးစနှစ်ဦးစ ဝင်လာလိုက် ပြန်ထွက်သွားလိုက်နှင့်။

ယောဂီပုဂ္ဂိုလ်သည် ကျွန်ုပ်ထံသို့ ကြေးလင်ဗန်းထဲ၌ မုန့်များထည့်၍ယူလာသည်။ ထိုဒေသ၏ ထောပတ်၊ ပျားရည်နှင့်ဂျုံကိုနယ်၍မွှေထားသော မုန့်မျိုးဖြစ်သော်လည်း အနံ့မှာမွှေးကြိုင်နေ သည်။ လောလောလတ်လတ် ချက်ပြုတ်ပြီးယူလာသကဲ့သို့ ပူနွေးနေသည်ကို ကြေးလင်ဗန်း ကိုင်မိသည်နှင့် သတိပြုမိသည်။ ကျွန်ုပ်သည် ကြေးလင်ဗန်းကို အသာပြန်ချ၍ ရေကန်သို့သွား၍ မျက်နှာသစ်ရန် ဂူဝသို့ထွက်ခဲ့သည်။ မြူများဖြင့် နေရောင်ခြည်သည် ရောထွေးနေလေသည်။ လူရိပ်လူခြည်ပင် မတွေ့ရ။ ကျေးငှက်များသာလျှင် အသက်ဝင်ပျံသန်းနေသည်ကိုတွေ့ရပါသည်။

ဂူမကြီးတွင်းသို့ဝင်၍ ကျွန်ုပ်သည် မုန့်များကိုစားပြီးသည့်နောက်တွင် ယောဂီပုဂ္ဂိုလ်သည် ကျွန်ုပ်အား လွန်ခဲ့သည့်ညကခေါ်သွားသော အတွင်းဂူထဲသို့ပင် ခေါ်သွားပြန်သည်။ ထိုဂူအတွင်း၌ပင် ကျွန်ုပ်တို့သည် ကျောက်အိုးငယ်ကို အရှိအသေပြုကြသည်။ ကျောက်အိုးငယ်၏အရောင်မှာ ညအချိန်မြင်ရစဉ်ကလို မဟုတ်တော့။ ညိုပြာပြာဖြစ်နေသည်။ အရောင်တောက်ပနေသည်ကိုလည်း မမြင်ရတော့ပေ။ ခုံမြင့်တွင်ရစ်ပတ်ထားသော ပန်းများမှာလည်း ညတုန်းကတွေ့ရသော ပန်းများ မဟုတ်တော့ဘဲ ဆွတ်ဆွတ်ဖြူနေလေသည်။ ဗန်းထဲတွင်ရှိသောသစ်သီးများကို မတွေ့ရတော့ဘဲ ကြေးခွက်များတွင်ထည့်ထားသော မုန့်အမျိုးမျိုးကို တွေ့ရသည်။ ကြေးရေခွက်များက ဘေးတွင် ရံလျက် ဆီဖြင့်မီးစာထည့်၍ထွန်းရသော ရှေးကြေးမီးခွက်များတွင်လည်း မီးလင်းလျက်ရှိလေသည်။

'ကျွန်ုပ်တို့အားလုံး မနက်တိုင်း ဗုဒ္ဓဘဂဝန်ကိုပူဇော်ကြတယ်။ ကျွန်ုပ်တို့သာမဟုတ်ဘူး၊ ဒီနေရာကိုလာနိုင်တဲ့ပုဂ္ဂိုလ်အားလုံး ဒီလိုပဲလာပြီးတော့ပူဇော်ကြတယ်။ ခုမြင်ရတဲ့အတိုင်း မုန့်နဲ့ လာကန်တော့တဲ့ပုဂ္ဂိုလ်ရှိသလို သစ်သီးတွေ၊ပန်းတွေ၊မီးခွက်တွေနဲ့ လာပြီးပူဇော်ကြတယ်။ ကမ္ဘာမှာ ရှိတဲ့ သတ္တဝါတွေချမ်းချမ်းသာသာပျော်ပျော်ရွှင်ရွှင်နေနိုင်အောင် ကျွန်ုပ်တို့ဆုတောင်းကြတယ်။ ကျွန်ုပ်တို့အဖို့မှာတော့ ဗောဓိသတ္တ္ကြွေရောက်လာမယ့်အချိန်ကို စောင့်နေကြပါပြီ။ ဗောဓိသတ္တ္ကြွလာရင် အခုမြင်ရတဲ့ပစ္စည်းများကိုသုံးစွဲပြီးတော့ သတ္တဝါတွေကို တရားပြသွားပါလိမ့်မယ်။ ကျွန်ုပ်တို့လဲ အဲဒီအချိန်မှာ ဒီနေရာကိုစွန့်သွားတော့မယ်။ ကဲ–ကျွန်ုပ်တို့ပူဇော်ကြရအောင်'။

ဂူတွင်း၌ တစ်ရက်နှင့်နှစ်ည နေခဲ့ပြီးသည့်နောက် ကျွန်ုပ်သည် အာမစ်တို့ထံပြန်၍ အကျိုး အကြောင်းပြောပြလိုကြောင်းနှင့် ယောဂီပုဂ္ဂိုလ်အားပြော၍ ခွင့်တောင်းလေသည်။ ယောဂီပုဂ္ဂိုလ်

http://www.dhammadownload.com

ကလည်း ခွင့်ပြုသည်။ ကျွန်ုပ်အဖို့ကား ထိုမျှအေးချမ်းသာယာလှသော စိတ်နှလုံးဖြူစင်သော ပုဂ္ဂိုလ်များနေရာ၌ ထိုပုဂ္ဂိုလ်များ၏သွန်သင်ဆုံးမသည်ကိုနာယူရင်း ဗုဒ္ဓ၏အလိုဆန္ဒအတိုင်း သတ္တဝါအပေါင်းတို့ချမ်းသာစေရန် မေတ္တာပို့ရင်းပင် ကျွန်ုပ်ဘဝကိုကုန်ဆုံးစေတော့မည်ဟု ဆုံးဖြတ်ပြီးဖြစ်ပေသည်–ဟုဖြစ်သည်။[*၁]

မုဆိုးကြီးကျွန်းသန်၏ကိုယ်တွေ့မှတ်တမ်းတွင်ပါရှိသောဗုဒ္ဓ၏သပိတ်တော်သည် အနားတွင်အရစ်ပါရှိသဖြင့် စတုမဟာရာဇ်နတ်မင်းလေးပါးလှူဒါန်းအပ်သော ဗုဒ္ဓသပိတ်တော်ဖြစ်ပါမူကား၊ သီရိလင်္ကာကျွန်း၌ ရဟန်းတော်ဖါယီယှယ်(နှ်) နာကြားခဲ့ရသော သပိတ်တရားတော်အရ ထိုအနားလေးရစ်ပါသပိတ်တော်သည် ထိုမရှိမဒေသ၊ ဟိမဝန္တာရောက်ရှိနေပြီဖြစ်ပါ၍ ထိုမှတစ်ဆင့် မေတ္တေယျရှင်စံရာ တုသိတာနတ်ပြည်သို့ကြွချီရန်အကြောင်းကိုသာ နောက်ဆက်တွဲအဖြစ်မျှော်လင့်ရပေတော့မည်။

❁ ❁ ❁ ❁ ❁

[*၁] မောင်စိုးမောင်(သာဂရ)၏ဗုဒ္ဓသပိတ်တော်။ ၁၉၇၆–ခုနှစ်။ (စာမျက်နှာ–၂၃၇)။

http://www.dhammadownload.com

http://www.dhammadownload.com

အခန်း (၁၈)

မေတ္တေယျရှင်နှင့် နီယနာထည့်သောရွှေခွက်

ပုဂံမြို့တောင်ဘက် မြင်းကပါရွာရှိ နဂါးရုံဂုဘုရား(ဘုရားအမှတ်–၁၁၉၂)၏ မြောက်ဘက်ဂန္ဓကုဋိမုခ်ဆောင်အတွင်း၌ မတ်ရပ်ကျောက်သားဆင်းတုတော်တစ်ဆူ ရှိလေသည်။ ထိုဆင်းတုတော်၏အောက်ခြေ၌ ဇာတ်ကွက်နှစ်ကွက်ကို သရုပ်ဖော် ထုထွင်းထားသည်။ ပထမဇာတ်ကွက်မှာ သမုဒ္ဒရာအတွင်း၌ခွက်တစ်လုံးမျောနေပြီး၊ ထိုပုံ၏နံဘေး၌ ခွက်လေးလုံးစီရရိထပ်လျက်တည်နေသည်။ ဒုတိယဇာတ်ကွက်မှာ ကာလနဂါးမင်းသည် သလွန်ထက်အိပ်စက်နေဟန်၊ ထိုသလွန်အနီးမှာပင် ကာလနဂါးမင်းသည် ထိုင်လျက် ခွက်လေးလုံးကိုရှိခိုးနေဟန်–တို့ပင် ဖြစ်သည်။[*၁] နဂါးရုံဂုဘုရား၌ ဖော်ပြပါကျောက်ဆင်းတုတော်ကို ပုဂံခေတ်နှောင်း (အေဒီ ၁၂၃၄–၁၂၈၇) လက်ရာဟု ခန့်မှန်းထားပါသည်။[*၂]

ထိုဆင်းတုအောက်ခြေပါ ကာလနဂါးမင်းနှင့် ရွှေခွက်ဇာတ်ကွက်နှစ်ကွက်၏ အတ္ထုပ္ပတ္တိကို ပိဋကတ်ပါဠိတော်တို့၌ဖော်ပြထားသည့်အတိုင်း အကျဉ်းချုပ်တင်ပြ လိုပေသည်။

သုစာတာရွှေခွက်

မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် နေရွှေရာမြစ်ကမ်းအနီး ဥရုဝေလအရပ် သေနာရွာကြီးထိပ် ညောင်ပင်ရင်း၌ ဒုက္ကရစရိယအကျင့်မှထွက်ပြီးစ ဖြစ်သောဂေါတမဘုရားအလောင်းတော်အားသေနာနီသူဌေးကြီး[*၃]၏သမီးသုဇာတာ[*၄]

---

*၁ *G.H.Luce' Old Burma-Early Pagan. I. 166; III. Pl.193; Pichard' The Pentagonal Monuments of Pagan. 1991. Page-9. Phot. 6,7.* ယခု ပုဂံပြတိုက်သစ်၌ ပြသထားသည်။

*၂ *G.H.Luce' Old Burma-Early Pagan. II. 104.*

*၃ လလီတဝဿုဠ္ဠ သုစာတာ၏ဖခင်အမည်ကို နန္ဒိကဟုပြထားသည်။ ဗုဒ္ဓစရိတတွင် ထိုသေနယသူကြီး၌ သမီးနှစ်ဦးရှိပြီး နန္ဒနှင့်ဗလတို့ဖြစ်သည်ဟု ပြထားသည်။ *Rockhill' The Life of The Buddha. 1991. Page-30'.*

*၄ သုစာတာ၏ရှေးကောင်းမှု(မဟာဗုဒ္ဓဝင်၊ဆဋ္ဌမတွဲ၊၂။၂၃၈။)၊ သုစာတာ သားဆုပန်ပုံ(မဟာဗုဒ္ဓဝင်၊ပထမတွဲ၊ ၂။၎င်း။)၊ သုစာတာယနာနီ့ဆွမ်းချက်ပုံ(မဟာဗုဒ္ဓဝင်၊ ဒုတိယတွဲ။ ၂၇၁။)၊ သုစာတာသောတာပန်တည်ပုံ(မဟာ ဗုဒ္ဓဝင်၊ ဒုတိယတွဲ။၅၁၈။)၊ သုစာတာအဂ္ဂပဋမသရဏာဂမနတေဒင်္ဂရပုံ(မဟာဗုဒ္ဓဝင်၊ဆဋ္ဌမတွဲ။၂။၂၄၃။)တို့ကို ဗုဒ္ဓသာသနာမူ မဟာဗုဒ္ဓဝင်ကျမ်းတို့တွင်ကြည့်ပါ။ ဝိဇ္ဇ။၂၁။ အံဋ္ဌ။၂၇။ အံဋ္ဌ။ဒုဝဏ္ဏ။ မဇ္ဈ။၂။၈၇။ စာဋ္ဌ။ဂဠ။ အပဒါန။ဋ္ဌ။ဇ။ဇာ။ ဗုဒ္ဓဝံသ။ဋ္ဌ။ဒုဒ္ဒ။ *DPPN-II. 1186'.* တိဗက် ဒူလ်ဝ *(Dulva)* မူတွင် 'နန္ဒာ'ဟု ပြထားသည်။ *Rockhill' The Life of The Buddha. 1991. Page-30 '.*

http://www.dhammadownload.com

သည် ပါယသ*၁ ခေါ် အလွန်ချိုမြိန်၍ပျစ်လှသောနို့ဂဏာ(ဃနာ)ဆွမ်းကို တစ်သိန်းတန်ရွှေခွက်အသစ်တွင်ထည့်၍ ကိုယ်တိုင်ကပ်လှူခဲ့ပါသည်။ သုဇာတာသည် လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ်ကျော်အချိန် (ဇာ၊ ဋ္ဌ၊ ၁။၈၁။) ယသသတို့သားအားကိုယ်ဝန်လွယ်မိသည်မှစ၍ နှစ်စဉ်နှစ်တိုင်း ထိုညောင်ပင်ရင်း၌ ညောင်စောင့်နတ်အား နို့ဂဏာလှူလာခဲ့ရာ၊ ယခုအကြိမ်တွင် ထိုညောင်ပင်ရင်း၌သီတင်းသုံးနေသော ဂေါတမအလောင်းတော်ကို ညောင်ပင်စောင့်နတ်မင်းကြီးကိုယ်တိုင်ကိုယ်ထင်ပြသည်ဟုထင်မှတ်ပြီး အထူးမွန်မွန်မြတ်မြတ်ပြုလုပ်ဆက်ကပ်ခြင်းဖြစ်သည်။*၂

အလောင်းတော်မြတ်သည် သုဇာတာဆက်ကပ်သောနို့ဂဏာနှင့်ရွှေခွက်ကိုယူ၍ နေရဉ္ဇရာမြစ်*၃ သုပ္ပတိဋ္ဌိတရေချိုးဆိပ်သို့သွားပြီး ရေချိုးသည်။ ပြီးလျှင် မြစ်ဆိပ်အနီး အေးမြသောသစ်ပင်ရိပ်၌ အရှေ့အရပ်သို့မျက်နှာမူကာ နို့ဂဏာဆွမ်းကို လေးဆယ့်ကိုးလုပ်ဘုဉ်းပေးတော်မူခဲ့သည်။ အလောင်းတော်မြတ်သည် နို့ဂဏာဆွမ်းဘုဉ်းပေးပြီး တစ်သိန်းတန်သောရွှေခွက်ကို 'အကယ်၍ ငါသည် ယနေ့ဘုရားဖြစ်ခြင်းငှာစွမ်းနိုင်ပါက ဤရွှေခွက်သည် ရေညာသို့ဆန်တက်ပါစေသား' ဟုအဓိဋ္ဌာန်ပြုတော်မူ၍ နေရဉ္ဇရာမြစ်ကျောတွင်မျှောလိုက်သည်။ ရွှေခွက်သည် ရေစီးရေယဉ်ကိုဖြတ်လျက် မြစ်လယ်သို့တည့်တည့်သွားပြီး မြစ်၏အလယ်မှတစ်ဖန် အတောင်ရှစ်ဆယ်ခန့် ရေညာသို့ဆန်တက်သွား၍ ဝဲဇလုပ်၌နစ်မြုပ်ကာ ကာဠနဂါးမင်း၏မဇ္ဈေရိကနဂါးပြည်*၄ရှိ ဘုံဗိမာန်သို့ရောက်ရှိသွားပြီးလျှင်၊ ကကုသန်, ကောဏာဂုံ, ကဿပဘုရားသုံးဆူတို့အသုံးပြုခဲ့သော ရွှေခွက်သုံးလုံးတို့နှင့်ထိခတ်ကာ 'ကိလိကိလိ'အသံကိုမြည်စေလျက် ထိုရွှေခွက်သုံးခွက်တို့၏အောက်၌တည်နေလေ၏။ အပ၊ ဋ္ဌ၊ ၁။၈၄၊ ဗုဒ္ဓဝံသ၊ ဋ္ဌ၊ ၉၊ ဇာ၊ ဋ္ဌ၊ ၁။၈၅၂။

နို့ဃနာဆွမ်းဘုဉ်းပေးခြင်းနှင့်ရွှေခွက်မျှောခြင်း

ဗုဒ္ဓဝံသအဋ္ဌကထာကျမ်းတွင် ဤဘဒ္ဒကမ္ပာ၌ပွင့်တော်မူသောဘုရားလေးဆူတို့ ဃနာနို့ဆွမ်းဘုဉ်းပေးပုံအကြောင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းတွေ့ရသည်။

၁။ ဤဘဒ္ဒကမ္ပာ၌ရှေးဦးဆုံးပွင့်တော်မူခဲ့သည့် ကကုသန္ဓဘုရားရှင်သည် ဘုရားဖြစ်မည့် ကဆုန်လပြည့်နေ့တွင် သုစိရိန္ဒရွာကြီးနေ ဝဇိရိန္ဒပုဏ္ဏားသမီးကပ်လှူသောနို့ဆွမ်းကိုလက်ခံ၍ ဘဉ်းပေးတော်မူခဲ့သည်ဟုလည်းကောင်း (ဗုဒ္ဓဝံသ၊ ဋ္ဌ၊ ၂၉၆။)၊

---

*၁ Pāyasa = a sweetened preparation of thickened milk and rice. Dehala Mitra' Buddhist Monuments. 1971. Page-2. ပါယသဆွမ်းကို ဟရမန္ဒ၊ စိရိကာ၊ ဂဏာနို့ဆွမ်းဟုလည်းခေါ်သည်။ အဘယာရာမအဘိဓာန်နိဿယသစ်။ ၁၉၅ဖ–ခုနှစ်။ (စာမျက်နှာ–၁၅၉)။ ဂဏာ=ဃန=တစ်ခဲနှက်၊ ပျစ်သော= ရေ စသည်မရောမစွက် နို့ချည်းသက်သက်ကိုဆိုလိုသည်။ သုဇာတာသူဌေးသမီး၏ပါယသခေါ် နို့ဂဏာဆွမ်း(ဃနာနို့ဆွမ်း)ချက်ပုံကို ဇိနာလင်္ကာရဋီကာ(စာ–၂၇၃)၊ ရွှင်မဟာသီလဝံသ၏ပါဂရိတော်ခန်းပျို့(အပိုဒ်–၁၂)တို့တွင်ကြည့်ပါ။

*၂ မဟာဗုဒ္ဓဝင်၊ ဒုတိယတွဲ။ ၁၉၇ဖ–ခုနှစ်။ (စာမျက်နှာ–၂၇၆)။ သုဇာတာသူဌေးသမီး နို့ဂဏာဆက်ကပ်ရာဌာနတွင် အသောကမင်းကြီးသည် အထိမ်းအမှတ်စေတီ တည်ခဲ့ပြီး၊ ထိုဌာနကို အေဒီ ၁၂၉၈–ခုနှစ်? က မြန်မာနိုင်ငံမှပြုပြင်၍ မြန်မာဘာသာပြင်ကျောက်စာတစ်ချပ် ရေးထိုးထားခဲ့သည်။ ဦးငြိမ်းမောင်၏ ရှေးဟောင်းမြန်မာကျောက်စာများ၊ တတိယတွဲ။ ၁၉၈၃–ခုနှစ်။ (စာမျက်နှာ–၁၉၂)။ ဦးသာမြတ်၏ နိုင်ငံခြားရှိ မြန်မာကျောက်စာများ(ဆောင်းပါး)။ ယဉ်ကျေးမှုစာစောင်။ အတွဲ–၂၊ အမှတ်–၁၁။ (စာမျက်နှာ–၉၃)။ Sir Arthur Phayre' History of Burma. 1967. Page-46; G.E.Harvey' History of Burma. 1967. Page-45; R.Mitra' Buddha Gaya. 1972. Page-206; A. Cunningham' Mahābodhi. 1998. Page-75. ဤကျောက်စာကို ဂျိန်းပရင့်ဆက် (James Prinsep) ရေးဦးတွေ့၍ သီဟိုဠ်မှ ပညာရှင် ရတ္တပါလအကူအညီဖြင့် အင်္ဂလိပ်ဘာသာသို့ပြန်ဆိုခဲ့သည်။ ကာနယ်ဘာနေ (Colonel Burney)။ ငွေတိုက်ဝန်ထောက်ဦးလှအောင်တို့လည်း ဖတ်ခဲ့ကြသည်။ ဒေါက်တာသန်းထွန်း၏ သုဇာတာနို့ဆွမ်းစေတီကျောက်စာ(ဆောင်းပါး)။ မြဝတီရွှေရတု(၁)။ ၂၀၀၂–ခုနှစ်။ (စာမျက်နှာ ၁၅၈–၁၆၀)။

*၃ ကသပဗုဒ္ဓဝင်၌ 'နေရဉ္ဇရာမြစ်'ဟုပြထားသည်– ခု၄။၃၇၇။ ဗုဒ္ဓမိဿကသက္ကတ(Buddhist Hybrid Sanskrit)စာပေတွင် 'နေဲရဉ္ဇနာ= Nairañjanā'ဟု ပြသည်။ ထိုမြစ်ကို လလိတဝတ္ထုရဏ္ဍ 'နာဂနဒီ'ဟုပြသည်။ BHSD. Page-292.


*၄ ကာလနဂါးစံရာ နဂါးပြည်ကို 'မဇ္ဈေရိက'ဟုပြသည်– စာ၊ ဋ္ဌ၊ ၁။၈၄။ ဗုဒ္ဓဝံသ၊ ဋ္ဌ။၃၃၈။


http://www.dhammadownload.com



ပုဂံမြို့၊ နဂါးရုံဘုရား(၁၁၉၂)ရှိ ရွှေခွက်မျှောခန်းဗုဒ္ဓဝင်ကျောက်ဆစ်လက်ရာ
OB-EP, III, 1970, Pl.193 c.

ရွှေခွက်ငါးလုံးပုံ ကာလနဂါးမင်းအိပ်နေပုံ





အလောင်းတော်မြတ်အား သုဇာတာသူဌေးသမီး ယနာဒို့ဆွမ်းကို တစ်သိန်းတန်ရွှေခွက်၌ထည့်၍ ကပ်နေပုံ
ယခု Java,Borobudur Stupa.
Lad, 1957, Pg.63, Pl.64.

http://www.dhammadownload.com

၂။ ဤဘဒ္ဒကမ္ပာ၌ ဒုတိယမြောက်ပွင့်တော်မူခဲ့သော ကောဏာဂမနဘုရားရှင်သည် အဂ္ဂိသောနပုဏ္ဏားကြီး၏ သမီးလူသော နီယနာဆွမ်းကိုလက်ခံ၍ ဘုဉ်းပေးတော်မူခဲ့သည်ဟုလည်းကောင်း (ဗုဒ္ဓဝံသ၊ ၅၊ ၃၀၂။)၊

၃။ ဤဘဒ္ဒကမ္ပာ၌ တတိယမြောက်ပွင့်တော်မူခဲ့သော ကဿပဘုရားရှင်သည် သုနန္ဒာပုဏ္ဏားမလူသော နီယနာဆွမ်းကို လက်ခံ၍ဘုဉ်းပေးတော်မူခဲ့သည်ဟုလည်းကောင်း (ဗုဒ္ဓဝံသ၊ ၅။၃၀၈။)၊

၄။ ဤဘဒ္ဒကမ္ပာ၌ စတုတ္ထမြောက်ပွင့်တော်မူခဲ့သော ဂေါတမဘုရားရှင်သည် သုဇာတာသူဌေးသမီးလူသော နီယနာဆွမ်းကိုလက်ခံ၍ ဘုဉ်းတော်မူခဲ့ကြောင်း (ဗုဒ္ဓဝံသ၊ ၅။၃၃၆။) ဖော်ပြထားသည်။

အနာဂတဝင်အဋ္ဌကထာတွင်–

၅။ ဤဘဒ္ဒကမ္ပာ၌ ပဉ္စမမြောက်ပွင့်တော်မူမည့် မေတ္တေယျဘုရားရှင်သည် ကဆုန်လပြည့် ဘုရားဖြစ်မည့်နေ့တွင် မိမိ၏မိဖုရားကြီးစန္ဒမုခီ(စန္ဒမုကွီ)ဆက်ကပ်သော နီယနာဆွမ်းကိုလက်ခံ၍ ဘုဉ်းပေးတော်မူမည့်အကြောင်း ဖော်ပြထားသည်။*၁

ဤသို့လျှင် ဘုရားဖြစ်တော်မူမည့် ကဆုန်လပြည့်နေ့တွင် နီယနာဆွမ်းကိုဘုဉ်းပေးတော်မူကြသည်မှာ ဘုရားအလောင်းတို့၏ပြုမြဲဓမ္မတာ (ဗောဓိသတ္တဓမ္မတာ) ဖြစ်သည်။ ဗောဓိသတ္တဘုရားအလောင်းတို့၏ပြုမြဲဖြစ်သော ဓမ္မတာမှာ အရေအတွက်အားဖြင့်သုံးဆယ်ရှိပြီး၊ နီယနာဆွမ်းဘုဉ်းပေးခြင်းဓမ္မတာမှာ အဋ္ဌမမြောက်ဓမ္မတာဖြစ်သည်။ ဗုဒ္ဓဝံသ၊ ၅။၃၅၂။

ဗောဓိသတ္တ ဓမ္မတာသုံးဆယ်၌ ဘုရားအလောင်းတို့ဘုရားဖြစ်မည့်နေ့တွင် နီယနာဆွမ်းဘုဉ်းပေးမြဲဟူသော အချက်ကိုတွေ့ရှိရပြီး၊ ထိုနီယနာဆွမ်းထည့်သောရွှေခွက်ကို မြစ်အတွင်းမျှော၍ အဓိဋ္ဌာန်ပြုခြင်းကိစ္စကိုကား မတွေ့ရပေ။ ထိုအချက်ကို ဂေါတမဗုဒ္ဓဝင်၌သာတွေ့ရသည်။ ကျန်ဘုရားလေးဆူတို့၏ဗုဒ္ဓဝင်တို့၌မတွေ့ရပေ။

မတွေ့ရခြင်းမှာလည်း ဗုဒ္ဓဝံသပါဠိတော်နှင့် အဋ္ဌကထာတို့တွင် ထိုကကုသန္ဓအစရှိသောရှေးဘုရားရှင်သုံးဆူတို့၏ဗုဒ္ဓဝင်ကို အကျဉ်းမျှသာပြထားခြင်းကြောင့်လည်းဖြစ်နိုင်သည်။

မေတ္တေယျရှင်၏ဗုဒ္ဓဝင်အဋ္ဌကထာဖြစ်သော အနာဂတဝံသအဋ္ဌကထာ၌လည်း မေတ္တေယျအလောင်းတော်သည် စန္ဒမုခီမိဖုရားဆက်ကပ်သော နီယနာဆွမ်းကိုဘုဉ်းပေးပြီး ပြာသာဒ်ယာဉ်ထက်သို့တက်ကာ မဟာဗောဓိပင်ရှိရာအရပ်သို့ ပရိသတ်ကြီးနှင့်တကွထွက်တော်မူခဲ့ကြောင်းဖော်ပြထားသဖြင့် မည်သည့်မြစ်၊ မည်သည့်ရေဆိပ်တွင်မှ ရေချိုးခြင်းမရှိရကား ရွှေခွက်မျှောဖွယ်အကြောင်းမပေါ်ပေါက်တော့ပေ။

ပုဂံ၌ ဗုဒ္ဓဝင်ဆိုင်ရာကျောက်တမော့လက်ရာ၊ ပန်းချီလက်ရာများစွာရှိရာတွင် သုဇာတာသူဌေးကြီးသမီး နီယနာဆွမ်းကပ်ပုံကိုကား ဘုရားစေတီများစွာ၌ဖော်ပြထားသော်လည်း*၂ အလောင်းတော်မြတ် နေရွှေရာမြစ်အတွင်း အဓိဋ္ဌာန်ဖြင့်ရွှေခွက်မျှောသောသရုပ်ဖော်ပုံကိုမူကား အတွေ့ရနည်းလှသည်။ နဂါးရုံဂူဘုရား၌ ကျောက်ဆင်းတုတော်၏အောက်ခြေ၌သာ ထိုရွှေခွက်မျှောနေပုံကို တွေ့ရတောင့်တွေ့ရခဲတွေ့ရခြင်းဖြစ်သည်။

သို့ပါသော် ကကုသန္ဓ–အစရှိသောရှေးဘုရားသုံးဆူတို့သည်လည်း ဘုရားဖြစ်မည့်နေ့၌ နီယနာဆွမ်းဘုဉ်းပေးပြီးလျှင် ရွှေခွက်မျှောခြင်းပြုလိမ့်မည်ဟူသောအချက်ကို မှန်းဆသိနိုင်သောအချက်တစ်ရပ်မှာ ဂေါတမမြတ်စွာဘုရားအလောင်း၏ရွှေခွက်သည် ကာလနဂါးမင်း၏နဂါးဗိမာန်သို့ရောက်ရှိသွားသောအခါ 'ရှေးဘုရားသုံးဆူတို့၏ရွှေခွက်တို့နှင့်ထိခိုက်ကာ ကလိကလီဟုအသံမြည်ပြီး ထိုသုံးခွက်တို့၏အောက်၌တည်နေသည်'

---


*၁ သော ပဉ္စမိတ္ထာ စန္ဒမုခီယာ ဒေဝိယာ ဒိန္နံ ဒိဗ္ဗာဓေဟက္ခိတ္တံ ခီရမဒုပါယာသံ ပရိဘုဉ္ဇိတ္ထာ– အနာဂတဝံသအဋ္ဌကထာ။

*၂ အာနန္ဒာဘုရားအတွင်း (OB-EP. III. Pl. 309 a,b,c,d.) နှင့် ပုထိုးသားများဂူဘုရားစသည်၌ တွေ့ရသည်။

http://www.dhammadownload.com



သုဇာတသူဌေးသမီးနို့ဆွမ်းကပ်ပုံ(ထိုင်း)
ယခု Wat Sangkrachai, Dhonburi.
Thai Temple, 1957, Pg.60, Pl.21.





ဘုရားအလောင်း ရွှေဒွက်မျှောခန်း(ထိုင်း)
ယခု Wat Sangkrachai, Dhonburi.
Thai Temple, 1957, Pg.62, Pl.22.

မြတ်စွာဘုရား၏ သပိတ်တော်ပူဇော်ပွဲ (အေဒီ ၂-ရာစု)
ယခု Government Museum, Madras.
Lad, 1957, Pg.128, Pl.11.

http://www.dhammadownload.com

ဟူသော ဗုဒ္ဓဝံသအဋ္ဌကထာ၊ ဇာတကဋ္ဌကထာနှင့် ဓိနာလင်္ကာရဋီကာကျမ်းတို့၌လာသော စကားရပ်တို့ကို ထောက်ဆ၍သိနိုင်သည်။[*၁]

ရွှေခွက်တို့ပျောက်ပျက်မည့်အချိန်

ဂေါတမဘုရားအလောင်းတော်အား သုဇာတာလူဒါန်းသောတစ်သိန်းတန်ရွှေခွက်နှင့်အတူ ကကုသန္ဓ၊ ကောဏာဂမနနှင့် ကဿပဘုရားရှင်သုံးဆူတို့၏ရွှေခွက်သုံးခွက်တို့သည် ကာလနဂါးမင်းစံရာ နဂါးဗိမာန်၌ တည်ရှိနေကြောင်းကို အဋ္ဌကထာတို့၌ဖော်ပြထားပါသည်။ အဆိုပါရွှေခွက်တို့သည် မည်သည့်အချိန်၌ ပျောက်ကွယ်လိမ့်မည်ကိုသိလိုသောပုဂ္ဂိုလ်တစ်ပါးသည် ဤနိုင်ငံ၌ လွန်ခဲ့သည့်အနှစ်နှစ်ရာခန့်က ပေါ်ထွန်းခဲ့ဖူးလေသည်။ ထိုပုဂ္ဂိုလ်မှာ အလွန်ဉာဏ်ပညာကြီး၍ ဗဟုသုတစုံလင်သည်ဟုသတင်းကျော်သော သမန္တစက္ခုဒီပနီကျမ်းပြု မုံရွေးဇေတဝန်ဆရာတော်ကြီးအရှင်အာဒိစ္စရံသီ(အေဒီ ၁၇၆၆–၁၈၃၄)ဖြစ်သည်။ မုံရွေးဇေတဝန်ဆရာတော်ကြီးသည် မိမိသိလိုသည့် သုဇာတာ၏ရွှေခွက် မည်သည့်ကာလ၌ပျက်မည်ကို ထိုခေတ်က ပညာသူဌေးကြီး[*၂]ဟု အခေါ်ခံရလောက်အောင် ဗဟုသုတစုံလင်ပြည့်ဝလှသော ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ လင်းကတောရွာအနီးရှိ ကြည့်ကန်ရွာတွင်ဖွားတော်မူခဲ့သော ကြည့်ကန်ရှင်ကြီးအရှင်နန္ဒဇေ(အေဒီ ၁၇၅၇–၁၈၁၁)ထံသို့ပေးသော မေတ္တာစာတွင် ထည့်၍မေးခဲ့သည်။

တိတိကျကျရေးရလျှင် မြန်မာသက္ကရာဇ် ၁၁၅၂–ခုနှစ်၊ သီတင်းကျွတ်လဆန်း(၁၄)ရက်နေ့တွင် မုံရွေးဇေတဝန်ဆရာတော်ကြီးသည် ထိုသုဇာတာရွှေခွက်ပုစ္ဆာအပါအဝင် ပုစ္ဆာ(၅၅)ပုဒ်ပါရှိသောပဉ္စပညာသပုစ္ဆာမေတ္တာစာကို ကြည့်ကန်ရှင်ကြီးထံ ပေးပို့ခဲ့ပါသည်။[*၃] ကြည့်ကန်ရှင်ကြီးကလည်း မုံရွေးဆရာတော်ကြီး၏ ပဉ္စပညာသပုစ္ဆာခေါ် ဗုဒ္ဓဝင်ဆိုင်ရာအမေးပုစ္ဆာ(၅၅)ပုဒ်တို့ကို 'ရာကျော်ခန့်ဘိ၊ ကျမ်းပေါင်းရှိသား။ ပါဠိအဋ္ဌကထာ၊ ဋီကာအညီ၊ ခြင်္သေ့ဆီသို့၊ သီဂီနား၀၊ နာခံရအောင်၊ လောကဓမ္မ၊ ထုံးစံပြု၍၊ စ,စမကျန်၊ ဓိပ္ပာယ်ပြန်လျက်' ဟူသော အမှာစကားဖြင့် ကျမ်းပေါင်းတစ်ရာကျော်ကိုကိုးကား၍ ဖြေဆိုတော်မူခဲ့သည်။ ထိုဗုဒ္ဓဝင်အမေးအဖြေ ပုစ္ဆာ(၅၅)တို့တွင် သုဇာတာရွှေခွက်နှင့်သက်ဆိုင်သောအမေးအဖြေတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

အမေး–၉။ ။ရှင်စောရွှေခွက်၊ နဂါးလက်၌၊ သိုလျှက်ရှိသည်၊ ဆိုတုံသည်လည်း။ ဘယ်သည်ကာလ၊ ရောက်ထသောခါ၊ ပျောက်ပျက်ရှာလိမ့်–ဟု ဖြစ်သည်။[*၄]

အထက်ပါပုစ္ဆာကို ကြည့်ကန်ရှင်ကြီးဖြေဆိုတော်မူသည်မှာ အောက်ပါအတိုင်းဖြစ်သည်။

အဖြေ–၉။ ။နဂါးလက်၌၊ ရွှေခွက်သိဂိ၊ လေးလုံးမှာမူ၊ သခိရ,တရား၊ ဖြစ်တုံငြားရှိ၊ ရှည်လျားလတ်သော်၊ တောင်ဝှေးတော်သို့၊ မပေါ်ကွယ်လစ်၊ သဘောဖြစ်လိမ့်–ဟုဖြစ်သည်။[*၅]

---

*၁ (က) သုဝဏ္ဏပါတိ ဂဟေတွာ နေရဋ္ဌရာဃ ပဋိသောတံ ဓိပိတွာ ကာဠနာဂရာဇ် သုပန္တံ ဓောဓေသိ– ဗုဒ္ဓဝံသ၊၌။၃၃၆။ (ခ) သုဝဏ္ဏပါတိ ဂဟေတွာ (ပ) နဒီသောတေ ပက္ခိပိ။ (ပ) ကာဠနာဂရာဇာဝဓံ ဂန္တွာ တိဏ္ဏံ ဗုဒ္ဓါနံ ပရိဘောဂပါတိယော 'ကိလိကိလိ' တိရစ် ကာရယမာနာ– ဇာတကဋ္ဌ၊၁။၁၀၂။ (ဂ) သာပါတိ ပဋိသောတံ ဂန္တွာ ကာလဿနာဂ နာဂရာဇဿ ဘဝနံ ပတွာ တိဏ္ဏံ ဗုဒ္ဓါနံ ထာလကာနိ ဥက္ခိပိတွာ တေသံ ဟေဋ္ဌာ အဋ္ဌာသိ– ဓိနာလင်္ကာရဋီကာ၊၌၊ ၂၇၃။

*၂ ဧဃျု၏ ပညာသူဌေးကြီး(ဆောင်းပါး)။ စာတိုပေ၁။ (စာမျက်နှာ–၁၆၃)။

*၃ မုံရွေးဇေတဝန်ဆရာတော်ကြီး၏ ထိုပုစ္ဆာ(၅၅)ပုဒ်သည် ဗုဒ္ဓဝင်နှင့်သက်ဆိုင်သောပုစ္ဆာများဖြစ်၍ ထိုပုစ္ဆာအမေးအဖြေတို့ကို နောင်အခါ ဗုဒ္ဓဝင်အမေးအဖြေဟူ၍ ထင်ရှားခဲ့ပါသည်။

*၄ မာဃ၏ဗုဒ္ဓဝင်ရှင်းတမ်း။ ၁၉၃၉–ခုနှစ်။ (စာမျက်နှာ–၁၄)။

*၅ မာဃ၏ဗုဒ္ဓဝင်ရှင်းတမ်း။ ၁၉၃၉–ခုနှစ်။ (စာမျက်နှာ–၃၈)။

http://www.dhammadownload.com

သုဇာတာရွေခွက်နှင့်စပ်လျဉ်း၍ မုံရွေးအမေး-ကြည့်ကန်အဖြေကို ဆရာမာဃက ဗုဒ္ဓဝင်ရှင်းတမ်း အမေးအဖြေဦးကာကျမ်းတွင် ရှင်းလင်းရေးသားထားသည်မှာ အောက်ပါအတိုင်းဖြစ်သည်။

ကာလနဂါးမင်း၏လက်၌ ရွေခွက်လေးလုံးမှာမူ (ပြုပြင်စီရင်အပ်သော) သခါရတရားဖြစ်၍ ရှည်ကြာလတ်သော် တောင်ငှေးတော်*၁ကဲ့သို့ မပေါ်မပေါက် ကွယ်ပျောက်ခြင်းဖြစ်လိမ့်မည်ဟု ဖြေလိုသတည်း။ ။ ဤ၌ အရိမေတ္တေယျဘုရားရှင်ပွင့်တော်မူသည့်တိုင်ရှိမည်ဟုကား ကေန ဆိုနိုင်သည်။ ဘယ်အခါပျောက်ပျက်မည်ကား ကျမ်းဂန်တိုက်ရိုက်မတွေ့ဘူးချေ။ ရှိအံ့လည်းမထင်။ ကမ္ဘာပျက်မှပျက်မည်ဟု တစ်နည်းဆိုနိုင်သော်လည်း ဇကေန်မဖြစ်နိုင်ပေ။ (နောတက္ကော)။*၂-ဟု ဖြစ်သည်။

သုဇာတာရွေခွက်၏ ပမာဏ

သုဇာတာရွေခွက် မည်သည့်အခါ၌ပျောက်ကွယ်မည်ဟူသောအမေးနှင့်စပ်သော မုံရွေးဆရာတော်၏အမေးပုစ္ဆာကို ကြည့်ကန်ရှင်ကြီးဖြေဆိုပုံပြီးသည့်နောက်၊ သုဇာတာရွေခွက်နှင့်စပ်လျဉ်း၍ ကြည့်ကန်ရှင်ထားခဲ့သော အမေးပုစ္ဆာတစ်ရပ်ကို ရွေတောင်မြို့၊ ကျီးသဲလေးထပ်ဆရာတော်ကြီးဦးမုနိန္ဒ(အေဒီ ၁၈၁၇-၁၈၉၄) ဖြေဆိုတော်မူပုံကိုပါ ဆက်လက်ဖော်ပြလိုပေသည်။

ကြည့်ကန်ရှင်ကြီးက မြန်မာသတ်ပုံအတွက်ရည်ရွယ်ကာ သံပေါက်စပ်ဆိုထားသော စွယ်စုံကျော်ထင် အမေးပုစ္ဆာကျမ်းကြီး၏ ပုစ္ဆာအမှတ်(၁၀၀၀)တွင် 'သုဇာတာလူဒါန်းသောရွေခွက်သည် အရွယ်မည်မျှရှိသနည်း' ဟူသည်ကို အောက်ပါအတိုင်း အမေးပုစ္ဆာပြုစပ်ဆိုထားခဲ့သည်။

အမေး-၁၀၀၀။ ။သုဇာတာပေ၊ လူဒါန်းလေ၊ ရွေခွက်ဘယ်မျှဝင်သနည်း။

ဤပုစ္ဆာကို နောင်နှစ်ပေါင်းငါးဆယ်ခန့်အလွန်တွင် ကျီးသဲလေးထပ်ဆရာတော်ကြီးဖြေဆိုတော်မူသည်မှာ-

ဤရွေခွက်၏ပမာဏကို ကျမ်းကြီးကျမ်းငယ်တို့၌ မည်မျှလောက်ရှိသည်ဟူ၍မဆို။ ယင်းသို့ မဆိုသော်လည်း ကိုယ်တော်သုံးဆောင်သောကာလ ထန်းသီးမှည့်ပမာဏရှိသောဆွမ်း ၄၉ လုပ်*၃ ဘုဉ်းပေးရသည်။ ထိုမျှဆွမ်းထည့်ရာဖြစ်၍ လူတို့သုံးစွဲသော ခွဲတောင်း*၄ပမာဏရှိရာသည်-ဟုဖြစ်သည်။*၅

သုဇာတာ၏ တစ်သိန်းတန်ရွေခွက်မျှောခန်းဇာတ်လမ်းမူကွဲများ

မြောက်ပိုင်းဗုဒ္ဓဘာသာဝင်တို့ အလေးအမြတ်ပြုသော သိရီလလိတဝိဿရ(Lalitavistra)ဗုဒ္ဓဝင်ကျမ်း အခန်း(၁၈)တွင် သုဇာတာနို့ယနာဆွမ်းကပ်ပုံကို အောက်ပါအတိုင်းဖော်ပြထားသည်။

---

*၁ ဂါထာမဘုရားရှင်၏တောင်ငှေးတော်သည် ဗုဒ္ဓဝင်ပါဠိတော်လာ 'ဝဿိရာ ယံ ဘဂဝတော၊ ပတ္တော၊ ဒဏ္ဍော စီဝရံ'- ဗုဒ္ဓဝံသ။၃စင္ဒ။ ဟူသော ဂါထာအရ ဝဿိရာပြည်သို့ရောက်ရှိကြောင်းသိရသည်။

*၂ မာယာ၏ဗုဒ္ဓဝင်ရှင်းတမ်း။ ၁၉၃၉-ခုနှစ်။ (စာမျက်နှာ-၁၁၂)။

*၃ ကေဠိတာလပတ္တပမာဏာ ကေနပညာသပိဏ္ဍော- ဇာ၊၄။၁။၈၁။ ကေနုပညာသပိဏ္ဍော ကရောန္တော တံ ပါယာသံ မရိဘုဠ္ဍိတွာ- ဗိနာလင်္ကာရ ဋီကာပါဠိ။ ၂၇၃။

*၄ ခွဲတောင်း= ချင့်ဝန် ၂-စိတ် (သို့မဟုတ်) ၈-ပြည်ဝင်ဆုံသော တောင်းပမာဏကိုဆိုလိုသည်။

*၅ စွယ်စုံကျော်ထင်ကျမ်း၊ ဒုတိယတွဲ။ ၁၉၆၁-ခုနှစ်။ (စာမျက်နှာ-၃၇၉)။

http://www.dhammadownload.com

နန္ဒိကရွာသူကြီးသမီးသုဇာတာ*၁အား နတ်တို့က 'ဘုရားအလောင်းတော်ဒုက္ကရစရိယအကျင့်မှ ထွက်ခဲ့ပြီ၊ ယနေ့ပင်ဘုရားဖြစ်လိမ့်မည်၊ ဘုရားအလောင်းတော်အား ဆွမ်းကပ်ပါ' ဟု တိုက်တွန်းကြသည်။ သုဇာတာသတို့သမီးလည်း နွားတစ်ထောင်မှရသောနို့ကိုကျိုး၍ မလိုင်ပြုလုပ်ပြီး ဆန်သန့်ဆန်ကောင်း၊ ပျားရည်တို့ရော၍ချက်သည်။ ပြီးလျှင် ထိုပါယာသခေါ် နို့ဆွမ်းကို ရွှေခွက်အသစ်၌ထည့်၍ ဘုရားအလောင်းအား ဆက်ကပ်ခဲ့သည်။ ဘုရားအလောင်းသည် သုဇာတာ၏နို့ပျားရည်ဆွမ်း(ပါယာသ)ကို ဘုဉ်းပေးပြီးလျှင် ဆွမ်းထည့်သောရွှေခွက်ကို နာဂနဒီမြစ်အတွင်းမျှောလိုက်ရာ ထိုခွက်သည် အုံ့ဩဖွယ်မြစ်ညာသို့ဆန်လျက် သာဂရနဂါးပြည်သို့နစ်မြုပ်ရောက်ရှိသွားသည်။ သာဂရနဂါးမင်းသည် ထိုရွှေခွက်ကိုပူဇော်ထားရာ၊ ပုရွန်ရမည်သော သိကြားမင်းက ဂဠုန်အယောင်ဆောင်ပြီး သာဂရနဂါးထံမှ ထိုရွှေခွက်ကိုတောင်းယူ၍ တာဝတိံသာနတ်ပြည်၌ စေတီဌာပနာ၍တည်ထားခဲ့သည်။ ထိုရွှေခွက်ဌာပနာ၍တည်ထားသော စေတီ၏ပွဲတော်ကို ပါတြီယာတြာ(Pātrīyātrā)ဟု ခေါ်တွင်ပြီး နဂါးပြည်မှနဂါးမလေးများ သွားရောက်ပူဇော်လေ့ရှိသည်။ အလောင်းတော်သည်လည်း သုဇာတာ၏နို့ဂဏာဆွမ်းကိုဘုဉ်းပေးပြီးသည့်နောက် အားအင်ပြည့်ဖြိုးကာ ကိုယ်အဆင်းကြည်လင်ဝင်းပလျက် ယောဂျာမြတ်(မဟာပုရိသ)တို့၏ ၃၂-ပါးသောလက္ခဏာတော်များ ကိုယ်တော်၌ပြန်လည်ပေါ်ထွက်လာခဲ့သည်-ဟု ပြဆိုထားပါသည်။*၂

လလိတဝိတ္ထရကျမ်းအရ သုဇာတာ၏ရွှေခွက်သည် ကာလနဂါးပြည်၌မရှိ၊ သိကြားမင်းစံရာ တာဝတိံသာရှိစေတီသို့ရောက်ရှိနေကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၊ မဒရပ်မြို့ အမျိုးသားပြတိုက်တွင် ဘုရားရှင်အသုံးပြုသော သပိတ်အား တာဝတိံသာနတ်ပြည်၌ပူဇော်နေပုံဟု ကမ္ပည်းထိုးထားသည့် ကျောက်ဆစ်လက်ရာ*၃ (အေဒီ ၂-ရာစု၊ အမရဝတီလက်ရာ)တွင် သရုပ်ဖော်ပါရှိသောခွက်မှာ သပိတ်နှင့်မတူဘဲ ဇလားခွက်သဏ္ဌာန်ဖြစ်၍ ထိုပုံသည် တာဝတိံသာ၌ နတ်တို့ပြုလုပ်သော သုဇာတာ၏ရွှေခွက်ပူဇော်ပွဲသရုပ်ဖော်ပုံလည်းဖြစ်နိုင်သည်ပင်။

ဤသုဇာတာရွှေခွက်နှင့်စပ်၍ နောက်ထပ်ဗုဒ္ဓဝင်မူကွဲတစ်ခုကိုတင်ပြရလျှင်- အရှင်အသွယောသ၏ဗုဒ္ဓစရိတအမည်ရှိသော ဗုဒ္ဓဝင်ကျမ်း၌ ရွှေခွက်မျှောခန်းမပါဘဲ နန္ဒာဘာလဒအမည်ရှိသောအမျိုးသမီးဆက်ကပ်သော နို့ယနာဆွမ်းကိုဘုဉ်းပေးပြီး ဗောဓိပင်သို့ရှေးရှုသောခဏ၌ မြေတုန်လှုပ်ရာ၊ ရေအောက်ရှိ ကာလနဂါးမင်းနိုးလာသောအကြောင်းတို့ကို ဖော်ပြထားသည်။*၄

နောက်ထပ်၍ ဤအကြောင်းနှင့်စပ်သော ဗုဒ္ဓဝင်မူကွဲတစ်ခုကိုတင်ပြရလျှင် တိဗက်ဗုဒ္ဓဘာသာဆိုင်ရာကျမ်းနှစ်ကျမ်းမှ*၅ အချက်အလက်တို့ကိုယူငင်၍ ပညာရှင်ရော့ဟီး (W. Woodville Rockhill) ရေးသားသော ဗုဒ္ဓဝင်ကျမ်း (The Life of The Buddha) တွင်အလောင်းတော်မြတ်သည် သေနာနီ*၆ ရွာသို့ရောက်လျှင်၊

---

*၁ ထိုသုဇာတာကို မဟာဝဿုကျမ်းတွင် ဘုရားအလောင်း၏ ဓယ်တော်ဖြစ်ဖူးသည်ဟု ပြထားသည်။ BHSD. Page-598. ဘုရားရှင်သည် ပုဏ္ဏကျွန်းမ၏ ရှာ်အလောင်းကိုရစ်ပတ်ထားသောအဝတ်ကို ပုံသကူကောက်ယူကြောင်း ပိဋိတော်တို့၌ဖော်ပြထားပြီး၊ ထိုပုဏ္ဏကျွန်းမကို လလိတဝိတ္ထရ၌ သုဇာတာ၏ကျွန်မရာဓာ-ဟုပြထားသည်။

*၂ Bijoya Goswami (Tr.)' Lalitavistara. 2001. Page-250. အရှင်သုန္ဒရာဘိဝံသ၏ သိရီလလိတဝိတ္ထာရ။ (စာမျက်နှာ-၄၂၃)။

*၃ The Way of The Buddha. Page-128, 307. Pl. II.

*၄ S. Beal' Life of Buddha. 1945. Page-368.

*၅ The Bkah-Hgyur and Bstan-Hgyur.

*၆ တိဗက်လို Sde-chan.

http://www.dhammadownload.com

ထိုရွာသူကြီး၏သမီးနှစ်ယောက်ဖြစ်သော နန္ဒာ*၁ နှင့် နန္ဒာဗလာ*၂ တို့သည် ကဝိလဝတ်ပြည်မှ သကျသာကီဝင်မင်းသား တောထွက်လာသည်ဟူသောသတင်းကို ကြားကြပြီးလျှင် ထိုအလောင်းတော်မြတ်သည် စကြဝတေးမင်းဖြစ်စေ၊ ဘုရားဖြစ်စေ ဧကန်မုချဖြစ်လိမ့်မည်ဟု ယုံကြည်သည့်အတိုင်း အလောင်းတော်မြတ်အတွက် နို့ပြုတ်ကို ချက်ပြုတ်ခဲ့ကြသည်။ ထိုစဉ် အကနိဋ္ဌဘုံမှနတ်သားနှစ်ဦးက ရတနာစီခြယ်ထားသောသလင်းခွက်ကို လာ၍ပေးကြ၏။ ထိုခွက်မှာပင် နို့ပြုတ်ကိုထည့်၍ အလောင်းတော်အားလှူဒါန်းခဲ့ကြသည်။ အလောင်းတော်သည် နေရွှန်မြစ်သို့သွား၍ ရေချိုးကာ ပျားနို့ပြုတ်ကိုဘဉ်းပေးတော်မူသည်။ ပြီးလျှင် ထိုပျားနို့ပြုတ်ထည့်သောခွက်ကို မြစ်အတွင်းမျှောလိုက်ရာ၊ နဂါးကယူထား၏။ ထို့နောက် သိကြားမင်းသည် ဂဠုန်အယောင်ဖန်ဆင်းပြီး နဂါးထံမှ ခွက်ကိုပြန်ယူကာ တာဝတိံသာနတ်ပြည်၌ စေတီတစ်ဆူတည်ပြီး ထိုစေတီအတွင်း ဌာပနာထားခဲ့သည်-ဟုဖြစ်သည်။*၃ အထက်ပါဗုဒ္ဓဝင်အကြောင်းအရာတို့ကို တိဗက်မူမှဘာသာပြန်ခဲ့သူ ရော့ဟီးက လလိတဝိတ္ထရကျမ်းလာ ဗုဒ္ဓဝင်အချက်အလက်များနှင့်တူညီကြောင်း အောက်ခြေမှတ်ချက်၌ရှင်းလင်းဖော်ပြထားပါသည်။

ဤနေရာ၌သတိချပ်ရန်မှာ နဂါးရုံဂုဘုရားရှိကျောက်ဆစ်ဗုဒ္ဓဝင်လက်ရာသည် လလိတဝိတ္ထရကျမ်းစသောမြောက်ပိုင်းဗုဒ္ဓဝင်စာပေလာအချက်အလက်သို့မလိုက်ဘဲ၊ ထေရဝါဒမူ ဗုဒ္ဓဝင်အဋ္ဌကထာအဆိုအမိန့်အတိုင်း နဂါးပြည်သို့ရွှေခွက်ရောက်ပုံကို ထုလုပ်ထားခြင်းဆိုသောအချက်ပင်ဖြစ်သည်။



---

*၁ တိဗက်လို Dgah-mo.

*၂ တိဗက်လို Dgah-stobs.

*၃ W.W. Rockhill' The Life of The Buddha. 1991. Page-30.

http://www.dhammadownload.com

http://www.dhammadownload.com

အခန်း (၁၉)

မေတ္တေယျရှင်၏ဥဇ္ဇလုံကိန်းဝပ်မည့် ငါးဆူတောတ်ပုံရွှေတိုဂုံ

ဤဘဒ္ဒကမ္ပာ၌ ရှေးဦးလက်မွန်ပွင့်တော်မူသော ကကုသန်မြတ်စွာဘုရား လက်ထက်အခါက ရန်ကုန်မြို့ကြီးတည်လျက်ရှိသောနေရာသည် သမုဒ္ဒရာ ရေမျက်နှာတွင်းမှ ကုန်းမြေအဖြစ်ထွန်းပေါ်လာခဲ့ပြီးလျှင် သိဂုံတ္တရ[*၁]ကုန်းဟူ၍ အမည်တွင်ခဲ့သည်။ ထိုသိဂုံတ္တရကုန်းတွင် ကကုသန်မြတ်စွာဘုရား၏တောင်ဝှေး တော်ကိုဌာပနာပြီး စေတီတည်ခဲ့ကြသည်။ ထိုစေတီတော်သည် ယနေ့ဖူးတွေ့ကြရ သော ရွှေတိဂုံ[*၂]စေတီတော်ကြီး၏မူလအစ ပထမစေတီတော်ဖြစ်သည်။

ထိုမှတစ်ဖန် ဤဘဒ္ဒကမ္ပာ၌ ဒုတိယမြောက်ပွင့်တော်မူသော ကောဏာဂုံဘုရား လက်ထက်တော်တွင်လည်း သိဂုံတ္တရကုန်းမြေရှိ ကကုသန်ဘုရားတောင်ဝှေးတော် ဌာပနာ၍တည်ခဲ့သောစေတီတော်မှာပင် ကောဏာဂုံဘုရားရှင်၏ဓမ္မကရိဏ်(ခေါ်) ရေစစ်တော်ကို ဌာပနာထားခဲ့ကြသည်။

ထိုမှတစ်ဖန် ဤဘဒ္ဒကမ္ပာ၌ တတိယမြောက်ပွင့်တော်မူသော ကဿပဘုရား ရှင်လက်ထက်တော်တွင် သိဂုံတ္တရကုန်းမြေရှိ ရှေးဘုရားနှစ်ဆူတို့၏ပရိဘောဂအသုံး အဆောင်တို့ကို ဌာပနာ၍တည်ထားသည့်စေတီတော်မှာပင် ကဿပဘုရားရှင်၏ ရေသနုတ်တော်ကို ဌာပနာထားခဲ့ကြပြန်ပါသည်။[*၃]

---

*၁ သိန်းများ ကုတ်ကုတ်ကပ်ကပ်နှားရသောကြောင့် သိန်း ကုတ်ကုတ်ကပ်ကပ်ကုန်း၊ သို့မဟုတ် ရွှေဘုံကြီးမကို သိန်းကုတ်ရသောကုန်း–ကာလရွှေ့လျော်၍ သိဂုံတ္တရကုန်းဟုခေါ်ဆိုသည်။ နဂါးဖိုလ်ထိပ်တင်ခွေးတ၏ ရန်ကုန်ရာဇဝင်။ ၁၉၄၈–နှစ်။ (စာမျက်နှာ–၁)။ သိဂံ + ဥတ္တရ = သိဂုံတ္တရ။ သိဂံ = ဦးချို၊ ဥတ္တရ = မြောက် အရပ်၊ မြောက်ဘက်တွင် ဦးချိုသဏ္ဌာန်ရှိသောတောင်ကုန်း– အောင်ဓင်မိုး၏ ထင်ရှားသောဆုတောင်းပြည့် ဘုရားများ။ ၂၀၀၂–နှစ်။ (စာမျက်နှာ–၄၀)။

*၂ တိဂုံ > တိဂုမ္ဗ။ တိ = သုံး + ဂုမ္ဗ = အပေါင်းအစု။ ရှေးဘုရားသုံးဆူတို့အသုံးအဆောင်များဌာပနာရာဌာန– လယ်တီပဂ္ဂိုဒီဦးမောင်ကြီး၏ စိန်ဖူးငှက်မြတ်နားတင်မော်ကွန်း။ ၁၉၂၃–နှစ်။ (စာမျက်နှာ–၂)။ သက္ကတ ဗေဟာရ တြိဂုမ္ဗ(Trigumbha)၊ ပါဠိဗေဟာရ တိဂုမ္ဗ–တို့မှ တိဂုဗ် > တိဂုံဖြစ်သည်ဟုလည်း ကြံဆကြသည်။ Pearn' History of Rangoon 1939. Page-12. တမ္ဗဂုတ္တာတောင်–ဟု အေဒီ ၁၄၅၈–နှစ်ထိုး ရွှေတိဂုံမှန်ကျောက်စာ(ကြောင်း–၂၃)၌တွေ့ရသည်။ ဦးလှဖေဝင်း(တည်း)၏ ရွှေတိဂုံမှန်ကျောက်စာ။ ၁၉၅၈–နှစ်။ (စာမျက်နှာ–၁၁၊ ၂၀)။ ထိုတမ္ဗဂုတ္တာကို မစ္စတာရှောတို့း (H.L.Shorto) က 'ကြေးသား အစောင့်' သို့မဟုတ် 'တမ္ဗမည်သောဆင်စောင့်ရာတောင်'ဟု ပြန်ဆိုသည်။ Shorto' A Dictionary of the Mon Inscriptions from the Sixth to the Sixteeth Centuries. 1971. Page-144.

*၃ ကဿာဘဒ္ဒ၊ ပဌမဝေယ်၊ စစ်ပွင့်မှန်၊ ကကုသန်မြတ်စွာ၊ ကောဏာဂမန၊ ကဿပဟု၊ တောင်းပြောင်၊ နောင်တော်သုံးပါး၊ မြတ်ဘုရားတို့၊ တည်ထားသည်ရှေး၊ တောင်ဝှေး,ရေစစ်၊ သင်္ကန်းဖြစ်ဟု၊ တံဆစ်မော်ကွန်း၊ အင်္ဂတွန်းရွှင်– ဝမိုကြီးပဒေသရာစာ၏ ရွှေတိဂုံဘုရားသမိုင်းလင်္ကာ။ ဦးသော်ဓင်၏ ရွှေဒဂုံဘုရား။ ၁၉၇၀–ပြည့်နှစ်။ (စာမျက်နှာ–၁၁၁)။ ဆရာဖူး၏ ရွှေမော်ဝေရာဝင်သမိုင်း။ ၁၉၉၄–နှစ်။ (စာမျက်နှာ–၂၃၁)။

http://www.dhammadownload.com

ထိုမှတစ်ဖန် ဤဘဒ္ဒကမ္ပာ၌ပင် စတုတ္ထမြောက်ပွင့်တော်မူသော ကျွန်ုပ်တို့အားထားကိုးကွယ်ရာ ဂေါတမ ဘုရားရှင်လက်ထက်တော်အခါ ဤသီဂုံတ္တရကုန်းမြေသည် 'သီဂုံတ္တရ၊ သတ္တာဘုမ္မိ၊ ဘူရိဒတ္တ၊ ပေါက္ခရဝတီ၊ သီဟရာဇာ၊ တမ္ဗာဂုတ္တ၊ တိဂုမ္ဗ–'ဟူ၍ အမည်(၇)မျိုးတွင်လျက်ရှိပြီးလျှင်၊ ထိုကုန်းမြေရှိစေတီတော်၌ ရှေးဘုရားသုံးဆူတို့၏အသုံးအဆောင်တို့နှင့်အတူ ဂေါတမဘုရားရှင်၏ဆံတော်ကို ဌာပနာထားခဲ့ကြသည်။*၁

သို့လျှင် ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ–ဟု ဘုရားရှင်လေးဆူတို့၏ပရိဘောဂအသုံးအဆောင်တို့နှင့် ဆံတော်စသော ဌာပနာလေးမျိုးတို့ကိန်းဝပ်စံပျော်ရာ စေတီတော်ကြီးဖြစ်သည့်အတွက် 'လေးဆူဓာတ်ပုံရွှေတိဂုံ'ဟု ဗုဒ္ဓဘာသာဝင်သူတော်စင်တို့၏နှုတ်ဖျားခွ် တွင်ကျယ်ခဲ့လေသည်။

ဘုရားလေးဆူတို့၏အသုံးအဆောင်စသည်ကို ဌာပနာထားခဲ့သော လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်ကြီးတွင် ဤဘဒ္ဒကမ္ပာ၌ ပဌမမြောက်ဖြစ်သော မေတ္တေယျဘုရားရှင်ပွင့်တော်မူလာသည့်အခါ မေတ္တေယျရှင်၏ဥဩလုံမွေရှင်တော်ကိုထပ်၍ဌာပနာထားကြပေလိမ့်မည်ဟူ၍ ညောင်ရမ်းခေတ်(အေဒီ ၁၅၉၇–၁၇၅၂)၀မ်းဘဲအင်းစံမင်း(အေဒီ ၁၆၃၃–၁၆၉၈)၏သားတော် ပြင်စည်မြင်းမူးမင်းသား မင်းရဲနရသူ အေဒီ ၁၆၈၄–ခုနှစ်၌ရေးဖွဲ့သော ရွှေတိဂုံသမိုင်းပျို့(အဝိဒ်–ဂဝ)၌ အောက်ပါအတိုင်းဖွဲ့ဆိုထားပေသည်။

နောင်ခါတုံသော်၊ မြတ်ကုန်းတော်ဝယ်၊ ညီတော်မြတ်စွာ၊ မိတေယျာ၏၊ ခြောက်ဖြာရောင်စုံ၊ ဥဩလုံစင်၊ မွေတော်ရှင်ကို၊ သည်တွင်နောက်အုပ်၊ အကျွန်ုပ်လျှင်၊ ပိုက်ထုပ်ကောင်းစွာ၊ ဌာပနာအံ့။ မကြာအကုန်၊ လျှောက်ပေတုံသည်၊ ဧစုံထွေထွေလာလာတည်း။ ။*၂

ကုန်းဘောင်ခေတ်(အေဒီ ၁၇၅၂–၁၈၈၅) ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်(အေဒီ ၁၈၁၉–၁၈၃၈)၌ ထင်ရှားခဲ့သည့် မုံရွေးဇေတဝန်ဆရာတော်ကြီး(အေဒီ ၁၇၆၆–၁၈၃၄)သည် အေဒီ ၁၈၂၃–ခုနှစ်တွင်ပြုသော စေတီယကထာအမည်ရှိ ရာဇဝင်ချုပ်တွင်လည်း မေတ္တေယျရှင်၏ဥဩလုံတော် ရွှေတိဂုံစေတီတော်၌ကိန်းဝပ်တော်မူမည့်အကြောင်းကို အောက်ပါအတိုင်းဖော်ပြထား၏။

ကကုသန်ဘုရားလက်ထက် ရွှေတောင်ဂေါ့။ ကောဏာဂုံဘုရားလက်ထက် သင်းပိုင်၊ ကဿပဘုရားလက်ထက် ရေစစ်တော်၊ ငါတို့ဂေါတမဘုရားလက်ထက် ဆံတော်၊ မိတေယျဘုရားလက်ထက် ဥဩလုံတော်တို့၏ကိန်းဝပ်တော်မူရာ သီဂုံတ္တရကုန်းထက်–ဟုဖြစ်သည်။*၃

ပါဠိဆရာကြီးဦးဝဏ္ဏ (အေဒီ ၁၈၂၅–၁၈၉၃) *၄ ဖွဲ့ဆိုသော ရွှေတိဂုံစေတီတော်ဘွဲ့တေးထပ်တွင်လည်း ဘုရားငါးဆူတို့၏ဌာပနာပစ္စည်းပါရိုက္ကြောင်းကို–

ဆန်စုန်သကလ၊ ဗျာန်ဟုန်ဗလဝ
သံ ဂုံ ပ မ ယျ ဗျာသချီတယ်
ဌာနဝတီ မော်ကွန်းတွင်လှလေး–ဟူ၍ ဖတ်ရှုရလေသည်။*၅

---

*၁ ဝိနည်းမဟာဝါပါဠိတော်၌ တပုဿ, ဘလ္လိကတို့အား ဆံတော်ရိုးမြွှင့်ကြောင်း သာမညလာသည်၊ အရေအတွက်မည်မျှဟု မပါ။ အနာဂတဝင် အဋ္ဌကထာ၌ 'ဆံတော်တစ်ဆုပ်ပေးကြောင်း'လာသည်။ အဂုတ္တရနိကာယ် ကေနိယါတ်အဋ္ဌကထာ၌ 'ဆံတော်ရွှမ်ဆူပေးကြောင်း'လာသည်။ ကိုးသဲလေးထပ်ဆရာတော်၏ စွယ်စုံကျော်ထင်ကျမ်း၊ ဒုတိယအုပ်။ ၁၉၆၁–ခုနှစ်။ (စာမျက်နှာ–၁၉၂)။


*၂ မင်းရဲနရသူ၏ ရွှေတိဂုံသမိုင်းပျို့။ ၂၀၀၃–ခုနှစ်။ (စာမျက်နှာ–၇၅)။

*၃ မုံရွေးဇေတဝန်ဆရာတော်၏ စေတီယကထာ။စာကူးစက်မှု။(စာမျက်နှာ–၄၇)။ ဦးသော်ခင်၏ ရွှေတိဂုံဘုရား။၁၉၇၀–ပြည့်နှစ်။(စာမျက်နှာ–၈၅)။

*၄ မောင်သုတ၏ စာဆိုတော်များအတ္ထုပ္ပတ္တိ။ ၁၉၆၆–ခုနှစ်။ (စာမျက်နှာ–၄၈၃)။

*၅ ဦးလွင်၏ ကဗျာသင်္ဂဟမေနူ။ ၁၉၆၆–ခုနှစ်။ (စာမျက်နှာ–၁၅၅)။ 'ဗျာန်ဟုန်ဗလဝ၊ သံ,ဂုံ,ပ,မ–ဗျာသချီတယ်'ဟု 'ယျ'မပါဘဲ ဖော်ပြထားသည်– ပုပ္ပါးဦးကျော်ရင်၏ကဗီဘာရတီကျမ်း၊ ပထမတွဲ။ ၁၉၄၁–ခုနှစ်။ (စာမျက်နှာ–၃၅၁)တွင်ကြည့်ပါ။

http://www.dhammadownload.com



ငါးဆူဓာတ်ပုံရွှေတိဂုံ
Lad,1957, Pg.253, Pl.47

http://www.dhammadownload.com

ဥဏ္ဏာလုံတော်ဟူသည်ကား မြတ်စွာဘုရားရှင်၏မျက်ခုံးတော်နှစ်ခုတို့၏အလယ်၌ပေါက်သော အမွေး (တစ်နည်း) မြတ်သော မွေးရှင်တော်ဖြစ်သည်။ ပါဠိဘာသာဖြင့် ဥဏ္ဏာလောမ –ဟုခေါ်သည်။ ဒီဃနိကာယ်၊ ပါထိကဝဂ္ဂ၊ လက္ခဏသုတ်တော်တွင် 'မြတ်စွာဘုရားရှင်သည် ရှေးရှေးသောဘဝတို့၌ မှန်သောကတိပဋိညာဉ် ရှိခဲ့၏။ စကားနှစ်ခုမရှိခဲ့၊ ချွတ်ယွင်းသောစကားကို ကြဉ်ရှောင်ခဲ့၏၊ ထိုမြတ်စွာဘုရားသည် တစ်စုံတစ်ယောက်ကိုမျှလည်း မလှည့်စားခဲ့၊ ဟုတ်မှန်သေချာသောစကားကိုသာဆိုခဲ့၏။ ထိုကောင်းမှုကြောင့် မျက်မှောင်နှစ်ဖက်တို့၏အကြားဌာန၌ နူးညံ့သောလဲဝါဂွမ်းနှင့်တူသော ဖြူစင်သောဥဏ္ဏာလုံမွေးရှင်တည်လျက်ရှိ၏'ဟု ဖော်ပြထားပါသည်။*၁

အဋ္ဌကထာဌာန်မူ 'ထိုဥဏ္ဏာလုံမွေးရှင်တော်သည် စင်ကြယ်သော သောက်ရှူးကြယ်နှင့်တူသောအဆင်းရှိသော ထောပတ်ကြည်၌နှစ်ချထားအပ်သော အကြိမ်တစ်ရာဖတ်အပ်သောဝါဂွမ်းလွှာနှင့်တူသော လက်ပံလဲ နွယ်လဲနှင့်တူသော ဥဏ္ဏာလုံမွေးရှင်တော်သည် ကိုင်၍ဆွဲငင်လျှင် လက်မောင်းထက်ဝက်ပမာဏရှိ၏။ မကိုင်ဆွဲဘဲလွှတ်ထားလျှင် လက်ယာရစ်လည်၍ အထက်သို့ အဖျားလှည့်လျက်တည်နေ၏။ ရွှေပျဉ်ချပ်၏အလယ်၌ထားအပ်သော ငွေရေပွက်ကဲ့သို့လည်းကောင်း။ ရွှေအိုးမှထွက်သော နို့ရည်အလျဉ်ကဲ့သို့လည်းကောင်း။ အရုဏ်ရောင်သည် တပ်စွဲအပ်သောကောင်းကင်အရပ်၌ သောက်ရှူးကြယ်ကဲ့သို့လည်းကောင်း လွန်စွာစိတ်ကိုစွဲဆောင်နိုင်သော အသရေဖြင့်တင့်တယ်၏'ဟု ဖွင့်ဆိုထား၏။*၂

❁ ❁ ❁ ❁ ❁

---

*၁ သစ္ဆဗ္ဗိဉ်ညော ပုရိမာသု ဇာတီသု၊ အဒ္ဒေဇ္ဇဝါစော အလိကံ ဝိဝဇ္ဇယိ။
နု သော ဝိသံဝါဒယိတာဝိ ကဿစိ၊ ဘူတေန တစ္ဆေန တထေန ဘာသယိ။
သေတာ သုသုက္ကာ မုဒုတူလသန္နိဘာ၊ ဥဏ္ဏာ သုဇာတာ ဘမုကန္တရေ အဟု– ဒီ၊ဥ၊၁၃၉။

*၂ ဥဏ္ဏာတိ ဥဏ္ဏလောမံ(ပ) သြဒါတာတိ ပရိသုဒ္ဓါ သြသဓိတာရုကာသမာနဝဏ္ဏာ။ မုဒူတိ သဗ္ဗိမဏ္ဍေ သြသာရေတ္ဝာ ဌပိတာသတဝါရပရိဘာတကပ္ပါ သဟဇလသဒိသာ။ တူလသန္နိဘာတိ သိမ္မလိတူလလတာတူလသမာနာ အယမသ သြဒါတတာယ ဥပမာ။ သာ ပနေသာကောဋိယံ ဂဟေတ္ဝာ အာကဍိယမာနာ ဥပမုဘာဟုပ္ပဏာ ဟောတိ၊ ဝိဿဇ္ဇာ ဒက္ခိဏာဝဋ္ဋဝသေန အာဝဋ္ဋိတ္ဝာ ဥဒ္ဓဂ္ဂါ ဟုတ္ဝာ သန္ဋိဌတိ။ သုဝဏ္ဏဖလကမဇ္ဈေ– ဌပိတရတနပုဗ္ဗဏ္ဍကံ ဝိယ, သုဝဏ္ဏယဒတော နိက္ခမမာနာ ဗိရတရာဝိယ, အရုဏပ္ပ– ဘာရဏ္ဍိတေ ဂဂနပ္ပဒေသေ သြသဓိတာရုကာ ဝိယ စ အတိမနောဟာရာယ သိရိယာ ဝိရောစတိ– ဒီ၊ဋ္ဌ၊၂၊၄၃၃။

http://www.dhammadownload.com

အခန်း (၂၀)

မေတ္တေယျနှင့်ခြေတော်ရာ

ပွင့်တော်မူလတ္တံ့ဖြစ်သော မေတ္တေယျရှင်တော်၏ခြေတော်ရာအကြောင်းကိုမလေ့လာမီ ပွင့်တော်မူခဲ့ပြီဖြစ်သည့် ဂေါတမမြတ်စွာဘုရားရှင်အားရည်၍ တည်ထားအပ်သော ဥဒ္ဒိဿစေတီ*၁မည်မှတ် ခြေတော်ရာမြတ်အကြောင်းကိုလေ့လာတင်ပြလိုပေသည်။

ဂေါတမဘုရားရှင်၏ခြေတော်ရာ

မြန်မာနိုင်ငံအနှံ့အပြားရှိ စေတီဘုရားကျောင်းကန်တို့တွင် ဂေါတမမြတ်စွာဘုရားရှင်၏ခြေတော်ရာကို ကျောက်သားအမျိုးမျိုး(သဲကျောက်နီ၊ သဲကျောက်ညို၊ စကျင်ကျောက်၊ ဝေဘူကျောက်၊ လရောင်းကျောက်နက်စသည်)၊ အင်တေ၊ မီးဖုတ်အုတ်ခွက်၊ ဆေးရေး၊ ရွှေဖေါ်၊ သားရိုး၊ မှန် စသောပစ္စည်းအမျိုးမျိုးတို့ဖြင့် ပြုလုပ်ပူဇော်ထားကြသည်ကို ဖူးတွေ့နိုင်ပါသည်။*၂

ပြည်ပနိုင်ငံများဖြစ်သောအိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်း၊ နီပေါ၊ ဘန်ဂလာဒက်ရှ်၊ ပါကစ္စတန်၊ မလေးဒက်၊ ကမ္ဘောဒီးယား၊ ကိုးရီးယား၊ ဂျပန်၊ တရုတ်(ယူနန်)စသော နိုင်ငံများတွင်လည်း ဂေါတမဗုဒ္ဓ၏ခြေတော်ရာကို ကျောက်သားမှစ၍ အရာဝတ္ထုပစ္စည်းအမျိုးမျိုးတို့ဖြင့် ပြုလုပ်ပူဇော်ထားကြပါသည်။

အိန္ဒိယနိုင်ငံအလယ်ပိုင်း မဒ္ဓျမဒေသ *(Madhya Pradesh)* ရေစန်ခရိုင် *(Raisen District)*၌ ဘီစီ–၃ ရာစုတွင်တည်ထားခဲ့သည့် ဆန်ချီ*(Sanchi)*ထူပါ*၃မှ တွေ့ရှိသောအထောက်အထားများအရ ဗုဒ္ဓဆင်းတုတော်ထုလုပ်ကိုးကွယ်မှုမတိုင်မီ အခါကပင် ဗုဒ္ဓ၏ခြေတော်ရာကိုပြုလုပ်ပူဇော်ခဲ့ကြကြောင်း သိရသည်။*၄ သုတေသီ

---

*၁ ဘုရားရှင်၏ကိုယ်တော်ဖြစ်မှဖြစ်သော ဓာတ်တော်တို့ကိုတည်လျှင် သရီရ(စေတီ)၊ ဘုရားရှင်၏အသုံးအဆောင်တို့ကိုတည်လျှင် ပရိဘောဂ(စေတီ)၊ ဘုရားရှင်အားရည်မှန်း၍ ပဒိမာဆင်းတုရုပ်တုခြေတော်ရာစက်လက္ခဏာတို့ကို ဥဒ္ဒိဿ(စေတီ)–ဟု စေတီ(၃)မျိုးရှိသည်။ ပါဠိ– ဥဒ္ဒိဿစေတိယ။ သရီရစေတိယ် ဥဒ္ဒိဿစေတိယ် ပရိဘောဂစေတိယန္တိ တီကာ စေတိယာနိ– မဟာ။ ၃။ ၂။ ၁၆၃။

*၂ ကိုဝင်းမောင်(တမ္ဗဝတီ)၏ ဗုဒ္ဓ၏ခြေတော်ရာများ(ဆောင်းပါး)။ တိ=နိ တတိယသုံးနှစ်ခရိုးစာစောင်။ ၁၉၈၉–ခုနှစ်။ (စာမျက်နှာ–၂၆၃)။

*၃ ဆန်ချီသာဥ္စီ *Sāñcī.* ထူပါကို *nucleus dating* အရ ဘီစီ ၃–ရာစုဌ်စောင်တည်ခဲ့သည်ဟု ခန့်မှန်းသည်။ *Debala Mitra' Buddhist Monuments. 1971. Page-96.*

*၄ *W. Zwalf(ed.)' Buddhism: Art and Faith. 1985. Page-91.* တိုက်ဒိုး၏ခြေတော်ရာ(ဆောင်းပါး)။ ဒဂုန်မဂ္ဂဇင်း၊ အတွဲ–၁၊ အမှတ်–၆။ ၁၉၈၅–ခုနှစ်။ (စာမျက်နှာ–၁၉)။

http://www.dhammadownload.com

တို့က ဗုဒ္ဓ၏ဆင်းတုတော်ထုလုပ်ကိုးကွယ်မှုဝတ္ထုလေ့ကို အေဒီ-၇၅ (အေဒီ ၁-ရာစု)သို့ရောက်မှတွေ့ရှိရကြောင်း တင်ပြထားပါသည်။*၁

ဗုဒ္ဓ၏ခြေတော်ရာကို မြန်မာစာပေ၌ 'စကြာခြေတော်၊ ရွှေစက်၊ ခြေတော်စက်၊ စက်တော်ရာ' စသည်ဖြင့် ခေါ်ဝေါ်သုံးစွဲကြသည်။*၂ ထိုသို့သုံးစွဲရာ၌ 'စက်'ဟူသောဝေါဟာရသည် ပါဠိဝေါဟာရ 'စက္က'မှဖြစ်သည်။ စက္က၏ အဓိပ္ပာယ်မှာ- 'သင်ဝုန်းစက်၊ ထိုင်ခြင်းစသောက္ကရိယာပုထ်၊ ရထားဘီး၊ စက်လက္ခဏာ၊ သမ္မတ္တိစက်လေးပါး၊ စကြာရတနာ၊ ဓမ္မစကြာ(အံ၊ ဌ၊ ၁။ဧ၃၊။)၊ အလှူ(အံ၊ ဌ၊ ၂။၂၅၄။)၊ အာဏာစက်၊ စစ်သည်၊ စမူ၊ ဗလ၊ စက်ဝန်း၊ စက်လက်နက်၊ အပေါင်းအစု(အဘိဓာနပ္ပဒီပိကာ၊ ဂရာ-၈၂)-စသည့် အနက်အမျိုးမျိုးကိုရနိုင်သော်လည်း၊*၃ ဤနေရာ၌ 'စက္က'၏အဓိပ္ပာယ်မှာ ဘုရားရှင်၏ခြေတော်ရာနှင့်သက်ဆိုင်သည်ဖြစ်၍ 'စက်လက္ခဏာ'ကိုသာ ကောက်ယူရန်ဖြစ်သည်။*၄ စက်လက္ခဏာတွင်လည်း 'စက်'သည် အကွပ်နှင့်တကွ အလယ်၌အထောက်အကန့် ပါပြီး ဘီးကဲ့သို့အဝန်းအဝိုင်းသဏ္ဌာန်ဖြစ်သည်။ ထိုသို့ အဝန်းအဝိုင်းဘီးသဏ္ဌာန်ဖြစ်နေသော 'စက္က'သည် မြတ်စွာဘုရားရှင်၏ခြေဖဝါးတော်အောက်သို့ အဘယ်နည်းဖြင့်ရောက်လာခဲ့ရသည်ကို လေ့လာရန်ဖြစ်လေသည်။

ဒီဃနိကာယ်၊ ပါထိကဝဂ္ဂ၊ လက္ခဏသုတ်ပါဠိတော်၌ မြတ်စွာဘုရားရှင်က ရဟန်းတို့အား ဘုရားရှင်တို့၏ ခြေဖဝါးတော်ဝယ် ပါဒတလစက်လက္ခဏာအမှတ်အသားတည်နေပုံအကြောင်းကို အောက်ပါအတိုင်းဟောကြား တော်မူခဲ့ပါသည်။

> ဘုရားရှင်သည် ရှေးရှေးဘဝတို့၌ လူအများ၏ချမ်းသာကိုဆောင်ခဲ့ဖူး။ ထိတ်လန့်တုန်လှုပ်ဖွယ်ဘေးမှ ပယ်ဖျောက်ပေးခဲ့သည်။ တရားနှင့်လျော်စွာ စောင့်ရှောက်မှု,ကာကွယ်မှု,လုံခြုံစေမှုကို ပေးခဲ့သည်။ လှူရာတွင် အခြံအရံနှင့်တကွ လှူခဲ့သည်။ ဤသို့ပြုအပ်သောကောင်းမှုတို့ကြောင့် လူပြည်၌ဖြစ်လာသောအခါ အောက်ခြေဖဝါးအပြင်၌ အကန့်တစ်ထောင်ရှိကုန်သောအကွပ်(နေမိ)၊ ပုံတောင်း(နာဘိ)နှင့်တကွ အခြင်းအရာအလုံးစုံနှင့်ပြည့်စုံကုန်သော စက်ဝန်းတို့ဖြစ်ပေါ်လျက် ရှိကုန်၏။ *၅ ထိုမဟာပုရိသလက္ခဏာနှင့်ပြည့်စုံသောဘုရားရှင်သည် အိမ်၌(တစ်နည်း-လူ့ဘောင်)၌ နေပါက စကြဝတေးမင်းဖြစ်၏။ အကယ်၍ လူ့ဘောင်မှရဟန်းဘောင်သို့ဝင်ရောက်သော် ပူဇော်အထူးကိုခံတော်မူထိုက်သောဘုရားဖြစ်၏-ဟုဖြစ်သည်။ ဒီ၊၃။၁၂၁။

---

*၁ ဗုဒ္ဓဆင်းတုတော်တို့ကို အေဒီ-၇၅ (အေဒီ ၁-ရာစု)သို့ရောက်မှ အိန္ဒိယနိုင်ငံ ဂန္ဓာရ၊ မထုရာ၊ အမရဝတီ စသောဒေသတို့၌ စတင်တွေ့ရသည်။ ဒေါက်တာသန်းထွန်း၏ ပျူ၊ မြန်မာ၊ မွန်နဲ့ ရခိုင်တွေရဲ့ ဗြာဟ္မဏနဲ့ ဗုဒ္ဓကိုယ်စားတော်(စာတန်း)။ သန်းထွန်းရွှေစံဆယ်ပြည့်။ ၂၀၀၃-ခုနှစ်။ (စာမျက်နှာ-၂၄)။ Page-48.

*၂ 'စကြာခြေတော်၊ ကြွခဲ့သော်တည်'-အရှင်မဟာသီလဝံသ၏ ပါရမီတော်ခန်းပျို့။ အဝိုဒ်-၂၁။ ၁၉၅၃-ခုနှစ်။ (စာမျက်နှာ-၇၃)။ 'ရွှေစက်နင်းနှိပ်၊ ရာတံဆိပ်ပြင့်'-ရွှင်မဟာရဋ္ဌသာရ၏တန်ဘားဦးတည်မင်္ဂလာဓေတီမော်ကွန်း။ အဝိုဒ်-၂(က)။ ၁၉၆၅-ခုနှစ်။ (စာမျက်နှာ-၁၀၃)။ 'ရောင်ပြိုက်ကော်ရော်၊ ရွှေစက်တော်လည်း၊ ရာပေါ်ရွှစ်ကွက်'-အရှင်ဝဇ္ဇမဏ္ဍု၏ယသော်ဓရာကန်တော့ခန်းပျို့။ မြန်မာစာညွှန့်ပေါင်းကျမ်း၊ ခုတိယတွဲ။ ၁၉၅၃-ခုနှစ်။ (စာမျက်နှာ-၅၇)။

*၃ အဘယာရာမအဘိဓာန်နိဿယသစ်။ ၁၉၅၆-ခုနှစ်။ (စာမျက်နှာ-၂၈၀)။ တောင်ပေါက်အဘိဓာန်နိဿယသစ်။ ၁၉၅၅-ခုနှစ်။ (စာမျက်နှာ-၄၃၂)။ ဦးတင်လွင်၏ မွေစက္က-ဟူသောဝေါဟာရ၏အနက်နှင့်သဘော(စာတန်း)။ JBRS. Vol.L. Part II. 1967. Page-308. ဦးဝဏ်၏ ထက္ကသိုလ်မြန်မာအဘိဓာန်၊ အဝိုဒ်း-၄။ ၁၉၆၃-ခုနှစ်။ (စာမျက်နှာ-၅၈၈)တွင် 'စက်'၏မြန်မာအနက် (၁၅)မျိုးပြထားသည်။ ဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရအဘိဓာန်။ ၁၉၆၈-ခုနှစ်။ (စာမျက်နှာ-၅၂၂)တွင် 'စက်'၏ ပါဠိသက်မြန်မာဝေါဟာရအနက် (၁၈)မျိုးပြထားသည်။

*၄ ပါဒတလေသု စက္ကာနိ စာတာနီ'တိ ထွေ လက္ခဏေန။ ကုစာပိ လက္ခဏစက္ကေ ဒဋ္ဌဗ္ဗော- ဒီ၂။၁၄။ ဒီ၊၃။၁၁၈။ မ၂။၃၃၆။ ဗုဒ္ဓဝံသ၊၅။၅၃။ အဒ္ဓသာ ဓေါ ဒေါဇောဇြာဟ္မဏော ဘဂဝတော ပါဒေသု စက္ကာနိ သဟာသရာနိ'တိ ဧတ္ထ လက္ခဏစက္ကေ- အံ၊၆။၁။၉၄။

*၅ ဒီဃနိကာယ်၊ မဟာဝဂ္ဂပါဠိတော် မဟာပဒါနသုတ်တော် ဒီ၂။၁၄ တွင် 'ဟေဋ္ဌာ ပါဒတလေသု စက္ကာနိ စာတာနိ သဟာသရာနိ သဒေမိကာနိ သနာဘိကာနိ သဿာကာရပရိပူရာနိ'- ဟုဖော်ပြထားသည်။ ယင်းအဖွင့်အဋ္ဌကထာကိုလည်းကြည့်ပါ။ ဒီ၆။၂။၃၇။

http://www.dhammadownload.com

ထိုပါဒတလစက်လက္ခဏာကို ဘုရားရှင်တို့ခြေင်း၏ကောင်းမှုနှင့်စပ်၍ ကြည့်ကန်ရှင်ကြီးက စွယ်စုံကျော်ထင် သတ်ပုံကျမ်းကြီးတွင် 'အမေး-၅၉၅။ တစ်ရာ့ကွက်မှန်၊ ရွှေစက်မွန်၊ ရ,ဟန်ဘယ်ကောင်းမှုကြောင့်နည်း'-ဟူသော အမေးပုစ္ဆာတစ်ရပ် သံပေါက်ရေးစပ်ခဲ့ပါသည်။*၁

စက်လက္ခဏာတော်-ဟူသည်

ဒီဃနိကာယ်၊ ပါထိကဝဂ္ဂ၊ လက္ခဏာသုတ်ပါဠိတော်အရ ဗုဒ္ဓ၏ခြေဖဝါးတော်ပြင်တွင် တစ်ထောင်သော အကန့်နှင့်အကွပ်၊ ပုံတောင်း(ချက်မ)နှင့်တကွ ပါဒတလစက္ကလက္ခဏာတော်ခေါ် ဘီးဝန်းသဏ္ဌာန်စက်လက္ခဏာတော် တည်ရှိကြောင်းနှင့် ထိုစက်လက္ခဏာမှတစ်ပါး အခြားမည်သည့်လက္ခဏာမှမရှိကြောင်း သိရသည်။

ဒီဃနိကာယ် ပါထိကဝဂ္ဂပါဠိတော်၌ဖော်ပြထားသော ထိုစက်လက္ခဏာတော်ကို ဆိုင်ရာအဋ္ဌကထာနှင့် ဋီကာတို့တွင် 'ချက်(ပုံတောင်း)သည် အလယ်၌တည်ရှိ၍၊ ထိုချက်(ပုံတောင်း)ကိုဝိုင်းရံလျက် ဝန်းဝိုင်းသော အရေးအကြောင်းများရှိကြောင်း၊ အကန့်နှင့်စက်ဝိုင်းသဏ္ဌာန်အရေးအသားများပါရှိကြောင်း၊ အကွပ်(အနားရေးနခမ်းသတ်)တွင် ရွဲလုံးများသဖွယ်အရေးအကြောင်းများပါရှိကြောင်း'စသည်ဖြင့် အကျယ်ဖွင့်ဆိုဖော်ပြထားကြပါသည်။ ဒီ၊ဋ္ဌ။၃၊၁၀၅။ ဒီ၊ဋီ၊၂။၃၆။

ထိုပါဒတလစက္ကလက္ခဏာနှင့်စပ်၍ အရှင်ဗုဒ္ဓရက္ခိတ၏ဖိနာလင်္ကာရဋီကာကျမ်း၌ 'အကွပ်ဖြစ်သော စက်ဝိုင်းသည် ရွှေအဆင်းရှိ၏။ ချက်(ပုံတောင်း)သည် ကွန္ဒနီလာမြအဆင်းရှိ၏။ ထိုအချက်၏အလယ်အပေါက်၌ လည်းကောင်း၊ ချက်၏အဆုံးပတ်ပတ်လည်၌လည်းကောင်း၊ ချက်၏မျက်နှာဝ၌လည်းကောင်း ဝန်းဝိုင်းသော အရေးအသားများပါရှိသည်'ဟူ၍ ဖွင့်ဆိုထားပါသည်။*၂

မောင်းထောင်သာသနာပိုင်အရှင်ဉာဏာဘိဝံသ (အေဒီ ၁၇၅၃-၁၈၃၂)၏ အမေးတော်ဖြေကျမ်း (အေဒီ ၁၇၈၃-ခုနှစ်)တွင် စက်လက္ခဏာအကြောင်းကို အသေးစိတ်ဖော်ပြထားသည်မှာ-

> စက်တော်ရာတွင် စက်လက္ခဏာပုံတောင်း အကန့်အကွက်အဆင်းသဏ္ဌာန်အနေအထားကား ခြေတော်ကိုလေးဖို့ပြု၍ သုံးဖို့မြောက် ဖမျက်တော်အောက်တွင် စက်တော်တည်သည်၊ ယင်းစက်တော်အလယ်တွင် ပုံတောင်းကား ကွန္ဒနီလာမြအဆင်းရှိသည်။ ပုံတောင်းအပေါက်သဏ္ဌာန် အလယ်အကွက်ကား ငွေအဆင်းရှိသည်။ ပုံတောင်းအတွင်းအပြင် ပုံတောင်းထိပ်တွင် ရွှေအဆင်းရှိသော ရွဲကြိုးရှိသည်။ အကန့်တစ်ထောင်ကား သန္ဓာအဆင်းတွင် ရတနာခုနစ်ပါးဖြင့် ခြယ်လှယ်သည်။ တစ်ကန့်နှင့်တစ်ကန့်အကြားတွင် ရတနာခုနစ်ပါးအဆင်းရှိသော ရွဲကြိုးခြားသည်။ အကွပ်ကား ရွှေကြဲဆစ်ခြယ်လှယ်သော သန္ဓာအဆင်းရှိသည်။ အကန့်ဆယ်ခုဆယ်ခုအကြားတွင် လက်ဝဲ,လက်ယာပန်းဆိုင်းဆွဲလျက် သန္ဓာရိုးတပ်သောထီးဖြူရှိသည်။ အကွပ်၏အနား ပုံတောင်း၏အနားတွင် ခြသေ့ခံတွင်းပုံသဏ္ဌာန်,ပုလဲသွယ်သဏ္ဌာန်စဉ်လျက်ရှိသည်-ဟုဖြစ်သည်။*၃

---

*၁ စွယ်စုံကျော်ထင်ကျမ်း၊ ဒုတိယတွဲ။ ၁၉၆၁-ခုနှစ်။ (စာမျက်နှာ-၅၀)။

*၂ ကေကသွိ သဟသမတ္တာ အရာ ယုတ္တာဟောန္တိ ။ နေမိဝလယံ သုဝဏ္ဏဝဏ္ဏံ။ နာဘိ ကွန္ဒနီလမဏိဝဏ္ဏာ။ တသွိ မဇ္ဈေ ဇ နာဘိမုခေစ ဝဋ္ဋလေခါ- ဖိနာလင်္ကာရဋီကာယဉ္စိ။ ၁၉၄၀-ပြည့်နှစ်။ (စာမျက်နှာ-၁၈၉)။

*၃ အမေးတော်ဖြေကျမ်း။ ၁၉၆၂-ခုနှစ်။ (စာမျက်နှာ-၄၅၆)။ အမေးတော်ဖြေကျမ်း၌လာသည့်အတိုင်း ဦးဖြိုင့်၏ကဝိလက္ခဏဒီပနီကျမ်း၌လည်း ဖော်ပြထားသည်။ ကဝိလက္ခဏဒီပနီသုံးစောင်တွဲ။ ၁၉၆၁-ခုနှစ်။ (စာမျက်နှာ-၄၀၃)။

http://www.dhammadownload.com

အိန္ဒိယနှင့် ပါကစ္စတန်စသောနိုင်ငံများရှိ ၂-ရာစုဘီစီနှင့် အေဒီ ၂-ရာစုအကြား ဗုဒ္ဓဝင်ကျောက်ဆစ်လက်ရာတို့၌ လက္ခဏာသုတ်ပါဠိတော်တွင်ပါရှိသည့်အတိုင်း မြတ်စွာဘုရားရှင်၏ခြေဖဝါးတော်ဝယ် အကွပ်အကန့်နှင့်တကွ ဘီးပုံ(စက်လက္ခဏာပုံ)ကိုသာဖော်ပြထားသည်။ ပမာပြရလျှင်-

၁။ အိန္ဒိယနိုင်ငံအလယ်ပိုင်း မရျမဒေသ *(Madhya Pradesh)* ဆတ္နခရိုင် *(Satna District)*တွင် သုဂ်မင်းဆက်(၁၈၃-၇၃ ဘီစီ)တွင်တည်ခဲ့သော ဘရ်ဟုတ်စေတီမှာ ဗုဒ္ဓအား နတ်ဗြဟ္မာအစရှိသော ပရိသတ်လေးပါးတို့လာရောက်ပူဇော်သက္ကာရပြုပုံ ကျောက်ဆစ်လက်ရာတစ်ခုရှိပြီး ထိုတွင် ဗုဒ္ဓကိုယ်တော်စား ခြေတော်ရာပုံကို သရုပ်ဖော်ထားသည်။ ထိုခြေတော်ရာပုံတွင်လည်း စက္ကလက္ခဏာတစ်ခုတည်းကိုသာဖော်ပြထားသည်။*၁

၂။ ထိုတရ်ဟုတ်စေတီမှာပင် မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားဟောကြားပြီး သင်္ကဿနဂိုရ်ပြည်သို့ပြန်ကြွတော်မူခန်းကို သရုပ်ဖော်ထားသော ကျောက်ဆစ်လက်ရာတစ်ခုတွင် ဗုဒ္ဓကိုယ်တော်စား ခြေတော်ရာကိုဖော်ပြထားပြီး ထိုခြေတော်ရာပုံတွင်လည်း စက္ကလက္ခဏာအမှတ်အသားတစ်ခုကိုသာ တွေ့ရပြန်ပါသည်။*၂

၃။ အိန္ဒိယနိုင်ငံတောင်ပိုင်း အန္ဓြပြဒေရှ *(Andhra Pradesh)* ဂုန်တုရ်ခရိုင် *(Guntur District)* ကရိသ္ဏာ*(Krishana)*မြစ်ကမ်းရှိ အမရဝတီရှေးပြို့ဟောင်းကြီးမှရရှိသော အေဒီ ၂-ရာစုလက်ရာ ကျောက်ပြု သားဖြင့်ထုလုပ်ထားသည့် ဗုဒ္ဓဝင်ကျောက်ဆစ်လက်ရာတွင် သုဇာတာ၏နို့ဆွမ်းကိုတဉ်းပေးပြီး နေရာရောမြစ်အတွင်း ဘုရားရှင်ကြွတော်မူရာ၌ ဘုရားရှင်၏ကိုယ်တော်စားခြေတော်ရာတို့ကိုဖော်ပြထားပေသည်။ ထိုခြေတော်ရာ ၈ပွင့် စက္ကလက္ခဏာခေါ် အကွပ်အကန့်နှင့်တကွဘီးပုံသဏ္ဌာန်ကိုသာ တွေ့ရသည်။*၃

၄။ အမရဝတီပြို့ဟောင်းမှပင် ထပ်မံတွေ့ရှိရသော ရာဟုလာအမွေတော်ခန်းဗုဒ္ဓဝင်ကျောက်ဆစ်လက်ရာ၌ ဘုရားရှင်ကိုယ်တော်စားခြေတော်ရာပုံကို သရုပ်ဖော်ပြထားပြီး ထိုခြေတော်ရာတွင်လည်း စက္ကလက္ခဏာအမှတ်အသားကိုသာ ထုထွင်းထားလေသည်။*၄

၅။ ပါကစ္စတန်နိုင်ငံ၊ ဆွတ်*(Swat)*နှင့် သိရိလင်္ကာနိုင်ငံ၊ ကိရိန္ဒေ*(Kirinde)*တို့၌တွေ့ရသော ခြေတော်ရာတို့တွင်လည်း အထက်တွင်ဖော်ပြခဲ့သော ဘရ်ဟုတ်၊ အမရဝတီခြေတော်ရာတို့ကဲ့သို့ပင် အခြားမည်သည့် အမှတ်အသားကိုမျှဖော်ပြမထားဘဲ စက္ကလက္ခဏာတစ်ခုကိုသာဖော်ပြထားသည်။*၅

စက်လက္ခဏာနှင့်အခြားရံ

ဗုဒ္ဓ၏ခြေဖဝါးတော်၌ ဘီးပုံသဏ္ဌာန်စက်လက္ခဏာတစ်မျိုးတည်းပါရှိကြောင်းကို လက္ခဏသုတ်နှင့် မဟာပဒါနသုတ်ပါဠိတော်တို့တွင် ဗုဒ္ဓကိုယ်တော်တိုင်မိန့်ဆိုခဲ့သော်လည်း ဗုဒ္ဓအားဖွားမြင်တော်မူသည့်အခါမှစ၍

---

*၁ *The Image of The Buddha. 1978. Page-30. Pl. 8.* ထိုကျောက်ဆစ်လက်ရာသည် ယခုအခါ ကာလကတ္တားပြို့၊ အိန္ဒိယပြတိုက် *(Indian Museum, Calcutta)* ၌ရှိသည်။

*၂ *The Image of The Buddha. 1978. Page-30. Pl. 9.* ထိုကျောက်ဆစ်လက်ရာသည် ယခုအခါ ကာလကတ္တားပြို့၊ အိန္ဒိယပြတိုက် *(Indian Museum, Calcutta)* ၌ရှိသည်။

*၃ *The Image of The Buddha. 1978. Page-29. Pl. 7.* ထိုကျောက်ဆစ်လက်ရာသည် ယခုအခါ လန်ဒန်ပြို့၊ ဗြိတိသျှပြတိုက် *(British Museum, London)* ၌ရှိသည်။

*၄ *The Image of The Buddha. 1978. Page-38. Pl. 19.* ထိုကျောက်ဆစ်လက်ရာသည် ယခုအခါ အမရဝတီပြို့ ရှေးဟောင်းသုတေသနပြတိုက်၌ရှိသည်။

*၅ *Dr. W.C.Sailer' The Buddha Footprints Collection. 1992.*

http://www.dhammadownload.com

အရွယ်ရောက်သည့်တိုင် ယုယပိုက်ထွေးကျွေးမွေးပြုစုခဲ့ရသော မိထွေးတော်ဂေါတမီက ဗုဒ္ဓ၏ခြေဖဝါးတော်ပြင်တွင် စက်လက္ခဏာကိုသာမက အကုံသ (ချွန်းတောင်း)*၁ နှင့် ဓဇ (အလံ–တံခွန်)*၂ တို့ ရောပြွမ်းပါရှိနေကြောင်း ထုတ်ဖော်လျှောက်ထားခဲ့သည်ကို အပဒါန်ပါဠိတော်၌တွေ့ရသည်။*၃

တစ်ဖန် ဘုရားရှင်၏တပည့်သာဝကတို့တွင် ထင်ရှားလှစွာသော ပထမအဂ္ဂသာဝက ဒကို့ဏာလက်ျာတော်ရဲ့ တစ်ဆယ့်ခြောက်တန်သောပညာသခင် ဓမ္မသေနာပတိ အရှင်သာရိပုတြာမထေရ်ကြီးကလည်း ဗုဒ္ဓဝံသပါဠိတော်၊ ရတနစင်္ကမနကဏ္ဍ၌ 'ရှင်တော်မြတ်ဘုရား၏ခြေဖဝါးတို့၌ ဓဇ (အလံ–တံခွန်)၊ ဝဇိရ (ဝရဖိန်စက်လက်နက်)၊ ပဒုမာက (တံခွန်လုံး–လျား)၊ ဝမုမာန (ထမင်းပွဲ)၊ အင်္ကုသ (ချွန်းတောင်း)တို့ လှည့်လည်ရံပတ်ထားအပ်သော စက်လက္ခဏာသည် အလွန်တင့်တယ်တော်မူကြောင်း'*၄ လျှောက်ထားခဲ့ပါသဖြင့်၊ ဗုဒ္ဓ၏ခြေဖဝါးပြင်တွင် စက်လက္ခဏာကိုခြုံရံ၍ အခြားသောလက္ခဏာအမှတ်အသားတို့လည်းပါရှိနေကြောင်း သိရှိရပြန်ပါသည်။

အထက်ပါအထောက်အထားများအရ ဗုဒ္ဓ၏ခြေဖဝါးတော်ပြင်၌ စက်လက္ခဏာတော်ကိုခြုံရံအပ်သော စက္ကလက္ခဏပရိဝါရအမှတ်အသားများမှာ အပဒါန်ပါဠိတော်၌ (၁) အင်္ကုသ(ချွန်းတောင်း)နှင့် (၂) ဓဇ (တံခွန်လုံး)၊ ဗုဒ္ဓဝံသပါဠိတော်၌ (၁) ဓဇ(တံခွန်လုံး)၊ (၂) ဝဇိရ(စက်လက်နက်)၊ (၃) ပဒုမာက(တံခွန်လျား)၊ (၄) ဝမုမာန(ထမင်းပွဲ)၊ (၅) အင်္ကုသ(ချွန်းတောင်း)ဟူ၍၊ ပါဠိတော်ခေတ်၌ စက်လက္ခဏာ၏အခြုံအရံငါးမျိုးခန့်ကိုတွေ့ရသည်။ ထိုအမှတ်လက္ခဏာတို့သည် အဋ္ဌမင်္ဂလလက္ခဏာ(မင်္ဂလာအမှတ်အသားရှစ်မျိုး)တွင် ပါဝင်နေပါသဖြင့်၊ အဋ္ဌမင်္ဂလလက္ခဏာအမှတ်အသားအကြောင်းကို ဤနေရာ၌တင်ပြလိုပေသည်။

အဋ္ဌမင်္ဂလလက္ခဏာအမှတ်အသား

အဋ္ဌမင်္ဂလလက္ခဏာဟူသည် 'မင်္ဂလာရှိသောလက္ခဏာအမှတ်အသားရှစ်မျိုး'ကိုဆိုလိုပြီး၊ ဤမင်္ဂလာအမှတ်အသားတို့သည် အခါကာလ, တိုင်းနိုင်ငံ, ဘာသာတရားနှင့်လူမျိုးတို့၏ရိုးရာဓလေ့, ယဉ်ကျေးမှုအစဉ်အလာအားလျော်စွာ နိမိတ်ကောင်းသည်၊ ကျက်သရေတိုးသည်၊ ကောင်းကျိုးပေးတတ်သည်၊ မင်္ဂလာရှိသည်ဟု သမုတ်ထားသော အမှတ်အသားများဖြစ်သည်။*၅ အဋ္ဌမင်္ဂလလက္ခဏာသည် လောကီဆိုင်ရာမင်္ဂလာအမှတ်အသားများဖြစ်သည်။

ပညာရှင်တို့၏လေ့လာချက်အရ အဋ္ဌမင်္ဂလလက္ခဏာအမှတ်အသားကို ဗုဒ္ဓဘာသာဝင်တို့သည် ၃–ရာစုဘီစီကာလကပင် အသုံးပြုခဲ့ကြောင်း သိရသည်။ သိရိလင်္ကာနိုင်ငံတွင် ထိုအဋ္ဌမင်္ဂလအမှတ်အသားတို့ကို

---

*၁ ချွန်းတောင်း=ဆင်ကိုထိုးဖြိတ်ရပြီး၊ ထိပ်တွင်သံချွန်တပ်ထားသည်။ သံချွန်အစုံးတွင် သံချိတ်တပ်ထားသည်။ လက်ကိုင်သောနေရာတွင် အရိုးကောက်သည်။ ဦးဝဏ်၏တက္ကသိုလ်မြန်မာအဘိဓာန်၊ အပိုင်း–၂။ ၁၉၇၆–စုစု၏။ (စာမျက်နှာ–၃၃၂)။

*၂ အရှေ့က 'ပဒုမာက'ကို တံခွန်လုံး, တံခွန်ပြား (တနည်း) တံခွန်လျားဟုအနက်ပေးသည်။ အရှေ့က ကုက္ကား–ဟုလည်းပေးသည်။ ပါဠိတော်၌ စေနှင့်ပဒုမာကကိုတွဲ၍ နေရာများစွာ၌သုံးစွဲသည်။ ဓ၊ပဒုမာ် ဥက္ခိပိတ္တာ– ဝိမတိ၂။၁၀၉။ ဒီ၁၃၆ဖြ။ မ၂။၄၄၂။ အံ၁၃။၂၉။

*၃ စက္ကကုံသဓောကိဏ္ဏော၊ ပါဒေ ကမလကောမလေ။
ပသာရေတိ ပဏာမံ တေ၊ ကရီသံ ပုတ္တဥတ္တမေ– ခု၂။၂၁၀။

*၄ ယဒာ တုယှံ မဟာဝီရ၊ ပါဒေသု စက္ကလက္ခဏံ။
ဓဝေဓီရပဒုမာကာ၊ ဝမုမာနကုံသာဓိတံ– ခု၂။၃၀၂။ ဓနှင့်ပဒုမာကကို ခွဲ၍ပြထားသည်။ ဓ= the flag, ပဒုမာ= the banner- I.B. Horner' Chronicle of Buddha. 1975. Page-5.

*၅ တိဝိဒုက ပါဠိမြန်မာအဘိဓာန်၊ အတွဲ–၁။ ၁၉၆၄–စုနှစ်။ (စာမျက်နှာ–၃၂၃)။

http://www.dhammadownload.com

မဟာဝိဟာရဝါသီ*၁ ထေရဝါဒအရှင်မြတ်များက ရှေးဦးအသုံးပြုခဲ့ကြပြီး၊ မဟာယာနအနွယ် အဘယဂိရိ*၂ နှင့် ဓမ္မရုစိ*၃ ဂိုဏ်းသားတို့ကလည်းကောင်း၊ အဒီ ၄-ရာစုတွင် မဟာယာနဂိုဏ်းဝင် ဇေတဝနဝိဟာရ*၄ ဂိုဏ်းကလည်းကောင်း၊ အဒီ ၅-ရာစုတွင် မဟာယာနဂိုဏ်းသားတို့ကလည်းကောင်း အဋ္ဌမဂ်လအမှတ်အသား တို့ကိုအသုံးပြုခဲ့ကြသည်။*၅

သို့ဖြစ်၍ အဋ္ဌမဂ်လလက္ခဏာအမှတ်အသားတွင် (က) ထေရဝါဒဗုဒ္ဓဘာသာဝင်တို့သုံးစွဲသော အဋ္ဌမဂ်လ အမှတ်အသား၊ (ခ) မဟာယာနဗုဒ္ဓဘာသာဝင်တို့သုံးစွဲသောအဋ္ဌမဂ်လာအမှတ်အသား၊ (ဂ) ဂျိန်းဘာသာဝင်တို့ သုံးစွဲသော အဋ္ဌမဂ်လအမှတ်အသားနှင့် (ဃ) သက္ကတစာပေ၌လာသောအဋ္ဌမဂ်လ(အမှုမဂ်လ)အမှတ်အသား–

စဉ်	ထေရဝါဒအဋ္ဌမဂ်လ*၆	မဟာယာနအဋ္ဌမဂ်လ*၇	ဂျိန်းအဋ္ဌမဂ်လ*၈	သက္ကတမူအဋ္ဌမဂ်လာ*၉	
				(က) မူ	(ခ) မူ
၁။	သမံ (=ဧရာသင်း)	သက် (=သမံ)	ဒရိပဏ (=ကြေးမုံ)	မိဂရာဇာ (=ခြင်္သေ့)	ဖြာဟ္မဏ (=ပုဏ္ဏား)
၂။	စက္က (=စက်ဝန်း၊ဘီး)	မတ္တ္ဂ (=ဆွဲ=ငါး)	မတ္တ္ဂ (=ဆွဲ)	ဝသဘ (=နွားလား)	ဂေါ (=နွား)
၃။	ပုဏ္ဏဃဋ (=ကြာသွတ်အိုး)	ပုဏ်ကကုဋ္ဌ (=ပုဏ္ဏကုဋ္ဌ)	ကလဂ (=ရေပြည့်အိုး)	နာဂ (=ဆင်)	ဟုတာသန (=ခီး)
၄။	ဂဇာယုဓ (=ဆင်မျက်ကွင်း)	ဘဒ္ဒပီဋ္ဌ (=ရာဇပလ္လင်)	ဘဒ္ဒါသန (=ရာဇပလ္လင်)	ကလသ (=ရေပြည့်အိုး)	ဟိရည (=ရွှေ)
၅။	သိရိဝစ္ဆ (=အမွှန်ရုလစ်)	ဂြိဝတ္ထ (=သိရိဝစ္ဆ)	ဂိရိဝတ္ထ (=သိရိဝစ္ဆ)	ဝီနဲ (=ယဉ်)	သင္ခိ (=ထောပတ်)
၆။	အကုံသ (=ခဲ့ချိန်းတောင်း)	အကုံသ (=အကုံသ)	နန္ဒာဝရ်တာ (=ဧလဉ်ပန်း)	ဝေဇယန္တီ(=အလံ၊ တံခွန်)	အာဒီစ္စ (=ဧရဲ)
၇။	ဓ (=တံခွန်)	စာမရ (=စာမရိသားပြီးယဉ်)	ဝရ်ဒ္ဓမာနက (=ဂျိန်းဘုရား)	ဘေရီ (=ညည်)	အာပ (=ရေ)
၈။	သောဝတ္ထိက (=လည်ရေး)	သွဿ်ိက (=သောဝတ္ထိက)	သွဿ်ိက (=သောဝတ္ထိက)	ဒီပ (=ဆီမီး)	ရာဇာ (=ရွှင်ဘုရင်)

*၁ မဟာဝိဟာရဝါသီ ဆိုသည်မှာ သီရိလင်္ကာသို့ ဒေဝါနံပိယတိဿမင်း(၃၀၇–၂၆၇ ဘီစီ)လက်ထက်တွင် အရှင်မဟိန္ဒ ရှေးဦးသာသနာပြုရောက်စဉ်က သိတင်းသုံးခဲ့သော မဟာမေးဉယျာဉ်ကြီးအတွင်း တိဿမဟာဝိဟာရကျောင်းကြီးကိုတည်ထောင်၍ သိတင်းသုံးနေခဲ့ကြသော ထေရဝါဒသံဃာ အစုအဝေး(တစ်နည်း)ဓိကာယကိုဆိုလိုသည်။ W. Rahula' History of Buddhism in Ceylon. 1956. Page-303; Dr. Malalasekera(ed.)' Encyclopaedia of Buddhism. Vol.VI. Fascicle 4. 2002. Page-508; DPPN-II. 557;

*၂ အဘယဂိရိ ဆိုသည်မှာ သီရိလင်္ကာတွင် ဝဋ္ဋဂါမဏိအဘယမင်း(၁၀၃–၈၉/၇၇ ဘီစီ)လက်ထက်၌ တည်ထောင်ခဲ့သော ကျောင်းတော်ကြီး ဖြစ်သည်။ ဤအဘယဂိရိဝိဟာရကျောင်းသည် ထေရဝါဒသံဃာတို့၏ မဟာဝိဟာရကျောင်းနှင့်စင်ပြိုင်ဖြစ်သည်။ Dr. Malalasekera(ed.)' Encyclopaedia of Buddhism. 1957. Page-1; DPPN-I. 130.

*၃ ဓမ္မရုစိ–ဆိုသည်မှာ အဘယဂိရိဂိုဏ်းမှ အရှင်ဥသိလိယတိဿဦးဆောင်၍ ခွဲထွက်လာသောဂိုဏ်းဖြစ်သည်။ မူလဂိုဏ်းတည်သူ အရှင်မဟာ တိဿက မိဓိဂိုယ်ကို ဓမ္မရုစိဟုဘွဲ့မည်စံယူလိုက်သဖြင့် ဂိုဏ်းအမည်သည်လည်း ဓမ္မရုစိဂိုဏ်းဖြစ်လာရသည်။ DPPN-I. 1147[1].

*၄ ဇေတဝနဂိုဏ်းသည် သီရိလင်္ကာ အနုရာဓပုရမြို့ ဒက္ခိဏာရုံကျောင်းဓေ အရှင်တိဿမဇ္ဈေရိအား မဟာသေနမင်း(အဒီ ၂၇၆–၃၀၃)က ဓောတိဝန(ဓနုန)ဥယျာဉ်အတွင်း တည်ဆောက်လှူဒါန်းခဲ့သောကျောင်းတိုက်ကြီး၌ ခွဲ့ဧည်းထားသည့်ဂိုဏ်းဖြစ်သည်။ ဤဇေတဝနဂိုဏ်းသံဃာများ သည် မဟာဝိဟာရ၏ ထေရဝါဒသံဃာတို့နှင့် စင်ပြိုင်ဖြစ်သည်။ DPPN-I. 966[2]; Geiger(Tr.)' Mahāvaṃsa. 1950. Page-269[1]; Dr. Malalasekera(ed.)' Encyclopaedia of Buddhism. Vol.VI. Fascicle 1. 1996. Page-46.

*၅ Dr. Malalasekera(ed.)' Encyclopaedia of Buddhism. Vol.VI. Fascicle 4. 2002. Page-604.

*၆ တိပိဋက ပါဠိ–မြန်မာအဘိဓာန်၊ အတွဲ–၁။ ၁၉၆၄–စုဒ္ဓ၆။ (စာမျက်နှာ–၃၂၃)။ အဋ္ဌဂေါလာဓိ နာဓ သဓေါ, စက္ကံ, ပုဏ္ဏကုဇ္ဈော, ဂဃာ, သိရိဝစ္ဆော, အကုံသော, ဓဇ၊ သောဝတ္ထိကန္တိ ဝဒန္တိ– သာရတ္ထ၊ ၂။ ၁၂၁။ ဓိမတိ၊ ၁။ ၁၆၈။ Dr. Malalasekera(ed.)' Encyclopaedia of Buddhism. Vol.VI. Fascicle 4. 2002. Page-604. ၌ 'ပုဏ္ဏကဇ္ဈ'အစား 'ပုဏ္ဏဃဋ'ဟုရှိသည်။

*၇ Dr. Malalasekera(ed.)' Encyclopaedia of Buddhism. Vol.VI. Fascicle 4. 2002. Page-605.


*၈ Umakant Premanand Shah' Studies in Jaina Art. 1955. Page-109.

*၉ တာရာနာထ တရ်ကဝါစသွတိ၏ ပါစပ္ပတိအဘိဓာန်။ တိပိဋကပါဠိဖြန်မာအဘိဓာန်၊ အတွဲ–၁။ ၁၉၆၄–စုဒ္ဓ၆။ (စာမျက်နှာ–၃၂၃)။


http://www.dhammadownload.com


ဗုဒ္ဓကိုယ်စားခြေတော်ရာကိုဝတ်ပြုနေကြပုံ






ဗုဒ္ဓကိုယ်စားခြေတော်ရာကိုဝတ်ပြုနေကြပုံ
Lad, 1957, Pg.130, Pl.40.





Snellgrove, 1978, Pl. 8, 9, 19.



စက္ကလက္ခဏာအမှတ်အသားပါဗုဒ္ဓခြေတော်ရာ
Frederic, 1959, Pg.53, Pl.40.

http://www.dhammadownload.com

ဟူ၍ အဋ္ဌမင်္ဂလအမှတ်အသားလေးအုပ်စုရှိရာ၊ ထိုအဋ္ဌမင်္ဂလအမှတ်အသားတို့ကို တစ်ဖက်ပါဖယားအတိုင်း ခွဲခြားလေ့လာနိုင်ပေသည်။

ဖော်ပြပါအဋ္ဌမင်္ဂလအမှတ်အသားရှစ်ပါးသည် ဘီးပုံသဏ္ဌာန်ရှိသောစက်လက္ခဏာတော်ကိုခြုံရုံနေပုံကို တင်ပြရလျှင်–

၁။ အိန္ဒိယနိုင်ငံ၊ အမရဝတီမှ အေဒီ ၂–ရာစုလက်ရာဗုဒ္ဓခြေတော်ရာတစ်ဆူတွင် စက္ကလက္ခဏာကိုခြုံရုံလျက် သောဝတ္ထိက၊ ဝဖြ(ဝရဖိန်)၊ ဘဒ္ဒပီဋ္ဌနှင့် နန္ဒိယာဝဋ္ဋဟူသော အဋ္ဌမင်္ဂလလက္ခဏာ(၄)မျိုးကိုတွေ့ရသည်။

၂။ သီရိလင်္ကာနိုင်ငံ၊ အနုရာဓပုရမြို့၊ ကိုလံဘိုပြတိုက်ရှိ ဗုဒ္ဓခြေတော်ရာတစ်ဆူတွင် ဝဖြ(ဝရဖိန်)၊ စက္က၊ သိရိဝစ္ဆ၊ ဘဒ္ဒပီဋ္ဌ၊ သခ်၊ တာလဝဋ္ဋ၊ ဓဇ၊ ပဌာက၊ အင်္ကုသ၊ ပဏ္ဍယဋ္ဌ၊ မစ္ဆယုဂဋ္ဌနှင့် သောဝတ္ထိကဟူ၍ အဋ္ဌမင်္ဂလ လက္ခဏာရှစ်ပါးမက အခြားလက္ခဏာတို့ပါ ခြုံရုံတည်ရှိနေပါသည်။[*၁]

၃။ သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုပြတိုက်ရှိ မုလတစ်ခရိုင်(Mulative District)၊ ကောန္ဒရီးလ်ကေန်နီ(Kondarīl Kenny)၊ မလယဒေသမှရသောခြေတော်ရာတစ်ဆူတွင်မူ စက္ကလက္ခဏာအမှတ်အသားကို သီရိဝစ္ဆ၊ ဘဒ္ဒပီဋ္ဌ၊ ဒက္ခိဏာဝေတာသခ်၊ စာမရ၊ ဓဇပဌာက၊ အင်္ကုသ၊ ပဏ္ဍယဋ္ဌနှင့် ဒွေမစ္ဆဟူသော အဋ္ဌမင်္ဂလ(၈)ပါးဝန်းရံထားသည်ကို တွေ့ရသည်။[*၂]

စဉ်	ကိုလံဘိုပြတိုက်ရှိခြေတော်ရာမှ လက္ခဏာအမှတ်အသားများ	ထေရဝါဒ	မဟာယာန	ဂျိန်း	သက္ကတစာပေ	
၁။	သီရိဝစ္ဆ	√	√	√	-	
၂။	ဘဒ္ဒပီဋ္ဌ	-	√	√	-	
၃။	သခ်	√	√	-	-	
၄။	စာမရ	-	√	-	√	
၅။	ဓဇ–ပဌာက	√	-	√	√	
၆။	အင်္ကုသ	√	√	-	-	
၇။	ပဏ္ဍယဋ္ဌ	√	√	√	√	
၈။	ဒွေမစ္ဆ	-	√	√	-	
		၅–ကြိမ်	၇–ကြိမ်	၅–ကြိမ်	၃–ကြိမ်	

ထိုခြေတော်ရာ၌ပါရှိသော အဋ္ဌမင်္ဂလအမှတ်အသားတို့ကို ထေရဝါဒသုံးအဋ္ဌမင်္ဂလ၊ မဟာယာနသုံး အဋ္ဌမင်္ဂလ၊ ဂျိန်းဘာသာသုံးအဋ္ဌမင်္ဂလနှင့် သက္ကတစာပေလာအဋ္ဌမင်္ဂလတို့နှင့်ယှဉ်တွဲလေ့လာသောအခါ ထေရဝါဒ ဆိုင်ရာအဋ္ဌမင်္ဂလ(၅)ကြိမ်၊ မဟာယာနအဋ္ဌမင်္ဂလ(၇)ကြိမ်၊ ဂျိန်းအဋ္ဌမင်္ဂလ(၅)ကြိမ်၊ သက္ကတစာပေလာ အဋ္ဌမင်္ဂလ(၃)ကြိမ် နီးစပ်တူညီမှုရှိသည်ကိုတွေ့ရပါသည်။

၄။ ၁၉၆၅–ခုနှစ်တွင် ရခိုင်ပြည်နယ် မြောက်ဦးမှဝေသာလီမြို့ဟောင်းသို့ ကားလမ်းဖောက်စဉ်ကရရှိခဲ့သော လေးထောင့်စပ်စပ်(အလျားအနံ ၆–ပေခွဲရှိသည့်)ကျောက်ဖြူကျောက်ချပ်ကိုတူးဖော်တွေ့ရှိရာ၊ ထိုကျောက်ချပ်၏

*၁ Dr. Malalasekera(ed.)' Encyclopedia of Buddhism. Vol.VI. Fascicle 4. 2002. Page-605.

*၂ Dr. W.C. Sailer' Buddha Footprints, One pair at the Colombo Museum, Srī Lankā. (Cat.No.24-57-214-31/957)

http://www.dhammadownload.com

အလယ်၌ အထောက်အကန့်နှင့်တကွ စက်လက္ခဏာပုံပါရှိပြီး၊ ထိုစက်လက္ခဏာကို သောဝတ္ထိက-စသော အမှတ်အသားလက္ခဏာ ၁၂-ခုတို့ကခြံရံထားကြောင်းတွေ့ရသည်။ ထိုအမှတ်လက္ခဏာ ၁၂-ခုမှာ-

(၁) သောဝတ္ထိက၊ (၂) မိဂ(သမင်)၊ (၃) မယုရရာဇာ(ဥဒေါင်းမင်း)၊ (၄) စာမရ(သားမြီးယပ်)၊ (၅) ဟံသရာဇာ(ဟင်္သာမင်း)၊ (၆) သခံ(ခရုသင်း)၊ (၇)ဒွဇဿ္သ(?)၊ (၈) ဥသဘရာဇာ(နွားလားမင်း)၊ (၉) အက်ံသ(ခွန်း)၊ (၁၀) ဆတ္တာရ(ထီးဖြူ)၊ (၁၁) ပုဏ္ဏကလသ(ရေပြည့်အိုး)၊ (၁၂) မစ္ဆယုဂဠ(ငါးအစုံ)-တို့ဖြစ်သည်။ ထိုအမှတ်အသား ၁၂-ခုတွင် (၁)သမင်၊ (၂)ဥဒေါင်း၊ (၃)ဟင်္သာနှင့် (၄) နွားလားဟူသော လက္ခဏာလေးခုမှတစ်ပါး၊ ကျန်အမှတ်အသားရှစ်ခုမှာ အဋ္ဌမင်္ဂလာလက္ခဏာအမှတ်အသားများဖြစ်ပါသည်။[*၁]

စဉ်	ရခိုင်ပြည်နယ်မှ အဋ္ဌမင်္ဂလာအမှတ်အသား	ဒေရဝါဒ	မဟာယာန	ဂျိန်း	သက္ကတစာပေ
၁။	သောဝတ္ထိက	✓	✓	✓	-
၂။	စာမရ	-	✓	-	✓
၃။	သခံ	✓	✓	-	-
၄။	အက်ံသ	✓	✓	-	-
၅။	သတ္တရ (ဒထီးဖြူ)	-	-	-	-
၆။	ပုဏ္ဏကလသ	✓	✓	✓	✓
၇။	မစ္ဆယုဂဠ	-	✓	✓	-
၈။	ဒွဇဿ္သ (တံခွန် ?)	-	-	-	-
		၄-ကြိမ်	၆-ကြိမ်	၃-ကြိမ်	၂-ကြိမ်

ရခိုင်ပြည်နယ်မှရသော အဋ္ဌမင်္ဂလအမှတ်အသားကို ဒေရဝါဒသုံး,မဟာယာနသုံး, ဂျိန်းဘာသာသုံးနှင့် သက္ကတစာပေ၌လာသောအဋ္ဌမင်္ဂလအမှတ်အသားတို့နှင့်နှိုင်းယှဉ်ကြည့်ပါက သုံးစွဲကြိမ်အနေဖြင့် ဒေရဝါဒ အဋ္ဌမင်္ဂလ ၄-ကြိမ်၊ မဟာယာနအဋ္ဌမင်္ဂလနှင့် ၆-ကြိမ်၊ ဂျိန်းဘာသာအဋ္ဌမင်္ဂလ ၃-ကြိမ်၊ သက္ကတစာပေလာ အဋ္ဌမင်္ဂလနှင့် ၂-ကြိမ်စီတူညီပုံကိုတွေ့ရသည်။

အဋ္ဌကထာစာပေခေတ်နှင့်စက်လက္ခဏာ

သီရိလင်္ကာနိုင်ငံတွင် အေဒီ ၅-ရာစု မဟာနာမမင်းလက်ထက်(အေဒီ ၄၀၉-၄၃၁)အရှင်မဟာဗုဒ္ဓဃောသ၏ အဋ္ဌကထာကျမ်းများပေါ်ထွက်လာသောအခါ ဗုဒ္ဓ၏ခြေဖဝါးတော်ရှိစက်လက္ခဏာအမှတ်အသားကို (၃၇)မျိုးမှ (၄၀)အထိ တိုးချဲ့ဖော်ပြခဲ့ကြောင်းကို ဒီဃနိကာယ်အဋ္ဌကထာ(ဒီ၊ဋ္ဌ။၂။၃၇။ ဒီ၊ဋ္ဌ။၃။၁၀၆။)နှင့် မဇ္ဈိမနိကာယ် အဋ္ဌကထာ(မ၊ဋ္ဌ။၃။၂၅၇။) တို့တွင်တွေ့ရသည်။ အရှင်ဗုဒ္ဓဒတ္တ၏ဗုဒ္ဓဝင်အဋ္ဌကထာ၌ 'စက္ကလက္ခဏာနှင့် စပ်၍ ကြွင်းကျန်လျက်ရှိသောလက္ခဏာတော်တို့ကိုလည်း ရေတွက်ရမည်'ဟုညွှန်ပြထားသော်လည်း မည်ရွေ့မည်မျှ ဟု ကိန်းဂဏန်းချ အတိအကျညွှန်ပြထားခြင်းမရှိပေ။[*၂]

[*၁] San Tha Aung' The Buddhist Art of Ancient Arakan. 1979. Page-20. Pl.14. ဤကျောက်ချပ်ကို အဘိသေကကျောက်ချပ် ဟုလည်းခေါ်သည်။ P. Gutman' Burma's Lost Kingdoms. 2001. Page-43, Fig.25.

[*၂] စက္ကလက္ခဏော ပန ကတိတော သေသလက္ခဏာနိ ကတိတာနေဝ ဟောန္တိ– ဗုဒ္ဓဝံသ၊ဋ္ဌ။၅၉။

http://www.dhammadownload.com

ဒီဃနိကာယ်အဋ္ဌကထာလာ သမ္မဟုလဝိဂါရ*၁ အရ စက်လက္ခဏာ၏အခြေအရံအမှတ်အသား ၄၀-တို့မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ သတ္တိ (=လှံမ)၊ ၂။ သိရီဝစ္ဆ (=အိမ်မွန်)၊ ၃။ နန္ဒိ (=ဇလပ်ပန်း)၊ ၄။ သောဝတ္တိက (=လည်ရေးသုံးဆင့်)၊ ၅။ ဝဇ္ဇံသက (=ဦးဆောက်ပန်း)၊ ၆။ ဝမ္ဗာနက (=ထမင်းပွဲ)၊ ၇။ မစ္ဆယုဂဠ (=ငါးအစုံ)၊ ၈။ ဘဒ္ဒပီဋ္ဌ (=မင်္ဂလာအင်းပျဉ်)၊ ၉။ အင်္ကုသက (=ချွန်းတောင်း)၊ ၁၀။ ပါသာဒ (=ပြာသာဒ်)၊ ၁၁။ တောရဏ (=တံခါးတိုင်)၊ ၁၂။ သေတစ္ဆတ္တ (=ထီးဖြူ)၊ ၁၃။ ခဂ္ဂ (=သန်လျက်)၊ ၁၄။ တာလဝဏ္ဏ (=ထန်းရွက်ယပ်ဝန်း)၊ ၁၅။ မောရဟတ္ထက (=ဥဒေါင်းမြီးယပ်)၊ ၁၆။ ဝါဠဗီဇနီ (=စာမရီသားမြီးယပ်)၊ ၁၇။ ဥဏှီသ (=သင်းကျစ်)၊ ၁၈။ မဏိ (=ပတ္တမြား)၊ ၁၉။ ပတ္တ (=ခွက်)၊ ၂၀။ သုမနဒါမ (=မုလေးပန်းဆိုင်း)၊ ၂၁။ နီလုပ္ပလ (=ကြာညို)၊ ၂၂။ ရတ္တုပ္ပလ (=ကြာနီ)၊ ၂၃။ သေတုပ္ပလ (=ကြာဖြူ)၊ ၂၄။ ပဒုမ (=ပဒုမာကြာ)၊ ၂၅။ ပုဏ္ဍရီက (=ကြာပုဏ္ဍရိက်)၊ ၂၆။ ပုဏ္ဍယဒ္ဓ (=ရေပြည့်အိုး)၊ ၂၇။ ပုဏ္ဍပါတီ (=ရေပြည့်ဖလား)၊ ၂၈။ သမုဒ္ဒ (=သမုဒ္ဒာ)၊ ၂၉။ စက္ကဝါဠ (=စကြဝဠာ)၊ ၃၀။ ဟိမဝါ (=ဟိမဝန္တာ)၊ ၃၁။ သိနေရု (=မြင်းမိုရ်)၊ ၃၂။ စန္ဒိမာ (=လ)၊ ၃၃။ သူရိယ (=နေ)၊ ၃၄။ နက္ခတ္တာနိ (=နက္ခတ်များ)၊ (၃၅-၃၈)။ စတ္တာရောမဟာဒီပါ (=ကျွန်းကြီးလေးကျွန်း)၊ ၃၉။ ဒ္ဝိပရိတ္တာဒီပသဟဿ (=ကျွန်းငယ်-၂၀၀၀)၊ ၄၀။ တောမရ (=ခက်ရင်း)-တို့ဖြစ်ကြသည်။ ဒီ၊ဋ္ဌ၊၂၊၃၃ရ။*၂

ယင်းအဋ္ဌကထာတို့ကို ထပ်မံဖွင့်ဆိုသော ဒီဃနိကာယ်ဋီကာနှင့် မဇ္ဈိမနိကာယ်ဋီကာစသော ဋီကာကျမ်းတို့တွင်မူ ဘုဒ္ဓ၏ခြေဖဝါးတော်၌ 'စကြာမင်း၏အသုံးအဆောင်ရတနာများဖြစ်ကြသော ဆင်ရတနာ၊ မြင်းရတနာ-စသည်တို့သည်လည်း စက်လက္ခဏာ၏အခြေအရံအဖြစ်ပါရှိကြောင်း' ကို ဖွင့်ဆိုထားခဲ့ကြပါသည်။ ဒီ၊ဋီ၊၂၊၃၃ရ။ မ၊ဋီ၊၃၊၁၀၂။

ဤသို့ အဋ္ဌကထာ,ဋီကာကျမ်းများက ဘုဒ္ဓ၏ခြေဖဝါးတော်တွင် အထောက်အကန့်နှင့်တကွ စက်လက္ခဏာကို လည်းကောင်း၊ စက်လက္ခဏာကိုရံသော အဋ္ဌမင်္ဂလအစရှိသော အမှတ်အသားတို့ကိုလည်းကောင်း၊ ထို့ပြင် စက်လက္ခဏာကိုရံသော စကြဝဠမင်း၏အမှတ်လက္ခဏာတို့ကိုလည်းကောင်း*၃ အမျိုးမျိုးဖော်ပြထားသော်လည်း မြန်မာနိုင်ငံ၌ ပုဂံခေတ်မှစ၍ ယနေ့မျက်မှောက်ကာလတိုင် ဘုဒ္ဓခြေတော်ရာစက်လက္ခဏာအဖြစ်အသုံးပြုနေသော (၁၀၈)ကွက်စက်လက္ခဏာအမှတ်အသားအကြောင်းတို့ကိုမူကား ဖော်ပြမထားခဲ့ပေ။*၄

သို့ဆိုလျှင် ဂေါတမဘုဒ္ဓ၏ခြေဖဝါးတော်၌ (၁၀၈)ကွက်စက်လက္ခဏာသည် မည်သည့်ခေတ်အခါက ပေါ်ထွန်းခဲ့ပြီး မည်သည့်စာပေကျမ်းဂန်၌ ရှေးဦးစတင်၍ဖော်ပြခဲ့သည်ကို ဆက်လက်လေ့လာရန်ဖြစ်ပါသည်။

---

*၁ သမ္မဟုလဝိဂါရ- ဆိုသည်မှာ အများကိုပြုခြင်းဖြစ်သည်။ ဝိနည်းကျမ်း၌ ၃-ဦး, ၃-ယောက်ကို သမ္မဟုလဓေါ၏၍၎င်း ထို့ထက်များလျှင် သံဃ-ဟု ခေါ်သည်။ သုတ္တန်ကျမ်း၌ ၄-ဦး, ၄-ယောက်နှင့် ၎င်းအထက်များလျှင် သမ္မဟုလဟု သုံးခွဲသည်။ ဒီ၊ဋ္ဌ၊၂၊၃၃ရ။ မ၊ဋ္ဌ၊၃၊၂၅၇။

*၂ အရှင်ဩဘာသီရိဘိဝံသ၏ မြတ်ဗုဒ္ဓ၏ သွင်ပြင်လက္ခဏာများ။ ၁၉၈၂-စုနှစ်။ (စာမျက်နှာ-၁၇၀)။ အရှင်သာဓိန၏ မြတ်ဗုဒ္ဓခြေတော်ရာစက် (၁၀၈)ကွက်တို့ကိုလေ့လာခြင်း။ ၁၉၉၈-စုနှစ်။ သာသနတက္ကသိလမဟာမွေစရိယဘွဲ့အတွက် တင်သွင်းသောကျမ်း။ (လက်နှိပ်စက်မူ)။ (စာမျက်နှာ-၁၀၉)။ The earliest long list (of about 40 items) in that given by Buddhaghosa (5th Century) in his commentaries on the Dīgha and Majjhima Nikāyas. Peter Skilling' Symbols on the Body, Feet, and Hands of a Buddha. Part. I. Lists. JSS. Page-67.

*၃ စက္ကဝတ္တိရညော ပရိသံ ဥပါဒါယ သဗ္ဗော စက္ကလက္ခဏသေဝ ပရိဝါရော-, ဒီ၊ဋ္ဌ၊၂၊၃၃ရ။

*၄ အရှင်ဩဘာသီရိဘိဝံသ၏ မြတ်ဗုဒ္ဓ၏ သွင်ပြင်လက္ခဏာများ။ ၁၉၈၂-စုနှစ်။ (စာမျက်နှာ-၁၈၀)။ အရှင်ဓမ္မိန္ဒသာဓိ၏ ဗုဒ္ဓ၏ စက်လက္ခဏာတော်များ။ ၁၉၉၈-စုနှစ်။ (စာမျက်နှာ-၁၉)။ အရှင်သာဓိန၏ မြတ်ဗုဒ္ဓ၏ ခြေတော်ရာစက်(၁၀၈)ကွက်တို့ကိုလေ့လာခြင်း။ ၁၉၉၈-စုနှစ်။ လက်နှိပ်စက်မူ။ (စာမျက်နှာ-၃၉)။

http://www.dhammadownload.com

(၁၀၈)ကွက်စက်လက္ခဏာ

ဘုဒ္ဓ၏ခြေဖဝါးတော်၌ပါရှိသော စက်လက္ခဏာ(၁၀၈)ကွက်အရေအတွက်အပြည့်အစုံကို ပါဠိတော်၊ အဋ္ဌကထာနှင့် ဋီကာကျမ်းဂန်တို့၌မတွေ့ရှိရဘဲ သီရိလင်္ကာနိုင်ငံ ပထမပရိုက္ကမဗာဟုမင်းလက်ထက် (အေဒီ ၁၁၅၃–၁၁၈၆) အရှင်ဘုဒ္ဓရက္ခိတမထေရ်ပြုစုသော ဖိနာလင်္ကာရဋီကာကျမ်း၌ ရှေးဦးစွာတွေ့ရှိရလေသည်။

ဖိနာလင်္ကာရကျမ်းတွင် ဖိနာလင်္ကာရ(စာကိုယ်)နှင့် ယင်း၏အဖွင့် ဖိနာလင်္ကာရဋီကာဟူ၍ရှိလေသည်။ မူလဖြစ်သော ဖိနာလင်္ကာရကျမ်းတွင် ဘုရားရှင်၏ဘုရားဆုပန်ပုံ၊ ပါရမီဖြည့်တော်မူပုံမှစ၍ နောက်ဆုံးဘဝ ဖွားတော်မူပုံ၊ တောထွက်ပုံ၊ မာရ်နတ်ရန်ကိုအောင်၍ ဘုရားအဖြစ်သို့ရောက်ရှိတော်မူပုံတို့ကို ပြောင်မြောက်သော ပါဠိဂါထာအဖွဲ့အနွဲ့တို့ဖြင့် ထူးထူးခြားခြားဖွဲ့ဆိုထားသော ဗုဒ္ဓဝင်ကျမ်းတစ်စောင်ဖြစ်သည်။

ဖိနာလင်္ကာရကျမ်းစာကိုယ်ကို အေဒီ ၅–ရာစု၌ပြုစုသည်ဟု ပညာရှင်တို့ယူဆကြ၏။[*၁] ထိုဖိနာလင်္ကာရကျမ်းစာကိုယ်ကို အရှင်ဘုဒ္ဓဒတ္တရေးသည်ဟုလည်းကောင်း၊ အရှင်ဘုဒ္ဓရက္ခိတရေးသည်ဟုလည်းကောင်း မှတ်တမ်းများရှိသည်။[*၂] ဖိနာလင်္ကာရကျမ်းစာကိုယ်တွင် ဂေါတမဗုဒ္ဓဝင်ကို အခန်းပေါင်း(၃၀)၊ ဂါထာပေါင်း(၂၄၁)ဂါထာတို့ဖြင့်ဖွဲ့ဆိုထားပြီး၊ ထိုကျမ်း၌ ဗုဒ္ဓ၏ခြေဖဝါးတော်တွင်ရှိသော (၁၀၈)ကွက်စက်လက္ခဏာအရေအတွက်ကို အတိအကျဖော်ပြမထားပေ။[*၃]

ဖိနာလင်္ကာရစာကိုယ်ကိုအကျယ်ဖွင့်ဆိုသော ဖိနာလင်္ကာရဋီကာကျမ်းတွင်သာ ဗုဒ္ဓ၏ခြေဖဝါးတော်ရှိ (၁၀၈)ကွက်စက်လက္ခဏာအရေအတွက်ကို အတိအကျဖော်ပြထားလေသည်။ ထိုဋီကာကျမ်းကို အေဒီ ၁၂–ရာစုတွင် အရှင်ဘုဒ္ဓရက္ခိတရေးကြောင်း ယူဆကြသူများလေသည်။ ထို့ပြင် ဂန္ဆဝံသ၌ အမည်မသိ သီဟဠထေရ်တစ်ပါးစီရင်သော ဖိနာလင်္ကာရနဝဋီကာခေါ် ဋီကာသစ်တစ်စောင်ရှိကြောင်းကိုလည်း ဖော်ပြထားသည်။[*၄]

ဖိနာလင်္ကာရဋီကာကျမ်း၊ ဝိဇာတမင်္ဂလဝဏ္ဏနာတွင် 'ဗုဒ္ဓခြေဖဝါးတော်နှစ်ဆူ၌ စက်လက္ခဏာအမှတ်အသားကိုရံ၍ (၁) သတ္တိ၊ (၂) သိရိဝစ္ဆ၊ (၃) နန္ဒိယာဝဋ္ဋ၊ (၄) သောဝတ္ထိက၊ (၅) ဝဋ်သက၊ (၆) ဝမုမာနက၊ (၇) ဘဒ္ဒပီဋ္ဌ၊ (၈) အင်္ကုသ၊ (၉) ပါသာဒ၊ (၁၀) တောရဏ၊ (၁၁) သေတစ္ဆတ္တ၊ (၁၂) ခဂ္ဂ၊ (၁၃) တာလဝဏ္ဏ၊ (၁၄) မယူရဟတ္ထ၊ (၁၅) စာမရ၊ (၁၆) ဥဏှီသ၊ (၁၇) ပတ္တ၊ (၁၈) မဏိ၊ (၁၉) သုမနဒါမ၊ (၂၀) နီလုပ္ပလ၊ (၂၁) ရတ္တုပ္ပလ၊ (၂၂) ရတ္တပဒုမ၊ (၂၃) သေတပဒုမ၊ (၂၄) ပုဏ္ဍရီက၊ (၂၅) ပုဏ္ဍကလသ၊ (၂၆) ပုဏ္ဍပတ္ထ၊ (၂၇) သမုဒ္ဒ၊ (၂၈) စက္ကဝါဠပဗ္ဗတ၊ (၂၉) ဟိမဝန္တ ပဗ္ဗတ၊ (၃၀) မေရုပဗ္ဗတ၊ (၃၁) သူရိယမဏ္ဍလ၊ (၃၂) စန္ဒမဏ္ဍလ၊ (၃၃) နက္ခတ္တ၊ (၃၄–၃၇) စတုမဟာဒီပ၊ (၃၈) သတ္တရတန၊ (၃၉) ဒက္ခိဏာဝတ္တသေတသခ်၊

---

*၁ M.Winternitz' History of Indian Literature. Vol.II. 1933. Page-223; Dr. W.C. Sailer' An Introductory Study of Buddha Pādalakkhaṇa. 1994.

*၂ ထိုဖိနာလင်္ကာရမူရင်းကျမ်းကို ဂန္ဆဝံသ၌ သံဃပါလမထေရ်တောင်းပန်၍ အရှင်ဘုဒ္ဓဒတ္တ ရေးသည်– Gandhavaṃsa. JPTS. 1886. Page-69,72. ဗုဒ္ဓဃောသုပ္ပတ္တိကျမ်း၌လည်း ဗုဒ္ဓဝင်အဋ္ဌကထာကျမ်းပြု အရှင်ဘုဒ္ဓဒတ္တရေးသည်ဟုဖော်ပြထားပြီး၊ သဒ္ဓမ္မသင်္ဂဟကျမ်း၌ အရှင်ဘုဒ္ဓရက္ခိတရေးသည်ဟု ဖော်ပြထားသည်။ Winternitz' History of Indian Literature. Vol.II. 1933. Page-223[4]; B. C. Law (Tr.)' Saddhamma Saṅgaha. 1941. Page-92. ပညာရှင်တို့က ဖိနာလင်္ကာရစာကိုယ်ကို ဖိနာလင်္ကာရဋီကာဆရာ ဗုဒ္ဓရက္ခိတမထေရ်ပင် ဖီရင်သည်ဟု ယူဆကြသည်။ မင်းကြီးဦးယဲ၏ ဝိဒူကတ်သမိုင်းစာတမ်း။ ၁၉၀၅–ခုနှစ်။ (အပိုဒ်–၂၃၆)။ (စာမျက်နှာ–၁၁၅)။ DPPN-I.956. မာယာ၏ဖိနာလင်္ကာရဘာသာပြန်(ဆောင်းပါး)။ သာသနာ့ဂုဏောဂဒြဉ်စာစောင်။ အတွဲ–၅၊ အမှတ်–၃။ ၁၉၅၆–ခုနှစ်။ (စာမျက်နှာ–၄၇)။

*၃ James Gray' Jinālaṅkāra. 1894. Page-26. (ဂါထာ–၃၆ မှ ၄၅ အထိ)။

*၄ Gandhavaṃsa. JPTS. 1886. Page-65; K. R. Norman' Pāli Literature. 1983. Page-157[213].

http://www.dhammadownload.com

(၄၀) သုဝဏ္ဏမစ္ဆယုဂဠ၊ (၄၁) စက္ကာဝုဓ၊ (၄၂-၄၈) သတ္တမဟာဂင်္ဂါ၊ (၄၉-၅၅) သတ္တ ကုလပဗ္ဗတာ၊ (၅၆-၆၂) သတ္တသီဒန္တ သာဂရာ၊ (၆၃) သုဝဏ္ဏဟံသရာဇာ၊ (၆၄) သုံသုမာရ၊ (၆၅) ဧရပဒုံဂ၊ (၆၆) သုဝဏ္ဏသိဝိကာ၊ (၆၇) သုဝဏ္ဏဝါလဗီဇနီ၊ (၆၈) ကေလာသပဗ္ဗတ၊ (၆၉) သီဟရာဇာ၊ (၇၀) ဗျဂ္ဃရာဇာ၊ (၇၁) ဝလာဟက အဿရာဇာ၊ (၇၂) ဥပေါသထဆဒ္ဒန္တ ဟတ္ထိရာဇာ၊ (၇၃) ဝါသုကိနာဂရာဇာ၊ (၇၄) ဟံသရာဇာ၊ (၇၅) ဥသဘ ရာဇာ၊ (၇၆) ဇောဝဏဟတ္ထိရာဇာ၊ (၇၇) သုဝဏ္ဏမကာရ၊ (၇၈) စတုမုခသုဝဏ္ဏနာဂါ၊ (၇၉) သဝဏ္ဏကာဓေနု၊ (၈၀) ကိမိုရိုဏ (ကိန္နရာ)၊ (၈၁) ကိန္နရီ၊ (၈၂) ကရဝိက၊ (၈၃) မယူရရာဇာ၊ (၈၄) ကောဉ္စရာဇာ၊ (၈၅) စက္ကဝါကရာဇာ၊ (၈၆) ဇိဝဉ်ဇီဝကရာဇာ၊ (၈၇-၉၂) ဆဒေဝလောက၊ (၉၃-၁၀၈) သောဠသပြဟ္မလောက-ဟူ၍ (၁၀၈)ကွက်သော အမြတ်ဆုံးမင်္ဂလာအမှတ်အသား(အဂ္ဂမင်္ဂလလက္ခဏာ)ကို ပြဆိုထားလေသည်။*၁

ဤသို့လျှင် ဂေါတမဘုရားရှင်၏ခြေဖဝါးတော်ပြင်၌ပါရှိသော (၁၀၈)ကွက်စက်လက္ခဏာတော်စာရင်း အပြည့်အစုံကို ထေရဝါဒဗုဒ္ဓဘာသာဝင်တို့နှင့်သက်ဆိုင်သည့် ပါဠိစာပေအရပ်ရပ်တို့တွင် ဖိနာလက်ာရဇိကာ မည်သောဂေါတမဗုဒ္ဓဝင်၊ ဖွားတော်မူခန်းအဖွင့်၌ ရှေးဦးဆုံးတွေ့ရခြင်းပင်ဖြစ်သည်။

ဖိနာလက်ာရဇိကာကျမ်း၌လာသော (၁၀၈)ကွက်စက်လက္ခဏာစာရင်းအတိုင်း သီရိလင်္ကာနိုင်ငံ၌ အရှင် ဥပတိဿ၏ ဖိနာလက်ာရဒီပနီ(ဂုဋ္ဌတ္ထဒီပနီ)*၂၊ ဖိနလက္ခဏာဒီပနီ (?)၊ အရှင်ဝေဒေဟ၏ သမန္တ ကူဋဝဏ္ဏနာ*၃၊ အရှင်မယူရပါဒ*၄၏ပူဇာဝလိယ၊ အရှင်ဗုဒ္ဓဝိယ၏ ပဒ္ဓမဓု*၅၊ ဂုရုဠေဂေါမိ၏ ဓမ္မပြဒီပိက- စသောကျမ်းများ၊ မြန်မာနိုင်ငံ၌ စတုရင်္ဂလအမတ်ကြီး(အေဒီ ၁၃၁၃-၁၃၆၃)၏ ဗုဒ္ဓပါဒဝန္ဒနာ*၆၊ ပထမကျော်အောင်စံထားဆရာတော် အရှင်ဉာဏဝရ(အေဒီ ၁၈၀၅-၁၈၅၃)၏ စက္ကင်္ကဝိနိစ္ဆယဒီပနီ*၇၊ တောင်ခွင်သာသနာပိုင်(အေဒီ ၁၈၄၄-၁၉၂၃)၏ ဂုဋ္ဌတ္ထဝိနိစ္ဆယ*၈ စသောကျမ်းများ*၉၊ ထိုင်းနိုင်ငံ၌ အေဒီ ၁၆၀၀-ပြည့်ခန့်ရေး ပထမသမ္ဗောဓိကျမ်း (Pathom Somphot)*၁၀၊ အယုဒ္ဓယခေတ် (၁၄ ရာစု-၁၈ ရာစုအေဒီ)၌ရေးသော ဖရသမ္ဘာရဝိပါကဗုဒ္ဓပါဒလက္ခဏကျမ်း။ ရတနကိုဆင်ခေတ်ဦး (Early Ratanakosin- ပထမရာမမှ တတိယရာမမင်းလက်ထက်၊ အေဒီ ၁၇၈၂-၁၈၅၁

---

*၁ ဖိနာလက်ာရဇိကာပါဠိ။ ၁၉၄၀-ပြည့်နှစ်။ (စာမျက်နှာ-၁၈၉)။

*၂ ဝိဒုကတ်သိုဝိုင်းစာတမ်း။ ၁၉၀၅-ခုနှစ်။ (အပိုဒ်-၂၃၇)။ (စာမျက်နှာ-၁၁၆)။ မန္တ လေးပြို့၊ မဟာမုနိဘုရားဝိဒုကတ်တိုက်ပေစာစု။ ရန်ကုန်ပြို့၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ ပေစာအမှတ်-၅၉၁၄/၅၆၉၁၁/၁၁၉၃၈။

*၃ မြတ်စွာဘုရားရှင် သီရိလင်္ကာနိုင်ငံ သမန္တ ကူဋတောင်သို့ဧသေစာရိကြွချီ၍ ခြေတော်ရာဓရတော်မူပုံကို (၇၅၇)ဂါထာတို့ဖြင့် အေဒီ ၁၃-ရာစုခန့် ရေးဖွဲ့ထားသောကျမ်းဖြစ်သည်။ K. R. Norman' Pāli Literature. 1983. Page-155, 117[6].

*၄ သီရိလင်္ကာ၊ Kagalla ခရိုင်ရှိ ဝါကိရိုက္လ၊ မယူရပါဒကျောင်း၌ သီတင်းသုံးသော မယူရပါဒမထေရ် ဖြစ်သည်။

*၅ ရူပသိဒ္ဓိသဒ္ဒါကျမ်းပြု အရှင်ဗုဒ္ဓဝိယသည် အေဒီ ၁၁၀၀-ခန့်တွင် မြတ်စွာဘုရားရှင်အား ကြည်ညိုဖွယ်ချီးကျူးဖွဲ့ဆိုထားသော (၁၀၄)ဂါထာပါ ကျမ်းဖြစ်သည်။ M.Winternitz က အေဒီ ၁၃-ရာစုတွင် ပဒ္ဓမဓုကျမ်းကိုပြုစုသည်ဟု ခန့်မှန်းသည်။ M.Winternitz' History of Indian Literature. Vol.II. 1933. Page-223. ပဒ္ဓမဓုကျမ်းပြုကို ဓောဠတိုင်းသား ဒီပင်္ကရမထေရ်ဟုလည်း မှတ်သားကြသည်။ DPPN-II. 98.

*၆ Inscriptions Collected in Upper Burma. Vol.II. 1903. Page-19.

*၇ တက္ကသိုလ်များဗဟိုစာကြည့်တိုက်၊ ပေစာအမှတ်-၇၇၉၄၊ ရန်ကုန်ပြို့။

*၈ တောင်ခွင်သာသနာပိုင်၏ ဂုဋ္ဌတ္ထဝိနိစ္ဆယ၊ ပထမအုပ်။ ၁၉၂၈-ခုနှစ်။ (စာမျက်နှာ-၉၀)။

*၉ ပါဒစက္ကသာရ၊ ဝုဏဒီပနီ-စသည်ဖြင့် စက်လက္ခဏာကိုဖော်ပြသောကျမ်းများရှိသေးသည်။ ကဝိလက္ခဏဒီပနီ(သုံးကျမ်းတွဲ)။ ၁၉၆၁-ခုနှစ်။ (စာမျက်နှာ-၄၀၁)။

*၁၀ Gandhavaṃsa. JPTS. 1886. Page-65. ထိုကျမ်းကို မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်ခုနှစ်တွင်ပြုစုကြောင်း အတိအကျမသိရပေ။ H.Saddhātissa' Pāli Literature of Thailand. 1974. Page-218.

http://www.dhammadownload.com

ခုနှစ်အထိ)၌ရေးသော ဗုဒ္ဓပါဒတလလက္ခဏာကျမ်း၊ အေဒီ ၁၈၁၄–ခုနှစ်၌ရေးသော ဆောမ်ဒေက်ဝဏ္ဏရတ်၏ ဖရမဟာပုရိသလက္ခဏာကျမ်း၊ တတိယရာမမင်းလက်ထက်၌(အေဒီ ၁၈၂၄–၁၈၅၁)ရေးသော ပထမသမ္မောဓိ–စသောကျမ်းများတွင်လည်း (၁၀၈)ကွက်စက်လက္ခဏာပါရှိကြောင်းကို သုတေသီတို့ရေးသားခဲ့ကြပါသည်။[*၁]

ဖိနာလက်ာရဋ္ဌီကာကျမ်းပြုဆရာသည် မိမိထက်ရှေးကျသော ပါဠို, အဋ္ဌကထာ, ဋီကာ စသောကျမ်းများတွင် ထို(၁၀၈)ကွက်စက်လက္ခဏာအကြောင်းမပါရှိသည့်အတွက် ထို(၁၀၈)ကွက်စက်လက္ခဏာစာရင်းကို အဘယ်ကျမ်းစာမှရရှိခဲ့သည်ကို ဆက်လက်လေ့လာဖော်ထုတ်ရန်ဖြစ်သည်။ ထိုမျှမက မြန်မာနိုင်ငံ၌ ပုဂံခေတ်ဦးကပင် ထုထွင်းပြီးရှိနေသော လောကနန္ဒာ(ဘုရားအမှတ်–၁၀၂၃)၊ ပုဂံ–အာနန္ဒာဘုရား၊ ရွှေစည်းခုံ(ဘုရားအမှတ်–၄၁)၊ သမ္မစည်း(ဘုရားအမှတ်–၁၄၇)၊ လောကထိပ်ပန်(ဘုရားအမှတ်–၁၅၈၀)တို့ရှိ ဗုဒ္ဓခြေတော်ရာများနှင့် ပုဂံဘုရားများ၏နံရံတို့၌ရေးဆွဲထားသောခြေတော်ရာများ[*၂]ပါ (၁၀၈)ကွက်စက်လက္ခဏာတို့သည်လည်း မည်သည့်ကျမ်းဂန်စာပေမှရရှိ၍ ထွင်းထုခဲ့ကြသည်ကိုပါလေ့လာရန်ဖြစ်လေသည်။

(၁၀၈)ကွက်စက်လက္ခဏာနှင့်မြန်မာနိုင်ငံ

သီရိလင်္ကာ၊ အိန္ဒိယ၊ ထိုင်းစသောနိုင်ငံများမှပညာရှင်တို့အနေဖြင့် ဗုဒ္ဓ၏ခြေဖဝါးတော်ပြင်ရှိ (၁၀၈)ကွက်စက်လက္ခဏာအကြောင်းနှင့်စပ်လျဉ်း၍ မည်သည့်ကျမ်းဂန်စာပေမှရရှိခဲ့ကြောင်းကို မည်သို့ရေးသားတင်ပြကြမည်မသိနိုင်သော်လည်း၊ မြန်မာနိုင်ငံအနေဖြင့် ပိဋကတ်တော်အုပ်ဦးယံက အေဒီ ၁၈၈၈–ခုနှစ်တွင် ပြုစုပြီးစီးသော ပိဋကတ်သမိုင်းစာတန်း၌ မြန်မာစာပေ၌ (၁၀၈)ကွက်စက်လက္ခဏာရရှိဖော်ပြခဲ့ပုံအကြောင်းတို့ကို အောက်ပါအတိုင်း ရှင်းလင်းရေးသားခဲ့သည်။

> အနာဂတဝင်အဋ္ဌကထာမှာ သီဟိုဠ်ကျွန်း၊ အနုရာဓမြို့၊ ဓာတုသေနမင်းလက်ထက် ရှင်မဟာဗောဓိ တောင်းပန်၍ ကာဠဝါသိဝိဟာရကျောင်းတိုက်နေ ရှင်မဟာဥပတိဿ ပြုသည်။ ယင်းအဋ္ဌကထာ၌ လူတို့အသက်ရှစ်သောင်းတာမံးတွင် ပွင့်တော်မူလတ္တံ့သော မေတ္တေယျဘုရား ပါဒနက်သန် တစ်ရာ့ရှစ်ကွက်လက္ခဏာအဆုံးအဖြတ်လည်းပါသည်။ ပါသည့်အတိုင်းလည်း သက္ကရာဇ် ၎၁၃–ခုနှစ် ပင်းယမြို့တွင်နန်းတက်သော ဆင်ဖြူ ၄–စီးရှင် သီဟသူမင်းလက်ထက် ပြည်မြို့ဇာတိ အတွင်းဝန် သိရိမဟာစတုရင်္ဂလလည်း 'ပါဒေသု ယဿ ဇာတာနိ၊ ဒွေစက္ကာနိ သကမွတော။ နာနာကာရေဟိ ပုဏ္ဏာနိ၊ ဝန္ဒေ တံ ပုရိသုတ္တမံ'(ဂါထာအစ)၊ 'တောနဋ္ဌတ္တရသတံ၊ လက္ခဏာနိ မဟေသိနော။ ပါဒေသု ယဿဒိဿန္တေ၊ ဝန္ဒေ တံ ပုရိသာသဘံ'–(အဆုံး)ရှိသော ပတျာဝတ္တာတဆဲ့နှစ်ဂါထာကို စီကုံးဘွဲ့ဆိုသည်။

[*၁] Dr. W. C. Sailer' An Introductory Study of Buddha Pādalakkhaṇa. အရှင်သာဓိန၏ မြတ်ဗုဒ္ဓ၏ခြေတော်ရာစက် (၁၀၈)ကွက်တို့ကိုလေ့လာခြင်း။ ၁၉၉၈–ခုနှစ်။ (လက်နှိပ်စက်မူ)။ (စာမျက်နှာ–၁၁၅)။

[*၂] ပုဂံ၌ ဗုဒ္ဓ၏ခြေတော်ရာနံရံဆေးရေးပုံပါရှိသောဘုရားတို့မှာ (ဘုရားအမှတ်–၇၅၊ ၁၄၁၊ ၁၇၆၊ ၂၀၉၊ ၂၃၄၊ ၂၆၂၊ ၂၉၀၊ ၂၉၃၊ ၄၂၁၊ ၄၇၃၊ ၄၇၃၊ ၅၇၃၊ ၆၀၀၊ ၆၀၂၊ ၆၃၂၊ ၆၄၃၊ ၆၄၇၊ ၆၅၂၊ ၆၅၅၊ ၆၅၇၊ ၇၀၁၊ ၇၀၅၊ ၇၆၆၊ ၈၄၂၊ ၈၈၁၊ ၉၈၃၊ ၉၈၄၊ ၁၀၀၅၊ ၁၀၂၆၊ ၁၀၅၀၊ ၁၀၅၁၊ ၁၀၇၇၊ ၁၀၈၁၊ ၁၁၄၈၊ ၁၁၄၉၊ ၁၁၅၀၊ ၁၁၅၆၊ ၁၁၆၀၊ ၁၁၆၁၊ ၁၂၀၈၊ ၁၂၁၆၊ ၁၂၃၄၊ ၁၂၄၄၊ ၁၂၄၆၊ ၁၂၅၉၊ ၁၂၆၀၊ ၁၂၆၅၊ ၁၂၆၆၊ ၁၂၆၇၊ ၁၂၆၈၊ ၁၂၆၉၊ ၁၂၇၀၊ ၁၂၇၁၊ ၁၂၇၂၊ ၁၂၇၃၊ ၁၂၇၄၊ ၁၂၇၅၊ ၁၂၇၆၊ ၁၂၇၇၊ ၁၂၇၈၊ ၁၂၇၉၊ ၁၂၈၀၊ ၁၂၈၁၊ ၁၂၈၂၊ ၁၂၈၃၊ ၁၂၈၄၊ ၁၂၈၅၊ ၁၂၈၆၊ ၁၂၈၇၊ ၁၂၈၈၊ ၁၂၈၉၊ ၁၂၉၀၊ ၁၂၉၁၊ ၁၂၉၂၊ ၁၂၉၃၊ ၁၂၉၄၊ ၁၂၉၅၊ ၁၂၉၆၊ ၁၂၉၇၊ ၁၂၉၈၊ ၁၂၉၉၊ ၁၃၀၀၊ ၁၃၀၁၊ ၁၃၀၂၊ ၁၃၀၃၊ ၁၃၀၄၊ ၁၃၀၅၊ ၁၃၀၆၊ ၁၃၀၇၊ ၁၃၀၈၊ ၁၃၀၉၊ ၁၃၁၀၊ ၁၃၁၁၊ ၁၃၁၂၊ ၁၃၁၃၊ ၁၃၁၄၊ ၁၃၁၅၊ ၁၃၁၆၊ ၁၃၁၇၊ ၁၃၁၈၊ ၁၃၁၉၊ ၁၃၂၀၊ ၁၃၂၁၊ ၁၃၂၂၊ ၁၃၂၃၊ ၁၃၂၄၊ ၁၃၂၅၊ ၁၃၂၆၊ ၁၃၂၇၊ ၁၃၂၈၊ ၁၃၂၉၊ ၁၃၃၀၊ ၁၃၃၁၊ ၁၃၃၂၊ ၁၃၃၃၊ ၁၃၃၄၊ ၁၃၃၅၊ ၁၃၃၆၊ ၁၃၃၇၊ ၁၃၃၈၊ ၁၃၃၉၊ ၁၃၄၀၊ ၁၃၄၁၊ ၁၃၄၂၊ ၁၃၄၃၊ ၁၃၄၄၊ ၁၃၄၅၊ ၁၃၄၆၊ ၁၃၄၇၊ ၁၃၄၈၊ ၁၃၄၉၊ ၁၃၅၀၊ ၁၃၅၁၊ ၁၃၅၂၊ ၁၃၅၃၊ ၁၃၅၄၊ ၁၃၅၅၊ ၁၃၅၆၊ ၁၃၅၇၊ ၁၃၅၈၊ ၁၃၅၉၊ ၁၃၆၀၊ ၁၃၆၁၊ ၁၃၆၂၊ ၁၃၆၃၊ ၁၃၆၄၊ ၁၃၆၅၊ ၁၃၆၆၊ ၁၃၆၇၊ ၁၃၆၈၊ ၁၃၆၉၊ ၁၃၇၀၊ ၁၃၇၁၊ ၁၃၇၂၊ ၁၃၇၃၊ ၁၃၇၄၊ ၁၃၇၅၊ ၁၃၇၆၊ ၁၃၇၇၊ ၁၃၇၈၊ ၁၃၇၉၊ ၁၃၈၀၊ ၁၃၈၁၊ ၁၃၈၂၊ ၁၃၈၃၊ ၁၃၈၄၊ ၁၃၈၅၊ ၁၃၈၆၊ ၁၃၈၇၊ ၁၃၈၈၊ ၁၃၈၉၊ ၁၃၉၀၊ ၁၃၉၁၊ ၁၃၉၂၊ ၁၃၉၃၊ ၁၃၉၄၊ ၁၃၉၅၊ ၁၃၉၆၊ ၁၃၉၇၊ ၁၃၉၈၊ ၁၃၉၉၊ ၁၄၀၀၊ ၁၄၀၁၊ ၁၄၀၂၊ ၁၄၀၃၊ ၁၄၀၄၊ ၁၄၀၅၊ ၁၄၀၆၊ ၁၄၀၇၊ ၁၄၀၈၊ ၁၄၀၉၊ ၁၄၁၀၊ ၁၄၁၁၊ ၁၄၁၂၊ ၁၄၁၃၊ ၁၄၁၄၊ ၁၄၁၅၊ ၁၄၁၆၊ ၁၄၁၇၊ ၁၄၁၈၊ ၁၄၁၉၊ ၁၄၂၀၊ ၁၄၂၁၊ ၁၄၂၂၊ ၁၄၂၃၊ ၁၄၂၄၊ ၁၄၂၅၊ ၁၄၂၆၊ ၁၄၂၇၊ ၁၄၂၈၊ ၁၄၂၉၊ ၁၄၃၀၊ ၁၄၃၁၊ ၁၄၃၂၊ ၁၄၃၃၊ ၁၄၃၄၊ ၁၄၃၅၊ ၁၄၃၆၊ ၁၄၃၇၊ ၁၄၃၈၊ ၁၄၃၉၊ ၁၄၄၀၊ ၁၄၄၁၊ ၁၄၄၂၊ ၁၄၄၃၊ ၁၄၄၄၊ ၁၄၄၅၊ ၁၄၄၆၊ ၁၄၄၇၊ ၁၄၄၈၊ ၁၄၄၉၊ ၁၄၅၀၊ ၁၄၅၁၊ ၁၄၅၂၊ ၁၄၅၃၊ ၁၄၅၄၊ ၁၄၅၅၊ ၁၄၅၆၊ ၁၄၅၇၊ ၁၄၅၈၊ ၁၄၅၉၊ ၁၄၆၀၊ ၁၄၆၁၊ ၁၄၆၂၊ ၁၄၆၃၊ ၁၄၆၄၊ ၁၄၆၅၊ ၁၄၆၆၊ ၁၄၆၇၊ ၁၄၆၈၊ ၁၄၆၉၊ ၁၄၇၀၊ ၁၄၇၁၊ ၁၄၇၂၊ ၁၄၇၃၊ ၁၄၇၄၊ ၁၄၇၅၊ ၁၄၇၆၊ ၁၄၇၇၊ ၁၄၇၈၊ ၁၄၇၉၊ ၁၄၈၀၊ ၁၄၈၁၊ ၁၄၈၂၊ ၁၄၈၃၊ ၁၄၈၄၊ ၁၄၈၅၊ ၁၄၈၆၊ ၁၄၈၇၊ ၁၄၈၈၊ ၁၄၈၉၊ ၁၄၉၀၊ ၁၄၉၁၊ ၁၄၉၂၊ ၁၄၉၃၊ ၁၄၉၄၊ ၁၄၉၅၊ ၁၄၉၆၊ ၁၄၉၇၊ ၁၄၉၈၊ ၁၄၉၉၊ ၁၅၀၀၊ ၁၅၀၁၊ ၁၅၀၂၊ ၁၅၀၃၊ ၁၅၀၄၊ ၁၅၀၅၊ ၁၅၀၆၊ ၁၅၀၇၊ ၁၅၀၈၊ ၁၅၀၉၊ ၁၅၁၀၊ ၁၅၁၁၊ ၁၅၁၂၊ ၁၅၁၃၊ ၁၅၁၄၊ ၁၅၁၅၊ ၁၅၁၆၊ ၁၅၁၇၊ ၁၅၁၈၊ ၁၅၁၉၊ ၁၅၂၀၊ ၁၅၂၁၊ ၁၅၂၂၊ ၁၅၂၃၊ ၁၅၂၄၊ ၁၅၂၅၊ ၁၅၂၆၊ ၁၅၂၇၊ ၁၅၂၈၊ ၁၅၂၉၊ ၁၅၃၀၊ ၁၅၃၁၊ ၁၅၃၂၊ ၁၅၃၃၊ ၁၅၃၄၊ ၁၅၃၅၊ ၁၅၃၆၊ ၁၅၃၇၊ ၁၅၃၈၊ ၁၅၃၉၊ ၁၅၄၀၊ ၁၅၄၁၊ ၁၅၄၂၊ ၁၅၄၃၊ ၁၅၄၄၊ ၁၅၄၅၊ ၁၅၄၆၊ ၁၅၄၇၊ ၁၅၄၈၊ ၁၅၄၉၊ ၁၅၅၀၊ ၁၅၅၁၊ ၁၅၅၂၊ ၁၅၅၃၊ ၁၅၅၄၊ ၁၅၅၅၊ ၁၅၅၆၊ ၁၅၅၇၊ ၁၅၅၈၊ ၁၅၅၉၊ ၁၅၆၀၊ ၁၅၆၁၊ ၁၅၆၂၊ ၁၅၆၃၊ ၁၅၆၄၊ ၁၅၆၅၊ ၁၅၆၆၊ ၁၅၆၇၊ ၁၅၆၈၊ ၁၅၆၉၊ ၁၅၇၀၊ ၁၅၇၁၊ ၁၅၇၂၊ ၁၅၇၃၊ ၁၅၇၄၊ ၁၅၇၅၊ ၁၅၇၆၊ ၁၅၇၇၊ ၁၅၇၈၊ ၁၅၇၉၊ ၁၅၈၀၊ ၁၅၈၁၊ ၁၅၈၂၊ ၁၅၈၃၊ ၁၅၈၄၊ ၁၅၈၅၊ ၁၅၈၆၊ ၁၅၈၇၊ ၁၅၈၈၊ ၁၅၈၉၊ ၁၅၉၀၊ ၁၅၉၁၊ ၁၅၉၂၊ ၁၅၉၃၊ ၁၅၉၄၊ ၁၅၉၅၊ ၁၅၉၆၊ ၁၅၉၇၊ ၁၅၉၈၊ ၁၅၉၉၊ ၁၆၀၀၊ ၁၆၀၁၊ ၁၆၀၂၊ ၁၆၀၃၊ ၁၆၀၄၊ ၁၆၀၅၊ ၁၆၀၆၊ ၁၆၀၇၊ ၁၆၀၈၊ ၁၆၀၉၊ ၁၆၁၀၊ ၁၆၁၁၊ ၁၆၁၂၊ ၁၆၁၃၊ ၁၆၁၄၊ ၁၆၁၅၊ ၁၆၁၆၊ ၁၆၁၇၊ ၁၆၁၈၊ ၁၆၁၉၊ ၁၆၂၀၊ ၁၆၂၁၊ ၁၆၂၂၊ ၁၆၂၃၊ ၁၆၂၄၊ ၁၆၂၅၊ ၁၆၂၆၊ ၁၆၂၇၊ ၁၆၂၈၊ ၁၆၂၉၊ ၁၆၃၀၊ ၁၆၃၁၊ ၁၆၃၂၊ ၁၆၃၃၊ ၁၆၃၄၊ ၁၆၃၅၊ ၁၆၃၆၊ ၁၆၃၇၊ ၁၆၃၈၊ ၁၆၃၉၊ ၁၆၄၀၊ ၁၆၄၁၊ ၁၆၄၂၊ ၁၆၄၃၊ ၁၆၄၄၊ ၁၆၄၅၊ ၁၆၄၆၊ ၁၆၄၇၊ ၁၆၄၈၊ ၁၆၄၉၊ ၁၆၅၀၊ ၁၆၅၁၊ ၁၆၅၂၊ ၁၆၅၃၊ ၁၆၅၄၊ ၁၆၅၅၊ ၁၆၅၆၊ ၁၆၅၇၊ ၁၆၅၈၊ ၁၆၅၉၊ ၁၆၆၀၊ ၁၆၆၁၊ ၁၆၆၂၊ ၁၆၆၃၊ ၁၆၆၄၊ ၁၆၆၅၊ ၁၆၆၆၊ ၁၆၆၇၊ ၁၆၆၈၊ ၁၆၆၉၊ ၁၆၇၀၊ ၁၆၇၁၊ ၁၆၇၂၊ ၁၆၇၃၊ ၁၆၇၄၊ ၁၆၇၅၊ ၁၆၇၆၊ ၁၆၇၇၊ ၁၆၇၈၊ ၁၆၇၉၊ ၁၆၈၀၊ ၁၆၈၁၊ ၁၆၈၂၊ ၁၆၈၃၊ ၁၆၈၄၊ ၁၆၈၅၊ ၁၆၈၆၊ ၁၆၈၇၊ ၁၆၈၈၊ ၁၆၈၉၊ ၁၆၉၀၊ ၁၆၉၁၊ ၁၆၉၂၊ ၁၆၉၃၊ ၁၆၉၄၊ ၁၆၉၅၊ ၁၆၉၆၊ ၁၆၉၇၊ ၁၆၉၈၊ ၁၆၉၉၊ ၁၇၀၀၊ ၁၇၀၁၊ ၁၇၀၂၊ ၁၇၀၃၊ ၁၇၀၄၊ ၁၇၀၅၊ ၁၇၀၆၊ ၁၇၀၇၊ ၁၇၀၈၊ ၁၇၀၉၊ ၁၇၁၀၊ ၁၇၁၁၊ ၁၇၁၂၊ ၁၇၁၃၊ ၁၇၁၄၊ ၁၇၁၅၊ ၁၇၁၆၊ ၁၇၁၇၊ ၁၇၁၈၊ ၁၇၁၉၊ ၁၇၂၀၊ ၁၇၂၁၊ ၁၇၂၂၊ ၁၇၂၃၊ ၁၇၂၄၊ ၁၇၂၅၊ ၁၇၂၆၊ ၁၇၂၇၊ ၁၇၂၈၊ ၁၇၂၉၊ ၁၇၃၀၊ ၁၇၃၁၊ ၁၇၃၂၊ ၁၇၃၃၊ ၁၇၃၄၊ ၁၇၃၅၊ ၁၇၃၆၊ ၁၇၃၇၊ ၁၇၃၈၊ ၁၇၃၉၊ ၁၇၄၀၊ ၁၇၄၁၊ ၁၇၄၂၊ ၁၇၄၃၊ ၁၇၄၄၊ ၁၇၄၅၊ ၁၇၄၆၊ ၁၇၄၇၊ ၁၇၄၈၊ ၁၇၄၉၊ ၁၇၅၀၊ ၁၇၅၁၊ ၁၇၅၂၊ ၁၇၅၃၊ ၁၇၅၄၊ ၁၇၅၅၊ ၁၇၅၆၊ ၁၇၅၇၊ ၁၇၅၈၊ ၁၇၅၉၊ ၁၇၆၀၊ ၁၇၆၁၊ ၁၇၆၂၊ ၁၇၆၃၊ ၁၇၆၄၊ ၁၇၆၅၊ ၁၇၆၆၊ ၁၇၆၇၊ ၁၇၆၈၊ ၁၇၆၉၊ ၁၇၇၀၊ ၁၇၇၁၊ ၁၇၇၂၊ ၁၇၇၃၊ ၁၇၇၄၊ ၁၇၇၅၊ ၁၇၇၆၊ ၁၇၇၇၊ ၁၇၇၈၊ ၁၇၇၉၊ ၁၇၈၀၊ ၁၇၈၁၊ ၁၇၈၂၊ ၁၇၈၃၊ ၁၇၈၄၊ ၁၇၈၅၊ ၁၇၈၆၊ ၁၇၈၇၊ ၁၇၈၈၊ ၁၇၈၉၊ ၁၇၉၀၊ ၁၇၉၁၊ ၁၇၉၂၊ ၁၇၉၃၊ ၁၇၉၄၊ ၁၇၉၅၊ ၁၇၉၆၊ ၁၇၉၇၊ ၁၇၉၈၊ ၁၇၉၉၊ ၁၈၀၀၊ ၁၈၀၁၊ ၁၈၀၂၊ ၁၈၀၃၊ ၁၈၀၄၊ ၁၈၀၅၊ ၁၈၀၆၊ ၁၈၀၇၊ ၁၈၀၈၊ ၁၈၀၉၊ ၁၈၁၀၊ ၁၈၁၁၊ ၁၈၁၂၊ ၁၈၁၃၊ ၁၈၁၄၊ ၁၈၁၅၊ ၁၈၁၆၊ ၁၈၁၇၊ ၁၈၁၈၊ ၁၈၁၉၊ ၁၈၂၀၊ ၁၈၂၁၊ ၁၈၂၂၊ ၁၈၂၃၊ ၁၈၂၄၊ ၁၈၂၅၊ ၁၈၂၆၊ ၁၈၂၇၊ ၁၈၂၈၊ ၁၈၂၉၊ ၁၈၃၀၊ ၁၈၃၁၊ ၁၈၃၂၊ ၁၈၃၃၊ ၁၈၃၄၊ ၁၈၃၅၊ ၁၈၃၆၊ ၁၈၃၇၊ ၁၈၃၈၊ ၁၈၃၉၊ ၁၈၄၀၊ ၁၈၄၁၊ ၁၈၄၂၊ ၁၈၄၃၊ ၁၈၄၄၊ ၁၈၄၅၊ ၁၈၄၆၊ ၁၈၄၇၊ ၁၈၄၈၊ ၁၈၄၉၊ ၁၈၅၀၊ ၁၈၅၁၊ ၁၈၅၂၊ ၁၈၅၃၊ ၁၈၅၄၊ ၁၈၅၅၊ ၁၈၅၆၊ ၁၈၅၇၊ ၁၈၅၈၊ ၁၈၅၉၊ ၁၈၆၀၊ ၁၈၆၁၊ ၁၈၆၂၊ ၁၈၆၃၊ ၁၈၆၄၊ ၁၈၆၅၊ ၁၈၆၆၊ ၁၈၆၇၊ ၁၈၆၈၊ ၁၈၆၉၊ ၁၈၇၀၊ ၁၈၇၁၊ ၁၈၇၂၊ ၁၈၇၃၊ ၁၈၇၄၊ ၁၈၇၅၊ ၁၈၇၆၊ ၁၈၇၇၊ ၁၈၇၈၊ ၁၈၇၉၊ ၁၈၈၀၊ ၁၈၈၁၊ ၁၈၈၂၊ ၁၈၈၃၊ ၁၈၈၄၊ ၁၈၈၅၊ ၁၈၈၆၊ ၁၈၈၇၊ ၁၈၈၈၊ ၁၈၈၉၊ ၁၈၉၀၊ ၁၈၉၁၊ ၁၈၉၂၊ ၁၈၉၃၊ ၁၈၉၄၊ ၁၈၉၅၊ ၁၈၉၆၊ ၁၈၉၇၊ ၁၈၉၈၊ ၁၈၉၉၊ ၁၉၀၀၊ ၁၉၀၁၊ ၁၉၀၂၊ ၁၉၀၃၊ ၁၉၀၄၊ ၁၉၀၅၊ ၁၉၀၆၊ ၁၉၀၇၊ ၁၉၀၈၊ ၁၉၀၉၊ ၁၉၁၀၊ ၁၉၁၁၊ ၁၉၁၂၊ ၁၉၁၃၊ ၁၉၁၄၊ ၁၉၁၅၊ ၁၉၁၆၊ ၁၉၁၇၊ ၁၉၁၈၊ ၁၉၁၉၊ ၁၉၂၀၊ ၁၉၂၁၊ ၁၉၂၂၊ ၁၉၂၃၊ ၁၉၂၄၊ ၁၉၂၅၊ ၁၉၂၆၊ ၁၉၂၇၊ ၁၉၂၈၊ ၁၉၂၉၊ ၁၉၃၀၊ ၁၉၃၁၊ ၁၉၃၂၊ ၁၉၃၃၊ ၁၉၃၄၊ ၁၉၃၅၊ ၁၉၃၆၊ ၁၉၃၇၊ ၁၉၃၈၊ ၁၉၃၉၊ ၁၉၄၀၊ ၁၉၄၁၊ ၁၉၄၂၊ ၁၉၄၃၊ ၁၉၄၄၊ ၁၉၄၅၊ ၁၉၄၆၊ ၁၉၄၇၊ ၁၉၄၈၊ ၁၉၄၉၊ ၁၉၅၀၊ ၁၉၅၁၊ ၁၉၅၂၊ ၁၉၅၃၊ ၁၉၅၄၊ ၁၉၅၅၊ ၁၉၅၆၊ ၁၉၅၇၊ ၁၉၅၈၊ ၁၉၅၉၊ ၁၉၆၀၊ ၁၉၆၁၊ ၁၉၆၂၊ ၁၉၆၃၊ ၁၉၆၄၊ ၁၉၆၅၊ ၁၉၆၆၊ ၁၉၆၇၊ ၁၉၆၈၊ ၁၉၆၉၊ ၁၉၇၀၊ ၁၉၇၁၊ ၁၉၇၂၊ ၁၉၇၃၊ ၁၉၇၄၊ ၁၉၇၅၊ ၁၉၇၆၊ ၁၉၇၇၊ ၁၉၇၈၊ ၁၉၇၉၊ ၁၉၈၀၊ ၁၉၈၁၊ ၁၉၈၂၊ ၁၉၈၃၊ ၁၉၈၄၊ ၁၉၈၅၊ ၁၉၈၆၊ ၁၉၈၇၊ ၁၉၈၈၊ ၁၉၈၉၊ ၁၉၉၀၊ ၁၉၉၁၊ ၁၉၉၂၊ ၁၉၉၃၊ ၁၉၉၄၊ ၁၉၉၅၊ ၁၉၉၆၊ ၁၉၉၇၊ ၁၉၉၈၊ ၁၉၉၉၊ ၂၀၀၀၊ ၂၀၁၉၊ ၂၀၅၀) စသည်တို့ဖြစ်ကြသည်။

http://www.dhammadownload.com

သက္ကရာဇ် ၈၃၀–ပြည့်နှစ် နန်းတက်သော ပြည်စုန်မင်းလက်ထက် ပြည်စုန်မင်းနန်းတက်သည့် နှစ်ပင် ရတနာပူရရွှေဝမြို့ကြီးလယ်တွင် ဝါဆိုလ ဗုဒ္ဓဟူးနေ့မွေးဖွားသော ငယ်မည် မောင်မောက်၊ ရဟန်းမည် ရှင်ရဋ္ဌသာရ၊ တံဆိပ်မည် မဟာသံဃရာဇာလည်း– 'အတိုင်းမသိ၊ ကျေးဖူးရှိသည်၊ မုနိသကျ၊ ဂေါတမ၏၊ ပါဒမြတ်ကျော်၊ ဘဝါးတော်၌၊ ထွန်းပေါ်ကျစ်လျစ်၊ တရာ့ရှစ်ကို၊ စိစစ်ကောင်းထွေ၊ လျည့်လျည့်ရေအုံ–' အစချီသည့် ပါဒနက်သန်ရှိခိုးလက်ာကိုလည်း စပ်ဆိုသည်*၁–ဟုဖြစ်သည်။

ဦးယံသည် မန္တလေးရတနာပုံခေတ် (အေဒီ–၁၈၅၁–၁၈၈၅)၌ စာပေနှံ့စပ်သောပုဂ္ဂိုလ်ကြီးတစ်ဆူအဖြစ် ထင်ရှားခဲ့သည်။ စာပေမွေ့လျော်မှုလွန်ကဲသောကြောင့် မင်းတုန်းမင်းကြီးနှုတ်ကပင် 'မောင်ယံမှာ သူ့ပိဋကတ်တိုက်နှင့်သာနေရော့သည်' ဟု မိန့်ဆိုခြင်းခံရဘူးလေသည်။*၂ ဦးယံသည် ပါဠိပိဋကတ်စာပေ၌သာမက ဂန္ထဋ္ဌရစာပေတွင်လည်း သူမတူအောင်နှံ့စပ်ပြီး၊ မန္တလေးရတနာပုံခေတ်တွင် အစုံလင်ဆုံးဘုရင့်ပိဋကတ်တိုက်ကြီးကို အုပ်ချုပ်နေခဲ့သူဖြစ်သည့်အတွက် (၁၀၈)ကွက်စက်လက္ခဏာအကြောင်းကို ကျမ်းအစောင်စောင်တွင် လှန်လှောရှာဖွေလေ့လာခဲ့မည်မှာ အမှန်ဖြစ်သည်။

မင်းကြီးဦးယံ၏လေ့လာချက်အရ (၁၀၈)ကွက်စက်လက္ခဏာကို (၁) အနာဂတဝံသအဋ္ဌကထာတွင် ရှေးဦးဆုံးအသုံးပြုဖော်ပြထားကြောင်း တွေ့ရသည်။ ထိုမှ (၂) စတုရင်္ဂဗလအမတ်ကြီး၏ပါဒဝန္ဒနာဂါထာ၌ တွေ့ရသည်။ ထိုမှတစ်ဖန် (၃) ရှင်မဟာရဋ္ဌသာရ–စသောကျမ်းပြုပုဂ္ဂိုလ်တို့၏စာတွင်တွေ့ရှိခဲ့ရကြောင်းသိရသည်။

ဤနေရာ၌ စိတ်ဝင်စားဖွယ်ကောင်းသောအချက်တစ်ရပ်မှာ '(၁၀၈)ကွက်စက်လက္ခဏာအကြောင်းကို ရှေးဦးဆုံးဖော်ပြထားသော အနာဂတဝံသအဋ္ဌကထာသည် မေတ္တေယျရှင်အကြောင်း အကျယ်ဖွင့်ရေးသားထားသောကျမ်းဖြစ်လေရာ၊ ထိုကျမ်း၌ဖော်ပြပါရှိသော (၁၀၈)ကွက်စက်လက္ခဏာသည် မေတ္တေယျရှင်၏စက်လက္ခဏာသာဖြစ်နိုင်ပြီး၊ ဂေါတမဘုရားရှင်နှင့်တိုက်ရိုက်သက်ဆိုင်လိမ့်မည်မဟုတ်' ဟူသောအချက်ပင်ဖြစ်သည်။

သို့ဆိုလျှင် အနာဂတဝံသအဋ္ဌကထာ၌လာသော မေတ္တေယျရှင်၏ခြေတော်ရာပါ (၁၀၈)ကွက်စက်လက္ခဏာကို စတုရင်္ဂဗလအမတ်ကြီး၊ ရှင်မဟာရဋ္ဌသာရ–အစရှိသော ရှေးမြန်မာပညာရှင်တို့ယူ၍ ဂေါတမဘုရားရှင်၏စက်လက္ခဏာ၌ ထည့်သွင်းရေတွက်ထားခြင်းနှင့်စပ်လျဉ်း၍ ပညာရှင်တို့ဆက်လက်လေ့လာရန်အကြောင်းအရာတစ်ရပ်ဖြစ်ပေါ်လာပါသည်။

အနာဂတဝံသအဋ္ဌကထာနှင့် (၁၀၈)ကွက်စက်လက္ခဏာ


အနာဂတဝံသအဋ္ဌကထာ၌ မေတ္တေယျရှင်၏(၁၀၈)ကွက်စက်လက္ခဏာတို့ကိုဖော်ပြထားသည်–ဟူရာ၌လည်း ထိုအနာဂတဝံသအဋ္ဌကထာ၏မူလကျမ်းဖြစ်သော အနာဂတဝံသကျမ်း၌ မေတ္တေယျရှင်၏ (၁၀၈)ကွက်စက်လက္ခဏာအကြောင်းဖော်ပြမထားခဲ့ပေ။ အနာဂတဝံသကျမ်းကိုဖွင့်ဆိုသော အနာဂတဝံသအဋ္ဌကထာ၌သာ မေတ္တေယျရှင်၏ (၁၀၈)ကွက်စက်လက္ခဏာကိုဖော်ပြထားခြင်းဖြစ်သည်။ အနာဂတဝံသအဋ္ဌကထာကို ထပ်ဆင့်ဖွင့်ဆိုသော အနာဂတဝံသဋီကာတွင်လည်း မေတ္တေယျရှင်၏(၁၀၈)ကွက်စက်လက္ခဏာကိုဖော်ပြထားပြန်သည်။ သို့ပါ၍ မေတ္တေယျဗုဒ္ဓ၏ (၁၀၈)ကွက်စက်လက္ခဏာအရေအတွက်တို့သည် အနာဂတဝံသအဋ္ဌကထာခေတ်သို့ရောက်မှ ပေါ်ထွန်းတွင်ကျယ်ခဲ့သည်ဟုလည်း ယူဆနိုင်လေသည်။

---

*၁ ဝိဋကတ်သိဓိုင်းစာတန်း။ ၁၉၀၅–ခုနှစ်။ (စာမျက်နှာ–၁၃၁)။

*၂ မော်ဝိဆရာသိန်း၏ ပညာရှိကြီးများအကြောင်း။ ၁၉၆၆–ခုနှစ်။(စာမျက်နှာ–၁၀၀)။ တိုက်ဦး၏ မင်းတုန်းမင်း။၁၉၉၈–ခုနှစ်။(စာမျက်နှာ–၁၄၃)။

http://www.dhammadownload.com



သီရိလင်္ကာနိုင်ငံ မလယဒေသရှိ
မင်းလာအမှတ်အသားရှိခဲ့ပါသော ဗုဒ္ဓခြေတော်ရာ
Dr. W.C. Sailer's Collection.




၁။ သီရိဝတ္ထ




၂။ ဘဒ္ဒပီဋ




၃။ သခ်




၄။ စာမရ




၅(က)။ ဓဇ



၅(ခ)။ ပဌာက




၆။ အင်္ကုသ



၇။ ပ္လက္ခ



၈။ ဒွေမတ္တ



ပုဂံမြို့၊ သမ္မုလဘုရား(၄၈၂)၌ တွေ့ရသော
ပလကုက္ကုဋ္ဌ ခေါ် တောကြက်ပုံ
ပုံတူရေးဆွဲသူ - Dr.W.C.Sailer.



တောကြက် *Gallus Lafayettii*
မြန်မာ့စွယ်စုံ၊၅၁၁၉၇၁၊ စာ-၃၅။

မေတ္တေယျ၏ခြေတော်ရာ၌သာပါရှိသော ပလကုက္ကုဋ္ဌ ခေါ် တောကြက်ပုံ

http://www.dhammadownload.com

အမေးတော်ဖြေ*၁၊ တောင်တွင်းအဖြေ*၂၊ စွယ်စုံကျော်ထင်*၃၊ သမန္တစက္ခုဒီပနီ*၄၊ ကဝိလက္ခဏာဒီပနီ*၅ စသောကျမ်းများတွင်လည်း အနာဂတဝံသအဋ္ဌကထာနှင့် အနာဂတဋီကာအဆိုသို့လိုက်၍ (၁၀၈)ကွက် စက်လက္ခဏာအကြောင်းဖြေဆိုကြပါသည်။ မြန်မာနိုင်ငံ၌လည်း အနာဂတဝံသအဋ္ဌကထာနှင့် ဋီကာကျမ်းနှစ်စောင်သည် ရှေးအခါကပင် အထင်အရှားရှိခဲ့ပုံရသည်။ ယခုအခါ၌ အနာဂတဝံသအဋ္ဌကထာသည် ပေမူအဖြစ်ရှိနေပြီးလျှင်၊ အနာဂတဝံသဋီကာမှာ ယခုအခါမတွေ့ရရုံမျှမက သိသူပင်အလွန်နည်းပါးခဲ့လေပြီ။

ဂေါတမဗုဒ္ဓနှင့် မေတ္တေယျရှင်တို့၏ စက်လက္ခဏာနှိုင်းယှဉ်လေ့လာခြင်း

ဂေါတမဗုဒ္ဓနှင့် မေတ္တေယျရှင်တို့၏ (၁၀၈)ကွက်စက်လက္ခဏာတည်နေပုံတို့ကို နှိုင်းယှဉ်လေ့လာတင်ပြလိုပေသည်။ (ဇယားကိုကြည့်ပါ။)

ထိုဇယားကွက်၌ ဂေါတမဗုဒ္ဓ၏ စက်လက္ခဏာပါအမှတ်အသား(၁၀၈)ကွက်နှင့် မေတ္တေယျရှင်၏ စက်လက္ခဏာပါအမှတ်အသား(၁၀၈)ကွက်တို့ကို ဖော်ပြထားပါသည်။ သို့ဖော်ပြရာတွင်-

(က) ဂေါတမဗုဒ္ဓ၏စက်လက္ခဏာကို ပါဠိစာပေလောကဌ ရှေးဦးလက်မွန်ဖော်ပြထားသော ဇိနာလင်္ကာရဋီကာကျမ်းကို သီရိလင်္ကာမူအဖြစ်၊ စတုရင်္ဂဗလအမတ်ကြီး၏ ဗုဒ္ဓပါဒဝန္ဒနာ*၆ နှင့် ရှင်မဟာရဋ္ဌသာရ၏ စက်လက္ခဏာတော်ဘုရားရှိခိုးလင်္ကာ*၇ တို့ကို မြန်မာမူအဖြစ်တင်ပြထားပါသည်။

(ခ) မေတ္တေယျရှင်၏စက်လက္ခဏာနှင့်စပ်လျဉ်း၍ အနာဂတဝံသအဋ္ဌကထာ၌ဖော်ပြထားသော (၁၀၈)ကွက် စက်လက္ခဏာစာရင်းကို တင်ပြထားပါဖြစ်သည်။ အနာဂတဝံသအဋ္ဌကထာသည် မြန်မာနိုင်ငံ၌ ပေမူဖြင့်သာ ရှိသည်မှန်သော်လည်း စုဆောင်းရရှိထားသောပေမူ အများအပြားဖြစ်နေသည့်အတွက် သုတေသီတို့ရှာဖွေရလွယ်ကူပြီး ဆက်လက်လေ့လာမှုများများရန် အဆင်ပြေမည့် နိုင်ငံတော်အမျိုးသားစာကြည့်တိုက်ရှိ အနာဂတဝံသအဋ္ဌကထာပေမူကို လက်ရင်းမူအဖြစ်ဖော်ပြထားပါသည်။ ထိုအနာဂတဝံသအဋ္ဌကထာနှင့်ယှဉ်၍ အနာဂတဝံသဋီကာလာစက်လက္ခဏာတို့ကိုလည်းဖော်ပြထား၏။ ထိုအနာဂတဝံသဋီကာမူရင်းကိုရှာ၍မရသဖြင့် တောင်ခွင်သာသနာပိုင်ကြီး၏ ဂုဏ္ဍဏ္ဌဝိနိစ္ဆယမှ ရယူဖော်ပြထားပါသည်။ ပြည်ပနိုင်ငံမှမူအနေဖြင့် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ အမျိုးသားပိဋကတ်တိုက်ရှိ သမန္တ ဘဒ္ဒ(ဠ)ကာခေါ် အနာဂတဝံသအဋ္ဌကထာပေမူ*၈နှင့် အနာဂတဝံသဋီကာ*၉လာ (၁၀၈)ကွက်စက်လက္ခဏာတို့ကိုနှိုင်းယှဉ်နိုင်ကြစေရန်ထည့်သွင်းဖော်ပြထားပါသည်။

---

*၁ အမေးတော်ဖြေကျမ်း။ ၁၉၆၂-ခုနှစ်။ (စာမျက်နှာ-၄၅၉၊ ၄၆၂)။

*၂ လက်ဝဲနော်ရထာလျှောက်ထုံး။ ၁၉၆၃-ခုနှစ်။ (စာမျက်နှာ-၁၁၃)။

*၃ စွယ်စုံကျော်ထင်ကျမ်း၊ ဒုတိယအုပ်။ ၁၉၆၁-ခုနှစ်။ (စာမျက်နှာ-၁၉၂)။

*၄ သမန္တ စက္ခုဒီပနီကျမ်း။ ၁၉၈၅-ခုနှစ်။ (စာမျက်နှာ-၄၇၄၊ ၅၅၆)။

*၅ ကဝိလက္ခဏာဒီပနီ(သုံးကျမ်းတွဲ)။ ၁၉၆၁-ခုနှစ်။ (စာမျက်နှာ-၄၀၀)။


*၆ ဂုဏ္ဍဏ္ဌဝိနိစ္ဆယကျမ်း။ ပထမအုပ်။ ၁၉၂၈-ခုနှစ်။ (စာမျက်နှာ-၈၆)။


*၇ ဦးလွင်၏ကဗျာသင်္ဂဟမေနူ။ ၁၉၆၆-ခုနှစ်။ (စာမျက်နှာ-၂၆၀)။ သျှင်မဟာရဋ္ဌသာရ၏ဟကိုလ္လကစာစု။ ၁၉၆၈-ခုနှစ်။ (စာမျက်နှာ-၁)။ ပထမကျော်အောင်စံထားဆရာတော် အရှင်ဥာဏဝရ(အေဒီ ၁၇၈၅-၁၇၅၃)၏ 'ပါဒနက်သန်လင်္ကာ'တွင်လည်း ဗုဒ္ဓ၏(၁၀၈)ကွက်စက်လက္ခဏာကို ဖော်ပြထား၏။ ပုရိသ၏မြန်မာ့ရှုဒင်း။ ၁၉၇၂-ခုနှစ်။ (စာမျက်နှာ-၉၁)။

*၈ Samantabhaddaka. Cat.No. 2652, 2656, 4138, 4797. National Library. Bangkok. အနာဂတဝံသအဋ္ဌကထာကို မြန်မာနှင့် သီရိလင်္ကာရှိပေမူတို့၌ 'သမန္တ ဘဒ္ဒိကာ'ဟုဖော်ပြထားပြီး၊ ထိုင်းနိုင်ငံ၌ အချို့ပေမူတို့တွင် 'သမန္တ ဘဒ္ဒကာ'ဟု ပြထားသည်။

*၉ Bangkok National Library. 2652/1-9.

http://www.dhammadownload.com





Dr.W.C Sailer's,1988.

ပုဂံမြို့၊ လောကနန္ဒာဘုရားရှိ
၁၀၈-ကွက် စက်လက္ခဏာပါ ဘုဥ္ဇခြေတော်ရာ
ပုံတူကူးရေးသူ-ဦးဗိုကေ(ပုဂံ)

http://www.dhammadownload.com

ဂေါတမဘုရားရှင်နှင့် မေတ္တေယျရှင်တို့၏ (၁၀၈)ကွက်စက်လက္ခဏာနှစ်ရပ်ကို ယှဉ်တွဲ၍လေ့လာပါက မကွဲမပြား အလုံးစုံတူညီသည်ဟုထင်မှတ်ဖွယ်ရှိသော်လည်း ထိုင်းနိုင်ငံမှရရှိသော အနာဂတဝံသအဋ္ဌကထာ ပေမူတွင် သီရိလင်္ကာ၊ မြန်မာမူတို့နှင့်မတူဘဲ 'ပလကုက္ကုဋ္ဌအမှတ်လက္ခဏာ'တစ်ရပ် ထူးထူးခြားခြားပါရှိနေခြင်းကို တွေ့ရသည်။ အေဒီ ၁၃၅၀–ပြည့်နှစ်ထိုး သုခေါထိုင်း(Sukhotai)ကျောက်စာပါ ဗုဒ္ဓပါဒဝန္ဒနာဂါထာတွင်လည်း 'ကုက္ကုဋ္ဌ'အမည်ကိုတွေ့ရသည်။[*၁] ဂေါတမဘုရားရှင်၏စက်လက္ခဏာတွင် ထို'ကုက္ကုဋ္ဌ'လက္ခဏာနေရာ၌ 'ဟံသာရာဇာခေါ် ဟသ်ာမင်း'အမှတ်လက္ခဏာကိုတွေ့ရသည်။

သို့ဖြစ်၍ (၁၀၈)ကွက်စက်လက္ခဏာတွင် ကုက္ကုဋ္ဌခေါ် ကြက်လက္ခဏာအမှတ်အသားပါလျှင် မေတ္တေယျရှင်၏ခြေတော်ရာဖြစ်လိမ့်မည်၊ ကုက္ကုဋ္ဌ(ကြက်) အမှတ်လက္ခဏာမပါဘဲ ဟံသရာဇာ(ဟသ်ာမင်း) လက္ခဏာအမှတ်အသားပါရှိလျှင် ဂေါတမဘုရားရှင်၏ခြေတော်ရာဖြစ်လိမ့်မည်–ဟူ၍ ခြေတော်ရာသုတေသီတို့က ခွဲခြားပြီးမှတ်သားထားခဲ့ကြပါသည်။[*၂]

ကုက္ကုဋ္ဌ–လက္ခဏာအမှတ်အသား

ကုက္ကုဋ္ဌ–ဟူသောဝေါဟာရကို သုခေါထိုင်းကျောက်စာ၌ 'ပါလကုက္ကုဋာနိ'နှင့် ပထမသမ္ဗောဓိကျမ်း၌ 'ဆလကုက္ကုဋ္ဌ'ဟူ၍ဖော်ပြထားပြီး၊ အရှင်မောဂ္ဂလာန်မထေရ်၏အဘိဓာနပ္ပဒီပိကာအမည်ရှိသော ပါဠိအဘိဓာန်ကျမ်း (၂)ဘူကဏ္ဍ၊ (၆)အရညာဒိသီဟာဒိဝဂ်လာ(ဂါထာအမှတ်–၆၃၉/၆၄၀)တွင် 'တမ္ဗစူဠ္ဠော(စ) ကုက္ကုဋော'ဟု ပြထားတ်။ ထို 'တမ္ဗစူဠ္ဠနှင့် ကုက္ကုဋ္ဌ'ဝေါဟာရနှစ်ခုကို အေဒီ ၁၆၄၆–ခုနှစ်တွင်ပြုစုသော ကျော်အောင်စံထားဆရာတော်၏အဘိဓာန်နိဿယမှစ၍ အဘိဓာန်နိဿယကျမ်းများတွင် 'ကြက်'ဟု အဓိပ္ပာယ်ဖွင့်ပြထားခဲ့ကြသည်။[*၃]

အဘိဓာနပ္ပဒီပိကာကိုဖွင့်ဆိုသော စတုရင်္ဂဗလအမတ်ကြီး၏အဘိဓာန်ဋီကာကျမ်း၌ 'ဒွယံ ကုက္ကုဋ္ဌမတ္တေ တမ္ဗာစူဠ္ဠာယသ္သကုက္ကုဋ္ဌတိတိ ကုက္ကုဋော၊ ကုကဝက အာဒါနေဝါ အဒ္ဓော'–ဟုပြထားပြီး၊[*၄] မောင်းထောင်ဆရာတော်၏အဘိဓာန်ဋီကာနိဿယ၌–

> 'ဒွယံ=သည်၊ ကုက္ကုဋ္ဌမတ္တေ=ကြက်သာမည၌ဖြစ်၏။ ယသ=အကြင်ငှက်အား၊ တမ္ဗာ=နီသော၊ စူဠ္ဠာ=အမောက်သည်၊ အတ္ထိ=၏(နိပ္ပန္နမရှိ)။ ကုက္ကုဋ္ဌတိ=မကောင်းသဖြင့်သွားတတ်၏။ က္ကတိ=ကြောင့်၊ ကုက္ကုဋော=မည်၏၊ (ဝါ)–ကား။ ကုက=သည်ငှင်း၊ ဝက=သည်ငှင်း၊ အာဒါနေ=၌ဖြစ်၏။'–ဟု ဖော်ပြထားပါသည်။[*၅]

---

*၁ Sukhothai Buddha Pāda Vandanā. (ဂါထာအမှတ်–၁၁)တွင် 'ပလကုက္ကုသ္ဆရော ကောဏ္ဍော၊ ကိက္ကရော ကိက္ကရိဟက္ခိ'–ဟု ဖော်ပြထားသည်။ Dr. W.C. Sailer' The Buddha Footprints Collection. 1992.

*၂ ဦးရန်နိုင်၏ ပါဒမြတ်ကျော် ဘဝါးတော်၌ ထွန်းပေါ်ကျန်လျှန်–၁၀၈ (ဆောင်းပါး)။ မန္တလေးခေတ်စဉ်သတင်းစာ။ (၁၇၊၅၊၁၉၉၈)။

*၃ ကျော်အောင်စံထားအဘိဓာန်နိဿယ။ (စာမျက်နှာ–၃၃၁)။ အဘာယာရာမအဘိဓာန်နိဿယသစ်။ (စာမျက်နှာ–၂၄၁)။ တောင်ပေါက်အဘိဓာန်နိဿယသစ်။ (စာမျက်နှာ–၃၆၁)။ ပခုက္ကူအဘိဓာန်နိဿယသစ်။ (စာမျက်နှာ–၄၂၁)။ Buddhadatta' Abhidhānappadipikā. 1908. (စာမျက်နှာ–၁၂၈)။

*၄ စတုရင်္ဂဗလအမတ်၏အဘိဓာန်ဋီကာပါဠိ။ ၁၉၁၂–ခုနှစ်။ (စာမျက်နှာ–၃၀၄)။

*၅ မောင်းထောင်ဆရာတော်၏အဘိဓာန်ဋီကာနိဿယသစ်၊ ဒုတိယအုပ်။ ၁၉၁၁–ခုနှစ်။ (စာမျက်နှာ–၃၃၅)။

http://www.dhammadownload.com

ပါဠိ–မြန်မာအဘိဓာန်ကျမ်းများ၌ 'ကုက္ကုဋ'ကို 'ကြက်'[*၁]၊ တောကြက်[*၂]၊ ကြက်ဖ[*၃] စသည်ဖြင့်လည်းကောင်း၊ ပါဠိ–အင်္ဂလိပ်အဘိဓာန်ကျမ်းများ၌ 'a cock; a hen'[*၄] စသည်ဖြင့်လည်းကောင်း ဖော်ပြထားသည်။ 'a wild rooster' ဟုလည်းတွေ့ရသည်။ 'ကုက္ကုဋ'ဟူသော ပါဠိဝေါဟာရကို သက္ကတဘာသာ၌လည်း တွေ့ရသဖြင့်၊ သက္ကတအဘိဓာန်ကျမ်းများ၌ 'a cock; a wild cock (Phasianus gallus), a hen, fowl'[*၅] စသည်ဖော်ပြထားပြန်သည်။ 'ကုက္ကုဋ'ကို အင်ဒို–ဥရောပဘာသာစကားအုပ်စုတွင် ရှေးဂရိဘာသာ၌ 'Gallus'၊ လက်တင်ဘာသာ၌ 'Cucurio'၊ ဂျာမန်ဘာသာ၌ 'Kirkeriki' ဟူ၍တွေ့ရသည်။ 'ကုက္ကုဋ'ကို ထိုင်းနိုင်ငံ၌ 'Kaaipaa'၊ သီရိလင်္ကာ၌ 'ဝေလိကုက္ကုလာ၊ ဝေလိကိုကိလိ'၊ အိန္ဒိယတောင်ပိုင်း၌ တမိလ်ဘာသာဖြင့် 'ကာဒုကောလိ'ဟူ၍လည်းခေါ်ကြသည်။ သတ္တဗေဒပညာရပ်အခေါ်မှာ *Gallus Lafayettii* ဖြစ်သည်။

ကုက္ကုဋကို ထိုင်းနိုင်ငံရိုင်းတောင်များအကြောင်းလမ်းညွှန်စာအုပ်[*၆] နှင့် မြန်မာနိုင်ငံတောင်များအကြောင်းစာအုပ်[*၇] တို့တွင်ဖော်ပြပါရှိချက်တို့အရ မြန်မာနိုင်ငံ၌တွေ့ရသော တောကြက် *(Spadiceus Bonnaterre)* သည် 'ကုက္ကုဋ (ကြက်)'ဟု ယူဆဖွယ်ရှိလေသည်။ ထိုကြက်မှာ အမြီးရှည်ရှည်(အရှည် ၁၃–လက်မခန့်ရှိသည်။) ပေငါးထောင် ခန့်မြင့်သော တောင်ပေါ်ဒေသ၌တွေ့နိုင်ပြီး၊ ရံခါသံလွင်မြစ်, ရွှေလီမြစ် စသည့်အနီး တောတန်းတောင်ကုန်းကြီးများ၊ မြန်မာနိုင်ငံမြောက်ပိုင်းရှိ တောင်တန်းဒေသများ၌ ကျက်စားနေလေ့ရှိသည်–ဟုသိရသည်။

ထိုကုက္ကုဋ ခေါ် တောကြက်၏ပုံကို ပုဂံမြို့၊ မင်းနန်သူမြောက်အရပ်ရှိ ဥဇနာမင်း(အေဒီ ၁၂၄၉–၁၂၅၆)၏ မိဖုရားသမ္မာလအားရည်စူး၍တည်ထားသော သမ္မာလဂူဘုရား(အေဒီ ၁၂၅၅–ခုနှစ်)တွင် တွေ့ရသည်။ သမ္မာလဂူဘုရားကို ကျောက်စာအထောက်အထားအရ အေဒီ ၁၂၅၅–ခုနှစ်တွင် တည်ထားခဲ့သည်ဟုခန့်မှန်းသည်။[*၈] သမ္မာလဂူဘုရားအတွင်းရှိနံရံများတွင် ပန်းချီများနှင့်အတူ ပါဠိစာသား၊ မြန်မာစာသားအမြောက်အမြား ရေးသားထားသည်။ အထူးသဖြင့် ဂူဘုရား၏အရှေ့ကုဋိဆောင်နံရံပန်းချီများတွင် နောင်ပွင့်လတ္တံ့သော မေတ္တေယျဘုရားနှင့်သက်ဆိုင်သည့် အနာဂတဝင်ပါဠိထွက်အကြောင်းအရာပုံများနှင့် ပါဠိကမ္မည်းစာများပါရှိလေသည်။[*၉]

ကုက္ကုဋခေါ် မြီးဆံရှည်ကြက်လက္ခဏာအမှတ်အသားပါရှိသောဗုဒ္ဓခြေတော်ရာကို (၁) ထိုင်းနိုင်ငံ၊ ပက်ချ်ဘူရီ (Petchburi)ရှိ ဝတ်ဘန်ဒေအစ် (Wat Band Dai It) ဘုရားကျောင်း၊ (၂) ထိုင်းနိုင်ငံ၊ နကောန်ဆုဝန် (Nakorn Suwan)ရှိ ဝတ်ဂေါပ်(Wat Gop)ဘုရားကျောင်း၊ (၃) ထိုင်းနိုင်ငံ၊ ဖယို (Phayao)ရှိ ဝတ်တုန်လောန် (Wat Tan Laung) ဘုရားကျောင်းနှင့် (၄) ဘန်ကောက်မြို့ အမျိုးသားပြတိုက်အပါအဝင် ထိုင်းနိုင်ငံနေရာဒေသအများအပြားတို့တွင်လည်းတွေ့ရသည်။[*၁၀]

---

*၁ ကုက္ကဋ၊ ကုက္ကုဋ= ကျက်(ကြက်)– ဦးပဏ္ဍိစ္စသဒ္ဒါပညတ်နှင့်ကျမ်း။ ၁၈၉၇–ခုနှစ်။ (စာမျက်နှာ–၁၀၃)။

*၂ လယ်တီပဏ္ဍိတ၏ ပါဠိအဘိဓာန်ရှုပ်။ ၁၉၆၅–ခုနှစ်။ (စာမျက်နှာ–၁၇၂)။

*၃ ဦးဟုတ်စိန်၏ ပါဠိ–မြန်မာအဘိဓာန်၊ ဒုတိယပိုင်း။ ၁၉၅၆–ခုနှစ်။ (စာမျက်နှာ–၃၂၂)။

*၄ The Pāḷi Text Society's Pāḷi-English Dictionary 1959. Page-218. [cock= ကြက်–ဖ–ထီး။ hen= ကြက်မ]

*၅ Sir M.M.Williams' A Sanskrit-English Dictionary. 1956. Page-287./[cock= ကြက်–ဖ–ထီး။ a wild cock= တောကြက်။ fowl= ကြက်ငှက်။]

*၆ A Guide to the Birds of Thailand. 1991. Page-100. Red. Junglefowl. Pl. 98.

*၇ B.E. Smythies' The Birds of Burma. 1986. Page-77. Plate- XXII, Fig. 3 and 3 a.

*၈ Inventory of Monuments at Pagan. Vol.II. Page-300.

*၉ ဦးဇီကော၏ ပုဂံသုတေသနလမ်းညွှန်။ ၁၉၈၁–ခုနှစ်။ (စာမျက်နှာ–၃၈၅)။ Paul Strachan' Pagan. 1989. Page-132.

*၁၀ Dr. W.C. Sailer' The Buddha Footprints Collection.

http://www.dhammadownload.com

ဝိုဝ	ဗောဓိသတ္တဝတ္ထု အရိယသစ္စာ	ဗောဓိသတ္တဝတ္ထု အရိယသစ္စာ	ဗောဓိသတ္တဝတ္ထု အရိယသစ္စာ	ဗောဓိသတ္တဝတ္ထု အရိယသစ္စာ	ဗောဓိသတ္တဝတ္ထု အရိယသစ္စာ	ဗောဓိသတ္တဝတ္ထု အရိယသစ္စာ	ဗောဓိသတ္တဝတ္ထု အရိယသစ္စာ	ဗောဓိသတ္တဝတ္ထု အရိယသစ္စာ	ဗောဓိသတ္တဝတ္ထု အရိယသစ္စာ
၁	ဒုက္ခိ	သင်္ခါရ	ဝိညာဏ	နာမရူပ	သဠာယတန	ဖဿ	ဝေဒနာ	တဏှာ	ဥပါဒါန
၂	ဒုက္ခိ	ဝယ	ဇရာ	မရဏ	ဇာတိ	ဘဝ	ဥပါဒါန	တဏှာ	ဝေဒနာ
၃	ဒုက္ခိ	ဝယ	ဇရာ	မရဏ	ဇာတိ	ဘဝ	ဥပါဒါန	တဏှာ	ဝေဒနာ
၄	ဒုက္ခိ	ဝယ	ဇရာ	မရဏ	ဇာတိ	ဘဝ	ဥပါဒါန	တဏှာ	ဝေဒနာ
၅	ဒုက္ခိ	ဝယ	ဇရာ	မရဏ	ဇာတိ	ဘဝ	ဥပါဒါန	တဏှာ	ဝေဒနာ
၆	ဒုက္ခိ	ဝယ	ဇရာ	မရဏ	ဇာတိ	ဘဝ	ဥပါဒါန	တဏှာ	ဝေဒနာ
၇	ဒုက္ခိ	ဝယ	ဇရာ	မရဏ	ဇာတိ	ဘဝ	ဥပါဒါန	တဏှာ	ဝေဒနာ
၈	ဒုက္ခိ	ဝယ	ဇရာ	မရဏ	ဇာတိ	ဘဝ	ဥပါဒါန	တဏှာ	ဝေဒနာ
၉	ဒုက္ခိ	ဝယ	ဇရာ	မရဏ	ဇာတိ	ဘဝ	ဥပါဒါန	တဏှာ	ဝေဒနာ
၁၀	ဒုက္ခိ	ဝယ	ဇရာ	မရဏ	ဇာတိ	ဘဝ	ဥပါဒါန	တဏှာ	ဝေဒနာ
၁၁	ဒုက္ခိ	ဝယ	ဇရာ	မရဏ	ဇာတိ	ဘဝ	ဥပါဒါန	တဏှာ	ဝေဒနာ
၁၂	ဒုက္ခိ	ဝယ	ဇရာ	မရဏ	ဇာတိ	ဘဝ	ဥပါဒါန	တဏှာ	ဝေဒနာ
၁၃	ဒုက္ခိ	ဝယ	ဇရာ	မရဏ	ဇာတိ	ဘဝ	ဥပါဒါန	တဏှာ	ဝေဒနာ
၁၄	ဒုက္ခိ	ဝယ	ဇရာ	မရဏ	ဇာတိ	ဘဝ	ဥပါဒါန	တဏှာ	ဝေဒနာ
၁၅	ဒုက္ခိ	ဝယ	ဇရာ	မရဏ	ဇာတိ	ဘဝ	ဥပါဒါန	တဏှာ	ဝေဒနာ

http://www.dhammadownload.com

စဉ်	ဒုတိယသမ္ဗုဒ္ဓဘုရားရှင်ကြီးလက်ထက်တော်တွင် ဖြစ်ပေါ်ခဲ့သော ဘဝများ			ဒုတိယသမ္ဗုဒ္ဓဘုရားရှင်ကြီးလက်ထက်တော်တွင် ဖြစ်ပေါ်ခဲ့သော ဘဝများ			ပဉ္စမသမ္ဗုဒ္ဓဘုရားရှင်ကြီးလက်ထက်တော်တွင် ဖြစ်ပေါ်ခဲ့သော ဘဝများ		
	ဘဝအမည်	ဘဝအခြေအနေ	ဘဝအကြောင်းအရာ	ဘဝအမည်	ဘဝအခြေအနေ	ဘဝအကြောင်းအရာ	ဘဝအမည်	ဘဝအခြေအနေ	ဘဝအကြောင်းအရာ
၁-၁၀	ဗြဟ္မာ့ပြည်ဘုံ			ဗြဟ္မာ့ပြည်ဘုံ			ဗြဟ္မာ့ပြည်ဘုံ		
၁၁	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း
၁၂	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း
၁၃	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း
၁၄	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း
၁၅	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း
၁၆	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း
၁၇	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း
၁၈	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း
၁၉	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း
၂၀	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း
၂၁	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း
၂၂	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း	ဗြဟ္မာ	ဗြဟ္မာ	ဗြဟ္မာ့ပြည်ဘုံ၌ ဖြစ်ပေါ်ခြင်း
၂၃-၃၀	ဗြဟ္မာ့ပြည်ဘုံ			ဗြဟ္မာ့ပြည်ဘုံ			ဗြဟ္မာ့ပြည်ဘုံ		


http://www.dhammadownload.com

ဇယား	ဘဝတစ်ခုတွင် ပြုနိုင်သော ကုသိုလ်ကံ(၁၀၀) ကျေးဇူးပြုပုံ				ဘဝပြောင်းလဲမှုတွင် ကုသိုလ်ကံ(၁၀၀) ကျေးဇူးပြုပုံ				
	ပဋိသန္ဓေ	ကမ္မဇရူပ	ပဝတ္တိ		ပဋိသန္ဓေ	ကမ္မဇရူပ	ပဝတ္တိ		
	ပဋိသန္ဓေတွင် ကုသိုလ်ကံ	ပဋိသန္ဓေနောက် ကုသိုလ်ကံ	ပဋိသန္ဓေနောက် ကုသိုလ်ကံ	ပဋိသန္ဓေနောက် ကုသိုလ်ကံ	ပဋိသန္ဓေတွင် ကုသိုလ်ကံ	ပဋိသန္ဓေနောက် ကုသိုလ်ကံ	ပဋိသန္ဓေနောက် ကုသိုလ်ကံ	ပဋိသန္ဓေနောက် ကုသိုလ်ကံ	
၁၆	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၁၇	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၁၈	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၁၉	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၂၀	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၂၁	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၂၂	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၂၃	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၂၄	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၂၅	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၂၆	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၂၇	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၂၈	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၂၉	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၃၀	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၃၁	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၃၂	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၃၃	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၃၄	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၃၅	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၃၆	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၃၇	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၃၈	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၃၉	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၄၀	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၄၁	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၄၂	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၄၃	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၄၄	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၄၅	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၄၆	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၄၇	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၄၈	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၄၉	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၅၀	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၅၁	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၅၂	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၅၃	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၅၄	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	
၅၅	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	ဒုဂ္ဂတိဘဝ	

http://www.dhammadownload.com

စဉ်	ကျမ်းသင်ခန်းစာ	ကျမ်းသင်ခန်းစာ	မြန်မာမှ	ကျမ်းသင်ခန်းစာ	ကျမ်းသင်ခန်းစာ	ကျမ်းသင်ခန်းစာ	ကျမ်းသင်ခန်းစာ	ကျမ်းသင်ခန်းစာ	ကျမ်းသင်ခန်းစာ	ကျမ်းသင်ခန်းစာ	ကျမ်းသင်ခန်းစာ	ကျမ်းသင်ခန်းစာ
၁	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ
၂၆	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ
၂၇	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ
၂၈	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ
၂၉	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ
၃၀	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ
၃၁	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ
၃၂	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ
၃၃	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ	ဒေါက်တာ ဦးဘိုးလှ

http://www.dhammadownload.com



http://www.dhammadownload.com

အခန်း (၂၁)

မေတ္တေယျရှင်နှင့်လောကီလုပ်ငန်း

မြန်မာနိုင်ငံတွင် မေတ္တေယျရှင်အား လောကီပညာကိစ္စတို့တွင် ထည့်သွင်းအသုံးပြုကြပုံအကြောင်းကို အငြိမ်းစားကျောက်စာဝန်သီရိပျံချီဦးမြ(အေဒီ ၁၈၉၉-၁၉၅၃)က အပယ်ရတနာလှိုဏ်ဂူဘုရားစာအုပ်၌-

> လူတို့သည် လောကီအကျိုးကိုမြော်ကိုးလျက် ဂါထာမန္တန် စီရင်ရာ၌ 'သံ,ဂုံ,ပ,မ,ယျ' အက္ခရာငါးလုံးဖြင့်(ယျ) ဟူသောအက္ခရာကို အရိမေတ္တေယျဘုရားအလောင်းအစားထည့်သွင်းအသုံးပြုကြသည်-*၁

ဟူ၍ ရေးသားထားပါသည်။

မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၈)၌လည်း 'လောကီဆရာတို့အသုံးပြုသော (သံ,ဂုံ,ပ,မ,ယျ) ဘုရားငါးဆူ'*၂ ဟူ၍ မေတ္တေယျရှင်အပါအဝင် ဘုရားငါးဆူတို့အား လောကီပညာ၌ အသုံးပြုနေကြကြောင်းကိုဖော်ပြထားပြန်ပါသည်။ မေတ္တေယျရှင်အား 'ယျ'အက္ခရာသင်္ကေတဖြင့် လောကီဆရာတို့အများဆုံးသုံးစွဲကြသော်လည်း ဦးသြဘာသာဘိဝံသ၏ သုတေသနသရုပ်ပြအဘိဓာန်ကျမ်း၌ 'အင်းအိုင်တို့၌ သံ,ဂုံ,ပ,မ,အ –ဟု ရေးသုံးကြကုန်၏'ဟု မေတ္တေယျရှင်အား 'အ'အက္ခရာဖြင့်သုံးစွဲကြောင်း ဖော်ပြထားပြန်၏။*၃

အင်း,အိုင် စသည်

ကျောက်စာဝန်ဟောင်းဦးမြက ဤဘဒ္ဒကမ္မာ၌ပွင့်တော်မူသည့် မေတ္တေယျရှင်အပါအဝင် ငါးဆူသောဘုရားရှင်တို့အား ဂါထာမန္တန်စီရင်ရာ၌အသုံးပြုသည်ဟု သာမညရေးသားထားသော်လည်း၊ လောကီဆရာများသည် ဂါထာမန္တန်၌သာမက အင်း,အိုင်,လက်ဖွဲ့,ခါးလှည့်,မန္တရားစသည့်လောကီလုပ်ငန်းကိစ္စတိုင်းတွင် ထည့်သွင်းအသုံးပြုနေကြကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို အင်း,အိုင်,လက်ဖွဲ့,ခါးလှည့်,ဂါထာ,မန္တန်,မန္တရား,ဆေးဝါး-စသည်တို့ကို သိဒ္ဓိအမျိုးမျိုးပြီးမြောက်စေတတ်သော ဂန္ဓာရီဝိဇ္ဇာအတတ်ပညာများဖြစ်သည်ဟူ၍လည်း ယူဆထားကြသည်။

---

*၁ ဦးမြ၏ အပယ်ရတနာလိုဏ်ဂူဘုရား။ ၁၉၆၈-စုစုစ်။ (စာမျက်နှာ-၃၃)။

*၂ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ-၈။ ၁၉၆၃-စုစုစ်။ (စာမျက်နှာ-၃၀၀)။

*၃ သုတေသနသရုပ်ပြအဘိဓာန်။ ၂၀၀၂-စုစုစ်။ (စာမျက်နှာ-၄၁၃)။

http://www.dhammadownload.com

အင်း*၁ ဆိုသည်မှာ ကောင်းပြု,မကောင်းပြု၊ ကောင်းကျိုး,မကော ကျိုးအတွက် ရည်ညွှန်း၍ ရွေပြား၊ ငွေပြား၊ ကြေးပြား၊ ခဲပြား၊ သစ်သားပြား၊ သိမ်ဝင်းသပိတ်ကွဲ၊ ရေလုံအိုးကွဲခေါ် သေသူရေချိုးရာ၌အသုံးပြုသော ရေအိုးကွဲ၊ လက်စက်ခွက်ခေါ် မြေကိုအိုးခွက်လုပ်ရာ၌ အိုးထိန်းစက်သို့မဟုတ် အိုးလုပ်ရာသို့သယ်ယူသောအခါ လမ်းတွင်အနည်းငယ်ကျကျန်ရစ်သောမြေကို စုပေါင်းကာ ပြုလုပ်ထားသော ခွက်၊ ပေရွက်၊ ထန်းရွက်၊ မိုင်းကိုင်စက္ကူ စသည်တို့၌ စတုရန်းလေးထောင့်၊ ကြာဖတ်သဏ္ဌာန်ရှစ်ထောင့်၊ တြိဂံသဏ္ဌာန်သုံးထောင့်၊ စက်ဘီးသဏ္ဌာန် အဝိုင်း စသည်တို့ဖြင့် ပုံအမျိုးမျိုးကိုသရုပ်ဖော်မျဉ်းသားထားသောအကွက်စသည်တို့တွင် အက္ခရာဖြစ်စေ၊ ဂဏန်းဖြစ်စေ၊ အက္ခရာနှင့်ဂဏန်းရောရာဖြစ်စေ ရေးသားထည့်သွင်းထားသောအရာဝတ္ထုကိုဆိုလိုသည်။

အိုင်–ဆိုသည်မှာ အင်းကိုပင်ဆိုသည်။ အချို့ပညာရှိတို့က အက္ခရာသွင်းလျှင် အင်း၊ ဂဏန်းသွင်းလျှင် အိုင်ဟု အင်းနှင့်အိုင် ထူးခြားပုံကိုဆိုကြသည်။ ထိုသို့ဆိုကြသော်လည်း ခိုင်လုံသောသက်သေသာဓကရှာ၍ မရ။ ကြံဆရေးသားပြောဆိုခြင်းသာဖြစ်သည်။ ခါးဠ်ပတ်ဖွဲ့ထားသောလက်ဖွဲ့များ*၂ အင်းများဟုလည်းယူဆ၏။

လက်ဖွဲ့–ဆိုသည်မှာ ရွေပြား၊ ငွေပြား၊ ကြေးပြား၊ ခဲပြား၊ ထန်းရွက်၊ ပေရွက်၊ စက္ကူ စသည်တို့၌ အက္ခရာဖြစ်စေ၊ ဂဏန်းဖြစ်စေ၊ ဂါထာမန္တန် မန္တရားဖြစ်စေ ရေးသား၍ လိပ်ထားသောအရာဝတ္ထုကိုဆိုသည်။

မန္တန်, မန္တရား– ဟူရာ၌ ပါဠိအဋ္ဌကထာ ဋီကာကျမ်းတို့၌လာသမျှဂါထာနှင့် လောကီဆရာတို့ တီထွင် ရေးထားသောဂါထာတို့ကို ဥုံထည့်၍ (တစ်နည်း) ဥုံခံ၍ရေးထားလျှင်မန္တန်၊ သြောင်းပါလျှင်မန္တရား ခေါ်သည်။*၃

ထို အင်း,အိုင် စသည်တို့၌ဖော်ပြထားသော ဘုရားငါးဆူတို့၏ကိုယ်တော်စား 'သံ,ဂုံ,ပ,မ,ယျ' အက္ခရာငါးလုံးတို့တွင် 'ယျ' အက္ခရာသည် မေတ္တေယျရှင်တော်ကိုရည်ညွှန်းထားခြင်းဖြစ်ပြီးလျှင်၊ ထို 'ယျ' အက္ခရာပါရှိသည့် အင်း,အိုင်,လက်ဖွဲ့စသည်တို့ကို သိသာရုံမျှထုတ်နုတ်ဖော်ပြလိုပါသည်။

အသားမင်းသားရာဇဝင်လာ အန္တရာယ်ကင်းအင်း

၁၉၁၇–ခုနှစ်၊ ဒီဇင်ဘာလထုတ် မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်တွင် မွန်စာပေပညာရှင် အမေရိကန် သာသနာပြုဂျိုလ် ဟာလီဒေး (Robert Halliday) တည်းဖြတ်ပြန်ဆိုခဲ့သော အသားမင်းမွန်ရာဇဝင် (Lik Smiñ Asaḥ) ပါ အင်းချပ်တစ်ချပ်ကို ရှေးဦးဖော်ပြလိုပါသည်။*၄

အသားမင်း*၅ (အသားကုမ္ဘာ၊ အေဒီ ၈၅၄–၈၆၁)ဆိုသည်မှာ ပဲခူးဟံသာဝတီကို စတင်တည်ထောင်သော သမလမင်း(အေဒီ ၈၂၅–၈၃၇)နှင့် ရွှေဖရုံမယ်တို့၏သားတော်ဖြစ်၏။ ခမည်းတော်သမလမင်းနတ်ရွာစံလျှင်

---

*၁ Pali *aṅka*-sign, brand. Mon အင် table divided into squares and columns. Shan *āng* do- C.W. Dunn and Dr. Hla Pe' A Burmese-English Dictionary. Part II. 1950. Page-77.

*၂ ခါးလုံ့,နှင့်ဆင်တူသည်။ C.W. Dunn and Dr. Hla Pe' A Burmese-English Dictionary. Part II. 1950. Page-78. ဦးဝန်၏ တက္ကသိုလ်မြန်မာအဘိဓာန်၊ အဝိုင်း–၂။ ၁၉၅၆–ခုနှစ်။ (စာမျက်နှာ–၁၇၅)။


*၃ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၈)။ ၁၉၆၃–ခုနှစ်။ (စာမျက်နှာ–၂၆၂)။

*၄ R. Halliday' Lik Smiñ Asaḥ. JBRS. Vol. VII, Part III. Dec., 1917. Page-211.

*၅ အသားမင်းသားကို မွန်ဘာသာဖြင့် 'ကွမ်းအစ်သား'၊ မြန်မာဘာသာဖြင့် 'အကုန်မင်းသား' ဟုခေါ်တွင်ခဲ့၏။ ဦးဖိုးကျား၏ မြန်မာ့ဂုဏ်ရည်ရာဇဝင်ဖတ်စာ၊ ဒုတိယဝိုင်း။ ၁၉၅၀–ပြည့်နှစ်။ (စာမျက်နှာ–၁၇၁)။ ဓော်ဂျီစာပေပီဋိကဆရာဝန်၊ ပဌမတွဲ။ ၁၉၉၇–ခုနှစ်။ (စာမျက်နှာ–၃၀၂ မှ ၃၀၅)။ Emmanuel Guillon' The Mons. 1999. Page-97. တို့တွင် ကွမ်းအစ်မင်းသားအကြောင်း ဖော်ပြထားသည်။

http://www.dhammadownload.com

ဦးလေးဖြစ်သူဝိမလမင်း (အေဒီ ၈၃၇–၈၅၄)နန်းတက်၍ အသားမင်းသားကို ပေါင်းလောင်းမြစ်အရှေ့ ကွမ်အပ်သား*၁ ရွာ၌စွန့်ပစ်စေရာ ထိုရွာမှ ကရင်အဘွားအိုနန်းကလိုင်းက ကောက်ယူမွေးမြူခဲ့သည်။ ထိုမင်းသားကြီးပြင်းလာသော် တောတိရစ္ဆာန်တို့ကိုချစ်ခင်ပြီး ဓားလုံရေး၌ကျွမ်းကျင်ခဲ့သည်။ ထိုစဉ် ဟံသာဝတီပြည်သို့ အရပ်ခုနစ်တောင် ရှိသော ကုလားကြီးတစ်ဦး သင်္ဘောဖြင့်ရောက်လာပြီး တိုင်းပြည်ကိုခြိမ်းခြောက်ရာ အသားမင်းသားက ထိုခုနစ်တောင်ကုလားနှင့်ဖက်ပြိုင်သတ်ပုတ်ကာအနိုင်ယူ၍ တိုင်းပြည်အရေးကိုကာကွယ်ပေးခဲ့သည်။ ထိုအခါ ဦးလေးဖြစ်သူဝိမလမင်းက တူတော်မင်းသားကိုပြန်လည်လက်ခံကာ ချီးမြှောက်သောဇာတ်လမ်းဖြစ်သည်။*၂ ထိုအသားမင်းရာဇဝင်ကို မွန်ဘာသာဖြင့် လိက်သွိင်အသား–ဟု ရွေးအခါကပင် ရေးသားပြီးရှိသည်။ ထိုအသားမင်းရာဇဝင်ကျမ်း၏ပဏာမဘုရားရှိခိုးခန်းတွင် အန္တရာယ်ကင်းအင်းတစ်ချပ်ကို ဂါထာနှင့်တကွ အောက်ပါအတိုင်း ဖော်ပြထားသည်။



တြိသိဟော, သတ္တနာဂေါ၊ ပညွဗိသူ, စတုဒေဝေါ။
ဆဘာဿရ, ပညွက္ကန္ဒြာ၊ ကေယက္ခ, နဝဒေဝါ။
ပညွပြဟ္မာ, ဒွေရာဇာ၊ အဒ္ဒရဟန္တာ, ပညွဗုဒ္ဓါ။*၃ –ဟုဖြစ်သည်။

ထိုဂါထာ၏မြန်မာပြန်မှာ–

'ခြသေ့ ၃–ကောင်၊ နဂါး ၇–ကောင်၊ ဗိဿနိုး ၅–ပါး၊ နတ် ၄–ပါး၊ ရသေ့ ၆–ဦး၊ သိကြားမင်း ၅–ဦး၊ ဘီလူး ၁၊ နတ် ၉–ပါး၊ ဗြဟ္မာ ၅–ပါး၊ မင်း ၂–ပါး၊ ရဟန္တာ ၈–ပါး၊ ဘုရား ၅–ဆူ'–ဟုဖြစ်သည်။

ထိုစာသား၌ပါရှိသော 'ပဉ္စဗုဒ္ဓါ–ဘုရားငါးဆူ'သည် ဤဘဒ္ဒကမ္ပာ၌ပွင့်တော်မူသည့် ဘုရားငါးဆူ 'သံ, ဂုံ, ပ, မ, ယျ'ကိုရည်ညွှန်းထားသောကြောင့် မဲတွေ့ယျအရှင်သည်လည်း နောင်တော်ဘုရားလေးဆူနှင့်အတူ ဤအင်းအတွင်း၌ အင်းဆံအဖြစ်ပါဝင်နေရပေသည်။

ထိုအင်းကို ရွေးအခါက မွန်ပြည်နယ်၊ ရေးပြို့နယ်အပါအဝင် ရပ်ရွာဒေသတို့၌အန္တရာယ်ကင်းသောအဆောင်ဖြစ်သည်ဟူ၍ အိမ်၏လေးမျက်နှာတို့၌ ရေးဆွဲထားလေ့ရှိသည်။ လက်ဖွဲ့စသည်ပြုလုပ်၍လည်း ဆောင်ထား

---

*၁ ကွမ်းအပ်မင်းသားစွန့်ပစ်ခံရသောရွာကို ယခုအခါ ကျိုက္ကသာမြို့ဟောင်း 17° 21' 30' N. 96° 55' E. မွန်ပြည်နယ် ကျိုက်ထိုမြို့မှ (ဂု–မိုင် အကွာတွင်)ဖြစ်သည်ဟု ယင်းခံဓောင်ဟောင်း၏ ပဲခူးမြို့ ရွှေဟင်္သာဧတီတော်ဘုရားသမိုင်း။ (စာမျက်နှာ–၁၁၇)တွင်ဖော်ပြထားသည်။

*၂ G. E. Harvery' History of Burma. 1967. Page-5.

*၃ ပဉ္စဗုဒ္ဓါ–ဟုဖြစ်သည်။

http://www.dhammadownload.com

ကြသည်။ ဤအင်းကို လောကီအင်း အဝုတ္တိရ်ကျမ်း၌ 'တြိသဟအင်း။ အနန္တကာယသိဒ္ဓိအကျိုးရှိသည်'ဟု ဖော်ပြထားသည်။[*၁] ဗားမဲ့ဆရာတော်၏မဟာသဒ္ဓိကျမ်းရင်း၌မူ 'ဤအင်းကိုဆောင်သော် ရှိ[*၂]ဆယ်ပါးနှင့် ပီယမှာ အထူးချီးမွမ်းထိုက်သည်'ဟုဖော်ပြထားသည်။[*၃]

ဝိဇ္ဇာဦးအောင်၏ ဂဝံအင်း

အမေရိကန်ပြည်ထောင်စု၊ ချီကာဂိုတက္ကသိုလ် (Chicago University)မှ မနုဿဗေဒပညာရှင် စပီရို (Melford E.Spiro) ၏ Burmese Supernaturalism စာအုပ်၌ အောက်ပါအင်းတစ်ချပ်ကို ဖော်ပြထားပါသည်။ ထိုအင်းတွင် မြန်မာဂဏန်း(၉)ခုတို့ကိုတစ်ကြောင်းတည်းဆွဲထားပြီး၊ ဂဝံအင်းဖြစ်သည်။



ဖော်ပြပါအင်းတွင် မျက်နှာတော်၌ ၀,၀,၈,၀–ဟု စမလေးလုံး[*၄] ထည့်ထားပါသည်။ ထိုအင်းတွင်ပါရှိသော ဂဏန်း(၉)ခုတို့မှာ ဂဏန်း(၁)သည် စကြဝဠာကမ္ဘာမြေအလည်၌တစ်ခုတည်းတည်ရှိနေသော မြင်းမိုရ်တောင်။ ဂဏန်း(၂)သည် နေနှင့်လနှစ်ပါး။ ဂဏန်း(၃)သည် သုတ်,ဝိနည်း,အဘိဓမ္မာဟူသော ပိဋကတ်သုံး–ပုံ။ ဂဏန်း(၄)သည် မေရုမြင်းမိုရ်တောင်ကိုပတ်ရံထားသော အရှေ့,အနောက်,တောင်,မြောက်ဟူသော ကျွန်းကြီးလေးကျွန်း။[*၅] ဂဏန်း(၅)သည် ဘဒ္ဒကမ္ပာ၌ပွင့်တော်မူသော သံ,ဂုံ,ပ,မ,ယျဟူသောဘုရားငါးဆူ။ ဂဏန်း(၆)သည်

---

*၁ လောကီအင်းအဝုတ္တိရ်ကျမ်း။ ၁၉၅၇–စုစုစ်။ (စာမျက်နှာ–၉၀)။

*၂ သျှိ–သိဒ္ဓိ = သီရိ (ပါဠိ) ပြီးစီးပြည့်စုံခြင်း သျှိ–ရှိ အနက်တူ။ ဦးအုန်းရွှေ၏သတ်ပုံအဘိဓာန်မိတ်လင်နံ့။ ၁၉၅၆–စုစုစ်။ (စာမျက်နှာ–၅၉၅)။ သျှိ=အောင်မြင်ပြီးမြောက်မှု။ မြန်မာအဘိဓာန်(အကျဉ်းချုပ်)၊ အတွဲ–၄။ ၁၉၈၀–ပြည့်နှစ်။ (စာမျက်နှာ–၂၃၉)။ သျှိ < ဩ (သက္ကတ)။ မြန်မာအဘိဓာန်။ ၁၉၉၁–စုစုစ်။ (စာမျက်နှာ–၃၉၁)။

*၃ ဗားမဲ့ဆရာတော်၏မဟာသိဒ္ဓိကျမ်းရင်းကြီး။ ပထမတွဲ။ ၁၉၆၂–စုစုစ်။ (စာမျက်နှာ–၆၆)။

*၄ စမ–အက္ခရာဟူသည် ဓနသိဒ္ဓိ,ပီယသိဒ္ဓိ စသော ပြီးစီးခြင်းအမျိုးမျိုးအတွက် အင်းတို့တွင် သွတ်သွင်းအသုံးပြုရသော 'စ၊ ဓ၊ ဗ၊ ဝ' ။ 'က၊ ဝ၊ ဓ၊ ဝ' ။ 'စ၊ က၊ ဗ၊ ယ'– စသော အက္ခရာလေးလုံးစုဖြစ်သည်– ဦးဝင်း၏တက္ကသိုလ်မြန်မာအဘိဓာန်၊ အဝိုင်း–၄။ ၁၉၆၃–စုစုစ်။ (စာမျက်နှာ–၅၁၈)။


*၅ ဓမ္မပဒီပါ၊ (၂) ပြဿဝိဒေဟ၊ (၃) အဟရဂေါယာန၊ (၄) ဥတ္တရကုရု– သုတေသနသရုပ်ပြအဘိဓာန်။ ၂၀၀၂–စုစုစ်။ (စာမျက်နှာ–၁၆၀)။

http://www.dhammadownload.com

အဘိညာဉ်ခြောက်ပါး။*၁ ဂဏန်း(၇)သည် ဗောဇ္ဈင်ခုနစ်ပါး။*၂ ဂဏန်း(၈)သည် မဂ္ဂင်ရှစ်ပါး။*၃ ဂဏန်း(၉)သည် ဗုဒ္ဓဂုဏ်တော်ကိုးပါး*၄တို့ကိုရည်ရွယ်ထားကြောင်းဖော်ပြထား၏။ ထိုအင်းကို ဝိဇ္ဇာဦးအောင်(ဘိုးဘိုးအောင်)က တီထွင်ရေးဆွဲထားပြီး တန်ခိုးအလွန်ထက်မြက်သည်ဟုဆိုစမှတ်ရှိသည်။*၅

လက်နက်ပြီးသောအင်း

စပိရို၏စာအုပ်၌ပါရှိသော ဂဝံအင်းနှင့်ခပ်ဆင်ဆင်တူသော အင်းတစ်ခုကို မြန်မာ့စွယ်စုံကျမ်း အတွဲ-၁၅ တွင်လည်း အောက်ပါအတိုင်းတွေ့ရပြန်ပါသည်။*၆



ထိုအင်း၏အထက်၌ 'ငင်းအင်း မြင်ရာမှာနံ့လေ၊ သေနတ်မှစ၍(အပါဒ်) ဝိပြီ၏'ဟု ရေးသားပါရှိ၏။ ထိုအင်းတွင် 'သံ, ဂုံ, ပ, မ, ယျ'ဟူသော အက္ခရာတို့ကို ဘုရားငါးဆူတို့ကိုယ်စားရေးထိုးထား၏။ 'ဤ သော ဉာတို့ (ဥ တို့)–'*၇ဟု ကမ္ဘဝါဒ်လာသော သံယာကိုအသိပေးသည့် ပါဠိစကားတစ်ရပ်ကိုလည်း ရေးထား၏။ ထိုအင်းကို 'လက်နက်ပြီးသောအင်း'ဟု အညွှန်းတပ်ဖော်ပြထားသည်။

---

*၁ (၁) ဒိဗ္ဗစက္ခု၊ (၂) ဒိဗ္ဗသောတ၊ (၃) ပရစိတ္တဝိဇာနန၊ (၄) ဣဒ္ဓိဝိဓ၊ (၅) ပုဗ္ဗေနိဝါသာနုဿတိ၊ (၆) အာသဝက္ခယ– သုတေသနသရုပ်ပြအဘိဓာန်။ ၂၀၀၂–ခုနှစ်။ (စာမျက်နှာ–၄၁)။

*၂ (၁) သတိသမ္ဗောဇ္ဈင်၊ (၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ (၃) ဝီရိယသမ္ဗောဇ္ဈင်၊ (၄) ပီတိသမ္ဗောဇ္ဈင်၊ (၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ (၆) သမာဓိသမ္ဗောဇ္ဈင်၊ (၇) ဥပေက္ခာသမ္ဗောဇ္ဈင်– သုတေသနသရုပ်ပြအဘိဓာန်။ ၂၀၀၂–ခုနှစ်။ (စာမျက်နှာ–၃၉၆)။

*၃ (၁) သမ္မာဒိဋ္ဌိ၊ (၂) သမ္မာသင်္ကပ္ပ၊ (၃) သမ္မာဝါစာ၊ (၄) သမ္မာကမ္မန္တ၊ (၅) သမ္မာအာဇီဝ၊ (၆) သမ္မာဝါယာမ၊ (၇) သမ္မာသတိ၊ (၈) သမ္မာသမာဓိ– သုတေသနသရုပ်ပြအဘိဓာန်။ ၂၀၀၂–ခုနှစ်။ (စာမျက်နှာ–၄၂၀)။

*၄ (၁) အရဟံ၊ (၂) သမ္မာသမ္ဗုဒ္ဓ၊ (၃) ဝိဇ္ဇာစရဏသမ္ပန္နော၊ (၄) သုဂတ၊ (၅) လောကဝိဒူ၊ (၆) အနုတ္တရပုရိသဒမ္မသာရထိ၊ (၇) သတ္ထာဒေဝ မနုဿာနံ၊ (၈) ဗုဒ္ဓ၊ (၉) ဘဂဝါ– သုတေသနသရုပ်ပြအဘိဓာန်။ ၂၀၀၂–ခုနှစ်။ (စာမျက်နှာ–၄၁၄)။

*၅ Melford E. Spiro' Burmese Supernaturalism. 1967. Page-176.


*၆ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ–၁၅။ ၁၉၇၆–ခုနှစ်။ (စာမျက်နှာ–၂၆၈)။

*၇ 'ဧသော ဥ တို့–ဟူသည်မှာ သိမ်အတွင်း ကမ္ဘဝါစာကိုရွတ်ဆိုက်ပြုနိုင်ရန်အတွက် သံယာတော်တို့အား အသိပေးကြောင်းစကားဖြစ်သည်။ ထိုသို့အသိပေးရာတွင် 'သုဏာတု မေ ဘန္တေ သံဃော'–အစရှိကာဆောင်ရွက်ရမည့်ကိစ္စကိုထည့်သွင်းပြောကြားပြီးအဆုံး၌ အထက်ပါ အကြောင်းကိစ္စကို 'သံယာတော်အား ပဏာမအသိပေးခြင်းတည်း'ဟု အဓိပ္ပာယ်ရ 'ဧသော ဥ တို့'ဟူသောစကားဖြင့် အဆုံးသတ်ပါသည်။ ဤသို့ သံယာတော်တို့အားကံပြုရန် အသိပေးရာတွင်(တစ်နည်း) ဥ တို့ကံထားရာတွင် ဥ တို့ဒုတိယက်(နှစ်ကြိမ်ထားသောကံ)၊ ဥ တို့စတုတ္ထကံ (လေးကြိမ်ထားသောကံ)ဟုရှိသည်။ ယနေ့အဓိ၌ သံဃာ့ဘောင်သို့ပျံဟန်းလောင်းအားသွင်းသော ဩသာရဏာဥ တ်၊ ရဟန်းလောင်းအားဆုံးမရန် ထားသော အနုသာသန သမ္မုတိဥ တ် ဧသည်လည်းရှိသည်။ ဩသာရဏ၊ နိဿာရဏ၊ ဥပေါသထ၊ ပဝါရဏ၊ သမ္မုတိ၊ ဒါန၊ ပဋိဂ္ဂဟဏ၊ ပဒ္ဓိက္ကမုခု၊ ကမ္မလက္ခဏ–ဟု ဥတ္တိကံနှင့်သက်ဆိုင်သော ဌာန(၉)ခုရှိသည်။ ဝိ၅။ဒုဝဂ္ဂ။

http://www.dhammadownload.com


ကျွဲပုံအင်း

စပီရို(Spiro)၏စာအုပ်တွင် 'သံ, ဂုံ, ပ, မ, ယျ'ဟု ဘုရားငါးဆူကိုယ်စားအကွရာနှင့် (၁)မှ(၉)အထိ သင်္ချာတို့ ရေးဆွဲဖော်ပြထားသော ကျွဲပုံအင်းတစ်ခုကိုလည်းတွေ့ရသည်။ ထိုကျွဲပုံအင်းပါ ဂဏန်း(၉)ခုကား ဘုရားရှင်၏ဘဂဝါ–အစရှိသောဂုဏ်တော်ကိုးပါးဖြစ်၏။ ထိုအင်းတစ်နေရာတွင် 'သော ဘဂ္ဂီ(ဥ္ဇ္ဇ္ဂီ)'ဟူသော ကမ္မဝါဥ္ဇ္ဇ်ပါဠိကို ရေးထားသည်။ ထိုကျွဲပုံအင်းကို ပုဝါ,အဝတ်စ စသည်တို့၌ ရေးချဆောင်သည်ဖြစ်စေ၊ အိမ် တံစက်မြိတ်,ခါးပန်း စသည်၌ရေးချ အကာအကွယ်ဖြစ်စေ ထားနိုင်ကြောင်းသိရ၏။[*၁]



သီရိနာထဆေးတိုက်အင်း

သက္ကရာဇ်၁၂၉၅–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၅)ရက် (၁–၁၁–၃၃)နေ့ထုတ် ဗန္ဓုလဂျာနယ်၊ ကြော်ငြာကဏ္ဍတွင် ရန်ကုန်မြို့၊ (၃၈)လမ်းရှိ သီရိနာထဆေးတိုက်မှ မြန်မာ့ရုပ်ပျိုနှင့်မြန်မာအားတိုးဆေးကြော်ငြာရာ တစ်ကြောင်းဆွဲ စမအင်း ဂဝံရုပ်တစ်ခုကိုဖော်ပြထားသည်။ ထိုဂဝံရုပ်စမအင်းကို ဆေးကြိတ်ဓာတ်ကျောက်လုံး၌ ထိုးနှံထားသည်။ ကြိတ်သောဆေးအာနိသင်အစွမ်းထက်စေလိုရှိ၍ ပြုဟန်ဝတ္ထုသည်။ ထိုဂဝံရုပ်စမအင်းတွင် 'သံ,ဂုံ,ပ,မ,ယျ'ဟု ဤဘဒ္ဒကမ္မာ၌ပေါ်ထွန်းတော်မူသည့် ဘုရားငါးဆူတို့၏သင်္ကေတတို့ကို အောက်ပါအတိုင်း ဖော်ပြပါရှိလေသည်။



---

*၁ Spiro' Burmese Supernaturalism. 1967. Page-36.

http://www.dhammadownload.com

ဗားမဲ့ဆရာတော်၏ အင်းလင်ပန်း

နာမည်ကျော် အင်းသိဒ္ဓိပေါက် ဗားမဲ့(ဗားမဉ်း)ဆရာတော်သည် မိမိ၏အင်းပညာဖြင့်စီရင်ထားသော ဝိဇ္ဇာသဗ္ဗသိဒ္ဓိမနောလင်ပန်းကို ယခုပန်းတနော်မြို့အရပ်ဒေသရှိ စမြင်ဗျင်*၁မြို့၏ မြို့စားရာဇပုတ်ဆိုသူအား စားတော်လင်ပန်းအဖြစ် ပေးသနားတော်မူခဲ့ပါသည်။ လောကီကိစ္စရပ်နှင့်ဆိုင်သော ပစ္စည်းဖြစ်ပါသည်။ ထို ကြေးလင်ပန်းတွင် 'သက္ကရာဇ်...ဗားမဲ့စီရင်ပေးတော်မူသော ဝိဇ္ဇာသဗ္ဗသိဒ္ဓမနောလင်ပန်း စမြင်ဗျင်စားရာဇပုတ်' ဟုလည်းကောင်း၊ လင်ပန်းအလည်တွင် 'ဩောင်း၊ နမောဗုဒ္ဓါယ၊ ဩောင်း၊ နမောဓမ္မာယ၊ ဩောင်း နမော သံဃာယ။ ဂ,ရ,ထ,ကရွန်ံ။ သွန်ံ–ခုယေ–အဝယ– အရဟံ–သမကာ–ကွ သွ ဝ သု ဇ–သံ, ဂုံ, ပ, မ, ယျ သရဏံ ဂစ္ဆာမိ– တာကာလေန စ ပါနိနံ ဂစ္ဆ အမုမှိ ဩကာသေ တိဋ္ဌာဟိ' ဟု ရေးထားပါသည်။*၂

ဖော်ပြပါဗားမဲ့ဆရာတော်၏အင်းဌ 'သံ, ဂုံ, ပ, မ,ယျ' ဟူသည်မှာ ဤဘဒ္ဒကမ္မာဌ်ပွင့်သောဘုရားငါးဆူကို ရည်ညွှန်းသောအက္ခရာဖြစ်၍၊ 'ယျ'အက္ခရာသည်ကား မေတ္တေယျရှင်တော်ကိုရည်ညွှန်းပါသည်။

နန်းတော်ကြီးအတွက်အင်း

နောင်တော်ကြီးမင်းလက်ထက် (အေဒီ ၁၇၆၀–၁၇၆၃) အင်းဝတွင် နန်းတွင်းရေးရှုပ်ထွေး၍ လုပ်ကြံမှုကြီးများဖြစ်လေရာ ထိုမှ မကောင်းဆိုးဝါးအစိမ်းသူရဲတို့က နန်းတော်ကြီးအတွင်း ချောက်လှန့်ကြသည်။ ထိုအခါ ဗားမဲ့ဆရာတော်ကြီးထံချဉ်းကပ်၍ 'နန်းတော်ကြီးသန့်စင်အောင်စောင့်ရှောက်ပေးတော်မူပါ' ဟု တောင်းပန်လျှောက်ထားရာ ဆရာတော်ကြီးက 'ဘဝေါဟံ ဒိသွာ'ဂါထာ(မ၊ ၁။ ၄၀၁။)နှင့်တကွ စမအက္ခရာများကို သင်္ကေတစက္ကူတွင် အင်းဆဲသွင်း၊ ပြာချပြီး ရေခဲ့ထည့်ကာ နန်းတော်ကြီးအတွင်း နေရာအနှံ့ဖြန်းစေမှ ပျောက်ကွယ်ကုန်သည်ဟူ၏။*၃

ထိုစဉ်က ဗားမဲ့ဆရာတော်အသုံးပြုခဲ့သော စမအင်းတွင် 'သံ, ဂုံ, ပ, မ, ယျ။ ဒု ဓ သ၊ သ ဓ ဒု၊ ကွ သွာ သု၊ သု သွာ ကွ၊ သြကာသေ၊ သေကာသြ၊ ကူခ္ခ။ ခ္ခကူ၊ ယျမပဂုံသံ–' စသည်ပါဝင်လေရာ၊ 'သံ, ဂုံ, ပ, မ, ယျ နှင့် ယျ, မ, ပ, ဂုံ, သံ' အစရှိသောအက္ခရာတို့သည် ဘုရားငါးဆူ၏သင်္ကေတအက္ခရာများဖြစ်သည်။ ဤသို့ ဘုရားငါးဆူကိုယ်တော်စားဖြစ်သောအက္ခရာနှင့် ဂုဏ်တော်အကျဉ်းသင်္ကေတအက္ခရာတို့ကို ပြာချခြင်း၊ ရေခဲ့ဖျော်ခြင်း၊ ကြမ်းပြင်နေရာအနှံ့ဖြန်းခြင်းတို့သည်ကား မသင့်ဟုထင်ပါသည်။

ဒက္ခိဏာသာခါဘုရား အစီအရင်အင်းများ

ကပ်ကျော်ဒက္ခိဏာသာခါဘုရားအတ္ထုပ္ပတ္တိအမည်ရှိသော ကျမ်းငယ်တစ်စောင်တွင် ဒက္ခိဏာသာခါဘုရားထုလုပ်ကိုးကွယ်ရာ၌ ဒက္ခိဏာသာခါဘုရား၏ကိုယ်၌သွင်းရန်အင်းတို့ကို အောက်ပါအတိုင်းဖော်ပြထားသည်။

ခါးတော်၌သွင်းရန်အင်းကား– သံ ဂုံ ပ မ ယျ
က ခ ဇ ဝ – ဖြစ်ကြောင်းနှင့်၊

---

*၁ စမြင်ဗျင်ကို မွန်ဘာသာဖြင့် 'သွိင်ဗျင်'ဟု ရေးသည်။ အဓိပ္ပာယ်မှာ– သွိင်ဗျင်= မြို့စား–ဟုအနက်ရှိသည်။ H. L. Shorto' The 32 myos in the medival Mon Kingdom, BSOAS. XXVI, Part-3. 1963. Page-578. စမြင်ဗျင်–သည် မြို့အမည်ဟုတ်ပုံမရပါ။

*၂ ဥက္ကိမင်း(မကွိုင်)၏ ဗားမဲ့ဆရာတော်နှင့် ကလေးဝအဘိုးဆရာတော်။ ၁၉၇၈–စုနှစ်။ (စာမျက်နှာ–၇၈)။

*၃ ဗားမဲ့ဆရာတော်၏ မဟာသိဒ္ဓိကျမ်းရင်းကြီး၊ ပထမတွဲ။ ၁၉၆၂–စုနှစ်။ (စာမျက်နှာ–၁၀၂)။

http://www.dhammadownload.com

အဆိုပါအင်းကို 'ဤကား လုပ်ရပ်ပေါက် ထွက်ရပ်ပေါက် စမဆရာတို့စီရင်အပ်သော ဒက္ခိဏာသာခါဘုရား ဌာပနာသွင်းနည်းဖြစ်သည်'–ဟုဖော်ပြထားသည်။[*၁]

ထိုကပ်ကျော်ဒက္ခိဏာသာခါဘုရားအတ္ထုပ္ပတ္တိကျမ်းမှာပင် ဒက္ခိဏာသာခါရုပ်တု၏ရင်ဘတ်တော်၌ဌာပနာရန် မန္တန်ကား–

'ယ ကာရော အရိမေတ္တေယျော မဟာပညော
အာနုဘာဝေန မေတ္တေယ္ယ၊ သမ္မလောကသို့"–

ဟူ၍ မေတ္တေယျရှင်တော်အာနုဘော်နှင့်စပ်ဆိုင်သောဂါထာကို ရေးသားဖော်ပြထားပါသည်။[*၂]

ဟိန်းလတ်တို့၏ဒက္ခိဏာသာခါစာအုပ်၌ 'ဒက္ခိဏာသာခါဆင်းတုတော်၏ ငါးခန်းပါသောပလ္လင်တော်များတွင် မေတ္တေယျရှင်အပါအဝင် အောက်ပါဘုရားငါးဆူဂါထာတော်ကို ငွေပြားတွင်ရေး၍ ပလ္လင်တော်၌ထည့်သွင်းပူဇော်ရမည်'–ဟူ၍လည်းဖော်ပြထားသည်။

* နော–ကာရော ကကုသန္ဓောစ၊
* မော–ကာရော ကောဏာဂမနော၊
* ပု–ကာရော ကဿပေါဗုဒ္ဓေါ၊
* ဒ္ဓါ–ကာရော သက္ကျပုင်္ဂဝေါ။
* ယျ–ကာရော အရိမေတ္တေယျော၊
* ပဋ္ဌဗုဒ္ဓါ နမာမဟံ–ဟုဖြစ်သည်။[*၃]

မဟာပြာအစီအရင်နှင့်ဘုရားငါးဆူ

ဆရာညီဆိုသူ စီစဉ်ရေးသားသော ဗားမဲ့–ဗားတမော့ လက်တွေ့အစီအရင်ကျမ်း၊ ဒုတိယတွဲ၊ (စာမျက်နှာ–၎၅)ပါ အတိတ်ဆိုးနိမိတ်ဆိုး မကောင်းကျိုးမှန်သမျှနှင့်မတွေ့ရသော မဟာပြာပေါင်းချုပ်ဆေးအစီအရင်တွင် သိဒ္ဓိတင်ဂါထာတစ်ပုဒ်ကို ဖော်ပြထားလေသည်။ ထိုသိဒ္ဓိတင်ဂါထာ[*၄]မှာ–

ဉံ နမော ဗုဒ္ဓါယျ သိဒ္ဓံ၊
နော–ကာရော ကကုသန္ဓော မဟာသိဒ္ဓိ၊
ပု–ကာရော ကဿပေါ မဟာသိဒ္ဓိ၊
ဒ္ဓါ–ကာရော ဂေါတမော မဟာသိဒ္ဓိ၊
ယျ–ကာရော အရိမေတ္တာယျာ မဟာသိဒ္ဓိ၊
သိဒ္ဓံ ယျ,ပု,မော,နော– အာဒိ ကပွေ
ပဋ္ဌပဒုမာ ပဋ္ဌဗုဒ္ဓါ ဘဝန္တို့။

---

*၁ အရှင်ဓမ္မောဘာသ၏ ကပ်ကျော်ဒက္ခိဏာသာခါဘုရားအတ္ထုပ္ပတ္တိကျမ်း။ ၁၉၃၇–စုနှစ်။ (စာမျက်နှာ–၃၀)။

*၂ အရှင်ဓမ္မောဘာသ၏ကပ်ကျော်ဒက္ခိဏာသာခါဘုရားအတ္ထုပ္ပတ္တိကျမ်း။ ၁၉၃၇–စုနှစ်။ (စာမျက်နှာ–၅၂)။

*၃ ဟိန်းလတ်၏ဒက္ခိဏာသာခါ။ ၂၀၀၁–စုနှစ်။ (စာမျက်နှာ–၅၄)။

*၄ ဂါထာဆိုသော်လည်း ဆန်းဂိုဏ်းညီညွတ်သော ဂါထာအစစ်မဟုတ်ပေ။


http://www.dhammadownload.com

ကုတိ သိဒ္ဓိ ကိစ္စံ၊ သိဒ္ဓိ ကမ္မံ၊ မဟာနုဘာဝံ၊
မဟိဒ္ဓိ သိဒ္ဓိ မဟောသဓံ၊ ပဋ္ဌဗုဒ္ဓါနုဘာဝေန
သဗ္ဗကမ္မာနိ သိဒ္ဓိ ဘဝန္တု သော ဥတ္တိ–ဟုဖြစ်သည်။*၁

အထက်ပါဂါထာစာသားတွင် 'အာဒိကပွေ ပဋ္ဌပဒမာ ပဋ္ဌဗုဒ္ဓါ ဘဝန္တိ'–မှာ 'ရှေးဦးအစပေါ်ထွန်းသော ကမ္ဘာ၌ ကြာငါးဆူနှင့်ဘုရားငါးဆူတို့ဖြစ်ထွန်းလာသည်'ဟူသော အနက်အဓိပ္ပာယ်ရပါသည်။

မေတ္တေယျရှင်အကွရာပါရှိသည့် ဌာပနာအင်းများ

မင်းဘူးမျိုးသက်အောင်၏ ဒက္ခိဏာသာဓါထုလုပ်ကိုးကွယ်မှုအကျိုးကျေးဇူးများစာအုပ်၊ (စာမျက်နှာ–၈၄၊ ၉၀ နှင့် ၉၂)တို့တွင် မေတ္တေယျရှင်နှင့်သက်ဆိုင်သည့် 'ယျ'အက္ခရာပါအင်းတို့ကိုဌာပနာရန်အတွက် အောက်ပါအတိုင်းဖော်ပြထားပါသည်။*၂



ဗုဒ္ဓါဓေအင်း

ဝ	သံ	သာ
မ	ယျ	ဂုံ
တ္တိ	ပ	ဉ

(က) ဘုရားငါးဆူအင်း

သံ	သံ	မ	ယျ	ဂုံ
ယျ	ဂုံ	သံ	ပ	မ
ပ	မ	ယျ	ဂုံ	သံ
ဂုံ	သံ	ပ	မ	ယျ
မ	ပ	ဂုံ	သံ	ပ

(ခ) ဘုရားငါးဆူအင်း

---

*၁ ဆရာညိုး၏ ဗားမဲ့–ဗားတမော့ လက်တွေ့အစီအရင်ကျမ်း၊ ဒုတိယတွဲ။ ၁၉၉၁–ခုနှစ်။ (စာမျက်နှာ–၈၀)။

*၂ မင်းဘူးမျိုးသက်အောင်၏ ဒက္ခိဏာသာဓါထုလုပ်ကိုးကွယ်မှုအကျိုးကျေးဇူးများ။ ၁၉၈၇–ခုနှစ်။ (စာမျက်နှာ–၈၄၊ ၉၀၊ ၉၂)။

http://www.dhammadownload.com

မေတ္တေယျရှင်နှင့်အမှုအခင်းမှလွတ်ကင်းရန်

ဘဒ္ဒန္တ အရှင်ကုန္ဒာဝံသ၏အင်္ဂါဝိဇ္ဇာလက်တွေ့ဓာတ်ရိုက်နိမိတ်ကောက်အလင်းပြကျမ်း၊ (စာမျက်နှာ-၁၃၁) တွင် 'ယခုအခါ လောက၏အတွင်းဝယ် လူ့ခပင်းတို့မှာ တရားမရာဇဝတ်မှုမည်သောအလိလိဆိုင်ရာပြစ်ချက်နှင့် မကင်းရှာကြသဖြင့် နှောင်ဖွဲ့ခြင်းအခြေသို့ကျရောက်နေကြသောပုဂ္ဂိုလ်အပေါင်းတို့အတွက် အချက်ကျလွတ်မြောက်ကြောင်းဓာတ်ဆင်နည်း' ဟူသောအညွှန်းတပ်ကာ တနင်္ဂနွေသားသမီးများအတွက် မေတ္တေယျဘုရားအားပူဇော်ရန် အစီအရင်မှာ အောက်ပါအတိုင်းဖော်ပြထားလေသည်။

> တနင်္ဂနွေသားသမီးတစ်ဦးဦးသည် တစ်ခုံတစ်ခုသောအမှုအခင်းကိစ္စအတွက် အချုပ်အနှောင်ခံနေရပါက တနင်္ဂနွေနေ့ နံနက် ၆-နာရီတိတိအချိန်အခါတွင် အရှေ့မြောက်ထောင့်ဘက်ကထိုင်လျက် အုန်းထမင်းနှင့် အုန်းအဖူးတို့ကို အရိမေတ္တေယျမြတ်စွာဘုရားအား စိတ်ထားကာ အထပ်ထပ်အာရုံပြုပြီးလျှင် ကျန်စွာလှူဒါန်း၍ ထိုကိစ္စအတွက် အချက်ကျ ဆုမွန်တောင်းကာ... (ပ) အမှုအတန်းပေးဝေ၍ အထက်ပါဓာတ်ဆင်နည်းအသီးသီးအတိုင်း သုံးရက်ဆက်ပြီး ယုံကြည်သေချာစွာပြုလုပ်ကြပါမူကား ထိုအကျဉ်းခံနေရသောပုဂ္ဂိုလ်မှာ မြန်မကြာအခွင့်သာ၍ ကျွတ်လွတ်ကာ ချမ်းသာမှုကိုကောင်းစွာရရှိပါလိမ့်မည်ဖြစ်ကြောင်း-ဟု ဖြစ်ပါသည်။

အင်းဆရာများ

ဖော်ပြခဲ့သောအင်းတို့ကိုလေ့လာလျှင် ထိုအင်းတို့တွင်ပါရှိသောအကြောင်းအရာတို့သည် ပါဠိစာသားအချို့ကို ဟိုဆွဲစပ်သည်ဆွဲစပ်ပြုလုပ်ယူထားကြောင်း တွေ့ရ၏။ သုံးလောကထွတ်ထား မြတ်စွာဘုရားရှင်ကိုလည်း အင်းဆံအဖြစ်အသုံးပြုထားကြောင်း တွေ့ရသည်။ အထက်ပါအင်းတို့ကို မည်သည့်ပုဂ္ဂိုလ်တို့က စီမံပေးကြပါသနည်းဟုဆိုလျှင် ဝိဇ္ဇာကြီးများ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများ၊ အထက်လမ်းအောက်လမ်း စသည့်ဆရာကြီးများ၊ ရသေ့ရှစ်သောင်းဆရာပေါင်းတို့က ပြုလုပ်စီမံပေးကြောင်း ဖြေဆိုကြပါသည်။

မြန်မာ့စွယ်စုံကျမ်း (အတွဲ-၅) ၌-

> အင်း, အိုင်, ခါးလှည့်, လက်ဖွဲ့ စသည့် အတတ်ပညာတို့သည်- ၁။ ဂန္ဓာရီတိုင်းမှရရှိသော ဂန္ဓာရီအတတ်မျိုးဖြစ်သည်။ ၂။ ထိုဂန္ဓာရီအတတ်ပညာအတွင်း- (က) ဂါထာမန္တန်များ၊ ပယောဂများ၊ သိဒ္ဓိအမျိုးမျိုး၊ (ခ) သူရဿတီမှစ၍ ဒေဝီ(၁၂၁)ပါး၊ သာသနာစောင့်နတ်၊ စတုလောကပါလနတ်၊ သိကြားမင်း၊ ကုမ္ဘဏ်၊ ဂန္ဓဗ္ဗ၊ ယက္ခ။ (ဂ) ဘုတ်ကြီး(၄၀)၊ ကဝေ(၉၉)၊ (၃၇)မင်း စသည်တို့ပါဝင်သည်-ဟုဖော်ပြထားသည်။[*၁]

ဂန္ဓာရတိုင်းနှင့်ဂန္ဓာရီပညာ

ဤနေရာ၌ 'ဂန္ဓာရီပညာ'ကို အဋ္ဌကထာဆရာက 'ဂန္ဓာရီအမည်ရှိသောရသေ့ စီစဉ်ပြုလုပ်ထားသောပညာ'[*၂]ဟုလည်းကောင်း၊ 'ဂန္ဓာရတိုင်း၊ ဂန္ဓာရမြို့တို့၌ဖြစ်ပေါ်ခဲ့သောအတတ်ပညာ'[*၃]ဟူ၍လည်းကောင်း၊ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ၊ ကေဝဋ္ဋသုတ်အဖွင့်၌ ဖွင့်ဆိုထားပေသည်။ ဒီ၊ဋ္ဌ၊၁။၃၂၂။

[*၁] မြန်မာ့စွယ်စုံကျမ်း။ အတွဲ-၅။ ၁၉၆၁-ခုနှစ်။ (စာမျက်နှာ-၂၆၈)။

[*၂] ဂန္ဓာရီတိ ဂန္ဓာရေန နာမ ဣသိနာ ကတာ- ဒီ၊ဋ္ဌ။၁။၃၂၂။

[*၃] ဂန္ဓာရရဋ္ဌေ ဝါ ဥပ္ပန္နာ ဝိဇ္ဇာ- ဒီ၊ဋ္ဌ။၁။၃၂၂။

http://www.dhammadownload.com

ဂန္ဓာရီပညာကို ဘုရားရှင်ပယ်တော်မူသည်

ကေဝဋ္ဋသုတ်၌ ကေဝဋ္ဋသူကြွယ်သားက မြတ်စွာဘုရားအား 'ဤနာဥန္ဒမြို့သည် အလွန်သာယာစည်ကား၍ မြတ်စွာဘုရားကိုလည်း ကြည်ညိုကြပါသည်။ သို့ဖြစ်၍ တန်ခိုးပြနိုင်သောရဟန်းတစ်ပါးကို (၁၅) ရက်တစ်ကြိမ် ဖြစ်စေ၊ တစ်လတစ်ကြိမ်ဖြစ်စေ၊ တစ်နှစ်တစ်ကြိမ်ဖြစ်စေ တန်ခိုးပြရန်ညွှန်ကြားထားတော်မူပါ။ ဤသို့ ရဟန်းတစ်ပါးပါးကတန်ခိုးပြလျှင် တပည့်တော်တို့ နာဥန္ဒမြို့သူမြို့သားများသည် အတိုင်းထက်အလွန် သဒ္ဓါကြည်ညိုကြပါလိမ့်မည်။ ကုသိုလ်တရားများလေ့ပွားများကြပါလိမ့်မည်' ဟုလျှောက်ထားရာ မြတ်စွာဘုရားရှင်က 'လူတို့အား တန်ခိုးပြကြရမည်ဟူသောတရားမျိုးကို ရဟန်းတို့အား ငါဘုရားဟောမထားကြောင်း' မိန့်တော်မူ၏။ ထိုအခါ ကေဝဋ္ဋသူကြွယ်သားက အထက်ပါနည်းအတိုင်း သုံးကြိမ်လျှောက်ထားတောင်းပန်၏။ မြတ်စွာဘုရားရှင်က တန်ခိုးပြခြင်းဟူသောပါဋိဟာရိယကြောင့် ဖြစ်ပေါ်လာမည့်အပြစ်ကိုမြင်တော်မူ၍ သုံးကြိမ်တိုင်တိုင်ခွင့်ပြုတော်မမူခဲ့ပေ။

ထိုကေဝဋ္ဋသုတ်၌ပင် မြတ်စွာဘုရားရှင်သည် ပါဋိဟာရိယသုံးမျိုးကိုထုတ်ဖော်ပြီး ဟောကြားတော်မူပါသည်။ အထွေထွေအမျိုးမျိုး တန်ခိုးဖန်ဆင်းခြင်းဟူသော တန်ခိုးပြာဋိဟာကိုပြုပြီးတရားဟောလျှင် ကြည်ညိုသူတို့က ချီးကျူးပြောဆိုမည်ဖြစ်သော်လည်း၊ မယုံကြည်သောဘာသာခြားတို့က 'ထိုတန်ခိုးစသည်တို့သည် ဂန္ဓာရတိုင်းက ရသေ့တိထွင်ထားသော ဂန္ဓာရီအတတ်ဖြစ်လိမ့်မည်ဟုပြောပေလိမ့်မည်'။ ထိုအပြစ်ကိုမြင်တော်မူ၍ တန်ခိုးပြခြင်းကိုမလိုလားကြောင်း မိန့်တော်မူပါသည်။

ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ္ဂ၊ ကေဝဋ္ဋသုတ်နှင့် ယင်းသုတ်အဖွင့်အဋ္ဌကထာတို့အလိုအရ မြတ်စွာဘုရားသည် ဂန္ဓာရီပညာကို– (၁) လုံးဝမလိုလားပါ။ (၂) ထိုဂန္ဓာရီပညာနှင့် မိမိ၏သာသနာတော် ရောယှက်သွားမည်ကိုလည်း အလိုရှိတော်မမူပေ။ သို့ဖြစ်၍ ကေဝဋ္ဋသူကြွယ်သားလျှောက်ထားသောတန်ခိုးပြခြင်းအလုပ်သည် ဂန္ဓာရီပညာနှင့် ဆက်နွယ်နေသောအလုပ်ဖြစ်၍ မိမိ၏ရဟန်းတို့အား ထိုဂန္ဓာရီပညာမျိုးဖြစ်သော တန်ခိုးပြခြင်းမျိုးကိုမပြုကြရန် တားမြစ်တော်မူခဲ့ပါသည်။ မြတ်စွာဘုရားရှင်သည် ဂန္ဓာရီပညာနှင့်ဆိုင်သော တန်ခိုးပြခြင်း၊ လှည့်ဖျားခြင်းတို့ကို 'ဟရာယာမိ=ရှက်ပါ၏၊ ဇိဂုစ္ဆာမိ=မစင်ကိုမြင်၍ စက်ဆုပ်သကဲ့သို့၊ စက်ဆုပ်၏'ဟု မိန့်ကြားတော်မူကြောင်းကို သီလက္ခန္ဓဝဂ္ဂပါဠိတော်အဋ္ဌကထာတို့၌ တိတိလင်းလင်းဖော်ပြထားပါသည်။ ဒီ၊ ဋ္ဌ၊၁။၃၇၂။

စင်စစ် ဘုရားလက်ထက်တော်အခါက ဂန္ဓာရတိုင်း၌ထင်ရှားခဲ့သော ဂန္ဓာရီပညာဟူသည်ကား ဘုရားရှင်အလွန်စက်ဆုပ်၍ အလိုရှိတော်မမူသော ပညာသာဖြစ်ပါသည်။

ဂန္ဓာရ–ဟူသည်

ဂန္ဓာရ–ဟူသောအမည်ကို ရိုဂ်ဝေဒ (Ṛg Veda) ၌ အကြိမ်များစွာဖော်ပြထားသည်ကိုတွေ့ရပြီး၊ ရိုဂ်ဝေဒ ကျမ်း (Ṛg Veda:126) ၌ 'ဂန္ဓာရီ'ကို 'ပြည်သူလူထု(People)' ဟူသောအဓိပ္ပာယ်ဖြင့်ဖော်ပြထားသည်ကိုလည်း တွေ့ရ၏။[*၁] ဂန္ဓာရီပညာဖြစ်ပေါ်ခဲ့သော ဂန္ဓာရတိုင်းသည် တိုင်းကြီး(၁၆)တိုင်း၌အပါအဝင်ဖြစ်ပြီး (အံ၊ဘ။၂၁၃။) ထိုဂန္ဓာရတိုင်း၏မြို့တော်ကား ဇာတ်အဋ္ဌကထာ၌ 'ဂန္ဓာရရဋ္ဌေ တက္ကသိလနဂရေ'[*၂] (ဇာ၊ဋ္ဌ၊၁။၂၉၀။ ဇာ၊ဋ္ဌ၊၃။၃၆၀)

---

*၁ M.M.Williams' A Sanskrit-English Dictonary. Page-346.

*၂ တက္ခသီလာ Takhaśilā = တက္ခ + ဂီလာ(ပြာကတ)၊ သီလာ(ပါဠိ)= ဖြတ်ခြင်း + ကျောက်, တောင်။ တက္ကသီလာသည် သက္ကတဘာသာဖြင့် 'ကျောက်တောင်ကိုဖြတ်သောမြို့' (The City of Cut Stone) ဟုယူနိုင်ကြောင်းကို ကျောက်စာဝန် Sir John Marshall က အကြံပြုဖူးလေသည်။ ဖါဟီယန် (Fa Hien)၏မှတ်တမ်း၌မူ Chu-ch'a-shi-li= ဘုရားလောင်းသည် မိမိ၏ခေါင်းကိုဖြတ်၍လှူဒါန်းခဲ့သော မြို့ဖြစ်သဖြင့် ဤအမည်ကိုရခဲ့သည်ဟု အဓိပ္ပာယ်ဖွင့်ပြ၏။ 'ဂိန်'သည် 'ဦးခေါင်း' ဟူသောအနက်ကိုလည်းရ၏။ Dani' Taxila. 1986. Page-1; James Legg(Tr.)' A Record of Buddhistic Kingdoms. 1965. Page-32.

http://www.dhammadownload.com

ဟုဖွင့်ဆိုထားသောကြောင့် ရှေးအခေါ် တက္ကသိလာ(ဝါ) တက္ကသိုလ်ပြည်(Taxila)ကိုဆိုလိုကြောင်း သိရသည်။ ထိုဂန္ဓာရတိုင်း တက္ကသိုလ်ပြည်ကား ယခုအခါ အိန္ဒိယနိုင်ငံအနောက်မြောက် ပက်သျှဝါ (Peshawar) မြို့နေရာ စသည်ဖြစ်၏။

ဂန္ဓာရတိုင်း တက္ကသိလာဒေသ၏သမိုင်းကိုလေ့လာရာတွင် ထိုဒေသသည် သမိုင်းမတင်မီ ကျောက်ခေတ် (Khanpur Microlithic ၃၅၀၀–ဘီစီမတိုင်မီ)ကစ၍ တည်ရှိခဲ့လေသည်။ ထို့နောက် မြတ်စွာဘုရားရှင်ပွင့်ထွန်းတော်မူသောအခါ ထိုတက္ကသိလာ၌ ပိလိန္ဒဝစ္ဆမထေရ်၊ ပသေနဒိကောသလမင်း၊ ဆေးဆရာဇီဝက၊ အင်္ဂုလိမာလ စသူတို့ပညာသင်ယူကြ၍ ပုက္ကုသာတိမင်း (၆–ရာစု ပထမနှစ်ဝက်ဘီစီ)အုပ်ချုပ်ခဲ့သည်။ ပုက္ကုသာတိမင်း ရဟန်းပြုပြီးနောက် နှစ် (၂၀) ခန့်အကြာမှာပင် ဂန္ဓာရတိုင်း တက္ကသိလာသည် ပါရှင်းမင်း ဒေးရိယပ် (Darius I. ၅၂၁–၄၈၆ ဘီစီ)၏လက်အောက်သို့ကျရောက်ခဲ့ရ၏။ ဒေးရိယပ်မင်းဆက်များအုပ်ချုပ်ပြီးနောက် ၃၂၆–ဘီစီတွင် ဂရိမင်းအလက်ဇန္ဒား(Alexander. ၃၅၆–၃၂၃ ဘီစီ)လက်အောက်သို့ကျရောက်ပြန်သည်။ ထိုအလက်ဇန္ဒာမင်းလက်ထက်၌ တက္ကသိလာ(Taxila)ဟုအမည်တွင်ခဲ့သည်ဟုလည်း အမှတ်အသားရှိသည်။[*၁] မောရိယမင်းစန္ဒဂုတ္တ (၃၂၁–၁၈၅ ဘီစီ) နှင့် အသောကမင်း(၂၈၈–ဘီစီ)တို့လက်အောက်၊ ဂရိ(Greek)နိုင်ငံ ဗက်တရီယား (Bactria) နယ်စား ဒီမီထရီ (Demetrius)၏လက်အောက်(၁၈၅–၁၅၀ ဘီစီ)၊ သကလူမျိုး (Scythians) နှင့် ပါသီယန်မင်း (Parthians) (၉၀ ဘီစီ–အေဒီ ၆၀) တို့၏လက်အောက်သို့လည်းကျရောက်ခဲ့ရ၏။ တက္ကသိုလ်ပြည်၏နောက်ဆုံးမင်းဆက်သည် ကုသျှာန်မင်းဆက် (Kushāna) (အေဒီ ၆၀–၂၃၀)ဖြစ်၏။[*၂] ထိုကုသျှာန်မင်းဆက်တွင် မဟာယာနဗုဒ္ဓဘာသာကိုအားပေးသော ကနိသ္ကမင်းလည်းအပါအဝင်ဖြစ်သည်။ ဖော်ပြပါဂန္ဓာရဒေသ၏သမိုင်းစဉ်တစ်လျှောက် လူအမျိုးမျိုးမင်းအထွေထွေတို့ စိုးမိုးအုပ်ချုပ်နေထိုင်ခဲ့ခြင်းကြောင့် ထိုဒေသအတွင်း၌ ဘာသာအယူဝါဒအမျိုးမျိုးတို့သည်လည်း ရောနှောယှက်တင်ပေါ်ပေါက်ခဲ့သည်မှာ အမှန်ဖြစ်လေသည်။

ဂန္ဓာရခေါ် တက္ကသိုလ်ပြည်တွင် ဘုရားရှင်လက်ထက် ပုက္ကုသာတိမင်းတို့ခေတ်က ဂန္ဓာရီအတတ်သည် ထွန်းကားခဲ့ဟန်ရှိသော်လည်း၊ ပုက္ကုသာတိမင်းလက်ထက်နောက်ပိုင်း၌ ထိုပညာရပ်အကြောင်းဖော်ပြသော အထောက်အထားများကို မတွေ့ရတော့ပေ။ ပုက္ကုသာတိမင်းနောက်ပိုင်း တက္ကသိုလ်ပြည်သို့ရောက်ရှိခဲ့သော တရုတ်ခရီးသည်တို့၏မှတ်တမ်းများ၌လည်းကောင်း၊ အခြားခေတ်ပြိုင်မှတ်တမ်းများ၌လည်းကောင်း၊ ဂန္ဓာရီပညာအကြောင်း ရေးသားဖော်ပြကြသည်ကို မတွေ့ရပါ။

တတိယသင်္ဂါယနာတင်ပြီးနောက် အသောကမင်းကြီးစေလွှတ်၍ အရှင်မဇ္ဈန္တိကမထေရ်သည် ကသ္မီရ ဂန္ဓာရတိုင်း၌သာသနာပြုခဲ့ရာ ထိုဒေသတစ်ခုလုံး ဗုဒ္ဓသာသနာသို့သက်ဝင်ခဲ့သည်။ ထိုနောက် သုဂ်မင်းဆက်ခေတ်၌ မထုရာ, ကသ္မီရ, ဂန္ဓာရဒေသတွင် မဟာယာနဗုဒ္ဓသာသနာထွန်းကားပြန့်ပွားခဲ့သည်။ အရှင်ဝသုမိတ္တ၊ အရှင်အသွဃောသတို့ကြီးမှူး၍ ထေရဝါဒနှင့်စင်ပြိုင်၍ မဟာယာနတို့၏သံဂါယနာကို ထိုဒေသ၌တင်ခဲ့ကြ၏။ အေဒီ ၁၅၆–၃၅၆ အတွင်း ဂန္ဓာရသည် မဟာယာနဗုဒ္ဓဘာသာဝင်တို့၏ ဗဟိုဌာနဖြစ်လာ၏။ တရုတ်နိုင်ငံနှင့် တိဘက်ဒေသတို့မှ ရဟန်းတော်များပင် မဟာယာနဗုဒ္ဓစာပေတို့ကို လာရောက်သင်ယူခဲ့ကြရ၏။ ထိုအချိန်တွင် ဂန္ဓာရတိုင်း၌ မဟာယာနတို့၏တန္တရပညာနှင့် မန္တရပညာတို့ထွန်းကားနေပြီဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံသို့ ရောက်လာသော အင်း, အိုင်, ခါးလှည့်, လက်ဖွဲ့ပညာရပ်တို့သည် ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်အခါက

---

*၁ D. Mitra' Buddhist Monuments. 1971. Page-123[6].

*၂ Chronology of Taxila. In Dani' Taxila. 1986. Page-175.

http://www.dhammadownload.com

ထင်ရှားခဲ့သော ဂန္ဓာရတိုင်းဖြစ် မူလဂန္ဓာရီပညာဟုတ်ဟန်မတူဘဲ၊ အေဒီ ၂-ရာစု၊ ၃-ရာစုနောက်ပိုင်း၌ပေါ်ထွန်းသော မဟာယာနတို့၏ တန္တ ရ,မန္တ ရဝါဒနှင့် ဟိန္ဒူတန္တ ရတို့ပေါင်းစပ်ထားသော လောကီပညာသက်သက်သာ ဖြစ်နိုင်လေသည်။ ထိုပညာများသည် ဘုရားရှင်လက်ထက်ကပေါ်ခဲ့သော မူလဂန္ဓာရီပညာနှင့်လည်းကောင်း၊ ဗုဒ္ဓဘာသာနှင့်လည်းကောင်း လုံးဝသက်ဆိုင်ခြင်းမရှိဘဲ လောကီပညာသက်သက်များသာဖြစ်လေသည်။

ထိုမဟာယာနတန္တ ရသည် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှသို့ရောက်လာ၏။ ဤနိုင်ငံသားတို့ကလည်း ပါဠိစာပေ၊ သက္ကတစာပေတို့နှင့်နီးစပ်သူများဖြစ်သည့်အတိုင်း တန္တ ရနှင့်ဂန္ဓာရီကိုမခွဲခြားဘဲ အတူလက်ခံခဲ့ကြသည်။ ထိုတန္တ ရပညာသည် မြန်မာနိုင်ငံအတွင်းသို့ရောက်သော် မြန်မာ့ရိုးရာဓလေ့တို့နှင့်ပေါင်းစပ်ပြီးလျှင် ဂန္ဓာရီပညာ-ဟူသောအမည်ကို ပြန်လည်ခံယူခဲ့ကြသည်။ ဤနိုင်ငံ၌ ထိုဂန္ဓာရီလောကီပညာကို အထက်လမ်း-အောက်လမ်း စသည်ဖြင့် အမည်အမျိုးမျိုးပေးခဲ့ကြသည်။ မြန်မာနိုင်ငံသို့ရောက်လာသော ဂန္ဓာရီ (ခေါ်) တန္တ ရအကြောင်းကို မစ္စတာဟာရဝေ (Harvey) က 'တိဗက်နှင့် နီပေါပြည်မှ သင်ကြားခဲ့သော ဗုဒ္ဓဘာသာပျက်တရားများပင်ဖြစ်သည့်အလျောက် ယခုအခါသမယ၌ ကိုးကွယ်ကြသော ဗုဒ္ဓဘာသာကဲ့သို့ ဘာသာတရားအစစ်ဟူ၍ အလေးဂရုမပြုနိုင်ချေ' ဟု ရေးသားခဲ့ပါသည်။[*၁]

ဂန္ဓာရီဝိဇ္ဇာတို့၏ အသက်ရှည်လိုခြင်းအကြောင်း

ဂန္ဓာရီဝိဇ္ဇာဂိုဏ်းသားတို့က ဘုရားငါးဆူ၏သင်္ကေတလက္ခဏာအပါအဝင် ပဋိကစာပေလာ အက္ခရာစသည်တို့ကို အင်း, အိုင်လောကီလုပ်ငန်း၌ အသုံးချနေခြင်း၏ရည်ရွယ်ချက်ကား အသက်ရှည်ရှည်နေလိုကြသောကြောင့်ဖြစ်သည်။ သုတေသီ စပီရို (M.E. Spiro) က မြန်မာနိုင်ငံရှိ ဝိဇ္ဇာဂိုဏ်းဝင်အချို့နှင့် တွေ့ဆုံပြီး 'အဘယ်ကြောင့်အသက်ရှည်ရှည်နေလိုကြပါသနည်း' ဟုမေးမြန်းသောအခါ၊ ဝိဇ္ဇာဂိုဏ်းသားတို့က 'မိမိတို့သည် သက်တမ်းကိုရှည်ရှည်နေရအောင်ပြုလုပ်ခြင်း၊ သဘာဝလွန်တန်ခိုးများကိုရအောင် ကြိုးပမ်းကြခြင်းတို့သည် နောင်ပွင့်လတ္တံ့မေတ္တေယျဘုရားရှင်ကိုဖူးတွေ့ရကာ နိဗ္ဗာန်သို့ဝင်လိုကြသောကြောင့်ဖြစ်ကြောင်း' ဖြေကြားကြသည်ဟု စပီရို၏မှတ်တမ်း၌ဖော်ပြထားပါသည်။[*၂]

နာဂိဿရသံဝိဇ္ဇာကြိုး

သံဝိဇ္ဇာ, အင်းဝိဇ္ဇာ, စမဝိဇ္ဇာစသော အမျိုးမျိုးသောဝိဇ္ဇာကြိုးများသည် အသက်ရှည်နိုင်သမျှ ရှည်ရှည်နေကာ နောင်ပွင့်လတ္တံ့သောမေတ္တေယျဘုရားအား ငံ့မျှော်နေကြကြောင်းကို 'အမရပူရမြို့ တောင်သမန်အင်းစောင်းမှ နာဂိဿရသံဝိဇ္ဇာကြိုးအကြောင်း' ဖြင့် သာဓကဆောင်ကာဖော်ပြလိုပါသည်။

အမရပူရမြို့ တော်တောင်, တောင်သမန်အင်းကြီး၏အနောက်တက်ကမ်းထိပ်တွင် တောင်မင်းကြီးဘုရား[*၃]ရှိ၏။ အုတ်ရိုးဆင်းတုတော်ရုပ်ပွားတော်ကြီးဖြစ်သတည်း။...ငင်းတောင်မင်းကြီးဘုရားမှာ

---

*၁ ဤစွေတာဟာရဝေသည် မြန်မာနိုင်ငံသမိုင်း (History of Burma. 1925) ကျမ်းပြု Mr. Godfrey Erico Harvey. I.C.S. ဖြစ်သည်။ မစ္စတာဟာရဝေ၏ မြန်မာရာဇဝင်အကျဉ်းချုပ်။ ၁၉၃၀-ခုနှစ်။ (စာမျက်နှာ-၃၁)။

*၂ Spiro' Burmese Supernaturalism. 1967. Page-175.

*၃ ဤရုပ်ပွားတော်ကို မူလက ဘိုးတော်မင်းလက်ထက်(အေဒီ ၁၇၉၂-၁၈၁၉) ရွှေတိုက်ဝန် တောင်မင်းကြီးက ရဝ်တော်မူအသွင်တည်ထားခဲ့ပြီး၊ အေဒီ ၁၈၃၈-ခုနှစ်၌ လေးဒဂံကြောင့်ပြုပျက်ခဲ့ရသည်။ ၁၈၅၀-ပြည့်နှစ် ပုဂံမင်းလက်ထက်၌ လွှဆောင်ကြီးဦးမှူက မင်းဖိနှိပ်စံ၍ တင်ပျဉ်ခွေ' ရုပ်ပွားတော်အဖြစ် ပြန်လည်တည်ထားခဲ့ရာ ၁၈၅၂-ခုနှစ် မင်းတုန်းမင်းလက်ထက်၌ပြီးစီးသည်။ ၁၈၈၉-ခုနှစ် မတ်လ(၁၅)ရက် (တပေါင်းလပြည့်) ဖူးစ၍ တောင်မင်းကြီးဘုရားပွဲကို စတင်ကျင်းပခဲ့သည်။

http://www.dhammadownload.com

ကာလမကြာသေးစေကာမူ မူလယင်းဘုရားဒါယကာကို ရှင်းလင်းသေချာစွာ ရှာဖွေမတွေ့ရဖြစ်သော်လည်း တောင်မင်းကြီးအမည်ရှိသောအမတ်ကြီးတစ်ပါး တည်ထားခဲ့သည်ကိုမူကား သိကြရသေးသည်ဖြစ်ကြောင်း၊ ထောက်ထားချက်များကို ရှာရသမျှရေးသားရမည်ဆိုသော် သဗ္ဗဓာတုကဝိဖွာဓရပကာသနီကျမ်းတွင် အမရပူရမြို့၌ နောင်တော်ကြီးဆက်ခံ၍ ခေတ္တစံနေတော်မူစဉ် ၎င်းမြို့၏ အရှေ့တောင်ယွန်းယွန်း တောင်သမန်ရွာ၏အနီး နွားနို့စုရွာကြီး၌ အရှင်နာဂိန္ဒသာရမည်သော ဘုန်းတော်ကြီးသည် ဓတိရနလောဟမည်သောသံကိုစိမ်၍အပြီးရောက်သဖြင့် ရွှေငွေကိုလုပ်ကိုင်ပြီးလျှင် အမရပူရဆင်ဖြူဝန်မင်း၏အဘကိုလည်းကောင်း။ ၎င်းရွှေ,ငွေကိုအပ်နှင်းလျက် တောင်သမန်အင်း အနောက်ဘက်ကမ်းထိပ်တွင် 'နောက်သားနောင်လာသူတော်စွာတို့ ငါသို့တမူ အကြံတူလျှင် သုံးစေအံ့'ဟု မိုးကြိုးပုရပိုက်ကို ကြေးအုပ်နှင့်ထည့်၍လည်းကောင်း၊ တည်ထားအပ်သော ရုပ်ပွားတော်ကြီး၏အနီး စောဘုရားပင်ကြီး၏အောက်တွင် ၎င်းမိုးကြိုးပုရပိုက်၌ ထွက်ရပ်သိဒ္ဓိလမ်းကြီးကို ပြီးဆုံးတိုင်အောင် ရေးသားမှာထားလျက်ပြုပြီးမှ ၎င်းပုရပိုက်နှင့် ထိုက်တန်သူပါရမီရှင်မှန်လျှင် လွယ်လွင့်တကူမတူးမဆွဘဲနှင့် ၎င်းစောဘုရားပင်အောက်တွင် သုံးလတန်သည်၊ လေးလတန်သည် သီလသီတင်းဖြင့်နေထိုင်ပါမူကား ဩသဓိဒေဝမည်သောနတ်တို့သည် ယူဆောင်၍ ကောင်းစွာပေးလာလိမ့်မည်–ဟုမှတ်ရာ၏။ ၎င်းပုရပိုက်ကိုရရှိပါက အရှင်နာဂိဿရမည်သော သံဝိဖွာကြီးနှင့်အတူနေထိုင်ရ၍ နောင်အရိမေတ္တေယျတစ်ဆင့် ဘုရားအပွင့်မှ အသင့်ပူဇော်ရလတ္တံ့သော နာဂိဿရသံဝိဖွာကြီးလည်းတစ်ရပ်ဟု အဆိုရှိသတည်း'[*၁] –ဟုဖြစ်သည်။

နာဂိဿရအင်းဝိဖွာကြီး၏ မိုးကြိုးပုရပိုက်မြုပ်ထားသည်ဆိုသော အမရပူရမြို့၊ တောင်သမန်အင်းစောင်းတောင်မင်းကြီးဘုရားအနီးရှိ စောဘုရား(စောပြာ)ပင်[*၂]အကြောင်းကို တောင်သမန်အင်းစောင်း၌ သီတင်းသုံးနေတော်မူသော တောင်လေးလုံးဆရာတော်ဦးပညာဇောတ(ကိုပညာ–အမရပူရ)ကတင်ပြထားသည်မှာ–

တောင်မင်းကြီးဘုရားအနီး စောဟုရားပင်ကိုရှာဖွေသော်လည်း မတွေ့ရပေ။ သတ္တဋ္ဌာန မုစလိန္ဒာရေကန်အနီးတွင်မူ မည်သည့်နှစ်က မည်သူစိုက်ပျိုးခဲ့သည်ဟုမသိရသော ဘုရားရှိခိုးပင်ဟုခေါ်ဆိုသော သစ်ပင်ကြီးတစ်ပင်ရှိခဲ့လေသည်။ သစ်ပင်လုံးပတ်(၁၂)တောင်ခန့်ရှိ၍ ပေ(၂၀၀)ကျော်ကျော် မြင့်လေသည်။ အသီးမှာ ဗီလပ်သီးကဲ့သို့ရှိလျက် အစေ့ကိုခွဲ၍ထုတ်ကြည့်သော် ဘုရားရှိခိုးဟန်လက်နှစ်ဖက်ပူးလျက် လက်ကောက်ဝတ်တိုင်အောင်တွေ့မြင်ရသည်။ ဝိသသောလက်ချောင်းနှင့်လက်သည်းများမှာ ပကတိလက်ကဲ့သို့ရှိလေသည်။ ဘုရားရှိခိုးပင်ကြီးသည် ၁၂၅၀–ပြည့်နှစ် (အေဒီ ၁၉၀၈–ခုနှစ်) လောက်တွင် အိုမင်းသဖြင့် အသီးမသီးတော့ပေ။ အင်္ဂရတ်သမားများကလည်း အခွံခွာအမြစ်တူးကြသဖြင့် တဖြည်းဖြည်းနှင့်ခြောက်သွေ့၍သေဆုံးသွားလေသည်'–ဟု ဖြစ်လေသည်။[*၃]

---

*၁ ရွှေပြည်ဦးဘတင်၏ စစ်ကိုင်းတောင်သမိုင်း။ (စာမျက်နှာ–၁၅၀)။

*၂ ဆရာဦးဝန်(မင်းသုဝဏ်)၏ တက္ကသိုလ်မြန်မာအဘိဓာန်ကျမ်း။ အဓိပ္ပါး–၄။ (စာမျက်နှာ–၅၈၂)တွင် စောဘုရားပင်ခေါ် စောပြာပင်အကြောင်းနှင့် စပ်လျဉ်း၍ 'ပင်ခြေတွင် သစ်ပါးပျဉ်းကြီးများထွက်သော ပေတစ်ရာကျော်အောင်မြင့်မားတတ်သည့် သစ်ပင်ကြီး၊ အသားပွ၍ လေ့စပ်ရသည်။ ယွန်းသေတ္တာလုပ်ရသည်။ သစ်ပုတ်ပင်၊ ဘိုင်းပင်'ဟု ဖော်ပြထားသည်။ မြန်မာအဘိဓာန်(အကျဉ်းချုပ်)၊ အတွဲ–၁။ ၁၉၇၈–ခုနှစ်။ (စာမျက်နှာ–၂၀၅)၌လည်းကြည့်ပါ။

*၃ ကိုပညာ(အမရပူရ)၏ တောင်သမန်ဝန်းကျင်သမိုင်းဝင်နေရာများ။ ၁၉၉၆–ခုနှစ်။ (စာမျက်နှာ–၇၂။)

http://www.dhammadownload.com

သင်္ဂဇာဆရာတော်၏ အယူအဆ

တစ်ခါက စစ်တောင်းမြို့အုပ် မောင်မှတ်ကလေးသည် သင်္ဂဇာဆရာဇေတ်ကြီး(အေဒီ ၁၈၁၅–၁၈၈၆)ထံ ချဉ်းကပ်၍ ဝိဇ္ဇာတို့သည် နောင်ပွင့်မည့်မေတ္တေယျဘုရားလက်ထက်တိုင် အသက်ရှည်ကာ ဘုရားသခင်တို့အား မျက်မြင်ကိုယ်တွေ့ဖူးမြင်နိုင်ခြင်း ရှိ,မရှိကို လျှောက်ထားခဲ့သည်။ ထိုအခါ သင်္ဂဇာဆရာဘော်ကြီးက 'ဝိဇ္ဇာ–ငါးမျိုး*၁ ရှိရာ၊ အရိယာဝိဇ္ဇာတို့သာလျှင် မေတ္တေယျဘုရားရှင်အား ဖူးတွေ့နိုင်လိမ့်မည်'ဟု ဖြေကြားတော်မူခဲ့ပါသည်။

ထိုသို့ဖြေကြားသည်ကို သံချိုစာဆိုမောင်းထောင်ဦးကျော်လှက 'မဟဂ္ဂါတ်ပေမို့၊ စက်ဆုပ်သည် ညွန်တဏှာသို့' အစချီသောသံချိုကဗျာဖြင့် အောက်ပါအတိုင်းမှတ်တမ်းတင်ခဲ့ပါသည်။

* မဟဂ္ဂါတ်ပေမို့၊ စက်ဆုပ်သည် ညွန်တဏှာသို့၊ လွန်တရာ ရွံရှာဘိ၍၊ ဇာတိကိုကြဉ်ခွာမဲ့၊ အရိယာ ဇာထို*၂ နတ်ကယ်တို့၊ နာဂတ်နောင်*၃ ကျန်တဆူတဲ့၊ သယမ္ဘူ ရိမေတ္တေးသို့၊ ဆစ်ကွေးနှိမ်ဦးတင်သ,လို့၊ ဖူးမြင်ရပေလိမ့်မည်။

* ကုရု တဖြာနှင့်၊ ယဇုပါ သာမာစပ်လို့၊ အာတပ္ပနာ ဗေဒင်ကျမ်းတို့ကို၊ ကျင်ကျွမ်းပေနေလျှံတမျှသို့၊ ဝေဒံလ*၄ ဝိဇ္ဇာမျိုးတို့၊ ဇရာနှိုးဆော် ခန္ဓာညှိုးလျော်*၅ ပျက်လို့၊ အသက်ကို ရှည်အောင်မငဲ့နိုင်ဘု၊ နောင်ကံ့ကော် ရိမေတ္တေးသို့၊ အဖွေဝါ ဇရာမရဏာကြောင့်၊ ဝေးလှပါသည်။

* နက္ခတ်ကို ဝေဖန်စိတ်နိုင်တဲ့၊ နေမိတ်ကယ်တကာနှင့်၊ လက္ခဏာ အဖုံဖုံငဲ့ပြင်၊ ဂါထာစုံ မန္တန်စသည်၊ မန္တဝိဇ္ဇာမျိုးတဲ့၊ အဇဇာမိုးဝယ် အဘိညာဉ်နှင့်၊ သရဘင်ရှင်နာရဒတို့၊ ဈာန ဈာန်ဝသီနှင့်၊ ဉာဏ်လောကီ ဝိဇ္ဇာတပါးတဲ့၊ ပြဒါးပါ သံပါသေလို့ ရတနာရွှေငွေ ထွေထွေပေါသည်ပြင်၊ မြေကြောကို ရွတ်ချင်ရွတ်*၆နှင့်၊ တမဟုတ်ပင် ဆင်တပ်မြင်းတို့ကို၊ ဖန်ဆင်းနိုင် မကြာမီဖြင့်၊ ဂန္ဓာရီဝိဇ္ဇာမျိုးတဲ့၊ တန်ခိုးနှင့်ချိန်ကာ*၇ရည်၊ ဝတီသာပြည်ထုတ်ချင်း။

* အင်း, ဆေးပါ သံ,ပြဒါးနှင့်၊ လေးပါးဝိဇ္ဇာစုတို့၊ အာယုဝတ္တ*၈နှန်းဖြင့်၊ ရွတ်မန်းကာ ဘယ်လိုမှုတ်စေတော့၊ ထိုရုပ်နာမ် တကယ်*၉ မရှေဘု၊ ပြဟ္မာတွေ့ ဇာဘေဝိတ်*၁၀ ကယ်တို့၊ အနိစ္စ, ဒုက္ခ

---

*၁ ဗေဒင်ကျမ်းကျင်သော ဗေဒဝိဇ္ဇာ၊ ဂါထာမန္တန်ကျမ်းကျင်သော မန္တဝိဇ္ဇာ၊ ဈာန် စသည်ရသော ဈာနလောကီဝိဇ္ဇာ၊ ရွေ,ငွေ စသည် ဖန်တီးနိုင်သော ဂန္ဓာရီဝိဇ္ဇာ–ဟု ဝိဇ္ဇာလေးမျိုးတို့သည် မေတ္တေယျဘုရားရှင်လက်ထက်တော်တိုင် သက်တမ်းမရှည်ဟု ဆိုလိုသည်။ ထိုဝိဇ္ဇာလေးမျိုး ၎ကမက အရိယဝိဇ္ဇာဟုရှိသေး၏။ ထိုဝိဇ္ဇာငါးမျိုးအကြောင်းကို လယ်တီဆရာတော်ကြီး၏ ဝိဇ္ဇာမဂ္ဂဒီပနီကျမ်း။ လယ်တီဒီပနီပေါင်းချုပ်၊ ဒုတိယတွဲ။ ၁၉၈၅–ခုနှစ်။ (စာမျက်နှာ–၂၉၁)တွင်ကြည့်ပါ။ 'အရိယဝိဇ္ဇာမျိုးထဲမှ ဗြဟ္မာပြည်၌ဖြစ်နေသော ဗြဟ္မာကြီးတို့သည် နောက်ဘုရားကို ကောင်းစွာမိနိုင်သည်–'ဟု ရဝေထွန်း၏ ဘာသာရေးပြဿနာများ(၄)။ ၂၀၀၃–ခုနှစ်။ (စာမျက်နှာ–၂၂၇)၌ ဖော်ပြထားသည်။

*၂ ဇာဒိရိ(မူကွဲ)။

*၃ နောက်(မူကွဲ)။

*၄ ဝေဒလ္လ(မူကွဲ)။

*၅ လျော်(မူကွဲ)။

*၆ ရွံ့ချင်ရွံ့။

*၇ ချိန်ခါ။

*၈ ဝဒ္ဓ။

*၉ တကမ္ဟာ။

*၁၀ ဝိန်။

http://www.dhammadownload.com

ကမ္မဋ္ဌာန်းနှင့်၊ အနတ္တာ မပြတ်ဘာဝနာစွမ်းရက်မို့၊*၁ ပတ္ထနာပန်ဆင် ရှင်မဓေး*၂သို့၊ တော့ဆိုင်ကာ တွေ့နိုင်ဘို့အရေးသို့၊ အရိယာမဝင် ဝိဇ္ဇာ(က)လေးတို့၊ မိတရာ*၃အရှင် ဇိနာအတွေး*၄ရယ်နှင့်၊ ဝေးကြဘိခြင်း။*၅–ဟုဖြစ်သည်။

မေတ္တေယျရှင်ကို လောကီလုပ်ငန်း၌သုံးရန်မသင့်

ဤဘဒ္ဒကမ္မာ၌ပွင့်တော်မူကြမည့် ဘုရားငါးဆူတို့တွင် ဂေါတမဘုရားရှင်သည် လက်ငင်းပွင့်တော်မူပြီး၊ မေတ္တေယျရှင်သည် ကေန်မုခ္ဍ နောင်အခါ၌ပွင့်တော်မူမည့်အရှင်ဖြစ်လေရာ၊ ကျန်ဘုရားသုံးဆူ(သံ,ဂုံ,ပ)တို့မှာ ပွင့်တော်မူကြပြီးဖြစ်ပါသည်။ တစ်နည်းဆိုရသော် ဂေါတမဘုရားရှင်နှင့် မေတ္တေယျရှင်သည် အပွင့်ဓာတ် သဘောရှိကြ၏။ အပွင့်ဓာတ်သဘောရှိသော ဘုရားရှင်တို့၏နံကိုဖြစ်စေ, ကိန်းကိုဖြစ်စေ, အက္ခရာအမှတ်အသား ကိုပြစ်စေ အင်းဆံသွင်း၍ချူပ်ထားခြင်း သို့မဟုတ် မြေ၌မြုပ်ခြင်းစသည် ဌာပနာထားခြင်းမပြုအပ်ကြောင်းကို အထောက်အထားတစ်ရပ်အဖြစ်တင်ပြလိုပေသည်။

သတ္ထုရွှေပကဝိလာသနီမည်သော ရှေးရေးဆင်းတုတော်စနစ်နှင့် ဌာပနာပုံကျမ်းဟောင်းတွင်–

> အများဌာပနာကြသည်ကို သဒ္ဓါကြည်ညိုလှသည်ဟူ၍လည်း ငါးမျက်နှာမြတ်စွာဘုရားကို ထုလုပ်၍ မထည့်စေသင့်။ ပယ်ဘိ။ မပယ်ခဲ့သော် ကျွမ္ဘပြုန်းတီး ပျက်စီးတတ်သည်။ ရပ်ရွာ သုဉ်းသည်။ နေရပ်သုဉ်းသည်။ မထည့်သင့်သောကြောင့် နိဒ်အောင်တားပယ်ဘိ–*၆

ဟု တားမြစ်ထားသောကြောင့်ဖြစ်သည်။

အကြောင်းမှာ သတ္ထုရွှေပကဝိလာသနီကျမ်း၌ ဌာပနာခြင်းမပြုရန်တားမြစ်ထားသော 'ငါးမျက်နှာဘုရား' သည် ဤဘဒ္ဒကမ္မာ၌ပွင့်တော်မူကြသည့် 'သံ,ဂုံ,ပ,မ,ယျ'ဟု ဘုရားငါးဆူကိုရည်ညွှန်းပြီး၊ ထိုတွင် 'မေတ္တေယျရှင်' ပါဝင်သည်ကို သတိပြုဖို့လိုသည်။ စင်စစ် မေတ္တေယျရှင်မှသာမဟုတ်ဘဲ သုံးလောကထွတ်ထား အပြတ်ဆုံး ဖြစ်သောရှင်တော်ဘုရားတို့ကို လောကီချမ်းသာစေရေးစသောကိစ္စတို့၌ သဒ္ဓါတရားရှိသူ သူတော်ကောင်းမှန်က မည်သည့်နည်းနှင့်မျှအသုံးပြုကြလိမ့်မည်မဟုတ်ကြောင်းကို သတိရှိကြပါလေ။

❁ ❁ ❁ ❁ ❁

---

*၁ သော်လဲ။

*၂ ရှင်မေတ္တေး (မေတ္တေယျဘုရားရှင်ကိုဆိုလိုသည်)။

*၃ မိတေးယာ (မေတ္တေယျဘုရားရှင်ကိုဆိုလိုသည်)။

*၄ အထွေး။

*၅ ရေးဟောင်းစာပေသုတေသီတစ်ဦး၏ ပြည်သူ့စာဆိုမောင်းထောင်ဦးကျော်လှ၏ သူ့ခေတ်–သူ့ဘဝ–သူ့စာ။ ၁၉၇၇–ခုနှစ်။ (စာမျက်နှာ–၃၁)။ ဦးအောင်သိန်း(တည်း)၏ မောင်းထောင်ဦးကျော်လှ သံချိုကဗျာပေါင်းချုပ်။ ၁၉၈၄–ခုနှစ်။ (စာမျက်နှာ–၆၉)။

*၆ ဒဂုန်ဦးထွန်းမြင့်(တည်း)' သတ္ထုရွှေပကဝိလာသနီကျမ်း။ ၁၉၆၁–ခုနှစ်။ (စာမျက်နှာ–၁၃)။

http://www.dhammadownload.com

အခန်း (၂၂)
မေတ္တာယျဉ်ရှင်နှင့်မျက်မှောက်ကာလ

မေတ္တာယျဉ်ပွင့်တော်မူမည်ဆိုသည်မှာ ဒဏ္ဍာရီပုံပြင်လော ?

နိုင်ငံတော်သီးခြားဝိနည်းဝိုရိအဖွဲ့အမှတ် (၂)[*၁] ၏ လူသေလူဖြစ်ဝါဒါနုဝါဒဝိနိစ္ဆယ ကျမ်းကြီး၌ 'ဇာတ်တော်များ[*၂]၌ ဂေါတမဘုရားအလောင်းတော်၏ကြီးကျယ်သော အဲ့ဖွယ်များပါရှိနေပါလျက် ပွင့်ရန်ကျန်သေးသည်ဆိုသော အရိမေတ္တေယျဘုရား အလောင်းမှာ မည်သည့်အဲ့ဖွယ်ကိုမျှပြသည်ဟု ကမ္ဘာပေါ်၌ ယနေ့အထိ မတွေ့ရခြင်းမှာ အရိမေတ္တေယျဟူ၍ မကျန်ရှိလော၊ သို့မဟုတ် ဂေါတမဘုရားအလောင်း၏ ဇာတ်တော်များကပင် ဒဏ္ဍာရီပုံပြင်ဖြစ်နေ၍လော ဝေဖန်သင့်သည်' ဟူသော စောဒနာ[*၃] ချက်ကို ဝိနည်းဝိုရိအဖွဲ့ဝင်ဆရာတော်ကြီးများက–

'အရိမေတ္တေယျသည် သမ္မာသမ္ဗုဒ္ဓဘုရားမဖြစ်သေး၊ ပါရမီဖြည့်ကျင့်နေဆဲ ဘုရားအလောင်းဗောဓိသတ်သာဖြစ်တော်မူ၏။ ဘုရားအလောင်းတို့မည်သည် သတ္တဝါတို့၏အကျိုးကို ပါရမီဆယ်ပါးအပြားသုံးဆယ်နှင့်အညီ မြင့်မြတ်ဖြူစင်သောစိတ်ထား၊ သူမတူသောဖွဲလုံလတို့ဖြင့်သာ ကြည်ညိုဖွယ်, အတုယူဖွယ်, အဲ့ဩဖွယ်ဖြည့်ကျင့်ဆောင်ရွက်တော်မူခြင်းသာဖြစ်ကြောင်း' –အဆုံးအဖြတ်ပေး ဝိနိစ္ဆယချတော်မူခဲ့ကြပါသည်။[*၄]

မှန်၏။ အလောင်းတော်မြတ်ဗောဓိသတ်တို့မည်သည် ပကတိဖြူသန့်သောစိတ်တည်ကြည်သောနလုံးဖြင့် သတ္တဝါတို့အကျိုးကို ဖြည့်ကျင့်ဆောင်ရွက်နေသော ပုဂ္ဂိုလ်ဖြစ်ခြင်းကြောင့် ထိုဘုရားအလောင်းပုဂ္ဂိုလ်တို့ဆောင်ရွက်နေသောကိစ္စတို့ကို ကာယကံရှင်မှတပါး အခြားပုဂ္ဂိုလ်တို့က ပြည့်ပြည့်စုံစုံ သိကြမည်မဟုတ်။ ထို့ပြင် အလောင်းတော်တို့၏ ပါရမီဖြည့်ကျင့်ခြင်းသည် လူသိရှင်ကြား ကြော်ငြာပေးရှိ

---

*၁ မြန်မာနိုင်ငံအတွင်း လူသေလူဖြစ်ဝါဒ,သမ္မာဒိဋ္ဌိဝါဒ,ရွှေအာဘိမွောဝါဒတို့နှင့်ပတ်သက်၍ ဝိဝါဒါဓိကရုဏ်ကြီးကို ဆုံးဖြတ်ပေးနိုင်ရန် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး၌ဆုံးဖြတ်၍ တာဝန်ပေးချက်အရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ နိုင်ငံခြားသီးခြားဝိနည်းဝိုရိအဖွဲ့အမှတ်(၂)ကို ၁၃၄၃–ခုနှစ်၊ နယုန်လဆန်း(၉)ရက် (၂၆၊ ၆၊ ၈၁)နေ့တွင်ဖွဲ့စည်းပေးခဲ့သည်။

*၂ မေးမြန်းစီစစ် အပြစ်တင်ဆိုသောစကား– ဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရအဘိဓာန်။ ၁၉၆၈–ခုနှစ်။ (စာမျက်နှာ–၅၂)။

*၃ ခုဒ္ဒကနိကာယ်၊ စာတကပါဠိတော်လာ ဇာတ်တော်(၅၄၇)ဇာတ်ကိုဆိုလိုသည်။

*၄ လူသေလူဖြစ်ဝါဒါနုဝါဒဝိနိစ္ဆယ။ ၁၉၈၁–ခုနှစ်။ (စာမျက်နှာ–၁၀၃၇)။

http://www.dhammadownload.com

ဆောင်ရွက်သောလုပ်ငန်းမျိုးမဟုတ်ဘဲ တဖက်သား၌အကျိုးများစေရန်ကိုသာ အဓိကရည်ဆောင်ပြီး ရွက်ဆောင်သော ပရဟိတလုပ်ငန်းသက်သက်သာဖြစ်လေရာ မည်သို့မျှဟိုးဟိုးကျော်ကြား သတင်းကြီးမားလိမ့်မည်လည်း မဟုတ်ပေ။

တဖန် အလောင်းတော်ကြီးများပါရမီဖြည့်ကြရာတွင် ရသေ့ရဟန်းစသောသူတော်စင်အသွင်မျိုးဖြင့်သာ လောကအကျိုးကိုဆောင်နေသည်မဟုတ်။ ဂေါတမမြတ်စွာဘုရား ပါရမီဖြည့်ကျင့်ခဲ့သော ဇာတ်တော် (၅၄၇-ဇာတ်)များမှာပင် မင်းအသွင်၊ သူဌေးသူကြွယ်၊ ပုဏ္ဏား စသည် လူ့အသွင်အမျိုးမျိုး၊ နတ်၊ သိကြား၊ ဗြဟ္မာအသွင်အမျိုးမျိုး၊ တိရစ္ဆာန်ဘဝတွင်လည်း စာဝတီဌက်မှသည် နဂါး, ဂဠုန်အသွင်အထိ တိရစ္ဆာန်အမျိုးမျိုး အသွင်အလှယ်လှယ်တို့ဖြင့် လက်လှမ်းမှီရာပတ်ဝန်းကျင်၏အကျိုးကို သယ်ပိုးဆောင်ရွက်ခဲ့ပုံများကို လေ့လာသိရှိနိုင်ပါသည်။*၁

သုမေဓာရှင်ရသေ့

ဒီပင်္ကရာမြတ်စွာဘုရားကြွလာသောလမ်းကို အများနည်းတူပါဝင်ကာ ပြင်ခွင့်တောင်းခဲ့ဝှ သုမေဓာရှင်ရသေ့သည် ရေမြောင်းရှဲနွံထူထပ်သောနေရာတစ်ခုကို ပြင်ခွင့်ရခဲ့၏။ သုမေဓာရှင်ရသေ့သည် ဈာန်အဘိညာဉ်ရကျွှဒ္ဓိဝိဓတန်ခိုးရှင်ဖြစ်သော်လည်း မိမိအတွက်ရခဲ့သောလမ်းနေရာကို ထိုကျွှဒ္ဓိဝိဓတန်ခိုးကိုအသုံးမပြုဘဲ ကိုယ်အားစွမ်းအားအလျောက်ပြုပြင်ခဲ့၏။ ဤသို့စွမ်းစွမ်းတမံပြုပြင်လုပ်ကိုင်နေသောသုမေဓာရှင်ရသေ့ကို ဘုရားအလောင်းတန်ခိုးရှင်ဟု မည်သူမျှမသိကြ။ အချိန်တန်၍ ဒီပင်္ကရာမြတ်စွာဘုရားကြွလာသောအခါ သုမေဓာရှင်ရသေ့သည် အသက်ကိုမငဲ့ကွက်ဘဲ မိမိကိုယ်ကို ရှဲနွံပေါ်၌ တံတားသဖွယ်ခင်း၍ ဘုရားရှင်နှင့်သံဃာအပေါင်းတို့ကို နင်းကြွသွားစေပြီး ဘုရားဆုကိုပန်ခဲ့လေသည်။ ဒီပင်္ကရာမြတ်စွာဘုရားက ရှင်ရသေ့အား 'ဤဆံကျစ်ထုံးရသေ့သည်ကား နောင်အခါ ဂေါတမမည်သောမြတ်စွာဘုရား မလွဲမကန်ဖြစ်လိမ့်မည်'ဟု ဗျာဒိတ်ပေးတော်မူလေသည်။ ထိုအခါမှ သုမေဓာရှင်ရသေ့အား ဘုရားအလောင်းမှန်းလည်းသိ၊ ဗျာဒိတ်ပန်းဆင်မြန်းသောအခါကာလလည်းဖြစ်၍ အမရဝတီမြို့သူမြို့သားတို့ ပူဇော်သက္ကာရပြုကြသည်မှာ သုမေဓာရှင်ရသေ့တစ်ကိုယ်လုံး ပန်းပုံကြီးဖုံးလွှမ်းမတတ်ဖြစ်တော့သည်။ ဗုဒ္ဓဝံသ။ ၃၁၀။

ဤနည်းအတူ ဘုရားတစ်ဆူဆူက 'ဒါဘုရားအလောင်းပဲ'ဟုမိန့်တော်မမူပါလျှင် ကျန်သောပုဂ္ဂိုလ်တို့မှာ မည်သည့်နည်းနှင့်မျှ တတ်အပ်သေချာ ဘုရားအလောင်းမှန်းသိကြလိမ့်မည်မဟုတ်။ မိမိပတ်ဝန်းကျင်၌ ဘုရားအလောင်းစိတ်ထားရှိသူ၊ ဘုရားအလောင်းကဲ့သို့ သူ့အကျိုးကိုကျင့်ဆောင်တတ်သူ များစွာရှိပေလိမ့်မည်။ ကမ္ဘာနှင့်အဝန်းလည်း ရှိနေပေလိမ့်မည်။ ထိုပုဂ္ဂိုလ်တို့ကို သတိပြုမိဖို့သာလို၏။ အလွန်ကြီးသတိထားနိုင်ပါမှ ခပ်ဝါးဝါးအကဲခတ်နိုင်ရုံမျှသာ။

---

*၁ (၁) ဓေါက်ရှာဌက်၊ ဗီလုံးဌက်၊ တင်ကျီးဌက်၊ သစ်တောက်ဌက်၊ ဖား၊ ကျွဲ၊ ယုန်၊ စာဝတီး၊ ဝက်၊ ကိန္နရာ၊ ဝန်လိုဌက်ဘဝတို့ ၁-ကြိမ်စီ။ (၂) ကျီး၊ ခါ၊ ကြက်၊ ကြွက်၊ စက္ကဝက်ဌက်၊ ဥဩ၊ ဂဠုန်၊ဘဝတို့ ၂-ကြိမ်စီ။ (၃) ခွေး၊ ဒေါင်း၊ ဆတ်၊ ပွတ်၊ ငါးဘဝတို့ ၃-ကြိမ်စီ။ (၄) လင်းတ၊ ငုံး၊ မြင်း၊ နဂါးဘဝတို့ ၄-ကြိမ်စီ။ (၅) နွားဘဝ ၅-ကြိမ်။ (၆) နိဘဝ ၆-ကြိမ်။ (၇) ဆင်ဘဝ ၇-ကြိမ်။ (၈) ကျေးသား၊ သမင်၊ ဟာသံဘဝ ၉-ကြိမ်စီ။ (၉) ခြင်္သေ့ဘဝ ၁၀-ကြိမ်။ (၁၀) မျောက်ဘဝ ၁၂-ကြိမ်။ (၁၁) ဗြဟ္မာဘဝ ၅၁-ကြိမ်။ (၁၂) နတ်ဘဝ ၁၄-ကြိမ်။ (၁၃) သိကြားဘဝ ၂၁-ကြိမ်။ (၁၄) ဂုက္ခိုးဘဝ ၃၀-ကြိမ်စီ။ (၁၅) လူ့ဘဝ ၉၅၃-ကြိမ်၊ စုစုပေါင်း (၅၄၇)ဘဝဖြစ်သည်။ ဦးဓောတာလင်္ကာရ၏ ပိဋကတ်တော်နှင့်စပ်မှတ်စုထွေလာသိကောင်းစရာ၊ ပထမအုပ်။ ၂၀၀၁-စုနှစ်။ (စာမျက်နှာ-၅၁၁)။

http://www.dhammadownload.com

ဦးဖိုးကျား၏ ကိုယ်တွေ့ဝတ္ထု

အမျိုးသားပညာဝန်ဦးဖိုးကျား(အေဒီ ၁၈၉၁–၁၉၄၂)၏ ဘုရားဖူးသွားခြင်းဝတ္ထုတွင် ဦးဖိုးကျား ကောလိပ် ကျောင်းသားဘဝက မိတ်ဆွေဖြစ်သူမောင်ထွန်းမောင်နှင့်အတူ ကျိုက်ထီးရိုးဘုရားသို့ဘုရားဖူးသွားကြရာ မောင်ထွန်းမောင်သည် ဘုရားပေါ်သို့မတက်ဘဲ အင်းဝစခန်းအနီး ထမင်းဆိုင်အစုတ်မြောက်ဘက် သရက်ပင်ကြီး အောက်ရှိ တဲကလေးတစ်ခုၵဒုက္ခရောက်နေရှာသောမြေးအဘိုးလေးဦးတို့ကို ပြုစုစောင့်ရှောက်ရန်နေရစ်ခဲ့သည်။ မောင်ထွန်းမောင် ဘုရားပေါ်သို့မရောက်ခဲ့သော်လည်း သူ့လုပ်ရပ်ကြောင့် ဦးဖိုးကျားက မောင်ထွန်းမောင်ကို 'ဘုရားစကားနားထောင်သူဖြစ်ပြီး ဘုရားကိုတကယ်ဖူးတွေ့ခဲ့ရသူပါပေ'ဟု ချီးကျူးခဲ့သည်။ မောင်ထွန်းမောင် ကူညီခဲ့သူများကလည်း မောင်ထွန်းမောင်ကို 'ဘုရားအလောင်းကဲ့သို့ချီးမွမ်းကြသည်'ဟု ဦးဖိုးကျားက ရေးထားပါသည်။ စင်စစ် ဦးဖိုးကျားသည် မောင်ထွန်းမောင်နှင့်အတူ ဘုရားဖူးသွားခဲ့သည်မှန်သော်လည်း မောင်ထွန်းမောင် ဆောင်ရွက်ခဲ့သောကရုဏာလုပ်ငန်းကို သူမသိခဲ့ရ၊ မောင်ထွန်းမောင် အကူအညီပေးခြင်းခံရသောသူများက ပြန်၍ပြောပြမှသာ အကြောင်းစုံ သူသိရ၏။[*ဃ] ဘုရားအလောင်းတို့၏ပါရမီဖြည့်ပုံများသည်လည်း ဤသို့ပင် ဖြစ်ပေလိမ့်မည်။

အရှင်မဟာဗုဒ္ဓယောသ

တစ်ခါတစ်ရံ လောကဌ သူမတူအောင်စွမ်းစွမ်းတမံအကျိုးဆောင်နိုင်သောပုဂ္ဂိုလ်မျိုး ပေါ်ပေါက်လာသောအခါ ထိုပုဂ္ဂိုလ်ကို 'ဘုရားအလောင်း'ဟူ၍ ချီးကျူးပြောဆိုလေ့ရှိသည်။ ဤသာသနာ၌ 'မေတ္တေယျရှင်ပါပေ'ဟု ထောပနာပြုခြင်းခံရသောပုဂ္ဂိုလ်တို့ပေါ်ထွန်းခဲ့ဖူးရာ ထိုပုဂ္ဂိုလ်တို့တွင် 'ဗုဒ်အစ၊ ဗုဒ်အလယ်၊ ဗုဒ်အဆုံး' ဟုကျော်ကြားသော ဗုဒ်သုံးဗုဒ်[*ဃ]တွင် ဒုတိယမြောက်ဗုဒ်(တစ်နည်း)အဋ္ဌကထာကျမ်းပြု ရှင်မဟာဗုဒ္ဓယောသ မထေရ်သည်လည်း တစ်ပါးအပါအဝင်ဖြစ်သည်။

အရှင်မဟာဗုဒ္ဓယောသသည် ဇာတိအိန္ဒိယနိုင်ငံမှထွက်ခွာလာရာ လင်္ကာဒီပခေါ်ဆို ကျွန်းသီဟိုဠ်ရှိ မဟာဝိဟာရကျောင်းတိုက်ကြီးသို့ မဟာနာမမင်းလက်ထက်(အေဒီ ၄၀၉–၄၃၁)တွင်ရောက်ရှိခဲ့သည်။ ထိုကျောင်းတိုက်၌ ပဓာနဃရခေါ်ကမ္မဋ္ဌာန်းကျောင်းတိုက်ကြီးတွင် သီတင်းသုံးနေတော်မူသော အရှင်သံဃပါလမထေရ်မြတ်ထံတော်တွင် သီဟိုဠ်အဋ္ဌကထာများနှင့် ထေရဝါဒတို့ကိုသင်ယူတော်မူခဲ့ပြီး 'ထေရဝါဒသည်သာ မြတ်စွာဘုရား၏အလိုတော်ဖြစ်သည်'ဟု ဆုံးဖြတ်ချက်ချတော်မူခဲ့၏။ အရှင်မဟာဗုဒ္ဓယောသသည် ဤသို့ဆုံးဖြတ်ချက်ချပြီးသည့်နောက် မဟာဝိဟာရကျောင်းတိုက်ကြီးရှိ သံဃာတော်တို့ကိုပင့်ဆောင်စုဝေးစေ၍ သံဃာတော်အရှင်မြတ်တို့အား ဤသို့လျှောက်ထားခဲ့၏။ 'သံဃာတော်အရှင်မြတ်တို့ဘုရား...၊ ထေရဝါဒဝိဂုဏတ်လာပါဠိတော်ကျမ်းများကိုဖွင့်ပြသော အဋ္ဌကထာကျမ်းတို့ကိုရေးသားပြုပြင်စီရင်နိုင်ပါရန် တပည့်တော်အား ထိုဝိဂုဏတ်စာပေအားလုံးကိုပေးတော်မူကြပါဘုရား'ဟုဖြစ်၏။ ထိုအခါ သံဃာတော်တို့က အရှင်မဟာဗုဒ္ဓယောသကို စုံစမ်းလိုကြသည်ဖြစ်၍ 'သီလေ ပတိဋ္ဌာယ နရော သပညော' (သံ၊၁။၁၃။ မိလိန္ဒ။၃၃။ ဒီ၊၃။၁။၅၆။)–အစချီသော ဂါထာနှစ်ပုဒ်ကိုပေးတော်မူ၍ 'ဤဂါထာတို့၌ သင်၏စွမ်းရည်ကိုပြပါဦးလော့'။ ထိုရေးသားချက်စွမ်းရည်ကိုကြည့်ရှုပြီးလျှင် ဝိဂုဏတ်အားလုံးကိုပေးကြကုန်အံ့'ဟု ဆိုကြလေ၏။ အရှင်မဟာဗုဒ္ဓယောသသည် သံဃာတော်တို့ပေးအပ်သောထိုနှစ်ဂါထာဖြင့် ဝိဂုဏတ်သုံးပုံတို့၌လာသောအနှစ်အသားတို့ကိုအကျဉ်းချုံးပေါင်းစုကာ ဝိသုဒ္ဓိမဂ္ဂ–

---

*ဂ ဦးဖိုးကျားကိုယ်တွေ့ဝတ္ထုများ။ ၁၉၉၉–စုနှစ်။ (စာမျက်နှာ–၅၈)။

*ဃ ဗုဒ် သုံးဗုဒ်။ (၁) ဗုဒ္ဓရှင်တော်ဘုရား။ (၂) အဋ္ဌကထာကျမ်းပြုအရှင်မဟာဗုဒ္ဓယောသ။ (၃) ညောင်ကန်ဆရာတော်ဦးဗုဒ်–တို့ဖြစ်သည်။

http://www.dhammadownload.com

အမည်ရှိသောကျမ်းကြီးကို ရေးသားစီရင်တော်မူလေသည်။ ဝိသုဒ္ဓိမဂ်ကျမ်းကိုပြုစု၍ပြီးလတ်သော် အရှင်မဟာဘုဒ္ဓဃောသသည် မြတ်စွာဘုရား၏အလိုဌ လိမ္မာကျွမ်းကျင်သောသံဃာတော်အရှင်မြတ်တို့အားစည်းဝေးစေပြီး သံဃမိတ္တာထေရီမပင့်ဆောင်စိုက်ပျိုးထားအပ်သော ဒက္ခိဏာသာခါမဟာဗောဓိပင်အနီး၌ ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို ဖတ်ကြား၍ အဆုံးအဖြတ်ပေးတော်မူကြရန် စီမံအားထုတ်တော်မူသည်။

ထိုအခါ သမ္မာဒေဝနတ်ကောင်းနတ်မြတ်တို့က အရှင်မဟာဘုဒ္ဓဃောသ၏သိမ်မွေ့ထက်မြက်သောဉာဏ်စွမ်းရည်ကို ထင်ရှားပေါ်လွင်သိမြင်စေခြင်းငှာ စာပွဲသဘင်ဆင်ယင်မည့် ဝိသုဒ္ဓိမဂ်ပေစာထုပ်ကို ကွယ်ဝှက်၍ထားကြလေ၏။ သို့ဖြစ်၍ အရှင်မဟာဘုဒ္ဓဃောသသည် ထိုကျမ်းကို ဒုတိယအကြိမ် ထပ်၍ရေးသားရပြန်၏။ ထိုကျမ်းကိုလည်း နတ်တို့ကွယ်ဝှက်ထားပြန်သောကြောင့် မထေရ်မြတ်သည် တတိယအကြိမ်ရေးသားရပြန်လေသည်။ တတိယအကြိမ်မြောက်ရေးသားပြီးစီး၍ ဝိသုဒ္ဓိမဂ်ကျမ်းကြီးကိုဖတ်ကြားအံ့ဟုထုတ်ဆောင်သောအခါ နတ်များက မိမိတို့ကွယ်ဝှက်ထားခဲ့သော ယခင်ပေစာနှစ်ထုပ်ကိုယူဆောင်လာကာ ထိုတတိယအကြိမ်ရေးသော ပေစာထုပ်နှင့် တပေါင်းတည်းအတူယှဉ်၍ထားကြကုန်၏။ ရဟန်းတော်အရှင်မြတ်တို့သည် ဝိသုဒ္ဓိမဂ်ကျမ်းသုံးကျမ်းကို တပြိုင်နက်ရွတ်ဖတ်ကြကုန်၏။ ဝိသုဒ္ဓိမဂ်ကျမ်းသုံးမူသည် ပါဠိအားဖြင့်လည်းကောင်း၊ အစီအစဉ်ရှေ့နောက်စသည်အားဖြင့်လည်းကောင်း၊ ထေရဝါဒပါဠိတော်တို့နှင့်လည်းကောင်း ကွဲလွဲခြင်းမရှိပြကတော့တူညီနေသည်ကို တွေ့ကြရသည်။ ထိုအခါ စာနာပရိသတ်အရှင်မြတ်တို့က အလွန်အမင်းဝမ်းမြောက်ဝမ်းသာဖြစ်ကြ၍ 'ဤအရှင်မဟာဘုဒ္ဓဃောသရဟန်းသည်ကား မချွတ်ဇကန်အမှန်မုချ မေတ္တေယျဘုရားအလောင်းဖြစ်ရမည်'[*၁] ဟု အဖန်ဖန် တလဲလဲ ကြွေးကြော်တော်မူကြလေ၏။

ဝိသုဒ္ဓိမဂ်ကျမ်းကိုနာယူကြသော မဟာဝိဟာရဝါသီအရှင်မြတ်တို့ ရွှင်လန်းဝမ်းမြောက်၍ 'ဤဘုဒ္ဓဃောသသည် မချွတ်ဇကန် မေတ္တေယျဘုရားအလောင်းပါပေ'ဟု ချီးမွမ်းကြပုံကို အေဒီ ၅–ရာစုတွင် ရေးဖွဲ့ခဲ့သော မဟာဝံသကျမ်း၊ အခန်း(၃၇)၊ ဂါထာအမှတ်(၂၄၂)၌ ဤသို့လျှင်ဂါထာဖွဲ့စီဖော်ပြထားပေ၏။

အထဉ္ဇလ္လိသယိ သံယော၊ တုဋ္ဌဟဋ္ဌော ဝိသေသတော။
နိဿံသယာ' ယံ မေတ္တေယျော၊ ဣတိ ဝတ္တာ ပုနပ္ပုနံ။ ။[*၂]

ပြန်မာပြန်။ ။ထိုအခါ သံဃာတော်အပေါင်းသည် အထူးရွှင်လန်းဝမ်းမြောက်ကာ ဤအရှင်သည် မချွတ်ကေန် မေတ္တေယျဘုရားအလောင်းတော်ပါပေတည်းဟု အထပ်ထပ်ကြွေးကြော်ကြ၏–ဟုဖြစ်သည်။

မဟာယာနဂိုဏ်းဆရာကြီးမေတ္တေယျ

'နောင်အခါ မေတ္တေယျဘုရားရှင်ပွင့်မည်၊ ထိုမေတ္တေယျဘုရားသည် ဗြာဟ္မဏမျိုးမှဖြစ်လိမ့်မည်'[*၃] စသည်ဖြင့် အနာဂတဝံသ(ပါဠိကျမ်း)နှင့် မဲတြေယျဂါကရဏ(သက္ကတကျမ်း)တို့၌ဖော်ပြထားသောကြောင့် တစ်ချိန်သော

---

*၁ အရှင်မဟာမင်္ဂလမထေရ်၏ ဗုဒ္ဓဃောသုပ္ပတ္တိပါဠိ၌ 'သဗ္ဗမေဒသု ကောသလ္လံ၊ ဗုဒ္ဓဘောဝိယပဿတိ'၊ 'ဗုဒ္ဓဝိယ–ဘုရားကဲ့သို့ ပညာရှိသောပုဂ္ဂိုလ်' ဟူ၍ နိဒ်းကျူးကြကြောင်းဖော်ပြထား၏။ အရှင်ဓဒ္ဓိမာ၏ အရှင်ဗုဒ္ဓဃောသဝတ္ထု။ ၁၉၀၉–ခုနှစ်။ (စာမျက်နှာ–၁၅)။

*၂ ဦးကေလာသ(တည်း)၏ မဟာဝံသပါဠိ၊ ပထမတွဲ။ ၁၉၀၉–ခုနှစ်။ (စာမျက်နှာ–၂၄၅)။ 'Without doubt this is Metteya!'-Geiger(Tr.)' Cūlavaṃsa. I. 1953. Page-26.

*၃ မေတ္တေယျရှင်၏ မည်းတော်မှာ ဗြာဟ္မဏ(ပုဏ္ဏား)ဖြစ်ပုံကို အနာဂတဝံသပါဠို(ဂါထာ–၄၄, ၄၅)တွင်– 'ဓာယိသဿတိ ဗြာဟ္မဏောကုလေ'။ မဲတြေယျဂါကရဏ(ဂါထာ–၂၇)တွင် 'ဗြာဟ္မဏော တသ ရညော၊ သုဗြဟ္မဏော ပုရောဟိတော' စသည်ဖြင့်ဖော်ပြထား၏။ Gilgit Manuscripts. Vol. IV. 1959. Page-195.

http://www.dhammadownload.com

အခါက အိန္ဒိယနိုင်ငံတွင် ဗြာဟ္မဏမျိုးနွယ်မှထွန်းထွန်းပေါက်ပေါက်ပုဂ္ဂိုလ်တစ်ဦးပေါ်ပေါက်လာလျှင် 'မေတ္တေယျအလောင်းတော်' ဟု ပြောဆိုသောအယူအဆတစ်ရပ်ပေါ်ခဲ့ဖူးပါသည်။

အိန္ဒိယမြောက်ပိုင်းဒေသ၌ မေတ္တေယျဟူသောအမည်ဖြင့် ထင်ရှားသောဗြာဟ္မဏလူငယ်တစ်ဦးပေါ်လာ၏။ ထိုဗြာဟ္မဏလူငယ်ကို တုသိတာဘုံမှဆင်းလာသော မေတ္တေယျအလောင်းတော်ဖြစ်သည်ဟု အစဉ်အဆက် မှတ်ယူခဲ့ကြသည်။[*၁] ထိုပုဂ္ဂိုလ်သည် မဟာယာနဓ၁ဩဒေါင်ဂိုဏ်းကြီးတစ်ဂိုဏ်းဖြစ်သည့် ယောဂါစာရဂိုဏ်းကို တည်ထောင်ခဲ့သော မေတ္တေယျနာထအရှင်ဖြစ်သည်။ ထိုပုဂ္ဂိုလ်ကို ယောဂါစာရဂိုဏ်းသားများနှင့် အိန္ဒိယနိုင်ငံ၊ တိဗက်၊ နီပေါနိုင်ငံရှိ ယင်းဂိုဏ်းမှပေါက်ဖွားလာသော တန္တြယာန, မန္တြယာန, ဝဇြယာနဂိုဏ်းများ။ တရုတ်ပြည်ရှိ ရှေလွန်းဂိုဏ်း (She-Lun Tsung–သမ္မရိဂြဟဂိုဏ်း)၊ ဖရှင်ဂိုဏ်း (Fa-hsiang Tsung–ဝိဇ္ဈာနဝါဒီမတြေတ)၊ ဂျပန်ပြည်ရှိ ဟိုဆိုဂိုဏ်း (Hosso-syū–ဓမ္မလက္ခဏဂိုဏ်း)စသည့်ဂိုဏ်းသားတို့က ယနေ့ထက်တိုင် အလောင်းတော် မေတ္တေယျဖြစ်သည်ဟူ၍ယုံကြည်နေကြ၏။

မေတ္တေယျအလောင်းအလျာဆရာတော်ကြီးတစ်ပါး

မြတ်မင်္ဂလာမဂ္ဂဇင်းပါ ဘာသာရေးပြဿနာကဏ္ဍတွင် မန္တလေးမြို့မှ မောင်စောနိုင်အမည်ရှိ ဒကာတစ်ဦးက မေတ္တေယျလောင်းလျာ ဆရာတော်ကြီးတစ်ပါး၏အကြောင်းမေးမြန်းသည်မှာ အောက်ပါအတိုင်းဖြစ်သည်။

> အရှင်ဘုရား။ မြန်မာနိုင်ငံ၌ ထင်ရှားသောတန်ခိုးကြီးဆရာတော်များတည်းမှ တစ်ပါးအပါအဝင် (ဘွဲ့အမည်တော်မဖော်ပြလို)ဆရာတော်ကို တပည့်တော်တို့သွားဖူးပါသည်။ ထိုအခါ အမျိုးသမီးကြီးတစ်ဦးက လူပရိသတ်အတော်များများရှေ့မှာ ထိုဆရာတော်ဘုရားကြီးသည် နောင်ပွင့်မည့် အရိမေတ္တေယျဘုရားအလောင်းတော်ဖြစ်သည်ဟု ပြောဆိုနေသည်ကိုကြားရသည်။ ဆရာတော်ကို ကြည်ညိုသော်လည်း ထိုအမျိုးသမီး၏စကားကို တပည့်တော်မယုံပါ–ဟုဖြစ်သည်။

အထက်ပါမေးခွန်းကို ဆရာတော်ဦးတိဝလာကသာရ(ရဝေထွန်း)က 'မေတ္တေယျရှင်သည် လူပြည်၌ လူလာဖြစ်ရန် ဝေးကွာလွန်းလှပါသေးသည်၊ ထို့ကြောင့် ထိုအရိမေတ္တေယျဘုရားအလောင်းတော်နတ်သားသည် ယခုအခါ တုသိတာနတ်ဘုံ၌ရှိနေမည်ဖြစ်ကြောင်း' ဟူ၍ ဖြေကြားခဲ့ပါသည်။[*၂]

မြန်မာဘုရင်များ၏အလောင်းတော်အယူအဆ

ပုဂံခေတ်က ကျန်စစ်မင်း(အေဒီ ၁၀၈၄–၁၁၁၂)၊ အလောင်းစည်သူမင်း (အေဒီ ၁၁၁၃–၁၁၆၂)တို့မှစ၍ မြန်မာဘုရင်အများစုသည် မိမိတို့ကိုယ်ကို ဘုရားအလောင်းဟု မှတ်ယူစေလိုသောဆန္ဒရှိခဲ့ကြသည်။[*၃] ဤအယူအဆသည် သီရိလင်္ကာနိုင်ငံရှိ ရှေးမင်းများ၏အယူအဆမှ ယှက်နွယ်ကူးသက်ခြင်းဖြစ်သည်။[*၄] အလောင်း

---

*၁ An Encyclopedia of Religion. Page-103; A Dictionary of Buddhist Terms and Concepts. 1983. Page-267.

*၂ ရဝေထွန်း၏ဘာသာရေးပြဿနာများ(၅)။ ၂၀၀၃–ခုနှစ်။ (စာမျက်နှာ–၅၄)။

*၃ E. Sarkisyanz' Buddhist Backgrounds of The Burmese Revolution. 1965. Page-59.

*၄ N. Ray' An Introduction to the Study of Theravada Buddhism in Burma. 1946. Page-151.

http://www.dhammadownload.com

စည်သူမင်း(အေဒီ ၁၁၁၃–၁၁၆၂)၏ဘွဲ့မည်တွင်ပါသော 'အလောင်း'*၁ဆိုသည်မှာ 'ဘုရားအလောင်း'ကို ဆိုလို သည်။ အလောင်းဘုရားဘွဲ့မည်သည်လည်း ဤနည်းအတိုင်းအဓိပ္ပာယ်ရ၏။ ထို့ပြင် ရှေးစာဆိုတို့ကလည်း မြန်မာမင်းများကို ပွင့်လတ္တံ့သောမေတ္တေယျရှင်အပါအဝင် အရင့်အမာဟုရိုလ်များစာရင်းဝင်ဖြစ်ကြောင်းကို ချေး။ မော်ကွန်းစသည်တို့၌ ချီးကျူးရေးဖွဲ့ခဲ့ကြသည်။

အေဒီ ၁၆၆၀–ပြည့်နှစ်တွင် အလောင်းမင်းတရား(အေဒီ ၁၆၅၂–၁၆၆၀)က 'မိမိသည် ဘုရားလောင်း တစ်ဦးဖြစ်သည်'–ဟု ထိုင်းဘုရင်ထံသဝဏ်လွှာပေးပို့ရာ ထိုင်းဘုရင်၏အမတ်ကြီးက–

> ငါတို့ကမ္ဘာတွင် ဘုရားငါးဆူသာပွင့်သည်။ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ– ဟူသော ဘုရားလေးဆူသည် နိဗ္ဗာန်ဝင်ကြလေပြီ။ အရိမေတ္တေယျဘုရားတစ်ဆူသာ ကြွင်းတော့ သည်။ အရိမေတ္တေယျဘုရားအလောင်းသည် ယခု တုသိတာနတ်ပြည်မှာရှိသေးသည်ကို ထို အလောင်းကား အဘယ်ဘုရားလောင်းပေနည်း?။ ဘုရားပွင့်ရိုးလည်း အလွန်အားဖြင့် တစ်ကမ္ဘာ တွင် ဘုရားငါးဆူသာပွင့်မြဲ၊ ခြောက်ဆူပွင့်ရိုးမရှိ–

ဟု မှာလိုက်ကြောင်းကို တွင်းသင်းမင်းကြီး(အေဒီ ၁၅၂၆–၁၈၀၆)၏ အလောင်းတော်မင်းတရားကြီးအရေးတော်ပုံ၌ တွေ့ရသည်။*၂

ကဝိသေတ္တုမဏ္ဍူသာအမည်ရှိသော ဦးပေါ်ဦးလျှောက်ထုံးကျမ်းတွင် ဘိုးတော်မင်းတရား(အေဒီ ၁၇၈၁–၁၈၁၉)သည် မိမိကိုယ်ကို 'ရင့်မာတစ်ကျိပ်စာရင်းဝင် မေတ္တေယျဘုရားလောင်းနောက်တွင် ပွင့်လာမည့် ရာမဘုရားအလောင်းဖြစ်မည်ဟုယူဆကြောင်း'ဖွင့်ဟမိန့်ကြားလေရာ၊ အမတ်ကြီးဦးပေါ်ဦးက ခင်ကြီးပေါက်ဝတ္ထု လာ ကာလသားလူနောက်တို့ရွတ်ဆိုကြသည်–

> ရင့်မာတစ်ကျိပ်၊ နှငါးရာလဟဲ့။
> နောင်လာရှစ်သောင်း၊ ဘုရားပေါင်းများ။
> ဘုရားလောင်းနောက်၊ တို့နှစ်ယောက်လဟဲ့။
> တို့နှစ်ယောက်နောက်၊ ခင်ကြီးပေါက်လများ။

ဟူသောလင်္ကာနှင့်တကွ ခင်ကြီးပေါက်ဝတ္ထုကိုတင်လျှောက်သောအခါ ဘိုးတော်မင်းတရား(အေဒီ ၁၇၈၁–၁၈၁၉)သည် မိမိ၏ရာမဘုရားလောင်းအဆိုကို ပြန်လည်၍ရုပ်သိမ်းခဲ့ကြောင်း ဖော်ပြထားလေသည်။*၃

မေတ္တေယျအတု

ရံခါ၌ အစစ်ပေါ်လိမ့်မည်ကိုအကြောင်းပြု၍ အတုကအလျင်ပေါ်တတ်သည်။ ပမာအားဖြင့် ဘုရားပွင့်မည်ဟု ဗုဒ္ဓကောလဟလဖြစ်နေချိန်တွင် တိတ္ထိဆရာကြီး(၆)ဦးက သူတို့ကိုယ်သူတို့ ဘုရားပါဟုဝန်ခံပြီး ဘုရားတု(၆)ဆူ ရှေးဦးစွာပေါ်နေခဲ့ပုံမျိုး၊ မင်္ဂလာတရားပေါ်မည်ဟု မင်္ဂလကောလဟလဖြစ်ချိန်တွင် 'မင်္ဂလာဆိုသည်မှာ ဤသို့

---

*၁ အလောင်း= being, object in an incipient state, embryo, destined to become, to-be;...As prefix in the title of two Burmese kings- J.A. Sfewart and of C.W. Dunn' A Burmese-English Dictionary. Part V. 1969. Page-339.

*၂ တွင်းသင်းမင်းကြီး၏ အလောင်းမင်းတရားကြီးအရေးတော်ပုံ။ ၁၉၄၃–စုဒ္ဓ၆။ (စာမျက်နှာ–၁၁၀)။ Dr. Htin Aung' A Defence of The Chronicles. 1970. Page-19.

*၃ ဦးအောင်၏ဦးပေါ်ဦးလျှောက်ထုံးကျမ်း၊ ဒုတိယတွဲ။ (စာမျက်နှာ–၁၀၆)။

http://www.dhammadownload.com



ပဲခူးမြို့၊ ဟသ်ာကုန်းရှိ မေတ္တေယျအလောင်း အဇိတရဟန်း ဗျာဒိတ်ခံယူရပုံပန်းချီကား။



ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို အရှင်မဟာဗုဒ္ဓဃောသ ရေးသားပြီး သံဃာတော်တို့အားပြသနေပုံ (နံရံပန်းချီ)
ယခုကလျာဏီဘုရားကျောင်း၊သီရိလင်္ကာ။
အရှင်ကေလာသ၊၁၉၇၀၊ပုံ-၉။

http://www.dhammadownload.com

ဖြစ်မည်၊ ထိုသို့ဖြစ်မည်'စသည်ဖြင့် ထင်မိထင်ရာပြောကြကာ မင်္ဂလာပေါင်းသောင်းခြောက်ထောင် ပေါ်ထွန်းခဲ့ပုံမျိုး–စသည်ဖြင့်ဖြစ်သည်။*၁

မြန်မာနိုင်ငံတွင်လည်း ကုန်းဘောင်ခေတ်ဘိုးတော်မင်း(အေဒီ ၁၇၈၁–၁၈၁၉)လက်ထက်တွင် မေတ္တေယျဟူ၍ကျော်ကြားသော ပုဂ္ဂိုလ်တစ်ဦးပေါ်ပေါက်ခဲ့ပုံအကြောင်းကို ဘိုးတော်မင်းတရားအမေး သာသနာပိုင် ပထမမောင်းထောင်ဆရာတော်ကြီးအရှင်ဉာဏာ(အေဒီ ၁၇၅၃–၁၈၃၂)ဖြေဆိုသော အမေးတော်ဖြေကျမ်းဌီးတွေ့ရပါသည်။

သက္ကရာဇ် ၁၁၅၂–ခုနှစ်၊ ဝါဆိုလတွင် မြေကုရင်ကေစာရ*၂ ဆိုသောပုဂ္ဂိုလ်တစ်ဦးသေလွန်ခဲ့ရာ ထိုပုဂ္ဂိုလ်၏အလောင်းကိုသင်္ဂြိုဟ်သည့်ကာလ ဓာတ်တော်များရခဲ့သည်။ ထိုဓာတ်တော်တို့ကိုနန်းတော်သို့ပို့ရာ ဘိုးတော်မင်းက မောင်းထောင်ဆရာတော်ထံ 'ထိုဓာတ်တော်တို့သည် မည်သို့အကြောင်းရှိမည်'ကို မေးလျှောက်ထား၏။ မောင်းထောင်ဆရာတော်လည်း 'ရဟန္တာသာဓာတ်တော်ထိုက်သည်၊ ကျန်အရိယာပုဂ္ဂိုလ်တို့မှာ ဓာတ်တော်မလာ, ဓာတ်တော်မထိုက်'ဟု ဆုံးဖြတ်ပေးတော်မူ၏။

မောင်းထောင်ဆရာတော်က 'ဤကိစ္စသည် ရိုးသားသောသဘောမရှိ'ဟုရိပ်စားမိ၍ အကြောင်းစုံသိနိုင်ရန် ထိုမြေကုရင်ကေစာရ နေရာအရပ်သို့ သတင်းထောက်လှမ်းစုံစမ်းစေရာတွင် မြေကုရင်ကေစာရ၏ဘုန်းကြီးပျံပွဲမှာပင် ယင်းကျောင်းအနီးနေရဟန်းတစ်ပါးသည် သေမည်ဟုမျှောသွားပြီး သတိပြန်ရသောအခါ 'မိမိမျှောနေစဉ် တာဝတိံသာနတ်ပြည်သို့ရောက်သွားကြောင်း၊ မိမိက နတ်ပြည်ရှိနတ်တို့ကို မေတ္တေယျအလောင်းတော်နတ်သားကို တွေ့မြင်ရလိုကြောင်းပြောရာ နတ်တို့က လူ့ပြည်ရှိမြေကုရင်ကေစာရသည် အရိမေတ္တေယျအလောင်းတော်ဖြစ်သည်ဟုပြောကြောင်း'စသည့် ကောလာဟလစကားဖြစ်နေပုံအကြောင်းစုံကို သိခဲ့ရ၏။ မောင်းထောင်ဆရာတော်က ထိုကောလာဟလကိုကြားသိရလျှင် 'ဘုန်းကြီးပျံပွဲတွင် ကောလာဟလဖြစ်သည်ကိုထောက်လျှင် ဓာတ်တော်ရသည်ဟုထင်ရှားလေအောင် မလိမ္မာသူတို့ကြံခိုး*၃ ၍ပြုသည်ယူရန်ရှိသည်'ဟု နန်းတွင်းသို့အကြောင်းပြန်ကြားခဲ့ပါသည်။*၄

မည်သို့ပင်ဆိုကြစေကာမူ မေတ္တေယျအလောင်းတော်မြတ်သည် ယခုအခါ တုသိတာနတ်ပြည်၌စံ၍ ဘုရားအဖြစ်ပွင့်တော်မူရန်စောင့်စားနေသည်ကို ဂန္ဆ န္ဆ ရကျမ်းဂန်စာပေများစွာ၌ အခိုင်အမာဖတ်ရှုနိုင်ကြပါသည်။

❁ ❁ ❁ ❁ ❁

---

*၁ ကောဇျဟာလ ငါးမျိုးဟုလည်းခေါ်သည်။ (၁) ဗုဒ္ဓကောလာဟာလ၊ (၂) ကပ္ပကောလာဟာလ၊ (၃) စက္ကဝတ္တိကောလာဟာလ၊ (၄) မောနေယျကောလာဟာလ၊ (၅) မင်္ဂလကောလာဟာလ–ဖြစ်သည်။ ခုဒ္ဒကပါဋ္ဌ၊ ဋ္ဌ။ ၁၀၁။ သုတ္တနိ၊ ဋ္ဌ၊ ၂။ ၃။

*၂ ကေစာရသည် တောကျောင်းနေ အရည၀ါသီပုဂ္ဂိုလ်ကိုဆိုလိုသည်။ ဖြို့ကျောင်းနေပုဂ္ဂိုလ်ကို ဂါမ၀ါသီ၊ တစ်ခုည်း–ဗဟုစာရ–ဟုခေါ်သည်။ လှေသင်းအတွင်း၀န်မင်း၏တန္တဿိပဏီကျမ်း။ ၁၉၀၆–ခုနှစ်။ (စာမျက်နှာ–၁၅၇)။

*၃ ကြံခိုး–ကြံ။ တိတ်တဆိတ်တွေးတောဉာဏ်ထုတ်သည်– ဦး၀ဏ်၏တက္ကသိုလ်မြန်မာအဘိဓာန်၊ အဓိပ်း–၁။ ၁၉၅၂–ခုနှစ်။ (စာမျက်နှာ–၁၃၆)။

*၄ အမေးတော်ဖြေကျမ်း။ ၁၉၆၂–ခုနှစ်။ (စာမျက်နှာ–၃၃၆)။

http://www.dhammadownload.com

အခန်း (၂၃)

မေတ္တာယျပွင့်ချိန်ကိုရည်ရွယ်ဆုတောင်းပုံသလား

ပုထုဇဉ်တို့မည်သည် မိမိ၏တွေ့ကြုံခံစားနေရသော လတ်တလောပြဿနာ အပေါ်တွင်အခြေခံ၍ ထိုပြဿနာအခက်အခဲမှကျွတ်လွတ်စေခြင်းအလို့ငှာ ဆုတောင်းသည်ကများ၏။ ဤအချက်ကိုရည်၍ တတိယနံမော်*၁ဆရာတော်ကြီးအရှင်ဝိနန္ဒာသဘ (အေဒီ ၁၉၃၆–၁၉၄၀?)က သီလဝိသောဓနီကျမ်းတွင်–

> ပုထုဇဉ်တို့မည်သည် ဇာတိတရား မိမိအား ထင်ရှားနှိပ်စက်လျက် ထိုဇာတိ၏အကြောင်းဖြစ်သော လူချမ်းသာနတ်ချမ်းသာကိုရည်၍ ကုသိုလ်ပြုသူ များချေသည်။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်အကျိုးငှာ ရည်၍ပြုသူ နည်းချေသည်။ ကုသိုလ်မည်သည်လည်း အကြောင်းအားလျော်စွာ အကျိုးကိုဖြစ်စေမြဲဖြစ်၍ ရည်တိုင်းသောအကျိုးကိုသာဖြစ်စေသည်၊ မရည်သောအကျိုးကိုမဖြစ်စေ။ ထို့ကြောင့် ကျွတ်တမ်းမှာမပါ။ သံသရာမှာ ကြာရချေသည်*၂...။
>
> ကျွတ်တမ်းမှာပါအောင် ဇာတိ၏အမြစ်ကိုသိ၍ ဇာတိ၏ကုန်ရာ နိဗ္ဗာန်အကျိုးငှာသာ ကုသိုလ်ကိုပြုရာသည်။ လူချမ်းသာ နတ်ချမ်းသာ အကျိုးငှာရည်၍ မပြုရာ။ ပြုသောသူသည် ငါ့အား ကာလမြင့်ရှည် ဇာတိဆင်းရဲ၊ ဇရာဆင်းရဲ၊ ဗျာဓိဆင်းရဲ၊ မရဏာဆင်းရဲ၊ သောကဆင်းရဲ၊ ဒီယနဆင်းရဲသည် ဤကုသိုလ်ကြောင့် ငါ့အားဖြစ်ပါ စေဟု ပန်ကား မပန်၊ ပန်ရာရောက်လေသည်။ ကုသိုလ်သည် ဆင်းရဲကိုမဖြစ်စေတတ်သော်လည်း ဖြစ်စေတတ်သကဲ့သို့ ပတ္ထနာအားလျော်စွာ ဖြစ်လေသည်*၃ – ဟူ၍ ရေးသားတော်မူခဲ့သည်။

ဤသို့လျှင် ရခဲလှစွာသောလူ့ဘဝကိုရပါလျက်၊ ကြုံခဲလှစွာသောဘုရားသာသနာနှင့်ဆုံဆည်းခဲ့ကြပါလျက်၊ ဖြစ်ခဲလှသောသဒ္ဓမ္မတရားလက်ကိုင်ရှိသူဖြစ်ပါလျက်ကနဲ့ 'မဂ်ဖိုလ်နိဗ္ဗာန်အကျိုးငှာကား မရည်၊ လူချမ်းသာနတ်ချမ်းသာကိုသာရည်၍ပြုလေသည်ကား ပညာစက္ခုကို အဝိဇ္ဇာဟူသောသလွှာသည် မြွေးယှက်လေသောကြောင့်

---

*၁ ပထမနံမော်ဆရာတော်မှာ အရှင်သာရမဉ္ဇူ၊ ဒုတိယနံမော်ဆရာတော်မှာ အရှင်မွေ့ပါလ– ဖြစ်သည်။ နံမော်ရွာသည် ရှမ်းပြည်နယ်၊ ရပ်စောက်မြို့၊ ရွှေအင်းတောင်အနောက်ခင်ရိုးရွာ ပန်တင်ဂူအနီး၌ရှိသည်။

*၂ တတိယနံမော်ဆရာတော်ကြီး၏ သီလဝိသောဓနီကျမ်း။ ၁၉၃၂–စုစု၆။ (စာမျက်နှာ–၁၄၇)။

*၃ တတိယနံမော်ဆရာတော်ကြီး၏ သီလဝိသောဓနီကျမ်း။ ၁၉၃၂–စုစု၆။ (စာမျက်နှာ–၁၄၈)။

http://www.dhammadownload.com

ဖြစ်သည်'၊ 'ထိုအဝိဇ္ဇာသလ္လာမြွေးကို မည်သို့ဖယ်ရှားမည်နည်း'ဟူမူ 'သတိဘာဝနာကို ပွားစေရာသည်'။ 'သတိဘာဝနာဟူသည် အချင်းခပ်သိမ်း သတိသမ္ဗဇ္ဈင်ကိုမလွတ်စေရအောင် သွားစဉ်လည်းသတိ၊ ထိုင်စဉ်လည်းသတိ၊ လျောင်းစဉ်လည်းသတိ၊ မည်သည့်အခါတွင်မှသတိသမ္ဗဇ္ဈင်ကိုမလွတ်စေရ–ဟု နံမော်ဆရာတော်ကြီးနည်းပေးတော်မူပါသည်။ တတိယနံမော်ဆရာတော်ကြီးနည်းပေးတော်မူသော သတိဘာဝနာဆိုသည်ကား ယခုအခါ မြန်မာနိုင်ငံ၌အလွန်ထင်ရှားလျက်ရှိသော သတိပဋ္ဌာန်ဝိပဿနာဘာဝနာလုပ်ငန်းပင်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သတိပဋ္ဌာန်ဘာဝနာကိုအားထုတ်ရန် အသင့်ရှိနေသူတို့အဖို့ နောင်နှစ်ပေါင်း ၅၀၆–သန်းတွင် ပွင့်တော်မူလာမည့် မေတ္တေယျရှင်ကိုဖူးတွေ့ရပါစေ–ဟု ဆုတောင်းရန် လို,မလိုဆိုသည့်အချက်နှင့်စပ်၍ ပစ္စက္ခသာသနာတော်၌ နေ,လသဖွယ်ထင်ရှားလျက် သာသနာဦးသွေ့ာင်ဖြစ်တော်မူကြကုန်သော ဆရာတော်ဘုရားကြီးများ၏အောက်ပါသြဝါဒကောက်နုတ်ချက်စကားတို့ကိုဖတ်၍၌ နှလုံးသွင်းဆင်ခြင်နိုင်ကြရန်ဖြစ်ပါသည်။

တောင်လေးလုံးဆရာတော်ဘုရားကြီး၏သြဝါဒ

ကုန်းဘောင်ခေတ်ဦးတွင် စတုဂိရိရှဖွယ်အစရှိသော ရှဖွယ်ကျမ်းများစွာ*၁ရေးလျက် ဝိပဿနာသတိပဋ္ဌာန်လုပ်ငန်းကိုဖော်ထုတ်တော်မူခဲ့သော မုနိန္ဒာဘိလင်္ကာရသဒ္ဓမ္မသာမိ မဟာဓမ္မရာဇာဂုရုဘွဲ့တံဆိပ်တော်ရ စတုဂိရိတောင်လေးလုံး*၂ဆရာတော်ကြီးအရှင်မေဓာဝီ(အေဒီ ၁၇၂၈–၁၈၀၆)၏နောက်ဘုရားကိုရည်မှော်ကာ ဆုတောင်းကြပုံများနှင့်စပ်လျဉ်း၍ မိန့်ဆိုတော်မူခဲ့သောသြဝါဒတော်မှာ အောက်ပါအတိုင်းဖြစ်သည်။

> သာသနာတော်နေဝန်း တက်ထွန်းစဉ်ကာလတွင်မှ အနတ္တကို မသိလိုက်ရ, မမြင်လိုက်ရ ရှိချေသော်၊ သာသနာတော်နေမင်းဝင်၍ မှောင်အတိဖြစ်သောအခါ ဆိုရာမရှိပြီမှတ်။
>
> ယခု ဗုဒ္ဓုပ္ပါဒ ဒုလ္လဘအတွင်း၌ ဆွေကြီးမျိုးကြီး မိကောင်းဖကောင်း သားသမီးဖြစ်ကြရကုန်ပြီးမှ အနိစ္စမှန်းမသိ, ဒုက္ခမှန်းမသိ, အနတ္တမှန်းမသိ, အသုဘမှန်းမသိ–ဟူ၍ သူရွှေကဲ့သို့ မိစ္ဆာဒိဋ္ဌိမဖြစ်ကြစေကုန်လင့်။
>
> အနီးအစပ်၌ ကြီးစွာသောရွှေအိုးကို ခုနစ်စုရရန်ရှိလျက် မသိသောကြောင့် သမုဒ္ဒရာပင်လယ်ခြားရာ၌ရှိသော ရွှေအိုးကိုသာတောင့်တ၍နေသော သူဆင်းရဲဇာလကဲ့သို့ မဂ်ဖိုလ်ရတနာရွှေအိုးကို ရထိုက်သောနဝမခဏနှင့်ပြည့်စုံပါလျက် ထိုသို့ပြည့်စုံကြောင်းကို မေတ္တေယျလက်ထက်တော်၌ မဂ်ဖိုလ်ရ ကွယ်လွန်လို့၏–ဟု ဆုတောင်းသည်ကား မှားလေစ*၃ –ဟုဖြစ်သည်။

ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏သြဝါဒ

'လယ်တီဆရာတော်ကြီး ပေါ်ပေါက်ထွန်းကား၍ ဒီပနီကျမ်းများစွာကိုရေးသားလျက် တရားလှည့်လည်ဟောပြောမှသာ မဂ်,ဖိုလ်နိဗ္ဗာန်တရားတော်များ ကွယ်ပျောက်တိမ်ကောလုမတတ်ရှိခဲ့ရာမှ ပြန်၍ပေါ်ထွက်ခဲ့ရသည်'–ဟု အရှင်အာဒိစ္စဝံသ (ဆရာကြီးဦးအောင်မြတ်ထွတ်၊ အေဒီ ၁၈၅၂–၁၉၅၁)၏ ချီးကျူးရေးသားခဲ့သည့် စကားအတိုင်းပင် မြန်မာနိုင်ငံ၌ ဓာတ်,ပရမတ်တရားနှင့် ဝိပဿနာအားထုတ်ပုံကို ကျမ်းအစောင်စောင်နည်းအသွယ်သွယ်တို့ဖြင့် ကျနသေချာထုတ်ဖော်ပြသပေးတော်မူခဲ့သော မုံရွာမြို့၊ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင်

---

*၁ ရှဖွယ်ကျမ်း (၃၇)ကျမ်းရှိသည်။ ဦးမောင်မောင်တင်၏ ရွှေနန်းသုံးဝေါဟာရအဘိဓာန်၊ ပထမတွဲ။ ၁၉၇၅–ခုနှစ်။ (စာမျက်နှာ–၃၄)။

*၂ စတုဂိရိ = တောင်လေးလုံး။ မန္တလေးတောင်ဝန်းကျင်ရှိ ရွှေတောင်,ငွေတောင်,မြတောင်,ပတ္တမြားတောင်–ကိုဆိုလိုသည်။

*၃ ဗုဒ္ဓသာသနာ့အလင်းစာစောင်။ အတွဲ(၁)၊ အမှတ်(၁)။ ၁၉၆၅–ခုနှစ်။ (စာမျက်နှာ–၃၁)။

http://www.dhammadownload.com

လယ်တီဆရာတော်ကြီးအရှင်ဉာဏာ(D.Litt.) (အေဒီ ၁၈၄၆–၁၉၂၃)၏ နောက်ဘုရားမျော်ကာဆုတောင်းကြပုံနှင့် စပ်သော အယူအမြင်ကိုလည်း အောက်ပါအတိုင်းဖတ်ရှုနိုင်ပါသည်။

ဆိုပိမိမညာ၊ စေ့စေ့နာလော့၊ ဂင်္ဂါသဲမျှ ပွင့်ကုန်ကြသား။ ဘုရားသာသနာ၊ ခေတ်အခါဝယ်၊ လူ့ရွာနတ်၌၊ နှင်ကြိုကြိုက်လည်း၊ အမိုက်မခွေ့၊ အလိုက်နေ၍၊ အခြေမကြီး၊ အချိုးနှိုးလျှင်၊ ယီးတီးယောင်တောင်၊ ခုတိုင်အောင်တည့်*၁ –ဟူ၍လည်းကောင်း။

ရှင်ချစ်သာသနာ၊ တခါတခါ၊ ပေါ်တုံလာလည်း။ သာသနာနှစ်ပေါင်း၊ ထောင်သောင်း၌တွင်၊ တကြိမ်တွင်မျှ၊ လူစင်ဘဝ၊ ကြုံခဲစွ။ ကမ္မသကာ၊ ကြုံပြန်ပါလည်း။ တဏှာဘီလူး၊ အမှောင်ပူး၍၊ အရူးတပိုင်း၊ အရိုင်းတခြမ်း၊ အနှမ်းထက်ဝက်၊ ရမက်ရတက်၊ အမက်အမော၊ စောမိစောရာ၊ အာသာငင်ဆွဲ၊ အခင်မြဲ၍၊ အစွဲမပြုတ်၊ ရွှဲမြဲရွှဲပ်၊ အတုပ်အချည်၊ မပြီမပြတ်၊ ကြပ်မြဲကြပ်သဖြင့်၊ အမြတ်တရား၊ ဟောတုံငြားလည်း၊ ဘုရားအကြိုက်၊ မလိုက်သာပဲ၊ ဘာကြောင့်ဘယ်ကြောင့်၊ အမယ့်ကြောင့်ဟု၊ အနောင့်အရောင့်၊ အထောင့်ဆင်ခြေ၊ အသရော်နှင့်၊ နေသာထိုင်သာ၊ တခါခါ၊ သဒ္ဓါသမျှ၊ ဒါန,သီလ၊ လက်စဖွားဖွား၊ နောက်ဘုရားမှ၊ အများငါတို့၊ ပါကြစို့ဟု၊ နောက်ဖို့ နောက်ဖို့၊ နောက်လို့မဆုံး၊ အများထုံးလျှင်၊ အန္ဓနိမရွေ့၊ အရုံးလေ့ဖြင့်၊ နေ့ပုပ်,လပုပ်၊ ဘဝပုပ်လျက်၊ မြုပ်မြဲမျောမြဲ၊ တလဲလဲ၊ မကွဲခုတိုင်လာကြသည်။

ကြမ္မာတော်ငြား၊ နောက်ဘုရားနှင့်၊ အလားသင့်ကာ၊ အခွင့်သာလည်း၊ တဏှာသခင်၊ အရှင်ထင်လင်း၊ သူ့လက်တွင်းက၊ အခင်းဘက်ပြုင်၊ မထွက်နိုင်၍၊ ရွှေမြွေရွေ့လျက်၊ ရှေ့သို့ အလား၊ နောက်ဘုရားဟု၊ ဘုရားမဆုံး၊ နောက်မဆုံးလျှင်၊ တလုံးထွေးထွေး၊ အရှည်သွေး၍၊ အရေးမပြု၊ အမှုမစိုက်၊ လူ့စရိုက်၊ အမိုက်အမော၊ အလိုက်မျော၊ ပေါလောခုတိုင်ရှိကြသည်။

သို့စဉ်ညစ်စုပ်၊ အတွင်းရွံ၍၊ မဟုတ်ပြောသူ၊ မနောဆူသည်၊ လောကူများမြောင်၊ ဘုရားရှောင်တို့ကို၊ ငါးထောင်တွင်းမှ၊ ကွင်းမရအောင်၊ ကျင်းပလိုက်ပြီး၊ တစိုက်စီး၊ ပိုက်ကြီးငါးတန်၊ အကန့်အကန့်၊ ဖြန့်ကာခံသို့၊ သမန္တဓာတ်၊ သုံးလူ့နတ်သည်၊ မုကွပါဠိရွှေစာ၊ ဒေသနာနှင့်၊ မဟာဗောဓိ၊ အရိယာဓာတ်၊ ရုပ်ရှင်နတ်၊ အမြတ်လေးပါး၊ ကိုယ်တော်စားတို့ကို၊ ငါးထောင်အနှစ်၊ မင်္ဂလမ်းလှစ်၍၊ ခေတ်ပရမေ၊ နိဗ္ဗာန်တံခါး၊ ဟင်းလင်းသာထားခဲ့ပေ၊ မဖွေ့ဝမ်းလိုင်ဆိုက်ခဲ့ပြီ*၂ –ဟူ၍လည်းကောင်း။

ယခုအခါ ဗုဒ္ဓဘာသာတိုင်းလိုပင် မျော်လင့်အားကိုးချက်ကိုယ်စီနှင့် ဆုတောင်းတတ်ကြသည်မှာ များပြား ပွင့်တော်မူလတ္တံ့သော အရိမေတ္တေယျဘုရားလက်ထက်တော်တွင် လက်ဦးစွာဖူးတွေ့ရ၍ နိဗ္ဗာန်ရလိုကြောင်းနှင့် ကုသိုလ်ပြုတိုင်းပင် ဆုတောင်းတတ်ကြကုန်၏။ နှုတ်ဖြင့်ဆုတောင်းချက်အတိုင်းမြောက်,မမြောက် စဉ်းစားဆင်ခြင်ရန်မှာ လွန်လေပြီးသောအနန္တအသင်္ချေဘုရားတွေကိုပင် ရှောင်နိုင်အောင် လက်လွတ်ရှောင်ရှားကြ၍ လူစွမ်းကောင်းကြီးတွေလုပ်ခဲ့ကြဖူးသည့်အချက်နှင့်တွေးလျှင် အရိမေတ္တေယျဘုရားကိုယ်တော်တစ်ဆူမှာ လက်ဦးဖူးတွေ့ရ၍ အကျွတ်တရားရရန်အချက်သည် သက်သက်ခဲယဉ်းလှသော အချက်ကြီးတစ်ခုဖြစ်ချေသည်။ အကယ်၍ ဆုတောင်းကြသောသူတိုင်းပင်

---

*၁ လယ်တီဆရာတော်ဘုရားကြီး၏ ဂန္ဓိရကဗျာကျမ်း။ ၂၀၀၁–ခုနှစ်။ (စာမျက်နှာ–၇၄)။

*၂ လယ်တီဆရာတော်ဘုရားကြီး၏ ဂန္ဓိရကဗျာကျမ်း။ ၂၀၀၁–ခုနှစ်။ (စာမျက်နှာ–၈)။

http://www.dhammadownload.com

ဆုတောင်းချက်ပြည့်စုံကြပါမူကား–သူ့ထက်ငါ ရှေဦးစွာဖူးလိုသောသူများသည့်အတွက် အရိမေတ္တေယျ ဘုရားကိုယ်တော်ကြီးသည်ပင် ရှေးဦးစွာ အဖူးခံတော်မူရန် တော်တော်ပင် ခက်ခဲတော်မူရာလိမ့်မည်။ စင်စစ်လိုရင်းမှာမူကား– ယခုလက်တွေ့ဖြစ်၍နေသော သာသနာတော်ကြီးအထင်အရှားရှိနေပါလျက် စခန်းထောက်တစ်ဆင့်ရွှေ့၍ နောက်ဘုရားကိုမျှော်လင့်ရန်မလို၊ ယခု မြတ်စွာဘုရားဟောကြားတော်မူသော ဒေသနာတော်တစ်လျှောက်မှာလည်း အရဟတ္တဖိုလ်သို့ပေါက်ရောက်အောင် လုပ်နည်းကိုင်နည်း အမျိုးမျိုးတို့သည် အထင်အရှားပင်ရှိကုန်၏။ နည်းလမ်းမစုံ၍ အားမထုတ်ချင်ဘူးဟူ၍ ဆင်ခြေတက်ဖွယ်မရှိ။ ပျင်းရိသောသူအတွက် ကာမဂုဏ်ထောင်မှမထွက်နိုင်သည့်အတွက်နှင့် ဆင်ခြေကန်လျှင်သာကန်ဖို့ရှိသည်။ သူတော်ကောင်းတို့၏တရားတော်ထွန်းကားရာဖြစ်သော ဗုဒ္ဓပွဲဒ–သဒ္ဓမ္မစခန်းကောင်းကြီးကို လွှဲချော်ခဲ့လျှင် နောင်ထိုကဲ့သို့သော စခန်းကောင်းခေတ်ကောင်းနှင့်မတွေ့နိုင်ဘဲ ဆင်းရဲကြီးစွာစိုးရိမ်ရတတ်ကြောင်း–[*၁]ဟူ၍လည်းကောင်းဖြစ်သည်။

စွန်းလွန်းဂူကျောင်းဆရာတော်ဘုရားကြီး၏ဩဝါဒ

'အင်းခမ်းတော့ ငှက်ကျ၊ ငှက်ကျတော့ လယ်တည်၊ လယ်တည်တော့ ထွန်ဆင်း'ဟူသော တဘောင်အတိတ်နှင့် ပေါ်ထွက်လာသော မြင်းခြံမြို့၊ ကျေးဖူးတော်ရှင် စွန်းလွန်းဂူကျောင်းဆရာတော်ကြီး ဦးကဝိ (အေဒီ ၁၈၇၇–၁၉၅၂)၏ ဩဝါဒကထာတရားဒေသနာကိုလည်း အောက်ပါအတိုင်း ဖတ်ရှုကြည့်ညှိနိုင်ပါသည်။

ဘုန်းကြီးတို့ မြင်းခြံအရှေ့မြောက်ဘက်မှာ စကြာတောင်ဘုရားရယ်လို့ရှိတယ်။ အဲဒီစကြာတောင်ဘုရားမှာ ပွဲတော်ကျင်းပတဲ့အခါ ထန်းရေမူးသမားတွေ အလွန်ပေါများကြသတဲ့။ ဒီထဲမှာ ထန်းရေမူးသမားတစ်ယောက်ဟာ ဆံပင်ကို ရောင်ပေစူးကလေးထုံး။ ခါးတောင်းမြောင်အောင်ကျိုက်၊ ဝါးရင်းတုတ်တိုတစ်ချောင်းကိုင်ပြီး ဘုရားပွဲစျေးတန်းတစ်လျှောက် တွေ့တဲ့လူတိုင်းကို ပခုံးချင်းယှဉ်ပြီး 'မော်တဲ့လူ ရှာသဗျို့၊ မော်တဲ့လူ ရှာသဗျို့'လို့ အော်သတဲ့။

အဲဒီလိုအော်နေတာကို အခြားထန်းရေမူးသမားတစ်ယောက်က မခံချင်တာနဲ့ သူ့ထက်သာအောင် သူလိုပဲ ဆံပင်ကိုရောင်ပေစူးထုံး။ ခါးတောင်းမြောင်အောင်ကျိုက်၊ သူကိုင်တဲ့တုတ်ထက် ကြီးတဲ့တုတ်ကို ကိုင်ပြီး 'ရှာတဲ့လူ မော်သဗျို့၊ ရှာတဲ့လူ မော်သဗျို့'လို့ အော်ပြီး ပခုံးချင်းတိုက်မယ်ပြုသတဲ့။

ဒီတော့ ပထမထန်းရေမူးသမားက နောက်ထန်းရေမူးသမားရဲ့မျက်နှာကိုကြည့်ပြီး 'မော်တဲ့လူ ရှောင်သဗျို့၊ မော်တဲ့လူ ရှောင်သဗျို့'လို့အော်ပြီး ရှောင်သွားသတဲ့။

ဒို့ဒါယိကာမကြီးတွေလဲ အဲဒီ စကြာတောင်ဘုရားပွဲက ထန်းရေမူးသမားတွေနဲ့တူနေပြီ။ မော်တဲ့လူ မတွေ့ခင်ကတော့ 'မော်တဲ့လူရှာသဗျို့၊ မော်တဲ့လူရှာသဗျို့'နဲ့။ 'ရှာတဲ့လူ မော်သဗျို့'ဆိုတာနဲ့ တွေ့ပြန်တော့ 'မော်တဲ့လူ ရှောင်သဗျို့၊ မော်တဲ့လူ ရှောင်သဗျို့'နဲ့ ရှောင်ရှောင်သွားကြတယ်။

ကဿပဘုရားရှင်သာသနာတော်နှင့်ကြိုကြိုက်ခဲ့တုန်းက မော်တဲ့လူရှောင်သဗျို့၊ မော်တဲ့လူရှောင်သဗျို့နဲ့ ရှောင်ခဲ့ကြပြီး မော်တဲ့လူရှာသဗျို့–မော်တဲ့လူရှာသဗျို့ဆိုသလို ဂေါတမမြတ်စွာဘုရားသာသနာတော်ကြီးကို လှမ်းပြီးဆုတောင်းခဲ့ကြတယ်။ အဲဒီလိုဆုတောင်းခဲ့ကြလို့ ခု–

[*၁] လယ်တီဆရာတော်ဘုရားကြီး၏ဂန္ဓိရုကဗျာကျမ်း။ ၂၀၀၁–စုနှစ်။ (စာမျက်နှာ–၁၀၅)။

http://www.dhammadownload.com



စွန်းလွန်းဂူကျောင်းဆရာတော်ကြီး
(အေဒီ ၁၈၇၃-၁၉၅၂)



မိုးကုတ်ဆရာတော်ကြီး
(အေဒီ ၁၈၉၉-၁၉၆၂)



စလင်းကန်လည်ဆရာတော်ကြီး
(အေဒီ ၁၉၀၁-၁၉၈၉)



မဟာစည်ဆရာတော်ကြီး
(အေဒီ ၁၉၀၄-၁၉၈၂)

http://www.dhammadownload.com

ဂေါတမမြတ်စွာဘုရားသာသနာတော်နဲ့ ကြိုးကြိုးကြိုးကြရတယ်။ အဲဒီလို သာသနာတော်နဲ့ကြိုးကြိုးကြိုးကြပြန်တော့လဲ ဟိုယောင်ယောင်ဒီယောင်ယောင်နဲ့ နောင်အရိမေတ္တေယျဘုရားရှင်ပွင့်တော်မူတဲ့အခါ ဆီမီးငါးတိုင်,ကြာငါးခိုင်နဲ့ ကိုယ်တိုင်ကိုယ်ကျလက်ဦးစွာဖူးတွေ့ရပါလိုတ်လို့ လှမ်းပြီးဆုတောင်းနေကြတာဟာ 'မော်တဲ့လူရှောင်သဗျို့, မော်တဲ့လူရှောင်သဗျို့'လို့ အော်တာနဲ့တူတယ်။

ဒီလိုနဲ့ပဲ တရှောင်တည်းရှောင်ရှောင်နေပြီး နောင်ပွင့်တော်မူမယ့်ဘုရားတွေကို မျှော်မှန်းဆုတောင်းရင်း သံသရာထဲနစ်နေကြရတယ်။ နိဗ္ဗာန်ရရာရကြောင်းဖြစ်တဲ့ တရားကိုတော့ အားမထုတ်ကြဘဲ အမေကျော်ဒွေးတော်လွှမ်းမနေကြနဲ့။ ခု ဂေါတမမြတ်စွာဘုရားသာသနာတော်ကြီးနဲ့ကြိုးကြိုးကြိုးကတဲ့အခါ လသာတုန်းဗိုင်းငင်ဆိုတာလို သဒ္ဓါဗိုလ်ဆိုတဲ့ ဗိုလ်ကြီးငါးဦးလက်ကိုင်ထားပြီး လောဘ,ဒေါသ,မောဟဆိုတဲ့ အဝိဇ္ဇာမောင်သောင်းကျန်းတို့ကို နှာသီးဖျားကာယတံခါးမှ ကာဗာ(အကွယ်အကာ)ယူ၍ ထိမှု,သိမှု သတိကြပ်ကြပ်ပြုဆိုတဲ့ သမထဝိပဿနာတရားနှင့် ပွားများတိုက်ထုတ်ပါက သောတာပတ္တိမဂ်အစ အရဟတ္တမဂ်အဆုံး မိမိတို့ပါရမီအတိုင်း ပေါက်ရောက်နိုင်ကြပါတယ်။ ဒီတစ်ခါတော့ စကြာတောင်ဘုရားပွဲက ထန်းရေဖူးသမားလို 'မော်တဲ့လူ ရှောင်သဗျို့, မော်တဲ့လူ ရှောင်သဗျို့'ဆိုသလို ရှောင်မနေကြနဲ့တော့*၁ –ဟုဖြစ်သည်။

မိုးကုတ်ဆရာတော်ကြီး၏ဩဝါဒ

မြန်မာနိုင်ငံ ပဋိပတ်သာသနာဝင်တွင် ရှင်းရှင်းဟော ဘွင်းဘွင်းပြောပြီး စိတ္တာနုပဿနာ(စိတ်ကမ္မဋ္ဌာန်း)ကို အများဆုံးပေး၍ တရားအားထုတ် နည်းအလုပ်ပေးတော်မူခဲ့သော အမရပူရမြို့, မဂ်လာတိုက်ဟောင်း၊ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးအရှင်ဝိမလ(အေဒီ ၁၈၉၉–၁၉၆၂) မိန့်ကြားတော်မူခဲ့သော နောက်ဘုရားမျှော်ဩဝါဒနှင့်စပ်သောဩဝါဒကထာကိုလည်း အောက်ပါအတိုင်းဖတ်ရှုကြည်ညိုနိုင်ပါသည်။

ဤကောင်းမှုကြောင့် နောင်လာမည့်အရိမေတ္တေယျဘုရားရှင်ကို ဆီမီးငါးတိုင်,ကြာငါးခိုင်ဖြင့် လက်ဦးဖူးတွေ့ရပါလိုတ်တဲ့။ ဘုရားနဲ့တွေ့ဖို့ထက် တရားနဲ့တွေ့ဖို့က ပိုပြီးအရေးကြီးတယ်။ ဥပက ကြီးဟာ ဘုရားနဲ့အရင်ဦးဆုံးတွေ့တာပဲ။ တွေ့ပေမယ့် တွေ့တာပဲ။ ဘာမှမဖြစ်ဘူး။ ဟော–ကာဠီ အမျိုးသမီးတို့ကျတော့ ဘုရားနဲ့မတွေ့ပါဘူး။ ဘုံခုနစ်ဆင့်ပေါ်မှာနေတာ။ နတ်သားနှစ်ဦးပြောသွားတဲ့ တရားစကားနဲ့တွေ့တော့ တစ်ခါတည်းသောတာပန်ဖြစ်သွားတာပဲ*၂–ဟူ၍လည်းကောင်း။

ယုံကြည်, ကျန်းမာစသော အင်္ဂါငါးချက်နှင့်ညီရင်တရားရတာပဲ။ ဒါနဲ့တောင် နောင်လာမယ့် မေတ္တေယျဘုရားကို စောင့်နေဦးမယ်ဆိုရင်တော့ ဒီဘုရားကို သဝိတ်မှောက်ရာရောက်တော့ တာပေါ့။

မင်းတို့လိုချင်တဲ့နိဗ္ဗာန်ကို ဒီဘုရားကပေးနိုင်ပါတယ်ဆိုတဲ့ဥစ္စာ၊ အဲဒါမင်းတို့တွေက နောက်ဘုရားကို သွားမျှော်နေမယ်ဆိုရင်တော့ ဒီဘုရားကိုစော်ကားရာလဲကျတယ်၊ အားမနာရာလဲရောက်တယ် (မှန်ပါ)။ ဒီဘုရားရဲ့သတိပဋ္ဌာန်ကို သဝိတ်မှောက်တဲ့သဘောလဲဖြစ်ကုန်တယ်(မှန်ပါဘုရား)။

---

*၁ မြင်းခြံမြို့, စွန်းလွန်ဂူကျောင်းဆရာတော်ကြီး၏ထေရဖွတ္တိအကျယ်နှင့်တရားတော်များ။။ ၁၉၅၄–စုနှစ်။။ (စာမျက်နှာ–၁၈၉)။

*၂ အရှင်ယောသိတ၏ တစ်ဘဝသာသနာ။။ ၁၉၉၈–စုနှစ်။။ (စာမျက်နှာ–၂၆၀)။

http://www.dhammadownload.com

သဗ္ဗညုဘုရားတို့၊ ပစ္စေကဗုဒ္ဓါတို့အတွက် ပါရမီလိုတယ်။ အဂ္ဂသာဝက၊ မဟာသာဝက၊ အသီတိသာဝကတို့အတွက် ပါရမီလိုတယ်။ ရိုးရိုးပကတိသာဝကအဖြစ်နဲ့ နိဗ္ဗာန်ကိုယူမယ့်သူတွေအဖို့ ပါရမီမလိုတော့ဘူး[*၁] –ဟူ၍လည်းကောင်း ဖြစ်ပါသည်။

စလင်းကန်လယ်ဆရာတော်ကြီး၏သြဝါဒ

မျက်မှောက်ခေတ်သာသနာတော်တွင် အားထားရလောက်အောင် အကျင့်သီလပြည့်စုံ၍ လူနှင့်မနှောဘဲ တောဓလေ့၌မွေ့လျော်ပျော်ပိုက်သော အရှင်ဝဖိရာဝုဓ(အေဒီ ၁၉၀၁–၁၉၈၉)ဘွဲ့မည်တော်ရ စလင်းမြို့ ကန်လယ်တောရ[*၂] ဆရာတော်ဘုရားကြီး၏အယူအဆကိုလည်း အောက်ပါအတိုင်းဖတ်ရှုနိုင်ပါသည်။

အို–လူများတို့၊ နိဗ္ဗာန်ရွေးမြို့တော်ကြီးကို ယခုဘဝ၌ပင်ရောက်ရန် အားထုတ်ကြပါကုန်လော။ ယခုအခါ ဤသာသနာအတွင်းမှာ နေ့မဆို ည၌်မဆို တရားအလုပ်ကို နည်းမှန်လမ်းမှန်ဖြင့် လုပ်ကြပါလျှင် နိဗ္ဗာန်ရနိုင်သောနွေကြီးဖြစ်၏။ သုတ်မဟာဝါဘုရားဟောကြည့်ပါ။

သမ္မာဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿ–ဟူသော စကားအရမှာ တရားအားထုတ်လျှင် ရဟန္တာမဆိတ်ကြောင်း မြတ်စွာဘုရားမိန့်တော်မူပြီးမဟုတ်ပါလော။

ထိုမျှမကသေး။ သတိပဋ္ဌာန်မှာ 'စတ္တာရော သတိပဋ္ဌာနေ ဧဝံဘာဝေယျ သတ္တာဟံ ဖလံ'ဟု ခုနစ်ရက်၊ ခုနစ်လ၊ ခုနစ်နှစ် ၎င်းသုံးမျိုးသောကာလအတွင်း နိဗ္ဗာန်ရနိုင်၏လို့လည်း မဟုတ်ပါလား။

အို–လူအများတို့၊ မေတ္တေယျဘုရားကိုလည်း တွေ့နိုးနိုးနှင့်သာ အချိန်မကုန်ကြပါစေနှင့်။ ဤလိုယောင်တောင်တောင်နှင့် ယောင်ပေါင်းများလှပါပြီ။ အလုပ်နှင့်နည်းသာလိုတော့၏။ အားထုတ်လို့ ယခုဘဝမရောက်သေးလျှင်လည်း နောက်ဘဝကန္တ ရောက်နိုင်ကြောင်း ကြည့်ကြပါလေ။

စတုက္ကအဂ်ုတ္တိုရ်၌– 'ဒန္တော ဘိက္ခဝေ သတုပ္ပါဒေါ အထဆေါ သော သတ္တော ခိပ္ပမေဝ ဝိသေသဂါမီ ဟောတိ'ဟု ယခုဘဝမရလျှင် နောက်ဘဝရနိုင်ရန် သိသိသာသာထင်ရှား၏[*၃]–ဟုဖြစ်သည်။

မဟာစည်ဆရာတော်ကြီး၏သြဝါဒ

ဘုရားသာသနာအနှစ်–၂၅၀၀ပြည့်ချိန်တွင်ကျင်းပသော ဆဋ္ဌသံဂါယနာပွဲကြီး၌ ဆဋ္ဌသံဂီတိပုစ္ဆကတာဝန်ကို တင့်တင့်တယ်တယ်ထမ်းဆောင်ခဲ့ပြီး၊ ပဋိပတ်ဓုရဘက်ကလည်း သတိပဋ္ဌာန်ဝိပဿနာအားထုတ်နည်းကို ကိုယ်သိမြင်သည့်အတိုင်း ဖြောင့်စင်းမှန်စွာပြသပေးခြင်း၊ ပဋိပတ်ဆိုင်ရာ ပဋိသမ္ဘိဒါဓမ္မပါဠိတော်, ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာအစရှိသောကျမ်းကြီးများကိုလည်း အနက်ယောဇနာပြန်၍ မြန်မာတိုင်းရင်းသားပြည်သူအများသိနားလည်စေရန် ကျမ်းစာများရေးသားခြင်း–စသည် သာသနာ့တာဝန်တို့ကိုထမ်းရွက်ခဲ့သောကြောင့် ကမ္ဘာမဆုံးပြန့်နှံ့ကျော်ကြားတော်မူသော ဆဋ္ဌသံဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ သောဘန(အေဒီ ၁၉၀၄–၁၉၈၂)၏ လက်ငင်းဘဝတန်ဖိုးရှိပုံတရားတော်အယူအဆကို အောက်ပါအတိုင်း ဖတ်ရှုကြည့်ညှိနိုင်ပါသည်။

---

*၁ အရှင်ဃောသိတ၏ တစ်ဘဝသာသနာ။ ၁၉၉၈–ခုနှစ်။ (စာမျက်နှာ–၂၇၆)။

*၂ ကန်လယ်သည် စလင်းမြို့အနောက်ဘက်၌တည်ရှိပြီး စတုရန်း ၁ ဒသမ ၇ မိုင်ပတ်လည်ကျယ်ဝန်းသော ကန်ကြီး၏အလယ်ရှိသောနေရာကို ဆိုလိုသည်။

*၃ စလင်းကန်လယ်ဆရာတော်ကြီး၏ စကွေးအလင်းသံဓိပ်အကျဉ်း။ ၁၉၈၅–ခုနှစ်။ (စာမျက်နှာ–၄၈)။

http://www.dhammadownload.com

မြတ်စွာဘုရားသာသနာတော်နှင့် တွေ့ကြုံနေရတဲ့ကာလမှာ ရသင့်ရထိုက်တဲ့ တရားထူးကို ရအောင် အားထုတ်ဖို့ရာဟာ အရေးကြီးပါတယ်။ သေသေချာချာစဉ်းစားကြည့်ရင် အင်မတန် အရေးကြီးတာပဲ။ ဘဝတွေတစ်ဘဝပြီးတစ်ဘဝ ထပ်ခါထပ်ခါဖြစ်နေတဲ့အထဲမှာ အခုလိုလူ့ဘဝနဲ့ ဘုရားသာသနာတော်ကိုတွေ့ကြုံရတဲ့ဘဝက သိပ်များတာမဟုတ်ဘူး၊ နည်းတယ်။

ကုသိုလ်ကံအကျိုးပေးလို့ နတ်တွေ ဗြဟ္မာတွေဖြစ်နေကြတာလဲရှိပါတယ်။ ဒီပြင် အကုသိုလ်ကံကြောင့် ငရဲသားတို့၊ တိရစ္ဆာန်တို့၊ ပြိတ္တာတို့ဖြစ်နေကြတာတွေလဲရှိတယ်။ လူ့ဘဝမှာဖြစ်နေတာက နည်းတယ်။ လူ့ဘဝမှာဖြစ်ပြန်တော့လည်း ဘုရားသာသနာတော်နှင့်နီးစပ်ဦးပါမှ၊ ဘုရားသာသနာတော်နှင့် နီးစပ်မှု,မနီးစပ်မှုကလဲ နှစ်မျိုးရှိနေပါတယ်။ နီးစပ်လို့ ဘုရားသာသနာတော်အတွင်း ရောက်နေတဲ့အခါကာလမှာ ကျကျနနတရားအားထုတ်ဖို့ရာ အင်မတန်အရေးကြီးပါတယ်။ အင်မတန်ကံကောင်းလို့ ဘုရားသာသနာထွန်းကားတဲ့ဌာနမှာ လူဖြစ်ပြီးနေကြတယ်။ ဘုရားတရားတော်တွေကို ကြားရနာရ တရားအားထုတ်ကြရတာဟာ အင်မတန်ကောင်းတာပဲ။

တချို့ပုဂ္ဂိုလ်တွေက ဒီက သတိပဋ္ဌာန်နည်းနဲ့အားထုတ်ကြတာကို သဘောမကျကြဘူး၊ သူတို့နည်းနဲ့သူတို့ သဘောကျပြီး အားထုတ်တာတွေလဲရှိပါတယ်။ တစ်မျိုးနည်းနဲ့သဘောကျပြီး သူတို့နည်းနဲ့သူတို့ အားထုတ်ကြရင်လဲပဲ ကောင်းသင့်သလောက်တော့ ကောင်းမှာပါပဲ။ လောကုတ္တရာ အကျိုးစီးပွားကို အဆင်ပြေတုန်းမှာ အားထုတ်ပြီးယူကြဖို့ပါပဲ*၁–ဟုဖြစ်သည်။

သဲအင်း*၂ဆရာတော်ကြီး၏ဩဝါဒ

'အပြဲလင်း ဇွဲတင်း သဲအင်းလာပြီ'ဟူသော တရားဆောင်ပုဒ်နှင့် မျက်မှောက်ခေတ်ပဋိပတ်သာသနာတွင် ထင်ရှားခဲ့သော သဲအင်းဆရာတော် အရှင်ဥက္ကဋ္ဌ(အေဒီ ၁၉၁၃–၁၉၇၃)၏ နောက်ဘုရားမျှော်သူတို့အတွက် ဩဝါဒတစ်ရပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

အနာဂတ်ကိုအားကိုးကြသည့်ကိစ္စနှင့်စပ်လျဉ်းလို့ ဒကာကြီးအချို့ မေးလျှောက်ကြသဖြင့် အကြောင်းအားလျော်စွာပြောရဦးမယ်။

အချို့အချို့သောပုဂ္ဂိုလ်များက နောင်ပွင့်လတ္တံ့သော အရိမေတ္တေယျဘုရားသခင်ကိုယ်တော်မြတ်ကြီးကို ရှေးဦးစွာဖူးတွေ့ရပါလို၏ဟု ဆုတောင်းနေကြတာကတစ်မျိုးလို့ ဒကာကြီးများလျှောက်ကြတယ်။ ယခု ဂေါတမရှင်တော်မြတ်ဘုရား၏ နောက်ဝိတ်ဆုံးသာသနာတော်ကြီးနှင့် ကြုံကြိုက်နေပါလျက် သမထဝိပဿနာတရားတွေကိုတော့ ကျင့်ကြံအားထုတ်ခြင်းမလုပ်ဘဲ နောင်ပွင့်လတ္တံ့သောအရိမေတ္တေယျဘုရားရှင်ကို ရှေးဦးစွာဖူးတွေ့ရပါလို၏ဟု ဆုတောင်းနေတော့ ဒီကြားထဲ အကုသိုလ်ကံပေးချိန်နှင့်တိုက်ဆိုင်နေပါက အပါယ်သံသရာချောက်ထဲကျနေမှဖြင့် နောင်ပွင့်လတ္တံ့သော ဘုရားရှင်ကိုလည်းမမီ၊ လူဖြစ်ကျိုး ရှုံးခြင်းမကဆုံးရှုံးရပေလိမ့်မည်။

ယခုအခါ ဂေါတမရှင်တော်မြတ်ဘုရား၏သာသနာတော်နှင့် ကြုံကြိုက်နေပါလျက် နေရောင်, လရောင်လို ဝိပဿနာတရားတွေပေါ်ထွန်းနေပါလျက် ခုတကယ်လုပ်လျှင် ခုတကယ်တန်း

---

*၁ မဟာစည်ဆရာတော်ကြီး၏ ဩဝါဒခမ္ဗာအမွေ။ ၁၉၈၃–ခုနှစ်။ (စာမျက်နှာ–၇၄)။

*၂ သဲအင်း=သဲတွင်း။

http://www.dhammadownload.com

တရားထူးတရားမြတ်တွေရနိုင်ပါလျက်၊ နောင်ပွင့်မယ့်အရိမေတ္တေယျဘုရားကို စောင့်မျှော်နေတာ၊ ရောင်တော်ပြန်နိမ့်တဘုရားကိုစောင့်မျှော်နေတာ။ ဘာနဲ့တူသလဲဆိုတော့ လောကီစကားလုံးသုံးနှုန်းရရင်တော့ 'အမေကျော် ဒွေးတော်လွမ်း'ဆိုတာလိုဖြစ်နေတော့တယ်။ ဝိုမယ့်ခရီးကူးတို့သဘော်ကြီးပေါ် ကြိုနေဆုံနေရောက်နေပါလျက် နောက်ကကူးတို့သဘော်ကိုစောင့်မျှော်နေတော့ လက်ငင်းအကျိုးမသက်ရောက်နိုင်ဖြစ်ပေလိမ့်မယ်*၁ –ဟုဖြစ်သည်။

ဆုတောင်းပြောင်းခြင်း

တောင်လေးလုံးဆရာတော်ကြီးမှစ၍ အထက်၌ဖော်ပြခဲ့သည့်အတိုင်း ဆရာတော်ကြီးတို့၏သြဝါဒကထာအရပ်ရပ်ကို မှတ်သားနာယူကြပြီးသည့်နောက် 'မေတ္တေယျရှင်အား ဖူးတွေ့ရပါလို၏။ မေတ္တေယျလက်ထက်တော်၌ နိဗ္ဗာန်ဆု, အဂ္ဂသာဝကာဆု, ပကတိသာဝကာဆု, သဗ္ဗညုတဆု စသည်ဆုအမျိုးမျိုးကို ကြဲရွယ်ဆုတောင်းခဲ့ကြပြီးဖြစ်နေပါ၍၊ ယခုအခါ၌ ထိုဆုတို့မှလွဲပြောင်း၍ အခြားဆုကိုတောင်းယူလျှင်ရနိုင်ပါမည်လား'ဟုဆိုပါကနိယတဗျာဒိတ်ရပြီးပုဂ္ဂိုလ်မဟုတ်ခဲ့လျှင် မည်သည့်ဆုကိုမဆိုပြောင်း၍ရသည်သာဖြစ်ကြောင်း ဖြေရပေမည်။*၂

မေတ္တေယျရှင်ကိုဖူးမြင်လို၍ ဝိပဿနာအားမထုတ်ဘဲနေခဲ့သော သီရိလင်္ကာကျွန်းနေ အရှင်မဟာသံဃရက္ခိတမထေရ်ကြီး၏ နဂိုထားရင်းဆုတောင်းပြောင်းလဲပုံအကြောင်းကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ(ဝိသုဒ္ဓိ၊ ၁။၄၅)မှထုတ်နုတ်၍တင်ပြလိုပါသည်။

မဟာသံဃရက္ခိတမထေရ်ကြီး

တစ်ချိန်သောအခါက သီရိလင်္ကာကျွန်းတွင် အရှင်မဟာသံဃရက္ခိတာဘွဲ့အမည်ရှိသော မထေရ်ကြီးတစ်ပါးသည် သင်္ကေတ်ရှစ်ဆယ်၊ ဝါတော်ခြောက်ဆယ်ရောက်သည်အထိ မင်္ဂ,ဖိုလ်ကိုမရသဲ့ သီတင်းသုံးနေခဲ့ပြီး ပျံလွန်တော်မူရန်အခြေသို့ရောက်ခဲ့သည်။ သီရိလင်္ကာကျွန်းသူကျွန်းသား ဒါယကာဒါယိကာမအများကမူထိုအရှင်သံဃရက္ခိတမထေရ်ကြီးအား ရဟန်းကိစ္စပြီးပြီ(အရဟတ္တမဂ်ရပြီးပြီ) ဘစ်နည်း–ရဟန္တာဘကြီးဟုထင်မှတ်နေခဲ့ကြသည်။

ထိုအရှင်မဟာသံဃရက္ခိတ ပျံလွန်တော်မူမည်ဟူသောသတင်းဖြစ်ပေါ်လာသောအခါ ကျွန်းသူကျွန်းသား ဒါယကာဒါယိကာမအများတို့သည် 'ငါတို့ဆရာတော်ရဟန္တာမထေရ်ကြီးအား နောက်ဆုံးပူဇော်ဖူးမြော်ခြင်းဖြင့် ငါတို့သွား၍ ဖူးမြော်ပူဇော်ကြပါစို့'ဟု မထေရ်မြတ်သီတင်းသုံးရာကျောင်းသို့ စုဝေးရောက်လာကြ၏။

ဤသို့ ရဟန္တာထင်၍ဖူးမြင်ရအောင်လာကြသော ၁၂–ယူဇနာအကွာ ရွာနီးချုပ်စပ်မှ ရှင်လူပရိသတ်တို့၏အကြောင်းကို အရှင်မဟာသံဃရက္ခိတမထေရ်ကြီးတူ စူဠသံဃရက္ခိတ ကြားသိသောအခါ၊ ဦးရီးတော်ဘုရား၏အခန်းတွင်းသို့ဝင်ကာ ဦးရီးတော်အားလျှောက်ထားပြီး 'အရှင်ဘုရား၌ လောကုတ္တရာတရားရပါ၏လော'ဟုမေးသောအခါ၊ အရှင်မဟာသံဃရက္ခိတမထေရ်ကြီးက 'ငါ့မှာ လောကုတ္တရာတရားမရှိ'ဟု ပရိယာယ်ဝဝုစ်မပါ ရိုးသားစွာပင်ဖြေကြားတော်မူခဲ့သည်။

---

*၁ သဲအင်းဒေသနာတရားစာ။ (စာမျက်နှာ–၅၁)။

*၂ မင်းတုန်းမင်းကြီးလက်ထက် ၁၂၃၄–ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်(၃)ရက်နေ့တွင် မန္တလေးမြို့မြောက်ပြင်ရှိ စံကျောင်းဆရာတော်ကြီးဦးသုဒဿနထံတော်သို့ ဆုတောင်းပြောင်း၍ ရ,မရ စာသွင်းရာ၊ ဆရာတော်ကြီးက 'နိယတဗျာဒိတ်ရပြီး အလောင်းအလျာမှတစ်ပါး၊ ဆုတောင်းပြောင်း၍ရကြောင်း၊ မိမိတောင့်တ,ရာကိုလိုက်၍ ပြောင်းလွဲပါရမိုပြည့်ရုံသာဖြစ်ကြောင်း' ဖြေဆိုတော်မူခဲ့ပါသည်။ စလင်းဦးပဏ္ဍိစ္စ၏ စလင်းဝိနည်းဂဏ္ဌိသစ်ကျမ်း၊ ပထမတွဲ။ ၁၉၉၆–ခုနှစ်။ (စာမျက်နှာ–၅၇)။

http://www.dhammadownload.com

ထိုအခါ တူဖြစ်သူမထေရ်က 'အရှင်ဘုရား၊ အရှင်ဘုရားအား ရဟန္တာထင်၍ အရှင်ဘုရားပရိနိဗ္ဗာန်ပြုတော်မူအံ့ဟူသောသတင်းကိုကြား၍ ၁၂-ယူဇနာဝန်းကျင်အရပ်မှလူတို့ရောက်လာကြပြီဖြစ်သည်၊ အရှင်ဘုရား၏ပုထုဇဉ်အဖြစ်ဖြင့်စုတေခြင်းကိုသိကြပါက များစွာသောလူအပေါင်းတို့၏နှလုံးမသာခြင်းဖြစ်ကြပေလိမ့်မည်' ဟု လျှောက်ထားလေသည်။

အရှင်မဟာသံဃရက္ခိတမထေရ်ကြီးက 'ငါသည် မေတ္တေယျဘုရားကိုဖူးအံ့ဟုစိတ်ကြဲ၍ ဝိပဿနာကို မပွားခဲ့ပေ။ ငါပရိနိဗ္ဗာန်ပြုသည်ကိုဖူးမြင်လို၍ လာရောက်စောင့်စားသူများရှိသည်ဟု ငါ့ရှင်ပြောသည့်အတိုင်း ဟုတ်ပါက ငါ့ကိုထူမ,ပေး၍ တရားအားထုတ်ခွင့်ပြုပါ' ဟုဆိုလေသည်။

တူတော် စူဠသံဃရက္ခိတလည်း မဟာထေရ်ကြီးမိန့်ဆိုသည့်အတိုင်း ထူမ. ပေးပြီး အခန်းအပြင်သို့ ထွက်လေ၏။ မထေရ်ကြီးသည် တူတော်သူမထေရ် အခန်းအပြင်သို့ရောက်သည်နှင့်တစ်ပြိုင်နက်မှာပင် အရဟတ္တဖိုလ်သို့ရောက်လေရာ၊ တူတော်ကို လက်ဖျစ်အသံပေးကာခေါ်ယူလိုက်လေသည်။

ဤအကြောင်းတို့ကို ကျောင်းပြင်ပ၌စည်းဝေးရောက်လာကြသောရဟန်းသံဃာတို့သိကြသော် 'အရှင်ဘုရား၊ ဤသို့ ပျံလွန်တော်မူရန်အလွန်နီးကပ်နေသောအချိန်ကလေးမှာပင် လောကုတ္တရာတရားထူးကို အလျင်အမြန်ရယူနိုင်သော အရှင်ဘုရား၏ဆောင်ရွက်မှုကား ပြုနိုင်ခဲသောအရာကို ပြုခြင်းပါပေ' ဟု လျှောက်ထားကြကုန်၏။

ထိုအခါ အရှင်မဟာသံဃရက္ခိတမထေရ်ကြီးက 'ငါ့ရှင်တို့၊ ငါသည် ပျံလွန်တော်မူကာနီးအချိန်၌ လောကုတ္တရာတရားထူးရရန်ဆောင်ရွက်ခြင်းသည် ပြုနိုင်ခဲသောအရာကိုပြုခြင်းမမည်ပေ။ စင်စစ် ပြုနိုင်ခဲသော အရာကို သင်တို့အား ငါပြောပြမည်။ ငါ့ရှင်တို့၊ ငါသည် ရဟန်းဖြစ်စကာလမှစ၍ အမှတ်သတိကင်းသည် (တစ်နည်း) အမှတ်သတိမရှိဘဲ မသိ၍ပြုမိသောအမှုကိစ္စဟူ၍ မရှိခဲ့ပါပေ၊ ဤကိစ္စသည်သာ ပြုနိုင်ခဲသော အရာဖြစ်ပါသည်' ဟုမိန့်ကြားပြီး ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပါသည်။ ဝိသုဒ္ဓိ၊ ၌။ ၁။ ၄၅။

ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာလာ အရှင်မဟာသံဃရက္ခိတထေရ်၏ဝတ္ထုကိုထောက်လျှင် နိဗ္ဗာန်ရရန်နီးစပ်လှသော ပဒဋ္ဌာန်အကြောင်းဖြစ်သည့် ပရိပုဏ္ဏာပါရိသုဒ္ဓိသီလ[*၁] နှင့်ပြည့်စုံပါမူကား မဂ်ဖိုလ်နိဗ္ဗာန်ဟူသော လောကုတ္တရာတရားထူးကို ရယူလိုသောအခိုက်အတန့်မှာပင် ရယူနိုင်ကြောင်းနှင့် နိယတဗျာဒိတ်ရပြီးပုဂ္ဂိုလ်မဟုတ်ခဲ့လျှင် ဆုတောင်းပြောင်းလွဲနိုင်ကြောင်းတို့ကို တင်ပြလိုပါသည်။ ။

ကိုယ်သာပဓာန

* ရေကန်ရှိလျက်၊ မချိုးသက်၊ ရေတွက်မဟုတ်ပေ။
* ပြေးပေါက်သာလျက်၊ ပြေးမထွက်၊ လမ်းတွက် မဟုတ်ပေ။ ။

မဟာဝိသုဒ္ဓါရာမဆရာတော်။

❁ ❁ ❁ ❁ ❁

[*၁] ပရိပုဏ္ဏာပါရိသုဒ္ဓိသီလ- ထက်ဝန်းကျင်ပြည့်စုံသော,ထက်ဝန်းကျင်စင်ကြယ်ခြင်းရှိသော့သီလ။

http://www.dhammadownload.com

အခန်း (၂၄)

မေတ္တေယျရှင်နှင့်အနုပညာလက်ရာများ

၁၉၅၅-ခုနှစ်၊ ဖေဖော်ဝါရီလ(၂၆)ရက်နေ့ ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်းရှိ ယဉ်ကျေးမှုဗိမာန်(ကျူဗလီဟော)၌ကျင်းပသော အိန္ဒိယဗုဒ္ဓဘာသာအနုပညာပြပွဲကြီးတွင် ဆာရာမင်းသုဝဏ်(ထိုစဉ်က ရန်ကုန်တက္ကသိုလ်၊ မြန်မာစာပါမောက္ခဆရာကြီးဦးဝန်၊ အေဒီ ၁၉၀၉-၂၀၀၄)က ဗုဒ္ဓဆင်းတုတော်ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့်စပ်၍ အောက်ပါအတိုင်းပြောကြားခဲ့သည်။

ဘုရားပွင့်ရာမဇ္ဈိမဒေသမှာ ကမ္ဘည်းကျောက်စာဝန်များ မြေပေါ်မြေအောက် ရှာဖွေလေ့လာလို့တွေ့ရတဲ့သက်သေများအရဆိုလျှင် မြတ်ဘုရားပရိနိဗ္ဗာန်စံပြီးနောက် အနှစ်-၂၅၀ လောက်ဆီမှာ သီရိဓမ္မာသောကမင်းကြီးထုလုပ်လှူဒါန်းခဲ့တဲ့ အနုပညာလက်ရာတွေရယ်၊ အဲဒီသက္ကရာဇ်ဆီမှာပဲ တည်ဆောက်တဲ့ ဗရဟုတ်ထူပါများနဲ့ ဆန်ချီထူပါများမှာတွေ့ရတဲ့ အနုပညာလက်ရာတွေရယ်ဟာ ရှေးအကျဆုံး ဗုဒ္ဓဘာသာအနုပညာလက်ရာတွေဖြစ်တယ်လို့ သိရပါတယ်။ အဲဒီအနုပညာလက်ရာတွေထဲမှာ ဗုဒ္ဓဝင်အခန်းရုပ်တုများကို တွေ့ရပါတယ်။ ဒါပေမယ့် ဗုဒ္ဓရှင်တော်မြတ်ရဲ့ ရုပ်ပွားတော်ကိုဖြစ်ရင် တစ်ဆူကိုမျှမတွေ့ရပါဘူး။ မြန်မာလူမျိုးများအဖို့ မဇ္ဈိမဒေသ ဘုရားပွင့်ရာအရပ်ရှိ ရှေးရှေးသူတော်ကောင်းများတည်ခဲ့တဲ့ထူပါတွေမှာ ရုပ်ပွားတော် တစ်ဆူကိုမျှ မဖူးမျှော်ရဘူးဆိုတဲ့စကားကို ယုံကြည်နိုင်ကြမယ်မဟုတ်ပါဘူး။ သို့သော်လည်း ကမ္ဘည်းကျောက်စာဝန်များ အနှစ်နှစ်အလလရှာဖွေလေ့လာခဲ့တာ ဒီနေ့ထိရော တစ်ဆူကိုမျှမတွေ့ရတာဟာတော့ အစစ်အမှန်ပင်ဖြစ်ပါတယ်။ ကောင်းပြီ၊ ဒါဖြင့်ရင် ဗုဒ္ဓဝင်ခန်းတွေမှာ ဘုရားရုပ်ပွားတော်မရှိဘဲ ဘယ့်နဲ့လုပ်ပြီး ဗုဒ္ဓဝင်ခန်းလို့ ယူမှတ်ရမလဲ။ သူနည်းနဲ့သူမှတ်ဖို့ရန် အမှတ်လက္ခဏာများရှိပါတယ်လို့ ဖြေရပါမယ်။ ဘာအမှတ်လက္ခဏာများလဲဆိုတော့-(၁) ဗောဓိပင်ပုံ၊ (၂) ထူပါပုံ၊ (၃) ဓမ္မစက်ကြာပုံတော်တို့ဖြစ်ပါတယ်။ ရုပ်တု၊ ဆင်းတုတော်များထုလုပ်ကိုးကွယ်တဲ့အလေ့အထ မရှိသေးခင်အခါကဆိုရင် အဲဒီလေးခန်းဗုဒ္ဓဝင်ရုပ်တုများမှာ ဘုရားကိုယ်စား အမှတ်လက္ခဏာများကိုသုံးကြပါတယ်-*၁ ဟုဖြစ်သည်။

ဆရာကြီးဦးဝန် မိန့်ကြားသည့်အတိုင်း အနောက်တိုင်းသုတေသီများကလည်း ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ အနုပညာလက်ရာများတွင် ရှေးဦးဆုံးတွေ့ရသော ဗုဒ္ဓဝင်

*၁ မင်းသုဝဏ်၏ ဗုဒ္ဓဆင်းတုတော်လေ့လာချက်(စာတန်း)။စာပေဗိမာန်စာပဒေသာဒုတိယ-ခုနှစ်။ (စာမျက်နှာ-၁၁၇)။

http://www.dhammadownload.com

လက်ရာတို့မှာ သင်္ကေတပုံ (Symbols) တို့ကိုသာ ဘုရားရှင်ကိုယ်တော်အစားတွေ့ခဲ့သည်ဟူ၍ ရေးသားမှတ်တမ်းတင်ခဲ့ကြပါသည်။[*၁] ထိုစဉ်က ဗုဒ္ဓကိုယ်တော်စားသုံးခွဲခဲ့သော သင်္ကေတလက္ခဏာတို့မှာ ဗောဓိပင်၊ ကြာပန်း၊ လှည်းဘီး သို့မဟုတ် စက်ဝန်း၊ နွားရုပ်၊ မြင်းရုပ်၊ ခြင်္သေ့၊ စေတီထူပါ၊ သီရိဝတ္ထ ခေါ် မင်္ဂလာအမှတ်အသား–စသည်တို့ဖြစ်ကြသည်။[*၂]

ဗုဒ္ဓ၏ရုပ်ပွားဆင်းတုတော်များကိုယ်စား ဗောဓိပင်၊ ကြာပန်းအစရှိသော သင်္ကေတလက္ခဏာတို့ကိုသာ ပြုလုပ်ကိုးကွယ်ခြင်း၏အကြောင်းကား–

၁။ မြတ်စွာဘုရားရှင်သည် လက္ခဏာတော်ကြီးငယ်အသွယ်သွယ်တို့ဖြင့် အလွန်တရာမှတင့်တယ်သော ရူပကာယအဆင်းတော်နှင့်ပြည့်စုံတော်မူသည်ဖြစ်၍ ဘုရားရှင်၏ရုပ်တုတော်ကိုထုလုပ်မည်ဆိုပါက ထိုလက္ခဏာကြီးငယ်အသွယ်သွယ်တို့နှင့်ညီတူအောင် ထုလုပ်ရန်ခဲယဉ်းလှပါသဖြင့်၊ (တစ်နည်း)လက္ခဏာတော်ကြီးငယ်အသွယ်သွယ်တို့ကို တူညီအောင် တုပကာမထုလုပ်နိုင်၍ မထုလုပ်ခဲ့ကြဘဲ သင်္ကေတလက္ခဏာတို့ကိုသာ ပြုလုပ်ထားရှိခြင်း။

၂။ မြတ်ဘုရားရှင်က ဗိမိတ်အဆင်းအသွင်ရူပနိကာယကို တစိမ့်စိမ့်ကြည်ညိုမဝဖြစ်နေသော ဝက္ကလိမထေရ်အား ရုပ်သည်ပဓာနမဟုတ်၊ ဆုံးမအပ်သောတရားဓမ္မနှင့်အညီ ကျင့်ကြံနေထိုင်မှုကသာပဓာနဖြစ်သည်ဟူ၍ သံယုတ္တနိကာယ်၊ ဝက္ကလိသုတ်(သံ၊ ၂။၉၈)၌ ဟောကြားထားတော်မူချက်နှင့်အညီ ဗုဒ္ဓမြတ်စွာ၏ရုပ်တုပုံတော်ကိုပြုလုပ်ပူဇော်ခြင်းထက် ဟောကြားအပ်သောတရားဓမ္မကိုသာ ပူဇော်ရန်လိုလားကြခြင်းကြောင့် မြတ်စွာဘုရား၏ရုပ်တုကိုမထုလုပ်ဘဲ သင်္ကေတလက္ခဏာတို့ကိုသာပြုလုပ်ထားရှိခြင်း–ဟူသော ဤအကြောင်းနှစ်ချက်ကြောင့်ဟု ပညာရှင်တို့ယူဆခဲ့ကြသည်။[*၃]

သမန္တစက္ခုဒီပနီ[*၄] စသော ရှေးကျမ်းဂန်စာပေတို့၌ ဘုရားရှင်လက်ထက်တော်အခါကပင် ဆင်းတုရုပ်ပွားတော်များရှိခဲ့ကြောင်း ရေးသားကြပြန်ပါသည်။ ထိုသို့ရေးသားရာ၌ ထူးခြားချက်တစ်ရပ်မှာ ထိုရုပ်ပွားဆင်းတုတို့ကို ဘုရားရှင်ကိုယ်တိုင်ကခွင့်ပြု၍ (သို့မဟုတ်) သာသနာစောင့်နတ်သိကြားတို့ကကူညီ၍ပြုလုပ်ကြောင်း ဖော်ပြထားခြင်းဖြစ်သည်။ သို့လျှင် မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်က သဘောတူခွင့်ပြု၍ဖြစ်စေ၊ နတ်သိကြားအကူအညီဖြင့်သွန်းလုပ်စေခြင်းဖြစ်ပါက ထိုပုံတော်တို့ကို ပကတိဘုရားရှင်၏ပုံတော်နှင့်မတူဟု မည်သူဝေဖန်ဝံ့ပါမည်နည်း?။

ဘုရားရှင်၏ မျက်မှောက်၌ပြုလုပ်ခဲ့သောဆင်းတုတော်များ

မန္တလေးမြို့၊ မဟာမုနိဘုရားကြီး၏သမိုင်းစာတမ်း၌ မြတ်စွာဘုရားရှင်သည် စန္ဒသူရိယ ရဟိုင်ပြည့်ရှင်မင်း၏လျှောက်ထားတောင်းပန်ချက်အရ ဗိမိတ်ရှေ့တော်မှောက်မှာပင် ရုပ်ပွားတော်ကိုသွန်းလုပ်စေပြီး၊ ရင်ငွေ့တော်ကို ကိုယ်တိုင်ခုနစ်ကြိမ်အုပ်ပေးကြောင်း ဖော်ပြထားပါသည်။[*၄]

---

*၁ The Image of The Buddha. 1978. Page-13.

*၂ ဦးအောင်မွန်၏သင်္ကေတဗုဒ္ဓ(ဆောင်းပါး)။ ဉာဏ်လင်းဓမ္မစာပဒေသာ။ ၁၉၈၄–ခုနှစ်၊ ဩဂုတ်လ။ (စာမျက်နှာ–၇၆)။

*၃ Dr. W.C. Sailer' Reflection on Buddha Footprints. Page-66. ဒေါက်တာသန်းထွန်း၏ နယ်လှဲရာဓဝင်၊ ပထမတွဲ။ ၁၉၆၈–ခုနှစ်။ (စာမျက်နှာ–၈၄)။

*၄ သမန္တစက္ခုဒီပနီကျမ်း။ ၁၉၈၅–ခုနှစ်။ (စာမျက်နှာ–၃၇၃၊ ၃၇၇၊ ၃၇၈)။

*၅ အဒူမင်းညီ၏ရဟိုင်မင်းသမိုင်းချင်း။ (အဝိုဒ်–၁)။ ၁၉၆၅–ခုနှစ်။ (စာမျက်နှာ–၂၁)။ မြန်မာ့ဓလေ့ယဉ်ကျေး။ အတွဲ–၈။ ၁၉၆၃–ခုနှစ်။ (စာမျက်နှာ–၄၅၇)။ အရှင်ပညာဓဇ၏ မဟာမုနိစက်ရုပ်ပွားတော်မြတ်သွန်းလုပ်တော်မူပုံသမိုင်း။ ၁၉၉၆–ခုနှစ်။ (စာမျက်နှာ–၈၁)။ ဦးမောင်မောင်တင် (မဟာဓိဇ္ဈာ)၏ မဟာမုနိဘုရားကြီးသမိုင်း။ ၂၀၀၀–ပြည့်နှစ်။ (စာမျက်နှာ–၃)။

http://www.dhammadownload.com

ဇင်းမယ်ပဏ္ဏာသ၊ ဝဋ္ဋဂုံလိရာဇဇာတ်၌ ပသေနဒိကောသလမင်းကြီးသည် မြတ်စွာဘုရားရှင်၏ခွင့်ပြုတော်မူချက်အရ စန္ဒကူးနှစ်ဖြင့် ဆင်းတုတော်တစ်ဆူပြုလုပ်ခဲ့၏။ ထိုဆင်းတုတော်သည် မြတ်စွာဘုရားသခင်ကြွလာသည်ကိုမြင်လျှင် ခရီးဦးကြိုအံ့ဟုပြင်သဖြင့် ဘုရားရှင်က 'ရပ်လော့'ဟုမိန့်ဆိုရကြောင်းဖော်ပြထားသည်။*၁

သာသနာအာယုကျမ်း၌လည်း ပသေနဒိကာသလမင်းသည် ဘုရားရှင်နှင့်ပုံတူ စန္ဒကူးသားဖြင့်ရုပ်တုပြု၍ ဝတ်မိုးဝတ်မြေ အာရာမိကအရံစောင့်များစွာ လှူသည်ဟုဆို၏။*၂

ထို့အတူ ဇမ္ဗူဒီပစာတမ်း၌ မဟေသရနတ်မင်းကြီး*၃ သည် ကေလာသတောင်*၄ ရှိ မန္ဒာ(ရ)ဂိရိတောင်ဝှမ်း*၅ ၌ ဘုရားရှင်၏ရုပ်တုတော်ကိုပြုလုပ်ကိုးကွယ်ကြောင်းလာ၏။ ထိုစာတမ်း၌လာပုံမှာ 'ဘုရားမပွင့်မီက လူတို့သည် မဟေသရနတ်မင်းကြီးကို ကိုးကွယ်ကြသည်။ ဘုရားပွင့်တော်မူပြီး မဟာဝုန်တောင် မဟာသမယသုတ်ကို ဟောသောကာလ၌ မဟေသရနတ်မင်းသည် ဘုရားရှင်အားအနှောင့်အယှက်ပြုသော်လည်း မအောင်မြင်ခဲ့ပေ။ တစ်ကြိမ်သောအခါ မဟေသရနတ်မင်းသည် ဘုရားရှင်ထံလာ၍ ကိုယ်ဝှက်တမ်းပြိုင်ရန် လျှောက်ထား၏။ ဘုရားရှင်က ဤမဟေသရနတ်ဘီလူးသည် သာသနာသို့ဝင်လတ္တံ့ဟုသိ၍ လက်ခံတော်မူခဲ့၏။ မဟေသရနတ်မင်းသည် ဘုရားရှင်မပြင်ရအောင် ကိုယ်ဝှက်၍ပုန်းရှောင်သော်လည်း မရဘဲရှုံးလေရာ၊ ဘုရားရှင်ထံ၌ ဥပါသကာအဖြစ်မှတ်တော်မူပါဟု ဝန်ချတောင်းပန်ရ၏။ ထို့ပြင် မိမိစံရာ မန္ဒာ(ရ)ဂိရိတောင်၌ သီတင်းသုံးတော်မူပါရန် လျှောက်ထားသော် 'ငါဘုရား၏အသွင်ပုံတော်ကိုသာ စိမ်၍ကိုးကွယ်လော့'ဟုဆိုတော်မူသောကြောင့် မန္ဒာ(ရ)ဂိရိတောင်ဝှမ်း၌ ရတနာကျောင်းတော်ကြီးစိမ်ကာ ဗုဒ္ဓ၏ဆင်းတုတော်ကိုပြုလုပ်ကိုးကွယ်၏။ ရဟန္တာအရှင်မြတ်တို့လည်း နေ့စဉ် ထိုဆင်းတုတော်ရှိရာသို့ လာရောက်၍ပူဇော်ကြ၏။ နတ်မင်းကြီးတို့လည်း နတ်ဆွမ်းစသည်ကပ်ကြ၏–ဟုဖြစ်သည်။*၆

ထိုမှတပါး မုနိရှစ်ဆူမော်ကွန်း၌လည်း ခမည်းတော်သုဒ္ဓါဓနမင်းကြီးတောင်းပန်၍ ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ ရတနာတို့ဖြင့်စီခြယ်သွန်းလုပ်သော သကျမုနိရုပ်ပွားတော်တစ်ဆူ၊ ရာဖျိုဟ်ပြည့်ရှင် အဇာတသတ်မင်းကြီးတောင်းပန်၍သွန်းလုပ်သော ရာဇမုနိရုပ်ပွားတော်လည်းတစ်ဆူ၊ သာဝတ္ထိပြည့်ရှင် ပသေနဒိမင်းကြီးတောင်းပန်၍ပြုလုပ်သော စိန္တာမုနိရုပ်ပွားတော်လည်းတစ်ဆူ၊ ဤသို့လျှင် မြတ်စွာဘုရားရှင်၏ခွင့်ပြုချက်ဖြင့်သွန်းလုပ်သော ရုပ်တုတော်များရှိသေးသည်၊ သို့ပါသော် ထိုရုပ်တုတော်တို့ကို ယခုအခါဖူးမြင်ခွင့်မရတော့ပေ။*၇

ဤသည်တို့ကား ဘုရားသက်တော်ထင်ရှားရှိစဉ်ကပြုလုပ်စီမံခဲ့ကြသော ရုပ်တုဆင်းတုတော်များအကြောင်းဖြစ်သည်။

---

*၁ ဓမ္မာစရိယဦးထွန်းသိန်း၏ဇင်းမယ်ပဏ္ဏာသဘာသာပြန်၊ ဒုတိယတွဲ။ ၁၉၈၁–ခုနှစ်။ (စာမျက်နှာ–၁၄၉)။

*၂ သမန္တစက္ခုဒီပနီကျမ်း။ ၁၉၈၅–ခုနှစ်။ (စာမျက်နှာ–၃၇၇)။

*၃ မဟေသရ(Maheśvara)နတ်ကို သက္ကတစာပေ၌ ပရမေသ္ဝရ၊ ပရမီသွာ၊ မဟေသွရ၊ ပရမီဿရ၊ သိဝ၊ မဟာဒေဝ–စသည်ဖြင့်ပြထား၏။

*၄ ကေလာသ(Kailāsa)တောင်သည် ဟိမဝန္တာတောင်၌ရှိ၍ ကုဝေရ(Kubera)နတ်မင်းကြီး၊ သိဝ(Śiva)နတ်မင်း–တို့ စံရာဌာန ဖြစ်သည်။ K. Werner' A Popular Dictionary of Hinduism. 1997. Page-83.

*၅ မန္ဒာရ(Mandāra)တောင်သည် ဟိမဝန္တာတောင်၌ရှိ၍ နတ်မင်းတို့သာမျော်မှော်ရာဌာနဖြစ်သည်။ အပြိုက်ရည်(မသေသောအရည်)တို့ တသွင်သွင် စီးဆင်းရာဌာနလည်းဖြစ်သည်။ K. Werner' A Popular Dictionary of Hinduism. 1997. Page-104.

*၆ ကိုးသဲဆရာတော်ကြီး၏ ဇမ္ဗူဒီပစာတမ်း။ မဟာဝင်ဝတ္ထု။ ၁၉၂၇–ခုနှစ်။ (စာမျက်နှာ–၁၉)။ မာယာ၏ကေလာသတောင်သို့(ဆောင်းပါး)။ ဥာဏ်လင်းဓမ္မစာပဒေသာ။ ၁၉၈၅–ခုနှစ်၊ ဧလိုင်လ။ (စာမျက်နှာ–၅၁)။

*၇ ဝက်မစွတ်ဖြို့စား ဒုတိယနဝဒေး၏ မုနိရှစ်ဆူမော်ကွန်း(ကေပုဒ်)။ ရွှေကိုင်းသား၏ ဝက်မစွတ်ဖြို့စား ဒုတိယနဝဒေး။ ၁၉၆၄–ခုနှစ်။ (စာမျက်နှာ–၈၅)။ ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)၏မဟာမုနိဘုရားကြီးသမိုင်း။ ၂၀၀၀–ပြည့်နှစ်။ (စာမျက်နှာ–၄၄)။

http://www.dhammadownload.com

သိကြားမင်းဆက်သသော ရုပ်တုဆင်းတုတော်များ

ဦးကုလား၊ မှန်နန်းစသော မဟာရာဇဝင်တော်ကြီးတို့၌ ပုဂံခေတ် အလောင်းစည်သူမင်းကြီး (အေဒီ ၁၁၁၃–၁၁၆၂)သည် ဇမ္ဗူသပြေပင်တည်ရာအရပ်သို့ရောက်သောကာလ သိကြားမင်းက ပုလဲရုပ်ရှင်တော်တစ်ဆူ (နောင်အခါ ရှင်ဖြူ–ဟုသမုတ်၏)၊ ဇမ္ဗူသပြေခက်ဒကွိဏ်းသာခါဘုရားရှင်ရုပ်တုတော်တစ်ဆူ (နောင်အခါ ရှင်လှ–ဟုသမုတ်၏) တို့ကိုဆက်သခဲ့ကြောင်းနှင့် သရက္ခန်သားဘုရားရုပ်တုတော်များထုလုပ်ရန် သရက္ခန်သားနှင့် ဓာတ်မွေတော်တို့ကိုပေးအပ်ရာ ဝိသကြံနှတ်သားအကူအညီဖြင့် သရက္ခန်သားဘုရားငါးဆူ၊ မြတ်ပေါင်းမဏ္ဍူဘုရားတစ်ဆူထုလုပ်ခဲ့ကြောင်း ဖော်ပြထား၏။[*၁] အဆိုပါဘုရားဆင်းတုတော်တို့တွင် ရှင်ဖြူနှင့် ရှင်လှဘုရားနှစ်ဆူသည် စစ်ကိုင်းတောင်၌ရှိ၏။ သရက္ခန်ဖြင့်ထုလုပ်သောငါးဆူကား ပခန်းကြီးမြို့တွင်တစ်ဆူ (စည်သူရှင်ဘုရား)၊ ကွန်းရွာတွင်တစ်ဆူ (ရွှေတန်တစ်ဘုရား)၊ ပခန်းရှင်မတောင်တွင်တစ်ဆူ (ကိုယ်တော်ကြီးဘုရား)၊ ဆင်ကြွဲရွှေဂူတွင်တစ်ဆူ (ရွှေကူဘုရား)နှင့် အညာသီဟတော (ယခု မန္တလေးမြို့ ရွှေကျီးမြင့်ဘုရား)တွင်တစ်ဆူရှိပြီး၊ မြတ်ပေါင်းမဏ္ဍူဘုရားကား–ပခန်းကြီးမြို့ ရွှေဥမင် (ယခု စည်သူရှင်ဘုရားအတွင်း)၌ရှိပေ၏။ ထို့ပြင် ပခုက္ကူမြို့၌ သီတင်းသုံးလျက်ရှိသော သီဟိုဠ်ရှင်ဘုရားသည်လည်း အလောင်းစည်သူမင်းကြီးအား သိကြားမင်းဆက်သသော ဆင်းတုတော်မြတ်ပင်ဖြစ်လေသည်။[*၂]

နတ်တို့ကူညီ၍ပြုလုပ်သော ရုပ်တုဆင်းတုတော်များ

အိမ်နီးချင်းဖြစ်သောထိုင်းနိုင်ငံ၌လည်း ဘုရားရှင်နှင့်ပုံတူမယွင်းသွန်းထုခဲ့သော ရုပ်တုဆင်းတုတော်များ ရှိပေသေး၏။ထိုင်းနိုင်ငံ ဇင်းမယ်မြို့ (Chiengmai)၊ ဖရဆင်းလာန်ဘုရားကျောင်း (Pra Sing Lang Monastery)၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဖရဆင်း (Pra Sing)ဆင်းတုတော်ကြီးသည် မြတ်စွာဘုရား၏အသွင်ပုံတော်နှင့် တသွေမတိမ်းတူအောင်သွန်းလုပ်ထားသောဆင်းတုဖြစ်ကြောင်းကို ဇင်းမယ်မြို့နေ အရှင်ရတနပညာစီရင်သော ဓိနကာလမာလီပကရဏကျမ်း၌ အောက်ပါအတိုင်းဖော်ပြထား၏။

ဖော်ပြထားပုံမှာ– မြတ်စွာဘုရားသခင်ပရိနိဗ္ဗာန်စံဝင်တော်မူပြီး အနှစ်–၎၀ လွန်မြောက်သော် သီဟိုဠ်ကျွန်း၌ ရဟန္တာအရှင်မြတ်အပါး (၂၀)သီတင်းသုံးတော်မူလျက်ရှိကြသည်။ တစ်နေ့သော် သီဟိုဠ်ဘုရင် (?)သည် မြတ်စွာဘုရားရှင်၏ရုပ်သွင်အဆင်းတော်ကိုဖူးမျှော်လိုသဖြင့် ကျောင်းတော်သို့သွားပြီး ရဟန္တာမထေရ်မြတ်တို့ကို 'ကျွန်ုပ်တို့ မြတ်စွာဘုရားသခင်သည် ဤသီဟိုဠ်ကျွန်းသို့သုံးကြိမ်ကြွတော်မူရာ၊[*၃] မြတ်စွာဘုရားကိုဖူးမျှော်ခဲ့ဖူးသောသူ မရှိတော့ပြီလော' ဟုမေးလျှောက်၏။ ထိုအခါ ရဟန္တာအရှင်မြတ်တို့၏အာနုဘော်ကြောင့် နဂါးမင်းသည် လုလင်အသွင်ဖြင့်လာရောက်ပြီး ဤသီဟိုဠ်ကျွန်းသို့ ဘုရားရှင်ကြွလာတော်မူစဉ်က ဖူးမြင်လိုက်ရပါကြောင်း လျှောက်ထား၏။ ထိုအခါ သီဟိုဠ်မင်းက ဘုရားရှင်၏အသွင်ကိုဖူးမြင်လိုပါသည်ဟုပြောသောအခါ နဂါးမင်း[*၄]

---

*၁ လယ်တီအရှင်ကောဝိဒ၏သီဟိုဠ်ရှင်ဘုရားသမိုင်း၊ ၁၉၇၉–ခုနှစ်၊ (စာမျက်နှာ–၁၁၃)။

*၂ ပခန်းကျော်၏ပခန်းကြီးအကြောင်းသိကောင်းစရာ၊ ၁၉၅၂–ခုနှစ်၊ (စာမျက်နှာ–၁၀၁၊ ၁၀၂)။ ဒေါက်တာသက်လွင်၏ ပခုက္ကူစရိုက်မှာ မုဋ္ဌောကိုးဆုတည်တော်မူ၊ ၂၀၀၀–ပြည့်နှစ်၊ (စာမျက်နှာ–၁၃၀)။

*၃ ဘုရားဖြစ်တော်မူပြီး (၉)လမြောက်၌ ပထမအကြိမ် (မောဇိတော နဝမေ ဝဿေ၊ ဖုဿ ပုဏ္ဏမိယဲ ဓိနေနာ၊ လင်္ကာဒီပ ဝိသောတေဂ္ဂေ၊ လင်္ကာဒီပ မုပါဂမိ– မဟာဝံသ၊၁၊၂၀။)၊ မဟာဒရုနှင့် စူဠဥဒရ နဂါးနှစ်ဦး၏ ငြိမ်းချမ်းရေးကိုအကြောင်းပြု၍ ဒုတိယအကြိမ် (မဟာဝံသ၊၁၊၄၆။)၊ မဏိအက္ခိကနဂါးမင်း၏လျှောက်ထားချက်ကိုအကြောင်းပြု၍ တတိယအကြိမ် (မဟာဝံသ၊၁၊၆) သီရိလင်္ကာသို့ကြွသည်။ အရှင်ကေလာသ၏ ဗုဒ္ဓ၏သီရိလင်္ကာခရီး။ ၁၉၆၆–ခုနှစ်၊ (စာမျက်နှာ–၂၄၊ ၃၆၊ ၃၉)။

*၄ မဏိအက္ခိကနဂါးမင်းဖြစ်လိမ့်မည်။

http://www.dhammadownload.com

သည် ဘုရားရှင်အသွင်ကိုဖန်ဆင်းပြ၏။ သီဟိုဠ်မင်းလည်း ခုနစ်နေ့ခုနစ်ည ခုနစ်ရက်တာပတ်လုံး ဘုရားအဆင်းတော်ကိုပူဇော်ပြီး၊ ရုပ်တုကျွမ်းကျင်သူတို့ကိုခေါ်စေ၍ နဂါးမင်းဖန်ဆင်းအပ်သော ဘုရားရှင်၏အသွင်အတိုင်း ပျားဖယောင်းနှင့်ပုံတူကူးယူစေ၏။ ထို့နောက် ခဲမဖြူ၊ ရွှေ၊ ငွေ၊ သတ္တုတို့ဖြင့် ဆင်းတုတော်သွန်းလုပ်ပူဇော်ခဲ့၏။ ထိုဆင်းတုတော်သည် နောင်နှစ်ပေါင်းများစွာကြာသော် သီဟိုဠ်မှ ထိုင်းနိုင်ငံ သုခေါဒယ(Sukhodaya)မြို့၊ ထိုမှ ဇင်းမယ်မြို့သို့ ရောက်ရှိခဲ့ပါသည်။ သီဟိုဠ်မှရသောဆင်းတုဖြစ်၍ သီဟိုဠ်ဆင်းတုဟုခေါ်တွင်ကြသည်။[*၁]

ထိုင်းနိုင်ငံရှိ သာသနာပိုင်ဆရာတော်ကြီးများသီတင်းသုံးတော်မူရာ ဝတ်ဗိုဝေါရုနိဝေသ်ဝိဟာရ (Wat Bovoranives Vihara) ကျောင်းတိုက်ကြီးအတွင်း ဖရဗုဒ္ဓဇိနရာဇဆင်းတုတော် (Phra Buddha Jinarāja)၊ ဖရဗုဒ္ဓဇိနသီဟဆင်းတုတော်(Phra Buddha Jinasīha)နှင့် ဖရသိရီသဿဒါဆင်းတုတော်(Phra Sirīsasadā) ဘွဲ့မည်တော်ရှိသော ဆင်းတုတော်ကြီးသုံးဆူသည် နတ်ကလူအသွင်ဖြင့်လာရောက်သွန်းလုပ်ခဲ့သော ဆင်းတုတော်ကြီးများဖြစ်ကြောင်း မှတ်တမ်းရှိပေ၏။ မှတ်တမ်း၌ ဖော်ပြထားသည်မှာ 'ပဋ္ဌမမြောက် သုခေါထိုင်း (Sukhothai)ဘုရင် လိထိုင်း(Li-Thai) ခေါ် မဟာဓမ္မရာဇာမင်းသည် ဖစ်သနုလောက် (Phitsanuloke) မြို့ကို တည်ထောင်တော်မူပြီးလျှင် ဗုဒ္ဓရုပ်ပွားတော်သုံးဆူကိုသွန်းလောင်းရန် အကြံအစည်ဖြစ်တော်မူပါသည်။ ထိုလိထိုင်းဘုရင်သည် ဘုန်းတေဇာကြီးမား၍ ပိဋကတ်စာပေ၌ကျွမ်းကျင်လိမ္မာ၏။ လိထိုင်းဘုရင်၏ဘုန်းတန်ခိုးကြောင့်ပင် နတ်သိကြားတို့ကမနေသာဘဲ နတ်သားတစ်ပါးသည် လူအသွင်ကိုယူကာ ရုပ်ပွားတော်သွန်းလောင်းတတ်သော ပန်းပဲဆရာကြီးအဖြစ် လိထိုင်းဘုရင်ထံအခစားဝင်ခဲ့ပါသည်။ ထို့နောက် ဗုဒ္ဓရုပ်ပွားတော်သုံးဆူကို ဘုရားရှင်၏ ရုပ်သွင်တော်နှင့်မယွင်းတူစွာ သွန်းလုပ်ပူဇော်ခဲ့ပါသည်'[*၂] ဟူ၏။

အထက်ဖော်ပြပါရှေးဟောင်းစာပေမှတ်တမ်းတို့အရ ဘုရားရှင်၏ရုပ်ပွားဆင်းတုတော်တို့ကို ဘုရားရှင်၏ခွင့်ပြုချက်ဖြင့်သွန်းလုပ်သည်ဖြစ်စေ၊ ဘုရားရှင်ကိုဖူးမြင်လိုက်ရသောပုဂ္ဂိုလ်တို့က ကူညီ၍သွန်းလုပ်သည်ဖြစ်စေ၊ နတ်သိကြားတို့ကစောင့်ရှောက်၍သွန်းလုပ်သည်ဖြစ်စေ သွန်းလုပ်ခြင်းဖြစ်ပြီး လူသားတို့၏စိတ်ဆန္ဒအကြံအစည်လူသားတို့၏ဖန်တီးလုပ်ဆောင်ချက်သက်သက်မဟုတ်သည့်အတွက် ထိုရုပ်တုတော်တို့၌ ချို့ယွင်းမှုစသည် အပြစ်တစ်စုံတရာရှိပါက အများအနေဖြင့် မည်သို့မျှမဝေဖန်နိုင်လိမ့်မည်မဟုတ်ပေ။

ဂန္ဓာရပြည်မှမေတ္တေယျရုပ်တုတော်ကြီး

ဤသို့ ဂေါတမမြတ်စွာဘုရားရှင်၏ဆင်းတုရုပ်ပွားတော်တို့ကို ဘုရားရှင်ကိုယ်တော်တိုင်ဖြစ်စေ၊ ဘုရားရှင်၏ရွေးတော်၌ဖြစ်စေ၊ ဘုရားရှင်လက်ထက်ထင်ရှားရှိသော သိကြားမင်းကဖြစ်စေ စိမ်ပြုလုပ်ကြောင်းကို ရှေးဟောင်းစာပေမှတ်တမ်းများ၌ဖော်ပြထားသကဲ့သို့၊ မေတ္တေယျရှင်၏ရုပ်တုတော်ကိုလည်း နတ်သိကြားတို့က သွန်းလုပ်ပေးခြင်း၊ တန်ခိုးကြီးသောရဟန္တာအရှင်မြတ်တို့၏အကူအညီဖြင့်ထုလုပ်ခြင်း စသည်ဖြင့် ရှေးစာပေတို့၌ ရေးသားထားသည်တို့ကို အောက်ပါအတိုင်းဖတ်ရှုရပါသည်။

အေဒီ ၃၉၉ မှ အေဒီ ၄၁၄–ခုနှစ်အထိ (၁၆)နှစ်ကြာမျှ မဇ္ဈိမဒေသတစ်ခွင်၌ လှည့်လည်ခရီးသွားခဲ့သူ တရုတ်ရဟန်းတော်ကြီး ဖာဟျိယဟ်(န်) (Fa-hien)၏ခရီးသွားမှတ်တမ်း၊ အခန်း(၆)တွင် အိန္ဒိယနိုင်ငံမြောက်ဝိုင်း၊ ဂန္ဓာရတိုင်း၌ အလောင်းတော်မေတ္တေယျ၏ရုပ်တုတော်ကြီးတစ်ဆူ ဖူးတွေ့ခဲ့ရပုံအကြောင်းကို ဤသို့ရေးသားမှတ်တမ်းတင်ထားပါသည်။

---

*၁ A.B. Griswold' Dated Buddha Images of Northern Siam. 1957. Page-39. ဖြဟ္မစာရီမွန်ဝိုကေ၏ ဖြသိန်မည်၏ ဆင်းရုပ်တော် (ဆောင်းပါး)။ ရတနာမွန်မဂ္ဂဇင်း၊ ၁၉၆–ခုနှစ်၊ ဒီဇင်ဘာလ၊ (စာမျက်နှာ–၄၀)။

*၂ Wat Bovoranives Vihara. 1972. Page-27.

http://www.dhammadownload.com

(အရှင်ဖာယှီယယ်(နှ်) ပါဝင်သော) ခရီးသွားရဟန်းတော်များသည် အိန္ဒိယနိုင်ငံမြောက်ပိုင်း တိုလီ (To'-leih)*၁ မင်းနေပြည်တော်သို့ရောက်ခဲ့၏။ ထိုမင်းနေပြည်၌ ဟိနယာနဂိုဏ်းဝင်*၂ သံဃာတော်များစွာသီတင်းသုံးနေကြ၏။ ထိုမင်းနေပြည်တော်တွင် တန်ဒိုးကွဒ္ဓိပါဒ်အစွမ်းဖြင့်ပြည့်စုံသော ရဟန္တာအမြတ်ကြီးတစ်ပါး*၃သည် ပန်းပုဆရာကြီးတစ်ဦးကို တုသိတာနတ်ပြည်သို့ခေါ်ဆောင်သွားပြီးလျှင် အလောင်းတော်မေတ္တေယျနတ်သားအား ကြည့်ရှုလေ့လာစေခဲ့၏။ ပန်းပုဆရာကြီးသည် အလောင်းတော်နတ်သား၏အရောင်အဆင်း၊ သွင်ပြင်၊ အမူအရာလက္ခဏာတို့ကို သေချာစွာအကဲခတ်လေ့လာပြီး လူပြည်သို့ပြန်ဆင်းလာကာ ထိုအလောင်းတော်မြတ်၏ပုံတူ အမြင့်ပေရှစ်ဆယ်ရှိသော ရုပ်တုတော်ကြီးတစ်ဆူကို သစ်သားဖြင့်ထုလုပ်ခဲ့သည်။ ထိုပန်းပုဆရာကြီးသည် တုသိတာနတ်ပြည်သို့ သုံးကြိမ်တက်ရောက်ပြီး မေတ္တေယျရှင်ကိုကြည့်ရှုခဲ့ရသည်။ ဥပုသ်နေ့တွင် ထိုရုပ်တုတော်ကြီးမှ ဝါဝါဝင်းဝင်းရောင်ခြည်တော်များထွက်၍ အလွန်ကြည်ညိုဖွယ်ရှိပေသည်။ ပတ်ဝန်းကျင်တိုင်းနိုင်ငံအသီးသီးမှ မင်းအပေါင်းတို့လည်း တစ်ဦးထက်တစ်ဦးသာအောင် လှူဖွယ်တန်းဖွယ်တို့ဖြင့် ပူဇော်လာခဲ့ကြ၏။

(အရှင်ဖာယှီယယ်(နှ်)နှင့်ခရီးသွားရဟန်းတော်များသည်) ထိုနေရာဌာနမှနေ၍ အနောက်တောင်ဘက်သို့ နောက်ထပ်ဆယ့်ငါးရက်ခန့်ခရီးဆက်ခဲ့ကြပြီး၊ မြစ်၏တစ်ဖက်ကမ်းသို့ရောက်ကြရာ၊ အရှေ့ဘက်ကမ်း၌ဖူးတွေ့ခဲ့ရသော မေတ္တေယျအလောင်းတော်၏ရုပ်တုတော်အကြောင်းကိုမေးမြန်းစုံစမ်းကြည့်ကြ၏။ ထိုအလောင်းတော်မြတ်၏ရုပ်တုတော်ကို တည်ထားကိုးကွယ်သောနေ့မှစ၍ ဤမြစ်ကိုကျော်ဖြတ်၍ ရဟန်းတော်များ ဝိဇ္ဇာတ်တော်များကိုဆောင်ယူခဲ့ကြကြောင်း၊ ထိုရုပ်တုတော်သည် မြတ်စွာဘုရားရှင်ပရိနိဗ္ဗာန်ပြုပြီး နှစ်ပေါင်းသုံးရာခန့်၌ ချော(Chow)မင်းဆက်၊ ဝိန်း(P'ing) ဘုရင်လက်ထက် (ရ၅၀–ရ၁၉ ဘီစီ) ၌ တည်ထားခြင်းဖြစ်ကြောင်းနှင့် အလောင်းတော်နတ်သား၏ရုပ်တုတော်တည်ထားသည့်အချိန်မှစ၍ သာသနာတော်ပွင့်လင်းလာပြီးလျှင် နောင်ပွင့်လတ္တံ့သော မေတ္တေယျအလောင်းတော်မှတစ်ပါး မည်သူမျှ တိုင်းတစ်ပါးသားတို့အား ဗုဒ္ဓ၏တရားတော်ကို နားလည်အောင်ဟောပြောနိုင်မည်မဟုတ်ဟု ဟန်(Han)မင်းဆက် မင်း(Min)ကေရာဖ် အိပ်မက်မက်ထားကြောင်း–စသည်ဖြင့်ပြောပြကြသည်–ဟူ၏။*၄

ရဟန်းတော်ဖာယှီယယ်(နှ်)နောက် နှစ်ပေါင်းနှစ်ရာကျော်သောအခါ တရုတ်နိုင်ငံမှ ဗုဒ္ဓပွင့်ရာဗဇ္ဇိုမဒေသသို့ အေဒီ–၆၂၉ မှ ၆၄၅ ခုနှစ်အတွင်း (၁၇)နှစ်ကြာခရီးသွားခဲ့သော တရုတ်ရဟန်းတော်ယွမ်ကျန့်(Hiuen-Tsang)၏ခရီးသွားမှတ်တမ်း၌ အထက်ဖော်ပြပါ မေတ္တေယျရုပ်တုတော်အကြောင်း အောက်ပါအတိုင်း မှတ်တမ်းတင်ထားပြန်လေသည်။

တာလီလိုတောင်ကြားဒေသ၌ ဥချန်နာ (U-Chang-Na)အမည်ရှိသော မြို့တော်သို့ရောက်ရှိခဲ့၏။ ထိုဒေသ၌ရှေးများထွက်၏။ ဥချန်နာမြို့၏မျက်နှာချင်းအရပ်ရှိ သံဃာရာမ(သံဃာများသီတင်း

---

*၁ အိန္ဒိယမြစ်ဝှမ်း၏အရှေ့ဘက်၌ရှိပြီး Darada ဟုလည်း ဒေါ်သောဒေသဖြစ်သည်။

*၂ နောင် မဟာယာနဂိုဏ်းဖြစ်လာသည်။

*၃ မဂ္ဂဖို့ကမဏ်ကြီးကိုဆိုလိုသည်။

*၄ J.Legge(Tr.)' A Record of Buddhistic Kingdoms. 1965. Page-24-28.

http://www.dhammadownload.com

သုံးရာကျော်းတိုက်ကြီး)တွင် မေတ္တေယျအလောင်းတော်၏သစ်သားရုပ်တုတော်ကြီးတစ်ဆူတည်ရှိ၏။ ထိုရုပ်တုတော်ကြီးသည် ရှေအဆင်းဝင်းဝါနေပြီး ကြည်ညိုဖွယ်အလွန်ကောင်း၏။ တန်ခိုးကြွွှေပါဒိန္နင့်လည်း ပြည့်စုံ၏။ ဉာဏ်တော်ပေ(၁၀၀)ခန့်မြင့်၏။ မဇ္ဈန္တိကရဟန္တာအရှင်မြတ်၏ တန်ခိုးအာဘိဉာဉ်ဖြင့် ပန်းပုဆရာကြီးကို တုသိတာနတ်ပြည်သို့ သုံးကြိမ်ခေါ်ဆောင်သွားပြီး အလောင်းတော်နတ်သား၏လက္ခဏာကြီးငယ်အသွယ်သွယ်နှင့်သွင်ပြင်ပုံပန်းကို သေချာစွာကြည့်ရှုစေပြီးမှထုလုပ်ခိုင်းခြင်းဖြစ်သည်။ ထိုရုပ်တုတော်တည်ထားကိုးကွယ်သည်မှစ၍ မြတ်စွာဘုရား၏ဓမ္မဒေသနာများအရှေ့ဘက်သို့စတင်ပြန့်ပွားခဲ့ရသည်–စသည်ဖြင့် မှတ်တမ်းတင်ရေးထား၏။*၁

တရုတ်လူမျိုး ခရီးသွားရဟန်းတော်နှစ်ပါးရောက်ရှိခဲ့သောနေရာမှာ အိန္ဒိယနိုင်ငံမြောက်ပိုင်း ကသ္မီရဂန္ဓာရဒေသဖြစ်၏။ တစ်ချိန်သောအခါက ဝိဋကတ်စာပေဌာနဖော်ပြပါရှိသော 'တက္ကသိုလ်ပြည်'ဟု ထင်ရှားခဲ့သောအရပ်လည်းဖြစ်သည်။ မဟာယာနသာသနာ နေလသဖွယ်ထွန်းတောက်ခဲ့သောဒေသဖြစ်၍ မဟာယာနဗုဒ္ဓစာပေကျမ်းဂန်ပြုစုသူ ပညာရှင်ကြီးများ၏ဘူမိနက်သန်မှန်သောအရပ်ဖြစ်သည်။ ဂန္ဓာရခေတ်ကောင်းစဉ်က ထိုဒေသ၌ ကျောင်းတိုက်ကြီးပေါင်း (၁၄၀၀)ခန့်ရှိပြီး ရဟန်းသံဃာ(၁၈၀၀၀)ကျော် သီတင်းသုံးခဲ့၏။ ရဟန်းတော်ဖာဟျီယန်(နှ)ရောက်ရှိစဉ်က ဟီနယာနဗုဒ္ဓဘာသာဂိုဏ်းထွန်းတောက်နေချိန်ဖြစ်ပြီး ယွမ်ကျန်ရောက်ရှိသောအခါ၌ မဟာယာနဗုဒ္ဓဘာသာထွန်းတောက်ကာ တန္တြရယာနသို့တိမ်းညွတ်နေချိန်ဖြစ်သည်။*၂

တရုတ်ခရီးသွားမှတ်တမ်းတို့၌ဖော်ပြခဲ့သော ထိုမေတ္တေယျရုပ်တုတော်ကြီးကို နောင်အခါ တိမက်ပြည်သို့ပင့်ဆောင်သွားခဲ့သည်ဟုလည်း မှတ်တမ်းတစ်စောင်ကဆိုထားပါသည်။*၃

သီဟိုဠ်မှ မေတ္တေယျရုပ်ပုံဆင်စွယ်ရုပ်တုတော်

စူဠဝံသ (Cūlavaṃsa) အမည်ရှိသော သီဟိုဠ်ရာဇဝံသကျမ်းကြီး၏ အခန်း(၃၇)၊ ဂါထာအမှတ် (၁၀၀၊ ၁၀၁၊ ၁၀၂) စသည်တို့တွင် မဟာနာမမင်းကြီး၏မြေးတော် ဓေဋ္ဌသေန (၂)မင်း (အေဒီ ၃၂၈–၃၃၇)အကြောင်းကို ဖော်ပြထားရာ၌–

> ထိုဓေဋ္ဌသေန(၂)မင်းသည် ဆင်စွယ်ရုပ်တုထုလုပ်ရာ၌ အလွန်ကျွမ်းကျင်လက်ရာမြောက်သော ပညာရှင်တစ်ဆူဖြစ်သည်။ ဓေဋ္ဌသေနမင်းသည် အလွန်အနုပညာမြောက်လှသော လက်မှုပစ္စည်းများကို မိမိကိုယ်တိုင်ဖန်တီးရုံမျှမက အများပြည်သူတို့ကိုလည်း ထိုအနုပညာကို သင်ကြားပို့ချပေးခဲ့ပါသည်။ ဓေဋ္ဌသေန(၂)မင်းသည် သူ့ခမည်းတော်၏မေတ္တာရုပ်ခံချက်အရ မေတ္တေယျရှင်တော်ပုံ ကြည်ညိုဖွယ်ကောင်းလှစွာသော ဆင်စွယ်ရုပ်တုတော်တစ်ဆူကို ထုလုပ်ခဲ့ပါသည်။ ထိုရုပ်တုတော်သည် တန်ခိုးကြွွှေပါဒိန္နင့်ပြည့်စုံသည်။ သို့ဖြစ်၍ ထိုမေတ္တေယျပုံဆင်စွယ်ရုပ်တုတော်ကို နန်းတွင်းရှိပလ္လင်တော်ထက်၌တည်ထားကာ အထက်ကရတနာစီခြယ်၍ ဆွဲလည်းများတပ်ထားသော ထီးတော်ကိုအုပ်မိုးလျက်ပူဇော်ထားရှိသည်–ဟူ၍ထည့်သွင်းဖော်ပြထားပါသည်။*၄

---

*၁ Beal(Tr.)' Buddhist Records of the Western World. Page-134.

*၂ ပါရဂူ၏မဟာဓရီးသည်။ ၁၉၇၄–၃၄၆၊ (စာမျက်နှာ–၈၃)။

*၃ ဦးအောင်ပန်း၏ ပကိဏ္ဏကသာသနာဝင်ကျမ်း၊ ဒုတိယတွဲ၊ ၁၉၆၂–၃၄၆၊ (စာမျက်နှာ–၂၃၂)။

*၄ W.Geiger (Tr.)' Cūlavaṃsa. Part I. 1953. Page-9; Adikaram' Early History of Buddhism in Ceylon.1953. Page-152.

http://www.dhammadownload.com

ကမ်းယံပြည်*၁ မှ မေတ္တေယျရွှေသားရုပ်တုတော်

မြန်မာနိုင်ငံ၌လည်း သရေခေတ္တရာ၏နောက်ဆုံးမင်း သုပညာနာဂဆိန္နလက်ထက် ကမ်းယံပြည်ဟု အထင်အရှားကျော်ကြားခဲ့သောပြည်ကြီး၌ မေတ္တေယျအလောင်းတော်၏ရွှေရုပ်တုတော်ကြီးအကြောင်းကို ဦးကုလားမဟာရာဇဝင်တော်ကြီး၌ ဤသို့ဖော်ပြထားသည်။

သုပညာနာဂရဆိန္နမင်းကား အဆင်းအင်္ဂါလက္ခဏာကြီးငယ်နှင့် ပြည့်စုံတော်မူ၏။ သဒ္ဒါ, သီလ, သုတ, စာဂ, ဟိရီ, ဩတ္တပ္ပ, ပညာနှင့် ပြည့်စုံတော်မူ၏။ ပြည်သူလူရဟန်းတို့အားလည်း ရင်တော်၌ဖြစ်သောသားကဲ့သို့ သနားကြင်နာတော်မူ၏။ သာသနာတော်ကိုလည်း ကောင်းစွာ ချီးမြှောက်တော်မူ၏။ တစ်ရံရောအခါ ကမ်းယံပြည်သောင်းကျန်းလေသည်ကို စစ်အင်္ဂါလေးပါးနှင့် တကွ လုပ်ကြံတော်မူမည်ဟူ၍ ချီတော်မူ၏။ ကမ်းယံပြည်ကိုအောင်တော်မူလျှင် ထိုပြည်တွင် မဇ္ဈိမတိုက်သား*၂ အတောင်ရှစ်ဆယ့်ရှစ်တောင်ရှိသော ရွှေဆင်းတုဘုရားကိုမြင်တော်မူလေသော် ဘုရားရှင်ကိုယ်တော်မြတ်ကို ဖူးတွေ့ရသကဲ့သို့ အလွန်သဒ္ဓါတော်မူသည်ဖြစ်၍ ညဉ့်နံနက် မပြတ် ဝတ်ပြုတော်မူ၏။ ထိုသို့ ရွှေပိဿာကုဋေဆယ်ရာမကသော အရိမေတ္တေယျဘုရားရှင်နှင့် သဏ္ဌာန် တူသောရုပ်တုတော်၌ သုံးနှစ်တိုင်တိုင် ခွာ၍မသွားရက်သောအားဖြင့်နေတော်မူ၏။ မှူးတော် မတ်တော်တို့လည်း 'ဘုန်းကြီးသောအရှင်၊ ဆင်မြင်းဗိုလ်ပါ ညောင်းညာကြပြီ၊ နေပြည်တော်သို့ အလျင်ပြန်တော်မူလော့'ဟု နားတော်လျှောက်ကြလေ၏။ မင်းကြီးလည်း ဤသို့မိန့်တော်မူ၏။ 'ငါသည် ဤဘုရားရှင်ရုပ်တုတော်ကိုခွာ၍သွားအံ့သောငှာ မတတ်နိုင်၊ ဤဘုရားရှင်ရုပ်တုတော်ကို ရတနာဖောင်ကြီးစွာစီရင်၍ ဖောင်ထက်တင်ပြီးသော် နဂါးရစ်တောင်*၃ ကိုလှည့်၍ မဟာသမုဒ္ဒရာ ဖြင့် သရေခေတ္တရာနေပြည်တော်သို့ဆောင်ယူမည်'ဟူ၍ မိန့်တော်မူ၏။

အမတ်ဗိုလ်ပါတို့လည်း မင်းကြီးသည် မဖြစ်နိုင်ရာသောအကြံတော်ကိုကြံဘိသည်။ ဤသို့ ကြံတော်မူသည်ရှိသော် ငါတို့သားမယားတို့ကိုမတွေ့မမြင်ရပြီဟု နှလုံးမကြည်ရှိကြ၏။ အမတ်ဗိုလ်ပါ တို့လည်း တိုင်ပင်ကြ၍ ဘုရားရှင်ရုပ်တုတော်အောက်၌ ဥမင်တူးလေ၏။ ရုပ်တုတော်သည်လည်း ရွှေအတိသွန်းသည်ဖြစ်၍ လေးသောကြောင့် လဲတော်မူလေ၏။ မင်းကြီးလည်း ဘုရားရှင်ရုပ်တုတော် လဲသည်ကို မြင်တော်မူလျှင် 'အမတ်တို့၊ အဘယ့်ကြောင့် ဘုရားရှင်ရုပ်တုတော် လဲတော်မူဘိသနည်း'ဟု မေးတော်မူ၏။ အမတ်ဗိုလ်ပါတို့လည်း 'အရှင်မင်းကြီး၊ ဘုရားရှင်ပရိနိဗ္ဗာန်ပြုတော်မူသည်'ဟု နားတော်လျှောက်ပေ၏။ မင်းကြီးလည်း ထိုစကားကို ကြားတော်မူသော် နှလုံးမသာရှိ၍ ခဝ်မဆိတ်နေတော်မူလေ၏။ မှူးမတ်ဗိုလ်ပါတို့လည်း ထင်းတစ်ယောက်တစ်ချောင်း မီးသွေး

---

*၁ ကမ်းယံပြည်ကို 'ပဏ္ဏတိဋ္ဌာနနှင့်တသီးတခြား' – မုံရွေးတောဝန်ဆရာတော်၏စေတီယကထာ(ရာဇဝင်ရှုပ်)။ (စာမျက်နှာ–၇)။ ကမ်းယံပြည်ကို 'ပဏ္ဏနှင်ပြန်မာတို့ပြည်' – ဦးဘော်၏ကဗျာဇ္ဈနီကာကျမ်း။ ၁၂၈၉–ခုနှစ်။ (စာမျက်နှာ–၂၁၃)။ 'ကမ်းယံလူမျိုးကို သံတွဲမှစ၍ တောင်စဉ်ခုနစ်ရိုင်ဒေသ၊ ရိုရိုင်လူမျိုးတို့၏ရွေးအနွယ်' – ဦးဘသန်း၏ကျောင်းသုံးပြန်မာရာဇဝင်။ ၁၉၁၃–ခုနှစ်။ (စာမျက်နှာ–၁၁)။ 'ကရင်' – ဦးဘသန်း၏ကျောင်းသုံးပြန်မာရာဇဝင်။ (စာမျက်နှာ–၁၂)။ 'ကမ်းယံ=ရိုနိုင်' – G.E. Harvey' History of Burma. 1967. Page-3 ဟူ၍ ဖော်ပြကြသည်။ G.H. Luce' Kamaran/Kamlam/Kāmalaṅka. JBRS, LIX, i & ii, Dec, 1976. Page-121. တွင်လည်းကြည့်ပါ။

*၂ အိန္ဒိယလူမျိုးတို့ကိုဆိုလိုသည်။

*၃ နဂါးရစ်တောင်သည် ယခု မန္တလေးတောင်တော်ကိုဆိုလိုသည်။

http://www.dhammadownload.com

တစ်ယောက်တစ်ဆုပ်ထည့်ကြ၍ မီးတိုက်လေ၏။ ထိုသို့ တိုက်လေသောအဖြစ်ကို မင်းကြီး မြင်တော်မူလျှင် ဤသို့မေးတော်မူပြန်၏။ 'အမတ်တို့၊ အဘယ့်ကြောင့် ဘုရားရုပ်တုတော်ကို မီးတိုက်ဘိသနည်း'ဟု မိန့်တော်မူ၏။ အမတ်တို့လည်း 'ဘုရားရှင်ပရိနိဗ္ဗာန်ဝင်တော်မူ၍ နှတ်တို့ မီးသင်္ဂြိုဟ်လေသည်'ဟု နားတော်လျှောက်ကုန်၏။ မင်းကြီးလည်း မဟုတ်သောစကားကိုလျှောက်သည်ဟု နှလုံးမသာဖြစ်၍ ဆိတ်ဆိတ်နေတော်မူ၏။

အမတ်ဗိုလ်ပါတို့လည်း မင်းကြီးအမျက်ထွက်လတ္တံ့သည်ကိုကြောက်သဖြင့် ထက်ဝယ်တော် တစ်တောင်ပြည့်ရှိသော အဋ္ဌာဝီသနှစ်ကျိပ်ရှစ်ဆူသောဘုရားရှင်ရုပ်တုတော်တို့ကို ရွှေစင်အတိသွန်း၍ မင်းကြီးအားဆက်လေ၏။ ရွှေလျှက်*၁လည်းသွန်းလုပ်၍ ဆက်ကြလေ၏။'*၂

ဤကား မြန်မာရာဇဝင်စာပေ၌ မှတ်တမ်းထားသည်ကိုတွေ့ခဲ့ရသော မေတ္တေယျဆင်းတုတော်အကြောင်းဖြစ်သည်။

မေတ္တေယျရုပ်တုတော်အစ

ရှေးဟောင်းသုတေသနပညာရှင်တို့၏လေ့လာရာဖွေချက်အရတွေ့ရှိရသည့် အလွန်ရှေးကျသော မေတ္တေယျရုပ်တုများအကြောင်းကို ဤနေရာ၌တင်ပြလိုပေသည်။

မေတ္တေယျရှင်၏ရှေးအကျဆုံးရုပ်တုကို ဂေါတမဗုဒ္ဓရုပ်တုတော်တို့နှင့်အတူ အေဒီ ၁–ရာစုလက်ရာအဖြစ် အိန္ဒိယနိုင်ငံအနောက်မြောက်ပိုင်း ဂန္ဓာရဒေသ၌တွေ့ရှိရသည်။

ဂန္ဓာရတိုင်းဆိုသည်မှာ အိန္ဒိယနိုင်ငံ၏မြောက်ပိုင်း။ အနောက်ပါကစ္စတန်ဒေသ၌တည်ရှိသည်။*၃ ဂန္ဓာရဒေသ၌တွေ့ရသော မေတ္တေယျရှင်၏ရုပ်တုများနှင့်စပ်လျဉ်း၍ ပညာရှင်များက ဂန္ဓာရတိုင်းသားတို့သည် ဗုဒ္ဓရှင်တော်တို့ကဲ့ပင် ဗောဓိသတ်ဘုရားလောင်းတို့သည်လည်း ကာမဘုံသားသတ္တဝါအပေါင်းတို့အား ဝိဇ္ဇာတည်းဟူသော ပညာဉာဏ်အလင်းဖြင့် အဝိဇ္ဇာမှောင်ထုကိုပယ်ဖျက်ဖြို့ခွင်း၍ အဖြိုက်နိဗ္ဗူသို့ ကယ်ယူဆောင်ကြဉ်းတော်မူကြသည်ဟု လက်ခံယုံကြည်ကြပေသည်၊ သို့ယုံကြည်သည့်အတိုင်းကို ဘုရားရှင်နှင့် ဗောဓိသတ်ဘုရားအလောင်းတို့အား ဖူးမြော်မာန်လျော့ ကန်တော့ဦးနှိမ်ခြင်း။ ဆည်းကပ်ကိုးကွယ်ခြင်း။ ရုပ်တုရုပ်ပွားထုလုပ်ပူဇော်ခြင်း။ ဘုရားဆုကိုပန်လာခြင်းစသည့် ဗုဒ္ဓပဋိမာဓိမ္မပူဇနီယဝတ္ထုလေ့ ပေါ်ပေါက်လာရပေသည်ဟု တင်ပြကြသည်။*၄

ပညာရှင်အချို့ကမူ ဂန္ဓာရတိုင်း၌ မူလထေရဝါဒမှခွဲထွက်ခဲ့သောသမ္မဿိတိဝါဒီဂိုဏ်းက မေတ္တေယျရှင်ကို ဘုရားအဖြစ်သို့ရောက်ရန် ပါရမီဖြည့်ကျင့်ဆဲဖြစ်၍ ပုထုဇဉ်မျှသာရှိသေးသည်ဟုယူဆထားကြ၏။*၅ မေတ္တေယျအရှင်သည် သမ္မညျတဉာဏ်တော်ရပြီးဖြစ်သော ဘုရားရှင်ကိုယ်တော်မြတ်ကဲ့သို့ လက္ခဏာကြီးငယ်အသွယ်သွယ်

---

*၁ ရွှေလျှက်ကား ရွှေတုံးရွေမဲ. ရွှေအတောင့်ကိုဆိုလိုသည်။

*၂ ဦးကုလား၏မဟာရာဇဝင်တော်ကြီး၊ ပထမအုပ်၊ ၁၉၂၉–စုနှစ်။ (စာမျက်နှာ–၁၃၃)။ မှန်နန်းရာဇဝင်တော်ကြီးပထမတွဲ၊ ၁၉၃၃–စုနှစ်။ (စာမျက်နှာ–၁၈၅)။ P.M. Tin and G.H. Luce(Tr.)' The Glass Palace Chronicle of the Kings of Burma. 1960. Page-26.

*၃ D. Mitra' Buddhist Monuments. 1971. Page-115. ဂန္ဓာရသည် ယခု ချာရ်သဒ္ဒနှင့် ပရန် (Charsada and Prang)၊ ပက်သျော်ဝါ (Peshawar)၊ တက္ကသိလာ(Taxila)တို့၌ပါဝင်သည်။

*၄ 2500 Years of Buddhism. 1959. (Page-348). ဦးမြင့်အောင်၏ဗုဒ္ဓရုပ်ပွားတော်ထုလုပ်မှုအစား၊ သာသနာ့ရောင်ခြည်စာစောင်၊ အတွဲ–၁၁၊ အမှတ်–၃။ (စာမျက်နှာ–၂၀)။

*၅ Bareau' Les Sectes boudhigues du Petit Vehicule. PEFEO. 1955. Page-144.

http://www.dhammadownload.com

နှင့်ညီညွတ်ရန်မလို၊ သို့ပါ၍ ရုပ်တုထုလိုက ရုပ်တုထုလုပ်ခွင့်ရှိသည်ဟုယူဆကြကာ ဗောဓိသတ္တမေတ္တေယျ ပုံတော်ကိုထုလုပ်ခဲ့ကြခြင်းဖြစ်သည်ယူဆကြသည်။ သို့ထုလုပ်ရာ၌ ဂေါတမဗုဒ္ဓ၏ရုပ်တုနှင့်မတူအောင်(တစ်နည်း) ထိုခေတ်ထိုအချိန်က အဆင့်မြင့်ပြာဟွဏပုဂ္ဂိုလ်တို့၏ဝတ်စားဆင်ယင်ပုံဟန်အတိုင်း ထုလုပ်ခဲ့ကြ၏။*၁

မေတ္တေယျရှင်၏ရုပ်တုဟုယူဆရသောရုပ်ပုံတစ်ခုကို ကနိသ္သကမင်း၏ဓာတ်တော်ကြုတ်ထိပ်ပိုင်း၌ တွေ့ရှိရ၏။ ကနိသ္သကမင်းကို မြန်မာလူမျိုးတို့ကြားသိနေသည်မှာကြာလှပေပြီ။ ဒုတိယကမ္ဘာစစ်မတိုင်မီက မန္တလေးမြို့သူမြို့သား လူကြီးသူမများဆိုလျှင် မန္တလေးတောင်တော်၏အရှေ့ဘက် ခင်တန်းတောင်ထိပ်ရှိ ရသေ့ကိုယ်တော်ကြီးဦးခန္တီ၏ဓာတ်တော်တိုက်ကိုအကြောင်းပြု၍ ကနိသ္သကမင်းကိုသိကြပေမည်။ ကနိသ္သကမင်း၏ ဓာတ်တော်များသည် မန္တလေးမြို့သို့ (၂၈၊ ၃၊ ၁၉၁၀)ရက်နေ့တွင်ရောက်ရှိခဲ့ပြီး မဟာမုနိဘုရားကြီး၏ဂန္ဓကုဋိတိုက်၌ ခေတ္တကိန်းဝပ်နေပြီးမှ မန္တလေးတောင်ဓာတ်တော်တိုက်သို့ (၂၄၊ ၁၀၊ ၁၉၂၃)ရက်နေ့တွင် ရွှေ့ပြောင်းပူဇော်ခံထားရှိခဲ့သည်ဟု မှတ်တမ်းရှိပါသည်။*၂

ထိုမန္တလေးတောင်တော်၌ကိန်းဝပ်နေသောဓာတ်တော်များကို ကနိသ္သကမင်း၏ကောင်းမှု ပက်သျှဝါမြို့၊ ရှာဟ်ဂျီဓေရီ(Shah Ji Dheri) အမည်ရှိသောကုန်းကြီးတစ်ခု၌ စေတီတော်ဌာပနာတိုက်မှ ၁၉၀၈-ခုနှစ်၌ ဒေါက်တာစပူနာ (Dr. Spooner) ဆိုသူပညာရှင်က တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်၏။ မူလတွေ့စဉ်က ဓာတ်တော်များကို ကြေးသားကြုတ်နှင့်ထည့်ထား၏။ ထိုကြေးသားကြုတ်မှာ ယခုအခါ ပက်သျှဝါမြို့ ရှေးဟောင်းသုတေသနပြတိုက်၌သိမ်းထား၏။ ထိုကြုတ်တွင် ပြာကရိတ်(Prakrit)ဘာသာဖြင့် 'အာစရိယာနံ သဗ္ဗတ္ထိဝါဒီနံ ပါတိဂေဟေ' (=သဗ္ဗတ္ထိဝါဒဂိုဏ်းဝင်ဆရာတော်များ သိမ်းဆည်းထားအပ်သောပစ္စည်း)ဟု ဖော်ပြထားသော စာတစ်ကြောင်းပါရှိ၏။ ထို့ပြင် ခရောရှတီ(Kharoṡatī)အက္ခရာဖြင့် ကနိသ္သကမင်း၏အမည်ကိုလည်း ရေးထိုးထား၏။ ထိုဓာတ်တော်ကြုတ်၏အဖုံးတွင် ရုပ်တုငယ်သုံးဆူပါရှိ၏။ အလယ်မှာ ထိုင်တော်မူဗုဒ္ဓရုပ်တုတော်တစ်ဆူဖြစ်ပြီး၊ ဘေးနှစ်ဖက်မှာ ရပ်လျက်လက်အုပ်ချီဟန်ရုပ်တုနှစ်ဆူပါရှိ၏။

ထိုရုပ်တုသုံးဆူကို ဆရာဦးယော(ဆရာဖေယျ)နှင့် ဆရာမာဃတို့က (၁) အလယ်ပုံကို ဗုဒ္ဓရှင်တော်ဘုရား။ (၂) လက်ယာဘက်ပုံမှာ အဝလောကိတေသွရ၊ (၃) လက်ဝဲဘက်ပုံမှာ အရိမေတ္တေယျဘုရားအလောင်း'ဟု ယူဆခဲ့ကြ၏။*၃

ပညာရှင်ဖူးယား(Fuocher)က အလယ်ပုံမှာ ဗုဒ္ဓပုံဖြစ်ပြီး ကျန်ဘေးနှစ်ပုံမှာ 'ပြဟ္မာကြီးနှင့် ဣန္ဒြသိကြားမင်း' ဟု ခန့်မှန်းယူဆသည်။*၄ ပညာရှင်မိတြ(Debala Mitra)က 'ထိုနံဘေးရှိ အရုပ်နှစ်ခုမှာ သက္ကသိကြားမင်းနှင့် ပြဟ္မာ ? ဟုဖော်ပြထား၏။*၅

ဆရာဦးယော(ဖေယျ)နှင့် ဆရာမာဃတို့၏အဆိုသည် မဟာယာနဝါဒဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားသော ဘုရားသုံးဆူ(တြိမုနိ=Traid)အယူအဆကိုအခြေခံ၍တင်ပြခြင်းဖြစ်သည်။ သို့ပါသော် ကနိသ္သကမင်းလက်ထက်က မဟာယာနဝါဒဟု ထွန်းထွန်းပေါက်ပေါက်မရှိသေး။ ရှိရန်အားပြုနေချိန်သာဖြစ်၍ မဟာယာနနှင့်

---

*၁ P. R. Myer' Bodhisattvas and Buddha: Early Buddhist Images from Mathura. Artibus Asie. Vol. II. 1986. Page-136.

*၂ လူထုဒေါ်အမာ၏ ကျွန်မတို့ငယ်ငယ်တုန်းက။ ၁၉၉၄-ခုနှစ်။ (စာမျက်နှာ-၄၄)။

*၃ ဦးယောနှင့် မာဃတို့၏ ပက်သျှဝါဓာတ်တော်။ ၁၉၅၁-ခုနှစ်။ (စာမျက်နှာ-၂၀)။

*၄ A. Foucher' The Beginnings of Buddhist Art. 1971. Pl.XV

*၅ D. Mitra' Buddhist Monuments. 1971. Page-119.

http://www.dhammadownload.com

သက်ဆိုင်သော (တြိမုနိ=Traid)ဟု မယူဆနိုင်ပေ။ ပညာရှင်ဖူးယားနှင့် မိတြတို့ကလည်း မြတ်စွာဘုရားရှင် တာဝတိံသာကဆင်းစဉ်က နံဘေးမှရံ၍ သိကြားနှင့်ပြဟ္မာတို့ပါလာသည်ကို မှန်းဆ၍တင်ပြခြင်းဖြစ်ပေမည်။ ထိုကြေးဓာတ်တော်ကြုတ်ပါရုပ်တုကလေးများသည် အလွန်သေးငယ်ပြီး ခွဲခြားဝေဖန်ရန်ခဲယဉ်းသဖြင့် ဝတ်စားပုံတို့ကိုလည်း တိကျစွာတင်ပြရန်မစွမ်းနိုင်ပါ။

ထို့ပြင် ဂန္ဓာရခေတ်လက်ရာ မေတ္တေယျရှင်၏ရုပ်တုတို့တွင် ပါကစ္စတန်နိုင်ငံ၊ ကရာချီအမျိုးသားပြတိုက် (National Museum of Pakistan, Karachi)၌ပြသထားသည့် ထုံးကျောက်ဖြင့်ပြုလုပ်ထားသောရုပ်တုသည် လက်ရာအကောင်းဆုံး ရုပ်တုတစ်ဆူဖြစ်သည်။ ထိုရုပ်တုကို ပညာရှင်မေယာ (Mayer) တင်ပြသည့်အတိုင်း ဂန္ဓာပြည်မှ သမ္ဘတ္ထိဝါဒီဆရာများ၏အလိုနှင့်ညီညွတ်စွာထုလုပ်ထားသောရုပ်တုပုံစံမျိုးဖြစ်၏။ အဝတ်အစားဆင်ယင်ထားပုံမှာ ထိုခေတ်က ဗြာဟ္မဏလူတန်းစားတို့ဝတ်ဆင်ပုံမျိုးဖြစ်၏။ ဘုရားအလောင်းမေတ္တေယျကို ဗုဒ္ဓဘုရားနှင့် မတူအောင် ခွဲခြား၍ထုလုပ်ခြင်းသဘောလည်းဖြစ်၏။ အထူးသဖြင့် ဂန္ဓာရခေတ် မေတ္တေယျဘုရားအလောင်းရုပ်တုတို့၏ ထူးခြားသောလက္ခဏာတစ်ရပ်မှာ ရေအိုးငယ်(တစ်နည်း)အမြိုက်အိုးငယ်တစ်လုံးကို ညာဘက်လက်ကကိုင်ထားခြင်းပင်ဖြစ်သည်။ မျက်နှာအသွင်အပြင်နှင့် ကိုယ်ဟန်အချိုးအဆက်တို့မှာ ဂရိလူမျိုးတို့၏ပုံဟန်ဖြစ်နေသည်။ အချို့က ထိုပုံကို ဒီပင်္ကရာမြတ်စွာဘုရားထံသို့ ဘုရားဆုပန်ဗျာဒိတ်ခံယူရန် ခြေနင်းမပါဘဲ ရေအိုးကလေးတစ်အိုးတစ်ဖက်၊ ကြာပွင့်ကတစ်ဖက်ခွဲကိုင်ပြီးလာသော မေဃ(သုမေဃ)အမည်ရှိသော ဗြာဟ္မဏလုလင်၏ပုံဟုလည်းဆိုကြ၏။[*၁] ထိုရုပ်တု၌ ဟိန္ဒူအင်္ဂေ့အသက်ဟုမတွေ့ရ။ ဂရိယဉ်ကျေးမှု၏အင်္ဂေ့အသက်သာလွှမ်းနေခြင်းကိုသာတွေ့ရပြီး၊ ထိုခေတ်ကပေါ်ထွန်းခဲ့သော ဗုဒ္ဓရုပ်တုအနုပညာကိုလည်း ဂရိ–ဗုဒ္ဓဘာသာအနုပညာလက်ရာ (Graceco-Buddhist School of Art) ဟုလည်းခေါ်ကြ၏။[*၂]

ဖော်ပြပါဂန္ဓာရလက်ရာ မေတ္တေယျရုပ်တုနှင့်ဆင်ဆင်တူသော ရုပ်တုတစ်ခုကို တက္ကသိလာ(Taxila) မြို့ဟောင်း မောဟရမောရဒူ (Mohra Moradu)ကျေးရွာရှိ ရှေးသံဃာရာမကျောင်းတိုက်နေရာ၌ တူးဖော်ရရှိခဲ့၏။ ထိုရုပ်တု၌ လက်နှစ်ဖက်စလုံးပြတ်နေ၍ ရေအိုးကိုင်ထားသည်, မထားသည်ကို မသိနိုင်ပေ။ ဝတ်စားဆင်ယင်ပုံမှာ လယ်ကြပ်၊ လည်ဆွဲစသည်နှင့်အပေါ်ကိုယ်ဝတ်တို့ကို ဝတ်ဆင်ထားကြောင်းတွေ့ရ၏။ ဆံပင်ထုံးဖွဲ့ထား၏။ ခြေနင်းစီးထားသည်။ သုတေသနပညာရှင်ဒါနီ (Ahmad Hasan Dani) က ကုသျှန်ခေတ် (Kushana)၊ တက္ကသိလာ (Taxila) ဒေသ၌တွေ့ရသော မေတ္တေယျရုပ်တုတို့တွင် လက်ရာအမြောက်ဆုံး[*၃] ဟု ရေးသားထားခဲ့၏။

အလားတူပင် တက္ကသိလာ(Taxila)မြို့ဟောင်း Shahbaz-Garhi ကျေးရွာမှတူးဖော်ရရှိခဲ့ပြီး၊ ယခု လောဗ်(Louvre) ပြတိုက်၌ပြသထားသော မေတ္တေယျကျောက်ရုပ်တုသည်လည်း အလွန်လက်ရာမြောက်လှပေသည်။ အဝတ်အစားမှာ ထိုကုသျှာန်မင်းများလက်ထက် အဆင့်တန်းမြင့်မားသူတို့၏ဝတ်စားဟန်ပန်အတိုင်း ဝတ်စားထား၏။ ဦးခေါင်း၌ဆံပင်ထုံးဖွဲ့ထားပြီး၊ ခြေနင်းစီးထားသည်။ ထိုရုပ်တု၏လက်တော်တို့တွင် ရေအိုးငယ်ကိုင်ထားသည်ကိုမတွေ့ရ၍ မေတ္တေယျရှင်၏ရုပ်တုဟုမဆိုနိုင်ဘဲ မောဓိသတ္တဘုရားလောင်းရုပ်တုဟုသာ သာမညဆိုထားလေ၏။[*၄]

---

*၁ The Image of The Buddha. 1978. Page-73. Pl.44.

*၂ ဦးမြင့်အောင်၏ ဗုဒ္ဓရုပ်ပွားတော်ထုလုပ်မှုအစ။ သာသနာ့ရောင်ခြည်၊ အတွဲ–၁၁၊ အမှတ်–၃၊ (စာမျက်နှာ–၉)။

*၃ The masterly figure of matitreya - A.H. Dani' Taxila. 1986. Page-170.

*၄ A. Foucher' The Beginnings of Buddhist Art. 1917. Page-132. Pl.XV.

http://www.dhammadownload.com

ဂန္ဓာရလက်ရာ မေတ္တေယျရုပ်တုတို့တွင် လာဟိုပြတိုက်ရှိ ကျောက်ရုပ်ကြွလက်ရာတစ်ခုမှာ မေတ္တေယျအရှင်နှင့် ဂေါတမမြတ်စွာဘုရား ယှဉ်၍ထုလုပ်ထားကြောင်းတွေ့ရသည်။ ထိုပုံတော်တွင် ဂေါတမမြတ်စွာဘုရားသည် ကြာပွင့်ထက်၌တင်ပြင်ခွေထိုင်တော်မူနေပြီး လက်တော်မှာ အာဒေသနာပါဋိဟာရိယဟန်ဖြစ်၏။ ထို အာဒေသနာပါဋိဟာရိယမုဒြဆိုသည်မှာ အတပ်မှန်ကန်စွာဟောကြားတော်မူလိုသောအခါ၌ ဤလက်ဟန်ဖြင့် တွေ့ရ၏။ ဘုရားရှင်သည် နောင်လာလတ္တံ့သောကာလတွင် ဖြစ်ပျက်မည့်အရာများကို ဟုတ်တိုင်းမှန်စွာ ဗျာဒိတ်စကား စသည်မိန့်ကြားနေပုံရုပ်တုတို့ကိုထုလုပ်ရာ၌ ဤအာဒေသနာပါဋိဟာရိယမုဒြဟန်ဖြင့် ထုလုပ်စီရင်ရလေသည်။ ထိုပုံတွင် ဂေါတမဘုရားရှင်၏နံဘေး၌ ရေအိုးငယ်ကို ကိုင်စွဲထားကာ မတ်တပ်ရပ်နေသော မေတ္တေယျရှင်၏ပုံတော်ကိုတွေ့ရ၏။ ထိုပုံ၌ ခြေနင်းမဝတ်ထားပါ။ ဝတ်စားဟန်မှာ အထက်ကဖော်ပြခဲ့သော ဂန္ဓာရလက်ရာရုပ်တုများနှင့်ဆင်တူပင်ဖြစ်ပါသည်။[*၁]

ဂန္ဓာရလက်ရာမေတ္တေယျရုပ်တုတို့တွင် ကဗူလ်ပြတိုက် *(Kabul Museum)* ၌တွေ့ရှိရသော ကျောက်သား မေတ္တေယျရုပ်တုတစ်ဆူပုံမှာ ထူးခြား၏။ ထိုရုပ်တုတွင် မေတ္တေယျရှင်ကို ကြာပန်းစသည်ဖြင့် ပူဇော်သက္ကာရပြုဟန် နံဘေး၌လူကြီးလူငယ်ယောကျ်ားမိန်းမ စသည့်လူများကိုဖော်ပြထား၏။ မေတ္တေယျအရှင်က အထက်၌ဖော်ပြခဲ့သောဝတ်စားဆင်ယင်ပုံအတိုင်းဝတ်စားထားပြီး ညာဘက်လက်၌ ရေအိုးတစ်လုံးကိုင်ထား၏။ မေတ္တေယျရုပ်တု၏ဝတ်စားထားဟန်မှာ ကုသ္ဍာန်မင်းလက်ထက်က ဝတ်စားဟန်ဖြစ်သည်။

နယူးဒေလီမြို့၊ အမျိုးသားပြတိုက် *(National Museum, New Delhi)* ၌ ပြသထားသော မေတ္တေယျရုပ်တုပုံတော်တစ်ဆူတွင် ဘယ်ဘက်လက်က ရေတကောင်းကို ကိုင်ထားဟန်တွေ့ရ၏။ ထိုရုပ်တုကို အေဒီ ၃-ရာစုလက်ရာဟုသတ်မှတ်ထား၏။[*၂]

တက္ကသီလာမြို့ဟောင်း၌တွေ့ခဲ့ရသော မေတ္တေယျရုပ်တုတို့သည် မတ်ရပ်ရုပ်တုများသာဖြစ်ပြီး၊ ဂျူလယန် *(Jaulian)*တူးဖော်ရေးကုန်းမှရရှိသော မေတ္တေယျရုပ်တုတော်တစ်ဆူသည်ကား ထိုင်တော်မူရုပ်တုဖြစ်၏။ လက်ဟန်မှာ ဈာနမုဒြဟန်ဖြစ်၏။ ဝတ်စားဆင်ယင်ပုံတို့မှာ ဂန္ဓာရလက်ရာရုပ်တုပါ ဝတ်စားဆင်ယင်ပုံနှင့် အတူတူပင်ဖြစ်သည်။[*၃]

ဂန္ဓာရဒေသ၌ပေါ်ထွန်းခဲ့သော ဗုဒ္ဓနှင့်ဗောဓိသတ္တဘုရားလောင်းရုပ်တု ထုလုပ်မှုပညာသည် အိန္ဒိယနိုင်ငံအတွင်းပိုင်းသို့ရွှေ့လာကာ မထုရာ (Mathura) ဒေသ၌ တဖန်ထွန်းကားလာပြန်၏။ မထုရာဒေသသည် အာသောကမင်းကြီးလက်ထက်က ဗုဒ္ဓဘာသာအခြေချရာဒေသဖြစ်ခဲ့ပြီးနောက် ယောဂါစာရ(မဟာယာန)ဂိုဏ်းက ဦးဆောင်သာသနာပြုသောဒေသဖြစ်ခဲ့သည်။ ဂန္ဓာရပညာရှင်တို့သည် ဂရိလက်ရာကိုအတုယူ၍ ရုပ်တုများထုလုပ်ခဲ့သည့်နည်းတူ၊ မထုရဒေသပညာရှင်တို့ကမူ ဒီဃနိကာယ်၊ ပါထိကဝဂ္ဂ၊ လက္ခဏသုတ်လာ ဘုရားရှင်၏ လက္ခဏာတော်ကြီးငယ်အသွယ်သွယ်နှင့်တူညီအောင်ထုလုပ်လာခြင်း။ ထို့ပြင် မဟာပုရိသခေါ် ယောကျ်ားမြတ်တို့၏အင်္ဂါလက္ခဏာတို့ကို ပေါ်လွင်အောင်ထုလုပ်ခြင်း။ ခန္ဓာကြွင်ခိုင်ရုံမက တုတ်တုတ်ခိုင်ခိုင်ကြီးထုလုပ်ခြင်းတို့ကိုတွေ့ရ၏။

---

*၁ *The Image of The Buddha. 1978. Page-87. Pl.53.*

*၂ *The Way of The Buddha. 1957. Page-189. Pl.23.*

*၃ *D. Mitra' Buddhist Monuments. 1971. Page-126. Pl.89.*

http://www.dhammadownload.com

ရှေးဦးစွာမြင်တွေ့ရသောမေတ္တေယျရုပ်တုများ



ဂေါတမမြတ်စွာဘုရားရှင်
ပြာဋိဟာပြတော်မူပုံခန်းတွင်
လက်ျာဖက်အစွန်၌
အမြို့က်အိုးကိုကိုင်ကာ
ငြာဟွဏ လူကုံထံအဝတ်အစားပုံဖြင့်
ဆင်ယင်ထားသည်မှာ
မေတ္တေယျရှင်ဖြစ်သည်ဟု ပညာရှင်တို့
ယူဆကြသည်။
ယခု Peshawar Museum.
J. Marshall, Pl.89,Fig.124



ဗောဓိသတ္တမေတ္တေယျ
ယခု Peshawar Museum.
J. Marshall, Pl.101,Fig.139



ဗောဓိသတ္တမေတ္တေယျ
ယခု Culcutta Museum.
J. Marshall, Pl.103,Fig.142


http://www.dhammadownload.com



ကနိသ္သကမင်း၏ဓာတ်တော်ကြုတ်တွင်
လက်ျာဖက်၌
သက်နှံရုံထားပြီးလက်အုပ်ချီနေသည့်ပုံမှာ
မေတ္တေယျပုံဟု ယူဆသည်။
ယခု Peshawar Museum.
D.Mitra, 1971, Photo.86



ဗောဓိသတ္တမေတ္တေယျ
ယခု Jaulian, Taxila
D.Mitra, 1971, Photo.89



ဗောဓိသတ္တမေတ္တေယျ
ယခု National Museum,
New Delhi
Lad,1957.Pg.198,Fig.23

http://www.dhammadownload.com



ဗောဓိသတ္တမဟော်ယျ

ယခု Patna Museum, Patna

Lad,1957.Pg.199,Fig.24

http://www.dhammadownload.com

ထိုမထုရာခေတ်လွန်၍ နောက်ခေတ်များတွင် မေတ္တေယျရှင်၏ရုပ်တုထုလုပ်ရာတွင် ဘုရားအလောင်းပုံ (တစ်နည်း)ဘုရားအလောင်းနတ်သားဟူသော ပုံစံတစ်ခုဖြင့် တစ်စိုက်မတ်မတ်ထုလုပ်ခဲ့ကြသည်ကိုတွေ့ရသည်။ ထို့ပြင် ဂန္ဓာရ, မထုရာလက်ရာတို့တွင်တွေ့ရသော မေတ္တေယျရုပ်တု၏ဘယ်ဘက်လက်တွင် အမြိုက်အိုး, ရေအိုး, ရေတကောင်း–စသည် ကိုင်ဆွဲထားပုံ ထုလုပ်ခဲ့ကြသည်။ ထိုခေတ်နောက်၌ပြုလုပ်သော ရုပ်တုတို့တွင်ကား ထိုအိုးအမျိုးမျိုးကိုင်စွဲသည့်နေရာ၌ ကံ့ကော်ပန်း(နာဂကေသရ)ကို အစားသွင်းကိုင်ဆွဲထားပုံမျိုးကို ထုလုပ်လာကြသည်။ အထူးသဖြင့် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်၌တွေ့ရသော မေတ္တေယျရုပ်တုတို့တွင် အမြိုက်အိုးကိုသာမက နံပါးနှစ်ချက်မှ ကံ့ကော်ပန်းအကိုင်းအခက်တို့ကိုထည့်သွင်း၍ နှစ်မျိုးစပ်ပြုလုပ်ခဲ့ကြကြောင်းတွေ့ရသည်။ မေတ္တေယျဘုရားအလောင်းနတ်သားပုံတော်တို့အကြောင်းကို ဤစာအုပ် အခန်း(၃)ပါ မေတ္တေယျအလောင်းတော်နတ်သားအခန်း၌ မကျဉ်းမကျယ် ဖော်ပြထားပြီးဖြစ်ပါသည်။

❁ ❁ ❁ ❁ ❁

http://www.dhammadownload.com

နောက်ဆက်တွဲ (၁)

မေတ္တေယျရှင်ဘွဲ့တော်ပါရှိသော ဘာသာရေးအသင်းအဖွဲ့များစာရင်း

စဉ်	အသင်းအမည်	နိုင်ငံ
1.	Mahabodhi Maitri Mandala (Mysore)	... India
2.	Maitreya Project	... India
3.	Maitreya Project Universal Education School	... India
4.	Maitreya Leprosy Centre	... India
5.	Cetiya Mogalana Maitreya	... Indonesia
6.	Vihara Parama Maitreya	... Indonesia
7.	Vihara Maitreya Murni	... Indonesia
8.	Vihara Santi Maitreya	... Indonesia
9.	Vihara Bodhicitta Maitreya	... Indonesia
10.	Vihara Budhi Maitreya	... Indonesia
11.	Vihara Metta Karuna Maitreya	... Indonesia
12.	Vihara Sasana Maitreya	... Indonesia
13.	Cetiya Ksanti Maitreya	... Indonesia
14.	Vihara Maitreya	... Indonesia
15.	Vihara Sari Putra Maitreya	... Indonesia
16.	Vihara Loka Mandala Maitreya	... Indonesia
17.	Cetiya Permata Maitreya	... Indonesia
18.	Cetiya Pahala Maitreya	... Indonesia
19.	Vihara Maitreya Diepa	... Indonesia
20.	Vihara Maitreya Jaya	... Indonesia
21.	Vihara Adhi Maitreya	... Indonesia
22.	Cetya Indra Maitreya	... Indonesia
23.	Cetya Sennyata Maitreya	... Indonesia
24.	Vihara Buddha Maitreya	... Indonesia
25.	Vihara Maitreya Dwipa	... Indonesia
26.	Vihara Maitreya Kayana	... Indonesia
27.	Vihara Maitreya Murti	... Indonesia
28.	Vihara Maitreya	... Indonesia
29.	Vihara Sadhu Maitreya	... Indonesia
30.	Vihara Sutta Maitreya	... Indonesia

[၁] Ven. Pannyavaro(Comp.)' Buddhist's World Buddhist Directory. 2004. Page-23, 28, 37, 39, 40, 41, 44, 47, 49, 51, 55, 56, 57, 62, 63, 65, 66, 68, 69, 70, 72, 73, 74, 78, 80, 81, 83, 85, 213, 356, 367, 369, 379, 386, 484, 545 and 675.

http://www.dhammadownload.com

စဉ်	အသင်းအမည်	နိုင်ငံ
31.	Vihara Maitreya Murti	... Indonesia
32.	Vihara Wirya Maitreya	... Indonesia
33.	Vihara Dharma Buddha Maitreya	... Indonesia
34.	Vihara Dharma Buddha Maitreya	... Indonesia
35.	Cetiya Dharma Buddha Maitreya	... Indonesia
36.	Cetiya Dharma Buddha Maitreya	... Indonesia
37.	Vihara Bhavanan Maitreya	... Indonesia
38.	Cetiya Maitri Mitra	... Indonesia
39.	Vihara Buddha Maitreya	... Indonesia
40.	Vihara Buddha Maitreya	... Indonesia
41.	Vihara Putra Maitreya	... Indonesia
42.	Cetiya Citra Maitreya	... Indonesia
43.	Cetiya Dharma Maitreya	... Indonesia
44.	Vihara Mudita Maitreya	... Indonesia
45.	Vihara Adirya Maitreya	... Indonesia
46.	Vihara Maitreya Sakti	... Indonesia
47.	Vihara Maitreya Loka	... Indonesia
48.	Vihara Adhi Maitreya	... Indonesia
49.	Vihara Maitreya Sakti	... Indonesia
50.	Vihara Maitreya Dwipa	... Indonesia
51.	Vihara Maitreya Agung	... Indonesia
52.	Vihara Upeka Maitreya	... Indonesia
53.	Vihara Virya Maitreya	... Indonesia
54.	Vihara Dharma Surya Maitreya	... Indonesia
55.	Maitreya Meditation Centre	... Indonesia
56.	Buddhista Misszió, Magyarországi Árya Maitreya Egyház	... Australia
57.	Centro Maitri	... Hungary
58.	Fondazione Maitreya	... Italy
59.	Maitreya Instituut Amsterdam	... Netherlands
60.	Maitreya Instituut	... Netherlands
61.	Maitreya Dharma Center	... United Kingdom
62.	Losel Maitri Tibetan Buddhist Center	... United States of America
63.	Buddha Maitreya Study Group	... United States of America

http://www.dhammadownload.com

ကျမ်းကိုးစာရင်း

၁။ ပိဋကတ်ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာနှင့် မြန်မာပြန်ကျမ်းစာ

(က) ပါဠိတော်

ဒီ၊ ၁။ ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ္ဂပါဠိတော်။

ဒီ၊ ၂။ ဒီဃနိကာယ်၊ မဟာဝဂ္ဂပါဠိတော်။

ဒီ၊ ၃။ ဒီဃနိကာယ်၊ ပါထိကဝဂ္ဂပါဠိတော်။

မ၊ ၁။ မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသပါဠိတော်။

မ၊ ၂။ မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်။

မ၊ ၃။ မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသပါဠိတော်။

သံ၊ ၁။ သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂ–နိဒါနဝဂ္ဂသံယုတ္တပါဠိတော်။

သံ၊ ၂။ သံယုတ္တနိကာယ်၊ ခန္ဓဝဂ္ဂ–သဠာယတနဝဂ္ဂသံယုတ္တပါဠိတော်။

သံ၊ ၃။ သံယုတ္တနိကာယ်၊ မဟာဝဂ္ဂသံယုတ္တပါဠိတော်။

အံ၊ ၁။ ကေကာ၊ ဒုကာ၊ တိကာ၊ စတုက္ကနိပါတပါဠိတော်။

အံ၊ ၂။ ပဉ္စက၊ ဆက္က၊ သတ္တကနိပါတပါဠိတော်။

အံ၊ ၃။ အဋ္ဌက၊ နဝက၊ ဒသက၊ ကောဒသကနိပါတပါဠိတော်။

ခု၊ ၁။ ခုဒ္ဒကပါဋ၊ မဂ္ဂပဒ၊ ဥဒါန၊ ဣတိဝုတ္တက၊ သုတ္တနိပါတပါဠိတော်။

ခု၊ ၂။ ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ ထေရဂါထာ၊ ထေရီဂါထာပါဠိတော်။

ခု၊ ၃။ = အပ၊ ၁။ ထေရာပဒါန်ပါဠိ။

ခု၊ ၄။ = အပ၊ ၂။ ထေရ၊ ထေရီအပဒါန်နှင့် (ဗုဒ္ဓဝံသ=) ဗုဒ္ဓဝံသ၊ (စရိယာ=) စရိယာပိဋက ပါဠိတော်။

ခု၊ ၆။ = ဗုဇ္ဈနိ။ ဗုဇ္ဈနိဒ္ဒေသပါဠိတော်။

ခု၊ ၇။ = ဇာ၊ ၁။ ဇာတကပါဠိတော်၊ ပထမအုပ်။

ခု၊ ၈။ = ဇာ၊ ၂။ ဇာတကပါဠိတော်၊ ဒုတိယအုပ်။

ခု၊ ၉။ = ပဋိသံ။ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်။

ခု၊ ၁၁။ = မိလိန္ဒ။ မိလိန္ဒပဉ္ဟပါဠိတော်။

ဝိ၊ ၁။ ဝိနယပိဋက၊ ပါရာဇိကပါဠိတော်။

ဝိ၊ ၃။ ဝိနယပိဋက၊ မဟာဝဂ္ဂပါဠိတော်။

ဝိ၊ ၄။ ဝိနယပိဋက၊ စူဠဝဂ္ဂပါဠိတော်။

ဝိ၊ ၅။ ဝိနယပိဋက၊ ပရိဝါရပါဠိတော်။

ဘိ၊ ၁။ ဓမ္မသင်္ဂဏိပါဠိတော်။

ဘိ၊ ၂။ ဝိဘင်္ဂပါဠိတော်။

http://www.dhammadownload.com

(ခ) အဋ္ဌကထာ

ဒီ၊ ဋ္ဌ၊ ၁။ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ (သုတ်သီလက္ခန်အဋ္ဌကထာ)။
ဒီ၊ ဋ္ဌ၊ ၂။ မဟာဝဂ္ဂအဋ္ဌကထာ (သုတ်မဟာဝါအဋ္ဌကထာ)။
ဒီ၊ ဋ္ဌ၊ ၃။ ပါထိကဝဂ္ဂအဋ္ဌကထာ (သုတ်ပါထေယျအဋ္ဌကထာ)။
မ၊ ဋ္ဌ၊ ၂။ မူလပဏ္ဏာသအဋ္ဌကထာ၊ ဒုတိယတွဲ။
မ၊ ဋ္ဌ၊ ၃။ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ။
မ၊ ဋ္ဌ၊ ၄။ = ဥပရိ၊ ဋ္ဌ။ ဥပရိပဏ္ဏာသအဋ္ဌကထာ။
သံ၊ ဋ္ဌ၊ ၁။ သဂါထာဝဂ္ဂသံယုတ္တအဋ္ဌကထာ။
သံ၊ ဋ္ဌ၊ ၂။ နိဒါနဝဂ္ဂ–ခန္ဓဝဂ္ဂသံယုတ္တအဋ္ဌကထာ။
သံ၊ ဋ္ဌ၊ ၃။ သဠာယတနဝဂ္ဂ–မဟာဝဂ္ဂသံယုတ္တအဋ္ဌကထာ။
အံ၊ ဋ္ဌ၊ ၁။ အဂ်ုတ္တရအဋ္ဌကထာ၊ ပထမတွဲ။
အံ၊ ဋ္ဌ၊ ၂။ အဂ်ုတ္တရအဋ္ဌကထာ၊ ဒုတိယတွဲ။
အံ၊ ဋ္ဌ၊ ၃။ အဂ်ုတ္တရအဋ္ဌကထာ၊ တတိယတွဲ။
ဝိ၊ ဋ္ဌ၊ ၁။ ပါရာဇိကကဏ္ဍအဋ္ဌကထာ၊ ပထမတွဲ။
ဝိ၊ ဋ္ဌ၊ ၂။ ပါရာဇိကကဏ္ဍအဋ္ဌကထာ၊ ဒုတိယတွဲ။
ဝိ၊ ဋ္ဌ၊ ၃။ ပါစိတ္တိယ–မဟာဝဂ္ဂအဋ္ဌကထာ။
အဘိ၊ ဋ္ဌ၊ ၁။ ဓမ္မသင်္ဂဏိပါဠိတော်အဖွင့် အဋ္ဌသာလိနီအဋ္ဌကထာ။
အဘိ၊ ဋ္ဌ၊ ၂။ ဝိဘင်္ဂပါဠိတော်အဖွင့် သမ္မောဟဝိနောဒနီအဋ္ဌကထာ။
ခုဒ္ဒကပါဋ၊ ဋ္ဌ။ ခုဒ္ဒကပါဋအဋ္ဌကထာ။
ဓမ္မ၊ ဋ္ဌ၊ ၁။ ဓမ္မပဒအဋ္ဌကထာ၊ ပထမတွဲ။
ဓမ္မ၊ ဋ္ဌ၊ ၂။ ဓမ္မပဒအဋ္ဌကထာ၊ ဒုတိယတွဲ။
ဥဒါန၊ ဋ္ဌ။ ဥဒါနအဋ္ဌကထာ။
ဣတိဝု၊ ဋ္ဌ။ ဣတိဝုတ္တကအဋ္ဌကထာ။
သုတ္တနိ၊ ဋ္ဌ၊ ၁။ သုတ္တနိပါတအဋ္ဌကထာ၊ ပထမတွဲ။
သုတ္တနိ၊ ဋ္ဌ၊ ၂။ သုတ္တနိပါတအဋ္ဌကထာ၊ ဒုတိယတွဲ။
ပေတ၊ ဋ္ဌ။ ပေတဝတ္ထုအဋ္ဌကထာ။
ထေရ၊ ဋ္ဌ၊ ၁။ ထေရဂါထာအဋ္ဌကထာ၊ ပထမတွဲ။
ထေရ၊ ဋ္ဌ၊ ၂။ ထေရဂါထာအဋ္ဌကထာ၊ ဒုတိယတွဲ။
ထေရီ၊ ဋ္ဌ။ ထေရီဂါထာအဋ္ဌကထာ။
အပဒါန၊ ဋ္ဌ၊ ၁။ အပဒါနအဋ္ဌကထာ၊ ပထမတွဲ။
ဗုဒ္ဓဝံသ၊ ဋ္ဌ။ ဗုဒ္ဓဝံသအဋ္ဌကထာ။
စရိယ၊ ဋ္ဌ။ စရိယာပိဋကအဋ္ဌကထာ။
ဇာ၊ ဋ္ဌ၊ ၁။ ဇာတကအဋ္ဌကထာ၊ ပထမတွဲ။
ဇာ၊ ဋ္ဌ၊ ၂။ ဇာတကအဋ္ဌကထာ၊ ဒုတိယတွဲ။
ဇာ၊ ဋ္ဌ။ ၃။ ဇာတကအဋ္ဌကထာ၊ တတိယတွဲ။

http://www.dhammadownload.com

ဇာ၊ ဋ္ဌ။ ၄။ ဇာတကအဋ္ဌကထာ၊ စတုတ္ထတွဲ။

ဇာ၊ ဋ္ဌ။ ၅။ ဇာတကအဋ္ဌကထာ၊ ပဉ္စမတွဲ။

ဇာ၊ ဋ္ဌ။ ၆။ ဇာတကအဋ္ဌကထာ၊ ဆဋ္ဌမတွဲ။

ဇာ၊ ဋ္ဌ။ ၇။ ဇာတကအဋ္ဌကထာ၊ သတ္တမတွဲ။

မဟာနိ၊ ဋ္ဌ။ မဟာနိဒ္ဒေသအဋ္ဌကထာ။

နေတ္တိ၊ ဋ္ဌ။ နေတ္တိပ္ပကရဏအဋ္ဌကထာ။

ပဋိသံ၊ ဋ္ဌ၊ ၁။ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ၊ ပထမတွဲ။

စူဠနိ၊ ဋ္ဌ။ စူဠနိဒ္ဒေသအဋ္ဌကထာ။

ဝိသုဒ္ဓိ၊ ၁။ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၊ ပထမတွဲ။

ဝိသုဒ္ဓိ၊ ၂။ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၊ ဒုတိယတွဲ။

ဝိနယသင်္ဂဟ။ ဝိနယသင်္ဂဟအဋ္ဌကထာ။

(ဂ) ဋီကာ

သီ၊ ဋီ၊ ဟောင်း။ = ဒီ၊ ဋီ၊ ၁– သီလက္ခန္ဓဝဂ္ဂဋီကာ။

သီ၊ ဋီ၊ သစ်။ ၁။ သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊ ပထမတွဲ။

သီ၊ ဋီ၊ သစ်။ ၂။ သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊ ဒုတိယတွဲ။

ဒီ၊ ဋီ၊ ၂။ မဟာဝဂ္ဂဋီကာ။

မ၊ ဋီ၊ ၃။ မဇ္ဈိမ–ဥပရိပဏ္ဏာသဋီကာ။

သံ၊ ဋီ၊ ၁။ သံယုတ္တဋီကာ၊ ပထမတွဲ။

သာရတ္ထ၊ ဋီ၊ ၁။ သာရတ္ထဒီပနီဋီကာ၊ ပထမတွဲ။

သာရတ္ထ၊ ဋီ၊ ၂။ သာရတ္ထဒီပနီဋီကာ၊ ဒုတိယတွဲ။

သာရတ္ထ၊ ဋီ၊ ၃။ သာရတ္ထဒီပနီဋီကာ၊ တတိယတွဲ။

အံ၊ ဋီ၊ ၁။ အင်္ဂုတ္တရဋီကာ၊ ပထမတွဲ။

အံ၊ ဋီ၊ ၃။ အင်္ဂုတ္တရဋီကာ၊ တတိယတွဲ။

ဝဇိရ။ ဝဇိရဗုဒ္ဓိဋီကာ။

မူလဋီ၊ ၁။ ဓမ္မသင်္ဂဏီမူလဋီကာ။

မူလဋီ၊ ၃။ ပဋ္ဌာနရဏ္ဍမူလဋီကာနှင့် အနုဋီကာ။

ဝိမတိ၊ ၁။ ဝိမတိဝိနောဒနိဋီကာ၊ ပထမတွဲ။

ဝိမတိ၊ ၂။ ဝိမတိဝိနောဒနိဋီကာ၊ ဒုတိယတွဲ။

(ဃ) မြန်မာပြန်

ဒီ၊ မြန်၊ ၃။ ဒီဃနိကာယ်၊ သုတ်ပါဠိတော်မြန်မာပြန်။

ခု၊ မြန်၊ ၄။ ခုဒ္ဒကနိကာယ်–အပဒါန်ပါဠိတော် (ဒုတိယတွဲ)၊
ထေရာပဒါန်၊ ထေရီအပဒါန်၊ ဗုဒ္ဓဝံသ၊ စရိယာပိဋကပါဠိတော်မြန်မာပြန်။

မိလိန္ဒ၊ မြန်။ မိလိန္ဒပဉ္ဉပါဠိတော်မြန်မာပြန်။

http://www.dhammadownload.com

၂။ မြန်မာဘာသာကျမ်းစာ

ဤအကွရာစဉ်တွင် ကျမ်းပြုပုဂ္ဂိုလ်တို့၏ဘွဲ့တော်ရင်း၊ အမည်ရင်း၊ ကလောင်အမည်နှင့် ထင်ရှားရာကိုစွဲ၍ ခေါ်သော၊ ဥပမာ–ကျီးသဲလေးထပ်ဆရာတော်စသည့်အမည်တို့ကို မြန်မာစာအဖွဲ့၏မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းနှင့်ခွဲထားကျမ်း။ ၁၉၆၆–ခုနှစ်၊ (စာမျက်နှာ–ခ) လာ အကွရာစဉ်ဇယားအတိုင်း စဉ်ထားခြင်းဖြစ်သည်။ ထိုသို့ဖော်ပြရာတွင် ကျမ်းပြုပုဂ္ဂိုလ်၏အမည်ရင်းရှေ့၌ပါရှိသော ဦး, အရှင်, ဘဒ္ဒန္တ စသည်တို့ကို အကွရာစဉ်ထားသောအမည်၏နောက်သို့မပို့တော့ဘဲ ဥပမာ–'ကုလား၊ ဦး–'စသည်မပြုတော့ဘဲ၊ 'ဦးကုလား'ဟူ၍ ခေါ်တွင်နေသည့်အတိုင်းဖော်ပြထားပါသည်။ ထို့ပြင် အမည်နှင့်အတွဲအစပ်ခိုင်မြဲသော ဝိသေသပုဒ်တို့ကိုလည်း ခေါင်းတည်ပုဒ်အဖြစ်စဉ်ထားသည်။ ဥပမာ–'ချောင်းဦးမောင်စန္ဒာကို 'ခ–အကွရာ'၌၊ စလင်းကန်လယ်ဆရာတော်ကို 'စ–အကွရာ'၌၊ ဒဂုန်ခင်ခင်လေး၊ ဒဂုန်ဦးထွန်းမြင့်တို့ကို 'ဒ–အကွရာ'၌၊ ယောမင်းကြီးဦးဖိုးလှိုင်ကို 'ယ–အကွရာ'၌၊ လယ်တီပဏ္ဍိတဦးမောင်ကြီးကို 'လ–အကွရာ'၌၊ သတင်းစာဆရာဦးသိမ်းမောင်ကို 'သ–အကွရာ'၌စသည်ဖြင့် ဖော်ပြထားခြင်းမျိုးဖြစ်သည်။

၁။ ဦးကုလား **မဟာရာဇဝင်တော်ကြီး**၊ ပထမတွဲ။ ရန်ကုန်မြို့။ ၁၉၂၉–ခုနှစ်။

၂။ ဘဒ္ဒန္တ ကုသလ **မြတ်ဗုဒ္ဓ၏ကြည်ညိုဖွယ်ရာလက္ခဏာတော်များ**။ သာသနတက္ကသိုလ်မဟာမွှာစရိယဘွဲ့ယူကျမ်း။ ရန်ကုန်မြို့။ ၂၀၀၃–ခုနှစ်။

၃။ (တော်ကူးကြီးဆရာတော်)ဦးကေတုမာလာ **ဝဓိဂုဏဒီသနုနာကျမ်း**။ ရန်ကုန်မြို့။ ၁၉၁၃–ခုနှစ်။

၄။ (ရတနာဘုံပျဉ်)ရှင်ကေတုမာလာ **ဓိဇ္ဇာဓေတုပကာသနီကျမ်း**။ ရန်ကုန်မြို့။

၅။ အရှင်ကေလာသ **မဟာဝိသုတ္တာရာမနိကာယသာသနာဝင်**။ ရန်ကုန်မြို့။ ၁၉၇၀–ပြည့်နှစ်။

၆။ အရှင်ကေလာသ **စစ်ကိုင်းသာသနာဝင်**။ ရန်ကုန်မြို့။ ၁၉၇၉–ခုနှစ်။

၇။ အရှင်ကေလာသ **ဗုဒ္ဓ၏သီရိလင်္ကာခရီး**။ ရန်ကုန်မြို့။ ၁၉၈၆–ခုနှစ်။

၈။ အရှင်ကေလာသ **မန္တလေးသာသနာဝင်**၊ တတိယတွဲ။ ရန်ကုန်မြို့။ ၁၉၈၇–ခုနှစ်။

၉။ အရှင်ကေလာသ(တည်း) **မဟာဝံသပါဠိ**၊ ပထမတွဲ။ ရန်ကုန်မြို့။ ၁၉၈၉–ခုနှစ်။

၁၀။ အရှင်ကေလာသ **ဆဋ္ဌသံဂါယနာသမိုင်းတော်ကြီး**၊ ပထမတွဲ။ ရန်ကုန်မြို့။ ၁၉၉၇–ခုနှစ်။

၁၁။ အရှင်ကေလာသ **ပင်းယသာသနာဝင်**။ ရန်ကုန်မြို့။ ၂၀၀၃–ခုနှစ်။

၁၂။ အရှင်ကေလာသ(ပြန်) **မြတ်ဗုဒ္ဓဖွဲ့တော်မူရာဒေသ**။ ရန်ကုန်မြို့။ ၂၀၀၃–ခုနှစ်။

၁၃။ လယ်တီအရှင်ကေလာသ **လယ်တီဝတ်ရွတ်စဉ်ပေါင်းချုပ်**။ ရန်ကုန်မြို့။၂၀၀၁–ခုနှစ်။

၁၄။ ဦးကောဝိဒ **ရောဂနှင့်ရဝိနာသကဒီပနီကျမ်း**။ ကျိုက်လတ်မြို့။၁၉၁၃–ခုနှစ်။

၁၅။ (လယ်တီ)ဦးကောဝိဒ **ဆန္ဒောဘာရတီ**။ ရန်ကုန်မြို့။ ၁၉၃၈–ခုနှစ်။

၁၆။ (လယ်တီ)အရှင်ကောဝိဒ **သီတိဠင်္ဂရုဘုရားသမိုင်း**။ ရန်ကုန်မြို့။ ၁၉၇၉–ခုနှစ်။

၁၇။ အရှင်ကောဝိဒဓမ္မ **မြတ်ဘုရားရှင်နှစ်ကျိပ်ကိုးဆူဝင်**။ ရန်ကုန်မြို့။ ၂၀၀၃–ခုနှစ်။

၁၈။ အရှင်ကောသလ္လ(လန်ဒန်) **မျက်မှောက်ခေတ်လူငယ်များ** (ဆောင်းပါး)။ ရတနာမွန်မဂ္ဂဇင်း။ အတွဲ–၁၊ အမှတ်–၁။ မတ်လ၊ ၁၉၆၉–ခုနှစ်။ ရန်ကုန်မြို့။

၁၉။ ကံပဲပုန်းတော်ကြီး **ပညာကထနကျမ်း**။ ရန်ကုန်မြို့။

၂၀။ ကိုကို(သုတေသန) **ဘုရားစုံဖူးမယ်**။ ရန်ကုန်မြို့။ ၁၉၉၉–ခုနှစ်။

၂၁။ ကိုကို(သုတေသန) **ကုန်းဘောင်တော်ဝင်ကမ္ဘည်းတင်ဆေးခြင်းဓလေ့ထုံးများ**။ ရန်ကုန်မြို့။ ၂၀၀၁–ခုနှစ်။

၂၂။ အရှင်ကစ္စာယန **ကမ္ဘည်းသန့်ကြီးပါဠိ**။ ရန်ကုန်မြို့။ ၁၉၈၆–ခုနှစ်။

http://www.dhammadownload.com

၂၃။ ဦးကိတ္တိမာ မဟာဗောဓိပွဲတော်ကထား။ ရန်ကုန်မြို့။ ၁၉၃၇–ခုနှစ်။
၂၄။ ဦးကုလ္လာလ လင်္ကာဒီပမဏ္ဍိ ဓမ္မတ်လမ်းညွှန်များ။ ရန်ကုန်မြို့။ ၁၉၅၁–ခုနှစ်။
၂၅။ လယ်တီဘဒ္ဒန္တ ကုလ္လာလ မဟာသုတဒီပနီ။ ရန်ကုန်မြို့။ ၂၀၀၁–ခုနှစ်။
၂၆။ ကမ္ဘည်းကျောက်စာဝန် ၁၉၄၇–၄၈ ခုနှစ်အတွက်နှစ်ချုပ်အစီရင်ခံစာ။ ရန်ကုန်မြို့။ ၁၉၅၀–ပြည့်။
၂၇။ ကျီးသဲလေးထပ်ဆရာတော် ဝိမတိဇ္ဇောဒနီကျမ်း။ ရန်ကုန်မြို့။ ၁၉၂၁–ခုနှစ်။
၂၈။ ကျီးသဲလေးထပ်ဆရာတော် ဇဋ္ဌဒီပဓောတနီ။ မဟာဝင်ဝတ္ထု။ ရန်ကုန်မြို့။ ၁၉၂၇–ခုနှစ်။
၂၉။ ကျီးသဲလေးထပ်ဆရာတော် မဟာဝင်ဝတ္ထု၊ ဒုတိယတွဲ။ ရန်ကုန်မြို့။ ၁၉၅၇–ခုနှစ်။
၃၀။ ကျီးသဲလေးထပ်ဆရာတော် ဇွယ်နံကျော်ထင်ကျမ်း၊ ပထမတွဲ။ မန္တလေးမြို့။
၃၁။ ကျီးသဲလေးထပ်ဆရာတော် ဇွယ်နံကျော်ထင်ကျမ်း၊ ဒုတိယအုပ်(တွဲ)။ မန္တလေးမြို့။ ၁၉၆၁–ခုနှစ်။
၃၂။ ကျီးသဲလေးထပ်ဆရာတော် မနောရထပူရဏီကျမ်း။ ရန်ကုန်မြို့။ ၁၉၈၁–ခုနှစ်။
၃၃။ ကျီးသဲလေးထပ်ဆရာတော် ပဥ္စာဗျာကရဏအဋ္ဌတိသကျမ်း။ ရန်ကုန်မြို့။ ၁၉၈၁–ခုနှစ်။
၃၄။ ဆရာကျော် မြန်မာစာညွှန်ပေါင်းအလင်းပြကျမ်း။ ရန်ကုန်မြို့။ ၁၉၂၆–ခုနှစ်။
၃၅။ ဦးကျော်ထွန်း(စု) မြန်မာစာညွှန်ပေါင်းကျမ်း၊ ပထမတွဲ။ ရန်ကုန်မြို့။ ၁၉၅၀–ပြည့်နှစ်။
၃၆။ ဦးကျော်ထွန်း(စု) မြန်မာစာညွှန်ပေါင်းကျမ်း၊ ဒုတိယတွဲ။ ရန်ကုန်မြို့။ ၁၉၅၃–ပြည့်နှစ်။
၃၇။ ပုပ္ပါးဦးကျော်ရင် ကစ္စာရတီကျမ်း၊ ပထမတွဲ။ မန္တလေးမြို့။ ၁၉၄၁–ခုနှစ်။
၃၈။ ကျော်လှိုင် မြဟွာလွှဒါန်းသောကြာသက်နံ(၁)၊(၂)။ (ဆောင်းပါး)။ အတွေးအမြင်စာစောင်။ စာစဉ်–၆၅/၆၆။ ရန်ကုန်မြို့။
၃၉။ ဦးကျော်လှိုင် အရိုမေတ္တေယျဗုဒ္ဓဝင်စာစုများ။ (လက်နှိပ်စက်စု)။ ရန်ကုန်မြို့။ ၂၀၀၀–ပြည့်နှစ်။
၄၀။ ဒေါက်တာကျော်သက် ပြည်ထောင်စုပြန်မာနိုင်ငံသမိုင်း။ ရန်ကုန်မြို့။ ၁၉၆၂–ခုနှစ်။
၄၁။ ကျော်အောင်စံထားဆရာတော် အဘိဓာန်ပါဠိနိဿယ။ ရန်ကုန်မြို့။ ၁၉၅၄–ခုနှစ်။
၄၂။ ကျော်အောင်စံထားဆရာတော် ဓေါဟာရတ္ထုပကာသနီကျမ်း။ ရန်ကုန်မြို့။ ၁၉၈၂–ခုနှစ်။
၄၃။ ဒသဗုဒ္ဓအနာဂတဝင်။ အနာဂတဝင်ဝတ္ထု။ ရန်ကုန်မြို့။ ၁၉၅၈–ခုနှစ်။
၄၄။ အနာဂတဝင်ဝတ္ထု။ ရန်ကုန်မြို့။ ၁၉၅၈–ခုနှစ်။
၄၅။ ကြာခံဆရာတော် မဟာထူပဝင်ဝတ္ထု။ ရန်ကုန်မြို့။ ၁၉၅၈–ခုနှစ်။
၄၆။ ဦးကြီးဖေ ဥပ္ပါတသန္တိ မြန်မာပြန်။ ရန်ကုန်မြို့။ ၁၉၅၅–ခုနှစ်။
၄၇။ ဦးကြီးဖေ ရှင်ဥပဂုတ် (ဆောင်းပါး)။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ–၁၄။ ရန်ကုန်မြို့။ ၁၉၇၅–ခုနှစ်။
၄၈။ ဒေါ်ခင်ခင်လှိုင် မဟာဝံသနိဒါန်း (ဆောင်းပါး)။ တက္ကသိုလ်ပညာစာစောင်။ အတွဲ–၂၊ အပိုင်း–၄။ ၁၉၆၇–ခုနှစ်။ ရန်ကုန်မြို့။
၄၉။ ဓမ္မာစရိယဦးခင်မောင်လင်း၏ ရှင်ဥပဂုတ်ရဟန္တာပူဇော်နည်း။ ရန်ကုန်မြို့။ ၁၉၈၉–ခုနှစ်။
၅၀။ ပါမောက္ခဦးခင်အေး(စု) မြန်မာစာညွှန်ပေါင်းကျမ်း၊ စတုတ္ထတွဲ။ ရန်ကုန်မြို့။ ၁၉၉၃–ခုနှစ်။
၅၁။ ချောင်းဦးမောင်စန္ဒာ မုဒ္ဓေးစာပေယဉ်ကျေးမှု။ ရန်ကုန်မြို့။ ၁၉၇၉–ခုနှစ်။
၅၂။ မောင်ချစ်ဘော(မဟာဝိဇ္ဇာ) တွင်းသင်းစာဆို။ ရန်ကုန်မြို့။ ၁၉၇၅–ခုနှစ်။
၅၃။ ဦးချုန်ထွန်း သိရိမင်္ဂလာကဿာဧတေတော်(ဆောင်းပါး)။ သာသနာ့ရောင်ခြည်စာစောင်။ အတွဲ–၁။ အမှတ်–၁။ ၁၉၅၂–ခုနှစ်။ ရန်ကုန်မြို့။
၅၄။ ဦးချိန် ပေါ်ဟာရလီနတ္ထဒီပနီ။ ရန်ကုန်မြို့။ ၁၉၆၃–ခုနှစ်။
၅၅။ ဦးချမ်းမြ (တည်း) နှတ်သွင်နောင်ဆိုရတုပေါင်းချုပ်။ ရန်ကုန်မြို့။ ၁၉၃၉–ခုနှစ်။
၅၆။ ဦးချမ်းမြ တောင်ငူရာဇဝင်အကျဉ်းချုပ်နှင့် ဘွဲ့ဆံတော်အုပ်ရားသမိုင်း။ တောင်ငူမြို့။ ၁၉၉၀–ပြည့်နှစ်။
၅၇။ ယောသ ထေရပါဒအဋ္ဌကထာများ (ဆောင်းပါး)။ သာသနာ့ရောင်ခြည်စာစောင်။ အတွဲ–၁၂၊ အမှတ်–၂။ ၁၉၆၃–ခုနှစ်။ ရန်ကုန်မြို့။

http://www.dhammadownload.com

၅၈။ အရှင်ဃောသမဂ္ဂဘဝိဝံသ လံကာဒီပနိုင်ငံခြားဧဟုသုတ။ ရန်ကုန်ဖြို့။ ၁၉၅၂–ခုနှစ်။

၅၉။ အရှင်ဃောသိတ တစ်ဘဝသာသနာ။ ရန်ကုန်ဖြို့။ ၁၉၉၈–ခုနှစ်။

၆၀။ ပထမငါးခုနှစ်ဆရာတော် မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၊ ပထမတွဲ။ ရန်ကုန်ဖြို့။ ၁၉၃၈–ခုနှစ်။

၆၁။ ပထမငါးခုနှစ်ဆရာတော် မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၊ ဒုတိယတွဲ။ ရန်ကုန်ဖြို့။ ၁၉၃၈–ခုနှစ်။

၆၂။ ပထမငါးခုနှစ်ဆရာတော် မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၊ တတိယတွဲ။ ရန်ကုန်ဖြို့။ ၁၉၃၅–ခုနှစ်။

၆၃။ ငြိမ်းကျော် ဓွေတောင်း။ ရန်ကုန်ဖြို့။ ၁၉၇၃–ခုနှစ်။

၆၄။ ဦးငြိမ်းမောင် ရှေးဟောင်းမြန်မာကျောက်စာများ၊ ဒုတိယတွဲ။ ရန်ကုန်ဖြို့။ ၁၉၈၂–ခုနှစ်။

၆၅။ ဦးငြိမ်းမောင် ရှေးဟောင်းမြန်မာကျောက်စာများ၊ တတိယတွဲ။ ရန်ကုန်ဖြို့။ ၁၉၈၃–ခုနှစ်။

၆၆။ ငြိမ်းသော်တာ ရှင်မာလဲဓေတီ (ဆောင်းပါး)။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း။ အမှတ်–၁၇၅။ ၂၀၀၁–ခုနှစ်။ ရန်ကုန်ဖြို့။

၆၇။ စတုရင်္ဂလအမတ် အာဘီဓာန်ဦးကာပါဠိ။ ရန်ကုန်ဖြို့။ ၁၉၁၂–ခုနှစ်။

၆၈။ စလင်းကန်လယ်ဆရာတော် ကွေးအလင်းသံဓိဝံသကျင်း။ ရန်ကုန်ဖြို့။ ၁၉၈၅–ခုနှစ်။

၆၉။ စာပေဗိမာန်အဖွဲ့. မြန်မာ့စွယ်စုံကျမ်း၊ အတွဲ–၁။ အင်္ဂလန်။ ၁၉၅၄–ခုနှစ်။

၇၀။ စာပေဗိမာန်အဖွဲ့. မြန်မာ့စွယ်စုံကျမ်း၊ အတွဲ–၄။

၇၁။ စာပေဗိမာန်အဖွဲ့. မြန်မာ့စွယ်စုံကျမ်း၊ အတွဲ–၅။ အင်္ဂလန်။ ၁၉၆၁–ခုနှစ်။

၇၂။ စာပေဗိမာန်အဖွဲ့. မြန်မာ့စွယ်စုံကျမ်း၊ အတွဲ–၈။ ရန်ကုန်ဖြို့။ ၁၉၆၃–ခုနှစ်။

၇၄။ စာပေဗိမာန်အဖွဲ့. မြန်မာ့စွယ်စုံကျမ်း၊ အတွဲ–၁၄။ ရန်ကုန်ဖြို့။ ၁၉၇၅–ခုနှစ်။

၇၅။ စာပေဗိမာန်အဖွဲ့. မြန်မာ့စွယ်စုံကျမ်း၊ အတွဲ–၁၅။ ရန်ကုန်ဖြို့။ ၁၉၇၆–ခုနှစ်။

၇၆။ အရှင်စာရိန္ဒ အနောက်ပရဏ္ဍာဆရာတော်၏ ပြဿဒ်ခွင့်နှင့်ကျွှင့်ခွင်များ။ မန္တ လေးပြို့။ ၁၉၈၂–ခုနှစ်။

၇၇။ စံရွှေ ပုဂံဓေတ်အလှဆင်ဘီလူး–၁ (ဆောင်းပါး)။ ရွှက်နုဝေမဂ္ဂဇင်း။ ဖေဖော်ဝါရီလ၊ ၂၀၀၃–ခုနှစ်။ ရန်ကုန်ဖြို့။

၇၈။ မောင်စိုးမောင်(သာဂရ) ဗုဒ္ဓသမိတ်တော်။ ရန်ကုန်ဖြို့။ ၁၉၇၆–ခုနှစ်။

၇၉။ စိုးရန်နိုင် ပါဒမြတ်ကျော် ဘဝါးတော်၌ ထွန်းပေါ်ကျစ်လျှမ်–၁၀၈ (ဆောင်းပါး)။ မန္တ လေးဒေစဉ်သတင်းစာ။ (၁၇၊ ၅၊ ၁၉၉၈)။ မန္တ လေးပြို့။

၈၀။ အရှင်စက္ကိန္ဒ အံ့ဖွယ်များစွာ ဒွါရာဝတီသံတွဲပြို့ (ဆောင်းပါး)။ ရခိုင်ယဉ်ကျေးမှုများ၊ အမှတ်–၂။ ရန်ကုန်ဖြို့။ ၁၉၉၃–ခုနှစ်။

၈၁။ အရှင်စက္ကိန္ဒ ရခိုင်ပြည် ဗုဒ္ဓရုပ်ပွားစေတီထုလုပ်တည်ထားဖူများ (ဆောင်းပါး)။ ရခိုင်ယဉ်ကျေးမှုများ၊ အမှတ်–၄။ ရန်ကုန်ဖြို့။ ၁၉၉၅–ခုနှစ်။

၈၂။ စည်ရှင်ဆရာတော်အရှင်ကောသလ္လ ဝိသုဒ္ဓိရုပ်ပိဋကအဘိဓာန်၊ ပထမပိုင်း။ မန္တ လေးပြို့။ ၁၉၅၃–ခုနှစ်။

၈၃။ အရှင်စန္ဒိမာ အရှင်ဗုဒ္ဓယောသဝတ္ထု။ ရန်ကုန်ဖြို့။ ၁၉၀၉–ခုနှစ်။

၈၄။ အရှင်စန္ဒောဘာသ ကမ်ကျော်ဇာတ်ကိုကာသာဓိဘုရားအတ္ထုပ္ပတ္တိကျမ်း။ ရန်ကုန်ဖြို့။ ၁၉၃၇–ခုနှစ်။

၈၅။ ဦးစိန်မောင်ဦး သရေခေတ္တရာပြို့ဟောင်း(စာတန်း)။ တက္ကသိုလ်ပညာပဒေသာစာစောင်။ အတွဲ–၃၊ အပိုင်း–၁။ ၁၉၆၈–ခုနှစ်။ ရန်ကုန်ဖြို့။

၈၆။ ဆင်တဲဆရာတော် အဘိဓမ္မဝိနိစ္ဆယကျမ်း။ ရန်ကုန်ဖြို့။ ၁၉၀၁–ခုနှစ်။

၈၇။ ဦးဆန်းထွန်း ကဝိလက္ခကဝိသောဓနီ။ ကဝိလက္ခကာသုံးကျမ်းတွဲ။ မန္တ လေးပြို့။ ၁၉၆၁–ခုနှစ်။

၈၈။ ဆန်းထွန်း ဗုဒ္ဓအခြေခံ။ ရန်ကုန်ဖြို့။ ၁၉၆၄–ခုနှစ်။

၈၉။ ဆန်းထွန်း ရှင်အဂ္ဂသမာဓိ၏စကားအပြေတေများ (ဆောင်းပါး)။ စာပေဘောဏ်။ ရန်ကုန်ဖြို့။ ၁၉၆၇–ခုနှစ်။

၉၀။ ဆန်းထွန်း ရှင်အုန်းညိုပြဿနာ (ဆောင်းပါး)။ စာပေဘောဏ်။ ရန်ကုန်ဖြို့။ ၁၉၆၇–ခုနှစ်။

http://www.dhammadownload.com

၉၁။ ဆန်းထွန်း သံဝေဂနိမ်းပြဿနာ (ဆောင်းပါး)။ စာပေဘောဇဉ်။ ရန်ကုန်မြို့။ ၁၉၆၇–ခုနှစ်။

၉၂။ ဆန်းထွန်း စဇလ (ဆောင်းပါး)။ အတွေးအမြင်။ အမှတ်–၃၇။ ၁၉၈၈–ခုနှစ်။ ရန်ကုန်မြို့။

၉၃။ ဆန်းထွန်း ဓိနာရာဇ (ဆောင်းပါး)။ အတွေးအမြင်။ စာစဉ်–၄၁။ ၁၉၈၉–ခုနှစ်။ ရန်ကုန်မြို့။

၉၄။ ဦးဆွဲ နှစ်အပေါင်းသောကြန်မာရွေးကောက်ပွဲများ။ ရန်ကုန်မြို့။ ၂၀၀၁–ခုနှစ်။

၉၅။ အရှင်ဓနကာဘိဝံသ ရတနာကုလက်ရည်။ ရန်ကုန်မြို့။ ၁၉၇၉–ခုနှစ်။

၉၆။ အရှင်ဓနကာဘိဝံသ အဋ္ဌသာလိနီအာသာဒီကာ၊ ပထမအုပ်။ ရန်ကုန်မြို့။ ၁၉၈၂–ခုနှစ်။

၉၇။ အရှင်ဓနကာဘိဝံသ အနာဂတ်သာသနာရေး။ ရန်ကုန်မြို့။ ၂၀၀၃–ခုနှစ်။

၉၈။ အရှင်ဓနကာဘိဝံသ သုတ်မောဂါဘာသာဒီကာ၊ ပထမအုပ်။ ရန်ကုန်မြို့။ ၂၀၀၃–ခုနှစ်။

၉၉။ ဦးဓနိန္ဒ(တည်း) မဟာဓောဓိဝင်အဋ္ဌကထာပါဠိနိဿယ။ မော်လမြိုင်မြို့။ ၁၉၅၅–ခုနှစ်။

၁၀၀။ ဦးဓနိန္ဒ(တည်း) ရသဝါဟိနီပါဠိ။ ရန်ကုန်မြို့။

၁၀၁။ ဦးဓာဂရ စေတီဆင်းတုသမိုင်းနှင့်ကိုးကွယ်မှုအကျိုးကျေးဇူးများ။ ရန်ကုန်မြို့။ ၁၉၉၁–ခုနှစ်။

၁၀၂။ ဓိနာရာမဆရာတော် ပဉ္စာဗျာကရဏပါဌဓိဓနိန်းအဖြေကျမ်း။ မော်လမြိုင်မြို့။ ၁၈၈၃–ခုနှစ်။

၁၀၃။ ဓေယသခံယာ ရွှေဘုံနိဒါန်း။ ရန်ကုန်မြို့။ ၁၉၆၃–ခုနှစ်။

၁၀၄။ ဓေယျဗျညာသူဒ္ဒေကြီး (ဆောင်းပါး)။ စာတိုပေစဉ။ ရန်ကုန်မြို့။ ၁၉၆၆–ခုနှစ်။

၁၀၅။ ဦးဓောတာလင်္ကာရ ဝိဒုကတ်တော်နှင့်စပ်သိမှတ်ဖွယ်ရာအဖြာဖြာ၊ ပထမတွဲ။ ရန်ကုန်မြို့။ ၁၉၉၁–ခုနှစ်။

၁၀၆။ အရှင်ဓောတိပါလ နကိုးရစ်တောင်သမိုင်း။ မန္တလေးမြို့။ ၁၉၅၂–ခုနှစ်။

၁၀၇။ ဓော်ကျီ သိန်းနှင့်ကျားဦးကား။ ရန်ကုန်မြို့။ ၁၉၈၄–ခုနှစ်။

၁၀၈။ ဓော်ကျီ မြန်မာနိုင်ငံနှင့်ဗုဒ္ဓဘာသာအနုပညာ (ဆောင်းပါး)။ ဓော်ကျီစာပေါင်းချုပ်၊ ဒုတိယအုပ်။ ရန်ကုန်မြို့။ ၁၉၉၄–ခုနှစ်။

၁၀၉။ ဓော်ကျီ ကွမ်းဆစ်မင်းသား (သမိုင်းပုံပြင်)။ ဓော်ကျီစာပေါင်းချုပ်၊ ပဉ္စမတွဲ။ ရန်ကုန်မြို့။ ၁၉၉၇–ခုနှစ်။

၁၁၀။ ဆရာတော်ဦးဉာဏ ဘောင်တွင်းကြီးရာဇဝင်သစ်။ ရန်ကုန်မြို့။ ၁၉၉၉–ခုနှစ်။

၁၁၁။ အရှင်ဉာဏဇုတ္တရနှင့်အရှင်သီလာနန္ဒာဘိဝံသ တိပိဋကပါဠိ–မြန်မာအဘိဓာန်၊ အတွဲ–၁။ ရန်ကုန်မြို့။ ၁၉၈၉–ခုနှစ်။

၁၁၂။ ဆရာတော်ဦးဉာဏဇုတ္တရ(ဦးဆောင်) တိပိဋကပါဠိ–မြန်မာအဘိဓာန်၊ အတွဲ–၃။ ရန်ကုန်မြို့။ ၁၉၇၁–ခုနှစ်။

၁၁၃။ ဆရာညို ဗားမဲ့ဗားတမော့လက်တွေ့အစီအရင်ကျမ်း၊ ဒုတိယတွဲ။ ရန်ကုန်မြို့။ ၁၉၄၈–ခုနှစ်။

၁၁၄။ ညောင်ကန်ဆရာတော် ငါးရာငါးဆယ်ဇာတ်ဝတ္ထု၊ ဒုတိယတွဲ။ ရန်ကုန်မြို့။ ၁၉၉၅–ခုနှစ်၊

၁၁၅။ ညောင်ကန်ဆရာတော် ငါးရာငါးဆယ်ဇာတ်ဝတ္ထု၊ စတုတ္ထတွဲ။ ရန်ကုန်မြို့။ ၁၉၉၅–ခုနှစ်။

၁၁၆။ ဦးညွှန့်ဇော် ဘုရားရှိခိုးပေါင်းချုပ်။ ရန်ကုန်မြို့။ ၁၉၈၁–ခုနှစ်။

၁၁၇။ ဓမ္မာစရိယဦးဌေးလှိုင် သီဟိဠ်ဓမ္မဝေါဟာရအဓိဓာန်များ။ ရန်ကုန်မြို့။ ၁၉၈၁–ခုနှစ်။

၁၁၈။ ဓမ္မာစရိယဦးဌေးလှိုင် ရတနာဒုနှင့်ပုဂ္ဂိုလ်ထူးများ။ ရန်ကုန်မြို့။ ၁၉၈၉–ခုနှစ်။

၁၁၉။ တလိုင်းကုန်းဆရာတော် အကုံရဒီကာပါဠိ။ ရန်ကုန်မြို့။ ၁၉၀၉–ခုနှစ်။

၁၂၀။ တလိုင်းကုန်းဆရာတော် ဓါကျမဏ္ဍနီပါဠိ။ ရန်ကုန်မြို့။ ၁၉၂၈–ခုနှစ်။

၁၂၁။ တလိုင်းကုန်းဆရာတော် သဒ္ဒဆေရိပါဠိ။ ရန်ကုန်မြို့။ ၁၉၂၈–ခုနှစ်။

၁၂၂။ သေက္ခတောင်ဦးတိလောက တိုင်းကြီးသောဋ္ဌသကဏ္ဍာပြဋ္ဌာန်းကျမ်း(အကျဉ်း)။ ရန်ကုန်မြို့။ ၁၉၂၄–ခုနှစ်။

၁၂၃။ ဦးတေဇဝန္တ အနာဂတဗုဒ္ဓဝံသကထာ။ ရန်ကုန်မြို့။ ၁၉၄၀–ပြည့်နှစ်။

၁၂၄။ အရှင်တေဇောဒီပ ပရိတ္တဒီကာပါဠိ။ ရန်ကုန်မြို့။ ၁၉၉၀–ပြည့်နှစ်။

၁၂၅။ မစ္ဆတာတော်စိန်ခိုင် လွတ်တော်မှတ်တမ်း။ ရန်ကုန်မြို့။ ၁၉၆၀–ပြည့်နှစ်။

၁၂၆။ တိုက်ဆိုး မြေတော်ရာ (ဆောင်းပါး)။ ဒဂုန်မဂ္ဂဇင်း။ အတွဲ–၁၊ အမှတ်–၆။ ၁၉၈၅–ခုနှစ်။ ရန်ကုန်မြို့။

F78

http://www.dhammadownload.com

၁၂၇။ တိုက်စိုး လောကနတ်နှင့်လောကနာထ (ဆောင်းပါး)။ ဒဂုန်မဂ္ဂဇင်း။ အတွဲ–၁၊ အမှတ်–၈။ ၁၉၈၆–ခုနှစ်။ ရန်ကုန်မြို့။

၁၂၈။ တိုက်စိုး ယဉ်ကျေးမှုအထိမ်းအမှတ်များ။ ရန်ကုန်မြို့။ ၁၉၈၆–ခုနှစ်။

၁၂၉။ တိုက်စိုး မကိုင့်ဆောင်းရုပ်တု (ဆောင်းပါး)။ မြတ်မင်္ဂလာစာစောင်။ မေလနှင့်ဇွန်လ၊ ၁၉၉၃–ခုနှစ်။ ရန်ကုန်မြို့။

၁၃၀။ တိုက်စိုး မင်းတုန်းမင်း။ ရန်ကုန်မြို့။ ၁၉၉၈–ခုနှစ်။

၁၃၁။ တိုက်စိုး ဝသုန္ဓရိနှင့်ဂိုးရာအထိမ်းအမှတ်များ။ ရန်ကုန်မြို့။ ၂၀၀၃–ခုနှစ်။

၁၃၂။ တိုက်စိုး ပညာသိုက်။ ရန်ကုန်မြို့။ ၂၀၀၄–ခုနှစ်။

၁၃၃။ ဒေါ်တင်တင်မြင့်၊ ဦးကျော်လှိုင် မဓေ္ဌာယကုဋ္ဌဝဏ်နှင့်ကိုးကွယ်မှုသမိုင်း (လက်နှိပ်စက်မှု)။ ရန်ကုန်မြို့။ ၁၉၈၂–ခုနှစ်။

၁၃၄။ တင်ထွေး(စု) ဦးပုညဘပန်းကုံးများ–၂။ ရန်ကုန်မြို့။ ၁၉၉၁–ခုနှစ်။

၁၃၅။ တင်နိုင်တိုး ကုန်းဘောင်မင်းဆက်ရုပ်ပုံလွှာ။ ရန်ကုန်မြို့။ ၂၀၀၃–ခုနှစ်။

၁၃၆။ ဦးတင်ဖေ(စီစဉ်သူ) ဓွန်းလွန်းဂူကျောင်းဆရာတော်ကြီး၏ထေရုပ္ပတ္တိအကျယ်နှင့်တရားတော်များ။ ရန်ကုန်မြို့။ ၁၉၅၄–ခုနှစ်။

၁၃၇။ ပါမောက္ခဦးတင်လွင် မဓုရတ္တ–ဟူသောဝေါဟာရ၏အနက်နှင့်သဘော (စာတန်း)။ မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်။ အတွဲ–၅၀၊ အပိုင်း–၂။ ၁၉၆၇–ခုနှစ်။ ရန်ကုန်မြို့။

၁၃၈။ ပါမောက္ခဦးတင်လွင် ရာဇကုမာရ်ပါဠိကျောက်စာလေ့လာချက်။ ရန်ကုန်မြို့။ ၁၉၈၉–ခုနှစ်။

၁၃၉။ ဦးတင်လှသော ရွှေတိဂုံတော်၏သက်တော် (စာတန်း)။ ကန်သာစိမ်းလဲ့စာတန်းများ။ရန်ကုန်မြို့။၁၉၆၉–ခုနှစ်။

၁၄၀။ ဦးတင်ဦး(တည်း) မင်းနန်တည်ခဲ့ချင်းသုံးဆောင်တွဲ။ ရန်ကုန်မြို့။ ၁၉၆၁–ခုနှစ်။

၁၄၁။ ဦးတင်အုန်း(ရွှေသွေး) ယောအတွင်းဝန်ဦးဖိုးလှိုင်အထွေထွေတို့။ မန္တလေးမြို့။ ၁၉၆၀–ပြည့်နှစ်။

၁၄၂။ တောင်ခွင်သာသနာပိုင် ဂုဋ္ဌာဘိမိန္ဒုယ၊ ပထမတွဲ။ ရန်ကုန်မြို့။ ၁၉၂၈–ခုနှစ်။

၁၄၃။ တောင်ပေါက်ဆရာတော် အဘိဓာနပ္ပဒီပိကာနိဿယသစ်။ ရန်ကုန်မြို့။ ၁၉၅၅–ခုနှစ်။

၁၄၄။ တောင်ပေါက်ဆရာတော် ဓရုဿဝါဟိနီဗျုဒက်နိဿယ၊ စတုတ္ထပိုင်း။ မော်လမြိုင်မြို့။ ၁၉၈၀–ပြည့်နှစ်။

၁၄၅။ တောင်ပေါက်ဆရာတော် ဗုဒ္ဓသာသနိကပဋ္ဌဝိဝင်္ကမ်း။ ရန်ကုန်မြို့။ ၁၉၃၂–ခုနှစ်။

၁၄၆။ တောင်ဗိလာဆရာတော် ဗိနယာလင်္ကာရဋီကာ၊ ဒုတိယအုပ်။ ရန်ကုန်မြို့။

၁၄၇။ တောင်လေးလုံးဆရာတော် ဩဝါဒကထာ (ဩဝါဒ)။ ဗုဒ္ဓသာသနာ့အလင်းစာစောင်။ အတွဲ–၁၊ အမှတ်–၁။ ၁၉၆၅–ခုနှစ်။ ရန်ကုန်မြို့။

၁၄၈။ အသျှင်တိဿ ဖိုးဝင်းတောင်သမိုင်း။ မန္တလေးမြို့။ ၁၉၆၃–ခုနှစ်။

၁၄၉။ တွင်းသင်းမင်းကြီး မဟာဓနကဏ္ဍ။ ရန်ကုန်မြို့။ ၁၈၉၀–ပြည့်နှစ်။

၁၅၀။ တွင်းသင်းမင်းကြီး တွင်းသင်းပေါရာဏကထာ။ ပေါရာဏကထာဦးကာကျမ်း။ ရန်ကုန်မြို့။ ၁၉၀၄–ခုနှစ်။

၁၅၁။ တွင်းသင်းမင်းကြီး အလောင်းမင်းတရားကြီးအဓိဋ္ဌာန်ပုံ။ ရန်ကုန်မြို့။ ၁၉၄၃–ခုနှစ်။

၁၅၂။ တွင်းသင်းမင်းကြီး မဟာရာဇဝင်သစ်၊ တတိယတွဲ။ ရန်ကုန်မြို့။ ၁၉၉၇–ခုနှစ်။

၁၅၃။ တွံတေးဆရာတော် ကစ္စာနသံဓိဝိနိသျ၊ ဒုတိယတွဲ။ ရန်ကုန်မြို့။ ၁၉၃၈–ခုနှစ်။

၁၅၄။ ထီးချိုင့်တည်တောဆရာတော် မန်လည်စကားပုံများ။ ရန်ကုန်မြို့။ ၁၉၇၅–ခုနှစ်။

၁၅၅။ ထီးချိုင့်တည်တောဆရာတော် ယနေ့ဗုဒ္ဓဝါဒဆိုင်ရာအမေးအဖြေများ(၃)။ ရန်ကုန်မြို့။ ၁၉၉၉–ခုနှစ်။

၁၅၆။ ထန်လှိုင် ရှေးဟောင်းမြန်မာ့အိုးမြို့တော်။ ရန်ကုန်မြို့။ ၂၀၀၁–ခုနှစ်။

၁၅၇။ ထန်းတပင်ဆရာတော်ကြီး ယဓိက်အရကောက်ကျမ်း။ ရန်ကုန်မြို့။ ၁၉၇၉–ခုနှစ်။

၁၅၈။ ထန်းတပင်ဆရာတော်ကြီး ပဋ္ဌာန်းအရကောက်ကျမ်း။ ရန်ကုန်မြို့။ ၁၉၇၉–ခုနှစ်။

၁၅၉။ ဦးထွေးဟန်နှင့်ဦးဘညွှန့် မြန်မာ့ဓလေ့ဓလောဓလေ့နှတ်သမိုင်း။ ရန်ကုန်မြို့။ ၁၉၈၁–ခုနှစ်။

၁၆၀။ ထွန်းနွယ် ပုဂံဘုရားစာရင်းကျယ်ရှာပုံတော် (စာတန်း)။ ပုဂံလက်သစ်။ မန္တလေးမြို့။ ၁၉၉၆–ခုနှစ်။

http://www.dhammadownload.com

၁၆၁။ နိုင်ထွန်းရွှေ **စေတီသုံးစေတ်မွန်ကျောက်စာအဘိဓာန်**။ ရန်ကုန်မြို့။ ၁၉၆၈–ခုနှစ်။

၁၆၂။ ထွန်းရွှေခိုင်(မဟာဝိဇ္ဇာ) **ရခိုင်စေသာလီစေတီဗုဒ္ဓအနုပညာ**။ ရန်ကုန်မြို့။

၁၆၃။ ဦးထွန်းလှိုင် **လူသားတို့ထွက်ရပ်လမ်း**။ ရန်ကုန်မြို့။ ၁၉၈၄–ခုနှစ်။

၁၆၄။ ဦးထွန်းလှိုင် နီအိန်း **မိနတ္ထပကာသနီကျမ်း**။ ရန်ကုန်မြို့။ ၁၉၉၇–ခုနှစ်။

၁၆၅။ ဓမ္မာစရိယဦးထွန်းသိန်း **ဇင်းမယ်ပဏ္ဏာသဘာသာပြန်**၊ ဒုတိယတွဲ။ ရန်ကုန်မြို့။ ၁၉၈၁–ခုနှစ်။

၁၆၆။ ဒဂုန်ခင်ခင်လေး ပြည်တွင်းဆောင်းပါးပေါင်းချုပ်။ ရန်ကုန်မြို့။ ၁၉၇၅–ခုနှစ်။

၁၆၇။ ဒဂုန်နတ်ရှင် **စာပေတတ်ဆံ**၊ အမှတ်–၈။ ရန်ကုန်မြို့။ ၁၉၇၃–ခုနှစ်။

၁၆၈။ ဒဂုန်ဦးထွန်းမြင့် ကန်ကျောက်**ဒတ္တရုည်** (ဆောင်းပါး)။ ယဉ်ကျေးမှုစာစောင်။ အတွဲ–၃၊ အမှတ်–၉။ ရန်ကုန်မြို့။

၁၆၉။ ဒဂုန်ဦးထွန်းမြင့်(တည်း) **သဏ္ဌာန်ပုပကဝိလာသနီကျမ်း**။ ရန်ကုန်မြို့။ ၁၉၆၁–ခုနှစ်။

၁၇၀။ ဒဂုန်ဦးထွန်းမြင့် ဟိဠိသက်ငေါဟာရအဘိဓာန်။ ရန်ကုန်မြို့။ ၁၉၆၈–ခုနှစ်။

၁၇၁။ ဒီပဲရင်းဆရာတော် **တထာဂတဘဒ္ဒါနုဒီပနီ**၊ ပထမတွဲ။ မန္တလေးမြို့။ ၁၉၁၄–ခုနှစ်။

၁၇၂။ မောင်ဒေဝ **သျှစ်သောင်းဘုရားမှ မင်းဝတ်တန်ဆာနဲ့လင်္ကာနှင့်ကျောက်ဆင်းတုတော်** (ဆောင်းပါး)။ ရခိုင်ညွှန်ဖူး၊ အမှတ်–၄။ ရန်ကုန်မြို့။ ၁၉၉၇–ခုနှစ်။

၁၇၃။ **မွန်စေတီမင်း မွန်စေတီဘုရားရှိမိုးကျမ်း**။

၁၇၄။ မွန်ဗိမာန်ပညာရှင်များ **ပိဋကတ်ဝတ္ထုလမ်းညွှန်**။ ရန်ကုန်မြို့။ ၂၀၀၄–ခုနှစ်။

၁၇၅။ ဦးခမ္မသာရ(ဦးဆောင်) **ရွှေကြီးဘုရားသမိုင်း**။ ရန်ကုန်မြို့။ ၁၉၉၉–ခုနှစ်။

၁၇၆။ နဂါးဗိုလ်ထိပ်တင်ဒွေး **ရန်ကုန်ရာဇဝင်**။ ရန်ကုန်မြို့။ ၁၉၄၈–ခုနှစ်။

၁၇၇။ အရှင်နရသီဟ **မေတ္တေယျအနာဂတဝင်ကျမ်း**။ စစ်တွေမြို့။ ၁၉၆၃–ခုနှစ်။

၁၇၈။ အရှင်နာဂဝံသ သုံးဆယ်မြို့ **မောင်းထောင်ကျောင်းတိုက် ရာပြည့်သာသနာဝင်**။ ရန်ကုန်မြို့။ ၁၉၉၁–ခုနှစ်။

၁၇၉။ ဆရာတော်ဦးနာရဒ **ဗောဓိတထောင်သမိုင်း**။ ရန်ကုန်မြို့။ ၁၉၈၂–ခုနှစ်။

၁၈၀။ အရှင်နေမိန္ဒရ **နယသဒ္ဓမ္မဆန်းဂဏ္ဌီ**၊ ဒုတိယတွဲ။ ရန်ကုန်မြို့။

၁၈၁။ တတိယနံမော်ဆရာတော် **သီလဝိသောဓနီ**။ ရန်ကုန်မြို့။ ၁၉၉၂–ခုနှစ်။

၁၈၂။ နံ့သာစာပေ(စု) **မြန်မာမင်းများအလေးတော်ပုံ**။ ရန်ကုန်မြို့။ ၁၉၆၇–ခုနှစ်။

၁၈၃။ နိုင်ငံခြားဘာသာစာပေထုတ်ဝေရေးဌာန **ကဒ္ဒာလရာဇ်စာစောင်**။ ၁၉၈၉–ခုနှစ်။ ပီကင်းမြို့။

၁၈၄။ နိုင်ငံတော်သီးခြားဝိနည်းဓိရိအဖွဲ့. အမှတ်(၂) **လူသေလူဖြစ်ပါဒါနုပါဒဝိနိစ္ဆယ**။ ရန်ကုန်မြို့။ ၁၉၈၁–ခုနှစ်။

၁၈၅။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့. **ညွှန်ကြားလွှာများ(၁) မှ (၈၅)**။ ရန်ကုန်မြို့။ ၁၉၉၇–ခုနှစ်။

၁၈၆။ အရှင်နန္ဒဝံသ **ရွှေညောနံ့စေတီတော်ကြီးသမိုင်းသစ်**။ ရန်ကုန်မြို့။ ၁၉၃၈–ခုနှစ်။

၁၈၇။ နန္ဒာသိန်းဇံ **ကြာ**။ ရန်ကုန်မြို့။ ၂၀၀၀–ပြည့်နှစ်။

၁၈၈။ နဲကြီးဆရာတော် **ဓာတုဝန္ဒနာဒီကျမ်း**။ ရန်ကုန်မြို့။ ၁၉၂၇–ခုနှစ်။

၁၈၉။ ဝန်ကြီးပဒေသရာဇာ **ရွှေတိဂုံဘုရားသမိုင်းလင်္ကာ**။ ရွှေဒဂုံဘုရား။ ရန်ကုန်မြို့။ ၁၉၇၀–ပြည့်နှစ်။

၁၉၀။ ပခန်းကျော် **ပခန်းကြီးအကြောင်းသိကောင်းစရာများ**။ ရန်ကုန်မြို့။ ၁၉၇၂–ခုနှစ်။

၁၉၁။ ပါရဂူ(ပြန်) **ညီတော်မင်းနန်း**။ ရန်ကုန်မြို့။ ၁၉၆၄–ခုနှစ်။

၁၉၂။ ပါရဂူ **မဟာဓရီးသည်ကြီး**။ ရန်ကုန်မြို့။ ၁၉၇၄–ခုနှစ်။

၁၉၃။ ပါရဂူ **တမ္ဗပဏ္ဏီ**။ ရန်ကုန်မြို့။ ၁၉၉၉–ခုနှစ်။

၁၉၄။ ပါရဂူ **ဒေသာစာရီ ဝေဿာလီ**။ ရန်ကုန်မြို့။ ၁၉၉၉–ခုနှစ်။

၁၉၅။ ပါရဂူ **မဟာရာမနိအိန်း**။ မဟာရာမ။ ရန်ကုန်မြို့။ ၂၀၀၁–ခုနှစ်။

http://www.dhammadownload.com

၁၉၆။ ပါရဂူ ပါဠိစာပေဌာနသော ကာကျောက်ကန်များ။ မဟာသမ္မတ။ ရန်ကုန်ပြို့။ ၂၀၀၂–ခုနှစ်။
၁၉၇။ ဝိဇ္ဇာကဗျူဟာအဖွဲ့. နာဇရေတရုံသံဝဏ္ဏနာမဟိဋ္ဌ။ ရန်ကုန်ပြို့။ ၁၉၈၂–ခုနှစ်။
၁၉၈။ ပုဂံဝန်ထောက်ဦးတင် ကဗျာဓန္ဓသာရကျမ်း။ ရန်ကုန်ပြို့။ ၁၉၅၈–ခုနှစ်။
၁၉၉။ ပုဂံဝန်ထောက်ဦးတင် မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း (တတိယပိုင်း)။ ရန်ကုန်ပြို့။ ၁၉၇၀–ပြည့်နှစ်။
၂၀၀။ ပုလဲပြို့ ဆင်ပြေရွှေမော်ကွန်းစာ။
၂၀၁။ ပဲခူးပြို့ ဆုတောင်းပြည့်စေတီသမိုင်း (မူဟောင်း)။ ရန်ကုန်ပြို့။ ၁၉၅၆–ခုနှစ်။
၂၀၂။ ဦးပေါ်ဦး ဝိနယဝိနိစ္ဆယဓမ်းပေါင်း၏ထွက်ရပ်ပေါက်ရာဝင်အဏ္ဏဝတ္ထု။ ရန်ကုန်ပြို့။ ၁၉၅၂–ခုနှစ်။
၂၀၃။ ပါမောက္ခဒေါက်ပို(စု) မြန်မာစာညွှန်ပေါင်းကျမ်း၊ ပဌမတွဲ။ ရန်ကုန်ပြို့။ ၁၉၉၂–ခုနှစ်။
၂၀၄။ ပါမောက္ခဒေါက်ပို(စု) မြန်စာညွှန်ပေါင်းကျမ်း၊ ဆဋ္ဌတွဲ။ ရန်ကုန်ပြို့။ ၁၉၉၂–ခုနှစ်။
၂၀၅။ ကိုပညာ(အမရပူရ) တောင်သမန်ဝန်းကျင်သမိုင်းဝင်နေရာများ။ ရန်ကုန်ပြို့။ ၁၉၉၆–ခုနှစ်။
၂၀၆။ ပညာရောင်ခြည်စာပေ ပညာရောင်ခြည်သုရာရှိုးအဖျိုးမြို့။ ရန်ကုန်ပြို့။ ၁၉၉၀–ပြည့်နှစ်။
၂၀၇။ ဝိနယ်ဆရာတော်ဦးပညာဝံသ လက်ဖွဲ့သုံးဆူရတနာဘုရားရှိုးရဏ္ဍနဂ္ဂယပူစာ။ ဝိနယ်ပြို့။ ၁၉၈၆–ခုနှစ်။
၂၀၈။ စတုတ္ထမြစ်ကွေးဆရာတော်ဦးပညာဝံသ ဝိဇ္ဇကတ်တော်သမိုင်းသစ် (ပြည့်ဖွဂ်ဈက်)။ လက်နှိပ်စက်မူ။ မန္တလေးပြို့။ ၁၉၉၈–ခုနှစ်။
၂၀၉။ ဦးပညာသီဟ ဗုဒ္ဓဝံသတ္ထဒီပကကျမ်း။ ရန်ကုန်ပြို့။ ၁၉၂၈–ခုနှစ်။
၂၁၀။ အရှင်ပညာသီဟ (ဦးဆောင်) ဂါထာခြောက်ဆယ်ဖျို့အစွင့်။ တက္ကသိလမဟာဓမ္မာစရိယဘွဲ့ယူကျမ်း။ ရန်ကုန်ပြို့။ ၂၀၀၃–ခုနှစ်။
၂၁၁။ ဦးပဏ္ဍဝံသ ဒုလ္လဘသပ္ပိုတ်။ ရန်ကုန်ပြို့။ ၁၈၉၉–ခုနှစ်။
၂၁၂။ စလင်းဦးပဏ္ဍိစ္စ စလင်းဝိနည်းကျွှိသစ်ကျမ်း၊ ပထမတွဲ။ ရန်ကုန်ပြို့။ ၁၉၉၆–ခုနှစ်။
၂၁၃။ ရွှေဟင်္သာဆရာတော်အရှင်ပဏ္ဍိတ ရွှေကျင်နိကာယသာသနာဝင်။ ရန်ကုန်ပြို့။ ၁၉၆၃–ခုနှစ်။
၂၁၄။ ရွှေဟင်္သာဆရာတော်အရှင်ပဏ္ဍိတ ရွှေဟင်္သာတောရသမိုင်း။ ရန်ကုန်ပြို့။ ၁၉၇၉–ခုနှစ်။
၂၁၅။ ရွှေဟင်္သာဆရာတော်အရှင်ပဏ္ဍိတ လူမင်းနတ်မင်းဦးညွှတ်ခြင်း။ ရန်ကုန်ပြို့။ ၁၉၇၉–ခုနှစ်။
၂၁၆။ ဒေါက်တာနိုင်ပန်းလှ မြစေတီမွန်ကျောက်စာ။ ရန်ကုန်ပြို့။ ၁၉၉၇–ခုနှစ်။
၂၁၇။ နိုင်ပန်းလှ မွန်ဘာသာစာတံဆိပ်ရာဇာဝါဒဆယ် (ဆောင်းပါး)။ သုတေသနစာပေများ။ ရန်ကုန်ပြို့။ ၁၉၉၈–ခုနှစ်။
၂၁၈။ နိုင်ပန်းလှ ထိုင်းမွန်စာပေဟောင်းများ (ဆောင်းပါး)။ သုတေသနစာပေများ။ ရန်ကုန်ပြို့။ ၁၉၉၈–ခုနှစ်။
၂၁၉။ ဒေါက်တာနိုင်ပန်းလှ ရွှေညောင်ဖုံမွန်ကျောက်စာ။ ရန်ကုန်ပြို့။ ၂၀၀၀–ပြည့်နှစ်။
၂၂၀။ ဒေါက်တာနိုင်ပန်းလှ ဒလပြို့ဟောင်းမွန်ကျောက်စာ (ဆောင်းပါး)။ ကလျာမဂ္ဂဇင်း။ မတ်လ၊ ၂၀၀၀–ပြည့်နှစ်။ ရန်ကုန်ပြို့။
၂၂၁။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးစာတည်းအဖွဲ့. နှစ်ဆယ်ရာစု မြန်မာစာရေးဆရာများနှင့်စာစုတေရင်း။ ရန်ကုန်ပြို့။ ၂၀၀၃–ခုနှစ်။
၂၂၂။ ပြန်ကြားရေးဝန်ကြီးဌာန ပုဂံဘုရားပုထိုးများ၊ ပထမတွဲ။ ရန်ကုန်ပြို့။ ၁၉၉၄–ခုနှစ်။
၂၂၃။ ဦးဖေမောင်တင်(ပြန်) ရွှေညောင်ဖုံမွန်ကျောက်စာ။ ရန်ကုန်ပြို့။ ၁၉၅၆–ခုနှစ်။
၂၂၄။ ဦးဖေမောင်တင် မြန်စာပေသမိုင်း။ ရန်ကုန်ပြို့။ ၁၉၅၈–ခုနှစ်။
၂၂၅။ ဦးဖေမောင်တင် မြစေတီကျောက်စာ (ဆောင်းပါး)။ နဝရတ်ကိုးသွယ်။ ရန်ကုန်ပြို့။ ၁၉၆၆–ခုနှစ်။
၂၂၆။ ဦးဖေမောင်တင် ယိုးဒယားပြည်ဖုရရှိသောယဉ်ကျေးမှု (ဆောင်းပါး)။ နဝရတ်ကိုးသွယ်။ ရန်ကုန်ပြို့။ ၁၉၆၆–ခုနှစ်။
၂၂၇။ ဦးဖေမောင်တင် ပုဂံကျောက်စာပါဗုဒ္ဓဘာသာ (စာတန်း)။ မြန်မာဝတ္ထုသမိုင်းအခန့်သုတေသနစာတန်းများ။ ရန်ကုန်ပြို့။ ၁၉၆၉–ခုနှစ်။

http://www.dhammadownload.com

၂၂၈။ ဦးဖိုးကျား မြန်မာ့ဂုဏ်ရည်ရာဇဝင်ဖတ်စာ၊ ဒုတိယပိုင်း။ ရန်ကုန်မြို့။ ၁၉၅၀–ပြည့်နှစ်။
၂၂၉။ ဦးဖိုးကျား မြောက်ပိုင်းဗုဒ္ဓဘာသာ။ ရန်ကုန်မြို့။ ၁၉၅၄–ခုနှစ်။
၂၃၀။ ဦးဖိုးကျား အလောင်းတော်ကသပ။ ရန်ကုန်မြို့။ ၁၉၇၃–ခုနှစ်။
၂၃၁။ ဦးဖိုးကျား ကိုယ်တွေ့ဝတ္ထုများ။ ရန်ကုန်မြို့။ ၁၉၉၉–ခုနှစ်။
၂၃၂။ မောင်ဖိုးကျား ယေဉ်လောင်ရှင်ကသဿပထေရ်မြတ်ရုပ်တုတော် (ဆောင်းပါး)။ မြတ်မင်္ဂလာစာစောင်။ အတွဲ–၁၂၊ အမှတ်–၄၊ ၁၉၃၆–ခုနှစ်။ ရန်ကုန်မြို့။
၂၃၃။ ဦးဖြေ ဗေါရာဏာဇူလကထာအာဘိစာန်။ ရန်ကုန်မြို့။ ၁၉၂၆–ခုနှစ်။
၂၃၄။ ဗားမဲ့ဆရာတော် မဟာသိဒ္ဓိကျမ်းရင်းကြီးနှစ်တွဲ။ မန္တလေးမြို့။ ၁၉၆၂–ခုနှစ်။
၂၃၅။ ဗြဟ္မစာရီမွန်ဗိုကေ မိလိန္ဒပဉ္ဍာအကျဉ်းချုပ်။ ရန်ကုန်မြို့။ ၁၉၂၈–ခုနှစ်။
၂၃၆။ ဗြဟ္မစာရီမွန်ဗိုကေ အနိရုဒ္ဓဝေဝင်းကြီးဆိုင်ရာအထောက်အထားများ (ဆောင်းပါး)။ ယဉ်ကျေးမှုစာစောင်။ အတွဲ–၄။ အမှတ်–၁၀။ ၁၉၆၁–ခုနှစ်။ ရန်ကုန်မြို့။
၂၃၇။ ဦးဗိုကေ ပုဂံသုတေသနလမ်းညွှန်။ ရန်ကုန်မြို့။ ၁၉၈၁–ခုနှစ်။
၂၃၈။ ဗြဟ္မစာရီမွန်ဗိုကေ ဗြဿိန်မည်ကျော် ဆင်းရဲပုံတော် (ဆောင်းပါး)။ ရတနာမွန်မဂ္ဂဇင်း။ ၁၉၈၆–ခုနှစ်။ ဒီဇင်ဘာလ။ ရန်ကုန်မြို့။
၂၃၉။ ဗြဟ္မစာရီမွန်ဗိုကေ ဂဝံပတိမထေရ်နှင့်မွန်မြန်မာသမိုင်း (ဆောင်းပါး)။ ယဉ်ကျေးမှုစာစောင်။ အတွဲ–၁၊ အမှတ်–၇။ ရန်ကုန်မြို့။
၂၄၀။ အရှင်ဗုဒ္ဓရက္ခိတ မိနာလင်္ကာရဋီကာပါဠိ။ ရန်ကုန်မြို့။ ၁၉၄၀–ပြည့်နှစ်။
၂၄၁။ ဗန္တ ရဝင်း သန္နာတန်ဖိုးရှင်သိမ်တော်ရင် (ဆောင်းပါး)။ ဓမ္မရုပ်စုံမဂ္ဂဇင်း။ အောက်တိုဘာလ၊ ၁၉၉၃–ခုနှစ်။ ရန်ကုန်မြို့။
၂၄၂။ ဗိုလ်ကုန်းဆရာတော် မရိတ်ကြီးဂဏ္ဌိ။ ရန်ကုန်မြို့။ ၁၉၀၅–ခုနှစ်။
၂၄၃။ ဦးဘမောင် ဦးကြော့နှင့်တောင်တွင်းစာဆိုကဗျာများ။ ရန်ကုန်မြို့။ ၁၉၅၆–ခုနှစ်။
၂၄၄။ ဦးဘရင်(တည်း) နဝဒေးဆိုရတုပေါင်းချုပ်။ မန္တလေးမြို့။ ၁၉၂၉–ခုနှစ်။
၂၄၅။ ဟံသာဝတီဦးဘရင် သာသနာ့ဝီးခဲများ (ဆောင်းပါး)။ တိုးတက်ရေးမဂ္ဂဇင်း။ အမှတ်–၃၂။ ၁၉၃၆–ခုနှစ်။ ရန်ကုန်မြို့။
၂၄၆။ ဟံသာဝတီဦးဘရင် စစ်ထွက်စာဆိုများ။ ရန်ကုန်မြို့။ ၁၉၆၆–ခုနှစ်။
၂၄၇။ ဗိုလ်မှူးဘရှင် ပုဂံမင်စောသုတေသနလုပ်ငန်း။ ရန်ကုန်မြို့။ ၁၉၆၄–ခုနှစ်။
၂၄၈။ ဦးဘရှင် ပုဂံခေတ်မိသုကာနှင့်အစုလည် (စာတန်း)။ ပြည်ထောင်စုမြန်မာနိုင်ငံစာပေနှင့်လူမှုရေးသိပ္ပံဂျာနယ်။ အတွဲ–၂၊ အမှတ်–၂။ ၁၉၆၉–ခုနှစ်။ ရန်ကုန်မြို့။
၂၄၉။ ဗိုလ်မှူးဘရှင် အနော်ရထာအရင်က မြန်မာနိုင်ငံ။ ရန်ကုန်မြို့။ ၁၉၇၁–ခုနှစ်။
၂၅၀။ ဦးဘသန်း ကျောင်းသုံးမြန်မာရာဇဝင်။ ရန်ကုန်မြို့။ ၁၉၅၃–ခုနှစ်။
၂၅၁။ ဒေါက်တာဘဟန် သျှင်ဥတ္တမကျော်တောလား။ ရန်ကုန်မြို့။ ၁၉၆၄–ခုနှစ်။
၂၅၂။ ဆရာကြီးဦးဘိ(ဦးဆောင်) သုသောဓိတမဟာရာဇဝင်ကြီး၊ ပထမတွဲ။ ရန်ကုန်မြို့။ ၁၉၂၂–ခုနှစ်။
၂၅၃။ ဘုရားဖြူဆရာတော် ကလျာဏီကျောက်စာပါဠိနိဿယ။ ရန်ကုန်မြို့။ ၁၉၃၈–ခုနှစ်။
၂၅၄။ ဦးဘော ရွှေကြီးဘုရားကျောက်စာဂါထာ(၁၀၀)နီသျှ။ မန္တလေးမြို့။ ၁၉၁၀–ပြည့်နှစ်။
၂၅၅။ ဦးဘော ပုဂံရာဇဝင်သစ်(ရာစဝံသစာလိနီ)။ မန္တလေးမြို့။ ၁၉၂၃–ခုနှစ်။
၂၅၆။ ဦးဘော ကဗျတ္တုနိဒ္ဒေကာကျမ်း။ ရန်ကုန်မြို့။ ၁၉၂၆–ခုနှစ်။
၂၅၇။ ဦးဘိုးသိန်း ဗေါရာဏဒီပနီ၊ ဒုတိယတွဲ။ ရန်ကုန်မြို့။ ၁၉၁၃–ခုနှစ်။
၂၅၈။ မစိုးရိမ်နာယကအပွဲ့ တိပိဋကပါဠိ–မြန်မာအဘိဓာန်၊ အတွဲ–၁၅။ ရန်ကုန်မြို့။ ၁၉၈၂–ခုနှစ်။
၂၅၉။ မစိုးရိမ်နာယကအပွဲ့ တိပိဋကပါဠိ–မြန်မာအဘိဓာန်၊ အတွဲ–၁၆။ ရန်ကုန်မြို့။ ၁၉၈၉–ခုနှစ်။
၂၆၀။ မဟာစည်ဆရာတော် အင်ဒိုနေးရှားသာသနာ့ပြုမှုတ်တမ်း။ ရန်ကုန်မြို့။ ၁၉၅၉–ခုနှစ်။

http://www.dhammadownload.com

၂၆၁။ မဟာစည်ဆရာတော်ကြီး ဝိသုဒ္ဓိမဂ်ပြန်မာပြန်၊ ပထမတွဲ။ စာပေပေါင်းကူးပုံနှိပ်တိုက်၊ ရန်ကုန်မြို့။ ၁၉၇၈–ခုနှစ်။
၂၆၂။ မဟာစည်ဆရာတော် သြဝါဒဓမ္မအစဉ်။ ရန်ကုန်မြို့။ ၁၉၈၃–ခုနှစ်။
၂၆၃။ မဟာတိသဒ္ဓမ္မဇောတိပါဠိလောင်းတော်ကြီးစာနှင့် မဟာဃဏ္ဍပါဠိလောင်းတော်ကြီးစာ။ ရန်ကုန်မြို့။ ၁၈၈၃–ခုနှစ်။
၂၆၄။ မဟာဓမ္မသင်္ဂြိ သာသနာလင်္ကာရစာတမ်း။ ရန်ကုန်မြို့။ ၁၉၂၈–ခုနှစ်။
၂၆၅။ မဟာပဏာမကျမ်း။ ရန်ကုန်မြို့။ ၁၉၈၀–ပြည့်နှစ်။
၂၆၆။ အရှင်မဟာမင်္ဂလ ဗုဒ္ဓဃောသုပ္ပတ္တိပါဠိ။ ရန်ကုန်မြို့။
၂၆၇။ မဟာမြိုင်ဆရာတော် မဟာသိဒ္ဓိကျမ်းရင်း၊ ဒုတိယတွဲ။ မန္တ လေးမြို့။ ၁၉၆၅–ခုနှစ်။
၂၆၈။ ရှင်မဟာရဋ္ဌသာရ တန်တားဦးတည်မင်္ဂလာစေတီမော်ကွန်း။ ရန်ကုန်မြို့။ ၁၉၆၅–ခုနှစ်။
၂၆၉။ မဟာဝိသုဒ္ဓါရုံဆရာတော် ပရမတ္ထသင်္ဂဟအဘေဒနီ၊ ပထမတွဲ။ ရန်ကုန်မြို့။ ၂၀၀၀–ပြည့်နှစ်။
၂၇၀။ မဟာဝိသုဒ္ဓါရုံဆရာတော် ဆိန္နပဒါဓာနနိကျမ်း။ ရန်ကုန်မြို့။ ၁၉၆၂–ခုနှစ်။
၂၇၁။ မဟာသိဝဆရာတော် မဂ္ဂဗောဓနကျမ်း၊ ပထမတွဲ။ မန္တ လေးမြို့။ ၁၉၃၅–ခုနှစ်။
၂၇၂။ ရှင်မဟာသီလဝံသ သံဝေဂနိုးဖျိုး။ ရန်ကုန်မြို့။ ၁၉၀၀–ပြည့်နှစ်။
၂၇၃။ ရှင်မဟာသီလဝံသ သံဝေဂနိုးလင်္ကာ။ ရန်ကုန်မြို့။ ၁၉၀၄–ခုနှစ်။
၂၇၄။ အရှင်မဟာသီလဝံသ ပါရမီတော်ဓနိုးဖျိုး။ ရန်ကုန်မြို့။ ၁၉၂၃–ခုနှစ်။
၂၇၅။ အရှင်မဟာသီလဝံသ ဆုတောင်းဓနိုးဖျိုး။ ရန်ကုန်မြို့။ ၁၉၅၆–ခုနှစ်။
၂၇၆။ ရှင်မဟာသီလဝံသ တန်တားဦးတည်မင်္ဂလာစေတီမော်ကွန်း။ ရန်ကုန်မြို့။ ၁၉၆၅–ခုနှစ်။
၂၇၇။ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး ပရမတ္ထသင်္ဂဟအဘေဒနီကျမ်း၊ ဒုတိယတွဲ။ ၂၀၀၂–ခုနှစ်။ ရန်ကုန်မြို့။
၂၇၈။ မာဂဓီ(သာစည်) အသံမဲ့ပဌာန်းပုစ္ဆော်ပွဲ။ ရန်ကုန်မြို့။ ၁၉၉၆–ခုနှစ်။
၂၇၉။ မာယ ဗုဒ္ဓဝင်ရှင်းတမ်း။ ရန်ကုန်မြို့။ ၁၉၃၉–ခုနှစ်။
၂၈၀။ မာယ မင်းမြတ်သာလွန်။ ရန်ကုန်မြို့။ ၁၉၄၁–ခုနှစ်။
၂၈၁။ မာယနှင့်ဓေယျ(ဦးယော) ပက်သ့ဖါဓာတ်တော်။ ရန်ကုန်မြို့။ ၁၉၅၁–ခုနှစ်။
၂၈၂။ မာယ စီနာလင်္ကာရဘာသာပြန် (ဆောင်းပါး)။ သာသနာ့ရောင်ခြည်စာစောင်။ အတွဲ–၅၊ အမှတ်–၃။ ၁၉၅၆–ခုနှစ်။ ရန်ကုန်မြို့။
၂၈၃။ ဆရာမာယ ရှင်ဗောဓိသီလဝံသ။ ရန်ကုန်မြို့။ ၁၉၇၁–ခုနှစ်။
၂၈၄။ မာယ ဓကလာသတောင်သို့ (ဆောင်းပါး)။ ဥာဏ်လင်းဓမ္မပဒေသာ။ ၁၉၈၅–ခုနှစ်၊ ဇူလိုင်လ။ ရန်ကုန်မြို့။
၂၈၅။ ဥူးမာနိတသိရိုနှင့် ဥူးနန္ဒမာလာဘိဝံသ စံကင်းဆရာတော်။ မန္တ လေးမြို့။ ၁၉၇၂–ခုနှစ်။
၂၈၆။ မေဓာဝိဆရာဆိုင် ဦးကာကျော်မြန်မာပြန်၊ တတိယတွဲ။ ရန်ကုန်မြို့။ ၁၉၆၇–ခုနှစ်။
၂၈၇။ မေမြို့မိုးကြည် သံဝေဂနိုးဖျိုး ရှင်မဟာသီလဝံသဓရေး (ဆောင်းပါး)။ ယဉ်ကျေးမှုစာစောင်။ အတွဲ–၃၊အမှတ်–၇။ ၁၉၆၀–ပြည့်နှစ်။ ရန်ကုန်မြို့။
၂၈၈။ မေမြို့မိုးကြည် ဘွဲ့တံဆိပ်တော်ရမဟာထေရ်ကြီးများ။ ရန်ကုန်မြို့။ ၁၉၈၀–ပြည့်နှစ်။
၂၈၉။ မောင်မေအောင်(စု) ချင်းဟောင်း ၁၂–စောင်တွဲ။ မော်လမြိုင်မြို့။ ၁၉၁၂–ခုနှစ်။
၂၉၀။ ပထမမဲထီးဆရာတော် ဝံသဒီပနီ။ ရန်ကုန်မြို့။ ၁၉၆၆–ခုနှစ်။
၂၉၁။ ဒုတိယမဲထီးဆရာတော် မာလာလင်္ကာရကျမ်း၊ ပဌမအုပ်။ ရန်ကုန်မြို့။ ၁၉၆၂–ခုနှစ်။
၂၉၂။ ရွှေဘိုမြို့ မော်ဓေဖြင်သာစေတီတော်သမိုင်း။ ရွှေဘိုမြို့။ ၁၉၅၅–ခုနှစ်။
၂၉၃။ မော်ဝိဆရာသိန်းကြီး နန်းဓေတော်မယ်ရေး။ ရန်ကုန်မြို့။ ၁၉၅၀–ပြည့်နှစ်။
၂၉၄။ မော်ဝိဆရာသိန်း ပညာရှိကြီးများအကြောင်း။ ရန်ကုန်မြို့။ ၁၉၆၆–ခုနှစ်။
၂၉၅။ မော်ဝိဆရာသိန်းကြီး ရွှေတောင်းရွှေဖြစ်စာတန်း။ ရန်ကုန်မြို့။

http://www.dhammadownload.com

၂၉၆။ အရှင်မောဂ္ဂလာန အဘိစာနပ္ပဖိဝိကာပါဠိ။ ရန်ကုန်မြို့။ ၁၉၅၇–ခုနှစ်။
၂၉၇။ မင်းကွန်းတိပိဋကဓရဆရာတော် မဟာဗုဒ္ဓဝင်ကျမ်း။ ပထမတွဲ၊ အပိုင်း–၁။ ရန်ကုန်မြို့။ ၁၉၆၂–ခုနှစ်။
၂၉၈။ မင်းကွန်းတိပိဋကဓရဆရာတော် မဟာဗုဒ္ဓဝင်ကျမ်း။ ပထမတွဲ၊ အပိုင်း–၂။ ရန်ကုန်မြို့။ ၁၉၇၂–ခုနှစ်။
၂၉၉။ မင်းကွန်းတိပိဋကဓရဆရာတော် မဟာဗုဒ္ဓဝင်ကျမ်း။ ဒုတိယတွဲ။ ရန်ကုန်မြို့။ ၁၉၆၉–ခုနှစ်။
၃၀၀။ မင်းကွန်းတိပိဋကဓရဆရာတော် မဟာဗုဒ္ဓဝင်ကျမ်း။ တတိယတွဲ။ ရန်ကုန်မြို့။ ၁၉၈၂–ခုနှစ်။
၃၀၁။ မင်းကွန်းတိပိဋကဓရဆရာတော် မဟာဗုဒ္ဓဝင်ကျမ်း။ စတုတ္ထတွဲ။ ရန်ကုန်မြို့။ ၁၉၉၂–ခုနှစ်။
၃၀၂။ မင်းကွန်းတိပိဋကဓရဆရာတော် မဟာဗုဒ္ဓဝင်ကျမ်း။ ပဉ္စမတွဲ။ ရန်ကုန်မြို့။ ၁၉၉၅–ခုနှစ်။
၃၀၃။ မင်းကွန်းတိပိဋကဓရဆရာတော် မဟာဗုဒ္ဓဝင်ကျမ်း။ ဆဋ္ဌမတွဲ၊ အပိုင်း–၁။ ရန်ကုန်မြို့။ ၁၉၇၈–ခုနှစ်။
၃၀၄။ မင်းကွန်းတိပိဋကဓရဆရာတော် မဟာဗုဒ္ဓဝင်ကျမ်း။ ဆဋ္ဌမတွဲ၊ အပိုင်း–၂။ ရန်ကုန်မြို့။ ၁၉၉၂–ခုနှစ်။
၃၀၅။ မင်းဘူးအောင်ကြိုင် ဗိုက်ပူရဟန္တာတစ်ပါးတွင်နေသောရုပ်တုများ (ဆောင်းပါး)။ ဥာဏ်လင်းစမ္ဘပဒေသာ။ နိဝင်ဘာလ၊ ၁၉၈၄–ခုနှစ်။ ရန်ကုန်မြို့။
၃၀၆။ မင်းဘူးအောင်ကြိုင် လက်ရာစုံစွာ အာနန္ဒာ။ ရန်ကုန်မြို့။ ၁၉၉၃–ခုနှစ်။
၃၀၇။ မင်းဘူးအောင်ကြိုင် ပုဂံဧတော်မိသုကာလက်ရာများ။ ရန်ကုန်မြို့။ ၁၉၉၃–ခုနှစ်။
၃၀၈။ မင်းဘူးအောင်ကြိုင် မြတ်ဘုရားရွှေညှိုးမုံလက်ရာစုံ။ ရန်ကုန်မြို့။ ၂၀၀၂–ခုနှစ်။
၃၀၉။ မင်းရဲနရသူ ရွှေတိဂုံသမိုင်းပြို။ ရန်ကုန်မြို့။ ၂၀၀၃–ခုနှစ်။
၃၁၀။ မင်းသုဝဏ် ပုဂံမြို့၊ ပွဲမင်းမောင်ဗိုး၏ သက်သေတိုင်ရတု (ဆောင်းပါး)။ ယဉ်ကျေးမှုစာစောင်။ အတွဲ–၄၊ အမှတ်–၃။ ၁၉၆၃–ခုနှစ်။ ရန်ကုန်မြို့။
၃၁၁။ မင်းသုဝဏ် မြန်မာစာလုံးပေါင်းဖြစ်စဉ် (ဆောင်းပါး)။ ပန်းနှင့်ပင်စည်။ ရန်ကုန်မြို့။ ၁၉၆၄–ခုနှစ်။
၃၁၂။ မင်းသုဝဏ် မြန်မာနိုင်ငံရှေးခေတ်ဘာသာပြန်သမိုင်းအကျဉ်းချုပ် (စာတန်း)။ ပန်းနှင့်ပင်စည်။ ရန်ကုန်မြို့။ ၁၉၆၅–ခုနှစ်။
၃၁၃။ မင်းသုဝဏ် ဗုဒ္ဓစရိတကဗျာကြီးနှင့်စံကျောင်းဆရာတော်ဘုရား (ဆောင်းပါး)။ ရွှေဟင်္သာတောရ (စ၅)နှစ်မြောက်စာစောင်။ ရန်ကုန်မြို့။
၃၁၄။ မင်းသုဝဏ် သုစာတာယနာချက်စဉ်က (ဆောင်းပါး)။ ရွှမဝမဂ္ဂဇင်း။
၃၁၅။ မင်းသုဝဏ် ဗုဒ္ဓဆင်းတုတော်လေ့လာချက် (စာတန်း)။ စာပေဗိမာန်စာပဒေသာ။ ရန်ကုန်မြို့။
၃၁၆။ ကထိကဦးမောင်မောင်ကြီး ဦးယာဏ်ရတုလက်ရာ။ ရန်ကုန်မြို့။ ၁၉၆၁–ခုနှစ်။
၃၁၇။ တက္ကသိုလ်မောင်မောင်ကြီး သဘာဝအသွင်နှင့်ရှင်ဥတ္တရာမကျော်အမြင်။ ရန်ကုန်မြို့။ ၁၉၆၆–ခုနှစ်။
၃၁၈။ ဦးမောင်မောင်ညွှန့် မြန်မာနိုင်ငံပါဠိနှင့်ပိဋကတ်စာပေသမိုင်းသစ်။ ရန်ကုန်မြို့။ ၂၀၀၃–ခုနှစ်။
၃၁၉။ ဦးမောင်မောင်တင် ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၊ ပထမတွဲ။ ရန်ကုန်မြို့။ ၁၉၆၇–ခုနှစ်။
၃၂၀။ ဦးမောင်မောင်တင် ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၊ ဒုတိယတွဲ။ ရန်ကုန်မြို့။ ၁၉၆၇–ခုနှစ်။
၃၂၁။ ဦးမောင်မောင်တင် ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၊ တတိယတွဲ။ ရန်ကုန်မြို့။ ၁၉၆၈–ခုနှစ်။
၃၂၂။ ဦးမောင်မောင်တင် ရွှေနန်းသုံးဝေါဟာရအဘိဓာန်၊ ပထမတွဲ။ ရန်ကုန်မြို့။ ၁၉၇၅–ခုနှစ်။
၃၂၃။ ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ) မြန်မာဗိသုကာပညာနှင့်ပိဋကတ်ပြဋ္ဌာန်းပုံစံ (ဆောင်းပါး)။ မြန်မာမင်းလက်ထက်တော်စာတမ်းများ။ ရန်ကုန်မြို့။ ၁၉၆၇–ခုနှစ်။
၃၂၄။ ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ) ဓောတိဝါဒ(ဆောင်းပါး)။ မြန်မာမင်းလက်ထက်တော်စာတမ်းများ။ ရန်ကုန်မြို့။ ၁၉၆၇–ခုနှစ်။
၃၂၅။ ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ) ဓေသာဓိပျားသောစန္ဒာဇုနီ (ဆောင်းပါး)။ ဟံသာဝတီသတင်းစာ။(၂၇–၈–၇၂)။မန္တလေးမြို့။
၃၂၆။ ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ) အဋ္ဌာနမေတံ (ဆောင်းပါး)။ မြတ်ဆုမွန်မဂ္ဂဇင်း။ အတွဲ–၁၊ အမှတ်–၃။ ၁၉၈၈–ခုနှစ်။ ရန်ကုန်မြို့။
၃၂၇။ ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ) ရွှေပေါင်လောင်ဘုရားကြီးသမိုင်း။ ရန်ကုန်မြို့။ ၁၉၉၈–ခုနှစ်။

http://www.dhammadownload.com

၃၂၈။ ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ) **မန္တလေးဟောနုိုရ်ရှင်တော်ဘုရားကြီးသမိုင်း**။ မန္တလေးပြို့။ ၂၀၀၀–ပြည့်နှစ်။

၃၂၉။ **မွေးစရိယဦးမောင်မောင်လေး သီလကွန်အဋ္ဌကထာပြန်မာပြန်**။ ရန်ကုန်ပြို့။ ၂၀၀၃–ခုနှစ်။

၃၃၀။ မောင်အုံ(မဟာဝိဇ္ဇာ) **ဗုဒ္ဓသာသနာတော်** ၂၅၀၀–**ဝဿာ**။ ရန်ကုန်ပြို့။ ၁၉၈၀–ပြည့်နှစ်။

၃၃၁။ မောင်းထောင်ဆရာတော် **အဘိဓာန်ဋီကာနိဿယ**၊ ဒုတိယအုပ်။ ရန်ကုန်ပြို့။ ၁၉၁၁–ခုနှစ်။

၃၃၂။ မောင်းထောင်ဆရာတော် **သာသနဝံသပွဒီပိကာ**။ ရန်ကုန်ပြို့။ ၁၉၁၃–ခုနှစ်။

၃၃၃။ မောင်းထောင်ဆရာတော် **အဓေးတော်ဖြေကျမ်း**။ မန္တလေးပြို့။ ၁၉၆၂–ခုနှစ်။

၃၃၄။ သုံးဆယ်မောင်းထောင်ဆရာတော် **ဓာတုဒေသနာသီဃာဓေသနဒေသနာထာနှင့် သီဟိဠ်ဒွစ်ထော်ဘုရားရှိခိုး**။ ရန်ကုန်ပြို့။ ၁၈၉၉–ခုနှစ်။

၃၃၅။ မိုင်းခိုင်းဆရာတော် **ဝိထိပုံ ဘုံဧည့် ဆန်းပုံသိမ်ပုံ**။ မန္တလေးပြို့။ ၁၉၀၂–ခုနှစ်။

၃၃၆။ မိုင်းခိုင်းဆရာတော်ဦးပဏ္ဍိတ **တိဝေဒဂကဝိနိဿယကျမ်း**၊ ဒုတိယတွဲ။ မန္တလေးပြို့။

၃၃၇။ မန်လည်ဆရာတော် **ဃေဒေဝဃကံသမ်**။ ရန်ကုန်ပြို့။ ၁၉၇၅–ခုနှစ်။

၃၃၈။ မန်လည်ဆရာတော် **ပညာဝိမံသနကထာကျမ်း**။ ရန်ကုန်ပြို့။ ၁၉၇၇–ခုနှစ်။

၃၃၉။ မန်လည်ဆရာတော် **မန်လည်ဥမ်းခြောကဗျာကျမ်းနှင့် တေလကဋ္ဌာဟာဂါထာကျမ်း**။ ရန်ကုန်ပြို့။ ၁၉၈၅–ခုနှစ်။

၃၄၀။ မုန်တိုင်ပင်ဆရာတော် **သုံးပုံတံဆွဲနှင့်သုံးပုံအိတ်ထောင့်ကျမ်း**။ ရန်ကုန်ပြို့။ ၁၉၅၉–ခုနှစ်။

၃၄၁။ မုံရွေးဆရာတော် **ပဋ္ဌာဝုဝဏ္ဏီ**။ ရန်ကုန်ပြို့။ ၁၉၂၀–ပြည့်နှစ်။

၃၄၂။ မုံရွေးဆရာတော် **မုံရွေးမှတ်စု**။ ရန်ကုန်ပြို့။ ၁၉၆၅–ခုနှစ်။

၃၄၃။ မုံရွေးဓေတဝန်ဆရာတော် **သမန္တစက္ခုဒီပနီ**။ ရန်ကုန်ပြို့။ ၁၉၈၅–ခုနှစ်။

၃၄၄။ မုံရွေးဓေတဝန်ဆရာတော် **ဓေတီယကထာရာဓေဝံဗျူဟ် (လက်နှိပ်ကော်မူ)**။ ရန်ကုန်ပြို့။

၃၄၅။ ဦးမျိုးညွှန့် **ပုဂံဓေတီပုထိုးများ၏ဗိသုကာနှင့်အနုလက်ရာ**။ ရန်ကုန်ပြို့။ ၁၉၉၉–ခုနှစ်။

၃၄၆။ ဦးမြ **ရှေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ**၊ ပထမတွဲ။ ရန်ကုန်ပြို့။ ၁၉၆၁–ခုနှစ်။

၃၄၇။ ဦးမြ **ရှေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ**၊ ဒုတိယတွဲ။ ရန်ကုန်ပြို့။ ၁၉၆၁–ခုနှစ်။

၃၄၈။ ဦးမြ **အဝယ်ရတနာလိုက်ပူဘုရား**။ ရန်ကုန်ပြို့။ ၁၉၆၈–ခုနှစ်။

၃၄၉။ ဦးမြ **ဧရာပတီ (ဆောင်းပါး)**။ ယဉ်ကျေးမှုစာစောင်။ အတွဲ–၃၊ အမှတ်–၅။ ရန်ကုန်ပြို့။

၃၅၀။ ဦးမြ **ပုဂံအနော်ရထာမင်း၏ကုသိုလ်တော်များ (ဆောင်းပါး)**။ ယဉ်ကျေးမှုစာစောင်။ အတွဲ–၃၊ အမှတ်– ? ။ ရန်ကုန်ပြို့။

၃၅၁။ မြကေတု ရှင်**မဟာကဿပနှင့်ပုဂံပြည်** (ဆောင်းပါး)။ နှန်းခလေ့မှတ်တမ်းများ။ ရန်ကုန်ပြို့။ ၁၉၆၆–ခုနှစ်။

၃၅၂။ မြတောင်ဦးပဏ္ဍာဝံသ **ပညတ်နက်ကျမ်း**။ မန္တလေးပြို့။ ၁၈၉၇–ခုနှစ်။

၃၅၃။ မြေယာကျေးလက်ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်း **ပုံမြန်မာဆေးဝါးပင်များအဘိဓာန်ညွှန်ပေါင်း**၊ ပထမတွဲ။ ရန်ကုန်ပြို့။ ၁၉၇၂–ခုနှစ်။

၃၅၄။ မြင့်ဆွေ ဦးပေါ်ဦး**လျှောက်ထုံးစာအုပ်များ (ဆောင်းပါး)**။ ကိုလိုနီဓေတ်စာပေလွှပ်ရှားမှု။ ရန်ကုန်ပြို့။ ၁၉၇၀–ပြည့်နှစ်။

၃၅၅။ မြင့်ဆွေ(မဟာဝိဇ္ဇာ–လန်ဒန်) **ငါးရှဉ်းဆယ်စာရင်းကျယ်**။ ရန်ကုန်ပြို့။ ၂၀၀၂–ခုနှစ်။

၃၅၆။ ဦးမြင့်အောင် **တန်လင်းမြို့ဟောင်း (စာတန်း)**။ တက္ကသိုလ်ယဉ်ကျေးပဒေသာစာစောင်။ အတွဲ–၃၊ အပိုင်း–၃။ ၁၉၆၈–ခုနှစ်။ ရန်ကုန်ပြို့။

၃၅၇။ ဦးမြင့်အောင် **ဗုဒ္ဓရုပ်ပွားတော်ထုထုပ်မှုအစ (ဆောင်းပါး)**။ သာသနာ့ရောင်ခြည်စာစောင်။ အတွဲ–၁၁၊ အမှတ်–၃။ ရန်ကုန်ပြို့။

၃၅၈။ ဦးမြတ်ကျော် **ပုဂံဓေတ်မြန်မာကျောက်စာအဘိဓာန်**။ ရန်ကုန်ပြို့။ ၂၀၀၁–ခုနှစ်။

၃၅၉။ ဦးမြတ်ကျော်နှင့်ဦးစံလွင် **မြတ်ဗုဒ္ဓပါဝစနအဘိဓာန်**။ ရန်ကုန်ပြို့။ ၂၀၀၂–ခုနှစ်။

၃၆၀။ မြန်စာဂုဏ်ကျော်မြင့် **ဂူင်အုန်းညီမြသနာအဆောက် (ဆောင်းပါး)**။ စာပေဗိမာန်။ ရန်ကုန်ပြို့။ ၁၉၆၇–ခုနှစ်။

၃၆၁။ မြန်စာဂုဏ်ကျော်မြင့် **မိရကီအလှ (ဆောင်းပါး)**။ စာပေဗိမာန်။ ရန်ကုန်ပြို့။ ၁၉၆၇–ခုနှစ်။

http://www.dhammadownload.com

၃၆၂။ မြန်မာစာအဖွဲ့. မြန်မာအဘိဓာန်အကျဉ်းချုပ်၊ အတွဲ-၁။ ရန်ကုန်မြို့။ ၁၉၇၈-ခုနှစ်။

၃၆၃။ မြန်မာစာအဖွဲ့. မြန်မာအဘိဓာန်အကျဉ်းချုပ်၊ အတွဲ-၂။ ရန်ကုန်မြို့။ ၁၉၇၉-ခုနှစ်။

၃၆၄။ မြန်မာစာအဖွဲ့. မြန်မာအဘိဓာန်အကျဉ်းချုပ်၊ အတွဲ-၃။ ရန်ကုန်မြို့။ ၁၉၇၉-ခုနှစ်။

၃၆၅။ မြန်မာစာအဖွဲ့. မြန်မာအဘိဓာန်အကျဉ်းချုပ်၊ အတွဲ-၄။ ရန်ကုန်မြို့။ ၁၉၈၀-ပြည့်နှစ်။

၃၆၆။ မြန်မာစာအဖွဲ့. မြန်မာအဘိဓာန်အကျဉ်းချုပ်၊ အတွဲ-၅။ ရန်ကုန်မြို့။ ၁၉၈၀-ပြည့်နှစ်။

၃၆၇။ မြန်မာစာအဖွဲ့. မြန်မာအဘိဓာန်။ ရန်ကုန်မြို့။ ၁၉၉၁-ခုနှစ်။

၃၆၈။ မြန်မာစာအဖွဲ့. မြန်မာ-အင်္ဂလိပ်အဘိဓာန်။ ရန်ကုန်မြို့။ ၁၉၉၃-ခုနှစ်။

၃၆၉။ မြန်မာစာအဖွဲ့. မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းနှင့်ခွဲထား။ ရန်ကုန်မြို့။ ၁၉၉၆-ခုနှစ်။

၃၇၀။ မှန်နန်းရာဇဝင်တော်ကြီး၊ ပထမတွဲ။ ရန်ကုန်မြို့။ ၁၉၉၃-ခုနှစ်။

၃၇၁။ မှန်နန်းရာဇဝင်တော်ကြီး၊ ဒုတိယတွဲ။ ရန်ကုန်မြို့။ ၁၉၉၃-ခုနှစ်။

၃၇၂။ ယောမင်းကြီး အလင်္ကာနီသဃယသမိန်။ ရန်ကုန်မြို့။ ၁၉၀၈-ခုနှစ်။

၃၇၃။ ဦးယံ(ယခ်) ဖိုဂုကတ်သမိုင်းစာတန်း။ ရန်ကုန်မြို့။

၃၇၄။ ယင်းခဲမောင်မောင် ဝဲနုမြို့ရွှေဟသံာဇေတီတော်ဘုရားသမိုင်း။

၃၇၅။ ယဉ်ကျေးမှုဝန်ကြီးဌာန ပုဂံရှေးတောင်းဘုရားပုထိုးများပြန်လည်ပြုပြင်ထိန်းသိမ်းမှုမှတ်တမ်း၊ အမှတ်(၁)။ ရန်ကုန်မြို့။ ၁၉၉၉-ခုနှစ်။

၃၇၆။ ယဉ်ကျေးမှုဝန်ကြီးဌာန မြန်မာ့အနုသုခုမအဘိဓာန်။ ရန်ကုန်မြို့။ ၂၀၀၁-ခုနှစ်။

၃၇၇။ မောင်ယဉ်လွှင်း(ပျဉ်းမနား) မြန်မာကဏ္ဍတ်ပန်း။ ရန်ကုန်မြို့။ ၂၀၀၁-ခုနှစ်။

၃၇၈။ ရဝေထွန်း မင်းဆရာဘဝနှင့်ရည်မျှော်ဆန္ဒ (ဆောင်းပါး)၊ ရတနာစာပေ၊ ပထမတွဲ။ ရန်ကုန်မြို့။ ၁၉၇၃-ခုနှစ်။

၃၇၉။ ရဝေထွန်း အနာဂတဝင်ပြဿနာ (ဆောင်းပါး)၊ ရတနာစာပေ၊ ဒုတိယတွဲ။ ရန်ကုန်မြို့။ ၁၉၇၆-ခုနှစ်။

၃၈၀။ ရဝေထွန်း ကာလသုံးပါးဘုရားရှိပုံး (ဆောင်းပါး)၊ မြတ်ဆရာမှန်မဂ္ဂဇင်း။ အတွဲ-၁၀၊ အမှတ်-၇။ ၁၉၈၉-ခုနှစ်။ ရန်ကုန်မြို့။

၃၈၁။ ရဝေထွန်း ဗုဒ္ဓဘာသာဝင်ဟူသည် (ဆောင်းပါး)။ မြတ်ဆရာမှန်မဂ္ဂဇင်း။ အတွဲ-၃၊ အမှတ်-၅။ ၁၉၉၀-ပြည့်နှစ်။ ရန်ကုန်မြို့။

၃၈၂။ ရဝေထွန်း ဘာသာရေးပြဿနာများ-၁။ ရန်ကုန်မြို့။ ၂၀၀၄-ခုနှစ်။

၃၈၃။ ရဝေထွန်း ဘာသာရေးပြဿနာများ-၂။ ရန်ကုန်မြို့။ ၂၀၀၄-ခုနှစ်။

၃၈၄။ ရဝေထွန်း ဘာသာရေးပြဿနာများ-၃။ ရန်ကုန်မြို့။ ၂၀၀၃-ခုနှစ်။

၃၈၅။ ရဝေထွန်း ဘာသာရေးပြဿနာများ-၄။ ရန်ကုန်မြို့။ ၂၀၀၃-ခုနှစ်။

၃၈၆။ ရဝေထွန်း ဘာသာရေးပြဿနာများ-၅။ ရန်ကုန်မြို့။ ၂၀၀၃-ခုနှစ်။

၃၈၇။ ရာမညကိုကိုနိုင် အင်းဝသစ္စာမုနိဘုရား (ဆောင်းပါး)။ ရတနာမွန်မဂ္ဂဇင်း။ အတွဲ-၁၈၊ အမှတ်-၇။ ၁၉၉၁-ခုနှစ်။ ရန်ကုန်မြို့။

၃၈၈။ အရှင်ရေဝတာဘိဝံသ ကောင်းမှုတော်ဇေတီတော်ကြီး၏သမိုင်း။ စစ်ကိုင်းမြို့။ ၁၉၅၆-ခုနှစ်။

၃၈၉။ ရည်စိန် လင်(နှ်)ယဉ်(ဉ်)နှင့်ဆက်စပ်သော ရှေးတောင်းမြန်မာနိုင်ငံသမိုင်းတစ်ရပ် (စာတန်း)။ ရှာရှာဖွေဖွေမြန်မာသမိုင်း၊ အတွဲ-၂။ ရန်ကုန်မြို့။ ၁၉၉၆-ခုနှစ်။

၃၉၀။ ရန်ကင်းချောင်ဆရာတော် ဘုရားရှိခိုးအမျိုးမျိုးနှင့်ဝုဏ်တော်ပုတီးစိပ်နည်း။ မန္တလေးမြို့။ ၁၉၆၃-ခုနှစ်။

၃၉၁။ ရန်အောင်မိမိကြီး တိဘက်ရဟန်းဓမ်း (ဆောင်းပါး)။ သူရိယမဂ္ဂဇင်း။ ဧနဝါရီလ၊ ၁၉၃၈-ခုနှစ်။ ရန်ကုန်မြို့။

၃၉၂။ ရှေးဟောင်းစာပေသုတေသီတစ်ဦး ပြည်သူ့စာဆို့မောင်းထောင်ဦးကျော်လှ၏ သူ့စေတ်,သူ့ဘဝ,သူ့စာ။ ရန်ကုန်မြို့။ ၁၉၇၇-ခုနှစ်။

၃၉၃။ ရှေးဟောင်းသုတေသနဌာန ပုဂံရက်သတ္တပတ်ဟောပြောချက်များ။ ရန်ကုန်မြို့။ ၁၉၆၁-ခုနှစ်။

၃၉၄။ ရှေးဟောင်းသုတေသနဦးစီးဌာန ရှေးဟောင်းမြန်မာကျောက်စာများ၊ ပထမတွဲ။ ရန်ကုန်မြို့။ ၁၉၇၂-ခုနှစ်။

http://www.dhammadownload.com

၃၉၅။ ရှင်မာလဝဝတ္ထု။ ပေမှု။ အမျိုးသားစာကြည့်တိုက်။

၃၉၆။ ရှင်သံနှိ မင်းရဲနိဒ္ဒေဗျင်း။ ရန်ကုန်ပြို့။

၃၉၇။ ရွှေကိုင်းသား ဝက်စွတ်ပြို့စား- ဒုတိယနှစ်ဝေး။ မန္တလေးပြို့။ ၁၉၆၄–ခုနှစ်။

၃၉၈။ ရွှေကိုင်းသား သီရိလင်္ကာနှင့်ပြင်ဆင်သာသနာရေးဆောင်သွယ်ပုံ (ဆောင်းပါး)။ ရတနာမွန်စာစောင်။ အတွဲ–၇။ အမှတ်–၆။ ၁၉၈၀–ပြည့်နှစ်။ ရန်ကုန်ပြို့။

၃၉၉။ ရွှေကိုင်းသား ဓမ္မာပုံပုရိုက်များမှပြန်ဓမ္မပန်းချီများ (ဆောင်းပါး)။ လူထုဂျာနယ်။ အမှတ်–၄၁။ စက်တင်ဘာလ။ ၁၉၅၃–ခုနှစ်။ မန္တလေးပြို့။

၄၀၀။ ရွှေပြည်ဦးဘတင် စစ်ကိုင်းတောင်သမိုင်း။ မန္တလေးပြို့။

၄၀၁။ ရွှေဘိုမိမိကြီး ပေစာထုပ်ကြီးများမှထုတောင်းစာများ။ ရန်ကုန်ပြို့။ ၁၉၉၃–ခုနှစ်။

၄၀၂။ ရွှေဘိုမိမိကြီး မဟာလူရည်ချွန်ရွှေပြည်ဝန်ကြီးဦးဖိုးလှိမ်း။ ရန်ကုန်ပြို့။ ၁၉၉၇–ခုနှစ်။

၄၀၃။ ဦးရွှေအောင် ထေရဝါဒဆုတ်ခြေ။ ရန်ကုန်ပြို့။ ၁၉၉၇–ခုနှစ်။

၄၀၄။ ဦးရွှေအောင် မြန်မာနိုင်ငံနှင့်တန္တရဝါဒ (ဆောင်းပါး)။ အမြင်များပြောင်းလဲခြင်းနှင့်အတွေးအမြင်စာစုများ။ ရန်ကုန်ပြို့။ ၂၀၀၀–ပြည့်နှစ်။

၄၀၅။ ဦးလူဗေဝင်း ရွှေမော်ဘေသမိုင်းသစ်။ ရန်ကုန်ပြို့။ ၁၉၅၄–ခုနှစ်။

၄၀၆။ ဦးလူဗေဝင်း(ပြန်) ရွှေတိုဝုန်ကျောက်စာ။ ရန်ကုန်ပြို့။ ၁၉၅၈–ခုနှစ်။

၄၀၇။ ဦးလူဗေဝင်း ဖြိတ်ပြို့သွားဆောင်ပါး။ ရွှမဝမဂ္ဂဇင်း။

၄၀၈။ လောကီအင်းအုံတို့ရုံကျမ်း။ မန္တလေးပြို့။ ၁၉၅၇–ခုနှစ်။

၄၀၉။ လက်ဝဲနော်ရထာ မြန်မာသံယောဇဒီပနီ။ ရန်ကုန်ပြို့။ ၁၉၆၂–ခုနှစ်။

၄၁၀။ လက်ဝဲနော်ရထာ လက်ဝဲနော်ရထာလျှောက်ထုံး။ ရန်ကုန်ပြို့။ ၁၉၆၃–ခုနှစ်။

၄၁၁။ လက်ဝဲနော်ရထာ စာဆိုတော်များရတုပေါင်းချုပ်။ ရန်ကုန်ပြို့။ ၁၉၆၆–ခုနှစ်။

၄၁၂။ လက်ဝဲနော်ရထာ ဖျိုနိုဝုံးစုအပြေကျမ်း။ ရန်ကုန်ပြို့။ ၁၉၉၅–ခုနှစ်။

၄၁၃။ လုံးတော်ဆရာတော် ဟကိုဏ္ဍကဝိသဒ္ဓနာကျမ်း။ ပထမတွဲ။

၄၁၄။ လယ်နိုက်ရှင်း မြန်မာ့ဆေးဝါးပင်များ။ ရန်ကုန်ပြို့။ ၁၉၇၈–ခုနှစ်။

၄၁၅။ လယ်တီဆရာတော် ဓောဓိပက္ခိယဒီပနီ။ ရန်ကုန်ပြို့။ ၁၉၃၃–ခုနှစ်။

၄၁၆။ လယ်တီဆရာတော် ပဓာနသုတ်ပါဠိနိဿယ (လေးစောင်တွဲ)။ ရန်ကုန်ပြို့။ ၁၉၅၁–ခုနှစ်။

၄၁၇။ လယ်တီဆရာတော် ဥတ္တမပုရိသဒီပနီ။ ရန်ကုန်ပြို့။ ၁၉၅၃–ခုနှစ်။

၄၁၈။ လယ်တီဆရာတော် သာသနဓိဇောဓနီကျမ်း၊ ပထမတွဲ။ ရန်ကုန်ပြို့။ ၁၉၅၄–ခုနှစ်။

၄၁၉။ လယ်တီဆရာတော် သပ္ပိုတ်မဟာဠီကာပါဠိ။ ရန်ကုန်ပြို့။ ၁၉၅၆–ခုနှစ်။

၄၂၀။ လယ်တီဆရာတော် ကုန်ရကဗျာကျမ်း။ ရန်ကုန်ပြို့။ ၂၀၀၁–ခုနှစ်။

၄၂၁။ လယ်တီဆရာတော် ပဋ္ဌာနဒ္ဒေသဒီပနီပါဠိ။ လယ်တီဒီပနီပေါင်းချုပ်၊ ပထမတွဲ။ ရန်ကုန်ပြို့။ ၁၉၆၆–ခုနှစ်။

၄၂၂။ လယ်တီဆရာတော် ပရမတ္ထသံမိဝိကျမ်း။ ရန်ကုန်ပြို့။ ၁၉၆၇–ခုနှစ်။

၄၂၃။ လယ်တီဆရာတော် ပါရမီဒီပနီ။ လယ်တီဒီပနီပေါင်းချုပ်၊ တတိယတွဲ။ ရန်ကုန်ပြို့။ ၁၉၉၆–ခုနှစ်။

၄၂၄။ လယ်တီဆရာတော် ဝိစ္ဆာမဂ္ဂဒီပနီကျမ်း။ လယ်တီဒီပနီပေါင်းချုပ်၊ ဒုတိယတွဲ။ ရန်ကုန်ပြို့။ ၁၉၈၅–ခုနှစ်။

၄၂၅။ လယ်တီဆရာတော် လယ်တီပဏ္ဍာအပြေပေါင်းချုပ်ကြီး၊ ပထမတွဲ။ ရန်ကုန်ပြို့။

၄၂၆။ လယ်တီပဇ္ဇိဦးမောင်ကြီး ဓိရိဇူးငှက်မြတ်နားတင်မော်ကွန်း။ ရန်ကုန်ပြို့။ ၁၉၂၃–ခုနှစ်။

၄၂၇။ လယ်တီပဇ္ဇိတ ကဗျာမဇ္ဈရီ။ ရန်ကုန်ပြို့။ ၁၉၆၁–ခုနှစ်။

http://www.dhammadownload.com

၄၂၈။ လယ်တီပဏ္ဍိတဦးမောင်ကြီး ပါဠိဩဘာသာန်ရွှေ့။ ရန်ကုန်ပြို့။ ၁၉၆၅–ခုနှစ်။
၄၂၉။ လယ်တီဦးလှတင် သထုံမြို့ မြသပိတ်စေတီတော်သမိုင်း။ သထုံမြို့။ ၁၉၇၉–ခုနှစ်။
၄၃၀။ လယ်တီဦးလှတင် သထုံရွှေစေတီသမိုင်း။ သထုံမြို့။ ၁၉၆၂–ခုနှစ်။
၄၃၁။ လယ်တီဦးလှဝိုင် စတုဘွဲ့ဂီကဂ္ဂေင်သာသနာဝင်သမိုင်း။ ရန်ကုန်မြို့။ ၁၉၇၃–ခုနှစ်။
၄၃၂။ ဦးလွင် ကဗျာသင်္ဂဟမေခနီ။ ရန်ကုန်မြို့။ ၁၉၆၆–ခုနှစ်။
၄၃၃။ မောင်လွင်ရည် သမ္မသိန္ဓိပရိတ်ငယ်များ။ ရန်ကုန်မြို့။ ၁၉၉၃–ခုနှစ်။
၄၃၄။ ဒေါက်တာလှဖေ ပင်းယခေတ်မြန်မာစာပေ (ဆောင်းပါး)။ မြန်မာစာပေဥာဏ်ခံစာတမ်း။ ရန်ကုန်မြို့။ ၁၉၆၆–ခုနှစ်။
၄၃၅။ လှသမိန် မြန်မာနိုင်ငံရန္ဓဝင်ပုဂ္ဂိုလ်ကျော်များအတ္ထုပ္ပတ္တိ။ ရန်ကုန်မြို့။ ၁၉၆၁–ခုနှစ်။
၄၃၆။ လှေသင်းအတွင်းဝန် တန္ဒဇ္ဈာဒီပကီကျမ်း။ မန္တလေးမြို့။ ၁၉၀၆–ခုနှစ်။
၄၃၇။ အရှင်ဝဇိရပဘာသာ(ပြန်) ဓမ္မရုရုသဒါတိနီဝတ္ထု။ မန္တလေးမြို့။ ၁၉၂၇–ခုနှစ်။
၄၃၈။ အရှင်ဝရကိတ္တိ ပလလဲဆင်မင်းဖျို့။ ရန်ကုန်ပြို့။ ၁၉၅၆–ခုနှစ်။
၄၃၉။ အရှင်ဝါသဝါဘိဝံသ သမ္မမင်္ဂလဓမ္မဒေသနာ။ ရန်ကုန်မြို့။ ၁၉၉၅–ခုနှစ်။
၄၄၀။ ဘဒ္ဒန္တ ဝိမလာဘိဝံသ ရွှေဘိုမြို့ ရွှေတန်ဆာဘုရားသမိုင်း။ ရန်ကုန်မြို့။ ၁၉၈၇–ခုနှစ်။
၄၄၁။ အရှင်ဝိလာသ(ပြန်) ဇာတိယန်ဓမ္မိန့်စဉ်။ ရန်ကုန်ပြို့။ ၁၉၅၉–ခုနှစ်။
၄၄၂။ ထေရဆရာတော်ကြီး ဩဝါဒကထာ။ ဗုဒ္ဓသာသနာ့အလင်းစာစောင်။ အတွဲ–၁၊ အမှတ်–၁။ ၁၉၆၅–ခုနှစ်။ ရန်ကုန်။
၄၄၃။ ဝက်မဓွတ်နဝဒေး ဗာဝရီနှင့်လောကဗဒုမော်ကွန်း။ ရန်ကုန်မြို့။
၄၄၄။ ဝက်မဓွတ်နဝဒေး ဣသျှဂူမော်ကွန်း။ ရန်ကုန်မြို့။ ၁၉၆၆–ခုနှစ်။
၄၄၅။ ဝက်မဓွတ်ဝန်ထောက် မင်္ဂလာဇျင်း။ ရန်ကုန်မြို့။ ၁၉၁၄–ခုနှစ်။
၄၄၆။ ဝင်းမောင် မန္တလေးခေတ်သာသနာဝင်။ သမိုင်းဘာသာမဟာဝိဇ္ဇာဘွဲ့ယူကျမ်း(လက်နှိပ်စက်မှု)။ မန္တလေးမြို့။ ၁၉၇၈–ခုနှစ်။
၄၄၇။ ဝင်းမောင်(သမိုင်း) အလောင်းတော်ကသဃပလမ်းကြောင်းသမိုင်းကြောင်း (ဆောင်းပါး)။ မဓွရုပ်စုံမဂ္ဂဇင်း။
စက်တင်ဘာလ၊ ၁၉၉၄–ခုနှစ်။ ရန်ကုန်မြို့။
၄၄၈။ ဝင်းမောင်(သမိုင်း) အုတ်ခွက်ဘုရားပေါ်ကဓောဓိသတ္တ (ဆောင်းပါး)။ မဓွရုပ်စုံမဂ္ဂဇင်း။ အမှတ်–၆။
ဇူလိုင်လ၊ ၁၉၉၆–ခုနှစ်။ ရန်ကုန်မြို့။
၄၄၉။ ကိုဝင်းမောင်(တမွဝတီ) ဗုဒ္ဓ၏ခြေတော်ရာများ (ဆောင်းပါး)။ တိ=နိတတိယသုံးနှစ်ခရီးစာစောင်။ ရန်ကုန်မြို့။ ၁၉၈၉–ခုနှစ်။
၄၅၀။ ဦးဝင်းမောင်(တမွဝတီ) ဘုရင့်နောင်မင်းတရားကြီး၏ တပ္ပော်သောဒိန်နှင်းတော် မြေနှင်းတော်ပြာသာဒ်တော် အဆောင်စု အထိုပြုပုံစံ(၄)။
တမွဝတီ။ ၁၉၉၆–ခုနှစ်။
၄၅၁။ ဦးဝဏ္ဏိတ လယ်တီမဟာထေရပ္ပတ္တိကထာ။ ရန်ကုန်မြို့။ ၁၉၅၆–ခုနှစ်။
၄၅၂။ ဣ၊ ဝိဒ် ပုဗ္ဗာပကီဏ္ဏကအဓေးအဓြေး
၄၅၃။ ဦးဝန် တက္ကသိုလ်မြန်မာအဘိဓာန်၊ အုပ်ဦး–၁။ ရန်ကုန်မြို့။ ၁၉၅၂–ခုနှစ်။
၄၅၄။ ဦးဝန် တက္ကသိုလ်မြန်မာအဘိဓာန်၊ အုပ်ဦး–၂။ ရန်ကုန်မြို့။ ၁၉၅၆–ခုနှစ်။
၄၅၅။ ဦးဝန် တက္ကသိုလ်မြန်မာအဘိဓာန်၊ အုပ်ဦး–၄။ ရန်ကုန်မြို့။ ၁၉၆၃–ခုနှစ်။
၄၅၆။ သခင်ကိုယ်တော်မိုင်း မျောက်ဦးကား။ ရန်ကုန်မြို့။ ၁၉၂၂–ခုနှစ်။
၄၅၇။ သခင်ကိုယ်တော်မိုင်း ကဗျာသာရဏ္ဍသင်္ကြိုတ်ကျမ်း။ ရန်ကုန်မြို့။ ၁၉၂၃–ခုနှစ်။
၄၅၈။ သခင်ကိုယ်တော်မိုင်း ဘွိုင်းကောက်ဦးကား။ ရန်ကုန်မြို့။ ၁၉၂၇–ခုနှစ်။
၄၅၉။ သခင်ကိုယ်တော်မိုင်း သခင်ဦးကား။ ရန်ကုန်မြို့။ ၁၉၃၇–ခုနှစ်။
၄၆၀။ သခင်ကိုယ်တော်မိုင်း တို့မြန်မာဝတ်ရွတ်စဉ်။ မန္တလေးမြို့။ ၁၉၉၀–ပြည့်နှစ်။

http://www.dhammadownload.com

၄၆၁။ သတင်းစာဆရာဦးသိမ်းမောင် **အလောင်းဘုရား**။ ရန်ကုန်ဖြို့။ ၁၉၃၈–ခုနှစ်။
၄၆၂။ ဦးသာထွန်း **မြောက်ဦးဖြို့ဘုရားသမိုင်း**။ စစ်တွေဖြို့။ ၁၉၄၀–ပြည့်နှစ်။
၄၆၃။ အရှင်သာဓိန **မြတ်ဗုဒ္ဓဓြေတော်ရာဇက်(၁၀၈)ကွက်တို့ကိုလေ့ထားခြင်း**။ သာသနတက္ကသိလာမဟာဓမ္မာစရိယဘွဲ့ယူကျမ်း (လက်နှိပ်စက်မှု)။ ရန်ကုန်ဖြို့။ ၁၉၃၈–ခုနှစ်။
၄၆၄။ ဦးသာမြတ် **မြစေတီပါဠိကျောက်စာ**။ ရန်ကုန်ဖြို့။ ၁၉၅၈–ခုနှစ်။
၄၆၅။ ဦးသာမြတ် **မြစေတီပျူကျောက်စာ**။ ရန်ကုန်ဖြို့။ ၁၉၅၈–ခုနှစ်။
၄၆၆။ ဦးသာမြတ် **မြစေတီကျောက်စာလေးဘာသာ**။ ရန်ကုန်ဖြို့။ ၁၉၆၀–ပြည့်နှစ်။
၄၆၇။ ဦးသာမြတ် **ပျူဖတ်စာ**။ ရန်ကုန်ဖြို့။ ၁၉၆၃–ခုနှစ်။
၄၆၈။ ဦးသာမြတ် **မွန်–မြန်မာအက္ခရာသမိုင်း**။ ရန်ကုန်ဖြို့။
၄၆၉။ ဦးသာမြတ် **ပုဂံဓော်မြန်မာစာဖတ်ပုံ** (ဆောင်းပါး)။ ယဉ်ကျေးမှုစာစောင်။ ရန်ကုန်ဖြို့။
၄၇၀။ ဦးသာမြတ် **နိုင်ငံခြားရှိမြန်မာကျောက်စာများ** (ဆောင်းပါး)။ ယဉ်ကျေးမှုစာစောင်။ အတွဲ–၂၊ အမှတ်–၁၁။ ရန်ကုန်ဖြို့။
၄၇၁။ ဘဒ္ဒန္တ သာသနဝဏ္ဏနာဘာသ **တောင်ငူကာဂါထာသုမိ**။ ရန်ကုန်ဖြို့။ ၂၀၀၂–ခုနှစ်။
၄၇၂။ သာသနာရေးဝန်ကြီးဌာန **ဗုဒ္ဓဘာသာတရားတော်** (အဆင့်မြင့်)။ ရန်ကုန်ဖြို့။ ၁၉၉၅–ခုနှစ်။
၄၇၃။ သီရိမဟာဓေယျသူ **ကဝိလင်္ကာရဒီပနီ**။ မဇ္ဈလေးဖြို့။ ၁၉၆၁–ခုနှစ်။
၄၇၄။ ဘဒ္ဒန္တ သီရိသုမင်္ဂလ **ဓိနရိုတယိဋ္ဌိဿယ**။ ရန်ကုန်ဖြို့။ ၁၉၃၄–ခုနှစ်။
၄၇၅။ အရှင်သီလဝံသ **ဥပ္ပါတသန္တိ ပါဌ်**။ ရန်ကုန်ဖြို့။ ၁၉၅၅–ခုနှစ်။
၄၇၆။ အရှင်သီလာနုဒ္ဒါဘိဝံသ **ပရိတ်ဓိဒါန်း**။ သပြေကန်ပရိတ်ကြီးဓိဿယသစ်။ မန္တလေးဖြို့။ ၁၉၇၁–ခုနှစ်။
၄၇၇။ အရှင်သီလာနုဒ္ဒါဘိဝံသ **သဒ္ဓါဓိတိဓာတုဓာလာန့် ပါဏိနီယဓာတုပါဌ်တိုက်ဆိုင်လေ့ထားခြင်း**။ ရန်ကုန်ဖြို့။ ၁၉၇၇–ခုနှစ်။
၄၇၈။ အရှင်သီလာနုဒ္ဒါဘိဝံသ **ကဗ္ဗာဆရာတော်ကြီး** (စာတန်း)။ ရွှေမျက်မှန်ဦးဝိစယ။ မန္တလေးဖြို့။ ၁၉၈၁–ခုနှစ်။
၄၇၉။ အရှင်သီလာနုဒ္ဒါဘိဝံသ **ရူပသိဒ္ဓိဒီကာနိဿယသစ်၊ ပထမတွဲ**။ ရန်ကုန်ဖြို့။ ၁၉၉၉–ခုနှစ်။
၄၈၀။ သုခ(စု) **သုခမှတ်စု**။ ရန်ကုန်ဖြို့။ ၁၉၇၇–ခုနှစ်။
၄၈၁။ မောင်သုတ **စာဆိုတော်များအတ္ထုပ္ပတ္တိ**။ ရန်ကုန်ဖြို့။ ၁၉၆၆–ခုနှစ်။
၄၈၂။ **သုတေသနစာစဉ်သမိုင်း၊ သုတေသနစာစဉ်စာရင်း၊ သုတေသနစာစဉ်စာတည်းများ**။ ရန်ကုန်ဖြို့။ ၁၉၇၀–ပြည့်နှစ်။
၄၈၃။ ညောင်ကန်ဦးသုဒဿန **ညောင်ကန်သာသနာဝင်**။ မန္တလေးဖြို့။ ၁၉၅၉–ခုနှစ်။
၄၈၄။ ဦးသုဒဿန **ပါဌာနသာရ ဖြန့်မှာဘာသာကျမ်း**။ ရန်ကုန်ဖြို့။ ၁၉၁၈–ခုနှစ်။
၄၈၅။ အရှင်သုမင်္ဂလသာမိ **ဦကာကျော်ပါဌ်**။ ရန်ကုန်ဖြို့။ ၁၉၉၄–ခုနှစ်။
၄၈၆။ သဲအင်းဆရာတော် **သဲအင်းဒေသနာတရားစာ**။ ရန်ကုန်ဖြို့။
၄၈၇။ ဘဒ္ဒန္တ သောဘန **ဓွယ်ခံကျော်ထင်ဝိသောဓနီ**။ ရန်ကုန်ဖြို့။ ၁၉၆၆–ခုနှစ်။
၄၈၈။ အရှင်သောမာဘိသီရိ **တောင်ငူကသာရုတ္တရာဓလီကျမ်း**။ မန္တလေးဖြို့။ ၁၉၁၆–ခုနှစ်။
၄၈၉။ ဦးသော်ဇင် **စာဥယျာဉ်**။ ရန်ကုန်ဖြို့။ ၁၉၆၉–ခုနှစ်။
၄၉၀။ ဦးသော်ဇင် **ရွှေတိဂုံဘုရား**။ ရန်ကုန်ဖြို့။ ၁၉၇၀–ပြည့်နှစ်။
၄၉၁။ ဦးသော်ဇင်(ပြန်) **ဗုဒ္ဓစရိတ**။ ရန်ကုန်ဖြို့။ ၁၉၇၃–ခုနှစ်။
၄၉၂။ ဦးသော်ဇင် **သုတ္တလီ**။ ရန်ကုန်ဖြို့။ ၁၉၈၄–ခုနှစ်။
၄၉၃။ ကထိကဦးသက်တင် **ဟံသာဝတီမှတ်တမ်းကြီး** (ဆောင်းပါး)။ သူရိယမဂ္ဂဇင်း။ ၁၂၉၉–ခုနှစ်၊ တန်ခူးလ။ ရန်ကုန်ဖြို့။
၄၉၄။ သက်ထက်စန်း **ထီးသုံးနန်းလာဂါထာတော်များ**။ ရန်ကုန်ဖြို့။ ၂၀၀၄–ခုနှစ်။
၄၉၅။ ဒေါက်တာသက်လွင် **ပနွက္ကူခရိုင်မှာ ဗုဒ္ဓဘုံးဆူတည်တော်မူ**။ ရန်ကုန်ဖြို့။ ၂၀၀၀–ပြည့်နှစ်။

http://www.dhammadownload.com

၄၉၆။ သင်္ကာဆရာတော် **ဓမ္မပဒဃဋ္ဋီတော်နိဿယ**။ ရန်ကုန်ပြို့။ ၁၉၈၅–ခုနှစ်။
၄၉၇။ အရှင်သဒ္ဓမ္မဇောတိပါလ **ပရမတ္ထသရူပအရဝဏ္ဏနာကျမ်းသစ်**၊ ဒုတိယတွဲ။ ရန်ကုန်ပြို့။
၄၉၈။ အရှင်သီဒ္ဓတ္ထ **သာရသင်္ဂဟပါဠိ**၊ ပထမတွဲ။ ရန်ကုန်ပြို့။ ၁၉၁၆–ခုနှစ်။
၄၉၉။ ဦးသန်း **မြန်မာပျိုများ၏ စရိုက်**၌ (ဆောင်းပါး)။ တက္ကသိုလ်ပညာပဒေသာစာစောင်။ အတွဲ–၉၊အပိုင်း–၂။ ၁၉၇၄–ခုနှစ်။ ရန်ကုန်ပြို့။
၅၀၀။ ပါမောက္ခဒေါ်သန်းဆွေ **ရွှေညီးခံမွန်ကျောက်စာလေ့လာချက်** (စာတန်း)။ ၁၉၆၉/၇၀–ပြည့်နှစ်။ ရန်ကုန်ပြို့။
၅၀၁။ ဒေါ်သန်းဆွေ **ရာစကုမာရ်မွန်ကျောက်စာ**။ ရန်ကုန်ပြို့။ ၁၉၇၁–ခုနှစ်။
၅၀၂။ မောင်သန်းဆွေ(ထားဝယ်) **ရှင်ကိုးရှင်နှင့်သမိုင်းဝင်ထားဝယ်ဘုရားများ**။ ရန်ကုန်ပြို့။ ၂၀၀၄–ခုနှစ်။
၅၀၃။ ဦးသန်းထွတ် **အတ္ထုပ္ပတ္တိအမှာ**း**အမှန်** (မိန့်ခွန်း)။ မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်၊ အတွဲ–၆၁။ ၁၉၇၈–ခုနှစ်။ ရန်ကုန်ပြို့။
၅၀၄။ ဒေါက်တာသန်းထွန်း **မြန်မာရာဇဝင် ဓာတိ ၁၀၄၄–၁၂၈၇** (ဆောင်းပါး)။ ရန်ကုန်တက္ကသိုလ်နှစ်လည်စာစောင်။ ၁၉၅၇–ခုနှစ်။ ရန်ကုန်ပြို့။
၅၀၅။ ဒေါက်တာသန်းထွန်း **မဟာကဿပဂိုဏ်း** (စာတန်း)။ မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်။ အတွဲ–၄၂၊ အပိုင်း–၂။ ၁၉၅၉–ခုနှစ်။ ရန်ကုန်ပြို့။
၅၀၆။ ဒေါက်တာသန်းထွန်း **နယ်လှဲ့ရာဇဝင်**၊ အမှတ်–၁။ ရန်ကုန်ပြို့။ ၁၉၆၈–ခုနှစ်။
၅၀၇။ ဒေါက်တာသန်းထွန်း **နယ်လှဲ့ရာဇဝင်**၊ အမှတ်–၃။ ရန်ကုန်ပြို့။ ၁၉၆၉–ခုနှစ်။
၅၀၈။ ဒေါက်တာသန်းထွန်း **မြန်မာရာဇဝင်စာတန်း**၊ အမှတ်–၁။ ရန်ကုန်ပြို့။ ၁၉၆၉–ခုနှစ်။
၅၀၉။ ဒေါက်တာသန်းထွန်း **သမိုင်းထဲကဒီနိုင်း** (ဆောင်းပါး)။ ဟံသာဝတီဧဉ်စဉ်၊ အချုပ်ပို။ ၁၉၇၂–ခုနှစ်။
၅၁၀။ ဒေါက်တာသန်းထွန်း **အောသဓုဂုဏ** (ဆောင်းပါး)။ ရတနာမွန်စာစောင်။ စက်တင်ဘာလ၊ ၁၉၈၀–ပြည့်နှစ်၊ ရန်ကုန်ပြို့။
၅၁၁။ ဒေါက်တာသန်းထွန်း **မံဘုရား** (ဆောင်းပါး)။ ရတနာမွန်စာစောင်။ နိုဝင်ဘာလ၊ ၁၉၈၁–ခုနှစ်။ ရန်ကုန်ပြို့။
၅၁၂။ ဒေါက်တာသန်းထွန်း **ကျိန်ပါဆိုရင်ကျိန်မှုံမယ်** (ဆောင်းပါး)။ အတွေးအမြင်စာစောင်။ အမှတ်–၁၀၉။ ၁၉၉၅–ခုနှစ်။ ရန်ကုန်ပြို့။
၅၁၃။ ဒေါက်တာသန်းထွန်း **ချစ်စကုန်းမြေပုံဘုရားစာ** (ဆောင်းပါး)။ ကလျာမဂ္ဂဇင်း။ အမှတ်–၁၃၉။ ၁၉၉၆–ခုနှစ်။ ရန်ကုန်ပြို့။
၅၁၄။ ဒေါက်တာသန်းထွန်း **ပုဂံလက်သစ်** (စာတန်း)။ မန္တ လေးပြို့။ ၁၉၉၆–ခုနှစ်။
၅၁၅။ ဒေါက်တာသန်းထွန်း **ပဒုံမင်း(၂၇၊ ၁၀၊ ၁၇၈၅)က ဆင့်ထိုးထားခဲ့ပြီးမှ ဖျောက်ဆုံးနေတဲ့ (၁၀၊ ၉၊ ၁၂၃၃)ရက်စွဲပါ ကျောက်စာ မူရင်းကို ပြန်လည်တွေ့ရှိခြင်း** (ဆောင်းပါး)။ ယဉ်ကျေးမှုမဂ္ဂဇင်း၊ အတွဲ–၁။ ၁၉၉၇–ခုနှစ်။ ရန်ကုန်ပြို့။
၅၁၆။ ဒေါက်တာသန်းထွန်း **လေဝံစကြာ** (ဆောင်းပါး)။ ကလျာမဂ္ဂဇင်း။ အမှတ်–၁၄၇။ ၁၉၉၇–ခုနှစ်။ ရန်ကုန်ပြို့။
၅၁၇။ ဒေါက်တာသန်းထွန်း **အဓိရဇ္ဇ** (ဆောင်းပါး)။ ကလျာမဂ္ဂဇင်း။ အမှတ်–၁၄၈။ ၁၉၉၇–ခုနှစ်။ ရန်ကုန်ပြို့။
၅၁၈။ ဒေါက်တာသန်းထွန်း **ထီလိုင်ရှင်–၃** (ဆောင်းပါး)။ ကလျာမဂ္ဂဇင်း။ အမှတ်–၁၅၂။ ၁၉၉၇–ခုနှစ်။ ရန်ကုန်ပြို့။
၅၁၉။ ဒေါက်တာသန်းထွန်း **ငါးဆူဖါယကာမင်း** (ဆောင်းပါး)။ ကလျာမဂ္ဂဇင်း။ နိုဝင်ဘာလ။ ၂၀၀၀–ပြည့်နှစ်၊ ရန်ကုန်ပြို့။
၅၂၀။ ဒေါက်တာသန်းထွန်း **နောက်ဆုံးတွေ့ပါဦးမွန်ကျောက်စာ** (ဆောင်းပါး)။ ရုပ်ရှင်တေးကဗျာစာစောင်။ အတွဲ–၁၆၊ အမှတ်–၅။ မေလ၊ ၂၀၀၀–ပြည့်နှစ်။ ရန်ကုန်ပြို့။
၅၂၁။ ဒေါက်တာသန်းထွန်း **မြန်မာသမိုင်းနိဒါန်း**။ ရန်ကုန်ပြို့။ ၂၀၀၁–ခုနှစ်။
၅၂၂။ ဒေါက်တာသန်းထွန်း **သုစာတာရွိတ္ထွန်းစတေကျောက်စာ** (ဆောင်းပါး)။ မြဝတီရွှေရတု(၁)။ ၂၀၀၂–ခုနှစ်။ ရန်ကုန်ပြို့။
၅၂၃။ ဒေါက်တာသန်းထွန်း **အိန္ဒိယချစ်ကြည်ရေးခရီး**။ ရန်ကုန်ပြို့။ ၂၀၀၂–ခုနှစ်။
၅၂၄။ ဒေါက်တာသန်းထွန်း **သုတေသနထုံး**။ ရန်ကုန်ပြို့။ ၂၀၀၂–ခုနှစ်။
၅၂၅။ ဒေါက်တာသန်းထွန်း **ကိုးကွယ်ရာအပင်နှင့်ပုံပြင်**။ ရန်ကုန်ပြို့။ ၂၀၀၃–ခုနှစ်။
၅၂၆။ ဒေါက်တာသန်းထွန်း **သန်းထွန်း(၈၀)ပြည့်**။ ရန်ကုန်ပြို့။ ၂၀၀၃–ခုနှစ်။
၅၂၇။ ဒေါက်တာသန်းထွန်း **မြန်မာသမိုင်းလစ်ကွက်များ**။ ရန်ကုန်ပြို့။ ၂၀၀၃–ခုနှစ်။

http://www.dhammadownload.com

၅၂၈။ ဒေါက်တာသန်းထွန်း မြန်မာသမိုင်းရှာတော်ပုံ။ ရန်ကုန်ဖြို့။ ၂၀၀၃–ခုနှစ်။

၅၂၉။ ဒေါက်တာသန်းထွန်း မြန်မာဓိဇဉ်ပြဿဒ်များ။ ရန်ကုန်ဖြို့။ ၂၀၀၃–ခုနှစ်။

၅၃၀။ ဒေါက်တာသန်းထွန်း ရှေးမြန်မာတို့ ကျောက်ပြားမှာရေးထွင်းခဲ့တဲ့ ဝိနိစ်း–၂ (နီဒါန်း)။ ရွက်ခေဝေဝဂ္ဂဇင်း။ မတ်လ၊ ၂၀၀၃–ခုနှစ်။ ရန်ကုန်ဖြို့။

၅၃၁။ ဒေါက်တာသန်းထွန်း ပျူ၊ မြန်မာ၊ မွန်နဲ့ရခိုင်တွေရဲ့ ဗြာဟ္မဏနဲ့ ဗုဒ္ဓကိုယ်စားတော် (စာတန်း)။ သန်းထွန်း(၈၀)ပြည့်။ ရန်ကုန်ဖြို့။ ၂၀၀၃–ခုနှစ်။

၅၃၂၊ ဒေါက်တာသန်းထွန်း မြန်မာထီးဗုဒ္ဓန်းရာ။ ရန်ကုန်ဖြို့။ ၂၀၀၃–ခုနှစ်။

၅၃၃။ ဒေါက်တာသန်းထွန်း ပါးဝင်ရာဝေဝ်–၁ (ဆောင်းပါး)။ မြန်မာသမိုင်းရှာတော်ပုံ။ ရန်ကုန်ဖြို့။ ၂၀၀၃–ခုနှစ်။

၅၃၄။ ဒေါက်တာသန်းထွန်း(ပြန်) မြန်မာအနုပညာလက်ရာပန္နဒီး။ ရန်ကုန်ဖြို့။ ၂၀၀၄–ခုနှစ်။

၅၃၅။ ဒေါက်တာသန်းထွန်း(ပြန်) မြန်မာဗုဒ္ဓသာသနိကအနုပညာလက်ရာ။ ရန်ကုန်ဖြို့။ ၂၀၀၄–ခုနှစ်။

၅၃၆။ ဆံတော်ထိန်းဦးသိန်း ကမ္ဘာဒေသိန်း။ ရန်ကုန်ဖြို့။

၅၃၇။ ဦးသိန်းထွန်း မိလိန္ဒပဉှာနိဒါန်း (စာတန်း)။ တက္ကသိုလ်ပညာပဒေသာစာစောင်။ အတွဲ–၄၊ အပိုင်း–၂။ ၁၉၆၉–ခုနှစ်။ ရန်ကုန်ဖြို့။

၅၃၈။ ဦးသိန်းလှိုင် ဓမ္မတောင်းမြန်မာ့သမိုင်းသုတေသနအဘိဓာန်။ ရန်ကုန်ဖြို့။ ၂၀၀၀–ပြည့်နှစ်။

၅၃၉။ အရှင်သုန္ဒရာဘိဝံသ သီရိလင်္ကာဘိက္ခုရာ။ မန္တလေးဖြို့။

၅၄၀။ သလ္လာဌေး ဗိုလ်ဝင်တောင်သမိုင်းချုပ်။ မန္တလေးဖြို့။ ၁၉၆၂–ခုနှစ်။

၅၄၁။ မဇ္ဈတာဟာရဝေ မြန်မာရာဝင်အကျဉ်းချုပ်။ ရန်ကုန်ဖြို့။ ၁၉၃၀–ပြည့်နှစ်။

၅၄၂။ ဟံသာဝတီ မူလဗုဒ္ဓဝင်ဝတ္ထု။ ရန်ကုန်ဖြို့။ ၁၉၀၇–ခုနှစ်။

၅၄၃။ ဟသံတဖြို့၊ မဟာအတုလသကျံ့သီဆယ်ထပ်ကြီးရုပ်ရှင်တော်မြတ်သမိုင်း။ ဟသံတဖြို့။

၅၄၄။ ဦးဟုတ်စိန် ဗိဠိဋ္ဌ–မြန်မာအဘိဓာန်၊ ပထမပိုင်း။ ရန်ကုန်ဖြို့။ ၁၉၅၄–ခုနှစ်။

၅၄၅။ ဦးဟုတ်စိန် ဗိဠိဋ္ဌ–မြန်မာအဘိဓာန်၊ ဒုတိယပိုင်း။ ရန်ကုန်ဖြို့။ ၁၉၅၆–ခုနှစ်။

၅၄၆။ ဦးဟုတ်စိန် ဗိဠိဋ္ဌ–မြန်မာအဘိဓာန်၊ တတိယပိုင်း။ ရန်ကုန်ဖြို့။ ၁၉၅၆–ခုနှစ်။

၅၄၇။ ဟိန်းလတ် ဒက္ခိဏာသာဓ။ ရန်ကုန်ဖြို့။ ၂၀၀၁–ခုနှစ်။

၅၄၈။ အနာဂတဒသဗုဒ္ဓဝံသပါဠိ (ပေမှု)။ တက္ကသိုလ်များဗဟိုစာကြည့်တိုက်။ အမှတ်–၉၆၉၅။

၅၄၉။ အနာဂတဝံသအဋ္ဌကထာ (ပေမှု)။ သာသနာရေးဦးစီးဌာနပိဋကတ်တိုက်။ အမှတ်–၂၁၃၁။

၅၅၀။ အနာဂတဝံသအဋ္ဌကထာ (ပေမှု)။ အမျိုးသားစာကြည့်တိုက်။ အမှတ်–၁၀၆၀။

၅၅၁။ အဘယာရာမဆရာတော် အဓရကောသအဘိဓာန်နိဿယ။ မန္တလေးဖြို့။ ၁၉၃၈–ခုနှစ်။

၅၅၂။ အဘယာရာမဆရာတော် အဘိဓာန်နိဿယသစ်။ ရန်ကုန်ဖြို့။ ၁၉၅၆–ခုနှစ်။

၅၅၃။ အဘယာရာမဆရာတော် မောဂ္ဂလာန်နိဿယ၊ ပထမတွဲ။ မန္တလေးဖြို့။ ၁၉၇၀–ပြည့်နှစ်။

၅၅၄။ အဘယာရာမဆရာတော် မောဂ္ဂလာန်နိဿယ၊ ဒုတိယတွဲ။ မန္တလေးဖြို့။ ၁၉၇၁–ခုနှစ်။

၅၅၅။ လူထုဒေါ်အမာ ကျွန်မတို့ငယ်ငယ်တုန်းက။ မန္တလေးဖြို့။ ၁၉၉၄–ခုနှစ်။

၅၅၆။ လူထုဒေါ်အမာ ကျွန်မတို့မန္တလေးက မန္တလေးတောင်။ မန္တလေးဖြို့။ ၁၉၉၉–ခုနှစ်။

၅၅၇။ အရှင်အရိယာလင်္ကာရ ဦကာဓေက္ခိနိဿယ၊ ဒုတိယတွဲ။ ရန်ကုန်ဖြို့။

၅၅၈။ အရှေ့တိုင်းပညာဌာန ဗုဒ္ဓဝင်ပါဠိမင်စာများ။ ရန်ကုန်ဖြို့။ ၁၉၈၁–ခုနှစ်။

၅၅၉။ ဦးအာလောက သောတတ္ထကီပါဠိနိဿယ။ ရန်ကုန်ဖြို့။ ၁၉၂၈–ခုနှစ်။

၅၆၀။ မြို့သာဘုန်းကြီးဦးအာလောက သီဟိဠ်ဒီပတစ်ဆယ့်ခြောက်ဌာနသုရားရှိပုံး။ မန္တလေးဖြို့။ ၁၉၅၉–ခုနှစ်။

၅၆၁။ ပါမောက္ခဦးမောင် ဟံသကျောက်စာလက်ရွေးစင်၊ ပဌမအုပ်။ ရန်ကုန်ဖြို့။ ၁၉၅၈–ခုနှစ်။

http://www.dhammadownload.com

၅၆၂။ ဦးအေးကြူ ဗြိတိသျှခြေမာခေတ်ခရာကြည့်တိုက်များအဖြေအခေန။ ရန်ကုန်ဖြို့။ ၁၉၇၉–ခုနှစ်။

၅၆၃။ ဓမ္မာစရိယဦးအေးနိုင် ဓမ္မရေးရာပဒေသာ။ ရန်ကုန်ဖြို့။ ၁၉၉၀–ပြည့်နှစ်။

၅၆၄။ ဓမ္မာစရိယဦးအေးနိုင် ဗုဒ္ဓကျမ်းလာနတ်ဒေဝါများ။ ရန်ကုန်ဖြို့။ ၂၀၀၁–ခုနှစ်။

၅၆၅။ ဦးအေးမောင် ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ၊ တတိယပိုင်း။ ရန်ကုန်ဖြို့။ ၁၉၆၅–ခုနှစ်။

၅၆၆။ ဓနုဖြူဦးအေးမောင် မြောက်ပိုင်းနှင့်တောင်ပိုင်းသာသနာ (ဆောင်းပါး)။ ဒဂုန်မဂ္ဂဇင်း။ အမှတ်–၂၂၊ အမှတ်–စ။ ၁၉၄စ–ခုနှစ်။ ရန်ကုန်ဖြို့။

၅၆၇။ ဒေါ်အေးလှ ပဏ္ဏာဋ်ပုံတော်ဗုဒ္ဓရုပ်ပွားတော်များ (စာတန်း)။ မြန်မာသမိုင်းသုတေသနစာစောင်၊ အမှတ်(၁)။ ၁၉၉၅–ခုနှစ်။ ရန်ကုန်ဖြို့။

၅၆၈။ ဦးဩ ကဝိလက္ခဏာသတ်ပုံသံပေါက်။ ရန်ကုန်ဖြို့။ ၁၉၆၂–ခုနှစ်။

၅၆၉။ အရှင်ဩဘာသီရိဘိဝံသ မြတ်ဗုဒ္ဓ၏သွင်ပြင်လက္ခဏာများ။ ရန်ကုန်ဖြို့။ ၁၉၈၂–ခုနှစ်။

၅၇၀။ အရှင်ဩဘာသာဘိဝံသ သုတေသနသရုပ်ပြအဘိဓာန်။ ရန်ကုန်ဖြို့။ ၂၀၀၂–ခုနှစ်။

၅၇၁။ ဦးအုံကျော် မော်လမြိုင်မြို့ ရတနာဘုံခြင့်ကျောင်းတိုက်အနှစ်တစ်ရာခရီး။ ရန်ကုန်ဖြို့။ ၁၉၈၆–ခုနှစ်။

၅၇၂။ အုံမောင် ရွှေတံခွန်ကုဏ္ဍားနဲ့ဘုရားကိုဖြင့် (ဆောင်းပါး)။ မဟာသီမဂ္ဂဇင်း။ အောက်တိုဘာလ၊ ၂၀၀၃–ခုနှစ်။ ရန်ကုန်ဖြို့။

၅၇၃။ အရှင်အဂ္ဂသမာဓိ သုဝဏ္ဏသို့ မြားပစ်ခင်းပို့။ ရန်ကုန်ဖြို့။ ၁၉၀၀–ပြည့်နှစ်။

၅၇၄။ အရှင်အဂ္ဂသမာဓိ သုဝဏ္ဏသို့သူဌေးခန်းပို့။ ရန်ကုန်ဖြို့။ ၁၉၀၀–ပြည့်နှစ်။

၅၇၅။ ဥဂ္ဂါမင်း(မဏ္ဍိုင်) ဘားခဲ့ဆရာတော်နှင့်ကလေးဝအဘိုးဆရာတော်။ ရန်ကုန်ဖြို့။ ၁၉၉၈–ခုနှစ်။

၅၇၆။ ဦးအောင် ကဝိသေခံပဏ္ဏာကျမ်း။ ရန်ကုန်ဖြို့။ ၁၉၁၁–ခုနှစ်။

၅၇၇။ ဦးအောင် ဦးပေါ်ဦးလျှော်ကတုံး၊ ဒုတိယတွဲ။ ရန်ကုန်ဖြို့။

၅၇၈။ အောင်ခင်စိုး ထင်ရှားသောဆုတောင်းပြည့်ဘုရားများ။ ရန်ကုန်ဖြို့။ ၂၀၀၂–ခုနှစ်။

၅၇၉။ အောင်စည်သူ တောင်းဆုအထွေခထွ (ဆောင်းပါး)။ မြတ်ဆုမွန်မဂ္ဂဇင်း။ အတွဲ–၁၁၊ အမှတ်–၁။ ၁၉၉၇–ခုနှစ်။ ရန်ကုန်ဖြို့။

၅၈၀။ ဦးအောင်ညွှန့်(တည်း) ပုံတော်နံစာတ်တော်ကြီးဆယ်ဘွဲ့၊ ပထမတွဲ။ ရန်ကုန်ဖြို့။ ၂၀၀၀–ပြည့်နှစ်။

၅၈၁။ ဦးအောင်ပန်း မကိုဏ္ဍကသာသနာဝင်ကျမ်း၊ ဒုတိယတွဲ။ ရန်ကုန်ဖြို့။ ၁၉၆၂–ခုနှစ်။

၅၈၂။ ပါဠိပါရဂူဦးအောင်မိုး အရှင်အာနန္ဒာဝတ္ထု၊ ဒုတိယတွဲ။ ၂၀၀၀–ပြည့်နှစ်။ ရန်ကုန်ဖြို့။

၅၈၃။ ဦးအောင်မွန် သကေါ်တဗုဒ္ဓ (ဆောင်းပါး)။ ဥာဏ်လင်းဓမ္မစာပဒေသာ။ ၁၉၈၄–ခုနှစ်၊ ဩဂုတ်လ။ ရန်ကုန်ဖြို့။

၅၈၄။ အောင်သန်း(မန္တလေး) (ပြန်) ပုဂံမဟာဗိမာနပြန်မှသမိုင်း။ ရန်ကုန်ဖြို့။ ၁၉၇၃–ခုနှစ်။

၅၈၅။ ဦးအောင်သိန်း အလောင်းတော်ကသဃပသမိုင်းမှတ်တမ်း။ ရန်ကုန်ဖြို့။ ၁၉၇၂–ခုနှစ်။

၅၈၆။ ဦးအောင်သိန်း(တည်း) မောင်းထောင်ဦးကျော်လှ သံချိုကဗျာပေါင်းချုပ်။ ရန်ကုန်ဖြို့။ ၁၉၈၄–ခုနှစ်။

၅၈၇။ ဦးဥတ္တရ အလောင်းတော်ကသဃပသမိုင်းအကျဉ်းချုပ်။ ယင်းမာပင်ဖြို့။

၅၈၈။ အရှင်ဣန္ဒဝံသ အင်္ဂါဝိစ္စာလင်္ကာတွေ့ဓာတ်ရိုက်ဓာတ်ဆင်နှင့်နိမိတ်ကောက်ပုံအလင်းပြကျမ်း။ ရန်ကုန်ဖြို့။ ၁၉၉၁–ခုနှစ်။

၅၈၉။ ဦးဣန္ဒောဘာသ(ဦးဆောင်) ရွှေပေါင်လောင်းမြတ်စွာဘုရားကြီး၏သမိုင်းစာအုပ်။ မန္တလေးမြို့။

၅၉၀။ ဣန္ဒာဇီဝရ ဆဋ္ဌသံဂါယနာတင်အလင်္ကာသမိုင်းကျမ်း။ ရန်ကုန်ဖြို့။

၅၉၁။ ရှင်အုန်းညို ဂါထာခြောက်ဆယ်ပို့။ ရန်ကုန်ဖြို့။ ၁၉၂၈–ခုနှစ်။

၅၉၂။ ဦးအုန်းရွှေနှင့်ဦးတင်လှ(တည်း) တောင်ငူဆိုရတုအဖြေ။ ရန်ကုန်ဖြို့။ ၁၉၆၉–ခုနှစ်။

၅၉၃။ မဉ္ဇုမွာတင် ရှေးဟောင်းမြန်မာကျောက်စာလာ ပါဠိသက္ကတသက်ဝေါဟာရများကို အာသာဓေအမြင်ဖြင့်လေ့လာခြင်း၊ (ကောစော ၆၀၀–၆၂၂)။ အရှေ့တိုင်းပညာမဟာဝိဒ္ဓာဘွဲ့ယူကျမ်း (လက်နှိပ်စက်မူ)။ ၁၉၈၉–၉၀–ခုနှစ်။

*

http://www.dhammadownload.com

မြန်မာကျမ်းစာအရိုး၏ အတိုမှတ်သင်္ကေတများ

(ဤကျမ်းညွှန်းတို့ကို သရုပ်ဖော်ပုံတို့၌သုံးစွဲထားပါသည်။)

အရှင်ကေလာသ၊ ၁၉၇၀ မဟာဝိသုတာရာမနိကာယသာသနာဝင်။ ရန်ကုန်မြို့။ ၁၉၇၀–ပြည့်နှစ်။

ဦးစင်မောင်လင်း။ ၁၉၈၉ ရှင်ဥပဂုတ်ရဟန္တာပူဇော်နည်း။ ရန်ကုန်မြို့။ ၁၉၈၉–ခုနှစ်။

တလိုင်းကုန်း၊ ၁၉၀၉ အကုံရဋီကာပါဠိ။ ရန်ကုန်မြို့။ ၁၉၀၉–ခုနှစ်။

အရှင်တိဿ၊ ၁၉၆၃ ဗိုဝင်းတောင်သမိုင်း။ မန္တလေးမြို့။ ၁၉၆၃–ခုနှစ်။

အရှင်နာဂဝံသ၊ ၁၉၉၀ သုံးဆယ်မြို့ မောင်းထောင်ကျောင်းတိုက် ရာပြည့်သာသနာဝင်။ ရန်ကုန်မြို့။ ၁၉၉၀–ပြည့်နှစ်။

ပုဂံဘုရားပုထိုး၊ ၁၉၉၄ ပုဂံဘုရားပုထိုးများ၊ ပထမတွဲ။ ရန်ကုန်မြို့။ ၁၉၉၄–ခုနှစ်။

ပုံပြဆေးဝါး၊ ၁၉၇၂ ပုံပြမြန်မာဆေးဝါးပင်များအဘိဓာန်ညွှန်ပေါင်း၊ ပထမတွဲ။ ၁၉၇၂–ခုနှစ်။

ဦးဗိုးကျား၊ ၁၉၃၈ အလောင်းတော်ကဿပ။ ရန်ကုန်မြို့။ ၁၉၃၈–ခုနှစ်။

မဏ္ဍ ရဝင်း၊ ၁၉၉၃ သစ္စာတန်ခိုးရှင် သိမ်တော်ရင်(ဆောင်းပါး)။ မွေရုပ်ခုံ၊ ၁၉၉၃–ခုနှစ်။

ဦးမောင်မောင်တင်၊ ၁၉၉၈ ရွှေပေါင်လောင်ဘုရားသမိုင်း။ ရန်ကုန်မြို့။ ၁၉၉၈–ခုနှစ်။

မျိုးသန့်တင်၊ ၁၉၈၄ ကုန်းဘောင်ဓေတ်မြန်မာ့သိပ္ပံပညာရှင်များ။ ရန်ကုန်မြို့။ ၁၉၈၄–ခုနှစ်။

မြ၊ ၁၉၆၈ အပယ်ရတနာလိုက်ဂူဘုရား။ ရန်ကုန်မြို့။ ၁၉၆၈–ခုနှစ်။

မြန်မာ့စွယ်စုံ၊ ၁ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ–၁။ ၁၉၅၄–ခုနှစ်။

မြန်မာ့စွယ်စုံ၊ ၄ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ–၄။ ၁၉၆၀–ပြည့်နှစ်။

မြန်မာ့စွယ်စုံ၊ ၇ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ–၇။ ၁၉၆၃–ခုနှစ်။

မြန်မာ့စွယ်စုံ၊ ၈ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ–၈။ ၁၉၆၃–ခုနှစ်။

ရွှေမော်ဓော၊ ၁၉၅၆ ပဲခူးမြို့ ရွှေမော်ဓောဆုတောင်းပြည့်စေတီသမိုင်း။ ၁၉၅၆–ခုနှစ်။

ဦးဝင်းဓောဝ၊ ၁၉၉၆ ဘုရင့်နောင်မင်းတရားကြီး၏ကမ္ဘာ့ဧသာဒိန်းတော်အဆိုပြုပုံစံ။

သဓင်ကိုယ်တော်မိုင်း၊ ၁၉၅၀ အနာဂတ်ဓာတ်ခုံ အိပ်မက်ဒိဋ္ဌဂိုဏ်း။ ရန်ကုန်မြို့။ ၁၉၅၀–ပြည့်နှစ်။

သာမြတ်၊ ၁၉၆၀ မြစေတီကျောက်စာလေးဘာသာ။ ရန်ကုန်မြို့။ ၁၉၆၀–ပြည့်နှစ်။

သုတေသနအသင်း၊ ၁၉၇၀ သုတေသနစာစဉ်စာတည်းများ။ ရန်ကုန်မြို့။ ၁၉၇၀–ပြည့်နှစ်။

ဒေါက်တာသန်းထွန်း၊ ၁၉၇၂ သမိုင်းထဲကဒီဒိုင်း(ဆောင်းပါး)။ ဟံသာဝတီဒွေ့စဉ်။ (၁၇–၉–၇၂)။

ဟိန်းလတ်၊ ၂၀၀၁ ဒကွိဏာသာဓါ။ ၂၀၀၁–ခုနှစ်။

ဦးအောင်သိန်း၊ ၁၉၇၂ အလောင်းတော်ကဿပသမိုင်းမှတ်တမ်း။ ရန်ကုန်မြို့။ ၁၉၇၂–ခုနှစ်။

http://www.dhammadownload.com

၃။ (က) အင်္ဂလိပ်ဘာသာအတိုမှတ်သင်္ကေတနှင့်ကျမ်းစာအည္ဇန်း

AR	*Annual Report*
ASB	*Archaeological Survey of Burma(Rangoon)*
ASI	*Archaeological Survey of India*
BBHC	*Bulletin of the Burma Historical Commission (Rangoon)*
BEFEO	*Bulletin de l'Ecole Francaise d'Extreme-Orient (Hanoi)*
BHSD	*Buddhist Hybrid Sanskrit Dictionary, 1953*
BRSFAP	*Burma Research Society' Fiftieth Aniversary Publication, Nos.I-II, 1960*
BSOAS	*Bulletin of the School of Oriental and African Studies(London)*
BST	*Buddhist Sanskrit Texts (Darbhanga)*
CHJ	*The Ceylon Historical Journal*
CPD	*A Critical Pāli Dictionary (Copenhagen)*
DBK	*Dasabhodhisattuppattikathā, 1975*
DCBT	*Dictionary of Chinese Buddhist Terms, 1937*
DPPN	*Dictionary of Pāli Proper Names, Vols.I-II, 1960*
EB	*Epigraphia Burmanica (Rangoon)*
EI	*Epigraphia Indica (Calcutta)*
Ency. Bsm.	*Encyclopaedia of Buddhism, ed. G.P. Malalasekera*
EZ	*Epigraphia Zeylanica (Ceylon)*
GM	*Gilgit Manuscripts, Vols.I-IV, 1939-50*
Hind.	*A Popular Dictionary of Hinduism, 1997*
HJAS	*Harvard Journal of Asiatic Studies*
HOS	*Harvard Oriental Series*
IA	*Indian Antiquary (Bombay)*
IAR	*Indian Archaeological Report*
IHQ	*The Indian Historical Quarterly*
JBRS	*Journal of the Burma Research Society(Rangoon)*
JPTS	*Journal of the Pali Text Society(London)*
JRAS	*Journal of the Royal Asiatic Society of Great Britain and Ireland*
JSS	*Journal of the Siam Society*
MHRJ	*Myanmar Historical Research Journal(Yangoon)*
Mhv	*J.J.Jones(Tr.)' Mahāvastu. Vols.I-III, 1949-1956*
Nanjio	*Nanjio' Catalogue of the Chinese Translation of the Buddhist Tripitaka, 1883*
OB-EP	*Old Burma-Early Pagan, Vols.I-III, 1969-1970*
PTC	*Pāli Tipiṭakaṃ Concordance, PTS*

http://www.dhammadownload.com

PTS	*Pali Text Society (edition)*
PTSD	*The Pali Text Society' Pali-English Dictionary, 1959*
SBB	*Sacred Books of the Buddhists*
SBE	*Sacred Books of the East*
SED	*A Sanskrit-English Dictionary, 1956*
Taishō	*Taishō Shinshu Daziokyō, Vols.I-CII, 1924-32*
UHRC	*Universities Historical Research Centre(Yangoon)*

၃။ (ခ) အင်္ဂလိပ်နှင့်သက္ကတဘာသာကျမ်းကိုးစာရင်း

1. *E.W. Adikaram' Early History of Buddhism in Ceylon, Colombo, 1953*
2. *Anil de Silva Vigier' The Life of The Buddha, London, 1955*
3. *D.Anderson and Helmer Smith' A Critical Pāli Dictionary, Vol.I, Copenhagen, 1924*
4. *Aung Thaw' Historical Sites in Burma, Rangoon, 1972*
5. *Dr. Ba Han' The University English Burmese Dictionary, Rangoon, 1951*
6. *Dr. Ba Han' Shin Uttamagyaw and His Tawla, FAPBRS, No.2, 1960*
7. *Ba Shin' Shyan Mālai of The Burmese, BBHC, Vol.I, Part II, Dec., 1960*
8. *Bohmu Ba Shin' Loka Hteikpan, Rangoon, 1962*
9. *L.Bachhofer' Maitreya in Ketumati by Chu Hao-Ku: in India Antiqua, Leyden, 1947*
10. *A.C.Banerjee' Sarvāstivāda Literature, thesis for Ph. D., University of Calcutta, 1957*
11. *P.V.Bapat' Vimuktimarga Dhutaguṇa nirdeśa, New York, 1964*
12. *P.V.Bapat (ed.)' 2500 Years of Buddhism, Delhi, 1987*
13. *Bareau' Les Sectes boudhingues du Petit Vehicule, PEFEO, 1955*
14. *D.K. Barua' Buddha Gaya Temple: Its History, Bodh Gayā, 1981*
15. *B.Barua' Barhut, Book I, Calcutta, 1934*
16. *A.L.Basham' The Wonder that was India, London, 1954*
17. *C.Bauer' Notes On Mon Epigraphy II, JSS, Vol.79, Part 2, 1991*
18. *S.Beal (tr.)' Si-Yu-Ki. Buddhist Records of the Western World. London, 1884*
19. *S.Beal (tr.)' Life of Buddha, London, 1945*
20. *H.Bechert and R.Gombrich' The World of Buddhism, Milan, 1984*
21. *S.V.Beek and L.I.Tettoni' The Arts of Thailand, Hong Kong, 1985*
22. *B.Bhattacharyya' Some Remarkble Buddhist Bronges in Baroda: in India Antiqua, Leyden, 1947*
23. *B.Bhattacharyya' The Indian Buddhist Iconography, Calcutta, 1958*
24. *N.K. Bhattasali' Iconography of Buddhist and Brahmanical Sculptures in the Dacca Museum, Dacca, 1929*
25. *R.Bischoff' Buddhism in Myanmar A Short History, Kandy, 1995*
26. *P. Bishop and Darton' The Encyclopaedia of World Faiths, London, 1987*

http://www.dhammadownload.com

27. *C.O.Blagden' The Talaing Inscription of The Myazedi Pagoda at Pagan, JRAS, 1909*
28. *C.O.Blagden' A Further Notes on the Inscriptions of The Myazedi Pagoda, Pagan and Other Inscriptions Throwing Light on them, JRAS, 1910*
29. *C.O.Blagden' Preliminary Study of the Forth Text of the Myazedi Inscriptions, JRAS, 1911.*
30. *T.Bloch' Notes on Bodhagaya, IAR 1908-9*
31. *J.Blofeld' The Tantric Mysticism of Tibet, New York, 1970*
32. *M. H.Bode' The Pali Literature of Burma, Rangoon, 1965*
33. *B.Brereton' Some Comments on a Northern Phra Malai Text Dated C.S. 878. (A.D.1516), JSS, Vol.81, Part I, 1993*
34. *G.Buhnemann and M.Tachikawa' The Hindu Deities Illustrated, Tokyo, 1990*
35. *Buddhadatta' Abhidhānappadīpikā, Rangoon, 1908*
36. *C.M.Chen' How to Develop The Bodhi-Citta, California, 1971*
37. *U Chit Tin' The Coming Buddha Ariya Metteya, Kandy, 1992*
38. *S.Chutintaranond and Than Tun' On Both Sides of The Tenasserim Range, Bangkok, 1995*
39. *A.Coomaraswamy' History of Indian and Indonesian Art, London, 1972*
40. *E.Conze' Buddhist Scriptures, Great Britain, 1960*
41. *E.B.Cowell and R.A.Neil(ed.)' The Divyāvadāna, Cambridge, 1886*
42. *A.Cunningham' The Bhilsa Topes, Varanasi, 1968*
43. *A.Cunningham' Mahābodhi, New Delhi, 1998*
44. *A.Cunningham' ASI Four Reports (1862-65), Vol.I, New Delhi, 2000*
45. *S.M.Cutler' The Pali Apadāna Collection, JPTS, Vol.20, 1994*
46. *A.H.Dani' Taxila, Japan, 1986*
47. *Dr. Asha Das' A Holy Life of The Metteyya Buddha*
48. *T.W.Rhys Davids and William Stede' The Pali Text Society's Pali-English Dictionary, London, 1959*
49. *H.Dayal' The Bodhisattva Doctrine in Buddhist Sanskrit Literature, thesis for Ph.D., University of London, 1932*
50. *K.A.Derris' Virtue and Relationships in a Theravādin Biography of The Bodhisatta, thesis for Ph.D., Harvard University, 2000*
51. *N.L.Dey' The Geographical Dictionary of Ancient and Medival India, New Delhi, 1971*
52. *M.C.S.Diskul (ed.)' The Art of Srīvijaya, Singapore, 1980*
53. *C.W.Dunn and Hla Pe' A Burmese-English Dictionary, Part II, London, 1950*
54. *C.W.Dunn, Hla Pe and H.F.Searle' A Burmese-English Dictionary, Part III, London, 1955.*
55. *C.Duroiselle' The Bodhisattva Maitreya in Burma, JBRS, Vol.2, Part I, 1912*

http://www.dhammadownload.com

56. *C.Duroiselle' The Rock-Cut Temple of Powun-Daung(Burma), AR 1914-16*
57. *C.Duroiselle' Four Burmese Saints, ASI 1922-23*
58. *C.Duroiselle' Bassein, ASI 1929-30*
59. *N.Dutt' Aspects of Mahāyāna Buddhism and its relation to Hīnayana, thesis for D.Litt., University of London, 1930*
60. *N.Dutt' Early Monastic Buddhism, Calcutta, 1945*
61. *S.Dutt' Buddhist Monks and Monasteries of India, London, 1962*
62. *F.Edgerton (ed.)' Buddhist Hybrid Sanskrit Reader, Yale, 1953*
63. *F.Edgerton' Buddhist Hybrid Sanskrit Dictionary, Yale, 1953*
64. *E.J.Eitel' Handbook of Chinese Buddhism, Netherlands, 1970*
65. *Sir C.Eliot' Hinduism and Buddhism, Vol.I, London, 1921*
66. *V.Fausboll (ed.)' Jātaka Commentary, Vol.VI, London, 1964*
67. *M.L.Feer (ed.)' Pancagatidīpanī, JPTS, 1884*
68. *J.P.Ferguson' The Symbolic Dimensions of The Burmese Sangha, thesis for Ph.D., University of Cornell, 1975*
69. *V.Ferm (ed.)' An Encycdopedia of Religion, New York, 1945*
70. *D.H.Fickle' Crowned Buddha Images in Southeast Asia, Thailand, 1974*
71. *J.Filliozat' The Commentaries to the Anāgatavaṃsa in the Pāli manuscripts of the Paris collections, JPTS, Vol.19, 1993*
72. *E.Forchammer' Arakan, Rangoon, 1881*
73. *A.Foucher' The Beginnings of Buddhist Art and Other Essays in India and Central Asian Archaeology, London, 1917*
74. *A.V.Gabain' Maitrisimit II, Berlin, 1961*
75. *Geddes and Grosset' Dictionary of Geography, United Kingdom, 2001*
76. *W.Geiger (tr.)' The Mahāvaṁsa, Colombo, 1950*
77. *W.Geiger (tr.)' Cūlavaṁsa, Vol.I, Colombo, 1953*
78. *W.Geiger' Pāli Literature and Language, New Delhi, 1978*
79. *A.Getty' The Gods of Northern Buddhism, New York, 1914*
80. *C.E.Godakumbura' Sinhalese Literature, Colombo, 1955*
81. *D.Goddard' A Buddhist Bible, U.S.A., 1956.*
82. *E.R.Gooneratne (ed.)' Telakaṭāhagāthā, JPTS, 1884*
83. *Goswami (tr.)' Lalitavistara, Kolkata, 2001*
84. *Lama A.Govinda' Foundations of Tibetan Mysticism, London, 1975*
85. *J.Gray (tr.)' Embellishments of Buddha(Jinālaṅkāra), London, 1894*
86. *L.Grey' A Concordence of Buddhist Birth Stories, London, 1994*
87. *A.B. Griswold' Dated Buddha Images of Northern Siam, Ascona, 1957*
88. *A.B. Griswold' Towards A History of Sukhodaya Art, Bangkok, 1967*

http://www.dhammadownload.com

89. *A.B.Griswold' and Praseṇa Nagara' King Lodaiya of Sukhodaya and His Contemporaries, JSS, Vol.60, Part I, 1972*
90. *E.Guillon' The Mons, Bangkok, 1999*
91. *Gunasekara (ed.)' The Rājāvaliya, Colombo, 1954*
92. *A.W.P. Guruge' Aśoka, The Righteous- A Definitive Biography, Colombo, 1993*
93. *P.Gutman' The Pyu Maitreyas: in Traditions in Current Perspective, UHRC, 1996*
94. *P.Gutman' Burma's Lost Kingdoms, Bangkok, 2001.*
95. *D.G.E. Hall' Burma, London, 1960*
96. *D.G.E.Hall (ed.)' Historians of South East Asia, London, 1961*
97. *R.Halliday' Lik Smiṅ Asaḥ, JBRS, Vol.7, Part III, 1917*
98. *R.Halliday' A Mon-English Dictionary, Rangoon, 1955*
99. *G.E.Harvey' History of Burma, London, 1967*
100. *J.Hasting' Encyclopaedia of Religion and Ethics, Vol.I, Edinburg, 1908*
101. *O.V.Hinuber' A Handbook of Pāḷi Literature, New Delhi, 1997*
102. *Hla Pe' Some Adapted Pali Loan-Words in Burmese, FAPBRS, No.I, 1960*
103. *Hla Pe, H.F.Searle and A.J.Allott' A Burmese-English Dictionary, Part IV, London, 1963*
104. *Dr. Hla Pe' A Tentative List of Mon Loan-Words in Burmese, JBRS, Vol.50, Part I, 1967*
105. *Hla Pe, A. J. Allott and J.W.A.Okell' A Burmese-English Dictionary, Part V, London, 1969*
106. *Dr. Hla Pe' Burma, Singapore, 1985*
107. *I.B.Horner (tr.)' Chronicle of Buddha (Buddhavaṁsa), London, 1975,*
108. *I.B.Horner (tr.)' The Clarifier of The Sweet Meaning (Buddhavaṁsa Aṭṭhakathā), London, 1978*
109. *Dr. Htin Aung' Bayinnaung and The Sacred Tooth, The Nation Supplement, Feb., 1963*
110. *Maung Htin Aung' Burmese Monk's Tales, U.S.A., 1966*
111. *Maung Htin Aung' A History of Burma, U.S.A., 1967*
112. *Maung Htin Aung' A Defence of The Chronicle, Oxford, 1970*
113. *Monk Hui-Li (Comp.)' The Life of Hsuan-Tsang, Peking, 1959*
114. *C. Humphreys' Buddhism, London, 1952*
115. *C. Humphreys (ed.)' A Buddhist Student's Manual, London, 1956*
116. *C. Humphreys' A Popular Dictionary of Buddhism, London, 1963*
117. *J.Irwin' Victoria and Albert Museum Masterpieces: Sheet-7, The Sanchi torso, London, 1976*
118. *N.A.Jayawickrama(tr.)' The Thūpāvaṁsa, London, 1971*
119. *J.J. Jones (tr.)' The Mahāvastu, Vol.I, London, 1949*
120. *J.J. Jones (tr.)' The Mahāvastu, Vol.II, London, 1952*

http://www.dhammadownload.com

121. *J.J. Jones (tr.)' The Mahāvastu, Vol.III, London, 1956*
122. *A.Judson' Burmese-English Dictionary, Rangoon, 1893*
123. *O.Karow' Burmese Buddhist Sculpture, Bangkok, 1991*
124. *A.B.Keith' Classical Sanskrit Literature, Mysore, 1927*
125. *Kim and Hong Sohn' The History of Korea, Seoul*
126. *Kim Inghis (ed.)' Myanmar Style, Singapore, 1998.*
127. *Kim Myugjin (ed.)' The Saddharmapuṇḍarīka, Korea, 2000*
128. *Masahiro Kitsudo' Pāli Texts Printed in Srī Lankā in Sinhalese Characters, Tokyo, 1997*
129. *Sri P.M.Lad (ed.)' The Way of the Buddha, Bombay, 1957*
130. *B.C.Law' The Life and Works of Buddhaghosa, Calcutta and Simla, 1923*
131. *B.C.Law' Buddhistic Studies, Vol.I, Calcutta, 1931*
132. *B.C.Law' Geographical Essays, Vol.I, London, 1937.*
133. *B.C.Law (tr.)' The History of The Buddha's Religion (Sāsanavaṁsa), England, 1952*
134. *B.C.Law' Asvaghoṣa, In Encyclopaedia of Buddhism, Ceylon, 1957.*
135. *B.C.Law (tr.)' Dīpavaṁsa, Ceylon, 1959*
136. *B.C.Law' A History of Pāli Literature, India, 2000*
137. *J. Legge (tr.)' A Record of Buddhistic Kingdoms, New York, 1965*
138. *R. Le May' The Culture of South-East Asia, London, 1956.*
139. *S.E. Lee' History of Far Eastern Art, New York*
140. *T.O.Ling' A Dictionary of Buddhism, U.S.A., 1972*
141. *T.O.Ling' Buddhism, Imperialism and War, London, 1979*
142. *S.Fraser Lu' Burmese Crafts, Kuala Lumpur, 1994*
143. *G.H.Luce and Bashin' Pagan Myinkaba Kubyaukgyi of Rājakumar (1113 A.D.) and the Old Mon Writings on its walls. BHHC, Vol.II, 1961*
144. *G.H.Luce' Dvāravatī and Old Burma, JSS, Vol.53, Part I, 1965*
145. *G.H.Luce' Old Burma-Early Pagan, Vol.I, New York, 1969*
146. *G.H.Luce' Old Burma-Early Pagan, Vol.II, New York, 1970*
147. *G.H.Luce' Old Burma-Early Pagan, Vol.III, New York, 1970*
148. *G.H.Luce' Kaṁraṁ/Kaṁlaṁ/Kāmalaṅka, JBRS, Vol.LIX, 1976.*
149. *G.H.Luce and Tin Htway' A 15th Century Inscription and Library at Pagan, Burma, In Malalasekera Commemoration Volume, Colombo, 1976*
150. *G.H.Luce' Phases of Pre-Pagan, Vol.I, Oxford, 1985*
151. *M.O.' Reviews (Critical Notes on Mr.Taw Sein Ko's Paper on 'The Chinese Antiquities of Pagan'), JBRS, Vol.I, Part II, 1911*
152. *P.C. Majunder (ed.)' Maitreya Vyākraṇa: in Gilgit Manuscripts. Vol.IV, Calcutta, 1959*
153. *G.P Malalasekera' The Pāli Literature of Ceylon, Colombo, 1928*
154. *G.P Malalasekera (ed.)' Encyclopaedia of Buddhism (Specimen), Ceylon, 1957*
155. *G.P. Malalasekera' Dictionary of Pāli Proper Names, Vol.I, London, 1960*

http://www.dhammadownload.com

156. *G.P. Malalasekera' Dictionary of Pāli Proper Names, Vol.II, London, 1960*
157. *G.P. Malalasekera(ed.)' Encyclopaedia of Buddhism, Vol.II, Fascicle-3, Ceylon, 1967*
158. *G.P. Malalasekera(ed.)' Encyclopaedia of Buddhism, Vol.III, Fascicle-4, Ceylon, 1997*
159. *G.P. Malalasekera(ed.)' Encyclopaedia of Buddhism, Vol.VI, Fascicle-1, Sri Lanka, 1996*
160. *G.P. Malalasekera(ed.)' Encyclopaedia of Buddhism, Vol.VI, Fascicle-2, Sri Lanka, 1999*
161. *G.P. Malalasekera(ed.)' Encyclopaedia of Buddhism, Vol.VI, Fascicle-3, Sri Lanka, 2002*
162. *G.P. Malalasekera(ed.)' Encyclopaedia of Buddhism, Vol.VI, Fascicle-4, Sri Lanka, 2002*
163. *A.C.March' A Brief Glossary of Buddhist Terms, London, 1950*
164. *Sir J.Marshall' The Buddhist Art of Gandhara, Delhi, 1960*
165. *Sir J.Marshall' A Guide to Taxila, Cambridge, 1960*
166. *F. Martini (tr.)' Dasabodhisatta Uddesa, BEFEO, Vol.36*
167. *G. Martini (tr.)' Pancabuddhābhyākaraṇa, BEFEO, Vol.55, 1969*
168. *Matsuda (ed.)' Two Sanskrit Manuscripts of The Dasabumikasatra, Tokyo, 1996*
169. *T. Matsuda (ed.)' A Dictionary of Buddhist Terms and Concepts, Tokyo, 1983*
170. *Mg Mg Lay' A Rare Myanmar Voctive Tablet in Paris, ITBMU, Rangoon, 2003*
171. *Michael Aung Thwin' Pagan, Honolulu, 1985*
172. *Michael Aung Thwin' Myth and History in the Historiography of Early Burma, Singapore, 1998*
173. *Minayeff (ed.)' Gandhavaṁsa, JPTS, 1886*
174. *Minayeff (ed.)' Anāgatavaṁsa, JPTS, 1886*
175. *R.Mitra' Sanskrit Buddhist Literature of Nepal, Calcutta, 1882*
176. *R.Mitra' Buddha Gaya, Delhi, 1972*
177. *D.Mitra' Buddhist Monuments, Calcutta, 1971*
178. *P.Morgan' Buddhism, London, 1987*
179. *N. Mudiyanse' Mānusī Buddhaṣ: in Encyclopaedia of Buddhism, Vol.VI, Fascicle-4, Ceylon, 2002*
180. *G.S.Murti and A.N.K.Aiyangar' Edicts of Asoka, 1950*
181. *F.M.Mullers and H.Wenel (ed.)' Dharmasaṅgraha, Oxford, 1885*
182. *U Mya' Our Museum, JBRS, Vol.IV, 1919*
183. *U Mya' A Note on the Buddha's Footprint in Burma, ASI-ARI 1930-34*
184. *P.R.Myer' Bodhisattvas and Buddha: Early Buddhist Images from Mathura, Artibus Asie, Vol.II, 1986*
185. *Myint Aung' The Excavations at Hanlin, JBRS, Vol.LIII, Part II, Dec., 1970*
186. *Ñāṇamoli (tr.)' The Path of Purification, Colombo, 1956*
187. *S.K. Nanayakkara' Lalitavistara: in Encyclopaedia of Buddhism, Vol.VI, Fascicle-2, Ceylon, 1999.*
188. *S.K. Nanayakkara' Mañjuśrī: in Encyclopaedia of Buddhism, Vol.VI, Fascicle-4, Ceylon, 2002.*

http://www.dhammadownload.com

189. *Nārada Thera (tr.)' The Dhammapada, London, 1959*
190. *J.K.Nariman' Literary History of Sanskrit Buddhism, Delhi, 1972*
191. *D.Naylor' Thinking About Buddhism, Great Britian, 1976*
192. *K.R.Norman' Pāli Literature, Germany, 1983*
193. *Nyāṇatiloka' Buddhist Dictionary, Rangoon, 2003*
194. *Nai Pan Hla' Comparative Study of Old and Modern Burmese, JBRS, Vol.LVIII, Part I, 1975*
195. *A. Paradhon' Thet Mahāchat, FAPBRS, No.I, 1960*
196. *Pe Maung Tin' Buddhism in the Inscriptions of Pagan, JBRS, Vol.26, Part I, 1936*
197. *Pe Maung Tin and G.H. Luce' The Glass Palace Chronicle of The kings of Burma, Rangoon, 1960*
198. *Pe Maung Tin and G.H. Luce' Inscriptions of Burma, Portfolio I. BBHC, Vol.I, Part I, 1960*
199. *R.Pearn' History of Rangoon, Rangoon, 1939*
200. *Sir A Phayre' History of Burma, London, 1967*
201. *P.Pichard' Les Monuments Sur Plan Pentegoine A Pagan, BEFEO, Vol.74, 1985*
202. *P.Pichard' The Pentagonal Monuments of Pagan, Thailand, 1991*
203. *P.Pichard' Inventory of Monuments at Pagan, Vol.I, Hong Kong, 1992*
204. *P.Pichard' Inventory of Monuments at Pagan, Vol.2, Hong Kong, 1993*
205. *P.Pichard' Inventory of Monuments at Pagan. Vol.3, Hong Kong, 1994*
206. *P.Pichard' Inventory of Monuments at Pagan. Vol.4, Hong Kong, 1994*
207. *P.Pichard' Inventory of Monuments at Pagan. Vol.5, Hong Kong, 1995*
208. *P.Pichard' Inventory of Monuments at Pagan. Vol.6, Hong Kong, 1995*
209. *P.Pichard' Inventory of Monuments at Pagan. Vol.7, Bangkok, 2000.*
210. *A. Powell' Living Buddhism, London, 1989*
211. *S.Radhakrishnan (ed.)' History of Philosophy: Eastern and Western, Vol.I, London, 1967*
212. *J.Rahder and S.Susa (ed.)' Dasabhumika-Sutra, Louvain, 1926*
213. *W.Rahula' History of Buddhism in Ceylon, Colombo, 1956*
214. *N.Ray' Lokanātha and other Mahāyāna Gods in Burma: in Buddhistic Studies, Vol.I, Calcutta, 1931*
215. *N.Ray' Brahmanical Gods in Burma, Calcutta, 1931*
216. *N.Ray' Sanskrit Buddhism in Burma, Amsterdam, 1936*
217. *N.Ray' Theravada Buddhism in Burma, Calcutta, 1964*
218. *W.W. Rockhill' Life of Buddha, India, 1991*

http://www.dhammadownload.com

219. *W.H.D. Rouse (ed. & tr.)' Jinacarita, JPTS, 1905*
220. *P.Rowson' The Art of Tantra, London, 1978*
221. *H.Saddhātissa' The Buddhas Way, London, 1971*
222. *H.Saddhātissa' Pāli Literature of Thailand: in Buddhist Studies in Honour of I.B. Horner, Holland, 1974*
223. *H.Saddhātissa (tr.)' The Birth-Stories of the Ten Bodhisattas (Dasabuddhisattuppatti Kathā), London, 1975*
224. *W.C.Sailer' Textual Evidence of Sotatthakī Mahānidāna, Bangkok, 1983*
225. *W.C.Sailer' Reflection on Buddha Footprint: in Journal of The Office of The Supreme Patriarch, Year 1, Bangkok, 1992*
226. *W.C.Sailer' The Buddha Footprint Collection, (Unpublished), 1992*
227. *W.C.Sailer' An Introductory Study of Buddha Pādalakkhaṇā, (Unpublished), 1994*
228. *W.C.Sailer' Above of All Worlds: A Study of The Loka-hteik-pan' Buddha Footprint, Bagan, Myanmar, (Unpublished), 1997*
229. *W.C.Sailer' The Pinya Era Buddha Pāda Vandanā, (Unpublished), 1997*
230. *W.C.Sailer' A Study of One Footprint: in Traditions of Knowledge in Southeast Asia, UHRC, 2003*
231. *San Tha Aung' The Buddhist Art of Ancient Arakan, Rangoon, 1979*
232. *E.Sarkisyanz' Buddhist Backgrounds of The Burmese Revolution, Netherlands, 1965*
233. *H.Sastrī' Descriptive Catalogue of Samskrit MSS. in the Asiatic Society of Bengal. No.I, 1917*
234. *V.C. Scott O' Connor' Mandalay and Other Cities, London, 1907*
235. *U.V.Schroeder' The Golden Age of Sculpture in Sri Lanka, Hong Kong, 1992*
236. *Seeker's Glossary of Buddhism, Taiwan, 1998*
237. *R.Shafer' Further Analysis of The Pyu Inscriptions, HJAS, Vol.7, Cambridge, 1942-43*
238. *U.P.Shah' Studies in Jaina Art, 1955*
239. *H.L.Shorto' The 32myos in the medival Mon Kingdom, BSOAS, Vol.26, Part III, 1963*
240. *H.L.Shorto' A Dictionary of the Mon Inscriptions from the Sixth to the Sixteenth Centuries, London, 1971*
241. *Shway Yoe' The Burma, New York, 1882*
242. *U Shwe Zan Aung' Buddhist Prayer, JBRS, Vol.VII, Part II, 1917*
243. *Sir N.C.Sinha (ed.)' Rgyan Drug Mchog Gnyis, Sikkim, 1962*
244. *P.Skilling' Symbols of the Body, Feet and Hands of a Buddha, Part I, (List), JSS,Vol.80, Part II, 1992*
245. *P.Skilling' The Sambuddhe Verses and later Theravādin Buddhology, JPTS, Vol.22, 1996*
246. *B.E.Smytthies' The Birds of Burma, 1986*
247. *V.A.Smith' The Early History of India, Oxford, 1924*
248. *D.L.Snellgrove (ed.)' The Image of The Buddha, Japan, 1978*
249. *Sodo Mori' Studies of The Pali Commentaries, Japan, 1989*

http://www.dhammadownload.com

250. *W.E.Soothill and L.Hodous' A Dictionary of Chinese Buddhist Terms, London, 1934*
251. *W.E.Soothill (tr.)' The Lotus of The Wonderful Law, Oxford, 1930*
252. *M.E.Spiro' Burmese Supernaturalism, U.S.A., 1967*
253. *M.E.Spiro' Burmese and Society, California, 1982*
254. *A.L.Srivastava' Nandyāvarta, Allahabad, 1991*
255. *J.S.Speyer (tr.)' The Gātakamālā, Delhi, 1990*
256. *D.M.Stadtner (ed.)' The Art of Burma: New Studies, India, 1999*
257. *J.S.Strong (tr.)' Aśokāvadāna, India, 1989*
258. *J.A.Stewart and C.W.Dunn' A Burmese-English Dictionary, Part I, London, 1940*
259. *J.S.Stewart and of C.W.Dunn' A Burmese-English Dictionary, Part V, London, 1969*
260. *P.Strachan' Pagan: Art and Architecture of Old Burma, Arran, 1989*
261. *B.L.Suzuki' Mahāyāna Buddhism, New York, 1963*
262. *D.T. Suzuki' Japanese Buddhism, Japan, 1938.*
263. *J.Takakusu' The Essentials of Buddhist Philosophy, Honolulu, 1956*
264. *Tāranātha' History of Buddhism in India, Simla, 1970*
265. *Taw Sein Ko' The Kalyāṇī Inscriptions, Rangoon, 1892.*
266. *Taw Sein Ko (ed.)' The Inscriptions Collected in Upper Burma, Vol.II, Rangoon, 1903*
267. *Taw Sein Ko' Chinese Antiquities at Pagan, JBRS, Vol.I, Part II, 1911*
268. *Sir R.C. Temple' The Thirty Seven Nats, London, 1906*
269. *D.Templeman' The Art of Tibet, Melbourne, 1982*
270. *U Tet Htoot' The Nature of The Burmese Chronicles: in Historians of Southeast Asia, New York, 1961*
271. *Than Tun' Mahākassapa and his tradition, JBRS, Vol.42, Part II, 1959*
272. *Than Tun' Religions building in Burma, A.D. 1000-1300, JBRS, Vol.42, Part II, 1959*
273. *Than Tun' Religions in Burma, A.D. 1000-1300, thesis for the Ph.D., University of London, JBRS, Vol.42, Part I, 1959*
274. *Than Tun' The Influence of Occultism in Burmese History with Special Reference to Bodawpayas' Reign 1782-1819, BBHC, Vol.I, Part II, 1960*
275. *Than Tun' Pagan Restoration, JBRS, Vol.69, 1976*
276. *Dr. Than Tun' Historiography of Burma: in The Shiroku, Kagoshima, 1976*
277. *Than Tun' History of Buddhism in Burma, A.D.1000-1300, JBRS, Vol.LXI, 1978*
278. *Than Tun' Pugan Sāsanā: in honour of Mingun Sayadaw's 80th Birthday, Yangoon, 1991*
279. *Than Tun' History of Myanmar Cuture: in Myanmar Two Millenna, Part II, Rangoon, 2000*
280. *Than Tun' Buddhist Art and Architecture, With Special Reference to Myanma, Yangoon, 2001*
281. *Than Tun' The English-Myanma Calendar of The Second Millennium A.D. 11th , 12th and 13th Centuries, Bagan Period, Rangoon, 2003*
282. *E.J.Thomas' The Life of Buddha, London, 1949*

http://www.dhammadownload.com

283. *Tin Hla Thaw' The Development of The Buddha Image in Burma, thesis for the M.A., University of London, 1963*
284. *Ph.Vogel' Indian Serpent-Lore, London, 1926*
285. *L.A.Waddell' Upagupta, ASBJ, Vol.66, Part I, No.I, 1897*
286. *H.G.Q. Wales' Dvāravatī, London, 1969*
287. *H.G.Q. Wales' Early Mon-Old Siam, London, 1973*
288. *W.Walf' Buddhism: Art and Faith, London, 1985*
289. *H.C.Warren' Buddhism in Translatiosn, Cambridge, 1986*
290. *K.Werner' A Popular Dictionary of Hinduism, U.S.A., 1997*
291. *D.C.Wijewardene' The Sculptured Pagantry of Kelaniya Vihara, Here Is Kelaniya Souvenir 1575, Colombo, 1946*
292. *Win Than Tun' Pali and Sanskrit Loans in Myanmar Language (Pagan Period), Tokyo, 1992*
293. *M.Winternitz' History of Indian Literature, Vol.I, Calcutta, 1933*
294. *M.Winternitz' History of Indian Literature, Vol.II, Calcutta, 1933*
295. *Sir M.M.Williams' A Sanskrit-English Dictionary, Oxford, 1956*
296. *A. Wright' Buddhism in Chinese History, California, 1971*
297. *D.K.Wyatt and A.Wichienkeeo(tr.)' The Chiang Mai Chronicle, Bangkok, 1995*
298. *U Wun' Development of The Burmese Language in The Medieval Period, Japan*
299. *Y.Yap and A.Cotterell' The Early Civilization of China, London, 1975*
300. *Capt. Henry Yule' A Narrative of the Court of Ava in 1855, London, 1858*
301. *A. Yuyana' Mahāvastu Avadāna: in Encyclopaedia of Buddhism, Vol.VI, Fascicle-4, Sri Lanka, 2002*
302. *H.Zimmer' Myths and Symbols in India Art and Civilization, New York, 1962*

*

http://www.dhammadownload.com

http://www.dhammadownload.com

အက္ခရာဝလိ

[ဤစာအုပ်တွင်ဖော်ပြပါရှိသော ပုဂ္ဂိုလ်တို့၏အမည်၊ နေရာဌာနတို့၏အမည်၊ အသုံးပြုရည်ညွှန်းသော စာအုပ်စာတမ်း, ကျောက်စာ စသည်တို့နှင့် ရှင်းလင်းချက်ဟူ၍ အချက်အလက်များစွာပါရှိရာတွင် လက်ငင်း အရေးပါ၍ ရှာဖွေကြည့်ရှုရလွယ်ကူစေရန် ပုဂ္ဂိုလ်အမည်၊ စာအုပ်အမည်အချို့နှင့် ရှင်းလင်းချက်တို့ကိုသာ ဤအက္ခရာဝလိစဉ်၌ ဖော်ပြထားပါသည်။]

ဂျ–ဂျမန်၊ တ–တရုတ်၊ ထ–ထိုင်း၊ ပ–ပျူ၊ ပါ–ပါဠိ၊ မ–မွန်၊ မိ–မိသကသက္ကတ (Buddhist Hybrid Sanskrit)၊ သ–သက္ကတ၊ သီ–သီရိလင်္ကာ (သီဟိုဠ်)။

[က]

ကကုသန်(သန္ဓ)ဘုရား ၄၄၂၊ ၄၅၁၊ ၅၂၂
ကနိသ္သကမင်း ၁၁၈၊ ၂၅၇၊ ၆၀၂
ကရဝီက ၅၄၆
[ဂြိ] ကရိသ္သန (ဖကား) (သ) ၄၅၅၊ ၄၅၇
ကလပ်ဝါးရင့် (H.C. Warren) ၄၂၁
ကလာပ်(သ) ၂၃၂
ကလျာဏီတိဿမင်း ၁၇၉
[ဦး] ကဝိ ၅၈၆
ကဝိလက္ခဏဒီပနီကျမ်း ၅၅၀
ကာကဝဏ္ဏတိဿမင်း ၁၇၈
ကာလသုံးပါးဘုရားရှိခိုး ၄၇
ကာလ(ဥ)နဂါးမင်း ၅၂၁၊ ၅၂၂
ကာဠဒါဃီမထေရ် ၂၂၄
ကိသနာဂမထေရ် ၁၅၈
ကုဗေရ(သ) ၃၇၅
[အရှင်] ကုမာရဇီဝ ၄၆၇၊ ၄၆၈
[ဦး] ကုလား ၁၅၉
[ဦး] ကုလားမဟာရာဇဝင်တော်ကြီး ၆၀၀
ကုသုမ (သီ) ၄၅၅
ကေတု ၄၅၅
[ဦး] ကေတုမာလာ ၂၄၁
ကေလာသပဗ္ဗတ ၅၄၆
ကေဝဋ္ဋသူကြွယ် ၅၆၉
ကောဏာဂမနဘုရား ၄၃၇၊ ၄၄၄၊ ၄၄၈၊ ၅၂၄
ကောမျို (Komyo)ဘုရား(ဂျ) ၁၃၆

[က]

[ဦး] ကောဝိဒ ၃၁၄
ကောသမ္ဗီမင်း ၄၄၃
ကံ့ကော်ပန်း(နာဂကေသရ) ၆၀၅
ကံ့ကော်ဗောဓိ ၃၇၇၊ ၃၇၉
ကုက္ကုဠ ၅၅၂၊ ၅၅၃
ကုက္ကုဠပါဒ(ဂိရိ)တောင် ၁၁၉၊ ၁၂၉၊ ၄၉၇
ကောင်းမှုတော်နှင့်ပုဒ္ဓသဝိတ်တော် ၅၁၁
[အရှင်] ကစ္စာယန ၁၆၀
ကစ္စည်းသဒ္ဒါကြီး ၁၆၀
ကဋ္ဌနဒေဝီမိဖုရားကြီး ၇၇
ကောဋ္ဌရာဇာ ၅၄၆
(အရှင်) ကောဏ္ဍည ၄၄၄
ကိတ္တိမုခ ၁၀၄
ကိန္နရီ ၅၄၆
ကိုပုရိသ (ကိန္နရာ) ၅၄၆
ကပ် ၄၇၉
ကပ်ကမ္ဘာ ၄၇၉
ကမ်ပ (Cam-pa) (တိ) ၃၈၉
ကမ္ဘောဇသာဒီ ၅၁၂
ကမ္ဘာကြီး ၄၇၉
ကမ္ဘာငါးမျိုး ၄၈၄
ကမ္ဘာနှစ်မျိုး ၄၈၀
ကမ္ဘာဟူသည် ၄၇၉
ကမ္ဘာ၏သက်တမ်း ၄၈၀
ကမ္ဘာဦးကြာမှသက်နံးပရိက္ခရာ ၄၉၀

http://www.dhammadownload.com

[က]

ကမ်းယံပြည် ၆၀၀[၁]
ကမ်းယံပြည်မှ မေတ္တေယျရွှေရုပ်တု ၆၀၀
ကုရိမ(အဝတာရ်) (သ) ၄၅၇
ကိုယ်သာပဓာန ၅၉၂
ကလ်ကီ (အဝတာရ်) (သ) ၄၅၇
ကလွ (သ) ၄၇၉
[အရှင်မဟာ]ကဿပ ၄၀၉
[အရှင်] ကဿပ တေဇောဓာတ်လောင်ခန်း ၁၅၁
[အရှင်] ကဿပ ပရိနိဗ္ဗာန်စံခန်း ၁၅၂
ကဿပဗိမ္ဗဝန္ဒနာကျမ်း ၁၃၂
ကဿပဘုရားရှင် ၁၂၈၊ ၄၃၅၊ ၄၃၈၊ ၄၄၆၊ ၅၂၄
ကျစ္ဆာမင်း ၄၉
ကျီးသဲလေးထပ်ဆရာတော် ၁၂၇၊ ၁၆၀၊ ၄၈၆
ကျေက်တြေယ်မေတ္တေယ်(မ) ၇၈၆
ကျောက်သပိတ်တော် ၇၈
ကျောင်းကြီးအုတ်နီ–ကိန်းနှင့်ညီ ၃၁၇
ကျောင်းသုံးဗုဒ္ဓဝင်ကျမ်း ၄၂၀
ကျန်စစ်မင်းကြီး ၃၃၂၊ ၅၇၉
ကျိန်စာ ၂၀၉
ကြာ ၄၈၇
ကြာဖြူအဖွဲ့ (White Lotus Secret Society) ၃၈၃
ကြာရုံ၌ဖြစ်သောပရိကွရာရှစ်ပါး ၄၉၁
ကြာသက်နိုး ၄၉၂
ကြေးပြာသာဒ်ကျောင်း ၁၅၈
ကြက် ၅၅၃
ကြက်ဖ ၅၅၃
ကြက်လက္ခဏာ ၅၅၂
ကြည်တော်ဘုန်းကြီး ၄၁၈
ကြည့်ကန်ရှင်ကြီး ၁၀၉၊ ၄၈၆၊ ၅၀၅၊ ၅၂၆
ကွန့်(ဇီ) (E. Conze) ၄၆၈
ကျွဲပုံအင်း ၅၆၄

[ခ]

ခရောရှတီ *(Kharoshtī)* အက္ခရာ ၆၀၂
ခါမင်း (ပရိတ်) ၄၉
ခိုတန် (ပြည်) (Khotan) ၄၉၉[၄]

[ဂ]

ဂင်္ဂ (သန်လျက်) ၅၄၄
ခင်ကြီးပေါက်ဝတ္ထု ၅၈၀
ခင်ကြီးဖျော် ၄၅၀
[ဦး] ခင်စိုး ၄၅၅
ခန္ဓီ ပါရမိတာ (သ) ၂၉၃
ချီရပတ်ပရုပန်ဒွီဒျ (ထ) ၄၆၃
[မောင်] ချစ်စအုတ်ခွက် ၃၃၇
ခြေတော်ရာ ၅၃၅
[ဦး] ခြိမ့် ၄၁၆

[ဂ]

ဂရီ–ဗုဒ္ဓဘာသာအနုပညာ ၆၀၃
ဂဝံပတိမထေရ် ၃၇၅[၂]
ဂဝံအင်း ၅၆၂
ဂါထာခြောက်ဆယ်ပျို့ ၂၂၅၊ ၂၄၇
ဂုဏာပြဘမထေရ် (မိ) ၁၂၂[၄]
ဂုရုပါဒတောင် ၁၃၅[၁]
ဂူပြောက်ကြီးဘုရား (၂၉၈၊ ပုဂံ) ၄၁၃
ဂေါတမဘုရား ၅၂၄
ဂေါတမဗုဒ္ဓနှင့် မေတ္တေယျရှင် ၃၅၆
ဂေါတမဗုဒ္ဓဝင်နှင့် မေတ္တေယျဗုဒ္ဓဝင် ၄၁၂
ဂေါတမဗုဒ္ဓ၏သပိတ်တော်နှစ်လုံး ၅၀၂
ဂေါတမဘုရားနှင့်မေတ္တေယျရှင်တို့၏စက်လက္ခဏာ ၅၅၀
ဂေါတမဘုရားရှင်သာသနာကွယ်ပြီ ၆၂
ဂေါတမီ(မိထွေးတော်) ၇၇
ဂေါတမီမင်းသမီး ၄၄၁
ဂိုဒကုမ္ဘုရ (C.E. Godakumbura) (သီ) ၄၂၂
ဂင်္ဂါဝါဠ သဲစုမျှမက ၆၀
ဂန္ဓဝံသကျမ်း ၄၀၉
ဂေါတ္တနာမ ၃၈၉[၅]
ဂန္ဓာရ ၄၉၉၊ ၆၀၁
ဂန္ဓာရတိုင်း ၁၁၈၊ ၅၆၈
ဂန္ဓာရပြည်မှမေတ္တေယျရုပ်တု ၅၉၇
ဂန္ဓာရီပညာ ၅၆၈
ဂန္ဓာရီပညာကိုဘုရားရှင်ပယ် ၅၆၉
ဂန္ဓာရီဝဏ္ဏတို့အသက်ရှည်လိုခြင်း ၅၇၁

http://www.dhammadownload.com

[ဂ]

ဂိလ်ဂစ် (ဒေသ) (Gilgit) ၄၆၆
ဂုဥ္ဇတ္တဝိနိစ္ဆယကျမ်း ၅၄၆
ဂျူလယန် (Jaulian) ၆၀၄
ဂျိန်း (အဋ္ဌမင်္ဂလ) ၅၄၀

[ဃ]

ဃဋိကာရပြဟ္မာကြီး ၄၉၄
ဃဋိကာရပြဟ္မာကြီးလူသောသပိတ် ၅၀၂

[င]

ငဆန်ပြန်ပျို့ ၄၉၃
ငတပါး (မင်း) ၄၃၀
ငလှသင်ဂူ (၁၀၉၁၊ ပုဂံ) ၁၀၃
ငါးဆူစေတီ ၃၃၁
ငါးဆူဆရာတော်ဦးတေဇဝန္တ ၄၁၈
ငါးဆူတော်ဘုရား (မန္တလေး) ၃၃၂
ငါးဆူဒါယကာမင်း ၃၃၄
ငါးဆူရှင်စေတီ (ပဲခူး) ၃၂၈
ငါးဆူအုတ်ခွက် (ပဲခူး) ၃၃၇
ငါးဆူအုတ်ခွက် (ပြင်သစ်) ၃၄၁
ငါးဆူအုတ်ခွက်ဘုရားများ ၃၃၇
ငါးမျက်နှာစေတီ (တောင်တွင်းကြီး) ၃၂၆၆
ငါးမျက်နှာစေတီ (ပုသိမ်) ၃၂၆၄
ငါးမျက်နှာစေတီ (ဟင်္သာတ) ၃၂၆
ငါးမျက်နှာပုံစံစေတီ (မြောက်ဦး) ၃၂၈၃
ငါးမျက်နှာဘုရား ၃၁၇
ငါးမျက်နှာဘုရား (၁၈၅၃၊ ပုဂံ) ၃၂၃
ငါးမျက်နှာဘုရား (၁၈၈၃၊ ပုဂံ) ၃၂၃
ငါးမျက်နှာဘုရား (ကျပင်း) ၃၂၄၊ ၃၂၉
ငါးမျက်နှာဘုရားကြီး (ပန်းတောင်း) ၃၂၈
ငါးမျက်နှာဘုရားတည်ထားပုံ ၃၂၈
ငါးမျက်နှာရန်အောင်မြင်ဘုရား (နတ်မောက်) ၃၂၆
ငါးမျက်နှာဘုရားဝေဖန်သုံးသပ်ချက် ၃၃၁

[စ]

စကြာမင်းအသုံးအဆောင် ၅၄၄
စတုဘုဇ ၃၁၅
စတုမဟာဒီပ ၅၄၅

[စ]

စတုမဟာရာဇိနတ်မင်းတို့ဆက်ကပ်သောသပိတ် ၅၀၄
စတုမုခသုဝဏ္ဏနာဝါ ၅၄၆
စတုရင်္ဂလ (အမတ်) ၄၁၆၊ ၄၅၂၊ ၅၄၅
စတုလောကပါလ ၅၀၁[၁]
စတုတ္ထမြစ်ကွေးဆရာတော်ဦးပညာဝံသ ၄၁၅၊၄၁၉၊၄၂၁
စ,ဓ,ဗ,ဝ ၅၆၂
စပီရို (M. E. Spiro) ၅၆၂
စပူနာ (Dr. Spooner) ၆၀၂
စမလေးလုံး ၅၆၂
စမြင်ဌာင်(မြို့စား) ရာဇာမုတ် (မ) ၅၆၅
စရိယသုံးပါး ၂၆၂
စလေဦးပုည ၁၄၄
စလင်းကန်လယ်ဆရာတော် ၅၈၉
စာမရ ၅၄၂၊ ၅၄၃
စာရိတ္တနှင့် ဝါရိတ္တသိလ ၂၆၅
စူဠဂန္ဓဝံသကျမ်း ၄၀၉
စူဠပဒ္မယောသ (မထေရ်) ၄၆၀
စူဠာမဏိစေတီ ၁၁၄
စူဠဝံသကျမ်း ၅၉၉
စေတီယကထာရာဇဝင်ချုပ် ၅၃၂
စေတီယကထာကျမ်း ၁၄၂
စေးဒေး (G. Coedes) ၄၆၃
[မောင်] စောနိုင် ၅၅၉
စောဘုရား (စောပြာ)ပင် ၅၅၂
စောဠတိုင်း (Chola) ၄၁၀
စံကင်းဆရာတော်ကြီး ၄၅
စံကင်းမေတ္တာကျောက်တိုင် (စစ်ကိုင်း၊ လင်းယင်) ၄၅
စံကျောင်းဆရာတော်ဦးသုဒဿန ၁၉၄
စိုးမင်း (သွင်ဖွားကြီးမြေး) ၄၉
စက် (စက္က) ၅၃၆[၃]
စက္ကဝတိနိစ္ဆယဒီပနီ ၅၄၆[၅]
စက္ကဝါကရာဇာ ၅၄၆
စက္ကဝါဠ (စကြဝဠာ) ၅၄၄
စက္ကဝါဠပဗ္ဗတ ၅၄၅
စက္ကာနုဇ ၅၄၆

http://www.dhammadownload.com

[စ]

စက်လက္ခဏာတော် ၅၃၇
စက်လက္ခဏာနှင့်အခြဲအရံ ၅၃၈
စကီပုဏ္ဏား ၄၄၂
စကီပုဏ္ဏားကြီး ၄၄၃၊ ၄၅၇
စဉ်ကူးမင်း ၂၄၀
စည်ရှင်ဆရာတော် ၁၉၄
စည်သူရှင်ဘုရား(ပခန်း) ၅၉၆
စတ္တာရော မဟာဒီပ (ကျွန်းကြီးလေးကျွန်း) ၅၄၄
စန္ဒမုခီ (စန္ဒမုက္ခီ) (မိဖုရား) ၅၂၄
စန္ဒမုခီမိဖုရားကြီး ၈၂
စန္ဒမဏ္ဍလ ၅၄၅
စန္ဒာမုနိ (ဘုရား၊ မန္တ လေး) ၃၆၉၃
စန္ဒိမာ (လ) ၅၄၄
စန္ဒြဂုတ္တ (မင်း) ၅၈၀
စိန္တာမုနိ ၅၉၅
စိန္တိတံ သတ္တသခေါ်ယျံ ၅၃၊ ၂၆၁၊ ၄၆၀
စွန်ခြင်းကြီးငါးပါး ၂၆၂
စွန်းလွန်းဂူကျောင်းဆရာတော် ၅၈၆
စွယ်စုံကျော်ထင် (ကျမ်း) ၅၅၀၃

[ဆ]

ဆဒေဝလောက ၅၄၆
ဆလကုက္ကုဋ္ဌ (? + ပါ) ၅၅၂
ဆုကြီးပန် ၂၅၈
ဆုတောင်းပြောင်းခြင်း ၅၉၁
ဆုတောင်းရုံမျှဖြင့်မရနိုင် ၁၉၂
ဆုတောင်းဟူသည် ၁၉၁
ဆူ (ဆွတ်) ဟီလ် (W. E. Soothill) ၄၆၈
ဆူးတွင်းပစ်ဆရာတော် ၂၂၀
ဆင်တဲဆရာတော် ၄၈၈
ဆင်းတုတော်ငါးဆူ ၃၃၄
ဆင်းတုတော်ငါးဆူ (တောင်ငူ) ၃၃၆
ဆင်းတုတော်ငါးဆူ (၁၁၄၈၊ ပုဂံ) ၃၃၆
ဆင်းတုတော်ငါးဆူ (ပုသိမ်) ၃၃၇
ဆင်းတုတော်ငါးဆူ (သထုံ) ၃၃၆

[ဆ]

ဆတ္တာရ (ထီးဖြူ) ၅၄၃
ဆန္ဒ ၂၃၂၄
ဆန္ဒရှိမှုဆုကိုတောင်း ၁၉၄
[ဦး]ဆန်းထွန်း ၁၅၉၊ ၄၃၇
ဆွမ်းတော်ကြီးတင်စာတမ်း ၁၄၄

[ဇ]

[အရှင်]ဇနကာဘိဝံသ ၁၉၃
[အရှင်]ဇနကာဘိဝံသ၏သဘော်ငါးစင်း ၃၈၁
ဇိနကာလမာလီပကရဏ (ကျမ်း) ၅၉၆
ဇိနစရိတ (ကျမ်း) ၂၀၄
ဇိနလက္ခဏဒီပနီ (ကျမ်း) ၅၄၆
ဇိနာရာမဆရာတော် ၁၈၆
ဇိနာလင်္ကာရ (ကျမ်း) ၂၀၃၊ ၅၄၄
ဇိနာလင်္ကာရဋီကာ (ကျမ်း) ၅၃၇၊ ၅၄၄
ဇိနာလင်္ကာရဒီပနီ(ဂုဇ္ဇတ္တဒီပနီ) (ကျမ်း) ၅၄၆၂
ဇိနာလင်္ကာရနဝဋီကာ (ကျမ်း) ၅၄၄
ဇိနတ္ထပကာသနီကျမ်း ၁၆၀
ဇိဝဋ္ဌိကရာဇာ ၅၄၆
ဇေတဝနဝိဟာရ ၅၄၀၄
ဇောတိယတ္ထေရ ၃၇၅၉
ဇောတိဝါဒ ၆၁
ဇင်းမယ် (Chiengmai) (ထ) ၃၁၂၅
ဇင်းမယ်ပဏ္ဏာသ (ကျမ်း) ၅၉၅
ဇေဋ္ဌသေနမင်း(၂) ၅၉၉
ဇမ္ဗုလ (သ) ၃၇၅၅
ဇမ္ဗုပတိဂျုတ်ခန်းရုပ်တု ၃၆၇၆
ဇမ္ဗုပတိဝတ္ထု ၄၁၉
ဇမ္ဗူဒီပစာတမ်း ၅၉၅
ဇမ္ဗူဒီပ်ကျွန်း ၁၁၅၂
ဇော်တိန် (သ) ၄၅၇၃

[ဈ]

ဈာနပါရမိတာ (သ) ၂၉၅

[ည]

[အရှင်] ဉာဏဝံသ ၂၄၃

http://www.dhammadownload.com

[ဂ]

ဦကာကျော် (ကျမ်း) ၂၀၂

[ဌ]

ဌာပနာအင်းများ ၅၆၇

[တ]

တတိယနံမော်ဆရာတော် ၅၈၃
တထာဂတဘူမိ ၂၈၉
တထာဂတုပ္ပတ္တိကျမ်း ၅၄
တနင်္ဂနွေသားသမီးအမှုအခင်း ၅၆၈
တလိုင်းကုန်းဆရာတော် ၂၄၂
တသောင်းနေပြောင်–အစချီရတု ၄၇၅
တာရာဒေဝီ ၃၀၉
တာရာနာထ ၁၁၉
တာလဝဏ္ဏ (ထန်းရွက်ယပ်ဝန်း) ၅၄၄
တိကာလိကဝန္ဒနာ ၄၈
[ဦး]တိလောကသာရ (ရဝေထွန်း) ၄၈၊၅၇၉
တုသိတာနတ် ၉၄
တုသိတာနတ်ပြည် ၉၄
တုသိတာဘုံ ၉၀
[အရှင်]တေဇောဒီပ ၂၂၉
[အရှင်]တေဇောသာရ ၂၄၄
တေလကဋာဟသတကဂါထာ ၁၈၁
တောကြက် ၅၅၃
တောမရ (ခက်ရင်း) ၅၄၄
တောဒေယျပုတ္တ (ပုဏ္ဏား) ၄၄၅၊၄၄၆၊၄၅၇
တောဒေယျပုဏ္ဏားကြီး ၄၄၅
တောဒေယျမာဏဝ ၄၄၇
တောရဏ ၅၄၄
တောလားလက်ံ ၂၂၆
တက်နွယ်ကျောင်းကျောက်စာ ၄၁၅
တက္ကသိလနဂရ (Taxila) ၅၆၉၂
တက္ကသိလာ ၅၇၀၊ ၆၀၃
တက္ကသိုလ်ပြည် ၅၉၉
ဒတောင်ခွင်သာသနာပိုင် ၄၁၇
ဒတောင်ငူနတ်သျှင်နောင် ၅၁၂

[ဒ]

တောင်တွင်းအဖြေ (ကျမ်း) ၅၅၀၂
တောင်ဖီလာဆရာတော် ၂၃၇
တောင်မင်းကြီးဘုရား (အမရပူရ) ၅၇၁၃
တောင်လေးလုံးဆရာတော် ၅၈၄
တိုင်းကြီးသောဠသကမ္ဘာမြေပုံကျမ်း ၁၄၄
တိုင်းချုတ်ဘုရား (၁၉၅၇၊ ပုဂံ) ၃၄၉
တစ်ယူဇနာလျှင် ၉–မိုင် ၇၄
တစ်ရာ့ရှစ်ကွက်စက်လက္ခဏာ ၅၄၅
တန္တ ရယာန ၅၉၉
တန္တ ရဝါဒ ၃၀၀
တမ္ဘစူဠ ၅၅၂
တိသဘုရား ၄၄၈၊ ၄၅၇
တိသမေတ္တေယျ(မေတ္တေယျမာဏဝ) ၄၀၁
တြိမုခ (သ) ၃၁၅
တြိမုနိ (သ) ၆၀၂
တွင်းကြီးဆရာတော် ၂၄၂
တွင်းသင်းမင်းကြီး ၂၄၇၊ ၅၈၀

[ထ]

ထားဝယ်မြို့ ၅၁၅
ထေရဝါဒ ၂၅၅
ထေရဝါဒနှင့်ဘုရားအလောင်း ၂၅၉
ထန်းတပင်ဆရာတော် ၂၃၄
[မောင်]ထွန်းမောင် ၅၇၅

[ဒ]

ဒဂုန်ဦးထွန်းမြင့် ၂၄၄
ဒဂုန်နတ်ရှင် ၄၇၈
ဒဿဗောဓိသတ္တုဒ္ဒေသ (ကျမ်း) ၄၆၃၊ ၄၆၄
ဒဿဗောဓိသတ္တုပ္ပတ္တိကထာပါဠိ ၄၆၂
ဒဿဗုဒ္ဓအနာဂတဝင် (ကျမ်း) ၄၂၉၊ ၄၅၄၊ ၄၆၀
ဒဿဘူမိ ၂၈၀
ဒဿဘူမိက ၂၈၈
ဒဿအဝတာရ်(သ) ၄၅၆
ဒါဌာဓာတုပကာသနီ (ကျမ်း) ၂၄၁
ဒါနပါရမိတာ (သ) ၂၉၂
ဒါနပါရမီဦးစွာဖြည့်ကျင့်ရပုံ ၂၆၅

http://www.dhammadownload.com

[ဒ]

ဒါနီ (A.H. Dani) ၆၀၃
ဒီဗျာဝဒါန (ကျမ်း) ၁၆၄
ဒီဃသောဏ (ပုဏ္ဏား) ၄၅၇
ဒီဃင်းဆရာတော် ၄၁၉
ဒီပဝံသ (ကျမ်း) ၁၆၄, ၂၅၅
ဒီပါအေးမြတာတ်ပေါင်းစုငါးဆူစေတီ (တောင်သမန်) ၃၃၂
ဒီပင်္ကရာဘုရား ၅၅၈
ဒီမီထရီ (မင်း) (Demetrius) ၅၇၀
ဒူရံဂမာ (သ) ၂၈၉
ဒူရွိုင်ဇဲလ် (C. Duroiselle) ၃၃၅
ဒေဝဒေဝဘုရား ၄၄၄, ၄၅၇
ဒေဝဒတ္တိယပံသုကူသကံနိုး ၄၉၄
ဒေဝပုတ္တမာရ်နတ် ၄၄၀
ဒေဝသေနမထေရ် ၁၂၂[၅]
ဒေးရိယပ်(၁) (Darius I.) ၅၇၀
ဒေါဏပုဏ္ဏား ၄၄၃
ဒက္ခိဏာဝတ္တသေတသခံ ၅၄၅
ဒက္ခိဏာသာခါ (ဘုရား) ၅၆၆
ဒက္ခိဏာသာခါဘုရားအစီအရင်အင်း ၅၆၅
ဒက္ခိဏာသေတသခံ ၅၄၂
ဒင်းနစ် အန်ဒါဆင် (Dines Andersen) ၄၂၂
ဒုဋ္ဌဂါမဏိမင်း ၉၀
ဒဏ္ဍီ (*Daṇḍin*) (ကျမ်းပြုဆရာ) ၂၃၂[၂]
ဒွဝေ့ဇွန် (သ) ၅၄၃
ဒွါရပါလ ၁၀၂
ဒွိပရိတ္တဒီပသဟဿ (ကျွန်းငယ်–၂၀၀၀) ၅၄၄
ဒွေမဿ ၅၄၂

[ဓ]

ဓဇ (မင်းသား) ၄၄၈
ဓဇ (အလံ–တံခွန်) ၅၃၉[၂]
ဓနပါလဆင် ၄၄၈, ၄၅၇
ဓမ်ဠရဋ္ဌတိုင်း (Tamil country) ၄၁၀
ဓာတုဒဿနာဘိယာစနသန္ဓေသကထာ ၂၅၁
ဓာတုသေနမင်း ၄၂၇

[ဝ]

ဝမ္မစေတီမင်း ၅၂, ၃၁၁
ဝမ္မပဒပါဠိတော်နိဿယ (ကျမ်း) ၂၄၁
ဝမ္မပြဒိဋိက (ကျမ်း) ၅၄၆
ဝမ္မရာဇကဘုရား (၉၃၇၊ ပုဂံ) ၃၂၁, ၃၂၉
ဝမ္မရာဇာဘုရား ၄၃၇, ၄၅၇
ဝမ္မရှစိ (မထေရ်) ၅၄၀[၃]
ဝမ္မရက္ခိမထေရ် (သ) ၄၆၇
ဝမ္မဝိဘင်းကျမ်း ၁၅၂[၂]
ဝမ္မသာမိဘုရားအလောင်း ၄၃၈, ၄၅၇
[ဦး]ဝမ္မသာရ ၁၅၀
ဝရိမမေဃာ (သ) ၂၈၉
ဝရိမရက္ခိမထေရ် (သ) ၄၆၈

[ဿ]

နဂါးရစ်တောင် ၆၀၀[၃]
နဂါးရုံဘုရား (၁၁၉၂၊ ပုဂံ) ၃၄၄, ၅၂၁
နယသမ္ဘဏ္ဍာဆန်းဂဏ္ဌိကျမ်း ၂၄၂
နရသီဟဘုရား ၄၄၆, ၄၅၇
နရသီဟ (အဝတာရ်) (သ) ၄၅၇
နဝဒေးကြီး ၂၂၈
နဝမအဝတာရ် (သ) ၃၁၀
နာဂါရိုဏ်ဖုန (သ) ၂၅၇, ၂၈၄
နာဂရုက္ခ (ကုံကော်၊ *Mesua ferra*) ၃၇၉
နာဂိဿရသံဝိဇ္ဇာ ၅၇၁
နာရဒပျို ၂၃၁
နာရဒလုလင် ၄၃၅
နာဠာဂိရိဆင် ၄၅၀
နိကြောဝမင်းသား ၄၄၁
နိယတဗျာဒိတ်ရရန်အင်္ဂါရုစ်ပါး ၂၆၇
နီလုပ္ပလ (ကြာညို၊ *Nymphaea cyanea*) ၅၄၄
နုမှာငါးရာ ၄၆၀
နေယျဘုရားအလောင်း ၂၆၇
[အရှင်]နေမိန္ဒရ ၂၄၂
နေရင်းဆရာတော် ၂၃၃
နေရင်းဦးကာကျော်နိဿယ ၂၃၃
နေရွှေရာမြစ် (Lilajan) ၅၂၂[၃]

http://www.dhammadownload.com

[ဓ]

ဓိဂဏာ(ဃနာ)ဆွမ်း ၅၂၂
နကွတ္တာနီ (နကွတ်များ) ၅၄၄
နောင်တော်ကြီးမင်း ၅၆၅
နတ်ပြည်သို့ လူရောက်သောဇာတ်လေးဇာတ် ၁၀၉
[အရှင်] နန္ဒပညာ ၄၈
[အရှင်] နန္ဒပညာစရိယ ၄၀၉
နန္ဒဘုရင် (တောင်ငူရောက်မင်း) ၃၃၄၊ ၅၁၂
နန္ဒအမျိုးသား ၄၄၆
နန္ဒာ ၅၂၉
နန္ဒာဗလာ ၅၂၉
နန္ဒာသိန်းဇံ ၄၉၀
နန်္ဒ (ဇလပ်ပန်း၊ *Cerbera fruiticosa*) ၅၄၄
နန်္ဒယာဝဋ္ဋ ၅၄၂
နန်းတော်ကြီးအတွက်အင်း ၅၆၅
နန်းတက်ရုပ်တု ၃၆၇
နိဗ္ဗာန်ဆုနှင့်လောကီဆု ၁၉၄
နိဗ္ဗာနငါးမျက်နှာစေတီ(ရွှေဘို) ၃၂၆၂

[ပ]

ပဇာက(တံခွန်လုံး–လျား) ၅၁၉
ပဌမကျော်အရှင်ပညာသီဟ ၃၁၃
ပဌမကျော်ဦးကြီးဖေ ၃၁၃
ပထမပြန်သဒ္ဒါကျမ်း ၂၄၄
ပထမသမ္ဗောဓိကျမ်း ၄၆၃၊ ၅၄၆
ပဒုမ(ပဒုမာကြာ၊ *Nelumbium specisiosum*) ၅၄၄
ပဒုမစကြာမင်းဝတ္ထု ၆၈
ပဒုမထေရီ ၈၄
ပဒေသိတစိတ္တ ၆၉
ပဓာနသုတ်နိဿယ ၂၅၀
ပနာဒစကြာမင်း ၄၅၁
ပမာဒ(မင်းသား) ၄၄၈
ပရဒုရာမ(အဝတာရ်) (သ) ၄၅၇
ပရေဆတ် ဏ နနဂရ (ထ) ၄၆၃
ပရက္ကမဗာဟု (၄) (မင်း) ၄၆၂
ပရက္ကမ မဟာထေရ် ၄၆၂
ပရိတ်ကြိုးဂဏ္ဌိ (ကျမ်း) ၂၄၃

[ပ]

ပရိတ်ကြိုးဋီကာ (ကျမ်း) ၂၂၉
ပလကုက္ကုဋ ၅၅၂
ပလလဲ(ပလလည်း) ၄၅၃
ပလလဲဆင်မင်း ၁၃၄
ပလလဲဆင်မင်းပျို့ ၁၃၄၄
ပသေနဒိကောသလမင်း ၄၃၇၊ ၄၅၇၊ ၅၉၅
ပါဠိဟာရိယသုံးမျိုး ၅၆၉
ပါတြိယာတြာ (သ) ၅၂၈
ပါဒတလစက်လက္ခဏာ ၅၃၆
ပါဒနက်သန်ရှိခိုးလက်ာ ၅၄၈
ပါပဒေသနာ ၃၀၀
ပါယသ ၅၂၂
ပါရမီတော်ခန်းပျို့ ၂၄၆
ပါရမီခြောက်ပါးကျင့်စဉ် ၂၉၁
ပါရမီညစ်နွမ်းစေသောအကြောင်းဆယ်ပါး ၂၆၅
ပါရမီပြည့်စေသောအကြောင်းသုံးပါး ၂၆၅
ပါရမီဖြည့်ဖက် ၁၇၆
ပါရမီဟူသည် ၂၆၁
ပါရမီသုံးဆယ် ၂၆၂
ပါရမီ၏အကျိုးငါးပါး ၂၆၆
ပါရိလေယျကဆင် ၄၅၁
ပါလကုက္ကုဋ ၅၅၂
ပါလိလေယျကရက္ခိတ (တော) ၄၅၃
ပါသာဒ ၅၄၄
ပါသီယန်မင်း (Parthians) ၅၇၀
ပိချက် (P. Pichard) ၃၃၁
ပုဂ်ခေတ်နောက်ပိုင်း၌တွေ့ရသော မေတ္တေယျဆုတောင်းအချို့ ၂၁၈
ပုဂ်ဆရာတော် ၄၇၂
ပုဂ်ဘုရားပေါင်း ၃၁၇
ပုဂ်မေတ္တေယျရုပ်တု ၃၆၃
ပုဂ်မြော်ဘုရား (၁၇၇၄၊ ပုဂ်) ၃၄၈
ပုဂ်ရှိ ခြေတော်ရာပုံ နံရံဆေးရေးပါဘုရားများ ၅၄၇
ပုထိုးသားများဘုရား (၁၆၀၅၊ ပုဂ်) ၃၄၈၊ ၃၄၉
ပုရာလောင် ၂၅၈

http://www.dhammadownload.com

[ပ]

ပူဇန ၃၀၀
ပူဇာဝလိယ(သီ) ၄၆၂၊ ၅၄၆၄
ပေါရာဏမေတ္တေယျဘုရား ၎၀
ပက်သျှဝါ (Peshawar) ၅၅၀
ပုက္ကုသာတိမင်း ၅၅၀
ပေါင်လောင်ရှင်ကဿပ ၁၄၀၊ ၄၅၃
ပုဂ္ဂိုလ်ခြောက်မည်–အစချီရတု ၄၎၅
ပစ္စုပ္ပန်ဠပွင့်တော်မူသောဘုရားရှင် ၅၆
ပဇ္ဇမဒု (ကျမ်း) ၅၄၆၅
ပဥ္စဗုဒ္ဓ ၅၆၁
ပဥ္စဗုဒ္ဓါဗျာကရဏ (ကျမ်း) ၄၆၃
ပဥ္စာဗျာကရဏပါရမီခန်းအဖြေကျမ်း ၁၎၆
ပဥ္စာဝုဓပျို့ ၂၃၁
ပညာဓိကဘုရားအလောင်း ၂၆၆
ပညာပါရမိတာ (သ) ၂၉၆၊ ၃၀၉
[ဦး]ပညာဝံသ ၄၈၊ ၄၅၅
ပုညာနုမောဒန ၃၀၀
ပဏ္ဍိတမထေရ် ၄၆၂
ပိဏ္ဍောဘာရဒွာဇတ္ထေရ ၃၎၅
ပိဏ္ဍောလမထေရ် ၁၁၉
ပုဏ္ဏကလသ ၅၄၃
ပုဏ္ဏယဋ္ဌ ၅၄၂၊ ၅၄၄
ပုဏ္ဏပါတိ (ရေပြည့်ဖလား) ၅၄၄
ပုဏ္ဏရိက (ကြာပုဏ္ဏရိက်) ၅၄၄
ပတ္တ(ခွက်) ၅၄၄
ပိန်း(P'ing)ဘုရင် (တ) ၅၉၈
ပုဗ္ဗ (သ) ၄၅၅၆
ပျူခေတ်ဆုတောင်း ၂၀၆
ပျူစာပေဠတ္တေ့ရသောမေတ္တေယျရေးထုံး ၃၉၂
ပျူဌာပနာတိုက်ဖုံးကျောက်ချပ်(မော်ဇာ) ၃၃၅
ပျူမေတ္တေယျရုပ်တု ၃၆၁
ပျို့နိဂုံးစုအဖြေ (ကျမ်း) ၂၄၆
ပြာကရိတ် (ဘာသာ) ၆၀၂
ပြာဇိုဟာ ၃၅၎
ပြဒျောတ (မိ) ၄၅၎

[ပ]

ပြဘာကရီ (သ) ၂၈၈
ပြဘူတရတ္နဗုဒ္ဓ (မိ) ၃၅၉
ပြမုဒိတာ (သ) ၂၈၈
ပွင့်တော်မူဆဲဘုရားရှင်အားဝေဖန်ပုံ ၆၁

[ဖ]

ဖရဆင်း (Phra Sing) ဆင်းတု (ထ) ၅၉၆
ဖရဗုဒ္ဓဖိနရာဖဆင်းတု(ထ) ၅၉၎
ဖရဗုဒ္ဓဖိနသီဟဆင်းတု(ထ) ၅၉၎
ဖရမဟာပုရိသလက္ခဏကျမ်း(ထ) ၅၄၎
ဖရသီရိသဒါဆင်းတု(ထ) ၅၉၎
ဖရသမ္ဘာရဝိပါကဗုဒ္ဓပါဒလက္ခဏကျမ်း(ထ) ၅၄၆
ဖာယီယယ် (Fa-hien) (တ) ၁၂၂၊ ၁၃၅၊ ၄၉၉၊ ၅၉၎
ဖူးငံချက်မြင် ၂၅၈
ဖူးယား (Foucher) ၆၀၂
[ဦး] ဖေမောင်တင် ၂၉၉
ဖော့ဘော (V. Fausboll) ၁၉၉
ဖိုဝင်တောင်မယ်တော် ၁၈၅
[ဦး] ဖိုးကျား ၁၄၄၊ ၅၎၎

[ဗ]

ဗဒုံမင်း ၄၃၂
ဗားမဲ့ဆရာတော် ၅၆၂
ဗားမဲ့ဆရာတော်၏အင်းလင်ပန်း ၅၆၅
ဗားမဲ့–ဗားတမော့လက်တွေ့အစီအရင်ကျမ်း ၅၆၆
ဗောဓိ ၃၎၎
ဗောဓိစိတ္တ ၂၉၎
ဗောဓိနွယ် ၂၅၈
ဗောဓိပရိဏာမနာ (သ) ၃၀၂
ဗောဓိပင်စိုက်ပျိုးသူ ၄၆၁
ဗောဓိပြဏီဓိစိတ္တ (သ) ၂၉၎
ဗောဓိပြဿနာစိတ္တ (သ) ၂၉၎
ဗောဓိလောင်း ၂၅၈
ဗောဓိဝံသ ၄၆၂
ဗောဓိသတ် ၂၅၈
ဗောဓိသတ္တ ၂၅၈
ဗောဓိသတ္တဓမ္မတာ ၅၂၄

http://www.dhammadownload.com

[ဗ]

ဗောဓိသတ္တယာန ၂၅၃
ဗောဓိသတ္တအဓိဋ္ဌာန်လေးပါး ၂၆၆
ဗောဓိသတ္တအာနိသံသတစ်ဆယ့်ငါးပါး ၂၆၈
ဗောဓိသတ္တ၏ဆအဖျာသယ ၂၆၃
ဗောဓိသတ္တ၏တံခွန်ကြီးလေးခု ၂၆၄
ဗောဓိသတ္တ၏သစ္စာအဓိဋ္ဌာန် ၂၉၀
ဗောဓိအမတ် ၄၃၈
ဗိုက်ပူရုပ်တု ၃၇၂[၅]
ဗုဒ္ဓ(အဝတာရ်) ၄၅၇
ဗုဒ္ဓ၏ဓမ္မကာယ ၂၈၇
ဗုဒ္ဓ၏နိမ္မာနကာယ ၂၈၇
ဗုဒ္ဓ၏မဟာသာဝက(၁၀)ပါး ၁၃၅
ဗုဒ္ဓ၏ရူပကာယ ၂၈၇
ဗုဒ္ဓ၏သမ္ဘောဂကာယ ၂၈၇
ဗုဒ္ဓ၏အရူပကာယ ၂၈၇
ဗုဒ္ဓယောသုပ္ပတ္တိ (ကျမ်း) ၁၈၃၊ ၂၀၀
ဗုဒ္ဓကုံရ ၂၅၈
ဗုဒ္ဓဒေသနာ ၃၀၀
[အရှင်] ဗုဒ္ဓဒတ္တ ၄၈၅
ဗုဒ္ဓပဋိမာဗိမ္ဗပူဇနီယ ၆၀၁
ဗုဒ္ဓပါဒတလလက္ခဏကျမ်း ၅၄၇
ဗုဒ္ဓပါဒဝန္ဒနာ ၅၄၆[၆]
ဗုဒ္ဓဘာသာပင်မဂိုဏ်းသုံးဂိုဏ်း ၂၅၄
ဗုဒ္ဓဘူမိလေးပါး ၂၆၃
ဗုဒ္ဓမေတ္တေယျဘိက္ခု ၄၀၂
ဗုဒ္ဓယာစနာ ၃၀၂
[အရှင်] ဗုဒ္ဓရက္ခိတ ၂၀၄
ဗုဒ္ဓဝင်တရားတော် ၆၃
ဗုဒ္ဓဝင်မှတ်စု ၄၁၉
ဗုဒ္ဓဝံသတ္ထဒီပကကျမ်း ၃၁၃
ဗုဒ္ဓသပိတ်တော်နှင့် ဇင်ဗုဒ္ဓဘာသာဂိုဏ်း ၅၀၈
ဗုဒ္ဓသပိတ်တော်နှင့် လိင်္ဂဝိမင်း ၅၀၆
ဗုဒ္ဓသပိတ်တော်နှင့် ဟိမဝန္တာ ၅၁၆
ဗုဒ္ဓသာသနာကိုထိန်းသိမ်းအုပ်ချုပ်မည့်မထေရ်(၂၄)ပါး ၁၃၆[၃]
ဗန္ဓဝပျူမင်းညီနောင် ၁၈၆

[ဗ]

ဗံးဗူဓအရိမေဒ္ဓေယ(ပ) ၃၈၅
ဗိုလ်ကုန်းဆရာတော် ၂၄၃
ဗျာကရဏကျမ်း ၄၆၅
ဗျဂ္ဃရာဇာ ၅၄၆
ဗျဋ္ဌိဝတ္ထု ၇၄
ဗျဋ္ဌီ (သ) ၂၃၂[၃]
ဗျာဒိတ်ခံပုဂ္ဂိုလ် ၁၇၄
ဗျာဒိတ်စကား ၁၇၃
ဗျာဒိတ်ရရန် ပါရမီဖြည့်ရာကာလ ၂၆၀
ဗြဟ္မကုမာရပုဏ္ဏား ၇၃
ဗြဟ္မဒေဝဘုရား ၇၁
ဗြဟ္မဒေဝမထေရ် ၈၄
ဗြဟ္မဘာဝီစကြာမင်းဘဝ ၆၉
ဗြဟ္မဝတီပုဏ္ဏေးမ ၁၇၇
ဗြဟ္မဝတီ(မယ်တော်) ၈၄
ဗြဟ္မဝဒ္ဓနမင်းသား ၈၂
ဗြဟ္မဂုတ္တသီရသေ့ ၇၃
ဗြဟ္မာပြည်ရောက်သက်နှံးပရိက္ခရာ ၄၉၁
ဗြဟ္မာယု (ပုဏ္ဏား) ၁၇၇
ဗြဟ္မာလှဒါန်းကြာသက်နှံး ၄၉၄

[ဘ]

[ဦး] ဘရှင် ၃၃၁
ဘလံဂေါဒအာနန္ဒမေတ္တေယျတ္ထေရ်(သီ) ၄၀၁
ဘာဝနာလေးရပ် ၂၆၄
ဘီ၊စီ၊လော (B.C. Law) ၄၂၂
ဘုရားငါးဆူ ၅၅၉[၂]
ဘုရားငါးဆူတို့၏မယ်တော် ၁၈၂
ဘုရားငါးဆူဘုရားရှိခိုး ၃၁၄
ဘုရားဆုပန်ခြင်း ၂၇၂
ဘုရားဆုပန်ရန်ဖန်တီးသူ ၂၆၀
ဘုရားဆင်းတုထုလုပ်သူ ၄၆၁
ဘုရားတစ်ထောင်တို့၏မယ်တော် ၁၈၃
ဘုရားတိုင်ရတု ၄၇၂
ဘုရားနှစ်ကျိပ်ငါးဆူတို့၏ဗောဓိ ၃၇၈
ဘုရားနှစ်ဆူ (Diad) ၃၅၇

http://www.dhammadownload.com

[ဘ]

ဘုရားပေါင်း (၅၁၀) ဆူ ၄၅၉
ဘုရားဖူးသည့်ခြေတစ်လှမ်းတန်ဖိုး ၇၂
ဘုရားဖူးသွားခြင်းဝတ္တု ၅၇၅
ဘုရားရှင်ကိုယ်စားသင်္ကေတလက္ခဏာ ၅၉၄
ဘုရားရှင်မျက်မှောက်၌ပြုလုပ်ခဲ့သောဆင်းတုတော်များ ၅၉၄
ဘုရားလျာ ၂၅၈
ဘုရားသုံးဆူ ၆၀၂
ဘုရားအလောင်း (၃) မျိုး ၂၆၆
ဘုရားအလောင်း (၅၆) ဆူ ၅၈
ဘုရားအလောင်း (၁၈၅) ဆူ ၅၈
ဘုရားအလောင်း (၅၁၀) ဆူ ၅၈
ဘုရားအလောင်း (၁၀၀၀) ဆူ ၅၈
ဘုရားအလောင်းတို့၏မဟာကရုဏာ ၂၇၀
ဘုရားအလောင်းမှန်းသိဖို့မလွယ် ၅၇၆
ဘုရားအလောင်းဟူသည် ၂၅၈
ဘုရားအလောင်းအဖြစ်ရခဲခြင်း ၂၆၉
ဘုရားအလောင်းအမျိုးမျိုး ၃၀၄
ဘုရားအလောင်းအားပူဇော်ခြင်း ၂၆၉
ဘုရားရော ၂၅၈
ဘိုးတော်မင်း ၅၈၀
ဘိုးတော်မင်းနှင့်ပရမတ္ထအယူ ၆၂[၁]
ဘဒ္ဒ ၄၈၄
ဘဒ္ဒ(မင်းသား) ၄၄၈
ဘဒ္ဒကမ္မာ ၄၈၄
ဘဒ္ဒကမ္မာနှင့်ကြာငါးဖြာ ၄၈၅
ဘဒ္ဒကမ္မာ၏သက်တမ်း ၄၈၆
ဘဒ္ဒပီဋ ၅၄၂၊ ၅၄၄
ဘွိုင်းကောက်ဦကာ (ကျမ်း) ၅၁၅

[မ]

မဂျွန်ဒါး (P.C. Majumdar) ၄၆၅
မဃ ၆၀၂
မဃလုလင် ၄၄၂
မဏိ (ပတ္တမြား) ၅၄၄
မထုရာ *(Mathurā)* ၆၀၄
မဓုရရသဝါဟိနီဝတ္ထု ၁၁၄

[မ]

မချိမကိုဏ်း (သ) ၂၈၆
မနုဟာဘုရား ၃၄၆
မယူရရာဇာ ၅၄၃၊ ၅၄၆
မယူရဟတ္ထ ၅၄၅
မလယဝါသီမဟာဒေဝထေရ် ၁၁၈
မလွန်မြို့ မြသပိတ်ဘုရား ၅၁၀
[အရှင်] မဟာကဿပ ၁၃၀
[ရှင်] မဟာကဿပနှင့် ပေါင်လောင်ရှင်ကဿပ ၁၄၉
မဟာကျိန်ရှပ်တု ၃၆၅
မဟာချတ်ပွဲတော် (Mahachat) (ထ) ၄၆၃
မဟာစည်ဆရာတော် ၅၈၉
မဟာဇနကပျို့ ၂၄၅
မဟာဇမ္ဗုသကြီ့ (မောင်းထောင်သာသနာပိုင်) ၁၄၂
မဟာနာမမင်း ၅၅၅
မဟာနိဒါန (ကျမ်း) ၄၆၃
မဟာနိပါတ ၄၃၀
မဟာပနာဒမင်းကြီး ၈၀
မဟာပြာအစီအရင် ၅၆၆
[ရှင်] မဟာပုဒ္ဓယောသ ၁၉၈၊ ၅၅၅
မဟာဘိုဆရာတော် ၁၈၉
မဟာမုနိဘုရားကြီး ၅၉၄
မဟာမုနိရှပ်တု ၃၆၉[၂]
[အရှင်] မဟာမင်္ဂလ ၂၀၀
မဟာမေတ္တေယျရေးထုံးအုပ်စု ၃၉၅
မဟာယာန ၂၅၅၊ ၂၈၁၊ ၂၈၃
မဟာယာနဂိုဏ်းဆရာကြီးမေတ္တေယျ ၅၅၈
မဟာယာနတို့ဘုရားအလောင်းကိုးကွယ်ပုံ ၃၀၂
မဟာယာနတန္တ ရ ၅၅၁
မဟာယာနနှင့်ဘုရားအလောင်းအယူအဆ ၂၈၃
မဟာယာနဘုရားအလောင်းနှင့်ဒေဝီများ ၃၀၈
မဟာယာနလမ်းစဉ် ၃၀၂
မဟာရာဇဝင်တော်ကြီး ၁၅၉
[ရှင်] မဟာရဋ္ဌသာရ ၂၂၆
မဟာဝိသုဒ္ဓါရုံဆရာတော် ၅၁၊ ၅၉၂
မဟာဝိဟာရဝါသီ ၅၄၀[၁]၊ ၅၅၈

http://www.dhammadownload.com

[ဝ]

မဟာဝင်ဝတ္ထု ၁၆၀
မဟာဝဿကျမ်း (မိ) ၅၀၊ ၄၅၆
မဟာသကျရံသီ (အမရပူရ) ၃၆၉
မဟာသကျသီဟ (မန္တလေး) ၃၆၉၊ ၃၇၀
မဟာသီဝဆရာတော် ၁၂၁
[အရှင်] မဟာသီလဝံသ ၂၂၂၊ ၂၄၆၊ ၄၈၅
မဟာသံဃရက္ခိတမထေရ် ၅၉၁
မဟာသံယိက (ဂိုဏ်း) ၂၇၄
မဟာသီဒ္ဓိကျမ်းရင်း ၅၆၂
မဟာသမ္မိဇ္ဇနီဒါနကျမ်း ၁၃၃
မဟူတောင် ၁၃၇
မဟေသရုနတ် ၅၉၅
မဟိန္ဒမင်း (၎) ၄၃၀
မာလလဆေကေရ (G.P. Malalasekera) ၄၂၂
မာလိယဒေဝထေရ် ၁၁၂
မာရာရိဝိဇယ ၄၁၅
[ရှင်] မာလဲ ၁၁၂[၁]
မာလဲပွဲကျင်းပပုံ ၁၁၆[၃]
မိဂ (သမင်) ၅၄၃
မိတြ (D. Mitra) ၆၀၂
မိနာယဲ့ဖ် (I.P. Minayeff) ၄၂၀၊ ၄၆၂
မိလိန္ဒပဉ္ဉာပါဠိတော် ၁၆၀၊ ၁၉၅
မိလိုဖူး (Mi-Lo-Fu) (တ) ၃၇၅[၁]
မုနိရွှစ်ဆူမော်ကွန်း ၅၉၅
[အရှင်] မုနိန္ဒ ၂၃၈
မုဟုတ္တဘုရား ၎၀
မူလဋီကာနိဿယ ၂၃၈
မူလမင်းဝတ်ဘုရား(ရွှေတန်ဆာ) ၂၆၉
မေဃ (သုမေဃ) ၆၀၃[၁]
မေတေဗုဒ္ဓသိရိတ (သီ) ၄၆၂
မေတြေယျမဟာထေရ် (သ) ၄၀၁
မေတြေယသာဓန(သ) ၃၁၅
[အရှင်] မေဓာဝိ ၅၈၄
[အရှင်] မေဓင်္ကရ ၂၀၄
မေယာ (Mayer) ၆၀၃

[ဟ]

မေရု ၄၅၎
မေရုပဗ္ဗတ ၅၄၅
မဲတြိဝဏ်ဏနာဝ (သီ) ၄၆၂
မဲတြေယ (မဲတြိယ၊ မဲတြိယ) (သ) ၁၎၎၊ ၃၈၎
မဲတြေယဗျာကရဏကျမ်း (သ) ၁၈၂၊ ၄၅၉၊ ၄၆၆
မဲတြေယသမိတိ (သ) ၄၅၉၊ ၄၆၆
[ပထမ] မဲထီးဆရာတော် ၁၂၁
မောရဟတ္ထက (ဥဒေါင်းမြီးယပ်) ၅၄၄
မောရစ် ဝင်တာနစ် (M. Winternitz) ၄၂၂
မောဟရ မောရဒူ (Mohra Moradu) ၆၀၃
မိုးကုတ်ဆရာတော် ၅၈၈
မိုးတိမ်ဖြူအဖွဲ့ (White Cloud Society) ၃၈၃
[အရှင်] မုဂ္ဂလိပုတ္တ ၃၃၎
မဂ်လတ္ထဒီပနီ (ကျမ်း) ၂၂၁
မင်းဝတ်ဘုရား ၃၆၎
မင်း (Min) ကေရာဖ် (တ) ၅၉၈
မင်းအိုချမ်းသာဘုရား (၁၉၂၄–၁၉၃၀၊ ပုဂံ) ၃၃၂
မောင်းထောင်သာသနာပိုင်အရှင်ဥဏ္ဏဝံသ ၄၁၆၊ ၅၃၎
မောင်းထောင်ဦးကျော်လှ ၅၎၃
မဋ္ဌ (အဝတာရ်) (သ) ၄၅၎
မဋ္ဌယုဂဠ ၅၄၃၊ ၅၄၄
မဇ္ဈိမဒေသ ၅၀၀[၄]
မဇ္ဈိမဒေသမှ အရှင်မြတ်(၂၈)ပါး ၁၃၆[၂]
မဇ္ဈိမပုရိသ ၁၀၂
မဇ္ဈန္တိကမထေရ် ၁၂၀
မဠူဖြို(သ) ၁၃၀[၁]၊ ၃၀၈
မဿကမ္မာ ၄၈၄
ပိတကာထေရီ ၄၀၁
ပေတွဂုတ္တမထေရ် ၄၀၁
မေတ္တာဖိတ္ထေရ ၄၀၁
မေတ္တိယာဘူမဇကထေရ် ၄၀၁
မေတ္တိယာဘိက္ခုနီ ၄၀၁
မေတ္တေယျ ၄၃၅၊ ၄၅၎
မေတ္တေယျနာထ ၄၀၁၊ ၅၎၉
မေတ္တေယျနတ်မင်း ၉၈

http://www.dhammadownload.com

[မ]

မေတ္တေယျနတ်ရုပ်တု ၁၀၀
မေတ္တေယျနှင့်နှစ်ကျိပ်ရှစ်ဆူ ၃၄၁
မေတ္တေယျနှင့်အလောင်းတော်ကဿပ ၁၅၀
မေတ္တေယျပြိနိဟာနရာဇာပူဇာဂါထာ (သ) ၃၁၅
မေတ္တေယျပွင့်တော်မူပါ ၃၈၃
မေတ္တေယျပွင့်မည်ဆိုသည်မှာ ၅၇၅
မေတ္တေယျဗုဒ္ဓဝင် ၇၉
မေတ္တေယျဘုရားရှိခိုး ၃၁၁
မေတ္တေယျဘွဲ့တော် ၃၈၅
မေတ္တေယျဘွဲ့တော်နှင့် မြန်မာရေးထုံးစဉ်လာ ၃၉၈
မေတ္တေယျရေးထုံးအုပ်စု ၃၉၅
မေတ္တေယျရှင်ကိုဖူးတွေ့ခွင့်ရသူသုံးဦး ၁၁၀
မေတ္တေယျရှင်ကိုလောကီဌ်မသုံးသင့် ၅၇၄
မေတ္တေယျရှင်စံရာဘုံဌာန ၉၀
မေတ္တေယျရှင်နှင့် ဗောဓိသတ္တလမ်းစဉ် ၂၅၃
မေတ္တေယျရှင်နှင့်ဘုရားသုံးဆူ ၃၄၃
မေတ္တေယျရှင်နှင့် အမှုအခင်းလွတ်ရန် ၅၆၈
မေတ္တေယျရှင်ဘုရားတိုင်ရတု ၄၇၁
မေတ္တေယျရှင်အားဖူးတွေ့နိုင်သောဝိဇ္ဇာ ၅၇၃
မေတ္တေယျရှင်၏ကိုယ်တော်ပမာဏ ၈၄၊ ၃၇၀
မေတ္တေယျရှင်၏ကံ့ကော်ဗောဓိ ၈၄၊ ၃၇၉
မေတ္တေယျရှင်၏သက်တမ်း ၈၄
မေတ္တေယျရှင်၏ဥဏ္ဍလုံတော် ၅၃၂
မေတ္တေယျရုပ်တုတော် ၃၆၁
မေတ္တေယျရုပ်တုတော်အစ ၆၀၁
မေတ္တေယျဝံသ ၄၆၃
မေတ္တေယျဟူသည် ၃၈၉
မေတ္တေယျအတု ၅၈၀
မေတ္တေယျအမည်ရှိပုဂ္ဂိုလ်များ ၄၀၁
မေတ္တေယျကျသို ၇၃
မန္တန်, မန္တရား ၅၆၀
မန်လည်ဆရာတော် ၁၂၇၊ ၄၈၃၊ ၄၈၅
မုံတိုင်ပင်ဆရာတော် ၁၇၀၊ ၂၃၆
မုံရွေးဇေတဝန်ဆရာတော် ၁၄၂၊ ၁၅၉၊ ၂၃၀၊ ၅၂၆
မာရ်နတ်သား ၄၄၀

[မ]

မြို့] မြ ၃၀၆၊ ၃၃၅၊ ၅၅၉
မြေကုရှင်ကေစာရ ၅၈၁
မြို့သာဘုန်းကြီး (ဦးအာလောက) ၄၈
မြတ်စောညီနောင် (တောင်ငူ) ၃၅၇၅
မြတ်ပေါင်းမဏ္ဍူ (ပခန်းကြီး) ၅၉၆
မြတ်ဘုရားဆူရေ–ဖြူရွှေလိုဝင်း ၃၁၇
မြန်မာစာပေကျမ်းဂန်နှင့်ရှင်ဥပဂုတ် ၁၅၇
မြန်မာစာပေနှင့် ပေါင်လောင်ရှင်ကဿပ ၁၄၀
မြန်မာစာပေဌ်တွေ့ရသောမေတ္တေယျရေးထုံး ၃၉၄
မြန်မာ့စွယ်စုံကျမ်းလာရှင်ဥပဂုတ် ၁၅၄
မြန်မာနိုင်ငံရောက်ဂန္ဓာရီ ၅၇၁
မြန်မာဘုရင်များ၏အလောင်းတော်အယူအဆ ၅၇၉
မြန်မာသံယောဇဒီပနီ (ကျမ်း) ၂၄၇
မွန်စာပေဌ်တွေ့ရသောမေတ္တေယျရေးထုံး ၃၉၃
မြို့] မှတ် ၂၄၈
မှန်နန်းမဟာရာဇဝင်တော်ကြီး ၁၅၉

[ယ]

ယဖိုက်အရကောက်ကျမ်း ၂၃၅
[အရှင်] ယိကျင့် (I-tsing) (တ) ၄၆၇၊ ၄၆၉
[ဦး] ယော (ဆရာဇေယျ) ၆၀၂
ယောဂါစာရဂိုဏ်း ၂၈၆၊ ၅၇၉၊ ၆၀၄
ယောမင်းကြီးဦးဖိုးလှိုင် ၁၈၈
[ဦး] ယံ ၄၀၆၊ ၄၁၇၊ ၄၂၃၊ ၄၂၇၊ ၅၄၅
ယန္တ ဘီလူး ၄၄၁
ယျ,မ,ပ,ဂုံ,သံ ၅၆၅
ယွမ်ကျန့် (=ယွမ်းကျန့်) (Hiuen tsang) (တ) ၁၁၀၊ ၅၉၈

[ရ]

ရခိုင်ပြည်နယ်မှ မေတ္တေယျရုပ်တု ၃၆၆
[ရှင်] ရဋ္ဌသာရ ၅၄၈
ရတနာကတမထေရ် ၇၀
ရတု ၄၇၁
ရတုစာဆို ၄၇၂
ရဟန္တာဆိုသည်မှာ ၂၇၆
ရာဇကုမာရ် ၂၀၉
ရာဇမုနိ ၅၉၅

http://www.dhammadownload.com

[ရ]

ရာဇဝလိယကျမ်း(သီ) ၁၇၉
ရာဇာဘိသေကမုနိရုပ်တု ၃၆၇
ရာမ (ဒသရထဇာတ်) ၄၃၆
ရာမ (မင်းသား) ၄၄၈
ရာမ (ရာမစန္ဒြ) (အဝတာရ်) (သ) ၄၅၇
ရာမ (ရာမာယဏ) ၄၃၆
ရာမမင်း ၄၃၅၊ ၄၅၇
ရာမရှစ်ဦး ၄၃၇
ရာမသမ္မဒ္ဒ ၄၃၅၊ ၄၅၇
ရာဟုအသူရိန် ၄၄၁၊ ၄၅၇
ရောဂန္တ ရဝိနာသကကျမ်း ၃၁၄
ရံသိမုနိ (ဘုရား) ၄၄၂၊ ၄၅၇
ရိဂ်ဝေဒ *(Rg. Veda)* (သ) ၅၆၉
ရင့်ဆယ်တန် ၄၂၉
ရင့်မာ(အရင့်အမာ) ၄၃၀
ရင့်မာတစ်ကျိပ် ၄၂၉၊ ၄၆၀
ရင့်မာတစ်ကျိပ် နုငါးရာ ၅၈
ရတ္တုပွလ (ကြာနီ) ၅၄၄
ရတ္တာဝလိယ (သီ) ၄၆၂
ရန်ကင်းချောင်ဆရာတော် ၄၉
ရန်အောင်မြင်ငါးဆူဘုရား (ချောင်းဦး) ၃၃၂
ရှာဟ်ဂျီဝေရီ (Shah Ji Dhevi) ကုန်း ၆၀၂
ရှိဆယ်ပါး ၅၆၂
ရှင်ထွေး ၄၅၅၊ ၄၅၈
ရှင်ပင်ငါးမာရ်အောင်ဘုရား (စလေ) ၃၂၄
ရှင်ဖြူဘုရား (စစ်ကိုင်းတောင်) ၅၉၆
ရှင်မာလဲပူဖော်ပွဲ ၄၆၄
ရှင်ယျ ၄၅၅၊ ၄၅၈
ရှင်လွန်းမယ် ငါးဆူဘုရား (အမရပူရ) ၃၂၄
ရှင်လှဘုရား (စစ်ကိုင်းတောင်) ၅၉၆
ရှင်ဦး ၄၅၅၊ ၄၅၈
ရှင်အောင် ၄၅၅၊ ၄၅၈
ရှင်ဥတ္တမဘုရား (၁၂၃၃၊ ပုဂံ) ၃၄၆
ရွှေကူဘုရား (ဆင်ကြိုးရွှေကူ) ၅၉၆
ရွှေကွန်ချာဘုရား(ရွှေဘို) ၃၂၄

[ရ]

ရွှေခွက်တို့ပျောက်မည့်အချိန် ၅၂၆
ရွှေဂူကြီးဘုရားကျောက်စာ (ပုဂံ) ၂၁၃
ရွှေတိဂုံ ၅၃၁
ရွှေတန်တစ်ဘုရား (ပခုက္ကူ၊ ကွန်းရွာ) ၅၉၆
ရွှေဖရုံမယ် ၅၆၀
ရွှေဘို မော်ဓောမြင့်သာနှင့် ဗုဒ္ဓသဝိတ် ၅၁၄
ရွှေမြင်မိငါးဆူဘုရား (အမရပူရ) ၃၂၄
ရွှေလျက် ၆၀၁
ရွှေသဝိတ်ဘုရား(မလွန်) ၃၄၉

[လ]

လလိတဝိဿရ (မိ) ၂၇၅
လိထိုင်း (မဟာဓမ္မရာဇာ) (ထ) ၄၃၁၊ ၅၉၅
လူနှင့်မစပ်သောအရပ် ၁၀၉
လူသား၏ဘဝသုံးမျိုး ၂၅၉
လူသေလူဖြစ်ဝါဒါနုဝါဒဝိနိဿယ ၅၇၅
လူ့သက်တမ်း ၁၇၀
လေဗီ (S.Levi) ၄၆၆
လေးဆူဓာတ်ပုံရွှေတိဂုံ ၅၃၂
လေးဆူဘုရား ၃၁၇
လေးထပ်ကျောင်းဦးဘုရား (၁၉၃၆၊ ပုဂံ) ၃၄၉
လေးမျက်နှာဘုရား (၄၄၅၊ ပုဂံ) ၄၁၅
လောကထိပ်ပန် (၁၅၈၀၊ ပုဂံ) ၄၁၃
လောကပညတ္တိပါဠိ (ကျမ်း) ၁၅၅၊ ၁၅၈၊ ၁၆၀
လောကီအင်းအဂုံတို့ရိုက်ချမ်း ၅၆၂
လိုထိုင်းမင်း(လောဒေယ) (ထ) ၄၆၂
လက်ငင်းသာသနာ ၁၉၅
လက်နက်ပြီးသောအင်း ၅၆၃
လက်ဖွဲ့ ၅၆၀
လက်ဝဲနော်ရထာ ၂၄၅၊ ၄၁၆၊ ၄၅၀
လိက်သွိုင်အသား(မွန်) ၅၆၁
လောင်းဗောဓိ ၂၅၈
လမ္ဘုဒေဝီ ၄၄၉
လယ်တီဆရာတော် ၂၄၈၊ ၄၁၆၊ ၅၈၄
လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး ၂၅၁

http://www.dhammadownload.com

[လ]

လယ်တီမဟာထေရပ္ပတ္တိကထာ (ကျမ်း) ၂၄၉
လယ်တီဦးလှတင် ၂၄၉
လုံးတော်ဆရာတော် ၁၂၇
လျူမန် (E. Leumann) ၄၂၂
လော်ကား ၃၀၀၀ မူး ၄၇၃
လှည်းဝင်ရိုးသံ တည်ညံ့ ၃၁၇

[ဝ]

[ဆရာ] ဝ (ပါဠိဆရာ) ၄၂၀
ဝဇိရ (ဝရဇိန်စက်လက်နက်) ၅၃၉
[အရှင်] ဝဇိရဗုဒ္ဓိ ၁၆၂
ဝဇိရဗုဒ္ဓိဋီကာ (ကျမ်း) ၁၆၀
ဝဇိရာပြည် ၅၁၀၁
[အရှင်] ဝဇိရာဝုဓ ၅၈၉
ဝဇိရိန္ဒပုဏ္ဏား ၅၂၂
ဝဇြ (ဝရဇိန်) (သ) ၅၄၂
ဝဇြယာန (သ) ၃၀၀
[အရှင်] ဝဇိဒ္ဒရမေဓာနန္ဒ (သီ) ၄၆၂
ဝဋ်သက ၅၄၄
ဝရကမ္ဘာ ၄၈၄
ဝရဟ (အဝတာရ်) (သ) ၄၅၅
ဝလာဟကမြင်း ၄၅၂၂
ဝလာဟကအဿရာဇာ ၅၄၆
ဝါမန (အဝတာရ်) (သ) ၄၅၅
ဝါသုကီနာဂရာဇာ ၅၄၆
ဝါဠဗီဇနီ(စာမရိသားမြီးယပ်) ၅၄၄
ဝိဇယဗာဟု (၄) ၄၃၀
ဝိဒဂ်ကျမ်း (သ) ၃၁၁၂
ဝိနယာလင်္ကာရဋီကာ (ကျမ်း) ၂၃၅
ဝိနည်းအဋ္ဌကထာနှင့် ဋီကာ ၂၀၁
[အရှင်] ဝိနန္ဒာသဘ ၂၄၀၊ ၅၈၃
ဝိပဿီတည်ဘုရားအလောင်း ၂၆၆
ဝိမတိဆ္ဆေဒနီကျမ်း ၁၅၉
[ဦး] ဝိမလ ၂၄၂
[အရှင်] ဝိမလ ၅၈၈
ဝိမလမင်း ၅၆၁

[ဝ]

ဝိမလာ(မိ) ၂၈၈
ဝိဟာရမဟာဒေဝီ ၁၅၈
ဝိရိယပါရမိတာ (သ) ၂၉၄
ဝိရိယာဓိကာဘုရားအလောင်း ၂၆၆
ဝိလျံ ဂိုင်ဂါ (W. Geiger) ၄၂၂
[ဦး] ဝေ ၅၃၂
ဝေဗုလ္လတောင် ၄၅၂၄
ဝေဘာရတောင် ၁၃၆
ဝေဘူဆရာတော်ကြီး ၁၉၃
ဝေယျာကရဏ ၄၆၅
ဝံသ ၄၀၅
ဝင်းဝင်းထိန်လှိုင် ပုဂံဘုရားပေါင်း ၃၁၅
ဝိဇ္ဇာဂါးမျိုး ၅၇၃
ဝိဇ္ဇာဦးအောင် ၅၆၂
ဝဋ္ဋဂုံလိရာဇာတ် ၅၉၅
ဝမ္မာန (က) (ထမင်းပွဲ) ၅၃၉၊ ၅၄၄
[ဦး] ဝဏ္ဏိတ ၂၄၉
[ဦး] ဝန် (မင်းသုဝဏ်) ၅၉၃
ဝန္ဒနာ ၃၀၀
ဗျာကရဏ (သ) ၄၆၅

[သ]

သကျမာရဖိန် (ကျောက်တော်ကြီး) ၃၆၉၆
သကျမုနီ ၅၉၅
သခင်ကိုယ်တော်မိုင်း ၄၉၊ ၂၅၂၊ ၅၁၅
သဃဝိရဂိုဏ်း(မိ) ၂၅၆
သဝိတ်ဝိုက်ဘုရား ၃၇၇၆
သမလမင်း ၅၆၀
သမုဒ္ဒ(သမုဒြာ) ၅၄၄
သမန္တ ကူဋဝဏ္ဏနာကျမ်း ၅၄၆၃
သမန္တ စက္ခုဒီပနီ (ကျမ်း) ၁၈၂၊ ၁၅၉၊ ၅၅၀၆
သမန္တ ဘဒ္ဒိကာ (အဋ္ဌကထာ) ကျမ်း ၄၂၃၊ ၄၆၂
သမန္တ မင်း ၅၁၅
သမ္မုလဘုရား (၄၈၂၊ ပုဂံ) ၄၁၅
သရက္ခန်သားဘုရားငါးဆူ (ပခန်းကြီး) ၅၉၆
သဝစ္ဆကာဝေနု ၅၄၆

http://www.dhammadownload.com

[သ]

သဟမ္မတိပြဟ္မာ ၅၀
သာဂရစိုးမောင် ၅၁၆
သာဏဝါသိကမထေရ် ၁၃၂
သာဓုမတီ (သ) ၂၈၉
သာရကမ္ဘာ ၄၈၄
သာရမဏ္ဍကမ္ဘာ ၄၈၄
[အရှင်] သာရိပုတ္တရာ (တြာ) ၆၇၊ ၂၀၁
သာလိရာဇကုမာရ် ၁၇၈
သာလွန်မင်း ၅၁၂
သာသနာလင်္ကာရစာတမ်း ၁၄၂
သိင်္ကြားမင်းဆက်သသောရုပ်တုများ ၅၉၆
သို့ငင်သိယ်ဝိရ်သုရ်ဖွဲ့ဗိုလ်နှင့် အဖခင်ဥန်သုရ်ဖွဲ့ဗိုလ် ၄၁၅
သိနေရှ (မြင်းမိုရ်) ၅၄၄
[အရှင်] သိရိသဒ္ဓမ္မ ၂၃၂
[အရှင်] သိရိမင်္ဂလ ၂၂၁
သိရိလလိတဝဏ္ဏရ (မိ) ၅၂၇
သိရိဝစ္ဆ ၅၄၄
သိဟိင်္ဂဆင်းတု ၅၉၇
သီဂုတ္တမင်း ၄၄၁
သီရိဂုတ္တအမတ် ၇၁
သီရိနာထဆေးတိုက်အင်း ၅၆၄
သီရိမတဘုရား ၄၃၅
သီရိမင်္ဂလာ ၄၈၅
သီရိမင်္ဂလာကမ္ဘာအေးစေတီ (ရန်ကုန်) ၃၂၆
သီရိမန္တ ဘုရား ၇၄
သီရိသံဃဗောဓိမင်း ၄၃၀
သီလပါရမိတာ (သ) ၂၉၂
သီလဝိသောဓနီကျမ်း ၂၄၀၊ ၅၈၃
[အရှင်] သီလဝံသ ၃၁၂
သီဝကနတ်ဘီလူး ၇၂
သီဟတောဘုရားကျောက်စာ ၂၄၈
သီဟထေရ် (အလုပ်အကျွေး) ၈၄
သီဟနာဒတေးထပ် ၂၄၉
သီဟရာဇာ ၅၄၆
သီဟဠဝတ္ထုပကရဏ (ကျမ်း) ၁၁၅

[သ]

သီဟိဠ်မှဆုတောင်းကြပုံ ၁၉၆
သီဟိဠ်ရှင်ဘုရား (ပခုက္ကူ) ၅၉၆
သုခဝတီပြည် ၃၀၈
သုဇာတာ ၅၂၁၊ ၅၂၄
သုဇာတာရွှေခွက်ပမာဏ ၅၂၇
သုဇာတာရွှေခွက်မျောခန်းမူကွဲ ၅၂၇
သုဒဿနစကြာမင်း ၈၀
သုဒုရ်ဇယာ (မိ) ၂၈၉
သုနေတြ (မိ) ၄၅၇
သုနန္ဒာပုဏ္ဏားမ ၅၂၄
သုပညာနာဂဆိန္နမင်း ၆၀၀
သုပြဟ္မာပုဏ္ဏား ၁၇၇
သုပြဟ္မာပုရောဟိတ် ၈၄
သုဘပုဏ္ဏား ၄၄၄၊ ၄၅၇
သုမန (ဥပါသကာ) ၈၄
သုမနဒါမ (မုလေးပန်းဆိုင်း) ၅၄၄
သုမနထေရီ ၈၄
သုမေဓာရှင်ရသေ့ ၅၇၆
သုမင်္ဂလ ၄၅၁၊ ၄၅၇
[အရှင်] သုမင်္ဂလသာမိ ၂၀၂
သုရုစိပုဏ္ဏား ၁၇၅
သုဝဏ္ဏမကာရ ၅၄၆
သုဝဏ္ဏမစ္ဆယုဂဠ ၅၄၆
သုဝဏ္ဏသျှမြားပစ်ခန်းပျို့ ၂၂၇
သုဝဏ္ဏသျှသစ္စာခန်းပျို့ ၂၂၇
သူရိယ (နေ) ၅၄၄
သူရိယမဏ္ဍလ ၅၄၅
သေတကေတု ၈၉၁
သေတစ္ဆတ္တ (ထီးဖြူ) ၅၄၄
သေတုပွလ (ကြာဖြူ) ၅၄၄
သေလေးပါးရှင်လေးပါး ၁၂၆
သဲအင်းဆရာတော် ၅၉၀၂
သောတတ္တကီကျမ်း ၅၃၊ ၄၃၃၊ ၄၅၉၁
[အရှင်] သောဘန ၅၈၉
သောဝတ္ထိက ၅၄၂၊ ၅၄၄

http://www.dhammadownload.com

[သ]

သောဠသဗြဟ္မလောက ၅၄၆
သံ,ဂုံ,ပ,မ,ယျ ၅၅၉
သံ,ဂုံ,ပ,မ,အ ၅၅၉[၃]
သံဃ (ဥပါသကာ) ၈၄
သံဃ (ဥပါသိကာ) ၈၄
သံပျင်သိရိဗညာနော ၂၀၆
သံဝေဂခန်းပျို့ ၂၄၆
သေက္ခတောင်ဦးတိလောက ၁၄၄
သခ်ိစကြာမင်း ၆၈၊ ၇၄၊ ၁၇၃၊ ၄၃၅
သင်္ဂဇာဆရာတော် ၂၄၁၊ ၅၇၇
သီဂုံတွဲရကုန်း ၅၇၁
သစ္စကပရိဗ္ဗာဇက (ဖိန) ၃၇၅[၃]
သစ္စာမဏ္ဍိုင်ငါးဆူဘုရား (ညောင်ပင်ဝန်း) ၃၃၂
သုညကမ္မာ ၄၈၂
သုညာသုညကမ္မာ ၄၈၂
သေဠလည်ဂူဘုရား (၁၆၆၉၊ ပုဂံ) ၃၂၃
သတ္တကုလပဗ္ဗတာ ၅၄၆
သတ္တမဟာဂင်္ဂါ ၅၄၆
သတ္တရတန ၅၄၅
သတ္တသီဒန္တ သာဂရာ ၅၄၆
သတ္တိ ၅၄၄
သတ္တ (သ) ၂၅၉
သုတ္တန္တိ ကဝါဒ ၂၇၄
သတ္ထုံရွုပကဝိလာသနီ (ကျမ်း) ၅၇၄
သဒ္ဒနီတိ (သုတ္တမာလာ) (ကျမ်း) ၁၅၇
သဒ္ဒသာရတ္ထဇာလိနီကျမ်း ၂၂၁
[အရှင်] သဒ္ဓါတိဿ ၅၂၊ ၄၆၄
သဒ္ဓါဓိကဘုရားအလောင်း ၂၆၆
သုဒ္ဓပုဏ္ဏား ၄၃၇
သုဒ္ဓေါဓနမင်းကြီး ၅၉၅
သန္တုသိတ ၈၉[၃]
သိန္ဓော ၄၅၂[၃]
[ဦး]သိန်းဟန် (ဇော်ဂျီ) ၃၃၁
သမ္ဘတ္တိဝါဒ ၂၇၄
သမ္ဘဿိဝါဒီ (သ) ၆၀၁

[သ]

သမ္ဘတ္တိသုံးပါး ၂၆၁
သမ္ဘုလ္လာဓိဖုရား ၄၄၁
သမ္ဘဒ္ဓေ ၅၄
သမ္ဘူလဘုရား (၄၈၂၊ ပုဂံ) ၁၀၄
သမ္ဘာသမ္ဘဒ္ဓယာန ၂၈၁
သီဟ (သ) ၄၅၅[၃]
[ဦး] သိမ်းမောင် ၄၈၈
သုံးဆူအုတ်ခွက်များ ၃၅၁
သုံးဆယ်မောင်းထောင်ဆရာတော် ၂၅၀
သုံးပုံတံချူကျမ်း ၁၈၀
သုံးပုံမှတ်စု ၂၃၆
သဒ္ဒရိမပုဏ္ဏရိက (ဓိ) ၂၈၃
သရိဝါဘိဘူ (ဓိ) ၄၄၀

[ဟ]

[မစ္စတာ] ဟာရဝေ (G.E. Harvey) ၅၅၁[၃]
ဟာလီဒေး (R.Halliday) ၅၆၀
ဟိနယာန ၂၅၆၊ ၅၉၈
ဟိနယာနကျမ်းဂန်များ ၂၈၂
ဟိနယာနနှင့်ဘုရားအလောင်းအယူအဆ ၂၇၄
ဟိမဝါ (ဟိမဝန္တ၁) ၅၄၄
ဟိမဝန္တ ပဗ္ဗတ ၅၄၅
ဟူးရားကျမ်း (သ) ၃၁၁[၃]
ဟဲလမာ စမစ် (H.Smith) ၄၂၂
ဟံသရာဇာ ၅၄၃၊ ၅၄၆၊ ၅၅၂
ဟံသာဝတီရောက်မင်းတရား ၄၈၆
ဟန်လင်းကြီးမြို့ ၁၈၆
ဟိန္နုတန္တ ရ ၅၅၁
ဟိန်းလတ် ၅၆၆

[အ]

အစလာ (ဓိ) ၂၈၉
အဇာတသတ်မင်း ၅၂၊ ၇၆၊ ၅၉၅
အဇိတကုမာရ ၇၇
အဇိတမထေရ် ၇၆
အဇိတရဟန်းနှင့်သဝိတ်တော် ၅၀၆
အဇိတသာမဏေ ၇၇

http://www.dhammadownload.com

[အ]

အညာသီဟတောဘုရား (သဝိတ်ကျင်း) ၅၉၆
အတိဒေဝမင်း ၎၁
အတိတာနာဂတပစ္စုပ္ပန္နဝန္ဒနာဂါထာ ၄၈
အတိတ်၌ပွင့်တော်မူခဲ့သောဘုရားရှင်များ ၅၂၊ ၆၀
အဓိမုတ္တိကာလကိရိယာ ၉၎
အဓိမုတ္တိမရဏ ၂၆၎
အနာဂတ ၄၀၅
အနာဂတဝင်ကျမ်းရင်းမူဟောင်း ၄၂၀
အနာဂတဝင်ဝတ္ထု ၄၁၉
အနာဂတဝင်အဋ္ဌကထာ ၅၄၎
အနာဂတဝံသ (သီ) ၄၆၂
အနာဂတဝံသ (ဝင်) ကျမ်း ၄၀၆
အနာဂတဝံသကျမ်းစာကိုယ် ၄၁၀
အနာဂတဝံသကျမ်းများ ၄၀၃
အနာဂတဝံသဋီကာ ၄၂၈၊ ၄၆၂၊ ၅၅၀၉
အနာဂတဝံသနိဿယကျမ်း ၄၁၎
အနာဂတဝံသနှင့်မြန်မာ ၄၁၃
အနာဂတဝံသဘုရားဟော ဟုတ်,မဟုတ် ၄၀၎
အနာဂတဝံသမြန်မာပြန် ၄၁၈
အနာဂတဝံသယ (သီ) ၄၆၂
အနာဂတဝံသဟူသည် ၄၀၅
အနာဂတဝံသအဋ္ဌကထာ ၄၂၃
အနာဂတဝံသအဋ္ဌကထာ (ပေမူ) ၅၅၀°
အနာဂတဝံသအဋ္ဌကထာနှင့်
(၁၀၈)ကွက် စက်လက္ခဏာ ၅၄၈
အနာဂတဝံသအဋ္ဌကထာလေ့လာချက် ၄၂၄
အနာဂတ်ကာလ၌ပွင့်တော်မူမည့်
ဘုရားရှင်တို့အားဝေဖန်ပုံ ၆၂
အနာဂတ်၌ပွင့်တော်မူကြမည့်ဘုရားရှင်များ ၅၈
အနာထပိဏ္ဍိကနတ်သား ၉၄
အနုလာဒေဝီ ၁၎၈
အနော်ရထာမင်းကြီး ၂၀၈
အနောက်ပရဏ္ဏမဆရာတော် ၃၈၁
အနုတ္တရပူဇာခုနစ်ပါး ၃၀၀

[အ]

အန္ဓယ်အမည် ၃၈၉°
အပယ်ရတနာလိုဏ်ဂူဘုရားစာအုပ် ၅၅၉
အဘယဂိရိ (ဝိဟာရ) ၅၄၀၂
အဘယမထေရ် ၉၂၊ ၁၎၉
အဘယာရာမဆရာတော် ၁၆၀
အဘိဓာန်ဋီကာ (ကျမ်း) ၅၅၂
အဘိဓာန်ဋီကာနိဿယ (ကျမ်း) ၅၅၂
အဘိဘူဒေဝရာဇာ ၄၃၈၊ ၄၃၉၊ ၄၅၎
အဘိဘူ (=ဗကပြဟ္မာ) ၄၃၉
အဘိဘူ (=ဗုဒ္ဓ) ၄၃၉
အဘိဘူပြဟ္မာကြီး ၄၃၉
အဘိဘူ (=ဘုရားအလောင်းပြဟ္မာ) ၄၃၉
အဘိဘူယက(မိ) ၄၄၀
အဘိဘူ (=ရဟန္တာဘုဂ္ဂိုလ်) ၄၃၉
အဘိဘူ (=အသညသတ်ပြဟ္မာ) ၄၃၉
အဘိဓဇဋ္ဌာန (၁၈) ရပ် ၄၃၈
အဘိမုခီ (မိ) ၂၈၉
အမတရသဓရာ (ကျမ်း) ၄၂၃၊ ၄၆၄၊ ၄၆၅
အမတရသဓရာဋီကာ (ကျမ်း) ၄၆၄
အမတရသဓရာဝဏ္ဏနာ (ကျမ်း) ၄၆၄
အမိတာဘ (သ) ၃၀၆
အမေးတော်ဖြေကျမ်း ၅၃၎၊ ၅၅၀၅၊ ၅၈၁
အမောဃသိဒ္ဓိ (သ) ၂၉၁
အမြိုက်အိုး ၆၀၃၊ ၆၀၅
အယိသာဝတီ (ဥပါသိကာ) ၈၄
[ရှင်] အရဟံ ၁၅၂
အရိမေတ္တေယျနှင့်မြန်မာစာပေ ၃၉၀
အရိမေတ္တေယျနှင့်မြန်မာရေးထုံး ၃၉၂
အရိမေတ္တေယျရေးထုံးအုပ်စု ၃၉၄
အရိယ ၃၈၆
အရိ–ဟူသည် ၃၈၅
အရင့်ကျိပ်ဝင် ၄၃၁
အရင့်အမာ ၂၅၈
အလကမန္ဒာနတ်မြို့ ၈၁°

http://www.dhammadownload.com

[အ]

အလိုပြည့်ဂူဘုရား (ဒုဂ္ဂ၊ ပုဂံ) ၄၁၃
အလက်ဇန္ဒား (Alexander the Great) ၅၇၀
အလောင်း ၅၈၀
အလောင်းစည်သူမင်း ၂၁၃၊ ၅၇၉၊ ၅၉၆
အလောင်းတော် ၄၃၁
အလောင်းတော်ကဿပ ၁၃၇
အလောင်းတော်နတ်သား ၈၉
အလောင်းတော်မေတ္တေယျနတ်သား ၅၉၈
အလောင်းမင်းတရား ၅၈၀
အလောင်းမင်းတရားအရေးတော်ပုံ (ကျမ်း) ၅၈၀
အလန်ကာရယ (သီ) ၄၆၂
အလံတရာဆရာတော် ၄၂၀
အဝတာရ် (သ) ၄၃၆
အဝလောကိတေသွရ (သ) ၃၀၄၊ ၆၀၂
အသားကုမ္ဘာ (မ + ပါ) ၅၆၀
အသားမင်းသား ၅၆၀
အသုညကမ္ဘာ ၄၈၂
အသုရိန္ဒ ၄၄၁
အသောကမထေရ် ၈၄
အသောကမင်းကြီး ၁၆၂၊ ၅၅၀
အသောကမင်းနှင့်ပါဋိစာပေ ၁၆၃
အသောကနှင့်မြောက်ပိုင်းဗုဒ္ဓဘာသာစာပေ ၁၆၄
အသက် (၁၂၀) ရှည်သူများ ၁၃၀
အသက် (၁၅၀) ရှည်သူ ၁၃၀
အသက် (၁၆၀) ရှည်သူ ၁၆၉
အသက် (၇၀၀) ရှည်သူ ၁၆၉
အသခဲ့ ၅၃
အသခဲ့ယျ ၄၈၅
အသင် ၁၁၈
အသွယောသ (သ) ၂၅၅၊ ၂၈၁

[အာ]

အာဒိကမ္မာ-ချီရတု ၄၅၄
အာဒေသနာပါဋိဟာရိယ ၆၀၄

[အာ]

[အရှင်] အာဒိစ္စဝံသ ၅၈၄
အာနန္ဒာ (ပုဂံ) ၏ ကွမ်းတောင် ၃၃၅
အာလောတက်ညွန့် (ရန်ကုန် ပိုမင်း) ၅၁၅

[ဣ]

ဣသျှိဂူမော်ကွန်း ၁၄၀

[ဥ]

ဥတိန္နပျို ၂၃၁
ဥဒျာန (သ) ၁၂၆
ဥဏှိသ (သင်းကျစ်) ၅၄၄
[အရှင်] ဥပဂုတ် ၁၅၃
[ရှင်] ဥပဂုတ်နှင့် မဟာယာန ၁၆၆
[ရှင်] ဥပဂုတ်နှင့် မာရ်နတ် ၁၅၅
[ရှင်] ဥပဂုတ်နှင့် မြန်မာနိုင်ငံ ၁၅၃
[ရှင်] ဥပဂုတ်နှင့် သီရိလင်္ကာနိုင်ငံ ?
ဥပဂုတ်ဟူသည် ၁၆၈
[ရှင်] ဥပဂုတ်အကြောင်းစီစစ်ချက် ၁၆၈
[အရှင်] ဥပတိဿ ၄၂၃၊ ၄၂၃၊ ၄၂၃၊ ၄၂၃၊ ၄၆၂
ဥပဝိတ ၃၅၁
[အရှင်] ဥပသေန ၄၂၃
ဥပါယကောသလ္လဉာဏ် ၂၇၂
ဥပါလိမထေရ် ၅၁
ဥပေါသထဆဒ္ဒန္တ ဟတ္ထိရာဇာ ၅၄၆
ဥသဘရာဇာ ၅၄၃၊ ၅၄၆

[ဦး]

ဦးပေါ်ဦး လျှောက်ထုံး ၄၃၂၊ ၅၈၀

[ဧ]

ကေယာန ၂၅၈
တေဒဂ်ရအရှင်မဟာဗုဒ္ဓယောသ ၁၈၃
ရောဝဏဟတ္ထိရာဇာ ၅၄၆
သော ဥ တ္တိ ၅၆၃

[ဩ]

[ဦး] ဩ ၄၁၆

http://www.dhammadownload.com

[ဥက်]

[အရှင်] ဥက္ကဋ္ဌ ၅၉၀
ဥက္ကလာဇနပုဒ် (Orissa) ၅၀၄[၃]
ဥက္ကာဝဲ့ ၄၇၅

[အက်]

အဂ္ဂမဟံလလက္ခဏာ ၅၄၆
[အရှင်] အဂ္ဂဝံသ ၁၅၇
[ရှင်] အဂ္ဂသမာဓိ ၂၂၇
အဂ္ဂိသောနပုဏ္ဏား ၅၂၄

[ဥက်]

ဥဿိုတညူဘုရားအလောင်း ၂၆၆

[အင်]

အင်(နှ်)ဒတ် (N.Dutt) ၄၆၇
အင်္ဂဝိဇ္ဇာလက်တွေ့ဓာတ်ရိုက်နိမိတ်ကောက်
အလင်းပြကျမ်း ၅၆၈
အင်္ကုံသ(က) (ချွန်းတောင်း) ၅၃၉[၅] ၅၄၄
အင်ကြင်းသား *(Shorea robusta)* ၁၉၀[၁]

[အင်း]

အင်း ၅၆၀[၁]
အင်းဆရာ ၅၆၈
အင်း,အိုင် ၅၅၉

[အိုင်]

အိုင် ၅၆၀

[အင့်]

အဋ္ဌကထာစာပေခေတ်နှင့်စက်လက္ခဏာ ၅၄၃
အဋ္ဌမင်္ဂလ (ကိုန်းဘာသာ) ၅၄၀
အဋ္ဌမင်္ဂလ (ထေရဝါဒ) ၅၄၀
အဋ္ဌမင်္ဂလ (မဟာယာန) ၅၄၀
အဋ္ဌမင်္ဂလလက္ခဏာ ၅၃၉
အဋ္ဌသမာပတ္တိသုခ ၎၀
အဋ္ဌမင်္ဂလ (သင်္ကတမူ) ၅၄၀

[ကုဋ်]

ကုဋ္ဌကာရာမအုတ်ကျောင်း ၁၈၉

[ဥက်]

ဥဇ္ဇာလုံတော်–ဟူသည် ၅၃၄

[ဥတ်]

[ရှင်] ဥတ္တမကျော် ၂၂၅
ဥတ္တိယမင်းသား ၁၈၉

[ကုမ်]

ကုဒ္ဒိမယသက်နန်း ၄၉၄

[ဥမ်]

ဥဒ္ဒိဿစေတီ ၅၃၅[၁]

[အန်]

အန္ဒဂူကျောက်ရှစ်ခန်းဗုဒ္ဓဝင် ၃၅၆

[ကုန်]

[အရှင်] ကုန္ဒဂုတ္တ ၁၆၄
ကုန္ဒနီလာကျောက်ညိုသပိတ် ၅၀၅
[အရှင်] ကုန္ဒာဝံသ ၅၆၈

[အုန်း]

[ရှင်] အုန်းညို ၂၂၃၊ ၂၄၅

[အိန်]

အိမ်ရာကျောင်းဘုရား (ပုဂံ) ၃၂၃

[ဥပ်]

ဥပ္ပါတသန္တိ (ကျမ်း) ၃၁၂[၃]

[အရ်]

အရ်စီပမတီ (သ) ၂၈၉

[အာရ်]

အာရ်ယ (သ) ၃၈၈
အာရ်ယစန္ဒြ (သ) ၄၆၆
အာရ်ယမေတြေယ (သ) ၃၈၅

*

http://www.dhammadownload.com